# HUMAN RIGHTS

## POLITICS AND PRACTICE

# လူ့အခွင့်အရေး

## နိုင်ငံရေးနှင့် လက်တွေ့ကျင့်သုံးမှု



Michael Goodhart
Translated to the Myanmar language
by Khine Lynn Thu and Aye Thein
မိုက်ကယ်ဂွတ်ဟာ့တ် တည်းဖြတ်သည်။
မြန်မာဘာသာပြန်
ခိုင်လင်းသူ၊ အေးသိန်း

Human Rights POLITICS AND PRACTICE

**ရေပန်းစားပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ကျွမ်းဝင်မှုရှိသော လူ့အခွင့်အရေးမိတ်ဆက်ကို ရရှိနိုင် သည်။**

ဤ "လူ့အခွင့်အရေး - နိုင်ငံရေးနှင့်လက်တွေ့ကျင့်သုံးမှု" တတိယအကြိမ် ထုတ်ဝေမှုတွင် သီအိုရီပိုင်းဆိုင်ရာ ဖွံ့ဖြိုး လာမှုများ၏ နောက်ဆုံးအခြေအနေကို နိုင်ငံရေး အရှေ့ရှိလူ့အခွင့်အရေးနှင့်လက်တွေ့ကျင့်သုံးမှုအကြောင်း ပြိုင်ဘက်ကင်း လွှမ်းခြုံနိုင်မှုများဖြင့် ပေါင်းစပ်ကာ ဘာသာရပ်၏ ပြည့်စုံသောခြုံငုံမှုကို အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့မှ စာဖတ်သူ သင့်ကို ပံ့ပိုး ပေးထားပါသည်။

ယခုအကြိမ် ထုတ်ဝေမှုတွင် ပါဝင်လာသည်များ

- လူ့အခွင့်အရေးနှင့် ဘာသာရေး အခန်းသစ်
- လိင်စိတ်တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက် အခန်းသစ်
- "စိန်ခေါ်နေသည့် ယူဆချက်များ" စာသေတ္တာက လေ့လာသည့် ခေါင်းစဉ်အပေါ် သင့်အမြင်နှင့် ယူဆချက်များကို စဉ်းစားဆန်းစစ်နိုင်စေရန် တိုက်တွန်းထားသည်။
- "စဉ်းစားရန် မေးခွန်းများ" က သင့်ကို ဆွေးနွေးသည့် ခေါင်းစဉ်များအပေါ် ဝေဖန်ထင်ဟပ်နိုင်စေရန် လမ်းကြောင်းပေးထားသည်။
- "အခြားအမြင်" စာသေတ္တာများက အဓိက ကိစ္စရပ်များအပေါ် မတူညီသည့်အမြင် ရှုထောင့်များအား တင်ပြထားပြီး သက်သေများကို မိမိဘာသာမိမိ ချိန်ဆကြည့်ရင်း တိုက်တွန်းထားသည်။
- "ခွဲခြမ်းစိတ်ဖြာခြင်း" စာသေတ္တာများက အငြင်းပွားဖွယ် အသုံးအနှုန်းများနှင့် သဘောတရားများကို ခွဲခြမ်းပြထားသည်။

ယနေ့ခေတ် လူ့အခွင့်အရေးနှင့်ပတ်သက်သော ကိစ္စရပ်များ၏ အတိမ်အနက်နှင့် လွှမ်းခြုံနိုင်မှုများအား ကျယ်ကျယ်ပြန့်ပြန့်တင်ပြပေးနိုင်မှုသည် ဤစာအုပ်၏ အဓိက ထူးခြားချက်ဖြစ်သည်။ သင်တန်းသားများအတွက် ပိုကောင်းသော အလားတူစာအုပ်မျိုးမတွေ့သေးပါ။

ချာတ်ကလေး၊
ရော်ဂျီယာ တက္ကသိုလ်၊

ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားတွေးခေါ်စုဆောင်း တင်ပြမှုသည် လူ့အခွင့်အရေး၏ အဓိက ငြင်းခုံမှုများအား အနုပညာရပ်သဖွယ် နှီးဒါန်းသွယ်ပေးနိုင်ကြောင်း တွေ့ရသည်။ အခန်းကဏ္ဍအလိုက် လေ့လာနားလည်လွယ်ပြီး ခြုံပြောရလျှင် ထဲထဲဝင်ဝင် သိရှိနားလည်မှုနှင့် ဖော်ပြနိုင်စွမ်းကိုမှ ဘောင်များနှင့်အညီ ခိုင်ခိုင်မာမာ ထုထောင်နိုင်ပေသည်။

အဲလစ်ဆင်ဗရစ်၊ ကာလီဖိုးနီးယား
တက္ကသိုလ်၊ ဆင်နဲ့တာဘာဘရာ

လူ့အခွင့်အရေးဆိုင်ရာမိတ်ဆက်သင်ကြားရေးအတွက် အကောင်းဆုံးနားလည်နိုင်စွမ်းရှိသည့် စာအုပ်အဖြစ် တွေ့ရှိရသည်။

ဂျက်ကချ်မန်း၊အမေရိကန် တက္ကသိုလ်၊

ယခင်ထုတ်ဝေမှုအပေါ်အမြင်

**Goodhart** သည် နယ်ပယ်စုံမှ လူ့အခွင့်အရေး ကပ်ထိပ်တန်းများ၏ စာတမ်းများကို အဖိုးမဖြတ်နိုင်သော အရင်းအမြစ်အဖြစ်စုစည်းခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများကို တက်တက်ကြွကြွပြောဆိုလာနိုင်စေသည်။ ဤစာအုပ်သည် လူ့အခွင့်အရေးဆိုင်ရာ သင်ကြားခြင်းအတွက် အဆင့်မြင့်မြင့် ပြုစုထားသော စာအုပ်တစ်အုပ်ဖြစ်ပါသည်။

ရှားရင်ဟာတမ်း၊
ကွန်နင်တီကတ် တက္ကသိုလ်၊

**Michael Goodhart** သည် ပစ်စ်ဘတ်ဂ် တက္ကသိုလ်ရှိ နိုင်ငံရေးသိပ္ပံဌာနမှ တွဲဖက်ပါမောက္ခ ဖြစ်သည်။

DENMARK

Translated and printed with the support of Denmark-Myanmar Programme on Rule of Law and Human Rights

# Human Rights
# Politics and Practice

Edited by Michael Goodhart

Translated to the Myanmar language by Khine Lynn Thu and Aye Thein

----------------------------------------------------------------------------------------------------------------------

# လူ့အခွင့်အရေး၊
# နိုင်ငံရေးနှင့် လက်တွေ့ ကျင့်သုံးမှု

မိုက်ကယ်ဂွတ်ဟာ့တ် တည်းဖြတ်သည်။

မြန်မာဘာသာပြန် - ခိုင်လင်းသူ၊ အေးသိန်း

© Oxford University Press 2016
The moral rights of the author have been asserted

First edition 2009
Second edition 2013
Third edition 2016

လူ့အခွင့်အရေး - နိုင်ငံရေးနှင့် လက်တွေ့ကျင့်သုံးမှု၊ တတိယအကြိမ်တည်းဖြတ်ထုတ်ဝေခြင်းကို ၂၀၁၆ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခြင်းဖြစ်သည်။ ဤဘာသာပြန်ဆိုမှုကို အောက်စ်ဖို့ဒ်တက္ကသိုလ်၏ ကြီးကြပ်မှုဖြင့် ဒိန်းမတ်-မြန်မာ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးစီမံကိန်းမှ ပံ့ပိုးထောက်ပံ့ခြင်း ဖြစ်သည်။ ဘာသာပြန်ဆိုရာတွင် ဖြစ်ပေါ်လေ့ရှိသော စကားလုံးအမှားများ၊ စကားလုံးချန်လှပ်ထားရခြင်းများ၊ စကားလုံး အကျများသည် အောက်စ်ဖို့ဒ်တက္ကသိုလ် ပုံနှိပ်ထုတ်ဝေခြင်းနှင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာဒိန်းမတ်သံရုံးနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိပါ။

HUMAN RIGHTS: POLITICS AND PRACITCE, THIRD EDITION was originally published in English in 2016. This translation is published by arrangement with Oxford University Press and funded by the Denmark – Myanmar Programme on Rule of Law and Human Rights. Oxford University Press and Embassy of Denmark to Myanmar shall have no liability for any errors or omissions in the translation or for any losses caused by reliance thereon.

DENMARK

Denmark – Myanmar Programme on Rule of Law and Human Rights

## ယခု အကြိမ် ထုတ်ဝေမှုတွင် ပါဝင်လာသည်များ

- လူ့အခွင့်အရေးနှင့် ဘာသာရေး အခန်းသစ် ပါဝင်လာပြီး ထိုနယ်ပယ်တွင် အဓိက အငြင်းပွားမှုများကို ဆွေးနွေးထားသည်။
- လိင်စိတ်တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက် အခန်းသစ်က ထိုခေါင်းစဉ်၏ ထင်ရှားလာမှုကို ထင်ဟပ်ပြနေပြီး လူ့အခွင့်အရေး သီအိုရီနှင့် အလေ့အကျင့်များတွင် ၎င်းတို့၏ အဓိကကျမှုကိုလည်း ပြသနေသည်။
- "စိန်ခေါ်နေသည့် ယူဆချက်များ" စာသေတ္တာက လေ့လာသည့် ခေါင်းစဉ်အပေါ် ကျောင်းသားများအား ၎င်းတို့၏ အမြင်နှင့် ယူဆချက်များကို ဆန်းစစ်၍ မေးခွန်းထုတ်စေသည်။
- "ဆင်ခြင်စဉ်းစားရန် မေးခွန်းများ" က ကျောင်းသားများအတွက် အခန်း တစ်ခုချင်းစီတွင် ဆင်ခြင်စဉ်းစားရမည့် မေးခွန်းများ ထုတ်ပေးထားသည်။
- "အခြားအမြင်" စာသေတ္တာများက အဓိက ကိစ္စရပ်များအပေါ် မတူညီသည့် အမြင်ရှုထောင့်များအား တင်ပြထားသည်။ ကျောင်းသားများအတွက် အငြင်းပွားဖွယ် သဘောတရားများကို တင်ပြထားသည့် ဖတ်ရှုစရာများကိုလည်း ညွှန်းဆိုပေးထားသည်ပြီး သက်သေများကို မိမိဘာသာမိမိ ချိန်ဆကြည့်ရင် တိုက်တွန်းထားသည်။
- "ခွဲခြမ်း စိတ်ဖြာခြင်း" စာသေတ္တာများက ကျောင်းသားများအတွက် အငြင်းပွားဖွယ် အသုံးအနှုန်းများနှင့် သဘောတရားများကို ခွဲခြမ်းပြထားသည်။

Copyright ရှိသူများ အားလုံးကို ခြေရာကောက်နိုင်ရန် အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါသည်။ သို့သော် မမြင်ဘဲ ကျော်သွားမိသည်များ ရှိခဲ့ပါက ထုတ်ဝေသူများအနေဖြင့် တတ်နိုင်သမျှ အမြန်ဆုံး လိုအပ်သည့် အစီအမံများကို လုပ်ဆောင်ရန် အသင့်ရှိပါသည်။

## တတိယအကြိမ် ထုတ်ဝေမှုအတွက် စကားချီး

*လူ့အခွင့်အရေး၊ နိုင်ငံရေးနှင့် လက်တွေ့ကျင့်သုံးမှု* ထုတ်ဝေမှု အသစ်ကို တင်ဆက်ရသည့်အတွက် ကျွန်ုပ်အနေဖြင့် ဂုဏ်ယူမိပါသည်။ စာအုပ်ကို အစအဆုံး ပြန်လည် ပြင်ဆင် စုစည်းပြီး အသစ် ထည့်စရာ ရှိသည်များ ထပ်ထည့်ထားပါသည်။ အထူးသဖြင့် အချိန်ကာလနှင့် လျော်ညီပြီး အရေးပါသည့် အခန်းသစ် နှစ်ခု ဖြစ်သည့် ဘာသာရေးနှင့် လူ့အခွင့်အရေးနှင့် လိင်စိတ် တိမ်းညွတ်မှု၊ ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်နှင့် လူ့အခွင့်အရေး အခန်းသစ်များကို မူရင်းစာများအား များများစားစား ဖြတ်တောက် တည်းဖြတ်ခြင်း လုပ်စရာ မလိုဘဲ ထပ်ထည့်နိုင် လိုက်သည့်အတွက် အထူးပင် ဝမ်းမြောက်မိပါသည်။ အဆင့်မြင့် သင်ကြားရေး ဆိုင်ရာ အစိတ်အပိုင်းများ ထပ်ထည့်ထားပြီး ယင်းတို့က ကျောင်းသားများနှင့် သင်ကြားသူများအတွက် ပို၍ အသုံးဝင်မည်ဟု မျှော်လင့်ပါသည်။

ယခု အကြိမ် ထုတ်ဝေခြင်းအား ကမ္ဘာ့ နိုင်ငံရေး၌ အထင်းသား တွေ့မြင်ရသော မငြိမ်မသက်မှုများ၊ အလားအလာများနှင့် အန္တရာယ်များနှင့် ချိတ်ဆက်ပြီး တင်ပြချင်စရာ ကောင်းနေသည်။ သို့သော် လူ့အခွင့်အရေး နိုင်ငံရေးနှင့် လက်တွေ့ကျင့်သုံးမှုတို့ကို နားလည် သဘောပေါက်ခြင်း မရှိဘဲ ကမ္ဘာကြီးကို နားလည်ရန်မှာ မဖြစ်နိုင်သည်ကို သာမန် လေ့လာသူများပင် အလွယ်တကူ သိနိုင်သည် ဖြစ်ရာ ကျွန်ုပ်တို့ အနေဖြင့် ဤကဲ့သို့ ချိတ်ဆက်ပြခြင်း မပြုတော့ပါ။ ယခုစာအုပ်က ကျောင်းသားများကို လူ့အခွင့်အရေး ဆိုင်ရာ အချက်အလက်များသာမက လူ့အခွင့်အရေးများကို ပြဿနာရှိစေပြီး နိုင်ငံရေးနှင့် ခွဲခြား၍ မရ ဖြစ်စေသည့် ပို၍ နက်ရှိုင်းသော ဥပဒေရေးရာ၊ သမိုင်းဆိုင်ရာ၊ ဒဿနိကပိုင်း ဆိုင်ရာနှင့် သဘောတရားပိုင်း ဆိုင်ရာ ကိစ္စရပ်များကိုပါ နားလည် သဘောပေါက်စေမည်ဟု မျှော်လင့်ပါသည်။

အောက်စ်ဖို့ဒ် တက္ကသိုလ် ပုံနှိပ်တိုက်၏ တည်းဖြတ် ဝန်ထမ်းများကို ၎င်းတို့၏ အထောက်အပံ့နှင့် ကြိုးစားမှုတို့အတွက် ထပ်မံ ကျေးဇူး တင်လိုပါသည်။ ထို့ပြင် ကိတ်လင်း ကော်ရီဂန်ကိုလည်း ယခုစာအုပ် ပြင်ဆင်ရာတွင် ကူညီပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိ အပ်ပါသည်။ ယခုစာအုပ်ပါ စာများကို သင်ကြားရေးတွင် အသုံးပြုခဲ့ပြီး ၎င်းတို့၏ အတွေ့အကြုံများကို ပြန်လည် ဝေမျှပေးခဲ့သည့် အမည်မဖော်လိုသော အကဲဖြတ်ပေးသူများအားလည်း ကျေးဇူးတင်ရှိအပ်ပါသည်။ ကိစ္စရပ်များအပေါ် သူတို့၏ အမြင်က ယခုစာအုပ်ကို ပိုမို ကောင်းမွန်စေခဲ့ပါသည်။ နောက်ဆုံး အရေးကြီးဆုံး အနေဖြင့် ယခု စီမံကိန်းနှင့် လူ့အခွင့်အရေး ပညာရေး၊ စာပေများအပေါ် စိတ်နှစ် လုပ်ဆောင်နေကြသည့် စာရေးဆရာများကိုလည်း လှိုက်လှိုက်လှဲလှဲပင် ကျေးဇူးတင်ရှိ အပ်ပါသည်။

မိုက်ကယ်လ် ဂွတ်ဒ်ဟာ့တ်

*ပစ်(စ်)ဘာ့ဂ်၊ အမေရိကန်၊ ဖေဖော်ဝါရီ ၂၀၁၆*

## မာတိကာ


ပါဝင် ရေးသားသူများ အကြောင်း X

နိဒါန်း၊ နိုင်ငံရေးနယ်ပယ်နှင့် လက်တွေ့နယ်ပယ်ရှိ လူ့အခွင့်အရေးများ ၁

လူ့အခွင့်အရေးများ အဘယ်ကြောင့် အရေးပါသနည်း ၂
လူ့အခွင့်အရေး နိုင်ငံရေး ၉
လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှု ၁၁
လေ့လာစူးစမ်းစရာ အကြောင်းအရာ လူ့အခွင့်အရေး ၁၂
ယခုစာအုပ်အကြောင်း ၁၅

အပိုင်း (၁) လူ့အခွင့်အရေးနှင့် နိုင်ငံရေး ၁၈

၁) လူ့အခွင့်အရေး၏ သီအိုရီနှင့် စံနှုန်း အခြေခံများ ၁၉

နိဒါန်း ၂၀
အခွင့်အရေး ဘာသာစကား ပေါ်ထွက်လာခြင်း ၂၀
ခေတ်သစ် လူ့အခွင့်အရေးများ ၂၇
လူ့အခွင့်အရေး အမျိုးအစားများ - လွတ်လပ်မှုနှင့် ဖူလုံမှု အခွင့်အရေးများ ၃၇
အုပ်စု အခွင့်အရေးများ ၄၂
လူ့အခွင့်အရေးများအား နိုင်ငံရေး စီမံကိန်းတစ်ခုအဖြစ် ရှုမြင်ကြည့်ခြင်း ၄၇
နိဂုံး ၅၀

၂) ဣတ္ထိယဝါဒီများနှင့် တက်ကြွလှုပ်ရှားသူများ၏ လူ့အခွင့်အရေးများ အပေါ် ချဉ်းကပ်နည်းများ ၅၄

နိဒါန်း ၅၄
တစ်ကမ္ဘာလုံး အကျုံးဝင်သော လူ့အခွင့်အရေးများနှင့် ယဉ်ကျေးမှုနိုင်းရဝါဒ ၅၇
ဣတ္ထိယဝါဒီများနှင့် တက်ကြွလှုပ်ရှားသူများ၏ လူ့အခွင့်အရေးများအပေါ် ချဉ်းကပ်နည်းများ ၆၆
နိဂုံး ၈၃

၃) လူ့အခွင့်အရေးနှင့် နိုင်ငံတကာ ဆက်ဆံရေး ၈၈

နိဒါန်း ၈၉
သီအိုရီပိုင်းဆိုင်ရာ ပြဿနာများနှင့် နောက်ခံအခြေအနေ ၉၀
အဓိက အပြောင်းအလဲများ ၉၆

တွေ့ရှိချက်များ - လူ့အခွင့်အရေးများနှင့် နိုင်ငံများ၏ လက်တွေ့ကျင့်သုံးမှု ၁၀၅
နိဂုံး ၁၁၅

၄) နိုင်ငံတကာ ဥပဒေမှ လူ့အခွင့်အရေး ၁၂၁

နိဒါန်း ၁၂၂
နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ ပြောင်းလဲလာပုံ သမိုင်းကြောင်း ၁၂၄
နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ၏ အရင်းအမြစ်များ ၁၂၈
နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို စောင့်ကြည့်ခြင်းနှင့် စည်းကြပ်ခြင်း ၁၃၉
နိဂုံး ၁၅၀

၅) နိုင်ငံယှဉ်လေ့လာရေး နိုင်ငံရေးဗေဒ နယ်ပယ်ရှိ လူ့အခွင့်အရေး ၁၅၄

နိဒါန်း ၁၅၅
နိုင်ငံယှဉ်လေ့လာမှု ယုတ္တိ ၁၅၆
လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ဇာစ်မြစ်အကြောင်းအရင်းများ ၁၆၀
လူ့အခွင့်အရေးများကို နှလုံးသွင်းလက်ခံခြင်း ၁၆၉
ပြည်တွင်း-နိုင်ငံတကာ ချိတ်ဆက်မှုများ ၁၇၉
နိဂုံး ၁၈၃

၆) လူမှုဗေဒနှင့် မနုဿဗေဒ နယ်ပယ်တို့မှ ချဉ်းကပ်ပုံများ ၁၈၉

နိဒါန်း ၁၉၀
လူ့အခွင့်အရေး လူမှုဗေဒ ၁၉၁
လူ့အခွင့်အရေး မနုဿဗေဒ ၂၀၃
နယ်ပယ်နှစ်ခုအကြား တူညီချက် - အခွင့်အရေးများအား လူမှုသဘောအရ ဖန်တီး တည်ဆောက်ခြင်း ၂၁၃
နိဂုံး ၂၁၉

၇) လူ့အခွင့်အရေးများအပေါ် မျက်မှောက်ခေတ် ဝေဖန်မှုများ ၂၂၆

နိဒါန်း ၂၂၆
လူ့အခွင့်အရေးများနှင့် ဥပဒေအရ အကျုံးဝင်သူ ၂၂၉
လူ့အခွင့်အရေးများ ရှေ့ရောက်လာခြင်း ၂၃၅
လူ့အခွင့်အရေးများနှင့် နိုင်ငံတကာ ကြားဝင်ဆောင်ရွက်မှု ၂၄၁
လူ့အခွင့်အရေးများနှင့် အဓိပ္ပာယ်ရှာပုံတော် ၂၅၄
နိဂုံး ၂၅၉

၈) လူ့အခွင့်အရေး တိုင်းတာခြင်းနှင့် စောင့်ကြည့်ခြင်း ၂၆၄

နိဒါန်း ၂၆၄
လူ့အခွင့်အရေး တိုင်းတာရခြင်း၏ ရည်ရွယ်ချက် ၂၆၈
လူ့အခွင့်အရေး တိုင်းတာခြင်း၏ စိန်ခေါ်မှုများ ၂၇၁
လူ့အခွင့်အရေး တိုင်းတာမှု ပုံစံများ ၂၇၇
နိဂုံး ၂၉၁

အပိုင်း (၂) လူ့အခွင့်အရေးနှင့် လက်တွေ့ ကျင့်သုံးမှု ၂၉၆

၉) ကမ္ဘာ့ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် လူ့အခွင့်အရေး ၂၉၇

ကမ္ဘာ့ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်း ဆိုသည်မှာ အဘယ်နည်း ၂၉၇
ဖြစ်ရပ် လေ့လာခြင်း၊ ပုံစံ ပြောင်းလဲသူ ဖြစ်သည့် GCS၊ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ ၃၀၇
ဖြစ်ရပ် လေ့လာခြင်း၊ ဥပဒေ ချမှတ်သူများနှင့် စောင့်ကြည့်သူများ ဖြစ်သည့် GCS၊ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး ၃၁၆
နိဂုံး ၃၂၂

၁၀) လူ့အခွင့်အရေးများနှင့် ဘာသာရေး ၃၂၉

နိဒါန်း ၃၂၉
ဆက်နွယ်မှု၏ သမိုင်းကြောင်း နောက်ခံ ၃၃၁
မျက်မှောက်ခေတ် စိုးရိမ်ပူပန်မှုများ ၃၄၁
ရှုပ်ထွေးနက်နဲသည့် ဆက်နွယ်မှု ၃၄၆
စံထားရမည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဆက်စပ်သည့် ကိစ္စရပ်များ ၃၄၈
လောက်တ်စီ အမှု ၃၅၂
ရှာဟင် အမှု ၃၅၆
နိဂုံး ၃၆၀

၁၁) လိင်စိတ် တိမ်းညွတ်မှု၊ ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်နှင့် လူ့အခွင့်အရေး ၃၆၅

နိဒါန်း ၃၆၆
လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်များ၏ လူ့အခွင့်အရေး ဖြစ်မှု ၃၆၆
SOGI လူ့အခွင့်အရေးအတွက် စုစည်းခြင်း ၃၇၃
SOGI လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားမှုများအပေါ် ဝေဖန်မှုများ ၃၈၄
ဖြစ်ရပ် လေ့လာခြင်း၊ ယူဂန်ဒါ ၃၈၈
နိဂုံး ၃၉၀

၁၂) လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ နိုင်ငံရေး ၃၉၇

နိဒါန်း ၃၉၇
ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးအတွက် ကြိုးပမ်းမှုများ ၃၉၉
ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေး (RTD) ၄၀၃
ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်ပုံ (HRBA) ၄၀၇
ဖြစ်ရပ် လေ့လာခြင်း၊ ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များနှင့် ရေရှည် တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးရေး ရည်မှန်းချက်များ ၄၂၁
နိဂုံး ၄၂၈

၁၃) စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုနှင့် လူ့အခွင့်အရေး ၄၃၄

နိဒါန်း ၄၃၄
စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုနှင့် အစိုးရများက လူ့အခွင့်အရေးကို လေးစား လိုက်နာမှု၊ ဆန့်ကျင်ဘက် အမြင် နှစ်ခု ၄၃၆
ဂလိုဘယ်လ် လိုက်ဖေးရှင်းနှင့် လူ့အခွင့်အရေး၊ လက်တွေ့ ရလဒ်များကို ဆန်းစစ်ခြင်း ၄၄၃
ဖြစ်ရပ် လေ့လာခြင်း၊ MNCs များက လူ့အခွင့်အရေးတွင် ရင်းနှီးမြှုပ်နှံပါသလား ၄၄၆
အချက်အလက်များနှင့် သုတေသန ပုံစံ ၄၅၂
တွေ့ရှိချက်များ ၄၅၇
နိဂုံး ၄၆၃

၁၄) ဒီမိုကရေစီ နိုင်ငံရေးနှင့် နိုင်ငံတော်၏ နှိပ်ကွပ်မှု ၄၆၉

နိဒါန်း ၄၆၉
ဒီမိုကရေစီနှင့် နှိပ်ကွပ်ခြင်းတို့အကြား ဆက်နွှယ်မှုများကို နားလည် သဘောပေါက်ခြင်း ၄၇၁
ဖြစ်ရပ် လေ့လာခြင်း၊ ဒီမိုကရေစီနှင့် အမေရိကန် နိုင်ငံမှ နှိပ်ကွပ်ခြင်း၊ အာဖရိကန် အမေရိကန်များကို နှိပ်ကွပ်ခြင်းနှင့် လွတ်မြောက်လာခြင်း ဆိုင်ရာ ဖြစ်ရပ်ဆန်း ၄၇၈
ငြိမ်းချမ်းရေးအတွက် လမ်းကြောင်း၊ အနာဂတ် သုတေသနများအတွက် လမ်းညွှန်များ ၄၉၄
နိဂုံး ၄၉၇

၁၅) ညှဉ်းပန်းနှိပ်စက်ခြင်း ၅၀၂

နိဒါန်း ၅၀၂
အနောက်နိုင်ငံ သမိုင်းကြောင်းမှ ညှဉ်းပန်း နှိပ်စက်ခြင်း ၅၀၆
ညှဉ်းပန်း နှိပ်စက်သူ တစ်ဦး မည်သို့ ဖြစ်လာသနည်း ၅၁၃
ဖြစ်ရပ် လေ့လာခြင်း၊ ချိန်ကိုက်ဗုံး အခြေအနေတွင် ညှဉ်းပန်းနှိပ်စက်ခြင်း ၅၂၀
ညှဉ်းပန်း နှိပ်စက်ခြင်းများကို အဆုံးသတ်ခြင်း၊ ဖြစ်ပေါ် တိုးတက်မှု အသစ်များနှင့် မြင့်မားသော ကတိကဝတ်များ ၅၂၇
နိဂုံး ၅၃၄

၁၆) လူကုန်ကူးခြင်း ၅၄၀

နိဒါန်း ၅၄၀

လူကုန်ကူးခြင်းကို အဓိပ္ပာယ် ဖွင့်ဆိုခြင်းများ ၅၄၃

လူဖြူကျွန်စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုနှင့် အမျိုးသမီးများ လူကုန်ကူးခံရမှုကို နိုင်ငံတကာမှ သတိထားမိလာခြင်း ၅၄၇

ယနေ့ခေတ် လူကုန်ကူးမှု ဆန့်ကျင်ရေး လှုပ်ရှားမှုများ၏ အစ ၅၅၁

၁၉၉၀ ပြည့်လွန်နှစ်များတွင် လူကုန်ကူးခြင်းက ကမ္ဘာ့ ရေးရာ ကိစ္စရပ် ဖြစ်လာခြင်း ၅၅၈

ဖြစ်ရပ် လေ့လာခြင်း၊ အမေရိကန် နိုင်ငံတွင် လူကုန်ကူးခြင်း ၅၆၂

နိဂုံး ၅၇၀

၁၇) ကလေးသူငယ်များ၏ လူ့အခွင့်အရေးများအတွက် ထောက်ခံလှုပ်ရှားမှု ၅၇၄

နိဒါန်း ၅၇၅

နိုင်ငံတကာ ကလေးသူငယ်များ၏ အခွင့်အရေးများ ၅၇၅

ကလေးသူငယ် အခွင့်အရေးများအတွက် အထူးစိန်ခေါ်မှုများ ၅၈၁

ကလေးဘဝကို တည်ဆောက်ခြင်းနှင့် ပြန်လည် တည်ဆောက်ခြင်း ၅၈၆

ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပုံစံမှ နှိုင်းရ ဖွံ့ဖြိုးတိုးတက်မှု ပုံစံသို့ ၅၉၈

ဖြစ်ရပ် လေ့လာခြင်း၊ ကလေးဘဝတွင် အပြစ်ပေးခြင်း ၆၀၂

နိဂုံး ၆၁၁

၁၈) လူ့အခွင့်အရေးနှင့် ဖိအားပေး ပြောင်းရွှေ့ခိုင်းခြင်း ၆၁၆

နိဒါန်း ၆၁၇

ပြဿနာကို ဆန်းစစ်ခြင်း ၆၁၉

ဒုက္ခသည်များကို အဓိပ္ပာယ် ဖွင့်ဆိုရခြင်း အခက်အခဲ ၆၂၆

UNHCR၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး စနစ် ၆၃၅

ဖြစ်ရပ် လေ့လာခြင်း၊ မြန်မာနိုင်ငံမှ ဖိအားပေး ရွှေ့ပြောင်းခိုင်းခြင်းများ ၆၄၆

ရှေ့ဆက်ရန်၊ မဟာမိတ် အသစ်များနှင့် ဇာတ်ကောင် အသစ်များ လိုအပ်ခြင်း ၆၅၁

နိဂုံး ၆၅၄

၁၉) မူလ အခြေချ နေထိုင်သူများ၏ လူ့အခွင့်အရေး ၆၆၀

နိဒါန်း ၆၆၀

နိုင်ငံတကာ ဥပဒေအရ မူလအခြေချ နေထိုင်သူများ ဆိုသည်မှာ မည်သူနည်း ၆၆၁

မူလ အခြေချ နေထိုင်သူများကို အသိအမှတ်ပြုရန် ရာစုနှစ်ပေါင်း များစွာ မပြတ်မသား ဖြစ်နေမှု ၆၆၃

ကုလသမဂ္ဂနှင့် မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေး ၆၇၂

ဖြစ်ရပ် လေ့လာခြင်း၊ မူလ အခြေချ နေထိုင်သူများနှင့် ရာသီဥတု ပြောင်းလဲမှု ၆၈၂

မူလ အခြေခံ နေထိုင်သူများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် နိုင်ငံတော်၏ အချုပ်အခြာ အာဏာတို့အကြား ညှိနှိုင်းခြင်း ၆၈၉
နိဂုံး ၆၉၃

၂၀) လူမျိုးပြုန်းတီးစေမှုနှင့် လူ့အခွင့်အရေး ၆၉၈

နိဒါန်း ၆၉၉
လူမျိုး ပြုန်းတီးစေမှု သဘောတရား၏ အစ ၆၉၉
လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ သီအိုရီများ ၇၁၁
ဖြစ်ရပ် လေ့လာခြင်း၊ ရဝမ်ဒါနှင့် ဒါဖား ၇၁၇
ရဝမ်ဒါ ၇၁၈
ဒါဖား ၇၂၆
နိဂုံး ၇၃၂

၂၁) လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှု ၇၃၇

လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုကို မိတ်ဆက်ခြင်း ၇၃၈
ဝင်ရောက် စွက်ဖက်မှုဆိုင်ရာ သဘောတရားများ ပြောင်းလဲလာခြင်း ၇၃၉
စစ်ရေးအရ ဝင်ရောက် စွက်ဖက်မှု ၇၄၂
ထိရောက်သော ဝင်ရောက် စွက်ဖက်မှုအတွက် အတားအဆီးများ ၇၅၁
ဝင်ရောက် စွက်ဖက်မှု၏ မရည်ရွယ်ထားသော ရလဒ်များ ၇၅၄
ဝင်ရောက် စွက်ဖက်မှု ဖြစ်ရပ် လေ့လာခြင်း၊ ဘော့စနီးယား ၇၅၈
နိဂုံး၊ လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုမှ သင်ခန်းစာများ ၇၇၃

၂၂) အကူးအပြောင်းကာလ တရားမျှတမှု ၇၇၈

နိဒါန်း ၇၇၉
အပြစ်ပေးခြင်းဆိုင်ရာ တရားမျှတမှု ၇၈၃
ပြန်လည် ထားသိုပေးခြင်းဆိုင်ရာ တရားမျှတမှု ၇၈၉
ပြင်ဆင်ပေးရေးဆိုင်ရာ တရားမျှတမှု ၇၉၃
အကူးအပြောင်းကာလ တရားမျှတမှုကို လက်တွေ့ကျင့်သုံးခြင်း ၇၉၆
ဖြစ်ရပ် လေ့လာခြင်း၊ ယူဂန်ဒါ နိုင်ငံ ၇၉၈
နိဂုံး ၈၀၄

၂၃) သဘာဝ ပတ်ဝန်းကျင် ၈၀၉

နိဒါန်း ၈၁၀
သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး ၈၁၄

ကိုက်ညီမှု ပြဿနာများ ၈၁၇
သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို အကောင်အထည် ဖော်ခြင်း ၈၂၁
သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး၏ ပြဿနာများ ၈၂၅
ဖြစ်ရပ် လေ့လာခြင်း၊ ရာသီဥတု ပြောင်းလဲမှု၊ ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒုက္ခသည်များ ၈၃၁
လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင် ရေရှည် တည်တံ့ခိုင်မြဲရေး ၈၃၇
နိဂုံး ၈၃၈

အဘိဓာန် ၈၄၃

ကျမ်းကိုးစာရင်း ၈၇၉

# ပါဝင် ရေးသားသူများ အကြောင်း

**ဘရွတ်ခ်အက်ခါလီ**သည် ဗင်ဒါဘလစ် တက္ကသိုလ်မှ နိုင်ငံရေး သိပ္ပံဆိုင်ရာ တွဲဖက် ပေါမောက္ခ တစ်ဦး ဖြစ်သည်။ သူမ၏ စိတ်ပါဝင်စားမှုများမှာ ဒီမိုကရက်တစ် သီအိုရီ၊ ဣတ္ထိယဝါဒီ စူးစမ်းလေ့လာနည်းများ၊ လူ့အခွင့်အရေး၊ လူမှုနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ တရားမျှတမှုတို့ ဖြစ်သည်။ သူမက သူမ၏ သီအိုရီဆိုင်ရာ လုပ်ဆောင်ချက်များကို လက်တွေ့ တက်ကြွ လှုပ်ရှားမှု သုတေသနများနှင့် ပေါင်းစပ်လေ့ ရှိသည်။ သူမ၏ ထုတ်ဝေမှုများတွင် Political Theory and Feminist Social Criticism (2000, Cambridge), Universal Human Rights in a World of Difference (2008, Cambridge), နှင့် Doing Feminist Research with Jacqui True (2010, Palgrave Macmillan) တို့ ပါဝင်သည်။ သူမသည် လက်ရှိတွင် ကမ္ဘာ့ စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် ဂျန်ဒါ ဆိုင်ရာ တရားမျှတမှုတို့ ဆက်စပ်ပုံအကြောင်းကို လေ့လာနေသည်။ သူမသည် ဣတ္ထိယဝါဒီ သီအိုရီ၊ ဣတ္ထိယဝါဒီ သုတေသန နည်းလမ်းများ၊ လူ့အခွင့်အရေး၊ ခေတ်ပေါ် နိုင်ငံရေး တွေးခေါ်ပုံများ၊ ဂျန်ဒါနှင့် နိုင်ငံရေး တွေးခေါ်ပုံ သမိုင်း အစရှိသည့် ဘာသာရပ်များကို သင်ကြားသည်။ Graduate Teaching Award နှင့် the Margaret Cuninggim Mentoring Prize တို့ကို ရရှိထားသူ သူမသည် ကမ္ဘာ့ ဣတ္ထိယဝါဒီများ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့၏ တည်ထောင်သူ တစ်ဦးလည်း ဖြစ်သည်။ ထိုအဖွဲ့သည် ပညာရှင်များနှင့် တက်ကြွ လှုပ်ရှားသူများ စုစည်းကာ လူမှု တရားမျှတမှုအတွက် အသုံးချ သုတေသန လုပ်ဆောင်ရန် နည်းလမ်းများကို ရှာဖွေ ပူးပေါင်းသည့် အဖွဲ့ ဖြစ်သည်။ သူမက ပညာရှင်များနှင့် အလှူရှင်များကိုလည်း အကဲဖြတ်သုံးသပ်မှုများ၊ နည်းလမ်းများနှင့် သုတေသန ကျင့်ဝတ်များကနှင့် စပ်လျဉ်း၍ အကြံပေးသည်။ သူမသည်  Politics and Gender ( Journal of the APSA, Women and Politics Section) ၏ အယ်ဒီတာ ဘုတ်အဖွဲ့ဝင် တစ်ဦး ဖြစ်ပြီး လက်ရှိတွင် the Journal of Politics and Politics, Gender and Identities ၏ ဘုတ်အဖွဲ့ဝင် တစ်ဦးလည်း ဖြစ်သည်။

**ဂျွန်ဘယ်ရီ**သည်  Queens University Belfast ၏ နိုင်ငံရေး၊ နိုင်ငံတကာ လေ့လာရေးနှင့် ဒဿနိက ဗေဒ ကျောင်းမှ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံရေး ဘောဂဗေဒ သင်ကြားသည့် ပါမောက္ခ တစ်ဦး ဖြစ်သည်။ သူ၏ သုတေသန နယ်ပယ်များတွင် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံရေး ဘောဂဗေဒ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဘောဂဗေဒ၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် အုပ်ချုပ်မှု၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံသားဖြစ်မှု၊ အိုင်ယာလန် တောင်နှင့် မြောက်တွင် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံရေး၊ နိုင်ငံရေး တက်ကြွ လှုပ်ရှားမှု၊ မူဝါဒ ချမှတ်ခြင်း၊ မြောက်အိုင်ယာလန် နိုင်ငံ၏ ပဋိပက္ခ အလွန် နိုင်ငံရေးနှင့် နိုင်ငံရေး ဘောဂဗေဒ၊ မြောက်အိုင်ယာလန်မှ ပြန်လည်ရင်ကြားစေ့ရေး ဆိုင်ရာ သီအိုရီများနှင့် အလေ့အကျင့်များ စသည်တို့ ပါဝင်သည်။ သူ၏ နောက်ဆုံးစာအုပ်မှာ  The Politics of Actually Existing Unsustainability: Human Flourishing in a Climate-Changed, Carbon-Constrained World (2012, Oxford University Press) ဖြစ်သည်။ သူသည် မြောက်အိုင်ယာလန် နိုင်ငံ

Green Party ၏ ပူးတွဲခေါင်းဆောင်ဟောင်း တစ်ယောက် ဖြစ်ခဲ့ပြီး  Ards and North Down Council ၏ Green Party ၏ ကောင်စီဝင် တစ်ဦးလည်း ဖြစ်သည်။

**အန်ဒရီယာ အမ် ဘာတန်**တွင် လူကုန်ကူးမှု တိုက်ဖျက်ရေး၊ ကျား၊မ တန်းတူညီရေး၊ မိန်းကလေးငယ်များ၏ ပညာရေး၊ ကျား၊မ အခြေပြု အကြမ်းဖက်မှု၊ အမျိုးသမီးများကို စီးပွားရေးအရ မြှင့်တင်ပေးခြင်း စသည်တို့၌ နိုင်ငံတကာ ဖွံ့ဖြိုးရေးနှင့် သုတေသန ဆိုင်ရာ အတွေ့အကြုံ ၁၉ နှစ်ခန့် ရှိသည်။ သူမသည် အာဖဂန်နစ္စတန်၊ ထိုင်း၊ နိုင်ဂျီးရီးယား၊ ဂီနီ၊ တန်ဇန်းနီးယား၊ ဂါနာ၊ တောင်အာဖရိက၊ ကင်ညာ၊ မြန်မာနှင့် ဇမ်ဘီယာ နိုင်ငံတို့တွင် ရှုပ်ထွေးပြီး ကြီးမားသည့် ဖွံ့ဖြိုးရေး စီမံကိန်းများ စီမံခန့်ခွဲခြင်း၊ သုတေသနများ လုပ်ဆောင်ခြင်းတို့ လုပ်ခဲ့သည်။ ၂၀၀၃ မှ ၂၀၁၀ အထိ ဒေါက်တာဘာတန်သည် အမေရိကန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနက ထောက်ပံ့ပေးသည့် http://HumanTrafficking.org စီမံကိန်းကို စီမံခန့်ခွဲခဲ့သည်။ ထိုအချိန်က ထိုဝက်ဘ်ဆိုက်သည် လူ့အခွင့်အရေးနှင့် ပတ်သက်၍ စဦးဆုံး ဝက်ဘ်ဆိုဒ် တစ်ခု ဖြစ်ခဲ့သည်။ သူမသည် လူကုန်ကူးမှုနှင့် ပတ်သက်၍ ဆောင်းပါး အမြောက်အမြားလည်း ရေးသားခဲ့သည်။ လက်ရှိတွင် ဒေါက်တာ ဘာတန်သည် FHI 360 ၏ ဂျန်ဒါ ဌာနတွင် ဒါရိုက်တာအဖြစ် တာဝန် ထမ်းဆောင်နေသည်။  George Washington University တွင်လည်း လက်ထောက် ပါမောက္ခအဖြစ် လုပ်ကိုင်နေပြီး လူကုန်ကူးမှု၊ ဂျန်ဒါနှင့် ဖွံ့ဖြိုးရေး၊ ဂျန်ဒါ အကြံပေးမှု ဆိုင်ရာ မဟာတန်း ဘာသာရပ်များကို သင်ကြားပေးလျက် ရှိသည်။ ဒေါက်တာ ဘာတန်သည် သူမ၏ အစိုးရနှင့် နိုင်ငံရေး ဆိုင်ရာ ပါရဂူဘွဲ့ကို  University of Maryland, College Park မှ ရရှိခဲ့သည်။

**စင်သီယာ ဘားရက်ခ်**သည် The Ohio State University မှ အမျိုးသမီး၊ ဂျန်ဒါနှင့် လိင်ဖြစ်တည်မှု ဆိုင်ရာ လေ့လာရေးတွင် ပါမောက္ခ တစ်ဦး ဖြစ်သည်။ သူမသည် စာရေးသူ (သို့) တည်းဖြတ်သူ အဖြစ်နှင့် စာအုပ် ၆ အုပ် ရေးသားခဲ့သည်။ နောက်ဆုံး စာအုပ်များမှာ  Tough Love: Sexuality, Compassion, and the Christian Right (2014, SUNY Press),  Right-Wing Populism and the Media (2014, Routledge, co-edited with Claire Snyder-Hall), နှင့်  Sin, Sex, and Democracy: Antigay Rhetoric and the Christian Right (2008, SUNY Press) တို့ ဖြစ်ကြသည်။ Jyl J. Josephson နှင့်အတူ  SUNY Press series, Queer Politics and Cultures ကို တည်းဖြတ်ခဲ့ပြီး ယင်းစီးရီးများမှ Tough Love  and Sin, Sex, and Democracy ကို ထုတ်ဝေခဲ့သည်။ ဘားရက်ခ်၏ လက်ရှိ သုတေသနမှာ လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ လက္ခဏာ ဆိုင်ရာ လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး အမေရိကန် အစိုးရ၏ ဝင်ရောက် စွက်ဖက်မှုများနှင့် ထောက်ခံ လှုပ်ရှားမှုများအကြောင်း ဖြစ်သည်။

**ဆိုနီယာ ကာဒီနာစ်**သည် Hartford မှ Trinity College ၏ နိုင်ငံရေး သိပ္ပံ ပါမောက္ခနှင့် ပညာရေး ကိစ္စရပ် ဆိုင်ရာ ဌာနမှူး ဖြစ်သည်။ နိုင်ငံတကာ ဆက်ဆံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ နယ်ပယ်တွင် အလုပ်လုပ်နေသူ သူမ၏ သုတေသနများသည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတကာ စံနှုန်းများနှင့် နိုင်ငံများ၏

အလေ့အကျင့်များအကြား ဆက်ဆံရေးများကို လေ့လာသည်။ သူမသည် အမြင် ဖော်ပြချက်များနှင့် သုံးသပ်ချက် အများအပြား အပြင် ဆောင်းပါးနှင့် စာအုပ် အခန်းပေါင်း ၁၅ ခုကျော် ရေးသားထားသည်။ သူမသည် University of Pennsylvania Press မှ ထုတ်ဝေသော Conflict and Compliance: State Responses to International Human Rights Pressure (2007), Human Rights in Latin America: A Politics of Terror and Hope (2010), နှင့် Chains of Justice: The Global Rise of National Human Rights Institutions (2014) တို့ကို ရေးသားခဲ့သူ ဖြစ်သည်။ ကာဒီနာစ်သည် လူ့အခွင့်အရေး၏ ပညာရေး နယ်ပယ် ဖြတ်ကျော် လေ့လာမှုများကို တိုးတက်အောင် လုပ်ဆောင်ရာတွင် တက်ကြွသူ တစ်ဦးလည်း ဖြစ်သည်။

**ဒေးဗစ်ချန်ဒလာ**သည် University of Westminster, London မှ နိုင်ငံတကာ ဆက်ဆံရေး ပါမောက္ခ တစ်ဦး ဖြစ်ပြီး ဒီမိုကရေစီ လေ့လာရေး စင်တာ၊ နိုင်ငံရေးနှင့် နိုင်ငံတကာ ဆက်ဆံရေး ဌာန၏ ဒါရိုက်တာ တစ်ဦးလည်း ဖြစ်သည်။ သူသည် Resilience: International Policies, Practices and Discourses ဂျာနယ်၏ အယ်ဒီတာ တစ်ဦး ဖြစ်ပြီး သူ၏ နောက်ဆုံး စာအုပ်များမှာ Resilience: the
Governance of Complexity (2014, Routledge), Freedom vs Necessity in International Relations (2013, Zed Books), နှင့် International Statebuilding: The Rise of Post-Liberal Governance (2010, Routledge) တို့ ဖြစ်ကြသည်။

**ခရစ်ရှန် ဒါဗန်ပေါ့တ်**သည် University of Michigan, Ann Arbor ၏ နိုင်ငံရေး သိပ္ပံ ပါမောက္ခနှင့် နိုင်ငံရေး လေ့လာမှု စင်တာ၏ ဌာန တွဲဘက် တစ်ဦး ဖြစ်သည်။ Radical Information Project (RIP) and Stop Our States (SOS) တို့၏ ဒါရိုက်တာလည်း ဖြစ်သည်။ အဓိက သုတေသန စိတ်ပါဝင်စားမှုများမှာ နိုင်ငံရေး ပဋိပက္ခ (ဥပမာ လူ့အခွင့်အရေး ချိုးဖောက်မှု၊ လူမျိုးတုံးစေခြင်း၊ နိုင်ငံရေး သဘောဆန့်စေခြင်း၊ ညှဥ်းပန်း နှိပ်စက်ခြင်း၊ နိုင်ငံရေးအရ စောင့်ကြည့်ခြင်း၊ နှိပ်ကွက်သည့် လုပ်ရပ်များ၊ ပြည်တွင်းစစ်နှင့် လူမှု လှုပ်ရှားမှုများ) တိုင်းတာခြင်းများနှင့် လူမျိုးရေး ခွဲခြားခြင်းတို့ ဖြစ်သည်။ ပါမောက္ခ ဒါဗန်ပေါ့တ်သည် State Repression and the Promise of Democratic Peace (2007, Comparative Politics, Cambridge: Cambridge University Press) နှင့် Media Bias and State Repression (to appear, Contentious Politics, Cambridge: Cambridge University Press) တို့ကို ရေးသားခဲ့သူလည်း ဖြစ်သည်။

**တင်မ်ဒွန်း**သည် The University of Queensland ၏ လူမှုရေးနှင့် လူမှုရေး သိပ္ပံ ဌာန၏ ဌာနမှူးနှင့် နိုင်ငံတကာ ဆက်ဆံရေး ပါမောက္ခ တစ်ဦး ဖြစ်သည်။ ယခင်က ထိုတက္ကသိုလ်၌ပင် ကာကွယ်ရန် တာဝန် ဆိုင်ရာ အာရှ ပစိဖိတ် စင်တာ၏ သုတေသန ဒါရိုက်တာအဖြစ် လုပ်ဆောင်ခဲ့သည်။

**ရိုဟာဖာဓာအေးလီ**သည် Trinity College Dublin ၏ အရှေ့အလယ်ပိုင်း လေ့လာရေး ဌာနမှ အစ္စလာမ် ယဉ်ကျေးမှု ကူးပြောင်းရေး ဆိုင်ရာ ပါမောက္ခ တစ်ဦး ဖြစ်ပါသည်။ သူမ၏ ပါရဂူဘွဲ့ကို the National

University of Ireland ၏ အိုင်းရစ်ရှ် လူ့အခွင့်အရေး စင်တာမှ ရရှိခဲ့ပါသည်။ ရိုဟာသည် အစ္စလာမ် ဓလေ့ထုံးတမ်း၊ အမျိုးသမီး ဘာသာရေး ခေါင်းဆောင်များ၊ အီရန်နိုင်ငံမှ အမျိုးသမီး အခွင့်အရေးများ၊ လူ့အခွင့်အရေးနှင့် ဘာသာရေး စသည်တို့နှင့် ပတ်သက်၍ စာတမ်းများ ရေးသား ထုတ်ဝေခဲ့သည်။ သူမ ပါဝင်ရေးသားခဲ့သော စာအုပ်များ အများအပြား ရှိပြီး the International Journal of Middle East Studies, Muslim World Journal of Human Rights နှင့် the Journal of Religions and Human Rights တို့တွင် စာတမ်းများ ရေးသားခဲ့သည်။ သူမ၏ စာအုပ်ဖြစ်သည့် Iranian Women's Rights and Activisms ကို မကြာမီ ထုတ်ဝေတော့မည် ဖြစ်သည်။ Trinity တွင် အလုပ်မလုပ်မီ ရိုဟာသည် Amnesty International Irish Section နှင့် အခြားသော အစိုးရ မဟုတ်သော အဖွဲ့အစည်း အချို့တွင် အလုပ်လုပ်ခဲ့သည်။ သူမသည် the Irish Refugee Council, UN Women Ireland, the Association for the Study of Persianate Societies တွင် အလုပ်အမှုဆောင် ဘုတ်အဖွဲ့ဝင် ဖြစ်ပြီး Amnesty International Irish Section တွင်လည်း ဒါရိုက်တာ ဘုတ်အဖွဲ့ဝင် ဖြစ်သည်။ လက်ရှိတွင် Religion and Human Rights စာစောင်၏ တည်းဖြတ် ဘုတ်အဖွဲ့ဝင်လည်း ဖြစ်ပြီး Trinity College Dublin မှ အန္တရာယ်ရှိနေသော ပညာရှင်များ အဖွဲ့တွင် ကိုယ်စားလှယ် တစ်ဦးလည်း ဖြစ်သည်။ Immigrant Council of Ireland's Research and Policy Steering Group တွင် အဖွဲ့ဝင် တစ်ဦး အဖြစ်လည်း ပါဝင်ထားသည်။

**ဆာကီကို ဖူကုဒ ပါး**သည် the New School တွင် နိုင်ငံတကာရေးရာ ပါမောက္ခ တစ်ဦး ဖြစ်သည်။ သူမသည် ဖွံ့ဖြိုးရေး ဘောဂဗေဒ ပညာရှင် တစ်ဦး ဖြစ်ပြီး ဆင်းရဲမွဲတေမှု၊ ဂျန်ဒါ၊ နည်းပညာ၊ စွမ်းရည် ဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးတို့ အပါအဝင် ဖွံ့ဖြိုးရေး မူဝါဒဆိုင်ရာ ကိစ္စရပ် အများအပြားနှင့် ပတ်သက်ပြီး ရေးသားခဲ့သူ တစ်ဦးလည်း ဖြစ်သည်။ သူမကို the UNDP Human Development Reports 1995–2004 ကို ဦးဆောင် ရေးသားခဲ့ပြီး ဒါရိုက်တာအဖြစ် လုပ်ဆောင်ခဲ့ခြင်းအတွက် လူသိများကြသည်။ သူမ၏ လုပ်ငန်းအစကို ကမ္ဘာ့ဘဏ်တွင် စိုက်ပျိုးရေး စီမံကိန်းများ လုပ်ဆောင်ခြင်းဖြင့် စတင်ခဲ့ပြီး ထို့နောက်တွင် UNDP သို့ ပြောင်းရွှေ့ကာ အာဖရိက အကူအညီ ညှိနှိုင်းရေးတွင် လုပ်ဆောင်ခဲ့သည်။ သူမ၏ လက်ရှိ သုတေသန စီမံကိန်းများတွင် အစားအစာ ဆိုင်ရာ အခွင့်အရေး ရရှိရေးတွင် စီးပွားရေး မူဝါဒများ၏ အခန်းကဏ္ဍနှင့် MDGs များ၏ နိုင်ငံရေး ဘောဂဗေဒတို့ ဖြစ်သည်။ သူမသည် ကုလသမဂ္ဂ ဖွံ့ဖြိုးရေး မူဝါဒ ကော်မတီဝင် တစ်ဦး ဖြစ်ပြီး the Lancet-Norway Commission on Global Governance for Health ၏ အဖွဲ့ဝင်လည်း ဖြစ်သည်။ The International Association of Feminist Economics, Centre for Economic and Social Rights, and the Knowledge Ecology International ၏ ဘုတ်အဖွဲ့ဝင် တစ်ဦးလည်း ဖြစ်သည်။ Metrics for Human Rights နှင့် သုတေသန ကြိုးပမ်းမှု တစ်ခု ဖြစ်သည့် The Power of Numbers: Critical Review of MDG Targets for Human Development and Human Rights တို့၏ ပူးတွဲစီစဉ်သူ တစ်ဦးလည်း ဖြစ်သည်။

**ရော်နယ်လ် ဒီ ဂယ်လ်လန်နီ**သည် the Ray C. Bliss Institute of Applied Politics တွင် နိုင်ငံရေးသိပ္ပံ ဆိုင်ရာ တွဲဘက် ပေါမောက္ခ တစ်ဦး ဖြစ်သည်။ ရွန်သည် နှိုင်းယှဉ် နိုင်ငံရေးနှင့် နိုင်ငံတကာ နိုင်ငံရေး

နယ်ပယ်များကို အထူးပြု လေ့လာသူ ဖြစ်သည်။ သူ၏ သုတေသနများသည် နိုင်ငံရေး ဘောဂဗေဒ လူ့အခွင့်အရေး၊ နိုင်ငံဖြတ်ကျော် နိုင်ငံရေး အမူအကျင့် စသည်တို့ ဖြစ်သည်။ သူ၏ သုတေသနများကို the Canadian Journal of Political Science, European Union Politics, International Studies Quarterly, Journal of Peace Research နှင့် Political Research Quarterly တို့တွင် ထုတ်ဝေခဲ့သည်။

**မာလီစ် ဂလေရှက်စ်**သည် University of Amsterdam နိုင်ငံရေး ဌာနမှ နိုင်ငံတကာ ဆက်ဆံရေး ပါမောက္ခ တစ်ဦး ဖြစ်သည်။ သူမသည် Free University, Amsterdam ၏ ပဋိပက္ခနှင့် ပဋိပက္ခလွန် အခြေအနေများတွင် နိုင်ငံသား ပါဝင်မှုနှင့် ပတ်သက်၍ IKV Special Chair တစ်ဦးလည်း ဖြစ်သည်။ သူမသည် ယခင်က the Global Civil Society Yearbook ၏ ဒါရိုက်တာ တစ်ဦး ဖြစ်ပြီး ဥရောပ လုံခြုံရေး လေ့လာရေး အုပ်စု၏ ညှိနှိုင်းရေးမှူး တစ်ဦးလည်း ဖြစ်ခဲ့သည်။ LSE တွင် ကမ္ဘာ့ နိုင်ငံရေး ပို့ချသူ တစ်ဦးအဖြစ်လည်း လုပ်ခဲ့ဖူးသည်။ သူမသည် the Netherlands School of Human Rights Research မှ ပါရဂူဘွဲ့ကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ တစ်ဦးလည်း ဖြစ်သည်။ မာလီစ် ဂလေရှက်စ်၏ သုတေသန စိတ်ဝင်စားမှုများတွင် ကမ္ဘာ့ အရပ်ဘက် လူ့အဖွဲ့အစည်း သီအိုရီနှင့် လက်တွေ့ ကျင့်သုံးပုံများ၊ နိုင်ငံတကာ ရာဇဝတ်မှု တရားမျှတမှု၊ လူသား လုံခြုံရေးနှင့် အာဏာရှင် အုပ်ချုပ်ရေးတို့ ပါဝင်သည်။ လက်ရှိ စီမံကိန်းများတွင် လတ်တလော လူမှု လှုပ်ရှားမှုများတွင် ပြောဆိုရေးသားမှုများ ပျံ့နှံ့မှုနှင့် အာဏာရှင်စနစ်၏ ပြောင်းလဲလာသော သဘောတရားနှင့် ဂလိုဘယ်လ်လိုက်ဇေးရှင်းအပေါ် လိုက်၍ ပြောင်းလဲခြင်းတို့ ဖြစ်သည်။ သူမသည် The International Criminal Court: A Global Civil Society Achievement (2006) ကိုရေးသားခဲ့ပြီး Mary Kaldor နှင့်အတူ A Human Security Doctrine for Europe: Project, Principles, Practicalities (2005) ကိုလည်းကောင်း၊ David Lewis, Hakan Seckinelgin တို့နှင့်အတူ Exploring
Civil Society: Political and Cultural Contexts (2004) တို့ကို ပူးတွဲ တည်းဖြတ်ခဲ့သည်။ စာအုပ်အားလုံးကို Routledge မှ ထုတ်ဝေခြင်း ဖြစ်သည်။ နှစ်စဉ် Global Civil Society Yearbook တွင်လည်း ပါဝင် ရေးသားသည်။ Development and Change, International Journal of Transitional Justice, Human Rights Quarterly နှင့် International Studies Review တို့တွင်လည်း ဆောင်းပါးများ ရေးသားခဲ့သည်။

**မိုက်ကယ်ဂွတ်ဟာ့တ်**သည် နိုင်ငံရေး သိပ္ပံ ဆိုင်ရာ ပူးတွဲ ပါမောက္ခ တစ်ဦး ဖြစ်ပြီး ဒဿနိကဗေဒနှင့် ဂျန်ဒါ၊ လိင်ဖြစ်တည်မှုနှင့် အမျိုးသမီး ရေးရာ ဘာသာရပ်တို့ကိုလည်း သင်ကြားသည်။ သူသည် University of Pittsburgh ကမ္ဘာ့ လေ့လာရေး စင်တာ၏ ယာယီ ဒါရိုက်တာ တစ်ဦး ဖြစ်ပြီး University Honors College Faculty Fellow တစ်ဦးလည်း ဖြစ်သည်။ သူ၏ လက်ရှိ သုတေသန အာရုံစိုက်မှုများမှာ ကမ္ဘာ့ တရားမျှတမှု မရှိခြင်း၏ ပြဿနာများ ဖြစ်ပြီး ဂလိုဘယ်လ် လိုက်ဇေးရှင်း နောက်ခံ အခြေအနေတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး သီအိုရီနှင့် အလေ့အကျင့်များအပေါ် စိန်ခေါ်မှုများကိုလည်း စိတ်ပါဝင်စားသည်။ ဒေါက်တာဂွတ်ဟာ့တ်သည် Democracy as Human Rights: Freedom and Equality in the Age of Globalization (2005, Routledge) ကို ရေးသားခဲ့ပြီး

Human Rights in the 21st Century: Continuity and Change since 9/11 (2011, Palgrave) ကိုလည်း ပူးတွဲ တည်းဖြတ်ခဲ့သည်။ ဆောင်းပါးနှင့် စာအုပ်အခန်း အများအပြားကိုလည်း ရေးသားခဲ့သည်။ The University of Connecticut ၏ the Human Rights Institute နှင့် Carnegie Mellon University ၏ the Center for Ethics and Policy တို့တွင် အဖွဲ့ဝင် တစ်ဦး ဖြစ်ပြီး တည်းဖြတ်ဘုတ်အဖွဲ့ အများအပြားတွင်လည်း ပါဝင်သည်။ ၂၀၀၈-၉ အထိ Alexander von Humboldt Foundation ၏ Research Fellow ဖြစ်ပြီး the Hertie School of Governance, Berlin တွင် ဧည့်သည် ပေါမောက္ခ အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

**မာရင်းဟန်ဆန်**သည် the University of Queensland မှ နိုင်ငံတကာ ဆက်ဆံရေး တွဲဖက် ပေါမောက္ခ တစ်ဦးဖြစ်သည်။ သူမ၏ ရေးသားမှုများမှာ နိုင်ငံတကာ လုံခြုံရေး၊ လက်နက် ထိန်းချုပ်ရေးနှင့် လူ့အခွင့်အရေး နယ်ပယ်များမှ ဖြစ်သည်။

**ပေါလ်ဟက်မန်း**သည် James Cook University မှ ဥပဒေ ပါမောက္ခ တစ်ဦး ဖြစ်ပြီး the Institute of Commonwealth Studies, School of Advanced Studies, University of London ၏ Senior Research Fellow တစ်ဦးလည်း ဖြစ်သည်။ သူသည် ယခင်က ကနေဒါ၊ သြစတြေးလျ၊ နယူးဇီလန်နှင့် ဗြိတိန်နိုင်ငံများတွင် စာသင်ကြားခဲ့သည်။ သူ၏ ထုတ်ဝေမှုများမှာ ကနေဒါ နိုင်ငံရှိ မူလ အခြေချ နေထိုင်သူများဆိုင်ရာ ဥပဒေနှင့် ငြိမ်ဝတ်ပိပြားရေး၊ လူမှု ထိန်းချုပ်မှုများကို မူလအခြေချ နေထိုင်သူများ၏ ပုံစံများနှင့် ကိုက်ညီစေခြင်း၊ သြစတြေးလျတွင် မူလအခြေချ နေထိုင်သူများကို အတင်းအဓမ္မ နေရာ ရွှေ့ပြောင်းခိုင်းခြင်း၊ အင်တာနက်နှင့် မူလအခြေချ နေထိုင်သူများ၊ နယူးဇီလန်တွင် မျိုးရိုးဗီဇ ပြောင်းလဲခြင်းနှင့် အန္တရာယ်၊ ပဋိညာဉ် သဘောတရား၊ ခေတ်သစ် သဘောတရားနှင့် လူမှု နိုင်ငံသား ဖြစ်မှု ကျဆုံးခြင်းတို့ ပါဝင်သည်။ သူသည် တောရက်စ် ရေလက်ကြားတွင် မိရိုးဖလာ အမဲလိုက်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ နိုင်ငံတကာ ရာသီဥတု ပြောင်းလဲရေး အုပ်ချုပ်မှုတွင် မူလ အခြေချ နေထိုင်သူများအား ဘေးဖယ်ထားခြင်း၊ ရာသီဥတု ပြောင်းလဲမှု လျှော့ချရေးအတွက် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်ပုံ၊ ပြောင်းလဲပုံနှင့် အုပ်ချုပ်ပုံ တို့ကိုလည်း လေ့လာခဲ့သည်။ လက်ရှိတွင် နီယိုလစ်ဘရယ် သဘောတရားက သဘာဝတရားကို ရောင်းကုန်အဖြစ် ပြောင်းလဲပစ်ကာ မူလအခြေချ နေထိုင်သူများနှင့် လူသားမျိုးနွယ်စုများကို ထိခိုက်စေပုံတို့ကို လေ့လာနေသည်။ သူသည် Indigenous Peoples Rights in Australia, Canada and New Zealand (1999, Oxford: Oxford University Press) စာအုပ်၏ တည်းဖြတ်သူလည်း ဖြစ်သည်။

**ခရစ်စတင်း (ခရစ်ကက်) ကီတင်း**သည် Ohio State University မှ အမျိုးသမီး၊ ဂျန်ဒါနှင့် လိင်ဖြစ်တည်မှု လေ့လာရေး ဆိုင်ရာ တွဲဘက် ပေါမောက္ခ တစ်ဦး ဖြစ်သည်။ Escuela Popular Norteña ၏ အဖွဲ့ဝင် တစ်ဦးလည်း ဖြစ်သည်။ သူမ၏ သုတေသနများမှာ ဣတ္ထိယဝါဒီ နိုင်ငံရေး သီအိုရီ၊ ကိုလိုနီပြုမှု အဆုံးသတ်ပုံ သီအိုရီနှင့် နှိုင်ယှဉ် နိုင်ငံရေး အတွေးအခေါ်တို့ ဖြစ်သည်။ သူမသည် Decolonizing Democracy: Transforming the Social Contract in India ကို ရေးသားခဲ့သည်။

**လာရီဆာ စီ အက်စ် ကေ ကာစ်တန်**သည် the University of Essex အစိုးရ ဆိုင်ရာ ဌာနမှ ပါရဂူ ကျောင်းသူတစ်ဦး ဖြစ်သည်။ သူမ၏ သုတေသနများမှာ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ တိုင်းတာခြင်း ဖြစ်သည်။ သူမသည် the University of Essex ဥပဒေနှင့် လူ့အခွင့်အရေးဘွဲ့ ရရှိထားသည်။ ဂျာမနီ၊ ပြင်သစ်နှင့် ကိုရီးယားတို့တွင် စီးပွားရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးတို့ကို လေ့လာခဲ့သည် (MSc Economics, University of Muenster)။

**အယ်လ်လန် ဂျေ ကူပါမန်း**သည် Austin ရှိ University of Texas, the LBJ School of Public Affairs မှ တွဲဘက် ပါမောက္ခ တစ်ဦး ဖြစ်သည်။ သူသည် Constitutions and Conflict Management in Africa: Preventing Civil War through Institutional Design (2015, Philadelphia, PA: University of Pennsylvania Press) စာအုပ်၏ တည်းဖြတ်သူ တစ်ဦး ဖြစ်ပြီး Gambling on Humanitarian Intervention: Moral Hazard, Rebellion and Civil War (with Timothy Crawford; 2006, New York: Routledge) စာအုပ်၏ ပူးတွဲ တည်းဖြတ်သူလည်း ဖြစ်သည်။ ထို့ပြင် The Limits of Humanitarian Intervention: Genocide in Rwanda (2001, Washington, DC: Brookings) စာအုပ်ကိုလည်း ရေးသားခဲ့သည်။ ၂၀၁၃-၁၄ တွင် သူသည် Washington, DC ရှိ the US Institute of Peace တွင် Randolph Senior Fellow အဖြစ် လုပ်ကိုင်ခဲ့သည်။

**တော့ဒ်လန်းဒ်မန်း**သည် University of Essex မှ အစိုးရဆိုင်ရာ ဌာနတွင် ပါမောက္ခ ဖြစ်ပြီး လူမှုရေး သိပ္ပံ ဌာန၏ Executive Dean လည်း ဖြစ်သည်။ သူသည် နှိုင်းယှဉ် လေ့လာရေး နည်းလမ်းများနှင့် လူ့အခွင့်အရေးများနှင့် စပ်လျဉ်း၍ ထုတ်ဝေမှု အများအပြား ရှိပြီး လူ့အခွင့်အရေး တိုင်းတာပုံများနှင့် စပ်လျဉ်း၍ နိုင်ငံတကာ အကြံပေး လုပ်ငန်း အများပြားတွင် ပါဝင်ခဲ့သည်။

**အန်တိုနီ ဂျေ လန်းဂလို့က်စ်**သည် Flinders University, Adelaide, Australia မှ သမိုင်းနှင့် နိုင်ငံတကာ ဆက်ဆံရေး ကျောင်းတွင် တွဲဖက် ပါမောက္ခ တစ်ဦး ဖြစ်သည်။ သူသည် the University of Tasmania နှင့် the Australian National University တို့တွင် ပညာသင်ကြားခဲ့သည်။ လန်းဂလို့က်စ်သည် The Politics of Justice and Human Rights: Southeast Asia and Universalist Theory (2001, Cambridge University Press) ကို ရေးသားခဲ့ပြီး Global Democracy and its Difficulties (2009, Routledge) နှင့် Australian Foreign Policy: Controversies and Debates (2014, Oxford University Press) တို့ကို ပူးတွဲ တည်းဖြတ်ခဲ့သည်။ Millennium, European Journal of International Relations, Review of International Studies, Political Studies, Human Rights Quarterly, Human Rights Review, Journal of Human Rights, International Journal of Human Rights, Critical Review of International Social and Political Philosophy နှင့် Australian Journal of Political Science တို့တွင် စာတမ်းများ ရေးသားခဲ့သည်။ သူ၏ ပညာရေး စိတ်ပါဝင်စားမှုများမှာ လူ့အခွင့်အရေး၊ နိုင်ငံတကာ ဆက်ဆံရေး၊ နိုင်ငံတကာ နိုင်ငံရေး သီအိုရီ၊ ကမ္ဘာ့ လိင်စိတ်တိမ်းညွတ်မှုဆိုင်ရာ နိုင်ငံရေးနှင့် ကျင့်ဝတ်တို့ ဖြစ်သည်။

**ဒေါက်ဂျီ လက်တင်ဂါ**သည် the VU University Amsterdam မှ ပါရဂူဘွဲ့ ရရှိထားပြီး the University of Amsterdam မှ သမိုင်းနှင့် နိုင်ငံရေး သိပ္ပံ မဟာဘွဲ့ နှစ်ထပ်ကွမ်း ရရှိထားသည်။ သူမသည် Human Rights Watch နှင့် the EU Fundamental Rights Agency တို့အပါအဝင် အဖွဲ့အစည်းနှင့် အင်စတီကျူးရှင်း အမျိုးမျိုးတွင် သုတေသန ပညာရှင်နှင့် စီမံကိန်း မန်နေဂျာတို့အဖြစ် လုပ်ဆောင်ခဲ့သည်။ လက်ရှိတွင် သူမသည် Amnesty International Netherlands ၏ စီမံကိန်း တစ်ခု ဖြစ်သော မဟာဗျူဟာ လေ့လာရေးတွင် သုတေသနနှင့် မူဝါဒ အကြံပေးရေးအတွက် လုပ်ဆောင်နေသည်။ ဒေါက်ဂျီ လက်တင်ဂါ၏ သုတေသန စီမံကိန်းများတွင် လူမှု တရားမျှတမှုနှင့် လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားမှု၊ လက်သစ် အင်အားကြီး နိုင်ငံများ၏ လူ့အခွင့်အရေး သံတမန်ရေး၊ ဥရောပ သမဂ္ဂ၏ လူကုန်ကူးမှု ဆိုင်ရာ မူဝါဒများ၊ ဥရောပတွင် အစ္စလာမ် ဝတ်ရုံ၏ နိုင်ငံရေး၊ နေရပ်ရွှေ့ပြောင်း အခြေချသူ အမျိုးသမီးများအား အကြမ်းဖက်မှုမှ အကာအကွယ် ပေးခြင်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး နည်းလမ်းများ၏ လူနည်းစုများအပေါ် သက်ရောက်မှုများ စသည်တို့ ပါဝင်သည်။

**ဂေးလ်လိုရှာ**သည် University of Oxford ၏ ဒုက္ခသည် လေ့လာရေး စင်တာတွင် ဧည့်ပါမောက္ခ တစ်ဦး ဖြစ်ပြီး the University of Notre Dame ၏ ဂုဏ်ထူးဆောင် ပေါမောက္ခ တစ်ဦးလည်း ဖြစ်သည်။ သူသည် ဒုက္ခသည် မူဝါဒနှင့် ပတ်သက်ပြီး ရေးသားမှု အများအပြားကို ဦးဆောင် ရေးသား၊ အတူတကွ ရေးသား၊ အတူတကွ တည်းဖြတ်ခြင်းများ ပြုခဲ့သည်။ ယင်းတို့တွင် UNHCR: The Politics and Practice of Refugee Protection, 3rd edn (2016, Abingdon, UK: Routledge), The Oxford Handbook on Refugee and Forced Migration Studies (2014, Oxford: Oxford University Press), Refugees in International Relations (2011, Oxford: Oxford University Press), Protracted Refugee Situations: Political, Security and Human Rights Implications (2008, Tokyo: UN University Press), The UNHCR and World Politics: A Perilous Path (2001, Oxford: Oxford University Press), Beyond Charity: International Cooperation and the Global Refugee Crisis (1993, New York: Oxford University Press), Refugees and International Relations (1989, Oxford: Clarendon Press), and Calculated Kindness: Refugees and America's Half-Open Door (1986, New York: Simon & Schuster) တို့ ပါဝင်သည်။

**ဗာနက်ဆာပူပါဗက်**သည် the University of Nottingham မှ နိုင်ငံရေးနှင့် နိုင်ငံတကာ ဆက်ဆံရေး ကျောင်း၏ တွဲဖက် ပါမောက္ခ တစ်ဦး ဖြစ်သည်။ သူမသည် ကုလသမဂ္ဂတွင် အလုပ်လုပ်ခဲ့ပြီး Language Rights: From Free Speech to Linguistic Governance (2012) အပါအဝင် လူ့အခွင့်အရေးနှင့် လူသားချင်း စာနာမှုနှင့် ပတ်သက်၍ ရေးသားမှု အများအပြား ပြုခဲ့သည်။

**ဂျီအန်နာ အာရ် ကွင်း**သည် The University of Western Ontario ၏ နိုင်ငံရေး သိပ္ပံ တွဲဖက် ပါမောက္ခနှင့် the Centre for Transitional Justice and Post-Conflict Reconstruction ၏

ဒါရိုက်တာ တစ်ဦး ဖြစ်သည်။ ၁၉၉၈ ခုနှစ်မှ စ၍ ဒေါက်တာကွင်းသည် ပဋိပက္ခများ ဖြစ်ပွားရသည့် အကြောင်းအရင်းများကို ကျော်လွှားရာတွင် အသိအမှတ်ပြုခြင်း၏ အခန်းကဏ္ဍကို ဆန်းစစ်သည့် သုတေသနများ ပြုလုပ်ခဲ့သည်။ ယင်းမှာ အမှန်တကယ် အပြောင်းအလဲများ ဖြစ်ပေါ်စေနိုင်သည့် အလားအလာ သက်ရောက်မှုများ ရှိသည်။ သူမသည် ယူဂန်ဒါ၊ ဟေတီ၊ ကနေဒါ၊ ဖီဂျီနှင့် ဆော်လမွန် ကျွန်းစုများမှ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များနှင့် ဓလေ့ထုံးတမ်း ဥပဒေများတွင် အသိအမှတ်ပြုမှု၏ အခန်းကဏ္ဍအကြောင်း ကျယ်ပြန့်စွာ ရေးသားခဲ့သည်။

**ဒေးဗစ် အယ်လ် ရစ်ချတ်**သည် the University of Connecticut ၏ လူ့အခွင့်အရေးနှင့် နိုင်ငံရေး သိပ္ပံဆိုင်ရာ တွဲဖက် ပေါမောက္ခ တစ်ဦး ဖြစ်သည်။ သူသည် Jillienne Haglund နှင့် ပူးတွဲ၍ Violence Against Women and the Law (2015, Paradigm) စာအုပ်ကို ရေးသားနေသည်။ ယင်းစာအုပ်တွင် နိုင်ငံပေါင်း ၁၉၆ နိုင်ငံမှ မူရင်း အချက်အလက်များကို အသုံးပြုပြီး မည်ကဲ့သို့သော ဂျန်ဒါ အကြမ်းဖက်မှု ဥပဒေများ ထိုနိုင်ငံများတွင် တည်ရှိသနည်း၊ ထိုဥပဒေများကို မည်ကဲ့သို့ ပြဋ္ဌာန်းခဲ့သနည်း၊ မည်သို့သော ရလဒ်များ ထွက်ပေါ်ခဲ့သနည်း စသည်တို့ကို ဆန်းစစ်ထားသည်။ သူ၏ လက်ရှိ လုပ်ဆောင်ချက်များကို http://www.davidlrichards.com တွင် တွေ့ရှိနိုင်သည်။

**ဝီလီယမ် အက်ဖ် ရှော့လ်စ်**သည် New York University ၏ the Wagner School of Public Service ၌ တွဲဖက် ပေါမောက္ခနှင့် the Unitarian Universalist Service Committee ၏ ဥက္ကဋ္ဌ ဖြစ်သည်။ ချီကာဂို Meadville Lombard Theological School တွင် တွဲဖက်ပါမောက္ခ အဖြစ်လည်း လုပ်ဆောင်ပြီး ၁၉၉၄ မှ ၂၀၀၆ ခုနှစ်အတွင်း Amnesty International USA ၏ အမှုဆောင် ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သည်။ သူသည် What Torture Taught Me and OtherReflections on Justice and Theology (2013, Boston, MA: Skinner House Books), In Our Own Best Interest: How Defending Human Rights Benefits Us All (2001, Boston, MA: Beacon), နှင့် Tainted Legacy: 9/11 and the Ruin of Human Rights (2003, New York: Nation Books) စာအုပ်များကို ရေးသားခဲ့သည်။ The Phenomenon of Torture: Readings and Commentary (2007, Philadelphia, PA: University of Pennsylvania Press) နှင့် The Future of Human Rights: US Policy for a New Era (2008, Philadelphia, PA: University of Pennsylvania Press) တို့တွင် တည်းဖြတ် အဖြစ်လည်း လုပ်ဆောင်သည်။

**ဒန်မီယမ် ရှော့(ထ်)**သည် the School of Advanced Study, University of London မှ လူ့အခွင့်အရေး ပါမောက္ခ တစ်ဦး ဖြစ်သည်။ သူ၏ သုတေသန အများစုသည် မူလ အခြေချ နေထိုင်သူများ၊ အခြေချသူများ၏ ကိုလိုနီပြုမှု၊ ပြန်လည်ရင်ကြားစေ့ရေး စီမံကိန်းများ၊ ယဉ်ကျေးမှု မျိုးတုံးစေခြင်း၊ ထုတ်ယူတူးဖော်သည့် လုပ်ငန်းများ၊ လူ့အခွင့်အရေးအပေါ် လူမှုရေးနှင့် မနုဿဗေဒ ရှုထောင့်မှ ချဉ်းကပ်ပုံ စသည်တို့ကို အလေးစိုက်သည်။ သူ၏ လတ်တလော လုပ်ဆောင်ချက် များတွင် ကုလသမဂ္ဂအတွင်း ဂေဟဗေဒ ပြုန်းတီးစေရေး အင်စတီကျူးရှင်း သမိုင်းနှင့် ၎င်း၏ လူမျိုးပြုန်းတီးစေမှု သဘောတူစာချုပ်နှင့် ဆက်ဆံရေးတို့ကို ဆန်းစစ်ထားသည်။ ၂၀၁၆ ခုနှစ်တွင် The Genocide Ecocide

Nexus စာအုပ်ကို Zeb Books မှ ထုတ်ဝေသွားမည် ဖြစ်သည်။ ဒန်မီယမ်သည် the International Journal of Human Rights ၏ အယ်ဒီတာချုပ်လည်း ဖြစ်သည်။

**ရိုနာ ကေ အမ် စမစ်**သည် Northumbria University, Newcastle, UK မှ ဥပဒေဌာန၏ နိုင်ငံတကာ လူ့အခွင့်အရေး ပေါမောက္ခ တစ်ဦး ဖြစ်သည်။ သူမသည် Textbook on International Human Rights, 7th edn (2016, Oxford University Press) နှင့် Text and Materials on International Human Rights, 3rd edn (2012, London: Routledge-Cavendish) အပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စာအုပ်အများအပြားကို ရေးသားခဲ့သည်။ သူမသည် နော်ဒစ် လူ့အခွင့်အရေး စင်တာများ၊ အင်စတီကျူများနှင့်လည်း အလုပ်လုပ်ခဲ့ပြီး လတ်တလောက တရုတ်ပြည်နှင့် အရှေ့တောင် အာရှတွင် လူ့အခွင့်အရေး စွမ်းဆောင်ရည် မြှင့်တင်ရေး စီမံကိန်းများ လုပ်ဆောင်ခဲ့သည်။

**စကော့စတာရက်စ်**သည် UW-Madison မှ နိုင်ငံရေး သိပ္ပံနှင့် နိုင်ငံတကာ လေ့လာရေး ပါမောက္ခ တစ်ဦး ဖြစ်သည်။ သူသည် Making and Unmaking Nations: War, Leadership, and Genocide in Modern Africa (2015, Cornell University Press) နှင့် the United States Holocaust Memorial Museum မှ ထုတ်ဝေမည့် Fundamentals of Genocide and Mass Atrocity Prevention တို့ကို ရေးသားသူလည်း ဖြစ်သည်။ သူသည် Steve Stern နှင့်အတူ The Human Rights Paradox: Universality and its Discontents (2014, University of Wisconsin Press) စာအုပ်ကို တည်းဖြတ်ခဲ့သည်။

**ကယ်ရီဝုဒ်**သည် the University of Leeds မှ နိုင်ငံရေး သီအိုရီ သင်ကြားပို့ချသူ တစ်ဦး ဖြစ်သည်။ Dr Woods သည် လူ့အခွင့်အရေး သီအိုရီနှင့် သဘာဝ ပတ်ဝန်းကျင် အခွင့်အရေးကို ရေးသား ထုတ်ဝေခဲ့ပြီး Human Rights (2014, Palgrave Macmillan) နှင့် Human Rights and Environmental Sustainability (2015, Edward Elgar) စာအုပ်များကိုလည်း ရေးသားခဲ့သည်။

# နိဒါန်း၊ နိုင်ငံရေးနယ်ပယ်နှင့် လက်တွေ့နယ်ပယ်ရှိ လူ့အခွင့်အရေးများ

**မိုက်ကယ် ဂွတ်ဟာ့တ် (Michael Goodhart)**

အခန်း မာတိကာ

- လူ့အခွင့်အရေးများ အဘယ်ကြောင့် အရေးပါသနည်း
- လူ့အခွင့်အရေး နိုင်ငံရေး
- လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှု
- လေ့လာစူးစမ်းစရာ အကြောင်းအရာ လူ့အခွင့်အရေး
- ယခုစာအုပ်အကြောင်း

စာဖတ်အညွှန်း

ယခုနိဒါန်းအခန်းသည် စာအုပ်တွင် တင်ပြဆွေးနွေးထားသည့် အတွေးအခေါ် အယူအဆများ၊ ငြင်းခုံချက်များကို ထဲထဲဝင်ဝင် လေ့လာစူးစမ်းနိုင်စေရန် သမိုင်းနောက်ခံနှင့် အတွေးအခေါ် အယူအဆများ၏ နောက်ခံသမိုင်းကို ဖော်ပြပေးရန် ရည်ရွယ်ပါသည်။ လူ့အခွင့်အရေးများသည် နှစ်ဆယ်ရာစု အလယ်ပိုင်းမှ စတင်၍ ယခုကဲ့သို့ အရှိန်အဝါရှိပြီး၊ အရေးပါသည့် ကျင့်ဝတ်နီတိပိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ပြောဆိုရေးသားချက် တစ်ရပ်အဖြစ် မည်သို့မည်ပုံ ပေါ်ထွက်လာခဲ့သည့် အကြောင်းနှင့် ၎င်းတို့၏ သစ်လွင်မှု၊ ဖန်တီးထားသည့်အရာ ဖြစ်မှု၊ ခေတ်ပြောင်းတော်လှန်သည့် သဘောသဘာဝတို့ကို ဖော်ပြ၍ အစပျိုးပါမည်။ နောက်တစ်ချက်အနေဖြင့် ယခုဖော်ပြပြီးသကဲ့သို့ လူ့အခွင့်အရေးများ၏ နိုင်ငံရေးဆန်သော စရိုက်သဘောသည် လက်တွေ့လောက၌ ရှုပ်ထွေးပွေလီပြီး ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်လုပ်ရှားပုံကို ဖော်ပြပါမည်။ ဤအချက်များက လူ့အခွင့်အရေး လေ့လာမှုကို ခက်ခဲစေသည်။ အဘယ်ကြောင့်ဆိုသော် လူ့အခွင့်အရေး ပညာရပ်တွင် ၎င်း၏ သဘောသဘာဝအရ ခက်မများစွာရှိနေပြီး ဘာသာရပ်များစွာ ပါဝင်နေပါသည်။ ဤမိတ်ဆက်အခန်းသည် ယခုစာအုပ်၏ ရည်မှန်းချက်၊ အခန်းများပါဝင် ဖွဲ့စည်းမှုနှင့် ရည်ရွယ်ချက်များကို အကြမ်းဖျင်း တင်ပြခြင်းဖြင့် အဆုံးသတ်ထားပါသည်။ လူ့အခွင့်အရေးများအား လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အကျိုးသက်ရောက်မှုများရှိသော တန်းဖိုးဆိုင်ရာ ထွက်ဆိုချက် (value claim) များအဖြစ် လေ့လာပြီး ၎င်းတို့၏ နိုင်ငံရေးနယ်၌ လုပ်ဆောင်ချက်ကို ဆန်းစစ်ထားသည်။

ဤနိုင်ငံရေး အဖြစ်အပျက်များကို စဉ်းစားကြည့်ပါ။ အာဏာရှင် အစိုးရတစ်ရပ်သည် ၎င်းကို ဝေဖန်သည့် လွတ်လပ်သော သတင်းမီဒီယာကဏ္ဍကို နှုတ်ပိတ်ထားသည်၊ ကျေးလက်ပြည်သူများနှင့် မြို့နေ ဆင်းရဲသားများသည် သန့်ရှင်းသည့် သောက်သုံးရေ မရရှိမှုကြောင့် နာမကျန်း ဖြစ်ကြသည်၊

ရာဇဝတ်အုပ်စုများသည် မိန်းကလေးများနှင့် အမျိုးသမီးများကို လိင်အတွက် လူကုန်ကူးကြသည်၊ နိုင်ငံတကာ ကော်ပိုရေးရှင်းများသည် ကုန်ထုတ်လုပ်ငန်းများကို လုပ်အားခနည်းပြီး အလုပ်သမားနှင့် လုပ်ငန်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ လျော့ရဲသည့် နိုင်ငံများသို့ ပြောင်းလိုက်သည်၊ လိင်တူချင်း သဘောကျသည့် အမျိုးသား၊ အမျိုးသမီးများသည် အိမ်ထောင်ပြုခွင့်နှင့် မိသားစု တည်ထောင်ခွင့်တို့ ရရှိရန် စုရုံးလုပ်ရှားကြသည်။ လူမျိုးရေးနှင့် ဘာသာရေး အကြမ်းဖက်မှုများမှ ထွက်ပြေးလာကြသည့် ဒုက္ခသည်များသည် ချမ်းသာသော အိမ်နီးချင်းနိုင်ငံများတွင် ခိုလှုံခွင့် ငြင်းပယ်ခံရသည်။ အကြမ်းဖက်သမားများဟု ယူဆရသူများအား တရားခွင်ပြုလုပ်ခြင်း သို့မဟုတ် ပြန်လည်စိစစ်ခြင်းမရှိဘဲ ဖမ်းဆီး ထိန်းသိမ်းထားသည်၊ အလုပ်သမားများနှင့် ၎င်းတို့၏ မဟာမိတ်များသည် နေထိုင်စားသောက်ရန် လောက်ငသော လုပ်အားခတစ်ခု တောင်းဆိုရန် စုရုံးလှုံ့ဆော်ကြသည်၊ ပြုပြင်ပြောင်းလဲရေး လိုလားသူများသည် ဖိနှိပ်သော စစ်အစိုးရတစ်ရပ်ကို ဆန့်ကျင်ကြသည်၊ နိုင်ငံတကာအသိုင်းအဝိုင်းက စီစဉ် လုပ်ဆောင်သော လေကြောင်းတိုက်ခိုက်မှုများသည် မိမိပြည်သူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ရန် ခြိမ်းခြောက်နေသည့် အစိုးရတစ်ခုကို ဖြုတ်ချရန် ကူညီပေးသည်၊ တက်ကြွလှုပ်ရှားသူများသည် ကျောင်းလခများကို ဖျက်သိမ်းပြီး လူတိုင်းပညာရေးကို လက်လှမ်းမီနိုင်ရန် လုပ်ဆောင်ကြသည်။ အထက်ပါ အကြောင်းချင်းရာခြင်း မတူကြသော အဖြစ်အပျက်များတွင် ဘုံတူညီသော မည်သည့် အချက်များ ရှိပါသနည်း။ ပြောရမည်ဆိုလျှင် လူ့အခွင့်အရေးများကို မဖော်ပြဘဲ ဤအဖြစ်အပျက်များကို ပြောဆို ဆွေးနွေးရန် ခက်ပါလိမ့်မည်။

၁၉၄၈ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights (UDHR)) ကို အတည်ပြုပြီး နောက်ပိုင်းကာလမှစတင်၍ စာရေးသူတစ်ဦး၏ စကားကိုယူ၍ ပြောရမည်ဆိုလျှင် "လူ့အခွင့်အရေးများသည် နောက်မဆုတ်ဘဲ ရှေ့ရောက်သည်ထက် ရှေ့ရောက်လာခဲ့သည်။"[၁] နိုင်ငံရေးကမ္ဘာကြီး အကြောင်းကို ပြောမည်ဆိုလျှင် လူ့အခွင့်အရေးအကြောင်း မပါ၍ မဖြစ်သည်အထိ လူ့အခွင့်အရေးများသည် ပျံ့နှံ့စိမ့်ဝင်နေပြီ ဖြစ်သည်။

## လူ့အခွင့်အရေးများ အဘယ်ကြောင့် အရေးပါသနည်း

လူ့အခွင့်အရေးများ ကမ္ဘာ့နိုင်ငံရေးတွင် ရှေ့တန်းရောက်လာခြင်းသည် ဖြစ်နိုင်ခြေ နည်းပါးခဲ့သလောက် ထူးထူးခြားခြား မှတ်သားလောက်စရာလည်း ဖြစ်သည်။ စိတ္တဇနာမ်များ၊ အတင်းအကြပ်လိုက်နာရန် မလိုအပ်သော လေလုံးထွားသည့် စကားလုံးများ၊ ခံစားချက်များဖြစ်သော UDHR သည် နိုင်ငံများအကြား ဆက်ဆံရေးကို ပြောင်းလဲပစ်လျက်ရှိပြီး အချုပ်အခြာအာဏာ စံနှုန်းကိုလည်း စိန်ခေါ်လာနေသည့် တဖြည်းဖြည်း များပြား ကြီးထွားလာနေသည့် နိုင်ငံတကာ ဥပဒေများကို မွေးဖွားပေးလျက်ရှိသည်။ ဤအပြောင်းအလဲများတွင် လူ့အခွင့်အရေးများ စောင့်ကြည့်ရေး၊ နာခံလိုက်နာရေးနှင့် ယခုနောက်ပိုင်းတွင် စည်းကြပ်ရေးအတွက်ပါ တာဝန်ရှိသော နိုင်ငံတကာ အင်စတီကျူးရှင်းများ ဖွဲ့စည်းတည်ထောင်ခြင်းလည်း အပါအဝင်ဖြစ်သည်။ လူ့အခွင့်အရေးများသည် ဖိနှိပ်သည့် အစိုးရများကို ဖြုတ်ချသော၊ ဖိနှိပ်ခံများ၊ ဘေးထုတ်ခံများအတွက် အကာအကွယ်များ ရယူပေးနိုင်သော ပြည်တွင်း၊ နိုင်ငံတကာ လူမှု လှုပ်ရှားမှုများကို ပေါ်ထွက်လာစေသည်။

ဤလှုပ်ရှားမှုများသည် အင်အားကြီးမားသော နိုင်ငံရေး ဓာတ်ကောင်များသဖွယ် ဖြစ်နေပြီ ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် လူ့အခွင့်အရေး အယူအဆသည် ပြင်းထန် စူးရှသော အငြင်းပွားမှုများကို ဖြစ်ပေါ်စေသည်မှာ မှန်ပါသည်၊ သို့သော် လူ့အခွင့်အရေး အယူအဆသည် ကမ္ဘာ့နိုင်ငံရေး ဓာတ်ခုံတွင် အဓိကကျသည့် စံနှုန်းပြု သို့မဟုတ် ကျင့်ဝတ်ပိုင်းဆိုင်ရာ ပြောဆို ရေးသားချက်တစ်ခု၊ နိုင်ငံတကာ တရားနည်းလမ်းကျမှုကို တိုင်းတာသည့် အဓိက ပေတံတစ်ခု ဖြစ်နေပေပြီ။ အဘယ်ကြောင့်နည်း။

ယခုစာအုပ်သည် ဒုတိယကမ္ဘာစစ်အလွန် လူ့အခွင့်အရေးခေတ်ကို စောင်းပေးထားသော်လည်း ယနေ့ခေတ် လူ့အခွင့်အရေး နိုင်ငံရေးအခြေအနေနှင့် လက်တွေ့ပိုင်းကို နားလည်ရန်အတွက် လူ့အခွင့်အရေး၏ ယုတ္တိသဘောတရားနှင့် ဆွဲဆောင်မှုကို အတိုင်းအတာတစ်ခုအထိ နားလည်ရန် လိုပါသည်။ လူ့အခွင့်အရေး သမိုင်းကို ဤစာအုပ်တွင် အကျဉ်းချုပ် ဖော်ပြရန် မဖြစ်နိုင်ပါ၊ သို့သော် ဆက်လက်ဖော်ပြမည့် အခန်းခွဲများတွင် လူ့အခွင့်အရေးများ ပေါ်ထွက်လာမှု၊ ၎င်းတို့၏ အောင်မြင်မှုအပြင် ၎င်းတို့နှင့်ပတ်သက်၍ အငြင်းပွားမှုများကို နားလည်စေရန် အထောက်အကူပြုမည့် လူ့အခွင့်အရေးများ၏ အဓိက သွင်ပြင်လက္ခဏာများကို အဓိကဦးတည်ပြီး တင်ပြသွားပါမည်။ ဤသို့ ရွေးချယ်တင်ပြရခြင်း၏ ရည်ရွယ်ချက်မှာ စာအုပ်တွင် ရေးသား တင်ပြထားသည့် သဘောတရားအယူအဆများ၊ ငြင်းခုံချက်များကို အချက်ကျကျ စဉ်းစားဆင်ခြင်နိုင်စေရန် ဖြစ်သည်။ ဤကဏ္ဍ၌ လူ့အခွင့်အရေးများ၏ အချင်းချင်း ချိတ်ဆက်လျက်ရှိသော သွင်ပြင်လက္ခဏာ သုံးခုအား အသားပေး လေ့လာသင့်ပါသည်။

- လူ့အခွင့်အရေးများသည် တမူထူးခြားစွာ ခေတ်သစ်ဆန်သည်
- လူ့အခွင့်အရေးများသည် နိုင်ငံရေး ဖန်းတီးမှု ဖြစ်သည်
- လူ့အခွင့်အရေးများသည် ပင်ကိုသဘောအရ ခေတ်ပြောင်းတော်လှန်သည်

**လူ့အခွင့်အရေးများ၏ ခေတ်သစ်ဆန်မှု**

လူ့အခွင့်အရေးများသည် တမူထူးခြားစွာ ခေတ်သစ်ဆန်သည် (modern) ဟု ဆိုခြင်းသည် ယင်းတို့၏ နောက်ကွယ်က တန်ဖိုးများ၏ ရှည်လျားသည့် သမိုင်းကို ငြင်းပယ်လိုခြင်း မဟုတ်ပေ။ လူ့အခွင့်အရေးများသည် လူ့အဖွဲ့အစည်းတမျှ သက်တမ်းရှိသော တရားမျှတရေး၊ လူ့ဂုဏ်သိက္ခာ စသည့် အယူအဆများနှင့် သမိုင်းကြောင်းအရ ပူးပူးကပ်ကပ် ဆက်နွှယ်ပတ်သက်နေသည်။ လူ့အခွင့်ရေးများ၏ သစ်လွင်မှုကို အလေးပေးလိုခြင်းမှာ အရေးကြီးသည့် ဆန့်ကျင်ဘက် အခြင်းအရာနှစ်ခုကို အလေးပေး ထောက်ပြလိုခြင်း ဖြစ်သည်။ ပထမ ဆန့်ကျင်ဘက် အခြင်းအရာမှာ အလယ်ခေတ်ဥရောပနှင့် အခြားသော ခေတ်သစ်မတိုင်မီ လူ့အဖွဲ့အစည်းများတွင် ကြီးစိုးခဲ့သော အခွင့်အရေးများနှင့် ပတ်သက်သော အုပ်စုအယူအဆ (corporate conception of rights) ဖြစ်၍ ဒုတိယ ဆန့်ကျင်ဘက် အခြင်းအရာမှာ ဘာသာရေး အတွေးအခေါ်များ အပေါ် အခြေခံခဲ့သည့် တရားမျှတမှုနှင့် ဂုဏ်သိက္ခာဆိုင်ရာ သဘောတရားများ ဖြစ်သည်။

အလယ်ခေတ် အခွင့်အရေး အယူအဆများသည် လူမှုအဆင့်အတန်းအပေါ် အခြေခံခဲ့သည်။ အခွင့်အရေးများသည် လူ့တစ်ဦးတစ်ယောက်ချင်းထက် လူတန်းစားအလွှာ သို့မဟုတ် အုပ်စုတစ်ခုနှင့် သက်ဆိုင်ပြီး လူ့အဖွဲ့အစည်းများကို အလွှာအဆင့်ဆင့် အထက်အောက်ဖွဲ့စည်းစေသည့် အယူအဆများကို ကျားကန်ပေးခဲ့ကြသည်။ မိမိပိုင်ဆိုင်သော အခွင့်အရေးသည် မိမိ၏ အဆင့်အတန်း၊ မိမိ၏ အနေအထားအပေါ် မူတည်ရုံသာမက၊ ယင်းတို့ကိုလိုက်၍လည်း ပြောင်းလဲသည်။ အခွင့်အရေးများ၊ တာဝန်များသည် လူမှုအခန်းကဏ္ဍများကို ဘောင်ခတ်သတ်မှတ်ပေးပြီး ထိုအခန်းကဏ္ဍများဖြင့်ပင် လူ့အဖွဲ့အစည်းကို ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ဤအဓိပ္ပာယ်အရ ကြည့်လျှင် အခွင့်အရေးများသည် အပြောင်းအလဲများကို မတောင်းဆိုဘဲ (ရှိရင်းစွဲ စံနှုန်းများကို ဆက်လက်ထိန်းသိမ်းသည်) တည်မြဲရေးသို့ ဦးတည်ခဲ့သည် (တည်ငြိမ်မှုကို ထိန်းသိမ်းသည်) ဟု ပြော၍ရသည်။ အခွင့်အရေးများသည် လောကအမြင် အယူအဆများ သို့မဟုတ် ဘာသာရေး အမြင်များအပေါ် အခြေခံခဲ့ပြီး ထိုအယူအဆများ၊ ဘာသာရေး အမြင်များက ရှိရင်းစွဲ လူ့အဖွဲ့အစည်း၏ ပုံစံသည် ဘုရားသခင်၏ အလိုအရ သို့မဟုတ် ဘုရားသခင်က ခွင့်ပြုထားသည့်အတိုင်း ဖြစ်သည်ဟု မှတ်ယူခဲ့ကြသည်။ နောက်တစ်နည်း ပြောရလျှင် လူ့အဖွဲ့အစည်းကို ဖွဲ့စည်းတည်ဆောက်ထားပုံ၊ လူအုပ်စုအသီးသီး၏ အခွင့်အရေးများ၊ တာဝန်များသည် ဘုရားသခင်၏ ဆန္ဒ သို့မဟုတ် အစီအစဉ်အတိုင်း ဖြစ်သည်ဟု လက်ခံခဲ့ကြသည်။

ခေတ်သစ် လူ့အခွင့်အရေး အယူအဆ စတင်ပေါ်ပေါက်ခဲ့ရာ ဥရောပတိုက် အနောက်ပိုင်းတွင် အထက်ပါ လူအဖွဲ့အစည်း၊ လူမှုဖွဲ့စည်း တည်ဆောက်ပုံ အကြောင်း စဉ်းစားပုံသည် ဆယ့်နှစ်ရာစု အစောပိုင်း၊ ဆယ့်သုံးရာစုလောက်မှစ၍ ကြီးကြီးမားမား ပြောင်းလဲလာခဲ့ပြီး၊ ထိုအပြောင်းအလဲများသည် အချိန်ကာလ ကြာမြင့်စွာ ဖြစ်ပေါ်ခဲ့သည်။ အပြောင်းအလဲကြီးများတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ အနုပညာ၊ စာပေ တစ်ခေတ်ဆန်းသစ်မှု၊ ဘာသာရေး ပြုပြင်ပြောင်းလဲမှုနှင့် အသိဉာဏ် ပွင့်လင်းလာမှုတို့ ပါဝင်သည်။ ထိုအပြောင်းအလဲများ အတူတကွ စုပေါင်း၍ လူသားဝါဒ (humanism) (လူသားများ၏ အောင်မြင်မှု၊ အလားအလာတို့အား အဓိကထားမှု)၊ ဆင်ခြင်ဉာဏ် ပဓာနဝါဒ (rationalism) (ယုံကြည်မှု၊ အယူသီးမှုတို့ထက် စဉ်းစားဆင်ခြင်မှု၊ သိပ္ပံပညာတို့အပေါ် အလေးထားမှု)နှင့် တစ်သီးပုဂ္ဂလဝါဒ (individualism) (လူပုဂ္ဂိုလ်များအား ၎င်းတို့ပါဝင်ရာ အုပ်စု သို့မဟုတ် လူတန်းစားတို့နှင့် ခွဲခြား သတ်မှတ်ခြင်း) တို့ကို မွေးဖွားပေးခဲ့သည်။

စာရေးသူအနေဖြင့် အထက်ဖော်ပြပါ အကြောင်းအရာများသည် လူ့အခွင့်အရေးအကြောင်း ဖြစ်စဉ်တစ်ခု၏ လိုအပ်သည့် အစိတ်အပိုင်းများဟု ဆိုခြင်းထက် ဤအစိတ်အပိုင်းများသည် အစောပိုင်း ခေတ်သစ်ဥရောပ၌ သတ်သတ်မှတ်မှတ် ထွက်ပေါ်လာခဲ့သည့် လူ့အခွင့်အရေးများ ပုံဖော်လွှမ်းမိုးခဲ့သည်ဟု ဆိုလိုခြင်းဖြစ်သည်။ လူ့အခွင့်အရေးများသည် လူတိုင်းနှင့် သက်ဆိုင်သည်ဟု ရေးသားဖော်ပြခြင်းသည် လူသားများ၏ စွမ်းဆောင်ရည်များ၊ အလားအလာများ အကြောင်း ခိုင်မာအားကောင်းသည့် ထွက်ဆိုချက်တစ်ခု ဖြစ်သည်။ တစ်ချိန်တည်းတွင် လူ့အခွင့်အရေးများသည် အဆိုပါ လူသားများ၏ စွမ်းဆောင်ရည်များ၊ အလားအလာများကို အကောင်အထည်ဖော်ရန် အလို့ငှာ လူသားများ၏ စွမ်းရည်ကို အကာအကွယ်ပေးရန်၊ လေးစားရန်အတွက် ကျယ့်ပြန့်သည့် စံနှုန်းပြုရေး၊ နိုင်ငံရေး အစီအစဉ်တစ်ခုကိုလည်း တောင်းဆိုသည်။ ကြောင်းကျိုးဆီလျော်မှုကို ပြသရာ၌ စဉ်းစားဆင်ခြင်မှုအပေါ် အဓိကအားကိုးအားထား ပြုခြင်းဖြင့် လူ့အခွင့်အရေးများသည် ထုံးထမ်းစဉ်လာ

တန်ဖိုးများ၊ ယုံကြည်မှုများကို ကျော်လွန်သော၊ ထိုသို့ ကျော်လွန်သည့်အတွက် ၎င်းတန်ဖိုးများ၊ ယုံကြည်မှုများကို ခြိမ်းခြောက်သော နိုင်ငံရေး ယုတ္တိတစ်ခုကို ကိုယ်စားပြုသည်။ နောက်ဆုံးအနေဖြင့် လူတိုင်းကို အခွင့်အရေးများ ပေးခြင်းဖြင့် အခွင့်အရေးများဆိုင်ရာ ခေတ်သစ် အတွေးအမြင်သည် လူမှုရေး၊ နိုင်ငံရေး အစီအစဉ်အပေါ် မိရိုးဖလာ နားလည်စဉ်းစားပုံများကို စိန်ခေါ်သည်။

## နိုင်ငံရေး ဖန်တီးမှုဖြစ်သော လူ့အခွင့်အရေးများ

ယခုဖော်ပြပါ ခေတ်ပြောင်းတော်လှန်ရေး အယူအဆက လူ့အခွင့်အရေးများသည် သူ့အလိုအလျောက် ဖြစ်ပေါ်တိုးတက်မှု တစ်ခုထက် ရည်ရွယ်ချက်ရှိရှိ ဖန်းတီးမှုတစ်ခု၏ အကျိုးရလာဒ်ဖြစ်ကြောင်း ညွှန်ပြနေသည် (Minogue, 1979)။ ဥရောပတိုက်ရှိ အခွင့်အရေးများ အယူအဆအား ရောမ ဥပဒေ အတွင်းရှိ ၎င်း၏ မူလဇာစ်မြစ်၊ အဓိပ္ပာယ်များတွင် ခြေရာကောက်နိုင်သည် (Tuck, 1979)။ သို့သော် ဆယ့်ခုနစ်ရာစု အင်္ဂလန်တွင် ၎င်းသည် ခေတ်ပြောင်းတော်လှန်သော၊ ဂယက်ရိုက်ခတ်သော အယူအဆ တစ်ရပ် ဖြစ်လာခဲ့သည်။ ဤကဲ့သို့ ဖြစ်ပေါ်တိုးတက်လာမှုသည် ၎င်း၏နောက်ကွယ်မှ အဓိက တာဝန်ရှိသူများထဲမှ တစ်ဦးဖြစ်သူ နိုင်ငံရေးအတွေးအခေါ်ဆရာ သောမတ်စ် ဟော့ဘ်စ် (Thomas Hobbes) (၁၅၈၈-၁၆၇၉) ကို အံ့သြတုန်လှုပ်စေခဲ့သည်။ ဟော့ဘ်စ်သည် သူ့အချိန်အခါက ဘာသာရေးဆရာများ၊ ပုန်ကန်ထကြွသူ လွှတ်တော်အမတ်များ၏ ဝေဖန်မှုကို တစ်စထက်တစ်စ ခံလာနေရသည့် ရှင်ဘုရင်များ၏ ဘုရားသခင် ပေးသည့် အုပ်ချုပ်ခွင့်ထက် ပို၍ လက်ခံနိုင်ဖွယ်ဖြစ်သော သက်ဦးဆံပိုင် ဘုရင်စနစ်အတွက် အကြောင်းပြချက်တစ်ခု ဖော်ထုတ်ရန်ကြိုးစားခဲ့သူ၊ ရှင်ဘုရင်စနစ်ကို နှစ်နှစ်ကာကာ ယုံကြည်သူ တစ်ဦး ဖြစ်သည်။ ဟော့ဘ်စ်၏ အဓိက တီထွင်မှုမှာ သဘောတရားအားဖြင့် လူ့အဖွဲ့အစည်းကို မဖန်တီးမီ မူလအခြေအနေ (state of nature) တွင် တစ်ဦး တစ်ယောက်ချင်း လူပုဂ္ဂိုလ်များသည် လွတ်လပ်ပြီး တန်းတူညီတူ ဖြစ်သည်ဟူသော အဆိုပြုချက် ဖြစ်သည်။ ဟော့ဘ်စ်က ထိုကဲ့သို့ ပင်ကိုသဘာဝ လွတ်လပ်မှုနှင့် တန်းတူညီမျှမှုတို့သည် ဖရိုဖရဲအခြေအနေများ၊ စစ်ပွဲများသို့ ဦးတည်သွားမည်၊ ယင်းအတွက် ယုတ္တိ အကျဆုံးနှင့် အကောင်းဆုံးအဖြေမှာ အလုံးစုံအာဏာရှိသော အုပ်ချုပ်သူဖြစ်သည်ဟု ယုံကြည်ခဲ့သည် (Hobbes, 1969 [1651]  တွင် ရှုပါ)။

ဟော့ဘ်စ်သည် လွတ်လပ်မှုနှင့် တန်းတူညီမျှမှုတို့အား  အကြွင်းမဲ့ အာဏာအတွက် အကြောင်းပြချက် အဖြစ် အသုံးချခဲ့သော်လည်း အခြားသူများသည် ဤအယူအဆနှစ်ခုတွင် အခြားရည်ရွယ်ချက်များအတွက် အသုံးပြုနိုင်သော အလားအလာများ ရှိနေကြောင်း စောလျင်စွာပင် တွေ့ရှိခဲ့ကြသည်။ ထိုသူများထဲမှ နာမည်အကျော်ကြားဆုံးနှင့် အရေးပါဆုံး ပုဂ္ဂိုလ်မှာ ဒဿနိကဆရာနှင့် ဝိဂ် (Whig) ပါတီဝင် တော်လှန်ရေးသမား ဖြစ်သူ ဂျွန်လော့ခ် (John Locke) (၁၆၃၂-၁၇၀၄) ဖြစ်သည်။ လော့ခ်က ဟော့ဘ်စ်၏ ပင်ကိုသဘာဝလွတ်လပ်မှု (natural freedom)၊ တန်းတူညီမျှဖြစ်မှု ငြင်းခုံချက်များသည် အာဏာကို အုပ်ချုပ်ခံများ၏ သဘောတူ ခွင့်ပြုချက်အပေါ် မှီတည်စေခြင်းဖြင့် နိုင်ငံရေး တော်လှန်ရေးအတွက် အကြောင်းပြချက် အဖြစ် အသုံးပြုနိုင်စေသည့် အလားအလာရှိကြောင်း စဉ်းစားမိခဲ့သည်။ လော့ခ်သည် ဤလွတ်လပ်မှု၊ တန်းတူညီမျှဖြစ်မှုအား လောကနိယာမ (natural law) အတွင်း ကိန်းဝပ်နေသော ပင်ကိုသဘာဝ သို့မဟုတ် လူသားများ၏ အခွင့်အရေးများအဖြစ် ရှုမြင်ခဲ့သည်။ လော့ခ်၏ အမြင်တွင် အစိုးရတစ်ရပ်အား

တည်ထောင်ခြင်းမှာ အဆိုပါ လောကနိယာမကို အဓိပ္ပာယ်ဖွင့်ဆိုရန်၊ အဆုံးအဖြတ်ပေးရန်၊ အကောင်အထည်ဖော်ရန်၊ နောက်တစ်နည်းပြောရလျှင်၊ အခွင့်အရေးများကို အကာအကွယ်ပေးရန် ဖြစ်သည်။ အစိုးရတစ်ရပ်သည် သဘောတူခွင့်ပြုချက် မရရှိသည့်အခါ သို့မဟုတ် အခွင့်အရေးများကို ကာကွယ်ရန်၊ လေးစားရန် ပျက်ကွက်သည့်အခါ ၎င်းသည် မိမိကိုယ်ကိုမိမိ တရားနည်းလမ်းမကျ ဖြစ်စေသည်၊ ထို့အတွက် ပြည်သူလူထုသည် ထိုအစိုးရအား အစားထိုးခွင့် ရှိသည်။

## ခေတ်ပြောင်းတော်လှန်သည့် သဘောရှိသော လူ့အခွင့်အရေးများ

လူ့အခွင့်အရေးများ၏ ခေတ်ပြောင်းတော်လှန်သော သဘောသဘာဝသည် ၎င်းတို့၏ နိုင်ငံရေးနှင့် လက်တွေ့ကျင့်သုံးမှု၊ အောင်မြင်မှု၊ အငြင်းပွားမှုများကို နားလည်သဘောပေါက်ရန် အဓိကကျသော တတိယအင်္ဂါရပ် ဖြစ်သည်။ ၁၈ ရာစုအကုန်ပိုင်းလောက်တွင် အခွင့်အရေးများသည် အစိုးရအာဏာကို အကဲဖြတ်သည့် ကျင့်ဝတ်စံနှုန်း၊ အမေရိကန်၊ ပြင်သစ်၊ ဟေတီနိုင်ငံနှင့် အခြားသောနေရာများရှိ တော်လှန်ရေးသမားများ၏ တိုက်ပွဲခေါ်သံ ဖြစ်လာခဲ့သည်။ ဤခေတ်ပြောင်းတော်လှန်သော သဘောသဘာဝသည် လူ့အခွင့်အရေးများ ကိုယ်၌၏ ယုတ္တိထဲတွင် ပါဝင်နေပြီး ဖြစ်သည်။ ကာရိုး ပိတ်တ်မန်း (Carole Patemen 1988, pp 39-40) ငြင်းခုံထားသကဲ့သို့ လူတို့သည် ပင်ကိုသဘာဝအားဖြင့် လွတ်လပ်သည်၊ တန်းတူညီမျှဖြစ်သည် ဟူသော ရိုးစင်းသည့် အဆိုသည် သဘာဝအလျောက် ရရှိသော အာဏာ၊ အုပ်စိုးမှုတို့အတွက် ပေးထားသည့် အကြောင်းပြချက်များကို အားအင်ချည့်နဲ့ စေသည်။ လူပုဂ္ဂိုလ်များသည် ပင်ကိုသဘောအရ လွတ်လပ်သည်၊ တန်းတူညီမျှဖြစ်သည်ဟူသော အယူအဆသည် ခေတ်ပြောင်း တော်လှန်သည့် သဘောဆောင်ရခြင်းမှာ ၎င်းသည် လူတချို့၊ လူအုပ်စုတချို့၊ လူအမျိုးအစား တချို့အား ဖိနှိပ်အုပ်ချုပ်ခြင်းအတွက် ပေးထားသည့် ဆင်ခြေဆင်လက်များကိုလည်း တစ်ချီတည်းဖြင့် လွင့်စဉ် သွားစေနိုင်သည့် အတွက် ဖြစ်သည်။

ဤအချက်သည်ပင် လူ့အခွင့်အရေးများသည် ဘုရင်အုပ်ချုပ်သည့်စနစ်များကို ဖြုတ်ချပြီး ဒီမိုကရေစီအတွက် လမ်းရှင်းပေးခဲ့သည့် ဆင်ခြင်ဉာဏ်ပဓာနဝါဒ (rationalism) ပုဆိန်၏ ချွန်ထက်သော ထိပ်သွားဖြစ်သည်ဟု ဖော်ပြရာ၌ ကန်နက်မိနော့ (Kenneth Minogue) (1979, p.11) ဆိုလိုသည့် အဓိပ္ပာယ် ဖြစ်သည်။ ၁၈ ရာစု၊ ၁၉ ရာစုတို့၏ အရေးတော်ပုံကြီးများ လူ့အခွင့်အရေး နဖူးစည်း စာတမ်းအောက်မှ လှုပ်ရှား ချီတက်ခဲ့ကြခြင်းမှာ ဘုရင်စနစ်၊ အထက်တန်းလွှာမှ အုပ်ချုပ်သည့်စနစ်များကို ဆန့်ကျင်သည့် ဤငြင်းခုံချက်၏ စွမ်းအားကြောင့်ပင် ဖြစ်သည်။ သို့သော် ဤလူ့အခွင့်အရေး တော်လှန်ရေးများသည် အသက်ညှာဆုံး ပြောရလျှင် တစ်ဝက်တစ်ပျက်သာသာ ရှိခဲ့ပြီး ဆုံးခန်းမတိုင်ခဲ့ကြပေ။ အမျိုးသမီးများ၊ အလုပ်သမားများ၊ ကျွန်များ၊ ဥရောပတိုက်သားများ၏ အုပ်ချုပ်မှုလက်အောက် ကျရောက်နေခဲ့သည့် မူလ အခြေချ နေထိုင်သော လူမျိုးများ (natives) များသည် တော်လှန်ရေးသမားများကိုယ်တိုင် ကြွေးကြော် နေခဲ့သည့် လူသားအားလုံးဆိုင်ရာ အခွင့်အရေးများ ငြင်းပယ်ခံခဲ့ရသည် (Pateman, 1988; Mills, 1997; Goodhart, 2005)။ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို များသောအားဖြင့် လျစ်လျူရှုထားခြင်း၊ မကြာခဏဆိုသလို ရက်ရက်စက်စက် ဖိနှိပ်ခဲ့သည်များပင် ရှိခဲ့သည်။

ဤအခြေအနေသည် လူသား၏ အခွင့်အရေးများ (‘the rights of man’) ကို အစောပိုင်း ထောက်ခံသူများ အစဉ်တစိုက် ရည်ရွယ်ခဲ့သည့် အခြေအနေ ဖြစ်သည်။ သူတို့၏ လှုပ်ရှားမှုသည် နိုင်ငံရေး ဘောင်ကျဉ်းပြီး အမွေခံ ဘုရင်စနစ်နှင့် အထက်တန်းလွှာ အုပ်ချုပ်ရေးစနစ် ပခုံးအောက် ရှန်းကန်နေရသည့် လက်တစ်ဆုပ်စာ မြေပိုင်လူတန်းစားများ အာဏာရရေး အတွက်သာ အာရုံစိုက်ခဲ့သည်။ သဘောတူ ခွင့်ပြုချက်၊ မွေးရာပါ အခွင့်အရေးများ အယူအဆသည် သူတို့ တော်လှန်ရေးအတွက် သာမက အခြားသော အခြင်းအရာ များစွာအတွက်လည်း အကြောင်းပြချက် ဖန်တီးပေးနိုင်ခဲ့သည်။ လူအခွင့်အရေး ယုတ္တိသည် လော့ခ် သို့မဟုတ် သူ၏ ခေတ်ပြိုင်များ စိတ်ကူးကြည့်နိုင်သည်ထက် သို့မဟုတ် လက်ခံနိုင်ခဲ့သည်ထက် များစွာ အပြောကျယ်လာခဲ့ပြီး အချိန်ကြာလာသည်နှင့်အမျှ ဆင်ခြင်ဉာဏ်ပဓာနဝါဒ ပုဆိန်သည် အသွားနှစ်ဖက်ပါ ဓားရှည်ကြီးနှင့် တူသထက် တူလာခဲ့သည်။ အခွင့်အရေးများကို ခံစားခွင့် မရသူများသည် အခွင့်အရေးများ၏ တစ်ကမ္ဘာလုံး အကျုံးဝင်မှုကိုပင် ကိုင်စွဲပြီး ၎င်းတို့၏ ဖိနှိပ်အုပ်ချုပ်ခံရမှု၊ ထိုဖိနှိပ်အုပ်ချုပ်ခံမှု နောက်ကွယ်တွင် ရှိနေသည့် သီလကြောင်ဖြစ်မှုကို စိန်ခေါ်လာခဲ့ကြသည်။ ကြီးစိုးချယ်လှယ်မှုများ၊ ဖိနှိပ်မှုများကို တွန်းလှန်နေသူများအတွက် လူအခွင့်အရေးများအား ဆွဲဆောင်မှု ရှိစေသောအရာ၊ ရှေ့တန်းသို့ ရောက်သထက် ရောက်လာစေသော အရာမှာ ယခုဖော်ပြပါ ခေတ်ပြောင်း တော်လှန်ပေးနိုင်သော အလားအလာနှင့် လွတ်မြောက်ရေးသို့ ဦးတည်သည့် ယုတ္တိပင် ဖြစ်သည်။

## လူကြိုက်များမှုနှင့် ဝေဖန်မှုများ

သို့ရာတွင် လူ့အခွင့်အရေးများ၏ လူသား အားလုံးဆိုင်ရာ ရည်မှန်းချက်ကိုယ်၌တွင် အသွားနှစ်ဖက် ရှိနေသည်။ လူသားအားလုံးအတွက် ဖြစ်စေရမည်ဟူသော ကတိကဝတ်အတိုင်း လက်တွေ့တွင် အကောင်အထည် ပေါ်လာရန် လူ့အခွင့်အရေးများ၏ ပျက်ကွက်မှုသည် ဝေဖန်မှုများ၏ အရင်းခံ အကြောင်းအရင်း ဖြစ်နေပြီး ဤဝေဖန်မှုများသည် ကျိုးကြောင်းဆီလျော်မှု ရှိသည်ဟု ဆိုရပါမည်။ အချိန်အတော်ကြာအောင် လူ့အခွင့်အရေး ယူဆချက် အများစုတွင် လူအဖြစ် အရည်အချင်း ပြည့်မီသူသည် လက်တစ်ဆုပ်စာသာ ရှိသော ချမ်းသာကြွယ်ဝသူ ဥရောပတိုက်သား ယောကျ်ားများသာ ဖြစ်သည်မှာ ရှင်းနေခဲ့သည်။ ထို့ပြင် ကိုလိုနီဝါဒ (colonialism)၊ နယ်ချဲ့ဝါဒ (imperialism)၊ ယောကျ်ား ပဓာန စနစ်မှသည် ကြိုတင်ကာကွယ်စစ်နှင့် ခေတ်သစ် လစ်ဘရယ် ကမ္ဘာ့စီးပွားရေး အစီအစဉ်အထိ ကြီးစိုးခြယ်လှယ်မှု အမျိုးမျိုးတို့အတွက် အကြောင်းပြချက်ပေးရာ၌ လူ့အခွင့်အရေးများကိုပင် တိုင်တည်ခြင်းသည် ဝေဖန်မှုများကို ပို၍ ပြင်းထန် ကျယ်လောင်စေသည်။ အမျိုးမျိုးသော အီလစ်များသည် ၎င်းတို့၏ အာဏာနှင့် အခွင့်ထူးများကို စနစ်တွင် အမြစ်တွယ်စေရန်၊ ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် လူ့အခွင့်အရေးများကို မကြာခဏဆိုသလို အသုံးချတတ်ကြသည်။

လူ့အခွင့်အရေးများအား လူသားအားလုံးအတွက် ဖြစ်စေရမည်ဟူသော ကတိကဝတ်အတိုင်း လက်တွေ့တွင် ဖြစ်လာရန် ပျက်ကွက်မှုအတွက် ဝေဖန်မှုအား လူသိများသော နောက်ထပ် ဝေဖန်မှုတစ်ခုနှင့် ရောထွေး တတ်ကြသည်။ ယင်းမှာ လူ့အခွင့်အရေးများသည် သတ်သတ်မှတ်မှတ်ဖြစ်သော အနောက်တိုင်း ယဉ်ကျေးမှု၊ ဒဿန နောက်ခံ အခြေအနေတစ်ခုတွင် စတင်ခဲ့ခြင်းသည် အခြားနေရာများရှိ ယဉ်ကျေးမှု၊ ဒဿန ဓလေ့ထုံးထမ်းများနှင့် ဖီလာဖြစ်စေသည်ဟူသော ဝေဖန်မှု ဖြစ်သည်။ ဤဝေဖန်မှုသည် ပို၍ သံသယဖြစ်ဖွယ်

ကောင်းသည်။ ဤဝေဖန်မှုကို လူ့အခွင့်အရေးကြောင့် မိမိတို့၏ အနေအထား ခြိမ်းခြောက်ခံရသော နိုင်ငံရေး အီလစ်များနှင့် လူ့အခွင့်အရေးအား လူယုံကြည်မှု ကျဆင်းစေလိုသော အနောက်တိုင်း ပညာတတ် တချို့ထံမှ အဓိက ကြားရလေ့ရှိသည်။ ဒုတိယ အုပ်စု၏ ရည်ရွယ်ချက်မှာ လူ့အခွင့်အရေးများ အထက်စာပိုဒ်တွင် ဖော်ပြခဲ့သော ကြီးစိုးခြယ်လှယ်မှုများ၏ ဆူးဆောက် တန်ဆာပလာ အဖြစ် တလွဲအသုံးချ မခံရစေရေးဟု ဆိုသည်။ ဤဒုတိယအုပ်စုတွင် မည်သည့်ရည်ရွယ်ချက် ရှိစေကာမူ ၎င်းတို့၏ ရပ်တည်ချက်သည် စစ်အာဏာရှင်များ၊ ခေါင်းရှင်များကို ထောက်ခံပေးသကဲ့သို့ ဖြစ်သွားသည်၊ ထိုသူများ၏ အာဏာ အလွဲသုံးစားမှုများ၊ အခွင့်ထူးများကို ဝေဖန်သူများ ကိုယ်တိုယ်လည်း ရှုတ်ချကြ ပေလိမ့်မည်။ ယဉ်ကျေးမှုများတွင် အုပ်စု တစ်စုတည်း ပါဝင်သည်ဟူသော အမြင်ကို ထောက်ခံပေးပြီး လူ့အခွင့်အရေး တောင်းဆိုချက်များ၏ ကမ္ဘာလုံးနှင့် ဆိုင်သော၊ အားလုံးနှင့် သက်ဆိုင်သော သဘောသဘာဝကို ယုတ်လျော့စေခြင်းဖြင့် စစ်အာဏာရှင်များ၊ ခေါင်းရှင်များကို ထောက်ခံပေးခြင်း ဖြစ်သည်။ ဤအချက်သည် လက်ရှိ အခြေအနေအား ဝေဖန်သူများအတွက် အီလစ်များ ကိုင်စွဲလေ့ရှိသော ‘ယဉ်ကျေးမှု’ အပေါ် အပိုင်စီး အဓိပ္ပာယ်ဖွင့်ဆိုချက်ကို စိန်ခေါ်ရန် အခက်တွေ့စေသည်။ ၎င်းသည် ဒီမိုကရေစီ ထောက်ခံသူများ၊ လူမှုတရားမျှတရေး ထောက်ခံသူများ အတွက်လည်း ၎င်းတို့၏ ကြီးစိုး ခြယ်လှယ်မှု၊ ဖိနှိပ်မှု၊ ခေါင်းပုံဖြတ်မှု ဆန့်ကျင်ရေး တိုက်ပွဲတွင် လူ့အခွင့်အရေးကို ကိုင်စွဲရန် အခက်တွေ့စေပါသည်။

လက်တွေ့၌ အနောက်တိုင်းမှသာမက တစ်ကမ္ဘာလုံးမှ လူများသည် လိင်စွဲဝါဒ၊ လူမျိုးစွဲဝါဒ၊ ဆင်းရဲမွဲတေမှု၊ နိုင်ငံရေး ဘေးထုတ်မှု၊ နိုင်ငံခြား စွက်ဖက်မှု စသည်တို့ကို ဆန့်ကျင်သည့် တိုက်ပွဲများတွင် လူ့အခွင့်အရေးများကို တိုင်တည်ကြသည်။ ထိုသို့ တိုင်တည်ခြင်းဖြင့် လူ့အခွင့်အရေးများအား မိမိတို့ ယဉ်ကျေးမှု၊ ဘာသာရေး၊ အတွေးအခေါ် အစဉ်အလာများနှင့် မကြာခဏဆိုသလို ချိတ်ပြတတ်ကြသည်၊ အထူးသဖြင့် အီလစ်များ လျစ်လျူရှုထားသော သို့မဟုတ် ဖုံးဖိထားသော အစဉ်အလာများနှင့် ချိတ်ပြလေ့ရှိကြသည်။ တက်ကြွလှုပ်ရှားသူများအတွက်ဆိုလျှင် လူ့အခွင့်အရေးများ၏ အစွမ်း၊ ယုတ္တိသည် အာဏာရှိသူများကို စိန်ခေါ်ရာ၌၊ လူထုကို စုရုံး၊ စည်းလုံးရာ၌ တန်ဖိုးမဖြတ်နိုင်သော လက်နက်တစ်ခု ဖြစ်သည်။ ထိုတက်ကြွလှုပ်ရှားသူများသည် လူ့အခွင့်အရေးများ တစ်ဝက်တစ်ပျက်၊ တစ်ဘက်စောင်းနင်း အသုံးချမှု၊ အကောင်အထည်ဖော်မှုများအား လှလှပပ ဝေဖန်တတ်သူများ ဖြစ်နေစေကာမူ ထိုကဲ့သို့ မိမိတို့ ယဉ်ကျေးမှု၊ ဘာသာ၊ အတွေးအခေါ်များကို ကိုးကား၍ လူ့အခွင့်အရေးအကြောင်း ပြောကြသည်ပင် ဖြစ်သည်။

လူ့အခွင့်အရေးများသည် မူလအခြေချ နေထိုင်သော လူမျိုးများ၏ ယဉ်ကျေးမှု၊ အတွေးအခေါ် အစဉ်အလာများနှင့် ကိုက်ညီမှု မရှိ ဆိုသော ဒဿန အမြင်နှင့် ပတ်သက်၍ ပြောရလျှင် ဝေဖန်ရေးသမားများ မှန်ပါသည်၊ သို့သော် ထိုမှန်ကန်ခြင်း၏ အကျိုးဆက်မှာ ဝေဖန်ရေးဆရာများ မှန်းဆထားသည်နှင့် လားလားမျှ မတူချေ။ လူ့အခွင့်အရေးများသည် ထုံးထမ်းစဉ်လာ ယဉ်ကျေးမှုများ၊ အတွေးအခေါ်များနှင့် မကိုက်ညီခြင်းသည်ပင် အနောက်တိုင်းနှင့် အခြားနေရာများရှိ မတရားမှုများ ရင်ဆိုင် ခံစားနေရသူများကို အဓိက ဆွဲဆောင်သောအချက် ဖြစ်သည်။ လူ့အခွင့်အရေး တောင်းဆိုချက်များ၏ အဓိက ဆိုလိုရင်းမှာ ဓလေ့များ၊ အစဉ်အလာများ၊ အလွှာများကို အလျဉ်ဖြတ်ခြင်း၊ ပြောင်းပြန်လှန်ခြင်း၊ တိုက်ဖျက်ခြင်းပင် ဖြစ်သည်။ လူ့အခွင့်အရေးများသည် ကြီးစိုးခြယ်လှယ်မှု၊ ဖိနှိပ်မှုများကို တွန်းလှန် တိုက်ပွဲဝင်နေသူ တက်ကြွလှုပ်ရှားသူများအတွက် အဓိက အားကိုးအားထားပြုစရာ

ဖြစ်နေခြင်းမှာ ၎င်းတို့သည် တရားမျှတမှု၊ ဂုဏ်သိက္ခာ၊ လေးစားမှု စသည်တို့ကို ရှုမြင်ရန် မတူသော ရှုထောင့်တစ်ခု ဖန်တီး ပေးသည့်အတွက် ဖြစ်သည်။ ဥပမာ များစွာထဲမှ တစ်ခုကို ပြရလျှင် အနောက်တိုင်း လူ့အဖွဲ့အစည်း (မည်သည့် အဓိပ္ပာယ် ထွက်စေကာမူ) သည် သမိုင်းစဉ်ဆက် ကျားမ တန်းတူညီမျှမှုကို လက်ခံ ကျင့်သုံးခဲ့ခြင်း မဟုတ်ချေ၊ အမျိုးသမီးများ၏ အခွင့်အရေးအတွက် တိုက်ပွဲသည် ကမ္ဘာ့ အခြားနေရာများ ကဲ့သို့ပင် အနောက်တိုင်းတွင်လည်း ယဉ်ကျေးမှု၊ အတွေးအခေါ် ထုံးထမ်းစဉ်လာများအား တွန်းလှန် တိုက်ပွဲဝင်ရခြင်း ဖြစ်သည်။

ယခုငြင်းခုံချက်များသည် လူ့အခွင့်အရေးများ၏ မွေးရာပါ နိုင်ငံရေး သဘောဆန်မှုကို လစ်ဟပြုပြီး လူ့အခွင့်အရေးများကို ကိုင်စွဲသည့် နေရာတိုင်းတွင် ဖြစ်ပွားလေ့ရှိသော အငြင်းပွားမှုများကို နားလည် သဘောပေါက်ရန် နောက်ခံအခြေအနေ၊ အင်အား မညီမျှမှုများ အလုပ်လုပ်ပုံကို အာရုံစိုက်ရမည် ဆိုသည်ကို မီးမောင်း ထိုးပြနေသည်။ ဤအငြင်းပွားမှုများသည် ကမ္ဘာကြီးတွင် လူ့အခွင့်အရေးများ စွမ်းဆောင်နိုင်သော မြေလှန်ပစ်ရေး၊ ခေတ်ပြောင်း တော်လှန်ရေး လုပ်ဆောင်ချက်များ၊ လူ့အခွင့်အရေးများသည် သဘောတရားရေးရာ ဝန်ထုပ်ဝန်ပိုးများ ပိနေစေကာမူ၊ အမဲစက်ထင်သော အတိတ်တစ်ခု ရှိနေစေကာမူ လက်တွေ့တွင် မရှိမဖြစ် လိုအပ်ကြောင်းပြသည့် လုပ်ဆောင်ချက်များအပေါ် တုံ့ပြန်မှု ဖြစ်သည်။

## လူ့အခွင့်အရေး နိုင်ငံရေး

လူ့အခွင့်အရေး တစ်ခု ရှိကြောင်း ထွက်ဆိုခြင်းသည် အခြေခံအားဖြင့် နိုင်ငံရေးဆန်သော တောင်းဆိုမှုတစ်ခု ပြုလုပ်ခြင်း ဖြစ်သည်ကို အဓိပ္ပာယ်နှစ်မျိုးဖြင့် ပြောနိုင်သည်။ ပထမအဓိပ္ပာယ်မှာ ထိုသို့ ထွက်ဆိုခြင်းသည် လူ့အဖွဲ့အစည်းထံမှ တစ်ခုခု တောင်းဆိုခြင်းဖြစ်သည်။ လူတိုင်း တူညီသော လေးစားမှု၊ ဂုဏ်သိက္ခာတို့ ရရှိခံစား နိုင်စေရန် စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု စသည်တို့အား စီစဉ်ထားရှိရမည်ဟု တောင်းဆိုခြင်း ဖြစ်သည်။ ဤအချက်က လူ့အခွင့်အရေးများသည် တရားမျှတမှု၊ ဂုဏ်သိက္ခာတို့အကြောင်း ခေတ်ဟောင်း၊ ခေတ်သစ် အယူအဆများနှင့် လိုက်လျောညီထွေ ရှိသည်ကို ရှင်းပြပေးသည်။ ထိုသို့ ဆိုထားစေကာမူ လူ့အခွင့်အရေးများသည် လူ့ဂုဏ်သိက္ခာ သို့မဟုတ် တရားမျှတမှုတို့နှင့် အတူတူပင် ဖြစ်သည်ဟု ပြော၍ မရချေ။ လူ့အခွင့်အရေးများသည် ကြီးစိုးခြယ်လှယ်မှု၊ ဖိနှိပ်မှု သို့မဟုတ် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုတို့နှင့် သဟဇာတမဖြစ်သည့် သတ်သတ်မှတ်မှတ် သိက္ခာ သို့မဟုတ် တရားမျှတမှုမျိုး ဖြစ်သည်။ ပုဆိန်နှင့် အသွားနှစ်ဖက်ပါ ဓားမကြီး စသည့်ပုံရိပ်များက အရိပ်အမြွက် ပေးထားပြီးဖြစ်သကဲ့သို့ လူ့အခွင့်အရေးများသည် အစဉ်အလာအရ ရှိနေသော အဆင့်အတန်းများ၊ အဆင့်အတန်း အနိမ့်အမြင့် ဖွဲ့စည်းထားမှုများကို ညှိပေးသည်၊ သို့မဟုတ် ဖြိုဖျက်ပစ်သည်။ နောက်တစ်နည်းပြောရလျှင် လူ့အခွင့်အရေးများသည် စံနှုန်းပြု တောင်းဆိုချက်များ (normative claims) ဖြစ်သည်။ ၎င်းတို့သည် လူသား အားလုံး၏ လွတ်လပ်မှု၊ တန်းတူဖြစ်မှုတို့ အကြောင်း နိုင်ငံရေး ယုံကြည်ချက်များ၊ ရည်မှန်းချက်များကို ဖော်ပြသည်။ ဤအချက်ကြောင့် လူ့အခွင့်အရေးများ ဆိုင်ရာ အယူအဆ သို့မဟုတ် ယုံကြည်ချက်သည် လူ့တချို့အား ပင်ကိုသဘာဝအရ သို့မဟုတ် ဘုရား၏ အလိုအရ အခြားသူများထက် နိမ့်ကျသည်ဟု လက်ခံ သတ်မှတ်ထားသည့် မည်သည့် တန်ဖိုးစနစ်မျိုးနှင့်မဆို

ကိုက်ညီမှုမရှိခြင်း ဖြစ်သည်။ ယခုဆက်လက် ဖော်ပြမည့် အချက်သည် အလွန်အရေးကြီးပါသည်။ လူ့အခွင့်အရေး ဆန့်ကျင်သူများအနေဖြင့် လူ့အခွင့်အရေးများသည် ရိုးရာ စံတန်ဖိုးများ သို့မဟုတ် မိရိုးဖလာ ယဉ်ကျေးမှုများနှင့် ပွတ်တိုက်သည်ဟု စောဒက တက်မှုသည် လုံးဝမှန်ပါသည်။

ထိုပွတ်တိုက်မှုကို ငြင်းကွယ်ခြင်း သို့မဟုတ် ဖော့ပြောခြင်းတို့သည် လူ့အခွင့်အရေးများကို တိုင်တည်ပြောဆိုသည်အခါ ဖြစ်ပေါ်သော နိုင်ငံရေးဖြစ်စဉ်ကို သဘောမပေါက်ခြင်း ဖြစ်သည်။ လူ့အခွင့်အရေးကို တိုင်တည်ပြောဆိုခြင်းသည် အာဏာပါဝါကို စိန်ခေါ်ခြင်း၊ ကြီးစိုးခြယ်လှယ်မှုကို စိန်ခေါ်ခြင်း၊ အမိန့် အာဏာကို မေးခွန်းထုတ်ခြင်း ဖြစ်သည်။ စဉ်းစားရမည်မှာ လူ့အခွင့်အရေးများသည် ကမ္ဘာတစ်လွှားတွင် ရှိနေသော ယုံကြည်မှုများ၊ အလေ့အကျင့်များနှင့် ကိုက်ညီမှု ရှိ၊ မရှိဟူသော ပြဿနာမဟုတ်။ လက်ရှိတွင် ကိုက်ညီမှု မရှိသော သာဓက အများအပြားပင် ရှိသည်။ တကယ်တမ်း စဉ်းစားရမည်မှာ မိမိတို့အနေဖြင့် လူ့အခွင့်အရေးများမှ တဆင့် ဖော်ပြသော တန်ဖိုးများကို လက်ခံကျင့်သုံးမည်လား သို့မဟုတ် လူ့အခွင့်အရေးများနှင့် ပဋိပက္ခ ဖြစ်နိုင်သော ယုံကြည်မှုများ၊ အလေ့အကျင့်များ နောက်ကွယ်တွင် ရှိနေသော တန်ဖိုးများကို လက်ကိုင်ထားမည်လား ဆိုသော ကိစ္စဖြစ်သည်။ ဤအချက်က လူ့အခွင့်အရေး များသည် ပင်ကိုသဘောအရ နိုင်ငံရေးတောင်းဆိုချက်များ ဖြစ်သည်ကို နောက်ထပ်ပုံစံတစ်ခုဖြင့် ညွှန်ပြသည်။ လူ့အခွင့်အရေးများကို တောင်းဆိုသော လုပ်ရပ်သည်ပင် လူတို့ကို နိုင်ငံရေး လူပုဂ္ဂိုလ် (political subject) ဖြစ်စေသည် (Zivi, 2012)။

အစောပိုင်းတွင် အရိပ်မြွက်ပြောခဲ့သလိုပင် လူ့အခွင့်အရေးများအား အခြားသော စဉ်းစားတွက်ချက်မှုများ အရင်းခံသော နိုင်ငံရေး ရွေးချယ်မှုများကို ဖုံးကွယ်သော စကားအလင်္ကာ သို့မဟုတ် အယူဝါဒ ရေးရာ မျက်နှာဖုံးအနေဖြင့်လည်း တောင်းဆိုနိုင်ပါသည်။ ထိုသို့ ပြုလုပ်သည့် ဥပမာများသည် စာဖတ်သူတို့နှင့် စိမ်းမည် မထင်ပါ။ ဥရောပ အင်အားကြီး နိုင်ငံများသည် ၎င်းတို့၏ နယ်ချဲ့ လုပ်ငန်းစဉ်များအား အယဉ်သွင်းရေး တာဝန်များအဖြစ် ဆင်ခြေဆင်လက်ပေးခဲ့သလို အမေရိကန် နိုင်ငံရေးသမားများ သည်လည်း 'ကြိုတင် ကာကွယ် တားဆီးရေး' စစ်ပွဲများဆင်နွှဲခြင်း၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေး စာရေးသား ဆက်သွယ်မှုများကို ဖွင့်ဖောက်ခိုးဖတ်ခြင်း တို့အတွက် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အကြောင်းပြချက် ပေးသည်များ ရှိသည်။ လူ့အခွင့်အရေးများကို ငြင်းပယ်ခြင်းများသည်လည်း အလားတူ သဘောမျိုး အလုပ်လုပ်သည်။ ဥပမာ အာဏာရှင်များသည် သူတို့၏ အာဏာကို ဆက်လက် ဆုတ်ကိုင်ထား လိုသည့်အခါ လူအခွင့်အရေးများအား ယဉ်ကျေးမှု နယ်ချဲ့ဝါဒ (cultural imperialism) အဖြစ် ရှုတ်ချတတ်ကြသည်။ ဤနေရာ၌ မှတ်သားသင့်သော အရေးကြီးသော အချက်မှာ ဇာတ်ကောင် အမျိုးမျိုးသည် လူ့အခွင့်အရေးများကို တောင်းဆိုသည့်အခါ သို့မဟုတ် ငြင်းပယ်သည့်အခါ၊ တစ်နည်းအားဖြင့် ဘက်တစ်ဘက်ဘက်၌ ရပ်တည်သည့်အခါ ထိုသူတို့သည် နိုင်ငံရေးအရ ဘာလုပ်နေသည်ကို နားမလည်ဘဲနှင့် လူ့အခွင့်အရေးများအား ကျယ်လောင်စွာ အမွှမ်းတင်ခြင်း သို့မဟုတ် ရှုတ်ချပြောဆိုရာခြင်းမှ ရနိုင်သော အကျိုးအမြတ်ကို နားလည်ရန် မဖြစ်နိုင်ပေ။

## လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှု

လူ့အခွင့်အရေးများသည် ပင်ကိုသဘောအရ နိုင်ငံရေးဆန်သည်၊ လူ့အခွင့်အရေးများကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းသည် အာဏာပါဝါ ကိစ္စရပ်များတွင် ဘက်တစ်ဘက်ဘက်၌ ရပ်တည်ပြခြင်း ဖြစ်သည်။ စာရေးသူသည် ယခုမိတ်ဆက်အခန်းအား လူ့အခွင့်အရေးများသည် အမှန်တကယ်ပင် ကမ္ဘာ့ နိုင်ငံရေးတွင် အဓိကသုံးစွဲသည့် ငွေဒင်္ဂါး၊ အဓိက စံနှုန်းပြု ပြောဆိုရေးသားချက်များ၊ အခွင့်အာဏာများ တရားနည်းလမ်းကျမှုကို တိုင်းတာသည့် အဓိက ပေတံ ဖြစ်နေပေပြီဟု ငြင်းခုံခြင်းဖြင့် အစပြုခဲ့သည်။ ဥပဒေများ၊ အစိုးရများ၊ မူဝါဒများ စသည်ဖြင့် ထုံးထမ်းစဉ်လာ နိုင်ငံရေးသည် ထိုဒင်္ဂါးပြား၏ မျက်နှာဘက် အခြမ်းဆိုလျှင် ကျောဘက်ခြမ်းသည် လွန်ခဲ့သော ရာစုနှစ် လေးခုအတွင်း ပေါ်ထွန်းလာခဲ့ပြီး မကြာသေးသည့် ဆယ်စုနှစ်များအတွင်း အရှိန်အဟုန်ဖြင့် ဖြစ်ပေါ် တိုးတက်လာခဲ့သည့် လူ့အခွင့်အရေးများ ကျင့်သုံးမှု မှတ်တမ်းရှည်ကြီး ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘောလုံး စည်းမျဉ်းစည်းကမ်း စာအုပ်တစ်အုပ်အား ဘောလုံးပွဲ မကြည့်ဘဲ နားမလည်နိုင်သလို လူအခွင့်အရေးများအား နီတိ သို့မဟုတ် နိုင်ငံရေး စိတ္တဇ အယူအဆ သက်သက်အဖြစ် နားလည်အောင် ကြိုးစား၍ မရတော့ပေ။

လက်တွေ့ ကျင့်သုံးမှုကို လူမှုရေး လှုပ်ရှားမှုများ၊ တရားရေး စိန်ခေါ်မှုများ၊ နိုင်ငံရေး ငြင်းခုံချက်များနှင့် လူထု ပြောဆိုရေးသားမှုများ၏ သမိုင်းတွင် အထင်သား တွေ့မြင်နိုင်သည်။ ၎င်းသည် လူ့အခွင့်အရေးများ၏ လက်တွေ့ကမ္ဘာ၊ ခေတ်ကာလ အမျိုးမျိုး၌ လူအမျိုးမျိုးတို့က အခြေအနေ အမျိုးမျိုးတွင် လူ့အခွင့်အရေးများကို လက်တွေ့ အသုံးပြုပုံကို ဖော်ညွှန်းပြသည်။ မိမိတို့အနေဖြင့် လူ့အခွင့်အရေးများကို ထောက်ခံသော ဒဿန ငြင်းခုံချက်များအပေါ် မည်သို့သော ထင်မြင်ချက်များ ရှိနေစေကာမူ ကမ္ဘာကြီးတွင် လူ့အခွင့်အရေးများကို လက်တွေ့ အသုံးချမှုများ ရှိနေကြောင်း၊ ယင်း၏ အကျိုးဆက်များ ရှိနေကြောင်းကို လက်ခံ စဉ်းစားရမည် ဖြစ်ပါသည်။ လူတစ်ယောက် အနေဖြင့် ဘာသာမဲ့ ဖြစ်နေသော်လည်း တစ်ချိန်တည်းတွင် ဘာသာတရား တည်ရှိသည်၊ ဘာသာတရားသည် လူမှုဘဝတွင် ကြီးမားသော အကျိုး သက်ရောက်မှုများ ရှိနေနိုင်သည်ကို အသိအမှတ်ပြုရန် ဖြစ်နိုင်သလို လူအခွင့်အရေးများ ရှိကြောင်း ငြင်းခုံသော ကျင့်ဝတ်ရှုထောင့် သို့မဟုတ် ဒဿနရှုထောင့်မှ ငြင်းခုံချက်များသည် ယတိပြတ် အဆုံးအဖြတ် မပေးနိုင် သို့မဟုတ် လက်ခံစရာ မကောင်းဟု အမြင်ရှိစေကာမူ ၎င်းတို့သည် ကျွန်ုပ်တို့၏ ကမ္ဘာကြီးတွင် အရေးပါသော နိုင်ငံရေး အခြင်းအရာတစ်ခု ဖြစ်နေသည်ကို အသိအမှတ်ပြုရန် ဖြစ်နိုင်ပါသည်။ လူ့အခွင့်အရေးများ အကြောင်း သမိုင်းကို မည်မျှ ဘောင်ချဲ့၍ ဖတ်မည်၊ မည်မျှ ဘောင်ချုံ့၍ ဖတ်မည် ဆိုသည်မှာ သက်ဆိုင်ရာ လူပုဂ္ဂိုလ်၏ အယူဝါဒ တိမ်းညွတ်မှုအပေါ် မူတည်ပါလိမ့်မည် (ကျယ်ကျယ်ပြန့်ပြန့် လေ့လာလိုသူများအနေဖြင့် အက်ရှ်ဟေ (Ishay (2004)) ကို ဖတ်ရှုနိုင်ပါသည်၊ ဘောင်းကျဉ်းကျဉ်းမှ လေ့လာလိုသူများသည် မွိုင် (Moyn (2010)) ကို ဖတ်ရှုနိုင်ပါသည်)။ ၁၇ ရာစု ဘုရင်စနစ်နှင့် အထက်တန်းလွှာ အုပ်ချုပ်သည့် စနစ် ဆန့်ကျင်မှုများနှင့် စတင်ခဲ့သည့် ဒီမိုကရက်တစ် နိုင်ငံရေး တော်လှန်မှုသည် လူ့အခွင့်အရေး လှုပ်ရှားမှုတစ်ခု ဖြစ်ပါသလား။ အလုပ်သမားများ သို့မဟုတ် ကျွန်စနစ် ဖျက်သိမ်းရေး အတွက် ကြိုးပမ်းလှုပ်ရှားမှုများရော လူ့အခွင့်အရေး လှုပ်ရှားမှုများ ဖြစ်ပါသလား။ ထိုနည်းတူစွာ

အမျိုးသမီး အခွင့်အရေးများ၊ ကိုလိုနီအုပ်ချုပ်မှု ဖျက်သိမ်းရေး လှုပ်ရှားမှုများရော လူ့အခွင့်အရေး လှုပ်ရှားမှုများ ဖြစ်ပါသလား။ ဤမေးခွန်းများကို ဖြေဆိုရန် နည်းလမ်းတစ်ခုမှာ အဆိုပါ လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သူများ၏ ပြောစကားများ၊ ယုံကြည်ချက်များကို လေ့လာခြင်း ဖြစ်သည်။ နောက်ထပ် ဖြေဆိုရန် နည်းလမ်းတစ်ခုမှာ ဇာတ်ကောင်များ ပြောဆိုသည့်အရာ သို့မဟုတ် ထင်မြင်သည့် အရာများသည် ၎င်းတို့ ငြင်းခုံချက်များ၏ ဆိုလိုရင်း သို့မဟုတ် ယုတ္တိကျမှုတို့လောက် အရေးမကြီးဟု ငြင်းခုံပြောဆိုခြင်း ဖြစ်သည်။ အဆိုပါ မေးခွန်းကိုပင် ဖြေဆိုနိုင်သေးသည့် နောက်ထပ်နည်းလမ်းတစ်ခုမှာ ဤလှုပ်ရှားမှုများသည် ယနေ့အချိန် ကျွန်ုပ်တို့နားလည်ထားသော လူ့အခွင့်အရေးများကို မည်ရွေ့မည်မျှ ဆောင်ကြဉ်းပေးနိုင်ကြောင်း အကဲဖြတ်၍ ရလာဒ်များကို အဓိကထား စဉ်းစားခြင်းဖြင့် ဖြစ်သည်။ ဤကဲ့သို့ လေ့လာရာ၌ လူ့အခွင့်အရေးများ တလွဲအသုံးချခံရသည့် သမိုင်းကို လျစ်လျူရှုထား၍ မရပေ။

နောက်ဆုံးအချက်အနေဖြင့် ပြောရလျှင် လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှု သမိုင်းကို အဓိပ္ပာယ်ဖွင့်ဆိုရန် မှန်ကန်သော သို့မဟုတ် တစ်ခုတည်းသော နည်းလမ်းဟူ၍ မရှိချေ။ ဤသမိုင်းကို ကျွန်ုပ်တို့ တစ်ဦး တစ်ယောက်ချင်း အဓိပ္ပာယ်ဖွင့်ဆိုပုံသည် မည်သည့်အခါမျှ အချက်အလက်များနှင့် ပတ်သက်ပြီး ဓမ္မဓိဋ္ဌာန် ကျသော ဆုံးဖြတ်ချက် တစ်ခု မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ပေးသော အကြောင်းပြချက်များသည် ကျွန်ုပ်တို့၏ နိုင်ငံရေး တန်ဖိုးများကို ထင်ဟပ်ပြရုံသာမက လက်တွေ့ အကျိုးဆက်များလည်း ရှိသည်။ ဤအချက်ကြောင့်ပင် လူ့အခွင့်အရေးများသည် စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်၊ အရေးကြီးသည်၊ လေ့လာသည့်အခါ များစွာ အကျိုးဖြစ်ထွန်းသည်ဟု အနည်းဆုံးတော့ ပြောနိုင်ပါသည်။

## လေ့လာစူးစမ်းစရာ အကြောင်းအရာ လူ့အခွင့်အရေး

လူ့အခွင့်အရေးများသည် အလွန်ပင် အကြောင်းအရာ ကြွယ်ဝပြီး ရှုပ်ထွေးနက်နဲသော လေ့လာစူးစမ်းစရာ အကြောင်းအရာ တစ်ခု ဖြစ်သည်။ လူ့အခွင့်အရေး လေ့လာမှုတွင် စံနှုန်းပြုချဉ်းကပ်နည်း၊ လက်တွေ့ အခြေပြု ချဉ်းကပ်နည်း၊ ခရီတီကယ် ချဉ်းကပ်နည်း၊ သမိုင်းဆိုင်ရာ၊ တရားရေးရာ၊ လူမှုရေးဗေဒ ဆိုင်ရာ၊ မနုဿဗေဒ ဆိုင်ရာ၊ နိုင်းယှဉ်လေ့လာရေး ဆိုင်ရာနှင့် နိုင်ငံတကာ ရှုထောင့်တို့ ပါဝင်သည်။ လူ့အခွင့်အရေးများ လေ့လာမှုတွင် ပါဝင်နေသော ရှုပ်ထွေးမှု တစ်ခုမှာ ၎င်းတို့ကို စံနှုန်းပြု ရှုထောင့်နှင့် လက်တွေ့ လေ့လာမှု ရှုထောင့်တို့မှ တပြိုင်နက်တည်း လေ့လာသုံးသပ်ရန် လိုခြင်း ဖြစ်သည်။ စံနှုန်း အခြေပြု လေ့လာချဉ်းကပ်နည်း ဘက်သို့ တိမ်းညွတ်သည့် ပညာရှင်များသည် အတွေးအခေါ် အယူအဆပိုင်း ဆိုင်ရာ သို့မဟုတ် မူဝါဒရေးရာ မေးခွန်းများကို အဓိကထား လေ့လာစူးစမ်းပြီး လက်တွေ့ ချဉ်းကပ်နည်းဘက်သို့ တိမ်းညွတ်သည့် ပညာရှင်များသည် လူ့အခွင့်အရေးများ လက်တွေ့ကမ္ဘာကြီးတွင် မည့်သို့မည်ပုံ အလုပ်လုပ်ပုံကို နားလည် သဘောပေါက်ရန် အဓိကထားသည်။ ဤအုပ်စုနှစ်စုလုံးသည် တန်းတူ အရေးပါသည်သာ ဖြစ်ပြီး ပညာရှင် အတော်များများ နားလည် သဘောပေါက်ထားသည်ထက် ပို၍ အချင်းချင်း ဆက်နွှယ်ချိတ်ဆက် နေကြသည်။

အမှန်တကယ်တွင် လူ့အခွင့်အရေး လေ့လာမှုနယ်ပယ်၌ အဓိက အခက်အခဲများထဲမှ တစ်ခုမှာ စံနှုန်းပြု အပိုင်းနှင့် လက်တွေ့ အပိုင်းတို့သည် အတွင်းကျကျ ဆက်နွယ် ချိတ်ဆက်နေကြသော်လည်း လေ့လာသူများသည် ၎င်းတို့ကို သီးခြားစီအဖြစ် မှတ်ယူကြသည်။ ဥပမာ လူ့အခွင့်အရေးများသည် တရားနည်းလမ်းကျမှုကို တိုင်းတာသည့် ကမ္ဘာ့စံနှုန်းတစ်ခု ဖြစ်နေသော အနေအထားကို စဉ်းစားကြည့်ပါ။ နိုင်ငံရေး သီအိုရီပညာရှင်များအနေဖြင့် ထိုစံနှုန်း၏ လျော်ကန်မှု၊ ထိုသို့စံနှုန်းဖြစ်နေခြင်းတွင် မည်သည်တို့ ပါဝင်နေသည် စသည်တို့ကို စိတ်ဝင်စားနိုင်သည်။ ဤကဲ့သို့သော စံနှုန်းဆိုင်ရာ မေးခွန်းများသည် လူ့အခွင့်အရေးများ မည်ကဲ့သို့ ကမ္ဘာ့စံနှုန်းများ ဖြစ်လာပုံ၊ ကမ္ဘာ့လူ့အခွင့်အရေး အစီအမံများသည် မည်မျှ ထိထိရောက်ရောက် အလုပ်လုပ်ပုံ စသည့် မေးခွန်းများနှင့် ကွဲပြားခြားနားသည်၊ သို့သော် အနီးကပ် ဆက်စပ်နေသည်။ ဤမေးခွန်းများအား တဖြည်းဖြည်း ထွက်ပေါ်လာခဲ့သော ဥပဒေများ၊ အင်စတီကျူးရှင်းများ၏ သမိုင်း၊ အဆိုပါ ဥပဒေများ၊ အင်စတီကျူးရှင်းများ ထွက်ပေါ်လာစေရေး လှုပ်ရှား ခဲ့ကြသော လူမှုရေး လှုပ်ရှားသူများ၊ လှုပ်ရှားမှုများ၏ သမိုင်းတို့ကို ခြေရာကောက်ခြင်းဖြင့် တစ်စိတ်တစ်ဒေသအားဖြင့် ဖြေနိုင်ပါသည်။ ဤဖြစ်စဉ်များ၏ စံနှုန်းပြု အပိုင်းနှင့် လက်တွေ့အပိုင်းတို့အား သီးခြားစီခွဲ၍ လေ့လာမည်ဆိုလျှင် တစ်ဝက်တစ်ပျက် သို့မဟုတ် မမှန်မကန်သော နားလည် သဘောပေါက်မှုမျိုးကိုသာ ရနိုင်ပါလိမ့်မည်။ ဤသမိုင်းနှင့် ၎င်း၏အရေးပါမှုကို ကောင်းစွာ နားလည် သဘောပေါက်ရန်ဆိုလျှင် ကျွန်ုပ်တို့သည် လှုပ်ရှားသူများ၏ လုပ်ရပ်များ၊ ထိုလုပ်ရပ်များအပေါ် ၎င်းတို့ ကိုယ်တိုင် ရှုမြင်ပုံ၊ နိုင်ငံရေးအရ ၎င်းတို့သည် အဘယ်ကြောင့် ထိုလုပ်ရပ်များကို လုပ်ဆောင်လိုခဲ့ကြောင်း၊ ၎င်းတို့လုပ်များက ကူညီ ဖော်ဆောင်ပေးခဲ့သော စံနှုန်းများ၊ ၎င်းတို့၏ လုပ်ရပ်များ ကူညီဖန်တီးခဲ့သော သို့မဟုတ် ကူညီအားဖြည့်ပေးခဲ့သော သရုပ်သဏ္ဌာန်များနှင့် အခြေအနေအမျိုးမျိုးတွင် ၎င်းတို့ ကြိုးပမ်း လုပ်ဆောင်ချက်များ၏ ထိရောက်မှု စသည်တို့ကို လေ့လာစူးစမ်းရန် လိုပါသည်။

အထက်တွင်ဖော်ပြခဲ့သော အခက်အခဲများ ရှိနေစေကာမူ ယေဘုယျပြောနိုင်သော အချက်များတော့ ရှိပါသည်။ လူ့အခွင့်အရေးများ အကြောင်း အကြောင်းအရာအခြေပြု (qualitative) နည်းလမ်းနှင့် ကိန်းဂဏန်းအခြေပြု (quantitative) နည်းလမ်းနှစ်ခုလုံး ပါဝင်သော လက်တွေ့အခြေပြု လေ့လာမှုများ (empirical studies) သည် လူ့အခွင့်အရေး နိုင်ငံရေးနှင့် လက်တွေ့ကျင့်သုံးမှု လက်ရှိအခြေအနေကို နားလည် သဘောပေါက်စေရန် အထောက်အကူပြုသည်။ ဤကဲ့သို့သော လေ့လာမှုများသည် ဥပဒေများ၊ လှုပ်ရှားမှုများ သို့မဟုတ် အင်စတီကျူးရှင်းများ၊ သို့မဟုတ် လူ့အခွင့်အရေး စံနှုန်းများ ချိုးဖောက်ခံရမှု သို့မဟုတ် အောင်မြင်မှု အတိုင်းအတာနှင့် ၎င်းတို့ကို ဖြစ်စေသော အချက်များ စသည်တို့အပေါ် အဓိက ဦးတည်ပြီး လေ့လာနိုင်ပါသည်။ နောက်ထပ် နည်းလမ်းတစ်ခုအနေဖြင့် ဤလေ့လာမှုများသည် လူ့အခွင့်အရေးများအကြောင်း ပြောဆိုရေးသားမှုများသည် ဖိအားပေးမှုနှင့် စည်းရုံးသိမ်းသွင်းမှု တို့မှတဆင့် နိုင်ငံရေး လှုပ်ရှားသူများအား ရိုက်သွင်းပုံကို အဓိကထား လေ့လာနိုင်ပါသည်။ သို့မဟုတ် ဤနည်းလမ်း အသုံးပြုသော လေ့လာမှုများသည် တချို့သော မူဝါဒများ သို့မဟုတ် လက်တွေ့ကျင့်သုံးမှုများ ပေါ်ထွက်လာခဲ့ခြင်း အကြောင်းအရင်းများကို ရှင်းပြရင်း သတ်သတ်မှတ်မှတ် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသတစ်ခုအတွင်းရှိ လူ့အခွင့်အရေး နိုင်ငံရေးကို လေ့လာကောင်း လေ့လာနိုင်သည်။ ထို့အပြင် ဤလေ့လာမှုများသည် နိုင်ငံများနှင့် အခြားသော နိုင်ငံတကာ လှုပ်ရှားသူများသည် လူ့အခွင့်အရေးများအား နိုင်ငံခြားရေး မူဝါဒ လက်နက်တစ်ခုအဖြစ်၊ အကူအညီရရှိရန်

သတ်မှတ်ချက် စသည်ဖြင့် နိုင်ငံရေးအရ မည်ကဲ့သို့ အသုံးချပုံကို အဓိကထား လေ့လာမည်ဆိုလျှင် လေ့လာနိုင်သည်။

လူ့အခွင့်အရေးများအကြောင်း စံနှုန်းပြု လေ့လာမှုများသည် လူ့အခွင့်အရေးများ၏ ဒဿနဆိုင်ရာ အခြေခံ အုတ်မြစ်များကို နားလည်သဘောပေါက်ရန် ရည်ရွယ်သည်။ ၎င်းတို့သည် လူ့အခွင့်အရေးများအတွက် ပေးသည့် အကြောင်းပြချက်များ၊ လူ့အခွင့်အရေးများက ကိုယ်စားပြုသည်ဟု တွက်ဆိုသော တန်ဖိုးများအပေါ် အဓိကထား လေ့လာသည်။ စံနှုန်းပြု လေ့လာမှုများသည် လူ့အခွင့်အရေးဆိုင်ရာ ငြင်းခုံချက်များ နောက်ကွယ်က စဉ်းစားတွေးခေါ်မှုများ ဖြစ်ပေါ်တိုးတက်လာပုံကို ခြေရာကောက်နိုင်သည်၊ အယူအဆများ (ဥပမာ လွတ်လပ်ခွင့်) ကို ရှင်းလင်းနိုင်သည်၊ သို့မဟုတ် လူ့အခွင့်အရေးများအပေါ် နားလည် သဘောပေါက်ပုံ နည်းလမ်းတစ်ခုခု သို့မဟုတ် လူ့အခွင့်အရေးများ ချမှတ်သော တာဝန်များသည် ကျိုးကြောင်း ခိုင်လုံကြောင်း ရှင်းပြနိုင်သည်။ စံနှုန်းပြု လေ့လာမှုများသည် ကိုယ်ကျင့်တရားရေးရာ အကြောင်းပြချက်များအပေါ် အခြေခံ၍ အတိတ် သို့မဟုတ် ပစ္စုပ္ပန်ရှိ လူ့အခွင့်အရေး လက်တွေ့ ကျင့်သုံးမှုကို ဝေဖန် (ခွဲခြမ်းသုံးသပ်ပြီး လက်ခံ သို့မဟုတ် အပြစ်ရှာ) နိုင်ပါသည် (ဇယား ၀.၁ တွင် ရှုပါ)။

တရားဥပဒေရှုထောင့်မှ ချဉ်းကပ်နည်းနှင့် မူဝါဒရှုထောင့်မှ ချဉ်းကပ်နည်းတို့သည် စံနှုန်းပြုအပိုင်းနှင့် လက်တွေ့အပိုင်းနှစ်ခုစလုံးကို အသုံးချသည်။ ဥပဒေတစ်ခုခုအား ၎င်း၏ အကြောင်းအရာ၊ ဖြစ်ပေါ် တိုးတက်လာမှု၊ အကောင်အထည်ဖော်မှု စသည်တို့ကို အသားပေးပြီး လက်တွေ့ရှုထောင့်မှ လေ့လာနိုင်သည် သို့မဟုတ် ၎င်း၏ ကိုယ်ကျင့်တရား သဘောဆန်သော စရိုက်လက္ခဏာနှင့် ယင်းအပေါ် အဓိပ္ပာယ် ဖွင့်ဆိုမှုတို့ကို အသားပေးပြီး စံနှုန်းပြု ရှုထောင့်မှ လေ့လာနိုင်သည်။ အလားတူပင် လက်တွေ့ သုံးသပ်မှုအပေါ် အခြေခံပြီး ရှိရင်းစွဲ မူဝါဒတစ်ခု၏ အကျိုးဆက်များကို နားလည်ရန် ကြိုးစားနိုင်သည် သို့မဟုတ် မူဝါဒ အသစ် တစ်ခု၏ အကျိုးဆက်များကို ခန့်မှန်းရန် ကြိုးစားနိုင်သည်၊ ထို့နောက် မူဝါဒ အသစ်များအား ၎င်းတို့ ကိုယ်စားပြုသော သို့မဟုတ် မြှင့်တင်ပေးသော တန်ဖိုးများအရ ထောက်ခံ ပြောဆိုနိုင်သည် သို့မဟုတ် အကြံပြုနိုင်သည်။

**ဇယား ၀.၁ လေ့လာစူးစမ်းခံ အကြောင်းအရာဖြစ်သော လူ့အခွင့်အရေးများ**

| | လက်တွေ့အခြေပြုအပိုင်း | စံနှုန်းအခြေပြုအပိုင်း |
|---|---|---|
| လေ့လာသုံးသပ်သည့် ဘောင်နယ်နိမိတ် | အဘယ်နည်း *(What is)*၊ ကမ္ဘာကြီးတွင် လူ့အခွင့်အရေးများ လက်တွေ့ကျင့်သုံးမှု | ဘာဖြစ်သင့်သနည်း (What ought to be)၊ လူ့အခွင့်အရေးများအကြောင်း ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ၊ ဒဿနိဗေဒပိုင်း ဆိုင်ရာ သို့မဟုတ် အယူအဆပိုင်းဆိုင်ရာ မေးခွန်းများ |
| လေ့လာသုံးသပ်သည့် အကြောင်းအရာ | လက်တွေ့ကမ္ဘာကြီးရှိ အကြောင်းအရာများ၊ ဥပမာ စာချုပ်များ၊ သဘောတူညီချက်များ၊ အင်စတီကျူးရှင်းများ၊ ချိုးဖောက်မှုများ၊ စည်းကြပ်မှုများ၊ လူမှု | အယူအဆများ၊ ဥပမာ ဒီမိုကရေစီ၊ လွတ်လပ်မှု၊ တာဝန်၊ အခွင့်အရေးများ ငြင်းခုံချက်များ၊ ဥပမာ လွတ်လပ်မှုသည် X လိုအပ်သည်၊ လူတို့သည် Z |

| | | |
|---|---|---|
| | လှုပ်ရှားမှုများ၊ သမိုင်းမှတ်တမ်းများ၊ အင်တာဗျူးများ၊ ထင်မြင်ချက် စစ်တမ်းများ၊ စာရင်းအင်း ပညာသုံး လေ့လာမှု များ | အကျုံးဝင်သော အခြေအနေတွင် Y ကို ပြုလုပ်သင့်သည်။ |
| လေ့လာသုံးသပ်မှု၏ ရည်ရွယ်ချက်များ | အမှန်တကယ် ဖြစ်ပျက်နေသည်များကို ဖော်ပြချက် သို့မဟုတ် လေ့လာ မှတ်သားချက်<br>ကျွန်ုပ်တို့ လေ့လာ မှတ်သားချက်များရှိ ပုံစံများ၊ ဆက်နွှယ်မှုများသည် အဘယ်ကြောင့် ရှိနေသည်ကို ရှင်းလင်းချက်များ သို့မဟုတ် ဖြစ်နိုင်ခြေ ရှိသော အရာများကို ခန့်မှန်းခြင်း | အဓိက အယူအဆများနှင့် အဓိပ္ပာယ် ဖွင့်ဆိုချက်များကို ရှင်းလင်းခြင်း<br>လူ့အခွင့်အရေးများကို ထောက်ခံသော ကျိုးကြောင်းခိုင်လုံကြောင်း ရှင်းပြချက် သို့မဟုတ် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ငြင်းခုံချက်များ<br>ရှိရင်းစွဲ ဥပဒေများ၊ မူဝါဒများနှင့် အလေ့အကျင့်များ စံနှုန်းများကို အသုံးပြုလျက် ကိုယ်ကျင့်တရားပိုင်း ဆိုင်ရာ ရှုထောင့်မှ ဝေဖန်မှု၊ အချက်ကျကျ အကဲဖြတ်သုံးသပ်မှု |

## ယခုစာအုပ်အကြောင်း

ယခုစာအုပ်သည် လူ့အခွင့်အရေးများအကြောင်း သီအိုရီနှင့် လက်တွေ့နယ်ပယ်အား နိုင်ငံရေးပညာရပ်နှင့် အခြားသော ဇာစ်မြစ်တူ ပညာရပ်များ၏ ရှုထောင့်ဘက်မှနေ၍ အကျယ်မိတ်ဆက်ပေးရန် ရည်ရွယ် ပါသည်။ စာအုပ်တွင် အောက်ပါအတိုင်း အဓိကရည်ရွယ်ချက် သုံးခု ရှိပါသည်။

- လူ့အခွင့်အရေးများအား ပညာရှင်များလေ့လာကြသည့် အတိုင်းရော ကမ္ဘာကြီးတွင် လက်တွေ့ အသုံးပြုကြသည့် အတိုင်းပါ ကျောင်းသားများထံ မိတ်ဆက်ပေးရန်
- မျက်မှောက်ခေတ် လူ့အခွင့်အရေးများ နယ်ပယ်ရှိ အဓိကကျသော ပြဿနာရပ်တစ်ချို့အား ရှင်းလင်းပြပြီး တစ်ချိန်တည်းတွင် ၎င်းတို့ကို လေ့လာရာ၌ ပညာရပ်နယ်အသီးသီးက အသုံးပြုသော ချဉ်းကပ်ပုံ ချဉ်းကပ်နည်းများကိုပါ သရုပ်ဖော်ပြနိုင်သည့် ပုံစံများဖြင့် အသေးစိတ် တင်ပြဆွေးနွေးရန်
- လူ့အခွင့်အရေးများ အလုပ်လုပ်ပုံနှင့် ၎င်းတို့သည် ကျွန်ုပ်တို့၏ အနာဂတ်ကို ပုံဖော်ရာ၌ မည်ကဲ့သို့ တစ်ခန်းတစ်ကဏ္ဍ ပါဝင်နိုင်ပုံအကြောင်း အချက်ကျကျ စဉ်းစားတွေးခေါ်မှု (critical thinking) ကို လှုံ့ဆော်အားပေးရန်

စာအုပ်အား အထက်တွင်ဖော်ပြထားသော အချင်းချင်း ဖြည့်စွက်ပံ့ပိုးပေးသည့် ရည်ရွယ်ချက်များကို ထင်ဟပ်ပြသည့် အပိုင်းနှစ်ပိုင်းအဖြစ် ခွဲထားပါသည်။ အပိုင်း ၁ သည် နယ်ပယ် အမျိုးမျိုး၊ ပညာရပ် အမျိုးမျိုးရှိ လူ့အခွင့်အရေး လေ့လာမှုနယ်ပယ်၏ နောက်ဆုံး အခြေအနေကို ခင်းကျင်းပြသထားပြီး အခန်း (၈) ခန်း ပါဝင်ပါသည်။ ဤအခန်းများတွင် လူ့အခွင့်အရေးများအား နိုင်ငံရေး အခြင်းအရာ တစ်ရပ် အဖြစ် လေ့လာရာ၌ အသုံးပြုသော အဓိက လေ့လာချဉ်းကပ်နည်းများကို မိတ်ဆက်ထားပြီး ထိုချဉ်းကပ်နည်းများက တွေ့ရသော

အဓိက တွေ့ရှိချက်များကို လေ့လာထားပါသည်။ ဤအခန်းများတွင် လူ့အခွင့်အရေး လေ့လာမှု နယ်ပယ်၌ ကြုံတွေ့ရသော အဓိက စိန်ခေါ်မှုများ၊ အငြင်းပွားမှုများကိုလည်း ဖော်ပြထားသည်။

အပိုင်း ၂ တွင် မျက်မှောက်ခေတ် လူ့အခွင့်အရေး နိုင်ငံရေးကဏ္ဍနှင့် လက်တွေ့ကျင့်သုံးမှု ကဏ္ဍရှိ အဓိက ခေါင်းစဉ်များကို လေ့လာစူးစမ်းရန် ရေးသားထားသော ခေါင်းစဉ်အလိုက် အခန်း ၁၅ ခန်း ပါရှိသည်။ အကြောင်းအရာ ကွဲပြားခြားနားပြီး ကျယ်ပြန့်သော လက်တွေ့ဖြစ်ရပ် လေ့လာမှုများကို အသုံးပြုပြီး ဤအခန်းများသည် ကျောင်းသားများအတွက် အရေးကြီးသော ကိစ္စရပ်များအပေါ် ရှုမြင်သုံးသပ်ပုံ အသစ်များကို လူ့အခွင့်အရေးများကို ပညာရှင်များ လေ့လာသုတေသန ပြုပုံ အကြောင်း ရှင်းလင်းသော ဥပမာများဖြင့် တင်ပြထားသည်။ အခန်းအားလုံးကို ယခုစာအုပ်အတွက် သီးသန့်ရည်ရွယ်၍ ထူးချွန် ပြောင်မြောက်သော နိုင်ငံတကာ လူ့အခွင့်အရေး ပညာရှင်များက ရေးသားထားခြင်း ဖြစ်သည်။ ဖော်ပြထားသည့် ခေါင်းစဉ်များသည် မျက်မှောက်ခေတ် လူ့အခွင့်အရေး လေ့လာမှုနှင့် လက်တွေ့ကျင့်သုံးမှု နယ်ပယ်တွင် အရေးပါသော အကြောင်းအရာများ၊ ကိစ္စရပ်များကို ကိုယ်စားပြုသည်။

အခန်းများသည် လူ့အခွင့်အရေးများနှင့် ပတ်သက်သော ရှုထောင့်အမျိုးမျိုးကို ထင်ဟပ်ပါသည်။ လူ့အခွင့်အရေးများသည် ဘာဖြစ်သည် စသည်ဖြင့် ပေတံချပြီး အဓိပ္ပာယ် ဖွင့်ဆိုရန် ကြိုးပမ်းထားခြင်း မရှိပါသည်။ ထိုနည်းတူစွာ စာရေးသူများကိုလည်း ၎င်းတို့၏ လူ့အခွင့်အရေးများ အပေါ် ထားရှိသော အယူအဆများနှင့် ပတ်သက်၍ စစ်မေးမှုများ မရှိပါ။ အခန်းများသည် ဖော်ပြသည့် အကြောင်းအရာ၊ လက်တွေ့ဖြစ်ရပ်များ၊ သဘောတူစာချုပ်များ၊ အင်စတီကျူးရှင်းများကို အကြောင်းပြု၍ တစ်ခုနှင့်တစ်ခု သိသိသာသာ ထပ်နေသည်များလည်း ရှိပါသည်။ အကြောင်းအရာ အမျိုးအစား စုံလင်မှု၊ အနားထပ်မှုများကို သင်ကြားပြသရေး ရည်ရွယ်ချက်ဖြင့် ဖန်တီးထားခြင်းဖြစ်ပြီး လူ့အခွင့်အရေးများကို နားလည် သဘောပေါက်ရန် သို့မဟုတ် လေ့လာရန် နည်းလမ်းတစ်ခုထက်ပို၍ ရှိသည်ကို သရုပ်ပြလိုခြင်း ဖြစ်သည်။ ကျောင်းသားများသည် ဒုက္ခသည်များ၊ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး၊ အကာအကွယ်ပေးရမည့် တာဝန်၊ သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှု ပြဿနာကြီး၊ ဣတ္ထိယဝါဒအခြေပြု တက်ကြွလှုပ်ရှားမှုများနှင့် အခန်းများတွင် ဖော်ပြထားသော အခြားသော အကြောင်းအရာပေါင်း များစွာတို့အပေါ် မတူသော စာရေးဆရာများ၏ အမြင်များကို နှိုင်းယှဉ်လေ့လာခြင်းမှ အကျိုးကျေးဇူး ရနိုင်ပါသည်။

နောက်ဆုံးတွင် လူ့အခွင့်အရေးများသည် ၎င်းတို့အကြောင်း ကျွန်ုပ်တို့ ဆွဲချသည့် ကောက်ချက်များကြောင့် မဟုတ်ဘဲ ကမ္ဘာကြီးတွင် ၎င်းတို့လုပ်နိုင်သော အလုပ်ကြောင့် အရေးပါကြခြင်း ဖြစ်သည်။ သင့်အနေဖြင့် ယခုစာအုပ်ကို လေ့လာဖတ်ရှုရင်း လူ့အခွင့်အရေးများသည် ကမ္ဘာ့နိုင်ငံရေးနှင့် မည်မျှ အရေးပါနေပုံကို စတင်သဘောပေါက်လာပြီး ၎င်းတို့၏ တန်ဖိုး၊ အားနည်းချက်များနှင့် အလားအလာများအပေါ် သင်၏ ကိုယ်ပိုင် ထင်မြင်ယူဆချက်များကို စဉ်းစားဖော်ထုတ်လာပါလိမ့်မည်။

**မှတ်စုများ**

၁။ Krisen Sellars (2002). The Rise and Rise of Human Rights. Stroud, UK: Sutton Publishing.

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# အပိုင်း (၁) လူ့အခွင့်အရေးနှင့် နိုင်ငံရေး

# ၁) လူ့အခွင့်အရေး၏ သီအိုရီနှင့် စံနှုန်း အခြေခံများ

**အန်တိုနီ ဂျေ လန်းဂလွိုက်စ် (Antony J. Langlois)**

အခန်း မာတိကာ

- နိဒါန်း
- အခွင့်အရေး ဘာသာစကား ပေါ်ပေါက်လာခြင်း
- ခေတ်သစ် လူ့အခွင့်အရေးများ
- လူ့အခွင့်အရေး အမျိုးအစားများ၊ လွတ်လပ်မှုနှင့် ဖူလုံမှု အခွင့်အရေးများ
- အုပ်စုအခွင့်အရေးများ
- **လူ့အခွင့်အရေးများအား နိုင်ငံရေး စီမံကိန်းတစ်ခုအဖြစ် ရှုမြင်ကြည့်ခြင်း**
- နိဂုံး

စာဖတ်အညွှန်း

လူ့အခွင့်အရေးများသည် ကမ္ဘာ့နိုင်ငံရေးနှင့် နိုင်ငံတကာ မူဝါဒတို့အား ကျင့်ဝတ်ရှုထောင့်မှ ဝေဖန်ရန် အတွက် အားကောင်းသည့် အခြေခံတစ်ခု ပေးသည်။ ယခုအခန်းသည် လူ့အခွင့်အရေး ဘာသာစကားကို အသုံးပြုပြီး ဝေဖန်ကြသူများက တင်ပြသည့် စံနှုန်းပြု အယူအဆများ (normative ideas) ၏ သီအိုရီ အခြေခံအုတ်မြစ်များကို လေ့လာ ဆန်းစစ်ထားသည်။ လူ့အခွင့်အရေး အယူအဆတွင် ဒဿနဆိုင်ရာ သမိုင်းနှင့် နိုင်ငံရေး သမိုင်းတို့ ရှိနေသည်ကို အသိအမှတ်ပြုထားသည်။ ထိုသမိုင်းသည် နိုင်ငံရေး လစ်ဘရယ်ဝါဒမှ ထွက်ပေါ်လာခြင်း ဖြစ်ပြီး လူ့အခွင့်အရေးများ ဖြစ်ပေါ် တိုးတက်လာခြင်း၊ အသုံးပြုခြင်း တို့နှင့် ပတ်သက်၍ ယနေ့ခေတ် အငြင်းပွားမှုများတွင်လည်း စိမ့်ဝင်ပျံ့နှံ့နေဆဲ ဖြစ်သည်။ လူ့အခွင့်အရေး စကားက လူ့အခွင့်အရေး အယူအဆသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အကျုံးဝင်သည်ဟု ကြေညာ ထားသည်။ ယဉ်ကျေးမှု နှိုင်းရဝါဒီ အမြင်များနှင့် လူ့အခွင့်အရေးများ၏ တစ်ကမ္ဘာလုံး အကျုံးဝင်မှုကို ငြင်းပယ်သည့် အခြားသူတို့၏ အမြင်များ အပါအဝင် ဤအဆိုအား အဓိပ္ပာယ် ဖွင့်နိုင်ပုံ နည်းလမ်း အသွယ်သွယ်အား ယခုအခန်းတွင် လေ့လာပါမည်။ လူ့အခွင့်အရေး အစီအစဉ်သည် အလွန်ပင် နိုင်ငံရေး သဘောဆန်ပုံ၊ ၎င်းတို့ကို ထောက်ခံသူများက တချိန်တွင် နိုင်ငံတကာ စနစ်၏ ကျင့်ဝတ် အခြေခံ ဥပဒေ ဖြစ်လာမည်ဟု မျှော်လင့်သည့် စံနှုန်းပြု ကတိကဝတ် တချို့အား အခြားကတိကဝတ်များထက် ပို၍ ဦးစားပေးပုံတို့ကို ဆန်းစစ်ကြည့်ခြင်းဖြင့် နိဂုံးချုပ်ပါမည်။

## နိဒါန်း

လူ့အခွင့်အရေး အယူအဆများ၏ သမိုင်းကို နားလည် သဘောပေါက်ခြင်းသည် ကျွန်ုပ်တို့ လူ့အခွင့်အရေးများ အကြောင်း သီအိုရီ ဖော်ထုတ်ရာ၌ ဖြစ်ပေါ်တတ်သည့် အငြင်းအခုံများ၊ ပြဿနာများကို နားလည် သဘောပေါက်ရန် အဓိကကျသည်။ လူ့အခွင့်အရေးများသည် လူသားအားလုံးအတွက် အကျုံးဝင်သည်၊ မည်သူကမှ ခွဲထုတ်ယူသွား၍မရ၊ မွေးရာပါ ဖြစ်သည် စသည်ဖြင့် စကားဆိုထားစေကာမူ မျက်မှောက်ခေတ် အခွင့်အရေး အသုံးပြုမှုသည် အနောက်တိုင်း သမိုင်းမှ ပေါ်ထွက်လာသည့် မကြာလှသေးသည့် အခြင်းအရာ တစ်ခု ဖြစ်သည်။ ဆော့ခရတ္တိ၊ ယေရှု၊ ကွန်ဖြူးရှပ် သို့မဟုတ် ဗုဒ္ဓတို့သည် ၎င်းတို့ခေတ်က ကြုံတွေ့ခဲ့ကြသည့် မတရားမှုများအား လူသားအားလုံးဆိုင်ရာ လူ့အခွင့်အရေးများ ချိုးဖောက် ခံရမှုအဖြစ် ဖော်ပြခဲ့ကြမည် မဟုတ်ချေ။ သို့ရာတွင် ယနေ့အချိန်၌ လူ့အခွင့်အရေး ဘာသာစကားအား မတရားမှုများအပေါ် တုံ့ပြန်မှုအဖြစ် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အသိအမှတ် ပြုထားကြပေပြီ။ အခွင့်အရေး အယူအဆ ပေါ်ထွက်လာပုံ၊ ပျံ့နှံ့ပုံနှင့် ဤအပြောင်းအလဲ အကြောင်း ကျွန်ုပ်တို့၏ စဉ်းစားပုံသည် လူ့အခွင့်အရေးများအတွက် အကြောင်းပြချက်ပေးပုံ၊ သီအိုရီ ဖော်ထုတ်ပုံ တို့အတွက် အရေးပါသည်။

## အခွင့်အရေး ဘာသာစကား ပေါ်ထွက်လာခြင်း

အခွင့်အရေး ဘာသာစကားသည် လေဟာနယ်မှ ထွက်ပေါ်လာခြင်း မဟုတ်ဘဲ အနောက်တိုင်း နိုင်ငံရေး သမိုင်းမှ ဖြည်းဖြည်းချင်း ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်ပြီး ဥရောပ ဆင်ခြင်ဉာဏ်ပွင့်ခေတ် (Enlightenment) ၌ ပထမ ရွှေခေတ် ရောက်ခဲ့သည်။ ဆင်ခြင်ဉာဏ်ပွင့်ခေတ် မတိုင်မီက လူမှုရေး၊ ကိုယ်ကျင့်တရားနှင့် နိုင်ငံရေး တန်ဖိုးများအား မှန်ကန်ခြင်း (the right)၊ တနည်း လူအားလုံးအပေါ် မိုးအုပ်နေသည့် ဓမ္မဓိဋ္ဌာန် ကျသော ကိုယ်ကျင့်တရား စနစ် (moral order) တစ်ခု အနေဖြင့် ပြောဆိုခဲ့ကြသည်။ ဤစနစ်အား သဘာဝတရား ဥပဒေ (natural law) အဖြစ် သဘောတရား ဖော်ထုတ်ခဲ့ကြပြီး ၎င်းသည် ခရစ်ယာန်ဝါဒ ပေါ်ပေါက်လာပြီးနောက် ခရစ်ယာန် ဘုရားကျောင်းနှင့် ချိတ်ဆက်လာခဲ့သည်။ သဘာဝတရား ဥပဒေအရ လူတို့သည် တစ်ဦးအပေါ် တစ်ဦးနှင့် ဘုရားသခင် (God) အပေါ် တာဝန်များ ရှိကြပြီး အခွင့်အရေးများသည် ဘုရားသခင်၏ အုပ်ချုပ်မှု အရ တစ်ဦးအပေါ်တစ်ဦး ရှိကြသည့် တာဝန်များမှ ဆင်းသက်သည်။ လူတစ်ဦး တစ်ယောက်ချင်း၏ လွတ်လပ်ခွင့်များ၊ လွတ်လပ်မှုများအား ဦးတည်ချက် အဖြစ် ထားရှိသည့် ခေတ်သစ် ဘာသာရေး မဖက်သည့် (secular) အခွင့်အရေးများ၊ တနည်း ဓမ္မဓိဋ္ဌာန် အခွင့်အရေး (ဘုရားသခင် သတ်မှတ်သည့် ကိုယ်ကျင့်တရား) များ မဟုတ်သော အခွင့်အရေးများအား တောင်းဆို ကျင့်သုံးမှုသည် ဆင်ခြင်ဉာဏ်ပွင့် ခေတ်တွင် နိဂုံး တိုင်ခဲ့သည့် တစ်ဦးတစ်ယောက်ချင်း လွတ်လပ်မှု အယူအဆ ဖြစ်ပေါ် တိုးတက်လာသည့် သမိုင်းရှည်နှင့် ဆက်စပ်နေသည်။

ဆင်ခြင်ဉာဏ်ပွင့်ခေတ်တွင် တောင်းဆိုခဲ့သည့် အခွင့်အရေးများသည် ထိုခေတ် ထိုကာလက လူများအတွက် အဓိပ္ပာယ် ရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ရှေ့တွင် လူ့အဖွဲ့အစည်း၊ တစ်ဦးတစ်ယောက်တည်း ဖြစ်မှု (individuality)၊ လွတ်လပ်ခွင့်၊ လွတ်လပ်မှု၊ အစိုးရ၊ ဘာသာတရား စသည့် သတ်သတ်မှတ်မှတ် အယူအဆများ ပေါ်ပေါက်ခဲ့နှင့်ပြီး ဖြစ်သည်။ ဤအယူအဆများသည် လူ့အခွင့်အရေးများအတွက်၊ သို့မဟုတ် ထိုအချိန်က ခေါ်ခဲ့သည့် လူ၏အခွင့်အရေးများ (rights of man) အတွက် အခြေခံအုတ်မြစ် ချပေးခဲ့သည်။

ဤအဖျက်အမှောင့် အတွေးအခေါ်များသည် သြဇာလွှမ်းမိုးမှု ရှိလာခဲ့ပြီး အခွင့်အရေး ကြေညာချက်များအဖြစ် ကျွန်ုပ်တို့သိကြသည့် နိုင်ငံရေး စာရွက်စာတမ်းများတွင် ပါဝင်လာခဲ့သည်။

ဤစာရွက်စာတမ်းများသည် အခွင့်အရေး နိုင်ငံရေး၏ အစောပိုင်းကာလ အကောင်းဆုံး ပြောဆို ရေးသားချက်များ၊ ဥပဒေများ ဖြစ်ကြပြီး ၎င်းတို့မှ အရေးအကြီးဆုံး တစ်ခုအား ဆယ့်ခြောက်ရာစု၏ နောက်ဆုံး ဆယ်စုနှစ်များအတွင်း ရေးဆွဲခဲ့သည် (Fields, 2003, p.22)။ ၎င်းတို့အား များပြားလှစွာသော နိုင်ငံရေး အဖြစ်အပျက်များ၏ သြဇာ လွှမ်းမိုးမှု အောက်တွင် ဆင်ခြင်ဉာဏ်ပွင့်ခေတ်၏ တွေးခေါ်ယူဆရေး ထက်သန်မှုဖြင့် ဖန်တီးခဲ့သည်။ နိုင်ငံရေး အဖြစ်အပျက်များထဲတွင် ၁၆၄၉ ခုနှစ်၌ တရားမဝင်ဘဲ၊ အုတ်အော်သောင်းတင်း ဖြစ်ခဲ့သော်လည်း စွန့်စွန့်စားစား လုပ်ဆောင်ခဲ့သည့် အင်္ဂလန်နိုင်ငံ ပထမ ချားလ်စ်ဘုရင်၏ တရားခွင် ပါဝင်သည် (Kamenka, 1978)။ ဤတရားခွင်ကြောင့် အင်္ဂလန်ဘုရင်များ၏ အခွင့်အရေးသည် ပြည်သူ့ အခွင့်အရေးများ၏ လုပ်ဆောင်ချက် တစ်ခု ဖြစ်လာခဲ့သည်။ ဤအခွင့်အရေး များအား နောက်လာမည့် နှစ်ပေါင်း ၁၃၀ အတွင်း ဆင်ခြင်ဉာဏ်ပွင့်ခေတ် အတွေးအခေါ်များက ဆွေးနွေးခဲ့၊ မြှင့်တင်ခဲ့ကြသည်။ တစ်ဦးနှင့် တစ်ဦးအကြား ကွဲပြားခြားနားမှုများ ရှိစေကာမူ ဤအတွေးအခေါ် ဆရာများသည် တစ်ချက်လွှတ် အာဏာမှ လူတစ်ဦး တစ်ယောက်ချင်းစီ၏ လွတ်လပ်ခွင့်ကို တောင်းဆိုခဲ့ ကြသည်။

## လူ့အခွင့်အရေးများကို တော်လှန်ရေးများ၌ အသုံးပြုခြင်းများ

အမေရိကန် ကိုလိုနီ နယ်သားများအား ၎င်းတို့၏ ဗြိတိသျှ အရှင်သခင်များကို တော်လှန်စေခဲ့သည်မှာ ဤလွတ်လပ်ခွင့် တောင်းဆိုမှုပင်ဖြစ်ပြီး ဤတော်လှန်ရေးသည် အခွင့်အရေးခေတ်၏ ပထမဦးဆုံး စာတမ်းကြီးကို ရေးဆွဲရန် အကြောင်း ဖန်တီးခဲ့သည် (စာသေတ္တာ ၁.၁ တွင် ရှုပါ)။ ပထမဦးဆုံးသော အမေရိကန် အခွင့်အရေး ကြေညာချက် မဟုတ်စေကာမူ (ရှေ့တွင် ၁၇၇၄ ခုနှစ် တိုက်လုံးဆိုင်ရာ ကွန်ဂရက်၌ ကြေညာခဲ့သော အခွင့်အရေး ဥပဒေစာတမ်းနှင့် ၁၇၇၆ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ဗာဂျီးနီးယား ပြည်နယ်၌ ကြေညာခဲ့သည့် အခွင့်အရေး ဥပဒေစာတမ်းတို့ ရှိနှင့်ပြီး ဖြစ်သည်) သောမတ်စ် ဂျက်ဖာဆင် (၁၇၄၃ - ၁၈၂၆) ရေးသားခဲ့သည့် လွတ်လပ်ရေး ကြေညာစာတမ်းက လူသား အားလုံးသည် အမှီအခိုကင်းစွာနှင့် တန်းတူညီမျှမှုဖြင့် နေထိုင်သင့်သည်ဟူသော ထွက်ဆိုချက်ကို ကဗျာဆန်၊ ခေတ်ပြောင်း တော်လှန်ရေး ဆန်စေခဲ့သည် (Lauren, 1998, p.17)။ ဂျက်ဖာဆင်က လူတို့သည် ၎င်းတို့၏ လွတ်လပ်ခွင့်များအား အစိုးရ၏ ရန်မှ ကာကွယ်ရန် အခွင့်အရေး ဥပဒေတစ်ရပ် ရရှိ ခံစားခွင့် ရှိသည်ဟု ငြင်းခုံခဲ့သည်။ နောင်တွင် အမေရိကန်တို့သည် အမေရိကန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၁၇၈၉) နှင့် အခွင့်အရေး ဥပဒေ စာတမ်း (Bill of Rights, 1791) ဖြစ်လာသည့် ပထမ ပြင်ဆင်ဖြည့်စွက်ချက် (၁၀) ခု မှတဆင့် ဤခံစားခွင့်များကို ရရှိခဲ့သည်။

ပြင်သစ် နိုင်ငံတွင်လည်း အာဏာရှင် ဘုရင်နှင့် အစိုးရကို တော်လှန်ရာမှ နောက်အခွင့်အရေး စာတမ်း တစ်ခုကို ရေးဆွဲခဲ့ကြသည်။ ဤစာတမ်းမှာ လူနှင့် နိုင်ငံသား၏ အခွင့်အရေးများ ကြေညာစာတမ်း ဖြစ်သည် (1789 ၊ စာသေတ္တာ ၁.၁ တွင် ရှုပါ)။ ပြင်သစ်တို့သည် အမေရိကန်တို့ကို အားကျခဲ့ကြသည်။ တကယ်တမ်းတွင်လည်း အထင်ကရ ပြင်သစ် နိုင်ငံသားများသည် အမေရိကန် တော်လှန်ရေးတွင် ပါဝင်

ဆင်နွှဲခဲ့ကြပြီး ၎င်းတို့သည် သူတို့ နိုင်ငံသားများအတွက် သာမကဘဲ လူတိုင်းအတွက် အခွင့်အရေးများ ရလိုခြင်း ဖြစ်သည်။ လူအားလုံးသည် မွေးကတည်းက လွတ်လပ်ပြီး အခွင့်အရေးအားဖြင့် တန်းတူညီ ကြသည် (အပိုဒ် ၁)။

ဤကြေညာချက်များသည် ယနေ့ခေတ် ကျွန်ုပ်တို့အခေါ် လစ်ဘရယ် ဒီမိုကရေစီကို ကိုယ်စားပြုကြသည်။ ၎င်းတို့သည် ရေတို နိုင်ငံရေး ပန်းတိုင်များအတွက်သာ အစီအစဉ် ချမှတ်ခြင်း မဟုတ်ဘဲ တရား နည်းလမ်းကျသော အစိုးရ တစ်ရပ်မှာ မည်သည်ကို ဆိုလိုသည်ကို ဒဿနိက ရှုထောင့်မှ ထုတ်ဖော် ရေးသားကြခြင်း ဖြစ်သည် (Kamenka, 1978)။ ဤအခြေအနေအတွက် အဓိကကျသော အရာမှာ လူသား ဖြစ်မှုနှင့် ပတ်သက်သည့် တန်းတူညီမျှရေး ဒဿန အတွေးအခေါ် ဖြစ်သည်။

| **စာသေတ္တာ ၁.၁ အခွင့်အရေးများ ဆိုင်ရာ တော်လှန်ရေး ထုတ်ပြန်ချက်များ** |
|---|
| **အမေရိကန်ပြည်ထောင်စု လွတ်လပ်ရေး ကြေညာချက် (၁၇၇၆) မှ ကောက်နုတ်ချက်**<br>ကျွန်ုပ်တို့အနေဖြင့် ဤအမှန်တရားများသည် သက်သေပြရန်မလိုဘဲ ထင်ရှားနေသည်ဟု ယူဆသည်။ လူအားလုံးအား တန်းတူညီမျှစွာ ဖန်ဆင်းထားပြီး ၎င်းတို့တွင် ဖန်ဆင်းရှင်က အပ်နှင်းထားသည့် မည်သူမျှ ယူသွား၍ မရသည့် အခွင့်အရေးများ ရှိကြသည်။ ဤအခွင့်အရေးများတွင် အသက်ရှင်နေထိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် ပျော်ရွှင်မှု ရှာဖွေခွင့်တို့ ပါဝင်သည်။ ဤအခွင့်အရေးများကို ရရှိခံစားနိုင်စေရန် လူတို့အကြား အစိုးရများကို တည်ထောင်ခြင်းဖြစ်ပြီး အစိုးရများသည် အုပ်ချုပ်ခံသူတို့၏ သဘောတူ ခွင့်ပြုချက်မှ ၎င်းတို့၏ တရားမျှတသော အာဏာကို ရရှိသည်။ မည်သည့် အစိုးရမျိုးမဆို ဤရည်ရွယ်ချက်များအား ပျက်စီးစေသည့်အခါအတိုင်း အဆိုပါအစိုးရကို ပြောင်းလဲရန်၊ ဖျက်သိမ်းရန်နှင့် နောက်ထပ် အစိုးရသစ်တစ်ရပ် ဖွဲ့စည်းရန်မှာ ပြည်သူတို့၏ အခွင့်အရေး ဖြစ်သည်။ အစိုးရသစ်၏ အခြေခံ အုတ်မြစ်နှင့် အာဏာများအား ပြည်သူတို့၏ ဘေးကင်းလုံခြုံမှုနှင့် ပျော်ရွှင်မှုတို့ကို ဆောင်ကြဉ်းပေးနိုင်ခြေ အရှိဆုံး မူများ၊ ပုံစံများအပေါ် မှီတည်စေရမည်။<br><br>**ပြင်သစ်နိုင်ငံ လူသားနှင့် နိုင်ငံသား၏ အခွင့်အရေးများ ကြေညာချက် (၁၇၈၉) မှ ကောက်နုတ်ချက်**<br>အမျိုးသား ညီလာခံအဖြစ် စုရုံးနေကြသည့် ပြင်သစ်လူမျိုးများ၏ ကိုယ်စားလှယ်များသည် လူသား၏ အခွင့်အရေးများအား မသိနားမလည်မှု၊ လျစ်လျူရှုမှုနှင့် မထီမဲ့မြင်ပြုမှုတို့သည် အများပြည်သူဆိုင်ရာ ဘေးဒုက္ခများနှင့် အစိုးရများ အကျင့်ပျက် ခြစားခြင်း၏ တစ်ခုတည်းသော အကြောင်းအရင်း ဖြစ်သည်ဟု ယုံကြည်ကြသည်။ ဤကြေညာချက်သည် အဖွဲ့ဝင် အားလုံး၏ အခွင့်အရေးများ၊ တာဝန်များကို အမြဲတစေ အမှတ်ရ နေစေရန် အလို့ငှာ၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့တို့၏ လုပ်ရပ်များအား မည်သည့်အချိန်၌မဆို နိုင်ငံရေး အင်စတီကျူးရှင်းများ၏ ရည်ရွယ်ချက်များနှင့် နှိုင်းယှဉ်နိုင်စေရန်၊ ထို့ကြောင့် ၎င်းတို့အား ပိုမို၍ လေးစားကြစေရန် အလို့ငှာ၊ နောက်ဆုံးအနေဖြင့် နိုင်ငံသားများ၏ မကျေနပ်ချက်များသည် ဤကြေညာစာတမ်း ကြေညာပြီးသည်မှ စ၍ ရိုးရှင်းပြီး ငြင်း၍ မရသည့် မူများအပေါ် အခြေခံပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် အားလုံး၏ ပျော်ရွှင်မှုအတွက် ဦးတည်စေရန် အလို့ငှာ လူသား၏ မွေးရာပါ ဖြစ်သော၊ မည်သူမျှ ယူသွား၍ မရသော၊ အထွတ်အမြတ် ဖြစ်သော အခွင့်အရေးများအား အလေးအနက် ထားအပ်သော ကြေညာချက် တစ်ခုကို လူမှုရေး အစုအဖွဲ့၏ အဖွဲ့ဝင်များ ရှေ့မှောက် |

အမြဲတမ်း ရှိနေလျက် ရေးသား ချမှတ်ရန် ဆုံးဖြတ်ကြပါသည်။ ထို့ကြောင့် အမျိုးသား ညီလာခံသည် အရှင်သခင် (Supreme Being) ၏ မျက်မှောက်တော်အောက်၊ အရှင်သခင်၏ ကမကထပြုမှုဖြင့် လူသားနှင့် နိုင်ငံသား၏ အောက်ပါ အခွင့်အရေးများကို အသိအမှတ်ပြု ကြေညာသည် -

အပိုဒ် ၁။ လူသားတို့သည် မွေးကတည်းလည်း လွတ်လပ်ပြီး အခွင့်အရေးအားဖြင့် တန်းတူညီမျှ ဖြစ်သည်။ လူမှုရေးဆိုင်ရာ ခွဲခြားသတ်မှတ်ချက်များအား အများကောင်းကျိုးအတွက်သာ သတ်မှတ်ခွင့်ရှိသည်။

အပိုဒ် ၂။ နိုင်ငံရေး အသင်းအဖွဲ့များ အားလုံး၏ ရည်ရွယ်ချက်သည် လူသား၏ မွေးရာပါဖြစ်ပြီး၊ မည်သူမျှယူသွား၍ မရသည့်အခွင့်အရေးများကို ထိန်းသိမ်းစောင့်ရှောက်ရန် ဖြစ်သည်။ ဤအခွင့်အရေးများမှာ လွတ်လပ်မှု၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ လုံခြုံမှုနှင့် ဖိနှိပ်မှုအား ခုခံတွန်းလှန်မှုတို့ ဖြစ်သည်။

**ဒဿနဆိုင်ရာ မေးခွန်းများ**

ဤအခွင့်အရေး ကြေညာချက်များ၏ နိုင်ငံရေး အကျိုးဆက်များသည် ယနေ့အချိန်အထိ ဆက်လက်၍ ပေါက်ကွဲနေဆဲ ဖြစ်သည်။ သို့နှင့်တိုင် ဤအခွင့်အရေးများအား စတင် ထုတ်ပြန်ခဲ့သည့် အချိန်မှစ၍ ၎င်းတို့ နောက်တွင် ဒဿနိက ရှုထောင့်မှ မေးခွန်းများ ကပ်လိုက်ပါလာခဲ့သည်။ သဘာဝအလျောက် ရှိသော အခွင့်အရေး၊ မည်သူမျှ ယူသွား၍ မရသော အခွင့်အရေးများတွင် ဝေဖန်သူများရှိပြီး ဤအခွင့်အရေးများကို လက်ခံလိုသူများ၌ပင် မေးစရာ မေးခွန်းများ ရှိနေတတ်ကြသည်။

**ဒဿန အခြေခံအုတ်မြစ်များ**

ဤနေရာတွင် အခက်အခဲသည် အခွင့်အရေး အယူအဆ ဆင်းသက်လာရာ နောက်ခံ ဒဿနနှင့် သက်ဆိုင်သည်။ ကြေညာချက်များတွင် ဖော်ပြထားသည့် အခွင့်အရေးများသည် သဘာဝတရား ဥပဒေမှ ဆင်းသက်လာသည့် သဘာဝအလျောက် ရရှိသော အခွင့်အရေးများဟု ခေါ်သည့် ကိုယ်ကျင့်သဘောတရား အယူအဆ (moral ideas) များ ဖြစ်သည်။ သဘာဝတရား ဥပဒေ ဟူသည် ခရစ်ယာန် ယဉ်ကျေးမှုတွင် ဘုရားရှင်က သူဖန်ဆင်းသည့် အရာများကို ပေးထားသည့် ဝိသေသ လက္ခဏာ ဖြစ်သည်။ ဥပမာ ပြရလျှင် အခွင့်အရေးများ အကြောင်း နောက်ပိုင်း စိတ်ပါဝင်စားမှုတို့အတွက် အုတ်မြစ်ချပေးခဲ့သည့် ဂျွန်လော့ခ် (John Locke 1632-1704) ၏ ရေးသားချက်များကို လေ့လာကြည့်လျှင် ဤအချက်မှာ ရှင်းနေသည်။ သို့ရာတွင် အစောပိုင်း အခွင့်အရေး သီအိုရီ ထုတ်ဖော်မှု ဖြစ်ပွားခဲ့သည့် ကာလတွင် ခရစ်ယာန် ဖန်ဆင်းရှင် ဝါဒသည် အတွေးအခေါ်များအပေါ် ဩဇာ လွှမ်းမိုးမှု ကျဆင်းလာခဲ့သည့် ကာလလည်း ဖြစ်သည်။ လူ၏ ဆင်ခြင်ဉာဏ်သည် အမြင့်ဆုံး အာဏာအဖြစ် ဖန်ဆင်းရှင် ဘုရား၏ စကားကို အစားထိုး လာခဲ့ရာ ၎င်းသည် ခရစ်ယာန် သဘာတရား အခွင့်အရေး မူဘောင်၏ နောက်ကွယ်မှ သဘာတရား ဥပဒေနှင့် တာဝန်တို့၏ ယုတ္တိကို ပြိုကွဲစေခဲ့သည် (Waldron, 1987)။ အခွင့်အရေးများအား (ဖန်ဆင်းရှင်ဘုရား ချမှတ်သော) သဘာတရား ဥပဒေမှ မဟုတ်ဘဲ ကျွန်ုပ်တို့၏ အခြေခံ လူသားဖြစ်မှုမှ ဖော်ထုတ်ရန် ကြိုးပမ်းသည့် သီအိုရီ အသစ်များကို ဟူဂိုဂရိုးတီးယပ်စ် (Hugo Grotius) (၁၅၈၃-၁၆၄၅)နှင့် သောမတ်စ်ဟော့ဘ်စ် (Thomas Hobbs) (၁၅၈၈-၁၆၄၅) စသည့် ပုဂ္ဂိုလ်များက ဖော်ထုတ်ခဲ့ကြသည်။ ဤသီအိုရီများအား အခိုက်အတန့်

အားဖြင့် သဘာဝတရား ဥပဒေ ပြန်လည် ရေးသားချက်များက တွန်းလှန်နိုင်ခဲ့သည်။ သို့နှင့်တိုင် ဤသီအိုရီများသည် ထိုကာလအတွင်း ဖြစ်ပွားနေသည့် ယဉ်ကျေးမှု အပြောင်းအလဲများအား အရိုန်အဟုန် မြှင့်ပေးခဲ့သည်။ ဤအပြောင်းအလဲသည် တဖြည်းဖြည်းချင်းဖြင့် တစ်သီးပုဂ္ဂလ လူသား၏ ကိုယ်ကျင့် သဘောတရားအရ အမှီအခိုကင်းမှု (moral autonomy) ကို အသားပေးလာခဲ့ကာ နိုင်ငံရေး ကိုယ်ကျင့် သဘောတရား၏ သဘာဝတရားဥပဒေ-တာဝန်-အခွင့်အရေး တည်ဆောက်ပုံကို အားပျော့ ယုတ်လျော့ စေခဲ့ပြီး လူအများအပြားအား အခြေခံကျသော၊ မည်သူမျှ ယူသွား၍ မရသော အခွင့်အရေးများ ဟူသည့် အယူအဆအပေါ် အာရုံစိုက် လာစေခဲ့သည်။ ဤအခွင့်အရေးများအား ဖန်ဆင်းရှင် ဘုရား၏ သဘာဝတရား ဥပဒေထက် ကျွန်ုပ်တို့၏ ပင်ကိုသဘာဝ လူသားဖြစ်မှုမှ ဖော်ထုတ်နိုင်သည်ဟူ၍ နားလည် သဘောပေါက် လာကြသည် (Haakonssen, 1991, p.61)။ အချိန်ကြာလာသည်နှင့် သဘာဝ အလျောက် ရရှိသော အခွင့်အရေးများ အယူအဆသည် နိုင်ငံရေးအရ ပိုမို၍ ထိရောက်လာသည်။ တစ်ချိန်တည်းတွင် ဒဿန ရှုထောင့်မှ ကာကွယ် ပြောဆိုရန် ပိုမို၍ ခက်ခဲလာခဲ့သည်။ သဘာဝ အခွင့်အရေးများအား သဘာဝတရား ဥပဒေမှတဆင့် ဖန်းဆင်းရှင်ဘုရားထံ တိုင်တည်ပြီး ကာကွယ်ပြောဆို၍ မရတော့လျှင် ၎င်းတို့အတွက် မည့်သည့် အကြောင်းပြချက်များ ပေးမည်နည်း။ သဘာဝတရားသည် အလွန်ပင် များပြားသော တန်ဖိုးများကို ပေးထားပြီး ၎င်းတို့တွင် မည်သည်တို့သည် မှန်သော တန်ဖိုးများ ဖြစ်သည်ကို ကျွန်ုပ်တို့ အကြား သဘောတူညီချက် မရှိကြပေ။ သဘာဝ အခွင့်အရေးများ၏ ကံကြမ္မာမှာ ဒဿန နယ်ပယ်၌ လေးစားသမှု ခံရရန် အချိန်နှောင်းမှ ရောက်ရှိလာခဲ့သည် နိုင်ငံရေး အယူအဆ တစ်ခု ဖြစ်ခြင်းဟု ပြောရမည့်ပုံ ပေါက်နေသည် (Waldron, 1987, p.13)။

### အခွင့်အရေးများအား အစောပိုင်း ဝေဖန်ခဲ့ကြသူများ

အခွင့်အရေး ကြေညာချက်များ ထုတ်ပြန်ခဲ့သည့်အချိန်တွင် အထင်ကရ အတွေးအခေါ် ပညာရှင်များသည် သဘာဝ အခွင့်အရေး အယူအဆအား အင်နှင့်အားနှင့် တိုက်ခိုက်ခဲ့ကြသည်။ ဤတိုက်ခိုက်မှုများသည် ရှေးရိုးစွဲဝါဒီများ၊ လစ်ဘရယ်များ (အထူးသဖြင့် အများအကျိုး ပဓာန ဝါဒီများ (utilitarians)) နှင့် ဆိုရှယ်လစ်များ စသည်ဖြင့် ဒဿန အမြင် ရှုထောင့်အမျိုးမျိုးမှ တိုက်ခိုက်ခဲ့ကြသည် (စာသေတ္တာ ၁.၂ တွင် ရှုပါ)။

ရှေးရိုးစွဲဝါဒီများ ကိုယ်စား လူသိရှင်ကြား ဝေဖန်ခဲ့သူမှာ *ပြင်သစ်တော်လှန်ရေး အကြောင်း စဉ်းစားမိသည်များ* စာအုပ် ရေးသားခဲ့သူ အက်ဒမန်းဘာ့ခ် (Edmund Burke) ဖြစ်သည်။ ဤစာအုပ်တွင် လူသားနှင့် နိုင်ငံသား အခွင့်အရေးများဆိုင်ရာ ပြင်သစ်တော်လှန်ရေး ကြေညာချက်အား စကားလုံး ပြင်းပြင်းဖြင့် ရှုတ်ချခဲ့သည်။ ဘာ့ခ်၏ ရှုတ်ချမှုသည် လူတို့ကို အခွင့်အရေး ပေးသည့် အခြေခံ အယူအဆနှင့် သက်ဆိုင်သည်။ သူသည့် အခွင့်အရေးများကို ငြင်းပယ်ခြင်း မဟုတ်ဘဲ အခွင့်အရေးများသည် သဘာဝ အလျောက် ရှိသည်၊ ၎င်းတို့သည် လူ့အဖွဲ့အစည်း ပြင်ပ၌ ရှိနေသော အစိုးရအား အကဲဖြတ် ဆုံးဖြတ်နိုင်စေသည့် အာခီမီးဒီး ဆုံမှတ်အဖြစ် တည်ရှိနေသည် ဟူသော အယူအဆကို ငြင်းပယ်ခဲ့သည်။ ထိုကဲ့သို့ သဘောတရား ဆန်သော အတွေးအခေါ်များမှာ လွဲချော်နေသည်ဟု ငြင်းခုံခဲ့သည်။ တကယ်တမ်းတွင် လူသည် သူ့လူ့အဖွဲ့အစည်း၏ မူလ အစဉ်အလာများ၊ အင်စတီကျူးရှင်းများကြောင့်သာ အခွင့်အရေးများ ရှိခြင်းဖြစ်သည်။ အခွင့်အရေးများမှာ ပြင်သစ် လူမျိုးများ သို့မဟုတ် အင်္ဂလိပ် လူမျိုးများ၏ အခွင့်အရေးများသာ ဖြစ်ပြီး

လူသား၏ အခွင့်အရေးများ မဟုတ်ချေ။ မတူသော နိုင်ငံရေး အသိုင်းအဝိုင်းများသည် မတူသော အခွင့်အရေးများကို ဖန်တီး တည်ဆောက်ကြသည်ဟု သူက ငြင်းခုံခဲ့သည်။ သဘောတရား ဆန်ဆန် အခွင့်အရေး တစ်စုအား လူသား အားလုံးအတွက် ပြဋ္ဌာန်းခြင်းသည် လူမှုစည်းများ ပြိုကွဲပျက်စီးခြင်း၊ အုတ်အော်သောင်းတင်းမှုများ ဖြစ်စေပြီး နောက်ဆုံးတွင် အာဏာရှင် စနစ်သို့ ဦးတည် သွားစေမည်ဟု ဆိုသည်။ ဘာ့ခ်အတွက်ဆိုလျှင် ဤမှန်းဆချက်များသည် အမှန်တကယ် ဖြစ်လာသည်ဟု ပြင်သစ်နိုင်ငံ၏ နောက်ပိုင်း အဖြစ်အပျက်များက သက်သေထူခဲ့သည်။

လစ်ဘရယ်များသည်လည်း အများအကျိုး ပဓာန ဝါဒများ ပုံစံဖြင့် သဘာဝ အခွင့်အရေးများကို တိုက်ခိုက်ခဲ့သည်။ ဂျယ်ရမီဘန်သမ် (Jeremy Bentham) (၁၇၈၄-၁၈၃၂) က မင်းမဲ့ဝါဒီ သဘောတရား အမှားများ (Bentham, 1843) စာအုပ်တွင် ဤကဲ့သို့ ကြေညာခဲ့သည် - သဘာဝအခွင့်အရေးများမှာ ရိုးရှင်းသော အဓိပ္ပာယ်မဲ့မှုများ ဖြစ်ပြီး သဘာဝ အလျောက် ရှိသော၊ မည်သူမျှ ယူသွား၍ မရသော အခွင့်အရေးများမှာ အဓိပ္ပာယ် မရှိသော စကားများ၊ အခြေမခိုင်သော အဓိပ္ပာယ်မဲ့သည့် အရာများ ဖြစ်သည်။ သဘာဝ အခွင့်အရေးများမှာ အစစ်အမှန် မဟုတ်သော ရုပ်လွန် အခြင်းအရာများ (metaphysical phenomena) ဖြစ်ကြပြီး အစစ်အမှန် မဟုတ်သော အခွင့်အရေးများသည် အစစ်အမှန် မဟုတ်သော ဥပဒေ ဖြစ်သည့် သဘာဝတရား ဥပဒေမှ ဆင်းသက်လာခြင်း ဖြစ်သည်။ သဘာဝတရား ဥပဒေအား ဥပဒေပေးသူ ဖန်ဆင်းရှင် မရှိခြင်းကြောင့် ပစ်ပယ်ခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့် လစ်ဘရယ် ဒီမိုကရေစီကို ဖော်ဆောင်လိုလျှင် အမှန်တကယ်ရှိသော ဥပဒေများ၊ တနည်း ဒိဋ္ဌဓမ္မ အခွင့်အရေးများ (positive rights) နှင့် ဥပဒေတို့ကိုသာ ပြုပြင်ပြောင်းလဲသင့်ပြီး၊ စိတ်ကူးထဲမှ ဥပဒေများအကြောင်းကို ပြောမနေသင့်ချေ။

**စာသေတ္တာ ၁.၂ လူသား၏ အခွင့်အရေးများအကြောင်း ဒဿနဆရာများ၏ အမြင်များ**

**ဘန်သမ် (၁၇၈၄-၁၈၃၂)**

ဤအရာများ၏ အမှန်တရားကား မည်သို့ ရှိသနည်း။ သဘာဝ အခွင့်အရေးများဟူ၍ မရှိပါ၊ အစိုးရတစ်ရပ် တည်ထောင်မှုထက် စောသည့် အခွင့်အရေးဟူ၍ မရှိစကောင်းပေ၊ ဥပဒေအရ ရှိသော အခွင့်အရေးများနှင့် ဖီလာဖြစ်သော၊ ဆန့်ကျင်သော အခွင့်အရေးများ ဟူ၍ မရှိပေ။ ဤသည်မှာ ဖွဲ့နွဲ့သုံးစွဲသော စကားရပ်သာဖြစ်သည်။ ၎င်းကို သူ့အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရန် ကြိုးပမ်းသည်နှင့် တပြိုင်နက် အမှားသို့ ဦးတည်ပေလိမ့်မည်၊ ထိခိုက်နစ်နာမှုသို့ ဦးတည်သော အမှား၊ အဆိုးရွားဆုံးသော ထိခိုက်နစ်နာမှုသို့ ဦးတည်သည့် အမှားသို့ ဦးတည်သွားပါလိမ့်မည်။ (Anarchical Fallacies, see Bentham (1843))

**ဘာ့ခ် (၁၇၂၉-၉၇)**

နိုင်ငံတော်အား စီမံခန့်ခွဲရာ၌ လူတစ်ဦးချင်းစီ၌ ရှိသင့်သည့် ပါဝါ၊ အာဏာ၊ ညွှန်ကြားခွင့် စသည်တို့သည် လူ့အဖွဲ့အစည်းရှိ လူသား၏ တိုက်ရိုက်၊ မူလအခွင့်အရေး ဖြစ်သည်ကို ငြင်းရပါလိမ့်မည်။ ကျွန်ုပ်စဉ်းမိသည်မှာလည်း နိုင်ငံရေး၊ လူမှုရေး လူသားဖြစ်သည်။ ထိုသူ၏ အခွင့်အရေးများကို ထုံးထမ်းစဉ်လာအရ ဆုံးဖြတ်ရပေမည်။ (*Reflections on the Revolution in France*, see Burke (1971))

**မာ့ခ်စ် (၁၈၁၈-၈၃)**

ထို့ကြောင့် လူသား၏ အခွင့်အရေးဟု ခေါ်ကြသည့် အရာများသည် အတ္တလူသား၊ လူ့အဖွဲ့အစည်းရှိ

လူသားထက် ကျော်လွန်ခြင်း မရှိပေ။ ထိုလူသားမှာ မိမိ၏ အကျိုးစီးပွား၊ ဆန္ဒများနောက်ကွယ်၌ ပုန်းလျှိုးနေပြီး အသိုင်းအဝိုင်းမှ ကင်းကွာနေသူ ဖြစ်သည်။ လူသားမျိုးနွယ်တစ်ခုလုံး ကိုယ်စားပြုသည် တွေးဆထားသည့် လူသား၏ အခွင့်အရေးများ မဟုတ်ပေ။ ဤလူသားတို့အား ချည်နှောင်ပေးထားသည့် တစ်ခုတည်းသော စည်းမှာ သဘာဝအရ လိုအပ်မှု၊ လိုအပ်ချက်၊ ပုဂ္ဂလ အကျိုးစီးပွား၊ ပိုင်ဆိုင်မှုနှင့် ကိုယ်ခန္ဓာ အိုးစားမကွဲရေးတို့သာ ဖြစ်သည်။ (‘On “the Jewish Question”’, see Marx (1987))

**ဟုဘ်စ် (၁၅၈၈-၁၆၇၉)**

မူလသဘာဝအခွင့်အရေး (the right of nature) ဆိုသည်မှာ လူတစ်ဦးချင်းစီ၌ သူ၏ မူလသဘာဝ၊ တနည်း သူ၏ အသက်ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ သူဆုံးဖြတ်သည့်အတိုင်း၊ စဉ်းစားသည့်အတိုင်း အကောင်းဆုံး နည်းလမ်းဖြင့် မည်သည့်အရာကို မဆို လုပ်ဆောင်ရန် သူ၏ စွမ်းပကားအား သူအလိုရှိသည့်အတိုင်း အသုံးပြုနိုင်သော လွတ်လပ်ခွင့် ဖြစ်သည်။ (*Leviathan,* see Hobbes (1968))

**လော့ခ် (၁၆၃၂-၁၇၀၄)**

လူဟူသည်မှာ သဘာဝအရ လွတ်လပ်၊ တန်းတူညီမျှပြီး အမှီအခိုကင်းသည်ဖြစ်ရာ မည်သူ့ကိုမျှ သူ့ခြံမှ နှင်ထုတ်၍ မရ၊ သူ၏ သဘောတူခွင့်ပြုချက် မရှိဘဲ အခြားသူတစ်ယောက်၏ နိုင်ငံရေး အာဏာအောက်သို့ သွတ်သွင်း၍ မရပေ။ (*The Second Treatise of Government*, see Locke (1952))

**ကန့် (၁၇၂၄-၁၈၀၄)**

သင့်ကိုယ်ပိုင် နီတိသည်ပင်လျှင် တချိန်တည်းတွင် လူသားအားလုံးဆိုင်ရာ နိယာမကဲ့သို့ လုပ်ဆောင်ပါ။ လူသားအားလုံးအား တဆင့်ခံ တန်ဖိုးရှိသောအရာများ (means) အဖြစ်မဟုတ်ဘဲ အန္တိမတန်ဖိုးများ (ends) အဖြစ် ဆက်ဆံပါ။ သင့်ကိုယ်သင် အန္တိမတန်ဖိုး ရှိသူများ နေထိုင်ရာ တိုင်းပြည်မှ တိုင်းသူပြည်သား တစ်ဦးကဲ့သို့ ပြုမူနေထိုင်ပါ။ (Groundwork for the Metaphysics of Morals, see Kant (2002))

(Edmundson, 2004)

အပြင်းစား ပြုပြင်ပြောင်းလဲရေး သမားများသည်လည်း လူသား၏ အခွင့်အရေးများအား ဘူဇွာ လူတန်းစား၏ အခွင့်အရေးများ ဖြစ်သည်ဟု ဝေဖန်ခဲ့သည်။ လွတ်လပ်ခွင့်၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်နှင့် ပုဂ္ဂလ လုံခြုံမှု တို့သည် လုပ်ငန်းရှင်အား သူ၏ အရင်းရှင် လုပ်ငန်းဆောင်တာများတွင် အတန်အသင့် လွတ်လပ်ခွင့် ပေးသည်။ အောက်ခြေလူထု၏ စီးပွားရေး ဖူလုံမှုသည်  အလေးထား စဉ်းစားပေးခြင်း ခံရမည်မဟုတ်။ ကားလ်မာ့ခ်စ် (Karl Marx 1818 -83) ၏ ပြင်းပြသော ဆန္ဒမှာ ခိုင်မာအားကောင်းသော သိပ္ပံပညာ၏ ကျောထောက်နောက်ခံဖြင့် တော်လှန်ရေးမှတဆင့် အလုပ်သမား လူတန်းစား သို့မဟုတ် လုပ်ခစား အလုပ်သမားများ၏ လွတ်မြောက်ရေးကို ဖော်ဆောင်ရန် ဖြစ်သည်။ လက်တွေ့တွင် အခွင့်အရေးများမှာ လူသားအားလုံး ကျန်းမာချမ်းသာမှုနှင့် တန်းတူညီမျှတို့ ဖော်ဆောင်ရာ၌ အဟန့်အတား ဖြစ်နေသော ကြီးစိုး လွှမ်းမိုးသည် အရင်းရှင် စနစ်၏ အစိတ်အပိုင်း တစ်ခုပင် ဖြစ်သည်။

ဤတွင် အခွင့်အရေး တော်လှန်ရေး၏ ဝိရောဓိကြီးမှာ သဘာဝအခွင့်အရေး ဘာသာစကားသည် လူမှုရေး၊ နိုင်ငံရေး ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာ၌ အလွန်ပင်ထိရောက်မှု ရှိလာခဲ့သည့်အချိန်နှင့် တပြိုင်နက်တည်းတွင် နိုင်ငံရေး၊ ဒဿန အတွေးအခေါ်များသည် သဘာဝ အခွင့်အရေး အယူအဆနှင့် ပတ်သက်၍ သို့လောသို့လော ဖြစ်လာခဲ့ကြသည် (Langlois, 2001, Chapter 3)။

| **အနှစ်ချုပ်** |
| --- |
| အခွင့်အရေးများ၏ အခြေခံအုတ်မြစ်သည် ဖြေရခက်သည့် ဒဿနဆိုင်ရာ မေးခွန်းတစ်ခု ဖြစ်သည်။<br>ခရစ်ယာန် ဖန်ဆင်းရှင်ဝါဒ ကျဆင်းလာခဲ့သောကြောင့် အခွင့်အရေးများ၏ အစောပိုင်း သဘာဝတရား ဥပဒေ အခြေခံ အုတ်မြစ်သည် အားပျော့လာခဲ့သည်။<br>တစ်ချိန်တည်းတွင် အခွင့်အရေး အယူအဆသည် နိုင်ငံရေးအရ ပိုမို၍ ထိရောက်လာခဲ့သည်။<br>ရှေးရိုးစွဲဝါဒီများ၊ လစ်ဘရယ်များနှင့် အပြင်းစား ပြုပြင်ပြောင်းလဲရေး ဝါဒီများသည် သဘာဝအခွင့်အရေး အယူအဆကို ဝေဖန်ခဲ့ကြသည်။<br><br>**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**<br>သင့်အနေဖြင့် သဘာဝ အခွင့်အရေးများအပေါ် ဝေဖန်ချက်များထဲမှ မည်သည့်ဝေဖန်ချက်သည် အရေးအကြီးဆုံးဟု ထင်သနည်း။ အဘယ်ကြောင့်နည်း။ |

## ခေတ်သစ် လူ့အခွင့်အရေးများ

ဤအခြေအနေ အားလုံးကို ဒုတိယကမ္ဘာစစ်ကြီး (၁၉၃၉-၄၅) က ပြောင်းလဲပစ်ခဲ့သည်။ အကြွင်းမဲ့စစ်ပွဲ၏ တုန်လှုပ်ဖွယ်ကောင်းမှု၊ အထူးသဖြင့် ဂျူးများအား လူမျိုးတုံး သတ်ဖြတ်မှု၏ ရက်စက် ကြမ်းကြုတ်မှုသည် ကုလသမဂ္ဂ ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း၏ ဘာသာစကားကို ကိုးကားရလျှင် လူသားထု၏ စိတ်ဝိညာဉ်ကို တုန်လှုပ် ချောက်ချားစေခဲ့သည် (UDHR ၊ စာသေတ္တာ ၁.၃ တွင် ရှုပါ)။ တုန်လှုပ် ချောက်ချားနေသော အနောက်တိုင်း၏ စုပေါင်း လူမှုရေး အတွေး၌ သဘာဝတရား ဥပဒေကို ပြန်လည် အသုံးပြုပြီး တုံ့ပြန်ဆောင်ရွက်ရန် ဖြစ်သည်။ နာဇီခေါင်းဆောင်များအား သဘာဝတရား ဥပဒေ၏ ကွပ်ကဲမှု အောက်၌ နျူရမ်ဘာ့ဂ် တရားခွင်၌ လူသားထုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများဖြင့် စွဲချက်တင်၊ တရားစီရင်ခဲ့သည်။ ဤစွဲချက်သည် ထိုအချိန်က မည်သည့် နိုင်ငံတကာ စာရွက်စာတမ်း၊ ဥပဒေတွင်မျှ မရှိသေးပေ၊ သို့သော် ၎င်းသည် သဘာဝတရား ဥပဒေ၏ အစိတ်အပိုင်း တစ်ခု ဖြစ်သည့် အတွက် ကျိုးကြောင်းဆီလျော်စွာ စဉ်းစားနိုင်သူ မည်သူ့အတွက်မဆို ရှင်းနေသည့် အရာ ဖြစ်သည့်အတွက် ထိုရာဇဝတ်မှုများဖြင့် တရားစွဲဆို၊ စီရင်ခဲ့ခြင်း ဖြစ်သည်။ ဤနေရာ၌ ဆိုလိုရင်းမှာ (ဤအချက်ကို နောက်ပိုင်း ပြန်လည် ဆွေးနွေးပါမည်) ဒိဋ္ဌဓမ္မဥပဒေ (positive law) အား ၎င်းသည် ပြည်တွင်းဥပဒေ ဖြစ်စေ၊ နိုင်ငံတကာ ဥပဒေ ဖြစ်စေ ပို၍ မြင့်မားသည့် ကိုယ်ကျင့်တရား ရေးရာ စံနှုန်းဖြင့် မှတ်ကျောက်တင် အကဲဖြတ်ကြသည်။ ထို့ကြောင့် သဘာဝတရား ဥပဒေအား နာဇီများအတွက် တရားစီရင်ချက်များ၏ ဥပဒေ အခြေခံ အဖြစ်၊ လစ်ဘရယ် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့အတွက် တိုင်တည်ခဲ့ကြသည်။

လူ့အခွင့်အရေး စံနှုန်းများအား ကုလသမဂ္ဂ ပဋိညာဉ် (၁၉၄၅) ၏ ဗဟိုချက်မ၌ ထည့်သွင်းခဲ့ပြီး၊ ၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂသည် ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းကို ပြဋ္ဌာန်းခဲ့သည်။ UDHR တွင် ခြေဆင်းစာပိုဒ်နှင့် အပိုဒ် ၃၀ ပါရှိပြီး ပထမဦးဆုံး အပိုဒ်က လူသားအားလုံးသည် လွတ်လပ်စွာ မွေးဖွားလာကြပြီး အခွင့်အရေးနှင့် ဂုဏ်သိက္ခာအရ တန်းတူဖြစ်ကြသည်ဟု ဆိုထားသည်။ ကြေညာချက်အား လျှပ်တပြက် ဖတ်ကြည့်ရုံနှင့်ပင် စာဖတ်သူတို့သည် လစ်ဘရယ်နိုင်ငံရေး သီအိုရီ၏ အဓိက အစိတ်အပိုင်းများကို မြင်တွေ့နိုင်ပါလိမ့်မည်။ လွတ်လပ်ခွင့်နှင့် လွတ်လပ်မှုတို့အား အသားပေးမှု၊ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှု၊ တရားဥပဒေ စိုးမိုးရေး၏ အရေးပါမှု၊ အပြစ်မရှိဟု ယူဆမှု၊ ပုဂ္ဂလိက ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု၊ ဘာသာရေး ကိုးကွယ်ခွင့်၊ ထုတ်ဖော် ပြောခွင့်နှင့် မိမိနိုင်ငံ၏ အစိုးရအဖွဲ့၌ ပါဝင်ခွင့် (လွတ်လပ်မှု အခွင့်အရေးများ) နှင့် ပို၍ အငြင်းပွားဖွယ်ရာ ဖြစ်သော လုံလောက်သော လူနေမှု အဆင့်အတန်း၊ ပညာသင်ယူခွင့်နှင့် ယဉ်ကျေးမှုတွင် ပါဝင်ဆင်နွှဲခွင့် (ဖူလုံမှု အခွင့်အရေးများ) စသည့် အခွင့်အရေးများကို တွေ့နိုင်သည်။

| **စာသေတ္တာ ၁.၃။ ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းမှ ကောက်နုတ်ချက်** |
|---|
| ယခုအခါ အထွေထွေ ညီလာခံသည် ဤကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းအား လူမျိုးအားလုံး၊ နိုင်ငံအားလုံးအတွက် စွမ်းဆောင်ရမည့် ဘုံစံနှုန်းများအဖြစ်၊ လူ့အဖွဲ့အစည်း၏ တစ်ဦးတစ်ယောက်ချင်းစီနှင့် အစိတ်အပိုင်း အားလုံးသည် ဤကြေညာစာတမ်းအား အမြဲတမ်း ဦးထိပ်ပန်ဆင်လျက် ဤအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအကြောင်း သင်ကြားပေးရန်၊ ၎င်းတို့အပေါ် လေးစားမှုကို မြှင့်တင်ရန်၊ ၎င်းတို့အား တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် နိုင်ငံများ အတွင်းရော ၎င်းတို့၏ အုပ်ချုပ်မှု အောက်၌ ရှိသော နယ်မြေများရှိ လူမျိုးများအကြား၌ပါ ထိထိရောက်ရောက် အသိအမှတ်ပြု လိုက်နာကြစေရေး နိုင်ငံအဆင့်၊ နိုင်ငံတကာ အဆင့် လုပ်ဆောင်ချက်များဖြင့် လုပ်ဆောင်ရန် ကြေညာအပ်ပေသည်။<br>အပိုဒ် ၁ - လူသားအားလုံးသည် လွတ်လပ်စွာ မွေးဖွားလာကြပြီး အခွင့်အရေးနှင့် ဂုဏ်သိက္ခာအရ တန်းတူဖြစ်ကြသည်။ လူသား အားလုံးသည် စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အသိတရားတို့ မွေးရာပါရှိကြပြီး တစ်ဦးအပေါ်တစ်ဦး ညီအစ်ကို မောင်နှမစိတ်ဖြင့် ပြုမူဆက်ဆံသင့်သည်။ |

လူ့အခွင့်အရေးများအကြောင်း ခေတ်သစ်တင်ပြချက်၌ ဒေသနပိုင်းဆိုင်ရာ တင်းမာမှုများ ပါဝင်နေသည်။ လူ့အခွင့်အရေး အယူအဆ၏ နောက်ခံ ဖွဲ့စည်းပုံတစ်ခုလုံးသည် သဘာဝတရား ဥပဒေနှင့် သဘာဝ အခွင့်အရေး အယူအဆတို့နှင့် ချိတ်ဆက်နေသည်။ ကျွန်ုပ်တို့ တွေ့ခဲ့ပြီးသည့်အတိုင်း သဘာဝတရား ဥပဒေနှင့် သဘာဝ အခွင့်အရေး အယူအဆတို့၌ ပြဿနာများ ရှိနေသည်။ လူ့အခွင့်အရေးသစ်များတွင် ပါရှိသော အကြောင်းအရာသည် လူ့အဖွဲ့အစည်းအကြောင်း သတ်သတ်မှတ်မှတ် ဒေသန အမြင်တစ်ခု၊ တိတိပပ ဆိုရသော် လစ်ဘရယ် နိုင်ငံရေးအတွေးခေါ် အမြင်မှ တင်ပြချက်ဖြစ်သည်။ ထို့ကြောင့် ခေတ်သစ် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးများသည် အလွန်ပင် သီးခြား သတ်သတ်မှတ်မှတ်ဆန် (particularistic) သည်။ ၎င်းတို့သည် အနောက်တိုင်း ဒေသနနှင့် အနောက်တိုင်း နိုင်ငံရေးမှ ထွက်ပေါ်လာခြင်း ဖြစ်ပြီး သီးခြား အယူဝါဒ အမြင် တစ်ခုကို ကိုယ်စားပြုသည်။ ဤအယူအဆများသည် တစ်ကမ္ဘာလုံးအတွက် အကျုံးဝင်သည်ဆိုသော အဓိပ္ပာယ်မှာ ၎င်းတို့၏ သမိုင်း (လူ့အခွင့်အရေး သမိုင်းသည် အနောက်တိုင်း သမိုင်းတွင် အမျှင်တစ်ခုသာ ဖြစ်သည်) သို့မဟုတ် ကမ္ဘာပေါ်ရှိ အရှိတရားနှင့် မသက်ဆိုင်ပေ (ခေတ်သစ် လူ့အခွင့်အရေးသည် လူ့အဖွဲ့အစည်းအားလုံး၌ တည်ရှိနေကြောင်း မတွေ့ရပေ)။ ၎င်းအစား

ဤအခွင့်အရေးများ၏ တစ်ကမ္ဘာလုံး အကျုံးဝင်မှုသည် လူသားတို့၏ လူမှုရေးဆန်မှု (sociability) အား လူ့အခွင့်အရေး ဘာသာစကားဖြင့် ဖော်ပြသင့်သည်၊ ဤအခွင့်အရေးများသည် လူသားတို့၏ အပြုအမူအား ဆုံးဖြတ်၊ အကဲဖြတ်ရန် ကိုယ်ကျင့်တရားရေးရာ စံနှုန်းများဖြစ်သင့်သည်ဟူသော ထောက်ခံသူများ၏ ယုံကြည်ချက်မှ ပေါက်ဖွားလာခြင်း ဖြစ်သည်။

**လူ့အခွင့်အရေးများ၏ ကိုယ်ကျင့်သဘောတရားရေးရာ အခြေခံ**

ဤသို့ဆိုလျှင် ထောက်ခံသူများသည် လူ့အခွင့်အရေးများအား ကိုယ်ကျင့်တရားဆိုင်ရာ တောင်းဆိုချက် အစုအဖွဲ့၊ နိုင်ငံအဆင့်၌ရော နိုင်ငံတကာ အဆင့်၌ပါ ကွန်ပ်တို့၏ စုပေါင်းနိုင်ငံရေး ဘဝတွင် စနစ်သွင်းသင့်သည့် တောင်းဆိုချက် အစုအဖွဲ့အဖြစ် ရှုမြင်ကြကြောင်း တွေ့နိုင်သည်။ ဤကိုယ်ကျင့်တရား ဆိုင်ရာ တောင်းဆိုချက်များအတွက် မည်သည့် အကြောင်းပြချက်များ ပေးမည်နည်း။ UDHR သည် ဒုတိယ ကမ္ဘာစစ်ပြီးနောက် ကမ္ဘာကြီးအား လှုပ်နိုးပေးခဲ့သည့် ကိုယ်ကျင့်တရားရေးရာ အရေးပေါ် စိတ်ခံစားချက် (moral urgency) ကို အင်နှင့်အားနှင့် ဖော်ပြထားသည်။ သို့နှင့်တိုင် အရေးကြီးသည်မှာ UDHR သည် ရှင်းပြရန်၊ အကြောင်းပြချက်ပေးရန်၊ ဒဿနရှုထောင့်က ကာကွယ်ပြောဆိုရန် အားထုတ်မှု တစ်စုံတစ်ရာ မပြုလုပ်ခြင်း ဖြစ်သည်။ ဤသည်မှာ ရည်ရွယ်ချက်ရှိရှိ ချမှတ်ကဲ့သည့် ဗျူဟာဖြစ်သည်။ UDHR မူကြမ်း ရေးဆွဲရန် တာဝန်ပေးခြင်း ခံရသည့် လူ့အခွင့်အရေး ကော်မရှင်သည် ကိုင်တွယ် ဖြေရှင်းရမည့် ကွဲပြား ခြားနားချက်များကို ကောင်းစွာ သတိပြုမိနေခဲ့သည်။ ၎င်း၏ဗျူဟာမှာ အကြောင်းပြချက်ပေးသည့် ကိစ္စများကို ဘေးဖယ်ထားပြီး စံနှုန်းများ သို့မဟုတ် စည်းကမ်းချက်များအပေါ် အာရုံစူးစိုက်ရန် ဖြစ်သည် (Morsink, 2000)။

လူ့အခွင့်အရေး အမည်ခံ၍ ပြုလုပ်သော နိုင်ငံရေးရာ၊ ကိုယ်ကျင့်သဘောတရားရေးရာ ထွက်ဆိုချက်များ၏ သတ်သတ်မှတ်မှတ် ဖြစ်မှုအား များပြားလှစွာသော လူသားတို့၏ ကျင့်ဝတ်၊ ဘာသာရေး၊ ဒဿန၊ ယဉ်ကျေးမှု၊ လူမှုရေး အစဉ်အလာများနှင့် မည်ကဲ့သို့ စေ့စပ် ညှိနှိုင်းသင့်သည့် ဟူသည့် အကြောင်းကို UHDR ကြေညာခဲ့ပြီးချိန်မှစ၍ များစွာ ရေးသားထားခဲ့ပြီး ဖြစ်သည်။ အကျဉ်းအကျပ်မှာ ဤအချက်ဖြစ်သည် - UDHR သည် လစ်ဘရယ်ဝါဒ အခွင့်အရေး အစဉ်အလာ ဖြစ်သည့် သတ်သတ်မှတ်မှတ် အမြင်ရှုထောင့် (particular position) ကို တင်ပြရန် တစ်ကမ္ဘာလုံးနှင့် ချီသည့် စကား (universalist rhetoric) ကို အသုံးပြုထားခြင်း ဖြစ်သည်။ ဤအမြင်ရှုထောင့်သည့် စံနှုန်းပြုလိုမှုအရ တစ်ကမ္ဘာလုံး အတိုင်းအတာ ရှိသည်မှာ သေချာပါသည်၊ သို့ရာတွင် ဤအမြင်အား လူသားအားလုံးက လက်ခံခြင်း မဟုတ်သကဲ့သို့ လူသားအားလုံး နေထိုင်ရာ အစဉ်အလာများ၊ အသိုင်းအဝိုင်းများ အားလုံးတွင် ရှိနေခြင်းလည်း မဟုတ်ချေ။

လူ့အခွင့်ရေး ထောက်ခံသူများအနေဖြင့် ၎င်းတို့ ပါဝင်ပတ်သက်နေသည့် နိုင်ငံရေး စီမံကိန်း၏ လစ်ဘရယ် ဆန်သော သဘောသဘာဝကို ဂဃနဏ နားမလည်ခြင်း သို့မဟုတ် ယင်းအကြောင်း ရှင်းရှင်း ဖြစ်မနေခြင်းက ကမ္ဘာလုံး အကျုံးဝင်မှုနှင့် နှိုင်းရသဘော ဖြစ်မှုတို့ အကြောင်း ငြင်းခုံချက်များနှင့် ဆက်စပ်သည့် အငြင်းပွားမှုများကို ပိုမို၍ ရှုပ်ထွေးစေသည်။ သဘာဝရား ဥပဒေနှင့် အခွင့်အရေးများကို ယုံကြည်သူများသည် အဆိုပါ အယူအဆများမှာ နောက်ထပ် ရှင်းပြစရာ မလိုအောင် ရှင်းနေသည်ဟု ဆိုကြသလို လူ့အခွင့်အရေး ယုံကြည်သူများသည်လည်း ၎င်းတို့ ဖော်ပြသည့် လစ်ဘရယ်ဝါဒ တန်ဖိုးများသည် တစ်ကမ္ဘာလုံး အကျုံးဝင်သည်၊ သာမာန် လူသားဉာဏ်ဖြင့် လက်ခံနိုင်သော တန်ဖိုးများ ဖြစ်သည် ယုံကြည်ကြသည်။

သို့ရာတွင် ၎င်းတို့က ဤသို့ ဖြစ်စေချင်သည့် ဆန္ဒရှိစေကာမူ လူ့အခွင့်အရေးများမှ လူသား အားလုံးအတွက် ဘုံမဖြစ်သလို တစ်ကမ္ဘာလုံး အကျုံးဝင်ခြင်းလည်း မရှိချေ။ ဤအချက်ကြောင့်ပင် လူ့အခွင့်အရေးများအတွက် ဒဿနရှုထောင့်မှ အကြောင်းပြချက်ပေးရန် အလွန်ပင် အရေးကြီးပါသည်။ လူ့အခွင့်အရေး ထောက်ခံသူများအနေဖြင့် လူ့အခွင့်အရေးများကို ကာကွယ်ပြောဆိုရန်၊ အခြားသူများအား လူ့အခွင့်အရေးများကို ထောက်ခံလာအောင် သိမ်းသွင်းရန် ခိုင်လုံကောင်းမွန်သော အကြောင်းပြချက်များ လိုအပ်သည်။

ဒဿနအမြင်ရှုထောင့်မှ အကြောင်းပြချက် ပေးရမည့် ခက်ခဲသည့် အလုပ်အား နိုင်ငံတကာ လူ့အခွင့်အရေး စနစ် ဖန်တီးထားခြင်းက ကျော်လွှားလိုက်ပြီဟု ငြင်းခုံလိုက ငြင်းခုံနိုင်ပါသည်။ ပြည်တွင်း၌ရော နိုင်ငံတကာ အတိုင်းအတာနှင့်ပါ လူ့အခွင့်အရေး ဥပဒေအား ဖော်ထုတ်၊ အကောင်အထည် ဖော်လာခဲ့သည်မှာ နှစ်ပေါင်း ၇၀ နီးပါး ရှိလာပြီ ဖြစ်ပြီး လူ့အခွင့်အရေးများတွင် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် လက်ခံမှု၊ တရားနည်းလမ်းကျမှု (legitimacy) ရှိနေပြီဟု စောဒက တက်လိုက တက်နိုင်ပါသည်။ ကုလသမဂ္ဂ ပဋိညာဉ်၊ UDHR နှင့် နောက်ပိုင်း လူ့အခွင့်အရေး သဘောတူ စာချုပ်များကို လက်မှတ်ရေးထိုးခြင်းဖြင့် နိုင်ငံများသည် ၎င်းတို့၏ အချုပ်အခြာ အာဏာ တချို့ကို စွန့်လွှတ်ထားကြပြီး လူ့အခွင့်အရေး စံနှုန်းများနှင့် ပတ်သက်၍ ၎င်းတို့၏ အပြုအမူများအတွက် တရားဝင်၊ တရားနည်းလမ်း ကျကျ တာဝန်ယူကောင်း ယူပေလိမ့်မည်။ ဤသို့လည်း ငြင်းခုံနိုင်ပါသည် - ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီ နိုင်ငံရေး အတွေးအခေါ် ဆရာများသည် လူ့အခွင့်အရေးများ၏ အမှန်တရားကို လက်ခံလာစေရန် ကမ္ဘာကြီးအား မသိမ်းသွင်းနိုင်ခဲ့သည့်အတွက် လူ့အခွင့်အရေးများကို ကာကွယ်ပြောဆိုရမည့်တာဝန်အား စစ်ကြီး ပြီးချိန်မှစ၍ လူ့အခွင့်အရေးများ၏ ဘောင်နယ်ပယ်ကို ချဲ့ထွင်လာနိုင်ခဲ့ကြသည့် နိုင်ငံတကာ ရှေ့နေများနှင့် သံတမန်များထံ ပေးအပ်သင့်သည်။ ဤပုဂ္ဂိုလ်များ တည်ထောင်ပြီး ထိန်းသိမ်းထားသည့် ဥပဒေများ၊ အင်စတီကျူးရှင်းများကြောင့် ကျွန်ုပ်တို့တွင် လူ့အခွင့်အရေးများ ရှိနေပြီး ၎င်းတို့ကို အကာအကွယ်ပေးထားပြီး ဖြစ်သည်။

ဤချဉ်းကပ်နည်းအား ပညာရပ် အခေါ် ဥပဒေရေးရာ ဒိဋ္ဌဓမ္မအမြင် (**legal positivism**) မှ ငြင်းခုံချက်ဟု ခေါ်သည် (Langlois, 2004)။ ဤငြင်းခုံချက်၏ အဓိက အားနည်းချက်မှာ ၎င်းသည် လူ့အခွင့်အရေးအား ဥပဒေအရ ရှိသော အခွင့်အရေး အဖြစ် ညီမျှခြင်း ချလိုက်ခြင်း သို့မဟုတ် လူ့အခွင့်အရေးများအား ဥပဒေအရ ရှိသော အခွင့်အရေးများ အဖြစ်သို့ လျှော့ချလိုက်ခြင်း ဖြစ်သည်။ ဤချဉ်းကပ်နည်း၏ အန္တရာယ်မှာ ရှင်းနေသည်။ လူ့အခွင့်အရေးများသည် ၎င်းတို့ ရှိသည်ဟု ပြောသည့် အမှန်တကယ် ဥပဒေများ၊ အင်စတီကျူးရှင်းများ တည်ရှိသည့် နေရာ၌သာ ရှိလိမ့်မည်ဟု သဘော သက်ရောက် သွားလိမ့်မည် ဖြစ်သည်။ ဤအရာများကို ဖယ်ရှားလိုက်လျှင် လူ့အခွင့်အရေးများလည်း ရှိလိမ့်မည် မဟုတ်တော့ချေ။ ဤသည်မှာ အန္တရာယ်ရှိသော၊ လူ့အခွင့်အရေး လှုပ်ရှားမှု၏ တွန်းအားနှင့် ဆန့်ကျင်သည့် သဘောတရား ဖြစ်သည်မှာ ရှင်းနေသည်။ လူ့အခွင့်အရေးများ သမိုင်းတလျှောက် ဖြစ်ပေါ်တိုးတက် လာမှုက အခွင့်အရေးများသည် ဥပဒေများ၊ အင်စတီကျူးရှင်းများအဖြစ် ပြောင်းလဲရန် လိုအပ်သည်၊ သို့မှသာ ထိထိရောက်ရောက် အကာအကွယ်ပေးနိုင်၊ စောင့်ကြည့်နိုင်မည် ဖြစ်သော ကိုယ်ကျင့်တရားဆိုင်ရာ တောင်းဆိုချက်များ ဖြစ်လာမည် ဟူသော ယုံကြည်ချက်အပေါ် မူတည်သည်။ ဤကိုယ်ကျင့်တရားဆိုင်ရာ တောင်းဆိုချက်များသည် ဥပဒေများ၊ သဘောတူညီချက်များ သို့မဟုတ် အင်စတီကျူးရှင်းများ နောက်တွင် ရှိပြီး ၎င်းတို့အား ဖန်တီးပေးသည့် တွန်းအား ဖြစ်သည်။ အခွင့်အရေးများအား တောင်းဆိုရန် ကောင်းစွာ

လည်ပတ်သည့် ဥပဒေ၊ အင်စတီကျူးရှင်းများ မရှိသည့် အခြေအနေများ၌ ၎င်းတို့အတွက် ထွက်ဆိုနိုင်စွမ်း၊ ငြင်းခုံနိုင်စွမ်းသည် အရေးအကြီးဆုံး ဖြစ်နေတတ်သည်။ ဤအချက်မှာ ဂျက်ဒန်နယ်လီ (Jack Donnelly 1989) ခေါ်သည့် အခွင့်အရေး ပိုင်ဆိုင်မှု ဝိရောဓိ (possession paradox) ဖြစ်သည် (စာသေတ္တာ ၁.၄ တွင် ရှုပါ)။ ဤစွမ်းဆောင်ရည်သည် ဒဿနရှုထောင့်မှ အကြောင်းပြချက်ပေး၏ ရည်ရွယ်ချက်တစ်ခုဖြစ်သည့် လူများ တချို့သော ကိုယ်ကျင့်တရားဆိုင်ရာ လိုအပ်များကို နားလည်သဘောပေါက်နိုင်စွမ်း၊ လက်ခံနှလုံးသွင်း နိုင်စွမ်း အပေါ် မူတည်သည်။

| **စာသေတ္တာ ၁.၄ ပိုင်ဆိုင်မှု ဝိရောဓိ** |
|---|
| အခွင့်အရေး တစ်ခု ရှိခြင်းသည် တစ်စုံတစ်ယောက်အနေဖြင့် ထိုအခွင့်အရေးကို ပေးသောအရာ (object of the right) မရှိသည့်အခါ၊ ဆိုလိုသည်မှာ တစ်စုံတစ်ယောက်သည် ထိုအခွင့်အရေးအား တိုက်ရိုက်ခံရခြင်း မရှိသည့်အခါ တန်ဖိုးအရှိဆုံး ဖြစ်သည်။ ဤအခြေအနေကို ကျွန်တော်သည် အခွင့်အရေး ပိုင်ဆိုင်မှု ဝိရောဓိဟု ခေါ်ပါမည်။ အခွင့်အရေး တစ်ခုအား တစ်ချိန်တည်း၌ ရှိခြင်း၊ မရှိခြင်း ဖြစ်ပြီး အခွင့်အရေး ရှိခြင်းသည် အခွင့်အရေး ရှိမနေခြင်း အတွက် အရေးကြီးခြင်း ဖြစ်သည်။ ပိုင်ဆိုင်မှု ဝိရောဓိသည် အခွင့်အရေး အားလုံး၏ စရိုက်လက္ခဏာပင် ဖြစ်သည်။ ကျွန်ုပ်တို့ အနေဖြင့် အခွင့်အရေး ပိုင်ဆိုင်မှု၊ အဆိုပါ အခွင့်အရေးအပေါ် လေးစားမှု၊ ထိုအခွင့်အရေးအား စည်းကြပ် အကောင်အထည် ဖော်ရန် လွယ်ကူမှု၊ စည်းကြပ် အကောင်အထည် ဖော်သည့် ကြိမ်ရေ စသည်တို့အား ခွဲခြား သတ်မှတ်ရပါမည်။ အခွင့်အရေးများအား တန်ဖိုးရှိစေသည့် အရာမှာ လိုအပ်ပါက ထိုအခွင့်အရေးကို တောင်းဆိုနိုင်စွမ်း၊ တနည်း တောင်းဆိုမှုအား ထိုအခွင့်အရေးက ပေးသည် အထူးအင်အားနှင့် ၎င်းက ဖြစ်စေသည့် အထူး လူမှုရေး ကျင့်သုံးမှုများ ဖြစ်ပြီး ဤတောင်းဆိုနိုင်စွမ်းသည်ပင် အခွင့်အရေးရှိခြင်းအား အခြားသူတစ်ဦး၏ တာဝန်မှ (အခွင့်အရေး မရှိဘဲ) အကျိုး ခံစားရခြင်းမှ ခွဲခြားပေးခြင်း ဖြစ်သည်။<br>(Donnelly, 1989, pp. 11-12) |

**ခေတ်သစ်လူ့အခွင့်အရေးများအတွက် ဒဿနရှုထောင့်မှ အကြောင်းပြချက်ပေးခြင်း**

လူ့အခွင့်အရေး အယူအဆသည် အနောက်တိုင်း နိုင်ငံရေး သမိုင်း၊ အထူးသဖြင့် လစ်ဘရယ် နိုင်ငံရေး သီအိုရီမှ ထွက်ပေါ်လာခဲ့သည်ကို ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်သည်။ လစ်ဘရယ် အမျိုးအစား မျိုးကွဲပေါင်း များစွာ ရှိသည်၊ သို့သော်လည်း တစ်သီးပုဂ္ဂလ လူသားအပေါ် လေးစားမှုက ၎င်းတို့အားလုံးကို ချိတ်ဆက် ပေးထားသည်။ အင်မန်နျူရယ်ကန့် (Immanuel Kant) ၏ စကားအရ လူတစ်ဦးတစ်ယောက်စီသည် တိုက်ရိုက် တန်းဖိုးရှိသူများ (ends) ဖြစ်ပြီး တဆင့်ခံ တန်ဖိုးရှိသူများ (means) မဟုတ်ပေ။ လူတစ်ဦးတစ်ယောက်ချင်းစီတိုင်းအား တန်းတူညီမျှသော အန္တမိ တန်ဖိုး (moral worth)၊ ဖြစ်တည်မှု (standing) ရှိသည်ဟု ယူဆရမည် ဖြစ်သည်။

လူသားပုဂ္ဂိုလ်၏ အခြေခံ ဂုဏ်သိက္ခာသည် အခွင့်အရေးများ၏ အခြေခံ ဖြစ်သည်ဟု ငြင်းခုံလေ့ ရှိကြပြီး အနောက်တိုင်း အစဉ်အလာ၌ ဤလူ့ဂုဏ်သိက္ခာ အယူအဆ၏ သမိုင်းစဉ်ဆက် မူလရင်းမြစ်မှာ လူသားအား ဖန်ဆင်းရှင် ဘုရား၏ ပုံရိပ် imago dei အရ ဖန်တီးထားသည်ဟူသော ခရစ်ယာန် အယူအဆဖြစ်သည်။ သို့ရာတွင် ယနေ့အချိန်၌ လစ်ဘရယ်ရှုထောင့်မှ ချဉ်းကပ်နည်းများသည် နတ်၊ ဘုရား စသည့် စရိုက်

လက္ခဏာများထက် လူသား စရိုက်လက္ခဏာများကိုသာ အသားပေး ဖော်ပြပြောဆိုလာကြသည်။ ဥပမာ လူသား၏ ကျိုးကြောင်း ဆီလျော်သော ရည်ရွယ်ချက် ရှိရှိ လုပ်ဆောင်နိုင်စွမ်းသည် လူသားအတွက် ထူးခြားသော စရိုက်လက္ခဏာ ဖြစ်သည်၊ ထို့ကြောင့် ဤအချက်သည် ပိုမိုပြည့်စုံသော လူ့အခွင့်အရေး သဘောတရား တစ်ခုအတွက် အခြေခံ ဖြစ်လာသည် (Gewirth, 1996 တွင် ရှုပါ)။ သို့မဟုတ် နောက်ထပ် အလားတူ စဉ်းစားချက် တစ်ခုမှာ အမှီအခိုကင်းမှုနှင့် ရွေးချယ်နိုင်မှုတို့သည် တန်ဖိုးရှိသော မည်သည့် ဘဝမျိုးအတွက်မဆို အခြေခံ အစိတ်အပိုင်းများ ဖြစ်ပြီး အခွင့်အရေးများသည် ထိုကဲ့သို့ ဘဝမျိုးကို ရှင်သန် ရပ်တည်နိုင်စေရန် လိုအပ်သော အခြေအနေများ ဖြစ်သော လွတ်လပ်မှုများနှင့် လွတ်လပ်ခွင့်များမှ ဆင်းသက်သည် (Raz, 1986 တွင် ရှုပါ)။

အခွင့်အရေးများကို ဖော်ထုတ်ရန် နောက်ထပ် နည်းလမ်းတစ်ခုမှာ နိုင်ငံရေး တန်းတူညီမျှမှု အယူအဆမှ တဆင့် ဖြစ်သည်။ လူတစ်ဦး တစ်ယောက်ချင်းစီတွင် တူညီသော အန္တိမတန်ဖိုး (moral worth) ရှိပြီး ၎င်းအား နိုင်ငံရေး အသိုင်းအဝိုင်း၏ နိုင်ငံရေး ဖြစ်စဉ်များ၌ တန်းတူညီမျှသော လေးစားမှု ပေးခြင်းဖြင့် အသိအမှတ် ပြုသင့်သည် (see Dworkin, 1977)။ ဤနိုင်ငံရေး တန်းတူညီမျှမှုသည် တစ်ခါတစ်ရံ လုံခြုံမှုနှင့် အသက်ရှင် ရပ်တည်မှု တို့ကဲ့သို့ ကျွန်ုပ်တို့၏ တူညီသော အခြေခံ လိုအပ်ချက်များနှင့် ချိတ်ဆက်နေသည် (Shue, 1980 တွင် ရှုပါ)။ နောက်တစ်နည်း အနေဖြင့် လူ့အခွင့်အရေး အယူအဆသည် အနာဂတ်သို့ ဦးတည်သည့်၊ ဂုဏ်သိက္ခာ ပြည့်ဝသည့် ဘဝတစ်ခု အတွက် လိုအပ်ချက်များသို့ ဦးတည်သည့် ကျွန်ုပ်တို့၏ လုပ်ဆောင်နိုင်စွမ်းများ (capabilities) နှင့် ချိတ်ဆက်နေသည် (Sen, 1999a; Nussbaum, 2000b တွင် ရှုပါ)။ အခြားတစ်ဘက်တွင် လက်တွေ့ကျကျ ချဉ်းကပ်နည်းများသည် လူ့အခွင့်အရေးများအတွက် သတ်သတ်မှတ်မှတ် အခြေခံ အုတ်မြစ် တစ်ခုပေါ် ဦးတည်မထားဘဲ မတူသော လူများအကြား သဘောတူညီမှု ရှိသည့် ကဏ္ဍများကို အာရုံစိုက်ပြီး ဤသဘောတူညီချက်ကိုပင် အခွင့်အရေးများအား တရားနည်းလမ်း ကျစေရေး၌ အသုံးပြုကြသည် (Rawls, 1971,1993, 1999 တွင် ရှုပါ)။

## လူ့အခွင့်အရေးများ၏ တစ်ကမ္ဘာလုံး အကျုံးဝင်မှု

UDHR ၏ တစ်ကမ္ဘာလုံး အကျုံးဝင်သည် ဟူသော ထွက်ဆိုချက်အား အပြန်အလှန်ဆက်နွယ်နေသည့် နည်းလမ်း နှစ်ခုမှ တစ်ခုခုဖြင့် မေးခွန်းထုတ် စိန်ခေါ်လေ့ရှိသည် (Freeman, 2002, Chapter 6)။ ပထမ နည်းလမ်းမှာ ယဉ်ကျေးမှု နှိုင်းရ သဘောတရား အမြင်ရှုထောင့်မှ ဖြစ်ပြီး ၎င်းက စံနှုန်းများသည် ၎င်းတို့ ထွက်ပေါ်လာရာ ယဉ်ကျေးမှုများ အတွက်သာ သင့်တော်သည်၊ ထို့ကြောင့် အနောက်တိုင်းမှ ထွက်ပေါ် လာသည့် လူ့အခွင့်အရေး စံနှုန်းများသည် အနောက်တိုင်း အတွက်သာ သင့်လျော်သည်ဟု ပြောဆိုပြီး အခွင့်အရေးများကို အယူအဆပိုင်းရ ငြင်းပယ်သည့် အမြင်ဖြစ်သည်။ ဤနည်းနှင့် ဆက်စပ်နေသည့် နောက်တစ်နည်းမှာ နယ်ချဲ့ဝါဒ ရှုထောင့်မှ ငြင်းခုံခြင်း ဖြစ်သည်။ ယဉ်ကျေးမှု နှိုင်းရသဘောအား အထောက်အကူပြု ငြင်းခုံချက်အဖြစ် အသုံးပြု၍ ဤငြင်းခုံချက်က နေရာတိုင်းမှ လူအားလုံးကို အကာအကွယ်ပေးဖို့ နေနေသာသာ လူ့အခွင့်အရေးများအား အနောက်တိုင်း အကျိုးစီးပွားကို မြှင့်တင်ရန်၊ အကာအကွယ်ပေးရန် အသုံးချခြင်း ဖြစ်သည်ဟု ပြောဆိုသည်။ နယ်ချဲ့ဝါဒ ရှုထောင့်မှ ငြင်းခုံချက်က လူ့အခွင့်အရေး အမှန်တရားများမှာ တစ်ကမ္ဘာလုံးအား နိုင်ငံရေးအရ ကြီးစိုးလွှမ်းမိုးရေး စနစ်၏ တစ်စိတ်တစ်ဒေသ ဖြစ်သော ပါဝါအား ရပ်ဖျက်ထားခြင်းသာ ဖြစ်သည်ဟု ဆိုသည်။

**ယဉ်ကျေးမှု နိူင်းရသဘောတရား**

ယဉ်ကျေးမှု နိူင်းရဝါဒီသည် လူ့အခွင့်အရေး အယူဝါဒအား မတူသော ယဉ်ကျေးမှု၊ ဘာသာရေး ဒဿန အစဉ်အလာများအား လေးစားရန် ပျက်ကွက်သည့်အတွက်၊ ထို့ကြောင့် လူမျိုးအသီးသီး၏ သရုပ်သဏ္ဍာန်အား အသိအမှတ်ပြုရန်၊ လေးစားရန် ပျက်ကွက်သည့် အတွက် မကြာခဏ ဝေဖန် တတ်သည်။ သဘောထားကြီးမှုနှင့် လေးစားမှုတို့သည် ဤနေရာ၌ အဓိက တန်ဖိုးများ ဖြစ်ကြသည်။ ဝိရောဓိမှာ လူ့အခွင့်အရေး ထောက်ခံသူ တဖြစ်လဲ လစ်ဘရယ်များသည် လူတိုင်းအား လစ်ဘရယ် ဖြစ်လာစေရန် မျှော်လင့်ခြင်းဖြင့် လစ်ဘရယ် မဆန်ကြခြင်း ဖြစ်သည် (လစ်ဘရယ်ဝါဒနှင့် လူ့အခွင့်အရေး တို့အကြောင်း နောက်ထပ်ဆွေးနွေးချက်အား စာသေတ္တာ ၁.၅ တွင် ရှုပါ)။ သို့နှင့်တိုင် ဤသို့ငြင်းခုံချက်မှာ နိူင်းရ သဘောဆန်မှု နည်းသေးသည့်အတွက် ယဉ်ကျေးမှု နိူင်းရသဘောတရား ရှုထောင့်မှ ငြင်းခုံချက်အား တသမတ်တည်း အသုံးပြုခြင်း မဟုတ်သေးပေ။

တသမတ်တည်း ဖြစ်သော နိူင်းရဝါဒီတစ်ဦးသည် သူ၏ ကိုယ်ပိုင် အယူဝါဒ၏ ငြင်းပယ်မှုကို ခံရသည်။ အမှန်တရား အားလုံးသည် နိူင်းရသဘောသာ ဖြစ်သည်ဟု ထွက်ဆိုခြင်းဖြင့် သူသည် သူ့အမှန်တရားများ၏ နိူင်းရ သဘောတရားများကို လစ်ဟပြလိုက်ခြင်းဖြစ်ပြီး သူ့ရပ်တည်ချက်၏ ရှေ့နောက်မညီမှုကို မြွက်ဟလိုက်ခြင်း ဖြစ်သည်။ တသမတ်တည်း ဖြစ်သော နိူင်းရဝါဒီ တစ်ဦးသည် မည်သည့် တန်ဖိုးကိုမျှ ဦးစားပေး၍ မရပေ။ နိူင်းရဝါဒီတစ်ဦး အနေဖြင့် သဘောထားကြီးမှု သို့မဟုတ် လေးစားမှုသည် သတ်သတ်မှတ်မှတ် လစ်ဘရယ် တန်ဖိုးများကို အယုံအကြည် တန်စေရန် အသုံးပြုနိုင်သော တစ်ကမ္ဘာလုံး အကျုံးဝင်သည့် တန်ဖိုးများ ဖြစ်သည်ဟု ပြောဆိုနိုင်သည့် ရပ်တည်စရာ အခြေခံ မရှိပေ (ဤနေရာ၌ သဘောထားကြီးမှုနှင့် လေးစားမှုနှင့် ဗဟုဝါဒတို့ကို လက်ခံမှုတို့သည် လစ်ဘရယ် တန်ဖိုးများ ဖြစ်နေနိုင်သည် ဆိုသည့် ဆတိုး ဝိရောဓိကိုလည်း မှတ်သားပါ။ နိူင်းရ ဝါဒီဆိုသော ပုဂ္ဂိုလ်မှာ ဝေဝါး ထွေပြားနေသည့် လစ်ဘရယ်တစ်ဦး ဖြစ်ကောင်း ဖြစ်နေနိုင်သည်)။ တသမတ်တည်း ကျသည့် ယဉ်ကျေးမှု နိူင်းရဝါဒီတစ်ဦး နိုင်ငံရေးတွင် လုပ်နိုင်သည်မှာ လူတို့တွင် မတူသော တန်ဖိုးများ ရှိကြသည်ဟု မှတ်သား နိုင်ရုံသာဖြစ်သည်။ အနီ နိူင်းရဝါဒီတွင် ဤတန်ဖိုးများအား ဦးစားပေး စီစဉ်နိုင်သော အခြေခံ သဘောတရား မရှိချေ၊ ထို့ကြောင့် နိုင်ငံရေးအရ ငြိမ်ခံနေရုံ၊ ဘောင်မဝင်ဘဲ နေရုံသာ ရှိသည်။

ဤရှေ့နောက်မညီမှု နောက်ကွယ်တွင် ရှိလေ့ရှိထ ရှိသည့် ဇာစ်မြစ်မှာ ယဉ်ကျေးမှု နိူင်းရ သဘောတရား၏ သီအိုရီ အဆိုများနှင့် ယဉ်ကျေးမှု နိူင်းရ သဘောတရား၏ လက်တွေ့ အခြေအနေတို့ကို ခွဲခြားသိမြင်မှု မရှိခြင်း ဖြစ်သည်။ ပထမပိုင်းဖြစ်သော ယဉ်ကျေးမှု နိူင်းရသဘောတရား၏ သီအိုရီ အဆိုများသည် ကမ္ဘာလုံး လွှမ်းခြုံ လူ့အခွင့်အရေးများအတွက် အခြေခံ တည်ဆောက်ရန် ကြိုးပမ်းချက်များကို အားအင် ယုတ်လျော့စေပြီး ဒုတိယပိုင်း ဖြစ်သော ယဉ်ကျေးမှု နိူင်းရ သဘောတရား လက်တွေ့ အခြေအနေက လူတို့သည် (တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ) တစ်ဦးနှင့်တစ်ဦး၊ တစ်အုပ်နှင့် တစ်အုပ်စု ကွဲပြား ခြားနား ကြသည်ကို အသိအမှတ်ပြုသည်။ ဤအသိအမှတ်ပြုမှုနှင့် ဘာဆက်လုပ်မည်မှာ မိမိ၏ ဒဿန အမြင်အပေါ် မူတည်ပေလိမ့်မည်။

**လူ့အခွင့်အရေး နယ်ချဲ့ဝါဒ**

လူ့အခွင့်အရေး အကြွင်းမဲ့ဝါဒီများ (universalists) အား နယ်ချဲ့ဝါဒီများဟု စွပ်စွဲကြသူများ အကြားလည်း အလားတူ ဝေဝါးထွေပြားမှုကို တွေ့နိုင်သည်။ ဝိရောဓိ ဆန်စွာပင် လူ့အခွင့်အရေးများအား နယ်ချဲ့ဝါဒ ဆန့်ကျင်ရေး ရှုထောင့်မှ စိန်ခေါ်ကြသူများသည်လည်း ယူနီဗာဆယ် မူတစ်ခုဖြစ်သော နယ်ချဲ့ စနစ် ဆန့်ကျင်ရေး ဝါဒကို တိုင်တည်ရမည်သာ ဖြစ်သည်။ ဤမူသည် လွတ်လပ်ရေး၊ သဘောထားကြီးရေး သို့မဟုတ် တန်းတူညီမျှရေး မူ တစ်ခုခု ဖြစ်ရမည်သာ ဖြစ်သည်။ လူတို့သည့် မိမိတို့ ကြိုက်နှစ်သက်ရာကို ယုံကြည်နိုင်သည် သို့မဟုတ် မိမိတို့ ကြိုက်နှစ်သက်ရာ ယဉ်ကျေးမှုတွင် ပါဝင်နိုင်သည် သို့မဟုတ် အခြားသူများ၏ ကွဲပြား ခြားနားမှုအပေါ် သဘောထားကြီးပြီး သူတို့၏ ကွဲပြား ခြားနားပိုင်ခွင့်ကို လေးစားသင့်သည် သို့မဟုတ် လူတို့သည် အခြားသူတို့၏ ယဉ်ကျေးမှု တစ်ခုခု သို့မဟုတ် ယုံကြည်ချက်များကို လက်ခံနိုင်စွမ်းသည် ၎င်းတို့ ကိုယ်တိုင်၏ အစွမ်းနှင့် တန်းတူညီမျှသည်ဟု မှတ်ယူရမည်။ ယခုဖော်ပြပါ ကိစ္စအများအပြား၌ ယဉ်ကျေးမှု နယ်ချဲ့ဝါဒ ရှုထောင့်မှ ငြင်းခုံချက်သည် အောက်ပါအတိုင်း ငြင်းခုံချက် အဖြစ်သို့ လျှော့ကျသွားသည်။ ကျွန်ုပ်တို့အနေဖြင့် သင်တို့၏ ဆန္ဒအား ကျွန်ုပ်တို့အပေါ် အတင်းသွပ်သွင်း ချမှတ်ခြင်းအား သဘောမတူရခြင်းမှာ ကျွန်ုပ်တို့မှာ တချို့သော လုပ်ပိုင်ခွင့်၊ ယုံကြည်ခွင့် အခွင့်အရေးများ ရှိသည်ဟူ၍ သင်တို့နှင့် ကျွန်ုပ်တို့ သဘောတူကြသည့်အတွက် ဖြစ်သည်။ ထို့ကြောင့် နယ်ချဲ့ဝါဒ ဆန့်ကျင်ရေးသမား၏ ငြင်းခုံချက်မှာလည်း ဝေဝါးထွေပြားနေသည့် နှိုင်းရဝါဒသမား၏ ငြင်းခုံချက်ကဲ့သို့ပင် မွေးကင်းစ လစ်ဘရယ်ဝါဒ အမြင်တစ်ခု ပုံစံပေါက်နေသည်။

| **စာသေတ္တာ ၁.၅ လူ့အခွင့်အရေး လစ်ဘရယ်ဝါဒအား တစ်စစီ ဖြုတ်ကြည့်ခြင်း** |
|---|
| လူ့အခွင့်အရေးများ၏ တန်ဖိုးနှင့် ပတ်သက်၍ အားတက်သရောဖြစ်သူ၊ ၎င်းတို့၏ လစ်ဘရယ်ဝါဒနှင့် သမိုင်းကြောင်း အရ ဆက်စပ်မှုများကို အသိအမှတ်ပြုသူ အများအပြားသည်ပင် လစ်ဘရယ်ဝါဒသည် တစ်ကမ္ဘာလုံး အဆင့် လူသားအားလုံးဆိုင်ရာ လူ့အခွင့်အရေး လှုပ်ရှားမှုတစ်ခုအတွက် လုံလောက်သည့် သို့မဟုတ် လိုလားအပ်သည့် အခြေခံတစ်ခု ဖြစ်၊ မဖြစ်ကို မေးခွန်းထုတ်ကြသည်။ ဖြစ်နိုင်ခြေရှိသော ဝေဖန်ချက်အမျိုးမျိုးတွင် အောက်ပါတို့ ပါဝင်နိုင်သည် -<br>• သီအိုရီဆရာ အများအပြားက လူ့အခွင့်အရေးများ၏ အခြေခံအဖြစ် လစ်ဘရယ်များ အသုံးပြုသော အဓိက အယူအဆများ (စွမ်းဆောင်နိုင်မှု၊ ရွေးချယ်မှု၊ လွတ်လပ်မှု စသည်) သည် လူ့အခွင့်အရေး၌ လူဆိုသော စကားရပ်ကို အသုံးပြုခြင်း၏ ရည်ရွယ်ချက်ကို ခြုံငုံမိရန် မလုံလောက်ဟု ငြင်းခုံကြသည်။ လစ်ဘရယ်ဝါဒ၏ အာရုံစူးစိုက်ထားသည့် ဒဿန နယ်ပယ်သည် ကျဉ်းမြောင်းလွန်းသည်ဟု ငြင်းခုံကြသည်။<br><br>• လူမှုအသိုင်းအဝိုင်းပဓာန အတွေးအခေါ်ဆရာများ (communitarian thinkers) များက လစ်ဘရယ်ဝါဒ၏ လူပုဂ္ဂိုလ်အား ၎င်း၏ လူမှုအသိုင်းအဝိုင်း၊ အစဉ်အလာမှ ဖယ်ထုတ်ပြီး စိတ်ကူး ပုံဖော်ခြင်းသည် လူသားဖြစ်မှုနှင့် ကောင်းမွန်သော ဘဝ မျှော်မှန်းချက်များကို အကောင်အထည် ဖော်ခြင်းတို့၏ လက္ခဏာရပ် များကို ယုတ်လျော့စေသည်ဟု ငြင်းခုံကြသည်။<br><br>• ရယ်ဒီကယ် ဒဿန ဆရာများ (radical philosophers) က လစ်ဘရယ် ဝါဒသည် နယ်ချဲ့စနစ်၊ |

လူမျိုးရေး ခွဲခြားသော နိုင်ငံရေး စနစ်တို့မှ ပေါက်ဖွားလာသည့် ၎င်းကိုယ်တိုင်၏ ပင်မ အစိတ်အပိုင်းများကြောင့် ကျိုးပေါက်ပြီး ဖြစ်သည်ဟု ငြင်းခုံကြသည်။ လစ်ဘရယ်ဝါဒ၏ တန်းတူညီမျှသော အခွင့်အရေးများရှိသည့် ကမ္ဘာကြီးကို ဖော်ဆောင်မည် ဟူသော အဆိုမှာ ၎င်း၏ သမိုင်းစဉ်ဆက်နှင့် လက်ရှိ အချိန်အထိ ဖြစ်ပွားနေဆဲ ဖြစ်သည့် မညီမျှသော၊ တန်းတူ မကျသော ကမ္ဘာစနစ် တစ်ခုကို ဖန်တီးရာ၌ ပါဝင်နေမှုကြောင့် အခြေမခိုင်ဟု ငြင်းခုံကြသည်။

- ခရစ်တီကယ် သီအိုရီဆရာများ (critical theorists) ကမူ လစ်ဘရယ်ဝါဒ၏ အပြင်ပန်း ထွက်ဆိုချက်များကို ကျော်လွန်၍ ဒေသနပိုင်းဆိုင်ရာ ထွေပြားမှုများ၊ မျှော်လင့်မထားသည့် အကျိုးဆက်များ၊ လူမှုရေး ရလဒ်များနှင့် လက်တွေ့ကျင့်သုံးမှုကို အာရုံစိုက်လေ့လာသည်။ သူတို့၏ လေ့လာစူးစမ်းမှုများသည် လူ့အခွင့်အရေး အဆိုများ၌ အယုံလွယ်မှုများကို မေးခွန်းထုတ်စိန်ခေါ်သည်။

- ကွီးယား အတွေးအခေါ် ဆရာများ (queer thinkers) သည် ဂျန်ဒါနှင့် လိင်ဖြစ်မှုတို့သည် လစ်ဘရယ်ဝါဒ၏ ထုံးထမ်းစဉ်လာ သတ်မှတ်ချက်များဖြစ်သော သရုပ်သဏ္ဍာန်နှင့် နိုင်ငံရေးတို့အား မည်သို့မည်ပုံ မှောက်ချပစ်သည်ကို လေ့လာ ဆန်းစစ်သည်။ ကွီးယား အတွေးအခေါ် ဆရာများသည် များပြားလှသည့် လစ်ဘရယ် အဆိုများ၏ တည်ငြိမ်မှု မရှိခြင်းကို ပြသပြီး ဤအဆိုများက ပုံမှန်အဖြစ် တည်ဆောက်ထားသည့် အင်အား မညီမျှသော ဆက်ဆံရေးများကို ဖြိုခွင်းပြရာ၌ ပျော်မွေ့ကြသည်။

References: Behabib, 2011; Holder and Reidy, 2013; Douzinas and Gearty, 2014, Lutz-Bachmann and Nascimento, 2014; Picq and Thiel, 2015

နယ်ချဲ့ဝါဒ ဆန့်ကျင်ရေး စကားကို စိန်ခေါ်လျက် လူ့အခွင့်အရေး ကိစ္စများတွင် ပါဝင် ပတ်သက် နေကြသည့် နိုင်ငံရေး ခေါင်းဆောင်များကို မေးရန် အရေးကြီးသည့် မေးခွန်း တစ်ခု ရှိသည်။ နယ်ချဲ့ဝါဒ ဆန့်ကျင်ရေး စကားကို အသုံးပြုပြီး ကာကွယ် နေကြသည့် ယဉ်ကျေးမှု ဆိုင်ရာ ယုံကြည်ချက်များ၊ ကျင့်သုံးမှုများသည် အဆိုပါ နယ်ချဲ့ဝါဒ ဆန့်ကျင်မှုကို ပြောဆိုရေးသားရန် ယုတ္တိအရ လိုအပ်သည့် မူများနှင့် ကိုက်ညီမှု ရှိပါသလား။ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေး နယ်ပယ်၌ လူ့အခွင့်အရေး အကြောင်း နိုင်ငံရေး အငြင်းအခုံ များ၌ လူ့အခွင့်အရေးနှင့် ပတ်သက်၍ နယ်ချဲ့စနစ် ဆန့်ကျင်ရေး ရှုထောင့်မှ ရပ်တည်သူများသည် ၎င်းတို့၏ သြဇာအာဏာ ရှိသည့် နယ်မြေများ၌ အဆိုပါ နယ်ချဲ့စနစ် ဆန့်ကျင်ရေးကို ထောက်ခံသည့် မူများကို ကိုယ်တိုင်ကိုယ်ကျ ကျင့်သုံးရန် ပျက်ကွက်ခြင်း ဖြစ်သည်။ အာဏာရှင် ခေါင်းဆောင်များသည် အချုပ်အခြာ အာဏာပိုင် နိုင်ငံများ အသိုင်းအဝိုင်း၌ နိုင်ငံ့ ခေါင်းဆောင်များအား လွတ်လပ်မှု၊ အမှီအခိုကင်းမှု၊ တန်းတူညီမျှသော လေးစားမှု စသည်တို့ကို ပေးအပ်သည့် ကမ္ဘာလုံးဆိုင်ရာ မူများကို အခြေခံပြီး လူ့အခွင့်အရေးများကို ဆန့်ကျင် ငြင်းခုံကြကာ ပြည်တွင်း နိုင်ငံရေး၌ ၎င်းတို့ နိုင်ငံတကာတွင် ရရှိသော လွတ်လပ်မှု၊ သဘောထားကြီးမှုနှင့် တန်းတူညီမျှမှုတို့ကို နိုင်ငံသားများထံ ပေးအပ်ရန် ငြင်းဆန်ကြသည်။ အလားတူပင် ဘာသာရေး ခေါင်းဆောင်များသည် ၎င်းတို့၏ ဘာသာရေး တန်ဖိုးများ၊ ကျင့်သုံးမှုများအတွက် လွတ်လပ်စွာ ယုံကြည်ခွင့်၊ သဘောထားကြီးမှုနှင့် တန်းတူညီမျှသော ဆက်ဆံရေးတို့ကို တောင်းဆိုပြီး ၎င်းတို့ ကိုယ်တိုင်၏ အသိုင်းအဝိုင်းများရှိ လူနည်းစု အမြင်များ၊ မတူသော အမြင်ရှိသူများကို အလားတူ အခွင့်အရေးများ ပေးရန် ငြင်းဆန်သည်။ နယ်ချဲ့ဝါဒ ဆန့်ကျင်ရေး စကားသည် မတရားမှုများအပေါ် ကျွန်ုပ်တို့၏ တုံ့ပြန် ဆောင်ရွက်ချက်များကို ပြောဆိုရေးသားရာ၌ ကျွန်ုပ်တို့ အသုံးပြုသည့် ကမ္ဘာလုံး ဆိုင်ရာ

မှုများကို အာရုံစိုက်လာအောင် ပြုလုပ်ရာတွင် အသုံးဝင်သည်။ သို့နှင့်တိုင် လူ့အခွင့်အရေး၏ အခြေခံ ဖြစ်သော လစ်ဘရယ်ဝါဒအပေါ် ဝေဖန်ချက် တစ်ရပ်အဖြစ် အောင်မြင်မှု မရှိဘဲ ဤနယ်ချဲ့စနစ် ဆန့်ကျင်ရေး စကား၏ မအောင်မြင်မှုများ၊ ရှေ့နောက် မညီမှုများက လူ့အခွင့်အရေးများသည် နယ်ချဲ့ စနစ်၏ ဘေးအန္တရာယ်များမှ အကာကွယ် ဖြစ်သည်ကို ထောက်ခံပေးကြသည်။

လူ့အခွင့်အရေးများအား တစ်ကမ္ဘာလုံးတွင် စနစ်သွင်းထားကြပြီး ဖြစ်သည်။ လူ့အခွင့်အရေး လှုပ်ရှားမှု၏ နိုင်ငံရေး ခေါင်းဆောင်များ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများသည် သူ့နည်းသူ့ဟန်နှင့် အင်အားကြီးကြသည်။ ထိုအင်အားကို ဗိုလ်ကျစိုးမိုးရေး လက်နက်တစ်ခုအဖြစ် အလွယ်တကူ အလွဲသုံးစား လုပ်နိုင်၊ အသုံးချနိုင်သည်။ ထိုသို့သော ဗိုလ်ကျစိုးမိုးမှုများကို စိန်ခေါ်ရန် နယ်ချဲ့စနစ် ဆန့်ကျင်ရေး၊ ယဉ်ကျေးမှု နှိုင်းရသဘောတရား အငြင်းအခုံများကို တိုင်တည် ဖော်ပြလေ့ ရှိသော်လည်း ပြီးခဲ့သည့် ဆွေးနွေးချက်များက အဆိုပါ ဗိုလ်ကျ စိုးမိုးမှုများအပေါ် စိန်ခေါ်မှုသည် လူ့အခွင့်အရေး စံနှုန်းများ၊ တန်းတူညီမျှမှုနှင့် လွတ်လပ်မှုကို ဦးစားပေးသည့်၊ ဗိုလ်ကျစိုးမိုးမှုနှင့် ဥပဒေမဲ့ အာဏာများကို သတိပေးသည့် လူ့အခွင့်အရေး စံနှုန်းများ အတွင်းမှပင် လာကြသည်ဟု ပြောဆိုနေသည်။ လူ့အခွင့်အရေး သီအိုရီသည် လူ့အခွင့်အရေးများ အကောင်အထည် ဖော်ရာ၌၊ ကျင့်သုံးရာ၌ အလွဲသုံးစား ပြုမှုများကို အဓိက တည့်မတ်ပေးသည့် အရာ ဖြစ်သည်။

**အနှစ်ချုပ်**

ဒုတိယ ကမ္ဘာစစ်ကြီးသည် ယခုအခါ လူ့အခွင့်အရေးများဟု ခေါ်ဆိုသည့် လူသား၏ အခွင့်အရေးများ အယူအဆကို ခေတ်သစ်တွင် ပြန်လည် အသုံးချရန် အတွက် အဓိက မောင်းနှင်ခဲ့သည့် ဖြစ်ရပ် ဖြစ်သည်။

ကုလသမဂ္ဂ၏ ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းအား ၁၉၄၈ ခုနှစ်တွင် ကြေညာခဲ့သည်။

ကြေညာချက် အသစ်တွင် ပါဝင်သော အခွင့်အရေးများသည် လစ်ဘရယ် နိုင်ငံရေး အစဉ်အလာမှ ထွက်ပေါ် လာခဲ့သော်လည်း လူသားတို့၏ ယုံကြည်မှုစနစ်များ ကွဲပြားခြားနားသည့်အတွက် ထိုအခွင့်အရေးများနှင့် စပ်လျဉ်းပြီး ဒဿနဆိုင်ရာ အကြောင်းပြချက်ကို တရားဝင် ပေးမထားချေ။ လူတစ်ဦး တစ်ယောက်ချင်းစီနှင့် အုပ်စုများသည် ကြေညာချက်ပါ အခွင့်အရေးများအတွက် မိမိတို့၏ ကိုယ်ပိုင် အကြောင်းပြချက်များကို ဖော်ထုတ်တင်ပြရန် ဖြစ်သည်။

လူ့အခွင့်အရေးများအတွက် ကိုယ်ကျင့်သဘောတရားဆိုင်ရာ အကြောင်းပြချက်များအား အောက်ပါ အကြောင်းအရင်း များပေါ်တွင် အခြေခံ၍ တင်ပြကြသည် - လူသား ဂုဏ်သိက္ခာ၊ ဆင်ခြင်နိုင်စွမ်း၊ တစ်ဦးတစ်ယောက်ချင်းစီ၏ လွတ်လပ်မှု၊ လူပုဂ္ဂိုလ်အားလုံး၏ တန်းတူညီမျှဖြစ်မှု၊ ကျွန်ုပ်တို့၏ ဘုံလိုအပ်ချက်များ၊ လူသားပုဂ္ဂိုလ်၏ စွမ်းဆောင်ရည်များနှင့် ပင်မယုံကြည်ချက်များနှင့် ပတ်သက်၍ မတူကြသူများအကြား ဘုံသဘောတူညီချက်။

ယဉ်ကျေးမှု နှိုင်းရဝါဒီများသည် လူ့အခွင့်အရေးများက တန်ဖိုးတစ်စုအား အခြားတန်ဖိုးတစ်စုထက် ပို၍ ဦးစားပေးသည့် အတွက် ဝေဖန်ကြသည်။ အခွင့်အရေး ကာကွယ်သူများက ရှေ့နောက် မညီညွတ်သည့် အမြင်များ ရှိကြသူများမှာ နှိုင်းရဝါဒီများသာ ဖြစ်ပြီး အခွင့်အရေး ဆိုင်ရာ တန်ဖိုးများကို ဦးစားပေးခြင်း အတွက် အလွန် ကောင်းမွန်သည့် အကြောင်းပြချက်များရှိသည်ဟု တုံ့ပြန် ပြောဆိုကြသည်။

လူ့အခွင့်အရေးများသည် နယ်ချဲ့ဝါဒ နိုင်ငံရေး ကျင့်သုံးမှု ဖြစ်သည့် အတွက် ဝေဖန်ခံရသည်။ သို့ရာတွင် ဤသို့ ဝေဖန်ကြသူများ ကိုယ်တိုင်သည်လည်း ရှေ့နောက် ညီညွတ်မှု မရှိဘဲ အာဏာရှင်စနစ်

အုပ်ချုပ်ရေးဒဏ် ခံရသူများကို အကာအကွယ် ပေးရန် စိတ်မဝင်စားကြကြောင်း တွေ့ရသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

လူ့အခွင့်အရေးများအတွက် မည်သည့် အကြောင်းပြချက်သည် သင့်အတွက် လက်ခံနိုင်စရာ အကောင်းဆုံး ဖြစ်သနည်း။

လူ့အခွင့်အရေးသည် တန်းဖိုးတစ်စုအား အခြားတန်ဖိုးတစ်စုထက် ပို၍ ဦးစားပေးသည်ဟု ဆိုကြသူများအား သင့်အနေဖြင့် မည်ကဲ့သို့ ချေပ ပြောဆိုမည်နည်း။

## လူ့အခွင့်အရေး အမျိုးအစားများ - လွတ်လပ်မှုနှင့် ဖူလုံမှု အခွင့်အရေးများ

ယနေ့အချိန်အခါ၌ လူ့အခွင့်အရေးတွင် အဓိက စာချုပ်စာတမ်း သုံးခုရှိပြီး ယင်းတို့မှာ ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICCPR) နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICESCR) တို့ ဖြစ်သည်။ ဤစာချုပ်စာတမ်းများ အစုအပေါင်းသည် လူ့အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ ဥပဒေစာတမ်း ဖြစ်သည်။ နိုင်ငံတကာ သဘောတူစာချုပ် နှစ်ခုသည် ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းကို လက်တွေ့ အကောင်အထည် ဖော်သည်။ ၎င်းတို့ကို UDHR အတွင်း အခွင့်အရေး ပုံစံ နှစ်မျိုးဟု မကြာခဏ ရှုမြင်လေ့ရှိကြသည့် အခွင့်အရေးများကို ကိုယ်စားပြုပြီး ကုလသမဂ္ဂ အတွင်း ပေါ်ထွက်လာနေသည့် လူ့အခွင့်အရေး ယန္တရားနှင့် ကမ္ဘာ့နိုင်ငံရေး၏ လိုအပ်ချက်များကို တုံ့ပြန်သည့် ပုံစံဖြင့် ဤအခွင့်အရေး ပုံစံနှစ်မျိုးကို ပိုမို၍ ပြည့်စုံစွာ ရှင်းလင်းဖော်ပြသည်။ ဤနေရာ၌ ကျွန်ုပ်တို့အတွက် စိတ်ဝင်စားစရာ ကောင်းသည်မှာ သဘောတူ စာချုပ် နှစ်ခုသည် လူ့အခွင့်အရေးများ၏ နိုင်ငံရေး သဘောသဘာဝ၊ စံနှုန်းပြု သဘောသဘာဝတို့အပေါ် အငြင်းအခုံများကို ကိုယ်စားပြုပုံ ဖြစ်သည်။

ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများသည်၊ အထူးသဖြင့် ၁၈ ရာစု၌ ဥရောပနှင့် အမေရိကန် ပြည်ထောင်စုတို့မှ ပေါ်ထွက်လာခဲ့ကြစဉ်၊ နိုင်ငံရေး အခွင့်အရေးများ ဆွေးနွေးမှုနှင့် လက်တွေ့ကျင့်သုံးမှု အစဉ်အလာ၏ ဗဟိုချက်မ၌ ရှိသည့် အခွင့်အရေးများ ဖြစ်သည်ဟု ရှုမြင်ကြသည်။ လွတ်လပ်စွာ ပြောဆိုခွင့်၊ ကျွန်စနစ်မှ လွတ်လပ်ခွင့်၊ ဘာသာရေး လွတ်လပ်ခွင့်နှင့် ဥပဒေ ရှေ့မှောက်၌ တန်းတူညီမျှ ဖြစ်မှု တို့သည် စံပြနမူနာ အခွင့်အရေးများ ဖြစ်သည်။ ဤသည်နှင့် ဆန့်ကျင်၍ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ်၌ ပြဋ္ဌာန်းထားသည့် အခွင့်အရေး အများအပြားသည် အခြားအမျိုးအစားထဲ ဝင်ကြသည်။ ICCPR ၏ အခွင့်အရေးများသည် လစ်ဘရယ် အစဉ်အလာ၏ ပင်မအခွင့်အရေးများ၊ အခြေခံ အခွင့်အရေးများ (‘liberty rights’) ဖြစ်ကြပြီး ICESCR ၏ အခွင့်အရေးများမှာ ကောင်းမွန်စွာ နေထိုင်သည့် လူသား ဘဝတစ်ခုနှင့် ပတ်သက် ကျွန်ုပ်တို့အားလုံး၌ ဘုံအဖြစ် ရှိကြသော မျှော်မှန်းချက်များ၊ ပန်းတိုင်များ (‘welfare rights’) ဖြစ်ကြသည်ဟု ငြင်းခုံကြလေ့ ရှိသည်။ ဤအခွင့်အရေးများတွင် တရားမျှတပြီး ကောင်းမွန်သော အလုပ်အကိုင် အခြေအနေများ၊ လုံလောက်သော လူနေမှုအဆင့်အတန်း၊ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ယဉ်ကျေးမှုဘဝ၌ ပါဝင်ဆင်နွှဲမှု စသည်တို့ ပါဝင်သည်။

ဤအငြင်းအခုံအတွင်း နစ်ဝင်နေကြသည်မှာ မည်သည့် နိုင်ငံရေး အယူအဆများအား အခွင့်အရေး ဘာသာစကားကို အသုံးပြုလျက် တရားနည်းလမ်းတကျ မြှင့်တင်ပေးနိုင်သည်နှင့် စပ်လျဉ်း၍ သမိုင်း၊ အယူဝါဒ၊ နိုင်ငံရေး၊ စံနှုန်း၊ ဒဿန ဆိုင်ရာ ကွဲပြား ခြားနားမှုများ ဖြစ်သည်။ ဤနေရာ၌ ကျွန်ုပ်တို့သည် ဤကွဲပြား ခြားနားချက်များ အားလုံးကို အကျိုးရှိရှိ ချိတ်ဆက်ပေးသည်ဟု မှတ်ယူကြသည့် အဓိက အက်ကြောင်းများထဲမှ တစ်ခုကို ဆွေးနွေးသွားပါသည်။

## ရှောင်ကြဉ်ရန်/လုပ်ဆောင်ရန်ခွဲခြားသတ်မှတ်ချက်

လူ့အခွင့်အရေး အမျိုးအစားများကို သီအိုရီ ဖော်ထုတ်ရာ၌ မူလအက်ကြောင်းမှာ သက်ဆိုင်ရာ အခွင့်အရေးများ၏ စံနှုန်းပြု သဘောသဘာဝ၊ ဒဿန သဘောသဘာဝကို ရည်ညွှန်းသည့် ရှောင်ကြဉ်ရန်/ လုပ်ဆောင်ရန် ခွဲခြားသတ်မှတ်ချက်က ဖော်ပြနေသည့် အက်ကြောင်း ဖြစ်သည်။ ဤခွဲခြား သတ်မှတ်ပုံအရ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများအား ရှောင်ကြဉ်ရမည့် အခွင့်အရေးများ (negative rights) ဟု မှတ်ယူကြပြီး စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများအား လုပ်ဆောင်ပေးရမည့် အခွင့်အရေးများ (positive rights) ဟု ယူဆကြသည်။ ဤစကားရပ်များ၏ အဓိပ္ပာယ်မှာ အဘယ်နည်း။

| **စာသေတ္တာ ၁.၆ ယူဆချက်များကို မေးခွန်းထုတ်ခြင်း - ရှောင်ကြဉ်ရမည့်အခွင့်အရေးများနှင့် လုပ်ဆောင်ရမည့် အခွင့်အရေးများ** |
|---|
| ရှောင်ကြဉ်ရမည့် အခွင့်အရေးများသည် မစွက်ဖက်ရေး အခွင့်အရေးများ ဖြစ်ပြီး လုပ်ဆောင်ပေးရမည့် အခွင့်အရေးများသည် လုပ်ဆောင်ချက်အပေါ် အခြေခံသည်ဟု ပုံမှန်အားဖြင့် မှတ်ယူလေ့ရှိကြသည်။ ဤအချက်အပေါ် အခြေခံ၍ ကျွန်ုပ်အနေဖြင့် လွတ်လပ်စွာ ပြောဆိုခွင့်ကို ကျင့်သုံးရန်အတွက် ကျွန်ုပ်အား စကားပြောရန် မူလအတိုင်း လွှတ်ထားရန်သာ လိုသည်။ သို့ရာတွင် ကျွန်ုပ်၏ ပညာသင်ယူခွင့်အတွက် ဆိုလျှင် ကျောင်းဆောက်ခြင်း၊ ဆရာများကို လေ့ကျင့်ပေးခြင်း စသည်များ များစွာ ပြုလုပ်ပေးရန် လိုပေလိမ့်မည်။ သို့သော်လည်း လွတ်လပ်စွာပြောဆိုခွင့်နှင့် ပညာသင်ယူခွင့်တို့အား ကျွန်ုပ်တို့ပြုလုပ်သည့် လုပ်ငန်းဆောင်တာများ အဖြစ် မဟုတ်ဘဲ အခွင့်အရေးများအဖြစ် စဉ်းစားကြည့်မည်ဆိုလျှင် ယခုဖော်ပြပါ ရှင်းနေသည်ဟုဆိုကြသည့် negative/positive ခွဲခြားသတ်မှတ်ချက်ကို ပယ်ဖျက်ရန် သီအိုရီ အရရော၊ ရုပ်ပိုင်းဆိုင်ရာ အရပါ အထောက်အကူများ လိုသည်။ ပညာသင်ယူခွင့်သည် အစိုးရထံမှ လုပ်ဆောင်ပေးမှု လိုအပ်သလို အာမခံထားသော လွတ်လပ်စွာ ပြောဆိုခွင့်သည်လည်း အလားတူ လုပ်ဆောင်ပေးမှု လိုအပ်သည်။ ဤအခွင့်အရေးကို ပြဋ္ဌာန်းထားသည် အင်စတီကျူးရှင်း စနစ် တစ်ရပ်နှင့် ချိုးဖောက်ခံရပါက အကာအကွယ် ပေးရန် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အထောက်အပံ့လိုသည်။ လူတို့ လွတ်လပ်စွာ ပြောဆိုနိုင်ရန် လူမှုရေးနှင့် အင်စတီကျူးရှင်း ရပ်ဝန်းများ ဖန်တီးပေးခြင်း၊ အသေအချာ ထားရှိခြင်းတို့သည် ပညာသင်ယူခွင့်အား အခွင့်အရေး တစ်ရပ် အဖြစ် ပေးအပ်သည့်အခါ လိုအပ်သည့် အားတက်သရော ရင်းနှီးမြုပ်နှံမှု လုပ်ဆောင်ပေးခြင်းတို့ လိုအပ်ကြောင်း တွေ့ရသည်။ |

ရှောင်ကြဉ်ရမည့်အခွင့်အရေးများ နောက်ကွယ်မှ အယူအဆမှာ ဤအခွင့်အရေးများအတွက် အစိုးရသည် လုပ်ရပ်များမှ ရှောင်ကြဉ်ရန်သာ လိုသည်။ လူတစ်ယောက်အတွက် လွတ်လပ်စွာ ဖွဲ့စည်းခွင့်ရရှိရန် အစိုးရ

အနေဖြင့် ထိုပုဂ္ဂိုလ်အား ဟန်တားနှောင့်ယှက်ခြင်းမှ ရှောင်ကြဉ်ရန်သာ လိုသည်ဟု ပြောလိုခြင်း ဖြစ်သည်။ ဤသည်နှင့် ဆန့်ကျင်၍ လုပ်ဆောင်ပေးရမည့် အခွင့်အရေးတစ်ခုသည် အစိုးရအား သိသိသာသာ လုပ်ဆောင်ရန် လိုအပ်သည်။ ကျန်းမာရေး စောင့်ရှောက်ခွင့် အခွင့်အရေးသည် (အနည်းဆုံး) အစိုးရအား သင်နေမကောင်း ဖြစ်သည့်အခါ သင့်ကို ဆရာဝန်တစ်ဦးနှင့် ချိတ်ဆက်ပေးရန် လိုအပ်သည်။

ခွဲခြားသတ်မှတ်ချက်၏ နောက်အစိတ်အပိုင်း တစ်ခုမှာ ရှောင်ကြဉ်ရမည့် အခွင့်အရေးများအား ချက်ချင်း လက်ငင်း အကောင်အထည် ဖော်နိုင်ပြီး လုပ်ဆောင်ပေးရမည့် အခွင့်အရေးများအား ဖြည်းဖြည်းချင်း အကောင်အထည် ဖော်ရသည်ဟူ၍ ဖြစ်သည်။ ဥပမာပြရလျှင် သင်သည် လွတ်လပ်စွာ ပြောဆိုခွင့် မရှိသည့် လူ့အဖွဲ့အစည်း တစ်ခု၌ နေသည်ဆိုလျှင် ထိုလွတ်လပ်ခွင့်ကို ကန့်သတ်ထားသည့် လုပ်ဆောင်ချက်များကို ပြန်လည် ရုတ်သိမ်းခြင်းဖြင့် ဤအခြေအနေကို ပြောင်းလဲ၍ လူတို့ကို ၎င်းတို့စိတ်ကြိုက် ပြောဆို၊ ရေးသား၊ ထုတ်ဝေခွင့် ပြုပေးနိုင်သည်။ သို့ရာတွင် သင့်တင့်လျောက်ပတ်သော လူနေမှုအဆင့်အတန်းသည် အစိုးရ တစ်ရပ်က တစ်ချက်လွှတ် အမိန့်ဖြင့် ၎င်း၏ နိုင်ငံသားများအတွက် ထုတ်လုပ်ပေးနိုင်သော အခွင့်အရေး မဟုတ်ချေ။ ဆင်းရဲသည့် လူ့အဖွဲ့အစည်းများ၌ အကောင်းအဆုံး အခြေအနေများ၌ပင် နှစ်ပေါင်းများစွာကြာ ဆက်တိုက်ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာခဲ့ပြီးမှသာ ဤအခွင့်အရေးကို ဖြည့်ဆည်းပေးနိုင်ပေလိမ့်မည်။

နောက်ထပ် ငြင်းခုံချက် တစ်ခုမှာ လုပ်ဆောင်ပေးရမည့် အခွင့်အရေးများသည် ရှောင်ကြဉ်ရမည့် အခွင့်အရေးများကဲ့သို့ တရားရုံးတင် အမှုဖွင့်စေနိုင်သည့် အခွင့်အရေးများ မဟုတ်ချေ။ ဆိုလိုသည်မှာ လုပ်ဆောင်ပေးရမည့် အခွင့်အရေးတစ်ခုကို ဖြည့်ဆည်းပေးရန် မည်သူတွင် တာဝန်ရှိသည်ကို ဖြေရှင်း၍ မရနိုင်ပေ။ ပြည်သူ့အခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေးများကို ဥပမာအဖြစ် ကြည့်ကြပါစို့။ ကျွန်ုပ်သည် ဘာသာရေး လွတ်လပ်ခွင့် ငြင်းပယ်ခံရသည့်အခါ၊ ညှဉ်းပန်း နှိပ်စက်ခြင်း ခံရသည့်အခါ သို့မဟုတ် တရား ဥပဒေ ရှေ့မှောက်၌ ညီတူညီမျှ ဆက်ဆံခြင်း မခံရသည့်အခါ ဤသည်တို့အတွက် မည်သူတို့တွင် တာဝန်ရှိသည်၊ တည့်မတ်ပေးရန် မည်သည်တို့ကို လုပ်ဆောင်ရမည်ကို တရားရုံး တစ်ခုခု အနေဖြင့် ဆုံးဖြတ်ရန် ရိုးစင်းသော ကိစ္စဖြစ်သည်။ ကျွန်ုပ်၏ အခွင့်အရေးများ ချိုးဖောက်ခံရမှုတွင် တရားရုံးတင် ဖြေရှင်းနိုင်သော ကုစားမှု ရှိသည်။ အခြားတစ်ဘက်တွင် ကျွန်ုပ်သည် ဆင်းရဲသည့် နိုင်ငံတစ်နိုင်ငံ၌ အစားအသောက်၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အလုပ်အကိုင်၊ ပညာရေး စသည်တို့ကို အပြည့်အဝ မရရှိနိုင်သည့်အခါ ဤအခြေအနေအတွက် မည်သူတွင် တာဝန်ရှိသည်၊ မည်သည်ကို လုပ်ဆောင်ပေးရမည် စသည့် ကိစ္စများမှာ ဖြေရှင်းရန် ပိုမို၍ ခက်ခဲသည်။ ဤကိစ္စမှာ ရှုပ်ထွေးလွန်းသည့်အတွက် တရားရုံးတင် ဖြေရှင်း၍ မရဟု လူအများအပြားက ငြင်းခုံကြသည်။

### အခွင့်အရေးများ၏ တစ်ခုနှင့်တစ်ခု ခွဲခြား၍ မရမှု

သို့ရာတွင် နောက်ထပ်လေ့လာ စူးစမ်းမှုများက အထက်တွင် တင်ပြခဲ့သည့် ခွဲခြားသတ်မှတ်ချက်သည် အခွင့်အရေး အမျိုးအစားများနှင့် ၎င်းတို့ကို ရရှိနိုင်သည့် အခြေအနေများကို ခွဲခြားရာ၌ တစ်ချိန်တည်းတွင် အလွန်အကျွံ ဖြစ်နေသလို လုံလောက်မှုလည်း မရှိဟု ပြသနေသည်။ ပို၍ကောင်းမွန်သော ချဉ်းကပ်နည်း တစ်ခုကို အကြံမပြုမီ အဘယ်ကြောင့် ဤသို့ဖြစ်ရသည်ကို လေ့လာကြည့်ကြပါစို့။

အစောပိုင်း ဥပမာများထံ ပြန်သွားလျှင် ကျွန်ုပ်တို့သည် ပိုမို၍ အဆင့်မြင့်သည့် စိတ်ဖြာလေ့လာချက်တစ်ခု လိုအပ်သည်ကို တွေ့ရပေမည်။ အစိုးရသည် လုပ်ငန်းဆောင်တာ တစ်ခုခုမှ ရှောင်ကြဉ်ရုံမျှဖြင့် လူပုဂ္ဂိုလ် တစ်ဦးသည် ၎င်း၏ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ကို ရရှိကောင်း ရရှိနိုင်သည်။ သို့နှင့်တိုင် အကယ်၍ အစိုးရ အဖွဲ့အစည်း တစ်ခုသည် သင်၏ အခွင့်အရေးကို ချိုးဖောက်ရန် ကြိုးစားမည်ဆိုလျှင် သင့်အနေဖြင့် သင်၏ လွတ်လပ်မှုကို အခွင့်အရေးတစ်ခု အနေဖြင့် ရရှိခံစားနိုင်ရန် သင်အသုံးပြုနိုင်သည့် အင်စတီကျူးရှင်း လိုအပ်သည်။ ရဲသားတစ်ယောက်သည် သင့်ကို မတရားသဖြင့် ထိန်းသိမ်းမည်ဆိုပါက သင်သည် သင်၏ အခွင့်အရေးကို တောင်းဆိုနိုင်ရန် သင့်အား အကူအညီပေးနိုင်မည့် တရားရုံးများ၊ ရှေ့နေများ၊ ဥပဒေများနှင့် အခြား နိုင်ငံတော် ယန္တရားများ လိုအပ်ပေလိမ့်မည်။ ရှောင်ကြဉ်ရမည့် အခွင့်အရေးများကို ခံစား နိုင်ကြစေရန် နိုင်ငံတော်သည် များစွာ လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း တွေ့လာရသည်။ အလားတူပင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ပတ်သက်၍လည်း ဤအခွင့်အရေးကို အာမခံပေးသည့်၊ အကာအကွယ် ပေးသည့် အစီအမံများ နေရာတကျ ရှိနေပြီဆိုလျှင် အစိုးရသည် သင့်အား လွတ်လပ်စွာ ပြောဆိုခွင့်ကို အခွင့်အရေး တစ်ခုအဖြစ် ပေးနိုင်သည်။ ဤအစီအမံများ နေရာတကျ ရှိနေသေးလျှင် ၎င်းတို့ကို တည်ထောင်ရန်၊ ပုံမှန်လည်ပတ်ရန် အချိန်ကြာပေလိမ့်မည်။ ရှောင်ကြဉ်ရမည့် အခွင့်အရေးများသည် အာမခံချက် ရှိရန်၊ အကာအကွယ် ရှိရန်၊ တရားရုံးတင်၍ ဖြေရှင်းချက် တောင်းနိုင်ရန် အစိုးရ၏ လုပ်ဆောင်ချက်များ လိုအပ်သည်။ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေးတို့နှင့် ပတ်သက်သည့် လုပ်ဆောင်ပေးရမည့် အခွင့်အရေးများသည်လည်း အလားတူပင် ဖြစ်သည်။ ဤအခွင့်အရေးများ စနစ်တကျ ဖြစ်နေသည့် လူ့အဖွဲ့အစည်းများ၌ ၎င်းတို့သည် တရားရုံးတက်၍ တောင်းဆိုနိုင်သော အခွင့်အရေးများ ဖြစ်နေကြသည်။ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများက ဤကဲ့သို့ စနစ်တကျ ဖြစ်မှုကို နှောင့်နှေးစေသည့် လူ့အဖွဲ့အစည်းများ၌ သတင်းစာ လွတ်လပ်ခွင့်ရော ကျန်းမာရေး စောင့်ရှောက်မှု ရရှိခွင့်ပါ အလားတူ စနစ်ပိုင်းဆိုင်ရာ အခက်အခဲများကို ကြုံတွေ့ရနိုင်သည်။

ဤအခြေအနေကို အသိအမှတ်ပြုလျက် ပညာရှင်များသည် ဖြည့်ဆည်းပေးရန်အတွက် လုပ်ဆောင်ချက် နည်းနည်း လိုအပ်သော၊ များများ လိုအပ်သော၊ စံနှုန်း ပြဋ္ဌာန်းမှု အတိုင်းအတာ မတူကြသော အခွင့်အရေးများအား ခွဲခြား သတ်မှတ်စေနိုင်သော ပိုမို၍ အဆင့်မြင့်သည့် အခွင့်အရေး အမျိုးအစား သတ်မှတ်မှု ပုံစံများကို ဆက်လက်၍ ဖော်ထုတ်လာခဲ့ကြသည် (Koch, 2009)။ ဟန်နီရှူး (Henry Shue 1980) သည် ငြင်းပယ်ခြင်းမှ ရှောင်ကြဉ်ရန်၊ ငြင်းပယ်ခံရမှုမှ အကာအကွယ်ပေးရန်နှင့် ငြင်းပယ်ခံရသူတို့ကို အကူအညီပေးရမည့် တာဝန်တို့အကြောင်း ရေးသားခဲ့သည်။ အက်စ်ဘိုဂျွန် အစ်ဒီ (ASbojorn Eide 1989) သည် လေးစားရမည့်၊ အကာအကွယ်ပေးရမည့်၊ ကူညီပေးရမည့်၊ ဖြည့်ဆည်းပေးရမည့် တာဝန်တို့ကို ဖော်ထုတ်တင်ပြခဲ့သည်။ အခြားသူများလည်း အလားတူ ချိန်ခွင်များကို ဖန်တီးပေးခဲ့သည်။ ဤပညာရှင်များ စုပေါင်း၍ အစ်ဒီ၏ အချက်ကို အားဖြည့်ပေးခဲ့ကြသည်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများအားလုံး တစ်ခုချင်းစီသည် သတ်သတ်မှတ်မှတ် အခြေအနေများ အပေါ် မူတည်၍ ဘာမှလုပ်ရန် မလိုအပ်သော မစွက်ဖက်မှုမှသည် တစ်ဦးချင်း လိုအပ်ချက်များအား ဖြည့်ဆည်းပေးသည့် တက်တက်ကြွကြွ လုပ်ဆောင်ပေးခြင်းအထိ လုပ်ဆောင်ချက် အမျိုးမျိုး လိုအပ်သည် (Koch, 2009, p.15 တွင် ကိုးကားဖော်ပြထားသည်)။

လူ့အခွင့်အရေးများသည် အားလုံး အတူတူ မဟုတ်စေကာမူ ၁၉၉၃ ဗီယင်နာ ကြေညာစာတမ်းနှင့် လုပ်ငန်း အစီအစဉ်ကို ကိုးကား၍ ပြောရမည်ဆိုလျှင် ၎င်းတို့သည် တစ်ခုနှင့်တစ်ခု ခွဲခြား၍မရ၊ အပြန်အလှန်

မှီခိုနေကြပြီး အချင်းချင်း ချိတ်ဆက်နေကြသည်ဟု အခိုင်အမာ ပြောနိုင်ကြောင်း အထက်ပါ ကောက်ချက်က ပြဆိုနေသည်။ ကြေညာချက်က နိုင်ငံတကာ အသိုင်းအဝိုင်းသည် လူ့အခွင့်အရေးများအား တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် မျှတစွာ၊ ညီမျှစွာ၊ အဆင့်တူညီစွာနှင့် အလေးအနက်ထားမှု တူညီစွာဖြင့် သတ်မှတ် ဆက်ဆံရမည်ဟု ဆက်လက်၍ ဆိုထားသည်။ ဤဆော်ဩမှုကို လိုက်နာခြင်း မရှိကြသည်မှာ ရှင်းနေသည်။ သို့နှင့်တိုင် မကြာသေးသည့် ဆယ်စုနှစ်များအတွင်း လူ့အခွင့်အရေးများကို အကာအကွယ် ပေးရာ၌ အောင်မြင် တိုးတက်ရေးအတွက် မျှော်လင့်ချက်များနှင့် အထောက်အထားများမှာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများအား တစ်ခုမှတစ်ခု အလွယ်တကူ ခွာပစ်၍မရ၊ ဤအခွင့်အရေး အုပ်စုများအား လက်တွေ့နှင့် အင်စတီကျူးရှင်း နယ်ပယ်၌ ရရှိ ခံစားမှုတို့သည် ဗီယင်နာ ကြေညာချက်က ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့် နိုင်ငံရေး စီမံကိန်းကြီး အပေါ် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ ရှိသည်ဟု ပြန်လည် နားလည် သဘောပေါက် လာကြခြင်း ဖြစ်သည်။

**အနှစ်ချုပ်**

ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် အခြားသော ကုလသမဂ္ဂ လူ့အခွင့်အရေး အစီအမံများတွင် လွတ်လပ်မှု အခွင့်အရေးများရော ဖူလုံမှု အခွင့်အရေးများပါ ပါဝင်သည်။
ဤအခွင့်အရေး အမျိုးအစားနှစ်ခုအကြား ခွဲခြားသတ်မှတ်ချက်အား မူလ ရှောင်ကြဉ်ရန်/ လုပ်ဆောင်ပေးရန် ဟူသော ခွဲခြားသတ်မှတ်ချက်ကို အသုံးပြု၍ ဖော်ပြလေ့ရှိကြသည်။

ရှောင်ကြဉ်ရမည့် အခွင့်အရေးများကို ရရှိခံစားစေနိုင်ရန်အတွက် ဘာမှလုပ်ပေးရန် မလိုသော မစွက်ဖက်မှုသာလိုပြီး လုပ်ဆောင်ပေးရမည့် အခွင့်အရေးများကို ရရှိခံစားနိုင်စေရန် အစိုးရ သို့မဟုတ် အစိုးရများကိုယ်စားပြု ကိုယ်စားလှယ်များက တက်တက်ကြွကြွ လုပ်ဆောင်ပေးရန် လိုသည်ဟု ပြောကြသည်။

အနီးကပ်လေ့လာကြည့်သည့်အခါ ဤသည်မှာ မှားယွင်းသော အတွဲ ဖြစ်ကြောင်း တွေ့ရသည်။ လွတ်လပ်မှု အခွင့်အရေးများရော ဖူလုံမှု အခွင့်အရေးများပါ မတူသော လုပ်ဆောင်သူများ၏ လေးစားမှု၊ အကာအကွယ်ပေးမှု၊ အကူအညီပေးမှုနှင့် ဖြည့်ဆည်းပေးမှု စသည်တို့အား ရှုပ်ထွေးနက်နဲသည့် ပုံစံအမျိုးမျိုးဖြင့် ပေါင်းစပ် လုပ်ဆောင်ပေးရန် လိုအပ်သည်။

ယခု လေ့လာသုံးသပ်ချက်သည် လူ့အခွင့်အရေးများသည် တစ်ခုနှင့်တစ်ခု ခွဲခြမ်း၍မရ၊ အပြန်အလှန် မှီခိုနေကြသည်၊ အပြန်အလှန် ချိန်ဆက်နေကြသည်ဟူသော ခေတ်သစ် လူ့အခွင့်အရေး သမိုင်း၌ ကြိမ်ဖန်ထပ်ခါ တွေ့ရသည့် အကြောင်းအရာကို ပိုမို၍ ထင်ရှားစေသည်။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

လွတ်လပ်မှု အခွင့်အရေးများရော ဖူလုံမှု အခွင့်အရေမျှားပါ ရရှိခံစားနိုင်စေရန် အင်စတီကျူးရှင်းများနှင့် နိုင်ငံတော်၏ လုပ်ဆောင်ချက် လိုအပ်ကြောင်း အသိအမှတ်ပြုရန် အဘယ်ကြောင့် အရေးပါသနည်း။

## အုပ်စု အခွင့်အရေးများ

မျက်မှောက်ခေတ် လူ့အခွင့်အရေး စီမံကိန်းအတွင်း ဖော်ထုတ်လာခဲ့သည့် လူ့အခွင့်အရေး အများပြား၌ စုပေါင်းသဘော သို့မဟုတ် အုပ်စုသဘော ပါဝင်နေသည်။ ရှေ့ပိုင်းအခန်းတွင် ဆွေးနွေးခဲ့သည့် ကုလသမဂ္ဂ သဘောတူစာချုပ် နှစ်ခုသည် တချို့သော အခွင့်အရေးများအား လူမျိုးအားလုံး (all peoples) ထံ ပေးအပ်ပြီး ၎င်းတို့အထဲမှ နာမည် အကြီးဆုံးမှာ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ဖြစ်သည်။ တစ်ဦး တစ်ယောက်ချင်း အခွင့်အရေးများအဖြစ် မှတ်ယူလေ့ရှိကြသည့် အထက်တွင် ဆွေးနွေးပြီး လွတ်လပ်မှု အခွင့်အရေးများနှင့် ဖူလုံမှု အခွင့်အရေးများရော ခေတ်သစ် လူ့အခွင့်အရေးများ ဖြစ်ပေါ် တိုးတက်မှုကိုပါ စုပေါင်းညီညွတ်မှု အခွင့်အရေးများ (solidarity rights) ဖြစ်ပေါ် တိုးတက်မှု အဖြစ် ရှုမြင်ကြသည်။ ဤအုပ်စု (group) သို့မဟုတ် စုပေါင်း သဘောဆန်သော (collectively oriented) အခွင့်အရေးများမှာ ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းမှု၊ ကျန်းမာသော သဘာဝ ပတ်ဝန်းကျင်၊ ဆက်သွယ်မှု၊ လူသားချင်း စာနာမှု အကူအညီနှင့် လူသား၏ ဘုံအမွေအနှစ် မျှဝေခံစားမှု စသည့် ကောင်းသော အရာများကို ခံစားခွင့်ဖြစ်သည် (P. Jones, 2008b)။

လူ့အခွင့်အရေး သီအိုရီ ဆရာများသည် ဤအခွင့်အရေးများအား မည်ကဲ့သို့ နားလည် သဘောပေါက် သင့်သည်နှင့် ပတ်သက်၍ သိသိသာသာ သဘောထားကွဲလွဲကြသည်။ တချို့သီအိုရီဆရာများက အခြေအနေ တချို့၌ အုပ်စုများသည် အခွင့်အရေး ရှိကြောင်း ပြောနိုင်သော်လည်း ထိုအခွင့်အရေးများသည် အုပ်စု အခွင့်အရေးများ မဖြစ်နိုင်ဟု ငြင်းခုံကြသည်။ တစ်ဦးတစ်ယောက်ချင်း၏ အခွင့်အရေးများအဖြစ် နားလည်သည့် လူ့အခွင့်အရေးများသည် လူတစ်ဦး တစ်ယောက်ချင်းအား ရန်လိုသော အုပ်စုများ၏ အကျိုးစီးပွားများ၊ ရည်ရွယ်ချက်များနှင့် အခွင့်အရေးများမှ အကာအကွယ် ပေးနိုင်သည့်အတွက် စစ်မှန်သော အခွင့်အရေးများအဖြစ် ရှိနေသည်။ အခြားသူများက အထက်တွင် ဆွေးနွေးခဲ့သည် စုပေါင်း ညီညွတ်မှု အခွင့်အရေးများကို ထောက်ပြပြီး လူ့အခွင့်အရေး အမည်ဖြင့် ဆွေးနွေးသည့် အခွင့်အရေး အများအပြားမှာ စုပေါင်း ရရှိခံစားရခြင်း ဖြစ်သည်၊ အမှန်တကယ်တွင် ကျွန်ုပ်တို့ တွန်းလှန် တိုက်ခိုက်ကြသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် တစ်သီးပုဂ္ဂလ သဘောရော အုပ်စု သဘောများပါ ပါနေသည်ဟု ငြင်းခုံကြသည်။ ဤလမ်းကြောင်းအတိုင်း ငြင်းခုံချက်အား မကြာခဏ အကျယ်ချဲ့ကြရာ ယဉ်ကျေးမှု အကြောင်း ကျယ်ပြန့်သည့် အငြင်းအခုံပါ ပါလာပြီး ၎င်းသည် ကိုလိုနီစနစ်လွန် နောက်ခံ အခြေအနေများနှင့် အနောက်တိုင်း မဟုတ်သော နောက်ခံ အခြေအနေများ၌ လူ့အခွင့်အရေး လှုပ်ရှား ဆောင်ရွက်နေသူများ အတွက် အထူး စိတ်ဝင်စားဖွယ်ရာ ဖြစ်လာသည်။ နောက်ထပ် ဆက်စပ်နေသည့် အခက်အခဲ တစ်ခုမှာ ကျွန်ုပ်တို့ လူနည်းစု အခွင့်အရေးများ အကြောင်း စဉ်းစားကြပုံနှင့် သက်ဆိုင်သည် (စာသေတ္တာ ၁.၇ တွင်ရှုပါ)။ ထို့ကြောင့် အုပ်စု အခွင့်အရေးများ အကြောင်း ဆွေးနွေးချက်သည် ယဉ်ကျေးမှု မတူညီမှုများနှင့် ၎င်း၏ လူ့အခွင့်အရေးများကို နားလည် သဘောပေါက်ရာ၌ အရေးပါမှု အကြောင်း ဆွေးနွေးချက်သို့ ဝင်ပေါက် တစ်ခု ဖြစ်သည်။

ဤအငြင်းအခုံအား နားလည် သဘောပေါက်ရန် အထောက်အကူ အပြုဆုံး နည်းလမ်းမှာ ပီတာဂျုန်း (Peter Jones) ၏ လေ့လာသုံးသပ်ချက် ဖြစ်သည် (P. Jones, 1991a, 1999b, 2008a, 2008b)။ ဂျုန်းစ်သည် ဆွေးနွေးမှု၌ အသုံးပြုသည့် မတူသော အုပ်စုအခွင့်အရေး ယူဆချက် နှစ်ခုကို ဖော်ထုတ်ထားပြီး ၎င်းတို့မှာ

အုပ်စုအခွင့်အရေးများဆိုင်ရာ စုပေါင်း ယူဆချက် (collective conception) နှင့် ကော်ပိုရိတ် အယူအဆ (corporate conception) တို့ဖြစ်သည်။ ဤခြားနားချက်မှာ အုပ်စု အခွင့်အရေးများသည် လူ့အခွင့်အရေး ဓမ္မ (morality of human rights)နှင့် သဟဇာတ ဖြစ်မဖြစ်၊ တစ်စိတ်တစ်ဒေသ ဖြစ်မဖြစ် သို့မဟုတ် ၎င်းသည် အခြား မတူသော၊ ပွတ်တိုက်သော ဓမ္မ (morality) တစ်ခုခုမှ ဖြစ်နေသလား ဆိုသည့် ကိစ္စကို စဉ်းစားရာ၌ အရေးပါသည်ဟု သူက ငြင်းခုံထားသည် (P. Jones, 1999b, p.107)။

## အုပ်စုအခွင့်အရေးများဆိုင်ရာ စုပေါင်းယူဆချက်

စုပေါင်း ယူဆချက်အရ အုပ်စုအခွင့်အရေးများကို အကောင်းဆုံး နားလည်သဘောပေါက်ရန် နောက်သို့ တစ်ဆင့်ဆုတ်ပြီး အခွင့်အရေးတစ်ခု ရှိသည်မှာ မည်သည်ကို ဆိုလိုသည်ကို မေးကြည့်ကြပါစို့။ ဤမေးခွန်းကို ဂျုန်းစ်သည် အခွင့်အရေးများဆိုင်ရာ အကျိုးစီးပွား သီအိုရီတစ်ခု၏ အကူအညီဖြင့် ဖြေထားသည် (Raz, 1986 စာအုပ်ကို မှီငြမ်းထားသည်)။ ဤသီအိုရီတွင် ကျွန်ုပ်တို့သည် တစ်စုံတစ်ခု၌ အကျိုးစီးပွား တစ်ခုခုရှိလျှင် ၎င်းအတွက် အခွင့်အရေးရှိသည်။ ထိုအကျိုးစီးပွားမှာ သာမန် အကျိုးစီးပွား တစ်ခုခု မဟုတ်ဘဲ လုံလောက်စွာ အရေးပါမှု ရှိသည့် အကျိုးစီးပွား ဖြစ်ရမည်။ ထိုလုံလောက်စွာ အရေးပါသည့် အကျိုးစီးပွားသည် ကျွန်ုပ်တို့အား အခြားသူတစ်ယောက်အပေါ် တာဝန် သတ်မှတ်နိုင်စေရန် အကြောင်းပြချက် ပေးသည်။ ဤအခွင့်အရေးများဆိုင်ရာ အကျိုးစီးပွား သီအိုရီကို အသုံးပြု၍ ကျွန်ုပ်တို့ အနေဖြင့် အုပ်စုအခွင့်အရေးများ အကြောင်း မည်သို့မည်ပုံ အဓိပ္ပာယ်ရှိရှိ ပြောဆို ဆွေးနွေးနိုင်သည်ကို တွေ့မြင်နိုင်သည်။ အုပ်စု တစ်ခုခု၌ ပါဝင်နေသူများတွင် ဘုံအကျိုးစီးပွားတစ်ခု ရှိနေနိုင်သည်၊ ၎င်းသည် တစ်ဦးတစ်ယောက်ချင်းအတွက် ခိုင်မာချင်မှ ခိုင်မာနိုင်သော်လည်း အခြားသူများနှင့် ဘုံဖြစ်နေသည့်အခါ အဆိုပါ အကျိုးစီးပွားသည် အခွင့်အရေးတစ်ခု ဖြစ်သွားသည်အထိ ခိုင်မာအားကောင်းသွားနိုင်သည်။ ဤနည်းအားဖြင့် အဆိုပါ အကျိုးစီးပွားသည် အခြားလူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများက ထမ်းဆောင်ရမည့် တာဝန်များအတွက် အကြောင်းပြချက် ဖြစ်သည်။

| စာသေတ္တာ ၁.၇ လူနည်းစု အခွင့်အရေးများ |
| --- |
| လူနည်းစုအခွင့်အရေးများသည် အုပ်စုအားဖြင့် ခွဲထွက်နေသည့် အုပ်စုခွဲတစ်ခုအတွက် အကျုံးဝင်ရာ၌ အုပ်စု အခွင့်အရေးများနှင့် ဆင်တူသည်။ ဥပမာ အမျိုးသမီးများ၏ အခွင့်အရေးများ သို့မဟုတ် မိခင် ဘာသာစကား ပြောသူများ၏ အခွင့်အရေးများ ဖြစ်သည်။ လက္ခဏာရပ် နှစ်ခုကြောင့် လူနည်းစု အခွင့်အရေးများအား လူ့အခွင့်အရေး မိသားစုအတွင်း ထည့်သွင်းရန် သင့်လျော်သည်။ ပထမအချက်အနေဖြင့် ၎င်းတို့သည် လူနည်းစု ဖြစ်တည်မှုပုံစံ တစ်မျိုးမျိုးရှိသူ တစ်သီး ပုဂ္ဂလ ပုဂ္ဂိုလ်များအတွက် အကျုံးဝင်သည်။ ဤသည်မှာ အုပ်စုအခွင့်အရေး စုပေါင်း ယူဆချက်နှင့် ဘုံတူသည့် လက္ခဏာရပ် တစ်ခု ဖြစ်သည်။ ဒုတိယအချက်အနေဖြင့် လူနည်းစု အခွင့်အရေးများမှာ ဂျိမ်းစ်ဒဗျူနီကယ် (James W. Nickel) အခေါ် လူနည်းစုများအပေါ် အကျုံးဝင်စေသည့် လူ့အခွင့်အရေးများ (URAMS (universal rights applied to minorities)) ဖြစ်သည့်အတွက် ၎င်းတို့အား လူ့အခွင့်အရေးများအဖြစ် မှတ်ယူနိုင်သည်။ အနီးကပ် ဆန်းစစ်ကြည့်သည့်အခါ လူနည်းစု အခွင့်အရေးများမှာ လူဦးရေထဲမှ အနည်းစု အုပ်စုများ၏ အားနည်းချက်များ သို့မဟုတ် သတ်သတ်မှတ်မှတ် လိုအပ်ချက်များအတွက် ကမ္ဘာလုံးဆိုင်ရာ |

လူ့အခွင့်အရေးများကို အသုံးပြုခြင်း ဖြစ်သည်။ နီကယ် ငြင်းခုံထားသကဲ့သို့ လူနည်းစု အခွင့်အရေးများအဖြစ် အခိုင်အမာ ခွဲခြမ်းထားသည့် အခွင့်အရေးများသည်ပင် လူနည်းစုများအပေါ် အကျုံးဝင်သည့် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးများ ဖြစ်နေနိုင်သည်။ သူသုံးသော ဥပမာတစ်ခုမှာ အမျိုးသမီးများ၏ ကလေးမမွေးမီ ကျန်းမာရေး စောင့်ရှောက်မှု ရရှိခွင့် ဖြစ်သည်။ ဤအခွင့်အရေးသည် အမျိုးသားများ ရနိုင်သော အခွင့်အရေး၊ လူသားအားလုံးအတွက် အကျုံးဝင်သော အခွင့်အရေး ဖြစ်ပုံ မပေါ်ပေ၊ ထို့ကြောင့် တိတိပပဆိုရလျှင် လူ့အခွင့်အရေး မဟုတ်ပေ။ သို့နှင့်တိုင် ကလေးမမွေးမီ ကျန်းမာရေး စောင့်ရှောက်မှု ရရှိခွင့်သည် ကိုယ်ဝန်ဆောင် အမျိုးသမီးများအတွက် သတ်သတ်မှတ်မှတ် အကျုံးဝင်သည့် အခြေခံ ကျန်းမာရေး စောင့်ရှောက်ခွင့်၊ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးအဖြစ် မှတ်ယူနိုင်သည်။ လူနည်းစု အခွင့်အရေးများသည် ပိုမို၍ ကျယ်ပြန့်သည့် ကမ္ဘာလုံးဆိုင်ရာ အခွင့်အရေး တစ်ခုမှ ဆင်းသက်လာခြင်း ဖြစ်ကြောင်း ပြသနိုင်သည့် အခြေအနေများတွင် ၎င်းတို့သည် လူ့အခွင့်အရေးများ ဖြစ်သည်ဟု မှတ်ယူနိုင်ကြောင်း ကောက်ချက်ချခဲ့သည်။

Reference: Nickel, 2007, Chapter 10

အကျိုးစီးပွား သီအိုရီ အလုပ်လုပ်ပုံကို သရုပ်ဖော်ပြရန် ဂျုန်းစ်သည် ဥပမာ နှစ်ခု ပေးခဲ့သည်။ ပထမ ဥပမာတွင် ညစ်ညမ်းစေသည့် စက်ရုံတစ်ရုံ၏ အနီးအနား၌ နေထိုင်သူတို့၏ အကျိုးစီးပွား ပါဝင်ပြီး နောက်ဥပမာတွင် ယဉ်ကျေးမှု လူနည်းစုဝင် ဖြစ်သူများ ပါဝင်သည်။ ဤဥပမာများ၌ လူတစ်ဦး တစ်ယောက်ချင်းစီတွင် ညစ်ညမ်းမှုကို ရပ်တန့်ခိုင်းရန် သို့မဟုတ် ၎င်းတို့၏ ယဉ်ကျေးမှု သရုပ်သဏ္ဍာန် (ဥပမာ ဘာသာစကား အသုံးပြုမှု) ၏ တချို့သော အစိတ်အပိုင်းများကို ထည့်သွင်း စဉ်းစားပေးစေရန် စသည်ဖြင့် အခြားသူများ၏ အပြုအမူကို ပြောင်းလဲစေနိုင်လောက်အောင် ခိုင်မာသည့် အကျိုးစီးပွားများ ရှိချင်မှ ရှိပေလိမ့်မည်။ သို့ရာတွင် အုပ်စုတစ်ခု ဖွဲ့ရန် အတူတကွ ပေါင်းစည်းလာကြသူများ၏ ပေါင်းစပ် အကျိုးစီးပွားများသည် လိုအပ်သည့် ခိုင်မာသော အကြောင်းပြချက်ကို ပေးကောင်းပေးနိုင်သည်။

ကျွန်ုပ်တို့ ဆွေးနွေးချက်အတွက် ဤသည်တို့သည် အရေးကြီးသော အချက်များဖြစ်သည်။ တစ်ဦး တစ်ယောက်ချင်း အဖွဲ့ဝင်များ၏ ဘုံအကျိုး စီးပွားများ စုပေါင်းခြင်းမှ တဆင့် အုပ်စု၏ အခန်းကဏ္ဍ ထွက်ပေါ်လာသည်၊ အုပ်စု၏ အန္တိမ ဖြစ်တည်မှု (moral standing) သည် အုပ်စုဝင်များ၏ အန္တိမ ဖြစ်တည်မှုနှင့် အကျိုးစီးပွားတို့မှ ဆင်းသက်လာပြီး သီးခြား မတည်ရှိ၊ နောက်ဆုံး အချက် အနေဖြင့် အုပ်စု၏ အရေးပါမှုမှာ ၎င်း ကူညီပေးသည့် ဘုံအကျိုးစီးပွားများ မရှိဘဲနှင့် အခွင့်အရေးတစ်ခု ရှိမလာနိုင်သည့် ကိစ္စဖြစ်သည်။ ဤယူဆချက်အရ ကျွန်ုပ်တို့သည် အမှန်တကယ်ပင် အုပ်စု အခွင့်အရေးများ အကြောင်း ပြောဆိုနိုင်ပါသည်၊ သို့သော် ဤအုပ်စု အခွင့်အရေးများသည် စုပေါင်းအုပ်စု ဖွဲ့ထားသည့် လူတစ်ဦး တစ်ယောက်ချင်း၏ အကျိုးစီးပွားများအပေါ် မူတည်သည်။

**အုပ်စုအခွင့်အရေးများဆိုင်ရာ ကော်ပိုရိတ် အယူအဆ**

ကော်ပိုရိတ် အယူအဆတွင် အုပ်စုဖြစ်မှု (groupness) အယူအဆသည် ကျွန်ုပ်တို့ ဆွေးနွေးခဲ့ပြီးသည့် အယူအဆနှင့် ခြားနားသည်။ အုပ်စုသည် ဘုံအကျိုးစီးပွားများ ရှိသည့် တစ်သီးပုဂ္ဂိုလ်များ အစုအဖွဲ့ မဟုတ်ဘဲ

အုပ်စုကိုပင် တစ်သီးပုဂ္ဂိုလ်အဖြစ် ယူဆခြင်း ဖြစ်သည်။ အုပ်စုအား တစ်ခုတည်းသော၊ တစ်သားတည်း ဖြစ်သော အခြင်းအရာ တစ်ခုအဖြစ် ယူဆသည် (P. Jones, 1999b, p.86)။ အုပ်စုတွင် ရှိသည် ဟူသော မည်သည့် အခွင့်အရေးမဆို ၎င်းသည် အုပ်စု၏ အခွင့်အရေးဖြစ်ပြီး တစ်ဦး တစ်ယောက်ချင်း ဖြစ်သော အုပ်စုဝင်များ၏ အခွင့်အရေး မဟုတ်ချေ။

ဤကဲ့သို့ ယူဆထားသည့် အုပ်စုတစ်စုတွင် အခွင့်အရေးများ ရှိပါသလား။ ကျွန်ုပ်တို့အနေဖြင့် ဤမေးခွန်းကို မေးသည့်အခါ တိရစ္ဆာန်များ သို့မဟုတ် အနာဂတ် မျိုးဆက်များတွင် အခွင့်အရေးများ ရှိသလားဟု မေးသည်နှင့် ဆင်တူသည်ဟု ဂျုန်းစ်က ငြင်းခုံထားသည်။ အဖြေသည် ဤအခြင်းအရာများအား ကျွန်ုပ်တို့ အန္တိမ ဖြစ်တည်မှု (moral standing) ပေးသည့်အပေါ် မူတည်သည်။ ဤနေရာ၌ အဓိက မေးခွန်းမှာ အုပ်စုတစ်စုတွင် အုပ်စုဝင်များ၏ အန္တိမ ဖြစ်တည်မှုကြောင့် မဟုတ်ဘဲ အုပ်စု အန္တိမ ဖြစ်တည်မှု ရှိနိုင်၊ မရှိနိုင်ဆိုသော မေးခွန်း ဖြစ်သည်။ အုပ်စု၌ ဤကဲ့သို့ အန္တိမ ဖြစ်တည်မှု ရှိရန် ၎င်းတွင် ရှိသည်ဟု ယူဆသည့် အကျိုးစီးပွားများ၊ အခွင့်အရေးများ မတိုင်မီ ရှိနှင့်သည့် အန္တိမ ထူးခြားမှုရှိသော သရုပ်သဏ္ဍာန် (an identity of moral significance) တစ်ခု ရှိရမည် ဖြစ်သည်။

ဥပမာပြရလျှင် ဤတင်ပြချက်အတိုင်း ဆိုလျှင် နိုင်ငံတစ်နိုင်ငံ (nation) အား သရုပ်သဏ္ဍာန်၊ ဘဝ နေထိုင်မှု ပုံစံတစ်ခု၊ မိမိကိုယ်တိုင်အကြောင်း နားလည် သဘောပေါက်မှု တစ်ခု၊ စရိုက်လက္ခဏာ တစ်ခု ရှိသည့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အပါအဝင် လေးစားသမှုပြုပြီး နိုင်ငံရေးအရ အသိအမှတ် ပြုသင့်သည့် အခြင်းအရာ တစ်ခုအဖြစ် ယူဆပေလိမ့်မည်။ ဤသည်နှင့် ဆန့်ကျင်၍ အုပ်စု အခွင့်အရေးများ အကြောင်း စုပေါင်း ယူဆချက် (collective conception) တွင် နိုင်ငံ ဖြစ်မှုသည် နိုင်ငံသားများ ဖြစ်သည့် လူတစ်ဦး တစ်ယောက်ချင်း၏ အကျိုးစီးပွားနှင့် ဖူလုံမှုတို့ကို အသိအမှတ်ပြု၊ ထမ်းရွက်သည့် အတွက်သာ တန်ဖိုးရှိသည်ဟု ယူဆပေလိမ့်မည် (စာသေတ္တာ ၁.၈ တွင် ရှုပါ)။

## အုပ်စုအခွင့်အရေးများအား လူ့အခွင့်အရေးများအဖြစ် ရှုမြင်ခြင်း

ယူဆချက် နှစ်ခုအကြား ကွဲပြားခြားနားချက်ကို ဤသို့ အကျဉ်းချုပ်နိုင်သည်။ စုပေါင်း ယူဆချက်တွင် အုပ်စု အခွင့်အရေးများသည် အုပ်စုတွင် ပါဝင်သည့် တစ်ဦးတစ်ယောက်ချင်း အုပ်စု အဖွဲ့ဝင်များ၏ အကျိုးစီးပွားများ၏ လုပ်ဆောင်ချက်ဖြစ်သည်၊ ထို့ကြောင့် အုပ်စု အခွင့်အရေးများသည် အမြဲတစေ အုပ်စုအဖွဲ့ဝင်များ အခွင့်အရေးများ၏ လုပ်ဆောင်ချက် ဖြစ်ပေလိမ့်မည်။ ဤအချက်ကြောင့် တချို့သော အုပ်စု အခွင့်အရေးများအား လူ့အခွင့်အရေး ပြောဆို ရေးသားချက်အတွင်း နားလည် သဘောပေါက် နိုင်သည်ဟု ကောက်ချက်ချ၍ ရသည်။ ဤသည်နှင့် ဆန့်ကျင်၍ ကော်ပိုရိတ် ယူဆချက်အရ နားလည် သဘောပေါက်သည့် အုပ်စု အခွင့်အရေးများအား လူ့အခွင့်အရေးများ အဖြစ် မှတ်ယူ၍ မရပေ။ ၎င်းတို့သည် အသိုင်းအဝိုင်း သို့မဟုတ် အုပ်စု စသည်ဖြင့် သီးခြား moral subject နှင့် သက်ဆိုင်ပြီး ၎င်း၏ အခွင့်အရေးများသည် အဖွဲ့ဝင်များ၏ အခွင့်အရေးများမှ သီးခြား ကင်းကွာ၍ တည်ရှိသည်။

| စာသေတ္တာ ၁.၈ အာရှတန်ဖိုးများ အငြင်းအခုံ |
|---|
| အာရှတန်ဖိုးများ အငြင်းအခုံဟု ခေါ်ကြသည့် အငြင်းအခုံသည် လူ့အခွင့်အရေးများ၏ နိုင်ငံရေး ဆန်သည့် သဘောသဘာဝအား ကွက်ကွက်ကွင်းကွင်း သရုပ်ဖော်ပြထားပြီး ဤအခန်း၌ ဆွေးနွေးထားသည့် လွတ်လပ်မှု အခွင့်အရေးများ၊ ဖူလုံမှု အခွင့်အရေးများနှင့် အုပ်စု အခွင့်အရေးများကဲ့သို့ လူ့အခွင့်အရေး ပုံစံအမျိုးမျိုးနှင့် သက်ဆိုင်သည့် ဆွေးနွေးစရာ အငြင်းပွားမှု အများအပြားကို ပေးသည်။ ၁၉၉၀ ခုနှစ်များတွင် အာရှတိုက်ရှိ နိုင်ငံရေး အီလစ်များသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ယဉ်ကျေးမှု၊ ဒဿနနှင့် ဘာသာရေး တို့အကြောင်း ငြင်းခုံချက်များကို အသုံးပြု၍ အနောက်တိုင်း လူ့အခွင့်အရေး ပြောဆို ရေးသားချက်များက ချမှတ်ထားသည့် နိုင်ငံရေး ဦးစားပေးမှုများကို မေးခွန်းထုတ်ခဲ့သည် (Langlois, 2001)။<br><br>ဒေသအတွင်းရှိ ဒီမိုကရေစီ ဆန့်ကျင်သည့် အုပ်ချုပ်သူ အီလစ်များ ဖော်ဆောင်ရန် ကြိုးပမ်းခဲ့သည့် အာရှ ဆိုသည်မှာလည်း နိုင်ငံရေး မျှော်မှန်းချက်တစ်ခု ဖြစ်ပြီး ၎င်းအား အာရှ အတွင်း၌ရော အခြားနေရာ၌မှာ မေးခွန်း ထုတ်ခဲ့ကြသည် (အခြားသော ဒေသများ၌လည်း၊ အထူးသဖြင့် အာဖရိက၌ အလားတူ အငြင်းအခုံများ ပေါ်ပေါက်ခဲ့သည်)။ လွတ်လပ်မှု အခွင့်အရေးများကို ကန့်သတ်ရန် အီလစ်များ၏ စီးပွားရေး အခွင့်အရေးများ (အထူးသဖြင့် ဖွံ့ဖြိုးရေး ပြောဆို ရေးသားချက်) ကို အသုံးပြုမှုနှင့် ယဉ်ကျေးမှုနှင့် ဘာသာရေး အစဉ်အလာများ၊ ကော်ပိုရိတ် ယူဆချက်ဖြင့် နားလည်သော သရုပ်သဏ္ဍာန်များကို တိုင်တည်မှုတို့သည် အပြင်းအထန် ဝေဖန်ခံခဲ့ရသည်။ တဖန် ဤဝေဖန်သူများသည် လက်ရှိ ကြီးစိုးနေသည့် လူ့အခွင့်အရေးများအကြောင်း နိုင်ငံတကာ ပြောဆို ရေးသားချက် အပေါ်လည်း ကျေနပ်အားရခြင်း မရှိဘဲ လက်ရှိ ကြီးစိုးနေသည့် လူ့အခွင့်အရေး ပြောဆို ရေးသားချက် အပြင် မတူသော ယဉ်ကျေးမှု အစဉ်အလာများ၌ မြစ်ဖျားခံပြီး မတူသော နိုင်ငံရေး ဦးစားပေးမှုများကို ကိုယ်စားပြုသည့် အတွေးအခေါ်များ၊ လူမှုရင်းမြစ်များကို မီငြမ်း အသုံးချခဲ့ကြသည် (Langlois, 2001)။ |

အုပ်စု အခွင့်အရေးများနှင့် ကော်ပိုရိတ် ယူဆချက်၏ အန္တရာယ်မှာ အုပ်စု အခွင့်အရေးကို ထောက်ခံသူများက အုပ်စု အခွင့်အရေးများသည် အုပ်စုအတွင်း လူနည်းစုများ သို့မဟုတ် တစ်သီး ပုဂ္ဂလ ပုဂ္ဂိုလ်များနှင့် မဟုတ်ဘဲ အုပ်စုတစ်ခုနှင့် ဆက်စပ်၍သော အန္တိမ ဖြစ်တည်မှု (moral standing) ရှိခြင်းဟု ငြင်းခုံနိုင်သည်။ ဤအချက်က တစ်သီး ပုဂ္ဂလ ပုဂ္ဂိုလ်များထံမှ အပြိုင် တောင်းဆိုမှုများအား ငြင်းပယ်ခြင်း၊ လျစ်လျူရှုခြင်း သို့မဟုတ် နှုတ်ပိတ်ခြင်းတို့ကို ခွင့်ပြုပေးနိုင်ပြီး အုပ်စုအခွင့်အရေးများအား လူ့အခွင့်အရေး များကို ခြိမ်းခြောက်နိုင်စေရန် လမ်းပေါက် ဖွင့်ပေးသည်။ အခြားတစ်ဘက်တွင် စုပေါင်း ယူဆချက်သည် အုပ်စု အခွင့်အရေးများအား တစ်သီးပုဂ္ဂိုလ်၏ အခွင့်အရေးများကို လေးစားစေခြင်းဖြင့် အထက်ဖော်ပြပါ ပဋိပက္ခများ၏ အန္တရာယ်မှ အကာအကွယ်ပေးနိုင်သည်။ ဂျုန်းစ်၏ အမှတ်ရစေသော စကားကိုယူ၍ ပြောရမည်ဆိုလျှင် ဤယူဆချက်သည် တစ်သီး ပုဂ္ဂလ ပုဂ္ဂိုလ်များအား တွက်ဆချက် (moral calculation) မှ ဖယ်ထုတ်ခွင့် မပြုချေ (P. Jones, 1999b, p.93)။ တစ်သီး ပုဂ္ဂလ ပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို အာမခံ ပေးသည့် ယူဆချက် အစီအစဉ် တစ်ခုဖြင့်သာ ကျွန်ုပ်တို့ အနေဖြင့် အုပ်စု အခွင့်အရေးများအား လူ့အခွင့်အရေးများ အဖြစ် လက်ခံနိုင်ပေလိမ့်မည်။ ထို့ကြောင့် အုပ်စု အခွင့်အရေးများအား လူ့အခွင့်အရေး ဓမ္မ (morality of

human rights) ၏ တစ်စိတ်တစ်ဒေသအဖြစ် မှတ်ယူရဆိုလျှင် အဆိုပါ အုပ်စု အခွင့်အရေးများအား စုပေါင်းယူဆချက် (collective conception) ဖြင့် နားလည်ရမည် ဖြစ်သည်။

| **အနှစ်ချုပ်** |
|---|
| လူ့အခွင့်အရေး စံနှုန်းများအား ထိထိရောက်ရောက် အကောင်အထည်ဖော်ခြင်းတွင် သိသာထင်ရှားသော စုပေါင်းဖြစ်မှု သဘောသဘာဝရှိသည်၊ သို့သော် အုပ်စုသို့မဟုတ် စုပေါင်းညီညွတ်မှု အခွင့်အရေးများ (solidarity rights) သည် အမြဲတစေ အငြင်းပွားဖွယ်ရာ ဖြစ်နေခဲ့သည်။<br><br>အုပ်စုအခွင့်အရေးများအား ယူဆချက်နှစ်မျိုးဖြင့် နားလည်သဘောပေါက်နိုင်ပြီး ၎င်းတို့မှာ စုပေါင်းယူဆချက် (collective conception) နှင့် ကော်ပိုရိတ် ယူဆချက် (corporate conception) တို့ ဖြစ်ကြသည်။ စုပေါင်း ယူဆချက်သည် လူတို့၏ တစ်သီးပုဂ္ဂလ အခွင့်အရေးများ၏ ခိုင်မာမှုကို ကာကွယ်ထိန်းသိမ်းပေးသည့် အုပ်စုအခွင့်အရေး ပုံစံတစ်ခုအတွက် နေရာပေးသည်။<br><br>ကော်ပိုရိတ် ယူဆချက်သည် တစ်ဦးတစ်ယောက်ချင်းနှင့် အုပ်စုခွဲများအပေါ် အုပ်စု၏ အင်အားသုံးနိုင်ခြေကို တားဆီးရန် အခြေခံတစ်ခု မပေးသည့်အတွက် ၎င်းသည် ပို၍ ကျယ်ပြောသော လူ့အခွင့်အရေး ဓမ္မနှင့် ပဋိပက္ခဖြစ်သည်။<br><br>**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**<br>အုပ်စုအခွင့်အရေးများအကြောင်း ဆွေးနွေးမှုသည် လူ့အခွင့်အရေး ဓမ္မ၌ တစ်သီးပုဂ္ဂိုလ်၏ အရေးပါမှုကို အဘယ်ကြောင့် ဖော်ပြသနည်း။ |

## လူ့အခွင့်အရေးများအား နိုင်ငံရေး စီမံကိန်းတစ်ခုအဖြစ် ရှုမြင်ကြည့်ခြင်း

တစ်ခါတစ်ရံတွင် လူ့အခွင့်အရေး လှုပ်ရှားမှုသည် ပုံစံအမျိုးမျိုးဖြင့် နိုင်ငံရေး လှုပ်ရှားမှု ဖြစ်နေနိုင်သည်ကို လူ့အခွင့်အရေး စကားက ဖုံးကွယ်ထားတတ်သည်။ တစ်ကမ္ဘာလုံး အကျိုးဝင်မှု၊ လူသားအားလုံးအတွက် ဘုံစံနှုန်းများ၊ သူ့အလိုလို ထင်ရှားနေသည့် အခွင့်အရေးများ စသည်ဖြင့် ပြောဆိုမှုသည် လူ့အခွင့်အရေး များနှင့် သက်ဆိုင်သည့် မေးခွန်းကြီးများ အားလုံးကို ဖြေရှင်းပြီးပြီ ဆိုသော အမြင်မျိုး ဖြစ်စေနိုင်သည်။ သို့ရာတွင် လူ့အခွင့်အရေး အယူအဆ သမိုင်းကို တစ်ချက် စောင်းငဲ့ကြည့်ရုံဖြင့် လူ့အခွင့်အရေး အကြောင်း ကျွန်ုပ်တို့ တိုင်တည်ကြသည့် အရာ အများစုသည် အငြင်းပွားနေကြဆဲ၊ မေးခွန်းထုတ်နေကြဆဲ ဖြစ်သည်။ လူ့အခွင့်အရေးများ၏ နိုင်ငံရေးဆန်သော သဘောသဘာဝသည် အရေးကြီးသည်ဟု ပြောနိုင်သည့် အဆင့်လေးဆင့်ရှိသည်။

ပထမအဆင့်သည် လူ့အခွင့်အရေးများ သမိုင်းစဉ်ဆက် ထွက်ပေါ်လာခဲ့သည့် စံနှုန်း အစဉ်အလာနှင့် သက်ဆိုင်သည်။ လူ့အခွင့်အရေးများ၏ စံနှုန်း အခြေခံများမှာ လစ်ဘရယ် နိုင်ငံရေး သီအိုရီမှ ဖြစ်ပြီး

၎င်းမတိုင်မီ သဘာဝတရား ဥပဒေ အစဉ်အလာမှ ဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် လူ့အခွင့်အရေး ဘာသာစကားအား များပြားလှစွာသော အခြားအစဉ်အလာများတွင် လုပ်ကိုင်နေသူများကပါ ပြောဆိုနေကြပြီး ဤအစဉ်အလာများ လစ်ဘရယ် အစဉ်အလာနှင့် စုဆုံမိခြင်းသည် မေးခွန်းထုတ် စိန်ခေါ်မှုများ၊ အငြင်းပွားမှုများနှင့် သဘောထား ကွဲလွဲမှုများကို ဖန်တီးလျက်ရှိသည်။ လူ့အခွင့်အရေးများ တစ်ကမ္ဘာလုံး အတိုင်းအတာအထိ ပျံ့နှံ့လာသည်နှင့်အမျှ ၎င်းတို့၏ ဖြစ်ပေါ်တိုးတက်မှု၌ လစ်ဘရယ် ချဉ်းကပ်နည်းသည် နောက်ဆုံး အဆုံးအဖြတ်ပေးသူ သို့မဟုတ် ဒိုင်ဖြစ်သင့်သည် ဟူသော အဆိုသည် အလွန်ပင် အငြင်းပွားဖွယ်ရာ ဖြစ်လာသည်။ အလားတူပင် အခြား အစဉ်အလာများမှ တန်ဖိုးများကို လက်ခံကျင့်သုံးခြင်းဖြင့် ရှိရင်းစွဲ လူ့အခွင့်အရေး စနစ်အတွက် ဖြစ်ပေါ်လာသည့် အပြောင်းအလဲများသည်လည်း အငြင်းပွားဖွယ်ရာ ဖြစ်နေသည်။ ဤပဋိပက္ခများကို မည်ကဲ့သို့ ဖြေရှင်းသင့်သည်နှင့် တရားသေ အဖြေများ မရှိပေ။

လူ့အခွင့်အရေးများ နိုင်ငံရေးဆန်ခြင်း၏ ဒုတိယအဆင့်သည် အခွင့်အရေး ကြေညာချက်များနှင့် သက်ဆိုင်သည်။ ဤနေရာ၌ စံပြနမူနာသည် UDHR ဖြစ်သည်၊ သို့သော် ၎င်း၏ရှေ့မှ အစီအမံများနှင့် ကုလသမဂ္ဂ စနစ်နှင့် ဒေသအဆင့်၌ ဖန်တီးထားသည့် နောက်ပိုင်း လူ့အခွင့်အရေး အစီအမံများလည်း ပါဝင်သည်။ လူ့အခွင့်အရေး ကြေညာချက်များမှာ များသောအားဖြင့် နိုင်ငံရေး အာဏာပိုင် တစ်ဖွဲ့၊ တစ်ဦးမှ ခန့်အပ်သည့် ကော်မတီ တစ်ရပ်ရပ်၏ လုပ်ဆောင်ချက် ဖြစ်သည်။ ကြေညာချက်မှ မည်သည်ကို ထည့်သွင်းသည်၊ မည်သည်တို့ကို ချန်လှပ်ထားသည် ဆိုသော ကိစ္စမှာ မူကြမ်းရေးဆွဲရာ၌ ပါဝင်သူများက ဆုံးဖြတ်သည်။ ၎င်းတို့တွင် လူသား၏ လုံးဝ ရှင်းလင်းသော သို့မဟုတ် မပျက်မစီးသော ဆင်ခြင် စဉ်းစားဉာဏ် သို့မဟုတ် ဘာသာရေး မြွက်ကြားချက်များ မရှိပေ။ သူတို့ ကြေညာသည့် အခွင့်အရေးများမှ သူတို့ လှုပ်ရှား လည်ပတ်နေကြရသည့် သမိုင်း၊ နိုင်ငံရေး စီးကြောင်းအပေါ် အလွန်အမင်း မှီတည်နေသည်။ အခွင့်အရေး ကြေညာချက် တစ်ရပ်သည် မည်မျှပင် ကောင်းသည်၊ ဆိုးသည် ဆိုစေကာမူ ၎င်းသည် နိုင်ငံရေး ရလဒ် တစ်ခု၊ အပေးအယူ တစ်ခု၊ အားပြိုင် အကျိုးစီးပွားများအား သံတမန်နည်းအရ ဖြေရှင်းထားချက် တစ်ခု ဖြစ်သည်။ ထို့အတွက် အခွင့်အရေး ကြေညာချက်များအား နိုင်ငံရေး အစီအမံများအဖြစ် အသိအမှတ် ပြုရမည် ဖြစ်သည်။

အခွင့်အရေး စနစ် တစ်ခုအား အကောင်အထည် ဖော်မှုသည် အခွင့်အရေးများ နိုင်ငံရေး ဆန်ခြင်း၏ တတိယ အဆင့် ဖြစ်သည်။ တချို့သော အခြေအနေများအား လူ့အခွင့်အရေး ချိုးဖောက်မှုများအဖြစ် ဖော်ပြရန် ဆုံးဖြတ်ချက်၊ အခြေအနေများကို ပြောင်းလဲပစ်ရန် နိုင်ငံတော် အာဏာကို အသုံးပြုရန် ဆုံးဖြတ်ချက် သို့မဟုတ် လူ့အခွင့်အရေး အမည်ခံ၍ လူပုဂ္ဂိုလ်များအား ထိန်းသိမ်းရန် သို့မဟုတ် လွှတ်ပေးရန် ဆုံးဖြတ်ချက် စသည့် ဆုံးဖြတ်ချက်များ အားလုံးသည် အလွန်ပင် နိုင်ငံရေးဆန်သည့်၊ မလွဲသာ မရှောင်သာ ဒေသ အခြေအနေများ အပေါ် မူတည်သည့် ဆုံးဖြတ်ချက်များ ဖြစ်ကြသည်။ လူ့အသိုင်းအဝိုင်းများ ကွဲပြားစုံလင်မှုကြောင့် တစ်နေရာ၌ အခွင့်အရေး ချိုးဖောက်မှုဟု ယူဆသည့် အရာ တစ်ခုအား အခြားတစ်နေရာ၌ ပုံမှန် လက်သင့်ခံနေခြင်းမျိုး ဖြစ်နေနိုင်သည်။ ဤကွဲပြား ခြားနားချက် များအား တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် တပြေးညီ လက်ခံထားသည့် ဖြေရှင်းနည်း မရှိပေ။

လူ့အခွင့်အရေးများ နိုင်ငံရေးဆန်သည့် စတုတ္ထအဆင့်သည် ကျွန်ုပ်တို့နှင့် ရင်းနှီးမှု အရှိဆုံး ဖြစ်သည်။ အခွင့်အရေးများသည် လူတစ်ဦး တစ်ယောက်ချင်းစီနှင့် အုပ်စုများ၏ လွတ်လပ်ခွင့်များနှင့် လွတ်လပ်မှု

များအား နိုင်ငံတော်၏ အာဏာများမှ အကာအကွယ်ပေးရန် အနောက်တိုင်းတွင် ပေါ်ထွက်ခဲ့ခြင်း ဖြစ်သည်။ လူ့အခွင့်အရေးများ၏ နိုင်ငံရေး စီမံကိန်းမှာ ပိုမို၍ တရားမျှတသော လူမှုပတ်ဝန်းကျင်တစ်ခု ဖန်တီးရန် မျှော်လင့်ချက်ဖြင့် ရှိရင်းစွဲ အာဏာပါဝါ အဆောက်အဦအား တိုက်ခိုက်ရန် ဗျူဟာတစ်ခု ဖြစ်သည်။ ဤတွက်ဆချက်၌ ဒေသတွင်း နောက်ခံအခြေအနေသည် အရာအားလုံးဖြစ်သည်။ ဒေသအခြေအနေသည် လူ့အခွင့်အရေး စံနှုန်းများတွင် နစ်ဝင်နေသည့် မူများအပေါ် သဘောတူ ကြည်ဖြူခြင်း မရှိလျှင် တိုက်ပွဲသည် အတောမသတ်နိုင်ဘဲ စိတ်ပျက် အားငယ်ချင်စရာ ဖြစ်နေပေလိမ့်မည်။

ဤအဆင့် လေးဆင့်အကြား ဘုံရှိသော အရာမှာ လူ့အခွင့်အရေး လုပ်ဆောင်သူများ ကြိုးပမ်းနေကြသည့် စံနှုန်းပြု အစီအစဉ်သည် တစ်ချိန်တည်းတွင် ထုတ်ဖော် ပြသထားသလို မေးခွန်းထုတ်ခြင်း၊ စိန်ခေါ်ခြင်း၊ စစ်ကြော မေးမြန်းခြင်း ခံရသည် (Langlois, 2001; Baxi, 2006)။ စံနှုန်း အစဉ်အလာ တစ်ခုကို ရှင်းပြသည် ဖြစ်စေ၊ အခွင့်အရေး တစ်ခုကို ကြေညာသည် ဖြစ်စေ၊ အခွင့်အရေး စနစ်တစ်ခု၏ အစိတ်အပိုင်း တစ်ခုကို အသုံးချနေသည် ဖြစ်စေ သို့မဟုတ် အင်အားကြီး အကျိုးစီးပွား အုပ်စုများမှ အခွင့်အရေး ချိုးဖောက်ခံရသူများ၏ အခွင့်အရေးများကို ကာကွယ်ပေးနေသည် ဖြစ်စေ၊ ကျွန်ုပ်တို့သည် လူ့အခွင့်အရေးများ၏ တန်ဖိုးနှင့် ၎င်းတို့အား ကိုင်တွယ် ဆက်ဆံသင့်ပုံနှင့် ပတ်သက်၍ နိုင်ငံရေး ယုံကြည်ချက်များကို ဖော်ထုတ် ပြသကြခြင်း ဖြစ်သည်။ ဤယုံကြည်ချက်များကို ကာကွယ်ပြောဆိုခြင်းသည် လူ့အခွင့်အရေး စီမံကိန်း၏ မပါမဖြစ်သော အစိတ်အပိုင်း ဖြစ်ပြီး ဤသည်မှာ လူ့အခွင့်အရေးများအတွက် စံနှုန်းပိုင်း ဆိုင်ရာနှင့် သီအိုရီပိုင်း ဆိုင်ရာ အကြောင်းပြချက် အကြောင်း အငြင်းအခုံများတွင် ပါဝင်ဆွေးနွေးသည့်အခါ ကျွန်ုပ်တို့ လုပ်ဆောင်ကြသည့် အရာပင် ဖြစ်တော့သည်။

| **အနှစ်ချုပ်** |
| --- |
| လူ့အခွင့်အရေးများသည် အောက်တွင်ဖော်ပြထားသည့် ပုံစံလေးမျိုးဖြင့် နိုင်ငံရေးဆန်သည် -<br><br>လူ့အခွင့်အရေးများသည် လူတိုင်းက လက်ခံခြင်း မရှိသည့် နိုင်ငံရေး လစ်ဘရယ်ဝါဒ အစဉ်အလာမှ ထွက်ပေါ် လာသည့် စံနှုန်း အစုအဖွဲ့ တစ်ရပ်အား ကိုယ်စားပြုသည့်အတွက် နိုင်ငံရေးဆန်သည်။<br><br>လူ့အခွင့်အရေး စနစ် အသီးသီးအား ကိုယ်ပိုင် နိုင်ငံရေး အစီအစဉ် ရှိသူများ၊ တာဝန်ခံရမည့် အုပ်စု၊ အဖွဲ့အစည်း ရှိသူများနှင့် လူတိုင်းအား ကျေနပ်စေနိုင်ခြင်း မရှိသည့် မည်သည်ကို ထည့်သွင်းရမည်၊ မည်သည်ကို ချန်လှပ်ထားမည် စသည့် ဆုံးဖြတ်ချက်များကို ပြုလုပ်ကြသူများက ဖန်တီးခြင်း ဖြစ်သည်။<br><br>မည်သည့် လူ့အခွင့်အရေးစနစ်ကို မဆို အကောင်အထည် ဖော်ခြင်းသည် အဓိပ္ပာယ် ဖွင့်ဆိုချက်၊ နိုင်ငံရေး နောက်ခံ ကားချပ်နှင့် ဒေသ အခြေအနေများ အပေါ် မူတည်သည်။<br><br>လူ့အခွင့်အရေးများအတွက် လှုပ်ရှားဆောင်ရွက်မှုသည် ဒေသအဆင့်၌ ပါဝင်ပတ်သက်လာရပြီး ထိုသို့ ပြုလုပ်ခြင်းဖြင့် ရှိရင်းစွဲ မတရားသော အာဏာ အဆောက်အဦများနှင့် မကြာခဏ ထိပ်တိုက်တွေ့ရတတ်သည်။ |

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

သင်၏ အမြင်၌ လူ့အခွင့်အရေးများ၏ မည်သည့် နိုင်ငံရေး အစိတ်အပိုင်းများသည် လူ့အခွင့်အရေးများအား အပြင်းစားဆန်သော (radical) သို့မဟုတ် တော်လှန်ရေးဆန်သော နိုင်ငံရေး အယူဝါဒ ဖြစ်စေသနည်း။

## နိဂုံး

လူ့အခွင့်အရေး ဘာသာစကားသည် ဆင်ခြင်ဉာဏ်ပွင့်ခေတ် (Enlightenment) ၏ နိုင်ငံရေး လစ်ဘရယ်ဝါဒမှ ထွက်ပေါ်လာသည့် အခြေခံအားဖြင့် စံနှုန်း သို့မဟုတ် ကျင့်ဝတ် ဘာသာစကားဖြစ်ပြီး နိုင်ငံရေး ပါဝင်ပတ်သက်မှု သီးခြားပုံစံ တစ်ခုသို့ ဦးတည်သည်။ ကျွန်ုပ်တို့၏ ခေတ်သစ် ကာလအတွင်း ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းသည် လူ့အခွင့်အရေး လှုပ်ရှားမှုကို အဓိပ္ပာယ် သတ်မှတ်ပေးသည့် စာတမ်းဖြစ်သည်။ သို့ရာတွင် ဤစာတမ်း၌ ကြေညာထားသည့် အခွင့်အရေးများ၏ နောက်ကွယ်၌ သမိုင်းနှင့် ဒဿန အလွှာပေါင်းများစွာ ရှိနေသည်။ တဖန် ဤအလွှာများ၌ လူ့အခွင့်အရေးများ၏ ထိရောက်သော အကောင်အထည်ဖော်မှု၊ အသုံးဝင်မှုနှင့် အဓိပ္ပာယ်တို့အကြောင်း မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံရေး စင်မြင့်ပေါ်ရှိ အငြင်းအခုံများ ရှိနေသည်။ နိုင်ငံတကာစနစ်အတွင်း လူ့အခွင့်အရေး ပြုပြင် ပြောင်းလဲမှု၏ လိုလားအပ်မှုနှင့် စံနှုန်းပိုင်းဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်သည့် ရှုပ်ထွေးနက်နဲသည့် နိုင်ငံရေး အငြင်းအခုံများကို ဖြတ်သန်းခုတ်မောင်းရန် ဦးစွာပထမ လူ့အခွင့်အရေးများ၏ သမိုင်းနှင့် ဒဿနတို့ကို နားလည်သဘောပေါက်ရန် လိုအပ်ကြောင်း ယခုအခန်းက ပြသခဲ့သည်။

### မေးခွန်းများ

**တစ်ဦးချင်း လေ့လာရန် မေးခွန်းများ**

၁။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ၏ အခွင့်အရေးများသည် အဘယ်ကြောင့် ဒဿန သို့မဟုတ် ကိုယ်ကျင့် သဘောတရား အခြေခံ အုတ်မြစ်များ လိုအပ်သနည်း။
၂။ အခွင့်အရေးတစ်ခု ရှိခြင်းသည် ကျွန်ုပ်တို့၌ ထိုအခွင့်အရေးက ပေးသည့်အရာ မရှိသည့်အခါ အဘယ်ကြောင့် အရေးကြီးဆုံး ဖြစ်သည်ကို ရှင်းပြပါ။
၃။ အခွင့်အရေးများအတွက် လစ်ဘရယ်ဝါဒ အခြေပြု အကြောင်းပြချက် အမျိုးမျိုးအကြား ဘုံရှိသော အစိတ်အပိုင်းများမှာ မည်သည်တို့နည်း။
၄။ အာရုတန်ဖိုးများ အငြင်းအခုံမှ ကျွန်ုပ်တို့သည် မည်သည့် သင်ခန်းစာများ ရနိုင်သည်။
၅။ လူ့အခွင့်အရေးများသည် အဘယ်ကြောင့် နိုင်ငံရေးဆန်သနည်း၊ မည်သည့်ပုံစံများဖြင့် နိုင်ငံရေးဆန်သနည်း။

**အုပ်စုဖွဲ့ လေ့လာရန် မေးခွန်းများ**

၁။ လူ့အခွင့်အရေး အယူအဆ သမိုင်းသည် ယနေ့အချိန်တွင် အဘယ်ကြောင့် အရေးပါသနည်း။
၂။ အခွင့်အရေးများအတွက် အကြောင်းပြချက်နှင့် စပ်လျဉ်း၍ ဂျက်မာရီတိန်၏ ရပ်တည်ချက်၏ အားနည်းချက် များနှင့် အားသာချက်များက မည်သည်တို့နည်း။
၃။ ရှောင်ကြဉ်ရန်/ လုပ်ဆောင်ရန် ခွဲခြားသတ်မှတ်ချက်သည် လွတ်လပ်မှု အခွင့်အရေးနှင့် ဖူလုံမှု အခွင့်အရေး တို့အကြား ကွဲပြားခြားနားချက်များအကြောင်း စဉ်းစားရန် လုံလောက်သည့် နည်းလမ်းတစ်ခု ဖြစ်ပါသလား။

## ဆက်လက် ဖတ်ရှုရန်

**Baxi, U**. (2006). *The Future of Human Rights.* Oxford: Oxford University Press.
စာရေးသူသည် လူ့အခွင့်အရေး သီအိုရီအကြောင်း ဝင့်ကြွားသည့် ငြင်းခုံချက်များအား လူ့အခွင့်အရေး ချိုးဖောက်မှု ခံစားနေရသူများ၏ ဘဝနှင့် ချိတ်ဆက်ပေးပြီး ယနေ့အချိန် လူ့အခွင့်အရေးများ ရင်ဆိုင်နေကြရသည့် စိန်ခေါ်မှု အသစ်များအကြောင်း ဆင်ခြင်သုံးသပ်ထားသည်။

**Beitz, C.** (2009). *The Idea of Human Rights.* New York: Oxford University Press.
ဤစာအုပ်သည် ကမ္ဘာ့နိုင်ငံရေး၌ မျက်မှောက်ခေတ် လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုအကြောင်း ကျွန်ုပ်တို့အနေဖြင့် မည်ကဲ့သို့ အကောင်းဆုံး နားလည်သဘောပေါက်ရန် အားထုတ်သင့်ကြောင့် မေးခွန်းထုတ်ထားသည်။

**Brysk, A.** (2013). *Speaking Rights to Power: Constructing Political Will.* Oxford: Oxford University Press.
လူ့အခွင့်အရေး စကားသည် ကမ္ဘာကြီးအား မည်ကဲ့သို့ ပြောင်းလဲပစ်နိုင်သည်ကို ဆန်းစစ်ထားခြင်း ဖြစ်သည်။ စာရေးသူသည် လူ့အခွင့်အရေး ထောက်ခံသူများ အင်အားကြီး အကျိုးစီးပွား အုပ်စုများအား တွန်းလှန်ရာ၌ လူ့အခွင့်အရေးများ အရေးပါလာအောင် ပြုလုပ်ခဲ့ကြသည့် သာဓကများကို လေ့လာထားသည်။

**Griffin, J.** (2008). *On Human Rights.* Cambridge: Cambridge University Press.
လူ့အခွင့်အရေးများအကြောင်း အခိုင်အမာ သီအိုရီတစ်ခု ဖော်ထုတ်တင်ပြရန် ကြိုးပမ်းသည့် ပြောင်မြောက်သည့် စာအုပ်တစ်ခု ဖြစ်သည်။

**Ignatiefff, M.** (2001). *Human Rights as Politics and Idolatry.* Princeton, NJ: Princeton University Press.
ဖတ်ရ လွယ်ကူသော ဤအက်ဆေး နှစ်ပုဒ်တွင် Ignatieff သည် မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံရေး၌ လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အဓိက ပြဿနာရပ် အားလုံးကို တင်ပြဆွေးနွေးထားပြီး ၎င်းတို့အပေါ် အထင်ကရ စာရေးသူများက မှတ်ချက်ပြု ဆွေးနွေးထားသည်။

**Langlois, A. J.** (2001). *The Politics of Justice and Human Rights*. Cambridge: Cambridge University Press.
ဤစာအုပ်သည် ၁၉၉၀ ခုနှစ်များက ပေါ်ပေါက်ခဲ့သည့် အာရှတန်ဖိုးများအကြောင်း ဆန်းစစ်ချက်မှတဆင့် ယူနီဗာဆယ်လစ်ဇင်နှင့် ပလူရယ်လစ်ဇင်ဆိုင်ရာ ကိစ္စရပ်များကို ဆင်ခြင်သုံးသပ်ထားသည်။

**Mahoney, J.** (2007). *The Challenge of Human Rights*. Oxford: Blackwell Publishing.
ဤစာအုပ်သည် နိုင်ငံရေး၌ ကျင့်ဝတ်ပိုင်းဆိုင်ရာ ဆင်ခြင်စဉ်းစားရန်အတွက် လူ့အခွင့်အရေးများ ရှေ့တန်းရောက်လာပုံကို ခြေရာကောက်ထားသည်။

**Reus-Smit, C.** (2013). *Individual Rights and the Making of the International System*. Cambridge: Cambridge University Press.
မျက်မှောက်ခေတ် နိုင်ငံများစနစ် ဖြစ်ပေါ်တိုးတက်လာပုံအကြောင်း ရေးသားချက်ဖြစ်ပြီး အဆိုပါစနစ်ကို ပုံဖော်ဖန်တီးရာ၌ လူတစ်ဦးတစ်ယောက်ချင်း၏ အခွင့်အရေးများ၏ အခန်းကဏ္ဍကို အသစ်တဖန် ဆန်းစစ်ထားသည်။

**Zivi, K.** (2012). *Making Rights Claims: A Practice of Democratic Citizenship*. Oxford: Oxford University Press.
လူတို့သည် အခွင့်အရေးများကို ရရှိခံစားနိုင်ခြင်း မရှိသေးဘဲ အဆိုပါအခွင့်အရေးများရှိကြောင်း ရဲတင်းစွာ ထွက်ဆိုသည့်အခါ ဘာဖြစ်လာသည်ကို သီအိုရီရှုထောင့်နှင့် လက်တွေ့ရှုထောင့်မှ ဆန်းစစ်ချက် ဖြစ်သည်။

## ဝက်ဘ်ဆိုဒ်များ

http://plato.standford.edu/entries/rights-human/ အဖိုးတန် ဆွေးနွေးချက်များနှင့် ဆက်စပ် ခေါင်းစဉ်များ အတွက် အသုံးဝင်သော လင့်ခ်များပေးသည့် အွန်လိုင်း စတန်းဖို့ ဒဿန အဘိဓာန်ရှိ လူ့အခွင့်အရေးအကြောင်း အခန်း ဖြစ်သည်။

http://philpapers.org/browse/human-rights/ ဤသည်မှာ PhilPapers ဝက်ဘ်ဆိုက်၌ လူ့အခွင့်အရေး အခန်းအတွက် လင့်ခ်ဖြစ်သည်။ ဤဝက်ဘ်ဆိုက်သည် ပညာရှင် ဒဿနဆရာများ၏ ဒဿနအကြောင်း အွန်လိုင်း ဆောင်းပါးများ၊ စာအုပ်များအကြောင်း ပြည့်စုံသည့် လမ်းညွှန်တစ်ခု ဖြစ်သည်။

http://europa.eu/pol/rights/index_en.htm ဥရောပသမဂ္ဂ လူ့အခွင့်အရေး ဝက်ဘ်ဆိုက်သည် ဥပဒေများနှင့် လုပ်ငန်းဆောင်တာများ အပါအဝင် ဥရောပသမဂ္ဂအတွင်း လူ့အခွင့်အရေး၏ အခန်းကဏ္ဍ အကြောင်း ဆွေးနွေးချက်များကို ပေးထားသည်။

http://www.hurisearch.org/ လူ့အခွင့်အရေး ဝက်ဘ်ဆိုက်ပေါင်း ၅၀၀၀ ကျော်ပါဝင်သည့် လူ့အခွင့်အရေးများအတွက် အထူး search engine ဖြစ်သည်။

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၂) ဣတ္ထိယဝါဒီများနှင့် တက်ကြွလှုပ်ရှားသူများ၏ လူ့အခွင့်အရေးများ အပေါ် ချဉ်းကပ်နည်းများ

ဘရွတ်ခ်အက်ခါလီ **(Brooke Ackerly)**

အခန်း မာတိကာ

- နိဒါန်း
- တစ်ကမ္ဘာလုံး အကျုံးဝင်သော လူ့အခွင့်အရေးများနှင့် ယဉ်ကျေးမှု နှိုင်းရဝါဒ
- ဣတ္ထိယဝါဒီများနှင့် တက်ကြွလှုပ်ရှားသူများ၏ လူ့အခွင့်အရေးများအပေါ် ချဉ်းကပ်နည်းများ
- နိဂုံး

စာဖတ်အညွှန်း

လူ့အခွင့်အရေးများသည် ပြည်တွင်းနှင့် နိုင်ငံတကာ တရားမျှတရေး တိုက်ပွဲများတွင် နိုင်ငံရေး ဝေဖန်ချက်များအတွက် အသုံးပြုနိုင်သော ကျင့်ဝတ်ပိုင်းဆိုင်ရာ လက်နက် (ethical tool) တစ်ခုဖြစ်သည်။ ယခုအခန်းသည် ဣတ္ထိယဝါဒီများနှင့် အခြား အီလစ်မဟုတ်သူများ ဆင်နွှဲလာခဲ့ကြသည့် တိုက်ပွဲများမှ ထွက်ပေါ်လာသော လူ့အခွင့်အရေးများ၏ သီအိုရီ သမိုင်းနှင့် နိုင်ငံရေး သမိုင်းတို့ကို အသားပေး တင်ပြထားသည်။ ပထမဦးစွာ စာရေးသူသည် လူ့အခွင့်အရေးများ၏ ကိုယ်ကျင့်တရားရေးရာ တရားနည်းလမ်းကျမှု (moral legitimacy) အတွက် အခြေခံများကို ဆွေးနွေးပြီး ၎င်းတို့အပေါ် စိန်ခေါ်မှုများကို ဆင်ခြင်သုံးသပ်ပါမည်။ ဒုတိယအနေဖြင့် လူ့အခွင့်အရေးများနှင့် ပတ်သက်၍ ဣတ္ထိယဝါဒီ ချဉ်းကပ်နည်းများ၏ အစိတ်အပိုင်း သုံးခုကို ချပြပါမည်။ ထိုအစိတ်အပိုင်း သုံးခုမှာ လူ့အခွင့်အရေး သီအိုရီနှင့် လက်တွေ့ကျင့်သုံးမှု အစိတ်အပိုင်းတချို့အပေါ် ဣတ္ထိယဝါဒီများ၏ ဝေဖန်မှု၊ ၎င်းတို့၏ အခွင့်အရေး ထွက်ဆိုချက်များ (rights claims) နှင့် လူ့အခွင့်အရေး သီအိုရီတစ်ခုအတွက် သဘောတရားပိုင်းဆိုင်ရာ ထည့်ဝင်မှုတို့ ဖြစ်သည်။ ဣတ္ထိယဝါဒီများ၏ အလိုအရ လူ့အခွင့်အရေးများသည် တစ်ခုနှင့်တစ်ခု ခွဲခြား၍မရ၊ အချင်းချင်း ချိတ်ဆက်နေပြီး ကဏ္ဍအများအပြားကိုလည်း ခွထိုင်ထားသည်။ အဆိုပါ ဣတ္ထိယဝါဒ အခြေပြု လူ့အခွင့်အရေး သီအိုရီသည် အမျိုးသမီး အခွင့်အရေး တက်ကြွလှုပ်ရှားသူများ၏ တစ်ကမ္ဘာလုံးအဆင့်နှင့် ဒေသအဆင့် ရုန်းကန်လှုပ်ရှားမှု အသီးသီးမှ ပေါက်ဖွားလာခြင်း ဖြစ်သည်။

## နိဒါန်း

ကမ္ဘာတစ်ဝန်းရှိ လူအမျိုးမျိုးနှင့် လူမှုယဉ်ကျေးမှု အမျိုးမျိုးတို့သည် လွန်စွာ ကွဲပြားခြားနားကြသော်လည်း လူ့အခွင့်အရေးများတွင် လူတိုင်းနှင့်အကျုံးဝင်မှု (universality) တစ်ခု ရှိနေပါသည်။ ထို လူသားတိုင်းအတွက်

အကျိုးဝင်မှုသည် လူ့အခွင့်အရေး တိုက်ပွဲများမှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ ထိုတိုက်ပွဲများသည်လည်း တစ်ခုနှင့်တစ်ခု များစွာ ကွဲပြားခြားနားကြသည်။ အဘယ်ကြောင့် ဆိုသော် လူအမျိုးမျိုးသည် ပုံစံအမျိုးမျိုးရှိသော ဖိနှိပ်မှုများကို ခုခံတွန်းလှန်ကြရပါသည်။ သူတို့အကြား ဘုံရှိသော အရာမှာ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးများ၏ ကျယ်ပြောသော ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ စေ့ဆော်မှု (moral resonance) အပေါ် အားကိုးအားထားပြုမှု ဖြစ်သည်။ ဤစေ့ဆော်မှုသည် လူ့အခွင့်အရေး ခေါ်သံကို ကြားသူတို့အနေဖြင့် ထိုခေါ်သံ၌ တရားနည်းလမ်းကျသော နိုင်ငံရေး တောင်းဆိုချက်တစ်ခု ပါဝင်နေသည်ကို အသိအမှတ်ပြုကြပြီး ထိုသို့တောင်းဆိုသူများအား အခွင့်အရေးများကို ရရှိရန် အကူအညီပေးကြလိမ့်မည်ဟူသော ယုံကြည်မှု သို့မဟုတ် မျှော်လင့်ချက်တွင် မြစ်ဖျားခံပါသည်။ သို့သော် လူ့အခွင့်အရေးများတွင် တစ်ကမ္ဘာလုံးအတွက် အကျိုးဝင်သော ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ တရားနည်းလမ်းကျမှု ရှိသည်ဟူသော ဤမျှော်လင့်ချက်သည် လူ့အခွင့်အရေးများကို အသိအမှတ်ပြုခြင်းနှင့် မတူပေ။ လူ့အခွင့်အရေးများ၏ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကိုယ်ကျင့်တရားပိုင်းအရ စေ့ဆော်မှုရှိခြင်းအား တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နိုင်ငံရေးအရ ထိရောက်မှုရှိခြင်းနှင့် မရောထွေးပစ်ရန် လိုသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကိုယ်ကျင့်တရားပိုင်းအရ စေ့ဆော်မှုရှိခြင်းသည် အခွင့်အရေးတောင်းဆိုမှုများ ထိရောက်မှုစေရန် အာမခံ မပေးနိုင်ချေ။ လူ့အခွင့်အရေး တိုက်ပွဲများ ထိရောက်မှု ရှိသည်ဖြစ်စေ၊ ထိရောက်မှု မရှိသည် ဖြစ်စေ ထိုတိုက်ပွဲများသည် လူ့အခွင့်အရေးများ၏ အဓိပ္ပာယ်ကို ဆောင်ကြဉ်းပေးကြသည်ပင် ဖြစ်သည်။

လူ့အခွင့်အရေးများ၏ လူသားတိုင်းအတွက်အကျိုးဝင်မှုနှင့် တရားနည်းလမ်းကျမှုတို့အား တောက်လျှောက် ဝေဖန် မေးခွန်းထုတ်လာခဲ့ကြပြီး ထိုသို့ ဝေဖန်သူများထဲတွင် ဣတ္ထိယဝါဒီများသည် အပြင်းထန်ဆုံးနှင့် အပြတ်သားဆုံး ဝေဖန်သူများ ဖြစ်ကြသည်။ ထိုဝေဖန်မှုများသည် ခေတ်သစ် လူ့အခွင့်အရေး အယူအဆများ အခြေခံသည့် အနောက်တိုင်း စဉ်းစားတွေးခေါ်မှု အစဉ်အလာ ဖြစ်သော ဆင်ခြင်ဉာဏ်ပွင့်ခေတ်အထိ နောက်ကြောင်းပြန်ထားသော ပြဿနာများကို ရင်ဆိုင်ဖြေရှင်းသည် (အခန်း ၁ တွင် ရှုပါ)။ ကျွန်စနစ်အား ကျွန်ပြုခံရသူများထံ ယဉ်ကျေးမှုများ ယူဆောင်လာသည်ဟူသော ဆင်ခြေဆင်လက်ဖြင့် အကြောင်းပြချက် ပေးခဲ့သည်မှာလည်း ဤစဉ်းစားတွေးခေါ်မှု အစဉ်အလာပင် ဖြစ်သည်။ လူတစ်ဦး တစ်ယောက်ချင်းစီ၏ အခွင့်အရေးများအား လူ့အသိုင်းအဝိုင်း၏ အခွင့်အရေးများထက် ပို၍ ဦးစားပေးပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အတွက် အုပ်စုလိုက် တောင်းဆိုမှုများအပေါ် စိတ်မသက်သာစရာများ ဖြစ်စေခဲ့သည်မှာလည်း ဤအစဉ်အလာပင် ဖြစ်သည်။ ထိုသို့သော သမိုင်းမျိုး ရှိနေစေကာမူ ကမ္ဘာတစ်ဝန်းလုံးရှိ မတရားမှုကို ခုခံဆန့်ကျင်ကြသူများ၊ တရားမျှတမှုအတွက် တောင်းဆိုကြသူများနှင့် အနောက်နိုင်ငံများနှင့် အစိုးရများ၏ နိုင်ငံရေး အာဏာကို စိန်ခေါ်သူများပင် လူ့အခွင့်အရေး အယူအဆအား အသုံးပြုလာခဲ့ကြသည်။

ယခုအခန်းသည် လူ့အခွင့်အရေး တိုက်ပွဲများ၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေခံများ၊ ဆိုလိုသည်မှာ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် နိုင်ငံရေး အခြေအနေများသည် လူ့အခွင့်အရေး စံနှုန်းများကို ပုံဖော်ပေးသည် ဆိုသော အမြင်ကို ကိုင်စွဲထားပါသည်။ အမျိုးသမီးများသာ ကြုံတွေ့ခံစားရသော ဘေးထုတ်ခံရမှုများ၊ ကြီးစိုးခြယ်လှယ်ခံရမှုများနှင့် ဖိနှိပ်မှုများသည် လူ့အခွင့်အရေးများအပေါ် ဣတ္ထိယဝါဒ အခြေပြုသော သီအိုရီရှုထောင့်မှ ဝေဖန်မှုများနှင့် အမျိုးသမီး အခွင့်အရေးများအား လူ့အခွင့်အရေးများအဖြစ် အဓိပ္ပာယ် ဖွင့်ဆိုရန် ကြိုးပမ်းသော လှုပ်ရှားမှုများအတွက် အရေးပါသည်။ ယခုအခန်း၏ လေ့လာနည်းဆိုင်ရာ

ယူဆချက်မှာ ကျွန်ုပ်တို့အနေဖြင့် လူ့အခွင့်အရေးများကို နားလည် သဘောပေါက်ရန် ဆိုပါက လူ့အခွင့်အရေးများကို အသုံးပြုသော နိုင်ငံရေး တိုက်ပွဲများကို ဂရုတစိုက်လေ့လာရန် လိုအပ်သည်ဟူ၍ ဖြစ်သည်။ ဤသို့ ဂရုစိုက် လေ့လာလာသည့်အခါ လူ့အခွင့်အရေးများ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ အထက်ဖော်ပြပါ လှုပ်ရှားမှုများ၏ အခန်းကဏ္ဍကို မြင်တွေ့နိုင်သည်။

ယနေ့အချိန်တွင် ပညာရှင်များက လူ့အခွင့်အရေး ကြိုးပမ်းလှုပ်ရှားနေသူများ၏ အခြေခံကျသော တောင်းဆိုချက်များသည် လူ့အခွင့်အရေးများအကြောင်း သီအိုရီများ ဖော်ထုတ်သည့် အပိုင်းတွင် အရေးပါသော အပြောင်းအလဲများ ဖြစ်စေသည်ကို ယေဘုယျအားဖြင့် အသိအမှတ်ပြုကြသည် (Bob, 2009; Mertus, 2009; Ackerly and Cruz, 2010; Zivi, 2012)။ အထူးသဖြင့် အမျိုးသမီးများအတွက် လူ့အခွင့်အရေးများသည် လက်တွေ့တွင် မည်ကဲ့သို့ လုပ်ဆောင်သည် သို့မဟုတ် မည်ကဲ့သို့ လုပ်ဆောင်ရန် ပျက်ကွက်သည်တို့ကို အလေးပေး စဉ်းစားကြသည်၊ ၎င်းသည် အမျိုးသမီးများအား ဆင်ခြင်ဉာဏ်ပွင့်ခေတ် အစဉ်အလာ၌ သဘာဝတရားပိုင်းအရ ဖော်ထုတ်ထားပြီး၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) တို့တွင် စနစ်တကျ ရုပ်လုံးဖော်ထားသော လူ့အခွင့်အရေးတို့ကို အပေါ် အခြေခံကျကျ ဝေဖန်ထောက်ပြနိုင်စေသည်။ ထိုအသိအမြင်များက မောင်းနှင်ပေးသော သဘောတရားပိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများအား အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပုံစံများ အားလုံး ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination Against Women (CEDAW), 1979) ကဲ့သို့ နိုင်ငံတကာ စာချုပ်စာတမ်းများတွင် လက်တွေ့ အကောင်အထည် ဖော်ထားပြီး ဖြစ်သည်။ ကွတ္တိယဝါဒီများ၏ အခြေခံကျသော ဝေဖန်မှုများသည် အမျိုးသမီးများနှင့် ဆိုင်သော ကိစ္စရပ်များ အကြောင်းသာမက၊ လူ့အခွင့်အရေးများ အကြောင်း ကျွန်ုပ်တို့ ယေဘုယျ စဉ်းစားပုံကို ပြောင်းလဲစေခဲ့သည်။ လူ့အခွင့်အရေးများဆိုင်ရာ သီအိုရီအတွက် ကွတ္တိယဝါဒ အခြေပြု စဉ်းစားတွေးခေါ်များ၏ ထည့်ဝင်မှုများကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRPD, 2006) ကဲ့သို့ နောက်ပိုင်း ထွက်ပေါ်လာသည့် သဘောတူစာချုပ်များ၊ အထူးသဖြင့် အခွင့်အရေးများကို ခံစားနိုင်ရန်အတွက် လိုအပ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အင်စတီကျူးရှင်း များနှင့် ကျင့်သုံးမှုများကို ဖော်ပြသည့် သဘောတူစာချုပ်များတွင် အထင်းသား တွေ့မြင်နိုင်သည် (စာသေတ္တာ ၂.၁ တွင် ရှုပါ)။ ထို့ပြင် ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာ အလုပ်သမားများ အဖွဲ့ချုပ် (International Labour Organization (ILO)) နှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကဲ့သို့ နိုင်ငံတကာ အင်စတီကျူးရှင်းများသည်လည်း ဤပြောင်းလဲလာသော အမြင်များကို အကောင်အထည်ဖော်ရန် ကြိုးပမ်းအားထုတ် လာခဲ့ကြသည်။

လူ့အခွင့်အရေး သီအိုရီသည် ပြောင်းလဲသွားပြီး ဖြစ်စေကာမူ ထိုအပြောင်းအလဲကို ဖြစ်စေခဲ့သော လက်တွေ့ကမ္ဘာကြီးထဲမှ ကိစ္စရပ် အများအပြားသည် ကမ္ဘာ့နေရာ အများအပြားတွင် အငြင်းပွားနေဆဲ ဖြစ်သည်။ လူတိုင်း လူ့အခွင့်အရေးများ ရရှိခံစားနိုင်ရေးအတွက် ခိုင်မာအားကောင်းသော လူ့အခွင့်အရေး သီအိုရီတစ်ခု ရှိနေရုံဖြင့် မလုံလောက်ပေ။ ယခုအခန်းသည် လူ့အခွင့်အရေးများအပေါ် ကွတ္တိယဝါဒ အခြေပြု ချဉ်းကပ်နည်းများမှ ရရှိသော သီအိုရီပိုင်း ဆိုင်ရာနှင့် အခြေခံပိုင်းဆိုင်ရာ အသိအမြင်များကို ဆွေးနွေးသွားပါမည်။ ထို့ပြင် ကွတ္တိယဝါဒီများနှင့် အခြား ဘေးထုတ်ခံအုပ်စုများအတွက် တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့၏ ရုန်းကန်လှုပ်ရှားမှုများတွင် လူ့အခွင့်အရေးများကို အသုံးပြုပုံ အမျိုးမျိုးနှင့် ထိုရုန်းကန် လှုပ်ရှားမှုသည် လူ့အခွင့်အရေး သီအိုရီကို မည်သို့မည်ပုံ ပုံဖော်ပေးသည်ကို အသားပေးလေ့လာပါမည်။

## တစ်ကမ္ဘာလုံး အကျုံးဝင်သော လူ့အခွင့်အရေးများနှင့် ယဉ်ကျေးမှုနှိုင်းရဝါဒ

လူ့အခွင့်အရေးများ၏ အခြေခံအုတ်မြစ်များနှင့် ပတ်သက်၍ တစ်ကမ္ဘာလုံး သဘောတူညီချက် မရှိချေ။ သီအိုရီသမားများသည် အခြေခံအုတ်မြစ် အမျိုးမျိုးအား အဆိုပြုထားပြီး ၎င်းတို့အား ရှိရင်းစွဲ အတွေးအခေါ် သို့မဟုတ် ယဉ်ကျေးမှု အစဉ်အလာများ အပေါ် အခြေပြု ထားသည် (အခန်း ၁ တွင် ရှုပါ)။ ထိုအဆိုများမှ ကြွယ်ဝသော သီအိုရီ အမွေအနှစ်များပါဝင်သော အဆိုတချို့မှာ လူပုဂ္ဂိုလ်၏ သီးခြား ဖြစ်တည်မှု[၁] (moral standing)၊ တစ်သီးပုဂ္ဂလ လွတ်လပ်မှု၊[၂] အပြန်အလှန်ဖြစ်မှု၊[၃] လူသားစွမ်းဆောင်ရည်၊[၄] လူသားဂုဏ်သိက္ခာ၊[၅] ဘုရားတစ်ဆူဆူ၏ တန်းတူညီမျှ ဖန်တီးမှု၊[၆] လူသားမိသားစုဝင်ဖြစ်မှု၊[၇] နိုင်ငံရေးလူ့အဖွဲ့အစည်းတွင် ပါဝင်မှု၊[၈] ဖူလုံမှု[၉]နှင့် လူသားလုပ်ဆောင်ချက်[၁၀]တို့ ပါဝင်သည်။ တချို့သီအိုရီသမားများသည် လူ့အခွင့်အရေးများ၏ အခြေခံအုတ်မြစ်များအား ပြိုင်ဘက်ဖြစ်သော သို့မဟုတ် အနည်းဆုံး တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားသော အစဉ်အလာများအကြား ဘုံကျသောအချက်များနှင့် အချင်းချင်း ကူးလူးဆက်ဆံမှုတို့မှ ရှာဖွေသည်။[၁၁] အခြားသော သီအိုရီဆရာများသည် လူ့အခွင့်အရေး အခြေခံအုတ်မြစ်များအား ၎င်းတို့၏ သမိုင်းကြောင်းအရ၊ လုပ်ဆောင်မှုပိုင်းအရ ဖြစ်ပေါ်တိုးတက်လာမှုအပေါ် အခြေခံရန် ကြိုးပမ်းကြသည်။[၁၂]

၁၉၈၀ ခုနှစ်များနှင့် ၁၉၉၀ ခုနှစ်များအတွင်း တက်ကြွလှုပ်ရှားသူများက ကွန်ရက်အဖွဲ့များ တည်ဆောက်ရန်၊ စုစည်းရန် လူ့အခွင့်အရေးများကို အသုံးပြုနေကြချိန်တွင် တချို့နိုင်ငံရေး ခေါင်းဆောင်များက လူ့အခွင့်အရေးများသည် အနောက်တိုင်း တန်ဖိုးများ ဖြစ်ပြီး ဒေသတန်ဖိုးများနှင့် မအပ်စပ်ဟု ဆင်ခြေထုတ်ကြသည်။ ဣတ္ထိယဝါဒီ သီအိုရီဆရာများ၊ ကိုလိုနီစနစ်လွန် (post-colonial) သီအိုရီဆရာများ၊ ဘောင်ခတ်စနစ်လွန် (post-structuralism) သီအိုရီဆရာများသည်လည်း လူ့အခွင့်အရေးများ၏ အကြွင်းမဲ့ဖြစ်မှု (universality) ကို မေးခွန်းထုတ်လာကြသည်။ တချိန်တည်းတွင် ပညာရှင်များသည် ယဉ်ကျေးမှုနှိုင်းရဝါဒ၏ ကောင်းကျိုး၊ ဆိုးပြစ်များအပေါ် အငြင်းပွားလာကြသည်။

ယဉ်ကျေးမှု နှိုင်းရဝါဒီများသည် လူ့အခွင့်အရေးများ၏ အကြွင်းမဲ့ဖြစ်မှုအား သီအိုရီရှုထောင့်၊ သမိုင်း ရှုထောင့်တို့မှ ဆန့်ကျင်ကြသည်။ ယခုအပိုင်းတွင် ဤဆန့်ကျင်မှုများအား အကြွင်းမဲ့ လူ့အခွင့်အရေးများကို ထောက်ခံသူများ၏ ကာကွယ်ပြောဆိုမှုများနှင့်အတူ စဉ်းစားပါမည်။ နောက်လာမည့်အပိုင်းတွင် ဣတ္ထိယဝါဒီများ၏ ချဉ်းကပ်နည်းများသည် ယခုလေ့လာထားသည့် သမိုင်း ရှုထောင့်နှင့် သီအိုရီ ရှုထောင့်တို့မှ စိန်ခေါ်မှုများကို မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းသည်ကို မြင်တွေ့ရမည် ဖြစ်သည်။

| စာသေတ္တာအမှတ် ၂.၁။ နိုင်ငံတကာ သဘောတူစာချုပ်များနှင့် ကြေညာချက်တချို့တွင် ပါရှိသော အခွင့်အရေးများ ရရှိခံစားနိုင်ရေး ဆိုင်ရာ ဘာသာစကားအသုံးအနှုန်းအတွက် သက်သေ အထောက်အထား နမူနာ |
|---|
| **UDHR ၊ အပိုဒ် ၂၂**<br>လူ့အဖွဲ့အစည်းတွင် ပါဝင်သူတစ်ဦးအဖြစ် လူတိုင်းသည် လူမှုလုံခြုံရေးကို ရပိုင်ခွင့်ရှိပြီး နိုင်ငံအလိုက် ကြိုးပမ်းအားထုတ်မှု၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတစ်နိုင်ငံချင်းစီ၏ ဖွဲ့စည်းတည်ရှိမှု၊ ရှိသော အရင်းအမြစ်များနှင့်အညီ ၎င်း၏ ဂုဏ်သိက္ခာနှင့် စရိုက်လက္ခဏာ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန် မရှိမဖြစ်လိုအပ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ရရှိခံစားပိုင်ခွင့်ရှိသည်။<br><br>**UDHR အပိုဒ် ၂၆**<br>(၂) ပညာရေးအား လူသား စရိုက်လက္ခဏာ အပြည့်အဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးများနှင့် အခြေခံ လွတ်လပ်ခွင့်များအပေါ် လေးစားမှုကို ခိုင်မာအားကောင်းစေရေးသို့ ဦးတည်စေပါမည်။ ပညာရေးသည် နိုင်ငံများ၊ လူမျိုးရေးနှင့် ဘာသာရေး အုပ်စုများအကြား နားလည်မှု၊ သဘောထားကြီးမှု၊ ရင်းနှီးမှုတို့ကို မြှင့်တင်ပေးပြီး ငြိမ်းချမ်းရေး ထိန်းသိမ်းရန်အတွက် ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်တာများကို အထောက်အပံ့ ဖြစ်စေရမည်။<br><br>**CEDAW အပိုဒ် ၁**<br>ယခု သဘောတူစာချုပ်အရ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုဟူသော စကားရပ်သည် လူ့အခွင့်အရေးများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံသားဆိုင်ရာ သို့မဟုတ် အခြားကဏ္ဍတစ်ခုခုရှိ အခြေခံ လွတ်လပ်ခွင့်များအား အိမ်ထောင်ရေး အခြေအနေ မရွေး၊ ယောကျ်ားများနှင့် မိန်းမများ တန်းတူညီမျှဖြစ်မှုအပေါ် အခြေခံ၍ အမျိုးသမီးများ၏ ရယူကျင့်သုံးမှု သို့မဟုတ် ရရှိခံစားမှု၊ အဆိုပါအခွင့်အရေးများကို အသိအမှတ်ပြုမှုအား ပယ်ဖျက်ရန် သို့မဟုတ် ပျက်စီးစေရန် ရည်ရွယ်ချက် သို့မဟုတ် ထိုသို့အကျိုးသက်ရောက်မှု ရှိသော လိင်အပေါ် အခြေခံသော ခွဲခြားမှု၊ ဖယ်ထုတ်မှု သို့မဟုတ် ကန့်သတ်မှု အားလုံးကို ဆိုလိုသည်။<br><br>**CEDAW အပိုဒ် ၃**<br>အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များ ရယူကျင့်သုံးစေရေး၊ ခံစားနိုင်စေရေးတို့ကို သေချာစေရန် ရည်ရွယ်ချက်ဖြင့် အမျိုးသမီးများ အပြည့်အဝ ဖွံ့ဖြိုးတိုးတက်လာရန်နှင့် ရှေ့တန်းရောက်လာရန် အဖွဲ့ဝင်နိုင်ငံများသည် ကဏ္ဍအားလုံး၊ အထူးသဖြင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု ကဏ္ဍများတွင် ဥပဒေ ပြဋ္ဌာန်းခြင်းများ အပါအဝင် သင့်လျော်သော လုပ်ငန်းများကို လုပ်ဆောင်ရမည်။<br><br>**CRC အပိုဒ် ၃**<br>ကလေး တစ်ဦးသည် သူ၏ ဖူလုံမှုအတွက်လိုအပ်သော အကာအကွယ်နှင့် ဂရုစိုက်မှု ရရှိစေရန် အဖွဲ့ဝင်နိုင်ငံများသည် ကလေး မိဘများ၊ တရားဝင်အုပ်ထိန်းသူများ သို့မဟုတ် ကလေးအတွက် ဥပဒေအရ တာဝန်ရှိသူများ၏ အခွင့်အရေးများနှင့် တာဝန်များကို ထည့်သွင်းစဉ်းစားပြီး၊ ဤရည်ရွယ်ချက် |

အထမြောက်စေရန် သင့်လျော်သော တရားဥပဒေပိုင်းဆိုင်ရာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင်ရမည်။

…အဖွဲ့ဝင်နိုင်ငံများတွင် ကလေးများ ပြုစုစောင့်ရှောက်ရေး သို့မဟုတ် အကာအကွယ်ပေးရေးတို့အတွက် တာဝန်ရှိသော အင်စတီကျူးရှင်းများ၊ ဝန်ဆောင်မှုများ၊ အထောက်အပံ့များသည် အရည်အချင်းပြည့်ဝသော အာဏာပိုင်များက ချမှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိစေရမည်။ အထူးသဖြင့် ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေး၊ ဝန်ထမ်းအရေးအတွက်နှင့် လိုအပ်သော အရည်အချင်းရှိမှု၊ အရည်အချင်းပြည့်ဝသော ကွပ်ကဲမှု စသည့် ကဏ္ဍများတွင် ဖြစ်သည်။

**CRPD အပိုဒ် ၁**

ယခုသဘောတူစာချုပ်၏ ရည်ရွယ်ချက်မှာ မသန်စွမ်းမှု ရှိသူများ အားလုံးက လူ့အခွင့်အရေးများနှင့် အခြေခံ လွတ်လပ်ခွင့်များ အားလုံးကို တန်းတူညီမျှ အပြည့်အဝ ခံစားမှုရှိစေရန်၊ ယင်းကို မြှင့်တင်ကာကွယ်ရန်နှင့် ၎င်းတို့၏ မွေးရာပါ ဂုဏ်သိက္ခာအပေါ် လေးစားမှုကို မြှင့်တင်ရန် ဖြစ်သည်။… မသန်စွမ်းမှု ရှိသူများတွင် အခြားသူများနှင့် တန်းတူ လူ့အဖွဲ့အစည်း၌ ထိထိရောက်ရောက်နှင့် အပြည့်အဝ ပါဝင်မှုအပေါ် အခြားသော အတားအဆီးများနှင့်အတူ အဟန့်အတားဖြစ်စေနိုင်သော ရေရှည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စဉ်းစားတွေးခေါ်မှုပိုင်းဆိုင်ရာ သို့မဟုတ် အာရုံခံစားမှုပိုင်းဆိုင်ရာ ချွတ်ယွင်းမှု ရှိသူများ ပါဝင်သည်။

**ယဉ်ကျေးမှုနှိုင်းရဝါဒ၏ သီအိုရီပိုင်းဆိုင်ရာ အစိတ်အပိုင်းများ**

ယဉ်ကျေးမှု နှိုင်းရဝါဒမှာ ကျင့်ဝတ် သဘောတရားများသည် သူ့လူမှုအခြေအနေများနှင့်သူ ဖြစ်ပေါ် တိုးတက်လာခြင်း ဖြစ်သည် ဟူသော အမြင်ဖြစ်သည်။ လူမှုအခြေအနေများသည် တစ်ခုနှင့်တစ်ခု ကွဲပြား ခြားနား ကြသည်ဖြစ်ရာ အခြေအနေအားလုံး၌ အကျုံးဝင်သော တစ်ခုတည်းသော ကိုယ်ကျင့်တရားရေးရာ မူဘောင် မရှိနိုင်ဟု နှိုင်းရအယူအဆသမားတို့က ဆင်ခြေပြုကြသည် (Rorty, 1993)။ ကျင့်ဝတ်များ၊ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ တန်ဖိုးများသည် သူ့လူမှု၊ ယဉ်ကျေးမှု ပတ်ဝန်းကျင်နှင့်သူ ဖြစ်သည်ဟု ယဉ်ကျေးမှု နှိုင်းရဝါဒီများက ထင်မြင်ကြသည်။

ယဉ်ကျေးမှု နှိုင်းရဝါဒီများ အတွက်ဆိုလျှင် လူ့အခွင့်အရေးများ၏ အနောက်တိုင်း ဆင်ခြင်ဉာဏ်ပွင့်ခေတ် အစဉ်အလာမှ ပေါ်ထွက်လာမှုသည် ကွဲပြားခြားနားသော ကိုယ်ပိုင် ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ဒဿန အစဉ်အလာများ ရှိကြသော လူ့အဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးများ၏ မဆီလျော်မှုကို ဖော်ပြနေသည်။ ဝေဖန်သူများက အနောက်တိုင်း လူ့အခွင့်အရေး သီအိုရီများသည် အနောက်တိုင်း မဟုတ်သော ယဉ်ကျေးမှုများနှင့် ပွတ်တိုက်ပုံကို ကိုးကားဖော်ပြလေ့ ရှိသည်။ လူ့အခွင့်အရေးများသည် လွတ်လပ်သော (autonomous) တစ်သီးပုဂ္ဂလ စံလူသားကို တည်ဆောက်ခြင်းဖြစ်ပြီး အခြား ယဉ်ကျေးမှုများသည် တစ်သီးပုဂ္ဂလ လူသားထက် လူမှုအသိုင်းအဝိုင်းကို ပို၍ ဦးစားပေးသည်ဟု ဆိုသည်။ ယဉ်ကျေးမှု အများအပြားတွင် လူတို့သည် ကွဲပြားခြားနားမှုများကို ဖြေရှင်းရာတွင် ထိပ်တိုက် အဖြေရှာနည်းထက် သဘောတူ အဖြေရှာနည်းကို ပို၍ နှစ်သက်တတ်သည်၊ သို့သော် လူ့အခွင့်အရေး များသည် တရားဥပဒေကို အသားပေးလွန်းသည်။ လူ့အခွင့်အရေးများသည် ဆင်ခြင်တုံတရားပေါ် အခြေခံမှု

(rationality) အပေါ် အသားပေးလွန်းတတ်သည်၊ အခြားတစ်ဘက်တွင် ယဉ်ကျေးမှု အတော်များများတွင် အနောက်တိုင်း ဆင်ခြင်တုံတရား (reason) အယူအဆနှင့် ဆင်ခြင်တုံတရားအပေါ် အခြေခံမှုနှင့် လွတ်လပ်မှု (autonomy) အယူအဆများနှင့် ပဋိပက္ခ ဖြစ်နိုင်သော ထုံးထမ်းစဉ်လာ ယုံကြည်မှုများ၊ အလေ့အကျင့်များအပေါ် အားကိုးအားထားပြုသည်ဟု ဆိုကြသည်။ နောက်ဆုံး တစ်ချက် အနေဖြင့် လူ့အခွင့်အရေးများသည် နိုင်ငံသားများ၏ ကိုယ်ပိုင်လွတ်လပ်မှုများကို အဓိကအာရုံစိုက်သော ခေတ်သစ်၊ ဗျူရိုကရေစီဆန်သော နိုင်ငံတော် တည်ရှိသည်ဟု ယူဆပြီး များစွာသော ယဉ်ကျေးမှုများသည် လူ့အဖွဲ့အစည်းနှင့် တစ်ဦးတစ်ယောက်ချင်းအကြား ဆက်ဆံရေးကို အခြားပုံစံတစ်မျိုးဖြင့် နားလည်သည်။ ဤကွဲပြားခြားနားမှုများကြောင့် လူ့အခွင့်အရေးဆိုင်ရာ အနောက်တိုင်းအယူအဆများသည် မတူသော အစဉ်အလာများရှိသော ယဉ်ကျေးမှုများအတွက် မသင့်လျော်ဟု နိုင်းရအမြင်ရှိသူများကို စွပ်စွဲကြသည်။

နှိုင်းရဝါဒီများ၏ လူ့အခွင့်အရေး ဝေဖန်ချက်များနှင့် ပတ်သက်၍ မကြာခဏ ထောက်ပြခံရလေ့ရှိသော ပြဿနာမှာ ထိုဝေဖန်ချက်များသည် ကိုယ့်သေတွင်း ကိုယ်တူးသည်နှင့် တူသည် ဟူ၍ ဖြစ်သည်။[၃၃] အမှန်တရားများ၊ တန်ဖိုးများသည် သူ့ယဉ်ကျေးမှုနှင့်သူ ဖြစ်သည် ဆိုသော ထွက်ဆိုချက်ကိုယ်၌သည် အကြွင်းမဲ့ ထွက်ဆိုချက် ဖြစ်နေသည်ပုံ ပေါ်နေသည်။ ထို့အတွက် နှိုင်းရဝါဒီများ ကိုယ်တိုင်လည်း လူသားအားလုံးနှင့် အကျုံးဝင်သော အကြွင်းမဲ့ ကိုယ်ကျင့်တရားရေးရာ ဥပဒေသများရှိသည် သို့မဟုတ် နှိုင်းရထွက်ဆိုချက်များအကြောင်း ယေဘုယျသဘော ပြောဆို၍မရဟု လက်ခံရမည့် အခြေအနေဖြစ်သည်။ လူသားအားလုံးနှင့် အကျုံးဝင်သော အကြွင်းမဲ့ ဥပဒေသတစ်ခုတည်းသာ ရှိကောင်း ရှိနိုင်သော်လည်း အခြား မည်သည့် ဥပဒေသများမှ မဟုတ်ဘဲ ဤအကြွင်းမဲ့ ဥပဒေသတစ်ခု (နှိုင်းရ ဥပဒေသ) တည်း ကိုသာ ဖော်ထုတ် ပေးနိုင်သော တင်ပြချက်တစ်ခုကို စိတ်ကူးပုံဖော်ကြည့်ရန် ခက်ခဲပါသည်။ မကြာခဏဆိုသလို နှိုင်းရရှုထောင့်မှ ဝေဖန်ချက်များ၏ အခြေခံမှာ အနောက်တိုင်း လူ့အခွင့်အရေး အယူအဆများအား အနောက်တိုင်း မဟုတ်သော လူ့အဖွဲ့အစည်းများအပေါ် ချမှတ်ခြင်းသည် သဘောထား မကြီးမှု တစ်မျိုးကို ဖော်ပြသည် ဟူ၍ ဖြစ်သည်။ ဤဝေဖန်ချက်သည် ယခုလောက်အထိတော့ မှန်နေသော်လည်း ၎င်းသည်လည်း သဘောထားကြီးမှုအား အကြွင်းမဲ့ တန်ဖိုးတစ်ခုအဖြစ် သတ်မှတ်သဖြင့် ကာလပတ်လုံး ကိုယ်သေတွင်း ကိုယ်တူးသည်သာဖြစ်သည် (အခန်း ၁ တွင် ရှုပါ)။

နှိုင်းရဝါဒ၏ ရပ်တည်ချက်ကို ပို၍အလေးအနက် ဆန့်ကျင်ရမည့် အချက်မှာ ၎င်းသည် အလွန် ကျဉ်းမြောင်းသော အနောက်တိုင်း လူ့အခွင့်အရေး အမြင်တစ်ခုအား ထူးထူးခြားခြား အနောက်တိုင်း အယူအဆ တစ်ခုအဖြစ် လွဲမှားစွာ လက်ခံထားခြင်း ဖြစ်သည်။ လူ့အခွင့်အရေးများ အကြောင်း လေ့လာမှုများ (၎င်းတို့ အများစုသည် ကမ္ဘာ့မြောက်ဘက်ခြမ်းတွင် အစပြုခဲ့သည်) သည် ဤအမြင်ကို မည်မျှပင် ခိုင်မာစေကာမူ လူ့အခွင့်အရေးများ၏ သီအိုရီ နောက်ခံကား အလွန်ပင် ကျယ်ပြန့်သည်၊ လူ့အခွင့်အရေး စာပေက ထင်ဟပ်ပြသည်ထက် ပို၍ ကျယ်ပြန့်ပြီး များပြားလှစွာသော သီအိုရီ ရှုထောင့်များ၊ စဉ်းစားတွေးခေါ်ရေး အစဉ်အလာများအပေါ် အခြေခံသည် (An-Na’im, 1992b, 2002, Sobrino, 2001; Sachedian, 2009; John D’Arcy May, 2012)။ ပို၍ အရေးကြီးသော အချက်မှာ လူ့အခွင့်အရေးများနှင့် တချို့သော ယဉ်ကျေးမှုများ သဟဇာတ မဖြစ်မှုကြောင့် ယဉ်ကျေးမှု အပြောင်းအလဲများသည် ခက်ခဲတတ်သည် ဟူသော နှိုင်းရဝါဒီများ၏ အဆိုအား အမျိုးသမီးများနှင့် လူနည်းစုများအပေါ် ဖိနှိပ်မှုများကို အမြစ်ဖြတ် ချေမှုန်းရန် မိမိတို့ ယဉ်ကျေးမှု ထုံးထမ်းစဉ်လာများရှိ လွှမ်းမိုးကြီးစိုးနေသော

အလေ့အကျင့်များအား ပြုပြင် ပြောင်းလဲသင့်သည်ဟု ပြောဆိုကြသော အောက်ခြေရှိ တက်ကြွလှုပ်ရှားသူများက လက်မခံကြပေ (Narayan, 1997; Rao, 2003b)။ တကယ်တမ်းတွင် လူ့အခွင့်အရေးများအပေါ် နိုင်းရဝါဒီများ၏ ဝေဖန်မှုများတွင် အနောက်တိုင်းဆန့်ကျင်ရေး စိတ်ဓာတ်ကို ဆွပေးသည်များ ရှိသည်။ ထိုအနောက်တိုင်းဆန့်ကျင်ရေး စိတ်ဓာတ်ကိုပင် မိမိတို့၏ လူ့အဖွဲ့အစည်းများ အတွင်းရှိ ဖိနှိပ်သော ဘောင်များ၊ စနစ်များကို ပြုပြင်ပြောင်းလဲပစ်လိုသူများကို နှုတ်ပိတ်ရန် အသုံးပြုသည်များ ရှိသည် (Kim Dae, 1994; Zakaria, 1994; Narayan, 1998; Rothschild, Long, and Fried, 2005)။ ထိုအခွင့်အရေးတောင်းဆိုသူများကို မကြာခဏဆိုသလို နိုင်ငံခြား သူလျှိုများ၊ သြဇာခံများ အစရှိသည်ဖြင့် နာမည်ဖျက်တတ်ကြသည်။

နောက်ဆုံးအချက်အနေဖြင့် ယဉ်ကျေးမှု နိုင်းရဝါဒီများ၏ လူ့အခွင့်အရေးများအပေါ် ဝေဖန်မှုသည် လက်တွေ့ (empirical) အထောက်အထား မရှိသော ယဉ်ကျေးမှုဆိုင်ရာ လူမှုဗေဒ တင်ပြချက်အပေါ် အမှီအခိုပြုနေသည်။ နိုင်းရဝါဒအမြင်က 'ယဉ်ကျေးမှု' များသည် တစ်ခုနှင့်တစ်ခု လွန်စွာ ကွဲပြားခြားနားကြသည်ဟု ယူဆသည်။ တစ်ချိန်တည်းတွင် နိုင်းရဝါဒအမြင်သည် ယဉ်ကျေးမှုတစ်ခု အတွင်းတွင် ကွဲပြားခြားနားသော စံနှုန်းများ ရှိမနေဟု ယူဆသည်။ သို့သော် ယဉ်ကျေးမှု နိုင်းရအမြင်ကို ထောက်ခံသူများ ကိုယ်တိုင်ပင် ဤအချက်နှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ ထိုသို့ ဆန့်ကျင်ဘက် ဖြစ်နေသည့် အထောက်အထားအား ဒေသစံနှုန်းများကို ထိန်းသိမ်းရန် တရားရေးနှင့် လူမှုရေး အင်စတီကျူးရှင်းများ လိုအပ်သည်ဟူသော နိုင်းရဝါဒီတို့၏ အမြင်တွင် တွေ့နိုင်သည်။ ဤစံနှုန်းများကို ထိန်းသိမ်းရန် လိုအပ်သည်ဆိုလျှင် ထိုသို့ လိုအပ်ခြင်းမှာ စံနှုန်းများသည် ယဉ်ကျေးမှုနိုင်းရဝါဒီများ တင်ပြသည်ထက် ပို၍ ပြောင်းလဲနေသောကြောင့် (သို့) အငြင်းပွားဖွယ် ဖြစ်နေသောကြောင့် ဖြစ်သည်။ တက်ကြွလှုပ်ရှားသူများ၏ လုပ်ရပ်များသည် ထိုသို့ အငြင်းပွားမှုများ ရှိကြောင်း သက်သေ အထောက်အထားများပင် ဖြစ်သည်။

## ယဉ်ကျေးမှုနိုင်းရဝါဒ၏ သမိုင်းဆိုင်ရာ အစိတ်အပိုင်းများ

လူ့အခွင့်အရေးများနှင့် ဆက်စပ်သော အနောက်တိုင်း ဆန့်ကျင်ရေး စိတ်၏ မူလဇာစ်မြစ်အား ကိုလိုနီစနစ်၊ နယ်ချဲ့စနစ်၊ ကျွန်စနစ်၊ အမျိုးသမီးများ၊ ဘာသာရေး လူနည်းစုများ၊ လူနည်းစု လူမျိုးများ (ethnic minorities) များနှင့် အခြားသော အပယ်ခံလူများအား လူအဖြစ် သတ်မှတ်ချက်မှ ဖယ်ထုတ်ခြင်းတို့အတွက် အကြောင်းပြရန် ဥရောပတိုက်သားများက လူ့အခွင့်အရေးများကို သမိုင်းကြောင်းတလျှောက် အသုံးပြုခဲ့ပုံ၌ ခြေရာကောက်နိုင်သည်။ တကယ်တမ်းတွင်လည်း ဥရောပတိုက်တွင် ဥရောပတိုက်သားများ၏ ကိုယ်ကျင့်တရား သာလွန်မြင့်မားမှုနှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ တန်ဖိုးများ ပေါ်ပေါက်လာမှု၊ ယင်းတို့အပေါ် ယုံကြည်မှု ကြီးမားမှုတို့သည် ကမ္ဘာပေါ်ရှိ လူအများစု (ထိုအထဲတွင် အမျိုးသမီး အားလုံး ပါဝင်သည်) အား လူ့အခွင့်အရေးများ ငြင်းပယ်ခဲ့သည့် ၁၈ ရာစုနှင့် ၁၉ ရာစုနှစ် နယ်ချဲ့ကိုလိုနီစနစ်နှင့် အချိန်ကိုက် ဖြစ်ခဲ့သည်မှာလည်း စိတ်မသက်သာစရာ အချက် ဖြစ်သည်။ နိုင်းရအမြင်ရှိ ဝေဖန်ရေးသမားများ (ထိုအထဲတွင် စင်္ကာပူနှင့် ကိုးရီးယားနိုင်ငံများရှိ အာဏာရှင် အစိုးရများလည်း အပါအဝင် ဖြစ်သည်) က ယုတ္တိကျကျ စဉ်းစားနိုင်သော၊ မိမိဖာသာ စဉ်းစား ဆုံးဖြတ်နိုင်သော၊ အခွင့်အရေးများ ရှိသော တစ်သီးပုဂ္ဂလ လူသား ဆိုသည်မှာ အနောက်တိုင်း၏ သမိုင်းကြောင်းအရ ဖန်တီးတည်ဆောက်မှု တစ်ခု ဖြစ်ရုံသာမက ဥရောပတိုက်သား မဟုတ်သူများကို အယဉ်ဇာတ်သွင်းရေး အမည်ခံထားသော ဥရောပတိုက်သားတို့၏

ကြီးစိုးခြယ်လှယ်မှုအတွက် အကြောင်းပြချက်ပေးရန် ထိုတည်ဆောက်မှုကိုပင် အသုံးပြုခဲ့သည်။ လူ့အခွင့်အရေး ပြောဆိုရေးသားချက်အား သမိုင်းတလျှောက် တလွဲအသုံးချခဲ့ခြင်းကို ငြင်း၍ မရချေ။ ပို၍ အရေးကြီးသည်မှာ ထိုကဲ့သို့ သမိုင်းစဉ်ဆက် တလွဲအသုံးချ ခံခဲ့ရခြင်းသည် လူ့အခွင့်အရေး အယူအဆတစ်ခုလုံးကို ပျက်ပြယ်စေသင့်သလား ဟူသော မေးခွန်းဖြစ်သည်။ ဤမေးခွန်းအား ဣတ္ထိယဝါဒ ချဉ်းကပ်နည်းများနှင့် ဆက်စပ်ပြီး ပြန်လည်ဆန်းစစ်ပါမည်။

နှိုင်းရဝါဒီများထုတ်သော နောက်ထပ်ငြင်းခုံချက်တစ်ခုမှာ နိုင်ငံငယ်များနှင့် အနောက်တိုင်းမှ မဟုတ်သော နိုင်ငံများသည် မျက်မှောက်ခေတ် နိုင်ငံတကာလူ့အခွင့်အရေးများ မူဘောင် ဖော်ဆောင်ရာ၌ ပါဝင်ခွင့် မရှိခဲ့ဟူ၍ ဖြစ်သည်။ ဤငြင်းခုံချက်သည် အချက်အတော်များများတွင် မှန်ကန်တိကျမှုမရှိကြောင်း တွေ့ရမည်ဖြစ်သည်။ မျက်မှောက်ခေတ် လူ့အခွင့်အရေးစနစ်၏ အခြေခံအား ကိုလိုနီစနစ်ဖျက်သိမ်းရေး မတိုင်မီ တည်ဆောက်ခဲ့သည်မှာ မှန်သော်လည်း UDHR တွင် ထင်ဟပ်နေသော သီအိုရီမူဘောင်၊ နိုင်ငံရေး မူဘောင်တို့ ဖော်ထုတ်ရာ၌ နိုင်ငံငယ်များရော အနောက်နိုင်ငံမဟုတ်သော နိုင်ငံများကပါ ပါဝင်ပတ်သက်ခဲ့သည် (Waltz, 2001, 2002) (စာသေတ္တာ ၂.၂ တွင် ရှုပါ)။ နိုင်ငံငယ်များနှင့် အနောက်နိုင်ငံမဟုတ်သော နိုင်ငံများမှ ပါဝင်သူများ၏ ထည့်ဝင်မှုသည် လူ့အခွင့်အရေးများ၏ အဓိက ကတိကဝတ်များ ဖြစ်သည့် အားလုံးပါဝင်နိုင်မှု၊ တစ်ကမ္ဘာလုံးနှင့် အကျုံးဝင်မှုတို့အထိ အကျုံးဝင်ခဲ့သည်။ အထူးသဖြင့် အဆိုပါနိုင်ငံများမှ အမျိုးသမီးများသည် ကျား၊မ လူတန်းစေ့ပါဝင်ရေး စကားလုံး အသုံးအနှုန်းများကို ထည့်သွင်းရန် တိုက်တွန်းခဲ့ကြသည်။ အိန္ဒိယနိုင်ငံမှ ဟန်ဆာ မက်ဟ်တာ (Hansa Mehta) နှင့် ဒိုမီနီကန်ရီပဲ့ဘလစ်နိုင်ငံမှ မီနေဗာ ဘေနာဒီနို (Minerva Bernardino) တို့က ကြေညာစာတမ်းသည် အပြည်ပြည်ဆိုင်ရာ အမျိုးသားများ၏ အခွင့်အရေး ကြေညာစာတမ်း (Declaration of the Rights of Man) ဖြစ်မသွားဘဲ အပြည်ပြည်ဆိုင်ရာ လူသားများ၏ အခွင့်အရေး ကြေညာစာတမ်း ဖြစ်စေရန်၊ ထိုစာတမ်း၏ ခြေဆင်းအပိုဒ်တွင် ကြေညာစာတမ်းသည် အမျိုးသားများနှင့် အမျိုးသမီးများနှင့် သက်ဆိုင်သည်ဟု အောင်မြင်စွာ ထောက်ခံပြောဆိုနိုင်ခဲ့ကြသည် (Parisi, 2002; Arat, 2008)။

| **စာသေတ္တာအမှတ် ၂.၂ ယူဆချက်များကို စိန်ခေါ်ခြင်း - ပဒေသာစုံလင်မှုနှင့် UDHR ရေးဆွဲခြင်း** |
| --- |
| အနောက်နိုင်ငံမဟုတ်သော နိုင်ငံများနှင့် နိုင်ငံငယ်များ ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းဆိုင်ရာ ဆွေးနွေးမှုများတွင် ပါဝင်ခြင်းသပ်သပ်သည် စုံလင်မှုကို ထင်ဟပ်သော ရလာဒ်များသို့ မထုတ်လုပ်နိုင်ပေ။ အာရပ်ကိုယ်စားလှယ်အဖွဲ့ အများအပြားသည် ကြေညာချက်၏ အမျိုးသမီးများအပေါ် ထားရှိသော အမြင်နှင့် ၎င်းတို့၏ ဘာသာရေး၊ ယဉ်ကျေးမှုအမြင်များနှင့် ဗီလာဖြစ်သည်ကို အကြောင်းပြပြီး UDHR ကို ထောက်ခံရန် ငြင်းဆန်ခဲ့သည်။ ကွန်မြူနစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့များနှင့် အာရပ်နိုင်ငံ ကိုယ်စားလှယ် အဖွဲ့များသည် လူနည်းစု အခွင့်အရေးများနှင့် ယဉ်ကျေးမှု ဂျန်နိုဆိုက်တို့ကို အတိအလင်း ရှုတ်ချသော ပြဋ္ဌာန်းချက်တစ်ခုကို လိုလားခဲ့ကြသော်လည်း အမေရိကန်နိုင်ငံသည် ၎င်း၏ အာဖရိကန် အမေရိကန် လူမျိုးများကို ဖိနှိပ်သည့် စနစ်အတွက် အကျိုးဆက်များ ခံစားရမည်ကို စိုးရိမ်သည့်အတွက် ထိုပြဋ္ဌာန်းချက်ကို အပြင်းအထန် ဆန့်ကျင်ခဲ့သည်။ အခြားသော အမေရိကတိုက်နိုင်ငံ အများစုသည်လည်း ထိုနည်းအတိုင်းပင် ဆန့်ကျင်ခဲ့ကြသည် (အခန်း ၈ တွင် ရှုပါ)။ လူနည်းစု အခွင့်အရေးများနှင့် စပ်လျဉ်း၍ အုပ်စုများအား ယဉ်ကျေးမှုအရ တိုက်ခိုက်မှုမှ အကာအကွယ်ပေးမည့် အဆိုပြုခဲ့သော အပိုဒ်တစ်ခုကို အဆုံးတွင် ထည့်သွင်းခဲ့ခြင်း မရှိပေ (Morsnik, 1999)။ |

UDHR မူကြမ်းဆွဲမှု၏ နိုင်ငံရေး ပတ်ဝန်းကျင် အခြေအနေအကြောင်း စဉ်းစားကြည့်ပါ။ လူနည်းစု အခွင့်အရေးများအပေါ် အကာကွယ်ပေးမှုများကို အမေရိကန်နိုင်ငံ၏ ဆန့်ကျင်မှုသည် နိုင်ငံတကာ လူ့အခွင့်အရေး နိုင်ငံရေးတွင် အမေရိကန်နိုင်ငံ အခန်းကဏ္ဍအကြောင်း သင်၏ ယေဘုယျ နားလည်မှု အပေါ် မည်သို့ သက်ရောက်မှု ရှိသနည်း။ သင့်အနေဖြင့် လက်တင်အမေရိကတိုက်ရှိ နိုင်ငံငယ်များသည် ၎င်းတို့နိုင်ငံများ၌ သိသိသာသာ ကြီးမားသော လူနည်းစု အုပ်စုများ ရှိနေခြင်းကြောင့် အမေရိကန် နိုင်ငံအတိုင်း လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည် သို့မဟုတ် ထိုသို့ လိုက်ပါ လုပ်ဆောင်ခြင်း နောက်တွင် အမေရိကန်နိုင်ငံ၏ နိုင်ငံရေးပါဝါသည် တစ်ခန်းတစ်ကဏ္ဍ ပါဝင်သည်ဟု ထင်ပါသလား။

ဤသီအိုရီရှုထောင့်နှင့် သမိုင်းရှုထောင့် ဝေဖန်မှုများသည် လက်သစ် လစ်ဘရယ်ဝါဒအခြေပြု (neoliberal) စီးပွားရေး ဂလိုဘယ်လ်လိုက်ဇေးရှင်း၏ ကမ္ဘာလုံးချို ပြောဆိုရေးသားချက် (universalizing discourse) အကြောင်း ငြင်းခုံမှုများတွင် ပဲ့တင်ထပ်နေဆဲဖြစ်သည် (Parisi, 2010b)။ ဣတ္တိယ ဝါဒီများနှင့် ကမ္ဘာ့တောင်ပိုင်းမှ တက်ကြွလှုပ်ရှားသူများ အပါအဝင် ဝေဖန်သူများက အနောက်တိုင်း မဟုတ်သော လူ့အဖွဲ့အစည်းများ၊ စီးပွားရေးစနစ်များကို ကော်ပိုရေးရှင်းများမှ အမြတ်ထုတ်ရ လွယ်ကူစေဖို့ နိုင်ငံတကာ ဘဏ္ဍာရေး အင်စတီကျူးရှင်းများ (International Financial Institutions (IFIs)) မှ ထိန်းချုပ်ရ လွယ်ကူစေရန် အသုံးပြုသည့် နည်းလမ်းတစ်ခုအဖြစ် အစဉ်အလာအားဖြင့် ရှိနေသော ယဉ်ကျေးမှု ဓလေ့ထုံးထမ်းများ၊ အင်စတီကျူးရှင်းများနှင့် သိမှုများသည် တိုက်ဖျက်ခြင်း ခံနေရသည်ဟု စိုးရိမ်ကြသည်။ ဥပမာပြရလျှင် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ (IMF) သည် စနစ်ပြုပြင် ပြုပြင် ပြောင်းလဲရေး အစီအစဉ်များ (Structural adjustment programs) က စည်ပင်ဝပြောမှုကို ပေးမည်ဟု ကတိပေးခဲ့သော်လည်း ကမ္ဘာ့နေရာ အများအပြား၌ မညီမျှမှုနှင့် ဆင်းရဲမွဲတေမှုတို့ကိုသာ တိုးစေခဲ့သည်။ ၎င်းနည်းတူ ကမ္ဘာ့ဘဏ်သည်လည်း ဆင်းရဲမွဲတေမှု လျော့ပါးရေးအတွက် အလုပ်လုပ်နေသည်ဟု ယူဆစရာ ရှိသော်လည်း ၎င်း၏ ငွေကြေးထောက်ပံ့ရေး ဦးစားပေးမှုများနှင့် အကြီးစား (industrial-scale) လယ်ယာ လုပ်ငန်းများမှတဆင့် ဂျန်ဒါနှင့် စီးပွားရေး မညီမျှမှုများကို ပို၍ ကြီးထွားစေခဲ့သည်။ ဤကဏ္ဍများသည် အမျိုးသမီးများနှင့် တပိုင်တနိုင် လယ်သမားများအား လုပ်အားခအတွက် အလုပ်လုပ်ရသော အလုပ်သမားများအဖြစ် တရားဝင် စီးပွားရေးစနစ်ထဲသို့ ခေါ်သွင်းသည်။ ရရှိသော လုပ်အားခများသည် ဤအလုပ်သမားများအတွက် ဆင်းရဲမှုမျဉ်း၏ အပေါ်အဆင့်၌ နေထိုင်ရန် မလုံလောက်သည်က များသည်။ ဝေဖန်သူများသည် လက်သစ် လစ်ဘရယ်ဝါဒ၏ ပြောဆိုရေးသားမှုပိုင်းဆိုင်ရာ အစိတ်အပိုင်းများနှင့် သာမကဘဲ ဒေသတစ်နေရာနှင့် တစ်နေရာ မတူသော ကမ္ဘာနှင့်ချီသော အကြောင်းအရင်းများရှိသည့် အမြတ်ထုတ်မှုများ၏ ဥပေဒပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ အစိတ်အပိုင်းများနှင့်လည်း ပတ်သက်ရသည် (Shiva, 1991, 2005)။

အရေးကြီးသောအချက်မှာ လူ့အခွင့်အရေးများသည် လက်သစ် လစ်ဘရယ်ဝါဒ အခြေပြု စီးပွားရေး ပေါ်လစီများ၏ လူ့ဘဝများအပေါ် အကျိုးသက်ရောက်မှုများကို ဝေဖန်ခြင်းဖြင့် ၎င်းတို့ကို ဆန့်ကျင် တွန်းလှန်ရန် လက်နက်တစ်ခု ဖြစ်နေခြင်း ဖြစ်သည်။ ဤအချက်နှင့် ကျား၊မ ဆက်ဆံရေးနှင့် အပယ်ခံရမှုများကို တိုက်ဖျက်ရန် ကြိုးပမ်းနေသော ပြည်တွင်း တက်ကြွလှုပ်ရှားသူများမှ လူ့အခွင့်အရေးများကို အသုံးပြုခြင်းတို့က လူ့အခွင့်အရေးများနှင့် ပတ်သက်သော သီအိုရီပိုင်းဆိုင်ရာ

သမိုင်းကြောင်းဆိုင်ရာ ပြဿနာများသည် အမှန်တကယ်ရှိနေပြီး လေးနက်သည်မှာ မှန်သော်လည်း ယဉ်ကျေးမှု နှိုင်းရဝါဒီများ၏ ဝေဖန်ချက်သည် လူ့အခွင့်အရေးများ၏ ရှုပ်ထွေးနက်နဲမှုကို သော်လည်းကောင်း၊ လူ့အခွင့်အရေးများအား စွမ်းပကားရှိစေသော၊ တရားနည်းလမ်းကျစေသော အမျိုးမျိုးသော အကြောင်းရင်းများကို သော်လည်းကောင်း မဖမ်းဆုပ်နိုင်ပေ။

ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးများသည် ယဉ်ကျေးမှုအရ၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ အပယ်ခံ အုပ်စုများ တင်ပြသော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် တစ်ကမ္ဘာလုံးတွင် နေရာရလာသည်။ လူ့အခွင့်အရေးများ တရားနည်းလမ်းကျမှု၏ တစ်စိတ်တစ်ဒေသအား ၎င်းတို့နောက်ကွယ်တွင် ရှိသော ကွဲပြားခြားနားသော ကိုယ်ကျင့်တရားရေးရာ အခြေခံ သဘောတရားများတွင် တွေ့နိုင်သည်။ UDHR မူကြမ်းရေးဆွဲရန် လုပ်ဆောင်ခဲ့သော ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့အစည်း (UNESCO) ဦးဆောင်သော နှီးနှောတိုင်ပင်ရေး လုပ်ငန်းစဉ်သည် အဖွဲ့ဝင် နိုင်ငံများ၏ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် စဉ်းစားတွေးခေါ်ပုံ သမိုင်းနောက်ခံများကို ထည့်သွင်းစဉ်းစားခဲ့သည်။ ယင်းတို့တွင် ဂျူး၊ ဂရိနှင့် ရိုမန်တို့၏ အတွေးအခေါ် သမိုင်းများ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ကွန်ဖြူးရှပ်အယူဝါဒ၊ ခရစ်ယန်ဘာသာနှင့် အစ္စလာမ်ဘာသာတို့ ပါဝင်သည်။ တဖန် မှတ်သားသင့်သည်မှာ ဤဖြစ်စဉ်သည် နှစ်ဆယ်ရာစု နှောင်းပိုင်း ကိုလိုနီစနစ် ဖျက်သိမ်းရေး လုပ်ငန်းထက် စောခဲ့သော်လည်း ယင်းဖြစ်သည် မတူခြားသော ထုံးထမ်းစဉ်လာများကို ထည့်သွင်းစဉ်းစားခဲ့သည်။ သို့သော် အဆိုပါ ထုံးထမ်းစဉ်လာ တစ်ခုချင်းစီအပေါ် ရှိသော အီလစ်များ၏ သဘောထားအမြင်များသည် ထိုဖြစ်စဉ်အပေါ် လွှမ်းမိုးခဲ့သည်။ ထိုသို့ အီလစ်အမြင်များ လွှမ်းမိုးခဲ့ခြင်းတွင် အကြောင်းရင်းနှစ်ခု ရှိသည်။ ပထမ အကြောင်းအရင်းမှာ အီလစ်များသည် သမိုင်းရေးသူရော၊ သမိုင်းဖန်တီးသူပါ ဖြစ်ကြခဲ့သည်။ ဒုတိယ အကြောင်းအရင်းမှာ နိုင်ငံများကို ကိုယ်စားပြုမှုနှင့် ကုလသမဂ္ဂ စနစ်အတွင်း ကျွမ်းကျင်သူများ ရွေးချယ်သည့်အပိုင်းတွင် အီလစ်များ လွှမ်းမိုးကြီးစိုးခဲ့ကြသည် (စာသေတ္တာ ၂.၃ တွင် ရှုပါ)။ ကျွန်ုပ်တို့ တွေ့လာရမည် ဖြစ်သည့်အတိုင်း ၁၉၉၀ ခုနှစ်များ ရောက်လာသည့်အခါ နိုင်ငံရေး ဒီရေသည်လည်း ပြောင်းလဲလာနေပြီ ဖြစ်သည်၊ ဖိအားပေးမှုများကြောင့် ကုလသမဂ္ဂ ညီလာခံများသည် အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှုများအပေါ် အီလစ်မဟုတ်သူများ၏ အသံထင်ဟပ်စေသော အကျိုးတူ အဖွဲ့များ ဖွဲ့စည်း၍ လုပ်ရှားရေး (caucusing)၊ ဖိအားပေးစည်းရုံးရေး (lobbying) နည်းလမ်းများကို တီထွင် ဖော်ဆောင်လာခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ အီလစ်များသည် ကုလသမဂ္ဂ ဖွဲ့စည်းမှုနှင့် ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း ရေးဆွဲမှုတို့အပေါ် လွှမ်းမိုးကြီးစိုးခဲ့သည်။

မိမိတို့၏ အခွင့်အရေးများအတွက် ရုန်းကန်လှုပ်ရှားလာခဲ့ကြသူများ အတွက်ဆိုလျှင် လူ့အခွင့်အရေးများ၏ အခြေခံ သဘောတရား အုတ်မြစ်များ အကြောင်း အငြင်းအခုံများသည် ၎င်းတို့အား လူသားများအဖြစ် အသိအမှတ်ပြုခြင်း၊ ၎င်းတို့၏ အခွင့်အရေးများ တရားနည်းလမ်းကျသည်ဟု လက်ခံခြင်းသို့ ဦးမတည်လျှင် ထိုအငြင်းအခုံများသည် ပညာရပ်ဆန်ဆန် အငြင်းအခုံများသာသည် ဖြစ်သည်။ လူ့အခွင့်အရေးများမှာ မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများမှသည် မသန်စွမ်းသူများ၏ အခွင့်အရေးများအထိ တရားမျှတမှုဆိုင်ရာ ကိစ္စများကို စဉ်းစားရန်အတွက် ဘုံစဉ်းစားနည်း ဖြစ်နေပေပြီ။ နိုင်ငံရေး တောင်းဆိုချက်များ၏ တရားနည်းလမ်းကျမှုကို အကဲဖြတ်ရန်အတွက် လူ့အခွင့်အရေးများက သင့်လျော်သော ကိုယ်ကျင့်တရားရေးရာ အခြေခံစံနှုန်းအဖြစ် ပေါ်ထွက်လာခြင်း၊ နိုင်ငံတကာ ဥပဒေများနှင့်

အင်စတီကျူးရှင်းများတွင် အစိုင်အခဲ တည်လာခြင်းတို့သည် တက်ကြွလှုပ်ရှားသူများ၏ လူ့အခွင့်အရေးများနှင့် ဆက်ဆံ ပတ်သက်မှုအပေါ် ဝေဖန်ချက်များနှင့်အပြိုင် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ နောက်လာမည့် အပိုင်းတွင် ကျွန်ုပ်တို့သည် ထိုဖြစ်စဉ် မည်ကဲ့သို ဖြစ်ပွားခဲ့သည်ကို စဉ်းစားပါမည်၊ ထိုသို့စဉ်းစားသည့်အခါ ကွဲတွံ့ဝါဒ အခြေပြု ဝေဖန်ချက်များအား လူ့အခွင့်အရေးများကို ပြောင်းလဲစေခဲ့သည့် သီအိုရီနှင့် လက်တွေ့အပေါ် အခြေတည်ထားသည့် သုံးသပ်ချက် ဥပမာများအဖြစ် အလေးပေး ဖော်ပြသွားပါမည်။

| **အနှစ်ချုပ်** |
|---|
| ယဉ်ကျေးမှုနှိုင်းရဝါဒ ဆိုသည်မှာ ကျင့်ဝတ်များ သို့မဟုတ် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ တန်ဖိုးများသည် ၎င်းတို့ ဖြစ်ပေါ်တည်ရှိရာ ယဉ်ကျေးမှုအလိုက် ဖြစ်သည်ဟူသော အမြင် ဖြစ်သည်။<br><br>နှိုင်းရအယူအဆအပေါ် အခြေခံထားသည့် သီအိုရီပိုင်းဆိုင်ရာ ဝေဖန်ချက်က လူ့အခွင့်အရေးများအား အခြားသောယဉ်ကျေးမှုများအတွက် မသင့်လျော်သော အနောက်တိုင်း ဖန်တီးမှုများ (Western construct) ဖြစ်သည်ဟု ရှုမြင်သည်။ ဤအမြင်တွင် ရှေ့နောက်မညီမှု ပါနေပြီး ထိုအနောက်တိုင်း မဟုတ်သော လူ့အဖွဲ့အစည်းများအတွင်းရှိ လူ့အခွင့်အရေး တောင်းဆိုမှုများကို လျစ်လျူရှုထားသည်။<br><br>ယဉ်ကျေးမှု နှိုင်းရဝါဒ အပေါ် အခြေခံသည့် သမိုင်းရှုထောင့် ဝေဖန်ချက်သည် လူ့အခွင့်အရေးများအား အနောက်တိုင်း နယ်ချဲ့ဝါဒ၏ လက်နက် ကိရိယာ တစ်ခုအဖြစ် ရှုမြင်သည်။ ဤအချက်မှာ မှန်ကန်နေစေကာမူ ဤသမိုင်း ဝန်ထုပ်ဝန်ပိုးသည် ကမ္ဘာ့တောင်ခြမ်း သို့မဟုတ် အကူးအပြောင်းကို ဖြတ်သန်းနေသော နိုင်ငံများရှိ ဖိနှိပ်မှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး အကြောင်း ပြောဆိုရေးသားချက်များ၏ ရေပန်းစားမှု သို့မဟုတ် တရားနည်းလမ်းကျမှုကို ထိခိုက်ခြင်း မရှိပေ။<br><br>ယဉ်ကျေးမှု နှိုင်းရဝါဒဆိုင်ရာ အငြင်းအခုံများကိုရော မျက်မှောက်ခေတ် လူ့အခွင့်အရေးစနစ်ကိုပါ အီလစ်များက မောင်းနှင်ခြင်း ဖြစ်သည်၊ သို့သော် မကြာသေးခင် နှစ်များအတွင်း ဤလူ့အခွင့်အရေး စနစ်အား တက်ကြွလှုပ်ရှားသူများ ပို၍ ဩဇာလွှမ်းမိုး လာနိုင်ခဲ့သည်။<br><br>လူ့အခွင့်အရေးများ၏ ကိုယ်ကျင့်တရားပိုင်းအရနှင့် နိုင်ငံရေးအရ ဘောင်ဝင်မှုအတွက် မူလဇာစ်မြစ် ဖြစ်သည်ဟု ထုတ်ယူပြနိုင်သော ဖြစ်နိုင်ခြေရှိသည့် အခြေခံ သဘောတရား အုတ်မြစ်များစွာရှိသည်၊ ၎င်းတို့ အားလုံးသည် ရှိရင်းစွဲ (အီလစ်များ အဓိပ္ပာယ် ဖွင့်ဆိုသော) အစဉ်အလာများကို မိုငြမ်းကိုးကားသည်။<br><br>**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**<br><br>ကွဲတွံ့ဝါဒသည် အနောက်တိုင်း အယူအဆတစ်ခု ဖြစ်ပါသလား။ ဤမေးခွန်းကို အဖြေပေးနိုင်ရန် သင်သည် မည်သည့် ကြိုးပမ်းလှုပ်ရှားမှုများ၊ အတွေ့အကြုံများအကြောင်း လေ့လာသင်ယူရန် လိုအပ်မည်နည်း။ |

ကျွန်ုပ်တို့သည် မိမိတို့၏ ယဉ်ကျေးမှု ထုံးထမ်းစဉ်လာများကို ချီးမွမ်းဂုဏ်ပြုပြီး တစ်ချိန်တည်းတွင် ၎င်းတို့ကို လူ့အခွင့်အရေးများအား ပိုမို၍ လေးစားလိုက်နာရန် ပြောင်းလဲသင့်ပါသလား။

## ဣတ္ထိယဝါဒီများနှင့် တက်ကြွလှုပ်ရှားသူများ၏ လူ့အခွင့်အရေးများအပေါ် ချဉ်းကပ်နည်းများ

ဣတ္ထိယ ဝါဒီများသည် ရှေ့တန်းမှနေ၍ လူ့အခွင့်အရေးများ အကြောင်းကို လက်တွေ့ ရှုထောင့်၊ သီအိုရီ ရှုထောင့်ဘက်မှ သုံးသပ်နေသူများ ဖြစ်သည်။ လူ့အခွင့်အရေးများအတွက် အမျိုးမျိုးသော အကြောင်းပြချက်များ သို့မဟုတ် အခြေခံသဘောတရား အုတ်မြစ်များကို မိုငြမ်း ကိုးကားကြသည့် မတူခြားနားသော ဣတ္ထိယဝါဒ အခြေပြု သီအိုရီရှုထောင့် အများအပြားရှိသည်။ ထို့အပြင် လူ့အခွင့်အရေးများနှင့် ဆက်စပ်နေသော အဓိက အရေးပါသည့် ကိစ္စရပ်များ၊ မဟာဗျူဟာပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဣတ္ထိယဝါဒီများ အချင်းချင်းလည်း သဘောထား ကွဲလွဲကြသည်။ ထို့ကြောင့် လူ့အခွင့်အရေး ကဏ္ဍ၌ ဣတ္ထိယဝါဒီများ၏ ထည့်ဝင်မှုများသည် တစ်ခုထက်ပိုသော ဣတ္ထိယဝါဒ အမျိုးအမျိုးကို ထပ်ဟပ်နေသည်ဟု နားလည်သဘောပေါက် ရပေမည်။ ဤကဲ့သို့ ကွဲပြားစုံလင်မှု ရှိနေစေကာမူ လူ့အခွင့်အရေးများအပေါ် ဣတ္ထိယဝါဒ အခြေပြု ချဉ်းကပ်နည်းများတွင် ဘုံကျသော၊ ထပ်ပြန်တလဲလဲ ပါနေသော ခေါင်းစဉ်တချို့ ရှိနေသည်၊ ထိုခေါင်းစဉ်များသည် အခြား တက်ကြွလှုပ်ရှားသူများ၏ ချဉ်းကပ်နည်းများတွင် အထင်ကရ ရှိနေသည်။

### အခွင့်အရေးများကို ရပိုင်ခွင့်များ အဖြစ် နားလည်ခြင်း

လူ့အခွင့်အရေးများအတွက် ကြိုးပမ်း လှုပ်ရှားနေကြသူများသည် ဘုံအခြေခံ သဘောတရား အုတ်မြစ်တစ်ခု မရှိကြစေကာမူ အခွင့်အရေးများအကြောင်း ဘုံယူဆချက် တစ်ခု ရှိကောင်း ရှိနိုင်သည် (Sobrino Sj, 2001)။ ယနေ့အချိန်တွင် အုပ်စု အမျိုးမျိုးတို့သည် ၎င်းတို့၏ တောင်းဆိုချက်များအတွက် အခွင့်အရေး ဘာသာစကားကို အသုံးပြုကြသည်။ ဤအုပ်စုများသည် မည့်သည့်အရာများကို တောင်းဆိုနေကြခြင်း ဖြစ်ပါသနည်း။

အနောက်တိုင်း သီအိုရီဆရာများသည် အခွင့်အရေးများအား ခံစားပိုင်ခွင့်များအဖြစ် ယူဆလာခဲ့ကြသည် (Donnelly, 1982)။ ရပိုင်ခွင့် (entitlement) တစ်ခုအား ဥပဒေ သို့မဟုတ် သဘောတူစာချုပ် တစ်ခုက ပေးသော အကျိုးခံစားခွင့် (benefit) တစ်စုံတစ်ယောက် ရရှိရမည့် အရာ တစ်ခုအဖြစ် မှတ်ယူနိုင်သည် (အရပ်သုံးစကားတွင် တစ်ယောက်ယောက်သည် တစ်ခုခုကို ရပိုင်ခွင့်ရှိသည် သို့မဟုတ် ရရန် အခွင့်အရေး ရှိသည်ဟု ပြောကြသည်)။ ယင်းအစား ဣတ္ထိယဝါဒီများနှင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ အများအပြားသည် လူ့အခွင့်အရေးများ ရရှိခံစားမှု (enjoyment) အပေါ် အဓိက အာရုံစိုက်ကြသည် (စာသေတ္တာ ၂.၁ တွင် ရှု)။ လူ့အခွင့်အရေး ရှိသောသူများသည် ၎င်းတို့ကို ခံစားရန် ပုဂ္ဂလ စွမ်းရည်နှင့် လူမှုစွမ်းရည် ရှိကြသည်၊ အဓိပ္ပာယ်မှာ ထိုသူများသည် လူ့အခွင့်အရေးများ၏ အနှစ်သာရမှ အကျိုးခံစား နိုင်သော အနေအထားတွင် ရှိသည် (ဤသည်မှာ ဥပဒေ သို့မဟုတ် သဘောတူစာချုပ်ပါ အာမခံချက်က

ကတိပေးထားသော အဓိပ္ပာယ်ရှိသော အရာနှင့် တူသည်။) တစ်စုံတစ်ယောက်သည် လူ့အခွင့်အရေးများကို မခံစားရလျှင် ထိုပုဂ္ဂိုလ်၌ အမှန်တကယ် လူ့အခွင့်အရေးများ မရှိဟု ဆိုနိုင်သည်။ အခွင့်အရေးများ ရှိခြင်းသည် ရေခဲမုန့် ရှိခြင်းနှင့် တူသည်၊ ရေခဲစက်ထဲတွင် ရေခဲမုန့် ရှိနိုင်သည် သို့သော် သင်သည် ထိုရေခဲမုန့်ကို အမှန်တကယ် စားနေခြင်း မဟုတ်လျှင် သင်သည် ထိုရေခဲမုန့်ကို ခံစားရသည်ဟု မဆိုနိုင်ချေ။ ထိုနည်းတူစွာ လူတစ်ယောက်သည် တရားဥပဒေ သဘောအရ သို့မဟုတ် ကိုယ်ကျင့်တရား သဘောအရ ရပိုင်ခွင့် ရှိကောင်း ရှိနိုင်သည်၊ သို့သော် ထို့အခွင့်အရေးများ၏ အနှစ်သာရမှ အကျိုးခံစားမှု မရှိလျှင် အဆိုပါ လူပုဂ္ဂိုလ်သည် ထိုရပိုင်ခွင့်များကို ရရှိခံစားနိုင်ခြင်း မရှိချေ။ ဣတ္ထိယဝါဒီများနှင့် အခြားတက်ကြွလှုပ်ရှားသူများ၏ လူ့အခွင့်အရေး လုပ်ဆောင်ချက်များမှ ရရှိသော အဓိက အသိအမြင် တစ်ခုမှာ လူတစ်ဦးတစ်ယောက်ချင်း သို့မဟုတ် အုပ်စုများသည် ၎င်းတို့၏ အခွင့်အရေးများ ရရှိခံစားရာ၌ ယဉ်ကျေးမှုကဏ္ဍ သို့မဟုတ် စီးပွားရေးကဏ္ဍတို့၌ အတားအဆီးများ တွေ့ကြုံရသည်ဆိုလျှင် ၎င်းတို့သည် အခွင့်အရေးများ လုံးဝမရှိဟု လေးလေးနက်နက် ပြောနိုင်သည်။ ဥပဒေက ၎င်းတို့တွင် အခွင့်အရေးများ ရှိသည်ဟု ပြောနေစေကာမူ အခွင့်အရေးများ မရှိပေ။

UDHR တွင် ခံစားခွင့်အဖြစ် အဓိပ္ပာယ်ကောက်နိုင်သော အခွင့်အရေးများစွာ ပါဝင်သည်။ ညှဉ်းပန်းနှိပ်စက်ခြင်း မခံရန် အခွင့်အရေး (အပိုဒ် ၅)၊ စုရုံး၊ ဖွဲ့စည်းရန် အခွင့်အရေး (အပိုဒ် ၂၀)၊ မဲပေးရန် အခွင့်အရေး (အပိုဒ် ၂၁)၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရန် အခွင့်အရေး (အပိုဒ် ၁၉)နှင့် အလုပ်ရှိရန် အခွင့်အရေး (အပိုဒ် ၂၃) စသည်တို့ ဖြစ်ကြသည်။ ခံစားခွင့် ရှိမှုသည် မရှင်းမလင်းဖြစ်နေသည့်အခါ တစ်စုံတစ်ယောက်သည် သက်ဆိုင်ရာအခွင့်အရေး ရှိ၊ မရှိကို ၎င်းသည် ထိုအခွင့်အရေးကို ကျင့်သုံးနိုင် သို့မဟုတ် ရရှိခံစားနိုင်ခြင်း ရှိ၊မရှိကို ကြည့်၍ တိုင်းတာသည်ဟု ကြေညာချက် စာပိုဒ်များက ရှင်းလင်း ထားသည်။

ဤရှုထောင့်မှကြည့်လျှင် UDHR သည် လူတို့တွင် မည်သည့် အခွင့်အရေးများ ရှိသည် (မည်သည့် အခွင့်အရေးများ ရှိသင့်သည် သို့မဟုတ် တရားနည်းလမ်းအရ (morally) မည်သည့် အခွင့်အရေးများ ရရန်ရှိသည်) ကို ထုတ်ဖော်ရှင်းလင်းပြရာ၌ တာထွက်ကောင်းသည်ဟု ဆိုနိုင်သည်။ သို့သော်လည်း မတူသော အခြေအနေ အများအပြား၌ လူတို့သည် အဆိုပါ အခွင့်အရေးများကို မခံစားနိုင်ကြပေ။ ဥပမာ အိမ်တွင်းအကြမ်းဖက်မှု ခံရသော အမျိုးသမီးတစ်ဦးသည် ညှဉ်းပန်းနှိပ်စက်ခြင်း မခံစေရဟူသော အခွင့်အရေးကို ခံစားနိုင်ခြင်း မရှိပေ။ (နောက်ပိုင်းတွင် တွေ့လာရမည် ဖြစ်သည့်အတိုင်း ပြဿနာ တစ်စိတ်တစ်ပိုင်းသည် သဘောတရားပိုင်းနှင့် သက်ဆိုင်သည် တစ်စိတ်တစ်ပိုင်းသည် အခြေအနေနှင့် သက်ဆိုင်သည်။) အုပ်စုလိုက် ခရီးသွားလျှင် အဖမ်းခံရနိုင်သည်ဟု စိုးရိမ်ကြသော မူလအခြေချနေထိုင်သော လူမျိုးများသည် မိမိတို့ကိုယ်တိုင်ကိုယ်ကျ ဖမ်းဆီးခံရသည်များ မကြုံတွေ့ဖူးကြသော်လည်း စုရုံးခွင့်၊ အုပ်စုဖွဲ့ခွင့် အခွင့်အရေးများကို ခံစားနိုင်ခြင်း မရှိချေ။ များပြားလှစွာသော အမျိုးမျိုးသော ယဉ်ကျေးမှုဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ အတားအဆီးများသည် အခွင့်အရေးများ ရရှိခံစားနိုင်မှုကို အဟန့်အတား ဖြစ်စေသည်။ ဤအတားအဆီးများသည် အာဏာပါဝါ အသုံးပြုမှုများကို ကိုယ်စားပြုသည်၊ လူတချို့အား အခွင့်အရေး ခံစားမှု ငြင်းဆန်ခြင်းသည် အခြားသူများ၏ အာဏာပါဝါ သို့မဟုတ် အခွင့်ထူးအား ကူညီပေးရာ၊ ကာကွယ်ပေးရာ ရောက်သည်။ မိမိတို့၏ အခွင့်အရေးများအတွက် ကြိုးပမ်း ရုန်းကန်နေကြသူများသည် ၎င်းတို့၏ အခွင့်အရေးများ ရရှိခံစားနိုင်မှုအား အစိုးရများ၊ လူမှု အင်စတီကျူးရှင်းများ၊ စီးပွားရေး အင်စတီကျူးရှင်းများက အသိအမှတ်ပြုရန်၊ အကာအကွယ်ပေးရန် ကြိုးပမ်းနေကြခြင်း ဖြစ်သည်။

ဤကြိုးပမ်းလှုပ်ရှားမှုများတွင် ထိုသူတို့သည် အခွင့်အရေးများ၏ အနှစ်သာရကို တောင်းဆိုရာ၌ သီအိုရီ၌ရော လက်တွေ့၌ပါ အခြေခံသော ဆင်ခြေများကို မှီငြမ်းကိုးကား ကြသည် (စာသေတ္တာ ၂.၄ တွင် ရှု)။ ထိုသူတို့သည် အာဏာပါဝါကိုလည်း စိန်ခေါ်ကြသည်။

| **စာသေတ္တာ ၂.၄ သဘောတူစာချုပ်များကို နှိုင်းယှဉ်ကြည့်ခြင်း** |
| --- |
| CEDAW တွင် အမျိုးသမီးများသည် လူ့အခွင့်အရေးများနှင့် အခြေခံအခွင့်အရေးများအား အမျိုးသားများနှင့် တန်းတူ ကျင့်သုံး၊ ခံစားနိုင်စေရေး အာမခံပေးရန် ရည်ရွယ်ချက်ဖြင့် အမျိုးသမီးများ၏ အပြည့်အဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုးတက်မှုတို့ ရှိစေရေးအတွက် လူ့အဖွဲ့အစည်းတစ်ခု အတွင်းရှိ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အင်စတီကျူးရှင်းများ အားလုံး လိုအပ်ကြောင်း အသိအမှတ်ပြုရန် တက်ကြွလှုပ်ရှားသူများက တောင်းဆိုခဲ့ကြပြီး အစိုးရများက ယင်းကို အသိအမှတ်ပြုခဲ့ကြသည် (CEDAW 3)။ သဘောတူစာချုပ်တွင် ဤကဲ့သို့ စကားအသုံးအနှုန်းက အခွင့်အရေးများ ရရှိခံစားရန်အတွက် တရားရေး အင်စတီကျူးရှင်းများ သပ်သပ်ဖြင့် မလုံလောက်ကြောင်း အသိအမှတ်ပြုမှုကို ဖော်ထုတ်ပြသခဲ့ခြင်းပင် ဖြစ်သည်။ ဆယ်စုနှစ်တစ်ခုအကြာ၌ ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ် (CRC 1989) သည် အလားတူ စကားအသုံးအနှုန်းမျိုးကို အသုံးပြုခဲ့ပြီး ၎င်း၏ အကျုံးဝင်မှုကို ချဲ့ပေးခဲ့သည်။ ဥပမာ ကလေးငယ်များအား နှိပ်စက်ကလူပြုမှုမှ အကာအကွယ် ပေးခြင်းအကြောင်း အပိုဒ်တွင် သင့်လျော်သော လုပ်ငန်းဆောင်တာများမှာ လူမှုရေးသဘော၊ ပညာပေးသဘော ဆန်ကြောင်း ထင်ရှားနေသည်။<br><br>အပိုင်း ၁၊ အပိုဒ် ၁၉။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကလေးငယ်သည် မိဘ(များ) ဖြစ်စေ သို့မဟုတ် ကလေးကို ပြုစုစောင့်ရှောက်ရန် တာဝန်ရှိသူ တရားဝင် အုပ်ထိန်းသူ သို့မဟုတ် မည်သည့် လူပုဂ္ဂိုလ်၏ ပြုစုစောင့်ရှောက်မှု အောက်တွင် မဆို ရှိစဉ်အတွင်း ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သို့မဟုတ် နာကျင်စေမှု သို့မဟုတ် နှိပ်စက်ကလူပြုမှု၊ လျစ်လျူရှုမှု သို့မဟုတ် လျစ်လျူရှုသော ဆက်ဆံမှု၊ ရက်ရက်စက်စက် ဆက်ဆံမှု သို့မဟုတ် ခေါင်းပုံဖြတ်မှု ပုံစံအားလုံးမှ အကာအကွယ်ပေးရန် တရားဥပဒေပြု ကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ လူမှုရေးနှင့် ပညာပေး ကဏ္ဍတို့၌ သင့်လျော်သော လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရမည်။<br><br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRPD) သည်လည်း အခွင့်အရေးများ ရရှိခံစားမှုကို ဟန့်ထားသော အတားအဆီးများကို ရင်ဆိုင်ဖြေရှင်းရာ၌ တရားဥပဒေကဏ္ဍ သာမက လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍရှိ အတားအဆီးများကို ရင်ဆိုင်ဖြေရှင်းခြင်း၏ အရေးပါပုံကို ထပ်လောင်း ဖော်ထုတ် တင်ပြခဲ့သည်။ ဥပမာ အပိုင်း ၁၊ အပိုဒ် ၄ သည် တာဝန် ၉ ရပ်ကို စာရင်းပြုစုထားသည်။ ယင်းအထဲမှ ဒုတိယ တာဝန်ကိုယူ၍ ဥပမာ ပြရလျှင် မသန်စွမ်းသူများကို ခွဲခြားဆက်ဆံမှု မြောက်သော ရှိရင်းစွဲ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ထုံးထမ်းစဉ်လာများနှင့် အလေ့အထများအား ပြုပြင်ရန် သို့မဟုတ် ဖျက်သိမ်းရန် ဥပဒေပြုရေး အပါအဝင် သင့်လျော်သည့် လုပ်ငန်းဆောင်တာ အားလုံးကို လုပ်ဆောင်ရန်ဟူသော အချက်သည် တချို့သော ထုံးထမ်းစဉ်လာများ၊ အလေ့အထများကို စိန်ခေါ်ရမည့် နိုင်ငံတော်၏ တာဝန်ကို ဖော်ပြထားသည်။ |

**မိရိုးဖလာ လူ့အခွင့်အရေး သီအိုရီအပေါ် ဣတ္ထိယဝါဒီများ၏ ဝေဖန်ချက်**

ကုလသမဂ္ဂ ပဋိညာဉ်ဒါ ရှုထောင့်မှ ချဉ်းကပ်သော ပညာရပ်လေ့လာချက်နှင့် တက်ကြွလှုပ်ရှားမှုများသည် လူ့အခွင့်အရေး သီအိုရီနှင့် လူ့အခွင့်အရေးများနှင့် ချိတ်ဆက်နေသော အမျိုးမျိုးသော ယဉ်ကျေးမှုနှင့် အင်စတီကျူးရှင်း အလေ့အထများ ရှုပ်ထွေးနက်နဲစွာ ဆက်နွှယ်နေပုံများသည် အမျိုးသမီးများအတွက် ၎င်းတို့၏ အခွင့်အရေးများကို ရရှိခံစားရာ၌ ရှိနေသည့် မမြင်နိုင်သော အတားအဆီးများကို ထင်သာမြင်သာ ဖြစ်လာစေရန် လုပ်ဆောင်ကြသည်။ ဤအချက်ကို မြင်နိုင်စေရန် တစ်သီးပုဂ္ဂလ ဖြစ်မှုနှင့် ပြည်သူ့ အခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေးများကို အကာအကွယ်ပေးရေးအပေါ် အထူးအလေးထား၍ အနောက်တိုင်းတွင် နားလည်ထားသည့်အတိုင်း လူ့အခွင့်အရေးများ နောက်ကွယ်တွင်ရှိသော စံနှုန်းပြု သီအိုရီ၏ အစိတ်အပိုင်း သုံးခုကို လေ့လာပါမည်။

ပထမအချက်အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူသည် ပုံမှန်အားဖြင့် အမျိုးသား ဖြစ်သည်ဟူသော အတိအလင်း ရေးမထားသော်လည်း ယူဆချက် ရှိခြင်းက အမျိုးသမီးများ တွေ့ကြုံခံစားရသော ချိုးဖောက်မှု တချို့အား နိုင်ငံရေးအရ ဖုံးကွယ်လိုက်သည်။ ယူဆထားသော အခွင့်အရေး ချိုးဖောက်ခံရသူသည် မည်သို့ မည်ပုံ အမျိုးသား ဖြစ်နေပုံ၊ ၎င်းသည် အဘယ်ကြောင့် ပြဿနာ ဖြစ်နိုင်သည်ကို တွေးတောကြည့်ပါ။ ဥပမာ ညှဉ်းပန်းနှိပ်စက်မှု ခံရသူသည် အစိုးရ အကျဉ်းခန်း တစ်ခု၌ စစ်မေးခံရသော၊ ရိုက်နက်မှု၊ နှိပ်စက်ကလူပြုမှု ခံရသော၊ ရေနှစ်သကဲ့သို့ နှိပ်စက်ခြင်းခံရသော နိုင်ငံရေး အကျဉ်းသား တစ်ဦး ဖြစ်သည်ဟု စိတ်ကူးပုံဖော်လေ့ ရှိကြသည် (အခန်း ၁၅)။ ညှဉ်းပန်းနှိပ်စက်သူသည် အစိုးရ အရာရှိတစ်ဦးဦး၊ စစ်တပ်မှ အမျိုးသား တစ်ဦးဦး သို့မဟုတ် အစိုးရကိုယ်စား လုပ်ဆောင်နေသူ တစ်ဦးဦး ဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံး၌ အမျိုးသားများရော၊ အမျိုးသမီးများပါ ဤပုံစံအတိုင်း နှိပ်စက်ခံနေကြရသည်။ သို့သော် ကမ္ဘာတစ်ဝန်းလုံး၌ (အမျိုးသားများထက်) အမျိုးသမီးများသည် အလားတူ အကြမ်းဖက် ဆက်ဆံမှုမျိုးကို ၎င်းတို့နှင့် အနီးကပ် ပေါင်းသင်းနေထိုင်သူများ၏ လက်ချက်ကြောင့် ကြုံတွေ့ခံစားနေကြရသော အချက်ကို တွေးတောကြည့်ပါ (စာသေတ္တာ ၂.၅ တွင် ရှု)။ ကုလသမဂ္ဂ ပဋိညာဉ်ရှုထောင့်မှ ဝေဖန်ချက်များ မပေါ်ထွက်သေးသည့် အချိန်က အနောက်တိုင်းတွင် ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာ စာတမ်းအား အဓိပ္ပာယ်ဖွင့်ဆိုရန်၊ အကောင်အထည်ဖော်ရန် အသုံးပြုခဲ့သော စံနှုန်းပြု သီအိုရီသည် ကျွန်ုပ်တို့ကို အိမ်တွင်း အကြမ်းဖက်မှုအား ညှဉ်းပန်းနှိပ်စက်မှုအဖြစ် စဉ်းစားစေရန် မတိုက်တွန်းခဲ့ပေ။ သီအိုရီဆရာများက ဤအချက်အား နိုင်ငံတကာ ဥပဒေရှိ ဖိုဗဟိုပြုမှု (androcentrism) ဟု ခေါ်ဝေါ်သမုတ်ကြသည် (Charlesworth, 1995, Arati Rao, 1995)။ ဖိုဗဟိုပြုမှုသည် အမျိုးသမီးများအတွက် ၎င်းတို့၏ အခွင့်အရေးများကို ရရှိခံစားရာ၌ အဟန့်အတား ဖြစ်သည်။ ထို့ပြင် နောက်လာမည့် ကဏ္ဍက ပြသထားသည့်အတိုင်း လူ့အခွင့်အရေး သီအိုရီ၏ အစောပိုင်း ဘောင်ချမှတ်မှုနှင့် အသုံးပြုမှုတွင် ရှိခဲ့သော ဖိုဗဟိုပြုမှုနှင့် အခြားသော အခွင့်ထူးခံ အနေအထား ဆိုင်ရာ အချင်းအရာများကို ဝေဖန်ခြင်းဖြင့် ကုလသမဂ္ဂဝါဒီများသည် နိုင်ငံရေးနှင့် လူမှုရေး အခွင့်အရေးများ၏ အပြန်အလှန် အမှီသဟဲပြုနေမှုကို ရှင်းပြကာ လူ့အခွင့်အရေးများ၏ အဓိပ္ပာယ်ကို ပို၍ ကျယ်ပြန့်စွာ ဖွင့်ဆိုရန် အထောက်အကူ ပေးခဲ့သည့် ခွဲခြမ်းသုံးသပ်ရေး ဘောင်များကို ချပေးခဲ့သည်။ ဤအခြေအနေသည် အမျိုးသမီးများအတွက် သာမက မိမိတို့၏ အခွင့်အရေးများအတွက် ရုန်းကန် လှုပ်ရှားနေကြသူများ အားလုံးအတွက် လူ့အခွင့်အရေး ရရှိခံစားနိုင်မှုကို တိုးတက်ကောင်းမွန်လာစေသည်။

ဣတ္တိယဝါဒ အခြေပြု ဝေဖန်ချက်များနှင့် တက်ကြွလှုပ်ရှားမှုများ ဦးတည်ပစ်မှတ်ထားသည့် လူ့အခွင့်အရေး သီအိုရီနှင့် လက်တွေ့တို့၏ ဒုတိယ အစိတ်အပိုင်းမှာ တခါတရံ အများဆိုင်-ပုဂ္ဂိုလ်ရေးဆိုင် အခွဲဟု ခေါ်ဆိုလေ့ရှိသော အများပြည်သူဆိုင်ရာ၊ နိုင်ငံရေး ရပ်ဝန်းနှင့် အိမ်တွင်း သို့မဟုတ် ပုဂ္ဂိုလ်ရေး ဆက်ဆံရေး ဆိုင်ရာ အတွင်းရပ်ဝန်း ဖြစ်သည်။ အဆိုပါ အကန့်ခွဲမှုသည် အမျိုးသမီးများ၏ အခွင့်အရေးများ မကြာခဏ ချိုးဖောက် ခံရလေ့ရှိသော နေရာများအား နိုင်ငံရေးအရ မမြင်နိုင်အောင် ဖုံးကွယ်ထား တတ်သည်။ အိမ်တွင်းရှိ အကြမ်းဖက်မှု၊ အတွင်း ရပ်ဝန်းရှိ အကြမ်းဖက်မှုသည် ညှဉ်းပန်း နှိပ်စက်မှုအဖြစ် ထင်သာမြင်သာ ရှိမနေခြင်းမှာ ခံစားရသူများသည် မိမိနှင့် အနီးကပ်ပေါင်းသင်းနေထိုင်သူ သို့မဟုတ် မိသားစုဝင်များထံမှ နှိပ်စက်ခံရသော အမျိုးသမီးများ ဖြစ်နေခြင်း ကြောင့်သာမက အကြမ်းဖက်မှု ကိုယ်၌ပင် အတွင်းရပ်ဝန်း တစ်နေရာရာ၊ တစ်နည်း အိမ်အတွင်း၌ ဖြစ်ပွားသည့် အတွက်ကြောင့်လည်း ဖြစ်သည် (စာသေတ္တာ ၂.၆ တွင် ရှုပါ)။ ဣတ္တိယဝါဒီများက အိမ်တွင်း အကြမ်းဖက်မှုသည် လူ့အခွင့်အရေး ပြဿနာ တစ်ခုဟု ပြောကြသည်။ အဘယ်ကြောင့်ဆိုသော် တရားမ ဥပဒေများသည် အိမ်အတွင်း၌ အမျိုးသမီးများ ကြုံတွေ့ခံစားရသော အကြမ်းဖက်မှု ပမာဏကို လျော့ပါးသက်သာစေရန် မစွမ်းသာချေ၊ ထို့အတွက် အမျိုးသမီးများ ၎င်းတို့၏ ဘဝသက်တမ်း၌ ထိုကဲ့သို့ အကြမ်းဖက်မှုများကို ကြုံတွေ့ရနိုင်ခြေကို ပို၍ အားကောင်းစေသည်။

ယခုသုံးသပ်ချက်သည် အိမ်တွင်းအကြမ်းဖက်မှုအတွက်သာ အကျုံးဝင်ခြင်း မဟုတ်ပါ။ ပညာရေး၊ ကျန်းမာရေး ကဏ္ဍတို့၌ အိမ်ထောင်စုဝင် တစ်ဦးတစ်ယောက်ချင်းစီအတွက် ငွေကြေးသုံးစွဲရေး ဆုံးဖြတ်ချက်များ ချသည့်အခါ မိသားစုများသည် အမျိုးသမီးငယ်များနှင့် အမျိုးသမီးများထက် ယောကျာ်းလေးများနှင့် အမျိုးသားများကို ပို၍ ဦးစားပေး စဉ်းစားသည့်အခါ ၎င်းတို့သည် အမျိုးသမီးငယ် များနှင့် အမျိုးသမီးများ၏ အခွင့်အရေးများ ရရှိခံစားရာ၌ ကြီးမားသော အတားအဆီးများကို ဖြစ်စေသည်။ ကျား၊မ ဖြစ်မှုသည် ကျန်းမာရေးနှင့် ပညာရေး ရလဒ်များကို ခန့်မှန်းပေးနိုင်သည့် အခြေအနေတွင် ဣတ္တိယဝါဒ ရှုထောင့်မှ သုံးသပ်ချက်သည် အဆိုပါ ကွဲပြားခြားနားသော ရလဒ်များမှာ သဘာဝအလျောက် ဖြစ်ပေါ်ခြင်း မဟုတ်ဘဲ နိုင်ငံတော်က ထိန်းချုပ်သော တရားဝင် ဥပဒေများ၊ မူဝါဒများနှင့် အရင်းအမြစ် ခွဲဝေသုံးစွဲမှုနှင့် တရားဝင် မဟုတ်သော်လည်း နိုင်ငံတော်ကဲ့သို့ပင် စနစ်ကျသော ယဉ်ကျေးမှု စံနှုန်းများနှင့် ယုံကြည်မှုတို့၏ အကျိုးဆက်ပင် ဖြစ်သည်။

| **စာသေတ္တာ ၂.၅ အမျိုးသမီးများ၏ လူ့အခွင့်အရေးအတွက် တက်ကြွလှုပ်ရှားမှု၊ အိန္ဒိယနိုင်ငံ ကန်ပူရ်မြို့ရှိ အမျိုးသမီးများ၏ ရဲစွမ်းသတ္တိ** |
|---|
| ၁၉၈၁ ခုနှစ် မတ်လတွင် တက်ကြွလှုပ်ရှားသူ အမျိုးသမီးတစ်စုသည် အမျိုးသမီးများက တင်တောင်းရခြင်းနှင့် မုဒိမ်းမှုတို့ကို ဆန့်ကျင်ရန် နှစ်ရက်တာ ချီတက်ပွဲတစ်ခုကို အိန္ဒိယနိုင်ငံ ကန်ပူရ်မြို့တွင် ပြုလုပ်ခဲ့သည်။ ဆွေးနွေးတိုင်ပင်ကြပြီးနောက် တက်ကြွလှုပ်ရှားသူများသည် ဆာခီ ကန္ဒရာ (Sakhi Kendra) ဆိုသော အဖွဲ့ကို ဖွဲ့လိုက်ကြသည်။ ထိုအဖွဲ့၌ ပြဿနာများကို အကြောက်အရွံ့မရှိ ပြောဆိုဆွေးနွေးနိုင်ပြီး စုပေါင်း လူမှုရေး လှုပ်ရှားမှုများကိုလည်း အားပေးသည်။ ဆာခီကန္ဒရာအဖွဲ့သည် အမျိုးသမီးများက တင်တောင်းရခြင်းနှင့် ပတ်သက်၍ မတရားဆက်ဆံခံရသူများ၊ မုဒိမ်းကျင့် ခံခဲ့ရသူများ၊ အတင်းအကျပ် ပြည့်တန်ဆာ ပြုခြင်း ခံခဲ့ရသူများ၊ အိမ်တွင်း အကြမ်းဖက်မှု ခံစားခဲ့ရသူများနှင့် အမျိုးသမီးများအပေါ် ကျူးလွန်သော အခြားသော အကြမ်းဖက်မှုများကို ခံစားခဲ့ရသူများအတွက် နေစရာနေရာ၊ ဥပဒေရေးရာ ဝန်ဆောင်မှုများ၊ ဆေးကုသမှု အကူအညီများ ထောက်ပံ့ပေးသည်။ |

ကန်ပူရ်မြို့တည်ရှိရာ အူတာပရာဒေ့ရှ်ပြည်နယ်တွင် အမျိုးသမီးများ၏ ထက်ဝက်ကျော်သည် မိမိနှင့် အနီးကပ် ပေါင်းသင်းနေထိုင်သူ၏ လက်ချက်ကြောင့် ရုပ်ပိုင်းဆိုင်ရာ နာကျင်စေမှု ခံစားရဖူးကြောင်း ဖော်ထုတ် ပြောဆိုထားသည်။ တိုးမြင့်လာနေသော အိမ်တွင်းအကြမ်းဖက်မှုများ၌ အမျိုးသမီး အများအပြားသည် အသတ်ခံရပြီး အခြား အမျိုးသမီးများသည် ကိုယ့်ကိုကိုယ် အဆုံးစီရင်သည့် အခြေအနေသို့ ရောက်နေကြသည်။ အင်စတီကျူးရှင်းများမှ တဆင့်ကျူးလွန်သော အကြမ်းဖက်မှု၊ အနီးကပ် ပေါင်းသင်းနေထိုင်သူများမှ ကျူးလွန်သော အကြမ်းဖက်မှုများအကြား ဆာခီကန္ဒရာအဖွဲ့သည် အမျိုးသမီးများ၏ အခွင့်အရေးများအကြောင်း သတင်းစာစဉ်ကို ဟိန္ဒီဘာသာဖြင့် ထုတ်ဝေခြင်း၊ အသေးစား ချေးငွေ ရှာဖွေခြင်းနှင့် အလုပ်ရရှိရေး အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းနှင့် ထိခိုက်လွယ်နေရာများ၊ ဆင်းရဲသော နေရာများတွင် ပေါ်ထွက်လာနေကြသော အမျိုးသမီး အဖွဲ့များအား သင်တန်းပေးခြင်းတို့ ပြုလုပ်လျက်ရှိသည်။ ဤအဖွဲ့သည် အမျိုးသမီးငယ်များ၊ ယောကျ်ားကလေးများ၊ စုံတွဲများ၊ မီဒီယာများနှင့် ရဲဌာနတို့အတွက် ပေးသော သင်တန်းများနှင့်အတူ အမျိုးသမီးများအပေါ် ကျူးလွန်သော အကြမ်းဖက်မှု၊ ကျား၊မ ဖြစ်မှုဆိုင်ရာ ကိစ္စများနှင့် အမျိုးသမီးများ ပေးရသော မင်္ဂလာဆောင်ကြေး ကိစ္စများအကြောင်း လူထုအကြား အသိအမြင် နိုးကြားလာစေရန် ပျော်ပွဲရွှင်ပွဲများ၊ လမ်းဘေးပြဇာတ်များကို စီစဉ်ကျင်းပလျက် ရှိသည်။ ဆာကီကန္ဒရာ အဖွဲ့သည် ဇာတ်နိမ့်၊ ဇာတ်မြင့်၊ ကိုးကွယ်ယုံကြည်မှု သို့မဟုတ် လူမှုရေး အဆင့်အတန်းတို့ကို ပဓာနမထားဘဲ ကန်ပူရ်တစ်မြို့လုံးရှိ အမျိုးသမီးများအတွက် ဝန်ဆောင်မှုများ ပေးလျက်ရှိသည် (Murray, 2008, p.121)။

**စာသေတ္တာ ၂.၆ အမျိုးသမီးများ၏ လူ့အခွင့်အရေးအတွက် တက်ကြွလှုပ်ရှားမှု၊ တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့ရှိ အမျိုးသမီးများ၏ ရဲစွမ်းသတ္တိ**

၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော တောင်အာဖရိကနိုင်ငံ၏ the Wings of Love Care Centre သည် အိမ်တွင်း အကြမ်းဖက်မှု အခြေအနေ ရင်ဆိုင်နေရသော အမျိုးသမီးများကို အကူအညီပေးရန် တည်ထောင်ထားသော အဖွဲ့အစည်း ဖြစ်သည်။ အခြားသော မြို့ကြီးများကဲ့သို့ပင် ရာဇဝတ်မှုများနှင့် အလုပ်လက်မဲ့နှုန်းမြင့်သော ဒါဘန်မြို့တွင်လည်း တရားဥပဒေ စည်းကြပ်ထိန်းသိမ်းရေး အေဂျင်စီများသည် အိမ်တွင်း အကြမ်းဖက်မှု ကိစ္စများကို လျစ်လျူရှုထားလေ့ ရှိသည်။ အိမ်တွင်းအကြမ်းဖက်မှု၏ အကျိုးဆက်များကို တိုက်ဖျက်ရန် လုပ်ဆောင်နေသော အစီအစဉ်များအနက် စင်တာသည် နှိပ်စက်သူများထံမှ ထွက်ပြေးနေသော အမျိုးသမီးများအတွက် ခိုးနားရာနေရာ စီစဉ်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ပေးခြင်း၊ ဥပဒေရေးရာ အကြံပေးခြင်း၊ ထိခိုက်ခံစားရသူများအား စွမ်းအားပေးရေး၊ ကလေးသူငယ်များအပေါ် ညှဥ်းပန်း နှိပ်စက်ခြင်းနှင့် စပ်လျဥ်း၍ ပညာပေး အစီအစဉ်များ လုပ်ဆောင်ခြင်းနှင့် ဒေသအတွင်းရှိ အမျိုးသမီးများ အတွက် ကလေးသူငယ် ပြုစုပျိုးထောင်ရေး စွမ်းရည် သင်တန်းပေးခြင်း တို့ကို ဆောင်ရွက်လျက်ရှိသည်။ တရားဥပဒေ စည်းကြပ်ရေး ဝန်ထမ်းများအကြား ဂရုမစိုက်တတ်သော စိတ်နေသဘောထားကို ပြောင်းလဲရန်နှင့် အိမ်တွင်း အကြမ်းဖက်မှု ပြဿနာများ အကြောင်း အသိပညာမြှင့်တင်ရန် အလို့ငှာ စင်တာသည် ရဲတပ်ဖွဲ့ ဝန်ထမ်းများနှင့် အောက်ခြေ အဖွဲ့အစည်းများရှိ အခြား တာဝန်ထမ်းဆောင် နေသူများအား နားလည်ကိုယ်ချင်းစာရေး သင်တန်း (sensitivity) များ ပေးလျက်ရှိသည်။
Murray (2008, p.115) မှ ကောက်နုတ်ဖော်ပြသည်။

အမျိုးသမီးများအတွက် မိရိုးဖလာ လူ့အခွင့်အရေး သီအိုရီ၏ တတိယ ပြဿနာသည် လူမှုရေး စံနှုန်း ချိုးဖောက်မှုများ၏ သဘောသဘာဝနှင့် ပတ်သက်သော ယူဆချက်နှင့် သက်ဆိုင်သည်။ ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာ စာတမ်းက လူမှုရေး ယန္တရားများ အခွင့်အရေးများကို ချိုးဖောက်ပုံ ချိုးဖောက်နည်းသည် ခွဲခြားဆက်ဆံခံမှုမှ တဆင့်ဖြစ်မည်ဟု မှန်းဆထားသည်။ ဆိုလိုရင်းမှာ ကျွန်ုပ်တို့သည် အမျိုးသမီးများ၏ အခွင့်အရေးများ ချိုးဖောက်ခံရသော အခြေအနေများကို အဆိုးအဖြတ်ပေးသည့် လူမှုရေး ယန္တရား တချို့အား လေ့လာဆန်းစစ်ခြင်း မပြုကြတော့ချေ။ ဥပမာ UDHR ၏ အပိုဒ် ၂ တွင် 'လူတိုင်းသည် လူမျိုး၊ အသားအရောင်၊ ကျား‌မ ဖြစ်ခြင်း၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြား အကြောင်းအရာ တစ်ခုခုအပေါ် ထင်မြင်ချက်၊ မွေးဖွား ဆင်းသက်ရာ နိုင်ငံ သို့မဟုတ် လူမှုရေး ဇာစ်မြစ်၊ ပစ္စည်းပိုင်ဆိုင်မှု၊ မွေးခြင်း သို့မဟုတ် အခြားသော အခြေအနေ အဆင့်အတန်း စသည်ဖြင့် မည်သည့် ခွဲခြားမှုမျိုးမှ မရှိဘဲ ယခု ကြေညာချက်တွင် ပါရှိသော အခွင့်အရေးများနှင့် လွတ်လပ်ခွင့် အားလုံးကို ခံစားခွင့် ရှိသည်' ဟု ဆိုထားသည်။ ကြေညာချက်သည် ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး စဉ်းစားပုံ စဉ်းစားနည်းကို လိုက်နာကြောင်း 'မည်သည့် ခွဲခြားမှုမှ မရှိဘဲ' ဆိုသော စကားစုက အချက်ပြနေသည်။ ဆိုလိုသည်မှာ ကြေညာချက်စာတမ်းသည် အကယ်၍ လူတို့သည် အတူတူဖြစ်လျှင် ၎င်းတို့အား အတူတူ ဆက်ဆံရမည်ဟု အဆိုပြု ငြင်းခုံထားခြင်း ဖြစ်သည်။

တရားမျှတမှုအကြောင်း ယခုစဉ်းစားနည်းအား အဲရစ်တိုတယ် (Aristotle) ၏ နီကိုမာချူအတွက် ကျင့်ဝတ်များ (Nicomachean Ethics) (စာအုပ် ၅) အထိ ခြေရာကောက်နိုင်သည်။ ခွဲခြားဆက်ဆံမှု ဆိုသည်မှာ သက်ဆိုင်ရာ အဓိပ္ပာယ်အရ ဆင်တူသော လူတချို့သည် ကွဲပြားခြားနားစွာ ဆက်ဆံခံရသည်ဟု ဆိုလိုသည်။ သို့ရာတွင် ရိုးစင်းသည်ဟု အထင်ရစေသော ဤခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး ချဉ်းကပ်နည်းတွင် ပြဿနာ နှစ်ခု ရှိသည်။ ပထမပြဿနာမှာ ခွဲခြားဆက်ဆံမှုရှိနေသည့် အခြေအနေများတွင် လူတို့သည် သက်ဆိုင်သော အဓိပ္ပာယ် အရ ဆင်တူကြသည်ဟူသော ယူဆချက်သည် မမှန်ပေ။ အမျိုးသမီးများ၏ ပြောဆိုထုတ်ဖော်ခွင့်အား လေးစားမှု မရှိသည့်အခါ အကြောင်းအရင်းမှာ လူမှုရေး စံနှုန်းများက အမျိုးသမီးများ၏ သဘောထား ထင်မြင်ချက်ကို နားထောင်သင့်သည်ဟူသော အယူအဆကို မထောက်ခံသည့်အတွက် ဖြစ်သည် (MacKinnon, 1993, 1987)။ ထို့ကြောင့် ပြဿနာမှာ တူညီကြသော လူတို့သည် ၎င်းတို့၏ အခွင့်အရေးများ ငြင်းပယ်ခံရခြင်း မဟုတ်ဘဲ အစကတည်းကပင် အမျိုးသမီးများအား တန်းတူဖြစ်သည်၊ အမျိုးသားများနှင့် အတူတူပင် ဖြစ်သည်ဟု မယူဆကြခြင်း ဖြစ်သည်။ လူမှုရေး စံနှုန်းများသည် ကျွန်ုပ်တို့အား လူအမျိုးမျိုးတွင် တန်ဖိုး အမျိုးမျိုးရှိပြီး ၎င်းတို့နှင့် ပတ်သက်၍ ထားရှိသော မျှော်မှန်းချက်များသည်လည်း အမျိုးမျိုး ရှိသည်ဟု သင်ပြဆုံးမထားသည်။ ခွဲခြားဆက်ဆံရေး ငြင်းခုံချက် မှန်ကန်ရန်အတွက် ဆိုလျှင် ခွဲခြားဆက်ဆံ ခံရသူများသည် သက်ဆိုင်သော အဓိပ္ပာယ်အရ တန်းတူဖြစ်သည်၊ ပြဿနာမှာ တန်းတူဖြစ်ကြသူများ ကွဲပြားခြားနားစွာ ဆက်ဆံခံရသည်ဟု ကျွန်ုပ်တို့ သဘောတူကြရန် လိုသည်။ အမျိုးသမီးများ၏ အခွင့်အရေးများ ပါဝင်ပတ်သက်နေသော အခြေအနေ အတော်များများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူဖြစ်သည်ဟု သဘောတူညီချက်ပင် မရှိပေ။

ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး ဘောင်၏ ဒုတိယ ပြဿနာမှာ ၎င်းသည် အမျိုးသမီးများအတွက် တန်းတူညီမျှမှု (equality) အား မျှတမှု (equity) အဖြစ် မဟုတ်ဘဲ တူညီမှု (sameness) အဖြစ် သတ်မှတ်ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ အမျိုးသမီးများ ကြုံတွေ့ခံစားရသော မတရားမှုများအတွက် အမျိုးသားများနှင့်

အမျိုးသမီးများအကြား တရားဥပဒေ နယ်ပယ်အား ညီတူညီမျှ ဖြစ်စေရန် ညှိပေးရန်နှင့် လူမှုရေး စံနှုန်းများသည် မတူညီသော အခြေအနေကိုသာမက မတူညီသော တွန်းအားများကိုပါ ဖြစ်ပွားစေသည်ဟု သိမြင်လာရန်လည်း လိုအပ်သည်။ ဥပမာ အမျိုးသမီးများ၏ နိုင်ငံရေး အမြင်များကို ပေါ့ပျက်ပျက် သဘောထား တတ်သည့် လူမှုရေး စံနှုန်းများရှိသော နေရာများတွင် မဲဆွယ်နေကြသည့် နိုင်ငံရေးခေါင်းဆောင်များအား အမျိုးသမီးများ၏ အကျိုးစီးပွားများကို ကိုယ်စားပြုလုပ်ဆောင်နိုင်ရန် တန်းတူညီမျှ မဲပေးခွင့်က စွမ်းနိုင်မည် မဟုတ်ပေ။ ပညာရေးအတွက် တရားဥပဒေအရ ပေးထားသော တန်းတူညီမျှသော အခွင့်အရေးသည် မိန်းကလေးများနှင့် ယောကျ်ားလေးများအား ထိုအခွင့်အရေးများကို တန်းတူညီမျှ အသုံးချရန် အားပေးနိုင်မည် မဟုတ်ပေ၊ သို့မဟုတ် အိမ်တွင် အစားအသောက် မျှမျှတတ သို့မဟုတ် ကျောင်းမုန့်ဖိုး မျှမျှတတ ရကြပြီး ထိုအခွင့်အရေးများကို အသုံးချနိုင်စေနိုင် စွမ်းဆောင်ပေး နိုင်မည် မဟုတ်ပေ။ ကျန်းမာရေး စောင့်ရှောက်မှု တန်းတူညီမျှ ရရှိမှုသည် မွေးဖွားစဉ် မိခင် သေဆုံးမှုများအား ၎င်း၏ ဒေသအလိုက် အကြောင်းအရင်းအမျိုးမျိုးကို ကိုင်တွယ်ဖြေရှင်းမှု မရှိဘဲ လျော့ချပေးနိုင်လိမ့်မည် မဟုတ်။

တချို့သော ဣတ္ထိယဝါဒ အခြေပြု ပညာရှင်များက ဖိုဗဟိုပြုမှု၊ အများအရေး-ကိုယ်တွင်းရေး အကန့်ခွဲထားမှုနှင့် ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး ဘောင်တို့သည် လူ့အခွင့်အရေးများ၏ တစ်ကမ္ဘာလုံး အကျုံးဝင်မှုနှင့် ဣတ္ထိယဝါဒ အခြေပြု တက်ကြွလှုပ်ရှားမှုများအတွက် လူ့အခွင့်အရေးများ၏ အသုံးဝင်မှုကို သံသယ ဖြစ်ကြသည် (Peterson and Parisi, 1998)။ အခြား ပညာရှင်များကမူ ဤဝေဖန်ချက်များသည် တကယ်တမ်းတွင် လူ့အခွင့်အရေးများအပေါ် ပစ်မှတ်ထားခြင်း မဟုတ်ဘဲ ၎င်းတို့အား အခွင့်အရေးများအား ယူဆ တွေးခေါ်ပုံ၊ အသုံးပြုပုံတို့အပေါ် ဝေဖန်ချက်များအဖြစ် နားလည် သဘောပေါက်သင့်သည်ဟု ထောက်ပြကြသည်။ ဤအမြင်သည် အဘယ်ကြောင့် အမျိုးသမီးများ၏ လှုပ်ရှားမှုများသည် ပြဿနာများ ရှိနေလင့်စကား အခွင့်အရေးများကို ဆက်လက် အသုံးပြုနေကြသည်ကို ကူညီရှင်းပြပေးသည် (Peters and Wolper, 1995; Parisi, 2010b, p.217)။ ၎င်းတို့သည် သက်ဆိုင်ရာ အခြေအနေနှင့် အမျိုးသမီးများ ၎င်းတို့၏ လူ့အခွင့်အရေးများကို ရရှိခံစားရာ၌ အဟန့်အတား ဖြစ်စေသော သတ်သတ်မှတ်မှတ် အတားအဆီးများကို အာရုံစိုက်ရန် လိုအပ်ကြောင်း ထောက်ပြပြောဆိုနိုင်ရန် ဝေဖန်ချက်များနှင့် မိမိတို့၏ အတွေ့အကြုံများမှ တစ်ဆင့် စဉ်းစားဖော်ထုတ်လာခဲ့သော လူ့အခွင့်အရေး ဘောင်တစ်ခုကို အသုံးပြုလာခဲ့ကြသည်။ ဤဘောင်နှင့် ၎င်းကို အသုံးပြုသော လှုပ်ရှားမှုများသည် အမျိုးသမီးများ၏ အခွင့်အရေးများအတွက် ရုန်းကန်လှုပ်ရှားမှုနှင့် တရားမျှတမှုကို လူမြင်ကွင်းရှေ့ ထင်သာမြင်သာ ဖြစ်လာအောင် လုပ်ဆောင်ရာ၌၊ အလားတူ ရုန်းကန်လှုပ်ရှားမှုတွင် ပါဝင်ဆင်နွှဲနေကြသူများနှင့် အချိတ်အဆက်များ တည်ဆောက်ရာ၌ ထိရောက်မှုရှိကြောင်း သက်သေပြခဲ့ပြီး ဖြစ်သည်။

## အခွင့်အရေး တောင်းဆိုမှုတစ်ခု ပြုလုပ်ခြင်း

အခွင့်အရေး တောင်းဆိုမှုများ ပြုလုပ်ခြင်းသည် မည်သည့် အခွင့်အရေး ရုန်းကန်လှုပ်ရှားမှုအတွက်မဆို အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ လူ့အခွင့်အရေးများအတွက် တောင်းဆိုမှုတစ်ခုတွင် နောက်ထပ် သတ်သတ်မှတ်မှတ် တောင်းဆိုမှု သို့မဟုတ် ငြင်းခုံချက် နှစ်ခုပါဝင်သည်- (၁) တောင်းဆိုသူသည် တောင်းဆိုမှုပြုနိုင်သူ တစ်ဦးဖြစ်သည်၊ တနည်းအားဖြင့် လူသားတစ်ဦး ဖြစ်သည်၊ (၂) တောင်းဆိုသည့် အရာသည် အခွင့်အရေး တစ်ခုအဖြစ် အသိအမှတ်ပြုခံရသင့်သည့် အရာတစ်ခု ဖြစ်သည်။

ဤအစိတ်အပိုင်းနှစ်ခုမှ တစ်ခုသည် သို့မဟုတ် နှစ်ခုစလုံးသည် အခွင့်အရေး ရုန်းကန်လှုပ်ရှားတစ်ခု၏ အခြေခံ အဖြစ် လုပ်ဆောင်နိုင်သည်။

လူသားထု၏ အစိတ်အပိုင်းတစ်ခုဖြစ်ရန် တောင်းဆိုမှုသည် ပေါ့တန်သော ကိစ္စတစ်ခု ဖြစ်နေသည့်ပုံ ပေါက်ကောင်း ပေါက်နေနိုင်သော်လည်း တကယ်တမ်းတွင် ၎င်းသည် အရေးပါသော စဉ်းစားရမည့် အချက်တစ်ခု ဖြစ်သည်။ ဤအချက်ကို နားလည်သဘောပေါက်ရန် လူသိများကြသော အခွင့်အရေး ချိုးဖောက်ခံခဲ့ရသူများ ဆက်ဆံခံရပုံ တွေးတောကြည့်ပါ။ ကျွန်ပြုမှု၊ လူမျိုးရေး ခွဲခြားဆက်ဆံမှု၊ လူဖြူ၊ လူမည်း ခွဲခြားမှု (apartheid)၊ နှင့် လူမျိုး ပြုန်းတီးစေမှု တို့တွင် ဖိနှိပ်ခံရသူများ၊ သတ်ဖြတ်ခံရသူများသည် အသက် သေဆုံးရုံသာမက အသက်ရှင်နေစဉ်လည်း လူသားတစ်ဦးအဖြစ် အပြည့်အဝ ဆက်ဆံခြင်း မခံရပေ။ ၎င်းတို့အား နိုင်ငံရေး ပြောဆိုရေးသားချက်များနှင့် သတင်းမီဒီယာများ၌ ပိုးမွှားတိရစ္ဆာန်များနှင့် ခိုင်းနှိုင်းပြောဆိုတတ်ကြသည်။ ၎င်းတို့အား ပိုးမွှား တိရစ္ဆာန်များအတွက်သာ သင့်လျော်သော အခြေအနေများတွင် အတင်းအကျပ် နေထိုင်စေသည်။ ၎င်းတို့အပေါ် လူသားမဆန်စွာ ဆက်ဆံသည့် ပုံရိပ်များအား လူထုယဉ်ကျေးမှု၊ လူမှုရေး စံနှုန်းများနှင့် သမိုင်းအမှတ်တရများမှ တဆင့် အသစ်ဖန်တီးပြီး ပုံမှန်ကိစ္စအဖြစ် အသွင်းပြောင်းလဲပစ်သည်။ မတူသော အခြေအနေအသီးသီး၌ အမျိုးသမီးများ၊ ဇာတ်နိမ့် ဒါလစ်များ (dalits)၊ အနည်းစု လူမျိုးများ၊ မူလအခြေချ နေထိုင်သော လူမျိုးများနှင့် မသန်စွမ်းသူများ အနေဖြင့် ၎င်းတို့သည် အခွင့်အရေးများ ရှိခွင့်ရှိသော၊ ခံစားခွင့်ရှိသော လူပုဂ္ဂိုလ်များ (beings) ဖြစ်သည်ဟု သက်သေထူပြရန် ခက်ခက်ခဲခဲ ကြိုးပမ်းကြရသည်။

တောင်းဆိုသော အခြေခံအကျိုးခံစားခွင့် (substantive benefit) သည် ဆန္ဒ သို့မဟုတ် တိုင်တန်းချက် တစ်ခုသာသာ မဟုတ်ဘဲ အခွင့်အရေးတစ်ခု ဖြစ်သင့်သည်ဆိုသော အချက်သည်လည်း ဆတူ အရေးပါသည်။ အသိအမှတ်ပြုမှုအတွက် ရုန်းကန် ကြိုးစားနေကြသော အုပ်စုများသည် အခြေအနေ အမျိုးမျိုး၌ ၎င်းတို့ ကြုံတွေ့ခံစားရသော ဆက်ဆံမှုများ၊ အတားအဆီးများသည် မည်မျှပင် မြင်တွေ့နေကျအရာ၊ သို့မဟုတ် လူမှုရေးအရ လက်ခံထားမှုများ ဖြစ်နေစေကာမူ ယင်းတို့သည် အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ကြောင်း သက်သေပြရန် ရုန်းကန်ကြိုးပမ်းကြရတတ်သည်။ ဤအချက်ကို အလေးအနက် ဖော်ပြရန် အမျိုးသမီးများသည် 'အမျိုးသမီးများ၏ အခွင့်အရေးများသည် လူ့အခွင့်အရေးများ ဖြစ်သည်' ဟူသော ကြွေးကြော်သံကို ကြွေးကြော်ကြသည်။ အိမ်ထောင်ဘက်ကို ရွေးချယ်ရန် အခွင့်အရေး၊ အိမ်ထောင်ပြုလိုသော အသက်အရွယ်၊ ပိုင်ဆိုင်မှုများ အမွေဆက်ခံနိုင်ရန် အခွင့်အရေးနှင့် ကလေးမွေးခြင်းနှင့် သားဆက်ခြားခြင်းဆိုင်ရာ ရွေးချယ်မှုများသည် များသောအားဖြင့် အမျိုးသားများက ပြုလုပ်တတ်သော အခွင့်အရေး တောင်းဆိုချက်များ မဟုတ်ချေ။ ရစရာ၊ ဆုံးရှုံးစရာ ရှိသော အကျိုးခံစားခွင့်များသည် လူ့အခွင့်အရေးများပင် ဖြစ်သည်ဟု အဆိုပြု ငြင်းခုံခဲ့ကြရသည်။

အိမ်တွင်းအကြမ်းဖက်မှု ကိစ္စကို တဖန် တွေးတောကြည့်ပါ။ ၎င်းသည် အမျိုးသမီးများ၏ လုံခြုံမှုနှင့် လွတ်လပ်မှုကို ယုတ်လျော့ အားနည်းစေသည့်အတွက် အိမ်တွင်းအကြမ်းဖက်မှုအား ညှဉ်းပန်း နှိပ်စက်မှုအဖြစ် မှတ်ယူသင့်သည်ဟု ဣတ္ထိယဝါဒီများက အဆိုပြုငြင်းခုံထားသည်။ ဤပြဿနာသည် စနစ်တကျ ဖြစ်ပွားခြင်း ဖြစ်သည်ဟူသော အချက်သည် အဓိကကျသည်။ တရားဝင် အင်စတီကျူးရှင်းများ၊ လူမှုရေး စံနှုန်းများနှင့် အလေ့အထများနှင့် ထိတွေ့ဆက်ဆံမှုတို့သည် အကြမ်းဖက်မှုနှင့် နှိပ်စက်မှုတို့အား လူ့အဖွဲ့အစည်း

တစ်ခုလုံး၌ ဆက်လက်တည်ရှိနေရန် ခွင့်ပြုပေးသည်။ အဆိုပါ အခြေအနေများတွင် အမျိုးသမီး ဖြစ်နေခြင်းသည် အခွင့်အရေး ချိုးဖောက်မှု ခံစားရနိုင်ခြေကို သိသိသာသာ မြှင့်တက်စေသည်။ ဤအခွင့်အရေး ချိုးဖောက်မှု ပုံစံကို နားလည်ခြင်းသည် အမျိုးသမီးများအား ယင်းဖြစ်ရပ်ကို လူ့အခွင့်အရေး ပြဿနာ တစ်ခုအဖြစ် နားလည်သဘောပေါက်စေခဲ့ပြီး ၎င်းတို့၏ နိုင်ငံရေး တောင်းဆိုချက်အား အမျိုးသမီး အခွင့်အရေးများသည် လူ့အခွင့်အရေးများ ဖြစ်သည်ဟူသော ခေါင်းစဉ်အောက်မှ တောင်းဆိုစေခဲ့သည်။ လူ့အခွင့်အရေး ပြောဆိုရေးသားချက်နှင့် နိုင်ငံတကာ လူ့အခွင့်အရေး အင်စတီကျူးရှင်းများကို ရည်ညွှန်း ပြောဆိုခြင်းဖြင့် အမျိုးသမီးများသည် ၎င်းတို့၏ အရေးကိစ္စ ထင်သာမြင်သာမှု ပိုရှိလာစေရန် လက်ခံမှုပိုမို ရရှိလာရန် ရည်ရွယ်ချက်ရှိရှိ မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်ချ၍ လုပ်ဆောင်ခြင်း ဖြစ်သည် (E.Friedman, 1995)။ မူလအခြေချ နေထိုင်သူများ၏ အခွင့်အရေးများအတွက် လှုပ်ရှားမှုများတွင် ပါဝင် ဆောင်ရွက်လျက်ရှိသော အမျိုးသမီးများ အကြောင်း ဥပမာတွင် တွေ့နိုင်သည့်အတိုင်း မဟာဗျူဟာကျကျ စဉ်းစားမှုများနှင့် အလျော့အစား ပြုမှုများကို အထင်းသား တွေ့မြင်နိုင်သည်။ ပစ္စည်းပိုင်ဆိုင်မှု အခွင့်အရေးများနှင့် ပတ်သက်၍ တစ်သီးပုဂ္ဂလ အခြေပြု ယူဆချက်များ အသုံးပြုခြင်းသည် ၎င်းတို့၏ လူမှု အသိုင်းအဝိုင်းများ အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တောင်းဆိုရာ၌ အန္တရာယ်များ ရှိသည်။ အဆိုပါ စိုးရိမ်ကြောင့်ကြမှုများကြောင့် အမျိုးသမီးများသည် လူ့အခွင့်အရေး ပြောဆိုရေးသားချက်ကို အသုံးပြုခြင်း၏ အကျိုးကျေးဇူးတို့ကို ချင့်ချိန်စဉ်းစားရန် လိုသည်။ ထိုနည်းတူစွာ အမျိုးသမီးများ အနေဖြင့် မိမိတို့ လူမှုအသိုင်းအဝိုင်းများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တောင်းဆိုမှုများနှင့် ၎င်းတို့အား စီးပွားရေးအရ အကာအကွယ်မဲ့စေသော၊ ကမ္ဘာစီးပွားရေး စနစ်တွင် လုံခြုံမှု၏ ရေခံဇာစ်မြစ်ဖြစ်သည့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု အခွင့်အရေးများ မပေးသော မိမိတို့ လူမှုအသိုင်းအဝိုင်း၏ ရိုးရာအလေ့အထများနှင့် ချင့်ချိန်၍ စဉ်းစားဆုံးဖြတ်ကြရသည်။

အထက်ပါ တောင်းဆိုမှုများသည် အားလုံးသည် ချေပငြင်းခုံမှုမရှိဘဲ ရှိနေခြင်းတော့ မဟုတ်ချေ။ ကလေး မွေးခြင်းနှင့် သားဆက်ခြားခြင်း၊ လိင်ဖြစ်မှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခြင်း တို့နှင့် ဆက်စပ်သော အခွင့်အရေးများကို အသိအမှတ် ပြုပေးခြင်းသည် ပြင်းထန်သော ဆန့်ကျင်ကန့်ကွက်မှုများကို ဖြစ်စေသည်။ ယခု ဆွေးနွေးထားသော အကျိုးခံစားခွင့်များသည် တစ်ကမ္ဘာလုံး အကျုံးဝင်သော လူ့အခွင့်အရေးများ ဖြစ်သည်ဟု ဆိုခြင်းက ဤအခွင့်အရေးများ မည်မျှ ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြု ခံထားရကြောင်း ထွက်ဆိုခြင်း မဟုတ်ဘဲ မတရားမှုကို ခုခံတွန်းလှန် နေကြသူများသည် ကမ္ဘာတစ်ဝန်းလုံးရှိ အခြေအနေ အမျိုးမျိုးတွင် လူ့အခွင့်အရေး ဘောင်ကို အသုံးပြုလျက် ရှိသည်ဟု ပြောလိုရင်းသာ ဖြစ်သည်။ ထိုသူတို့သည် ၎င်းတို့အား လူသားအဖြစ် အသိအမှတ်ပြုမှု ပါဝင်လာသည်အထိ လူ့အခွင့်အရေး အယူအဆနှင့် လက်တွေ့ ကျင့်သုံးမှုအား အကျယ်ချဲ့သင့်ကြောင်း တောင်းဆိုရန်၊ အခြေခံ အကျိုးခံစားခွင့် တချို့အား တရားနည်းလမ်း ကျသော အခွင့်အရေးများအဖြစ် အကာအကွယ်ပေးရန်နှင့် ထိုအခွင့်အရေးများ၊ အကျိုးခံစားခွင့်များ ရရှိခံစားမှုကို အဟန့်အတား ဖြစ်စေသော အတားအဆီးများအား ဖယ်ရှားရန် လူ့အခွင့်အရေး ဘောင်ကို ယူသုံးကြသည်။ ဤတောင်းဆိုချက်များ၏ တရားနည်းလမ်းကျမှုအား မည်သည့် စာချုပ် သို့မဟုတ် နိုင်ငံတကာ အင်စတီကျူးရှင်းက အသိအမှတ်ပြုထားခြင်း မရှိစေကာမူ လူ့အခွင့်အရေး ဘောင်ကို အသုံးပြုကြသည်။ ဤတောင်းဆိုမှုများကို အသိအမှတ်ပြုမှုနှင့်အတူ လူ့အခွင့်အရေး သီအိုရီနှင့် လက်တွေ့ ကျင့်သုံးမှု သည်လည်း ပြောင်းလဲသွားသည်။

## လူ့အခွင့်အရေးကဏ္ဍ၌ ဣတ္ထိယဝါဒ၏ သဘောတရားပိုင်းဆိုင်ရာ ထည့်ဝင်မှု

ဣတ္ထိယဝါဒီများ ဖော်ထုတ်ထားသော လူ့အခွင့်အရေးဆိုင်ရာ ပြောင်းလဲရေး သီအိုရီသည် အမျိုးသမီးများနှင့် အခြားသော အပယ်ခံအုပ်စုများ၏ ခိုင်မာသော အတွေ့အကြုံများအပေါ် အခြေခံသည်။ ဤသီအိုရီအား သတ်သတ်မှတ်မှတ် ရုန်းကန်လှုပ်ရှားမှုများမှတဆင့် ဖော်ထုတ် ချပြခဲ့ကြသည်။ သို့သော် ၎င်းတွင် လူ့အခွင့်အရေးများ၏ ခွဲခြားမရမှု (indivisibility) နှင့် အချင်းချင်းဆက်နွှယ်မှု (interrelatedness) တို့ကို အလေးအနက်ထားသော သီအိုရီ အဆောက်အဦ ပါရှိပြီး လူ့အခွင့်အရေးများ ရရှိခံစားစေရာ၌ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး စနစ်များ (structures) များသည် မည်သို့မည်ပုံ အရေးပါကြောင်း၊ ထို့ကြောင့် ဤစနစ်များကို ခွဲခြမ်းသုံးသပ်ရန်၊ ဝေဖန်ရန် အရေးကြီးကြောင်းကိုလည်း အလေးပေး ဖော်ပြသည်။

ခွဲခြားမရမှုသည် မည်သည့် အခွင့်အရေးမဆို အခြားသော အခွင့်အရေးများလည်း လုံခြုံမှု မရှိလျှင် မလုံခြုံ ဆိုသော သဘောကို အမိအရ ဖော်ပြပေးသည်။ အကယ်၍ စုရုံးနိုင်သော နိုင်ငံရေး အခွင့်အရေးကို အကာအကွယ် မပေးထားလျှင် လူတို့သည် လုပ်ငန်းခွင် အခြေအနေကို ပြောင်းလဲရန်အတွက် သပိတ်မှောက် တောင်ဆိုနိုင်လိမ့်မည် မဟုတ်ပေ။ ခွဲခြားမရမှု သဘောတရားက တချို့သော ခွဲခြမ်း သုံးသပ်ရေး၊ နိုင်ငံရေး မဟာဗျူဟာများ သုံးသင့်ကြောင်း အကြံပြုသည်။ ဥပမာ အိုးမဲ့အိမ်မဲ့ အမျိုးသမီးများ၏ အခွင့်အရေးများအတွက် လှုပ်ရှားသည့်အခါ အမျိုးသမီးများကို အိုးမဲ့အိမ်မဲ့ ဖြစ်မှုသို့ ဦးတည်စေလေ့ရှိသည့် ငယ်စဉ် လိင်ပိုင်းဆိုင်ရာ နှိပ်စက်ကလူပြုမှု သမိုင်းတို့ကို အာရုံစိုက်ရန် လိုသည်။ CEDAW တွင်ပါရှိသော ဆန်းသစ်တိုးတက်မှု တစ်ခုမှာ သက်ဆိုင်ရာ အပိုဒ်များသည် အမျိုးသမီးများအတွက် ၎င်းတို့၏ အခွင့်အရေးအားလုံးကို ရရှိခံစားနိုင်ရန် လိုအပ်သည့် ကျန်းမာရေး၊ ပညာရေးနှင့် အခြား ကဏ္ဍများရှိ အောင်မြင်မှုများကို ဖော်ပြထားခြင်း ဖြစ်သည်။ အမျိုးသမီးများသည် အလုပ်လုပ်နိုင်သည်အထိ မကျန်းမာလျှင် ၎င်းတို့၏ အလုပ်ရှိရန် အခွင့်အရေးကို ရရှိ ခံစားနိုင်မည် မဟုတ်၊ ၎င်းတို့သည် အိမ်တွင်း အကြမ်းဖက်မှု ခံစားနေကြသူများ ဖြစ်လျှင် အလုပ်လုပ်နိုင်သည်အထိ ကျန်းမာရေး ကောင်းမည် မဟုတ်ချေ။ အခွင့်အရေးများကို တစ်ခုချင်းစီ ခွဲခြားပစ်၍ မရ။

လူ့အခွင့်အရေးများဆိုင်ရာ ဣတ္ထိယ သီအိုရီများက လူမျိုးအားလုံး (all peoples)၏ အခွင့်အရေးများသည် အချင်းချင်း ဆက်နွှယ်မှုရှိကြသည် (သို့မဟုတ် အပြန်အလှန် အမှီသဟည်း ပြုကြသည်) ဟုလည်း အလေးအနက် ဆိုကြသည်။ လူအားလုံး၏ အခွင့်အရေးများ လုံခြုံမှု မရှိလျှင် မည်သူ၏ အခွင့်အရေးကမျှ လုံခြုံမှု မရှိပေ။ ဥပမာ ယဉ်ကျေးမှု စံနှုန်းများသည် လိင်တူ စိတ်ဝင်စားသူ အမျိုးသမီးများ၏ လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းခွင့်ကို ကန့်သတ်သည်ဆိုလျှင် (အခန်း ၁၁ တွင် ရှု)၊ ပြီးနောက် ဤအခွင့်အရေး ချိုးဖောက်မှုအား လူ့အဖွဲ့စည်းက လက်သင့်ခံထားသည်ဆိုလျှင် အလုပ်သမားအရေး စုရုံးလှုပ်ရှားသူများ၊ မူလ အခြေချနေထိုင်သော လူမျိုးများအရေး လှုပ်ရှားသူများနှင့် အတိုက်အခံ နိုင်ငံရေးပါတီများကဲ့သို့ အခြားသော အားနည်းသော အုပ်စုများ၏ အခွင့်အရေးများကိုလည်း အလွယ်တကူပင် ကန့်သတ်ထား နိုင်သည်။ လူ့အဖွဲ့အစည်းအနေဖြင့် လူတချို့၏ အခွင့်အရေးများကို ငြင်းဆန်ရန်အတွက် ခိုင်လုံသော အကြောင်းပြချက်များ ရှိသည်ဟု လက်ခံသည်နှင့် တပြိုင်နက် အခြေအနေသည် ကုန်းဆင်းအတိုင်း ထိုးဆင်းသွား လေတော့သည်။

ဣတ္ထိယဝါဒ လူ့အခွင့်အရေး သီအိုရီ၏ တတိယအပိုင်းသည် ပထမပိုင်းနှင့် ဒုတိယပိုင်းတို့၏ အဆက်ဖြစ်သည်။ ဣတ္ထိယဝါဒ အခြေပြု ချဉ်းကပ်နည်းများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ စနစ်လုံးခြုံ ခွဲခြမ်းသုံးသပ်မှုအပေါ် အားထားသည်၊ ဆိုလိုသည်မှာ တစ်ဦးတစ်ယောက်ချင်းနှင့် အစုအဖွဲ့ လုပ်ရပ်များအား ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စီးပွားရေး ဘဝအခြေအနေ စနစ်များ (structures) က ပုံဖော်ပေးတတ်သည်ဟု နားလည် သဘောပေါက်ခြင်းသည် အခွင့်အရေးများ ရရှိခံစားမှု လမ်းကြောင်း၌ ရှိနေသော အတားအဆီးများကို ရှာဖွေဖော်ထုတ်ရန်၊ ရှင်းလင်းဖယ်ရှားရန်အတွက် အဓိက အရေးပါသည် ဟူ၍ ဖြစ်သည်။ ဤစနစ်များသည် ဒေသအဆင့် သို့မဟုတ် တစ်ကမ္ဘာလုံး အဆင့်၌ ရှိနေနိုင်ပြီး အစိုးရ တစ်ခုခု သို့မဟုတ် လူမှုအသိုင်းအဝိုင်း တစ်ခုခု၏ ကိုင်တွယ် ထိန်းချုပ်နိုင်သော ဘောင်ပြင်ပ၌လည်း ရှိနေနိုင်သည်။ ထို့အတွက် လူတစ်ဦးတစ်ယောက်ချင်းစီနှင့် ၎င်းတို့ ခံစား ကြုံတွေ့ရသော အခွင့်အရေးများကိုသာ အဓိကအာရုံစိုက်ပြီး ထိုချိုးဖောက်မှုများကို ဖြစ်စေသော၊ လက်ခံခွင့်လွှတ်သော စနစ်များကို အာရုံမစိုက်၍ မရပေ။ စနစ်လုံးခြုံ ခွဲခြမ်းသုံးသပ်ရန် ခက်ခဲသည်။ အဘယ်ကြောင့်ဆိုသော် စနစ်များသည် လွန်စွာ ရှုပ်ထွေးနက်နဲရုံသာမက တစ်ခါတစ်ရံ နိုင်ငံအများအပြား သို့မဟုတ် တစ်ကမ္ဘာလုံးအဆင့် ချိတ်ဆက်နေနိုင်ပြီး ထုံးထမ်းစဉ်လာ သို့မဟုတ် အယူဝါဒ (ideology) တို့၌ နက်ရှိုင်းစွာ အမြစ်တွယ်နေနိုင်သည်။ ဣတ္ထိယဝါဒ အခြေပြု လူ့အခွင့်အရေး သီအိုရီက အမျိုးသမီးများသည် အဘယ်ကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ခံစားကြရကြောင်း နားလည်သဘောပေါက်ရန် စနစ်များကို ခွဲခြမ်းသုံးသပ်ရန် လိုသည်၊ ဣတ္ထိယဝါဒ အခြေပြု လူ့အခွင့်အရေး လှုပ်ရှားမှုများသည် အခွင့်အရေး တောင်းဆိုချက်များကို ဖော်ထုတ်တင်ပြရာ၌ ဤစနစ်များကို ထည့်သွင်းစဉ်းစားရန် လိုပါသည်။

ဣတ္ထိယဝါဒီများနှင့် အမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူများသည် အမျိုးသမီးများ၏ ဘဝအပေါ် သက်ရောက်မှုရှိသော၊ ၎င်းတို့၏ အခွင့်အရေးများကို ထိပါးသော စနစ်များ ဖွဲ့စည်းတည်ရှိနေမှုကို ရှင်းပြရန်၊ ဝေဖန်ရန် ယောကျ်ားကြီးစိုးသော လူ့အဖွဲ့အစည်း၊ ကမ္ဘာ့လွှမ်းခြုံ ပျံ့နှံ့ ချိတ်ဆက်မှု၊ လက်သစ် လစ်ဘရယ်ဝါဒ၊ စစ်ပုံသွင်းမှု၊ အားနည်းထိခိုက်လွယ်မှု ကမ္ဘာ့လွှမ်းခြုံ စက်ဝိုင်း၊ လူမျိုး(race) ၊ လူမျိုးစု (ethnicity)၊ ကိုလိုနီခေတ် အမွေ၊ မျက်မှောက်ခေတ် နယ်ချဲ့ဝါဒ၊ အမျိုးသားရေး ဝါဒ၊ ကိုယ်ပိုင် ပြဋ္ဌာန်းခြင်းနှင့် ကျားမ ဖြစ်မှု အခြေပြု အကြမ်းဖက်မှု စသော အယူအဆများကို အသုံးပြုခဲ့ကြသည်။ ဤအယူအဆများထဲမှ တချို့သည် ကျားမ ဖြစ်မှု အခြေပြု အကြမ်းဖက်မှု ဆန့်ကျင်ရေး သို့မဟုတ် ကိုယ်ပိုင်ပြဋ္ဌာန်းရေး ကြိုးပမ်းလှုပ်ရှားမှု စသည်ဖြင့် နေရာဒေသအလိုက် ဖြစ်ပွားခဲ့သော နိုင်ငံရေး ကြိုးပမ်းလှုပ်ရှားမှုတွင် အခြေခံသည်။ အခြားသော အယူအဆများသည် ကမ္ဘာ့ပတ် အရင်းငွေ (global capital) ကဲ့သို့ စနစ်လုံးဆိုင်ရာ အခြေအနေ သတ်သတ်မှတ်မှတ်ကို ဦးတည်ဝေဖန်ရန် အမြင်ရှုထောင့်အဖြစ် လုပ်ဆောင်ပေးသည် (Chowdhry, 2004: cited by Parisi, 2010a, p.2203)။ ယခုဖော်ပြထားသော အဓိကကျသည့်အကြောင်းအရာတချို့သည် အမျိုးသမီးများ အခွင့်အရေး တက်ကြွလှုပ်ရှားသူများ၏ စိတ်ပါဝင်စားမှုအတွက်သာ အကျုံးဝင်သော်လည်း ဘေးဖယ်ထားခြင်း၏ တချို့အုပ်စုများအပေါ် သက်ရောက်ပုံနှင့် ပတ်သက်၍ ဣတ္ထိယဝါဒီများ ဖော်ပြကြသည့် အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ရှင်းပြနိုင်ရန် စနစ်ပိုင်းဆိုင်ရာ အင်အား (structural power) လေ့လာသုံးသပ်ချက်များကို အသုံးပြုကြသည် (စာသေတ္တာ ၂.၇ တွင် ရှုပါ)။

ယခုကဲ့သို့ ခွဲခြမ်းသုံးသပ်မှုမျိုး၌ အထောက်အကူပြုရန် ဩတ္တိယဝါဒီများ စဉ်းစားဖော်ထုတ်ထားသော ကိရိယာ တန်ဆာပလာတစ်ခုမှာ ကဏ္ဍချင်းထပ် ချိတ်ဆက်နေမှု (intersectionality) ဆိုသော အယူအဆ ဖြစ်သည် (စာသေတ္တာ ၂.၈ တွင်ရှု)။ ကဏ္ဍချင်းထပ် ချိတ်ဆက်နေခြင်း ဟူသည့် အယူအဆက ဖိနှိပ်မှုများသည် များပြားလှစွာသော ယန္တရားများမှတဆင့် အလုပ်လုပ်သည်ဟု အသိအမှတ်ပြုခြင်း ဖြစ်သည်။ နေရာဒေသတစ်ခုရှိ၊ အခြေအနေ တစ်ခုရှိ အမျိုးသမီးများ ကြုံတွေ့ခံစားရသော အခွင့်အရေး ချိုးဖောက်မှုများကို နားလည်သဘောပေါက်ရန် ကျွန်ုပ်တို့အနေဖြင့် ဤယန္တရားအမျိုးမျိုးသည် ဖိနှိပ်မှု ပုံစံ အမျိုးမျိုးကို ထုတ်လုပ်ရန် အချင်းချင်း မည်သို့မည်ပုံ အပြန်အလှန် ချိတ်ဆက် အလုပ်လုပ်ကြသည်ကို နားလည်ရန် လိုအပ်သည်ဟု ဩတ္တိယဝါဒီများက အဆိုပြု ငြင်းခုံ (ကြပြီး ဖော်ထုတ်ပြကြ) ကြသည်။ ဥပမာ အိန္ဒိယနိုင်ငံရှိ မြို့ပေါ် နေထိုင်ပြီး အီလစ်ဖြစ်သော လိင်တူ စိတ်ဝင်စားသူ အမျိုးသမီး အိမ်ထောင်ဦးစီး သို့မဟုတ် မြေယာဆုံးရှုံးခဲ့ရပြီး ကိုယ်ပိုင်ပြဋ္ဌာန်းရေးအတွက် တိုက်ပွဲဝင်နေသော လူမှုအသိုင်းအဝိုင်းတစ်ခုမှ မူလ အခြေချ နေထိုင်သောလူမျိုးစုဝင် အမျိုးသမီးများ ကြုံတွေ့ရသော ဖိနှိပ်မှုကို နားလည် သဘောပေါက်ရန် ကဏ္ဍများအကြား ဆက်သွယ်ချိတ်ဆက်နေမှုကို ခွဲခြမ်းသုံးသပ်ရန် လိုပါသည်။ သာဓက တစ်ခုချင်းစီ၌ အမျိုးသမီးများသည် ဖိနှိပ်မှုပုံစံ အများအပြားကို တချိန်တည်းတွင် ကြုံတွေ့ကြရသည်၊ ဖိနှိပ်မှုများ၏ ကဏ္ဍများကို ဖြတ်ကျော်လျက် ချိတ်ဆက်နေမှုသည် အမျိုးသမီးများ၏ အခွင့်အရေးများ သတ်သတ်မှတ်မှတ် ချိုးဖောက်ခံရပုံ၊ ခံရနည်းများကို ဖော်ပြပေးသည်။

ကျားမဖြစ်မှု ဇဟိုပြု သုံးသပ်ချက် (gender analysis) အပေါ် ယခုကဲ့သို့ ခုခံဆန့်ကျင်မှုများ ရှိနေသည့် အခြေအနေတွင် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်နည်းသည် မဟာဗျူဟာပိုင်းအရ စိတ်ဝင်စားဖွယ် ကောင်းသော ဖြစ်နိုင်ခြေ တစ်ခုကို ဖန်တီးပေးသည်။ လူ့အခွင့်အရေးများနှင့် ဂျန်ဒါ သုံးသပ်ချက်များသည် အာဏာပါဝါကို ဝေဖန်ရာ၌ တူညီကြသည်။ များပြားလှစွာသော ကိစ္စရပ်များ၊ အထူးသဖြင့် ကျန်းမာရေး ကိစ္စများ အကြောင်း ပြောဆိုရန်အတွက် လူ့အခွင့်အရေးများကို တစ်စထက်တစ်စ လက်ခံလာကြခြင်းသည် ၎င်းတို့အား ဆွဲဆောင်မှုရှိသော အခြားနည်းလမ်းတစ်ခု ဖြစ်စေသည်။ အကြောင်းအရင်းမှာ တစ်စိတ်တစ်ဒေသ အားဖြင့် ဤကြီးထွားလာနေသော လက်ခံမှုသည် ဂျန်ဒါနှင့် ဖွံ့ဖြိုးရေး၏ အစိတ်အပိုင်းတချို့အား သဘောတရားပိုင်းအရ ပိုမိုလွယ်ကူသည်ဟု အထင်ရစေသည့်အတွက် ဖြစ်သည်။ ဘေဂျင်းမြို့တွင် ကျင်းပခဲ့သော လေးကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများ ညီလာခံ၌ တက်ကြွလှုပ်ရှားသူများနှင့် မူဝါဒ ရေးဆွဲသူများသည် ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသမီးများအတွက် တန်းတူညီမျှမှု စသည်တို့နှင့် ပတ်သက်သော စိုးရိမ်ပူပန်မှုများကို ပေါင်းစပ်စုစည်းရန် ကြိုးပမ်းခဲ့ကြရာ လူ့အခွင့်အရေးများသည် ထိုသို့ ပြုလုပ်ရန်အတွက် ဘောင်တစ်ခု ချပေးခဲ့သည်။

| စာသေတ္တာ ၂.၇ ကုလသမဂ္ဂ စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ |
|---|
| ၁၉၉၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းမှ မူဝါဒရေးဆွဲသူများနှင့် တက်ကြွလှုပ်ရှားသူများသည် ကုလသမဂ္ဂ စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံအတွက် ဘေဂျင်းမြို့နှင့် NGO ဖိုရမ်၌ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ စင်ပြိုင်အစည်းအဝေးအတွက် ဟွာရိုမြို့တွင် အသီးသီး တွေ့ဆုံခဲ့ကြသည်။ ထိုအစည်းအဝေးများသည် နိုင်ငံရေးခေါင်းဆောင်များကို စုရုံး၍ အငြင်းပွားဖွယ်ရာ လုပ်ဆောင်ရေး အစီအစဉ် (Platform for Action) တစ်ခုကို ညှိနှိုင်းရေးဆွဲစေခဲ့သည်။ ဤညီလာခံ၏ နောက်ခံသမိုင်းကြောင်းနှင့် ၎င်းနောက်ပိုင်း လုပ်ဆောင်ချက် အစီအစဉ်ကို အသုံးပြုခြင်းတို့သည် လူ့အခွင့်အရေးများအပေါ် ဣတ္ထိယဝါဒ အခြေပြု ချဉ်းကပ်နည်းများအတွက် စိတ်ဝင်စားဖွယ် ဒွိဟတစ်ခုကို ဖော်ပြနေသည်။<br><br>၁၉၇၀ ခုနှစ်များနှင့် ၁၉၈၀ ခုနှစ်များ တောက်လျှောက် ဖွံ့ဖြိုးရေးနယ်ပယ်သည် ဣတ္ထိယဝါဒ၏ သြဇာလွှမ်းမိုးမှုကို လက်ခံခဲ့သည်။ ကုလသမဂ္ဂနှင့် နိုင်ငံအတော်များများ၏ အလှူရှင် အေဂျင်စီများတွင် ယောကျ်ား အိမ်ထောင်ဦးစီးများအတွက် အလုပ်အကိုင်များနှင့် အခြေခံအဆောက်အဦ တည်ဆောက်ရေး စီမံကိန်းများအား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်ပေးသည့်အရာများ အဖြစ် ဦးတည်သော ဖိုဗဟိုပြု ဖွံ့ဖြိုးရေး မော်ဒယ်များသည် ဝေဖန်ခံလာရသည်။ ဤစီမံကိန်းများတွင် လုပ်ကိုင်နေကြသူ အများအပြားနှင့် ယင်းတို့၏ ပညာရပ်နယ်ပယ်မှ မိတ်ဆွေများက ဂျန်ဒါကဏ္ဍ၏ အင်အား ချိန်ခွင် (power dynamics) ကို ထည့်မစဉ်းစားဘဲနှင့် ဖွံ့ဖြိုးရေးသည် အမျိုးသမီးများအပေါ် အကောင်းသဘော အကျိုး သက်ရောက်မည် မဟုတ်ဟု ငြင်းခုံခဲ့ကြသည်။ ထိုငြင်းခုံချက်များသည် 'ဂျန်ဒါနှင့် ဖွံ့ဖြိုးရေး' ဘက်သို့ ဦးလှည့်ရန် တွန်းအားပေးခဲ့သည်။ သို့ရာတွင် အမျိုးသမီးများ၏ စီးပွားရေး လိုအပ်ချက်များကို ဦးတည်သော အစီအစဉ်တချို့ကို စဉ်းစားခဲ့ကြသော်လည်း ထိုအစီအစဉ်များသည် တစ်နိုင်ငံလုံးအဆင့် အကူအညီ ဘတ်ဂျက်နှင့် နှိုင်းယဉ်လျှင် ငွေကြေးအလုံအလောက် မရရှိခဲ့ကြပေ။ လက်တွေ့တွင် ဂျန်ဒါ သုံးသပ်မှုသို့ ကူးပြောင်းခြင်းသည် ဂျန်ဒါပညာရှင်များ လိုအပ်သည်ဟု အဓိပ္ပာယ် ကောက်ခဲ့ကြပြီး (Snyder, 2006) အမျိုးသမီးများကို အဓိကထားသော စီမံကိန်းများအား အထူးအမျိုးသမီးဌာနများ၌ ချောင်ထိုးထားခဲ့ကြသည်။ ဤအကြောင်းအရင်းများကြောင့် ဂျန်ဒါနှင့် ဖွံ့ဖြိုးရေး ဘက်သို့ ရွှေ့လျားခြင်းသည် ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာ၌ လိုချင်သလောက် အကျိုးသက်ရောက်မှု ပမာဏ၊ အတိုင်းအတာ မရှိခဲ့ပေ။ |

အစည်းအဝေးများမတိုင်မီ ကြိုတင်ပြင်ဆင်မှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သော်လည်း ကျန်းမာရေးကဏ္ဍနှင့် ဆက်စပ်သော စာသားများအပါအဝင် လုပ်ဆောင်ချက်အစီအစဉ် စာသား၏ လေးပုံတစ်ပုံခန့်သည် ညီလာခံအစ၌ အငြင်းပွားစရာအဖြစ် ရှိနေခဲ့သေးသည် (Doran et al., 1995)။ မည်သို့ပင် ဆိုစေကာမူ အစည်းအဝေးအဆုံး၌ ဣတ္ထိယဝါဒ အမြင်သမား အတော်များများသည် ဘေဂျင်း လုပ်ဆောင်ချက် အစီအစဉ် (Beijing Platform for Action) ကို လူ့အခွင့်အရေးများအား ဖွံ့ဖြိုးရေး ဒဿန၏ အစွန်အဖျားနေရာမှ ဗဟိုချက်မသို့ သယ်ဆောင်ပေးခဲ့သည့်အတွက် ချီးမွမ်းထောမနာ ပြုခဲ့ကြသည် (Bunch and Fried, 1996; Antrobus, 2005)။

သို့ရာတွင် လုပ်ဆောင်ရေး အစီအစဉ်သည် ထိုသို့ပြုလုပ်နိုင်ခြင်းအတွက် တစ်စုံတစ်ခုတော့ ပေးဆပ်ခဲ့ ရသည်။ ဆင်းရဲမွဲတေမှုမှသည် အမျိုးသမီးနှင့် ကလေးငယ်အထိ အကြောင်းအရာကဏ္ဍ ၁၂ ခု ရှိခဲ့သည်။

မျှော်မှန်းထားခဲ့ကြသလိုပင် ထိုအကြောင်းအရာ ကဏ္ဍများသည် အတော်အတန် ထပ်ခဲ့ကြသည်။ ဥပမာ ဆင်းရဲမွဲတေမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး ကလေးငယ် စသည့်ကဏ္ဍများသည် အပြန်အလှန် ဆက်နွယ်နေကြသည်။ ရှေ့အပိုင်းတွင် တွေ့ခဲ့ကြသကဲ့သို့ လူ့အခွင့်အရေးများအပေါ် ဣတ္ထိယအမြင် ရှုထောင့်မှ လေ့လာခြင်းသည် ဤအပြန်အလှန် ဆက်နွယ်မှုများကို မြင်နိုင်ရန် အကူအညီပေးပါသည်။ သို့သော် ဤကဲ့သို့ အပြန်အလှန် ဆက်နွယ်နေသည့် ကိစ္စများအား ကိုင်တွယ်ဖြေရှင်းရန် ပေါင်းစု ချဉ်းကပ်နည်းများကို မြှင့်တင်မပေးဘဲ လုပ်ဆောင်ရေး အစီအစဉ်သည် အဖွဲ့အစည်းများနှင့် အလှူရှင်များအား အကြောင်းအရာ ကဏ္ဍ တစ်ခုချင်းစီကိုသာ အာရုံစိုက်စေခဲ့သည်။ ထို့ကြောင့် လုပ်ဆောင်ရေး အစီအစဉ်သည် လူ့အခွင့်အရေး ရှုထောင့်အား ဖွံ့ဖြိုးရေး ဒဿနၡ ထည့်သွင်းပေးခြင်းဖြင့် သဘောတရားပိုင်းအရ တိုးတက်မှုကို မှတ်တိုင်စိုက်ခဲ့သည်မှာ မှန်သော်လည်း အင်စတီကျူးရှင်း အစီအမံများအား ဤကဲ့သို့ ရှုပ်ထွေးနက်နဲသော ပြဿနာများ၏ ကန့်သတ် အစိတ်အပိုင်းတချို့ကိုသာ အာရုံစိုက်စေခဲ့ခြင်းဖြင့် အာဏာပါဝါကို စနစ်လုံးခြုံ ခွဲခြမ်းသုံးသပ်ရာ၌ အဟန့်အတားများ ဖြစ်စေခဲ့သည်။

ဘေဂျင်း လုပ်ဆောင်ရေး အစီအစဉ်သည် (အနည်းဆုံး သဘောတရားပိုင်းအရ) ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေးဘောင်တို့ကို ပေါင်းစုပေးခဲ့သည်။ ၎င်းသည် အစိုးရများ၊ နိုင်ငံတကာ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် အခြားသူတို့အား ၎င်းတို့၏ လုပ်ဆောင်ချက်များကို စီစဉ်သည့်အခါ၊ အကဲဖြတ် သည့်အခါ ဂျန်ဒါသုံးသပ်ချက်ကို အသုံးပြုရန် တိုက်တွန်းသည့်အတွက် ဂျန်ဒါ ကျောရိုးထားမှု (gender mainstreaming) ခေတ်တစ်ခေတ်ကို ယူဆောင်လာခဲ့သည် (True and Parisi, 2010)။

| **စာသေတ္တာ ၂.၈ ကဏ္ဍချင်း ဆက်နွယ်ချိတ်ဆက်နေမှုကို တစ်စစီဖြုတ်ကြည့်ခြင်း** |
| --- |
| ဣတ္ထိယဝါဒ သို့မဟုတ် လူမှုရေးဗေဒ လေ့လာကြသူများသည် 'intersectionality' (ကဏ္ဍချင်းထပ် ချိတ်ဆက်နေမှု) ဆိုသော စကားရပ်နှင့် ရင်းနှီးကြပါလိမ့်မည်။ ၎င်းသည် လူမျိုး၊ လူတန်းစားနှင့် ကျား၊ မ ဖြစ်မှုတို့အား ထည့်သွင်းစဉ်းစားခြင်းအတွက် အတိုကောက်သုံးခြင်း ဖြစ်သည်ဟု မှတ်ယူလေ့ရှိကြသည်။ သို့သော် ဤစကားရပ်၏ အဓိပ္ပာယ်ကို နားလည်ပုံသည် တစ်ဦးနှင့်တစ်ဦး မတူကြပေ။ တချို့အတွက်ဆိုလျှင် ကဏ္ဍချင်းထပ် ချိတ်ဆက်နေမှုသည်သည် သရုပ်သဏ္ဍာန် နိုင်ငံရေးကို အဓိက ဦးတည်ပြီး သရုပ်သဏ္ဍာန် အမျိုးအစားများသည် အချင်းချင်း ဆက်နွယ်ချိတ်ဆက်နေကြရာ ပညာရပ်တစ်ခုခုဖြင့် အသက်မွေးသူ အာဖရိကန် အမေရိကန် ဆန့်ကျင်ဘက်လိင် စိတ်ဝင်စားသူ အမျိုးသမီးတစ်ဦး၏ သရုပ်သဏ္ဍာန် နိုင်ငံရေး၌ ပါဝင်မှုသည် ကောလိပ်ကျောင်းသူ အရွယ် စပိန်စကားပြောနိုင်ငံ ဇာစ်မြစ်ရှိသူ လိင်တူစိတ်ဝင်စားသူ အမျိုးသမီးတစ်ဦး၏ ပါဝင်မှုနှင့် တူမည် မဟုတ်ကြောင်း အသိအမှတ်ပြုသည်။ အခြားသူများကမူ ကဏ္ဍချင်းထပ် ချိတ်ဆက်နေမှုအား လေ့လာသုံးသပ်ရေး ရှုထောင့်တစ်ခုအဖြစ် စဉ်းစားကြသည်။ ဤအမြင်အရ လူမျိုးရေးခွဲခြားမှု၊ လိင်တူ စိတ်ဝင်စားသူများကို ကြောက်ရွံ့မှု၊ နေထိုင်ခွင့် အဆင့်အတန်း (immigration status) နှင့် လူတန်းစားတို့သည် အပြန်အလှန် ဆက်နွယ်ချိတ်ဆက်နေပြီး လူတစ်ဦးနှင့် အခြားတစ်ခုအပေါ် အကျိုးသက်ရောက်မှု မတူဟု ယူဆသည်။ ဤလေ့လာသုံးသပ်ရေး အမြင်တွင် ကျွန်ုပ်တို့သည် တစ်စုံတစ်ယောက်သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား သရုပ်သဏ္ဍာန်ခွဲရန် သို့မဟုတ် သရုပ်သဏ္ဍာန် အခြေပြု နိုင်ငံရေးတစ်ခုခုနှင့် ချိတ်ဆက်သတ်မှတ်ရန် မည်သို့မည်ပုံ ရွေးချယ်သည်ကို သိစရာမလိုဘဲ မတရားမှုပုံစံများတွင် ဤအင်အားစုများ၏ အကျိုးသက်ရောက်မှုကို မြင်တွေ့နိုင်သည်။ |

တချို့သည် ကဏ္ဍချင်းထပ် ချိတ်ဆက်နေမှုအား အမေရိကန်နိုင်ငံရှိ လူမျိုးရေးမုန်းတီးမှု ဆန့်ကျင်ရေး၊ ကျားမခွဲခြားမှု ဆန့်ကျင်ရေး တက်ကြွလှုပ်ရှားမှုများ၏ နိုင်ငံရေး ဝေဖန်ချက်များနှင့် ဆက်စပ်စဉ်းစားသည် (Kimberle Crenshaw, 1991)။ ကိုလိုနီစနစ် အမွေလေ့လာရေး (post-colonial) ပညာရှင်များသည် ကိုလိုနီစနစ်ဆန့်ကျင်ရေး နိုင်ငံရေးလှုပ်ရှားမှုများတွင် ကဏ္ဍချင်းဆက်နွှယ်ချိတ်ဆက်မှု ငြင်းခုံချက်များ၏ အခန်းကို အသိအမှတ်ပြုကြသည် (Rao, 2003b)။

သရုပ်သဏ္ဍာန်အခြေပြု အမြင်ကို ဝေဖန်သူများထဲမှ အထင်ကရ ပုဂ္ဂိုလ်တစ်ဦးမှာ ကေ အန်တိုနီ အာပီယာ (K. Anthony Appiah) ဖြစ်သည်။ ယခုဖော်ပြပါ ကွဲပြားခြားနားမှုများအကြောင်း စဉ်းစားရာ၌ ကူညီပေးနိုင်သော ပညာရှင်များတွင် K. Crenshaw (1991)၊ McCall (2005)၊ A.-M. Hancock (2007, 2011)၊ Jordan-Zachery (2007)၊ Bowleg (2008)၊ Weldon (2008)၊ Duong (2012) နှင့် Verloo (2013) တို့လည်း အပါအဝင် ဖြစ်သည်။

ဂျန်ဒါ ကျောရိုးပြုမှု (gender mainstreaming) တွင် အားလုံးအတွက် လူ့အခွင့်အရေးများကို မြှင့်တင်ပေးရန် ဒီဇိုင်း အစီအစဉ် ရေးဆွဲခြင်းနှင့် အရင်းအမြစ်များ ခွဲဝေပေးရေးတို့အတွက် တာဝန်ယူမှုကို စနစ်တကျ ဖြစ်စေရေး ကြိုးပမ်းမှုတစ်ရပ် ပါဝင်သည်။ ၎င်းအား လူ့အခွင့်အရေးများအပေါ် ဣတ္ထိယဝါဒ ရှုထောင့်မှ သဘောတရားပိုင်းအရ သုံးသပ်မှု၏ အင်စတီကျူးရှင်း ဒီဇိုင်းပိုင်းဆိုင်ရာ အကျိုးဆက်တစ်ခု အဖြစ် ရှုမြင်နိုင်သည်။

ဂျန်ဒါကျောရိုးပြုမှုအား ပုံစံအမျိုးမျိုးဖြင့် အဓိပ္ပာယ် ဖွင့်ဆိုကြသည်။ ထရူးနှင့် ပါရီစီ (True and Parisi) တို့ နှစ်ဦးက ဂျန်ဒါကျောရိုးပြုမှု အဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုးသည် ဘေဂျင်း လုပ်ဆောင်ရေး အစီအစဉ်တွင် ရှိနေသော သဘောတရားရေးရာ အမြင် များပြားခြင်းကြောင့်ဟု ဆိုကြသည်။ လုပ်ဆောင်ရေး အစီအစဉ်သည် ဂျန်ဒါကျောရိုးပြုမှုအတွက် အဓိက ရည်ညွှန်းစာတမ်း ဖြစ်နေသော်လည်း ၎င်းသည် အပြီးသတ် လမ်းညွှန်တော့ မဟုတ်ချေ။ ဤဣတ္ထိယဝါဒ အခြေပြု ချဉ်းကပ်နည်းသည် အမျိုးသမီးများ အတွက် သာမက လူတိုင်းအတွက် အခွင့်အရေး ရရှိခံစားမှုသို့ ဦးတည်စေမည့် ပုံစံများဖြင့် အခွင့်အရေးများ အကြောင်း စဉ်းစားတွေးတောရန် သဘောတရား အဆောက်အဦ (conceptual architecture) တစ်ခုကို ပေးနိုင်ပါသည်။

ခွဲခြားမရမှု၊ အပြန်အလှန် ဆက်နွှယ်မှုနှင့် ကဏ္ဍချင်း ဆက်နွှယ်ချိတ်ဆက်မှုတို့သည် လူ့အခွင့်အရေးများ အကြောင်း ဣတ္ထိယဝါဒ အခြေပြု သီအိုရီများ၏ ထူးခြားချက်များ ဖြစ်သည်။ လူအတော်များများက အဆိုပြု ငြင်းခုံထားကြပြီးသည့်အတိုင်း ဤသီအိုရီများက လူ့အခွင့်အရေးများသည် ပြောင်းလဲရွေ့လျားနေကြောင်း၊ သတ်သတ်မှတ်မှတ် အနောက်တိုင်း၊ ဆင်ခြင်ဉာဏ်ပွင့်ခေတ် အစဉ်အလာတစ်ခုခုမှ ဆင်းသက်လာခြင်း မဟုတ်ဘဲ ကွဲပြားစုံလင်သော အတွေ့အကြုံများ၊ အခြေအနေများမှ ပေါက်ဖွားလာခြင်း ဖြစ်ကြောင်း ပြသကြသည် (Donnelly, 1985; Charvet and Kaczynska-Nay, 2008)။ ဣတ္ထိယဝါဒ အခြေပြု လူ့အခွင့်အရေး သီအိုရီများနှင့် လက်တွေ့ ကျင့်သုံးမှုတို့သည် ရှုပ်ထွေးနက်နဲသော ဖိနှိပ်မှုပုံစံများ ဆန့်ကျင်ရေး ရုန်းကန်လှုပ်ရှားမှုများအကြောင်း တစ်ကမ္ဘာလုံးအဆင့် သမိုင်းကြောင်းကို ရည်ညွှန်းထားပြီး အဆိုပါ ရုန်းကန်လှုပ်ရှားမှုများနှင့် ချိတ်ဆက်၍ ပြောင်းလဲ တိုးတက်နေသည်။ လူ့အခွင့်အရေးများအပေါ် ဣတ္ထိယဝါဒ

အခြေပြု ချည်းကပ်နည်းများသည် ယင်း၏ ဖိနှိပ်မှုဆန့်ကျင်ရေး တရားမျှတမှု တိုက်ပွဲများ အပေါ် အခြေခံသည်။

**အနှစ်ချုပ်**

အခွင့်အရေးများအား ရပိုင်ခွင့်၊ တရားဥပဒေအရ သို့မဟုတ် သဘောတူညီချက်အရ ပေးသော အာမခံချက်များ အဖြစ် ယူဆခြင်းက လူတို့သည် ထိုအခွင့်အရေးများ၏ အနှစ်သာရကို အမှန်တကယ် ရရှိခံစားနိုင်၊ မနိုင် ဆိုသော မေးခွန်းကို လျစ်လျူရှုသည်။

အနောက်တိုင်း၊ အသိဉာဏ်ပွင့်ခေတ် လူ့အခွင့်အရေး မော်ဒယ်များသည် ဖိုဗဟိုပြုသည်၊ မှားယွင်းသော အများနှင့်ဆိုင်သောကိစ္စ-ပုဂ္ဂလိကိစ္စ အကန့်ခွဲမှုအပေါ် အမှီသဟည်းပြုသည်၊ အခွင့်အရေး ချိုးဖောက်မှုများအား ခွဲခြားဆက်ဆံမှုအဖြစ် ဘောင်ကျဉ်းကျဉ်းဖြင့် အဓိပ္ပာယ်ဖွင့်ဆိုသည်ဟု ဖက်မင်နစ်ဝါဒီများက ငြင်းခုံကြသည်။
အခွင့်အရေး တောင်းဆိုချက်တစ်ခု ပြုလုပ်ခြင်းတွင် လူတစ်ဦးသည် အခွင့်အရေး တောင်းဆိုချက် ပြုလုပ်ပိုင်ခွင့်ရှိသော လူပုဂ္ဂိုလ် (being) ဖြစ်သည်၊ တောင်းဆိုချက်၏ အနှစ်သာရပိုင်းကို အခွင့်အရေးတစ်ခုအဖြစ် အသိအမှတ်ပြုသင့်သည်ဟု ထွက်ဆိုခြင်း ပါဝင်သည်။

အခွင့်အရေးများဆိုင်ရာ ဖက်မင်နစ်ဝါဒအခြေပြု သီအိုရီများသည် အခွင့်အရေးများ၏ ခွဲခြားမရမှု၊ အခွင့်အရေး အားလုံးနှင့် အခွင့်အရေး သယ်ဆောင်သူများ (rights-bearers) ၏ အပြန်အလှန် ဆက်နွယ်ချိတ်ဆက်နေမှုနှင့် ဖိနှိပ်မှု၏ ကဏ္ဍချင်း ဆက်နွယ်ချိတ်ဆက်နေမှုကို အလေးအနက်ထား၍ ဖော်ပြသည်။ ဤအချက်က အခွင့်အရေးများ ရရှိခံစားရာ၌ ရှိသော အတားအဆီးများကို စနစ်လုံးခြုံ လေ့လာသုံးသပ်ရန်လိုအကြောင်း ပြသည်။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

သင့်အနေဖြင့် လူ့အခွင့်အရေးများအတွက် မည်သည့် နယ်ပယ်သစ်များ ပေါ်ထွက်လာနေသည်ကို မြင်ပါသနည်း၊ ဤကိစ္စများအပေါ် ကွန့်ပ်တို့အား နားလည်သဘောပေါက်မှုအား ဖက်မင်နစ်ဝါဒသည် အထောက်အကူ ပြုနိုင်ပါသလား။

ကောလိပ်ကျောင်းဝန်းကျင်၌ ဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်မှုများသည် လူ့အခွင့်အရေး ပြဿနာတစ်ခု ဖြစ်ပါသလား။

အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားကြသူများနှင့် အလုပ်သမားအရေး လှုပ်ရှားကြသူများအကြား ဘုံရှိကြသော အဓိက စိုးရိမ်ပူပန်မှုများက မည်သည်တို့နည်း။

## နိဂုံး

ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးများ၏ နိုင်ငံရေးအရ တရားနည်းလမ်းကျမှု (political legitimacy) ၏ မူလအရင်းအမြစ်သည် နိုင်ငံရေး အာဏာနယ်ပယ်များကို ဖြတ်ကျော်တည်ရှိသော ၎င်း၏ ကိုယ်ကျင့်သဘောတရားအရ တရားနည်းလမ်းကျမှု (moral legitimacy) ဖြစ်သည့်အတွက် ဩတ္တိယဝါဒီများက လူ့အခွင့်အရေးများ၏ ကိုယ်ကျင့်သဘောတရားရေးရာ ဇာစ်မြစ်သည် တစ်ကမ္ဘာလုံးတွင် မတူညီနိုင်ကြောင်းကို အထူးဂရုပြုကြသည်။ လူ့အခွင့်အရေးများ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ဩတ္တိယဝါဒီများအကြား သဘောထား ကွဲလွဲမှုများသည် လူ့အခွင့်အရေးများ၏ နိုင်ငံရေး စရိုက်လက္ခဏာကို ထင်ဟပ်ပြနေပါသည်။ ထိုနိုင်ငံရေး စရိုက်လက္ခဏာသည်ပင် လူ့အခွင့်အရေးများအား အမျိုးမျိုးသော မတရားမှုများကို စဉ်းစားရန် အသုံးချနိုင်စေခြင်း ဖြစ်သည်။

ကျွန်ုပ်တို့ တွေ့ခဲ့ပြီးသည့်အတိုင်း လူ့အခွင့်အရေးများသည် ဖိုဗဟိုပြုပြီး အတွင်းပုဂ္ဂလိက နယ်ပယ်၌ ဖြစ်ပွားသော အခွင့်အရေး ချိုးဖောက်မှုများကို မျက်ကွယ်ပြုသည်ဟူသော အစောပိုင်း ဝေဖန်ချက် စတင်၍ ကမ္ဘာလုံး ဆိုင်ရာ လူ့အခွင့်အရေးများအတွက် ဩတ္တိယဝါဒီများ၏ ထည့်ဝင်မှုတွင် လူ့အခွင့်အရေး ပြောဆိုရေးသားချက်နှင့် လက်တွေ့ကျင့်သုံးမှု တို့၌ပင် ရှိနေသော အင်အားချိန်ခွင်များကို တစ်စစီဖြတ်လေ့လာသော၊ ဖော်ထုတ်သော လက်တွေ့ကျင့်သုံးမှု ပါဝင်သည်။ ဩတ္တိယဝါဒအခြေပြု လူ့အခွင့်အရေး သီအိုရီများနှင့် လက်တွေ့ကျင့်သုံးမှု တို့၌ပင် အမျိုးသမီးများ၏ အင်အားကို ယုတ်လျော့စေသည့် ပုံစံများဖြင့် လူ့အခွင့်အရေးများ အသုံးချခံရနိုင်ခြေကို အမြဲတစေ အာရုံစိုက်ကြပါသည် (Peterson and Parisi, 1998)။

ဤဖြစ်နိုင်ခြေသည် အမျိုးသမီးများနှင့် အခြားအပယ်ခံများ စသည်ဖြင့် တက်ကြွလှုပ်ရှားသူများအား ၎င်းတို့၏ တောင်းဆိုချက်များကို တောင်းဆိုရန်အတွက် လူ့အခွင့်အရေးများ၏ နိုင်ငံရေးအရ တရား နည်းလမ်းကျမှုကို အသုံးပြုခြင်းမှ တားဆီးခြင်း မရှိခဲ့ပေ။ ဩတ္တိယဝါဒီများသည် သားဆက်ခြားခြင်းနှင့် ကလေးမွေးခြင်းဆိုင်ရာ အခွင့်အရေးများ၊ လိင်ဖြစ်တည်မှုဆိုင်ရာ အခွင့်အရေးများ၊ အလုပ်သမားရေးရာ အခွင့်အရေးများ၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အခွင့်အရေးများနှင့် မူလအခြေချနေထိုင်သူ လူမျိုးများ အခွင့်အရေးများ အပါအဝင် အခွင့်အရေး ပေါင်းစုံကို တောင်းဆိုရာ၌ လူ့အခွင့်အရေးများကို အသုံးပြု ခဲ့ကြသည်။ ၎င်းတို့၏ နိုင်ငံရေး တိုက်ပွဲများမှတဆင့် အမျိုးသမီးများသည် လူ့အခွင့်အရေး သီအိုရီနှင့် လက်တွေ့ကျင့်သုံးမှုကို အသုံးပြုခဲ့ကြ၊ ဖြစ်ပေါ်တိုးတက်စေခဲ့သည်။ အောင်မြင်မှု တစ်ခုချင်းစီသည် နောက်ထပ် တိုက်ပွဲဝင်စရာ နယ်မြေသစ်များကို ဖန်တီးသည်။ ဩတ္တိယဝါဒ အခြေပြု လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူများသည် လူ့အခွင့်အရေး သီအိုရီနှင့် လက်တွေ့ကျင့်သုံးမှုများကို ပိုမိုတိုးတက် ထွန်းကား လာစေရန် ဤအခွင့်အလမ်းများကို အသုံးချကြပြီး လူအားလုံး၏ အခွင့်အရေး ချိုးဖောက် ခံရမှုများ ပါဝင်လာစေရန် အကျယ်လည်း ချဲ့ကြသည်။

### မေးခွန်းများ

**တစ်ဦးချင်း လေ့လာရန် မေးခွန်းများ**

၁။ ယဉ်ကျေးမှုနှိုင်းရဝါဒအပေါ် ဝေဖန်ချက်သုံးခုမှာ မည်သည်တို့နည်း။

၂။ အမျိုးသမီးများ ကြုံတွေ့ခံစားရသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထင်သာမြင်သာဖြစ်လာအောင် ပြုလုပ်ရန်အတွက် မလုံလောက်သော ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးများအကြောင်း ပဏာမ ဖော်ထုတ်ရေးသားချက်များ၏ အားနည်းချက် သုံးခုကို ဖော်ပြပါ။

၃။ လူ့အခွင့်အရေးများဆိုင်ရာ ဤတ္ထိယဝါဒ အခြေပြု သီအိုရီတစ်ခု၏ သွင်ပြင်လက္ခဏာသုံးခုသည် မည်သည်တို့နည်း။

၄။ ကျွန်ုပ်တို့သည် အဘယ်ကြောင့် လူ့အခွင့်အရေးများအား ရုန်းကန်လှုပ်ရှားမှုများအပေါ် အခြေခံ၍ အဓိပ္ပာယ် ဖွင့်ဆိုသင့်ပါသနည်း။

၅။ အမျိုးသမီးများ၏ အခွင့်အရေးများအတွက် ထောက်ခံလှုပ်ရှားသူများသည် ရပိုင်ခွင့်များကိုသာမကဘဲ အခွင့်အရေးများ ရရှိခံစားမှုကို အဘယ်ကြောင့် အလိုရှိကြသနည်း။

## အုပ်စုလိုက် လေ့လာရန် မေးခွန်းများ

၁။ ယဉ်ကျေးမှုနှိုင်းရဝါဒသည် လုံးဝမှားသည်ဆိုလျှင် အဘယ်ကြောင်း ၎င်းသည် အခွင့်အရေးများကို ဆန့်ကျင် ငြင်းဆိုသော ငြင်းခုံချက် ဖြစ်နေသနည်း။

၂။ လူ့အခွင့်အရေးများအပေါ် ယဉ်ကျေးမှုနှိုင်းရ အမြင်ရှုထောင့်နှင့် ဤတ္ထိယဝါဒ အမြင်ရှုထောင့်တို့ဘက်မှ ဝေဖန်ချက်တို့ကို နှိုင်းယှဉ်ပြပါ။

၃။ လူတို့သည် လူအခွင့်အရေးများအတွက် အမြဲတမ်း ရုန်းကန်လှုပ်ရှားရန် လိုအပ်သည်ဆိုလျှင် လူ့အခွင့်အရေးများသည် အဓိပ္ပာယ်ရှိပါသေးသလား။

၄။ သားဆက်ခြင်းနှင့် ကလေးမွေးခြင်းဆိုင်ရာ အခွင့်အရေးများသည် အဘယ်ကြောင့် အမျိုးသမီးများ၏ အခွင့်အရေး မဟုတ်ဘဲ လူသားများ၏ အခွင့်အရေး ဖြစ်သနည်း။

၅။ လူ့အခွင့်အရေးများအပေါ် ဤတ္ထိယဝါဒ အခြေပြု ချဉ်းကပ်နည်းများအတွက် ကဏ္ဍများ ဆက်နွယ်ချိတ်ဆက်နေမှုသည် အဘယ်ကြောင့် အရေးပါသနည်း။

## ဆက်လက် ဖတ်ရှုရန်

**Arat, Z.** (2008). Women's rights as human rights. *UN Chronicle*, 45 / 2–3, 9–13.

ဤအက်ဆေးသည် အခွင့်အရေးများအကြောင်း ပြောဆိုရေးသားချက်မှ အမျိုးသမီးများ ဖယ်ထုတ် ခံရခြင်းနှင့် ကုလသမဂ္ဂအစီအမံများတွင် နောက်ပိုင်း ၎င်းတို့ ပါဝင်လာပုံအကြောင်း အကျဉ်းချုပ် ရေးသား ဖော်ပြထားသည်။

**Bunch, C.** (1990). Women's rights as human rights: Toward a re-vision of human rights. *Human Rights Quarterly*, 12 /November, 486–98.

ဤအက်ဆေးသည် လူ့အခွင့်အရေးဘောင်အောက်တွင် အမျိုးသမီးများ၏ လူ့အခွင့်အရေး ချိုးဖောက် ခံရမှုများ ပျောက်ကွယ်နေပုံအကြောင်း ရှင်းလင်းစွာ ရေးသားတင်ပြထားပြီး ကျယ်ပြောသော အခွင့်အရေး စိုးရိမ်ပူပန်မှုများအကြား ဘုံရပ်တည်ချက်တည်ဆောက်ရန် အမျိုးသမီးများ၏ လူ့အခွင့်အရေးအတွက် ထောက်ခံလှုပ်ရှားသူများအတွက် အရေးပါသည့် စာတမ်းတစ်စောင် ဖြစ်သည်။

**Doran, P., Wanhua, Y., Wagner, L.,** and **Wise, S.** (1995). Summary of the Fourth World Conference on Women. *A Daily Report on the Fourth World Conference on Women*, 14, 12.
ဤဆောင်းပါးသည် လေးကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ၏ အဓိက ထည့်ဝင်မှုများအကြောင်း အကျဉ်းချုပ် ဖော်ပြထားသည်။

**Friedman, E.** (1995). Women's human rights: The emergence of a movement. *Women's Rights, Human Rights: International Feminist Perspectives* (ed. J. Peters and A. Wolper). London: Routledge.
ဤဆောင်းပါးသည် ဗီယင်နာမြို့ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ညီလာခံသို့ ဦးတည်စေခဲ့သည့် အမျိုးသမီးများ၏ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားမှုနှင့် လှုပ်ရှားမှုအင်အားတည်ဆောက်ရေးကို အကျဉ်းချုပ် ဖော်ပြထားသည်။

**Ishay, M.** (2004). *The History of Human Rights: From Ancient Times to the Globalization Era*. Berkeley, CA: University of California Press.
ဤစာအုပ်သည် လူ့အခွင့်အရေး အယူအဆအကြောင်း အသေးစိတ်သမိုင်းကို တင်ပြပြီး အနောက်တိုင်း နိုင်ငံရေး ဒဿနၡ်ရှိနေသော ၎င်းတို့၏ ဇာမြစ်ကို အဓိက ဖောင်းပေးဖော်ပြသည်။

**Murray, A. F.** (2008). *From Outrage to Courage: Women Taking Action for Health and Justice*. Monroe, ME: Common Courage Press.
ဤစာအုပ်သည် ကျန်းမာရေး ကဏ္ဍရှိ အမျိုးသမီးများ၏ အခွင့်အရေး ချိုးဖောက်ခံရမှု အခြေအနေအပေါ် သုံးသပ်ချက်နှင့် အမျိုးသမီးများ၏ မိမိတို့အခွင့်အရေးများအတွက် တက်ကြွလှုပ်ရှားမှု သာဓကများကို နှိုင်းယှဉ်ဖော်ပြထားသည်။

**Parisi, L. and Corntassel, J.** (2007). In pursuit of self-determination: Indigenous women's challenges to 'traditional' diplomatic spaces. *Canadian Foreign Policy*, **13**/3, 81–98.
This essay shows how Indigenous women have worked to be visible in traditional political spaces.
ဤအက်ဆေးသည် မူလအခြေချနေထိုင်သောလူမျိုးများထဲမှ အမျိုးသမီးများသည် ထုံးထမ်းစဉ်လာ နိုင်ငံရေး ရပ်ဝန်းများတွင် ထင်သာမြင်သာ ဖြစ်လာစေရန် လှုပ်ရှားလာခဲ့ကြပုံကို ပြသသည်။

**Parisi, L.** (2010). *Feminist perspectives on human rights. The International Studies Compendium Project (ed. R. A. Denmark).* Oxford: Blackwell.
ဤဆောင်းပါးသည် လူ့အခွင့်အရေးများအကြောင်း ဣတ္ထိယဝါဒအမြင်မှ ပညာရပ်ရေးသားချက်များကို စစ်တမ်းပြုစုထားသည်။

**Rothschild, C., Long, S., and Fried, S. T.** (eds) (2005). *Written Out: How Sexuality is Used to Attack Women's Organizing.* New York: International Gay and Lesbian Human Rights Commission & The Center for Women's Global Leadership.
ဤစုပေါင်းရေးသားသော စာတမ်းသည် လိင်တူစိတ်ဝင်စားသူ အမျိုးသမီးများ ဆန့်ကျင်ရေးအကြောင်း ယဉ်ကျေးမှုအရ ကြိုတင်ယူဆချက်များအား ဂ္လတ္တိယဝါဒအခြေပြု တက်ကြွလှုပ်ရှားမှုများကို ခြိမ်းခြောက်ရန် မည်ကဲ့သို့ အသုံးချကြပုံကို သရုပ်ဖော်ထားသည်။

**Spivak, G. C.** (2005). Use and abuse of human rights. *Boundary 2,* **32** / 1, 131–89.
လူအများ၏စိတ်ကို ဆွပေးသော ဤဆောင်းပါးသည် လူ့အခွင့်အရေး ကိစ္စအား ယဉ်ကျေးမှုဖြတ်ကျော် ချဉ်းကပ်နည်း (cross-cultural approach) ဖြင့် လေ့လာပြီး လူသားများ တစ်ဦးအပေါ်တစ်ဦး မည်သို့မည်ပုံ အမှားကျူးလွန်ကြပုံကို တင်ပြထားသည်။ လူမှုဘာသာရပ်များ (humanities) သည် မတရားမှုများကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သော အဓိပ္ပာယ်များ၊ နားလည်မှုများကို စဉ်းစားဖော်ထုတ်ရာ၌ တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်နိုင်သည်ဟု အဆိုပြု ငြင်းခုံထားသည်။

## ဝက်ဘ်ဆိုက်များ

http://www.globalfundforwomen.org/ The Global Fund for Women သည် အမျိုးသမီးများ၏ အခွင့်အရေးများအတွက် တက်ကြွလှုပ်ရှားမှုများအား အကူအညီပေးသော ရန်ပုံငွေပေးသည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

http://www.awid.org/ Association for Women's Rights and Development (AWID) အမျိုးသမီးများ၏ အခွင့်အရေးများ မြှင့်တင်ဖော်ဆောင်ရန် စိတ်ပါဝင်စားသော အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများ၊ မူဝါဒ ချမှတ်ရေးဆွဲသူများ၊ ရန်ပုံငွေ အဖွဲ့အစည်းများနှင့် ပညာရှင်များပါဝင်သော အသင်းတစ်သင်း ဖြစ်သည်။

http://www.femnet.or.ke/ The African Women's Development and Communication Network (FEMNET) သည် အာဖရိကတိုက်တွင်ရှိသော အမျိုးသမီးများ၏ အခွင့်အရေး လှုပ်ရှားဆောင်ရွက်သော အဖွဲ့အစည်းများ ကွန်ရက်ဖြစ်သည်။

http://www.iisd.ca/vol14/enb1421e.txt ဤစာတမ်းသည် ဘေဂျင်း လုပ်ဆောင်ရေး အစီအစဉ် (Beijing Platform for Action) မူကြမ်းရေးဆွဲသည့် ဖြစ်စဉ်အကြောင်း အကျဉ်းချုပ်ကို ဖော်ပြထားသည်။

### မှတ်စုများ

၁။ L. E. Goodman (1998).

၂။ Nagel (1979); Benhabib (2004, p. 133); Talbott (2005).

၃။ Benhabib (2004, p. 130).

၄။ Ignatieff (2001). Cf. Gould, who grounds norms in human agency and interaction (Gould, 2004, 1988).

၅။ Donnelly (1989, pp. 17, 28–37); Nino (1991); L. E. Goodman (1998); Muzaffar (2002). Note that Rorty argues that the universality of human dignity does not rest on their being any 'distinctively human attribute' (Rorty, 1993, p. 116).

၆။ Locke (1988 [1688]); Sachedina (2009).

၇။ Sobrino Sj (2001, p. 153).

၈။ Cohen (2004); Benhabib (2004, Chapter 4).

၉။ Bruton (1997); Yasuaki (1999).

၁၀။ Nussbaum (1997b, 2000a, 2000b); Sen (2004, 1999a); Gould (2004).

၁၁။ Maritain (1949); An-Na'im (1992a); Taylor (1999); Regan (2010).

၁၂။ Donnelly (1989); An-Na'im (1992b); Ishay (2004).

၁၃။ This section draws on Langlois (2009, pp. 19–20).

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၃) လူ့အခွင့်အရေးနှင့် နိုင်ငံတကာ ဆက်ဆံရေး

တင်မ်ဒွန်းနှင့် မာရင်းဟန်ဆန် (**Tim Dunne and Marrianne Hanson)**

အခန်း မာတိကာ

- နိဒါန်း
- သီအိုရီပိုင်းဆိုင်ရာ ပြဿနာများနှင့် နောက်ခံအခြေအနေ
- အဓိက အပြောင်းအလဲများ
- တွေ့ရှိချက်များ - လူ့အခွင့်အရေးများနှင့် နိုင်ငံများ၏ လက်တွေ့ကျင့်သုံးမှု
- နိဂုံး

စာဖတ်အညွှန်း

လူ့အခွင့်အရေးများသည် နိုင်ငံတကာဆက်ဆံရေး ပညာရပ်နယ်ပယ်၌ရော လက်တွေ့ကျင့်သုံးမှုနယ်ပယ်၌ပါ အခိုင်အမာ ဝင်ရောက် နေရာယူထားပေပြီ။ နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ အဓိက သီအိုရီများသည် ဤအခွင့်အရေးများ၏ အခန်းကဏ္ဍကို ရှင်းပြရာ၌ တစ်ခုနှင့်တစ်ခု များစွာ ကွဲပြားခြားနားပြီး သီအိုရီများ၏ ထွက်ဆိုမှုများတွင် ကိုယ်စီကိုယ်င လက်ခံလောက်စရာကောင်းသော ငြင်းခုံချက်များ ပါဝင်ကြသည်မှာ ရှင်းနေသည်။ ဤအချက်က နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် ကမ္ဘာလုံးဆိုင်ရာ ကိုယ်ကျင့်သဘောတရားစနစ် အယူအဆများ အကြား ခက်ခက်ခဲခဲ ဟန်ချက်ထိန်းညှိထားရသည်ကို ညွှန်ပြနေပါသည်။ စစ်အေးသည် ကုလသမဂ္ဂစနစ်က ဆောင်ယူလာသော လူ့အခွင့်အရေးများအား ချက်ချင်း အကောင်အထည်ဖော်မှုကို တားဆီးခဲ့သော်လည်း နိုင်ငံတကာ လူ့အခွင့်အရေး စနစ်များ (regimes) ကြီးထွားလာခြင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) နှင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ ရှေ့ရောက်လာခြင်းသည် နိုင်ငံများ၏ သံတမန်ဆက်ဆံရေး၌ လူ့အခွင့်အရေးများ ပူးပူးကပ်ကပ် ပါဝင်လာစေခဲ့သည်။ ဤသည်မှာ လူ့အခွင့်အရေးအကြောင်း အပြောင်းအလဲများ ရှိနေခြင်းသည်ပင် စစ်အေးတိုက်ပွဲ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်ဟု လစ်ဟပြသော ဖြစ်ပေါ်တိုးတက်မှုတစ်ခု ဖြစ်သည်။ စစ်အေး နိဂုံးချုပ်ခဲ့ခြင်းသည် လူ့အခွင့်အရေးများအတွက် နွေဦးအချိန်ကျရောက်လာပြီ ဖြစ်ကြောင်း နိမိတ်ပြခဲ့သည်၊ သို့သော် တချို့နိုင်ငံများသည် ယခင် လက်ခံထောက်ခံခဲ့သည့် မူများကို ပြန်လည် အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ငြင်းပယ်ခြင်းတို့ကြောင့် လူ့အခွင့်အရေး စံနှုန်းများ စီးဆင်းမှုသည် နောက်ကြောင်း ပြန်နိုင်သည်ကိုလည်း အကြမ်းဖက် စစ်ပွဲ (war on terror) က ပြသခဲ့သည်။ မကြာသေးမီအချိန်က ဒါဖား၊ လစ်ဗျားနှင့် ဆီးရီးယားကဲ့သို့သော နေရာများရှိ ပြည်တွင်း ပဋိပက္ခများတွင် ဒုက္ခကျရောက်နေသူများကို အကာအကွယ်ပေးရန် ကြိုးပမ်းရာ၌ နိုင်ငံတကာ အသိုင်းအဝိုင်းအကြား ထိုသို့ကာကွယ်ရန် မည်သည့်အရာကို မည်သို့လုပ်ဆောင်သင့်သည်တို့အပေါ် သဘောထား ကွဲလွဲကြသည့်အတွက် လူ့အခွင့်အရေးများ မြှင့်တင်ကာကွယ်ရေး လုပ်ငန်း၏ ရှုပ်ထွေးမှုကို ပြသခဲ့သည်။ ဤအဖြစ်အပျက်များကြောင့် နိုင်ငံများ၏ လက်တွေ့ကျင့်သုံးမှုနှင့် လူ့အခွင့်အရေးတို့အကြောင်း အရေးကြီးသော မေးခွန်းများ ပေါ်ထွက်လာသည်။ သို့သော် ခြုံ၍ပြောရလျှင် စံနှုန်းနောက်ကြောင်းပြန်မှုတချို့

ဖြစ်ပွားခဲ့သည်မှာ မှန်သော်လည်း နိုင်ငံများသည် လူ့အခွင့်အရေး စိန်ခေါ်မှုများမှ ရုန်းထွက်၍ မရသေးဘဲ လူ့အခွင့်အရေး အကာကွယ်ပေးရေးနှင့် မြှင့်တင်ရေး အထောက်အထားများနှင့် သူ့အတိုင်းအတာနှင့်သူ ဆက်နွှယ်ပတ်သက် နေကြဆဲပင် ဖြစ်သည်။ ယခုတလော အာရုံစိုက်မှုများသည် စံနှုန်းများ နှလုံးသွင်းမှုအပိုင်းတွင် ဖြစ်ပေါ်နေသော အပြောင်းအလဲများကို အဓိက ဦးတည်လာခဲ့ကြသော်လည်း (ညဉ်းပန်းနှိပ်စက်မှု တားဆီးဆန့်ကျင်ရေး သဘောတူ စာချုပ် သို့မဟုတ် ပြည်တွင်းကိစ္စများ၌ နိုင်ငံသားများ၏ လွတ်လပ်ခွင့်များကို ကန့်သတ်ခြင်းအား ပြန်လည် အဓိပ္ပာယ် ဖွင့်ဆိုခြင်းများ ကဲ့သို့) လူ့အခွင့်အရေးများသည် အရေးပါသည်ဆိုသော အမြင်ကို ထပ်လောင်း အတည်ပြုကြသည်ကို တွေ့မြင်နေကြရဆဲဖြစ်သည်။ ၎င်းနှင့်အပြိုင် လူ့အခွင့်အရေးများအား နိုင်ငံတကာ အတိုင်းအတာဖြင့် ကာကွယ်ရေး အကြောင်း လက်တွေ့ကျင့်သုံးမှုနှင့် အယူအဆများ အားနည်းချက်များ ရှိနေသေးစေကာမူ ဖြစ်ပေါ်တိုးတက်မှုများ ရှိနေသည်ကိုလည်း ဆက်လက်မြင်တွေ့ နေရပါသည်။ ဤအချက်အား လူ့အခွင့်အရေးများကို ကာကွယ်ပေးရန် ကြားဝင်ဆောင်ရွက်မှုအတွက် ဖြစ်နိုင်ခြေနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တားဆီးခြင်းသည် အလွန်ပင် အရေးပါသည်ဟု အသိအမှတ်ပြုသော ကာကွယ်ရမည့်တာဝန် (responsibility to protect) ကဲ့သို့ စီစဉ် ရေးဆွဲမှုများတွင် မြင်တွေ့နိုင်သည်။

## နိဒါန်း

ကမ္ဘာ့နိုင်ငံရေးအကြောင်း ယနေ့ခေတ် ငြင်းခုံမှုများတွင် လူ့အခွင့်အရေးများ ကြီးစိုးနေမှုသည် နိုင်ငံတကာ ဆက်ဆံရေး ပညာရပ်နယ်ပယ် (Internaitonal Relations (IR)) ရှိ ပညာရှင်များအတွက် ပဟေဠိ တစ်ခုကဲ့သို့ ဖြစ်နေသည်။ မိမိတို့ နယ်နိမိတ်အတွင်း မိမိတို့၏ အာဏာသာ တည်သည်ဟု နိုင်ငံများက အခိုင်အမာ ဆိုနေကြသည့် ပထဝီ နိုင်ငံရေး ကမ္ဘာကြီးတွင် လူ့အခွင့်အရေးများသည် ယုံတမ်းဇာတ်လမ်း ဖြစ်သည်။ ဤအချက်သည် အနည်းဆုံးတော့ IR နယ်ပယ် စတင်ပေါ်ပေါက်ခဲ့ချိန်မှစ၍ ဤနယ်ပယ်ကို ကြီးစိုးလာခဲ့သည့် နိုင်ငံရေး အရှိတရားဝါဒီများ (realists) များ၏ အဆိုဖြစ်သည်။

ယခုအခန်း၏ ပထမပိုင်းတွင် ဖော်ပြထားသည့်အတိုင်း ရီးယဲလစ်များသည် ထင်တိုင်း ကြီးစိုးနိုင်ခြင်းတော့ မဟုတ်ပေ။ IR နယ်ပယ်ရှိ လစ်ဘရယ် (liberal) စဉ်းစားပုံက နိုင်ငံများအတွက် လူ့အခွင့်အရေးများနှင့် ကိုက်ညီသော မူဝါဒများကို ကျင့်သုံးခြင်းသည် ကျိုးကြောင်းဆီလျော်သည်၊ ယုတ္တိတန်သည်ဟု ငြင်းခုံသည်။ ကွန်စထရာ့တစ်ဗစ်များ (တည်ဆောက်ရေး ဝါဒီ) (constructivists) များသည်လည်း ရီးယဲလစ်ရှုထောင့်ကို ဝေဖန်ကြသည်၊ သို့သော် တခြားအကြောင်းအရင်းများအတွက် ဝေဖန်ကြခြင်း ဖြစ်သည်။ ကွန်စထရာ့တစ်ဗစ်များ ရှုမြင်ပုံအရ နိုင်ငံများ လူ့အခွင့်အရေး ပန်းတိုင်များအတွက် ကြိုးပမ်းကြခြင်း၏ အကြောင်းအရင်းများမှာ ၎င်းတို့၏ သရုပ်သဏ္ဌာန်၊ အနေအထားနှင့် သက်ဆိုင်သည်ဟု ဆိုသည်။ လူ့အခွင့်အရေးများသည် မည်သည်တို့ ဖြစ်ကြသည်၊ လုပ်ဆောင်သူများသည် အဘယ်ကြောင့် လူ့အခွင့်အရေးများကို မြှင့်တင်ကြသည်နှင့် ပတ်သက်၍ IR ၏ သီအိုရီကြီး သုံးခုအကြား ငြင်းခုံမှုများသည် လက်ရှိတရားနှင့် ၎င်းကို အဓိပ္ပာယ်ဖွင့်ဆိုရန်၊ ရှင်းပြရန် ကြိုးစားသော ကျွန်ုပ်တို့၏ သီအိုရီများအကြား ကွဲပြားခြားနားချက်အကြောင်း အရေးကြီးသော ဒဿန ပြဿနာတစ်ခုကို လစ်ဟပြသည်။

ယခုအခန်း၏ ဒုတိယအပိုင်းသည် နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်၌ နားလည်ကြသော လူ့အခွင့်အရေးများအကြောင်း အငြင်းပွားမှုများကို အဓိက တင်ပြထားသည်။ ပထမတစ်ခုသည် ကြေညာချက်စာတမ်းများတွင် တွေ့ရသော လူ့အခွင့်အရေးများအပေါ် အလေးအနက်ထားမှုနှင့် လက်ရှိအခြေအနေတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ များပြားနေခြင်းတို့အကြား ကွာဟမှုအပေါ် အငြင်းပွားမှု ဖြစ်သည်။ ဤကဲ့သို့ အပြောတစ်မျိုး လက်တွေ့တစ်မျိုး ဖြစ်နေခြင်းအတွက် မည်ကဲ့သို့သော ရှင်းပြချက်မျိုး ပေးနိုင်သနည်း။ ရှင်းပြချက် တစ်အုပ်စုသည် နိုင်ငံတကာ လူ့အခွင့်အရေး စနစ်တွင် အားနည်းသော စောင့်ကြည့်ရေးနှင့် စည်းကြပ်ရေး အစီအမံများကို ဖော်ပြသည်။ နောက်ရှင်းပြချက် တစ်အုပ်စုသည် နိုင်ငံတော် အချုပ်အခြာအာဏာ ကိစ္စကို ပြောသည်၊ အထူးသဖြင့် အီလစ်များအကြား ကမ္ဘာလုံးဆိုင်ရာ တရားမျှတမှုနှင့် မျှတမှု တန်ဖိုးများထက် ကျဉ်းမြောင်းသော အမျိုးသား အကျိုးစီးပွားကိုသာ မနားတမ်း ထောက်ခံလေ့ရှိကြသည်ကို ဖော်ပြသည်။ ဤအငြင်းပွားမှုများအား ခေတ်သစ် နိုင်ငံတကာ လူ့အဖွဲ့အစည်း၌ လူ့အခွင့်အရေး စံနှုန်းများ ပေါ်ထွက်လာမှုနှင့်အညီ ဆွေးနွေးထားပါသည်။

တတိယအပိုင်းသည် နိုင်ငံတကာ ဆက်ဆံရေး၌ လူ့အခွင့်အရေး ပုံပြင် အကြောင်း ဇာတ်ကြောင်းပြန်မှုမှ သဘာဝအတိုင်း ဆက်သွားသည်။ ကျွန်ုပ်တို့သည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် တည်ရှိသော လူ့အခွင့်အရေး ယဉ်ကျေးမှုတစ်ခု ရှိသည်ဟူသော အဆိုကို အလေးအနက်ထားရန်ဆိုလျှင် အခွင့်အရေးများ စနစ်တကျ ငြင်းပယ်ခံနေရသူတို့၏ အခွင့်အရေးများကို အကာအကွယ်ပေးရန် နိုင်ငံများနှင့် အခြားလုပ်ဆောင်သူများ၌ မည်သည့်တာဝန်များ ရှိကြသနည်းဟု မေးပိုင်ခွင့်ရှိသည်။ ဤအခန်းပါ ဆွေးနွေးချက်က နိုင်ငံတကာ တာဝန်၏ အစိတ်အပိုင်း နှစ်ခုကို အဓိကထား တင်ပြပါမည်။ ပထမအပိုင်းသည် အမျိုးမျိုးသော လူ့အခွင့်အရေး သဘောတူစာချုပ်များက ချမှတ်ထားသည့် နိုင်ငံများ အားလုံးအပေါ် ကျရောက်သော မိမိတို့၏ နိုင်ငံသားများကို အကာအကွယ် ပေးရမည့် တာဝန် ဖြစ်သည်။ ဤဆွေးနွေးချက်တွင် အကာအကွယ်သည် တာဝန်အဖြစ် လုပ်ဆောင်သော အချုပ်အခြာအာဏာ စံနှုန်း၏ အတွင်း အစိတ်အပိုင်း အပေါ် အကျုံးဝင်သည်။ နိုင်ငံတကာ တာဝန်၏ ဒုတိယအစိတ်အပိုင်းသည် နိုင်ငံတစ်နိုင်ငံ ပြိုလဲနေသည့်အခါ သို့မဟုတ် အစိုးရတစ်ရပ်သည် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်နေသည့်အခါ လူသားချင်းစာနာရေး ကယ်တင်သူများအဖြစ် ဆောင်ရွက်ပေးရမည့် နိုင်ငံများ၏ တာဝန်နှင့် သက်ဆိုင်သည်။

## သီအိုရီပိုင်းဆိုင်ရာ ပြဿနာများနှင့် နောက်ခံအခြေအနေ

လေ့လာသည့် အကြောင်းအရာသည် အချုပ်အခြာ အာဏာပိုင်ပြီး လွတ်လပ်သော နိုင်ငံများရှိသော ကမ္ဘာကြီးနှင့် ထိုနိုင်ငံများသည် မိမိတို့၏ အင်အား သို့မဟုတ် လုံခြုံရေးကို ကြီးထွားနိုင်သမျှ ကြီးထွားစေရန် ကြိုးပမ်းနေကြသည့် ချင့်ချိန် စဉ်းစားတတ်သော ဇာတ်ကောင်များ ဖြစ်သည်ဟု IR ပင်မနယ်ပယ်၌ အခိုင်အမာ ဆိုတတ်ကြသည်။ ယူဆချက်နှစ်ခုလုံးသည် IR ပညာရှင်များအခေါ် မင်းမဲ့အခြေအနေ (anarchy) ယူဆချက်မှ ဆင်းသက်လာခြင်း ဖြစ်သည်။ မင်းမဲ့အခြေအနေ ဆိုသော စကားရပ်ကိုသုံးခြင်းမှာ ရာသက်ပန် စစ်ဖြစ်နေသော အခြေအနေဟု ပြောလိုခြင်း မဟုတ်ဘဲ တရားမျှတသော ငြိမ်းချမ်းမှုကို ထိန်းထားနိုင်ရန် အင်အားနှင့် အာဏာရှိသော နိုင်ငံတကာ အစိုးရ တစ်ရပ် မရှိခြင်းကို ဆိုလိုခြင်းသာ ဖြစ်သည်။

မင်းမဲ့အခြေအနေ ပြဿနာအကြောင်း သရုပ်ဖော်ကောင်းတစ်ခုအား ဟော့ဘ်စ် (Hobbes) ၏ သဘာဝအခြေအနေ (state of nature) မှ တည်ငြိမ်အေးချမ်းမှု (order) ပေါက်ပေါက်လာပုံအကြောင်း ဖော်ပြချက်မှ ထုတ်ယူကြည့်နိုင်သည်။ ဥရောပတွင် နိုင်ငံများပါဝင်သော စနစ်တစ်ခု အခြေခိုင်စ ပြုလာသည့်အချိန် ၁၆၅၁ ခုနှစ်တွင် ရေးသားခဲ့သော နာမည်ကျော် Leviathan စာအုပ်တွင် ဟော့ဘ်စ်က အစွန့်ရှည်သော ပြည်တွင်း တည်ငြိမ်အေးချမ်းမှုအတွက် နိုင်ငံတော်သည် လိုအပ်သော အခြေအနေ ဖြစ်သည်ဟို အဆိုပြု ငြင်းခုံခဲ့သည်။ နိုင်ငံတော် တည်ရှိရခြင်းမှာ လုံခြုံရေးပေးရန် တာဝန်ယူသော အစိုးရနှင့် အုပ်ချုပ်သူ (sovereign) ၏ ဆန္ဒကို လက်ခံရန် သဘောတူသော ပြည်သူတို့အကြား အပေးအယူ ဖြစ်သည်။ သို့ရာတွင် နိုင်ငံတကာ အဆင့်တွင် ထိုကဲ့သို့သော စည်းကြပ်နိုင်သော အာဏာပိုင်မရှိပေ။ ဟော့ဘ်စ်၏ လောကအမြင်သည် အချုပ်အခြာ အာဏာပိုင် နိုင်ငံများအား ကြပ်မတ်ရန် ကမ္ဘာ့အုပ်ချုပ်သူ (global Leviathan) မရှိသော ဗဟိုချုပ်ကိုင်မှု လျော့သည့် စနစ်တစ်ခုတွင် ပူးပေါင်းဆောင်ရွက်ရာ၌ အကန့်အသတ်များ ရှိကြောင်း၊ ပဋိပက္ခ ဖြစ်နိုင်ခြေသည်လည်း ထာဝရ ရှိနေကြောင်း ကျွန်ုပ်တို့အား အမြဲတစေ သတိပေးလျက်ရှိသည်။ ဤအချက်အား စမှတ်အဖြစ် လက်ခံသည်နှင့်တပြိုင်နက် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းသည် လူ့အခွင့်အရေးများအတွက် နေရာထိုင်ခင်း မသာသည့်ပုံ ပေါက်တော့သည်။ အရှိတရားအမြင် (ရီယဲလစ်) အရ ကမ္ဘာကြီးသည် စည်းကမ်းများကို မကြာခဏချိုးဖောက်သော ကမ္ဘာကြီးဖြစ်ပြီး သဘောတူညီချက်များသည် သက်ဆိုင်သူများကို အကျိုးကျေးဇူး ပြုသမျှကာလအထိသာ တည်မြဲသည်။ ဟော့ဘ်စ်က သူ့ထုံးစံအတိုင်း ရှင်းရှင်းလင်းလင်း ပြောခဲ့သလို အင်အားဖြင့် ထိန်းမထားသော စာချုပ်များမှာ ‘စကားလုံးများသာ’ ဖြစ်သည်။

ယနေ့ခေတ် အရှိတရားဝါဒသမားများကလည်း လူ့အခွင့်အရေး သံခင်းတမန်ခင်းသည် များသောအားဖြင့် အပြောမျှသာ ဖြစ်သည်ဟု ယုံကြည်နေကြဆဲပင် ဖြစ်သည်။ သူတို့က လူအခွင့်အရေးများသည် ခေတ်သစ် နိုင်ငံတကာ လူ့အဖွဲ့အစည်း၏ ဝေါဟာရတွင် ပါနေပြီး လူ့အခွင့်အရေး စနစ်နောက်ကွယ်က မူများကို မည်သည့် ခေါင်းဆောင်ကမျှ ပြောင်ပြောင်တင်းတင်း စိန်ခေါ်ခြင်းမျိုး မရှိတော့သည်ကို နားလည် သဘောပေါက်ကြသည်။ ရီယဲလစ်များ၏ သဘောထားမှာ တကယ်အရေးကြီးသည့် အခြေအနေ ကြုံလာသည့်အခါ လူ့အခွင့်အရေးများသည် အမျိုးသားမူဝါဒ ပန်းတိုင်များ စာရင်းတွင် အောက်ထစ် နေရာတွင်သာ ရှိသည်ဟူ၍ ဖြစ်သည်။ ဤအချက်က နိုင်ငံတကာ သံတမန် ဆက်ဆံရေးတွင် နိုင်ငံရေး ခေါင်းဆောင်များသည် လူ့အခွင့်အရေးများကို ပါးစပ်ဖြင့် ကာကွယ်ကြသော်လည်း တစ်ချိန်တည်းတွင် လူ့အခွင့်အရေး မူများကို အခြား ရည်ရွယ်ချက်များအတွက် စတေးကြသည့် အပြောတစ်မျိုး အလုပ်တစ်မျိုး အခြေအနေကို ရှင်းပြသည်။ တစ်နည်းအားဖြင့် နောက်ဆုံး သုံးသပ်ရလျှင် လူ့အခွင့်အရေး မြှင့်တင်ရေးသည် အမျိုးသား အကျိုးစီးပွား မဟုတ်လျှင် နိုင်ငံများအနေဖြင့် ထိုရည်မှန်းချက်ကို အကောင်အထည် ဖော်ခြင်းက ယုတ္တိကျ ပါမည်လား။

နိုင်ငံတကာ မင်းမဲ့အခြေအနေနှင့် အမျိုးသား အကျိုးစီးပွားနောက် လိုက်ခြင်းသည် ရီယဲလစ်များ လူ့အခွင့်အရေးများနှင့် ပတ်သက်၍ သံသယစိတ်ထားခြင်း၏ အကြောင်းပြချက် နှစ်ခုဖြစ်သည်။ တတိယ အကြောင်းပြချက်မှာ ရှိရင်းစွဲ လူ့အခွင့်အရေးစနစ်၏ အခြေခံဖြစ်သော ကမ္ဘာလုံးဆိုင်ရာ ကိုယ်ကျင့် သဘောတရား ရှိသည်ဟု ယူဆချက်အား မူအရ ဆန့်ကျင်မှု ဖြစ်သည်။ နှစ်ဆယ်ရာစု အစောပိုင်း၏ ရီယဲလစ်

ပညာရှင်ကြီးများ ငြင်းခုံခဲ့ကြသလို (Carr, 1946; Morgenthau, 1948) ကမ္ဘာလုံးဆိုင်ရာ ကိုယ်ကျင့်တရား ဥပဒေကို လိုက်နာခိုင်းခြင်းသည် ကျဉ်းမြောင်းသော ကိုယ်ကျိုးစီးပွားများအတွက် လုပ်နေခြင်းကို ဖုံးကွယ်ရန် အသုံးပြုသော နည်းလမ်းများသည် ဖြစ်သည်။ သမိုင်းတွင် ရှိခဲ့သော အင်အားကြီး နိုင်ငံအားလုံးပင် ကမ္ဘာနှင့်ချီသော ထွက်ဆိုချက်များကို မြွက်ဟခဲ့ကြသည်။ ထိုသို့သော လုပ်ဆောင်ချက်များက ယင်းအချိန်က လွှမ်းမိုးကြီးစိုးနေသော အင်အားကြီးနိုင်ငံကို အကျိုးပြုသည် ဆိုလျှင် ကျွန်ုပ်တို့အနေဖြင့် မအံ့သြသင့်ပေ။ ထိုကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ကိုယ်ကျင့်သဘောတရားနှင့် အမျိုးသား အကျိုးစီးပွားအကြား အဆင်ပြေသော ဆက်နွယ်မှုမျိုးအား ခေတ်သစ်တွင် ဒီမိုကရေစီ မြှင့်တင်ရေးသည် အမေရိကန်နိုင်ငံ၏ ထီးတည်းလွှမ်းမိုးမှု (hegemony) ကို ခိုင်မာစေခဲ့သလို ဆယ့်ကိုးရာစုတွင် ဥရောပ နယ်ချဲ့အင်အားကြီး နိုင်ငံများ သိမ်းယူခဲ့သော နယ်မြေပိုင်ဆိုင်မှုများအတွက် ပေးခဲ့သည့် အကြောင်းပြချက် များတွင်လည်း မြင်တွေ့ခဲ့ရသည်။ အလားတူပင် ကြီးမြတ်သော အနောက်တိုင်း ဒေသ၏ ပြင်ပတွင် နေထိုင်ကြသူများသည်လည်း လူ့အခွင့်အရေးများသည် ကုန်သွယ်ရေး သို့မဟုတ် အစိုးရ အပြောင်းအလဲ ကဲ့သို့ ရည်ရွယ်ချက်များကို ဖော်ဆောင်ရာတွင် အင်အားကြီးနိုင်ငံများ အသုံးပြုသော လက်နက်ကိရိယာ ဖြစ်သည်ဟု ယနေ့အချိန်တွင် တိုင်တန်းတတ်ကြသည်။

နိုင်ငံတကာ ဆက်ဆံရေး လေ့လာမှုနယ်ပယ်တွင် လစ်ဘရယ်လစ်ဇင် (liberalism) သည် ရီးယဲလစ်ဇင် (realism) ကို သမိုင်း တောက်လျှောက် စိန်ခေါ်လာခဲ့သူ ဖြစ်သည်။ အယူအဆပိုင်းအရ ပြောရလျှင် လစ်ဘရယ်လစ်ဇင်သည် တစ်သီးပုဂ္ဂလ လူသားများတွင် ပြည်သူ့အာဏာပိုင်များက လိုက်နာရမည့် အခွင့်အရေးများ ရှိသည်ဟု မှတ်ယူသော အနောက်တိုင်း အတွေးအခေါ် အစဉ်အလာမှ ထွက်ပေါ်လာခဲ့သည်။ လစ်ဘရယ် စဉ်းစားပုံ အမျိုးမျိုး ရှိကြသော်လည်း ပင်မ အယူအဆသည် တစ်သီးပုဂ္ဂလ လူသားများတွင် လွတ်လပ်စွာ ပြောဆိုရန်၊ တရားရေး ဖြစ်စဉ်တွင် မျှတစွာ ဆက်ဆံခံရရန် အခြေခံ အခွင့်အရေးများနှင့် နိုင်ငံရေး ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသော နိုင်ငံရေး တန်းတူညီမျှမှု ရှိသည်ဟူ၍ ဖြစ်သည်။ အမျိုးသား အကျိုးစီးပွား မြှင့်တင်ရေးအတွက် အကြောင်းပြချက်ပေးရန် ရီးယဲလစ်များသည် ဟော့ဘ်စ်နှင့် မက်ခီယာဗဲလီ (Machiavelli) တို့ကို ဖော်ညွှန်းကြသလို လစ်ဘရယ်သမား များသည် လော့ခ် (Locke) နှင့် ကန့်ထ် (Kant) တို့အား ၎င်းတို့၏ လမ်းပြကြယ်အဖြစ် ဖော်ညွှန်းကြသည်။ ကန့်ထ်၏ လက်ကမ်းစာစောင် ရာသက်ပန် ငြိမ်းချမ်းရေး (Perpetual Peace) သည် တစ်သီးပုဂ္ဂလ လူသားအားလုံး ဖြစ်တည်မှု တန်ဖိုးတူညီကြသော၊ ကမ္ဘာ၏ မည်သည့်နေရာ၌မဆို ဖြစ်ပွားသော အခွင့်အရေး ချိုးဖောက်မှုများအား ကမ္ဘာ့နေရာအားလုံးတွင် ခံစားကြသော နိုင်ငံတကာ လစ်ဘရယ်ဝါဒ သီအိုရီတစ်ခုကို တည်ဆောက်ခဲ့သည်။

လစ်ဘရယ်ဝါဒအား စိတ်ကူးယဉ်ဆန်သည် (utopian) ဟု ပယ်ချရသည်မှာ လွယ်ပါသည်။ ၁၇ ရာစုမှ စတင်ကာ သံတမန် ဆက်ဆံရေး သမိုင်းအား ပဋိပက္ခနှင့် ရန်စကျူးကျော်မှုအဖြစ် အလွယ်တကူ နားလည် သဘောပေါက်နိုင်သည်။ သို့သော် လစ်ဘရယ်များ ထောက်ပြသကဲ့သို့ ကိုယ့်ကျင့် သဘောတရားရေးရာ အကြွင်းမဲ့ဝါဒသည် နိုင်ငံတကာ နိုင်ငံရေး လက်တွေ့ကျင့်သုံးမှုတွင် ပါဝင်နေဆဲ ဖြစ်သည်။ ဆင်ခြင်ဉာဏ်ပွင့် ခေတ် (Enlightenment) မှ စတင်ကာ နိုင်ငံများသည် လစ်ဘရယ်ဝါဒအတွက် အခြေခံကျသော အကြွင်းမဲ့မှု များကို လိုက်နာသည့် နေရာတွင် တိုးတက်မှုများ ရှိလာခဲ့ကြသည်။ နိုင်ငံအတော် များများသည် နိုင်ငံသားများ၏ အခွင့်အရေးများကို တရားဝင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေများတွင် ဖြည်းဖြည်းချင်း ပြဋ္ဌာန်းခဲ့သည်၊ ကျွန်ကုန်သွယ်မှုကို အဆုံးသတ်ခဲ့သည်၊ ထို့နောက် ကျွန်စနစ်ကို ဖျက်သိမ်းခဲ့သည်၊

အလုပ်သမားများ၏ အခြေအနေကို အကာအကွယ်ပေးရန် သဘောတူခဲ့ပြီး ဒဏ်ရာရသော သို့မဟုတ် ဖမ်းဆီးရမိသော စစ်သားများကို အကာအကွယ်ပေးရန်နှင့် အရပ်သားများအား ပစ်မှတ်ထားမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ရန် လုပ်ဆောင်ခဲ့သည်။ ၁၉၄၅ ခုနှစ် နောက်ပိုင်းတွင် ၁၉ ရာစုအလယ်ပိုင်းနှင့် ၂၀ ရာစုအစောပိုင်း ဖြစ်ပွားခဲ့သော ဤတိုးတက်မှုများသည် လူ့အခွင့်အရေးများကို နိုင်ငံတကာအဆင့် တိုးချဲ့ရာ၌ ဥပဒေဖြစ်လာခဲ့သည် (အခန်း ၁ နှင့် ၂ တို့တွင် ရှု)။

လာမည့်အပိုင်းတွင် မြင်သာလာမည် ဖြစ်သည့်အတိုင်း ၂၀ ရာစုအတွင်း လူ့အခွင့်အရေးများ အကောင်အထည်ဖော်မှုတွင် အကောင်းရော အဆိုးပါ ရောပြွမ်းနေသည်။ အကြွင်းမဲ့ ယူနီဗာဆယ် ကိုယ်ကျင့်သဘောတရားရေးရာ မူများအား အုတ်မြစ်ချသည့်အခါ ကမ္ဘာ့လူသားထုအား သီးခြား နိုင်ငံများ အဖြစ် ပိုင်းခြားထားခြင်းသည် ပြဿနာ ဖြစ်စေသည်ကို လစ်ဘရယ်များ အသိအမှတ်ပြုကြသည်။ ဤကဲ့သို့ အကျဉ်းအကျပ် အခြေအနေသည် တုံ့ပြန်မှု နှစ်မျိုးကို ဖြစ်စေသည်။ ပထမတုံ့ပြန်မှုက ကမ္ဘာကြီးတွင် အာဏာရှင် နိုင်ငံများ အရေအတွက် နည်းလာစေရန် အလို့ငှာ လစ်ဘရယ်ဇုန်ကို ချဲ့ရန် ကြိုးပမ်းချက် ဖြစ်သည်။ ဒုတိယ တုံ့ပြန်မှုမှာ လူ့အခွင့်အရေးများနှင့် လူ့ဂုဏ်သိက္ခာများအပေါ် လေးစားမှုကို မြှင့်တင်ပေးသည့် ပုံစံများဖြင့် နိုင်ငံတကာ အင်စတီကျူးရှင်းများသည် အဖွဲ့ဝင် နိုင်ငံများအတွက် မက်လုံးများကို ပြောင်းလဲပေးမည်ဟူသော မျှော်လင့်ချက်ဖြင့် ၎င်းတို့ကို ခိုင်မာအားကောင်းလာအောင် ပြုလုပ်ခြင်း ဖြစ်သည်။

တည်ဆောက်ရေးအမြင် (constructivism) သည် စံနှုန်းများနှင့် အကျိုးစီးပွားတို့အကြား ဆက်နွယ်ပတ်သက်မှုအကြောင်း စဉ်းစားရန် နည်းလမ်းတစ်ခု ပေးသည်။ ရီးယဲလစ်များ၊ လစ်ဘရယ်များနှင့် မတူသည်မှာ ကွန်စထရပ်ဗစ်များက အချုပ်အခြာ အာဏာပိုင် နိုင်ငံများ၏ အကျိုးစီးပွားနှင့် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ဆိုင်သော ကိုယ့်ကျင့်သဘောတရားရေးရာ မူများအကြား မလွဲမရှောင်သာသော တင်းမာမှု မရှိဟု ငြင်းခုံသည်။ ဤနေရာ၌ အရေးကြီးသော သီအိုရီပိုင်းဆိုင်ရာ အချက်မှာ ကမ္ဘာ့နိုင်ငံရေး အရှိတရား၏ ပေါင်းစည်း ဖွဲ့စည်းပေးတတ်သော သဘောသဘာဝ၊ အထူးသဖြင့် နိုင်ငံများသည် ဘုံစံနှုန်းများနှင့် တန်ဖိုးများကို မည်သို့ ဖန်တီးသည်၊ ၎င်းတို့က တဖန် နိုင်ငံများကို မည်သို့ ဖန်တီးသည်နှင့် သက်ဆိုင်သည်။

လူ့အခွင့်အရေးများ ဖြစ်ထွန်းလာမှုအား ဤအခြေအနေကို ထည့်သွင်းစဉ်းစားပြီး နားလည် သဘောပေါက်ရန် လိုအပ်သည်။ လူမှုဘဝတွင် ဖြစ်လေ့ရှိသည့်အတိုင်း နိုင်ငံတကာ ရပ်ဝန်းသည်လည်း ဇာတ်ကောင်များ မည်ကဲ့သို့ ပြုမူနေထိုင်သင့်သည်ကို လမ်းညွှန်ထားသော မျှော်လင့်ချက်များ၊ စည်းမျဉ်း စည်းကမ်းများဖြင့် ဖွဲ့စည်း တည်ဆောက်ထားခြင်း ဖြစ်သည်။ သမိုင်းနှင့်ချီ၍ ကြီးစိုး လွှမ်းမိုးလာခဲ့သော ရီးယဲလစ် စဉ်းစားပုံက နိုင်ငံတကာအဆင့် အပြုအမူ ပုံစံတစ်မျိုးကို တင်ပြထားသော်လည်း ကွန်စထရပ်ဗစ်များနှင့် လစ်ဘရယ်များက အကြွင်းမဲ့ ယူနီဗာဆယ် တန်ဖိုးများသည် ဤနိုင်ငံများအကြား ဆက်ဆံရေး စနစ်အား ပြောင်းလဲစေခဲ့သည်ဟု ငြင်းခုံကြသည်။ ထို့ကြောင့် လူ့အခွင့်အရေးများ အကာအကွယ်ပေးရေးသည် ခေတ်သစ်နိုင်ငံတော်၏ အန္တိမ ရည်ရွယ်ချက်၊ အင်အားနှင့် အာဏာတို့အား နယ်နိမိတ်အရ သတ်မှတ်ထားသော အချုပ်အခြာအာဏာပိုင် အစုများအဖြစ် ဖွဲ့စည်းစေသော အဓိက အကြောင်းအရင်း၏ ပင်မကျောရိုးဖြစ်သည် (Reus-Smit, 2001, p.520)။ ကွန်စထရပ်ဗစ်တို့က အကယ်၍ နိုင်ငံများသည် အကြွင်းမဲ့ ယူနီဗာဆယ် တန်ဖိုးများကို လုံးလုံးလျားလျား ငြင်းပယ်မည်ဆိုလျှင် ၎င်းတို့သည် တစ်ခုခု

ပေးဆပ်ရမည်ဟု ငြင်းခုံကြသည်။ ထိုပေးဆပ်မှုသည် ရှုတ်ချခံရခြင်း၊ ဘေးထုတ်ခံရခြင်း သို့မဟုတ် တရားနည်းလမ်းကျသော နိုင်ငံဖြစ်မှုဆိုင်ရာ စံနှုန်းသစ်ကို လိုက်နာစေရန် ရည်ရွယ်သော အတင်းအကျပ် လုပ်ဆောင်ခိုင်းမှုများပင် ဖြစ်နိုင်သည်။ (လူ့အခွင့်အရေး များအပေါ် ထားရှိသော ရီးယဲလစ်များ၊ လစ်ဘရယ်များနှင့် ကွန်စထရတစ်ဗစ်များ၏ သဘောထား အမြင်များကို ဇယား ၃.၁ တွင် အကျဉ်းချုပ် ဖော်ပြထားသည်။)

| အနှစ်ချုပ် |
|---|
| ဤအခန်းတွင် လေ့လာထားသည့် IR သီအိုရီအမျိုးမျိုး (ရီးယဲလစ်ဇင်၊ လစ်ဘရယ်လစ်ဇင်နှင့် ကွန်စထရတ်ဗစ်ဇင်) သည် လူ့အခွင့်အရေးများ ရှိနေခြင်းကို မငြင်းပယ်ကြသော်လည်း ၎င်းတို့သည် ကမ္ဘာ့နိုင်ငံရေးတွင် လူ့အခွင့်အရေးများ မြင့်တင်ခြင်းနှင့် ၎င်းတို့၏ အခန်းကဏ္ဍအား ရှုမြင်ပုံ မတူကြပေ။<br><br>ကမ္ဘာကြီးအား သီးခြား အချုပ်အခြာ အာဏာပိုင် နိုင်ငံများအဖြစ် ခွဲခြားထားမှုနှင့် အကြွင်းမဲ့ ကိုယ်ကျင့်သဘောတရားရေးရာ မူများ လိုက်နာကျင့်သုံးရေး တောင်းဆိုမှုများအကြား ပွတ်တိုက်မှုကို ရီးယဲလစ်များသည် ပို၍ စူးရှစွာ သတိပြုခံစားမိကြသည်။ ရီးယဲလစ်များ၏ အမြင်တွင် အမျိုးသား အကျိုးစီးပွားသည် နိုင်ငံခြားရေး မူဝါဒရေးဆွဲရာ၌ လူ့အခွင့်အရေးများ ထည့်သွင်းစဉ်းစားရေးထက် ပို၍ ဦးစားပေး ခံရမည် ဖြစ်သည်။<br><br>လစ်ဘရယ်များအနေဖြင့် လူ့အခွင့်အရေးများသည် တစ်စထက်တစ်စ ပို၍ အရေးကြီးလာသည်ဟု ရှုမြင်ကြပြီး လစ်ဘရယ် ဒီမိုကရေစီ ပျံ့နှံ့လာမှုနှင့် ကမ္ဘာလုံးအဆင့် လူ့အခွင့်အရေး စနစ်တစ်ခု တည်ထောင်ထားခြင်းအား ယင်း၏ သက်သေအထောက်အထားအဖြစ် ထောက်ပြသည်။ ကွန်စထရတ်ဗစ် များကမူ လူ့အခွင့်အရေးများအပေါ် လေးစားမှုသည် နိုင်ငံများ၏ သရုပ်သဏ္ဌာန် ဖွဲ့စည်းတည်ဆောက်မှု အပေါ် အရေးပါသော အကျိုးသက်ရောက်မှု ရှိသည်ဟု ပြောကြပြီး တချို့နိုင်ငံများသည် လက်တွေ့ကျပြီး မူရှိသော နိုင်ငံခြားရေး ပေါ်လစီကို ကျင့်သုံးရန် ကြိုးပမ်းကြသည်ဟု မှတ်ချက်ပြုသည်။<br><br>**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**<br>လူ့အခွင့်အရေးများအကြောင်း လေ့လာသိရှိမှုများအား အဘယ်ကြောင့် ကမ္ဘာ့နိုင်ငံရေး သီအိုရီများအတွင်း၌ တည်ထားပြီး စဉ်းစားရန် လိုပါသနည်း။ |

**ဇယား ၃.၁။** အဓိက IR သီအိုရီများအရ လူ့အခွင့်အရေး ရှုထောင့်များ

| | ကဏ္ဍများ | | |
|---|---|---|---|
| **IR သီအိုရီများ** | **လူ့အခွင့်အရေး၏ ကျင့်ဝတ် အခြေခံ** | **အင်စတီကျူးရှင်းများ၏ အခြေအနေ** | **နိုင်ငံခြားရေး မူဝါဒမှ လူ့အခွင့်အရေး** |
| **ရီးယဲလစ်ဇင်** | မင်းမဲ့ အခြေအနေတွင် မိမိကိုယ် မိမိ အားကိုးရမည်ဟူသည့် သဘောတရားအရ လူ့အခွင့် | အင်စတီကျူးရှင်းများသည် အာဏာမရှိကြပေ။ လူ့အခွင့် အရေးများသည် နိုင်ငံများ ပြဿနာ နရတော့သည်။ နိုင်ငံ့ | လူ့အခွင့်အရေးသည် နိုင်ငံ၏ ပါဝါကို မြှင့်တင်နိုင်ပါက အရေးပါသည့် ကိရိယာ တစ်ခု ဖြစ်သည်။ သို့မဟုတ်ဘဲ |

| | | | |
|---|---|---|---|
| | အရေးများသည် နိုင်ငံများ မတတ်နိုင်သည့် ဇိမ်ခံပစ္စည်း တစ်ခုသဖွယ် ဖြစ်သည်။ ပြည်တွင်း အကျိုးစီးပွားကို ကမ္ဘာ့ တန်ဖိုးများဟူသည့် မျက်နှာဖုံး နှင့် ဖုံးကွယ်ထားသည်။ | ခေါင်းဆောင်များက လူ့အခွင့်အရေး စံနှုန်းများကို အပြောဖြင့်တော့ ထောက်ခံကြသည်။ | နိုင်ငံ၏ အဓိက လုံခြုံရေး အကျိုးစီးပွားများကို ထိခိုက်လာပါက ၎င်းတို့ကို စွန့်ပစ်ရပေမည်။ လူ့အခွင့်အရေး တန်ဖိုးများကို အင်အားသုံး၍ လက်ခံ ကျင့်သုံးခိုင်းခြင်းသည် အဓိပ္ပာယ် မရှိ၊ ကိုယ်ကျိုး အတွက် လုပ်ခြင်းသာ ဖြစ်သည်။ |
| **လစ်ဘရယ်လစ်ဇင်** | လူ့အခွင့်အရေးသည် သဘာဝ ကျပြီး ခွဲခြား၍ မရသော အခွင့်အရေးများကို ချဲ့ထွင် ထားခြင်း ဖြစ်သည်။ နိုင်ငံများသည် အခွင့်အရေးကို ကာကွယ်ရန် တာဝန် ရှိသည်။ ကာကွယ်ရန် ပျက်ကွက်ပါက ၎င်းတို့၏ အချုပ်အခြာ အာဏာအပေါ် မေးခွန်းထုတ်စရာ ဖြစ်လာ လိမ့်မည်။ | လူ့အခွင့်အရေး စနစ်များ (တရားဝင် မဟုတ်သော စည်းမျဉ်းများ) နှင့် အင်စတီ ကျူးရှင်းများ (ဥပမာ၊ လူ့အခွင့် အရေး ကော်မရှင်) သည် လိုက်နာမှုကို စောင့်ကြည့်ရာ တွင် အဓိကကျသည်။ အင်စတီ ကျူးရှင်းများ အားနည်းလျှင် နိုင်ငံများက လက်တစ်လုံးခြား လုပ်ကြမည်ပင်။ ဥရောပတွင် ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်ခြင်း ဖြင့် တာဝန်များသည် ဥပဒေနှင့် စည်းနှောင်မှု ရှိလာလေသည်။ | လူ့အခွင့်အရေး မြှင့်တင်ခြင်း သည် ဒီမိုကရေစီနှင့် ကောင်းမွန်သော အုပ်ချုပ်ရေး တို့ မြှင့်တင်ခြင်းနှင့် ခွဲခြားမရ အောင် ဆက်စပ်နေသည်။ လူ့အခွင့်အရေး တန်ဖိုးများကို နိုင်ငံတွင်း အင်စတီကျူးရှင်း များတွင် နှလုံးသွင်းမထားပါက ၎င်းတို့ အချိန်ကြာ ရှိနေနိုင်မည် မဟုတ်ပေ။ |
| **ကွန်စထရာ့တစ်ဗစ်ဇင်** | နိုင်ငံတကာနှင့် ကမ္ဘာ့ လူ့အဖွဲ့ အစည်းအတွင်းရှိ ဇာတ်ကောင် များနှင့် အင်စတီကျူးရှင်းများ အကြား ရှိနေသည့် သဘောတူ ညီချက်များသည် လူ့အခွင့်အရေး ၏ အခြေခံ ဖြစ်သည်။ ယင်းမှာ သဘာဝအတိုင်း ထွက်ပေါ် လာခြင်း မဟုတ်။ ဇာတ်ကောင် များအကြား ဆက်သွယ် ဖလှယ် ခြင်းဖြင့် ထွက်ပေါ်လာသော ကတိကဝတ် ဖြစ်သည်။ | အင်စတီကျူးရှင်းများသည် အရေးပါသည်။ သို့ရာတွင် စံနှုန်း ပြန့်ပွားခြင်းက သုတေသန ပညာရှင်များကို ဆက်သွယ် ဖလှယ်သည့် ဖြစ်စဉ်အား လေ့လာ နိုင်စေ သည်။ နိုင်ငံ ဖြတ်ကျော် လူမှု လှုပ်ရှားမှုများက ဆွဲဆောင် ခြင်း၊ အရှက်ခွဲခြင်း တို့ဖြင့် လိုက်နာမှု ပြဿနာကို ကူညီ ဖြေရှင်း ပေးသည်။ | ရီးယဲလစ်များ၏ အဆိုဖြစ်သည့် ပြည်တွင်း အကျိုးစီးပွားသည် သာ ပထမဟူသည့် အဆိုကို ကွန်စထရတစ်ဗစ်များက လက်မခံပေ။ သူတို့က အကျိုး စီးပွားများသည် နိုင်ငံ (သို့) ဒေသ၏ သရုပ်သဏ္ဌာန်နှင့် တန်ဖိုးများမှ ထွက်ပေါ် လာသည့် ရလဒ် တစ်ခုသာ ဖြစ်သည်ဟု ဆိုကြသည်။ ထို့ကြောင့် ပြည်တွင်းတွင် လူ့အခွင့်အရေး ကာကွယ်သည့် နိုင်ငံများသည် နိုင်ငံတကာတွင် လူ့အခွင့်အရေးကို မြှင့်တင် ကြမည် ဖြစ်သည်။ |

## အဓိက အငြင်းပွားမှုများ

**စစ်အေးကာလအတွင်း လူ့အခွင့်အရေး - အပြောတစ်မျိုး၊ အလုပ်တစ်မျိုးလော**

လူ့အခွင့်အရေးများအကြောင်း ပြောသော လစ်ဘရယ် သမိုင်းများက ၁၉၄၈ ခုနှစ် ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) သည် ခေတ်သစ်နိုင်ငံများ၏ ကြောက်မက်ဖွယ် အဖျက်စွမ်းအားကြောင့် ဖန်တီးခဲ့သည့် အခြေခံ စာတမ်းအဖြစ် အသိအမှတ်ပြုကြသည်။ စာတမ်း၏ အမာခံ ထောက်ခံသူများမှ တစ်ဦးဖြစ်သူ အယ်လီနော် ရူးစဗတ် (Eleanor Roosevelt) က ဤစာတမ်းသည် လူမျိုးအားလုံးနှင့် နိုင်ငံအားလုံးအတွက် စွမ်းဆောင်အောင်မြင်မှု ဘုံစံနှုန်းကို သတ်မှတ်ပေးသည်ဟု ဆိုခဲ့သည် (Risse and Sikkink, 1999, p.1 တွင် ကိုးကားထားသည့် အတိုင်း)။ လူ့အခွင့်အရေး ကာကွယ်သူများက UDHR သည် နိုင်ငံများ ကိုင်စွဲထားသော အကြွင်းမဲ့ အချုပ်အခြာ အာဏာ ဖြစ်မှုမှ စံနှုန်းသဘောအရ ပြောင်းလာပြီး လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီသည် ဘုံလူသားဖြစ်မှု သက်သက်ကြောင့် အခွင့်အရေးများ ရှိသင့်သည် ဟူသော ယူဆချက်ဘက်သို့ ဦးတည်ပြောင်းလဲလာခြင်းကို အချက်ပြခြင်းဟု ယုံကြည်ကြသည်။

IR ပညာရှင်များသည် တစ်ခုက အချုပ်အခြာ အာဏာပိုင် နိုင်ငံများ၏ အခွင့်အရေးများအပေါ် အခြေခံပြီး နောက်တစ်ခုက မွေးရာပါ ဘုံလူ့အသိုင်းအဝိုင်း၏ မိသားစုဝင်ဖြစ်သော တစ်သီးပုဂ္ဂလ လူပုဂ္ဂိုလ်များ၏ အခွင့်အရေးများအပေါ် အခြေခံသော ပြိုင်ဘက် စံနှုန်းပြု အဆိုများ တည်ရှိနေခြင်းကို လွန်ခဲ့သော ရာစုနှစ်များစွာအထိ ခြေရာကောက်ကြသည်။ ကိုလံဘတ်ခေတ်က ဘာသာရေး ဆရာများသည် အမေရိကတိုက်များရှိ မူလအခြေချနေထိုင်သူများ၏ အခွင့်အရေးများအကြောင်း ငြင်းခုံခဲ့ကြသည် (အခန်း ၁၉ တွင် ရှု)၊ ၁၆၄၈ ခုနှစ်တွင် ဝက်စ်ဖားလီယာ (Westphalia) ရှိ ငြိမ်းချမ်းရေး ကိုယ်စားလှယ်များသည် နောက်ဆုံး သဘောတူစာချုပ်များတွင် လူနည်းစုများ၏ အခွင့်အရေးများကို ထည့်သွင်းခဲ့ကြပြီး၊ ၁၉ ရာစုနှစ် ဗြိတိသျှတို့၏ ထီးတည်းလွှမ်းမိုးမှု ကာလသည် လူ့အခွင့်အရေးများနှင့် မည်သို့မျှ မလျော်ညီသော ကိုလိုနီ နယ်ချဲ့စနစ်၌ အတူယှဉ်တွဲ ရှိနေခဲ့စေကာမူ ကျွန်စနစ်ဆန့်ကျင်ရေး စံနှုန်းပေါ်ထွက်သည်ကို ကြုံတွေ့ခဲ့သည်။

အကြွင်းမဲ့ဖြစ်သည့်အရာ (the universal) နှင့် သီးသန့်ဖြစ်သည့်အရာ (the particular) တို့အကြား မျက်မှောက်ခေတ် လွန်ဆွဲမှုအား လူ့အခွင့်အရေး အယူအဆက ပို၍ သိသာထင်ရှားစေသည်။ ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ အပျော်အတိပြီးခဲ့သော ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း ထုတ်ပြန်ချက် ပြီးနောက် လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားသူများသည် ထိုမှုများက နိုင်ငံများ၏ အပြုအမူများကို သိသိသာသာ စတင်ထိန်းကွပ်မှု မပြုမီအချိန်အထိ ဆယ်စုနှစ် သုံးခုကြာ စောင့်ဆိုင်းခဲ့ကြရသည်။ ကြားကာလအတွင်း လစ်ဘရယ်များ၏ နိုင်ငံများအပေါ် အကြွင်းမဲ့ လူ့အခွင့်အရေးများကို လိုက်နာရန် တောင်းဆိုမှုသည် ရီးယဲလစ် အချက်နှစ်ချက်ကြောင့် အသံတိုးခဲ့ရသည်။ ပထမချက်မှာ စစ်အေးကာလအတွင်း ဦးဆောင် ပါဝင်သော နိုင်ငံများ (နှင့် ၎င်းတို့ မဟာမိတ်များ) ၏ အမျိုးသားလုံခြုံရေးကို ဦးစားပေးမှုနှင့် ဒုတိယအချက်မှာ နိုင်ငံများသည် အခြားနိုင်ငံများအား ၎င်းတို့၏ လူ့အခွင့်အရေး လက်တွေ့ ကျင့်သုံးမှုများကို လေ့လာစောင့်ကြည့်ခွင့် မပေးခဲ့သည့် အချက်တို့ ဖြစ်သည်။ ဤဒုတိယအချက်ကို ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးက ကော်မရှင်တွင် လူ့အခွင့်အရေးများအကြောင်း တိုင်တန်းမှုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန် မည်သည့် အာဏာမျှမရှိဟု မှတ်ချက်ပြု ခဲ့ခြင်းဖြင့်

သရုပ်ဖော်ပြခဲ့သည် (Donnelly, 2003, p.73)။ တစ်နည်းဆိုရသော် အစကတည်းကပင် လူ့အခွင့်အရေးများသည် အင်အားကြီး နိုင်ငံများအကြား ယှဉ်ပြိုင်မှု၊ နိုင်ငံတကာ လူ့အဖွဲ့အစည်းဝင် နိုင်ငံများ၏ လူ့အခွင့်အရေးများအား စည်းကြပ်နိုင်သော ကတိကဝတ်များအဖြစ် မရှုမြင်ဘဲ စံနှုန်းများ အဖြစ်သာ ရှုမြင်လိုမှုတို့အောက်တွင် မှေးမှိန်နေခဲ့ကြရသည်။ လူ့အခွင့်အရေးများဆိုင်ရာ ဥရောပသမဂ္ဂ သဘောတူစာချုပ်ကို လက်မှတ်ထိုးခဲ့သော အရေအတွက် အကန့်အသတ်ဖြင့်သာ ပါဝင်သော နိုင်ငံများ အုပ်စုမှလွဲလျှင် ၁၉၄၅ မှ ၁၉၇၃ ခုနှစ်အထိ ယေဘုယျ အခြေအနေမှာ စံနှုန်းနှင့် လက်တွေ့ဖော်ဆောင်မှု အကြား အကွာကြီး ကွာဟနေသော အခြေအနေသာ ဖြစ်သည်။

၁၉၇၀ ခုနှစ်များ အလယ်လောက်တွင် အချက်တချို့ စုဆုံမိကြပြီး ၎င်းတို့သည် လူ့အခွင့်အရေး စနစ်တွင် အခြေအနေတမျိုး ပြောင်းလဲသွားပြီ ဖြစ်ကြောင်း အချက်ပြခဲ့သည်။ ၎င်းတို့သည် နိုင်ငံတကာဆက်ဆံရေး၏ သဘောသဘာဝ အကြောင်း ရီးယဲလစ်များ၏ ယူဆချက်များကိုလည်း စိန်ခေါ်လာခဲ့ကြသည်။ ဤအချက်များကို အောက်ပါ ခေါင်းစဉ်များအဖြစ် စုစည်းနိုင်ပါမည် (တစ်ခုချင်းကို အလှည့်ကျ ဆွေးနွေးသွားပါမည်)။ လူ့အခွင့်အရေး စံနှုန်းများအား ဥပဒေများအဖြစ် ပို၍ပို၍ ပြောင်းလဲခြင်း၊ နိုင်ငံတကာ လူ့အခွင့်အရေး အန်ဂျီအိုများ ပေါ်ထွက်လာခြင်းနှင့် အဓိက အရေးပါသော အနောက်တိုင်း နိုင်ငံတချို့၏ နိုင်ငံခြားရေး မူဝါဒများတွင် လူ့အခွင့်အရေးများ ဦးစားပေးမှု ပိုမို၍ ရလာခြင်းတို့ ဖြစ်သည်။

**ဥပဒေရေးရာ စံနှုန်းများ ဖြစ်ထွန်းလာခြင်း**

၁၉၇၆ ခုနှစ်တွင် နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူစာချုပ် နှစ်ခု အသက်ဝင်လာခဲ့သည်။ ဤသဘောတူစာချုပ်များမှာ အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် နိုင်ငံတကာ စံနှုန်းများအား ပြည်တွင်း ဥပဒေများ အဖြစ်သို့ ပြောင်းလဲရာ၌ အထောက်အကူပြုပြီး ထိုသို့ အထောက်အကူ ပြုသည့်အတွက် အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုလှုပ်ရှားမှုများက အစိုးရများ၏ အပြုအမူများကို စောင့်ကြည့်ရန်၊ ဝေဖန်ရန် လမ်းဖွင့်ပေးခဲ့သည် (စာသေတ္တာ ၃.၁ တွင် ဖော်ပြထားပါသည်)။ ပြည်တွင်း ဇာတ်ကောင်များ၏ လူ့အခွင့်အရေးများကို လိုက်နာရမည့် ဖိအားအပေါ် ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်၏ ကြီးထွားလာနေသော အရေးပါမှုကလည်း ပို၍ ထပ်လောင်း ဖိအားပေးခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီဖြင့် အစားထိုးခဲ့သော လူ့အခွင့်အရေး ကော်မရှင်၏ အခန်းကဏ္ဍမှာ အဓိကအားဖြင့် သတင်းအချက်အလက် စုဆောင်းရေးနှင့် ဝေမျှရေး ဖြစ်နေခဲ့စေကာမူ ၎င်း၏ အခန်းကဏ္ဍကြောင့် ကုလသမဂ္ဂ စနစ်ထဲတွင် လူ့အခွင့်အရေး၏ အဆင့်အတန်းလည်း မြင့်လာခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် လူ့အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီး တစ်ယောက် စတင်ခန့်အပ် ခဲ့ခြင်းသည် ကောင်စီ၏ အခန်းကဏ္ဍကို ပို၍ပင် ထင်သာမြင်သာ ဖြစ်စေခဲ့ပြီး ထိုကဲ့သို့ ခန့်အပ်ခဲ့ခြင်းက IR သီအိုရီဆိုင်ရာ လစ်ဘရယ်များနှင့် ကွန်စထရာ့တစ်ဗစ် ဂိုဏ်းများ အထူးအလေးအနက်ထားသော ဥပဒေပိုင်းဆိုင်ရာနှင့် အင်စတီကျူးရှင်းပိုင်ဆိုင်ရာ စံနှုန်းများ ကြီးထွားလာမှုကိုလည်း ဖော်ပြခဲ့သည်။

| **စာသေတ္တာ ၃.၁ စံနှုန်းများ ပြန့်ပွားစီးဆင်းမှု** |
|---|
| ကွန်စထရာ့တစ်ဗစ်များ (constructivists) သည် လူ့အခွင့်အရေးများအကြောင်း ယုံကြည်မှုများအား မည်သို့မည်ပုံ ကမ္ဘာလုံးဆိုင်ရာ စံနှုန်းများအဖြစ်သို့ ပြောင်းလဲပစ်သည်ကို စိတ်ဝင်စားကြသည်။ ဤကိစ္စသည် |

ပြည်တွင်း နိုင်ငံရေး လက်တွေ့ကျင့်သုံးမှုများနှင့် မှန်မှန်ကန်ကန် ပြုမူဆောင်ရွက်ရေး နိုင်ငံတကာ စံနှုန်းများအကြား ဆက်နွယ် ချိတ်ဆက်မှုသို့ တိုက်ရိုက်ဦးတည်သွားသည်။ လူမှုဗေဒ သီအိုရီအပေါ် အခြေခံပြီး ကွန်စထရတ်ဗစ်များသည် စံနှုန်းစီးဆင်းမှု (norm cascade) အဖြစ် ခေါ်ဆိုသော စံနှုန်း လူမှုနှလုံးသွင်းခြင်း (socialization) ပုံစံတစ်ခုကို ဖော်ထုတ်ခဲ့ကြသည်။ စံနှုန်းစီးဆင်းမှုတွင် အဆင့်ငါးဆင့် ပါရှိသည်။ အဆင့်တစ်သည် အတိုက်အခံ အုပ်စုများကို ဖိနှိပ်ခြင်းနှင့် နိုင်ငံဖြတ်ကျော် ကွန်ရက်များ၏ ဩဇာလွှမ်းမိုးမှုကို လုံးဝ ပိတ်ဆို့တားဆီးခြင်း ဖြစ်သည်။ အဆင့်နှစ်သည် ထောက်ခံလှုပ်ရှားရေး အုပ်စုများက နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို ချိုးဖောက်သော အစိုးရများ၏ လုပ်ငန်းဆောင်တာများကို စတင် စောင့်ကြည့်လာကြသော အဆင့် ဖြစ်သည်။ ပစ်မှတ်ထား စောင့်ကြည့်ခံရသည့် နိုင်ငံ၏ တုံ့ပြန်မှုမှာ ဘူးကွယ်ငြင်းခြင်း၊ တစ်နည်းအားဖြင့် နိုင်ငံတကာ အန်ဂျီအိုများက တိုင်တည်သော နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများသည် တရားနည်းလမ်းကျသည်ဟု လက်ခံရန် ငြင်းဆန်ခြင်း ဖြစ်သည်။ အဆင့်သုံးသည် ပစ်မှတ်ထားသော နိုင်ငံရှိ ခုခံဆန့်ကျင်ရေး အင်အားစုများအား ကမ္ဘာ့ လူ့အခွင့်အရေး လှုပ်ရှားမှု၏ ကူညီမှု၊ အားပေးမှုဖြင့် စုစည်းပေးသည့် အဆင့်ဖြစ်သည်။ သက်ဆိုင်ရာ အစိုးရက ပြဿနာသည် သူ့အလိုအလျောက် ပြီးသွားလိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် ဗျူဟာအရ အလျှော့ပေးလိုသည်။ အဆင့်လေးသည် အစိုးရများအနေဖြင့် ပြင်ပစံနှုန်းများအား ပြည့်မီရန် ကြိုးစားသင့်သည့် အရာအဖြစ် မှတ်သား၊ သဘောထားပြီး လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများကို ပိုမိုကောင်းမွန်စေရန် အားထုတ်သည့်အဆင့် ဖြစ်သည်။ သို့ရာတွင် နိုင်ငံတကာ အခွင့်အရေးများ ဥပဒေ၏ အကျုံးဝင်မှုကို အသိအမှတ် ပြုလင့်ကစား မလိုက်နာမှုများ ဆက်လက်ရှိနေဆဲ ဖြစ်သည်။ နောက်ဆုံး အဆင့်ငါးတွင် နိုင်ငံ၏ အင်စတီကျူးရှင်းများသည် မိမိတို့ကိုယ်ကို လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများအဖြစ် မြင်လာကြသည့်အတွက်၊ စံနှုန်းများကို အလိုအလျောက် လိုက်နာလာကြသည့်အလျောက် စံနှုန်းစီးဆင်းမှု အလုပ်လုပ်ပုံကိုပင် သတိပြုမိရန် ခက်ခဲသွားသည့် အဆင့် ဖြစ်သည်။

## နိုင်ငံတကာ လူ့အခွင့်အရေး အန်ဂျီအိုများ ပေါ်ပေါက်လာခြင်း

၁၉၇၀ ခုနှစ်များတွင် နိုင်ငံများက လူ့အခွင့်အရေး ဥပဒေများကို လိုက်နာရေး ဦးတည်လှုပ်ရှားသော နိုင်ငံတကာ အန်ဂျီအိုများ ပေါ်ပေါက်လာခဲ့သည်ကို မြင်တွေ့လာခဲ့ရသည်။ ၁၉၆၉ ခုနှစ်တွင် ဆိုဗီယက် သံတမန်များသည် ထိုအန်ဂျီအိုများအား လယ်ကွင်းထဲမှ ပေါင်းမြက်များဟူ၍ လူရာမသွင်းခဲ့ကြပေ (Foot, 2000, p.38)။ သို့သော်လည်း အန်ဂျီအို လုပ်ငန်းဆောင်တာများသည် ကမ္ဘာ့နေရာအားလုံးတွင် နိုင်ငံတော်-လူ့အဖွဲ့အစည်း ဆက်ဆံရေးအပေါ် သိသိသာသာ အကျိုးသက်ရောက်မှု ရှိလာခဲ့သည်။ အန်ဂျီအို လှုပ်ရှားမှုများက နိုင်ငံများသည်သာ IR တွင် အရေးပါသော ဇာတ်ကောင်များ ဖြစ်သည် ဟူသော ရီးယဲလစ်များ၏ ယူဆချက်ကို စိန်ခေါ်လာခဲ့သည်။ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) သည် ဤအပြောင်းအလဲကို ထင်ဟပ်ပြသည့် ဥပမာ ဖြစ်သည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာက အသိအမှတ်ပြုထားသော လူ့အခွင့်အရေးများအတွက် လှုပ်ရှားဆောင်ရွက်ရန် ဖြစ်သည် (http://www.amnesty.org)။ ၁၉၆၁ ခုနှစ်တွင် တက်ကြွလှုပ်ရှားသူအနည်းငယ်ဖြင့် စတင်ဖွဲ့စည်းခဲ့ရာမှ ၁၉၇၇ ခုနှစ်တွင် နိုင်ငံပေါင်း တစ်ရာကျော်၌ အသင်းဝင် ၁၅၀၀၀၀ နှင့် ၂၀၁၅ ခုနှစ်တွင် နိုင်ငံပေါင်း ၁၅၀ တွင် လစဉ်ကြေးပေးသူများဖြင့် အသင်းဝင် ၂ သန်းကျော်အထိ ရှိလာခဲ့သည်။

Amnesty ကဲ့သို့ နိုင်ငံတကာ အန်ဂျီအိုများသည် အရေးကြီးသော လုပ်ငန်းနှစ်ရပ်ကို လုပ်ဆောင်သည်။ ၎င်းတို့သည် အသင်းဝင်များနှင့် ကမ္ဘာ့မီဒီယာများထံ လူ့အခွင့်အရေး ချိုးဖောက်မှု အထောက်အထားများကို ဖြန့်ဖြူးပေးနိုင်သော သတင်းအချက်အလက် ကွန်ရက်များအဖြစ် လုပ်ဆောင်သည်။ Amnesty အဖွဲ့ကဲ့သို့ INGO များသည် ကျွမ်းကျင်မှုရှိသည်၊ အမှီအခိုကင်းသည်ဟု ယုံကြည်ကြလျှင် ထိုသတင်းအချက်အလက်များကို လူ့အခွင့်အရေးများ စောင့်ကြည့်ရေး တာဝန်ရှိသော ကုလသမဂ္ဂ အဖွဲ့အစည်းများကရော ကမ္ဘာ့အရပ်ဘက် အဖွဲ့အစည်းရှိ အခြားသော လုပ်ဆောင်သူများကပါ အလေးအနက် ထားကြသည်။ ၁၉၇၇ ခုနှစ်တွင် Amnesty သည် နိုဘယ်ငြိမ်းချမ်းရေးဆု ရရှိခဲ့ပြီး နောက်ထပ် ခုနစ်နှစ်အကြာ ၁၉၈၄ ခုနှစ် ညဥ်းပန်းနှိပ်စက်မှု တားဆီးဆန့်ကျင်ရေး သဘောတူစာချုပ် မူကြမ်း ရေးဆွဲရာ၌လည်း များစွာ သြဇာလွှမ်းမိုးမှု ရှိခဲ့သည်။ ကမ္ဘာ့နိုင်ငံရေးတွင် လူ့အခွင့်အရေး INGO များ ထမ်းဆောင်သော ဒုတိယ လုပ်ဆောင်ချက်မှာ နိုင်ငံများ၏ ၎င်းတို့ လက်မှတ်ရေးထိုးထားသော စာချုပ်များကို လိုက်နာမှု မှတ်တမ်းများကို စောင့်ကြည့်ခြင်း ဖြစ်သည်။ ဤကဏ္ဍနှင့် ပတ်သက်၍ အဓိကကျသည်မှာ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံများ၌ မလိုက်နာမှုကို မှတ်တမ်းတင်သည့် အဖွဲ့၏ နှစ်စဉ် အစီအရင်ခံစာကို ထုတ်ဝေခြင်း ဖြစ်သည်။ ဤလုပ်ရပ်ကို လူ့အခွင့်အရေး စောင့်ကြည့် လေ့လာရေး အဖွဲ့ (Human Rights Watch) ကဲ့သို့ အခြားသော ဦးဆောင် INGO များကလည်း အတုယူ လုပ်ဆောင်လာခဲ့ကြသည်။ စနစ်တကျ ဖြစ်သော လိုက်နာရန် ပျက်ကွက်မှုများကို တွေ့ရသည့်အခါ လူ့အခွင့်အရေး INGO များသည် ရိုးရိုး သတင်းမီဒီယာနှင့် ဒီဂျစ်တယ် သတင်း မီဒီယာများကို အသုံးပြုပြီး ကတိ ဖောက်ဖျက်သော ပြည်သူ့အဖွဲ့အစည်းများကို အရှက်ရစေအောင် ပြုလုပ်ရာ၌ ကျွမ်းကျင်ကြသည်။ ဤလုပ်ရပ်ကို အမည်ထုတ်ဖော် အရှက်ခွဲနည်း (naming and shaming technique) ဟုခေါ်သည်။ ကွန်စထရပ်တစ်ဗစ်များသည် လူ့အခွင့်အရေး ကွန်ရက်များ တိုးပွားလာမှုနှင့် တန်ဖိုးများနှင့် နိုင်ငံများ၏ လက်တွေ့ကျင့်သုံးမှုတို့အကြား အပြန်အလှန် ဆက်သွယ်ချိတ်ဆက်နေမှုကို မှတ်သားပြီး အတွေးအခေါ်များ မည်သို့မည်ပုံ အခြေတည်လာပြီး အရေးပါလာပုံကို စုံစမ်းစီးဆင်းမှု ဖြစ်စဉ်တစ်ခုဖြင့် ဖော်ပြသည် (စာသေတ္တာ ၃.၁ တွင် ရှု)။

## လူ့အခွင့်အရေးများကို သံတမန်ဆက်ဆံရေး၌ ထည့်သွင်းခြင်း

၁၉၇၀ ခုနှစ်များတွင် သိသာထင်ရှားလာခဲ့သော အပြောင်းအလဲ အခြေအနေ သုံးခုထဲမှ အရေးပါဆုံးသော အခြေအနေမှာ လူ့အခွင့်အရေးများ အနောက်နိုင်ငံများ၏ သံတမန်ဆက်ဆံရေး ကဏ္ဍသို့ ချင်းနင်းဝင်ရောက်မှု ဖြစ်သည်။ ဤအတွေးအခေါ်များ သံတမန် ဆက်ဆံရေးနှင့် နိုင်ငံခြားရေး မူဝါဒများ၌ ပါဝင်လာခြင်းက နိုင်ငံ အချို့သည် ၎င်းတို့၏ သရုပ်သဏ္ဍာန်နှင့် ရည်မှန်းချက်များအား တချို့သော စံနှုန်းများနှင့်အညီ အဓိပ္ပာယ် ဖွင့်ဆိုလာခဲ့ကြသည်။ အမေရိကန်နိုင်ငံတွင် ကွန်ဂရက်သည် နိုင်ငံတကာ အကူအညီနှင့် ကုန်သွယ်ရေးတို့ကို လူ့အခွင့်အရေးနှင့် ချိတ်ဆက်သော ဥပဒေများ ပြဋ္ဌာန်းရေးသို့ ယိမ်းသထက် ယိမ်းလာခဲ့သည်။ ဂျင်မီကာတာ သမ္မတ ဖြစ်လာသည့်အခါ လူ့အခွင့်အရေးအတွက် စိတ်အားထက်သန်သော ထောက်ခံသူတစ်ဦး ရလာခဲ့သည်။ ဤသည်မှာ လူ့အခွင့်အရေးများသည် စီးပွားရေးနှင့် လုံခြုံရေး ကဏ္ဍ များရှိ အရေးကြီးသော ရည်ရွယ်ချက်များ အောင်မြင်ရေးကို ခက်ခဲရှုပ်ထွေး စေခဲ့သည်ဟု ယူဆခဲ့ကြသော ရီယဲလစ်အမြင်ဘက်သို့ ယိမ်းခဲ့သည့် နစ်ဆင်-ကစ်ဆင်းဂျား ခေတ်နှင့် လုံးဝ ဆန့်ကျင်ဘက် ဖြစ်သည်။ အနောက်ဥရောပတွင် နော်ဝေနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့သည် ၎င်းတို့၏ နိုင်ငံခြားရေး မူဝါဒ၌

လူ့အခွင့်အရေးများ မြှင့်တင်ရာတွင် ပိုမို၍ တက်ကြွလာခဲ့သည်။ ဥရောပ အသိုင်းအဝိုင်း (European Community (EC)) နှင့် ၁၉၉၃ ခုနှစ် နောက်ပိုင်း ဥရောပ သမဂ္ဂ (EU) တို့တွင်လည်း လူ့အခွင့်အရေးများကို လေးစား လိုက်နာခြင်းသည် အဖွဲ့ဝင် ဖြစ်မှုအတွက် သတ်မှတ်ချက် တစ်ခု ဖြစ်လာခဲ့သည်။ ဥရောပနိုင်ငံ အများအပြားရှိ လူတစ်ဦးချင်းစီသည် ဥရောပကောင်စီ၏ ဥရောပ လူ့အခွင့်အရေး တရားရုံး (European Court of Human Rights (ECHR)) မှတဆင့် မိမိတို့ အစိုးရများကို လူ့အခွင့်အရေး ကိစ္စရပ်များနှင့် ပတ်သက်၍ တိုင်တန်းနိုင်သည်။ ဤအချက်က ဥရောပတွင် ကုလသမဂ္ဂစနစ် (ကုလသမဂ္ဂစနစ်တွင် တချို့ကိစ္စများ၌ လူတစ်ဦးတစ်ယောက်ချင်းကို တိုင်တန်းခွင့်ပြုသည်များ ရှိသည်၊ သို့သော် စာချုပ်အဖွဲ့များ၏ ဆုံးဖြတ်ချက်များကို မဖြစ်မနေ လိုက်နာရန် မလိုပေ) ထက် ပို၍ ဒေသတွင်း စနစ်သွင်းမှု ပိုမို နက်ရှိုင်းသည်ကို ပြသည်။

၁၉၇၅ ခုနှစ်တွင် ဟယ်ဆင်းကီး သဘောတူစာချုပ်(Helsinki Accords) ချုပ်ဆိုမှုသည် ပါဝင်ပတ်သက်သော အဂျေင်စီ တစ်ခုချင်းစီကို ပြသခဲ့သည်။ ဤသဘောတူညီချက်သည် ဥရောပ လုံခြုံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး ကွန်ဖရင့် (Conference on Security and Cooperation in Europe (CSCE)) တွင် ပါဝင်သော နိုင်ငံ သုံးဆယ့်ငါးနိုင်ငံအကြား သုံးနှစ်ကြာ ညှိနှိုင်းမှုများ၏ ရလဒ် ဖြစ်သည်။ ဆိုဗီယက် ဦးဆောင်သော အရှေ့အုပ်စုသည် ကျန်ဥရောပဒေသများနှင့် ဆက်ဆံရေးကို ပုံမှန်ဖြစ်စေလိုပြီး ဥရောပတိုက်အား စစ်အေးကာလ ပုံစံအတိုင်း ပိုင်းခြားထားခြင်းကို နိုင်ငံတကာ စာချုပ်တစ်ခု၌ အသိအမှတ်ပြုမှု ရလိုသည်။ အနောက် ဥရောပတိုက်သားများသည် အခြေခံ လူ့အခွင့်အရေးများအတွက် ဘုံကတိကဝတ်ပြုမှုများ ရရှိရန် ကြိုးပမ်းခဲ့ကြသည်။ ကွန်မြူနစ်နိုင်ငံများသည် ဤကိစ္စကို ကနဦးတွင် ဆန့်ကျင်ခဲ့ကြသော်လည်း အခြားကဏ္ဍများတွင် သူတို့အလိုရှိသည်များကို ရရှိရန် နောက်ပိုင်းတွင် အလျှော့ ပေးခဲ့သည်။ သဘောတူစာချုပ်သည် ဥရောပ နိုင်ငံများအကြား ဆက်ဆံရေးအတွက် လူ့အခွင့်အရေးများ အပေါ် လေးစားမှုနှင့် လွတ်လပ်စွာ တွေးခေါ်၊ သက်ဝင်ယုံကြည်ခွင့်တို့ အပါအဝင် လမ်းညွှန်မှု ဆယ်ခုကို ချမှတ်ခဲ့သည် (Conference on Security and Cooperation in Europe, Final Act 1975)။ ကွန်မြူနစ် အီလစ်များသည် အပြီးသတ် ကြေညာချက်ပါ ပြည်တွင်းရေးတွင် မစွက်ဖက်ရေးမူကို အသားပေးသော အပိုဒ်များကို ပို၍ အလေးပေးခဲ့ကြသည်။ သို့သော် ကွန်မြူနစ် လူ့အဖွဲ့အစည်းများ အတွင်းရှိ တက်ကြွ လှုပ်ရှားသူများသည် အပြင်းအထန် စည်းရုံးလှုပ်ရှားရေး ကာလတစ်ခုကို စတင်ခဲ့ပြီး ၎င်းသည် ကွန်မြူနစ် အုပ်ချုပ်ရေး စနစ်၏ တည်ငြိမ်မှုကို များစွာ ကိုင်လှုပ်ခဲ့သည်။ ဟယ်ဆင်းကီး အပြီးသတ် သဘောတူစာချုပ် ချုပ်ဆိုပြီး တစ်နှစ်မျှ မကြာသေးမီပင် ပြည်တွင်း စုရုံးလှုပ်ရှားမှုများနှင့် နိုင်ငံဖြတ်ကျော် ကွန်ရက်ချိတ်ဆက် ဆောင်ရွက်မှု နှစ်ခု ပေါင်းမိခြင်းကြောင့် အပြည်ပြည်ဆိုင်ရာ စံနှုန်းပတ်ဝန်းကျင်သည် အရှေ့ဥရောပရှိ လက်ရှိအခြေအနေကို လက်သင့်မခံတော့ဟု ဒန်နီရယ် သောမတ်စ် (Daniel Thomas) က ဆိုခဲ့သည် (Thomas, 1999, p.214)။ ဤသည်မှာ ဝါဆောစာချုပ် အီလစ်များ ဥရောပ လုံခြုံရေးညီလာခံ ဆင့်ခေါ်စဉ်က ရည်ရွယ်ခဲ့သော အခြေအနေ လားလားမျှ မဟုတ်ပေ။ ထိုစဉ်က ကုလသမဂ္ဂ လူ့အခွင့်အရေး စနစ်တွင် မရှိခဲ့သော ဟယ်ဆင်းကီး စာချုပ် အဖွဲ့ဝင် နိုင်ငံများအကြား ရှိခဲ့သော အစည်းအဝေးများ ထပ်ကာတလဲလဲ ပြုလုပ်ခြင်း၊ ခိုင်မာအားကောင်းပြီး ဝေဖန် ထောက်ပြမှုရှိသော နောက်ဆက်တွဲ လုပ်ဆောင်ချက်များ ပြုလုပ်ခြင်း တို့သည်လည်း ဤလူ့အခွင့်အရေး စံနှုန်းများ ခိုင်မာအားကောင်းလာခြင်းတွင် အရေးပါခဲ့သည် (Hanson, 1994 ၊ စာသေတ္တာ ၃.၂ တွင် ရှု)။

စစ်အေးခေတ်တွင် ထုံးထမ်းစဉ်လာ ရီးယဲလစ် အမြင်အတိုင်း (ဈူကလီးယား လက်နက်များနှင့် အကွဲအပြဲ ဖြစ်နေသော ဥရောပရှိ နယ်မြေရရှိရေး ရည်မှန်းချက်များ အပါအဝင်) လုံခြုံရေး ကိစ္စများ အကြောင်း အဓိက စိုးရိမ်ပူပန် နေခဲ့သော်လည်း စစ်အေးတိုက်ပွဲ၏ ဗဟိုချက်မတွင် လူ့အခွင့်အရေး အငြင်းအခုံ ရှိနေခဲ့သည်ကို CSCE ဖြစ်စဉ်က သတိပေးခဲ့သည်။ အနောက်တိုင်း ရှုထောင့်မှ ကြည့်လျှင် အရှေ့နှင့် အနောက်အကြား အယူဝါဒ အကွဲအပြဲများတွင် နယ်မြေ ပြိုင်ဆိုင်မှုများနှင့် အပြိုင် စီးပွားရေး စနစ်များ သာမက အစိုးရများနှင့် ၎င်းတို့က နိုင်ငံသားများကို ပေးအပ်သော အခွင့်အရေးများအကြား ဆက်နွယ်မှုတို့သည်လည်း ပါဝင်ပတ်သက်နေသည်။ ဆိုဗီယက်နိုင်ငံများတွင် နေထိုင်ကြသော အစိုးရ ဆန့်ကျင်သူများနှင့် အခြားသူများ၏ အခြေအနေဆိုးသည် သံတမန် ဆွေးနွေးမှုများ၌ ရှေ့တန်း မရောက်ခဲ့သည်မှာ မှန်သော်လည်း ၎င်းတို့အား ဈူကလီယား ထိပ်တိုက်တွေ့ဆုံမှု ရှောင်ရှားရေး ခေါင်းစဉ်အောက်တွင် လုံးဝ မြေမြှုပ်ပစ်ခဲ့ခြင်းလည်း မဟုတ်ချေ။ ၁၉၈၆ ခုနှစ်တွင် အာရျေဗင်းဆင့် (R. J. Vincent) က အရှေ့ခြမ်း-အနောက်ခြမ်း သမိုင်းသည် လူ့အခွင့်အရေးများ အကြောင်း အငြင်းပွားခဲ့သည့် သမိုင်းတစ်ခု ဖြစ်သည်ကို သတိရကြရန် ရေးသားခဲ့ဖူးသည် (Vincent, 1986, p.61)။

| **စာသေတ္တာ ၃.၂ ဟယ်စင်ကီ လုပ်ငန်းစဉ်ကို ဂေါ်ဘာချော့ဘ်၏ လိုက်နာမှု** |
|---|
| ဆိုဗီယက် ပြည်ထောင်စု၏ ၁၉၈၅ ခုနှစ်မှ ပြိုလဲချိန် ၁၉၉၁ ခုနှစ်အထိ ခေါင်းဆောင်ဖြစ်သူ မိခဲလ် ဂေါ်ဘာချော့ဘ် (Mikhail Gorbachev) က ဟယ်ဆင်းကီး အပြီးသတ် ဥပဒေသည် ၁၉၈၀ ခုနှစ်များနှောင်းပိုင်းတွင် ဆိုဗီယက် ပြည်ထောင်စု၌ လူ့အခွင့်အရေးများကို အားပေးမြှင့်တင်ရန် သူ၏ ဆုံးဖြတ်ချက်အပေါ် ဩဇာလွှမ်းမိုးမှု ကြီးကြီးမားမား ရှိခဲ့သည်ဟု ဆိုခဲ့သည် (Gorbachev, 1989)။ သူ့အရင် ခေါင်းဆောင်များနှင့် မတူသောအချက်မှာ ဂေါ်ဘာချော့ဘ်က သူ့အစိုးရသည် ဟယ်ဆင်းကီး အပြီးသတ် ဥပဒေနှင့် အခြားစာချုပ်စာတမ်းများတွင် ပါဝင်သော ပြဋ္ဌာန်းချက်များကို အလေးအနက် ထားတော့မည်ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ တစ်ချိန်တည်းတွင် ဆိုဗီယက် ပြည်ထောင်စု အတွင်းနှင့် ပြင်ပရှိ လူ့အခွင့်အရေး အန်ဂျီအိုများထံမှ တောင်းဆိုမှုများလည်း ကျယ်လောင်၊ များပြားလာခဲ့သည်။ အရေးကြီးသော အချက်မှာ ဂေါ်ဘာချော့ဘ်သည် ၁၉၈၉ ခုနှစ်တွင် ဟယ်ဆင်းကီး အပြီးသတ် ဥပဒေ၏ သဘောတူညီချက် ဖြစ်သော ဥရောပတိုက် အတွင်းရှိ နယ်စပ်မျဉ်းများကို ပြန်လည်ရေးဆွဲနိုင်သည်၊ သို့သော် ငြိမ်းချမ်းသော နည်းလမ်းများဖြင့်သာ ထိုသို့ ပြုလုပ်နိုင်သည် ဆိုသော အချက်ကို ကိုးကားဖော်ပြခဲ့သည်။ ထို့ကြောင့် နောက်ဆုံးတွင် စစ်အေးတိုက်ပွဲကို အဆုံးသတ်ခဲ့သော အရှေ့ဥရောပနှင့် ဆိုဗီယက် ပြည်ထောင်စုရှိ ငြိမ်းချမ်းသော တော်လှန်ရေးများအတွက် လမ်းဖွင့်ပေးခဲ့သည်။ |

**စစ်အေးကာလအလွန် လူ့အခွင့်အရေး - တိုးတက်ခြင်းလော၊ ဆုတ်ယုတ်ခြင်းလော**

၁၉၉၀ ခုနှစ်များ အလယ်ပိုင်း သို့မဟုတ် နှောင်းပိုင်းလောက်တွင် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများသည် ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့နေခဲ့ပေပြီ။ ဤအခြေအနေကို ဖြစ်စေခဲ့သော အဓိက မောင်းနှင်အားများထဲမှ တစ်ခုမှာ လစ်ဘရယ် ဒီမိုကရေစီ နိုင်ငံများ၏ အရေအတွက် ကြီးထွားလာခဲ့ခြင်း ဖြစ်သည်။ ကွန်မြူနစ်ဝါဒ ပြိုလဲမှုနှင့် လက်တင်အမေရိကနှင့် အာရှတိုက်ရှိ ဒီမိုကရေစီသို့ ကူးပြောင်း နေသော နိုင်ငံများကြောင့် ယနေ့အချိန်တွင် လစ်ဘရယ် ဒီမိုကရေစီ နိုင်ငံများဟု အကြမ်းဖျဉ်း ခေါ်နိုင်သော နိုင်ငံများတွင် နေထိုင်သော ကမ္ဘာ့လူဦးရေသည် ပို၍ များလာခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် နိုင်ငံ နှစ်ဆယ်တည်းသာ ဒီမိုကရေစီများ

ဖြစ်နေခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ဒီမိုကရေစီနိုင်ငံ အရေအတွက်သည် တစ်ရာကျော် လာခဲ့သည် (နိုင်ငံတကာ အန်ဂျီအို Freedom House ၏ အစီရင်ခံစာအရ စုစုပေါင်း ၁၁၇ နိုင်ငံ ရှိသည်)။ သို့ရာတွင် ဤအဖွဲ့၏ ၂၀၁၅ ခုနှစ် အစီအရင်ခံစာက ယခုနှစ်များအတွင်း လွတ်လပ်သော နိုင်ငံ အရေအတွက် ကျဆင်းလာနေသည်ဟု သတိပေးခဲ့သည်။ ၂၀၁၀ နှောင်းပိုင်းတွင် အစပျိုးခဲ့သော အာရပ်နွေဦးနှင့် ရုရှားနိုင်ငံနှင့် ၎င်း၏ အိမ်နီးချင်း နိုင်ငံများ အကြား ဆက်လက် ဖြစ်ပွားနေဆဲ ပဋိပက္ခများက နိုင်ငံများအတွက် အာဏာရှင်စနစ်မှ စစ်မှန်သော ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခြင်းသည် အမြဲတစေ ရိုးစင်း ဖြောင့်ဖြူးသော လမ်းကြောင်း မဟုတ်ကြောင်း ပြသနေကြသည်။ ဤအချက်ကို ယခုအခန်း၏ နောက်ပိုင်းတွင် ဆက်လက် လေ့လာထားပါသည်။ ဒီမိုကရေစီ စနစ်များသည် ပင်ကို သဘာဝအားဖြင့် လူတစ်ဦးတစ်ယောက်ချင်း၏ အခွင့်အရေးများကို အကာအကွယ်ပေးနိုင်သည်။ သမ္မတ သို့မဟုတ် အုပ်ချုပ်ရေးပိုင်း၏ အာဏာ အလွန်အကျွံ သုံးမှုကြောင့် နိုင်ငံသားများ၏ အခွင့်အရေးများ တားဆီးပိတ်ပင်ခြင်း ခံရသော အခြေအနေများအတွက် လစ်ဘရယ်နိုင်ငံများတွင် လူတစ်ဦး တစ်ယောက်ချင်းကို အကာအကွယ်ပေးရန် ထိုအာဏာ အလွန်အကျွံ အသုံးပြုမှုကို ထိန်းကွပ်သော တရားဥပဒေ အစီအမံများ ရှိသည် (ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအကြောင်းကို စာသေတ္တာ ၃.၃ တွင် ရှုပါ)။

အဓိက မောင်းနှင်သော ဒုတိယအချက်မှာ လူ့အခွင့်အရေး စနစ်အတွင်း လစ်ဘရယ် မကျသော နိုင်ငံများဘက်မှ အလျှော့ပေး လက်ခံလာခြင်း ဖြစ်သည်။ ၁၉၉၃ ခုနှစ် လူ့အခွင့်အရေးများဆိုင်ရာ ဗီယင်နာ ကမ္ဘာ့ညီလာခံသည် လူ့အခွင့်အရေး စံနှုန်း၏ အဆင့်အတန်းကို ဖော်ကျူးပေးခဲ့သော အရေးပါသည့် ဖြစ်ရပ်တစ်ခု ဖြစ်သည်။ ၁၉၉၈ ခုနှစ်တွင် တရုတ်နိုင်ငံက နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် လက်မှတ်ထိုးခဲ့ခြင်းသည်လည်း အလားတူပင် အရေးပါသည်။ ဤဆုံမှတ်များက နိုင်ငံများ လူ့အခွင့်အရေး မူဘောင်အား တဖြည်းဖြည်း နှလုံးသွင်း လက်ခံလာမှု၊ ဆိုလိုသည်မှာ၊ မိမိတို့၏ အပြုအမူအပေါ် အခြားနိုင်ငံများ၏ စောင့်ကြည့်မှု၊ နိုင်ငံတကာ လူထု ထင်မြင်ချက် မှတ်ကျောက်အပေါ် စစ်ဆေးခံမှုတို့ကို ပိုမို လက်ခံလာကြသည်ကို ပြသနေသည်။ ဤဖြစ်ပေါ် တိုးတက်မှုသည် ရီးယဲလစ်ဝါဒီများ၏ အခြားနိုင်ငံများအရေး မစွက်ဖက်ရေးအပေါ် အသားပေးမှုနှင့် ကိုက်ညီမှုတော့ မရှိပေ။ IR နယ်ပယ်ရှိ ကွန်စထရက်တစ်ဗစ်များက ဤဖြစ်စဉ်အား စံနှုန်းများ ပျံ့နှံ့စီးဆင်းမှု အဖြစ် ပြောဆိုကြသည် (စာသေတ္တာ ၃.၁)။

Freedom House ကဲ့သို့ ဒီမိုကရေစီအရေး လှုပ်ရှားသော ဦးဆောင် နိုင်ငံတကာ အန်ဂျီအိုတစ်ခု၏ ဝက်ဘ်ဆိုက်သို့ ဝင်ကြည့်ရုံဖြင့် ၁၉၉၀ ခုနှစ်မှစ၍ ဒီမိုကရေစီ နှလုံးသွင်းမှု မည်သည့် အတိုင်းအတာအထိ ရှိနေပြီကို အကဲခတ်နိုင်သည်။ သို့ရာတွင် မြေပြင်အချက်အလက်များ သပ်သပ်ချည်းသည် ဒီမိုကရက်တစ် အခွင့်ရေး ခံစားခွင့် (democratic entitlement) စံနှုန်းတစ်ခု မည့်သို့ကဲ့သို့၊ အဘယ်ကြောင့် ပေါ်ထွက်လာခဲ့သည်ကို မရှင်းပြနိုင်ချေ (Franck, 2000)။ အကြောင်းရင်းသည် နိုင်ငံရေး အယူဝါဒ အောင်ပွဲခံမှုလား (Fukuyama, 1992)၊ ဈေးကွက် ပျံ့နှံ့မှုလား သို့မဟုတ် အမေရိကန်နိုင်ငံ၏ ထီးတည်းလွှမ်းမှုလား (Ikenberry, 2001)။ ဤအကြောင်းအရင်းများအားလုံးသည် ရှုပ်ထွေးနက်နဲစွာ အချင်းချင်း အနားထပ် ဆက်နွှယ်နေကြသည်။ ဤနေရာ၌ ထောက်ပြဖို့ အရေးကြီးသည်မှာ နိုင်ငံတကာဆက်ဆံရေး အခင်းအကျင်းသည် ၁၉၉၀ ခုနှစ်များတွင် ယခင်ကထက် လူ့အခွင့်အရေးများအပေါ် ဥဩ့ဝတ်ကျေပွန် လက်ခံလာခဲ့သည်။ ကိုဆိုဗို အယ်ဘေးနီးယန်းများအပေါ် ကျူးလွန်သော လူ့အခွင့်အရေး

ချိုးဖောက်မှုများကို အဆုံးသတ်ရန် ကြိုးပမ်းသည့်အနေဖြင့် ၁၉၉၉ ခုနှစ် မတ်လတွင် မြောက်အတ္တလန္တိတ်အဖွဲ့ (NATO)၏ ယူဂိုဆလားဗီးယား ပြည်ထောင်စု သမ္မတနိုင်ငံအား အင်အားသုံး ကိုင်တွယ်ရေး ဆုံးဖြတ်ချက်သည် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲတို့ ကဲ့သို့သော ကမ္ဘာ့ခေါင်းဆောင်တချို့အား နောက်ဆုံးတွင် အာဏာပါဝါနှင့် မူတို့ စုဆုံလာပြီဖြစ်သော နိုင်ငံတကာ ဝါဒသစ် (a new doctrine of internationalism) တစ်ခု ပေါ်ပေါက်လာပြီဟုပင် ဟစ်ကြွေးစေခဲ့သည်။

| **စာသေတ္တာ ၃.၃ ယူဆချက်များကို မေးခွန်းထုတ်ခြင်း - လစ်ဘရယ်ဒီမိုကရေစီနှင့် လူ့အခွင့်အရေး** |
| --- |
| နှစ်ဆယ့်တစ်ရာစု၌ အနောက်နိုင်ငံများ အင်အားကျဆင်း လာကြသော်လည်း လစ်ဘရယ် ဒီမိုကရေစီနိုင်ငံ အရေအတွက်သည် ဧကန်မလွဲ ဆက်လက် တိုးပွားလာမည်လား။<br>လစ်ဘရယ် ဒီမိုကရေစီ နိုင်ငံများသည် အမြဲတစေ လူ့အခွင့်အရေး ချန်ပီယံများ ဖြစ်နေလိမ့်မည်ဟု ကျွန်ုပ်တို့အနေဖြင့် အခိုင်အမာ ပြောနိုင်ပါမည်လား။ |

**စက်တင်ဘာ ၁၁ အဖြစ်အပျက်နောက်ပိုင်း - ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်တားဆီးရေး သဘောတူ စာချုပ် အပေါ် စိန်ခေါ်မှု**

9/11 ဆယ်စုနှစ် အရိပ်မည်းကြီးအောက်မှ ကြည့်လျှင် သာမန် နိုင်ငံသားများ၏ အခွင့်အရေးများကို လေးစားလိုက်နာမှုရှိသော ကျယ်ပြန့်လာနေသော ငြိမ်းချမ်းရေးဇုန်အကြောင်း ရှေ့တွင် ဖော်ပြချက်သည် ခေတ်အခြေအနေနှင့် တလွဲဖြစ်နေပုံ ပေါက်သည်။ စစ်အေးခေတ် ကာလအတွင်း လူ့အခွင့်အရေးများအပေါ် စိန်ခေါ်မှုသည် အစုအဖွဲ့ အယူဝါဒ (collective ideology) အပေါ် အခြေခံ တည်ဆောက်ထားသော လူ့အဖွဲ့အစည်းများမှ မြစ်ဖျားခံခဲ့သော်လည်း 9/11 အလွန်ခေတ်၌ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ကဲ့သို့ ဦးဆောင် လစ်ဘရယ် နိုင်ငံများက လူ့အခွင့်အရေးစနစ်ကို ဆန့်ကျင်ကြောင်း ပြသလာခဲ့သည်။

လူ့အခွင့်အရေးများ နောက်ကြောင်းပြန် ဆုတ်ခွာမှုကို အထင်အရှား ပြသခဲ့သည့်မှာ ၂၀၀၄ ခုနှစ် ဧပြီလတွင် CBS သတင်းဌာနက ပထမဦးဆုံးအကြိမ် ထုတ်လွှင့်ခဲ့သော တုန်လှုပ် ချောက်ချားစရာကောင်းသော အဝတ်ဗလာ ဖြစ်နေသည့် အကျဉ်းသားများ၏ ပုံရိပ်များ ဖြစ်သည်။ အဘူဂရိဘ် အကျဉ်းထောင်ကိစ္စနှင့် ပတ်သက်၍ ဘုရှ် အစိုးရက ထိုဖြစ်ရပ်များကို အကျင့်ပျက် ဝန်ထမ်းအနည်းငယ်ကသာ ကျူးလွန်ခဲ့ကြခြင်း ဖြစ်သည်ဟု ကနဦး တုန့်ပြန်ခဲ့သည်။ အမေရိကန်နိုင်ငံသည် 9/11 ဖြစ်ပွားခဲ့ချိန်မှစပြီး နိုင်ငံတကာ အခွင့်အရေးများ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ အထူးသဖြင့် အကျဉ်းသား ဆက်ဆံရေးနှင့် သက်ဆိုင်သော အဓိကပြဋ္ဌာန်းချက်များကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုရန် စနစ်တကျ ကြိုးပမ်းလာခဲ့သည်ကို ထောက်လျှင် ထိုကဲ့သို့ လက်လွယ်စပယ် သဘောထားခြင်းမျိုးသည် အခြေအမြစ်တော့ မရှိပေ။ အမေရိကန် ကာကွယ်ရေး ဝန်ကြီးသည် ၎င်းတို့အခေါ် တန်ဖိုးမြင့် ထိန်းသိမ်းခံရသူများအပေါ် ပိုမိုပြင်းထန်သော စစ်ကြောမေးမြန်းရေး နည်းလမ်းများကို အသုံးပြုဖေရန် တောင်းဆိုခဲ့သည်။ ဘုရှ်အစိုးရသည် ရက်စက်ပြီး ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ဆက်ဆံမှုများကို ရှောင်ရှားဖို့ နေနေသာသာ မည်ကဲ့သို့သော ဆက်ဆံမှုမျိုးသည် ညှဉ်းပန်းနှိပ်စက်မှု မြောက်သည်ကိုပင် ပို၍ အကျယ်ချဲ့ခဲ့သည်။ အသက်သေခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါ ပျက်စီးချွတ်ယွင်းမှုကဲ့သို့ ဆိုးရွားသော ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုဖြစ်မှသာ ညှဉ်းပန်းနှိပ်စက်မှု မြောက်သည်ဟု အကျယ်ချဲ့အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည် (Bybee, 2005 ၊ အခန်း ၁၅ တွင် ရှုပါ)။

အယ်လ်ကိုင်ဒါ နောက်လိုက် အသေခံ ဗုံးဖောက်ခွဲသူများ၏ ခြိမ်းခြောက်မှု အန္တရာယ်ကြောင့် လစ်ဘရယ် အုပ်စုအတွင်းရှိ လူတချို့က လူ့အခွင့်အရေး ကတိကဝတ် တချို့သည် အမျိုးသားလုံခြုံရေးနှင့် ပွတ်တိုက်မှု ဖြစ်သည်၊ မဖြစ်သည်ကို မေးခွန်းထုတ်လာကြသည်။ ညှဥ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေး သဘောတူစာချုပ်နှင့် ပတ်သက်၍ မိုက်ကယ်လ် အစ်ဂနစ်တစ်ဖ် (Michael Ignatieff (2004)) နှင့် အယ်လန် ဒါရှိုးဝတ်ဇ် (Alan Dershowitz (2004)) တို့နှစ်ဦးလုံးက ကမ္ဘာပျက်သလို ဆိုးရွားသော အကြမ်းဖက်မှု၏ ခြိမ်းခြောက်မှု အန္တရာယ်သည် ဆိုးရွားလွန်းသည်ဖြစ်ရာ သဘောတူစာချုပ်နှင့် ပတ်သက်၍ ခြွင်းချက်တချို့ကို ခွင့်ပြုသင့်သည်ဟု ငြင်းခုံကြသည် (အခန်း ၁၅ တွင် ရှု)။ အစ်ဂနစ်တစ်ဖ်က လူ့အခွင့်အရေး ချိုးဖောက်မှုများကို အကြမ်းဖက်မှုထက် မဆိုးသော အရာအဖြစ် ရှုမြင်သင့်သည်ဟု ငြင်းခုံပြီး ဒါရှိုးဝတ်ဇ်က ညှဥ်းပန်းနှိပ်စက်မှုကို စည်းကြပ် ထိန်းချုပ်ရန်အတွက် ညှဥ်းပန်းနှိပ်စက်ခွင့် ဝရမ်းများ ထုတ်ပေး သင့်သည်ဟု ငြင်းခုံသည်။ ဤငြင်းခုံချက်များအပေါ် နိုင်ငံတကာ ဥပဒေရေးရာ အသိုင်းအဝိုင်းသည် အထိတ်တလန့် တုံ့ပြန်ခဲ့ကြသည်ကို အထူးပြောစရာပင် လိုမည်မထင်ပါ (Greenberg and Datel, 2005)။

လစ်ဘရယ် ပညာတတ်များ ဖင့်နွှဲနေကြစဉ် ကမ္ဘာတစ်ဝန်းရှိ အစိုးရများသည် အကြမ်းဖက်မှု သံသယရှိသူများ၏ အခွင့်အရေးများကို မြန်မြန်ဆန်ဆန်ပင် တားဆီးကန့်သတ်လိုက်ကြပြီး အကြမ်းဖက် သံသယရှိသူများ ဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း အတိုက်အခံ နိုင်ငံရေး လှုပ်ရှားသူများပါ အကျုံးဝင် သွားသည်အထိ အကျယ်ချဲ့ခဲ့ကြသည်။ 9/11 နောက်ပိုင်း ပင်မ လူ့အခွင့်အရေး ကတိကဝတ်တချို့မှ ဤကဲ့သို့ နောက်ကြောင်းပြန် ဆုတ်ခွာမှုကိုကြည့်ပြီး ကျွန်ုပ်တို့အနေဖြင့် လူ့အခွင့်အရေး စံနှုန်းများကို လိုက်နာမှုသည် အခြေအနေအပေါ် မူတည်ပြီး နောက်ကြောင်း ပြန်တတ်သည်ကို သတိချပ်သင့်ပါသည်။ ဤကဲ့သို့ နောက်ကြောင်း ပြန်မှုများသည် အံ့အားသင့်စရာ မဖြစ်သင့်ချေ။ သို့သော် လူ့အခွင့်အရေးများကို လုံးဝ ပယ်ချ၍ မရသည်မှာလည်း ရှင်းနေပါသည်။ သမ္မတ ဖြစ်လာပြီးနောက် အိုဘားမား၏ အစောဆုံး လုပ်ရပ်များထဲမှ တစ်ခုမှာ သူ့အနေဖြင့် ဂွမ်တာနာမို ပင်လယ်အော်ရှိ အကျဥ်းစခန်းကို ပိတ်သိမ်းရန်၊ ညှဥ်းပန်းနှိပ်စက်မှု ဆန့်ကျင်တားဆီးရေး သဘောတူစာချုပ်ကို ချိုးဖောက်ခြင်းမှ ရှောင်ကြဉ်ရန် ရည်ရွယ်ချက် ရှိကြောင်း ကြေညာခဲ့ခြင်း ဖြစ်သည်။ အမေရိကန်နိုင်ငံ လွှတ်တော်နိုင်ငံရေး၏ သဘော သဘာဝကြောင့် ဂွမ်တာနာမို အကျဥ်းစခန်းသည် ဆက်လက် လည်ပတ်နေဆဲ ဖြစ်သော်လည်း အိုဘားမား၏ လုပ်ရပ်သည် ရုပ်ပြသဘောအရတော့ အရေးပါခဲ့သည်။ သူ့ကြေညာချက်သည် လူ့အခွင့်အရေး စံနှုန်းများကို ပြန်လည် အဓိပ္ပာယ်ဖွင့်ဆိုခဲ့သော ယခင်အစိုးရ၏ မူဝါဒမှ ခွဲထွက်ကြောင်း ညွှန်ပြခဲ့သည်။ ယခုဆွေးနွေးချက်သည် အထက်တွင် ဗင်းဆင့် ဆိုခဲ့သည့် လူ့အခွင့်အရေးများနှင့် နိုင်ငံခြားရေး မူဝါဒတို့အကြား တင်းမာမှုရှိနေသည်ဟူသော လေ့လာမှတ်သားချက်ကို ထောက်ခံနေသည် (Vincent, 1986, p.129)။ ကွန်မြူနစ်ဝါဒ ပြိုလဲသွားပြီးနောက် လစ်ဘရယ် နိုင်ငံတကာဝါဒီများ (internationalists) တွင် အကောင်းဆုံး မျှော်လင့်ချက်များ ရှိခဲ့ကြသော်လည်း တင်းမာမှုများ ပျောက်ကွယ် မသွားသေးသည်မှာလည်း အထင်အရှား ဖြစ်သည်။

| **အနှစ်ချုပ်** |
|---|
| ၁၉၄၅ ခုနှစ် ကုလသမဂ္ဂစနစ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သော်လည်း နိုင်ငံတကာ လူ့အခွင့်အရေး စနစ်သည် စစ်အေးတိုက်ပွဲကာလအတွင်း ဘေးထုတ်ခံခဲ့ရသည်။ သို့သော်လည်း နိုင်ငံတကာ |

လူ့အခွင့်အရေး အန်ဂျီအိုများ၏ စုရုံးလှုပ်ရှားမှုကြောင့် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများသည် စစ်အေးခေတ် ပွတ်တိုက်မှုများ၏ အစိတ်အပိုင်းတစ်ခု ဖြစ်နေခဲ့ပြီး ၁၉၇၀ ဆယ်စုနှစ် အလယ်ပိုင်းလောက်မှ စ၍ အရှေ့-အနောက် သံတမန် ဆက်ဆံရေး ထဲတွင် ပါလာခဲ့သည်။
စစ်အေးတိုက်ပွဲ နိဂုံးတိုင်ခြင်းနှင့် ၎င်း၏ နောက်ဆက်တွဲအဖြစ် ငြိမ်းချမ်းရေးဗုန်များနှင့် လစ်ဘရယ် ဒီမိုကရေစီ ပျံ့နှံ့လာခြင်းတို့ကြောင့် နိုင်ငံတကာ ဆက်ဆံရေးတွင် လူ့အခွင့်အရေးများသည် ပိုမို အရေးပါလာလိမ့်မည်ဟူ၍ မျှော်လင့်ချက် အသစ်များ မွေးဖွားလာခဲ့သည်။ သို့ရာတွင် ဝိရောဓိ ဖြစ်နေသည်မှာ ထိုအချိန်ကာလအတွင်းပင် ဆိုမာလီယာ၊ ရဝမ်ဒါ၊ ဘော့စနီးယားနှင့် အရှေ့တီမောတို့ကဲ့သို့ နိုင်ငံများတွင် အဆိုးရွားဆုံး လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ နိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် ထိုကဲ့သို့ ဖြစ်ရပ်ဆိုးများ မည်ကဲ့သို့ ထိထိရောက်ရောက် တုန့်ပြန်ဖြေရှင်းရမည်ကို စဉ်းစားနေဆဲမှာပင် ၎င်းတို့သည် ကြီးမားသော စိန်ခေါ်မှုများ ဖြစ်ခဲ့သည်။

အကြမ်းဖက်မှု နှိမ်နင်းရေးစစ် စတင်လာသည့်အခါ ယခင် လူ့အခွင့်အရေး ချန်ပီယံများ ဖြစ်ခဲ့သည့် အမေရိကန်၊ ဗြိတိန်နှင့် အခြားနိုင်ငံများ၏ လူ့အခွင့်အရေး လက်တွေ့ ကျင့်သုံးမှုများထံ အာရုံစိုက်မှုများ ရှိလာခဲ့သည်။ မည်သို့ပင် ဆိုစေကာမူ ဤနိုင်ငံများ၏ လူ့အခွင့်အရေး ရုတ်သိမ်းမှုကို အခြားနိုင်ငံများက ဆန့်ကျင်ခဲ့ကြပြီး လတ်တလော မူဝါဒများက ပြန်လည်အမိပ္ပာယ်ဖွင့်ဆိုရန် တောင်းဆိုမှုများ ရှိလင့်ကစား လူ့အခွင့်အရေး သဘောတရား၏ တောင့်ခံနိုင်မှုကို ညွှန်ပြနေကြသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

လူ့အခွင့်အရေးများနှင့် ဆက်စပ်၍ အနောက်တိုင်းနိုင်ငံများ၏ မူဝါဒများ၊ လက်တွေ့ကျင့်သုံးမှုများကို မည်ကဲ့သို့ အကဲဖြတ်သင့်သနည်း။ အယုံအကြည် ကင်းမဲ့သူ တစ်ယောက်ယောက်က စစ်အေး တိုက်ပွဲ ကာလအတွင်း အနောက်တိုင်းသည် ကိုလိုနီစနစ်မှ လွတ်မြောက်ပြီးစနိုင်ငံများရှိ ပဋိပက္ခအများအပြားတွင် ဖြစ်ပွားနေခဲ့သော ပြင်းထန်ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို မျက်ကွယ်ပြုထားခဲ့သည်၊ ပို၍ ဆိုးသည်မှာ အနောက်တိုင်း နိုင်ငံများသည် မိမိတို့ကိုယ်တိုင် ပတ်သက်နေသော ပထဝီနိုင်ငံရေး တိုက်ပွဲများ ရှိနေသော အခြေအနေများ (ဥပမာ အင်ဒိုချိုင်းနား) တွင် သူတို့ကိုယ်တိုင်ပင် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ခဲ့ကြသည်ဟု ငြင်းခုံလိုက ငြင်းခုံနိုင်သည်။

ထိုနည်းတူစွာ စစ်အေးတိုက်ပွဲ အဆုံးသတ်သွားပြီးနောက် လူ့အခွင့်အရေး ကဏ္ဍတွင် တိုးတက်မှုများစွာ ရှိလာသည်ဟူသော ပြောဆိုချက်ကို မည်ကဲ့သို့ အကဲဖြတ်သင့်ပါသနည်း။ တချိန်တည်းတွင် ရဝမ်ဒါနိုင်ငံ လူမျိုးတုံးသတ်ဖြတ်မှုနှံ့ထဲ နစ်ဝင်နေချိန် (၁၉၉၄ ခုနှစ်) ၌ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် မမြင်ချင်ယောင် ဆောင်နေခဲ့သည်။

## တွေ့ရှိချက်များ - လူ့အခွင့်အရေးများနှင့် နိုင်ငံများ၏ လက်တွေ့ကျင့်သုံးမှု

ယခုအပိုင်းတွင် စာရေးသူတို့သည် လူ့အခွင့်အရေး အဆိုများ၏ နိုင်ငံအချုပ်အခြာအာဏာအပေါ် သက်ရောက်သော အကျိုးသက်ရောက်မှုကို အဓိက ကဏ္ဍနှစ်ခု၌ သရုပ်ဖော်ကြည့်ပါမည်။ ပထမကဏ္ဍမှာ

လူ့အခွင့်အရေး စံနှုန်းများ အချုပ်အခြာအာဏာပိုင် နိုင်ငံများ၏ ပြည်တွင်း၌ နိစ္စဓူဝ လက်တွေ့ကျင့်သုံးမှုနှင့် ချိတ်ဆက်လာသည့် ဖြစ်စဉ် ဖြစ်သည်။ ဒုတိယကဏ္ဍမှာ လူ့အခွင့်အရေးများသည် နိုင်ငံအားလုံးနှင့် ဆိုင်သော ကိစ္စရပ်တစ်ခုဖြစ်လာပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပြင်ပဆက်ဆံရေး မူဝါဒများအတွင်းသို့ ပေါင်းစပ်ဝင်ရောက်လာသည်အထိ နိုင်ငံတကာ တာဝန်ဆိုသော အယူအဆ ဖြစ်ပေါ်တိုးတက်လာမှု ဖြစ်သည်။ ဤသမိုင်းဝင် အပြောင်းအလဲအား ထိထိမိမိ ဖော်ပြရန် နည်းလမ်းကောင်းတစ်ခုမှာ Deng et al. (1996) တို့ တင်ပြခဲ့သော အချုပ်အခြာအာဏာသည် တာဝန် ဖြစ်သည် ဆိုသော အယူအဆကို အသုံးပြုခြင်း ဖြစ်သည်။

## ကိုယ်တိုင်ကျင့်သုံးခြင်း - ပြည်တွင်း၌ လူ့အခွင့်အရေးများကို အကာအကွယ်ပေးခြင်း

ကိုယ်တိုင်ကျင့်သုံးခြင်း (internalization) သည် နိုင်ငံများ၏ အကာအကွယ် ပေးရမည့် တာဝန်များကို အလေးပေး ဖော်ပြသည်။ နိုင်ငံတကာ ဆက်ဆံရေး စာပေတွင် နိုင်ငံခြားရေး မူဝါဒ၌ လူ့အခွင့်အရေး အားပေး မြှင့်တင်ရေးဟူသည့် ကျဉ်းမြောင်းသည့် ကဏ္ဍကိုသာ အာရုံစိုက်လေ့ရှိသည်။ ဤကျဉ်းမြောင်းသည့် ကဏ္ဍကိုပင် လူ့အခွင့်အရေးများကို အတင်းအကျပ် အကာအကွယ် ပေးခြင်းအဖြစ် ပို၍ ဘောင်ကျဉ်း လိုက်ပြီး လေ့လာလေ့ ရှိသည်။ ထိုသို့ပြုလုပ်ခြင်း၏ အားနည်းချက်မှာ အာရုံစိုက်မှုသည် လူသားချင်း စာနာရေး အရေးပေါ် အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရန် စစ်အင်အားရှိသော နိုင်ငံများအပေါ်သာ ကျရောက်သွားပြီး ဤအချက်သည် ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ မိမိ၏လူထုကို ကာကွယ်ရမည့် နိုင်ငံများ၏ မူလ တာဝန်အပေါ် အာရုံစိုက်မှု လျော့ကျစေသည်။ လူ့အခွင့်အရေး ကာကွယ်သော အလုပ်သည် အဓိကအားဖြင့် ပြည်တွင်း၌ အစပြုသည်ကို သတိရပါ။ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်သည် နိုင်ငံအဆင့် လူ့အခွင့်အရေး အင်စတီကျူးရှင်းများ၏ အဓိက အရေးပါမှုကို အသိအမှတ်ပြုခဲ့သည်မှာလည်း မှတ်သားစရာ ဖြစ်သည်။ ဤအင်စတီကျူးရှင်း များသည် ရေရှည်တွင် လူ့အခွင့်အရေးများကို အကာအကွယ် ပေးလိမ့်မည်ဟု သူက ငြင်းခုံခဲ့သည်။ အရေးကြီးသော အချက်မှာ နိုင်ငံများတွင် ရှိသော တာဝန်သည် သွေးထိုးလှုံ့ဆော်မှုများ အပါအဝင် လူ့အခွင့်အရေး ရာဇဝတ်မှုများ တားဆီးရေး လုပ်ဆောင်ရန် လိုအပ်သလို နိုင်ငံများအား အဆိုပါတာဝန်ကို ထမ်းရွက်ရန် လိုအပ်သော၊ သင့်တင့်လျောက်ပတ်သော နည်းလမ်းများကို အသုံးပြုရန်လည်း ၎င်းတို့ကို တိုက်တွန်းသည်။

စာသေတ္တာ ၃.၁ တွင် ဖော်ပြထားသည့် ‘စံနှုန်းများ ပျံ့နှံ့စီးဆင်းမှု’ သည် နိုင်ငံတစ်နိုင်ငံ အနေဖြင့် ထောင့်စေ့သော လူ့အခွင့်အရေး မူဝါဒ တစ်ရပ် ရေးဆွဲရာ၌ မည်သည့် အတိုင်းအတာအထိ ခရီးပေါက် နေပြီကို ဆန်းစစ်နိုင်သော ခွဲခြမ်းစစ်ဖြာရေး တန်ဆာပလာ တစ်ခု ဖြစ်သည်။ ခြုံ၍ပြောရလျှင် နိုင်ငံများအတွက် လူ့အခွင့်အရေးများကို အလေးအနက် ထားပါသည်ဟု ပြောမည်ဆိုလျှင် ပထမဦးဆုံး အနေဖြင့် အချုပ်အခြာ အာဏာကို အတိုင်းအတာ တစ်ခု အထိ စွန့်လွှတ်ပြီး နိုင်ငံတကာ စောင့်ကြည့်မှုကို အတိုင်းအတာ တစ်ခု အထိ ခံယူရပါလိမ့်မည် (Sikkink, 1993, p.142)။ ထိုသို့ တောင်းဆိုရန် စာချုပ် အတည်ပြုခြင်း သို့မဟုတ် လူ့အခွင့်အရေး စံနှုန်းများ ပြည်တွင်း ဥပဒေများတွင် ကိန်းအောင်းလာပုံ နည်းလမ်းများကို အသေးစိတ် လေ့လာသုံးသပ်ရန် လိုပါလိမ့်မည်။

စာချုပ်အတည်ပြုသည့် ကိစ္စကိုပြောလျှင် ပြည်တွင်း ဥပဒေ စနစ်များရှိ ကွဲပြားခြားနားမှုများ အကြောင်းကို မလွဲမသွေ ဆွေးနွေးကြရလိမ့်မည်။ ဝိရောဓိ ဖြစ်နေသည်မှာ အာဏာရှင် နိုင်ငံများ၌ နိုင်ငံ့ခေါင်းဆောင်တွင် ပြည်တွင်း ဥပဒေများ ပြဋ္ဌာန်းရန် လုံးဝဥဿုံ အာဏာရှိသည့်အတွက် စာချုပ်များကို အလွယ်တကူ အတည်ပြုနိုင်သည်။ ဒီမိုကရေစီ နိုင်ငံများ အတွက်ဆိုလျှင် ဤဖြစ်စဉ်သည် ပို၍ရှည်လျား ရှုပ်ထွေးသည်။ ဥပမာ အမေရိကန် နိုင်ငံတွင် စာချုပ်တစ်ခု အတည်ပြုခြင်းသည် အထက်လွှတ်တော်၏ မဲသုံးပုံနှစ်ပုံ လိုအပ်သည်၊ ထို့အတွက် ဂိုဏ်းဂဏနိုင်ငံရေး အရှုပ်အထွေး၏ သက်ရောက်မှုကို ခံရတတ်သည်။ သို့ရာတွင် တရားဥပဒေအရ ကတိကဝတ် ပေးခြင်းသည် နိုင်ငံများ၏ အပြုအမူအား လူ့အခွင့်အရေး ကာကွယ်ရေး ဘက်သို့ တိမ်းညွှတ်စေမည်ဟု အပိုင်တွက်၍တော့ မရချေ။ ကျွန်ုပ်တို့သည် လူ့အခွင့်အရေး စာချုပ်များ လိုက်နာမှုကို လေ့လာရာ၌ ရှိတတ်သော နည်းလမ်းပိုင်းဆိုင်ရာ အားနည်းချက်များကို သတိမူရပါမည် (Simmons, 2009)။ ဥပမာ လစ်ဘရယ် ဒီမိုကရေစီ နိုင်ငံများသည် လစ်ဘရယ် နိုင်ငံရေး စနစ်ကို တည်ဆောက် ပေးခဲ့သည့် တန်ဖိုးများနှင့် အင်စတီကျူးရှင်းများ၏ လမ်းညွှန်မှုကြောင့်ပင် စာချုပ်တစ်ခုကို လိုက်နာသည့်အခါ အခြေအမြစ်မရှိသော ရလဒ်ကောင်းများ (false positives) ထွက်ပေါ်လာခြင်းမျိုး ဖြစ်သည်။ ထိုသဘောအတိုင်း လူ့အခွင့်အရေး စံနှုန်းများ ထိုစံနှုန်းများနှင့် လားလားမျှ မဆိုင်သော အကြောင်းအရင်းများကြောင့် (ဥပမာ ကာလရှည်ကြာ ဖြစ်နေသော ပြည်တွင်းစစ် အခြေအနေ၌) ချိုးဖောက် ခံရသည့်အခါ အခြေအမြစ်မရှိသော ရလဒ်ဆိုးများ ထွက်ပေါ်လာသည်။

နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်များကို လိုက်နာခြင်း၊ မလိုက်နာခြင်းကိုကြည့်၍ လူ့အခွင့်အရေးများ၏ စွမ်းပကားကို ကောင်းစွာ တိုင်းတာနိုင်သလားဆိုသည်မှာ အရေးကြီးသော မေးခွန်း တစ်ခုဖြစ်သည်။ တိုင်းတာနိုင်မည်ဆိုလျှင် အခွင့်အရေးများ အကာအကွယ် ပေးရေး နိုင်ငံတကာ လုပ်ဆောင်ချက်များကို နိုင်ငံရေး ပါတီများ၏ မူဝါဒများ၌ မြင်တွေ့နိုင်ရမည်၊ ၎င်းတို့ကို အရပ်ဘက် အဖွဲ့အစည်း၌ ထောက်ခံ လှုပ်ရှားကြပြီး တရားရုံးများတွင်လည်း ကြားနာရမည် ဖြစ်သည်။ လူ့အခွင့်အရေးများ ဆိုင်ရာ ဥရောပ သဘောတူ စာချုပ်နှင့် နိုင်ငံတကာ ရာဇဝတ်မှုတရားရုံး ရောမ သဘောတူ စာချုပ်တို့ကဲ့သို့ ခိုင်မာ အားကောင်းသော ဒေသအဆင့်၊ တစ်ကမ္ဘာလုံးအဆင့် စာချုပ်များ ရှိနေသည့် အခြေအနေများ၌ပင် အပြန်အလှန် အားဖြည့်ရေး သဘောတရား (principle of complementarity) အရ စွပ်စွဲထားသော လူသားထု အပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို စီရင်ဆုံးဖြတ်ရန် ပြည်တွင်းတရားရုံးများ၌သာ အဓိက တာဝန်ရှိသည်။

## ပြည်ပဆက်ဆံရေး၌ ကျင့်သုံးခြင်း - နိုင်ငံခြားရေး မူဝါဒ၌ လူ့အခွင့်အရေးများကို အားပေးမြှင့်တင်ခြင်း

ပြည်တွင်း၌ လူ့အခွင့်အရေးများကို အကာအကွယ် ပေးရေးသည် အရေးပါနေဆဲ ဖြစ်သော်လည်း IR နယ်ပယ်၌ လူ့အခွင့်အရေး ချိုးဖောက်မှုများကို မည်သို့ တုံ့ပြန်ကြမည်နည်း၊ မည်သူတို့က တုံ့ပြန်သင့် သနည်း၊ အကယ်၍ အခြားနေရာများ၌ လူ့အခွင့်အရေးများကို အပြစ်ပေးမှု တစ်စုံတစ်ရာမရှိဘဲ ချိုးဖောက် နေကြလျှင် မည်သည့်အချိန်တွင် တုံ့ပြန်မည်နည်း စသည့် မေးခွန်းများ နိုင်ငံတကာ အသိုင်းအဝိုင်းအကြား ရှိနေဆဲပင် ဖြစ်သည်။ အဆိုးရွားဆုံး လူ့အခွင့်အရေး ချိုးဖောက်မှုများကို တားဆီးပစ်ရန်၊ ရပ်တန့်ပစ်ရန် နိုင်ငံများ၌ တာဝန်ရှိသည်ဟု ယနေ့အချိန်တွင် ယေဘုယျ သဘောတူ ထားကြသည်၊ အထူးသဖြင့် လူမျိုးပြုန်းတီးစေမှုများနှင့် အခြားသော အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများ ဖြစ်နေပြီး ထိုနိုင်ငံရှိ

ခေါင်းဆောင်များသည် လူထုကို အကာအကွယ်ပေးရန် မစွမ်းဆောင်နိုင်သည့်အခါ သို့မဟုတ် ဆန္ဒမရှိသည့်အခါ တခြားနိုင်ငံများတွင် တာဝန်ရှိသည်ဟု ယေဘုယျ သဘောတူထားကြသည်။

ဤကဲ့သို့ နိုင်ငံတစ်နိုင်ငံ (သို့မဟုတ် ဒေသတစ်ခု) ၏ နိုင်ငံခြားရေး မူဝါဒ၌ နိုင်ငံတကာ တန်ဖိုးများ၊ တာဝန်များကို ထည့်သွင်းခြင်းသည် ထောင့်စေ့သော လူ့အခွင့်အရေး မူဝါဒတစ်ခု၏ အရေးကြီးသော အစိတ်အပိုင်း တစ်ခု ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ပြည်ပဆက်ဆံရေး၌ လူ့အခွင့်အရေး မူဝါဒရှိနေသည်ဟု ပြောရန်အတွက် အချက်နှစ်ခု ရှိနေရမည်။ ပထမအချက်အနေဖြင့် ဝန်ကြီးဌာန အများအပြားသည် လူ့အခွင့်အရေးများကို ၎င်းတို့၏ လုပ်ငန်းဆောင်တာများ၌ ကျောရိုးထားသည်အထိ လူ့အခွင့်အရေး တန်ဖိုးများနှင့် မူဝါဒများကို အကောင်အထည်ဖော်မှုသည် မဟာဗျူဟာအရ အရေးပါနေရမည်။ ဒုတိယအချက်အနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများ လိုက်နာမှုကို မြှင့်တင်ရန်၊ စောင့်ကြည့်ရန်၊ အကဲဖြတ်ရန်၊ အခြားနိုင်ငံများ၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်ရန်၊ အကယ်၍ လိုအပ်ပါက ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်များနှင့်အညီ တုံ့ပြန်ဆောင်ရွက်ရန်ခြင်းဖြင့် အခြားနေရာများ၌လည်း ဤတန်ဖိုးများကို လိုက်နာစေရန် ရှင်းလင်းပြတ်သားသော မူဝါဒ အစီအမံများ ရှိရမည်။

## ကာကွယ်ပေးရမည့် တာဝန် - ကိုယ်တိုင်ကျင့်သုံးခြင်းနှင့် ပြည်ပဆက်ဆံရေး၌ ကျင့်သုံးခြင်းတို့ကို ပေါင်းစပ်စဉ်းစားခြင်း

အချုပ်အခြာအာဏာကို တာဝန် အဖြစ် ရှုမြင်လာခြင်းသည် ကာကွယ်ပေးရမည့် တာဝန် (Responsibility to Protect သို့မဟုတ် R2P) သဘောတရားအတွက် အဓိကကျသည့် တိုးတက်ပြောင်းလဲမှု ဖြစ်သည်။ ထိုပြောင်းလဲမှုသည် ပြည်တွင်းနှင့် ပြည်ပအခြေအနေများကို စုဆုံပေးလိုက်ခြင်း ဖြစ်သည်။ အထူးသဖြင့် ၁၉၈၉ ခုနှစ် နောက်ပိုင်းတွင် အနောက် နိုင်ငံကြီးများက ကွန်မြူနစ်ဝါဒအပေါ် အနိုင်ရခဲ့သည့် လစ်ဘရယ် တန်ဖိုးများကို တစ်ကမ္ဘာလုံးနှင့် ဆိုင်သော တန်ဖိုးများအဖြစ် အသိအမှတ်ပြုလာကြသည်။ ပြည့်စုံကုံလုံသော လူ့အခွင့်အရေး မူဝါဒများ ရှိခြင်းဆိုသည်မှာ နိုင်ငံများအားလုံး၏ ပြည်တွင်း လုပ်ရပ်များကို တရားဝင် အကဲဖြတ်ရန် လိုအပ်လာခြင်း ဖြစ်သည် (Vincent, 1989, p. 152)။ အချုပ်အခြာအာဏာကို တာဝန်နှင့် ညီမျှခြင်းချသည့် စံနှုန်းနှင့် ကိုက်ညီစေရန် နိုင်ငံများအတွက် ၎င်းတို့ပိုင် နယ်နိမိတ်အတွင်း လူ့အခွင့်အရေးများကို ကာကွယ်ရန် တာဝန်သာမက အခြားနိုင်ငံများ၌ အခြေခံ အခွင့်အရေးများကို တက်ကြွစွာ ထောက်ခံပေးရန်ပါ လိုအပ်လာသည် (Reus-Smit, 2001)။

ထိုကာကွယ်ရန် တာဝန်ကို နိုင်ငံများအတွင်းရှိ စံနှုန်း ထူထောင်သူများရော၊ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး ကိုဖီအာနန်ကပါ မြှင့်တင်ပေးခဲ့ပြီး ဆိုမာလီယာ၊ ရဝမ်ဒါ၊ ဘော်လကန် စစ်ပွဲများနှင့် အရှေ့တီမော နိုင်ငံများတွင် တွေ့မြင်ခဲ့ရသော ခြောက်ခြားဖွယ်ရာ မတရားပြုမှုများကလည်း တွန်းအားပေးခဲ့ကြသည်။ ၂၀ ရာစု အဆုံးတွင်မူ ထိုစံနှုန်းကို အသုံးချမှု မညီညွတ်ပုံကို တွေ့ခဲ့ရသည်။ ပိုဆိုးသည်ကား ရဝမ်ဒါ နိုင်ငံတွင် လူမျိုးတုံး သတ်ဖြတ်မှုအပေါ် တုံ့ပြန်ဆောင်ရွက်မှု မရှိခဲ့ခြင်းပင်။ ထိုအချက်များက အခြားအချုပ်အခြာ အာဏာပိုင် နိုင်ငံများ၏ သဘောတူညီမှု မရှိဘဲ ထိုနိုင်ငံများ၏ ပြည်တွင်းရေးကို လက်နက်ကိုင် စွက်ဖက်ခွင့် ပေးသည့် အခြေအနေများအပေါ် အရေးပါသည့် အငြင်းအခုံများ ဖြစ်ပေါ်လာစေသည်။ "နောက်ထပ် ကိုဆိုဗို" (ကိုဆိုဗိုတွင် နိုင်ငံတကာမှ အရေးယူမှုများ ရှိခဲ့သော်လည်း

ကုလသမဂ္ဂမှ လုပ်ပိုင်ခွင့် မရှိခဲ့ပေ) အဖြစ်မျိုး ထပ်မရှိလာစေရန်၊ "နောက်ထပ် ရဝမ်ဒါ" (ရဝမ်ဒါတွင် လူမျိုးတုံးသတ်ဖြတ်မှုကို ဟန့်တားနိုင်ရန် နိုင်ငံတကာမှ အရေးယူမှုများကို အတော် နောက်ကျမှ လုပ်ဆောင်နိုင်ခဲ့သည်) အဖြစ်မျိုး မဖြစ်ပွားစေရန် အစီအစဉ်သစ်တစ်ခု စတင်ဖို့ ကနေဒါ အစိုးရက အထူးတလည် ထောက်ခံခဲ့သည်။ လူသားချင်း စာနာမှုဆိုင်ရာ ဝင်ရောက် စွက်ဖက်ခြင်းများကို အဆင့်မြှင့်တင်ရန်နှင့် ကာကွယ်ရန် ကနေဒါ အစိုးရသည် ဝင်ရောက်စွက်ဖက်ခြင်းနှင့် နိုင်ငံတော် အချုပ်အခြာ အာဏာ ဆိုင်ရာ နိုင်ငံတကာ ကော်မရှင် (the International Commission on Intervention and State Sovereignty (ICISS)) ကို တည်ထောင်ခဲ့သည်။ ဝင်ရောက်စွက်ဖက်ခြင်း ဟူသည့် သဘောတရားကို အမြဲတမ်း လက်ခံထားခြင်း မရှိသော၊ အကြမ်းဖက်မှုအပေါ် စစ်ပွဲဆင်နွှဲခြင်းကို အာရုံစိုက်မှု မြင့်မားလာနေသည့် ကမ္ဘာကြီးတွင် ထိုကော်မရှင်ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ထိုကဲ့သို့ နိုင်ငံတစ်နိုင်ငံမှ ထောက်ပံ့ ပေးထားသော ကော်မရှင်၏ တာဝန်မှာ လူ့အခွင့်အရေး ချိုးဖောက်မှုများ ထင်ထင်ရှားရှား ရှိလာသည့်အခါ နိုင်ငံတကာ အသိုင်းအဝိုင်း၏ ကာကွယ်ရန် တာဝန်နှင့် နိုင်ငံများ၏ ရှိမြဲ ရှိနေသည့် အချုပ်အခြာ အာဏာဆိုင်ရာ အခွင့်အရေးကို လေးစားမှု ရှိနေစေရေး တို့အကြား ပေါင်းကူး ဆက်စပ် ပေးခြင်း ဖြစ်သည်။ ထိုဆွေးနွေးမှုများမှ ထွက်ပေါ်လာသည့် သဘောတရားအသစ်ကို "ကာကွယ်ရမည့် တာဝန်"ဟု အမည်ပေးထားသည်။ ICISS ၏ ပူးတွဲ ဥက္ကဋ္ဌ တစ်ဦး ဖြစ်သော ဩစတြေးလျ နိုင်ငံ၏ နိုင်ငံခြားရေး ဝန်ကြီးဟောင်း တစ်ဦး ဖြစ်သူ ဂါရက် အီဗန်စ် (Gareth Evans) က ၁၉၉၀ ပြည့်လွန်နှစ်များမှ နှစ်ဆယ့်တစ်ရာစု အစောပိုင်းအထိ အပြောင်းအလဲများကို အောက်ပါအတိုင်း ပြောပြခဲ့သည်။

ယခင်က နိုင်ငံတကာ အသိုင်းအဝိုင်းသည် လူ့အခွင့်အရေးများ ဆိုးဆိုးရွားရွား အန္တရာယ် ကျရောက်နေသည့်အခါ ဝင်ရောက် စွက်ဖက်၍ ကာကွယ်ရန် တာဝန်နှင့် အချုပ်အခြာ အာဏာပိုင် နိုင်ငံများ ပြည်တွင်းရေးကို ဝင်ရောက် မစွက်ဖက်ရန် စံနှုန်းများအကြား ဘာမှ မလုပ်နိုင်ဘဲ ငြိမ်နေခဲ့ရသည်။ ၁၉၉၀ ပြည့်လွန်နှစ် တောက်လျှောက် ထိုအချက် နှစ်ခုအကြား အထူးသဖြင့် ကမ္ဘာ့ မြောက်ခြမ်းမှ "လူသားချင်း စာနာမှုဆိုင်ရာ ဝင်ရောက် စွက်ဖက်ခွင့်" အပေါ် ထောက်ခံပြောဆိုမှုနှင့် ကမ္ဘာ့တောင်ခြမ်းမှ ထို"အခွင့်အရေး"ကို အသိအမှတ်ပြုခြင်းသည် ယခင် နယ်ချဲ့ အလေ့အကျင့်များကို ပြန်လည် အသက်သွင်းရာ ရောက်လိမ့်မည်ဟု ကြောက်လန့်မှုများအကြား အဓိက သဘောကွဲလွဲမှုများ ဖြစ်ပွားခဲ့သည်။ ထိုသောင်မတင် ရေမကျ အခြေအနေကို ပြတ်ပြတ်သားသား ဖြစ်သွားရန် လုပ်ဆောင်ဖို့ လိုအပ်နေခဲ့သည်။ "R2P" က "အခွင့်အရေး" ကို "တာဝန်" ဟု အစားထိုး သုံးစွဲလိုက်ခြင်းဖြင့် ထိုပြဿနာရပ်ကို ဝင်ရောက်စွက်ဖက်သူများ ရှုထောင့်ထက် ထိခိုက်နစ်နာသူများ၏ ရှုထောင့်မှ ချဉ်းကပ်လိုက်ကာ ထိုအခြေအနေကို ပြတ်ပြတ်သားသား ဖြစ်သွားစေခဲ့သည်။
(G. Evans, 2008)

ICISS ၏ ပြည့်စုံသော ရှင်းလင်းတင်ပြချက်များက လူ့အခွင့်အရေးကို လေးစား လိုက်နာရန်နှင့် ပြည်သူများကို နိုင်ငံတော်ထံမှ ကာကွယ်ရန် တာဝန်များကို ခိုင်မာစွာ ချမှတ်ပေးနိုင်ခဲ့သည်။ နိုင်ငံများ အားလုံးသည် ၎င်းတို့၏ ပြည်သူများအား လူမျိုးပြုန်းတီးစေမှု၊ စစ်ရာဇဝတ်မှုများ၊ လူမျိုးစု ရှင်းလင်းရေးနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများမှ ကာကွယ်ပေးရန် တာဝန်ရှိသည်ဟု ICISS က ဆိုခဲ့သည်။ သို့ရာတွင် နိုင်ငံတစ်နိုင်ငံက ထိုတာဝန်များကို လုပ်ရန် ပျက်ကွက်ခဲ့ပါက ယခုအခါတွင် နိုင်ငံတကာ အသိုင်းအဝိုင်းက စုပေါင်း တုံ့ပြန်ရန် တာဝန်ရှိသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံမှ ၎င်း၏ ပြည်သူများအား ကာကွယ်မှု

မပေးချင်သည့်အခါ၊ မပေးနိုင်သည့်အခါမှသာ ပြင်ပမှ ဝင်ရောက် စွက်ဖက်မှုများကို စဉ်းစားသွားမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာ အာဏာကို လေးစားမှုအား ထိုနိုင်ငံမှ ၎င်း၏ တာဝန်များကို ပျက်ကွက်သည့် အခါမှသာ နိုင်ငံတကာ အသိုင်းအဝိုင်းမှ တုံ့ပြန်ရန် တာဝန်ရှိသည်ဟူသော အချက်ဖြင့် ရှင်းလင်းစွာ သတ်မှတ်ထားသည်။

ထိုသို့ သတ်မှတ်လိုက်ခြင်းက လူ့အခွင့်အရေးကို ကာကွယ်ရန် တာဝန်သည် နိုင်ငံတစ်နိုင်ငံ၏ အစိုးရများနှင့်သာ ဦးစွာ သက်ဆိုင်သည့် တာဝန် ဖြစ်ပြီး တာဝန်ယူသော အချုပ်အခြာအာဏာ ဟူသည့် သဘောတရားကို အကျယ်ချဲ့ပေးရာ ရောက်ခဲ့သည်။ ဤသဘောတရားအရ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် ကျူးကျော်မှုများကို ကာကွယ်ပေးရန်ဟုသာ မရှုမြင်တော့ဘဲ အချုပ်အခြာအာဏာပိုင် အစိုးရမှ တာဝန်ခံရမည့် နိုင်ငံသားများအပေါ် ချိုးဖောက်၍ မရသည့် တာဝန်များ ရှိသည့် သဘောတရားနှင့် အလေ့အကျင့်များဟု ရှုမြင်လာစေသည်။ ထိုသဘောတရား၏ သက်ရောက်မှုများမှာ သိသာလှသည်။ နိုင်ငံ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာ ရှိမှုသည် နိုင်ငံသားများ၏ အခွင့်အရေးကို မြှင့်တင်ပေးရေးနှင့် ကာကွယ်ပေးရေးအပေါ် တည်မှီနေသည်။ ထို့ပြင် တာဝန်ခံမှုသည် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းနေသူများ အပေါ်တွင်သာမက နိုင်ငံတကာ အသိုင်းအဝိုင်းပေါ်တွင်လည်း ရှိနေသည် (Thakur, 2002; Etzioni, 2006)။ ကုလသမဂ္ဂမှ ၂၀၀၄ ခုနှစ်တွင် ထုတ်ဝေခဲ့သော "ပို၍ လုံခြုံသော ကမ္ဘာ" (A more secure world)၊ ခြိမ်းခြောက်မှု၊ စိန်ခေါ်မှုများနှင့် အပြောင်းအလဲများ အဆင့်မြင့် စကားဝိုင်းဆိုင်ရာ ကော်မရှင် အစီရင်ခံစာများ ဟူသည့် စာအုပ်များတွင် အချုပ်အခြာ အာဏာကို အလားတူပင် အကျယ်ချဲ့ ဖွင့်ဆိုထားသည်။ ထိုအစီရင်ခံစာများသည် ယခုအခါတွင် လူ့အခွင့်အရေး ပညာရပ်နယ်ပယ်၌ စဉ်းစားတွေးခေါ်မှုများအပေါ် အတော်ပင် လွှမ်းမိုးမှု ရှိလာသည်။ (နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး၏ သဘောတရားနှင့် လုပ်ဆောင်မှုပိုင်း ဆိုင်ရာများတွင်လည်း ထိုသဘောတရားများ၏ ရောင်ပြန်ဟပ်မှုများကို တွေ့ရသည်။ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးသည် နိုင်ငံတကာ စံနှုန်းများကို ဖောက်ဖျက်သော နိုင်ငံသားများကို တရားစွဲဆို စစ်ဆေးရန် တာဝန်ကို သက်ဆိုင်ရာ နိုင်ငံတော် အပေါ်တွင် ဦးစွာ တာဝန်ပေးထားသည်။ သို့ရာတွင် နိုင်ငံတော်မှ ထိုတာဝန်ကို ထမ်းဆောင်ရန် ပျက်ကွက်သည့်အခါ (သို့) မထမ်းဆောင်နိုင်သည့်အခါ ထိုတာဝန်သည် ပြင်ပမှ အဖွဲ့အစည်းများအပေါ်တွင် ကျရောက်လာသည်။)

၂၀၀၅ ခုနှစ် စက်တင်ဘာလတွင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှ ကိုယ်စားလှယ်များသည် နယူးယောက်မြို့တွင် ကမ္ဘာ့ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကမ္ဘာ့ညီလာခံတွင် တွေ့ဆုံခဲ့ကြသည်။ ထိုအချိန်က အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဆွေးနွေးပွဲ အစီအစဉ်တွင် R2P ကို ထည့်သွင်းထားခဲ့သည်။ ထိုအစည်းအဝေး မတိုင်မီတွင် လက်သစ် ကွန်ဆာဗေးတစ် (ရှေးရိုးစွဲ ဝါဒီ) တစ်ဦးဖြစ်သော အမေရိကန် နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ သံတမန် ဂျွန်ဘော်လတန်က R2P ကို သိသိသာသာ ပြင်ဆင်ရန် တောင်းဆိုခဲ့ခြင်း အပါအဝင် လပေါင်းများစွာ မူကြမ်းရေးဆွဲခြင်းနှင့် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြသည်။ ဖျက်သိမ်းခံရလု နီးပါး ဖြစ်ခဲ့သော်လည်း R2P ၏ အဓိကကျသော စာပိုဒ်များကိုမူ ဆက်လက် ထိန်းသိမ်းထားနိုင်ခဲ့သည် (Bellamy, 2010, p.23)။ နောက်ဆုံး ကမ္ဘာ့ညီလာခံ စာတမ်းတွင် ပါဝင်ခဲ့ပြီး ကုလသမဂ္ဂ အထွေထွေ ညီလာခံမှ တစ်ညီတစ်ညွတ်တည်း ထောက်ခံ အတည်ပြုခဲ့သော အဓိက စာပိုဒ်များတွင် ပါဝင်သော ရေးသားချက်များကို ပြန်လည် တင်ပြလိုပါသည်။

**၁၃၈။ နိုင်ငံ တစ်နိုင်ငံချင်းသည် ၎င်းတို့၏ ပြည်သူများအား လူမျိုးပြုန်းတီးစေမှု၊ စစ်ရာဇဝတ်မှုများ၊ လူမျိုးစု ရှင်းလင်းမှုများနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများမှ ကာကွယ်ပေးရန် တာဝန်ရှိသည်။ ထိုတာဝန်တွင် အဆိုပါ လုပ်ရပ်များ ဖြစ်ပွားစေရန် သွေးထိုးလှုံ့ဆော်မှုများ အပါအဝင် ထိုကဲ့သို့သော ရာဇဝတ်များ ဖြစ်ပွားခြင်းမှ ကာကွယ်ရန် သင့်လျော်သော၊ လိုအပ်သော နည်းလမ်းများကို အသုံးပြုရန် ပါဝင်သည်။ ကျွန်ုပ်တို့သည် ထိုတာဝန်ကို လက်ခံပြီး ထိုတာဝန်နှင့်အညီ ဆောင်ရွက်ပါမည်။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် နိုင်ငံများကို ၎င်းတို့၏ တာဝန်များအား ကျင့်သုံးရန် သင့်လျော်သလို အားပေးခြင်း၊ အကူအညီပေးခြင်းများ လုပ်ပေးသင့်သည်။ ကုလသမဂ္ဂကိုလည်း စောစီးစွာ သတိပေးနိုင်ရန် အကူအညီ ပေးသင့်သည်။**

**၁၃၉။ လူမျိုးပြုန်းတီးစေမှု၊ စစ်ရာဇဝတ်မှုများ၊ လူမျိုးစု ရှင်းလင်းမှုများနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများမှ ပြည်သူများကို ကာကွယ်နိုင်ရန် ပဋိညာဉ် အခန်း ၆ နှင့် ၈ အရ ကုလသမဂ္ဂမှ တစ်ဆင့် နိုင်ငံတကာ အသိုင်းအဝိုင်းသည် သင့်လျော်သော သံတမန်ရေးရာ၊ လူသားချင်း စာနာမှု ဆိုင်ရာနှင့် အခြားသော ငြိမ်းချမ်းသည့် နည်းလမ်းများကို အသုံးပြုရန် တာဝန်ရှိသည်။ ငြိမ်းချမ်းသော ဖြေရှင်းနည်းများ မလုံလောက်တော့သည့်၊ သက်ဆိုင်ရာ နိုင်ငံများက ၎င်းတို့၏ ပြည်သူလူထုအား လူမျိုးပြုန်းတီးစေမှု၊ စစ်ရာဇဝတ်မှုများ၊ လူမျိုးစုရှင်းလင်းမှုနှင့် လူသားထု အပေါ် ကျူးလွန်သော ရာဇဝတ်မှုများမှ အကာအကွယ်ပေးရန် အတိအလင်း ပျက်ကွက်နေသည့် အခြေအနေ တစ်ရပ်တွင် ကျွန်ုပ်တို့သည် သင့်တော်သလို သက်ဆိုင်ရာ ဒေသအဆင့် အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး၊ ကိစ္စတစ်ခုချင်းစီအလိုက်၊ အခန်း ၇ အပါအဝင် ကုသမဂ္ဂ ပဋိညာဉ်နှင့်အညီ အချိန်နှင့် တပြေးညီဖြစ်သော၊ ပြတ်သားသော စုပေါင်းလုပ်ရပ်များကို ဆောင်ရွက်ရန် အသင့်ဖြစ်ပါသည်။**

**(ကုလသမဂ္ဂ အထွေထွေညီလာခံ၊ ၂၀၀၅)**

## လူ့အခွင့်အရေးများနှင့် နိုင်ငံများ၏ လက်တွေ့ကျင့်သုံးမှု

၂၀၁၁ ခုနှစ် အစောပိုင်းတွင် R2P အယူအဆကို လက်တွေ့စမ်းသပ်ခဲ့သည်။ လစ်ဗျားနိုင်ငံ၌ အုံကြွမှုများ ဖြစ်ပွားပြီး တစ်ပတ်အကြာတွင် မွာမာဂဒါဖီ (Muammar Gaddafi) ဦးဆောင်သည့် အစိုးရသည် အတိုက်အခံ အုပ်စုများကို အကြမ်းဖက် ဖြိုခွဲရန် အမိန့်ပေးခဲ့သည်။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် အာရပ်နိုင်ငံများ အဖွဲ့ချုပ် (Arab League) သည် လစ်ဗျားနိုင်ငံအား အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ခဲ့ခြင်းသည် ထိုအကျပ်အတည်းအား ကိုင်တွယ်ဖြေရှင်းရာတွင် ဒေသအဆင့် အဖွဲ့အစည်းများ၏ အရေးပါမှုကို ဖော်ပြသည့် ပထမဆုံးသော အရိပ်လက္ခဏာ ဖြစ်သည်။ ထိုနေ့၌ပင် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် လစ်ဗျားနိုင်ငံအား ‘၎င်း၏ ပြည်သူများကို ကာကွယ်ပေးရမည့် တာဝန်ကို ထမ်းရွက်ရန်’ တိုက်တွန်းသည့် ဆုံးဖြတ်ချက် တစ်ရပ်ကို ချမှတ်ခဲ့သည် (ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ ၂၀၁၁)။ လစ်ဗျားနိုင်ငံ ပြဿနာ စတင်ပြီး တစ်ပတ်သာ ကြာသေးသည့် အချိန်တွင် ထိုသို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ရာ လုံခြုံရေး ကောင်စီအတွက် ထူးထူးခြားခြား မြန်ဆန်သည့် တုံ့ပြန်မှု ဖြစ်သည်။

ဂဒါဖီ၏ သစ္စာခံတပ်များသည် လစ်ဗျားအရှေ့ပိုင်းရှိ အတိုက်အခံ အင်အားစုများကို ဆက်လက်၍ တိုက်ခိုက်ခဲ့ကြသည်။ အာရပ်နိုင်ငံများ အဖွဲ့ချုပ်နှင့် ဥရောပ သမဂ္ဂသည် အစိုးရတပ်များ၏ ရက်စက်မှုများကို ကန့်သတ်ရန်အတွက် လေယာဉ် ပျံသန်းခွင့် ကင်းမဲ့ဇုန်တစ်ခု သတ်မှတ်ရန် ကုလသမဂ္ဂအဖွဲ့ထံ တောင်းဆိုခဲ့ကြသည်။ မတ်လ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် လေယဉ်ပျံသန်းခွင့် ကင်းမဲ့ဇုန် သတ်မှတ်ပေးသည့် ဆုံးဖြတ်ချက် အမှတ် ၁၉၇၃ ကို သဘောတူချမှတ်ခဲ့သည် (၎င်းသည် ကုလသမဂ္ဂအတွက် လုပ်တောင့် လုပ်ခဲ လုပ်ရပ်ဖြစ်သည်)။ ဆုံးဖြတ်ချက်အမှတ် ၁၉၇၃ သည် အိမ်ရှင်နိုင်ငံ၏ ဆန္ဒသဘောထားကို လျစ်လျူရှု၍ အရပ်သားများကို အကာအကွယ်ပေးရန် ရည်ရွယ်ချက် သတ်သတ်မှတ်မှတ်ဖြင့် လုံခြုံရေးကောင်စီက လေယဉ်ပျံသန်းခွင့် ကင်းမဲ့ဇုန်ကို ပထမဦးဆုံး အကြိမ် ခွင့်ပြုခဲ့သည်။ ထိုအချက်က R2P သည် မည်မျှ ခရီးပေါက်နေပြီကို ပြသခဲ့သည်။

နေတိုး (NATO) အဖွဲ့ ဦးဆောင်သော လုပ်ရပ်အပေါ် ထောက်ခံသူများရော ဝေဖန်သူများပါ လစ်ဗျားနိုင်ငံကိစ္စက ဆိုးဆိုးရွားရွား လူ့အခွင့်အရေး ချိုးဖောက်မှုများရှိသည့် အခြားသော အခြေအနေများတွင် တုံ့ပြန်ဆောင်ရွက်ရန် ရှေ့သွား နမူနာပေးခဲ့သည့် အတိုင်းအတာကို ချဲ့ကားပြောဆို တတ်ကြသည်။ လုံခြုံရေးကောင်စီ အဖွဲ့ဝင် နိုင်ငံများ၏ သုံးပုံတစ်ပုံသည် ဆုံးဖြတ်ချက်အမှတ် ၁၉၇၃ ကို ဆုံးဖြတ်ရာ၌ မဲမပေးဘဲ ကြားနေခဲ့ကြသည်ကို ထောက်ပြပြီး ၎င်းသည် အငြင်းပွားမှုများ ဖြစ်စေခဲ့သည်ဟူသော အချက်ကို ဝေဖန်သူများက ထောက်ပြကြ ပေလိမ့်မည်။ ထိုနိုင်ငံများသည် အနောက်နိုင်ငံများ၏ ဝင်ရောက် စွက်ဖက်မှုကို တားဆီးလိုရုံ သက်သက်ဖြင့် ကြားနေရန် ဆုံးဖြတ်ခဲ့ခြင်း မဟုတ်ချေ။ နိုင်ငံတကာ၏ ကြားဝင်ဆောင်ရွက်မှုသည် အောင်မြင်နိုင်ခြေ နည်းပြီး ဆုံးဖြတ်ချက်ထဲတွင် မသေချာ မရေရာမှုများ ရှိနေသည်ဟု ကြားနေနိုင်ငံများက အမှန်အတကယ်ပင် စိုးရိမ်ခဲ့ကြခြင်း ဖြစ်သည်။ ဆုံးဖြတ်ချက်ကို မည်သူတို့က အကောင်အထည် ဖော်မည်နည်း၊ အင်အား မည်မျှ သုံးမည်နည်း၊ မည်မျှ ကြာမည်နည်း စသည်ဖြင့် လက်တွေ့လုပ်ငန်းဆိုင်ရာ မေးခွန်းများထဲမှ မည်သည့်မေးခွန်းကိုမျှ ဆုံးဖြတ်ချက်ထဲတွင် ရှင်းလင်း ထားခြင်း မရှိပေ။ ဤကိစ္စများသည် ၂၀၁၁ ခုနှစ် နွေဦးနှင့် နွေရာသီ ကာလအတွင်း နေတိုးအဖွဲ့ လက်တွေ့လှုပ်ရှားလာသည့်အခါ အငြင်းပွားဖွယ်ရာ ဖြစ်လာခဲ့သည်။ ထို့အပြင် လုံခြုံရေး ကောင်စီတွင် BRICS (ဘရာဇီးလ်၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိက) နိုင်ငံများက အစိုးရ အပြောင်းအလဲ လုပ်ရန် အားသန်ကြသည့် အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ် နိုင်ငံတို့သည် လုံခြုံရေးကောင်စီ၏ အရပ်သားများ အကာအကွယ် ပေးရေး လုပ်ပိုင်ခွင့်ကို ဘောင်ကျော်ခဲ့သည်ဟု ထောက်ပြခဲ့သည်။ လစ်ဗျားနိုင်ငံ၌ ကြားဝင်ဆောင်ရွက်မှုသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိသည့်အခါ R2P နည်းလမ်းဖြင့် ဖြေရှင်းနိုင်သည်ဟူသော အမြင်အတွက် အောင်မြင်မှုတစ်ခုအဖြစ် ချပြနိုင်သော်လည်း အထက်ဖော်ပြပါ ပြောဆိုဝေဖန်မှုများသည် R2P သဘောတရား၏ ပုံရိပ်ကို အကျည်းတန်စေခဲ့သည်။

R2P ထောက်ခံသူများကမူ လစ်ဗျားနိုင်ငံနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ချခဲ့သည့်အပေါ် မတူသော အမြင်ရှိကြသည်။ ဤအုပ်စုသည် မဲခွဲဆုံးဖြတ်ချက် တစ်ခုတည်းကို ကြည့်ပြီး ဆုံးဖြတ်ချက်ပါ စာသားအား မည်သည့် လုံခြုံရေးကောင်စီ အမြဲတမ်း အဖွဲ့ဝင် နိုင်ငံကမျှ မဆန့်ကျင်ခဲ့ကြသည်ကို ထောက်ပြကြသည်။ ဤအခြေအနေမှာ ၁၉၉၉ ခုနှစ်တွင် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ ကိုဆိုဗို အယ်ဘေးနီးယန်းများကို အကာအကွယ် ပေးရန် အတွက် ကြားဝင်ဆောင်ရွက်မှုကို ခွင့်ပြုရန် လုံခြုံရေးကောင်စီကို စည်းရုံးသည့်အခါ ပေါ်ပေါက်ခဲ့သော သံတမန် အသိုင်းအဝိုင်း၏ ဆန့်ကျင်မှုနှင့် လားလားမျှ မတူချေ။ ထောက်ခံသူများသည်

ဆုံးဖြတ်ချက် ၁၉၇၃ အား နောက်ဆုံးလမ်းကြောင်း အနေဖြင့်၊ လက်ရှိတွင် ဖြစ်ပွားနေသော၊ ပို၍ ဆိုးလာနိုင်ဖွယ်ရှိသော သတ်ဖြတ်မှုများကို တုံ့ပြန်ရန်အတွက် အင်အားသုံးရန် လိုအပ်ချက်နှင့်ပတ်သက်၍ ပို၍နက်ရှိုင်းလာသော စံနှုန်းပိုင်းဆိုင်ရာ သဘောထားစုဆုံမှု၏ နောက်ထပ် သက်သေ အထောက်အထားအဖြစ် ရှုမြင်ကြသည်။ သို့သော်လည်း လစ်ဗျားနိုင်ငံ ကိစ္စအား မကြာမီ အသုံးချခံရမည့် ရှေ့သွားနမူနာ တစ်ခု အဖြစ် မမြင်ဘဲ ပြတ်သားသော လုပ်ရပ်ကို ဖြစ်စေခဲ့သည့် အကောင်းဆုံး အခြေအနေဆိုးအဖြစ် ရှုမြင်ရန် ခိုင်လုံသော အကြောင်းအရင်း များစွာ ရှိပါသည်။ နောက်ထပ် ရက်ရက်စက်စက် ကျူးလွန်မှုများကို တားဆီးရန် စစ်အင်အားကို အသုံးပြုရန် လိုအပ်ခဲ့သည်၊ ဂဒါဖီသည် ဆက်လက် ကျူးလွန်မည်ဟု လူသိရှင်ကြား ခြိမ်းခြောက်နေခဲ့သည်။ ဂဒါဖီတွင် သူ့ကို အကာအကွယ်ပေးရန် ဒေသအတွင်း၌ မိတ်ဆွေ မရှိခဲ့သလို လုံခြုံရေးကောင်စီ၌လည်း မဟာမိတ် မရှိခဲ့ပေ။ ပထဝီ-မဟာဗျူဟာ အနေအထားသည်လည်း နေတိုးအဖွဲ့ဘက်မှ ရှိနေခဲ့သည်။ လစ်ဗျားနိုင်ငံရှိ အခြေအနေသည် R2P အား သံတမန် ဆက်ဆံရေးနှင့် လုံခြုံရေး ကဏ္ဍတို့၌ ဗဟိုချက် နေရာသို့ တွန်းပို့ခဲ့သည်။ သို့သော် လေယာဉ် ပျံသန်းခွင့်မဲ့ ဇုန်ကို ခွင့်ပြုရန်၊ အကောင်အထည် ဖော်ရန် တွန်းအားပေးခဲ့သော အချက်များသည် အခြားသော အခြေအနေများ၌ ရှိချင်မှ ရှိပါလိမ့်မည်။ နိုင်ငံတချို့အကြား လစ်ဗျားနိုင်ငံ ကိစ္စနှင့် ပတ်သက်၍ ကျေနပ်မှု နည်းခဲ့ခြင်းသည် ဆီးရီးယား နိုင်ငံရှိ လက်ရှိ အကျပ်အတည်းကို အင်တိုက်အားတိုက် ဖြေရှင်းရန်အတွက် ထောက်ခံမှုရရှိရန် ခက်ခဲစေသည်။ လူသားချင်း စာနာရေး လမ်းကြောင်းများကို ဖွင့်ထားရန်နှင့် လူထုကို ကာကွယ်ရန် ဆိုးရွားသော ပျက်ကွက်မှု အတွက် ဆီးရီးယားနိုင်ငံကို ရှုတ်ချရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ကာကွယ်ရမည့် တာဝန် ဝါဒကို တိုင်တည်ရည်ညွှန်းခဲ့သည်။ သို့သော်လည်း ကမ္ဘာ့ထိပ်သီး ညီလာခံ စာတမ်းတွင် မျှော်မှန်းထားသကဲ့သို့ အချိန်ကိုက် ဖြစ်သော၊ ပြတ်သားသော အင်အားသုံးမှုမျိုးကို ခွင့်ပြုခဲ့ခြင်းတော့ မရှိချေ။ ဆီးရီးယားနိုင်ငံက သက်သေပြခဲ့သလို လစ်ဗျားနိုင်ငံကိစ္စသည် ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဘဲ ခြွင်းချက်သာလျှင် ဖြစ်သည် (စာသေတ္တာ ၃.၄ တွင် ရှု)။ အစိုးရများနှင့် သူပုန်အုပ်စုများသည် နိုင်ငံရေး ရည်မှန်းချက်များအား အကြမ်းဖက် တိုက်ပွဲမှတဆင့် အကောင်အထည်ဖော်ရန် ကြိုးစားသည့်အခါ အပြင်လူများအတွက် ဆိုးကျိုးများကို ထိန်းချုပ်ရန် သို့မဟုတ် အဆုံးသတ်ရန် လုပ်ဆောင်နိုင်သော နည်းလမ်း များများစားစား မရှိသလို ကြားဝင်ခြင်းကြောင့် အခြေအနေကို ပိုမိုဆိုးရွားစေသော အန္တရာယ်မှာလည်း ပိုမိုကြီးမားသည်။ တတိယနိုင်ငံများမှ အင်အားသုံး ကြားဝင်ဆောင်ရွက်မှုအကြောင်း အငြင်းအခုံများသည် ကုလသမဂ္ဂစနစ်အတွင်း ပွတ်တိုက်မှုတစ်ခု အဖြစ် ရှိနေဆဲဖြစ်သည်။

R2P မူဘောင်သည် ကြားဝင်ဆောင်ရွက်ရုံသက်သက် မဟုတ်သည်ကို သဘောပေါက်ရန်လည်း အရေးကြီးသည်။ R2P သည် အဓိကအားဖြင့် အစိုးရများအကြား မိမိတို့ပြည်သူလူထုကို အကာအကွယ် ပေးရန်၊ အခြားသော အစိုးရများနှင့် အစုလိုက် အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုများ၏ အန္တရာယ် ကျရောက်နေသည်ဟု ယူဆရသော လူအုပ်စုများကိုလည်း အကူအညီပေးရန် ပို၍ခိုင်မာသော တာဝန်ယူလိုစိတ် ဖြစ်စေရန် ကြိုးပမ်းမှုတစ်ခု ဖြစ်သည် (Bellamy, 2014)။ ရက်စက်ကြမ်းကြုတ်မှုများကို ဆန့်ကျင်သော စံနှုန်းသည် ဆက်လက်၍ ခိုင်မာ အားကောင်းနေဆဲ ဖြစ်သလို နိုင်ငံအားလုံးသည်လည်း အစုလိုက် အပြုံလိုက် ရက်စက်မှုများ ကျူးလွန်ပါက (သို့မဟုတ် ထိုကျူးလွန်မှုများ ဖြစ်နိုင်ခြေရှိသော အခြေအနေ၌) ပြင်ပမှ စောင့်ကြည့်လာနိုင်သည် ဟူသော ဖြစ်နိုင်ခြေကို နှလုံးသွင်း လက်ခံကြပြီး ဖြစ်သည်။ ထို့ပြင် R2P ဘာသာစကားကိုလည်း ဆက်လက်၍ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေဆဲဖြစ်ပြီး ၎င်းကို

အငြင်းပွားသည်များ မရှိပေ။ ၂၀၀၉ ခုနှစ် နောက်ပိုင်း လုံခြုံရေး ကောင်စီ ဆွေးနွေးချက်များနှင့် အထွေထွေ ညီလာခံ အငြင်းအခုံများက ဆုံးဖြတ်ချက် ၁၉၇၃ နှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုများ ရှိနေစေကာမူ R2P ဝါဒသည် လူ့အခွင့်အရေးအကြောင်း ပြောဆိုရေးသားချက်များအတွင်း အမြစ်တွယ်နေပြီကို ညွှန်ပြနေသည်။ ဤသဘောထား ကွဲလွဲမှုများသည် မူမဟုတ်ဘဲ လုပ်ငန်းစဉ်နှင့် ပတ်သက်၍သာ ရှိနေသည်မှာ လူ့အခွင့်အရေးများ အကာအကွယ်ပေးရေး ကြိုးပမ်းချက်များတွင် R2P ဝါဒသည် ငြင်း၍ မရသော အောင်မြင်မှု မှတ်တိုင်တစ်ခု ဖြစ်နေပြီဟူသည်ကို ညွှန်ပြနေသည်။

| **စာသေတ္တာ ၃.၄ တခြားရှုထောင့်များ - R2P အငြင်းအခုံ** |
|---|
| တချို့ (Evans, 2013) က ဆီးရီးယား နိုင်ငံနှင့် စပ်လျဉ်း၍ ပြတ်ပြတ်သားသား မဆောင်ရွက်နိုင်ခဲ့ခြင်းသည် R2P စံနှုန်းကို ပြန်လည်ပြုပြင်၍ မရအောင်ပင် ပျက်စီးစေခဲ့သည်ဟု ဆိုကြသည်။ ဤအမြင်နှင့် ဆန့်ကျင်စွာ အခြားသူများက နိုင်ငံတကာ စံနှုန်းအဖြစ် R2P ၏ ကျရှုံးရန် သေချာသော အနာဂတ်ကိုသာ မြင်ကြသည် (Yaziji, 2013)။ ဤနေရာတွင် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ၏ တသမတ်တည်း ဆောင်ရွက်မှု မရှိခြင်းကို မတူသော အခြေအနေများသည် မတူသော နိုင်ငံခြားရေး မူဝါဒ အစီအမံများ လိုအပ်သည် ဆိုသော အမြင်ကြောင့် ခွင့်လွှတ်ပေးခြင်းလား သို့မဟုတ် တစ်သမတ်တည်း မကျသော လုပ်ရပ်များသည် စံနှုန်းနှစ်ခု (double standards) ဖြစ်မှုကြောင့် ဖြစ်ပေါ်သည်ဆိုသော အမြင်ကြောင့် ခွင့်လွှတ်ပေးခြင်းလား ဆိုသည့် အချက်အပေါ် များစွာမူတည်သည်။ |

## လူ့အခွင့်အရေးများနှင့် နိုင်ငံတကာဆက်ဆံရေး - ပညာရပ်နယ်ပယ် ကျယ်ပြန့်လာခြင်းနှင့် အခွင့်အရေးများ အသုံးချမှု

နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်အတွင်း လူ့အခွင့်အရေး၏ အနေအထားအား အခြားပညာရပ် နယ်ပယ်များကလည်း ပိုမို အာရုံစိုက်လေ့လာ လာကြသည်၊ ဤအချက်က လူ့အခွင့်အရေး စံနှုန်းများ အခြား နယ်ပယ်များသို့ တစ်စထက်တစ်စ ပျံ့နှံ့လာနေသည်ဟူသော သုံးသပ်ချက်ကို ပိုမိုခိုင်မာစေသည်။ R2P သဘောတရားက ပြသနေသကဲ့သို့ ပဋိပက္ခ တားဆီးရေးအား အဓိက ကိရိယာ တန်ဆာပလာ တစ်ခု အဖြစ် ပိုမို၍ အာရုံစိုက် လာကြသည်။ ကြိုတင်သတိပေး စနစ်များနှင့် ပဋိပက္ခ တားဆီးရေးတို့သည် IR ၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ ဖြေရှင်းရေး ပညာရပ် နယ်ပယ်များအတွင်း လေ့လာရေး နယ်ပယ်သစ်များ ဖြစ်ကြရုံသာမက ၎င်းတို့အား လူ့အခွင့်အရေး ကာကွယ်ရေးနှင့် လူသားချင်း စာနာရေး စီမံကိန်း လက်တွေ့ လုပ်ငန်းများတွင်လည်း အဓိက အစိတ်အပိုင်းများ အဖြစ် ကျင့်သုံးလာခဲ့ကြသည်။ ဥပမာများတွင် ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း (OSCE)၊ ဥရောပ သမဂ္ဂနှင့် အာဖရိက သမဂ္ဂတို့၏ လက်ရှိ ဆောင်ရွက်ချက်များ ပါဝင်ပြီး လူထုကို အကာအကွယ်ပေးရန် ပြဿနာ ဖြစ်ပြီးမှ တုံ့ပြန်ခြင်းထက် မဖြစ်မီ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ကမ္ဘာလုံးအဆင့်၊ ဒေသအဆင့် လုပ်ဆောင်ချက်များသို့ ပို၍ ဦးတည်လာနေသည်။

နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်အတွင်း ဖွံ့ဖြိုးရေး ပညာရပ်တွင်လည်း လူ့အခွင့်အရေးများ ဝင်ရောက် နေရာယူ လာကြသည်ကို တွေ့ရသည် (အခန်း ၁၂ တွင် ရှု)။ အခွင့်အရေး အခြေပြု ချဉ်းကပ်နည်းသည် အစောပိုင်း ဖွံ့ဖြိုးရေး လက်တွေ့လုပ်ငန်း စီမံရေးဆွဲမှုများတွင် သွယ်ဝိုက်၍ ပါကောင်း ပါနေခဲ့ နိုင်သော်လည်း ယနေ့အချိန်တွင် ထိုသို့ ချဉ်းကပ်နည်းသည် ဆင်းရဲမွဲတေမှု လျော့ချရေး ပြောဆို ရေးသားချက်များနှင့်

ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့တို့ကဲ့သို့ အင်စတီကျူးရှင်းများ၏ လုပ်ငန်းများ၌ အတိအလင်းနှင့် အခိုင်အမာ ပါဝင်သင့်သည်ဟု ပြောဆိုလာကြသည် (Nelson and Dorsey, 2003; Gready and Ensor, 2005; Uvin, 2007)။

| **အနှစ်ချုပ်** |
| --- |
| စံနှုန်း ပျံ့နှံ့စီးဆင်းမှု ရှိသည်ဟု ပြောလိုလျှင် နိုင်ငံများ၏ လက်တွေ့ကျင့်သုံးမှု ကဏ္ဍတွင် လူ့အခွင့်အရေး အကာအကွယ် ပေးမှု၏ အစိတ်အပိုင်းနှစ်ခု ရှိနေရန် လိုသည်။ ပထမ အစိတ်အပိုင်းမှာ ပြည်တွင်း ဥပဒေများနှင့် လူမှုရေး အလေ့အကျင့်များတွင် လူ့အခွင့်အရေး စံနှုန်းများကို လိုက်နာကျင့်သုံးရန် လိုသည်။ ဒုတိယ အစိတ်အပိုင်းမှာ နိုင်ငံတကာ လူ့အခွင့်အရေး စနစ်များအပေါ် ကတိကဝတ် ပြုခြင်းနှင့် အခြားနိုင်ငံများ၌ ချိုးဖောက်မှုများ ဖြစ်ပွားနေလျှင် လူ့အခွင့်အရေးများကို ကာကွယ်ရန် တာဝန်ကို လက်ခံခြင်း စသည်ဖြင့် အဆိုပါ စံနှုန်းများကို ပြင်ပ ဆက်ဆံရေး၌ လက်ခံကျင့်သုံးခြင်း ဖြစ်သည်။ R2P စဉ်းစားချက်သည် တာဝန်ယူသော အချုပ်အခြာ အာဏာ အယူအဆကို ပိုမို တသွားစေပြီး နိုင်ငံ တစ်နိုင်ငံချင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်း အပေါ်ကျရောက်သည့် ပြည်တွင်း၊ ပြည်ပ တာဝန်များကိုပါ ထည့်သွင်းထားသည်။<br>နိုင်ငံများအကြား လက်တွေ့ ကျင့်သုံးမှု အပိုင်းတွင် ကြိုတင် အသိပေး စနစ်နှင့် ပဋိပက္ခ တားဆီးရေး လုပ်ဆောင်ရန် လိုအပ်ချက်ကိုလည်း အသိအမှတ်ပြုထားပြီး ဤကဏ္ဍသည် နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်၌ သာကမ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ သုတေသနနှင့် ဖွံ့ဖြိုးရေး နယ်ပယ်၌ပါ ကြီးထွားလာနေသော လေ့လာရေး နယ်ပယ် ဖြစ်လာနေသည်။<br><br>**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**<br><br>နိုင်ငံများတွင် ပြည်ပမှ ပဋိပက္ခ အခြေအနေများရှိ အန္တရာယ် ကျရောက်နိုင်သော လူအုပ်စုများကို ကာကွယ်ရန် တာဝန်ရှိသည်ဆိုလျှင် ၎င်းတို့တွင် ထိုလူအုပ်စုများအား လုံလောက်သော အစားအစာနှင့် နေရာထိုင်ခင်း ပေးရန်လည်း တာဝန်ရှိပါသလား။ မရှိလျှင် ဤအကာအကွယ်ပေးခြင်း နှစ်မျိုးအကြား အဓိက ခြားနားချက်သည် အဘယ်နည်း။ |

## နိဂုံး

ဤအခန်းပါ ဆွေးနွေးချက် ကဏ္ဍသစ်များသည် အပြည်ပြည်ဆိုင်ရာ နိုင်ငံရေး လက်တွေ့ကျင့်သုံးမှုတွင် လူ့အခွင့်အရေးများကို ဦးထိပ်ပန်ဆင်စေရာ၌ သိသိသာသာ အထောက်အကူ ဖြစ်ပါသလား။ နိုင်ငံတကာ ဆက်ဆံရေးတွင် လူ့အခွင့်အရေးများအကြောင်း ဤကဲ့သို့ ဖောက်ထွက် စဉ်းစားပုံများအတွက် အနည်းဆုံး ဝေဖန်ချက် နှစ်ခု ထုတ်နိုင်သည်။ ပထမ ဝေဖန်ချက်မှာ ၎င်းတို့သည် လက်တွေ့၌ အကောင်အထည် မဖော်နိုင်သော အကာအကွယ် ပေးရေး မျှော်လင့်ချက်များကို ဖြစ်စေနိုင်သည်။ အကာအကွယ် ပေးရန် ကြားဝင် ဆောင်ရွက်နိုင်သော လစ်ဗျားကဲ့သို့ နိုင်ငံတိုင်းအတွက် ကြားဝင် ဆောင်ရွက် မပေးနိုင်သော ဆီးရီးယားကဲ့သို့ နိုင်ငံ တစ်နိုင်ငံ ရှိနေသည်သာ ဖြစ်သည်။ ကြားဝင်ဆောင်ရွက်သော နိုင်ငံများ (နှင့်

နေတိုးအဖွဲ့ကဲ့သို့သော အင်စတီကျူးရှင်းများ) သည် ခွဲခြားကျင့်သုံးသည် ဟူသည့် စွပ်စွဲချက် ပေါ်လာမည် ဖြစ်သည်။ ဒုတိယ ဝေဖန်ချက်နှင့် ယင်းနှင့် ဆက်စပ်နေသော အချက်မှာ ရက်စက်ကြမ်းကြုတ်မှု အများစုအား စစ်အင်အား တစ်ခုတည်းကို အသုံးပြုပြီး တားဆီး၍ (သို့မဟုတ် ဖြေရှင်း၍) မရပေ။ အင်အား အသုံးပြုမှုသည် ရလဒ်ကောင်း ထွက်ခဲ့သည်။ ရှားရှားပါးပါး အခြေအနေများ၌ပင် အခြားသူများကို ကာကွယ်ရန် အပြစ်မဲ့လူ တချို့ကို စတေးခဲ့ကြသည်သာ ဖြစ်သည်။ ကစ်ပလင်း (Kipling) ပြောခဲ့သလိုပင် ငြိမ်းချမ်းရေး စစ်ပွဲများသည်လည်း စစ်ပွဲများပင် ဖြစ်နေသေးသည် မဟုတ်ပါလား။

လူ့အခွင့်အရေးများနှင့် နိုင်ငံတကာ ဆက်ဆံရေး အတူတကွ တည်ရှိနေပုံမှာ ရှုပ်ထွေးနက်နဲပြီး အဆင်မချောပေ၊ ဤအချက်က နိုင်ငံများ၏ အချုပ်အခြာအာဏာ၊ အင်အားနှင့် စံနှုန်းများအကြား ဆက်နွယ်ပတ်သက်မှု၏ ခက်ခဲရှုပ်ထွေးသော သဘောသဘာဝကို သတိချပ်ရမည်ကို ပြောနေသည်။ နိုင်ငံတကာ လူ့အခွင့်အရေး စနစ်များသည် နှေးကွေးစွာဖြင့် အနှစ်သာရ အရ မဟုတ်လျှင်တောင် ရုပ်ပြသဘောအရ တိုးတက်မှုများ ရှိလာနေသည်။ တစ်ချိန်တည်းတွင် ၂၀၁၃ လူသားလုံခြုံရေး အစီအရင်ခံစာက ကမ္ဘာတစ်ဝန်းလုံး၌ ပဋိပက္ခ အရေအတွက်နှင့် အဆိုပါ ပဋိပက္ခများအတွင်း သေဆုံးသူ အရေအတွက်တို့သည် တဖြည်းဖြည်း ကျဆင်းလာနေသည်ဟု အစီအရင်ခံခဲ့သည်။ ပြင်းထန်သော ပဋိပက္ခများသည် လူ့အခွင့်အရေးများ ချိုးဖောက်ခံရသော အခြေအနေများ ဖြစ်ပေရာ ပဋိပက္ခများ ဤကဲ့သို့ ဆက်လက် လျော့ကျနေရန် အရေးကြီး ပေလိမ့်မည်။ ဤအရာများ အားလုံးက ကြိုတင်သတိပေးခြင်း၊ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး (peacekeeping) နှင့် ပဋိပက္ခ တားဆီးရေးတို့သည် အနာဂတ်တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရှောင်ရှားရာ၌ အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်ပါလိမ့်မည်။

သို့ရာတွင် လူ့အခွင့်အရေးများ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးကဏ္ဍ၌ အစိုင်အခဲ တည်လာခြင်းကို ကြည့်ပြီး အလွန်အကျူး ကျေနပ်မနေသင့်ပါ။ လူ့အခွင့်အရေးများနှင့် နိုင်ငံတကာ ဆက်ဆံရေး အကြား ဆက်စပ်စုဆုံမှုကို လေ့လာခြင်းသည် ကောင်းသလို ကရိကထလည်း များသည်။ ကောင်းသော အချက်မှာ မည်သည့် နေရာမှ အစပြုရမည်ကို ရွေးချယ်သည့်အခါ၊ တစ်သီးပုဂ္ဂလ လူသားများ နေသော ကမ္ဘာကြီး သို့မဟုတ် နိုင်ငံများ ရှိသော ကမ္ဘာကြီးမှ အစပြုမည်လား ရွေးချယ်သည့်အခါ၊ သုတေသနပြုသူအား လုပ်ဆောင်သူ များ၏ အခြားသူများအပေါ် အကျိုးသက်ရောက်မှုကို ဆင်ခြင်စဉ်းစားစေသည်။ ကရိကထ များစေသော အချက်မှာ လူ့အခွင့်အရေး ကမ္ဘာ့နိုင်ငံရေး စနစ်၏ ရှုပ်ထွေးနက်နဲမှု၊ ဤစနစ်၏ အခွင့်အရေးများကို တစိုက်မတ်မတ်နှင့် ထိထိရောက်ရောက် ကာကွယ်နိုင်စွမ်း အကန့်အသတ်ရှိမှုနှင့် မတူသော လုပ်ဆောင်သူများအကြား တရားမျှရေး တောင်းဆိုမှုများ အပြိုင်အဆိုင်ရှိနေသည် ဟူသော ရိုးရှင်းသော်လည်း စိတ်မသက်မသာ ဖြစ်စေသည့် အမှန်တရား စသည် စသည်တို့ကို ထောက်ခံ လှုပ်ရှားသူများ အနေဖြင့် သတိမူရန် လိုခြင်း ဖြစ်သည်။

## မေးခွန်းများ

**တစ်ဦးချင်း လေ့လာရန် မေးခွန်းများ**

၁။ မကြာသေးသည့် အချိန်ကာလအထိ နိုင်ငံတကာဆက်ဆံရေး လေ့လာမှုနယ်ပယ်သည် အဘယ်ကြောင့် လူ့အခွင့်အရေးများကို အဓိကထား မလေ့လာခဲ့သနည်း။
၂။ လူ့အခွင့်အရေးများသည် နိုင်ငံခြားရေးမူဝါဒတွင် နေရာမရှိဟု ငြင်းခုံသူ ရီးယဲလစ်တစ်ယောက်သည် လူ့အခွင့်အရေးများသည် အနောက်တိုင်း၏ ပြဋ္ဌာန်းချက်တစ်ခုဖြစ်သည်ဟု ထင်မြင်သူများနှင့် မည်သို့မည်ပုံ အမြင်တူနိုင်သည်နည်း။
၃။ ကမ္ဘာလုံးလွှမ်းခြုံ လူ့အခွင့်အရေး စနစ်တစ်ခု ပေါ်ပေါက်လာခြင်းကို အကောင်းဆုံး မည်သို့ ရှင်းပြနိုင်သနည်း။
၄။ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများသည် စစ်အေးတိုက်ပွဲကို အဆုံးသတ်ရာ၌ မည်သည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သနည်း။

**အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ**

၁။ ကမ္ဘာလွှမ်းခြုံ လူ့အခွင့်အရေး စနစ်သည် တချို့သော အနောက်တိုင်း နိုင်ငံများ၏ အကြမ်းဖက်မှု ဆန့်ကျင်ရေး စစ်ပွဲ၌ လက်တွေ့ကျင့်သုံးမှုများကြောင့် ပြင်၍မရလောက်အောင် ဖျက်ဆီးခံ လိုက်ရပါပြီလား။
၂။ R2P သည် အလုပ်မဖြစ်သော အိုင်ဒီယာ တစ်ခုအတွက် ပြောင်မြောက်သော အတိုကောက် စကားလုံး တစ်ခုထက် ပိုပါသလား။
၃။ လူ့အခွင့်အရေး ပြဿနာများသည် နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တွင် ဆက်လက်၍ တည်ရှိ နေမည်လား။

## ဆက်လက် ဖတ်ရှုရန်

**Bellamy, A.** (2014). *Responsibility to Protect: A Defence.* Oxford: Oxford University Press.
ဤစာအုပ်သည် လူ့အခွင့်အရေးများကို ကာကွယ်မြှင့်တင်ရာ၌ ကြုံတွေ့ရသော အခက်အခဲများကို ဆင်ခြင်စဉ်းစားထားသော်လည်း R2P မှု ဖြစ်ပေါ်တိုးတက်လာခြင်းနှင့် ယင်း၏ အခန်းကဏ္ဍကို ထောက်ခံသည်။

**Donnelly, J.** (2013). *Universal Human Rights in Theory and Practice.* (3rd edn). Ithaca, NY: Cornell University Press.
လူ့အခွင့်အရေး သီအိုရီနှင့် လက်တွေ့အကြောင်း များစွာအသုံးဝင်သော ခြုံငုံသုံးသပ်ချက် ဖြစ်သည်။

**Dunne, T.** and **Gifkins, J.** (2011). Libya and the State of Intervention. *Australian Journal of International Affairs*, **65**/5, 515-29.
ဤဆောင်းပါးသည် လစ်ဗျားနိုင်ငံတွင် R2P လုပ်ရပ်အကြောင်း အငြင်းပွားမှုကို လေ့လာ ဆန်းစစ်ထားသည်။

**Dunne, T.** and **Wheeler, N.J.** (eds) (1999). *Human Rights in Global Politics*. Cambridge: Cambridge University Press.
လူ့အခွင့်အရေးနှင့် နိုင်ငံတကာဆက်ဆံရေး အကြောင်း အမျိုးအစား စုံလင်သော ရေးသားချက်များ စုစည်းမှု ဖြစ်သည်။

**Forsythe, D.P.** (ed.) (2000). *Human Rights and Comparative Foreign Policy*. Tokyo: United Nations University Press.
စာရေးသူသည် နိုင်ငံခြားရေး ပေါ်လစီ ချဉ်းကပ်နည်း လက်တွေ့ကျင့်သုံးမှု၌ လူ့အခွင့်အရေးများ၏ အခန်းကဏ္ဍကို ဆင်ခြင်စဉ်းစားထားသည်။

**Forsythe, D.P.** (2012). *Human Rights in International Relations (3rd edn).* Cambridge: Cambridge University Press.
အပြည်ပြည်ဆိုင်ရာ နိုင်ငံရေး၌ လူ့အခွင့်အရေး၏ အခန်းကဏ္ဍကို ထောင့်စုံမှ လေ့လာဆန်းစစ်ထားသည်။

**Freeman, M.** (2011). *Human Rights: An Interdisciplinary Approach* (2nd edn). Cambridge: Polity Press.
လူ့အခွင့်အရေးများကို လေ့လာချဉ်းကပ်နည်း အမျိုးမျိုးကို တင်ပြထားသော အသုံးဝင်သော စာအုပ်တစ်ခု ဖြစ်သည်။

**Glanville, L.** (2014). *Sovereignty and the Responsibility to Project.* Chicago: Chicago University Press.
ဤစာအုပ်သည် တာဝန်ရှိမှု အယူအဆ၊ အထူးသဖြင့် R2P ဝါဒနှင့် သက်ဆိုင်သော တာဝန်ရှိမှု အယူအဆအကြောင်း အလွန်ကောင်းသော သုံးသပ်ချက်ဖြစ်သည်။

**Vincent, R. J.** (1986). *Human Rights and International Relations*. Cambridge: Cambridge University Press.
လူ့အခွင့်အရေးများအား 'နိုင်ငံတကာ လူ့အဖွဲ့အစည်း' ဆိုသော သီအိုရီ ချဉ်းကပ်နည်းကို ချိတ်ဆက်လေ့လာထားသော ကဏ္ဍဝင် စာအုပ်ဖြစ်သည်။

**Weiss, T. G.** (2012). *Humanitarian Intervention* (2nd edn). Cambridge: Polity Press.
ဤစာအုပ်သည် လူသားချင်း စာနာမှု အကြောင်းပြု ကြားဝင်ဆောင်ရွက်မှုအကြောင်း အယူအဆများ ဖြစ်ပေါ်တိုးတက်လာပုံကို ခြေရာကောက်ထားသည်။

**Wheeler, N.J.** (2001). *Saving Strangers: Humanitarian Intervention in International Society*. Oxford: Oxford University Press.

ကြားဝင်ဆောင်ရွက်မှုအကြောင်း၊ အထူးသဖြင့် ၁၉၉၀ ခုနှစ်များအတွင်း ကြားဝင် ဆောင်ရွက်မှုများ အကြောင်း သဘောတရားပိုင်းဆိုင်ရာနှင့် လက်တွေ့ပိုင်းဆိုင်ရာ စိန်ခေါ်မှုများအကြောင်း အစေ့ပိုင်း လေ့လာသုံးသပ်ချက် ဖြစ်သည်။

## ဝက်ဘ်ဆိုဒ်များ

**http://www.amnesty.org/** Amnesty International သည် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများနှင့် နိုင်ငံတကာ အတိုင်းအတာဖြင့် ရပ်တည်ချက်နှင့် စည်းရုံးလှုပ်ရှားမှုများအတွက် လူသိများသော အဖွဲ့အစည်း ဖြစ်သည်။ အဖွဲ့သည် ကမ္ဘာတစ်ဝှမ်းလုံးရှိ အစိုးရများ၊ ကုမ္ပဏီများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအပေါ် ဩဇာလွှမ်းမိုးရန် လူထုဖိအားနှင့် ဖိအားပေး စည်းရုံးမှုများကို စုစည်း ဆောင်ရွက်ခြင်းဖြင့် လှုပ်ရှားသည်။ ၁၉၆၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် နိုင်ငံပေါင်း ၁၅၀ နိုင်ငံ၌ အသင်းဝင် ၂ သန်း ရှိလာခဲ့သည်။

**http://www.hrw.org** Human Rights Watch လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့သည် ဟယ်စင်ကီဖြစ်စဉ်နှင့် ဟယ်စင်ကီဝေါ့ရှ် လူ့အခွင့်အရေး စောင့်ကြည့်ရေး အုပ်စုများမှ တိုက်ရိုက် ပေါက်ဖွားခဲ့ခြင်း ဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး အမေရိကန်နိုင်ငံတွင် အခြေစိုက်သည့် အကြီးဆုံး လူ့အခွင့်အရေး အဖွဲ့အစည်း ဖြစ်သည်။

http://www.crisisgroup.org/home/index.cfm The International Crisis Group (ICG). ICG အား ၁၉၉၅ ခုနှစ်တွင် ဆိုမားလီယား၊ ရဝန်ဒါနှင့် ဘော့စနီးယားနိုင်ငံများရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်ဆိုးများကို တုံ့ပြန်မှုအဖြစ် ပဋိပက္ခ လေ့လာရေး၊ တားဆီးရေးနှင့် ဖြေရှင်းရေး လုပ်ဆောင်နေကြသော အစိုးရများနှင့် အန်ဂျီအိုများအား ပဋိပက္ခ ကြိုတင်သတိပေးခြင်း၊ မြေပြင်အခြေစိုက် လေ့လာသုံးသပ်ချက်များနှင့် မူဝါဒ အကြံပြုချက်များကို ပေးရန်ဖွဲ့စည်းခဲ့သည်။ အလားတူ အန်ဂျီအို အများအပြားနှင့် မတူသောအချက်မှာ ဤအဖွဲ့အား အစိုးရအဖွဲ့ဝင်ဟောင်းများနှင့် ထင်ရှားသော နိုင်ငံခေါင်းဆောင်များ အမျိုးသား၊ အမျိုးသမီးများဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

http://www.osce.org/odihr/ The Office for Democratic Institutions and Human Rights (ODIHR) (ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း (OSCE). ဒီမိုကရက်တစ် အင်စတီကျူးရှင်းများနှင့် လူ့အခွင့်အရေးများဆိုင်ရာ ရုံး သည် OSCE အဖွဲ့ဝင်နိုင်ငံများအတွင်း လူ့အခွင့်အရေးများနှင့် အခြေခံအခွင့်အရေးများကို ကာကွယ်ရန် ကြိုးပမ်းသော OSCE အတွင်းတွင်ရှိသော အဖွဲ့ခွဲတစ်ခု ဖြစ်သည်။ OSCE ၏ ပထဝီဧရိယာ အကျယ်အဝန်းသည် ဗန်ကူးဗားမှသည် ဗလာဒီဗော့စတော့အထိ ကျယ်ပြန့်သည်။ ဝါဆောမြို့တွင် အခြေစိုက်ပြီး ODIHR သည် လူနည်းစုများ ကာကွယ်ရေး၊ ဒေသအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီ အပြောင်းအလဲကို ကာကွယ်မြှင့်တင်ရေးကို အဓိက လုပ်ဆောင်သည်။

http://www.cidh.org/DefaultE.htm The Inter-American Commission on Human Rights (IACHR). အမေရိကတိုက်လုံးဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင်သည် အမေရိကတိုက်နိုင်ငံများအဖွဲ့ (OAS) ၏ လွပ်လပ်စွာ ရပ်တည်သော အဖွဲ့တစ်ခု ဖြစ်သည်။ ၁၉၄၈ ခုနှစ် ကိုလံဘီယာနိုင်ငံတွင် အတည်ပြုခဲ့သော လူသားများ၏ အခွင့်အရေးများနှင့် တာဝန်များဆိုင်ရာ အမေရိကတိုက် ကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီးနောက် ၁၉၅၉ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် IACHR သည် လူ့အခွင့်အရေးများဆိုင်ရာ အမေရိကန် သဘောတူစာချုပ်ကို အတည်ပြုခဲ့သည်။ တည်ထောင်ပြီးစ အစောပိုင်းကာလ၌ ထိရောက်မှု များများစား မရှိခဲ့သော်လည်း IACHR သည် ၂၀၀၈ ခုနှစ်တွင် ပီရူးနိုင်ငံခေါင်းဆောင်ဟောင်း အယ်ဘာတ်တိုဖူဂျီမိုရီအား ခိုင်မာပြတ်သားစွာ တရားစွဲဆိုနိုင်မှုက ပြသခဲ့သည့်အတိုင်း ၁၉၉၀ ခုနှစ်များနှောင်းပိုင်းမှစ၍ စွမ်းဆောင်ရည်ကို သိသိသာသာ မြှင့်တင်လာနိုင်ခဲ့သည်။

http://www.achpr.org/ The African Commission on Human and People's Rights (ACHPR). လူသားများနှင့် လူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ အာဖရိကတိုက် ကော်မရှင်ကို လူသားများနှင့် လူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ အာဖရိကတိုက်ပဋိညာဉ်၏ အာဏာအရ ဖွဲ့စည်းခဲ့သည်။ ဤပဋိညာဉ်သည် အာဖရိကသမဂ္ဂ၏ ဦးဆောင်ကွပ်ကဲမှုဖြင့် ၁၉၈၆ ခုနှစ်တွင် အာဏာတည်လာခဲ့သည်။

http://www.globalr2p.org Global Centre for the Responsibility to Protect. ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား အမှန်တကယ်ဖြစ်ပွားနေသော သို့မဟုတ် ဖြစ်ပွားနိုင်ခြေရှိသော ရက်စက်ကြမ်းကြုတ်မှုများနှင့် စပ်လျဉ်းပြီး လုပ်ဆောင်ရန် တိုက်တွန်းသော ထုတ်ပြန်ချက်များနှင့် ပုံမှန်စောင့်ကြည့်မှု အပါအဝင် R2P အကြောင်းရေးသားဖော်ပြသော လှုပ်ရှားမှုအရှိဆုံး ဆိုက်ဖြစ်သည်။

http://www.r2pasiapacific.org The Asia-Pacific Centre for the Responsibility to Project. အတက်ကြွဆုံး R2P သုတေသန ဌာနဖြစ်ပြီး အာရှပစိဖိတ်ဒေသအပေါ် သီးသန့်မဟုတ်သော်လည်း အဓိက ဦးတည်သည်။ အကျဉ်းချုပ် တင်ပြချက်များ၊ အစီအရင်ခံစာများ အပါအဝင် လူတိုင်းအတွက် ဖွင့်ပေးထားသော ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ အများအပြားရှိသည်။

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၄) နိုင်ငံတကာ ဥပဒေမှ လူ့အခွင့်အရေး

**ရိုနာ ကေ အမ် စမစ် (Rhona K. M. Smith)**

အခန်း မာတိကာ

- နိဒါန်း
- နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ ပြောင်းလဲလာပုံ သမိုင်းကြောင်း
- နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ၏ အရင်းအမြစ်များ
- နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို စောင့်ကြည့်ခြင်းနှင့် စည်းကြပ်ခြင်း
- နိဂုံး

စာဖတ်အညွှန်း

ယခုအခန်းတွင် လူ့အခွင့်အရေး၏ နိုင်ငံတကာ ဥပဒေ နောက်ခံကို မိတ်ဆက်ထားသည်။ လူ့အခွင့်အရေးအတွက် (သီအိုရီပိုင်းထက်) လက်တွေ့ပိုင်း မူဘောင်ကို ချပြခြင်းဖြင့် နောင်လာမည့် အခန်းများနှင့် ချိတ်ဆက်ထားသည်။ အချုပ်ဆိုရသော် ယခုအခန်းသည် (ဥပဒေတွင်) လူ့အခွင့်အရေးများကို မည်သည့်နေရာတွင် ရှာဖွေရမည်နှင့် ထိုအခွင့်အရေးများနှင့် လွတ်လပ်ခွင့် များကို နိုင်ငံများက လေးစားလိုက်နာစေရန် မည်သို့ လုပ်ဆောင်ရမည်ကို ထည့်သွင်း စဉ်းစား ထားသည်။ အဓိက စာချုပ်စာတမ်းများ (သဘောတူစာချုပ်များ) ကို ဦးစွာ တင်ပြပြီး လူ့အခွင့်အရေး စောင့်ကြည့်ရန်နှင့် စည်းကြပ်ရန် နည်းလမ်းများကို ရှင်းလင်းပြကာ အင်စတီကျူးရှင်း ဆိုင်ရာ မူဘောင်များကို စဉ်းစားသွားပါမည်။ နိုင်ငံရေးနှင့် တရားဥပဒေကို သီးခြားစီ ခွဲ၍ စဉ်းစား မရပေ။ နိုင်ငံတကာ စာချုပ်စာတမ်းများ ရေးဆွဲရာနှင့် လက်မှတ်ရေးထိုးရာတွင် နိုင်ငံရေး စိတ်ဆန္ဒ လိုအပ်သည်။ နိုင်ငံတကာ လူ့အခွင့်အရေး စောင့်ကြည့်ရာနှင့် စည်းကြပ်ရာတွင်လည်း နိုင်ငံရေး စိတ်ဆန္ဒက အချက် တစ်ချက် ဖြစ်သည်။ သို့ရာတွင် တရားဥပဒေ မရှိပါက နိုင်ငံတကာ လူ့အခွင့်အရေးသည် ယနေ့ လက်ရှိအခြေအနေထက် ထိတွေ့ရန်၊ တိုင်းတာရန်နှင့် စည်းကြပ်ရန် ပို၍ ခက်ခဲမည်မှာ သံသယ ဝင်ဖွယ် မရှိပေ။

## နိဒါန်း

နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများသည် ယခုအခါတွင် ပြည်သူ့ နိုင်ငံတကာ ဥပဒေ၏ အဓိက အစိတ်အပိုင်း ဖြစ်နေပြီ ဖြစ်သည်။ လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းသည် နိုင်ငံများအကြား လိုက်နာရမည့် တာဝန်ဆိုင်ရာ လက္ခဏာ တစ်ခုတည်းသာ မဟုတ်ဘဲ နိုင်ငံတော်မှ ၎င်းတို့၏ ပြည်သူများအပေါ် လေးစားရမည့် တာဝန်လည်း ဖြစ်သောကြောင့် ယင်းကို နိုင်ငံတကာ ဥပဒေ၏ သီးသန့် ဘာသာရပ်ခွဲ အဖြစ် သတ်မှတ်ကြသည်။ လူ့အခွင့်အရေးကို လက်ခံခြင်းသည် တရားဥပဒေ စိုးမိုးခြင်းက အရေးအကြီးဆုံး ဖြစ်ကြောင်း နိုင်ငံတော်က အသိအမှတ် ပြုလိုက်ခြင်း ဖြစ်သည်။ ယခုအခန်းတွင် လူ့အခွင့်အရေး၏ နိုင်ငံတကာ ဥပဒေ နောက်ခံကို မိတ်ဆက်ထားပါသည်။

နိုင်ငံများ အားလုံးသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ အချို့ကို လေးစားလိုက်နာကြောင်း ပြသလိုကြသည်။ ယင်းအကြောင်းအရာများကို ဤစာအုပ်ရှိ အခြားအခန်းများတွင် အသေးစိတ် ဖော်ပြပေးထားသည်။ ထိုအခွင့်အရေးများကို ဥပဒေအရ စည်းနှောင်မှု ရှိသည့် ပုံစံ သဘောတူ စာချုပ်များအဖြစ် ရေးသားထားသောကြောင့် လွယ်လင့်တကူ ရှာဖွေနိုင်သည်။ ထိုအခွင့်အရေးများ (ထိတွေ့နိုင်သော ဥပဒေ ပုံစံဖြင့်) တည်ရှိခြင်းသည် မေးခွန်းထုတ်စရာ မလိုသော်လည်း ၎င်းတို့တွင် ပါဝင်သည့် အချက်များကို ငြင်းခုန်နေကြဆဲ ဖြစ်သည်။ နိုင်ငံအားလုံးက ၎င်းတို့၏ ပိုင်နက် နယ်နိမိတ်အတွင်း အဓိက လူ့အခွင့်အရေးနှင့် အခြေခံကျသော လွတ်လပ်ခွင့်များ လေးစားခြင်းကို မြှင့်တင်နေသည်ဟု ဆိုကြသည်။ သို့ရာတွင် ထိုစာရင်းချထားသည့် အခွင့်အရေးနှင့် လွတ်လပ်ခွင့် အားလုံးကို နိုင်ငံတိုင်းက လက်ခံထားခြင်း မဟုတ်ပေ။ လူ့အခွင့်အရေးကို ဖော်ပြထားသည့် မတူညီသော ဥပဒေ ဖိအား ရှိသော စာချုပ်စာတမ်း ရာပေါင်းများစွာ ရှိလေရာ ဤသည်မှာ အံ့ဩစရာတော့ မဟုတ်ပေ။ ဥပဒေ ရှုထောင့်မှ ကြည့်လျှင် စည်းကြပ်နိုင်မှု အရှိဆုံး လူ့အခွင့်အရေးများကို သဘောတူစာချုပ်များ၊ အထူးသဖြင့် နိုင်ငံအများအပြား ပါဝင်သည့် သဘောတူစာချုပ်များ (ဆိုလိုသည်မှာ နိုင်ငံအများအပြား ပါဝင်လက်မှတ် ရေးထိုးသည့် နိုင်ငံတကာ သဘောတူစာချုပ်များ) တွင် ဖော်ပြထားသည်။ မည်သို့ပင် ဆိုစေကာမူ အဆိုပါ နိုင်ငံ အများအပြား ပါဝင်သည့် သဘောတူစာချုပ်များမတိုင်မီကပင် နိုင်ငံများအပေါ် စည်းကြပ်နိုင်သည့် လူ့အခွင့်အရေး ဥပမာ အများအပြား ရှိသည်။ ထို့ပြင် ထိုအခွင့်အရေး အများအပြားမှာ ယခုအခါတွင် သဘောတူစာချုပ်များတွင် ပါဝင်နေပြီ ဖြစ်သည်။

ယခုအခန်းကို လူ့အခွင့်အရေး ဥပဒေ၏ မူလ အစ၊ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ ဖန်တီးရာတွင် အခြေခံကျသော သက်ရောက်မှုများကို လေ့လာခြင်းဖြင့် စဖွင့်ပါမည်။ နိုင်ငံတကာ ဥပဒေ သဘောတရား ဖော်ထုတ်ရာ၌ ဤအချက်က ထင်ဟပ်ပြသော၊ ဖြစ်စေသော အပြောင်းအလဲကြီးကိုလည်း အသားပေး ဖော်ပြသွားပါမည်။ ကမ္ဘာတစ်ဝန်းမှ ရင်နာဖွယ်ရာ ဖြစ်ရပ်များက နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ ကျင့်သုံးရန် လိုအပ်နေကြောင်းကို မကြာခဏ သက်သေပြနေသည်။ လူ့အခွင့်အရေး အောင်မြင်စေရေးတွင် နိုင်ငံရေး စိတ်ဆန္ဒသည် အရေးပါသည့် အချက် တစ်ခု ဖြစ်သည်။ သဘောတူညီချက် မရှိဘဲနှင့် မည်သည့် သဘောတူစာချုပ်မှ ဥပဒေ ဖြစ်မလာနိုင်ပေ။ နိုင်ငံ၏ ယေဘုယျ အလေ့အကျင့်များသို့ ထည့်သွင်းခြင်း (သို့) နိုင်ငံတကာမှ စောင့်ကြည့်ခြင်း (သို့) စည်းကြပ်ခြင်းလည်း မလုပ်နိုင်ပေ။

အဆိုပါ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ ပြောင်းလဲလာပုံကို လေ့လာပြီးနောက် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ၏ အဓိက အရင်းအမြစ်များကို ဖော်ပြသွားပါမည်။ အဓိက လူ့အခွင့်အရေး စာချုပ်စာတမ်းများကို မဖော်ပြမီ လူ့အခွင့်အရေး ဖော်ပြပုံ အမျိုးမျိုးကို တင်ပြသွားပါမည်။ တွေ့ကြရမည် ဖြစ်သည့်အတိုင်း နိုင်ငံ တစ်နိုင်ငံက လူ့အခွင့်အရေး သဘောတူစာချုပ် တစ်ခုကို လက်ခံလိုက်သည့်တိုင် ဥပဒေ ဆိုင်ရာ နည်းလမ်း အမျိုးမျိုးဖြင့် ဥပဒေ အရ အပြည့်အဝ တာဝန် ယူရခြင်းကို ရှောင်လွှဲနိုင်ဆဲ ဖြစ်သည်။ ယင်းအချက်မှာ အရေးပါသည်။ အဘယ်ကြောင့် ဆိုသော ယင်းတို့က တစ်ခါတရံတွင် နိုင်ငံ၏ တာဝန်ရှိမှု အတိုင်းအတာအပေါ် သက်ရောက်မှု ရှိသောကြောင့် ဖြစ်သည်။

| စာသေတ္တာ ၄.၁။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို အွန်လိုင်းတွင် ရှာဖွေခြင်း |
|---|
| ၂၁ ရာစုတွင် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် အပြည့်အဝ ထိတွေ့ ဆက်ဆံ အသုံးပြုရန် အွန်လိုင်း အရင်းအမြစ်များကို အသုံးချရန် လိုအပ်လာသည်။ အဓိက အရင်းအမြစ် အားလုံးမှာ အွန်လိုင်းတွင် ဘာသာစကား ပေါင်းစုံနှင့် အခမဲ့ ရရှိနိုင်သည်။ အဓိက ဝက်ဘ်ဆိုဒ်များနှင့် ရင်းနှီးသွားပြီးသည်နှင့် လူ့အခွင့်အရေး အခြေခံ အကြောင်းအရာ အများအပြားကို လေ့လာနိုင်သည်။ နေရာ အခက်အခဲကြောင့် ယခုစာအုပ်တွင် ကုလသမဂ္ဂ၏ ဝက်ဘ်ဆိုဒ်ကိုသာ တင်ပြသွားပါမည်။ http://www.ohchr.org<br><br>ထိုဝက်ဘ်ဆိုဒ်သည် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ ဝက်ဘ်ဆိုဒ် ဖြစ်သည်။ အချက်အလက်များကို လမ်းကြောင်း အမျိုးမျိုးဖြင့် ရှာဖွေနိုင်သည်။ ပင်မ စာမျက်နှာ၏ ညာဘက်ရှိ quick links က သင့်တော်ရာ ဝက်ဘ်ဆိုဒ်များထံ တိုက်ရိုက် ခေါ်ဆောင်သွားလိမ့်မည်။<br><br>ပင်မ စာမျက်နှာမှ အပေါ် ခေါင်းစီးတွင် ပါရှိသည့် အောက်ပါ လင့်ခ် (link) များမှာ မှတ်သားစရာ ဖြစ်သည်။<br><br>**သင်၏ လူ့အခွင့်အရေး (Your human rights)**<br>ယင်းက နိုင်ငံတကာ ဥပဒေနှင့် ချိတ်ဆက်ထားပြီး ထိုမှတစ်ဆင့် အဓိက နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်စာတမ်းများနှင့် ချိတ်ဆက်ထားပြီး ကုလသမဂ္ဂ လူ့အခွင့်အရေး သဘောတူ စာချုပ်များ၊ စာချုပ်စာတမ်းများ၊ စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များ အပြည့်အစုံကို ဖော်ပြထားသည်။ လူ့အခွင့်အရေး စာချုပ်စာတမ်းများကို ပင်မ စာမျက်နှာ၏ ညာဘက်မှလည်း သွားရောက်နိုင်သည်။ ယင်းမှာ သင်လိုအပ်မည့် အဓိက အရင်းအမြစ်ပင် ဖြစ်သည်။<br><br>**နိုင်ငံများ**<br>ယင်းက ကမ္ဘာတစ်ဝန်းရှိ လူ့အခွင့်အရေးများမှ တစ်ဆင့် မြေပုံနှင့် ပါဝင်သည့် နိုင်ငံများကို အင်္ဂလိပ် အက္ခရာများအရ စီစဉ်ထားသည့် စာမျက်နှာသို့ ရောက်သွားမည်။ နိုင်ငံ တစ်နိုင်ငံချင်းစီ၏ လက်မှတ်ရေးထိုးမှု အခြေအနေဆိုင်ရာ သတင်းအချက်အလက်များကို ထိုနေရာမှ ရနိုင်သည် (လက်မှတ်ရေးထိုးထားခြင်း၊ အခွင့်အရေးများ ဆိုင်းငံ့ထားခြင်း၊ ခြွင်းချက်ထားခြင်း)။ ထို့ပြင် အထူး လုပ်ထုံးလုပ်နည်း အစီရင်ခံစာများနှင့် သဘောတူစာချုပ် စောင့်ကြည့်ရေး အဖွဲ့များထံမှ နိဂုံးချုပ် တွေ့ရှိချက်များကိုလည်း လေ့လာနိုင်သည်။ |

**လူ့အခွင့်အရေး အဖွဲ့များ**
ယင်းက ကုလသမဂ္ဂ သဘောတူစာချုပ်နှင့် သဘောတူစာချုပ် စောင့်ကြည့်ရေး အဖွဲ့များ အားလုံး၏ ပေါ်တယ်လ်နှင့် ချိတ်ဆက်ထားသည်။ သဘောတူစာချုပ် စောင့်ကြည့်ရေး အဖွဲ့ ပြုပြင် ပြောင်းလဲရေးနှင့် အားကောင်းစေရေး ဖြစ်စဉ်ဆိုင်ရာ အချက်အလက်များလည်း တင်ပြထားသည်။ သဘောတူစာချုပ် စောင့်ကြည့်ရေး အဖွဲ့ တစ်ခုချင်းစီ၏ စာမျက်နှာများရှိပြီး ယင်းစာမျက်နှာများတွင် သက်ဆိုင်ရာ သဘောတူစာချုပ်များ၊ အစီရင်ခံပုံ လမ်းညွှန်ချက်များ၊ ကော်မတီဆိုင်ရာ သတင်းအချက်အလက်များ၊ နိုင်ငံ တစ်နိုင်ငံချင်းစီမှ ကော်မတီထံ အစီရင်ခံစာများ၊ (ကြားနာခြင်းများမှ တစ်ဆင့်) ကော်မတီ၏ အပြီးသတ် တွေ့ရှိချက်များနှင့် ကော်မတီ၏ အထွေထွေ မှတ်ချက်များ၊ အကြံပြုချက်များ ပါဝင်သည်။

**ထုတ်ဝေမှုများနှင့် အရင်းအမြစ်များ**
ယင်းက ထုတ်ဝေမှုများ စာမျက်နှာနှင့် ချိတ်ဆက်ထားသည်။ အချက်အလက် စာရွက်များနှင့် အထူးထုတ် စာတမ်းများ အပါအဝင် လူ့အခွင့်အရေးဆိုင်ရာ အသုံးဝင်သော အီလက်ထရောနစ် ထုတ်ဝေမှုများကို တွေ့ရှိနိုင်သည်။

လူ့အခွင့်အရေး စာရင်းများကို ဖော်ပြခြင်းက အကျိုးကျေးဇူးများ ရှိသော်လည်း ဥပဒေတွင် ရေးသား ဖော်ပြထားသည့် အချက်များကို လက်တွေ့ကျသော လုပ်ဆောင်ဖွယ်ရာများအဖြစ် ပြောင်းလဲခြင်းမှာ အဓိက ကိစ္စရပ် ဖြစ်သည်။ ထို့ကြောင့် ဆက်လက်၍ အင်စတီကျူးရှင်း မူဘောင်များကို လေ့လာသွားမည် ဖြစ်ပြီး လူ့အခွင့်အရေး စောင့်ကြည့်ရေးနှင့် စည်းကြပ်ရေး နည်းလမ်းများကို ဆွေးနွေးဖော်ထုတ် သွားပါမည်။ ဤနေရာတွင်လည်း နိုင်ငံရေး စိတ်ဆန္ဒသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ စောင့်ကြည့်ရေးနှင့် စည်းကြပ်ရေးတွင် အဓိက အချက် တစ်ခု ဖြစ်သည်။ လူ့အခွင့်အရေးများကို ဥပဒေအရ စည်းကြပ်နိုင်ပါသလား။ ပို၍ အရေးပါသည့် အချက်မှာ လူတစ်ဦးက နိုင်ငံတော်သည် သူ (သို့) သူမ၏ လူ့အခွင့်အရေးကို ချိုးဖောက်သည်ဟု ဆိုနိုင်ပါသလား။ (နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများကို အွန်လိုင်းတွင် ရှာဖွေရန် လမ်းညွှန်ကို စာသေတ္တာ ၄.၁ တွင် ရှုပါ။)

## နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ ပြောင်းလဲလာပုံ သမိုင်းကြောင်း

ယခု အပိုင်းတွင် လူ့အခွင့်အရေး ပြောင်းလဲလာပုံ အထူးသဖြင့် အတွေးအခေါ်ပိုင်းဆိုင်ရာ အကောင်းဆုံး အခြေအနေများက နိုင်ငံတကာ ဥပဒေ (သဘောတူစာချုပ်များ) အဖြစ် ပြန်လည် မွေးဖွားလာပုံကို တင်ပြသွားပါမည်။ နောက်တစ်ပိုင်းတွင် ယနေ့ခေတ် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ၏ အရင်းအမြစ်များကို လေ့လာသွားပါမည်။ လွန်ခဲ့သော ရာစုနှစ်ပေါင်း များစွာက လူတစ်ဦးချင်းစီ၏ အချို့သော အခွင့်အရေးများကို လေးစားသည့် ဥပဒေများနှင့် မူဝါဒများ ရှိခဲ့သည်။ ဘာသာရေး စာတမ်း အများစုက လိုက်နာ ကျင့်သုံးသူများသည် ယုံကြည်ကိုးကွယ်မှုတွင် ဖော်ပြထားသည့် ဘဝ နေထိုင်နည်းများကို လိုက်နာသည်ဟု ယူဆကာ ထိုသူများအတွက် အချို့သော အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ပြဋ္ဌာန်းထားသည်။ အမြင်ပွင့်ခေတ်က တွေးခေါ် ပညာရှင် များကလည်း လူ့အခွင့်အရေး သဘောတရားများ

ဖြစ်ပေါ် တိုးတက်မှုတွင် ပါဝင်ခဲ့သည် (အခန်း ၁ တွင် ရှုပါ)။ လူ့အခွင့်အရေး၏ မူလ အရင်းအမြစ်က ဥရောပကို အခြေပြုသည်ဟူသည့် စွပ်စွဲချက်များကို ပြန်လည် ချေပရန် ခရစ်ယာန် ဘာသာဝင် မဟုတ်သူများ၏ တွေးခေါ်မှု သဘောထားများကိုလည်း လေ့လာနိုင်သည်။ လူ့အခွင့်အရေးတွင် သမိုင်းကြောင်းရှည် ရှိခဲ့သည်။ ထိုသမိုင်းကြောင်း အများစုကို ယနေ့အခါ ဆွေးနွေးလေ့ မရှိပေ (Burgers, 1992)။ သံသယ ဝင်စရာ မလိုသည့် အချက်မှာ ၂၀ ရာစုတွင် ပေါ်ထွက်လာခဲ့သော ဥပဒေအရ စည်းနှောင်မှု ရှိသည့် စာချုပ်စာတမ်း (သဘောတူစာချုပ်) အများစုက ခေတ်ပေါ် လူ့အခွင့်အရေး ဥပဒေ၏ ပုံစံကို ဖော်ဆောင်ထားသည်။ သို့ရာတွင် ယင်းသဘောတူစာချုပ်များမှာ နိုင်ငံတကာ လူ့အခွင့်အရေး၏ ပထမဆုံးသော သဘောတူစာချုပ်များ မဟုတ်ပေ။ လူ့အခွင့်အရေး စာချုပ်စာတမ်း ဆိုင်ရာ အစောပိုင်း ဥပမာများတွင် ကျွန်စနစ် ဖျက်သိမ်းခြင်း၊ လူသားချင်း စာနာမှု ဆိုင်ရာ ဥပဒေနှင့် လူနည်းစု ကာကွယ်ရေး အာမခံချက်များကို အာရုံစိုက်ခဲ့ ကြသည်။

အစောပိုင်း လူ့အခွင့်အရေး သဘောတူညီချက် ဥပမာများကို လေ့လာပြီးနောက် ယနေ့ခေတ် နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်စာတမ်းများကို ဆွေးနွေး သွားပါမည်။

## ကျွန်စနစ် ဖျက်သိမ်းခြင်း

ယနေ့ခေတ်တွင် ကျွန်စနစ်ကို တစ်ကမ္ဘာလုံး ရှုတ်ချထားပြီး နိုင်ငံများ အားလုံးတွင် တရားမဝင်ဟု သတ်မှတ်ထားပြီ ဖြစ်သည်။ ကျွန်စနစ်ကို တားမြစ်ခြင်းသည် နိုင်ငံအားလုံးက နိုင်ငံတကာ အသိုင်းအဝိုင်းအပေါ် ထားရှိသည့် တာဝန် ဖြစ်သည် (အဆိုပါ တာဝန်များနှင့် စပ်လျဉ်း၍ Bercelona Traction အမှုတွင် ရှုပါ (*Belgium v. Spain* (1970), ICJ Reps 32))။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာခန့်လောက်က ဗြိတိန်နှင့် အမေရိကန် နိုင်ငံတို့သည် လူများကို ကုန်ကူးခြင်းအား တားမြစ်သည့် ပြည်တွင်း ဥပဒေများ ချမှတ်ကာ ကျွန်ကုန်ကူးခြင်းကို အဆုံးသတ်ရန် စတင် လုပ်ဆောင်ခဲ့ကြသည်။ နှစ်ခြောက်ဆယ်ကျော် ကြာသည့်တိုင် ဗြိတိန်နှင့် အခြား နိုင်ငံများကြား နှစ်နိုင်ငံ သဘောတူစာချုပ်များ (နှစ်နိုင်ငံအကြား ဥပဒေအရ စည်းနှောင်မှု ရှိသော သဘောတူ စာချုပ်များ) ချုပ်ဆိုကာ ၎င်းတို့ နိုင်ငံသားများကို ကျွန်ကုန်ကူးခြင်းတွင် ပါဝင်ခြင်းမှ တားမြစ်ခဲ့ကြသည် (Martinez, 2008)။ ၁၈၁၅ တွင် ဗီယင်နာ နိုင်ငံတကာ ကွန်ဂရက်က ကျွန်ရောင်းဝယ်ခြင်းသည် လက်ခံနိုင်ဖွယ် မရှိဟု သတ်မှတ်ခဲ့သည်။ နိုင်ငံပေါင်းချုပ် အသင်းကြီး၏ ဦးဆောင်မှု အောက်တွင် ကျွန်စနစ် ဆိုင်ရာ ကော်မရှင်ကို တည်ထောင်ခဲ့ပြီး ၁၉၂၆ ခုနှစ် ကျွန်စနစ်ဆိုင်ရာ သဘောတူ စာချုပ်ကို ရေးဆွဲ အတည်ပြုခဲ့သည် (League of Nations, 1926)။ ထိုစာချုပ်ပြီးနောက် ၁၉၅၆ ခုနှစ်တွင် ကျွန်စနစ်၊ ကျွန်အရောင်းအဝယ် ပြုမှုနှင့် ကျွန်စနစ်နှင့် ဆင်တူသော အင်စတီကျူးရှင်းများနှင့် အလေ့အကျင့်များကို ဖျက်သိမ်းခြင်း ဆိုင်ရာ ဖြည့်စွက် သဘောတူ စာချုပ်ကို ပြဋ္ဌာန်းခဲ့သည်။ ထိုသို့ လုပ်ဆောင်ခဲ့သော်လည်း ယနေ့ခေတ် ကျွန်စနစ်နှင့် အလားတူများမှာ ကျန်ရှိနေဆဲ ဖြစ်သည်။ လူကုန်ကူးခြင်းနှင့် အတင်းအဓမ္မ အလုပ်စေခိုင်းခြင်း တို့မှာ အထင်ရှားဆုံး ဥပမာများ ဖြစ်သည်။ အထူးသဖြင့် လူကုန်ကူးခြင်းမှာ ကြီးထွားလာနေပြီး ယင်းကို တိုက်ဖျက်ရန် ခေတ်ပေါ် သဘောတူစာချုပ်များနှင့် နိုင်ငံဖြတ်ကျော် လှုပ်ရှားမှုများကို ၂၁ ရာစုတွင် လုပ်ဆောင်နေကြသည် (အခန်း ၁၆ တွင် ရှုပါ)။

## လူသားချင်း စာနာမှု ဆိုင်ရာ ဥပဒေနှင့် စစ်ပွဲ ဥပဒေများ

လူသားချင်း စာနာမှု ဆိုင်ရာ ဥပဒေ၊ ကြမ်းကြုတ်မှုများ အတွက် စည်းမျဉ်းများဆိုင်ရာ သဘောတူ စာချုပ်များသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ၏ အစောပိုင်းတွင် ပေါ်ပေါက်လာသည်။ ထိုသဘောတူစာချုပ်များ၏ ရည်ရွယ်ချက်မှာ ရန်သူများကိုသာ ပစ်မှတ်ထားပြီး အရပ်သားများကို ကာကွယ်ပေးခြင်းဖြင့် ပဋိပက္ခများကို ယဉ်ကျေးစေခြင်း ဖြစ်သည်။ သတ်ဖြတ်မှု ပြုနိုင်သည့် နည်းလမ်းများအတွက် သဘောတူညီချက်များလည်း ရှိခဲ့သည် (လူသားဆန်သော သေဆုံးမှု)။ ယနေ့ခေတ်တွင် ထိုဥပဒေမှာ ရှိနေဆဲ ဖြစ်သည်။ ၁၉၀၇ ခုနှစ် သည်ဟော့ဂ် စစ်ပွဲ ဥပဒေနှင့် ၁၉၄၉ နှင့် ၁၉၇၇ ဂျနီဗာ သဘောတူစာချုပ်နှင့် နောက်ဆက်တွဲ စာချုပ်များသည် အထင်ရှားဆုံး ဥပမာများ ဖြစ်သည်။ နောက်ပိုင်း သဘောတူ စာချုပ်များတွင် မြေမြှုပ်မိုင်း သုံးစွဲမှု တားဆီးရေး သဘောတူ စာချုပ်နှင့် ၂၀၀၈ ခုနှစ် ဒီဇင်ဘာတွင် လက်မှတ်ရေးထိုးရန် စတင် ဖွင့်ပေးခဲ့သည့် ဖောက်ခွဲရေး လက်နက်များ ဆိုင်ရာ သဘောတူ စာချုပ်တို့ ဖြစ်သည်။

ထိုသဘောတူစာချုပ်များအရ စစ်သားများ၏ အခွင့်အရေးများကို လိုက်နာရန် ပျက်ကွက်သူ များအတွက် ဥပဒေအရ တာဝန်ခံရခြင်းများ ရှိလာသည်။ ထိုဖြစ်ရပ်များကို ဒုတိယ ကမ္ဘာစစ်အပြီး တိုကျို ခုံရုံးနှင့် နျူရင်ဘတ် ခုံရုံး ဖြစ်ရပ်များတွင် တွေ့နိုင်သည်။ စစ်ရှုံးသွားသော ခေါင်းဆောင် များသည် လူ့အခွင့်အရေး အစုလိုက် အပြုံလိုက် ချိုးဖောက်မှုများကြောင့် တရားစွဲဆို အပြစ်ပေး ခံရသည် (များသောအားဖြင့် သေဒဏ် ပေးခံရသည်)။ ရာဇဝတ်မှု တရား စီရင်ရေးအတွက် ဖွဲ့စည်းခဲ့သော အထူး တရားရုံးများနှင့် ရှောင်တခင် ခုံရုံးများ အများအပြား ထွက်ပေါ်ခဲ့ပြီးနောက် ၁၉၉၈ ခုနှစ်တွင် နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး (International Criminal Court (ICC)) ကို နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးဆိုင်ရာ ရောမ သဘောတူစာချုပ်မှ တစ်ဆင့် စတင် တည်ထောင်ခဲ့သည်။ ICC သည် ပြည်တွင်း တရားရုံးများက မလုပ်နိုင် (သို့) မလုပ်လိုသောအခါ စစ်ရာဇဝတ်မှုများနှင့် လူသားချင်း စာနာမှု ဆိုင်ရာ ဥပဒေများ ချိုးဖောက်ခြင်းကို စစ်ဆေးရန်နှင့် စီရင်ရန် တာဝန်ရှိသည်။ အခြားသော လူ့အခွင့်အရေးများ ချိုးဖောက်ခြင်းကိုမူ (ကျွန်ုပ်တို့ တွေ့ရမည့်အတိုင်း) ICC တွင် တရားစွဲဆိုခွင့် မရှိပေ။

လူသားချင်း စာနာမှု ဆိုင်ရာ ဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေးတို့သည် နီးကပ်စွာ ဆက်စပ်နေ သော်လည်း ဥပဒေနှင့် မူဝါဒပိုင်းတွင် သီးသန့် နယ်ပယ်များအဖြစ် ပြောင်းလဲလာကြသည်။ လူ့အခွင့်အရေးကို ယေဘုယျ အနေဖြင့် အသုံးပြုနိုင်သည်။ နိုင်ငံတော်သည် အားလုံးအတွက် ကြေညာထားပြီး လက်ခံထားသော လူ့အခွင့်အရေးကို လိုက်နာရန် လိုအပ်သည်။ တစ်ဘက်တွင်မူ လူသားချင်း စာနာမှု ဆိုင်ရာ ဥပဒေများသည် ဖော်ပြထားသည့် အရေးပေါ် အခြေအနေများ (သို့) ပဋိပက္ခများတွင် လေးစားလိုက်နာရမည့် အနိမ့်ဆုံး အခွင့်အရေးများ ဖြစ်သည် (အခန်း ၂၁ တွင် ရှုပါ)။ နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေကို ချိုးဖောက်ခြင်းသည် လူတစ်ဦးချင်းစီအပေါ် တရားစွဲဆို အပြစ်ပေးခြင်းများ ဖြစ်ပေါ်စေနိုင်ပြီး အထွေထွေ လူ့အခွင့်အရေး ချိုးဖောက်ပါကမူ နိုင်ငံတော်က တာဝန်ရှိပေလိမ့်မည်။ ယနေ့ခေတ် တရားစွဲဆိုခြင်းများတွင် ယခင် ယူဂိုဆလားဗီးယား နိုင်ငံဆိုင်ရာ နိုင်ငံတကာ ရာဇဝတ်မှု ခုံရုံးတွင် ရာဒိုဗန် ကာရဒ်ဇစ် (Radovan Karadzic) ကို တရား စွဲဆိုခဲ့ခြင်း၊ ဆီရီယာ လီယုံး နိုင်ငံ၏ အထူး တရားရုံးတွင် ချားလ်စ်တေလာ (Charles

Taylor) ကို တရား စွဲဆိုခဲ့ခြင်းနှင့် ကမ္ဘောဒီးယား နိုင်ငံ တရားရုံးများ၏ အထူး စီရင်ရေး ရုံးများတွင် ကန်းဂတ်ခ် (Kaing Guek) ကို တရားစွဲဆိုခဲ့ခြင်းတို့ ဖြစ်သည်။

### လူနည်းစုနှင့် အလုပ်သမား အခွင့်အရေးများ

လူနည်းစုများကို အကာအကွယ်ပေးသည့် သမိုင်းဝင် စာချုပ်စာတမ်းများလည်း ရှိခဲ့သည်။ ဥပမာ ၁၈၇၈ ခုနှစ် ဘာလင် သဘောတူစာချုပ်က အချို့သော ဘာသာရေး အုပ်စုများအတွက် အထူး အခြေအနေ တစ်ခုကို ပြဋ္ဌာန်းပေးခဲ့သည်။ ယင်းစာချုပ် မတိုင်မီက လူတစ်ဦးကို ထိခိုက် စေခြင်းသည် လူတစ်ဦး နိုင်ငံသား ဖြစ်နေသည့် နိုင်ငံတော်ကို ထိခိုက်စေခြင်း ဖြစ်သည်ဟူသည့် သဘောတရားကို အခြေခံကာ နိုင်ငံခြားသားများကို အနိမ့်ဆုံး အခွင့်အရေးများနှင့် လွတ်လပ်ခွင့် များသာ ပေးအပ်ခဲ့သည်။ ပြန်လည် ပြင်ဆင်ခြင်း (သို့) ဆုံးရှုံးမှု (သို့) ထိခိုက်မှုအတွက်သာ ကုစားပေးခြင်းကို ရှာဖွေနိုင်သည်။ ၂၀ ရာစု အစောပိုင်းတွင် ပထမကမ္ဘာစစ် စတင်လာရာ နိုင်ငံအတွင်းရှိ လူများ ငြိမ်းချမ်းစွာ ယှဉ်တွဲ နေထိုင်နိုင်ရေးကို အာရုံစိုက်လာကြသည်။ ထို့ကြောင့် နိုင်ငံပေါင်းချုပ် အသင်းကြီးက လူနည်းစု အာမခံ သဘောတူစာချုပ်ကို ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတကာ အလုပ်သမားများ အဖွဲ့ချုပ် (International Labour Organization (ILO)) ကို တည်ထောင်ခဲ့သည်။ သဘောတူစာချုပ်က ဥရောပ ဒေသအတွင်း နယ်နမိတ်များ ပြန်လည် ရေးဆွဲ သတ်မှတ်ခဲ့ခြင်းနှင့်/ သို့မဟုတ် စစ်ရှုံး နိုင်ငံများ၏ နိုင်ငံရပ်ခြားတွင် ပိုင်ဆိုင်သည့် နယ်မြေများကို ပြန်လည် ခွဲဝေယူကြခြင်းကြောင့် နိုင်ငံ အသစ်တွင် ဘာသာရေး (သို့) ဘာသာစကား လူနည်းစုများ ဖြစ်သွားသူများကို လေးစားမှု ရှိစေရန် ရည်ရွယ်သည်။ ILO ကမူ အလုပ်သမားများကို စည်းကြပ်ရန်၊ စစ်ပွဲဒဏ်ခံရသည့် နိုင်ငံများတွင် စီးပွားရေး လုပ်ငန်းများ ပြန်လည် ထူထောင်ရန်နှင့် အားလုံးအတွက် မျှတသော လုပ်ငန်းခွင် အခြေအနေ ရရှိရေးတို့ကို ရည်ရွယ်သည်။

နိုင်ငံပေါင်းချုပ် အသင်းကြီး ပြိုကွဲပြီးနောက်နှင့် ဒုတိယ ကမ္ဘာစစ် ဖြစ်ပွားပြီးနောက် နိုင်ငံတကာ အသိုင်းအဝိုင်းက ငြိမ်းချမ်းရေး၊ ဥပဒေနှင့် တည်ငြိမ်ရေးတို့ကို ထိန်းသိမ်းရန် ချဉ်းကပ်ပုံအား ပြန်လည် စဉ်းစားရန် လိုအပ်လာသည်။ ကမ္ဘာစစ် နှစ်ခုအကြား ရှုပ်ထွေးဖွယ်ရာ အခြေအနေ များတွင် ILO က ရှင်သန်ခဲ့သော်လည်း ၎င်း၏ လူနည်းစု အကာအကွယ်ပေးရေး စနစ်မှာ ရပ်တန့် သွားခဲ့သည်။ အသစ်ထူထောင်လိုက်သော ကုလသမဂ္ဂက ကမ္ဘာ့ လူ့အခွင့်အရေးကို အာရုံစိုက်ရန် ရွေးချယ် ခံခဲ့ရပြီး လူနည်းစုများအတွက် အထူးအာမခံများ လိုအပ်ခြင်းကို ဖယ်ရှား ပေးမည်ဟု မျှော်လင့်ခဲ့သည်။ အာရုံစိုက်မှု ပြောင်းလဲသွားသော်လည်း မည်သည့် နိုင်ငံတွင် မဆို (လူမျိုး၊ ဘာသာ၊ ဘာသာစကား (သို့) အခြား) လူနည်းစု အုပ်စုများသည် များသောအားဖြင့် လူများစု များထက် အားနည်းသည့် အခြေအနေတွင် ရှိနေကြသည်။ နိုင်ငံတကာ လူ့အခွင့်အရေးတွင် တန်းတူညီမှုကို အလေးပေးထားသေးရာ ဖိနှိပ်မှုများနှင့် ခွဲခြား ဆက်ဆံမှုများကို ပယ်ဖျက်ခြင်းဖြင့် ထိုသူများအတွက် ကုစားမှုများ ရရှိနေသေးသည်။

ယနေ့ခေတ် လူ့အခွင့်အရေး ဥပဒေ၌ အစောပိုင်း သမိုင်းကြောင်းများနှင့် ယနေ့အထိ ရှင်သန်နေဆဲ ခြေရာများ ရှိပေသည်။ နောင်လာမည့် အပိုင်းတွင် လူ့အခွင့်အရေးကို ကာကွယ်ရန် နိုင်ငံများအပေါ် စည်းနှောင်မှု ရှိသည့် တာဝန်များ ပေးအပ်ထားသော နည်းလမ်းများကို ဆန်းစစ်သွားပါမည်။ ထို့နောက် ခေတ်ပေါ် လူ့အခွင့်အရေး ဥပဒေ၏ ဘောင်အကန့်အသတ်များကို တင်ပြသွားပါမည်။

အနှစ်ချုပ်

လူ့အခွင့်အရေး ကိစ္စရပ်များတွင် နိုင်ငံတကာ သဘောတူညီချက် ဆိုင်ရာ အစောပိုင်း ဥပမာများ ရှိခဲ့သည်။ ယနေ့ခေတ် ကျွန်စနစ် ပုံစံအားလုံး ဖျက်သိမ်းရေးတွင် ကျွန်စနစ်နှင့် အလားတူသော ပုံစံများ အားလုံး အကျုံးဝင်သည်။

နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် စစ်ပွဲများ ဆိုင်ရာ ဥပဒေများသည် အစောပိုင်းကပင် စတင်ခဲ့ကြသည်။ တရားဝင် ဥပဒေများကို စစ်ဖြစ်နေသော နိုင်ငံများအကြား ဆွေးနွေးခဲ့ကြပြီး ရက်စက်ကြမ်းကြုတ်မှုများကို ထိန်းသိမ်းရန် လုပ်ဆောင်ခဲ့ကြသည်။ ယနေ့တွင် ထိုဥပဒေများကို သည်ဟေ့ဂ်နှင့် ဂျနီဗာ သဘောတူစာချုပ်များနှင့် ဆက်စပ် စာချုပ်စာတမ်းများတွင် တွေ့ရပြီး ပဋိပက္ခ အမျိုးစုအတွက် အကျုံးဝင်သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

အထက်တွင် ဖော်ပြခဲ့သည့် လူ့အခွင့်အရေး၏ အရင်းအမြစ်များသည် အချို့ ဝေဖန်သူများ ထောက်ပြသကဲ့သို့ ကမ္ဘာ့ မြောက်ခြမ်း (သို့) အနောက်နိုင်ငံများဘက်သို့ ယိမ်းသည်ဟု ထင်ပါသလား။ အစောပိုင်း ဗုဒ္ဓဘာသာ၊ ကွန်ဖြူးရှပ်၊ ဟိန္ဒူ (သို့) အစ္စလာမ် ရေးသားချက်များနှင့် သင်ကြားမှုများတွင် လူ့အခွင့်အရေးနှင့် ဆိုင်သည့် အချက်များ ရှိခဲ့ပါသလား။ လူ့အခွင့်အရေး များသည် လူ့အဖွဲ့အစည်းတစ်ခု အလုပ်လုပ်နေစေရန် ကျင့်ဝတ်ပိုင်းဆိုင်ရာ လိုက်နာရမည့် အချက် ဖြစ်ပါသလား။

## နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ၏ အရင်းအမြစ်များ

အခြား ဥပဒေ နယ်ပယ်များ နည်းတူ ဥပဒေကို မည်သည့် နေရာတွင် ရှာဖွေရမည်နည်းကို သိရှိရန် အခြေခံ အုတ်မြစ်များကို တည်ထောင်ရန် လိုအပ်သည်။ နိုင်ငံတကာ ဥပဒေသည် ထိုနေရာတွင် ပြည်တွင်း ဥပဒေနှင့် အနည်းငယ် ကွာခြားသည်။ ဥပဒေများကို လိုက်နာရန် ဥပဒေပြုသည့် လွှတ်တော် မရှိနေပေ။ ထိုအစား နိုင်ငံများက ၎င်းတို့ စိတ်ဆန္ဒအရ လက်ခံကြသော သဘောတူ စာချုပ်များနှင့် အခြားသော သဘောတူညီချက် အမျိုးမျိုးကို ပြဋ္ဌာန်းသည့် အဖွဲ့အစည်း မျိုးစုံ ရှိကြသည်။ ထို့ပြင် နိုင်ငံတကာ ဥပဒေကို ပုံဖော်ပြီး အချက်အလက် ပေးသည့် အရာ အများအပြားလည်း ရှိသည်။ ယခုအပိုင်းတွင် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ၏ အဓိက အရင်းအမြစ်များကို စဉ်းစားပေးသွားပါမည်။

### သဘောတူစာချုပ်များ

သဘောတူစာချုပ်များသည် နိုင်ငံတကာ ဥပဒေတွင် (ပြည်တွင်းမှ) ဥပဒေများနှင့် အနီးစပ်ဆုံး ဆင်တူသည့် အရာများ ဖြစ်သည်။ ၎င်းတို့ကို လူ့အခွင့်အရေး ရည်ရွယ်ချက်အတွက် ရေးသား ထားပြီး နိုင်ငံများမှ သဘောတူ ထားကြသည်။ ထိုနည်းဖြင့် သဘောတူ စာချုပ်များသည် နိုင်ငံတကာ ဥပဒေပြုခြင်းများ ဖြစ်ကြသည်။ နိုင်ငံများသည် သဘောတူစာချုပ်များကို သဘောတူ ကြရသည်။ ထိုသို့ သဘောတူခြင်းကို လက်မှတ်ရေးထိုးခြင်းဖြင့် (ယေဘုယျအားဖြင့် နိုင်ငံရေး လုပ်ရပ်) ပြသရသည်။ ထို့နောက်

သဘောတူညီကြောင်း ပြသရသည် (ဥပဒေ လုပ်ရပ်)။ ကျောင်းသားများတွက် သဘောတူစာချုပ် ဆိုင်ရာ ဥပဒေအကြောင်း အပြည့်စုံဆုံး လမ်းညွှန်မှာ ၁၉၆၉ ခုနှစ် သဘောတူစာချုပ်များ ဥပဒေဆိုင်ရာ ဗီယင်နာ သဘောတူစာချုပ်တွင် တွေ့ရသော ဥပဒေများကို တစ်စိတ်တစ်ပိုင်း စနစ်တကျ စီစဉ် စုစည်းခြင်း (တည်ဆဲ ဥပဒေများနှင့် လက်တွေ့ကျင့်သုံးမှုများ စုစည်းမှု) နှင့် တည်ရှိပြီးသား ဥပဒေများကို တစ်စိတ်တစ်ပိုင်း ပြောင်းလဲခြင်း (ဥပဒေ အသစ်အဖြစ် ပြောင်းလဲ ရေးဆွဲခြင်း) တို့ ဖြစ်သည်။ အဆိုပါ သဘောတူစာချုပ်တွင် သဘောတူစာချုပ်များ ဖန်တီးခြင်း၊ ဖျက်ဆီးခြင်း၊ အဓိပ္ပာယ်ဖွင့်ခြင်းနှင့် စည်းကြပ်ခြင်းတို့အတွက် အသေးစိတ် (နည်းပညာဆိုင်ရာ) လမ်းညွှန်များ ပါရှိသည်။ နိုင်ငံများအားလုံးက ထိုပြဋ္ဌာန်းချက် များကို သဘောမတူပေ။ သို့ရာတွင် အများစုက သဘောတူ ကြသည်။ ထို့ပြင် သဘောတူ စာချုပ်၏ အစိတ်အပိုင်းများက နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေကို ကိုယ်စားပြုနေသည် (ဆက်လက် ဆွေးနွေးသွားပါမည်)။

သဘောတူ စာချုပ်များတွင် ဥပဒေ ပြဋ္ဌာန်းချက်များ ပါရှိသည်။ ယင်းတို့ကို ဥပဒေပြုခြင်းမှ ပြဋ္ဌာန်းချက်များနှင့် အကြမ်းဖျဉ်း နှိုင်းယှဉ်နိုင်သည်။ သဘောတူစာချုပ်သည် နိုင်ငံများအတွက် ဥပဒေ တာဝန်များ၊ စည်းကြပ်ရမည့် တာဝန်များကို ဖော်ပြထားသည်။ တာဝန်များ အားလုံးမှာ နိုင်ငံများကို တစ်စုံတစ်ခု လုပ်ခြင်းအား တားမြစ်ထားသော မလုပ်ရ ဟူသည့် သဘောမဟုတ်ပေ။ အချို့မှာ အခွင့်အရေးတစ်ခုကို လေးစားလိုက်နာရန် နိုင်ငံများ လုပ်ဆောင်ရမည့် တာဝန်များ ဖြစ်သည်။ ထင်ရှားသည့် ဥပမာမှာ အသက်ရှင်ခွင့်ကို လေးစားလိုက်နာရန် လူသတ်ခြင်းနှင့် ထိခိုက်စေခြင်း ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းခြင်းမျိုး ဖြစ်သည်။ လူတစ်ဦးက အခြားသူ တစ်ဦးကို သတ်လိုက်ပါက နိုင်ငံတော်တွင် တိုက်ရိုက် တာဝန် မရှိပေ။ သို့ရာတွင် ပြည်တွင်း၌ လူသတ်မှုနှင့် ဆိုင်သော ဥပဒေ ပြဋ္ဌာန်းမထားပါက နိုင်ငံတော်တွင် တာဝန်ရှိသည်။ ဥပမာ *အန်း နှင့် ကနေဒါ (Ng v. Canada)* (UN Doc. CCPR/C/49/D/469/1991 – Human Rights Committee) အမှုတွင် အမေရိကန် နိုင်ငံက အန်းကို ကယ်လီဖိုးနီးယား ပြည်နယ်တွင် သူကျူးလွန်ခဲ့သော လူသတ်မှုနှင့် အခြားသော ရာဇဝတ်မှုများအတွက် တရားရင်ဆိုင်ရန် လွှဲပြောင်းပေးဖို့ တောင်းဆိုခဲ့သည်။ ကနေဒါ နိုင်ငံ၏ အမြင့်ဆုံး တရားရုံးက ရာဇဝတ်သား လွှဲပြောင်းပေးခြင်းသည် ကနေဒါ၏ လူ့အခွင့်အရေး ဆိုင်ရာ တာဝန်များကို ချိုးဖောက်ရာ ကျမည် မဟုတ်ဟု ဆုံးဖြတ်ခဲ့ကြသော်လည်း (ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (International Covenant on Civil and Political Rights (ICCPR)) အကောင်အထည် ဖော်မှုကို စောင့်ကြည့်သော) ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီက လွှဲပြောင်းပေးခြင်းသည် သေဒဏ်ပေးမှု ဖြစ်ပေါ်စေမည် ဖြစ်ပြီး ထိုသို့ သေဒဏ်ပေးခြင်းသည် အပိုဒ် ၇ ကို ချိုးဖောက်သည့် ရက်စက်ပြီး လူမဆန်သော ဆက်ဆံမှု ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သည်။ ကနေဒါ နိုင်ငံက ထိုဖြစ်ရပ်အတွက် တိုက်ရိုက် တာဝန်မရှိသည်မှာ ရှင်းနေသည်။ သို့ရာတွင် ကနေဒါ၏ လွှဲပြောင်းပေးရန် ဆုံးဖြတ်ချက်တွင် ကြိုမြင်နိုင်သည့် အကျိုးဆက်များ (လူ့အခွင့်အရေး ချိုးဖောက်ခြင်း) ရှိနေသည်။ ထိုသို့ လုပ်ဆောင်ရမည့် တာဝန်များသည် ရာဇဝတ်သား လွှဲပြောင်းပေးခြင်းများ၊ ပြန်ပို့ခြင်းများ (သို့) ခိုလှုံခွင့် တောင်းဆိုမှုများကို စဉ်းစားသည့်အခါ နိုင်ငံများတွက် သိသာသည့် အကျိုးဆက်များ ရှိနေသည် (စာသေတ္တာ ၄.၂ တွင် ရှုပါ)။ လူတစ်ဦးကို မနှိပ်စက်ပါ၊ သေဒဏ်မပေးပါဟု ကတိကဝတ် ပြုခြင်းများ ကြိုတင် တောင်းခံရန် လိုအပ်သည်။

| စာသေတ္တာ ၄.၂။ စိန်ခေါ်သည့် အယူအဆများ၊ နယ်စပ်များနှင့် လူ့အခွင့်အရေးများ |
| --- |
| နိုင်ငံများသည် ၎င်းတို့ နိုင်ငံ နယ်နိမိတ် ပြင်ပ၌ ဖြစ်ပွားသည့် အခွင့်အရေး ချိုးဖောက်မှုများအတွက် တာဝန် |

ယူရန် ငြင်းဆိုကြသည်။ *အန်း နှင့် ကနေဒါ* အမှုတွင် ကနေဒါ နိုင်ငံက တာဝန် ယူသင့် ပါသလား။ နိုင်ငံတစ်နိုင်ငံက ၎င်း၏ စစ်တပ်မှ တပ်ဖွဲ့ဝင်များ နိုင်ငံရပ်ခြားတွင် ၎င်းတို့ဘာသာ ၎င်းတို့ လုပ်ဆောင်သည့် လုပ်ရပ်များ (ညှဉ်းပန်း နှိပ်စက်ခြင်း၊ အစာရေစာ ဖြတ်တောက်ခြင်း၊ ရုပ်ပိုင်း ဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အရ စော်ကားခြင်း) တို့အတွက် တာဝန်ယူသင့် ပါသလား။ နိုင်ငံခြားသားများက ၎င်းတို့ မိခင်နိုင်ငံများရှိ ကျန်းမာရေး စောင့်ရှောက်မှု အဆင့်အတန်းသည် ၎င်းတို့ ခိုလှုံခွင့် ရယူလိုသော နိုင်ငံထက် များစွာ နိမ့်ကျသည်ဟူသော အကြောင်းပြချက်ဖြင့် ခိုလှုံခွင့် တောင်းဆိုနိုင်ပါသလား။

သဘောတူစာချုပ်များသည် နိုင်ငံများအပေါ် အကျိုးဆက် အမျိုးမျိုး ရှိနိုင်သည်။ ယင်းတို့တွင် လျှော့တွက်၍ မရသော ဥပဒေ တာဝန်များ ပါရှိသည်။ နိုင်ငံများက သဘောတူစာချုပ်များမှ တစ်ဆင့် နယ်မြေ အချုပ်အခြာ အာဏာ၏ အစိတ်အပိုင်းများကို ပြောင်းလဲပစ်နိုင်သည် (ဥပမာ တူးနစ်(စ်) နှင့် မော်ရိုကိုတွင် ထုတ်ပြန်ခဲ့သော နိုင်ငံသား ဆိုင်ရာ စီရင်ချက်အပေါ် အကြံပေးအဖွဲ့၏ အမြင် (1922), PCIJ Series B, No. 4)။ မှတ်သားရမည့် အချက်မှာ နိုင်ငံ အများအပြားက နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေသည် ၎င်းတို့၏ (ဥပမာ၊ ကုလသမဂ္ဂ ပဋိညာဉ်) နိုင်ငံတကာတွင် ကာကွယ်ပေးထားသော၊ ဝင်ရောက် စွက်ဖက်၍ မရလောက်အောင် အရေးပါသော ပြည်တွင်း အချုပ်အခြာအာဏာကို ထိပါးနေသည်ဟု ဆိုကြသည်။ သို့ရာတွင် ဥပဒေ (သို့) အချုပ်အခြာ အာဏာနှင့် မသက်ဆိုင်ဘဲ နိုင်ငံများက စာချုပ်များကို သဘောတူသည့် အကြောင်းပြချက် အများအပြား ရှိသည်။ မည်သည့် အကြောင်းပြချက်ကြောင့် ဖြစ်စေ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို သဘောတူညီသည့် နိုင်ငံများသည် ထိုဥပဒေမှ စီးဆင်းလာသည့် ၎င်းတို့၏ အချုပ်အခြာ အာဏာအပေါ် ကန့်သတ်ခြင်းများကို သဘောတူ လက်ခံကြရသည်။

## နိုင်ငံတစ်နိုင်ငံက သဘောတူစာချုပ်၏ ပြဋ္ဌာန်းချက်များကို လက်ခံကြောင်း မည်သို့ ပြသရသနည်း။

ပြည်တွင်းဥပဒေများမှ စာချုပ်များ နည်းတူ နိုင်ငံများသည် သဘောတူစာချုပ်များဖြင့် ချည်နှောင်ခံ ထားရသည် (ပုံ ၄.၁ တွင် ရှုပါ)။ သဘောတူစာချုပ်များကို စာဖြင့် ရေးသားထားပေရာ နိုင်ငံတစ်နိုင်ငံ၏ ခေါင်းဆောင် (သို့) သင့်တင့်လျောက်ပတ်စွာ အာဏာ လွှဲအပ်ထားသည့် ကိုယ်စားလှယ်က လက်မှတ်ရေးထိုးခြင်းဖြင့် ချည်နှောင်ခံရန် သဘောတူညီကြောင်း ပြသရသည်။ ထိုအဆင့်တွင် နိုင်ငံတော်သည် စာချုပ်ကို လက်မှတ်ရေးထိုးသူ ဖြစ်သည်။ အများစုသော လူ့အခွင့်အရေး စာချုပ်များတွင် လက်မှတ်ရေးထိုးသည့် နိုင်ငံ အများအပြား ရှိသည်။ သဘောတူ စာချုပ်များ ဥပဒေ ဆိုင်ရာ ဗီယင်နာ သဘောတူစာချုပ်၏ အပိုဒ် ၁၈ က နိုင်ငံများသည် လက်မှတ်ရေးထိုးချိန်နှင့် အတည်ပြုချိန်အကြား သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ဆောင်ရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့ရာတွင် ယင်းမှာ အဆုံးသတ် မဟုတ်သေးပေ။ ယေဘုယျအားဖြင့် နိုင်ငံ တစ်နိုင်ငံက သဘောတူစာချုပ်ကို သဘောတူညီကြောင်း (သို့) လက်ခံကြောင်း ပြသခြင်းဖြင့် လက်ခံသည့် စိတ်ဆန္ဒကို အတည်ပြုရသည်။ ထို့နောက် နိုင်ငံ တစ်နိုင်ငံချင်းစီအလိုက် ပြည်တွင်း လုပ်ထုံးလုပ်နည်းများ လုပ်ဆောင်ရသည်။ လက်မှတ်ရေးထိုး ထားသည့် နိုင်ငံများနှင့် ဆက်သွယ်နိုင်ရန် သဘောတူလိုက်သည့် စာချုပ်စာတမ်းကို သက်ဆိုင်ရာ အဖွဲ့၊ များသောအားဖြင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး၏ ရုံး၌ သိမ်းဆည်းထားသည်။ သဘောတူစာချုပ်များက များသောအားဖြင့် စာချုပ် အသက်ဝင်ရန် လိုအပ်သည့် အနည်းဆုံး လက်မှတ်ရေးထိုးမှု အရေအတွက်ကို ဖော်ပြထားကြသည်။

ဘေယက်ဖ်စကီး (Bayefsky) (2001) ကဲ့သို့သော ဝေဖန်သူများက မှတ်ချက်ပြုခဲ့သည့်အတိုင်း အချို့သော နိုင်ငံများသည် အပြည့်အဝ လိုက်နာရန် ရည်ရွယ်ချက် မရှိဘဲ ၎င်းတို့ နာမည်ကောင်း ရရန်၊ ဝေဖန်သူများကို နှစ်သိမ့်ရန် နိုင်ငံရေး လုပ်ဆောင်ချက် အနေဖြင့် သဘောတူ စာချုပ် တစ်ခုကို လက်မှတ်ရေးထိုး ကြလိမ့်မည်။ ထိုသို့ လုပ်ဆောင်ခြင်းကို (နောင်တွင် တွေ့ကြရမည် ဖြစ်သည့်) ခြွင်းချက်များ ထားခြင်းက ထောက်ကူ ပေးသည်။ ဟက်သာဝေး (Hathaway) (2007, p. 592) က နိုင်ငံများ အနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်များကို လိုက်နာရန် အဓိက တွန်းအားပေးသည့် အရာများမှာ စာချုပ်ပါ ပြဋ္ဌာန်းချက်များကို ပြည်တွင်း၌ ဥပဒေအရ စည်းကြပ်နိုင်ခြေနှင့် လက်မှတ်ရေးထိုးရန် ဆုံးဖြတ်လိုက်ခြင်းအပေါ် အပြုသဘော ဆောင်သည့် နိုင်ငံရေး အကျိုးဆက်များ ဖြစ်သည်ဟု ဆိုသည်။

ပုံ ၄.၁။ သဘောတူ စာချုပ် တစ်ခု ဖန်တီးခြင်း၊ ရိုးရှင်းသည့် ပုံစံ




## လက်မှတ်ရေးထိုးပြီးနောက် ခြွင်းချက် ထားခြင်းနှင့် ကြေညာချက်များ ပြုလုပ်ခြင်း

နိုင်ငံ တစ်နိုင်ငံက လူ့အခွင့်အရေး စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးသည့်တိုင် ၎င်း၏ ပြဋ္ဌာန်းချက်များပါ တာဝန်များကို ဥပဒေအရ ရှောင်ကျဉ်နိုင်သည့် နည်းလမ်းများ ရှိသည်။ နိုင်ငံများက လက်မှတ်ရေးထိုးသည့်အချိန် (သို့) နောက်ပိုင်း မည်သည့်အချိန်၌မဆို ခြွင်းချက် ထားခြင်းနှင့် ကြေညာချက်များ ပြုလုပ်ခြင်းတို့ လုပ်နိုင်သည်။ ယင်းတို့မှာ နိုင်ငံများ၏ သဘောထားများ ဖြစ်ပြီး သဘောတူစာချုပ်နှင့် သက်ဆိုင်သည့် အခြား အဖွဲ့များကို အကြောင်းကြားခြင်း ဖြစ်သည်။

ယင်းအချက်များက နိုင်ငံများကို တစ်စိတ် တစ်ပိုင်း (သို့) တစ်ခုလုံးသော ပြဋ္ဌာန်းချက်များအား ရှောင်လွှဲခွင့် ပေးသည်။ ခြွင်းချက် ထားခြင်း ရိုးရိုး ပုံစံမှာ သဘောတူ စာချုပ်ပါ ပြဋ္ဌာန်းချက် တစ်ခုအား တာဝန်ယူ၊ လက်ခံခြင်း မပြုဟု ဆိုခြင်း ဖြစ်သည်။ ပို၍ အငြင်းပွားဖွယ်ရာ ဖြစ်သည်မှာ သဘောတူစာချုပ် တစ်ခုလုံးကို ရှောင်ရှားရန် ကြိုးပမ်းခြင်း ဖြစ်သည်။ ဥပမာ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြား ဆက်ဆံမှုများ အားလုံး ပပျောက်ရေး ဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of all Forms of Discrimination Against Women (CEDAW)) ကို လက်မှတ်ရေးထိုးထားသည့် ဆော်ဒီ အာရေးဗျ နိုင်ငံက သဘောတူစာချုပ်နှင့် အစ္စလာမ် ဥပဒေတို့အကြား မကိုက်ညီသည့်အခါ နိုင်ငံတော် အနေဖြင့် သဘောတူစာချုပ်ကို လိုက်နာရန် တာဝန်မရှိဟု ကြေညာခဲ့သည်။ ဥရောပ နိုင်ငံ အများအပြားက ကန့်ကွက်သော်လည်း ဆော်ဒီ၏ ခြွင်းချက်မှာ အသက်ဝင်နေဆဲ ဖြစ်သည်။

နိုင်ငံတကာ ဥပဒေက သဘောတူစာချုပ်၏ ရည်ရွယ်ချက်နှင့် မကိုက်ညီသည့် ခြွင်းချက်များကို အကျုံးမဝင်ဟု သတ်မှတ်ထားသည်။ ထိုသဘောထားမှာ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး (Internaitonal Court of Justice (ICJ or World Court)) ၏ လူမျိုးပြုန်းတီးစေမှု ဆိုင်ရာ အမှု (1951, ICJ Reps 15) နှင့် လူ့အခွင့်အရေး ကော်မတီ (1994) တို့မှ ဆင်းသက်လာသည့် သဘောထား အမြင် ဖြစ်သည်။ နိုင်ငံများက အခြေခံ လူ့အခွင့်အရေးများကို ခြွင်းချက်ထားခြင်းများ မပြုသင့်ဟူသည့် ထောက်ပြချက်များမှာ အဓိပ္ပာယ် ရှိသော်လည်း နိုင်ငံများ အတွက်မူ ဖြစ်စဉ်များမှာ ပို၍ ရှုပ်ထွေးနိုင်သည်။ အမေရိကန် နိုင်ငံကလည်း ICCPR ကို လက်မှတ်ရေးထိုးရာတွင် ခြွင်းချက် ထားခဲ့သည်။ "အမေရိကန် နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် ဥပဒေများက အကာအကွယ် ပေးထားသော လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်တို့ကို ကန့်သတ်မည့် ဥပဒေများ (သို့) လုပ်ရပ်များကို သဘောတူစာချုပ် အပိုဒ် ၂၀ အရ လုပ်ခွင့်မရှိ (သို့) လုပ်ရန် မလို။" ဟူ၍ ဖြစ်သည်။ အပိုဒ် ၂၀ က စစ်ပွဲ ဖြစ်ရန် လှုံ့ဆော်ချက်များကို ဥပဒေဖြင့် တားမြစ်ရမည်၊ ခွဲခြား ဆက်ဆံရန်၊ ရက်စက် ကြမ်းကြုတ်ရန် (သို့) အကြမ်းဖက်ရန် သွေးထိုး လှုံ့ဆော်ခြင်း ပါဝင်သည့် အမျိုးသားရေး၊ လူမျိုးရေး (သို့) ဘာသာရေး အမုန်းစကားများကို ဥပဒေအရ တားမြစ်ရမည်ဟု ပြဋ္ဌာန်းထားခြင်းကြောင့် ထိုခြွင်းချက်မှာ ပြဿနာ ရှိသည်။ သို့ရာတွင် အမေရိကန် နိုင်ငံအတွက် ၎င်း၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေက အကာအကွယ် ပေးထားသည့် လွတ်လပ်ခွင့်များက ပို၍ အရေးကြီးသည်။

သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည့်အချိန် (သို့) နောက်ပိုင်းတွင် နိုင်ငံများက ကြေညာချက် များလည်း ထုတ်ပြန်နိုင်သည်။ ကြေညာချက်များမှာ ဥပမာ သဘောတူ စာချုပ်ကို လက်မှတ် ရေးထိုးသည့် အချို့သော နိုင်ငံများအား အသိအမှတ် မပြုခြင်း ကဲ့သို့သော နိုင်ငံရေး သဘောတရား ပြသခြင်းများ ဖြစ်နိုင်သည် (ဥပမာ ထိုင်ဝမ် နိုင်ငံမှ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights (ICESCR)) ကို လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်းသော တရုတ်နိုင်ငံ၏ သဘောထား ဖြစ်သည်။ "၁၉၆၇ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် သဘောတူစာချုပ်ကို တရုတ်ဟူသည့် အမည်ကို အသုံးမပြုဘဲ ထိုင်ဝမ်နိုင်ငံ၏ တာဝန်ရှိသူများ လက်မှတ် ရေးထိုးခဲ့ ခြင်းသည် တရားမဝင်ပေ။"

အသုံးပြုသည့် အသုံးအနှုန်းများမှာ အရေးမပါပေ။ အရေးကြီးသည်မှာ ကြေညာချက်၏ သက်ရောက်မှု ဖြစ်သည် (Human Rights Committee, 1994, paragraph 3)။ ယင်းအချက်ကို လူ့အခွင့်အရေး

ကော်မတီထံ ပြင်သစ် နိုင်ငံအား တိုင်ကြားခဲ့သည့် ဆက်သွယ် တိုင်ကြားချက်တွင် တွေ့နိုင်သည်။ ပြင်သစ်နိုင်ငံက လူနည်းစု အုပ်စုများကို အသိအမှတ်မပြုဟု ကြေညာ ထားခြင်းကြောင့် ဘာသာစကားအရ လူနည်းစု ဖြစ်သူ တစ်ဦး၏ အဆိုကို ကော်မတီက စဉ်းစားပေးနိုင်ခြင်း မရှိဟူ၍ ဖြစ်သည် (*Guedson v. France,* UN Doc. CCPR/C/39/D/219/1986)။

ခြွင်းချက်ထားခြင်းသည် ကမ္ဘာ့ လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားသူများအတွက် အဓိကကျသည့် ပြဿနာ တစ်ရပ် ဖြစ်သည်။ နိုင်ငံများက သဘောတူစာချုပ်များကို လက်မှတ် ရေးထိုး သဘောတူသည့်တိုင် အဓိက ပြဋ္ဌာန်းချက်များကို ရှောင်လွှဲရန် ခြွင်းချက်များ ပြုလုပ်ခြင်းက ၎င်းတို့ လုပ်ရပ်များမှ ရလဒ် ထွက်ပေါ်လာခြင်းကို ထိခိုက်စေသည်။ ခြွင်းချက်ထားခြင်း သဘောတရားသည် လူ့အခွင့်အရေး သဘောတူ စာချုပ်များနှင့် မကိုက်ညီသော်လည်း ခြွင်းချက် ထားသည့် နိုင်ငံများကို ခြွင်းချက် လိုအပ်ခြင်း ရှိ၊ မရှိ ပြန်လည် ဆန်းစစ်ရန် အားပေးခြင်းမှအပ အခြားသော အရေးယူမှုများ လုပ်ဆောင်ခြင်း မရှိပေ။ ယင်းမှာ နိုင်ငံတကာ ဥပဒေ ကဲ့သို့သော သဘောတူညီမှုကို အခြေခံသည့် စနစ်အတွက် ကြီးမားသည့် ပြဿနာ တစ်ရပ် ဖြစ်သည်။ ယေဘုယျအားဖြင့် နိုင်ငံများက အနည်းဆုံး နိုင်ငံတကာ စံနှုန်းများအား လိုက်နာရန် ကြိုးပမ်း ခြင်းသည် နိုင်ငံတကာ စောင့်ကြည့်ရေး မူဘောင်မှ လုံးဝ ထွက်ခွာသွားခြင်းထက် တော်သေးသည်ဟု ဆိုရမည်။ နိုင်ငံတကာ စာချုပ် ဥပဒေသည် သဘောတူညီမှု လိုအပ်ပေရာ အဓိက နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်စာတမ်းများကို တစ်ကမ္ဘာလုံးက လက်မှတ်ရေးထိုး ရန်မှာ ခြွင်းချက် ထားခွင့် မရှိပါက လက်တွေ့မဆန်သည့် အိပ်မက်သာ ဖြစ်ပေလိမ့်မည် (စာသေတ္တာ ၄.၃ တွင် ရှုပါ)။

| စာသေတ္တာ ၄.၃။ အဓိက လူ့အခွင့်အရေး စာချုပ်များကို တစ်ကမ္ဘာလုံး လက်မှတ်ရေးထိုးခြင်း အပေါ် အမြင် တစ်မျိုး |
|---|
| နိုင်ငံအများအပြားအတွက် လက်မှတ်ရေးထိုးလိုက်ခြင်းသည် အဆုံးသတ် ဖြစ်သွားသည်။ အနှစ်မဲ့သော အပြုအမူများအတွက် လွယ်ကူသည့် ရလဒ် ဖြစ်သည်။ ထိုပြဿနာမှာ လက်မှတ် ရေးထိုးရန်သာ အာရုံစိုက်ခြင်းကြောင့် တစ်စိတ်တစ်ပိုင်း ထွက်ပေါ်လာခြင်း ဖြစ်သည်။<br><br>ကုလသမဂ္ဂ အသိုင်းအဝိုင်း၏ အဓိက ရည်မှန်းချက်မှာ လူ့အခွင့်အရေး စာချုပ်စာတမ်းများကို တစ်ကမ္ဘာလုံး လက်မှတ်ရေးထိုးစေရေး ဖြစ်သည်။ ယုံကြည်ထားသည့် အချက်မှာ တစ်ကမ္ဘာလုံး လက်မှတ်ရေးထိုးပြီးနောက် အကောင်အထည် ဖော်ရေး နည်းလမ်းများကို အားကောင်းစေမည် ဟူ၍ ဖြစ်သည်။ ပါဝင်ရန် ကတိကဝတ် ပြုလုပ်သည်နှင့် နိုင်ငံများသည် ထွက်ရန် ခက်ခဲသွားမည် ဖြစ်ပြီး အမြဲတစေလို အကျယ်ချဲ့နေသော နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးနှင့် တာဝန်ခံရေး ကွန်ရက်ထဲတွင် ပိတ်မိသွားမည် ဖြစ်သည်။<br><br>တစ်ချိန်ထဲမှာပင် လူ့အခွင့်အရေးကို စိန်ခေါ်သူများအား လက်မှတ်ရေးထိုးစေရန် ကုန်ကျမှုများ ရှိနေသည်။ ယင်းကုန်ကျမှုများမှာ လျှော့နည်းလာသည့် တာဝန်များ၊ လျှော့ပေးလိုက်ရသည့် စောင့်ကြည့်ခြင်းများနှင့် မလိုက်နာမှုအတွက် ဆိုးရွားမှု သိပ်မရှိသော အကျိုးဆက်များ ဖြစ်သည်။ အဖွဲ့ဝင် ဖြစ်ရန် ကုန်ကျစရိတ်ကို တမင်သက်သက်ပင် လျှော့ချခဲ့သည်။<br>*(Bayefsky, 1996)* |

တစ်ကမ္ဘာလုံး လက်မှတ်ရေးထိုးရေးကို မြှင့်တင်ခြင်းသည် ကုလသမဂ္ဂ လူ့အခွင့်အရေးစနစ်၏ တစ်ကမ္ဘာလုံးအပေါ် အခြေခံသည့် အုတ်မြစ်များကို ခိုင်မာစေရာတွင် အရေးပါသည်။ ဝေဖန်သူအချို့၏ မနှစ်မြို့က်မှုများ ရှိသော်လည်း တစ်ကမ္ဘာလုံး လက်မှတ်ရေးထိုးစေရေးသည် သဘောတူစာချုပ်များအပေါ် မည်သို့သော မကောင်းသည့် အကျိုးဆက်မျှ မရှိပေ။
*(Alston, 1997, paragraph 23)*

ခိုင်မာသော ပြည်တွင်း အင်စတီကျူးရှင်းများ ရှိပြီး ဆိုးရွားသော လူ့အခွင့်အရေး မှတ်တမ်းများ ရှိသည့် နိုင်ငံများသည် အားနည်းသော ပြည်တွင်း အင်စတီကျူးရှင်းများ ရှိပြီး အလားတူ ဆိုးရွားသည့် မှတ်တမ်းများ ရှိသည့် နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် လူ့အခွင့်အရေး စာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခြေ ပိုနည်းကြောင်း သက်သေများ ရှိသည်။ ဒီမိုကရေစီ နိုင်ငံများသည် လူ့အခွင့်အရေး သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခြေ ပိုများသည်။ အဘယ်ကြောင့် ဆိုသော် ပြည်သူများ၏ လူ့အခွင့်အရေး စာချုပ်များအပေါ် ကြိုက်နှစ်သက်မှုသည် ပို၍ အားကောင်းပြီး လက်မှတ်ရေးထိုးခြင်းကြောင့် ပြည်တွင်း၌ အကျိုးကျေးဇူး ပိုမို ရရှိနိုင်သောကြောင့် ဖြစ်သည်။ ထို့ပြင် မက်လုံး ရှိခြင်းက အလုပ်ဖြစ်သည် ဆိုသည့်အတိုင်း လက်မှတ်ရေးထိုး အဖွဲ့ဝင် ဖြစ်ခြင်းမှ အကျိုးအမြတ် ကြီးကြီးမားမား ရရှိနိုင်သည့် နိုင်ငံများက လူ့အခွင့်အရေး စာချုပ်များကို ပိုမို လက်မှတ် ရေးထိုးလိုကြသည်။ ထိုချဉ်းကပ်ပုံ နည်းတူ လူ့အခွင့်အရေး စာချုပ် ကတိကဝတ် အဆင့်မြင့်သော ဒေသမှ နိုင်ငံများသည် ထိုစာချုပ်များကို လက်ခံနိုင်ခြေ ပိုများသည်။
*(Hathaway, 2007, p. 613)*

**နိုင်ငံ အရေးပေါ် အခြေအနေတွင် ဆိုင်းငံ့ထားခြင်း**

ဆိုင်းငံ့ထားခြင်းက နိုင်ငံများကို အရေးပေါ် အခြေအနေများတွင် နိုင်ငံများကို အချို့သော လူ့အခွင့်အရေးများ ချိုးဖောက်ခြင်း၏ တာဝန်များကို ရှောင်လွှဲခွင့် ပေးသည်။ ပိုအရေးပါသည့် အချက်မှာ နိုင်ငံများ လုံးဝ ဆိုင်းငံ့ထား၍ မရသော လူ့အခွင့်အရေး အချို့လည်း ရှိသည်။ ဆိုင်းငံ့ ထား၍ မရသော အခွင့်အရေးများတွင် လွတ်လပ်စွာ စဉ်းစားတွေးခေါ်၊ ယုံကြည်ခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့်နှင့် ညှဉ်းပန်း နှိပ်စက်ခြင်းအား တားဆီးခြင်းတို့ ပါဝင်သည် (ဥပမာ ICCPR အပိုဒ် ၄(၂) တွင် ရှုပါ)။ ဆိုင်းငံ့ခြင်း လုပ်နိုင်၊ မလုပ်နိုင်နှင့် လုပ်နိုင်သည် ဆိုပါက မည်သည့် ပြဋ္ဌာန်းချက်ကို ဆိုင်းငံ့နိုင်ကြောင်းကို စာချုပ် တစ်ခုချင်းစီက ပြဋ္ဌာန်းထားသည်။ အချို့သော စာချုပ်များက ဆိုင်းငံ့ခြင်းကို ခွင့်မပြုထားပေ (ဥပမာ အခွင့်အရေးများ၏ သဘောသဘာဝအရ ICESCR ကို ဆိုင်းငံ့ခွင့် မပြုပေ။ အာဖရိက လူသားနှင့် လူ့အုပ်စုများ၏ အခွင့်အရေးများ ဆိုင်ရာ ပဋိညာဉ် (African Charter on Human and People's Rights) အကြောင်းကို ဆက်လက် ဆွေးနွေး သွားပါမည်။)

ဆိုင်းငံ့ထားခြင်းက ကျိုးကြောင်း ဆီလျော်သည်ဟု ဆိုရခြင်းမှာ ယင်းသည် ယာယီဖြစ်ပြီး ခြွင်းချက် အခြေအနေများတွင်သာ ဖြစ်ပွားသောကြောင့် ဖြစ်သည်။ ယေဘုယျအားဖြင့် အရေးပေါ် အခြေအနေသည် နိုင်ငံ၏ တည်ရှိမှု (သို့) တည်ငြိမ်မှုအပေါ် အမှန်တကယ် ခြိမ်းခြောက်နေခြင်း ဖြစ်ပြီး နိုင်ငံတော်က အရေးပေါ်

အခြေအနေဟု တရားဥပဒေ နည်းလမ်းကျ ကြေညာရမည် ဖြစ်သည်။ အိုင်ယာလန်နှင့် မြောက်အိုင်ယာလန်တို့မှ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှု အန္တရာယ် ရှိသည်ဟု ဆိုကာ လွန်ခဲ့သော ရာစုနှစ် အဆုံးပိုင်းလောက်တွင် ဗြိတိန်နိုင်ငံက သဘောတူစာချုပ်ကို ကာလရှည်ကြာ ဆိုင်းငံ့ထားခဲ့သည့် သမိုင်းကြောင်း ရှိခဲ့သည်။

ဆိုင်းငံ့ရန် အာဏာကို အဆုံးစွန်ဆုံး အခြေအနေများအတွက်သာ ကန့်သတ်ထားသင့်သည်။ ယင်းမှာ နိုင်ငံများအတွက် လူ့အခွင့်အရေး တာဝန်များကို ရှောင်ကျဉ်ရန် နည်းလမ်း မဟုတ်သင့်ပေ။ ထို့ပြင် အရေးပေါ် အခြေအနေများ၌ပင် လူ့အခွင့်အရေးများသည် မရှိမဖြစ် အရေးပါပြီး နိုင်ငံတကာ လူသားချင်း စာနာမှု ဆိုင်ရာ ဥပဒေများမှာ သက်ရောက်မှု ရှိဆဲပင်။ စစ်ဖြစ်နေချိန်နှင့် အခြားသော အရေးပေါ် အခြေအနေများတွင် လူ့အခွင့်အရေးများသည် ပို၍ ခြိမ်းခြောက် ခံရပြီး ၎င်းတို့ကို လေးစားလိုက်နာရန်မှာ ပို၍ အရေးပါသည်ဟု ယူဆရမည်။

## နိုင်ငံတကာ အပြန်အလှန် မှီခိုနေပြီး ခွဲခြား၍ မရသော လူ့အခွင့်အရေး စနစ်ဆီသို့

သဘောတူစာချုပ်ဖြင့် ချည်နှောင်ခံထားရနိုင်သည့် ဖြစ်စဉ်ကို တင်ပြပြီးနောက် အဓိက လူ့အခွင့်အရေး စာချုပ်များအောက်တွင် နိုင်ငံများ လုပ်ဆောင်ရမည့် ဥပဒေ တာဝန်များနှင့် မည်သည့်အတွက်ကြောင့် စာချုပ်စာတမ်း အများအပြား ရှိရသည်ကို လေ့လာသွားပါမည်။

လက်ရှိတွင် ကုလသမဂ္ဂ၏ အကူအညီဖြင့် ရေးဆွဲခဲ့သော အဓိက လူ့အခွင့်အရေး စာချုပ်စာတမ်း (၉) ခု ရှိသည် (စာသေတ္တာ ၄.၄ တွင် ရှုပါ)။ အကျယ်ပြန့်ဆုံး လက်ခံခဲ့သော သဘောတူစာချုပ်မှာ ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child) ဖြစ်သည်။ အမေရိကန် နိုင်ငံ၊ တောင်ဆူဒန်နှင့် ဆိုမာလီယာ နိုင်ငံတို့မှ လွဲ၍ ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများ အားလုံး ယင်းစာချုပ်ကို လက်မှတ်ရေးထိုးထားသည် (အမေရိကန် နိုင်ငံနှင့် စာချုပ် လက်မှတ်မထိုးခြင်းအကြောင်းကို အခန်း ၁၇ တွင် ရှုပါ)။ ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံ အများစုက ထိုသဘောတူစာချုပ် အများအပြား၏ ဥပဒေဖြင့် စည်းနှောင်ခြင်းကို သဘောတူကြသည်။ ထို့ကြောင့် ယင်းနိုင်ငံများက လူတစ်ဦးချင်းစီအတွက် ပြဋ္ဌာန်းထားသော အခွင့်အရေးများကို လေးစားလိုက်နာရန်၊ ထိုအခွင့်အရေးများကို ဥပဒေအရ ကာကွယ်ရန်နှင့် ၎င်းတို့၏ စာချုပ်ပါ တာဝန်များကို ဖြည့်ဆည်းရန် လိုအပ်သည့် နည်းလမ်းများ အားလုံး လုပ်ဆောင်မည်ဟု သဘောတူ ထားကြသည်။

| စာသေတ္တာ ၄.၄။ အဓိက နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ် စာတမ်းများ (ကုလသမဂ္ဂ) |
|---|
| **ကုလသမဂ္ဂ၏ အဓိက လူ့အခွင့်အရေး စာချုပ် ကိုးခု (ထိုစာချုပ် အများအပြားတွင် နောက်ထပ် အခွင့်အရေးများနှင့်/ သို့မဟုတ် လူတစ်ဦးချင်းစီမှ ဆက်သွယ် တိုင်တန်းခြင်း (သို့) စုံစမ်း စစ်ဆေးရန် အတွက် လိုက်နာလိုမှ လိုက်နာနိုင်သည့် နောက်ဆက်တွဲ စာချုပ်များလည်း ရှိသေးသည်။)** |
| ၁။ နည်းမျိုးစုံဖြင့် လူမျိုးရေး ခွဲခြား ဆက်ဆံမှုများ အားလုံး ပပျောက်ရေး ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် ၁၉၆၅။ |
| ၂။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် ၁၉၆၆။ |

၃။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် ၁၉၆၆။

၄။ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြား ဆက်ဆံမှု အားလုံး ပပျောက်ရေး ဆိုင်ရာ သဘောတူစာချုပ် ၁၉၇၉။

၅။ ညှဥ်းပန်း နှိပ်စက်မှုနှင့် အခြား ရက်စက်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှုများ (သို့) အပြစ်ပေးမှုများအား ဆန့်ကျင်ရေး ဆိုင်ရာ သဘောတူ စာချုပ် ၁၉၈၄။

၆။ ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ် ၁၉၈၉။

၇။ ရွှေ့ပြောင်း အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် ၁၉၉၀။

၈။ မသန်စွမ်းသူများ အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ် ၂၀၀၆။

၉။ လူအားလုံးကို လက်စဖျောက်ခံရခြင်းမှ ကာကွယ်ပေးရေးဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ် ၂၀၀၆။

**အခြား အဓိက ကုလသမဂ္ဂ သဘောတူ စာချုပ်များ**

ဒုက္ခသည်များ၏ အနေအထားနှင့် ဆက်စပ်သော သဘောတူစာချုပ် ၁၉၅၁ (နှင့် ၁၉၆၇ နောက်ဆက်တွဲ စာချုပ်)

အကျဉ်းသားများကို ဆက်ဆံရာတွင် အနိမ့်ဆုံး လိုက်နာရမည့် အခြေခံ စည်းမျဉ်းများ (ECOSOC) ၁၉၅၇။

ဥပဒေ စည်းကြပ်သူ တာဝန်ရှိသူများအတွက် လိုက်နာရမည့် ကျင့်ဝတ် စည်းမျဉ်းများ (အထွေထွေ ညီလာခံ ဆုံးဖြတ်ချက် ၃၄/၁၆၉)။

ဖွံ့ဖြိုး တိုးတက်ခွင့် ဆိုင်ရာ ကြေညာချက် (အထွေထွေ ညီလာခံ ကြေညာချက် ၄၁/၁၂၈)။

မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေး ဆိုင်ရာ ကြေညာချက် ၂၀၀၇ (အထွေထွေ ညီလာခံ ကြေညာချက် ၆၁/၂၉၅)။

**နိုင်ငံတကာ အလုပ်သမားများ အဖွဲ့၏ အခြေခံ သဘောတူစာချုပ် (၈) ခု**

အတင်းအဓမ္မ အလုပ်စေခိုင်းခံရသူ ဆိုင်ရာ သဘောတူစာချုပ် အမှတ် ၂၉၊ ၁၉၃၀။

လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် စုစည်းခွင့် အခွင့်အရေးကို ကာကွယ်ခြင်း ဆိုင်ရာ သဘောတူစာချုပ် အမှတ် ၈၇၊ ၁၉၄၈။

စုစည်းခွင့်နှင့် စုပေါင်း ညှိနှိုင်းခွင့် ဆိုင်ရာ သဘောတူစာချုပ် အမှတ် ၉၈၊ ၁၉၄၉။

တူညီသော လုပ်ခလစာ ကိစ္စရပ် ဆိုင်ရာ သဘောတူစာချုပ် အမှတ် ၁၀၀၊ ၁၉၅၁။

အတင်းအဓမ္မ အလုပ် စေခိုင်းခြင်းအား ဖျက်သိမ်းခြင်း ဆိုင်ရာ သဘောတူစာချုပ် အမှတ် ၁၀၅၊ ၁၉၅၇။

(အလုပ်အကိုင်နှင့် လခစား အလုပ်တွင်) ခွဲခြား ဆက်ဆံခြင်း ဆိုင်ရာ သဘောတူစာချုပ် အမှတ် ၁၁၁၊ ၁၉၅၈။

အနိမ့်ဆုံး ရှိရမည့် အသက်ဆိုင်ရာ သဘောတူစာချုပ် အမှတ် ၁၃၈၊ ၁၉၇၃။

အဆိုးရွားဆုံးသော ကလေး လုပ်သား ဆိုင်ရာ သဘောတူစာချုပ် အမှတ် ၁၈၂၊ ၁၉၉၉။

ကုလသမဂ္ဂ ခေတ်၌ပင် နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်စာတမ်းများ ရေးဆွဲခြင်းက အစောပိုင်းတွင် အချိန်ရှည်ကြာသည့် ဖြစ်စဉ် တစ်ခု ဖြစ်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်အတွင်း ဥရောပတွင် ဖြစ်ပွားခဲ့သော ဟော်လိုကော့စ် ဖြစ်ရပ်ကြောင့် လူမျိုးပြုန်းတီးစေမှုကို အပြစ်ပေးရေး အပေါ် သဘောတူညီမှု လွယ်လွယ်ကူကူ ရခဲ့သော်လည်း ကမ္ဘာ့ လူ့အခွင့်အရေးအပေါ် သဘောတူညီမှု ရရှိရန်မှာ ပို၍ ပြဿနာ ရှိခဲ့သည်။ ယခင် လူ့အခွင့်အရေး ကော်မရှင်က အားလုံး အတွက် အခြေခံ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို စုစည်းပြီး ၁၉၄၈ ခုနှစ် ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights (UDHR)) ရေးဆွဲရာတွင် တိုးတက်မှုများ ရှိခဲ့သည်။ ၁၉၄၈ ခုနှစ်၌ ကုလသမဂ္ဂတွင် အဖွဲ့ဝင် နိုင်ငံ ၅၆ နိုင်ငံသာ ရှိသော်လည်း ၂၀၁၅ ခုနှစ်တွင် အဖွဲ့ဝင် ၁၉၃ နိုင်ငံ ရှိနေပြီ ဖြစ်ပြီး ထိုနိုင်ငံများ အားလုံးက UDHR ကို လိုက်နာမည်ဟု လက်ခံထားကြသည်။ ယင်းမှာ ယနေ့အချိန်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ ကြေညာချက် စစ်စစ် ဖြစ်လာပြီ ဖြစ်သည်။

အစောပိုင်း အကြံက ကြေညာချက်တွင် ဖော်ပြထားသည့် အခွင့်အရေးများကို နိုင်ငံများအား စည်းနှောင်နိုင်သည့် စာချုပ် တာဝန်များအဖြစ် ရေးသားရန် ဖြစ်သည်။ ကံမကောင်း အကြောင်းမလှစွာပင် နိုင်ငံတကာ နိုင်ငံရေးက ဝင်ရောက် နှောင့်ယှက်ခဲ့ပြီး သဘောတူညီမှု မရရှိခဲ့ပေ (စာသေတ္တာ ၄.၅ တွင် ရှုပါ)။ ထိပ်တိုက် တွေ့မှုများကြောင့် စာချုပ်စာတမ်း နှစ်ခုခွဲရန် ဆုံးဖြတ်ခဲ့ကြသည်။ တစ်ခုက စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို အာရုံစိုက်ထားပြီး အခြား တစ်ခုက ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများကို အာရုံစိုက်ထားသည်။

သို့ရာတွင် မည်သည့် အခွင့်အရေးကို အဆင့်မည်သို့ သတ်မှတ်ထားစေကာမူ လူ့အခွင့်အရေးများ အားလုံးသည် အပြန်အလှန် မှီခိုနေပြီး ခွဲခြား၍ မရသလို တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည်။ သိရှိနားလည်ပြီး ရွေးချယ်မှု လုပ်ဆောင်ခြင်းကို အထောက်အကူပြုသည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေး တစ်ခု ဖြစ်သော ပညာသင်ကြားခွင့် မရှိဘဲနှင့် နိုင်ငံရေး ပါဝင်ခွင့်ကို ကျင့်သုံးနိုင်မည် မဟုတ်ပေ။ အလားတူပင် အစားအစာနှင့် သန့်ရှင်းသောရေ မရှိဘဲ အသက်ရှင်ခွင့်က အဓိပ္ပာယ် ရှိမည် မဟုတ်ပေ။ သဘောတူစာချုပ် နှစ်ခု ပေါင်းစပ်ကာ UDHR တွင် ပြဋ္ဌာန်းထားသည့် အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို တည်ဆောက်ထားသည်။ အခြား သဘောတူစာချုပ်နှင့် စာချုပ်စာတမ်း အများအပြားက ထိုအခွင့်အရေးများကို အကျယ်ချဲ့ထားခြင်း ဖြစ်သည်ဟုပင် ဆိုနိုင်သည်။

### အခြား အရင်းအမြစ်များ၊ နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေနှင့် စည်းနှောင်အား မရှိသော ဥပဒေ

နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေ ဆိုသည်မှာ နိုင်ငံ၏ အလေ့အကျင့် ဖြစ်နေသော စည်းမျဉ်း စည်းကမ်းများ ဖြစ်သည်။ များသောအားဖြင့် နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေကို နိုင်ငံများ အားလုံး (သို့) အများစုက သဘောတူ ထားကြပြီး ၎င်းတို့၏ သဘောတူညီမှုကို ရေးသားထားသော စာချုပ်များထက် လိုက်နာခြင်းဖြင့် ပြသကြသည်။ လူ့အခွင့်အရေး၏ အချို့သော အစိတ်အပိုင်း များသည် နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေတွင် ပါဝင်နေသည်ဟု ဆိုနိုင်သည်။ ညှဉ်းပန်း နှိပ်စက်မှုကို တားမြစ်ခြင်းနှင့် အထူးသဖြင့် ကျွန်စနစ်ကို တားမြစ်ခြင်းတို့က ဥပမာများ ဖြစ်သည်။ နိုင်ငံများ အားလုံးက ကျွန်စနစ်သည် နိုင်ငံတကာ ဥပဒေနှင့် ဆန့်ကျင်သည်ဟု လက်ခံထား ကြသည်။ ကျွန်စနစ် ဆန့်ကျင်ရေး သဘောတူစာချုပ်များကို လက်မှတ်ရေးထိုး

ထားသည် ဖြစ်စေ၊ မထားသည် ဖြစ်စေ ကျွန်စနစ်ကို တားမြစ်ရန် တာဝန် ရှိကြသည်။ ပိုမို ခက်ခဲသည်မှာ ညှဉ်းပန်း နှိပ်စက်ခြင်း ဖြစ်သည်။ နိုင်ငံများ အားလုံးက ရုပ်ပြအားဖြင့် တားမြစ်ထားသော်လည်း အမျိုးမျိုးသော ညှဉ်းပန်း နှိပ်စက်မှု အတိုင်းအတာများနှင့် အလေ့အကျင့်များကို လက်ခံထား ကြသည် (အခန်း ၁၅ တွင် ရှုပါ)။ ထို့ကြောင့် ထိုတားမြစ်ခြင်းကို ဓလေ့ထုံးတမ်းဟု ရှုမြင်ခြင်းမှာ ပြဿနာရှိသည်။ အခြား ပြဿနာ တစ်ရပ်မှာ အဓိပ္ပာယ် ဖွင့်ဆိုပုံ ဖြစ်သည်။ ညှဉ်းပန်း နှိပ်စက်ခြင်းကို ဓလေ့ထုံးတမ်း ဥပဒေအရ အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း မရှိဘဲ သဘောတူ စာချုပ် အဓိပ္ပာယ် ဖွင့်ဆိုချက် (ဥပမာ ညှဉ်းပန်း နှိပ်စက်မှုနှင့် အခြား ရက်စက်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှုများ (သို့) အပြစ်ပေးမှုများအား ဆန့်ကျင်ရေး ဆိုင်ရာ သဘောတူ စာချုပ်၊ အပိုဒ် ၁) က လက်မှတ်ရေးထိုးထားခြင်း မရှိသော နိုင်ငံများအတွက် ကိုယ်စားမပြုပေ။ နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေ တည်ရှိခြင်းနှင့် ဥပဒေအရ စည်းကြပ် နိုင်ခြင်းအပေါ် ငြင်းခုံမှုများ ရှိကြသည်။ အတိအကျ အဖြေပေးနိုင်မည့် အဖွဲ့အစည်း ဖြစ်သော ICJ သို့ အငြင်းပွားမှု အနည်းငယ်သာ ရောက်ရှိပေရာ စိတ်ကျေနပ်ဖွယ် အဖြေမှာ အထင်အရှား မရှိပေ။ ထို့ပြင် ယခုအခါ နိုင်ငံ အများစုက အဓိက နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူ စာချုပ်များတွင် အဖွဲ့ဝင် ဖြစ်နေလေပြီ ဖြစ်ရာ နိုင်ငံ တစ်နိုင်ငံအပေါ် ဥပဒေ တာဝန် တစ်ခုအား စည်းကြပ်ရန် နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေကို အားကိုးစရာ မလိုတော့ပေ။

ဓလေ့ထုံးတမ်း ဥပဒေအပြင် လူ့အခွင့်အရေးကို စည်းနှောင်အား မရှိသော ဥပဒေ အဖြစ်လည်း တွေ့ရသည်။ စည်းနှောင်အား မရှိသော ဥပဒေ ဆိုသည်မှာ (သဘောတူစာချုပ်/ဓလေ့ထုံးတမ်း ဥပဒေ ကဲ့သို့သော) ဥပဒေအရ စည်းနှောင်နိုင်သည့် တာဝန်များ ရှိသော ဥပဒေနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ စည်းနှောင်အား မရှိသော ဥပဒေတွင် နိုင်ငံတကာ အဖွဲ့အစည်းများ ရေးဆွဲခဲ့သော ကြေညာချက် အမျိုးမျိုး ပါဝင်သည်။ ယင်းကြေညာချက်များသည် ဥပဒေအရ စည်းနှောင်နိုင်ခြင်း မရှိ၊ သို့ရာတွင် နိုင်ငံများ သဘောတူညီထားသည့် စည်းမျဉ်းများ ပါဝင်နေသည်။ စည်းနှောင်အား မရှိသော ဥပဒေကို ချိုးဖောက်ခြင်းသည် အကျိုးဆက် မရှိဟု မဆိုနိုင်။ သို့ရာတွင် ထိုအကျိုးဆက်များမှာ ဥပဒေရေးရာထက် နိုင်ငံရေး အကျိုးဆက်များ ဖြစ်သည်။ ရှယ်လ်တန် (Shelton) (2000) က စည်းနှောင်မှု မရှိသော နည်းလမ်းများကို နိုင်ငံတကာ ဇာတ်ခုံတွင် ပိုမို မြင်တွေ့လာရသည့် လက္ခဏာ ဖြစ်သည်ဟု ဆိုသည်။ ဥပမာများတွင် တိုးတက်ခွင့် ဆိုင်ရာ ကြေညာချက်နှင့် အကျဉ်းသားများကို ဆက်ဆံရာတွင် အနိမ့်ဆုံး လိုက်နာရမည့် အခြေခံ စည်းမျဉ်းများတို့ ပါရှိသည်။ မကြာခဏ ဆိုသလို စည်းနှောင်မှု ရှိသော ဥပဒေများ မဖြစ်ပေါ်မီ စည်းနှောင်မှု မရှိသော ဥပဒေ ဆိုင်ရာ ကြေညာချက်များဖြင့် စတင်လေ့ရှိသည်။ ထို့ကြောင့် ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းကို ဥပဒေအရ သဘောတူ စာချုပ် နှစ်ခုတွင် ဖော်ပြခဲ့သည်။ အမျိုးသမီးများအပေါ် ခွဲခြား ဆက်ဆံမှု တိုက်ဖျက်ရေး ဆိုင်ရာ ကြေညာချက် (၁၉၆၇) အပြီး ၁၉၇၉ ခုနှစ်တွင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြား ဆက်ဆံမှု အားလုံး ပပျောက်ရေး ဆိုင်ရာ သဘောတူ စာချုပ် ထွက်ပေါ် လာခဲ့သည်။

စည်းနှောင်အား မရှိသော ဥပဒေက နိုင်ငံများ၏ တာဝန်များကို အသိပေးသည်၊ သို့ရာတွင် ယင်းတို့ကို အဓိပ္ပာယ် ဖွင့်ဆို သတ်မှတ်ခြင်း မရှိပေ။ ဖော်ဆိုက် (Forsythe) (2006, p. 13) က အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံခြားရေး မူဝါဒများ၏ ရည်မှန်းချက်များကို ပြည့်မီစေရန် လူ့အခွင့်အရေး ဆိုင်ရာ စည်းနှောင်အား မရှိသော ဥပဒေများ၏ အရေးပါပုံကို ထောက်ပြခဲ့သည်။

အနှစ်ချုပ်

သဘောတူစာချုပ်များမှာ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေတွင် အများဆုံး တွေ့ရသည့် ပုံစံ ဖြစ်သည်။ ယင်းတို့ကို ရေးသားထားပြီး နိုင်ငံများက ပြဋ္ဌာန်းချက်များကို လိုက်နာရသည်။

နိုင်ငံများက အချို့သော သဘောတူစာချုပ် တာဝန်များကို ခြွင်းချက်ထားခြင်း၊ ကြေညာချက် ထုတ်ပြန်ခြင်း၊ ဆိုင်းငံ့ခြင်းတို့ဖြင့် ရှောင်ကြဉ်ကြသည်။ သို့ရာတွင် ခြွင်းချက်ထားခြင်းက အကြောင်းအရာနှင့် သဘောတူစာချုပ်၏ ရည်ရွယ်ချက်ကို မထိခိုက်သင့်ပေ။ ဆိုင်းငံ့ထားခြင်းကို လုံးဝ လိုအပ်မှသာ အသုံးပြုသင့်သည်။

ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ ဥပဒေသည် နိုင်ငံတကာ လူ့အခွင့်အရေး၏ ရင်းမြစ်တစ်ခု ဖြစ်သည်။ အားလုံး ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသော အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို နိုင်ငံတိုင်းက လိုက်နာကြရသည်။

စည်းနှောင်အား မရှိသော ဥပဒေသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ၏ အရေးပါသော ရင်းမြစ် တစ်ခု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဥပဒေက နိုင်ငံများ၏ အလေ့အကျင့်နှင့် သဘောထားကို ထင်ဟပ်နေသောကြောင့် ဖြစ်သည်။ ယင်းမှာ လွှမ်းမိုးနိုင်စွမ်း ရှိသည်။ သို့ရာတွင် ဥပဒေအရ စည်းကြပ်နိုင်စွမ်း မရှိပေ။

လူ့အခွင့်အရေးများသည် အပြန်အလှန် မှီခိုနေပြီး ခွဲခြား၍ မရပေ။ လူ့အခွင့်အရေး အများစုသည် အခြား လူ့အခွင့်အရေးများနှင့် အပြန်အလှန် မှီခိုနေသည်။ ထို့ကြောင့် လူ့အခွင့်အရေးများသည် အခွင့်အရေးနှင့် လွတ်လပ်ခွင့်များနှင့် ပတ်သက်၍ အားကောင်းသည့် ကွန်ရက် တစ်ခု ဖြစ်နေသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

ခြွင်းချက်များနှင့် ဆိုင်းငံ့ခြင်းများ ရှိခြင်းက လူ့အခွင့်အရေးအား တစ်ကမ္ဘာလုံး လေးစား လိုက်နာမှုကို ထိခိုက်စေပါသလား။ သို့မဟုတ် ယင်းတို့ ရှိခြင်းက နိုင်ငံများ အားလုံး ဥပဒေ ဆိုင်ရာ တာဝန်များကို လက်ခံလာစေရန် လက်တွေ့ကျသည့် အရာ ဖြစ်ပါသလား။ အကြမ်းဖက် အန္တရာယ် ကြုံနေရသည်ဟု ဆိုသော နိုင်ငံများ အနေဖြင့် စာချုပ်ပါ ပြဋ္ဌာန်းချက်များကို ဆိုင်းငံ့ထား နိုင်ပါသလား။ ထားနိုင်သည် ဆိုပါက မည်သည့် အခွင့်အရေး/လွတ်လပ်ခွင့်ကို ဆိုင်းငံ့ထား နိုင်ပါသနည်း။ အဘယ်ကြောင့်နည်း။

## နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို စောင့်ကြည့်ခြင်းနှင့် စည်းကြပ်ခြင်း

အစောပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း လူ့အခွင့်အရေး ကာကွယ်ခြင်း၏ ဘောင်များနှင့် လူတစ်ဦး (တစ်ခါတရံ အုပ်စု တစ်စု) ၏ ရပိုင်ခွင့်များကို အတိအကျ သတ်မှတ်ခြင်းက လူ့အခွင့်အရေး ဥပဒေ စနစ်တစ်ခု အတွက် များစွာ အကျိုးရှိမည် ဖြစ်သည်။ သို့ရာတွင် ထိုအခွင့်အရေးများကို စည်းကြပ်နိုင်ခြင်း မရှိပါက လူ့အခွင့်အရေး ရှိခြင်း၏ အကျိုးကျေးဇူးများ လျော့ပါးသွားမည် ဖြစ်သည်။ ထို့ကြောင့် ယခု အပိုင်းတွင် တည်ဆဲ လူ့အခွင့်အရေး စောင့်ကြည့်ရေးနှင့် စည်းကြပ်ခြင်း ဆိုင်ရာ နည်းလမ်းများကို လေ့လာသွားပါမည်။ ယခုအပိုင်းတွင် နိုင်ငံတကာ စနစ်ကို ဦးစွာ လေ့လာသွားမည် ဖြစ်ပြီး နောက်ပိုင်းတွင် ဒေသတွင်းနှင့် ပြည်တွင်း စနစ်များကို လေ့လာသွားပါမည်။ ထိခိုက်နစ်နာသူများအတွက် နိုင်ငံတကာ အဆင့်တွင် ပြည်တွင်း အဆင့်လောက် လျော်ကြေး တောင်းခံနိုင်ခြင်း မရှိခြင်းမှာတော့ ရှောင်လွှဲ၍ မရသည့် အချက် ဖြစ်သည်။

## လူ့အခွင့်အရေး စောင့်ကြည့်ခြင်းနှင့် စည်းကြပ်ခြင်း အတွက် နိုင်ငံတကာ (ကုလသမဂ္ဂ) စနစ်

ယခုအပိုင်းတွင် ကုလသမဂ္ဂ အစိတ်အပိုင်းနှင့် အဖွဲ့အစည်းများကို ဦးစွာ စဉ်းစားသွားပါမည်။ ထို့နောက် အဓိက လူ့အခွင့်အရေး သဘောတူ စာချုပ်များ အကောင်အထည် ဖော်ခြင်းကို စောင့်ကြည့်သည့် စာချုပ် စောင့်ကြည့်ရေး အဖွဲ့များ အကြောင်းကို လေ့လာသွားပါမည်။ လူ့အခွင့်အရေး စောင့်ကြည့်သော အခြား ကုလသမဂ္ဂ စနစ်များကိုလည်း ဖော်ပြသွားပါမည်။ နောက်ဆုံးတွင် နိုင်ငံတကာ လုပ်ငန်းစဉ်များ အဓိက တိုးတက်လာသည့် နယ်ပယ်များ ဖြစ်သော ရာဇဝတ်မှုနှင့် အကူးအပြောင်းကာလ တရားမျှတရေးတို့ကို အတိုချုံး လေ့လာသွားခြင်းဖြင့် ယခုအပိုင်းကို အဆုံးသတ်ပါမည်။

ကုလသမဂ္ဂသည် လူ့အခွင့်အရေး ဥပဒေနှင့် ပတ်သက်၍ အရေးအပါဆုံး အရင်းအမြစ် တစ်ခု ဖြစ်သည်။ အဓိက စာချုပ် အများစုကို ကုလသမဂ္ဂ (သို့) ကုလသမဂ္ဂနှင့် စပ်ဆက်နေသည့် အဖွဲ့အစည်းများ (ဥပမာ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့ (UN Educational, Scientific and Cultural Organization (UNESCO)၊ ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ (World Health Organization (WHO))၊ ILO) ၏ လမ်းညွှန်မှုဖြင့် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။ ကုလသမဂ္ဂ စနစ်က လူ့အခွင့်အရေး လိုက်နာမှု စောင့်ကြည့်သည့် စနစ်တစ်ခုကို ဖန်တီးခဲ့သည် (ပုံ ၄.၂ တွင် ရှုပါ)။ ကုလသမဂ္ဂ၏ အဖွဲ့ဝင် နိုင်ငံအားလုံးကို ထိုစနစ်များဖြင့် စောင့်ကြည့်သည်။ ယင်းအကြောင်းကို ဆက်လက် ရှင်းပြသွားပါမည်။ သို့ရာတွင် တွမ်မူရှတ် (Tomuschat) (2003, p. 7) က "လူ့အခွင့်အရေးကို နိုင်ငံတကာမှ အကာအကွယ် ပေးခြင်းသည် လူသားမျိုးနွယ်စု သမိုင်း၏ နောက်ကျသည့် အဆင့်တွင် စတင်ခဲ့သော ဥပဒေဆိုင်ရာ သမိုင်း၏ အခန်း တစ်ခန်း ဖြစ်သည်။" ဟု မှတ်ချက် ပြုခဲ့သည်။ ထို့ပြင် ယင်းစနစ်တွင် ပါဝင်သည့် အရာ အားလုံးမှာ သဘောတူညီမှုအပေါ် အခြေခံ ထားသော သံတမန်ရေး စနစ်ဖြစ်သည်။ နိုင်ငံများက (နိုင်ငံရေး၊ စီးပွားရေး (သို့) သံတမန်ရေးအရ) ၎င်းတို့အတွက် အကျိုးရှိသည်ဟု ထင်မှသာ တက်ကြွစွာ ပါဝင်ကြမည် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံက စနစ်ကြောင့် ထိခိုက်သည်ဟု ခံစားရလျှင် မိမိဆန္ဒအလျောက် နှုတ်ထွက်နိုင်သည်။ ထို့ကြောင့် ထိရောက်သော စောင့်ကြည့်လေ့လာရေးနှင့် မည်သည့် နိုင်ငံကိုမျှ ဖြစ်စဉ်မှ ဖယ်မထုတ်ရေး တို့အကြား နိုင်ငံရေး ဘက်ညီမှု ထားရှိရသည်။ အားလုံး ပါဝင်မှုမှာ အရေးပါသည်။

ပုံ ၄.၂။ ကုလသမဂ္ဂ လူ့အခွင့်အရေး စနစ်၊ ရိုးရှင်းသည့် ပုံစံ

**ကုလသမဂ္ဂ အထွေထွေ ညီလာခံ**
လူ့အခွင့်အရေး ကောင်စီ၏ အစီရင်ခံစာနှင့် အခြား လူ့အခွင့်အရေး အစီရင်ခံစာများကို လက်ခံသည်။

↑

**လူ့အခွင့်အရေး ကောင်စီ**
စာချုပ် စောင့်ကြည့်ရေး အဖွဲ့များနှင့် (အထူး ကိုယ်စားလှယ် ခန့်အပ်သည့်) အထူး အစီအမံများထံမှ အစီရင်ခံစာများကို လက်ခံသည်။ တစ်ကမ္ဘာလုံး ပုံမှန် စောင့်ကြည့်ခြင်းကို လုပ်ဆောင်သည်။




**အဓိက (စာချုပ်) အဖွဲ့အစည်းများ**

ကုလသမဂ္ဂ ပဋိညာဉ်နှင့် အခြား ဆက်စပ်သည့် ဥပဒေများတွင် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို လိုက်နာမှုအပေါ် စောင့်ကြည့်သည့် နည်းလမ်းများ ပါရှိသည်။ လူ့အခွင့်အရေး လိုက်နာမှု စောင့်ကြည့်ရန် အဓိက တာဝန်ရှိသည့် အဖွဲ့မှာ ၂၀၀၆ ခုနှစ်တွင် တည်ထောင်ခဲ့သော လူ့အခွင့်အရေး ကောင်စီ (Human Rights Council (HRC)) ဖြစ်သည် (ဥပမာ Oberleitner, 2007; Ramcharan, 2011; Freedman, 2013 တို့ကို ရှုပါ)။ ထိုကောင်စီမှာ စီးပွားရေးနှင့် လူမှုရေး ကောင်စီ၏ လုပ်ငန်း ကော်မရှင် တစ်ခု ဖြစ်သည့် လျောင်ပြောင်ဖွယ်ရာ ဖြစ်နေသော လူ့အခွင့်အရေး ကော်မရှင် ပြိုကွဲပြီးနောက် တည်ထောင်ခဲ့ခြင်း ဖြစ်သည် (ကုလသမဂ္ဂ ပဋိညာဉ် အပိုဒ် ၆၁)။ ကော်မရှင်အပေါ် အဓိက ဝေဖန်မှုများတွင် ၎င်းသည် ဘက်လိုက်ပြီး လျှို့ဝှက်သည်ဟု ပါဝင်သည် (e.g. Franck, 1984; Boekle, 1995; Annan, 2002, 2005)။

လူ့အခွင့်အရေး ကောင်စီသည် ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ အဖွဲ့ခွဲ တစ်ခု ဖြစ်ပြီး ညီလာခံ ထံသို့ အစီရင်ခံရသည်။ ယင်းကောင်စီတွင် ရွေးကောက် တင်မြှောက်ထားသော အဖွဲ့ဝင် ၄၇ နိုင်ငံ ပါဝင်ပြီး လူသားအားလုံးအတွက် လူ့အခွင့်အရေးနှင့် အခြေခံ ကျသော လွတ်လပ်ခွင့် အားလုံးကို ခွဲခြား ဆက်ဆံမှု မရှိဘဲ မျှတပြီး တန်းတူညီသော ပုံစံဖြင့် တစ်ကမ္ဘာလုံးက လေးစားလိုက်နာ ကာကွယ်ပေးမှုအား မြှင့်တင်ရန် တာဝန် ရှိသည် (GA Resn 60/251 at 2; see United Nations General Assembly, 2006)။ နိုင်ငံ တစ်နိုင်ငံချင်းစီက ၎င်းတို့၏ လူ့အခွင့်အရေး တာဝန်များနှင့် ကတိကဝတ်များ လိုက်နာမှုကို စောင့်ကြည့်ရန် ကောင်စီကို တစ်ကမ္ဘာလုံး ပုံမှန် လေ့လာခြင်း အတွက် အာဏာ ပေးအပ်ထားသည်။ ထိုလေ့လာခြင်းက (နောင်တွင် ကျွန်ုပ်တို့ တွေ့ရမည် ဖြစ်သည့်) စာချုပ် စောင့်ကြည့်ရေး အဖွဲ့များ၏ လုပ်ငန်းများကို ကူညီပေးရာရောက်ပြီး ပါဝင်သူများ အတွက်လည်း ဝန်ထုတ်ဝန်ပိုး ကြီးကြီးမားမား မဖြစ်လှပေ (Human Rights Council Resolution 5/1 at 3(f) + (h))။ တစ်ကမ္ဘာလုံး ပုံမှန်လေ့လာခြင်းတွင် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ အတွက်နှင့် ပို၍ အငြင်းပွားဖွယ်ရာ အဖြစ် နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေအတွက်ပါ အကျုံးဝင်သည်။ သို့ရာတွင် နိုင်ငံ အများအပြားက အခြား နိုင်ငံများအပေါ် လေ့လာရာတွင် လူသားချင်း စာနာမှု ဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်း မှတ်ချက်ပြုခြင်း မရှိကြပေ။ ဆွေးနွေးရမည့် သတင်းအချက်အလက်များ အတွက် နိုင်ငံများက အစီရင်ခံစာများ တင်သွင်းကြသည်။ ကုလသမဂ္ဂ

လူ့အခွင့်အရေး မဟာမင်းကြီးရုံး (United Nations Office of the High Commissioner for Human Rights (OHCHR)) က စာချုပ် စောင့်ကြည့်ရေး အဖွဲ့များနှင့် အထူး အစီအမံများ၏ သက်ဆိုင်ရာ အစီရင်ခံစာများကို စုစည်းသည်။ အခြား သက်ဆိုင်ရာ ပတ်သက် ဆက်နွှယ်သူများက ပေးသည့် ခိုင်လုံပြီး စိတ်ချရသော အချက်အလက်များကို OHCHR က အနှစ်ချုပ် ပေးပြီး ယင်းအချက်များကို သုံးကောင်း သုံးနိုင်သည်။ ယင်းနောက် ဆွေးနွေးညှိနှိုင်းခြင်းများ ဖြစ်ပေါ်ပြီး အခြား နိုင်ငံများက အစီရင်ခံစာ တင်သွင်းသည့် နိုင်ငံကို မှတ်ချက်ပေးခြင်း၊ ရှင်းလင်းခိုင်းခြင်းနှင့် မေးခွန်း ထုတ်ခြင်းများ လုပ်ဆောင်ကြသည်။ ဆွေးနွေးညှိနှိုင်းခြင်းနှင့် နိုင်ငံများကို အကြံပြုချက်များ ပေးခြင်း၊ မှတ်ချက်များ ပေးခြင်း တို့က ကောင်စီ မှတ်တမ်းတင်သည့် နောက်ဆုံး အစီရင်ခံစာ အတွက် အခြေခံများ ဖြစ်သည်။

HRC သည် လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များကို "ဆိုးရွားပြီး သက်သေခိုင်လုံစွာ၊ ကြိမ်ဖန်များစွာ ချိုးဖောက်ခြင်းများ" နှင့် သက်ဆိုင်သည့် တိုင်ကြားချက်များကိုလည်း လက်ခံ နိုင်သည်။ ထိုလုပ်ဆောင်ချက်သည် ၎င်းအမွေဆက်ခံခဲ့သည့် ကော်မရှင်၏ လုပ်ငန်းကို ယူထားခြင်း ဖြစ်သည် (ယခင် ကော်မရှင်၏ ၁၂၅၃/၁၅၀၃ လုပ်ဆောင်ချက်)။ လူ့အခွင့်အရေး ကောင်စီ၏ ဆုံးဖြတ်ချက် ၅/၁ ၂၀၀၇ က ဖြစ်စဉ်အသစ်နှင့် ပတ်သက်၍ အချက်အလက်များ ပေးထားသည်။ ထိုဖြစ်စဉ်တွင် အဆင့်သုံးဆင့် ပါဝင်သည်။ ပထမ အဆင့်မှာ လွတ်လပ်သော ကျွမ်းကျင် ပညာရှင်များ ပါဝင်သည့် လုပ်ငန်းအဖွဲ့က လက်ခံ၊ လက်မခံ ဆုံးဖြတ်ခြင်း ဖြစ်သည်။ ထို့နောက် ကောင်စီ အဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့က အခြေအနေများကို စဉ်းစား လေ့လာသည်။ နောက်ဆုံးအဆင့်တွင် HRC က လေ့လာခြင်းနှင့်/ သို့မဟုတ် အရေးယူခြင်းများ လုပ်ဆောင်သည်။ (နိုင်ငံများ ဆန္ဒရှိသည့် အခြေအနေများမှ လွဲ၍) တိုင်ကြားချက်၏ သဘောတရားနှင့် ပတ်သက်၍ရော၊ ကောင်စီ၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ပါ အများပြည်သူကို အသိပေးခြင်း မရှိပေ။

ကောင်စီ၏ လုပ်ငန်းများကို အထူး လုပ်ဆောင်ချက်များ (အထူး ကိုယ်စားလှယ်များ) က ပံ့ပိုးပေးသည်။ ယင်းတို့မှာ ၎င်းတို့၏ ကျွမ်းကျင်မှုအလိုက် နိုင်ငံ အသီးသီးရှိ လူ့အခွင့်အရေး လိုက်နာမှုများကို တရားဝင် သွားရောက် လေ့လာခြင်းများ၊ လူ့အခွင့်အရေး တိုးတက်မှု ရှိနိုင်မည့် နေရာများကို စဉ်းစားခြင်းများ၊ အခွင့်အရေးနှင့် လွတ်လပ်ခွင့် ချိုးဖောက်ခံရသည့် အဆိုများကို စဉ်းစားခြင်းများနှင့် စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုခြင်း၊ ကိုယ်တွယ်ခြင်းတို့ဖြင့် လေ့လာ စောင့်ကြည့်မှုများ ပြုလုပ်သည့် တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များ ဖြစ်သည်။ ထိုအထူး ကိုယ်စားလှယ် များကို နိုင်ငံအလိုက် (ဥပမာ ဆိုမာလီယာ၊ မြန်မာ) (သို့) ခေါင်းစဉ်အလိုက် (ဥပမာ အလွန်အကျူး ဆင်းရဲမွဲတေမှုနှင့် လူ့အခွင့်အရေး၊ မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ခွင့် (သို့) ယုံကြည်ခွင့်၊ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများ) ခန့်အပ် နိုင်သည်။ ၎င်းတို့ကို ခန့်အပ်ခြင်းများ၊ လုပ်ဆောင်ရမည့် တာဝန်များနှင့်၊ လိုက်နာရမည့် အချက်များကို ကျင့်ဝတ် စည်းမျဉ်းများ အပါအဝင် အမျိုးမျိုးသော စာချုပ်များဖြင့် ထိန်းချုပ်သည် (အင်စတီကျူးရှင်း တည်ဆောက်ခြင်းအတွက် HRC Res 5/1 နှင့် ကျင့်ဝတ်စည်းမျဉ်းအတွက် 5/2 တို့ ဖြစ်သည်)။

ILO နှင့် UNESCO တို့တွင် ၎င်းတို့ ကမကထ ပြုထားသည့် စာချုပ်များပါ အခွင့်အရေးများ အကာအကွယ်ပေးမှုကို သီးခြား စနစ်များ ရှိကြသည်။ UNESCO က ၎င်းတို့ စီရင်ပိုင်ခွင့် ရှိသော အခွင့်အရေးများနှင့် စပ်လျဉ်းသည့် ဆက်သွယ် တိုင်တန်းချက်များကို စဉ်းစားပေးသည့် စနစ် ရှိသည်။

အထူးသဖြင့် ယင်းမှာ ပညာရေး အခွင့်အရေးနှင့် ယဉ်ကျေးမှု ဘဝတွင် လွတ်လပ်စွာ ပါဝင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းလွတ်လပ်ခွင့် ဆိုင်ရာ အခွင့်အရေးများ ဖြစ်သည်။ UNESCO ၏ Decision 104, EX/3.3 (1978) က ၎င်းနှင့် သက်ဆိုင်သော လူ့အခွင့်အရေးများ ကျင့်သုံးမှုနှင့် ပတ်သက်၍ UNESCO ထံ အမှုများနှင့် မေးခွန်းများ တင်သွင်းလိုပါက လိုက်နာရမည့် အဆင့်များကို ဖော်ပြထားသည်။ ထိုကြားနာမှုများသည် ယေဘုယျ အားဖြင့် လျှို့ဝှက်ပုံစံ ဖြစ်သည်။

နိုင်ငံတကာ အလုပ်သမားများ အဖွဲ့၏ ဖွဲ့စည်းပုံ အပိုဒ် ၂၄ အရ အလုပ်သမားနှင့် အလုပ်ရှင် အဖွဲ့အစည်းများက ၎င်းတို့၏ အဖွဲ့ဝင်များသည် သဘောတူစာချုပ်ကို ထိရောက်စွာ လိုက်နာရန် ပျက်ကွက်ပါက ILO ထံ တိုင်ကြားနိုင်သည်။ ယင်းမှာ ILO ၏ လုပ်သား (အလုပ်သမားများ၏) အခွင့်အရေးများ လိုက်နာမှုကို စောင့်ကြည့်သည့် စနစ်ဖြစ်သည်။

သံသယ ဝင်စရာ မလိုသည့်အချက်မှာ အဓိက နိုင်ငံတကာ အစီအမံများတွင် လူတစ်ဦးချင်းစီ အတွက် ကုစားပေးမှု အနည်းငယ်သာ ရှိသည်။ နိုင်ငံ တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား ရှိသည့် တာဝန်များကိုသာ အာရုံစိုက်သည့် အဖွဲ့အစည်းတစ်ခုတွင် ထိုအခြေအနေသာ ရှိခြင်းက မထူးဆန်းပေ။ စနစ် အမျိုးမျိုးက လျှို့ဝှက် ပုံစံ ကျင့်သုံးခြင်းသည် နိုင်ငံ တစ်နိုင်ငံ၏ အချုပ်အခြာ အာဏာကို လေးစားခြင်းနှင့် နိုင်ငံများကို ဘေးဖယ်ထားရန် ချီတုံချတုံ ဖြစ်နေခြင်းတို့နှင့် ကိုက်ညီသည်။ နိုင်ငံများ အားလုံးကို ပါဝင်ရန် တွန်းအားပေးသည့် အခြေအနေတွင် စည်းကြပ်မှုအား များစွာ တင်းကြပ်ထားမှု မရှိခြင်းမှာ ရှောင်လွှဲ၍ မရသည့် အကျိုးဆက်ပင် ဖြစ်သည်။

**ဒုတိယအဆင့် (စာချုပ်) အဖွဲ့အစည်းများ**

ရှေ့တွင် တင်ပြီးခဲ့သည့် အဖွဲ့များ အပါအဝင် အဓိက စာချုပ်များတွင် လူ့အခွင့်အရေး လေးစား လိုက်နာမှုကို စောင့်ကြည့်သည့် စနစ် ပါရှိသည်။ ယင်းမှာ အဓိက စာချုပ်များကို အခြေခံသည် စနစ် ဖြစ်လေရာ စာချုပ်ကို လက်မှတ်ရေးထိုးထားသည့် နိုင်ငံများအတွက်သာ အကျုံးဝင်သည်။ စာချုပ် ဆိုင်ရာ အဖွဲ့များ အားလုံးသည် OHCHR ၏ ရုံးချုပ် ဂျနီဗာတွင် ရုံးထိုင်၍ တာဝန်များ ဆောင်ရွက်ကြသည်။ ကော်မတီ တစ်ခုချင်းစီ၏ ဖွဲ့စည်းပုံ၊ အခွင့်အာဏာများနှင့် လုပ်ငန်းများကို သက်ဆိုင်ရာ စာချုပ်များတွင် ဖော်ပြထားသည် (ဥပမာ ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကော်မတီ အကြောင်းကို ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၄၃-၅ တွင် ရှုပါ)။ အီဂန် (Egan) (20011) က ထိုအဖွဲ့များအကြောင်းကို အသေးစိတ် လေ့လာထားသည်။

သဘောတူစာချုပ် တစ်ခုချင်းစီက နိုင်ငံများ၏ မိမိကိုယ်မိမိ အကဲဖြတ် သုံးသပ်သည့် အစီရင်ခံစာ များကို သက်ဆိုင်ရာ စာချုပ် (သို့) ကော်မတီက သတ်မှတ်ထားသည့် အချိန် အပိုင်းအခြားအတိုင်း လက်ခံ စဉ်းစားသည်။ နိုင်ငံများ၏ အစီရင်ခံစာများနှင့် ကြားနာ ဆွေးနွေးမှုများကို အခြေခံ၍ ကောင်းမွန်သည့် အလေ့အကျင့်များနှင့် နိုင်ငံ၏ တာဝန်များ လိုက်နာမှု အပေါ် အကဲဖြတ်ထားသည့် အဆုံးသတ် တွေ့ရှိချက်များ ထုတ်ပြန်သည်။ မလိုက်နာခြင်းက အပြစ်ပေး အရေးယူမှု ဖြစ်စေနိုင်မည် မဟုတ်ပေ။ အစီရင်ခံစာများ အားလုံးကို အများပြည်သူ အတွက် ဖွင့်ပေးထားပြီး အွန်လိုင်းတွင် ရရှိနိုင်သည်။ ကော်မတီ

အများအပြားက နိုင်ငံ တစ်နိုင်ငံမှ အခြား နိုင်ငံ တစ်နိုင်ငံအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှု တိုင်ကြားချက်များကို လက်ခံနိုင်ကြသည်။ သို့ရာတွင် သံတမန်ရေးရာ အကြောင်းပြချက်များကြောင့် (အထူးသဖြင့် လက်တုံ့ပြန်မည်ကို ကြောက်ရွံ့ သောကြောင့်) ထိုအစီအမံများကို အသုံးပြုလေ့ မရှိပေ။ အချို့သော ကော်မတီများက နိုင်ငံများသို့ သွားရောက် လေ့လာလေ့ ရှိသည် (ဥပမာ ညှဉ်းပန်း နှိပ်စက်မှု ဆန့်ကျင်ရေး ကော်မတီက ထိန်းသိမ်းရေး စခန်းများသို့ သွားရောက်လေ့လာခြင်း)။ အဓိက စာချုပ်များက ယခုအခါ လူတစ်ဦးချင်းစီမှ ဆက်သွယ် တိုင်တန်းချက်များကိုလည်း စဉ်းစားပေးနိုင်သည်။ သို့ရာတွင် နိုင်ငံများက လက်မှတ်ရေးထိုးသည့်အချိန် (သို့) ရေးထိုးပြီး နောက်ပိုင်းတွင် ထိုတိုင်တန်းချက် ပြုနိုင်သည့် အချက်ကို လက်ခံပြီး သက်ဆိုင်ရာ ကော်မတီမှ လူတစ်ဦးချင်းစီ၏ တိုင်ကြားချက်များကို ကြားနာခြင်းအား ခွင့်ပြုရမည်။ ထိုလုပ်ငန်းစဉ်အချို့ကို သီးသန့် စာချုပ်စာတမ်းများ (များသောအားဖြင့် နောက်ဆက်တွဲ စာချုပ်များ) တွင် ထည့်သွင်းထားပြီး သာမန် စာချုပ်ပါ တာဝန်များမှ ခွဲခြားထားသည်။ တိုင်ကြားသည့် စနစ်ကို နိုင်ငံများက လက်ခံလာစေရန် ဥပဒေ အသုံးအနှုန်းများ သုံးထားခြင်း မရှိပေ။ ထို့ကြောင့် ကော်မတီက ဆက်သွယ် တိုင်တန်းချက်များကို လေ့လာပြီး ၎င်းတို့၏ ထင်မြင်ချက်ကိုသာ ထုတ်ပြန်လေ့ ရှိသည်။ လက်ခံသည့် နိုင်ငံ အရေအတွက်နှင့် နှိုင်းယှဉ်လျှင်၊ အထူးသဖြင့် (ရှေ့တွင် ဆက်လက် လေ့လာသွားမည့်) ဒေသဆိုင်ရာ စနစ်များနှင့် နှိုင်းယှဉ်လျှင် လူတစ်ဦးချင်းစီမှ တိုင်ကြားမှု အနည်းငယ်သာ ရှိသည်ဟု ဆိုနိုင်သည်။ ဤသည်မှာ နိုင်ငံများ၏ ကောင်းမွန်သော အလေ့အကျင့်များကြောင့် ဖြစ်ပြီး နိုင်ငံသားများသည် နိုင်ငံက လက်ခံထားသော စာချုပ်ပါ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ အပြည့်အဝ ရနေသောကြောင့် ဖြစ်သည်ဟု မည်သူကမျှ မဆိုကြပေ။

နိုင်ငံတကာ စနစ်သည် "သွားမရှိသည့် စနစ်" ဟု မကြာခဏ ဝေဖန်ကြသည်။ နိုင်ငံတကာ လူ့အခွင့်အရေးကို လက်ခံထားသည့် နိုင်ငံများ၏ လိုက်နာမှုကို စောင့်ကြည့်ကြသည့် နိုင်ငံတကာ အဖွဲ့အစည်း များစွာ ရှိသော်လည်း နိုင်ငံများကို ၎င်းတို့ ပိုင်နက်အတွင်း စာချုပ် တာဝန်များအား အပြည့်အဝ လိုက်နာရန် တွန်းအားပေးနိုင်သည့် နည်းလမ်း မရှိပေ။ နိုင်ငံများအတွက် ဝန်ထုတ်ဝန်ပိုး လျှော့ချရန် အစီရင်ခံသည့် စနစ်ကို ပိုမို ထိရောက်စေရန် ကြိုးပမ်းမှုများ ရှိသည် (ဥပမာ ကော်မတီ အမျိုးမျိုးအတွက် အချက်အလက်များကို ထပ်ခါ၊ ထပ်ခါ တင်ပြနေရခြင်းထက် အထွေထွေ အချက်အလက်များကို ရေးသားထားသည့် ပင်မ အစီရင်ခံစာတွင် သဘောတူ စာချုပ်နှင့် သက်ဆိုင်သည့် အချက်အလက်များကို လိုအပ်သလို ဖြည့်စွက်ခြင်း) ။ နိုင်ငံများအပေါ် တိုင်ကြားလေ့ ရှိသည့် အချက်များကို တုံ့ပြန်ခြင်းက စောင့်ကြည့်ရေး စနစ်ကို ပိုမို ထိရောက်စေသည်။ အယ်လ်စတန် (Alston, 1997)၊ အာနန် (Annan, 2005) နှင့် ဟက်သာဝေး (Hethaway, 2007) တို့က စာချုပ်အများအပြားကို တစ်ကမ္ဘာလုံးနီးပါး လက်မှတ်ရေးထိုးလာကြပြီ ဖြစ်ရာ သဘောတူ စာချုပ်ပါ တာဝန်များ၏ ထိရောက်မှုကို တိုးတက်စေရန်မှာ လူ့အခွင့်အရေး၏ နောက်ထပ် ကျော်လွှားရမည့် အခက်အခဲ တစ်ခု ဖြစ်သည်ဟု ဆိုကြသည်။ နိုင်ငံရေး စိတ်ဆန္ဒကို ဖော်ပြထား ကြပြီ ဖြစ်ရာ အပြောကို လက်တွေ့ဖြစ်အောင် လုပ်ရန် လိုအပ်လာပြီ ဖြစ်သည်။

**ရာဇဝတ်မှု စီရင်ရေး နည်းလမ်းများ**

ကုလသမဂ္ဂ စတင်တည်ထောင်စဉ် နှစ်များက နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အတွက် စိတ်ကူးယဉ်ဆန်ပြီး တပြေးညီဖြစ်သည့် ကြေညာချက်များ ရှိခဲ့သော်လည်း ပြည်တွင်းစစ်များနှင့် နိုင်ငံတကာ

ပဋိပက္ခများမှာ မကြာခဏ ဖြစ်ပွားနေပြီး ယင်းပဋိပက္ခများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေသည်။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေက နိုင်ငံများအပေါ် တာဝန်များ ပေးထားသော်လည်း အခွင့်အရေးများနှင့် လွတ်လပ်ခွင့် ချိုးဖောက်သူများမှာ တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ စစ်ရာဇဝတ်မှုများ (သို့) လူသားမျိုးနွယ်စုအပေါ် ရာဇဝတ်မှုများ ကျူးလွန်သည့်အခါ ဤအချက်မှာ အထင်ရှားဆုံးဖြစ်သည်။ ထိုသူများကို ၎င်းတို့၏ လုပ်ရပ်များအတွက် တာဝန်ခံခိုင်း နိုင်ပါသလား။

၁၉၉၀ ပြည့်လွန်နှစ်များတွင် ရဝမ်ဒါနှင့် ယူဂိုဆလားဗီးယားတွင် ဖြစ်ပွားခဲ့သော ကြောက်ခွဲဖွယ်ရာ ဖြစ်ရပ်များကြောင့် ရာဇဝတ်ကြောင်းအရ အရေးယူရန် တောင်းဆိုမှုများ ပို၍ အားကောင်း လာသည်။ ရက်စက်ကြမ်းကြုတ်မှုများတွင် ပါဝင်ခဲ့သူများကို တရားစွဲဆိုနိုင်ရန် ရှောင်တခင် နိုင်ငံတကာ ခုံရုံးများကို ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက်များအရ တည်ထောင် ခဲ့သည်။ အလားတူပင် ကုလသမဂ္ဂ၏ ပါဝင်မှု အတိုင်းအတာ အမျိုးမျိုးဖြင့် ကိုယ်ပိုင် တရားရုံးနှင့် ခုံရုံးများကိုလည်း ဖန်တီးခဲ့သည် (ဥပမာ ဆီရီယာ လီယုံး၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှား)။ နောက်ဆုံးတွင် နိုင်ငံတကာ အသိုင်းအဝိုင်းက နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေ ချိုးဖောက်မှုများတွင် ပါဝင်သူများကို တရားစွဲဆိုရန် အာဏာရှိသည့် (Cassesse, 2003) အမြဲတမ်း တရားရုံး ဖြစ်သော နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး (International Criminal Court (ICC)) ကို တည်ထောင်ခဲ့သည် (စာသေတ္တာ ၄.၆ တွင် ရှုပါ)။ သက်ဆိုင်ရာ စာချုပ် (နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး ဆိုင်ရာ ဥရောပ သဘောတူစာချုပ်) အရ ၎င်း၏ စီရင်ခွင့်ကို လက်ခံထားသည့် နိုင်ငံများအတွက်သာ ယင်းအချက်က အကျုံးဝင်သည်။ ရောမ သဘောတူစာချုပ်တွင် တရားရုံးက စီရင်နိုင်သည့် ရာဇဝတ်မှုများ အားလုံးကို အသေးစိတ် ဖော်ပြထားသည်။ ယခုစာအုပ်ပါ အခန်း ၂၀ (လူမျိုးပြုန်းတီး စေခြင်း) နှင့် ၁၅ (ညှဉ်းပန်း နှိပ်စက်ခြင်း) တို့မှာ ဥပမာ နှစ်ခု ဖြစ်သည်။ အမှုများကို ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက ICC ထံသို့ လွှဲပြောင်း ပေးနိုင်သည် (ဥပမာ ဆူဒန်)။ နိုင်ငံများ ကိုယ်၌ကလည်း ၎င်းတို့အနေနှင့် တရားစွဲဆို နိုင်စွမ်း မရှိသည့်အခါ (စွဲဆိုလိုခြင်း မရှိသည့်အခါ) အမှုများကို တင်ပြနိုင်သည် (ဥပမာ ယူဂန်ဒါ၊ အာဖရိက အလယ်ပိုင်း ရီပဘ်လစ်)။ (သို့) စုံစမ်းစစ်ဆေးခြင်းများ၏ ရလဒ်အရ ရှေ့နေများရုံးက လွှဲပြောင်း ပေးနိုင်သည် (ဥပမာ ကင်ညာ)။

နိုင်ငံတကာ တရားရုံးနှင့် ခုံရုံးများ၏ အဓိက အာရုံစိုက်မှုမှာ အမိန့်ပေးခြင်းကို အထက်က လုပ်ဆောင်နေသူများအား တရားစွဲဆိုရန် ဖြစ်သည်။ ၂၀၀၆ ခုနှစ် ဆလိုဗိုဒန် မီလိုဆိုဗစ် (Slobodan Milosevic) (ယခင် ယူဂိုဆလားဗီးယား သမ္မတဟောင်း) သေဆုံးချိန်၌ သူ့ကို လူမျိုးပြုန်းတီးစေမှုနှင့် အခြားသော စစ်ရာဇဝတ်မှုများအတွက် ယခင် ယူဂိုဆလားဗီးယား နိုင်ငံ ဆိုင်ရာ ရှောင်တခင် နိုင်ငံတကာ ရာဇဝတ်မှု ခုံရုံးတွင် စစ်ဆေးနေဆဲ ဖြစ်သည် (*Prosecutor v. Milosevic,* Case IT-02-54, incomplete)။ ရဝန်ဒါ၏ ယခင် ဝန်ကြီးချုပ် ဂျင်းကမ်ဘန်ဒါ (Jean Kambanda) သည် အာရှုးရှားမြို့၊ တန်ဇန်းနီးယား နိုင်ငံတွင် လူမျိုးပြုန်းတီးစေမှုနှင့် ပထမဆုံး တရားစွဲဆိုခံရသော ထိပ်တန်း အရာရှိ တစ်ဦး ဖြစ်သည် (*Prosecutor v. Kambanda*, 4 September 1998, Case ICTR 97-23-S, upheld *Kambanda v. Prosecutor,* 19 October 2000, Case ICTR 97-23-A)။ လက်ရှိ ရာစုနှစ်တွင် ICC က ထိုအချိန်က ဆူဒန်နိုင်ငံ၏ သမ္မတ ဖြစ်သူ အိုမာအယ်လ်ဘာရှားကို ဒါဖား ဒေသရှိ ဖြစ်ရပ်များနှင့် စပ်လျဉ်း၍ ဖမ်းဝရမ်း ထုတ်ခဲ့သည်။ ကင်ညာနိုင်ငံတွင် (၂၀၀၇-၈) ရွေးကောက်ပွဲ အပြီး ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့်

စပ်လျဉ်း၍ ယခင် ပညာရေး၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီး ဆန်မိုအီ ရူတို (Samoei Ruto) နှင့် အပေါင်းအပါများကိုလည်း တရားစွဲဆိုခဲ့သည်။

## စောင့်ကြည့်ရေးနှင့် စည်းကြပ်ရေးအတွက် ဒေသဆိုင်ရာ လူ့အခွင့်အရေး စနစ်များ

ကုလသမဂ္ဂ စနစ်များအပြင် ဒေသဆိုင်ရာ လူ့အခွင့်အရေး စနစ် အများအပြားလည်း ရှိသေးသည်။ ယင်းတို့မှာ နိုင်ငံများ သဘောတူညီထားသည့် သဘောတူ စာချုပ်များအရ ဖန်တီးထားသည့် နိုင်ငံတကာ စနစ်များ ဖြစ်သည်။ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များက ဒေသဆိုင်ရာ စာချုပ်များတွင်သာ ပါဝင်သော်လည်း ယင်းတို့မှာ UDHR နှင့် အခြား နောက်ဆက်တွဲ စာချုပ်စာတမ်းများတွင် ဖော်ပြထားသည့် အခွင့်အရေးများနှင့် များစွာ ဆင်တူသည်။ ထိုစနစ်ကို ထောက်ခံသူများက ဒေသတွင်း လူ့အခွင့်အရေး အစီအမံများတွင် အားသာချက် များစွာ ရှိသည်ဟု ဆိုကြသည်။ အသိုင်းအဝိုင်း၏ တွန်းအားက နိုင်ငံများကို လူ့အခွင့်အရေး တာဝန်များအား ဒေသတွင်း အခြေအနေတွင် ပိုမို လိုက်နာစေသည် (သို့ရာတွင် အချို့သော ဒေသ စနစ်များ၌ အဖွဲ့ဝင် ၅၀ ကျော် ရှိပြီး ယင်းအချက်မှာ အငြင်းပွားဖွယ်ရာ ဖြစ်သည်)။ ထို့ပြင် ဒေသဆိုင်ရာ စနစ်များက ဒေသ လက္ခဏာများကို ထင်ဟပ်နေသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့် စနစ်ကို ပြဋ္ဌာန်း နိုင်သည်။ မည်သို့ပင် ဆိုစေကာမူ စာချုပ်စာတမ်းများတွင် ဆင်တူသော အခွင့်အရေးများ ပါဝင်သည်။ သို့ရာတွင် အာဖရိက စနစ်တွင် လူအုပ်စုများ၏ အခွင့်အရေးများလည်း ပါဝင်သည်။ အာဖရိက၊ အမေရိကနှင့် ဥရောပ တိုက်များတွင် လူ့အခွင့်အရေးဆိုင်ရာ စာချုပ် အများအပြား ပြဋ္ဌာန်းထားသည်။ ဆက်လက်၍ အဓိက ဒေသဆိုင်ရာ စနစ်များ၏ အဓိက အစီအမံများအကြောင်း အတိုချုံး ဖော်ပြသွားပါမည်။

အမေရိကတိုက် နိုင်ငံများ အဖွဲ့ (Organization of American States (OAS)) သည် သက်တမ်း အရင့်ဆုံး ဒေသဆိုင်ရာ အဖွဲ့အစည်းများထဲမှ တစ်ဖွဲ့ ဖြစ်သည်။ သို့ရာတွင် ၎င်း၏ အမေရိကတိုက် လူ့အခွင့်အရေး သဘောတူစာချုပ်ကိုမူ ၁၉၆၉ ခုနှစ်တွင်မှ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။ ထိုစာချုပ်က အငြင်းပွားမှုများကို ဆုံးဖြတ်ပေးရန် တရားရုံး တစ်ခု တည်ထောင်ခဲ့ပြီး တည်ဆဲ အမေရိကန် လူ့အခွင့်အရေး ကော်မရှင်ကို လူ့အခွင့်အရေး ချိုးဖောက်မှုများအား စဉ်းစားခွင့် ပေးခဲ့သည်။ ကော်မရှင်က လူတစ်ဦးချင်းစီမှ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားခြင်း မရှိသည့် နိုင်ငံများအပေါ် တိုင်ကြားမှုများကိုလည်း လက်ခံ စဉ်းစားနိုင်သည် (ဥပမာ *Mary & Carry Dann v. United States of America* (2002), Report 75/02)။

ဥရောပ ကောင်စီကို OAS တည်ထောင်ပြီးနောက် ၁၉၄၉ ခုနှစ်တွင် တည်ထောင်ခဲ့ခြင်း ဖြစ်ပြီး ယင်းအဖွဲ့က ၁၉၅၀ တွင် လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များ ကာကွယ်ရေး ဆိုင်ရာ သဘောတူ စာချုပ်ကို ပြဋ္ဌာန်းခဲ့သည်။ သဘောတူစာချုပ်တွင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများသာ ပါဝင်သည်။ သို့ရာတွင် နောက်ပိုင်း၌ ကောင်စီက လူမှုရေးနှင့် စီးပွားရေး အခွင့်အရေးများကို တင်ပြထားသော လူမှုရေး ပဋိညာဉ်ကိုလည်း ပြဋ္ဌာန်းခဲ့သည်။ ယနေ့ခေတ်တွင် ဥရောပ လူ့အခွင့်အရေး တရားရုံးက အမြဲတမ်း ရုံးထိုင်ပြီး ဥရောပ သဘောတူစာချုပ် (ပဋိညာဉ် မဟုတ်) နှင့် ဆက်စပ် နောက်ဆက်တွဲ စာချုပ်ပါ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ ချိုးဖောက်မှုနှင့် ပတ်သက်၍ လူတစ်ဦးချင်းစီမှ အဖွဲ့ဝင် နိုင်ငံများအပေါ် တိုင်ကြားမှုများအား လက်ခံ စဉ်းစား ပေးသည်။ တရားရုံးက နိုင်ငံများအကြား တိုင်ကြားမှု နှစ်ခု (အိုင်ယာလန် နှင့် ဗြိတိန် (1979), Series A, No. 25 နှင့် ဆိုက်ပရက်စ် နှင့် တူရကီ [2001], ECHR 331) နှင့်

လူတစ်ဦးချင်းစီမှ တိုင်ကြားမှု တစ်သိန်းကျော် လက်ခံ ကြားနာပေးခဲ့သည်။ ဥရောပ တရားရုံးက လူ့အခွင့်အရေးများ ပြည်တွင်း၌ လိုက်နာမှုကို စည်းကြပ်ပေးသည် (လိုက်နာမှုကို စောင့်ကြည့်သည့် အခြား အစိတ်အပိုင်း တစ်ခုမှာ တရားရုံး၏ ဆုံးဖြတ်ချက်များ ဖြစ်သည်)။ ပြည်တွင်း တရားရုံးများနှင့် အစိုးရများက လူ့အခွင့်အရေးများ စည်းကြပ်ရန် အဓိက တာဝန် ရှိသော်လည်း တရားရုံး၏ တရားစီရင်ခွင့် နယ်ပယ်ကို အစိုးရများက ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကြပြီး တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် လွှမ်းမိုးမှု ရှိသည်။

အာဖရိက လူသားနှင့် လူအုပ်စုများ၏ အခွင့်အရေးများ ဆိုင်ရာ ပဋိညာဉ် (1981) က အခြား ဒေသတွင်း စနစ်များနှင့် နှိုင်းယှဉ်လျှင် ဒေသတွင်း တန်ဖိုးထားမှုများကို ပို၍ ရောင်ပြန်ဟပ်ကာ တည်ဆဲ လူ့အခွင့်အရေးများအပေါ် ပို၍ အာဖရိကဆန်စေသည်။ ပဋိညာဉ်က အစောပိုင်းတွင် လိုက်နာမှု စောင့်ကြည့်ရန် ကော်မရှင် တစ်ခု တည်ထောင်ခဲ့ပြီး ထိုကော်မရှင်က လူတစ်ဦးချင်းစီနှင့် အုပ်စုများထံမှ တိုင်ကြားချက်များကို လက်ခံနိုင်သည်။ ထိုအာဏာများကို (အာဖရိက ညီညွတ်ရေး အဖွဲ့ကို ဆက်ခံခဲ့သည့်) အာဖရိက သမဂ္ဂအောက်တွင် ဖန်တီးခဲ့သော တရားရုံးထံ လွှဲပြောင်း ပေးခဲ့သည်။

အာရပ်နိုင်ငံများ အဖွဲ့ချုပ်ရှိ နိုင်ငံများအတွက် ၂၀၀၈ ခုနှစ်တွင် ပြန်လည် ပြင်ဆင်ထားသော အာရပ် လူ့အခွင့်အရေး ပဋိညာဉ် အသက်ဝင်လာခဲ့သည်။ ယင်းပဋိညာဉ်အရ ကော်မတီက လူ့အခွင့်အရေး ဆိုင်ရာ တိုးတက်မှုများအတွက် အစီရင်ခံစာများကို လက်ခံနိုင်သည်။

အရှေ့တောင်အာရှတွင် အရှေ့တောင်အာရှ နိုင်ငံများ အဖွဲ့အစည်း (အာဆီယံ) က လူ့အခွင့်အရေး ကြေညာချက်ကို ထုတ်ပြန် ကြေညာခဲ့သည်။ သို့ရာတွင် တရားဝင် စောင့်ကြည့်ရေး နည်းလမ်းတော့ မထားရှိထားပေ။

## လူ့အခွင့်အရေးများ စောင့်ကြည့်ရေးနှင့် စည်းကြပ်ရေးအတွက် ပြည်တွင်း လူ့အခွင့်အရေး စနစ်များ

နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်များကို လက်မှတ်ရေးထိုးထားသည့် နိုင်ငံများတွင် ထိုအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ၎င်းတို့ ပိုင်နက် နယ်ပယ်အတွင်း လေးစားလိုက်နာရန် တာဝန်ရှိသည်။ ထို့ကြောင့် လူ့အခွင့်အရေးကို ကာကွယ်ရန် တာဝန်သည် နိုင်ငံတော်၌ ရှိသည်။ သို့ရာတွင် လူ့အခွင့်အရေးကို ဒေသနှင့် နိုင်ငံတကာ အဆင့်၌ စည်းကြပ်ခြင်းက ဝေဖန်စရာ ဖြစ်နေသည်။ နိုင်ငံများသည် နိုင်ငံတကာနှင့် ဒေသ ဆိုင်ရာ အဖွဲ့အစည်းများ၏ လူတစ်ဦးချင်းစီမှ တိုင်ကြားမှုများ လက်ခံ၍ စီရင်ပိုင်ခွင့်ကို လက်မခံလိုကြပေ။ သို့ရာတွင် အချို့ ပြည်တွင်း ဥပဒေများမှလည်း အချို့သော အကူအညီများ ရနိုင်သည်။ လူ့အခွင့်အရေးများ ချိုးဖောက်ခံ ရသည့် အခါ တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များက ပြည်တွင်းဥပဒေများအရ ကုစားမှု ရနိုင်မည်ဆိုလျှင် အကောင်းဆုံး ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် နိုင်ငံတော်က ဖြစ်ပေါ်လာသည့် ပြဿနာများကို လျင်လျင်မြန်မြန် ကုစားပေးနိုင်သောကြောင့် ဖြစ်သည်။ ပြည်တွင်းတရားရုံးများကို အချို့သော ကြီးလေးသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တရားစွဲဆိုမှုများ ပြုရာတွင်လည်း အသုံးပြုနိုင်သည်။

## ပြည်တွင်း တရားရုံးများ၊ တစ်ကမ္ဘာလုံး တရား စီရင်ခွင့်နှင့် လုပ်ပိုင်ခွင့်

အဓိက လူ့အခွင့်အရေး စာချုပ်များ၏ ပြဋ္ဌာန်းချက်များအရ နိုင်ငံများက စာချုပ်တွင် ပြဋ္ဌာန်း ထားသည့် လူ့အခွင့်အရေးများကို ၎င်းတို့ စီရင်ခွင့် နယ်မြေ အတွင်းရှိ နိုင်ငံသားများ အားလုံး ရရှိရေး အတွက် အာမခံ ပေးရသည်။ နိုင်ငံ အများစုတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေများ ရေးသားထားကြပြီး ယင်းဖွဲ့စည်းပုံများတွင် လူ့အခွင့်အရေးများကို ထည့်သွင်း ပြဋ္ဌာန်းထားသည်။ အစောပိုင်း ဥပမာ တစ်ခုမှာ ပြင်သစ်နိုင်ငံ၏ ၁၇၉၁ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဖြစ်ပြီး ၎င်းတွင် ၁၇၈၉ ခုနှစ် လူသားနှင့် နိုင်ငံသားတို့၏ အခွင့်အရေးများ ကြေညာချက်ကို စကားဦးတွင် ထည့်သွင်း ထားသည်။ ပို၍ နောက်ကျသည့် ဥပဒေများမှာ အခွင့်အရေးများ ဆိုင်ရာ ကနေဒါနိုင်ငံ ပဋိညာဉ်နှင့် တောင်အာဖရိက နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေတို့ ဖြစ်သည်။ ပြည်တွင်း ဥပဒေနှင့် မူဝါဒများ လူ့အခွင့်အရေးနှင့် ကိုက်ညီခြင်း ရှိ၊ မရှိကို စစ်ဆေးသည့် တရားရုံး တစ်ခု ထားရှိလေ့ ရှိသည်။ နိုင်ငံများက သဘောတူ စာချုပ်များကို တစ်ခုတည်းသော စနစ် (သို့) အပြိုင် စနစ် အဖြစ် ထားရှိနိုင်သည်။ ယင်းစနစ်များအရ စာချုပ်များသည် ပြည်တွင်းဥပဒေ၏ အစိတ်အပိုင်း အလိုအလျောက် ဖြစ်လာသည် (သို့) ယင်းတို့ကို ပြည်တွင်းဥပဒေ ပြင်ပ၌ သီးသန့် ထားရှိသည်။ နိုင်ငံတကာ စနစ်များ မထိရောက်သည့် အချိန်နှင့် ဒေသဆိုင်ရာ စနစ်များ ဝန်ထုတ်ဝန်ပိုး များနေသည့် အချိန်တွင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးများ ချိုးဖောက်ခြင်းအတွက် လူတစ်ဦးချင်းစီက ပြည်တွင်း၌ ကုစားမှု ရှာဖွေနိုင်သည့် စနစ် တစ်ခုကို ဖန်တီးနိုင်ခြင်းက နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ အောင်မြင်စေရာတွင် များစွာ အရေးပါသည်။ မြောက်အမေရိကနှင့် ဥရောပ နိုင်ငံများတွင် ရုံးစိုက်သည့် နိုင်ငံဖြတ်ကျော် စီးပွားရေး လုပ်ကိုင်သည့် အဖွဲ့အစည်းများ၏ အာရှနှင့် အာဖရိက နိုင်ငံများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို လူတစ်ဦးချင်းစီနှင့် အုပ်စုများက တိုင်ကြားမှုများ ပြုရာတွင် အောင်မြင်မှု အချို့ ရှိခဲ့သည်။

ထို့ပြင် အချို့သော လူ့အခွင့်အရေးများ ချိုးဖောက်ခြင်း (ဥပမာ ညှဉ်းပန်း နှိပ်စက်မှု၊ ကျွန်ပြုမှုနှင့် လူမျိုးတုံးစေမှု) သည် ကမ္ဘာ့ ရာဇဝတ်မှုများ ဖြစ်ပြီး တစ်ကမ္ဘာလုံးတွင် စီရင်ခွင့် အာဏာ ရှိသည်။ ဆိုလိုသည်မှာ ပြစ်မှု ကျူးလွန်သူများနှင့် ထိခိုက်နစ်နာသူများသည် မည်သည့် နိုင်ငံသား ဖြစ်စေကာမူ၊ ချိုးဖောက်ခြင်းက မည်သည့် နေရာ၌ ဖြစ်ပွားသည် ဖြစ်စေ ကျူးလွန်သူများကို ကမ္ဘာပေါ်ရှိ မည်သည့် နေရာ၌ မဆို တရား စွဲဆိုနိုင်သည်။ အာဖဂန် နစ္စတန်မှ စစ်ခေါင်းဆောင် ဖာရာဒီ ဇာဒက် (Faryadi Zardad) ကို တာလီဘန် အုပ်စိုးစဉ် အာဖဂန် နစ္စတန်၌ ကျူးလွန်ခဲ့သော ညှဉ်းပန်း နှိပ်စက်မှုများနှင့် ပြန်ပေးဆွဲမှုများကြောင့် ဗြိတိန်နိုင်ငံတွင် တရားစွဲဆို အပြစ်ပေးခဲ့သည် (first instance unreported, on appeal *R v. Zardad* [2007], All ER (D) 90)။ အမေရိကန် နိုင်ငံကလည်း ညှဉ်းပန်း နှိပ်စက်မှုများကို ပြည်တွင်း ဥပဒေတွင် လက်ခံ ဆုံးဖြတ်ပေးလိုကြောင်း ဖော်ပြခဲ့သည် (*Filartiga v. Pena-Irala* 1980F. 2d 876 (2d cir) နှင့် အခန်း ၁၅)။ အဆိုပါ ရက်စက် ကြမ်းကြုတ်မှုများအတွက် ပြေးစရာမြေ မရှိတော့ပေ။

## ပြည်တွင်း လူ့အခွင့်အရေး အင်စတီကျူးရှင်းများ

ကုလသမဂ္ဂ အဆင့်တွင် နည်းလမ်းများ မရှိခြင်းနှင့် ဒေသတွင်း စနစ်များတွင် ပါဝင်ရသည့် အခက်အခဲများကြောင့် နိုင်ငံတကာ လူ့အခွင့်အရေး စနစ်သည် ပြည်တွင်း လူ့အခွင့်အရေး

အင်စတီကျူးရှင်းများအပေါ် မှီခိုနေရသည်မှာ အံ့သြစရာတော့ မရှိပေ။ ပဲရစ် စည်းမျဉ်းများ (United Nations General Assembly, 1993; OHCHR, 1993) က နိုင်ငံတကာ အသိုင်းအဝိုင်းများကို ပြည်တွင်း လူ့အခွင့်အရေး အင်စတီကျူးရှင်းများ၏ အာဏာများ၊ လုပ်ငန်း တာဝန်များနှင့် ဖွဲ့စည်းပုံများအား လမ်းညွှန်ပေးရန် တာဝန်ပေးထားသည်။ ပြည်တွင်း အင်စတီကျူးရှင်းများကို အခန်း (၅) တွင် အသေးစိတ် ဆွေးနွေးထားပါသည်။

နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို ကာကွယ်ပေးသည့်၊ မြှင့်တင်ပေးသည့် စနစ်တွင် ပြစ်ချက်များ ရှိနေသည်မှာ အထင်အရှားပင် ဖြစ်သည်။ သို့ရာတွင် နှစ်ပေါင်း ငါးဆယ်ကျော် အတွင်း အခွင့်အရေးများ စောင့်ကြည့်ရန်နှင့် စည်းကြပ်ရန် စနစ်များအတွက် ကွန်ရက် အသစ်များ ဖန်တီးနိုင်ခဲ့ပြီး နိုင်ငံတကာ နောက်ခံတွင် လူတစ်ဦးချင်းစီအား ရှုမြင်ပုံ စနစ်ကို ပြောင်းလဲ နိုင်ခဲ့သည်။

| အနှစ်ချုပ် |
| --- |
| မည်သည့် (နိုင်ငံတကာ၊ ဒေသဆိုင်ရာ (သို့) ပြည်တွင်း)) ဥပဒေမှ သက်ဆိုင်ရာ နိုင်ငံ၏ စိတ်ဆန္ဒ မရှိဘဲ ပြဋ္ဌာန်းခြင်းနှင့် စည်းကြပ်ခြင်း ပြုလုပ်၍ မရပေ။<br>ကုလသမဂ္ဂက နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ လိုက်နာမှုအတွက် အဖွဲ့များက စောင့်ကြည့်သည့် စနစ်တစ်ခု ဖန်တီးထားသည်။ ၎င်းတို့၏ ထိရောက်မှုက အမျိုးမျိုးသော အပြုသဘောဆောင်သည့် ဆွေးနွေးမှု ဖြစ်စဉ်များတွင် နိုင်ငံများ၏ ပူးပေါင်း ဆောင်ရွက်မှုအပေါ် မူတည်သည်။<br>လူ့အခွင့်အရေး ကောင်စီ၏ တစ်ကမ္ဘာလုံး ပုံမှန် လေ့လာ ဖြစ်စဉ်တွင် နိုင်ငံများ၏ လုပ်ရပ်များကို လေ့လာနိုင်သည့် အာဏာရှိသည်။ စာချုပ် စောင့်ကြည့်ရေး အဖွဲ့များသည် လွန်ခဲ့သော နှစ်များအတွင်း လူ့အခွင့်အရေးကို ပို၍ တက်ကြွစွာ ကာကွယ်သည့် အဖွဲ့များ ဖြစ်လာသည်။ သို့ရာတွင် ၎င်းတို့၏ အာဏာများအတွက် စာချုပ်များကို မှီခိုနေရသည်။<br>ရာဇဝတ်မှု စီရင်ရေးက နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် စိန်ခေါ်မှု အသစ်တစ်ခု ဖြစ်သည်။ လူ့အခွင့်အရေးကို ကြီးစွာ ချိုးဖောက်သူများအား တာဝန်ခံခိုင်းရန် နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးက နည်းလမ်း တစ်ခု ဖြစ်လာသည်။<br>ဒေသဆိုင်ရာ စနစ်များသည် နိုင်ငံတကာ စနစ်များနှင့် အတူ (ကိုယ်စားမဟုတ်) လှုပ်ရှားနေသည်။ ထိုစနစ်များက တစ်သီးပုဂ္ဂ ပုဂ္ဂိုလ်များထံမှ နိုင်ငံများအပေါ် တိုင်ကြားချက်များကို လက်ခံနိုင်သည့် တရားရုံးနှင့်/သို့မဟုတ် ကော်မရှင်များ ဖွဲ့စည်းခြင်းဖြင့် လူ့အခွင့်အရေး လိုက်နာမှုတွင် ပို၍ အောင်မြင်သည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>နိုင်ငံများ၏ လုပ်ရပ်များထံမှ လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို ကာကွယ်ရာတွင် နိုင်ငံတကာ စနစ်က "သွားမရှိသည့် စနစ်" ဖြစ်နေပါသလား။ အခြား (သို့) နောက်ထပ် မည်သည့် စည်းကြပ်သည့် နည်းလမ်းများက နိုင်ငံတကာ စနစ်တွင် အလုပ်ဖြစ်နိုင်ပါသနည်း။ သင်၏ အကြံပြုချက်များကို နိုင်ငံများက လက်ခံ နိုင်ပါသလား၊ သို့မဟုတ် လက်ခံလာအောင် လုပ်မည့် နည်းလမ်းများ ရှိပါသလား။ |

## နိဂုံး

ယခုအခန်းက ဖော်ပြခဲ့သည့် အတိုင်း နိုင်ငံများက နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို လက်ခံကြောင်း သဘောတူစာချုပ်များကို လက်မှတ်ရေးထိုး သဘောတူညီခြင်းဖြင့် ပြသရသည်။ သို့ရာတွင် နိုင်ငံများက ထိုဥပဒေ တာဝန်များ၏ သက်ရောက်မှု အပြည့်အဝကို ရှောင်ကြဉ်နိုင်သည့် ခြွင်းချက်ထားခြင်း၊ ဆိုင်းငံ့ထားခြင်းနှင့် ကြေညာချက် ထုတ်ပြန်ခြင်း ကဲ့သို့သော နည်းလမ်း အများအပြား ရှိသည်။ နိုင်ငံရေးအရ နိုင်ငံများက လူ့အခွင့်အရေးစာချုပ်များ လက်ခံခြင်းသည် ကောင်းမွန်သည့် အတွေ့အကြုံ ဖြစ်သည်။ ဥပဒေအရမူ လက်ခံထားသည့် အခွင့်အရေးနှင့် လွတ်လပ်ခွင့်များအတွက် ဥပဒေအရ အပြည့်အဝ တာဝန်ယူခြင်းအား ရှောင်ကြဉ်ရန် နည်းလမ်း အများအပြား ရှိသည်။ လူ့အခွင့်အရေးများ စောင့်ကြည့်ရန် တည်ဆဲ နည်းလမ်းများက တင်းကြပ်မှု မရှိလှဘဲ တရားစီရင်ခြင်း ဖြစ်စဉ်များထက် အပြုသဘောဆောင်သော ဆွေးနွေးမှုများမှ နိုင်ငံများကို စာချုပ်များအား လိုက်နာစေသည်။ ထိုအချက်နှင့် ဆန့်ကျင်စွာပင် စစ်ရာဇဝတ်မှုများ ကျူးလွန်သူများကို မည်သည့်နေရာ၌မဆို တရားစွဲဆိုနိုင်သည်။ ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာ စာတမ်းက လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ လောကက လူအားလုံးနှင့် နိုင်ငံအားလုံးအတွက် ဘုံအဆင့်အတန်း တစ်ခု ထွက်ပေါ်လာပြီဟု ဆိုခဲ့သော်လည်း ယင်းမှာ လက်တွေ့တွင် ဖြစ်မလာသေးပေ။ မည်သို့ပင် ဆိုစေကာမူ ဥပဒေ မရှိပါက နိုင်ငံတကာ လူ့အခွင့်အရေးသည် ယနေ့ခေတ် အခြေအနေထက် ပို၍ ထိတွေ့မရသော၊ တိုင်းတာ မရသော၊ စည်းကြပ်၍ မရသော သဘောတရား တစ်ခုအဖြစ်သာ ရှိနေမည် ဖြစ်သည်။

### မေးခွန်းများ

**တစ်ဦးချင်း လေ့လာရန် မေးခွန်းများ**

၁။ သဘောတူစာချုပ် ပြဋ္ဌာန်းချက်များကို လိုက်နာလိုသည့် နိုင်ငံများ လုပ်ဆောင်ရမည့် ဖြစ်စဉ်က အဘယ်နည်း။

၂။ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင် ပါဝင်ခြင်း၏ အကျိုးကျေးဇူးများကား အဘယ်နည်း။

၃။ သဘောတူစာချုပ် တစ်ခုပါ နိုင်ငံ တစ်နိုင်ငံ၏ ဥပဒေ တာဝန်များကို ခြွင်းချက်ထားခြင်း၏ အကျိုးသက်ရောက်မှုများကို ဖော်ပြပါ။ သဘောတူစာချုပ်၏ အကြောင်းအရာနှင့် ရည်ရွယ်ချက်ကို ထိခိုက်စေသည့် ခြွင်းချက် ဥပမာများက အဘယ်နည်း။

၄။ အခွင့်အရေးများ အပြန်အလှန် မှီခိုနေခြင်းနှင့် ခွဲခြား၍ မရခြင်း ဆိုသည်မှာ အဘယ်နည်း။ ထိုအပြန်အလှန် မှီခိုနေခြင်း ဥပမာ အချို့ကို ဖော်ပြပါ။

၅။ အဓိက ကုလသမဂ္ဂ လူ့အခွင့်အရေး စာချုပ်များကို အဘယ်ကြောင့် တရားရုံးများထက် ကော်မတီများက တစ်ဆင့် စောင့်ကြည့်ရသနည်း။ ထိုစနစ်၏ အကျိုးကျေးဇူးများက အဘယ်နည်း။

၆။ ဒေသတွင်းနှင့် နိုင်ငံတကာတွင် သင့်နိုင်ငံက လက်မှတ်ရေးထိုးထားသည့် စာချုပ်များ စာရင်းကို သုတေသန ပြုကြည့်ပါ။ မည်သည့် စာချုပ်များကို လက်မှတ် ရေးထိုးထားသနည်း။ သိသာထင်ရှားသော ခြွင်းချက် (သို့) ကြေညာချက်များ ရှိပါသလား။ နိုင်ငံတကာ လူ့အခွင့်အရေး ချိုးဖောက်မှုများတွက် ပြည်တွင်း တရားရုံးများတွင် တိုက်ရိုက် အရေးယူခိုင်း နိုင်ပါသလား။

**အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ**

၁။ လက်မှတ်ရေးထိုးမှု အများအပြား ရရှိရေးထက် သဘောတူစာချုပ်များ စည်းကြပ်ရေးကို မည်သည့်အတိုင်းအတာအထိ ဦးစားပေးသင့်ပါသနည်း (ယင်းမှာ ၁၉၉၀ ပြည့်လွန်နှစ်များ အတွင်း အယ်စ်တန် (Alston) နှင့် ဘေရက်ဖ်စကီး (Bayefsky) တို့ စတင်ခဲ့သော ဆွေးနွေး ငြင်းခုန်မှု ဖြစ်သည်)။

၂။ လူ့အခွင့်အရေးများသည် နိုင်ငံများက တဖြည်းဖြည်း ရရှိရန် ကြိုးပမ်းသင့်သည့် မျှော်လင့်ချက် စံနှုန်းများလော (သို့) ယင်းတို့ကို နိုင်ငံ တစ်နိုင်ငံချင်းစီ၏ ပြည်တွင်းနှင့်/ သို့မဟုတ် နိုင်ငံတကာ ဥပဒေများတွင် ပြဋ္ဌာန်း၍ စည်းကြပ် ထားသင့်ပါသလော။

၃။ သတင်း ဆောင်းပါးများကို အချိန်အတိုင်းအတာ တစ်ခုအထိ လေ့လာကြည့်ပါ။ ယင်းတို့မှ လူ့အခွင့်အရေး ဆောင်းပါးများကို ဖော်ထုတ်ပါ။ ယင်းဆောင်းပါးများက လူ့အခွင့်အရေး ကိစ္စရပ်များကို မှန်ကန်စွာ ခွဲခြားပြီး သင့်လျော်စွာ ဆန်းစစ်ထားပါသလား။

## ဆက်လက် ဖတ်ရှုရန်

**Alfredsson, G.** and **Eide, A.** (eds) (1999). *The Universal Declaration of Human Rights: A Common Standard of Achievement.* The Hague: Martinus Nijhoff.
ထိုစာအုပ်တွင် ပညာရှင်များက လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ၏ သက်ရောက်မှုများကို လေ့လာထားသည်။

**Hathaway, O.** (2002). Do treaties make a difference? Human rights treaties and the problem of compliance. *Yale Law Journal*, **111**, 1932–2042.
လူ့အခွင့်အရေး စာချုပ်များနှင့် နိုင်ငံများ၏ အလေ့အကျင့်များအကြား စာရင်းအင်းအရ ဆက်စပ်မှုကို လေ့လာသုံးသပ်ထားသည်။

**Lijnzaad, L.** (1995). *Reservations to UN-Human Rights Treaties: Ratify and Ruin?* The Hague: Martinus Nijhoff.
ခြွင်းချက်များ၏ သဘောတရားနှင့် ၎င်းတို့၏ နိုင်ငံတကာ လူ့အခွင့်အရေးအပေါ် သက်ရောက်မှုများကို သုံးသပ်ထားသည်။

**Shelton, D.** (2006). *Remedies in International Human Rights Law* (2nd edn). Oxford: Oxford University Press.
လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ရရှိနိုင်သည့် ကုစားမှုများကို လေ့လာထားသည်။

**Shelton, D.** (2014). *Advanced Introduction to International Human Rights Law.* Cheltenham: Edward Elgar.

နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအကြောင်း မိတ်ဆက်ထားသည့် စာအုပ်ကောင်း တစ်အုပ် ဖြစ်သည်။

**Smith, R.** (2011). *Textbook on International Human Rights* (5th edn). Oxford: Oxford University Press.
နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ အကြောင်း အခြေခံ မိတ်ဆက် ဖြစ်သည်။

**Steiner, H., Alston, P.,** and **Goodman, R.** (2007). *International Human Rights in Context: Law, Politics, Morals* (3rd edn). Oxford: Oxford University Press.
နိုင်ငံတကာ လူ့အခွင့်အရေးကို အဓိပ္ပာယ် ဖွင့်ဆိုရ၍ အဓိကအားဖြင့် ဥပဒေနှင့် သက်ဆိုင်ရာ သဘောတရားရေးရာ ကိစ္စရပ်များကို ဆွေးနွေးထားသည်။

**Symonides, J.** (ed.) (2003). *Human Rights: International Protection, Monitoring, Enforcement.* Aldershot: Ashgate and Burlington, VT: UNESCO.
နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို စောင့်ကြည့်ခြင်း၏ ပြဿနာများနှင့် ဖြစ်စဉ်များအကြောင်း ကျွမ်းကျင်သူများ၏ အက်ဆေးများ ဖြစ်သည်။

## ဝက်ဘ်ဆိုဒ်များ

**http://www.ohchr.org** ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ ဝက်ဘ်ဆိုဒ် ဖြစ်သည်။ ယင်းဝက်ဘ်ဆိုဒ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေး သဘောတူ စာချုပ်များ အားလုံးနှင့် ကော်မတီများ (စာချုပ် စောင့်ကြည့်ရေး ကော်မတီများ) ၏ အစီရင်ခံစာများကို တင်ပြထားသည်။ ထိုဝက်ဘ်ဆိုဒ်ကို လေ့လာရန် လွယ်ကူပြီး အခြားသော အချက်အလက်များလည်း တွေ့နိုင်သည်။

**http://www.bayefsky.com** ပါမောက္ခ ဘေးယက်ဖ်စကီး၏ ဝက်ဘ်ဆိုဒ် ဖြစ်ပြီး ကုလသမဂ္ဂ၏ သဘောတူ စာချုပ် စောင့်ကြည့်ရေး အဖွဲ့များ၏ လုပ်ငန်းများကို အာရုံစိုက်ထားသည်။ အကြောင်းအရာလိုက် ရှာဖွေရန် အသုံးဝင်သည့် ဝက်ဘ်ဆိုဒ် ဖြစ်သည်။

**http://www.icc-cpi.int** နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး၏ ဝက်ဘ်ဆိုဒ်တွင် လက်ရှိ ဝရမ်းများ၊ အကြို တရားရုံး ကြားနာမှုများနှင့် တရားရုံး ကြားနာမှုများ ဆိုင်ရာ စာရွက်စာတမ်းများကို တင်ပြထားသည်။

**http://www.echr.coe.int** ဥရောပ လူ့အခွင့်အရေး တရားရုံး၏ ဝက်ဘ်ဆိုဒ်တွင် တရားရုံး၏ စီရင်မှုများ အကြောင်း ရှာဖွေနိုင်သည်။ ထိုဝက်ဘ်ဆိုဒ်သည် ဥရောပ တရားရုံး၏ ဒေသဆိုင်ရာ စီရင်မှုများကို တင်ပြထားသည်။

အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ **www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၅) နှိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒ နယ်ပယ်ရှိ လူ့အခွင့်အရေး

ဆိုနီယာ ကာဒီနာစ် **(Sonia Cardenas)**

## အခန်း မာတိကာ

- နိဒါန်း
- နှိုင်းယှဉ်လေ့လာမှု ယုတ္တိ
- လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ ဇာစ်မြစ်အကြောင်းအရင်းများ
- လူ့အခွင့်အရေးများကို နှလုံးသွင်းလက်ခံခြင်း
- ပြည်တွင်း-နိုင်ငံတကာ ဆက်နွယ်ချိတ်ဆက်မှုများ
- နိဂုံး

## စာဖတ်အညွှန်း

နှိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒ၊ တနည်းအားဖြင့် နိုင်ငံများအတွင်းရှိ နိုင်ငံရေးဘဝ လေ့လာမှုသည် လူ့အခွင့်အရေးများအကြောင်း ကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှုကို များစွာ အထောက်အကူပြုသည်။ တစ်ဘက်တွင် ဤနိုင်ငံရေးသိပ္ပံ နယ်ပယ်ခွဲသည် လူများကို ဥပဒေမဲ့ သတ်ဖြတ်၍ ဖြစ်စေ သို့မဟုတ် ညှဉ်းပန်း နှိပ်စက်၍ ဖြစ်စေ၊ သို့မဟုတ် ကျောင်းတက်နိုင်အောင်၊ သန့်ရှင်းသော သောက်ရေနှင့် လုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှုကို ရရှိအောင် မလုပ်ပေး၍ ဖြစ်စေ နိုင်ငံများသည် အဘယ်ကြောင့် နိုင်ငံတကာ အသိပြုအမှတ်ပြု လူ့အခွင့်အရေးများကို ချိုးဖောက်ကြသည့်အကြောင်း ကျွန်ုပ်တို့အား ပိုမို၍ နားလည်သဘောပေါက်စေသည်။ ပြည်တွင်းရှိ စေ့ဆော်ပေးသော အခြေအနေများနှင့် ခွဲခြားဆက်ဆံသော အယူအဆများသည် အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားနိုင်ခြေကို မြင့်တက် စေသည်ကို ကျွန်ုပ်တို့ သိကြပြီး ဖြစ်သည်။ အခြားတစ်ဘက်တွင် နှိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒသည် ပြည်တွင်း စနစ်များ (၎င်းတို့တွင် လူ့အဖွဲ့အစည်းရှိ အုပ်စုများရော နိုင်ငံတော် အင်စတီကျူးရှင်းများပါ ပါဝင်သည်) ပြုပြင်ပြောင်းလဲရေး ဖော်ဆောင်ရန် ကြိုးပမ်းမှုများအပေါ် မည်ကဲ့သို့ ဩဇာလွှမ်းမိုးမှုရှိသည်ကို ပြသပြီး လူ့အခွင့်အရေး အကာအကွယ်ပေးမှုကို ရှင်းပြရန် အားထုတ်သည်။ ယခုအခန်းသည် လက်တွေ့ ဖြစ်ရပ်ဥပမာ အရေအတွက် အနည်းငယ်၊ အရေအတွက် အများအပြားကို နှိုင်းယှဉ်လေ့လာခြင်း၏ အားနည်းချက်၊ အားသာချက်များနှင့် ဒေသတစ်ခုအတွင်းရှိ သို့မဟုတ် ဒေသများ အတွင်းရှိ လူ့အခွင့်အရေး အခြေအနေများ နှိုင်းယှဉ်လေ့လာခြင်း အပါအဝင် နှိုင်းယှဉ်လေ့လာနည်း အဖြာဖြာကို ဆင်ခြင် စဉ်းစားခြင်းဖြင့် အစပြုပါသည်။ ထို့နောက် လူ့အခွင့်အရေးများ အဘယ်ကြောင့် ချိုးဖောက်ခံရသည်ကို ရှင်းပြသော နိုင်ငံအဆင့် ရှင်းပြချက်များကို သုံးသပ်တင်ပြထားသည်။ ဤနောက်ပိုင်းတွင် ပြည်တွင်း-နိုင်ငံတကာ ချိတ်ဆက်မှုများကို ယူ၍ မရှင်းပြလျှင် နားလည်ရခက်နိုင်သော လူ့အခွင့်အရေး အကျိုးရလဒ်များကို ရှင်းပြရန် ထိုချိတ်ဆက်မှုများကို လေ့လာထားပါသည်။ ကမ္ဘာလုံး လွှမ်းခြုံ ချိတ်ဆက်နေသော အခြေအနေ၌ နှိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒသည် လူ့အခွင့်အရေး ကျင့်သုံးပုံ ကျင့်သုံးနည်းများကို မည်သို့ကဲ့သို့ ပုံဖော်ဖန်တီးသည်ကို ခြုံငုံသုံးသပ်ခြင်းဖြင့် နိဂုံးချုပ်ထားပါသည်။

## နိဒါန်း

လူ့အခွင့်အရေးနှင့် ပြည်တွင်း နိုင်ငံရေးတို့သည် ကျွဲကူးရေပါဆိုသလို ဖြစ်သည်။ နိုင်ငံတကာ ဆက်ဆံရေးသည် အရေးပါသော်လည်း မျက်မှောက်ခေတ် လူ့အခွင့်အရေးကို နားလည်သဘောပေါက်ရန် ပြည်တွင်း နိုင်ငံရေးသည် အလွန်ပင် အရေးပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ အကျိုးဆက်များသည် အိမ်နီးချင်း နိုင်ငံများအထိ ပျံ့နှံ့သွားပြီး ကမ္ဘာ့နိုင်ငံများ၏ ဖိအားများကို ဖိတ်ခေါ်ကောင်း ဖိတ်ခေါ် နိုင်သော်လည်း ချိုးဖောက်မှုအများစုသည် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်း ဖြစ်ပွားခြင်း ဖြစ်သည်။ ထို့ပြင် လူ့အခွင့်အရေး စံနှုန်းများသည် အခြေခံအားဖြင့် နိုင်ငံများက သူတို့၏ နိုင်ငံသားများကို မည်ကဲ့သို့ ဆက်ဆံသင့်သည်နှင့် သက်ဆိုင်သည်။ အခွင့်အရေးများ ချိုးဖောက်ခံရသည့်အခါ ပြည်တွင်းအခြေအနေသည်ပင် ချိုးဖောက်မှုများ၏ ဇာစ်မြစ်၊ ခုခံတွန်းလှန်မှု အင်အားနှင့် အပြောင်းအလဲ အလားအလာများကို ဖော်ထုတ်ရာ၌ အထောက်အကူ ပြုပေးသည်။ ပြည်တွင်းနိုင်ငံရေး အခြေအနေကို လေ့လာဆန်းစစ်ခြင်း မပြုဘဲ ကမ္ဘောဒီးယား နိုင်ငံရှိ လူသတ်ကွင်းများ၊ တောင်အာဖရိကနိုင်ငံရှိ လူမည်းခွဲခြားရေးစနစ်၊ အမေရိကန် နိုင်ငံရှိ နိုင်ငံသား အခွင့်အရေး လှုပ်ရှားမှု တိုက်ပွဲများ၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် ကလေးစစ်သားများ ဆက်လက်တည်ရှိနေခြင်း သို့မဟုတ် လူ့အခွင့်အရေး စာချုပ်များ ပြန့်ပွားလာမှုတို့ကို နားလည်နိုင်ပါမည်လား။ အရိုးရှင်းဆုံး ပြောရလျှင် ပြည်တွင်း (နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး) အကြောင်းခြင်းရာများသည် လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများနှင့် ခွဲခြားထား၍ မရအောင်ပင် ဆက်နွယ်ချိတ်ဆက် နေကြသည်။

နှိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒ၊ တနည်းအားဖြင့် ပြည်တွင်း နိုင်ငံရေးဘဝ သို့မဟုတ် နိုင်ငံများအတွင်း နိုင်ငံရေးကို စနစ်တကျ လေ့လာခြင်းသည် လူ့အခွင့်အရေး အရှုပ်အထွေးများကို ကိုင်တွယ်ဖြေရှင်းရန် မရှိမဖြစ် လိုအပ်သော စူးဆောက်တန်ဆာပလာတစ်ခု ဖြစ်သည်။ ပြည်တွင်း အကျိုးစီးပွားများ၊ သရုပ်သဏ္ဍာန်များနှင့် အင်စတီကျူးရှင်းများသည် နိုင်ငံရေး ရလဒ်များကို မည်သို့မည်ပုံ ပုံဖော် ဖန်တီးသည်ကို အဓိကထား လေ့လာခြင်း ဖြစ်သည်။ နည်းနာပိုင်းအရ ဆိုလျှင် နှိုင်းယှဉ် လေ့လာလာသူများသည် နိုင်ငံများအကြား ဆင်တူမှုများ၊ ကွဲပြားခြားနားမှုများကို မီးမောင်းထိုးပြ၊ အချိန်ကာလ အပိုင်းအခြား တစ်ခုအတွင်း ထူးခြားသော အကြောင်းအရင်းများကို ဖယ်ထုတ်ပြပြီး ခိုင်မာသော ရှင်းလင်းချက်များကို ပေးတတ်ကြသည်။ ၎င်းတို့သည် ကမ္ဘာကြီးရှိ ကြွယ်ဝစုံလင်သော နိုင်ငံရေးဘဝ အကြောင်း ပိုမိုနားလည် သဘောပေါက်လာစေရန် နိုင်ငံများအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နှိုင်းယှဉ် လေ့လာကြသည် သာမက နိုင်ငံများ အတွင်းရှိ အမျိုးမျိုးသော တစ်ခုချင်း နိုင်ငံရေး အကြောင်း အဖြစ်အပျက်များကိုလည်း နှိုင်းယှဉ်လေ့လာသည်။ ဤနည်းနာများနှင့် ရှင်းပြချက်များသည် နှိုင်းယှဉ် လေ့လာရေး လူ့အခွင့်အရေး သုတေသနလုပ်ငန်း၏ အဓိက လက္ခဏာရပ်များပင် ဖြစ်သည်။

အမှန်တကယ်ပင်လည်း လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများသည် များစွာ ကွဲပြားခြားနားသည်ဖြစ်ရာ ၎င်းတို့အား နှိုင်းယှဉ်လေ့လာရေး သုတေသနပြုခြင်းဖြင့် လေ့လာလျှင် အဆင်ပြေပါသည်။ ဥပမာ နိုင်ငံများသည် လူ့အခွင့်အရေး ချိုးဖောက်မှု အတိုင်းအတာ၊ အကာအကွယ်ပေးမှု အတိုင်းအတာအရ အဘယ်ကြောင့် များစွာ ကွဲပြားခြားနားကြသည်မှာ သူ့အလိုလို ရှင်းလင်း သိသာနေခြင်း မဟုတ်ပေ။ လူ့အခွင့်အရေး ချိုးဖောက်မှုများသည် အဘယ်ကြောင့် ဖြစ်ပွားသနည်း၊ လူ့အခွင့်အရေးများ ဆိုင်ရာ ပြုပြင်

ပြောင်းလဲရေးများ၏ မူရင်းဇာစ်မြစ်တို့က မည်သည်တို့နည်း။ ယခုအခန်းအား ဤမေးခွန်းကြီးများကိုလိုက်၍ အပိုင်းခွဲထားပါသည်။ နှိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒနှင့် နိုင်ငံတကာ ဆက်ဆံရေးဗေဒတို့ မည်သို့မည်ပုံ အနီးကပ် ချိတ်ဆက်နေသည်ကိုလည်း ဆွေးနွေးထားပါသည်။ ဤကိစ္စရပ်များအား သူ့အခြေအနေနှင့်သူ တင်ပြရန် ဦးစွာပထမ ပိုမို၍ အပြန်အလှန် အမှီအခိုပြုမှုများလာသော၊ အချင်းချင်း ချိတ်ဆက်လာနေသော ကမ္ဘာကြီးတွင် လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများကို နှိုင်းယှဉ်လေ့လာရေးအတွက် နည်းနာ အမျိုးမျိုးအား ခြုံငုံသုံးသပ်မှုဖြင့် အစပြုပါမည်။

## နှိုင်းယှဉ်လေ့လာမှု ယုတ္တိ

လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများကို နှိုင်းယှဉ်လေ့လာခြင်းသည် ချိုးဖောက်မှုများ၊ ပြုပြင် ပြောင်းလဲမှုများ နောက်ကွယ်မှ အကြောင်းအရင်းများကို နားလည် သဘောပေါက်ရန်အတွက် မရှိမဖြစ် လိုအပ်သော ကိရိယာ တန်ဆာပလာ တစ်ခု ဖြစ်သည်။ နောက်ကွယ်မှ လက်သည် အကြောင်းအရင်းများကို နားလည်အောင် ကြိုးပမ်းရာ၌ နှိုင်းယှဉ်လေ့လာမှုများသည် ကျွန်ုပ်တို့အား ဆင်တူမှုများနှင့် ကွဲပြားခြားနားမှုများကို အဓိပ္ပာယ်ရှိရှိ ဖယ်ထုတ် လေ့လာ နိုင်စေသည်။ ဥပမာ အနေဖြင့် အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များ (အခန်း ၂၂ တွင် ရှုပါ) ကို လေ့လာကြည့်ပါ။ ရည်ရွယ်ချက်မှာ မည်သည့် အခြေအနေများတွင် အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များသည် ထိရောက်စွာ အလုပ်လုပ်သည်ကို နားလည် သဘောပေါက်ရန် ဆိုပါက ကော်မရှင် တစ်ခုတည်းကို လေ့လာခြင်းသည် များစွာ အကျိုးထူးမည် မဟုတ်ချေ။ ဥပမာ ၁၉၉၀ ခုနှစ်များ၌ ဂွာတီမာလာ နိုင်ငံတွင် လူသိများခဲ့သော အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်တစ်ခု ရှိခဲ့သည်။ သို့နှင့်တိုင် ဤကော်မရှင် တစ်ခုတည်းကိုသာ အဓိကထား လေ့လာခြင်းသည် လမ်းလွဲစေနိုင်သည်။ နိုင်ငံ၏ ရှည်လျားပြီး သွေးချောင်းစီးခဲ့သော ပြည်တွင်းစစ်သမိုင်းနှင့် အရွယ်အစား ကြီးမားပြီး ကျေးလက်တွင် နေထိုင်သော မူလအခြေချနေထိုင်သူ လူဦးရေတို့ကို ထည့်သွင်းစဉ်းစားလျှင် လေ့လာ တွေ့ရှိချက်များသည် ဂွာတီမာလာ နိုင်ငံတစ်နိုင်ငံတည်း အတွက်သာ အကျုံးဝင်ခြင်းမျိုး ဖြစ်နိုင်သည်။ ပို၍ အကျိုးဖြစ်ထွန်းသော နည်းလမ်းမှာ ဂွာတီမာလာ၏ ကော်မရှင်အား အခြားနိုင်ငံများရှိ ကော်မရှင်များနှင့် နှိုင်းယှဉ်လေ့လာခြင်း ဖြစ်သည် (Hayner, 2002)။ ယေဘုယျသဘော ပြောရလျှင် လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများအကြောင်း ခြုံငုံ၍ ကောက်ချက်များ ချမည်ဆိုလျှင် နေရာမတူသော၊ အချိန်ကာလ မတူသော လက်တွေ့ ဥပမာများကို နှိုင်းယှဉ်လေ့လာရပါမည်။

ပညာရှင်များသည် လူ့အခွင့်အရေး ရလဒ်များကို ပိုမို နားလည်သဘောပေါက်ရန် နှိုင်းယှဉ်လေ့လာရေး ယုတ္တိအမျိုးမျိုးကို အသုံးပြုခဲ့ကြပြီး ဤနည်းလမ်းများကို လူ့အခွင့်အရေး လေ့လာသူ မည်သူမဆို အသုံးပြုနိုင်သည်။ အဓိကအားဖြင့် ချဉ်းကပ်နည်း သုံးမျိုးသည် လူ့အခွင့်အရေး နှိုင်းယှဉ်လေ့လာရေး သုတေသန၏ အခြေအနေကို ခြယ်မှုန်းပြသည်။ လက်တွေ့ ဥပမာ တစ်ခုချင်းအား လေ့လာခြင်း၊ ကိန်းဂဏန်း အခြေပြု နည်းနာများ (quantitative methods) ကို အသုံးပြု၍ လက်တွေ့ ဥပမာ အများအပြားကို လေ့လာခြင်းနှင့် လက်တွေ့ ဥပမာ အနည်းငယ်အား ဒေသတစ်ခုအတွင်း သို့မဟုတ် ဒေသများအတွင်း နှိုင်းယှဉ်လေ့လာခြင်း စသည့် နည်းလမ်းများ ဖြစ်သည်။ ဤနည်းလမ်းတစ်ခုချင်းစီတွင် အားသာချက်၊ အားနည်းချက် ကိုယ်စီ ရှိကြသည်။

ပထမဆုံးအနေဖြင့် အချိန်နှင့် တပြေးညီ အပြောင်းအလဲများကို သတ်မှတ်ဆုံးဖြတ်ရန် ရည်ရွယ်ချက်ဖြင့် လက်တွေ့ ဥပမာ တစ်ခုတည်းရှိ လူ့အခွင့်အရေးများကို လေ့လာဆန်းစစ်နိုင်သည်။ သုတေသန ပြုလုပ်ရာ၌ ရှိနေသော အချိန်အကန့်အသတ်၊ ငွေကြေး အကန့်အသတ်များကို ထောက်၍ တောင်အာဖရိက နိုင်ငံကဲ့သို့ တစ်ခုတည်းသော သာဓကအပေါ် အာရုံစိုက်လေ့လာခြင်း၏ အားသာချက်မှာ ထိုသို့လေ့လာခြင်းသည် ပို၍ အသေးစိတ်ကျပြီး ပို၍ ပြည့်စုံသည်။ အားနည်းချက်မှာ လက်တွေ့ဥပမာ တစ်ခုတည်း အတွင်းရှိ လူ့အခွင့်အရေးများကို လေ့လာခြင်းတွင် ယေဘုယျ ကောက်ချက်ဆွဲနိုင်မှု အကန့်အသတ်အားဖြင့်သာ ရှိသည်။ တနည်းဆိုရလျှင် ၎င်းကို ဆွဲဆန့်ပြီး အခြား ဥပမာများအကြောင်း ပြောရန် ခက်ခဲသည်။

ဒုတိယအနေဖြင့် လက်တွေ့ ဥပမာ အများအပြားရှိ လူ့အခွင့်အရေး လက်တွေ့ ကျင့်သုံးမှုများအား ဥပမာ အနည်းအကျဉ်းကို ယူ၍ဖြစ်စေ၊ အရေအတွက် အများအပြားကို ယူ၍ဖြစ်စေ နှိုင်းယှဉ် လေ့လာနိုင်သည်။ လက်တွေ့ ဥပမာ အများအပြားအား ကိန်းဂဏန်း အခြေပြု နည်းလမ်းများကို အသုံးပြု၍ လေ့လာနိုင်သည်။ ဤကဲ့သို့သော ကိန်းဂဏန်း အခြေပြု နည်းလမ်းများကို အသုံးပြုသည့်အခါ လူ့အခွင့်အရေး အခြေအနေများနှင့် အခြားသော အကြောင်းခြင်းရာများကို အထူးဂရုပြု လေ့လာတိုင်းတာရန် လိုပါသည် (အခန်း ၈ တွင်ရှုပါ)။ ဤနည်းလမ်း၏ အားသာချက်မှာ အကြောင်းခြင်းရာ အများအပြားအား တပြိုင်နက်တည်း ထည့်သွင်း စဉ်းစားနိုင်ပြီး တွေ့ရှိချက်များသည်လည်း အတော်အတန် ယုံကြည်၍ ရသည်။ အရေအတွက် များသော နှိုင်းယှဉ်လေ့လာမှုများကို နိုင်ငံများသည် အဘယ်ကြောင့် နှိပ်ကွပ်တတ်ကြသည်ကို ရှင်းပြရာ၌ ပုံမှန် အသုံးပြုလေ့ ရှိသည်။ ဤကဲ့သို့ လေ့လာမှုတစ်ခုသည် ဆယ်နှစ် သို့မဟုတ် ယင်းထက်ရှည်သော ကာလ အပိုင်းအခြား တစ်ခုအတွင်း ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံပေါင်း တစ်ရာကျော်ကို လေ့လာပြီး နှိပ်ကွပ်မှု ပုံစံ အမျိုးမျိုး (ဥပမာ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ဥပဒေမဲ့ သတ်ဖြတ်ခြင်းများ) နှင့် သက်ဆိုင်မှု ရှိနိုင်သော ကိန်းရှင်များ (variables) ကို တိုင်းတာခြင်းမျိုး လုပ်နိုင်သည်။ အားနည်းချက်မှာ လေ့လာသုံးသပ်ချက်သည် သမိုင်းဆိုင်ရာ သို့မဟုတ် အခြားသော အသေးစိတ် အချက်အလက်များ ပြည့်စုံကုံလုံမှု မရှိခြင်းမျိုး ဖြစ်နိုင်သည်။ အရွယ်အစား ကြီးမားသော ကိန်းဂဏန်း အခြေပြု လေ့လာချက်များက မတူသော အချက်များသည် တစ်ခုနှင့် တစ်ခု မည်ကဲ့သို့ ဆက်စပ်နေကြသည်ကို ပြောနိုင်သော်လည်း၊ ဥပမာ စာရင်းအင်း နည်းလမ်းအရ သိသိသာသာ ချိတ်ဆက်ပြောင်းလဲကြသလို၊ ၎င်းတို့သည် အကြောင်းအကျိုး ရှင်းပြချက်များကို ခြေရာခံနိုင်သည့် အပိုင်းတွင် အားနည်းသည်။ ဥပမာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အကာအကွယ် ပေးရေးတို့သည် ချိတ်ဆက်ပြောင်းလဲသည်ဟု သက်သေထူ နိုင်ခြင်းသည် ဒီမိုကရေစီ စနစ်များသည် အဘယ်ကြောင့် လူ့အခွင့်အရေးများကို တိုးတက် ကောင်းမွန်စေသည်ကို ရှင်းပြနိုင်ခြင်းနှင့် မတူပေ။ သို့နှင့်တိုင် ဤအဆို၏ နောက်ကွယ်မှ စဉ်းစားပုံသည် ပြည်ပ၌ ဒီမိုကရေစီ မြှင့်တင်ရာတွင် အင်အား သုံးသင့်၊ မသုံးသင့် ဆုံးဖြတ်သူများအတွက် မူဝါဒရေးရာ အကျိုးဆက်များစွာ ရှိသည်။

တတိယ အနေဖြင့် စာရင်းအင်း နည်းလမ်းများကို အသုံးမပြုဘဲ လက်တွေ့ ဥပမာ အနည်းအကျဉ်းကိုသာ နှိုင်းယှဉ် လေ့လာနိုင်သည်။ ထိုနှိုင်းယှဉ်လေ့လာချက်များတွင် ကမ္ဘာ့ဒေသ တစ်ခုတည်း သို့မဟုတ် တစ်ခုထက် ပို၍ ပါဝင်နိုင်သည်။ နှိုင်းယှဉ်လေ့လာမှုအား မတူသော အခြေအနေများ၌ တူညီသော မေးခွန်းများကို ဖြေရှင်းရန် တည်ဆောက်ထားသမျှ ကာလပတ်လုံး လက်တွေ့ ဥပမာ နှစ်ခုကို နှိုင်းယှဉ် လေ့လာခြင်းသည် များစွာ အကျိုးကျေးဇူး ရှိနိုင်သည်။ နိုင်ငံဖြတ်ကျော် လူ့အခွင့်အရေး စည်းရုံး လှုပ်ရှားမှုများသည်

အဘယ်ကြောင့် ထိရောက်မှုပိုင်းအရ ကွဲပြားခြားနားကြသည်ကို နှိုင်းယှဉ်ကြည့်သည့် လေ့လာမှုတစ်ခု (Hertel, 2006) က ဤအချက်ကို သက်သေပြနေသည်။ အဆိုပါ လေ့လာမှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့ရှိ လူမှုရေး၊ စီးပွားရေး အခွင့်အရေးများကို ဦးတည်သော စည်းရုံး လှုပ်ရှားမှုများကို နှိုင်းယှဉ် လေ့လာခဲ့သည်။ နိုင်ငံ နှစ်နိုင်ငံသည် ဆင်တူသည့် အချက်ပေါင်း များစွာ ရှိနေသော်လည်း စည်းရုံး လှုပ်ရှားမှုများသည် အောင်မြင်သည့် အတိုင်းအတာ မတူကြပေ။ ဤအချက်က ပြည်တွင်း နိုင်ငံရေး အခြေအနေသည် ပြင်ပ ဩဇာ လွှမ်းမိုးမှုအပေါ် မည်သို့မည်ပုံ တုံ့ပြန် သက်ရောက်သည်ကို လစ်ဟပြခဲ့သည်။

အာဖရိကတိုက်၊ အာရှတိုက်၊ ဥရောပတိုက် သို့မဟုတ် တောင်အမေရိကတိုက် စသည်ဖြင့် ဒေသတစ်ခု အတွင်းရှိ လူ့အခွင့်အရေး လက်တွေ့ ကျင့်သုံးမှုများကို လေ့လာရန်လည်း ခိုင်လုံသော အကြောင်းပြချက်များ ရှိကောင်း ရှိနိုင်သည်။ သက်သေ အထောက်အထားများက ဒေသတစ်ခု အတွင်းရှိ နိုင်ငံများသည် စာချုပ် အတည်ပြုမှုနှင့် ချိုးဖောက်မှု အတိုင်းအတာ စသည်တို့ အပါအဝင် ဆင်တူသော လူ့အခွင့်အရေး လက်တွေ့ ကျင့်သုံးမှုမျိုး ရှိနိုင်ခြေရှိသည်ကို ပြဆိုနေကြသည် (ဇယား ၅.၁ တွင်ရှု)။ ဒေသများသည် ကိုယ်ပိုင် လက္ခဏာဖြင့် ထူးခြားကြသည်ဟူသော ယူဆချက်ဖြင့် နှိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒအား မကြာသေးခင် အချိန်အထိ ဒေသ လေ့လာမှု (area studies) များအဖြစ် ထားရှိခဲ့ကြသည်။ ထိုနည်းတူစွာ စာချုပ်များနှင့် အခြားသော အင်စတီကျူးရှင်းများ အပါအဝင် ဒေသတွင်း အနုစိတ် လူ့အခွင့်အရေး ကာကွယ်ရေး စနစ်များသည် ဥရောပတိုက်၊ အမေရိကတိုက်နှင့် အာဖရိကတိုက်များတွင် ရှိနေခြင်းက ဒေသများသည် ကိုယ်ပိုင် ထူးခြားချက်များ ရှိသည်ဟူသော အမြင်ကို ပို၍ ခိုင်မာစေသည်။ အခွင့်အရေး အကာအကွယ် ပေးမှုများသည် ဒေသတစ်ခုအတွင်း အတော်အတန် ဆင်တူကြပြီး ဒေသတစ်ခုနှင့်တစ်ခု ကွဲပြားခြားနားသည်ဟူ၍ ဖြစ်သည်။

မည်သို့ပင် ဆိုစေကာမူ ယခင် ဘင်္ဂလားဒေ့ရှ်နှင့် မက္ကဆီကို နှိုင်းယှဉ်လေ့လာမှုက ညွှန်ပြခဲ့သလို ဒေသများကို နှိုင်းယှဉ်သော လူ့အခွင့်အရေး နှိုင်းယှဉ်လေ့လာမှုများသည် အရေအတွက် ကြီးထွား လာနေကြသည်။ လေ့လာသူများသည် ဂလိုဘယ်လ်လိုက်ဇေးရှင်း အခြေအနေတွင် ဒေသများအား ကိုယ်ပိုင် လက္ခဏာဖြင့် ထူးခြားသော အခြင်းအရာများအဖြစ် သတ်မှတ်ခြင်း၏ တန်ဖိုးကို မေးခွန်းထုတ်လာကြရာ ဒေသ လေ့လာမှု နည်းလမ်းသည် ဝေဖန်စောင့်ကြည့်မှု ခံလာရသည်။ ယနေ့အချိန်တွင် ဒေသများအား သဘာဝအတိုင်း ဖြစ်သည်၊ ထူးခြားသည်၊ ပြောင်းလဲမှု မရှိသော အစိုင်အခဲများ (ယဉ်ကျေးမှု ပုံစံခွက်များ) များဖြစ်သည်ဟု သတ်မှတ်သည့် အလေ့အထ အားနည်းလာပြီး ၎င်းတို့သည် သမိုင်းကြောင်းအရ တည်ဆောက်ထားခြင်း ဖြစ်သည့်အပြင် ကွဲပြားခြားနားပြီး ပြောင်းလဲနေသော အခြင်းအရာများ ဖြစ်သည်ဟု သတ်မှတ်သည့် အလေ့အထဘက်သို့ ယိမ်းလာခဲ့သည်။ ဒေသဖြတ်ကျော် နှိုင်းယှဉ် လေ့လာမှုများသည် ကမ္ဘာတစ်လွှားရှိ လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများကို နားလည်သဘောပေါက်ရန် အကျိုး ဖြစ်ထွန်းနိုင်သော အသစ်ပေါ်ထွက်လာနေသော နည်းလမ်းတစ်ခုပင် ဖြစ်သည်။

ဇယား ၅.၁။ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်း ဒေသအလိုက် လူ့အခွင့်အရေး အလေ့အကျင့်များ

| **လူ့အခွင့်အရေး အလေ့အကျင့်** | **အာဖရိက** | **အာရှ** | **ဥရောပနှင့် မြောက်အမေရိက** | **လက်တင် အမေရိက နှင့် ကာရေဘီယန်** |
|---|---|---|---|---|

| | | | | |
|---|---|---|---|---|
| လက်စဖျောက်ခြင်း | နိမ့် | နိမ့် | နိမ့် | နိမ့် |
| ဥပဒေပြင်ပ ကွက်မျက်ခြင်း | အလယ်အလတ် | အလယ်အလတ် | နိမ့် | အလယ်အလတ် |
| နိုင်ငံရေးအရ အကျဉ်းချခြင်း | အလယ်အလတ် | အလယ်အလတ် | နိမ့် | နိမ့် |
| ညှဉ်းပန်းနှိပ်စက်ခြင်း | မြင့် | အလယ်အလတ် | အလယ်အလတ် | အလယ်အလတ် |
| လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း | အလယ်အလတ် | အလယ်အလတ် | မြင့် | မြင့် |
| လွတ်လပ်စွာ လှုပ်ရှားသွားလာ ပြောဆိုနိုင်ခြင်း | အလယ်အလတ် | အလယ်အလတ် | အလယ်အလတ် | အလယ်အလတ် |
| အစိုးရကို ရွေးချယ်တင်မြှောက် နိုင်ခွင့် | အလယ်အလတ် | အလယ်အလတ် | မြင့် | မြင့် |
| လွတ်လပ်စွာ ကိုးကွယ်နိုင်ခွင့် | အလယ်အလတ် | နိမ့် | အလယ်အလတ် | အလယ်အလတ် |
| အလုပ်သမား အခွင့်အရေး | အလယ်အလတ် | အလယ်အလတ် | အလယ်အလတ် | အလယ်အလတ် |
| အမျိုးသမီးများ၏ စီးပွားရေး နှင့် လူမှုရေး အခွင့်အရေးများ | အလယ်အလတ် | အလယ်အလတ် | မြင့် | အလယ်အလတ် |

မှတ်ချက်။ CIRI Human Rights Data Project (http://www.humanrightsdata.com/) မှ မှီငြမ်းသည်။

**အနှစ်ချုပ်**

လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများကို နှိုင်းယှဉ်လေ့လာခြင်းသည် သိသာထင်ရှားသော အချက်များနှင့် ဖြစ်စဉ်များကို ဖော်ထုတ်ရန် မရှိမဖြစ် လိုအပ်သော နည်းလမ်းတစ်ခု ဖြစ်သည်။ လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများအား နိုင်ငံများအကြား၊ အချိန်ကာလ တစ်ခုနှင့်တစ်ခု အကြား၊ အကြောင်းအရာများ သို့မဟုတ် ကမ်ပိန်းများအကြား နှိုင်းယှဉ်လေ့လာနိုင်သည်။

နှိုင်းယှဉ်လေ့လာချက်များသည် လက်တွေ့ ဥပမာ အနည်းငယ်ကို လေ့လာသလား သို့မဟုတ် အများအပြားကို လေ့လာသလား၊ ကမ္ဘာ့ဒေသ တစ်ခုတည်းအတွင်း သို့မဟုတ် ဒေသအများအပြားရှိ လူ့အခွင့်အရေး အခြေအနေများကို လေ့လာသလား စသည်တို့အပေါ် မူတည်ပြီး ကွဲပြားခြားနားနိုင်သည်။ လက်တွေ့ ဥပမာ တစ်ခုတည်းကို လေ့လာခြင်းသည် အကြောင်းအရာ ကြွယ်ဝမှု၊ နက်ရှိုင်းမှုတို့ကို ပေးပြီး လက်တွေ့ ဥပမာ အများအပြားကို လေ့လာခြင်းသည် ယေဘုယျ ကောက်ချက်ချရန်အတွက် ပို၍ ကောင်းသည်။

စာရင်းအင်းပညာ နည်းလမ်းများအား လက်တွေ့ ဥပမာ အများအပြားကို နှိုင်းယှဉ်လေ့လာရန်၊ အစိုးရ နှိပ်ကွပ်မှုတို့ကဲ့သို့သော ရလဒ်များကို ရှင်းပြရာ၌ အကြောင်းခြင်းရာ အမျိုးမျိုး၏ အရေးပါမှုကို တပြိုင်နက်တည်း အကဲဖြတ်ရန်လည်း အသုံးပြုနိုင်သည်။

ဒေသအများအပြားကို နှိုင်းယှဉ်ပြီး လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများအား လေ့လာခြင်းကို ပို၍ ပြုလုပ်လာနေကြသည်။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

ယဉ်ကျေးမှုအရ အမျိုးအစားစုံလင်ကွဲပြားသော ကမ္ဘာကြီးတွင် နိုင်ငံများအကြား လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများကို နှိုင်းယှဉ်လေ့လာရန် ဖြစ်နိုင်ပါသလား။ ပို၍ အခြေခံကျကျဆိုရလျှင် လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများကို တိုင်းတာ၍ ရနိုင်ပါသလား။ လူ့အခွင့်အရေးများကို တိုင်းတာခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးတို့က မည်သည်တို့နည်း။

## လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ဇာစ်မြစ်အကြောင်းအရင်းများ

လူ့အခွင့်အရေး ချိုးဖောက်မှုများ အဘယ်ကြောင့် ဖြစ်ပွားသည်ကို နားလည် သဘောပေါက်ရန် လွန်စွာ အရေးကြီးပါသည်။ ချိုးဖောက်မှုများ၏ ဇာစ်မြစ် အကြောင်းအရင်းများကို သဘောပေါက်မှသာလျှင် အနာဂတ်တွင် ချိုးဖောက်မှုများကို တားဆီးနိုင်ရန် ထိရောက်သော လူ့အခွင့်အရေး မူဝါဒများကို ရေးဆွဲ ချမှတ်နိုင်ပေမည်။ ပညာရှင်များက လူ့အခွင့်အရေး ချိုးဖောက်မှုများ အဘယ်ကြောင့် ဖြစ်ပွားသနည်း ဟူသော ဖြေရခက်သည့် မေးခွန်းကို အဖြေပေးရန် အပတ်တကုတ် ကြိုးစားအားထုတ် ကြသည်မှာလည်း အံ့အားသင့်စရာတော့ မဟုတ်ချေ။ လူတို့အား အခြားသူတို့အပေါ်၊ မိမိတို့၏ အိမ်နီးချင်းများ အပေါ်ကိုပင် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ရန် မည်သည့်အရာက တွန်းပို့ပေးသနည်း၊ အစိုးရများသည် အဘယ်ကြောင့် ပြည်သူများ၏ အခြေခံ လူမှုရေး၊ စီးပွားရေး အခွင့်အရေးများကို အကာအကွယ်ပေးရန် ပျက်ကွက်ကြသနည်း။ ဤကိစ္စနှင့် ပတ်သက်ပြီး ယုတ်မာသော သို့မဟုတ် သူများအရေး စိတ်မဝင်စားသူများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ မူလဇာစ်မြစ် ဖြစ်သည်ဟူ၍ သမားရိုးကျ ပြောလေ့ရှိကြသည်။ (စာသေတ္တာ ၅.၁ တွင်ရှု)။ သို့ရာတွင် နှိုင်းယှဉ်သုံးသပ်သော အမြင်က လူ့အခွင့်အရေး ချိုးဖောက်မှု အများစုသည် အခြေခံအားဖြင့် နိုင်ငံရေး ဆန်သည်၊ တနည်း များသောအားဖြင့် နိုင်ငံတော်က ခြိမ်းခြောက်မှု အဖြစ် ယူဆသူများအပေါ် ကျူးလွန်သော အကြမ်းဖက်လုပ်ရပ်များ သို့မဟုတ် ဘေးထုတ်ခြင်းများ ဖြစ်သည်ဟု ဆိုသည်။

လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ပုံစံအမျိုးမျိုး ရှိနေနိုင်ပြီး ဆိုးရွားမှု အတိုင်းအတာလည်း မတူချေ။ လူ့အခွင့်အရေး ချိုးဖောက်မှုများ အားလုံးထဲတွင် ရုပ်ခန္ဓာအပေါ် ကျူးလွန်ချိုးဖောက်မှုများသည် အာရုံစိုက်မှု အများဆုံး ရကြသည်။ ရုပ်ခန္ဓာအပေါ် ကျူးလွန် ချိုးဖောက်မှုများအား နှိပ်ကွပ်ခြင်း၊ အတင်းအကျပ် စေခိုင်းမှု သို့မဟုတ် နိုင်ငံတော် အကြမ်းဖက်မှု (state terror) အဖြစ် လူသိများကြပြီး ၎င်းတို့က အစိုးရ သို့မဟုတ် အစိုးရ စေခိုင်းသူမှ အကြမ်းဖက်မှု အသုံးပြုမှု သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခြိမ်းခြောက်မှု ပါဝင်သည်။

| စာသေတ္တာ ၅.၁ ယူဆချက်များကို မေးခွန်းထုတ်ခြင်း - အကြမ်းဖက်မှုနှင့် လူ့သဘာဝ |
| --- |
| လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အထူးသဖြင့် အစုအလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းနှင့် လူမျိုးပြုန်းတီးစေမှုများ ပါဝင်သော ချိုးဖောက်မှုများ၊ အကြောင်း ရေးသားချက်များက အချို့သော ပြင်းထန်သည့် အကြမ်းဖက်မှုများသည် ကမ္ဘာကြီးတွင်ရှိသော မကောင်းဆိုးဝါးများကို ထင်ဟပ်ပြသည်ဟု ယူဆသည်။ ထို့အပြင် မကောင်းဆိုးဝါးဟု ကျွန်ုပ်တို့ ယူဆသူများသည် ကျွန်ုပ်တို့နှင့် ကွဲပြားခြားနားပြီး အဝေးတွင် ရှိနေကြသည်။ အလားတူပင် အကြမ်းဖက်မှုသည် လူမှုအုပ်စုများအကြား ရှိသော ပင်ကို ကွဲပြားခြားနားချက်များကြောင့် ဖြစ်ပွားသည်ဟု ပြောလေ့ရှိကြသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရှင်းပြရာ၌ လူ့သဘာဝနှင့် အုပ်စု သဘောသဘာဝ (group dynamics) တို့သည် မည်သည့် အခန်းကဏ္ဍမှ ပါဝင်သည်ဟု ထင်ပါသနည်း။ အတိုင်းအတာ ကျယ်ပြန့်သော အကြမ်းဖက်မှုများ သို့မဟုတ် စနစ်တကျ ညှဉ်းပန်းနှိပ်စက်မှုများကို ရှင်းပြသည့်အခါလည်း လူ့သဘာဝနှင့် အုပ်စု သဘောသဘာဝတို့၏ အခန်းကဏ္ဍက အဘယ်နည်း။ ဆင်းရဲမွဲတေမှုသည် အကြမ်းဖက်မှုတစ်မျိုး ဖြစ်ပါသလား သို့မဟုတ် ၎င်းသည် အကြမ်းဖက်မှုနှင့် လားလားမျှ မဆိုင်သော အခြားတစ်ခုခုပေလား။ |

ထိုချိုးဖောက်မှုများတွင် ညှဉ်းပန်းနှိပ်စက်မှုများ၊ ဥပဒေဘောင်ပြင်ပ သတ်ဖြတ်မှုများ၊ နိုင်ငံရေး အကျဉ်းချမှုများနှင့် လက်စဖျောက်ခြင်းတို့ ပါဝင်သည်။ ထို့အပြင် အကြောင်းအရာများစွာ အကျုံးဝင်နေနိုင်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများသည်လည်း ချိုးဖောက် ခံရနိုင်သည်။ သို့နှင့်တိုင် အောက်တွင် ဆက်လက်ဆွေးနွေးမည် ဖြစ်သည့်အတိုင်း စီးပွားရေး၊ လူမှုရေး အခွင့်အရေးများသည် အရေးကြီးသော်လည်း ၎င်းတို့အား ချိုးဖောက်မှုများကို လူ့အခွင့်အရေးနယ်တွင် လျစ်လျူရှုထားတတ်ကြသည် (Hertel and Minkler, 2007 တွင် ရှု)။

## စေ့ဆော်ပေးသောအရာများနှင့် အယူဝါဒများ

နိုင်းယှဉ်လေ့လာ နိုင်ငံရေးဗေဒ နယ်ပယ်ရှိ ရေးသားတင်ပြချက် အများစုက လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ကျိုးကြောင်းတွက်ချက် စဉ်းစားနိုင်သော ဆုံးဖြတ်ချက်ချသူများ၏ ရွေးချယ်မှုများ ဖြစ်သည် ဟူသော မူလအဆိုဖြင့် အစပြုသည်။ ထို့အတွက် ဤဆုံးဖြတ်ချက် ချသူများသည် ရွေးချယ်စရာ လမ်းကြောင်း အသီးသီး၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ချင့်ချိန်ပြီး လူ့အခွင့်အရေးများကို ချိုးဖောက်ရန် 'ရွေးချယ်' ကြသည်။ ဤယူဆချက်အပေါ် အခြေခံပြီး ပညာရှင်များက မည်သည့် အကြောင်းခြင်းရာများသည် အရေးပါဆုံး ဖြစ်နိုင်သည်ကို နားလည် သဘောပေါက်ရန် ကြိုးစားလာကြခြင်း ဖြစ်သည်။ မည်သည့် အခြေအနေတွင်၊ ဆုံးဖြတ်ချက်ချသူများသည် လူ့အခွင့်အရေးများကို ချိုးဖောက်လျှင် အကျိုးအမြတ် ရမည် သို့မဟုတ် ထို့သို့ မချိုးဖောက်လျှင် ဆိုးကျိုး ပိုများမည်ဟု စဉ်းစားကြသနည်း။ ဤကိစ္စနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှု တချို့ ရှိသည်။

ဤသည်ကို ရှင်းပြနိုင်ခြေ ရှိသော ရှုထောင့်တစ်ခုက ဆုံးဖြတ်ချက်ချသူများ ရင်ဆိုင်ရသော စေ့ဆော်ပေးသော အရာများ၊ တနည်းအားဖြင့်၊ မက်လုံးများနှင့် အယူဝါဒများ၏ အခန်းကဏ္ဍကို ကြည့်သည်။ မက်လုံးများသည် ပုံစံအမျိုးမျိုးနှင့် ရှိနေနိုင်သည်၊ ဇယား ၅.၂ သည် ထိုအထဲမှ အရေးပါဆုံး တစ်ချို့ကို ဖော်ပြထားသည် (Carey

and Poe 2004 တွင် ရှုပါ)။ သက်သေ အထောက်အထားများသည် အရောရော အနှောနှော ဖြစ်နေစေကာမူ တချို့ အခြေအနေများသည် လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်နိုင်ခြေကို ပို၍ မြင့်တက်သွားစေပုံ ပေါက်သည်။ ထိုအခြေအနေများတွင် အတိတ်တွင် နှိပ်ကွပ်မှု၊ ဒီမိုကရေစီ နည်းပါးမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အားနည်းမှု၊ စစ်နှင့် ပြည်တွင်း နိုင်ငံရေး ခြိမ်းခြောက်မှုများနှင့် သဘောထားကွဲလွဲမှုတို့ ဖြစ်သည်။ အထူးသဖြင့် အတိတ်ကာလ နှိပ်ကွပ်မှုများ၏ အကျိုးသက်ရောက်မှုသည် ရိုးစင်းသော်လည်း အလွန်ပင် အရေးကြီးသည်။ ဥပမာ အစိုးရတစ်ရပ်သည် ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်သည့်အခါ ထိုသံသရာစက်ဝိုင်းမှ ရုန်းထွက်ရန် ခက်ခဲသည်။ တကယ်တမ်း ဆိုလျှင် ညှဉ်းပန်းနှိပ်စက်မှုသည် ဖျက်သိမ်းရန် ကုန်ကျစရိတ်များသော အင်စတီကျူးရှင်း ယန္တရား တစ်ခုအပေါ် တည်မှီနေသည် မဟုတ်ပါလား။ စည်းမျဉ်းစည်းကမ်းများသည် ညှဉ်းပန်းနှိပ်စက်မှုအတွက် အခြေခံအုတ်မြစ်ကို ချပေးလေ့ရှိပြီး အစိုးရ လုပ်နိုင်သော လုပ်ရပ်၏ ဘောင်အကန့်အသတ်ကို သတ်မှတ်ပေးသည်။ အဖွဲ့အစည်း တည်ဆောက်ပုံများသည် အစိုးရ အေးဂျင့်များကို အထူးဌာနများ (ဥပမာ မရဏ တပ်စုများ) အဖြစ် စုစည်းပြီး အကျဉ်းထောင်များ၊ လျှို့ဝှက်ထိန်းသိမ်းရေး စခန်းများက ညှဉ်းပန်းနှိပ်စက်မှု ဖြစ်ပွားရန်အတွက် လိုအပ်သော ရုပ်ဝတ္ထုပိုင်းဆိုင်ရာ နေရာကို ဖန်တီးပေးသည်။ အတိုချုပ်ဆိုရလျှင် လူ့အခွင့်အရေး ချိုးဖောက်ရေး မူဝါဒတစ်ခုကို ပြောင်းပြန်လှည့်ပစ်ရန် နိုင်ငံရေးဆန္ဒ တစ်ခုတည်းနှင့် မလုံလောက်ချေ။

ဇယား ၅.၂။ လူ့အခွင့်အရေး ချိုးဖောက်ခြင်း အရင်းအမြစ်များ၊ အဆိုများနှင့် သက်သေများ

| **အရင်းအမြစ်** | **အဆို** | **သက်သေ** |
|---|---|---|
| အတိတ်ကာလ ဖိနှိပ်မှု | မကြာသေးမီ အတိတ်ကာလက ဖိနှိပ်မှုသည် အနာဂတ် မတရားပြုမှုများ ပို၍ ဖြစ်စေသည်။ | အားကောင်း |
| ဒီမိုကရေစီ | ဒီမိုကရေစီ အားနည်းခြင်းသည် ဖိနှိပ်မှု ပို၍ ဖြစ်စေသည်။ | အားကောင်း |
| စီးပွားရေး တိုးတက်မှု | ဆင်းရဲသော နိုင်ငံများတွင် လူ့အခွင့်အရေး ချိုးဖောက်မှု ပိုမို ဖြစ်ပွားသည်။ | အားကောင်း |
| နိုင်ငံတကာနှင့် ပြည်တွင်းစစ် | စစ်ပွဲ အခြေအနေ နောက်ခံတွင် လူ့အခွင့်အရေး ချိုးဖောက်မှု ပိုမို ဖြစ်ပွားသည်။ | အားကောင်း |
| ခြိမ်းခြောက်မှုနှင့် အတိုက်အခံ | နိုင်ငံများသည် လက်နက်ကိုင် ခြိမ်းခြောက်မှုနှင့် လူမှုရေး အတိုက်အခံများ ကြုံရသည့်အခါ လူ့အခွင့်အရေး ချိုးဖောက်မှု ပိုမို ဖြစ်ပွားသည်။ | အားကောင်း |
| လူဦးရေ အရွယ်အစား | လူဦးရေများသည့် နိုင်ငံများတွင် လူ့အခွင့်အရေး ချိုးဖောက်မှု ပိုမို ဖြစ်ပွားသည်။ | အားကောင်း |
| စစ်အုပ်ချုပ်ရေး | စစ်တပ် အုပ်ချုပ်သော နိုင်ငံများသည် လူ့အခွင့်အရေး ချိုးဖောက်မှု ပို၍ ဖြစ်ပွားသည်။ | အားကောင်း |
| စီးပွားရေး တိုးတက်မှု | စီးပွားရေး လျင်မြန်စွာ တိုးတက်ခြင်းက လူ့အခွင့်အရေး ချိုးဖောက်မှု ပိုမို ဖြစ်ပွားသည်။ | အရောဖြစ် |
| လူဦးရေ တိုးတက်မှု | လူဦးရေ တိုးတက်မှုများသော နိုင်ငံများတွင် လူ့အခွင့်အရေး ချိုးဖောက်မှု ပိုမို ဖြစ်ပွားသည်။ | အရောဖြစ် |
| ဗြိတိသျှ ယဉ်ကျေးမှု | ဗြိတိသျှ ကိုလိုနီ ပြုခဲ့ခြင်း မရှိသော နိုင်ငံများတွင် လူ့အခွင့်အရေး | အရောဖြစ် |

| | |
|---|---|
| လွှမ်းမိုးခြင်း | ချိုးဖောက်မှု ပိုမို ဖြစ်ပွားသည်။ |
| လက်ဝဲယိမ်း စနစ် | နိုင်ငံရေး စနစ် လက်ဝဲယိမ်းသော နိုင်ငံများသည် ပို၍ ချိုးဖောက်မှုများ အရောဖြစ် ပြုကြသည်။ |
| နိုင်ငံတကာ ကုန်သွယ်မှု | နိုင်ငံတကာ ကုန်သွယ်မှု နည်းပါးသည့် နိုင်ငံများတွင် လူ့အခွင့်အရေး အရောဖြစ် ချိုးဖောက်မှု ပိုမို ဖြစ်ပွားသည်။ |
| လူမျိုးစု(သို့)ယဉ်ကျေးမှု ကွဲပြားခြင်း | လူမျိုးစုအရ ကွဲပြားခြားနားမှု များသည့် နိုင်ငံများတွင် လူ့အခွင့်အရေး အရောဖြစ် ချိုးဖောက်မှု ပိုမို ဖြစ်ပွားသည်။ |

လူ့အခွင့်အရေး ချိုးဖောက်ခြင်းနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချသူများ၏ တွက်ဆချက်များအပေါ် ဩဇာလွှမ်းမိုးသည့် စနစ်ပိုင်းဆိုင်ရာ မက်လုံးများအပြင် ခွဲခြားရေး အယူဝါဒများသည် တချို့လူအုပ်စုများကို ပစ်မှတ်ထားခြင်း သို့မဟုတ် ဖယ်ထုတ်ခြင်းတို့ကို လက်သင့်ခံနိုင်သော အခြေအနေများကို ဖန်တီးပေးသည်။ အမှန်တကယ်ပင်လည်း အယူဝါဒများနှင့် သရုပ်သဏ္ဍာန်များသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်စေသော ရုပ်ပိုင်းဆိုင်ရာ မဟုတ်သည့် အားကောင်းသော အရင်းအမြစ်များ ဖြစ်သည် (Cardenas, 2007)။ နိုင်ငံတကာ ဥပဒေက လူ့အခွင့်အရေးများသည် လူတိုင်းအတွက် အကျုံးဝင်သည်ဟု ဆိုသော်လည်း အမျိုးသား အယူဝါဒ (national ideologies) နှင့် သရုပ်သဏ္ဍာန်များသည် လူအုပ်စုများအား လူ့အခွင့်အရေး အကာအကွယ်ပေးမှုမှ ဖယ်ထုတ်ခြင်း သို့မဟုတ် ဘေးထုတ်ထားခြင်းတို့ လုပ်လေ့ရှိသည်။

အင်အား အကြီးမားဆုံး ခွဲခြားဆက်ဆံသည့် အယူဝါဒ တစ်ခုမှာ အမျိုးသား လုံခြုံရေး အယူဝါဒ ဖြစ်ပြီး ၎င်းသည် လူမှု မတည်ငြိမ်မှုကို ထိန်းချုပ်ရန်နှင့် အမျိုးသား လုံခြုံရေးကို အာမခံပေးရန် နိုင်ငံတော်၏ တရားဥပဒေ ဘောင်ကျော်သည့် လုပ်ရပ်များကို ခွင့်ပြုပေးသည်။ ဤအယူဝါဒသည် စစ်အေးတိုက်ပွဲကာလ၊ အထူးသဖြင့် လက်တင်အမေရိကတိုက်၌ ဩဇာညောင်းခဲ့ပြီး 9/11 နောက်ပိုင်း ထွက်ပေါ်လာသော အကြမ်းဖက်စစ် အခင်းအကျင်းတွင် ပြန်လည် ဦးမော့လာခဲ့သည်။ အမျိုးသား လုံခြုံရေး အယူဝါဒနှင့် အလားတူ အယူဝါဒများ၊ လူအဖွဲ့အစည်း စိန်ခေါ်မှုများအား လူ့အခွင့်အရေး ချိုးဖောက်မှုများဖြင့် တုံ့ပြန်ခြင်းသည် အဘယ်ကြောင့် လက်ခံနိုင်စရာဖြစ်သည်၊ အဘယ်ကြောင့် လိုအပ်သည်ကို ရှင်းပြချက် ပေးသည်။ နိုင်ငံရေး အရှိတရားသည် များစွာ ရှုပ်ထွေး နက်နဲသော်လည်း ဆန့်ကျင်သူများအား ရန်သူ၊ အဖျက်သမား၊ အကြမ်းဖက်သမား စသည်ဖြင့် ကင်ပွန်းတပ်ကြသည်။ အယူဝါဒများ၏ အခန်းကဏ္ဍကို သဘောမပေါက်ဘဲနှင့် အစိုးရများသည် အဘယ်ကြောင့် လက်နက်ကိုင် ခြိမ်းခြောက်မှုများကို အကြမ်းနည်းဖြင့် တုံ့ပြန်သည်ကို အလွယ်တကူ သဘောပေါက်မည် မဟုတ်ပေ။ အစိုးရများသည် ခြိမ်းခြောက်မှုများဟု မှတ်ယူသော အရာများကို ထိန်းချုပ်ရန် (တရားဥပဒေ စိုးမိုးရေး အေဂျင်စီများနှင့် တရားရေး စနစ်များအပါအဝင်) ကြီးမားသော ဗျူရိုကရက်တစ် ယန္တရားကို အသုံးပြုနိုင်ကြရာ အစွန်းရောက် အုပ်စုများထက် အဆပေါင်းများစွာ အင်အားကြီးမားသည်။ အခြေအနေ အတော်များများတွင် အကြမ်းဖက် နည်းလမ်းကို မလိုအပ်သလောက် ဖြစ်သော်လည်း သင့်လျော်သည်ဟု ယူဆတတ်ကြသည်။

ခွဲခြားဖယ်ထုတ်ရေး အယူဝါဒများသည် လူတို့ကို ၎င်းတို့၏ သရုပ်သဏ္ဍာန်အပေါ် မူတည်၍လည်း လူ့အခွင့်အရေး အကာအကွယ်ပေးမှုများကို ငြင်းဆန်သည်။ အများစု သရုပ်သဏ္ဍာန်ကို ခြိမ်းခြောက်သော သရုပ်သဏ္ဍာန် ရှိသည်ဟု ရှုမြင်ခံရသူများသည် စနစ်တကျ ခွဲခြားဆက်ဆံမှုများကို ခံစားကြရသည်။ အဆိုပါ အယူဝါဒများသည် ကျားမဖြစ်မှု၊ လိင်ပိုင်းဆိုင်ရာ နှစ်သက်မှု၊ လူမျိုး (race)၊ ကိုးကွယ်သည့် ဘာသာနှင့်

လူမျိုးစု (ethnicity) တို့အပေါ် အခြေခံ၍ ဘေးထုတ်ခံရမှုများ၏ နောက်ကွယ်တွင် ရှိနေသည်။ ဥပမာ ကမ္ဘာ့နေရာ အများအပြားတွင် ယောကျ်ားအချင်းချင်း စိတ်ဝင်စားသူများ၊ မိန်းမအချင်းချင်း စိတ်ဝင်စားသူများ၊ ယောကျ်ားရော မိန်းမပါ စိတ်ဝင်စားသူများနှင့် လိင်ပြောင်းထားသူများသည် အကြမ်းဖက်မှုများတွင် ပစ်မှတ်ထားခံနေရသည် (အခန်း ၁၁ တွင်ရှု)။ အစိုးရသည် လူများကို ၎င်းတို့၏ သရုပ်သဏ္ဍာန်အပေါ် အခြေခံ၍ တက်တက်ကြွကြွ ဖိနှိပ်ဆက်ဆံခြင်းမျိုး မရှိစေကာမူ ထိုသို့သော ချိုးဖောက်မှုများနှင့် ကျူးလွန်သူများကို စုံစမ်းစစ်ဆေးရန် ပျက်ကွက်တတ်ကြသည်။ ဥပမာ မက္ကဆီကိုနိုင်ငံတွင် ဖမ်မီနီဆိုက် (feminicide) ဟု ခေါ်သည့် ဆင်းရဲသား အမျိုးသမီးများအား စနစ်တကျ ပစ်မှတ်ထား သတ်ဖြတ်မှုများသည် အစိုးရအာဏာပိုင်များ၏ ဝင်ရောက်ဖြေရှင်းမှု မရှိဘဲ ဖြစ်ပွားမြဲ ဖြစ်ပွားနေသည်။ ကမ္ဘာတစ်ဝှမ်းလုံးရှိ လူမျိုးရေး၊ ဘာသာရေး လူနည်းစုများ ဖိနှိပ်ခံမှုများတွင်လည်း အလားတူ အဖြစ်အပျက်များစွာ ရှိသည်။

ခွဲခြားဖယ်ထုတ်ရေး အယူဝါဒများသည် စနစ်တွင် အစိုင်တည်သွားသည့်အခါ ဩဇာသက်ရောက်မှု အကြီးမားဆုံး ဖြစ်သည်။ ဥပမာ ခွဲခြားဖယ်ထုတ်ရေး အယူဝါဒများအား နိုင်ငံအဆင့် ဥပဒေများ၌ မြုပ်သွင်းထားသည့်အခါ ၎င်းတို့သည် အစိုးရဌာနများ လိုက်နာကျင့်သုံးကြသည့် လုပ်ရိုးလုပ်စဉ်များ၊ လုပ်ထုံးလုပ်နည်းများကို ပုံဖော်တည်ဆောက်ပေးသည်။ မှတ်သားဖွယ်ရာအချက်မှာ အစိုးရ အများစုသည် နိုင်ငံတကာ အဆင့်၌ တရားမဝင်သော လုပ်ရပ်များကို ခွင့်ပြုရန်၊ အရေးပေါ် (ခြွင်းချက်ထားသော) စည်းကမ်းချက်များ သို့မဟုတ် ဥပဒေများကို အကိုးအကားပြု၍ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပတ်တကုတ် ရှင်းပြတတ်ကြသည်။ ခွဲခြားဖယ်ထုတ်ရေး အယူဝါဒများသည် လုပ်ငန်းဆိုင်ရာ သင်တန်းများ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာပြီး သာမန်လူများအား ညှဉ်းပန်းနှိပ်စက်သူများ အဖြစ်သို့ ပြောင်းလဲစေသည့် အရာလည်း ဖြစ်သည် (အခန်း ၁၅)။ အစိုးရ အေးဂျင့်များသည် လူအုပ်စု တချို့ နိုင်ငံ၏ ချမ်းသာသုခနှင့် ရှင်သန်ရပ်တည်မှုအပေါ် ခြိမ်းခြောက်ကြောင်း အယူဝါဒ သွတ်သွင်းခံရပြီး လက်ထဲတွင် အင်အားသုံးရန် ကိရိယာ ဆန်ဆာပလာများလည်း ရှိနေလျှင် ၎င်းတို့သည် အမျိုးသားလုံခြုံရေး နာမည်ဖြင့် စဉ်းစားတွေးဆ၍ မရအောင်ပင် ဆိုးရွားသော ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်ရန် အသင့် ဖြစ်သွားကြတော့သည်။ အခြားသော အခြေအနေများ၌ ရဝမ်ဒါနိုင်ငံတွင် ၁၉၉၄ လူမျိုးပြုန်းတီးစေမှု မဖြစ်ပွားမီ ဟူတူ လူမျိုးများအကြား တွတ်စီလူမျိုးများအပေါ် အမုန်းတရားမီးများကို ဆွပေးရန် အာဏာရှိ အီလစ်များ လေလှိုင်းများကို အသုံးချခဲ့ကြသကဲ့သို့ ခွဲခြားဖယ်ထုတ်ရေး အယူဝါဒများကို မီဒီယာများမှတဆင့် ထုတ်လွှင့်သည်။ ခွဲခြားဖယ်ထုတ်ရေး အယူဝါဒများအား အခြားသော အချက်များကဲ့သို့ အလွယ်တကူ တိုင်းတာ၍ သို့မဟုတ် စမ်းသပ်၍ ရချင်မှ ရပါလိမ့်မည်။ သို့နှင့်တိုင် ၎င်းတို့သည် အခြေခံကျပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများ အားလုံးနီးပါး၏ နောက်ကွယ်မှ လက်သည်တရားခံ ဖြစ်သည်။

အကျဉ်းချုပ်ရမည်ဆိုလျှင် လူ့အခွင့်အရေးများ ချိုးဖောက်ခံရခြင်းသည် ဆုံးဖြတ်ချက်ချသူများ အနေဖြင့် ထိုသို့ ချိုးဖောက်ခြင်း၏ အကျိုးအမြတ် (သို့မဟုတ် မချိုးဖောက်ခြင်း၏ ဆိုးကျိုး) တို့ကို တွက်ချက်သည့် အတွက်ကြောင့် ဖြစ်သည်။ တွေးထင်သော ခြိမ်းခြောက်မှုများသည် အထူးသဖြင့် အရေးပါပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ နောက်ကွယ်မှ လက်သည်တရားခံများ ဖြစ်သည်။ ဤသို့ဆိုစေကာမူ မည်သည့်အရာသည် ခြိမ်းခြောက်မှု မြောက်သည်ကို အင်စတီကျူးရှင်းများတွင် အမြစ်တွယ်နေသော အယူအဆများ၊ အယူဝါဒများကို နောက်ခံပြုပြီး စဉ်းစားမှသာ နားလည်သဘောပေါက်နိုင်သည်။ ဤရုပ်ဝတ္ထုအပ အကြောင်းခြင်းရာများသည်ပင် မည်သူတို့သည် တန်းတူကျသော လူသား အပြည့်အဝ ဖြစ်သည်၊ မည်သည့်

အပြုအမူတို့သည် သင့်တင့်လျောက်ပတ်သည်ကို သတ်မှတ်ပေးပြီး တန်ဖိုးများ၊ ရွေးချယ်စရာများနှင့် သရုပ်သဏ္ဍာန်များကို ပုံဖော်တည်ဆောက်ပေးသည်။ အစိုးရများသည် အုပ်စုတစ်ခု သို့မဟုတ် အခြေအနေတစ်ခုအား လုံးဝခြိမ်းခြောက်မှု ရှိသည်ဟု ရှုမြင်လာကြသည့် အယူဝါဒများနှင့် မက်လုံးများ စုဆုံကြသည့် အချိန်တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားနိုင်ခြေ ရှိသည်။

## စီးပွားရေး အခွင့်အရေးများနှင့် လူမှုအခွင့်အရေးများ ဖုံးကွယ်နေမှု

လူ့အခွင့်အရေးများသည် တစ်ခုနှင့် တစ်ခုအကြား ကွဲပြားခြားနားမှုများ ရှိကြသော်လည်း အတိုင်းအတာ တစ်ခုအထိ အချင်းချင်း အမှီအခို ပြုနေကြသည်။ ဆိုလိုသည်မှာ လူ့အခွင့်အရေး တချို့ကို အကာအကွယ် ပေးရန် အခြားသော အခွင့်အရေးများကို ဖြည့်ဆည်းပေးရန် လိုအပ်သည်။ ဤသည်မှာ လူတို့တွင် ကူးလူးဆက်နွယ်နေသော သရုပ်သဏ္ဍာန်များ ရှိနေကြသည့် အတွက်ကြောင့် ဖြစ်သည်။ ဆင်းရဲသူများသည် အမျိုးသမီးများ၊ မူလအခြေချနေထိုင်သော လူမျိုးများ၊ အထောက်အထား မရှိသော အလုပ်သမားများ သို့မဟုတ် အများစု စံနှုန်းနှင့် မကိုက်ညီသော လိင်သရုပ်သဏ္ဍာန် ရှိသူများကဲ့သို့ အခြားသော အပယ်ခံ အုပ်စုများမှ ဖြစ်နိုင်ခြေ ရှိသည်။ ထို့ကြောင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ချိုးဖောက် ခံရသူများသည် လူ့အဖွဲ့အစည်း၏ စီးပွားရေး ဘောင်ပြင်ပတွင် ကျရောက်နေပြီး လူ့မှုအခွင့်အရေးများ ချိုးဖောက်ခံနေသူများ ဖြစ်နေနိုင်ခြေ ပိုများသည်။ ထို့ပြင် ဆင်းရဲမွဲတေမှုသည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ချိုးဖောက်မှုများ၏ နောက်ကွယ်တွင် ရှိနေနိုင်သလို ၎င်းသည်ပင် စီးပွားရေးနှင့် လူမှုအခွင့်အရေးများ ချိုးဖောက်ခံရမှု ဖြစ်သည်။ လက်တွေ့တွင် အစိုးရ မူဝါဒအရ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်း မဟုတ်သော်လည်း အခွင့်အရေးများသည် အခြားအခွင့်အရေးများနှင့် ပူးတွဲ ချိုးဖောက် ခံရလေ့ရှိသည်။

မေးစရာရှိသည်မှာ နိုင်ငံတကာ ဥပဒေများက အသိအမှတ် ပြုထားသော်လည်း စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများသည် အဘယ်ကြောင့် လျစ်လျူရှုခြင်း ခံရသနည်းဟူသော မေးခွန်းဖြစ်သည်။ ဤမေးခွန်းအတွက် ဖြစ်နိုင်ခြေရှိသော အဖြေတစ်ခုမှာ ဤအခွင့်အရေးများ ချိုးဖောက်ခံရမှုများတွင် မြင်တွေ့သူများအကြား ကိုယ်ချင်းစာ သနားမှု ပြင်းပြင်းထန်ထန် ဖြစ်စေသော ကိုယ်ကာယပိုင်းအရ ထိခိုက် နာကျင်စေမှုမျိုး မပါဝင်သော အချက်ဖြစ်သည် (Keck and Sikkink, 1988)။ ထို့ပြင် ဤချိုးဖောက်မှုများသည် အစိုးရနှင့် အစိုးရ အေးဂျင့်များကြောင့် ဖြစ်သည်ဟုလည်း အလွယ်တကူ ခြေရာကောက်၍ မရပေ၊ ထို့အတွက် ၎င်းတို့အတွက် စုရုံးလှုပ်ရှားရန် ပို၍ ခက်ခဲသည်။ တကယ်တမ်း စဉ်းစားကြည့်လျှင် စီးပွားရေးနှင့် လူမှုအခွင့်အရေးများ ချိုးဖောက်ခံရသည့်ကိစ္စတွင် ငတ်မွတ်မှု၊ ဆင်းရဲမွဲတေမှု၊ ညံ့ဖျင်းသော ပညာရေးနှင့် ဆိုးရွားသော အလုပ်အကိုင် အခြေအနေများအတွက် တိတိပပ မည်သူသည် တာဝန် ရှိသနည်းဆိုသည်မှာ မသေချာပေ။ အခြားတစ်ဘက်တွင် ညှဉ်းပန်းနှိပ်စက်မှုသည် ရုပ်ပိုင်းဆိုင်ရာ သဲလွန်စများ ချန်ထားခဲ့ပြီး အစိုးရ အထက်အောက် တာဝန်ခံစနစ် တစ်ခုသို့ ခြေရာကောက် နိုင်သည်။ ယခုဖော်ပြပါ ကွဲပြားခြားနားချက်ကို ထောက်ပြီး နိုင်ငံတကာ လုပ်ဆောင်သူများသည် ဤအခွင့်အရေးများကို အကောင်အထည် ဖော်ရန် ကုန်ကျစရိတ် များပြားပြီး တဖြည်းဖြည်းချင်းသာ တိုးတက်လာမည်ဟု ယူဆကြကာ ၎င်းတို့အား တဖြည်းဖြည်း တိုးမြှင့် အကောင်အထည် ဖော်သင့်သည်ဟု အလေးထား ပြောလာခဲ့သည်မှာ အံ့အားသင့်စရာ မဟုတ်ချေ။ ဤအခွင့်အရေးများအား ကွန်မြူနစ်ဝါဒနှင့် ဆိုရှယ်လစ် ဝါဒတို့နှင့် အနီးနွယ်ဆုံးဖြစ်သော

အရှေ့အုပ်စုက စစ်အေးကာလအတွင်း ထောက်ခံခဲ့သည်ဟူသော အချက်က အမေရိကန်နိုင်ငံ အပါအဝင် အနောက်အင်အားကြီး နိုင်ငံများအကြား ထိုအခွင့်အရေးများ တိမ်မြုပ်နေမှုကို သာ၍ ဆိုးစေခဲ့သည်။

မည်သို့ပင် ဆိုစေကာမူ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများသည် ပြည်တွင်း အုပ်ချုပ်ရေးအတွက် အခရာ ကျသည်။ စီးပွားရေး မူဝါဒ ချမှတ်ရေးဆွဲခြင်းသည် အရေးကြီးသည်၊ သို့မဟုတ် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အလုပ်အကိုင်နှင့် နေထိုင်စရာ အထောက်အပံ့တို့သည် အရေးကြီးသော ကိစ္စများ ဖြစ်သည်ကို မည်သူမျှ အတွန့်တက်၍ ငြင်းမည် မဟုတ်ချေ။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ရော တိုးတက်သော စက်မှုနိုင်ငံများ၌ပါ ဆင်းရဲမွဲတေမှုနှင့် ဝင်ငွေမညီမျှမှုတို့ကြောင့် သန်းပေါင်းများစွာသော လူတို့အတွက် နေထိုင်စရာ၊ အစားအသောက်၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာရေး၊ ဘေးအန္တရာယ်ကင်းသော အလုပ်ခွင်၌ ရှာဖွေရရှိသော မျှတသော လုပ်အားခနှင့် ခလုတ်ဖွင့် လိုက်လျှင်ရနိုင်သော ရေတို့ကဲ့သို့ ကျွန်ုပ်တို့ ဖာသိဖာသာ ထားတတ်သော ရိုးစင်းသော ဘဝတစ်ခုကို ရှင်သန်ရပ်တည်ရန် လိုအပ်ချက်များပင် ပြည့်မီခြင်း မရှိကြပေ။

ဤအခွင့်အရေးများသည် နိုင်ငံတကာအသိအမှတ်ပြု လူ့အခွင့်အရေးများ ဖြစ်နေသော်လည်း အစိုးရများသည် ၎င်းတို့ကို ထောက်ခံရန် ဝန်လေးတတ်ကြသည်။ တစ်စုံတစ်ခုအား ပြည်တွင်းစနစ်အတွင်း အခွင့်အရေး တစ်ခုအဖြစ် အသိအမှတ်ပြု လက်ခံသည်နှင့် တပြိုင်နက် ထိုအခွင့်အရေးကို အကာအကွယ် ပေးရန် ပျက်ကွက်မှုသည် တရားရုံး၌ဖြစ်စေ၊ လမ်းပေါ်၌ဖြစ်စေ လူမှုတောင်းဆိုမှုများသို့ ဦးတည် သွားနိုင်သည် မဟုတ်ပါလား။ တချို့အခြေအနေများတွင် စီးပွားရေး၊ လူမှုရေး အခွင့်အရေးများကို အခိုင်အမာ ထောက်ခံလေ့ရှိသော ဖွံ့ဖြိုးဆဲ နိုင်ငံများသည် ထိုအခွင့်အရေးများကို အကာအကွယ်ပေးရာ၌ ကြီးမားသော စိန်ခေါ်မှုများ ရင်ဆိုင်ရသည်။ ဆိုလိုသည်မှာ နိုင်ငံရေးဆန္ဒ ရှိစေကာမူ အခြေခံ အခွင့်အရေး များကိုပင် ဖြည့်ဆည်းပေးရန် မတတ်နိုင်သည်မျိုး ဖြစ်နိုင်သည်။ ကိုလိုနီစနစ် ကြုံတွေ့ခဲ့ရသော နိုင်ငံများ အတွက် ၎င်းတို့၏ စီးပွားရေး စနစ်များသည် ကမ္ဘာ့စီးပွားရေး စနစ်အတွင်း ဝင်ရောက်မှုကြောင့် ဟန်ချက်မညီ ဖြစ်ပြီး အခြားနိုင်ငံများအပေါ် အမှီအခိုပြုရသော အနေအထားသို့ ကျရောက်သွားခဲ့ကြရာ စီးပွားရေး၊ လူမှုရေး အခွင့်အရေးများကို အကာအကွယ်ပေးနိုင်သော နှုန်းဖြင့် ဖွံ့ဖြိုးတိုးတက်နိုင်ခြင်း မရှိပေ။ ကိုလိုနီစနစ်လွန် နိုင်ငံများ၏ နိုင်ငံရေး အခြေအနေမှာ အီလစ်များသည် လက်ရှိအနေအထားနှင့် ၎င်းတို့၏ အာဏာများကို ဆက်လက်ထိန်းထားလိုပြီး အရင်းအမြစ်များ ပြန်လည်ခွဲဝေပေးမှုကို ဖြစ်စေနိုင်သော စီးပွားရေး၊ လူမှုရေး အခွင့်အရေးများအကြောင်း ပြောဆိုမှုကို ခံတွင်းမတွေ့ကြပေ။

မည်သည့်နိုင်ငံတွင်မဆို အုပ်စုများသည် လူ့အခွင့်အရေးများအကြောင်း နိုင်ငံတကာ ပြောဆို ရေးသားချက်များကို အသုံးပြုပြီး စုရုံးလှုပ်ရှားကြသည့်အတွက် စီးပွားရေး၊ လူမှု အခွင့်အရေးများကို နားလည် သတိပြုမိလာကြသည်နှင့် တောင်းဆိုမှုများ၊ မကျေနပ်ချက်များ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာနိုင်သည်။ ထိုသို့ တောင်းဆိုကြသူများတွင် နိုင်ငံတကာ ကော်ပိုရေးရှင်းများထံမှ မြေယာများကို ပြန်လည်ရယူရန် ကြိုးပမ်းနေသော မူလအခြေချနေထိုင်သူ လူမျိုးများ၊ ပို၍ဘေးကင်းသော အလုပ်ခွင်နှင့် လုပ်အားခ မြှင့်တင်ရေး တောင်းဆိုနေကြသော အလုပ်ရုံ အလုပ်သမားများ သို့မဟုတ် HIV/AIDS ကို တွန်းလှန်ရန် ဆေးများ အလွယ်တကူ ရလိုသော ကျေးလက်နေ ကျန်းမာရေး စောင့်ရှောက်မှု ထောက်ခံ တောင်းဆိုသူများ ပါဝင်ကြသည်။ ဤသာဓကများက ဖော်ညွှန်းပြသကဲ့သို့ ကမ္ဘာလွှမ်းခြုံ ပုံ့နှံ့ချိတ်ဆက်

နေသော ခေတ်ကြီးတွင် စီးပွားရေး၊ လူမှုရေး အခွင့်အရေးများအတွက် တောင်းဆိုမှုများသည် အစိုးရများနှင့် 'ဈေးကွက်များ'၏ အကျိုးစီးပွားတို့နှင့် ပွတ်တိုက်နိုင်သည်။ ဤအကြောင်းအရင်းများကြောင့် အစိုးရများသည် အဆိုပါ အခွင့်အရေးများကို အကာအကွယ် ပေးရာ၌ အခက်အခဲများ ရှိကြောင်းကို အထူး အလေးပေး ပြောတတ်ကြသည် သို့မဟုတ် ၎င်းတို့ကို ငြင်းပယ်ပြီး ဖုံးကွယ်ထားလိုက်ကြသည်။

## လူ့အခွင့်အရေး ချိုးဖောက်မှုများကို တားဆီးနိုင်ပါမည်လား

လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ နောက်ခံ အကြောင်းအရင်းများသည် ရှုပ်ထွေးနက်နဲပြီး အချက်ပေါင်းများစွာ ပါဝင်နေသည်။ ဒီမိုကရေစီ မရှိခြင်း၊ လက်နက်ကိုင် ပဋိပက္ခ၊ ဆင်းရဲမွဲတေမှုနှင့် ခွဲခြားဖယ်ထုတ်ရေး အယူဝါဒများမှာ အထူးသဖြင့် အရေးပါသည်။ ဤအချက်များ အစုအပေါင်းသည် နိုင်ငံ့ခေါင်းဆောင်များကို လူ့အခွင့်အရေး ချိုးဖောက်ရန် တွန်းပို့ကြသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများသည် အတိုင်းအတာ တစ်ခုအထိ နိုင်ငံရေး ရွေးချယ်မှုများကို ထင်ဟပ်ပြသည် ဆိုလျှင် (အထောက်အထားများက ဤသို့ ဖြစ်သည်ကို ညွှန်ပြနေသည်) နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုသည် ဖြစ်နိုင်စရာရှိသည်၊ ဤသုံးသပ်ချက်၏ မူဝါဒရေးရာ အကျိုးဆက်များမှာ အတော်အတန် ကြီးမားပါသည်။

ဤသုံးသပ်ချက်က လူ့အခွင့်အရေး ချိုးဖောက်မှုများသည် လူ့သဘာဝနှင့် အုပ်စုများအကြား ပဋိပက္ခများ အပေါ် အခြေခံသည် ဟူသော တရားသေ အမြင်များဖြင့် ရှင်းပြသည့် ရှင်းလင်းချက်များနှင့် တခြားစီ ဖြစ်သည်။ အမှန်တကယ်ပင်လည်း လက်သုံး ရေးသားချက်များသည် လူ့အခွင့်အရေးဆိုင်ရာ ရက်စက် ကြမ်းကြုတ်မှုများမှာ လူတို့သည် (သို့) လူတချို့သည် ရက်စက်ယုတ်မာသည့်အတွက် သို့မဟုတ် တချို့အုပ်စုများသည် ကွဲပြားခြားနားလွန်းကြရာ အခြားအုပ်စုများနှင့် ငြိမ်းချမ်းစွာ နေထိုင်ရန် သို့မဟုတ် အပြန်အလှန် ကူညီထောက်ပံ့ကြရန် မဖြစ်နိုင်သည့်အတွက်ကြောင့် ဖြစ်ပွားရသည်ဟု ယူဆသည်။ ဤပဓာနဝါဒ (essentialist) အမြင်သည် လူသားများ၏ ပင်ကိုစရိုက်ကို ကျော်လွှားနိုင်စွမ်း သို့မဟုတ် အမြစ်တွယ်နေသော ကူးလူးဆက်ဆံမှု ပုံစံများကို ကျော်လွှားနိုင်စွမ်းအပေါ် များစွာ သံသယရှိသည်။ ဤသည်နှင့် ဆန့်ကျင်၍ နှိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒ နယ်ပယ်မှ အသိအမြင်များက လူ့အခွင့်အရေး ချိုးဖောက်မှုများကို တွန်းလှန် တိုက်ဖျက်နိုင်သော သတ်သတ်မှတ်မှတ် နည်းလမ်းများ ရှိသည်ဟု ဆိုထားသည်။

လူ့အခွင့်အရေး ချိုးဖောက်မှုများကို တားဆီးရန် ဒီမိုကရေစီကျသော အုပ်ချုပ်မှုပုံစံများ၊ စစ်တပ် ရတ်သိမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်ပြီး ခွဲခြားဖယ်ထုတ်ရေး အယူဝါဒများကို ဆန့်ကျင်ခြင်းတို့ လိုအပ်သည်။ စိတ်မကောင်းစရာ အချက်မှာ လူ့အခွင့်အရေး ချိုးဖောက်မှုကင်းစင်သော ကမ္ဘာကြီးကို ဖန်တီးရန် ဖြတ်လမ်းမရှိပေ။ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများ ခိုင်မာလာခဲ့သော နှစ်ဆယ်ရာစု မတိုင်မီ ဟိုးယခင် အချိန်ကာလများကပင် အချုပ်အခြာ အာဏာပိုင် နိုင်ငံများသည် မိမိတို့၏ ထိန်းချုပ်မှုကို ဆက်လက် ဆုပ်ကိုင်ရန်၊ တိုးချဲ့ရန် နည်းလမ်းတစ်ခုနေဖြင့် နိုင်ငံနယ်နိမိတ် အတွင်းရှိ တိုင်းသူပြည်သား များအား အတင်းအကျပ် စေခိုင်းခြင်း၊ ဘေးထုတ်ခြင်းများ ပြုလုပ်ပြီး တချို့အုပ်စုများကို တခြားအုပ်စု များထက် မျက်နှာသာပေး ဆက်ဆံခဲ့ကြသည်။ ယနေ့အချိန်တွင် တချို့သော အလေ့အကျင့်များအား နိုင်ငံတကာ၌ တားမြစ်ထားပြီး လူ့အခွင့်အရေး ချိုးဖောက်မှုအဖြစ် သမုတ်ထားရုံဖြင့် ဤအခြေအနေ

များသည် မျက်မှောက်ခေတ် နိုင်ငံရေးမှ ပျောက်ကွယ်သွားလိမ့်မည် မဟုတ်ပေ။ လူ့အခွင့်အရေး ချိုးဖောက်မှုများသည် အခြေခံအားဖြင့် နိုင်ငံရေး လုပ်ရပ်များဖြစ်ရာ ၎င်းတို့အား အခြေခံ အကြောင်းအရင်းများကို ကိုင်တွယ်ဖြေရှင်းခြင်းဖြင့်သာ တားဆီး ရှောင်ရှားနိုင်မည် ဖြစ်သည်။ တခြား နည်းလမ်းဖြစ်သည့် နိုင်ငံတကာ စံနှုန်းများ လိုက်နာမှုကို ဖော်ဆောင်ရေး သို့မဟုတ် လူ့အခွင့်အရေးများ၏ ကောင်းကွက်များကို အမွှမ်းတင်ခြင်းတို့သည် လုံလောက်မှု မရှိပေ။ တချိန်တည်းတွင် အဓိက ပြဿနာဖြစ်သော ဆင်းရဲမွဲတေမှု အပါအဝင် စီးပွားရေးနှင့် လူမှု အခွင့်အရေးများ ဆိုင်ရာ မကျေနပ်ချက်များအား လူ့အခွင့်အရေးအဖြစ် ပုံသွင်းဖော်ပြရန်မှာ တက်ကြွလှုပ်ရှားသူများ၏ တာဝန် ဖြစ်သည်။ အခွင့်အရေး တချို့ကို ချိုးဖောက်ခြင်းသည် အခြားသော အခွင့်အရေးများကိုပါ ထိခိုက်ကြောင်း၊ အခွင့်အရေး ချိုးဖောက်မှု အားလုံးသည် မတည်ငြိမ်မှုများ ဖြစ်စေကြောင်း ပြသခြင်းသည်လည်း အခြား အသုံးဝင်သော နည်းလမ်းတစ်ခု ဖြစ်သည်။ ယေဘုယျအားဖြင့် ဆိုရလျှင် မတူသော လူ့အခွင့်အရေးများအား တစ်ခုနှင့်တစ်ခု ချိတ်ဆက်ပေးခြင်းသည် ကမ္ဘာလုံး လွှမ်းခြုံချိတ်ဆက်နေသော ကမ္ဘာကြီးတွင် ပိုမို တာသွားနိုင်ခြေ ရှိသည်။

လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ နောက်ကွယ်မှ ဇာစ်မြစ် အကြောင်းအရင်းများ အကြောင်း ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုထားသည်များ ရှိသော်လည်း လူ့အခွင့်အရေး လေ့လာသူများအတွက် လုပ်စရာ များစွာ ကျန်နေသေးသည်။ အရေးကြီးသော အချက်တစ်ချက်မှာ နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ဂလိုဘယ်လ်လိုက်ဇေးရှင်းနှင့် ပတ်သက်နေသည် (Hafner-Burton, 2009 တွင် လေ့လာပါ)။ စီးပွားရေး အင်အားသည် လူ့အခွင့်အရေး ကဏ္ဍတွင် အဓိကကျသော နိုင်ငံခြားရေး မူဝါဒ တန်ဆာပလာ တစ်ခု ဖြစ်နေရာ ဤကဏ္ဍရှိ အငြင်းပွားမှုများတွင် ကြီးမားသော မူဝါဒရေးရာ အကျိုးဆက်များ ရှိသည် (အခန်း ၁၂ နှင့် ၁၃)။ နိုင်ငံများ အနေဖြင့် လူ့အခွင့်အရေးများကို ဆိုးဆိုးရွားရွား ချိုးဖောက်သော တရုတ်ကဲ့သို့ နိုင်ငံနှင့် ဆက်လက်၍ ကုန်သွယ်သင့်ပါလား။ တစ်နည်းအားဖြင့် စီးပွားရေးအရ ကူးလူးဆက်ဆံမှုသည် ဈေးကွက်သစ်များအပြင် အကြံဉာဏ်သစ်များ အတွက်ပါ လမ်းဖွင့်ပေးသည့်အတွက် အဆုံးတွင် လူ့အခွင့်အရေးများအတွက် ပိုကောင်းပါသလား။ ကမ္ဘာ့ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေး စီးကြောင်းများသည် ဒေသခံ လူ့အဖွဲ့အစည်းများရှိ စီးပွားရေး၊ လူမှု အခွင့်အရေးများ အကာအကွယ်ပေးမှုအပေါ် တိတိပပ မည်ကဲ့သို့ အကျိုးသက်ရောက်သနည်း။ နိုင်ငံတစ်နိုင်ငံတွင် အလုပ်သမား အခွင့်အရေးများ သို့မဟုတ် တပိုင်တနိုင် လုပ်ကိုင် စားသောက်ခွင့်များကို အကာအကွယ် ပေးမည်ဆိုပါက ဤအခွင့်အရေးများ ချိုးဖောက်ခံရခြင်း၏ တိကျသော အကြောင်းအရင်းများကို နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။ အမှန်တကယ်လည်း လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစား အားလုံးကို တာဆီးရန် ၎င်းတို့နောက်ကွယ်မှ ဇာစ်မြစ်အကြောင်းအရင်းများကို နားလည်သဘောပေါက်ရန် လိုအပ်သည်။

| **အနှစ်ချုပ်** |
| --- |
| ရုပ်ခန္ဓာအပေါ် ကျူးလွန်သော ချိုးဖောက်မှုများ၊ တစ်နည်းအားဖြင့် အစိုးရ နှိပ်ကွပ်မှုဟု သိကြသည့် ချိုးဖောက်မှုများသည် နာမည်အဆိုးဆုံး လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်သည်။ ၎င်းတို့သည် ကျိုးကြောင်း တွက်ချက်ထားသော မက်လုံးများနှင့် ခွဲခြားဖယ်ထုတ်ရေး အယူဝါဒများ၏ အကျိုးဆက် ဖြစ်သည်။ |

အစိုးရ ခေါင်းဆောင်များအား လူ့အခွင့်အရေး ချိုးဖောက်စေရန် စေ့ဆော်ပေးသည့် အရေးအပါဆုံး မက်လုံးများမှာ အတိတ်တွင် ရှိခဲ့သော နှိပ်ကွပ်မှု၊ ဒီမိုကရေစီ နည်းပါးမှု၊ ဆင်းရဲမွဲတေမှုနှင့် လူမှု ခြိမ်းခြောက်မှုများ သို့မဟုတ် သဘောထားကွဲလွဲမှုများ ဖြစ်သည်။ (စီးပွားရေး တိုးတက်မှု၊ ကုန်သွယ်မှု သို့မဟုတ် လူမျိုးရေးနှင့် ယဉ်ကျေးမှု စုံလင်ကွဲပြားမှုတို့အပါအဝင်) အခြားသော အချက်များ၏ အရေးပါမှုကို ကံသေကံမ ပြော၍ မရပေ။

ခွဲခြားဖယ်ထုတ်ရေး အယူဝါဒများသည် လူ့အခွင့်အရေး စံနှုန်းများကို ချိုးဖောက်ရန် သင့်တော်ကြောင်း၊ ထို့ထက်ပို၍၊ ချိုးဖောက်ရန် လိုအပ်ကြောင်း ယူဆကြသော အခြေအနေများကို သတ်မှတ်ပေးသည်။ နိုင်ငံတော် လုံခြုံရေးကို ထိန်းသိမ်းရန်အလို့ငှာ အခွင့်အရေးများကို ဆိုင်းငံ့ထားရန် အသုံးပြုသော နိုင်ငံတော် လုံခြုံရေး အယူဝါဒသည် အရေးပါသော ခွဲခြားဖယ်ထုတ်ရေး အယူဝါဒတစ်ခု ဖြစ်သည်။ ပိုမို၍ ကျယ်ပြန့်သော လူမျိုးအရေး ခွဲခြားဆက်ဆံမှု၊ လိင်အခြေပြု ခွဲခြားဆက်ဆံမှုတို့ အခြား အရေးပါသော ခွဲခြားဖယ်ထုတ်ရေး အယူဝါဒများ ဖြစ်သည်။

လူ့အခွင့်အရေး ချိုးဖောက်မှုများကို တားဆီးရန် အားနည်းသော ဒီမိုကရေစီစနစ်၊ စစ်ပုံသွင်းမှု (militarization)၊ ဖွံ့ဖြိုးတိုးတက်မှု အားနည်းခြင်းနှင့် ခွဲခြားဖယ်ထုတ်ရေး အယူဝါဒများကဲ့သို့ ဇာစ်မြစ်အကြောင်းအရင်းကို ပစ်မှတ်ထား ဖြေရှင်းရမည်ဖြစ်ပြီး လူ့အခွင့်အရေး စံနှုန်းများကို မြှင့်တင်နေရုံဖြင့် မလုံလောက်ပေ။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရှောင်လွှဲ၍ မရနိုင်သည်မှာ ဟုတ်ပါသလား။ လူ့ဂုဏ်သိက္ခာ ကင်းမဲ့စေသော ဆက်ဆံမှုမျိုး (dehumanization) ၏ အခန်းကဏ္ဍက အဘယ်နည်း။ အစိုးရမဟုတ်သော ဇာတ်ကောင်များသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ပါက ကျွန်ုပ်တို့အနေဖြင့် အစိုးရ၏ အခန်းကဏ္ဍကို မည်ကဲ့သို့ နားလည်သဘောပေါက်သင့်ပါသနည်း။

## လူ့အခွင့်အရေးများကို နှလုံးသွင်းလက်ခံခြင်း

ချိုးဖောက်မှုများသည် လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှု၏ ဘက်တစ်ဘက်ဆိုလျှင် အကာအကွယ် ပေးမှုသည် အခြားတစ်ဘက် ဖြစ်သည်။ နှိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒသည် အခွင့်အရေး ချိုးဖောက်သော စနစ်တစ်ခုကို ပြုပြင်ပြောင်းလဲသည့် ဖြစ်စဉ်များ အပါအဝင် ဤဘက်နှစ်စလုံးကို နားလည် သဘောပေါက်ရန်အတွက် အလွန်အရေးပါသည်။ နိုင်ငံတကာ ဇာတ်ကောင်များသည် လိုက်နာမှု မရှိသော နိုင်ငံများအပေါ် လူ့အခွင့်အရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် ဖိအားပေးစေကာမူ ပြည်တွင်း အခြေအနေသည် အခရာ ကျသည်။ လူ့အခွင့်အရေး အကာအကွယ်ပေးမှု အမြစ်တွယ်လာစေရေး ဆိုလျှင် လူ့အဖွဲ့အစည်းရှိ အုပ်စုများနှင့် နိုင်ငံတော် အင်စတီကျူးရှင်းများသည် နိုင်ငံတကာ စံနှုန်းများကို လိုက်နာ ကျင့်သုံးရန် လိုသည်။ လူ့အခွင့်အရေး အကာအကွယ် ပေးရေးအတွက် လူ့အဖွဲ့အစည်း၌ ထောက်ခံမှု မရှိလျှင်

လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲမှုများသည် အကောင်အထည်ဖော်ဖို့ နေနေသာသာ စိတ်ကူးဖြင့် မျှော်မှန်းရန်ပင် ခက်ခဲသည်။ လူ့အခွင့်အရေး စံနှုန်းများသည် နိုင်ငံရေးစနစ်၊ တရားဥပဒေ စနစ်နှင့် အစိုးရ လူ့အခွင့်အရေး ဌာနများတွင် အခိုင်အမာ အမြစ်တွယ်ခြင်း မရှိလျှင် လူ့အခွင့်အရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် အားနည်းပြီး အပေါ်ယံ အဆင့်၌သာ ဆက်လက်တည်ရှိ နေပါလိမ့်မည်။ ချိုးဖောက်မှုများကို တားဆီးရန် ၎င်း၏ ဇာစ်မြစ် အကြောင်းအရင်းများကို ကိုင်တွယ်ဖြေရှင်းရမည် ဖြစ်သလို လူ့အခွင့်အရေး စံနှုန်းများကိုလည်း ပြည်တွင်းစနစ်များ အတွင်းသို့ ထည့်သွင်းပြီး ကျင့်သုံးစေရမည် ဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် ကျင်းပခဲ့ပြီး စစ်အေးခေတ်အလွန် လူ့အခွင့်အရေး မူဝါဒ လမ်းကြောင်းကို ရေးဆွဲခဲ့သော လမ်းသစ်ဖောက်ပေးခဲ့သည့် လူ့အခွင့်အရေးများဆိုင်ရာ ဗီယင်နာ ကမ္ဘာ့ ညီလာခံသည် ဤအချက်ကို အသိအမှတ်ပြုခဲ့သည်။ နောက်ဆုံးမှတ်တမ်းတွင် ညီလာခံသည် ပြည်တွင်း တရားဥပဒေ စနစ်များ၊ လူ့အခွင့်အရေးဆိုင်ရာ ပညာရေး၊ နိုင်ငံအဆင့် လူ့အခွင့်အရေး အင်စတီကျူးရှင်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (NGOs) နှင့် မီဒီယာတို့၏ အခန်းကဏ္ဍ အသီးသီးကို အသားပေး ဖော်ပြခဲ့သည်။

### စပရင်ရစ် မော်ဒယ် (The Spiral Model)

လက်တွေ့ အဖြစ်အပျက် အများစုတွင် လူ့အခွင့်အရေး အပြောင်းအလဲသည် ဝိရောဓိများ ရောပြွမ်းနေသော၊ ရာနှုန်းပြည့် ပြည့်စုံကောင်းမွန်မှု မရှိသော ရေရှည်ဖြစ်စဉ်တစ်ခု ဖြစ်ပြီး နိုင်ငံတော်-လူ့အဖွဲ့အစည်း ဆက်ဆံရေးသည် လူ့အခွင့်အရေး စံနှုန်းများကို နေရာပေးရန် တဖြည်းဖြည်းချင်း တိုးတက် ပြောင်းလဲလာသည်။ ယခုဖော်ပြချက်သည် ပညာရှင်တချို့ ခေါ်ဆိုသော လူ့အခွင့်အရေး ပြောင်းလဲပုံ စပရင်ရစ်ပုံစံ (spiral model) နှင့် ကိုက်ညီမှုရှိသည် (Risse, Ropp and Sikkink, 1999)။ ဤမော်ဒယ်အရ နိုင်ငံများသည် အပေါ်မှ (နိုင်ငံတကာ) ဖိအားနှင့် အောက်မှ (ပြည်တွင်းမှ) ဖိအားများ ရင်ဆိုင်ကြရရာ လူ့အခွင့်အရေးဆိုင်ရာ အပြောင်းအလဲများသည် တစ်ဆင့်ချင်း ဖြစ်ပွားသည်။ ဤဖိအားများအပေါ် တုံ့ပြန် ဆောင်ရွက်သည့်အနေဖြင့် နိုင်ငံများသည် အစပိုင်းတွင် အခွင့်အရေး ချိုးဖောက်မှုများ မရှိကြောင်း ငြင်းဆန်ကြသည်၊ ထို့နောက် လိုက်လျောမှုအနည်းအကျဉ်း စတင်ပြုလုပ်လာပြီး အပေါ်ယံဆန်သော်လည်း ပို၍ လက်ဆုပ်လက်ကိုင် ပြနိုင်သော ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လာသည်။ တချို့ လက်တွေ့ အဖြစ်အပျက်များ၌ နိုင်ငံများသည် နောက်ဆုံးတွင် ၎င်းတို့၏ အပြုအမူအား နိုင်ငံတကာ အသိအမှတ်ပြု လူ့အခွင့်အရေး စံနှုန်းများနှင့် လိုက်လျောညီထွေ ဖြစ်လာစေရန် ပြုပြင်ပြောင်းလဲ ကြသည်။

လူ့အခွင့်အရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ဖြစ်ပွားခြင်း၊ မဖြစ်ပွားခြင်းသည် အခြေအနေအပေါ် များစွာ မူတည်သည်။ ၎င်းသည် လူ့အခွင့်အရေးဆိုင်ရာ ဖိအားများကို ပံ့ပိုးပေးခြင်း ရှိ/မရှိနှင့် ပြည်တွင်း အခြေအနေများ မည်သို့မည်ပုံ ဖြစ်ပေါ်ပြောင်းလဲသည် စသည့် အချက်များ အပါအဝင် အချက်ပေါင်း များစွာအပေါ် မူတည်နေသည်။ ဥပမာ နိုင်ငံ တချို့သည် နိုင်ငံရေး အကျဉ်းသားများကို လွှတ်ပေးခြင်းနှင့် တရားဥပဒေရေးရာ အပြောင်းအလဲများ ပြုလုပ်ခြင်း အပါအဝင် အမည်ခံ လူ့အခွင့်အရေး ပြုပြင် ပြောင်းလဲမှုများ ပြုလုပ်ကြသည်၊ သို့သော် အပြည့်အဝ လိုက်နာခြင်းမျိုးတော့ မဟုတ်ချေ။ လက်နက်ကိုင် ပဋိပက္ခများ ရှိနေသမျှ ကာလပတ်လုံး၊ သို့မဟုတ် အရပ်ဘက် အဖွဲ့အစည်း အားနည်းပြီး အကွဲအပြဲ ဖြစ်နေသမျှ ကာလပတ်လုံး လူ့အခွင့်အရေးများဆိုင်ရာ တိုးတက်မှုသည် ပြည့်စုံမှုမရှိဘဲ အကန့်အသတ် ဖြင့်သာ ရှိနေမည် ဖြစ်သည်။ လူ့အခွင့်အရေးများ ဆိုင်ရာ အပြောင်းအလဲသည် တဖြည်းဖြည်းချင်း

ဖြစ်ပွားသည်ဟု အကြံပြု တင်ပြရာ၌ စပရင်ရစ် မော်ဒယ်သည် များစွာ အထောက်အကူပြုသည်။ ရုပ်ပြသဘောဆန်သော အစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှုများသည်ပင် အချိန်ကာလတစ်ခု ကြာလာသည်နှင့် အကျိုးသက်ရောက်မှု ကြီးမားသော ပြုပြင်ပြောင်းလဲမှုများသို့ ဦးတည်သွားနိုင်သည်။ ဤမော်ဒယ်သည် ပြည်တွင်းနှင့် နိုင်ငံတကာရှိ အစိုးရ လုပ်ဆောင်သူများနှင့် အစိုးရမဟုတ်သော လုပ်ဆောင်သူများ၏ ပူးတွဲ အရေးပါမှု အဓိက အာရုံစိုက်သည်။ ၎င်းတို့သည် အချင်းချင်း အပြန်အလှန် ဆက်သွယ်ပြောဆို၍ လူ့အခွင့်အရေး အပြောင်းအလဲကို အထောက်အကူ ပြုကြသည်။ ဝေဖန်သူများသည် ဤမော်ဒယ်၏ ယေဘုယျ အသုံးဝင်မှုကို တစ်ခါတစ်ရံ မေးခွန်းထုတ်ကြသော်လည်း ၎င်းကို လက်တွေ့သာဓက တချို့တွင် တီထွင်မှုဖန်တီးမှုအား ကောင်းကောင်းဖြင့် အသုံးချပြီး ရှုပ်ထွေးနက်နဲသော လူ့အခွင့်အရေး ရလဒ်များကို ရှင်းပြနိုင်သည် (Shor, 2008 တွင် ရှုပါ)။

ခြုံ၍ပြောရလျှင် စပရင်ရစ်မော်ဒယ်နှင့် ပို၍ ကျယ်ပြန့်သော နိုင်းယှဉ်လေ့လာရေး သုတေသနသည် လူ့အခွင့်အရေး အကာအကွယ်ပေးမှုကို ပုံဖော်ဖန်တီးရာ၌ လူ့အဖွဲ့အစည်း အုပ်စုများနှင့် အစိုးရ အင်စတီကျူးရှင်းများ၏ အခန်းကဏ္ဍတို့ကို အဓိက အလေးပေးသည်။ လူမှုဖိအားသည် လိုအပ်သော်လည်း၊ အထူးသဖြင့် အလွန်ဖိနှိပ်အုပ်ချုပ်သော အစိုးရများအတွက် လူမှုဖိအား လိုအပ်သော်လည်း၊ အပြောင်းအလဲသည် နိုင်ငံတစ်နိုင်ငံ ကိုယ်၌က လူ့အခွင့်အရေးများကို နှလုံးသွင်း လက်ခံမှသာ အောင်မြင်တတ်သည်။ လူ့အခွင့်အရေး စံနှုန်းများကို နှလုံးသွင်းလက်ခံလိုက်ပြီ ဖြစ်သော နိုင်ငံ တစ်နိုင်ငံအတွက် နိုင်ငံအဆင့် ကတိကဝတ်များသည် ပြင်ပဖိအား သို့မဟုတ် မက်လုံးများမှ မဟုတ်ဘဲ တာဝန်သိစိတ်မှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ အချုပ်ဆိုရသော် လူ့အခွင့်အရေးဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများသည် ပြည်တွင်းကတိကဝတ်များကို ထင်ဟပ်ပြသည့်အခါ အောင်မြင်မှုအရှိဆုံး ဖြစ်သည်။

## လူ့အဖွဲ့အစည်းအတွင်းရှိ အုပ်စုများ

မိမိတို့၏ လက်စဖျောက်ခံရသော သားသမီးများအတွက် ဗဟိုအစိုးရရင်ပြင်၌ အပတ်စဉ် လမ်းလျှောက် ချီတက်ပြီး ဆန္ဒပြကြသော အာဂျင်တီးနားနိုင်ငံရှိ အမေ့ရင်ပြင် မိခင်များ၊ ဆိုဗီယက် အုပ်ချုပ်ရေးကို ဆန့်ကျင်ရန် စစ်အေးကာလအတွင်း အရှေ့ဥရောပ နိုင်ငံများ၌ လျှို့ဝှက်စွာ ဖွဲ့စည်းခဲ့သော နိုင်ငံအလိုက် ဟယ်စင်းကီး ကော်မတီများမှသည် တီယန်နန်မန် ရင်ပြင်၌ တရုတ်အစိုးရ တင့်ကားများကို အံတု ပိတ်ဆို့ခဲ့သော ကျောင်းသား တက်ကြွလှုပ်ရှားသူများအထိ ကျွန်ုပ်တို့ ကမ္ဘာကြီးသည် ဖိနှိပ်သော အစိုးရများကို ထိပ်တိုက်ရင်ဆိုင်ကြသော လူ့အခွင့်အရေး အုပ်စုများ၏ ပုံရိပ်များကို ကွက်ကွက်ကွင်းကွင်း မြင်တွေ့ခဲ့ရပြီး ဖြစ်သည်။ သို့နှင့်တိုင် လူတို့သည် အဘယ်ကြောင့် မကြာခဏဆိုသလို မိမိတို့အတွက် အသက်အန္တရာယ် ရှိနေသည့်ကြားမှပင် လူ့အခွင့်အရေးအတွက် ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ကြသည်ကို နားလည်ရ ခက်နေဆဲ ဖြစ်သည်။ ထို့အတူ ဤအုပ်စုများသည် တင်းတင်းကျပ်ကျပ် ဖိနှိပ်အုပ်ချုပ်သည့် အစိုးရများနှင့် ရင်ဆိုင်ရသော်လည်း ထိရောက်စွာ လှုပ်ရှားစည်းရုံးနိုင်ခြင်း အကြောင်းအရင်းမှာလည်း သူ့အလိုအလျောက် ရှင်းနေသော ကိစ္စတော့ မဟုတ်ပေ။ နှိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒသည် ပြည်တွင်း လူ့အခွင့်အရေး လှုပ်ရှားမှုများ၏ မူလဇာစ်မြစ်နှင့် အောင်မြင်မှုများအကြောင်း နားလည်သဘောပေါက်ရန် ကူညီပေးသည်။

လူ့အခွင့်အရေး အုပ်စုများနှင့် လှုပ်ရှားမှုများသည် (အခန်း ၉ တွင် လေ့လာပါ) ၎င်းတို့၏ အားနည်း အားသာချက်၊ နိုင်ငံရေး ပတ်ဝန်းကျင်က ဖန်တီးပေးသော အခွင့်အလမ်းများ အပါအဝင် အကြောင်းအရင်း အမျိုးမျိုးတို့ကြောင့် စုရုံးကြ၊ စုစည်းလှုပ်ရှားကြခြင်း ဖြစ်သည်။ တချို့အုပ်စုများ စုစည်းလှုပ်ရှားကြခြင်း အကြောင်းအရင်းသည် တစ်စိတ်တစ်ဒေသအားဖြင့် အခြားသူများကို ဆော်ဩနိုင်သော၊ စွမ်းအား ပေးနိုင်သော ခေါင်းဆောင်များကြောင့် ဖြစ်သည်။ ဥပမာ အမေရိကန်နိုင်ငံတွင် နိုင်ငံသား အခွင့်အရေး တိုက်ပွဲတွင် အဓိက အရေးပါခဲ့သော မာတင်လူသာကင်းဂျူနီယာ (Martin Luther King Jr) နှင့် ယခင် ချက်ကိုစလိုဗားကီးယားနိုင်ငံ၌ လူ့အခွင့်အရေးများအတွက် ရဲရင့်စွာ ဦးဆောင်တိုက်ပွဲဝင်ခဲ့သော ဗားဆလပ်ဟာဗယ် (Václav Havel) တို့ ဖြစ်ကြသည်။ တချို့အုပ်စုများသည် ဖိနှိပ်သူအစိုးရများကို မားမားမတ်မတ် ဆန့်ကျင်ရန် ရှည်လျားသော အတွေ့အကြုံများနှင့် ကိုယ်ကျင့်တရား ဩဇာအာဏာ (moral authority) အပါအဝင် အင်အားများ ရှိကြသည်။ ထို့အတွက် ဘာသာရေး အဖွဲ့အစည်းများ သို့မဟုတ် ရှေ့နေ သမဂ္ဂများသည် ကမ္ဘာ့နေရာ အနှံ့အပြားတွင် အရေးကြီးသည့် အခန်းများမှ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ဖိနှိပ်အုပ်ချုပ်သော အစိုးရများ အလျှော့ပေးသည့်အခါ၊ ထိုအလျှော့ပေးမှုများသည် ရုပ်ပြဆန်သော အခါမျိုး၊ အပြောနှင့်အလုပ် မညီသည့်အခါမျိုး၌ပင်၊ ထိုလုပ်ရပ်များသည် လူ့အခွင့်အရေး အုပ်စုများအတွက် စုရုံးလှုပ်ရှားရန် နိုင်ငံရေး အခွင့်အလမ်းတစ်ခု ဖန်တီးပေးတတ်သည်။ ဥပမာ အစိုးရတစ်ရပ်သည် လူ့အခွင့်အရေး ဥပဒေများကို မိတ်ဆက်ခြင်း၊ နိုင်ငံရေး အကျဉ်းသားများကို လွှတ်ပေးခြင်း သို့မဟုတ် စာချုပ် တစ်ခုခုကို အတည်ပြုခြင်းကဲ့သို့ လူ့အခွင့်အရေးစကား စပြောလာလျှင် ပြည်တွင်း လူ့အခွင့်အရေး အုပ်စုများအတွက် အသက်ရှူ ချောင်လာသည်။ အစိုးရများက မိမိတို့အတွက် စံနှုန်းသစ်များ သတ်မှတ်လာသည်နှင့်အမျှ ပြည်တွင်း အုပ်စုများသည် ထိုအတိုင်း တသမတ်တည်း လိုက်နာကျင့်သုံးရန် တောင်းဆိုခွင့် ရလာသည်။ ဤအချက်က လူ့အခွင့်အရေး အုပ်စုများသည် ဖြစ်ပေါ်လာသော နိုင်ငံရေး အခွင့်အလမ်း အနည်းအကျဉ်းကို အခွင့်ကောင်းယူပြီး ဖိနှိပ်မှု အထွတ်အထိပ်သို့ ရောက်နေသည့် အချိန်၌ပင် စုစည်း လှုပ်ရှားနိုင်ကြခြင်းကို တစ်စိတ်တစ်ဒေသအားဖြင့် ရှင်းပြပေးသည်။ ထို့အပြင် အချိန် ကြာလာသည်နှင့်အမျှ ဒေသခံ လူ့အခွင့်အရေး အုပ်စုများသည် လူ့အဖွဲ့အစည်းအတွင်းရှိ အခြားသော အုပ်စုများနှင့် မဟာမိတ်ဖွဲ့ ချိတ်ဆက်ကြရာ ပြည်တွင်း ဖိအားသည်လည်း ပြင်းထန်လာသည်။ ဖိအားများ တိုးမြင့်လာသည်နှင့်အမျှ အစိုးရ တစ်ရပ်သည်လည်း အမှုမဲ့၊ အမှတ်မဲ့ဆိုသလိုပင် ဖြည်းဖြည်းချင်း အလျှော့ပေးမှုများ ပြုလုပ်လာတတ်သည်။ ဤအခြေအနေသည် အချိန်ကြာမြင့်စွာ ဆက်လက် ဖြစ်ပွားနေပါက ၎င်းသည် အစိုးကိုပင် ပြုတ်ကျစေနိုင်သည်။

လူ့အခွင့်အရေး အုပ်စုများသည် သရုပ်သဏ္ဌာန်အားဖြင့် ကွဲပြားခြားနားကြပြီး (တစ်ခါတစ်ရံ အနားချင်း ထပ်သော) အုပ်စု သုံးလေးမျိုးအဖြစ် ရှိနေနိုင်သည်။ တချို့သည် လူ့အခွင့်အရေးများ အကာအကွယ် ပေးရေးကို ခြုံငုံ၍ လုပ်ဆောင်သော သို့မဟုတ် သတ်သတ်မှတ်မှတ် အခွင့်အရေးများ (ဥပမာ နေစရာနေရာ၊ အလုပ်အကိုင်၊ ကျန်းမာရေး) ကို လုပ်ဆောင်သော ကျယ်ပြန့်သော ထောက်ခံလှုပ်ရှားရေး အဖွဲ့များ ဖွဲ့စည်းကြသည်။ တခြားအဖွဲ့များသည် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ အကျဉ်းသားများ သို့မဟုတ် အခြားထိခိုက်လွယ် အုပ်စုများ၏ အခွင့်အရေးများအတွက် အဓိကထား လုပ်ဆောင်ကြသည်။ အခြားသော အဖွဲ့များကမူ မိမိတို့၏ အထူးကျွမ်းကျင်မှုများ၊ စွမ်းရည်များကို အသုံးပြုပြီး လူ့အခွင့်အရေးများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လိုသော ရှေ့နေအသင်း၊ ကျန်းမာရေး

စောင့်ရှောက်မှု ဝန်ထမ်းအသင်း စသည်ဖြင့် လုပ်ငန်းနယ်ပယ် အဖွဲ့အစည်းများ ဖြစ်ကြသည်။ နောက်ဆုံး တစ်ခုအနေဖြင့် ဘာသာရေး အုပ်စုများသည် ၎င်းတို့၏ ယုံကြည်ချက်များနှင့် ကိုက်ညီသော လူ့အခွင့်အရေး ကိစ္စများနှင့် လူမှု တရားမျှတရေး တို့အတွက် မကြာမဏ ဆိုသလို လှုပ်ရှား ဆောင်ရွက်တတ်ကြသည်။

အမျိုးအစား စုံလင်ကွဲပြားကြသော်လည်း ပြည်တွင်း လူ့အခွင့်အရေး အုပ်စုများသည် အပြန်အလှန် အထောက်အကူပြုသော နည်းလမ်းများကို အသုံးပြုကြသည်။ လူ့အခွင့်အရေး ထိခိုက်ခံစားခဲ့ရသူများအား မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုများကို ရရှိစေရန် တရားဥပဒေပိုင်း ဆိုင်ရာ အကူအညီပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု အကူအညီပေးခြင်း စသည်ဖြင့် တိုက်ရိုက် အကူအညီ ပေးကြသည်။ ချိုးဖောက်မှုများကို ရပ်တန့်ခြင်း၊ ကမ္ဘာ့စျေးကွက်အတွင်း စီးပွားရေးဆိုင်ရာ တရားမျှတမှုပေးခြင်း သို့မဟုတ် အမှားကျူးလွန်သူများအား တာဝန်ယူခိုင်းခြင်း စသည်ဖြင့် လူ့အခွင့်အရေးများကို အကာအကွယ် ပေးရန် ဖိအားပေးခြင်းဖြင့် အစိုးရများကို တိုက်ရိုက် ဖိအားပေး လှုံ့ဆော်ခြင်းတို့လည်း ပြုလုပ်ကြသည်။ ယခုဖော်ပြပါ ကြိုးပမ်း လုပ်ဆောင်ချက် အားလုံးတွင် ပြည်တွင်း လူ့အခွင့်အရေး အဖွဲ့အစည်းများသည် အမည်ထုတ်ဖော် အရှက်ခွဲနည်း (naming and shaming) ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြသည်။ ဤနည်းလမ်းအရ ဦးစွာ ချိုးဖောက်မှုများအကြောင်း သတင်းအချက်အလက်များ စုဆောင်းရသည်၊ ဤကဲ့သို့ မှတ်တမ်းတင်ခြင်းသည် အမှန်တရားကို ဖော်ထုတ်ရန်အတွက်၊ လူ့အခွင့်အရေးကို ထောက်ခံလာစေရေး လှုပ်ရှား ဆောင်ရွက်ရန်အတွက် အဓိကကျနေနိုင်သည်။ ထို့နောက် တက်ကြွ လှုပ်ရှားသူများသည် ချိုးဖောက်မှုများအကြောင်း အထောက်အထားများကို ဖြန့်ဝေပြီး လူ့အခွင့်အရေး စံနှုန်းများနှင့် အစိုးရ၏ အပြုအမူတို့အကြား ကွာဟမှုကို လစ်ဟပြကြသည်။ ရည်ရွယ်ချက် ပန်းတိုင်မှာ အစိုးရများကို အရှက်ရစေပြီး လိုက်နာလာစေရန် ဖြစ်သည်။ ထို့အပြင် ပြည်တွင်းအုပ်စုများသည် နိုင်ငံတကာ အသိအမှတ်ပြု စံနှုန်းများကို လူသိများလာစေရန် ရည်ရွယ်၍ မကြာခဏဆိုသလိုပင် လူ့အဖွဲ့အစည်းနှင့် အစိုးရ အဖွဲ့အစည်း၊ အကြီးအကဲများထံ ဦးတည်သည့် လူမှုစံနှုန်းပြုလုပ်ငန်း (socialization) ကို လုပ်ဆောင်လေ့ ရှိကြသည်။ လူမှုစံနှုန်းပြု လုပ်ငန်းဆိုင်ရာ လုပ်ဆောင်မှုများတွင် အခြေခံ လူ့အခွင့်အရေးများကို အကျဉ်းချုပ် ဖော်ပြထားသော လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းမှသည် အစိုးရအရာရှိများအား နိုင်ငံတကာ ဥပဒေအရ ကျရောက်သော တာဝန်များအကြောင်း သင်တန်းပေးခြင်းတို့အထိ ပါဝင်နိုင်သည်။

ဤကဲ့သို့ နည်းလမ်းများ စုံလင်များပြားမှုကြောင့် ဒေသခံ လူ့အခွင့်အရေး အဖွဲ့အစည်းများတွင် ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်နိုင်သော ဩဇာလွှမ်းမိုးမှုများ ရှိနိုင်သည်။ အနည်းဆုံးအားဖြင့် ဤအဖွဲ့အစည်းများသည် လူ့အခွင့်အရေး ကိစ္စများကို အစိုးရ အစီအစဉ်ပေါ်သို့ ရောက်ရှိလာအောင် တွန်းပို့နိုင်သည်။ အစိုးရများသည် လူ့အခွင့်အရေးများကို ဆက်လက် ကျူးလွန်နေစေကာမူ အန်ဂျီအိုများမှ ဖိအားသည် အစိုးရဘက်မှ အလျှော့ပေးမှုများ ပြုလုပ်လာစေရန် အဓိက အရေးပါနိုင်သည်။ နိုင်ငံတကာ အတိုင်းအတာဖြင့် ပြည်တွင်းအုပ်စုများက ထုတ်ပြန်သော သတင်းအချက်အလက်များသည် နိုင်ငံတကာ မဟာမိတ် အဖွဲ့များကို စုစည်းလှုံ့ဆော်ရာ၌ လွန်စွာ အရေးပါနိုင်သည်။ နိုင်ငံတကာ ကွန်ရက်များ ဖွဲ့စည်းပြီးသည့်အခါ ၎င်းတို့၏ အောင်မြင်မှုသည် ပြည်တွင်း အုပ်စုများ အပေါ်၌လည်း မူတည်သည်။ ပြည်တွင်း အုပ်စုများအား နိုင်ငံခြား အုပ်စုများထက် ပို၍ တရားနည်းလမ်းကျသည်ဟု ရှုမြင်နိုင်သည် မဟုတ်ပါလား။ နောက်ဆုံးအချက်အနေဖြင့် လူ့အခွင့်အရေး အုပ်စုများသည် အရပ်ဘက်အဖွဲ့အစည်းရှိ ပို၍ ကျယ်ပြောသော စီးကြောင်းများနှင့် အင်အား ပူးပေါင်းမိသည့်အခါ ၎င်းတို့သည် ဒီမိုကရေစီ

အကူးအပြောင်း၌ပင် တစ်ခန်းတစ်ကဏ္ဍ ပါဝင်လာနိုင်သည်။ ကမ္ဘာအရပ်ရပ်ရှိ ဖိနှိပ်သူ အစိုးရများ ပြိုလဲမှုတွင် လူ့အခွင့်အရေး တောင်းဆိုမှုများသည် အဓိကအခန်းက ပါဝင်ခဲ့သည်မှာ တစ်ကြိမ် မကတော့ပေ။ သိသာထင်ရှားသော လူ့အခွင့်အရေးဆိုင်ရာ အပြောင်းအလဲကို ဖော်ဆောင်ရန် ပြည်တွင်း တက်ကြွလှုပ်ရှားသူများထံမှ ဖိအားများတစ်ခုတည်းဖြင့် မလုံလောက်သော်လည်း ထိုဖိအားသည် အမြဲတမ်းလိုလို မပါမဖြစ်ပေ။

## နိုင်ငံတော် အင်စတီကျူးရှင်းများ

လူ့အခွင့်အရေး စံနှုန်းများကို အကာအကွယ် ပေးရန်ဆိုလျှင် ၎င်းတို့ကို နိုင်ငံတော် အင်စတီကျူးရှင်းများ၌ ထည့်သွင်း ကျင့်သုံးစေရမည် ဖြစ်သည်။ တကယ်တမ်းတွင်လည်း နိုင်ငံတော်သည်ပင် လူ့အခွင့်အရေးများကို အဓိက အာမခံပေးသူ ဖြစ်သည်။ နိုင်ငံတော်သည် လူ့အခွင့်အရေး ချိုးဖောက်မှုများမှ ရှောင်ကြဉ်ရန်ရော၊ လူ့အခွင့်အရေးကို ကာကွယ်ပေးရမည့် သဘောအရဆိုလျှင်၊ မိမိနယ်နိမိတ်အတွင်း အစိုးရ မဟုတ်သော လုပ်ဆောင်သူများသည် လူ့အခွင့်အရေးများကို မချိုးဖောက်စေရန်လည်း တာဝန်ရှိသည်။ ချိုးဖောက်မှုများ ဖြစ်ပွားပါကလည်း နိုင်ငံတော်သည် ထိခိုက်ခံစားရသူများ တရားဥပဒေ၏ အကာအကွယ်ရရှိရန်၊ ချိုးဖောက်မှုများကို စုံစမ်း စစ်ဆေးစေရန်နှင့် ချိုးဖောက်သူများကို အပြစ်ပေးရန် တာဝန်ရှိသည်။ ဤအချက်များသည် လူအခွင့်အရေး လေးစားလိုက်နာမှု၏ အခြေခံအုတ်မြစ် ဖြစ်သည်။

ပြည်တွင်း၌ လူ့အခွင့်အရေးများကို အကာအကွယ်ပေးရန် နိုင်ငံတော် အင်စတီကျူးရှင်း လေးမျိုးသည် အဓိက အရေးပါသည်။ ယင်းတို့မှာ ဒီမိုကရေစီကျသော အုပ်ချုပ်ရေး စနစ်၊ ပြည်တွင်း ဥပဒေများ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတော်အဆင့် သို့မဟုတ် အောက်ခြေ တရားရုံးများနှင့် အစိုးရ လူ့အခွင့်အရေး အင်စတီကျူးရှင်းများ သို့မဟုတ် အေဂျင်စီများ ဖြစ်သည်။ ဤအင်စတီကျူးရှင်းများ၌ လူ့အခွင့်အရေး စံနှုန်းများ ခိုင်မာစွာ အမြစ်တည်ခြင်းမရှိသော အခြေအနေများတွင် လူ့အခွင့်အရေးများကို အကာအကွယ် ပေးနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ရန် ဤအင်စတီကျူးရှင်းများကို ခိုင်မာအားကောင်းစေရမည် ဖြစ်သည်။

## ဒီမိုကရေစီကျသော အုပ်ချုပ်ရေး

ဒီမိုကရေစီ အုပ်ချုပ်ရေး စနစ်များအောက်တွင် လူ့အခွင့်အရေး စံနှုန်းများသည် ပို၍ အကာအကွယ်ရနိုင်ခြေ ရှိသည် (အခန်း ၁၄)။ ဒီမိုကရေစီ မကျသော အစိုးရများသည် ပို၍ ဖိနှိပ်တတ်ကြသလိုပင် ဒီမိုကရေစီကျသော စနစ်များသည် လူ့အခွင့်အရေးကို ပိုမို၍ ကာကွယ်တတ်ကြသည်။ ဤသည်မှာ လုပ်ထုံးလုပ်နည်း သဘောအရရော အနှစ်သာရ အပိုင်းအရပါ မှန်ကန်သော အချက်တစ်ခု ဖြစ်သည်။ ဒီမိုကရေစီ စနစ်များတွင် အခွင့်အရေး ချိုးဖောက်ခံရသူများသည် နိုင်ငံတော်မှ အကူအညီရယူနိုင်ပြီး တိုင်ကြားနိုင်၊ စုံစမ်းစစ်ဆေးပေးရန် တောင်းဆိုနိုင်၊ တာဝန်ယူမှုကို မျှော်လင့်နိုင်သည်။ ပို၍ အခြေခံကျကျဆိုလျှင် ကိုယ်စားပြု ဒီမိုကရေစီ စနစ်များသည် လူသား၏ လွတ်လပ်မှု၊ တန်းတူကျမှု ဆိုင်ရာ အယူအဆများ အပါအဝင် လူ့အခွင့်အရေး စံနှုန်းများကို ရင်ဝယ်ပိုက် ကျင့်သုံးနိုင်ကြသည် (Goodhard, 2005)။ ထို့ကြောင့် ဒီမိုကရေစီကျသော အစိုးရများသည် အာဏာရှင်အစိုးရများထက် လူ့အခွင့်အရေးများ၊

လူ့အခွင့်အရေးများအားလုံး မပာုတ်လျှင်တောင် အနည်းဆုံး နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကို ချိုးဖောက်နိုင်ခြေ နည်းသည်။

သို့သော်လည်း ဒီမိုကရေစီစနစ်သည် သူ့ချည်းသက်သက်ဆိုလျှင် လူ့အခွင့်အရေးများကို အပြည့်အဝ မလိုက်နာပေ (ဥပမာအဖြစ် စာသေတ္တာ ၅.၂ ကိုကြည့်ပါ)။ လူ့အခွင့်အရေး အကာအကွယ်ပေးမှု အတိုင်းအတာသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်၏ အရည်အသွေးအပေါ် မူတည်သည်။ ဥပမာ အားနည်းသော ဒီမိုကရေစီစနစ်များတွင် လူ့အခွင့်အရေးများ ချိုးဖောက်ခံရနိုင်ခြေ ပိုများသည်။ ဤအချက်က ဒီမိုကရေစီ အပြောင်းအလဲ ဖြစ်ပေါ်နေစဉ်မှာပင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက် ရှိနေခြင်းကို ရှင်းပြပေးနိုင်မည် ထင်သည်။

**စာသေတ္တာ ၅.၂ မတူသော အမြင်ရှုထောင့်များ - အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် လူ့အခွင့်အရေး**

အကြမ်းဖက်မှု တိုက်ဖျက်ရေး၌ လူ့အခွင့်အရေး၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ အမြင်ရှုထောင့် အမျိုးမျိုး ရှိသည်။ လူတချို့သည် ဒီမိုကရေစီနိုင်ငံများက ကျူးလွန်သော ချိုးဖောက်မှုများ အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများအား အကြမ်းဖက်မှု အန္တရာယ်ကို တိုက်ဖျက်ရာ၌ ဖြစ်ပွားတတ်သော ရှောင်လွှဲမရသော အရာများအဖြစ် ရှုမြင်ကြသည်။ အခြားလူများကမူ နိုင်ငံတော်လုံခြုံရေး ခြိမ်းခြောက်ခံရသည့် အခြေအနေ၌ပင် လူ့အခွင့်အရေးများကို တသွေမတိမ်း ကာကွယ်ပေးရမည်ဟူသော အမြင်ရှိကြသည်။ တိတိပပ ဆိုရလျှင် ဒီမိုကရေစီ အုပ်ချုပ်ရေး၊ လူ့အခွင့်အရေး ဦးထိပ်ပန်ဆင်မှုနှင့် အကြမ်းဖက် ခြိမ်းခြောက်မှု အန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းရန် လိုအပ်ချက်တို့ကို မည်ကဲ့သို့ ဟန်ချက်ညီရပါမည်နည်း။ Richard Ashby Wilson တည်းဖြတ်ထားသော Human Rights in the War on Terror စာအုပ်သည် ဤရှုပ်ထွေးနက်နဲသော အငြင်းအခုံအား ပညာရှင်တို့၏ အမြင်နှင့် လက်တွေ့ကျင့်သုံးသူတို့၏ အမြင် နှစ်ဘက်စလုံးမှ လေ့လာတင်ပြထားသည်။

## ပြည်တွင်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ

လူ့အခွင့်အရေး အကာအကွယ်ပေးမှုသည် ပြည်တွင်း ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကိုလည်း ထင်ဟပ်ပြသည်။ ပြည်တွင်း ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသည် လူ့အခွင့်အရေး စံနှုန်းများကို သတ်မှတ်ပေးပြီး သက်ဆိုင်ရာ နိုင်ငံတော်-လူ့အဖွဲ့အစည်း ဆက်ဆံရေးကို စည်းကြည်ထိန်းချုပ်သည်။ ဥပမာ နိုင်ငံအများအပြားတွင် နိုင်ငံတကာ စာချုပ်စာတမ်းများပါ ဝတ္တရားများသည် ၎င်းတို့ကို အကောင်အထည် ဖော်ရန် ပြည်တွင်းဥပဒေများ ပြဋ္ဌာန်းထားခြင်း မရှိလျှင် တရားမဝင်ပေ။ ပြည်တွင်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများသည် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် ကိုက်ညီမှု မရှိလျှင် သဟဇာတ ဖြစ်စေရေး (harmonization) ဖြစ်စဉ်တစ်ခု လိုအပ်ပြီး ထိုဖြစ်စဉ်အတွင်း ပြည်တွင်း စံနှုန်းများအား နိုင်ငံတကာ စံနှုန်းများနှင့် ညှိပေးသည်။ ပြည်တွင်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ အခွင့်အရေးများ ဥပဒေစာတမ်းများ၊ အထူး စည်းမျဉ်းများ၊ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင် ပြဋ္ဌာန်းထားနိုင်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများ၊ အခွင့်အရေး ဥပဒေစာတမ်းများအပြင် အမျိုးမျိုးသော စည်းမျဉ်း စည်းကမ်းများသည်လည်း လူ့အခွင့်အရေး စံနှုန်းများကို သတ်မှတ်နိုင်၊ နိုင်ငံတော်၏ အတိအကျ တာဝန်များကို သတ်မှတ်နိုင်၊ အခွင့်အရေးများကို ချိုးဖောက်ပါက လိုက်နာရန် လုပ်ထုံးလုပ်နည်းများကို ဖော်ပြပေးနိုင်သည်။ ထို့ပြင် နိုင်ငံတော်၏ အုပ်ချုပ်ရေး အေဂျင်စီများတွင်လည်း လူ့အခွင့်အရေးများအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းအတွင်း စည်းကမ်းများ ရှိနေနိုင်သည်။ ဥပမာ ရဲဝန်ထမ်းများဆိုင်ရာ ကျင့်ဝတ်သည် လူသားဆန်စွာ ကိုင်တွယ်ဆက်ဆံခြင်းကို အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ပေးထားပြီး ထိုသို့ လိုက်နာရန် ပျက်ကွက်မှု၏ အကျိုးဆက်များကိုလည်း အသေးစိတ် ဖော်ပြထားတတ်သည်။ လူ့အခွင့်အရေး စံနှုန်းများအား ပြည်တွင်း ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၌ ထည့်သွင်းထားခြင်း မရှိလျှင် ၎င်းတို့သည် နိစ္စဓူဝ အကျိုးသက်ရောက်မှု ရှိလိမ့်မည် မဟုတ်ပေ။

**တရားရုံး စနစ်များ**

နိုင်ငံအဆင့် တရားရုံးများနှင့် အောက်ခြေ တရားရုံးများသည် လူ့အခွင့်အရေးများကို အကာအကွယ် ပေးရန် မရှိမဖြစ် လိုအပ်သည်။ ထိခိုက်ခံစားခဲ့ရသူများအား အကူအညီပေးမှု၊ နိုင်ငံတကာ စံနှုန်းများကို အကိုးအကား ပြုမှုနှင့် တရားဥပဒေကို လိုက်နာမှု (တရားရေး စံနှုန်းများအား နိုင်ငံရေး တွက်ချက်မှုအပေါ် အခြေခံပြီး လိုသလို ကျင့်သုံးခြင်း မဟုတ်ဘဲ အမှုအားလုံး၌ တပြေးညီ ကျင့်သုံးခြင်းကို ဆိုလိုသည်) တို့၌ တရားရုံးများသည် တစ်ရုံးနှင့်တစ်ရုံး မတူညီကြပေ။ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအနေဖြင့် တရားရုံးများကို ထိရောက်စွာ အသုံးမချသည့်အခါ၊ သို့မဟုတ် တရားဥပဒေစိုးမိုးရေး အားနည်းသောအခါနှင့် ချိုးဖောက်သူများသည် ၎င်းတို့ကျူးလွန်သော ရာဇဝတ်မှုများအတွက် ပြစ်ဒဏ်ကျခံရခြင်း မရှိသော အခါများတွင် အပြစ်လွတ်အခြေအနေ (climate of impunity) တစ်ရပ် ကြီးစိုးနေတတ်သည်။ အားနည်းသော တရားဥပဒေ စနစ်များသည် ပိုမိုကျယ်ပြန့်သော နိုင်ငံရေး အဂတိ လိုက်စားမှု အခြေအနေကို ထင်ဟပ်ပြနေနိုင်သည်။ ပြည်သူ့ဝန်ထမ်းများသည် တစ်ဦးပုဂ္ဂလ နိုင်ငံသားများ၏ အခွင့်အရေးများကို အကာအကွယ် မပေးတော့ဘဲ အာဏာရှိသော နိုင်ငံရေး ဇာတ်ကောင်များ၏ အစေအပါး ဖြစ်နေခြင်းမျိုး ဖြစ်သည်။ တရားရုံး စနစ်များသည် တရားမျှတမှုကို ခန့်မှန်းရ လွယ်ကူစေပြီး အခွင့်အရေးများကို အကာအကွယ်ပေးသော မည်သည့် လူ့ဘောင် အဖွဲ့အစည်းအတွက်မဆို မရှိမဖြစ် လိုအပ်သော အရာများ ဖြစ်သည်။

ထို့အပြင် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ တိုးတက် ပြောင်းလဲလာသည်နှင့် အမျှ နိုင်ငံအဆင့် တရားရုံးများ၏ အခန်းကဏ္ဍသည်လည်း ပိုမို၍ အပြောကျယ်လာသည်။ ဤအခြေအနေသည် မိမိ ထင်ထားသည်နှင့် ဆန့်ကျင်နေသကဲ့သို့ ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။ သို့သော် တကယ်တမ်းတွင် တိုင်ကြားချက်များနှင့် အမှုများအား ပြည်တွင်း၌ အဖြေရှာနည်း လုံးဝ မရှိတော့မှသာလျှင် နိုင်ငံတကာ သို့မဟုတ် ဒေသအဆင့် တရားရုံးများ၌ ဖြေရှင်းနိုင်သည်။ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး (ICC) သည် ဤလမ်းကြောင်းနှင့် အနည်းငယ် ကွဲလွဲသည်။ ဤတရားရုံးသည် ပြည်တွင်းတရားရုံးများ၌ တရားစွဲဆိုရန် ပျက်ကွက်မှသာလျှင် သို့မဟုတ် ပြည်တွင်း တရားစီရင်မှုများသည် ယုံကြည်၍ မရသော အခြေအနေ၌သာ ကိုယ်တိုင် တရားစီရင်မှုများကို စတင်နိုင်သည်။ ထိုနည်းတူစွာ အပြည်ပြည်ဆိုင်ရာ တရားစီရေး သဘောတရားများအရ ဆိုလျှင် မှုအားဖြင့် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို မည်သည့်

နိုင်ငံတော် တရားရုံး၌မဆို စီရင်နိုင်သည်ဟု မှတ်ယူနိုင်သည်။ ထို့ကြောင့် ဥရောပ နိုင်ငံများသည် နာမည်ဆိုးဖြင့် ကျော်ကြားသော အာဏာရှင်များဖြစ်သည့် ချီလီနိုင်ငံမှ အော်ဂူစတို ပီနိုချက် (Augusto Pinochet) သို့မဟုတ် ချဒ်နိုင်ငံမှ ဟီစန်းဟာဘရေး (Hissène Habré) တို့အား တရားစွဲရန် ကြိုးပမ်းခဲ့ကြခြင်း ဖြစ်သည်။ ပြည်တွင်းတရားရုံးများနှင့် နိုင်ငံတကာ ဥပဒေရေးရာ အဖွဲ့အစည်းများသည် ပိုမို၍ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဖြစ်လာကြသည်။

## နိုင်ငံတော်အဆင့် လူ့အခွင့်အရေး အင်စတီကျူးရှင်းများ

နိုင်ငံတော်အဆင့် လူ့အခွင့်အရေး အင်စတီကျူးရှင်းများ (National Human Rights Institutions (NHRIs)) သည် ပြည်တွင်း၌ လူ့အခွင့်အရေးကို ကာကွယ်၊ မြှင့်တင်ရန် ဖွဲ့စည်းထားသော သက်တမ်းအားဖြင့် အတော်အတန် နုနယ်သေးသည့် အစိုးရအဖွဲ့အစည်းများ ဖြစ်ကြသည် (Cardenas, 2014)။ ဤအင်စတီကျူးရှင်း အများစုအား ၁၉၉၀ ခုနှစ်များမှ စတင်၍ ဖွဲ့စည်းလာခဲ့ကြပြီး အတော်များများအား ကုလသမဂ္ဂ၏ အကူအညီဖြင့် ဖွဲ့စည်းခဲ့ကြခြင်း ဖြစ်သည်။ နိုင်ငံပေါင်း တစ်ရာကျော်တွင် ရှိနေပြီး NHRI များသည် အုပ်ချုပ်သည့် အစိုးရမှရော လူအဖွဲ့အစည်းမှပါ အမှီအခိုကင်းစွာ ရပ်တည်ကြရန် ဖြစ်သည်။ ဤအချက်များမှာ NHRI များ၏ နိုင်ငံတကာအဆင့် အသိအမှတ်ပြုထားသော တာဝန်များကို သတ်မှတ်ထားသည့် ၁၉၉၃ ခုနှစ် ပါရီမူများတွင် ချမှတ်ထားသော အဓိကစံနှုန်းများ ဖြစ်သည် (အခန်း ၄ တွင် လေ့လာပါ)။ ဤစံနှုန်းများကို မပြည့်မီသော နိုင်ငံတော်အဆင့် အင်စတီကျူးရှင်းများအား နိုင်ငံတကာ၌ လက်ခံအသိအမှတ်ပြုလေ့ မရှိပေ။

ဤအစိုးရ အေဂျင်စီများတွင် လုပ်ငန်းတာဝန် အများအပြား အပ်နှင်းထားသည်။ အကာအကွယ် ပေးရေး ဘက်မှ ပြောရလျှင် ၎င်းတို့သည် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဟု စွပ်စွဲသော လူတစ်ဦး တစ်ယောက်ချင်းထံမှ တိုင်စာများ ကောက်ယူခြင်း၊ တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အစိုးရ အဖွဲ့အစည်းများထံ အကြံပြု တင်ပြခြင်းတို့ကို လုပ်ဆောင်ရသည်။ သို့နှင့်တိုင် ၎င်းတို့၏ ဆုံးဖြတ်ချက်များသည် တရားဥပဒေအရ စည်းနှောင်မှုတော့ မရှိပေ။ ၎င်းတို့သည် တိုင်ကြားမှုများအကြောင်း စာရင်း ကိန်းဂဏန်းများ ပါရှိသည့် နှစ်ပတ်လည် အစီအရင်ခံစာများလည်း ထုတ်တတ်ကြသည်။ တစ်နည်း ပြောရလျှင် ၎င်းတို့သည် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီကဲ့သို့ နိုင်ငံတကာ အစိုးရများဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ပုံစံဖြင့် တည်ရှိသော ပြည်တွင်း အဖွဲ့အစည်းများ ဖြစ်သည်။ မြှင့်တင်ရေးဘက်မှ ပြောလျှင် NHRI များသည် မကြာခဏဆိုသလို အန်ဂျီအိုများနှင့် ပူးပေါင်းပြီး လူ့အခွင့်အရေး ပညာရေးကို လုပ်ဆောင်တတ်ကြသည်။ ၎င်းတို့သည် လူ့အခွင့်အရေးများအကြောင်းကို ကျောင်းသင်ရိုးများ၌ ထည့်သွင်းခြင်း (ဥပမာ စာစီစာကုံးပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း)၊ လုပ်ငန်းခွင် သင်တန်းများ ပေးခြင်း (ဥပမာ တရားဥပဒေ စည်းကြပ်ရေး ဝန်ထမ်းများနှင့် ကျန်းမာရေး ဝန်ထမ်းများအား သင်တန်းပေးခြင်း) သို့မဟုတ် လူထုပညာပေး လှုပ်ရှားမှုများ ပြုလုပ်ခြင်း (ဥပမာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို ဖြန့်ဝေခြင်း သို့မဟုတ် ရေဒီယို အစီအစဉ်များ ထုတ်လွှင့်ခြင်း) စသည်တို့ကို ပြုလုပ်ကြသည်။ လေ့လာသူ တချို့အကြား ဝေဖန်မှုများနှင့် ၎င်းတို့ကိုယ်၌ပင် အားနည်းချက်များ ရှိသော်ငြားလည်း NHRI များသည် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းတို့အကြား အထောက်အကူ ပြုနိုင်သော ကြားခံ ပေါင်းကူးများ အဖြစ် ဆောင်ရွက်နိုင်သော အလားအလာ ရှိသည်။

ချိုးဖောက်မှုများ၏ ဇာစ်မြစ် အကြောင်းအရင်းများကို နားလည်သဘောပေါက်မှုသည် ထိရောက်သော လူ့အခွင့်အရေး မူဝါဒများကို ရေးဆွဲရာ၌ အဓိက ကျသကဲ့သို့ တာရှည်ခံသော လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ရန် လူ့ဘောင်အဖွဲ့အစည်း အတွင်းရှိ အုပ်စုများနှင့် နိုင်ငံတော် အင်စတီကျူးရှင်းများ၏ ထောက်ခံအားပေးမှု လိုအပ်သည်။ ဤအချက်က ပြည်တွင်း လူ့အခွင့်အရေး အုပ်စုများကို အင်အားရှိလာအောင် ပြုလုပ်ရန် လိုအပ်ကြောင်း၊ အစိုးရများအား ထိရောက်သော ဒီမိုကရက်တစ် အင်စတီကျူးရှင်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၊ တရားရုံး စနစ်များနှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများ တည်ဆောက်ရာ၌ အကူအညီပေးရန် လိုအပ်ကြောင်း ဖော်ပြနေသည်။ ရှိရင်းစွဲ အင်စတီကျူးရှင်းများ အားနည်းနေသည့် အခြေအနေတွင် အစိုးရများအား လူ့အခွင့်အရေး စံနှုန်းများကို ပြည်တွင်း စနစ်များ အတွင်း ထည့်သွင်း ကျင့်သုံးရန် တွန်းအားပေးရမည်။ ပြည်တွင်း၌ ထောက်ခံမှု ရှိမှသာလျှင် လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ အထမြောက် အောင်မြင်နိုင်ပေမည်။ လူ့အဖွဲ့အစည်းအတွင်း အုပ်စုများသည် လူ့အခွင့်အရေး စံနှုန်းများကို မြှင့်တင်ရန်၊ ထိခိုက် ခံစားခံရသူများကို အကူအညီပေးရန်နှင့် အစိုးရများကို စောင့်ကြည့်ထိန်းချုပ် ကြရန်လိုသည်။ အစိုးရ အင်စတီကျူးရှင်းများသည်လည်း စံနှုန်းများကို သတ်မှတ်ပြီး လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများကို စည်းကြပ်ထိန်းချုပ်ရန် လိုသည်။ ခိုင်မာအားကောင်းသည့် လူ့အခွင့်အရေး အကာအကွယ်ပေးရေး စနစ်တစ်ခု ရှင်သန်နေရန်ဆိုလျှင် ထောက်ခံအားပေးသည့် လူ့အဖွဲ့အစည်းမှ အုပ်စုများနှင့် အစိုးရကိုပါ လိုအပ်သည်။

| **အနှစ်ချုပ်** |
|---|
| လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်ရန် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများအား ပြည်တွင်း စနစ်များအတွင်း ထည့်သွင်းကျင့်သုံးရန် လိုသည်။ လူ့အဖွဲ့အစည်းရှိ အုပ်စုများရော အစိုးရပါ လူ့အခွင့်အရေး စံနှုန်းများကို ထောက်ခံရမည် ဖြစ်သည်။<br><br>လူ့အခွင့်အရေးများဆိုင်ရာ အပြောင်းအလဲ ဖြစ်ပေါ်သည့် ဖြစ်စဉ်သည် တစ်ဆင့်ချင်း နှေးကွေးစွာ ဖြစ်ပွားပြီး အခြေအနေ အရပ်ရပ်ပေါ်၌လည်း မူတည်သည်။ ပြည်တွင်းနှင့် နိုင်ငံတကာ ဖိအားများအပေါ် တုံ့ပြန်ဆောင်ရွက်သည့် အနေဖြင့် အစိုးရများသည် ယခင်ကတိကဝတ်များထက် ပိုမို၍ တိုးမြှင့် လုပ်ဆောင်လာကြသည်။ ချိုးဖောက်မှုများ မရှိကြောင်း ငြင်းဆိုခြင်းမှသည် အပေါ်ယံ အပြောင်းအလဲများ၊ ထို့မှ တစ်ဆင့်တက်၍ တချို့ကဏ္ဍများတွင် သိသာထင်ရှားသော အပြောင်းအလဲများကို လုပ်ဆောင်ခြင်းဖြင့် တဖြည်းဖြည်း ပြောင်းလဲကြသည်။<br><br>ပြည်တွင်း လူ့အခွင့်အရေး အုပ်စုများသည် မိမိတို့၏ အင်အား၊ နိုင်ငံရေး ပတ်ဝန်းကျင်က ဖန်တီးပေးသော အခွင့်အရေးများအပေါ် မူတည်ပြီး စုစည်းလှုပ်ရှားကြသည်။ လူ့အခွင့်အရေး အုပ်စုများသည် အမည် ဖော်ထုတ် အရှက်ခွဲခြင်း၊ ထိခိုက်ခံစားခံရသူများကို အကူအညီပေးခြင်းနှင့် အစိုးရများကို စည်းရုံး လှုံ့ဆော်ခြင်း စသည်ဖြင့် နည်းလမ်းအမျိုးမျိုးကို အသုံးပြုကြသည်။<br><br>လူ့အခွင့်အရေးများ အကာအကွယ် ပေးမှုကို အာမခံပေးရန် နိုင်ငံတော် အင်စတီကျူးရှင်းများသည် မရှိမဖြစ် အရေးပါသည်။ ဒီမိုကရေစီ နည်းလမ်းကျသော အုပ်ချုပ်ရေး စနစ်များ၊ (နိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ |

အခြေခံဥပဒေ အပါအဝင်) ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများနှင့် အစိုးရ လူ့အခွင့်အရေး အဖွဲ့အစည်းများသည် အထူးသဖြင့် အရေးပါသည်။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

လူမျိုးရေး ခွဲခြားမှုနှင့် ပတ်သတ်သော အမေရိကန်နိုင်ငံတွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် ရဲများ၏ အကြမ်းဖက်မှုနှင့် လူမှုရေး ဆန္ဒပြပွဲများအကြောင်း စဉ်းစားကြည့်ပါ။ လူ့အခွင့်အရေး မူဘောင်တစ်ခု ချမှတ်ကျင့်သုံးခြင်းသည် အပြောင်းအလဲသို့ ဦးတည်နိုင်ပါမည်လား။ အဘယ်ကြောင့်နည်း။

## ပြည်တွင်း-နိုင်ငံတကာ ချိတ်ဆက်မှုများ

လူ့အခွင့်အရေး ပြဿနာများကို နားလည်သဘောပေါက်ရန်အတွက် နှိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒသည် အရေးပါသကဲ့သို့ပင် နိုင်ငံတကာ အကြောင်းခြင်းရာများ၏ အရေးပါမှုကို လျစ်လျူရှုပါက မှားပေလိမ့်မည်။ အထူးအဖြင့် ပို၍ တိုးမြင့်လာနေသော ကမ္ဘာလုံးလွှမ်းခြုံ အမှီအခို ပြုနေကြသည့် အခြေအနေတွင် နိုင်ငံတကာ အကြောင်းခြင်းရာများကို လျစ်လျူရှုလျှင် မှားပေလိမ့်မည် (အခန်း ၁၃)။ အထူးအဖြင့် ပြည်တွင်း-နိုင်ငံတကာ ချိတ်ဆက်မှုများသည် နားလည်ရခက်သော လူ့အခွင့်အရေး အကျိုးရလဒ်များကို နားလည်သဘောပေါက်ရန် အထောက်အကူပြုသည်။ ဤအခြေအနေများသည် တောင်အာဖရိကနိုင်ငံ ကိစ္စတွင် အထင်အရှား ရှိနေခဲ့သည်။ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော် အင်စတီကျူးရှင်းများမှ ဖိအားနှင့် နိုင်ငံတကာ ဖိအားမျိုးစုံ ပေါင်းစပ်မိသည့်အတွက် အဓိပ္ပာယ် ပြည့်ဝသော လူ့အခွင့်အရေး ဆိုင်ရာ အပြောင်းအလဲများကို ဖြစ်စေခဲ့ခြင်း ဖြစ်သည် (စာသေတ္တာ ၅.၃ တွင် ရှုပါ)။ တစ်ဘက်၌ ပြည်တွင်း နိုင်ငံရေးသည် နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်များနှင့် ဖိအားများ၏ အကျိုးသက်ရောက်မှုကို ထိန်းညှိနိုင်သည်။ အခြားတစ်ဘက်၌ နိုင်ငံတကာ ဇာတ်ကောင်များ၏ လူ့အခွင့်အရေး လက်တွေ့ ကျင့်သုံးမှု များကို ဖန်တီးပုံဖော်မှုသည် ပြည်တွင်းနိုင်ငံရေးထက် ပိုသည်။

ထပ်ဖန်တလဲလဲ ပေါ်လာသော ပဟေဠိ မေးခွန်းမှာ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ဖိအားပေးမှုသည် ထိရောက်မှုအားဖြင့် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ အချိန်ကာလ တစ်ခုနှင့်တစ်ခု အဘယ်ကြောင့် မတူကြသနည်း ဟူသော မေးခွန်းဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ ဖိအားပေးမှုသည် အရှေ့ဥရောပ၊ တောင်အာဖရိက နိုင်ငံနှင့် တောင်အမေရိကတိုက်၏ တောင်ဘက်အခြမ်းတို့၌ အဘယ်ကြောင့် အလွန်ပင် အောင်မြင်ခဲ့သနည်း။ တရုတ်နိုင်ငံနှင့် ကျူးဘားနိုင်ငံကဲ့သို့ များစွာကွဲပြားခြားနားသည့် နိုင်ငံများအပေါ် ကျင့်သုံးရာ၌ အဘယ်ကြောင့် ထိရောက်မှု မရှိသနည်း။ နိုင်ငံများအတွက် လူ့အခွင့်အရေးဆိုင်ရာ ဖိအားများကို တုံ့ပြန်သည့် အနေဖြင့် ပြည်တွင်း လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများကို အပြောင်းအလဲ လုပ်ရန် ပြည်တွင်း၌ အခြေအနေတချို့ ရှိနေရမည် ဖြစ်သည်ဟု လေ့လာမှုတချို့က ပြဆိုထားသည် (ဥပမာ Cardenas, 2007)။ လူ့အခွင့်အရေးများကို ချိုးဖောက်ရန် စေ့ဆော်ပေးသည့် အခြေအနေ၊ မက်လုံးများသည် အလွန်ပင် နည်းပါးပြီး လူ့အခွင့်အရေးများအပေါ် ထောက်ခံအားပေးမှုသည် ခိုင်မာအားကောင်းရမည်။ ဤသို့သော အခြေအနေများရှိစေကာမူ လူ့အခွင့်အရေး ချိုးဖောက်မှုအားလုံး ပျောက်ကွယ်သွားမည်ဟု မဆိုလိုပေ၊

နိုင်ငံတကာ ဖိအားများအပေါ် တုံ့ပြန်ဆောင်ရွက်သော အားဖြင့် အခြေအနေများ တဖြည်းဖြည်း တိုးတက်လာမည့်သဘောသာ ဖြစ်သည်။

နောက်ထပ်ဆက်စပ်နေသည့် ပဟေဠိမေးခွန်းသည် နိုင်ငံများ လူ့အခွင့်အရေး စာချုပ်များအတွက် ကတိကဝတ် ပေးကြသည့် အကြောင်းအရင်းများနှင့် သက်ဆိုင်သည် (Simmons, 2009 တွင် လေ့လာပါ)။ မူအားဖြင့်ဆိုလျှင် စာချုပ်များသည် နိုင်ငံတော် အချုပ်အခြာအာဏာဆိုင်ရာ မိရိုးဖလာ အယူအဆများကို မေးခွန်းထုတ်ပြီး နိုင်ငံများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အတိုင်းအတာကိုလည်း ကန့်သတ် ထိန်းချုပ်သည်။ ပြည်တွင်း အကျိုးစီးပွားများနှင့် အင်စတီကျူးရှင်းများသည် နိုင်ငံများ အဘယ်ကြောင့် လူ့အခွင့်အရေး စာချုပ်များကို လက်မှတ်ထိုးကြသည်ကို ရှင်းပြပေးသည်ဟု ကျယ်ကျယ်ပြန့်ပြန့် သဘောတူ လက်ခံကြသည်။ ဥပမာ ဒီမိုကရေစီ နိုင်ငံများထဲမှ ပို၍ သစ်လွင်သော ဒီမိုကရေစီနိုင်ငံများသည် ဒီမိုကရေစီ ဘိုးအေနိုင်ငံများထက် လူ့အခွင့်အရေး စာချုပ်များကို လက်မှတ်ထိုးနိုင်ခြေ ရှိသည်။ ဤပုံမှန် ထင်ထားသည်နှင့် ကွဲလွဲသော ရလဒ်အား ပို၍မြင့်မားသော မသေချာမှုကို ရင်ဆိုင်နေရသည့်အတွက် စာချုပ်များအား နိုင်ငံကို ရေရှည် လူ့အခွင့်အရေး စောင့်စည်းလိုက်နာစေရန် ချည်နှောင်သည့်အနေဖြင့် အသုံးပြုလိုသော တက်သစ်စ ဒီမိုကရေစီ နိုင်ငံများရှိ ခေါင်းဆောင်များ၏ အကျိုးစီးပွားတွင် ခြေရာကောက်နိုင်သည် (Moravscik, 2000)။ ပညာရှင်များက အာဏာရှင် စနစ်များတွင်လည်း နိုင်ငံရေး ပါတီအများအပြားကို ခွင့်ပြုသော တံခါးဖွင့် အာဏာရှင်စနစ်များ၏ အရေးပါမှုကိုလည်း အလေးထား ဖော်ပြထားကြသည်။ ထိုကဲ့သို့သော အာဏာရှင်စနစ်များသည် နိုင်ငံရေး အကျိုးစီးပွား အုပ်စုများအတွက် ပို၍ လမ်းဖွင့်ပေးထားပြီး ထိုအုပ်စုများက စာချုပ်များကို အတည်ပြုပေးရေး တောင်းဆိုနိုင်သည်။

ဤအချက်က တံခါးဖွင့် အာဏာရှင်စနစ်များသည် ညှဉ်းပန်းနှိပ်စက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ကြလင့်ကစား ညှဉ်းပန်းနှိပ်စက်မှု တားဆီးကာကွယ်ရေး သဘောတူစာချုပ်ကို လက်မှတ်ထိုးနိုင်ခြေ ပိုများသည်ကို ရှင်းပြပေးသည် (Vreeland, 2008)။

| **စာသေတ္တာ ၅.၃ အတွင်းမှ အပြင်သို့ လူ့အခွင့်အရေး - တောင်အာဖရိကနိုင်ငံ သာဓက** |
|---|
| တောင်အာဖရိကနိုင်ငံသည် နှစ်ဆယ်ရာစုအတွင်း အခြားနိုင်ငံများထက်ပို၍ လူ့အခွင့်အရေးဆိုင်ရာ ဖိအားပေးမှုကို ခံခဲ့ရသည်။ စက်ဆုပ်ဖွယ်ရာ လူမျိုးရေးခွဲခြားသည့် အပါးသိုက် (apartheid) စနစ်သည် ဆယ်စုနှစ်များစွာကြာအောင် လူများစုဖြစ်သော လူမည်းများကို အခြေခံအခွင့်အရေးများကိုပင် မပေးဘဲ ထားခဲ့သည်။ ထို့နောက် ၁၉၉၀ ခုနှစ်များ အစောပိုင်း၌ အပါးသိုက်စနစ်လည်း အဆုံးတိုင်ခဲ့ပြီး နိုင်ငံသည်လည်း ဒီမိုကရေစီ စနစ်သို့ ပြောင်းလဲခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ အကျဉ်းချထားခဲ့ပြီးနောက် နယ်လ်ဆင် မန်ဒဲလား (Nelson Mandela) ကိုလည်း ပြန်လွှတ်ပေးခဲ့ပြီး အပါးသိုက်စနစ်အား ၁၉၉၁ ခုနှစ်မှ စတင်ပြီး သမ္မတ အက်ဖ် ဒဗလျူ ဒီ ကလာ့ခ် (F. W. de Klerk) အုပ်ချုပ်မှုအောက်တွင် တရားဝင် အဆုံးသတ်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် လူတန်းစေ့ မဲပေးခွင့်ရှိသော ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ ထိုကြီးမားသော အပြောင်းအလဲများ ဖြစ်ပွားခဲ့သော အချိန်ကာလ၊ အချိန်ကိုက်မှုကို မည်သည့်အရာက ရှင်းပြပေးပါသနည်း။<br><br>အရေးအကြီးဆုံးမှာ အာဖရိက အမျိုးသား ကွန်ဂရက်ကဲ့သို့ ပြည်တွင်းအုပ်စုများသည် တက်တက်ကြွကြွ |

ဆန့်ကျင် တွန်းလှန်ခဲ့ကြခြင်း ဖြစ်သည်၊ ထို့သို့ ဆန့်ကျင် တွန်းလှန်မှုမျိုး မရှိခဲ့ဘဲနှင့် အပြောင်းအလဲများ ဖြစ်ပွားခဲ့မည် မဟုတ်ချေ။ အပါးသိုက်စနစ်ကို ဆန့်ကျင်သော လက်နက်ကိုင် တိုက်ပွဲကို ကာလရှည်ကြာစွာ ဆင်နွှဲခြင်းဖြင့် ပြည်တွင်းအုပ်စုများသည် အစိုးရအနေဖြင့် နိုင်ငံတော်လုံခြုံရေး မပေးနိုင်အောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။ အတိုက်အခံ အုပ်စုများကို ချေမှုန်းနိုင်ခဲ့သော အခြားနိုင်ငံများနှင့် မတူသည်မှာ တောင်အာဖရိက နိုင်ငံရှိ အနည်းစု လူဖြူ အစိုးရသည် လက်နက်ကိုင် ခြိမ်းခြောက်မှု အန္တရာယ်ကို မထိန်းချုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်း အုပ်စုများ၏ အင်အားနှင့် တောင့်ခံနိုင်မှုသည် အခရာ ကျခဲ့သည်။

နိုင်ငံတကာ ဇာတ်ကောင်များ၏ အခန်းကဏ္ဍသည်လည်း အရေးပါပြီး အထောက်အကူ ပြုခဲ့သည်။ အထူးအဖြင့် ၎င်းတို့သည် ပြည်တွင်းအုပ်စုများအား အစိုးရကို ဆန့်ကျင်ရန် လက်နက်များ၊ စွမ်းရည်မြင့်လာရန် ရန်ပုံငွေများ ထောက်ပံ့ခြင်းနှင့် ပြည်တွင်း အုပ်စုများအားကို အင်အားကောင်းစေခဲ့သော နိုင်ငံတကာ စည်းလုံးညီညွတ်ရေး ကွန်ရက်များကို ဖွဲ့စည်းခြင်းတို့ လုပ်ဆောင်ခဲ့ကြသည်။ တချိန်တည်းတွင် ကာလရှည်ကြာ ချထားခဲ့သော ပိတ်ဆို့အရေးယူမှုများနှင့် သပိတ်မှောက်မှုတို့သည် စစ်ဘက်နှင့် ယဉ်ကျေးမှု ဆက်ဆံရေးများကို ပစ်မှတ်ထားခဲ့ရာ အစိုးရအတွက် ချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် ပို၍ ခက်ခဲကျပ်တည်းစေခဲ့သည်။ အပါးသိုက် အစိုးရသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေစဉ်အတွင်း အလျှော့ပေးမှု အများအပြားကို လုပ်ဆောင်ခဲ့သည်။ သို့သော် ရေရှည်တွင် လူ့အခွင့်အရေး အပြောင်းအလဲကသာ ပိုမို၍ လက်ခံနိုင်ဖွယ်ဖြစ်သော အစားထိုးနည်းလမ်း ဖြစ်လာခဲ့သည်။ ဖိနှိပ်ရန် စွေ့ဆော်ပေးသည့် အခြေအနေများ မရှိတော့ခြင်း၊ အစိုးရကိုယ်တိုင်လည်း လက်နက်ကိုင် ပုန်ကုန်မှုကို မထိန်းချုပ်နိုင်ခြင်း၊ စီးပွားရေးသည်လည်း ပြိုလဲလု နီးပါးဖြစ်သွားခြင်း စသည့် အကြောင်းခြင်းရာများ ပေါင်းစပ်မိသောအခါ ပြောင်းလဲရန် အချိန် ဆိုက်ရောက်လာတော့သည်။ ၁၉၉၀ ခုနှစ်များ အစောပိုင်း၌ ဖြစ်ပွားခဲ့သော အပါးသိုက်စနစ် ပြိုလဲမှုသည် ပြည်တွင်း အကြောင်းခြင်းရာများနှင့် နိုင်ငံတကာ အကြောင်းခြင်းရာများ နှစ်မျိုးစလုံး၏ အကျိုးဆက်ကြောင့် ဖြစ်သည်။

သို့နှင့်တိုင် ဒီမိုကရေစီ အပြောင်းအလဲ တစ်ခုတည်းဖြင့် လူ့အခွင့်အရေးများကို အကာအကွယ်ပေးရန် မလုံလောက်ပါ။ ၁၉၉၄ ခုနှစ်တွင် နယ်လ်ဆင်မန်ဒဲလား သမ္မတ ဖြစ်လာသည့်အခါ သူသည် ချက်ချင်း ဆိုသလို လူ့အခွင့်အရေး စံနှုန်းများကို ပြည်တွင်းစနစ်၌ ထည့်သွင်းကျင့်သုံးရန် လုပ်ဆောင်ခဲ့သည်။ ဥပမာ ၁၉၉၄ ခုနှစ်တွင် လူ့အခွင့်အရေး ကော်မရှင် အက်ဥပဒေကို လက်မှတ်ရေးထိုးခဲ့ပြီး ၎င်းက တောင်အာဖရိကနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်ကို ဖန်တီးခဲ့သည်။ ကော်မရှင်သည် နိုင်ငံ၏ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် အခွင့်အရေးများ ဥပဒေစာတမ်းတို့၌ မျှော်မှန်းထားသော နိုင်ငံတော်အဆင့် လူ့အခွင့်အရေး အင်စတီကျူးရှင်းတစ်ခု ဖြစ်သည်။ လက်တွေ့တွင် ကော်မရှင်သည် တောင်အာဖရိက လူ့ဘောင် အဖွဲ့အစည်းနှင့် အစိုးရ အေဂျင်စီများအတွင်း လူ့အခွင့်အရေးများ၊ အထူးသဖြင့် အိုးအိမ် အထောက်အပံ့ကဲ့သို့ စီးပွားရေးနှင့် လူမှုအခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ခဲ့သည်။ သို့သော်လည်း ကော်မရှင်သည် အစိုးရကို ဝေဖန်သည့်အပိုင်း၊ အမှီအခိုကင်းရှင်းစွာ ရည်တည်သည့် အပိုင်းတို့တွင် အားနည်းချက်များ ရှိခဲ့သည်။ လူ့အခွင့်အရေး အကာအကွယ် ပေးရေးသည် အပါးသိုက် ခေတ်လွန် တောင်အာဖရိကနိုင်ငံ လူ့အဖွဲ့အစည်း၌ အမြစ်တွယ် အားကောင်းစေရန်ဆိုလျှင် နိုင်ငံတော် အင်စတီကျူးရှင်းများသည် လူ့အခွင့်အရေး စံနှုန်းများ အကောင်အထည်ဖော်ရေးကို ပိုမို၍ အလေးအနက်ထား လုပ်ဆောင်ရမည် ဖြစ်သည်။ အစိုးရ လူ့အခွင့်အရေး အင်စတီကျူးရှင်းများသည် ဒုက္ခသည်များ၊

ရွှေ့ပြောင်းလုပ်သားများ၊ ခိုလှုံခွင့်တောင်းခံသူများ၊ HIV/AIDS ရှိသူများ၊ အမျိုးသမီးများနှင့် အကျဉ်းသားများ အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှု ခံစားရသူများ ဘေးထုတ်ခံရခြင်း၏ ဇာစ်မြစ်အကြောင်းအရင်းများကိုလည်း ကိုင်တွယ်ဖြေရှင်းရပေမည်။

နိုင်ငံတကာ အကြောင်းခြင်းရာများကို လျစ်လျူရှုထားလိုက်လျှင် အခြားသော လူ့အခွင့်အရေး ကျင့်သုံးမှုများကိုလည်း ရှင်းပြရန်လည်း ခက်ခဲသွားနိုင်သည်။ လူ့အခွင့်အရေး ရလဒ်များကို ဖော်ဆောင်ရာ၌ နိုင်ငံတကာ သြဇာလွှမ်းမိုးမှုနှစ်မျိုးသည် အဓိက အရေးပါသည်။ ပထမတစ်မျိုးမှာ နိုင်ငံတကာ ဇာတ်ကောင်များသည် ရှေ့နောက်မညီသော သတင်းစကားပါးသည့် အခါမျိုးတွင် အစိုးရ၏ ဖိနှိပ်မှုကို အားပေးအားမြှောက် ပြုသည်။ ဥပမာ လူ့အခွင့်အရေးများကို လူသိရှင်ကြား မြှင့်တင်ပြီး ချိုးဖောက်မှုများကို တိတ်တိတ်ပုန်း လက်ခံခြင်းမျိုး၊ သို့မဟုတ် လူ့အခွင့်အရေးအတွက် ဖိအားပေးနေစဉ်၌ပင် စစ်ဘက် အသုံးဆောင်ပစ္စည်းများ ဆက်လက်ရောင်းချခြင်းမျိုးတို့ ဖြစ်သည် (Sikkink, 2004)။ ဤအချက်ကို ပြသသည့် ဂန္တဝင် ဥပမာတစ်ခုမှာ ၁၉၇၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဟန်နရီ ကစ်ဆင်းဂျား (Henery Kissinger) ၏ အာဂျင်တီးနား အာဏာရှင် အစိုးရအား သူတို့၏ ညစ်ပတ်သော အလုပ်ကို မြန်ဆန်စွာ ဆောင်ရွက်ရန် အကြံပြုခြင်းဖြင့် ဆန့်ကျင်သူများကို အပြတ်ရှင်းရန် လူသိရှင်ကြား မီးစိမ်းပြခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတကာ အကြောင်းခြင်းရာများကပင် နိုင်ငံများသည် ကောင်းမွန်သော ရည်ရွယ်ချက်များ ရှိလင့်ကစား သူတို့၏ လူ့အခွင့်အရေး ကတိကဝတ်များကို လိုက်နာရန် တစ်ခါတစ်ရံ ပျက်ကွက်တတ်ကြသည်ကို ရှင်းလင်းပြသည်။ ဥပမာ နိုင်ငံများ (မကြာခဏဆိုသလို ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်နေတတ်သည်) သည် စာချုပ်ပါ တာဝန်များကို အကောင်အထည်ဖော်ရန် အစွမ်း မရှိကြသည်များ ရှိနိုင်သည်။ လူ့အခွင့်အရေး ကဏ္ဍတွင် ညှဉ်းပန်းနှိပ်စက်မှုကို စွန့်လွှတ်ရန်အတွက်ပင် ဥပဒေအသစ်များ ပြဌာန်းခြင်း၊ လုံခြုံရေး ယန္တရားမှ ဝန်ထမ်းများကို သင်တန်းပေးခြင်းနှင့် တရားဥပဒေအရ တာဝန်ယူမှုကို ခိုင်မာ အားကောင်းအောင် ပြုလုပ်ခြင်းတို့ လုပ်ဆောင်ရန် လိုအပ်နိုင်သည်။ ထိုကဲ့သို့ အခြေအနေများတွင် အစိုးရများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံတကာ ကော်ပိုရေးရှင်းများကဲ့သို့ နိုင်ငံတကာ ဇာတ်ကောင်များသည် ပြည်တွင်း စွမ်းဆောင်ရည်များကို တည်ဆောက်ရာ၌ အထောက်အကူ မဖြစ်လျှင် သို့မဟုတ် ပို၍ဆိုးသည်မှာ သူတို့၏ လုပ်ငန်းဆောင်တာများသည် ပြည်တွင်း ဇာတ်ကောင်များကို အားနည်း စေမည်ဆိုလျှင် ကူညီရာမရောက်ဘဲ နစ်ရာ ရောက်ပေလိမ့်မည်။ ထို့ကြောင့် ပြည်တွင်း-နိုင်ငံတကာ ချိတ်ဆက်မှုများကို လေ့လာခြင်းက အစိုးရများသည် လူ့အခွင့်အရေး ဖိအားများ ရင်ဆိုင်နေကြစေမူ ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားရခြင်း အကြောင်းအရင်းများနှင့် အစိုးရများတွင် အကောင်းဆုံးသော ရည်ရွယ်ချက်များ ရှိစေကာမူ လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲမှုများ အားပျော့ကြခြင်း အကြောင်းအရင်း များကို နားလည်သဘောပေါက်စေရန် အထောက်အကူပြုသည်။

**အနှစ်ချုပ်**

တစ်စထက်တစ်စ အပြန်အလှန် အမှီအခိုပြုလာနေသော ကမ္ဘာကြီးတွင် လူ့အခွင့်အရေးများကို နားလည် သဘောပေါက်စေရန် နိုင်ငံတကာ အကြောင်းခြင်းရာများကို ပြည်တွင်း အကြောင်းခြင်းရာများနှင့် အတူ

ယှဉ်တွဲ စဉ်းစားရန် လိုအပ်သည်။

ပြည်တွင်း အကြောင်းခြင်းရာများက နိုင်ငံတကာ လူ့အခွင့်အရေး ဖိအားသည် မည်သည့်အခြေအနေတွင် အရေးပါသည်၊ နိုင်ငံများသည် အဘယ်ကြောင့် လူ့အခွင့်အရေး စာချုပ်များကို ဦးထိပ်ပန်ဆင်ကြသည် စသည်တို့ အပါအဝင် ပဟေဠိဆန်ဆန် ရှုပ်ထွေးသော လူ့အခွင့်အရေး ရလဒ်များကို ကူညီရှင်းပြပေးသည်။

ပြည်တွင်း အကျိုးစီးပွားများနှင့် အင်စတီကျူးရှင်းများက အဘယ်ကြောင့် အစိုးရများသည် လူ့အခွင့်အရေး စာချုပ်များကို အတည်ပြုကြသည်ကို ရှင်းပြသည်။ ဥပမာ ပေါ်ထွန်းစ ဒီမိုကရေစီ နိုင်ငံများနှင့် တံခါးဖွင့် အာဏာရှင် အစိုးရများ (နိုင်ငံရေး ပါတီအများအပြားကို ခွင့်ပြုပေးသည်ဟု ဆိုလိုသည်) သည် လူ့အခွင့်အရေး စာချုပ်များကို လက်ခံနိုင်ခြေ ပိုများသည်။

နိုင်ငံတကာ ဇာတ်ကောင်များသည် လူ့အခွင့်အရေး ချိုးဖောက်မှုကိုလည်း ဖြစ်စေနိုင်ပြီး ဤအချက်က ချိုးဖောက်မှုများ တစ်ခါတစ်ရံ ဆက်လက်ဖြစ်ပွားနေသည့် ကိစ္စကို ရှင်းပြပေးသည်။ ၎င်းတို့သည် အစိုးရများ၏ လူ့အခွင့်အရေး ကတိကဝတ်များကို အကောင်အထည် ဖော်နိုင်စွမ်း အပေါ်လည်း အကျိုး သက်ရောက်မှု ရှိကြသည်။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

သင်သည် လူ့အခွင့်အရေး အပြောင်းအလဲများကို မြှင့်တင်ဖော်ဆောင်ရာ၌ ပြည်တွင်း အကြောင်းခြင်းရာများနှင့် နိုင်ငံတကာ အကြောင်းခြင်းရာများ၏ အခန်းကဏ္ဍများအကြောင်း လေ့လာသင်ယူပြီးဖြစ်ရာ လူ့အခွင့်အရေး စာချုပ်များကို အတည်ပြု လက်မှတ်ရေးထိုးခြင်းသည် မည်သည့်အချိန်၊ အခြေအနေတွင် အပြောင်းအလဲသို့ ဦးတည်နိုင်သနည်း။ လူ့အခွင့်အရေး ချိုးဖောက်မှု အဆိုးရွားဆုံး အခြေအနေများတွင် အင်အားကို အသုံးပြုသင့်ပါသလား။

## နိဂုံး

နိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒက ပေးသော အသိအမြင်များ၏ အကူအညီမပါဘဲ လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများအား နားလည် သဘောပေါက်နိုင်မည် မဟုတ်ပေ။ နိုင်ငံတော်-လူ့အဖွဲ့အစည်း ဆက်ဆံရေး အပါအဝင် ပြည်တွင်း အကြောင်းခြင်းရာများ၏ အခန်းကဏ္ဍကို အာရုံစိုက် လေ့လာခြင်းဖြင့် နိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားရခြင်း အကြောင်းအရင်းများနှင့် ပြုပြင်ပြောင်းလဲရေး ဖြစ်ပေါ်နိုင်သော အခြေအနေများကို နားလည်သဘောပေါက်ရန် အထောက်အကူ ပြုသည်။ တဖန် ချိုးဖောက်မှုများနှင့် ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ နားလည်ခြင်းသည် ထိရောက်သော လူ့အခွင့်အရေး မူဝါဒများ ချမှတ်ရေးဆွဲရန်နှင့် လူတို့၏ဘဝများကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရန်အတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။

နိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒသည် လူ့အခွင့်အရေး ရလဒ်များအပေါ် အကျိုးသက်ရောက်မှုရှိသော အကြောင်းခြင်းရာ အမျိုးမျိုး၏ အခန်းကဏ္ဍကို အလေးအနက်ထား ဖော်ပြသည်။ ဥပမာ နိုင်းယှဉ်လေ့လာ နိုင်ငံရေးဗေဒသည် လူ့ခန္ဓာကိုယ်အပေါ် ကျူးလွန်မှု (တစ်နည်း နိုင်ငံတော်၏ နှိပ်ကွပ်မှု) ကို ဖြစ်စေသော စနစ်ပိုင်းဆိုင်ရာ အခြေအနေ တချို့ကို ခြေရာခံပြသည်။ ယင်းတို့မှာ အားနည်းသော ဒီမိုကရက်တစ် အင်စတီကျူးရှင်းများ၊ ဆင်းရဲမွဲတေမှု၊ စစ်၊ လက်နက်ကိုင် ခြိမ်းခြောက်မှုများနှင့် ခွဲခြားဖယ်ထုတ်ရေး အယူဝါဒများ ဖြစ်ကြသည်။ ဤအကြောင်းခြင်းရာများက နိုင်ငံများသည် လူ့အခွင့်အရေး မချိုးဖောက်ရေး ဖိအားများ ရင်ဆိုင်နေရစေကာမူ ချိုးဖောက်ရန် တွန်းပို့ကြသည်။ နိုင်းယှဉ် လေ့လာမှုများက လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲရေးသည် ပြည်တွင်းအုပ်စုများနှင့် အစိုးရအင်စတီကျူးရှင်းများ လူ့အခွင့်အရေး စံနှုန်းများကို အားပေး ထောက်ခံမှသာလျှင် ဖြစ်နိုင်ကြောင်းကိုလည်း ဖော်ညွှန်းကြသည်။ နိုင်ငံတော် သို့မဟုတ် လူ့အဖွဲ့အစည်းကိုသာ အာရုံစိုက်လေ့လာမည်ဆိုပါက လေ့လာချင်စရာဖြစ်သည်၊ သို့သော် နိုင်းယှဉ် လေ့လာရေး နိုင်ငံရေးဗေဒက ဤဇာတ်ကောင်နှစ်မျိုးလုံးသည် လူ့အခွင့်အရေးဆိုင်ရာ အပြောင်းအလဲကို ဖော်ဆောင်ရာ၌ အဓိကကျသည်ဆိုသော အချက်ကို အထူးအလေးပေး ဖော်ပြသည်။

သို့ရာတွင် နိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒက ပေးသော အသိအမြင်များသည် လွယ်ကူသော အဖြေများကို ယူလာပေးခြင်းတော့ မဟုတ်ပေ။ ၎င်းတို့က လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများသည် များစွာ ရှုပ်ထွေးနက်နဲပြီး အငြင်းပွားဖွယ်ရာဖြစ်သည်ကို အတည်ပြုပေးခြင်းသာ ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတကာ အကြောင်းခြင်းရာများ၏ အခန်းကဏ္ဍကို လျစ်လျူရှုထား၍ မရပါ။ အပြန်အလှန် ဆက်နွယ် ချိတ်ဆက်မှု များလာနေသော ကမ္ဘာကြီးတွင် ပြည်တွင်း-နိုင်ငံတကာ ချိတ်ဆက်မှုများသည် လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုကို အဓိက အဆုံးအဖြတ်ပေးသော အရာများ ဖြစ်သည်။ ဥပမာ ပြည်တွင်း နိုင်ငံရေးက အဘယ်ကြောင့် ဆင်တူသော အစိုးရ စနစ်များသည်ပင် လူ့အခွင့်အရေး စာချုပ်များကို လိုက်နာမှုအားဖြင့် ကွဲပြားခြားနားကြသည် သို့မဟုတ် နိုင်ငံများသည် အဘယ်ကြောင့် အလားတူ နိုင်ငံတကာ လူ့အခွင့်အရေး ဖိအားပေးမှုများကို တုံ့ပြန်ပုံ မတူညီကြသည်ကို ကူညီရှင်းပြပေးသည်။ ထိုနည်းတူစွာ နိုင်ငံတကာ ဇာတ်ကောင်များသည် တစ်ခါတစ်ရံ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အားပေးအားမြှောက်ပြုခြင်း သို့မဟုတ် သက်ဆိုးရှည်အောင် ပြုလုပ်ခြင်းများ ရှိသည်။ သို့သော် အကောင်းဘက်မှ ကြည့်လျှင် ၎င်းတို့သည် အစိုးရများ၏ လူ့အခွင့်အရေးများကို အကောင်အထည် ဖော်နိုင်စွမ်းကို မြှင့်တင်ပေးပြီး တစ်ချိန်တည်းတွင် ပြည်တွင်း အုပ်စုများကိုလည်း အားကောင်းလာအောင် အကူအညီပေးနိုင်သည်။ နည်းနာပိုင်းအရ ပြောရလျှင် နိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒသည် ကျောင်းသားများအား လက်တွေ့ ဥပမာ အနည်းငယ်ကို အသုံးပြုသည် ဖြစ်စေ၊ အများအပြားကို အသုံးပြုသည်ဖြစ်စေ၊ သို့မဟုတ် ဒေသ တစ်ခုတည်းကို လေ့လာသည်ဖြစ်စေ၊ ဒေသအများအပြားကို လေ့လာသည်ဖြစ်စေ လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုများကို နိုင်းယှဉ်လေ့လာခြင်း၏ တန်ဖိုးကို သတိရစေသည်။

နိုင်ငံများ၏ လုပ်ရပ်ကို စည်းကြပ်ထိန်းချုပ်ရန် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းသစ်များနှင့် အင်စတီကျူးရှင်းများကို ဖန်တီးလာခဲ့ခြင်းနှင့်အတူ နှစ်ဆယ်ရာစုသည် လူအခွင့်ရေးများ နိုင်ငံတကာအဆင့် လက်ခံကျင့်သုံးမှုကို မြင်တွေ့ခဲ့ရသည်။ ကြီးမားသော တိုးတက်မှုများ ရှိလာခဲ့ပြီ ဖြစ်သော်လည်း ယနေ့အချိန်အထိ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက် ဖြစ်ပွားနေပြီး ပြုပြင်ပြောင်းလဲမှုများသည်လည်း အကန့်အသတ်ဖြင့်သာ ရှိနေသေးသည်။ နိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒက လူ့အခွင့်အရေး လက်တွေ့ ကျင့်သုံးမှုများ

နောက်ကွယ်မှရှိသော ပြည်တွင်း အခြေအနေများကို ပိုမို၍ ထဲထဲဝင်ဝင် နားလည် သဘောပေါက်ရန် လိုနေသေးကြောင်း ညွှန်းဆိုပြနေသည်။ လူ့အခွင့်အရေးများသည် နိုင်ငံတော်မှ လူ့အဖွဲ့အစည်းအား ဆက်ဆံရာ၌ စံနှုန်းများ ဖြစ်လာရန်ဆိုလျှင် ချိုးဖောက်မှုများ၏ ပြည်တွင်း အကြောင်းအရင်းများ၊ ရေရှည်ခံသော အပြောင်းအလဲများ ဖော်ဆောင်ရာ၌ လူ့အဖွဲ့အစည်းရှိ အုပ်စုများနှင့် အစိုးရ အင်စတီကျူးရှင်းများ၏ အခန်းကဏ္ဍကိုလည်း အာရုံစိုက် လေ့လာရန် လိုအပ်ပေလိမ့်မည်။ နှစ်ဆယ့်တစ်ရာစုက စံနှုန်းများအား အကောင်အထည် ပြနိုင်သော လက်တွေ့ကျင့်သုံးမှုများ အဖြစ် ပြောင်းလဲရမည့် လူ့အခွင့်အရေး စံနှုန်းများကို နှလုံးသွင်းလက်ခံ ကျင့်သုံးရေး စိန်ခေါ်မှုကို ယူဆောင် လာခဲ့သည်။

## မေးခွန်းများ

### တစ်ဦးချင်း လေ့လာရန် မေးခွန်းများ

၁။ နှိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒဟူသည် အဘယ်နည်း၊ ၎င်းသည် လူ့အခွင့်အရေး လက်တွေ့ ကျင့်သုံးမှုများကို နားလည်သဘောပေါက်ရန် အရေးပါသည်ဟု အဘယ်ကြောင့် ထင်မြင်ယူဆ ကြသနည်း။

၂။ လူ့အခွင့်အရေး လက်တွေ့ ကျင့်သုံးမှုများကို နှိုင်းယှဉ်လေ့လာရန် အဓိက နည်းလမ်းများမှာ အဘယ်နည်း။

၃။ မတူသော လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစားများမှာ မည်သည်တို့နည်း၊ ၎င်းတို့သည် အဘယ်ကြောင့် ဖြစ်ပွားသနည်း။ ခွဲခြားဖယ်ထုတ်ရေး အယူဝါဒများသည် အဘယ်ကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြစ်စေသနည်း။

၄။ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများသည် အခြားအခွင့်အရေး အမျိုးအစားများနှင့် နှိုင်းယှဉ်လျှင် အဘယ်ကြောင့် ထင်သာမြင်သာမှု နည်းနေသေးသနည်း။

၅။ လူ့အခွင့်အရေး ချိုးဖောက်မှုများအား တားဆီးနိုင်ပါသလား၊ တားဆီးနိုင်ပါက မည်ကဲ့သို့ တားဆီး နိုင်သနည်း။

၆။ ပြည်တွင်း လူ့အခွင့်အရေး အုပ်စုများသည် အဘယ်ကြောင့် စုစည်းလှုပ်ရှားကြသနည်း၊ ၎င်းတို့ အသုံးပြုသော ပို၍ ထိရောက်သော နည်းလမ်းတချို့မှာ မည်သည်တို့နည်း။

၇။ လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲရေး နားလည်သဘောပေါက်ရန် အစိုးရ အင်စတီကျူးရှင်းများကို လေ့လာရန် လိုအပ်ပါသလား။ အဘယ်ကြောင့် လေ့လာရန် လိုသနည်း၊ အဘယ်ကြောင့် လေ့လာရန် မလိုအပ်သနည်း။

၈။ လူ့အခွင့်အရေး ရလဒ်များကို ပုံဖော်ဖန်တီးရန် ပြည်တွင်းနိုင်ငံရေးနှင့် နိုင်ငံတကာ နိုင်ငံရေးတို့သည် မည်သို့မည်ပုံ ဆက်နွှယ်ပတ်သက်ကြသနည်း။

**အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ**

၁။ လူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်း ရှင်းပြချက်ထဲမှ မည်သည့်ရှင်းပြချက်သည် လက်ခံနိုင်စရာ အကောင်းဆုံး ဖြစ်သနည်း။ မည်သည့် ရှင်းပြချက်က သင့်အား အများဆုံး အံ့အားသင့်စေသနည်း။ မည်သည့် ရှင်းလင်းချက်သည် လက်ခံနိုင်စရာ မကောင်းဆုံး ဖြစ်သနည်း။

၂။ နိူင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒမှ ပေးသော အသိအမြင်များအပေါ် အခြေခံ၍ သင်တို့အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်သော အစိုးရတစ်ရပ်အပေါ် ပစ်မှတ်ထားလှုပ်ရှားနေသော လူ့အခွင့်အရေး အဖွဲ့အစည်းများကို မည်သည့် အကြံဉာဏ်များ ပေးမည်နည်း။

၃။ တောင်အာဖရိကနိုင်ငံ သာဓကတွင် မျက်မှောက်ခေတ် လူ့အခွင့်အရေး လှုပ်ရှားမှုများအတွက် ပေးနိုင်သော သင်ခန်းစာများ ရှိပါသလား။

၄။ သင်တို့၏ အမြင်တွင် နိုင်ငံတော်အဆင့် (အစိုးရ) လူ့အခွင့်အရေး အင်စတီကျူးရှင်းများ၏ အားနည်းချက်၊ အားသာချက်များက မည်သည်တို့နည်း။

၅။ နိူင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒက ပေးသော အသိအမြင်များသည် အမေရိကန်နိုင်ငံရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများကို နားလည်သဘောပေါက်ရန် အထောက်အကူပြုနိုင်ပါသလား။

## ဆက်လက် ဖတ်ရှုရန်

Brysk, A., and Shafir, G. (eds) (2007) *National Insecurity and Human Rights: Democracies Debate Counterterrorism.* Berkeley, CA: University of California Press.

ယခုအခန်းပေါင်းချုပ် စာအုပ်သည် ဒီမိုကရေစီနိုင်ငံများ ၎င်းတို့အထင် အကြမ်းဖက် ခြိမ်းခြောက်မှုများကို တုံ့ပြန်ကြပုံ အကြောင်းနှင့် အမျိုးသား လုံခြုံရေးနှင့် လူ့အခွင့်အရေးတို့အကြား ဆက်နွှယ်မှုကို လေ့လာဆန်းစစ်ထားသည်။

Cardenas, S. (2007). *Conflict and Compliance: State Responses to Interntional Human Rights Pressure.* Philadelphia, PA: University of Pennsylvania Press.

ဤစာအုပ်သည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ဖိအားများအပေါ် အဘယ်ကြောင့် တုံ့ပြန်လုပ်ဆောင်ကြသည်၊ မည်ကဲ့သို့ တုံ့ပြန်လုပ်ဆောင်ကြသည်ကို လေ့လာဆန်းစစ်ပြီး အခွင့်အရေး ချိုးဖောက်ခြင်းများ၏ ပြည်တွင်း ဇာစ်မြစ် အကြောင်းအရင်းများကို အသားပေး တင်ပြထားသည်။

Carey, C. and Poe, S. (eds) (2004). *Understanding Human Rights Violations: New Systematic Studies.* Aldershot: Ashgate.

ဤအခန်းပေါင်းချုပ် စာအုပ်သည် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ အထူးသဖြင့် လူ့ခန္ဓာကိုယ်အပေါ် ကျူးလွန်သော ချိုးဖောက်မှုများအကြောင်း သုတေသနများကို လေ့လာထားပြီး စာရင်းအင်းပညာ အခြေပြု လေ့လာမှုများမှ တွေ့ရှိချက်များကို တင်ပြထားသည်။

Davenport, C. (2007). *State Repression and the Domestic Democratic Peace*. Cambridge: Cambridge University Press.
ဤစာအုပ်သည် ဒီမိုကရေစီ၏ မည်သည့် အစိတ်အပိုင်းများက နိုင်ငံတော်၏ နှိပ်ကွပ်မှုသို့ ဦးတည်ပြီး မည်သည့် အစိတ်အပိုင်းများက လူ့အခွင့်အရေး အကာအကွယ်ပေးရေးသို့ ဦးတည်သည်ကို ဖော်ထုတ်ရန် ကိန်းကဏန်း အခြေပြု နည်းလမ်းများကို အသုံးပြုပြီး လေ့လာထားသည်။

Hertel, S. and Minkler, L. (eds) (2007) *Economic Rights: Conceptual Measurement, and Policy Issues.* Cambridge: Cambridge University Press.
ဤအခန်းပေါင်းချုပ် စာအုပ်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို လူ့အခွင့်အရေး ရှုထောင့်မှ လေ့လာ တင်ပြထားသည်။

Landman, T. (2002). Comparative politics and human rights. *Human Rights Quarterly*, 24/4, 890-923.
ဤဆောင်းပါးက နှိုင်းယှဉ်လေ့လာရေး နိုင်ငံရေးဗေဒသည် လူ့အခွင့်အရေး လေ့လာမှုနယ်ပယ်အား မည်သို့ အထောက်အကူ ပြုသည်ကို လေ့လာထားသော အဖိုးတန် ခြုံငုံသုံးသပ်ချက် ဖြစ်သည်။

Landman, T. (2005). *Protecting Human Rights: A Comparative Study*. Washington, DC: Georgetown University Press.
လူမှုသိပ္ပံနယ်ပယ်ရှိ အမြင်ရှုထောင့်များကို အသုံးပြုထားပြီး ဖတ်ရလွယ်ကူသော ဤစာအုပ်သည် လူ့အခွင့်အရေးများကို နှိုင်းယှဉ်လေ့လာရန် မူဘောင်တစ်ခု ချပေးသည်။

Risse, T., Ropp, S., and Sikkink, K. (eds) (1999). *The Power of Human Rights: International Norms and Domestic Change*. Cambridge: Cambridge University Press.
လမ်းသစ်ထွင်သော ဤစာအုပ်သည် စပရိုင်ရယ်မော်ဒယ်ကို မိတ်ဆက်ထားပြီး နိုင်ငံတကာ အကြောင်းခြင်းရာများနှင့် ပြည်တွင်းအကြောင်းခြင်းရာများသည် လူ့အခွင့်အရေး အပြောင်းအလဲများ ဖော်ဆောင်ရန် မည်သို့မည်ပုံ ချိတ်ဆက်လုပ်ဆောင်ကြသည်ကို ဆွေးနွေးထားသည်။

## ဝက်ဘ်ဆိုဒ်များ

http://escr-net.org/caselaw/ The Caselaw Database on Economic and Cultural Rights သည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို တောင်းဆိုရန် ကမ္ဘာတစ်ဝှမ်းလုံးတွင် အသုံးပြုကြသော နည်းလမ်းများကို လေ့လာဆန်းစစ်ထားသည်။

http://www.hrcr.org/ လူသားများနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ အခွင့်အရေးများ (Human and Constitutional Rights) ဝက်ဘ်ဆိုက်သည် နိုင်ငံအဆင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများရှိ အခွင့်အရေးများနှင့် လူ့အခွင့်အရေးများ ဥပဒေကြေညာစာတမ်းများ ပါဝင်သော ရှာဖွေနိုင်သော အချက်အလက်ဘဏ် ဖြစ်သည်။

http://hdr.undp.org/en/reports လူသားများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ အစီအရင်ခံစာများ (Human Development Reports) များသည် ကမ္ဘာတစ်ဝှမ်းလုံးရှိ လူသားဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို အသေးစိတ် အစီအရင်ခံပြီး လူ့အခွင့်အရေးများကိုရော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုပါ အာရုံစိုက်လေ့လာသည်။

http://www.cidcm.umd.edu/mar/ အန္တရာယ်ကျရောက်နေသော လူနည်းစုများ စီမံကိန်း (The Minorities at Risk Project) သည် ကမ္ဘာတစ်ဝှမ်းလုံးရှိ နိုင်ငံရေးအရ တက်ကြွလှုပ်ရှားနေကြသော လူမျိုးစု အုပ်စုများ (ethnic groups) အကြောင်း နှိုင်းယှဉ်လေ့လာထားသော အချက်အလက်များကို ဖော်ပြထားသည်။

http://nhri.ohchr.org/ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအဆင့် (အမျိုးသား) လူ့အခွင့်အရေး ကော်မရှင်များကို အပြည့်စုံဆုံး ဖော်ပြထားသည့် ဝက်ဘ်ဆိုက် ဖြစ်သည်။

http://www.statewatch.org/ နိုင်ငံများစောင့်ကြည့်ရေး (Statewatch) သည် ဥရောပတိုက်ရှိ ဒီမိုကရေစီနိုင်ငံများအတွင်း အစိုးရများနှင့် နိုင်ငံသား လွတ်လပ်ခွင့်များကို စောင့်ကြည့်လေ့လာသော အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

http://www.umn.edu/humanrts/research/ Minnesota တက္ကသိုလ် လူ့အခွင့်အရေး စာကြည့်တိုက်၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပြီး အဖိုးမဖြတ်နိုင်သော ဤဝက်ဘ်ဆိုက်သည် နိုင်ငံများအတွင်းရှိ အခြေအနေ များကို သုတေသနလုပ်ရန် နိုင်ငံပေါင်းရာနှင့်ချီ၍ ဖော်ပြပေးထားသည်။

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၆) လူမှုဗေဒနှင့် မနုဿဗေဒ နယ်ပယ်တို့မှ ချဉ်းကပ်ပုံများ

ဒန်မီယမ် ရှော့(ထ်) **(Damien Short)**

အခန်း မာတိကာ

- နိဒါန်း
- လူ့အခွင့်အရေး လူမှုဗေဒ
- လူ့အခွင့်အရေး မနုဿဗေဒ
- နယ်ပယ်နှစ်ခုအကြား တူညီချက် - အခွင့်အရေးများအား လူမှုသဘောအရ ဖန်တီး တည်ဆောက်ထားခြင်း
- နိဂုံး

စာဖတ်အညွှန်း

မနုဿဗေဒ ပညာရှင်များနှင့် လူမှုဗေဒ ပညာရှင်များသည် ပုံမှန်အားဖြင့် ဒိဋ္ဌဓမ္မဝါဒီများ (positivists) သို့မဟုတ် နှိုင်းရဝါဒီများ (relativists) ဖြစ်ကြသည်။ အကျိုးဆက်မှာ ၎င်းတို့သည် တရားမျှတရေးနှင့် အခွင့်အရေးများအကြောင်း စိတ်ဖြာလေ့လာကြရာတွင် နှေးကွေးခဲ့ကြကာ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးများ ကြီးထွားလာခြင်းတည်းဟူသော နှစ်ဆယ်ရာစု၏ အရေးပါဆုံးသော အင်စတီကျူးရှင်းပိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုကို လေ့လာဆန်းစစ်ရာ၌ အခြားသော ပညာရပ်နယ်ပယ်များထက် နောက်ကောက်ကျခဲ့သည်။ ယခုအခန်းတွင် လူမှုဗေဒနှင့် မနုဿဗေဒတို့သည် ယဉ်ကျေးမှု နှိုင်းရသဘောတရား (cultural relativism) နှင့် ဥပဒေဆိုင်ရာ ဒိဋ္ဌဓမ္မသဘောတရား (legal positivism) တို့အပေါ် ထီးတည်းအာရုံစိုက်မှု၏ အချုပ်အနှောင်မှ နောက်ဆုံးတွင် မည်သို့မည်ပုံ ရုန်းထွက်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး အယူအဆအား ကိုင်တွယ် ချဉ်းကပ်လာခဲ့ကြသည်ကို ဆွေးနွေးပါမည်။ ဤကြိုးပမ်းချက်၌ လူမှုဗေဒ ပညာရှင်များနှင့် မနုဿဗေဒ ပညာရှင်များ၏ အဓိက ထည့်ဝင်မှုများကို ဆန်းစစ်ပါမည်။ လူမှုဗေဒပညာအနေဖြင့် နိုင်ငံသားဖြစ်မှု အခွင့်အရေးများ စိတ်ဖြာလေ့လာချက်အား လူ့အခွင့်အရေး စိတ်ဖြာလေ့လာချက်အဖြစ်သို့ မည်ကဲ့သို့ ချဲ့ထွင်သွားခဲ့ပုံ၊ လူ့အခွင့်အရေးများအား ကျယ်ပြောပြီး၊ အနုစိတ်ကျသော လူမှု တည်ဆောက်ဖန်တီးချက်ပုံစံဖြင့် အဓိပ္ပာယ်ဖွင့်ဆိုလာခဲ့ပုံ၊ မနုဿဗေဒအနေဖြင့် ၎င်း၏ ကွင်းဆင်းလေ့လာရေး နည်းနာ (ethnographic methodology) အား အခွင့်အရေးများ၏ လူမှုဘဝ လေ့လာဆန်းစစ်ချက်သို့ ဦးလှည့်ခဲ့ပုံ၊ ထို့ကြောင့်ပင် ကာလရှည်ကြာရှိနေခဲ့သော ကမ္ဘာလုံးလွှမ်းခြုံ သဘောတရား-နှိုင်းရ သဘောတရား အငြင်းအခုံအား ကျော်လွှားခဲ့ပုံတို့ကို ယခုအခန်း၌ လေ့လာရပါမည်။ နိဂုံးချုပ် အပိုင်းများသည် လူမှု တည်ဆောက်ဖန်တီးမှု သဘောတရား (social constructionism) အား ဤပညာရပ်နယ်ပယ် နှစ်ခုအကြား ဘုံရှိသော နီးနွှယ်မှုအဖြစ် ဖော်ထုတ်ပြပြီး လူ့အခွင့်အရေး လေ့လာမှု၌ လူမှုဗေဒနှင့် မနုဿဗေဒ ရှုထောင့်တို့၏ အရေးပါပုံကို အလေးအနက် ဖော်ပြထားသည်။

# နိဒါန်း

မကြာသေးခင် နှစ်များအထိ လူမှုဗေဒပညာရပ်သည် အခွင့်အရေးများကို ဆန်းစစ်သည့်အခါတွင် နိုင်ငံသားဖြစ်မှု အယူအဆ ဘောင်အတွင်းမှသာ အကျယ်တဝင့် လေ့လာခဲ့ကြသည် (Morris, 2006, p.1)။ သို့ရာတွင် နိုင်ငံသားဖြစ်မှု အယူအဆသည် ခေတ်သစ် အမျိုးသားနိုင်ငံတော် (nation state) နှင့် အနီးကပ် ချိတ်ဆက်မှုရှိနေပြီး အမျိုးသား နိုင်ငံတော်ဆိုသည်မှာ နယ်ချဲ့ဝါဒ၊ ကမ္ဘာလုံးဆက်သွယ်ပျံ့နှံ့မှု (globalization)၊ ရွှေ့ပြောင်းအလုပ်သမား၊ ဒုက္ခသည်များနှင့် မူလအခြေချနေထိုင်သော လူမျိုးများ စသည့် ပြဿနာပေါင်း များစွာနှင့် ဆက်စပ်နေသည့် နိုင်ငံရေး ပုံသဏ္ဍာန် တစ်ခု ဖြစ်သည် (Turner and Rojeck, 2001, p.109)။ လူမှုဗေဒ ဂျာနယ်အတွက် ရေးသားခဲ့သော အရေးပါသည့် အက်ဆေးတစ်ပုဒ်တွင် ဘရိုင်ယန်တန်နာ (Bryan Turner 1993) က ကမ္ဘာလုံးဆက်သွယ်ပျံ့နှံ့မှု (globalization) သည် ခေတ်သစ် အမျိုးသား နိုင်ငံများအတွက် ပြည်တွင်းရေး သက်သက်မဟုတ်သော ပြဿနာများကို ဖြစ်ပေါ်စေခြင်းကြောင့် လူမှုဗေဒ လေ့လာဆန်းစစ်ခြင်းအား လူ့အခွင့်အရေး သဘောတရားအထိ ချဲ့ထွင်လေ့လာသင့်သည်ဟု အကြံပြု တင်ပြခဲ့သည်။ တန်နာ (Turner 1993) ကဲ့သို့ လူ့အခွင့်အရေး အကြောင်း လူမှုဗေဒ အခြေပြု လူမှုသီအိုရီတစ်ခု ဖော်ထုတ်ရန် ကြိုးပမ်းခဲ့သည့် လူမှုဗေဒ ပညာရှင်များသည် အလွန်ပင် နည်းပါးခဲ့သော်လည်း မကြာသေးခင် နှစ်များအတွင်း မနုဿဗေဒ နယ်ပယ်မှ ထည့်ဝင်မှုများကြောင့်၊ အထူးသဖြင့် အခွင့်အရေးများ၏ လူမှုဘဝအကြောင်း စိတ်ဖြာလေ့လာသော သုတသနများ၏ စေ့ဆော်မှုကြောင့် လူမှုဗေဒနယ်ပယ်တွင်လည်း သုတေသနများ တိုးပွားလာနေပြီ ဖြစ်သည် (Wilson, 1997, 2001, 2006)။ ဥပဒေဆိုင်ရာ ဒိဋ္ဌဓမ္မ သဘောတရားကို ကျော်လွန်ပြီး အတွင်းကျကျ စူးစမ်းလေ့လာသောအခါ အခွင့်အရေးများသည် အလိုအလျောက် ရှိနေသော အရာများ (givens) မဟုတ်ကြောင်း၊ အခွင့်အရေး ခံစားခွင့် ရှိသူတို့အတွက် မလွဲမသွေ အကျိုးကျေးဇူး ဖြစ်စေသော အရာများ မဟုတ်ကြောင်း၊ အမှန်တကယ်တွင် အခွင့်အရေးများသည် လူမှု၊ နိုင်ငံရေး ဖန်တီးချက်များနှင့် လွှမ်းမိုးခြယ်လှယ်ခြင်းတို့၏ ရလဒ်များ ဖြစ်ကြောင်း၊ ထို့ကြောင့် အခွင့်အရေး အမြတ်ထုတ်မှုများအား ထိုကဲ့သို့ပင် ရှုမြင်သင့်ကြောင်း အဆိုပါလေ့လာချက်များက ပြသခဲ့ကြသည်။ ထို့ပြင် အခွင့်အရေးများ၏ ဖြစ်တည်မှုအား ဖယ်ထုတ်ရန် ကြိုးပမ်းသော ဒဿန အငြင်းအခုံများနှင့် မတူသည်မှာ လတ်တလော လူမှုသုတေသနများသည် အခွင့်အရေးများအား လူမှုသဘောအရ တည်ဆောက် ဖန်တီးထားသော အခြင်းအရာများအဖြစ် စိတ်ဖြာလေ့လာပြီး ၎င်းတို့၏ အဓိပ္ပာယ်နှင့် အသုံးပြုမှုတို့ကို လေ့လာရန် ကြိုးပမ်းကြသည်။ စနစ်ဖွဲ့ တည်နေသော အာဏာ၏ ကာလရှည်ကြာ ရှိနေခဲ့သည့် ဘောင်အကန့်အသတ်အတွင်း လှုပ်ရှားကြရသော လူမှုဇာတ်ကောင်များ၏ လုပ်ဆောင်ချက်များ၊ ရည်ရွယ်ချက်များကို ကြည့်ပြီး လူ့အခွင့်အရေးများအား အသေးစိတ် လေ့လာရန် လိုအပ်သည်ဟု ၁၉၉၇ ခုနှစ်တွင် Richard Wilson က အကြံပြုတင်ပြခဲ့သည် (Wilson, 1997, pp.3-4)။ ယင်းအချိန်မှ စတင်ကာ လူမှုဗေဒ ပညာရှင်များထံမှသာမက မနုဿဗေဒ ပညာရှင်များထံမှပါ လေ့လာချက်များ ထွက်ပေါ်လာခဲ့သည်။ လာမည့်အပိုင်း၌ ဒိဋ္ဌဓမ္မသဘောတရား (positivist) အခြေပြု လူမှုသိပ္ပံအပေါ် အလေးပေးမှုကြောင့် ပတ်သက်မှု မရှိခြင်းမှသည် နောက်ဆုံး လူမှုသဘောအရ ဖန်တီးတည်ဆောက်ခြင်း သဘောတရား (social constructionist) အမြင်သို့ ရောက်သည်အထိ လူ့အခွင့်အရေး ပညာရပ်အပေါ် လူမှုဗေဒ ချဉ်းကပ်နည်းများ၏ ဖြစ်ပေါ်တိုးတက်လာပုံကို

ခြေရာကောက်ပါမည်။ ထို့နောက် မနုဿဗေဒ ချဉ်းကပ်နည်းဘက်သို့ ဦးလှည့်ပြီး ယခုအချိန်၌ လူကြိုက်မများတော့သည့် အမေရိကန် မနုဿဗေဒ ပညာအသင်း (AAA) ၏ လူ့အခွင့်အရေးဆိုင်ရာ နိုင်းရသဘောတရား အခြေပြု ထုတ်ပြန်ချက်မှသည် လူ့အခွင့်အရေးများအား လေ့လာခဲ့သော ခုနှစ်များ၊ ထို့နောက် လွတ်မြောက်ရေး ယဉ်ကျေးမှု နိုင်ငံရေးဟု ကင်ပွန်းတပ်ကြသော အပြောင်းအလှည့်၊ ထို့နောက် ယခု ကြီးစိုးနေသော ကွင်းဆင်းလေ့လာရေး နည်းနာအထိ ဖြစ်ပေါ်တိုးတက်မှုကို ခြေရာကောက်ပါမည်။

## လူ့အခွင့်အရေး လူမှုဗေဒ

ဒုတိယကမ္ဘာစစ်ပြီးနောက် လူ့အခွင့်အရေးများ နေရာအနှံ့သို့ ပျံ့နှံ့သွားခဲ့စေကာမူ လူမှုဗေဒသည် ဤလူ့အခွင့်အရေးခေတ်နှင့် ပတ်သက်၍ ပြောစရာ များများစားစား မရှိခဲ့ပေ (Bobbio, 1999)။ ဘရိုင်ယန်တန်နာ (Bryan Turner, 1993) သည် ဤပြဿနာကို ထိပ်တိုက် ရင်ဆိုင်ခဲ့သည့် ပထမဦးဆုံးသော လူမှုဗေဒပညာရှင် ဖြစ်မည် ထင်သည်။ 'အခွင့်အရေး လေ့လာရေး နယ်ပယ်သည် လူမှုစနစ်များ၊ ဖြစ်စဉ်များနှင့် သရုပ်သဏ္ဌာန်များအတွက် အခရာကျသည်ဟု အသိအမှတ်ပြုနိုင်သော လူမှုဗေဒပညာရှင် တစ်ယောက်တစ်လေမျှပင် မရှိခဲ့သည့် အချိန်၌ ဤကွက်လပ်ကို ဖော်ထုတ်ပြ နိုင်ခဲ့သည်မှာ တန်နာအနေဖြင့် အနာဂတ်ကို တွေးမြင်နိုင်သည်ဟု ဆိုရမည် ဖြစ်ပြီး ၎င်း၏ရေးသားချက်သည် ဤကိစ္စများကို အဓိကထား လေ့လာလိုသူများအတွက် စမှတ်ပင် ဖြစ်သည်' (Morris, 2006)။

### မူလလူမှုဗေဒ

ပညာရပ်တစ်ခုအနေဖြင့် လူမှုဗေဒတွင် ခေတ်ပြိုင် အခွင့်အရေးသီအိုရီ တစ်ခုအတွက် အလွယ်တကူ ချပြနိုင်သည့် အခြေခံ အုတ်မြစ်မရှိဟူသော ပြောဆိုမှုဖြင့် တန်နာ (1993, p.492) က အစပြုလေသည်။ ထို့အတွက် မူလ လူမှုသီအိုရီ (classical social theory) နှင့် ယင်း၏ တရားဥပဒေ အင်စတီကျူးရှင်းများ အကြောင်း စံနှုန်းပြု စိတ်ဖြာ လေ့လာချက်အပေါ် သံသယဖြစ်မှုတို့ကို သူက အပြစ်ဖို့သည်။ စတင်တည်ထောင်သူများ ဖြစ်သည့် မာ့ခ်စ် (Marx)၊ ဒါးခိုင်းမ် (Durkheim) နှင့် ဗေဗါ (Weber) တို့ ဖော်ထုတ်ခဲ့သော မူလလူမှုဗေဒသည် အခွင့်အရေး သီအိုရီ တစ်ခုအတွက် ဖြစ်တည်မှု အခြေခံအုတ်မြစ် (ontological grounding) တစ်ခု မတည်ဆောက်နိုင်ခဲ့ဟု ၎င်းက ဆိုသည်။ ဥပမာ အယ်မီလေ ဒါးခိုင်းမ်၏ လူမှုဗေဒအား ဒဿနဗေဒမှ ခွဲခြားလိုစိတ်၊ လူမှု အချက်အလက်များအား အခြင်းအရာများအဖြစ် သတ်မှတ်ရန် ဆော်ဩမှုတို့သည် စံနှုန်းဆိုင်ရာ တွေးတောချက်များအတွက် လမ်းပိတ်စေခဲ့ပြီး ကိုယ်ကျင့် သဘောတရား ရေးရာ၊ ဥပဒေ ရေးရာ စံနှုန်းများအား လူတစ်ဦး တစ်ယောက်ချင်း၏ အပြုအမူအပေါ် ကန့်သတ်ချက်များအဖြစ်သာ သတ်မှတ်ခဲ့သည်။ လူမှုမညီမျှမှုနှင့် မတရားမှုတို့ကဲ့သို့ ကိစ္စများအတွက် လုံလောက်သော ကြောင်းကျိုးဆက်စပ် ရှင်းပြချက်များ မပေးနိုင်သည့် ဘောင်ကျဉ်းသော ဒိဋ္ဌဓမ္မအမြင် အသားပေးမှုကြောင့် ဒါးခိုင်းမ်၏ လူမှုဗေဒတွင် အားနည်းချက်ရှိသည် (Turner, 1993 တွင် ရှုပါ)။

ဗေပါ၏ တန်ဖိုးရှင်း (value-free) လူမှုသိပ္ပံအပေါ် အသားပေးမှုနှင့် ဥပဒေဆိုင်ရာ စံနှုန်း အခြေခံအုတ်မြစ်များကို ငြင်းပယ်ခြင်းအား ထည့်သွင်းစဉ်းစားလျှင် အလားတူ ပြဿနာများ ဖြစ်ပေါ်လာသည်။ သူ၏ ဂန္တဝင်ကျမ်းကြီးဖြစ်သည့် *စီးပွားရေးစနစ်နှင့် လူ့အဖွဲ့အစည်း* တွင် ဗေပါ (Weber 1978) သည် ဥပဒေအား နှိုင်းရသဘော ဖြစ်စေသည့် (relativized ဟု မူရင်းတွင် သုံးပါသည်) လူမှု ဖြစ်ပေါ် တိုးတက်မှုတချို့အား အဓိကထား ရေးသားဖော်ပြခဲ့သည်။ မူလဥပဒေ၏ အဆိုအမိန့်များသည် စာရွက်ပေါ်၌ ရှိသော ဥပဒေနှင့် တကယ့်အနှစ်သာရရှိသော ဥပဒေတို့အကြား ပဋိပက္ခကြောင့် ယုံကြည်မှု ကျဆင်းခဲ့ပြီး အကျိုးဆက်အနေဖြင့် ဥပဒေဆိုင်ရာ စံနှုန်းများသည် နှိုင်းရ သဘောဆောင်သည်ဟု သတ်မှတ်ခံရခြင်း၊ တရားစီရင်ရေးဆိုင်ရာ ဆင်ခြင်ဉာဏ်ပဓာန သဘောတရား၊ ဘာသာရေး ထုံးထမ်းစဉ်လာ နောက်ဆုတ် သွားခြင်းနှင့် တရားဥပဒေဆိုင်ရာ ဆင်ခြင်ဉာဏ်ပဓာန သဘောတရား ပျံ့နှံ့မှုတို့ ဖြစ်ပွားခဲ့သည်။ ဗေပါ (Weber 1979, p.875) သည် ဥပဒေ၏ ဆင်ခြင်တုံတရား ကြီးထွားလာမှုနှင့် ဖြစ်တည်မှုတရားဆိုင်ရာ ဂုဏ်သိက္ခာ ကျဆင်းလာမှု (decline of metaphysical dignity) တို့ကို အလေးအနက်ထား ရေးသားခဲ့သည်။ ထို့ကြောင့် ဗေပါသည် ဥပဒေအတွက် ကမ္ဘာလုံး လွှမ်းခြုံသော စံနှုန်း အခြေခံအုတ်မြစ်တစ်ခု ရှိနေနိုင်သည်ဟူသော ဖြစ်နိုင်ချေကို ငြင်းပယ်ခဲ့သည်။ ထို့ကြောင့်ပင်လျှင် အခွင့်အရေးအတွက် ကမ္ဘာလုံးလွှမ်းခြုံသော အခြေခံအုတ်မြစ်တစ်ခု တည်ရှိနိုင်သော ဖြစ်နိုင်ခြေကိုပါ ငြင်းပယ်ခဲ့သည် (Turner, 1993, p. 494)။

ကားလ်မာ့ခ်စ်ဆီသို့ ဦးလှည့်ရလျှင် မိတ်ဆွေဖြစ်သူ ဘရူနိုဘော်ဝါ၏ ဂျူးများ လွတ်မြောက်ရေး အမြင်များအပေါ် တုံ့ပြန်ရေးသားခဲ့သော “ဂျူး လူမျိုးများ ကိစ္စ” အက်ဆေး၌ အခွင့်အရေးများအပေါ် ၎င်း၏ အခြေခံအမြင်ကို တင်ပြခဲ့သည် (Marx, 1987)။ အက်ဆေးသည် ထိုအချိန်က ဥရောပ၌ စိမ့်ဝင် ပျံ့နှံ့နေခဲ့သည့် တော်လှန်ရေး လုပ်ရပ်များ၊ အထူးသဖြင့် ပြင်သစ် တော်လှန်ရေးနှင့် ယင်းမှ ထွက်ပေါ် လာသော လူသားနှင့် နိုင်ငံသား အခွင့်အရေးများ ကြေညာချက်နှင့် အသစ် ဖြည့်စွက် ပြင်ဆင်ခဲ့သော မူကွဲများအပေါ် သူ၏ အထူးစိတ်ပါဝင်စားမှုကို ထင်ဟပ်ပြခဲ့သည်။ မာ့ခ်စ်က လွတ်လပ်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ လုံခြုံရေး ရှိပိုင်ခွင့်၊ တန်းတူညီမျှခွင့်များသည် လူသားတို့အား လူ့အဖွဲ့အစည်းမှ ကင်းကွာစေသည့် တစ်သီးပုဂ္ဂလ အခွင့်အရေးများသာ ဖြစ်သည်ဟု ရှုမြင်ခဲ့သည်။ သူ့စွဲချက်၏ အနှစ်ချုပ်မှာ ကြေညာချက်ပါ အခြေခံ အခွင့်အရေးများသည် တစ်ဦးပုဂ္ဂလ သဘော ဆောင်ပြီး လောဘကြီးသူ တစ်သီးပုဂ္ဂလ လူသား၏ ပစ္စည်းပိုင်ဆိုင်မှု အကျိုးစီးပွားတို့ကိုသာ သယ်ပိုးသည် ဟူ၏။ ထိုကဲ့သို့သော အခွင့်အရေး စကားများမှာ ကျွန်ုပ်တို့အား ကမ္ဘာကြီးတွင် ရှိနေသော အလုပ်သမားများနှင့် အလုပ်ရှင်တို့အကြား ဆိုးရွားသော မညီမျှမှုများကို မျက်ကွယ်ပြုစေသည်။ ထို့ကြောင့် မာ့ခ်စ် ရေးသားချက် များ၏ ဆိုလိုချက်အရ အရင်းရှင် စက်မှုလုပ်ငန်း၊ စီးပွားရေးနှင့် ရုပ်ဝတ္ထုပိုင်း အကျိုးအမြတ်အတွက် ဈေးကွက်နှင့် ကုန်စည်အလဲအလှယ် သဘောတရားအရသာ အခြားသူများနှင့် ကူးလူးဆက်ဆံသော တစ်သီးပုဂ္ဂလ လူပုဂ္ဂိုလ်များ ရှိနေသော လူ့အဖွဲ့အစည်း တစ်ခု၌သာ အခွင့်အရေးများအတွက် နေရာရှိသည် ဟူ၍ ဖြစ်သည်။ မာ့ခ်စ်က နိုင်ငံရေး ရပ်ဝန်း၌ လူတို့အား ပူးပေါင်းဆောင်ရွက်သူများအဖြစ် ရှုမြင်ပြီး စီးပွားရေး ရပ်ဝန်း၌ တစ်သီးပုဂ္ဂလဆန်ဆန် အတ္တကြီးကြီး ယှဉ်ပြိုင်သူများအဖြစ် ရှုမြင်သည်။ အခွင့်အရေး သီအိုရီသည် လူသားများ၏ သီးခြားဖြစ်မှုနှင့် ကင်းကွာမှုတို့ကို ဖော်ပြသည် (Turner, 1993, p.492)။ အတိုချုပ်ရသော် မာ့ခ်စ်၏ အရင်းရှင် လူ့အဖွဲ့အစည်း အကြောင်း ရေးသားတင်ပြချက်တွင် ဥပဒေဟူသည်မှာ လူတန်းစား လွှမ်းမိုးကြီးစိုးရေး

တန်ဆာပလာတစ်ခုသာ ဖြစ်ပြီး လူ့အခွင့်အရေးများမှာ အခြေခံ လူမှု၊ စီးပွားရေး မညီမျှမှုများကို ဖုံးဖိရန် အသုံးပြုသော တန်ဆာပလာတစ်ခုထက် မပိုချေ။

ထိုကဲ့သို့ လူ့အခွင့်အရေးအပေါ် မေးခွန်းထုတ်ခဲ့သည့် အမွေအနှစ်၏ အကျိုးဆက်မှာ လူ့အခွင့်အရေး လေ့လာရေးအတွက် စံနှုန်းအခြေခံ အုတ်မြစ်တစ်ခု ရှိမနေခဲ့ခြင်းဖြစ်ပြီး ၎င်းသည် လူမှုဗေဒ ပညာရှင်များအတွက် အခွင့်အရေးများ၊ တန်ဖိုးများနှင့် ပတ်သက်သည့် နှိုင်းရသဘော အမြင်ရှုထောင့်များကို တုံ့ပြန်ဖြေရှင်းရန် နည်းလမ်းမရှိ ဖြစ်စေခဲ့သည် (Turner, 1993)။ အကျိုးဆက်မှာ အခွင့်အရေးများအကြောင်း မယ်မယ်ရရ ရေးသားတင်ပြမှုမှာ နိုင်ငံသားဖြစ်မှု အယူအဆမှ တဆင့်သာ ရှိခဲ့သည်။ နိုင်ငံသားဖြစ်မှု ဆိုသည်မှာ နိုင်ငံတော်က တစ်သီးပုဂ္ဂလ နိုင်ငံသားများအား ပေးသော အခွင့်အရေး အစုအဖွဲ့ဖြစ်ပြီး ၎င်းသည် ကမ္ဘာလွှမ်းခြုံသော ဖြစ်တည်မှုဆိုင်ရာ ပြဿနာများကို တုံ့ဆွပေးခြင်း မရှိသည့်အတွက် အယုံအကြည်နည်းသော လူမှုဗေဒပညာရှင်များက များစွာ အခက်အခဲမရှိဟု ရှုမြင်ခဲ့ကြသည် (Turner, 1993, p.496)။ ထို့ကြောင့် နိုင်ငံသားဖြစ်မှု လူမှုဗေဒသည် အခွင့်အရေး လူမှုဗေဒအတွက် ပြည့်စုံလုံလောက်မှု မရှိသော အစားထိုးအဖြစ် ရှိလာခဲ့သည်။

### နိုင်ငံသားဖြစ်မှုမှ လူ့အခွင့်အရေးသို့

နိုင်ငံသားဖြစ်မှု အယူအဆသည် ခေတ်သစ် အမျိုးသား နိုင်ငံတော်နှင့် နီးကပ်စွာ ဆက်နွှယ်မှုရှိသည်၊ သို့ရာတွင် အမျိုးသား နိုင်ငံတော်သည် နယ်ချဲ့ဝါဒ၊ ဂလိုဘယ်လိုက်ဇေးရှင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၊ ဒုက္ခသည်များနှင့် မူလ အခြေချ နေထိုင်သော လူမျိုးများ စသည့် ပြဿနာပေါင်း များစွာနှင့် ရောပြွမ်း နေသည်။ ဤအချက်က အမျိုးသား နိုင်ငံတော်သည် နိုင်ငံသားဖြစ်မှုနှင့် အခွင့်အရေးများအား စိတ်ဖြာ လေ့လာရန် လုံလောက်သော မူဘောင်တစ်ခု ဖြစ်သည်ကို သံသယဖြစ်စေသည် (Turner, 1993; Turner and Rojek, 2001 တို့တွင်လည်း ရှုပါ)။ ဂလိုဘယ်လိုက်ဇေးရှင်းသည် အမျိုးသားနိုင်ငံများအတွက် ပြည်တွင်းရေး သက်သက်မဟုတ်သော ပြဿနာများကို ဖန်တီးလိုက်သည် (သို့မဟုတ် ထိုပြဿနာများအကြောင်း ပိုမို၍ သတိပြုမိစေသည်) နှင့် တပြိုင်နက် နိုင်ငံသားဖြစ်မှု အယူအဆကိုလည်း အခွင့်အရေး အယူအဆအထိ ချဲ့ထွင်စဉ်းစားရန် လိုအပ်လာပါသည်။ လူ့အခွင့်အရေးများသည် ယနေ့အချိန်တွင် အင်အားကြီး အင်စတီကျူးရှင်းတစ်ခု ဖြစ်လာပြီး လူမှုပဋိပက္ခများအား နိုင်ငံရေးအရ ကြားဝင်ဖြေရှင်းမှု၌ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပြီဖြစ်သည့်အတွက် လူမှုဗေဒပညာရပ်၏ လူ့အခွင့်အရေးများအကြောင်း ပြောဆိုရန် ငြင်းဆန်မှုသည် အဓိက ပြဿနာဖြစ်လာသည် (Turner and Rojeck, 2001, p.119)။

တန်နာက လူ့အခွင့်အရေး အယူအဆအား လူမှုဗေဒသဘောအရ နားလည်နိုင်သည်ဟု ဆိုခဲ့သည်။ ထိလွယ်ရှလွယ်သော လူသားများအား လူမှုအင်စတီကျူးရှင်းများဖြင့် အကာအကွယ်ပေးရန် လိုအပ်သည်။ ထိုမှတဆင့် ထိုလူမှု အင်စတီကျူးရှင်းများသည် လူသားများကို တဖန်ပြန်လည်၍ ခြိမ်းခြောက်လာသည် (Turner, 1993, p.502)။ လူ့အခွင့်အရေးများအား လူမှုစနစ်၊ တရားဥပဒေစနစ်သို့ ထည့်သွင်းခြင်းသည် ခေတ်သစ် လူ့အဖွဲ့အစည်းများ၌ မွေးရာပါရှိနေသော ဤဒွိဟ အကျပ်အတည်းအား ဖြေရှင်းရန် ကြိုးပမ်းသည့်

အဓိက ခေတ်သစ် ကြိုးပမ်းနည်း ဖြစ်သည်။ တန်နာ၏ စိတ်ဖြာလေ့လာမှုသည် ရှင်းလင်းချက်သာသာ မဟုတ်ဘဲ ထို့ထက်ပို၍ တာသွားသည်။ သူက တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အကျုံးဝင်သော ကိုယ်ကျင့်တရားရေးရာ အခြေခံအုတ်မြစ်များ မရှိဘဲ တရားမျှတမှုအကြောင်း ပြောရန် မဖြစ်နိုင်ဟု ငြင်းခုံသည်။ “လူ့အခွင့်အရေးများ အကြောင်း ထို့သို့ ဆွေးနွေးမှုများ ဖြစ်လာရန် တစ်ကမ္ဘာလုံး အကျုံးဝင်သော အခြေခံ အုတ်မြစ် တစ်ခုခု ရှိရပေမည်။ ထိုသို့မဟုတ်လျှင် ကျွန်ုပ်တို့တွင် ကွဲပြားခြားနားမှု အကြောင်းသာ ပြောစရာ ကျန်ပါလိမ့်မည်” (Turner and Rojek, 2001, p.112)။ ကမ္ဘာလုံး လွှမ်းခြုံ လူ့အခွင့်အရေး အယူဝါဒ တစ်ခုအတွက် ကိုယ်ကျင့်တရားရေးရာ အခြေခံ အကြောင်းအရင်း တစ်ခုကို ရှာဖွေဖော်ထုတ်ရန် လူမှုဗေဒ သီအိုရီအား တန်နာက အသုံးပြုခဲ့သည်။ လူသားတို့၏ ထိခိုက်လွယ်မှု၊ လူသား ကိုယ်ခန္ဓာ၏ ထိရှလွယ်မှုဖြစ်သော ဘုံအတွေ့အကြုံသည် ဘုံအခြေခံ အုတ်မြစ်တစ်ခုအဖြစ် ပံ့ပိုးပေးသည်ဟု အဆိုပြုခဲ့သည်။ “လူသားတို့၏ ထိခိုက်လွယ်မှုသည် လူဖြစ်တည်မှုတွင် လူသား အားလုံးအတွက် အကျုံးဝင်သော အတွေ့အကြုံဖြစ်သည်” (Turner, 1993, p.505; Turner and Rojec, 2001, p.110)။ လူမှု အင်စတီကျူးရှင်းများသည် လူသားတို့၏ ရည်ရွယ်ချက်များနှင့် ကံကြမ္မာချင်း ဆက်နွယ် ချိတ်ဆက်နေပြီး မူလရည်ရွယ်ချက်မှ သွေဖည်သွားတတ်သော လူမှုအင်စတီကျူးရှင်းများ၏ အခြေ မခိုင်မှုကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာလုံးလွှမ်းခြုံ လူ့အခွင့်အရေးများ လိုအပ်သည်ဟု တန်နာက ဆက်လက် ငြင်းခုံခဲ့သည်။

**လူသားများအား အကာအကွယ်ပေးရန် ဖန်တီးတည်ဆောက်ထားသော အင်စတီကျူးရှင်းများ၊ အထူးသဖြင့် နိုင်ငံတော်၊ တရားဥပဒေနှင့် ဘုရားကျောင်းတော်တို့သည် အာဏာကို လက်ဝါးကြီး အုပ်ထားခြင်းကြောင့် လူသားဘဝကို ခြိမ်းခြောက်သည့် အင်စတီကျူးရှင်းများ ဖြစ်နေတတ်သည်။**
**(Turner, 1993, pp.501-502)**

နောက်ဆုံးအနေဖြင့် တန်နာ (Turner, 1993, p.506) သည် စုပေါင်း ကိုယ်ချင်းစာတရား (collective sympathy) အယူအဆကို တိုင်တည်ခဲ့သည်။ ‘နောက်ဆုံးတွင် ကျွန်တော်၏ ငြင်းခုံချက်အရ ကိုယ်ချင်းစာမှုသည် လူသား၏ ထိခိုက်လွယ်မှု၏ အကျိုးဆက်ဖြစ်သလို ယင်းအတွက် ဖြည့်စွက်မှုလည်း ဖြစ်သည်ဟု ယူဆရပါမည်။ လူသားများသည် အခြားသူများ၏ ဒုက္ခ၌ သူတို့ကိုယ်တိုင်၏ ဒုက္ခကို မြင်တွေ့နိုင်သည့်အတွက် သူတို့၏ အခွင့်အရေးများကို အသိအမှတ်ပြု ခံလိုမည် ဖြစ်သည်။’

## လူမှုတည်ဆောက်မှု သဘောတရား

တန်နာ၏ ကနဦး ဖော်ထုတ် တင်ပြချက်အပြီး နှစ်အနည်းငယ် ကြာပြီးနောက် မယ်လ်ကွန်းဝါးတားစ် (Malcolm Waters, 1996) သည် တန်နာ၏ မူလချဉ်းကပ်နည်း (foundationalist approach) နှင့် သဘောထားကွဲလွဲပြီး ကမ္ဘာလုံးလွှမ်းခြုံ လူ့အခွင့်အရေးအား လူမှုတည်ဆောက်ခြင်း ရှုထောင့်မှ အဓိပ္ပာယ် ဖွင့်ဆိုသင့်ကြောင်း ထောက်ခံတင်ပြခဲ့သည်။ သူက အောက်ပါအတိုင်း ရေးခဲ့သည် -

**ကျွန်တော့်အနေဖြင့် ငြင်းခုံလိုသည်မှာ လူ့အခွင့်အရေးအကြောင်း ပြည့်စုံလုံလောက်သော လူမှုဗေဒ သီအိုရီ တစ်ခုသည်... လူမှုတည်ဆောက်မှု အမြင် ရှိရမည်။ ဆိုလိုရင်းမှာ လူ့အခွင့်အရေးများမှာ အခြားသော အရာများ ကဲ့သို့ပင် သူ့ယဥ်ကျေးမှု၊ သူ့သမိုင်းနောက်ခံနှင့်သူ တည်ရှိသော အင်စတီကျူးရှင်းများ ဖြစ်ပြီး ၎င်း၏ ကမ္ဘာလုံး လွှမ်းခြုံ အကျုံးဝင်မှုသည်လည်း လူသားများ ဖန်တီး တည်ဆောက်ထားသော အရာသာ ဖြစ်သည်။**

**(Waters, 1996, p.593)**

ဝါးတားစ်သည် လူ့အခွင့်အရေးအား လူမှုတည်ဆောက်မှု အမြင်မှ ချဉ်းကပ်သည်၊ ထိုအမြင်သည် လူမှုဘဝ၏ လူမှုသဘောအရ တည်ဆောက်ထားခြင်း ဖြစ်သည်ဟူသော သဘောသဘာဝကို အသားပေးပြီး ကမ္ဘာလုံး လွှမ်းခြုံသော လူ့အခွင့်အရေးများ ဖန်တီးတည်ဆောက် ထားခြင်းကိုလည်း သူ့အချိန်သူ့အခါက နိုင်ငံရေး အကျိုးစီးပွား အုပ်စုများ အကြား အင်အား ထိန်းညှိခြင်း၏ အကျိုးရလဒ်အဖြစ် ရှုမြင်သည်။ လူသား၏ ထိရှလွယ်မှု၊ အင်စတီကျူးရှင်းများ၏ ခြိမ်းခြောက်မှု၊ စုပေါင်း ကိုယ်ချင်းစာနာမှု စသည်တို့က လူ့အခွင့်အရေးများ ရှေ့ရောက်ပေါ်ထွက်လာခြင်းကို မရှင်းပြနိုင်ဘဲ အင်အားကြီးသော လူတန်းစား အကျိုးစီးပွားများကသာ ရှင်းပြနိုင်သည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် လူ့အခွင့်အရေးမူများ နောက်ဆက်တွဲ ချဲ့ထွင်မှု၊ စည်းကြပ်မှုများအား အကျိုးစီးပွားအုပ်စု လေးခုကို ရည်ညွှန်းပြီး ရှင်းပြနိုင်သည် (စာသေတ္တာ ၆.၁ တွင် ရှုပါ)။

ထိုသို့ ဆိုထားသည့်တိုင် လူသားများ၏ ထိရှလွယ်သည်ဟူသော အယူအဆတွင် လူ့အခွင့်အရေးများ အခြေခံ ဖြစ်တည်မှု သဘောတရား (foundationalist ontology) ရှိနိုင်သည်ဟု တန်နာ (Turner, 1997, p.566) က ငြင်းခုံခဲ့သည်။ လူ့အခွင့်အရေးများသည် ပေါ်ပေါက်ခဲ့ရာ လူ့အဖွဲ့အစည်းများ၏ ကိုယ်ပိုင် ဝိသေသ လက္ခဏာများအရ ပုံစံအမျိုးမျိုးဖြင့် အခြေအနေအရ ဖန်တီးတည်ဆောက်ခြင်း ဖြစ်သည်၊ အကျိုးစီးပွားများအပေါ် မူတည်၍ ပေါ်ပေါက်လာသော နိုင်ငံရေး တိုက်ပွဲများ၏ ရလဒ်ဖြစ်သည်ဆိုသော ငြင်းခုံချက်ကို လက်ခံခဲ့သည်။ အခြေခံ ဖြစ်တည်မှုသဘောတရား၏ ရည်ရွယ်ချက်မှာ လူ့အခွင့်အရေး ချိုးဖောက်မှုအား စံနှုန်းရှုထောင့်မှ အကဲခတ်ရန်အတွက် တစ်ကမ္ဘာလုံးအဆင့် အကျုံးဝင်သော အခြေခံတစ်ခုပေးရန် ဖြစ်သည်။

| **စာသေတ္တာ ၆.၁ လူ့အခွင့်အရေးမူများ ဖြစ်ထွန်းလာမှုနောက်ကွယ်မှာ အကျိုးစီးပွားများ** |
|---|
| ဒုတိယကမ္ဘာစစ်တွင် အောင်နိုင်ခဲ့သော မဟာမိတ်နိုင်ငံများ၏ စစ်ရှုံး ရန်သူများအပေါ် အရှက်ခွဲလိုသော၊ အပြစ်ပေး လိုသော အကျိုးစီးပွားများ၊<br>စစ်အေး တိုက်ပွဲဝင် နိုင်ငံများ အကြား တစ်နိုင်ငံ၏ တရားနည်းလမ်းကျမှု (legitimacy) အား အခြား တစ်နိုင်ငံက ယုတ်လျော့စေလိုသော အကျိုးစီးပွားများ၊<br>မဟာအင်အားကြီး နိုင်ငံများ၏ အခြားနိုင်ငံများအရေး၌ ဝင်ရောက်စွက်ဖက်မှုအား တရားနည်းလမ်း ကျစေလိုသော အကျိုးစီးပွားများ၊<br>နိုင်ငံတော်၏ လုပ်ရပ်များနှင့် ပတ်သက်၍ အားနည်းချက်ရှိသော အုပ်စုများ၏ အခွင့်အရေး တောင်းဆို |

လိုသော အကျိုးစီးပွားများ။

Waters (1996, p.597) ကို မှီငြမ်း၍ ပြင်ဆင် ရေးသားထားသည်။

လူမှုဗေဒသည် လူ့အခွင့်အရေးများအတွက် စံနှုန်းအခြေပြု အကြောင်းပြချက်တစ်ခု ပေးနိုင်၊ မပေးနိုင် ဆိုသော ကိစ္စမှာ အငြင်းပွားစရာအဖြစ် ရှိနေသေးသော်လည်း တန်နာ၏ ငြင်းခုံချက်များသည် ဆွဲဆောင်မှု ရှိခဲ့ပြီး သြဇာညောင်းခဲ့သည်ဟု ပြောရပါမည်။ သို့ရာတွင် လူမှုဗေဒ ပညာရပ်အနေနှင့် အခွင့်အရေးများသည် လူမှုသဘောအရ ဖန်တီး တည်ဆောက်ထားခြင်း ဖြစ်မှုနှင့် ၎င်းတို့၏ ပြတ်သားမှု မရှိခြင်းတို့အပေါ် အာရုံစိုက်သည့်အခါ၊ အခွင့်အရေးများသည် လူမှုနယ်ပယ်၌ မည်ကဲ့သို့ ဖြစ်တည်လာသည်၊ လူမှုလက်တွေ့ နယ်ပယ်တွင် မည်ကဲ့သို့ အလုပ်လုပ်သည်၊ မည်သူတို့၏ ရည်ရွယ်ချက်ကို ထမ်းရွက်သည်၊ မည်သူတို့၏ အကျိုးစီးပွားအတွက် ဖြစ်သည်၊ နောက်ဆုံးအနေဖြင့် ၎င်းတို့သည် စာရွက်ပေါ်ရှိ ဥပဒေနှင့် လက်တွေ့ ဥပဒေတို့ကြောင့် မည်မျှ အကာအကွယ် ရသည် သို့မဟုတ် အဟန့်အတား ဖြစ်သည် စသည့် မေးခွန်းများကို ဖြေနိုင်ရန် သီအိုရီနှင့် သဘောတရားပိုင်းဆိုင်ရာ ကိရိယာ တန်ဆာပလာများ ပေးနိုင်မည် ဆိုလျှင် ပို၍ အခြေခိုင်ပေလိမ့်မည် (Morris, 2006, p.11)။ လူမှုဗေဒ၏ လူမှု တည်ဆောက်မှု သဘောတရား ချဉ်းကပ်နည်းတွင် အကြွင်းမဲ့ ဖြစ်သော အခွင့်အရေး ဆိုသည်မှာ မရှိသလောက်ဖြစ်ပြီး အခွင့်အရေး အများစုမှာ အကန့်အသတ်ဖြင့်သာ ရှိသည် သို့မဟုတ် အခြေအနေအပေါ် မူတည်ကြသည်ဟု ပြသနိုင်သည် (Morris, 2006, p.11)။ ထို့ကြောင့် လူမှုဗေဒအနေဖြင့် အခွင့်အရေးများ၏ ပြတ်သားမှု မရှိခြင်းအပေါ် စိတ်ဝင်တစားရှိကြောင်း ကြေညာသင့်သည် (Morris, 2006, p.25)။

လူမှု ဖန်တီး တည်ဆောက်ခြင်း ရှုထောင့်မှကြည့်လျှင် တစ်ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးများအား သမိုင်းကြောင်း အခြေအနေ၊ လူမှုအခြေအနေအပေါ် မူတည်သည်၊ သူ့အချိန်၊ သူ့နေရာ၊ သူ့အခြေအနေများ၏ ထွက်ကုန် ဖြစ်ပြီး အမြဲတမ်းပြောင်းလဲ ဖြစ်ပေါ်နေသောအရာအဖြစ် ရှုမြင်သင့်သည် (Morris, 2006, p.26)။ လူမှုအခြင်းအရာများအား အခွင့်အရေး အငြင်းအခုံများအဖြစ်သို့ ပြောင်းလဲပစ်သော ယန္တရားများကို ဖော်ထုတ်ပြရန် အခွင့်အရေး ပြောဆို ရေးသားချက်များ၊ လက်တွေ့ ကျင့်သုံးမှုများနှင့် ကြိုးပမ်းချက်များအား လူမှုဗေဒရှုထောင့်မှ ချဉ်းကပ်ရန် လိုသည်။ လူမှု ဖန်တီး တည်ဆောက်ခြင်း အမြင်သည် အခွင့်အရေးများအား ပုံဖော်ရေးသားမှု၊ ဖန်တီးတည်ဆောက်မှု လူမှုဖြစ်စဉ်များမှတဆင့် ထုတ်လုပ်သော ထွက်ကုန်အဖြစ် ရှုမြင်သည်။ ဤအဓိပ္ပာယ်အတိုင်း ဆိုရလျှင် ကန်ပလမ်မာ (Ken Plummer 2006) ဖော်ပြသကဲ့သို့ လူမှုဗေဒ အမြင်သည် အခွင့်အရေးများအား ဖန်တီးမှု (inventions) များ အဖြစ် ရှုမြင်သည်။ သို့နှင့်တိုင် အခွင့်အရေးများအား ဤနည်းအတိုင်း ရှုမြင်ခြင်းက ကျွန်ုပ်တို့အနေဖြင့် အခွင့်အရေး စနစ်များကို အပြည့်အဝ နားလည်ရန်ဆိုလျှင် အခွင့်အရေး ဖန်တီးမှု၊ တည်ဆောက်မှုတို့၌ ပါဝင် ပတ်သက်နေသော လူမှုဇာတ်ကောင်များကို အာရုံစိုက် လေ့လာရမည်ဖြစ်ကြောင်း ညွှန်ပြနေသည်။

စတန်မာ (Stammers) က ကျွန်ုပ်တို့ အနေဖြင့် လူမှုလှုပ်ရှားမှုများ (အပြောင်းအလဲကို ဖော်ဆောင်ရန် သို့မဟုတ် ဆန့်ကျင်ရန် စုစည်းကြသော လူအုပ်စု ကွန်ရက်များ) နှင့် လူ့အခွင့်အရေး တောင်းဆိုမှုများ အကြား

ချိတ်ဆက်မှုကို လျစ်လျူရှု၍ မရကြောင်း အကြံပြု တင်ပြထားသည် (အခန်း ၉ တွင် ရှုပါ)။ စိတ်ဖြာလေ့လာမှုအတွက် ဆုံမှတ်အဖြစ် လူ့အခွင့်အရေး၊ လူမှုလှုပ်ရှားမှုများနှင့် ပါဝါတို့အကြား သုံးပွင့်ဆိုင် ဆက်နွယ်ချိတ်ဆက်မှုကို အသုံးပြုပါက ပို၍ ကောင်းလျှင် ကောင်းနိုင်မည် (Stammers, 1999, p.981)။ ဤသို့ပြုလုပ်လျှင် နိုင်ငံရေး အာဏာ၊ လူ့အခွင့်အရေးများ၏ မူလဇာစ်မြစ်နှင့် ဖြစ်ပေါ်တိုးတက်မှု၊ လူ့အခွင့်အရေးများ၏ အလားအလာများနှင့် ကန့်သတ်ချက်များအပေါ် အဓိက အာရုံစိုက်သော လက်ရှိကြီးစိုးနေသော ပြောဆိုရေးသားချက်များနှင့် မတူညီသော အခွင့်အရေးများ ဆိုင်ရာ နားလည်သဘောပေါက်မှု တစ်ခု ပေးနိုင်သည်။ သို့သော် တန်နာကဲ့သို့ပင် စတန်မာသည် တစ်ကမ္ဘာလုံးဆက်သွယ်ပျံ့နှံ့မှု အခြေအနေ၊ အမျိုးသား နိုင်ငံများ၏ ပြောင်းလဲလာသော အခန်းကဏ္ဍ၊ အမျိုးသားနိုင်ငံများသည် အခွင့်အရေးများအတွက် အဓိက တာဝန်ရှိသူများ ဖြစ်သည် ဟူသော လွဲမှားနေသည့် အမြင်တို့အား အထူး အလေးထား ဖော်ပြခဲ့သည် (Stammers, 1999, p. 1003)။ တကယ်တမ်းတွင်လည်း ပုဂ္ဂလိက စီးပွားရေး အင်စတီကျူးရှင်းများ၏ စီးပွားရေး၊ လူမှုရေး အခွင့်အရေးများ ချိုးဖောက်မှုများကို ထောက်ရှုလျှင် ကျွန်ုပ်တို့အနေနှင့် အမျိုးသား နိုင်ငံတော်ထံမှ ဤကိစ္စအတွက် အဖြေကို မျှော်လင့်၍ မရပေ။ နောက်တစ်နည်း အနေဖြင့် လူမှုလှုပ်ရှားမှုများသည် စီးပွားရေး အင်အား (power) အပေါ် စိန်ခေါ်မှုအား မည်သို့မည်ပုံ ပြန်လည် သစ်ဆန်းစေနိုင်ပုံ၊ ပြန်လည် အသက်သွင်းနိုင်ပုံကို စဉ်းစားကြည့်မည်ဆိုလျှင် ပို၍ အကျိုးရှိကောင်း ရှိနိုင်သည် (Stammers, 1999, p.1003)။ အာဏာပါဝါသည် နေ့စဉ် လူမှုဆက်ဆံရေး၌ မြုပ်ဝင်ကိန်းအောင်းနေသည့် သဘောအရ လူမှုလှုပ်ရှားမှုများအား ဖန်တီးတည်ဆောက်ခြင်း၊ အခွင့်အရေး ပြောဆိုရေးသားချက်များအား အသုံးပြုခြင်းတို့သည် ပါဝါ စုရပ်များ၌ အင်အားပြိုင် ဆက်ဆံရေးများ၊ တည်ဆောက်ပုံများကို စိန်ခေါ်ရာ၌၊ အရေးပါပြီး အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည် (Stammers, 1999, pp.987-8)။

## ပါဝါ

ယခုဖော်ပြခဲ့သည့် လူမှုတည်ဆောက် ဖန်တီးခြင်း လူမှုဗေဒ နယ်ပယ်ကျယ်ကြီးထဲ၌ လူမှုဗေဒ လေ့လာစူးစမ်းရေး၏ အရေးပါသော ကဏ္ဍတစ်ခု၊ တနည်း လူ့အခွင့်အရေး နယ်ပယ်၌ ပါဝါ၏ အခန်းကဏ္ဍ ထွက်ပေါ်လာသည်ကို တွေ့နိုင်ပါသည်။ လူ့အခွင့်အရေးပညာရှင် မိုက်ကယ်ဖရီးမန်းသည် ဤနယ်ပယ်အတွက် အရေးပါသော စာအုပ်တစ်အုပ် (Freeman, 2002) ၌ အခွင့်ရေး စနစ်သွင်းခြင်း (rights institutionalization) အား လူမှုဖြစ်စဉ် တစ်ခုအဖြစ် ဖော်ထုတ် တင်ပြခဲ့ရုံသာမက ထိုဖြစ်စဉ်၌ ပါဝါ၏ အခန်းကဏ္ဍကို ကောင်းစွာ သတိပြုမိကြောင်း ပြသခဲ့သည်။ ဤအချက်သည်ပင် အဓိက သီအိုရီပိုင်းအရ လေ့လာတွေ့ရှိချက် ဖြစ်နိုင်သည်ဟု သူက ရှုမြင်သည်။

**လူ့အခွင့်အရေးများကို စနစ်သွင်းခြင်း၏ ရလဒ်မှာ ၎င်းတို့အား ပိုမို၍ ခိုင်မာစွာ အကာအကွယ်ပေးခြင်း မဟုတ်ဘဲ ရှိရင်းစွဲ ပါဝါစနစ်အား မခြိမ်းခြောက်သည့် ပုံစံဖြင့် အကာအကွယ်ပေးခြင်းမျိုးသာ ဖြစ်ကောင်း ဖြစ်နိုင်သည်။ လူမှုဗေဒ ရှုထောင့်အရ ပြောလိုသည်မှာ လူ့အခွင့်အရေးများအား မည်သည့်အခါမျှ စနစ်သွင်းခြင်း မပြုသင့်ဟု ပြောလိုခြင်းမဟုတ်ဘဲ စနစ်သွင်းခြင်းဟူသည် ပါဝါ ပါဝင်သော လူမှုဖြစ်စဉ် တစ်ခု**

**ဖြစ်သည်၊ ၎င်းသည် ကောင်းကျိုးဖြစ်သည်ဟု အလိုအလျောက် မယူဆဘဲ စိတ်ဖြာ လေ့လာ သင့်သည်ဟု ပြောလိုရင်း ဖြစ်သည်။**
**(Freeman, 2002, p.85)**

ဆက်လက်၍ ဖရီးမန်းက လူမှု သိပ္ပံပညာရပ်များသည် လူ့အခွင့်အရေးများ ဖန်တီး တည်ဆောက်ခြင်းနှင့် ချိုးဖောက်မှုတို့ကို လေ့လာရာ၌ တရားဥပဒေ နယ်ပယ်ကို အလွန်အမင်း အသားပေးလွန်းကာ ကုလသမဂ္ဂ စနစ်ကို အထူး အလေးထား လေ့လာပြီး အင်အားကြီး ကမ္ဘာ့ အင်စတီကျူးရှင်းများ၊ အင်အားပြိုင် ကမ္ဘာ့ နိုင်ငံရေး၊ အထူးသဖြင့် G7 အုပ်စု၊ ဘရပ်တန်ဝုဒ် အင်စတီကျူးရှင်းများ (Bretton Woods Institutions) နှင့် အမေရိကန် နိုင်ငံ၏ နိုင်ငံခြားရေး မူဝါဒတို့ကို အသေးစိတ် လေ့လာခြင်း မရှိဟု ငြင်းခုံသည် (Freeman, 2002, p.177)။ လူမှုဗေဒ နယ်ပယ်သည် ဤကိစ္စ၌ ပါဝါ၏ အခန်းကဏ္ဍကို လေ့လာရန် နေရာကောင်းတွင် ရှိနေပါသည် (စာသေတ္တာ ၆.၂ တွင် ရှု)။

## လူမှု ဖွဲ့စည်းတည်ဆောက်ပုံစနစ်

ဤနေရာအထိ လူမှုဗေဒသည် အခွင့်အရေးများအား လူမှုသဘောအရ ဖန်တီးတည်ဆောက်ထားသော အခြင်းအရာများအဖြစ် ရှုမြင်ကြောင်း တွေ့ခဲ့ပြီး ဖြစ်ပါသည်။ ဤအခွင့်အရေးများ ဖန်တီးတည်ဆောက်ရာ၌ လူမှုလှုပ်ရှားမှုများကဲ့သို့ လူမှုဇာတ်ကောင်များနှင့် အားပြိုင်ဆက်ဆံရေး (power relations) တို့၏ အရေးပါမှုကိုလည်း ဆွေးနွေးခဲ့ပြီး ဖြစ်သည်။

လူမှုဗေဒ နယ်ပယ် စူးစမ်းလေ့လာမှု၏ ယခုအထိ ကျွန်ုပ်တို့ မလေ့လာရသေးသည့် အပိုင်းမှာ လူ့အခွင့်အရေး ချိုးဖောက်မှု၌ လူမှုဖွဲ့စည်း တည်ဆောက်ပုံ စနစ် (social structure)၊ တနည်းပြောရလျှင် လူ့အဖွဲ့အစည်း တစ်ခု၏ အမျိုးမျိုးသော ဆွေမျိုးဆက်ဆံရေးများ၊ ဘာသာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ဥပဒေရေး အင်စတီကျူးရှင်းများ စသည်ဖြင့် လူ့အဖွဲ့အစည်း အစိတ်အပိုင်းများ အကြား အဆင့်ဆင့် အပြန်အလှန် ဆက်နွှယ်မှုတို့၏ အခန်းကဏ္ဍ ဖြစ်သည်။ အခန်း၏ နောက်ဆုံး အပိုင်းတွင် မူလ အခြေချ နေထိုင်သော လူမျိုးများ၏ အခွင့်အရေးများကို ချိုးဖောက်ရာ၌ ကိုလိုနီစနစ်များ၏ အခန်းကဏ္ဍကို ဆွေးနွေးပြီး မူလ အခြေချ နေထိုင်သူ လူမျိုးများ နိုင်ငံရေးအရ စည်းရုံးလှုပ်ရှားလာကြသည့်အခါ ၎င်းတို့ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ မူလ လူမျိုးများ၏ အချုပ်အခြာ အာဏာ စသည့် ကိုလိုနီစနစ် ဖျက်သိမ်းရေး အခွင့်အရေးများ မရရှိစေရန် တားမြစ်ထားပြီး ထိုစနစ်များသည်ပင် မူလအခြေချ နေထိုင်သော လူမျိုးများ၏ မြေယာအခွင့်အရေးများ စနစ်သွင်းမှုကို မည်သို့မည်ပုံ ကန့်သတ်ခဲ့ပုံကို ဆက်လက် လေ့လာပါမည်။ ဤသို့ဆိုခဲ့ပြီးစေကာမူ လူ့အခွင့်အရေး ချိုးဖောက်မှုများကို လေ့လာရာ၌ လူမှုဖွဲ့စည်း တည်ဆောက်ပုံ စနစ်များ၏ အခန်းကဏ္ဍကို ထည့်သွင်းလေ့လာခဲ့သူ ရှားရှားပါးပါး လူမှုဗေဒ ပညာရှင်များထဲမှ တစ်ဦးမှာ ၁၉၈၈ ခုနှစ်တွင် လေ့လာခဲ့သူ ရိုဒါဟောင်းဝါး ဖြစ်သည်ကို မှတ်သားသင့်ပါသည်။

| စာသေတ္တာ ၆.၂ တစ်စစီဖြုတ်၍ လေ့လာခြင်း - အခွင့်အရေးများနှင့် ပါဝါ |
| --- |
| ၁။ အခွင့်အရေးများနှင့် ဥပဒေအား အဓိကအားဖြင့် အစိုးရတို့၏ အသုံးခံ တန်ဆာပလာ အဖြစ် ရှုမြင်နိုင်သည်၊ သို့သော် ၎င်းတို့သည် သီးခြား ရပ်တည်လာကြပြီး ကိုယ်ပိုင် ပါဝါလမ်းကြောင်းများ ဖြစ်သွားကြသော တန်ဆာပလာများ ဖြစ်လာကြသည်။ ဂျွန်လော့ခ်၏ နိုင်ငံရေး ဒဿနနှင့် မတူသည်မှာ အခွင့်အရေးများနှင့် လွတ်လပ်မှု တို့သည် ပါဝါ မတိုင်မီ ရှိနှင့်ခဲ့သော အရာများ မဟုတ်ကြဘဲ ခေတ်သစ် အရင်းရှင်စနစ် ဖြစ်သော လူမှုဘဝ ပုံစံသစ်၏ ရလဒ် ထွက်ကုန်များ ဖြစ်ကြသည် (Woodiwiss, 2005, p.32)။<br><br>၂။ အခွင့်အရေးများသည် လူမှု အကွဲအပြဲများ ဖန်တီးရာ၌ တစ်ခန်း တစ်ကဏ္ဍ ပါဝင်ပြီး တချိန်တည်းတွင် ထိုကဲ့သို့သော မညီမျှမှုများကို ဆွေးနွေးရန်၊ ဆန့်ကျင် မေးခွန်းထုတ်ရန် ဘာသာစကားကိုလည်း ဖန်တီး ပေးသည့်အတွက် ဒွိဟသဘော ရှိသည် (Woodiwiss, 2005, p.32)။<br><br>၃။ အခွင့်အရေးများနှင့် ဥပဒေအား ယေဘုယျအားဖြင့် ပြောဆိုရေးသားချက် ပုံစံများ (discursive formations) ၏ ရလဒ်အဖြစ် ရှုမြင်နိုင်သည်။ သို့သော် ၎င်းတို့တွင် ကမ္ဘာပေါ်ရှိ လူအများစု အကျိုး ထမ်းရွက်ရန် ပါဝါထုတ်လုပ်နိုင်သော လွတ်မြောက်ရေး အလားအလာရှိသည် (Woodiwiss, 2005, pp.32,136)<br><br>၄။ အခွင့်အရေးများအား ရှိရင်းစွဲ ပါဝါအဆောက်အဦအတွင်း ဖန်တီး တည်ဆောက်ခြင်း ဖြစ်ရာ ၎င်းတို့အား စနစ်သွင်းခြင်းသည် လက်ရှိ အခြေအနေကိုပင် ဆက်လက် ထိန်းသိမ်းထားခြင်းကို ဦးတည်သွားစေနိုင်သော အန္တရာယ် ရှိသည်။ |

ဟောင်းဝါး၏ လူမှုဖွဲ့စည်း တည်ဆောက်ပုံ စနစ်အပေါ် အလေးပေးခြင်း၏ အကြောင်းအရင်းမှာ လူ့အခွင့်အရေးများအား စံနှုန်းပိုင်းဆိုင်ရာ အယူအဆအဖြစ်၊ အခွင့်ထူးများ (privileges) အဖြစ်မဟုတ်ဘဲ လူမှု ရုန်းကန်လှုပ်ရှားမှုများမှ ရရှိလာသော ရပိုင်ခွင့်များ (entitlements) သို့မဟုတ် အကျိုးကျေးဇူးများ အဖြစ် ရှုမြင်ကြရန် တိုက်တွန်းချက်ကြောင့် ဖြစ်မည်ထင်သည်။ ထို့အတွက် သူသည် လူ့အခွင့်အရေး စကား၏ အသုံးဝင်မှုများ သို့မဟုတ် ဥပဒေအရ ရရှိသော အခွင့်အရေးများ၏ လူမှုသဘောအရ ဖန်တီး တည်ဆောက်ထားခြင်း သဘောသဘာဝကို စူးစမ်းလေ့လာခဲ့ခြင်း မဟုတ်ပေ။ သူ၏ စနစ်ပိုင်းဆိုင်ရာ စိတ်ဖြာလေ့လာမှုအား အနောက်အာဖရိကနှင့် အလယ်အာဖရိက ဒေသတို့၌ အခြေခံခဲ့သည်။ ဤလူ့အဖွဲ့အစည်းများသည် စနစ်တစ်ခုလုံး အတိုင်းအတာဖြင့် ကြီးမားသည့် လူမှုအပြောင်းအလဲများကို ကြုံတွေ့ ဖြတ်သန်းပြီး ဖြစ်ရကား ၎င်းတို့၏ ယဉ်ကျေးမှုပိုင်းဆိုင်ရာ ထူးခြားမှုသည် လုံးဝနီးပါး ပျောက်ကွယ်သွားပြီ ဖြစ်ပြီး ခေတ်သစ် တစ်သီးပုဂ္ဂလ လူသားသည်သာ ရှင်သန် ကျန်ရစ်ခဲ့သည် (Howard, 1986, pp.16, 33)။ ထို့ကြောင့် ယဉ်ကျေးမှုအား လူ့အခွင့်အရေး ချိုးဖောက်မှုများ အတွက် ဆင်ခြေဆင်လက်အဖြစ် အသုံးမချဘဲ (Howard, 1986, pp.16, 33) သေသေချာချာ သတ်မှတ်ထားသော အခြေအနေများ၌ တစ်ဘက်စွန်း ယူနီဗာဆယ်ဝါဒအပေါ် အထိန်းအကွပ်အဖြစ် အသုံးချနိုင်သည်ဟု သူမက အဆိုပြု ငြင်းခုံခဲ့သည်။ သူမသည် ယဉ်ကျေးမှု နှိုင်းရသဘောတရား အဆို အများစုအား လက်ခံခြင်းမရှိဘဲ ၎င်းတို့အား မနေသဟာယ အာဖရိက လူ့အဖွဲ့အစည်း၌ အင်အားကြီး အုပ်စုသစ်များ၏ အကျိုးစီးပွားအတွက်

အသုံးချသော အယူဝါဒ လက်ကိုင်တုတ်အဖြစ် ရှုမြင်ခဲ့သည်။ ထိုယဉ်ကျေးမှု နိုင်းရ သဘောတရား အဆိုများသည် လူအဖွဲ့အစည်း တစ်ခုတည်းမှ အခြားသူများအား လူ့အခွင့်အရေးများကို ငြင်းပယ် တတ်ကြသည် (Howard, 1986, p.34)။ ဟောင်းဝါး၏ အမြင်တွင် လူ့အခွင့်အရေးများသည် နေထိုင်ကြရာ အမျိုးမျိုးသော ယဉ်ကျေးမှု၊ ရုပ်ဝတ္ထုအခြေအနေများမဟူ လူမျိုးအားလုံးအတွက် အကျုံးဝင်သင့်သော ကမ္ဘာလုံးဆိုင်ရာ စံနှုန်းပြု အယူအဆတစ်ရပ် ဖြစ်သင့်သည်။

အထက်ပါဆွေးနွေးချက်မှ ကျွန်ုပ်တို့သည် အဓိကကျသည့် လူမှုဗေဒ မေးခွန်းများကို ဖော်ထုတ်နိုင်သည် (စာသေတ္တာ ၆.၃ တွင် ရှု)။

## လူမှုဗေဒ သုတေသန

ဤလူမှုဗေဒ အသိအမြင်များသည် အခွင့်အရေး ကိစ္စများအကြောင်း လူမှုဗေဒ သုတေသနများအား မည်ကဲ့သို့ အထောက်အကူ ပြုကြသနည်း။ သုတေသီတချို့သည် လူမှုဗေဒ စူးစမ်းလေ့လာမှုအား အခွင့်အရေး လက်လှမ်းမီမှုကို မည်ကဲ့သို့ လက်တွေ့ လုပ်ဆောင်သည် ဟူသော မေးခွန်းအပေါ် ဦးတည်ကြသည်။ အခွင့်အရေးများသည် ၎င်းတို့ ထွက်ပေါ်ရာ အခြေအနေများနှင့် ဆက်စပ်နေကြရာ ထိုအခြေအနေများကို နားလည် သဘောပေါက်ရန်နှင့် သက်ဆိုင်ရာ အခွင့်အရေးများ၏ တစ်ကမ္ဘာလုံး အကျုံးဝင်မှု အဆိုများအား မည်သည့် အခြေအနေများ၊ မည်သည့် အချိန်အခါတွင် အဘယ်ကြောင့် အခွင့်အရေးများသည် တောင်းဆိုချက် တစ်ခုအဖြစ် ပေါ်ထွက်လာနိုင်ခြေ ရှိ၊ မရှိကို ပြသရန်မှာ လူမှုဗေဒ ပညာရှင်များ၏ လုပ်ငန်းတာဝန် ဖြစ်သည် (Glucksmann, 2006)။ အခြား သုတေသီများက မည်သည့် အခြေအနေများသည် ကမ္ဘာလုံးလွှမ်းခြုံ တောင်းဆိုချက်များ၊ ဥပမာ အမျိုးသမီးများ အခွင့်အရေး စည်းရုံးလှုပ်ရှားသူများက တောင်းဆိုသော ကမ္ဘာလုံး လွှမ်းခြုံ တောင်းဆိုချက်များသို့ ဦးတည်စေနိုင်သည်ကို အဓိကထား လေ့လာကြသည်။

| **စာသေတ္တာ ၆.၃ အဓိက လူမှုဗေဒ မေးခွန်းများ** |
|---|
| အခွင့်အရေးများသည် လူမှုအခြင်းအရာများအဖြစ် မည်ကဲ့သို့ ဖြစ်လာကြသနည်း။<br><br>အခွင့်အရေးများအား လူမှုသဘောအရ မည်ကဲ့သို့ ဖန်တီးတည်ဆောက်ကြသနည်း - မည်သူတို့က၊ မည်သူတို့အတွက်၊ မည်သည့်အခြေအနေတွင် ဖန်တီးတည်ဆောက်ကြခြင်း ဖြစ်သနည်း။<br><br>လူမှုဇာတ်ကောင်များနှင့် အုပ်စုများသည် အခွင့်အရေးများကို အဘယ်ကြောင့်၊ မည်သို့မည်ပုံ တောင်းဆို၊ ရယူကြသနည်း။<br><br>အခွင့်အရေးများသည် ၎င်းတို့ ဖြစ်ပေါ်ရာ၊ လည်ပတ်ရာ လူမှု၊ နိုင်ငံရေး၊ စီးပွားရေး အခြေအနေများ၏ သက်ရောက်မှုကို မည်ကဲ့သို့ ခံကြရသနည်း။ |

လူမှု ဖွဲ့စည်းတည်ဆောက်ပုံ စနစ်များ၏ အခန်းကဏ္ဍက အဘယ်နည်း - ၎င်းတို့သည် ကူညီ လုပ်ဆောင်ပေးသလား၊ တားဆီး နှောင့်ယှက်သလား၊ သို့မဟုတ် ဤနှစ်ခုလုံးကို ပြုလုပ်သလား။

အခွင့်အရေးများအား ဥပဒေသည် မည်သည့်အတိုင်းအတာအထိ အာမခံပေးသနည်း သို့မဟုတ် ကန့်သတ်သနည်း။

အားပြိုင်ဆက်ဆံရေး (power relations) သည် အခွင့်အရေးများ ဖန်တီးတည်ဆောက်မှု၊ လည်ပတ် အလုပ်လုပ်ပုံတို့အပေါ် သက်ရောက်မှု ရှိခဲ့ပါသလား။

အခွင့်အရေးများသည် အမှန်တကယ်တွင် မည်သူတို့၏ အခွင့်အရေးများကို အကာအကွယ်ပေးရန် လုပ်ဆောင်သနည်း။

နိုင်ငံတကာအဆင့်၌ ရှိရင်းစွဲ အင်စတီကျူးရှင်း အစီအမံများက အခွင့်အရေးများ ဖန်တီးပေးခြင်းကို ထောက်ရှု၍ အယ်ဆန် (Elson 2006) က လူမှုလှုပ်ရှားမှု သီအိုရီဆရာများ အခေါ် စုစည်းရေး ပင်မ မူဘောင် (mobilizing master frame) အဖြစ် လူ့အခွင့်အရေး စကားကို လက်ခံကျင့်သုံးခြင်းအား ရှင်းပြနိုင်ပုံကို ပြသခဲ့သည်။ အမှန်တကယ်ပင်လည်း လူမှုဗေဒ သုတေသနများက အခွင့်အရေး တောင်းဆိုချက်များ၊ အခွင့်အရေး စကားများသည် ဇာတ်ကောင် အများအပြားအတွက် မည်ကဲ့သို့ အသုံးချ တန်ဖိုး ရှိပုံကို မီးမောင်းထိုးပြထားသည်။

လူမှုဗေဒ သုတေသနက အခွင့်အရေးများအား ပြည်တွင်းနှင့် နိုင်ငံတကာ၌ အင်အား ပြိုင်ဆိုင်နေကြသော လူမှုဇာတ်ကောင်များက တိုင်တည်လေ့ရှိသော မဟာဗျူဟာအရ အသုံးတည့်သော ဆူးဆောက် တန်ဆာ ပလာများ အဖြစ် ရှုမြင်နိုင်ကြောင်း ပြသခဲ့သည် (Ruzza, 2006)။ အခွင့်အရေးများအား ပြည်တွင်း၊ ပြည်ပ အင်အားစုများအကြား အားပြိုင်ခြင်းမှတဆင့် ဖန်တီးတည်ဆောက်နိုင်ပြီး အင်အားမရှိသော လူမှု ဇာတ်ကောင်များသည် အခွင့်အရေးစကား ပြောရုံမှတပါး အခြားနည်းလမ်း မရှိကြသေးသမျှ ကာလပတ်လုံး ၎င်းတို့အား အလေးထားနေဦးမည် ဖြစ်သည်။

လူမှုဗေဒသည် အဆိုပါ အခွင့်အရေးများ၏ မူလဇာစ်မြစ် နောက်ကွယ်မှ လူမှုအင်အားစုများနှင့် ရှင်သန် ပေါ်ပေါက်လာရာ လူမှုရုန်းကန်လှုပ်ရှားမှုများကို ဆွေးနွေးရန် အသင့်တော်ဆုံးသော ပညာရပ်နယ်ပယ် ဖြစ်ကောင်းဖြစ်နိုင်သည် (Plummer, 2006)။ လူမှုဗေဒ ပညာရှင်များ၏ အဓိက လုပ်ငန်းတာဝန်မှာ အခွင့်အရေး တိုက်ပွဲဝင်သူများနှင့် ၎င်းတို့၏ ထွက်ဆိုချက်များ၊ အခွင့်အရေး ပေါ်ထွက်လာသော လူမှုဖြစ်စဉ်များနှင့် ရင်းနှီးကျွမ်းမှု ရှိလာအောင် ပြုလုပ်ရန် ဖြစ်ပြီး တချိန်တည်းတွင် ထိုသူတို့၏ တစ်ကမ္ဘာလုံး အကျုံးဝင်ကြောင်း ထွက်ဆိုချက်များအား အရှိတရားဖြစ်သော လူ့အဖွဲ့အစည်းများ၊ ယဉ်ကျေးမှုများ၏ အမျိုးအစား စုံလင်မှုတို့ကို ဟန်ချက်ထိန်းညှိရမည် ဖြစ်သည် (Plummer, 2006)။ အကာအကွယ် ပေးရန် လိုအပ်ချက်အား အသိအမှတ်ပြုမှုနှင့် လက်တွေ့တွင် ၎င်းအား ဆောင်ရွက်နိုင်မှု တို့အကြား ရှိသော

ကြီးမားသော ကွာဟမှုကို လေ့လာဆန်းစစ်ရန်လည်း လူမှုဗေဒပညာရှင်များသည် အနေအထားကောင်းတွင် ရှိနေကြသည် (Morris, 2006, p.3)။ အကျဉ်းချုပ်ဆိုရသော် လူမှုဗေဒ နယ်ပယ်သည် ရှိရင်းစွဲ အခွင့်အရေးများဆိုင်ရာ ယူဆချက်များ၊ အထူးသဖြင့် အဆိုပါ ယူဆချက်များ၏ တရားဥပဒေ အသားပေးလွန်းသည့် အစိတ်အပိုင်းများကို ဖော်ထုတ်ရန်၊ ဆွေးနွေးရန်သာမက ကန့်သတ်ချက်များကို ကျော်လွှားရန် အကောင်းဆုံး အခြေအနေတွင် ရှိသည်။ နောက်ပိုင်းတွင် တွေ့လာရမည် ဖြစ်သည့်အတိုင်း ဤကန့်သတ်ချက်များမှာ လူမှုမနုဿဗေဒ ပညာရှင် ရစ်ချက်ဝီလဆင် (Richard Wilson) ကျော်လွှားလိုသော အရာများ ဖြစ်သည်။ ဤကဲ့သို့ လူမှုဗေဒ သုတေသနများသည် အရှိန်အဟုန် ရလာနေကြပေပြီ။ ဗြိတိန် လူမှုဗေဒ အသင်းတွင် ယခုအခါ အခွင့်အရေး လူမှုဗေဒ လေ့လာရေး အုပ်စု တစ်ခု ရှိနေပြီ ဖြစ်ပြီး၊ ဤအုပ်စုမှ လူမှုဗေဒနှင့် လူ့အခွင့်အရေး - လေ့လာမှု အသစ်များဟု ခေါင်းစဉ်ပေးထားသည့် နယ်ပယ်ခွဲအတွက် အဓိက ကျမ်းကြီးတစ်စောင်ပင် ထုတ်ဝေခဲ့ပြီး ဖြစ်သည် (Hynes et al., 2011)။

ယဉ်ကျေးမှု နိုင်းရ သဘောတရားသည် လူ့အခွင့်အရေးနှင့် ပတ်သက်၍ လူမှုဗေဒ အမြင်ရော၊ မနုဿဗေဒ အမြင် အပေါ်ပါ လွှမ်းမိုးမှု ရှိခဲ့သည်။ ၎င်းသည်ပင် လူမှုဗေဒ ပညာရပ်အား လူ့အခွင့်အရေးကို စတင် လေ့လာရန် အချိန်များစွာ ယူစေခဲ့သည့် အဓိက အချက် ဖြစ်သည်။ အခြားတစ်ဘက်တွင် မနုဿဗေဒသည် လူ့အခွင့်အရေး စံနှုန်းများအား နိုင်ငံတကာ အဆင့်၌ စတင် ဥပဒေပြုခဲ့သည့် အချိန်ကပင် ဩဇာလွှမ်းမိုးမှု ရှိခဲ့သည်။

| **အနှစ်ချုပ်** |
|---|
| မကြာသေးခင် အချိန်အထိ လူမှုဗေဒ နယ်ပယ်သည် အခွင့်အရေးကို လေ့လာဆန်းစစ်ရာ၌ နိုင်ငံသားဖြစ်မှု ကဏ္ဍကိုသာ အဓိကထား လေ့လာခဲ့သည်။<br><br>မူလ လူမှုဗေဒနယ်ပယ်သည် ဒိဋ္ဌဓမ္မသဘောတရားနှင့် တန်းဖိုး ကင်းရှင်းသည့် (value-free) လူမှုသိပ္ပံတို့အပေါ် အသားပေးလွန်းခဲ့သည့်အတွက် အားနည်းချက်ရှိခဲ့သည်။<br><br>လူမှုဗေဒ လေ့လာစူးစမ်းမှုသည် နယ်ချဲ့ဝါဒ၊ ဂလိုဘယ်လိုက်ဇေးရှင်း၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များနှင့် မူလအခြေချနေထိုင်သော လူမျိုးများ ကိစ္စ စသည်တို့ကို လေ့လာရန်အတွက် နိုင်ငံသား ဖြစ်မှုကိစ္စကို ကျော်လွန်၍ ဘောင်ချဲ့ရန် လိုခဲ့သည်။<br><br>တန်နာ (Turner 1993) သည် လူ့အခွင့်အရေးအကြောင်း အခြေခံ လူမှုသီအိုရီတစ်ခု ဖော်ထုတ်ရန် ကြိုးပမ်းခဲ့သည်။<br>သို့ရာတွင် သူ၏ နောက်ပိုင်း ပြောဆိုရေးသားချက်များသည် လူမှုဖန်တီးတည်ဆောက်မှု ချဉ်းကပ်နည်းကို ကျင့်သုံးခဲ့ပြီး ၎င်းသည် အခွင့်အရေးများအား ပုံဖော်ရေးသားတင်ပြခြင်း၊ ဖန်တီးတည်ဆောက်ခြင်းစသည့် လူမှုဖြစ်စဉ်များမှတဆင့် ထုတ်လုပ်သော အရာ (artifact) တစ်ခုအဖြစ် ရှုမြင်သည်။ |

လူမှုဗေဒပညာရှင်များသည် အခွင့်အရေးများအား၊ ဖန်တီးမှု၊ နိုင်ငံရေး၊ လူမှုရေးသဘောအရ ဖန်တီးထားသော၊ စီမံထားသော ရလဒ်ထွက်ကုန်များ ဖြစ်သည်ဟု ရှုမြင်သည်။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

လူ့အခွင့်အရေးများ ထိပ်တန်းရောက်နေသော မျက်မှောက်ခေတ် လူမှုရေး၊ နိုင်ငံရေး အခြေအနေတစ်ခုကို စဉ်းစားကြည့်ပါ။ လူမှုဗေဒရှုထောင့်မှ စိတ်ဖြာလေ့လာမှုသည် ဤအခြေအနေအပေါ် ကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှုအား အထောက်အကူ ပြုမည် ထင်ပါသလား။ ဤကဲ့သို့ စိတ်ဖြာလေ့လာမှုတစ်ခု၏ အားနည်းကန့်သတ်ချက်များမှာ မည်သည်တို့ ဖြစ်မည်နည်း။

## လူ့အခွင့်အရေး မနုဿဗေဒ

မနုဿဗေဒ နယ်ပယ်သည် တစ်ကမ္ဘာလုံးရှိ ယဉ်ကျေးမှုများ၊ လူ့အဖွဲ့အစည်းများ အားလုံးကို လေ့လာလာသည်အထိ ဆင့်ကဲ တိုးတက်လာခဲ့သည်။ ဤကဲ့သို့ ဘောင်ကျယ်ပြန့်သည့်အတွက် မနုဿဗေဒနှင့် လူမှုဗေဒတို့အကြား ဆိုမှတ် အများအပြား ရှိသည်။ ဤသို့ဆိုစေကာမူ မနုဿဗေဒသည် အစောပိုင်းကာလ၌ အနောက်တိုင်း မဟုတ်သော ရှေးဦး (primitive) လူ့အဖွဲ့အစည်းများကို အဓိက လေ့လာခဲ့ရာ နယ်ပယ်နှစ်ခုအကြား ကွဲပြားခြားနားမှုများ ဖြစ်ပေါ်လာခဲ့သည်။ အမှန်တကယ်ဆိုရလျှင်လည်း လူမှုဗေဒသည် သမိုင်းစဉ်ဆက် အနောက်တိုင်း လူ့အဖွဲ့အစည်းများကို ဦးတည်လေ့လာလေ့ရှိသည်၊ ဤအချက်သည် လူမှုဗေဒနှင့် မနုဿဗေဒတို့အကြား နည်းနာပိုင်းအရသာမက သီအိုရီပိုင်းအရပါ ကွဲပြားခြားနားမှုများ ပေါ်ပေါက် စေခဲ့သည်။ ဥပမာ အနောက်တိုင်း လူမှုဗေဒသည် မိမိတို့၏ လူ့အဖွဲ့အစည်းကို လေ့လာစူးစမ်းသည့်အခါ စုဆောင်းသော အချက်အလက်များဆိုင်ရာ အဆိုများ မထုတ်မီ နောက်ခံအခြေအနေများအား ကိန်းသေအဖြစ် မှတ်ယူနိုင်သည်။ အခြားတစ်ဘက်တွင် အခြား ယဉ်ကျေးမှုများကို လေ့လာကြသည့် မနုဿဗေဒ ပညာရှင်များမှာ အခိုင်အမာ သေချာသော ကြိုတင်ယူဆချက်ဟူ၍ မချနိုင်ခဲ့ပေ။ အကျိုးဆက်အနေဖြင့် မနုဿဗေဒသည် လူမှုအစုအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုတွင် ပါဝင်နေသော အစိတ်အပိုင်း တစ်ခုခုနှင့် ညီမျှခြင်းချ၍ မရနိုင်သော၊ ထူးခြားသော ကိုယ်ပိုင် သရုပ်သဏ္ဌာန်ရှိသည်ကို အလေးပေး ဖော်ပြသည့် အလုံးစုံ လွှမ်းခြုံလေ့လာရေး နည်းနာ (holistic methodology) ကို ဖော်ထုတ်ခဲ့သည်။ ထို့ကြောင့် မနုဿဗေဒ အနေဖြင့် ယဉ်ကျေးမှု အားလုံးတွင် တူညီသော ဘုံတန်ဖိုးများ ရှိသည်ဟု မယူဆချေ။ ယဉ်ကျေးမှု အားလုံးတွင် တူညီသော ဘုံတန်ဖိုးများ ရှိသည်ဟူသော ယူဆချက်မှာ ကမ္ဘာလုံးလွှမ်းခြုံ လူ့အခွင့်အရေးအပေါ် မနုဿဗေဒ၏ အစောပိုင်း သဘောထားကို လမ်းညွှန်ခဲ့သည့် အခြေခံဖြစ်တည်မှု ရှုထောင့် ဖြစ်သည်။

မနုဿဗေဒ၏ လူ့အခွင့်အရေးအကြောင်း မှတ်သားဖွယ်ရာ လေ့လာမှုအား ၁၉၄၇ ခုနှစ် ဒီဇင်ဘာလတွင် မယ်ဗီးဟာစကော့ဗီး (Melville Herskovits) ၏ အမေရိကန် မနုဿဗေဒ ဂျာနယ် (AA) ၌ ထုတ်ဝေခဲ့သော

လူ့အခွင့်အရေးဆိုင်ရာ ထုတ်ပြန်ချက်တွင် အစောဆုံး ခြေရာကောက်နိုင်သည် (AAA, 1947)။ UDHR ၏ လူမှုဗေဒ ပညာရှင်များအပေါ် လူမှုဖန်တီး တည်ဆောက်မှု အဆင့်၌ ကြေညာချက်ပါ စာသားအား အတတ်နိုင်ဆုံး မျှတမှုရှိပြီး ဘက်လိုက်မှု ကင်းစေရန်၊ ထို့ကြောင့် တရားနည်းလမ်း ကျသည်ဟု လက်ခံစေရန်၊ ပညာရှင်များ၊ အတွေးအခေါ်သမားများနှင့် အစိုးရ မဟုတ်သော ဇာတ်ကောင်များထံမှ ထင်မြင်ချက်၊ အကြံပြုချက်များ တောင်းခံခဲ့သည်။ ဟာစကော့ဗီး၏ ထုတ်ပြန်ချက်အား အမေရိကန် မနုဿဗေဒအသင်း ဘုတ်အဖွဲ့က ဆောလျင်စွာပင် လက်ခံခဲ့ပြီး ထိုနှစ် AA ဂျာနယ်၏ နောက်ဆုံးစာအုပ်တွင် ခေါင်းစီး ဆောင်းပါးအဖြစ် ထုတ်ဝေခဲ့သည် (စာသေတ္တာ ၆.၄ တွင်ရှု)။

ကုလသမဂ္ဂအတွက် သတင်းဆိုးမှာ ဤထုတ်ပြန်ချက်သည် အဆိုပြုထားသော အပြည်ပြည်ဆိုင်ရာ ကြေညာစာတမ်းကို ထောက်ခံရန် ငြင်းဆန်ခဲ့ခြင်း ဖြစ်သည်။ ငြင်းဆန်မှုအား အောက်ပါငြင်းခုံချက် သုံးခုအပေါ်တွင် အခြေခံခဲ့သည်။

၁။ လူသားထု၏ လူမှုသိပ္ပံဘာသာရပ်အနေဖြင့် မနုဿဗေဒက ကိုယ်ကျင့်သဘောတရား စနစ်များသည် ပုံသဏ္ဍာန်အရရော အကြောင်းအရာအရပါ တစ်နေရာနှင့် တစ်နေရာ ကွဲပြားခြားနားကြသည်၊ ထို့ကြောင့် ကိုယ်ကျင့်သဘောတရား ဆန်သော တစ်ကမ္ဘာလုံး အကျုံးဝင်ကြောင်း ပြောဆိုမှုမျိုးသည် ဖြစ်လိုသည်ကို ပြဋ္ဌာန်းခြင်းသာဖြစ်ပြီး လူမှု အရှိတရားကို ဖော်ပြခြင်း မဟုတ်ပေ။

၂။ လူမှုအခြင်းအရာများကို ဖော်ပြရန်၊ ထို့နောက် ၎င်းတို့အား ရှင်းပြန်ရန် ကြိုးစားသည့် မနုဿဗေဒ နယ်ပယ်၏ သိပ္ပံနည်းကျပြီး လက်တွေ့ အချက်အလက်များအပေါ် အခြေခံသော ကွင်းဆင်း သုတေသနပြု နည်းနာကြောင့် ဤနယ်ပယ်သည် ယဉ်ကျေးမှု အလေ့အထများ အကြောင်း ကမ္ဘာလုံး လွှမ်းခြုံ အခွင့်အရေးများအပေါ် အခြေခံပြီး သွယ်ဝိုက်သောအားဖြင့် မှန်၊ မှား အကဲဖြတ်ခြင်းမျိုး လုပ်ဆောင်၍ မရချေ။ အရိုးရှင်းဆုံး ဆိုရလျှင် ပညာရပ်တစ်ခု အနေဖြင့် မနုဿဗေဒသည် ယခုအဆိုပြုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စီမံကိန်း၏ သဘောသဘာဝနှင့် အခြေခံကျကျ အဆီအငေါ်မတည့်ပေ။

၃။ အဆိုပြုထားသော အပြည်ပြည်ဆိုင်ရာ ကြေညာချက်အား ကိုယ်ကျင့်တရား စံတန်ဖိုး အစုအဖွဲ့တစ်ခုကို တစ်ကမ္ဘာလုံး၌ လက်တွေ့အကောင်အထည်ဖော်ရန် ကြိုးပမ်းသည့်အနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် မျှော်မှန်းစာတမ်း (aspirational text) တစ်ခုအဖြစ် ရေးဆွဲထားသည်ဆိုလျှင် ၎င်း၏ ဖြစ်နိုင်ခြေရှိသော အကျိုးဆက်များတွင် အပြည်ပြည်ဆိုင်ရာ ကြေညာစာတမ်းက ပြဋ္ဌာန်းထားသော ဦးစားပေးမှုများနှင့် သိသိသာသာ ခြားနားသော ဘဝနေထိုင်ရေး အမြင် ရှိသူများအား လွတ်လပ်မှု ငြင်းပယ်ခြင်း ပါဝင်မည်မှာ သေချာသလောက် ဖြစ်သည်။ ဥပမာ တချို့ ယဉ်ကျေးမှုများသည် မြေယာများအား တစ်ဦးတစ်ယောက်တည်း ပိုင်ဆိုင်ခွင့်ထက် စုပေါင်း ပိုင်ဆိုင်မှုကို ပို၍ အလေးထားသော စုပေါင်းတန်ဖိုးများ ရှိနေနိုင်သည်။[၁]

| **စာသေတ္တာ ၆.၄ အမေရိကန် မနုဿဗေဒအသင်း - လူ့အခွင့်အရေးအကြောင်း ထုတ်ပြန်ချက် (ကောက်နုတ်ချက်)** |
| --- |
| ခေတ်သစ်ကမ္ဘာကြီး၌ အချင်းချင်း ထိတွေ့ဆက်ဆံမှု ရှိကြသော ယဉ်ကျေးမှုများ စုံလင်ကွဲပြားခြင်းကြောင့် တစ်ကြောင်း၊ ဤယဉ်ကျေးမှုများရှိ လူနေမှုဘဝပုံစံများ စုံလင်ကွဲပြားခြင်းကြောင့် တစ်ကြောင်း လူသားအခွင့်အရေးများ ဆိုင်ရာ ကြေညာချက်တစ်ခု ရေးဆွဲမည့်သူများသည် အဓိကအားဖြင့် အောက်ပါ ပြဿနာကို ဖြေရှင်းရပါမည်။ အဆိုပြုသော ကြေညာချက်သည် အနောက်ဥရောပနှင့် အမေရိကတို့၌ တည်ရှိသော စံတန်ဖိုးများဖြင့် တွေးခေါ်စဉ်းစားထားသည့် အခွင့်အရေး ကြေညာချက်တစ်ခု မဟုတ်ဘဲ လူသားအားလုံးအပေါ် မည်ကဲ့သို့ အကျုံးဝင်နိုင်သနည်း။ စံနှုန်းများ၊ စံတန်ဖိုးများသည် ၎င်းတို့ဆင်းသက်ရာ ယဉ်ကျေးမှုများနှင့် ဆက်နွှယ်နေကြရာ ယဉ်ကျေးမှုတစ်ခု၏ ယုံကြည်ချက်များ သို့မဟုတ် ကျင့်ဝတ်များမှ ပေါက်ဖွားလာသော မည်သည့် လူ့အခွင့်အရေး ကြေညာချက်မဆို လူသားအားလုံးအတွက် အကျုံးဝင်တော့မည် မဟုတ်ချေ။<br>(American Anthropologist, October, 1947) |

မနုဿဗေဒအတွက် အထက်ပါ ကန့်ကွက်ချက်များသည် ပညာရပ် တံတိုင်းကြီး ဖြစ်နေခဲ့ပြီး လူ့အခွင့်အရေးများကို မလေ့လာနိုင်အောင် အချိန်အတော်ကြာ ပိတ်ဆို့နေခဲ့သည်။ တကယ်တမ်းတွင်လည်း အမေရိကန် မနုဿဗေဒအသင်း၏ ထုတ်ပြန်ချက် ထုတ်ဝေပြီးနောက်ပိုင်း (Barnett, 1948; Steward, 1948) လူ့အခွင့်အရေးအကြောင်း ခဏတာမျှ ဆွေးနွေးမှုများ ရှိခဲ့သော်လည်း ၎င်းနောက်တွင် ၁၉၈၀ ပြည့်လွန်ဆယ်စု နှစ်လယ်ပိုင်းလောက်အထိ စူးစမ်းလေ့လာရေး ခေါင်းစဉ်တစ်ခုအနေဖြင့် လူ့အခွင့်အရေးအပေါ် မနုဿဗေဒ နယ်ပယ်မှ စိတ်ဝင်စားမှု မရှိခဲ့ချေ (Goodale, 2006a, p.2 တွင် ရှု)။ သို့ရာတွင် ၁၉၄၇ ခုနှစ် ထုတ်ပြန်ချက်အား ထုတ်ဝေခဲ့ပြီးနောက်တွင် မနုဿဗေဒ ပညာရှင်များသည် လူထု မနုဿဗေဒ (public anthropology) ကို ဆက်လက်ကျင့်သုံးခဲ့ပြီး ဤအချက်က နယ်ပယ်၏ စဉ်ဆက်မပြတ် ရှိနေခဲ့သည့် ပညာရပ်ဆိုင်ရာ သုတေသနများနှင့် လူမှုတရားမျှတရေး စီမံကိန်းများအကြား ချိတ်ဆက်လိုမှုကို ထင်ဟပ်ပြခဲ့သည် (Goodale, 2006a, p.2 တွင် ရှု)။ ထို့ပြင် မနုဿဗေဒ ပညာရှင်များသည် သူတို့၏ လုပ်ငန်းနယ်ပယ်အတွင်း လူ့အခွင့်အရေး ပြဿနာများ၊ စိုးရိမ်ပူပန်များ ကြုံတွေ့ကြသည်ပင် ဖြစ်သည်။[၂] လူမှုဗေဒ ပညာရှင်များ လူ့အခွင့်အရေးများအကြောင်း မလေ့လာကြသေးသည့် အချိန်တုန်းကလည်း ထိုကဲ့သို့ ကြုံတွေ့ခဲ့ကြသည်။ သို့သော် ၎င်းတို့သည် ဤစုဆုံမှု သို့မဟုတ် သတ်သတ်မှတ်မှတ် လူ့အခွင့်အရေးဆိုင်ရာ အစိတ်အပိုင်းများအား သူတို့ချည်း သီးခြား လေ့လာခဲ့ခြင်း မရှိပေ။ မနုဿဗေဒ ပညာရှင်များ နောက်ဆုံးတွင် လူ့အခွင့်အရေးများအား သတ်သတ်မှတ်မှတ် လေ့လာစူးစမ်းရန်၊ စိတ်ဖြာလေ့လာရန် ကြိုးပမ်းလာခဲ့သည့်အခါ ယခုဖော်ပြပါ ဖာသိဖာသာနေခဲ့သည်ကို နောက်ခံပြုပြီး လေ့လာလာခဲ့ခြင်း ဖြစ်သည်။ သို့နှင့်တိုင် အမေရိကန် မနုဿဗေဒအသင်း၏ နှိုင်းရသဘောတရားဆန်သော တွန်းအားသည် ဤပညာရပ်၏ လူ့အခွင့်အရေးအပေါ် ထားခဲ့သော သဘောထားအား ထင်ဟပ်ပြနေခဲ့သည်။

## လွတ်မြောက်ရေး ယဉ်ကျေးမှု နိုင်ငံရေး

မနုဿဗေဒ၏ နှိုင်းရသဘောတရား အမြင်သည် ၎င်း၏ သုတေသနအပြုခံ (subjects) များ အတွင်း စံတန်ဖိုးစနစ် အမျိုးမျိုးအား မကြာခဏဆိုသလို စူးစမ်းတွေ့ရှိတတ်သည့် ဥပေက္ခာပြု သိပ္ပံနည်းနာ (detached scientific methodology) မှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ သို့ရာတွင် ဤဥပေက္ခာ နည်းလမ်းမှာ သက်တမ်းတိုခဲ့သည်။ မနုဿဗေဒ ပညာရှင် အများအပြားသည် ၎င်းတို့၏ သုတေသနပြုခံများအား ဓမ္မဓိဋ္ဌာန်ကျကျ ဥပေက္ခာပြု ထားနိုင်ခဲ့စေကာမူ ဤနည်းလမ်းသည် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်မှု၊ နားလည် ခံစားမှုတို့သို့ တဖြည်းဖြည်း ပုံစံပြောင်းသွားခဲ့ပြီး ၎င်းသည် သုတေသနပြုခံများကိုယ်စား နိုင်ငံရေး တက်ကြွလှုပ်ရှားမှုသို့ ဦးတည်စေခဲ့သည်။ လူ့အခွင့်အရေးများအပေါ် မနုဿဗေဒ၏ အမြင်ရှုထောင့်များကို ပြန်လည် လမ်းကြောင်း ပြောင်းစေခဲ့သည်မှာ သွယ်ဝိုက်သောအားဖြင့် ကိုယ်ကျင့် သဘောတရား ဆိုင်ရာ အစိတ်အပိုင်း တစ်ခု ပါဝင်နေသော ယခုဖော်ပြပါ နိုင်ငံရေးအရ ပါဝင်ပတ်သက်မှုပင် ဖြစ်သည်။ ဤကဲ့သို့ စံနှုန်း သဘောတရား ဘက်သို့ ဦးလှည့်ခြင်းတွင် အရေးပါသော အခိုက်အတန့်မှာ ကလီဖို့ဒ်ဂါးဇ် (Clifford Geertz) ၏ နှိုင်းရ သဘောတရား ဆန့်ကျင်ရေးအား ဆန့်ကျင်ခြင်း (Anti Anti-Relativism) ဟု ခေါင်းစဉ် တပ်ထားသည့် ၁၉၈၃ ခုနှစ် အမေရိကန် မနုဿဗေဒအသင်း၏ အထူးပို့ချချက် ဖြစ်သည်။ အဆိုပါ ပို့ချချက်သည် ကမ္ဘာလုံးလွှမ်းခြုံ လူ့အခွင့်အရေး သဘောတရားအပေါ် မနုဿဗေဒနယ်ပယ်၏ ဖော်ပြမှု အများဆုံး ကန့်ကွက်မှုအား ထိပ်တိုက် ကိုင်တွယ်ဖြေရှင်းခဲ့သည်။ ၁၉၉၀ ခုနှစ်တွင် ဘရာဇီးလ် အစိုးရ၏ ယာနိုမာမီ လူမျိုးများအပေါ် ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် AAA သည် အထူး ကော်မရှင်တစ်ခု ဖွဲ့စည်းခဲ့ရာ ဤသည်မှာ AAA ၏ ယခင် လက်တွေ့နှင့် ခပ်ခွာခွာနေခဲ့ပြီး နှိုင်းရ သဘောတရား ရှုထောင့်မှ ရပ်တည်ခဲ့ခြင်းကို ထောက်ရှုလျှင် မှတ်သားလောက်ဖွယ်ရာ အပြောင်းအလဲပင် ဖြစ်သည်။ ၁၉၉၂ ခုနှစ်တွင် ထို့ထက် ပါဝင်လုပ်ဆောင်လာခဲ့ပြီး AAA လူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် AAA သည် အဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးများ၌ မနုဿဗေဒနှင့် လူ့အခွင့်အရေးအား ထိပ်သီး ခေါင်းစဉ်များအဖြစ် ပြုလုပ်၍ လူ့အခွင့်အရေး ကိစ္စများအား ကိုင်တွယ် ဖြေရှင်းလိုမှုကို ပို၍ ခိုင်မာစေခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် လူ့အခွင့်အရေး ကော်မရှင်အား အမြဲတမ်း လူ့အခွင့်အရေး ကော်မတီ အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ နောက်ဆုံးအချက်အနေဖြင့် ၁၉၉၉ ခုနှစ်တွင် ဤကော်မတီသည် မနုဿဗေဒနှင့် လူ့အခွင့်အရေး ကြေညာချက်အား ရေးသားခဲ့ရာ ဤသည်မှာ AAA သည် ဟာစကော့ဗီး၏ ၁၉၄၇ ခုနှစ်ထုတ်ပြန်ချက်အား ထုတ်ဝေခဲ့သည့်အချိန်မှ ဦးတည်ချက် ပြောင်းလဲ လာသည်ကို အတည်ပြုခဲ့သည်။

၁၉၉၇ ခုနှစ်တွင် မနုဿဗေဒ သုတေသန ဂျာနယ် (JAR) ၏ အထူးထုတ်စာစောင်သည် လူ့အခွင့်အရေးအား လေ့လာရန် မိမိနယ်ပယ်အတွက် သီးခြား မျှော်မှန်းချက်တစ်ခုကို ရေးသားဖော်ထုတ်ခဲ့သည်။ ထိုအထူး စာစောင်ပါ ငြင်းခုံချက်များက လူမှုနယ်ပယ်ရှိ အင်အား မညီမျှသော ဆက်ဆံရေးများတွင် တည်ရှိနေသည့် ယဉ်ကျေးမှု ဖြစ်စဉ်များအပေါ် မနုဿဗေဒ၏ နားလည်သဘောပေါက်မှုကို အသုံးပြု၍ လူမှုအပြောင်းအလဲ ဖော်ဆောင်ရေး ကြိုးပမ်းချက်များ နှင့်/သို့မဟုတ် ဘေးထုတ်ခံ လူမျိုးများ၊ ပြည်သူများ၊ အုပ်စုများအား ၎င်းတို့၏ အသက်ရှင် ရပ်တည်ရေးအပေါ် ခြိမ်းခြောက်မှုများကို တွန်းလှန်ရာ၌ အကူအညီပေးနိုင်သည်။

ဤချဉ်းကပ်နည်းသည် ခြိမ်းခြောက်ခံ လူမျိုးများ၊ ယဉ်ကျေးမှုများအား အကူအညီပေးရန် ကျင့်ဝတ်ပိုင်းအရ ကတိကဝတ်ပြုမှုအတွက် အသုံးဝင်သည်။ ဤကဲ့သို့ လူ့အခွင့်အရေး၏ အသုံးဝင်ထိရောက်မှုအား ပို၍ကျယ်ပြန့်သော၊ ပို၍ ထောင့်စေ့သော အဓိပ္ပာယ်ဖွင့်ဆိုချက်မှတဆင့် တိုးမြှင့်ပေးနိုင်သည်။[၃] ထို့ကြောင့် မနုဿဗေဒ ပညာရှင်များသည် အပယ်ခံ အုပ်စုများနှင့် ယဉ်ကျေးမှုများ အတွက် လူ့အခွင့်အရေးများ ပိုမို၍ ထိရောက်စေရန် လူ့အခွင့်အရေးများ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို အကျယ်ချဲ့သင့်သည် ဟူသော စံနှုန်းပြု အကြံပြုချက်မျိုး ဤချဉ်းကပ်နည်းတွင် ပါဝင်နေသည်။ လွတ်မြောက်ရေး နိုင်ငံရေး ယဉ်ကျေးမှု (emancipatory cultural politics) ဟု အမည်ပေးထားသော ချဉ်းကပ်နည်း ဖြစ်သည် (Turner, 1997)။ ခြိမ်းခြောက်ခံ ပြည်သူလူထုတို့အား အကာအကွယ် ပေးရေး အတွက် နိုင်ငံရေး မဟာဗျူဟာ တစ်ခုအဖြစ် မနုဿဗေဒ နယ်ပယ်အနေဖြင့် လူ့အခွင့်အရေးများကို ကိုင်တွယ်လေ့လာရန် အားပေးသည့် ဤချဉ်းကပ်နည်းသည် (စာသေတ္တာ ၆.၅ တွင် ရှု) လူ့အခွင့်အရေး မနုဿဗေဒတွင် ပထမဦးဆုံး ထွက်ပေါ်လာသည့် နည်းလမ်းခွဲ ဖြစ်သည်။[၆] ဤချဉ်းကပ်နည်းအတွင်း မှတ်သားစရာ အကောင်းဆုံး လတ်တလော သုတေသနမှာ ရှန်နွန် စပိဒ် (Shannon Speed) ၏ သူမအခေါ် စောကြော ဝေဖန်ပြီး ပါဝင်ပတ်သက်သော တက်ကြွလှုပ်ရှား သုတေသန (critically engaged activist research) နည်းလမ်း ဖြစ်သည် (Speed, 2006)။ ဤချဉ်းကပ်နည်းသည် လူမှုဇာတ်ကောင်များ ဖော်ထုတ်တင်ပြသော ကိစ္စများကို ကိုင်တွယ်လိုပြီး ပါဝင်ပတ်သက်မှု၊ ပြောဆိုရေးသားမှုတို့ကို ရှောင်ကွင်းလိုခြင်း မရှိရုံသာမက လူ့အခွင့်အရေးများနှင့် အလွန်အကျွံ မကင်းကွာသင့်ဟုပင် သတိပေးထားသည် (Speed, 2006)။ သုတေသနလုပ်ငန်း၏ ဦးတည်ချက်မှာ မက္ကဆီကိုနိုင်ငံ ချီယာပါစ် စသည်ဖြင့် သတ်သတ်မှတ်မှတ် တစ်နေရာရှိ လူ့အခွင့်အရေးများအကြောင်း သုတေသနပြုရုံ သက်သက်မဟုတ်ဘဲ ထိုနေရာ၌ လူ့အခွင့်အရေးအတွက် ထောက်ခံလှုပ်ရှားရေး ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ဤသုတေသန နည်းလမ်းများသည် လူ့အခွင့်အရေး၌ လူသားကို မေ့ပစ်တတ်သည့် ထောက်ချောက် အမိမခံရဟု ပြောနိုင်သည်။ မတရားမှု ခံစားနေကြရသည့် လူမှုဇာတ်ကောင်များအတွက် လူ့အခွင့်အရေးများသည် ပညာရပ်ဆိုင်ရာ စူးစမ်းလိုစိတ်ထက် ပိုသည်။

## ကွင်းဆင်း လေ့လာရေးဘက်သို့ ဦးလှည့်ခြင်း

ထို့ကြောင့် လူမှုဗေဒ နယ်ပယ်ကဲ့သို့ပင် ၁၉၉၀ ခုနှစ်များသည် မနုဿဗေဒ ပညာရှင်များအတွက် အရေးပါသော သုတေသန လုပ်ငန်းများ လုပ်ဆောင်လာကြသည်အထိ လူ့အခွင့်အရေး ကိစ္စကို အရေးတယူ လုပ်လာကြသည့် ဆယ်စုနှစ်ကာလ ဖြစ်သည်။ ၁၉၉၀ ဆယ်စုနှစ် အလယ်လောက်မှစတင်၍ AAA ၏ ဦးတည်ချက် ပြောင်းလဲလာမှုကို ထင်ဟပ်ကာ အမေရိကန်နိုင်ငံ ပြင်ပမှ မနုဿဗေဒ ပညာရှင်များသည် အခွင့်အရေးများအား လူမှုနယ်ပယ်၌ ကျင့်သုံးခြင်းအား မနုဿဗေဒ နည်းလမ်းဖြင့် စူးစမ်း လေ့လာသင့်သည့် ခေါင်းစဉ် တစ်ခုအဖြစ် ရှုမြင်လာကြသည်။ ဤသုတေသနများမှ ထွက်ပေါ်လာသော အမြင်ရှုထောင့်များအား အရေးပါသည့် စာအုပ်တွဲ သုံး၊ လေးအုပ်နှင့် (Wilson, 1997; Cowan, Dembour, and Wilson, 2001; Wilson and Mitchell, 2003) ကျမ်းသုံး၊ လေးစောင် (e.g., Riles, 2000; Wilson, 2001; Merry, 2005; Slyomovics, 2005) တို့တွင် စုစည်းထုတ်ဝေခဲ့သည်။

| **စာသေတ္တာ ၆.၅ အမေရိကန် မနုဿဗေဒအသင်း - လူ့အခွင့်အရေးအကြောင်း ထုတ်ပြန်ချက် (ကောက်နုတ်ချက်)** |
| --- |
| မနုဿဗေဒ နယ်ပယ်မှ နားလည်သဘောပေါက်မှုများအား ခြိမ်းခြောက်ခံ လူမျိုးများ၊ ပြည်သူများ သို့မဟုတ် အုပ်စုများအား ကူညီရန် ကြိုးပမ်းချက်များကို အားဖြည့်ပေးရန် အသုံးပြုသင့်ပါသည်။<br><br>လူ့အခွင့်အရေးများသည် ဤကြိုးပမ်းချက်အား ကျင့်ဝတ်ပိုင်းအရ ထောက်ခံရန်အတွက် အသုံးဝင်သည်။<br><br>သို့သော် ဘေးထုတ်ခံ အုပ်စုများ၊ ယဉ်ကျေးမှုများအတွက် လူ့အခွင့်အရေးများ ပိုမို၍ ထိရောက်စေရန် မနုဿဗေဒပညာရှင်များသည် လူ့အခွင့်အရေးများအား ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့်နှင့် ထောင့်စေ့အောင် အဓိပ္ပာယ်ဖွင့်ဆိုရန် ကြိုးစားသင့်သည်။ |

ဤထုတ်ဖော် ရေးသားချက်များသည် ကွင်းဆင်းလေ့လာရေး နည်းနာဟု ခေါ်ဆိုနိုင်သော မျက်မှောက်ခေတ် အခွင့်အရေး မနုဿဗဒနယ်ပယ်၌ ဒုတိယ နည်းလမ်းခွဲ အဖြစ်သို့ ဖြစ်ပေါ် တိုးတက်လာခဲ့သည် (Goodale, 2006a, p.3)။ လူ့အခွင့်အရေး မနုဿဗေဒရှိ ဤဒုတိယ နည်းနာသည် လူ့အခွင့်အရေးများအား လူမှု နယ်ပယ်၌ ကျင့်သုံးမှု သို့မဟုတ် ရစ်ချက်ဝီလ်ဆင်အခေါ် အခွင့်အရေးများ၏ လူမှုဘဝကို စူးစမ်းလေ့လာရန် ကွင်းဆင်းလေ့လာရေး နည်းနာကို အသုံးပြုရန် အားထုတ်လာခဲ့သည်။ လူမှုမနုဿဗေဒ ပညာရှင်ဖြစ်သူ ဝီလ်ဆင်သည် ကျွန်ုပ်တို့ အစောပိုင်း ဆွေးနွေးခဲ့သည့် လူမှုဗေဒ ချဉ်းကပ်နည်း၏ အဓိက ဦးတည်ချက်နှင့် သဘောတူပြီး လူမှုသိပ္ပံ ပညာရှင်များသည် အခွင့်အရေးများအား လူမှုသဘောအရ ဖန်တီး တည်ဆောက် ထားသော အခြင်းအရာများအဖြစ် စိတ်ဖြာလေ့လာသင့်သည်ဟု ငြင်းခုံခဲ့သည်။ သူက အောက်ပါအတိုင်း ရေးသားခဲ့သည် -

**အခွင့်အရေးများ၏ လူ့မှုဘဝအား နားလည်သဘောပေါက်ရန် မူဘောင်တစ်ခု ဖော်ထုတ်လိုသူများ၏ ဉာဏစိုက်ထုတ်မှုများအား အခွင့်အရေးများ၏ ဖြစ်တည်မှု အခြေအနေ မဟုတ်ဘဲ ၎င်းတို့၏ အဓိပ္ပာယ်နှင့် အသုံးဝင်မှုတို့ကိုသာ ဦးတည်ပေးလျှင် ပို၍ကောင်းပါလိမ့်မည်။ လိုအပ်နေသည်မှာ စနစ်သွင်းထားသော ပါဝါ၏ သမိုင်းကြောင်းအရ ရှိလာခဲ့သော ဘောင်အကန့်အသတ်အတွင်း လူမှုဇာတ်ကောင်များ၏ လုပ်ရပ်များ၊ ရည်ရွယ်ချက်များအရ လူ့အခွင့်အရေးများကို အသေးစိတ်လေ့လာရန် လိုပါသည်။**
**(Wilson, 1997, pp.3-4)**

ဤတိုက်တွန်းချက်အတိုင်း သုတေသီများသည် အခွင့်အရေး ဘာသာစကားဖြင့် လူမှုအုပ်စုများ ပြုလုပ် နေကြသော များပြားလာနေသည့် ညှိနှိုင်းဆွေးနွေးမှုများ၊ ထွက်ဆိုချက်များအပေါ် ဦးတည် အာရုံစိုက် လာကြသည်။ စီးကြောင်းတစ်ခု ပေါ်ထွက်လာပြီး ထိုစီးကြောင်းအတွင်း အခွင့်အရေးများ၊ တရားမျှတမှုနှင့် နိုင်ငံသားဖြစ်မှု စသည့် အယူအဆများအကြောင်း သီအိုရီ အငြင်းအခုံများသည် အခွင့်အရေး ထွက်ဆိုသော ဖြစ်စဉ်များ၏ နောက်ခံကားကို ဖော်ပြသည့် လက်တွေ့ အချက်အလက်များနှင့် ထိတွေ့ ဆက်ဆံလာခဲ့သည်

(Cowan, Dembour and Wilson, 2001)။ မနုဿဗေဒ ပညာရှင်များက ကမ္ဘာလုံး လွှမ်းခြုံ အယူအဆများ ဒေသအလိုက် ရုန်းကန် လှုပ်ရှားမှုများတွင် တိတိပပ မည်ကဲ့သို့ အသုံးချလျက် ရှိနေသည်ကို လေ့လာ စူးစမ်းရန် လိုအပ်ကြောင်း ထောက်ခံ ပြောဆိုလာကြသည်။ အနှစ်သာရအားဖြင့် ဆိုရသော် ယဉ်ကျေးမှုနှင့် အခွင့်အရေးတို့အကြား ဆက်နွယ်မှုမှာ လက်တွေ့ အချက်အလက်များဖြင့် လေ့လာရမည့် အခြင်းအရာ တစ်ခု ဖြစ်သည်ဟု ရှုမြင်လာခဲ့ကြသည်။ ထို့ကြောင့် ဤချဉ်းကပ်နည်း၏ ဦးတည်ချက်မှာ အကြောင်းအရာကိုသာ ဖော်ပြလိုခြင်းဖြစ်ပြီး လူ့အခွင့်အရေးများ၏ တစ်ကမ္ဘာလုံး အကျုံးဝင်မှုကို ထောက်ခံကြောင်း ပြောဆိုရေးသားခြင်း မရှိပေ။ ၎င်းမှာ လူ့အခွင့်အရေးများသည် လက်တွေ့သဘောအရ မည်ကဲ့သို့ အလုပ်လုပ်သည်၊ မတူသော လူမှု အခြေအနေများ၌ မတူသော လူမှု ဇာတ်ကောင်များ အတွက် မည်သည့် အဓိပ္ပာယ်ကို ဆိုလိုသည်တို့ကို သိရှိရန် ကြိုးပမ်းချက် ဖြစ်သည်။ သတ်သတ်မှတ်မှတ် အခွင့်အရေး ရုန်းကန် လှုပ်ရှားမှုများအား လက်တွေ့ အချက်အလက်များ၊ နောက်ခံအခြေအနေများကို အခြေခံသော စိတ်ဖြာ လေ့လာမှုတို့ကို တဖြည်းဖြည်းချင်း ပို၍ အာရုံစိုက်လာသည်။ ဤစဉ်းစားနည်းသည် လူတစ်ဦး တစ်ယောက်ချင်း၊ အုပ်စုများ၊ အသိုင်းအဝိုင်းများနှင့် နိုင်ငံများသည် သတ်သတ်မှတ်မှတ် ရည်ရွက်ချက်များ အတွက် အခွင့်အရေး ပြောဆိုရေးသားချက်များကို မည်ကဲ့သို့ အသုံးပြုကြပုံ၊ ၎င်းတို့သည် ဤနည်းလမ်း၏ ယုတ္တိတွင် ကပ်ငြိလာကြပုံကို မှတ်တမ်းပြုရန် အားထုတ်သည် (Cowan, Dembour and Wilson, 2001, p.21)။ ထို့ကြောင့် လူ့အခွင့်အရေးနှင့် ထိတွေ့ဆက်ဆံလာခဲ့သည် မနုဿဗေဒ၏ ပထမစီးကြောင်း၊ တနည်း ပင်ကိုသဘောအရ စံနှုန်းပြု သဘောဆန်သည့် လွတ်မြောက်ရေး ယဉ်ကျေးမှု နိုင်ငံရေးနှင့် မတူသည်မှာ ကွင်းဆင်း လေ့လာရေး ချဉ်းကပ်နည်းသည် စံနှုန်းဖြစ်နေမှုကို လေ့လာခြင်း (a study of normativity) ဖြစ်သည်။

ဤချဉ်းကပ်နည်း လေ့လာသည့် ကိစ္စရပ်များထဲမှ တစ်ခုမှာ ယဉ်ကျေးမှုနှင့် အခွင့်အရေးတို့အကြား ဆက်နွယ် ပတ်သက်မှု ဖြစ်သည် (Cowan, Dembour, and Wilson, 2001 တွင် ရှု)။ ဤဆက်နွယ်ပတ်သက်မှုအပေါ် စိတ်ဝင်စားကြသည့် မနုဿဗေဒ ပညာရှင်များသည် ယခုကဲ့သို့ မေးခွန်းများအတွက် အဖြေရှာရန် အားထုတ်ခဲ့ကြသည် - အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား လူ့အခွင့်အရေးအခြေပြု ဖြေရှင်းနည်း စသည့် နိုင်ငံတကာ အယူအဆများသည် အောက်ခြေဒေသအဆင့် လူမှုအခြေအနေများတွင် မည်သို့မည်ပုံ အဓိပ္ပယ်ရှိ လာကြသနည်း၊ ၎င်းတို့သည် လူ့အခွင့်အရေးများအကြောင်း နိုင်ငံတကာအဆင့် သတိပြုမိကြခြင်းနှင့် ကျား၊ မ ဖြစ်မှုနှင့် မိသားစုတို့အပေါ် ဒေသအဆင့် လူမှု၊ ယဉ်ကျေးမှု ရှုထောင့်မှ နားလည် သဘောပေါက်မှုတို့ အကြား ကွာဟမှုကို မည်ကဲ့သို့ ဖြတ်ကျော်သနည်း (Merry, 2006, pp.38-51)။ ဤမေးခွန်းများကို လေ့လာစူးစမ်းရာ၌ မနုဿဗေဒ ပညာရှင်များသည် လူ့အခွင့်အရေးများအား ၎င်းတို့၏ အသုံးဝင်မှုအပေါ် မူတည်၍ ရှုမြင်ကြပုံ အမျိုးမျိုး၊ နိုင်ငံတကာ လူမှုဇာတ်ကောင် အမျိုးမျိုး တွေ့ကြုံ ခံစားကြပုံတို့ကို ရှင်းပြရန် ကြိုးစားသော သီအိုရီ မူဘောင်များကို တည်ဆောက်ရန် အားထုတ်ခဲ့ကြသည်။ လက်တွေ့ အကောင်အထည်ဖော်သူများအကြောင်း မနုဿဗေဒ ရှုထောင့်မှ စိတ်ဖြာလေ့လာမှုသည် လက်တွေ့ အကောင်အထည်ဖော်ရေး ဖြစ်စဉ်များအကြောင်း သီအိုရီများ ဖော်ထုတ်ရင်း လူ့အခွင့်အရေး အယူအဆများနှင့် ကြားဝင် ဆောင်ရွက်ရေး အယူအဆများ ကမ္ဘာတစ်ဝန်း မည်သို့မည်ပုံ ပျံ့နှံ့ကြပုံ၊ လူမှုဘဝကို မည်သို့မည်ပုံ ပြောင်းလဲပုံတို့ကို ကူညီရှင်းပြပေးသည် (Merry, 2006, p.38)။

ဤကဏ္ဍ၌ မနုဿဗေဒ လေ့လာမှုများသည် ထီးတည်း ဩဇာ လွှမ်းမိုးသော (hegemonic) လူ့အခွင့်အရေး စနစ်၏ ယဉ်ကျေးမှုအပေါ် ဖြစ်စေနိုင်သော မွေးရာပါ အန္တရာယ်များကို မီးမောင်းထိုးပြပြီး  လူ့အခွင့်အရေး စနစ်များ အမှန်တကယ် မည်ကဲ့သို့ လုပ်ဆောင်ပုံ၊ အထူးသဖြင့် ထိုလုပ်ဆောင်ချက်များ၏ ယဉ်ကျေးမှုအပေါ် အကျိုး သက်ရောက်မှုတို့ကို လေ့လာစောင့်ကြည့်သည့် လူ့အခွင့်အရေး ချဉ်းကပ်နည်းကို ထောက်ခံ တင်ပြသည်။ ထိုချဉ်းကပ်နည်းသည် နိုင်ငံရေး စီမံကိန်းများ သို့မဟုတ် ယဉ်ကျေးမှု လွတ်မြောက်ရေး လှုပ်ရှားမှုများအား ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး တောင်းဆိုချက်များ အပေါ် အခြေပြုမည် မဟုတ်ပေ။ ၎င်းသည် ဗဟုဆန်သော၊ အလွယ်တကူ လက်မခံသော၊ စူးစူးနစ်နစ်လေ့လာသော စစ်ကြော မေးမြန်ရေး မနုဿဗေဒ ဖြစ်သည် (Goodale, 2006a)။ ယခုအခန်း၏ နောက်ပိုင်းတွင် တွေ့လာရမည်ဖြစ်သည့်အတိုင်း အခွင့်အရေးများအား အလွယ်တကူ လက်မခံသော ဤချဉ်းကပ်နည်းအား မူလအခြေချနေထိုင်သော လူမျိုးများ အခွင့်အရေးအကြောင်း လူမှုဗေဒ ပိုဆန်သည့် လတ်တလော ရေးသားချက်များက သက်သေထူလျက် ရှိသည်။

အခွင့်အရေးများအပေါ် သံသယရှိသော ဗဟုအမြင်သည် ယခုအခါ ကွင်းဆင်းလေ့လာရေး နည်းလမ်း၏ အဓိက သွင်ပြင်လက္ခဏာ ဖြစ်သည်။ ၎င်းသည် နိုင်ငံတကာ လူ့အခွင့်အရေး စနစ်များ၏ ဗဟုသဘော ဆန်ပြီး အစိတ်စိတ် အပိုင်းပိုင်း ဖြစ်နေသည့် သဘောသဘာဝနှင့် အခွင့်အရေး စကား၏ အယူဝါဒပိုင်း ဆိုင်ရာ ဇာတ်ရှုပ်မှုကို အသိအမှတ်ပြုသော အမြင်ဖြစ်သည် (Wilson, 2006, p.77)။ ဤအမြင်၏ ဦးတည်ချက်မှာ လူ့အခွင့်အရေးများ၏ လုပ်ရပ်ကို ဖော်ပြသည့် အစိတ်အပိုင်းများ (performative dimensions)၊ လူမှုလှုပ်ရှားမှု အခြေအနေများ၊ တရားဥပဒေ ဖြစ်စဉ်များ၏ အတွင်း၊ အပြင်၌ ‘အခွင့်အရေးများ’နှင့် ‘တရားမျှတမှု’ ဖော်ထုတ် ရေးသားမှုတို့အပေါ် အီလစ်များနှင့် အီလစ် မဟုတ်သော လူမှုဇာတ်ကောင်များ၏ စိတ်နေသဘောထား အပြောင်းအလဲများ ဖြစ်ကြသည် (Wilson, 2006, p.77 တွင် ရှုပါ)။ ‘*အခွင့်အရေးများ၏ လူမှုဘဝ*’ ကို ကွင်းဆင်း သုတေသနပြု နည်းလမ်းဖြင့် လေ့လာခြင်းဖြင့် ကျွန်ုပ်တို့သည် ဟောင်းနွမ်းနေပြီ ဖြစ်သော ကမ္ဘာလုံး အကျုံးဝင်မှု သဘောတရားနှင့် နှိုင်းရ သဘောတရား တို့အကြား အငြင်းအခုံကို ကျော်ခိုင်းနိုင်ပြီး နိုင်ငံရေး ယှဉ်ပြိုင်မှု နယ်ပယ် အသီးသီး၌ ဇာတ်ကောင်များသည် လူ့အခွင့်အရေးများကို အသုံးပြုပြီး မည်သည်တို့ကို လုပ်ဆောင်ကြသည်ကို ဆန်းစစ်နိုင်ပါသည် (Wilson, 2006, p.78)။

ထို့ကြောင့် ကွင်းဆင်း သုတေသနပြု ချဉ်းကပ်နည်း (ethnographic approach) ၏ အနှစ်သာရသည် အခွင့်အရေးများ၏ လူမှုဘဝအား အထူးဂရုပြု၍ မှတ်တမ်းတင်ခြင်းပင် ဖြစ်သည် (စာသေတ္တာ ၆.၆ တွင် ရှုပါ)။ ဤကဲ့သို့ မှတ်တမ်းတင်ခြင်းတွင် အခွင့်အရေး အခြေပြု လှုပ်ရှားမှုများအတွင်း လူမှုစုရုံးလှုပ်ဆောင်မှု များ၏ အခြေအနေများကဲ့သို့ အခြင်းအရာများ၊ သို့မဟုတ် ချီတက်ပွဲများ၊ မအိပ်ဘဲ စောင့်နေခြင်းများ၊ အသုဘများ စသည်ဖြင့် အခွင့်အရေး လှုပ်ရှားမှုများ၏ လုပ်ရပ် ဖော်ပြသည့် အစိတ်အပိုင်းများ (Wilson, 2006 တွင် ရှုပါ) သို့မဟုတ် ဆက်လက် ဖော်ပြမည့် အပိုင်းတွင် တွေ့လာရမည် ဖြစ်သည့် အတိုင်း အင်အားပြိုင် နိုင်ငံရေး၏ အခွင့်အရေး ဖန်တီး တည်ဆောက်မှုအပေါ် အကျိုးသက်ရောက်မှု၊ တစ်နည်းအားဖြင့် မကြာခဏ ဆိုသလို အခွင့်အရေး ရှိသူများအပေါ် ဆိုးကျိုးသဘောမျိုး သက်ရောက်မှု စသည်တို့ကို ဆန်းစစ်ခြင်း ပါဝင်သည်

(Short, 2007 တွင် ရှုပါ)။ ဤနည်းလမ်းကို လိုက်နာခြင်းဖြင့် လူ့အခွင့်အရေး၏ အခြေခံအုတ်မြစ်အား ရှုပ်ထွေး ထွေပြားသော စဉ်းစားတွေးခေါ်မှု သို့မဟုတ် ဆင်ခြင်ဉာဏ်ရှိသော ဇာတ်ကောင်များနှင့် ဒိဋ္ဌဓမ္မ ဥပဒေတို့၌ မဟုတ်ဘဲ လူသား၏ နေ့စဉ် လူမှုဖြစ်မှု (sociality) တွင် ခြေရာကောက်နိုင်ပါသည် (Wilson, 2006)။ (ကွင်းဆင်း သုတေသနပြု နည်းလမ်းနှင့် လွတ်မြောက်ရေး ယဉ်ကျေးမှု နည်းလမ်းနှစ်ခုစလုံးအပေါ် ဝေဖန်ချက်အား စာသေတ္တာ ၆.၇ တွင် ရှု။)

| **စာသေတ္တာ ၆.၆ ကွင်းဆင်းသုတေသနပြုနည်းလမ်း - အဓိက အစိတ်အပိုင်းများ** |
|---|
| ယဉ်ကျေးမှုနှင့် အခွင့်အရေးများအကြား ဆက်နွယ်မှုသည် လက်တွေ့အချက်အလက်များကို အခြေပြု၍ လေ့လာရမည့် ကိစ္စရပ်ဖြစ်သည်။<br>ဤချဉ်းကပ်နည်းသည် အရှိကို အရှိအတိုင်း ဖော်ပြပြီး လူ့အခွင့်အရေးများ၏ တစ်ကမ္ဘာလုံး အကျုံးဝင်မှုကို သွယ်ဝိုက်၍ပင် မထောက်ခံပေ။<br>ဤနည်းသည် လူ့အခွင့်အရေးများ အမှန်တကယ် မည်ကဲ့သို့ အလုပ်လုပ်ပုံ၊ မတူသော လူမှုအခြေအနေများ၌ မတူသော လူမှုဇာတ်ကောင်များအတွက် မည်သည့်အဓိပ္ပာယ်ရှိသည်ကို ရှာဖွေတွေ့ရှိရန် အားထုတ်သည်။<br><br>ဤနည်းသည် လူမှုဇာတ်ကောင်များသည် သတ်သတ်မှတ်မှတ် ရည်ရွယ်ချက်များကို အကောင်အထည် ဖော်ရာ၌ အခွင့်အရေးစကားကို မည်ကဲ့သို့ အသုံးပြုပုံကို မှတ်တမ်းတင်ရန် အားထုတ်သည်။<br><br>၎င်း၏ အဓိကရည်ရွယ်ချက်မှာ အခွင့်အရေးများ၏ လူမှုဘဝကို ကွင်းဆင်း သုတေသနပြု နည်းလမ်းဖြင့် လေ့လာ စူးစမ်းရန် ဖြစ်သည်။<br><br>လူ့အခွင့်အရေးများ၏ အခြေခံသည် တစ်ကမ္ဘာလုံးအကျုံးဝင်သော ကျင့်ဝတ်အမှန်တရား တစ်ခုမဟုတ်ဘဲ လူသားများ၏ လူမှုလုပ်ငန်းဆောင်တာသာ ဖြစ်သည်။ |

| **စာသေတ္တာ ၆.၇ တခြားသော အမြင်ရှုထောင့်များ - နည်းလမ်းပေါင်းစုံ မနုဿဗေဒဟု ခေါ်ရမည်လား။** |
|---|
| ၁။ မတ်ဂူးဒေးလ် (Mark Goodale, 2006b, 2008) သည် ကွင်းဆင်း သုတေသနပြု နည်းလမ်းသာမက လွတ်မြောက်ရေး ယဉ်ကျေးမှုနိုင်ငံရေး နည်းလမ်းကိုပါ ဝေဖန်ထားသော ဩဇာလွှမ်းမိုးမှု ရှိသည့် ငြင်းခုံချက်တစ်ခုကို တင်ပြခဲ့ပြီး လေ့လာရမည့် အကြောင်းအရာသည် လူ့အခွင့်အရေးများထက် အနည်းငယ် ဘောင်ကျယ်ပြီး၊ သို့သော်လည်း လူ့အခွင့်အရေးများ နစ်ဝင်နေသည့် စံနှုန်းဖြစ်စဉ်များဟု ငြင်းခုံခဲ့သည် (Goodale, 2006b)။ ကျင့်ဝတ်သီအိုရီအား လူမှုလက်တွေ့ ကျင့်သုံးမှုအဖြစ် ဤကဲ့သို့ လေ့လာခြင်းတွင် မနုဿဗေဒ ပညာရှင်များ လူမှုဇာတ်ကောင်များ၊ ဖြစ်စဉ်များနှင့် ကွင်းဆင်း သုတေသနပြု နည်းလမ်းဖြင့် ထိတွေ့ဆက်ဆံပြီး ထိုသို့ပြုလုပ်ခြင်းမှတဆင့် အခြားသော စံနှုန်းဆိုင်ရာ အခြင်းအရာများကို တွေ့ရှိခြင်းတို့ ပါဝင်သည်။<br><br>၂။ ဤနည်းလမ်းတွင် မနုဿဗေဒ ပညာရှင်များသည် လူ့အခွင့်အရေးများအား အဓိပ္ပာယ် ဖွင့်ဆိုမှု၊ ထပ်ဆင့် အဓိပ္ပာယ် ဖွင့်ဆိုမှုတို့မှတဆင့် နားလည်သဘောပေါက်ရန် ကြိုးပမ်းလျက် လူမှုဇာတ်ကောင်များ နှင့်အတူ |

ပူးတွဲသီအိုရီ ဖော်ထုတ်ခြင်းကို လုပ်ဆောင်သည် (Goodale, 2006b)။

၃။ လူမှုဇာတ်ကောင်များနှင့် ဤကဲ့သို့ ထိတွေ့ဆက်ဆံခြင်းသည် ဂူးဒေးလ်၏ နည်းလမ်းအား ပုံမှန် ကွင်းဆင်း သုတေသနပြု နည်းလမ်းများမှ ခွဲထွက်စေသည်။ သူ၏အမြင်တွင် ဤသို့ခွဲထွက်ရန် လိုအပ်ခြင်းမှာ (မနုသဗေဒ ပညာရှင်များ အပါအဝင်) လူမှုဇာတ်ကောင်များသည် လူ့အခွင့်အရေးများနှင့် ပတ်သက်၍ သဘောတရားပိုင်းအရ စဉ်းစားတွေးခေါ်ရန် လိုအပ်ခြင်းနှင့် လူ့အခွင့်အရေး ပြောဆိုရေးသားချက်များသည် လူမှုဇာတ်ကောင်များအား နိုင်ငံတကာ လူ့အခွင့်အရေးစနစ်များနှင့် ချိတ်ဆက် ပေးသည်ဆိုသော အချက်တို့ကြောင့် ဖြစ်သည်။ အဆိုပါ နိုင်ငံတကာ စနစ်များ၏ ဘောင်နယ်နိမိတ်နှင့် အဓိပ္ပာယ်တို့ကို ကွင်းဆင်း သုတေသနပြု နည်းလမ်းဖြင့် တစ်စိတ်တစ်ဒေသ အားဖြင့်သာ လေ့လာနိုင်သည် (Goodale, 2006a, p.5)။

၄။ ဂူးဒေးလ် (Goodale, 2006a) က ဤကဲ့သို့ ချဉ်းကပ်နည်းသည် ခြုံ၍ပြောရလျှင် လူ့အခွင့်အရေး လေ့လာရေး နည်းပေါင်းစုံ မနုသဗေဒ ဖြစ်သည်ဟု ဆိုသည် (Goodale, 2006a)။ ၎င်းသည် မျက်မှောက်ခေတ် လူ့အခွင့်အရေးစနစ်များကို အခြေခံကျကျ ဝေဖန်ပြီး တချိန်တည်းတွင် ထိုစနစ်များအပေါ် နိုင်ငံရေးအရ၊ ကျင့်ဝတ်အရ ကတိကဝတ်ထားသည့် သုတေသနများကို လက်ခံ၊ အားပေးသည်။

၅။ လူ့အခွင့်အရေး လေ့လာရေး နည်းလမ်းစုံ မနုဿဗေဒသည် မျက်မှောက်ခေတ် လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးမှုအား ကိုယ်စားပြုသော ဗဟုဖြစ်မှု (pluralism) ကို ပိုမိုနားလည်သဘောပေါက်ရန် မိမိနယ်ပယ်အတွင်းရှိ ပညာရပ်ဆိုင်ရာ နည်းလမ်းစုံလင်မှု (epistemological pluralism) ကို အသုံးပြုသည် (Goodale, 2006a)။ ဤနည်းလမ်းသည် လူ့အခွင့်အရေး လေ့လာရေး မနုသဗေဒအား ယခင် ရှိနှင့်ခဲ့သည်ထက် ပို၍ ရှေ့ရောက်စေရန် ရည်ရွယ်သည်။ သို့နှင့်တိုင် မကြာသေးခင်က ထွက်ပေါ်လာခဲ့သည် သုတေသန အတော်များများသည် မနုသဗေဒ နယ်ပယ် လူ့အခွင့်ရေး ချဉ်းကပ်နည်း၏ ခက်မ နှစ်ခုဖြစ်သော လွတ်မြောက်ရေး ယဉ်ကျေးမှု နိုင်ငံရေး နည်းလမ်းနှင့် ကွင်းဆင်း သုတေသနပြု နည်းလမ်းအတွင်း ကျရောက်သည်ဟု ဆိုနိုင်ပါသည်။

**အနှစ်ချုပ်**

၁၉၄၇ AAA ၏ ထုတ်ပြန်ချက်သည် မနုသဗေဒ နယ်ပယ်၏ သိပ္ပံနည်းကျ၊ လက်တွေ့ အချက်အလက် အခြေပြု နည်းလမ်းအပေါ် အခြေခံ၍ ကန့်ကွက်ချက်များ ထုတ်ပြန်ခဲ့သည်၊ ဤအချက်က လူ့အခွင့်အရေးနှင့် ထိတွေ့ဆက်ဆံမှုအား အချိန်အတော်ကြာအောင် ပိတ်ဆို့ထားခဲ့သည်။

အချိန်ကြာလာသည်နှင့် ဓမ္မဓိဋ္ဌာန်ကျကျ ဥပေက္ခာပြုမှုမှသည် ထဲထဲဝင်ဝင် ပတ်သက်မှုနှင့် ကိုယ်ချင်းစာ နားလည်မှုသို့ ပြောင်းလဲလာခဲ့ပြီး ၎င်းသည် သုတေသနပြုခံသူများ ကိုယ်စား တက်ကြွလှုပ်ရှားမှုကို ဦးတည်သွားခဲ့သည်။
လူ့အခွင့်အရေးများအား ခြိမ်းခြောက်ခံနေရသည့် လူမျိုးများ၊ ယဉ်ကျေးမှုများထံ ကျင့်ဝတ်အရ ကတိကဝတ် ပြုရန်အတွက် အသုံးဝင်သော တန်ဆာပလာ တစ်ခုအဖြစ် ရှုမြင်သော လွတ်မြောက်ရေး ယဉ်ကျေးမှု နိုင်ငံရေး

နည်းလမ်းခွဲတစ်ခု ပေါ်ထွက်လာခဲ့သည်။

ထို့နောက် အခွင့်အရေးများ၏ လူမှုဘဝ၊ အဓိပ္ပာယ်နှင့် အသုံးပြုပုံတို့အား စနစ်သွင်းထားသော ပါဝါ၏ သမိုင်းကြောင်းအရ ရှိလာခဲ့သော ဘောင်အကန့်အသတ်အတွင်း လှုပ်ရှားနေကြသော လူမှုဇာတ်ကောင်များ၏ လုပ်ရပ်များ၊ ရည်ရွယ်ချက်များအရ လေ့လာသည့် ကွင်းဆင်း သုတေသနပြု နည်းလမ်းခွဲ တစ်ခု ထွက်ပေါ်လာခဲ့သည်။

၂၀၀၆ ခုနှစ်တွင် နည်းလမ်းစုံ လူ့အခွင့်အရေး မနုဿဗေဒ၊ တစ်နည်း မျက်မှောက်ခေတ် လူ့အခွင့်အရေး စနစ်များကို အခြေခံကျကျ ဝေဖန်ပြီး တချိန်တည်းတွင် ထိုစနစ်များအပေါ် နိုင်ငံရေးအရ၊ ကျင့်ဝတ်အရ ကတိကဝတ် ထားသည့် သုတေသနများကို လက်ခံ၊ အားပေးသည့် မနုဿဗေဒဖြင့် လူ့အခွင့်အရေး မနုဿဗေဒအား အသစ်ပုံဖော်ရန် အားထုတ်သည့် အရေးကြီးသော ငြင်းခုံချက်တစ်ရပ် ပေါ်ထွက်လာ ခဲ့သည်။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**
လူ့အခွင့်အရေးများအား လေ့လာကြည့်ရှုခြင်း၊ တင်ပြခြင်းထက် ကျော်လွန်သော မနုဿဗေဒ စိတ်ဖြာ လေ့လာချက် တစ်ရပ်အတွက် ကျင့်ဝတ်ပိုင်း ဆိုင်ရာ အကြောင်းအရင်းများမှာ မည်သည်တို့နည်း။ ထိုကဲ့သို့သော လေ့လာချဉ်းကပ်နည်း၏ ကောင်းကျိုး၊ ဆိုးကျိုးများမှာ မည်သည်တို့နည်း၊ သင်ကိုယ်တိုင် လေ့လာလျှင် ထိုကောင်းကျိုး၊ ဆိုးကျိုးများကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းမည်နည်း။

## နယ်ပယ်နှစ်ခုအကြား တူညီချက် - အခွင့်အရေးများအား လူမှုသဘောအရ ဖန်တီး တည်ဆောက်ခြင်း

ကျွန်ုပ်တို့ တွေ့ခဲ့ပြီးသည့်အတိုင်း လူ့အခွင့်အရေးများအပေါ် ကနဦး သံသယဖြစ်မှု ရှိခဲ့ပြီး၊ ယင်း၏ အကျိုးဆက်အဖြစ် လူ့အခွင့်အရေး အယူအဆကို လေ့လာရန် တွန့်ဆုတ်နေခဲ့စေကာမူ ယခုအချိန်၌ အခွင့်အရေးများ၏ လူမှုဘဝကို လေ့လာသည့် သုတေသနများသည် လူမှုဗေဒ နယ်ပယ်မှသာမက မနုဿဗေဒ နယ်ပယ်မှပါ ထွက်ပေါ်လာနေကြပေပြီ။ သို့ရာတွင် လူမှုဗေဒ နယ်ပယ်၌ လေ့လာမှုသည် လူသား ဖြစ်တည်မှု (human ontology)၊ အရင်းရှင်စနစ် ထုတ်လုပ်မှု နည်းလမ်း သို့မဟုတ် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် အလားတူ သဘောတူညီချက်များ ဖန်တီး တည်ဆောက်ရာ၌ နိုင်ငံတကာ အင်အားပြိုင် နိုင်ငံရေး၏ အခန်းကဏ္ဍ စသည်တို့အကြောင်း စနစ်လုံး လွှမ်းခြုံသော ယေဘုယျ လေ့လာမှတ်သားမှုဖြင့် စတင်လေ့ရှိသည်။ ၎င်းနှင့် ဆန့်ကျင်၍ မနုဿဗေဒ နယ်ပယ်သည် များသောအားဖြင့် ပို၍ဘောင်ကျဉ်းသော ကွင်းဆင်း သုတေသနပြု နည်းလမ်းဖြင့် အစပြုလေ့ရှိပြီး ထို့နောက်တွင်မှ စနစ်သွင်း တည်ဆောက်ထားသော ပါဝါ (institutionalized power) ကဲ့သို့ ပိုမို၍ ကျယ်ပြောသော လူမှုဗေဒ ဆိုင်ရာ ပြဿနာများကို မီးမောင်းထိုးပြရန် နောက်ခံ လူမှုစနစ် ဆိုင်ရာ အသိအမြင်များကို တိုင်တည် ဖော်ပြလေ့ရှိသည် (Wilson, 1997 တွင် ရှုပါ)။ နယ်ပယ် နှစ်ခုသည် လူ့အခွင့်အရေး လေ့လာရာ၌ မတူသော စမှတ်များ ရှိစေကာမူ အရေးပါသော ဘုံအမြင် ရှုထောင့် ရှိကြသည်။ ၎င်းကို လူ့အခွင့်အရေးဆိုင်ရာ လူမှု ဖန်တီး တည်ဆောက်ခြင်း

အမြင်ဟု ခေါ်နိုင်မည် ထင်သည်။ ဤသည်မှာ လူ့အခွင့်အရေးများသည် သူ့အလိုလို တည်ရှိနေသော အရာများ မဟုတ်ဘဲ အားနည်းချက်များ၊ မညီမျှမှုများ ရှိသော လူသားများ၏ လူမှု ကူးလူးဆက်ဆံမှု၏ ရလဒ် ထွက်ကုန်များ ဖြစ်ကြောင်း ပြသသည့် အမြင်ဖြစ်သည် (စာသေတ္တာ ၆.၈ တွင် ရှုပါ)။ ထို့ကြောင့် ပညာရပ်ဆိုင်ရာ ဘုံသင်ခန်းစာမှာ ယခုဖော်ပြပါ ကူးလူးဆက်ဆံမှုများမှ ထွက်ပေါ်လာသည့် အခွင့်အရေးများသည် အခွင့်အရေး ရပိုင်ခွင့် ရှိသူများအတွက် မလွဲမသွေ အကျိုးကျေးဇူး ရှိလိမ့်မည်ဟု မယူဆရန် ဖြစ်သည်။

| **စာသေတ္တာ ၆.၈ နယ်ပယ်နှစ်ခုအကြား တူညီချက် - အခွင့်အရေးများအား လူမှုသဘောအရ ဖန်တီးတည်ဆောက်ခြင်း** |
|---|
| နယ်ပယ်နှစ်ခုသည် လူ့အခွင့်အရေး လေ့လာရာ၌ စမှတ် မတူကြပေ၊ သို့သော်လည်း လူ့အခွင့်အရေး များသည် လူမှုသဘောအရ ဖန်တီး တည်ဆောက်ထားခြင်း ဖြစ်သည် ဟူသော အမြင်ရှိခြင်းတွင် တူညီကြသည်။<br>ဤချဉ်းကပ်နည်းက လူ့အခွင့်အရေးများသည် သူ့အလိုလို တည်ရှိနေသော အရာများ မဟုတ်ဘဲ အားနည်းချက်များ၊ မညီမျှမှုများ ရှိသော လူသားများ၏ လူမှုကူးလူးဆက်ဆံမှု၏ ရလဒ် ထွက်ကုန်များ ဖြစ်သည်ကို ပြသသည်။<br>ပညာရပ်ဆိုင်ရာ ဘုံသင်ခန်းစာမှာ အခွင့်အရေးများသည် အခွင့်အရေး ရပိုင်ခွင့်ရှိသူများ အတွက် မလွဲမသွေ အကျိုးကျေးဇူး ရှိလိမ့်မည်ဟု မယူဆရန် ဖြစ်သည်။<br>အခွင့်အရေးများ၏ ဖန်တီးတည်ဆောက်ခြင်းကိုရော လက်တွေ့လုပ်ဆောင်ပုံကိုပါ အထူးဂရုပြု၍ လေ့လာဆန်းစစ်သင့်သည်။<br>ယခုဖော်ပြပါ လေ့လာ မှတ်သားချက်များအား ဩစတြေးလျ နိုင်ငံရှိ မူလ အခြေချ နေထိုင်သော လူမျိုးများ အကြောင်း သုတေသနများက မီးမောင်းထိုးပြထားသည်။ |

ဤအချက်အား ဩစတြေးလျနိုင်ငံရှိ မူလ အခြေချ နေထိုင်သောလူမျိုးများ၏ မြေယာ အခွင့်အရေးများ အကြောင်း လတ်တလော သုတေသနပြုချက်များက အထင်အရှား ဖော်ပြနေကြသည် (Short, 2007, 2008 တွင် ရှုပါ)။ ဤအကြောင်းကို နောက်ပိုင်းတွင် ဆက်လက်ဆွေးနွေးပါမည်။ မူလ အခြေချ နေထိုင်သော လူမျိုးများ၏ အခွင့်အရေး လေ့လာချက်သည် နယ်ပယ် နှစ်ခုက ပေးစွမ်းနိုင်သော အပြန်အလှန် အထောက်အကူ ပြုသော အသိအမြင်များကို ဖော်ပြသည့် အမှန်တကယ် ကောင်းမွန်သည့် နမူနာ တစ်ခုပင် ဖြစ်သည်။ မနုဿဗေဒ နယ်ပယ်၏ အနောက်တိုင်း မဟုတ်သော ယဉ်ကျေးမှုများ အကြောင်း စိတ်ဝင်စားမှုနှင့် ခိုင်မာ အားကောင်းသော ကွင်းဆင်း သုတေသနပြု နည်းနာသည် လူမှုဗေဒ၏ စနစ်လုံးလွှမ်းခြုံ နားလည် သဘောပေါက်မှုနှင့် ပေါင်းစပ်လိုက်သည့်အခါ ဤအခွင့်အရေးများ၏ လူမှုဘဝ အကြောင်း ပိုမို၍ အပြည့်အဝ နားလည်သဘောပေါက်ရန် အထောက်အကူပြုနိုင်သည်။

ကျွန်ုပ်တို့ တွေ့ခဲ့ပြီးသည့်အတိုင်း လူမှုဗေဒ နယ်ပယ်သည် လူ့အခွင့်အရေးများကို လေ့လာရာ၌ နှေးကွေး နေခဲ့ပြီး မူလအခြေချ နေထိုင်သူများ၏ အခွင့်အရေးများကဲ့သို့ သီးခြားကိစ္စမျိုးကို လေ့လာရာ၌ ပို၍ပင် နှေးကွေးခဲ့သည်။ သမိုင်းပညာရှင်များ၊ မနုဿဗေဒ ပညာရှင်များ (ဤနယ်ပယ်၏ အနောက်တိုင်း မဟုတ်သော ယဉ်ကျေးမှုများအပေါ် စိတ်ဝင်စားမှုကို ထောက်လျှင် အံ့ဩစရာ မဟုတ်ပေ)နှင့် နိုင်ငံရေး၊

ဥပဒေ သီအိုရီ ဆရာများသည် မူလအခြေချ နေထိုင်သော လူမျိုးများနှင့် ၎င်းတို့၏ အခွင့်အရေးများ အကြောင်း ရေးသားချက်များ၊ အရေးပါသော သုတေသနများ ပြုလုပ်ခဲ့ကြသည် (ဤအကြောင်းကို အခန်း ၁၉ တွင် ရှုပါ)။ သို့ရာတွင် လူ့အခွင့်အရေးပညာရှင် အနည်းငယ်ခန့်ကသာ ယခုအခါတွင် တစ်ကမ္ဘာလုံးအထိ ကျယ်ပြန့်လာသော ဤခေါင်းစဉ်အပေါ် စိတ်ပါဝင်စားမှု ပြသခဲ့ကြသည် (Samson and Short, 2006 တွင် ရှုပါ)။ စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်း၏ ပုံစံ တစ်ခုတည်းသို့ သွပ်သွင်းသော တွန်းအားများနှင့် အင်အားကြီး အမျိုးသား နိုင်ငံတော်များကို ရင်ဆိုင်နေရသည့် အခြေအနေတွင် နိုင်ငံတကာ အရင်းရှင်စနစ်က ထုတ်လုပ်ပေးသော ကြွယ်ဝမှုသည် ဂေဟစနစ် (အခန်း ၂၃ တွင် ရှု) နှင့် ဘဝနေထိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်အပေါ် အမှီသဟည်းပြုရသော အုပ်စုငယ် လူမျိုးများ၏ ယဉ်ကျေးမှု ရှင်သန်ရေးအား ဖျက်ဆီးလျက်ရှိသည် (Samson and Short, 2006)။ ယခုအချိန်အထိ သီးခြားစီ လှုပ်ရှားနေကြသော မူလအခြေချ နေထိုင်သူ လူမျိုးအုပ်စုများ၏ နိုင်ငံတကာ တက်ကြွလှုပ်ရှားမှုသည် အထက်ဖော်ပြပါ ပုံစံတစ်ခုတည်းသို့ သွပ်သွင်းသော တွန်းအားများအား တုံ့ပြန်သည့်အနေဖြင့် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။ ယခုအခါတွင် ဝီရာဂျူရီ (Wirajura)၊ ငူနာဝေါ (Ngunnawall)၊ နာဟူတာ (Nahuatl)၊ အိုဂီယက် (Ogiek)၊ ဘလက်ဖုး (Blackfoot)၊ တူဝါရက် (Tuareg) နှင့် အီနူ (Innu) လူမျိုးများကဲ့သို့ မူလအခြေချ နေထိုင်သော လူမျိုးများသည် ကုလသမဂ္ဂ စနစ်မှတဆင့် ၎င်းတို့၏အခွင့်အရေးများ ဖန်တီး တည်ဆောက်ခြင်းတွင် ထဲထဲဝင်ဝင် ပါဝင်လှုပ်ရှားနေကြပြီ ဖြစ်သည် (Samson and Short, 2006)။ ကုလသမဂ္ဂ စနစ်မှတဆင့် ဤကဲ့သို့ ကြိုးပမ်း ဆောင်ရွက်ခြင်းသည် ကမ္ဘာတစ်ဝှမ်းလုံး၌ မူလအခြေချနေထိုင်သော လူမျိုးများ တွေ့ကြုံခံစားရသော ဆိုးရွားသည့် လူမှုရေးနှင့် နိုင်ငံရေး အားနည်းချက်နှင့် ၎င်းတို့နေထိုင်ရာ နိုင်ငံမှ နိုင်ငံတော်ကပေးသည် အခွင့်အရေးများအပေါ် စိတ်ပျက်မှုမှတဆင့် ပေါက်ဖွားလာသည်။

ဤကဲ့သို့ ပြည်တွင်း အခွင့်အရေး စနစ် တစ်ခုမှာ သြစတြေးလျ နိုင်ငံတွင် တည်ရှိလာခဲ့သော မူလပိုင်ဆိုင်မှု (title) ဟုခေါ်သော မြေယာပိုင်ဆိုင်မှု အခွင့်အရေးများ ဖြစ်သည်။ လတ်တလော သုတေသနများက (Short, 2007, 2008 တို့တွင် ရှုပါ) သြစတြေးလျ နိုင်ငံ၌ မူလအခြေချ နေထိုင်သော လူမျိုးများနှင့် သက်ဆိုင်သည့် နိုင်ငံတကာ လူ့အခွင့်အရေးများ စနစ်သွင်းမှုအား အခြေချ နေထိုင်သော ကိုလိုနီနိုင်ငံ တစ်နိုင်ငံ၏ လူမှုရေးနှင့် နိုင်ငံရေး စနစ် အဆောက်အဦအတွင်း နိုင်ငံရေး အကျိုးစီးပွား အုပ်စုများအကြား အာဏာ ထိန်းညှိမှု၏ ရလဒ်အဖြစ် လူ့မှုဗေဒ ရှုထောင့်မှ နားလည် သဘောပေါက်လျှင် အကောင်းဆုံး ဖြစ်သည်ဟု ပြသထားသည်။ ၁၉၉၂ ခုနှစ်တွင် သြစတြေးလျနိုင်ငံ တရားရုံးချုပ်သည် မူလ အခြေချ နေထိုင်သော လူမျိုးများ၏ မြေယာ အခွင့်အရေးများကို ငြင်းဆန်ခြင်းသည် မျက်မှောက်ခေတ် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများအရ၊ အထူးသဖြင့် လူမျိုးများ တန်းတူရေး မူအရ တရားမျှတမှု မရှိဟု မာဘို (Mabo) အမှု၌ ဆုံးဖြတ်ခဲ့သည်။ လူမှုဗေဒ ပညာရှင် ဘရိုင်ယန်တန်နာ၏ စကားရပ်ဖြင့်ဆိုရလျှင် ရုံးတော်သည် မြေယာ ဆုံးရှုံးခဲ့ကြသည့် မူလအခြေချ နေထိုင်သော လူမျိုးများ၏ အားနည်းချက်ကို သတိပြုမိခဲ့ပြီး လူမျိုးရေး ခွဲခြားဆက်ဆံမှုကို တားမြစ်သည့် နိုင်ငံတကာ ကျင့်ဝတ်စည်းကမ်းကို ချိုးဖောက်ခြင်းဖြင့် သူတို့၏ အခြေအနေကို ပို၍ ဆိုးရွားသွားအောင် မလုပ်ခဲ့ချေ။ သို့နှင့်တိုင် ဤမှတ်တမ်းတင် အမှုအား အစိုးရဘက်မှ တုံ့ပြန် ဆောင်ရွက်သည့်အခါ အားနည်းသော မူလအခြေချ နေထိုင်သော လူမျိုးများ၏ အကျိုးစီပွားကို လျစ်လျူရှုပြီး အင်အားကြီး စီးပွားရေး လုပ်ငန်းများ၏ အကျိုးစီးပွားကိုသာ မျက်နှာသာ ပေးခဲ့သည်။ အသားတင် ရလဒ်မှာ

စိုက်ပျိုးရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဟူသော မျက်နှာဖုံးအောက်တွင် မူလအခြေချ နေထိုင်သော လူမျိုးများ၏ အခွင့်အရေးများကို ကန့်သတ်သည့် ဥပဒေများ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဖရီးမန်း (Freeman, 2002, p.85) သတိပေးခဲ့သည့်အတိုင်း 'လူ့အခွင့်အရေးများကို စနစ်သွင်းခြင်း၏ ရလဒ်မှာ ၎င်းတို့အား ပိုမို၍ ခိုင်မာစွာ အကာအကွယ်ပေးခြင်း မဟုတ်ဘဲ ရှိရင်းစွဲ ပါဝါစနစ်အား မခြိမ်းခြောက်သည့် ပုံစံဖြင့် အကာအကွယ် ပေးခြင်းမျိုးသာ ဖြစ်ကောင်း ဖြစ်နိုင်သည်။' ဖရီးမန်း၏ သုတေသနသည် မူလအခြေချ နေထိုင်သော လူမျိုးများ၏ မြေယာအခွင့်အရေး အခြေအနေအား ဝီလ်ဆင် (Wilson, 2001, p.xvii) ထောက်ပြသကဲ့သို့ အခွင့်အရေးများသည် 'ကောင်းသောအရာ' အဖြစ် အမြဲတမ်း ပုံစံပေါက်နေသည့် တရားဝင်၊ ဥပဒေကဏ္ဍ ဘောင်များကို ကျော်လွန်၍ လေ့လာဆန်းစစ်ခဲ့သည်။ အဆိုပါ အမြင်များနှင့် ဆန့်ကျင်၍ ဤသုတေသန၏ လူမှုဖန်တီး တည်ဆောက်မှု (social constructionist) ချဉ်းကပ်နည်းသည် မူလပိုင်ဆိုင်မှု မြေယာအခွင့်အရေးများအား စနစ်သွင်းခြင်းသည် မည်သို့မည်ပုံ ကိုလိုနီ စနစ် အဆောက်အဦ၏ ချည်နှောင်မှုခံရသော၊ ပါဝါ၊ အီလစ်များ၊ အခွင့်ထူး၊ ပါဝင်ပတ်သတ်သော လူမှုဇာတ်ကောင်များ၏ လုပ်ရပ်၊ ရည်ရွယ်ချက်နှင့် အကျိုးစီးပွားများနှင့် အတွင်းကျကျ ချိတ်ဆက်နေသော လူမှုဖြစ်စဉ်တစ်ခု ဖြစ်ပုံကို ပြသခဲ့သည်။ သုတေသနသည် မူလပိုင်ဆိုင်မှု အခွင့်အရေးများအား စနစ်သွင်းမှုကို မူလအခြေချနေထိုင်သော လူမျိုးများနှင့် အင်အားကြီး စီးပွားရေး လော်ဘီအုပ်စုများအကြား သယံဇာတ ထိန်းချုပ်ရေး နိုင်ငံရေးစစ်ပွဲများကို နောက်ခံထားပြီး လေ့လာတင်ပြခဲ့သည်။ ၎င်းသည် အကျပ်အတည်း ဖြစ်နေကြောင်း ပြောဆို ရေးသားချက်များနှင့် စက်မှုလုပ်ငန်း၏ မသေချာ မရေရာမှု တို့ကို ဖန်တီးခြင်း၊ အခြေအမြစ် မရှိသော လူထု အကြောက်တရားကို ရည်ရွယ်ချက်ရှိရှိ ဖန်တီး ထုတ်လုပ်ခြင်း တို့မှတဆင့် စီးပွားရေး လော်ဘီအုပ်စုများနှင့် သူတို့၏ နိုင်ငံရေးကဏ္ဍ၊ မီဒီယာကဏ္ဍမှ ထောက်ခံသူများသည် မူလအခြေချ နေထိုင်သော လူမျိုးများ၏ မြေယာအခွင့်အရေးကို ဆိုးရွားစွာ ကန့်သတ်ရန် ဩစတြေးလျအစိုးရကို အောင်မြင်စွာ ဖိအားပေးနိုင်ခဲ့ကြောင်း ပြသခဲ့သည် (Short, 2007, 2008 တို့ကို ရှုပါ)။

အချုပ်ဆိုရသော် အကျိုးဖြစ်စေမည်ဟု ထင်ရသော မူလအခြေချ နေထိုင်သူများအတွက် မြေယာ အခွင့်အရေးများမှာ တကယ်တမ်းတွင် ရှိရင်းစွဲ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး မညီမျှမှုများကို ဆက်လက် ထိန်းထားရန်နှင့် ကိုလိုနီအခြေအနေကို သက်ဆိုးရှည်စေရန် ဖန်တီးတည်ဆောက်ထားခြင်း ဖြစ်ကြောင်း ဤသုတေသနက ပြသခဲ့သည်။ ဤသို့ဆိုလျှင် အခြေချနိုင်ငံ ပေးထားသည့် မူလအခြေချ နေထိုင်သူများအတွက် အခွင့်အရေးများနှင့် စံနှုန်းပေတံဖြစ်သော မူလအခြေချနေထိုင်သော လူမျိုးများ ဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက် (ကြေညာချက်ဟု နောက်ပိုင်းတွင် ဆက်လက် သုံးစွဲပါမည်) တို့အကြား ကွာဟမှုကို မီးမောင်းထိုးပြခဲ့သည်။ အမှန်တကယ်တွင်လည်း ဩစတြေးလျနိုင်ငံရှိ မူလအခြေချ နေထိုင်သော လူမျိုးများဆိုင်ရာ အခွင့်အရေးများအကြောင်း အငြင်းအခုံသည် တန်နာနှင့် ရိုယက် (Turner and Rojeck, 2001, p.127) တို့စကားကိုယူ၍ ပြောရလျှင် 'နိုင်ငံအဆင့် အခွင့်အရေးစနစ်များနှင့် နိုင်ငံတကာ လူ့အခွင့်အရေးများအကြား မကြာခဏ ဖြစ်ပွားလေ့ရှိသော တင်းမာမှု' သာဓက တစ်ခုဖြစ်သည်။ ဤနေရာ၌ မူလအခြေချနေထိုင်သော လူမျိုးများဆိုင်ရာ အခွင့်အရေးများ၏ စံနှုန်းပေတံဖြစ်သော UDHR သည်ပင် လူမှုသဘောအရ ဖန်တီးတည်ဆောက်ထားခြင်း ဖြစ်သည်ကို ဖော်ပြသင့်သည်။ သို့သော် ကြေညာချက်နှင့် နိုင်ငံများက ပေးသော မူလအခြေချ နေထိုင်သော လူမျိုးများဆိုင်ရာ အခွင့်အရေးများ အကြား ထူးခြားသော

ခြားနားချက်မှာ ကုလသမဂ္ဂ၌ နိုင်ငံများနှင့် မူလအခြေချ နေထိုင်သော လူမျိုးများအကြား အာဏာပါဝါအရ မတူညီမှုများစွာ ရှိသော်လည်း မူလအခြေချ နေထိုင်သော လူမျိုးများသည် ကြေညာချက်ကို ဖန်တီးရေးသားရာတွင် အဓိက အင်အားစု တစ်ရပ် ဖြစ်ခဲ့ခြင်း ဖြစ်သည် (Niezen, 2003; Morgan, 2004 တွင် ရှုပါ)။ ထို့ကြောင့် နိုင်ငံတကာ မူလအခြေချ နေထိုင်သော လူမျိုးများ၏ လှုပ်ရှားမှုသည် မူလအခြေချ နေထိုင်သော လူမျိုးများဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက်အား ၎င်းတို့အတွက် အခြေချ နေထိုင်သော နိုင်ငံများက သတ်မှတ်ပေးသည့် အခွင့်အရေးများထက် ပို၍ တရားမျှတသည်ဟု ရှုမြင် ကြသည်။ ဤအမြင်အား အခွင့်အရေး ဆုံးရှုံးသွားသော လူမျိုးများ၊ နိုင်ငံများ (nations) အတွက် ပြန်လည် ကုစားပေးသော နိုင်ငံရေး အခွင့်အရေးအဖြစ် မှတ်ယူသော ကိုယ်ပိုင်ပြဋ္ဌာန်းရေးအား ကြေညာချက်၌ ထည့်သွင်း ထားခြင်းအပေါ် အခြေခံထားသည်။ အဆိုပါ နိုင်ငံရေး အခွင့်အရေးသည် ကိုလိုနီ ကျွန်ပြုထားသော အမျိုးသား နိုင်ငံတော်များက သတ်မှတ်ပေးထားသည့် အကန့်အသတ်ဖြင့်ရှိသော မြေယာများတွင် နေထိုင်စားသောက်ခွင့်၊ နိုင်ငံသား အခွင့်အရေးများနှင့် မတူချေ။ ဤနေရာ၌ ကိုယ်ပိုင် ပြဋ္ဌာန်းရေးသည် အဓိပ္ပာယ် အကျယ်ဖွင့်ရလျှင် နိုင်ငံရေး လွတ်လပ်ခွင့်၊ နိုင်ငံရေး ဖြစ်တည်မှု (political status) ဆုံးဖြတ်နိုင်သော လွတ်လပ်မှု၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လွတ်လပ်စွာ လုပ်ဆောင်နိုင်ခွင့်တို့ကို ဆိုလိုသည်။ အကျိုးဆက်မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ကိုလိုနီ စနစ်ကြောင့် အခွင့်အရေး ဆုံးရှုံးမှုနှင့် ယင်း၏ အကျိုးဆက်ဖြစ်သော မူလအခြေချ နေထိုင်သော လူမျိုးများ၏ နိုင်ငံရေး၊ လူမှုရေး တဆင့်နိမ့် ခံရမှုတို့ကို တုံ့ပြန်ဖြေရှင်းရာ၌ အဓိကကျသည်ဟု ရှုမြင်ကြသည်။ မူလအခြေချ နေထိုင်သော လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တောင်းဆိုမှုက ၎င်းတို့သည် ယခင်က ကိုယ်ပိုင်အုပ်ချုပ်သော နိုင်ငံရေး အစုအဖွဲ့များ သို့မဟုတ် အချုပ်အခြာ အာဏာပိုင် လူမျိုးများ (nations) ဖြစ်ခဲ့ကြသည် ဟူသော အချက်မှ ဆင်းသက်သည်၊ ကိုလိုနီစနစ် ရှိခဲ့လင့်ကစား ၎င်းတို့သည် ထိုကဲ့သို့ ရှိနေကြသေးသည်ဟုလည်း အခိုင်အမာ ဆိုကြသည် (Short, 2008 တွင် ရှု)။

မှတ်သားစရာဖြစ်သော လတ်တလော ဖြစ်ပေါ်တိုးတက်မှုတစ်ခုမှာ လူမှုဗေဒ ပညာရှင်များနှင့် မနုဿဗေဒ ပညာရှင်များသည် ကမ္ဘာတစ်ဝန်းလုံး၌ ခေတ်စားနေသော အန္တရာယ်ကြီးမားသည့် သယံဇာတ တူးဖော်ရေး နည်းပညာသစ်နှင့် ဆက်စပ် ဖြစ်ပွားလျက်ရှိသည့် လူမှုရေး၊ သဘာဝပတ်ဝန်းကျင် ဆိုးကျိုးများနှင့် အခွင့်အရေး ချိုးဖောက်မှုများဘက်သို့ အာရုံပြောင်းပြီး လေ့လာစူးစမ်း လာခဲ့ကြသည်။ အမှန်တကယ်တွင်လည်း ကျွန်ုပ်တို့၏ ကြီးထွားမှုက မောင်းနှင်သည့် စီးပွားရေး စနစ်ကြီးတွင် မိရိုးဖလာ သယံဇာတ လက်ကျန်များ ရှားပါးလာပြီး စွမ်းအင်လိုအပ်မှုများ မြင့်တက်လာသည်နှင့်အမျှ စွမ်းအင်ရင်းမြစ် အသစ်အဆန်းများကို ထုတ်ယူရန် ဖိအားသည် ပို၍ ကြီးထွားလာခဲ့သည်။ အလွယ်တကူ ထုတ်ယူနိုင်သော စွမ်းအင်ရင်းမြစ်များ ကုန်ခန်းလာသည်နှင့် အမျှ သမားရိုးကျ စွမ်းအင်လုပ်ငန်းများသည် အန္တရာယ်များသော၊ အသစ်တဖန် မဖြစ်ထွန်းနိုင်သော (non-renewable) သယံဇာတ ထုတ်လုပ်ရေး နည်းစနစ်များသို့ ဦးလှည့်လာကြသည်။ ထိုဖြစ်စဉ်ကို ဖော်ပြရန် အပြင်းစားစွမ်းအင် (extreme energy) ဆိုသော စကားရပ်ကို မိုင်ကယ်ကလဲ (Micheal Klare) က တီထွင်ခဲ့သည် (Short et al, 2015 တွင် ရှုပါ)။ ဤနည်းစနစ်ကို အသုံးပြုပြီး စွမ်းအင် ထုတ်နေကြသည့် နိုင်ငံများ၌ ၎င်းသည် အငြင်းပွားမှုများ၊ အကွဲအပြဲများကို ဖြစ်စေခဲ့သည်။ ဓာတ်ငွေ့ထုတ်လုပ်ရေး နည်းစနစ်သစ်ကို ထောက်ခံသူများက ၎င်းသည် ဂတ်စ် ဈေးနှုန်းကို

လျှော့ချနိုင်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ပြီး စွမ်းအင်လုံခြုံရေးကို ဖြစ်စေသည်ဟု ဆိုကြသည်။ ဆန့်ကျင်သူများက ဤအဆိုများ အားလုံးကို ငြင်းပယ်ပြီး အမေရိကန်နှင့် ဩစတြေးလျ နိုင်ငံတို့မှ ထွက်ပေါ်လာနေသော ဆန့်ကျင်ဘက် အချက်အလက်များကို ထောက်ပြကြသည်။ အမှန်တကယ်တွင်လည်း ထိုနိုင်ငံများမှ လေ့လာချက် အများအပြား၌ တူးဖော်ရေး လုပ်ငန်းများကြောင့် ထိခိုက်မှု အများဆုံး ခံစားကြရသော ဒေသခံ လူမှုအသိုင်းဝိုင်းများသည် မြေအောက်ရေ အဆိပ်သင့်မှု၊ လေထုညစ်ညမ်းမှု၊ ရေဒီယို သတ္တုကြွပြီး အဆိပ်သင့်စေသော စွန့်ပစ် အညစ်အကြေးများ၊ ရေသုံးစွဲမှု၊ မြေငလျင်များ၊ မီသိမ်း ဓာတ်ငွေ့ ရွေ့လျားမှုနှင့် စက်မှုစနစ်သို့ ပြောင်းလဲမှု စသည်တို့ အပါအဝင် သဘာဝ ပတ်ဝန်းကျင်နှင့် လူသားတို့၏ ကျန်းမာရေးအတွက် ဆိုးကျိုးများကို ဖော်ပြကြသည်။ ဤအကျိုးဆက်များကြောင့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီက ဤနည်းစနစ်သစ်များသည် အခြေခံ လူ့အခွင့်အရေးများ၊ အထူးသဖြင့် ရေနှင့် ကျန်းမာရေး အခွင့်အရေးများကို ခြိမ်းခြောက်သည်ဟု အကြောင်းပြ၍ ဝေဖန်ရှုတ်ချခဲ့သည် (Short et al., 2015)။ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အစီအစဉ် (UNEP) သည် ကာဗွန် လျှော့ချရေး ပန်းတိုင်များကို ထိခိုက်စေမည့် လေထု၊ မြေထုနှင့် ရေထု (အဆိပ်သင့်မှုနှင့် ရေသုံးစွဲမှုအတွက် ယှဉ်ပြိုင်မှု) တို့အပေါ် ဆိုးရွားသော အန္တရာယ်များ၊ ဂေဟစနစ် ပျက်စီးမှု၊ တိရစ္ဆာန်များ၏ နေထိုင်ရာနေရာ ပျက်စီးမှု၊ ဇီဝအမျိုးအစား စုံလင်မှုအပေါ် အကျိုးသက်ရောက်မှု၊ အပြင်သို့ မထွက်သင့်သည့် ဓာတ်ငွေ့များ ထုတ်လွှတ်ခြင်း စသည့် သဘာဝပတ်ဝန်းကျင် အန္တရာယ်များကို သတိပေးပြီး ကမ္ဘာလုံးဆိုင်ရာ အသိပေးချက်ကို ထုတ်ပြန်ထားသည်။ ပိုက်လိုင်း ပေါက်ကွဲမှုများ၊ လေထု၊ မြေထု၊ ရေထုထဲသို့ အဆိပ်အတောက်များ ထုတ်လွှတ်ခြင်း၊ အစားအသောက် ထုတ်လုပ်ရေးအတွက် မြေနှင့်ရေ သယံဇာတ အရင်းအမြစ်များအတွက် ယှဉ်ပြိုင်မှုများ စသည့် အန္တရာယ်များနှင့် ဤဓာတ်ငွေ့သစ်အား ကျောက်မီးသွေး အစားထိုးမဟုတ်ဘဲ ၎င်းနှင့် ယှဉ်တွဲ အသုံးပြုကြလိမ့်မည်၊ ထို့ကြောင့် ရေရှည်တည်တံ့သော စီးပွားရေးစနစ်များ ပေါ်ပေါက်လာရေး၌ အဟန့်အတား ဖြစ်လိမ့်မည် ပြည်သူ့ကျန်းမာရေး ရှုထောင့်မှ UNEP က သတိပေးထားသည်။ မကြာသေးသည့် စာတမ်းတစ်စောင်၌ ကင်မ်ဒေရိဂျ် (Kim de Rijke) က အောက်ပါအတိုင်း မှတ်သားခဲ့သည် (Short et al., 2015 တွင် ရှုပါ) –

ဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေး ကဏ္ဍသစ် ကြောက်ခမန်းလိလိ ကြီးထွားလာခြင်းကြောင့် ဆိုရှယ်ပါဝါ၊ လူတစ်ဦးတစ်ယောက်ချင်းနှင့် လူမှုအသိုင်းအဝိုင်းများ၏ အခွင့်အရေးများ၊ နိုင်ငံရေးနှင့် ကျေးလက်ဒေသ ဝန်ဆောင်မှု ပေးခြင်း၌ နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများ၏ အခန်းကဏ္ဍအကြောင်းနှင့် ဒီမိုကရေစီ၊ အရင်းရှင် စီးပွားရေး စနစ်များနှင့် လူမှုရေး တရားမျှတမှုအကြောင်း မေးခွန်းထုတ်စရာ လိုလာပြီး အစိုးရများနှင့် နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများအကြား ရှိသော ပူးပူးကပ်ကပ် ဆက်ဆံရေးသည်လည်း နိုင်ငံရေး ဩဇာလွှမ်းမိုးမှုနှင့် လူ့အခွင့်အရေးများဆိုင်ရာ ကိစ္စများကို ရှေ့တန်းရောက်လာစေခဲ့သည်။

ထို့ကြောင့် ယခုဖော်ပြပါ အကျဉ်းအကျပ် ကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် ဒေရိဂျ်သည် နည်းသစ်ဖြင့် သယံဇာတ တူးဖော်ခြင်းအကြောင်း ရှုထောင့်စုံမှ နောက်ထပ် သုတေသနများ ပြုလုပ်ရန် တိုက်တွန်းခဲ့သည်။ ဤနယ်ပယ်သစ်သည် လူ့အခွင့်အရေးများအကြောင်း လူမှုဗေဒနှင့် မနုဿဗေဒ နယ်ပယ်များမှ

အသိအမြင်များဖြင့် အားနည်းသော ဒေသခံ လူမှု အသိုင်းအဝိုင်းများနှင့် ပြည်သူလူထုတို့၏ အကျိုးစီးပွား များကို အကာအကွယ် ပေးရာ၌ အရေးပါသောကဏ္ဍ ဖြစ်လာပါလိမ့်မည်။

| **အနှစ်ချုပ်** |
| --- |
| ကနဦး၌ နယ်ပယ်နှစ်ခုလုံးသည် လူ့အခွင့်အရေးများအပေါ် သံသယရှိခဲ့သော်လည်း ယခုအခါတွင် 'အခွင့်အရေးများ၏ လူမှုဘဝ' ကို စိတ်ဖြာလေ့လာသည့် သုတေသန အများအပြား ထွက်ပေါ်လာခဲ့ပြီ ဖြစ်သည်။<br><br>သို့ရာတွင် လူ့အခွင့်အရေးများကို လေ့လာရာ၌ နယ်ပယ်နှစ်ခုသည် မတူသော ရပ်တည်ချက်မှ ချဉ်းကပ်ကြသည်။ လူမှုဗေဒသည် ကျယ်ပြန့်သည့် စနစ်ပိုင်း ဆိုင်ရာ လေ့လာစူးစမ်းမှု ဘက်မှ ချဉ်းကပ်ပြီး မနုဿဗေဒသည် အနုစိတ် ကွင်းဆင်းသုတေသန နည်းလမ်းဖြင့် ချဉ်းကပ်သည်။<br><br>သို့နှင့်တိုင် နယ်ပယ်နှစ်ခုသည် လူမှုဖန်တီးတည်ဆောက်ရေး (social constructionist) ဟု ခေါ်နိုင်သော အမြင် ရှိကြသည်။ အခွင့်အရေးများအား လူသားများ၏ လူမှုရေး ကူးလူးဆက်ဆံမှု၊ အထူးသဖြင့် အင်အားပြိုင် ဆက်ဆံရေး (power relations) ၏ ရလဒ်ထွက်ကုန် အဖြစ် ရှုမြင်ကြသည်။ အကျိုးဆက်မှာ ကျွန်ုပ်တို့အနေဖြင့် အခွင့်အရေးများသည် အလိုအလျောက် အကျိုးဖြစ်ထွန်းစေသည်ဟု မယူဆနိုင်ချေ။<br><br>ဩစတြေးလျနိုင်ငံရှိ မူလအခြေနေထိုင်သော လူမျိုးများ၏ မြေယာအခွင့်အရေးများ ကိစ္စသည် လူမှုဖန်တီးတည်ဆောက်ခြင်း အမြင်၏ အဓိကသာဓကတစ်ခု ဖြစ်သည်။<br><br>အပြင်းစား စွမ်းအင် ထုတ်လုပ်မှုသည် လူသားများနှင့် သဘာဝပတ်ဝန်းကျင် ကျန်းမာကောင်းမွန်ရေးနှင့် ပတ်သက်၍ မေးစရာ မေးခွန်းပေါင်း များစွာ ဖြစ်စေသည်၊ ဤမေးခွန်းများကို လူမှုဗေဒနှင့် မနုဿဗေဒ နယ်ပယ်များ၏ လူ့အခွင့်အရေး ချဉ်းကပ်နည်းများကို အဖြေပေးနိုင်သော အနေအထားကောင်းတွင် ရှိသည်။<br><br>**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**<br><br>ယခုဆွေးနွေးခဲ့သည့် အခွင့်အရေးများအား စနစ်သွင်းခြင်းသည် လူတို့ ထိုအခွင့်အရေးများကို အမှန်တကယ် ရရှိခံစားရာ၌ အကန့်အသတ် ဖြစ်စေခဲ့သော မူလအခြေချနေထိုင်သူများ၏ မြေယာအခွင့်အရေး ကိစ္စနှင့် အလားတူ ဥပမာများကို စဉ်းစားကြည့်ပါ။ |

## နိဂုံး

မနုဿဗေဒ ပညာရှင်များနှင့် လူမှုဗေဒ ပညာရှင်များသည် ၎င်းတို့နယ်ပယ် အသီးသီး၏ ဒိဋ္ဌဓမ္မ သဘောတရားနှင့် နိုင်းရ သဘောတရားတို့အား အသားပေးမှုကြောင့် သမိုင်းကြောင်းတလျှောက်

လူ့အခွင့်အရေးများအပေါ် သံသယ ရှိလာခဲ့ပုံ၊ နောက်ဆုံးတွင် နယ်ပယ် တစ်ခုစီသည် ဤရပ်တည်ချက်မှ အခွင့်အရေးများ၏ လူမှုဘာဝ၏ မရှိမဖြစ် အစိတ်အပိုင်းများ ဖြစ်သော အနုစိတ် ကွဲပြားခြားနားချက်များ၊ ရှောင်တခင် အခြေအနေများ၊ ယှဉ်ပြိုင်မှုများနှင့် အဓိပ္ပာယ်များအား အသေးစိတ် စူးစမ်းလေ့လာရန် အားထုတ်ခဲ့သော လူ့အခွင့်အရေးများကို ကိုင်တွယ်လေ့လာသည့် ရပ်တည်ချက်သို့ ပြောင်းလဲသွားပုံတို့ကို တွေ့ခဲ့ပြီး ဖြစ်သည်။ အမှန်တကယ်ပင်လည်း ယခုအခါ  အခွင့်အရေးများ၏ အဓိပ္ပာယ်နှင့် အသုံးပြုပုံတို့ကို လေ့လာစူးစမ်းရန် လက်ရှိအချိန်အထိ လူ့အခွင့်အရေး လေ့လာရာ၌ ကြီးစိုးထားသော ဥပဒေရေးရာ ဒိဋ္ဌဓမ္မ နည်းလမ်း (legal positivism) နှင့် နိုင်ငံရေးဒဿန နည်းလမ်း တို့ကို ကျော်လွန်သော သုတေသနများ လူမှုဗေဒနှင့် မနုဿဗေဒ နယ်ပယ်တို့မှ တိုး၍ ထွက်ပေါ် လာနေကြပေပြီ။ နယ်ပယ်နှစ်ခုသည် ရှောင်တခင် အခြေအနေများ၊ ယှဉ်ပြိုင်မှုများ၊  ကွဲပြားခြားနားသော အဓိပ္ပာယ်များနှင့် နိုင်ငံရေးအင်အားနှင့် လူမှုရေး စနစ်များအား အထူးသတိပြုသော လူမှုဖန်တီး တည်ဆောက်ခြင်း အမြင်ရှိရာ၌ တူညီကြသော်လည်း ၎င်းတို့သည် နည်းနာပိုင်းအရ စမှတ် မတူကြသည့်အတွက် ဤအခြင်းအရာများအပေါ် အလေးပေးပုံ ချင်းလည်း မတူကြပေ။ လူမှုဗေဒသည် အရင်းရှင် ထုတ်လုပ်မှုစနစ်၊ နိုင်ငံတကာ နိုင်ငံရေးစနစ်များ သို့မဟုတ် နယ်ချဲ့ အမျိုးသား နိုင်ငံတော်စသည့် ကျယ်ပြောသော စနစ်ပိုင်းဆိုင်ရာ အချက်များ အခွင့်အရေး အသီးသီးတို့ အပေါ် ရှိခဲ့သော အကျိုးသက်ရောက်မှုများကို အလေးထား လေ့လာပြီး မနုဿဗေဒသည် အခွင့်အရေး တိုက်ပွဲများ၌ စနစ်သွင်းထားသော ပါဝါကဲ့သို့သော စနစ်လုံးဆိုင်ရာ အချက်များကို ကျယ်ကျယ်ပြန့်ပြန့် မဆွေးနွေးမီ အခွင့်အရေးများ၏ နေ့စဉ် နေထိုင်ဖြတ်သန်းမှု အတွေ့အကြုံများအား အသေးစား ကွင်းဆင်း သုတေသန နည်းလမ်းဖြင့် လေ့လာစူးစမ်းသည်။ နည်းနာပိုင်းအရ စမှတ်များ မတူကြစေကာမူ ဤနယ်ပယ်နှစ်ခုသည် လူ့အခွင့်အရေးနှင့် ပတ်သက်၍ လူမှုဖန်တီး တည်ဆောက်ခြင်း (social constructionist) အမြင် ရှိရာ၌ တူကြသည်။ ရှေ့ပိုင်းတွင် ပလမ်မာ (Plummer) အကြံပြု တင်ပြခဲ့သည့်အတိုင်း 'လူမှုဗေဒ ပညာရှင်များ၏ အဓိက လုပ်ငန်းတာဝန်မှာ အခွင့်အရေး တိုက်ပွဲဝင်သူများနှင့် ၎င်းတို့၏ ထွက်ဆိုချက်များ၊ အခွင့်အရေး ပေါ်ထွက်လာသော လူမှုဖြစ်စဉ်များနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိလာအောင် ပြုလုပ်ရန် ဖြစ်သည်။' ဤသည်မှာ လူမှုမနုဿဗေဒ ပညာရှင် ရစ်ချက် ဝီလ်ဆင်၏ 'အခွင့်အရေးများ၏ လူမှုဘာဝ' နောက်ထပ် သုတေသနများ ပြုလုပ်လိုသည့် ဆန္ဒကို ထင်ဟပ်ပြသည်။ ဤကဲ့သို့သော လူမှုဖန်တီးတည်ဆောက်ခြင်း ချဉ်းကပ်နည်းက အခွင့်အရေးများသည် သူ့အလိုအလျောက် 'ကောင်းသော အရာများ' ဖြစ်သည်ဟု ရှုမြင်သော ဥပဒေပညာရပ် နယ်ပယ်ထက် လူ့အခွင့်အရေးများကို ပိုမို၍ အတွင်းကျကျ လေ့လာနိုင်ပေလိမ့်မည်။

မူလအခြေချနေထိုင်သော လူမျိုးများ၏ မြေယာ အခွင့်အရေးများ အကြောင်း လတ်တလော လူမှု ဖန်တီး တည်ဆောက်ရေး ရှုထောင့်မှ ပြုလုပ်သည့် သုတေသနများအား အကျဉ်းချုပ် လေ့လာခြင်းဖြင့် ဩစတြေးလျ နိုင်ငံရှိ အကျိုးကျေးဇူး ရှိမည်ဟု ထင်ရသော မူလပိုင်ဆိုင်ခွင့် အခွင့်အရေးများ သတ်မှတ် ပေးထားသည့် ကိစ္စတွင် အခွင့်အရေးများသည် သူ့အလိုအလျောက် ကောင်းသော အရာများ မဟုတ်သည်ကို တွေ့ခဲ့ပြီး ဖြစ်သည်။ ထိုအခွင့်အရေးများသည် အမှန်တကယ်တွင် မူလအခြေချနေထိုင်သော လူမျိုးများကို ပို၍ အခွင့်အရေး ဆုံးရှုံးစေခဲ့ပြီး ဤအချက်က ကိုလိုနီစနစ်ကြောင့် အခွင့်အရေး ဆုံးရှုံးရသည့် အဖြစ်ဆိုးကြီးနှင့် ယင်း၏ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး ဆိုးကျိုးများကို ပို၍ ဆိုးရွားစေခဲ့သည် (Short, 2008 တွင် ရှုပါ)။

ထို့ကြောင့် လူ့အခွင့်အရေး လေ့လာမှုအား ဥပဒေပညာရပ်၊ ဒဿနိကပညာရပ်နှင့် နိုင်ငံရေးပညာရပ် ရှုထောင့် လေ့လာ ချဉ်းကပ်နည်းများမှ ရရှိသော အသိအမြင်များအပြင် အခွင့်အရေးများ၏ လူမှုဘဝကို လေ့လာသည့် မနုဿဗေဒနှင့် လူမှုဗေဒ လေ့လာမှုများကိုလည်း လက်ခံ အသိအမှတ်ပြု သင့်သည်။ အဘယ်ကြောင့်ဆိုသော် ဤလေ့လာမှုများမှ တဆင့်သာ ခေတ်သစ်ကမ္ဘာကြီးရှိ လူ့အခွင့်အရေး လက်တွေ့ ကျင့်သုံးမှုကို အပြည့်အဝ နားလည် သဘောပေါက်နိုင်ပေမည်။ သယံဇာတ တူးဖော်ရေး နည်းလမ်း အသစ်အဆန်းများကြောင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများ ရရှိခံစားရာ၌ ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာ၌ ဤအမြင်ရှုထောင့်များသည် အလွန်ပင် အထောက်အကူ ပြုပါလိမ့်မည်။

## မေးခွန်းများ

### တစ်ဦးချင်း လေ့လာရန် မေးခွန်းများ

၁။ လူမှုဗေဒပညာရပ် နယ်ပယ်အနေဖြင့် လူ့အခွင့်အရေးများအကြောင်း စတင်လေ့လာရန် အဘယ်ကြောင့် အချိန်များစွာ ကြာမြင့်ခဲ့သနည်း။

၂။ တန်နာ (Turner) သည် မည်သည့်အကြောင်းပြချက်များအပေါ် အခြေခံ၍ လူ့အခွင့်အရေးများ၏ ကမ္ဘာလုံးလွှမ်းခြုံ အကျုံးဝင်မှုကို ကာကွယ်ရေးသားခဲ့သနည်း။ ဤသည်မှာ လူမှုဖန်တီး တည်ဆောက်ခြင်း အမြင်ရှုထောင့်နှင့် သဟဇာတ ဖြစ်ပါသလား။

၃။ မူလ လူမှုဗေဒ သီအိုရီဆရာများ၏ အသိအမြင်များသည် လူ့အခွင့်အရေး လေ့လာမှုနှင့် သက်ဆိုင် ပါသလား။

၄။ လူ့အခွင့်အရေး လူမှုဗေဒလေ့လာချက်မှ မည်သည့် အသိအမြင်များ ရရှိနိုင်သနည်း။

၅။ ကမ္ဘာလုံး လွှမ်းခြုံ လူ့အခွင့်အရေး အယူအဆအပေါ် မနုဿဗေဒ နယ်ပယ်၏ အဓိက ကန့်ကွက်ချက်များက မည်သည်တို့နည်း၊ ထိုကန့်ကွက်ချက်များကို ကျော်လွှားနိုင်ခဲ့ပါသလား။

၆။ လူ့အခွင့်အရေး မနုဿဗေဒ၏ နည်းလမ်းခွဲနှစ်ခု မည်သည်တို့နည်း၊ ၎င်းတို့သည် မည်ကဲ့သို့ ကွဲပြားခြားနားကြသနည်း။

၇။ လူ့အခွင့်အရေး လူမှုဗေဒချဉ်းကပ်နည်းနှင့် မနုဿဗေဒချဉ်းကပ်နည်းတို့အကြား တူညီချက်များ၊ ကွဲပြားခြားနားချက်တို့မှာ မည်သည်တို့နည်း။

၈။ ဤချဉ်းကပ်နည်းများသည် ကျွန်ုပ်တို့၏ လူ့အခွင့်အရေးများနှင့် ပတ်သက်သော နားလည် သဘောပေါက်မှုအား မည်ကဲ့သို့ အထောက်အကူပြုနိုင်ပါသနည်း။

### အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ

၁။ လူ့အခွင့်အရေးများကို လေ့လာရန်၊ သုတေသနပြုရန် ကျွန်ုပ်တို့သည် အခြေခံ ဖြစ်တည်မှုသဘောတရား (foundational ontology) တစ်ခု လိုပါသလား။

၂။ ဝါးတားစ် ဖော်ထုတ်ခဲ့သည့် လူ့အခွင့်အရေးများ ကြီးထွားလာခြင်းနောက်ကွယ်က အကျိုးစီးပွား များသည် လက်ခံလောက်စရာ ကောင်းပါသလား (စာသေတ္တာ ၆.၁ တွင် ရှုပါ)။

၃။ တိတိကျကျ ပြောရလျှင် 'အခွင့်အရေးများ၏ လူမှုဘဝ' ဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။

၄။ သင့်အနေဖြင့် အခွင့်အရေး ကိစ္စတစ်ခုကို သုတေသနပြု လေ့လာမည်ဆိုလျှင် မနုဿဗေဒ နည်းလမ်း နှစ်ခုမှ မည်သည့်နည်းလမ်းကို ရွေးချယ်မည်နည်း၊ အဘယ်ကြောင့်နည်း။

## ဆက်လက် ဖတ်ရှုရန်

***American Anthropologist*** (2006). In focus: Anthropology and human rights in a new key, **108**/1.
လူ့အခွင့်အရေး ခေါင်းစဉ်အကြောင်း ဦးဆောင် မနုဿဗေဒပညာရှင်များ၏ သီအိုရီ ဖော်ထုတ်ချက်များနှင့် သုတေသနများကို စုစည်းပေးထားသည့် စာအုပ်ဖြစ်သည်။

**Goodale, M.** (2008). *Human Rights: An Anthropological Reader*. Blackwell Readers in Anthropology. Chichester: Blackwell.
လူ့အခွင့်အရေးများအကြောင်း မနုဿဗေဒ ရေးသားချက်အများအပြားကို နားလည်သဘောပေါက်လိုသည့် ကျောင်းသားများအတွက် အသုံးဝင်သော လမ်းညွှန်စာအုပ် ဖြစ်သည်။

**Goodale, M.** and **Merry, S. E.** (2007). *The Practice of Human Rights: Tracking Law Between the Global and the Local.* Cambridge Studies in Law and Society. Cambridge: Cambridge University Press.
၎င်းတို့ AA "In focus" တွင် ဆွေးနွေးထားချက်များကို အခြေခံကာ စာရေးသူများက လူ့အခွင့်အရေး ကျင့်သုံးပုံများကို အလေးစိုက် ဖော်ပြထားသည်။ ယင်းက သီအိုရီပိုင်းနှင့် လက်တွေ့ပိုင်းအရ နားလည်မှု ကွာခြားခြင်းကို ဖြည့်စွက်ပေးသည်။

**Hynes, P., Lamb, M., Short, D.,** and **Waites, M.** (2011). *Sociology and Human Rights: New Engagements.* London: Routledge.
ဤစာအုပ်အား ၂၀၁၀ ခုနှစ်တွင် လူ့အခွင့်အရေး နိုင်ငံတကာ ဂျာနယ်၏ အထူးထုတ်အဖြစ် ထုတ်ဝေခဲ့သည်။ ဤဂျာနယ်သည် မကြာသေးခင်က ဖွဲ့စည်းခဲ့သည့် ဗြိတိန်လူမှုဗေဒအသင်း၏ အခွင့်အရေး လူမှုဗေဒ လေ့လာရေးအဖွဲ့မှ ထွက်လာသည့် ပထမဦးဆုံး ထုတ်ဝေရေးသားမှု ဖြစ်သည်။ (http://www.britsoc.co.uk/specialisms/socrights.aspx တွင် ရှုပါ)။ ဤဂျာနယ်တွင် မူလအခြေချနေထိုင်သော လူမျိုးများနှင့် သက်ဆိုင်သည့် လူမျိုးပြုန်းတီးစေမှု၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား လူ့အခွင့်အရေး ရှုထောင့်မှ ချဉ်းကပ်နည်းများ၊ ကလေးသူငယ်များအား လူမှောင်ခိုကူးခြင်း၊ အိန္ဒိယနိုင်ငံရှိ လိင်တူဆက်ဆံရေး တရားဝင်ဖြစ်စေရေး နိုင်ငံရေး ရုန်းကန်လှုပ်ရှားမှုများနှင့် ပတ်သက်၍ ကလေးသူငယ်များဆိုင်ရာ အခွင့်အရေးစသည့် အကြောင်းအရာများ လူမှုဗေဒ ရေးသားချက်များ ပါဝင်သည်။ ရဝမ်ဒါနိုင်ငံမှသည်

တောင်ကိုးရီးယားနိုင်ငံ၊ အိုင်ယာလန် မြောက်ပိုင်းမှသည် ဘာစီလိုနာမြို့အထိ နောက်ခံအခြေအနေများကို လေ့လာဆန်းစစ်ထားသည်။

**Morris, L.** (2006). Rights: *Sociological Perspectives.* Abingdon: Routledge.
အခွင့်အရေးဆိုင်ရာ ပြဿနာများကို လူမှုဗေဒရှုထောင့်မှ လေ့လာထားသော အက်ဆေးများကို ထုတ်ဝေခဲ့သည့် ပထမဦးဆုံး စာအုပ်ဖြစ်သည်။ ကျောင်းသားများအနေဖြင့် မူလလူမှုဗေဒသည် မျက်မှောက်ခေတ် လူ့အခွင့်အရေး လေ့လာမှုနယ်ပယ်အတွက် ဆီလျော်ကြောင်း လေ့လာဆန်းစစ်ချက် အပြည့်အစုံအတွက် နိဒါန်းအခန်းနှင့် မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများ လေ့လာချက်အတွက် လူမှုဗေဒသည် မည်ကဲ့သို့ အထောက်အကူပြုနိုင်ကြောင့် ဆွေးနွေးချက် အပြည့်အစုံ အတွက် အခန်း ၉ ကို ဖတ်ရှုသင့်ပါသည်။

Short, D. (2008). *Reconciliation and Colonial Power: Indigenous Rights in Australia*. Aldershot: Ashgate.
မူလအခြေချနေထိုင်သော လူမျိုးများ၏ မြေယာအခွင့်အရေးများကို နားလည်သဘောပေါက်ရန် လူမှုဖန်တီး တည်ဆောက်ခြင်း ချဉ်းကပ်နည်း ဥပမာကို လေ့လာရန် ဤစာအုပ်၏ အခန်း ၃ နှင့် ၂၁ တို့ကို ဖတ်ရှုသင့်သည်။

**Short, D., Elliot, J., Norder, K., Lloyd-Davies, E.,** and **Morley, J.** (2015). Extreme energy, fracking and human rights: A new field for impact assessments? International Journal of Human Rights, 19/6, 697-736. DOI: http://dx.doi.org/10.1080/13642987.2015.1019219.
ဤဆောင်းပါးသည် လူ့အခွင့်အရေးများနှင့် 'fracking' တို့အကြောင်း လူမှုဗေဒရှုထောင့်မှ ရေးသားချက်များကို လေ့လာဆန်းစစ်ထားသည်။

**Turner, B.S.** (2006). *Vulnerability and Human Rights.* University Park, PA: The Pennsylvania State University Press.
ဤစာအုပ်သည် တန်နာ၏ ၁၉၉၀ ခုနှစ်များ အစောပိုင်းကာလက ဦးဆောင်လေ့လာချက်များ၏ အဓိကငြင်းခုံချက်များကို စုစည်းပြီး ၎င်းတို့အပေါ်၌ အခြေခံထားသော သူ၏ လူ့အခွင့်အရေးများအကြောင်း အရေးအပါဆုံး စာအုပ်ဖြစ်သည်။

## ဝက်ဘ်ဆိုဒ်များ

http://www.asanet.org/advocacy/statement_on_human_rights.cfm. လူမှုဗေဒနယ်ပယ်၏ လူ့အခွင့်အရေးနှင့် ပတ်သက်၍ ဦးတည်ချက် ပြောင်းလဲသွားခြင်း၏ အထောက်အထားကိုလေ့လာရန် ဤလင့်ခ်သို့ ဝင်ရောက် ဖတ်ရှုပါ။ အမေရိကန် လူမှုဗေဒအသင်းသည် ၎င်း၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်၌

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းက ထုတ်ပြန်ထားသည့် နိုင်ငံအားလုံးရှိ လူမျိုးအားလုံးအတွက် အခြေခံ နိုင်ငံသားအခွင့်အရေးများနှင့် နိုင်ငံရေး လွတ်လပ်ခွင့်များကို အပြည့်အဝ ထောက်ခံကြောင်း ထပ်လောင်းအတည်ပြုခဲ့သည်။

http://www.asanet.org/footnotes/septoct04/indextwo.html အမေရိကန် လူမှုဗေဒအသင်း၏ ၉၉ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၌ လူမှုဗေဒနှင့် လူ့အခွင့်အရေးတို့အကြောင်း မေရီရော်ဘင်ဆင် (Mary Robinson) ၏ အရေးပါသော မိန့်ခွန်း ဖြစ်သည်။ http://www.sociologistswithoutborders.com/

http://ssfinternacional.blogspot.com/2008/02/sociology-and-human-rights.html ၂၀၀၁ ခုနှစ် မဒ္ဒရစ်တွင် စတင်ခဲ့သည့် Sociologists without Borders/Soiologos Sin Fronteras (SSF) သည် လူ့အခွင့်အရေးအား အဓိက ဦးထိပ်ထားသည့် အပြည်ပြည်ဆိုင်ရာ လူမှုဗေဒကို မြှင့်တင်ရန် ရည်ရွယ်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ဤအဖွဲ့သည် လူမှုအသိုင်းအဝိုင်းများ၊ လူ့အဖွဲ့အစည်းများ၊ အလုပ်ခွင့်များနှင့် အခြားသော ဆိုရှယ်အင်စတီကျူးရှင်းများနှင့် ပူးပေါင်း၍ ထိုနေရာများ၌ လူ့အခွင့်အရေးများ မြှင့်တင်ရန် လုပ်ဆောင်သည်။ ဒုတိယ ဝက်ဘ်လင့်ခ်သည် ၎င်းတို့၏ လူ့အခွင့်အရေး ချဉ်းကပ်နည်းကို ရှင်းပြထားသည်။

http://franke.uchicago.edu/aaa1947.pdf ၁၉၄၇ ခုနှစ် ဇွန်လ မနုဿဗေဒနှင့် လူ့အခွင့်အရေး ကြေညာချက်သည် အမေရိကန် မနုဿဗေဒအသင်း၏ ပါဝင်ပတ်သက်မှုအတွက် အခြေခံ အကြောင်းအရင်းကို ဖော်ပြထားပြီး လူ့အခွင့်အရေး နယ်ပယ်အတွင်း မနုဿဗေဒနယ်ပယ်၏ အခန်းကဏ္ဍကို ယေဘုယျအားဖြင့် ဖော်ပြထားပါသည်။

http://extremeenergy.org စွမ်းအင် တူးဖော်ထုတ်လုပ်ရေး နည်းလမ်းအသစ်အဆန်းများ၏ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် အကျိုးဆက်များအပေါ် ဦးတည်သည့် ပညာရပ်ဖိုရမ် ဖြစ်ပြီး လူ့အခွင့်အရေး လေ့လာသည့် မနုဿဗေဒပညာရှင်များနှင့် လူမှုဗေဒပညာရှင်များ၏ ပြောဆိုရေးသားချက် အများအပြား ပါဝင်သည်။

## မှတ်စုများ

၁။ ဤကန့်ကွက်ချက်များအကြောင်း အသေးစိတ်ဆွေးနွေးချက်အတွက် Goodale (2006a) ကို လေ့လာပါ။

၂။ Goodale (2006a, p.2) သည် နိုင်ငံတကာ လူ့အခွင့်အရေး ချိုးဖောက်မှု စုံစမ်းစစ်ဆေးရေးအတွက် သက်သေအထောက်အထားများ ကောက်ယူနေကြသည့် မူခင်း မနုဿဗေဒဗေဒပညာရှင်များ၏ လုပ်ငန်းများ၊ နိုင်ငံတကာ လူ့အခွင့်အရေး အစီအမံများထောက်ခံသည့် ဘေးထုတ်ခံရကြောင်း ပြောဆိုရေးသားချက်များမှ တဆင့် အကာအကွယ်ရရှိရန် လုပ်ဆောင်နေကြသည့် ဘာသာစကား

လူနည်းစုများ၏ ကြိုးပမ်းမှုများ ပြဿနာကို လေ့လာနေကြသည့် ဘာသာစကားနှင့် နိုင်ငံရေး မနုဿဗေဒပညာရှင်များ၏ လုပ်ငန်းများအပါအဝင် ထင်ရှားသော ဥပမာတစ်ချို့ကို ဖော်ပြထားသည်။

၃။ ဤနေရာ၌ ထိုကဲ့သို့သော ကျင့်ဝတ်ပိုင်းဆိုင်ရာ ကတိကဝတ်ပြုမှုသည် ဆွေးနွေးပြီးခဲ့သည့် လူမှုဗေဒပညာရှင် မယ်လ်ကွန်းဝါးတားစ်၏ လူမှုဖန်တီးတည်ဆောက်ခြင်း ချဉ်းကပ်နည်းအပေါ် ပို၍ စံနှုန်းအခြေပြု ချေပချက်အဖြစ် လုပ်ဆောင်နိုင်ပုံကို ကျွန်ုပ်တို့ တွေ့နိုင်သည်။ အမှန်တကယ်တွင်လည်း လူ့အခွင့်အရေးများအား ပါဝါနိုင်ငံရေး၏ ဩဇာလွှမ်းမိုးမှုအောက်၌ လူမှုသဘောအရ ဖန်တီးတည်ဆောက်ခြင်း ခံရသည်ဟု ရှုမြင်ခြင်းသည် ၎င်းတို့အား ဘေးထုတ်ခံ အုပ်စုများက ဖန်တီးခြင်း မဟုတ်ဟု မဆိုလိုပေ။ ထိုဘေးထုတ်ခံအုပ်စုများအတွက် လူ့အခွင့်အရေးများကို ဖန်တီးတည်ဆောက်ရန် ပို၍ခက်ခဲစေခြင်းသာ ဖြစ်သည်။

၄။ ဤအကြောင်းကို Goodale (2006a, p.4) ၌ လေ့လာပါ။

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၇) လူ့အခွင့်အရေးများအပေါ် မျက်မှောက်ခေတ် ဝေဖန်မှုများ

ဒေးဗစ် ချန်ဒလာ **(David Chandler)**

**အခန်း မာတိကာ**

- နိဒါန်း
- လူ့အခွင့်အရေးများနှင့် ဥပဒေအရ အကျုံးဝင်သူ
- လူ့အခွင့်အရေးများ ရှေ့ရောက်လာခြင်း
- လူ့အခွင့်အရေးများနှင့် နိုင်ငံတကာ ကြားဝင် ဆောင်ရွက်မှု
- လူ့အခွင့်အရေးများနှင့် အဓိပ္ပာယ် ရာပုံတော်
- နိဂုံး

**စာဖတ်အညွှန်း**

ဤအခန်းသည် လူဆင်းရဲများနှင့် ဘေးထုတ်ခံများထံ အာဏာပေးရေး တောင်းဆိုသော လူ့အခွင့်အရေး တောင်းဆိုချက်များသည် အဘယ်ကြောင့် မကြာခဏဆိုသလို အင်အားကြီး အနောက်နိုင်ငံများနှင့် နိုင်ငံတကာ အင်စတီကျူးရှင်းများ၏ အာဏာကို ပို၍ အားဖြည့်ပေးသကဲ့သို့ ဖြစ်နေကြောင်းကို ရှင်းပြရန် ကြိုးပမ်းထားသည်။ လူ့အခွင့်အရေး ပြောဆိုရေးသားချက်၏ ဗဟိုချက်မ၌ ဝိရောဓိတစ်ခု ရှိနေကြောင်း၊ ထိုသို့ ရှိနေခြင်းသည် ထိခိုက်ခံစားခဲ့ရသူများ၊ ဘေးထုတ်ခံများ၊ အပယ်ခံများ ကိုယ်စား ပြောဆိုချက်များအား အာဏာကို အသုံးချရန်အတွက် နည်းလမ်းများ ဖန်တီးရန် အစီအမံတစ်ခု ဖြစ်သွားစေကြောင်းကို ဖော်ထုတ်ပြသပါမည်။ နိုင်ငံတကာ နယ်ပယ်အတွင်းရှိ လူ့အခွင့်ရေး မူဘောင်များအား အင်အားပြိုင် ဆက်ဆံရေးများအပေါ် စိန်ခေါ်မှုတစ်ခုအဖြစ် ရှုမြင်မည့်အစား ရှိရင်းစွဲ တရားဝင် နိုင်ငံတကာ တရားဥပဒေ စနစ်အပေါ် စိန်ခေါ်မှုအဖြစ် ရှုမြင်ပါက ပို၍ မှန်ကန်တိကျမည်ဟု အကြံပြုထားသည်။ လူ့အခွင့်ရေး ပြောဆိုရေးသားချက်များ သပ်သပ်၌ တိုးတက်မှု ဖော်ဆောင်သော အရာ သို့မဟုတ် အာဏာပေးသော အရာဟူ၍ ပါမနေကြောင်း၊ အကယ်၍ လူ့အခွင့်အရေး တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရန် တာဝန်ယူမှု၊ တာဝန်ခံမှု မရှိသော ဓာတ်များအပေါ် မှီခို အားထားရသည်ဆိုပါက အလွတ်သဘောရှိနေသော ရှိရင်းစွဲ အာဏာဖွဲ့စည်းမှုများသည် တရားဝင်ဖြစ်သွားပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး အခွင့်အရေးများအား တရားဝင် အကာအကွယ် ပေးထားမှုများ ထိခိုက်သွားမည်ဆိုသည့် အကြောင်းတို့ကိုလည်း ရှင်းပြသွားပါမည်။

## နိဒါန်း

လူ့အခွင့်အရေး မူဘောင်များသည် ကိုလိုနီစနစ်လွန် ကမ္ဘာကြီး၌ စစ်အင်အား အသုံးပြုခြင်းအပေါ် ကုလသမဂ္ဂ ပဋိညာဉ်၏ တားမြစ်ချက်ကို အားပျော့ ယုတ်လျော့စေပြီး နိုင်ငံတကာ စည်းကြပ်ထိန်းချုပ်မှုနှင့်

ကြားဝင်ဆောင်ရွက်မှု ပုံစံသစ်များကို ခွင့်ပြုပေးခြင်းဖြင့် ပိုမို၍ အပေါ်၊ အောက်ဆန်သော (အာဏာမညီမျှသော) နိုင်ငံတကာ စနစ်သစ် တစ်ခု၏ အဓိက အစိတ်အပိုင်း တစ်ခု ဖြစ်သွားခဲ့ပြီကို သုံးသပ်သူအများအပြားက လေ့လာသတိပြုမိကြပြီး ဖြစ်သည်။ လူ့အခွင့်အရေး တောင်းဆိုချက်များနှင့် ပြောဆိုရေးသားချက်များ၏ ဤကဲ့သို့သော အကျိုးဆက်များအား လူ့အခွင့်အရေးများကို အယူဝါဒပိုင်းအရမှားယွင်းစွာ အသုံးပြုမှု သို့မဟုတ် တလွဲအသုံးပြုမှု ဖြစ်သည်ဟု ရှုမြင်မည်ဆိုလျှင် လူ့အခွင့်အရေးများကို နားလည် သဘောပေါက်ရေး ကိစ္စအား ကြိုတင်ယူဆချက် တချို့ဖြင့် ချဉ်းကပ်သည့်သဘော သက်ရောက်ပေလိမ့်မည်။ ဤယူဆချက်များမှာ လူ့အခွင့်အရေး တောင်းဆိုချက်များသည် အမြစ်တွယ်နေသော အင်အားပြိုင် ဆက်ဆံရေးများကို မဖြစ်မနေ စိန်ခေါ်ပြီး ချိုးဖောက်ခံရသူများ သို့မဟုတ် ကိုယ်စားပြုသော မူဘောင်များမှ အစဉ်တစိုက် ဖယ်ထုတ်ခံရသူများ ကိုယ်စား စည်းရုံးလှုပ်ရှားသော အရေးပါသည့် အစီအမံတစ်ခု ဖြစ်သည်ဟူသော အတွေးအခေါ်ပေါ်၌ အခြေခံသည်။ ယခုအခန်း၌ ဤကြိုတင်ယူဆချက်များဖြစ်သည့် လူ့အခွင့်အရေး တောင်းဆိုချက်များသည် အပြစ်ကင်းစင်သည်၊ ၎င်းတို့အား အင်အားကြီးသူများက အလွဲသုံးစား ပြုကြသည်ဟူသော ယူဆချက်များ ကိုယ်တိုင်သည်ပင် ပြဿနာဖြစ်နေသည်ဟု အကြံပြု တင်ပြသွားပါမည်။

လူ့အခွင့်အရေး တောင်းဆိုချက်များသည် သူတို့ချည်းသပ်သပ်ဆိုလျှင် ရှိရင်းစွဲ အင်အားပြိုင် ဆက်ဆံရေးများကို ခိုင်မာစေသည် သို့မဟုတ် စိန်ခေါ်သည်ဟု တိတိပပပြောရန် မဖြစ်နိုင်ချေ။ တိတိပပ ပြောနိုင်သော တစ်ခုတည်းသော အရာမှာ လူ့အခွင့်အရေး တောင်းဆိုချက်များသည် ကျင့်ဝတ်ပိုင်းဆိုင်ရာ (ethical or moral) တောင်းဆိုချက် တစ်ခုအား ဥပဒေပိုင်းဆိုင်ရာ သို့မဟုတ် နိုင်ငံရေးဆိုင်ရာ တောင်းဆိုချက် တစ်ခုနှင့် ရောထွေးပစ်လိုက်ခြင်း ဖြစ်သည်။ လူသားဆိုင်ရာ ပြောဆိုရေးသားချက် (the discourse of the human) သည် စိတ်သဏ္ဌာန်တွင် တည်ရှိသော ကမ္ဘာလွှမ်းခြုံ ကျင့်ဝတ်များ နယ်ပယ်နှင့် သက်ဆိုင်ပြီး အခွင့်အရေးများသည် ကိုယ်လုံးကိုယ်ထည်ဖြင့် တည်ရှိသော ဥပဒေ၊ နိုင်ငံရေးနယ်ပယ်နှင့် သက်ဆိုင်သည်။ ဤနယ်ပယ် နှစ်ခုကို ရောထွေးပစ်ခြင်းဖြင့် လူ့အခွင့်အရေး တောင်းဆိုချက်များသည် အခွင့်အရေးများကို ဥပဒေအရ တည်ဆောက်သည့်အခါ စိန်ခေါ်မှုတစ်ခု ဖြစ်စေသည်။ ၎င်းတွင် အကျိုးဆက် တစ်စုံတစ်ရာ ရှိသလား၊ မရှိသလား၊ အကယ်၍ ရှိလျှင် ထိုအကျိုးဆက်များမှာ မည်သည်တို့ ဖြစ်သည် စသည်ဖြင့် ဤစိန်ခေါ်မှု၏ အတွင်းသား အကြောင်းအရာသည် တိတိပပ ခွဲခြမ်းလေ့လာရမည့် ကိစ္စတစ်ရပ်ဖြစ်သည်။ ဥပဒေအရ တည်ဆောက်ထားသော အခွင့်အရေးများ မူဘောင်အား စိန်ခေါ်မှုသည် မလွဲမသွေ ထိရောက်မှု ရှိသော စိန်ခေါ်တစ်ခု ဖြစ်သည် သို့မဟုတ် ကောင်းသော သို့မဟုတ် ရှေ့ရောက် တိုးတက်သော စိန်ခေါ်မှုတစ်ခု ဖြစ်သည်ဟု ပြောမည်ဆိုလျှင် မနူးမနပ်ရာ ကျပါလိမ့်မည်။

အများစုအကျိုးစီးပွား ပဓာန ဝါဒီ (utilitarian philosopher) ဖြစ်သူ ဂျယ်ရမီ ဘန်သမ် (Jeremy Bentham) က လူ့အခွင့်အရေးသည် အဓိပ္ပာယ် မရှိသော အရာတစ်ခုကဲ့သို့ ဖြစ်သည်ဟု ရှုတ်ချရာတွင် မနူးမနပ်ဖြစ်ခြင်း၏ စိန်ခေါ်မှုကို ရှင်းလင်းပြခဲ့သည် (အခန်း ၁ တွင် ရှုပါ)။ ဘန်သမ်၏ အမြင်တွင် အခွင့်အရေးများသည် ရှင်းလင်း တိကျသော သဘောတူ ကတိကဝတ်များနှင့် တရားဥပဒေ၏ ကျောထောက်နောက်ခံပြုမှုဖြင့် အကောင်အထည် ဖော်နိုင်ခြင်း မရှိလျှင် မည်သည့်တန်ဖိုးမျှ မရှိပေ။

လူသား၏ အခွင့်အရေးများ စသည့် ကြေညာချက်များမှာ စက္ကူစုတ်လောက်ပင် တန်ဖိုးမရှိသော စိတ်ကူးယဉ်စကားများ၊ ဆုတောင်းစကားများသာ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် လူသားဖြစ်ရုံ သက်သက်ဖြင့် အကြွင်းမဲ့ တန်းတူ အခွင့်အရေးများနှင့် မွေးဖွားလာကြသည်ဆိုသော အယူအဆသည် ဘန်သမ်အတွက် အဓိပ္ပာယ် မရှိချေ။ ဦးစွာ ပထမအနေဖြင့် ကျွန်ုပ်တို့သည် တန်းတူဖြစ်သော ဆက်နွယ် ပတ်သက်မှုမျိုး မဟုတ်ဘဲ အမှီအခို ပြုရသော ဆက်နွယ် ပတ်သက်မှု တစ်ခုသို့ မွေးဖွားလာကြသည်။ အသက်မပြည့်မီအထိ ကိုယ်ကျင့်သဘောတရားအရ (moral) သော်လည်းကောင်း၊ ဥပဒေအရ သော်လည်းကောင်း တန်းတူ မဖြစ်ကြပေ (ကလေးသူငယ်များသည် ၎င်းတို့၏ လုပ်ရပ်များအတွက် တာဝန် မရှိသည့်အတွက် မွေးဖွားသည့်အခါ ရာဇဝတ်မှု ဆိုင်ရာ တာဝန်မရှိပေ)။ ဒုတိယ အချက်မှာ တစ်ကမ္ဘာလုံး အကျုံးဝင်သော လူသားချင်းဆိုင်ရာ တန်းတူဖြစ်မှု ဟူ၍ မရှိနိုင်ပေ၊ ကျွန်ုပ်တို့၌ ရှိကြသော အခွင့်အလမ်း များသည် ကျွန်ုပ်တို့ နေထိုင်ကြသော လူ့ဘောင်အဖွဲ့အစည်းနှင့် ထိုလူ့ဘောင် အဖွဲ့အစည်းများ အတွင်းရှိ ကျွန်ုပ်တို့၏ အနေအထားတို့ အပေါ် မူတည်သည်။

သို့ရာတွင် ယနေ့အချိန်၌ ဘန်သမ်၏ အထင်အမြင် သေးသည့် ပုံစံဖြင့် ငြင်းခုံရဲမည့်သူ ရှိတော့မည်မထင်။ လူ့အခွင့်အရေးများအပေါ် ကျွန်ုပ်တို့ နားလည်သဘောပေါက်မှု၊ လေးစားမှုတို့သည် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ အစိုးရများ မူဝါဒ ရေးဆွဲရာ၌၊ နိုင်ငံတကာ ရေးရာများတွင် ပြုမူဆောင်ရွက်ရာ၌ အဓိက ကျသည်မှာ ငြင်းမရပုံ ပေါက်နေသည်။ သို့သော် လူ့အခွင့်အရေးများသည် ကောင်းသောအရာ ဖြစ်သည်ဟု ယနေ့ သဘောတူ လက်ခံထားကြစေကာမူ ဘန်သမ်ပြောခဲ့သည်မှာ မှန်သည်၊ လူ့အခွင့်အရေးများသည် စာရွက်ပေါ်တွင် အဆင်ချောကြသည် သို့သော် ၎င်းတို့ကို အဓိပ္ပာယ် သတ်မှတ်သည့်အခါ၊ အကြောင်းအရာ သတ်မှတ်သည့်အခါ လေထဲလွင့်မျော သွားနိုင်သည်၊ လူ့အခွင့်အရေး တောင်းဆိုချက်များသည် နားဝင်ချိုကောင်း ချိုနိုင်သော်လည်း အလွဲသုံးစားပြုခြင်း ခံရနိုင်သည်ဟု စိတ်ထဲ တစ်ထောင့် တစ်နေရာ၌ ခံစားမိနေပါသည်။

မည်သည့်အရာအတွက် တောင်းဆိုချက်ကို မဆို အလွဲသုံးစားပြုနိုင်ပြီး၊ အခွင့်အရေး တောင်းဆိုချက် အားလုံးကိုလည်း တလွဲ အသုံးချနိုင်သည်သာ ဖြစ်သည်။ သို့ရာတွင် လူ့အခွင့်အရေး တောင်းဆိုချက်များ၏ ပင်ကို သဘောသဘာဝအရ ၎င်းတို့သည် ဒီမိုကရေစီ တောင်းဆိုချက်၊ နိုင်ငံသား အခွင့်အရေး တောင်းဆိုချက်များကဲ့သို့ အခြားသော တောင်းဆိုချက်များထက် အလွဲသုံးစားပြုခြင်း သို့မဟုတ် တလွဲအသုံးချခြင်း ခံရနိုင်ခြေ ပိုများသည်။ အကြောင်းမှာ နော်မန်လူးဝစ် (Norman Lewis) ၏ စကားကို ယူ၍ ပြောရလျှင် လူ့အခွင့်အရေးများသည် လူမှုသဘောအရ တည်ဆောက်ထားသော ဥပဒေအရ အကျုံးဝင်သူများ (legal subjects) မှ ဆင်းသက်လာခြင်း မဟုတ်ခြင်း ဖြစ်သည် (Lewis, 1998, p.85)။ ဘန်သမ်သည် အကောင်အထည် မရှိသော (abstract) အခွင့်အရေး တောင်းဆိုချက်များအား စုန်းသရဲများ၊ ဒဏ္ဍာရီလာ သိင်္ဂသမြင်းတို့ကို ယုံကြည်သည့်အလား ကလေးဆန်သော သို့မဟုတ် အယူသီးသော အတွေးအခေါ်များ ဖြစ်သည်ဟု ထင်မြင်ခဲ့သော်လည်း ၎င်းတို့၏ ဒြပ်မဲ့ဖြစ်မှုသဘော၊ ၎င်းတို့သည် ဥပဒေအရ ပြဋ္ဌာန်းထားသော အခွင့်အရေးများထက် တော်လှန်ရေး ရည်မှန်းချက်များ၊ တိုးတက် ပြောင်းလဲရေး ရည်မှန်းချက်များကို

ထင်ဟပ်ပြခြင်းသည် ၎င်းတို့အား ကမ္ဘာတစ်ဝန်းလုံးတွင် အသုံးပြုခြင်း၊ ထောက်ခံကြခြင်း၏ အဓိကအကြောင်းအရင်းတစ်ခု ဖြစ်သည်။

ယခုအခန်းသည် လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားသူများက လူ့အခွင့်အရေးများအား တလွဲအသုံးပြုမှု သို့မဟုတ် အလွဲသုံးစားပြုမှုအဖြစ် နားလည်ထားကြသော လူ့အခွင့်အရေး တောင်းဆိုချက်များ၏ အားနည်းချက်ကို အဓိက အာရုံစိုက်ထားသည်။ လူ့အခွင့်အရေး တောင်းဆိုချက်များ၏ မရှင်းမလင်းသော၊ လက်ဆုပ်လက်ကိုင်ပြ၍ မရသော သဘောသည်ပင် တစ်ချိန်တည်းတွင် ၎င်းတို့၏ ဆွဲဆောင်မှုဖြစ်ကြောင်း၊ သို့သော် အလွဲသုံးစားပြုရန် အခွင့်အရေးကိုလည်း အမြဲတစေ ဖန်တီးထားကြောင်း ပြသပါမည်။ လူ့အခွင့်အရေး မူဘောင်များကို ထောက်ခံသူများအတွက် ကံမကောင်းသော အချက်မှာ အလွဲသုံးစား ပြုမှုအတွက် လမ်းပွင့်နေခြင်းသည် မတော်တဆမှုတစ်ခုကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ လူ့အခွင့်အရေး အယူအဆ၏ ပင်ကိုအတွင်းသဘာဝကြောင့် တည်ရှိနေခြင်း ဖြစ်သည်။

## လူ့အခွင့်အရေးများနှင့် ဥပဒေအေရ အကျိုးဝင်သူ

လူ့အခွင့်အရေး ပြောဆိုရေးသားချက်တွင် ဆင်ခြင်ဉာဏ်ပွင့်ခေတ်မှ စတင်ခဲ့သော ပင်ကိုသဘာဝ လူအခွင့်အရေး အခွင့်အရေး (natural rights) များရှိကြောင်း ထွက်ဆိုချက်ပုံစံဖြင့် သမိုင်းဦး ရှိသည်။ ဆင်ခြင်ဉာဏ်ပွင့်ခေတ်တွင် အထက်တန်းလွှာ လွှမ်းမိုးသော မြေရှင်ပဒေသရာဇ်ခေတ် လူမှုနှင့်နိုင်ငံရေး အထက်အောက် ဖွဲ့စည်းပုံများကို စိန်ခေါ်ခဲ့သည့် လူသားအားလုံးနှင့် ဆိုင်သော လူ့သဘာဝ ရှိကြောင်း ထွက်ဆိုချက်များသည် လူတစ်ဦးချင်း တန်းတူဖြစ်မှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် အယူအဆများအတွက် အဓိက အခြေခံအုတ်မြစ် ဖြစ်ခဲ့သည် (စာသေတ္တာ ၇.၁ ကို ကြည့်ပါ)။ ပင်ကိုသဘာဝ အခွင့်အရေး ထွက်ဆိုချက်များသည် လစ်ဘရယ်ခေတ်သစ် ခေတ်ပြောင်း တော်လှန်ရေး လှုပ်ရှားမှုများ၏ ဗဟိုချက်မ၌ ရှိသည်ဟု ရှုမြင်ခဲ့ကြသည်။ ထိုလှုပ်ရှားမှုများမှာ ပြင်သစ် တော်လှန်ရေး၏ နိုင်ငံသားနှင့် လူသား၏ အခွင့်အရေးများဆိုင်ရာ ကြေညာချက်နှင့် အမေရိကန် တော်လှန်ရေး၏ လွတ်လပ်ရေး ကြေညာစာတမ်းနှင့် အခွင့်အရေးများ ဥပဒေစာတမ်းတို့ ဖြစ်ကြသည်။

အယ်မီလေ ဒါးခိုင်း (Emile Durkheim)၊ မတ်ခ်စ်ဗေပါ (Max Weber) နှင့် ကားမာ့ခ်စ် (Karl Marx) တို့ကဲ့သို့ သီအိုရီဆရာများက ထုတ်ဖော် စဉ်းစားခဲ့သော လူမှုရှုထောင့် စဉ်းစားပုံ၊ သမိုင်းရှုထောင့် စဉ်းစားပုံများ ပေါ်ထွက်လာမှုနှင့်အတူ ပင်ကိုသဘာဝ အခွင့်အရေးများဆိုင်ရာ အယူအဆအပေါ် ယုံကြည်လက်ခံမှု အားနည်း လာခဲ့သည် (၎င်းအကြောင်းကို အခန်း ၆ တွင် လေ့လာပါ)။ ထိုအယူအဆအစား အခွင့်အရေး များသည် တစ်သီးပုဂ္ဂလ လူသားနေထိုင်ရာ လူ့အဖွဲ့အစည်းပေါ် မှီတည်သော လူမှု၊ နိုင်ငံရေး ထွက်ကုန်များ ဖြစ်သည်ဟူသော ဘုံနားလည် သဘောပေါက်မှု တစ်ခုက အစားထိုး ဝင်ရောက်လာခဲ့သည်။ ဖမ်းဆုပ်၍မရသော ပင်ကိုသဘာဝ အခွင့်အရေး ယူဆချက်အား လက်ဆုပ်လက်ကိုင်ပြနိုင်သော နိုင်ငံသားဖြစ်မှု အခွင့်အရေးများနှင့် အစားထိုးလာခဲ့ကြသည်။

**စာသေတ္တာ ၇.၁ ပြဇာတ်ဆရာ ဆိုဖိုကလဲ့စ်၏ အန်တီဂနီ အမည်ရှိ ဇာတ်ကောင် - ကျင့်ဝတ်နှင့် ဥပဒေတို့၏ အားပြိုင်မှု**

လူ့အခွင့်အရေး အယူအဆအား ရှေ့ခေတ် ဂရိပြည်နှင့် နာမည်ကျော် ပြဇာတ်ဆရာကြီး ဆိုဖိုကလဲ့စ် (Sophocles) ၏ လက်ရာများအထိ ခြေရာကောက်နိုင်သည်။ ၁၉၇၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော လူ့အခွင့်အရေးနှင့် အမေရိကန် နိုင်ငံခြားရေး မူဝါဒအမည်ရှိ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ လက်ကမ်းစာစောင်ကို ကိုးကားရမည်ဆိုလျှင်

**လူ့အခွင့်အရေး အယူအဆသည် သူ၏ မိတ်ဆွေဟောင်းကြီး အာဏာရှင်စနစ်ကဲ့သို့ပင် သက်တမ်းရင့်သည်...ဆိုဖိုကလဲ့၏ ဇာတ်ဆောင်မင်းသမီး အန်တီဂနီ တစ်ယောက် အာဏာရှင် ဘုရင်ကြီး ခရေ့အွ(စ်)ထံ "အရှင့်ရဲ့ အင်အားတွေဟာ ဘုရားသခင်ရဲ့ သေဆုံးခြင်းမရှိ၊ မှတ်တမ်းတင်ခြင်း မရှိတဲ့ ဥပဒေတွေနဲ့ ယှဉ်ရင် အားနည်းချက်တွေသာ ဖြစ်တယ်" ဟု ဟစ်ကြွေးသည့်အခါ သူမသည် ခေတ်ပြောင်း တော်လှန်သည့် စကားတစ်ရပ် ဆိုခဲ့ခြင်း ဖြစ်သည်။ ရှင်ဘုရင်များက ပြဋ္ဌာန်းသည့် ဥပဒေများထက် ပို၍ ကြီးမြတ်သော ဥပဒေများ ရှိကြောင်း သူမ အခိုင်အမာ ဆိုခဲ့သည်။ လူတစ်ဦး အနေဖြင့် သူမတွင် အဆိုပါ ပို၍ ကြီးမြတ်သော ဥပဒေများအရ တချို့အခွင့်အရေးများ ရှိကြောင်း၊ ရှင်ဘုရင်များ၊ စစ်တပ်များသည် အင်အားသုံးပြီး သူမ၏ အခွင့်အရေးများကို ချိုးဖောက်ကြောင်း ချိုးဖောက်နိုင်ကြောင်း သို့ရာတွင် ထိုအခွင့်အရေးများကို မည်သည့်အခါမျှ ပျက်ပြယ်စေခြင်း၊ အပြီးအပိုင် သိမ်းယူခြင်းတို့ မပြုလုပ် နိုင်ကြောင်း ဆိုခဲ့သည်။**

**(Sellars, 2002, p.vii တွင် ဖော်ပြထားသည်)**

အထက်ပါ ကိုးကားချက်သည် လူ့အခွင့်အရေး ထွက်ဆိုချက်များ၏ အနှစ်သာရကို ဖော်ပြသည့် အလွန်ပင် ကောင်းမွန်သော သာဓက တစ်ခု ဖြစ်သည်။ ဥပဒေအရ ပြဋ္ဌာန်းထားသော အခွင့်အရေးများ (legal rights) အား အာဏာ၊ ဖိနှိပ်မှုတို့နှင့် ညီမျှခြင်း ချလေ့ရှိကြပြီး ၎င်းကို ဥပဒေအရ ပြဋ္ဌာန်းထားခြင်း မဟုတ်သည့် အခွင့်အရေး ရှိသူ (non-legally constituted rights subject) အမည်ဖြင့် စိန်ခေါ်လေ့ရှိသည်။

## နှစ်ဆယ်ရာစု ဝေဖန်ချက်များ

လူအခွင့်အရေးများသည် လူသားအားလုံးဆိုင်ရာ ထွက်ဆိုချက် ဖြစ်သည် ဟူသော သဘောတရားမှာ ဂျယ်ရမီ ဘန်သမ်အတွက် အဓိပ္ပာယ် မရှိသလို နှစ်ဆယ်ရာစု၏ ဦးဆောင် နိုင်ငံရေး သီအိုရီ ဆရာများ အတွက်လည်း အဓိပ္ပာယ်မရှိပေ။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးချိန် ၁၉၅၀ ခုနှစ်တွင် ရေးသားခဲ့စဉ်က ဟာနာအားရန့် (Hannah Arendt) က ဟော်လိုကော့စ် (Holocaust) သည် လူ့အခွင့်အရေး အယူအဆ၏ လက်ဆုပ်လက်ကိုင် မပြနိုင်သော၊ အဓိပ္ပာယ်မဲ့သော သဘောသဘာဝကို သရုပ်ပြခဲ့သည်ဟု မှတ်ချက်ပြု ခဲ့သည် (စာသေတ္တာ ၇.၂ ကို ကြည့်ပါ)။ ဂျူးများသည် ၎င်းတို့၏ နိုင်ငံရေး ဖြစ်တည်မှု ဖြစ်သော နိုင်ငံသား အခွင့်အရေးများ ငြင်းပယ်ခံရသည့်အခါ လက်ဆုပ်လက်ကိုင် မပြနိုင်သော လူ့အခွင့်အရေး ထွက်ဆိုချက် များသာ မှီခိုအားထားစရာ ကျန်တော့သည်။ ထိုသို့ ဖြစ်သွားရသည့်အတွက် ၎င်းတို့၏ ဖြစ်တည်မှုသည်

တက်ကြွလှုပ်ရှားသော၊ ဆုံးဖြတ်ချက် ချနိုင်သော နိုင်ငံရေး လူပုဂ္ဂိုလ်များမှ အခြားသူများ၏ လျှဒါန်းမှု၊ ရက်ရောမှုအပေါ် မှီခိုအားထားရသူများ အဖြစ်သို့ လျှော့ကျသွားခဲ့ရသည်။ အားရန့်၏ အမြင်တွင် ကျွန်ုပ်တို့အား လူသားဖြစ်စေသော အရာမှာ လူသားဖြစ်မှု တစ်ခုတည်း မဟုတ်ဘဲ ကျွန်ုပ်တို့၏ အခွင့်အရေး ရှိသော၊ အခွင့်အရေး ပေးသော လူ့အသိုင်းအဝိုင်းများ ဖန်တီးနိုင်သည့် စွမ်းပကား ဖြစ်သည်။ ဂျူးများအတွက် ဟောလိုကော့စ်၏ သင်ခန်းစာမှာ လူ့အခွင့်အရေးများအပေါ် ပိုမိုအာရုံစိုက်ရေး မဟုတ်ဘဲ အစ္စရေး နိုင်ငံတော်ကို တည်ထောင်ရန်၊ ဘေးရန်ကင်းစေရန် ရှန်းကန်လှုပ်ရှားမှုမှတဆင့် တိုက်ယူရသော နိုင်ငံသား ဖြစ်မှုဆိုင်ရာ နိုင်ငံရေး အခွင့်အရေးများ ရရှိရေး ဖြစ်သည်။

အားရန့်က လူ့အခွင့်အရေးများသည် စိတ်ကူးယဉ် အခွင့်အရေးများ ဖြစ်သည်ဟု တင်ပြခဲ့သည်။ တစ်နည်း လူ့အခွင့်အရေးများသည် သက်ဆိုင်ရာ လူပုဂ္ဂိုလ်တို့၏ စုပေါင်းစွမ်းဆောင်ရည် အပေါ် အမှီသဟည်း မပြုသော အခွင့်အရေးများ ဖြစ်သည်ဟု ဆိုခဲ့ခြင်း ဖြစ်သည် (Chandler, 2003)။ စုပေါင်း ဆုံးဖြတ်ချက် ချသည့် နိုင်ငံရေး ဖြစ်စဉ်မှ ဖယ်ထုတ်ခံရသည့် တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များတွင် ၎င်းတို့၏ အခွင့်အရေး များသည် ဘာဖြစ်သည်၊ ဘာဖြစ်သင့်သည်ကို ဆုံးဖြတ်ရာ၌ အခိုင်အမာ ပြောဆိုခွင့် မရှိကြတော့ပေ။ အကောင်းဆုံး အနေအထားတွင် ၎င်းတို့သည် မိမိတို့ အခွင့်အရေးများအတွက် အခြားသူများအား တိုက်တွန်းနှိုးဆော်ခြင်း၊ အသနားခံခြင်းမျိုးသာ လုပ်ဆောင်နိုင်ကြတော့ပြီး မိမိတို့ကိုယ်ကို အမှီအခိုပြု အနေအထားသို့ တွန်းပို့လိုက်ကြခြင်း ဖြစ်သည်။ အားရန့်၏ အလိုအရ လူသား၏ အခွင့်အရေးများသည် နိုင်ငံသား၏ အခွင့်အရေးများထက် များစွာ နည်းပါးသည်။ လူ့အခွင့်အရေးသာသာ ရှိသော အခွင့်အရေး များကို ပိုင်ဆိုင်သူသည် သူများထက် တစ်ဆင့်နိမ့်သော၊ သူများအပေါ် အမှီအခိုပြုရသော၊ အသနားခံ တောင်းဆိုရသော အနေအထားတွင် ရှိကြသည်။ ထို့ကြောင့် အဆိုပါ လူ့အခွင့်အရေး တောင်းဆိုချက်များ အပေါ် စိတ်လိုလက်ရ သဘောမျိုး တုံ့ပြန်လိုက တုံ့ပြန်နိုင်သည်။ ရလဒ်အနေဖြင့် တချို့ အခြေအနေများတွင် အထူးအခွင့်အရေးများ ရကောင်းရနိုင်သော်လည်း အခြေအနေ အများစုတွင် မတရားမှုများသာ ဖြစ်ပွား နိုင်သည်။ အကြောင်းအရင်းမှာ ၎င်းတို့အား (လူ့အခွင့်အရေး ပိုင်ဆိုင်သူများအား) သူတို့ လုပ်ဆောင်သော အရာ၊ လုပ်ဆောင်ခဲ့သော အရာ၊ သို့မဟုတ် လုပ်ဆောင်နိုင်သော အရာတို့နှင့် လားလားမျှ အဆက်အစပ် မရှိဘဲ လိုသလို ကောင်းချီးပေးခြင်းများ၊ ဒဏ်ခတ်ခြင်းများ ရယူစေခြင်းဖြစ်သည် (Arendt, 1973, p.296)။

အားရန့်၏ အမြင်တွင် အခွင့်အရေး ပိုင်ဆိုင်သူများအား ထိုအခွင့်အရေးများကို ဖော်ဆောင်နိုင်သူ အေးဂျင့်နှင့် ခွဲခြားထားသည့် လူ့အခွင့်အရေး စဉ်းစားပုံစဉ်းစားနည်းများသည် ဘန်သမ်၏ အမြင်ဖြစ်သည့် လူ့အခွင့်အရေးများသည် မဖြစ်နိုင်သည့် ဆုတောင်းများနှင့် နိဗ္ဗာန်ဘုံ အိပ်မက်များသာ ဖြစ်သည် ဟူသည့် အချက်ထက် ပိုဆိုးသည် စဉ်းစားပုံ စဉ်းစားနည်းကို တရားဝင် ဖြစ်စေခြင်းပင် ဖြစ်သည်။ တလွဲအသုံးချ ခံရသော၊ လိုသလို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ကွက်ကျား အကောင်အထည်ဖော်ခြင်းတို့ ခံရသော စိတ်ကူးယဉ် အခွင့်အရေး နယ်ပယ်တစ်ခုကို ပေါ်ပေါက်လာခဲ့သည်ဟု အားရန့်က ဆိုခဲ့သည်။

အားရန့်နှင့် ခေတ်ပြိုင် စာရေးသားခဲ့သည့် ဂျာမန်လူမျိုး ဥပဒေနှင့် နိုင်ငံရေး သဘောတရား ဆရာ တစ်ဦးဖြစ်သူ ကားရှမစ် (Carl Schmitt) သည်လည်း လူသားအားလုံးဆိုင်ရာ လူ့အခွင့်အရေး အယူအဆ

အပေါ် ဝေဖန်ခဲ့သည်။ ရှမစ်သည် လူ့အခွင့်အရေး ခေါင်းစဉ်အား ဆန့်ကျင်ဘက် ဦးတည်ချက်မှ ချဉ်းကပ်ခဲ့သည် (လူ့အခွင့်အရေးများကို တောင်းဆိုသူ လူ့အခွင့်အရေး ပုဂ္ဂိုလ်၏ အမြင် ရှုထောင့်ဘက်မှ မဟုတ်ဘဲ လူ့အခွင့်အရေးများကို စည်းကြပ်လိုက်နာစေရေး တာဝန်ရှိသူ ပြင်ပဇာတ်ကောင်၏ ရှုထောင့် ဘက်မှ ချဉ်းကပ်ခဲ့သည်)။ လူသားအားလုံး ဆိုင်ရာ လူ့အခွင့်အရေးများ အကြောင်းပြုပြီး စစ်ရေးအရ ဝင်ရောက် စွက်ဖက်ခြင်း ဖြစ်သည်ဟု ထွက်ဆိုခြင်းသည် အာဏာပြခြင်းသာ ဖြစ်ပြီး မူအရ လုပ်ဆောင်ခြင်း မဟုတ်ကြောင်း သူက ငြင်းခုံခဲ့သည်။ လူသားထုကို တိုင်တည်သူတိုင်းသည် လိမ်လည် လှည့်ဖြားလိုသူသာ ဖြစ်သည်ဟု လူသိရှင်ကြား ဆိုခဲ့သည် (စာသေတ္တာ ၇.၂ တွင် ရှုပါ)။

| စာသေတ္တာ ၇.၂ လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ ဟာနာအားရန့်နှင့် ကားရှမစ်တို့၏ ပြောဆို ရေးသားချက် |
|---|
| **လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ ဟာနာအားရန့်၏ ပြောဆိုရေးသားချက်**<br><br>ပုဂ္ဂလိက ရပ်ဝန်းက လူတိုင်းသည် မတူညီကြ၊ ကွဲပြားခြားနားကြသည်ဆိုသော နိယာမအပေါ် အခြေခံသကဲ့ အများဆိုင်ရပ်ဝန်းက တန်းတူဖြစ်မှု နိယာမအပေါ် တသမတ်တည်း အခြေခံသည်။ ဖြစ်တည်မှု သပ်သပ်တွင် ပါဝင်နေသည့် အခြင်းအရာများနှင့် မတူသည်မှာ တန်းတူဖြစ်မှုအား ကျွန်ုပ်တို့ အလိုအလျောက် ရကြခြင်း မဟုတ်ဘဲ တရားမျှတရေးမှု၏ ပဲ့ကိုင်လမ်းညွှန်မှုဖြင့် လူသားတို့ စုစည်း ဆောင်ရွက်ခြင်း၏ အကျိုးရလဒ် အဖြစ် ရရှိခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် တန်းတူမွေးလာခြင်း မဟုတ်ပါ။ မိမိတို့ ကိုယ်တိုင်အတွက် အပြန်အလှန် တန်းတူညီမျှသော အခွင့်အရေးများကို အာမခံပေးမည် ဟူသော စိတ်ပိုင်းဖြတ်မှုဖြင့် လူ့အဖွဲ့အစည်း တစ်ခု၏ တန်းတူညီမျှသော အဖွဲ့ဝင်များ ဖြစ်လာကြခြင်း ဖြစ်သည်။<br>(Arendt, 1973, p.301)<br><br>**လူ့အခွင့်အရေးနှင့် ပတ်သက်၍ ကားရှမစ်၏ ပြောဆိုရေးသားချက်**<br><br>လူသားထုအနေဖြင့် စစ်ဆင်နွှဲ၍ မရပေ။ အဘယ်ကြောင့်ဆိုသော် လူသားထုတွင် ရန်သူမရှိ၊ အနည်းဆုံးတော့ ဤကမ္ဘာမြေပေါ်၌ ရန်သူမရှိ။ နိုင်ငံတစ်ခုသည် ရန်သူအား လူသားထုအတွက် ဟူ၍ အမည်ခံပြီး တိုက်ခိုက်သည့်အခါ ထိုစစ်သည် လူသားထု အကျိုးအတွက် စစ်ပွဲမဟုတ်ဘဲ နိုင်ငံတစ်နိုင်ငံက စစ်ရေးရန်သူကို တိုက်ခိုက်ရန် လူသားထုလွှမ်းခြုံ အယူအဆတစ်ခုကို အပိုင်စီး အသုံးချလိုက်သော စစ်ပွဲသာဖြစ်သည်။ လူသားထုဆိုသော အယူအဆသည် အင်ပိုင်ယာ ချဲ့ထွင်ရေးအတွက် အလွန်ပင် အသုံးတည့်သည့် အယူဝါဒပိုင်းဆိုင်ရာ စူးဆောက်တန်ဆာပလာတစ်ခု ဖြစ်ပြီး ကိုယ်ကျင့်တရား ဆိုင်ရာ၊ လူသားချင်း စာနာမှု ဆိုင်ရာ ပုံစံတွင် လူသားထုဟူသော အယူအဆမှာ စီးပွားရေးအရ နယ်ချဲ့ရန် ကိရိယာ တစ်ခုပင် ဖြစ်သည်။ ဤနေရာ၌ ပရောက်ဒွန် (Proudhon) ၏ ပြောစကားကို အနည်းငယ် ပြင်၍ ပြောရလျှင် လိမ်လည်လိုသူတိုင်းသည် လူသားထုကို တိုင်တည်ကြသည်သာ ဖြစ်သည်။ လူသားထု ဆိုသော စကားလုံးကို သိမ်းပိုက်ခြင်း၊ ထိုကဲ့သို့ စကားလုံးတစ်လုံးကို တိုင်တည်ခြင်း၊ လက်ဝါးကြီးအုပ်ခြင်း တို့တွင် တွက်ချက်၍ မရနိုင်သော အကျိုးဆက် တချို့ ရှိသည်။ ဥပမာ ရန်သူ၏ လူသားဖြစ်မှုကို ငြင်းပယ်ခြင်း၊ ရန်သူအား လူ့ဘောင်ပြင်ပ ရောက်နေသူအဖြစ် ကြေညာခြင်း စသည့် အကျိုးဆက်များ ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် စစ်ပွဲတစ်ခုအား အလွန်အကျွံ လူသားမဆန်အောင်ပင် တွန်းပို့ပစ်နိုင်သည်။ (Schmitt, 1996, p.54) |

အားရန့် နည်းတူပင် ရှမစ်က လူသားထု၊ လူ့အခွင့်အရေး စသည့် အယူအဆများသည် အခွံဗလာ ဖြစ်သော စိတ်ကူး အယူအဆများ ဖြစ်ကြောင်း ငြင်းခုံသည်။ တစ်နည်း ဤအယူအဆများသည် ဖွဲ့စည်း တည်ဆောက်ထားသော အခွင့်အရေးများ၊ တာဝန်များရှိသော နိုင်ငံရေး အရှိတရားနှင့် မကိုက်ညီဟု ငြင်းခုံသည်။ ရှမစ်က တစ်ဆယ့်ရှစ်ရာစု အကုန်ပိုင်းကာလ၌ ယင်းအချိန်၌ တည်ရှိနေခဲ့သည့် အထက်တန်းလွှာ ကြီးစိုးသော မြေရှင် ပဒေသရာဇ် စနစ်နှင့် ၎င်းနှင့် ဆက်စပ်သည့် မညီမျှမှုများ၊ အခွင့်ထူးများကို ဆန့်ကျင်ရန် တိုက်ပွဲခေါ်သံ တစ်ခုအဖြစ် အသုံးဝင်ကောင်း ဝင်ခဲ့နိုင်သည်၊ သို့သော် ဤအချက်ကို ယူ၍ လူ့အခွင့်အရေး ခေတ်တစ်ခေတ် ရောက်လာခဲ့ပြီဟု မပြောနိုင်ကြောင်း ငြင်းခုံသည်။ ကမ္ဘာကြီးသည် မတူကြသော၊ ကိုယ်ပိုင် လက္ခဏာဖြင့် ရှိကြသော နိုင်ငံရေး လူ့အဖွဲ့အစည်းများ၊ နိုင်ငံများအဖြစ် ကွဲနေကြသေးသည့် အချက်က လူသားအားလုံး လွှမ်းခြုံ အခွင့်အရေးများ ပိုင်ဆိုင်သော လူပုဂ္ဂိုလ်များ ရှိမသေးဟု ဆိုနေခြင်း ဖြစ်သည်။ အကယ်၍ အဆိုပါ လူပုဂ္ဂိုလ်များ ရှိနေပြီဆိုပါက ကျွန်ုပ်တို့တွင် ကမ္ဘာ့အစိုးရလည်း ရှိနေပြီး အဆိုပါ လူသားအားလုံး လွှမ်းခြုံ အခွင့်အရေးများသည်လည်း နိုင်ငံရေး အခွင့်အရေး၊ တရားဝင် (legal) အခွင့်အရေးများ အဖြစ် တည်ရှိနေပေလိမ့်မည် (Schmitt, 1996, p.55)။

ရှမစ်၏ အမြင်တွင် တစ်ကမ္ဘာလုံး လွှမ်းခြုံ လူသားအား လက်တွေ့၌ အခွင့်အရေး ပိုင်ဆိုင်သော လူပုဂ္ဂိုလ်အဖြစ် တည်ဆောက်ပေးနိုင်သော တစ်ခုတည်းသော ကမ္ဘာ့အစိုးရ တစ်ရပ် မရှိသည့် အခြေအနေတွင် လူ့အခွင့်အရေး တောင်းဆိုချက်များကို အဆုံးအဖြတ် ပေးနိုင်သော တိကျရှင်းလင်းသော တရားရုံး သို့မဟုတ် အကောင်အထည်ဖော်ရေး အစီအမံများ မတည်ရှိနိုင်။ ရှမစ်က နိုင်ငံများအကြား သဘောတူညီချက်အပေါ် အခြေခံပြီး နိုင်ငံတကာ ကြက်ခြေနီ ကော်မတီကဲ့သို့ နိုင်ငံရေး မဖက်သော အဖွဲ့တစ်ခုက စီမံအုပ်ချုပ်လျှင် လူသားချင်း စာနာရေး လုပ်ငန်းများသည် ပြဿနာ တက်စရာ မရှိဟု ငြင်းခုံသည်။ စိတ်ကူးနယ်ပယ်မှ လူ့အခွင့်အရေး တောင်းဆိုချက်များအား သဘောတူထားပြီး ဖွဲ့စည်း တည်ဆောက်ထားသော အခွင့်အရေး မူဘောင်များနှင့် ယှဉ်ပြိုင်စေပါက ၎င်းသည် ပဋိပက္ခနှင့် မတည်ငြိမ်မှုတို့ ဖြစ်စေသည်။ ဤသို့ ဖြစ်ရခြင်းမှာ လူ့အခွင့်အရေး တောင်းဆိုသူများသည် ထိုအခွင့်အရေး များကို စည်းကြပ် လိုက်နာစေသည့် အေဂျင်စီနှင့် သီးခြားစီ ဖြစ်နေခြင်းကြောင့် ဖြစ်သည်။ လူမှုသဘောအရ ဖွဲ့စည်း တည်ဆောက်ထားခြင်း မဟုတ်သော ဥပဒေအရ အကျုံးဝင်သူများ၏ တောင်းဆိုချက်များကို အကောင်အထည် ဖော်ခြင်း မူအရ ဆုံးဖြတ်ခြင်းမျိုး မဟုတ်ဘဲ အင်အားကြီးသူတို့ စိတ်ကြိုက် ဆုံးဖြတ်သော ဆုံးဖြတ်ချက်မျိုးသာ ဖြစ်ပေလိမ့်မည်။ လူသားထု၏ လိုအပ်ချက် သို့မဟုတ် အကျိုးစီးပွားတို့အပေါ် အဆုံးအဖြတ် ပေးရေး လူသားထု လွှမ်းခြုံ တောင်းဆိုချက်များသည် ဥပဒေအရ ဆောင်ရွက်သော လုပ်ရပ်များ မဖြစ်ဘဲ အင်အားအရ လုပ်ဆောင်သော တရားနည်းလမ်း မကျသော လုပ်ရပ်များ ဖြစ်သည့်အပြင် နိုင်ငံအရေးအရ အကွဲအပြဲဖြစ်နေသော ကမ္ဘာကြီးတွင် အန္တရာယ်ရှိပြီး မတည်မငြိမ်ပင် ဖြစ်စေနိုင်သည်ဟု ရှမစ်တစ်ယောက်က စိုးရိမ်ပူပန်ခဲ့သည် (Schmitt, 1996, pp. 53-8)။

# လူ့အခွင့်အရေး ဝိရောဓိ

ဟာနာအားရန့်နှင့် ကားရှမစ်တို့၏ တင်ပြချက်များသည် လူ့အခွင့်အရေး ဝိရောဓိ၏ ဗဟိုချက်မကို ထိသည်။ လူ့အခွင့်အရေးများ၏ အာဏာပါဝါကို စိန်ခေါ်နိုင်စွမ်း၊ (ဥပဒေ၏ အတားအဆီးမရှိသော) အာဏာ ကျင့်သုံးရေး ယန္တရားများ ဖြစ်နေမှုသည် လူ့အခွင့်အရေး ထွက်ဆိုချက်များအား ဥပဒေအရ ပြဋ္ဌာန်းထားခြင်း မဟုတ်သည့် အခွင့်အရေး ရှိသူများ ကိုယ်စား ပြုလုပ်ကြသည့် အချက်တွင် မြစ်ဖျားခံသည်။ လူ့အခွင့်အရေး ထွက်ဆိုချက်များသည် ရှိရင်းစွဲ စနစ်တစ်ခုကို ဖြုတ်ချမည့် ဖြစ်ပေါ်အံ့ဆဲဆဲ တော်လှန်ရေးဆန်ဆန် ဖြုတ်ချက်မှုကို ထင်ဟပ်ပြကောင်း ပြနိုင်သည် သို့မဟုတ် ဥပဒေဘောင်ကို ကျော်လွန်၍ အုပ်ချုပ်ရန် အုပ်ချုပ်ရေး အာဏာအား ဖိနှိပ်အသုံးပြုမှုကို ထင်ဟပ်ပြကောင်း ပြနိုင်သည်။ အခွင့်အရေးရှိသူအား ထိုအခွင့်အရေး တောင်းဆိုချက်များကို စည်းကြပ် လိုက်နာစေသည့် အေဂျင်စီနှင့် ပိုင်းခြားထားခြင်းဖြင့် လူ့အခွင့်အရေး တောင်းဆိုချက်များသည် ဥပဒေစနစ် တစ်ခုကို စိန်ခေါ်ခြင်းသာ ဖြစ်သည်။ လူ့အခွင့်အရေး ဆိုင်ရာ ပြောဆိုရေးသားချက် ထွက်ပေါ်လာသည့် အခြေအနေကို ထည့်သွင်း စဉ်းစားခြင်း မရှိဘဲ ထိုဖွဲ့စည်း တည်ဆောက်ထားသော အခွင့်အရေးများ ပါရှိသော ဥပဒေ စနစ်အပေါ် စိန်ခေါ်ချက်သည် ထောက်ခံ သင့်သည့် အရာဖြစ်သလား သို့မဟုတ် ဆန့်ကျင်သင့်သည့် အရာဖြစ်သလားဟူသည်ကို စံနှုန်းရှုထောင့်မှ ဆုံးဖြတ်ရန် မဖြစ်နိုင်ပါ။

| **အနှစ်ချုပ်** |
| --- |
| လူ့အခွင့်အရေး အဆိုများသည် ကိုယ်ကျင့်တရားဆိုင်ရာ အဆိုများနှင့် တရားဥပဒေဆိုင်ရာ အဆိုများကို ရောထွေးပစ်သည်။ အဘယ်ကြောင့်ဆိုသော် အခွင့်အရေး ရှိသူသည် လူမှုသဘောအရ တည်ဆောက်ထားခြင်း မဟုတ်ဘဲ ဥပဒေအရ အခွင့်အရေး ရှိသူမဟုတ်ပေ။<br><br>ဤအကြောင်းအရင်းကြောင့် လူ့အခွင့်အရေး အဆိုများသည် ရှိရင်းစွဲ တရားဥပဒေစနစ်ကို စိန်ခေါ်ကြသည် (၎င်းသည် အာဏာရှင်စနစ် ဖြစ်ချင်ဖြစ်မည်၊ ဒီမိုကရေစီစနစ် ဖြစ်ချင်လည်း ဖြစ်ပေမည်)။<br><br>လူ့အခွင့်အရေး အဆိုများသည် စွမ်းဆောင်ရည် လစ်ဟာမှု တစ်ခုကို ဖော်ပြသည်။ လစ်ဟာမှုဟု ဆိုရာတွင် အခွင့်အရေး ရှိသူသည် မိမိကိုယ်တိုင် လုပ်ဆောင်ရန် စွမ်းရည်မရှိဟု ယူဆခြင်း ဖြစ်သည်။ ထို့ကြောင့် အခြားတစ်ယောက် (external agent) က ထိုအခွင့်အရေးများကို စည်းကြပ် အကောင်အထည် ဖော်ပေးရန် လိုအပ်သည်။ တာဝန်ယူခြင်း မရှိသော အခြားတစ်ယောက်အပေါ် အမှီအခို ပြုနေခြင်းသည် အခွင့်အရေးများ စည်းကြပ် အကောင်အထည် ဖော်မှုကို မပြတ်မသားဖြစ်စေပြီး အင်အားကြီးသူတို့၏ အကျိုးစီးပွား အပေါ် တည်မှီစေသည်။<br><br>**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**<br><br>ယခုအခန်းသည် လူအားလုံး၏ လွတ်လပ်မှု၊ သဘောတရားအရ တန်းတူဖြစ်မှု (formal equality)တို့ကို |

ကြိုတင်ယူဆထားသော လူ့အခွင့်အရေးများအား ၎င်းတို့၏ ဒီမိုကရက်တစ် အခွင့်အရေးများနှင့် နိုင်ငံသား အခွင့်အရေးများမှ ကွဲပြားခြားနားမှုအပေါ် အခြေခံသော ဝေဖန်ချက်များကို အဓိက တင်ပြထားသည်။ ဆင်းရဲချမ်းသာမဟူ၊ ယောကျ်ားမိန်းမ မဟူ၊ လူကြီးကလေးမဟူ ကျွန်ုပ်တို့အားလုံး၌ လက်တွေ့တွင် တန်းတူ အခွင့်အရေးများ ရှိပါသလား။ လစ်ဘရယ် လူ့အခွင့်အရေး မူဘောင်များသည် အခြားမည်သည့် အစိတ်အပိုင်းများကို ချန်လှပ်ထားသနည်း။ သဘာဝ ပတ်ဝန်းဆိုင်ရာ အခွင့်အရေးများ၊ အနာဂတ် မျိုးဆက်များ၏ အခွင့်အရေးများနှင့်၊ လူသားမဟုတ်သူများ၏ အခွင့်အရေးများ စသည်တို့နှင့် ပတ်သက်၍ မည်သည်တို့ ပြောထားသနည်း။

## လူ့အခွင့်အရေးများ ရှေ့ရောက်လာခြင်း

နိုင်ငံတကာ နိုင်ငံရေးနယ်ပယ်၌ မူလအခွင့်အရေးများအား လူ့အခွင့်အရေးပုံစံဖြင့် ဒုတိယကမ္ဘာစစ် ကာလအတွင်း၌သာ ပြန်လည်အသက်သွင်းခဲ့ခြင်း ဖြစ်သည်။ အမေရိကန်သမ္မတ ဖရန်ကလင် ဒီ ရုစဗဲတ် (Franklin D. Roosevelt) ၏ နာမည်ကျော် ၁၉၄၁ ခုနှစ် 'လွတ်လပ်မှု လေးမျိုး' မိန့်ခွန်း သို့မဟုတ် အိတ်ချ်ဂျီဝဲလ် (H. G. Well) ၏ ၁၉၄၀ ခုနှစ်ထုတ် 'လူ၏ အခွင့်အရေးများ၊ ကျွန်တော်တို့ ဘာအတွက် တိုက်ပွဲဝင်နေကြတာလဲ' ဟူသည် စာစောင်တို့ဖြင့် အစိုးရများ ဦးဆောင်သော ခေတ်သစ် လူ့အခွင့်အရေး လှုပ်ရှားမှုများ စတင်လာခဲ့ဟု ပြောနိုင်မည် ထင်သည်။ ပဓာန လွတ်လပ်မှုများနှင့် လွတ်လပ်ခွင့်များကို ကာကွယ်ခြင်းသည် မဟာမိတ် အုပ်စု၏ ဂျာမနီ နိုင်ငံနှင့် ဂျပန်နိုင်ငံတို့အပေါ် စစ်ရေးလှုပ်ရှားမှုများကို တစည်းတလုံးတည်း ဖြစ်စေခဲ့သည်။ သို့ရာတွင် ဒြပ်မဲ့ လူသားထုလွှမ်းခြုံ တန်ဖိုးများ ဆိုင်ရာ ကြေညာချက် တစ်ခုကို နိုင်ငံတကာ ရပ်ဝန်းတွင် လူသားထုလွှမ်းခြုံ အခွင့်အရေး မူဘောင်တစ်ခု အကောင်အထည် ဖော်ရေး ရည်ရွယ်ချက် (သို့မဟုတ် စွမ်းဆောင်ရည်) နှင့် မရောထွေးပစ်သင့်ပေ။

အကောင်အထည်မရှိသော စကားလုံးသာသာ ဖြစ်သော လူ့အခွင့်အရေးများနှင့် တရားဥပဒေအရ ဖွဲ့စည်း တည်ဆောက်ထားပြီး အကောင်အထည်ဖော် စည်းကြပ်နိုင်သော အခွင့်အရေးများအကြား ကွာဟမှုကို ၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံက သဘောတူခဲ့သော ကမ္ဘာ့လူ့အခွင့်ရေး ကြေညာစာတမ်း (Universal Declaration of Human Rights (UDHR)) က လှလှပပ ဖော်ပြထားသည်။ အကောင်အထည် မရှိသော ကိုယ်ကျင့်တရားရေးရာ ထွက်ဆိုချက်များ သို့မဟုတ် မျှော်မှန်းချက်များ အဖြစ် ဖော်ပြသော လူ့အခွင့်အရေး သုံးဆယ်အပေါ် သဘောတူခဲ့ကြသည်။ ဤအခွင့်အရေးများသည် လူ့အဖွဲ့အစည်းများ၏ လက်တွေ့ ဦးစားပေးမှုများနှင့် ဆိုင်သော နိုင်ငံရေးကိစ္စများမှ ကင်းကွာသည်၊ ထို့ကြောင့် နိုင်ငံများသည် ဈေးကွက် စီးပွားရေး စနစ် ကျင့်သုံးသည် ဖြစ်စေ၊ အစိုးရ ထိန်းချုပ်သော စီးပွားရေး စနစ် ကျင့်သုံးသည်ဖြစ်စေ ထိုအခွင့်အရေးများကို လက်ခံနိုင်ခဲ့ကြသည်။ ကုလသမဂ္ဂသည် နိုင်ငံအားလုံးတွင် တပြေးညီ အသိအမှတ်ပြုနိုင်သော အခွင့်အရေးများ ရှိကြောင်း မထွက်ဆိုခဲ့ခြင်းကြောင့် သို့မဟုတ်

ထိုအခွင့်အရေးများအား တရားဥပဒေ၌ ပြဋ္ဌာန်းရန် မကြိုးပမ်းခဲ့ခြင်းကြောင့်သာလျှင် ဘုံသဘောတူညီမှု ရရှိခဲ့ခြင်း ဖြစ်နိုင်သည်။

## ဒုတိယကမ္ဘာစစ်လွန် စနစ်

ထို့ကြောင့် လူ့အခွင့်အရေး မူဘောင်များအား ဒုတိယကမ္ဘာစစ်လွန် နိုင်ငံတကာစနစ်၏ တရားဥပဒေအရ၊ နိုင်ငံရေးအရ အရေးပါသော အချိန်ကာလများနှင့် ဆက်စပ်စဉ်းစားနိုင်သည်။ သို့ရာတွင် ကျွန်ုပ်တို့အနေဖြင့် ဤကဲ့သို့ လူသားလွှမ်းခြုံ လူ့အခွင့်အရေးများအပေါ် ဦးတည်မှုအား အချုပ်အခြာ အာဏာအပေါ် စိန်ခေါ်ချက် သို့မဟုတ် နိုင်ငံတကာစနစ်၏ ပင်မမူဘောင်အပေါ် စိန်ခေါ်ချက်တစ်ခုအဖြစ် အဓိပ္ပာယ် ဖွင့်ဆိုမည်ဆိုလျှင် သမိုင်းကို ယနေ့ခေတ် အမြင်မှ နေပြီး ပြောင်းပြန်ဖတ်သလို ဖြစ်နေပေလိမ့်မည်။ နျူရမ်ဘာ့ဂ်စစ်ခုံရုံး၊ UDHR နှင့် ၁၉၄၉ ခုနှစ် လူမျိုးပြုန်းတီးစေမှု ဆိုင်ရာ သဘောတူစာချုပ်ကိုပင် တန်းတူညီမျှသော အချုပ်အခြာ အာဏာ အခွင့်အရေး မူဘောင်နှင့် မစွက်ဖက်ရေး မူတို့ကို အကောင်အထည်ဖော်မှုအဖြစ် ရှုမြင်ခဲ့ကြသည်ကို သဘောပေါက်ရန် အရေးကြီးပါသည်။

အချုပ်အခြာအာဏာပိုင် နိုင်ငံများအား နိုင်ငံတကာဥပဒေ၏ တစ်ခုတည်းသော အခွင့်အရေး ပိုင်ဆိုင်သူများအဖြစ် သတ်မှတ်ခြင်းဖြင့် ဒုတိယကမ္ဘာစစ်လွန် စနစ်ကို ဖွဲ့စည်း တည်ဆောက်ခဲ့သည် (ဤအကြောင်းကို အခန်း ၄ တွင် လေ့လာပါ)။ ဤအချက်ကို ကုလသမဂ္ဂ ပဋိညာဉ် စာချုပ် ပြင်ဆင်ရေးဆွဲရေး နိုင်ငံတကာ ညီလာခံများနှင့် အင်အားကြီး နိုင်ငံများ အကြား ဆွေးနွေးမှုများတွင် အတိအလင်း ချပြခဲ့ကြသည်။ နိုင်ငံတော် အချုပ်အခြာ အာဏာနှင့် လူ့အခွင့်အရေး တို့အကြား (တနည်း နိုင်ငံများ၏ အခွင့်အရေးနှင့် တစ်သီးပုဂ္ဂ လူပုဂ္ဂိုလ်များ၏ အခွင့်အရေးတို့အကြား) ဝိရောဓိ မရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတကာစနစ်သည် တစ်သီးပုဂ္ဂလ လူပုဂ္ဂိုလ်များအား ဥပဒေအရ အကျုံးဝင်သူများအဖြစ် အသိအမှတ် မပြုခဲ့ပေ။ ထို့ကြောင့် အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေး ဝန်ကြီး အက်ဒ်ဝေါ့ဒ် အာ စတန်တေ့နီးယပ် (Edward R. Stettinius) ပြောခဲ့သည့်အတိုင်း တရားဥပဒေ အခြေအနေမှာ ရှင်းနေသည်။ 'ပဋိညာဉ်မှာ အဆိုပြုထားတဲ့ ပြဋ္ဌာန်းချက်တွေဟာ သူ့တို့ချည်းသပ်သပ် လူအားလုံးအတွက် လူ့အခွင့်အရေးတွေနဲ့ လွတ်လပ်ခွင့်တွေကို ဖော်ဆောင်ပေးနိုင်မှာ မဟုတ်ဘူး။ ပြဋ္ဌာန်းချက်တွေကို နိုင်ငံတကာ ယန္တရား တစ်ခုခုက စည်းကြပ် အကောင်အထည် ဖော်လို့ရအောင် လုပ်ထားတာ မဟုတ်ဘူး။ ဒါတွေကို ဖော်ဆောင်ရမယ့်တာဝန်ဟာ အဖွဲ့ဝင် အစိုးရတွေရဲ့ တာဝန်ပဲ ဖြစ်တယ်' (Lewis 1998၊ p. 88 တွင် ဖော်ပြထားသည်)။

ဒုတိယအချက်မှာ မူလအခွင့်အရေးများကို နျူရမ်ဘာ့ဂ် ခုံရုံးမှ တဆင့် နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်သို့ သယ်ဆောင် လာခဲ့ခြင်း ဖြစ်သည်။ ခုံရုံးသည် အချုပ်အခြာ အာဏာပိုင် နိုင်ငံများ၏ အာဏာကို အားပျော့ စေခြင်း၌ အခြေခံကျသော ဥပဒေ ကွင်းဆက် ဖြစ်သည်ဟု လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားသူ အများအပြားက ယနေ့ခေတ်တွင် ငြင်းခုံကြသည်။ ၁၉၄၅ ခုနှစ် ဂျာမနီနိုင်ငံ၏ ခြွင်းချက်မရှိ လက်နက်ချမှု

နှင့်အတူ နျူရမ်ဘာ့ဂ်၌ စစ်ခုံရုံး ပြုလုပ်ခဲ့ကြသော မဟာမိတ်နိုင်ငံများသည် ထိုစစ်ခုံရုံးအား နိုင်ငံထက်ကြီးသော အာဏာပိုင် တစ်ရပ် အဖြစ် မဟုတ်ဘဲ အချုပ်အခြာအာဏာပိုင် နိုင်ငံများအဖြစ် ပြုလုပ်ခဲ့ခြင်းသာဖြစ်သည့်အတွက် ဤအဆိုသည် အဓိပ္ပာယ် မရှိပေ (Laughland, 2007, pp. 53-68 တွင် ရှု)။ စစ်ခုံရုံးက ဒိဋ္ဌဓမ္မဥပဒေ (positivist law) ကို ပလပ်ရန် မူလဥပဒေ (natural law) ကို အသုံးပြုရာ၌ ဥပဒေပိုင်းအရ လမ်းကြောင်းသစ် ဖွင့်ပေးခဲ့သည်မှာ ထိုအချိန်က ဂျာမနီ၌ အသက်ဝင်နေခဲ့သည့် ဥပဒေများကို အသုံးပြုပြီး ကျူးကျော်စစ် ဆင်နွှဲခြင်းကို နောက်ကြောင်းပြန် အကာအကွယ် ပေး၍ မရဟု ငြင်းခုံခဲ့ခြင်း ဖြစ်သည်။ ဤငြင်းခုံချက်အား တချို့သော လုပ်ရပ်များသည် လွန်စွာ အကျည်းတန်ရကား ၎င်းတို့ကို လူသားအားလုံးအပေါ် လွှမ်းခြုံသော လူသားဖြစ်မှုဆိုင်ရာ မူများဖြင့် တားမြစ်ထားသည် ဟူသော ဆင်ခြေဖြင့် အကြောင်းပြခဲ့သည် (Douzinas ၂၀၀၇၊ စာ ၂၁-၂)။ ဒိဋ္ဌဓမ္မ ဥပဒေကို အားပျော့စေရန်၊ ဒုတိယကမ္ဘာစစ် စစ်အောင်နိုင်သူများအား စစ်ရေးအရသာမက၊ ကိုယ်ကျင့်တရားအရပါ အောင်နိုင်သူများအဖြစ် ပုံဖော်ရန် လူ့အခွင့်အရေး မူဘောင်များအား အသုံးပြုခဲ့သည်။

စစ်ပွဲအတွင်း မဟာမိတ်နိုင်ငံများ၏ လုပ်ရပ်နှင့် စစ်လွန် နိုင်ငံတကာ စနစ်တို့ကို ကျင့်ဝတ်ပိုင်းအရ မှန်ကန်သင့်မြတ်ကြောင်း ပြသရန် ကြိုးပမ်းသည့်အနေဖြင့် လူ့အခွင့်အရေး မူဘောင်များသည် ဒုတိယကမ္ဘာစစ် စစ်တွင်းနှင့် စစ်ပြီးကာလတို့၌ ပေါ်ပေါက်လာခဲ့သည်။ ယနေ့အချိန်တွင် UDHR နှင့် နျူရမ်ဘာ့ဂ် ခုံရုံးတို့သည် နိုင်ငံတော် အချုပ်အခြာ အာဏာကို စိန်ခေါ်ခဲ့သည်ဟု နားလည်ကြသော်လည်း ထိုအချိန်က ဤကဲ့သို့ နားလည်ခဲ့ကြခြင်း မဟုတ်ချေ။ အချုပ်အခြာ အာဏာပိုင် နိုင်ငံတော်သည် နိုင်ငံတကာ ဥပဒေဖော်ဆောင်သူဖြစ်ပြီး နိုင်ငံတော် အချုပ်အခြာ အာဏာအား မည်သည့် နိုင်ငံတကာ (transnational) ဥပဒေအာဏာပိုင်ကမျှ စိန်ခေါ်ခြင်း မရှိကြောင်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ပြင်ဆင်ရေး ဆွေးနွေးပွဲများနှင့် နျူရမ်ဘာ့ဂ် တရားသူကြီးများ၏ စဉ်းစားချက်များက အတိအလင်း ဖော်ပြခဲ့ကြသည်။ နိုင်ငံများအား ကိုယ်ကျင့်တရားစနစ်ကိုရော နိုင်ငံရေးစနစ်ကိုပါ ကျင့်သုံး လိုက်နာသူ အဖြစ် အသိအမှတ်ပြုခဲ့ကြသည်။

## လူ့အခွင့်အရေးများနှင့် စစ်အေး ကာလ

လူ့အခွင့်အရေး အသိစိတ် ရှေ့တန်းရောက်လာမှုအား ၁၉၄၅ ခုနှစ်သို့ ညွှန်ပြပြီး လူသားထုလွှမ်းခြုံ ကျင့်ဝတ်များနှင့် တန်ဖိုးများ မလွဲမရှောင်သာ ချီတက်လာခြင်း ဖြစ်ကြောင်း အဓိပ္ပာယ် ကောက်သည့် အလေ့အထသည် စစ်အေးနောက်ပိုင်း လူ့အခွင့်အရေးများ၏ အရေးပါမှု ကြီးကြီးမားမား ပြောင်းလဲသွားခြင်းကို မေ့မှိန်စေသည်။ လူသားထုလွှမ်းခြုံ လူ့အခွင့်အရေးများသည် နိုင်ငံတကာ မူဝါဒရေးဆွဲရာ၌ လမ်းပြ လမ်းညွှန်ဖြစ်သည်ဟု ယနေ့ခေတ် အခိုင်အမာ သဘောတူထားကြခြင်းသည် တကယ်တမ်းတွင် အတော်အတန် သက်တမ်းနုသေးသည် ဖြစ်ပေါ်တိုးတက်မှု ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်ပြီးနောက် နှစ်ပေါင်း ၂၀ ကြာသည်အထိ နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်၌ အထင်ကရ ဂျာနယ်တစ်ခု ဖြစ်သော နိုင်ငံခြား ဆက်ဆံရေး (Foreign Affairs) တွင် လူ့အခွင့်အရေးကြောင်း ဆောင်းပါး တစ်ပုဒ် တစ်ပါဒမျှပင် မဖော်ပြခဲ့ပေ

(Korey ၁၉၉၉၊ စာ ၁၅၁)။ စစ်အေးခေတ်ကာလ တလျှောက်လုံးနီးပါး နိုင်ငံများ၏ မူဝါဒ သို့မဟုတ် လက်တွေ့ လုပ်ဆောင်ချက်များ အပေါ် UDHR ၏ အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ ပြောဆို ရေးသားသည်များ မရှိခဲ့သလောက် ဖြစ်သည်။ ၁၉၈၀ ခုနှစ်များအထိ ပညာရပ်နယ်ပယ်မှ ပြောဆို ရေးသားသူ အများစုနှင့် မူဝါဒ ရေးဆွဲသူများသည် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်များနှင့် ကျင့်ဝတ်ပိုင်း ဆိုင်ရာ ထည့်သွင်း စဉ်းစားချက်များသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံခြားရေး မူဝါဒကို အကဲဖြတ်ရာ၌ လေ့လာသင့်သည့် အရာများ ဖြစ်ကြောင်း မယုံကြည်ခဲ့ကြပေ။

လူ့အခွင့်အရေးများသည် သူ့နေရာနှင့်သူသာ သက်ဆိုင်ပြီး တစ်ကမ္ဘာလုံး အကျုံးဝင်ခြင်း မဟုတ်သည့်အတွက် ဤအချက်မှာ အထူးတလည် အံ့အားသင့်စရာ မဟုတ်ပေ (စာသေတ္တာ ၇.၃ တွင် ရှု)။ အနောက် နိုင်ငံများတွင် လူ့အခွင့်အရေးများသည် ဒီမိုကရေစီနှင့် လွတ်လပ်သည့် ဈေးကွက်များနှင့် အတူတူပင် ဖြစ်သည်ဟု အဓိပ္ပာယ် ဖွင့်ကြသည်။ အမေရိကန် အစိုးရနှင့် ၎င်းက ငွေကြေး ထောက်ပံ့ ပေးခဲ့သည့် လူ့အခွင့်အရေး အဖွဲ့အစည်းများသည် UDHR ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ မျှော်မှန်းချက်များကို တောက်လျှောက် မေးမိန်ပစ်ခဲ့ကြသည်။ ဆိုဗီယက်နိုင်ငံများ မကောင်းကြောင်း ဝါဒဖြန့်သည့် အနေဖြင့် အနောက်တိုင်း အစိုးရများသည် လွတ်လပ်စွာ သွားလာခွင့်၊ သတင်းအချက်အလက် လွတ်လပ်ခွင့်နှင့် မိမိနိုင်ငံကို စွန့်ခွာရန်၊ ပြန်လာရန် လွတ်လပ်ခွင့်စသည့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများကို ဦးတည်ခဲ့ကြသည်။ လူ့အခွင့်အရေး မျှော်မှန်းချက်များသည် နိုင်ငံတကာ အစီအစဉ်၏ တစိတ်တဒေသ ဖြစ်သည်၊ သို့သော် ၎င်းတို့သည် စစ်အေးခေတ် မူဘောင်၏ အစိတ်အပိုင်း တစ်ခုလည်း ဖြစ်ပြီး အချုပ်အခြာ အာဏာ အခွင့်အရေး၏ လက်ပါးစေ ဖြစ်သည်ကိုလည်း နားလည် သဘောပေါက် ခဲ့ကြသည်။

လူ့အခွင့်အရေးများသည် စစ်အေး၏ ပထဝီ အကွဲအပြဲများထံ အညွှံခံရသည့် အချက်ကို ၁၉၄၈ ခုနှစ် ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာချက်၏ မျှော်မှန်းချက်များအား ရှေ့ဆက် အကောင်အထည် ဖော်ခြင်းနှင့် ပတ်သက်၍ သဘောတူညီချက် မရှိခဲ့ခြင်းက မီးမောင်းထိုးပြခဲ့သည်။ ၁၉၅၀ ခုနှစ်များတွင် သီးခြား ကုလသမဂ္ဂ ကော်မတီ နှစ်ခုကို တည်ထောင်ခဲ့သည်။ ထိုကော်မတီများသည် ၁၉၆၆ ခုနှစ်တွင် သီးခြား နိုင်ငံတကာ သဘောတူစာချုပ် နှစ်ခုကို ရေးဆွဲခဲ့သည်။ တစ်ခုသည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများနှင့် သက်ဆိုင်ပြီး နောက်တစ်ခုသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများနှင့် သက်ဆိုင်သည်။ ၁၉၈၆ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံက ဖွံ့ဖြိုးတိုးတက်ခွင့် (the right to development) ဆိုင်ရာ ကြေညာချက်ကို သဘောတူ လက်ခံခဲ့သည့်အခါ အနောက်တိုင်း ဦးဆောင် နိုင်ငံများ၏ စီးပွားရေးနှင့် လူမှုရေးနယ်ရှိ အခွင့်အရေးများအပေါ် ဆန့်ကျင်မှုသည် ထင်သာမြင်သာ ဖြစ်လာခဲ့သည်။ အမေရိကန်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ကန့်ကွက်မဲ သို့မဟုတ် ကြားနေမဲ ပေးခဲ့ကြသည် (Mutua ၁၉၉၆၊ စာ ၆၀၆-၇)။ ဗီယက်နမ် နိုင်ငံ၌ ရှုံးနိမ့်မှု၊ ၁၉၇၃ ခုနှစ် ချီလီနိုင်ငံတွင် ဆယ်ဗာဒေါ်အာလန်ဒေ အစိုးရအား အမေရိကန် အကူအညီဖြင့် အာဏာဖြုတ်ချမှုတို့ နောက်ပိုင်း အမေရိကန် အစိုးရအတွင်း အကွဲအပြဲများကို ရင်ကြားစေ့ရန်နှင့် ကျဆင်းလာနေသော အမေရိကန် နိုင်ငံအပေါ် လက်ခံယုံကြည်မှုတို့ကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းချက်များ အနေဖြင့်သာ လူ့အခွင့်အရေး စိုးရိမ်ပူပန်မှုများကို နိုင်ငံတကာ အစီအစဉ်ထဲ ပြန်ထည့်ခဲ့ခြင်း ဖြစ်သည် (Sellars, 2002)။ လူ့အခွင့်အရေးသည် အမေရိကန်နိုင်ငံ၏

ဂုဏ်သိက္ခာကို အဖတ်ဆယ်ရန် နည်းလမ်း ဖြစ်လာခဲ့သည်။ ၁၉၇၄ ခုနှစ် ကမ္ဘာ့ အသိုင်းအဝိုင်းရှိ လူ့အခွင့်အရေး - အမေရိကန် ဦးဆောင်ရေး တိုက်တွန်းချက် ကွန်ဂရက် အစီအရင်ခံစာသည် အမေရိကန် နိုင်ငံ၊ ကနေဒါ နိုင်ငံ၊ ဆိုဗီယက် ပြည်ထောင်စုနှင့် တူရကီ အပါအဝင် ဥရောပနိုင်ငံ အများစု လက်မှတ်ထိုးခဲ့သော အရှေ့-အနောက် ၁၉၇၅ ဟယ်စင်းကီး သဘောတူညီချက်၌ အမေရိကန် သမ္မတ ဂျယ်ရယ်ဖို့ဒ် (Gerald Ford) ၏ လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များ ထည့်သွင်းရန်နှင့် သမ္မတကာတာ၏ ၁၉၇၇ ခုနှစ် ကျမ်းကျိန်မိန့်ခွန်း၌ လူ့အခွင့်အရေးများအပေါ် ကျွန်ုပ်တို့ထားရှိသော ကတိကဝတ်သည် လုံးဝ အပြည့်အဝ ဖြစ်ရမည်ဟူသော ကြေညာချက်တို့အတွက် လမ်းကြောင်းပေးခဲ့သည် (Sellars, 2002, p. 118)။ လူ့အခွင့်အရေးများသည် အစီအစဉ်များတွင် ပါဝင်လာကြပြီး ဖြစ်သော်လည်း ၎င်းတို့သည် လူသားထု လွှမ်းခြုံ စံနှုန်းများဖြစ်သည်ဟု နားလည်ခြင်းမျိုး မဟုတ်ဘဲ စစ်အေး၏ ပထဝီ နိုင်ငံရေးတွင် လက်နက် ကိရိယာ တစ်ခု ဖြစ်သည်ဟုသာ နားလည်ထားခဲ့ကြသည်။

| **စာသေတ္တာ ၇.၃ ယူဆချက်များကို စိန်ခေါ်ခြင်း - လူ့အခွင့်အရေးများရှိ လူဆိုသည်ကို မေးခွန်းထုတ်ခြင်း** |
|---|
| လူ့အခွင့်အရေးဆိုင်ရာ ယူဆချက်များသည် လူသားနှင့်ပတ်သက်၍ စိတ်သဏ္ဍာန်၌ တစ်ကမ္ဘာလုံး ဘုံနားလည်မှု တစ်ခု ရှိသည်ဟု ယူဆသည်။ ဤယူဆချက်အား လူသားဖြစ်မှု၏ လူမှုရေး၊ သမိုင်းနှင့် စီးပွားရေးဆိုင်ရာ ကိုယ်ပိုင် အကြောင်းခြင်းရာများကို အလေးပေးသူများက မေးခွန်းထုတ်လာကြသည်။ ထို့ပြင် ဖိနှိပ်မှုများ၊ ဖယ်ကြဉ်မှုများသည် လူ့အခွင့်အရေးများကို လူသားထုအားလုံး လွှမ်းခြုံသော ပုံဖော်မှုများ အောက်တွင် တိမ်မြုပ်သွားနိုင်သည်။ ဥပမာ ကိုလိုနီ အမွေဆက် လေ့လာရေး အမြင်၊ ဣတ္ထိယ အမြင်နှင့် မာ့ခ်စ် အမြင်တို့သည် လူသားထုလွှမ်းခြုံ လူ့အခွင့်အရေးများ နောက်ကွယ်က အင်အားမတူညီမှု၊ ကျားမဖြစ်မှုနှင့် လူတန်းစား ကွဲပြားခြားနားမှုဆိုင်ရာ အယူအဆများကို ဖော်ထုတ်ပြသော အမြင်များ ဖြစ်ကြသည်။<br><br>ဤအမြင်များက သင်၏ လူ့အခွင့်ရေးများသည် မည်သည်မည်ဝါ ဖြစ်သည်၊ ၎င်းတို့သည် မည်သို့မည်ပုံ အလုပ်လုပ်ကြသည်တို့နှင့် အပေါ်ထားရှိသော ယူဆချက်များကို မည်သို့ မေးခွန်းထုတ်သနည်း။ |

၁၉၇၅ ခုနှစ်မှစတင်၍ ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း (OSCE) ကို တည်ထောင်ခြင်းမှ တဆင့် လူ့အခွင့်အရေးများသည် စစ်အေးခေတ် နိုင်ငံရေးအရ အလဲအလှယ်ပြုလုပ်မှုများ၏ တစိတ်တဒေသအဖြစ် စနစ်တကျ ဖြစ်လာခဲ့သည်။ အရှေ့-အနောက် ညှိနှိုင်းဆွေးနွေးရေး ဟယ်စင်းကီး လုပ်ငန်းစဉ်သည် လူသားရေးရာ အစီအမံ (Human Dimension Mechanism) အရ လူ့အခွင့်အရေး စောင့်ကြည့်ရေးနှင့် သတင်းအချက်အလက် ပေးဝေရေး အစီအမံများကို စနစ်တကျ ဖြစ်စေခဲ့သည်။ လူသားရေးရာ အစီအမံသည် OSCE အဖွဲ့ဝင် နိုင်ငံများအား လူ့အခွင့်အရေး ကိစ္စရပ်များကို အခြားနိုင်ငံများထံ တင်ပြဆွေးနွေးနိုင်သည်။ ဤလုပ်ငန်းစဉ်အား အကြိမ် တစ်ရာကျော် အသုံးပြုခဲ့ပြီး တစ်ကြိမ်တုန်းကသာ (ထရန်စီဗားနီးယား ဒေသရှိ မငြိမ်မသက်မှုများနှင့် ပတ်သက်၍ ဟန်ဂေရီနိုင်ငံ၏ ရိုမေးနီးယားနိုင်ငံအပေါ် အင်အားအသုံးပြုခဲ့ အကြိမ်) လူ့အခွင့်အရေး စိုးရိမ်ပူပန်မှုများကို ထုတ်ဖော် တင်ပြခြင်းသည် ပထဝီနိုင်ငံရေး အကွဲအပြဲများနှင့် သက်ဆိုင်ခဲ့သည် (Bloed 1993; Brett, 1993)။

စစ်အေးတိုက်ပွဲ ရှိနေခဲ့သမျှ ကာလပတ်လုံး၊ လူ့အခွင့်အရေး ကိစ္စများအား ပထဝီနိုင်ငံရေး အကွဲအပြဲ၌ လက်နက်သဖွယ် အသုံးချနေကြသမျှ ကာလပတ်လုံး လူ့အခွင့်အရေး စိုးရိမ်ပူပန်မှုများသည် အချုပ်အခြာ အာဏာကို ထိပါးစေနိုင်သည်ဆိုသော သဘောတရားကို ထောက်ခံကြလိမ့်မည် မဟုတ်ပေ။ ၁၉၉၀ ခုနှစ်များ ရောက်သည့် အချိန်၌သာ လူ့အခွင့်အရေးများသည် ၎င်းတို့ချည်း သက်သက် အရေးပါလာကြရုံ သာမက နိုင်ငံများ၏ အခွင့်အရေးများနှင့် ရှိရင်းစွဲ သံတမန် ဆက်ဆံရေး မူဘောင်များနှင့် မူဝါဒ ရေးဆွဲရေး ဦးစားပေး ကိစ္စများကို စိန်ခေါ်လာသည်အထိ အရေးပါလာခဲ့သည်။

**အနှစ်ချုပ်**

လူသားထုလွှမ်းခြုံ လူ့အခွင့်အရေး ထွက်ဆိုချက်များသည် နိုင်ငံတကာ အင်စတီကျူးရှင်းများအား ကိုယ်ကျင့်သဘောတရားအရ တရားဝင် ဖြစ်မှု (moral legitimacy) ပေးနိုင်သည်၊ သို့သော် နိုင်ငံအခြေပြု နိုင်ငံတကာ စနစ်ကို အားအင်ချည့်နဲ့စေခြင်း မရှိသလို စိန်ခေါ်ခြင်းလည်း မရှိပေ။

လူ့အခွင့်အရေး ထွက်ဆိုချက်များ၌ လူမှုသဘောအရ တည်ဆောက် ဖွဲ့စည်းထားသော ဥပဒေဘောင်ဝင် လူပုဂ္ဂိုလ် မရှိရကား ၎င်းတို့သည် နိုင်ငံများကို လူ့အခွင့်အရေး ဖော်ဆောင်သူများအဖြစ် အာဏာပေးပြီး ထိုအခွင့်အရေးများ၏ အကြောင်းအရာနှင့် ၎င်းတို့ကို အကောင်အထည်ဖော်ရေး နည်းလမ်းများကို ဆုံးဖြတ်ခွင့် ပြုသည်။

စစ်အေးကာလအတွင်း လူ့အခွင့်အရေး ထွက်ဆိုချက်များအား အလွန်အမင်း နိုင်ငံရေး ဆန်စေခဲ့ပြီး အင်အားကြီးသူများ၏ အကျိုးစီးပွားအတွက် ကျေးကျွန် ဖြစ်စေခဲ့သည်။ အမေရိကန်နိုင်ငံရော ဆိုဗီယက် ပြည်ထောင်စုတို့ကပါ လူ့အခွင့်အရေးများကို ၎င်းတို့၏ အကျိုးစီးပွားအတွက် အသုံးချခဲ့ကြသည်။

အယူဝါဒပိုင်းဆိုင်ရာ အကြောင်းအရင်းများကြောင့် အနောက်တိုင်းတွင် လူအခွင့်အရေးများသည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများနှင့် အတူတူ ဖြစ်သည်ဟု သတ်မှတ်ခဲ့ကြပြီး ဆိုဗီယက် ပြည်ထောင်စု နိုင်ငံများ၌ လူမှုရေးနှင့် စီးပွားရေး အခွင့်အရေးများနှင့် အတူတူဖြစ်သည်ဟု သတ်မှတ်ခဲ့ ကြသည်။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

ယခုအခန်းသည် စစ်အေး ပြီးနောက် နိုင်ငံတကာအဆင့် ပြောဆိုရေးသားချက်များတွင် လူ့အခွင့်အရေးများ၏ ကြီးထွားလာခဲ့သော အရေးပါမှုကို ခြေရာကောက် ထားသည်။ သင့်အနေဖြင့် လူ့အခွင့်အရေးများ ၁၉၉၀ ခုနှစ်များနှင့် ၂၀၀၀ ခုနှစ်များကကဲ့သို့ အရေးပါနေဆဲဟု ထင်ပါသလား။ လူ့အခွင့်အရေးများကို ဦးစားပေးသည့် နိုင်ငံတကာ သဘောတူ စာချုပ်များနှင့် ပြည်တွင်း ဥပဒေရေးရာ ပြုပြင် ပြောင်းလဲမှုများသည် ထိရောက် အောင်မြင်သည်ဟု ထင်ပါသလား။ တရားဝင် ဥပဒေပိုင်း ဆိုင်ရာ သဘောတူညီချက်များနှင့် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများထက် ပိုမို၍ လုပ်ဆောင်ရန် လိုအပ်သည်ဟု ထင်ပါသလား။ ဤသို့ ထင်မြင်ပါက လူ့အခွင့်အရေးများကို ပိုမို၍ ထိရောက်စေရန် အခြား မည်သည့် အရာများကို လုပ်ဆောင်ရန် လိုအပ်သနည်း။

## လူ့အခွင့်အရေးများနှင့် နိုင်ငံတကာ ကြားဝင်ဆောင်ရွက်မှု

စစ်အေးတိုက်ပွဲ ကာလအဆုံး၌ လူသားထု လွှမ်းခြုံ လူသားချင်းစာနာရေး ဝါဒသည် အလုပ် ဖြစ်နိုင်သော အနေအထား ရှိလာခဲ့ရာ လူ့အခွင့်အရေး စိုးရိမ်ပူပန်မှုများသည် ဘောင်ပြင်ပမှနေ၍ နိုင်ငံတကာ စိုးရိမ်ပူပန်မှုများ၏ ဗဟိုချက်မသို့ ရောက်လာခဲ့သည်။ စစ်အေးခေတ် ပြိုင်ဆိုင်မှုများ ငြိမ်ကျသွားသည့်အတွက် မူဝါဒများကို ဘောင်ကျဉ်းသော ပထဝီနိုင်ငံရေး စဉ်းစားချက်များမှ ကျော်လွန်၍ စဉ်းစား ရေးဆွဲနိုင်သည် ဖြစ်ရာ အနောက်နိုင်ငံများနှင့် နိုင်ငံတကာ အင်စတီကျူးရှင်းများသည် နိုင်ငံတကာ ရပ်ဝန်းတွင် ယခင်ကထက်ပို၍ လှုပ်ရှား ဆောင်ရွက် လာနိုင်ခဲ့သည်။ တစ်စထက်တစ်စ ပို၍ အပြောကျယ် လာသော လူ့အခွင့်အရေး ပြောဆို ရေးသားချက်များမှတဆင့် ကြားဝင် ဆောင်ရွက်ရေး ဖြစ်နိုင်ခြေ အသစ်များနှင့် ပို၍ လူသားထု လွှမ်းခြုံသော မူဝါဒရေးဆွဲရေး မျှော်မှန်းချက်များကို ဖော်ထုတ် ပြောဆို လာခဲ့ကြသည်။ နေတိုး (NATO) နိုင်ငံများက ဆားဘီးယား နိုင်ငံအပေါ် တစ်ဖက်သတ် (ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ၏ ထောက်ခံချက်မပါဘဲ) ဆင်နွှဲခဲ့သော ၁၉၉၉ ကိုဆိုဗို စစ်ပွဲ မတိုင်မီအထိ လူသားချင်း စာနာရေး၊ လူ့အခွင့်အရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုများကို မှားယွင်းစွာ သို့မဟုတ် တလွဲ အသုံးချနိုင်ခြေ အပေါ် ထောက်ပြခဲ့သူ အလွန်ပင် နည်းခဲ့သည်။ အထူးသဖြင့် လူသားချင်းစာနာရေး စစ်ပွဲသည် လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားမှုနှင့် အမေရိကန်နိုင်ငံ၏ စစ်အင်အား အလွန်အမင်း အသုံးပြုမှုကို ချိတ်ဆက်လိုက်မည့် အရေးအား စိုးရိမ်ပူပန်မှုများ ရှိခဲ့သည်။ ယခုလာမည့် အခန်းခွဲများတွင် လူ့အခွင့်အရေး ထွက်ဆိုချက်များ၊ လူသားချင်းစာနာရေး ထောက်ခံလှုပ်ရှားမှုများ၊ နိုင်ငံတကာဥပဒေနှင့် စစ်ရေးအရ ကြားဝင် ဆောင်ရွက်မှုတို့ အကြား ဆက်နွှယ်မှုအား ကိုဆိုဗိုစစ်ပွဲက လစ်ဟပြခဲ့သည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာနှင့် နိုင်ငံရေးပိုင်းဆိုင်ရာ မေးခွန်းများကို အဓိကထားပြီး လေ့လာဆန်းစစ်သွားပါမည်။

## လူ့အခွင့်အရေးများနှင့် လူသားချင်းစာနာရေးဝါဒ

လူသားချင်း စာနာရေး ကဏ္ဍ၌ ဆင်ခြင်စဉ်းစားနိုင်သော လွတ်လပ်စွာ ရပ်တည်သော လူပုဂ္ဂိုလ်များအပေါ် အခြေခံသည့် အခွင့်အရေးများဆိုင်ရာ တရားဝင် (formal) အမြင်များမှ စွမ်းဆောင်ရည် ကင်းမဲ့မှုနှင့် ပြင်ပမှ ကူညီဆောင်ရွက်ရန်၊ ကြားဝင် လုပ်ဆောင်ရန် လိုအပ်မှုတို့အပေါ် အခြေခံသော အခွင့်အရေးများ ဆိုင်ရာ ကျင့်ဝတ်ရှုထောင့် အမြင်သို့ ပြောင်းလဲလာခြင်းသည် နိုင်ငံတကာ ဆက်ဆံရေး၌ အဓိက အကြောင်းခြင်းရာ တစ်ခု ဖြစ်လာခဲ့သည်။ မိရိုးဖလာ လူသားချင်းစာနာရေး လုပ်ငန်းများ၌ လူ့အခွင့်အရေး အခြေပြု နည်းလမ်းများကို စတင် ကျင့်သုံးလာခြင်းသည် စီးကြောင်း နှစ်ခုကို ထင်ဟပ်ပြသည်။ ပထမ စီးကြောင်းမှာ ကိုလိုနီစနစ် ဖြတ်သန်းခဲ့ရသော နိုင်ငံများနှင့် လူ့အဖွဲ့အစည်းများထဲသို့ ပြင်ပ ဇာတ်ကောင်များ၊ အေဂျင်စီများ ထိုးဖောက်ဝင်ရောက်မှု ဖြစ်ပြီး ဒုတိယစီးကြောင်းမှာ မိရိုးဖလာ လူသားချင်းစာနာရေးမူပါ အကြောင်းအရာများ ဖြစ်သည်။

အနောက်တိုင်းမှ လူသားချင်းစာနာရေး အန်ဂျီအိုများသည် ကိုလိုနီစနစ်လွန် နိုင်ငံများ၌ ဩဇာ၊ အာဏာ ပို၍ ရှိလာခဲ့သည်နှင့်အမျှ ၎င်းတို့သည် မိမိတို့လုပ်ငန်းများကို ဦးဆောင် လမ်းညွှန်ပေးသော အခြေခံ အယူအဆများကို ပြန်လည်၍ အဓိပ္ပာယ်ဖွင့်ဆိုလာခဲ့သည်။ လူသားထု လွှမ်းခြုံမှု (universality) နှင့် ဘက်မလိုက်မှု(neutrality) အယူအဆများအား လူသားများသည် တန်းတူညီမျှ မြင့်မြတ်သည် (moral)၊ လွတ်လပ်စွာ ရပ်တည်သည် ဆိုသော လူသားထုလွှမ်းခြုံ အမြင်၌ အခြေမခံတော့ဘဲ နောက်ဆုံး ပန်းတိုင်များနှင့် မျှော်မှန်းချက်များအပေါ် အခြေခံ၍သာ အဓိပ္ပာယ် ဖွင့်ဆိုလာခဲ့ကြသည်။ လူသားအား လွတ်လပ်မှု ကင်းမဲ့သည်ဟု ပြန်လည် အဓိပ္ပာယ် ဖွင့်ဆိုခြင်းဖြင့် ဤကဲ့သို့ ပြင်ပအာဏာ ကြီးထွား လာခြင်းသည် 'အကူအညီပေးသူ'နှင့် လွတ်လပ်မှု မရှိသော 'အကူအညီခံ' ဟူသော အပေါ်၊ အောက် အခြေအနေ တစ်ခုကို ဖန်တီးလိုက်တော့သည်။ ဤကဲ့သို့သော ပြောဆိုရေးသားချက်သည် နိုင်ငံရေး ရွေးချယ်မှုများကို ကျင့်ဝတ်ရေးရာ ကိစ္စရပ်များအဖြစ် ပြောင်းလဲပစ်လိုက်သည်။ ဤနည်းအားဖြင့် ပြင်ပ အန်ဂျီအိုများသည် ပြည်တွင်း နိုင်ငံရေး ဖြစ်စဉ်များတွင် ပို၍ ကျယ်ပြန့်သော ဝင်ရောက် စွက်ဖက်ခွင့်များ ရှိကြောင်း အခိုင်အမာဆိုရင်း တချိန်တည်းတွင် နိုင်ငံရေး မဖက်ဘဲ ဘက်မလိုက်ဘဲ ရပ်တည်သည်ဟုလည်း ပြောခဲ့ကြသည်။ ၁၉၆၀ ခုနှစ်များ နှောင်းပိုင်းမှ စတင်၍ နိုင်ငံတကာ လူသားချင်းစာနာရေး အန်ဂျီအိုများသည် ကျင့်ဝတ်နယ်ပယ်ကို နိုင်ငံရေးဆုံးဖြတ်ချက် နယ်ပယ်သို့ တိုးချဲ့ရင်း ၎င်းတို့၏ အာဏာ နယ်နိမိတ်ကို ပြန်လည်ရေးဆွဲရန် လူ့အခွင့်အရေး စကားကို အသုံးချခဲ့ကြသည်။

၁၉၆၀ ခုနှစ် နှောင်းပိုင်းများမှ စတင်၍ အန်ဂျီအို အသိုင်းအဝိုင်းအတွင်း လူသားထုလွှမ်းခြုံ လူသားချင်း စာနာရေး ကျင့်ဝတ်များနှင့် ပတ်သက်၍ မတူသော ချဉ်းကပ်နည်းများအပေါ် အငြင်းပွားမှုသည် လူသားထု လွှမ်းခြုံမှုအပေါ် အမြင်နှစ်မျိုးကို ယှဉ်ထိုးပြခဲ့သည်။ နိုင်ငံတကာ ကြက်ခြေနီ ကော်မတီ (ICRC) က ထောက်ခံသော အကူအညီ လက်ခံသူများသည် လွတ်လပ်သော၊ စွမ်းဆောင်နိုင်သော မြင့်မြတ်သော သတ္တဝါ (being) ဖြစ်သည် ဟူသော ဆင်ခြင်ဉာဏ်ပွင့်ခေတ် နားလည်မှုအပေါ် အခြေခံသော အခွင့်အရေး တန်းတူညီမျှမှု အမြင် ဖြစ်သည်။ ထို့ကြောင့် ဤအမြင်သည် အကူအညီ လက်ခံသူများ၏ လုပ်ရပ် သို့မဟုတ် နိုင်ငံရေး ရွေးချယ်မှုများအပေါ် ဝေဖန် အကဲဖြတ်ခြင်း မပြုပေ (Ignatieff ၁၉၉၈၊ စာ ၁၀၉-၆၃ တွင် ရှုပါ)။ လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်နည်းသည် အကူအညီ လက်ခံသူများအား ပိုမို၍ ဝေဖန်အကဲဖြတ်သည်။ ဤအမြင်ရှိ လူသားထု လွှမ်းခြုံမှုသည် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တရားမျှတရေး စသည့် ရလဒ်များ အပေါ် အခြေခံသည်။ လူသားထု လွှမ်းခြုံ အခွင့်အရေး တန်းတူညီမျှမှု ချဉ်းကပ်နည်းမှသည် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်နည်းသို့ ပြောင်းလဲသွားမှုကို ရှင်းလင်းတင်ပြသူ အလွန်ပင်ရှားသည်။ ခြွင်းချက်မှာ သူ၏ စစ်သည်တော်၏ ဂုဏ်သိက္ခာ *(Warrior's Honor)* စာအုပ်၌ မိုင်ကယ်အီဂနာ့တီးဖ်၏ ICRC ၏ ဘက်မလိုက်မှု အကြောင်း ဆွေးနွေးချက် ဖြစ်သည် (Ignatieff ၁၉၉၈) (စာသေတ္တာ ၇.၄ တွင် ရှုပါ)။

လူသားချင်းစာနာရေး ဝါဒ၏ လူ့အခွင့်အရေး အခြေပြု ပြောဆိုရေးသားချက်သည် အန်ဂျီအိုများအား နိုင်ငံရေးနှင့် ကျင့်ဝတ်တို့အကြား ကွဲပြားခြားနားမှုကို မေ့မိန့်စေသည်။ နိုင်ငံရေးနှင့် ကျင့်ဝတ်တို့အား ဤကဲ့သို့ ရောထွေးပစ်ရာ၌ အဓိကကျသော အရာသည် ဘက်မလိုက်မှုအား ပြန်လည် အဓိပ္ပာယ် ဖွင့်ဆိုမှု အပေါ် အခြေခံသော လက်တွေ့ကျင့်သုံးရေး စည်းမျဉ်း စည်းကမ်းသစ်များ ဖြစ်သည်။ ဘက်မလိုက်မှုသည်

ပဋိပက္ခတွင် ပါဝင် ပတ်သက်နေသူအားလုံး သို့မဟုတ် ဒေသ၌ ထူထောင်ထားသော အာဏာပိုင်များအပေါ် တန်းတူညီမျှ လေးစားခြင်း မဟုတ်တော့ဘဲ လူ့အခွင့်အရေး မူဘောင်များနှင့် ရလဒ်များအပေါ် လေးစားမှုနှင့် ပတ်သက်၍ ဘက်မလိုက်မှုအဖြစ် ပြန်လည် အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ ဤနည်းအားဖြင့် အန်ဂျီအိုများက မည်သူသည် အကူအညီနှင့် ထိုက်တန်သည်၊ မည်သည့် ဖွံ့ဖြိုးရေး နည်းလမ်းများသည် သင့်တော်သည် တို့အပေါ် ဆုံးဖြတ်ချက် ချနိုင်သည့် အာဏာ ရယူခဲ့ကြသည်။ အန်ဂျီအိုများသည် လူ့အခွင့်အရေး စကားမှတဆင့် ပိုမို၍ ဩဇာအာဏာ ရလာခဲ့သည်။ အကြောင်းမှာ အန်ဂျီအိုများသည် ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ရန် မစွမ်းနိုင်သော အခွင့်အရေး ပိုင်ဆိုင်သူများ ကိုယ်စား အကျိုးဆောင်ခြင်း ဖြစ်သည်ဟု လူ့အခွင့်အရေးစကားဖြင့် ပြောနိုင်ကြသည်။

အစိုးရမဟုတ်သော လူသားချင်းစာနာရေး ဇာတ်ကောင်များ၏ ဩဇာအာဏာ ကျယ်ပြန့်လာခြင်းသည် ပဋိပက္ခနှင့် ဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းများ ပြောင်းလဲလာခြင်းနှင့် ချိတ်ဆက်ပြီး ဖြစ်ပွားခဲ့သည်။ ပထမဦးစွာ စစ်ဘေးဒုက္ခသည်များထံ အကူအညီပေးခြင်း၌ နိုင်ငံရေးဆက်နွယ်မှုကို ပဓာနမထားဘဲ သေဆုံးသူများနှင့် အကျဉ်းသားများအား အကူအညီပေးသော ICRC နဲ့ ချဉ်းကပ်နည်းနှင့် ကျူးလွန် ချိုးဖောက်သူများနှင့် ဒုက္ခခံစားသူများကို ခွဲခြားဆက်ဆံရန်၊ ပဋိပက္ခများတွင် အခွင့်အရေးများကို ရှေးရှုသော ရလဒ်များ ရရှိရေး ရည်ရွယ်ချက်ဖြင့် ကြားဝင်ဆောင်ရွက်ရန် လိုအပ်သည်ဟု ငြင်းကြသော နယ်စည်းမခြား ဆရာဝန်များ အဖွဲ့ တို့ကဲ့သို့ အဖွဲ့များက ကျင့်သုံးသည့် ပို၍ ပါဝင်ပတ်သက်သော၊ ဒုက္ခခံရသူများနှင့် ရပ်တည်သော ချဉ်းကပ်နည်းသို့ ပြောင်းလဲလာခဲ့သည် (စာသေတ္တာ ၇.၄ တွင် ရှုပါ)။ ဒုတိယအချက်အနေဖြင့် အရေးပေါ် ကယ်ဆယ်ရေး လုပ်ငန်းနှင့် ပတ်သက်၍ အန်ဂျီအိုများ၏ ချဉ်းကပ်နည်း ပြောင်းလဲလာခဲ့ပြီး အငတ်ဘေးများ၊ သဘာဝဘေးများအား ရေတို လျော့ပါးသက်သာရေး နည်းလမ်းများထက် ရေရှည် ဖွံ့ဖြိုးရေး လုပ်ငန်းများဖြင့် ဖြေရှင်းနိုင်သည်ဟူ၍ နားလည်လာခဲ့ကြသည် (ဤအကြောင်းကို Chandler, 2001 တွင် ဆက်လက် လေ့လာနိုင်သည်)။

| **စာသေတ္တာ ၇.၄ လူသားချင်းစာနာရေးဝါဒအပေါ် မတူသော အမြင်များ** |
|---|
| **လူသားချင်းစာနာရေးဝါဒအပေါ် မိုင်ကယ်အီဂနတီးဖ် (Michael Ignatieff) ၏ အမြင်**<br><br>ICRC ၏ ဘက်မလိုက်ဝါဒကို နယ်စည်းမခြား ဆရာဝန်များအဖွဲ့ (MSF) ကဲ့သို့ အဖွဲ့အစည်းများက မေးခွန်း ထုတ်ကြသည်။ ဤအဖွဲ့က လူသားချင်းစာနာရေး ကြားဝင်ဆောင်ရွက်မှုသည် ဆားဘီးယား စစ်သွေးကြွများနှင့် မူဆလင် အရပ်သားများအကြား သို့မဟုတ် ဓားမကြီးများဖြင့် လူသတ်ခဲ့ကြသော ဟူတူ လူမျိုးများနှင့် ဒုက္ခ ခံစားကြရသော တွတ်စီ လူမျိုးတို့အကြား ဘက်မလိုက်ဘဲ နေ၍ မရဟု ဆိုသည်။ ဤအမြင်သည် ICRC အတွက် ရပ်တည်သော အကြောင်းအရာသည် တရားမျှတသည်ဖြစ်စေ၊ မမျှတသည် ဖြစ်စေ ဒုက္ခခံစားရသူ အားလုံးသည် အတူတူပင် ဖြစ်သည်ဟု တရားသေ ပြောခြင်းက လူမျိုးစုတစ်ခုက နောက်တစ်စုကို အမြစ်ဖြတ်ရန် ကြိုးပမ်းနေသော ခါးသီးပြင်းထန်သော ပဋိပက္ခတစ်ခု၌ အဓိပ္ပာယ်ရှိ၊ မရှိ စဉ်းစားစရာ ဖြစ်စေသည်။<br>(Ignatieff ၁၉၉၈၊ စာ-၁၂၄) |

**လူသားချင်း စာနာရေး ဝါဒအပေါ် ဂျိမ်းစ်အော်ဘင်စကီး (James Orbinski) (MSF) ၏ အမြင်**

လူသားချင်း စာနာရေး လုပ်ရပ်၏ ရည်ရွယ်ချက်အား ထိုလုပ်ရပ်၏ အမှန်တကယ် ရလဒ်နှင့် တိုက်ဆိုင် စဉ်းစားရမည် ဖြစ်သည်။ ဤနေရာ၌ မည်သည့်အရာသည် ကောင်း၏၊ မကောင်း၏ ကိစ္စနှင့် ပတ်သက်၍ ကိုယ်ကျင့် သဘောတရားပိုင်း ဆိုင်ရာ ဘက်မလိုက်မှု (သို့) ကြားနေမှုကို ပစ်ပယ်ရမည် ဖြစ်သည်။ အမှန်တကယ် ရလဒ်မှာ အီသီယိုးပီးယား နိုင်ငံ၌ ၁၉၈၅ ခုနှစ်တွင် အတင်းအဓမ္မ လူရွှေ့ပြောင်းမှုကို ထောက်ခံရန် လူသားချင်း စာနာရေး ခေါင်းစဉ်ကို အသုံးပြုခြင်း သို့မဟုတ် ၁၉၉၆ ခုနှစ်တွင် ဂိုမာ ဒုက္ခသည် စခန်းများတွင် လူမျိုးပြုန်းတီးစေရေး လုပ်ဆောင်သည့် အစိုးရတစ်ရပ်ကို ထောက်ခံရန် လူသားချင်း စာနာရေး ခေါင်းစဉ်ကို အသုံးချခြင်းမျိုး ဖြစ်နိုင်သည်။ အကျပ်အတည်း ဆိုက်နေသော လူထု တစ်ရပ်အပေါ် လူသားချင်း စာနာရေး ခေါင်းစဉ်ကို အသုံးမချ မိစေရန်အတွက် တစ်ခါတစ်ရံ လက်ရှောင်နေရန်လည်း လိုအပ်သည်။
(Orbinski ၁၉၉၉)

ယနေ့အချိန်တွင် လူသားချင်းစာနာရေး အန်ဂျီအိုများသည် ပို၍ တိုက်ရိုက်ကျပြီး ပို၍ ကာလကြာရှည်စွာ ဝင်ရောက် စွက်ဖက်ရမည့် တာဝန်ရှိနေပုံ ပေါက်နေသည်။ သို့ရာတွင် ဤကဲ့သို့ ဒုက္ခရောက်သူများနှင့် အတူတကွ ရပ်တည်ရေး၊ ပညာပေးရေး၊ သင်တန်းပေးရေး ချဉ်းကပ်နည်းများသည် အန်ဂျီအိုများနှင့် ၎င်းတို့ အကူအညီပေးသူ တို့အကြား ဆက်ဆံရေးအား တန်တူဆက်ဆံရေးမှ အမှီအခိုပြု (dependency)၊ စွမ်းပကားပေးမှု (empowerment) အပေါ် အခြေခံသော ဆက်ဆံရေးသို့ ပြောင်းလဲပစ်သည်။ လူသားချင်း စာနာရေး အန်ဂျီအိုများသည် မိရိုးဖလာ လစ်ဘရယ်၊ အခွင့်အရေး အခြေပြု တန်းတူညီမျှမှု အခြေခံ ချဉ်းကပ်နည်းမှ မညီမျှသော ဆက်ဆံရေးကို လမ်းခင်းပေးခဲ့သော လူ့အခွင့်အရေး အခြေပြု ရလဒ်မျှော် နိုင်ငံရေး ချဉ်းကပ်နည်းသို့ ပြောင်းလဲလာခဲ့သည်။ ဤအချက်က လူသားချင်းစာနာရေး အန်ဂျီအိုများသည် လူ့အခွင့်အရေးဆိုင်ရာ ရလဒ်များ ယုတ်လျော့သွားနိုင်သည့် အခြေအနေများတွင် အကူအညီပေးမှုကို ဆန့်ကျင်သည့် အခြေအနေများသို့ ဦးတည်သွားစေခဲ့သည် (Leader, 1998; Fox, 2001)။

စစ်အေးကာလ အဆုံး၌ လူသားချင်း စာနာရေး လူသားထု လွှမ်းခြုံဝါဒ ပြောဆိုရေးသားချက် (discourse) သည် လူ့အခွင့်အရေး တန်ဖိုး၊ ယူဆချက်များ အပါအဝင် ခေတ်သစ် ပြောဆို ရေးသားချက်များမှတဆင့် ကြားဝင်စွက်ဖက်မှု ကဲသည့် ပြောဆိုရေးသားချက်မျိုး ဖြစ်လာခဲ့သည်။ နိုင်ငံများ၏ ဝင်ရောက် စွက်ဖက်မှုကို ဟန့်တားသော အတားအဆီးများ လျော့ပါးသွားသည်နှင့် တပြိုင်နက် ဤကဲ့သို့သော ပြောဆို ရေးသားချက်များအား နိုင်ငံကြီးများနှင့် နိုင်ငံတကာ အင်စတီကျူးရှင်းများက အပိုင်စီး သွားခဲ့ကြရာ ကြားဝင် စွက်ဖက်ရေး မူဘောင်သစ်များ ပေါ်ထွက်လာပြီး အန်ဂျီအိုများသည် အရေးအတွက် အားဖြင့်ရော သြဇာအာဏာ အားဖြင့်ပါ ကြီးထွားလာခဲ့သည်။ မာ့ခ်ဒက်ဖ်ဖီးဒ် (Mark Duffield) ၏ အလိုအရ ၁၉၉၀ ခုနှစ် များတွင် အန်ဂျီအိုများ၏ အသေးစား အချုပ်အခြာအာဏာ (petty sovereignty) (၎င်းတို့ ဝင်ရောက်စွက်ဖက်သည့် နေရာများ၌ နိုင်ငံရေး၊ ဆုံးဖြတ်ချက်ချရေး အာဏာများ တစ်စထက်တစ်စ ရယူလာခြင်း) သည် စနစ်ထဲ၌ အစိုင်တည်လာခဲ့သည် (governmentalized ဟု မူရင်းတွင် သုံးပါသည်)။

ဆိုလိုသည်မှာ ဤအန်ဂျီအိုများ၏ အသေးစား အချုပ်အခြာ အာဏာသည် ပြင်ပ ဝင်ရောက်စွက်ဖက်မှု၊ ထိန်းချုပ်မှုတို့နှင့် ဆက်နွှယ်သော ဝင်ရောက်စွက်ဖက်ရေး အင်စတီကျူးရှင်းများ၊ လက်တွေ့လုပ်ငန်းများ ကွန်ရက်၌ ဝင်ရောက် ပေါင်းစည်း သွားခဲ့သည် (Duffield ၂၀၀၇)။

## လူ့အခွင့်အရေးများနှင့် နိုင်ငံတကာဥပဒေ

လူ့အခွင့်အရေး တောင်းဆိုချက်များ၊ တစ်နည်းအားဖြင့် ဥပဒေအရ ပြဋ္ဌာန်းထားခြင်း မဟုတ်သည့် အခွင့်အရေး ရှိသော လူသား၏ ကျင့်ဝတ်ပိုင်း-ဥပဒေပိုင်းဆိုင်ရာ တောင်းဆိုမှုများသည် တရားဥပဒေအရ ဖွဲ့စည်း တည်ဆောက်ထားသော အချုပ်အခြာ အာဏာပိုင် နိုင်ငံများအပေါ် အခြေခံ၍ လည်ပတ်သော နိုင်ငံတကာ ဥပဒေ မူဘောင်များနှင့် ပွတ်တိုက်လေ့ ရှိသည်။ ၁၉၉၀ ပြည့်လွန် ဆယ်စုနှစ်များနှင့် ၂၀၀၀ ပြည့်လွန် ဆယ်စုနှစ်များ ကာလအတွင်း ဤပွတ်တိုက်မှုအပေါ် နားလည် သဘောပေါက်မှုသည် ပြောင်းလဲ သွားခဲ့သည်။ လူ့အခွင့်အရေးများနှင့် နိုင်ငံတကာ ဥပဒေအပေါ် ဆွေးနွေးချက်၏ ပြောင်းလဲလာသော သဘောတရားအတွက် အဓိကကျသော အရာမှာ နိုင်ငံတကာ ဥပဒေရှိ ဥပဒေအရ အကျုံးဝင်သူ၏ အဓိပ္ပာယ်အား ပြန်လည် အဓိပ္ပာယ် သတ်မှတ်မှု၊ တစ်နည်းအားဖြင့် အချုပ်အခြာ အာဏာ၏ အဓိပ္ပာယ် အပေါ် အငြင်းအခုံများ ဖြစ်သည်။

အချုပ်အခြာ အာဏာ၏ အဓိပ္ပာယ်အကြောင်း ဆွေးနွေးချက်သည် ယခင်အပိုင်းခွဲတွင် အသားပေး ဖော်ပြခဲ့သော ဘက်မလိုက်မှုနှင့် လူသားထု လွှမ်းခြုံမှု အကြောင်း ဆွေးနွေးချက်များကို ထင်ဟပ်ပြသည်။ အချုပ်အခြာ အာဏာ တန်းတူညီမျှမှု၏ ကမ္ဘာလုံး လွှမ်းခြုံ သဘောတရားသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ များစွာ ကွဲပြားခြားနားသော နိုင်ငံများ၏ အင်အား သို့မဟုတ် စွမ်းဆောင်ရည် မဟုတ်ချေ။ တန်းတူညီမျှမှု၏ အနှစ်သာရမှာ ဖြစ်တည်မှုအရ၊ နိုင်ငံရေးအရ လွတ်လပ်မှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေး၏ တန်းတူညီမျှမှုသာ ဖြစ်သည်။ စစ်အေးတိုက်ပွဲ ပြီးဆုံးချိန်မှစ၍ ဤအချုပ်အခြာအာဏာ တန်းတူညီမျှမှု မူဘောင်အား လူ့အခွင့်အရေး မူဘောင်မှတဆင့် စိန်ခေါ်လာခဲ့သည်။ လူ့အခွင့်အရေး မူဘောင်က ပြည်သူတို့၏ အခွင့်အရေးများကို အကာအကွယ် ပေးရန် အစိုးရအား တာဝန်ယူခိုင်း၍ မရသော သို့မဟုတ် တာဝန်ယူရန် ဆန္ဒမရှိသော နိုင်ငံများ၌ ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် စာရွက်ပေါ်ရှိ (formal) တရားစီရင်ရေး မူဘောင်များသည် မလုံလောက်ဟု ဆိုသည် (ကြားဝင် ဆောင်ရွက်ရေးနှင့် နိုင်ငံ့ အချုပ်အခြာ အာဏာ ဆိုင်ရာ နိုင်ငံတကာ ကော်မရှင် (International Commission on Intervention and State Sovereignty (ICISS)), 2001)။

အခြေခံအကျဆုံး အဆင့်၌ အချုပ်အခြာအာဏာ လွတ်လပ်မှု သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်မှုသည် တစ်စထက်တစ်စ ပို၍ ပြဿနာ ရှိလာသည်ဟု မြင်လာကြသည်။ စာရွက်ပေါ်၌ ဒီမိုကရေစီ ရှိခြင်းသည် လူတစ်ဦးတစ်ယောက်ချင်း၏ အကျိုးစီးပွားများ၊ အခွင့်အရေးများကို အကာအကွယ်ပေးရန် လုံလောက်မှု မရှိတော့ဟု ရှုမြင်လာကြသည်။ ရေးသားပြောဆိုသူ အများအပြားသည် ဖာရီးဇာကားရီးယား (Fareed Zakaria) ၏ စစ်အေးခေတ်လွန်၌ လစ်ဘရယ် မကျသော ဒီမိုကရေစီနိုင်ငံများ ပေါ်ထွက်လာသည် ဟူသော

အမြင်ကို လက်ခံလာခဲ့ကြသည် (Zakaria, 2003)။ လစ်ဘရယ် ယဉ်ကျေးမှုများနှင့် အခွင့်အရေးများ အကာအကွယ် ပေးသည့် မူဘောင်များ မရှိသော ဒီမိုကရေစီ စနစ်များသည် လွတ်လပ်ခွင့်များကို ပေးနိုင်သလို အာဏာရှင် အုပ်ချုပ်ရေး အတွက်လည်း လိုင်စင် ပေးသလိုမျိုး ဖြစ်သွားနိုင်သည်။ အများစု၏ ဗိုလ်ကျ စိုးမိုးမှု သို့မဟုတ် ဒီမိုကရေစီနည်းအရ ရရှိသော လုပ်ပိုင်ခွင့်ကို ဥပဒေမဲ့ ကျင့်သုံးခြင်း (Mill, 1972; Guinier 1994 ကို တားဆီးရန် နိုင်ငံတကာ လူ့အခွင့်အရေးများကို ကောင်းမွန်သော အုပ်ချုပ်ရေး (good governance) နှင့် တရားဥပဒေစိုးမိုးရေး အစီအစဉ်၏ အစိတ်အပိုင်း တစ်ခုအဖြစ် အကောင်အထည် ဖော်ရန် တောင်းဆို လာခဲ့ကြသည်။

နိုင်ငံသားဖြစ်မှု အခွင့်အရေးများဆိုင်ရာ တရားဝင် (formal) နိုင်ငံရေး မူဘောင်များ၏ ပြဿနာများအပေါ် အခြေခံ၍ မဟုတ်ဘဲ စီးပွားရေးနှင့် လူမှုရေး ထောက်ပံ့မှုများအပေါ် အခြေခံ၍ အချုပ်အခြာ အာဏာ ဆိုင်ရာ အခွင့်အရေးများကို အားနည်းစေသော လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားရေး ဒုတိယ ချဉ်းကပ်နည်း တစ်နည်းလည်း ရှိပါသေးသည်။ ဤသည်မှာ ကျရှုံးနေသော နိုင်ငံများ သို့မဟုတ် ကျရှုံးသွားသော နိုင်ငံများ ဟူသော ပြောဆို ရေးသားချက်ဖြစ်ပြီး ဤပြောဆို ရေးသားချက်၌ လူမှုဖူလုံရေး အထောက်အပံ့များ သို့မဟုတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြဿနာများက ကိုလိုနီ စနစ်လွန် နိုင်ငံအများအပြားသည် ၎င်းတို့၏ လုပ်ငန်းစွမ်းဆောင်ရည် အချုပ်အခြာအာဏာ (functional sovereignty) နှင့် ပတ်သက်၍ ပြင်ပ အကူအညီ လိုသည်ဟု ဆိုကြသည် (Ghani, Lockhard, and Carnahan, 2005 တွင် ရှုပါ)။ ဤနေရာ၌ လူ့အခွင့်အရေးဆိုင်ရာ ကျင့်ဝတ်-တရားဥပဒေ မူဘောင်သည် လူမှုရေးနှင့် စီးပွားရေး စွမ်းဆောင်ရည် တို့အပေါ် အခြေပြု၍ အချုပ်အခြာ အာဏာကို ပြန်လည် အဓိပ္ပာယ်ဖွင့်ဆိုပြီး အချုပ်အခြာ အာဏာ ချိန်ခွင်ကို လျော့ကျစေရုံသာမက လွတ်လပ်မှုနှင့် အချုပ်အခြာ အာဏာအရ တန်းတူညီမျှမှုအပေါ် အခြေခံသော တရားဥပဒေ မူဘောင်၏ အရေးပါမှုကိုလည်း လျော့ပါးစေသည်။

လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်နည်းများသည် အချုပ်အခြာအာဏာ အယူအဆအား ပြန်လည် အဓိပ္ပာယ် ဖွင့်ဆိုလိုက်ကြရာ ယခုအခါ အချုပ်အခြာ အာဏာတွင် သီးခြား ဥပဒေ သဘောအရ အဓိပ္ပာယ် ပျောက်သွားသည်၊ ထို့ကြောင့် ပြင်ပ ဝင်ရောက် စွက်ဖက်မှုအား အချုပ်အခြာ အာဏာနှင့် ပွတ်တိုက်မှု မဖြစ်တော့၊ ပြင်ပ ဝင်ရောက် စွက်ဖက်မှုသည် အချုပ်အခြာ အာဏာကို ထိခိုက် အားလျော့စေခြင်း မရှိတော့ဟု ရှုမြင်လာကြသည်ဟု ဝေဖန်ထောက်ပြသူများက ပြောဆိုလာနေကြသည်။ မာ့ခ်ဒက်ဖ်ဖီးဒ်က အချုပ်အခြာအာဏာအား အုပ်ချုပ်သူ သို့မဟုတ် အစိုးရ၏ လိုအပ်ချက်များထက် လူထု၏ လိုအပ်ချက်များ အပေါ် အခြေခံသော ဇီဝနိုင်ငံရေး (biopolitical) အဖြစ် ပြန်လည် အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်ဟု ဆိုသည်။ ထိုသို့ အဓိပ္ပာယ် ပြန်လည် ဖွင့်ဆိုခြင်းမှာ လူသား ဖွံ့ဖြိုး တိုးတက်ရေး သို့မဟုတ် လူသားလုံခြုံရေး စံနှုန်းများအား မြှင့်တင်ပေးရေး ကဏ္ဍ၌ ကြားဝင် ဆောင်ရွက်မှုအတွက် အကြောင်းပြချက် ပေးရန် ဖြစ်သည် (Duffield, 2007)။ ဂရေဟမ် ဟယ်ရီဆင် (Graham Harrison) ၏ အုပ်ချုပ်ရေး နိုင်ငံတော် (governance state) အကြောင်း ရေးသားချက်က အချုပ်အခြာ အာဏာပိုင် အစိုးရ အင်စတီကျူးရှင်း များသည် ပြင်ပ အုပ်ချုပ်ရေး အတွက် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများ ဖြစ်သွားပုံကို မီးမောင်းထိုး ပြထားသည် (Harrison 2004; Chandler 2006 တွင်လည်း ရှု)။ လူ့အခွင့်အရေး မူဘောင်များကြောင့် အချုပ်အခြာ အာဏာပိုင် နိုင်ငံများ၏

တရားဥပဒေအရ တန်းတူညီမျှမှု တောင်းဆိုပိုင်ခွင့်သည် အားပျော့ သွားသည်။ အကြောင်းမှာ အချုပ်အခြာ အာဏာပိုင် နိုင်ငံများသည် နိုင်ငံတကာ စည်းကြပ်ထိန်းချုပ်ရေး၊ ကြားဝင် ဆောင်ရွက်ရေး လူ့အခွင့်အရေး မူဘောင်များနှင့် နှိုင်းယှဉ်လျှင် လူ့အခွင့်အရေး အကာအကွယ် ပေးနိုင်သည့် စွမ်းဆောင်ရည် အားနည်းသည်ဟု သတ်မှတ်လာခဲ့ခြင်းကြောင့် ဖြစ်သည်။

အချုပ်အခြာ အာဏာ တောင်းဆိုခွင့်များ အားနည်းလာမှုကို အခြေခံပြီး နိုင်ငံတကာ ဥပဒေအား ပြည်တွင်းမှု ပြုလာကြသည်ဟု ငြင်းခုံသူ အများအပြား ရှိလာနေပါသည်။ နိုင်ငံတကာ ဥပဒေသည် ပြည်တွင်း ဥပဒေကဲ့သို့ ဖြစ်လာပြီး တစ်သီးပုဂ္ဂလ လူတို့အား ဥပဒေအရ အကျုံးဝင်သူ အဖြစ် သတ်မှတ်လာခဲ့သည်။ လူတစ်ဦး တစ်ယောက်ချင်း၏ လူ့အခွင့်အရေးများကို အချုပ်အခြာ အာဏာပိုင် နိုင်ငံများ၏ အခွင့်အရေးထက် ပို၍ ဦးစားပေးလာခြင်းအား နိုင်ငံတကာ ကျင့်ဝတ်၊ တရားဥပဒေ စနစ်သစ် တစ်ခု ဖန်တီးခြင်း အဖြစ် မှတ်ယူနိုင်ကြောင်း ပြောဆို ရေးသားကြသည်။ ဤအချက်ကို ယခင် ယူဂိုဆလားဗီးယား နိုင်ငံနှင့် ရဝမ်ဒါ နိုင်ငံတို့အတွက် နိုင်ငံတကာ အရေးပေါ် တရားခွင်များ တည်ထောင်ခြင်းပြီး နိုင်ငံ့ ခေါင်းဆောင်များအား စစ်ရာဇဝတ်မှုများအတွက် တရားစွဲအမိန့်ချခြင်း၊ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး (ICC) တည်ထောင်ခြင်းဖြင့် ချီလီနိုင်ငံ၏ အာဏာရှင် အော်ဂုစတို ပီနိုချက်အား တရားစွဲခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ခွင့် အယူအဆများ ဖော်ထုတ်ခြင်းစသည့် သာဓကများ၌ တွေ့နိုင်သည်။ လူ့အခွင့်အရေး ထောက်ခံ လှုပ်ရှားသူများ၏ အမြင်တွင် ဤနိုင်ငံတကာ စနစ်သစ်သည် အချုပ်အခြာ အာဏာပိုင် နိုင်ငံများ တန်းတူညီမျှရေး ကုလသမဂ္ဂ ပဋိညာဉ်၏ နေရာတွင် လူတစ်ဦး တစ်ယောက်ချင်း၏ ဥပဒေအရ၊ နိုင်ငံရေးအရ တန်းတူညီမျှမှုကို စနစ်တကျ ချမှတ်နိုင်သော စနစ် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတကာ ဥပဒေ နယ်ပယ်၌ လူ့အခွင့်အရေးများ ရှိသူ တစ်သီးပုဂ္ဂလ လူပုဂ္ဂိုလ်သည် ဥပဒေအရ အကျုံးဝင်သောသူ မဟုတ်ခြင်း ပြဿနာသည် သိသာ ထင်ရှားလာသည်။ နိုင်ငံတကာ ရပ်ဝန်း၏ တရားဝင် (formal) သဘောသဘာဝကို ပြန်လည်ဖွဲ့စည်းပြီး နိုင်ငံတကာ ဥပဒေကို ချဲ့ထွင်မည့်အစား နိုင်ငံတကာ ဥပဒေအား ကျင့်ဝတ်-ဥပဒေ စနစ် (moral-legal order) အဖြစ်သို့ ပြောင်းလဲ လိုက်သည့်အခါ ထိုစနစ်တွင် ကျင့်ဝတ် နယ်ပယ်နှင့် တရားဥပဒေ နယ်ပယ်တို့သည် မသဲကွဲတော့ချေ (Douzinas, 2007, p. 148)။ တရားဥပဒေ နယ်ပယ်သည် တရားဝင်အရ တန်းတူညီမျှ ဖြစ်သော နယ်ပယ် ဖြစ်သည်၊ တူညီသော အခြေအနေများအတွက် ပြစ်ဒဏ်သည် အတူတူပင် ဖြစ်သည်။ သို့သော် ကော်စတာစ် ဒူဇီနာစ် (Costas Douzinas) ၏ အဆိုအရ လူ့အခွင့်အရေး မူဘောင်များ ရှေ့ရောက်လာခြင်းသည် နိုင်ငံတကာ ဥပဒေ နယ်ပယ်သို့ ကျင့်ဝတ်ပိုင်းဆိုင်ရာ အစိတ်အပိုင်း တစ်ခုကို ဖြည့်စွက်လိုက်ပြီး ၎င်းသည် နိုင်ငံတကာ စနစ်၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ အခြင်းအရာ (subject) နှင့် ပင်မတန်ဖိုးများကို ပြန်လည် ဖွဲ့စည်း လိုက်သည် (Douzinas, 2007, p. 183)။

ဤအပြောင်းအလဲသည် စစ်အေးအပြီး နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်၌ အားပြိုင် ဆက်ဆံရေး၏ ပြောင်းလဲလာနေသော သဘောတရားကို ထင်ဟပ်ပြပြီး စနစ်သွင်းခဲ့သည်။ စစ်အေးအတွင်း အမေရိကန်နှင့် ဆိုဗီယက် ပြည်ထောင်စုတို့ အကြား အင်အားမျှခြေ တစ်ခု ရှိနေခဲ့သည်။ ဘက်နှစ်ဘက်သည် အညီအမျှ

အင်အားချင်း တူချင်မှ တူခဲ့ပေလိမ့်မည်၊ သို့သော် အဓိက ပြောလိုသည်မှာ အသေးစား အငြင်းပွားမှုများ သို့မဟုတ် ပဋိပက္ခများသည်ပင် မဟာအင်အားကြီးများ၏ နျူကလီးယား ထိပ်တိုက် တွေ့မှုသို့ ဦးတည်သွားနိုင်သည့် အန္တရာယ် ရှိခဲ့ခြင်း ဖြစ်သည်။ ဤအကြောင်းကြောင့် နိုင်ငံငယ်များအနေဖြင့် သူတို့၏ အချုပ်အခြာ အာဏာနှင့် လွတ်လပ်ရေးတို့သည် နိုင်ငံတကာ ဥပဒေကြောင့် မဟုတ်ဘဲ လက်ရှိ အခြေအနေကို ထိန်းထားပြီး အချုပ်အခြာ အာဏာ နယ်နိမိတ်ကို စိန်ခေါ်ရန် အင်အားသုံးမှုကို တားမြစ်ထားခြင်းက ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာ စနစ်အတွက် အဓိက ကျသည်ဟု ရှုမြင်ကြသည့် အတွက်ကြောင့် ဘေးကင်း လုံခြုံခြင်း ဖြစ်ကြောင်း တွေ့ကြုံခဲ့ကြသည်။ နိုင်ငံတကာ စနစ်တစ်ခု ဖွဲ့စည်းထား ခြင်းကြောင့် အားနည်းသော နိုင်ငံများသည် ၎င်းတို့၏ အချုပ်အခြာ အာဏာကို အင်အားကြီး နိုင်ငံများ၏ ရန်မှ ကာကွယ်နိုင်ခဲ့ကြသည် (Jackson, 1990 တွင် ရှု)။ ယခုဖော်ပြပါ အင်အားမျှခြေ အဆုံးသတ် သွားခဲ့ပြီးနောက် တစ်နိုင်ငံတည်းက အင်အား အဆမတန် ကြီးသော (hegenomic)၊ ဝင်ရိုးတစ်ခု ဗဟိုပြု (unipolar) ကမ္ဘာကြီး ပေါ်ထွက်လာခဲ့ပြီး ဤအချက်သည် ပြင်ပ ဝင်ရောက်စွက်ဖက်မှုနှင့် ပတ်သက်သော ဥပဒေ အကန့်အသတ်၊ ဥပဒေ ပြင်ပ အကန့်အသတ်များကို ပြန်လည်ညှိနှိုင်းမှု၊ ဖယ်ရှား ကျော်လွှားမှုတို့ ထင်ဟပ် နေခဲ့သည်။

လူ့အခွင့်အရေး မူဘောင်သည် စစ်အေး၏ တရားဝင် တည်ဆောက်ထားသော နိုင်ငံတကာ စနစ်မှ ကူးပြောင်းမှုကို အဆင်ပြေ ချောမွေ့စေခဲ့သည်။ လူ့အခွင့်အရေးများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုသည် ယခင်စနစ်၏ တရားဝင် ဥပဒေဘောင်ဝင် အခြင်းအရာ (formal legal subject)၊ တနည်း တန်းတူညီမျှသော အချုပ်အခြာ အာဏာပိုင် နိုင်ငံများအား အဆင့်လျှော့မှုကို တရားနည်းလမ်း ကျစေခဲ့ပြီး ၎င်းတို့၏ နေရာ၌ ဥပဒေအရ ဖွဲ့စည်း တည်ဆောက်ထားခြင်း မဟုတ်သူများ၏ တောင်းဆိုချက်များအပေါ် အခြေခံသော ပိုမို၍ ပျော့ပျောင်းသော မူဘောင်တစ်ခုကို ချခဲ့သည်။ ၁၉၉၀ ခုနှစ်များတွင် နိုင်ငံတကာ စနစ်ကို ပုံဖော်ရေးသားပုံ နည်းလမ်းနှစ်သွယ်အကြား ဝိရောဓိဖြစ်မှုသည် တရားဝင် အချုပ်အခြာအာဏာ အခွင့်အရေးနှင့် အသစ် ပေါ်ထွက်လာနေသော လူသားထုလွှမ်းခြုံ လူ့အခွင့်အရေး တောင်းဆိုချက်များ ကိုယ်စား ဝင်ရောက် စွက်ဖက်ခွင့်တို့ အကြား အငြင်းပွားမှုတွင် သိသာထင်ရှားလာသည်။ ဤအကွဲအပြဲသည် ၁၉၉၉ ခုနှစ် ကိုဆိုဗိုဒေသအပေါ် နေတိုးအဖွဲ့၏ စစ်ဆင်နွှဲမှုနှင့် ဆက်စပ်၍ ထင်သာမြင်သာ ဖြစ်လာခဲ့သည်။ ဤစစ်ပွဲတွင် လူ့အခွင့်အရေးများသည် အချုပ်အခြာ အာဏာထက် ပို၍ အရေးကြီးသည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် လူအတော်များများအတွက် ပြဿနာမှာ လူ့အခွင့်အရေး များအတွက် အာဏာ ပေးခဲ့သူများမှာ ကိုဆိုဗိုရှိ ဒုက္ခခံစားခဲ့ကြသူများ မဟုတ်ဘဲ နေတိုးအဖွဲ့၏ အင်အားကြီး နိုင်ငံများသာ ဖြစ်သည်။ ထိုနိုင်ငံများသည် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက် စွက်ဖက်ခွင့်ကို ရယူကျင့်သုံးခဲ့သည်။

ကိုဆိုဗိုကိစ္စ နောက်ပိုင်းတွင် ကုလသမဂ္ဂသည် ကြားဝင် ဆောင်ရွက်ရေးနှင့် နိုင်ငံတော် အချုပ်အခြာ အာဏာ ဆိုင်ရာ နိုင်ငံတကာ ကော်မရှင် ဟုခေါ်သော လွတ်လပ်သော ကော်မရှင်တစ်ခုကို ဖွဲ့စည်းခဲ့ပြီး ဤအဖွဲ့သည် အခွင့်အရေးများ ပွတ်တိုက်သော ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းခဲ့ရာ အောင်မြင်မှု တချို့တော့ ရရှိခဲ့သည်။ ကာကွယ်ရမည့် တာဝန် ဆိုသော အစီအရင်ခံစာ (ICISS 2001) ၌ ကော်မရှင်သည် အချုပ်အခြာ အာဏာတွင် လူ့အခွင့်အရေးအပေါ် လေးစားမှု ပါဝင်လာပြီး ပြင်ပမှ ကြားဝင် ဆောင်ရွက်မှုသည် အချုပ်အာဏာကို လျော့ပါးစေခြင်း မဟုတ်ဘဲ ထောက်ခံ မြှင့်တင်ပေးသည့် ပုံစံဖြင့် တင်ပြရန် အချုပ်အခြာ အာဏာကို

ပြန်လည် အဓိပ္ပာယ် သတ်မှတ်ဖို့ အကြံပြုခဲ့သည်။ တစ်ချိန်တည်းတွင် အစီအရင်ခံစာက အကယ်၍ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် လူ့အခွင့်အရေးများကို အကာအကွယ် ပေးရေး ကြားဝင် ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သဘောတူညီချက် မရနိုင်လျှင် စစ်ရေးအရ ကြားဝင် ဆောင်ရွက်မှုအတွက် တရားမျှတသောစစ် အကြောင်းပြချက်များကို ပြန်လည် အသက်သွင်းခဲ့သည်။ ကော်မရှင်၏ အစီအရင်ခံစာသည် ကုလသမဂ္ဂ ပဋိညာဉ်၏ စည်းကမ်း ချည်နှောင်သော မူဘောင်မှ အင်အားကြီး နိုင်ငံများကို အခွင့်အရေး ပိုမို၍ ပေးသော ပိုမို၍ လျော့ရဲသော ကျင့်ဝတ်-ဥပဒေ မူဘောင်သို့ ကူးပြောင်းမှုကို လမ်းခင်းပေးခဲ့သည် (Simpson, 2004)။

ဝေဖန်ထောက်ပြသူများက အခွင့်အရေးအခြေပြု ချဉ်းကပ်နည်းများသည် အချုပ်အခြာ အာဏာအား ကမ္ဘာ့စင်တာသစ် တစ်ခုကို ရွှေ့ပြောင်းပစ်သည်၊ သို့သော် ဤစင်တာသည် စည်းကမ်းချက်များဖြင့် သို့မဟုတ် ဥပဒေအရ ဖွဲ့စည်း တည်ဆောက်ထားခြင်း မဟုတ်ဟု ပြောဆိုကြသည်။ ဝေဖန်ထောက်ပြသူ အများအပြား၏ အမြင်၌ ကားရှမစ် (Carl Schmitt, 1996) ၏ ရေးသားချက်များနှင့် ပို၍ လတ်တလော ဖြစ်သော ဂျော်ဂျီယို အာဂမ်ဘန် (Giorgio Agamben, 2005) ၏ ရေးသားချက်များသည် ခြွင်းချက် ကိစ္စရပ် အပေါ် ဆုံးဖြတ်ချက် ချနိုင်သော အာဏာဟု နားလည်သော အချုပ်အခြာ အာဏာသည် အနောက်နိုင်ငံများ၊ အထူးသဖြင့် ပို၍ ဆုံးဖြတ်ချက် ချနိုင်သော အချုပ်အခြာ အာဏာ အင်အားကြီး နိုင်ငံ ဖြစ်သော အမေရိကန် နိုင်ငံထံသို့ ပြောင်းသွားပြီး၊ ၎င်းသည် ကိုလိုနီ စနစ်လွန် နိုင်ငံများအတွက် အချုပ်အခြာအာဏာ ဆုံးရှုံးမှု ဖြစ်ကြောင်း ထောက်ပြကြသည်။

ဤဝေဖန်သူများ၏ အမြင်တွင် ဥပဒေအရ အချုပ်အခြာ အာဏာ တန်းတူညီမျှဖြစ်မှုမှ အကူးအပြောင်း၏ သာဓကများကို ကိုဆိုဗိုနှင့် အီရတ်ကိစ္စတို့၌ ဝင်ရောက် မစွက်ဖက်ရေးမူကို ပြောင်းပြန်လှန်ပစ်ခဲ့ခြင်းတွင် တွေ့နိုင်သည်။ သူတို့သည် ဤဖြစ်စဉ်က ဖန်တီးလိုက်သည့် မညီမျှမှုများကို မီးမောင်းထိုးပြသည်။ အမေရိကန် နိုင်ငံသည် သူ၏ အချုပ်အခြာ အာဏာ ဆိုင်ရာ ဆုံးဖြတ်ချက် အာဏာများကို ကန့်သတ်သည့် နိုင်ငံတကာ စာချုပ်များကို သဘောတူ လက်မှတ်ထိုးရန် ငြင်းဆိုသည့် တစ်ချိန်တည်းတွင်၊ (ဥပမာ ဆိုမာလီယာနိုင်ငံနှင့် တောင်ဆူဒန်နိုင်ငံ တို့မှတပါး အမေရိကန်နိုင်ငံသည် ကလေးသူငယ်၏ အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်ကို လက်မှတ်မထိုးသည့် တစ်ခုတည်းသော နိုင်ငံဖြစ်သည်)၊ ICC ကို နာခံရန် ငြင်းဆိုသည့် တစ်ချိန်တည်းတွင် အခြားနိုင်ငံများသည် ၎င်းတို့၏ ကိစ္စရပ်များ၌ ပြင်ပ ဝင်ရောက် စွက်ဖက်မှုကို လက်ခံရန် အတင်းအကြပ် စေခိုင်းခံရသည်။

ဒိုဇီနာစ်၏ အမြင်တွင် လူ့အခွင့်အရေး ပြောဆိုရေးသားချက်များသည် ကုလသမဂ္ဂ ပဋိညာဉ်၏ ဥပဒေစနစ် အပေါ် စိန်ခေါ်မှု ဖြစ်သည်၊ သို့သော် ဤစိန်ခေါ်မှုသည် အခွင့်အရေးများ တန်းတူညီမျှမှု အပေါ် အခြေခံသော ပိုမို၍ လူသားထု လွှမ်းခြုံသော စနစ်တစ်ခု မဟုတ်ဘဲ မတူညီသော အခွင့်အရေးများ ရှိသော အပေါ်အောက် ဖွဲ့စည်းပုံ တစ်ခုသာ ဖြစ်သည် (စာသေတ္တာ ၇.၅ တွင်ရှု)။ ပို၍ သေးငယ်သော၊ သို့မဟုတ် အစွန်အဖျား နိုင်ငံများအတွက် အချုပ်အခြာ အာဏာ အခွင့်အရေးများ၊ ကိုယ်ပိုင်ပြဋ္ဌာန်းရေး အခွင့်အရေးများသည် ဖယ်ရှား ခံလိုက်ရသည်။ ဆုံးရှုံးသွားသော အချုပ်အခြာ အာဏာသည် ပျောက်သွားခြင်း မဟုတ်။ ၎င်းသည် မဟာ

အချုပ်အခြာ အာဏာ (super-sovereignty) ဌာန တစ်ခုအတွင်းသို့ စုပ်ယူ၊ ထိုးသွင်းခံရခြင်း ဖြစ်သည် (Douzinas, 2007, p. 271; Jabri, 2007 တွင်လည်း ရှု)။ ဒိုဇီနာစ်၏ အမြင်တွင် စစ်ရေးအရ ဝင်ရောက်စွက်ဖက်ခြင်းအပေါ် အစဉ်အလာအရ ထားရှိသော တားမြစ်ချက်များ ပြိုပျက်သွားခြင်းနှင့် အနောက်တိုင်း၏ အာဏာ ဖြန့်ကျက်ထားခြင်းသည် တန်းတူညီမျှ အချုပ်အခြာ အာဏာရှိသော ဗဟုဆက်ဆံရေးများကို ယုတ်လျော့စေပြီး ဤအချက်က သမိုင်း နောက်ကြောင်း ပြန်မှုတွင် ဧကရာဇ်သည် ပေါ်ထွက် လာနေကြောင်း၊ သို့သော် သူ၏ အင်ပိုင်ယာသည် တည်ဆောက်ဆဲသာ ဖြစ်ကြောင်းကို လစ်ဟ ပြနေသည် (Douzinas, 2007, p. 257)။

## လူ့အခွင့်အရေးများနှင့် စစ်ရေးအရ ကြားဝင်ဆောင်ရွက်မှု

လူ့အခွင့်အရေးများအား လူတစ်ဦးတစ်ယောက်ချင်း၏ အခွင့်အရေးများအဖြစ် နိုင်ငံများ၏ အချုပ်အခြာ အာဏာ အခွင့်အရေးများထက် ပို၍ ဦးစားပေးလာခြင်းသည် အစဉ်အလာအရ ရှိလာခဲ့သော နိုင်ငံတကာ ဆက်ဆံရေး၊ အထူးသဖြင့် နိုင်ငံတကာ ဥပဒေနှင့် အင်အားအသုံးပြုမှုနှင့် သက်ဆိုင်သော နိုင်ငံတကာ ဆက်ဆံရေးကို ပြောင်းလဲပစ်လိုက်သည်။ စစ်ရေးအရ ကြားဝင် ဆောင်ရွက်မှု အတွက် လူ့အခွင့်အရေး အခြေပြု အကြောင်းပြချက်များအား ခေတ်သစ်အကြို တရားမျှတသောစစ် စဉ်းစားပုံကို ပြန်လည် အသက်သွင်းသည့် ပုံစံဖြင့် တင်ပြလေ့ရှိပြီး ဤတရားမျှတသောစစ် အယူအဆသည် စစ်ပွဲအတွက် တရားဥပဒေအရ အကြောင်းပြချက်ထက် မှန်ခြင်း၊ မှားခြင်း သဘောတရားနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ အကြောင်းပြချက်တို့နှင့် ပို၍သက်ဆိုင်သည်။ ဤနေရာ၌ လူ့အခွင့်အရေးများ၏ ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လက်ရှိ တည်ရှိနေသော နိုင်ငံတကာ အသိုင်းအဝိုင်း၏ တရားဥပဒေ မူဘောင်တို့အကြား ပွတ်တိုက်မှုသည် သိသာ ထင်ရှားလာသည်။

| **စာသေတ္တာ ၇.၅ ကော်စမိုပိုလီတန်နစ်ဇင် - မညီမျှသော စနစ်သစ် တစ်ခုလော၊ လူသားထု လွှမ်းခြုံ ဝါဒသစ် တစ်ခုလော** |
|---|
| **ကော်စမိုပိုလီတန်နစ်ဇင် (cosmopolitanism)အပေါ် ကော်စတာစ်ဒိုဇီနာစ်၏ အမြင်**<br><br>မျက်မှောက်ခေတ် နိုင်ငံရေး၏ ကော်စမိုပိုလီတန် ကျပါသည်ဆိုသော လက္ခဏာသည် ကမ္ဘာလုံး လွှမ်းခြုံ စည်းမျဉ်း စည်းကမ်းများကို လိုက်နာမှုမှ ဆင်းသက်လာခြင်း မဟုတ်ပေ။ ဤသည်နှင့် ဆန့်ကျင်ဘက်သာ ဖြစ်သည်။ ကမ္ဘာလုံး လွှမ်းခြုံ စည်းမျဉ်းစည်းကမ်းများအား ကမ္ဘာ့ အခြင်းအရာများ၏ အစိတ်အပိုင်း တစ်ခုအဖြစ် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မူဝါဒများကို ကျင့်သုံးနိုင်သူတို့က ဖန်တီးထားခြင်း ဖြစ်သည်။ အင်အားကြီး နိုင်ငံများ၏ တွက်ဆချက်များတွင် ပြည်တွင်း အခြေအနေ စဉ်းစားချက်များသည် အမြဲတစေ အရေးပါသော အခန်းကဏ္ဍ တစ်ရပ်မှ ပါဝင်နေခဲ့သည်သာ ဖြစ်ပြီး ၎င်းတို့သည် နိုင်ငံခြား ဆက်ဆံရေး ဆောင်ရွက်ပုံကို သတ်မှတ် ဆုံးဖြတ်သည်။ ဤအချက်က ဂလိုဘယ်လ်လိုက်ဖေးရှင်းနှင့် ယူနီဗာဆယ်လ်လိုက်ဖေးရှင်းတို့အကြား ကွဲပြားခြားနားမှုကို ဖော်ပြီး ဤကွဲပြားခြားနားမှုအား လူ့အခွင့်အရေးအကြောင်း ငြင်းခုံမှုတွင် လုံးဝနီးပါး လျစ်လျူရှုထားခဲ့ကြသည်။ |

(Douzinas 2007၊ စာ-၁၂၄)

**ကော်စမိုပိုလီတန်နစ်ဇင်အပေါ် ဗီဗီယန်း ဂျာဘြီ (Vivienne Jabri) ၏ အမြင်**

ကော်စမိုပိုလီတန် စစ်ပွဲဟု ခေါ်နိုင်သော အရာ၏ အကျိုးဆက်များမှာ ကြီးမားသည်။ အဘယ်ကြောင့် ဆိုသော် ဤအကျိုးဆက်များမှာ ပြည်တွင်းအဆင့်၌ရော နိုင်ငံတကာအဆင့်၌ပါ လူမှု၊ နိုင်ငံရေး ဆက်ဆံရေးများ လုံး၀ ပြောင်းလဲသွားခြင်းမျိုး ဖြစ်နိုင်သည်…ထို့အပြင် ဖူကိုး (Foucault) ၏ အသုံးအနှုန်းကို ယူ၍ ပြောရလျှင် အခြား လူ့အဖွဲ့အစည်းများမှ ထွက်ပေါ်လာသော သဘောထား ကွဲလွဲမှုနှင့် ပဋိပက္ခတို့ကို ပုံစံသွင်းရန် ကြိုးပမ်းသော အားပြိုင် ဆက်ဆံရေးတို့ ပြောင်းလဲသွားခြင်း ဖြစ်နိုင်သည်။ ခေတ်မီစေရန်၊ အယဉ်သွင်းရန်၊ ဒီမိုကရေစီကျစေရန် ကြိုးပမ်းသော ပြောဆို ရေးသားချက်များမှ ထွက်ပေါ်လာသော အရာမှာ မညီမျှသော ကမ္ဘာကြီး၏ သဘောတရား တစ်ခု ဖြစ်ပြီး ထိုကမ္ဘာကြီးတွင် အခြားသူများ မှားကြောင်း၊ မှန်ကြောင်း ဆုံးဖြတ်နိုင်သူ၊ မဆုံးဖြတ်နိုင်သူ၊ ဥပဒေကို လိုက်နာရသူ၊ ဥပဒေကို လက်တစ်လုံးခြား လုပ်နိုင်သူ၊ အကာကွယ်နှင့် ထိုက်တန်သူ၊ ထိုသို့ မထိုက်တန်သူတို့ ရှိသော ကမ္ဘာကြီး ဟူသည့် သဘောတရား တစ်ခု ဖြစ်သည်။ ထိုက်တန်မှု မတူညီသော ကမ္ဘာကြီး၊ တစ်နိုင်ငံတည်းက အလိုကျ စိုးမိုးနိုင်သော မညီမျှသော စနစ်တစ်ခု ထွက်ပေါ်လာခဲ့သည်။

(Jabri 2007၊ စာ ၉၆-၇)

ကိုဆိုဗိုစစ်ပွဲအား လူ့အခွင့်အရေး နိုင်ငံတကာဝါဒ၏ ဇာတ်ရှိန် မြင့်လာသော ကာလအဖြစ် ရှုမြင်ကြသည်။ ကိုဆိုဗိုစစ်ပွဲသည် ကုလသမဂ္ဂ ပဋိညာဉ်အရ တရားမဝင်သော်လည်း လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်ခြင်းဖြင့် နေတိုး အဖွဲ့က နိုင်ငံတကာ ဥပဒေ၏ နယ်နိမိတ်အား ကော်စမိုပေါ်လီတန် ဆန်သော၊ ယူနီဗာဆယ်လ် ဆန်သော ဦးတည်ချက်သို့ ချဲ့ခြင်း ဖြစ်သည်ဟု အကြောင်းပြပြီး ဂျာဂန် ဟာဘေမာ့စ် (Jurgen Habermas) သည် ကိုဆိုဗိုစစ်ပွဲကို ထောက်ခံခဲ့သည် (Habermas, 1999)။ တရားဝင်မှုနှင့် မှန်ကန်မှုတို့ အကြား မသဲကွဲသော နယ်နိမိတ်အတွင်း ကျရောက်ခဲ့သည်ဟု ပြောကြသော ကိုဆိုဗို စစ်ပွဲသည် လူ့အခွင့်အရေး ထွက်ဆိုချက်များ၏ အနှစ်သာရသည် တရားဥပဒေအား ကျင့်ဝတ်ရှုထောင့်မှ စိန်ခေါ်မှုကို သရုပ်ဖော်ပြခဲ့သည် (IICK 2000)။ လူ့အခွင့်အရေး၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ ငြင်းခုံချက်များကို အသုံးပြုပြီး စစ်ပွဲကို ဆန့်ကျင်သော ကုလသမဂ္ဂ ပဋိညာဉ်အား အားနည်းစေခြင်းသည် အန္တရာယ် ရှိသည် သို့မဟုတ် ကျင့်ဝတ်ကို အလွဲသုံးစား လုပ်ခြင်း ဖြစ်သည်ဟု တချို့က ရှုမြင်ကြပြီး အခြားတစ်ဘက်တွင် အထက်တွင် ဟာဘေမာ့စ်နှင့် စပ်လျဉ်း၍ ဖော်ပြခဲ့သကဲ့သို့ ထိုသို့ပြုလုပ်ခြင်းမှာ ကျင့်ဝတ်ကို တန်ဖိုးရှိရှိ အသုံးချခြင်းဟု တချို့က ရှုမြင်ကြသည်။

မည်သို့ပင် ဆိုစေကာမူ စည်းကြပ် အကောင်အထည် ဖော်သော လူသား၏ အခွင့်အရေးများ (လူသား လုံခြုံရေး သို့မဟုတ် လူ့အခွင့်အရေး) သည် တရားဥပဒေအရ ပြဋ္ဌာန်းခြင်း မဟုတ်သည့် အခွင့်အရေး

ရှိသူများ၏ အခွင့်အရေးများ၊ တစ်နည်း ၎င်းတို့သည် နိုင်ငံတကာ ဥပဒေ၏ အခွင့်အရေး ရှိသူများဖြစ်သော နိုင်ငံ ဥပဒေ၏ အခွင့်အရေး ရှိသူများ မဟုတ်ပေ။ စည်းကြပ် အကောင်အထည်ဖော်သည့် အခွင့်အရေးများသည် ဥပဒေအရ အကျုံးဝင်သူများ၏ အခွင့်အရေးများ မဟုတ်ရာ လူ့အခွင့်အရေးများ၏ အကြောင်းအရာ၊ စည်းကြပ်လိုက်နာမှုသည် ကြားဝင်ဆောင်ရွက်မှုအတွက် တာဝန်ယူရန်၊ ငွေကြေးပေးရန် လိုလားသော နိုင်ငံများ၏ ရှောင်တခင် လုပ်ဆောင်မှုအပေါ် မူတည်သည်။ လူ့အခွင့်အရေး စည်းကြပ် အကောင်အထည် ဖော်မှု၏ ရှောင်တခင် ဆန်သော သဘောသဘာဝကြောင့် ကုလသမဂ္ဂ ပဋိညာဉ် ဥပဒေအား ကျင့်ဝတ်-တရားဥပဒေပိုင်းအရ အားနည်းစေပြီး ကမ္ဘာလုံး လွှမ်းခြုံသော ပုံစံ တစ်ခုအဖြစ် မရှိစေနိုင်ဘဲ ကိစ္စရပ် တစ်ခုချင်းစီ အပေါ် မူတည်သည့် ချဉ်းကပ်ပုံကို အသုံးပြု စေပေလိမ့်မည်။ အားမရှိသူတို့၏ လိုအပ်ချက်ထက် အားကြီးသူတို့၏ အကျိုးစီးပွား၊ စိုးရိမ်ပူပန်မှုများက ဆုံးဖြတ်ချက်များကို ချခြင်းဖြစ်သည်။[1] ဒါနီလိုဇိုလို (Danilo Zolo, 2000) ကဲ့သို့ ဝေဖန်သူ တချို့အတွက် ဆိုလျှင် အလွတ်သဘော၊ ရှောင်တခင် ဆုံးဖြတ်ချက် ချခြင်းကြောင့် အာဏာရသူမှာ ကမ္ဘာ့ပြိုင်ဘက်မဲ့ အင်အားကြီး နိုင်ငံ ဖြစ်သော အမေရိကန် နိုင်ငံ ဖြစ်သည်။ မိုင်ကယ်ဟာ့ဒ်နှင့် အန်တိုနီယိုနေဂရီ (Michael Hardt and Antonio Negri) တို့ကဲ့သို့ အခြားသူများအတွက်ဆိုလျှင် နိုင်ငံအလွန် အင်ပိုင်ယာ အသွင်သဏ္ဍာန် ဆောင်နေသော အရာမှာ ကမ္ဘာ့ လက်သစ် လစ်ဘရယ် အရင်းရှင်စနစ် ကိုယ်တိုင်ပင် ဖြစ်သည် (Hardt and Negri, 2001)။

လူ့အခွင့်အရေးများသည် အချုပ်အခြာ အာဏာနှင့် နိုင်ငံတကာ ဥပဒေတို့ထက် ပို၍ အရေးကြီးသည်ဟု မှတ်ယူခဲ့ကြသော ကိုဆိုဗို ကိစ္စသည် ပို၍ ကမ္ဘာလုံး လွှမ်းခြုံသော စနစ်တစ်ခုသို့ ဦးတည်သည့် အပြုသဘော ခြေလှမ်း ဖြစ်သလား သို့မဟုတ် ပိုမို မညီမျှသော စနစ်သို့ နောင်ကြောင်းပြန်နေသော ခြေလှမ်းဖြစ်သလား ဆုံးဖြတ်ခြင်းသည် စံနှုန်း ရွေးချယ်မှု တစ်ခု ဖြစ်မည် ထင်သည်။ အငြင်းပွားစရာ မရှိသော အချက်မှာ ရှိရင်းစွဲ တရားဥပဒေ စနစ် စိန်ခေါ်ခံခဲ့ရပြီး ဆားဘီးယား နိုင်ငံကို စစ်တိုက်နိုင်သည်အထိ အင်အားကြီးသော နိုင်ငံများသည် ၎င်းကို အင်အားယုတ်လျော့ စေခဲ့သည်။ အမေရိကန်နိုင်ငံနှင့် စစ်ပွဲကို ထောက်ခံခဲ့ကြသော ဥရောပနိုင်ငံ အများစုသည် ကုလသမဂ္ဂ ပဋိညာဉ် စနစ်၏ တရားဥပဒေအရ တားမြစ်ချက်များ၏ ဘောင်ပြင်ပမှ စစ်ဆင်နွှဲရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုလုပ်ဆောင်ခြင်းသည် ကိုဆိုဗို အယ်လ်ဘေးနီးယန်းများ ကိုယ်စား လုပ်ဆောင်ခြင်းဟု ၎င်းတို့က ဆိုကြသည်။ သို့သော် လူ့အခွင့်အရေး ထွက်ဆိုချက်များ၏ သဘောသဘာဝအရ ကိုဆိုဗို အယ်လ်ဘေးနီးယန်းများသည် ဤအခွင့်အရေးများ၏ ကာယကံရှင် ဖြစ်သော်လည်း ထိုအခွင့်အရေးများကို စည်းကြပ် လိုက်နာစေသူများမှာ နေတိုး အဖွဲ့ဝင် အင်အားကြီး နိုင်ငံများ ဖြစ်ပြီး၊ ထိုနိုင်ငံများသည် ထို့ကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းဖြင့် ကုလသမဂ္ဂ ဘောင်ပြင်ပမှ စစ်ဆင်နွှဲခွင့် ရရှိခဲ့ခြင်း သို့မဟုတ် စစ်ဆင်နွှဲခွင့် ရှိကြောင်း ဆိုခဲ့ကြခြင်း ဖြစ်သည်။

ယနေ့အချိန်တွင် တရားဥပဒေစိုးမိုးရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးတို့သည် နိုင်ငံတကာ အင်စတီကျူးရှင်း မူဝါဒ ကျင့်သုံးမှုများအတွက် အဓိက မူဘောင်များ ဖြစ်ကြသည်။ သို့သော် နိုင်ငံတကာ ရပ်ဝန်းနှင့် ပတ်သက်လာလျှင် ကမ္ဘာလုံးအဆင့် သဘောတူညီမှု ဖော်ဆောင်ရန် အစီအမံများ မရှိခြင်း၊ ကြီးထွားလာသော အင်အား မညီမျှမှုများနှင့် အကာအကွယ်များ အကန့်အသတ်ဖြင့်သာ ရှိခြင်း တို့သည် အချုပ်အခြာ အာဏာပိုင် နိုင်ငံများအကြား အပြန်အလှန် သဘောတူညီချက်ကို ကျော်လွှန်၍ လူ့အခွင့်အရေး အစီအမံများကို

စနစ်သွင်းရေး ကိစ္စအား ပိုမို၍ ခက်ခဲရှုပ်ထွေးစေသည်။ လူမှု သဘောအရ ပြဋ္ဌာန်းထားခြင်း မဟုတ်သော ဥပဒေအရ အကျိုးဝင်သူများအပေါ် အခြေခံ၍ ပြစ်ဒဏ်ပေးရေး၊ ကြားဝင်ဆောင်ရွက်ရေးနှင့် စစ်ဆင်နွှဲရေး မူဘောင်များ ချမှတ်ခြင်းနှင့် ပတ်သက်သည့် ပြဿနာမှာ ရှမစ် ဖော်ထုတ်ခဲ့သော မည်သူ ဆုံးဖြတ်သနည်းဆိုသော မေးခွန်းကို အဖြေမပေးနိုင်ခြင်း ဖြစ်သည် (Schmitt, 1996; 2003)။ ရည်ရွယ်ချက်သည် လူ့အခွင့်အရေးများကို အယူဝါဒပိုင်းအရ တလွဲ အသုံးချ လိုရင်းဖြစ်စေ သို့မဟုတ် ကမ္ဘာကြီးတွင် အမှန်တကယ် အကောင်းလုပ် လိုရင်းဖြစ်စေ ရလဒ်သည် အတူတူပင် ဖြစ်သည်။ နောက်ဆုံးတွင် ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည် ဖော်ခြင်း တာဝန်များကို ထမ်းဆောင်နိုင်စွမ်း ရှိသော နိုင်ငံများ (တချို့က ဤသည်မှာ တစ်ခုတည်း ကျန်ရှိသော အင်အားကြီး နိုင်ငံဖြစ်သော အမေရိကန်နိုင်ငံ ဖြစ်သည်ဟု ပြောကြသည်) ထံ ပိုမိုကြီးမားသော ဆုံးဖြတ်ချက် ချနိုင်သော အင်အားများ၊ အာဏာများ စုသွားသည်။

**အနှစ်ချုပ်**

လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်နည်းသည် တချို့ အခြေအနေများတွင် ငြင်းပယ်ခံရသော လူသားချင်း စာနာရေး အကူအညီများ စီးဆင်းရန်နှင့် ပိုမို၍ စစ်ဘက်ဆန်သော လူသားချင်း စာနာရေး တို့အတွက် အထောက်အကူပြုသည်။ ဥပမာ ကိုဆိုဗို ဒေသအပေါ် နေတိုးအဖွဲ့၏ စစ်ဆင်နွှဲမှု ဖြစ်သည်။

လူ့အခွင့်အရေး ချဉ်းကပ်နည်းများသည် ၁၉၉၀ ခုနှစ်များတွင် အချုပ်အခြာ အာဏာကို စိန်ခေါ်ခဲ့သည်၊ သို့သော် ၂၀၀၀ ခုနှစ်များတွင် အချုပ်အခြာ အာဏာအား နိုင်ငံတကာ လူ့အခွင့်အရေး အကာအကွယ် ပေးမှုများနှင့် သဟဇာတ ဖြစ်သည့် ပုံစံမျိုးဖြင့် ပြန်လှန် အဓိပ္ပာယ်ဖွင့်ဆိုရန် ကြိုးပမ်းခဲ့သည်။ ဤအပြောင်းအလဲအတွက် အဓိက ကျခဲ့သည်မှာ ကာကွယ်ရမည့် တာဝန် (the Responsibility to Protect) ဟုခေါ်သော ICISS ၏ အစီအရင်ခံစာ ဖြစ်သည် (ICISS ၂၀၀၁)။

လူ့အခွင့်အရေး ချဉ်းကပ်နည်းများသည် ကိုလိုနီ စနစ်လွန် နိုင်ငံများတွင် တိုက်သော စစ်အား လူ့အခွင့်အရေး ရာဇဝတ်မှုများ၊ လူ့အခွင့်အရေး ဒုက္ခသည်များ စသည့် ပုံစံများဖြင့် ပြန်လည် အဓိပ္ပာယ် ဖွင့်ဆိုလေ့ရှိသည်။ ဤချဉ်းကပ်နည်းများသည် အနောက်တိုင်း အင်အားကြီး နိုင်ငံများ တိုက်သော စစ်အား ပြန်လည် အဓိပ္ပာယ် သတ်မှတ်ပြီး လူ့အခွင့်အရေး ကိစ္စ၌ ကြားဝင်ဆောင်ရွက်မှုအား စစ်တိုက်ခြင်းထက် ရဲတပ်ဖွဲ့ လုပ်ရပ် အဖြစ် ရှုမြင်တတ်သည်။

လူ့အခွင့်အရေး ချဉ်းကပ်နည်းများသည် စစ်ရေးအရ ကြားဝင် ဆောင်ရွက်ရန် အတွက် စစ်အား လူသားထု၏ ကပ်ဆိုးအဖြစ် ရှုမြင်သော ကုလသမဂ္ဂ ပဋိညာဉ် အခြေပြု ချဉ်းကပ်နည်းများမှ ပို၍ လျော့ရဲသော၊ ခွင့်ပြုသော မူဘောင်တစ်ခုသို့ အကူးအပြောင်းအား လမ်းခင်းပေးခဲ့သည်။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

နိုင်ငံတကာ ကြားဝင်ဆောင်ရွက်မှု၏ စိတ်ပျက်ဖွယ် ရလဒ်များသည် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးများ

အကောင်အထည် ဖော်ရေးအပေါ် စိတ်ပျက်စေခဲ့ပါသလား။

လူ့အခွင့်အရေးများအား စည်းဘောင်များအတွင်း မရှုမြင်သင့်၊ လူ့အခွင့်အရေးများသည် ပြင်ပမှ တရားဥပဒေမှုဘောင်များ ချမှတ်ခြင်း မဟုတ်ဘဲ စွမ်းပကားပေးရေး လုပ်ငန်းစဉ်းများမှတဆင့် ဖော်ဆောင် နိုင်သည်ဟု ငြင်းခုံသူ ပို၍များလာနေသည်။ သင့်အနေဖြင့် သဘောတူပါသလား။

လူ့အခွင့်အရေးများအား တရားဥပဒေ ဘောင်အတွင်းမှ မဟုတ်ဘဲ စွမ်းရည် တည်ဆောက်ရေး၊ စွမ်းပကားပေးရေး လုပ်ငန်းစဉ် ပုံစံဖြင့် ပိုမို၍ ရှုမြင်လာကြလျှင် နိုင်ငံတကာ ကြားဝင်ဆောင်ရွက်မှုသည် အချုပ်အခြာအာဏာ အခွင့်အရေးများကို ယုတ်လျော့စေသေးသလား။

## လူ့အခွင့်အရေးများနှင့် အဓိပ္ပာယ်ရှာပုံတော်

မိုက်ကယ် အီဂနတီးဖ် (Michael Ignatieff) က လူ့အခွင့်အရေးများနှင့် လူသားချင်း စာနာရေး ဝါဒ၏ ကမ္ဘာလုံး လွှမ်းခြုံမှုသည် လူသား၏ ကျိုးကြောင်း ဆင်ခြင် စဉ်းစားနိုင်မှု၊ လွတ်လပ်မှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်နိုင်မှု တို့အပေါ် အခြေခံသော လူအခွင့်အရေး ရှေ့ဆောင် တောင်းဆိုမှုများနှင့် ဆက်စပ် စဉ်းစားလေ့ရှိသည့် ကမ္ဘာလုံး လွှမ်းခြုံမှုနှင့် မတူညီဟု အလေးပေး ပြောဆိုရေးသားခဲ့သည်။ လူ့အခွင့်အရေး ပါဝင်သော ခေတ်သစ် ကမ္ဘာလုံး လွှမ်းခြုံ ကျင့်ဝတ်သည် ပို၍ ကောင်းမွန်သော အနာဂတ်အတွက် မျှော်မှန်းချက်ကို ဖော်ပြခြင်းထက် လူသားထု ကိုပင် ပြဿနာဟု ရှုမြင်သည်။ ဤနေရာ၌ လူသားထုအား ကမ္ဘာလုံး လွှမ်းခြုံမှု အစုအပေါင်းအဖြစ် စုစည်းသည်မှာ ကျွန်ုပ်တို့၏ ရာဇဝတ်မှု ကျူးလွန်နိုင်သော၊ ရာဇဝတ်မှုဒဏ် ခံစားနိုင်သော စွမ်းရည်ကြောင့် ဖြစ်သည်။ သူက ခေတ်သစ် ကိုယ်ကျင့် သဘောတရားရေးရာ ကမ္ဘာလုံး လွှမ်းခြုံမှု ဝါဒသည် ရာဇဝတ်မှု အသစ်တစ်မျိုး၏ အတွေ့အကြုံအပေါ် အခြေခံသည်၊ ၎င်းမှာ လူသားထု အပေါ် ကျူးလွန်သော ရာဇဝတ်မှု ဖြစ်သည် (Ignatieff, 1998, p. 19)။ ကမ္ဘာလုံး လွှမ်းခြုံ လူသား ကာယကံရှင်သည် ဒုက္ခသည် ဖြစ်သည်၊ လူမျိုးပြုန်းတီးစေခြင်းနှင့် အင်တာဘေးတို့သည် လူသား ကာယကံရှင် အသစ်ကို ဖန်တီးလိုက်သည်၊ လူမှုသရုပ်သဏ္ဌာန် ကျွတ်သွားသော ဒုက္ခသည် စစ်စစ် ဖြစ်သည် (Ignatieff, 1998, p. 20)။

# လူ့အခွင့်အရေးများနှင့် နိုင်ငံရေးစိတ်ပျက်မှု

လူ့အခွင့်အရေးများအကြောင်း ကမ္ဘာလုံး လွှမ်းခြုံ ပြောဆိုရေးသားချက်များသည် တိုးတက်သော နိုင်ငံရေး ခေတ်သစ် တစ်ခုကို ဖော်ပြခြင်း မဟုတ်ဘဲ လူအခွင့်အရေးများအပေါ် ဦးတည်လာခြင်းသည် နိုင်ငံရေး ဆောင်ရွက်မှုနှင့် လူမှုရေး အပြောင်းအလဲ တို့အပေါ် စိတ်ပျက်မှု၊ တနည်း အရေးတော်ပုံကောင်းများ မကျန်တော့ပြီ၊ အရေးတော်ပုံဆိုးများ၏ ဒုက္ခသည်များသာ ကျန်တော့သည်ဟူသော စိုးရိမ်ပူပန်မှုကို ဖော်ပြသည်ဟု အီဂနတိဖ်က ဆိုထားသည် (Ignatieff, 1998, p. 23)။ ဒုက္ခသည်များနှင့် ရပ်တည်သော အယူဝါဒ ဆန့်ကျင်ရေး၊ နိုင်ငံရေး ဆန့်ကျင်ရေး ပုံသဏ္ဌာန် ဆောင်သော ဤခေတ်သစ် ကိုယ်ကျင့်တရား

ရေးရာ ကမ္ဘာလုံး လွှမ်းခြုံ ဝါဒ၏ အန္တရာယ်ကို မှတ်သား ဖော်ပြထားသည်။ ဤကဲ့သို့ ကျင့်ဝတ်ပုံစံ၏ အန္တရာယ်မှာ အခြားသူများကို ရှောင်ကွင်းလိုစိတ်၊ တနည်း လူသားထု တစ်ရပ်လုံးအား ဖယ်ကြဉ်လိုစိတ် ဖြစ်လာခြင်း ဖြစ်သည် (Ignatieff, 1998, p. 23)။

ကျွန်ုပ်တို့၏ ခေတ်သစ် နိုင်ငံရေး ဆန့်ကျင်စိတ်နှင့် လက်ရှိ တိုးတက်မှုများနှင့် စုပေါင်း ရည်မှန်းချက်များ အပေါ် စိတ်ပျက်ခြင်းသည် ကျွန်ုပ်တို့၏ နိုင်ငံရေး ဖြစ်တည်မှုကို ပုံစံချပေးသော၊ ကန့်သတ်သော စီးပွားရေး၊ လူမှုရေး ဆက်ဆံမှုများကို ဝေဖန်ခြင်းသို့ ဦးမတည်တော့ဘဲ လူသားထုအား ဖယ်ကြဉ်လိုစိတ်သို့ ဦးတည် သွားနိုင်သော အန္တရာယ်ရှိသည်။ ဤဖယ်ကြဉ်ရေး အမြင်သည် လူသားထုအားလုံး လွှမ်းသော အမြင် ဖြစ်သည်ကား မှန်၏၊ သို့သော် များစွာ အကွဲအပြဲ ဖြစ်စေသော၊ မိမိကိုယ်ကို ဖြေသိမ့်သော အမြင်လည်း ဖြစ်သည်။ အီဂနာတီဖ် (Ignatieff, 1998, p. 95)က ကမ္ဘာ့ ပြဿနာများ၏ ကျိုးကြောင်းဆီလျော်မှုကို ပြသရန် ကြိုးပမ်းရာ၌ နိုင်ငံရေး လွတ်သွားသော (depoliticized) လူ့အခွင့်အရေး အမြင်သည် အနောက်တိုင်း မဟုတ်သော လူ့အဖွဲ့အစည်းများ၊ အစိုးရများကို အလွယ်တကူသာ အပြစ်တင် လာတော့သည်၊ ထိုသို့ ပြုလုပ်ရင်း အနောက်တိုင်း လူ့အဖွဲ့အစည်းသည် အပြစ်မရှိ၊ ကိုယ်ကျင့်တရားပိုင်းအရ ပိုမို၍ သာလွန်သည့် သဘောမျိုး ပုံဖော်တတ်ကြောင်း အကြံပြု တင်ပြထားသည်။ တကယ်တမ်းတွင်လည်း ကျွန်ုပ်တို့၏ အခြားသူများအတွက် စိုးရိမ်မှုနှင့် ကျုပ်တို့၏ ကိုယ့်အပေါ်ကိုယ် ထားရှိသော ပုံရိပ်၊ သရုပ်သဏ္ဍာန်တို့ကို ပိုင်းခြားထားရန် ခက်ခဲသည်။ အနောက်တိုင်းရှိ သာမန်လူများနှင့် နိုင်ငံရေးသမား များသည် မျှော်မှန်းချက်၊ ရည်ရွယ်ချက်နှင့် စုပေါင်း သရုပ်သဏ္ဍာန် (shared self-image) မရှိသည့်အတွက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေး သို့မဟုတ် စုပေါင်း တန်ဖိုးအား ကျွန်ုပ်တို့၏ အနောက်တိုင်း မဟုတ်သော ကမ္ဘာခြမ်းနှင့် ဆက်ဆံရေးတွင် ရှာဖွေလာနိုင်သည့် အန္တရာယ် ရှိသည်။ '…ကိုယ်ကျင့်တရားရေးရာ စေ့ဆော်မှုများသည် မူဝါဒများကို မောင်းနှင်သည့်အခါ ၎င်းတို့ကို ကိုယ့်ကိုကိုယ် အထင်ကြီးစိတ်က မောင်းနှင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ကြားဝင်ဆောင်ရွက်ခြင်းသည် အခြားသူများကို ကယ်တင်ရန် သာမကဘဲ ကျွန်ုပ်တို့ကိုယ်ကို ကယ်တင်ရန်လည်း ဖြစ်သည်၊ သို့မဟုတ် ကျွန်ုပ်တို့သည် လူသားထု လွှမ်းခြုံ ချွတ်ယွင်းချက်များကို ကာကွယ်သူများအဖြစ် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ပုံရိပ်ကို ကယ်တင်ရန် ကြားဝင် ဆောင်ရွက်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် အနောက်တိုင်းသည် တန်ဖိုး တစ်ခုခု၊ အဓိပ္ပာယ် တစ်ခုခု ရှိသည်ဟု ပြသလိုသည်။'

နိုင်ငံတကာ နိုင်ငံရေးအား လူ့အခွင့်အရေးရှုထောင့်မှ ပုံဖော်ခြင်းသို့ ပြောင်းလဲလာခြင်းက အင်အားကြီး အနောက်တိုင်း နိုင်ငံများနှင့် လူ့အဖွဲ့အစည်းများသည် အပြုသဘောဆောင်သော နိုင်ငံရေး ရည်ရွယ်ချက်များ သို့မဟုတ် ကိုယ်ပိုင် လူမှုအစေးကပ်မှု (social cohesion) ခံစားချက်များ ရှိခြင်းကြောင့် မဟုတ်ဘဲ ကျွန်ုပ်တို့ အစောပိုင်း ဆွေးနွေးခဲ့ကြသလို လူ့အခွင့်အရေးကို ရှုထောင့်တစ်မျိုးမှ အလွဲသုံးစား ပြုလုပ်ခြင်း ဖြစ်သည်။ အနောက်တိုင်း (သို့မဟုတ် ခေတ်သစ် နယ်ချဲ့ဝါဒ) အကျိုးစီးပွားများ၊ အာဏာနှင့် ကမ္ဘာတစ်ဝန်း လွှမ်းမိုးရေး ရည်မှန်းချက်များ နောက်လိုက်မည့်အစား လူ့အခွင့်အရေး ပြောဆို ရေးသားချက်များက အနောက်တိုင်းနှင့် နိုင်ငံတကာ မူဝါဒရေးရာ ခေါင်းဆောင်များ အကြား စစ်အေးခေတ်လွန် ယုံကြည်မှု ကင်းမဲ့မှုနှင့် ရှင်းလင်းသော ရည်ရွယ်ချက်များ မရှိခြင်းကိုသာ ဖော်ပြနေသည်။

အယ်လိန်း ဘာဒီယို (Alain Badiou (2001, p. 31)) က နိုင်ငံသား အခွင့်အရေးများနှင့် ပြည်တွင်းနိုင်ငံရေး လုပ်ငန်းစဉ်များသည် လူတစ်ဦး တစ်ယောက်ချင်း သို့မဟုတ် လူ့အဖွဲ့အစည်းများအတွက် အဓိပ္ပာယ် သို့မဟုတ် ရည်ရွယ်ချက် တစ်ခုခု ရှိကြောင်း စိတ်ခံစားချက်မျိုး မပေးတော့ဟု ဆိုထားသည်။ 'ယနေ့ ကျင့်သုံးသော ပါလီမန် နိုင်ငံရေးသည် မူများ၏ စေ့ဆော်မှုဖြင့် ရည်ရွယ်ချက်များ ချမှတ်ပြီး ထိုရည်ရွယ်ချက်များ ပြီးမြောက်ရန် နည်းလမ်းများ ရှာဖွေခြင်း မဟုတ်တော့ချေ။' ဘာဒီယို၏ အဆိုအရ အများသဘောတူ ကျင့်ဝတ်များအပေါ် ဦးတည်ခြင်းသည် လူမှုအစုအဖွဲ့ (social collectivity) အသစ်တစ်ခုကို ကိုယ်စားပြုခြင်း မဟုတ်ဘဲ သဘောတရားပိုင်း အမြင်များနှင့် နိုင်ငံရေးပြိုင်ဆိုင်မှု နိဂုံးချုပ်ခြင်း၊ နိုင်ငံ့ ခေါင်းဆောင်များ၏ ရည်ရွယ်ချက်များ၊ လူမှုရေး ပန်းတိုင်များ ကင်းမဲ့မှုတို့ကိုသာ ထင်ဟပ်ခြင်းသာ ဖြစ်သည် (စာသေတ္တာ ၇.၆ ကို ကြည့်ပါ)။

| **စာသေတ္တာ ၇.၆ လူ့အခွင့်အရေးကို အဆိုးမြင်ခြင်း** |
|---|
| **ကမ္ဘာလုံးလွှမ်းခြုံ လူသားချင်း စာနာရေး ဝါဒ အပေါ် မိုင်ကယ် အီဂနတီးဖ်၏ အမြင်**<br><br>နှစ်ဆယ်ရာစု၌ လူသားများအားလုံး ဘုံဖြစ်မှု (human universality) သဘောတရားသည် မျှော်လင့်ချက်ထက်၊ အကြောက်တရားအပေါ် အခြေတည်သည်။ လူသားများ၏ အကောင်းတရား လုပ်ဆောင်နိုင်စွမ်း အပေါ် အကောင်းမြင်စိတ်ထက်၊ လူသားများ၏ အဆိုး လုပ်ဆောင်နိုင်စွမ်းအပေါ် စိုးရိမ်ကြောင့်ကြမှု၊ လူသားသည် သူ့သမိုင်းသူ ဖန်တီးသည်ဟူသော အမြင်ထက် လူသားသည် သူ့မျိုးနွယ် အပေါ် ဝံပုလွေကဲ့သို့ ပြုမူသည်ဟူသော အမြင်အပေါ် အခြေတည်သည်။<br><br>(Ignatieff, 1998, p. 18)<br><br>**ကျင့်ဝတ်နှင့် ပတ်သက်၍ အယ်လိန်း ဘာဒီယို၏ အမြင်**<br><br>ကျွန်ုပ်တို့အနေဖြင့် ကျင့်ဝတ် (ethics) အား မကောင်းဆိုးဝါး၏ ဘုံသဘောတူ ကိုယ်စားပြုမှု သို့မဟုတ် တစ်ပါးသူအတွက် စိုးရိမ်ပူပန်မှုအဖြစ် မှတ်ယူသည်လင့်ကစား ကျင့်ဝတ်သည် အဓိကအားဖြင့် မျက်မှောက်ခေတ် ကမ္ဘာကြီး၏ ဝိသေသလက္ခဏာ ဖြစ်သော ကောင်းခြင်းတရား တစ်ခုအား ဖော်ထုတ်ပြီး ၎င်းအတွက် ကြိုးပမ်းရန် မစွမ်းဆောင်နိုင်မှုကို ကိုယ်စားပြုသည်။ ကနဦးကပင် ကျင့်ဝတ်သည် စီမံကိန်း မရှိခြင်း၊ လွတ်မြောက်ရေး နိုင်ငံရေး သို့မဟုတ် အမှန်တကယ်ပင် စုပေါင်း သဘောဆန်သော အရေးတော်ပုံ တစ်ခုခု မရှိခြင်းကို အတည်ပြုပေးခဲ့သည်။... တစ်ပါးသူအတွက် စိုးရိမ်ပူပန်မှုဟူသည် မည်သည့်အခါမျှ ကျွန်ုပ်တို့ ကျရောက်နေသော အခြေအနေအတွက်၊ နောက်ဆုံးတွင် ကျွန်ုပ်တို့အတွက် ယခုအထိ မလေ့လာရသေးသော ဖြစ်နိုင်ခြေများကို သတ်မှတ်ပြဋ္ဌာန်းခြင်း မဟုတ်ပေ။<br><br>(Badiou, 2001, pp. 30, 33) |

## လူ့အခွင့်အရေးများနှင့် နိုင်ငံရေးစီမံကိန်း ကင်းမဲ့မှု

ရည်ရွယ်ချက် ကင်းမဲ့မှု၊ အဓိပ္ပာယ် ကင်းမဲ့မှုတို့ကို လူမှုအစေးကပ်မှု ရှာပုံတော်နှင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားရေး နိုင်ငံတကာ ပြောဆိုရေးသားချက် မှတဆင့် တာဝန် ရှာပုံတော်တို့နှင့် မည်သို့ ပေါင်းစည်းနိုင်သည့် အကြောင်း ဇာကီလိုင်ဒီ (Zaki Laïdi (1998)) ၏ ရေးသားချက်က အဖိုးတန်သော အသိအမြင် တချို့ ပေးသည်။ အစိုးရများက ၎င်းတို့သည် စုပေါင်း လူမှုစီမံကိန်း တစ်ရပ်ကို ကိုယ်စားပြုသူများ ဖြစ်သည် ဆိုသော စိတ်ခံစားချက် မရှိကြတော့သည့်အတွက် ကျင့်ဝတ်များနှင့် ကိုယ်ကျင့်တရားရေးရာ တန်ဖိုးများသည် အမျိုးသား အကျိုးစီးပွားများကို အစားထိုးလိုက်ပြီး ဖြစ်သည်။ လူ့အခွင့်အရေး ထွက်ဆိုချက် များသည် ၎င်းတို့၏ အခြေအမြစ် ကင်းမဲ့ပြီး ဒြပ်မဲ့သဘော ဆန်သည့် သဘောသဘာဝကြောင့် အကောင်အထည် ဖော်ပေးရန် မလိုအပ်သော ကျင့်ဝတ်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်တစ်ခု သို့မဟုတ် တန်ဖိုး အစုအဖွဲ့တစ်ခု ဖန်တီးပေးခြင်းဖြင့် ကွက်လပ်ကို ဖြည့်ပေးနိုင်သည်။

အရေးပါသော သို့မဟုတ် မဟာဗျူဟာ ကျသော နိုင်ငံရေး ရည်ရွယ်ချက်များ ကင်းမဲ့ခြင်းအား ပြဿနာ မဟုတ်ဘဲ အဖိုးတန် အရာ တစ်ခုအဖြစ် ပြန်လည် ထုတ်ပိုးပြီး တင်ပြလာခဲ့သည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများသည် (အကြမ်းဖက်မှု ခြိမ်းခြောက်မှုကဲ့သို့) မဟာဗျူဟာကျကျ စဉ်းစားရန်၊ ရေရှည် အစီအစဉ် ဆွဲရန် မလိုအပ်သော အရေးတကြီး၊ အကြပ်အတည်း၊ အရေးပေါ်အခြေအနေ ကိစ္စများအဖြစ် သတ်မှတ် လာခဲ့ကြသည် (Chandler, 2000b တွင် ရှု)။

အမျိုးသား အကျိုးစီးပွားများ သို့မဟုတ် စုပေါင်း နိုင်ငံရေး အကျိုးစီးပွားများမှ ကမ္ဘာလုံးဆိုင်ရာ သို့မဟုတ် ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများသို့ ပြောင်းလဲလာခြင်းသည် နိုင်ငံရေး၏ အဓိပ္ပာယ်၌ရော လက်တွေ့ ကျင့်သုံးမှု၌ပါ အခြေခံကျကျ ပြောင်းလဲသွားခြင်းကို ညွှန်ပြသည်။ ဤအပြောင်းအလဲ၏ အရေးပါပုံအား မတ်စ်ဗေဘါ (Max Weber) ၏ 'နိုင်ငံရေးသည် အလုပ်အကိုင်ဖြစ်သည်' (Politics as a Vocation) ဟူသော အက်ဆေးတွင် ညွှန်ပြထားသည်။ အက်ဆေးတွင် သူက တစ်ခုနှင့်တစ်ခု လုံးဝ ကွဲပြားခြားနားသော၊ လုံးဝ သဟဇာတ မဖြစ်သော နီတိနှစ်ခု ရှိပြီး ယင်းနှစ်ခုမှာ ယုံကြည်ချက် ကျင့်ဝတ် (ethics of conviction)၊ တာဝန်ဝတ္တရား ကျင့်ဝတ် (ethics of responsibility) တို့ ဖြစ်သည် (Weber, 2004, p. 83)။ ပထမနီတိမှာ ရည်ရွယ်ချက် အပေါ် အခြေခံ၍ အကဲဖြတ်ခံရခြင်း၊ တန်ဖိုးများအား မိမိအကြောင်း ပြောဆိုချက် တစ်ခု အဖြစ် ဖော်ပြခြင်း ဖြစ်သည်။ ဒုတိယ နီတိမှာ ရလဒ် အပေါ် အခြေခံ၍ အကဲဖြတ်ခံရခြင်း၊ နိုင်ငံရေး လုပ်ရပ်အား ကမ္ဘာကြီး၌ မဟာဗျူဟာ ကျကျ၊ အခရာ ကျကျ ပါဝင် လုပ်ဆောင်မှု ဖြစ်သည်။ ဤအပိုင်း၌ ဆွေးနွေးခဲ့သည့် မူဘောင်တွင် မဟာဗျူဟာ အကျိုးစီးပွားများမှ ကျင့်ဝတ် တန်ဖိုးများသို့ ပြောင်းလဲလာခြင်းသည် အကျိုးစီးပွားများအား အယူဝါဒပုံစံဖြင့် ပုံစံပြောင်းဖော်ပြခြင်း မဟုတ်ဘဲ အင်အားကြီးမှု နှင့်အတူ ပါလာသော တာဝန်ကို ငြင်းပယ်ခြင်း ဖြစ်သည်။ လူ့အခွင့်အရေး၊ ကမ္ဘာလုံးလွှမ်းခြုံ လူသားဖြစ်မှု ကမ္ဘာ့ စနစ်သစ်တွင် မိမိပြုလုပ်သော အရာနှင့် မိမိဖြစ်လိုသော အရာတို့အကြား အကွာအဝေး မရှိတော့သည့်ပုံ ပေါက်သည်ဟု လိုင်ဒီက ရေးသား ဖော်ပြသည်။ လူ့အခွင့်အရေးများသည် နိုင်ငံရေး အစီအစဉ်များ၊ ရေရှည် စီမံကိန်းများကို

ဘောင်းချိတ်ထားနိုင်သော ပြောဆိုရေးသားချက်မူဘောင် (discursive framework) အဖြစ် လုပ်ဆောင်ကြသည်။

လူ့အခွင့်အရေး၊ လူသားချင်းစာနာရေး ပြောဆိုရေးသားချက် မူဘောင်များ၌ တန်ဖိုးများနှင့် အဓိပ္ပာယ်များကို ရှာဖွေမှုသည် စစ်ရေး ကြားဝင်ဆောင်ရွက်မှုနှင့် လူ့အခွင့်အရေး ပြဋ္ဌာန်းချက်နှင့် စည်းကြပ် ထိန်းချုပ်မှု အခြားပုံစံများ နောက်ကွယ်မှ မဟာဗျူဟာ အကျိုးစီးပွားများ ကင်းမဲ့မှုကို လစ်ဟပြသည်။ ယုံကြည်ချက် ကျင့်ဝတ်ကိုယ်စား လုပ်ဆောင်ခြင်းသည် လူ့အခွင့်အရေး ခေါင်းစဉ်ဖြင့် နိုင်ငံတကာ ကြားဝင်ဆောင်ရွက်မှုများ၏ နောက်ကွယ်တွင် စစ်မှန်သော ယုံကြည်ချက် သို့မဟုတ် မဟာဗျူဟာ စိုးရိမ်ပူပန်မှု ကင်းမဲ့မှုကို လစ်ဟပြသည်။ တာဝန် တစ်ခုခု ရှိသည်ဆိုသော စိတ်ခံစားချက်နှင့် ဘုံတန်ဖိုးများကို ရှာတွေ့ရန် ကြားဝင် ဆောင်ရွက်မှုများနှင့် နိုင်ငံတကာ ရပ်ဝန်းကို အသုံးပြုခြင်းတို့သည် အဓိပ္ပာယ် မရှိသော အင်အား အသုံးပြုမှုသာ ဖြစ်သည် (Laidi, 1998, p. 109)။ လိုင်ဒီ၏ အလိုအရ အဓိပ္ပာယ် တစ်ခုခု ဖန်တီးရန် အနောက်နိုင်ငံများနှင့် ၎င်းတို့မှတဆင့် နိုင်ငံတကာ အင်စတီကျူးရှင်းများ၏ ကြိုးပမ်း အားထုတ်မှုသည် ကျရှုံးရန်သာ ရှိသည်။ ကျရှုံးမှုအား အဓိပ္ပာယ် နှစ်မျိုးဖြင့် နားလည်နိုင်သည်။ ပထမဦးစွာ ကြားဝင် ဆောင်ရွက်မှုသည် ၎င်း၏ ရည်ရွက်ချက်နှင့် သက်ဆိုင်ခြင်း မရှိသည့်အတွက် နောက်ဆုံး ရလဒ်နှင့် ပတ်သက်၍ မဟာဗျူဟာအရ သော်လည်းကောင်း အခြားသော ရည်ရွယ်ချက် တစ်ခုခုအတွက် သော်လည်းကောင်း စိုးရိမ်ပူပန်မှု မရှိပေ။ ဒုတိယမှာ အဓိပ္ပာယ် သို့မဟုတ် ရည်ရွယ်ချက် တစ်ခုခု ဖန်တီး ထုတ်လုပ်ရန် ကြားဝင်ဆောင်ရွက်မှု သို့မဟုတ် နိုင်ငံတကာ ရပ်ဝန်းကို အသုံးပြုခြင်းနှင့် ပတ်သက်၍ ကျရှုံးမှု ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ အဓိပ္ပာယ် ပြဿနာသည် အုပ်ချုပ်သူ အီလစ်များနှင့် ၎င်းတို့၏ လူ့အဖွဲ့အစည်းများအကြား ဆက်နွယ်မှု ကင်းမဲ့မှုအပေါ် အခြေခံသော အတွင်းရေး ပြဿနာ ဖြစ်သည့် အတွက် ဖြစ်သည် (Chandler, 2007a; 2007b တို့တွင် ရှု)။

**အနှစ်ချုပ်**

လူ့အခွင့်အရေး ပြောဆိုရေးသားချက်များနှင့်၊ ကြားဝင်ဆောင်ရွက်ရေး လက်တွေ့ ကျင့်သုံးမှုများအား ၎င်းတို့၏ အသုံးချခံမှု (instrumentalism)၊ ထုံးထမ်းစဉ်လာ မဟာအင်အား သို့မဟုတ် နယ်ချဲ့ အကျိုးစီးပွားတို့ သပ်သပ်အား ဖြန့်ကြက်မှု ဖြစ်ခြင်းကြောင့် ပြဿနာ ဖြစ်သည်ဟု တစ်ထစ်ချ မှတ်ယူရန် မလိုချေ။

တာဝန် တစ်ခုခု ရှိသည် ဟူသော စိတ်ခံစားချက် ဖန်တီးရန် နိုင်ငံတကာ ရပ်ဝန်းကို အသုံးပြုခြင်းသည် အနောက်တိုင်း အင်အားအား မဟာဗျူဟာအရ သို့မဟုတ် အခြားရည်ရွယ်ချက် တစ်ခုခု အတွက် ထည့်သွင်း စဉ်းစားခြင်းမျိုး မရှိဘဲ ဖြန့်ကြက်ခြင်းသို့ ဦးတည်စေသည်။ ဤသည်မှာ အလွန်ပင် မတည်မငြိမ် ဖြစ်စေနိုင်သည်။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

သင့်အနေဖြင့် ၁၉၉၀ ခုနှစ်များ၊ ၂၀၀၀ ခုနှစ်များအတွင်း ကျင့်ဝတ်မှန်ကန်သော နိုင်ငံခြားရေးမူဝါဒ၊

ကော်စမိုပေါ်လီတန် နိုင်ငံရေး နားလည်ချက်များနှင့် လူသားထုလွှမ်းခြုံ လူ့အခွင့်အရေး မူဘောင်များသည် နိုင်ငံတကာ မူဝါဒရေးဆွဲရေးနှင့် နိုင်ငံတကာ အင်စတီကျူးရှင်းတို့အတွက် အဆက်အစပ်ရှိမှုသစ်တစ်ခု ပေးနိုင်ခဲ့သည်ဟု ထင်ပါသလား။ မပေးနိုင်ခဲ့ဟု ထင်ပါက အဘယ်ကြောင့် ထိုသို့ ထင်မြင်သနည်း။

ယနေ့အချိန်တွင် လူ့အခွင့်အရေး နားလည် သဘောပေါက်မှုများကို ဝေဖန်ရန် ပို၍လွယ်ကူသည်ဟု ထင်ရသည်။ သင့်အနေဖြင့် ဤသို့ဖြစ်ရခြင်းမှာ လူ့အခွင့်အရေး ထွက်ဆိုချက်များသည် အာဏာ အကျိုးစီးပွား အလို့ငှာ ဆန့်ကျင်ဘက် ရည်ရွယ်ချက်အတွက် သို့မဟုတ် တလွဲအသုံးချခြင်း ခံရသည့် အတွက်ကြောင့်ဟု ထင်ပါသလား။ သို့မဟုတ် ဤသို့ဖြစ်ရခြင်းမှာ လူ့အခွင့်အရေး ထွက်ဆိုချက်များသည် ကမ္ဘာလုံး လွှမ်းခြုံ နားလည်ချက်များနှင့် ပြဿနာများအား အားလုံး အတူတူပင် ဖြစ်သည်ဟူ ယူဆသော ချဉ်းကပ်နည်းသို့ ဦးတည်စေသည့် အတွက်ကြောင့် ဖြစ်သည်ဟု ထင်ပါသလား။ လူ့အခွင့်အရေး ချဉ်းကပ်နည်းများအား ဝေဖန်မှု တိုးပွားလာခြင်းသည် နိုင်ငံတကာ မူဝါဒရေးရာ ကြားဝင် ဆောင်ရွက်မှုနှင့် ပတ်သက်၍ စိတ်ပျက်မှုကြောင့် သို့မဟုတ် လစ်ဘရယ် လူသားထု လွှမ်းခြုံဝါဒနှင့် သက်ဆိုင်သော ပို၍ နက်ရှိုင်းသော စိတ်ပျက်မှုကြောင့်ဟု ထင်ပါသလား။

## နိဂုံး

ကမ္ဘာ့ နိုင်ငံရေးနယ်ပယ်တွင် လူ့အခွင့်အရေး မူဘောင်များအား အယူဝါဒအရ မှန်ကန်စွာ အသုံးပြုမှုနှင့် လွဲမှားစွာ အသုံးပြုမှုတို့အကြား ရှင်းလင်းစွာ မျဉ်းသားပိုင်းခြား ထားခြင်းမျိုး မရှိနိုင်ပေ။ လူ့အခွင့်အရေးဟု ဆိုရာတွင် အကာအကွယ် ပေးသူနှင့် လူ့အခွင့်အရေး ရရှိ ခံစားသူအကြား ပိုင်းခြားမှု ရှိနေရာ လူ့အခွင့်အရေး တောင်းဆိုချက်များသည် နိုင်ငံတကာ အဆင့်၌ တလွဲ အသုံးချခံရခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရန် တရားဝင် မူဘောင်၊ နိုင်ငံရေး မူဘောင်တို့ မရှိချေ။ ဤကိစ္စသည် စံနှုန်းဆိုင်ရာ ကိစ္စ ဖြစ်သည်။ လက်တွေ့ အဆင့်၌တော့ ပို၍ သဘောတူညီချက် ရှိကောင်း ရှိနိုင်သည်။ လူ့အခွင့်အရေး ချဉ်းကပ်နည်း များသည် ကုလသမဂ္ဂ ပဋိညာဉ် အခြေပြု နိုင်ငံတကာ စနစ်၏ ကျဆင်းလာသော အရေးပါမှုနှင့် နိုင်ငံတကာ စည်းကြပ်ရေးနှင့် ကြားဝင်ဆောင်ရွက်ရေး ပို၍ ရှောင်တခင် ဆန်သော၊ အလွတ်သဘော ဆန်သော အစီအမံများ ဖော်ထွက်လာမှုကို ထင်ဟပ်ပြသည်။

ထို့ကြောင့် တောင်းဆိုချက်များအား လူ့အခွင့်အရေးစကားဖြင့် ထုတ်ဖော်ခြင်းသည် အချုပ်အခြာ အာဏာပိုင် နိုင်ငံများ၏ အခွင့်အရေးများဖြင့် တည်ဆောက်ထားသော နိုင်ငံတကာ တရားဥပဒေစနစ်သည် စိန်ခေါ်မှု ရင်ဆိုင်နေရခြင်းကို ထင်ဟပ်ပြသည်။ ဤစိန်ခေါ်မှုမှာ အခွင့်အရေးများသည် ကုလသမဂ္ဂ ပဋိညာဉ်အား စာသားအတိုင်း တရားဥပဒေပုံစံမှ ကျင့်ဝတ်-ဥပဒေ ပုံစံသို့ ပြောင်းလဲလာသည့် အသွင်ဆောင်သည်။ တရားဝင် ဥပဒေရေးရာ အခွင့်အရေးများမှ အခွင့်အရေးများနှင့် တာဝန်များအား ပို၍ အလွတ်သဘော ဆန်သော ဖော်ပြချက်များသို့ ပြောင်းလဲလာခြင်းအား လူ့အခွင့်အရေးများသည် နိုင်ငံများ၏ အခွင့်အရေးများအပေါ် ကြီးစိုးလွှမ်းမိုးခြင်း သို့မဟုတ် ဖောက်ထွက်လာနေသော ကော်စမိုပေါ်လီတန် ဥပဒေရေးရာ စံနှုန်းများအဖြစ်

ဖော်ပြနိုင်သည်။ လွတ်လပ်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းရေးနှင့် မစွက်ဖက်ရေးတို့ဖြင့် ပုံဖော်ထားသော ဥပဒေရေးရာ အခွင့်အရေးများမှ ကျင့်ဝတ်-ဥပဒေ အခွင့်အရေးများသို့ ပြောင်းလဲ သွားခြင်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များမှသည် ပြည်တွင်းအုပ်ချုပ်ရေး ကိစ္စများအထိ ယခင် ပြည်တွင်းရေးဟု သတ်မှတ်ခဲ့ကြသော ကိစ္စများသည် နိုင်ငံတကာကိစ္စ ဖြစ်လာခဲ့သည့် ပို၍ အထက်အောက် ဆန်သော၊ ကြားဝင်စွက်ဖက်သော နိုင်ငံတကာစနစ် တစ်ခုကို ထင်ဟပ်ပြနေသည်။

လူ့အခွင့်အရေးများသည် ဤကဲ့သို့ နိုင်ငံတကာ ပြုမှုအတွက် မူဘောင်ချပေးသည်။ ကျွန်ုပ်တို့ ဆင်ခြင် စဉ်းစားခဲ့ပြီးသည့်အတိုင်း ကြားဝင်ဆောင်ရွက်မှုနှင့် နိုင်ငံတကာ ပြုမှုတို့ နောက်ကွယ်မှ ယန္တရားသည် ထင်သလောက် မရိုးစင်းပေ။ ၎င်းတို့အား နယ်ချဲ့ အင်အားကို ပြန်လည်ပြခြင်း သို့မဟုတ် ကိုယ်ပိုင် သရုပ်သဏ္ဌာန်၊ တာဝန်နှင့် ရည်ရွယ်ချက် စသည်ဖြင့် ပြည်တွင်း ကိစ္စများကို ထင်ဟပ်ပြသခြင်း ဖြစ်စေ၊ သို့မဟုတ် ကိုယ်ကျိုးစီးပွားနှင့် ပရဟိတစိတ်တို့ အပြုသဘောဆန်စွာ စုဆုံသွားခြင်း သို့မဟုတ် အတ္တ မဖက်သည့် ပရဟိတ စိတ်သပ်သပ်အဖြစ် ရှုမြင်သည်ဖြစ်စေ လူ့အခွင့်အရေး မူဘောင်က အခွင့်အရေး စည်းကြပ် အကောင်အထည် ဖော်မှုများသည် မညီမျှသော၊ အခြေအနေအပေါ် မူတည်သော၊ နိုင်ငံတကာ ဆက်ဆံရေးသည် ရှောင်တခင် တုံ့ပြန်ချက်များနှင့် ထင်သလို တုံ့ပြန်ခြင်းမျိုးတို့ ရှိနေသော ကမ္ဘာကြီးကို ထင်ဟပ် ပြသနေသည်။ ကြီးထွားလာနေသော စည်းကြပ် ထိန်းချုပ်ရေးနှင့် ကြားဝင် ဆောင်ရွက်ရေး လူ့အခွင့်အရေး စနစ်များ နောက်ကွယ်မှ မောင်းနှင်အားကို ကျွန်ုပ်တို့အနေဖြင့် မည်သည့်ပုံစံဖြင့် နားလည် သဘောပေါက်ရန် ရွေးချယ်စေကာမူ အာဏာ အလွဲသုံးစားပြုမှု သို့မဟုတ် မှားယွင်းစွာ အသုံးချမှုအား ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဘဲ ခြွင်းချက်အဖြစ်သာ ရှုမြင်လျှင် မှားပေလိမ့်မည်။

## မေးခွန်းများ

### တစ်ဦးချင်းလေ့လာရန် မေးခွန်းများ

၁။ လူ့အခွင့်အရေး ရရှိခံစားပိုင်ခွင့်ရှိသူနှင့် ဒီမိုကရေစီ၊ နိုင်ငံသားအခွင့်အရေး ရရှိခံစားပိုင်ခွင့် ရှိသူတို့အကြား ခြားနားချက်သည် မည်သည်နည်း။ ကျွန်ုပ်တို့အနေဖြင့် လူသားများအဖြစ် အခွင့်အရေး တောင်းဆိုခြင်းနှင့် နိုင်ငံသားအဖြစ် အခွင့်အရေး တောင်းဆိုခြင်းတို့အကြား မည်သည့် ခြားနားချက် ရှိသနည်း။

၂။ လူ့အခွင့်အရေး ထွက်ဆိုချက်များသည် တရားဥပဒေ မူဘောင်အား မည်ကဲ့သို့ စိန်ခေါ်သနည်း။ ထိုသို့ စိန်ခေါ်သည့်အတွက် ဤလူ့အခွင့်အရေး ထွက်ဆိုချက်များသည် ရှေ့သို့ ဦးတည်ပါသလား။ ရှေ့သို့ မဦးတည်ပါက အဘယ်ကြောင့်နည်း။

၃။ လူ့အခွင့်အရေး မူဘောင်သည် နိုင်ငံအချုပ်အခြာ အာဏာအပေါ် အခြေခံသည့် ဒုတိယ ကမ္ဘာစစ်လွန် စနစ်ကို လက်ခံနိုင်စရာ ဖြစ်လာစေရန် အထောက်အကူ ပြုခဲ့ပါသလား။ စစ်အေး ကာလအတွင်း လူ့အခွင့်အရေးများသည် အချုပ်အခြာ အာဏာနှင့် ပွတ်တိုက်ခဲ့ပါသလား။ မပွတ်တိုက်ခဲ့ပါက အဘယ်ကြောင့် မပွတ်တိုက်ခဲ့သနည်း။

၄။ လူ့အခွင့်အရေးအခြေပြု ချဉ်းကပ်နည်းများသည် နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတကာ ဥပဒေ၏ တရားနည်းလမ်း ကျမှုကိုအဘယ်ကြောင့် စိန်ခေါ်ပါသနည်း။

၅။ လူ့အခွင့်အရေးနှင့် အချုပ်အခြာ အာဏာတို့ အကြား ဆက်နွယ်မှု အကြောင်း အငြင်းအခုံသည် ၁၉၉၀ ခုနှစ်များနှင့် ၂၀၀၀ ခုနှစ်များ အကြား မည်ကဲ့သို့ ပြောင်းလဲသွားခဲ့သနည်း။

၆။ နိုင်ငံ အချုပ်အခြာ အာဏာ အားလျော့သွားသည့်အခါ ဘာဖြစ်သနည်း။ ထိုအချုပ်အခြာ အာဏာသည် အခြား တစ်နေရာသို့ ရောက်သွားသလား။ ထိုသို့ ရောက်သွားလျှင် မည်သည့်နေရာသို့ ရောက်သွား သနည်း။

၇။ လူ့အခွင့်အရေး ချဉ်းကပ်နည်းများသည် စစ်အပေါ် မိရိုးဖလာ နားလည်သဘောပေါက်မှုများအား မည်သို့မည်ပုံး စိန်ခေါ်သနည်း။ လူ့အခွင့်အရေး မူဘောင်အရ စစ်အား ပို၍ခွင့်ပြုသလား သို့မဟုတ် ပို၍ တားမြစ်သလား။

၈။ လူ့အခွင့်အရေး ကြားဝင်ဆောင်ရွက်မှုများသည် အကျိုးစီးပွားအခြေခံ သို့မဟုတ် မိရိုးဖလာ မူဝါဒရေးရာ ကြားဝင်ဆောင်ရွက်မှုများကဲ့သို့ အလားတူ မဟာဗျူဟာ၊ ရလာဒ်မျှော် လမ်းညွှန်ချက်များကို လိုက်နာပါသလား။

## အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ

၁။ ကျွန်ုပ်တို့အနေဖြင့် လူ့အခွင့်အရေး မူဘောင်များ၊ နားလည် သဘောပေါက်မှုများ ရှေ့သို့ ရောက်လာခြင်းအား မည်ကဲ့သို့ ရှင်းပြနိုင်သနည်း။ ၎င်းသည် အကျိုးစီးပွားများနှင့် ကျင့်ဝတ်ဆိုင်ရာ ရှုထောင့်များ စုဆုံမိခြင်းကို ထင်ဟပ်ပါသလား။

၂။ လူ့အခွင့်အရေး ချဉ်းကပ်နည်းများသည် ပိုမို၍ ကျင့်ဝတ် လိုက်နာသော၊ ပိုမို၍ ငြိမ်းချမ်းသော၊ သို့မဟုတ် ပိုမို၍ ညီမျှသော ကမ္ဘာကြီးသို့ ဦးတည် သွားမည်လား။

၃။ လူ့အခွင့်အရေးများသည် အင်အား (power) ကို ထိန်းချုပ်ပါသလား သို့မဟုတ် အထောက်အကူ ပြုပါသလား။

### ဆက်လက် ဖတ်ရှုရန်

**Chandler, D.** (2006). *From Kosovo to Kabul: Human Rights and International Intervention* (2nd edn). London: Pluto.

လူ့အခွင့်အရေး ချဉ်းကပ်နည်းများအား တရားဝင် အခွင့်အရေးများ ကာကွယ်ရေး ကမ္ဘာလုံးလွှမ်းခြုံ မူဘောင်အပေါ် စိန်ခေါ်ချက်အဖြစ် လေ့လာချက် ဖြစ်သည်။

**Douzinas, C.** (2007). *Human Rights and Empire: The Political Philosophy of Cosmopolitianism.* London: Routledge Cavendish.

အာဏာကို စိန်ခေါ်ရန်၊ အကောင်အထည်ဖော်ရန် တန်ဆာပလာတစ်ခုအဖြစ် လူ့အခွင့်အရေးများ၏ အသွားနှစ်ဖက်ပါ သဘောသဘာဝအား လေ့လာသုံးသပ်ချက် ဖြစ်သည်။

**Duffield, M.** (2007). *Development, Security and Unending War: Governing the World of Peoples.* Cambridge. Polity.
လူ့အခွင့်အရေး မူဘောင်များအား ဖွံ့ဖြိုးရေး ကြားဝင်ဆောင်ရွက်ချက်များအား နိုင်ငံတကာ ဩဇာ လွှမ်းမိုးရေး နည်းလမ်းများအဖြစ် အသုံးပြုမှုနှင့် နှိုင်းယှဉ်၍ လေ့လာ သုံးသပ်ချက် ဖြစ်သည်။ ။

**Ignatieff, M.** (1998). *The Warrior's Honor: Ethnic War and Modern Conscience*. New York: Chatto & Windus.
လူ့အခွင့်အရေး ချဉ်းကပ်နည်းများက ICRC ၏ မိရိုးဖလာ လူသားချင်း စာနာရေးဝါဒ အပေါ် ဖြစ်စေသော စိန်ခေါ်ချက်အား လေ့လာချက် ဖြစ်သည်။ ။

**Laidi, Z.** (1998). *A World without Meaning: the Crisis of Meaning in International Relations.* London: Routledge.
အနောက်တိုင်း အစိုးရများ ရှင်းလင်းသော နိုင်ငံခြားရေး မူဝါဒ ရည်ရွယ်ချက်များချမှတ်ရာ၌ ကြုံတွေ့ရသော ပြဿနာများနှင့် အကျိုးစီးပွားမှ ကျင့်ဝတ်သို့ ပြောင်းလဲလာမှုအား လေ့လာသုံးသပ်ချက် ဖြစ်သည်။ ။

**Sellars, K.** (2002). *The Rise and Rise of Human Rights*. Stroud: Sutton.
ဒုတိယ ကမ္ဘာစစ်အတွင်း လူ့အခွင့်အရေး ချဉ်းကပ်နည်းများ ဖြစ်ပေါ်တိုးတက်လာခြင်းနှင့် ၁၉၇၀ ခုနှစ်များ အတွင်း အမေရိကန်တို့ ဦးဆောင်သော လူ့အခွင့်အရေး စိုးရိမ်ပူပန်မှုများ ပြန်လည် အသက်သွင်းမှု အကြောင်း သမိုင်း ဖြစ်သည်။ ။

**Zolo, D. (2002).** *Invoking Humanity: War, Law and Global Order.* London: Continuum.
နိုင်ငံတကာ ဥပဒေနှင့် စစ်နှင့်ပတ်သက်သော တားမြစ်ချက်များအတွက် ဖြစ်စေသော လူ့အခွင့်အရေး ချဉ်းကပ်နည်းများ၏ စိန်ခေါ်မှုအပေါ် လေ့လာသုံးသပ်ချက် ဖြစ်သည်။ ။

## ဝက်ဘ်ဆိုဒ်များ

http://www.counterpunch.org CounterPunch. ဝေဖန်အားကောင်းသော ဂျာနယ်ရေးသားချက်နှင့် ထင်မြင်ချက်များပါသော အွန်လိုင်း သတင်းစာစဉ် ဖြစ်သည်။

http://www.dissentmagazine.org Dissent. A quarterly magazine of politics and culture. နိုင်ငံရေးနှင့် ယဉ်ကျေးမှုအကြောင်း သုံးလတစ်ကြိမ် ထုတ်ဝေသော မဂ္ဂဇင်းဖြစ်သည်။

http://www.newleftreview.org New Left Review. တစ်လနှစ်ကြိမ်ထုတ်ဝေသော လွပ်လပ်စွာ ရပ်တည်သော ဂျာနယ်တစ်စောင် ဖြစ်သည်။

http://www.spiked-online.com Spiked. ဂျာနယ်အရေးအသားနှင့် သုံးသပ်ချက်များပါသော လွတ်လပ်စွာ ရပ်တည်သော ဝက်ဘ်ဆိုက်တစ်ခု ဖြစ်သည်။

http://zcommunications.org/zmag Z Magaine. ဝေဖန်အားကောင်းသော သုံးသပ်ချက်များပါသော လွပ်လပ်စွာ ရပ်တည်သော လစဉ်ထုတ် မဂ္ဂဇင်း ဖြစ်သည်။

## မှတ်စုများ

၁။ ကိစ္စတစ်ခုချင်း စဉ်းစားသော ချဉ်းကပ်နည်းများအား ကာကွယ် ရေးသားထားခြင်းကို စံနူန်းပြု သီအိုရီသမားများ ဖြစ်သော Chris Brown (2007) နှင့် Richard Devetak (2007) တို့၏ ရေးသားချက်များတွင် လေ့လာပါ။ သူတို့ ရေးသားချက်အပေါ် ဝေဖန်ချက်ကို Chandler (2008) တွင် ရှုပါ။

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက် လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၈) လူ့အခွင့်အရေး တိုင်းတာခြင်းနှင့် စောင့်ကြည့်ခြင်း

**တောဒ့်လန်းဒ်မန်းနှင့် လာရီဆာ စီ အက်စ် ကေ ကာစ်တန် (Todd Landman and Larissa C. S. K. Kersten)**

## အခန်း မာတိကာ

- နိဒါန်း
- လူ့အခွင့်အရေး တိုင်းတာရခြင်း၏ ရည်ရွယ်ချက်
- လူ့အခွင့်အရေး တိုင်းတာခြင်း၏ စိန်ခေါ်မှုများ
- လူ့အခွင့်အရေး တိုင်းတာမှု ပုံစံများ
- နိဂုံး

## စာဖတ်အညွှန်း

ယခုအခန်းက လူ့အခွင့်အရေး တိုင်းတာမှု၏ ရည်ရွယ်ချက်၊ စိန်ခေါ်မှုများနှင့် တိုင်းတာမှု ပုံစံများကို ခြုံငုံ သုံးသပ်ထားသည်။ ယခုအခန်းတွင် လူ့အခွင့်အရေး၏ မတူညီသော အမျိုးအစားများ (ပြည်သူ့ရေးရာ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု)၊ အစိတ်အပိုင်းများ (လေးစားမှု၊ ကာကွယ်မှုနှင့် ဖြည့်စည်းပေးမှု) အပါအဝင် တိုင်းတာသင့်သော အစိတ်အပိုင်းများကို တင်ပြထားသည်။ အဖြစ်အပျက် အချက်အလက်များ၊ စံနှုန်း အချက်အလက်များ၊ စစ်တမ်း ကောက်ယူမှုများ၊ လူမှု စီးပွားရေးနှင့် စီမံခန့်ခွဲရေး စာရင်းအင်း အချက်အလက်များ အပါအဝင် လူ့အခွင့်အရေးကို အမျိုးမျိုးသော အချက်အလက်များနှင့် တိုင်းတာမှု နည်းဗျူဟာများ အသုံးပြုကာ တိုင်းတာသည့် ပုံစံ အမျိုးမျိုးကိုလည်း ဖော်ပြထားသည်။ လူ့အခွင့်အရေး တိုင်းတာမှုတွင် ပေါ်ပေါက်လာသည့် လမ်းကြောင်းသစ်များ၊ အထူးသဖြင့် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများကို တိုင်းတာရန် နည်းလမ်းသစ်များ၊ အများအတွက် ဖွင့်ပေးထားသည့် အရင်းအမြစ်များ (open source)၊ အချက်အလက်ကြီးများ (big data) အသုံးပြုခြင်းနှင့် လူ့အခွင့်အရေး အချက်အလက်များကို မြေပုံချ ပုံဖော်ခြင်းတို့ကို အဓိကထား ဖော်ပြထားသည်။ နောက်ဆုံး အနေဖြင့် ဘက်လိုက်သော အစီရင်ခံစာများ၊ မပြည့်စုံသော အရင်းအမြစ်များနှင့် မတူညီသည့် ပညာရေး နယ်ပယ် အသီးသီးအကြား တိုင်းတာမှုအကြောင်း ဆက်လက် ဆွေးနွေးရန် လိုအပ်ကြောင်းတို့ အပါအဝင် ထိုလူ့အခွင့်အရေး နယ်ပယ်တွင် ကျန်ရှိနေသည့် စိန်ခေါ်မှုများကို ဆွေးနွေးထားသည်။

## နိဒါန်း

လူ့အခွင့်အရေး တိုင်းတာခြင်းနှင့် စောင့်ကြည့်ခြင်းသည် လူ့အခွင့်အရေးဆိုင်ရာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (nongovernmental organizations (NGOs)) များ၏ အဓိက လုပ်ငန်း ဖြစ်သည်။ ယင်းမှာ ထောက်ခံ လှုပ်ရှားရန် ရည်ရွယ်ချက်များကြောင့် ဖြစ်ပြီး ယေဘုယျအားဖြင့် နိုင်ငံရေး သိပ္ပံ ပညာရှင်များနှင့် လူမှုရေး သိပ္ပံ ပညာရှင်များအကြား ပို၍ အရေးပါလာသည်။ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့နှင့်

လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့ကဲ့သို့သော လူ့အခွင့်အရေး အန်ဂျီအိုများက နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်များ အကောင်အထည်ဖော်မှု အတိုင်းအတာကို သိရှိနိုင်ရန်၊ နိုင်ငံတကာ အသိုင်းအဝိုင်းကို ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်း အသိပေးရန်၊ လူ့အခွင့်အရေး ကိစ္စရပ်များအကြောင်း လူထုကို လှုံ့ဆော်ရန်၊ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေတွင် နောက်ထပ် စံနှုန်းများ ချမှတ်ရေးအတွက် ထောက်ခံ လှုပ်ရှားရန် စောင့်ကြည့်ရေး စနစ်များ အသုံးပြုကြသည်။ နိုင်ငံရေး သိပ္ပံ အထူးသဖြင့် **အပြုအမူပိုင်းဆိုင်ရာ တော်လှန်ရေး (behavioural revolution)** အချိန်မှ စ၍ (စာသေတ္တာ ၈.၁ တွင် ရှုပါ) နိုင်ငံတော်နှင့် နိုင်ငံတော် မဟုတ်သည့် ဇာတ်ကောင်များ၏ နိုင်ငံရေး အကြမ်းဖက်မှုများကို တိုင်းတာပြီး အကဲဖြတ်ကြသည်။ ၁၉၈၀ ပြည့်လွန်နှစ်များမှ စ၍ နိုင်ငံများအကြား လူ့အခွင့်အရေး ကာကွယ်မှုများ ကွဲပြားရခြင်း၏ အကြောင်းအရင်းနှင့် သက်ရောက်မှုများကို စနစ်တကျ လေ့လာခဲ့ခြင်း ဖြစ်သည် (ဥပမာMcCamant, 1981; Mitchell and McCormick, 1988; Landman, 2005a)။ ထိုဖြစ်ပေါ် တိုးတက်မှုများကို ဖြည့်ဆည်းပေးရန် ပညာရှင်များက ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ အသုံးပြုသည့် လူ့အခွင့်အရေး တိုင်းတာမှုများကို စုစည်း အကဲဖြတ်ခြင်းများ ထုတ်ဝေခဲ့ကြသည် (Claude, 1976; Jabine and Claude, 1992)။ ထို့ပြင် လူ့အခွင့်အရေး တိုင်းတာပုံများ၏ အရည်အသွေးကို စုစည်းခြင်းနှင့် အကဲဖြတ်ခြင်းများလည်း ဆက်လက် လုပ်ဆောင်ခဲ့သည် (e.g. see Green, 2001; Landman and Häusermann, 2003; Landman, 2004, 2006b; Landman and Carvalho, 2009; Landman, Kernohan, and Gohdes, 2012; Fariss, 2014)။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ (UN Human Rights Council (UNHRC)) က ထုတ်ပြန်သည့် ၂၀၁၁ ခုနှစ် စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန် စည်းမျဉ်းများ (UN Guiding Principles on Business and Human Rights (UNGPs)) နှင့်အတူ လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများနှင့် တိုင်းတာမှုများသည် စီးပွားရေး နယ်ပယ်သို့လည်း ဝင်ရောက်လာခဲ့သည်။ နိုင်ငံဖြတ်ကျော် လုပ်ကိုင်သည့် စီးပွားရေး လုပ်ငန်းများ (Multinational Corporations (MNCs)) က နိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများကို ကြိုတင် အကဲဖြတ်မှုများ ပို၍ လုပ်ဆောင်လာကြပြီး ယင်းအချက်အလက်များက လူ့အခွင့်အရေး တိုင်းတာမှုများကို အချက်အလက်များ ပေးသည်။

*လူ့အခွင့်အရေးနှင့် စာရင်းအင်း အချက်အလက်များ (Human Rights and Statistics)* ထုတ်ပြန်ချိန်မှ စ၍ (Jabine and Claude, 1992) မတူညီသော လူ့အခွင့်အရေး အမျိုးအစားများကို တိုင်းတာရန် ကြိုးပမ်းမှုများ ပိုမို များပြားလာခဲ့သည် (ဥပမာ ဆင်ဂရာနီလီ (Cingranelli) နှင့် ရစ်ချတ် (Richards) တို့၏ လူ့အခွင့်အရေး အချက်အလက် စီမံကိန်းနှင့် လူမှုရေးနှင့် စီးပွားရေး အခွင့်အရေးများ ဖြည့်ဆည်းမှု ညွှန်းကိန်း)။ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများက ထောက်ပံ့ပေးသော လူ့အခွင့်အရေး တိုင်းတာမှု ဆိုင်ရာ နိုင်ငံတကာ ညီလာခံများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများလည်း ထွက်ပေါ်လာသည် (ဥပမာ အမေရိကန်နိုင်ငံ နိုင်ငံရေးသိပ္ပံ အဖွဲ့၏ လူ့အခွင့်အရေး ဌာနခွဲက ဦးစီးခဲ့သည့် ၂၀၀၄ ခုနှစ် ချီကာဂို အလုပ်ရုံ ဆွေးနွေးပွဲ၊ စတောစ်ရှိ ကော်နက်တီကက် တက္ကသိုလ်၊ လူ့အခွင့်အရေး အင်စတီကျူက ဦးစီးခဲ့သည့် ၂၀၀၅ ခုနှစ် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ ဆိုင်ရာ ညီလာခံ)။ နိုင်ငံတကာ အဆင့် (ဥပမာ မွန်ထရက်စ်တွင် ကျင်းပသော ၂၀၀၀ ပြည့်နှစ် လူ့အခွင့်အရေးနှင့် စာရင်းအင်း အချက်အလက်များ ဆိုင်ရာ ညီလာခံနှင့် နောင်နှစ်များတွင် မရီဒါ၊ မြူးနစ်နှင့် ဘရက်ဆဲလ်တို့တွင် ကျင်းပခဲ့သည့် အလားတူ ညီလာခံများမှ တစ်ဆင့် မီတာဂိုရာ စီမံကိန်း စတင်ခဲ့သည်။ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေး အတွက် စာရင်းအင်း အခြေပြု နည်းလမ်းများဆိုင်ရာ နိုင်ငံတကာ

ကွန်ယက်၏ ၂၀၁၀၊ ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ် အစည်းအဝေးများ၊ အော်စလို၊ နယူးယော့ခ်နှင့် မက်ဒရစ်တွင် ကျင်းပခဲ့သည့် လူ့အခွင့်အရေးအတွက် တိုင်းတာမှုများ ဆိုင်ရာ အစည်းအဝေး) နှင့် ဒေသဆိုင်ရာ အဆင့် (ဥပမာ အခြေခံ အခွင့်အရေးများ ဆိုင်ရာ ဥရောပ သမဂ္ဂ အေဂျင်စီ၏ နှစ်စဉ် ညီလာခံများ၊ အမေရိကန် နိုင်ငံ သိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့မှ ဦးစီးခဲ့သော အချက်အလက်ကြီးများနှင့် လူ့အခွင့်အရေး ဆိုင်ရာ ၂၀၁၅ ခုနှစ် သိပ္ပံနှင့် လူ့အခွင့်အရေး ညွန့်ပေါင်း အစည်းအဝေး) များ၌လည်း အလားတူ ညီလာခံများ ကျင်းပခဲ့သည်။[၁] သို့ရာတွင် လူ့အခွင့်အရေး တိုင်းတာမှုများတွင် အဆင့်အမြင့်ဆုံး တိုးတက် ပြောင်းလဲမှုမှာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ နယ်ပယ်၊ အထူးသဖြင့် ကမ္ဘာတစ်ဝန်း အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များနှင့် အလုပ်လုပ်ကိုင်နေသည့် အဖွဲ့အစည်းများမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။ အထူးသဖြင့် ကယ်လီဖိုးနီးယား ပြည်နယ်၊ ဆန်ဖရန်စစ္စကိုတွင် အခြေစိုက်သည့် အကျိုးအမြတ် မယူသည့် အဖွဲ့အစည်း တစ်ခု ဖြစ်သော လူ့အခွင့်အရေး အချက်အလက်များ ဆန်းစစ်လေ့လာရေး အဖွဲ့ (Human Rights Data Analysis Group (HRDAG)) ၏ လုပ်ဆောင်ချက်များက မတူညီသည့် နိုင်ငံ နောက်ခံများတွင် ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို တိုင်းတာရန်နှင့် လေ့လာ သုံးသပ်ရန် စနစ်တကျ ဖြစ်သည့် နည်းလမ်းများ ဖော်ထုတ်ရာတွင် အရေးပါခဲ့သည်။ HRDAG ၏ ချဉ်းကပ်ပုံက အဓိကအားဖြင့် ပြည်သူ့ရေးရာ အခွင့်အရေးများ ချိုးဖောက်မှုကို အာရုံစိုက်ခဲ့သည်။ ပဋိပက္ခ ဖြစ်ပွားစဉ်၊ သိမ်းပိုက်ခံရစဉ်၊ အာဏာရှင် အုပ်စိုးစဉ်နှင့် အခြားသော ကြမ်းကြုတ်သည့် နိုင်ငံရေး ဖြစ်ရပ်များ ဖြစ်ပွားစဉ် အချိန်အတွင်း စာရင်းအင်း နည်းပညာများကို အသုံးပြုကာ ထိခိုက်နစ်နာမှုများကို မှတ်တမ်းတင်၊ ရေတွက်ပြီး ခန့်မှန်းနိုင်သည့် နည်းလမ်းများကို အဓိက အာရုံစိုက်ခဲ့သည် (Ball, Spirer, and Spirer, 2000; Seybolt, Aronson, and Fischoff, 2013)။

**စာသေတ္တာ ၈.၁။ အပြုအမူပိုင်း ဆိုင်ရာ တော်လှန်ရေး**

အပြုအမူပိုင်း ဆိုင်ရာ တော်လှန်ရေးသည် ၁၉၃၀ နှင့် ၁၉၄၀ ပြည့်လွန်နှစ်များတွင် အမေရိကန် နိုင်ငံ၌ အဓိက စတင်ခဲ့သည်။ ယင်းဖြစ်ရပ်က နိုင်ငံရေး သိပ္ပံတွင် စံနှုန်းဆိုင်ရာ မေးခွန်းများနှင့် တန်ဖိုး အခြေပြု သုတေသနများ ပြုလုပ်ခြင်းမှ သုတေသန အချက်အလက်များအရ ပုံမှန် ဖြစ်ပွားမှုများကို ရှာဖွေရန်နှင့် တစ်ကမ္ဘာလုံး အကျုံးဝင်သည့် ဥပဒေ ကဲ့သို့သော ယေဘုယျ ကောက်ချက်ချမှုများ ပြုလုပ်ရန် လူသားတို့နှင့် လူ့အဖွဲ့အစည်း၏ လေ့လာ စူးစမ်းနိုင်သော၊ တိုင်းတာနိုင်သော အစိတ်အပိုင်းများကို အာရုံစိုက်လာစေခဲ့သည်။ ထိုအစဉ်အလာက သုတေသနများမှ တစ်ဆင့် လူတစ်ဦးချင်းစီနှင့် နိုင်ငံများအပေါ် စာရင်းအင်း အခြေပြု တိုင်းတာမှုများ ပြုလုပ်ကာ အဆိုများကို စမ်းသပ်ကြသည်။ ထိုလေ့လာမှုများပါ သုတေသန ဒီဇိုင်းများသည် ဟမ်ပဲလ် (Hempel) (1966) ၏ သဘာဝသိပ္ပံ ဆိုင်ရာ သဘောတရား စာအုပ်များတွင် တွေ့ရလေ့ရှိသည့် အချက်အလက် ကောက်ယူရန် သဘာဝသိပ္ပံ ဆိုင်ရာ နည်းလမ်းများနှင့် ဆင်တူသည်။ ထိုသုတေသန အစဉ်အလာ၏ အစောပိုင်း နှစ်များတွင် ပါဝင်သည့် လူ့အခွင့်အရေးမှာ နိုင်ငံရေး အကြမ်းဖက်မှုနှင့် နိုင်ငံ ဖိနှိပ်မှုများကို လေ့လာခြင်းများ ဖြစ်သည်။ ယင်းတို့မှာ လွှမ်းမိုးမှု ကြီးစွာ ရှိသော တဒ်ရောဘတ်ဂါး (Ted Robert Gurr) (1970) ၏ *အဘယ်ကြောင့် လူတို့ တော်လှန် ပုန်ကန်ကြသနည်း (Why Men Rebel)* ကဲ့သို့သော စာအုပ်မျိုး ဖြစ်သည်။ သို့ရာတွင် ထိုသုတေသနများက ၎င်း၏ သုတေသန မေးခွန်းများ (သို့) မူဝါဒ သက်ရောက်မှုများကို ဖော်ထုတ်ရာတွင် အခွင့်အရေး အသုံးအနှုန်းဖြင့် ပုံဖော်ခြင်း မရှိပေ။ သို့ရာတွင် ထိုသုတေသနများက နိုင်ငံတော်နှင့် နိုင်ငံတော် မဟုတ်သည့် အကြမ်းဖက်မှုများကို တိုင်းတာရန် ကြိုးပမ်းမှုများတော့ စတင်ခဲ့သည်။ ယင်းကြိုးပမ်းမှုများက နောင်လာမည့် နှစ်များတွင် လူ့အခွင့်အရေး တိုင်းတာမှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးတွင် များစွာ အရေးပါခဲ့သည်။ ဥပမာ မတူညီသော နိုင်ငံများသည်

အချိန် အမျိုးမျိုး၌ လူ့အခွင့်အရေး လိုက်နာမှုတွင် ကွာခြားမှုများ ရှိသည်ကို ပြသရန် စတီဗင်ပိုး (Steven Poe) နှင့် နီးလ်တိတ် (Neal Tate) (1994) တို့က လူ့အခွင့်အရေးအတွက် စံတိုင်းတာမှုများကို အသုံးပြုကာ မော်ဒယ်ပုံစံ တစ်ခု တည်ဆောက်ခဲ့သည်။ ထိုသုတေသန ပြီးဆုံးသည့် နောက်ပိုင်း ယေဘုယျအားဖြင့် နိုင်ငံရေး သိပ္ပံနှင့် လူမှုရေး သိပ္ပံတို့က သုတေသန အစဉ်အလာတွင် ဆက်လက် တည်ရှိနေမည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် ရှုပ်ထွေးသည့် လေ့လာ စစ်ဆေးမှုများ လုပ်ဆောင်လာကြသည်။

လူ့အခွင့်အရေး တိုင်းတာမှုများ ပြဋ္ဌာန်းခြင်းနှင့် ရရှိလာခြင်းတို့က ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်၊ ဥရောပ သမဂ္ဂနှင့် အမေရိကန် (USAID)၊ ဗြိတိန် (DFID)၊ ဆွီဒင် (SIDA)၊ ကနေဒါ (CIDA)နှင့် ဒိန်းမတ်(DANIDA) တို့မှ ထောက်ပံ့ရေး ဝန်ကြီးဌာနများ ကဲ့သို့သော နိုင်ငံတကာ လူ့အခွင့်အရေးနှင့် အလှူရှင် အသိုင်းအဝိုင်းကို မူဝါဒ ချမှတ်ရာနှင့် အထောက်အပံ့ ချထားပေးရေး မူဝါဒများ ရေးဆွဲရာတွင် လူ့အခွင့်အရေး ဆန်းစစ်မှုများကို ပေါင်းစပ် ထည့်သွင်း လာစေသည်။ ဗြိတိန် နိုင်ငံ၏ နိုင်ငံတကာ ဖွံ့ဖြိုးရေး ဌာန (Department for International Development (DFID)) ကဲ့သို့သော အလှူရှင်များက ၎င်းတို့၏ ထောက်ပံ့ရေး အစီအစဉ်များတွင် လူ့အခွင့်အရေး ဆန်းစစ်မှုများကို သုံးကာ မတူညီပေးသော အကူအညီပေးရေး ပုံစံများက မိတ်ဖက်အဖွဲ့အစည်းများတွင် လူ့အခွင့်အရေး အခြေအနေကို မည်သို့ ဖြည့်ဆည်းပေးနိုင်သနည်းကို လေ့လာကြသည်။ တစ်ချိန်တည်းမှာပင် ပို၍ ကြီးမားသော မေးခွန်းများ ဖြစ်သည့် ဆင်းရဲမွဲတေမှု လျှော့ချရေးအား ဖြေရှင်းရန် လုပ်ဆောင်သည်။ ဆန့်ကျင်ဘက် အနေဖြင့် ထောင်စုနှစ် စိန်ခေါ်မှု ဆိုင်ရာ ကော်ပိုရေးရှင်း (USA) က လူ့အခွင့်အရေး တိုးတက်မှု ပြသနိုင်သော နိုင်ငံများအား အကူအညီ ပေးခြင်းဖြင့် လူ့အခွင့်အရေး တိုင်းတာမှုများကို မက်လုံးအဖြစ် အသုံးပြုခဲ့သည်။ ထို့ပြင် ဂျနီဗာရှိ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံးက နိုင်ငံများမှ စာချုပ် စောင့်ကြည့်ရေး အဖွဲ့များထံ အစီရင်ခံစာ တင်သွင်းရာတွင် အသုံးပြုရန် လူ့အခွင့်အရေး ညွှန်းကိန်းများအား နိုင်ငံတကာ ကျွမ်းကျင် ပညာရှင်များနှင့် အချိန် အတော်ကြာ ဆွေးနွေး ညှိနှိုင်းကာ *လူ့အခွင့်အရေး ညွှန်းကိန်းများ၊ တိုင်းတာမှုနှင့် အကောင်အထည် ဖော်မှုအတွက် လမ်းညွှန်* စာအုပ်ကို ၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ် (United Nations Development Programme (UNDP)) ၏ အော်စလို အုပ်ချုပ်ရေး စင်တာက ၎င်းတို့၏ နိုင်ငံ ရုံးများနှင့် အလှူရှင် အသိုင်းအဝိုင်းအကြား အသုံးပြုနိုင်ရန် ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ တိုင်းတာမှုများအတွက် လမ်းညွှန်များကို ထုတ်ဝေခဲ့သည် (UNDP 2004, 2006 တွင် ရှုပါ)။

ထို့ပြင် နိုင်ငံတကာ အဆင့်၌ ဖွံ့ဖြိုးတိုးတက်မှုများက လူ့အခွင့်အရေး အစီရင်ခံသည့် နိုင်ငံများမှ လူ့အခွင့်အရေး အချက်အလက်များ စုဆောင်းရာနှင့် ဆန်းစစ် လေ့လာရာတွင် ကုလသမဂ္ဂ စာချုပ် တာဝန်များ သာမက ပြည်တွင်းအဆင့် စီမံကိန်းများကိုလည်း ထည့်သွင်းလာစေသည်။ ဥပမာ ဗြိတိန် နိုင်ငံ၏ တန်းတူညီမျှရေးနှင့် လူ့အခွင့်အရေး ကော်မရှင်က ဥရောပ လူ့အခွင့်အရေး သဘောတူ စာချုပ်တွင် တွေ့ရသည့် လူ့အခွင့်အရေး ဆယ်မျိုးအတွက် ညွှန်းကိန်း (၈၀) ဖော်ထုတ်ခဲ့ပြီး ၁၉၉၈ ခုနှစ် လူ့အခွင့်အရေး အက်ဥပဒေမှတစ်ဆင့် ပြည်တွင်းတွင် ပြဋ္ဌာန်းခဲ့သည်။ မက္ကဆီကိုတွင် လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံးက ပြည်တွင်း ပညာရှင်များ၊ အန်ဂျီအိုများနှင့် ပူးပေါင်းကာ လူ့အခွင့်အရေး အမျိုးမျိုးအတွက် ညွှန်းကိန်းများ စုဆောင်း ခဲ့ကြသည်။ ပြည်ထဲရေး ဝန်ကြီးဌာန (SEGOB) ကို ပြည်တွင်း လူ့အခွင့်အရေးနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး ဥပဒေများ အကောင်အထည်ဖော်ခြင်းအား ဆန်းစစ်ရန် တာဝန်ပေးခဲ့သည်။ ထိုဥပမာများနှင့် အခြားသော လူ့အခွင့်အရေး စောင့်ကြည့်ရေး၊ တိုင်းတာရေးနှင့် ဆန်းစစ် လေ့လာရေး ဆိုင်ရာ

ပြည်တွင်း စီမံကိန်းများက လူ့အခွင့်အရေး တိုင်းတာမှုများသည် နိုင်ငံရေး အစီအစဉ်များတွင် ပါဝင်လာပြီကို ညွှန်ပြနေသည်။

ယခုအခန်းတွင် အဆိုပါ ဖြစ်ပေါ် တိုးတက်မှုများကို နိုင်ငံရေးသိပ္ပံ နယ်ပယ်တွင် ဖြစ်ပွားခဲ့သည့် အပြောင်းအလဲများနှင့် ချိန်ထိုးတင်ပြသွားပါမည်။ ထို့နောက် လက်ရှိတွင် အခွင့်အရေး များစွာ အတွက် အမျိုးမျိုးသော လူ့အခွင့်အရေး တိုင်းတာမှုများ ပြုလုပ်ရာတွင် သိသာထင်ရှားသည့် တိုးတက်မှုများ ရှိနေကြောင်း ပြသသွားပါမည်။ (၁) တိုင်းတာမှုများ၏ ရည်ရွယ်ချက်များ၊ (၂) တိုင်းတာမှုများအတွက် စိန်ခေါ်မှုများ၊ (၃) တိုင်းတာမှု ပုံစံများ၊ (၄) ဖြစ်ပေါ်တိုးတက်မှု အသစ်များနှင့် (၅) ထိုနယ်ပယ်တွင် ကျန်ရှိနေသည့် ကွက်လပ်များကို စဉ်းစားခြင်းဖြင့် ဆွေးနွေးသွားပါမည်။ လူ့အခွင့်အရေး အလေ့အကျင့် အများအပြားမှာ ဖုံးထားသည့် အခြေအနေတွင် ရှိကာ တိုင်းတာရန် ခက်ခဲနေသေးပြီး အရေးပါသည့် ကိစ္စရပ်များ ဖြစ်သော အချက်အလက် အရင်းအမြစ်၊ တိုက်ဆိုင် စစ်ဆေးမှု၊ ကိုက်ညီမှု ရှိ၊ မရှိနှင့် ယုံကြည် စိတ်ချရခြင်း ရှိ၊ မရှိတို့နှင့် ဆိုင်သည့် ကိစ္စရပ်များ ရှိနေသေးရာ ချဉ်းကပ်ပုံကိုမူ သတိထား ဆွေးနွေးသွားပါမည်။ ယခုအခန်းတွင် ထင်ရှားသည့် အချက်မှာ လူ့အခွင့်အရေး တိုင်းတာမှုများနှင့် စောင့်ကြည့်မှုများက နိုင်ငံရေး သိပ္ပံ နယ်ပယ်တွင် ထင်ရှားသည့် နယ်ပယ်ခွဲ တစ်ခု ဖြစ်လာပြီး နိုင်ငံတကာနှင့် ပြည်တွင်း အစိုးရနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ စီးပွားရေးနှင့် ပုဂ္ဂလိက လုပ်ငန်း အဖွဲ့များ အကြားတွင်လည်း အရေးပါသည့် လုပ်ဆောင်ချက် တစ်ခု ဖြစ်လာခြင်း ဖြစ်သည်။

## လူ့အခွင့်အရေး တိုင်းတာရခြင်း၏ ရည်ရွယ်ချက်

လူ့အခွင့်အရေး တိုင်းတာခြင်းများက လူ့အခွင့်အရေး အသိုင်းအဝိုင်း၏ ပညာရပ်ပိုင်းနှင့် ပညာရပ်ပိုင်း မဟုတ်သည့် နယ်ပယ်များတွင် အရေးပါပြီး အပြန်အလှန် ဆက်စပ်နေသည့် လုပ်ငန်းများကို လုပ်ဆောင်ပေးသည်။ ရှေးဦးစွာ ၎င်းတို့က နောက်ခံ အခြေအနေကို ဖော်ပြပြီး မှတ်တမ်းတင်ပေးသည်။ ထို့ပြင် အစိုးရ မဟုတ်သော အဖွဲ့အစည်းများက အဓိက လုပ်ဆောင်သည့် စောင့်ကြည့် လေ့လာရေးအတွက် အချက်အလက် အကြမ်းများကို ပေးနိုင်ရုံ သာမက လူ့အခွင့်အရေးအတွက် စံသတ်မှတ်ထားသည့် တိုင်းတာမှု ပုံစံများကိုလည်း ဖော်ထုတ် ပေးသည်။ ဒုတိယ အနေဖြင့် တိုင်းတာခြင်းများက မတူညီသော အမျိုးအစားများနှင့် ကိစ္စရပ်များအလိုက် အခွင့်အရေး ချိုးဖောက်မှုများကို ခွဲခြားပြီး အမျိုးအစား သတ်မှတ် ခွဲခြားပေးသည်။ နိုင်ငံများနှင့် အုပ်ချုပ်ပုံ အစိုးရများကိုလည်း အာဏာရှင်၊ ပျက်စီးလွယ်သော နိုင်ငံ၊ အားနည်းသော (သို့) မခိုင်မာသေးသော ဒီမိုကရေစီ၊ တစ်ပါတီ အာဏာရှင် စသည်ဖြင့် အမျိုးအစားများ ခွဲခြားကြသည်။ တတိယ အချက်မှာ တိုင်းတာခြင်းများကို နိုင်ငံများ လက်မှတ် ရေးထိုးထားသည့် သဘောတူစာချုပ် အမျိုးမျိုးတွင် ပြဋ္ဌာန်းထားသည့် အခွင့်အရေးများကို လိုက်နာသည့် အတိုင်းအတာအား စောင့်ကြည့်ရန်လည်း အသုံးပြုနိုင်သည်။ စတုတ္ထ အနေဖြင့် တိုင်းတာမှုများကို မတူညီသော နိုင်ငံများအကြားနှင့် မတူညီသော နိုင်ငံ အုပ်စုများအကြား (ဥပမာ ဖွံ့ဖြိုးမှု နိမ့်ကျသည့် နိုင်ငံများတွင် လူ့အခွင့်အရေး စွမ်းဆောင်မှု) အချိန်နှင့် နေရာကို လိုက်၍ အခွင့်အရေး ချိုးဖောက်သည့် ပုံစံများအား ပုံစံချရာနှင့် ပုံစံ သိရှိလာစေရန် အသုံးပြုနိုင်သည်။ ပဉ္စမ အချက်မှာ တိုင်းတာခြင်းများသည် အဆို စမ်းသပ် လေ့လာခြင်း၊ ခန့်မှန်းခြင်း၊ သက်ရောက်မှုများကို အကဲဖြတ်ခြင်း အပါအဝင် တစ်ဆင့် ပြန်လည် လေ့လာခြင်းများအတွက် လိုအပ်သည်။ ထိုမှရသော ကောက်ချက်များကို မူဝါဒ ချမှတ်သည့် ဖြစ်စဉ်တွင်

အသုံးပြု နိုင်သည်။ နောက်ဆုံး အနေဖြင့် ကမ္ဘာတစ်ဝန်း အခွင့်အရေး ဆိုင်ရာ အလေ့အကျင့်များ တိုးတက်ခြင်း (သို့) ဆုတ်ယုတ်လာခြင်းကို ပြသခြင်းဖြင့် လူ့အခွင့်အရေး တိုင်းတာမှုများသည် ပြည်တွင်းနှင့် နိုင်ငံတကာ အဆင့်တွင် အရေးပါသော ထောက်ခံ လှုပ်ရှားခြင်းဆိုင်ရာ နည်းလမ်းများ ဖြစ်သည်။ ကမ္ဘာတစ်ဝန်း လူ့အခွင့်အရေး ကာကွယ်ရေးအတွက် အချက်အလက်များ စုဆောင်းခြင်းနှင့် စနစ်တကျ လေ့လာ သုံးသပ်ခြင်း၏ ရလဒ်များသည် လူ့အခွင့်အရေး မူဝါဒများ၊ ထောက်ခံ လှုပ်ရှားခြင်းများနှင့် ပညာပေးခြင်းများ ဆက်လက် ဖြစ်ပေါ် တိုးတက်လာစေရန် အခြေခံ ဖြစ်သည် (Rubin and Newberg, 1980, p. 268; Claude and Jabine, 1992, pp. 5–34; Landman and Carvalho, 2009)။

အစဉ်အလာအားဖြင့် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့နှင့် လူ့အခွင့်အရေး စောင့်ကြည့် လေ့လာရေး အဖွဲ့တို့သည် နိုင်ငံများမှ လူ့အခွင့်အရေး အခြေအနေများကို ပုံဖော်ရန် ညွှန်းကိန်းများစွာကို အသုံးပြုသည်။ ထိုညွှန်းကိန်းများက အခွင့်အရေး တစ်ခု၊ ပြဿနာ တစ်ခုနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များ ပေးသည်။ လူ့အခွင့်အရေး တိုင်းတာမှုများသည် နိုင်ငံ၏ အခြေအနေကို အကဲဖြတ်ရာတွင်လည်း ပါဝင်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်းကို ထိခိုက် နစ်နာနေသော လူပုဂ္ဂိုလ်များ (သို့) အုပ်စုများ ကိုယ်စား လုပ်ဆောင်ပေးရန် ဆွဲဆောင် စည်းရုံးခြင်း များကို မြှင့်တင်ပေးသည်။ လူ့အခွင့်အရေး အဖွဲ့အစည်းများသည် ပို၍ အဆင့်အတန်းမြင့်သော တိုင်းတာမှုနှင့် အကဲဖြတ် သုံးသပ်မှု ပုံစံများကို အသုံးပြုကာ လူ့အခွင့်အရေးတွင် တဖြည်းဖြည်း တိုးတက်မှုများ ယူဆောင်လာခြင်းဖြင့် နိုင်ငံတကာ ဆွေးနွေးငြင်းခုံမှုများနှင့် ညှိနှိုင်းမှုများကို မြှင့်တင်ပေးသည်။ ဥပမာ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေး စင်တာသည် နိုင်ငံများမှ လူမှုရေးနှင့် စီးပွားရေး အခွင့်အရေးများ တဖြည်းဖြည်း ရရှိလာစေရေးအတွက် လုပ်ဆောင်ချက်များနှင့် လုပ်ဆောင်နိုင်စွမ်းများကို နှိုင်းယှဉ် တိုင်းတာသည်။ ညှဉ်းပန်း နှိပ်စက်မှု ဆန့်ကျင်ရေး ဆိုင်ရာ ကမ္ဘာ့ အဖွဲ့အစည်းက နိုင်ငံ အများအပြားမှ လူ့အခွင့်အရေး တိုင်းတာမှုများကို အသုံးပြုကာ အကြမ်းဖက်မှု၏ အရင်းအမြစ်များကို လေ့လာသော အကြီးစား စီမံကိန်းကို ဆောင်ရွက် နေသည်။ လူ့အခွင့်အရေး မူဝါဒ ဆိုင်ရာ နိုင်ငံတကာ ကောင်စီကလည်း အကျင့်ပျက် ချစားမှု ဖြစ်ရခြင်း၏ အကြောင်းပြချက်များနှင့် အကျိုးဆက်များနှင့် ၎င်းတို့၏ လူ့အခွင့်အရေး မူဝါဒနှင့် ထောက်ခံ လှုပ်ရှားမှုများအပေါ် သက်ရောက်မှုများအား ဆန်းစစ်သည့် စီမံကိန်းနှင့် ဆွေးနွေးအကြံပြုခြင်းများကို လုပ်ဆောင်ခဲ့သည် (ICHRP, 2009)။

ပညာရပ် နယ်ပယ်တွင် လူ့အခွင့်အရေး တိုင်းတာမှုများသည် လူမှုရေးသိပ္ပံ ပညာရှင်များကို နိုင်ငံများ၏ လူ့အခွင့်အရေး စွမ်းဆောင်မှုများအား အချိန်နှင့် နေရာကို လိုက်၍ နှိုင်းယှဉ်နိုင်ပြီး အဘယ်ကြောင့် အချို့သော နိုင်ငံများက လူ့အခွင့်အရေး ကာကွယ်သည့် မှတ်တမ်း ပိုမို ကောင်းမွန်ရသနည်း ဟူသည့် အချက်ကို ရှင်းလင်းပြနိုင်သည် (အခန်း ၅ တွင် ရှုပါ)။ ဆန်းစစ် လေ့လာမှုများက စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတိုင်းအတာ၊ ဒီမိုကရေစီ ဖြစ်ထွန်းမှု အတိုင်းအတာ၊ ပြည်တွင်းစစ်နှင့် နိုင်ငံတကာ စစ်ပွဲများတွင် ပါဝင်မှုတို့အပြင် အခြား နိုင်ငံများနှင့် ကုန်သွယ်ခြင်း၊ အပြန်အလှန် မှီခိုမှု အတိုင်းအတာ၊ လူ့အခွင့်အရေး ကာကွယ်သည့် နိုင်ငံတကာ အသိုင်းအဝိုင်းတွင် နိုင်ငံ၏ ပါဝင်မှု အတိုင်းအတာ အစရှိသည့် နိုင်ငံတကာ ဆိုင်ရာ အချက်အလက် အမျိုးမျိုး ကဲ့သို့သော လူမှုရေးနှင့် နိုင်ငံရေး ကိန်းရှင်များကို အလေးစိုက်ထားသည်။ ထိုလေ့လာမှုများက မည်သည့် အတွက်ကြောင့် နိုင်ငံများတွင် မတူညီသည့် လူ့အခွင့်အရေး အကာအကွယ်ပေးမှုများ ရှိသည်ကို လေ့လာခြင်းတွင် အရေးပါပြီး နိုင်ငံရေး ခေါင်းဆောင်များ၊ နိုင်ငံတကာ အစိုးရ အဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများကို လူ့အခွင့်အရေး ကာကွယ်မှု

တိုးတက်စေရန် လုပ်ဆောင်ရမည့် အချက်များအား လမ်းညွှန်မှု ပေးနိုင်သည်။ ဥပမာ စတိဗ်ပိုး (Steve Poe) နှင့် နီးလ် စီ တိတ် (Neal C. Tate) (1994) တို့၏ လေ့လာချက် တစ်ခုက လူ့အခွင့်အရေး ချိုးဖောက်မှုများကို လျှော့ချနိုင်ရန် နိုင်ငံတကာ အသိုင်းအဝိုင်း အလေးထားရမည့် ကိစ္စရပ် သုံးခုကို ဖော်ထုတ်ခဲ့သည်။ ယင်းတို့မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရေစီနှင့် ပဋိပက္ခ ဖြေရှင်းခြင်းတို့ ဖြစ်ကြသည်။ ထိုသို့ဖြင့် ကမ္ဘာ့ စာရင်းအင်း နည်းပညာအရ လေ့လာခြင်းများသည် နိုင်ငံခြား ဖွံ့ဖြိုးရေး အကူအညီများ၊ အရပ်ဘက် အဖွဲ့အစည်းနှင့် နိုင်ငံရေး ပါတီများကို ထောက်ပံ့ခြင်းများ၊ အုပ်ချုပ်ရေး နယ်ပယ် အသီးသီးတွင် နိုင်ငံတော်၏ စွမ်းဆောင်ရည်များကို အားဖြည့်ပေးခြင်းများ၊ အစရှိသည့် နိုင်ငံခြားရေး မူဝါဒ အမျိုးမျိုးဖြင့် အကောင်အထည် ဖော်နိုင်သည့် မူဝါဒ သက်ရောက်မှုများကို ဖော်ထုတ်ပေးသည်။

ပုဂ္ဂလိကနှင့် စီးပွားရေး အဖွဲ့အစည်းများကလည်း ၎င်းတို့၏ အန္တရာယ် စီမံခန့်ခွဲရေး ဖြစ်စဉ်များနှင့် အထွေထွေ အန္တရာယ် ဆန်းစစ်ရေးများတွင် လူ့အခွင့်အရေးများကို လေ့လာ ဆန်းစစ်ခြင်းများ ထည့်သွင်းထားသည်။ စီးပွားရေး အဖွဲ့အစည်းများက ရင်းနှီးမြှုပ်နှံမှု လုပ်လိုသည့် နိုင်ငံများတွင် လူ့အခွင့်အရေး အခြေအနေများကို ဆန်းစစ်ကြသည်။ အနည်းငယ်သော MNCs များကလည်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကိုင်တွယ်ရန်နှင့် ကာကွယ်ရန် ၎င်းတို့၏ စီးပွားရေး လုပ်ငန်းများက လူ့အခွင့်အရေးအပေါ် အမှန်တကယ် သက်ရောက်နိုင်မှုနှင့် သက်ရောက်နိုင်ခြေ ရှိမှုတို့ကို စတင် ဆန်းစစ်လာသည်။ ထိုသို့ ဆန်းစစ်သည့် အရေအတွက်မှာလည်း တဖြည်းဖြည်း များလာပြီ ဖြစ်သည်။ စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ ၂၀၁၁ ခုနှစ် ကုလသမဂ္ဂ လမ်းညွှန် စည်းမျဉ်းများက လူ့အခွင့်အရေး နောက်ကြောင်း စုံစမ်းခြင်းများကို မည်သို့ လုပ်ဆောင် သင့်ကြောင်း လမ်းညွှန်ချက် အချို့ ပေးထားသည်။ လူ့အခွင့်အရေး တိုင်းတာခြင်းများ ပါဝင်သည့် လူ့အခွင့်အရေး နောက်ကြောင်း စုံစမ်းခြင်း အလေ့အကျင့်များကို လမ်းညွှန်ရန်နှင့် အားပေးရန် အကျိုးအမြတ် မယူသည့် အဖွဲ့များက အုပ်ချုပ်ရေး ဖြစ်စဉ်များ (ဥပမာ Danish Institute for Human Rights ၏ လူ့အခွင့်အရေး လိုက်နာမှု ဆန်းစစ်ရေး ကိရိယာ) နှင့် လူ့အခွင့်အရေး သက်ရောက်မှုများ (ဥပမာ NomoGaia ၏ လူ့အခွင့်အရေး သက်ရောက်မှု ဆန်းစစ်ရေး ကိရိယာ) ကို ဆန်းစစ်သည့် ကိရိယာများ ဖော်ထုတ်ထားသည်။

**အနှစ်ချုပ်**

လူ့အခွင့်အရေးကို တိုင်းတာနိုင်သည်၊ တိုင်းတာသင့်သည်။
လူ့အခွင့်အရေး တိုင်းတာရသည့် အဓိက ရည်ရွယ်ချက် (၆) ခု ရှိသည်။

- နောက်ခံ ဖော်ပြချက်နှင့် မှတ်တမ်းတင်ခြင်း
- အမျိုးအစား ခွဲခြားခြင်း
- စောင့်ကြည့် လေ့လာခြင်း
- ပုံစံချခြင်းနှင့် ပုံစံ မှတ်တမ်းတင်ခြင်း
- တစ်ဆင့် ပြန်လည် လေ့လာမှုများ
- ထောက်ခံ လှုပ်ရှားသည့် နည်းလမ်းနှင့် နိုင်ငံရေးအရ ဆွေးနွေးခြင်း

လူ့အခွင့်အရေး တိုင်းတာမှုများကို လေ့လာခြင်းက လူ့အခွင့်အရေး ကာကွယ်မှုကို ကမ္ဘာတစ်ဝန်းတွင် တိုးတက်လာစေသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**
လူ့အခွင့်အရေး တိုင်းတာမှုများက လူ့အခွင့်အရေး ကာကွယ်မှုများကို မည်ကဲ့သို့ တိုးတက်စေ သနည်း။

## လူ့အခွင့်အရေး တိုင်းတာခြင်း၏ စိန်ခေါ်မှုများ

လူ့အခွင့်အရေး တိုင်းတာခြင်းနှင့် ပတ်သက်၍ သိသာထင်ရှားသော သဘောတရားပိုင်း ဆိုင်ရာနှင့် နည်းလမ်းပိုင်း ဆိုင်ရာ စိန်ခေါ်မှုများ ရှိသည်။ သဘောတရားပိုင်းအရ လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ဒဿနိကဗေဒပိုင်း အခြေခံ သဘောတူညီချက်များ မရှိသလို လူ့အခွင့်အရေး၏ အဓိပ္ပာယ်နှင့် လူ့အခွင့်အရေးတွင် အဓိက ပါဝင်သည့် အချက်များအပေါ် အငြင်းပွားမှုများလည်း ရှိသည် (အခန်း ၁ တွင် ရှုပါ)။ ထိုအချက်များက နိုင်ငံရေးသိပ္ပံ သုတေသနတွင် လက်တွေ့ အဓိပ္ပာယ် ပြန်ဆိုခြင်း (သို့မဟုတ် ထိုအဓိပ္ပာယ် ဖွင့်ဆိုချက်များကို တိုင်းတာ၍ ရသော သဘောတရားများ အဖြစ် အဓိပ္ပာယ် ပြန်ဆိုခြင်း) ကို ပြဿနာ ရှိစေသည်။ လူ့အခွင့်အရေး တိုင်းတာခြင်းနှင့် ပတ်သက်၍ နည်းလမ်းပိုင်း ဆိုင်ရာ စိန်ခေါ်မှုများမှာ သဘောတရားပိုင်း ဆိုင်ရာ စိန်ခေါ်မှုများနှင့် ဆက်စပ်နေသည်။ အခွင့်အရေးများကို တိုင်းတာရန် ကြိုးပမ်းမှုများသည် ယေဘုယျ အားဖြင့် လူ့အခွင့်အရေးကို သဘောတရားပိုင်းအရ အဓိပ္ပာယ် ဖွင့်ဆိုရန် ကြိုးပမ်းမှုများအား ဆွဲသွင်းသလို ဖြစ်ပြီး နိုင်ငံရေး သိပ္ပံ သုတေသနတွင် လက်တွေ့ အဓိပ္ပာယ် ပြန်ဆိုနိုင်သည့် စနစ်တကျ အဓိပ္ပာယ် ဖွင့်ဆိုချက်များ လိုအပ်လာသည် (Adcock and Collier, 2001 တွင် ရှုပါ)။ လူ့အခွင့်အရေး ဆိုင်ရာ သတင်းအချက်အလက်များသည် တစ်ဖက်သတ်ဆန်၊ မညီမျှဘဲ အပြည့်အစုံ မရှိသောကြောင့် လူ့အခွင့်အရေး ပြဿနာများကို လေ့လာ ဆန်းစစ်ပြီး စနစ်တကျ တိုင်းတာနိုင်သည့် အတိုင်းအတာနှင့် ပတ်သက်ပြီးလည်း နည်းလမ်းပိုင်းဆိုင်ရာ စိန်ခေါ်မှုများ ရှိသေးသည်။

သဘောတရားပိုင်းအရ အားလုံး သဘောတူထားသော ဒဿနိက အခြေခံ မရှိခြင်းအပေါ် တုံ့ပြန်ပုံ နှစ်မျိုး ရှိသည်။ ဥပဒေပိုင်းအရ တုံ့ပြန်ခြင်းက လူ့အခွင့်အရေး စံနှုန်းများ၊ စာချုပ်စာတမ်းများနှင့် ကြေညာချက်များ ဖွံ့ဖြိုးလာခြင်းနှင့် များပြားလာခြင်းသည် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန် တစ်ကမ္ဘာလုံး သဘောတူညီလာခြင်း၏ သက်သေဖြစ်သည်ဟု ဆိုကြသည် (Freeman, 2001)။ နိုင်ငံများနှင့် နိုင်ငံတော် မဟုတ်သည့် ဇာတ်ကောင်များက နိုင်ငံတကာ အသိုင်းအဝိုင်း အကြား ကတိကဝတ် ပြုခြင်းကလည်း ထိုသက်သေပင် ဖြစ်သည် (Boyle, 1995, p. 81)။ လူမှုရေးနှင့် နိုင်ငံရေး တုံ့ပြန်ချက်များက အခွင့်အရေးများကို ၁၈၊ ၁၉ နှင့် ၂၀ ရာစု အစောပိုင်းတွင် ပြည်တွင်း လှုပ်ရှားမှုများမှ တစ်ဆင့် ဖော်ထုတ်ခဲ့ပြီး နောက်ပိုင်းမှသာ ကုလနိုင်ငံတို့ ယခု အသိအမှတ်ပြုထားသည့် နိုင်ငံတကာ လူ့အခွင့်အရေး စနစ်ကို ဖန်တီးရန် စံနှုန်း သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ အပေါ် နိုင်ငံတကာ ထောက်ခံ လှုပ်ရှားမှုများ လုပ်ဆောင်လာခြင်း ဖြစ်သည်ဟု ဆိုသည် (ဥပမာ Marshall, 1965; Tilly, Tilly, and Tilly, 1975; Claude, 1976; Barbalet, 1988; Foweraker and Landman, 1997; Ishay, 2004; Landman, 2013, 2015 တို့ကို ရှုပါ)။ လက်ရှိ သုတေသနများအရ နိုင်ငံတကာ အဆင့်တွင် ဖော်ထုတ်ခဲ့သည့် လူ့ခွင့်အရေး စံနှုန်းများသည် ပြည်တွင်းအဆင့်၌ အားကောင်းလာကာ၊ အထူးသဖြင့် နှစ်ပေါင်း ရှည်ကြာ ပဋိပက္ခ ဖြစ်ခြင်းနှင့် အာဏာရှင် စနစ်အောက် ကျရောက်ခြင်းမှ နိုးထလာသည့် နိုင်ငံများတွင် တရားမျှတမှု ပျံ့ပွားခြင်းများ ဖြစ်ပေါ်စေသည် (Sikkink, 2011; Landman, 2013 တို့တွင် ရှုပါ)။ ထိုသို့ အခွင့်အရေးများ ပြုလုပ်ခြင်းက လူ့အခွင့်အရေးသည်

"လူဆိုးများ၏ ခြိမ်းခြောက်မှုကို ကာကွယ်ရန် နံရံ တစ်ခု ဖြစ်သည်" (Mendus, 1995, pp. 23-4)၊ "လူသားများ၏ သက်ရှင် လှုပ်ရှားမှုအတွက် လိုအပ်သည့် ဥပဒေ အာမခံချက် ဖြစ်သည်" (Ignatieff, 2001) (သို့) "ကမ္ဘာ့ တရားမျှတမှု ရရှိစေရန် အရေးပါသည့် နိုင်ငံရေး တွန်းအား ဖြစ်သည်" (Falk, 2000) ဟူသည့် ယေဘုယျကျပြီး လက်တွေ့ဆန်သည့် အဆိုများကို ထွက်ပေါ်လာစေသည်။ လူ့အခွင့်အရေး၏ ထိုလက်တွေ့ဆန်သည့် လုပ်ဆောင်ချက်များနှင့် ကိစ္စရပ်များက ၎င်းတို့ကို တိုင်းတာမှုများအတွက် အရေးပါသည့် စမှတ်ကို သတ်မှတ်ပေးသည်။

## လူ့အခွင့်အရေး အမျိုးအစားများနှင့် ရှုထောင့်များ

ဥပဒေနှင့် လူမှု စီးပွားရေးအရ ငြင်းခုံမှုများ ရှိသော်လည်း လူ့အခွင့်အရေး တိုင်းတာမှုများကို ရှုပ်ထွေးစေသည့် လူ့အခွင့်အရေး အမျိုးအစားများနှင့် ပတ်သက်သည့် သဘောထား ကွဲလွဲမှု များလည်း ရှိသေးသည်။ လူ့အခွင့်အရေးများသည် အမြဲတစေပင် အငြင်းပွားဖွယ် ဖြစ်နေသည်ဟု ဆိုရမည်မှာ မတရားသလို ဖြစ်သည် (Gallie, 1956)။ အဘယ်ကြောင့် ဆိုသော် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် ၎င်းနှင့် ဆက်စပ်သည့် စီရင်ခွင့် အာဏာများသည် လူ့အခွင့်အရေးတွင် ပါဝင်မှုများကို ရှင်းလင်းရာတွင် အခြားသော အပြိုင်သဘောတရားများ မလုပ်နိုင်ခဲ့သည့် တိုးတက်မှုများ လုပ်နိုင်ခဲ့သည် (အခန်း ၄ တွင် ရှုပါ)။ သို့တိုင်အောင် လူမှုရေးသိပ္ပံ သုတေသနများ၏ ရည်ရွယ်ချက်အရ လက်တွေ့ အဓိပ္ပာယ် ပြန်ဆိုခြင်းတွင် အတားအဆီး ဖြစ်နိုင်သည့် အဓိပ္ပာယ် ဖွင့်ဆိုချက် ဆိုင်ရာ ပြဿနာများ ရှိနေသေးသည်။ နိုင်ငံတကာ စာချုပ်စာတမ်းများက ကာကွယ်ပေးရမည့် လူ့အခွင့်အရေး၏ အမျိုးအစားများနှင့် ရှုထောင့်များကို သတ်မှတ်ပေးသည်။ အမျိုးအစားများကို ကောင်းစွာ သိရှိထားကြပြီး ပြည်သူ့ရေးရာ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဟူ၍ အမျိုးမျိုး ရှိကြသည်။ လူ့အခွင့်အရေး ရှုထောင့်များ ဆိုင်ရာ သဘောတရားသည် လူ့အခွင့်အရေးကို လုပ်ဆောင်ပေးရမည့် အခွင့်အရေးများနှင့် ချိုးဖောက်ခြင်းမှ ရှောင်ကြဉ်ရမည့် အခွင့်အရေးများဟူ၍ နားလည်ထားခြင်းမှ အခွင့်အရေး မျိုးဆက်များဟု နားလည်ခြင်းအဖြစ် ပြောင်းလဲလာသည်။ ယင်းမှာ နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးခြင်းမှ ရရှိလာသည့် နိုင်ငံ၏ ဥပဒေ တာဝန်များကို လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းပေးရန် ဟူ၍ သတ်မှတ်ထားခြင်း ဖြစ်ပြီး ပို၍ အသုံးဝင်သည် (e.g. E/C.12/1999/5)။

လူ့အခွင့်အရေးကို လေးစားရန် တာဝန်က နိုင်ငံများနှင့် ၎င်း၏ အစိတ်အပိုင်းများ အားလုံး၊ အဖွဲ့အစည်းများ အားလုံးကို လူတစ်ဦး၏ ပြည့်စုံမှုကို ချိုးဖောက်သည့် (သို့) ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အရင်းအမြစ်များ ရရှိရေး ဆိုင်ရာ အခွင့်အရေးများကို ဖောက်ဖျက်သည့် လုပ်ရပ်၊ မူဝါဒ (သို့) ဥပဒေများအား လုပ်ဆောင်ခြင်း၊ ပံ့ပိုးခြင်း၊ မျက်ကွယ် ပြုထားခြင်းတို့မှ ရှောင်ကြဉ်ရန် ဖြစ်သည်။ ထိုတာဝန်အရ အခွင့်အရေးများကို အာမခံ ပေးသည့် ဥပဒေ ရေးရာနှင့် စီမံခန့်ခွဲမှု ရေးရာ ပြဋ္ဌာန်းချက်များ ထုတ်ပြန်ရန်လည်း လိုအပ်သည်။ ကာကွယ်ရန် တာဝန်က အခြားသူများ (သို့) အစိုးရ မဟုတ်သည့် ဇာတ်ကောင်များက လူ့အခွင့်အရေး ချိုးဖောက်ခြင်းကို တားဆီးပေးရန် နိုင်ငံတော်နှင့် ၎င်း၏ အဖွဲ့အစည်းများကို တာဝန် ပေးထားသည်။ ချိုးဖောက်မှု ဖြစ်ပွားပါက နိုင်ငံတော်မှ ဥပဒေအရ ကုစားမှုများ လက်လှမ်းမီစေနိုင်ရေးကို အာမခံ ပေးရမည်။

ဖြည့်ဆည်းရန် တာဝန်တွင် ထောက်ခံ လှုပ်ရှားခြင်း၊ ပြည်သူ့ အသုံးစရိတ်၊ စီးပွားရေးအတွက် အစိုးရ၏ စည်းမျဉ်းများ၊ အခြေခံ ဝန်ဆောင်မှုများ ပေးခြင်းနှင့် သက်ဆိုင်သည့် အခြေခံ အဆောက်အဦများ၊ ပြန်လည် ဝေမျှပေးရေး ဆိုင်ရာ နည်းလမ်းများ စသည်တို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်များ ပါဝင်သည်။ ဖြည့်ဆည်းပေးခြင်း တာဝန်အရ ခံစားခွင့် ရှိသည်များကို လက်လှမ်းမီရေး အတွက် အခွင့်အလမ်းများကို အာမခံသည့် လုပ်ဆောင်ချက်များ ပါဝင်သည် (UNDP, 2006, p. 4)။

ထိုအမျိုးအစားများနှင့် ရှုထောင့်များကို ပေါင်းစပ်ခြင်းက လူ့အခွင့်အရေး အကျယ်နှင့် ပတ်သက်၍ ရိုးရှင်းသည့် ဇယား တစ်ခုကို ထွက်ပေါ်လာစေပြီး လူ့အခွင့်အရေးကို လူမှုရေးသိပ္ပံ လေ့လာမှုများတွင် လက်တွေ့ အဓိပ္ပာယ် ပြန်ဆိုရန် ကောင်းမွန်သည့် စမှတ် တစ်ခုကို ရရှိစေသည် (ဇယား ၈.၁ ကို ရှုပါ)။ ယနေ့ခေတ် လူမှုရေးသိပ္ပံပညာရပ်တွင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများကို ရှုထောင့်နှစ်ခု ဖြစ်သည့် လေးစားခြင်းနှင့် ကာကွယ်ခြင်းမှ အလေးပေး လေ့လာသည်။ ထိုကြိုးပမ်းမှုများကို ယခုအခန်း၏ ဘောင်ထက် ပိုမို ကျယ်ပြန့်သော သဘောတရားပိုင်း ဆိုင်ရာနှင့် နည်းလမ်းပိုင်း ဆိုင်ရာ အကြောင်းပြချက်များ၏ လုပ်ငန်းစဉ်ဟု ရှုမြင်နိုင်သည် (Landman, 2005a တွင် ရှုပါ)။ ဇယားက အခွင့်အရေးများအားလုံးတွင် ထိုရှုထောင့်များ ရှိကြောင်းနှင့် အခွင့်အရေးများ ရရှိစေရေးသည် နိုင်ငံတော်၏ အရင်းအမြစ်များ ပံ့ပိုးပေးခြင်း၊ နိုင်ငံတော်က အခွင့်အရေး ချိုးဖောက်မှု မပြုခြင်းနှင့် ပြည်သူ တစ်ဦးစီကို အခြားသူများက လာရောက်၍ အခွင့်အရေး ချိုးဖောက်ခြင်းများမှ ကာကွယ်ပေးရန်တို့ အားလုံး ပါဝင်ကြောင်း ပြသနေသည်။ လူ့အခွင့်အရေးကို ထိုသို့ ပုံဖော်ခြင်းသည် (ကျွန်ုပ်အမြင်တွင် မမှန်ကန်သည့်) လုပ်ဆောင်ခြင်းဖြင့် လိုက်နာရမည့် အခွင့်အရေးများနှင့် ရှောင်ကြဉ်ခြင်းဖြင့် လိုက်နာရမည့် အခွင့်အရေးများ ဟူ၍ နှစ်မျိုးခွဲခြား စဉ်းစားမှုကို ထွက်ပေါ်စေပြီး အခွင့်အရေးများ အားလုံးတွင် လုပ်ဆောင်ခြင်းနှင့် ရှောင်ကြဉ်ခြင်းဟူ၍ ရှုထောင့် နှစ်ခု ရှိသည်ဟု အကြံပြုရာ ကျသည်။

ဇယား ၈.၁။ လူ့အခွင့်အရေး အမျိုးအစားများနှင့် ရှုထောင့်များ

| | | **လူ့အခွင့်အရေး ရှုထောင့်များ** | | |
|---|---|---|---|---|
| | | **လေးစားခြင်း** | **ကာကွယ်ခြင်း** | **ဖြည့်ဆည်းပေးခြင်း** |
| | | အခွင့်အရေး ကျင့်သုံးခြင်း တွင် ဝင်ရောက် စွက်ဖက်မှု မပြုခြင်း | အခြားသူများက ချိုးဖောက် ခြင်းကို တားဆီးခြင်း | အရင်းအမြစ်များ ပံ့ပိုးခြင်း နှင့် မူဝါဒ ရလဒ်များ |
| လူ့အခွင့် အရေး အမျိုး အစားများ | ပြည်သူ့ ရေးရာနှင့် နိုင်ငံရေး | ၁<br>နိုင်ငံတော်မှ ညှဉ်းပန်း နှိပ်စက်မှု၊ ဥပဒေ ပြင်ပ သတ်ဖြတ်မှုနှင့် ဖမ်းဆီး ထိန်းသိမ်းမှု၊ ရွေးကောက်ပွဲ ခြိမ်းခြောက်မှု၊ မဲပေးခွင့် ရုတ်သိမ်းခြင်း အစရှိသည် တို့ကို မလုပ်ဆောင်သည့် အတိုင်းအတာ | ၂<br>သူပုန်များ၊ မငြိမ်းချမ်းသည့် လှုပ်ရှားမှုများ၊ ပုဂ္ဂလိက လုပ်ငန်းများ (သို့) အဖွဲ့ အစည်းများ ကဲ့သို့သော နိုင်ငံတော် မဟုတ်သည့် ဇာတ်ကောင်များကို အကြမ်းဖက်မှုများ ကျူးလွန်ခြင်းမှ တားဆီးခြင်း | ၃<br>တရားစီရင်ရေး၊ အကျဉ်းထောင်များ၊ ရဲတပ်ဖွဲ့များ၊ ရွေးကောက်ပွဲ တာဝန် ရှိသူများအတွက် အစိုးရ၏ ရင်းနှီး မြှုပ်နှံမှု နှင့် လုပ်ဆောင်နိုင်ရန် အရင်း အမြစ် ဝေမျှပေးရေး |
| | စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု | ၄<br>ကျန်းမာရေး၊ ပညာရေးနှင့် ဖူလုံရေး၊ အရင်းအမြစ် | ၅<br>နိုင်ငံတော် မဟုတ်သည့် ဇာတ်ကောင်များကို | ၆<br>တဖြည်းဖြည်းနှင့် ရရှိ စေခြင်း၊ ကျန်းမာရေး၊ ပညာရေး၊ |

| | | | |
|---|---|---|---|
| | ခွဲဝေပေးရေး တို့တွင် နိုင်ငံတော်က လူမျိုးစုရေး၊ လူမျိုးရေး၊ ဂျန်ဒါ (သို့) ဘာသာစကားအရ ခွဲခြား ဆက်ဆံမှုများ ပြုလုပ်သည့် အတိုင်းအတာ | ဝန်ဆောင်မှုများနှင့် အခြေအနေများ ရရှိစေရေး အား ကန့်သတ်မည့် ခွဲခြား ဆက်ဆံသည့် လုပ်ရပ်များ လုပ်ဆောင်ခြင်းမှ တားဆီးခြင်း | ဖူလုံရေး တို့တွင် ရင်းနှီး မြှုပ်နှံမှုများ၊ လုပ်ဆောင်နိုင်ရန် အရင်းအမြစ် ဝေမျှ ပေးမှု |

*အရင်းအမြစ်၊* UNDP မှ ကိုးကားသည် (2006, p. 5)

## အခြားသော နည်းလမ်းပိုင်းဆိုင်ရာ စိန်ခေါ်မှုများ

ဇယားက မတူညီသည့် လူ့အခွင့်အရေး အမျိုးအစားများနှင့် ရှုထောင့်များအရ မည်သည်တို့ကို တိုင်းတာရန် လိုအပ်သည်ကို ခြုံငုံ ဖော်ပြထားသော်လည်း တရားဝင်သော (တိုင်းတာသင့်သည် များကို တိုင်းတာထားသော တိုင်းတာချက်)၊ အဓိပ္ပာယ် ရှိသော (အရေးပါသည့် အရာကို တိုင်းတာထားခြင်း)၊ ခိုင်လုံသော (တိုင်းတာမှုကို အခြား နောက်ခံ အခြေအနေများနှင့် အခြားသူများကလည်း ထိုအတိုင်းပင် လုပ်ဆောင်နိုင်ခြင်း) တိုင်းတာမှုများ ပြုလုပ်နိုင်ရန် ဇယား၏ အခြား အကွက်များတွင် ဖြည့်နိုင်သည့် နည်းလမ်းပိုင်း ဆိုင်ရာ စိန်ခေါ်မှု အများအပြား ကျန်ရှိနေသေးသည်။ လူ့အခွင့်အရေးများသည် တိုင်တန်းခြင်း မခံရသော၊ လွဲမှားစွာ တိုင်တန်း ခံရသော၊ လျှော့ချ တိုင်တန်း ခံရသော (သို့) ပို၍ တိုင်တန်းခံရသော လူမှု ဖြစ်ရပ်များ ဖြစ်လေရာ ၎င်းတို့ကို စနစ်တကျ တိုင်းတာရန်မှာ များစွာ ပြဿနာ ရှိသည်။ ထို့ပြင် လေ့လာချက်များအရ လူ့အခွင့်အရေး အကြောင်း ပိုမို သိရှိလာခြင်းက လူ့အခွင့်အရေး ပြဿနာများ တိုင်တန်းခြင်းနှင့် မှတ်တမ်းတင်ခြင်း နည်းလမ်းများကို စနစ်တကျ ပြောင်းလဲစေပြီး တိုင်းတာမှု ရလဒ်များကိုလည်း ပြောင်းလဲစေသည် (Fariss, 2014 တွင် ရှုပါ)။ နှစ်ပေါင်းများစွာအတွင်း နိုင်ငံရေး သိပ္ပံ ပညာရပ်က သတင်းစာများအပေါ် အခြေခံ၍ ဖြစ်ရပ် ရေတွက်ခြင်း (အခွင့်အရေး တစ်ခုကို မည်မျှ ချိုးဖောက်ခံရသနည်း) မှ ပို၍ စနစ်တကျနှင့် ခိုင်လုံမှု ရှိစွာ မှတ်တမ်းတင်သည့် အချက်အလက် အရင်းအမြစ် အမျိုးမျိုးကို အသုံးပြုသည့် ပုံစံ အဖြစ်သို့ ပြောင်းလဲလာသည် (ကျွန်ုပ်တို့ တွေ့ရမည် ဖြစ်သည့်အတိုင်း အွန်လိုင်းတွင် ရရှိသော "အများအတွက် ဖွင့်ပေးထားသော အချက်အလက်များ" နှင့် "ကြီးမားသော အချက်အလက်များ" ကို အသုံးပြုလာခြင်း)။ သို့ရာတွင် လူ့အခွင့်အရေးကို တိုက်ရိုက် တိုင်းတာသော အချက်အလက် အမျိုးအစား ရရှိမှုနှင့် ထိုအချက်အလက်များကို မူတည်၍ လေ့လာမှု ပြုနိုင်သော နိုင်ငံရေးသိပ္ပံ လေ့လာမှု အမျိုးအစားများအကြား အပေးအယူ လုပ်ရသည်များ ရှိလာသည်။ တစ်ဘက်တွင်လည်း နှစ်ပေါင်းကြာရှည် အာဏာရှင် စနစ်၊ နိုင်ငံခြား သိမ်းပိုက်မှု (သို့) ပြည်တွင်းစစ် ခံစားနေရသည့် နိုင်ငံများမှ အချက်အလက် အမျိုးအစား ခွဲထားသော လူ့အခွင့်အရေး ဖြစ်ရပ် ဆိုင်ရာ အချက်အလက်များ စုဆောင်းမှုက နည်းနေသေးသည် (Jabine and Claude, 1992; Ball, Spirer, and Spirer, 2000; Ball et al., 2003; Landman, 2006b; Landman and Carvalho, 2009; Seybolt, Aronson, and Fischoff, 2013 တို့ကို ရှုပါ)။ ထိုအချက်အလက်များက အစုလိုက် အပြုံလိုက် အခွင့်အရေး ချိုးဖောက်မှုများအကြောင်း ဖြစ်ပြီး တရားဝင် အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်မှ စုဆောင်းရရှိသည့် ထွက်ဆိုချက်များ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ စောင့်ကြည့်ရေး စနစ်များ၊ ရင်ခွဲရုံ (ဥပမာ ဟေတီ) နှင့် သင်္ချိုင်းများ (ဥပမာ အရှေ့တီမော) မှ ရလဒ်များကို ဆန်းစစ် လေ့လာခြင်း၊ နောက်ကြောင်းပြန် မေးမြန်းသည့် သုတေသန နည်းလမ်းများ (ဥပမာ အရှေ့တီမော) အစရှိသည့်

အချက်အလက် အရင်းအမြစ် အများအပြားကို အသုံးပြုပြီး မှတ်တမ်းတင်ထားခြင်း ဖြစ်သည် (Landman, 2006b, pp. 107-25 တွင် ရှုပါ)။

အခြားတစ်ဘက်တွင်လည်း လူ့အခွင့်အရေး အချက်အလက်များကို နိုင်ငံအများအပြားတွင် (150<N<194) အချိန်အများအပြား၌ (25<T<36) ပို၍ ကျယ်ကျယ်ပြန့်ပြန့် ကောက်ယူလာသည်။ ယင်းအချက်အလက်များမှာ ပို၍ ယေဘုယျဆန်ပြီး အချို့သော လူ့အခွင့်အရေးများ ကာကွယ်မှု အတွက် ကျယ်ပြန့်သည့် ပုံစံများကို မှတ်တမ်းတင်ထားသည် (Jabine and Claude, 1992; Landman, 2002, 2006b; Landman and Carvalho, 2009 တို့ကို ရှုပါ)။ ထိုအချက်အလက်များကို အရင်းအမြစ် အများအပြား (အချို့ကို တိတိကျကျ ဖော်ပြထားခြင်း မရှိပေ[၂]) မှ ကောက်ယူထားခြင်း ဖြစ်သည်။ စံနှုန်းအရ အဆင့် သတ်မှတ်ခြင်းသည် လူ့အခွင့်အရေး အမျိုးအစား အမျိုးမျိုးအတွက် ယေဘုယျ ပုံစံများကို တင်ပြမှုများအား အလေးအနက် ဖတ်ရှုရာမှ ထွက်ပေါ်လာသည်။ ယင်းမှာ များသောအားဖြင့် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာန (သို့) နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ (ကျွန်ုပ်တို့ တွေ့ကြရမည် ဖြစ်သည်) တို့မှ ထုတ်ဝေသည့် နိုင်ငံဆိုင်ရာ အစီရင်ခံစာများကို မှီခိုထားခြင်း ဖြစ်သည်။ “တရားဝင် စာရင်းအင်း အချက်အလက်များ” နှင့် လူမှု စီးပွားရေးနှင့် စီမံ ခန့်ခွဲရေး အချက်အလက်များကို အသုံးပြုခြင်းက တရားဝင် ဖြစ်မှုနှင့် ခိုင်လုံမှုတို့နှင့် ပတ်သက်၍ ပြဿနာများ ရှိနိုင်သည်။ အဘယ်ကြောင့် ဆိုသော် အစိုးရ အဖွဲ့အစည်းများက အချက်အလက်များ ကောက်ယူနိုင်စွမ်း ရှိချင်မှ ရှိမည် ဖြစ်ပြီး အချက်အလက်များကို လူ့အခွင့်အရေး လေ့လာမှုများ အတွက် အရေးပါသည့် ပုံစံဖြင့် ကောက်ယူထားချင်မှ ကောက်ယူထားမည် ဖြစ်သည်။

ကျပန်း နမူနာများကို လူ့အခွင့်အရေးအပေါ် အမြင်များ (သို့) လူ့အခွင့်အရေး ချိုးဖောက် ခံရမှု အတွေ့အကြုံများ အကြောင်း မေးခွန်းများ မေးသည့် စစ်တမ်း ကောက်ယူမှု ပုံစံများ အသုံးပြုခြင်းကလည်း နည်းလမ်းပိုင်းဆိုင်ရာ စိန်ခေါ်မှုများ ရှိသည်။ ပြဿနာများမှာ နမူနာ အမျိုးအစားနှင့် နမူနာ သတ်မှတ်ခြင်း နည်းလမ်းများအပေါ် သဘောထား ကွဲလွဲမှုများ၊ စစ်တမ်း၏ ဒီဇိုင်း၊ အသုံးပြုထားသည့် မေးခွန်းများ၊ ထိုသို့သော နည်းလမ်းများ အသုံးပြုကာ ကြေကွဲဖွယ်ရာ ဖြစ်သည့် လူ့အခွင့်အရေး ချိုးဖောက်မှု ကဲ့သို့သော အချက်အလက်များကို အသေးစိတ် ရယူခြင်းနှင့် စပ်လျဉ်းသည့် ထိလွယ်၊ ရှလွယ် ဖြစ်မှုများ အစရှိသည်တို့ ဖြစ်သည်။ မေးခွန်းများ စတင် မမေးမီ စစ်တမ်း ဒီဇိုင်းက လေ့လာလိုသော လူ့အခွင့်အရေး ပြဿနာနှင့် သဘောတရားနှင့် အတိုင်းအတာ၊ စစ်တမ်း အသုံးပြုခြင်းက ပြဿနာ ရှိနိုင်သည့် ထိခိုက်ခံရသော အသိုင်းအဝိုင်းများ၊ ဘာသာစကားနှင့် ယဉ်ကျေးမှု အချက်အလက်များ စသည်တို့ကို ထည့်သွင်း စဉ်းစားသင့်သည်။ ထို့ပြင် စစ်တမ်း သုတေသနတွင် ပါဝင်သည့် မည်သည့် အဆင့်မဆို ကောင်းစွာ ကိုင်တွယ်ခြင်း မပြုပါက စစ်တမ်းမှ ထွက်ပေါ်လာသည့် ရလဒ်များတွင် ဘက်လိုက်မှု ဖြစ်ပေါ် စေပြီး လေ့လာ နေသည့် လူ့အခွင့်အရေး အခြေအနေများအတွက် မှားယွင်းသည့် နိဂုံးများ ထွက်ပေါ်စေလိမ့်မည် (Landman and Carvalho, 2009, pp. 91–106 ကို ရှုပါ)။

နိုင်ငံရေး သိပ္ပံမှ အခြားသော အပေးအယူများကဲ့သို့ပင် ပညာရှင်များသည် အချက်အလက် အမျိုးမျိုး အသုံးပြုကာ သုတေသန ပြုလုပ်ရသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံများမှ မတူညီသည့် နမူနာများကို လေ့လာစမ်းစစ်ခြင်းက မတူညီသည့် ကောက်ချက်များ ထွက်ပေါ်လာနိုင်သည့် အချက်ကို အသိအမှတ် ပြုရသည်။ ယနေ့အချိန်အထိ ထုတ်ဝေထားသည့် နိုင်ငံရေးသိပ္ပံ စာတမ်းများတွင် နိုင်ငံ အများအပြားကို

အချိန်အပိုင်းအခြား အများအပြားတွင် စာရင်းအင်း နည်းအရ လေ့လာခြင်း (pooled cross-national time-series (PCTS)) (သို့) ရရှိသော အချက်အလက်များ အားလုံးကို အသုံးမပြုဘဲ နမူနာ အနည်းငယ်ကို နှိုင်းယှဉ် လေ့လာခြင်းနှင့် နိုင်ငံ တစ်နိုင်ငံ၏ ဖြစ်ရပ်ကိုသာ လေ့လာခြင်း နည်းလမ်းများကို အသုံးပြုကြသည်။ PCTS အချက်အလက်များတွင် နိုင်ငံ အများအပြားကို အချိန်အပိုင်းအခြား အများအပြား၌ လူ့အခွင့်အရေး တိုင်းတာမှုများနှင့် အခြားသော ကိန်းရှင်များ ပါဝင်သည်။ ဖြစ်ရပ်ဆိုင်ရာ အချက်အလက်များမှာ ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားအတွက် မရရှိသေးရာ ထိုသို့သော လေ့လာဆန်းစစ်မှုများ လုပ်ဆောင်ခြင်း မပြုနိုင်ပေ။ နိုင်ငံများက ထိုသို့သော အချက်အလက်များကို စုဆောင်းထားပါက ၎င်းတို့ကို နှိုင်းယှဉ်ပြီး တွေ့ရသည့် ဆင်တူသည့် အချက်များနှင့် ကွဲလွဲချက်များကို ရှင်းပြနိုင်သော နှိုင်းယှဉ် လေ့လာမှုများ ပြုလုပ်နိုင်သည်။ ဥပမာ ဘရိုကတ် (Brockett) (2005) ၏ အယ်လ်ဆာဗဒေါ် နှင့် ဂွာတီမာလာမှ လူ့အခွင့်အရေးဆိုင်ရာ အချက်အလက်များကို နှိုင်းယှဉ်သည့် သုတေသနမျိုး ဖြစ်သည်။ လူ့အခွင့်အရေး ဖြစ်ရပ်ဆိုင်ရာ အချက်အလက်များမှာ နိုင်ငံ၏ လက္ခဏာ တစ်မျိုးကို အသေးစိတ် အလေးစိုက်ထားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်စဉ်ကို လေ့လာခြင်းအတွက်သာ အသင့်လျော်ဆုံး ဖြစ်သော်လည်း ထိုအချက်အလက်များကို အပြည့်အဝ အသုံးချသည့် လေ့လာမှု အနည်းငယ်သာ ရှိသေးသည်။

ခြုံပြောရလျှင် လူ့အခွင့်အရေး တိုင်းတာမှုများအတွက် စနစ်များ ဖော်ထုတ်ရန် ကြိုးပမ်းမှုများသည် နိုင်ငံရေးသိပ္ပံ ပညာရပ် အတွင်း၌ရော အခြားသော လူ့အခွင့်အရေး ဆိုင်ရာ ပညာရှင်များနှင့် လှုပ်ရှားသူများ အတွင်း၌ပါ တိုးတက်လာပြီ ဖြစ်ပြီး တိုင်းတာမှု နည်းလမ်း အမျိုးမျိုး အသုံးပြုကာ လူ့အခွင့်အရေး ပုံစံ အမျိုးမျိုးနှင့် ရှုထောင့် အမျိုးမျိုးကို ထည့်သွင်း စဉ်းစားလာကြပြီ ဖြစ်သည်။ ထိုတိုင်းတာမှု ပုံစံ အမျိုးမျိုးကို ဆက်လက် ဆွေးနွေးသွားပါမည်။

| အနှစ်ချုပ် |
| --- |
| လူ့အခွင့်အရေးများတွင် တိုင်းတာနိုင်သည့် အမျိုးအစား အမျိုးမျိုးနှင့် ရှုထောင့် အမျိုးမျိုး ရှိသည်။<br>အချို့သော အမျိုးအစားများနှင့် ရှုထောင့်များကို အခြားအမျိုးအစားများထက် ပိုမို တိုင်းတာလေ့ ရှိသည်။<br>လူ့အခွင့်အရေး တိုင်းတာမှုတွင် ကျော်လွှားရမည့် နည်းလမ်း ဆိုင်ရာ စိန်ခေါ်မှု အများအပြား ရှိနေသေးသည်။<br>နိုင်ငံရေး သိပ္ပံ ပညာရှင်များက နိုင်ငံ အများအပြား၊ နိုင်ငံ အနည်းငယ်ကို နှိုင်းယှဉ်သည့် နည်းလမ်းများနှင့် နိုင်ငံ တစ်နိုင်ငံတည်းကို လေ့လာသည့် နည်းလမ်းများ အသုံးပြုသည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းတို့အကြောင်း ပိုမို သိရှိလာခြင်းက လူ့အခွင့်အရေးများ တိုင်းတာသည့် နည်းလမ်းများနှင့် ကမ္ဘာ့ လူ့အခွင့်အရေး အခြေအနေ အကဲဖြတ်မှု ပုံစံများအပေါ် မည်ကဲ့သို့ သက်ရောက်မှုများ ရှိနိုင်သနည်း။ |

## လူ့အခွင့်အရေး တိုင်းတာမှု ပုံစံများ

အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊ လက်တွေ့ လုပ်ဆောင်ချက်အတွက် အဓိပ္ပာယ် ပြန်ဆိုခြင်းများတွင် ပြဿနာများ ရှိနေသော်လည်း လူ့အခွင့်အရေးကို တိုက်ရိုက် တိုင်းတာရန် (သို့) လူ့အခွင့်အရေး၏ ရှုထောင့် အမျိုးမျိုးကို အနီးစပ်ဆုံး တိုင်းတာရန် တိုင်းတာမှု ပုံစံ ငါးခုကို ဖော်ထုတ်ခဲ့သည်။ *ဖြစ်ရပ် အခြေပြု နည်းလမ်း*က တင်ပြလာသည့် တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များနှင့် အုပ်စုများအပေါ် အကြမ်းဖက်မှု ကျူးလွန်ခြင်းများကို ရေတွက်ပြီး ဇယား ရေးဆွဲခြင်းများ ပြုလုပ်သည်။ *စံနှုန်း အခြေပြု* အချက်အလက်က ချိုးဖောက်မှု မည်မျှနှင့် မည်သည့် အတိုင်းအတာ ဖြစ်ပွားသည်ကို မှတ်တမ်းတင်သည်။ ထို့နောက် ပြောဆို တင်ပြထားသည့် လူ့အခွင့်အရေး ဆိုင်ရာ အချက်အလက်များကို စံသတ်မှတ်ထားသည့် စကေး တစ်ခု အတွင်း **ကိန်းဂဏန်း တစ်ခု ပြောင်းလဲ၍ သတ်မှတ်ခြင်း** (coding) ဖြင့် တိုင်းတာ၍ ရသော ကိန်းဂဏန်း အခြေပြု ညွှန်းကိန်းများ အဖြစ် ပြောင်းလဲသည်။ *စစ်တမ်း အခြေပြု* အချက်အလက်က နိုင်ငံ လူဦးရေထဲမှ ကျပန်း ရွေးချယ်ထားသည့် နမူနာများကို အသုံးပြုကာ အခွင့်အရေး ကာကွယ်မှု အပေါ် အမြင်များနှင့်/သို့မဟုတ် လူ့အခွင့်အရေး ချိုးဖောက်မှု ဆိုင်ရာ အတွေ့အကြုံများနှင့် ပတ်သက်သည့် မေးခွန်းများ မေးမြန်းသည်။ *လူမှု စီးပွားရေးနှင့် အုပ်ချုပ်ရေး ဆိုင်ရာ စာရင်းအင်း*များကိုလည်း တိုက်ရိုက်မဟုတ်သော နည်းလမ်းဖြင့် နိုင်ငံ၏ လူ့အခွင့်အရေးများကို လေးစား၊ ကာကွယ်ပြီး ဖြည့်ဆည်းပေးရန် ကြိုးပမ်းမှုများအား တိုင်းတာရန် အသုံးပြုလာသည်။ နောက်ဆုံး အနေဖြင့် အချို့သော တိုင်းတာမှုများက မတူညီသည့် လူ့အခွင့်အရေး အချက်အလက် တိုင်းတာမှု ပုံစံများကို ပေါင်းစပ်ခြင်း (သို့) မတူညီသော နိုင်ငံများမှ လူ့အခွင့်အရေး လုပ်ဆောင်ချက်များအပေါ် အမြင်များအား နှိုင်းယှဉ်ခြင်းတို့ကို ပြုလုပ်ကြသည် (ဥပမာ Anderson et al., 2005; Richards, 2006 တို့ကို ရှုပါ) (စာသေတ္တာ ၈.၂ ကို ရှုပါ)။

| စာသေတ္တာ ၈.၂။ လူ့အခွင့်အရေး တိုင်းတာမှု ပုံစံများအား ပေါင်းစပ်ခြင်း |
|---|
| ကမ္ဘာ့ဘဏ်က ကောင်းမွန်သော အုပ်ချုပ်ရေး ဆိုင်ရာ တိုင်းတာမှုများကို ဖန်တီးခဲ့သည်။ ထိုတိုင်းတာမှု ပုံစံက အချက်အလက် အများအပြားကို အသုံးပြုနိုင်ရန် အချက်အလက် စုစည်းသည့် နည်းလမ်းကို အသုံးပြုကာ ကောင်းမွန်သော အုပ်ချုပ်ရေး ဆိုင်ရာ ညွှန်းကိန်း ၃၀၀ ကျော်ကို အညွှန်းကိန်း ၆ ခုအဖြစ် ပြန်လည် ခွဲခြားထားသည်။<br><br>ထိုအညွှန်းကိန်းများတွင် အောက်ပါတို့ ပါဝင်သည်။<br>၁။ အသံများနှင့် တာဝန်ခံမှု<br>၂။ နိုင်ငံရေး မတည်ငြိမ်မှုနှင့် အကြမ်းဖက်မှု<br>၃။ အစိုးရ၏ ထိရောက်မှု<br>၄။ စည်းမျဉ်း စည်းကမ်းများ၏ ဝန်ထုတ်ဝန်ပိုး ဖြစ်မှု<br>၅။ တရားဥပဒေ စိုးမိုးမှု<br>၆။ အကျင့်ပျက် ချစားမှု<br>အဆိုပါ ကောင်းမွန်သော အုပ်ချုပ်ရေး ဆိုင်ရာ အမျိုးအစား အများအပြားသည် လူ့အခွင့်အရေး စည်းမျဉ်းနှင့် စံနှုန်း အများအပြားနှင့် သိသိသာသာ တူညီနေပြီး ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ကာကွယ်ခြင်းကို သီးသန့် အလေးစိုက် ထားသည်။ ယခုအခါ နိုင်ငံ အများအပြား အတွက် ဆယ်နှစ်စာ |

| | | |
|---|---|---|
| အုပ်ချုပ်မှု တိုင်းတာမှုများကို ရရှိနိုင်ပြီ ဖြစ်သည်။ http://www.govindicators.org တွင် ရှုပါ။<br><br>လူမှု တိုးတက်မှု အညွှန်းကိန်း (Social Progress Index) သည် မတူညီသည့် အချက်အလက် ပုံစံများကို အခြေခံထားသည့် ညွှန်းကိန်းများအား တိုင်းတာမှု တစ်ခုအဖြစ် ပေါင်းစပ်သည့် ဥပမာ ဖြစ်သည်။ လူမှု တိုးတက်မှုကို တိုင်းတာသည့် အညွှန်းကိန်းတွင် ရှုထောင့် သုံးမျိုး ပါဝင်သည် (၁ မှ ၃ ကို ရှုပါ)။ ရှုထောင့် တစ်ခုချင်းစီတွင် အစိတ်အပိုင်း လေးပိုင်း ပါဝင်သည် (က မှ ဃ အထိကို ရှုပါ)။ အစိတ်အပိုင်း တစ်ခုချင်းစီသည် ထိုအစိတ်အပိုင်း၏ မတူညီသော ရှုထောင့် ၃ ခုမှ ၆ ခုကို တိုင်းတာထားသည့် ညွှန်းကိန်းများအား ပေါင်းစပ်ထားခြင်း ဖြစ်သည် (စုစုပေါင်း ညွှန်းကိန်း ၅၄ ခု ပါဝင်သည်)။ | | |
| ၁။ | လူသားတို့၏ အခြေခံ လိုအပ်ချက်များ | က) အစားအစာနှင့် အခြေခံ ဆေးဝါး စောင့်ရှောက်မှု<br>ခ) ရေနှင့် သန့်ရှင်းရေး<br>ဂ) နေစရာ<br>ဃ) လုံခြုံမှု |
| ၂။ | သုခချမ်းသာအတွက် အခြေခံများ | က) အခြေခံ ဗဟုသုတ ရရှိနိုင်မှု<br>ခ) အချက်အလက်များနှင့် ဆက်သွယ်မှုများ ရရှိနိုင်မှု<br>ဂ) ကျန်းမာရေးနှင့် သုခချမ်းသာ<br>ဃ) ရေရှည် တည်တံ့ ခိုင်မြဲသော ဂေဟစနစ် |
| ၃။ | အခွင့်အရေး | က) တစ်ကိုယ်ရည် အခွင့်အရေးများ<br>ခ) တစ်ကိုယ်ရည် လွတ်လပ်မှုနှင့် ရွေးချယ်မှုများ<br>ဂ) သဘောထား ကြီးမှုနှင့် အားလုံး ပါဝင်မှု<br>ဃ) အဆင့်မြင့် ပညာရေး ရရှိနိုင်မှု |
| *အခွင့်အရေး* ရှုထောင့်မှ ညွှန်းကိန်းများသည် လူမှုရေးနှင့် နိုင်ငံရေး အခွင့်အရေးများကို အများစု တိုင်းတာထားခြင်း ဖြစ်သည်။ *လူသားတို့၏ အခြေခံ လိုအပ်ချက်များ* ရှုထောင့်တွင် ပါဝင်သော ညွှန်းကိန်းများသည် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများကို တိုင်းတာထားခြင်း ဖြစ်သည်။ လူမှု တိုးတက်မှု ညွှန်းကိန်း၏ *သုခချမ်းသာအတွက် အခြေခံများ* ရှုထောင့်တွင် ပါဝင်သည့် ညွှန်းကိန်းများမှာ ဥပမာ သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့အပါအဝင် လူသားတို့၏ ကောင်းကျိုး ချမ်းသာ ဆိုင်ရာ ရှုထောင့်များကို ထည့်သွင်း စဉ်းစားထားခြင်း ဖြစ်သည်။ http://www.socialprogressimperative.org တွင် ရှုပါ။ | | |

**ဖြစ်ရပ် အခြေပြု အချက်အလက်များ**

ဖြစ်ရပ် အခြေပြု အချက်အလက်များက မည်သည်တို့ ဖြစ်ပွားခဲ့သည်၊ မည်သည့်အချိန်က ဖြစ်ပွားခဲ့သည်၊ မည်သူတို့ ပါဝင်ခဲ့သည် စသည့် အရေးပါသည့် မေးခွန်းများကို ဖြေဆိုထားပြီး ဖြစ်ရပ်များကို ဖော်ပြခြင်းနှင့် ကိန်းဂဏန်းအရ အကျဉ်းချုပ် အစီရင်ခံခြင်းများ ပါဝင်သည်။ ဖြစ်ရပ်များနှင့် ချိုးဖောက်မှုများကို ရေတွက်ခြင်းတွင် ဥပဒေ ပြင်ပ သတ်ဖြတ်ခြင်းများ၊ ဖမ်းဆီးခြင်းများနှင့် နှိပ်စက်ခြင်းများ ကဲ့သို့သော လူ့အခွင့်အရေး ချိုးဖောက်မှုတွင် ပါဝင်သော (သို့) ချိုးဖောက်မှုကို ဖြစ်ပွားစေသော ကျူးလွန်မှုများနှင့် ရှောင်ကျဉ်ထားမှုများ ပါဝင်သည်။ ထိုအချက်အလက်များက ချိုးဖောက်မှု အဆင့်ကို ခွဲခြားသတ်မှတ်နိုင်ခြေ ရှိပြီး ကျူးလွန်သူများ၊ ထိခိုက်နစ်နာသူများနှင့် မျက်မြင်သက်သေများ ကဲ့သို့သော သက်ဆိုင်သည့်

အချက်အလက်များ ပါဝင်နိုင်သည် ((Ball, Spirer, and Spirer, 2000; Landman, 2006b, pp. 82–3; Seybolt, Aronson, and Fischoff, 2013)။ ဖြစ်ရပ် အခြေပြု အချက်အလက် ဆန်းစစ်လေ့လာခြင်းများသည် ရှည်လျားသည့် သမိုင်းကြောင်းများ ရှိသည်။ အကြမ်းဖက်မှုကို စာရင်းအင်း အခြေပြု လေ့လာမှုများ အနက်မှ ပထမဆုံး လေ့လာမှုများ၌ ပြင်သစ် တော်လှန်ရေးပြီးနောက် အကြောက်တရားဖြင့် အုပ်စိုးသည့်ခေတ်တွင် တစ်စိတ်တစ်ပိုင်း ဥပဒေပြင်ပ ဖြစ်သည့် ကွပ်မျက်မှုပေါင်း ၁၅၀၀၀ ကျော်ကို လေ့လာခဲ့ခြင်းများ ပါဝင်သည် (၁၇၉၃ ခုနှစ် မတ်လမှ ၁၇၉၄ ခုနှစ် ဩဂုတ်လ အထိ)။ လူအများအပြားကို သေဒဏ်ပေးခဲ့သော တရားရုံး စီရင်မှုများအား သိမ်းဆည်းထားသည့် စာရွက်စာတမ်းများကို အသုံးပြုကာ ဂရီရာ (Greer, 1935) က အချိန်၊ နေရာနှင့် လူမှု အဆင့်အတန်းများ (သူကောင်းမျိုးများ၊ လူလတ်တန်းစားများထဲမှ ထိပ်ဆုံးအဆင့် ရောက်နေသူများ၊ လူလတ်တန်းစားများထဲမှ အောက်ဆုံး အဆင့် ရောက်နေသူများ၊ ဘုန်းတော်ကြီးများ၊ အလုပ်သမား လူတန်းစားများ၊ လယ်သမားများ) ကိုလိုက်၍ အပြစ်ပေးမှုနှင့် သတ်ဖြတ်မှု ပုံစံများကို လေ့လာ ဆန်းစစ်ခဲ့သည်။ ယနေ့ခေတ် ဖြစ်ရပ်များ ဖြစ်သည့် ဂွာတီမာလာ (Ball, 2000)၊ ပီရူး (Ball et al., 2003)၊ ကိုဆိုဗို (Ball and Asher, 2002)၊ ကိုလံဘီယာ (Guzman et al., 2007) နှင့် ဆီးရီးယား (Price, Gohdes, and Ball, 2014) ဖြစ်ရပ်များကိုလည်း အလားတူ ဆန်းစစ် လေ့လာမှုများ ပြုလုပ်ခဲ့သည်။ လေ့လာမှု တစ်ခုချင်းစီတွင် အသေးစိတ် ခွဲခြားထားသည့် ချိုးဖောက်မှု ဆိုင်ရာ အချက်အလက်များကို အသုံးပြုကာ ဖြစ်ပွားခဲ့သည့် (သို့) တိုင်ကြားခဲ့သည့် ချိုးဖောက်မှု စုစုပေါင်း အရေအတွက် (များသောအားဖြင့် ဥပဒေပြင်ပ သတ်ဖြတ်မှုများနှင့် လက်စဖျောက်မှုများ)၊ အချက်အလက်များ၏ အချိန်နှင့် နေရာ ပုံစံများ၊ အုပ်စု တစ်စုက ပိုမို ခံစားခဲ့ရခြင်း ရှိပါက ယင်းကို ညွှန်ပြနေသည့် လူမျိုးစု နိုင်ငံရေး ရှုထောင့်များကို ခန့်မှန်းကြသည်။ ဥပမာ ဆန္ဒပြခြင်းနှင့် နိုင်ငံတော်၏ ဖိနှိပ်မှုဆိုင်ရာ အချိန်နှင့် ဖြစ်ရပ် အချက်အလက်များကို အသုံးပြု၍ အယ်လ်ဆာဗဒေါနှင့် ဂွာတီမာလာနိုင်ငံများကို နှိုင်းယှဉ်ကာ ဘရွတ်ကက် (Brockett) (2005) က ဂွာတီမာလာ နိုင်ငံမှ နိုင်ငံတော်၏ အကြမ်းဖက်မှုများသည် ကျေးလက် ဒေသမှ ဆန္ဒပြမှုများကို ပယ်ဖျက်နိုင်ခဲ့ပြီး အယ်လ်ဆာဗဒေါ နိုင်ငံ၌မူ အကြမ်းဖက်မှုများက ယင်းသို့ မပြုလုပ် နိုင်ခဲ့ပေဟု ကောက်ချက်ချခဲ့သည်။

### စံနှုန်း အခြေပြု တိုင်းတာမှုများ

လူ့အခွင့်အရေးများကို စံနှုန်း အခြေပြု တိုင်းတာမှုများက ဖြစ်ရပ်များ ရေတွက်ခြင်းနှင့် ချိုးဖောက်မှုများ တင်ပြခြင်းတို့နှင့် ကွာခြားပြီး အရည်အသွေး အခြေပြု အချက်အလက်များ (qualitative information) ကို စကေးတစ်ခု အသုံးပြုထားခြင်း ဖြစ်သည်။ တင်ပြသည့် လူ့အခွင့်အရေး အခြေအနေများက သတ်မှတ်ထားသည့် စံနှုန်း အခြေအနေများကို ရောက်ရှိ သွားခြင်း ရှိ၊ မရှိဟူသည့် အချက်အပေါ် မူတည်၍ ရလဒ် စကေးများ ထွက်ပေါ်လာသည်။ အထင်ရှားဆုံး ဥပမာများတွင် Freedom House ၏ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး လွတ်လပ်ခွင့်များ (Gastil, 1978, 1980, 1988, 1990; http://www.freedomhouse.org)၊ နိုင်ငံရေး အကြမ်းဖက်မှု စကေး (Mitchell et al., 1986; Poe and Tate, 1994; Gibney and Stohl, 1988)၊ ညှဉ်းပန်း နှိပ်စက်မှု စကေး (Hathaway, 2002) နှင့် ဆင်ဂရာနီလီနှင့် ရစ်ချတ် (Cingranelli and Richards) တို့ စုဆောင်းခဲ့သည့် အခွင့်အရေး ၁၇ ခု ဆိုင်ရာ တိုင်းတာချက်များ (http://www.humanrightsdata.com) ပါဝင်သည်။ Freedom House က ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများကို သတင်းစာပါ သတင်းများနှင့် နိုင်ငံတော်၏ အလေ့အကျင့်များ အကြောင်း နိုင်ငံတွင်း အရင်းအမြစ်များအပေါ် အခြေခံ၍

စံပြု စစ်ဆေးရမည့် စာရင်း အသုံးပြုကာ ရမှတ် သတ်မှတ်ပေးသည်။ ထိုစာရင်းက အခွင့်အရေး အမျိုးအစား တစ်ခုချင်းစီကို အတွက် စကေး နှစ်ခုစီ သတ်မှတ် ပေးထားသည်။ ထိုစကေးများက ၁ (အပြည့်အဝ အကာအကွယ်ပေးသည်) မှ ၇ (အပြည့်အဝ ချိုးဖောက်သည်) အထိ သတ်မှတ်ပေးထားသည်။ ညှဉ်းပန်း နှိပ်စက်ခြင်း၊ နိုင်ငံရေးအရ ထောင်သွင်း အကျဉ်းချခြင်း၊ တရားမဝင် သတ်ဖြတ်ခြင်း၊ လက်စဖျောက်ခြင်း စသည်တို့ ပါဝင်သည့် နိုင်ငံတော်၏ အလေ့အကျင့်များနှင့် ပတ်သက်သည့် နိုင်ငံရေး အကြမ်းဖက်မှု စကေးတွင် ၁ (အပြည့်အဝ အကာအကွယ်ပေးသည်) မှ ၅ (အပြည့်အဝ ချိုးဖောက်သည်) အထိ ရှိသည်။ ထိုစကေးများနှင့် ဆိုင်သည့် အချက်အလက်များသည် အမေရိကန် နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့တို့၏ အစီရင်ခံစာများမှ ရရှိခြင်း ဖြစ်သည်။ ဆင်ဂရာနီလ်နှင့် ရစ်ချတ်တို့၏ လူ့အခွင့်အရေး အချက်အလက်များကလည်း အလားတူ အခွင့်အရေးများကို စကေး ဝ မှ ၂၊ ဝ မှ ၃ အထိ အမှတ်ပေးပြီး အချို့သော စုပေါင်း ညွှန်းကိန်းများတွင် အမှတ် ဝ မှ ၈ အထိ ထားရှိသည်။ အမှတ် မြင့်မြင့် ရခြင်းက ပို၍ ကောင်းမွန်သော အခွင့်အရေး ကာကွယ်မှုများ ရှိသည်ဟု ဆိုလိုသည်။ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများ အပြင် ဆင်ဂရာနီလ်နှင့် ရစ်ချတ်တို့က အမျိုးသမီးများ၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး အခွင့်အရေးများ၊ အလုပ်သမားများနှင့် အခွင့်အရေးနှင့် ဘာသာရေး ဆိုင်ရာ အခွင့်အရေးများ အတွက်လည်း တိုင်းတာမှုများ ပြုလုပ်သည်။

ထိုစကေးများကို လက်တွေ့တွင် လူ့အခွင့်အရေး ရရှိစေမှုများအား တိုင်းတာရန် အဓိက ဖန်တီးထားခြင်း ဖြစ်သော်လည်း အခြား ပညာရှင်များက နိုင်ငံတော်မှ လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် တိုင်းတာရန် တရားဝင် ကတိကဝတ်များအား မှတ်တမ်းတင်သည့် စံနှုန်း အခြေပြု တိုင်းတာမှုများကိုလည်း ပြုလုပ်ကြသည်။ ထိုတိုင်းတာမှုတွင် စကေးများက ၁၉၄၈ ခုနှစ် နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်း ထွက်ပေါ်ချိန်မှ စ၍ ပြဋ္ဌာန်းခဲ့သော နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်စာတမ်း အမျိုးမျိုးကို နိုင်ငံတော်က လက်မှတ်ရေးထိုးခြင်း၊ သဘောတူခြင်း၊ ခြွင်းချက်ထားခြင်း အစရှိသည်တို့ကို မှတ်တမ်းတင်သည်။ ထိုမှတ်တမ်းတင်ခြင်းများတွင် နိုင်ငံများကို စာချုပ် လက်မှတ်ရေးထိုး အတည်ပြုခြင်းအတွက် အမှတ်ပေးပြီး ၎င်းတို့၏ ခြွင်းချက်များက စာချုပ်ပါ အချက်များနှင့် ရည်ရွယ်ချက်ကို ထိခိုက်စေပါက အမှတ်လျှော့သည်။ ကမ့်ကိ (Camp Keith )(1999), ဟက်သာဝေး (Hathaway) (2002), နျူမေယာ (Neumayer) (2005), နှင့် ဟက်ဖ်နာဘာတန်နှင့် ဆူစူရီ (Hafner-Burton and Tsutsui) (2005, 2007) တို့က လက်မှတ် ရေးထိုးခြင်းအတွက် ရိုးရှင်းသည့် အစားထိုး ကိန်းရှင် ပုံစံကို အသုံးပြုခဲ့ပြီး လန်းဒ်မန်း (Landman) (2005b) နှင့် ဆင်မွန်စ် (Simmons) (2009) တို့က နိုင်ငံများ လက်မှတ်ရေးထိုးခြင်း ဆိုင်ရာ ကိန်းရှင်များကို လက်မှတ်ရေးထိုးချိန်နှင့် ရေးထိုးပြီး နောက်ပိုင်း ပြုလုပ်သည့် ခြွင်းချက်များကို တိုင်းတာသည့် ကိန်းရှင်များနှင့် ပူးပေါင်း စဉ်းစားသည်။

**စစ်တမ်း အချက်အလက်များ**

ဖြစ်ရပ် အခြေပြု (သို့) စံနှုန်း အခြေပြု တိုင်းတာမှုများနှင့် နှိုင်းယှဉ်လျှင် လူ့အခွင့်အရေး ဆိုင်ရာ လူမှုရေး သိပ္ပံ သုတေသနများတွင် စစ်တမ်း အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှု ပိုမို နည်းပါးသည်။ ယင်းတို့ကို ဒီမိုကရေစီ ထောက်ခံမှု ဆိုင်ရာ သုတေသနများ (ဥပမာ Kaase and Newton, 1995)၊ ယုံကြည်မှုနှင့် အကျိုးပြုသည့် လူမှုဆက်ဆံရေး (social capital) ဆိုင်ရာ သုတေသနများ (ဥပမာ Whiteley,

1999, 2000)၊ အကျင့်ပျက် ချစားမှု ပုံစံများ (http://www.transparency.org) (သို့) ပစ္စည်းဥစ္စာခေတ်လွန် တန်ဖိုးထားမှုများ ဆိုင်ရာ ညွှန်းကိန်းများ၏ အစိတ်အပိုင်းများအား လေ့လာရာတွင် ပိုမို အသုံးပြုလေ့ ရှိသည်။ သို့ရာတွင် အခွင့်အရေးများအပေါ် အမြင်များနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် တိုက်ရိုက် မဟုတ်သည့် အတွေ့အကြုံများအား တိုင်းတာရန် အိမ်ထောင်စု စစ်တမ်း ကောက်ယူမှုများကို ပို၍ အသုံးပြုလာကြသည်။ မှတ်သားဖွယ်ရာ လုပ်ငန်းများကို လူ့အခွင့်အရေးအတွက် အန်ဂျီအို ကုစားပေးသူများ (the NGO Physicians for Human Rights) အဖွဲ့က လုပ်ဆောင်ခဲ့သည်။ ထိုအဖွဲ့က အန္တရာယ် ကြုံတွေ့နေရသည့် လူထု (ဥပမာ ပြည်တွင်း နေရပ် စွန့်ခွာ ထွက်ပြေးရသူများ (သို့) ပဋိပက္ခမှ အမျိုးသမီးများ) ကို စစ်တမ်းကောက်ကာ လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ သဘောသဘာဝနှင့် အတိုင်းအတာကို လေ့လာကြသည်။ “အန္တရာယ် ကြုံတွေ့နေရသည့် လူနည်းစု အုပ်စုများ” အစီအစဉ်က လူမျိုးအုပ်စုများနှင့် အခြားသော ပြည်တွင်းမှ လူနည်းစုများ မတူညီသည့် ခွဲခြား ဆက်ဆံမှု ပုံစံများ ခံစားရသည့် အတိုင်းအတာကို မှတ်တမ်းတင်သည်။ ထို့ပြင် အရှေ့တီမောမှ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်က အင်ဒိုနီးရှား သိမ်းပိုက်ထားသည့် ၁၉၇၄ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း သေဆုံးမှုများနှင့် နာမကျန်း ဖြစ်မှုများ အားလုံးကို ဖော်ထုတ်ရန် အိမ်ထောင်စုအလိုက် သေဆုံးမှုနှုန်းကို နောက်ကြောင်းပြန် စစ်တမ်း ကောက်ယူခဲ့သည်။ ထို့နောက် စစ်တမ်း အချက်အလက်များကို အမှန်တရား ကော်မရှင်တွင် တင်ပြခဲ့သည့် ထွက်ဆိုချက်မှ အချက်အလက်များ၊ သင်္ချိုင်းများမှ စာရင်းများနှင့် တိုက်ဆိုင် စစ်ဆေး ကြည့်ခဲ့သည်။ အရင်းအမြစ် အများအပြားမှ အချက်အလက်များကို အသုံးပြုကာ ဇီဝဗေဒနှင့် ရောဂါဗေဒ ဆိုင်ရာ ဘာသာရပ်များတွင် အသုံးပြုလေ့ ရှိသည့် log-linear နည်းလမ်းဖြင့် သိမ်းပိုက်ထားစဉ် အချိန်အတွင်း သေဆုံးခဲ့သည့် လူအရေအတွက် စုစုပေါင်းကို ခန့်မှန်းခဲ့သည် (International Working Group for Disease Monitoring and Forecasting, 1995; Ball et al., 2003)။

စစ်တမ်း လေ့လာခြင်းနှင့် လူထုအမြင် ဆိုင်ရာ သုတေသနများက နိုင်ငံသားများ၏ လူ့အခွင့်အရေးအပေါ် သဘောထားများနှင့် အမြင်များက နိုင်ငံများမှ လက်တွေ့ လူ့အခွင့်အရေး အခြေအနေများနှင့် ကိုက်ညီခြင်း ရှိ၊မရှိကိုလည်း တိုင်းတာလာကြသည်။ ထိုသုတေသနက လူ့အခွင့်အရေး ဆိုင်ရာ စံနှုန်း အခြေပြု ညွှန်းကိန်းများကို လူ့အခွင့်အရေး လေးစားလိုက်နာမှုအပေါ် မေးခွန်းများ မေးထားသည့် ကျပန်း နမူနာ စစ်တမ်းများနှင့် ပေါင်းစပ်ထားသည်။ ကျပန်း နမူနာ စစ်တမ်းများတွင် ပုံမှန် တုံ့ပြန်နိုင်သည့် အမျိုးအစားများမှာ “များစွာ”၊ “အတန်အသင့် လေးစား လိုက်နာ”၊ “သိပ်လေးစား လိုက်နာခြင်း မရှိ” နှင့် “လုံးဝ လေးစား လိုက်နာခြင်း မရှိ” အစရှိသည်တို့ ဖြစ်သည် (Anderson et al., 2005; Richards, 2006 တို့ကို ရှုပါ)။ ထိုသုတေသန ကြိုးပမ်းမှုများက လူ့အခွင့်အရေး အခြေအနေများအပေါ် အမြင်များကို တစ်ကမ္ဘာလုံး (Richards, 2006) (သို့) ဒေသ တစ်ခု (Anderson et al., 2005; Richards, 2006) တွင် မတူညီသော လူ့အခွင့်အရေး အမျိုးအစားများကို ကာကွယ်မှု ဆိုင်ရာ ယေဘုယျ ပုံစံများနှင့် နှိုင်းယှဉ်ကြသည်။ တစ်ကမ္ဘာလုံး နှိုင်းယှဉ်ချက်များအရ နိုင်ငံသားများသည် ၎င်းတို့ နိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေများကို အကဲဖြတ်သည့်အခါ အခွင့်အရေး အများအပြားကို ထည့်သွင်း စဉ်းစားပြီး ပြည်သူများ၏ လူ့အခွင့်အရေး အခြေအနေအပေါ် အမြင်နှင့် အမှန်တကယ် ဖြစ်ပွားနေသည့် လူ့အခွင့်အရေး အခြေအနေတို့အကြား အတန်အသင့် ကိုက်ညီမှုများ ရှိသည်။ ယင်းကို ဒေသများအလိုက် ထပ်မံ၍ ခွဲခြား လေ့လာသည် (Richards, 2006, pp. 28-31)။ ဥရောပ အလယ်ပိုင်းနှင့် အရှေ့ပိုင်း ဒေသများရှိ ကွန်မြူနစ်ခေတ်လွန် နိုင်ငံများတွင် လူ့အခွင့်အရေးအပေါ် အမြင်များနှင့် လူ့အခွင့်အရေး အလေ့အကျင့်များအကြား ကိုက်ညီမှု မြင့်မားသည်။

သို့ရာတွင် ထိုကိုက်ညီမှု ရှိသည်ဟု ဆိုခြင်းမှာ ပညာတတ် ပြည်သူများအတွက် ပို၍ မှန်ကန်သည် (Anderson et al., 2005)။ သဘောထားသည် လူ့အခွင့်အရေး အခြေအနေများနှင့် ဆက်စပ်မှု ရှိလေရာ လေ့လာမှု နှစ်ခုလုံးက ၎င်းကို အဓိက ကိန်းရှင် အဖြစ် အသုံးပြုကာ ယဉ်ကျေးမှု အခြေအနေ အမျိုးမျိုးတွင် လေ့လာခဲ့သည်။

**အုပ်ချုပ်ရေးနှင့် လူမှု စီးပွားရေး ဆိုင်ရာ စာရင်းအင်းများ**

ပြည်တွင်း စာရင်းအင်း ဌာနများ (သို့) အသိအမှတ်ပြုထားသော နိုင်ငံတကာ အစိုးရ ဆိုင်ရာ အဖွဲ့အစည်းများက ထုတ်ပြန်သည့် အုပ်ချုပ်ရေးနှင့် လူမှု စီးပွားရေး ဆိုင်ရာ စာရင်းအင်းများ ကိုလည်း လူ့အခွင့်အရေးကို သွယ်ဝိုက်၍ တိုင်းတာရန် အရေးပါသော အရင်းအမြစ်များ (သို့) တရားစီရင်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှု ဖူလုံရေး ကဲ့သို့သော နယ်ပယ် အမျိုးမျိုးတွင် အခွင့်အရေး အခြေပြု ချဉ်းကပ်ပုံများအတွက် ညွှန်းကိန်းများ အဖြစ် အသုံးများလာသည်။ အစိုးရ၏ စာရင်းအင်းဆိုင်ရာ ဌာနများနှင့် အစိုးရပေါင်းစုံ အဖွဲ့အစည်းများက လူ့အခွင့်အရေး တိုင်းတာမှုများ ခန့်မှန်းရာတွင် အသုံးပြုနိုင်သော လူမှု စီးပွားရေး စာရင်းအင်း အချက်အလက် အမျိုးစုံကို ထုတ်ဝေသည်။ ဥပမာ ပညာရပ်ဆိုင်ရာနှင့် မူဝါဒ ဆိုင်ရာ သုတေသနများက ဖွံ့ဖြိုးရေး ဆိုင်ရာ စုပေါင်း တိုင်းတာချက်များကို လူမှုရေးနှင့် စီးပွားရေး အခွင့်အရေးများ တဖြည်းဖြည်းနှင့် ရရှိလာစေရေးနှင့် သက်ဆိုင်သည့် တိုင်းတာမှုအဖြစ် အသုံးပြုသည်။ ထိုကဲ့သို့သော စုပေါင်း တိုင်းတာချက်များတွင် ဘဝ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေး ညွှန်းကိန်း (Physical Quality of Life Index (PQLI))၊ လူသား ဖွံ့ဖြိုးမှု ညွှန်းကိန်း (Human Development Index (HDI)) နှင့် လူမှုရေးနှင့် စီးပွားရေး အခွင့်အရေးများ ဖြည့်ဆည်းပေးမှု ညွှန်းကိန်း (Social Economic Rights Fulfilment Index (SERF Index)) တို့ ပါဝင်သည်။[၃]

PQLI သည် စာတတ်မြောက်မှုနှုန်း၊ မွေးကင်းစ ကလေးငယ် သေဆုံးနှုန်းနှင့် မျှော်မှန်း သက်တမ်းတို့ကို ပေါင်းစပ်ပြီး အလေးပေးမှု တန်းတူဖြင့် တိုင်းတာထားသည့် အမှတ် ၀ မှ ၁၀၀ အထိ ပေးသော စကေး ဖြစ်သည်။ အလားတူပင် HDI ၌လည်း စကေး ၀ မှ ၁ ရှိပြီး မျှော်မှန်း သက်တမ်း၊ စာတတ်မြောက်မှုနှုန်း၊ ကျောင်းအပ်သည့် အချိုးအစား၊ နိုင်ငံသား တစ်ဦးချင်းစီ၏ ပျမ်းမျှ ဝင်ငွေ (per capita Gross National Income (GNI)) တို့ကို မတူညီသော အလေးပေးမှုဖြင့် တိုင်းတာထားခြင်း ဖြစ်သည်။ ထိုတိုင်းတာမှု နှစ်ခုမှာ တစ်ခုနှင့် တစ်ခု ဆက်စပ် ပြောင်းလဲ နေပြီး လူတစ်ဦးချင်းစီ အလိုက် ပြည်တွင်း ထုတ်ကုန် တန်ဖိုး (per capita Gross Domestic Product (GDP)) နှင့်လည်း ဆက်စပ်နေသည်။ HDI တွင် GNI တိုင်းတာခြင်း ပါဝင်လေရာ HDI က GDP နှင့် ဆက်စပ်မှု ပိုမို မြင့်မားသည်။

ထိုဖြစ်ရပ် နှစ်ခုလုံးတွင် အညွှန်းကိန်းများကို အသုံးပြုကာ ဖွံ့ဖြိုးမှု အဆင့်အတန်းနှင့် ဖွံ့ဖြိုးရေးတွင် ပြောင်းလဲမှုများကို လေ့လာ မှတ်တမ်းတင်သည်။ ထို့နောက် ၎င်းတို့ကို လူမှုရေးနှင့် စီးပွားရေး အခွင့်အရေးများ ဖြည့်ဆည်းမှု သဘောတရားနှင့် ဆက်စပ်သည်။ PQLI သည် လူတစ်ဦး၏ ဘဝအတွက် အခြေခံကျသော အရာများနှင့် လူသားတို့ တည်ရှိမှုအတွက် အခြေခံ လိုအပ်ချက်များကို လေ့လာထားရာ ၎င်းက အခြေခံ ရှင်သန်ရေး အခွင့်အရေးများ တိုင်းတာခြင်းကို ကိုယ်စားပြုသည် (Milner, Poe, and Leblang, 1999)။ ဆင်ဂရာနီလ်နှင့် ရစ်ချတ် (2007) တို့က PQLI သည် နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေး

အခွင့်အရေးများ အောင်မြင်မှုကို တိုင်းတာသော အခြားသော တိုင်းတာမှု နည်းလမ်းများနှင့် နှိုင်းယှဉ်နိုင်သည်ဟု ဆိုသည်။ ထို့ကြောင့် ၎င်းတို့က PQLI ကို လူတစ်ဦးချင်းစီ၏ GDP နှင့် လန်းဒ်မန်း (Landman, 2005b) ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights (ICESCR)) အတွက် စံနှုန်း အခြေပြု စကေးတို့နှင့် ရီဂရက်ရှင် (regression) နည်းလမ်းအရ ဆက်စပ်မှုကို တွက်ချက်ကြသည်။ ထို့မှ ရရှိလာသည့် အဖြေက ထိုအခွင့်အရေးများတွင် လုပ်နိုင်စွမ်းရော၊ လုပ်ဆောင်လိုစိတ်ကိုပါ ပြသသည့် အောင်မြင်မှု အဆင့်ကို ဖော်ပြသည်။ ထို့ကြောင့် ၎င်းတို့၏ တိုင်းတာမှုသည် လူမှု စီးပွားရေး စာရင်းအင်းများနှင့် စံနှုန်း အခြေပြု တိုင်းတာမှုတို့မှ ဆင်းသက်လာခြင်း ဖြစ်ပြီး အစိုးရ၏ စီးပွားရေး အခွင့်အရေးများကို လေးစားလိုက်နာရန် ကြိုးပမ်းမှု ဟူသည့် သဘောတရားကို တိုင်းတာခြင်း ဖြစ်သည် (Cingranelli and Richards, 2007, p. 224)။

တစ်ဘက်တွင်မူ SERF ညွှန်းကိန်း (http://www.serfindex.org) က အစားအစာ ဆိုင်ရာ အခွင့်အရေး (မွေးကင်းစ ကလေး အရပ်နှင့် ကိုယ်အလေးချိန်)၊ ပညာသင်ယူခွင့် (မူလတန်း ပြီးဆုံးမှု၊ စုစုပေါင်း ကျောင်းအပ်နှံမှုနှုန်း၊ သင်္ချာနှင့် သိပ္ပံ ပျဉ်းမျှ PISA ရမှတ်)၊ ကျန်းမာရေး အခွင့်အရေး (ကိုယ်ဝန်တားမှု အသုံးပြုနှုန်း၊ မျှော်မှန်း သက်တမ်း၊ မွေးကင်းစ ကလေး သေဆုံးနှုန်း)၊ နေစရာ ရှိခွင့် (သန့်ရှင်းရေးနှင့် သောက်သုံးရေ ရရှိမှု တိုးတက်လာခြင်း)၊ အလုပ်လုပ်ခွင့် (ဆင်းရဲ မွဲတေသူ အရေအတွက်၊ ကာလရှည်ကြာ အလုပ်လက်မဲ့ ဖြစ်မှု၊ နှိုင်းရ ဆင်းရဲ မွဲတေမှုနှုန်း) များကို နိုင်ငံတွင် အများဆုံးရှိသော အရင်းအမြစ်များနှင့် နှိုင်းယှဉ်၍ နိုင်ငံများ၏ ဖြည့်ဆည်းပေးနိုင်မှုအား အမှတ် ၀ မှ ၁၀၀ အထိ ပေး၍ တိုင်းတာသည်။ အရင်းအမြစ် စွမ်းအားကို လူတစ်ဦးချင်းစီ၏ GDP ကို အသုံးပြု၍ ခန့်မှန်းသည်။ လူတစ်ဦးချင်းစီ၏ GDP ကို နိုင်ငံအတွင်း မတူညီသည့် အချိန်များတွင် (၁၉၉၀-၂၀၀၆) အခြေခံ အခွင့်အရေး အမျိုးမျိုးအပေါ် တိုင်းတာမှုများနှင့် နှိုင်းယှဉ်ကြသည်။ ရလဒ်ကို ကြဲဖြန့်ကွက် (scatter plot) တစ်ခု ဆွဲလိုက်လျှင် မျဉ်းခုံးသည် အောင်မြင်မှု ဖြစ်တန်စွမ်း နယ်နမိတ် (Achievement Possibilities Frontier (APF)) ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံ တစ်နိုင်ငံတွင် ရှိသည့် လူတစ်ဦးချင်းစီ၏ GDP အပေါ် မူတည်၍ နိုင်ငံက လိုက်နာသင့်မည့် တာဝန် စံနှုန်း ဖြစ်သည် (ပုံ ၈.၁ တွင် ရှုပါ)။ အခွင့်အရေး တစ်ခုချင်းစီအတွက် နိုင်ငံ တစ်နိုင်ငံ၏ လက်တွေ့ လုပ်ဆောင်ချက်ကို သက်ဆိုင်ရာ အခွင့်အရေး၏ APF စံနှုန်းနှင့် နှိုင်းယှဉ်ခြင်းဖြင့် ထိုနိုင်ငံသည် ၎င်းအောင်မြင်နိုင်သည့် အတိုင်းအတာတွင် မည်မျှထိ လုပ်ဆောင်ထားသည်ကို ဖော်ပြသည်။

လူမှု တိုးတက်မှု ညွှန်းကိန်း (Social Progress Index (SPI)) က စီးပွားရေးနှင့် လူမှုရေး ဆိုင်ရာ တိုင်းတာမှုများကို ပေါင်းစပ်ပြီး (အသေးစိတ်ကို စာသေတ္တာ ၈.၂ တွင် ရှုပါ) အလယ်တန်းအဆင့် ကျောင်းအပ်မှုနှုန်းတွင် ကျား၊ မ ကွာခြားချက် (အခြေခံ ဗဟုသုတ ရရှိမှု အစိတ်အပိုင်းအောက်တွင် ရှိသည်)၊ အမျိုးသမီးများကို လေးစားစွာ ဆက်ဆံခြင်း၊ နိုင်ငံ ပြောင်းရွှေ့လာသူများအပေါ် သဘောထားကြီးမှု၊ လိင်တူချစ်သူများအပေါ် သဘောထားကြီးမှု၊ လူနည်းစု အုပ်စုများကို ခွဲခြား ဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်း၊ ဘာသာရေး သဘောထားကြီးမှု (ထိုအချက်များ အားလုံးမှာ သဘောထားကြီးမှုနှင့် အားလုံး ပါဝင်မှု အောက်တွင် ရှိသည်) တို့ကို တိုင်းတာမှုများအားလည်း ထည့်သွင်း စဉ်းစားသည်။ SPI က PQLI, HDI (သို့) SERF ညွှန်းကိန်းများနှင့် နှိုင်းယှဉ်လျှင် ဘေးဖယ်ခံ အုပ်စုများနှင့် လူနည်းစု အုပ်စုများ၏ လူ့အခွင့်အရေး အခြေအနေများကို ပို၍ ပြည့်ပြည့်စုံစုံ ဖော်ပြသည်။ SPI က စီးပွားရေးနှင့် မဆိုင်သော အပိုင်းများကိုသာ

အလေးစိုက်ထားပြီး လူတစ်ဦးချင်းစီ၏ GDP (သို့) GNI တို့ကို ထည့်သွင်းစဉ်းစားခြင်း မရှိသော်လည်း တိုင်းတာမှုက HDI နှင့် လူတစ်ဦးချင်းစီ၏ GDP တို့နှင့် ဆက်စပ် ပြောင်းလဲမှု ရှိသည်။ ယင်းမှာ ဆင်တူသော (သို့) တူညီသော ကိန်းရှင်များ အသုံးပြုခြင်းကြောင့် တစ်စိတ်တစ်ပိုင်း ဖြစ်နိုင်သည်။

ပုံ ၈.၁။ OECD အဖွဲ့ဝင် မဟုတ်သည့် နိုင်ငံများတွင် မွေးကင်းစ ကလေး အသက်ရှင်နှုန်းနှင့် ပတ်သက်၍ အောင်မြင်မှု ဖြစ်တန်စွမ်း နယ်နမိတ်




အရင်းအမြစ်။ http://www.serfindex.org

သို့ရာတွင် ထိုသို့သော တိုင်းတာမှု ပုံစံ အမျိုးမျိုးရှိ တိုင်းတာမှုများမှာ ပြည့်စုံပြီဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့က လူ့အဖွဲ့အစည်း အတွင်းရှိ မတူညီသော အုပ်စုများ ဖွံ့ဖြိုးမှု၏ အကျိုးကျေးဇူးများ ခံစားနေရသည့် အတိုင်းအတာနှင့် ပတ်သက်၍ အချက်အလက် အနည်းငယ်သာ ပေးနိုင်သောကြောင့် ဖြစ်သည်။ မက်ခရို စီးပွားရေး စွမ်းဆောင်မှု ဆိုင်ရာ စုပေါင်း တိုင်းတာမှုများ ရှိသော်လည်း ပုံမှန် ခွဲခြားမှုများနှင့် သက်ဆိုင်သော ကျား၊ မ၊ လူမျိုး၊ ဘာသာနှင့် အခြားသော လူမှု

အမျိုးအစားများအလိုက် အချက်အလက်များ ခွဲခြမ်း စိတ်ဖြာထားခြင်း မရှိသောကြောင့် ထိုတိုင်းတာမှုများမှာ လူ့အခွင့်အရေး အခြေအနေများကို အပြည့်အဝ ပုံဖော်နိုင်ခြင်း မရှိပေ။ လူ့အဖွဲ့အစည်းအတွင်းရှိ လူနည်းစု အုပ်စုများ၏ စာတတ်မြောက်မှုနှုန်းနှင့်/ သို့မဟုတ် ပညာရေး အဆင့်အတန်း၊ (သို့) နေစရာ နေရာ၊ ကျန်းမာရေးနှင့် အခြားသော လူမှု ဖူလုံရေး ဝန်ဆောင်မှုများ ရရှိသည့် အိမ်ထောင်စု အမျိုးအစား အချက်လက်များ အစရှိသည့် အခြားသော တိုင်းတာမှုများက အချို့သော အုပ်စုများ၏ လူမှုရေးနှင့် စီးပွားရေး အခွင့်အရေးများ ကျင့်သုံးခြင်းအပေါ် ခွဲခြား ဆက်ဆံမှု ဖြစ်နိုင်ခြေကို ညွှန်ပြသည့် ညွှန်းကိန်းများ ဖြစ်နိုင်သည်။ ပြည်တွင်း စာရင်းအင်းရုံးများက နှစ်စဉ် လူမှု စီးပွားရေး ညွှန်းကိန်းများကို ကောက်ယူကြမည် ဖြစ်သည်။ ယင်းညွှန်းကိန်းများကို ကျား၊ မ၊ အသက်၊ ဝင်ငွေနှင့် နေရပ် ဒေသအလိုက် ခွဲခြားကာ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ အတွက် အသုံးပြုနိုင်သည့် ညွှန်းကိန်းများ ထုတ်ဖော်ပေးသင့်သည်။ သို့ရာတွင် စွမ်းဆောင်ရည် ဆိုင်ရာ ကိစ္စရပ်များနှင့် အရင်းအမြစ် ကန့်သတ်မှုများကြောင့် နမူနာ ကောက်ယူမှုများက အသေးစိတ် ခွဲခြားထားသည့် အချက်အလက်များ ပေးရန် ခက်ခဲသည်။ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ တိုင်းတာမှုကို ဆွေးနွေးခြင်းအား စာသေတ္တာ ၈.၃ တွင် ရှုနိုင်ပါသည်။

## ဖြစ်ပေါ် တိုးတက်မှု အသစ်များ

တည်ဆဲ တိုင်းတာမှု ဆိုင်ရာ နည်းလမ်းများကို ဆက်လက် ဖော်ထုတ်ပြီး အချောသတ်မှုများ ပြုလုပ်နေသလို ဒီမိုကရေစီ ဖြစ်ပေါ် ပြောင်းလဲရေး နည်းလမ်းကို အသုံးပြုသည့် အချက်အလက် ကောက်ခံရေး နည်းလမ်းသစ်များလည်း ပေါ်ပေါက်လာသည်။ ယင်းနည်းလမ်းများက ၂၁ ရာစု ပထမ ဆယ်စုနှစ်များတွင် စတင် ထွက်ပေါ်လာသည်။ လူမှုကွန်ယက် ထွက်ပေါ်လာမှုနှင့် စမတ်ဖုန်းများနှင့် အခြား မိုဘိုင်းလ် စက်ပစ္စည်းများ တိုးမြှင့် ရရှိလာမှုများက လူတစ်ဦးချင်းစီ၏ အသုံပြုနိုင်မှုတွင် ယခင်က မတွေ့ခဲ့ဖူးသည့် အတိုင်းအတာနှင့် ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။ “tweets”၊ YouTube ဗီဒီယိုများ၊ SMS သတိပေးမှု ကွန်ယက်များနှင့် အခြားသော အချက်အလက် ဖြန့်ဝေသည့် ပလက်ဖောင်းများ ကဲ့သို့သော အင်တာနက်ပေါ်တွင် သုံးစွဲသူက ဖန်တီးသည့် အကြောင်းအရာများက နိုင်ငံ၏ အခြေအနေများအကြောင်း အချက်အလက် များစွာ ထွက်ပေါ်လာ စေသည်။ ယင်းက နိုင်ငံရေး သိပ္ပံ ပညာရှင်များနှင့် လူ့အခွင့်အရေးကို လေ့လာသည့် အခြားသော သုတေသန ပညာရှင်များ၏ စွမ်းဆောင်ရည်ကို စတင် ပြောင်းလဲပေးသည်။ ယခုအခါ ရရှိနေသော အချက်အလက်များသည် အသွားနှစ်ဖက် ရှိသည့် ဓားနှင့် တူသည်။ တစ်ဘက်တွင် အချက်အလက် များက ဖြစ်ရပ်များကို အချိန်နှင့် တပြေးညီ အောက်ခြေမှ အစီရင်ခံနိုင်၊ ပြောပြနိုင်စေသည်။ တစ်ဘက်တွင်လည်း ခေတ်မီ နည်းပညာများက နေ့ရက်၊ အချိန်နှင့် နေရာများ အလိုအလျောက် ထည့်ပေးရာ ယင်းနည်းလမ်းက အကြောင်းအရာများကို ဖော်ပြသည့် အခြား အချက်အလက်များ (meta data) ပါဝင်လာသည် (ပုံမှန်အားဖြင့် “ကမ္ဘာ့ နေရာချ စနစ်” (global positioning system (GPS)) နည်းပညာဖြင့် ဖြစ်သည်)။

အချက်အလက်များကို အချိန်နှင့် တပြေးညီ ပေးခြင်းနှင့် အကြောင်းအရာများကို ဖော်ပြသည့် အခြား အချက်အလက်များ ပေါင်းစပ်လိုက်ခြင်းက လူ့အခွင့်အရေး ဖြစ်ရပ်များကို နေရာနှင့် အချိန် အလိုက် စုစည်းခြင်း၊ ပေါင်းစပ်ခြင်းနှင့် မျက်စိဖြင့် မြင်နိုင်ရန် ပုံဖော်ခြင်းတို့ ဖြစ်ပေါ်စေပြီး လမ်းထဲတွင် သွားကြည့်နေရသကဲ့သို့ တိကျမှန်ကန်မှု ရှိလာသည်။ ထိုကဲ့သို့သော အချက်အလက်များ စုစည်းခြင်းက ပုံစံ

နှစ်မျိုးဖြင့် ဖြစ်ပေါ်နိုင်သည်။ (၁) Ushahidi ပလက်ဖောင်း (http://www.ushahidi.com) ကဲ့သို့သော အချက်အလက် စုစည်းရန် အထူးဖန်တီးထားသော ပေါ်တယ်လ်များမှ တစ်ဆင့် လူအများအပြားထံမှ အချက်အလက် စုဆောင်းခြင်း (သို့) (၂) Facebook, Twitter, သတင်း မီဒီယာနှင့် အန်ဂျီအို အစီရင်ခံခြင်းများ ကဲ့သို့သော တည်ဆဲ အချက်အလက်များ တင်ပြနိုင်မှုကို ဖွင့်ပေးထားသည့် (open data) အရင်းအမြစ်များမှ တစ်ဆင့် အချက်အလက်များ စုဆောင်းခြင်းတို့ ဖြစ်ကြသည်။ အချက်အလက် အကြမ်း (raw data) ဖြစ်နေသည့် အချိန်တွင် ယင်းအချက်အလက်များမှာ အသုံးမဝင်လှပေ။ သို့ရာတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို နားလည်နိုင်ရန် မည်သူက မည်သည့် အရာကို မည်သူ့အား ကျူးလွန်သည် ဟူသည့် အချက်အလက် ရရှိစေရန် အရင်းအမြစ် အမျိုးမျိုးကို ပေါင်းစပ်၍ ကောင်းစွာ တည်ဆောက်ထားသည့် အချက်အလက် ဘဏ္ဍာတိုက်များ ဖန်တီးနိုင်သည်။ ယင်းအချက်အလက် များကို နိုင်ငံများ၏ လူ့အခွင့်အရေးများကို ဆန်းစစ်ရာ၌ အသုံးပြုနိုင်သည်။ ထို့ပြင် meta data များတွင် ဖြစ်ရပ်များ၏ နေ့ရက်၊ အချိန်နှင့် နေရာတို့ကို ဖော်ပြထားသည့် နောက်ထပ် အချက်အလက်များ ပါဝင်နိုင်သည်။ ယင်းမှ တစ်ဆင့် ချိုးဖောက်မှုများကို အများသူငါ အသုံးပြုနိုင်သည့် Google Maps ကဲ့သို့သော မြေပုံ အစီအစဉ်များတွင် ထည့်သွင်း ပုံစံချနိုင်သည်။

လူ့အခွင့်အရေး အချက်အလက်များကို ပုံဖော်ခြင်းတွင် စိတ်ဝင်စားဖွယ် ဖြစ်ပေါ် တိုးတက်မှု အချို့ ထွက်ပေါ်လာနေသည်။ ဥပမာ ပြောင်းရွှေ့ အခြေချသူများ ပေါင်းစည်းရေး မူဝါဒ ညွှန်းကိန်း (Migrant Integration Policy Index (MIPEX)) တွင် ပြောင်းရွှေ့ အခြေချသူများ လက်ခံထားသည့် နိုင်ငံများတွင် ပေါင်းစည်းနိုင်သည့် အတိုင်းအတာကို ဖော်ပြထားသည်။ အချက်အလက် အရင်းအမြစ်များက နိုင်ငံ၏ ပေါင်းစည်းရေး မူဝါဒများကို မှတ်တမ်းတင်ထားပြီး အသုံးပြုသူများကို ဒေတာဘေ့စ်ထဲတွင် ရှိသော နိုင်ငံများအတွက် မြေပုံများ ကိုယ်တိုင် ဖန်တီးခွင့် ပေးထားသည်။ MIPEX (http://www.mipex.eu) သည် တရားဝင်နှင့် ဥပဒေဆိုင်ရာ အဆင့်များတွင် ပြောင်းရွှေ့ အခြေချသူများ ပေါင်းစည်းရေး မြေပုံကို ဖော်ပြထားသည့် အသုံးဝင်သည့် ကိရိယာ တစ်ခု ဖြစ်ပြီး ပေါင်းစည်းရေး ဆိုင်ရာ အကဲဖြတ်မှုများကို နိုင်ငံများအလိုက် နှိုင်းယှဉ်ကာ ထောက်ခံ လှုပ်ရှားရေးကို လုပ်ဆောင်နိုင်သည်။ ပဋိပက္ခ သုတေသနနှင့် ထောက်ခံ လှုပ်ရှားရေး နယ်ပယ်တွင် LRA ပြဿနာ မှတ်တမ်းတင်ရေးအဖွဲ့ (LRA Crisis Tracker) က ယူဂန်ဒါနှင့် အနီးတဝိုက် နိုင်ငံများရှိ ဘုရားသခင် ခုခံရေးတပ် (Lord Resistance Army (LRA)) ၏ လှုပ်ရှားမှု အချက်အလက်များကို ပုံဖော်ပြသသည် (http://www.lracrisistracker.com)။ ဖြစ်ရပ် ဆိုင်ရာ အချက်အလက်များကို အချိန်အလိုက်၊ နေရာအလိုက်၊ ဖြစ်ပွားသည့် အကြိမ်အရေအတွက်အလိုက် သုံးစွဲရ လွယ်ကူသည့် ပုံစံဖြင့် ပုံဖော် ထားသည်။

မက်ခ်မန်း အုပ်စု (The Mackman Group) (http://www.mackmangroup.co.uk) ဟု အမည်ရသည့် ပုဂ္ဂလိက ကုမ္ပဏီ တစ်ခုနှင့် ပူးပေါင်းကာ အက်ဆက်စ် တက္ကသိုလ် (the University of Essex) လူ့အခွင့်အရေး စင်တာက လူအများ ရရှိနိုင်သည့် အချက်အလက် အရင်းအမြစ်များကို အသုံးပြုကာ အခြေခံ နိုင်ငံ ဆိုင်ရာ ညွှန်းကိန်း၊ လူ့အခွင့်အရေး စာချုပ်များအပေါ် ဥပဒေ ကတိကဝတ်များနှင့် လူ့အခွင့်အရေး အလေ့ကျင့်များကို တိုင်းတာခြင်းဟူသည့် ထောက်တိုင် သုံးခုကို ပုံဖော်သည့် လူ့အခွင့်အရေး မြေပုံစာအုပ် (Human Rights Atlas) ကို ထုတ်ဝေထားသည်။ မြေပုံစာအုပ်ကို အင်ဒရူး ဖာဂန် (Andrew Fagan) (2010) ၏ *Atlas of Human Rights* ကို အခြေခံ၍ ရေးဆွဲထားခြင်း ဖြစ်ပြီး နှစ်ပေါင်း သုံးဆယ်ကြာ

အချိန်အတိုင်းအတာ တစ်ခုအတွင်း ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ အားလုံး ပါဝင်သည် (စာသေတ္တာ ၈.၄ တွင် ရှုပါ)။

| **စာသေတ္တာ ၈.၃။ စိန်ခေါ်နေသည့် အယူအဆများ၊ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ တိုင်းတာခြင်း** |
|---|
| PQLI, HDI နှင့် SPI တို့သည် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ၏ အဓိက အစိတ်အပိုင်းများကို ထည့်သွင်းစဉ်းစားထားသည့် ဆင်တူသော ညွှန်းကိန်းများကို အသုံးပြု ကြသည်။ ထိုတိုင်းတာမှု ပုံစံကို ဖန်တီးသူများက လူ့အခွင့်အရေးဟူသည့် ခေါင်းစဉ်ကို ပေါ်ပေါ်ထင်ထင် အသုံးမပြုခဲ့ပေ။ သို့ရာတွင် ဘဝ အရည်အသွေး၊ လူသား ဖွံ့ဖြိုးမှုနှင့် လူမှု တိုးတက်မှုအတွက် တိုင်းတာမှုများကို အသီးသီး ဖော်ထုတ်ခဲ့ကြသည်။ တစ်ဘက်တွင်မူ SERF ညွှန်းကိန်းက နိုင်ငံရှိ အများဆုံး ရနိုင်သော အရင်းအမြစ်များကို ထည့်သွင်း စဉ်းစားကာ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ ဖြည့်ဆည်း ပေးနိုင်မှုကို တိုင်းတာသည်။ တိုင်းတာမှု ပုံစံ လေးမျိုးလုံးက တစ်ခုနှင့် တစ်ခု ဆက်စပ်နေပြီး ဆင်တူသော အဖြေများ ဖော်ပြနေလေရာ အခြားညွှန်းကိန်း သုံးခုနှင့် နှိုင်းယှဉ်လျှင် SERF ညွှန်းကိန်းက မည်သည့် တန်ဖိုးများ ထပ်ပေါင်းပေးသနည်း။ ပုံ ၈.၂ က ရွေးချယ်ထားသည့် လက်တင် အမေရိက နိုင်ငံများမှ ၂၀၀၀ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်အကြား ပျမ်းမျှ SERF ညွှန်းကိန်းများကို ဖော်ပြသည်။ SERF ညွှန်းကိန်းက နိုင်ငံများအကြား နှိုင်းယှဉ်မှု ပြုရာတွင် ပိုကောင်းပါသလား။ ထိုညွှန်းကိန်းက စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများက လူ့အခွင့်အရေး ကာကွယ်ရာတွင် ပို၍ ထိရောက်သည်ဟူသည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ အချက်များကို ထင်ရှားစွာ ပြသ နေပါသလား။ |

ပုံ ၈.၂။ လက်တင် အမေရိက နိုင်ငံများ၏ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများကို နှိုင်းယှဉ်ခြင်း ၂၀၀၀-၂၀၁၀ ကြား ပျဉ်းမျှ တန်ဖိုး




အရင်းအမြစ်။ http://www.serfindex.org

လူ့အခွင့်အရေး ဆိုင်ရာ အချက်အလက်များ တင်ပြခြင်း၊ စုဆောင်းခြင်းနှင့် ပုံဖော်ခြင်း တို့တွင် အဆိုပါ ဖြစ်ပေါ် တိုးတက်မှု အသစ်များက စိတ်လှုပ်ရှားစရာ ကောင်းပြီး အသုံးဝင်သော်လည်း ထိုဥပမာများ အားလုံးတွင် တူညီသော နည်းလမ်းဆိုင်ရာ စိန်ခေါ်မှုများ ပေါ်ထွက်လာပြန်သည်။ လူအများထံမှ အချက်အလက် ရယူခြင်းနှင့် အားလုံးအတွက် ဖွင့်ပေးထားသည့် အရင်းအမြစ်များမှ အချက်အလက်များ ရယူခြင်းသည် ယခုအခန်း အစောပိုင်း ဖြစ်ရပ် အခြေပြု အချက်အလက် များတွင် ဆွေးနွေးခဲ့သော ကိုယ်စားပြုနိုင်မှုနှင့် ပို၍၊ လျော့၍ အစီရင်ခံခြင်း ပြဿနာများ ထွက်ပေါ်လာစေသည်။ လူအများက ပေးသည့် အချက်အလက်များနှင့် အားလုံးအတွက် ဖွင့်ပေးထားသည့် အချက်အလက်များသည် အဆင်ပြေသလို ကောက်ယူသည့် နမူနာများ ဖြစ်သည်။ ဆိုလိုသည်မှာ ထိုအချက်လက်များသည် လူများနှင့် အဖွဲ့အစည်းများက ၎င်းတို့ မြင်ခဲ့ (သို့) ကြုံတွေ့ခဲ့ရသော ကိစ္စရပ်များကို တင်ပြကြခြင်း ဖြစ်သည်။ ထိုအချက်အလက်များသည် ဥပဒေ စည်းကြပ်ရေး တာဝန်ရှိသူများ ကောက်ယူသည့် ရာဇဝတ်မှု အစီရင်ခံရေး အချက်အလက်များနှင့် ဆင်တူသည် (ရာဇဝတ်မှု ဆိုင်ရာ စစ်တမ်းများနှင့်တော့ ကွာခြားသည်)။ ထိုပုံစံဖြင့် ကောက်ယူသည့် မည်သည့် အချက်အလက်မဆို တင်ပြရန် ရွေးချယ်ခဲ့သော လူအုပ်စု၏ အမြင်ကိုသာ ထင်ဟပ်မည် ဖြစ်ပြီး ချိုးဖောက်မှု အများအပြားမှာ ကွယ်ဝှက်ခံ နေရဆဲ၊ လူမသိ၊ သူမသိ ဖြစ်နေဆဲပင်။ သို့ရာတွင် အချက်အလက်များ မပြည့်စုံသည့်တိုင် ထွက်ပေါ်လာသည့် ပထဝီ မြေပြင် အနေထား မြေပုံများက ပြည်တွင်း ဒေသများအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများ ကွာခြားပုံကို စတင် ဖော်ထုတ် လာနိုင်သည်။ ထွက်ပေါ်လာသည့် ပုံစံများကို ထပ်မံ အသေးစိတ် စောင့်ကြည့်ရန်တော့ လိုအပ်သည်။

ထို့ပြင် ယခုအခါ နည်းပညာက လူ့အခွင့်အရေး ချိုးဖောက်မှု အကြောင်း ဇာတ်ကြောင်းများကို ဓာတ်ပုံများ၊ ဗီဒီယိုများနှင့် အခြား meta data များ ပါဝင်သော အချက်အလက် ပုံစံများဖြင့် ကောက်ယူကာ ပြန်လည် စစ်ဆေး အတည်ပြုနိုင်သည်။ ဥပမာ ၂၀၀၉ ခုနှစ် ဧပြီလ ၁ ရက်နေ့ ဗြိတိန် နိုင်ငံတွင် သတင်းစာ ရောင်းချသူ အီရန်တွန်လင်ဆန် (Ian Tomlinson) သည် လန်ဒန်ရှိ G20 ဆန္ဒပြပွဲများနှင့် ပတ်သက်သည့် အကြမ်းဖက်မှုနှင့် ရုန်းရင်းဆန်ခတ်မှုများအတွင်း ရဲများ ဝင်တိုက်မှုကြောင့် လဲကျခဲ့ပြီး များမကြာမီ အသက် ဆုံးရှုံးခဲ့ရသည်။ ဖြစ်ရပ်ကို အစောပိုင်း စုံစမ်းခဲ့ခြင်းများအရ ရဲများဘက်က မမှန်မကန် လုပ်ဆောင်ခဲ့သည့် သက်သေများ မတွေ့ရပေ။ သို့ရာတွင် စမတ်ဖုန်းများဖြင့် ရိုက်ကူးထားသည့် ဗီဒီယို သက်သေများအရ ရဲအရာရှိ ဆိုင်မွန် ဟာဝုဒ်ကို လူသေစေမှုဖြင့် စွဲချက်တင် နိုင်ခဲ့သည်။ ထိုဥပမာက နည်းပညာ အပြောင်းအလဲများသည် လူ့အခွင့်အရေးနှင့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော ဖြစ်ရပ်များအတွက် အချက်အလက်သစ်များ ဖော်ထုတ်နိုင်ပြီး လူထု တာဝန်ခံမှု ဆိုင်ရာ ပုံစံသစ်များ ထွက်ပေါ်လာစေသည်။ ထိုသို့ နည်းပညာ အသုံးပြုခြင်းက ၂၀၁၁ ခုနှစ် အာရပ် နွေဦး တော်လှန်ရေးတွင် နိုင်ငံရေး အပြောင်းအလဲများ အများအပြားနှင့် သက်ဆိုင်သည့် အမြင်များနှင့် အကဲဖြတ်မှုများကိုလည်း ပြောင်းလဲ ပေးနိုင်ခဲ့သည်။ ကမ္ဘာတွင် ဖြစ်ရပ်များ ဖြစ်ပွားသည်နှင့်အညီ ဗီဒီယို ရုပ်သံလွှင့်မှုများကို တွေ့ရှိ ခဲ့ရသည်။ နည်းပညာသစ် ဖြစ်ပေါ် တိုးတက်မှုများက သုံးသပ်သူများနှင့် တက်ကြွ လှုပ်ရှားသူများ အတွက် ကမ္ဘာတစ်ဝန်းရှိ လူ့အခွင့်အရေး ဖြစ်ရပ်များနှင့် စပ်လျဉ်းပြီး တရားဝင် ဖြစ်သော၊ အဓိပ္ပာယ် ရှိသော၊ ခိုင်လုံသော အချက်အလက်များ ရရှိနိုင်မှုကို တိုးမြှင့်ပေးနိုင်မည် ဖြစ်သည်။

အနှစ်ချုပ်

နည်းပညာများ ဒီမိုကရေစီ နည်းလမ်းကျ ဖြစ်လာခြင်း ဆိုသည်မှာ အများပြည်သူအတွက် လူ့အခွင့်အရေး အချက်အလက်များ ပိုမို ရရှိလာနိုင်ခြင်း ဖြစ်သည်။

သာမန်လူများနှင့် အုပ်စုများက အစိုးရများကို စိန်ခေါ်ရန်နှင့် ဆန္ဒပြပွဲများအတွက် လှုံ့ဆော်ရန် လူမှုကွန်ယက် နည်းပညာများကို အသုံးပြုကြသည်။

လေ့လာသုံးသပ်သူများက လူ့အခွင့်အရေးဆိုင်ရာ အချက်အလက် ပုံစံသစ်များကို စုဆောင်းနိုင်ပြီး လွယ်လင့်တကူ ရရှိသော ကိရိယာများဖြင့် ပုံဖော်ရေးဆွဲလာနိုင်သည်။

နည်းပညာသစ်၏ စွမ်းပကားက တာဝန်ခံမှု ပုံစံသစ်များ ထွက်ပေါ်စေပြီး ယင်းတို့က လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းအတွက် အရေးပါသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

အားလုံးအတွက် ဖွင့်ပေးထားသည့် အရင်းအမြစ်များနှင့် အချက်အလက် အကြီးစားများကို အသုံးပြုကာ လူ့အခွင့်အရေး တိုင်းတာခြင်း၏ အန္တရာယ်များကို ဖော်ပြပါ။

**စာသေတ္တာ ၈.၄။ လူ့အခွင့်အရေး အချက်အလက်များကို ပုံဖော်ခြင်း**

ယခုအခန်းတွင် ဆွေးနွေးခဲ့သော လူ့အခွင့်အရေး တိုင်းတာမှု ပုံစံများ အားလုံးကို အွန်လိုင်း ကိရိယာများ ပေါ်ပေါက်လာမှုကြောင့် စိတ်ကူးပုံဖော်မှု ကောင်းကောင်းဖြင့် ဆွေးနွေးလာနိုင်သည်။ ထိုကိရိယာများက ဇယားများ၊ လိုင်းဖြင့် ဖော်ပြသည့် ပုံစံများ၊ ကြဲဖြန့်ကွက် စသည်တို့ထက် ပိုသော ပုံဖော်မှုများ၊ မြေပုံများနှင့် အပြန်အလှန် ဖလှယ်နိုင်သည့် အွန်လိုင်း ကိရိယာများ ပုံစံဖြင့် ပုံဖော်မှုများကို အသုံးပြုလာစေနိုင်သည်။ ဥပမာ ဆင်ဂရာနီလ်နှင့် ရစ်ချတ်တို့၏ ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှု အခွင့်အရေးများကို ပေါင်းစပ်တိုင်းတာခြင်းမှ ရရှိသည့် အချက်အလက် အရင်းအမြစ် များကို ကမ္ဘာ့ မြေပုံပေါ်တွင် ပုံဖော်ကြည့်နိုင်သည် (http://www.humanrightsatlas.org)။ ပုံ ၈.၃ က ၂၀၁၀ ခုနှစ် ထိုတိုင်းတာမှုကို ကမ္ဘာ့ မြေပုံပေါ်တွင် ဖော်ပြသည် (အမှတ် ၉ ခုပါ စကေးကို ၅ ခုပါ စကေးအဖြစ် ပြောင်းလဲ ထားသည်)။ အရောင်ရင့်ရင့် ခြယ်ထားသော နိုင်ငံများတွင် ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှု အခွင့်အရေးကို ကာကွယ်ပေးခြင်း ပိုမို ကောင်းမွန်သည်။ ရမှတ်များကို ပုံဖော်ရုံမကဘဲ အသုံးပြုသူက သူ၏ မောက်စ်ကို နိုင်ငံ တစ်နိုင်ငံအပေါ် ရွှေ့လိုက်သည်နှင့် ထိုနိုင်ငံနှင့် သက်ဆိုင်သည့် နောက်ထပ် အချက်အလက်များ ပေါ်ပေါက်လာသည်။ ဥပမာ အာဂျင်တီးနား နိုင်ငံနှင့် သက်ဆိုင်သည့် နောက်ထပ် အချက်အလက်များ ဖြစ်သော လူဦးရေ၊ လူတစ်ဦးချင်းစီ၏ GDP၊ လူမှု ဖွံ့ဖြိုးရေး ညွှန်းကိန်းနှင့် ၁၉၆၆ ခုနှစ် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးထားမှု အခြေအနေတို့ ဖြစ်သည်။

ပုံ ၈.၃။ ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှု အခွင့်အရေးများကို ပုံဖော်ခြင်းနှင့် အာဂျင်တီးနား နိုင်ငံ၏ အခြေခံ စာရင်းအင်းများ၊ ၂၀၁၀




အရင်းအမြစ်။ http://www.humanrightsatlas.org

## နိဂုံး

လူ့အခွင့်အရေး တိုင်းတာမှုများနှင့် စောင့်ကြည့်လေ့လာမှုများ၏ ရည်ရွယ်ချက်၊ စိန်ခေါ်မှုများနှင့် ဥပမာများကို အတိုချုံး လေ့လာခြင်းအရ တိုင်းတာမှု ပြုသည့် အသိုင်းအဝိုင်းသည် လူ့အခွင့်အရေးကို စတင် အလေးစိုက်လာသောကြောင့် လူ့အခွင့်အရေး ပညာရှင်များနှင့် လက်တွေ့ လုပ်ဆောင်သူများသည် တိုးတက်မှု များစွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း တွေ့ရသည်။ နိုင်ငံရေး သိပ္ပံ ပညာရှင်များ၊ လူမှုဗေဒ ပညာရှင်များ၊ စာရင်းအင်း ပညာရှင်များ၊ ပထဝီ ပညာရှင်များ၊ လူဦးရေ ဆန်းစစ်သူများ၊ ကျန်းမာရေး ပညာရှင်များ၊ ဘောဂဗေဒ ပညာရှင်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တက်ကြွ လှုပ်ရှားသူများ အားလုံးက အခွင့်အရေး အခြေပြု ချဉ်းကပ်ပုံများကို ထောက်ပံ့သည့် လူ့အခွင့်အရေး တိုင်းတာမှုများ (သို့) ညွှန်းကိန်းများ ရရှိမှု ယေဘုယျအားဖြင့် ပိုမို များပြားလာရေးတွင် ကူညီ လုပ်ဆောင်ပေးခဲ့ကြသည်။ ထိုသို့သော အထင်ကြီးဖွယ်ရာ တိုးတက်မှုများ ရှိလင့်ကစား ထိုနယ်ပယ်တွင် ထင်ရှားသည့် ကွက်လပ်များ ရှိနေသေးသည်။ ဇယား ၈.၁ တွင် ပါဝင်သည့် အကွက်များကို တရားဝင်ဖြစ်သော၊ အဓိပ္ပာယ် ရှိသော၊ ယုံကြည် စိတ်ချရသော လူ့အခွင့်အရေး ညွှန်းကိန်းများဖြင့် တန်းတူ ဖြည့်ပေးနိုင်ခြင်း မရှိသေးပေ။ ပြည်သူ့ရေးရာနှင့် လူမှုရေး အခွင့်အရေးများ လေးစားခြင်း ရှုထောင့် (အကွက် ၁) အတွက် ညွှန်းကိန်းများကို ဖော်ထုတ်ပေးခြင်းနှင့် ကျယ်ပြန့်သော ဒေသနှင့် အချိန်ကို လွှမ်းခြုံထားသည့် ဖြစ်ရပ် အခြေပြု၊ စံနှုန်း အခြေပြု၊ စစ်တမ်းအခြေပြု အချက်အလက်များ ဖော်ထုတ်ခြင်းကို အလေးပေး နေသည်။ နိုင်ငံ အများအပြားအတွက် စီးပွားရေး အခွင့်အရေးများ ဖြည့်ဆည်းမှုကို စုပေါင်း တိုင်းတာခြင်းများလည်း ရှိသည် (အကွက် ၆) (ဥပမာ Cingranelli and Richards, 2007)။ သို့ရာတွင် လူမှုရေးနှင့် စီးပွားရေး အခွင့်အရေးများ လေးစားခြင်းနှင့် ကာကွယ်ပေးခြင်း ရှုထောင့်များအတွက် တိုင်းတာမှုများမှာ နည်းပါးနေဆဲ ဖြစ်သည် (အကွက် ၄ နှင့် ၅)။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ကာကွယ်ခြင်းနှင့် ဖြည့်ဆည်းပေးခြင်း ရှုထောင့်များအတွက် လုပ်ဆောင်ခြင်းမှာမူ ပို၍ပင် နည်းပါးနေသေးသည် (အကွက် ၂ နှင့် ၃(။

အချက်အလက် ရရှိမှုတွင် ကွက်လပ်များ ရှိနေခြင်းမှာ နိုင်ငံရေးသိပ္ပံတွင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများအပေါ် သဘောတရားပိုင်းနှင့် သီအိုရီပိုင်းအရ စိတ်ဝင်စားမှု ပိုများ သောကြောင့် ဖြစ်ပြီး စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ တိုင်းတာမှု၏ နည်းစနစ်ပိုင်း ဆိုင်ရာ ပြဿနာများကြောင့်လည်း ဖြစ်သည်။ သို့ရာတွင် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ ချိုးဖောက်သည့် ချဉ်းကပ်ပုံများကို လေ့လာရန် ကြိုးပမ်းမှုများ ပြုလာကြသည် (Chapman, 1996)။ ယင်းအချက်က စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများအတွက် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ နည်းတူ တိုင်းတာမှု နည်းလမ်းများ ရရှိလာစေနိုင်သည်။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ကာကွယ်ပေးခြင်းသည် နိုင်ငံတော်၏ ငွေကြေးအင်အား တောင့်တင်းမှု အပေါ်လည်း မူတည်သည်ဟု အသိအမှတ် ပြုလာကြသည် (Holmes and Sunstein, 1999)။ ထိုငွေကြေး အင်အားကို စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ တိုင်းတာသည့် နည်းလမ်းများ အသုံးပြု၍ တိုင်းတာနိုင်သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးက ထုတ်ဖော်ခဲ့သော တိုင်းတာမှု မူဘောင်တွင် အဓိက ညွှန်းကိန်းများကို အဓိပ္ပာယ် ဖွင့်ဆိုသည့် တည်ဆောက်ပုံ၊ ဖြစ်စဉ်နှင့် ရလဒ် သဘောတရားများ ပါဝင်သည်။ ယင်းသဘောတရား အများစုကို ပြည်သူ့ရေးရာနှင့် နိုင်ငံရေး

အခွင့်အရေးများနှင့် သက်ဆိုင်သော လူမှု စီးပွားရေးနှင့် အုပ်ချုပ်ရေး စာရင်းအင်းများ အသုံးပြု၍ လက်တွေ့ အသုံးပြုနိုင်ရန် အဓိပ္ပာယ် ပြန်ဆိုထားသည် (Landman and Carvalho, 2009 တွင် ရှုပါ)။

ယခုအခါ လူ့အခွင့်အရေး တိုင်းတာမှုများ ရရှိရေးကို ပညာရပ်ပိုင်းနှင့် မူဝါဒပိုင်း ဆိုင်ရာ အသိုင်းအဝိုင်းများက ပိုတိုး၍ တောင်းဆိုလာကြပြီ ဖြစ်သည်။ လူ့အခွင့်အရေး အမျိုးအစား များစွာ အတွက် တီထွင်နိုင်စွမ်း ရှိပြီး ယုံကြည် စိတ်ချရသော တိုင်းတာမှုများ ပို၍ ထွက်ပေါ်လာပြီ ဖြစ်သည်။ နိုင်ငံရေးသိပ္ပံ ပညာရှင်များက ထိုလူ့အခွင့်အရေး တိုင်းတာမှုများ ထုတ်ဖော်ရေး၊ ဆန်းစစ် လေ့လာရေးနှင့် တိုးတက်လာစေရေးတို့တွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြပြီး အနာဂတ်တွင်လည်း ထိုသို့ ဆက်လက် ပါဝင်ကြမည် ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ အစိုးရဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အစိုးရများ ပေါင်းစည်းထားသည့် အဖွဲ့အစည်းများနှင့် အကြံညာဏ်များ၊ အတွေ့အကြုံများ ဖလှယ်ခြင်းမှ ထိုလုပ်ဆောင်မှုများကို ပိုမို တိုးတက်လာစေသည်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများမှ လူ့အခွင့်အရေး အခြေအနေများကို ပြည့်ပြည့်စုံစုံ သိရှိနိုင်ရန် ဖြစ်ရပ် အခြေပြု၊ စံနှုန်းအခြေပြု၊ စစ်တမ်း အခြေပြု စာရင်းအင်း အချက်အလက်များနှင့် လူမှု စီးပွားရေးနှင့် အုပ်ချုပ်ရေး ဆိုင်ရာ စာရင်းအင်း အချက်အလက်များ ရရှိစေရန် ဆက်လက် လုပ်ဆောင်ရဦးမည် ဖြစ်သည်။ အများပြည်သူ အသုံးပြုနိုင်ရန် ဖွင့်ပေးထားသော အရင်းအမြစ်များနှင့် အချက်အလက်ကြီးများ ထွက်ပေါ်လာခြင်းနှင့် ထိုအချက်အလက်များကို စနစ်တကျ အဓိပ္ပာယ် ပြန်ဆိုနိုင်စွမ်းတို့သည်လည်း အနာဂတ် လူ့အခွင့်အရေး တိုင်းတာမှုတွင် အရေးပါလာမည် ဖြစ်သည်။

အနာဂတ်တွင် လူ့အခွင့်အရေး၏ ရှုထောင့်များ အားလုံးကို တိုင်းတာခြင်း၊ နိုင်ငံအတွင်းရှိ လူ့အခွင့်အရေး ရရှိမှုနှင့် ကမ္ဘာပေါ်တွင် ထိခိုက်မှု အများဆုံး အုပ်စုများ၏ လူ့အခွင့်အရေး ရရှိမှုများကို အကဲဖြတ်ရန် အချက်အလက်များကို ခွဲခြား ကောက်ခံခြင်း၊ တိုင်းတာမှု နည်းလမ်း အမျိုးမျိုး ဖော်ထုတ်ရာတွင် ပို၍ ပွင့်လင်းသော ဆက်သွယ် ဖလှယ်မှုများနှင့် ပွင့်လင်း မြင်သာမှု ရှိခြင်းများကို ပို၍ အလေးစိုက်လာကြမည် ဖြစ်သည်။ ယခု ဆွေးနွေးခဲ့ပြီးသော သာမန် ပြည်သူများကို အားဖြည့်ပေးသည့် နည်းလမ်း အသစ်များ ပေါ်ပေါက်လာခြင်းက အနာဂတ်တွင် နိုင်ငံရေး သိပ္ပံ ပညာရှင်များအတွက် အသုံးဝင်မည့် လူ့အခွင့်အရေး အချက်အလက်များ ပို၍ စီးဆင်းလာမည်ကို ပြသနေသည်။ အဆိုပါ ဖြစ်ပေါ် တိုးတက်မှုများနှင့် ပိုမို ကောင်းမွန်သော လူ့အခွင့်အရေး တိုင်းတာမှုများကို တောင်းဆိုမှုများက လူ့အခွင့်အရေး နယ်ပယ်အတွင်းရှိ ထိုနယ်ပယ်ခွဲသည် ဆက်လက် တိုးတက်နေဦးမည် ဖြစ်ပြီး ယင်းတိုးတက်မှုများက ကမ္ဘာတစ်ဝန်း လူသားတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ရေး ဟူသည့် ကာလရှည် ရည်မှန်းချက်အတွက် များစွာ အထောက်အကူ ဖြစ်ပေလိမ့်မည်။

## မေးခွန်းများ

### တစ်ဦးချင်း လေ့လာရန် မေးခွန်းများ

၁။ အဘယ်ကြောင့် လူ့အခွင့်အရေးကို တိုင်းတာရန် အရေးကြီးသနည်း။ တိုင်းတာမှု ပုံစံ အမျိုးမျိုး အတွက် စိန်ခေါ်မှုများကား အဘယ်နည်း။

၂။ လူ့အခွင့်အရေးကို ဖြစ်ရပ် အခြေပြု၊ စံနှုန်း အခြေပြု၊ စစ်တမ်း အခြေပြု တိုင်းတာပုံများ၏ အားသာချက်များကား အဘယ်နည်း။
၃။ လူမှု စီးပွားရေးနှင့် အုပ်ချုပ်ရေး ဆိုင်ရာ စာရင်းအင်း အချက်အလက်များကို လူ့အခွင့်အရေးအား တိုင်းတာရန် မည်ကဲ့သို့ အသုံးပြုနိုင်သနည်း။

**အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ**

၁။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို လူသိရှင်ကြား တင်ပြနိုင်ခြင်းက ကောင်းပါသလား။
၂။ လူ့အခွင့်အရေး၏ အမျိုးအစား အမျိုးမျိုးနှင့် ရှုထောင့် အမျိုးမျိုးတို့ကို အဘယ်ကြောင့် ထည့်သွင်းစဉ်းစားရန် အရေးပါသနည်း။
၃။ လူ့အခွင့်အရေး အချက်အလက်များကို ပုံဖော်ခြင်းက ၎င်းတို့ကို မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့တွင် မည်ကဲ့သို့သော သက်ရောက်မှုမျိုး ရှိသနည်း။

## ဆက်လက် ဖတ်ရှုရန်

**Ball, P. B., Asher, J., Sulmont, D.,** and **Manrique, D.** (2003). *How many Peruvians have died?* Washington, DC: American Association for the Advancement of Science (AAAS).
၁၉၈၀-၂၀၀၀ အကြား ပီရူး နိုင်ငံ၏ ဖြစ်ရပ်ကို အသုံးပြု၍ ဖြစ်ရပ် အခြေပြု လူ့အခွင့်အရေး အချက်အလက်များ ခန့်မှန်းပြထားခြင်း ဖြစ်သည်။

**Green, M.** (2001). What we Talk About when we Talk About Indicators: Current Approaches to Human Rights Measurement. *Human Rights Quarterly,* **23**/4, 1062–97.
လူ့အခွင့်အရေး တိုင်းတာခြင်းနှင့် သက်ဆိုင်သည့် သဘောထားပိုင်းနှင့် နည်းလမ်းပိုင်းဆိုင်ရာ ကိစ္စရပ်များကို ခြုံငုံ သုံးသပ်ထားသည်။

**Hafner-Burton, E.** and **Ron, J.** (2007). Special Issue on Human Rights. Journal of Peace Research, **44**/4.
နိုင်ငံရေး သိပ္ပံ သုတေသနတွင် လူ့အခွင့်အရေးကို စံနှုန်းအခြေပြု တိုင်းတာခြင်းအား ပြသထားသည်။

**Hertel, S.** and **Minkler, L.** (eds) (2007). E*conomic Rights: Conceptual, Measurement and Policy Issues*. Cambridge: Cambridge University Press.
စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ တိုင်းတာရာတွင် တွေ့ကြုံရသည့် သဘောတရားပိုင်းနှင့် နည်းလမ်းပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးထားသည်။

**Jabine T. B.** and **Claude, R. P.** (eds) (1992). *Human Rights and Statistics: Getting the Record Straight.* Philadelphia: University of Pennsylvania Press.

သီအိုရီပိုင်းနှင့် နည်းလမ်းပိုင်းဆိုင်ရာ ကိစ္စရပ်များ အပါအဝင် လူ့အခွင့်အရေး တိုင်းတာမှုများအကြောင်း ခြုံငုံ သုံးသပ်ထားခြင်း ဖြစ်သည်။

**Landman, T.** and **Carvalho, E. (2009).** *Measuring Human Rights.* London and Oxford: Routledge. လူ့အခွင့်အရေး တိုင်းတာမှုများအကြောင့် ခေတ်ပေါ်လေ့လာချက်နှင့် ဆွေးနွေးချက် ဖြစ်သည်။

## ဝက်ဘ်ဆိုဒ်များ

**http://www.freedomhouse.org** Freedom House ၏ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများကို ၁၉၇၂ ခုနှစ်မှ စ၍ စံနှုန်း နှစ်ခု အခြေပြု တိုင်းတာထားခြင်း ဖြစ်သည်။ နှစ်စဉ် အသစ် အချက်အလက် အသစ်များ ထွက်သည်။

**http://www.humanrightsatlas.org** Human Rights Atlas ၏ မြေပုံ အခြေပြု ဝက်ဘ်ဆိုဒ် ဖြစ်ပြီး နိုင်ငံ အခြေအနေများ၊ ဥပဒေ ကတိကဝတ်များနှင့် လူ့အခွင့်အရေး အလေ့အကျင့်များ ဆိုင်ရာ အချက်အလက်များ ဖော်ပြထားသည်။

**http://www.humanrightsdata.com** ဆင်ဂရာနီလ်နှင့် ရစ်ချက်တို့၏ လူ့အခွင့်အရေး အချက်အလက် ဆိုင်ရာ ဝက်ဘ်ဆိုဒ် ဖြစ်သည်။ ၁၉၈၀ မှ ၂၀၀၆ အထိ လူ့အခွင့်အရေး အမျိုးအစား ၁၇ ခုနှင့် ပတ်သက်သော စံနှုန်း ဆိုင်ရာ အချက်အလက်များကို စုစည်းထားသည်။ ရံဖန်ရံခါ အချက်အလက် အသစ်များ ထွက်လေ့ ရှိသည်။

**http://www.hrdag.org** ဖြစ်ရပ် အခြေပြု လူ့အခွင့်အရေး အချက်အလက်များ ထုတ်ဝေခြင်းနှင့် လေ့လာမှုများ ပြုလုပ်သည့် ကမ္ဘာ့ ထိပ်တန်း အဖွဲ့ Human Rights Data Analysis Group ၏ ဝက်ဘ်ဆိုဒ် ဖြစ်သည်။

**http://www.politicalterrorscale.org** ၁၉၇၆ မှ ၂၀၀၆ အထိ တစ်ကိုယ်ရည် ပြည့်စုံမှု ဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်၍ စံနှုန်း အခြေပြု စကေးများ ထုတ်ပြန်သည့် ဝက်ဘ်ဆိုဒ် ဖြစ်သည်။ ရံဖန်ရံခါ အချက်အလက် အသစ်များ ထွက်လေ့ ရှိသည်။

## မှတ်စုများ

၁။ သိပ္ပံနှင့် လူ့အခွင့်အရေး ဆိုင်ရာ ညွန့်ပေါင်း အစည်းအဝေး၊ AAAS ၏ အချက်အလက်ကြီးများနှင့် လူ့အခွင့်အရေး အကြောင်း ပိုမို သိရှိလိုပါက http://www.aaas.org/ event/science-human-rights-coalition-meeting-big-data-human-rights တွင် ရှုပါ။

၂။ ဥပမာ Freedom House က အရင်းအမြစ် အများအပြား အပေါ် မှီခိုသည်။ သို့ရာတွင် ၎င်း၏ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ဆိုင်ရာ စကေး နှစ်ခု ထုတ်ပြန်ရာတွင် မည်သည့်

အရင်းအမြစ်များကို အဓိက အသုံးပြုခဲ့သည်ကို မဖော်ပြပေ။ ဗြိတိန် နိုင်ငံ အခြေစိုက် ပုဂ္ဂလိက လူ့အခွင့်အရေးနှင့် စီးပွားရေး အန္တရာယ် လေ့လာရေး ကုမ္ပဏီ Maplecroft မှာလည်း အလားတူပင် ဖြစ်သည်။

၃။ PQLI သည် အမျိုးမျိုးသော နိုင်ငံတကာ အရင်းအမြစ်များမှ ရရှိသည့် တိုင်းတာချက်များကို အခြေခံရာ PQLI အတွက် အရင်းအမြစ် တစ်ခုဟူ၍ သီးသန့် မရှိပေ။ တစ်ဘက်တွင်မူ UNDP က နှစ်စဉ် HDI ကိန်းဂဏန်းများကို ထုတ်ပြန်ပေးသည်။ http://hdr.undp.org/en/statistics ကို ရှုပါ။ ကုလသမဂ္ဂမှ ရရှိသည့် စာရင်းအင်း အချက်အလက်ဘဏ် http://unstats.un.org/unsd ကိုလည်း ရှုပါ။

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# အပိုင်း (၂) လူ့အခွင့်အရေးနှင့် လက်တွေ့ ကျင့်သုံးမှု

# ၉) ကမ္ဘာ့ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် လူ့အခွင့်အရေး

**မာလီစ် ဂလေရှက်စ်နှင့် ဒေါက်ဂျီ လက်တင်ဂါ (Marlies Glasius and Doutje Lettinga)**

အခန်း မာတိကာ

- ကမ္ဘာ့ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်း ဆိုသည်မှာ အဘယ်နည်း
- ဖြစ်ရပ် လေ့လာခြင်း၊ ပုံစံ ပြောင်းလဲသူ ဖြစ်သည့် GCS၊ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ
- ဖြစ်ရပ် လေ့လာခြင်း၊ ဥပဒေ ချမှတ်သူများနှင့် စောင့်ကြည့်သူများ ဖြစ်သည့် GCS၊ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး
- နိဂုံး

စာဖတ်အညွှန်း

ယခုအခန်းသည် 'ၚင်းတို့၏ ကမ္ဘာကို လွှမ်းမိုးရန် စုစည်းထားကြသူများ' ဟု နားလည်ထားသည့် ကမ္ဘာ့ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်း (Global Civil Society (GCS)) နှင့် အကောင်းဆုံး စံပြု အခြေအနေ ဖြစ်သည့် ကမ္ဘာ့ ဥပဒေဖြင့် စည်းနှောင်ထားသော လူ့အဖွဲ့အစည်းတို့အကြား ဆက်စပ်မှုကို လေ့လာထားသည်။ GCS ၏ သဘောတရားကို မိတ်ဆက်ပြီးနောက် လူ့အခွင့်အရေး ကိစ္စရပ်များတွင် ပါဝင်သည့် GCS ဇာတ်ကောင် အချို့ကို လေ့လာထားသည်။ ထိုဇာတ်ကောင်များ၏ နောက်ခံ၊ နည်းလမ်းများနှင့် လွှမ်းမိုးမှုများကို အဓိက အာရုံစိုက်ထားသည်။ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်းမှ လူများနှင့် အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးနှင့် သက်ဆိုင်သော လုပ်ငန်းများကို သုံးပိုင်း ခွဲခြားနိုင်သည်။ ထိုအပိုင်း သုံးပိုင်းကို အဆင့်သုံးဆင့် အဖြစ်လည်း စဉ်းစားကြည့်နိုင်သည်။ ယင်းတို့မှာ စံနှုန်းများ ပြောင်းလဲခြင်း၊ ဥပဒေများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်မှုများကို စောင့်ကြည့်ခြင်းတို့ ဖြစ်သည်။ လုပ်ငန်း သုံးမျိုးကို ဖြစ်ရပ် လေ့လာမှု နှစ်ခုတွင် တွေ့ရှိနိုင်သည်။ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများနှင့် စပ်လျဉ်းသည့် စံနှုန်း ပြောင်းလဲသည့် လုပ်ငန်းများနှင့် နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးနှင့် စပ်လျဉ်းသည့် ဥပဒေ ချမှတ်ခြင်းနှင့် စောင့်ကြည့်ခြင်း လုပ်ငန်းများ ဖြစ်သည်။

## ကမ္ဘာ့ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်း ဆိုသည်မှာ အဘယ်နည်း

ကမ္ဘာ့ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်း (Global Civil Society (GCS)) မဆိုထားနှင့် ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်းဟူသော စကားလုံးသည်ပင် ရှုပ်ထွေးလှသည်။ စာရေးသူ များစွာ ရှိသကဲ့သို့ GCS နှင့် ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်းကို အဓိပ္ပာယ် ဖွင့်ဆိုချက် များစွာလည်း ရှိသည် (ဥပမာHowell and Pearce, 2001, pp. 13–37; D. Lewis, 2002; Kaldor, 2003, pp. 6–12 တို့ကို ရှုပါ)။ မည်သို့ပင် ဆိုစေကာမူ ယခု အခန်းတွင် ကမ္ဘာ့ လူမှု လှုပ်ရှားမှုများ (Cohen and Rai, 2000)၊ နိုင်ငံ ဖြတ်ကျော် လှုပ်ရှားသည့် ထောက်ခံ လှုပ်ရှားခြင်း ကွန်ရက်များ (Keck and Sikkink, 1998) (သို့) ကမ္ဘာ့

နိုင်ငံသား လုပ်ဆောင်ချက်များ (Edwards and Gaventa, 2001) အစရှိသည့် အသုံးအနှုန်းများထက် ထိုအသုံးအနှုန်းကို ရည်ရွယ်ချက် ရှိရှိ အသုံးပြုထားသည်။

၎င်း၏ သမိုင်းကြောင်းသည် နိုင်ငံသားများကို ကာကွယ်ရန် ဥပဒေများ၊ ပြည်သူ့ရေးရာ အခွင့်အရေးများ သဘောတရားနှင့် ဆက်စပ်သည်။ ထိုအသုံးအနှုန်း စတင်ပုံမှာ ရှေးဟောင်း ရောမ ဒေသမှ ဖြစ်သော်လည်း ၎င်းကို အမြင်ပွင့်ခေတ် (Enlightment era) တွင် အုပ်ချုပ်သူက သူ၏ နိုင်ငံသားများအပေါ် စိတ်ရှိသလို ဆက်ဆံ၍ ရသည်ဟူသော အမြင်ကို ဆန့်ကျင်ရာ၌ အထူး အသုံးပြုခဲ့သည်။ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်း ဆိုသည်မှာ နိုင်ငံသားတို့၏ အခွင့်အရေးများနှင့် တာဝန်များကို ဖော်ပြထားသော၊ သဘောတရားအရသာ ရှိသော လူမှု စာချုပ်ကို အခြေခံထားသည့် မိမိဆန္ဒအလျောက် ဖွဲ့စည်းထားသော အဖွဲ့အစည်း ဖြစ်သည် (Seligman, 1992 ကို ရှုပါ)။ ကန့် (Kant) မှအပ အမြင်ပွင့်ခေတ် တွေးခေါ်သူများသည် ထိုဥပဒေဖြင့် စည်းနှောင်နေသည့် လူ့အဖွဲ့အစည်းကို နိုင်ငံတော် အနေဖြင့် သဘောထားကြသည်။

အချို့သော စာရေးသူများက နိုင်ငံ ဖြတ်ကျော် လှုပ်ရှားသော (သို့) နိုင်ငံတကာ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်းဟူသည့် အသုံးအနှုန်းများကို ပိုမို နှစ်ခြိုက်ကြပြီး ကမ္ဘာဟူသော အသုံးအနှုန်းမှာ ကြွားဝါလွန်းရာကျသည်ဟု ဆိုကြသည် (Smith, Chatfield, and Pagnucco, 1997; Keck and Sikkink, 1998; Florini, 2000)/ သို့ရာတွင် ကမ္ဘာဟူသည့် အသုံးအနှုန်းမှာ အခြေအနေကို ချဲ့ကားပြောသလို ဖြစ်နေသော်လည်း နိုင်ငံ ဖြတ်ကျော်လှုပ်ရှားသည်ဟူသော အသုံးမှာလည်း လျော့ရဲလွန်းနေသည်။ နယ်စပ်စည်း တစ်ခုတည်း ကျော်ခြင်းကိုလည်း နိုင်ငံ ဖြတ်ကျော် လှုပ်ရှားသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် ထိုအသုံးအနှုန်းမှာ သွားလာရေးနှင့် ဆက်သွယ်ရေးတွင် ဖြစ်ပွားခဲ့သည့် အပြောင်းအလဲများနှင့် ယခင်က ပိတ်ဆို့နေသည့် လူ့အဖွဲ့အစည်းများ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ပွင့်လင်းလာခြင်းကိုလည်း အတိအကျ မဖော်ပြနိုင်ပေ။ ထို့ပြင် ကမ္ဘာ့ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်းဟူသော အသုံးအနှုန်းကသာ ယခု တစ်ကမ္ဘာလုံး ခေါ်တွင်နေကြသည့် ဂလိုဘယ်လ်လိုက်ဇေးရှင်း ဖြစ်စဉ်ကို ဖြည့်ဆည်းပေးနိုင်ပြီး တန်းတူရည်တူ လိုက်နိုင်သည့် အသုံးအနှုန်းမျိုး ဖြစ်သည်။

နောက်ဆုံးအနေဖြင့် GCS ဟူသည့် အသုံးအနှုန်းတွင် နိုင်ငံဖြတ်ကျော် လှုပ်ရှားသော ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်းဟူသည့် အသုံးအနှုန်း၌ မရှိသော စံနှုန်းဆိုင်ရာ ရည်မှန်းချက် ရှိသည်။ လူ့အခွင့်အရေးဟူသည့် အသုံးအနှုန်းတွင် ပြည်သူ့ရေးရာ အခွင့်အရေး ဟူသော စကားလုံး၌ မရှိသော တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် ရည်မှန်းချက် ရှိသကဲ့သို့ GCS ဟူသော စကားလုံး သည်လည်း နေရာတိုင်းတွင် ရှိသော နိုင်ငံသားများကို ထည့်သွင်းစေပြီး ၎င်းတို့က ကမ္ဘာ့ နိုင်ငံသားများအဖြစ် စဉ်းစားနိုင်ရန်နှင့် ပြုမူနိုင်ရန် ရည်မှန်းချက် ရှိသည်။ ဂလိုဘယ်လ် လိုက်ဇေးရှင်းဆိုင်ရာ စာပေ အချို့က 'လူသား အားလုံးအတွက် စိတ်ကူးဖြင့် ဖွဲ့စည်းထားသည့် လူ့အသိုင်းအဝိုင်း'၊ ကမ္ဘာလုံး ဆိုင်ရာ အသိတရား ရှိလာပြီဟု ဆိုကြသည် (Shaw, 2000)။ အချို့သော ပါဝင်သူများသည် ခရီးသွားလာခြင်း မရှိကြ (သို့) တယ်လီဖုန်းပင် အသုံးမပြုကြ သော်လည်း GCS သည် ထိုအသိတရားကို ဖော်ပြခြင်း ဖြစ်သည် (Anheier, Glasius, and Kaldor, 2001, pp. 16-17)။ တစ်ချိန်တည်းမှာပင် စစ်ပွဲကာလ နောက်ပိုင်း ကမ္ဘာ့လူ့အခွင့်အရေး သဘောတရားနှင့် နိုင်ငံသားများအပေါ် တိုက်ရိုက် သက်ရောက်မှု ရှိသော နိုင်ငံတကာ ဥပဒေ ဆိုင်ရာ ကွန်ရက်များ အားကောင်းလာခြင်းက စည်းမျဉ်းဖြင့် စည်းနှောင်မှုရှိသော ကမ္ဘာ့

လူ့အဖွဲ့အစည်းကို အိပ်မက်မက် လာစေသည်။ ကျွန်ုပ်တို့ ဖော်ပြသည့်အတိုင်း ယနေ့ခေတ် GCS တွင် နယ်စပ်ကျော်ဖြတ်ခြင်းများ၊ အမြတ်ငွေ အတွက် မဟုတ်သော၊ အစိုးရ မဟုတ်သော အဖွဲ့အစည်း များသည် လူ့အခွင့်အရေး ဥပဒေနှင့် နီးကပ်စွာ ဆက်စပ်နေသည်။

GCS ဆိုသည်မှာ အဘယ်နည်း။ ကမ္ဘာ့ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်း နှစ်စဉ် စာအုပ် (Global Civil Society Yearbook) တွင် ကျွန်ုပ်တို့က အောက်ပါ အဓိပ္ပာယ်ကို ဖွင့်ဆိုခဲ့သည်။ ကမ္ဘာ့ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်း ဆိုသည်မှာ မိသားစု၊ နိုင်ငံတော်နှင့် ဈေးကွက်အတွင်း တည်ရှိသည့် သဘောတရားများ၊ တန်ဖိုးများ၊ အင်စတီကျူးရှင်းများ၊ ကွန်ရက်များ၊ တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များ ဖြစ်ပြီး ထိုသူများသည် နိုင်ငံတွင်း လူ့အဖွဲ့အစည်းများ၊ အစိုးရ အဖွဲ့များနှင့် စီးပွားရေးများ၏ ဘောင်ကို ကျော်လွန်၍ လှုပ်ရှားနေကြသည် (Anheier, Glasius and Kaldor, 2001, p. 17)။ ယခုအခန်းတွင် ကျွန်ုပ်တို့ အနေဖြင့် အနည်းငယ် ပိုကျဉ်းမြောင်းပြီး ပိုရိုးရှင်းသော အဓိပ္ပာယ် ဖွင့်ဆိုချက်ကို အသုံးပြုသွားပါမည်။ GCS တွင် ၎င်းတို့၏ ကမ္ဘာကို လွှမ်းမိုးရန် စုစည်းထားသည့် လူများ ပါဝင်သည်။ ထို့ကြောင့် GCS တွင် ရည်ရွယ်ချက် ရှိရှိ စုစည်းခြင်း ပါဝင်သည်။ ယင်းမှာ နိုင်ငံရေး အဓိပ္ပာယ် ဖွင့်ဆိုချက် ဖြစ်ရာ မြားပစ်တမ်း ကစားရန် (သို့) စီးပွားရေး လုပ်ရန် စုစည်းကြသူများ မပါဝင်ပေ။ GCS တွင် ကမ္ဘာကို မလိုလားအပ်သည့် လားရာသို့ ရောက်ရှိစေရန် (သို့) မကောင်းသော နည်းလမ်းများနှင့် လွှမ်းမိုးရန် ကြိုးပမ်းသူများ ပါဝင်သည် (စာသေတ္တာ ၉.၁ တွင် ရှုပါ)။ ၎င်းတို့၏ ကမ္ဘာဟူသည့် တစ်ဦးစီနှင့် ဆိုင်သော အသုံးအနှုန်းမှာ ၎င်းတို့ နေထိုင်သော ကမ္ဘာ၊ ၎င်းတို့ အသက်ရှင်နေသည့် ကမ္ဘာကို ဆိုလိုခြင်းဖြစ်ပြီး တစ်ကမ္ဘာလုံး လွှမ်းခြုံရန် ရည်မှန်းချက် ရှိခြင်းကို ဆိုခြင်း မဟုတ်ပေ။ အသက်ရှင်ရာ ကမ္ဘာသည် ဂလိုဘယ်လ် လိုက်ဖေးရှင်း၏ အားများကြောင့် ပုံသွင်းခြင်းများ ပိုမို တွေ့ကြုံ လာရသည်။ နောက်ဆုံး အနေဖြင့် ထိုအဓိပ္ပာယ် ဖွင့်ဆိုချက်က (ကမ္ဘာ့) ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်းသည် တန်ဖိုးများဖြင့် လှုပ်ရှားနေကြသော်လည်း တစ်ဦးနှင့် တစ်ဦး ကိုက်ညီသည့် တန်ဖိုးထားမှု စနစ် မရှိကြသော (တန်ဖိုးများအကြား၌ ထိပ်တိုက် တွေ့မှုများပင် ရှိသော) ဇာတ်ကောင်များ လှုပ်ရှားနေကြသည့် အငြင်းပွားဖွယ် နယ်ပယ် ဖြစ်သည်ကို ပြသနေသည် (Howell and Pearce, 2001, p. 234)။

| စာသေတ္တာ ၉.၁။ ယဉ်ကျေးသော ဟူသော စကားလုံးကို ခွဲခြမ်း စိတ်ဖြာခြင်း |
| --- |
| ကမ္ဘာ့ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်းတွင် မည်သည်က ယဉ်ကျေးသော ဖြစ်သနည်း။ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်းမှ ဇာတ်ကောင်များသည် နိုင်ငံတော် (သို့) လူထုကို ယဉ်ကျေးအောင် လုပ်ဆောင်ပေးရန် ရည်ရွယ်သော်လည်း ၎င်းတို့ အားလုံးက ထိုလုပ်ဆောင်ချက် များကို ယဉ်ကျေးသော၊ ငြိမ်းချမ်းသော ပုံစံဖြင့် လုပ်ဆောင်ခြင်း မဟုတ်ပေ (သို့) အပြောင်းအလဲ ဆန်သော၊ လစ်ဘရယ်ကျသော၊ ဒီမိုကရေစီ နည်းလမ်းကျသော တန်ဖိုးများကို စိတ်ထဲထား၍ လုပ်ဆောင်ခြင်း မဟုတ်ပေ။ GCS သည် လွန်စွာ ကွဲပြားခြားနားသည်။ ထို့ကြောင့် ယင်းတွင် လူမျိုးရေး ခွဲခြားသော၊ ကျား၊မ ခွဲခြားသော (သို့) အကြမ်းဖက်သော လှုပ်ရှားမှုများလည်း ပါဝင်သည်။ သို့ရာတွင် မည်သည့် စံနှုန်းများ (သို့) မည်သည့် အုပ်စုက ယဉ်ကျေးသည်ကို ဆုံးဖြတ်ခြင်းသည် ပြဿနာရှိသည်။ ရှေးဦးစွာ သမိုင်းကြောင်းများအရ သိမ်းပိုက် လွှမ်းမိုးသည့် နည်းလမ်းများက ယဉ်ကျေးမှု မရှိသည့် တိုင်းအောင် ကိုလိုနီပြုခြင်းများသည် ဒေသခံများကို ယဉ်ကျေးလာအောင် လုပ်ခြင်း ဖြစ်သည်ဟု ဆင်ခြေ ပေးကြသည်။ ဒုတိယ အနေဖြင့် အတိုင်းအတာ တစ်ခုအထိ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်း ဟူသည့် သဘောတရားမှာ သီးသန့်ဆန်နေသည်။ ယင်းအသုံးအနှုန်းက ၎င်းကိုယ်၎င်း အခြား |

ပုံစံများနှင့် နှိုင်းယှဉ်လျှင် ကျင့်ဝတ်ပိုင်းအရ ပို၍ မြင့်မြတ်သည်ဟု ဆိုလိုရာကျသည်။ တတိယ အချက်မှာ ယဉ်ကျေးသော၊ ဥပမာ ဒီမိုကရက်တစ် ရည်ရွယ်ချက်များသည် ယဉ်ကျေးသော၊ ဥပမာ ဒီမိုကရက်တစ် အမူအကျင့်များနှင့် တူညီချင်မှ တူညီလိမ့်မည်။ မယဉ်ကျေးသော လှုပ်ရှားမှုများက ယဉ်ကျေးသော ရလဒ်များ ထွက်ပေါ် လာစေနိုင်သည်။ ထိုနည်းတူ ယဉ်ကျေးသော လှုပ်ရှားမှုများက မယဉ်ကျေးသော ရလဒ်များလည်း ထွက်ပေါ် စေနိုင်သည်။ နောက်ဆုံးအနေဖြင့် ယဉ်ကျေးမှုသည် စည်းကမ်းများကို လိုက်နာခြင်းနှင့် မတူညီပေ။ တည်ဆဲ ဥပဒေ (သို့) လူ့အဖွဲ့အစည်း၏ စံနှုန်းများကို လိုက်နာခြင်းသည် ဒီမိုကရေစီ နည်းလမ်း မကျသည့် လူ့အဖွဲ့အစည်းများတွင် လိုလားဖွယ်ရာ ဖြစ်လိမ့်မည် မဟုတ်ပေ။ ဒီမိုကရေစီ နည်းလမ်းကျသည့် လူ့အဖွဲ့အစည်းများ၌ပင် လက်ရှိ အခြေအနေကို စိန်ခေါ်ခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် GCS ကို ချဉ်းကပ်ရာတွင် ယဉ်ကျေးသော ဟူသည့် သဘောတရားကို ပျော့ပျော့ပြောင်းပြောင်း ထားခြင်းက အကောင်းဆုံး ဖြစ်ပေလိမ့်မည်။ ယဉ်ကျေးခြင်းတွင် မည်သည်တို့ ပါဝင်သည်မှာ တစ်သက်လုံး အငြင်းပွားသွား ရမည်ကို အသိအမှတ်ပြု ကြရပေလိမ့်မည် (Kopecky and Mudde, 2003, and Glasius,၏ တို့ကို ကြည့်ပါ)။

လက်တွေ့ကျသော သဘောတရား ဖြစ်ပြီး အားကောင်းသည့် စံနှုန်း သက်ရောက်မှုများ ရှိပေရာ GCS သဘောတရားအပေါ် ဝေဖန်ခြင်းများလည်း ရှိသည်။ ကျွန်ုပ်တို့အနေဖြင့် ဝေဖန်မှု လေးမျိုးကို ဖော်ပြသွားပါမည်။ ပထမ ဝေဖန်ချက်မှာ ကာကွယ်မှု မရှိခြင်းကြောင့် GCS သည် ထိရောက်စွာ လုပ်ငန်း လုပ်ဆောင်နိုင်ခြင်း မရှိဟူသည့် အချက် ဖြစ်သည်။ ခရစ်(စ်) ဘရောင်း (Chris Brown) ၏ အဆိုအရ “နိုင်ငံတကာ စနစ်တွင် အမိက ဥပဒေနှင့် ဥပဒေ လိုက်နာခြင်း ပြဿနာများ ရှိပြီး ယင်းပြဿနာများက ကမ္ဘာ့ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်း လှုပ်ရှားမှုများကို ပြင်းပြင်းထန်ထန် ကန့်သတ်နေသည်။ အစိုးရ မဟုတ်သော အဖွဲ့အစည်းများသည် ရဲတပ်ဖွဲ့များထံမှ အကာအကွယ် ပေးမှု လိုအပ်ပြီး ယခုအချိန်တွင် ရဲတပ်ဖွဲ့များသည် နိုင်ငံ တစ်နိုင်ငံချင်းစီ၌သာ ရှိကြသည်။ ရဲတပ်ဖွဲ့များသည် ကမ္ဘာ့ နေရာ အနှံ့အပြားတွင် အကောင်းဆုံး အခြေအနေတွင် ထိရောက်မှု မရှိကြဘဲ အဆိုးဆုံး အခြေအနေတွင် အကျင့်ပျက် ချစား နေကြသည်” (Brown, 2001)။ သို့ရာတွင် ထိုအမြင်မှာ GCS ၏ အဓိပ္ပာယ်အပေါ် ဖြစ်သမျှ လက်ခံသော၊ ထိခိုက်လွယ်သော အမြင် ရှိခြင်း ဖြစ်သည်။ GCS ထွက်ပေါ်လာခြင်းသည် နိုင်ငံတကာ တရားဥပဒေ စိုးမိုးမှု ပေါ်ပေါက် လာခြင်းနှင့် ယင်းကို လက်ခံခြင်းကြောင့် ဖြစ်သည်။ လူသားချင်း စာနာမှုနှင့် လူ့အခွင့်အရေး ဥပဒေ (အခန်း ၄ တွင် ရှုပါ) သည် အစိုးရ ပြင်ပမှ လူများ၏ လုပ်ဆောင်မှု အသီးအပွင့်များ ဖြစ်သည်။ နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေများ ဆိုင်ရာ ပဋိညာဉ်များ အားလုံးနီးပါးသည် နိုင်ငံတကာ ကြက်ခြေနီ ကော်မတီ (International Committee of the Red Cross (ICRC)) မှ အစပျိုးခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းသည် ရှေ့နေ အုပ်စုငယ်လေး တစ်ခုမှ အစပြုခဲ့ခြင်း ဖြစ်သည်။ ထိုအုပ်စုဝင် အချို့မှာ နိုင်ငံရေး ဒုက္ခသည်များ ဖြစ်ခဲ့ကြသည်။ ကုလသမဂ္ဂ ပဋိညာဉ်တွင် လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များကို ထည့်သွင်းခဲ့ခြင်းမှာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (non-governmental organizations (NGOs)) များ၏ လုပ်ရပ် ဖြစ်သည်။ ညှဉ်းပန်း နှိပ်စက်ခြင်း ဆန့်ကျင်ရေး ဆိုင်ရာ သဘောတူ စာချုပ်ကဲ့သို့သော စစ်ပွဲကာလ နောက်ပိုင်း ပဋိညာဉ်များသည် လူ့အခွင့်အရေး အန်ဂျီအိုများ သက်သက်၏ လုပ်ဆောင်ချက် ဖြစ်သည် (Burgers, 1992; Keck and Sikkink, 1998, p. 85; A. M. Clark, 2001, pp. 55–67 တို့ကို ရှုပါ)။ နိုင်ငံတကာ ဥပဒေသည် နိုင်ငံများ၏ ထောက်ခံမှု မရှိဘဲ (သို့) နိုင်ငံအများစု ဆန့်ကျင်သည်ကို ကျော်လွှား၍ ထွက်ပေါ်လာနိုင်သည်ဟု ဆိုလျှင် တုံးအရာ ကျလိမ့်မည်။ သို့ရာတွင် နိုင်ငံတော်၏

အကျိုးစီးပွားထက် လူသားမျိုးနွယ်စု၏ အကျိုးစီးပွားကို ကာကွယ်သည့် နိုင်ငံတကာ ဥပဒေများတွင် GCS က ကြီးစွာ ပါဝင် ပတ်သက်နေသည်။

ဒုတိယ ဝေဖန်ချက်မှာ ကျင့်ဝတ်ပိုင်းအရ ဖြစ်သည်။ ထိုဝေဖန်ချက်က GCS ဇာတ်ကောင်များသည် နိုင်ငံတော်ကို တာဝန်ခံခိုင်းခြင်း (သို့) အာဏာရှိသူများကို ပူးပေါင်းခိုင်းခြင်းများ တောင်းဆို သော်လည်း အမှန်တကယ်တွင် ထိုသူများမှာ နီယိုလစ်ဘရယ် ကမ္ဘာ့ အစီအစဉ်ကို ထောက်ခံသူများ ဖြစ်သည်။ တည်ဆဲ ကမ္ဘာ့ စီးပွားရေးနှင့် နိုင်ငံရေး စနစ်များထဲတွင် လှုပ်ရှားနေသည့် GCS အဖွဲ့အစည်းများသည် ကစားပွဲ တစ်ခုလုံးကို စိန်ခေါ် တော်လှန်ရမည့် အစား ချမှတ်ထားသည့် ကစားပွဲ ဥပဒေများ၏ ဘောင်အတွင်း၌သာ လှုပ်ရှားသွားလာ နေကြသည်။ စည်းကြပ်မှု ဆိုင်ရာ အကူအညီများ ပေးအပ်ခြင်းဖြင့် GCS သည် ကမ္ဘာ့ အရင်းရှင် ဝါဒကို တရားဝင် ဖြစ်အောင် လုပ်နေခြင်း ဖြစ်ပြီး လွှမ်းမိုးထားသည့် အင်အားစုများကို စိန်ခေါ်ခြင်းလည်း မရှိပေ။ ဥပမာ ရှုန်နီလစ်ရှပ်စ် (Lipschutz and Rowe, 2005, p. 202) က “ကမ္ဘာ့ နီယိုလစ်ဘရယ် စနစ်အောက်တွင် လှုပ်ရှားနေကြသည့် ယနေ့ခေတ် အရင်းရှင် နိုင်ငံများ၏ စည်းမျဉ်း စည်းကမ်းများ၊ အလေ့အကျင့် များနှင့် လက္ခဏာများသည် လူသားများ၏ ဖူလုံမှုကို တစ်စိတ်တစ်ပိုင်းထက် ပို၍ မကိုင်တွယ်နိုင်ပေ။ ထိုတာဝန်၏ ကျန်ရှိနေသော အပိုင်း အတော်များများကို ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်းများက လုပ်ဆောင် ပေးကြသည်။ ထိုအဖွဲ့အစည်းများသည် အဆိုပါ ကွက်လပ်များကို ဖြည့်ဆည်းပေးရန် တည်ရှိလာခြင်း ဖြစ်သည်။ အရပ်ဘက် အဖွဲ့အစည်းများက ဆန့်ကျင်နေသည့် အရာနေသည်ဟု ထင်ရသည့် အရာ အများစုသည် နီရိုလစ်ဘရယ်လစ်ဇင် အလိုကျစေမှုအတွက် အဓိကကျသည်ဟု ယူဆရမည်” ဟု ဆိုခဲ့သည်။ သံသယ ရှိစရာ မလိုသည့် အချက်မှာ မတူညီသည့် GCS ဇာတ်ကောင်များသည် မတူညီသည့် အချိန်၌ အာဏာ ချုပ်ကိုင် ထားသူများကို စိန်ခေါ်ခြင်းရော၊ ထောက်ခံခြင်းရော ပြုလုပ်ခဲ့သည်။ GCS များက နိုင်ငံတော်နှင့် အခြားသော ဇာတ်ကောင်များကို ထိပ်တိုက် ရင်ဆိုင်သည့်အခါ၊ ပူးပေါင်းသည့်အခါ (သို့) အစိုးရ၏ အသုံးချမှုကို ခံရသည့်အခါ လက်တွေ့ လေ့လာမှုများ လုပ်ရမည်မှာ လူမှုရေး သိပ္ပံ ပညာရှင်များ၏ တာဝန်ပင် ဖြစ်သည်။

တတိယ ဝေဖန်မှုက လွှမ်းမိုးမှု ရှိသော၊ ဘာသာရေးနှင့် မဆက်စပ်သော အနောက်နိုင်ငံများ၏ GCS အပေါ် နားလည်မှုဖြစ်သည်။ ရှိဖ်အက်ဇက် (Raouf Ezzat) (2004) က “ကိုးကွယ်မှုသည် ကမ္ဘာ့ တောင်ပိုင်း၊ လက်တင် အမေရိကမှ အာဖရိက၊ တောင်အာရှအထိ ဒေသများတွင် လူမှု လှုပ်ရှားမှု အများအပြားအတွက် အခြေခံ ကျသော စိတ်ဆန္ဒ ဖြစ်သည်။ ထိုနိုင်ငံ အများစုတွင် ဒေသတွင်း ဖြစ်စေ၊ တစ်ကမ္ဘာလုံးနှင့် ဆိုင်သည် ဖြစ်စေ အောက်ခြေ နိုင်ငံရေးသည် အထွတ်အမြတ်ထားသော သဘောတရားများ၊ ပုံရိပ်များနှင့် စည်းမျဉ်းများအပေါ် များစွာ မှီခိုနေသည်။ ဘာသာရေးသည် လူထု ထကြွ လှုပ်ရှားမှုနှင့် ရောယှက်နေသည်” ဟု ဆိုသည်။ ယင်းမှာ အနောက်နိုင်ငံမှ လူမှုရေး သိပ္ပံနှင့် အနောက်နိုင်ငံ လူမှု အမြင်များတွင် မရှိသည့် အချက်အပေါ် ဝေဖန်ခြင်း ဖြစ်သည်။ GCS ၏ သဘောတရားကို ဝေဖန်ခြင်း မဟုတ်ပေ။ ထို့ကြောင့် ယင်းကို ပိုမို ကောင်းမွန်သော သုတေသနများ ပြုလုပ်ခြင်းဖြင့် တုန့်ပြန် နိုင်သည်။

စတုတ္ထ ဝေဖန်ချက်သည် လူ့အခွင့်အရေး ထောက်ခံ လှုပ်ရှားမှုများနှင့် တိုက်ရိုက် ပတ်သက် နေသည်။ နယ်နိမိတ် ဖြတ်ကျော်ပြီး စံနှုန်း ချမှတ်ရေး မျှော်မှန်းချက်များ ရှိသော နိုင်ငံတကာ အန်ဂျီအို (INGO) များသည် ၎င်းတို့ကိုယ်၎င်းတို့ ပို၍ ကြီးကျယ်သော နာမည်ဖြစ်သည့် ကမ္ဘာ့ အရပ်ဘက် အဖွဲ့အစည်းဟူသည့်

အမည်ကို ပေးကြပြီး ဒီမိုကရေစီ နည်းလမ်းမကျသော အရာများကို လုပ်ဆောင် နေကြသည်။ ဥပမာ ကန်အန်ဒါဆင် (Ken Anderson) က "နိုင်ငံတကာ အန်ဂျီအိုများသည် နိုင်ငံတကာ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်းများ ဖြစ်ကြသည်။ နိုင်ငံတကာ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်းသည် ကမ္ဘာပေါ်ရှိ လူများ၏ အသံ၊ ကမ္ဘာ့ သဘောထား အသံ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် ထိုအန်ဂျီအိုများကို ဆွေးနွေးရေး စားပွဲဝိုင်းများ၊ အာဏာရှိသူများ စုစည်းရာ အစည်းအဝေး ခန်းမများ၌ နေရာပေးရမည်။ ထိုသို့ နေရာ မပေးပါက ဒီမိုကရေစီ နည်းလမ်းကျသော နိုင်ငံများ ဖြစ်သည့်တိုင် ထိုနိုင်ငံများနှင့် နိုင်ငံတကာ အင်စတီကျူးရှင်းများသည် တရားဝင် ဖြစ်မှု လျော့ကျ သွားစေနိုင်သည်" (Anderson and Rieff, 2000, p. 111)။ ထိုအဆိုက INGO များက မည်သည့် အတိုင်းအတာအထိ သေးငယ်သော၊ ရပ်ရွာအတွင်းမှ အုပ်စုများနှင့် ဘေးဖယ်ခံထားရသူများ၏ လိုအပ်ချက်များနှင့် အကျိုးစီးပွားများကို ကိုယ်စားပြုသည်ဟု တရားဝင် ဆိုနိုင်သနည်း ဟူသည့် မေးခွန်းကို ထွက်ပေါ် လာစေသည်။ လူ့အခွင့်အရေး ထောက်ခံ လှုပ်ရှားမှုများနှင့် ဒီမိုကရေစီ နည်းလမ်းအရ ကိုယ်စားပြုခြင်းတို့အကြား ထိပ်တိုက်တွေ့မှုများကို ယခုအခန်း အဆုံးပိုင်းတွင် ထပ်မံ လေ့လာသွားပါမည်။

ယခုအခန်းတွင် "၎င်းတို့၏ ကမ္ဘာကို လွှမ်းမိုးရန် စုရုံးကြသူများ" နှင့် "ကမ္ဘာ့ စည်းကမ်းများနှင့် စည်းနှောင်ထားသော လူ့အဖွဲ့အစည်း" ဟူသည့် စံနှုန်းပိုင်းအရ အကောင်းဆုံးဖြစ်သည့် အခြေအနေတို့အကြား ဆက်စပ်မှုများကို လေ့လာသွားပါမည်။ ရှုပ်ထွေးမှုများကို ရှောင်ကြဉ်ရန် GCS ဟူသည့် စကားလုံးကို အမှန်တကယ် တည်ရှိနေသော (ယဉ်ကျေးသည့်) အရပ်ဘက် လူ့အဖွဲ့အစည်းများ အတွက်သာ အသုံးပြုသွားပါမည်။ နောက်အပိုင်းတွင် လူ့အခွင့်အရေး ကိစ္စရပ်များတွင် ပါဝင်သည့် GCS ဇာတ်ကောင်များနှင့် ၎င်းတို့၏ နောက်ခံ သမိုင်းကြောင်း၊ နည်းလမ်းများနှင့် လွှမ်းမိုးမှုများကို မိတ်ဆက်သွားပါမည်။

### ကမ္ဘာ့ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်းမှ ဇာတ်ကောင်များနှင့် လူ့အခွင့်အရေး

နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့များ၏ ခေါင်းချုပ်မှာ ၁၉၆၁ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) အဖွဲ့ ဖြစ်သည်။ ထိုအဖွဲ့တွင် ယခုအခါ နိုင်ငံပေါင်း ၁၅၀ ကျော်မှ အဖွဲ့ဝင်များနှင့် ထောက်ခံသူ ၂ သန်းကျော် ရှိနေပြီ ဖြစ်သည်။ ၎င်း၏ လက္ခဏာများမှာ အဖွဲ့ဝင် အခြေပြုခြင်း၊ အထူးသဖြင့် အနောက်နိုင်ငံများမှ အဖွဲ့ဝင်များကို အခြေပြုခြင်းနှင့် နိုင်ငံရေးအရ ကြားနေခြင်းကို အလေးစိုက်ခြင်း ဖြစ်သည်။ လူ့အခွင့်အရေး စောင့်ကြည့် လေ့လာရေး အဖွဲ့ (Human Rights Watch) တွင်မူ လွန်စွာ ကွဲပြားသော တည်ဆောက်ပုံ ရှိပြီး အဖွဲ့ဝင် စနစ်ကို အခြေမခံပေ။ ထိုအစား HRW အဖွဲ့က ၎င်း၏ ဝန်ထမ်းများ၏ သုတေသန ကျွမ်းကျင်မှုမှ အားကို ယူသည်။ နိုင်ငံတကာ လူ့အခွင့်အရေး ဖက်ဒရေးရှင်း (International Federation for Human Rights) ကမူ အခြား ပုံစံ တစ်ခုကို ယူသည်။ ကမ္ဘာတစ်ဝန်းမှ ရပ်ရွာ အခြေပြု အဖွဲ့အစည်း ၁၇၈ ဖွဲ့ ပါဝင်ပြီး ၎င်း၏ နိုင်ငံတကာတွင် တည်ရှိမှုသည် အောက်ခြေ လူ့အခွင့်အရေး အုပ်စုများ၊ အထူးသဖြင့် ဆိုးရွားသော အခွင့်အရေး ချိုးဖောက်မှု ဖြစ်ပွားနေသော နိုင်ငံများမှ အုပ်စုများထံမှ တရားဝင်ဖြစ်မှု ရယူသည်။ ထိုအဖွဲ့အစည်းကြီး သုံးခုအပြင် အခြားသော ခေါင်းစဉ် အခြေပြု (ခေါင်းစဉ် အချို့ ဖြစ်သော အစားအစာ၊ ကျန်းမာရေး၊ နေအိမ် ရရှိရေး တို့ကို ယခုအခန်းတွင်

ဖော်ပြထားသည်) နိုင်ငံတကာ အဖွဲ့အစည်း အများအပြားနှင့် ထောင်ပေါင်း များစွာသော ပြည်တွင်းနှင့် ရပ်ရွာ အခြေပြု လူ့အခွင့်အရေး အုပ်စုများလည်း ရှိသေးသည်။

လူ့အခွင့်အရေး အုပ်စုများ များပြားလာခြင်းက ၁၉၉၀ နှင့် ၂၀၁၀ အတွင်း အစိုးရ မဟုတ်သော အဖွဲ့အစည်းများ များပြားလာခြင်းကို ရောင်ပြန်ဟပ်နေသည် (သို့) ကျော်လွန်သွားသည်။ မကြာသေးမီက ကြီးထွားမှုနှုန်း အမြင့်ဆုံး နယ်ပယ်များမှာ (ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီး ဖြစ်သည့်) စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများနှင့် အကူးအပြောင်းကာလ တရားမျှတမှုတို့ ဖြစ်သည်။ ထို့ပြင် လူ့အခွင့်အရေးနှင့် အခြားသော ကိစ္စရပ်များ နှစ်ခုလုံးကို ကိုယ်စားပြုသော အဖွဲ့အစည်းနှင့် လှုပ်ရှားမှုများလည်း ရှိသည် (ဥပမာ သဘာဝ ပတ်ဝန်းကျင် ထိခိုက်ခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုတို့ အကြား ဆက်စပ်မှုကို အဓိကထားသည့် Global Witness ကဲ့သို့သော အဖွဲ့မျိုး ဖြစ်သည်)။ (သို့) လူ့အခွင့်အရေးကို အဓိက လုပ်ဆောင်သည်ဟု မသတ်မှတ် ထားသော်လည်း လူ့အခွင့်အရေး ဘောင်အတွင်းမှ လှုပ်ရှားသည့် စုစည်းညီညွတ်ရေး ကမ်ပိန်းများ၊ မူလ အခြေချ နေထိုင်သူများ၏ လှုပ်ရှားမှုများ၊ အမျိုးသမီးများ၏ လှုပ်ရှားမှုများလည်း ရှိသည်။ သို့ရာတွင် လူ့အခွင့်အရေး နယ်ပယ်မှ ကမ္ဘာ့ အရပ်ဘက် အဖွဲ့အစည်းသည် စုစည်းမှု ရှိသော၊ ပညာရှင် ဆန်သော အုပ်စုများ ရှိသည့် တစ်ခုတည်းသော နယ်ပယ် မဟုတ်ပေ။ သတင်းထောက်များ၊ ပညာရှင်များနှင့် ကျောင်းသားများ၊ ဘာသာရေး ခေါင်းဆောင်များ၊ ရှေ့နေများနှင့် အငြင်းပွားဖွယ်ရာ ဖြစ်သည့် စီးပွားရေး သမားများနှင့် အစိုးရ တာဝန်ရှိသူများပင် တချိန်ချိန်၊ လူ့အခွင့်အရေး နယ်ပယ်၌ ၎င်းတို့၏ ကမ္ဘာကို လွှမ်းမိုးရန် စုရုံးကြသူများ ဖြစ်နိုင်သည် (မည်သူက လူ့အခွင့်အရေးအကြောင်း တရားဝင် ပြောဆိုနိုင်သည် ဆိုသည့်အပေါ် ဆွေးနွေးချက်အား စာသေတ္တာ ၁၉.၂ တွင် ရှုပါ)။

**စာသေတ္တာ ၉.၂။ စိန်ခေါ်နေသည့် အယူအဆများ၊ လူ့အခွင့်အရေးအကြောင်း ပြောရန် မည်သူက တရားဝင် ဖြစ်သနည်း။**

GCS ပါ ယဉ်ကျေးသော ဟူသည့် အသုံးအနှုန်းကသာ ပြဿနာ ရှိသည်မဟုတ် ကမ္ဘာ ဟူသော အသုံးအနှုန်းကလည်း ပြဿနာ ရှိသည်။ ကမ္ဘာ ဆိုသည်မှာ ကမ္ဘာ့ ကိစ္စရပ်များတွင် လုပ်ဆောင်ခြင်း၊ ကမ္ဘာ့နှင့် ချီသော ရည်မှန်းချက်များ ရှိခြင်း (သို့) ကမ္ဘာ့ကွန်ရက်များနှင့် ချိတ်ဆက် လုပ်ဆောင် နေခြင်းတို့ကို ဆိုလိုပါသလား (Williams (2005, pp. 350-1) cited from Bob et al., 2008 တွင် ရှုပါ)။ နောက်ဆုံး အချက်နှင့် စပ်လျဉ်း၍မူ နိုင်ငံတကာ အန်ဂျီအို အများစု၏ ရုံးချုပ်များ ရုံးစိုက်ရာ (ဇယား ၉.၁ တွင် ရှုပါ) အနောက်နိုင်ငံများနှင့် နည်းလမ်းတကျ ဖြစ်မှု လျော့နည်းသော၊ ကွဲပြား ခြားနားမှု များသော၊ နိုင်ငံတကာတွင် လွှမ်းမိုးနိုင်စွမ်း မရှိသော အရပ်ဘက် အဖွဲ့အစည်းများ ရှိရာ ကျန်ဒေသများနှင့် အင်အားကွာခြားလှသည်။ နိုင်ငံတကာ အဖွဲ့အစည်းများက ဥရောပ (သို့) မြောက်အမေရိက နိုင်ငံများမှ တက္ကသိုလ်များတွင် ကျောင်းတက်လာသော၊ တစ်ခါတရံ အနောက်တိုင်း ဆန်သော၊ အီလစ်ဆန်သော၊ အခွင့်အရေး ခံစားခွင့် ရှိသူများကို ကိုယ်စား မပြုနိုင်သော ဝန်ထမ်းများကို လစာကောင်း ပေး၍ ငှားထားကြသည်။ ဒီမိုကရေစီနှင့် အခွင့်အရေး ဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်နေကြသည့် ရပ်ရွာမှ မိတ်ဖက် အဖွဲ့အစည်းများကိုမူ မိမိအတွက်သာ လုပ်ဆောင်နေသော၊ ဒေသခံ လူထုထက် နိုင်ငံခြားသား အလှူရှင်များအပေါ်သာ ပို၍ တာဝန်ခံသော အဖွဲ့များအဖြစ် မကြာခဏ ရှုမြင်ကြပြီး အစိုးရများက ထိုအဖွဲ့များ နိုင်ငံခြားမှ ရန်ပုံငွေများ ရရှိခြင်းကို ကန့်သတ်ရန် ယင်းအချက်ကို အကြောင်းပြချက် အဖြစ် အသုံးပြုသည်။

ဒေသခံ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ဆက်ဆံခြင်းက နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့များ၏ တာဝန်ခံမှု၊ တရားဝင် ဖြစ်မှုနှင့် ထိရောက်မှုတို့အတွက် အရေးပါသည်။ သို့ရာတွင် မည်သည့် အရပ်ဘက် လူ့အဖွဲ့အစည်းကို ဆိုလိုပါသနည်း။ ဒေသတွင်းရှိ အရပ်ဘက် အဖွဲ့များ အားလုံးသည် လူမှု ပြောင်းလဲမှုများကို လိုလားကြခြင်း မဟုတ်ပေ။ အာရပ် နွေဦး လှုပ်ရှားမှုများမှ တွေ့ရသည့် အတိုင်း ဆန္ဒပြပွဲများတွင် ပါဝင်သည့် အချို့သူများတွင် ရှေးရိုးစွဲ တန်ဖိုးများ ရှိပြီး ဆန္ဒပြပွဲတွင် ပါဝင်သူ အမျိုးသမီးများနှင့် လူမည်း မူဆလင်များကို ခွဲခြား ဆက်ဆံခြင်း (သို့) ထိပါး နှောင့်ယှက်ခြင်းများ ပြုလုပ်ခဲ့သည်။ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့များသည် စည်းမျဉ်းအရ ထိုသူများ၏ အခွင့်အရေးကို ကာကွယ် သွားမည် ဖြစ်သည်။ သို့ရာတွင် ထိုအဖွဲ့အစည်းများက ထိုသူများနှင့် ဆက်ဆံ၊ ပူးပေါင်းကာ လှုပ်ရှားမှုများ ပြုလုပ်သင့်ပါသလား။ လူ့အခွင့်အရေးကို တန်ဖိုးထား (သို့) အနည်းဆုံး လူ့အခွင့်အရေး အချို့ကို တန်ဖိုးထား (ဥပမာ ဘာသာရေး လွတ်လပ်ခွင့်ကို တန်ဖိုးထားသော်လည်း ကျားမ တန်းတူညီခွင့်ကို လက်မခံသော) သော်လည်း ၎င်းတို့ အခွင့်အရေးများ ရရှိစေရန် ငြိမ်းချမ်းသော နည်းလမ်းများကို အသုံးမပြုသူ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းနိုင်ပါသလား။ (သို့) ထိုနိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့များ နည်းတူ ကမ္ဘာ့ လူ့အခွင့်အရေးကို ကာကွယ်ပြီး အကြမ်းဖက်မှုကို ဆန့်ကျင်သော အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့်သာ ပူးပေါင်းသင့်ပါသလား။

ဇယား ၉.၁။ တိုက်ကြီးများအလိုက် နိုင်ငံတကာ အန်ဂျီအို အရေအတွက်၊ အနောက်နိုင်ငံဘက် ယိမ်းခြင်းလော။

| တိုက်ကြီးများ | နိုင်ငံတကာ အဖွဲ့အစည်းများ သမဂ္ဂက ရေတွက်ထားသည့် နိုင်ငံတကာ အန်ဂျီအိုများ** | ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေး ကောင်စီတွင် ဆွေးနွေးခွင့် ရထားသည့် အန်ဂျီအိုများ* |
|---|---|---|
| အာဖရိက | ၂၃၉၆ | ၅၂၄ |
| အာရှ | ၃၈၃၆ | ၆၁၂ |
| လက်တင် အမေရိကနှင့် ကာရေဘီယန် | ၁၈၅၀ | ၁၈၁ |
| အိုရှင်းနီးယား | ၁၀၄၉ (သြစတြေးလျား = ၈၁၉) | ၇၄ (သြစတြေးလျား = ၄၁) |
| မြောက်အမေရိက (ကနေဒါနှင့် အမေရိကန်) | ၁၀၂၅၇ | ၉၇၉ |
| ဥရောပ | ၂၁၂၇၆ | ၁၁၉၃ |
| ဖော်ပြထားခြင်း မရှိ | - | ၄ |
| စုစုပေါင်း | ၄၀၆၇၃ | ၃၅၆၇ |

*ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေး ကောင်စီတွင် ဆွေးနွေးအကြံဉာဏ်ပေးခွင့် ရထားသည့် အန်ဂျီအိုများ အရေအတွက် (အထွေထွေ၊ အကြောင်းအရာလိုက်နှင့် အလှည့်ကျ)

*Source: NGO Branch. United Nations Department of Economic and Social Affairs.* Available at: http://esango.un.org/civilsociety/display AdvancedSearch.do?method=search&sessionCheck=false (accessed 19 February 2015).

**အန်ဂျီအို အမျိုးအစားများ အမျိုးမျိုး၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ အမိုအခို မကင်းသည့် အဖွဲ့အစည်းများ၊ အစားထိုး အဖွဲ့အစည်းများ၊ ပြည်တွင်း အဖွဲ့အစည်းများနှင့် လှုပ်ရှားမှု မရှိတော့သော၊ အတည်ပြု၍ မရသော အဖွဲ့များ

*Source*: Union of International Association (ed.) (2014). *Countries in which international non-governmental organization headquarters are located, ranked by continent, Yearbook of International Organizations 2014–2015: Guide to Global Civil Society Networks,* 51/5, Statistics, Visualizations and Patterns. Leiden: Koninklijke Brill NV, p. 119. © Union of International Associations 1997–present.

လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားမှု၏ သက်ရောက်မှုများကို ချဲ့ကား မပြောသင့်သော်လည်း GCS မှ လူ့အခွင့်အရေး အုပ်စုများနှင့် ကာကွယ်သူများက လူမှုရေး၊ ဥပဒေနှင့် မူဝါဒ ပြောင်းလဲမှုများ တွန်းအားပေးရာ၌ အရေးပါခဲ့သော ဥပမာကောင်း များစွာ ရှိသည်။ လူ့အခွင့်အရေး လှုပ်ရှားသူ များသည် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများကို တရားဝင်ပြီး ဥပဒေအရ စီးနှောင်မှု ရှိသော စံနှုန်းများအဖြစ် အများ လက်ခံအောင် လုပ်ဆောင်နိုင်ခဲ့ကြသည် (စံနှုန်း လက်ခံခြင်း)။ ထိုမျှသာမက နိုင်ငံများက ထိုစံနှုန်းများကို လိုက်နာစေရန်လည်း လုပ်ဆောင်နိုင်ခဲ့သည် (စံနှုန်း လိုက်နာခြင်း)။

လူ့အခွင့်အရေး အုပ်စုများနှင့် တက်ကြွ လှုပ်ရှားသူများ၏ ကမ္ဘာ့ (သို့) နိုင်ငံဖြတ်ကျော် လုပ်ဆောင်သည့် ကွန်ရက်များသည် စံနှုန်း အကဲဖြတ်ခြင်း (ကိစ္စရပ် တစ်ခုကို ဥပဒေအရ စည်းကြပ်၍ ရသော လူ့အခွင့်အရေး တစ်ရပ်အဖြစ် အဓိပ္ပာယ် ပြန်ဆိုခြင်း (သို့) ပုံဖော်ခြင်း)၊ စံနှုန်း လက်ခံစေခြင်းမှ စံနှုန်း လိုက်နာစေခြင်းအထိ ဖြစ်စဉ်များတွင် ဦးဆောင်ကြကာ စံနှုန်း စွန့်ဦး တီထွင်သူများ အဖြစ် အရေးပါသည့် ကဏ္ဍမှ ပါဝင်ကြသည်။ ၎င်းတို့၏ လူ့အခွင့်အရေး ထောက်ခံ လှုပ်ရှားမှုများက နိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကို စံနှုန်းတစ်ခုအား ထောက်ခံ၍ ယင်းစံနှုန်းကို ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ဥပဒေများတွင် ထည့်သွင်း ရေးသားစေသည်။ စံနှုန်းသည် ထောက်ခံသူ အများအပြား ရရှိပါက ရေဆူမှတ် ရောက်ပြီဟု ယူဆ၍ ရပြီး ထိုစံနှုန်းကို လူအများကြားတွင် ပျံ့ပွားစေသည်။ ထိုနောက် ထိုစံနှုန်းကို လူအများအပြားက စိတ်နှလုံးသွင်းကာ တဖြည်းဖြည်းဖြင့် ထိုစံနှုန်းမှာ မေးခွန်းထုတ်စရာ မလိုဘဲ လူအားလုံး အလိုအလျောက် လက်ခံထားပြီး ဖြစ်သွားသည်။ စံနှုန်း တစ်ခုသည် နိုင်ငံတကာမှ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံခြင်း မခံရပါက ထိုကိစ္စရပ်သည် လူအများ အလိုအလျောက် လက်ခံဖို့ မဆိုထားနှင့် စည်းနှောင်မှု ရှိသော ဥပဒေ တစ်ခုပင် ဖြစ်လာမည် မဟုတ်ပေ (Keck and Sikkink, 1998; Risse-Kappen, Ropp, and Sikkink, 1999)။

သို့ရာတွင် နိုင်ငံတကာက လက်ခံထားသည့် အင်စတီကျူးရှင်းအရ အခြေကျပြီး လူ့အခွင့်အရေး စံနှုန်း ဖြစ်သည့်တိုင် ယင်းစံနှုန်းက မူဝါဒနှင့် အစီအစဉ်များကို ရုတ်ချည်း လမ်းညွှန်ပေးနိုင်မည် မဟုတ်ပေ။ နိုင်ငံများနှင့် အခြား အင်အားကြီး ဇာတ်ကောင်များက လူ့အခွင့်အရေး ဥပဒေများကို စတင် လိုက်နာပြီး ၎င်းတို့ (အဖွဲ့အစည်း) အမူအကျင့်များကို မပြောင်းလဲ သရွေ့ နိုင်ငံတော်ရော၊ နိုင်ငံတော် မဟုတ်သည့် ဇာတ်ကောင်များကိုပါ တွန်းအားပေးခြင်း၊ ဖိအားပေးခြင်း၊ ဆွဲဆောင်ခြင်းနှင့် ထောက်ပံ့ပေးခြင်းများ ဆက်တိုက် လုပ်ဆောင်နေရမည် ဖြစ်သည်။ ထိုသို့သော ဖိအားပေးမှုများ ထိရောက်ခြင်းသည် ပစ်မှတ်ထားသော နိုင်ငံ၏ အမှီအခို ကင်းမှုနှင့် အုပ်ချုပ်မှု ပုံစံ၊ စည်းမျဉ်းများ အကောင်အထည်ဖော်ရာတွင် ဗဟိုချုပ်ကိုင်မှု ပမာဏ၊ ထိုကဲ့သို့သော ဖိအားပေးမှုမျိုး အပေါ် နိုင်ငံတော် (သို့) အခြားသော အင်အားကြီး ဇာတ်ကောင်များ၏ လူမှုရေးနှင့် ရုပ်ပစ္စည်းပိုင်း ဆိုင်ရာအရ ထိခိုက်လွယ်မှုတို့ အပါအဝင် အခြေအနေ အမျိုးမျိုးအပေါ် မူတည်နေသည် (Risse, Ropp, and Sikkink, 2013)။

GCS ၏ အစိတ်အပိုင်းအနေဖြင့် လူ့အခွင့်အရေး လှုပ်ရှားသူများသည် စံနှုန်း လိုက်နာလာစေရန် မဟာဗျူဟာနှင့် နည်းလမ်း မျိုးစုံ အသုံးပြုကြသည်။ ချုံ (Chong) (2010, pp. 42-4) က နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများ အသုံးများသော၊ မကြာခဏ ပူးတွဲ အသုံးပြုသော နည်းလမ်း နှစ်ခုကို တွေ့ရှိခဲ့သည်။ ပထမနည်းလမ်းတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို သုတေသနပြု၍ ပူးပေါင်းမှု မရှိသော အစိုးရများကို မီဒီယာများ အသုံးပြုခြင်းနှင့် အသနားခံစာများ လက်မှတ် ရေးထိုးခြင်း၊ ထောက်ခံ

လှုပ်ရှားခြင်းတို့ဖြင့် အမည်တပ် အရှက်ခွဲခြင်း ဖြစ်သည်။ အရှက်ခွဲသည့် လုပ်ရပ်များ၏ ပစ်မှတ်မှာ ချိုးဖောက်သူနှင့် ဥပဒေအရ ပြန်လည် ကုစားနိုင်သည့် နည်းလမ်း အထင်အရှား ရှိသည့် နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှု တစ်ခု ဖြစ်သည်။ ဒုတိယ မဟာဗျူဟာမှာ တရားရုံး အခြေစိုက် ဥပဒေအရ ကြားနာမှုများ ပြုလုပ်ခြင်း ဖြစ်ပြီး မဟာဗျူဟာမြောက် တရားစွဲခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများကို တရားရုံးများနှင့် အလားတူ နေရာများတွင် ကိုယ်စားပြုပေးခြင်း၊ ဘက်မလိုက်သော အကြံပြုချက်များဟု သိရှိကြသော သဘောထား အမြင်များ တင်ပြခြင်းတို့ ပါဝင်သည်။ နောက်ဆုံးအနေဖြင့် ကမ္ဘာ့ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်း များသည် လူ့အခွင့်အရေး ကြီးကြီးမားမား ချိုးဖောက်နေသော နိုင်ငံများကို ဥပမာ ပိတ်ဆို့ အရေးယူရန် (Murdie and Peksen, 2013) (သို့) လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုများ ပြုလုပ်ရန် (Murdie and Peksen, 2014) ထောက်ခံ လှုပ်ရှားခြင်းဖြင့် နိုင်ငံများအကြား အမူအကျင့်များအပေါ် သက်ရောက်မှု ရှိသည်။

| အနှစ်ချုပ် |
| --- |
| GCS ကို ဂလိုဘယ်လ် လိုက်ဖေးရှင်း၏ အစိတ်အပိုင်းနှင့် မောင်းနှင်သူအဖြစ် သဘောထားနိုင်သည်။ ထို့ပြင် ဂလိုဘယ်လ်လိုက်ဖေးရှင်းကို တစ်ဘက်က ပြန်လည်ခုခံမည့် အရာအဖြစ်လည်း သတ်မှတ်နိုင်သည်။<br>GCS တွင် တန်ဖိုးများကို အဓိက ထားသည့် ဇာတ်ကောင်များ ရှိနေပြီး ထိုသူများက ၎င်းတို့၏ ကမ္ဘာကို လွှမ်းမိုးရန် စုစည်း လုပ်ဆောင်ကြသည်။ သို့ရာတွင် ထိုသူများ အားလုံးတွင် တူညီသော တန်ဖိုးထားမှုများ မရှိကြပေ။ ထို့ကြောင့် GCS သည် ပြိုင်ဆိုင်သည့် ကွင်းပြင်သဖွယ် ဖြစ်နေသည်။<br>လူ့အခွင့်အရေး နယ်ပယ်မှ GCS ဇာတ်ကောင်များသည် စံနှုန်း စွန့်ဦး တီထွင်သူများ ဖြစ်ကြသည်။ ၎င်းတို့သည် စည်းမျဉ်းအသစ်များကို လက်ခံရန်နှင့် ကျင့်သုံးရန် ပုံဖော်ခြင်းများ ပြုလုပ်ကြပြီး လိုက်နာမှုကို စောင့်ကြည့်ရန် အမည်တပ် အရှက်ခွဲခြင်းနှင့် ဥပဒေ နည်းလမ်းများ အသုံးပြုခြင်းများ လုပ်ဆောင်ကြသည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>Shell ကဲ့သို့သော နိုင်ငံဖြတ်ကျော် လုပ်ဆောင်သည့် စီးပွားရေး လုပ်ငန်းကြီးများ (သို့) မူဆလင် ညီအစ်ကိုများ (Muslim Brotherhood) ကဲ့သို့သော နိုင်ငံဖြတ်ကျော် လုပ်ဆောင်သော နိုင်ငံရေးနှင့် ဘာသာရေး လှုပ်ရှားမှုများကို GCS တွင် ပါဝင်သည်ဟု ယူဆပါသလား။ ထိုအဖွဲ့အစည်းများကို GCS တွင် ထည့်သွင်းခြင်း၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကား အဘယ်နည်း။ ထိုအဖွဲ့အစည်းများ၏ အဖွဲ့ဝင် တစ်ဦးချင်း (သို့) ဝန်ထမ်းများက နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများအတွက် မိတ်ဖက် ဖြစ်လာနိုင်ပါသလား။ အဘယ်ကြောင့် ဖြစ်လာနိုင်သနည်း (သို့) မဖြစ်လာနိုင်ပါသနည်း။ |

## ဖြစ်ရပ် လေ့လာခြင်း၊ ပုံစံ ပြောင်းလဲသူ ဖြစ်သည့် GCS၊ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ

### သေဆုံးနေသော စာတစ်စောင်မှ တက်ကြွလှုပ်ရှားမှု ဆိုင်ရာ ကိရိယာ အဖြစ်

နိုင်ငံတကာ ဥပဒေတွင် ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights (UDHR)) နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights (ICESCR)) တို့က စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများကို ပြဋ္ဌာန်းထားသော်လည်း ၂၀ ရာစု အများစု အတွင်း နိုင်ငံရေး အကွဲအပြဲ၏ ဘက်နှစ်ဘက်လုံးတွင် ယင်းအခွင့်အရေးများကို ထောက်ခံ လှုပ်ရှားသည့် အရပ်ဘက် အဖွဲ့အစည်း အနည်းငယ်သာ ရှိသည်။ ထိုအခွင့်အရေးများသည် လစ်ဘရယ်နှင့် ဆိုရှယ်လစ် ဝါဒများအကြား ကြားညပ်နေခဲ့ရသည် (Glasius, 2012)။

၁၉၈၀ ပြည့်လွန်နှစ် အစောပိုင်းများတွင် ထိုအခြေအနေ စတင် ပြောင်းလဲလာသည်။ တက်ကြွ လှုပ်ရှားသူနှင့် ပညာရှင် အုပ်စုငယ်လေးများက သီးသန့်ဖြစ်သော်လည်း ဆက်တိုက်ဆိုသလို စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ အားလုံးထဲမှ အဓိက အကျဆုံး အခွင့်အရေး ဖြစ်သည့် အစားအစာ ရပိုင်ခွင့်ကို ပြန်လည် ဖော်ထုတ်လာကြသည်။ အဓိက လွှမ်းမိုးမှု ရှိခဲ့သော စာတမ်း နှစ်ခုက အငြင်းပွားမှုများ ထွက်ပေါ်လာစေခဲ့သည်။ အမာတီယာဆန် (Amartya Sen) ၏ ဆင်းရဲမွဲတေမှုနှင့် အငတ်ဘေး (Poverty and Famines) (Sen, 1981) စာအုပ်က ဖွံ့ဖြိုးရေး ဘောဂဗေဒ ပညာရှင်များ သဘောတူထားသည့် အငတ်ဘေးသည် အထွေထွေ အားဖြင့် အစားအစာ ရရှိမှု ကျဆင်းသောကြောင့် ဖြစ်ပွားရသည် ဟူသည့် အချက်ကို စိန်ခေါ်ထားသည်။ ဆန်က အစားအစာ ရရှိမှုသည် လူမှု စီးပွားရေး ဆက်ဆံမှုများက အုပ်ချုပ်ထားသည့် ရပိုင်ခွင့်များ အပေါ်တွင် မူတည်သည်ဟု ထောက်ပြခဲ့သည် (Sen, 1981, pp. 154-5)။ ဆန်က သူ၏ အက်ဆေးကို အောက်ပါအတိုင်း နိဂုံးချုပ်ခဲ့သည် “ရပိုင်ခွင့်များအပေါ် အာရုံစိုက်ခြင်းက ဥပဒေ ဆိုင်ရာ အခွင့်အရေးများကို အလေးစိုက်စေသည့် သက်ရောက်မှု ရှိပေသည်” (Sen, 1981, pp. 165-6)။

နိုင်ငံရေး အတွေးအခေါ် ပညာရှင် ဟန်နရီရှူး (Henry Shue) (1980) က မစွက်ဖက်ရန်သာ လိုအပ်သည့် ရှောင်ကြဉ်ရမည့် အခွင့်အရေးများ (negative rights) အဖြစ် ဖန်တီးထားသော ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများနှင့် တက်တက်ကြွကြွ ဝင်ရောက်စွက်ဖက်ရန် လိုအပ်သည့် လုပ်ဆောင်ပေးရမည့် အခွင့်အရေးများ (positive rights) ဖြစ်သော လူမှုရေးနှင့် စီးပွားရေး အခွင့်အရေးတို့အား ခွဲခြားသတ်မှတ်ခြင်းကို ဝေဖန်တိုက်ခိုက်ခဲ့သည်။ (အခန်း ၁ တွင် ရှုပါ)။ ထိုအစား ရှူးက ထိုအခွင့်အရေး နှစ်မျိုးလုံးနှင့် သက်ဆိုင်သော တာဝန် သုံးမျိုးကို ဖော်ထုတ်ပြခဲ့သည်။ ယင်းတို့မှာ လူတို့၏ အခွင့်အရေးများကို ချိုးဖောက်ခြင်းမှ ရှောင်ကြဉ်ရန်၊ လူတစ်ဦးကို အခြားသူတစ်ဦး၏ အခွင့်အရေး ချိုးဖောက် ခံရခြင်းမှ ကာကွယ်ပေးရန်နှင့် အခွင့်အရေး ချိုးဖောက်ခံရသူများကို ကူညီပေးရန် ဖြစ်သည် (Shue, 1980, pp. 35-64)။ တာဝန်များကို ထိုသို့ အမျိုးအစားခွဲခြင်း (နောက်ပိုင်းတွင် လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းပေးရန်ဟု ပြောင်းလဲ ခေါ်ဆိုခဲ့သည်) သည် နောက်ပိုင်း ဥပဒေ ပညာရှင် မျိုးဆက်များအတွက် အသိအမြင်ပွင့်စေခဲ့သည်။

တစ်ချိန်တည်းမှာပင် အဖွဲ့၏ အကန့်အသတ် ရှိသော တာဝန်များအပေါ် စိတ်ပျက်လက်ပျက် ဖြစ်နေသည့် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာမှု အဖွဲ့၏ အောက်ခြေ အဖွဲ့ဝင် အုပ်စုများက အစားအစာ ရရှိခွင့်ကို အာရုံစိုက်သည့် ဖွံ့ဖြိုးရေးနှင့် စည်းလုံးရေး အုပ်စုများနှင့် စတင် ကွန်ရက် ချိတ်ဆက်ကြသည်။ သုံးနှစ်အကြာတွင် ထိုကွန်ရက်ကို အစားအစာ ဆိုင်ရာ အချက်အလက်နှင့် လုပ်ဆောင်ချက် ကွန်ယက် (The Food First Information and Action Network (FIAN)) ဟူ၍ တရားဝင် လူ့အခွင့်အရေး အဖွဲ့အစည်းအဖြစ် ဖွဲ့စည်း ပြောင်းလဲခဲ့သည်။ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ ချဉ်းကပ်ပုံကို လိုက်၍ ယင်းအဖွဲ့က အတင်းအဓမ္မ နေရာ ပြောင်းရွှေ့ခိုင်းခြင်းနှင့် သက်ဆိုင်သည့် အငတ်ဘေး ကဲ့သို့သော ပြောင်ပြောင်တင်းတင်း အခွင့်အရေး ချိုးဖောက်မှုများကို အာရုံစိုက်ကာ အစိုးရထံ စာရေးခြင်း ကဲ့သို့သော ချက်ချင်း တုံ့ပြန်မှုများကို လုပ်ဆောင်ကြသည်။ "အစားအစာ ရရှိခွင့်ကို ချိုးဖောက်တယ် ဆိုတာ ဘာမှန်းသိပ်မသိခဲ့ဘူး။ ဒါပေမယ့် ကျွန်တော် ဒါနဲ့ ပတ်သက်ပြီး လုပ်ဆောင်ခြင်းကနေ အဲဒါဘာလဲဆိုတာ သိလာကြတယ်။"[၁]

နောက်ဆုံးတွင် နိုင်ငံတကာ ရှေ့နေများက စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများကို စတင် သတိပြုမိလာကြကာ ICESCR ၏ တစ်ခါတရံ ဝေဝါးသော၊ ရှေ့နောက်မညီသော ဥပဒေ ပြဋ္ဌာန်းချက်များကို အဓိပ္ပာယ် ပြန်ဆိုရာတွင် ကိုးကားချက်အဖြစ် အသုံးပြုရန် **စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်ကို အကောင်အထည် ဖော်ရန် လင်းဘာ့ခ် စည်းမျဉ်းများ**ကို ချမှတ်ခဲ့သည် (အခန်း ၁၄ တွင် ရှုပါ)။ ထိုစည်းမျဉ်းများက မရေမတွက်နိုင်သော ဆောင်းပါးများနှင့် ပါရဂူဘွဲ့ ကျမ်းပြုစာတမ်း အများအပြား ထွက်ပေါ်လာစေခဲ့ပြီး လူ့အခွင့်အရေး ဆိုင်ရာ ပညာရပ်တွင် နယ်ပယ် အသစ်တစ်ခု ဖန်တီးပေးခဲ့သည်။ ထိုစာတမ်းများက စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများသည် ဝေဝါးလွန်းသည်၊ အကုန်အကျ များလွန်းသည် (သို့) ဥပဒေအရ အရေးယူရန် မဖြစ်နိုင်ဟူသည့် ကန့်ကွက်မှုများကို စတင် ဖြေရှင်းလာကြသည်။

အန်ဂျီအို နယ်ပယ်တွင် FIAN အဖွဲ့ ထွက်ပေါ်လာပြီးနောက် ၁၉၈၇ ခုနှစ်တွင် ဂေဟာဝန်းကျင် နိုင်ငံတကာ ညွန့်ပေါင်း အဖွဲ့ (Habitat International Coalition)၊ ၁၉၉၂ ခုနှစ်တွင် နေအိမ် အခွင့်အရေးနှင့် ပြောင်းရွှေ့ခိုင်းခြင်းများ ဆိုင်ရာ စင်တာ (Centre on Housing Rights and Evictions (COHRE))၊ ၁၉၉၃ ခုနှစ်တွင် နယူးယောက်မြို့၌ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ စင်တာ (Center for Economic and Social Rights (CESR)) တို့ ထွက်ပေါ်လာခဲ့ကြသည်။ အဖွဲ့များ အားလုံးမှာ အိမ်နောက်ဖေး စားပွဲဝိုင်း အုပ်စုဖွဲ့ လှုပ်ရှားမှု အခြေအနေမှ အလယ်အလတ် အရွယ် နိုင်ငံတကာ အန်ဂျီအိုများအဖြစ် ကြီးထွားလာခြင်း ဖြစ်ပြီး နောက်ပိုင်းတွင် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ နယ်ပယ်တွင် လုပ်ကိုင်နေကြသည့် ရာပေါင်းများစွာသော အဖွဲ့အစည်းများ၊ အထူးသဖြင့် ပြည်တွင်း အဖွဲ့အစည်းများလည်း ပါဝင်လာကြသည်။ ထိုအဖွဲ့အစည်း အများအပြားမှာ ယခုအခါ ၂၀၀၃ ခုနှစ်တွင် စတင် ဖွဲ့စည်းခဲ့သည့် အရပ်ဘက် လူ့အဖွဲ့အစည်း ကွန်ရက် ဖြစ်သော ESCR ကွန်ရက် (စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ ကွန်ရက်) ၏ အဖွဲ့ဝင်များ ဖြစ်နေကြပြီ ဖြစ်သည်။[၂]

အတွေးအခေါ် ပညာရှင်များ၊ ရှေ့နေများနှင့် အောက်ခြေမှ တက်ကြွ လှုပ်ရှားသူများသည် ၎င်းတို့အကြား ဆာလောင် ငတ်မွတ်မှု၊ အိမ်ခြေယာမဲ့ ဖြစ်မှုနှင့် ကျန်းမာရေး ဆိုးရွားမှု ကဲ့သို့သော ကိစ္စရပ်များကို တစ်ကိုယ်ရည် ကြေကွဲဖွယ်ရာများ (သို့) လူမှု ပြဿနာများဟုသာ မရှုမြင်ကြဘဲ လူ့အခွင့်အရေး

ချိုးဖောက်မှုဟု ရှုမြင်သည့် တွေးခေါ်ပုံ အသစ်ကို မြင့်တင်လာကြသည်။ သို့ရာတွင် လွှမ်းမိုးမှု ရှိသော အဖွဲ့အစည်းများ (အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အစိုးရများအကြား ပူးပေါင်း ဆောင်ရွက်သော အဖွဲ့အစည်းများ) က ထိုလူ့အခွင့်အရေး စံနှုန်းကို လက်ခံလာစေရန်မှ ဆွဲဆောင်ခဲ့ရသည်။

## နိုင်ငံတကာ နိုင်ငံရေးအဖြစ် မြင့်တက်လာခြင်း

လွှမ်းမိုးမှု ရှိသည့် ကမ္ဘာ့ လူ့အခွင့်အရေး အဖွဲ့အစည်းများသည် ၁၉၉၀ ပြည့်လွန်နှစ်လယ်ပိုင်း လောက်မှ စ၍ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများကို တဖြည်းဖြည်း သတိကြီးကြီးဖြင့် စတင် လက်ခံလာကြသည်။ နိုင်ငံတကာ ဥပဒေ ပညာရှင်များ ကော်မရှင် (International Commission of Jurists) ကဲ့သို့သော အဖွဲ့အစည်း အချို့က ထိုအခွင့်အရေးများကို မူအရ အမြဲ ထောက်ခံခဲ့သော်လည်း အလေးစိုက်မှုတော့ အနည်းငယ်သာ ရှိခဲ့သည်။ အစောပိုင်းတွင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ဖောက်ပြန်ခြင်းကို ကိုင်တွယ်ရန် စတင်ခဲ့သော နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က ၂၀၀၁ ခုနှစ်တွင် လူ့အခွင့်အရေး အားလုံးတွင် လုပ်ငန်း လုပ်ဆောင်နိုင်ရန် ၎င်းတို့၏ တာဝန်များကို ချဲ့ထွင်ခဲ့သည် (Amnesty International, 2005, 2014)။ လူ့အခွင့်အရေး အဖွဲ့အစည်း အများအပြားသည် ယခုအခါ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများအတွက် ဆောင်ရွက်ခြင်းကို ၎င်းတို့၏ တရားဝင် တာဝန် ဖြစ်သည်ဟု အသိအမှတ်ပြုထားကြသော်လည်း ယင်းကို လက်တွေ့ လုပ်ဆောင်ခြင်းက မည်သည့် အဓိပ္ပာယ် ရှိသည် ဆိုခြင်း၌မူ ရှုပ်ထွေးမှုများနှင့် အငြင်းပွား ဖွယ်ရာများ ရှိနေသေးသည်။ ထိုသို့သော အမြင်ကွဲပြားမှုများကို လူ့အခွင့်အရေး စောင့်ကြည့် လေ့လာရေး အဖွဲ့၏ ဒါရိုက်တာချုပ် ကန်ရော့တ် (Ken Roth) နှင့် လူ့အခွင့်အရေးအတွက် ကုစားပေးသူများ (Physicians for Human Rights) အဖွဲ့၏ လန်းနာ့ဒ် ရူဘန်စတိန်း (Leonard Rubenstein) တို့ အကြား အပြန်အလှန် ပြောဆိုမှုများတွင် တွေ့ရှိနိုင်သည် (စာသေတ္တာ ၉.၄ တွင် ရှုပါ)။ မကြာသေးမီက ပွင့်လင်း လူ့အဖွဲ့အစည်း ဖောင်ဒေးရှင်း (Open Society Foundation) ၏ ဥက္ကဋ္ဌ အာရယ် နီရာ (Aryeh Neier) နှင့် လန်ဒန် စီးပွားရေးကျောင်း (London School of Economics) မှ မာဂေါ့တ်ဆယ်လ်လိုမွန် (Margot Salomon) တို့အကြား OpenDemocracy.net အကြောင်း အငြင်းပွားမှုများတွင်လည်း ယင်းအချက်ကို တွေ့ရှိနိုင်သည် (အခန်းအဆုံးမှ ဝက်ဘ်ဆိုဒ်များတွင် ရှုပါ)။

| စာသေတ္တာ ၉.၃။ နိုင်ငံတကာ လူ့အခွင့်အရေး အန်ဂျီအိုများက စီးပွားရေးနှင့် လူမှုရေး အခွင့်အရေး များအပေါ် မည်သို့ ချဉ်းကပ်သင့်ကြောင်း ကန်းနက် ရော့တ်၏ အမြင် |
| --- |
| ကန်းနက်ရော့တ်က နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများ အကောင်းဆုံး လုပ်နိုင်သည်မှာ စုံစမ်း စစ်ဆေးခြင်း၊ ဖော်ထုတ်ခြင်းနှင့် အရှက်ခွဲခြင်း ဖြစ်သည်ဟု ဆိုသည်။ ချိုးဖောက်မှု၊ ချိုးဖောက်သူနှင့် ကုစားနိုင်သည့် နည်းလမ်းများ အတန်အသင့် ရှင်းလင်းမှသာလျှင် ထိုအဖွဲ့များက ထိထိရောက်ရောက် လုပ်ဆောင်နိုင်သည်ဟုလည်း ဆိုသည်။ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ ချိုးဖောက်မှုကို မှတ်တမ်းတင်ရာတွင် တိုးတက်မှုများ ရှိသော်လည်း ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများနှင့် နှိုင်းယှဉ်လျှင် မည်သူက ချိုးဖောက်သူ ဖြစ်ပြီး မည်သို့သော ကုစားမှုများ ပေးသင့်သည် ဆိုသည်မှာ ရှင်းရှင်းလင်းလင်း မရှိလှပေ။<br><br>ထို့ကြောင့် နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့များသည် ၎င်းတို့၏ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ |

ဆိုင်ရာ လုပ်ငန်းများကို အစိုးရများက မိမိစိတ်ကြိုက် လုပ်ဆောင်ခြင်း (သို့) ခွဲခြား ဆက်ဆံမှု ရှိခြင်းများကြောင့် အပြစ်ရှိသည့်အခါမှ လုပ်ဆောင်သင့်သည်။ ဥပမာ တောင်အာဖရိကတွင် အစောပိုင်း၌ သဘောတရားပိုင်းအရ HIV ပိုး ကူးစက် ခံရသူ မိခင်များကို anti-retroviral ဆေးများ ပေးရန် ငြင်းဆိုခဲ့သည့် ဖြစ်ရပ်များ (သို့) အမေရိကတွင် ကလေး လယ်လုပ်သားများကို အထွေထွေ ကလေးလုပ်သား စည်းမျဉ်းစည်းကမ်းများမှ ဖယ်ထုတ်ထားခြင်း ကဲ့သို့သော ဖြစ်ရပ်များ ဖြစ်သည်။ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့များသည် အရင်းအမြစ်များ ခွဲဝေခြင်းနှင့် အဓိက သက်ဆိုင်သော စီးပွားရေးနှင့် လူမှုရေး အခွင့်အရေး ကိစ္စရပ်များမှ ရှောင်ကြဉ်သင့်သည်။ တစ်ဘက်တွင်မူ ထိုအဖွဲ့များသည် လူထုက စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများသည် လူ့အဖွဲ့အစည်းအတွင်း ပြန်လည် ခွဲဝေခြင်းဖြင့် တရားမျှတမှု ရှာဖွေခြင်း သီးသန့်သာ ဖြစ်သည် ဟူသော အမြင် ရှိမလာစေအောင် ထိန်းကျောင်း ရမည်။

အချို့သော ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် သဘောတူစာချုပ်နှင့် အကောင်အထည်ဖော်သည့် ကော်မတီက ချမှတ်ထားသော အနိမ့်ဆုံး အဓိက စံနှုန်းများကို ကိုက်ညီရန်ပင် နည်းလမ်း မရှိပေ။ ထိုကဲ့သို့သော ဖြစ်ရပ်များတွင် နိုင်ငံတွင်း နေထိုင်သူများသည် အရင်းအမြစ်များ မည်သို့ ဖြန့်ဝေ သင့်သည်ကို အရှင်းလင်းဆုံး နားလည်ကြပြီး နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများသည် အစိုးရ၏ လုပ်ငန်း အစီအစဉ်များကို မှတ်ချက်ပေးရန် မသင့်လျော်ပေ။ လူ့အခွင့်အရေး အဖွဲ့များသည် အစိုးရ၏ မတူညီသော တရားဝင် ရင်းနှီးမြှုပ်နှံမှုများ အကြား အလျော်အစား ပြုခြင်းများကို ဝင်ရောက် မစွက်ဖက်သင့်ပေ။

ဖွံ့ဖြိုးပြီး နိုင်ငံများမှ အစိုးရများ (သို့) နိုင်ငံတကာ ငွေကြေး အင်စတီကျူးရှင်းများကို ဖိအား ပေးရာ၌ပင် နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများသည် အနောက်နိုင်ငံများမှ ပြည်တွင်း လူ့အခွင့်အရေး လှုပ်ရှားသူများကို အရင်းအမြစ်များ ပိုမိုတောင်းဆိုလာရန် စုစည်းပေးနိုင်သည့် အခြေအနေတွင် မရှိသေးပေ။ အစိုးရ စိတ်ကြိုက်သုံးစွဲခြင်း (သို့) ခွဲခြား ဆက်ဆံမှုပြု သုံးစွဲခြင်းကို ရှုတ်ချခြင်းသည်သာလျှင် ပို၍ အောင်မြင်နိုင်ဖွယ် ရှိသည်။
(Roth, 2004a, 2004b)

**စာသေတ္တာ ၉.၄။ နိုင်ငံတကာ လူ့အခွင့်အရေး အန်ဂျီအိုများက စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများအပေါ် မည်သို့ ချဉ်းကပ်သင့်ကြောင်း လန်းနာ့ဒ် ရှုဘန်စတိန်း၏ အမြင်**

ရှုဘင်စတိန်းက လူ့အခွင့်အရေး အဖွဲ့များသည် အမည်ထုတ်ဖော် အရှက်ခွဲခြင်းကိုသာ အားကိုး မနေသင့်ဟု ဆိုသည်။ ထိုအဖွဲ့များသည် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများကို လေးစားသည့် ဝန်ဆောင်မှု ပေးရေး စနစ်များအတွက် ချဉ်းကပ် တောင်းဆိုရာတွင်၊ နိုင်ငံများက ဥပဒေ တာဝန်များ လိုက်နာမှုကို စောင့်ကြည့်ရာတွင်နှင့် ချမ်းသာသော နိုင်ငံများက စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများအပေါ် အရင်းအမြစ်များ ပိုမို အသုံးချလာစေရန် ထောက်ခံ လှုပ်ရှားရာတို့တွင် ဖွံ့ဖြိုးဆဲ နိုင်ငံများမှ မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းနိုင်သည်။

နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများသည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ နယ်ပယ်တွင် အရင်းအမြစ်ပိုင်းအရ သက်ရောက်မှုများ အပါအဝင် ကိစ္စရပ် အများအပြားအပေါ် မူဝါဒ ဆိုင်ရာ အကြံဉာဏ်များ ပေးခြင်း၊ ဥပမာ လက်နက်များ၏ စွမ်းပကား (သို့) ထိရောက်သော တရားရုံးစနစ်

ဖန်တီးခြင်း ကဲ့သို့သော အသေးစိတ် ဗဟုသုတများ လိုအပ်သည့် နေရာများတွင် အကြံဉာဏ်များ ပေးခြင်းတို့တွင် ဆယ်စုနှစ်ပေါင်းများစွာ အတွေ့အကြုံ ရှိပြီး ဖြစ်သည်။ လူ့အခွင့်အရေး အဖွဲ့အစည်းများသည် ကျန်းမာရေး (သို့) ပညာရေး မူဝါဒများ၏ အခွင့်အရေး ကိစ္စရပ်များကို ဖော်ထုတ်ရာ၌ ကျွမ်းကျင်ခြင်း မရှိ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ပိုကျွမ်းကျင်လာရန် ကြိုးပမ်းကြရမည် ဖြစ်သည်။ "ဆိုးရွားသည့် လူ့အခွင့်အရေး အစီအစဉ်များ ရေးဆွဲ ကျင့်သုံးပြီး အမည်ထုတ်ဖော် အရှက်ခွဲခြင်း ဖြစ်ပွားလျှင် အရင်းအမြစ်များကို မှားယွင်း အသုံးပြုခြင်းများ ဖြစ်ပွားပြီး ပြန်လည် ပြင်ဆင်၍ မရအောင် လူ့အခွင့်အရေး ချိုးဖောက်ခြင်းများ ဖြစ်သွားနိုင်သည်"။ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများအတွက် ထောက်ခံ လှုပ်ရှားခြင်းကို အခွင့်အရေး ချိုးဖောက်သူ သိသာထင်ရှားနေမှသာ လုပ်ဆောင်သင့်သည်မဟုတ်။ အဆင့်အမျိုးမျိုး၌ တာဝန်ယူခြင်းကို ကိုင်တွယ်ရခြင်းသည် လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အလုပ်ဖြစ်သည်။ ထို့ပြင် ထိုသို့သော ပုံဖော်မှုများသည် ထိခိုက်သည့် လူ့အသိုင်းအဝိုင်းများနှင့်လည်း ပို၍ ထပ်တူကြသည်။ ကုသမှု ငြင်းပယ်ခံရသော HIV/AIDS ဝေဒနာရှင်များသည် anti-retroviral ဆေးများကို ၎င်းတို့၏ အသက်ရှင်ခွင့်ကို အခြေခံ၍ တောင်းဆိုကြခြင်း ဖြစ်သည်။ အစိုးရ၏ စိတ်ဆန္ဒ ရှိသလို လုပ်ဆောင်မှုများကြောင့် တောင်းဆိုခြင်း မဟုတ်ပေ။

နိုင်ငံတစ်နိုင်ငံသည် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများအပေါ် ၎င်းတို့တွင် ရှိသည့် အရင်းအမြစ်များနိုင်သမျှ အများဆုံး သုံးစွဲရမည်ဟု ICESCR က ပြဋ္ဌာန်းထားသည်။ အခြားသော နိုင်ငံများသည် နိုင်ငံတကာ အထောက်ကူနှင့် ပူးပေါင်းမှုများ လုပ်ဆောင်ရန် တာဝန် ရှိကြသည်။ ထို့ကြောင့် အရင်းအမြစ်များ ပိုမို ထည့်သွင်းရန် လူ့အခွင့်အရေး အဖွဲ့အစည်းများက ထောက်ခံ လှုပ်ရှားခြင်းသည် တရားဝင် ဖြစ်သည်။ ထို့ပြင် အရင်းအမြစ်များ ထည့်သွင်းခိုင်းခြင်းသည် သူအနိုင် ကိုယ်အရှုံး အနေအထားမျိုး ဖြစ်သွားခြင်း မဟုတ်ပေ။ ပြည်တွင်း အဆင့်၌ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများသည် ပြည်တွင်း အဖွဲ့အစည်းများကို ထောက်ပံ့သည့် အခန်းကဏ္ဍမှ ပါဝင်နိုင်ပြီး နိုင်ငံတကာ အဆင့်တွင် ထိုအခွင့်အရေးများအတွက် အရင်းအမြစ်များ တိုးမြှင့်ပေးရန် ဖိအားပေးနိုင်သည်။ (Rubenstein, 2004a, 2004b)

ကုလသမဂ္ဂအတွင်းမှ လူ့အခွင့်အရေး စနစ်များတွင်လည်း ဒုတိယမြောက် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး မေရီ ရော်ဘင်ဆင် (Mary Robinson) က ထိုမညီမမျှ ဖြစ်မှုကို ဖြေရှင်းမည်ဟု သံန္နိဋ္ဌာန် မချမီ အချိန်အထိ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများသည် အခြေအနေ တိုးတက်မှု မရှိခဲ့ပေ။ သူမက အလွန်အမင်း ဆင်းရဲမွဲတေမှုများသည် အဆိုးရွားဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်သည် ဟူသည့် အချက်ကို အဓိကထား ပြောကြားခဲ့သည်။ ဤသည်မှာ ပုံစံ တစ်ခု ပြောင်းသွားခြင်း ဖြစ်သည်။ ထိုအချိန်က လူ့အခွင့်အရေး ကျွမ်းကျင်သူ အများစုသည် လူမျိုးပြုန်းတီးစေမှု (သို့) လူမျိုးစု ရှင်းလင်းမှု ကဲ့သို့သော အခြေအနေများကို အဆိုးရွားဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုဟု မှတ်ယူခဲ့ကြသည်။ ယင်းအချက်မှာ ယခုအချိန်ထိလည်း မှန်ကောင်းမှန်နေနိုင် သေးသည်။ ဖွံ့ဖြိုးရေး ကျွမ်းကျင်ပညာရှင်များက အလွန်အမင်း ဆင်းရဲ မွဲတေမှုသည် လူ့အခွင့်အရေး ချိုးဖောက်မှု မဟုတ်၊ ဖြေရှင်းရခက်သည့် ပြဿနာ တစ်ရပ်သာ ဖြစ်သည်ဟု ရှုမြင်ကြသည်။ ကုလသမဂ္ဂတွင် ICESCR အတွက် လိုက်နာလိုမှ လိုက်နာနိုင်သည့် နောက်ဆက်တွဲ စာချုပ်တွင် လူတစ်ဦးချင်းစီမှ တိုင်ကြားမှု ပြုနိုင်ရန် အဆင့်များကို ထည့်သွင်းဖို့သည် ၁၉၉၀ ပြည့်လွန်နှစ်များမှ စ၍ လူ့အခွင့်အရေး ထောက်ခံ လှုပ်ရှားသူများအတွက် ဦးစားပေး ဖြစ်ခဲ့သည်။

နှစ်ပေါင်းများစွာ ဆွေးနွေးညှိနှိုင်းပြီးနောက် လူ့အခွင့်အရေး ကောင်စီက ၂၀၀၈ ခုနှစ်တွင် လိုက်နာလိုမှ လိုက်နာနိုင်သည့် နောက်ဆက်တွဲ သဘောတူစာချုပ်ကို အတည်ပြုခဲ့ပြီး ယင်းမှာ ၂၀၁၃ ခုနှစ် မေလတွင် စတင် အသက်ဝင်လာသည်။

သို့ရာတွင် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများအတွက် နိုင်ငံတကာ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေး အဖွဲ့အစည်းများက အပြောင်းအလဲများ မပြုလုပ်ကြသေးပေ။ ဆန္ဒပြမှုများ ရှိသော်လည်း အရပ်ဘက် အဖွဲ့အစည်းများက ၎င်းတို့ကို ထိထိရောက်ရောက် စိန်ခေါ်ကြခြင်း မရှိပေ။ ယင်းအချက်ကို ဆက်လက် ဆွေးနွေးသွားပါမည်။ သို့သော်ငြားလည်း ဒိုဟာတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့ (World Trade Organization (WTO)) ၏ ဆွေးနွေးပွဲ များတွင် အရပ်ဘက် အဖွဲ့အစည်းများ၏ ကြီးမားသော ဖိအားကြောင့် ကျန်းမာရေး ဆိုင်ရာ အခွင့်အရေးနှင့် ပတ်သက်ပြီး အရေးပါသော အလျှော့ပေးခြင်းများတော့ ပြုလုပ်ခဲ့သည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများသည် ပြည်တွင်း၌ ကျန်းမာရေး အရေးပေါ် အခြေအနေအရ လိုအပ်သည်ဟု ပြသနိုင်လျှင် ဆေးဝါးများကို ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်းနှင့် တင်သွင်းခြင်း လုပ်ဆောင်ရန် ခွင့်ပြုပေးခဲ့သည် (WTO, 2003)။

## ပြည်တွင်းနှင့် ဒေသတွင်း အောင်မြင်မှုများနှင့် အကန့်အသတ်များ

စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများနှင့် စပ်လျဉ်း၍ အကြီးမားဆုံး (သို့မဟုတ် ထင်သာ မြင်သာ အရှိဆုံး) တိုးတက်မှုမှာ ပြည်တွင်းအဆင့်၌ ဖြစ်ပွားခဲ့သည်။ လွှတ်တော်များသည် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများကို တိုက်ရိုက် အသိအမှတ်ပြုသော ဥပဒေများနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အပြောင်းအလဲများကို လုပ်ဆောင်လာကြသည်။ ထိုအခွင့်အရေးများကို နိုင်ငံတော်၏ တာဝန်များ အဖြစ်လည်း ထည့်သွင်းလာကြသည်။ တရားရုံးများသည် ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေများကို နိုင်ငံတော်မှ ချိုးဖောက်မှုများအား ဖြေရှင်းပေးရန် လိုအပ်သည့် ပုံစံဖြင့် အဓိပ္ပာယ် ဖွင့်ဆိုလာကြသည်။ များသောအားဖြင့် ထိုဥပဒေ အသစ်များ၊ ဥပဒေ ဆုံးဖြတ်ချက်များနှင့် မူဝါဒ အပြောင်းအလဲများသည် အရပ်ဘက် အဖွဲ့အစည်းများ၏ စဉ်ဆက်မပြတ် လုပ်ဆောင်သော ကမ်ပိန်းများ အပြီးမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

တောင်အာဖရိကတွင် နေအိမ် အခွင့်အရေးအတွက် ချမှတ်ခဲ့သည့် “Grootboom” ဆုံးဖြတ်ချက်က တရားစီရင်ရေး တရားရုံးများသည် ဥပဒေ စနစ် အများအပြားတွင် ရင်းနှီးနေသည့် ကျိုးကြောင်း ဆီလျော်မှု စံနှုန်းကို အသုံးပြု၍ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ ဖြည့်ဆည်းပေးရန် တာဝန်ကို လေ့လာခြင်းနှင့် စည်းကြပ်ခြင်းများ ပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းခဲ့သည် (Pieterse, 2004)။ သို့ရာတွင် ထိုဖြစ်ရပ်က တရားစွဲဆိုခြင်းက မည်မျှ လုပ်ဆောင်နိုင်သနည်း ဟူသည့် မေးခွန်းများလည်း ထွက်ပေါ် စေခဲ့သည်။ တောင်အာဖရိကမှ ဆင်းရဲမွဲတေသူများ၏ အလျင်အမြန် နေစရာ လိုအပ်နေမှုသည် ထိုဆုံးဖြတ်ချက် ချမှတ်ပြီးနောက်ပိုင်း သိသိသာသာ တိုးတက် ကောင်းမွန်ခဲ့ခြင်း မရှိပေ။ တကယ်တမ်းတွင် အခွင့်အရေးကို မည်သို့ စည်းကြပ်ရမည်မှာ မရှင်းမလင်း ဖြစ်ခဲ့သည် (Landau, 2012)။

အရပ်ဘက် အဖွဲ့အစည်းများမှ စတင်ခဲ့သော တရားစွဲဆိုမှုများကို တုံ့ပြန်သည့် အနေဖြင့် အိန္ဒိယ နိုင်ငံ၏ အမြင့်ဆုံး တရားရုံးက နိုင်ငံတော်၏ အစားအစာ ဖြန့်ဝေရေး စနစ်ကို တိုးတက်မှုများ ပြုလုပ်ရန် ကြားဖြတ်

အမိန့်ကို ချမှတ်ခဲ့သည် (Birchfield and Corsi, 2010)။ အီကွေဒေါတွင် အရပ်ဘက် အဖွဲ့အစည်းများက စျေးနှုန်းသင့်တင့်သော ဆေးဝါးများ ရရှိရေးတွင် အမေရိကန် နိုင်ငံနှင့် ချုပ်ဆိုခဲ့သော လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်၏ အကျိုးသက်ရောက်မှု များကို စိုးရိမ်ပူပန်ခဲ့ကြသည်။ ထိုအဖွဲ့များက ၎င်းတို့၏ ပြည်တွင်း ကုန်သွယ်ရေး ကိုယ်စားလှယ်များကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ အကာအကွယ်ပေးထားသော ကျန်းမာရေး အခွင့်အရေးကို ထည့်သွင်းစဉ်းစားရန် အောင်မြင်စွာ စည်းရုံး နိုင်ခဲ့သည် (Ecuador, 2004)။

သမိုင်းကြောင်းအရ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများကို အစဉ်တစိုက် ဆန့်ကျင်ခဲ့ပြီး ICESCR ကို လက်မှတ်မထိုးသည့် လက်တစ်ဆုပ်စာ နိုင်ငံများထဲမှ တစ်နိုင်ငံ ဖြစ်သည့် အမေရိကန် နိုင်ငံ၌ပင် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများသည် အရပ်ဘက် အဖွဲ့အစည်းများအကြား ကန့်ကွက်သူ သိပ်မရှိလှဘဲ ထောက်ခံသူများနှင့် ထင်ရှားကျော်ကြားလာသည်။ အမေရိကန် အစိုးရကလည်း ၎င်းတို့၏ ငြင်းပယ်သည့် သဘောတရားကို ပြင်ဆင်ခဲ့သည်။ အိုဘားမား အစိုးရက လူ့အခွင့်အရေးများ အပြန်အလှန် ဆက်စပ်မှုကို အသိအမှတ်ပြုခဲ့ပြီး စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို မြှင့်တင်သည့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီနှင့် အထွေထွေ ညီလာခံ၏ ဆုံးဖြတ်ချက်အချို့တွင် သဘောတူညီခဲ့သည် (Amnesty International, 2014, p. 28)။

ရေဆူအမှတ် ရောက်နေပြီ ဆိုသည်မှာ သံသယ ဝင်ဖွယ် မရှိပေ။ သက်ဆိုင်ရာ နိုင်ငံတော်နှင့် နိုင်ငံတော် မဟုတ်သော ဇာတ်ကောင် အများစုက ယခုအခါ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများသည် မျှော်လင့်ချက်များ (သို့) ရည်မှန်းချက်များသာ မဟုတ်ဘဲ ဥပဒေအရ ရရှိရမည့် အခွင့်အရေးများဟု လက်ခံ စဉ်းစားလာကြပြီ ဖြစ်သည်။ ထို့ပြင် ယခုအခါ စီးပွားရေး လုပ်ငန်းများက လူ့အခွင့်အရေး စံနှုန်းများကို လမ်းညွှန် စည်းမျဉ်းများအဖြစ် လက်ခံလာကြပြီး WTO ၏ ဆွေးနွေးမှုများတွင် ထည့်သွင်း စဉ်းစားလာကြသည်။ သို့ရာတွင် နိုင်ငံ အများအပြားသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို ပြည်တွင်း၌ စည်းကြပ်နိုင်ကြခြင်း မရှိသေးပေ။ နိုင်ငံတကာ (ဘဏ္ဍာရေး (သို့) ဖွံ့ဖြိုးရေး) အဖွဲ့အစည်းများနှင့် နိုင်ငံရပ်ခြား၌ ထိုလူ့အခွင့်အရေးများကို ၎င်းတို့၏ မူဝါဒနှင့် အလေ့အကျင့်များတွင် ထည့်သွင်းမထားသည့် နိုင်ငံ ဖြတ်ကျော် လုပ်ဆောင်သည့် အဖွဲ့အစည်းများအတွက်မူ စိန်ခေါ်မှုများမှာ ပိုမို ကြီးမားသည်။ ထိုအခြေအနေတွင် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများမှာ ကျရှုံးနေသေးသည်ဟု နာမည်ကျော် ပညာရှင် ပေါမောက္ခ ဆမ်မြူရယ် မွိုင် (Samuel Moyn) က ဆိုခဲ့သည် (စာသေတ္တာ ၉.၅ တွင် ရှုပါ)။

| စာသေတ္တာ ၉.၅။ အခြား အမြင်တစ်မျိုး၊ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ ကျရှုံးခြင်း |
| --- |
| အချို့သော ဝေဖန်သူများက စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် လုပ်ဆောင်မှုများ (ကမ္ဘာ့ စီးပွားရေး ပူးပေါင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖြေလျှော့ပေးခြင်း၊ အဓိက လူမှု ဝန်ဆောင်မှုများကို ပုဂ္ဂလိကပိုင် ပြောင်းပစ်သည့် လုပ်ငန်းများ) (Amnesty International ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်၊ 2014, p. 33) ကို ထိန်းသိမ်းရန် လူ့အခွင့်အရေးအား ထိန်းသိမ်းရေးအား အပြိုင်သဘော အသုံးပြုခြင်းကို မေးခွန်းထုတ်ခဲ့ကြသည်။ ဥပမာ ဆမ်မြူရယ် မွိုင် (2014) က လူ့အခွင့်အရေးသည် “နီယိုလစ်ဘရယ် ခေတ်တွင် အင်အားမရှိသည့် အဖော်” ဖြစ်သည်ဟု ဆိုခဲ့သည်။ သူက လူ့အခွင့်အရေးများသည် |

နီယိုလစ်ဘရယ် ဝါဒ အောင်မြင်မှုတွင် ပူးပေါင်းပါဝင်ခဲ့သည် ဟူသည့် အဆိုကို ငြင်းပယ်ခဲ့သော်လည်း စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် လုပ်ဆောင်မှုများ ထိန်းသိမ်းရာတွင် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ၏ ထိရောက်မှု (သို့) တန်ပြန် ဆောင်ရွက်နိုင်မှု များကို မေးခွန်းထုတ်ခဲ့သည်။ သူက လူ့အခွင့်အရေးများသည် အားလုံး တန်းတူညီရမည်ဟု မမျှော်မှန်းထား၊ အနည်းဆုံး ပြန်လည် မျှဝေခြင်း (သို့) အခြေအနေ ဆိုးသည့် သူများအတွက် အများနှင့် တန်းတူညီမှု ရရှိရမည်ဟု မျှော်မှန်းမထားပေ။ လူ့အခွင့်အရေးက နိုင်ငံများကို အနိမ့်ဆုံး အဓိက တာဝန်များအား ဦးစားပေးရန် တာဝန် ပေးအပ်ထားသည်။ ဘေးဖယ်ခံထားရသော အုပ်စုများအတွက် အနိမ့်ဆုံး လိုအပ်သော အကာအကွယ်များကို ပေးရန် ဖြစ်သည်။ သို့ရာတွင် ထိုအခွင့်အရေးများက အမြင့်ဆုံး ခွင့်ပြုနိုင်သည့် ကြွယ်ဝမှုနှင့် အခြားသော ကုန်ပစ္စည်းများတွင် မညီမျှခြင်းများ အကြောင်းကို ပြောဆိုမထားပေ။ အထူးသဖြင့် နိုင်ငံတကာ ကုန်သွယ်ရေး ဥပဒေနှင့် မူဝါဒ နယ်ပယ်များနှင့် စီးပွားရေး လုပ်ငန်းများ၏ လူမှု တာဝန် တို့တွင် "လူ့အခွင့်အရေးများသည် စိတ်ရှုပ်ဖွယ်ရာ မထိရောက်ကြောင်း တွေ့ရပြီး ဖြစ်သည်။ ၎င်းတို့၏ မှတ်တမ်းများသည် ပြောင်းလဲလာမည့်ပုံလည်း မမြင်ရပေ" ဟု မွိုင်က ဆိုခဲ့သည်။ မွိုင်က လူ့အခွင့်အရေးများသည် လူမှုရေးနှင့် စီးပွားရေး နယ်ပယ်တွင် စစ်မှန်သော ရလဒ်များ ထွက်ပေါ်လာစေခြင်း မရှိခဲ့ဟု ယုံကြည်သည်။ သူ့အတွက်မူ လူ့အခွင့်အရေးကို "လေ့လာမှု မူဘောင်အသစ်များရော၊ နိုင်ငံများအတွင်းနှင့် နိုင်ငံ ဖြတ်ကျော် တက်ကြွ လှုပ်ရှားမှု နည်းလမ်းသစ်များနှင့်ပါ ဖြည့်ဆည်း ပေးရန် လိုအပ်နေသည်"။

**အကန့်အသတ်ရှိသော ပေါင်းစပ်မှု**

အစောပိုင်းတွင် လျစ်လျူရှုမှု (သို့) အပြန်အလှန် သံသယ ဝင်မှုများကြောင့် အရင်းရှင် စနစ် ဆန့်ကျင်ရေး (သို့) လူမှု တရားမျှတမှု လှုပ်ရှားမှုများနှင့် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေး လှုပ်ရှားသော အသိုင်းအဝိုင်းငယ်လေးအကြား ထိတွေ့မှု (သို့) ပေါင်းစပ်မှု အနည်းငယ်သာ ရှိခဲ့သည်။ မကြာသေးမီက ထိုအခြေအနေမှာ အတိုင်းအတာ တစ်ခုအထိ ပြောင်းလဲလာခဲ့သည်။ ဒါဗော့စ်တွင် ကျင်းပသော ကမ္ဘာ့ စီးပွားရေး ဖိုရမ်ကို တုံ့ပြန်ရန် ကမ္ဘာတစ်ဝန်း အရပ်ဘက် အဖွဲ့အစည်းများမှ တက်ကြွ လှုပ်ရှားသူများ စုရုံးခဲ့သည့် ၂၀၀၅ ခုနှစ် ကမ္ဘာ့ လူမှုရေး ဖိုရမ်တွင် လူ့အခွင့်အရေးကို ခေါင်းစဉ် တစ်ခုအဖြစ် ထည့်သွင်းခဲ့သည်။ ထိုပွဲတွင် ပါဝင်သည့် လူ့အခွင့်အရေး အကြောင်း သုံးပုံ တစ်ပုံခန့်သည် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးဆိုင်ရာ ခေါင်းစဉ်များ ဖြစ်သည် (Forum Social Mundial, 2005)။

အကြီးမားဆုံးသော ပေါင်းစပ်ခဲ့သည့် နယ်ပယ်များအနက်မှ တစ်ခုမှာ ကျန်းမာရေး ဆိုင်ရာ အခွင့်အရေး ဖြစ်သည်။ မှတ်သားဖွယ်ရာ အောင်မြင်မှု တစ်ခုမှာ တောင်အာဖရိက ကုသရေး လုပ်ဆောင်ချက် ကန်ပိန်းက ကျန်းမာရေး အခွင့်အရေးသည် နိုင်ငံတော်မှ anti-retroviral ဆေးများ ထုတ်ပေးရန် လိုအပ်သည်ဟု တောင်အာဖရိက အမြင့်ဆုံး တရားရုံးကို ဖျောင်းဖြ ပြောဆို နိုင်ခဲ့ခြင်းနှင့် နိုင်ငံတကာ အန်ဂျီအိုများနှင့် ပူးပေါင်းက WTO ကို ဆေးဝါးများ ထုတ်လုပ်ရာနှင့် ရောင်းဝယ်ရာတွင် ပို၍ ပျော့ပြောင်းမှု ရှိစေရန် စည်းရုံးနိုင်ခဲ့ခြင်း ဖြစ်သည်။ အခြားသော အောင်မြင်မှုများတွင် ထိုင်း၊ ဘရာဇီးလ်နှင့် အခြားသော နိုင်ငံများတွင် HIV/AIDS ကုသမှုများ ပါဝင်သည် (Seckinelgin, 2002, pp. 123-5)။ လူနာများ (အထူးသဖြင့် AIDS လူနာများ)၊ ကျန်းမာရေး ပညာရှင်များ၊ လူ့အခွင့်အရေး ရှေ့နေများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ပြုရေးကို ဆန့်ကျင်သူ တက်ကြွလှုပ်ရှားသူများ အားလုံးသည် ထိုကြီးထွားလာနေသည့်

လုပ်ရှားမှုတွင် ပါဝင်ကြသည်။ အခြား ပူးပေါင်းသည့် နယ်ပယ် တစ်ခုမှာ ရေရရှိခွင့် ဖြစ်သည်။ အစားအစာနည်းတူ သောက်သုံးရေသည်လည်း လူသားများ အသက်ရှင်ရေးအတွက် မရှိမဖြစ် လိုအပ်ပေရာ ယင်းကို အခွင့်အရေးဟု ဆိုခြင်းက အဓိပ္ပာယ်ရှိသော တောင်းဆိုမှု တစ်ခု ဖြစ်သည်။ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ရေကာတာ ဆန့်ကျင်ရေး ကမ်ပိန်းများ၊ ပါလက်စတိုင်းနှင့် အစ္စရေး တို့အကြား ပဋိပက္ခများ ကဲ့သို့သော နိုင်ငံရေး ပဋိပက္ခများကို အာရုံစိုက်သည့် အုပ်စုများနှင့် ပုဂ္ဂလိက ပြုရေးကို ဆန့်ကျင်သည့် ကမ်ပိန်းများ အားလုံးအတွက် ထိုကိစ္စရပ်က အရေးပါပေသည် (Dicke and Holland, 2007, p. 126)။

ထိုပူးပေါင်းမှုများသည် လူ့အခွင့်အရေးနှင့် ကမ္ဘာ့ တရားမျှတရေး တက်ကြွ လှုပ်ရှားသူများအကြား ကာလရှည်ကြာ ဖြစ်သော မဟာမိတ် ဖွဲ့မှုများ မည်သည့် အတိုင်းအတာအထိ ထွက်ပေါ် လာနိုင်သည်မှာ မသေချာသေးပေ။ လွန်ခဲ့သော ဆယ်စုနှစ် အတွင်း စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ ပုံဖော်ခြင်းသည် ကမ္ဘာ့ လူမှု တရားမျှတမှု လှုပ်ရှားမှုများတွင် ပေါ်လွင် ထင်ရှားခဲ့ခြင်း မရှိပေ။ ၂၀၁၁ ခုနှစ်၏ အစိုးရ အသုံးစရိတ် လျှော့ချမှု ဆန့်ကျင်ရေးနှင့် ဒီမိုကရေစီဆိုင်ရာ ဆန္ဒပြပွဲများတွင်လည်း ထိုခေါင်းစဉ် ပျောက်ကွယ်နေသေးသည် (Glasius, 2012)။ စီးပွားရေး တရားမျှတမှု ရရှိရေးတွင် လူ့အခွင့်အရေး၏ အရေးပါပုံအပေါ် သံသယများ ရှိနေသေးသည်။ အဘယ်ကြောင့် ဆိုသော် လူ့အခွင့်အရေးများသည် ဆန္ဒပြသူများ ရှာဖွေနေသည့် ကြီးမားသော စနစ် အပြောင်းအလဲ ဖြစ်ပေါ်ရေးအတွက် ရည်ရွယ်ထားခြင်း (သို့) ပြုလုပ်ထားခြင်း မဟုတ်သောကြောင့် ဖြစ်သည် (S. Burke, 2014)။ လူ့အခွင့်အရေး လှုပ်ရှားမှုများသည် အခြား အဖွဲ့များကို ၎င်းတို့ ချဉ်းကပ်ပုံ၏ တန်ဖိုးများကို ပြောပြ စည်းရုံးရာတွင် ပို၍ ကောင်းစွာ လုပ်ဆောင်နိုင်ရန် လိုအပ်နေသေးသည်။ တစ်ချိန်တည်းမှာပင် ပူးပေါင်းမှု အသစ်များ ဖန်တီးရန် နည်းလမ်းသစ်များနှင့် ပုံဖော်မှု အသစ်များကို ဖော်ထုတ်ရပေမည်။

အနှစ်ချုပ်

စီးပွားရေးနှင့် လူမှုရေး အခွင့်အရေး ဆိုင်ရာ လှုပ်ရှားမှုများသည် ထိုအခွင့်အရေးများ တရားဝင်သည်ဟု လက်ခံလာစေခြင်းတွင် အောင်မြင်ခဲ့သည်။ သို့ရာတွင် နိုင်ငံများနှင့် စီးပွားရေး လုပ်ငန်းများက ၎င်းတို့၏ တာဝန်များကို လိုက်နာစေခြင်းတွင်မူ ကောင်းစွာ အောင်မြင်မှု မရခဲ့ပေ။
နိုင်ငံတကာ ငွေကြေး ရန်ပုံငွေအဖွဲ့ (International Monetary Fund (IMF))၊ WTO နှင့် ပုဂ္ဂလိက လုပ်ငန်းများသည် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများနှင့် ပတ်သက်ပြီး ပြောင်းလဲမှုများ မပြုလုပ်ခဲ့ပေ။
နောက်ပိုင်းတွင် ထိုလှုပ်ရှားမှုသည် အခြားသော လှုပ်ရှားမှုများနှင့် ပူးပေါင်းမှု အသစ်များ ထွက်ပေါ် လာခဲ့သည်။ သို့ရာတွင် ကမ္ဘာ့ တရားမျှတရေး လှုပ်ရှားမှုများနှင့် အတွေးအခေါ်ပိုင်းရော၊ မဟာဗျူဟာပိုင်း အရပါ ကွဲပြားခြားနားမှုများ ရှိနေသေးသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

ယနေ့ခေတ် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများသည် လူမှု စီးပွားရေး မညီမျှမှုများ မြင့်တက် လာခြင်းနှင့် စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုနှင့် စီးပွားရေးပျက်ကပ်များကြောင့် ဖြစ်ပွားသော ထိခိုက်မှုများကို ဖြေရှင်းရာတွင် ပြောဆို ရေးသားမှုများနှင့် နည်းလမ်းပိုင်းအရ မည်မျှ ထိရောက်သနည်း။
ပြန်လည်ဝေမျှရေး တောင်းဆိုမှုများအတွက် အခွင့်အရေးဆိုင်ရာ ချဉ်းကပ်ပုံများ အသုံးပြုခြင်း၏ အလားအလာကောင်းများနှင့် အားနည်းချက်များကို ဖော်ပြပါ။

## ဖြစ်ရပ် လေ့လာခြင်း၊ ဥပဒေ ချမှတ်သူများနှင့် စောင့်ကြည့်သူများ ဖြစ်သည့် GCS၊ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး

### နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး၏ သဘောတရား

မည်သူ့ကိုမဆို ဆက်ဆံရာတွင် လိုက်နာရမည့် ကျင့်ဝတ် စံနှုန်းများ ရှိသည် ဟူသည့် သဘောတရားသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေတွင် အဓိက ထောက်တိုင် တစ်ခု ဖြစ်သည်။ နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေနှင့် နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး (International Criminal Court (ICC)) တို့က တစ်ဆင့်တက်ကာ နိုင်ငံသားများအပေါ် ရာဇဝတ်မှု ကျူးလွန်သော (သို့) ရာဇဝတ်မှု ကျူးလွန်ခြင်းကို လက်ခံထားသော အုပ်ချုပ်သူများ (သို့) အခြား တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များကို အပြစ်ပေးနိုင်မည့် ဥပဒေများ ပြဋ္ဌာန်းထားသည်။ ထိုအဆင့်များတွင် နိုင်ငံတကာ စည်းကြပ်မှု စနစ်၏ စံနှုန်းများ ပါဝင်ပြီး စစ်ရာဇဝတ်ကောင်များနှင့် လူသားမျိုးနွယ်စုအပေါ် ရာဇဝတ်မှု ကျူးလွန်သူများ ပြစ်ဒဏ်ပေး ခံရမှု မရှိခြင်းကို အဆုံးသတ်ရန် ရည်ရွယ်သည်။

ထိုသို့သော တရားရုံး သဘောတရားကို ICRC တည်ထောင်သူ အဖွဲ့ဝင် ဂုစတာ့ဗ် မော်ညာ (Gustave Moynier) က ၁၈၇၂ ခုနှစ်တွင် စတင် တင်ပြခဲ့ပြီး အရပ်ဘက် အဖွဲ့အစည်းများက ၁၉၂၀ ပြည့်လွန်နှစ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံခဲ့ကြသည်။ ထိုတင်ပြချက်ကို ဒုတိယ ကမ္ဘာစစ် အပြီးတွင် စတင် စဉ်းစားခဲ့ကြသည်။ သို့ရာတွင် စစ်အေးတိုက်ပွဲက ထိုအခွင့်အရေးကို ပိတ်ဆို့ သွားခဲ့သည်။ ယူဂိုဆလားဗီးယားမှ လူမျိုးစု ရှင်းလင်းမှုနှင့် ရဝမ်ဒါမှ လူမျိုးပြုန်းတီးစေမှုတို့ကြောင့် လုံခြုံရေးကောင်စီသည် ရှောင်တခင် တရားရုံးများ တည်ထောင်ခဲ့ရာ နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေကြမ်းသည် ကုလသမဂ္ဂ နိုင်ငံတကာ ဥပဒေ ကော်မရှင်၌ ဖုန်တင်နေခဲ့သည် (Glasius, 2006, pp. 6- 14 တွင် ရှုပါ)။ ရှောင်တခင် တရားရုံးများက နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးများသည် ယခင် သမိုင်းကြောင်း မရှိဖူးဘဲ ပဋိပက္ခ ဖြစ်သော ဥပဒေ စနစ်များ ရှိသော်လည်း အလုပ်ဖြစ်နိုင်ကြောင်း ပြသခဲ့သည်။ ထိုတရားရုံးများသည် အမြဲတမ်း နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး ထူထောင်ရန် တွန်းအားပေးနေသည့် GCS မှ လူများ အတွက်လည်း တန်ဖိုးရှိသည့် လေ့ကျင့်ရေးကွင်းတစ်ခု ဖြစ်လာသည်။

### ကမ်ပိန်း

နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးဆိုင်ရာ ညွန့်ပေါင်းအဖွဲ့ (Coalition for an International Criminal Court (CICC)) ကို ၁၉၉၅ ခုနှစ်တွင် စတင် တည်ထောင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ရောမ၌ ICC သဘောတူညီ စာချုပ်အတွက် နောက်ဆုံး ဆွေးနွေးမှုများ ပြုလုပ်ပြီးချိန်တွင် CICC သည် အဖွဲ့အစည်း ၈၀၀ ကျော် ပါဝင်သော ကွန်ယက် တစ်ခု ဖြစ်နေပြီး ယင်းတို့အနက်မှ ၂၃၆ ဖွဲ့က ရောမသို့ ကိုယ်စားလှယ် တစ်ဦး (သို့) တစ်ဦးထက်ပို၍ စေလွှတ်ခဲ့ကြသည် (Glasius, 2006, pp. 35-7)။

ICC ၏ ဥပဒေများ ရေးဆွဲခြင်းသည် ဥပဒေ ရှုထောင့်မှ ကြည့်လျှင် သိမ်မွေ့သော၊ စိတ်လှုပ်ရှားဖွယ် ကောင်းသော လုပ်ငန်း တစ်ခု ဖြစ်သည်။ မတူညီသော နယ်ပယ်များမှ ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေ

အားလုံးသည် သဘောတူစာချုပ်တွင် နည်းလမ်း အသစ်များအဖြစ် ပေါင်းစည်း သွားကြသည်။ သို့ရာတွင် လူ့အခွင့်အရေး အုပ်စုများအတွက် ICC က စိတ်ဝင်စားဖွယ် ကောင်းရသည့် အထူး အကြောင်းပြချက်များ ရှိသည်။ ဒေသတွင်းနှင့် ကမ္ဘာ့ လူ့အခွင့်အရေး နည်းလမ်းများကို တည်ထောင်ရန် ဆယ်စုနှစ်ပေါင်းများစွာ လုပ်ဆောင်ပြီးနောက် လူ့အခွင့်အရေး ကျွမ်းကျင်သူများက နားလည် သဘောပေါက်လာသည်မှာ လူ့အခွင့်အရေး ဥပဒေများသည် ကျယ်ပြန့်လာသော်လည်း ကမ္ဘာတစ်ဝန်း လူ့အခွင့်အရေး ချိုးဖောက်မှုများမှာ ကျဆင်းလာခြင်း မရှိပေ။ ထို့ကြောင့် ၎င်းတို့၏ အာရုံစိုက်မှုကို အကောင်အထည် ဖော်ခြင်းနှင့် ကျူးလွန်သူ တစ်ဦးချင်းစီအား ပြစ်ဒဏ်ပေးခြင်းသို့ ပြောင်းလဲလာကြသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံများနှင့် ချိုးဖောက်မှုအတွက် ၎င်းတို့၏ တာဝန်များကို သီးသန့် အာရုံစိုက်ခြင်းကို ရှုပ်ထွေးသော အာဏာ တည်ဆောက်ပုံများက ပိတ်ဆို့ထားပြီး လူ့အခွင့်အရေး စည်းကြပ်ခြင်းကို နှောင့်ယှက် နေကြသည်။

ကြီးမားသော နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများက ICC ဆိုင်ရာ ဆွေးနွေးမှုများကို လွှမ်းမိုးခဲ့ပြီး အချိန်ပြည့် ဝန်ထမ်းများ ခန့်အပ်ကာ အဓိက ထောက်ခံ လှုပ်ရှားရန် စာတမ်းများ ရေးသားခဲ့ကြသည်။ ထိုအဖွဲ့များက CICC ပဲ့ကိုင် ကော်မတီကိုလည်း လွှမ်းမိုးထားပြီး ကျယ်ကျယ်ပြန့်ပြန့် ကမ်ပိန်း လုပ်ရာတွင် သက်ရောက်မှုများ ရှိခဲ့သည်။ ICC အတွက် လှုပ်ရှားနေကြသည့် အခြား အဖွဲ့များတွင် အမျိုးသမီးအဖွဲ့များ၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ ညှိနှိုင်းရေး အဖွဲ့များ၊ ကမ္ဘာ့ အုပ်ချုပ်ရေးကို အာရုံစိုက်သည့် အဖွဲ့များ၊ ကုလသမဂ္ဂကို အားဖြည့်ပေးသည့် အဖွဲ့များနှင့် ဘုရားကျောင်းများ၊ ဘာသာရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ခဲ့သည်။ ညွန့်ပေါင်းအဖွဲ့၏ တက်ကြွသော အဖွဲ့ဝင်များသည် ထောက်ခံ လှုပ်ရှားခြင်းများ ပြုလုပ်ခြင်း၊ ကျွမ်းကျင်သူ အမြင် စာတမ်းများ ထုတ်ဝေခြင်း၊ ညီလာခံများ ကျင်းပခြင်း၊ နိုင်ငံတော်မှ ကိုယ်စားလှယ်များကို ဥပဒေ ကျွမ်းကျင်သူများ၊ အလုပ်သင်များဖြင့် အားကောင်းစေခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။ ဆန္ဒပြခြင်း ကဲ့သို့သော ဆန့်ကျင်သည့် လုပ်ဆောင်ချက်များ၊ မီဒီယာမှ ဆန့်ကျင်ခြင်းများ လွန်စွာ နည်းပါးခဲ့သည် (Glasius, 2006, pp. 27-44)။

CICC သည် လျော့ရဲသော တည်ဆောက်ပုံ ရှိပြီး ၎င်း၏ အဖွဲ့ဝင်များသည် စိတ်ပါဝင်စားမှု အမျိုးမျိုး ရှိခဲ့သော်လည်း အဖွဲ့သည် ညှိနှိုင်း ဆောင်ရွက်ရေး အခန်းကဏ္ဍတွင် လွန်စွာ အစွမ်းထက်ခဲ့သည်။ အထူးသဖြင့် ရောမ ညီလာခံ ကျင်းပရာ၌ ဖြစ်သည်။ ထိရောက်နိုင်သမျှ ထိရောက်အောင် CICC ကို အဖွဲ့ငယ် သုံးဖွဲ့ ခွဲထားခဲ့သည်။ ဒေသတွင်း ပူးပေါင်းအဖွဲ့များက ၎င်းတို့ ဒေသတွင်းမှ နိုင်ငံဆိုင်ရာ ကိုယ်စားလှယ်များကို ချဉ်းကပ် ဆွဲဆောင်ကြသည်။ ကိစ္စရပ် အခြေပြုသည့် ညွန့်ပေါင်း အဖွဲ့များ ဖြစ်သည့် ဂျန်ဒါ ဆိုင်ရာ တရားမျှတမှု၊ ထိခိုက်နစ်နာသူများ၊ ကလေးများ၊ ငြိမ်းချမ်းရေး အစရှိသည့် ကိစ္စရပ် အခြေခံသည့် ပူးပေါင်းအဖွဲ့များ၊ ဘာသာရေး အဖွဲ့အစည်းများ ညွန့်ပေါင်းနှင့် လုပ်ငန်းအဖွဲ့ ၁၂ ဖွဲ့တို့က နိုင်ငံ့ ကိုယ်စားလှယ်များ၏ လုပ်ငန်း အဖွဲ့များနှင့် လက်တွဲကာ အလုပ်လုပ်ကိုင်ကြပြီး အန်ဂျီအိုများနှင့် နိုင်ငံ့ ကိုယ်စားလှယ်များအတွက် နေ့စဉ် အစီရင်ခံစာများ ရေးသားပေးကြသည် (Pace and Thieroff, 1999, p. 394)။

ညွန့်ပေါင်းအဖွဲ့၏ အခန်းကဏ္ဍကို နိုင်ငံ ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂ တာဝန်ရှိသူများက အသိအမှတ် ပြုခဲ့ပုံမှာ ယခင်က မမြင်တွေ့ခဲ့ဖူးသည့် အတိုင်းအတာ ဖြစ်သည်။ ကော်မတီ ဥက္ကဋ္ဌများနှင့် အခြား များစွာသော တရားဝင် ကိုယ်စားလှယ်များသည် အန်ဂျီအိုများ ကြားနာမှုများတွင် ပါဝင်မှုကို သဘောတူ

လက်ခံထားကြပြီး ညွန့်ပေါင်းအဖွဲ့က ၎င်းတို့အတွက် အဓိက ဆက်သွယ်ရန် အဖွဲ့ ဖြစ်ခဲ့သည် (ဥပမာ Bos, 1999, pp. 45-6 တွင် ရှုပါ)။ ကုလသမဂ္ဂက အန်ဂျီအိုများ ရောမ ညီလာခံတွင် ပါဝင်ရန်အတွက် စာရင်းသွင်းခြင်းကို CICC အား လုပ်ဆောင်ခိုင်းခဲ့ပြီး ယင်းမှာ အရပ်ဘက် အဖွဲ့အစည်းများ မိမိဘာသာ မိမိ ကြီးကြပ်သည့် ပုံစံထူး တစ်ခု ဖြစ်ခဲ့သည် (Pace, 1999, p. 209)။

## GCS ၏ အောင်မြင်မှုများ

ဆွေးနွေးပွဲ အဆက်ဆက်မှ ဥက္ကဋ္ဌများ အပါအဝင် ICC ဆွေးနွေးမှုများမှ နိုင်ငံ ဆိုင်ရာ ကိုယ်စားလှယ်များက သဘောတူစာချုပ် ဆွေးနွေးရာတွင် GCS ၏ ပါဝင်မှုနှင့် လွှမ်းမိုးမှုကို မှတ်ချက်ပြုခဲ့ကြသည် (Bos, 1999, p. 45; Kirsch and Holmes, 1999, pp. 11, 37)။ ထိုသဘောထားကို အထင်ရှားဆုံး ဖော်ပြခဲ့သူမှာ အားကောင်းပြီး လွတ်လပ်သော တရားရုံး တစ်ခုကို လိုလားသည့် သဘောထားတူ အုပ်စုတွင် မပါဝင်ခဲ့သည့် သံအရာရှိ တစ်ဦး ဖြစ်သည်။ အစ္စရေး၏ ကောင်စစ်ဝန်ချုပ် အလန် ဘိတ်ကာ (Alan Baker) က “ကျွန်တော် နိုင်ငံတကာ အသိုင်းအဝိုင်းမှာ အလုပ်လုပ်ခဲ့တဲ့ သမိုင်းတလျှောက် ဒီလောက် အန်ဂျီအိုတွေ အားကောင်းတဲ့ အခန်းကဏ္ဍက ပါတာ မတွေ့ဖူးခဲ့ဘူး။ သူတို့က အစည်းအဝေးတိုင်း နီးပါးမှာ ပါကြတယ်။ ကိစ္စရပ်တိုင်းမှာ ပါကြတယ်။” (from the *Wall Street, Journal,* quoted in Pace, 1999, p. 201)။ ကျယ်ပြန့်သော ရှုထောင့်မှ ကြည့်ရလျှင် တရားရုံး ထွက်ပေါ်လာခြင်းမှာ GCS ၏ အောင်မြင်မှုပင် ဖြစ်သည်။ ထိုအကြံဉာဏ်ကို စတင် မွေးဖွားလာခြင်း၊ အသက်ဝင်နေစေခြင်း၊ ဖွံ့ဖြိုးလာစေခြင်းနှင့် နိုင်ငံတကာ ဥပဒေ အဖွဲ့များကို ချဉ်းကပ် စည်းရုံးခဲ့ခြင်းက ၁၂၅ နှစ် ကြာခဲ့သည်။ သဘောတူစာချုပ် မပြဋ္ဌာန်းမီ နှစ်အနည်းငယ်ကပင် CICC ၏ ညှိနှိုင်းရေးမှူး ဘီလ်ပေ့စ် (Bill Pace) ကို နိုင်ငံတကာ ရေးရာတွင် ဦးဆောင် ကျွမ်းကျင်သူ တစ်ဦးက အောက်ပါအတိုင်း ပြောခဲ့သည် “ဒီကိစ္စကို ဆက်ကြိုးစား လုပ်ဆောင်သွားပါ။ ဒါပေမယ့် ခင်ဗျား အသက်ရှင်နေစဉ်၊ ဒါမှမဟုတ် ခင်ဗျား ကလေးတွေ အသက်ရှင်နေစဉ် ကာလအတွင်းတော့ ဒီကိစ္စက ဖြစ်လာမှာ မဟုတ်လို့ သိပ်တော့ မျှော်လင့်ချက် မထားစေချင်ဘူး” ဟူ၍ ဖြစ်သည် (Pace, 1999, p. 193)။

သဘောတူ စာချုပ်တွင် ပါဝင်သည့် အချက်များအနက် အရေးအပါဆုံး အောင်မြင်မှုမှာ တရားစွဲဆို သူများက ၎င်းတို့၏ အမှုများကို ကိုယ်တိုင် ရွေးချယ်နိုင်ခြင်း ဖြစ်သည်။ အဓိက ပါဝင်ခဲ့သော သံအရာရှိများက အန်ဂျီအိုများ၏ စဉ်ဆက်မပြတ် တစ်ခဲနက် ဖိအားပေးခဲ့ခြင်း မရှိလျှင် ယင်းအချက်မှာ ပါဝင်လာဖွယ်ရာ မရှိကြောင်း ဝန်ခံ ပြောဆိုခဲ့ကြသည်။ အန်ဂျီအိုများ အပြင် ယူဂိုဆလားဗီးယားနှင့် ရဝမ်ဒါ ခုံရုံးများမှ ရှေ့နေများ တက်ကြွစွာ ပါဝင်ခဲ့ခြင်းကလည်း လွတ်လပ်သော တရားစွဲဆိုသူများ ဟူသည့် အကြံဉာဏ်ကို တရားဝင် ဖြစ်စေရာတွင် အဓိက ကျခဲ့သည်။ နှစ်အနည်းငယ်အတွင်း GCS သည် ရောမ သဘောတူစာချုပ်ကို လက်မှတ် ရေးထိုးရန် တွန့်ဆုတ်နေသည့် အမေရိကန် နိုင်ငံမှအပ လွတ်လပ်သော တရားစွဲဆိုသူများ၏ အာဏာက လိုလားဖွယ်ရာ ဖြစ်ကြောင်း နိုင်ငံအများစုကို ဆွဲဆောင်ရာတွင် အောင်မြင်ခဲ့သည် (Glasius, 2006, pp. 47-60)။ နောက်ထပ် အောင်မြင်မှု တစ်ခုမှာ နိုင်ငံများ အစောပိုင်းက အဆိုပြုခဲ့သော ရွေးချယ် စီရင်ပိုင်ခွင့် ရှိခြင်း အဆို အစား သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး လိုက်သည်နှင့် နိုင်ငံများသည် ရာဇဝတ်မှုများ အားလုံးတွင် တရားရုံး၏ အပြည့်အဝ စီရင်ပိုင်ခွင့်ကို အလိုအလျောက် လက်ခံပြီးသား ဖြစ်ရမည် ဟူသည့် အချက်ဖြစ်သည်။ အလိုအလျောက် တရားစီရင်နိုင်ခြင်းက အရပ်ဘက် အဖွဲ့အစည်းမှ

လှုပ်ရှားသူများ၏ သဘောထားနှင့် ကိုက်ညီပြီး ယင်းအဆိုမှာ တရားစွဲဆိုသူများဆိုင်ရာ အဆိုကဲ့သို့ပင် နိုင်ငံများက တဖြည်းဖြည်းနှင့် လက်ခံလာကြသည် (Glasius, 2006, pp. 63-6)။

လွန်စွာကြီးမားပြီး တက်ကြွသော ကျွမ်းကျင်သူများ ပါဝင်သည့် ဂျန်ဒါ အဖွဲ့၏ ချဉ်းကပ် စည်းရုံးမှုများမှ တစ်ဆင့် ရောမ သဘောတူစာချုပ်သည် နိုင်ငံတကာ ဥပဒေတွင် ဂျန်ဒါနှင့် ပတ်သက်၍ အကဲဆတ်သည့် တိုးတက်မှုများ ပြုလုပ်နိုင်ခဲ့သည် (Bedont and Hall Martinez, 1999; Oosterveld, 1999 တို့ကို ရှုပါ)။ တစ်ဘက်တွင်လည်း CICC နှင့် မဆက်နွယ်သည့် မြောက်အမေရိက ကိုယ်ဝန်ဖျက်ချမှု ဆန့်ကျင်ရေး (သို့) မိသားစု ဖြစ်ပေါ်ရေး အဖွဲ့များ၏ ဖိအားများကြောင့် ဂျန်ဒါနှင့် အတင်းအဓမ္မ ကိုယ်ဝန်ဆောင်ခိုင်းခြင်းဟူသည့် အသုံးအနှုန်းများကို ဂျန်ဒါ မူဝါဒ မည်သို့ ရှိစေကာမူ လက်မှတ်ရေးထိုးမည့် နိုင်ငံများ အတွက် အတားအဆီး မဖြစ်စေရန် အဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြသည် (Glasius, 2006, pp. 28-35)။

အရပ်ဘက် အဖွဲ့အစည်းများ၏ ပြင်းထန်သော ဖိအားများက ပြည်တွင်း ပဋိပက္ခ အခြေအနေ များတွင် ကျူးလွန်သော စစ်ရာဇဝတ်မှုများကိုလည်း ပါဝင်စေခဲ့သည်။ ထိခိုက်နစ်နာသူများ အခွင့်အရေးဆိုင်ရာ အထူးအဖွဲ့က တရားမျှတပြီး ထိရောက်သော တရား စွဲဆိုမှုများနှင့် အချိုးညီသော ကာကွယ်မှု၊ အကဲဆတ်သည့် ဆက်ဆံမှုနှင့် ထိခိုက်နစ်နာသူများနှင့် မျက်မြင်သက်သေများ၏ အခွင့်အရေးများကို ထည့်သွင်းထားသည့် စည်းမျဉ်းများ ရေးဆွဲရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ကလေးသူငယ် အခွင့်အရေး အဖွဲ့က လူသားချင်း စာနာမှု ဥပဒေတွင် အသစ် ပါဝင်လာသည့် အသက် ၁၅ နှစ်အောက် ကလေးငယ်များကို စစ်မှုထမ်းခိုင်းခြင်းအား ပြစ်မှုအဖြစ် သတ်မှတ်ခဲ့ခြင်းတွင် အရေးပါသည့် ကဏ္ဍမှ ပါဝင်ခဲ့သည်။

**GCS အတွင်း အငြင်းပွားမှုများ**

ICC ဆွေးနွေးမှုများသည် အပြန်အလှန် လေးစားခြင်း၊ ယုံကြည်ခြင်းတို့ကို အခြေခံသော်လည်း လုံးဝ ကွဲပြားသည့် အမြင်များ ရှိသော အရပ်ဘက် အဖွဲ့အစည်း အုပ်စု နှစ်စု ဖြစ်သည့် အမျိုးသမီး လှုပ်ရှားမှုနှင့် မိသားစု ဖြစ်ပေါ်ရေး လှုပ်ရှားမှုတို့ အကြား ထိပ်တိုက်တွေ့ခြင်းများလည်း ထွက်ပေါ်စေခဲ့သည်။ မတူညီသော ရည်မှန်းချက်များ ရှိသည့် လူမှု လှုပ်ရှားမှု နှစ်ခု တစ်နေရာတည်းတွင် ပေါ်ပေါက်ခဲ့ခြင်းက နိုင်ငံတကာ ဖိုရမ်များတွင် GCS ပါဝင်မှုအပေါ် မေးခွန်းထုတ်ခြင်းများကို ထပ်မံ ပေါ်ပေါက်လာစေခဲ့သည်။ မည်သူက တရားဝင် ဖြစ်သနည်း။ မည်သူက ကိုယ်စားပြုသနည်း။ မည်သူက ပါဝင်ခွင့် ရှိသနည်း စသည့် မေးခွန်းများ ဖြစ်သည်။ အမျိုးသမီး အုပ်စုများကို လှုပ်ရှားမှုအတွင်းမှ မတူညီသည့် အသံအမျိုးမျိုးက ထိပ်တိုက် ရင်ဆိုင်ခဲ့ကြသည်။ သို့ရာတွင် ထိုအဖွဲ့များက ၎င်းတို့ကိုယ် ၎င်းတို့ အမျိုးသမီးများ၏ စိုးရိမ် ပူပန်မှုများအတွက် တစ်ဦးတည်းသော ကိုယ်စားပြုသူများအဖြစ် သဘောထားကြသည်။ မိသားစု ဖြစ်ပေါ်ရေး အုပ်စုများက ထိုသဘောထားကို ပေါ်ပေါ်ထင်ထင် မေးခွန်းထုတ်ခဲ့ကြသည်။[၃]

ထိုလှုပ်ရှားမှု နှစ်ခုအကြား ထိပ်တိုက်တွေ့မှုများက ဂျန်ဒါ ဟူသည့် စကားလုံး သုံးနှုန်းခြင်းနှင့် အတင်း အဓမ္မ ကိုယ်ဝန်ဆောင်ခိုင်းခြင်း ရာဇဝတ်မှုများနှင့် ဆိုင်သည့် ကိစ္စရပ် နှစ်ခုတွင် အဓိက ဖြစ်ခဲ့သည်။ မိသားစု ဖြစ်ပေါ်ရေး အုပ်စုများက ဂျန်ဒါဟူသော စကားလုံးသည် အခြားသော ဂျန်ဒါ အုပ်စုများဖြစ်သည့် လိင်တူ

နှစ်ခြိုက်သူများ၊ အမျိုးသမီးခြင်း နှစ်ခြိုက်သူများ၊ လိင်တူ၊ လိင်ကွဲ နှစ်ခြိုက်သူများ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူ နေထိုင်သူများကို အကာအကွယ်ပေးရန် လမ်းပွင့် သွားစေမည် ဖြစ်သောကြောင့် ကန့်ကွက်ခဲ့ခြင်း ဖြစ်သည် (REAL Women of Canada, 1998)။ တစ်ဘက်တွင်လည်း အမျိုးသမီး အုပ်စုများက အမျိုးသားများနှင့် အမျိုးသမီးများ၏ လူမှုဝန်းကျင်က ဖန်တီးထားသည့် အပြုအမူများသည် အကျုံးဝင်သည်ဟု ဆိုခဲ့ကြသည် (အခန်း ၁၁ တွင် ရှုပါ)။ အတင်းအဓမ္မ ကိုယ်ဝန်ဆောင်ခိုင်းခြင်းသည် ဘော့စနီးယား နိုင်ငံတွင် ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ရပ်တွင် မူဆလင် အမျိုးသမီးများသည် အဓမ္မ ပြုကျင့် ခံရရုံသာမက ထိုမှတစ်ဆင့် ကလေးရရှိလာ ပါကလည်း အတင်းအဓမ္မ ကိုယ်ဝန်ဆောင်ခိုင်း ခံရသေးသည်။ သို့သော်ငြားလည်း ဗာတီကန်နှင့် မိသားစု ဖြစ်ပေါ်ရေး အုပ်စုများက အတင်းအဓမ္မ ကိုယ်ဝန်ဆောင်ခိုင်းခြင်းကို ရာဇဝတ်မှု အဖြစ် သတ်မှတ်ခြင်းသည် ကိုယ်ဝန် ဖျက်ချခြင်းကို တားဆီးသည့် နိုင်ငံများအား တရားမဝင် ဖြစ်သွားစေလိမ့်မည်ဟု ဆိုခဲ့ကြသည်။

ထိုဖြစ်ရပ် နှစ်ခုလုံးတွင် ကျဉ်းမြောင်းသည့် အဓိပ္ပာယ် ဖွင့်ဆိုချက်များကို နောက်ဆုံးတွင် ညှိနှိုင်း ဆွေးနွေးနိုင်ခဲ့ပြီး ပဋိပက္ခကို အဆုံးသတ် နိုင်ခဲ့သည်။ ICC သဘောတူစာချုပ်တွင် “ဂျန်ဒါဟူသည်မှာ လူ့အဖွဲ့အစည်း နောက်ခံ အခြေအနေတွင် ရှိသည့် ကျားနှင့်မ လိင်နှစ်မျိုးကို ဆိုလိုသည်။ ဂျန်ဒါ ဟူသည့် အသုံးအနှုန်းသည် အထက်တွင် ဖော်ပြခဲ့သည် အဓိပ္ပာယ်မှ လွဲ၍ အခြား အဓိပ္ပာယ် မရှိ” ဟု ရေးသားထားသည် (Steains, 1999, pp. 374-5)။ အတင်းအဓမ္မ ကိုယ်ဝန်ဆောင်ခိုင်းခြင်းကို သဘောတူစာချုပ်တွင် ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။ သို့ရာတွင် ယင်းကို “လူဦးရေတွင် လူမျိုးစု တစ်စု ပါဝင်မှု အခြေအနေအပေါ် သက်ရောက်မှု ရှိစေရန် (သို့) နိုင်ငံတကာ ဥပဒေကို ကြီးစွာ ချိုးဖောက်ခြင်းဖြင့် အမျိုးသမီးတစ်ဦးအား တရားမဝင် ပိတ်လှောင်ထားက အတင်းအဓမ္မ ကိုယ်ဝန် ဆောင်စေခြင်း ဖြစ်သည်။ ယခု အဓိပ္ပာယ် ဖွင့်ဆိုချက်သည် ကိုယ်ဝန်ဆောင်ခြင်းနှင့် ပတ်သက်သည့် ပြည်တွင်း ဥပဒေများအပေါ် သက်ရောက်မှု မရှိစေရ။” ဟုသာ အဓိပ္ပာယ် ဖွင့်ဆိုထားသည် (Steains, 1999, pp. 366-8)။ ထိုအဓိပ္ပာယ် ဖွင့်ဆိုချက်များအရ အုပ်စု နှစ်စုလုံး အနေဖြင့် ဆွေးနွေးမှုများမှ ထွက်ပေါ်လာသည့် ရလဒ်ကို အောင်မြင်မှုဟု ခံယူနိုင်ကြသည် (Glasius, 2006, pp. 91-2)

အာဖရိကမှ အရပ်ဘက် အဖွဲ့အစည်းများက ICC တည်ထောင်ရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည် (ပုံ ၉.၁ တွင် ရှုပါ)။ သို့ရာတွင် ICC သည် အာဖရိကမှ အမှုများကိုသာ အာရုံစိုက်ခဲ့ပြီး ပြည်တွင်း အကူးအပြောင်းကာလ တရားမျှတရေး နည်းလမ်းများထက် တရားဥပဒေအရ အပြစ်ပေးသည့် တရားမျှတမှုကို ဦးစားပေးသည့်အတွက်၊ ငြိမ်းချမ်းရေး ဖြစ်စဉ်ထက် တရားမျှတမှု ရှာဖွေရေးကိုသာ ဦးစားပေးသည့်အတွက် ၁၅ နှစ် ကြာသည့်တိုင် ICC ကို အာဖရိက နိုင်ငံများ သာမက အာဖရိကမှ အရပ်ဘက် အဖွဲ့အစည်း အုပ်စုများကပါ တိုက်ခိုက်နေဆဲ ဖြစ်သည် (အခန်း ၂၂ နှင့် T. Allen, 2005b; Branch, 2007; Flint and de Waal, 2009; Du Plessis, Maluwa, and O’Reilly, 2013; Refugee Law Project, 2015 တို့တွင် ရှုပါ)။ လက်တွေ့တွင်လည်း လက်ရှိ တရားရုံးက ကြားနာနေသည့် အမှု ၂၁ မှုလုံးမှာ အာဖရိကတိုက်မှ အမှုများ ဖြစ်သည်။

အာဖရိကမှ အန်ဂျီအိုများ အပါအဝင် တရားရုံးကို လိုလားသူ၊ ထောက်ခံ လှုပ်ရှားသူများနှင့် တက်ကြွ လှုပ်ရှားသူများက ကမ္ဘာတစ်ဝန်း ပြည်တွင်း ဥပဒေ စနစ်များက အာဏာပိုင်များ၏ မလိုလားမှု (သို့)

မလုပ်ဆောင်နိုင်မှုကြောင့် ပြစ်မှု ကျူးလွန်သူများကို တရားစွဲဆို အပြစ်ပေးမှု မပြုနိုင်ခဲ့လျှင် ထိခိုက်နစ်နာသူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှု ရရှိစေရန် လုပ်ဆောင် ပေးသည့် တရားရုံး၏ တစ်ကမ္ဘာလုံး လွှမ်းခြုံရန် ရည်မှန်းချက်နှင့် တရားရုံး ဖန်တီးခဲ့စဉ်က အာဖရိကမှ နိုင်ငံများကလည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ခြင်းတို့ကို အဓိကထား ဖော်ပြခဲ့ကြသည်။ အာဖရိကန်များသည် လက်ရှိ ဦးဆောင် ရှေ့နေ ရာထူး အပါအဝင် အရေးပါသည့် ရာထူးများကိုလည်း ရယူထားကြသည်။ ထိုအကြောင်းပြချက်များကြောင့် တောင်အာဖရိကမှ အာ့ချ်ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူး (Desmond Tutu) က ICC ကို အာဖရိကတိုက်၏ တရားရုံးဟု ခေါ်ဆိုခဲ့သည် (Letter on the ICC to AU delegates in 2013, cited in Lamony, 2014, p. 70)။ မည်သို့ပင် ဆိုစေကာမူ ICC က အာဖရိကတိုက်အပေါ် စံနှုန်း တစ်မျိုးထား ဆက်ဆံသည် ဟူသည့် စွပ်စွဲချက်များက တရားမျှတမှုနှင့် တာဝန်ခံမှု ရှာဖွေနေသည့် အန်ဂျီအိုများကို ၎င်းတို့ အလုပ် လုပ်ကိုင်သော လူ့အဖွဲ့အစည်းများတွင် အခက်အခဲ တွေ့စေသည်။ “ICC အပေါ် စွပ်စွဲချက်များက ကျွန်ုပ်တို့အတွက် တွေဝေစရာများ ဖြစ်ပေါ်ခဲ့သည်မှာ ငြင်းစရာ မရှိပေ။ သင့်လျော်သည့် လုပ်ရပ်ကို ဆုံးဖြတ်ခြင်းသည် လွန်စွာခက်ခဲသည့် မေးခွန်း ဖြစ်လာသည်” ဟု လူ့အခွင့်အရေး လှုပ်ရှားသူ တစ်ဦးက *Foreign Policy* မဂ္ဂဇင်းကို ပြောကြားခဲ့သည် (15 July 2014)။

ပုံ ၉.၁။ ဒေသ ကိုယ်စားပြုမှု




ထိုဥပမာများအရ GCS သည် တူညီသော တန်ဖိုးထားမှုများ ရှိသည့် သဟဇာတ ဖြစ်နေသော အုပ်စု တစ်ခု မဟုတ်ကြောင်း တွေ့နိုင်သည်။ GCS တွင် တန်ဖိုးထားမှုများ ပြင်းထန်သည့် ဇာတ်ကောင် များက ၎င်းတို့၏ ကမ္ဘာကို လွှမ်းမိုးရန် စုစည်းနေကြသည်။ သို့ရာတွင် ထိုတန်ဖိုးထားမှုများမှာ မတူညီကြပေ။ ထိုတန်ဖိုးထားမှုများသည် ကွဲပြားကြသည် (သို့) ထိပ်တိုက် တွေ့မှုများပင် ဖြစ်နိုင်သည်။ သို့ရာတွင် အဖွဲ့အများအပြား ပါဝင်သည့် ဆွေးနွေးညှိနှိုင်းမှုများမှ အပေးအယူများ ဖြစ်နိုင်ကြောင်း ဂျန်ဒါ အုပ်စုနှင့် မိသားစု ဖြစ်ပေါ်ရေး လှုပ်ရှားမှုတို့အကြား ဖြစ်ရပ်က ပြသနေသည်။ တစ်ဘက်တွင်လည်း အင်အားမမျှသော ဆက်ဆံရေးများ ရှိသည့် ကမ္ဘာကြီး၌ အခြားသော အရပ်ဘက် အဖွဲ့အစည်းများသည် လူ့အခွင့်အရေးများ၏

တစ်ကမ္ဘာလုံးအတွက် မျှော်မှန်းချက်များနှင့် GCS အတွင်းရှိ အကူးအပြောင်းကာလ တရားမျှတရေး အုပ်စုများအား လက်လွတ်စပယ် သဘောထားကြလိမ့်မည် မဟုတ်ကြောင်း အာဖရိကတိုက် အငြင်းပွားမှုက အထင်အရှား ပြသနေသည်။

| အနှစ်ချုပ် |
| --- |
| နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးသည် အရပ်ဘက် လူ့အဖွဲ့အစည်း၏ အောင်မြင်မှု တစ်ခု ဖြစ်သည်။ ထိုအကြံဉာဏ်ကို အရပ်ဘက် လူ့အဖွဲ့အစည်းက စတင် ဖော်ထုတ်ခဲ့ခြင်း ဖြစ်ပြီး နိုင်ငံတကာ ဥပဒေ အဖွဲ့အစည်းများအကြား အသက်ဝင်နေအောင် ထားနိုင်ခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် အရပ်ဘက် လူ့အဖွဲ့အစည်း၏ ကမ်ပိန်းများ မရှိဘဲ ICC သည် လက်ရှိအခြေအနေအထိ ရောက်လာနိုင်စရာ မရှိပေ။ ရောမ သဘောတူ စာချုပ်အပေါ် အရပ်ဘက် အဖွဲ့အစည်းများ၏ လွှမ်းမိုးမှုသည် အရပ်ဘက် အဖွဲ့အစည်းများမှ တက်ကြွ လှုပ်ရှားသူများနှင့် နိုင်ငံများ၏ ကိုယ်စားလှယ် အများစုအကြား ကျွမ်းကျင်မှုနှင့် တန်ဖိုးထားမှုများ ကိုက်ညီခဲ့ခြင်းကြောင့် ဖြစ်သည်။<br>အရပ်ဘက် လူ့အဖွဲ့အစည်းသည် ICC ၏ အခန်းကဏ္ဍနှင့် ၎င်း၏ လှုပ်ရှားပုံများအပေါ် တူညီသော သဘောထား မရှိကြပေ။ မည်သို့ပင် ဆိုစေကာမူ အရပ်ဘက် အဖွဲ့အစည်းများ၏ ICC ကိစ္စရပ်တွင် ပါဝင်မှုသည် နိုင်ငံများ၏ ရှေ့နောက်မညီမှုများကို မျက်နှာဖုံး ခွာချ နိုင်ရုံသာမက ICC ကို ၎င်း၏ လုပ်ရပ်များကြောင့် အကျိုးသက်ရောက်မှု ခံစားရသည့် ဒေသခံ လူထု၏ စိုးရိမ်ပူပန်မှုများ အပေါ် ပို၍ တုံ့ပြန်လာရန်ပါ တွန်းအားပေး နိုင်ခဲ့သည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>GCS က ရှေးရိုးစွဲ လူမှု ပြောင်းလဲမှုများ ပြုလုပ်ရန် တောင်းဆိုနေပါက GCS နှင့် ညှိနှိုင်း ဆွေးနွေးလိုပါသလား။ ဥပမာ လိင်တူ လက်ထပ်ခြင်းကို ဆန့်ကျင် လှုပ်ရှားသူများ အနေဖြင့် ကုလသမဂ္ဂ၏ ခွဲခြား ဆက်ဆံမှု မပြုရေးနှင့် တန်းတူညီရေး ဆိုင်ရာ ဥပဒေကို ဆွေးနွေးရာတွင် ပါဝင်ခွင့် ရှိသင့်ပါသလား။ အဘယ်ကြောင့် ပါဝင်သင့်သနည်း (သို့) အဘယ်ကြောင့် မပါဝင်သင့် သနည်း။ |

## နိဂုံး

ယခုအခန်းတွင် ဖြစ်ရပ် လေ့လာခြင်း နှစ်ခုဖြင့် GCS ပေါ်ပေါက်လာခြင်းနှင့် လူ့အခွင့်အရေး ဥပဒေ ပေါ်ထွန်းလာခြင်းတို့အကြား အပြန်အလှန် မှီခိုနေမှုများကို ဖော်ပြခဲ့သည်။ လူ့အခွင့်အရေးနှင့် ဆက်စပ်နေသည့် GCS သည် ကက်နှင့် ဆစ်ခ်အင့်ခ် (Keck and Sikkink (1998, pp. 16-23)) တို့ အမည်ပေးခဲ့သည့် “သတင်းအချက်အလက် ဆိုင်ရာ နိုင်ငံရေး” နှင့် “သရုပ်ပြ နိုင်ငံရေး” တို့မှ တစ်ဆင့် စံနှုန်းများကို ပြောင်းလဲရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ ကမ္ဘာ့အဆင့်နှင့် ပြည်တွင်း အဆင့်တို့တွင် အရပ်ဘက် အဖွဲ့အစည်းများ၏ အသိပေးခွင့်၊ ဆွေးနွေး ငြင်းခုံခွင့်နှင့် ကျင့်ဝတ် အခြေခံအရ ဆွဲဆောင်ခွင့်တို့ကို ယေဘုယျအားဖြင့် မေးခွန်း မထုတ်ကြပေ။ ၂၀ ရာစု နှောင်းပိုင်းတွင် လူ့အခွင့်အရေးကို လူသိများလာရေး စီမံချက်မှာ များစွာ အောင်မြင် ခဲ့သည်။ နိုင်ငံရေးသမားများသာမက စီးပွားရေးနှင့် ဘာသာရေး ခေါင်းဆောင်များပါ ယခုအခါတွင် လူ့အခွင့်အရေး တန်ဖိုးများကို ပုံမှန် အသုံးပြုနေပြီး လူသိများ

ကျော်ကြားသူ တစ်ဦးက လူ့အခွင့်အရေးကို လုံးဝ ဥဿုံ ငြင်းဆန်ခြင်းသည် စဉ်းစားကြည့်၍ပင် မရသော အခြေအနေ ဖြစ်သည်။ GCS ၏ လူ့အခွင့်အရေး ဆိုင်ရာ တက်ကြွ လှုပ်ရှားမှုများနှင့် ထောက်ခံ လှုပ်ရှားမှုများကြောင့် လူ့အခွင့်အရေး အများအပြားကို သင့်လျော်သည်၊ စည်းနှောင်မှု ရှိသည်ဟု လက်ခံလာကြသည်။ ၎င်းတို့သည် ဘေးဖယ်ခံ မထားရတော့ဘဲ အဓိက ကျသည့် နေရာတွင် ရှိလာသည် (Hopgood, 2014, p. 12)။ သို့ရာတွင် အခြားသော ပုံဖော်မှုများ နည်းတူ လူ့အခွင့်အရေး များသည်လည်း အာဏာကို ချုပ်ကိုင်ထားသူများ၏ အသုံးချခြင်းကို ခံရနိုင်သည်။ မူလ ရည်ရွယ်ထားသည်မှ ပြောင်းလဲ အသုံးချ ခံရနိုင်သည့် အန္တရာယ်လည်း ရှိသည်။ လူ့အခွင့်အရေးများ ပို၍ အမြစ်တွယ် လက်ခံလာသည်နှင့် ၎င်းတို့၏ အာဏာရှိသူများအပေါ် ပြန်လည် စိန်ခေါ်သည့် အင်အား လျော့ကျလာမည် ဖြစ်သည်။ လူ့အခွင့်အရေးများသည် အာဏာကို ရင်ဆိုင် စိန်ခေါ်မည့်အစား အာဏာအတွက် အသုံးချခံ ဖြစ်လာနိုင်သည်။ ထိုအချက်က လူ့အခွင့်အရေး လှုပ်ရှားမှုများသည် ထိရောက်မှု ရှိစေရန် မည်မျှအထိ အားနည်းနေရမည်နည်း ဟူသည့် မေးခွန်းကို ထွက်ပေါ်လာစေသည် (see Neil Stammers on Opendemocracy.net - အခန်း နောက်ဆုံးပါ ဝက်ဘ်ဆိုဒ်များတွင် ရှုပါ)။

ထို့ပြင် လူ့အခွင့်အရေးများသည် GCS တွင်သာ တွေ့ရသည့် တစ်ခုတည်းသော ကျင့်ဝတ်ပိုင်းဆိုင်ရာ ပုံဖော် ရေးသားမှု မဟုတ်ပေ။ ၂၁ ရာစု အစောပိုင်းတွင် ထင်ရှားသည့် သဘောတရားပိုင်းဆိုင်ရာ ပုံဖော်မှု အနည်းဆုံး နှစ်ခု တွေ့နိုင်သည်။ ယင်းတို့မှာ လူ့အခွင့်အရေးထက် အင်အား ရှိမှု အခြေပြုသည့် ဆက်ဆံမှုများနှင့် ပြန်လည် မျှဝေရေးတို့ကို အလေးထားသည့် လူမှု တရားမျှတမှု ဆိုင်ရာ ပုံဖော်မှုနှင့် ဘာသာရေးအရ ပုံဖော်မှုများ ဥပမာ လူသားမျိုးနွယ်စုအပေါ် အစ္စလာမ် ညီအစ်ကိုများ ဆိုင်ရာ ပုံဖော်မှုဖြစ်သည့် အမ်မာ (Umma) ပုံဖော်မှု ဖြစ်သည်။ ထိုပုံဖော်မှု သုံးခုကို လိုက်နာသူများက ယုံကြည်ကြသည်မှာ ၎င်းတို့၏ ပုံဖော်မှုကပင် ကမ္ဘာပေါ်ရှိ ဘေးဖယ်ခံထားရသူ များနှင့် ဖိနှိပ်ခံထားရသူများအတွက် ဖြေရှင်းပေးနိုင်မည်ဟု အထင်ရောက်ခြင်း ဖြစ်သည်။ သို့ရာတွင် ထိုနည်းလမ်း သုံးမျိုးလုံးကို အာဏာရှိသူများက အလွဲသုံးစား လုပ်ကြသည်။ စတုတ္ထ ပုံဖော်မှုဖြစ်သည့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အယူဝါဒသည် ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှုနှင့်အတူ တကျော့ပြန် အရေးပါလာသည် (အခန်း ၂၃ တွင် ရှုပါ)။ ထိုပုံဖော်မှုများသည် တစ်ခုနှင့်တစ်ခု တွဲစပ်၍ မရဟု မဆိုနိုင်ပေ။ သမိုင်းကြောင်းအရ ခွဲခြားထားခြင်းနှင့် သံသယများက ပဋိပက္ခများကို ပို၍ ထင်သာ မြင်သာ စေသည်။ သို့ရာတွင် အကွဲကွဲ အပြဲပြဲ ဖြစ်ပြီး တစ်ခုနှင့် တစ်ခု ဆန့်ကျင်နေသည့် GCS ထက် (ဗဟုဝါဒ) GCS တစ်ခု ပေါ်ပေါက်လာစေရန် ဘုံတူညီသည့် အချက်များကို ရှာဖွေရန် အရေးကြီးသည်။

(သတင်းမီဒီယာနှင့် ဥပဒေပြုရေး (သို့) အစိုးရများ အကြား ဖွဲ့စည်းထားသည့် မူဝါဒ ချမှတ်ရေး အဖွဲ့များတွင်) လူ့အခွင့်အရေး စံနှုန်းများအဖြစ် ကိစ္စရပ် အသစ်များအား စာရင်းထည့်ခြင်းအပြင် လူ့အခွင့်အရေး ဆိုင်ရာ GCS က စံနှုန်းများကို ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ထည့်သွင်း ပြဋ္ဌာန်းစေပြီး မူဝါဒ ချမှတ်ရေးကို လွှမ်းမိုးရန် ရည်ရွယ်သည်။ သို့ရာတွင် GCS ၏ ဥပဒေပြုရေးတွင် ပါဝင်မှုမှာ အငြင်းပွားဖွယ် ဖြစ်သည်။ ICC ဆိုင်ရာ ဆွေးနွေးမှုများတွင် သိသာထင်ရှားသည့် လက္ခဏာ တစ်ရပ်မှာ ဦးဆောင်သည့် နိုင်ငံဆိုင်ရာ ကိုယ်စားလှယ်များက ပါဝင်ခြင်းကို မေးခွန်းမထုတ်ဘဲ လက်ခံထားကြခြင်း ဖြစ်သည်။ အေဒရီယန် ဘော့စ် (Adriaan Bos) မှတ်ချက်ပြုခဲ့သည့်အတိုင်း GCS ၏ ပါဝင်မှုသည် နိုင်ငံတကာ ဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်စဉ်မှ ပေါ်ထွက်လာသည့် ဒီမိုကရေစီ အနုတ်လက္ခဏာ ပြနေမှု၏ ကွက်လပ်များကို ဖြည့်ပေးနိုင်ခဲ့သည်

(Bos, 1999, pp. 44-5)။ ထိုသို့ အနှုတ်လက္ခဏာ ပြမှု ရှိနေခြင်းကို ယေဘုယျအားဖြင့် အသိအမှတ် ပြုထားကြသည်။ သို့ရာတွင် GCS က ဒီမိုကရေစီ ဆိုင်ရာ ကွက်လပ်များကို အမှန်တကယ်ပင် ဖြည့်ဆည်းပေး နိုင်ပါသလား။

ဤနေရာတွင် ကိစ္စရပ် နှစ်ခု ရှိသည်။ ကမ္ဘာ့ ဆုံးဖြတ်ချက် ချမှတ်ရေး ဖိုရမ်များတွင် GCS ပါဝင်မှု မညီမျှခြင်းနှင့် GCS အတွင်း ကိုယ်စားပြုမှု ပြဿနာတို့ ဖြစ်သည်။ ရှေးဦးစွာ ကုလသမဂ္ဂက ပါဝင်မှု ရှိပြီး ထိရောက်စွာ ဆွေးနွေး ညှိနှိုင်းသော နည်းလမ်း အမျိုးမျိုးကို ဖန်တီးထားသော်လည်း GCS သည် IMF ၊ WTO နှင့် ကမ္ဘာ့ဘဏ် ကဲ့သို့သော မည်သည့် နိုင်ငံတကာ ငွေကြေး ရန်ပုံငွေ အဖွဲ့ (International Financial Institutions (IFIs)) များတွင်မှ တရားဝင် ကိုယ်စားပြုခြင်း မရှိပေ။ အမျိုးမျိုးသော G+ ထိပ်သီး ညီလာခံများ ကဲ့သို့သော တရားဝင် မဟုတ်သည့် ဖိုရမ်များတွင်လည်း ကိုယ်စားပြုခြင်း မရှိပေ။ ဥစ္စာဓနနှင့် အရင်းအမြစ်များ ဖြန့်ဝေခြင်းကို သက်ရောက်မှု ရှိသည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းများသည် စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပြောင်းလဲမှုကြောင့် ထိခိုက်ခံရသော လူ့အသိုင်းအဝိုင်းများနှင့် အဝေးသို့သာ ဖြစ်ပွားနေကြသည်။ ဘဏ္ဍာရေးနှင့် စီးပွားရေး နယ်ပယ်မှ နိုင်ငံတကာ ဆုံးဖြတ်ချက် ချမှတ်ခြင်းများတွင် ပို၍ အားကောင်းသော အသံ ထွက်ပေါ်စေရေးနှင့် IFI များ၏ မူဝါဒနှင့် အလေ့အကျင့်များကို လူ့အခွင့်အရေး ရှုထောင့်မှ ပို၍ အနီးကပ် စောင့်ကြည့်ရေးတို့တွင် GCS အနေဖြင့် ပါဝင်ရန်မှာ အရေးကြီးသည်။

ဒုတိယအချက်မှာ ICC ဖြစ်ရပ်ကို အခြေခံ၍ GCS သည် အချို့သော ဒီမိုကရက်တစ် လုပ်ထုံးလုပ်နည်းများ၊ အထူးသဖြင့် ပွင့်လင်း မြင်သာမှု၊ တန်းတူညီမှုနှင့် ဆွေးနွေးညှိနှိုင်းမှုများကို အားဖြည့်ပေးနိုင်သည်ဟု ဆိုနိုင်သော်လည်း (Glasius, 2006, pp. 114-27) GCS သည် ကမ္ဘာ့ ဒီမိုကရေစီများအရ ကိုယ်စားပြုသည့် ပုံစံ မဟုတ်ပေ (သို့) အနည်းဆုံး သမားရိုးကျ ပုံစံဖြင့် ကိုယ်စား ပြုခြင်း မဟုတ်ပေ။ GCS ကို ပါဝင်မှု ပုံစံဟု မြင်ကြည့်နိုင်သည် (အသံသာ ပြုနိုင်သည်၊ မဲပေး ဆုံးဖြတ်နိုင်ခြင်း မရှိ (Edwards, 2003))။ သို့ရာတွင် လက်တွေ့၌ ထိုပါဝင်မှုသည် အကန့်အသတ် ရှိပြီး ညီမျှမှု မရှိပေ (ဇယား ၉.၁ တွင် ရှုပါ)။ ထို့ကြောင့် GCS ကို ကမ္ဘာ့ အဆင့် လွှတ်တော် ဒီမိုကရေစီ စနစ်တွင် လှုပ်ရှားနေသည့် “သင့်တင့်သော တာဝန် တန်းတူရှိသည့် အဖွဲ့” (Rosenau, 1998) (သို့) “ရွေးချယ်နိုင်သည့် အခြား နည်းလမ်း တစ်ခု” (Scholte, 2001) ဟု ရှုမြင်၍ မရပေ။

GCS က နိုင်ငံများကို နိုင်ငံ့ အကျိုးစီးပွားထက် ကျင့်ဝတ် (သို့) အများ ကောင်းကျိုးကို အသိအမှတ်ပြု စေရန် (သို့) အသိအမှတ်ပြုဟန် ဆောင်စေရန် တွန်းအားပေးနိုင်သည်ဟု လက်ခံထားသည့်တိုင် ထိုဖိုရမ်များတွင် မည်သည့် ကျင့်ဝတ် ဆိုင်ရာ စီမံချက်များ ပါဝင်လာပြီး လက်ခံလာလိမ့်မည်ကို မေးခွန်းထုတ်စရာ ရှိနေသည်။ ICC ဆိုင်ရာ ဆွေးနွေး ညှိနှိုင်းမှုများတွင် ပွင့်ပွင့်လင်းလင်းရော၊ အသံတိတ်ပါ ထိပ်တိုက်တွေ့မှုများ ရှိခဲ့သော်လည်း အရပ်ဘက် အဖွဲ့အစည်းများမှ ဦးစီးသည့် စီမံကိန်း တစ်ခု ရှိခဲ့သည်။ လူမျိုးပြုန်းတီးစေမှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ပြစ်မှုများကို ကျူးလွန်သူများအား အပြစ်ပေးရန် နိုင်ငံများထံမှ အာဏာ ရရှိစေရန် ဖြစ်သည်။ သို့ရာတွင် နိုင်ငံများအကြား ပေါင်းစပ် ဖွဲ့စည်းထားသည့် ကုလသမဂ္ဂ ကဲ့သို့သော အဖွဲ့အစည်းများကသာ အရပ်ဘက် အဖွဲ့အစည်းများအပေါ် အမှန်တကယ် ဖွင့်ပေးမည် ဆိုပါက ၎င်းတို့နှင့် တန်ဖိုးထားမှုများ တူညီသည့် အဖွဲ့များ၏ ကိုယ်စားပြုမှုကိုသာမက အရပ်ဘက် အဖွဲ့အစည်း အားလုံး၏ ကိုယ်စားပြုမှုအပေါ် ဖွင့်ပေးရမည် ဖြစ်သည်။ လူ့အခွင့်အရေး

အုပ်စုများသာ ICC ဆွေးနွေး ညှိနှိုင်းမှု ကဲ့သို့သော ဖိုရမ်များတွင် တက်ကြွစွာ ပါဝင်ခွင့် ရမည် ဆိုလျှင်၊ ထိုအခွင့်အရေး ရရန် တိုက်ပွဲဝင်ကြမည် ဆိုလျှင် အခြား အဖွဲ့များလည်း အလားတူ လုပ်ဆောင်သင့်သည်။ ထိုသို့ ကျင့်ဝတ်ပိုင်းအရ အုပ်စု အများအပြား ပါဝင်မှု ရှိမှသာ နိုင်ငံတကာ ဥပဒေ ပြုရေးတွင် GCS ပါဝင်မှုကို ခုခံကာကွယ်နိုင်မည် ဖြစ်သည်။

နောက်ဆုံးအနေဖြင့် GCS က လူ့အခွင့်အရေး ဥပဒေနှင့် မူဝါဒများ အကောင်အထည်ဖော်ခြင်း၏ ထိရောက်မှုများကို စောင့်ကြည့်ကာ အစိုးရများကို လိုအပ်သည့် အရင်းအမြစ်များ အသုံးပြုရန် တောင်းဆိုခြင်းဖြင့် ဥပဒေ အကောင်အထည်ဖော်မှုအပေါ် သက်ရောက်မှု ရှိနိုင်သည်။ ထိုသို့သော လူ့အခွင့်အရေး လိုက်နာမှု စောင့်ကြည့်ရေးတွင် GCS လှုပ်ရှားမှုများက ဒီမိုကရေစီဆိုင်ရာ မေးခွန်းတစ်ခု ထွက်ပေါ် လာစေသည်။ အရပ်ဘက် အဖွဲ့အစည်းမှ တက်ကြွ လှုပ်ရှားသူများသည် ကျွန်ုပ်တို့ သတိမပြုမိလောက်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မျက်ဝါးထင်ထင် တွေ့ရှိရ စေရန် မိမိကိုယ် မိမိ အန္တရာယ် အကျရောက်ခံရသည်။ သို့ရာတွင် တိဘက်၊ ဆီးရီးယား (သို့) မာလီတွင် ဖြစ်ပွားစေကာမူ ယေဘုယျအားဖြင့် ထိုကြိုးပမ်းမှုများ၏ လက္ခဏာများမှာ ပြည်သူများသည် ၎င်းတို့၏ နိုင်ငံရေး မျှော်လင့်ချက်များကို လွတ်လပ်စွာ ထုတ်ဖော် မပြောနိုင်ကြခြင်း ဖြစ်သည်။ ထို့ကြောင့် လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူများသည် တာဝန်မရှိဘဲ ၎င်းတို့၏ ကျင့်ဝတ်က ပေးသည့် တာဝန်အရ ထိုပြည်သူများအတွက် အကြံပေးမှုများ ပြုလုပ်ကြရသည်။ ဤသည်မှာ မပြည့်စုံသည့် ကမ္ဘာကြီးတွင် GCS များအတွက် လိုအပ်သည့် တာဝန် တစ်ခု ဖြစ်သည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် ယင်းကိစ္စမှာ ပြဿနာ တစ်ရပ်လည်း ဖြစ်နေသည်။

GCS သည်လည်း ငွေကြေး၊ အကြမ်းဖက်မှု (သို့) တည်ဆဲ အာဏာ ဖွဲ့စည်းပုံများကြောင့် ထိခိုက်နိုင်သည်။ သို့ရာတွင် GCS ကို အခြားသော နိုင်ငံတကာ ဇာတ်ကောင်များနှင့် ကွဲပြားစေသည့် အချက်မှာ GCS က မတူညီသည့် သဘောတရားအရ လှုပ်ရှားခြင်း ဖြစ်သည်။ ယင်းမှာ ဆွဲဆောင် စည်းရုံးသည့် သဘောတရား ဖြစ်သည်။ လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားမှုများကို သတ္တိနှင့် ဖွဲလုံ့လတို့ဖြင့် ပုံဖော်ထားသည်။ သို့ရာတွင် ယင်းတို့ကို လူသားဆန်မှုနှင့် ဆွဲဆောင် စည်းရုံးနိုင်မှု ရှိစေရန် လူ့အခွင့်အရေးအပေါ် အခြား အရပ်ဘက် အဖွဲ့အစည်းများ၏ အမြင်များ ပါဝင်လာအောင် ဖွင့်ပေးခြင်းတို့လည်း ထည့်သွင်းရမည် ဖြစ်သည်။

## မေးခွန်းများ

**တစ်ဦးချင်း လေ့လာရန် မေးခွန်းများ**

၁။ GCS နှင့် နိုင်ငံတကာ တရားဥပဒေ စိုးမိုးမှုတို့ မည်ကဲ့သို့ အပြန်အလှန် မှီခိုနေသနည်း။

၂။ အရပ်ဘက် လူ့အဖွဲ့အစည်းမှ ဇာတ်ကောင်များက ICC ဆွေးနွေးညှိနှိုင်းမှုများတွင် အဘယ်ကြောင့် အောင်အောင်မြင်မြင် ပါဝင်နိုင်ခဲ့သနည်း။

၃။ အရပ်ဘက် လူ့အဖွဲ့အစည်းမှ အဖွဲ့ဝင်များသာ အာဏာပိုင်များနှင့် နီးစပ်ပါက ၎င်းတို့ကို အသုံးချခံရခြင်းများ ရှိနိုင်ပါသလား။ သင်သာ လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူ တစ်ဦး ဖြစ်ပါက အပြင်မှာနေ၍ ဆန္ဒပြ ဆန့်ကျင်မည်လော၊ အတွင်းသို့ ဝင်၍ ဆွေးနွေး ညှိနှိုင်းမှုများ လုပ်မည်လော။

၄။ ICC (သို့) စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများအတွက် တိုင်ကြားခြင်း ကဲ့သို့သော နိုင်ငံတကာ ဆွေးနွေး ညှိနှိုင်းမှုများတွင် GCS ပါဝင်ခြင်းက ဆွေးနွေး ညှိနှိုင်းမှုများကို ပို၍ ဒီမိုကရေစီ နည်းလမ်းကျစေပါသလား။ ဒီမိုကရေစီ နည်းလမ်း ကျစေသည် ဆိုပါက မည်သည့် နည်းလမ်းများဖြင့်နည်း။

၅။ လူ့အခွင့်အရေး အဖွဲ့အစည်းများ အနေဖြင့် နိုင်ငံတကာ ငွေကြေး အင်စတီကျူးရှင်းများ တာဝန်ခံမှု ရှိစေရန် မည်သည့် အရာများကို လုပ်ဆောင်နိုင်သနည်း။

**အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ**

၁။ သင့်အတွက် GCS ဆိုသည်မှာ အဘယ်နည်း။ GCS သည် အမှန်တကယ် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်ပါသလား။

၂။ သင်သာ စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် လုပ်ဆောင်မှုများကြောင့် ဝင်ငွေနှင့် ဥစ္စာဓန မညီမျှမှုများ မြင့်တက်လာခြင်းနှင့် ပတ်သက်သည့် လူမှု တရားမျှတမှုဆိုင်ရာ တက်ကြွ လှုပ်ရှားသူ တစ်ဦး ဖြစ်ပါက စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများကို တောင်းဆိုပါမည်လော။ အဘယ်ကြောင့် တောင်းဆိုမည်နည်း။ အဘယ်ကြောင့် မတောင်းဆိုပါသနည်း။

၃။ လူ့အခွင့်အရေး ကောင်စီကဲ့သို့သော အစိုးရများဆိုင်ရာ အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲများတွင် အရပ်ဘက် လူ့အဖွဲ့အစည်း အုပ်စုများကို နေရာပေးသင့် ပါသလား။ ပေးသင့်သည် ဆိုပါက မည်သို့သော နောက်ခံ အကြောင်းအရင်းများကြောင့် ပေးသင့်ပါသနည်း။

၄။ ကမ္ဘာ့ အရပ်ဘက် လူ့အဖွဲ့အစည်း အုပ်စုများကို ၎င်းတို့ လုပ်ငန်း ဆောင်ရွက်နေသည့် လူ့အသိုင်းအဝိုင်းကို တာဝန်ခံစေရန် မည်သို့ လုပ်ဆောင်သင့်သည်ဟု သင့်အနေနှင့် အကြံပေးမည်နည်း။ အထူးသဖြင့် လူ့အခွင့်အရေး အဖွဲ့အစည်းများအတွက် မည်သည့် အကြံပေးမည်နည်း။

၅။ GCS များ၏ မြောက်ပိုင်းမှ နိုင်ငံများ၏ လွှမ်းမိုးမှုနှင့် GCS ၏ အီလစ်ဆန်သည့် လက္ခဏာများကို တရားနည်းလမ်းကျ ဝေဖန်ခြင်းနှင့် အစိုးရများက ထိုဝေဖန်ချက်များကို အသုံးပြု၍ ၎င်းတို့၏ လူ့အခွင့်အရေး မှတ်တမ်းများကို အာရုံလွှဲခြင်းတို့အကြား ခွဲခြားမှု ပြုနိုင်ပါသလား။

၆။ ICC ၏ တရားစွဲဆိုသူများရုံး (Office of the Prosecutor (OTP)) က တစ်စုံတစ်ဦးကို တရားစွဲဆိုမှု မပြုမီ အရပ်ဖက် လူ့အဖွဲ့အစည်းနှင့် ထိခိုက်သူ အုပ်စုများအား ဆွေးနွေးမှုများ ပြုလုပ်သင့်ပါသလား။ အဘယ်ကြောင့် ပြုသင့်သနည်း။ အဘယ်ကြောင့် မပြုသင့်သနည်း။ ထိုသို့ ပြုလုပ်ခြင်းက ပြည်တွင်း အရပ်ဘက် လူ့အဖွဲ့အစည်းများကို ဥပမာ လူမှုရေး ပဋိပက္ခများ (သို့) ခြိမ်းခြောက်မှုများကြောင့် လွတ်လပ်စွာ ပါဝင် ဆွေးနွေးခွင့်မရဘဲ အခြေအနေများ ပိုမို ရှုပ်ထွေးစေနိုင်ပါသလား။

## ဆက်လက် ဖတ်ရှုရန်

**Bell, D.** and **Coicaud, J.-M.** (eds) (2007). *Ethics in Action: The Ethical Challenges of International Human Rights Nongovernmental Organizations.* New York: Cambridge University Press.
ထိုစာအုပ်တွင် လူ့အခွင့်အရေး အန်ဂျီအိုမှ ခေါင်းဆောင်များနှင့် နိုင်ငံရေး သီအိုရီ ပညာရှင်များက ကျင့်ဝတ်ပိုင်းအရ အကြပ်အတည်းများကို ဆွေးနွေးထားသည်။

**Glasius, M.** (2005). *The International Criminal Court: A GCS Achievement.* London: Routledge.
ICC တည်ထောင်ရာတွင် GCS ၏ ပါဝင်မှု အခန်းကဏ္ဍ အသေးစိတ်ကို ဆွေးနွေးထားသည်။ ကမ္ဘာ့ အုပ်ချုပ်ရေးတွင် GCS ၏ အခန်းကဏ္ဍကိုလည်း ထည့်သွင်း စဉ်းစားထားသည်။

**GCS Yearbook Series** (2001). For 2001–3 published by Oxford University Press, Oxford; 2004 onwards by Sage, London.
GCS အကြောင်း အပြည့်စုံဆုံး ဖော်ပြထားသည့် စာအုပ် ဖြစ်သည်။ စာအုပ် တစ်အုပ်ချင်းစီတွင် သဘောတရားများ၊ ကိစ္စရပ်များ၊ အခြေခံ အဆောက်အဦများနှင့် အချက်အလက် အစီအစဉ်များ အကြောင်း အပိုင်း တစ်ခုချင်းစီ ဖော်ပြထားသည်။ ၂၀၀၇/၈ မှ စ၍ စာအုပ်များကို ခေါင်းစဉ်အရ ရေးသားထားသည်။

**Ishay, M.** (2004). *The History of Human Rights: From Ancient Times to the Globalization Era.* Berkeley, CA: University of California Press.
လူ့အခွင့်အရေး သမိုင်းနှင့် လူ့အခွင့်အရေး ဆိုင်ရာ လှုပ်ရှားမှုများ၏ သမိုင်းအကြောင်း စာအုပ် ဖြစ်သည်။

**Kaldor, M.** (2003). *Global Civil Society: An Answer to War.* Cambridge: Polity Press.
GCS သဘောတရားကို အသေးစိတ် ရေးသားထားခြင်း ဖြစ်သည်။

**Keck, M. and Sikkink, K.** (1998). *Activists Beyond Borders: Advocacy Networks in International Politics.* Ithaca, NY: Cornell University Press.
နိုင်ငံ ဖြတ်ကျော် ထောက်ခံ လှုပ်ရှားသည့် ကွန်ယက်များ ပေါ်ပေါက်လာပုံ အထူးသဖြင့် လူ့အခွင့်အရေး ကွန်ယက်များ ပေါ်ပေါက်လာပုံကို ရေးသားထားခြင်း ဖြစ်သည်။

**Murdie, M.** (2014). *Help or Harm: The Human Security Effects of International NGOs.* Stanford: Stanford University Press.
ကိန်းဂဏန်း အခြေပြု လေ့လာမှုများကို အခြေခံ၍ နိုင်ငံတကာ အန်ဂျီအိုများ၏ လုပ်ရပ်များက မည်မျှ စည်းကမ်းတကျ ရှိသနည်း၊ ရှိသည်ဆိုပါက မည်သည့် အခြေအနေများတွင် ၎င်းတို့က လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေး ရလဒ်များအပေါ် သက်ရောက်မှု ရှိသနည်းဟူသည့် အချက်များကို ဆွေးနွေးထားသည်။

**Willetts, P.** (2011). *Non-Governmental Organizations in World Politics: The Construction of Global Governance.* London and NewYork: Routledge.
ကမ္ဘာ့ မူဝါဒ ချမှတ်ရေးတွင် အန်ဂျီအိုများ၏ အခန်းကဏ္ဍနှင့် ပါဝင်မှု ဆိုင်ရာ ပြဋ္ဌာန်းစာအုပ် ဖြစ်သည်။

## ဝက်ဘ်ဆိုဒ်များ

**http://www.civicus.org** CIVICUS သည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံသားများနှင့် အရပ်ဘက် အဖွဲ့အစည်းများကို အားဖြည့်ပေးရန် ရည်ရွယ်သည့် အရပ်ဘက် အဖွဲ့အစည်း အုပ်စုများ စုစည်းမှု ဖြစ်သည်။

**http://www.escr-net.org** ESCR-Net သည် လူ့အခွင့်အရေးမှ တစ်ဆင့် လူမှုတရားမျှတမှုများ မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော ကမ္ဘာတစ်ဝန်းရှိ အုပ်စုများနှင့် လူပုဂ္ဂိုလ် တစ်ဦးချင်း ပါဝင်သည့် ကွန်ယက် ဖြစ်သည်။

**http://www.opendemocracy.net/openglobalrights** ကမ္ဘာတစ်ဝန်းရှိ လူ့အခွင့်အရေး လှုပ်ရှားမှုများကို ဘာသာစကား မျိုးစုံဖြင့် ဆွေးနွေး ငြင်းခုန်သည့် အွန်လိုင်း ဖိုရမ် တစ်ခု ဖြစ်သည်။

**http://www2.lse.ac.uk/globalGovernance/research/globalCivilSociety/publications.aspx**
ဆက်လက် ဖတ်ရှုရန် အခန်းတွင် ဖော်ပြထားသည့် GCS နှစ်စဉ် စာအုပ် အဟောင်းများမှ အခန်းများကို အခမဲ့ ဒေါင်းလုပ်ချနိုင်သည့် နေရာ ဖြစ်သည်။

## မှတ်စုများ

၁။ From a telephone interview with Rolf Kuennemann, founding Director of FIAN, 15 December 2005.

၂။ See the ESCR-Net website: http://www.escr-net.org/.

၃။ See the REAL Women of Canada website: http://www.realwomenofcanada.ca.

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၁၀) လူ့အခွင့်အရေးများနှင့် ဘာသာရေး

ရိုဟာဖာဇာအေးလီ **(Roja Fazaeli)**

အခန်း မာတိကာ

- နိဒါန်း
- ဆက်နွယ်မှု၏ သမိုင်းကြောင်း နောက်ခံ
- မျက်မှောက်ခေတ် စိုးရိမ်ပူပန်မှုများ
- ရှုပ်ထွေးနက်နဲသော ဆက်နွယ်မှု
- စံထားရမည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုင်ရာ ကိစ္စရပ်များ
- လောက်တ်စီ အမှု
- ရှာဟင်အမှု
- နိဂုံး

စာဖတ်အညွှန်း

ယခုအခန်းသည် ဘာသာရေးနှင့် လူ့အခွင့်အရေးတို့အကြား သီအိုရီပိုင်းနှင့် လက်တွေ့ပိုင်းအရ ဆက်နွယ်မှုများကို မည်ကဲ့သို့ ဖော်ထုတ်တည်ဆောက်ကြပုံ၊ နားလည်သဘောပေါက်ကြပုံတို့ကို ကိုင်တွယ်ဖြေရှင်းထားသည်။ ဘာသာရေးနယ်ပယ်နှင့် လူ့အခွင့်အရေးနယ်ပယ်တို့အကြား များပြားလှစွာသော ရှုပ်ထွေးနက်နဲသော ချိတ်ဆက်မှုများသည် အချိန်နှင့်အမျှ ဖြစ်ပေါ်တိုးတက်လာခဲ့ပြီး ဆက်လက်၍လည်း ဖြစ်ပေါ်ပြောင်းလဲနေဆဲ ဖြစ်သည်။ ဤနယ်ပယ်နှစ်ခုအကြား ဆက်နွယ်မှုများသည် လက်တွေ့ကျင့်သုံးသည့် ယဉ်ကျေးမှု နောက်ခံအခြေအနေ၊ သမိုင်းနောက်ခံ အခြေအနေများအပေါ်လည်း များစွာ မူတည်သည်။ အမျိုးသမီးများ၊ ကလေးငယ်များ၊ လူနည်းစု အုပ်စုများနှင့် သဘာဝပတ်ဝန်းကျင်တို့နှင့် ဆက်စပ်၍ ဘာသာရေးနှင့် လူ့အခွင့်အရေးတို့အကြား ရှိသင့်သော ဆက်နွယ်မှုနှင့် ပတ်သက်သော မေးခွန်းများသည် အထင်အရှားရှိနေပြီး အရေးတကြီး စဉ်းစားအဖြေရှာရန်လည်း လိုပါသည်။ မည်သို့မျှ ဆက်စပ်မှုမရှိဘဲ အလှမ်းကွာနေသည်ဟု ထင်ရသော စီးပွားရေး ဂလိုဘယ်လ်လိုက်ဇေးရှင်းကဲ့သို့ ကိစ္စမျိုးကိုပင် ဘာသာရေးနှင့် လူ့အခွင့်အရေးတို့သည် ၎င်းအပေါ် မည်ကဲ့သို့ ဩဇာလွှမ်းမိုးမှုရှိပုံကို အာရုံစိုက်လေ့လာသင့်ပါသည်။

## နိဒါန်း

ဘာသာရေးနှင့် လူ့အခွင့်အရေးတို့တွင် အကြောင်းအရာ ကြွယ်ဝစုံလင်ပြီး အပြန်အလှန် ဆက်နွယ်နေကြသည့် နောက်ခံသမိုင်းများရှိပြီး၊ ဤနောက်ခံသမိုင်းနှစ်ခုသည် တူညီသော ဒဿနိက အတွေးအမြင်များ ရှိကြသည်။ ဘာသာရေးရော လူ့အခွင့်အရေးပါ ရှုပ်ထွေးနက်နဲပြီး အမျိုးအစား စုံလင်ကွဲပြားသော စံနှုန်းစနစ်များရှိကြရာ

၎င်းတို့အား ပုံစံတူဖြစ်သည် သို့မဟုတ် ပြောင်းလဲခြင်းမရှိဟု မမှတ်ယူဘဲ ပုံစံအမျိုးမျိုးရှိပြီး ဖြစ်ပေါ်ပြောင်းလဲနေသည်ဟု မှတ်ယူသင့်သည်။ ဤအခြင်းအရာ နှစ်ခုနှင့် ၎င်းတို့အကြား ဆက်နွယ်မှုတို့၏ ရှုပ်ထွေးနက်နဲမှုအား ပေါ့ပေါ့တန်တန် နားလည်ခြင်းကြောင့် ၎င်းတို့သည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ကြသည့် စနစ်များဖြစ်သည်ဟု ကျုပ်မပြည့်သည့် အမျိုးအစား သတ်မှတ်ခြင်းသို့ ဦးတည်သွားနိုင်ပါသည်။ ဤအခန်းသည် လူ့အခွင့်အရေးနှင့် ဘာသာရေးတို့အကြား အစိတ်အပိုင်း များစွာ ပါဝင်သည့် ဆက်နွယ်မှု (multifaceted correlation) ကို အသားပေး လေ့လာသွားမည်ဖြစ်ပါသည်၊ ဤသို့လေ့လာရာ၌ နောက်ခံအခြေအနေနှင့် သမိုင်းကြောင်းတို့ကို ထည့်သွင်းစဉ်းစားရန် လိုပါသည်။

မကြာခဏဆိုသလိုပင် ဘာသာရေးနှင့် လူ့အခွင့်အရေး ထွက်ဆိုချက်များသည် တူညီသည့် စံနှုန်း၊ သီအိုရီ ဇာစ်မြစ်တို့မှ ဆင်းသက်လာသည်ဟု အပြိုင်အဆိုင် ပြောဆိုနေကြသည်ဟု ထင်ရသည်။ ဥပမာ ၎င်းတို့ နှစ်ခုလုံးသည် မွေးရာပါဖြစ်သော၊ မှန်သော၊ ကောင်းသောအရာများကို တိုင်တည် ပြောဆိုတတ်ကြသည်။ ဘာသာရေးနှင့် လူ့အခွင့်အရေး လေ့လာမှု၏ စိန်ခေါ်မှုမှာ ၎င်းတို့ တစ်ခုချင်းစီ၏ နောက်ကွယ်မှ ရှင်းပြချက်များကို ခွဲခြားဖယ်ထုတ်ပြီး အချင်းချင်း နှိုင်းယှဉ် စဉ်းစားနိုင်ရေးပင် ဖြစ်သည်။ ဤအခြင်းအရာ နှစ်ခုသည် တူညီသော ဝေါဟာရ၊ အထူးသဖြင့် တရားမျှတမှု၊ တန်းတူဖြစ်မှုနှင့် ဂုဏ်သိက္ခာ စသည့် အယူအဆများနှင့် ပတ်သက်၍ တူညီသော ဝေါဟာရများ ရှိနေသည့်အခါ ဤသို့ နှိုင်းယှဉ်လေ့လာခြင်းသည် လွယ်ကူသည့်ကိစ္စတော့ မဟုတ်ပေ။ ဤအကြောင်းပြချက်ကြောင့် ဘာသာရေးသည် လူ့အခွင့်အရေးများ၏ ဇာစ်မြစ်ဖြစ်နိုင်သလို လူ့အခွင့်အရေးအများပေါ် ခြိမ်းခြောက်မှုလည်း ဖြစ်နေနိုင်သည်ကို သဘောပေါက်ထားရန် အရေးကြီးပါသည်။ ဤကိစ္စသည် ပြောင်းပြန်လည်း ဖြစ်နိုင်သည်၊ တနည်း လူ့အခွင့်အရေးသည် ဘာသာရေးအပေါ် ခြိမ်းခြောက်မှု ဖြစ်နိုင်သည်။ သို့သော် ဤအကြောင်း စဉ်းစားသူ နည်းကြသည်။

ဘာသာရေးနှင့် လူ့အခွင့်အရေးတို့အကြား ရှိသော များပြားလှသည့် ဆက်နွယ်မှုများကို သဘောပေါက်ရန် နောက်ခံအခြေအနေ၊ သမိုင်းကြောင်းနှင့် ဤနယ်ပယ်နှစ်ခုလုံးသည် ပြောင်းလဲနိုင်သည် စသည့် အချက်များကို စေ့ငုမိရန် လိုပါသည်။ ကျွန်ုပ်တို့အနေဖြင့် လူ့အခွင့်အရေးနှင့် ဘာသာရေးတို့အကြောင်း ဘောင်ခတ်စဉ်းစားကြပုံကိုလည်း ထည့်သွင်းစဉ်းစားရန် လိုပါသည်။ လူ့အခွင့်အရေးအား အမြဲတမ်း မဟုတ်စေကာမူ များသောအားဖြင့် သတ်သတ်မှတ်မှတ် အကြောင်းအရာတစ်ခုအဖြစ် စဉ်းစားလေ့ရှိကြပြီး ဘာသာရေးဆိုသော စကားရပ်ကိုမူ ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုသုံးစွဲလေ့ ရှိသည်။ ယခုအခန်းသည် လူ့အခွင့်အရေးအား ကုလသမဂ္ဂ (UN) နှင့် လူ့အခွင့်အရေးဆိုင်ရာ ဒေသစနစ်များ၏ တစ်စိတ်တစ်ဒေသ ဖြစ်သော ကြေညာချက်များ၊ သဘောတူညီချက်များ၊ ကော်မတီများနှင့် ကောင်စီများကဲ့သို့ အများပြည်သူ ဆိုင်ရာ ပြောဆိုရေးသားချက်များ၊ လိုက်နာလုပ်ဆောင်ရမည့် ကြေညာချက်များမှတဆင့် သဘောတရား ဖော်ထုတ်သည် (ဤအကြောင်းကို အခန်း ၃ တွင် လေ့လာပါ)။ ဘာသာရေးအား ရုပ်လွန် အတွေ့အကြုံ၏ အနားချင်းထပ် ဆင်တူ လက္ခဏာများနှင့် ၎င်းတို့၏ လူသားအသိုင်းအဝိုင်း၌ လုပ်ဆောင်ချက်အရ ဖြစ်ပေါ်ပုံတို့ကို ဖော်ပြသည့် ယေဘုယျ စကားရပ်တစ်ခုအဖြစ် လူမှုဗေဒနည်းအရ ယူဆကြသည်။ သို့နှင့်တိုင် ဘာသာရေးနှင့် လူ့အခွင့်အရေးတို့အကြား ပဋိပက္ခ သို့မဟုတ် သဟဇာတဖြစ်မှုဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ ဤကဲ့သို့ ဘောင်နယ်နိမိတ်များသည် မှုန်ဝါးရောထွေးသွားတတ်သည်။

## ဆက်နွှယ်မှု၏ သမိုင်းကြောင်း နောက်ခံ

ဘာသာရေးနှင့် လူ့အခွင့်အရေးတို့တွင် အကြောင်းအရာ ကြွယ်ဝစုံလင်ပြီး အပြန်အလှန် ဆက်နွှယ်နေကြသည့် နောက်ခံသမိုင်းများရှိကြသည်။ လက်ရှိ နိုင်ငံတကာ လူ့အခွင့်အရေး စနစ်အား ကုလသမဂ္ဂစနစ် တည်ဆောက်ခြင်း၏ အစိတ်အပိုင်း တစ်ခုအနေဖြင့် လုပ်ဆောင်ထားသော သီးခြား စီမံကိန်း တစ်ခုအဖြစ် ရှုမြင်လေ့ရှိကြသည်။ ဤသို့ဆိုစေကာမူ အခွင့်အရေး ဆွေးနွေးချက်များအား ရှုပ်ထွေး နက်နဲသည့် လူမှုသမိုင်း၊ စဉ်းစားတွေးခေါ်ပုံ သမိုင်းနှင့် ဘာသာရေး သမိုင်းများမှတဆင့် ခြေရာကောက် နိုင်သည် (အခန်း ၁ တွင် ရှုပါ)။ လူ့အခွင့်အရေးသည် အတန်အတင့် သက်တမ်းနုသေးသော စကားရပ် ဖြစ်နေသော်လည်း လူ့အခွင့်အရေး ပြောဆိုရေးသားချက်များသည် ဘာသာရေး အစဉ်အလာ အတော်များများ၌ ဖော်ထုတ်ထားသည့် အတွေးအခေါ်များကို အမွေဆက်ခံခဲ့၊ ငြင်းပယ်ခဲ့သည်။ ဤအစဉ်အလာများထဲမှ အထင်ရှားဆုံး တစ်ခုမှာ ဆင်ခြင်ဉာဏ်ပွင့်ခေတ်မှ ပေါက်ဖွားလာသည့် မွေးရာပါ အခွင့်အရေး (natural rights) အစဉ်အလာဖြစ်သည်။ ဆင်ခြင်ဉာဏ်ပွင့်ခေတ်သည် အခွင့်အရေးများနှင့် တာဝန်များအကြား ကောင်းမွန်ပြီး တရားမျှတသော ဆက်နွှယ်မှုများကို ရှာဖွေဖော်ထုတ်ခြင်းက လူတိုင်းနှင့် သက်ဆိုင်သည့် ဘုံတာဝန် တစ်ရပ်၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်ဟု အသိအမှတ်ပြု လာကြသည့် အချိန်ကာလ ဖြစ်သည် (Perry, 1998; R. K. M. Smith, 2003)။

လူတစ်ဦး တစ်ယောက်ချင်းစီနှင့် အုပ်စုများသည် အတူတကွ ဖန်တီးပြီး ဘုံကျသော နိုင်ငံတကာ လူ့အခွင့်အရေးများဆိုင်ရာ အတွေးအခေါ်များအပေါ် သဘောတူ စုရုံးလာကြမည်ဟု လူအများအပြားက မျှော်လင့်ကြသည်။ သို့နှင့်တိုင် အမြင်ကျဉ်းသော ဘာသာရေး အမြင်ရှိသူများမှသည် နိုင်ငံတကာဥပဒေ တတိယ ကမ္ဘာ ချဉ်းကပ်နည်းဂိုဏ်း (Third World Approaches to International Law/ TWAIL) ပညာရှင်များအထိ ပါဝင်သည့် ဝေဖန်ရေးသမားများက လက်ရှိနိုင်ငံတကာ လူ့အခွင့်အရေးစနစ်သည် ပုံစံပျက်နေပြီး လူတိုင်းအတွက် လက်လှမ်းမမီဟု ထောက်ပြကြသည်။ ဤဝေဖန်သူများထဲမှ တချို့က လူ့အခွင့်အရေး အယူအဆသည် ကိုလိုနီစနစ် သြဇာလွှမ်းမိုးမှု ရောနှောနေသည့် ဥပရောပ ယဉ်ကျေးမှုတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသည်ဟု စောဒက တက်ကြသည် (အခန်း ၁ နှင့် ၂ တို့တွင် ရှုပါ)။ အခြားဝေဖန်သူများက လူ့အခွင့်အရေးနှင့် ဘာသာရေး ထွက်ဆိုချက်များအကြား သဟဇာတ ဖြစ်မှုကို မေးခွန်းထုတ်ကြပြီး ဤနှစ်ခုမှ တစ်ခုကို ဦးစားပေးခြင်း မရှိဘဲ ၎င်းတို့အကြား ပူးပေါင်း ဆောင်ရွက်မှု သို့မဟုတ် စဉ်းစားတွေးခေါ်မှုပိုင်းအရ သဟဇာတ ဖြစ်မှု မရှိနိုင်ဟု ဆိုကြသည်။ ဤဝေဖန်ချက် အတော်များများ၌ ဥရောပ အစဉ်အလာများနှင့် ခရစ်ယာန် အစဉ်အလာများ ရောထွေးနေခြင်းသည် နိုင်ငံတကာ လူ့အခွင့်အရေး စနစ်ပုံစံနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုသည့် အကြောင်းအရာဖြစ်သည်။

အင်စတီကျူးရှင်းပိုင်းအရ နောက်ထပ် အဖြေရှာ မရသေးသည့် ကဏ္ဍတစ်ခုမှာ လူ့အခွင့်အရေးများ အကြောင်း သမိုင်း ဇာတ်ကြောင်းကို မည်သည်တို့က ထိန်းချုပ်သည်၊ ပုံဖော်ဖန်တီးကြသည် ဆိုသည့် ကိစ္စဖြစ်သည်။ ဥပမာ တချို့ အခွင့်အရေးများသည် တချို့သော ဘာသာရေးစနစ်များ အကြောင်း ငြင်းခုံချက်များမှ

ဆင်းသက်လာခြင်း ဖြစ်သလား။ ထိုသို့ဆိုလျှင် မျက်မှောက်ခေတ် လူ့အခွင့်အရေး ပြောဆိုရေးသားချက်များသည် ဤအချက်ကို အသိအမှတ်ပြုပြီး တချိန်တည်းတွင်လည်း သမိုင်းစီးကြောင်းများ၊ အခြား ယုံကြည်မှုစနစ်များ၊ ယုံကြည်မှု မရှိသော စနစ်များ၏ ထွက်ဆိုချက်များ အပေါ်လည်း အမြင်ဖွင့်ထားရပါမည် (Lauren, 1998)။ ကမ္ဘာလုံးပျံ့နှံ့ချိတ်ဆက်မှု (globalization) သည် လူ့အခွင့်အရေး စနစ်များနှင့် ဘာသာရေး လှုပ်ရှားမှုများ၊ အယူအဆများ၊ သရုပ်သဏ္ဌာန်များအပေါ် အကျိုးသက်ရောက်မှု ဆက်လက် ရှိနေသည်နှင့်အမျှ လူ့အခွင့်အရေး စံနှုန်းများနှင့် ဘာသာရေး ကျင့်သုံးမှုများအကြား ဆက်နွယ်မှုကို ပို၍ အာရုံစိုက်လေ့လာရန် လိုပါလိမ့်မည်။ ဤသဘောတရားအရ ဂလိုဘယ်လ်လိုက်ဖေးရှင်းသည် သယ်ယူ ပို့ဆောင်ရေး၊ သတင်းအချက်အလက် နည်းပညာသစ်များ၊ အပြန်အလှန် မှီခိုရမှုနှင့် ဩဇာသက်ရောက်မှု တို့မှတဆင့် ကမ္ဘာတစ်ဝန်း လူများ၊ အရင်းအမြစ်များနှင့် အတွေးအခေါ် အယူအဆများ အရှိန်အဟုန်နှင့် ရွှေ့လျားခြင်းတို့ ပါဝင်သည်။ နယ်နိမိတ် အကန့်အသတ်များကို ဖြတ်ကျော်ရာ၌ ဘာသာရေး၊ လူ့အခွင့်အရေး တို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အခန်းကဏ္ဍ၊ ၎င်း၏ ဩဇာနှင့် အချုပ်အခြာ အာဏာ တို့သည်လည်း စိန်ခေါ်ခံရနိုင်သည်။ လူတစ်ဦးတစ်ယောက်ချင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ နိုင်ငံဖြတ်ကျော် အဖွဲ့အစည်း များသည် နိုင်ငံနယ်နိမိတ်များကို ဖြတ်ကျော်၍ အခွင့်အရေး ချိုးဖောက်သူများ၊ ထောက်ခံလှုပ်ရှားသူများ ဖြစ်လာနိုင်သည်။ ဥပမာ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) ကဲ့သို့ ဘာသာရေး မဖက်သည့် နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများသည် လွယ်လပ်စွာ ကိုးကွယ်ခွင့် သို့မဟုတ် ယုံကြည်ခွင့် အပါအဝင် လူ့အခွင့်အရေးများအတွက် ဆောင်ရွက်ကြသည်။ ကမ္ဘာတစ်ဝှမ်း ပရဟိတလုပ်ငန်းနှင့် တရားမျှတမှု လုပ်ဆောင်သည့် ကက်သလစ်အဖွဲ့ Caritas Interntional သည်လည်း အလားတူပင် လူ့အခွင့်အရေးများအတွက် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

**ဆင်ခြင်ဉာဏ်ပွင့်ခေတ်**

လူ့အခွင့်အရေး မျှော်မှန်းချက် အတော်များများသည် လူသားဘဝအား မည်ကဲ့သို့ စီစဉ်အုပ်ချုပ်သင့်သည်နှင့် ပတ်သက်၍ ဒဿနရှုထောင့်၊ ဘာသာရေး ရှုထောင့်ဆွေးနွေးချက်များမှ ဆင်းသက်လာကြပါသည်။ ဤနည်းအားဖြင့် လူ့အခွင့်အရေး ထွက်ဆိုချက်များသည် အစိုးရ၊ တရားစီရင်ခွင့် ပိုင်နက်နှင့် ဘာသာရေး ဗေဒ စသည့် စဉ်းစားတွေးခေါ်ရေး နယ်ပယ် အများအပြားရှိ အတွေးအခေါ်များကို သမိုင်းကြောင်း တလျှောက် မှီငြမ်းကိုးကား လာခဲ့သည်။ လူအချင်းချင်း တစ်ဦးအပေါ် တစ်ဦး ပြုမူဆက်ဆံခြင်းဆိုင်ရာ ကျင့်ဝတ်များ၊ နိုင်ငံရေးအာဏာ၏ ဘောင်နယ်နိမိတ်၊ လူနည်းစုများအပေါ် တရားမျှတစွာ ဆက်ဆံမှု စသည်တို့သည် အခွင့်အရေး ထွက်ဆိုချက်များ ဖြေရှင်းထားသည့် သို့မဟုတ် စုဆုံနေကြသည့် နေရာများ သို့မဟုတ် အကြောင်းအရာများ ဖြစ်သည်။ ဆင်ခြင်ဉာဏ်ပွင့်ခေတ်သည် ခေတ်သစ်လူ့အခွင့်အရေးများ၊ အထူးသဖြင့် လွတ်လပ်မှု အယူအဆအကြောင်း ဘာသာရေးနှင့် ဒဿန ဆိုင်ရာ ပြောဆို ရေးသားချက်များနှင့် ပတ်သက်၍ ခေတ်သစ်လူ့အခွင့်အရေးများ တိုးတက်ရေးအတွက် အထူးတလည် အခွင့်ကောင်းခဲ့သည့် အချိန်ကာလဖြစ်သည် (အခန်း ၁ တွင် ရှုပါ)။ ဤအစဉ်အလာ၌ (genealogy) မဂ္ဂနာကာတာ (Magna Carta 1215 ခုနှစ်) သည် ဤဖြစ်ပေါ်ပြောင်းလဲမှု ကွင်းဆက်၌ အရေးပါသော ချိတ်ဆက်ဖြစ်သည်။[၁] မဂ္ဂနာကာတာ၏ နှစ် ၈၀၀ ပြည့် အထိမ်းအမှတ်နှင့်အတူ လက်ရှိအချိန်၌ ၎င်းကူညီ အခြေချ ပေးခဲ့သည့် ထုံးထမ်းဥပဒေ

အစဉ်အလာက ဖန်တီးပေးခဲ့သည့် ဘာသာရေး၊ ဥပဒေရေးရာ ပတ်ဝန်းကျင်အပေါ် ၎င်း၏ ဩဇာလွှမ်းမိုးမှုအား ပြန်လည် အကဲဖြတ် ဆန်းစစ်လျက် ရှိကြသည်။ ရှင်ဘုရင်များ၏ ဘုရားပေး အခွင့်အရေးများအပေါ် စည်းကြပ်ထိန်းချုပ်ခွင့် ပေးခြင်းဖြင့် မဂ္ဂနာကာတာသည် အီရေးစမတ်စ် (Erasmus) နှင့် ဘာတာလိုမေ ဒေ လာကာဆာ (Bartolome de las Casas) တို့ကဲ့သို့ နောက်ပိုင်း ပေါ်ပေါက်လာသည့် ဆယ့်ငါးရာစုနှင့် ဆယ့်ခြောက်ရာစု ခရစ်ယာန် လူသားဝါဒီများနှင့် ပြုပြင် ပြောင်းလဲရေးသမားများ၏ အတွေးအခေါ်များအတွက် လမ်းဖွင့်ပေးခဲ့သည် (Ishay, 1997, p.14; Skilling, 1981)။

အစောပိုင်း နိုင်ငံတကာဥပဒေ သီအိုရီနယ်ပယ်တွင် အဓိကအရေးပါသော ပုဂ္ဂိုလ်ဖြစ်သည့် ဟူဂိုဂရိုးတီးယပ်စ် (1583-1645) ၏ ရေးသားချက်များသည် မွေးရာပါ အခွင့်အရေးများအကြောင်း အတွေးအခေါ်၌ အဓိက အပြောင်းအလဲတစ်ခုကို ကိုယ်စားပြုသည်။ ဤမွေးရာပါ အခွင့်အရေးများသည် လူ့အခွင့်အရေးများ၏ ရှေ့ပြေး သို့မဟုတ် အခြေခံ အုတ်မြစ် အဖြစ် အများက သတ်မှတ်ကြသည်။ မျက်မှောက်ခေတ် လူ့အခွင့်အရေး ပြောဆိုရေးသားချက် ပုံစံများ၊ သဏ္ဌာန်များနှင့် များစွာ ကွဲပြားနေခဲ့ စေကာမူ မျက်မှောက်ခေတ် နိုင်ငံတကာ လူ့အခွင့်အရေး လှုပ်ရှားမှုအပေါ် ဩဇာလွှမ်းမိုးနေဆဲဖြစ်သော ကမ္ဘာလုံး အကျုံးဝင်မှု၊ မခွဲခြားသော ဆက်ဆံမှု အယူအဆများဆီသို့ ဦးတည်သော ပြောင်းလဲမှုများ ဆင်ခြင်ဉာဏ်ပွင့်ခေတ်အတွင်း ဖြစ်ပွားခဲ့သည် (Lauren, 1998, p.12)။ ၎င်းတို့မှ တချို့သော အပြောင်းအလဲ များသည် ထိုအချိန် ဘာသာရေး အစဉ်အလာများနှင့် ဖီလာဖြစ်ခဲ့သည်။ ဒေးဗစ်ဟုမ်း (David Hume)၊ ဂျွန်လော့ခ် (John Locke)၊ မေရီဝူးစတုန်းခရား (Mary Woolstonecraft) နှင့် ဂျွန်ဂျက်ရူးဆိုး (Jean-Jacques Rousseau) တို့ကဲ့သို့ ဆင်ခြင်ဉာဏ်ပွင့်ခေတ် အတွေးအခေါ် ပညာရှင်များကြောင့် အခွင့်အရေးဆိုင်ရာ ပြောဆိုရေးသားချက်များ များပြားလာခဲ့ပြီး ၎င်းတို့အထဲတွင် အမေရိကန် လွတ်လပ်ရေး ကြေညာချက် (၁၇၇၆) နှင့် အခွင့်အရေးများ ဥပဒေ (၁၇၉၁)၊ ပြင်သစ်လူမျိုးတို့၏ လူသားနှင့် နိုင်ငံသား၏ အခွင့်အရေးများ ကြေညာချက် (၁၇၈၉) တို့ပါဝင်သည်။ ဤစာတမ်းများသည် ကုလသမဂ္ဂ ဖွဲ့စည်းသည့်အချိန်နှင့် ၎င်းနောက်ပိုင်းကာလအထိ လူ့အခွင့်အရေး သမိုင်းတွင် အထင်အရှား ပါဝင်နေခဲ့ပြီး လူ့အဖွဲ့အစည်း၌ ဘာသာရေး၏ အခန်းကဏ္ဍနှင့် ဘာသာရေးနှင့်ပတ်သက်၍ အစိုးရအတွက် သင့်တင့် လျောက်ပတ်သည့် အခန်းကဏ္ဍ (၎င်းတို့မှာ အမေရိကန် တော်လှန်ရေးနှင့် ပြင်သစ် တော်လှန်ရေးတို့လည်း အကျပ်ရိုက်နေခဲ့သည့် ကိစ္စများလည်း ဖြစ်သည်) များနှင့် ဆက်စပ်သည့် မေးခွန်းများအတွက် ဤစာတမ်းများက ပေးထားသော အဖြေများသည် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ဘာသာရေးနှင့် လူ့အခွင့်အရေး ကိစ္စများ ဖြေရှင်းပုံ ဖြေရှင်းနည်းအပေါ် ဩဇာလွှမ်းမိုးမှု ရှိနေဆဲဖြစ်သည်။

## နိုင်ငံတကာ လူ့အခွင့်အရေးစနစ် ဖွဲ့စည်းခြင်း

မျက်မှောက်ခေတ် နိုင်ငံတကာ လူ့အခွင့်အရေး စနစ်သည် ခေတ်အဆက်ဆက်၏ ဩဇာလွှမ်းမိုးမှု၊ ပုံဖော်မှုကို ခံရသော်လည်း ၎င်းသည် ၂၀ ရာစုအလယ် ပဋိပက္ခလွန် ပတ်ဝန်းကျင် အခြေအနေတစ်ခု၏ ထွက်ကုန်အဖြစ် ရှိနေသည်မှာ ရှင်းနေပါသည်။ ထို့ကြောင့် ဒုတိယကမ္ဘာစစ် အလွန် ကမ္ဘာ့စနစ် အစပိုင်းရှိ နိုင်ငံရေး လူမှုရေး၊

စီးပွားရေး၊ နိုင်ငံရေး အခင်းအကျင်းတို့သည် ဘာသာရေးနှင့် လူ့အခွင့်အရေးတို့အကြား ဆက်နွယ်မှုကို ဆန်းစစ်ရာ၌ အရေးပါသည့် အချက်ဖြစ်သည်။ ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများ အကြား ယခင်ရော ယခုပါ ရှိနေသည့် အင်အား မမျှတမှုများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ ဥပမာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာချက် မူကြမ်း ရေးဆွဲစဉ်ကာလက ကမ္ဘာ့နေရာ အများအပြားသည် ကိုလိုနီကျွန်စနစ် အောက်တွင် ကျရောက်နေကြဆဲ ဖြစ်သည်။ ၎င်းတို့တွင် မူဆလင် အများစု နေထိုင်သည့် နယ်မြေ အများအပြားလည်း ပါဝင်ခဲ့သည်။ အခွင့်အရေးများ၏ တစ်ကမ္ဘာလုံး အကျုံးဝင်မှုနှင့် ပတ်သက်၍ ကြေညာချက်၏ ထွက်ဆိုချက်များအား ဂလိုဘယ်လ်လိုက်ဇေးရှင်း၏ တစ်စိတ်တစ်ဒေသအဖြစ် အတွေးအခေါ်အယူအဆများ နိုင်ငံတကာသို့ ပျံ့နှံ့မှုကြောင့် လက်ခံမှု များပြား လာနေသော်လည်း ကြေညာချက်ပါ ဘာသာစကားသည် ဒုတိယကမ္ဘာစစ်အလွန် လူမှုရေး၊ နိုင်ငံရေး အရှိတရားအား ထင်ဟပ်ဖော်ပြသည့် အကဲဖြတ်မှု မဟုတ်ခဲ့ပေ။ ကြေညာစာတမ်းတွင် အသုံးပြုထားသည့် ရှေ့မျှော် ဘာသာစကားနှင့် ကမ္ဘာကြီး၏ လူမှုရေး၊ နိုင်ငံရေး၊ ဥပဒေရေးရာ အရှိတရားတို့အကြား တင်းမာမှုများသည် ယနေ့အထိ ဆက်လက်တည်ရှိနေသည်။ တင်းမာမှုများသည် ဘာသာရေးနှင့် ဆက်နွယ်သော ပဋိပက္ခများနှင့် အခြားနေရာများ၌ လူ့အခွင့်အရေးများ အကောင်အထည်ဖော်ရေးကို အဟန့်အတား ပြုနေဆဲ ဖြစ်သည်။ ဘာသာရေးနှင့် ဆက်နွယ်သည့် ပဋိပက္ခ ဥပမာများတွင် အီရတ်နိုင်ငံရှိ ရှီယား-ဆူနီ တင်းမာမှုများ (စာသေတ္တာ ၁၀.၁ တွင် ရှုပါ)၊ ဖိလစ်ပိုင်နိုင်ငံ၌ မူဆလင်နှင့် ခရစ်ယာန် အသိုင်းအဝိုင်းများ အကြား သမိုင်းနှင့်ချီ၍ ရှိလာခဲ့သည့် အကြမ်းဖက်မှုများ ပါဝင်သည်။ ဖိလစ်ပိုင် နိုင်ငံရှိ ပဋိပက္ခသည် ခွဲထွက်ရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်မှုဆိုင်ရာ ကိစ္စများနှင့် ဆက်စပ်နေသည့် ဘာသာရေးနှင့် နွယ်သည့် ပဋိပက္ခဖြစ်သည်။

နောက်ပိုင်းတွင် နိုင်ငံတကာ လူ့အခွင့်အရေးများအကြောင်း သဘောတရားများ ထုတ်ဖော်ရာ၌ လမ်းညွှန် အဖြစ် မှတ်ယူကြသော ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာ စာတမ်းအတွက် မူကြမ်းရေးဆွဲရေး ကော်မတီသည် မျှမျှတတ ကိုယ်စားပြုရန် ကြိုးပမ်းချက်ကို ထင်ဟပ်ပြခဲ့သည်။ ကော်မတီတွင် ချားလ်စ်မာလစ် (လက်ဘနွန် နိုင်ငံ)၊ ပိန်ချုန်းချန် (တရုတ်နိုင်ငံ) တို့ပါဝင်ခဲ့သည်။ ရေနေးကာဆင် (ပြင်သစ်နိုင်ငံ) သည်လည်း ဂျူးတစ်ယောက်၏ အတွေ့အကြုံကို ယူဆောင်လာခဲ့သည်။ သို့ရာတွင် UDHR မူကြမ်းရေးဆွဲရာ၌ ဒေသအလိုက် ကိုယ်စားပြုမှုသည် အညီအမျှ မဖြစ်သလို အချိုးအစားလည်း မကျခဲ့ပေ။ တချိန်တည်းတွင် အမျိုးအစား စုံလင်စေရေး ကြိုးပမ်းချက်သည်လည်း လက်တွေ့တွင် ဘာသာရေး စုံလင်မှု အဖြစ်သို့ မပြောင်းလဲခဲ့ပေ။ ဥပမာ ချားလ်စ်မာလစ်သည် အရှေ့အလယ်ပိုင်းမှ ဖြစ်သော်လည်း သူ၏အမြင်မှာ ဂရိ အော်သိုဒေါ့ခ်စ် ခရစ်ယာန်တစ်ဦး၏ အမြင်သာဖြစ်သည်။ အာဗဒူလာဟင်အန်နာအိမ်း (Abdullahi An-Na'im 1999, p.135) ပြောသကဲ့သို့ အကျိုးဆက်မှာ နောက်လာမည့် အစီအမံများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၏ အဓိက စံနှုန်းမူဘောင်၊ အင်စတီကျူးရှင်း မူဘောင်ဖြစ်လာမည့် UDHR ၏ ကနဦး သဘောတရား ဖော်ထုတ် ရေးဆွဲခြင်းသည် အနောက်တိုင်း အင်အားကြီး နိုင်ငံ အများစု၏ ကိုယ်စားလှယ်များနှင့် အာဖရိကနှင့် အာရှ နိုင်ငံများမှ မဆိုစလောက် ကိုယ်စားလှယ်များအကြား ညှိနှိုင်းလုပ်ဆောင်ခဲ့ခြင်းသာ ဖြစ်သည်။ ရလဒ်မှာ ဒေသအခြေပြု ခရစ်ယန် လူသားဝါဒက သွယ်ဝိုက်၍ပင်ဖြစ်စေ အဓိက ပုံဖော်ဖန်တီးခဲ့သည့် နိုင်ငံတကာ လူ့အခွင့်အရေး လှုပ်ရှားမှု ပင်မစာတမ်းတစ်ခု ဖြစ်သည်။ ဤသည်၏ အကျိုးဆက်အဖြစ် UDHR အပေါ် ဝေဖန်ချက် တစ်ခုက ၎င်းသည် များမြောင်လှသည့် မူလအခြေချနေထိုင်သော လူမျိုးများ၏ ဘာသာရေး

အစဉ်အလာများ၏ ဩဇာလွှမ်းမိုးမှု ကင်းမဲ့နေခြင်း၊ ၎င်းတို့အတွက် ပါဝင်ရန် ဝင်ပေါက်နည်းခြင်းပင် ဖြစ်သည်။ မြောက်ခြမ်း/တောင်ခြမ်း သို့မဟုတ် အနောက်တိုင်း/အရှေ့တိုင်း အခွဲများသည် ခေတ်သစ် လူ့အခွင့်အရေးစနစ် ကြံဆစဉ်းစားသည့်အဆင့်၌ ပထဝီကို အခြေခံသော၊ အတွေးအခေါ်ကို အခြေခံသော ဘက်လိုက်မှုများကို ဖန်တီးခဲ့ခြင်း ရှိ/မရှိ တွေးဆကြည့်ရန်လည်း အရေးကြီးပါသည် (Crossman, 2003, p.86)။ ဤကဲ့သို့ မူလ ဘက်လိုက်မှုများသည် လူ့အခွင့်အရေး အစီအမံများအား တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အကျုံးဝင်သည်ဟု အသိအမှတ်ပြုခြင်း ရှိ၊ မရှိ၊ ၎င်းတို့သည် စံနှုန်းပိုင်းအရ ကမ္ဘာ့ဘာသာ အမျိုးမျိုးနှင့် သဟဇာတဖြစ်၊ မဖြစ် စဉ်းစားချက်များအပေါ် ဩဇာလွှမ်းမိုးမှု ရှိသည် (နိုင်ငံတကာ လူ့အခွင့်အရေးများရှိ ဘာသာရေးနှင့် သက်ဆိုင်သော အဓိက စာချုပ်စာတမ်းများအကြောင်း သတင်းအချက်အလက်များအတွက် စာသေတ္တာ ၁၀.၂ တွင် ရှုပါ)။

| **စာသေတ္တာ ၁၀.၁ ဆူနီနှင့် ရှီယား အစ္စလာမ်** |
|---|
| ဆူနီနှင့် ရှီယားအဖြစ် မူဆလင်အသိုင်းအဝိုင်း (umma) နှစ်ခြမ်းကွဲခြင်းသည် တမန်တော်မုဟမ္မဒ် ခရစ်နှစ် ၆၃၂ ခုနှစ်တွင် ကွယ်လွန်ပြီးနောက် ဆက်ခံသင့်သူ၏ သရုပ်သဏ္ဍာန်အပေါ် အငြင်းပွားမှုကြောင့် ဖြစ်ပွားခဲ့သည်။ ဆူနီ (Sunni) ဆိုသော စကားရပ်သည် အာရဗီစကား ahl al-sunna wa al-jama’a (တမန်တော်မုဟမ္မဒ် အစဉ်အလာကို လိုက်နာသော ယုံကြည်သူအသိုင်းအဝိုင်း) မှ လာသည်။ ဆူနီများသည် တမန်တော် မုဟမ္မဒ်ပြီးနောက် ပထမဦးဆုံးခေါင်းဆောင် (Caliph) အဖြစ် တမန်တော်၏ ဖခင် အဘူဘာ့ခ်၏ သစ္စာတော်ခံများ ဖြစ်ကြသည်။<br><br>အာရဗီစကားလုံး Shi’a သည် ပါတီ၊ နောက်လိုက်များ၊ အုပ်စု၊ လုပ်ဖော်ကိုင်ဖက်များ၊ ဘက်တော်သားများ သို့မဟုတ် ပို၍ ယေဘုယျဆန်သော ထောက်ခံသူများဟု အဓိပ္ပာယ်ထွက်နိုင်သည်။ ထို့ကြောင့် ‘Shi’ at Ali’ ဆိုလျှင် အလီ၏ ပါတီ သို့မဟုတ် အလီ၏ နောက်လိုက်များဟု ဆိုလိုသည်။ ဤစကားလုံးမှာ တမန်တော် မုဟမ္မဒ် ကွယ်လွန်ပြီးနောက် တမန်တော်ကိုယ်တိုင် ဆက်ခံသူအဖြစ် ရွေးချယ်ခဲ့သည့် ၎င်း၏ တစ်ဝမ်းကွဲ တော်ပြီး သမက်ဖြစ်သူ Ali ibn Abi Talib ၏ နောက်လိုက်များ၊ ထောက်ခံသူများကို ပေးခဲ့သည့် အမည်ဖြစ်သည်။<br><br>ဤသမိုင်းဝင် အကွဲအပြဲကြောင့် ကမ္ဘာကြီး၏ မူဆလင်ထုတွင် ဂိုဏ်း (madhhab) နှစ်ဂိုဏ်းရှိသည်။ အများစုသည် ဆူနီများ ဖြစ်ကြပြီး ၁၀-၁၅ % ခန့်ရှိသော အနည်းစုသည် ရှီယားများ ဖြစ်ကြသည်။ အီရန်၊ အီရန်၊ ဘာရိန်းနှင့် အဇာဘိုင်ဂျန်နိုင်ငံများတွင် ရှီယားဂိုဏ်းဝင် အများဆုံး ရှိကြသည်။ အာဖဂန်နစ္စတန်၊ ကူဝိတ်၊ လက်ဘနွန်၊ ပါကိစ္စတန်၊ ဆော်ဒီအာရေဗျ၊ ဆီးရီးယားနှင့် ယီမင် နိုင်ငံတို့တွင်လည်း ရှီယားဂိုဏ်းဝင် အများအပြား ရှိကြသည်။ |

## အခွင့်အရေးများ ဖြစ်ပေါ်ပြောင်းလဲလာပုံကို နားလည်သဘောပေါက်ခြင်း

အစောပိုင်း ဘာသာရေး စာပေများမှသည် မဂ္ဂနာကာတာ လက်မှတ်ရေးထိုးခြင်းကဲ့သို့ အလယ်ခေတ် အဖြစ်အပျက်များအထိ၊ အရင် ဆင်ခြင်ဉာဏ်ပွင့်ခေတ် တိုးတက်မှုများမှသည် မျက်မှောက်ခေတ် နိုင်ငံတကာ

စီမံကိန်းအထိ လူ့အခွင့်အရေးများအကြောင်း အတွေးအခေါ်အယူအဆများသည် ဖြစ်ပေါ် ပြောင်းလဲမြဲ ကြီးထွားလာနေမြဲ ဖြစ်သည်။ ဤဖြစ်ပေါ်ပြောင်းလဲမှုသည် တစ်စိတ်တစ်ဒေသအားဖြင့် အခွင့်အရေးများ၊ တာဝန်များအကြောင်း ဘာသာရေး ပြောဆိုချက်များ နောက်ကွယ်မှ သဘောတရားများကို ဆွေးနွေးခြင်း၊ ပြောင်းလဲ အဓိပ္ပာယ် ဖွင့်ဆိုခြင်းတို့ ပါဝင်သည်။ မျက်မှောက်ခေတ် လူ့အခွင့်အရေး ပြောဆိုရေးသားချက်များ၌ အခွင့်အရေးများနှင့် တာဝန်များ၏ ထွက်ဆိုချက်များသည် ချိတ်ဆက်နေကြသည်။ ဥပမာ တာဝန်ရှိသူ ဖြစ်သော နိုင်ငံတော်သည်  အခွင့်အရေး ရှိသူဖြစ်သော နိုင်ငံသားများ၏ အခွင့်အရေး များကို အကာအကွယ် ပေးရမည်။ ထိုနည်းတူစွာ ဂျူးဘာသာဝင်တို့၏ အလှူပေး အစဉ်အလာ၊ အစ္စလာမ် ဘာသာ၏ ဇကာ (အလှူပေးခြင်း) မဏ္ဍိုင်နှင့် ခရစ်ယာန်ဘာသာ၏ အိမ်နီးချင်းအပေါ် မေတ္တာထားရန် နှိုးဆော်ချက်များကိုလည်း ဆင်းရဲသူများ၏ အခွင့်အရေးများနှင့် အခြေအနေ ကောင်းသူတို့၏ တာဝန်များ တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသည့် သဘောမျိုးဖြင့် နားလည်နိုင်သည်။ အခွင့်အရေး၊ တာဝန်ဆိုင်ရာ အယူအဆများသည် နိုင်ငံတကာ ကယ်ဆယ်ရေး ကော်မတီ (International Rescue Committee) ကဲ့သို့ ဘာသာရေး မဖက်သည့် အဖွဲ့အစည်းများနှင့် ဝေါဗီးရှင်း အင်တာနယ်ရှင်နယ် (World Vision International) ကဲ့သို့ ဘာသာရေး အဖွဲ့အစည်းများကဲ့သို့ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် အကူအညီ ပေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းများကို နောက်ကွယ်မှ ကျားကန်ပေးထားသည် ငြင်းခုံချက်များ သို့လည်း ဝင်ရောက်နေရာယူထားပြီး ဖြစ်သည်။

| **စာသေတ္တာ ၁၀.၂ နိုင်ငံတကာ လူ့အခွင့်အရေးများ၌ပါဝင်သော ဘာသာရေးနှင့် သက်ဆိုင်သည့် အဓိက စာချုပ်စာတမ်းများ** |
|---|
| **ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း**<br>၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက ထုတ်ပြန်ကြေညာပြီး လက်ခံအတည်ပြုခဲ့သည် -<br><br>သက်ဆိုင်သည့် အပိုင်းများ - ခြေဆင်းအပိုင်း (လူသားအားလုံး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်နှင့် အကြောက်တရားမှ ကင်းလွတ်ခွင့်တို့ကို ရရှိခံစားခြင်း); အပိုဒ် ၂.၁ (လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားအကြောင်း ထင်မြင်ချက်၊ ဆင်းသက်ရာ နိုင်ငံ သို့မဟုတ် လူမှုရေး ဇာစ်မြစ်၊ ပိုင်ဆိုင်မှု၊ မွေးဖွားမှု သို့မဟုတ် အခြား ဖြစ်တည်မှု စသည်တို့အပေါ် အခြေခံသော ခွဲခြားဆက်ဆံမှု မပြုရေး၊ အပိုဒ် ၁၈ (လွတ်လပ်စွာ တွေးခေါ်၊ ယုံကြည်၊ ကိုးကွယ်ခွင့်)။<br><br>**ဒုက္ခသည်များ၏ ဖြစ်တည်မှုနှင့် သက်ဆိုင်သော သဘောတူစာချုပ်**<br>၁၉၅၀ ဒီဇင်ဘာ ၁၄ ရက် အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၄၂၉ (၁၀) အရ  ခေါ်ယူကျင်းပသည့် ဒုက္ခသည်များနှင့် နိုင်ငံမဲ့ လူပုဂ္ဂိုလ်များ၏ ဖြစ်တည်မှုဆိုင်ရာ ကိုယ်စားလှယ်များ ညီလာခံက ၁၉၅၁ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် လက်ခံအတည်ပြုခဲ့သည်။<br><br>သက်ဆိုင်သည့် အပိုင်းများ - အပိုဒ် ၁(၂) (ဒုက္ခသည် အဓိပ္ပာယ်ဖွင့်ဆိုချက်သည် လူ့တစ်ယောက်အား ၎င်းနိုင်ငံသား ဖြစ်ရာ နိုင်ငံမှ ထွက်ပြေးစေသည့် လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ လူမျိုး (nationality)၊ လူမှုအုပ်စုတစ်ခု၏ အဖွဲ့ဝင်ဖြစ်မှု သို့မဟုတ် နိုင်ငံရေး ထင်မြင်ချက်ကြောင့် ဖိနှိပ်ခံရမည်ဟု ကျိုးကြောင်းဆီလျော်သည့် အကြောက်တရားမှ |

စတင်မြစ်ဖျားခံသည်၊ ထို့ပြင် (ဤအကြောက်တရားကြောင့်) မိမိဇာတိနိုင်ငံ၏ အကာအကွယ်ကို မရယူနိုင်သူ)၊ အပိုဒ် ၃ (လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ သို့မဟုတ် ဇာတိနိုင်ငံ အပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှု မပြုရေး)၊ အပိုဒ် ၄ (၎င်းတို့ သားသမီးများ၏ ဘာသာရေး သင်ကြားဆုံးမမှုနှင့် စပ်လျဉ်း၍ လွတ်လပ်ခွင့်၊ ဘာသာရေး လွတ်လပ်ခွင့်တို့အား လေးစားမှု)၊ အပိုဒ် ၃၃ (နှင်ထုတ်ခြင်း သို့မဟုတ် ပြန်ပို့ခြင်းအား (refoulement) တားမြစ်ခြင်း)

**နည်းမျိုးစုံဖြင့် လူမျိုးရေး ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်**

၁၉၆၅ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့ ဆုံးဖြတ်ချက် ၂၁၀၆ (၂၀) အရ ကုလသမဂ္ဂ အထွေထွေညီလာခံက လက်ခံအတည်ပြုပြီး လက်မှတ်ထိုး၊ အတည်ပြုရန် ဖွင့်လှစ်ခဲ့သည်။ ၁၉၆၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အသက်ဝင်လာခဲ့သည်။

သက်ဆိုင်သည့် အပိုင်းများ - အပိုဒ် ၅ (ခွဲခြားဆက်ဆံမှု မပြုရေးနှင့် အခွင့်အရေးများ ရရှိခံစားရေး… (ဃ၊ ၇) လွတ်လပ်စွာ စဉ်းစားတွေးခေါ်၊ ယုံကြည်၊ ကိုးကွယ်ခွင့်)။

**ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်**

ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်အား ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဆုံးဖြတ်ချက် ၂၂၀၀က(၂၁) အရ ကုလသမဂ္ဂ အထွေထွေ ညီလာခံက အတည်ပြုပြီး လက်မှတ်ရေးထိုး၊ အတည်ပြု၊ ဝင်ရောက်ရန် ဖွင့်လှစ်ခဲ့သည်။ ၁၉၇၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် အသက်ဝင်လာခဲ့သည်။

သက်ဆိုင်သည့်အပိုင်းများ - အပိုဒ် ၁၈ (၁။ လွတ်လပ်စွာ စဉ်းစားတွေးခေါ်၊ ယုံကြည်၊ ကိုးကွယ်ခွင့်၊ ၂။ ဘာသာရေး၊ ယုံကြည်မှုတို့အား အတင်းအကျပ် မခိုင်းစေရေး၊ ၃။ ဥပဒေက ချမှတ်သော ကန့်သတ်ချက်များ၊ အများပြည်သူ ဘေးကင်းလုံခြုံမှု၊ တည်ငြိမ်မှု၊ ကျန်းမာရေး သို့မဟုတ် အကျင့်စာရိတ္တ သို့မဟုတ် အခြားသူများ၏ အခြေခံ လွတ်လပ်ခွင့်များကို အကာအကွယ်ပေးရန် လိုအပ်သော ကန့်သတ်ချက်များကို လိုက်နာသမျှ ကာလပတ်လုံး မိမိ၏ ဘာသာရေး သို့မဟုတ် ယုံကြည်မှုကို လွတ်လပ်စွာ ကျင့်သုံးခွင့်၊ ၄။ သားသမီးများ၏ ကိုယ်ကျင့်တရားနှင့် ဘာသာရေး သွန်သင်ဆုံးမမှုတို့သည် မိမိတို့၏ ယုံကြည်ချက်များနှင့် ကိုက်ညီစေရေး လုပ်ဆောင်ရန် မိဘများ သို့မဟုတ် တရားဝင် အုပ်ထိန်းသူများ၏ လွတ်လပ်မှု၊ အပိုဒ် ၂၄ (ခွဲခြားဆက်ဆံမှု မပြုရေး)၊ အပိုဒ် ၂၇။ တိုင်းရင်းသား (ethnic)၊ ဘာသာရေး သို့မဟုတ် ဘာသာစကား လူနည်းစုများကို အကာအကွယ်ပေးခြင်း)။

**ဘာသာရေး သို့မဟုတ် ယုံကြည်ချက်ကို အခြေခံသော ခွဲခြားဆက်ဆံမှုနှင့် မတူကွဲပြားခြင်းကို လက်ခံခြင်း မရှိသည့် ပုံစံများအားလုံး ပပျောက်ရေးဆိုင်ရာ ကြေညာချက်**

ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၂၅ ရက် ဆုံးဖြတ်ချက် ၃၆/၅၅ အရ ကြေညာခဲ့သည်။ ဤကြေညာချက်သည် လူနည်းစုများ အကာအကွယ်ပေးရေးနှင့် ခွဲခြားဆက်ဆံမှု တားဆီးရေး ကော်မရှင်ခွဲအတွင်း ဘာသာရေး အခွင့်အရေးများ အကြောင်း နှစ်ပေါင်း ၃၀ ကြာ ဆွေးနွေးမှုများ၏ ရလဒ်ဖြစ်ပြီး လွတ်လပ်စွာ ကိုးကွယ်ခွင့်သို့ ယုံကြည်ခွင့်နှင့် ပတ်သက်၍ အဓိကကျသည့် နိုင်ငံတကာ စံနှုန်းသတ်မှတ်ရေး အစီအမံတစ်ခုအဖြစ် အသိအမှတ်ပြုခံထားရသည်။

**မိမိတို့နေထိုင်ရာ နိုင်ငံ၌ နိုင်ငံသား မဟုတ်သည့် လူပုဂ္ဂိုလ်များ၏ လူ့အခွင့်အရေးများဆိုင်ရာ ကြေညာချက်**

၁၉၈၅ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့၌ ဆုံးဖြတ်ချက် A/RES/40/144 အရ ကုလသမဂ္ဂအထွေထွေညီလာခံက လက်ခံအတည်ပြုခဲ့သည်။

သက်ဆိုင်သည့် အပိုင်းများ - အပိုဒ် ၅၊ အပိုဒ် ၇။

**ကလေးသူငယ်၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်**

၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့၌ ဆုံးဖြတ်ချက် ၄၄/၂၅ အရ ကုလသမဂ္ဂ အထွေထွေညီလာခံက လက်ခံအတည်ပြုခဲ့ပြီး ၁၉၉၀ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ဥပဒေအာဏာ တည်လာခဲ့သည်။ ဤသဘောတူစာချုပ်သည် ပြည်သူ့ရေးရာ အခွင့်အရေးများနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၂၇ ကို ထည့်သွင်းထားသည်။

သက်ဆိုင်သည့် အပိုင်းများ - အပိုဒ် ၂၊ အပိုဒ် ၁၄၊ အပိုဒ် ၂၀၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀။

**ရွှေ့ပြောင်း အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်**

ဤသဘောတူစာချုပ်အား ၁၉၉၀ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်၌ ဆုံးဖြတ်ချက် ၄၅/၁၅၈ အရ ကုလသမဂ္ဂ အထွေထွေညီလာခံက လက်ခံအတည်ပြုခဲ့သည်။

သက်ဆိုင်သည့်အပိုင်းများ - အပိုဒ် ၁၊ အပိုဒ် ၇၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃။

**အမျိုးသား သို့မဟုတ် လူမျိုးစု၊ ဘာသာရေးနှင့် ဘာသာစကား လူနည်းစုတွင် ပါဝင်သူ ပုဂ္ဂိုလ်များ၏ အခွင့်အရေးများ ဆိုင်ရာ ကြေညာချက်**

၁၉၉၂ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ဆုံးဖြတ်ချက် ၄၇/၁၃၅ အရ ကုလသမဂ္ဂ အထွေထွေညီလာခံက လက်ခံအတည်ပြုခဲ့သည်။

သက်ဆိုင်သည့် အပိုင်းများ - အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၄။

**လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များ အကာအကွယ်ပေးရေးဆိုင်ရာ ဥရောပ သဘောတူစာချုပ်**

၁၉၅၀ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ဥရောပကောင်စီက လက်ခံအတည်ပြုခဲ့ပြီး ၁၉၅၃ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ဥပဒေအာဏာ တည်လာခဲ့သည်။

သက်ဆိုင်သည့် အပိုင်းများ - အပိုဒ် ၉၊ အပိုဒ် ၁၄။

**လူ့အခွင့်အရေး ကော်မတီ၊ အထွေထွေမှတ်ချက် ၂၂၊ အပိုဒ် ၁၈ (၄၈ ကြိမ်မြောက် အစည်းအဝေး၊ ၁၉၉၃)**

လူ့အခွင့်အရေး စာချုပ် အဖွဲ့အစည်းများ လက်ခံအတည်ပြုခဲ့သည့် အထွေထွေမှတ်ချက်များနှင့် အထွေထွေ အကြံပြုချက်များ ပြုစုချက်၊ UN Doc HRI/GEN/I/Rev. I at 35 (1994)။

သက်ဆိုင်သည့် အပိုင်းများ - § I – II ။

**လူသား၏ အခွင့်အရေးများနှင့် တာဝန်များဆိုင်ရာ အမေရိကတိုက် ကြေညာချက်**

၁၉၄၈ ခုနှစ် မေလ ၂ ရက်နေ့တွင် ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့၌ အမေရိကတိုက်နိုင်ငံများ အဖွဲ့အစည်း၏ ၉ ကြိမ်မြောက် နိုင်ငံတကာ အမေရိကတိုက်နိုင်ငံများ ညီလာခံက ဤကြေညာချက်ကို လက်ခံအတည်ပြုခဲ့သည်။

သက်ဆိုင်သည့်အပိုင်းများ - အခန်း ၁၊ အပိုဒ် ၃၊ အပိုဒ် ၂၂။

**လူ့အခွင့်အရေးများနှင့် လူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ အာဖရိကတိုက် ပဋိညာဉ်**
ဤပဋိညာဉ်အား ၁၉၈၆ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ကျင်းပသည့် ဂမ်ဘီယာနိုင်ငံ ဘန်ဂျူးလ်မြို့၌ အာဖရိက စည်းလုံးညီညွတ်ရေး အဖွဲ့အစည်း၏ အာဖရိကတိုက် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေး၌ လက်ခံအတည်ပြုခဲ့သည်။ ၁၉၈၆ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဥပဒေအာဏာတည်လာခဲ့သည်။

သက်ဆိုင်သည့် အပိုင်းများ - အပိုဒ် ၂၊ အပိုဒ် ၈၊ အပိုဒ် ၁၂။

ယနေ့အချိန်တွင် လူ့အခွင့်အရေးအား ဘာသာရေးကို ဆန့်ကျင်သည့် ဘာသာရေးမဖက်သည့် (secular) လူသားဝါဒအဖြစ် တစ်ခါတစ်ရံ ရှုမြင်တတ်ကြသည်၊ သို့သော် ဤကဲ့သို့ အလွတ်သတ်မှတ်ထားပုံကို ကျော်လွှား၍ နားလည်သဘောပေါက်ရန် ၎င်းတို့ နှစ်ခုအကြား ဘုံရည်ညွှန်းချက်များနှင့် တူညီသော သမိုင်းနောက်ခံများကို အသိအမှတ်ပြုရန် လိုသည်။ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် ဂုဏ်သိက္ခာတို့ကဲ့သို့ အပြုသဘောဆောင်သည့် စရိုက်လက္ခဏာများ ရှိသကဲ့သို့ ဘာသာရေးနှင့် လူ့အခွင့်အရေး သမိုင်းတို့ကို ယောကျ်ားလွှမ်းမိုးသည့် စနစ်၏ အမွေဆိုးကလည်း ချိန်ဆက်ပေးထားသည်။ သမိုင်းတလျောက် ယောကျ်ားများသည် ဘာသာရေးနယ်ပယ်နှင့် လူ့အခွင့်အရေးများ ဖန်တီးတည်ဆောက်ရာ နိုင်ငံရေး နယ်ပယ်ကိုလည်း လွှမ်းမိုးထားခဲ့သည်။ ဤအချက်ကြောင့် လူ့အခွင့်အရေးများ၏ လူသားအားလုံး အကျုံးဝင်မှုအပေါ် အမျိုးသမီးရှုထောင့်မှ ဝေဖန်မှုများ ထွက်ပေါ်လာခဲ့သည် (အခန်း ၂ နှင့် ၁၁ တွင် ရှုပါ)။ တစ်ချိန်တည်းတွင် လူ့အဖွဲ့အစည်း အတော်များများ၌ အမျိုးသမီးများ၏ ဖြစ်တည်မှုနှင့် အခန်းကဏ္ဍတို့နှင့် ပတ်သက်သည့် ဘာသာရေးအခြေပြု စံနှုန်းများကို မေးခွန်းထုတ်ရန် လူ့အခွင့်အရေးများကို အသုံးပြုခဲ့သည်များ ရှိသည် (အသေးစိတ်ကို CEDAW and Reservations: An Illustration တွင် ရှုပါ)။

အခွင့်အရေးများအကြောင်း နားလည်သဘောပေါက်မှုများ တိုးတက်လာသည်နှင့်အမျှ ပညာရပ် နယ်ပယ် တစ်ခုသည် မတူသော အခွင့်အရေး မျိုးဆက်များကို ခေတ်နောက်ပြန်ကြည့်၍ လေ့လာစပြုလာခဲ့သည်။ ပထမမျိုးဆက် အခွင့်အရေးများသည် ပြည်သူလူထုဆိုင်ရာ အခွင့်အရေးများနှင့် နိုင်ငံရေး အခွင့်အရေးများနှင့် ဆက်စပ်သည့် အစောပိုင်း ဖြစ်ပေါ်တိုးတက်မှုများ ပါဝင်ပြီး ဤအခွင့်အရေးများသည် လွတ်လပ်စွာ ကိုးကွယ်ခွင့် သို့မဟုတ် ယုံကြည်ခွင့်တို့ကို အကာအကွယ်ပေးရာ၌ အဓိက ကျသည်ဟု နားလည်ကြသည်။ ဒုတိယမျိုးဆက် အခွင့်အရေးများမှာ စက်မှုခေတ်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေး ဖြစ်စဉ်များ အတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်း ကွာဟမှုများ၊ မညီမျှမှုများ ဖြစ်ပွား လာသည်နှင့်အမျှ ဤကဏ္ဍများနှင့် သက်ဆိုင်သည့် အခွင့်အရေးများ ဖြစ်ကြသည်။ တစ်ခါတစ်ရံ စည်းလုံး ညီညွတ်ရေး အခွင့်အရေးများ (solidarity rights) များဟု ခေါ်ဆိုသည့် တတိယမျိုးဆက် အခွင့်အရေးများသည် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်များ ထင်သာမြင်သာ ဖြစ်လာသည်နှင့်အမျှ၊ ၎င်းတို့အပေါ် အာရုံစိုက်လာကြသည်နှင့်မျှ ရှေ့ရောက်လာကြသည်။ ဤအခွင့်အရေးများသည် လူ့အသိုင်းဝိုင်းများနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား ချိတ်ဆက်နေမှုကို သိသာထင်ရှားအောင် ပြုလုပ်ကြသည်။ (ဤတတိယမျိုးဆက် အခွင့်အရေး အများအပြားသည် လူ့အခွင့်အရေးများနှင့် လူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ အာဖရိကတိုက် ပဋိညာဉ်ကဲ့သို့ လူ့အခွင့်အရေး အစီအမံသစ်များ၌သာ

ပါဝင်လာခဲ့သည်။) တချို့က အနာဂတ်မျိုးဆက်များနှင့် သက်ဆိုင်သော၊ အထူးသဖြင့် သတင်းအချက်အလက်၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင် ကိစ္စများနှင့် သက်ဆိုင်သော မျိုးဆက်များ အကြား တရားမျှတမှု (intergenerational justice) ဆိုင်ရာ ကိစ္စများကို ကိုင်တွယ်ဖြေရှင်းသည့် စတုတ္ထမျိုးဆက် အခွင့်အရေးများကို အသိအမှတ်ပြုသင့်သည်ဟု ငြင်းခုံထားကြသည်။ ဥပမာ ရာသီဥတု အပြောင်းအလဲ ကိစ္စသည် အနာဂတ် မျိုးဆက်များအတွက် ဆိုးရွားသော အကျိုးဆက်များ ရှိနေသည်။ ဤအချက်သည်ပင်လျှင် ဗြိတိန်နိုင်ငံသည် ဖန်လုံအိမ်ဓာတ်ငွေ့များကို လျှော့ချမှုကို ဥပဒေအရ လုပ်ဆောင်ရန် သတ်သတ်မှတ်မှတ် လျာထားချက်များ ပါဝင်သော ရာသီဥတု အပြောင်းအလဲဆိုင်ရာ အက်ဥဒေ (၂၀၀၈) ကို ပြဌာန်းခဲ့သည့် အကြောင်းအရင်း ဖြစ်သည်။

သမိုင်းတလျှောက် တရားမျှတမှု မရှိသော၊ မျှော်လင့်ချက်မဲ့သော အခြေအနေများတွင် လူတို့သည် ဘာသာရေးထံ အမှီအခို ရှာခဲ့ကြသည်ပင်။ ဝတ်ပြုရာနေရာများ၊ ဘာသာရေး အဖွဲ့အစည်းများသည် လူတို့အား သူတို့၏ ခံစားချက်များ၊ စိုးရိမ်ပူပန်မှုများအား တခြားသူများ သို့မဟုတ် ဘာသာရေး အာဏာပိုင်၊ သို့မဟုတ် ဘုရားတစ်ဆူဆူက နားထောင်ပေးသည်ဟု ခံစားရစေသည်။ ဤသို့ဆိုခြင်းဖြင့် ဘာသာရေးများနှင့် ဘာသာရေး ဇာတ်ကောင်များ ကိုယ်တိုင်သည်လည်း အခွင့်အရေး ချိုးဖောက်သူများ ဖြစ်နေသည့်အချက်ကို မျက်ကွယ်ပြုခြင်း မဟုတ်ပေ။ အမေရိကန်နိုင်ငံရှိ ကျွန်စနစ်သည် ဤအချက်ကို အထင်အရှား သရုပ်ဖော်ပြနေသည်။ အမေရိကန်နိုင်ငံရှိ ကျွန်ပြုခံ ယောကျ်ား၊ မိန်းမ အများအပြားသည် ဘာသာတရား၊ အထူးသဖြင့် ခရစ်ယာန်ဂိုဏ်းများ၏ အရိပ်အာဝသ၌ ခိုလှုံခဲ့ကြသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ၎င်းတို့သည် ဘုရားသခင်၏ အရိပ်ကို ခိုလှုံရင်း၊ အချင်းချင်း၏ အရိပ်ကို ခိုလှုံရင်း လွတ်မြောက်ရေး၊ အင်အားပေးရေး ဇာတ်လမ်းများမှတဆင့် မျှော်လင့်ချက်ကို ရှာဖွေတွေ့ရှိကြသည်။ ခရစ်ယာန် ဘုရားကျောင်းများသည် ကျွန်စနစ် ဖျက်သိမ်းရေး လှုပ်ရှားမှု၌လည်း ဦးဆောင်ဦးရွက် ပါဝင်ခဲ့ကြသည်။ သို့နှင့်တိုင် တချို့ဘာသာရေး အုပ်စုများသည် ကျွန်စနစ်ကို ဆန့်ကျင်ခဲ့ကြသော်လည်း တချို့အုပ်စုများသည် ဘာသာရေး စာပေများကို အကြောင်းပြပြီး ကျွန်များသည် သူတို့ အရှင်သခင်၏ အမိန့်ကို နာခံရမည်ဟု ငြင်းခုံခဲ့ကြသည်။ ဤသာဓကများ၌ အခွင့်အရေး၊ တာဝန် အယူအဆများအား ပိုမို၍ ကျယ်ပြောသည့် လူ့အခွင့်အရေး မူဘောင်မှ ထုတ်နုတ်ပြီး လူသား တန်းတူညီမျှမှုကို မလေးစားသည့် ဘာသာရေး သို့မဟုတ် လူမှုကျင့်ဝတ်များအတွက် အသုံးချခဲ့ကြသည်။ ဤမတရားမှုအား အမေရိကန်သမ္မတ အယ်ဘရာဟန် လင်ကွန်း၏ ၁၈၆၃ ခုနှစ် ကျွန်လွတ်မြောက်ရေး ကြေညာချက်က တစ်စိတ်တစ်ပိုင်းအားဖြင့် တည့်မတ် ပေးခဲ့သည်။ ဤကြေညာချက်သည်ပင် အလုံးစုံလွတ်မြောက်မှုအား တချို့နေရာများသို့ ကန့်သတ်ခဲ့ခြင်းဖြင့် ဘာသာရေး အကြောင်းအရင်းများနှင့် ဆက်စပ်သည်ဖြစ်စေ၊ မဆက်စပ်သည်ဖြစ်စေ လူ့အခွင့်အရေး ထွက်ဆိုချက်များ၏ နိုင်ငံရေးသဘောဆန်မှုကို ဖော်ပြနေသည်။

| **အနှစ်ချုပ်** |
| --- |
| လူ့အခွင့်အရေးများနှင့် ဘာသာရေးတို့သည် တူညီသော စံနှုန်းနယ်ပယ်၊ သီအိုရီနယ်ပယ်များတွင် တည်ရှိသည်။ တန်းတူဖြစ်မှု၊ တရားမျှတမှုနှင့် ဂုဏ်သိက္ခာစသည့် စကားရပ်များအား ဤနယ်ပယ်နှစ်ခုတွင် တူညီသော အဓိပ္ပာယ်၊ ဆင်တူသော အဓိပ္ပာယ်များဖြင့် မည်ကဲ့သို့ အသုံးပြုပုံကို ခွဲခြားနားလည်ရန် အရေးကြီးပါသည်။ |

အခွင့်အရေးနှင့် တာဝန် အယူအဆများသည် ဘာသာများအတွက်ရော လူ့အခွင့်အရေး စံနှုန်းစနစ်အတွက်ပါ အခရာကျသည်။
ဘာသာရေးနှင့် လူ့အခွင့်အရေးတို့အကြား များပြားလှသည့် ဆက်နွှယ်ပတ်သက်မှုများကို စေ့ငုမိရန် နောက်ခံအခြေအနေနှင့် သမိုင်းကြောင်းတို့ကို သဘောပေါက်ရန် လိုပါသည်။ ဤနေရာ၌ ဘာသာရေး အစဉ်အလာများနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေး သမိုင်းဇာတ်ကြောင်းများကို မည်သူတို့က ပုံဖော်ရေးသားသည်နှင့် ပတ်သက်၍ မေးခွန်းထုတ်ရန် လိုပါသည်။
UDHR မူကြမ်းရေးဆွဲရာ၌ ဒေသအလိုက် ကိုယ်စားပြုမှုသည် မညီမျှသလို အချိုးအစားလည်း မကျခဲ့ပေ။ အကျိုးဆက်မှာ UDHR သည် အထင်ကရ ဘာသာရေး အစဉ်အလာများ၊ မူလအခြေချနေထိုင်သော လူမျိုးများ၏ ဘာသာရေး အစဉ်အလာများ၏ အငွေ့အသက်ကင်းမဲ့သည်ဟု၊ ၎င်းတို့အတွက် ပါဝင်လှုပ်ရှားရန် ဝင်ပေါက်မရှိဟု ဝေဖန်ခံရခြင်း ဖြစ်သည်။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

၁၉၄၈ ခုနှစ် ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းသည် လူ့အခွင့်အရေး သမိုင်း၌ အရေးပါသည့် စာချုပ်စာတမ်း တစ်ခုဖြစ်သည်။ UDHR နှင့် ပါဝင်ပတ်သက်ရန် တချို့ဘာသာရေး အုပ်စုများအတွက် လွယ်ကူပြီး တချို့ အုပ်စုများအတွက် ခက်ခဲသည်ဟု ထင်ပါသလား။ မတူကွဲပြားသော ဘာသာရေး အသိုင်းအဝိုင်းများအကြား ဘုံလက်ခံကြသည့် အဓိက လူ့အခွင့်အရေး ကြေညာချက် တစ်ခု ရှိခြင်းသည် အရေးကြီးသည်ဟု ထင်ပါသလား။

## မျက်မှောက်ခေတ် စိုးရိမ်ပူပန်မှုများ

ဘာသာရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ မေးခွန်းများသည် မျက်မှောက်ခေတ် လူမှုရေး၊ နိုင်ငံရေးနှင့် ဥပဒေရေးရာ ဆွေးနွေးမှုများ၌ အဓိက နေရာမှ ပါဝင်နေကြသည်။ လူအများအပြား၏ အာရုံစိုက်မှုကို ခံရသည့် အတွေးအခေါ် အယူအဆ တစ်ခုမှာ တချို့ လူ့အဖွဲ့အစည်းများ၊ အထူးသဖြင့် ကမ္ဘာ့မြောက်ခြမ်းရှိ ဖွံ့ဖြိုးပြီး နိုင်ငံတချို့သည် ဘာသာတရားမှ ဖယ်ခွာသည့် ဖြစ်စဉ် (secularization) ကို ဖြတ်သန်းနေကြသည်၊ တနည်း ဤလူ့အဖွဲ့အစည်းများသည် ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်များ၊ စံနှုန်းများအတွက် ဘာသာရေး ကျင့်သုံးမှု၊ ယုံကြည်မှုတို့မှ ဖယ်ခွာလာနေကြသည်ဟူသော ကိစ္စဖြစ်သည်။ ဘာသာရေးမှ ဖယ်ခွာသည့် ဖြစ်စဉ်အကြောင်း အငြင်းအခုံသည် မကြာခဏဆိုသလို အငြင်းပွားဖွယ်ရာ ဖြစ်နေတတ်သည်။ တချို့က ၎င်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မေးခွန်းထုတ်ပြီး တချို့က ၎င်းသည် အမှန်တကယ် ဖြစ်နေခြင်း ဟုတ်မဟုတ် မေးခွန်း ထုတ်ကြသည်။ ဘာသာရေးမှ ဖယ်ခွာသည့် ဖြစ်စဉ်သည် အမှန်တကယ် ဖြစ်နေသည်ဟု လက်ခံကြသူများတွင် ၎င်းအား ဆင်ခြင်ဉာဏ်ပွင့်ခေတ် အတွေးအခေါ် အယူအဆများ၌ အခြေတည်သည့် လူသားဆင်ခြင်ဉာဏ် တိုးတက်မှု၏ သဘာဝကျပြီး၊ ယုတ္တိကျသည့် နောက်ဆက်တွဲ တိုးတက်မှုဟု ကြိုဆိုကြသူများနှင့် ထုံးထမ်းစဉ်လာ ဘာသာရေး အဆုံးအမများကို ပြိုလဲစေမည့် လွဲမှားနေသော လှုပ်ရှားမှုအဖြစ် ရှုတ်ချကြသူအဖြစ် အုပ်စုကွဲနေကြသည်။ မကြာခဏ ဆိုသလိုပင် ဘာသာရေးမှ ဖယ်ခွာမှုအား လူ့အခွင့်အရေး စိုးရိမ်ပူပန်မှုများ၊ ကျင့်သုံးမှုများအတွက် ပြယုဒ်အဖြစ် လွဲမှားစွာ အသုံးချလေ့ရှိကြသော်လည်း ဤနှစ်ခုသည် မတူကြပေ။ ဥပမာ (နောက်ပိုင်းတွင် ဆွေးနွေးမည့်)

လေလာဆာဟိန်း (Leyla Şahin) အမှု၌ ဥရောပ လူ့အခွင့်အရေးရုံး၏ ဆုံးဖြတ်ချက်သည် ဘာသာရေးမှ ဖယ်ခွာမှုအား လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျသော လူ့အဖွဲ့အစည်း၏ ပြယုဒ်အဖြစ် သတ်မှတ်ထားသည်။ ဤစဉ်းစားချက်အရ ဘာသာရေး အမှတ်အသားတစ်ခု ဖြစ်သော ခေါင်းခြုံပုဝါအား ဥရောပနှင့်၊ အထူးသဖြင့် တူရကီနိုင်ငံ၏ ဘာသာရေး မဖက်သော နိုင်ငံရေးစနစ်ကို ထိခိုက်စေနိုင်သည်ဟု ရှုမြင်ခဲ့သည်။

ကမ္ဘာကြီး၏ နေရာတချို့၌ ဘာသာရေးမှ ဖယ်ခွာမှုအကြောင်း မေးခွန်းများ မေးနေကြသည့် တစ်ချိန်တည်းတွင် နိုင်ငံရေးဆန်သော၊ လူကြိုက်များသော ဘာသာရေးလှုပ်ရှားမှုများသည် လူထုပြောဆို ရေးသားချက်များနှင့် လူထုဘဝတို့ကို လွှမ်းမိုးထားသည်။ နိုင်ငံရေး အင်အားစုတစ်ခုအဖြစ် ဘာသာရေး ဦးမော့လာခြင်း၊ တဖန်ဦးမော့လာခြင်းသည် ကမ္ဘာ့တောင်ပိုင်းခြမ်းတွင် ထင်သာမြင်သာ ဖြစ်လာသည်၊ အထူးသဖြင့် အရှေ့အလယ်ပိုင်း၊ အာဖရိကတိုက်၊ အိန္ဒိယတိုက်နှင့် အရှေ့တောင်အာရှတို့၌ ထင်သာမြင်သာ ဖြစ်လာခဲ့သည်။ ဤကဲ့သို့ အားကောင်းလာမှုအား ဟိန္ဒူ၊ ဂျူး၊ ခရစ်ယန်၊ မူဆလင်နှင့် မူလအခြေချ နေထိုင်သော လူမျိုးအုပ်စုများ အပါအဝင် ဘာသာရေး အုပ်စုအများအပြား၌ တွေ့နိုင်သည်။ ဤစီးကြောင်းများကို လေ့လာကြသည့် ပညာရှင်များသည် ဘာသာရေး ဖော်ပြချက်တချို့၏ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် သဟဇာတဖြစ်နိုင်မှုကို မေးခွန်းထုတ်လာကြသည်။

## အမျိုးသမီးများအပေါ် ဆက်ဆံမှု

ဤအကြောင်းအရာနှင့် ဆက်စပ်၍ ထွက်ပေါ်လာသည့် မေးခွန်းတချို့သည် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု၊ ယောကျ်ားလွှမ်းမိုးသည့် ယဉ်ကျေးမှုများ အပါအဝင် အမျိုးသမီးများအပေါ် ကျူးလွန်သော အကြမ်းဖက်မှုများနှင့် သက်ဆိုင်သည်။ အမျိုးသမီးများ၏ အခွင့်အရေးများသည် မကြာခဏ ဆိုသလို ဘာသာရေး အမည်ခံ၍ ချိုးဖောက်ခံနေရသည်။ ဥပမာ မူလဆင်းအများစု နေထိုင်သော လူ့အသိုင်းအဝိုင်း တချို့၌ အမျိုးသမီးများအား မိသားစု၏ ဂုဏ်သိက္ခာကို ဖော်ညွှန်းသူအဖြစ် သတ်မှတ်ကြသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆိုလျှင်လည်း တစ်ခါတစ်ရံတွင် ဘာသာရေး ကိုင်းရှိုင်းသူ အမျိုးသမီးသည် နိုင်ငံ၏ ပြယုဂ် ဖြစ်နေတတ်သည်။ ယဉ်ကျေးမှု သယ်ဆောင်သူများအဖြစ် အမျိုးသမီးများ၏ ခန္ဓာကိုယ်သည်ပင် ယှဉ်ပြိုင်ရာနေရာများ (sites of contestation)၊ ဆန္ဒထုတ်ဖော် ပြသသည့်ပုံစံများ ဖြစ်လာကြသည်။ အထူးသဖြင့် အမျိုးသမီးများသည် ဩဇာအာဏာ၊ ဘာသာရေး အယူဝါဒများ၊ အခွင့်အရေး ထွက်ဆိုချက်များအပေါ် အဓိပ္ပာယ် ဖွင့်ဆိုချက်များအကြောင်း ငြင်းခုံချက်များတွင်လည်း ထည့်သွင်းခြင်း ခံရသည်။ ဘာသာရေးရှုထောင့်မှ ချမှတ်ထားသည့် ခွဲခြားဆက်ဆံသည့် အမျိုးသမီးများ၏ သရုပ်သဏ္ဍာန် တို့ကို စိန်ခေါ်ရာတွင်လည်း လူ့အခွင့်အရေး ထွက်ဆိုချက်များနှင့် တန်းတူညီမျှရေး စိတ်ဓာတ်တို့ (ဥပမာ အမျိုးသမီးများ၏ ကျန်းမာရေးစောင့်ရှောက်မှု ရရှိခွင့်နှင့် ပညာသင်ယူခွင့်) အပေါ်၌ အခြေခံသည့် ငြင်းခုံချက်များပုံဖြင့် စိန်ခေါ်လေ့ရှိသည်။ ဤထွက်ဆိုချက်များ၊ ငြင်းခုံချက်များအား တရားဝင်ပုံစံ၊ ဥပဒေပုံစံဖြင့် တင်ပြကြသလို လူထုဆန္ဒပြမှု၊ လူမှုရေး လှုပ်ရှားဆောင်ရွက်မှု သို့မဟုတ် ဘာသာရေး ပြုပြင် ပြောင်းလဲရေး လှုပ်ရှားမှုများ သဏ္ဍာန်ဖြင့်လည်း တင်ပြတတ်ကြသည်။

အမျိုးသမီးများနှင့် ပတ်သက်၍ ဘာသာရေးနှင့် လူ့အခွင့်အရေးတို့အကြား ရှိနေသော တင်းမာမှုများသည် တစ်စိတ်တစ်ဒေသအားဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများအား တစ်ကမ္ဘာလုံး တပြေးညီ အကောင်အထည် မဖော်ကြခြင်းကြောင့် ဖြစ်သည်။ ဤသည်မှာ လူမှု ဘာသာရေး ဝန်းကျင် အများအပြား၌ မှန်ကန်သည်။ သို့ရာတွင် လူ့အခွင့်အရေးနှင့် အထူးသဖြင့် အမျိုးသမီးအခွင့်အရေးများနှင့် ဘာသာရေးတို့အကြား သဟဇာတဖြစ်မှုအကြောင်း အငြင်းအခုံများသည် အစ္စလာမ်ကိုးကွယ်မှု ပုံစံတချို့နှင့် ဆက်စပ်ပြီး အပြင်းအထန် ဖြစ်လာခဲ့သည်။ ဥပမာ အစ္စလာမ် ဥပဒေဂိုဏ်း အများစုသည် (စာသေတ္တာ ၁၀.၁ တွင်ရှုပါ)။ လင်မယားကွာရှင်းခြင်း ကိစ္စ၌ ယောကျ်ားများအား အခွင့်အရေး ပို၍ ပေးကြပြီး ယောကျ်ားများအား တဖက်သတ် ကွာရှင်းခွင့်ပင် ပေးထားသည်။ ကမ္ဘာလုံး အတိုင်းအတာဖြင့် အမျိုးသမီးများအပေါ် ခွဲခြား ဆက်ဆံသည့် ပုံစံအားလုံး ပပျောက်ရေး ဆိုင်ရာ ကုလသမဂ္ဂ သဘောတူ စာချုပ် (CEDAW) သည် အမျိုးသမီးများ၏ အခွင့်အရေးများအား ဖောက်ဖျက်ကျူးလွန်မှုများမှ အကာအကွယ်ပေးရန် ကြိုးပမ်းထားသည်။ သို့ရာတွင် ဘာသာရေး အကြောင်းပြု၍ တင်ပြလာသည့် ခြွင်းချက်များကိုလည်း တစ်ချိန်တည်းတွင် ခွင့်ပြုထားသည်။ တချို့ အခြေအနေများတွင် ဘာသာရေး စနစ် တစ်ခုနှင့် ချိတ်ဆက်ထားသည့် နိုင်ငံအဆင့်၊ ဒေသအဆင့် ဥပဒေများသည် အမျိုးသမီး အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ စံနှုန်းကို ချိုးဖောက်သည်များ ရှိနိုင်သည်။ သို့သော် အခြားသော အခြေအနေများတွင် ထိုဥပဒေများသည် နိုင်ငံတကာ သဘောတူစာချုပ်များထက် ပို၍ အမျိုးသမီးများ၏ အခွင့်အရေးများကို ဥပဒေအရ စည်းကြပ်နိုင်သည့် အကာအကွယ်များ ပေးနိုင်လည်း ရှိသည်။

## ယဉ်ကျေးမှုစုံ အခြေအနေများ၌ ဘာသာရေး ထုတ်ဖော်ပြသမှုနှင့် အခွင့်အရေး ထွက်ဆိုချက်များ

ယနေ့ ကမ္ဘာကြီး၌ လူမှုအသိုင်းအဝိုင်းများသည် ပိုမို၍ ပဒေသာ စုံလင်မှု (diversity) ရှိလာကြရာ ၎င်းသည် မတူကြသည့် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် တန်ဖိုးစနစ်များ ယခင် မကြုံဖူးသည့် ပုံစံဖြင့် အချင်းချင်း ကူးလူး ဆက်ဆံကြသည့်အခါ အခက်အခဲ စိန်ခေါ်မှုများ ဖြစ်စေသည်။ ကျွန်ုပ်တို့တွေ့ခဲ့ပြီး ဖြစ်သည့်အတိုင်း ပွတ်တိုက်မှု ဖြစ်သည့် နေရာသည် ဘာသာရေး ထုတ်ဖော်ပြသမှုနှင့် လူ့အခွင့်အရေး ထွက်ဆိုချက်များ အကြား ပဋိပက္ခဖြစ်သည်။ ဤစိန်ခေါ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် မာသာနူးစဘောမ် (Martha Nussabaum) က ယုံကြည်ချက် (conscience) အပေါ် အခြေခံ၍ ဘာသာရေး ခြွင်းချက်ဝါဒ (religious particularism) အား လိုက်လျောပေးသင့်ကြောင်း ငြင်းခုံထားသည်။ နူးစဘောမ်၏ အလိုအရ (2012, p.311) ယုံကြည်ခွင့် တန်းတူဖြစ်မှုသည် လူထုရပ်ဝန်း၌ ဘာသာရေးကို လုံးဝ ငြင်းပယ်သည့် သူမ၏အခေါ် ဘာသာရေး ဆန့်ကျင်ဝါဒ (anti-religionism) နှင့် လူထု ဘေးကင်းလုံခြုံမှုနှင့် စနစ်ကောင်းတစ်ခု၏ အခြေခံ အဖြစ် ရှေးမူဘာသာရေးကို လက်ခံကျင့်သုံးသည့် establishmentarianism တို့အကြား ကြားလမ်းတစ်ခု ဖောက်ပေးနိုင်သည်။ W Cole Durham ကလည်း နူးစဘောမ်၏ နမူနာပုံစံကဲ့သို့ လိုက်လျောပေးရေး ပုံစံတစ်ခုသည် ဘာသာရေး လွတ်လပ်ခွင့်အတွက် အကောင်းဆုံးဖြစ်သည်ဟု သဘောတူသည်။ ကယ်ဗင်ဘွိုင်း (Kevin Boyle 2004, p.16) ကလည်း လိုက်လျောပေးရေး ပုံစံဆိုသည်မှာ နိုင်ငံတော်၏ ရည်ရွယ်ချက်သည် ဘာသာရေးအား ဘေးဖယ်ထုတ်ခြင်း မပြုသလို ၎င်းတည်ရှိရာ နယ်ပယ်မှ ဆုတ်ခွာရန်လည်း အတင်းအကျပ်မဆို၊ ဘာသာရေး အတွင်းကိစ္စ၌လည်း အနှောင့်အယှက် မပြုသည့် ပုံစံဟု

ဖော်ပြထားသည်။ ဤပုံစံ၏ အစွန်းများ၌ လိုက်လျောပေးရေး ပုံစံသည် ၎င်းတို့နှင့်မတူ သို့မဟုတ် ၎င်းတို့ နားမလည်သော ဘာသာရေးတစ်ခုကို နေရာမပေးလိုသည့် ဘာသာရေးမဖက် အစွန်းရောက်ဝါဒီများ (secular fundamentalists) များ၏ တိုက်ခိုက်မှုကို ခံရနိုင်သည်။ အခြား အစွန်းတစ်ဖက်၌ ဘာသာရေး အစွန်းရောက် (religious fundamentalists) တချို့သည် ဘာသာရေး ထွက်ဆိုချက် အမျိုးမျိုးအား တန်းတူညီမျှ နေရာပေးထားခြင်းအပေါ် စိတ်မကျေနပ်ကြသည်များ ဖြစ်နိုင်သည်။ တကယ်တမ်းတွင် ဤအုပ်စု နှစ်ခုလုံးသည် ၎င်းတို့နေထိုင်ရာ လူမှုအသိုင်းအဝိုင်းများအား လူ့အခွင့်အရေး၊ ဘာသာရေး တို့အပေါ် ရှိသော ၎င်းတို့၏ သဘောထားအမြင်များအတိုင်း ပုံဖော်ဖန်တီးရန် ယုံကြည်ချက်အရ တွန်းပို့သလိုမျိုး သို့မဟုတ် နိုင်ငံရေးအရ လုပ်နိုင်သည်ဟု ခံစာကောင်း ခံစားမိနိုင်သည်။

## သင်္ကေတများ၏ အရေးပါမှု

ခေါင်းခြုံပုဝါများနှင့် လက်ဝါးကပ်တိုင်များကဲ့သို့ ဘာသာရေး သရုပ်သဏ္ဍာန်များ၊ ထုတ်ဖော်ပြသမှုများနှင့် ကတိကဝတ်များ၏ သင်္ကေတအဖြစ် ဆောင်ရွက်သည့် ရုပ်ဝတ္ထုပစ္စည်းများသည် လိုက်လျောမှုကို ပြသသည့် ရုပ်ဝတ္ထုများ ဖြစ်သလို ပွတ်တိုက်မှုကို ပြသသည့် ရုပ်ဝတ္ထုများလည်း ဖြစ်သည်။ ဘာသာရေး မဖက်သည့် ရီပါဘလီကန် သရုပ်သဏ္ဍာန်နှင့် ပတ်သက်၍ နိုင်ငံတော်က ထောက်ခံသည့် အဓိပ္ပာယ် ဖွင့်ဆိုမှုများ ရှိနေသည့် ပြင်သစ်နိုင်ငံနှင့် တူရကီနိုင်ငံတို့၌ ခေါင်းခြုံပုဝါသည် အမြဲတစေ အငြင်းပွားစရာ ဖြစ်စေသည့် အရာဝတ္ထု တစ်ခု ဖြစ်သည်။ ဤသရုပ်သဏ္ဍာန်အား ထုတ်ဖော်ပြသမှုအား တန်းတူညီမျှရေး (egalitarian) မူများနှင့်အညီ ညှိနှိုင်းနေရာပေးရန် အားထုတ်ကြသည်များ ရှိသည်။ ဤညှိနှိုင်းမှုအား နေရာများအား အများပြည်သူဆိုင်ရာ နေရာနှင့် တစ်သီးပုဂ္ဂလဆိုင်ရာ နေရာအဖြစ် နိုင်ငံရေး အသွင်ဆန်ဆန် ခွဲခြား သတ်မှတ်ပြီး၊ ဤသို့ သတ်မှတ်ရာ၌ ဘာသာရေးအား တစ်သီးပုဂ္ဂလဆိုင်ရာ နေရာသို့ ပို့ဆောင်ခြင်းဖြင့် လုပ်ဆောင်လေ့ ရှိသည်။ သို့ရာတွင် ဤနိုင်ငံနှစ်ခုလုံး၌ ဘာသာရေး လိုက်စားသူ၊ အထူးသဖြင့် အစ္စလာမ် ဘာသာဝင်များအပေါ် သိသာသော မလိုမုန်းထားမှုများ ရှိနေသည်။ အစ္စလာမ်၏ သင်္ကေတအဖြစ် ဖန်တီး တည်ဆောက်ထားသည့် ခေါင်းခြုံပုဝါသည် နှစ်နိုင်ငံစလုံး၏ အမျိုးသား ဇာတ်ကြောင်း၌ အမျိုးသမီး အခွင့်အရေးများနှင့် ဗီလာ ဖြစ်သည်ဟူ၍ ဆိုထားသည်။ အဆိုပါ မလိုမုန်းထားမှုအပေါ် ဘာသာရေးဘက်မှ တုံ့ပြန်မှုမှာ ရှုပ်ထွေးနက်နဲသည်။ တချို့ မူဆလင် အမျိုးသမီးများက ခေါင်းခြုံပုဝါသည် သူ့ချည်းသပ်သပ်ပင် ဘာသာရေး သင်္ကေတတစ်ခု ဖြစ်သည်ဟု ဆိုကြပြီး တချို့အမျိုးသမီးများကမူ ရှုပ်ထွေးလှသည့် ဘာသာရေး စနစ်တစ်ခုအား တစ်ခုတည်းသော လိင်သဘောပါသည့် (gendered) ရုပ်ဝတ္ထုတစ်ခုအဖြစ် လျှော့ချ သတ်မှတ်ခြင်းကို ငြင်းပယ်ကြသည်။ နိုင်ငံ နှစ်ခုလုံးတွင် နိုင်ငံတကာ နိုင်ငံရေးသည် နိုင်ငံအတွင်း အငြင်းအခုံများအပေါ် ဩဇာလွှမ်းမိုးမှုရှိခဲ့ပြီး နိုင်ငံဖြတ်ကျော် ကျူးလွန်သည့် ဘာသာရေးက စေ့ဆော်ပေးသည့် အကြမ်းဖက်မှုများသည် အစ္စလာမ်အား ရည်ရွယ်ချက်ရှိရှိ၊ လွဲမှားစွာ အဓိပ္ပာယ် ဖွင့်ဆိုခြင်းနှင့် ဆက်စပ်နေသည် ဟူသော စိုးရိမ်ပူပန်မှုများလည်း ရှိသည်။

## သဘောထားကြီးခြင်းဆိုင်ရာ ပြဿနာရပ်များ

သဘောထားသေးသိမ်မှု (intolerance) တွင် ချန်လှပ်ထားမှု၊ အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် ဘေးဖယ်ထုတ်ခြင်းတို့ပါဝင်ပြီး ၎င်းတို့အားလုံးသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြစ်စေနိုင်သည်။ ဘာသာစကားအရ ဖြစ်စေ၊ ဘာသာရေးအရ ဖြစ်စေ၊ ယဉ်ကျေးမှုအရ ဖြစ်စေ သို့မဟုတ် လူမျိုး (ethnicity) အရ ဖြစ်စေ မိမိနှင့် မတူသူအပေါ် သဘောထား သေးသိမ်မှုသည် သမိုင်းတလျှောက် ပဋိပက္ခများအတွက် ဆင်ခြင်ဆင်လက် ဖြစ်ခဲ့သည်။ လိုက်လျောပေးရေးအမြင် (accommodationism) အား သဘောထားကြီးမှု (toleration) ထဲမှ မျိုးကွဲတစ်ခု သို့မဟုတ် ပုံစံတစ်မျိုးအဖြစ် ရှုမြင်နိုင်သည်။ သဘောထားကြီးမှုသည် အတူတကွ နေထိုင်တည်ရှိမှုအတွက် အနည်းဆုံး လက်သင့်ခံထားသည့် လိုအပ်ချက် ဖြစ်ပြီး လိုက်လျောပေးမှုသည် ထိုထက် တစ်ဆင့်သွား၍ တစ်ခုခု လုပ်ပေးခြင်း ဖြစ်သည်။ ဘာသာရေး အမြင်၌ မြစ်ဖျားခံသော သဘောထားသေးသိမ်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု သာဓကများမှာ ပါရီမြို့ ချာလီအေဘဒူ သတင်းစာ ရုံးခန်း၊ ဂျူးစူပါမားကတ်တို့၌ ကျူးလွန်ခဲ့သော သတ်ဖြတ်မှုများ၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတို့၌ မိမိတို့ဖာသာ အစ္စလာမစ် နိုင်ငံတော်အဖြစ် ကြေညာခဲ့သူများ၏ အကြမ်းဖက် လုပ်ရပ်များ၊ နိုင်ဂျီးရီးယားနိုင်ငံ၌ ဘိုကိုဟာရမ်အုပ်စု၏ ပြန်ပေးဆွဲမှုများနှင့် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ မူဆလင်များအား ရခိုင်ဗုဒ္ဓဘာသာသာဝင်များ၏ ဖိနှိပ်မှု၊ အတင်းအဓမ္မ နှင်ထုတ်မှုတို့ ပါဝင်သည်။ ဘာသာရေး ဆန့်ကျင်ရေး အမြင်များအပေါ်၌ အခြေခံသည့် သဘောထား သေးသိမ်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများလည်း ရှိသည်။ ဥပမာ အမေရိကန်နိုင်ငံ ဝက်စ်ကွန်ဆင်ပြည်နယ်၌ ဆစ်ခ်ဘာသာဝင် များအား မူဆလင် အထင်ဖြင့် လူမှား တိုက်ခိုက်ခဲ့သည့် အစ္စလာမ် မုန်းတီးရေးသမားများ၏ သေနပ်ပစ်မှု ကဲ့သို့သော ဖြစ်ရပ်မျိုး ဖြစ်သည်။ ဤဖြစ်ရပ်များ အားလုံးသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ သတင်းစာ လွတ်လပ်ခွင့်နှင့် ဘာသာရေး လွတ်လပ်ခွင့်တို့အပါအဝင် လူမှုရေးနှင့် နိုင်ငံရေး အတွေးအခေါ် အယူအဆများနှင့် လွတ်လပ်မှု လက်တွေ့ကျင့်သုံးမှုတို့အပေါ် အကျိုးသက်ရောက်မှု ရှိကြသည်။ ဤလွတ်လပ်ခွင့်များအတွက် နောက်ခံ အကြောင်းအရင်း ပေးပြီး အနားချင်း ထပ်နေသည့် လူ့အခွင့်အရေး ထွက်ဆိုချက်များနှင့် ဘာသာရေး အဓိပ္ပာယ် ဖွင့်ဆိုချက်များသည် အကြမ်းဖက်မှုများနှင့် သဘောထား သေးသိမ်မှုတို့ကြောင့် ထိခိုက်ခံကြရသည်။ ဤသာဓကများက တလွဲနားလည် သဘောပေါက်ကြသည့် ဘာသာရေးအပေါ် အခြေခံသည့် အမြင်များရော ဘာသာရေး ဆန့်ကျင်သည့် အမြင်များပါ အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြစ်စေနိုင်ကြောင်းကို ပြသနေကြသည်။

လူတို့သည် နယ်စပ်ဖြတ်ကျော် ရွှေ့လျားနေကြသည်နှင့်အမျှ ယဉ်ကျေးမှုစုံ လူ့အဖွဲ့အစည်း အဟောင်း များရော အသစ်များပါ အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များ ရင်ဆိုင်လာကြရသည်။ မကြာခဏဆိုသလို ဘာသာရေးနှင့် လူ့အခွင့်အရေးတို့နှင့် သက်ဆိုင်သည့် စိန်ခေါ်မှုများသည် အကွဲအပြဲ အများဆုံး ဖြစ်စေသည့် စိန်ခေါ်မှုများ ဖြစ်သည်။ ဤသည်မှာ တစ်စိတ်တစ်ဒေသအားဖြင့် ဘာသာရေးသည် လူ့အဖွဲ့အစည်းတစ်ခု၏ ပို၍ကျယ်ပြန့်သည့် ယဉ်ကျေးမှုပိတ်ကားတွင်ပါဝင်နေခြင်းကြောင့် ဖြစ်သည်။

## ရှုပ်ထွေးနက်နဲသည့် ဆက်နွယ်မှု

လူ့အခွင့်အရေးနှင့် ဘာသာရေးတို့သည် တူညီသော စံနှုန်းနယ်ပယ်တွင် တည်ရှိ နေတတ်ကြသည်။ ဘာသာတရားသည် လူ့အခွင့်အရေးများကို ရှေ့ရောက်စေနိုင်သလို အဟန့်အတားလည်း ဖြစ်စေသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ဘာသာရေး အမည်ခံပြီး ဖြစ်ပွားလေ့ရှိသည်၊ သို့သော် ဘာသာတရားများသည် လူ့အခွင့်အရေး စိတ်အခံအတွက် အဓိကကျသည့် ဂုဏ်သိက္ခာ၊ တန်းတူကျမှုနှင့် တရားမျှတမှု အယူအဆများကို မကြာခဏဆိုသလို ထောက်ခံ ဟောပြောလေ့ရှိသည်။ လူ့အခွင့်အရေး ထောက်ခံသူများ၊ ဆန့်ကျင် ချိုးဖောက်သူများသည် ဘာသာရေးနှင့် ဘာသာမဲ့ (secular) နယ်ပယ် နှစ်ခုအကြား အမြင်ရှုထောင့်မျိုးစုံ သာကမ ဤနယ်ပယ်များ၏ ပြင်ပမှလည်း လာကြသည်။ ထို့ကြောင့် ဘာသာရေးနှင့် လူ့အခွင့်အရေးအကြား ဆက်ဆံရေးမှ ဖြစ်ပေါ်လာသည့် တင်းမာမှုအား ဖြစ်ပွားရာ အခြေအနေကို ထည့်သွင်းစဉ်းစားပြီး အခြားအခြေအနေများနှင့် နှိုင်းယှဉ်လေ့လာခြင်းဖြင့် ဖြေရှင်းခြင်းသည် အကောင်းဆုံး ဖြစ်သည်။

### ဂုဏ်သိက္ခာနှင့် အခြားသူများ ကိုယ်စား လုပ်ဆောင်ရမည့် တာဝန်

ပေါလ်ဂေါ်ဒန်လော်ရန် (Paul Gordon Lauren) သည် သူ၏ လူ့အခွင့်အရေး အမြော်အမြင်ကြီးသူများနှင့် ဘာသာရေး အမြော်အမြင် ကြီးသူများ အကြောင်း လေ့လာချက်၌ အထက်ဖော်ပြပါ နှိုင်းယှဉ် လေ့လာမှုမျိုး ပြုလုပ်ခဲ့သည်။ ထိုအမြော်အမြင် ကြီးမားသူများ အကြား အရေးပါသည့် လူမှုစီးပွားရေး ဆက်နွယ်မှုများ ရှိကြသည်ဟု သူက ဆိုထားသည်။ သူ အဓိက စိတ်ဝင်စားသည့် အကြောင်းမှာ ဤပုဂ္ဂိုလ်များသည် စံနှုန်း သတ်မှတ်ချက်များကို ဖော်ထုတ်တင်ပြခြင်း၊ လူသားများ၏ ဂုဏ်သိက္ခာကို လေ့လာစူးစမ်းခြင်း တို့မှတဆင့် လက်ရှိ အခြေအနေများကို မေးခွန်းထုတ်ကြပုံ ဖြစ်သည်။ လော်ရန်သည် ဘာသာတရားနှင့် လူ့အခွင့်အရေးတို့အနေဖြင့် အခြားသူများ ကိုယ်စား လုပ်ဆောင်ရမည့်တာဝန် ခံယူကြပုံကိုလည်း စိတ်ဝင်စားသည် (Lauren, 1998, p. 6)။ လော်ရန် ခြေရာကောက်ပြသည့် မျှော်မှန်းချက်သည် လိင်၊ လူမျိုး (race)၊ ဇာတ် သို့မဟုတ် လူတန်းစား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး ယုံကြည်ချက်၊ လူမျိုး (ethnicity)၊ နိုင်ငံသားဖြစ်မှု (nationality) သို့မဟုတ် အခြားသော မည်သည့် ကွဲပြားချက်၌မဆို အခြေခံသော ခွဲခြားဆက်မှု တစ်စုံတစ်ရာ မရှိသော ကမ္ဘာကြီး ဖြစ်သည် (ibid)။ ဤယေဘုယ ျမျှော်မှန်းချက်သည် ယဉ်ကျေးမှုအမျိုးမျိုး၊ လူ့အဖွဲ့အစည်း အစားစား၊ နိုင်ငံရေးစနစ် အစုံစုံ၊ ဘာသာရေး အဖုံဖုံမှ ပေါ်ထွက် လာခြင်း ဖြစ်သည်။

### ဘာသာရေးနှင့် လူ့အခွင့်အရေးတို့အကြား တင်းမာမှုများ

သို့နှင့်တိုင် ထိုမျှော်မှန်းချက်များ၏ လက်တွေ့ဘဝ ထုတ်ဖော်ပြသမှုများသည် အချိန်နှင့် နေရာဒေသ၏ ကန့်သတ်ချက်ကို မလွဲမရှောင်သာ ခံရသည်ပင် ဖြစ်သည်။ လူ့အခွင့်အရေးများအား နိုင်ငံတကာ စနစ်အဖြစ်

ပြောင်းလဲသည့် သမိုင်းကို လေ့လာရာ၌ ဤအချက်ကို အသိအမှတ်ပြုရန် အထူးပင် အရေးကြီးပါသည်။ လူ့အခွင့်အရေးများ၏ မူလဇာစ်မြစ်နှင့် ပတ်သက်သော အငြင်းအခုံများသည် နိုင်ငံတကာ စနစ် အကြောင်း ဇာတ်လမ်းများနှင့် ပတ်သက်၍ သိသာထင်ရှားသော ကွဲလွဲမှုများ၊ သဘောထား ကွဲပြားမှုများကို ပြသနေသည် (Moyn, 2010; Bowring, 2008)။ တချိန်တည်းတွင် လူ့အခွင့်အရေးများဆိုင်ရာ ကိုင်ရိုကြေညာချက် (စာသေတ္တာ ၁၀.၃ တွင် ရှုပါ) ကဲ့သို့ တခြားပုံစံများဖြင့် ရေးဆွဲထားသော လူ့အခွင့်အရေး စာချုပ်စာတမ်းများက နိုင်ငံတကာ လူ့အခွင့်အရေးများ၊ အစ္စလာမ်ဘာသာ၏ ထွက်ဆိုချက်များနှင့် ၎င်းတို့အကြား ဖြစ်ပေါ်လာသည့် နိုင်ငံရေးတို့အကြား ကြားဝင် ဆောင်ရွက်ရုံသာ မကဘဲ တချိန်တည်းတွင် အကျပ်အတည်း ကြုံနေပြီး ဖြစ်သော နိုင်ငံတကာ လူ့အခွင့်အရေး မူဘောင်၏ ဦးဆောင် အနေအထားကိုပင် ခြိမ်းခြောက်နေသည်။

| **စာသေတ္တာ ၁၀.၃ တခြား အမြင်ရှုထောင့်များ - ကိုင်ရိုကြေညာစာတမ်း** |
|---|
| လူ့အခွင့်အရေးများဆိုင်ရာ ကိုင်ရိုကြေညာချက်အား ၁၉၉၀ ခုနှစ် ဩဂုတ်လတွင် ကိုင်ရိုမြို့၌ အစ္စလာမ်မစ် ညီလာခံ အဖွဲ့အစည်းဝင် (OIC) နိုင်ငံများက သဘောတူခဲ့ကြသည်။ ယခုအခါ အစ္စလာမ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းဟု အမည်ပြောင်းထားသည့် OIC သည် ၁၉၆၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည် အဖွဲ့ဝင် ၅၇ နိုင်ငံပါဝင်သည့် အစိုးရများ ပါဝင်သော အဖွဲ့အစည်းဖြစ်သည်။ ကိုင်ရို ကြေညာစာတမ်းအား UDHR အပေါ် အစ္စလာမ်၏ တုံ့ပြန်မှုအဖြစ် ရှုမြင်နိုင်သည်။ UDHR သည် တစ်ကမ္ဘာလုံး အကျုံးဝင်သည့် ဘာသာရေး မဖက်သည့် စကား အသုံးအနှုန်းကို လက်ခံ ကျင့်သုံးထားစဉ် ကိုင်ရို ကြေညာချက်သည် အစ္စလာမ်ဥပဒေ ရှရီအသ် (Shari'a) ၏ အထွတ်အခေါင် ဖြစ်မှုကို အသိအမှတ် ပြုသည်။ ဤအချက်သည် ရှရီအသ်သည်သာလျှင် အခွင့်အရေးများအတွက် ဘာသာစကားကို ပေးထားသည်၊ ထို့ကြောင့် အနောက်တိုင်း အခွင့်အရေး ပုံစံဖြစ်သော၊ မူဆလင်အများစု နေထိုင်ရာ လူမှု အသိုင်းအဝိုင်းများ၏ ဘာသာရေး-ယဉ်ကျေးမှု နောက်ခံတို့ကို တည့်သွင်း စဉ်းထားခြင်းမရှိသော အရာတစ်ခုကို လက်ခံရန် မလိုအပ်ဟူသော လူတချို့၏ ယုံကြည်ချက်မှ ဆင်းသက်လာသည်။ |

## ဘာသာရေး လွတ်လပ်ခွင့်၊ ဖော်ထုတ်ပြသမှုအား အကာအကွယ်ပေးခြင်းနှင့် အခြားသော လူ့အခွင့်အရေးများကို အကာအကွယ်ပေးခြင်း တို့အကြား ဟန်ချက်ညီခြင်း

ကိုင်ရိုကြေညာချက်ပါ ဘာသာရေး အကြောင်းပြချက်နှင့် ဆင်တူသော အကြောင်းအရင်းများအပေါ် အခြေခံပြီး နိုင်ငံတကာ သဘောတူစာချုပ်များနှင့် ပတ်သက်၍ နိုင်ငံများပြုလုပ်သည့် ခြွင်းချက်များကို ဆန်းစစ်ကြည့်သည့်အခါ ကြိုက်ရာရွေး အခွင့်အရေးများ (à la carte rights) ပြဿနာကို တွေ့ရသည်။ ဤခြွင်းချက်များသည် နိုင်ငံတကာ အခွင့်အရေးစနစ်၏ ကျစ်လစ်ခိုင်မာမှုကို မေးခွန်းထုတ်စေသည်။ ဤကဲ့သို့သော ခြွင်းချက်များသည် ဘာသာရေး စဉ်းစားတွေးခေါ်မှုများအပေါ် အခြေခံသည့် တရားဥပဒေအရ ခွဲခြားဆက်ဆံမှုများကို ဖြစ်စေခြင်းဖြင့် ပြည်တွင်း တရားမျှတရေး လမ်းကြောင်းများ ကိုလည်း အားအင်ချိနဲ့စေသည်။ လူ့အခွင့်အရေးများသည် အမှီအခိုကင်းပြီး ခွဲခြား၍ မရသော စနစ်တစ်ခု ဖြစ်ရာ ဘာသာရေး လွတ်လပ်ခွင့် ဖော်ထုတ်ပြသခွင့်တို့အား လူ့အခွင့်ရေးများထက်ပို၍ အလေးမပေး သင့်ပေ။ တစ်ချိန်တည်းတွင် အခွင့်အရေးများ တစ်ခုနှင့်တစ်ခု ပဋိပက္ခ ဖြစ်လာသည့်အခါ ခြွင်းချက်ထားရေး ကိစ္စ ပေါ်လာသည် ဖြစ်ရာ လူ့အခွင့်အရေး လုပ်ငန်းတွင် မွေးရာပါ မလွဲမရှောင်သာ တင်းမာမှုများ ရှိသည် (အခန်း

၃ တွင် ရှုပါ)။ ဤအကြောင်းကြောင့် လူ့အခွင့်အရေး စံနှုန်းများသည် နိုင်ငံရေး အစီအမံများ၊ နိုင်ငံရေး ပလက်ဖောင်းများနှင့် လူထု ပြောဆိုရေးသားချက်များ၌ ကျယ်ကျယ်ပြန့်ပြန့် အစမ်းသပ်ခံပြီး နောက်မှသာ နိုင်ငံတကာ သဘောတူစာချုပ်များ၊ ကြေညာချက်များ ပုံစံဖြင့် ကိုယ်လုံးပေါ်လာခြင်း ဖြစ်သည်။ အာဗ်ဒူလာ အန်နာအိမ် (Abdullahi An-Na'im 2011, p.275) ပြောထားသည့်အတိုင်း တစ်ကမ္ဘာလုံး အကျုံးဝင်သော စံနှုန်းတစ်ခု ဖြစ်လာစေရန် တစ်ကမ္ဘာလုံးအဆင့် သဘောတူညီမှု တည်ဆောက်ခြင်းမှ တဆင့်သာ လုပ်ဆောင်နိုင်ပြီး နှိုင်းရအမြင်ရှုထောင့် (relativist perspective) တစ်ခုမှ နေ၍ တစ်ကမ္ဘာလုံး အကျုံးဝင်သည်ဟူသော ထွက်ဆိုချက်များကို အတင်းအကျပ် လက်ခံစေခြင်းဖြင့် လုပ်ဆောင်၍ မရချေ။ ဤကဲ့သို့ အချိန်ကုန်သည့် သဘောတူညီချက် တည်ဆောက်ခြင်းသည် ပဋိပက္ခများပြီး အငြင်းပွားမှုများ ဖြစ်စေနိုင်သော်လည်း အင်အားအသုံးပြု၍ သို့မဟုတ် အာဏာရှင်စနစ်ဖြင့် အတင်းလုပ်ယူ၍ မရနိုင်ပေ။

## စံထားရမည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဆက်စပ်သည့် ကိစ္စရပ်များ

ဘာသာရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ တစ်ကမ္ဘာလုံးအဆင့် သဘောတူညီချက် တည်ဆောက်ခြင်းသည် မကြာခဏ ဆိုသလို ဘာသာရေး အခွင့်အာဏာနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို အကဲဖြတ်ပေးရသည်။ ဥပမာ အစ္စလာမ်နှင့် ပတ်သက်လျှင် ကုရ်အာန်ကျမ်းသည် အစ္စလာမ် ဥပဒေ ရှရီအသ် အတွက် အဓိက ပင်မရင်းမြစ် ဖြစ်သည်။ သို့ရာတွင် ကုရ်အာန်အပေါ် အဓိပ္ပာယ် ဖွင့်ဆိုချက် အမျိုးမျိုး ရှိပြီး ၎င်းတို့သည် မတူသော မူများကို အသားပေးကြသည်။ ချားလ်စ်ကာဇ်မန် (Charles Kurzman) က လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ ရှရီအသ်ဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုချက် သုံးမျိုးရှိသည်။ ပထမအမျိုးအစားမှာ အစ္စလာမ်နှင့် လူ့အခွင့်အရေးတို့သည် ပင်ကိုသဘာဝအရ သဟဇာတဖြစ်ကြသည်ဟု သတ်မှတ်သော လစ်ဘရယ် အစ္စလာမ် ဖြစ်သည်။ ဤလစ်ဘရယ် ရှရီအသ်ကို လက်ခံသူများက အစ္စလာမ် ဘာသာရှိ အခွင့်အရေး အစီအစဉ်သည် ခေတ်သစ် လူ့အခွင့်အရေး အစီအစဉ်ထက်ပင် ရှေးကျသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ၎င်းတို့သည် အခွင့်အရေး ထွက်ဆိုချက်များအား နားလည် လက်ခံနိုင်သော်လည်း ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှု၌ အမြစ်တွယ်နေသည့် ခွဲခြားဆက်ဆံမှုများကို လျစ်လျူရှုကောင်း ရှုနိုင်သည်။ ကာဇ်မန် အဆိုပြု တင်ပြသည့် ဒုတိယ အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ နှုတ်ဆိတ်နေသော ရှရီအသ် ဖြစ်ပြီး ၎င်းက အစ္စလာမ်နှင့် လူ့အခွင့်အရေးတို့သည် ယှဉ်တွဲ အလုပ်လုပ် နိုင်သည်၊ သို့သော် တချို့သော အခွင့်အရေး ပြဋ္ဌာန်းချက်များအား ရှရီအသ်၌ မဖော်ပြထားသည့်အခါ သို့မဟုတ် ရှရီအသ်မှ မထုတ်ယူနိုင်သည့် အခါ၌သာ ဤသို့ ဖြစ်သည်။ ဤဒုတိယ အမျိုးအစား အဓိပ္ပာယ် ဖွင့်ဆိုချက်၌ အစ္စလာမ်မစ် ဥပဒေ၏ မူလရင်းမြစ်များကြောင့် ဖြစ်ပွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စိန်ခေါ်ရန် အလွန်ပင် ခက်ခဲသည်။ တတိယ အဓိပ္ပာယ် ဖွင့်ဆိုချက်ဖြစ်သော အဓိပ္ပာယ် ဖွင့်ဆိုနိုင်သော ရှရီအသ်သည် ရှရီအသ်အား ဘုရား၏ ဥပဒေအဖြစ် သတ်မှတ်သော်လည်း လူသားများက ပုံစံ အမျိုးမျိုးဖြင့် အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည်ဟု ဆိုသည် (Kurzman, 1998, 1999; Mokhtari, 2004)။ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများကို ထည့်သွင်းသည့် အစ္စလာမ် ဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ထုံထမ်းစဉ်လာ အဓိပ္ပာယ် ဖွင့်ဆိုချက်များ ကဲ့သို့ပင် စစ်မှန်သည်ဟု ကာဇ်မန်က ကောက်ချက်ချထားသည်

(Mokhtari, 2004, p.472)။ သို့နှင့်တိုင် ဤသည်မှာ တစ်ကမ္ဘာလုံးက လက်ခံထားသည့် အမြင်မဟုတ်သလို အစ္စလာမ် ဘာသာ တစ်ခုတည်း၌သာ ရှိနေသော ပြဿနာ မဟုတ်ပေ။ အခြားဘာသာရေး ဆရာများသည်လည်း လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ပတ်သက်၍ ရပ်တည်ချက် အမျိုးမျိုး ရှိကြသည်။ ထို့ကြောင့် ဘာသာရေးအစဉ်အလာ တစ်ခုအတွင်း လူ့အခွင့်အရေး၏ ဖြစ်တည်မှုကို အကဲဖြတ် ဆန်းစစ်မည် သို့မဟုတ် လူ့အခွင့်အရေးများနှင့် သဟဇာတဖြစ်၊ မဖြစ် ဆန်းစစ်သည့်အခါ မည်သူသည် ဤကိစ္စအပေါ် အဆုံးအဖြတ် ပေးနိုင်သော ဘာသာရေး အာဏာပိုင် ဖြစ်သည် ဆိုသည့် မေးခွန်းကို ရှောင်လွှဲ၍ မရပေ။ ဤသည်တို့မှာ အဖြေ အလွယ်တကူ မရှိသော အငြင်းပွားဖွယ်ဖြစ်ပြီး ခက်ခဲသည့် မေးခွန်းများ ဖြစ်သည်။ ဤမေးခွန်းများသည် ဒီမိုကရေစီနည်းအရ ရရှိသော လုပ်ပိုင်ခွင့်၊ တာဝန်ခံမှု မရှိသော လူပုဂ္ဂိုလ်များက အမျိုးမျိုးသော ဘာသာရေး အသိုင်းအဝိုင်းများအား ကိုယ်စားပြုပြီး ဘာသာရေးအကြောင်း နိုင်ငံတကာ စင်ပေါ်တက်ပြီး ပြောဆိုကြသည့်အခါ ပို၍ပင် အခက်အခဲ အကျပ်အတည်းများကို ဖြစ်စေသည်။

## စီဒေါနှင့် ခြွင်းချက်ထားခြင်းများ - သာဓက

လူ့အခွင့်အရေးများနှင့် ဘာသာရေးတို့အား လေ့လာဆန်းစစ်သည့်အခါ စံထားရမည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အမျိုးသမီးများအပေါ် ဆက်ဆံရေးတို့ ဆုံးဖြတ်ကြသည့် နေရာတစ်ခုသည် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကော်မတီ အသုံးပြုသည့် သုံးသပ်ရေး လုပ်ငန်းစဉ် ဖြစ်သည်။ ဤကော်မတီသည် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပုံစံအားလုံး ပပျောက်ရေး ကုလသမဂ္ဂ သဘောတူစာချုပ် (CEDAW) အား ထိန်းသိမ်း စောင့်ရှောက်သူ ဖြစ်သည်။ UDHR ကဲ့သို့ပင် CEDAW ကိုလည်း ကမ္ဘာ့ထိပ်တန်း အင်အားကြီး နိုင်ငံများနှင့် အယူဝါဒများအကြား ထိပ်တိုက်တွေ့ခဲ့ကြသည့် အချိန်ကာလအတွင်း သဘောတူ ညှိနှိုင်းခဲ့ကြခြင်း ဖြစ်သည်။ ဤထိပ်တိုက်တွေ့မှုများ၏ အကြွင်းအကျန်များသည် CEDAW အကြောင်း ယနေ့အချိန် ဆွေးနွေးချက်များတွင် ကျန်ရှိနေသေးသည် (Rehof, 1993, p.2 ၊ CEDAW အပေါ် ဘာသာရေးများမှ ကန့်ကွက်မှုများအကြောင်း ဆွေးနွေးချက်ကို စာသေတ္တာ ၁၀.၄ တွင် ရှုပါ)။ ဤအကြောင်း ဥပမာအား မွတ်ဆလင် အများစုနိုင်ငံများ CEDAW ကို အတည်ပြုသည့်အခါ ပြုလုပ်လေ့ရှိသည့် ခြွင်းချက်များတွင် တွေ့ရလေ့ရှိသည်။ အမျိုးသမီး အခွင့်အရေးများကို မြှင့်တင်ပေးမည့် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများကို ကန့်သတ်တတ်သည့်အတွက် ဤခြွင်းချက်များသည် လူ့အခွင့်အရေး အသိုင်းအဝိုင်းများ၏ ဝေဖန်မှုကို ခံရသည်။ ဤခြွင်းချက်များက အခွင့်အရေး ဘာသာစကားသည် နိုင်ငံတကာ သဘောတူညီချက်မှတဆင့် လူအများ၏ လက်ခံမှုကို ရရှိစေကာမူ ၎င်းအား လက်တွေ့ထက် စကားပြောဆိုရာ၌သာ ကျင့်သုံးကြပြီး ဘာသာရေး အခြေခံသော ခြွင်းချက်များ၏ ကန့်သတ်မှုကို ရံဖန်ရံခါ ခံနေရဆဲ ဖြစ်သည်။

ဥပမာ ဆော်ဒီအာရေဗျ နိုင်ငံသည် CEDAW အား ၂၀၀၀ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့၌ အတည်ပြုခဲ့သည်။ သို့သော်လည်း ဆော်ဒီနိုင်ငံရှိ အမျိုးသမီးများသည် အလုပ်ခွင်၌ရော အိမ်၌ပါ ခွဲခြားဆက်ဆံမှု အမျိုးမျိုးကို ခံနေရဆဲ ဖြစ်သည်။ လိင်ဖြစ်တည်မှုအပေါ် အခြေခံ၍ ခွဲခြားထားမှု၊ အဝတ်အစား

သတ်မှတ်ချက်တို့ကို ပြဋ္ဌာန်းထားသည့် ဆော်ဒီနိုင်ငံ၏ ဥပဒေများသည် အမျိုးသမီးများ၏ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ကန့်သတ်ထားသည်။ ဆော်ဒီနိုင်ငံရှိ အမျိုးသမီးများသည် အမျိုးသား ဆွေမျိုး တစ်ယောက် မပါဘဲ ခရီးသွားခွင့်၊ အလုပ်လုပ်ခွင့် သို့မဟုတ် ပညာယူခွင့် မရှိသလို၊ ကားမောင်းခွင့်လည်း မရှိပေ။ တချိန်တည်းတွင် CEDAW အား အတည်ပြုပြီးနောက် ဆော်ဒီနိုင်ငံ၌ အမျိုးသမီးများအတွက် တိုးတက်မှုများ ရှိလာခဲ့သည်။ ၂၀၀၅ ခုနှစ် စက်တင်ဘာလ နှောင်းပိုင်းတွင် ပြဋ္ဌာန်းခဲ့သည့် အလုပ်သမား ဥပဒေသည် အမျိုးသမီးများ အလုပ်လုပ်နိုင်သည့် ကဏ္ဍများကို တိုးမြှင့်ပေးခဲ့ပြီး အာဗ်ဒူလာ ဘုရင်သည် ၂၀၁၅ စည်ပင်ရွေးကောက်ပွဲများ၌ အမျိုးသမီးများ မဲပေးခွင့် ရရှိတော့မည်ဟုလည်း ကြေညာခဲ့သည် (Human Rights Watch, 2012)။

| **စာသေတ္တာ ၁၀.၄။ ယူဆချက်များကို မေးခွန်းထုတ်ခြင်း - စီဒေါအပေါ် ဘာသာရေး ရှုထောင့်မှ ကန့်ကွက်ချက်များ** |
| --- |
| ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ ၁၈၉ နိုင်ငံက စီဒေါအား အတည်ပြုပြီး ဖြစ်သည်။ အမေရိကန်နိုင်ငံသည် အီရန်နိုင်ငံ၊ ဆူဒန်နိုင်ငံနှင့်အတူ ဤစာချုပ်အား အတည်မပြုသေးသည့် နိုင်ငံဖြစ်သည်။ သမ္မတ ဂျင်မီကာတာသည် ၁၉၈၀ ခုနှစ်တွင် အမေရိကန်နိုင်ငံကိုယ်စား လက်မှတ်ရေးထိုးခဲ့ပြီး အတည်ပြုရန် ရည်ရွယ်သည်ဟု ဆိုခဲ့သော်လည်း နှစ်ပေါင်း သုံးဆယ့်ငါးနှစ် ကြာမြင့်သွားသည့်အတိုင် အတည်ပြုခြင်း မရှိသေးပေ။ CEDAW အား အတည်ပြုရန် အထက်လွှတ်တော်သို့ တင်သွင်းရသည်။ သို့သော် အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေး ကော်မတီက ၂၀၀၂ ခုနှစ်ကပင် အကြံပြုခဲ့သည့်တိုင် လွှတ်တော်သို့ ရောက်မလာသေးပေ။ ပြည်တွင်း၌ အတည်ပြုရေးကို ထောက်ခံသူ အများအပြား ရှိသလောက် ဆန့်ကျင်သူလည်း များသည်။ အမေရိကန်နိုင်ငံ၏ အတည်မပြုခြင်းအတွက် အကြောင်းပြချက်သည် ဆော်ဒီအာရေဗျ နိုင်ငံကဲ့သို့ မွတ်ဆလင် အများစု နိုင်ငံများ CEDAW ၏ အပိုဒ်များအပေါ် ခြွင်းချက်ထားရာ၌ ဘာသာရေး အကြောင်းပြချက် ပေးသကဲ့သို့ ဘာသာရေး အသွင်ဆောင်သည်။ CEDAW ဆန့်ကျင်သူများက သဘောတူစာချုပ်အား အတည်ပြုခြင်းသည် အမေရိကန် နိုင်ငံ၏ အချုပ်အခြာအာဏာအပေါ် ခြိမ်းခြောက်မှု ဖြစ်သည်၊ ၎င်းသည် အိမ်ထောင်ပြုခြင်း၊ မိခင်ဖြစ်မှု၊ မိသားစု ဖွဲ့စည်းတည်ဆောက်ပုံနှင့် မိခင်များနေ့ပင် အပါအဝင် ထုံးထမ်းစဉ်လာ စာရိတ္တ တန်ဖိုးများ၊ လူမှုရေး တန်ဖိုးများကို အားနည်းစေမည့် အစွန်းရောက် အစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ရှိသည်ဟု ဆိုကြသည် (UNA-USA, 2001)။<br><br>စီဒေါ ထောက်ခံသူများက အတည်ပြုခြင်းသည် အမေရိကန်နိုင်ငံ၌ အမျိုးသမီး အခွင့်အရေးများအား ကာကွယ်၊ မြှင့်တင်ရာ၌ ကြီးစွာ အထောက်အကူပြုမည်ဟု ရှုမြင်ကြသည်။ အထူးသဖြင့် အတည်ပြုခြင်းသည် အမေရိကန်နိုင်ငံ၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေး တရားဥပဒေ လမ်းကြောင်းအရ အားထုတ်မှုများကို များစွာ အထောက်အကူ ပြုလိမ့်မည်ဟု ယုံကြည်ကြသည်။ |

ဆော်ဒီအာရေဗျနိုင်ငံ၏ CEDAW အတည်ပြုမှုသည် မွတ်ဆလင် အများစု နိုင်ငံများ အနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် သဟဇာတဖြစ်ရေး လမ်းကြောင်းပေါ် လျှောက်ရင်း တစ်ချိန်တည်းတွင် မိမိတို့၏ အဓိကကျသည့် ဘာသာရေး သရုပ်သဏ္ဍာန်၏ အစိတ်အပိုင်းများကို ကာကွယ်ရန် ခြွင်းချက်များ သတ်မှတ်ထားကြပုံကို ပမာပြနေသည်။ အတည်ပြုသည့်အခါတိုင်း သဟဇာတဖြစ်မှုကို တန်ဖိုးထားသည့် နိုင်ငံတကာ စနစ်တွင် ချီးကျူး ထောမနာ ပြုခြင်း ခံရသည်။ သို့သော်လည်း ခြွင်းချက်များက အဆိုပါ သဟဇာတ ဖြစ်မှုသည် စစ်မှန်မှု၊ ခိုင်မာအားကောင်းမှုတို့အား မေးခွန်းထုတ်စေသည်၊ အထူးသဖြင့်

ဘာသာရေး ထွက်ဆိုချက်များအား ဆန့်ကျင်ခြင်း မရှိသည့်အခါ၊ နိုင်ငံတကာ မူဘောင်အတွင်း အသိအမှတ်ပြုထားသည့်အခါ ၎င်းတို့သည် မေးခွန်းထုတ်စရာ ဖြစ်လာသည်။ အီရန်၊ ဆော်ဒီနှင့် ဆိုမာလီယာ နိုင်ငံများမှ လွဲလျှင် မွတ်ဆလင် အများစု နိုင်ငံအားလုံး (OIC အဖွဲ့ဝင်နိုင်ငံများကို ရည်ညွှန်းသည်) သည် CEDAW ကို အတည်ပြုထားပြီး ဖြစ်သည်။ အန်း အယ်လီဇဘတ် မေယာ (Ann Elizabeth Mayer) က ဤခြွင်းချက် အများအပြားသည် အစ္စလာမ်နှင့် လူ့အခွင့်အရေးတို့သည် ပနံမသင့်ဟူသည့် အမြင်မှားကို ဖြစ်စေသည်ဟု ပြောထားသည် (Mayer, 2007, p.5)။ တချို့မွတ်ဆလင် အမြင်များအရ ဤတို့နှစ်ခုသည် အမှန်ပင် သဟဇာတ မဖြစ်ကြပါ။ ဤအမြင်ရှိသူများက CEDAW သည် မွတ်ဆလင် နိုင်ငံများအပေါ် ချမှတ်ထားသည့် အနောက်တိုင်း ကိုလိုနီ နယ်ချဲ့စနစ်၏ ထွက်ကုန်တစ်ခုဟု ထင်ကြသည်။ သို့နှင့်တိုင် မေယာက ဤခြွင်းချက်များအား ဘာသာရေး အဝတ် ဝတ်ပေးထားစေကာမူ နောက်ကွယ်မှ အကြောင်းအရင်းမှာ နိုင်ငံရေး ဖြစ်သည်ဟု ဆိုထားသည်။ ဥပမာ မွတ်ဆလင် အများစု နိုင်ငံများက အမျိုးသမီး အခွင့်အရေးများကို ချဲ့ထွင်ပေးမည့် ပြုပြင် ပြောင်းလဲမှုများသည် ဘာသာရေး အစွန်းရောက်များ၏ တုံ့ပြန်မှုအပေါ် စိုးရိမ်မှု၊ အစ္စလာမ် ဥပဒေ အပေါ် သစ္စာစောင့်သိကြောင်း ပြသပြီး အစိုးရ၏ တရားနည်းလမ်းကျမှုကို ဆက်လက် ထိန်းထားလိုမှု၊ အစ္စလာမ် အစွန်းရောက် ဝါဒ ပုံစံတစ်ခုအား ရောင်းကုန်ထုတ်သည့် ဆော်ဒီနိုင်ငံကဲ့သို့ ချမ်းသာသည့် အလှူရှင် နိုင်ငံတစ်နိုင်ငံ၏ မျက်နှာသာပေးမှုကို လိုချင်မှု စသည်တို့ကြောင့် မွတ်ဆလင် အများစု နိုင်ငံများက ခြွင်းချက်ထားခြင်း ဖြစ်နိုင်သည် (ibid)။ ဤသာဓကများ၌ အစ္စလာမ်အား အကြောင်းပြု၍ ပြဋ္ဌာန်းထားသော၊ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများအား ခြွင်းချက်ထား၍ ကာကွယ်ထားသော လိင်ဖြစ်တည်မှုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံသည့် ဥပဒေများမှာ တကယ်တမ်းတွင် နိုင်ငံများအကြား အင်အားပြိုင်ဆိုင်မှုနှင့် ဘာသာရေး အာဏာနှင့် ကိုယ်စားပြုမှုတို့ အကြောင်း သဘောထား ကွဲလွဲမှုများ၏ ရလဒ်ထွက်ကုန်များသာ ဖြစ်သည်။

| **အနှစ်ချုပ်** |
| --- |
| ကမ္ဘာ၏ တချို့အစိတ်အပိုင်း၌ ဘာသာရေးမှ ဖယ်ခွာမှုနှင့် တချို့အစိတ်အပိုင်း၌ လူထုဘာသာရေး လှုပ်ရှားမှုများသို့ ဦးတည်သည့် လူထုပြောဆိုရေးသားချက်များနှင့် အများပြည်သူဘဝအပေါ် လွှမ်းမိုးမှုရှိသည့် အပြိုင်စီးကြောင်းများ ဖြစ်ပွားနေသည်။ ဤစီးကြောင်းများသည် လူ့အခွင့်အရေးများနှင့် ဘာသာရေးဆိုင်ရာ ကိစ္စများက ဖော်ပြသည့် အထွေထွေအကြုံ အမျိုးမျိုး၊ ဤကိစ္စရပ်များအား အခြေအနေနှင့် အမြဲတမ်းလိုလို တိုက်ဆိုင်စဉ်းစားရန် လိုအပ်ကြောင်း တို့ကို ပြသနေသည်။<br>ဘာသာရေး အယူအဆများနှင့် လူ့အခွင့်အရေး စံနှုန်းများ ပွတ်တိုက်ကြသည့်အခါ ၎င်းအား အကြွင်းသုည၊ ကိုယ်နိုင်သူရှုံး အခြေအနေအဖြစ် ရှုမြင်ရန် မလိုပေ။ ထိုသို့ မရှုမြင်ဘဲ တချို့သော တောင်းဆိုချက်များအား တန်းတူ ယုံကြည်ခွင့်အပေါ် အခြေခံသော အကောင်းဆုံး လက်တွေ့ ကျင့်သုံးမှုအဖြစ် လိုက်လျောပေးသင့်သည် ဟူသော ပညာရှင် တချို့၏ ငြင်းခုံချက်ကို စဉ်းစားကြည့်သင့်ပါသည်။ ဘာသာရေးနှင့် လူ့အခွင့်အရေး တို့အကြား ရှုပ်ထွေး နက်နဲသည် ဆက်နွှယ်ပတ်သက်မှုအား လူ့ဂုဏ်သိက္ခာ အပြည့်အဝ ရပ်လုံးပေါ်ရေးသို့ ဦးတည်သည့် အပြုသဘော ဆောင်ပြီး အပြန်အလှန် အကျိုးပြုသည့် လုပ်ရပ်များတွင် တွေ့လာကောင်း တွေ့လာရနိုင်သည်။ တချိန်တည်းတွင် ၎င်းတို့အကြား ဆက်နွှယ်မှုအား သဘောထား သေးသိမ်မှုနှင့် အကြမ်းဖက်မှုဆိုင်ရာ ကိစ္စများနှင့် သက်ဆိုင်သည့် ပဋိပက္ခများကလည်း ပုံဖော်ဖန်တီးနိုင်ပါသည်။<br>ဂုဏ်သိက္ခာ မြှင့်တင်ပေးမှု သို့မဟုတ် သဘောထား သေးသိမ်မှုများ ဆိုးရွားလာခြင်း တို့သည် အသိုင်းအဝိုင်း တစ်ခုတည်း |

အပေါ် အပြစ်ပုံချနိုင်သည့် ဝိသေသ လက္ခဏာများ မဟုတ်ပေ။ အမြင်မတူကြသည့် လူ့အခွင့်အရေး အသိုင်းအဝိုင်းများနှင့် ဘာသာရေး အသိုင်းအဝိုင်းတို့သည် ဤအခြင်းအရာများအတွက် ကိုယ်စီကိုယ်ငှ တာဝန်ရှိကောင်း ရှိနိုင်ပါသည်။
လူ့အခွင့်အရေးများသည် အပြန်အလှန် အမှီသဟည်းပြုနေကြပြီး ခွဲခြမ်းမရသည့် စနစ်တစ်ခုဖြစ်သည်။ ဘာသာရေး လွတ်လပ်ခွင့်နှင့် ဖော်ထုတ် ပြသခွင့်တို့အား အခြားသော လူ့အခွင့်အရေးများထက် ပို၍ ဦးစား မပေးသင့်ပေ။
လူ့အခွင့်အရေး စံနှုန်းများသည် မကြာခဏ ဆိုသလို နိုင်ငံရေး ညှိနှိုင်း ဆွေးနွေးမှုများနှင့် လူမှု လှုပ်ရှားမှုများ နောက်ပိုင်း နိုင်ငံတကာ သဘောတူ စာချုပ်များနှင့် ကြေညာချက်များကဲ့သို့ အသိအမှတ် ပြုနိုင်သော ပုံစံများအဖြစ် အစိုင်တည်လာတတ်ကြသည်။ ဤဖြစ်စဉ်အတွင်း မည်သူတို့သည်၊ သို့မဟုတ် မည်သည့်အုပ်စုတို့သည် ဘာသာရေး အသိုင်းအဝိုင်းများ ကိုယ်စား ညှိနှိုင်း ဆွေးနွေးနိုင်သည့် အခွင့်အာဏာ ရှိသည်ဆိုသည်မှာ မကြာခဏ ဆိုသလို အငြင်းပွားဖွယ်ရာဖြစ်ပြီး အဖြေရှာမရသည့် မေးခွန်းတစ်ခု ဖြစ်နေတတ်သည်။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

မတူသော အကြောင်းပြချက်များကြောင့် အမေရိကန်နိုင်ငံနှင့် တခြား မွတ်ဆလင် အများစု နိုင်ငံ အနည်းငယ်သည် စီဒေါကို လက်မှတ် မထိုးရသေးသည့် လက်တစ်ဆုပ်စာ အရေအတွက်သာ ရှိသည့် နိုင်ငံများဖြစ်သည်။ CEDAW အတည်ပြုမှုအား ဘာသာရေးအပေါ် အခြေခံ၍ ကန့်ကွက်ခြင်းသည် ကျိုးကြောင်းဆီလျော်မှု ရှိ၊ မရှိဆွေးနွေးပါ။

## လောက်တ်စီ အမှု

လောက်တ်စီ *(Lautsi)* နှင့် အီတလီနိုင်ငံအမှု (၂၀၁၁) သည် မစ္စဆိုင်လေလောက်တ်စီ (Ms Soile Lautsi) က အီတလီနိုင်ငံအား တိုင်ကြားရာမှ ဥရောပလူ့အခွင့်အရေး တရားရုံး (ECHR) သို့ ရောက်လာသည့် အမှုဖြစ်သည်။ အမှုအား လူ့အခွင့်အရေးများနှင့် အခြေခံ လွတ်လပ်ခွင့်များ အကာအကွယ်ပေးရေး ဆိုင်ရာ သဘောတူ စာချုပ်၏ ပုဒ်မ ၃၄ အရ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ မိမိကိုယ်တိုင်နှင့် သူ၏ ကလေးနှစ်ဦး ကိုယ်စား လုပ်ဆောင်လျက် ဖင်လန်နိုင်ငံ၌ မွေးဖွားခဲ့သည့် လောက်တ်စီသည် သူမ၏ ကလေးနှစ်ဦး တက်ရောက်နေသည့် အီတလီ အစိုးရကျောင်း၏ အခန်းတိုင်း၌ လက်ဝါးကပ်တိုင် ချိတ်ထားခြင်းအတွက် အမှုဖွင့် တိုင်ကြားခဲ့သည်။ ၎င်းအား သူမသည် ဘာသာရေး မှိုင်းတိုက်သည်ဟု အကြောင်းပြ၍ ကန့်ကွက် ခဲ့သည်။ လောက်တ်စီသည် ဤကိစ္စအား ကျောင်းအုပ်ချုပ်ရေးမှူးများ၊ အီတလီ အုပ်ချုပ်ရေး တရားရုံး၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ တရားရုံးနှင့် နောက်ဆုံး အီတလီ အုပ်ချုပ်ရေး တရားရုံးချုပ်တို့ထံ အသီးသီး တိုင်ကြားခဲ့ပြီးနောက် နောက်ဆုံးတွင် ECHR သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ လောက်တ်စီ အမှုသည် အီတလီနိုင်ငံ၏ နိုင်ငံရေး သမိုင်း၊ ၎င်း၏ ဗာတီကန်မြို့တော်နှင့် ရှိနေသည့် ထူးခြားသည့် ဆက်ဆံရေး စသည့် အချက်များအရ အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေသည့် အီတလီနိုင်ငံ၏ ရှုပ်ထွေးပွေလီသည့် လူမှုရေး၊ တရားရေး နောက်ခံအခြေအနေမှ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ကနဦးတွင် ရုံးတော်၏ တရားသူကြီး အဖွဲ့တစ်ဖွဲ့က စာသင်ခန်းတွင် လက်ဝါးကပ်တိုင် ရှိနေခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်မှုဟု ဆုံးဖြတ်ခဲ့သည်။ တိတိပပ ဆိုရလျှင် ပညာသင်ယူခွင့်၊ ဘာသာရေး လွတ်လပ်ခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ ယုံကြည်ခွင့်တို့ ချိုးဖောက်ခံရသည်ဟု ဆုံးဖြတ်ခဲ့သည်။ ထို့နောက်တွင် အီတလီအစိုးရသည် အမှုအား

ရုံးတော်၏ အမြင့်ဆုံး တရားခွင် (တရားသူကြီးများ အားလုံး ပါဝင်သည့် အဖွဲ့) သို့ တင်သွင်းခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ဤတရားခွင်က ယခင် ဆုံးဖြတ်ချက်အား ပြောင်းပြန်လှန်ပစ်လိုက်ပြီး ဆိုခဲ့ပါ အခွင့်အရေးများ ချိုးဖောက်ခံခဲ့ရခြင်း မရှိဟု ဆုံးဖြတ်ခဲ့သည်။ ဆိုလိုသည်မှာ ဤတရားရေး ဖြစ်စဉ်များ၏ အဆုံး၌ လက်ဝါးကပ်တိုင်သည် စာသင်ခန်းများ၏ နံရံပေါ်၌ ဆက်လက်ရှိနေခဲ့ပြီး ရုံးတော်က လောက်တ်စီ သို့မဟုတ် သူမ ကလေးငယ်များ၏ အခွင့်အရေးများ ချိုးဖောက် ခံခဲ့ရခြင်း မရှိဟု ဆုံးဖြတ်ခဲ့သည် (စာသေတ္တာ ၁၀.၅)။

## လောက်တ်စီ အမှုအတွင်းမှ ပြဿနာများ

လောက်တ်စီအမှုသည် ဘာသာတရား မစွက်ဖက်ရေးအမြင် (secularism) နှင့် ချိတ်ဆက် စဉ်းစားလေ့ ရှိသော ဘက်မလိုက်မှုနှင့် သမိုင်းစဉ်ဆက် ဘာသာရေး အမြင်၌ အမြစ်တွယ်နေသည့် ထုံးထမ်းစဉ်လာ တန်ဖိုးများအကြား တည်ရှိသည့် တင်းမာမှုကို ဖော်ညွှန်းပြသည်။ ကျောင်းအနေဖြင့် လောက်တ်စီ မိသားစု၏ လက်ဝါးကပ်တိုင်နှင့် ပတ်သက်၍ စိတ်မသက်မသာ ဖြစ်မှုကို အဆင်ပြေအောင် လုပ်ဆောင် ပေးရန် တာဝန်ရှိပါသလား။ သို့မဟုတ် တခြားတစ်ဘက်မှ စဉ်းစားလျှင် လောက်တ်စီ မိသားစုအနေဖြင့် ကျောင်း၏ လက်ရှိ အငွေ့အသက်နှင့် သမိုင်းတွင် ဝင်ဆံ့ရန် အထိုက်အလျောက် ပြုမူသင့်ပါသလား။ ဤကဲ့သို့သော တင်းမာမှုများအား အခြေအနေကို လိုက်၍ ဖြေရှင်းလေ့ရှိကြသည်။ ဤအမှုက ပြသနေသကဲ့သို့ ဤတင်းမာမှုအား အခြားသော ကျင့်ဝတ်၊ လူမှုရေး စနစ်များတွင် လက်ရှိ နည်းလမ်းထက် အခြားသော ဥပဒေနည်းလမ်း တစ်ခုခုဖြင့် ဖြေရှင်းခဲ့မည် ဖြစ်သည်။ တစ်ခါတစ်ရံတွင် ယခုကဲ့သို့ ဥပဒေ ရေးရာ အဆုံးအဖြတ်များတွင် လူသားတို့၏ လက်တွေ့ဘဝ အတွေ့အကြုံများ ကင်းမဲ့နေသည့် ပုံစံ ပေါက်ကောင်း ပေါက်နိုင်သည်။ ဥပမာ ကျွန်ုပ်တို့အနေဖြင့် လောက်တ်စီနှင့် ကျောင်းအုပ်ချုပ်သူများအကြား ကနဦး ဆွေးနွေးမှုများသည် မည်သို့ရှိခဲ့သည်ကို မသိကြပေ။ လောက်တ်စီ၏ ကလေးများသည် လက်ဝါးကပ်တိုင်များ ရှိရာ စာသင်ခန်း၌ ရှိခဲ့စဉ် မည်သို့ ခံစားမိကြသည်၊ ၎င်းတို့အပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှု ရှိခဲ့သည်ကို မသိနိုင်ပေ။ ဤသို့ဆိုစေကာမူ လူ့အခွင့်အရေးများအား တရားဥပဒေ များမှတဆင့် ပိုမို၍ ရယူသုံးစွဲလာကြရာ ဥပဒေ အဆုံးအဖြတ်များသည် လူ့အခွင့်အရေးများနှင့် ဘာသာရေး ဆိုင်ရာ ကိစ္စရပ်များအတွက် အရေးပါသည့် အဆုံးအဖြတ်ပေးသည့်အရာများ ဖြစ်လာကြသည်။

အမှုတွင် ECHR ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဝေဖန်ချက်များထဲမှ တစ်ခုမှာ ဘာသာရေးနှင့် ဆိုင်သည့်ကိစ္စကို တင်ပြရာ၌ အနုစိတ် စဉ်းစားချက်များ မရှိခဲ့ခြင်းဟု ဆိုသည်။ ဥပမာ မာလ်ကွမ်းအီဗန်စ် (Malcom Evans) က ဤသို့ မှတ်ချက်ပြုသည် - တရားရုံးတော်အနေဖြင့် ဘက်မလိုက်ရေးမူသည် ပညာရေးနှင့် သက်ဆိုင်သည့် အခြေအနေတစ်ခုတွင် ဘာသာရေး သင်္ကေတများ မရှိရဟု မတောင်းဆိုပေ၊ အကယ်၍ ထိုသို့ တောင်းဆိုလျှင် ၎င်းသည် ဘာသာတရား မစွက်ဖက်ရေး အမြင်ကို မျက်နှာသာပေးခြင်း ဖြစ်ပြီး ဘက်မလိုက်ခြင်း မဟုတ်ပေ (M. D. Evans, 2011, p.243)။ ဆီလ်ဗီလန်လော်ဒေ (Sylvie Langlaude) ငြင်းခုံထားသည့်အတိုင်း ဤသို့ဖြစ်ရခြင်း၏ အကြောင်းအရင်းတစ်ခုမှာ ဘာသာရေး အသင်းအဖွဲ့များ၏ အခွင့်အရေးများသည် နိုင်ငံတကာ ဥပဒေမူဘောင်များအတွင်း၊ အနည်းဆုံးတော့ OSCE နှင့် ဥရောပ ကောင်စီတို့၏ ရှေ့မှောက်တွင်၊ တဖြည်းဖြည်း တိုးတက် ပြောင်းလဲနေကြသည့် အတွက် ဖြစ်သည်

(Langlaude, 2011, p.529)။ လူမှုရေး အကျိုးစီးပွား ပါဝင်ပတ်သက်နေသူများ အနေဖြင့် ဘာသာရေး အသင်းအဖွဲ့များကိုလည်း အခြားအဖွဲ့များနှင့် အခွင့်အရေး တန်းတူပေးပြီး တရားမျှတရေး စဉ်းစားချက်များတွင် ထည့်သွင်း စဉ်းစားသင့်သည်။ ဘာသာရေး ဖြစ်စေ၊ ဘာသာတရား မစွက်ဖက်ရေး အမြင်ပင် ဖြစ်စေ လူသားတို့၏ လက်တွေ့ နေထိုင်မှု ပုံစံများအဖြစ် အပြည့်အဝ တစ်သားတည်း မကျပေ။ ၎င်းတို့ ကိုယ်စီ၌ ကွဲပြားခြားနားမှုများ ပါဝင်သည်၊ ကွဲပြားခြားနားလိုကြသည်။ တီဂျေဂန်း (T. J. Gunn) လေ့လာမှတ်သားထား သကဲ့သို့ နိုင်ငံတကာ ဘာသာရေးနှင့် လူ့အခွင့်အရေး အစီအမံ အများအပြားသည် ဘာသာရေး လွတ်လပ်ခွင့်၊ လွတ်လပ်စွာ ယုံကြည်ခွင့်တို့ကို အာမခံထားကြသော်လည်း မည်သည်ကမျှ ဘာသာရေးဆိုသည်ကို အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း မရှိပေ (Gunn, 2003, pp. 189-90)။ လောက်တ်စီအမှုက ဖော်ပြနေသကဲ့သို့ လူ့အခွင့်အရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များအတွက် လိုအပ်သည်မှာ နိုင်ငံတကာ အစီအမံများတွင် အာမခံထားသည့် အခွင့်အရေးများနှင့် ဘာသာတရားအား မြေပြင်အခြေအနေများ၌ မည်သို့ နားလည် သဘောပေါက်ကြသည်၊ ကျင့်သုံးကြသည်တို့အကြောင်း ပိုမို၍ ပြောဆိုဆွေးနွေးကြရန် ဖြစ်သည်။

| **စာသေတ္တာ ၁၀.၅ - လောက်တ်စီအမှုနှင့် စပ်လျဉ်း၍ တရားသူကြီး ဘွန်နယ်လို၏ ပြောဆိုချက်** |
| --- |
| တရားသူကြီး ဘွန်နယ်လို (ဥရောပ တရားရုံး၏ မော်တာနိုင်ငံသား တရားသူကြီး) မှ လောက်တ်စီ အမှုတွင် ဖော်ပြခဲ့သည့် အမြင်များမှ ကောက်နုတ်ချက်များ<br><br>၁၂.၆။ ထိုသို့ နားလည်ထားသည့် လက်ဝါးကပ်တိုင် သင်္ကေတသည် သဘောထားကြီးမှု တန်ဖိုးများကို ရည်ညွှန်းခြင်းဖြင့် လက်ရှိအချိန်၌ အီတလီနိုင်ငံရှိ ကျောင်းများတွင် ဥရောပသမဂ္ဂပြင်ပမှ ကျောင်းသူကျောင်းသား အများအပြား တက်ရောက်လျက်ရှိသည်ဟူသော အချက်ကို ထည့်သွင်းစဉ်းစားရာ၌ ဘောင်ဝင်မှုတစ်ခု ရှိသည်။ ဥရောပသမဂ္ဂအတွက် ကျွန်ုပ်တို့၏ စနစ်အတွင်း စိမ့်ဝင်ပျံ့နှံ့နေသည့် စုံလင်ကွဲပြားမှုအပေါ် တံခါးဖွင့်ထားရေး မူများကို ဖြန့်ဖြူးရေးနှင့် ဘာသာရေး အစွန်းရောက်မှုဖြစ်စေ၊ ဘာသာမဖက်သည့် အစွန်းရောက်မှုဖြစ်စေ မည်သည့်အစွန်းရောက်မှုမျိုးကိုမဆို ငြင်းပယ်မှုတို့သည် အတန်အသင့် အရေးပါသည်။ မတူသော ယဉ်ကျေးမှုအမျိုးမျိုး ကျွန်ုပ်တို့ ယဉ်ကျေးမှုနှင့် တွေ့ဆုံခြင်းကြောင့် ဖြစ်လာသည့် လှုပ်ရှားမှုသည် ကျွန်ုပ်တို့ ခေတ်၏ အမှတ်အသားတစ်ခုဖြစ်သည်။ ဤတွေ့ဆုံမှုအား ပွတ်တိုက်မှုဖြစ်သွားခြင်းမှ တားဆီးရန် ကျွန်ုပ်တို့၏ သရုပ်သဏ္ဌာန်အား၊ အထူးသဖြင့် လူသားတစ်ဦးတစ်ယောက်ချင်းစီ၏ ဂုဏ်သိက္ခာနှင့် ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှုတို့အပေါ် လေးစားမှုက ဝိသေသပြုသည့် ကျွန်ုပ်တို့၏ သရုပ်သဏ္ဌာန်အား ရုပ်ပြသဘောမျိုးပင်ဖြစ်စေ ပြန်လည် အတည်ပြုရန် လိုအပ်သည်။<br><br>၁၃.၂။ မည်သည့် ဘာသာရေးအတွက်မဆို ၎င်း၏ ထူးခြားချက်မှာ ပို၍ ကြီးမြတ်သည့် အခြင်းအရာတစ်ခု၌ ယုံကြည်မှုဖြစ်ရာ တကယ်တမ်းတွင် ဘာသာရေး သင်္ကေတများသည် ယေဘုယျအားဖြင့် ယုတ္တိကျသည့် ဘေးဖယ်ထုတ်သည့် အစီအမံတစ်ခု ဖြစ်သည်။ ထို့ကြောင့် သက်ဝင်ယုံကြည်သူများသည် သူတို့ကိုယ်သူတို့ အလိုအလျောက်၊ ယုံကြည်ချက်အရ အမှန်တရား၏ တစ်စိတ်တစ်ဒေသဟု ရှုမြင်ကြသည်။ |

အကျိုးဆက်အားဖြင့် မယုံကြည်သူတစ်ဦး၊ မယုံကြည်သည့်အတွက် ကြီးမြတ်သည့် အခြင်းအရာအား သွယ်ဝိုင်သည့်နည်းဖြင့် ဆန့်ကျင်သူတစ်ဦးနှင့် ကြုံတွေ့ရသည့်အခါ ယုံကြည်သူ၏ စိတ်နေသဘောထားမှာ မလွဲမရှောင်သာပင် ဖယ်ထုတ်သည့် စိတ်နေသဘောထား ဖြစ်သည်…

၁၃.၃။ မယုံကြည်သူအား ဘေးဖယ်ထုတ်ရေးဟူသည့် ယုတ္တိကျသည့် နည်းလမ်းသည် ကာယကံရှင်များကိုယ်တိုင် သတိမပြုမိစေကာမူ ဘာသာရေး ယုံကြည်ချက်တိုင်း၌ မွေးရာပါ တည်ရှိနေသည်။ တစ်ခုတည်းသော ခြွင်းချက်မှာ ခရစ်ယာန်ဘာသာ ဖြစ်သည်။ ဤအချက်အား မိမိတို့ကိုယ်ကို ခရစ်ယာန်ဘာသာဝင်ဟု ခေါ်ဆိုသူများပင် အမြဲတစေ နားလည်သဘောပေါက်ကြခြင်း မရှိပေ။ ခရစ်ယန်ဘာသာ၌ အရာရာတိုင်း၌ တည်ရှိနေသည့် ဘုရားအပေါ် ယုံကြည်မှုသည်ပင် ပရဟိတစိတ်၊ တနည်း အခြားလူသားများအပေါ် လေးစားမှုနှင့် နှိုင်းယှဉ်ပါက ဒုတိယနေရာ၌သာ ရှိသည်။ ထို့ကြောင့် ခရစ်ယာန်ဘာသာဝင်တစ်ဦးက ခရစ်ယာန် ဘာသာဝင် မဟုတ်သူ တစ်ဦးအား ငြင်းပယ်ခြင်းသည် ခရစ်ယန်ဘာသာကိုပင် အပြင်းအထန် ငြင်းပယ်ရာ၊ ပစ်ပယ်ရာ မြောက်သည်။ သို့ရာတွင် ဤအချက်မှာ အခြားသော ဘာသာများအတွက်ဆိုလျှင် မမှန်ကန်ပေ။ ထိုဘာသာများ၌ ဤသည်မှာ အဆိုးဆုံးအခြေအနေတွင် အရေးကြီးသည့် သီလတစ်ခုကို ချိုးဖောက်မှုသာ မြောက်သည်။

၁၃.၄။ ထို့ကြောင့် ခရစ်ယာန်ဘာသာ၏ သင်္ကေတဖြစ်သည့် လက်ဝါးကပ်တိုင်သည် မိမိကိုယ်ကို ငြင်းပယ်ခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖယ်ထုတ်၍ မရပေ။ ၎င်းသည် တနည်းအားဖြင့် လူသားအားလုံးအား ဘာသာရေး သို့မဟုတ် အခြားသောယုံကြည်ချက်တို့ကို ပဓာနမထားဘဲ လေးစားကြောင်း၊ လက်ခံကြောင်း ပြသသည့် ကမ္ဘာလုံးဆိုင်ရာ အမှတ်အသားပင် ဖြစ်သည်…

## လောက်တ်စီအမှု ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု

မျက်နှာစုံညီ ဆုံးဖြတ်ချက်၌ ECHR သည် အများစု ကိုးကွယ်ရာ ဘာသာအပေါ် နိုင်ငံတော်က လက်ခံသည့် အဓိပ္ပာယ် ဖွင့်ဆိုချက်များ အပါအဝင် နိုင်ငံများ၏ ကိုယ်ပိုင် လွတ်လပ်ခွင့်[၂] (**margin of appreciation**) ကို အကာအကွယ် ပေးခဲ့သည်။ ဆိုလိုသည်မှာ တရားရုံးတော်သည် ဘာသာရေးအား မည်ကဲ့သို့ စည်းကြပ်ထိန်းချုပ်မည်နှင့် ပတ်သက်၍ နိုင်ငံများအား ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အများအပြားပေးခဲ့သည်။ ဤအချက်က အစိုးရ တစ်ခုချင်းသည် ၎င်းတို့၏ နိုင်ငံအခြေအနေကို အသိဆုံးဖြစ်ပြီး သူတို့၏ ဥပဒေရေးရာ ဆုံးဖြတ်ချက်အား လိုက်နာသင့်သည်ဟူသော ဥရောပနိုင်ငံများ၌ ရှိနေသည့် စဉ်းစားချက်ကို ပြသခဲ့သည်။ သို့နှင့်တိုင် တရားရုံး၏ ပထမ ဆုံးဖြတ်ချက်သည် အီတလီအစိုးရ၏ ရပ်တည်ချက်ကို ဆန့်ကျင်ခဲ့ရာ လောက်တ်စီအမှုသည် စိတ်ဝင်စားစရာ ကောင်းပါသည်။ လောက်တ်စီအမှု၌ နောက်ဆုံး ဆုံးဖြတ်ချက်သည် ရိုးရိုးတရားခွင် (Chamber) ဆုံးဖြတ်ချက်နှင့် မျက်နှာစုံညီ တရားခွင် (Grand Chamber) တို့အကြား ရပ်တည်ချက် ပြောင်းပြန်ဖြစ်ခဲ့သည်မှာ အထူးတလည် မှတ်သားစရာ အချက်ဖြစ်သည်။ ပထမ ဆုံးဖြတ်ချက်တွင် ဥရောပ တရားရုံး ရိုးရိုးတရားခွင်သည် ဘက်မလိုက်သည့် ဘာသာရေး မစွက်ဖက်ရေး ရပ်တည်ချက်ကို ကာကွယ်ခဲ့သည်။ ထိုအတိုင်းဆိုလျှင် လက်ဝါးကပ်တိုင်များကို ဖြုတ်ချခိုင်းခဲ့မည် ဖြစ်သည်။ သို့ရာတွင် အမှုသည် မျက်နှာစုံညီ တရားခွင်သို့ လွှဲပြောင်းခံရသည့်အခါ ယခင်ဆုံးဖြတ်ချက်ကို ပယ်ချခဲ့ပြီး ဥရောပ အစဉ်အလာ ဆိုသည်မှာ ခရစ်ယန်ဘာသာနှင့် သမိုင်းကြောင်းအရ၊ ခွဲခြား၍မရအောင်

ဆက်နွှယ်နေသည်ဟူသော နားလည်သဘောပေါက်မှုကို ကာကွယ်ခဲ့သည်။ အကျိုးဆက်အနေဖြင့် လက်ဝါးကပ်တိုင်များ နံရံများပေါ်၌ ဆက်လက် ရှိနေခဲ့သည်။ လောက်တ်စီအမှု၏ နောက်ဆုံးရလဒ်သည် ဘာသာတရား စကားရပ်ဖြင့် ဖော်ပြသည်ဖြစ်စေ၊ ဘာသာတရားမှ ဖယ်ခွာရေးအမြင်ဖြင့် ဖော်ပြသည် ဖြစ်စေ လူသားအားလုံးဆိုင်ရာ တန်ဖိုးများ၊ အခွင့်အရေးများအား ကွဲပြားခြားနားချက်ဆိုင်ရာ တောင်းဆိုချက်များနှင့် မည်ကဲ့သို့ တိုက်ဆိုင် ညှိနှိုင်းသင့်သည် ဆိုသည့် ကိစ္စကို ပိုမို၍ ရှုပ်ထွေးစေသည်။ လောက်တ်စီအမှု၏ ဘောင်နယ်နိမိတ်သည် လူ့အခွင့်အရေး စနစ်များအပေါ် ဘာသာရေး အုပ်စုများ၌ ရှိကြသော အခြေခံ စိုးရိမ်ပူပန်မှုများကိုရော ဘာသာရေး သရုပ်သဏ္ဌာန်များ၏ အားနှင့် သမိုင်းစဉ်ဆက် ရှိလာခဲ့သည့် ဩဇာလွှမ်းမိုးမှု (ဥပမာ ထုံးထမ်းစဉ်လာသည် အခွင့်အရေး ချိုးဖောက်မှုကို ခွင့်ပြုသည်) တို့အပေါ် လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားသူများ၌ ရှိသည့် စိုးရိမ်ပူပန်မှုများကိုရော ဖော်ပြခဲ့သည်။

## ရှာဟင် အမှု

လောက်တ်စီ၏ အမှုကဲ့သို့ပင် လေလာရှာဟင် (Leyla Şahin) အမှုသည် ရုပ်ပိုင်းဆိုင်ရာ ဘာသာရေး ယဉ်ကျေးမှု၏ လူမှုအကျိုးသက်ရောက်မှုများက ဖြစ်ပေါ်စေသည့် ကိစ္စရပ်များနှင့် သက်ဆိုင်သည်။ လေလာရှာဟင်သည် ဘာဆာ တက္ကသိုလ်၌ ဆေးပညာ သင်ယူပြီးနောက် ၁၉၉၇ ခုနှစ်တွင် အစ္စတန်ဘူလ် တက္ကသိုလ်၌ ကျောင်းသွင်းခဲ့သည်။ ရှာဟင်သည် ဘာဆာတက္ကသိုလ်၌ ကျောင်းတက်ခဲ့စဉ် ခေါင်းခြုံပုဝါ ဝတ်ဆင်ခဲ့သည်။ သို့ရာတွင် အစ္စတန်ဘူလ်တက္ကသိုလ် တက်ရောက်စဉ်အတွင်း ခေါင်းခြုံပုဝါ ဝတ်ထားသည့် အတွက် စာမေးပွဲစောင့်သူများသည် သူမအား ရေးဖြေ စာမေးပွဲ တစ်ခု ဖြေဆိုခွင့် မပြုခဲ့ပေ။ နောက်ပိုင်းတွင် သူသည် ဘာသာရပ်တစ်ခု၊ ပို့ချချက်တစ်ခုနှင့် ရေးဖြေ စာမေးပွဲ တစ်ခု တက်ရောက်ဖြေဆိုရန်ကို ငြင်းပယ်ခံခဲ့ရသည်။ တက္ကသိုလ်၌ ဘာသာရပ်များ၊ ပို့ချချက်များနှင့် စာမေးပွဲ တက်ရောက်ဖြေဆိုခွင့် အကြိမ်ကြိမ် ငြင်းပယ်ခဲ့ခြင်းအား အစ္စတန်ဘူလ်တက္ကသိုလ် လက်ထောက်အဓိပတိ ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက် တစ်ခုကို ကိုးကားပြီး ပြုလုပ်ခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်၌ ခေါင်းခြုံထားသော ကျောင်းသူကျောင်းသားများနှင့် (နိုင်ငံခြားမှ ကျောင်းသူကျောင်းသားများ အပါအဝင်) ပါးသိုင်းမွေး ထားသော ကျောင်းသူကျောင်းသားများအား ပို့ချချက်များ၊ ဘာသာရပ်များ သို့မဟုတ် ကျူတိုရီယယ်များ တက်ရောက်ခွင့် မပြုရဟု ဖော်ပြထားသည် (Layla Şahin vs Turkey 2005)။ သူမသည် အဝတ်အစား စည်းမျဉ်း စည်းကမ်းများကို လိုက်နာပျက်ကွက်သည်ဟု စွပ်စွဲ၍ အပြစ်ပေးခဲ့သည်။

တူရကီနိုင်ငံတွင် ဘာသာတရား မဖက်ရေး အယူအဆ (laiklik) အား နိုင်ငံတော်၏ ဘာသာရေးကို စည်းကြပ် ထိန်းချုပ်ရန် ကြိုးပမ်းမှုအဖြစ် ရှင်းပြရမည်ကို မှတ်သားသင့်ပါသည်။ ၁၉၂၃ ခုနှစ် သမ္မတ နိုင်ငံတော် တည်ထောင်ခဲ့စဉ်ကစ၍ ကမဲ၏ ဘာသာတရား မဖက်ရေး အမျိုးသားဝါဒသည် ခေါင်းခြုံပုဝါအား လူမြင်ကွင်းမှ ဖယ်ထုတ်ထားခဲ့သည်။ သို့နှင့်တိုင် ပြည်သူ့အင်စတီကျူးရှင်းများ၌ အလုပ်လုပ်ကြသည့် ဝန်ထမ်းများ၏ ဝတ်စားဆင်ယင်ပုံဆိုင်ရာ စည်းကမ်းချက်အား ၁၉၈၈ ခုနှစ်မှသာ သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၈ ခုနှစ်အထိ ထင်သာမြင်သာ အကောင်အထည် ဖော်ခဲ့ခြင်း မရှိပေ။ အကျိုးဆက်အနေဖြင့် ရှာဟင်သည် ခွင့်ပြုချက် မရှိသည့် စုရုံးမှုတစ်ခုတွင် ပါဝင်ခဲ့ခြင်းအတွက် ပထမတွင် သတိပေးခံရပြီး နောက်တွင် စာသင်နှစ်

နှစ်ဝက် ဆိုင်းငံ့ခြင်း ခံခဲ့ရသည်။ နောက်ပိုင်းတွင် လွတ်ငြိမ်း ချမ်းသာခွင့််ရရှိခဲ့ခြင်းကြောင့် ပြစ်ဒဏ်များမှ လွတ်ခဲ့ပြီး ဆုံးခန်းတိုင်အောင် ပညာသင်ကြားခွင့် ရရှိခဲ့သော်လည်း သူသည် ၁၉၉၉ ခုနှစ် စက်တင်ဘာလတွင် ဗီယင်နာ တက္ကသိုလ်သို့ ပြောင်းရွှေ့ ပညာသင်ယူခဲ့သည်။

ဤအပြောင်းအလဲသည် ပညာရေးသင်ကြားခွင့် ကိစ္စအား လက်တွေ့တွင် ဖြေရှင်းပေးခဲ့သော်လည်း သူသည် တရားရုံးများမှတဆင့် တရားမျှတမှုကို ရှာဖွေခဲ့သည်။ နိုင်ငံအတွင်း အစွမ်းကုန် ကြိုးပမ်းပြီး နောက်ပိုင်း အောင်မြင်မှု မရသည့်အခါ ဥရောပ လူ့အခွင့်အရေး ကော်မရှင်ထံသို့ တူရကီနိုင်ငံအပေါ် တိုင်ကြားချက် တင်သွင်းခဲ့သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် သူသည် ခေါင်းခြုံပုဝါ ဝတ်ဆင်ခြင်းအား မွတ်ဆလင် အမျိုးသမီး တစ်ဦး၏ ဘာသာရေး တာဝန်အဖြစ် သတ်မှတ်ကြောင်း၊ ဤဘာသာရေး တာဝန်သည် ဝင့်ကြွားခြင်း မဟုတ်သလို ဆန့်ကျင် ဆန္ဒပြမှု တစ်ခုခုအဖြစ် ရည်ရွယ်ခြင်း မဟုတ်ကြောင်း၊ ဖိအားပေးသည့်ပုံစံ၊ ဆွပေးသည့်ပုံစံ သို့မဟုတ် ဘာသာရေး သိမ်းသွင်းသည့် ပုံစံ မမြောက်ဟု ယူဆကြောင်း အထင်အရှား ပြသလိုက်ခြင်း ဖြစ်သည် (Ibid., para. 85)။ ဘာသာရေး အမှတ်အသားများ ဝတ်ဆင်ခြင်းအပေါ် တားမြစ်ချက်အား တပြေးညီ အကောင်အထည်ဖော်ခြင်း မရှိဟုလည်း ရှာဟင်က သူမ၏ သံသယ ဖြစ်မှုကို မှတ်သားခဲ့သည်။ ဥပမာ တားမြစ်ချက်များသည် ခရစ်ယာန်နှင့် ဂျူးဘာသာဝင် ကျောင်းသူ၊ ကျောင်းသားများ အပေါ်လည်း သက်ရောက်မှု ရှိကြောင်း အထောက်အထားများ မရှိပေ (Ibid., para. 88)။ ထို့ကြောင့် ရှာဟင်က အဆင့်မြင့် ပညာရေး အင်စတီကျူးရှင်းများ၌ အစ္စလာမ် ခေါင်းခြုံပုဝါ ဝတ်ဆင်ခြင်းအား တားမြစ်ခြင်းသည် အခြေခံ လွတ်လပ်ခွင့်များနှင့် လူ့အခွင့်အရေးများ အကာအကွယ် ပေးရေး သဘောတူစာချုပ်၏ ပိုဒ်မ ၈၊ ၉၊ ၁၀ နှင့် ၁၄ တို့ ချိုးဖောက်ခံရသည်ဟု ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် အကြောင်းပြခဲ့သည် (Ibid., para. 102)။

## ရှာဟင်အမှုနှင့် လောက်တ်စီအမှုတို့ကို ချိတ်ဆက်ပေးသည့် ကိစ္စရပ်များ

ဆုံးဖြတ်ချက်ချရာ၌ တရားရုံးသည် တူရကီနိုင်ငံရှိ ဘာသာရေးနွယ်သော နိုင်ငံရေးလှုပ်ရှားမှုများ၏ သမိုင်းကြောင်းနှင့် သြဇာလွှမ်းမိုးမှု၊ အခြေခံလူမှုရေး ပြောင်းလဲမှုနှင့် ဘာသာရေး အယူအဆများ ချမှတ်ခြင်းတို့သည် တူရကီအတွက် စိုးရိမ်ဖွယ်ရာ ကိစ္စများအဖြစ် ရှိနေသေးသည်ကို အသိအမှတ်ပြုခဲ့သည်။ တရားရုံးသည် အုပ်စုများအား အကာအကွယ်ပေးရန် နိုင်ငံတော်အား လုပ်ပိုင်ခွင့် ပေးခဲ့သည့် ယခင်အမှုများ ကိုလည်း ရည်ညွှန်း ကိုးကားခဲ့သည်။ ရီဖာပါတီစီ (ဖူလုံရေး ပါတီ) နှင့် အပေါင်းအပါများနှင့် တူရကီနိုင်ငံအမှု (2001) နှင့် ဒါလပ်နှင့် ဆွီဇာလန်နိုင်ငံအမှု (Dahlab v. Switzerland 2001) အမှုတို့သည် ရှေးထုံးများ၏ တစိတ်တစ်ဒေသဖြစ်ပြီး ဒါလပ်အမှုသည် မူလတန်းဆရာမတစ်ဦး ခေါင်းခြုံပုဝါ ဝတ်ဆင်ခြင်းမှ တားမြစ်ခြင်း ခံရသော အမှုဖြစ်သည်။ ဒါလပ်အမှုတွင် ခေါင်းခြုံပုဝါအား သြဇာအရှိန်အဝါ ကြီးသော ပြင်ပ အမှတ်အသား တစ်ခု ဖြစ်သည်ဟု ယူဆခဲ့သည် (Layla Şahin vs Turkey 2005)။ နောက်ဆုံးတွင် တရားရုံးက ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ခု၌ အစ္စလာမ် ခေါင်းခြုံပုဝါ ဝတ်ဆင်မှုအား ၎င်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်၊ ပြည်သူလူထုအတွက် တည်ငြိမ်ရေးနှင့် ဘေးအန္တရာယ်ကင်းရေးတို့ကို အကာအကွယ်ပေးရမည့် ရည်ရွယ်ချက်နှင့် မကိုက်ညီလျှင် နိုင်ငံတော်၌ တားမြစ်ခွင့်ရှိသည်ဟု ခံယူခဲ့သည်။ ထို့ကြောင့် ရှာဟင်အား

ခေါင်းခြုံပုဝါ ဝတ်ဆင်စဉ်အတွင်း တက္ကသိုလ် ပညာရေး၏ တချို့အစိတ်အပိုင်းများကို သင်ကြားခွင့်အား ပိတ်ပင်ခြင်းဖြင့် တူရကီ အစိုးရသည် တက္ကသိုလ်နှင့် နိုင်ငံတော်အတွင်း ပဒေသာစုံလင်မှုကို အဟန့်အတား မဖြစ်စေဘဲ ထိန်းသိမ်းခြင်းသာ ဖြစ်သည်ဟု အမြင်ထားရှိခဲ့သည်။

လောက်တ်စီအမှုနှင့် ရှာဟင်အမှုတို့မှတဆင့် ECHR ၏ စီရင်ချက်ကို သုံးသပ်ရာ၌ ဘာသာရေး အမှတ်သင်္ကေတများနှင့် စပ်လျဉ်း၍ အသုံးပြုခဲ့သည့် ဆန့်ကျင်ဘက် စကားများသည် အထူးပင် စိတ်ဝင်စားစရာ ဖြစ်သည်။ လောက်တ်စီ၏ အမှုတွင် လက်ဝါးကပ်တိုင်အား အနုစ်သာရအားဖြင့် အားပျော့သော အမှတ်သင်္ကေတ အဖြစ် သတ်မှတ်ခဲ့ပြီး ရှာဟင်၏ အမှု၌မူ ခေါင်းခြုံပုဝါအား အားပြင်းသော အမှတ်သင်္ကေတအဖြစ် ရည်ညွှန်းပြောဆိုခဲ့သည်။ ဂျန်ဒါရှုထောင့် (gender lens) အား မတူသည့် ပုံစံဖြင့် အသုံးပြုထားခြင်းသည် ဤသို့ ကွဲလွဲနေခြင်း၏ အကြောင်းအရင်း တစ်ခု ဖြစ်ကောင်းဖြစ်နိုင်သည်။ CEDAW နှင့် မွတ်ဆလင် ဘာသာဝင် အများစု နိုင်ငံများအကြား ဆက်နွယ်မှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့် အလားတူစွာပင် ECHR ၏ စီရင်ဆုံးဖြတ်ချက်၌ ကျား၊မ တန်းတူညီမျှမှုနှင့် ဘာသာရေး တောင်းဆိုချက်များ အကြား ရှိသည့် နိုင်ငံရေးအပေါ် စိုးရိမ်ပူပန်မှုရှိကြောင်း တွေ့ရသည်။ သို့နှင့်တိုင် ခေါင်းခြုံပုဝါအား ကူရ်အန်၌ အမျိုးသမီးများအပေါ် အတင်းအကျပ် ချမှတ်ထားသည့် အမှတ်သင်္ကေတအဖြစ် နားလည် သဘောပေါက်ပြီး ၎င်းသည် ကျား၊မ တန်းတူညီမျှရေး မူနှင့် သဟဇာတဖြစ်ရန် ခက်ခဲကြောင်း မှတ်ယူခဲ့ခြင်းဖြင့် တရားရုံးတော်သည် အမျိုးသမီး၏ ကိုယ်ပိုင် စဉ်းစားလုပ်ဆောင်နိုင်စွမ်းအား အလေးပေး စဉ်းစားခဲ့ခြင်း မရှိခဲ့ချေ။ ခေါင်းခြုံပုဝါအား မဖြစ်မနေ လုပ်ဆောင်ရမည့် ဘာသာရေး တာဝန် တစ်ခုအဖြစ် ပုံဖော်ခဲ့ခြင်းဖြင့် တရားရုံးတော်သည် ရှာဟင်အနေဖြင့် ခေါင်းခြုံပုဝါအား မိမိဆန္ဒ၊ ကိုယ်ပိုင် ဆုံးဖြတ်ချက်ဖြင့် ဝတ်ဆင်ခဲ့ခြင်း ဖြစ်နိုင်သည်ကို လျစ်လျူရှုခဲ့သည်။

ခေါင်းခြုံပုဝါအား ကျား၊မ တန်းတူညီမျှအပေါ် ရာသက်ပန် စော်ကားမှုအဖြစ် မှတ်ယူခြင်းဖြင့် တရားရုံးတော်သည် ဘာသာရေး လွတ်လပ်ခွင့် ငြင်းခုံချက်များအတွက်၊ အထူးသဖြင့် လွတ်လပ်ခွင့် ဟူသည်မှာ အခြေတည်ပြီး ဖြစ်သော လူမှု-ဘာသာရေး အစဉ်အလာ တစ်ခုအတွင်း ကွဲပြားသော အမြင်များကို ဖော်ထုတ်ခွင့်ဟု နားလည်သည့် ငြင်းခုံချက်များကို နေရာ မပေးခဲ့ချေ။ ရှာဟင်၏ အမှု၌ အရေးပါသော ကိစ္စရပ်များတွင် လူဦးရေ၏ အများစုသည် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ဘာသာရေး မဖက်သည့် ဘဝနေထိုင်မှုပုံစံအား လက်ခံကြသော်လည်း အစ္စလာမ်ဘာသာကို ကိုးကွယ်ကြသေးသည့် နိုင်ငံတစ်နိုင်ငံ၌ အခြားသူများ၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများအား အကာအကွယ် ပေးခြင်းနှင့် နိုင်ငံတည်ငြိမ်အေးချမ်းကို ထိန်းသိမ်းခြင်းတို့ ပါဝင်သည်ဟု တရားရုံးက ငြင်းခုံခဲ့သည် (Layla Şahin vs Turkey 2005, para. 115)။ သို့နှင့်တိုင် တူရကီနိုင်ငံ၌ အဆိုပါ အစ္စလာမ် ဘာသာ၏ တစ်ခုတည်းဖြစ်မှု (singularity) သည် မေးခွန်းထုတ်စရာ ဖြစ်သည်။ ၁၉၉၈ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် အကြား တူရကီနိုင်ငံ၌ ခေါင်းခြုံပုဝါဝတ်ဆင်မှုအား တားမြစ်ခြင်းကြောင့် အမျိုးသမီး အစိုးရဝန်ထမ်း ၅၀၀၀ ခန့် အလုပ်ထုတ်ခံခဲ့ရပြီး နောက်ထပ် ၁၀၀၀၀ ခန့်အား အတင်းအကျပ် ရာထူးမှ နုတ်ထွက်စေခဲ့သည် (Bottoni, 2013, p.187)။

ဤအခြေအနေ၌ ရှာဟင်၏အမှုကြောင့် ECHR က နိုင်ငံများထံ ပေးထားသည့် လွတ်လပ်ခွင့် သည် ဘက်မလိုက်ရေးမူကို ကာကွယ်သလား သို့မဟုတ် နိုင်ငံရေး အယူဝါဒ တစ်ခုကို ကာကွယ်သလား ဆိုသော မေးခွန်းကို မေးစရာ လိုလာသည်။ တနည်းဆိုရလျှင် ECHR အနေဖြင့် နိုင်ငံများ၏ မိမိတို့ နိုင်ငံအကြောင်း နားလည်မှု၊ ကျွမ်းကျင်မှုအပေါ် လက်ခံအသိအမှတ်ပြုခြင်းသည် တစ်ခါတစ်ရံ၌ လူများစု သို့မဟုတ် လွှမ်းမိုးကြီးစိုးသော နိုင်ငံရေးအုပ်စုအား လူနည်းစု တောင်းဆိုချက်များကို မျက်ကွယ်ပြုရန် အားပေး သလိုမျိုး ဖြစ်သွားနိုင်သည်။ ရှာဟင်အမှုက ဖော်ပြသကဲ့သို့ ဤအချက်ကြောင့် ဘာသာရေး လူနည်းစုများ၏ အခွင့်အရေးများ သို့မဟုတ် လူများစု ဘာသာရေး အစဉ်အလာများနှင့် စပ်လျဉ်း၍ လူနည်းစု အဓိပ္ပာယ် ဖွင့်ဆိုချက်များအတွက် သိသာထင်ရှားသော အကျိုးဆက်များ ရှိလာနိုင်သည်။

## ရှာဟင်အမှု ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုများ

ရှာဟင်နှင့် လောက်တ်စီ အမှုများတွင် နိုင်ငံများ၏ လွတ်လပ်ခွင့် အဓိပ္ပာယ် ဖွင့်ကို အကာအကွယ်ပေးခြင်းဖြင့် ECHR သည် လူများစု ဘာသာအပေါ် နိုင်ငံတော်မှ ထောက်ခံသည့် အဓိပ္ပာယ် ဖွင့်ဆိုချက်များကို ဆက်လက် စောင့်ထိန်းခဲ့သည်။ ဂျေရိုအန်တန်ပါမန်း (Jeroen Temperman) က လောက်တ်စီ၏ အမှု၌ ထည့်သွင်း စဉ်းစားခဲ့သည့် နိုင်ငံတော် ဥပဒေအရ ကျောင်းနံရံများပေါ် တပ်ဆင်ထားသည့် လက်ဝါးကပ်တိုင်များနှင့် လောရှာရှာဟင်နှင့် တူရကီ ၂၀၀၅ အမှုက ထောက်ခံခဲ့သည့် ပညာရေး ပရဝုဏ်အတွင်း အစ္စလာမ် အမှတ်အသား ခေါင်းခြုံပုဝါ ဝတ်ဆင်မှုအပေါ် တားမြစ်ချက်တို့အကြား အကြောင်းအရာချင်း ဆက်နွယ်မှု တစ်ခုကို ဖော်ထုတ်ထားသည်။ တရားရုံးတော်သည် ခေါင်းခြုံပုဝါများတွင် ဘာသာရေး စည်းရုံး သိမ်းသွင်းသည့် အကျိုးသက်ရောက်မှုများ ရှိကောင်းရှိနိုင်သော်လည်း လက်ဝါးကပ်တိုင်တွင် ဘာသာရေး သွန်သင်ဆုံးမမှု အငွေ့အသက် မရှိဟု တွေ့ခဲ့ကြောင်း တန်ပါမန်းက လေ့လာမှတ်သားခဲ့သည်။ တန်ပါမန်းနှင့် အခြား ဘာသာရေးနှင့် လူ့အခွင့်အရေးအကြောင်း စိတ်ပါဝင်စားကြသူများ အတွက်ဆိုလျှင် အမှုနှစ်ခုကို ရလဒ်များကို နှိုင်းယှဉ်လေ့လာခြင်းကြောင့် ECHR ၏ နိုင်ငံများအား ဘာသာရေး ကျင့်သုံးမှုအား ကြားနေပြီး ဘက်မလိုက်သော စီစဉ်ဆောင်ရွက်သူအဖြစ် နားလည်သဘောပေါက်ခြင်းနှင့် လူများစု ဘာသာရေး အစဉ်အလာများသည် လူနည်းစုများ၏ အကျိုးစီးပွား၊ စိုးရိမ်ပူပန်မှုများ၊ အခွင့်အရေးများနှင့် မည်သို့မည်ပုံ ချိတ်ဆက်နေကြပုံတို့နှင့် သက်ဆိုင်သည့် မေးခွန်းများ ထွက်လာသည်။ လောက်တ်စီနှင့် ရှာဟင် အမှု နှစ်ခုသည် ကြားနေမှုနှင့် ဘာသာရေး၊ နိုင်ငံရေးအယူဝါဒတို့အကြား ဆက်နွယ်မှုကို ဝေဖန်ဆန်းစစ်ရန် ဖိတ်ခေါ်မှုတစ်ခု ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ဤအမှုနှစ်ခုသည် ECHR အတွက် အညွှန်းများအဖြစ် လုပ်ဆောင်ပေးပြီး ဒီမိုကရေစီ တန်ဖိုးများ၊ ဘာသာရေးနှင့် လူ့အခွင့်အရေးတို့အကြား လက်ရှိဆက်နွယ် ပတ်သက်မှု အကြောင်း ကိစ္စရပ်များကို သူ့နေရာ၊ ကာလတို့နှင့် ချိတ်ဆက်စဉ်းစားရာ၌ အထောက်အကူ ပြုသည်။ ဥရောပ အခြေအနေနှင့် ပို၍ကျယ်ပြန့်သည့် နိုင်ငံတကာ အခြေအနေ၌ ဤဆက်နွယ် ပတ်သက်မှုသည် ဆက်လက်၍ လူအများ၏ အထူးအာရုံစိုက်မှုကို ခံနေရဆဲ ဖြစ်သည်။

**အနှစ်ချုပ်**

လောက်တ်စီနှင့် ရှာဟင်အမှုတို့ကဲ့သို့ အမှုများသည် လူ့အခွင့်အရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များ ခက်မဖြာလာမှုကို ဖော်ပြသည်။ ၎င်းတို့မှ တစ်ခုမှာ နိုင်ငံတကာ အစီအမံများ၌ အာမခံထားသည့် အခွင့်အရေးများ၏ တရားဥပဒေဆိုင်ရာ အစိတ်အပိုင်းများနှင့် လူ့အသိုင်းဝိုင်းများ၌ ဘာသာရေးကို ကျင့်သုံးပုံ၊ တွေ့ကြုံခံစားမှုတို့အကြား ပိုမို၍ နားလည်မှု ရှိလာခြင်း ဖြစ်သည်။
လောက်တ်စီနှင့် ရှာဟင်အမှုတို့ကဲ့သို့ အမှုများသည် ဘာသာရေး စကားဖြင့် ဖော်ပြသည်ဖြစ်စေ၊ ဘာသာမဖက်ရေး ဘာသာစကားဖြင့် ဖော်ပြသည်ဖြစ်စေ လူသားအားလုံးဆိုင်ရာ တန်ဖိုးများ၊ အခွင့်အရေးများကို တိုင်တည်ခြင်းသည် နိုင်ငံတော်က ကြားဝင် ဆောင်ရွက်ပေးသည့် ကွဲပြားခြားနားမှု တောင်းဆိုချက်များ လိုက်လျောပေးမှုနှင့် မည်သို့မည်ပုံ ပွတ်တိုက်ကြပုံကို နားလည်သဘောပေါက်ရန် အထောက်အကူပြုသည်။ အဆိုပါ ကွဲပြားခြားနားမှု တောင်းဆိုချက်များကို အဆုံးအဖြတ်ပေးရာ၌ ECHR သည် နိုင်ငံတော်၏ အဓိပ္ပာယ် ဖွင့်ဆိုခွင့်ဘက်မှ နေ၍ ထောက်ခံလေ့ရှိသည်။
ဘာသာရေးဆိုင်ရာ ကိစ္စများနှင့် ပတ်သက်လာလျှင် ဗဟုဝါဒ (pluralism) တန်ဖိုးအား အကဲဖြတ် ဆန်းစစ်ကြပုံ၊ မြှင့်တင်ပေးကြပုံ အမျိုးမျိုးရှိကြောင်း လောက်တ်စီနှင့် ရှာဟင်အမှုတို့က သရုပ်ဖော်ပြထားသည်။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

စိတ်ကူးဖြင့် မှန်းဆပြီး လောက်တ်စီနှင့် ရှာဟင်အမှုတို့၏ လက်တွေ့အချက်အလက်များကို ပြောင်းပြန် လှန်ပစ်ကြည့်ပါ။ အီတလီနိုင်ငံတွင် ကလေးငယ်များသည် အစ္စလာမ် အမှတ်အသားကို ထင်သာမြင်သာစွာ ပြထားသည့် ကျောင်းများကို တက်ရောက်ကြရပြီး တူရကီနိုင်ငံတွင် ကျောင်းသူတစ်ဦးသည် ခရစ်ယာန် ဝတ်စား ဆင်ယင်ပုံ သို့မဟုတ် ဓလေ့တစ်ခုကြောင့် အဆင့်မြင့်ပညာ တက်ရောက်သင်ကြားခွင့် တစ်စိတ်တစ်ပိုင်း ငြင်းပယ်ခံရသည် ဆိုပါစို့။ အမှုများမှ အခြား ဆုံးဖြတ်ချက် ရလဒ်များ ထွက်ပေါ်လာခဲ့မည်ဟု ထင်ပါသလား။ ECHR ၏ ဆုံးဖြတ်ချက်များ၌ နောက်ခံအခြေအနေသည် အပြောင်းအလဲ တစ်စုံတစ်ရာ ဖြစ်စေပါသလား သို့မဟုတ် အမှုတစ်ခုစီ၌ အခွင့်အရေးများ၏ စံနှုန်းပိုင်းဆိုင်ရာ မေးခွန်းများအပေါ် သင်၏ ကိုယ်ပိုင် သုံးသပ်ချက်က အဘယ်နည်း။

## နိဂုံး

ဘာသာရေးနှင့် လူ့အခွင့်ရေးတို့သည် ဒဿနနှင့် သီအိုရီ ကိန်းဝပ်ရာ နေရာ တူညီသော စံနှုန်းပြု အတွေးအခေါ် စနစ်များနှင့် လူမှုရေး စနစ်တို့ဖြစ်ကြသည်။ ဘာသာရေးနှင့် လူ့အခွင့်အရေးတို့ကို လေ့လာသည့်အခါ နောက်ခံအခြေအနေနှင့် သမိုင်းတို့ကို မပါမဖြစ် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ UDHR ၊ ကုလသမဂ္ဂ ပင်မ စာချုပ်များနှင့် လူ့အခွင့်အရေးများဆိုင်ရာ ဥရောပ သဘောတူစာချုပ် တို့ကဲ့သို့ ဒေသ အစီအမံများအား တချို့က တစ်ကမ္ဘာလုံး အကျုံးဝင်သည်ဟု ရှုမြင်ကြပြီး တချို့က ကမ္ဘာတစ်ဝှမ်းလုံးရှိ ဘာသာများ၊ ယဉ်ကျေးမှုများ အားလုံး၏ အငွေ့အသက် အစုံအလင် မပါရှိဟု ရှုမြင်ကြသည်။ ဤသို့ ဖြစ်လင့်ကစား ဘာသာရေး လွတ်လပ်ခွင့်၊ လွတ်လပ်စွာ ယုံကြည်ခွင့်နှင့် အခြားသော မခွဲခြားဘဲ ဆက်ဆံခွင့်တို့အား လူ့အခွင့်အရေး ဥပဒေ၌ ထည့်သွင်းထားပြီး ဖြစ်သည်။ ဤကိစ္စ၌ ဘာသာရေးအား အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း မရှိစေကာမူ ဘာသာရေးရော လူ့အခွင့်အရေးပါ ငြိမ်းချမ်းရေး၊ တာဝန်၊ တန်းတူညီမျှမှု၊ ဂုဏ်သိက္ခာနှင့် တရားမျှတမှု စသည့် အကြောင်းခြင်းရာ များစွာပါဝင်သော အယူအဆများနှင့် ဆက်နွယ် ပတ်သက်ကြသည်ဟု ဆိုနိုင်သည်။ တစ်ခါတစ်ရံတွင် ဘာသာရေးနှင့် လူ့အခွင့်အရေးတို့သည် ဤအယူအဆများနှင့် ပတ်သက်ပြီး ပြိုင်ဆိုင်ကြပြီး တစ်ခါတစ်ရံတွင် မဟာမိတ် ဖွဲ့ကြသည်။ ဘာသာရေး

အယူအဆများ အကြောင်း တချို့သော အဓိပ္ပာယ် ဖွင့်ဆိုချက်များသည် လူ့အခွင့်အရေး စံနှုန်းများနှင့် သဟဇာတ မဖြစ်သည့် သာဓက တချို့လည်း ရှိသည်။ သို့ရာတွင် တူညီသော အယူအဆများ၊ စံနှုန်းများအပေါ် အဓိပ္ပာယ် ဖွင့်ဆိုချက်များသည် သဟဇာတ ဖြစ်လျှင်လည်း ဖြစ်နိုင်သည်။ ဤအချက်သည် အမျိုးသမီး အခွင့်အရေးများနှင့် ဘာသာရေး ကိစ္စတွင် ထင်ရှားသည်။ ထိုကဲ့သို့သော အခြေအနေများ၌ ဘာသာရေး၊ တရားရေးနှင့် လူမှုရေး အခွင့်အာဏာ ကိစ္စသည် လူ့အခွင့်အရေးနှင့် ဘာသာရေး ဆိုင်ရာ ပြဿနာများအတွက် အခရာကျလာသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများအား တစ်ခါတစ်ရံ၌ ဘာသာရေး အမည်ခံ၍ ကျူးလွန်ကြသည်မှာ ငြင်း၍မရပေ၊ သို့သော် ဤချိုးဖောက်မှု များသည် ဘာသာရေး တစ်ခုခု၏ ဘောင်နယ်နိမိတ်ထက် ကျော်လွန်သည့် အခြားသော သဘောထား သေးသိမ်သည့် နေရာများမှ ပေါက်ဖွားလာခြင်းလည်း ဖြစ်နိုင်သည်။ ဤချိုးဖောက်မှုများသည် စစ်နှင့် အကြမ်းဖက်မှု တို့ကဲ့သို့ တွန်းပို့ပေးသည့် အခြေအနေများကြောင့်လည်း ပို၍ ဆိုးရွားသွားတတ်ကြသည်။

ဘာသာရေး အမည်ခံ၍ သို့မဟုတ် ဘာသာရေး စဉ်းစားချက်ဖြင့် ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများသည် လူ့သဘောသဘာဝနှင့် လူ့အသိုင်းအဝိုင်းတို့နှင့် စပ်လျဉ်း၍ ဘာသာများက ပြောထားသည့် လူ့သားအားလုံးဆိုင်ရာ မျှော်မှန်းချက်များ၊ အကာအကွယ်များနှင့် ဆီနှင့်ရေလို ဆန့်ကျင်ကြသည်။ လူ့အခွင့်အရေးနှင့် ဘာသာတရားတို့အကြား ပူးပေါင်းနိုင်သော၊ သဟဇာတ ဖြစ်နိုင်သော ဖြစ်နိုင်ခြေ အလားအလာနှင့် အရှိတရားဖြစ်သော ၎င်းတို့အကြား တင်းမာမှုများသည် ဤစနစ်နှစ်ခု အကြား ဒွိဟဆန်သည့် ဆက်နွယ်မှုကို ဖြစ်စေသည်။ ထို့ကြောင့် ဘာသာရေးနှင့် လူ့အခွင့်အရေး စံနှုန်းများအကြား ဆက်နွယ်မှုသည် ပိုမို၍ ဥပဒေဘောင် အတွင်းသို့ ရောက်လာသည့်တိုင် ဘာသာရေးနှင့် အခွင့်အရေးတို့၏ အကြောင်းအရာ ကွြယ်ဝစုံလင်သည့် သမိုင်းသည် စနစ်တကျ ပြုပြင်ပြောင်းလဲရေး၊ ပြန်လည် အဓိပ္ပာယ် ဖွင့်ဆိုမှု တို့အတွက် လမ်းပွင့်နေဆဲ၊ လိုအပ်နေဆဲ ဖြစ်သည်။ ဘာသာတရားမှ ဖယ်ခွာရေး အယူအဆဘက်သို့ ဦးတည်သည့် လှုပ်ရှားမှုများနှင့် အစွန်းရောက် ဘာသာရေး ထုတ်ဖော်ပြသမှုများသည် ဘာသာရေးနှင့် လူ့အခွင့်အရေးတို့အား ဆန့်ကျင်ဘက် တူရူသို့ တွန်းပို့နေရာ လူ့အခွင့်အရေးနှင့် ဘာသာရေးတို့အား ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီအဖြစ် ပေါင်းစပ် စဉ်းစားပေးနိုင်သော၊ ၎င်းတို့အကြား ဆက်ဆံရေးများအား အခြေအနေကို ထင်ဟပ်သော ပုံစံသစ်များဖြင့် ပုံဖော် စဉ်းစားပေးနိုင်သော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ လိုအပ်သည်။

## မေးခွန်းများ

### တစ်ဦးချင်း လေ့လာရန် မေးခွန်းများ

၁။ ဘာသာရေးသည် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများ ရေးဆွဲရာ၌ မည်သည့် အတိုင်းအတာအထိ ထည့်သွင်း စဉ်းစားသင့်သည့် အချက်တစ်ချက် ဖြစ်သနည်း။

၂။ လူ့အခွင့်အရေးများဆိုင်ရာ ဥရောပ တရားရုံးသည် ဘာသာရေးနှင့် စပ်လျဉ်း၍ ဘက်လိုက်မှု ရှိပါသလား။

၃။ ဘာသာရေးနှင့် အခြား အခွင့်အရေးများ အကြား ပဋိပက္ခများအား မည်ကဲ့သို့ ဖြေရှင်းပေးသင့်သနည်း။

၄။ ဘာသာရေး အခြေပြု ခွဲခြား ဆက်ဆံမှုများအား အခြားသော ခွဲခြား ဆက်ဆံမှုပုံစံများမှ ခွဲခြားရန် အမြဲတမ်း ဖြစ်နိုင်ပါသလား။

**အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ**

၁။ လောက်တ်စီနှင့် ရှာဟင်အမှုတို့အပေါ် ECHR ၏ ဆုံးဖြတ်ချက်များသည် ရှေ့နောက်ညီပါသလား သို့မဟုတ် တရားရုံး၏ ဘာသာရေးနှင့် လူ့အခွင့်အရေးတို့အပေါ် တရားစီရင်ချက်အရ ပြောလျှင် အချင်းချင်း ပဋိပက္ခ ဖြစ်ပါသလား။

၂။ လူ့အခွင့်အရေးများသည် ဘာသာရေး မရှိဘဲ တည်ရှိနိုင်၊ မနိုင် ဆွေးနွေးပါ။

၃။ လူ့အခွင့်အရေး အကာကွယ်ပေးမှုများကို အပြည့်အဝ အကောင်အထည်ဖော်ရန် ဘာသာရေးမဖက်သည့် နိုင်ငံတော်တစ်ခု လိုပါသလား။

## ဆက်လက် ဖတ်ရှုရန်


**Banchoff, T.** and **Wuthnow, R.** (eds) (2011). *Religion and the Global Politics of Human Rights.* New York: Oxford University Press.

ဤစာအုပ်သည် ဘာသာရေး အစဉ်အလာအမျိုးမျိုးနှင့် နိုင်ငံရေးစနစ်အမျိုးမျိုးမှ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရေး နိုင်ငံရေးများကိုလေ့လာထားသည့် အဓိကလေ့လာချက်တစ်ခု ဖြစ်သည်။

**Perry, M. J.** (2006). *Toward a Theory of Human Rights: Religion, Law, Courts.* New York: Cambridge University Press.

ဤစာအုပ်၌ မိုင်ကယ်ပယ်ရီသည် ဘာသာရေးနှင့် လူ့အခွင့်အရေး၏ ကိုယ်ကျင့်သဘောတရားဆိုင်ရာ မေးခွန်းများကို လေ့လာပြီး သေဒဏ်၊ ကိုယ်ဝန်ဖျက်ချခြင်းနှင့် လိင်တူပေါင်းသင်းမှုတို့အပါအဝင် ခေါင်းစဉ်တချို့ကိုလည်း ဆွေးနွေးထားသည်။

**Taylor, P. M.** (2005). *Freedom of Religion: UN and European Human Rights Law.* Cambridge: Cambridge University Press.

ဤစာအုပ်သည် ဥရောပနှင့် ကုလသမဂ္ဂတို့၏ ဘာသာရေး လွတ်လပ်ခွင့် ဥပဒေများ ဖြစ်ပေါ်တိုးတက်လာမှုကို နှိုင်းယှဉ်လေ့လာထားသည်။

**Witte, J. Jr** and **Green, M. C.** (eds) (2012). *Religion and Human Rights: An Introduction*. New York: Oxford University Press.

ဤစာအုပ်သည် ဘာသာရေးနှင့် လူ့အခွင့်အရေးတို့အကြောင်း ထောင့်စုံသော လေ့လာချက်တစ်ခု ဖြစ်ပြီး အမြင်အမျိုးမျိုးနှင့် အစဉ်အလာမျိုးမျိုး ပါဝင်သည်။

## ဝက်ဘ်ဆိုက်အညွှန်း

http://www.ohchr.org/EN/Issues/FreedomReligion/Pages/FreedomReligionIndex.aspx
ဤဝက်ဘ်ဆိုက်သည် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီက ခန့်အပ်သည့် အထူးကိုယ်စားလှယ်၏ ဘာသာရေး သို့မဟုတ် ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့် စပ်လျဉ်း၍ လုပ်ဆောင်ချက်များအကြောင်း သတင်းအချက်အလက် ပေးပါသည်။

http://www.strasbourgconsortium.org Strasbourg အဖွဲ့သည် ဘာသာရေး သို့မဟုတ် ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်အကြောင်း လေ့လာသည့် ပညာရပ်အင်စတီကျူးရှင်းတချို့၏ လေ့လာရေးသားချက်များကို စုစည်းထားပြီး ၎င်းတို့သည် လူ့အခွင့်အရေးဆိုင်ရာ ဥရောပ တရားရုံး၏ လုပ်ငန်းများနှင့် ပတ်သက်လျှင် အွန်လိုင်းမှ ဖြန့်ချိပေးသည်။

https://scholarblogs.emory.edu/aannaim/ ပါမောက္ခ အာဗ်ဒူလာအန်နာအိမ်သည် အီမော်ရီ ဥပဒေ ကျောင်း၌ ချားလ်စ်ဟောင်းဝါးကန်ဒလာ ဂုဏ်ထူးဆောင် ဥပဒေ ပါမောက္ခ ဖြစ်သည်။

http://wwwl.umn.edu/humanrts/edumat/studyguides/religion.html မီနက်ဆိုတာ တက္ကသိုလ် လူ့အခွင့်အရေး စာကြည့်တိုက်သည် ဘာသာရေး သို့မဟုတ် ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်အကြောင်း လေ့လာရေး လမ်းညွှန်ဖြစ်သည်။

https://www.opendemocracy.net/openglobalrights/religion-and-human-rights Open Democracy သည် အကျိုးအမြတ်အတွက် မရည်ရွယ်သည့် အွန်လိုင်း ဆွေးနွေးရေး ဖိုရမ်ဖြစ်ပြီး ဘာသာရေးနှင့် လူ့အခွင့်အရေးနယ်ပယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုအကြောင်း ဖိတ်ခေါ်ထားသော စာရေးသူများ၏ ဆောင်းပါးများကို ထုတ်ဝေထားသည်။

### မှတ်စုများ

၁။ Magna Carta (ပဋိညာဉ်ကြီး) ကို ဘုရင် ဂျွန်သည် မျုးမတ်ဘယ်ရွန်တစ်စု၏ ဖိအားကြောင့် အင်္ဂလန်နိုင်ငံ၊ ရမ်နီမေး၌ လက်မှတ်ထိုးခဲ့သည်။ ဤစာသည် တရားဥပဒေစိုးမိုးမှုကို အတည်ပြုပြီး ဘုရင်အား ဥပဒေလက်အောက်၌ ထားခဲ့သည်။ အင်္ဂလန်ဘုရားကျောင်းသည် ယင်း၏ အခွင့်အရေးများ ယုတ်လျော့ဘဲ ရရှိစေပြီး ယင်း၏ လွတ်လပ်ခွင့်များ မပျက်မစီးဘဲ ရှိစေရမည်ဟူသော ပထမဦးဆုံး စာပိုဒ်အပါအဝင် ဤစာ၏ စာပိုဒ်တချို့သည် ဗြိတိန်နိုင်ငံ၏ ဥပဒေတွင် ရှိနေသေးသည်။

၂။ Margin of appreciation ဟူသည်မှာ အကျယ်ပြောဆိုး ဆိုရလျှင် လူ့အခွင့်အရေးဆိုင်ရာ ဥရောပ သဘောတူစာချုပ်အရ ရှိသော တာဝန်များကို ဖြည့်ဆည်းရာ၌ နိုင်ငံအစိုးရများအား ပေးထားသည့် လွတ်လပ်ခွင့်အတိုင်းအတာ ဖြစ်သည်။

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၁၁) လိင်စိတ် တိမ်းညွတ်မှု၊ ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်နှင့် လူ့အခွင့်အရေး

**ခရစ်စတင်း (ခရစ်ကက်) ကီတင်းနှင့် စင်သီယာ ဘူရက် (Christine (Cricket) Keating and Cynthia Burack)**

## အခန်း မာတိကာ

- နိဒါန်း
- လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်များ၏ လူ့အခွင့်အရေး ဖြစ်မှု
- SOGI လူ့အခွင့်အရေးအတွက် စုစည်းခြင်း
- SOGI လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားမှုများအပေါ် ဝေဖန်မှုများ
- ဖြစ်ရပ် လေ့လာခြင်း၊ ယူဂန်ဒါ
- နိဂုံး

## စာဖတ်အညွှန်း

ယခု အခန်းသည် အမျိုးသမီးခြင်း ချစ်ကြိုက်သူ၊ အမျိုးသားချင်း ချစ်ကြိုက်သူ၊ လိင်တူ၊ လိင်ကွဲ နှစ်မျိုးစလုံးအပေါ် ချစ်ခင် စုံမက်သူ၊ ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲ ပြုမူ နေထိုင်သူ၊ မည်သည့် လိင်ဝိသေသ ဖြစ်သည်ကို မွေးရာပါ လိင်အင်္ဂါဖြင့် သတ်မှတ်၍ မရသူ၊ လိင်တူ ချစ်ကြိုက်သူများနှင့် ဆိုင်သည့် ကိစ္စရပ်များကို လေ့လာထားခြင်း ဖြစ်သည် (ထိုသူများကို အတိုကောက် အားဖြင့် LGBTI ဟု ခေါ်ကြသည်)။ မကြာသေးမီ နှစ်များအတွင်း LGBTI အုပ်စုများသည် လူ့အခွင့်အရေး အသုံးအနှုန်းများနှင့် မူဘောင်များကို အသုံးပြုကာ နိုင်ငံတော်၊ အရပ်ဘက် အဖွဲ့အစည်း၊ ဘာသာရေးနှင့် လူအချင်းချင်းအကြား အကြမ်းဖက်ခြင်းနှင့် ခွဲခြား ဆက်ဆံခြင်းတို့ကို ဆန့်ကျင်ရန် စုစည်းလာကြသည်။ LGBTI များအတွက် အဓိက ကျသည့် လူ့အခွင့်အရေး ကိစ္စရပ်များမှာ အဘယ်နည်း။ ထိုအုပ်စုများက အဆိုပါ စိန်ခေါ်မှုများကို လူ့အခွင့်အရေး မူဘောင်အတွင်းမှ ဖြေရှင်းရန် မည်ကဲ့သို့ စုစည်း လုပ်ဆောင် ကြသနည်း။ LGBTI လူ့အခွင့်အရေး ထောက်ခံ လှုပ်ရှားသူများ ရင်ဆိုင်ရသည့် စိန်ခေါ်မှုများက အဘယ်နည်း။ မည်သို့သော အောင်မြင်မှုများ ရရှိခဲ့သနည်း။ LGBTI များအတွက် လူ့အခွင့်အရေး ကြိုးပမ်းမှုကို လေ့လာသည့် ယခု အခန်းတွင် လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက် ဆိုင်ရာ တရားမျှတရေး ကြိုးပမ်းမှုများတွင် လူ့အခွင့်အရေး ချဉ်းကပ်ပုံများ အသုံးပြုခြင်းအပေါ် ဝေဖန်မှုများအား လေ့လာ ဆန်းစစ်ထားသည်။

## နိဒါန်း

လူ့အခွင့်အရေး အသုံးအနှုန်းများနှင့် ပြောဆိုရေးသားမှုများသည် ခွဲခြား ဆက်ဆံမှုများ၊ ဘေးဖယ်ထားမှုများနှင့် ဖိနှိပ်ခံများအပေါ် ညှဉ်းပန်းမှုများအား ကိုင်တွယ်ရာတွင် အားကောင်းသည့် ကိရိယာများ ဖြစ်သည်။ လိင်စိတ် တိမ်းညွတ်မှု၊ လိင်မှုဆိုင်ရာ အလေ့အထများနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူမှုများနှင့် သက်ဆိုင်သည့် အခွင့်အရေးများကို တောင်းဆိုရန် LGBTI များနှင့် ၎င်းတို့၏ မဟာမိတ်များသည် လူ့အခွင့်အရေး ဆိုင်ရာ ပြောဆိုရေးသားမှုများကို အသုံးပြုခြင်း၊ အခြေအနေကိုလိုက်၍ ပြောင်းလဲ အသုံးပြုခြင်း၊ ပြည်တွင်း၌ စုစည်းမှုများ ပြုလုပ်ခြင်းနှင့် ပြည်တွင်းနှင့် နိုင်ငံတကာ အဆင့်တွင် အခြားအဖွဲ့များနှင့် စုပေါင်းလုပ်ဆောင်ခြင်းများကို ပြုလုပ်ကြသည်။ လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူမှုများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ကိုင်တွယ်ရန် လူ့အခွင့်အရေး မူဘောင်ကို ချဲ့ထွင်ခြင်းသည် လူ့အခွင့်အရေး လှုပ်ရှားမှုများရော၊ LGBTI လှုပ်ရှားမှုများ အတွက်ပါ အရေးပါသည့် ဖြစ်ပေါ် ပြောင်းလဲမှု တစ်ခု ဖြစ်သည်။ ယင်းတွင် LGBTI များ၏ လူ့အခွင့်အရေးများကို ကာကွယ်ရန်နှင့် အသိအမှတ်ပြုရန်၊ လူ့အခွင့်အရေး သဘောတရားကို လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူမှုများ လွတ်လပ်စွာ ရရှိခွင့် အတွက်ပါ ချဲ့ထွင်ရန်တို့ ပါဝင်သည်။

## လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်များ၏ လူ့အခွင့်အရေး ဖြစ်မှု

လိင်စိတ်တိမ်းညွတ်မှု၊ ဂျန်ဒါ စသည်တို့နှင့် ပတ်သက်ပြီး လူ့အခွင့်အရေး နယ်ပယ်တွင် အလုပ် လုပ်ကိုင်ကြသော ပညာရှင်များ၊ ရှေ့နေများ၊ တက်ကြွ လှုပ်ရှားသူများနှင့် အတတ်ပညာရှင် အများအပြားတို့သည် "လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူမှု" (sexual orientation and gender identity) ဟူသည့် အသုံးအနှုန်း၊ အတိုကောက်အားဖြင့် SOGI ကို လူနည်းစုတွင်သာ ရှိသော လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူမှု ရှိသူများအပေါ် ရည်ရွယ်သည့် အခြေခံ ခွဲခြား ဆက်ဆံမှု ပုံစံများကို ရည်ညွှန်းရန် အသုံးပြုသည်။ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာမှု အဖွဲ့ (Amnesty International) (2015a) က လိင်စိတ် တိမ်းညွတ်မှုကို လူတစ်ဦး၏ "လိင်စိတ်ဆန္ဒ၊ ခံစားချက်များ၊ အလေ့အကျင့်များနှင့် ဝိသေသ ခံယူမှု" ဟု အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်။ ဥပမာ လူတစ်ဦးသည် သူနှင့် လိင်တူများအပေါ် နှစ်ခြိုက် သဘောကျခြင်း (ယောက်ျားချင်း စိတ်ဝင်စားသူ၊ မိန်းမချင်း စိတ်ဝင်စားသူ) ရှိနိုင်သည်။ မတူညီသော လိင်ကွဲများကို နှစ်ခြိုက်သဘောကျခြင်းလည်း ရှိနိုင်သည် (လိင်ကွဲသူကို စိတ်ဝင်စားသူ)။ (သို့)လိင်တူ၊ လိင်ကွဲ နှစ်မျိုးစလုံးအပေါ် ချစ်ခင် စုံမက်သူ ဖြစ်နိုင်သည်။ လိင်စိတ် တိမ်းညွတ်မှုနှင့် ကွဲပြားစွာပင် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက် ဆိုသည်မှာ "လူမှု ခွဲခြား သတ်မှတ်မှု ဖြစ်သည့် ယောကျ်ား ဆန်ခြင်း (သို့) မိန်းမဆန်ခြင်းတို့နှင့် ပတ်သက်ပြီး လူတစ်ဦး၏ ကိုယ်ပိုင် ဖော်ပြမှု အတွေ့အကြုံ" ဖြစ်သည်။ ထိုခွဲခြား သတ်မှတ်မှုများအပေါ် မိမိ၏ စိတ်ဆန္ဒအရ ခံယူခြင်းကို "ခံစားရသည့် ကျားမ ဖြစ်မှု" ဟု ရည်ညွှန်းသည် (Amnesty International, 20151)။ လူတစ်ဦးသည် မိမိ ခံစားရသော ကျား၊မ ဖြစ်မှုနှင့် ၎င်းတို့၏ လိင် (သို့) ရုပ်ပိုင်းဆိုင်ရာ သွင်ပြင် လက္ခဏာများ တူညီသည့်အခါ ဆစ်(စ်)ဂျန်ဒါ (cisgender) ဟု သတ်မှတ်သည်။ ၎င်းတို့ ခံစားရသည့် ကျား၊မ ဖြစ်မှုသည် ၎င်းတို့၏ လိင် (သို့) ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာများနှင့် ကွဲပြားသည့်အခါ ဆန့်ကျင်ဘက် လိင်ကွဲသို့ ပြောင်းလဲ ပြုမူ နေထိုင်သူ

(transgender) ဟု ခေါ်ဆိုသည်။ တိကျသည့် လိင်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာ မရှိသူ (သို့) ရောနှောနေသော လိင်ပိုင်းဆိုင်ရာ သွင်ပြင် လက္ခဏာ ရှိသူများကို အင်တာဆက်စ် (intersex) ဟု သတ်မှတ်သည်။ သက်ဆိုင်သည့် အသုံးအနှုန်း တစ်ခုမှာ ကိုယ်ပိုင် လိင်ဝိသေသ လက္ခဏာ ဖော်ပြချက် ဟူသည့် အသုံးအနှုန်း ဖြစ်သည်။ ယင်းမှာ လူတို့က ၎င်းတို့၏ ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်ကို ဖော်ပြသည့် နည်းလမ်းများ ဖြစ်သည် (ထိုအသုံးအနှုန်းများအပေါ် ထပ်မံ ဆွေးနွေးမှုများကို ဇယား ၁၁.၁ တွင် ရှုပါ)။

ယခု အခန်းတွင် လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ဆိုင်ရာ ခံယူချက်များနှင့် သက်ဆိုင်သည့် လူ့အခွင့်အရေးအတွက် လှုပ်ရှားမှုများကို SOGI ဟု အတိုကောက် သုံးနှုန်း သွားမည် ဖြစ်ပြီး ၎င်းတို့၏ လူနည်းစုတွင်သာ ရှိသော လိင်စိတ် ခံယူမှု (သို့) ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်အတွက် ပစ်မှတ်ထားခံနေရသူများအတွက် LGBTI (lesbian, gay, bisexual, transgender and intersex) ဟူသည့် အတိုကောက်ကို သုံးနှုန်းသွားပါမည်။ LGBTI များအတွက် လူ့အခွင့်အရေး လှုပ်ရှားမှုများကို SOGI ဟု ရည်ညွှန်း သုံးရခြင်း၏ အဓိက အားသာချက် နှစ်ခု ရှိသည်။ ပထမ အချက်မှာ ထိုအသုံးအနှုန်းသည် ယေဘုယျအားဖြင့် လိင်နှင့် ဂျန်ဒါ ကွဲပြားခြားနားမှုများကို အာရုံစိုက်ထားပြီး လူနည်းစု လိင်စိတ် ခံယူမှု ရှိသူများနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက် ရှိသူများအတွက် ခြိမ်းခြောက်မှုများနှင့် ရှုတ်ချသည့် ပုံစံများကိုလည်း အလေးစိုက် ထားသည်။ ဒုတိယ အချက်မှာ ထိုအသုံးအနှုန်းသည် တည်ရှိပြီးသား လိင် (သို့) ဂျန်ဒါ ဝိသေသ အမျိုးအစားများကို အတင်းအကြပ် အသုံးပြုခြင်း (သို့) ကမ္ဘာ့ အသိုင်းအဝိုင်းရှိလူများ လက်မခံသည့် နာမည်များ သုံးခြင်းမှ ရှောင်ကြဉ်ထားသည်။ ဥပမာ အချို့သော နောက်ခံ အခြေအနေများတွင် ပေါ်ထွက်ပြီးသား ဝိသေသ အသုံးအနှုန်းများ ဖြစ်သည့် အမျိုးသမီးချင်း စိတ်ဝင်စားသူ၊ အမျိုးသားချင်း စိတ်ဝင်စားသူ၊ လိင်တူရော၊ လိင်ကွဲပါ စိတ်ဝင်စားသူ၊ ဆန့်ကျင်ဘက် လိင်သို့ ပြောင်းလဲ ပြုမူ နေထိုင်သူ၊ မည်သည့် လိင်ဝိသေသ ဖြစ်သည်ကို မွေးရာပါ လိင်အင်္ဂါဖြင့် သတ်မှတ်၍ မရသူ အစရှိသည့် အသုံးအနှုန်းများကို ကမ္ဘာ့ လူ့အခွင့်အရေး ဆိုင်ရာ ပြောဆို ရေးသားမှုများတွင် သုံးနှုန်းခြင်းက လိင်နှင့် ဂျန်ဒါ ဝိသေသများ၊ အလေ့အကျင့်များနှင့် ပတ်သက်ပြီး ယဉ်ကျေးမှုနှင့် ဘာသာစကား ဆိုင်ရာ ကွဲပြားခြားနားခြင်းများ ပယ်ဖျက်ပေးပြီး အနောက်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဘာသာစကား လွှမ်းမိုးမှုကို အားကောင်းစေသည်။

### LGBTI များက အဘယ်ကြောင့် ထိခိုက်လွယ်ရသနည်း

မကြာခဏ ဆိုသလို LGBTI များသည် နိုင်ငံရေးအရ ဖိနှိပ်မှု၊ အကြမ်းဖက်မှုနှင့် ဘေးဖယ်ထားခြင်းများ ရင်ဆိုင်ရသည်။ နိုင်ငံတကာ အမျိုးသမီးချင်း ချစ်ကြိုက်သူများနှင့် အမျိုးသားချင်း ချစ်ကြိုက်သူများ ဆိုင်ရာ အဖွဲ့အစည်း (Internaitonal Lesbian and Gay Association (ILGA)) ၏ အဆိုအရ LGBTI များသည် “တရားမဝင်၊ ကျင့်ဝတ်နှင့် မလျော်ညီသော ရာဇဝတ်ကောင်များ ဖြစ်ပြီး အခြားသူများ ရရှိသည့် ဥပဒေ အကာအကွယ်များ ရရှိရန် မထိုက်တန်” ဟု သတ်မှတ်ခြင်း ခံရသည် (ILGA, 2015c, p. 6)။ လူမှု စံနှုန်းအရ လိင်ကွဲ ချစ်ကြိုက်ခြင်းကိုသာ လက်ခံကြပြီး လိင်တူ ချစ်ကြိုက်ခြင်းကို ကဲ့ရဲ့ ရှုံ့ချခြင်းများကြောင့် LGBTI များသည် အထူး ထိခိုက်လွယ်ကြသည်။ လိင်ကွဲ ချစ်ကြိုက်ခြင်းကိုသာ လက်ခံခြင်း ဆိုသည်မှာ လိင်ကွဲများအကြား ဆက်ဆံရေးတွင် လိင်ကွဲ လိင်စိတ် တိမ်းညွတ်မှု (သို့) မိမိ ခံစားရသော ကျား၊မ ဖြစ်မှုနှင့် ၎င်းတို့၏ လိင် (သို့) ရုပ်ပိုင်းဆိုင်ရာ သွင်ပြင် လက္ခဏာများ တူညီခြင်းသည်သာ ပုံမှန်ဖြစ်ပြီး အခြားသော

လိင်စိတ် တိမ်းညွတ်မှု၊ ကိုယ်ပိုင် လိင်ဝိသေသ ခံယူမှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ဖော်ပြခြင်းတို့သည် သဘာဝ မဟုတ်၊ ကျင့်ဝတ်နှင့် မညီ၊ မှားယွင်းသည်ဟု လက်ခံထားခြင်း ဖြစ်သည်။ လိင်ကွဲ ချစ်ကြိုက်ခြင်းကိုသာ လက်ခံခြင်းက LGBTI များသည် ပုံမှန်မှ သွေဖည်သူ (သို့) ပုံမှန် မဟုတ်သူများဟူသည့် သဘောထားအမြင်ကို ဖန်တီးပေးပြီး ထိုသူများအပေါ် ခွဲခြား ဆက်ဆံခြင်းသည် တစ်နည်းနည်းဖြင့် ထိုက်တန်သည် (သို့) ကျိုးကြောင်း ဆီလျော်သည်ဟု ရှုမြင်စေ သောကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြစ်ပေါ်စေသည်။ လိင်တူ ချစ်ကြိုက်ခြင်းကို ကဲ့ရဲ့ ရှုံ့ရှာခြင်းသည် လိင်ကွဲ ချစ်ကြိုက်ခြင်းကိုသာ လက်ခံခြင်းနှင့် နီးနီးကပ်ကပ် ဆက်စပ်နေပြီး လိင်ကွဲ နှစ်သက်သူ မဟုတ်သူများ (သို့) ဂျန်ဒါ လက္ခဏာများနှင့် မကိုက်ညီသူများကို ကြောက်ရွံ့ခြင်း (သို့) မနှစ်မြို့ခြင်း ဖြစ်သည်။ လိင်တူ ချစ်ကြိုက်ခြင်းကို ကဲ့ရဲ့ ရှုံ့ရှာခြင်းအား စိတ်နှလုံးတွင်း ကင်းအောင်းနေခြင်း (internalized homophobia) ဆိုသည်မှာ လူတစ်ဦးသည် မိမိ၏ အများနှင့် မတူသော လိင်ပိုင်း ဆိုင်ရာ (သို့) ဂျန်ဒါ ဝိသေသကြောင့် ကြောက်ရွံ့ခြင်း၊ ရှုံ့ရှာခြင်းများ ခံစားရခြင်း ဖြစ်သည်။ လိင်တူ ချစ်ကြိုက်ခြင်းကို ကဲ့ရဲ့ ရှုံ့ရှာခြင်းအား စိတ်နှလုံးတွင်း ကိန်းအောင်းနေခြင်းသည် LGBTI များကို စိတ်ဓာတ်ကျခြင်းနှင့် မိမိကိုယ်ကိုယ် သတ်သေခြင်းများ ပြုလုပ်စေသည်။

ဇယား ၁၁.၁။ LGBTI အသုံးအနှုန်းများနှင့် အဓိပ္ပာယ် ဖွင့်ဆိုချက်များ

| | **လိင်စိတ် တိမ်းညွတ်မှု** | **ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်** | **လိင်ဝိသေသ ဖော်ပြခြင်း** |
|---|---|---|---|
| လိင်ကွဲ ချစ်ကြိုက်သူ (Hetrosexual) | လိင်ကွဲကိုသာ အဓိက အားဖြင့် (သို့) သီးသန့် စိတ်ဝင်စားခြင်း | ပြဿနာ ရှိချင်မှ ရှိမည် | လွှမ်းမိုးမှု ရှိသော လိင်ဝိသေသ ဖော်ပြခြင်းမှ ကွဲလွဲခြင်း ရှိချင်မှ ရှိမည် |
| လိင်တူ ချစ်ကြိုက်ခြင်း (Homosexual) (အမျိုးသားများကို အမျိုးသားချင်း ချစ်ကြိုက်သူ (gay)၊ အမျိုးသမီးများကို အမျိုးသမီးချင်း ချစ်ကြိုက်သူ (lesbian) ဟု ညွှန်းဆိုသည်) | လိင်တူကိုသာ အဓိက အားဖြင့် (သို့) သီးသန့် စိတ်ဝင်စားခြင်း | ပြဿနာ ရှိချင်မှ ရှိမည် | လွှမ်းမိုးမှု ရှိသော လိင်ဝိသေသ ဖော်ပြခြင်းမှ ကွဲလွဲခြင်း ရှိချင်မှ ရှိမည် |
| လိင်ကွဲရော၊ လိင်တူပါ ချစ်ကြိုက်သူ (Bisexual) (အမျိုးသမီးများနှင့် အမျိုးသားများ) | လိင်ကွဲရော လိင်တူပါ စိတ်ဝင်စားကြသည် | ပြဿနာ ရှိချင်မှ ရှိမည် | လွှမ်းမိုးမှု ရှိသော လိင်ဝိသေသ ဖော်ပြခြင်းမှ ကွဲလွဲခြင်း ရှိချင်မှ ရှိမည် |
| ဆန့်ကျင်ဘက် လိင်သို့ ပြောင်းလဲ ပြုမူ နေထိုင် သူ (transgender) | ပြဿနာ ရှိချင်မှ ရှိမည် | မွေးဖွားစဉ်ကပင် သတ်မှတ်ပေးထားသော ဂျန်ဒါ ဝိသေသ လက္ခဏာ ကို လက်မခံပေ။ | ရုပ်ရည်အသွင်အပြင်နှင့်/ သို့မဟုတ် ခန္ဓာကိုယ် ဖွဲ့စည်းပုံ ပြောင်းလဲကောင်း ပြောင်းလဲ ထားမည်။ |
| ဆစ်(စ်)ဂျန်ဒါ (Cisgender) (အမျိုးသမီးများနှင့် အမျိုးသားများ) | ပြဿနာ ရှိချင်မှ ရှိမည် | မွေးဖွားစဉ်ကပင် သတ်မှတ်ပေးထားသော ဂျန်ဒါ ဝိသေသ လက္ခဏာ ကို လက်ခံထားသည်။ | လွှမ်းမိုးမှု ရှိသော လိင်ဝိသေသ ဖော်ပြခြင်းမှ ကွဲလွဲခြင်း ရှိချင်မှ ရှိမည် |
| တိကျသည့် လိင်ပိုင်းဆိုင်ရာ | ပြဿနာ ရှိချင်မှ ရှိမည် | ပြဿနာ ရှိချင်မှ ရှိမည် | ခန္ဓာကိုယ် ဖွဲ့စည်းပုံကို |

| | |
|---|---|
| သွင်ပြင်လက္ခဏာ မရှိသူ (သို့) ရောနှောနေသော လိင်ပိုင်းဆိုင်ရာ သွင်ပြင် လက္ခဏာ ရှိသူများ (Intersex) | ပြောင်းလဲကောင်း ပြောင်းလဲ နိုင်သည်။ သို့ရာတွင် ပိုင်ဆိုင် နေသည့် ကိုယ်ခန္ဓာ ဖွဲ့စည်းပုံ ကြောင့် လူမှု ဖိအားများ ခံစားရ နိုင်သည်။ အထူးသဖြင့် အမျိုးသား (သို့) အမျိုးသမီး၏ အဆင့်အတန်းနှင့် ကိုက်ညီသော လိင်အင်္ဂါနှင့် ပတ်သက်၍ လူမှု ဖိအားများ ခံစားရ နိုင်သည်။ |

Corrales and Pecheny (2010, p. 4) ကို မှီငြမ်းသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံရေး နောက်ခံ အခြေအနေများတွင် လိင်တူ ချစ်ကြိုက်မှုကို ရှုံ့ချာမုန်းတီးခြင်း ဆိုင်ရာ လှုပ်ရှားသူများမှာ မကြာခဏ ဆိုသလို နိုင်ငံတော်မှ ဖြစ်သည်။ လိင်တူ ချစ်ကြိုက်ခြင်း ဆိုင်ရာ အလေ့အကျင့်များကို အပြစ်ပေး အရေးယူခြင်း၊ နိုင်ငံရေး သမားများ (သို့) နိုင်ငံရေး ကိုယ်စားလှယ်များက ပြောဆို ရေးသားမှုများနှင့် မူဝါဒများတွင် LGBTI ဆန့်ကျင်ရေး အသုံးအနှုန်းများ သုံးနှုန်းခြင်းတို့ကို နိုင်ငံတော်၏ လိင်တူ ချစ်ကြိုက်ခြင်းကို ရှုတ်ချခြင်း (သို့) နိုင်ငံတော်မှ ပံ့ပိုးသည့် လိင်တူ ချစ်ကြိုက်ခြင်းကို ရှုတ်ချခြင်းဟု ရည်ညွှန်းသည်။ ILGA ၏ အဆိုအရ ၂၀၁၅ ခုနှစ်အထိ လိင်တူ လိင်အမှုအကျင့်များကို နိုင်ငံပေါင်း ၇၅ နိုင်ငံတွင် ဥပဒေအရ အပြစ်ရှိသည်ဟု သတ်မှတ်ထားပြီး နိုင်ငံ ငါးနိုင်ငံတွင် သေဒဏ်အထိ သတ်မှတ်ထားသည် (ILGA, 2015c, p.9)။ ဥပဒေအရ အပြစ်ရှိသည်ဟု သတ်မှတ်သည့်အပြင် LGBTI များသည် ထိပါး နှောင့်ယှက် ခံရခြင်း၊ လူမှုရေးအရ ဖယ်ကျဉ်ထားခံရခြင်း၊ အလုပ်အကိုင်၊ နေအိမ်နှင့် ကျန်းမာရေး စောင့်ရှောက်မှုများတွင် ခွဲခြား ဆက်ဆံ ခံရခြင်း၊ မိဘ (သို့) အုပ်ထိန်းသူ အခွင့်အရေးများ ငြင်းပယ် ခံရခြင်းနှင့်/ သို့မဟုတ် ကန့်သတ်ခံရခြင်း၊ အကြမ်းဖက်ခံရခြင်း အစရှိသည့် အခွင့်အရေး ချိုးဖောက် ခံရခြင်းများလည်း ခံစားရနိုင်သည် (SOGI လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ဥပဒေ နောက်ခံ ပြောင်းလဲလာပုံ အချက်အလက်ကို ပုံ ၁၁.၁ တွင် ရှုပါ)။

**ပုံ ၁၁.၁။** ပြောင်းလဲနေသည့် SOGI ဥပဒေ နောက်ခံ၊ ဖိနှိပ်ခြင်း၊ ကာကွယ်ခြင်းနှင့် အသိအမှတ်ပြုခြင်း




အချက်အလက်များကို အောက်ပါတို့မှ ရယူသည်။

Aengus Carroll and Lucas Paoli Itaborahy. *State-Sponsored Homophobia Report.* ILGA, 2015.
http://www.old.ilga.org/Statehomophobia/ILGA_State_Sponsored_Homophobia_2015.pdf

Daniel Ottoson. State-sponsored Homophobia: A World Survey of Laws Prohibiting Same Sex Activity between Consenting Adults. ILGA, 2010.
http://www.gaylawnet.com/ezine/crime/ilga_2010.pdf

## SOGI လူ့အခွင့်အရေး ချိုးဖောက်မှု၏ သရုပ်ပုံစံ သုံးမျိုး

လူနည်းစု လိင်စိတ် တိမ်းညွတ်သူများ (သို့) လိင်ဝိသေသ လက္ခဏာ ရှိသူများသည် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို ပိုမို ခံစားရခြင်းအား နားလည်စေရန် (အခွင့်အရေးများနှင့် လိင်ပိုင်း ဆိုင်ရာတို့ ဆက်စပ်မှုများကို စာသေတ္တာ ၁၁.၁ တွင် ရှုပါ) ထိုချိုးဖောက်ခြင်းများ၏ သရုပ် သုံးမျိုးကို မှတ်သား ထားသင့်သည်။ ပထမ သရုပ်ပုံစံမှာ လူများသည် SOGI ချိုးဖောက်မှုများကို သိသိသာသာ (သို့) မသိမသာ တွေ့ကြုံကြရသည်။ SOGI အခွင့်အရေးများ သိသိသာသာ ချိုးဖောက်ခံရခြင်း ဆိုသည်မှာ လူများကို ၎င်းတို့၏ လိင်(သို့) ဂျန်ဒါ ဝိသေသ လက္ခဏာကြောင့် အကြမ်းဖက်ခြင်း၊ ခွဲခြား ဆက်ဆံခြင်း (သို့) ဖော်ထုတ် (သို့) သိသိသာသာ ဖိနှိပ်ခြင်းတို့ ဖြစ်သည်။ သိသိသာသာ အခွင့်အရေး ချိုးဖောက်မှုများအပြင် LGBTI များသည် ၎င်းတို့၏ လူနည်းစု ဖြစ်သော လိင်စိတ် တိမ်းညွတ်မှု (သို့) ကိုယ်ပိုင် လိင်ဝိသေသ လက္ခဏာများကြောင့် မမြင်သာသော (သို့မဟုတ် စုံစမ်း စစ်ဆေးခြင်း (သို့) စည်းကြပ်ခြင်း မရှိသော) လူ့အခွင့်အရေး ချိုးဖောက်ခြင်းများကိုလည်း ခံစားရသည်။ လူ့အခွင့်အရေး လှုပ်ရှားသူများသည် SOGI အခွင့်အရေးများ သိသိသာသာ ချိုးဖောက်ခြင်းနှင့် မသိမသာ ချိုးဖောက်ခြင်း နှစ်မျိုးလုံးကို ကိုင်တွယ်ရန် လုပ်ဆောင်နေကြသည်။

SOGI လူ့အခွင့်အရေး ချိုးဖောက်မှုတွင် ဒုတိယ အရေးပါသည့် ရှုထောင့်မှာ ၎င်းတို့ကို နိုင်ငံတော်၊ အရပ်ဘက် အဖွဲ့အစည်းနှင့် လူတစ်ဦးနှင့် တစ်ဦးကြား ကျူးလွန်ကြခြင်း ဖြစ်သည်။ လူနည်းစု ဖြစ်သော လိင်စိတ် တိမ်းညွှတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ လက္ခဏာ ရှိသူများကို ပစ်မှတ်ထားသည့် ဥပဒေများသည် နိုင်ငံတော်အဆင့် SOGI အခွင့်အရေး ချိုးဖောက်ခြင်း ဖြစ်သည်။ အရပ်ဘက် အဖွဲ့အစည်း အဆင့်တွင် ကမ္ဘာတစ်ဝန်းရှိ LGBTI များအတွက် အလုပ်အကိုင်၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် နေစရာ ရှိမှု နယ်ပယ်များမှ လူ့အခွင့်အရေးများ ချိုးဖောက် ခံကြရသည်။ ဥပမာ အလုပ်ခွင်တွင် အကာအကွယ် ချမှတ်ပေးထားခြင်း မရှိသည့်အခါ LGBTI များကို ၎င်းတို့၏ လိင်စိတ် တိမ်းညွှတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်များကြောင့် အလုပ်ခွင် ခွဲခြား ဆက်ဆံခံရခြင်း၊ အလုပ်ဖြုတ် ခံရခြင်း၊ ထိပါး နှောင့်ယှက် ခံရခြင်းတို့ ကြုံတွေ့ရသည်။ LGBTI များသည် ကျန်းမာရေး စောင့်ရှောက်မှု ငြင်းပယ်ခံရခြင်း၊ ဆေးရုံများနှင့် သူနာပြု ဆေးခန်းများသို့ သွားရောက်ခွင့် ငြင်းပယ်ခံရခြင်း၊ နေစရာ ရရှိခွင့်တွင် ခွဲခြား ဆက်ဆံ ခံရခြင်း၊ ကျောင်းများတွင် ဆရာများနှင့် အခြားကျောင်းသားများ၏ အနိုင်ကျင့်မှု ခံရခြင်း ကဲ့သို့သော ပြဿနာများ ရင်ဆိုင်ကြရသည်။ လူတစ်ဦးနှင့် တစ်ဦးကြား အဆင့်တွင် လူနည်းစုတွင်သာ ရှိသည့် လိင်စိတ် တိမ်းညွှတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ လက္ခဏာများ ပိုင်ဆိုင်ခြင်းကြောင့် မျက်မုန်း တန်းမိသူများနှင့် သူစိမ်းများက အဓမ္မပြုကျင့်ခြင်း၊ အနိုင်ကျင့်ခြင်း၊ ထိပါး နှောင့်ယှက်ခြင်းနှင့် သတ်ဖြတ်ခြင်း ကဲ့သို့သော လိင်တူ နှစ်ခြိုက်သူများကို ကဲ့ရဲ့ ရှုံ့ချသူများ၏ အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်ခြင်းများကို ခံစားကြရသည်။ ဥပမာ SOGI အခွင့်အရေးဆိုင်ရာ လုပ်ဆောင်မှုများတွင် အရေးပါသည့် အာရုံစိုက်မှု တစ်ခုမှာ အမျိုးသမီးချင်း ချစ်ကြိုက်သူများနှင့် ဆန့်ကျင်ဘက် လိင်သို့ ပြောင်းလဲ ပြုမူ နေထိုင်သူများကို ပြင်ဆင်ရန် အဓမ္မ ပြုကျင့်ခြင်းများ (corrective rapes) အား အဆုံးသတ်ရန် ဖြစ်သည်။

SOGI/LGBTI လူ့အခွင့်အရေး ချိုးဖောက်မှု၏ တတိယ အချက်မှာ ထိုချိုးဖောက်မှုများသည် အခြားသော လူ့အခွင့်အရေး ဆိုင်ရာ စိုးရိမ် ပူပန်မှုများနှင့် နီးကပ်စွာ ဆက်စပ်နေသည်။ အမျိုးသမီး ရေးရာ ပညာရှင်နှင့် တက်ကြွလှုပ်ရှားသူ ဆူဇန်ဖား (Suzanne Pharr) က လိင်တူ ချစ်ကြိုက်ခြင်းကို ကဲ့ရဲ့ ရှုံ့ချခြင်းသည် “လိင်အခြေပြု ခွဲခြား ဆက်ဆံမှု၏ လက်နက် တစ်ခု ဖြစ်ပြီး” အကြမ်းဖက်မှုနှင့် စီးပွားရေး တို့နှင့်အတူ လိင်တူ ကဲ့ရဲ့ ရှုံ့ချခြင်းသည် လူ့အဖွဲ့အစည်းတွင် တင်းကြပ်ပြီး အဆင့် ခွဲခြားထားသည့် ဂျန်ဒါ အခန်းကဏ္ဍများ သတ်မှတ်ပေးကာ နေရာချပေးသည်။ ဥပမာ ကမ္ဘာတစ်ဝန်းတွင် အမျိုးသမီး အခွင့်အရေးများအတွက် ဦးစီး လုပ်ကိုင်ကြသည့် အမျိုးသမီးများနှင့် ၎င်းတို့၏ လုပ်ရပ်များကို နာမည်ဖျက်ရန် (သို့) တရားမဝင် ဖြစ်စေရန် ထိုသူများကို “အမျိုးသမီးချင်း ချစ်ကြိုက်သူများ” ဟု မကြာခဏ တံဆိပ်ကပ်ကြသည် (Pharr, 1997)။ လိင်စိတ် တိမ်းညွှတ်မှု ကွဲပြားသူ လူနည်းစုများ၏ လူ့အခွင့်အရေးကို ကာကွယ် မပေးသည့်အခါ ထိုသို့သော တံဆိပ်ကပ်မှုများသည် အကြမ်းဖက်ရန် ခြိမ်းခြောက်ခြင်း၊ ဘေးဖယ်ထုတ်ထားခြင်းနှင့် ဖယ်ကြဉ်ထားခြင်းတို့ကို ဖြစ်ပွားစေပြီး လိင်အခြေပြု ခွဲခြား ဆက်ဆံမှုကို စိန်ခေါ်ခြင်းများအား အင်အား လျော့နည်းစေသည်။

| စာသေတ္တာ ၁၁.၁။ အခွင့်အရေးနှင့် ကျား၊မ ဖြစ်မှုတို့အကြား ဆက်စပ်မှုများကို ခွဲခြမ်း စိတ်ဖြာခြင်း |
|---|
| လူ့အခွင့်အရေး မူဘောင်အောက်တွင် အခွင့်အရေး ကာကွယ်ခြင်းများ တောင်းဆိုရန် လူတစ်ဦးသည် အမျိုးအစားခွဲ တစ်ခုထဲတွင် ပါဝင်ပြီး ထိုသို့ ပါဝင်ခြင်းကြောင့် ထိခိုက်ခံရကြောင်း ပြသရန် လိုအပ်သည်။ အခွင့်အရေး ရှိနေသည့် ပုဂ္ဂိုလ်သည် သရုပ်သဏ္ဍာန် (သို့) အပြုအမူတွင် တည်ငြိမ်သော သွင်ပြင် တစ်ခု |

ရှိရမည် ဖြစ်သည်။ လိင်ပိုင်း ဆိုင်ရာ လွတ်လပ်မှု ပိုမို ရရှိရန် (သို့) ကျား၊ မ ဝိသေသ လက္ခဏာ ပြောင်းလဲခွင့် ရှိစေရန် အခွင့်အရေး မူဘောင်ကို အသုံးပြုရာတွင် လူတစ်ဦးသည် လူနည်းစု လိင်စိတ် တိမ်းညွတ်မှုများ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များကို လက်ခံရမည် ဖြစ်ပြီး ယင်းဖွင့်ဆိုချက်များကပင် တစ်ခါတရံ တင်းကြပ်သောကြောင့် ထိုကိစ္စရပ်များမှ တင်းမာမှုများ ဖြစ်ပေါ်စေသည်။ ဆိုလိုသည်မှာ လူတစ်ဦးသည် သူ၏ လိင်စိတ် တိမ်းညွတ်မှုကို တည်ရှိပြီးသား လိင်ပိုင်းဆိုင်ရာ အမျိုးအစား ခွဲခြား သတ်မှတ်မှုများထဲတွင် ဘောင်ဝင်အောင် ထည့်သွင်းရမည် ဖြစ်သည်။ ဥပမာ ခိုလှုံခွင့် လျှောက်ထားရန် လူတစ်ဦးသည် ရှေးဦးစွာ အမျိုးသမီးချင်း စိတ်ဝင်စားသူ (သို့) အမျိုးသားချင်း စိတ်ဝင်စားသူ ဖြစ်ကြောင်း သက်သေ ပြရမည် ဖြစ်သည်။ လူတစ်ဦးသည် လိင်တူ နှစ်ခြိုက်သူ ပုံစံ မပေါက်ပါက (သို့) လက်ထပ်ခဲ့ဖူးပါက လိင်တူ၊ လိင်ကွဲ စိတ်ဝင်စားသူဟု သတ်မှတ်မည် ဖြစ်ပြီး ယင်းက ထိုသူ၏ လျှောက်ထားချက်ကို သံသယ ဝင်စရာ ဖြစ်စေမည် (Immigration Equality, 2015)။ ထိုသို့သော တင်းမာမှုများတွင် မေးခွန်းတစ်ခု ထွက်ပေါ်လာသည်။ လိင်ပိုင်းဆိုင်ရာ အပြုအမူများကြောင့် အစိုးရ၏ ဖိနှိပ်ခြင်းကို ခံရသူများအနေဖြင့် သရုပ်သဏ္ဌာန် သတ်မှတ်ချက်များအား ပို၍ မခိုင်မာစေဘဲ သို့မဟုတ် ပိုမို၍ မတင်းကြပ်စေဘဲ အဆိုပါ ဖိနှိပ်မှုများကို မည်ကဲ့သို့ တွန်းလှန်မည်နည်း။

**အနှစ်ချုပ်**

LGBTI များသည် လိင်တူ ချစ်ကြိုက်ခြင်းကို ကဲ့ရဲ့ ရှုံ့ချခြင်းနှင့် လိင်ကွဲ ချစ်ကြိုက်ခြင်းကိုသာ ပုံမှန် ဖြစ်သည်ဟု လက်ခံခြင်းများကြောင့် လူ့အခွင့်အရေးတွင် ထိခိုက်လွယ်ကြသည်။ ထိုထိခိုက်လွယ်မှု များတွင် ဖိနှိပ်ခံရခြင်း၊ ပြစ်ဒဏ်ပေးခံရခြင်း၊ ခွဲခြား ဆက်ဆံခံရခြင်း၊ လူမှု ဖယ်ကျဉ်မှုနှင့် အကြမ်းဖက်မှုများ ပါဝင်သည်။

SOGI လူ့အခွင့်အရေး ချိုးဖောက်မှုများသည် သိသိသာသာရော၊ မသိမသာပါ ရှိနိုင်သည်။ နိုင်ငံတော် အဆင့်၊ အရပ်ဘက် လူ့အဖွဲ့အစည်း အဆင့်နှင့် လူတစ်ဦးချင်း ဆက်ဆံသည့် အဆင့်များတွင် ဖြစ်ပွားနိုင်ပြီး အခြားသော ဖိနှိပ်မှု ပုံစံများနှင့် မကြာခဏ ဆက်စပ်နေသည်။

လိင်တူ ချစ်ကြိုက်ခြင်းကို ကဲ့ရဲ့ ရှုံ့ချခြင်းသည် “လိင်အခြေပြု ခွဲခြား ဆက်ဆံမှု၏ လက်နက် တစ်ခု ဖြစ်ပြီး” အကြမ်းဖက်မှုနှင့် စီးပွားရေး တို့နှင့်အတူ လိင်တူ ကဲ့ရဲ့ ရှုံ့ချခြင်းသည် လူ့အဖွဲ့အစည်းတွင် တင်းကြပ်ပြီး အဆင့် ခွဲခြားထားသည့် ဂျန်ဒါ အခန်းကဏ္ဍများ သတ်မှတ်ပေးကာ နေရာချပေးသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

လိင်တူ ချစ်ကြိုက်ခြင်းကို ကဲ့ရဲ့ ရှုံ့ချခြင်းသည် အမြစ်တွယ်နေသော ယဉ်ကျေးမှု သဘောထားများ (သို့) လူတစ်ဦးချင်းစီ၏ မျက်နှာလိုက်မှုများတွင် အခြေတည်နေသည်ဟု ပုံဖော်ကျသည်။ သို့ရာတွင် အခြေအနေ အများအပြားတွင် လိင်တူ ချစ်ကြိုက်ခြင်းကို ကဲ့ရဲ့ ရှုံ့ချခြင်းသည် အစိုးရက နိုင်ငံရေး ရလဒ် တစ်ခုခုအတွက် လှုံ့ဆော်ပေးခြင်း ဖြစ်သည်။ သင့်နိုင်ငံ အခြေအနေတွင် လိင်တူ ချစ်ကြိုက်ခြင်းကို ကဲ့ရဲ့ ရှုံ့ချခြင်းက မည်သို့သော နိုင်ငံရေး အကျိုးစီးပွားများကို ရရှိစေပြီး မည်ကဲ့သို့ ရရှိစေသနည်း။

## SOGI လူ့အခွင့်အရေးအတွက် စုစည်းခြင်း

(၁) လူများကို လိင်စိတ် တိမ်းညွှတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်များကြောင့် နိုင်ငံရေးအရ ဖိနှိပ်ခြင်းကို အဆုံးသတ်ရန်၊ (၂) လိင်စိတ် တိမ်းညွှတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်များတွင် လူနည်းစု ဖြစ်နေသူများကိk အကြမ်းဖက်ခြင်း၊ ခွဲခြား ဆက်ဆံခြင်း၊ ထိပါး နှောင့်ယှက်ခြင်းတို့မှ ကာကွယ်ရန် နည်းလမ်းများ အကောင်အထည် ဖော်ရန်၊ (၃) လိင်တူ ဆက်ဆံရေးများနှင့် စံနှုန်းနှင့် သွေဖည်နေသော လိင်ဝိသေသ လက္ခဏာများကို အသိအမှတ်ပြုရန် လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားမှုများက ရည်ရွယ်ကြသည်။ ပုံ ၁၁.၁ တွင် တင်ပြခဲ့သည့်အတိုင်း လွန်ခဲ့သော ငါးနှစ်အတွင်း ထိုရည်မှန်းချက်များ ပြည့်မီရန် သိသာ ထင်ရှားသည့် တိုးတက်မှုများ ရှိလာခဲ့သည်။

ချဉ်းကပ် စည်းရုံးသည့် လုပ်ငန်းများသည် အင်စတီကျူးရှင်းနှင့် ယဉ်ကျေးမှု နောက်ခံ အများအပြားတွင် ပုံစံ အမျိုးမျိုးဖြင့် လုပ်ဆောင်ကြသည်။ ထင်ရှားသည့် ပြည်တွင်း လူ့အခွင့်အရေး အုပ်စုများနှင့် တစ်ခါတရံ ရပ်ရွာမှ အုပ်စုငယ်များသည် အချင်းချင်း သော်လည်းကောင်း၊ ပြည်တွင်း အစိုးများနှင့်သော်လည်းကောင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ LGBTI အဖွဲ့များနှင့် သော်လည်းကောင်း၊ နိုင်ငံ အများအပြားတွင် လှုပ်ရှား ဆောင်ရွက်သည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် သော်လည်းကောင်း ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ကြသည်။ တက်ကြွ လှုပ်ရှားမှု လုပ်ဆောင်ပုံများမှာ ကျယ်ကျယ်ပြန့်ပြန့် ကွဲပြားကြသည်။ ယင်းတို့တွင် LGBTI များကို ပို၍ အသိပေးမှု ရှိပြီး လက်တွေ့ဆန်သော ကိုယ်စားပြုမှုများကို အားပေးရန်၊ နိုင်ငံသားများနှင့် လူမှုရေး၊ နိုင်ငံရေးနှင့် ဘာသာရေး ခေါင်းဆောင်များကို LGBTI ကိစ္စရပ်များနှင့် ပတ်သက်ပြီး ပညာပေးရန်နှင့် ဆက်သွယ် ဆောင်ရွက်ရန်၊ SOGI အုပ်စု၊ အဖွဲ့အစည်း မဟုတ်သူများနှင့် မဟာမိတ် ဖွဲ့ရန်၊ LGBTI တက်ကြွ လှုပ်ရှားသူများနှင့် လူများ၏ လုံခြုံရေးကို ကာကွယ်ရန်နှင့် ဖြစ်နိုင်ပါက LGBTI များအပေါ် သက်ရောက်မှု ရှိနေသည့် မူဝါဒများကို ပြောင်းလဲရန် အစိုးရ တာဝန်ရှိသူများအား ချဉ်းကပ် ဆွဲဆောင် စည်းရုံးရန်တို့ ပါဝင်သည်။

### LGBTI အခြေပြု နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများ

LGBTI အခြေပြု နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများအနက် သက်တမ်းအရင့်ဆုံး အဖွဲ့အစည်းမှာ နိုင်ငံတကာ အမျိုးသမီးချင်း ချစ်ကြိုက်သူများ၊ အမျိုးသားချင်း ချစ်ကြိုက်သူများ၊ လိင်တူ၊ လိင်ကွဲ ချစ်ကြိုက်သူများ၊ ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲပြုမူသူများနှင့် မည်သည့် လိင်ဖြစ်သည်ကို သတ်မှတ်၍ မရသူများဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း (International Lesbian, Gay, Bisexual, Trans, and Intersex Association (ILGA)) ဖြစ်သည်။ ယင်းကို ၁၉၇၈ ခုနှစ်တွင် ဗြိတိန် နိုင်ငံ၌ နိုင်ငံတကာ လိင်တူချစ်သူ အဖွဲ့အစည်းအဖြစ် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ယနေ့ခေတ်တွင် ILGA သည် နိုင်ငံပေါင်း ၁၀၀ ကျော်မှ အဖွဲ့အစည်းများ အပေါ်တွင် စုစည်းထားသည့် အဖွဲ့အစည်း (သို့) ဖက်ဒရေးရှင်း တစ်ခု ဖြစ်သည်။ အခြား အလားတူ အဖွဲ့အစည်းများ နည်းတူ ILGA သည် နိုင်ငံ ဖြတ်ကျော် ချဉ်းကပ် လှုပ်ရှားမှုများကို နိုင်ငံတကာ လူ့အခွင့်အရေး ပြောဆိုရေးသားမှု ရှုထောင့်မှ မချဉ်းကပ်ခဲ့ပေ (Kollman and Waites, 2009, p. 4)။ အမှန်တကယ်လည်း ၁၉၇၀ နှင့် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ကမ္ဘာတစ်ဝန်း ပေါ်ပေါက်ခဲ့သော အမျိုးသားချင်း ချစ်ကြိုက်သူ (သို့မဟုတ် အမျိုးသားချင်း ချစ်ကြိုက်သူနှင့် အမျိုးသမီးချင်း ချစ်ကြိုက်သူ)

အဖွဲ့အစည်းများနှင့် လှုပ်ရှားမှုများသည် ၎င်းတို့၏ တောင်းဆိုချက်များကို ကမ္ဘာ့ လူ့အခွင့်အရေး အဖြစ် တောင်းဆို ပုံဖော်ခဲ့ခြင်း မရှိပေ။ သို့ရာတွင် တက်ကြွ လှုပ်ရှားသူဆိုင်ရာ ပြောဆို ရေးသားမှုများတွင် ထိုအမြင်သဘောတရားကို မသိမသာ တွေ့နိုင်သည် (Loftin, 2012)။ သို့ရာတွင် ၁၉၉၀ ပြည့်လွန်နှစ်များတွင် လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူများသည် SOGI ကို လူ့အခွင့်အရေးတွင် ပေါင်းစပ်လာကြပြီး LGBTI တက်ကြွ လှုပ်ရှားသူများကလည်း ၎င်းတို့၏ ထောက်ခံ လှုပ်ရှားမှုများကို လူ့အခွင့်အရေးဟု ပုံဖော်လာကြသည်။ လူ့အခွင့်အရေး တောင်းဆိုခြင်းက LGBTI များ ရှာဖွေနေသည့် အရာသည် ၎င်းတို့အပေါ် ဆန့်ကျင်သူများ ပြောသလို အထူးအခွင့်အရေး မဟုတ်ဘဲ ၎င်းတို့ မကြာခဏ မရရှိသော အခြေခံ လွတ်လပ်ခွင့်များ ဖြစ်သည် ဟူသော အမှန်တရားကို ဖော်ပြနေခြင်း ဖြစ်သည်။

နိုင်ငံတကာ LGBTI အဖွဲ့အစည်းများသည် ၁၉၉၀ ခုနှစ်တွင် အပြောင်းအလဲများ ဖြစ်လာခဲ့သည်။ နိုင်ငံတကာ အမျိုးသားချင်း ချစ်ကြိုက်သူနှင့် အမျိုးသမီးချင်း ချစ်ကြိုက်သူများ၏ လူ့အခွင့်အရေး ကော်မရှင် (International Gay and Lesbian Human Rights Commission (IGLHRC)) ကို "နေရာတိုင်း၊ လူတိုင်းအတွက် လူအခွင့်အရေး" ဟူသည့် ဆောင်ပုဒ်ဖြင့် ဖွဲ့စည်းခဲ့သည်။ IGLHRC သည် ၎င်းတို့၏ လုပ်ငန်းများကို အဆင့်အများအပြားတွင် လုပ်ကိုင်ကြသည်။ လိင်စိတ် တိမ်းညွတ်မှု (သို့) ကိုယ်ပိုင် လိင်ဝိသေသ (သို့) လိင်ဝိသေသ ဖော်ပြချက်ကြောင့် ထိခိုက်ရသူများ၏ ဘဝကို တိုးတက်စေရန်၊ ကမ္ဘာ့ LGBTI လူ့အခွင့်အရေး လှုပ်ရှားမှုများ၏ စွမ်းရည်ကို မြှင့်တင်ပေးရန်၊ ကုလသမဂ္ဂ၊ အစိုးရ၊ အန်ဂျီအိုများနှင့် အရပ်ဘက် အဖွဲ့အစည်းများ အပါအဝင် ကျယ်ပြန့်သော မိတ်ဖက်များနှင့် လူ့အခွင့်အရေး ချဉ်းကပ် ဆွဲဆောင်မှုများ လုပ်ဆောင်ရန်တို့ ဖြစ်သည် (IGLHRC, 2014)။ IGLHRC သည် ကုလသမဂ္ဂတွင် အသိအမှတ်ပြု အန်ဂျီအိုတစ်ခုအဖြစ် ဆွေးနွေး အကြံပေးနိုင်သည့် အခန်းကဏ္ဍကို ရထားပြီး ၎င်း၏ တက်ကြွ လှုပ်ရှားသည့် လုပ်ငန်းများကို နည်းမျိုးစုံဖြင့် မှတ်တမ်းတင်ကြသည်။ ယင်းသို့ မှတ်တမ်းတင်ခြင်းတွင် "၎င်းတို့၏ ကိုယ်ပိုင် စကားလုံးများဖြင့်၊ အာရှမှ အမျိုးသမီးချင်း ချစ်ကြိုက်သူများ၊ အမျိုးသားရော၊ အမျိုးသမီးကိုပါ စိတ်ဝင်စားသည့် အမျိုးသမီးများနှင့် ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြုမူ နေထိုင်ကြသူများအပေါ် အကြမ်းဖက်မှုများနှင့် ခွဲခြား ဆက်ဆံမှုများအား မှတ်တမ်းတင်ခြင်း" ကဲ့သို့သော ဗီဒီယိုများ၊ နိုင်ငံ တစ်နိုင်ငံမှ LGBT များ၏ အခြေအနေကို အသေးစိတ် ဖော်ပြထားသည့် နိုင်ငံဆိုင်ရာ အစီရင်ခံစာများ ပါဝင်သည် (IGLHRC, 2013)။

လူ့အခွင့်အရေးကို လိင်တူ စိတ်ဝင်စားခြင်းနှင့် ယှဉ်တွဲ ဖော်ပြခြင်းဆိုင်ရာ ကမ္ဘာ့ သမိုင်းတွင် အဓိက လူ့အခွင့်အရေး အဖွဲ့အစည်းများက လိင်အခြေပြု၊ လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ လက္ခဏာ အခြေပြု ခွဲခြား ဆက်ဆံမှုများကို ၎င်းတို့၏ လုပ်ဆောင်ရန်များထဲတွင် တရားဝင် ထည့်သွင်းလိုက်ခြင်းဖြင့် ဖြစ်ပေါ် တိုးတက်မှု တစ်ခု ဖြစ်ပွားခဲ့သည်။ ထိုသို့ လုပ်ဆောင်ခဲ့သည့် အဖွဲ့များထဲမှ ပထမဆုံး အဖွဲ့မှာ ၁၉၆၀ ပြည့်လွန်နှစ်များတွင် ဗြိတိန်နိုင်ငံတွင် ထွက်ပေါ်ခဲ့သည့် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာမှု အဖွဲ့ (Amnesty International) ဖြစ်သည်။ ထိုအဖွဲ့သည် အဖွဲ့ဝင်များ ပါရှိသည့် လူ့အခွင့်အရေး အဖွဲ့အစည်း တစ်ခု ဖြစ်ပြီး ၎င်းကိုယ်၎င်း "ကမ္ဘာ့ အကြီးဆုံး လူထု အခြေပြု လူ့အခွင့်အရေး အဖွဲ့"၊ "မတရားမှုကို တိုက်ဖျက်နေသော၊ လူ့အခွင့်အရေးကို မြှင့်တင်နေသော လူများ၏ ကမ္ဘာ့ လှုပ်ရှားမှု" ဟု ခေါ်တွင်သည်။ ထိုအဖွဲ့သည် ဖြစ်ရပ် အများအပြားတွင် ပါဝင်လုပ်ဆောင်သော်လည်း ကမ္ဘာတစ်ဝန်း

လူ့အခွင့်အရေး ထိခိုက်သူများကို လူသိများလာအောင် လုပ်ဆောင်ပြီး ထောက်ပံ့ပေးခြင်းကြောင့် အဖွဲ့အစည်းကို လူသိများသည်။

၁၉၉၁ ခုနှစ်တွင် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာမှု အဖွဲ့သည် လိင်တူ လိင်ပိုင်းဆိုင်ရာ အပြုအမူများကြောင့် ဥပဒေအရ ထိန်းသိမ်းခြင်း (သို့) ထောင်ချခြင်းများအပေါ် စတင် လှုပ်ရှားခဲ့ပြီး အစိုးရများ၏ ထိုသို့ လုပ်ဆောင်ခြင်းသည် လူ့အခွင့်အရေးကို ကြီးမားစွာ ချိုးဖောက်ခြင်း ဖြစ်သည်ဟု ဆိုခဲ့သည် (Amnesty International, 2012)။ ထိုဖြစ်ပေါ် တိုးတက်မှုများကို စိန်ခေါ်ခြင်း များလည်း ရှိသည်။ အဖွဲ့အစည်းတွင်းရှိ အချို့အဖွဲ့ဝင်များက စံသတ်မှတ်ချက်များနှင့် ကွဲလွဲသော လိင်စိတ် တိမ်းညွတ်မှု ရှိသူများနှင့် လိင်တူ ဆက်ဆံသူများသည် လူ့အခွင့်အရေး ကာကွယ်မှု ရရှိသင့်သူများ မဟုတ်ဟု လက်ခံထားကြသည် (Baehr, 2001, pp. 12, 121)။ သို့ရာတွင် အဖွဲ့အတွင်း သဘောထား ကွဲလွဲမှုများကို ဖြေရှင်းရာတွင် SOGI လူ့အခွင့်အရေးကို ထောက်ခံသည့်ဘက်က အနိုင် ရရှိခဲ့သည်။ ယနေ့အခါ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာမှု အဖွဲ့သည် လိင်တူ ဆက်ဆံရေးများကို ပြစ်ဒဏ် မပေးရန်၊ လိင်တူ လက်ထပ်ခွင့်ကို တန်းတူထားရန်၊ လိင်တူ လိင်စိတ် တိမ်းညွတ်မှု၊ ကိုယ်ပိုင် လိင်ဝိသေသ လက္ခဏာနှင့် ယင်းတို့ကို ဖော်ပြမှုများအား အခြေခံသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တရားရုံးမှတစ်ဆင့် နစ်နာမှု ဖြေလျှော့ပေးရန်၊ တရားစီရင်ရာတွင် LGBTI များကို တန်းတူ ဆက်ဆံရန်၊ LGBTI များ၏ လူ့အခွင့်အရေးကို ကာကွယ်သူများအား အကာအကွယ်များ ပေးရန် တောင်းဆိုနေသည်။

များမကြာမီမှာပင် အခြားသော နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများလည်း LGBTI များ၏ လူ့အခွင့်အရေးကို လက်ခံလာကြသည်။ ၁၉၇၈ ခုနှစ် ဟယ်လ်ဆင်းကီး စောင့်ကြည့်ရေးမှ စတင် ဖွဲ့စည်းခဲ့သော လူ့အခွင့်အရေး စောင့်ကြည့် လေ့လာရေး အဖွဲ့ (Human Rights Watch) သည် ၎င်း၏ စောင့်ကြည့်လေ့လာရေး ကွန်မတီ ကွန်ယက်ကို ၁၉၈၀ ပြည့်လွန်နှစ်များတွင် ကမ္ဘာတစ်ဝန်းသို့ အကျယ်ဖြန့်ခဲ့သည်။ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့သည် စုံစမ်း စစ်ဆေးခြင်း၊ စောင့်ကြည့်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ ခွဲခြမ်း စိတ်ဖြာခြင်း၊ ကမ္ဘာတစ်ဝန်းမှ လူ့အခွင့်အရေး ချိုးဖောက်မှုများကို တင်ပြခြင်းတို့ လုပ်ဆောင်ပြပြီး အစိုးရကို ၎င်းတို့ ရှာဖွေ တွေ့ရှိသည့် လူ့အခွင့်အရေး ချိုးဖောက်မှု ပုံစံများကို ဖြေရှင်းခိုင်းသည်။ လူ့အခွင့်အရေး စောင့်ကြည့် လေ့လာရေး အဖွဲ့က အဓမ္မ ပြုကျင့်ခြင်းသည် စစ်ရာဇဝတ်မှု ဖြစ်ကြောင်း၊ အမျိုးသမီးများ၏ လူ့အခွင့်အရေး၊ မြေမြှုပ်မိုင်း ဖျက်သိမ်းရေး၊ အလုပ်သမားများ၏ လူ့အခွင့်အရေး၊ လူကုန်ကူးခြင်းနှင့် ကလေးစစ်သား အသုံးပြုခြင်းများ အစရှိသည့် လူ့အခွင့်အရေး ချိုးဖောက်မှု ပုံစံ အများအပြားကို ပစ်မှတ်ထားသည်။ အဖွဲ့အစည်းက LGBTI လူ့အခွင့်အရေးအတွက် စိုးရိမ် ပူပန်မှုများကို ခွဲခြား ဆက်ဆံခြင်းမှ တရားရုံးမှ စ၍ ဖမ်းဆီးခြင်း၊ ညဉ်းပန်း နှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့ ကဲ့သို့သော LGBTI ဆန့်ကျင်ရေး လုပ်ဆောင်ချက်များကို ကိုင်တွယ်သည့် လူ့အခွင့်အရေး အစီအစဉ်များတွင် ထည့်သွင်းထားသည် (HRW, 2014a)။

### နိုင်ငံတကာ ဥပဒေ

SOGI လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူများ ရင်ဆိုင်ရသည့် စိန်ခေါ်မှု တစ်ခုမှာ နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်း အပါအဝင် ရေးရိုးစွဲ ရေးသားထားသည့် နိုင်ငံတကာ လူ့အခွင့်အရေး

ဥပဒေများက SOGI အခွင့်အရေးများအပေါ် နှုတ်ဆိတ်နေခြင်း ဖြစ်သည်။ ထို့ကြောင့် SOGI လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်လျှင် နိုင်ငံတကာ လူ့အခွင့်အရေးတွင် ကွက်လပ် ရှိနေသည်။ အချို့ကမူ လိင်စိတ် တိမ်းညွတ်မှု၊ ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်တို့နှင့် ဆက်စပ်သော အခွင့်အရေးများကို နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်းမှ ရည်ညွှန်း ကောက်ယူနိုင်သည်ဟု ဆိုကြသည်။ ရလဒ်ကား ကမ္ဘာတစ်ဝန်း၊ ရပ်ရွာအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာ အဆင့်ရှိ လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူများနှင့် အဖွဲ့အစည်းများသည် ဂျန်ဒါနှင့် လိင်စိတ် တိမ်းညွတ်မှုဆိုင်ရာ လူ့အခွင့်အရေး ကိစ္စရပ်များကို ဖြေရှင်းရန် ဥပဒေ မူဘောင်ကို ရေးဆွဲ လုပ်ဆောင် နေကြသည်။

### ယိုဂျာကာတာ စည်းမျဉ်းများ

နိုင်ငံတကာ ဥပဒေနှင့် နိုင်ငံစုံ လူ့အခွင့်အရေး စံနှုန်းများအပေါ် သက်ရောက်မှု ရှိသည့် SOGI နိုင်ငံစုံ စုစည်းခြင်းနှင့် ချဉ်းကပ် စည်းရုံးခြင်းသည် ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် ဖြစ်ပွားခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင် (International Commission of Jurists) နှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဝန်ဆောင်မှု (International Service for Human Rights) အဖွဲ့များ အပါအဝင် ကမ္ဘာတစ်ဝန်းမှ လူ့အခွင့်အရေး ပညာရှင်များ၊ တက်ကြွ လှုပ်ရှားသူများ၊ ပညာရှင်များနှင့် ခေါင်းဆောင်များသည် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းပေါ်ရှိ ဂတ်ဂျာမာဒါ တက္ကသိုလ်၌ ညီလာခံ တစ်ခု ကျင်းပကြသည်။ ထိုညီလာခံတွင် လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်ဆိုင်ရာ မေးခွန်းများအပေါ် လူ့အခွင့်အရေး ဥပဒေ အသုံးပြုနိုင်ရန် စာတမ်းတစ်ခု ရေးဆွဲ ခဲ့သည်။ ၎င်းတို့၏ လုပ်ဆောင်ချက်တွင် ကိုယ်စားလှယ်များသည် လိင်ဖြစ်တည်မှု၊ လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်များနှင့် စပ်လျဉ်းသည့် လူ့အခွင့်အရေး စည်းမျဉ်းများနှင့် နိုင်ငံတော်၏ တာဝန်များကို သတ်မှတ်ခဲ့သည်။ ကိုယ်စားလှယ်များက လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို အသုံးချခြင်း ဆိုင်ရာ ယိုဂျာကာတာ စည်းမျဉ်းများဟု သိရှိကြသည့် အချက် ၂၉ ပါ စည်းမျဉ်းများကို ထုတ်ဖော်ခဲ့ကြသည် (စာသေတ္တာ ၁၁.၂ တွင် ရှုပါ)။

ယိုဂျာကာတာ စည်းမျဉ်းများကို နိုင်ငံများအားလုံး လိုက်နာရမည့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ဥပဒေ စံနှုန်းများ အတွက် ကမ္ဘာ့ လမ်းညွှန်ချက်များအဖြစ် ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။ ထိုစည်းမျဉ်းများသည် လူသားအားလုံး လွတ်လပ်စွာနှင့် တူညီသော ဂုဏ်သိက္ခာတို့ဖြင့် မွေးဖွား လာကြသည့် အနာဂတ်ကို ဖော်ပြနေပြီး ထိုတန်ဖိုးရှိသည့် မွေးဖွားခွင့်ကို ဖြည့်ဆည်း ပေးနိုင်သည့် အခွင့်အရေးများကို ကတိကဝတ်ပြု ပေးနေသည်။ ထိုစည်းမျဉ်းများကို အကြမ်းဖျဉ်း အားဖြင့် အမျိုးအစား (၈) မျိုး ခွဲခြားနိုင်သည်။ လူ့အခွင့်အရေးများကို တစ်ကမ္ဘာလုံး ရရှိခွင့်၊ ခွဲခြား ဆက်ဆံမှု မရှိရေး၊ ဥပဒေ၏ ရှေ့မှောက်တွင် အသိအမှတ်ပြုခံပိုင်ခွင့်၊ လူ့အခွင့်အရေးနှင့် တစ်ကိုယ်ရည် လုံခြုံရေးအတွက် အခွင့်အရေးများ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ၊ ထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် အသင်းအပင်း ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ သွားလာ လှုပ်ရှားခွင့်နှင့် ခိုလှုံခွင့် တောင်းဆိုနိုင်ခွင့်၊ ယဉ်ကျေးမှုနှင့် မိသားစု ဘဝတွင် ပါဝင်ခွင့်၊ လူ့အခွင့်အရေး ကာကွယ်သူများအတွက် အခွင့်အရေးများ၊ အမှားပြင်ဆင်ပေးရေးနှင့် တာဝန်ခံမှု တို့ကို ရရှိခွင့်တို့ ဖြစ်ကြသည်။

| စာသေတ္တာ ၁၁.၂။ ယိုဂျာကာတာ စည်းမျဉ်းများမှ ကောက်နုတ်ချက် |
| --- |
| **စည်းမျဉ်း ၁**။ လူ့အခွင့်အရေးကို တစ်ကမ္ဘာလုံး ရရှိခွင့်<br>လူသားတိုင်းသည် လွတ်လပ်စွာနှင့် တူညီသော ဂုဏ်သိက္ခာ၊ အခွင့်အရေးများဖြင့် မွေးဖွားလာ ကြသည်။ လိင်စိတ် တိမ်းညွှတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက် အမျိုးမျိုး ရှိသူများသည်လည်း လူ့အခွင့်အရေးများကို အပြည့်အဝ ခံစားခွင့် ရှိရမည်။<br>နိုင်ငံများသည်<br>က) လူ့အခွင့်အရေးများ အားလုံးသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်ခြင်း၊ တစ်ခုနှင့် တစ်ခု ဆက်စပ် နေခြင်း၊ အပြန်အလှန် မှီခိုခြင်း၊ တစ်ခုနှင့် တစ်ခု ခွဲခြား မရခြင်းဟူသည့် စည်းမျဉ်းများကို နိုင်ငံများ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (သို့) အခြား သင့်လျော်သည့် တရားဥပဒေတွင် ထည့်သွင်းကာ လူ့အခွင့်အရေးက အားလုံးနှင့် သက်ဆိုင်သည် ဟူသည့် အချက်ကို လက်တွေ့ ကျင့်သုံးရမည်။<br>ခ) လူ့အခွင့်အရေးများ အားလုံးကို တစ်ကမ္ဘာလုံး တန်းတူ ရရှိစေရန် ရာဇဝတ်မှု ဥပဒေများ အပါအဝင် မည်သည့် ဥပဒေကိုမဆို ပြင်ဆင်ရမည်။<br>ဂ) လိင်စိတ် တိမ်းညွှတ်မှု (သို့) ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက် မည်သို့ ရှိသည် ဖြစ်စေ လူအားလုံး လူ့အခွင့်အရေးများ အားလုံးကို ရရှိခြင်းအား မြှင့်တင်ရန်နှင့် တိုးမြှင့်လာစေရန် ပညာရေး အစီအစဉ်များ၊ အမြင်ဖွင့် အစီအစဉ်များ လုပ်ဆောင် ပေးရမည်။<br>ဃ) လိင်စိတ် တိမ်းညွှတ်မှု (သို့) ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်အပါအဝင် လူသားတို့၏ ဝိသေသ လက္ခဏာ အားလုံးသည် ဆက်စပ်နေပြီး ခွဲခြား၍ မရကြောင်း အသိအမှတ်ပြုထားသည့် ဗဟုဝါဒ ချဉ်းကပ်ပုံကို နိုင်ငံ မူဝါဒများနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းများတွင် ပေါင်းစပ်ရမည်။ |

ထိုစည်းမျဉ်းများကို လက်မှတ်ရေးထိုးထားသူများတွင် ယခင် အိုင်ယာလန် နိုင်ငံ သမ္မတ (နှင့် လူ့အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ဟောင်း) မေရီ ရော်ဘင်ဆင် (Mary Robinson) အပါအဝင် ကမ္ဘာတစ်ဝန်းလုံးရှိ လူ့အခွင့်အရေး ဆောင်ရွက်မှုတွင် ထောက်ခံ လှုပ်ရှားမှုများတွင် အထင်ကရ ဖြစ်သူများနှင့် ကမ္ဘာ့ တောင်ခြမ်းမှ ကိုယ်စားလှယ် အများအပြား ပါဝင်သည်။ စည်းမျဉ်းများကို ဖော်ထုတ် အတည်ပြုခဲ့သူများက ထိုစည်းမျဉ်းများကို နိုင်ငံများနှင့် ပြည်တွင်း အုပ်စုများအား ၎င်းတို့အချင်းချင်းကြား မည်သို့သော ကွာခြားမှုများ ရှိနေပါစေ လမ်းညွှန်ပေးနိုင်မည့် စံနှုန်းများ ဖြစ်စေရန် ရည်ရွယ်သည်။ အဆုံးသတ် စာတမ်းကို ဖြန့်ဝေရန် တည်ထောင်ခဲ့သည့် ဝက်ဘ်ဆိုဒ်ပေါ်တွင် ယိုဂျာကာတာ စည်းမျဉ်းများကို ကုလသမဂ္ဂ၏ တရားဝင် ဘာသာစကား ခြောက်မျိုး ဖြစ်သော အင်္ဂလိပ်၊ စပိန်၊ ပြင်သစ်၊ ရုရှား၊ အာရပ်ဘစ်နှင့် တရုတ် ဘာသာစကားတို့ဖြင့် ဘာသာပြန်ဆို ဖော်ပြထားသည်။ အငြင်းပွားဖွယ်ရာ ဖြစ်သော်လည်း လိင်စိတ် တိမ်းညွှတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်များကြောင့် အန္တရာယ် ကျရောက် နေသူများနှင့် စပ်လျဉ်းပြီး ငြင်းခုန် ဆွေးနွေးမှုများနှင့် ထောက်ခံ လှုပ်ရှားမှုများတွင် ယိုဂျာကာတာ စည်းမျဉ်းများသည် လွှမ်းမိုးမှု ရှိသည် (International Commission of Jurists and the International Service for Human Rights, no date)။

## လူ့အခွင့်အရေး၊ လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်များ ဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ ဆုံးဖြတ်ချက်

ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီသည် SOGI လူ့အခွင့်အရေး လှုပ်ရှားမှုများကို ထောက်ခံ ရာတွင် တစ်စထက် တစ်စ အသံကျယ်လောင်လာသည်။ ဥပမာ ၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီက လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်တို့ကို အခြေခံသည့် လူ့အခွင့်အရေး ချိုးဖောက်မှု ဆိုင်ရာ ကိစ္စရပ်များကို သီးသန့်နှင့် သိသိသာသာ ကိုင်တွယ်နိုင်ရန် ဆုံးဖြတ်ချက် အမှတ် ၁၇/၁၉ ကို ချမှတ်ခဲ့သည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် လိင်ဖြစ်တည်မှု၊ လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်တို့ကြောင့် ဖိနှိပ်ခံရသူများ (သို့) တရားစွဲဆိုခံရသူများ၏ လူ့အခွင့်အရေးကို ရှာဖွေရန် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီက တရားဝင် သဘောတူခဲ့သည် (IGLHRC, 2012)။ နိုင်ငံတကာ လူ့အခွင့်အရေး အသိုင်းအဝိုင်းမှ အဖွဲ့ဝင်များအတွက် ထိုဆုံးဖြတ်ချက်သည် အထူးတလည် ဖြစ်ခဲ့သည်။ အဘယ်ကြောင့် ဆိုသော် ယင်းမှာ လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်တို့ကို အထူး အာရုံစိုက်ထားသည့် ပထမဆုံး ကုလသမဂ္ဂ ဆုံးဖြတ်ချက် ဖြစ်သောကြောင့် ဖြစ်သည် (Reid, 2012)။ ထိုဆုံးဖြတ်ချက် ချမှတ်လိုက်ခြင်းကို ကမ္ဘာ့ လူ့အခွင့်အရေး အသိုင်းအဝိုင်းမှ အဖွဲ့အစည်းများနှင့် ချဉ်းကပ် စည်းရုံးသူများက ကျယ်ကျယ်ပြန့်ပြန့် ချီးကျူးခဲ့သည်။ လူ့အခွင့်အရေး အဖွဲ့ ၁၇ ဖွဲ့က စုပေါင်း ထုတ်ပြန်ချက် တစ်စောင် ထုတ်ပြန်ကာ ပထမဦးဆုံး ထွက်ပေါ်လာသည့် အောင်မြင်မှုဟု အသိအမှတ်ပြုခဲ့ပြီး ယင်းသည် လူ့အခွင့်အရေး ခုခံ ကာကွယ်သူများကို ထောက်ပံ့ရန် အချက်ပြခြင်းပင် ဖြစ်သည်ဟု ဆိုကြသည်။ ပူးပေါင်း ထုတ်ပြန်ချက်သည် နိုင်ငံများမှ ကိုယ်စားလှယ်များ၏ မဲပေးပုံကို မှတ်တမ်း တင်ထားခဲ့ပြီး ထိုဆုံးဖြတ်ချက်ကို ထောက်ခံသည့် နိုင်ငံများ (၂၃ နိုင်ငံ)၊ ဆုံးဖြတ်ချက်ကို ကန့်ကွက်သည့် နိုင်ငံများ (၁၉ နိုင်ငံ)၊ ကြားနေ (၃ နိုင်ငံ) နှင့် ဆုံးဖြတ်ချက်ကို အတူ ရေးဆွဲ ထောက်ခံသော နိုင်ငံများ ဟူ၍ အမျိုးအစား လေးမျိုး ခွဲပြခဲ့သည် (HRW, 2011)။[၁] ၂၀၁၂ ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးက နိုင်ငံများ၏ LGBT များအပေါ် လူ့အခွင့်အရေး ကာကွယ်ခြင်းဆိုင်ရာ နိုင်ငံတော် ဥပဒေ တာဝန်များကို ထည့်သွင်း ရေးဆွဲထားသော *လွတ်လပ်စွာ တန်းတူ မွေးဖွားလာခဲ့သည် (Born Free and Equal)* ဟူသည့် စာအုပ်ကို ထုတ်ဝေခဲ့သည်။ ထိုစဉ်က ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကော်မရှင်နာဟောင်း နီဗီ ပဲလ်လီ (Navi Pillay) က "လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်များကို အခြေခံသော အကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံမှုများကို အဆုံးသတ်ရန်မှာ လူ့အခွင့်အရေး စိန်ခေါ်မှုကြီး ဖြစ်သည်" ဟု ဆိုခဲ့သည် (OHCHR, 2012, p.7)။

| စာသေတ္တာ ၁၁.၃။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်၊ LGBT များ၏ လူ့အခွင့်အရေး ကာကွယ်ခြင်းနှင့် ပတ်သက်ပြီး နိုင်ငံများအတွက် အဓိက ဥပဒေရေးရာ တာဝန် ငါးရပ် |
|---|
| ၁။ လိင်တူချစ်သူများနှင့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူ နေထိုင်သူများအား ကဲ့ရဲ့ ရွံရှာသောကြောင့် ဖြစ်ပွားသည့် အကြမ်းဖက်မှုများမှ ကာကွယ်ပေးရမည်။ |
| ၂။ LGBT များကို ထိန်းသိမ်းထားစဉ်တွင် ညှဉ်းပန်း နှိပ်စက်မှု၊ ရက်စက်သော၊ လူမဆန်သော၊ ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှုများ ပြုလုပ်ခြင်းအား တားဆီးရမည်။ ထိုလုပ်ရပ် များကို တားဆီး အပြစ်ပေးပြီး ထိခိုက်နစ်နာသူများကို နစ်နာမှု ဖြေလျှော့ ပေးရမည်။ နိုင်ငံတော် တာဝန် ရှိသူများ၏ မတရား လုပ်ဆောင်မှုများ အားလုံးကို စုံစမ်း စစ်ဆေးပြီး တာဝန်ရှိသူများကို အပြစ်ပေးရမည်။ |

တရားဥပဒေ စည်းကြပ်ရေးအတွက် တာဝန်ရှိသူများကို သင့်လျော်သော သင်တန်းများ ပေးပြီး ထိန်းသိမ်းရေး စခန်းများကို ထိရောက်စွာ စောင့်ကြည့် ရမည်။

၃။ အရွယ်ရောက်ပြီးသူ လိင်တူ ပုဂ္ဂိုလ်များအကြား နှစ်ဦးသဘောတူညီမှုဖြင့် အတူနေထိုင်ခြင်းကို တားမြစ်သည့် ဥပဒေများ အပါအဝင် လိင်တူ ချစ်ကြိုက်ခြင်းကို အပြစ်ပေးသည့် ဥပဒေများ အားလုံးကို ပယ်ဖျက်ရမည်။ လူတစ်ဦးကို ၎င်း၏ လိင်စိတ် တိမ်းညွတ်မှု (သို့) ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်ကြောင့် ဖမ်းဆီးခြင်း (သို့) ထိန်းသိမ်းခြင်း မပြုရ။ လူများကို ၎င်းတို့၏ လိင်စိတ် တိမ်းညွတ်မှုအား ဆုံးဖြတ်ရန် အခြေအမြစ် မရှိသော (သို့) ဂုဏ်သိက္ခာ ကျဆင်းစေသော ကိုယ်ခန္ဓာပိုင်း ဆိုင်ရာ စစ်ဆေးခြင်းများ မပြုရ။

၄။ လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်ကြောင့် ခွဲခြား ဆက်ဆံခြင်းများကို တားမြစ်ရမည်။ လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်ကြောင့် ခွဲခြား ဆက်ဆံခြင်းများ ပါဝင်သည့် တားမြစ်ရေး ဆိုင်ရာ ဥပဒေ ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းပေးရမည်။ အထူးသဖြင့် အလုပ်အကိုင်နှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့ အပါအဝင် အခြေခံ ဝန်ဆောင်မှုများကို ခွဲခြား ဆက်ဆံ မခံရဘဲ ရရှိစေရမည်။ LGBT နှင့် မည်သည့် လိင်ဝိသေသ ဖြစ်သည်ကို မွေးရာပါ လိင်အင်္ဂါဖြင့် သတ်မှတ်၍ မရသူများအား ခွဲခြား ဆက်ဆံခြင်းနှင့် နှိမ့်ချခြင်းတို့အား တားဆီးရန် ပညာရေးနှင့် သင်တန်းများ ပေးရမည်။

၅။ LGBT နှင့် မည်သည့် လိင်ဝိသေသ ဖြစ်သည်ကို မွေးရာပါ လိင်အင်္ဂါဖြင့် သတ်မှတ်၍ မရသူများ အတွက် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုစည်းခွင့်တို့ကို ကာကွယ် ပေးရမည်။ ထိုအခွင့်အရေးများကို ကန့်သတ်ခြင်းသည် နိုင်ငံတကာ ဥပဒေနှင့် ကိုက်ညီရမည် ဖြစ်ပြီး ခွဲခြား ဆက်ဆံခြင်း မရှိစေရ။ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုစည်းခွင့်တို့ကို ကျင့်သုံးသူများအား အခြား အုပ်စုများ၏ အကြမ်းဖက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းရန်မှ ကာကွယ်ပေးရမည်။

From United Nations Office of the High Commissioner on Human Rights (2012). Born Free and Equal: Sexual Orientation and Gender Identity in International Human Rights Law. New York and Geneva: UN. http://www.ohchr.org/Documents/Publications/BornFreeAndEqualLowRes.pdf

**အမေရိကန် နိုင်ငံနှင့် SOGI လူ့အခွင့်အရေး**

အမေရိကန် နိုင်ငံသည် SOGI လူ့အခွင့်အရေး လှုပ်ရှားမှုများတွင် ရှုပ်ထွေးပြီး ရှေ့နောက်မညီသော အခန်းကဏ္ဍမှ ပါဝင်လေ့ ရှိသည်။ SOGI အခွင့်အရေး ဆိုင်ရာ ကိစ္စရပ်များသည် အမေရိကန် နိုင်ငံတွင် နိုင်ငံရေးအရ များစွာ အရေးပါပြီး တိုက်တွန်း လှုပ်ရှားသူများရော၊ ကန့်ကွက်သူများပါ နိုင်ငံတကာ စုစည်း လှုပ်ရှားမှုများတွင် ပါဝင် ဆောင်ရွက်ကြသည်။ တစ်ဘက်တွင် အမေရိကန် နိုင်ငံမှ ခရစ်ယာန် အခွင့်အရေး အုပ်စုများသည် ကမ္ဘာတစ်ဝန်း LGBTI ဆန့်ကျင်ရေး လုပ်ငန်းများကို တက်တက်ကြွကြွ လုပ်ဆောင်ကြပြီး SOGI ဆန့်ကျင်ရေး အုပ်စုများကို ငွေကြေး ထောက်ပံ့မှု များရော၊ စေ့ဆော်ပေးခြင်းများပါ လုပ်ဆောင်သည်။ ဤသည်ကို တုံ့ပြန်သည့် အနေဖြင့် အပြောင်းအလဲ လိုလားသူ ဘာသာရေး အသိုင်းအဝိုင်းများက ပြည်တွင်းနှင့် နိုင်ငံတကာတွင် SOGI အခွင့်အရေးကို မြှင့်တင်ရန် လုပ်ဆောင်ကြသည်။ ထို့ပြင် ၂၀၀၈

ခုနှစ်တွင် ဘားရက်ခ် အိုဘားမား (Barack Obama) ရွေးချယ်ခံရပြီးချိန်မှ စ၍ အမေရိကန် အစိုးရသည် ကမ္ဘာတစ်ဝန်း SOGI လူ့အခွင့်အရေး မြင့်တင်သော နိုင်ငံခြားရေး မူဝါဒ လုပ်ဆောင်ချက်များ စတင် လုပ်ဆောင် လာသည်။

## အမေရိကန် နိုင်ငံ ခရစ်ယာန် ရှေးရိုးစွဲ အခွင့်အရေးနှင့် LGBTI ဆန့်ကျင်ရေး စုစည်းမှု

အမေရိကန် နိုင်ငံ ခရစ်ယာန် ရှေးရိုးစွဲ အခွင့်အရေးသည် SOGI လူ့အခွင့်အရေး ဆန့်ကျင်ရေး တက်ကြွ လှုပ်ရှားမှုများတွင် ရှေ့ဆောင် ဖြစ်ပြီး ကမ္ဘာတစ်ဝန်း ဆန့်ကျင်ရေးများကို တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ဦးဆောင် လုပ်ဆောင်သည်။ ခရစ်ယာန် အခွင့်အရေး လှုပ်ရှားမှုများသည် ဒုတိယ မျိုးဆက် အခွင့်အရေးများ ဖြစ်သည့် လူမှုရေးနှင့် စီးပွားရေး အခွင့်အရေးများ အပါအဝင် ယနေ့ခေတ် လူ့အခွင့်အရေး ချဉ်းကပ်မှု စည်းမျဉ်းများကို အခြေခံအားဖြင့် ဆန့်ကျင်ကြသည်။ ယင်းလှုပ်ရှားမှုသည် လူ့အခွင့်အရေး သဘောတရားအား သရုပ်သဏ္ဍာန် သတ်မှတ်ချက်များအတွက် အသုံးပြုခြင်းကို ငြင်းပယ်သည်။ အဆိုပါ သရုပ်သဏ္ဍာန် သတ်မှတ်ချက်များတွင် လိင်ကွဲ မနှစ်ခြိုက်သူများနှင့် လှုပ်ရှားမှုများ၏ လိင်ကွဲနှစ်ခြိုက်ခြင်း သည်သာ သဘာဝမိသားစု (natural family) စံနှုန်း ဖြစ်သည် ဟူသည့် အချက်နှင့် မကိုက်ညီသော လိင်ပိုင်း ဆိုင်ရာ အမူအကျင့်များနှင့် လိင်ဝိသေသ ဖော်ထုတ်ချက် အမျိုးမျိုးနှင့် အခြားသတ်မှတ်ချက်များလည်း ပါဝင်သေးသည်။ SOGI အခွင့်အရေးများသည် ပြည်သူ့ရေးရာ အခွင့်အရေးနှင့် လူ့အခွင့်အရေး ဖြစ်သည်ဟု သတ်မှတ် ခြင်းကို ဆန့်ကျင်သည့် ခရစ်ယာန် ရှေးရိုးစွဲများအတွက်မူ LGBTI များကို ရှေးရိုးစွဲများ လက်ခံထားသော အမှန်တကယ် ဖိနှိပ်ခံရသော အုပ်စုများဖြစ်သည့် လူမျိုး၊ လူမျိုးစု၊ ဘာသာရေးနှင့် အခြားသော အုပ်စုများနှင့်အတူ ထည့်သွင်းခြင်းသည် ထိုအုပ်စုများ၏ ဂုဏ်သိက္ခာကို စော်ကားခြင်းပင် ဖြစ်လေသည်။

ခရစ်ယာန် ရှေးရိုးစွဲများသည် ရပ်ရွာတွင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာတွင် စုစည်းကာ LGBTI များ အတွက် ပြည်သူ့ရေးရာ အခွင့်အရေးနှင့် လူ့အခွင့်အရေး ကာကွယ်မှု အသစ်များကို ပိတ်ဆို့ရုံသာမက စံနှုန်းနှင့် မညီသည့် လိင်ဖြစ်တည်မှုနှင့် ကျား၊မ ဖြစ်မှုများအပေါ် လူမှုရေးအရ နှိမ့်ချခြင်းများ လျော့ပါးလာခြင်းကိုလည်း တိုက်ဖျက်ကြသည်။ အမေရိကန် နိုင်ငံ အခြေစိုက် မိသားစုများဆိုင်ရာ ကမ္ဘာ့ ကွန်ဂရက် (World Congress of Families) နှင့် ကန်ဆက်စ်မြို့ နိုင်ငံတကာ ဆုတောင်းခြင်း ဘုရားကျောင်းကဲ့သို့သော ခရစ်ယာန် ရှေးရိုးစွဲ အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများသည် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ ရောက်ရှိပေသည်။ ထို့ပြင် အုပ်စုများအကြား ပူးပေါင်းမှုများက ကုလသမဂ္ဂကဲ့သို့သော အစိုးရပေါင်းစုံ စုစည်းထားသည့် အဖွဲ့အစည်းများနှင့် ကမ္ဘာ့ လူ့အသိုင်းအဝိုင်းများတွင် ကမ္ဘာ့ ခရစ်ယာန် ရှေးရိုးစွဲ လှုပ်ရှားမှုများကို ထွက်ပေါ်လာ စေသည်။

## အမေရိကန် နိုင်ငံ ဘာသာရေး အသိုင်းအဝိုင်းများတွင် SOGI လူ့အခွင့်အရေး လုပ်ဆောင်ချက်များ

ဘာသာရေး အုပ်စုများ၊ အဖွဲ့အစည်းများနှင့် ဘုရားကျောင်း အများအပြားသည် ခရစ်ယာန် ရှေးရိုးစွဲ ဘုရားကျောင်းများ၊ အဖွဲ့အစည်းများနှင့် ခေါင်းဆောင်များ၏ LGBTI ဆန့်ကျင်ရေး တက်ကြွ လှုပ်ရှားမှုများကို တုံ့ပြန်ရန် SOGI လူ့အခွင့်အရေး ချဉ်းကပ် စည်းရုံးမှုတွင် ပါဝင်လာကြသည်။ အမေရိကန် ခရစ်ယာန် ရှေးရိုးစွဲ LGBTI ဆန့်ကျင်ရေး ချဉ်းကပ် စည်းရုံးမှုများကို ရေးသား ဖော်ပြမှုများနှင့် *ဘုရားသခင်က ယူဂန်ဒါကို ချစ်သည်*

*(God Loves Uganda)* ကဲ့သို့သော ရုပ်ရှင်များတွင် မှတ်တမ်းတင်ထားသော်လည်း အမြင်သစ်များကို လက်ခံသည့် ဘာသာရေး အုပ်စုများ၏ LGBTI လူ့အခွင့်အရေးကို ထောက်ခံသည့် လုပ်ငန်းများမှာမူ အာရုံစိုက်မှု မရသေးပေ (Williams, 2013)။ SOGI လူ့အခွင့်အရေးများ ကိုယ်စား ချဉ်းကပ် စည်းရုံးပြီး အမေရိကန် နိုင်ငံနှင့် နိုင်ငံတကာ ဖိုရမ်များ နှစ်ခုလုံးတွင် တွေ့ရသော အဖွဲ့အစည်း ဥပမာ နှစ်ခုမှာ the General Synod of the United Church of Christ နှင့် the Unitarian Universalist Association of Congregations တို့၏ လုပ်ဆောင်ချက်များ ဖြစ်သည်။ The Unitarian Universalist (UU) ဘာသာရေး အသိုင်းအဝိုင်းနှင့် ဆုတောင်း အုပ်စုများသည် LGBTI များကို ကြိုဆိုကြသည်။ သို့ရာတွင် LGBTI များကို ကြိုဆိုခြင်းနှင့် တန်းတူအဖြစ် လက်ခံခြင်းသည် LGBTI များကို UU ဖဲလိုးရှစ် အစီအစဉ်များတွင် ထည့်သွင်းခြင်းနှင့် UU LFBTI အသင်းတော်များ ဖွင့်လှစ်လှုပ်ရှားခြင်းထက် ပိုသည်။၂ UU များက ၎င်းတို့ကိုယ် ၎င်းတို့ "နိုင်ငံတကာ လူ့အခွင့်အရေးအတွက် ချဉ်းကပ် လှုပ်ရှားသူများ၊ သက်ရှိများ အားလုံး၏ တန်ဖိုးနှင့် သိက္ခာများကို မြှင့်တင်ပေးခြင်းဖြင့် အသံ မထုတ်ဖော် နိုင်သူများအတွက် အသံ ဖြစ်စေသူများ" ဟု သတ်မှတ်ထားသည်။ ကုလသမဂ္ဂနှင့် အကြံပေး ဆွေးနွေးသည့် ဆက်ဆံရေး ရှိသော အန်ဂျီအိုများ ဆိုင်ရာ ညီလာခံ (Conference of NGOs in Consultative Relationship with the United Nations (CoNGO)) တွင် အဖွဲ့ဝင် ဖြစ်ခြင်းဖြင့် Unitarian Universalist ကုလသမဂ္ဂ ရုံး (UU-UNO) က LGBTI များ၊ အမျိုးသမီးများနှင့် အခြား အုပ်စုများ၏ လူ့အခွင့်အရေးများကို ထိုအုပ်စုများ ကိုယ်စား တစ်ကမ္ဘာလုံးတွင် ပညာပေးသည့် အစီအစဉ်များနှင့် အခြား အစီအစဉ်များ လုပ်ဆောင်နေသည် (Unitarian Universalist Association, 2014)။

အသေးစား အဆင့်တွင် မကြာသေးမီ နှစ်များအတွင်း လိင်ဖြစ်တည်မှု (သို့) ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်ကို အခြေခံသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ထိခိုက်လွယ်သူများအတွက် ထောက်ခံ လှုပ်ရှားရန် ဘုရားကျောင်း အခြေစိုက် ဘာသာရေး အုပ်စုများ ဖွဲ့စည်းခဲ့သည်။ ထိုအုပ်စုများထဲမှ တစ်ခုမှာ ဝါရှင်တန်ပြည်နယ်၊ အိုလန်ပီယာမြို့မှ အိုလန်ပီယာ သူငယ်ချင်းများ အစည်းအဝေး၏ သူငယ်ချင်းများ မြေအောက်ရထားလိုင်းသစ် (Friends New Underground Railroad (FNUR)) အဖွဲ့ဖြစ်သည်။ ထိုအဖွဲ့သည် ၁၉ ရာစုအတွင်း အမေရိကန်နိုင်ငံ၏ ကျွန်ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် မြောက်ပိုင်း သူငယ်ချင်းများ ဘာသာရေးအဖွဲ့၏ အခန်းကဏ္ဍ၊ အထူးသဖြင့် ကျွန်ပြုခံထားရသော အာဖရိကန် အမေရိကန်များကို အမေရိကန် နိုင်ငံ တောင်ပိုင်းမှ လွတ်မြောက်လာစေရန် ကူညီပေးခဲ့သည့် အဖွဲ့၏ အကူအညီပေးမှုများကို အစွဲပြု၍ မှည့်ထားသည့် အမည် ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် စတင် ဖွဲ့စည်းခဲ့သည် FNUR သည် ယူဂန်ဒါမှ မိတ်ဖက်များနှင့် ပူးပေါင်းကာ ယူဂန်ဒါတွင် အန္တရာယ် ကျရောက်နေသည့် LGBTI များကို အခြားနိုင်ငံများတွင် ခိုလှုံခွင့် ရရှိစေရန် ထွက်ခွာခြင်းအတွက် ငွေကြေး ထောက်ပံ့ပေးသည်။ အောင်မြင်သော ခိုလှုံခွင့် ရရှိသည့် ဖြစ်ရပ်များနှင့် မြေပြင်မှ LGBTI များ၏ ထွက်ချက်များကို စုစည်းကာ ထောက်ခံသူများထံ စာပို့ခြင်း၊ အီးမေးလ် ပို့ခြင်းဖြင့် FNUR က ၎င်း၏ လုပ်ငန်းများကို ကြော်ငြာပြီး ရန်ပုံငွေ စုဆောင်းသည် (Olympia Monthly Meeting of the Religious Society of Friends, 2014)။

**အမေရိကန် နိုင်ငံ၏ နိုင်ငံခြားရေး ဥပဒေနှင့် SOGI လူ့အခွင့်အရေး**

ယနေ့ခေတ် နိုင်ငံရေးတွင် အမေရိကန် အစိုးရသည် SOGI အခွင့်အရေးကို ကမ္ဘာတစ်ဝန်း မြှင့်တင်ရာ၌ ကြီးမားသော အခန်းကဏ္ဍမှ စတင် ပါဝင်လာသည်။ အမေရိကန် အစိုးရ၏ ဝန်ထမ်းများနှင့် ဌာနများသည် ၂၀၀၈ ခုနှစ် မတိုင်မီက ဆက်စပ်မှု မရှိသော နိုင်ငံတကာ စီမံကိန်းများနှင့် ပူးပေါင်း ဆောင်ရွက်မှုများတွင် ပါဝင်ခဲ့သော်လည်း ၂၀၀၈ ခုနှစ် နောက်ပိုင်းတွင် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမား ဆိုင်ရာ နိုင်ငံခြားရေး ဝန်ကြီးဌာန ဗျူရို (Department of State's Bureau of Democracy, Human Rights and Labor (DRL)) က ထိုကဲ့သို့သော လုပ်ဆောင်ချက် အများအပြားကို စီမံ ဆောင်ရွက်လာသည်။ DRL ၏ တာဝန်မှာ "ကမ္ဘာတစ်ဝန်း လွတ်လပ်ခွင့်၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို ကာကွယ်ရန်" ဖြစ်သည်။[၃] SOGI လူ့အခွင့်အရေးသည် အမေရိကန် နိုင်ငံ၏ နိုင်ငံခြားရေး မူဝါဒတွင် အရေးပါလာကြောင်း ညွှန်ပြနေသည့် အချက် အများအပြား ရှိသည်။ တစ်ခုမှာ နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ကမ္ဘာတစ်ဝန်း နိုင်ငံများရှိ လူ့အခွင့်အရေး အလေ့အကျင့်များ အစီရင်ခံစာကို ပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။ မကြာသေးမီ နှစ်များအတွင်း နိုင်ငံဆိုင်ရာ အစီရင်ခံစာများ၏ အထွေထွေ အမျိုးအစားအောက်ရှိ "အခြားသော လူမှု မတရား ဆက်ဆံခြင်းများနှင့် ခွဲခြား ဆက်ဆံခြင်းများ" ခေါင်းစဉ်အောက်တွင် LGBTI များအပေါ် ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင် ထားသည်။ သို့ရာတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန တာဝန်ရှိသူများက ၂၀၁၀ ပြည့်နှစ် အစောပိုင်းတွင် ထုတ်ဝေခဲ့သည့် နိုင်ငံများ၏ ၂၀၀၉ ခုနှစ် အတွင်း လူ့အခွင့်အရေး အခြေအနေ ဆိုင်ရာ အစီရင်ခံစာတွင် ထိုအမျိုးအစား ခေါင်းစဉ်များကို ချဲ့ထွင်ကာ LGBTI များအပေါ် ပစ်မှတ်ထား ချိုးဖောက်မှုများအား သီးသန့် မှတ်တမ်းတင်ထားသည်။ ၂၀၁၁ ခုနှစ်အတွင်း အမေရိကန် နိုင်ငံ ပြင်ပရှိ LGBTI များ၏ လူ့အခွင့်အရေးများကို ကာကွယ်ရန် အမေရိကန် ဖက်ဒရယ် အစိုးရ၏ သိသာထင်ရှားမှု အရှိဆုံး အစီအစဉ်မှာ အရေးပေါ် အကူအညီ အစီအစဉ်ကို ချဲ့ထွင်ခဲ့ခြင်း ဖြစ်သည်။ ယင်းအစီအစဉ်တွင် နိုင်ငံရပ်ခြားရှိ လူ့အခွင့်အရေး ခုခံသူများနှင့် LGBTI တက်ကြွ လှုပ်ရှားသူများအတွက် "ဥပဒေ ကိုယ်စားပြုမှု ပေးခြင်း၊ လုံခြုံရေးနှင့် လိုအပ်ပါက နေရာ ပြောင်းရွှေ့နိုင်ရန် အထောက်အပံ့များ" ပေးခြင်းတို့ ပါရှိသည်။ ၂၀၁၀ နှင့် ၂၀၁၁ အဆုံးပိုင်းလောက်တွင် DRL သည် အာဖရိက၊ အာရှနှင့် အရှေ့အလယ်ပိုင်းရှိ LGBTI လူ့အခွင့်အရေး ခုခံသူများကို အကူအညီများ ပေးခဲ့သည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ယခင် နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဟီလာရီ ကလင်တန် (Hillary Clinton) က ဆွစ်ဇာလန် နိုင်ငံ၊ ဂျနီဗာမြို့တွင် နိုင်ငံတကာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အတွက် မိန့်ခွန်း ပြောကြားခဲ့ရသည်။ သူမ၏ မိန့်ခွန်းတွင် ကလင်တန်က ကမ္ဘာတစ်ဝန်း SOGI လူ့အခွင့်အရေးအတွက် အမေရိကန် နိုင်ငံက လုပ်ဆောင်သွားမည် ဖြစ်ကြောင်းနှင့် "လိင်တူ ချစ်သူများ၏ အခွင့်အရေး များသည်လည်း လူ့အခွင့်အရေး ဖြစ်သည်။ လူ့အခွင့်အရေးများသည်လည်း လိင်တူ ချစ်သူများ၏ အခွင့်အရေး ဖြစ်သည်" ဟု ဆိုခဲ့သည်။ ကလင်တန်၏ မိန့်ခွန်းနှင့် အလားတူပင် သမ္မတ ဘားရက်ခ် အိုဘားမားကလည်း အမေရိကန် နိုင်ငံ၏ နိုင်ငံခြားရေး ဝန်ကြီးဌာနရှိ အေဂျင်စီများအား SOGI လူ့အခွင့်အရေးကို ဆိုးရွားစွာ ဖောက်ဖျက်ခြင်းဆိုင်ရာ ကမ္ဘာ့ စိန်ခေါ်မှုများကို ရင်ဆိုင်ရန် တိုက်တွန်းထားသည့် သမ္မတ စာချွန်လွှာကို ထုတ်ပြန်ခဲ့သည်။

အမေရိကန် အစိုးရ၏ SOGI လူ့အခွင့်အရေးကို ထောက်ခံကြောင်း ကြေညာချက်၏ အဓိက သင်္ကေတ တစ်ခုမှာ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့ ညီမျှခြင်း ရန်ပုံငွေ (Global Equality Fund) အကောင်အထည် ဖော်ခဲ့ခြင်း ဖြစ်သည်။ ထိုရန်ပုံငွေသည် LGBTI လူ့အခွင့်အရေးကို လုပ်ဆောင်သောကြောင့် ခြိမ်းခြောက်ခံရသော (သို့) တိုက်ခိုက်ခံရသော လူ့အခွင့်အရေး ခုခံ ကာကွယ်သူများ၊ အရပ်ဘက် အဖွဲ့အစည်းများ (သို့) တစ်သီး ပုဂ္ဂလ LGBTI များအတွက် အရေးပေါ် အခြေအနေ အထောက်အပံ့များ၊ ချဉ်းကပ် စည်းရုံးရေး ထောက်ပံ့မှုများနှင့် လုံခြုံရေး အကူအညီများ ပေးအပ်သည် (US Department of State, no date)။ ကာလရှည် စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရေး ရန်ပုံငွေများသည် နိုင်ငံတကာနှင့် ပြည်တွင်း အဖွဲ့အစည်းများအား လုပ်ငန်း အများအပြားကို လုပ်ဆောင် နိုင်စေခဲ့သည်။ ယင်းတို့တွင် ၎င်းတို့ ကူညီပေးသူများကို ထောက်ပံ့ပေးနိုင်ရန် LGBTI ထောက်ခံသော အရပ်ဘက် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စောင့်ကြည့်၊ မှတ်တမ်းတင်ပြီး တုံ့ပြန်နိုင်ရန် အရပ်ဘက် အဖွဲ့အစည်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်းတို့ ပါဝင်သည်။ ရန်ပုံငွေသည် အမေရိကန် နိုင်ငံ၏ သံရုံးများမှ တစ်ဆင့် ပြည်တွင်း အဖွဲ့အစည်းများထံ အသေးစား ထောက်ပံ့ငွေများ ဖြန့်ဝေပေးသည်။ “သံရုံးများမှ ထိတွေ့ ဆက်ဆံခြင်း” သည် မကြာသေးမီ နှစ်များအတွင်း အမေရိကန် နိုင်ငံက LGBTI လူ့အခွင့်အရေးကို ထောက်ပံ့ပုံ တစ်မျိုး ဖြစ်ပြီး အမေရိကန် သံရုံး တာဝန်ရှိသူများက LGBTI အရေး ထောက်ခံ လှုပ်ရှားသူများ၊ လူထု အခြေပြု အဖွဲ့အစည်းများနှင့် အလုပ်လုပ်ကိုင်ကာ ထိခိုက်လွယ်သည့် လူအုပ်စုကို ထောက်ပံ့ကြသည်။

၂၀၁၅ ခုနှစ်တွင် အမေရိကန် အစိုးရသည် LGBT များ၏ လူ့အခွင့်အရေး ဆိုင်ရာ အမေရိကန် နိုင်ငံ အထူး ကိုယ်စားလှယ်ကို ခန့်အပ်ခဲ့သည်။ ထိုသို့ ခန့်အပ်မှု မတိုင်မီ အမေရိကန် နိုင်ငံ အခြေစိုက် LGBTI အဖွဲ့အစည်းများသည် ကွန်ဂရက် အဖွဲ့ဝင်များကို စုပေါင်း စည်းရုံးဆွဲဆောင်ကာ နိုင်ငံခြားရေး ဝန်ကြီး ဌာနကို အထူးကိုယ်စားလှယ် ခန့်အပ်ရန် တိုက်တွန်းခဲ့သည်။ ထိုအထူး ကိုယ်စားလှယ်က LGBTI လူ့အခွင့်အရေး ထောက်ပံ့ရန် အမေရိကန် အစိုးရ၏ ကြိုးပမ်းမှုများကို စုစည်း အားကောင်းစေမည်ဟု မျှော်လင့်ကြသည်။ ထိုလုပ်ဆောင်ချက်ကို LGBTI အရေး တက်ကြွ လှုပ်ရှားသူများနှင့် အဖွဲ့အစည်း အများအပြားက ထောက်ခံခဲ့ကြသော်လည်း SOGI လူ့အခွင့်အရေး ခုခံ ကာကွယ်သူ အားလုံးက ထိုရာထူးကို ထောက်ခံခဲ့ခြင်းတော့ မဟုတ်ပေ။ ဥပမာ နိုင်ဂျီးရီးယား လူမျိုး လိင်တူ ချစ်သူ အခွင့်အရေးအတွက် ထောက်ခံ လှုပ်ရှားသူ အာဒီဘီစီ အာလီမီ (Adebisi Alimi) က ဒေသ တစ်ခု (သို့) ကိစ္စရပ် တစ်ခုအတွက် အထူးကိုယ်စားလှယ် ခန့်အပ်ခြင်းအပေါ် မကြာခဏ ထောက်ပြလေ့ရှိသည့် စိုးရိမ်ပူပန်မှု တစ်ခုကို ထောက်ပြခဲ့သည်။ အထူးကိုယ်စားလှယ် များသည် နိုင်ငံရေး ကတိကဝတ်ကို အစားထိုးရန် ရုပ်ပြ အဖြစ် လုပ်ဆောင်ခြင်း ဖြစ်နိုင်သည် ဟူသည့် အချက် ဖြစ်သည် (Lyman and Beecroft, 2014 တွင် ရှုပါ) အာလီမီက ထိုရာထူးအတွက် လူဖြူ အမျိုးသား တစ်ဦး ခန့်အပ်ခဲ့ခြင်းကိုလည်း ဝေဖန်ခဲ့ပြီး ထိုရွေးချယ်မှုက လိင်တူ ချစ်ကြိုက်ခြင်းသည် အနောက်နိုင်ငံ၏ အလေ့အကျင့် ဖြစ်ပြီး အနောက်နိုင်ငံ မဟုတ်သည့် ယဉ်ကျေးမှုများနှင့် မလျော်ညီဟု ရှုမြင် စေလိမ့်မည်ဟု ဆိုခဲ့သည် (Alimi, 2015)။

| အနှစ်ချုပ် |
|---|
| လွန်ခဲ့သည့် ၂၅ နှစ်အတွင်း LGBTI နှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများတွင် SOGI လူ့အခွင့်အရေး ထောက်ခံ လှုပ်ရှားမှုများ ကြီးထွားလာသည်ကို တွေ့ခဲ့ရသည်။ |

SOGI အခွင့်အရေးများ တောင်းဆိုရာတွင် လူ့အခွင့်အရေး မူဘောင် အသုံးပြုခြင်းက LGBTI များ ရှာဖွေနေသည့်အရာမှာ ၎င်းတို့အား ဆန့်ကျင်သူများ ပြောသလို အထူး အခွင့်အရေးမဟုတ်၊ ၎င်းတို့ မရရှိသော အခြေခံ လွတ်လပ်ခွင့်များ ဖြစ်သည် ဟူသည့် အမှန်တရားကို ထင်ဟပ်ပြနေသည်။
SOGI လူ့အခွင့်အရေးအတွက် စုစည်းခြင်း ရည်ရွယ်ချက်များတွင် အပြစ်ပေးမှုများအား ရပ်တန့်ရေး၊ လိင်တူ ချစ်ကြိုက်မှုကို အခြေခံသည့် အကြမ်းဖက်မှုများ အဆုံးသတ်ရေး၊ လိင်တူ လက်ထပ်မှု တန်းတူ ရရေး၊ လိင်တူ ချစ်ကြိုက်သည့် လိင်ဝိသေသ လက္ခဏာနှင့် ကိုယ်ပိုင် လိင်ဝိသေ ဖော်ပြချက်များကို အခြေခံသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တရားဥပဒေအရ လျော်ကြေး ပေးရေး၊ LGBTI များကို တရားဥပဒေ အကာအကွယ် ပေးရာတွင် တန်းတူထားရေးနှင့် LGBTI များ၏ အခွင့်အရေးများကို ခုခံကာကွယ်သူများအား အကာအကွယ်များ ပေးရေးတို့ ပါဝင်သည်။
လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူများနှင့် အဖွဲ့အစည်းများသည် ဂျန်ဒါနှင့် လိင်ဖြစ်တည်မှုတို့နှင့် ဆက်စပ်သည့် လူ့အခွင့်အရေး ကိစ္စရပ်များကို ကိုင်တွယ်ရန် နိုင်ငံတကာ ဥပဒေ မူဘောင် ဖန်တီးဖို့ လုပ်ဆောင် နေကြသည်။ ယိုဂျာကာတာ စည်းမျဉ်းများသည် ထိုလုပ်ငန်းများကို လမ်းညွှန်ပေးရန် အရေးပါသည့် စာတမ်းတစ်ခု ဖြစ်သည်။
ဘာသာရေး အခြေပြု အုပ်စုများ၊ အဖွဲ့အစည်းများနှင့် ဘုရားကျောင်းများသည် SOGI လူ့အခွင့်အရေးကို ထောက်ခံရာတွင်ရော၊ ကန့်ကွက်ရာတွင်ပါ ပြောဆိုရေးသားမှုများ ပြုခြင်း၊ စုစည်းခြင်း၊ ချဉ်းကပ် စည်းရုံးခြင်းများ ပြုလုပ်ရာတွင် ပါဝင်ကြသည်။
အမေရိကန် နိုင်ငံသည် SOGI လူ့အခွင့်အရေး တောင်းဆိုမှုများတွင် ရှုပ်ထွေးပြီး ရှေ့နောက်မညီသော အခန်းကဏ္ဍများမှ ပါဝင်ခဲ့သည်။ မကြာသေးမီ နှစ်များအတွင်း အမေရိကန် အစိုးရသည် SOGI လူ့အခွင့်အရေးကို နိုင်ငံတစ်ဝန်း မြှင့်တင်သည့် နိုင်ငံခြားရေး မူဝါဒ အများအပြားကို လုပ်ဆောင်ခဲ့သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

လိင်ဖြစ်တည်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်တွင် လူနည်းစု ဖြစ်သူများ၏ လူ့အခွင့်အရေး အတွက် တောင်းဆို လှုပ်ရှားမှုများသည် ယခု စာအုပ်ပါ အခြားသော လူ့အခွင့်အရေး လှုပ်ရှားမှုများနှင့် မည်ကဲ့သို့ ဆင်တူသနည်း။ မည်ကဲ့သို့ ကွဲပြားသနည်း။ SOGI လူ့အခွင့်အရေး လှုပ်ရှားမှုများကို အခြားသော လူ့အခွင့်အရေး လှုပ်ရှားမှုများနှင့် မည်ကဲ့သို့ ဆက်စပ်မည်နည်း။

## SOGI လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားမှုများအပေါ် ဝေဖန်မှုများ

### SOGI အခွင့်အရေးများနှင့် ယဉ်ကျေးမှု သွတ်သွင်းခြင်းဟူသည့် မေးခွန်း

လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက် ကိစ္စရပ်များကို လူ့အခွင့်အရေးမှ ချဉ်းကပ်ပုံဆိုင်ရာ စိန်ခေါ်မှု တစ်ခုမှာ LGBTI ဝိသေသများနှင့် လှုံ့ဆော်မှုများမှာ “နိုင်ငံခြား အယူအဆများ” ဖြစ်သည် ဟူသည့် အမြင်ပင် ဖြစ်သည်။ ဆိုလိုသည်မှာ ခေတ်သစ် ကိုလိုနီ နိုင်ငံရေးနှင့် ဥပဒေ မူဘောင်များ၏ ယဉ်ကျေးမှု သွတ်သွင်းခြင်း (သို့) ညစ်ညမ်းစေခြင်း၊ အနောက်တိုင်း ယဉ်ကျေးမှုက လွှမ်းမိုးခြင်းနှင့်/ သို့မဟုတ် နိုင်ငံတကာ အလှူရှင်များက ဦးစီးသည့် အစီအမံ ဖြစ်သည်ဟု ဆိုခြင်းပင်။ အဆိုပါ ယဉ်ကျေးမှု

သွတ်သွင်းခြင်း ဘောင်ထဲတွင် နိုင်ငံများက ၎င်းတို့၏ LGBTI တက်ကြွ လှုပ်ရှားမှုများကို ဖိနှိပ်ခြင်းနှင့် လိင်တူ ယှဉ်တွဲ နေထိုင်ခြင်းတို့အား တားဆီးခြင်းတို့ကို ကျင့်ဝတ်များနှင့် ပြည်တွင်း ယဉ်ကျေးမှု သရုပ်သဏ္ဌာန်များကို ကာကွယ်ရန်ဟု အမည်တပ်ကြသည်။ SOGI လူ့အခွင့်အရေး ပညာရှင်များနှင့် တက်ကြွ လှုပ်ရှားသူများက လိင်တူ ချစ်ကြိုက်မှု ကဲ့ရဲ့ ရှုံ့ချခြင်းအား ယဉ်ကျေးမှု ကာကွယ်ရေး အဖြစ် သုံးနှုန်းခြင်းကို ပြောင်းပြန်လှန်ပစ်ကာ အထက်ပါ ဆင်ခြေပေးနည်းကို ဖျက်ဆီးရန် ကြိုးပမ်းခဲ့ကြသည်။ SOGI ပညာရှင်များနှင့် တက်ကြွ လှုပ်ရှားသူများက LGBTI ဝိသေသနှင့် လှုံ့ဆော်မှုများမှာ နိုင်ငံခြားမှ သွင်းကုန်မဟုတ်၊ နိုင်ငံရေးအရ လိင်တူ ချစ်ကြိုက်မှုကို ကဲ့ရဲ့ ရှုံ့ချခြင်းကသာ နိုင်ငံခြားသွင်းကုန်ဟု ထောက်ပြခဲ့ကြသည်။ ထိုသို့ လုပ်ဆောင်နိုင်ရန် ထိုသူများက အနောက်နိုင်ငံ မဟုတ်သည့် နောက်ခံ အခြေအနေများတွင် လိင်ဖြစ်တည်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်များကို သဘောထားကြီး လက်ခံသည့် (တစ်ခါတရံ အားပေးအားမြှောက်ပြုခြင်းပါ ဖြစ်သည့်) သမိုင်းကြောင်း စဉ်လာများကို ထောက်ပြကြသည်။ ထိုသူများက သမိုင်းကြောင်း အစဉ်အလာအရ အနောက်နိုင်ငံမှ ကိုလိုနီ အင်အားစုများသည် လိင်တူ ချစ်ကြိုက်မှုကို ဥပဒေအရ အရေးယူသည့် ဥပဒေ မူဘောင်များ ပြဋ္ဌာန်းခြင်းဖြင့် တောင်ကမ္ဘာခြမ်းတွင် လိင်တူ ချစ်ကြိုက်မှုကို ကဲ့ရဲ့ ရှုံ့ချခြင်းအား စတင် မိတ်ဆက်ခဲ့ခြင်း၊ ပိုဆိုးစေခြင်းနှင့်/သို့မဟုတ် စုစည်းအားကောင်း စေခြင်းတို့ ပြုလုပ်ခဲ့ကြောင်း ထောက်ပြခဲ့သည်။ ထို့ပြင် ကမ္ဘာ့ မြောက်ခြမ်း၊ အထူးသဖြင့် အမေရိကန် နိုင်ငံမှ အစပြုသည့် လိင်တူ ချစ်ကြိုက်မှုကို နိုင်ငံရေးအရ ကဲ့ရဲ့ ရှုံ့ချခြင်းအား ကြိုကြား၊ ကြိုကြား လုပ်ဆောင်ခြင်းများကို ထောက်ပြကာ ထိုယဉ်ကျေးမှုနှင့် နိုင်ငံရေးအရ လိင်တူ ချစ်ကြိုက်မှုကို ကဲ့ရဲ့ ရှုံ့ချခြင်းသည် လက်ရှိအချိန်အထိ ဆက်လက် ရှိနေသည်ဟု မှတ်ချက်ပြု ခဲ့သည် (Bosia and Weis, 2013)။

## SOGI တက်ကြွ လှုပ်ရှားမှုများအပေါ် လူ့အခွင့်အရေး ချဉ်းကပ်ပုံများအား LGBTI ရှုထောင့်မှ ဝေဖန်ခြင်းများ

LGBTI အုပ်စုများအတွင်း SOGI တက်ကြွ လှုပ်ရှားမှုများအပေါ် လူ့အခွင့်အရေး ချဉ်းကပ်ပုံများ အသုံးပြုခြင်းကို ဝေဖန်ခြင်းများ ရှိသည်။ ဥပမာ စုစည်းရန်အတွက် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်ပုံများသည် ဥရောပကို အခြေခံထားသည့် ပုံစံ ဖြစ်ပြီး ၎င်းတို့သည် အခြားသော LGBTI တည်ရှိပုံများနှင့် တော်လှန်ရေးများကို ထည့်သွင်း စဉ်းစားခြင်း မရှိဟု အချို့က ထောက်ပြကြသည်။ ထို့ပြင် အချို့သော တက်ကြွ လှုပ်ရှားသူများက LGBTI လူ့အခွင့်အရေး ဆိုင်ရာ ပြောဆို ရေးသားခြင်းနှင့် မူဝါဒများကို နိုင်ငံများက အခြား လူ့အခွင့်အရေး ချိုးဖောက်မှုများအား ဖုံးကွယ်ရန် အသုံးပြုကြမည်ကို စိုးရိမ်ကြသည်။ ဥပမာ ဆာရာ ရှော်လ်မန်း (Sarah Schulman) ကဲ့သို့သော တက်ကြွ လှုပ်ရှားသူများက အစ္စရေးသည် လိင်ဖြစ်တည်မှုအပေါ် သဘောထား ပျော့ပြောင်းမှုအား ရည်ရွယ်ချက်ရှိရှိ ပြသကာ နိုင်ငံကို ပြန်လည် အဖတ်ဆယ်ပြီး အစ္စရေးနှင့် ၎င်းသိမ်းပိုက်ထားသော ဒေသများတွင် ပါလက်စတိုင်း လူမျိုးများအပေါ် အစ္စရေး အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှု များအား အာရုံစိုက်လာခြင်း မရှိအောင် အာရုံလွှဲထားသည်ဟု ဆိုကြသည် (Schulman, 2011)။ အခြားသူများက ကိုယ်စားပြုမှု နည်းဗျူဟာများ ဖြစ်သော ပင်မရေစီးကြောင်းနှင့် နီးစပ်သည့် LGBTI များနှင့် ဆက်ဆံရေးများ၊ လိင်တူ လက်ထပ်ခြင်းအတွက် တောင်းဆိုမှုများ ပေါင်းစပ်ကာ လူအများအပြားကို ဘေးဖယ် ထုတ်ထားမည့်၊ လူ့အများ၏ လိင်ဖြစ်တည်မှုနှင့် ဆက်ဆံရေး လွတ်လပ်ခွင့်များကို ကန့်သပ်မည့် လိင်တူချစ်ခြင်းက စံဖြစ်သည့် ပုံစံ ထွက်ပေါ်လာမည်ကို စိုးရိမ်ကြသည်။ လီဆာဒက်ဂန် (Lisa Duggan) က "လိင်တူချစ်ခြင်း စံဖြစ်လာခြင်းသည် လက်ထပ်ခြင်းနှင့်

တစ်လင်တစ်မယား စနစ်၊ မျိုးပွားခြင်းများ အစရှိသည့် လွှမ်းမိုးထားသော လိင်ကွဲချစ်ခြင်း စံနှုန်း ယူဆချက်များနှင့် အင်စတီကျူးရှင်းများကို စိန်ခေါ်ခြင်း မဟုတ်။ ၎င်းသည် ထိုစံနှုန်းများကို ဆက်လက်ထိန်းထားပြီး တစ်ချိန်တည်းတွင် စုစည်းခြင်း မရှိတော့သည် လိင်တူချစ်သူများ အသိုင်းအဝိုင်းနှင့် မိသားစုဘဝနှင့် စားသုံးမှုတို့၌ အနည်ထိုင်နေသည့် နိုင်ငံရေး မဆန်တော့သည့် သီးခြားနေထိုင်သော လိင်တူချစ်သူ ယဉ်ကျေးမှုများ ပေါ်ပေါက်လာမည့် အလားအလာကိုလည်း ပေးထားသည်" ဟု ရှင်းပြခဲ့သည် (Duggan, 2002, p. 179)။ LGBTI များ၏ လုံခြုံရေး၊ ပါဝင်ခွင့်နှင့် အသိအမှတ်ပြုခြင်းတို့ကို ငြင်းဆိုခြင်း မဟုတ်သော်လည်း ထိုဝေဖန်သူများက လိင်ဖြစ်တည်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက် အမျိုးမျိုးအတွက် လှုပ်ရှားမှုများသည် နိုင်ငံတွင်း လူမျိုးရေး၊ ဂျန်ဒါနှင့် စီးပွားရေး တရားမျှတမှုနှင့် ၎င်းတို့အကြား ပထဝီဝင် နိုင်ငံရေး တရားမျှတမှု ဆိုင်ရာ လှုပ်ရှားမှုများနှင့် ဆက်စပ်သင့်သည်ဟု ထောက်ပြကြသည်။

## SOGI လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားမှုတွင် နိုင်ငံတော်ဆိုင်ရာ မေးခွန်းများ

အခြား ဝေဖန်ချက် တစ်ခုမှာ SOGI လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားမှု၏ နိုင်ငံတော်ကို ဗဟိုပြုသည့် အချက် ဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ ပြောဆိုရေးသားမှုများနှင့် စုစည်းမှု များသည် ခက်ခဲသည့် မေးခွန်း တစ်ခုကို ရင်ဆိုင်ရသည်။ တစ်ဘက်တွင် နိုင်ငံ အများအပြားသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ကြသည် (သို့) လက်ခံထားကြသည်။ အခြားတစ်ဘက်တွင်လည်း နိုင်ငံများတွင် လူ့အခွင့်အရေး ကျူးလွန်မှုများအတွက် တည်ဆဲ နိုင်ငံရေးနှင့် အင်စတီကျူးရှင်းဆိုင်ရာ ဖြေရှင်းပေးနည်း အများအပြား ရှိသည်။ ထို့ကြောင့် စုစည်းရန် လူ့အခွင့်အရေး အခြေစိုက် ချဉ်းကပ်ပုံတွင် နိုင်ငံတော်ကို ၎င်းတို့၏ လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ဝေဖန်နေသည့်တိုင် နိုင်ငံတော်၏ ဖြေရှင်းပေးနည်းများကိုသာ အသုံးပြု ကြရသည်။ အမှန်တကယ်လည်း အချို့သော လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူများနှင့် ပညာရှင်များက LGBTI စုစည်းမှုအတွက် ထိုသို့သော အခွင့်အရေး အခြေပြု ချဉ်းကပ်ပုံများသည် အထူးသဖြင့် ရာဇဝတ်မှု တရားစီရင်ရေးနှင့် စစ်တပ် ကဲ့သို့သော နိုင်ငံတော်၏ နှိပ်ကွပ်သော အင်စတီကျူးရှင်းများကို အားဖြည့်ပေးရာ ကြမည်ကို စိုးရိမ်ကြသည်။ ထိုအင်စတီကျူးရှင်း များသည် လူမျိုးရေး ခွဲခြားခြင်း၊ လိင်ခွဲခြားခြင်း၊ လိင်တူ ချစ်ခြင်းကို ကဲ့ရဲ့ ရှုံ့ချခြင်းနှင့် အခြားသော နှိပ်ကွပ်မှုများနှင့် စပ်လျဉ်းသည့် နိုင်ငံတော်၏ ဖိနှိပ်ခြင်းနှင့် အကြမ်းဖက်မှု ပုံစံများ တည်ရှိရာ နေရာဖြစ်သည် (Spade and Willse, 2014; Keating, 2013)။ တက်ကြွ လှုပ်ရှားသူ ဝင်ဒီ ဆမ်မာဆင် (Wendy Somerson) က "ပင်မ ရေစီးကြောင်းမှ GLBT အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများသည် GLBT များကို လိင်ကွဲ စံပြုခြင်း ပင်မ ရေစီးကြောင်း ဆိုင်ရာ အင်စတီကျူးရှင်းများတွင် ပါဝင်ခွင့် ရရန် စွမ်းစွမ်းတမံ ကြိုးပမ်းနေကြသည်။ လိင်တူ လက်ထပ်နိုင်ရေး၊ အမုန်းတရား ဆိုင်ရာ ရာဇဝတ်မှု ဥပဒေများ ချမှတ်ရေးနှင့် စစ်တပ်တွင် တာဝန် ထမ်းဆောင်ခွင့် ကဲ့သို့သော အရေးကိစ္စများတွင် ၎င်းတို့၏ ခွန်အားများနှင့် အရင်းအမြစ်များကို စုပြုံ သုံးစွဲ နေကြသည်" ဟု ဝေဖန်ခဲ့သည်။ သူမက အမုန်းတရား ဆိုင်ရာ ရာဇဝတ်မှု ဥပဒေများ ချမှတ်ခြင်း ကဲ့သို့သော ချဉ်းကပ်ပုံများသည် ထိရောက်မှု မရှိသည့် တားဆီးမှုများ ဖြစ်ပြီး "ကျူးလွန်သူများကို ကြီးလေးသော ပြစ်ဒဏ်များ ပေးခြင်းဖြင့် အကျဉ်းထောင် ကဲ့သို့သော နေရာမျိုး၏ အာဏာကို ကြီးမားလာစေသည်။ အကျဉ်းထောင်သည် လိင်တူ ချစ်သူများနှင့် အခြားသော ဘေးဖယ်ခံ အုပ်စုများအပေါ် မည်သည့်အခါကမျှ တရားမျှတစွာ ဆက်ဆံသည့် နေရာ မဟုတ်ပေ။" ဟု ဆိုခဲ့သည်။ ထိုကဲ့သို့ နိုင်ငံတော် အင်စတီကျူးရှင်းများ၏ ကာကွယ်ရေးနှင့် ဝင်ရောက် စွက်ဖက်ရေးကို အားကိုးသည့် နည်းဗျူဟာများကို အသုံးပြုမည့်အစား "ကျွန်ုပ်တို့၏ အသိုင်းအဝိုင်း အတွင်း

အကျဉ်းထောင်နှင့် ရဲအရာရှိများကို မမှီခိုသည့် တာဝန်ခံမှုနှင့် တရားမျှတမှု ဆိုင်ရာ အခြား စနစ်များ” ကို တည်ဆောက်ရန် အကြံပြုခဲ့သည် (Somerson, 2010)။ ဥပမာ နယူးယော့ခ်မြို့မှ လူဖြူ မဟုတ်သော LGBTI လူငယ် အဖွဲ့အစည်း ဖြစ်သည့် FIERCE ၏ အဓိက အဖွဲ့အစည်း မျှော်မှန်းချက် တစ်ခုမှာ ရဲများ၏ အကြမ်းဖက်မှုများကို တိုက်ဖျက်ရန် ဖြစ်သည်။ ထိုသူများက “၎င်းတို့၏ ခန္ဓာကိုယ်များကို ရဲများက တစ်ချိန်လုံး ပစ်မှတ်ထားခြင်းကို စိတ်ပျက်ငြီးငွေ့ နေပြီ ဖြစ်သည်” ဟု ဆိုသည်။ ထိုအုပ်စုက ရဲများအား တာဝန်ခံခြင်းဆိုင်ရာ ကော်မတီကို ဖွဲ့စည်းခဲ့ပြီး အခြား အုပ်စုများနှင့် ပူးပေါင်းကာ ရဲဌာန ပြုပြင် ပြောင်းလဲရေး ကမ်ပိန်းများ၊ ပြည်သူများကို မြှင့်တင်ပေးသည့် စီမံကိန်းများ လုပ်ဆောင်ကြသည် (Fierce, no date)။ ရဲဌာန ပြုပြင် ပြောင်းလဲရေးနှင့် တာဝန်ခံရေး ကိစ္စရပ်များအတွက် စုစည်းမှုအပြင် အခြား အုပ်စုများက အန္တရာယ်ကို ရပ်ရွာ အသိုင်းအဝိုင်း အတွင်းမှ ဖြေရှင်းနိုင်ရန် ရပ်ရွာ အသိုင်းအဝိုင်း၏ စွမ်းဆောင်ရည်များကို မြှင့်တင်ခြင်းအား လုပ်ဆောင်သည်။ ဥပမာ အချို့သော အုပ်စုများသည် “အန္တရာယ်ကင်းဇုန်” သတ်မှတ်ရန် ထောက်ခံ တောင်းဆိုကြသည်။ ဒါဟာမ်၊ နယူးယောက်မြို့ရှိ အန္တရာယ်ကင်းဇုန် စီမံကိန်း၏ စကားလုံးများ အတိုင်း အန္တရာယ်ကင်းဇုန်ကို ရှင်းပြရလျှင် ရပ်ရွာ အသိုင်းအဝိုင်းများကို နိုင်ငံတော်၏ တရားစီရင်ရေးနှင့် အကာအကွယ်အား မှီခိုနေမည့်အစား “အမှီအခို မယူဘဲ ရပ်ရွာ အသိုင်းအဝိုင်းက လွတ်လပ်စွာ မိမိဘာသာ မိမိ ထိန်းကျောင်းနေခြင်း” ဖြစ်သည် (Spirit House, no date)။

**အနှစ်ချုပ်**

SOGI လူ့အခွင့်အရေး ထောက်ခံသူများက လိင်တူ ချစ်ကြိုက်မှုကို ကဲ့ရဲ့ ရှုံ့ချခြင်းနှင့် ကိုလိုနီဝါဒ တို့အကြား သမိုင်းစဉ်လာအရ ဆက်စပ်မှုများနှင့် ယနေ့ခေတ် ပထဝီဝင် နိုင်ငံရေး၏ လိင်တူ ချစ်ကြိုက်မှုကို ကဲ့ရဲ့ ရှုံ့ချခြင်းတို့အား ဆန်းစစ်ကာ SOGI လူ့အခွင့်အရေးသည် ယဉ်ကျေးမှုနှင့် နိုင်ငံရေး သွပ်သွင်းခြင်း (သို့) နိုင်ငံခြားမှ အယူအဆများ ဖြစ်သည်ဟူသည့် ဝေဖန်မှုများကို တုံ့ပြန်ခဲ့ကြသည်။

SOGI လူ့အခွင့်အရေး ချဉ်းကပ်ပုံများအပေါ် ဝေဖန်မှုများတွင် အောက်ပါတို့ ပါဝင်သည်။ စုစည်းရေးအတွက် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်ပုံများသည် ဥရောပ ဗဟိုပြု ပုံစံ ဖြစ်ပြီး အခြားသော LGBTI စုစည်းမှုများကို လျစ်လျူရှုထားသည်။ အချို့သော နိုင်ငံများသည် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် အာရုံစိုက်ခြင်းများအား အာရုံလွှဲရန် SOGI အခွင့်အရေး များကို လက်ခံကြိုဆိုကြသည်။ SOGI လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြေရှင်းရန် နိုင်ငံတော်ကို အသုံးပြုခြင်းသည် နိုင်ငံတော်၏ နှိပ်ကွပ်မှုနှင့် အကြမ်းဖက်မှုများအတွက် တာဝန်ရှိသည့် အင်စတီကျူးရှင်းများကို အားဖြည့်ပေးရာ ကျသည်။

ထိုစိုးရိမ် ပူပန်မှုများကို ကိုင်တွယ်နိုင်သည့် SOGI လူ့အခွင့်အရေး ချဉ်းကပ် စည်းရုံးမှု ပုံစံ အချို့မှာ SOGI လူ့အခွင့်အရေး ကြိုးပမ်းမှုများနှင့် လူမျိုးရေး၊ ဂျန်ဒါ၊ စီးပွားရေးနှင့် ပထဝီဝင် နိုင်ငံရေး တရားမျှတမှုတို့အတွက် ကြိုးပမ်းမှုများကို ဆက်စပ်သည့် ချဉ်းကပ်ပုံများနှင့် နိုင်ငံတော်အပေါ် မမှီခိုသော အသိအမှတ်ပြုရေး၊ တရားမျှတမှုနှင့် တာဝန်ခံမှု စနစ်များကို တည်ဆောက်ခြင်းတို့ ဖြစ်သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

(၁) လိင်တူ ချစ်ကြိုက်ခြင်းကို ကဲ့ရဲ့ ရှုံ့ချခြင်းများအား တိုက်ဖျက်ရန် နိုင်ငံတော်၏ အင်စတီကျူးရှင်းများနှင့် အရင်းအမြစ်များကို အသုံးပြုခြင်း (၂) ထိုနိုင်ငံတော် အင်စတီကျူးရှင်းများကို ပြုပြင် ပြောင်းလဲခြင်းနှင့် (၃) ထိုအင်စတီကျူးရှင်းများကို အသုံးမပြုဘဲ လိင်တူ ချစ်ကြိုက်ခြင်းကို ကဲ့ရဲ့ ရှုံ့ချခြင်းများအား ရပ်ရွာ

အသိုင်းအဝိုင်း အတွင်းမှ ကိုင်တွယ်နိုင်သည့် အားကောင်းသော ရပ်ရွာ အသိုင်းအဝိုင်းများ တည်ဆောက်ရန် ဆောင်ရွက်ခြင်း နည်းလမ်း သုံးနည်း အနက် သင်၏ အမြင်တွင် မည်သည့် နည်းလမ်းက ပိုကောင်းသနည်း။

## ဖြစ်ရပ် လေ့လာခြင်း၊ ယူဂန်ဒါ

ယူဂန်ဒါသည် ၁၈၉၄ မှ ၁၉၆၂ ခုနှစ် အထိ ဗြိတိသျှ အင်ပါယာက ဗြိတိသျှ ကာကွယ် စောင့်ရှောက်သည့် မြေအဖြစ် ကိုလိုနီပြုကာ စီမံခန့်ခွဲ ခံခဲ့ရသည့် အာဖရိက နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်။ အင်ပိုင်ယာက ကိုလိုနီများအပေါ် ချမှတ်ခဲ့သည် ဗြိတိသျှ ဥပဒေ၏ ဝိသေသ တစ်ရပ်မှာ လိင်တူ လိင်ဖြစ်တည်မှုကို အပြစ်ပေးခြင်း ဖြစ်ပြီး ထိုကန့်သတ်ချက်သည် ယနေ့ခေတ် ယူဂန်ဒါ နိုင်ငံ တည်ဆောက်ပြီးချိန်အထိ ဥပဒေအဖြစ် ဆက်လက် ရှိနေသည်။ ယူဂန်ဒါသည် ကိုလိုနီခေတ် အတွင်း လိင်တူ လိင်ဖြစ်တည်မှုကို ဥပဒေဖြင့် တားမြစ်ခဲ့ပြီး လွတ်လပ်ရေး ရပြီးနောက် ထိုဥပဒေများကို ဆက်လက် ထိန်းသိမ်းထားသည့် တစ်ခုတည်းသော နိုင်ငံ မဟုတ်ပေ။ သို့ရာတွင် မကြာသေးမီ နှစ်များအတွင်း ယူဂန်ဒါ နိုင်ငံတွင် လိင်တူ ဆန့်ကျင်ရေး ဥပဒေ အသစ် တစ်ခု ပြဋ္ဌာန်းခဲ့ပြီး LGBTI ဆန့်ကျင်ရေး လုပ်ဆောင်ချက်များနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ များပြား လာခြင်းကြောင့် နိုင်ငံတကာမှ အာရုံစိုက်မိ လာကြသည်။ လိင်တူဖြစ်တည်မှု ဆန့်ကျင်ရေး ဥပဒေကြမ်းဟု အမည်တွင်သည့် ထိုဥပဒေ စတင် ပေါ်ပေါက်လာပုံကို လေ့လာကြည့်လျှင် လူ့အခွင့်အရေး လှုပ်ရှားသူများက ၂၀၀၉ ခုနှစ် အစောပိုင်း ယူဂန်ဒါ၏ မြို့တော် ကန်ပါလာတွင် ကျင်းပခဲ့သော ဟောပြောပွဲများကို ထောက်ပြကြသည်။ အမေရိကန် နိုင်ငံမှ လိင်တူဆန့်ကျင်ရေး တက်ကြွ လှုပ်ရှားသူ သုံးဦး ဖြစ်သည့် ရှေ့နေနှင့် ဝန်ကြီး စကော့လိုက်ဗလီ (Scott Lively) နှင့် လက်ထောက် နှစ်ဦးသည် ကျွမ်းကျင်သူများအဖြစ် ရှေ့နေ၊ ဝန်ကြီးများ၊ ဆရာများနှင့် မူဝါဒ ချမှတ်သူ ပရိသတ်များကို “လိင်တူ ချစ်သူ အစီအစဉ်” ခေါင်းစဉ်ဖြင့် တင်ပြမှုများ ပြုလုပ်ခဲ့သည်။ လိုက်ဗလီက ထိုအကြောင်းအရာကိုပင် ယူဂန်ဒါ လွှတ်တော် အတွင်း၌လည်း ဆွေးနွေးခဲ့သည်။ ထိုသူ သုံးဦးလုံးက ထိုဟောပြောပွဲများအပြီး မကြာမီ ထွက်ပေါ်လာသည့် ဥပဒေကြမ်းအပေါ် ၎င်းတို့ တာဝန် မကင်းကြောင်းကို ငြင်းဆိုကြသည်။ သို့ရာတွင် လိုက်ဗလီကို လက်ရှိတွင် ယူဂန်ဒါ LGBTI အခွင့်အရေး အုပ်စုက ယူဂန်ဒါရှိ လိင်တူ နှစ်ခြိုက်သူ အမျိုးသားနှင့် အမျိုးသမီးများအား ဖိနှိပ်ရန် အားပေး အားမြှောက် လုပ်ခြင်းကြောင့် အမေရိကန် နိုင်ငံတွင် တရားစွဲဆိုထားသည်။ လိင်တူ ချစ်သူ အစီအစဉ် တင်ပြပြီး လအနည်းငယ် အကြာတွင် လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက လိင်တူ ဖြစ်တည်မှု ဆန့်ကျင်ရေး ဥပဒေကြမ်းကို စတင် မိတ်ဆက်ခဲ့ပြီး ယင်းဥပဒေ ပြဋ္ဌာန်းရန် တိုက်တွန်းခဲ့သည်။ ဥပဒေကြမ်း၏ မူလ ပုံစံက လိင်တူ ဖြစ်တည်မှုကို ရာဇဝတ်မှု အရ အပြစ်ပေးခြင်းများ တိုးမြှင့်ရန်နှင့် “ကြီးလေးသည့် လိင်တူ ဖြစ်တည်မှု” (ထိုအမျိုးအစားတွင် HIV ရောဂါ ရှိနေလျက်နှင့် လိင်ဆက်ဆံခြင်း ပါဝင်သည်) (သို့) ကြိမ်ဖန်များစွာ ကျူးလွန်သူများ (လိင်တူ ဖြစ်တည်မှု လုပ်ရပ်များကို ကြိမ်ဖန်များစွာ ကျူးလွန်ခြင်းဟု အဓိပ္ပာယ် ဖွင့်ဆိုသည်) အတွက် သေဒဏ် ပေးရန် အကြံပြုထားသည်။ ထို့ပြင် အခြားသူ တစ်ဦး လိင်တူ နှစ်သက်သူ ဖြစ်ခြင်းကို တိုင်ကြားရန် ပျက်ကွက်ခြင်းနှင့် လိင်တူ ချစ်ကြိုက်မှုကို မြှင့်တင်ခြင်းတို့အတွက် ရာဇဝတ် အပြစ်ပေးမှုများ ပြဋ္ဌာန်းထားခြင်းဖြင့် ဥပဒေကြမ်းက အပြစ်ပေး၍ ရသည့် အမူအကျင့် သတ်မှတ်ပုံ အကျယ်ကို ချဲ့ထွင်ခဲ့သည်။ လိင်တူ ချစ်ကြိုက်မှုကို မြှင့်တင်ခြင်း ဟူသည့် အချက် ပါဝင်လိုက်ခြင်းဖြင့် ဥပဒေ ရေးသားသူက LGBTI များ၏ ပြည်သူ့ရေးရာ အခွင့်အရေး (သို့) လူ့အခွင့်အရေး အတွက် ထောက်ခံ လှုပ်ရှားမှု အားလုံးကို အပြစ်ပေးရန် ရည်ရွယ်သည်။ ထိုဥပဒေကြမ်းက

လိင်တူ ဖြစ်တည်မှုကို သေဒဏ် ပေး၍ ရသော ရာဇဝတ်မှုအဖြစ် သတ်မှတ်ခဲ့ခြင်းကြောင့် ထိုဥပဒေကြမ်းကို နိုင်ငံတကာမှ ဝေဖန်သူများက "လိင်တူများကို သတ်ဖြတ်သည့် ဥပဒေကြမ်း" ဟု ရည်ညွှန်း ခေါ်ဝေါ် ခဲ့သည်။

ထိုဥပဒေကြမ်းကို လွှတ်တော်အတွင်း မိတ်ဆက်ပြီး များမကြာမီပင် နိုင်ငံတကာနှင့် ယူဂန်ဒါမှ လူ့အခွင့်အရေး အသိုင်းအဝိုင်းများက စတင် ဆန္ဒပြ ဆန့်ကျင်ကြသည်။ ၂၀၁၄ ခုနှစ်အထိ ထိုဥပဒေကြမ်းသည် ဥပဒေ ဖြစ်မလာခဲ့သော်လည်း လိင်တူ ဖြစ်တည်မှုသည် ကျင့်ဝတ်နှင့် မကိုက်ညီ ဟူသော ပြောဆိုရေးသားမှုများနှင့် လိင်တူ နှစ်ခြိုက်သူ အမျိုးသားနှင့် အမျိုးသမီး များသည် ကလေးငယ်များကို လိင်တူ နှစ်ခြိုက်သူများ ဖြစ်လာရန် သိမ်းသွင်းကြသည် ဟူသည့် စွဲချက်များက LGBTI များအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံမှုများကို အားပေးခဲ့သည်။ LGBTI ဆန့်ကျင်ရေး ပြောဆိုရေးသားမှု ဥပမာ တစ်ခုမှာ ၂၀၁၀ ခုနှစ်တွင် ယူဂန်ဒါ၏ လူပြိန်းကြိုက် သတင်းစာ တစ်စောင်ဖြစ်သော Rolling Stone ထုတ်ဝေမှု တစ်ခုထဲတွင် ပါဝင်ခဲ့သည့် "ယူဂန်ဒါ၏ ထိပ်တန်း လိင်တူနှစ်ခြိုက်သူများ၏ ပုံ ၁၀၀ ပေါက်ကြားခြင်း" ဟူသည့် မျက်နှာဖုံး ခေါင်းကြီးပိုင်း သတင်းနှင့် သတင်းစာအတွင်းပါ "သူတို့ကို ကြိုးပေးကြပါ၊ သူတို့က ကျွန်တော်တို့ရဲ့ ကလေးတွေကို လိုက်နေပါတယ်" ဟူသည့် ဆောင်းပါးတို့ ဖြစ်ကြသည်။ ထိုဆောင်းပါးတွင် LGBT ထောက်ခံ လှုပ်ရှားသည့် အဖွဲ့တစ်ဖွဲ့ ဖြစ်သော ယူဂန်ဒါ၏ လိင်ဖြစ်တည်မှု လူနည်းစုများ (Sexual Minorities Ugenda (SMUG)) အဖွဲ့၏ ပူးတွဲ တည်ထောင်သူ ဒေးဗစ် ကာတို (David Kato) အကြောင်းကို ဖော်ပြထားသည်။ ကာတိုက ထိုသတင်းစာကို တရားရုံးတွင် အောင်မြင်စွာ တရားစွဲဆိုနိုင်ခဲ့ပြီး ထုတ်ဝေသူများကို ယူဂန်ဒါရှိ LGBTI များ၏ အမည်နှင့် လိပ်စာများ ထုတ်ဝေခြင်းမှ တားဆီးနိုင်ခဲ့ သော်လည်း ထိုဖြစ်ရပ်ပြီးနောက် သူ့ကို အသက်သေသည်အထိ ရိုက်သတ် ခံခဲ့ရသည်။ ကမ္ဘာပေါ်ရှိ သတင်းဌာနများက ယူဂန်ဒါရှိ LGBTI ဆန့်ကျင်ရေး သဘောထားများနှင့် လုပ်ရပ်များ နောက်ခံတွင် ကာတို၏ အသတ်ခံရမှုကို ဖော်ပြကြသည်။

၂၀၁၄ ခုနှစ်တွင် သမ္မတ ယိုဝီရီ မူဆာဗီနီ (Yoweri Museveni) က လိင်တူဖြစ်တည်မှု ဆန့်ကျင်ရေး ဥပဒေကြမ်းကို လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့သည်။ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် အကြား မူဆာဗီနီက ဥပဒေကြမ်းအပေါ် ခြွင်းချက် အချို့အား တင်ပြခဲ့သော်လည်း ထိုဥပဒေကို ထောက်ခံပြီး လက်မှတ် ရေးထိုးခဲ့သည်။ လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူများက လိင်တူ ဖြစ်တည်မှု ဆန့်ကျင်ရေး ဥပဒေကြမ်း၊ နောက်ပိုင်းတွင် အက်ဥပဒေသည် သမ္မတ၏ နိုင်ငံရေး အကျိုးစီးပွားကို အထောက်အကူ ပြုသည်ဟု ထောက်ပြခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ဝေဖန်သူများက အစိုးရ၏ အကျင့်ပျက် ခြစားမှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆန့်ကျင်ခဲ့ကြပြီး မူဆာဗီနီက LGBTI များကို ဓားစာခံအဖြစ် အသုံးချကာ သူ့ကိုယ်သူ နိုင်ငံအပေါ် ကျရောက်နေသည့် စိတ်ဓာတ်ပိုင်း ဆိုင်ရာ ခြိမ်းခြောက်မှုများအား စိုးရိမ် ပူပန်သည့် ခရစ်ယာန် ခေါင်းဆောင် တစ်ယောက်အဖြစ် ပုံဖော်၍ ပြည်တွင်း ထောက်ခံမှုများ ရယူခဲ့ခြင်း ဖြစ်သည်။

ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည့် အချိန်တွင် သမ္မတ မူဆာဗီနီ၏ LGBTI ဆန့်ကျင်ရေး သဘောထားများကို သဘောတူကြောင်း ဝန်ခံခဲ့ကြသည့် အမေရိကန်နိုင်ငံမှ ခရစ်ယာန် ရှေးရိုးစွဲ ခေါင်းဆောင် အများအပြားနှင့် အခြား ယူဂန်ဒါ လူမျိုးများကို ဥပဒေကြမ်း၊ အထူးသဖြင့် သေဒဏ် ပြဋ္ဌာန်းမှုမှ လက်ရှောင်နေရန် ဖိအားပေးခံခဲ့ကြရသည်။ ဥပဒေ ဖြစ်လာသည့် ဥပဒေကြမ်းသည် သေဒဏ် မပါဝင်ခဲ့ပေ။ ထိုဥပဒေကို ဝေဖန်သူများက ဆန့်ကျင်ခဲ့ပြီး များမကြာမီပင် ယူဂန်ဒါ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ခုံရုံးက ဥပဒေကို

ပယ်ဖျက်ခဲ့သည်။ သို့ရာတွင် တရားရုံးက လိင်တူ ဖြစ်တည်မှု ဆန့်ကျင်ရေး အက်ဥပဒေကို ပယ်ဖျက်ခဲ့ခြင်းမှာ ထိုအက်ဥပဒေက LGBTI များ၏ လူ့အခွင့်အရေးကို ချိုးဖောက်ခဲ့ခြင်းကြောင့် မဟုတ်။ လွှတ်တော်က ဥပဒေကို အတည်ပြုခဲ့သည့် လုပ်ထုံးလုပ်နည်း ဆိုင်ရာများကြောင့် ပယ်ဖျက်ခဲ့ခြင်း ဖြစ်သည်။ ထိုဥပဒေနှင့် ဆက်စပ်နေသည့် ဥပဒေပြုသူများက လိင်တူ ဆက်ဆံရေး ရှိသူများကို အပြစ်ပေးရန် လိုလား နေကြဆဲ ဖြစ်သည်။ ထိုလိင်တူ ဖြစ်တည်မှု ဆန့်ကျင်ရေး အက်ဥပဒေသည် ဥပဒေအဖြစ် မရှိတော့သော်လည်း ယူဂန်ဒါ နိုင်ငံရှိ LGBTI များ၏ လူ့အခွင့်အရေး အခြေအနေသည် ဆိုးရွားနေဆဲ ဖြစ်ပြီး LGBTI များနှင့် တက်ကြွ လှုပ်ရှားသူ အများအပြားသည် ခြိမ်းခြောက်မှုများ၊ ရုပ်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုများနှင့် ဖမ်းဆီးမှုများမှ လွတ်မြောက်ရန် ပုန်းအောင်း နေကြရသည်။

SOGI လူ့အခွင့်အရေး အန္တရာယ် ကျရောက်မှု ဖြစ်စဉ်အားလုံးမှာ ထူးခြားသော်လည်း ယူဂန်ဒါ နိုင်ငံ၏ LGBTI ဆန့်ကျင်ရေး မူဝါဒများသည် ကမ္ဘာတစ်ဝန်း အခြား ဖြစ်ရပ်များနှင့် တူညီသော လက္ခဏာ နှစ်ရပ် ရှိနေသည်။ ပထမ အချက်မှာ LGBTI များကို ခွဲခြား ဆက်ဆံခြင်းနှင့် ၎င်းတို့အပေါ် မကောင်းသည့် အမြင်များအား ပိုမို ဆိုးရွားလာစေသော နိုင်ငံရေး ရည်ရွယ်ချက် ပါဝင်သည့် ဘာသာရေး ယုံကြည်မှုများ၏ အခန်းကဏ္ဍ ဖြစ်သည်။ ယူဂန်ဒါနှင့် အခြား နိုင်ငံများ တူညီသည့် ဒုတိယ လက္ခဏာရပ်မှာ LGBTI များ အန္တရာယ် ကျရောက်ချိန်သည် နိုင်ငံရေး ခေါင်းဆောင်များက ၎င်းတို့၏ ကျရှုံးမှုများနှင့် အာဏာ အလွဲသုံးစား ပြုမှုများမှ အာရုံလွှဲရန် ၎င်းတို့အနေဖြင့် LGBTI များကို ဓားစာခံ လုပ်ခြင်းဖြင့် နိုင်ငံရေး ထောက်ခံမှု ရရှိနိုင်ကြောင့် သိရှိသွားကြချိန် ဖြစ်သည်။ ယူဂန်ဒါနိုင်ငံသည် အခြားနေရာများထက် ပို၍ အာရုံစိုက်ခံရသည်။ အဘယ်ကြောင့် ဆိုသော် နိုင်ငံတွင် ဖြစ်ပွားနေသည့် SOGI လူ့အခွင့်အရေး အခြေအနေများကို ဖန်တီးရာတွင် အမေရိကန် နိုင်ငံမှ ခရစ်ယာန် ရှေးရိုးစွဲ ခေါင်းဆောင်များက တက်ကြွစွာ ပါဝင်ခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် နိုင်ငံတကာ SOGI လူ့အခွင့်အရေး ဖိုရမ်များတွင် တက်ကြွ လှုပ်ရှားသူများက ကမ္ဘာပေါ်ရှိ နေရာ အများအပြားတွင် LGBTI များနှင့် SOGI ထောက်ခံ လှုပ်ရှားမှုများသည် ဆိုးရွားသော အခြေအနေများ ကြုံတွေ့နေရပြီး ယူဂန်ဒါသည် LGBTI များကို ဖိနှိပ်ရာတွင် အခြားနိုင်ငံများနှင့် ထူးထူးခြားခြား ကွဲထွက်မနေဟု ထောက်ပြကြသည်။

## နိဂုံး

SOGI လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ဆက်စပ်နေသည့် အဆင့်အများအပြားတွင် ဖြစ်ပွားနေလေရာ SOGI လူ့အခွင့်အရေး ထောက်ခံ လှုပ်ရှားသူများသည် ၎င်းတို့၏ လုပ်ဆောင်ချက်များကို နယ်ပယ် အများအပြားတွင် အာရုံ စိုက်ရမည် ဖြစ်သည်။ မိသားစုများ၊ ပတ်ဝန်းကျင်များ၊ လုပ်ငန်းခွင်များနှင့် ကျောင်းများ အားလုံးသည် တရားရုံးများ၊ ဥပဒေပြုရေး လွှတ်တော်များနှင့် နိုင်ငံတကာ အုပ်ချုပ်ရေး အဖွဲ့များ နည်းတူ SOGI လူ့အခွင့်အရေး လှုပ်ရှားမှုများအတွက် လွန်စွာ အရေးကြီးသည့် နေရာများ ဖြစ်သည်။ ထိုသို့ နယ်ပယ် အများအပြားတွင် လှုပ်ရှားရခြင်းက ထိုနယ်ပယ်များတွင် အလုပ်လုပ်ကိုင်နေသည့် လူများ အားလုံးကို SOGI လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားနေသူများအဖြစ် သတ်မှတ်နိုင်ပြီး LGBTI နှင့် လူ့အခွင့်အရေး တက်ကြွမှု သမိုင်းကြောင်းများကို ပို၍ နက်ရှိုင်း ရှည်လျား စေသည် (စာသေတ္တာ ၁၁.၅ တွင် ရှုပါ)။

| စာသေတ္တာ ၁၁.၄။ အခြား အမြင် တစ်မျိုး၊ လိင်မှု အခွင့်အရေးသည် လူ့အခွင့်အရေးပင် ဖြစ်ခြင်း |
|---|
| SOGI လူ့အခွင့်အရေး ရှုထောင့်က LGBTI များသည်လည်း အခြားသူများ ကဲ့သို့ပင် အကြမ်းဖက်မှု ကင်းဝေးသော၊ နိုင်ငံတော်၏ ဖိနှိပ်မှု မရှိသော၊ နေအိမ်၊ အလုပ်အကိုင်နှင့် ကျန်းမာရေး စောင့်ရှောက်မှုတွင် ခွဲခြား ဆက်ဆံခံရခြင်း မရှိသော ဘဝ ရပိုင်ခွင့် ရှိသည့် လူသားများ ဖြစ်သည် ဟူသည့် အခွင့်အရေးကို အာရုံစိုက်ထားသည်။ ထိုသို့ သတ်မှတ်ပုံတွင် လူတစ်ဦး၏ လိင်ပိုင်းဆိုင်ရာ အလေ့အကျင့်များ၊ ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက် (သို့) လိင်ဝိသေသ ဖော်ပြချက်များသည် ထိုအခြေခံ လူမှု ကုန်ပစ္စည်းများကို ငြင်းပယ်ရသည့် အကြောင်းပြချက် မဖြစ်သင့်ပေ။ အခြား ပိုမိုကျယ်ပြန့်သည့် သတ်မှတ်ပုံ တစ်မျိုးမှာ လိင်မှု အခွင့်အရေးသည် လူ့အခွင့်အရေး ဖြစ်ကြောင်း သတ်မှတ်ခြင်း ဖြစ်သည်။ ထိုသတ်မှတ်ပုံတွင် လိင်စိတ်ဆန္ဒသည် အခြေခံ လူမှု ကုန်ပစ္စည်း ဖြစ်သည်ဟု နားလည်ထားသည်။ ထိုသတ်မှတ်ပုံက အမျိုးသမီးရေးရာနှင့် လိင်စိတ်ဆန္ဒ လေ့လာရေး ပညာရှင် ဂျိုးဆက်ဖင်းဟို (Josephine Ho) အမည်ပေးထားသည့် “လိင်မှုဆိုင်ရာ ပြတ်လပ်မှု” ဟူသည့် ပြဿနာကို အာရုံစိုက်မိ လာစေသည်။ ဟို၏ အဆိုအရ လိင်ပိုင်းဆိုင်ရာအရ နှိမ့်ချမှုသည် ပညာရေး၊ အလုပ်အကိုင်၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အစားအစာနှင့် သောက်သုံးရေး ကဲ့သို့ပင် အခြေခံ လူသားတို့၏ ရပိုင်ခွင့် ဖြစ်ပြီး ယင်းကို လူသားတို့ ရပိုင်ခွင့် ရှိသော်လည်း မကြာခဏ ပြတ်လပ်မှု ကြုံတွေ့ရသည့် လူမှု ကုန်ပစ္စည်း တစ်ခုအဖြစ် သတ်မှတ်နိုင်သည် (Bedford and Jakobsen, 2008, p. 28)။ လူမှု စံနှုန်းများနှင့် ဥပဒေများ ပေါင်းစပ်ကာ အချို့သော အုပ်စုများ၏ လိင်မှုဆိုင်ရာ ပြတ်လပ်မှုကို ထိထိရောက်ရောက် အာမခံ ပေးသင့်သည်ဟု မှတ်ချက် ပြုခဲ့သည် (Bedford and Jakobsen, 2008, p. 27)။ ဥပမာ လိင်တူ လိင်မှု အလေ့အကျင့်များကို ပြစ်ဒဏ်ပေးသည့် ဥပဒေများသည် လိင်တူ ချစ်သူ အမျိုးသမီးနှင့် အမျိုးသား များကို လိင်မှု ဆိုင်ရာ ပြတ်လပ်မှု ကြုံတွေ့ရစေသည်။ မသန်စွမ်း အခွင့်အရေး တက်ကြွ လှုပ်ရှားသူများက မသန်စွမ်းများသည် လိင်မှု ဆိုင်ရာ ပြတ်လပ်မှု အန္တရာယ်ကို အထူး ခံစားနေရပြီး “လိင်ပိုင်း ဆိုင်ရာအရ နှိမ့်ချမှုကို ငြင်းပယ်ခံရခြင်းနှင့် လိင်စိတ်ဆန္ဒအတွက် ဗဟုသုတ မရှိခြင်းသည် ဆိုးရွားသည့် ဖိနှိပ်မှု ပုံစံ တစ်ခု ဖြစ်သည်” ဟု ဆိုကြသည် (Bedford and Jakobsen, 2008, p. 27)။ လိင်မှု အခွင့်အရေးသည် လူ့အခွင့်အရေး ဖြစ်သည်ဟူသည့် သဘောတရားသည် မျိုးပွားမှု အခွင့်အရေးများ၊ လုံခြုံသော လိင်မှုအလေ့အကျင့်များအတွက် အသိပညာနှင့် အချက်အလက်များ ရရှိခွင့်၊ လိင်ပိုင်းဆိုင်ရာ အရ ခေါင်းပုံဖြတ်ခြင်းနှင့် အကြမ်းဖက်ခြင်း ဆိုင်ရာ အလေ့အကျင့်များကို တိုက်ဖျက်ခြင်းတို့ဖြင့် လိင်မှုဆိုင်ရာ တရားမျှတမှုကို ရှာဖွေနေသည့် အုပ်စုများ အားလုံးကို ချိတ်ဆက်ပေးနိုင်သည်။ ကလော်ဒီယာ ဟီနိုဟိုဆာ (Claudia Hinojosa) ၏ စကားအတိုင်း ဆိုရလျှင် “လိင်မှုရေးရာ အလေ့အကျင့်များ အားလုံး အထူးသဖြင့် စိတ်ပျော်ရွှင်မှုကို ပေးသော (သို့) မျိုးပွားခြင်းနှင့် မဆက်စပ်သော လိင်မှုရေးရာ အလေ့အကျင့်များသည် သက်သေ မပြနိုင်သရွေ့ အပြစ်ရှိသည်ဟု သတ်မှတ်ထားသည့် လွှမ်းမိုးမှု ရှိသော လိင်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုမှ ဖယ်ခွာရမည်” ဖြစ်သည်။ ထိုကိစ္စရပ်နှင့် စပ်လျဉ်း၍ ကျင့်ဝတ် မူဘောင် အသစ် တစ်ခု ထွက်ပေါ် လာခြင်းသည် နိုင်ငံရေး ယဉ်ကျေးမှု အသစ်တစ်ရပ် ပေါ်ပေါက်လာရန်လည်း လမ်းခင်းပေးသည်။ ထိုနိုင်ငံရေး ယဉ်ကျေးမှုတွင် လိင်စိတ်ဆန္ဒကို လွတ်လပ်ခွင့်အဖြစ် သတ်မှတ်ကောင်း သတ်မှတ်နိုင်မည် (Bedford and Jakobsen, 2008, p. 29)။ |

ယခု အခန်းတွင် ဖော်ပြထားသည့်အတိုင်း လူ့အခွင့်အရေးသည် ဘေးဖယ်ခံထားရသူများ၊ လွှမ်းမိုးခံ ရသူများ၊ ခွဲခြားဆက်ဆံ ခံရသူများ (သို့) အကြမ်းဖက် ခံရသူများအတွက် အပြောင်းအလဲ ဖော်ဆောင်နိုင်သည့် အကျိုးရှိသည့် ကိရိယာ တစ်ခု ဖြစ်သည်။ SOGI လူ့အခွင့်အရေး လှုပ်ရှားမှုများသည် မကြာခဏ ဆိုသလိုပင် အမျိုးသမီး အခွင့်အရေး လှုပ်ရှားမှုများ၊ နိုင်ငံရေး နှိပ်ကွပ်မှု ဆန့်ကျင်ရေး လှုပ်ရှားမှုများ ကဲ့သို့သော အခြား လူ့အခွင့်အရေး လှုပ်ရှားမှုများနှင့် နီးကပ်စွာ ဆက်စပ်နေသည်။ လူ့အခွင့်အရေး မူဘောင်သည် အဆိုပါ ဆက်စပ်နေသည့် မတရားမှုများနှင့်အညီ လိုက်လံပြောင်းလဲနိုင်ပြီး နိုင်ငံအတွင်းနှင့် နိုင်ငံများအကြား မညီမျှမှုဒဏ် များကို ခံစားနေရသူများအား ကာကွယ်ရန် အားကောင်းသည့် ငြင်းခုံမှုနှင့် အင်စတီကျူးရှင်း ဆိုင်ရာ နည်းလမ်းများကို ဖန်တီးပေးသည်။ သို့ရာတွင် SOGI လူ့အခွင့်အရေး လှုပ်ရှားမှုများသည် လိင်ပိုင်းဆိုင်ရာ နီးကပ်မှုနှင့် အချစ်၊ ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်နှင့် ဖော်ပြချက်တို့နှင့် သက်ဆိုင်သည့် ကိုယ်ပိုင် လွတ်လပ်ခွင့် ဆိုင်ရာ မေးခွန်းများကိုလည်း ဖြေရှင်းပေးသည် (စာသေတ္တာ ၁၁.၄ တွင် ရှုပါ)။ ထို့ကြောင့် SOGI လူ့အခွင့်အရေး ရှန်းကန်မှုများသည် လွတ်လပ်ခွင့်၏ အဓိပ္ပာယ်နှင့် အလေ့အကျင့်များကို LGBTI များအတွက် သာမက အားလုံးအတွက် ချဲ့ထွင်နိုင်သည့် အလားအလာ ရှိသည်။ လိင်စိတ် တိမ်းညွတ်မှု၊ လိင်ဝိသေသ ခံယူချက်နှင့် လိင်တိမ်းညွတ်မှု ဖော်ပြချက်များကို လူ့အခွင့်အရေး ဥပဒေနှင့် ပြောဆိုရေးသားမှုများတွင် ထည့်သွင်းခြင်းသည် တရားမျှတမှု၊ တန်းတူညီမှုနှင့် လွှမ်းမိုးမှု မရှိခြင်းတို့ကို မြှင့်တင်နိုင်သည့် လူ့အခွင့်အရေး မူဘောင် တစ်ရပ် ပေါ်ထွန်းရေးအတွက် အရေးပါသည့် အဆင့် တစ်ဆင့် ဖြစ်သည်။

| စာသေတ္တာ ၁၁.၄။ ယိုဂျာကာတာ စည်းမျဉ်းများနှင့် ပတ်သက်ပြီး တက်ကြွလှုပ်ရှားသူများ အတွက် လမ်းညွှန် |
|---|
| ယိုဂျာကာ စည်းမျဉ်းများကဲ့သို့သော နိုင်ငံတကာ လူ့အခွင့်အရေး စာရွက်စာတမ်းများတွင် သတ်မှတ်ထားသည့် အခွင့်အရေးများနှင့် လူတို့ အမှန်တကယ် ရရှိသည့် အခွင့်အရေးများအကြား မကိုက်ညီခြင်းများ ရှိနေသည်။ နိုင်ငံတကာ စံနှုန်းများသည် ကျွန်ုပ်တို့ကို အခွင့်အရေးများ ပေးထားသော်လည်း ခွဲခြား ဆက်ဆံမှုများ၊ လျောင်ပြောင်မှုများ၊ အကြမ်းဖက်မှုများနှင့် အကြောက်တရားများသည် ကွဲပြားခြားနားသော လိင်စိတ် တိမ်းညွတ်မှု ရှိသူများနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက် ရှိသူများအတွက် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေသည်။ တက်ကြွ လှုပ်ရှားသူများ၊ လူ့အခွင့်အရေး ခုခံ ကာကွယ်သူများနှင့် လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှ အဖွဲ့ဝင်များသည် ကျွန်ုပ်တို့၏ အခွင့်အရေးနှင့် လက်တွေ့ ဘဝအကြား ခြားနားမှုများကို လျှော့ချ ပေးနိုင်မည့် မောင်းနှင် အင်အားများ ဖြစ်သည်။<br>Sonia Onufer Corrêa and Vitit Muntarbhorn (2010). Foreword. An Activist's Guide to The Yogyakarta Principles (ed. Sheila Quinn). http://www.ypinaction.org/files/02/85/Activists_Guide_English_nov_14_2010.pdf, p. 6. |

## မေးခွန်းများ

**တစ်ဦးချင်းစီ လေ့လာရန် မေးခွန်းများ**

၁။ လိင်စိတ် တိမ်းညွတ်မှု၊ ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်နှင့် ဖော်ပြချက်တို့အကြား ကွာခြားချက်များမှာ အဘယ်နည်း။
၂။ အချို့သူများက SOGI လူ့အခွင့်အရေး ဟူသည့် အသုံးအနှုန်းကို LGBTI လူ့အခွင့်အရေး ဟူသည့် အသုံးအနှုန်းထက် ပို၍ နှစ်ခြိုက် ရသနည်း။
၃။ လိင်ကွဲ ချစ်ကြိုက်ခြင်းကိုသာ စံနှုန်းအဖြစ် လက်ခံခြင်းနှင့် လိင်တူ ချစ်ကြိုက်ခြင်းကို ကဲ့ရဲ့ ရှုံ့ရှာခြင်းတို့အကြား ကွာခြားချက်မှာ အဘယ်နည်း။ ၎င်းတို့ နှစ်မျိုးလုံးအတွက် ဥပမာများ ဖော်ပြပေးပါ။
၄။ လူနည်းစု လိင်စိတ် တိမ်းညွတ်မှု၊ ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက် (သို့) လိင်ဝိသေသ ဖော်ပြချက် ရှိသူများသည် နိုင်ငံတော် အရပ်ဘက် လူ့အဖွဲ့အစည်းနှင့်၊ လူတစ်ဦးစီ အဆင့်များတွင် မည်သည့် နည်းလမ်းများဖြင့် ထိလွယ်၊ ခိုက်လွယ် ဖြစ်ကြသနည်း။
၅။ SOGI လူ့အခွင့်အရေး ထောက်ခံ လှုပ်ရှားမှုများ၏ အဓိက အချက် သုံးချက်ကို ဖော်ပြပါ။

## အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ

၁။ SOGI လူ့အခွင့်အရေးသည် လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ဖော်ပြချက်များကို အခြေခံသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အာရုံစိုက်မိလာစေရန် လှုပ်ရှား တောင်းဆိုကြသည်။ LGBTI လူ့အခွင့်အရေးမှာမူ လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ဖော်ပြချက်များကို အခြေခံသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ခွဲခြား ဆက်ဆံခံရသူများနှင့် အပြစ်ပေး ခံရသူများ၏ ဝိသေသ ပုံစံများနှင့် အပြုအမူများကို အာရုံစိုက်မိလာစေရန် လှုပ်ရှား တောင်းဆိုကြသည်။ လူ့အခွင့်အရေး လှုပ်ရှားမှုများအတွက် မည်သည့် အသုံးအနှုန်းက ပို၍ အသုံးဝင်သနည်း။
၂။ ယိုဂျာကာတာ စည်းမျဉ်းများက နိုင်ငံများကို "လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက် အပါအဝင် လူသားတို့ သရုပ်သဏ္ဌာန် အားလုံးသည် အပြန်အလှန် ဆက်စပ်နေပြီး ခွဲခြား၍ မရသည်ကို" အသိအမှတ်ပြု လက်ခံရန် တောင်းဆိုထားသည်။ သင်၏ လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်က သင်၏ လူသား သရုပ်သဏ္ဌာန်အပေါ် အဓိကကျသည့် နည်းလမ်း ဥပမာ အချို့ကို ဖော်ပြပါ။
၃။ ဟီလာရီ ကလင်တန်၏ ၂၀၁၁ ခုနှစ် SOGI လူ့အခွင့်အရေးဆိုင်ရာ သမိုင်းဝင် မိန့်ခွန်းတွင် သူမက "လိင်တူ ချစ်သူတွေရဲ့ လူ့အခွင့်အရေးအပေါ် ကျွန်မနိုင်ငံရဲ့ မှတ်တမ်းတွေကလည်း အကောင်းဆုံး မဟုတ်ဘူး ဆိုတာ သိနားလည်ထားပါတယ်" ဟု မှတ်ချက်ပြုခဲ့သည်။ သင်၏ အမြင်တွင် အမေရိကန် အစိုးရ၏ လူ့အခွင့်အရေး မှတ်တမ်းများသည် အကောင်းဆုံး မဟုတ်သည့်တိုင် အမေရိကန် အစိုးရ အနေဖြင့် လူ့အခွင့်အရေး မြှင့်တင်ရေးတွင် နိုင်ငံတကာ၌ ဦးဆောင် အခန်းကဏ္ဍ ယူထားသည်မှာ အရေးပါပါသလား။ အဘယ်ကြောင့် အရေးပါသနည်း၊ မပါသနည်း။
၄။ လိင်တူ ချစ်ကြိုက်ခြင်းကိုသာ စံနှုန်းအဖြစ် လက်ခံခြင်းဟူသည့် သဘောတရားက LGBTI လှုပ်ရှားမှုများတွင် မည်သို့သော လူများနှင့် ဆက်ဆံရေးများက ယဉ်ကျေးမှုနှင့် နိုင်ငံရေးအရ မြင်သာ ထင်သာ အရှိဆုံးနှင့် တန်ဖိုးထားအခံရဆုံး ဖြစ်နေသည်ကို ထောက်ပြသည့် သဘောတရား ဖြစ်သည်။ ယဉ်ကျေးမှု ဘ၀ (သို့) မူဝါဒ ချမှတ်ခြင်းတွင် လိင်တူ ချစ်ကြိုက်ခြင်းကိုသာ စံနှုန်းအဖြစ် လက်ခံခြင်း၏ ဥပမာ အချို့မှာ အဘယ်နည်း။ ထိုကိုယ်စားပြုမှုများ (သို့) မူဝါဒများတွင် မည်သူတို့

ဖယ်ထုတ်ခံခဲ့ရသနည်း။ လိင်တူ ချစ်ကြိုက်ခြင်းကို စံနှုန်းအဖြစ် လက်ခံခြင်း မဟုတ်သည့် နိုင်ငံရေးက မည်သို့ ဖြစ်မည်နည်း။

၅။ လူမှု လှုပ်ရှားမှု တည်ဆောက်ခြင်း အက်ဆေးတွင် အော်ဒရီ လော့ဒ် (Audre Lorde) က "သခင်၏ ပစ္စည်းကိရိယာများဖြင့် သခင်၏ အိမ်ကို မည်သည့်အခါမျှ ပြန်လည် ဖျက်ဆီးလိမ့်မည် မဟုတ်" ဟု သတိပေးခဲ့သည်။ ထိုသတိပေးချက်သည် SOGI လူ့အခွင့်အရေး လှုပ်ရှားမှုများ အပါအဝင် လူ့အခွင့်အရေး လှုပ်ရှားမှုများနှင့် မည်သို့ ကိုက်ညီသနည်း (သို့) မကိုက်ညီ သနည်း။

## ဆက်လက် ဖတ်ရှုရန်

**Brown, D.** (2009–10) Making room for sexual orientation and gender identity in international human rights law: An introduction to the Yogyakarta Principles. *Michigan Journal of International Law*, **31**, 821–80.

ယိုဂျာကာ စည်းမျဉ်းများက နိုင်ငံတကာ ဥပဒေနှင့် SOGI တက်ကြွ လှုပ်ရှားမှုများအပေါ် သက်ရောက်မှုများအား ဆန်းစစ်ထားသည်။ စာရေးသူက စည်းမျဉ်းများသည် နိုင်ငံတကာ ဥပဒေကို အဓိပ္ပာယ် ဖွင့်ဆိုရုံသာမက SOGI လူ့အခွင့်အရေးများ ပါဝင်လာစေရန် ဥပဒေကို ချဲ့ထွင်မှုများလည်း ပြုလုပ်ထားသည်ဟု ဆိုသည်။

**Buss, D. and Herman, D.** (2003). *Globalizing Family Values: The Christian Right in International Politics.* Minneapolis: University of Minnesota Press.

အမေရိကန် ခရစ်ယာန် ရှေးရိုးစွဲတို့၏ အမျိုးသမီး ဝါဒီ ဆန့်ကျင်ရေးနှင့် SOGI ဆန့်ကျင်ရေး ကမ္ဘာလုံး ဆိုင်ရာ တက်ကြွ လှုပ်ရှားမှုများ၊ အထူးသဖြင့် ကုလသမဂ္ဂတွင် လှုပ်ရှားမှုများကို အသေးစိတ် လေ့လာထားသည်။

**Kollman, K.** and **Waites, M.** (2011). *The Global Politics of LGBT Human Rights.* Oxford: Routledge.

*Contmeporary Politics* ဂျာနယ်၏ ၂၀၀၉ ခုနှစ် အထူးထုတ် "LGBT လူ့အခွင့်အရေး၏ ကမ္ဘာ့ နိုင်ငံရေး" တွင် ပါဝင်သည့် ဆောင်းပါးများကို စုစည်းထားသည်။

**O'Flaherty, M.** and **Fisher, J.** (2008). Sexual orientation and gender identity in international human rights law: Contextualising the Yogyakarta Principles. *Human Rights Law Review*, **8**/2, 207–48.

စည်းမျဉ်းများနှင့် ၎င်းတို့ ပြဋ္ဌာန်းခဲ့ပုံများအပေါ် အချက်ကျကျ ဝေဖန်ထောက်ပြကာ ထိုစည်းမျဉ်းများ၏ SOGI လူ့အခွင့်အရေးအပေါ် သက်ရောက်ပုံများကို အကဲဖြတ်ထားသည်။ ယင်းဆောင်းပါးကို ယိုဂျာကာတာ စည်းမျဉ်းများ ထွက်ပေါ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်က ပူးတွဲ ရေးသားထားသည် (O'Flaherty)။

**Weiss, M. L.** and **Bosia, M. J.** (eds) (2013). *Global Homophobia: States, Movements, and the Politics of Oppression.* Urbana: University of Illinois Press.

ကမ္ဘာတစ်ဝန်းတွင် နိုင်ငံရေးအရ လိင်တူ ချစ်ကြိုက်မှုကို ကဲ့ရဲ့ ရှုံ့ချခြင်းကို အကဲဖြတ် သုံးသပ်ထားသည့် ဆောင်းပါးများကို စုစည်းထားသည်။ အများစုမှာ နိုင်ငံရေး သိပ္ပံပညာရှင်များ၏ ဆောင်းပါးများ ဖြစ်သည်။

## ဝက်ဘ်ဆိုဒ်များ

**http://www.amnestyusa.org/our-work/issues/lgbt-rights/about-lgbt-human-rights** Amnesty International သည် လူ့အခွင့်အရေးကို မြှင့်တင်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထုတ်ဖော်သည့် အဖွဲ့အစည်း ဖြစ်သည်။ Amnesty အဖွဲ့က လူနည်းစု လိင်ဖြစ်တည်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက်များကို အပြစ်ပေး အရေးယူခြင်းအား ကန့်ကွက်ခြင်း အပါအဝင် SOGI လူ့အခွင့်အရေးများကို ထောက်ခံ လှုပ်ရှားသည်။

**http://www.hrw.org/topic/lgbt-rights** Human Rights Watch သည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖော်ထုတ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အစိုးရနှင့် ကုလသမဂ္ဂတို့ကို ချဉ်းကပ် စည်းရုံးခြင်းများ လုပ်ဆောင်သည့် နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်း ဖြစ်သည်။ ၎င်းတို့၏ LGBT လူ့အခွင့်အရေး အစီအစဉ်များတွင် SOGI လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖော်ထုတ်ခြင်းနှင့် LGBT လူ့အခွင့်အရေးအတွက် ပြုပြင် ပြောင်းလဲမှုများကို တောင်းဆိုခြင်းတို့ ပါဝင်သည်။

**http://iglhrc.org/** The International Gay and Lesbian Human Rights Commission (IGLHRC) သည် နိုင်ငံတကာ LGBTQI လူ့အခွင့်အရေး ထောက်ခံစည်းရုံးသည့် အဖွဲ့အစည်း တစ်ခုဖြစ်ပြီး အခြားအဖွဲ့အစည်းများ၊ အစိုးရ အဖွဲ့များနှင့်လည်း မိတ်ဖက်များ တည်ဆောက်ထားသည်။ IGLHRC က SOGI ကို အခြေခံသည့် ခွဲခြား ဆက်ဆံသည့် မူဝါဒများနှင့် အလေ့အကျင့်များကို အဆုံးသတ်ရန် လုပ်ဆောင်သည်။

**http://www.yogyakartaprinciples.org/** ယိုဂျာကာတာ စည်းမျဉ်းများသည် SOGI ဆိုင်ရာ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများတွင် ယနေ့ချိန်အထိ အကျယ်ပြန့်ဆုံး ဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော စည်းမျဉ်းများတွင် SOGI နှင့် သက်ဆိုင်သည့် လူ့အခွင့်အရေး စံနှုန်း ၂၇ ချက် ပါဝင်ပြီး နိုင်ငံများကို ထိုစံနှုန်းများ အကောင်အထည် ဖော်ရန် အကြံပြုချက်များလည်း ပါဝင်သည်။

**http://www.ypinaction.org/files/02/85/Activists_Guide_English_nov_14_2010.pdf** ယိုဂျာကာတာ စည်းမျဉ်းများနှင့် ပတ်သက်ပြီး တက်ကြွလှုပ်ရှားသူများအတွက် လမ်းညွှန်ကို ယိုဂျာကာတာ စည်းမျဉ်းများ ရေးဆွဲခဲ့သည့် ကော်မတီ အဖွဲ့ဝင်များ အပါအဝင် SOGI လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသည် နိုင်ငံတကာ အုပ်စုက ရေးသားခဲ့ခြင်း ဖြစ်သည်။ လမ်းညွှန်ကို SOGI တက်ကြွ လှုပ်ရှားသူများက ယိုဂျာကာတာ စည်းမျဉ်းများနှင့် ဆက်စပ် အသုံးပြုရန် ရည်ရွယ်သည်။

**http://www.publiceye.org/publications/globalizing-the-culture-wars/pdf/africa-full-report.pdf** *Globalizing the Culture Wars: U.S. Conservatives, African Churches and Homophobia:* သည် အာဖရိကတွင် SOGI ဆန့်ကျင်ရေး လှုပ်ရှားသည့် ခရစ်ယာန် ရှေးရိုးစွဲများအကြောင်းကို ဘာသာရေးနှင့်

လိင်ဖြစ်တည်မှု ဆိုင်ရာ နိုင်ငံရေး သုတေသနပညာရှင် Kapya Kaoma က ရေးသားထားသည့် အစီရင်ခံစာ ဖြစ်သည်။

## မှတ်စုများ

၁။ မဲပေးရာတွင် ပျက်ကွက်ခဲ့သည့် နိုင်ငံများမှာ ကာဂျစ်စတန်နှင့် လစ်ဗျား နိုင်ငံများ ဖြစ်သည်။

၂။ ကြိုဆိုခြင်း၊ အတည်ပြုခြင်းနှင့် ညှိနှိုင်းခြင်းတို့သည် အမေရိကန် နိုင်ငံမှ ဘုရားကျောင်းများနှင့် ဘာသာရေး အသိုင်းအဝိုင်းများက LGBTI ထောက်ခံရေး စုစည်းမှုများကို ရည်ညွှန်းသည့် အသုံးအနှုန်းများ ဖြစ်သည်။ ထိုစုစည်းမှုများကို ပယ်ချပြီး ရှေးရိုးစွဲ လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါ စံနှုန်းများနှင့် ဝိသေသ လက္ခဏာများကို အတည်ပြုကြသည့် ဘုရားကျောင်းများနှင့် ဘာသာရေး အသိုင်းအဝိုင်းများက ၎င်းတို့ကို ၎င်းတို့ တစ်ခါတရံ ပြုပြင် ပြောင်းလဲသူများဟု ခေါ်ဆိုကြသည်။

၃။ ကမ္ဘာတစ်ဝန်း အလွန်အမင်း ဆင်းရဲမွဲတေမှုကို အဆုံးသတ်ရန်နှင့် ကြံ့ကြံ့ခိုင်သော၊ ဒီမိုကရေစီ နည်းလမ်းကျသော လူ့အဖွဲ့အစည်းများကို ၎င်းတို့၏ အလားအလာများအား သိရှိလာစေရန် လုပ်ဆောင်သည့် အမေရိကန် အစိုးရ၏ ဦးဆောင် အေဂျင်စီ ဖြစ်သော US Agency for International Development (USAID) ကလည်း SOGI လူ့အခွင့်အရေး အစီအမံများတွင် ပါဝင်ခဲ့သည်။ အထူးသဖြင့် SOGI လူ့အခွင့်အရေးကို ဖွံ့ဖြိုးရေး မူဝါဒများနှင့် ဆက်စပ်ပေးခြင်းတွင် ဖြစ်သည်။ USAID, 'Who we are' (USAID website): http://www.usaid.gov/who-we-are (accessed 23 February 2015) တွင် ရှုပါ။

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၁၂) လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ နိုင်ငံရေး

**ဆာကီကို ဖူကုဒ ပါး (Sakiko Fukuda-Parr)**

အခန်း မာတိကာ


- နိဒါန်း
- ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးအတွက် ကြိုးပမ်းမှုများ
- ဖွံ့ဖြိုး တိုးတက်ရန် အခွင့်အရေး
- ဖွံ့ဖြိုး တိုးတက်မှုအတွက် လူ့အခွင့်အရေး ချဉ်းကပ်ပုံ
- ဖြစ်ရပ် လေ့လာခြင်း၊ ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များနှင့် ရေရှည် တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးရေး ရည်မှန်းချက်များ
- နိဂုံး


စာဖတ်အညွှန်း


ယခုအခန်းတွင် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးတို့အကြား နိုင်ငံရေး ဆက်စပ်မှု၏ အရေးပါမှုများကို တင်ပြထားသည်။ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း လူ့အခွင့်အရေး ကြိုးပမ်းမှုများက ဖွံ့ဖြိုးမှု ဖြစ်စဉ်များအပေါ် အလေးစိုက်သည့် ပုံစံ နှစ်ခုကို ဖော်ပြထားသည်။ ယင်းတို့မှာ ဆင်းရဲသည့် နိုင်ငံများက ကမ္ဘာ့ စီးပွားရေး စနစ်တွင် ပိုမို ကောင်းမွန်သော နေရာရရှိရန် ကြိုးပမ်းသည့် ဖွံ့ဖြိုး တိုးတက်ရန် အခွင့်အရေးနှင့် ဆင်းရဲ ချို့တဲ့သူများက ၎င်းတို့၏ အခွင့်အရေးများ ရရှိစေရန် ဖွံ့ဖြိုးရေးကို ရရှိရန် ကြိုးပမ်းသည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့အခွင့်အရေး ချဉ်းကပ်ပုံတို့ ဖြစ်သည်။ ယခုအခန်းကို လူ့အခွင့်အရေး၊ နိုင်ငံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အကြား ဆက်စပ်မှုများကို လေ့လာခြင်းဖြင့် စဖွင့်ပါမည်။ ထို့နောက် ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့အခွင့်အရေး ချဉ်းကပ်ပုံတို့နှင့် စပ်လျဉ်းသော သဘောတရားများနှင့် ဆွေးနွေးငြင်းခုံမှုများကို တင်ပြသွားပါမည်။ ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များနှင့် ၎င်းနောက် ချမှတ်ခဲ့သည့် ရေရှည် တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးရေး ရည်မှန်းချက်များ ဆိုင်ရာ ဖြစ်ရပ် လေ့လာချက်တွင် ထိုရည်မှန်းချက်များကို လူ့အခွင့်အရေး ရှုထောင့်မှ ဝေဖန်ထားသည်။ ဖွံ့ဖြိုးရေး ဦးစားပေးမှုများတွင် လူ့အခွင့်အရေး စည်းမျဉ်းများ မည်သို့ ပါဝင်လာသနည်း ဟူသည့် ငြင်းခုံ ဆွေးနွေးမှုများကိုလည်း ထည့်သွင်းထားသည်။


## နိဒါန်း

ယခု အခန်းတွင် လူ့အခွင့်အရေးများက ဖွံ့ဖြိုးမှု အစိတ်အပိုင်း မည်သို့ ဖြစ်သနည်းနှင့် ဖွံ့ဖြိုးမှုက လူမှုရေး စိန်ခေါ်မှု အဖြစ်နှင့် လူ့အခွင့်အရေး၏ အစိတ်အပိုင်း မည်သို့ ဖြစ်သနည်း၊ သီအိုရီ သဘောတရားများနှင့် လက်တွေ့ အလေ့အကျင့်များကို လေ့လာထားသည်။

ဖွံ့ဖြိုးမှု၏ ရည်မှန်းချက်များသည် အထူးသဖြင့် ကျန်းမာရေး၊ ပညာရေး၊ နေထိုင်စရာ ရပိုင်ခွင့်၊ သင့်လျော်သော အလုပ်ရရှိခွင့် အခွင့်အရေးများ အစရှိသည့် စီးပွားရေးနှင့် လူမှုရေး လူ့အခွင့်အရေးများ ရရှိရေးနှင့် အတော်လေး ဆက်စပ်နေသည်။ ထိုနယ်ပယ် နှစ်ခုသည် သီးသန့် တိုးတက် ပြောင်းလဲ ခဲ့သည်။ သို့ရာတွင် မကြာသေးမီက လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူ များသည် ဆင်းရဲမွဲတေမှုကို လူ့အခွင့်အရေး၏ စိန်ခေါ်မှု တစ်ခုအဖြစ် စတင် သတ်မှတ်လာခဲ့ပြီး ဖွံ့ဖြိုးရေးသမားကလည်း ၎င်းတို့၏ လုပ်ငန်းများတွင် လူ့အခွင့်အရေး စည်းမျဉ်းများကို စတင် အသုံးပြုလာခဲ့ကြသည်။ နယ်ပယ် နှစ်ခုလုံးမှ ပညာရှင်များသည် သဘောတရားများ၊ နည်းလမ်း များနှင့် သုံးသပ်မှုများ စတင် ဖော်ထုတ်လာကြသည်။ ယင်းမှာ သီအိုရီနှင့် လုပ်ဆောင်မှု ဆိုင်ရာ နယ်ပယ်သစ် တစ်ခု ဖြစ်လေရာ ပုံဖော်နေဆဲ အဆင့်၌ပင် ရှိပြီး အခြေခံ သဘောတရားများမှာ ပြောင်းလဲနေဆဲပင်။

လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု တို့အကြား ဆက်စပ်မှုတွင် နိုင်ငံရေးက အဓိက ကျသည်။ အဘယ်ကြောင့် ဆိုသော် ဖွံ့ဖြိုးမှုသည် လူ့အခွင့်အရေးကို ရရှိစေသည့် ဖြစ်စဉ် တစ်ခု ဖြစ်သည်။ သို့ရာတွင် များသောအားဖြင့် လူတစ်ဦးချင်းရော၊ အသိုင်းအဝိုင်း တစ်ခု၊ နိုင်ငံတစ်နိုင်ငံ အဖြစ်ရော ဆင်းရဲချို့တဲ့သူများသည် ၎င်းတို့၏ အခွင့်အရေးများကို တောင်းဆိုရန် ရုန်းကန်ကြရသည်။

ယခုအခန်းတွင် လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခု အတွင်း လူ့အခွင့်အရေးဆိုင်ရာ ကြိုးပမ်း လှုပ်ရှားမှုများက ဖွံ့ဖြိုးရေးကို အာရုံစိုက်လာပုံ နည်းလမ်း နှစ်သွယ်ကို တင်ပြသွားပါမည်။ ယင်းတို့မှာ ဆင်းရဲသည့် နိုင်ငံများက ကမ္ဘာ့ စီးပွားရေး စနစ်တွင် ပိုမို ကောင်းမွန်သော နေရာရရှိရန် ကြိုးပမ်းသည့် ဖွံ့ဖြိုး တိုးတက်ရန် အခွင့်အရေး (right to development (RTD)) နှင့် ဆင်းရဲ ချို့တဲ့သူများက ၎င်းတို့၏ အခွင့်အရေးများ ရရှိစေရန် ဖွံ့ဖြိုးရေးကို ရရှိရန် ကြိုးပမ်းသည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့အခွင့်အရေး ချဉ်းကပ်ပုံ (human rights-based approach to development (HRBA)) တို့ ဖြစ်သည်။

ယခုအခန်းကို အပိုင်း လေးပိုင်း ခွဲထားသည်။ ပထမပိုင်းတွင် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေး တို့အကြား ဆက်နွှယ်မှုကို ရှင်းပြထားသည်။ ဖွံ့ဖြိုးရေးက လူ့အခွင့်အရေးကို မည်ကဲ့သို့ မြှင့်တင် ပေးနိုင်သနည်းနှင့် နိုင်ငံရေးက ထိုဆက်နွှယ်မှုတွင် အဘယ်ကြောင့် အရေးပါသည်ကို ရှင်းပြ ထားသည်။ ဒုတိယနှင့် တတိယ အပိုင်းများတွင် RTD နှင့် HRBA တို့ကို ရှင်းလင်းထားသည်။ ထိုအပိုင်းများတွင် အခြေခံ သဘောတရားများ၊ လက်ရှိ အငြင်းပွားနေသော ကိစ္စရပ်များနှင့် ၎င်းတို့ ပေါ်ထွက်လာသည့် နောက်ခံ အခြေအနေများ၊ ၎င်းတို့ အလေ့အကျင့်များအဖြစ် ပြောင်းလဲလာပုံ စသည်တို့အား ပြောင်းလဲမှုများအား ပုံသွင်းပေးသည့် နိုင်ငံရေး အချက်များနှင့် အတူ လေ့လာထားသည်။ စတုတ္ထ အပိုင်းတွင်မူ ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ (Millennium Development Goals (MDGs)) နှင့် ကုလသမဂ္ဂ အထွေထွေညီလာခံက စက်တင်ဘာ ၂၀၁၅ တွင် ချမှတ်ခဲ့သော ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး ရည်မှန်းချက်များ (Sustainable Development Goals (SDG)) ကို တင်ပြထားသည်။ ယင်းမှာ နိုင်ငံတကာ အသိုင်းအဝိုင်း လက်ရှိ သဘောတူထားသည့် ဖွံ့ဖြိုးရေး ဦးစားပေးမှုများ ဖြစ်ပြီး ယခုအခန်းတွင် ဖော်ပြခဲ့သည့် သဘောတရားများကို လက်တွေ့ မြင်သာလာစေရန် ထိုရည်မှန်းချက်များအပေါ် လူ့အခွင့်အရေး ဆိုင်ရာ ဝေဖန်မှုများကို တင်ပြထားသည်။ ယင်းမှာ အသစ် ပေါ်ထွက်လာသည့် လေ့လာရေးနှင့် လက်တွေ့ လုပ်ဆောင်ရေး နယ်ပယ် ဖြစ်လေရာ

အငြင်းပွားဖွယ်ရာ အများအပြား ရှိပြီး ထိုအချက်ကပင် လူ့အခွင့်အရေးကို လူများ ၎င်းတို့ ဘဝတွင် လက်ရှိ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် ဆက်စပ်ပေးသည်။

## ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးအတွက် ကြိုးပမ်းမှုများ

### နိုင်ငံရေးနှင့် လူ့အခွင့်အရေး

လူ့အခွင့်အရေးသည် အင်အားနည်းသူများနှင့် ထိလွယ်ခိုက်လွယ်သူများကို အင်အားဖြည့် ပေးသည့်၊ ဂုဏ်သိက္ခာ ရှိပြီး လွတ်လပ်သော ဘဝ တစ်ခု ရရှိခွင့်ကို ကာကွယ်ပေးသည့် သဘောတရား တစ်ခု ဖြစ်သည်။ ဥပမာ ပညာရေးသည် စီမံရေး ဝန်ကြီးဌာနမှ စီးပွားရေး ပညာရှင် တစ်ဦး (သို့) အကူအညီပေးရေး အေဂျင်စီ တစ်ခုမှ စီမံကိန်း အရာရှိ တစ်ဦးအတွက် ဖွံ့ဖြိုးရေး ရည်မှန်းချက် ဖြစ်နိုင်သည်။ သို့ရာတွင် နိုင်ငံတော်က ကျောင်းဖွင့်လှစ်ပေးခြင်း မရှိသောကြောင့် (သို့) ဆရာများက ကျောင်းသို့ လာရောက်၍ စာမသင်သောကြောင့် (သို့) မိဘများက မိန်းကလေးများအား ကျောင်းထားခြင်းကို တန်ဖိုးမထားသောကြောင့် ကျောင်းမနေရသော မိန်းကလေးတစ်ဦးအတွက်မူ ပညာရေးမှာ ခံစားပိုင်ခွင့် ဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးတွင် နိုင်ငံတော်၏ အင်စတီကျူးရှင်းများက ထိုမိန်းကလေး၏ ပညာရေး အခွင့်အရေးကို မပေးနိုင်ခြင်း ဖြစ်သည်။ ထိုမိန်းကလေးသည် သူမ၏ ပညာသင်ခွင့်၊ ခွဲခြားဆက်ဆံ ခံရခြင်း မရှိခွင့်နှင့် တန်းတူညီခွင့်တို့ကို တောင်းဆို တိုက်ပွဲ ဝင်နေလေရာ ဤဖြစ်ရပ်တွင် အခွင့်အရေး ဟူသည့် အသုံးအနှုန်းမှာ အရေးပါသည်။ တူညီသော အခွင့်အရေးများ ရရှိရေးအတွက် ကြိုးပမ်းနေသူများနှင့် အတူတကွ မဟာမိတ် ဖွဲ့နိုင်မည်ဆိုလျှင် သူမ လိုလားချက်ကို ကူညီပေးနိုင်လိမ့်မည်။

ထိုသို့သော ကြိုးပမ်းမှုများမှာ လူ့အခွင့်အရေးကို ထပ်မံ အတည်ပြုသည့် တောင်းဆိုမှုများ ဖြစ်သည်။[၁] လူ့အခွင့်အရေး ပေါ်ပေါက်လာပုံကို ရှင်းပြသည့်အခါ တွေးခေါ်ပညာရှင်နှင့် စီးပွားရေး ပညာရှင် အမာတီယာဆန် (Amartya Sen) (2006) က လူ့အခွင့်အရေးများသည် "လူမှုရေး ကျင့်ဝတ်များနှင့် လူအများ ဆင်ခြင် တွေးခေါ်ခြင်း" မှ ထွက်ပေါ်လာသည့် ကျင့်ဝတ် ဆိုင်ရာ စံနှုန်းများ ဖြစ်သည်ဟု ဆိုပြီး နိုင်ငံရေး သိပ္ပံပညာရှင် ဂျက်ဒေါ်နယ်လ်လီ (Jack Donnelly) (2006) ကမူ လူ့အခွင့်အရေးများသည် လူမှု သင်ယူခြင်း သမိုင်းကြောင်းမှတစ်ဆင့် ဖြစ်ပေါ် ပြောင်းလဲ လာသည်ဟု ဆိုသည်။ လူတို့က အချို့သော ဘဝ ဆိုင်ရာ အခြေအနေများမှာ ရရှိခွင့် ရှိပြီး ယင်းတို့ကို လူ့အခွင့်အရေးဟု အသိအမှတ်ပြုရန် တောင်းဆိုခြင်းမှ လူ့အခွင့်အရေး စံနှုန်းများ ထွက်ပေါ် လာရသည်။ လူတို့သည် လူသားများအဖြစ် အသက်ရှင် နေထိုင်ရေးတွင် မျိုးစုံသော ခြိမ်းခြောက်မှုများကို တွေ့ကြုံရပြီး ထိုခြိမ်းခြောက်မှုများအတွက် လုံခြုံရေး တောင်းဆိုရာ၌လည်း ထိုစံနှုန်းများ ထွက်ပေါ်လာရသည် (Shue, 1996)။

### ဖွံ့ဖြိုးရေးအတွက် လူသား ဗဟိုပြု ချဉ်းကပ်ပုံများ

ဖွံ့ဖြိုးရေး ဆိုင်ရာ သဘောတရားများကို နည်းမျိုးစုံဖြင့် အဓိပ္ပာယ် ဖွင့်ဆိုကြသည်။ ဖွံ့ဖြိုးရေးနှင့် ဆက်စပ်နေသည့် လူ့အခွင့်အရေးကို လူသား အခြေပြု ဖြစ်စဉ်ဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။ ဖွံ့ဖြိုးရေး နယ်ပယ်ကို လွှမ်းမိုးထားသော ဘောဂဗေဒ ပညာရှင်များက စီးပွား ဖွံ့ဖြိုးမှုကို ရည်မှန်းချက်အဖြစ်၊

ထုတ်လုပ်ရေး လုပ်ငန်းများကို နည်းလမ်းအဖြစ် အလေးထားသည်။ သို့ရာတွင် ယင်းမှာ ဖွံ့ဖြိုးရေးအတွက် တစ်ခုတည်းသော အမြင်မဟုတ်ပေ။ ဆယ်စုနှစ်ပေါင်းများစွာ လူ့အခွင့်အရေးနှင့် လိုက်ဖက်ညီသည့် အခြားသော အမြင်များလည်း ရှိခဲ့ပြီး ယင်းတို့က လူသားများကို ဖွံ့ဖြိုးရေး၏ ရည်ရွယ်ချက်နှင့် ဖွံ့ဖြိုးရေးကို မောင်းနှင်ရာတွင် အဓိကကျသူများအဖြစ် သတ်မှတ်သည်။ ယင်းချဉ်းကပ်ပုံများတွင် ၁၉၆၀ ပြည့်လွန်နှစ်များက ထွက်ပေါ်ခဲ့သည့် လူထု ဖွံ့ဖြိုးတိုးတက်ရေး၊ ၁၉၇၀ ပြည့်လွန်နှစ်များက ထွက်ပေါ်ခဲ့သည့် ကမ္ဘာ့ အလုပ်အကိုင် ဆိုင်ရာ အစီအစဉ်၊ ၁၉၇၀ ပြည့်လွန်နှစ်များနှင့် ၁၉၈၀ ပြည့်လွန်နှစ် အစောပိုင်းများတွင် ထွက်ပေါ်ခဲ့သည့် အခြေခံ လိုအပ်ချက် ဆိုင်ရာ ချဉ်းကပ်ပုံ၊ ၁၉၉၀ ပြည့်လွန်နှစ်များမှ စ၍ ဆန် (Sen) နှင့် UNDP ၏ လူသား ဖွံ့ဖြိုးရေး အစီရင်ခံစာများက တင်ပြခဲ့သည့် လူသား ဖွံ့ဖြိုးရေးနှင့် လုပ်နိုင်စွမ်း ဆိုင်ရာ ချဉ်းကပ်ပုံများ (human development and capability approach (HD/CA)) တို့ ပါဝင်သည်။ ဆန် (Sen) (1988, 1989, 1999a) က သီအိုရီအရ အခိုင်မာဆုံးလူသား ဗဟိုပြု ချဉ်းကပ်ပုံကို တင်ပြခဲ့သည်။ သူက လူသားများကို ၎င်းတို့ ဖြစ်လိုသော အရာများ၊ လုပ်လိုသော အရာများ ဖြစ်နိုင်၊ လုပ်နိုင်စေရန် ၎င်းတို့၏ လုပ်ကိုင်နိုင်စွမ်းကို ချဲ့ထွင်ပေးခြင်းအား ဖွံ့ဖြိုးမှုဟု ခေါ်သည်ဟု အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် သူ၏ *လွတ်လပ်ခြင်းသည်သာ ဖွံ့ဖြိုးမှု (Development as Freedom)* စာအုပ်တွင် ထိုသဘောတရားကို လူသိများလာခဲ့ပြီး ပညာရှင်များက ယင်းကို လုပ်နိုင်စွမ်းဆိုင်ရာ ချဉ်းကပ်ပုံဟု ခေါ်ဆိုကြသည်။ လူသား ဖွံ့ဖြိုးမှု (human development (HD)) ဟူသည့် အသုံးအနှုန်းကို စတင် မိတ်ဆက်ခဲ့သော မားဘက် အူလ်ဟက်ခ် (Mahbub ul Haq) ကလည်း တူညီသော သဘောတရားကိုပင် မတူညီသော စာလုံးများဖြင့် ကွဲပြားစွာ ဖော်ပြခဲ့ခြင်း ဖြစ်သည်။ သူက ဖွံ့ဖြိုးတိုးတက်မှုသည် လူသားများအတွက် အခွင့်အလမ်းများ ချဲ့ထွင်ပေးသော ပတ်ဝန်းကျင် တစ်ခု ဖန်တီးပေးခြင်း ဖြစ်ပြီး ထိုပတ်ဝန်းကျင်က လူသားများကို ၎င်းတို့ တန်ဖိုးထားသော ဘဝများ ရရှိစေရန် လုပ်ဆောင်နိုင်စွမ်းများကိုလည်း ချဲ့ထွင်ပေးသည်ဟု ဆိုခဲ့သည် (UNDP, 1990; Haq, 1995)။

အဆိုပါ ကျယ်ပြန့်သည့် သဘောတရားတွင် လူ့အခွင့်အရေးအတွက် ကြိုးပမ်းမှုများသည်လည်း ဖွံ့ဖြိုးရေး ဖြစ်စဉ်၏ အစိတ်အပိုင်းများ ဖြစ်သည်။ ဖွံ့ဖြိုးရေးသည် ပြည်တွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု သာမက စီးပွားရေး ဖွံ့ဖြိုးမှု၏ အကျိုးကျေးဇူးများ မတူညီသည့် ဝင်ငွေ အုပ်စုများ၊ တိုင်းရင်းသား အုပ်စုများ၊ လူမျိုးများ၊ အမျိုးသမီးနှင့် အမျိုးသားများ၊ လူငယ်နှင့် လူကြီးများ၊ ပြည်နယ်များ၊ ကျေးလက်နှင့် မြို့ပြနေ လူများ၊ မတူညီသော အလုပ်များ လုပ်နေသည့် အလုပ်သမားများ အစရှိသည့် လူအများကြားတွင် မည်ကဲ့သို့ ဖြန့်ဝေပေးသည်နှင့်လည်း သက်ဆိုင်သည်။ စီးပွားရေး ဖွံ့ဖြိုးမှုမှ ရရှိသည့် အရင်းအမြစ်များကို အစိုးရက မည်သို့ အသုံးပြုသနည်းနှင့်လည်း သက်ဆိုင်သည်။ မတူညီသော အပိုင်းများတွင် အသုံးငွေများကို မည်ကဲ့သို့ ခွဲဝေပေးသည်၊ အသုံးပြုသည်ကလည်း အရေးပါသည့် အကျိုးဆက်များ ရှိပေသည်။ အချို့သော အသုံးပြုမှုများသည် လူ့အခွင့်အရေး ရရှိရေးကို တိုက်ရိုက် အကျိုးသက်ရောက်မှု ရှိသည်။ ဥပမာ အခြေခံ ပညာရေး၊ အခြေခံ ကျန်းမာရေး စောင့်ရှောက်မှု၊ လူမှု ဖူလုံရေး၊ ပုဂ္ဂလိက ဥပဒေ ဝန်ဆောင်မှုများကို မတတ်နိုင်သူများအတွက် တရားစီရင်ရေး စနစ်နှင့် ဥပဒေ ဆိုင်ရာ အကူအညီများ၊ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး အစရှိသည်တို့အတွက် အသုံးပြုခြင်းမျိုး ဖြစ်သည်။ အခြားသော အသုံးပြုပုံများ ဖြစ်သည့် သတ္တု တူးဖော်ရေး (သို့) စစ်ရေး အသုံးစရိတ်များ စသည်တို့အတွက် သုံးခြင်းကမူ လူ့အခွင့်အရေးအတွက် အကျိုးမရှိစေသည့်အပြင် မကောင်းသော အကျိုးဆက်များပင် သက်ရောက်စေနိုင်သည်။

ဆင်းရဲ မွဲတေသူများက ၎င်းတို့ အခွင့်အရေးများ ရရှိရန်အတွက် ကြိုးပမ်းရခြင်းသည် ထိုသို့သော ၎င်းတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ ဆိုင်ရာ လူ့အခွင့်အရေးများ ရရှိစေရေးကို မြှင့်တင်ပေးမည့် အစိုးရ မူဝါဒများနှင့် ဥပဒေ ဆိုင်ရာ အင်စတီကျူးရှင်းများနှင့် သက်ဆိုင်သည်။ လူ့အခွင့်အရေးများသည် တစ်ခုနှင့် တစ်ခု ဆက်စပ်နေပြီး ခွဲခြား၍ မရပေ။ လူ့ဂုဏ်သိက္ခာနှင့် လွတ်လပ်မှုတို့သည် ထိုအခွင့်အရေးများ အားလုံး ရရှိရေးအပေါ် တည်မှီနေသည်။ ထိုအခွင့်အရေးများမှာ တစ်ခုနှင့် တစ်ခု ထောက်ပံ့ နေသည်။ ဆင်းရဲ မွဲတေသူများ၏ ဒုက္ခများက ဤအချက်ကို သက်သေပြနေသည်။ ဆင်းရဲ မွဲတေသူများသည် ထိုနယ်ပယ် ငါးခုလုံးတွင် ၎င်းတို့၏ လူ့အခွင့်အရေးများကို ငြင်းပယ် ခံရပြီး အခွင့်အရေး တစ်ခု ငြင်းပယ်ခံရခြင်းက အခြားတစ်ခု ငြင်းပယ်ခံရခြင်းကို ထောက်ပံ့သည်။ ဥပမာ ပြည့်တန်ဆာ လုပ်ရန် လူကုန်ကူးခံရသူ အမျိုးသမီး တစ်ဦးသည် မိမိ ခန္ဓာကိုယ် မိမိ ပိုင်ဆိုင်ခြင်း ဆိုင်ရာ အခွင့်အရေး၊ လုံခြုံရေးနှင့် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့် တို့ကို ငြင်းပယ်ခံရခြင်း ဖြစ်သည်။ သူမသည် ထိုဖြစ်ရပ်များတွင် ထိခိုက်လွယ်သူ ဖြစ်ခဲ့ရခြင်းမှာ ဆင်းရဲသော မိသားစုမှ လာခြင်းကြောင့် ဖြစ်ပြီး တရားရုံးများနှင့် ရဲအရာရှိများ၏ အကာအကွယ် မရခြင်းကြောင့် ဖြစ်သည်။ ပညာမတတ်ခြင်း၊ အချက်အလက်များ မရယူနိုင်ခြင်းတို့ကြောင့်လည်း ဖြစ်နိုင်သည်။ ထိုသို့သော ပြည်သူ့ရေးရာ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေး အများအပြားကို ငြင်းပယ်ခံရခြင်းတို့အား ပေါင်းစပ်လိုက်သည့်အခါ သူမသည် ပို၍ ထိလွယ်ခိုက်လွယ်သူ ဖြစ်သွားသည်။ ထို့ပြင် သူမ၏ အမျိုးသမီး ဖြစ်မှု၊ လူမျိုး၊ ကိုးကွယ်သည့် ဘာသာ (သို့) လူမျိုးစု အစရှိသည်တို့ကြောင့် ကြုံတွေ့နေရသည့် ခွဲခြား ဆက်ဆံမှုများသည်လည်း သူမ၏ ထိခိုက်လွယ်မှုကို ထပ်မံ ပေါင်းစပ်ပေးပြီး လူကုန်ကူးသူများ၏ ခေါင်းပုံဖြတ်ခြင်းကို အဘယ်ကြောင့် ခံရသည် ကိုလည်း ရှင်းပြနေသည်။ နိုင်ငံရေးအရ ဘေးဘယ်ခံထားရသော အုပ်စုများမှ ဆင်းရဲမွဲတေသူ များသည် ထိခိုက်လွယ်ကြသည်။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့၏ လူ့အခွင့်အရေးများကို အာမခံ မပေးသောကြောင့် ဖြစ်သည်။

ထိုနည်းလမ်းများဖြင့် ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေးတို့မှာ အတွင်းကျကျ ပတ်သက် ဆက်နွှယ် နေသည်။ ဖွံ့ဖြိုးရေးသည် လူ့အခွင့်အရေးကို ဖြည့်ဆည်းပေးနိုင်သည့် ဖြစ်စဉ် တစ်ခု ဖြစ်သည်။ သို့ရာတွင် ဖွံ့ဖြိုးမှု ပုံစံ အားလုံးက ထိုသို့ မလုပ်နိုင်ပေ။ ထို့ကြောင့် လူ့အခွင့်အရေး ရရှိရေး ကြိုးပမ်းမှုများသည် လူ့အခွင့်အရေးကို ရုတ်လျော့စေမည့် ဖွံ့ဖြိုးရေး ဖြစ်စဉ်များအစား လူ့အခွင့်အရေး မြှင့်တင်ရေးအပေါ် အပြုသဘော ဆောင်မည့် ဖွံ့ဖြိုးရေး ဖြစ်စဉ်များ ရရှိရေးကိုလည်း ကြိုးပမ်းသင့်သည်။ ဤသည်မှာ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးတို့ကို အဓိက ဆက်စပ်နေသည့် အချက် ဖြစ်သည်။

## လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးတို့ကို ဆက်စပ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အတွက် လူ့အခွင့်အရေး ချဉ်းကပ်ပုံ

လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေး နယ်ပယ်များကို ဆက်စပ်ပေးသည့် အရေးပါသော လုပ်ဆောင်ချက် နှစ်ခုမှာ ဖွံ့ဖြိုးရေးကို လူ့အခွင့်အရေး အဖြစ် အသိအမှတ် ပြုနိုင်းသည့် RTD လုပ်ဆောင်ချက်နှင့် လူ့အခွင့်အရေးကို ဖွံ့ဖြိုးရေး အစီအစဉ်များတွင် ထည့်သွင်းမိတ်ဆက်သည့် HRBA အစီအစဉ်များ ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေး ဆိုင်ရာ ကြေညာချက်ကို ၁၉၈၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ဖွံ့ဖြိုးရေးကို လူ့အခွင့်အရေး ရရှိမှုအား

ဦးတည်သွားမည့် လူသား အခြေပြု ဖြစ်စဉ် အဖြစ် အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ ကုလသမဂ္ဂတွင် ဖွံ့ဖြိုးဆဲနိုင်ငံများက မြှင့်တင်ခဲ့သည် ထိုကြေညာချက်သည် ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် နိုင်ငံတကာ ပတ်ဝန်းကျင် တစ်ခု ဖန်တီးပေးရန် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုများ၏ တာဝန်များကို ဖော်ပြထားသည်။ HRBA မှာမူ ဖွံ့ဖြိုးရေး အေဂျင်စီများနှင့် အရပ်ဘက် အဖွဲ့အစည်းများက ဖွံ့ဖြိုးရေး အစီအစဉ်များကို လူ့အခွင့်အရေး စည်းမျဉ်းများအား အခြေခံ၍ လုပ်ဆောင်ရန် ကြိုးပမ်းခဲ့သည့် လုပ်ဆောင်ချက် တစ်ခု ဖြစ်သည်။

RTD နှင့် HRBA နှစ်ခုလုံးကို ထွက်ပေါ်စေခဲ့သည့် အရာမှာ လူသားများ၏ လွတ်လပ်ခွင့်နှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသည့် အရာသည် ကမ္ဘာ့ ဆင်းရဲ မွဲတေမှု ဖြစ်သည် ဟူသည့် စိုးရိမ်မှုများ ဖြစ်သည်။ ဆင်းရဲမွဲတေမှုကို ဘောဂဗေဒအရ လေ့လာသုံးသပ်ခြင်းက ဆိုးရွားသော စီးပွားရေး လုပ်ဆောင်ချက်များ၊ မလုံလောက်သော အရင်းအမြစ်များ (သို့) ဆင်းရဲမွဲတေမှုကို ဖြစ်ပွားစေသည့် မူဝါဒ မလုံလောက်ခြင်းများ စသည်တို့ကို လေ့လာသော်လည်း လူ့အခွင့်အရေးအရ လေ့လာခြင်း တွင်မူ နိုင်ငံများအတွင်းနှင့် နိုင်ငံများ အထဲ၌ အာဏာများနှင့် ဥစ္စာဓနများကို ခွဲဝေမှု မညီမျှခြင်းက ဆင်းရဲ မွဲတေမှု၏ အကြောင်းရင်းခံဟု ဆိုထားသည်။

**အနှစ်ချုပ်**

လူ့အခွင့်အရေးသည် လူသားများကို မြှင့်တင်ပေးသည် သဘောတရား တစ်ခု ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် လူ့အခွင့်အရေးက တစ်သီး ပုဂ္ဂလ ပုဂ္ဂိုလ်များတွင် လူသားဖြစ်မှုကြောင့် ရပိုင်ခွင့်များ၊ လူ့အဖွဲ့အစည်းကို တောင်းဆိုနိုင်သည်များ ရှိသည်ဟု ဆိုထားသည်။

လူတို့တွင် အခွင့်အရေးများရှိခြင်းသည် လူ့အဖွဲ့အစည်းက ထိုအခွင့်အရေးများကို ပေးအပ်သည်ဟု မဆိုနိုင်ပေ။ လူတို့သည့် နိုင်ငံရေး ဖြစ်စဉ်များတွင် လှုံ့ဆော်ခြင်းဖြင့် ၎င်းတို့၏ အခွင့်အရေးများ တောင်းဆိုမှုအတွက် ကြိုးပမ်းရသည်။

ဖွံ့ဖြိုးရေးကို များသောအားဖြင့် စီးပွားရေး တိုးတက်မှုနှင့် အလဲအလှယ်ပြု သုံးစွဲကြသည်။ လက်ရှိတွင် ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ပြောဆိုရေးသားမှု အများအပြား ရှိပြီး ထိုသဘောတရား အမျိုးမျိုးနှင့် ၎င်းတို့၏ မူဝါဒဆိုင်ရာ သက်ရောက်မှုများကို ဖော်ပြထားသည့် စာပေ အများအပြား ရှိကြသည်။ ယင်းတို့အနက်မှ ထင်ရှားသည့် ပြောဆိုရေးသားမှု တစ်ခုမှာ လူသား ဖွံ့ဖြိုးရေးနှင့် လုပ်နိုင်စွမ်း ဆိုင်ရာ ချဉ်းကပ်ပုံ ဖြစ်သည်။

လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးတို့သည် မတူညီသော နယ်ပယ်များအဖြစ် ဖြစ်ပေါ် ပြောင်းလဲခဲ့ပြီး ဆက်ဆံမှု အနည်းအကျဉ်းသာ ရှိခဲ့သည်။ လူ့အခွင့်အရေး ဆိုင်ရာ အသိုင်းအဝိုင်းက ဖွံ့ဖြိုးရေး ကိစ္စရပ်များကို RTD ဖြင့် ဖြေရှင်းကြသည်။ ဖွံ့ဖြိုးရေး ဆိုင်ရာ အသိုင်းအဝိုင်းကမူ ၁၉၉၀ ပြည့်လွန်နှစ်များတွင် HRBA မပေါ်ပေါက်လာမီအထိ လူ့အခွင့်အရေးကို ထည့်သွင်းစဉ်းစားခြင်း မရှိခဲ့ပေ။ RTD က ဖွံ့ဖြိုးရေးကို လူ့အခွင့်အရေး တစ်ခုအဖြစ် အသိအမှတ်ပြုရန် ရည်ရွယ်ပြီး HRBA က လူ့အခွင့်အရေးကို ဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များတွင် ထည့်သွင်းရန် ရည်ရွယ်သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

ဖွံ့ဖြိုးရေး ဆိုသည်မှာ အဘယ်နည်း။ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်မှုကို ဖွံ့ဖြိုးရေးဟု သတ်မှတ်လျှင် လူ့အခွင့်အရေးနှင့် ဆန့်ကျင်သည့် အချက် အများအပြား ရှိနိုင်သည်။ ဖွံ့ဖြိုးရေးကို လူ့အခွင့်အရေးဟု သတ်မှတ်လိုက်ပါက ထိုဆန့်ကျင်သည့် အချက်များ ပျောက်ကွယ်သွားလိမ့်မည်။ သို့ရာတွင် မူဝါဒ ရွေးချယ်ရာတွင် မည်သို့သော သက်ရောက်မှုများ ရှိနိုင်သနည်း။

လူသားများ၏ မျှော်လင့်ချက်များနှင့် လူမှုရေး ဦးစားပေးမှုများက ပြည်သူ့ရေးရာ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများနှင့် ဆက်စပ်သလောက် ယင်းအခွင့်အရေး များနှင့် ဖွံ့ဖြိုးရေးသို့ မည်မျှ ဆက်စပ်သနည်း။

## ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေး (RTD)

### RTD ပေါ်ထွက်လာခြင်းနှင့် ၎င်း၏ နောက်ခံ

ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေး ပေါ်ထွက်လာခြင်းသည် စစ်အေးတိုက်ပွဲ ဆိုင်ရာ လူ့အခွင့်အရေး ဆွေးနွေးငြင်းခုံမှုများနှင့် နိုင်ငံတကာ စီးပွားရေး စနစ်သစ် (New International Economic Order (NIEO)) ပေါ်ထွန်းလာခြင်းတို့မှ အစပြုခဲ့သည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများက နိုင်ငံတကာ ဖွံ့ဖြိုးရေး စနစ်ကို ဖွံ့ဖြိုးမှုအား ပို၍ အားပေးသော ပတ်ဝန်းကျင် ဖန်တီးပေးရန် တောင်းဆိုခြင်းမှ RTD ပေါ်ထွက် လာခဲ့သည်။ RTD သည် ကမ္ဘာ့ နိုင်ငံရေး စနစ်များရှိ ကိစ္စရပ်များကို အာရုံစိုက်ထားပြီး ယင်းကိစ္စရပ် အများအပြားမှာ ကိုယ်ပိုင် ပြဌာန်းခွင့်ကဲ့သို့သော ကိုလိုနီစနစ်၏ အမွေဆိုးများ ဖြစ်ကြသည်။ ထို့ပြင် နိုင်ငံများကို သင့်လျော်သော မူဝါဒများ ချမှတ်ရန်နှင့် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုကို အားပေးရန် လုပ်ဆောင်ရမည့် နိုင်ငံတကာဆိုင်ရာ တာဝန်များကိုလည်း အလေးစိုက်ထားသည် (Beetham, 2006)။ ယင်းသဘောတရားများမှာ ၁၉၆၀ ပြည့်လွန်နှစ်များတွင် ထွက်ပေါ်ခဲ့သည့် မှီခိုခြင်း သီအိုရီ (dependencia theory) မှ အမြစ်တည်ခဲ့ခြင်း ဖြစ်သည်။ မှီခိုခြင်း သီအိုရီတွင် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျရခြင်းကို ကိုလိုနီ စီးပွားရေး စနစ် အမြစ်တွယ်နေဆဲ ဖြစ်ခြင်းကြောင့်ဟု ဆိုထားသည်။ မှီခိုခြင်း သီအိုရီဆိုင်ရာ ပညာရှင်များ ဖြစ်သည့် ဖရန့် (Frank)၊ ဖာတာဒို (Furtado) နှင့် ပရီဘစ်ရှ် (Prebish) တို့က ဖွံ့ဖြိုးဆဲ နိုင်ငံများသည် ကိုလိုနီစနစ် ပြီးဆုံးသွားသည့်တိုင် ဖွံ့ဖြိုးမှု နိမ့်ကျနေဆဲ ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ထိုနိုင်ငံများသည် စီးပွားရေး စနစ်တွင် နိုင်ငံကြီးများကို ကုန်ကြမ်း အရင်းအမြစ်များ ပံ့ပိုးပေးနေရသည့် အစွန်အဖျား နိုင်ငံများ ဖြစ်နေဆဲ ဖြစ်သောကြောင့် ဖြစ်သည်ဟု ဆိုကြသည်။ ထို့ပြင် ၁၉၇၀ ပြည့်လွန်နှစ်များတွင် နိုင်ငံတကာ စီးပွားရေး ဆက်ဆံရေးများ၏ အဓိက ပုံစံများမှာ ကုန်သွယ်ရေး ကျဆင်းခြင်း၊ ကုန်ကြမ်းပစ္စည်းများ၏ ဈေးကွက် ဈေးနှုန်းများ မတည်ငြိမ်ခြင်း၊ သဘာဝ အရင်းအမြစ် တူးဖော်ခြင်းတွင် နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုများ၏ စည်းမျဉ်းများ၊ နိုင်ငံတကာဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် အစိုးရ ရင်းနှီး မြှုပ်နှံမှုများအတွက် အတိုးနှုန်း လျှော့ပေးထားသော ချေးငွေများ ရရှိရေး စသည်တို့ ကြီးစိုးနေသည်။ ၁၉၇၀ ပြည့်လွန်နှစ် နှောင်းပိုင်းတွင် ဖြစ်ပွားခဲ့သော စီးပွားရေးပျက်ကပ်နှင့် ၁၉၈၀ ပြည့်လွန်နှစ် နှောင်းပိုင်းတွင် ကျင့်သုံးခဲ့သော ဖြေလျှော့ရေး မူဝါဒများ နှင့်အတူ ထိုနိုင်ငံတကာ စီးပွားရေး ဆိုင်ရာ ကိစ္စရပ်များ၏ အရေးပါမှုသည် နိုင်ငံတကာ စီးပွားရေး ငြင်းခုံမှု နယ်ပယ်ထဲသို့ ပြန်ရောက်ရှိသွားသည်။ သို့ရာတွင် ယနေ့ခေတ်တွင် RTD သည် ပို၍ပင် အရေးပါလာသည် (Fukuda-Parr, 2006)။ ဂလိုဘယ်လ် လိုက်ဇေးရှင်း ပေါ်ပေါက်လာခြင်းနှင့်အတူ ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော နိုင်ငံတကာ ငွေကြေး အကြပ်အတည်းနှင့် စီးပွားရေး ကျဆင်းမှု (သို့) အစားအသောက် ဈေးနှုန်း မြင့်တက်မှု ကဲ့သို့သော နိုင်ငံတကာ စီးပွားရေး စနစ်၏ မမျှော်လင့်သော အပြောင်းအလဲများက လူ့အခွင့်အရေးများကို မထိခိုက်စေရန် နိုင်ငံများအနေနှင့် ပူးပေါင်း ဆောင်ရွက်ရန် ပိုမို လိုအပ်လာသည်။

## သဘောတရားပိုင်း ဆိုင်ရာ ကိစ္စရပ်များ

RTD သည် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးကို ဆက်စပ်ပေးသော သဘောတရားပိုင်းနှင့် ဥပဒေပိုင်းဆိုင်ရာ အဓိက ချိတ်ဆက်မှု တစ်ခု ဖြစ်သည် (Sengupta, 2006)။ RTD က ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ အခွင့်အရေးကို လူသားကို အခြေခံသည့် ဖွံ့ဖြိုးတိုးတက်ရန် ဖြစ်စဉ် တစ်ခု၏ အခွင့်အရေးဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။ RTD တွင် လွတ်လပ်သော၊ တက်ကြွသော၊ အဓိပ္ပာယ် ပြည့်ဝသော ပါဝင်မှုများ၊ ခွဲခြား ဆက်ဆံမှု မရှိရေး၊ အကျိုးကျေးဇူးများကို ညီညီမျှမျှ ခွဲဝေပေးခြင်း၊ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် အချုပ်အခြာအာဏာကို တန်ဖိုးထားသော သဘာဝ အရင်းအမြစ်များ ရယူခြင်းတို့ လိုအပ်ပြီး ယင်းမှာ အခြား လူ့အခွင့်အရေးများကို မြှင့်တင်ပေးသည့် ဖြစ်စဉ် တစ်ခုလည်း ဖြစ်သည်။ ထိုအဓိပ္ပာယ် ဖွင့်ဆိုချက်သည် အမာတီယာဆန်၏ ဖွံ့ဖြိုးမှုသည် လွတ်လပ်ခွင့် ဟူသည့် သဘောတရားနှင့် သော်လည်းကောင်း၊ ဖွံ့ဖြိုးရေးသည် လူသား ဖွံ့ဖြိုး တိုးတက်ရေးနှင့် လုပ်နိုင်စွမ်း ဆိုင်ရာ ချဉ်းကပ်ပုံ ဖြစ်သည် ဟူသည့် သဘောတရားနှင့် သော်လည်းကောင်း များစွာ ဆင်တူသည်။ ကြေညာချက်တွင် ဖွံ့ဖြိုးရေး ဆိုင်ရာ နိုင်ငံတကာ အစိတ်အပိုင်းများ အထူးသဖြင့် နိုင်ငံများ၏ အတူတကွနှင့် သီးသန့် လုပ်ဆောင်ရန် တာဝန်များ (အပိုဒ် ၃) နှင့် နိုင်ငံတကာ ဖွံ့ဖြိုးရေး မူဝါဒများ (အပိုဒ် ၃) တို့ကို အဓိကထား ဖော်ပြထားသည်။

ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးသည် စုပေါင်း အခွင့်အရေး၊ လူတစ်ဦးထက် အုပ်စု တစ်ခုက ပိုင်ဆိုင်သော အခွင့်အရေး ဖြစ်သည်။ ဘီသမ် (Beetham) (2006) က တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များသည် လူ့အခွင့်အရေးကို ဖွံ့ဖြိုးရေး ဆိုင်ရာ စုပေါင်းအခွင့်အရေးအား အာမခံပေးခြင်းမှသာ ရရှိနိုင်သည်ဟု ဆိုထားသည်။ ထို့ကြောင့် သူနှင့် ဆန်ဂုတာ (Sengupta) (2006) နှစ်ဦးစလုံးက ဖွံ့ဖြိုး တိုးတက်ရန် အခွင့်အရေးသည် လူ့အခွင့်အရေးအား ဖြည့်ဆည်းပေးခြင်းကို အထောက်အကူပြုမည့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရန် အခွင့်အရေး၊ ဥပမာ ဖွံ့ဖြိုးမှု၏ အကျိုးရလဒ်များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေသည့် ဖွံ့ဖြိုးမှုမျိုး ဖြစ်သည်ဟု ဆိုကြသည်။ နိုင်ငံတော်က ဖြစ်စဉ်တွင် လူ့အခွင့်အရေးကို လေးစားခြင်း၊ ကာကွယ်ခြင်း၊ ဖြည့်ဆည်းပေးခြင်း မရှိပါက ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေး မဟုတ်ပေ။ ဥပမာ သဘာဝ တွင်းထွက်များ ရှာဖွေခြင်းနှင့် ထုတ်ယူခြင်းတို့ကို နိုင်ငံခြားမှ ကုမ္ပဏီများအား လုပ်ကိုင်ခွင့်ပေးကာ ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံရေး အီလစ်များသာ အကျိုးများစေပြီး ဒေသခံများကို ၎င်းတို့၏ နေရပ်များမှ ပြောင်းရွှေ့ခိုင်းခြင်း၊ မြစ်များကို ညစ်ညမ်းစေခြင်း၊ ဒေသခံများအတွက် အဓိကကျသည့် အသက်မွေးဝမ်းကျောင်း ဖြစ်သည့် တောအုပ်များကို ရှင်းလင်းခြင်း အစရှိသည့် ဖွံ့ဖြိုးမှုများသည် လူ့အခွင့်အရေးနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးမှု မဟုတ်ပေ။

RTD သဘောတရားသည် လူ့အခွင့်အရေး ပညာရှင်များအကြား အငြင်းပွားဖွယ်ရာ ဖြစ်သည်။[၂] စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများအပြင် ဥပဒေ ရေးရာ ပညာရှင်များက RTD ကို အသုံးဝင်သည့် သဘောတရား တစ်ခု ဖြစ်ရန် ဝေဝါးလွန်းပြီး နိုင်ငံရေးနှင့် သဘောထားရေးရာ ရည်ရွယ်ချက်များကြောင့် ပေါ်ထွက်လာသည့် ဆွယ်လုံး သက်သက်သာ ဖြစ်သည်ဟု ဝေဖန်ကြသည် (Ghai cited in Bunn, 2000)။ ထိုဝေဖန်ချက်များကို တုံ့ပြန်သည့် အနေဖြင့် ထိုအခွင့်အရေး၏ ကျင့်ဝတ်ပိုင်းအရ ပါဝင်သည့် အရာများကို သတ်မှတ်သည့် စာတမ်းများလည်း ထွက်ပေါ်လာသည်။ ထိုစာတမ်း အများစုကို ကုလသမဂ္ဂ၏ လူ့အခွင့်အရေး စနစ်က ပံ့ပိုးပေးသည်။

**အကောင်အထည်ဖော်ခြင်း**

၁၉၈၆ ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေး ကြေညာချက် မထုတ်ပြန်မီအထိ RTD ကို နှစ်ပေါင်းများစွာ ဆွေးနွေးငြင်းခုံခဲ့ကြသည်။ ကြေညာချက်ထဲတွင် ဖွံ့ဖြိုးတိုးတက်မှုကို လူ့အခွင့်အရေးအဖြစ် သတ်မှတ်ထားပြီး ၁၉၉၃ ခုနှစ် ကမ္ဘာ့ လူ့အခွင့်အရေး ညီလာခံမှ ထုတ်ပြန်သည့် ဗီယင်နာ ကြေညာချက်တွင် ထပ်မံထည့်သွင်းထားသည်။ ယင်းကြေညာချက်တွင် ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးကို တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်ပြီး ခွဲခြားမရနိုင်သော အခွင့်အရေး၊ အခြေခံ လူ့အခွင့်အရေး၏ အဓိက အပိုင်းဟု အသိအမှတ်ပြုထားသည်။ သို့ရာတွင် နိုင်ငံများ အားလုံးကို ဥပဒေအရ စည်းနှောင်နိုင်သည့် ပဋိညာဉ်အဖြစ် ပြောင်းလဲရန် ကြိုးပမ်းခဲ့ခြင်းတော့ မရှိခဲ့ပေ။ ထိုအချိန်မှ စ၍ ကုလသမဂ္ဂထဲမှ ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ ဘက်စွဲကိုင်မှု မရှိရေး လှုပ်ရှားမှု (the Non-Aligned Movement (NAM)) က RTD အတွက် ဥပဒေအရ စည်းနှောင်မှု ရှိသည့် စာချုပ်စာတမ်း ပေါ်ထွက်လာစေရန် တောင်းဆိုခဲ့ကြသည်။ ထိုတောင်းဆိုချက်ကို ဖွံ့ဖြိုးပြီး နိုင်ငံများ ဖြစ်သည့် အနောက်နိုင်ငံ အုပ်စုများက ဆန့်ကျင်ခဲ့ကြသည်။ ကုလသမဂ္ဂ အဖွဲ့ထဲမှ လူ့အခွင့်အရေး ကော်မရှင်က ၁၉၉၈ ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ အခွင့်အရေးအတွက် အပွင့်သဘော (open ended) လုပ်ငန်း ကော်မတီ ဖွဲ့စည်းခဲ့ပြီး ထိုအခွင့်အရေး အကောင်အထည် ဖော်ရေးကို မြှင့်တင်ခဲ့သည်။ အဓိက ကိစ္စရပ်များကို လေ့လာသုံးသပ်ခြင်းဖြင့် ထိုဖြစ်စဉ်တွင် ပါဝင် ကူညီနိုင်ရန် ကော်မရှင်က ၁၉၉၉-၂၀၀၄ ခုနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးဆိုင်ရာ လွတ်လပ်သော ကျွမ်းကျင်ပညာရှင် တစ်ဦးကို ခန့်အပ်ခဲ့ပြီး ၂၀၀၅-၁၂ ခုနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေး ဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခဲ့သည်။ ထိုဖြစ်စဉ်များသည် RTD တွင် ပါဝင်သည့် အကြောင်းအရာများကို ပိုမို သိရှိလာစေပြီး နိုင်ငံတကာ စီးပွားရေး မူဝါဒ ကိစ္စရပ်များကို လေ့လာခြင်းဖြင့် နိုင်ငံရေး ဆွေးနွေးချက်များကို အနည်းငယ် ပိုမိုရှေ့ဆက်စေနိုင်ခဲ့သည်။

သို့ရာတွင် RTD သည် ကုလသမဂ္ဂ၏ အခြားသော စံနှုန်းသတ်မှတ်ရေး ဖြစ်စဉ်များအတွက် အကျုံးဝင်နေသေးသည်။ ဥပမာ ၂၀၀၀ ပြည့်နှစ် ထောင်စုနှစ်ဆိုင်ရာ ကြေညာချက်၏ လုပ်ဆောင်ရန်တွင် RTD ပါဝင်နေသေးပြီး ယင်းမှာ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ ပေါ်ထွက်ခဲ့သော သဘောတူညီမှုများအနက် အားကောင်းဆုံး စာတမ်း တစ်စောင် ဖြစ်သည်။ တစ်ဘက်တွင်မူ အရပ်ဘက် အဖွဲ့အစည်းများဘက်မှ ထို့အခွင့်အရေးအတွက် လ*ှုံ့ဆော်မှု အနည်းငယ်သာ ရှိခဲ့သည်။ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများဆိုင်ရာ ကွန်ရက်များက ဂလိုဘယ်လ်လိုက်ဇေးရှင်း၏ အကျိုးအမြတ်များကို ပို၍ သာတူညီမျှ ရှိစွာ ခွဲဝေရန် နိုင်ငံတကာ စီးပွားရေး မူဝါဒများကို ပြုပြင် ပြောင်းလဲရန် တက်တက်ကြွကြွ တောင်းဆိုကြသော်လည်း* RTD ကိုတော့ ရည်ညွှန်းလေ့ မရှိပေ။

*၂၁ ရာစု တစ်ကမ္ဘာလုံး ပေါင်းစပ် ဆက်နွယ်မှု မြင့်မားလာသည့် နောက်ခံတွင် ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးမှာ အထူး အရေးကြီးလာသည်။ အဘယ်ကြောင့် ဆိုသော် ယင်းအခွင့်အရေးသည် နိုင်ငံများအကြား စုပေါင်း လုပ်ဆောင်မှု လိုအပ်ခြင်းကို ဖြေရှင်းထားသောကြောင့် ဖြစ်သည်။* RTD က လူ့အခွင့်အရေး တာဝန်များတွင် နိုင်ငံများကို ဗဟိုပြုသည့် စနစ်ဆိုင်ရာ အကန့်အသတ်များအား စိန်ခေါ်ထားသည်။ နိုင်ငံ ဗဟိုပြုသည့် စနစ်တွင် နိုင်ငံများသည် ၎င်းတို့၏ နိုင်ငံသားများနှင့် နိုင်ငံတွင်

နေထိုင်သူများအတွက် အဓိက တာဝန်ရှိပြီး ၎င်းတို့ ပိုင်နက် ပြင်ပရှိ လူများအပေါ် တာဝန်များကိုမူ ဝေဝေဝါးဝါးသာ ထားရှိထားသည်။ သို့ရာတွင် ဆင်းရဲ မွဲတေသူများနှင့် ဆင်းရဲသည့် နိုင်ငံများကို ထိခိုက်စေသည့် အသက်ကယ်နိုင်သည့် ဆေးဝါးများ၏ ဈေးနှုန်းကို မြင့်မားစေသော မူပိုင်ခွင့် ဆိုင်ရာ ကုန်သွယ်ရေး သဘောတူညီချက် (သို့) ဒေသခံများ၏ ကျန်းမာရေးကို ဆိုးရွားစေ ထိခိုက်နိုင်စေသော နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများ ဖန်တီးသည့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အန္တရာယ်များ ကဲ့သို့သော နိုင်ငံတစ်နိုင်ငံမှ လုပ်ရပ်များသည် အခွင့်အရေးများ ရရှိရေးကို အနှောင့်အယှက် ဖြစ်စေပြီး နိုင်ငံတကာတွင် အခွင့်အရေးများ ရရှိရေးအပေါ် သက်ရောက်မှုများ ရှိလေသည်။ လူ့အခွင့်အရေး၏ နိုင်ငံတကာ ဆိုင်ရာ အစိတ်အပိုင်း၊ အထူးသဖြင့် ကမ္ဘာ့ ဆင်းရဲမွဲတေမှုအတွက် တာဝန် အပိုင်းတွင် အရေးပါသည့် ငြင်းခုံ ဆွေးနွေးမှုများ၊ ချဉ်းကပ် ဆွဲဆောင်မှုများနှင့် လုပ်ငန်းများ ပေါ်ပေါက်လာသည်။ အရေးပါသည့် ခြေလှမ်း တစ်ရပ်မှာ ဦးဆောင် ပညာရှင်များနှင့် တက်ကြွလှုပ်ရှားသူများက ကမ္ဘာ့ တာဝန်များကို သတ်မှတ်နိုင်ခဲ့ခြင်းနှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေး နယ်ပယ်များနှင့် စပ်လျဉ်းသည့် နိုင်ငံပြင်ပရှိ တာဝန်များဆိုင်ရာ မက်စ်စတရစ်ချ် စည်းမျဉ်းများ (the Maastricht Principles on the Extra-Territorial Obligations of States in the Areas of Economic, Social and Cultural Rights) ကို ၂၀၁၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

| အနှစ်ချုပ် |
| --- |
| RTD *ဆိုင်ရာ ၁၉၈၆ ခုနှစ် ကြေညာချက်သည် ဥပဒေအရ စည်းနှောင်မှု ရှိသည့် သဘောတူစာချုပ် တစ်ခု ဖြစ်မလာခဲ့ပေ။*<br>RTD *တွင် ပါဝင်သည့် အချက်များမှာ အငြင်းပွားဖွယ်ရာ ဖြစ်သည်။ အချို့က ယင်းတို့မှာ ဝေဝေဝါးဝါး ဖြစ်ပြီး သဘောတရားများနှင့် သက်ဆိုင်သည်ဟု ဆိုကြသည်။ အချို့ကမူ ယင်းတို့မှာ ကမ္ဘာ့ စီးပွားရေး ဆက်စပ်မှုများ၏ အမှန်တရားများနှင့် သက်ဆိုင်သည်ဟု ဆိုကြသည်။ သို့ရာတွင် အရပ်ဘက် အဖွဲ့အစည်းများက ထို့အခွင့်အရေးကို တောင်းဆိုရန် လှုပ်ရှားမှု အနည်းငယ်သာ ရှိသည်။*<br>RTD *သည် လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးကို ဖြည့်ဆည်းပေးမည့် ဖွံ့ဖြိုးရေး ပုံစံ တစ်ခု ရရှိခွင့် ဖြစ်သည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပေးသည့် မူဝါဒများ ချမှတ်ရန် နိုင်ငံများအကြား ပူးပေါင်းကြစေရန်* RTD *က နိုင်ငံများအပေါ် တာဝန်ပေးထားသည်။*<br><br>***ဆင်ခြင် စဉ်းစားရန် မေးခွန်းများ***<br>*နိုင်ငံ ဗဟိုပြု တာဝန်ယူမှု စနစ်တွင် လက်ရှိလူ့အခွင့်အရေး ဆိုင်ရာ အင်စတီကျူးရှင်း သဘောတူညီချက်များသည် နိုင်ငံများကို တာဝန်ခံခိုင်းနိုင်သော်လည်း စီးပွားရေး အဖွဲ့အစည်း များနှင့် အခြား နိုင်ငံတော် မဟုတ်သည့် ဇာတ်ကောင်များမှာ လူသားတို့၏ အခွင့်အရေးများ ရရှိရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ အသက်ကယ်နိုင်သည့် ဆေးဝါးများ လက်လှမ်းမီရေး ဖြစ်ရပ်ကို စဉ်းစားကြည့်လိုက်ပါ။ နိုင်ငံများကသာ လူ့အခွင့်အရေးအပေါ် တာဝန်ခံရန် ကန့်သတ်ထားခြင်းကို ထောက်ခံသည့်၊ ကန့်ကွက်သည့် အချက်များမှာ အဘယ်နည်း။*<br><br>***ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးကို ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း***<br>(၁) RTD *ကို နိုင်ငံရေးဟု သဘောထားလိုက်ပါ။ ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးကို တောင်းဆိုသည့် အဓိက* |

*ဖာတ်ကောင်များမှာ မည်သူနည်း။ အခွင့်အရေးကို ပေးရန် ငြင်းဆိုနေသူများမှာ မည်သူနည်း။ နိုင်ငံတကာ လူ့အခွင့်အရေး ကွန်ရက်များနှင့် ပြည်တွင်း အရပ်ဘက် အဖွဲ့အစည်း များ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။ စစ်အေးတိုက်ပွဲ ပြီးဆုံးသွားခြင်းနှင့် ဂလိုဘယ်လ် လိုက်ဖေးရှင်း စတင်ခြင်းတို့က ထိုနိုင်ငံရေးများကို မည်ကဲ့သို့ ပြောင်းလဲပစ်ခဲ့သနည်း။*

*(၂) RTD ကို နိုင်ငံတကာ ဥပဒေဟု သဘောထားလိုက်ပါ။ RTD သည် အခြားသော ဥပဒေများနှင့် မည်သို့ ကွာခြားသနည်း။ RTD ကို နိုင်ငံတကာ ဥပဒေအဖြစ် ထားရှိခြင်းအပေါ် မည်သို့သော ဝေဖန်မှုများ ရှိသနည်း။*

*(၃) RTD ကို နိုင်ငံတော်၏ တာဝန်အဖြစ် သဘောထားလိုက်ပါ။ နိုင်ငံတော်က ၎င်း၏ နိုင်ငံသားများကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသော အခွင့်အရေးများ ရရှိရန် အတားအဆီးများကို စုပေါင်း ကျော်လွှားခြင်းနှင့် စပ်လျဉ်း၍ RTD က မည်သို့ လုပ်ဆောင်ပေးသနည်း။*

*(၄) RTD ကို ခေတ်ပေါ် စိန်ခေါ်မှု တစ်ခုအဖြစ် သဘောထားလိုက်ပါ။ RTD သည် ဂလိုဘယ်လ် လိုက်ဖေးရှင်းအတွက် အဘယ်ကြောင့် သင့်လျော်သနည်း။*

## ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်ပုံ (HRBA)

### HRBA ၏ အစနှင့် ၎င်း၏ နောက်ခံ

*ဖွံ့ဖြိုးရေးမှ လူ့အခွင့်အရေး (သို့) အခွင့်အရေး အခြေပြု ဖွံ့ဖြိုးတိုးတက်မှုဟုလည်း ညွှန်းဆိုကြသည့်* HRBA *သည် ဖွံ့ဖြိုးရေးဆိုင်ရာ ချဉ်းကပ်ပုံ တစ်ခုအဖြစ် နိုင်ငံတကာ ဖွံ့ဖြိုးရေး အကူအညီပေးရေး အသိုင်းအဝိုင်းတွင် ၁၉၉၀ ပြည့်လွန်နှစ်များမှ စ၍ ပေါ်ထွက်လာခဲ့သည်။* HRBA *သည် ဖွံ့ဖြိုးရေး ဆိုင်ရာ သီအိုရီများနှင့် လုပ်ဆောင်ချက်များကို ပြောင်းလဲပစ်ရန် ရည်ရွယ်သည်။* HRBA *က ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေးတို့သည် တူညီသော ရည်ရွယ်ချက် ရှိသည်ဟု ဆိုသည်။ ယင်းမှာ လူ့အခွင့်အရေး ရရှိရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ ဖြစ်စဉ်များတွင် လူ့အခွင့်အရေး စည်းမျဉ်းများကို လေးစားရေးတို့ ဖြစ်သည်။ ဦးစားပေးမှု အသစ်များနှင့် လုပ်ငန်း အသစ်များ မိတ်ဆက်ကြသော ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီများ အသုံးပြုသည့် အစီအစဉ် ဆိုင်ရာ ချဉ်းကပ်ပုံများကို* HRBA *က မကြာခဏ ညွှန်းဆိုလေ့ ရှိသည်။ သို့ရာတွင် ထိုချဉ်းကပ်ပုံများမှာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ရရှိစေရေးကို ဖွံ့ဖြိုးရေး ရည်မှန်းချက် တစ်ခုအဖြစ် လုပ်ဆောင်သည့် ပြောဆိုရေးသား၊ လုပ်ဆောင်မှုများထဲမှ တစ်ခုသာ ဖြစ်သည်။* HRBA *သည် လူမှုရေးနှင့် တန်းတူညီရေး အချက်များကို လျစ်လျူရှုထားသည့် နီအိုလစ်ဘရယ် စီးပွားရေး မူဝါဒများကို တုံ့ပြန်ခြင်းလည်း ဖြစ်သည်* (Nelson and Dorsey, 2003; Darrow and Tomas, 2005)*။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ အားလုံး ပပျောက်ရေး ဆိုင်ရာ သဘောတူစာချုပ်* (Convention to Eliminate All Forms of Discrimination against Women (CEDAW)) *နှင့် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်* (Convention on the Rights of the Child (CRC)) *တို့အတွက် တောင်းဆိုရာတွင် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေး အသိုင်းအဝိုင်းများ ပူးပေါင်းခဲ့ခြင်းအပေါ်* HRBA *က အခြေခံထားခြင်း ဖြစ်သည်။*

*စစ်အေးကာလ နိုင်ငံရေးသည် တစ်ဖက်တွင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများနှင့် အခြား တစ်ဖက်တွင် စီးပွားရေးနှင့် လူမှုရေး ဆိုင်ရာ အခွင့်အရေးများကို ခွဲခြားခဲ့သည်။ သီးသန့်*

*သဘောတူစာချုပ်များ ရေးဆွဲခဲ့ပြီး ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများသည် ဥရောပ အနောက် နိုင်ငံများနှင့် အရှေ့နိုင်ငံများ၊ ၎င်းတို့၏ ဖွံ့ဖြိုးဆဲ နိုင်ငံမှ မဟာမိတ်များအတွက် ကိရိယာ တန်ဆာပလာ တစ်ခု ဖြစ်လာသည်။ အနောက်တိုင်း လူ့အခွင့်အရေး အသိုင်းအဝိုင်းက စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများကို လျစ်လျူရှုခဲ့သလို ပညာရှင်များနှင့် တက်ကြွ လှုပ်ရှားသူများကလည်း အလေးမစိုက်ခဲ့ပေ။ အယ်ရီယယ် နိုင်ယာ* (Aryeh Neier) (2003) *ကဲ့သို့သော တက်ကြွ လှုပ်ရှားသူ ခေါင်းဆောင်များက စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများသည် အပို တောင်းဆိုချက်များ ဖြစ်ပြီး ယင်းတို့ကို တရားစီရင်ရေး ဥပဒေတွင် မထည့်သွင်းနိုင်ပေဟု ဆိုခဲ့သည်။ လူ့အခွင့်အရေး စောင့်ကြည့် လေ့လာရေး အဖွဲ့၏ ဥက္ကဋ္ဌ ကန်နက်ရော့* (Kenneth Roth) (2004a) *ကလည်း စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများကို အသိအမှတ်ပြုသော်လည်း နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများသည် ထိုအခွင့်အရေးများ တောင်းဆိုရန် ပြည့်စုံခြင်း မရှိဟု ဆိုသည်။ တစ်ဘက်တွင်မူ အချို့သော ဖွံ့ဖြိုးဆဲ နိုင်ငံများမှ ခေါင်းဆောင်များ ဖြစ်ကြသည့် စင်ကာပူ သမ္မတ လီကွမ်ယု* (Lee Kwan Yew) *က နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ အခွင့်အရေးများ မမြှင့်တင်မီ လူမှုရေးနှင့် စီးပွားရေး အခွင့်အရေးများ ဖြည့်ဆည်းပေးရမည်ဟု ဆိုသည်။ ထိုအမြင်များကို ဆန်* (2004, 2005, 2006) *ကဲ့သို့သော အဓိက သီအိုရီ ဆိုင်ရာ ပညာရှင်များက ပြန်လည် ချေပခဲ့သည်။ ထိုသူများက တရားရုံးတင် စွဲဆိုနိုင်ခြင်းသည် လူ့အခွင့်အရေးအတွက် စံနှုန်းမဟုတ်၊ ဥပဒေ ဆိုသည်မှာ လူ့အခွင့်အရေး၏ သားသမီးသာ ဖြစ်သည်၊ လူ့အခွင့်အရေးက တရားဥပဒေ၏ သားသမီး မဟုတ်ဟု ဆိုသည်။ ပေါ့ဂီ* (Pogge) (2007) *က ကမ္ဘာ့ ဆင်းရဲမွဲတေမှုသည် ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှု တစ်ခု ဖြစ်သည်ဟု ဆိုခဲ့သည်။*

*စစ်အေးတိုက်ပွဲ အပြီးတွင် ဖွံ့ဖြိုးရေး ဆိုင်ရာ အသိုင်းအဝိုင်းကို လူ့အခွင့်အရေး ဆိုင်ရာ အသိုင်းအဝိုင်းနှင့် ဆက်ဆံနိုင်ရန် ရှိနေသည့် နိုင်ငံရေး အတားအဆီးများကို ဖယ်ရှားပေးနိုင်ခဲ့ပြီး လူ့အခွင့်အရေး အသိုင်းအဝိုင်းကိုလည်း စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ၊ ဆင်းရဲမွဲတေခြင်း၏ စိန်ခေါ်မှုများ စသည်တို့ကို အလေးစိုက်လာနိုင်စေသည်။ နိုင်ငံတကာ အာဂျန်ဒါတွင်လည်း လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေး နှစ်ခုလုံးအတွက် နိုင်ငံရေး လမ်းကြောင်း အသစ်များ ပွင့်လင်းလာသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး မေရီ ရော်ဘင်ဆန်* (Mary Robinson) *အပါအဝင် ဦးဆောင် စည်းရုံးသူများသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို တောင်းဆိုခဲ့ကြပြီး လူ့အခွင့်အရေးများ အားလုံး၏ ခွဲခြား မရနိုင်ခြင်းနှင့် အပြန်အလှန်မှီခိုမှုများကိုလည်း တောင်းဆိုနေကြသည်။ ရော်ဘင်ဆန်က ကမ္ဘာ့ ဆင်းရဲ မွဲတေမှုကို လူ့အခွင့်အရေး အစီအစဉ်တွင် ထည့်သွင်းခဲ့ပြီး လူ့အခွင့်အရေးကို ဖွံ့ဖြိုးရေး အစီအစဉ်တွင် ထည့်သွင်းခဲ့သည်* (UNDP, 2003; Robinson, 2005)*။ သူမ နောက်မှ တာဝန်ယူသူများ ကလည်း ထိုကြိုးပမ်းမှုများကို ဆက်လက် ဆောင်ရွက်ခဲ့သည်။ ဥပမာ လူးဝစ်(စ်) အာဘာ* (Louise Arbour) (2007, p. iii) *က "နိုင်ငံများအတွင်းနှင့် နိုင်ငံများအကြား ဆင်းရဲမွဲတေမှုများနှင့် တန်းတူမညီမှု များသည် ကျွန်ုပ်တို့ ယခု ရင်ဆိုင်နေရသည့် အဆိုးရွားဆုံးသော လူ့အခွင့်အရေး ဆိုင်ရာ စိုးရိမ် ပူပန်မှု ဖြစ်သည်" ဟု ဆိုခဲ့သည်။ လူ့အခွင့်အရေး အသိုင်းအဝိုင်းက ကမ္ဘာ့ ဆင်းရဲမွဲတေမှုနှင့် ဖွံ့ဖြိုးရေးကို လူ့အခွင့်အရေး စိန်ခေါ်မှုများအဖြစ် စတင် လက်ခံလာကြပြီ ဖြစ်သည်။ ရှေးယခင်ကပင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများကိုသာ ဂရုစိုက်လာခဲ့သည့် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာမှု အဖွဲ့သည် ၎င်းတို့၏ ၂၀၁၀ ပြည့်နှစ် လှုပ်ရှားမှုကို ကမ္ဘာ့ ဆင်းရဲ မွဲတေမှုဟု သတ်မှတ်ခဲ့ခြင်းသည် အဆိုပါ အပြောင်းအလဲအတွက် အရေးပါသည့် မိုင်တိုင် တစ်ခု ဖြစ်သည်။*

HRBA ပျံ့နှံ့မှုကို ဖွံ့ဖြိုးဆဲ နိုင်ငံများမှ လူမှု လှုပ်ရှားမှုများနှင့် လူ့အခွင့်အရေး၊ အထူးသဖြင့် ဘရာဇီးလ်နှင့် အိန္ဒိယမှ အစားအစာဆိုင်ရာ အခွင့်အရေး လှုပ်ရှားမှု ကဲ့သို့သော စီးပွားရေးနှင့် လူမှု အခွင့်အရေးများ လုပ်ဆောင်သည့် နိုင်ငံတကာ ကွန်ရက်များက ထောက်ပံ့ခဲ့သည်။ ထိုလှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်းရှိ ဒီမိုကရေစီ ရရှိရေး လှုပ်ရှားမှုများနှင့် ကမ္ဘာ့ အရပ်ဘက် အဖွဲ့အစည်း ကြီးထွားလာမှု (အခန်း ၉ တွင် ရှုပါ) တို့ကလည်း ကူညီပေးသည်။ လက်တင် အမေရိက၊ အာဖရိကနှင့် အာရှတို့တွင် အာဏာရှင် နိုင်ငံများသည် ပါတီစုံ ဒီမိုကရေစီကို လမ်းဖယ်ပေးရပြီး ယင်းဖြစ်ရပ်ကို ဒီမိုကရေစီ ကူးပြောင်းမှု၏ တတိယ လှိုင်းလုံးဟု ခေါ်ဆိုကြသည်။ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးတို့ကို လုပ်ဆောင်သော အန်ဂျီအိုများသည် ၎င်းတို့ကို ဖိနှိပ်သည့် အာဏာရှင် နိုင်ငံများသို့ စတင် ဝင်ရောက်လာပြီး ဆင်းရဲ မွဲတေမှုအတွက် လှုပ်ရှားကြသည်။ ထိုအဖွဲ့အစည်းများသည် ကမ္ဘာ့ ချဉ်းကပ် စည်းရုံးခြင်း ဆိုင်ရာ ကွန်ရက်များကို ဖွဲ့စည်းကြသည်။ ဂလိုဘယ်လ်လိုက်ဇေးရှင်းက ဈေးကွက်များကို ပေါင်းစပ်ပြီး ကုန်ပစ္စည်းများ စီးဆင်းခြင်းကို အားကောင်းစေသကဲ့သို့ ထိုကွန်ရက်များသည်လည်း အကြံဉာဏ်များနှင့် ထောက်ခံ လှုပ်ရှားခြင်းများ၏ စီးဆင်းနှုန်းကို မြင့်မားစေသည် (UNDP, 1999, 2002)။

HRBA ကို ဖွံ့ဖြိုးရေး နယ်ပယ်မှ အပြောင်းအလဲများကလည်း ကူညီပေးခဲ့သည်။ ဖွံ့ဖြိုးရေးတွင် တိုးတက်မှု အခြေပြု ပြောဆိုရေးသားမှုကို တုံ့ပြန်နိုင်သည့် လူသား ဗဟိုပြု ပြောဆိုရေးသားမှုများ ထွက်ပေါ်လာသောအခါ ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေးတို့ကို အပြန်အလှန် ပံ့ပိုးပြီး လိုက်ဖက်ညီ သည်ဟု သဘောတရားပိုင်းအရ ဖွင့်ဆိုထားကြသည်။ ၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းများတွင် HD/CA ချဉ်းကပ်ပုံ စတင် ပေါ်ထွန်းလာခဲ့ပြီး ဖွံ့ဖြိုးရေး၏ အဓိက ရည်ရွယ်ချက်မှာ လူသားများ၏ ဘဝများကို တိုးတက်ရန် ဖြစ်သည်။ အထူးသဖြင့် ကုန်ထုတ်လုပ်မှုများ (သို့) စီးပွားရေး တိုးတက်မှုများ ပိုမို ရရှိရေးထက် လုပ်နိုင်စွမ်းများ (သို့) လူတစ်ဦး တန်ဖိုးထားသည့်အရာ ဖြစ်လာစေရန်နှင့် လုပ်နိုင်ရန် ရွေးချယ်မှုများ ပိုမို ရရှိရေးကို ဦးစားပေးရန် ဖြစ်သည်ဟု ဆိုခဲ့သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးသည်။ သို့ရာတွင် ယင်းမှာ နည်းလမ်း တစ်ခုသာ ဖြစ်ပြီး အဆုံးသတ် ရည်မှန်းချက် မဟုတ်ပေ (Sen, 1989, 19991; UNDP, 1990)။ ထိုစိုးရိမ်ပူပန်မှုများမှာ အချိန်ကြာနေပြီ ဖြစ်သည်။ သို့ရာတွင် ၁၉၉၀ ပြည့်လွန်နှစ်များမှသာ ယင်းတို့မှာ နိုင်ငံတကာ ဖွံ့ဖြိုးရေး ဆိုင်ရာ ငြင်းခုံမှုများတွင် သိသာထင်ရှားလာသည်။ ထိုသို့ အဓိပ္ပာယ် ဖွင့်ဆိုခြင်းဖြင့် ဖွံ့ဖြိုးရေးသည် လူ့အခွင့်အရေးကို ဆန့်ကျင်မနေတော့ဘဲ လူ့အခွင့်အရေး ဖြည့်ဆည်းနိုင်ရန် ပံ့ပိုးပေးသည့် ဖြစ်စဉ် တစ်ခု ဖြစ်လာသည်။

၂၀၁၀ ပြည့်နှစ်တွင် ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်၏ လူသားဖွံ့ဖြိုးမှု အစီရင်ခံစာက ထိုသဘောတရား နှစ်ခုသည် တူညီသည့် လှုံ့ဆော်မှု ရှိသည်။ လွတ်လပ်သော ဘဝနှင့် ဂုဏ်သိက္ခာ ရရှိရေးသည် အဓိက စိုးရိမ်ပူပန်မှု ဖြစ်သည်။ သဘောတရား နှစ်ခုသည် တန်းတူညီမှု၊ ပါဝင်မှုနှင့် ပါဝင်သူများကို အလေးပေးသည့် မူဝါဒ ဦးစားပေးမှုများလည်း ဆင်တူသည်။ လေ့လာသည့် နည်းလမ်းများနှင့် အသုံးချသည့် ချဉ်းကပ်ပုံများ ကွာခြားသော်လည်း ယင်းတို့မှာ တစ်ခုနှင့် တစ်ခု လိုက်လျောညီထွေ ရှိပြီး ပံ့ပိုးပေးနိုင်သည်။ ထိုဆွေးနွေးမှုများ (UNDP, 2000; Sen, 2004, 2005) က HRBA ၏ သဘောတရား မူဘောင်ကို ထောက်ပံ့ပေးသည်။

## HRBA သဘောတရား၊ အဓိက အစိတ်အပိုင်းများနှင့် လူသားများ ဖွံ့ဖြိုးမှု/လုပ်နိုင်စွမ်းများနှင့် နီရိုလစ်ဘရယ် ချဉ်းကပ်ပုံများနှင့် နှိုင်းယှဉ်ခြင်း

HRBA *သည် သဘောတရားပိုင်းဆိုင်ရာ ပြောဆိုဆွေးနွေးမှု တစ်ခု ဖြစ်သည့်အပြင် နိုင်ငံတကာ စံနှုန်းများကို အခြေခံထားသည့် လူ့အခွင့်အရေး စံနှုန်းများနှင့် စည်းမျဉ်းများကို အသုံးပြုထားသည့် နည်းလမ်းနှင့် ကိရိယာ ဆိုင်ရာ အလေ့အကျင့် တစ်ခုလည်း ဖြစ်သည်။ အခွင့်အရေးနှင့် သက်ဆိုင်သည့် ထိုစည်းမျဉ်းများတွင်* (၁) *တန်းတူညီမှုနှင့် ခွဲခြား ဆက်ဆံမှု မရှိရေး၊* (၂) *စစ်မှန်သော ပါဝင်ရေးနှင့်* (၃) *လူ့အခွင့်အရေးများ အားလုံး ခွဲခြား၍ မရခြင်းနှင့် အပြန်အလှန် မှီခိုမှုတို့ ပါဝင်သည်။ တာဝန်ရှိသူများ* (*အဓိက နိုင်ငံတော်*) *၏ ရှုထောင့်ကမူ ထိုစည်းမျဉ်းများတွင် တာဝန်များ ပါဝင်သည်* (၁) *အခွင့်အရေးများ လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းပေးရန်၊ ဖောက်ဖျက်ခြင်း မပြုရန်၊ အခြားသူများ ဖောက်ဖျက်ခြင်းကိုလည်း တားဆီးရန်နှင့် နိုင်ငံသားများ အားလုံး အခွင့်အရေးများ ရရှိစေရန်* (၂) *အများဆုံး ရနိုင်သည့် အရင်းအမြစ်များဖြင့် အခွင့်အရေးများ တဖြည်းဖြည်း ရရှိစေရန် ကြိုးပမ်းခြင်း၊ ဘတ်ဂျတ်ဆိုင်ရာ အရင်းအမြစ်များ ခွဲဝေခြင်း၊ ဥပဒေပြုခြင်းနှင့် အခြားသော နည်းလမ်းများ အပါအဝင် အခွင့်အရေးများ အပြည့်အဝ ရစေရေးအတွက် ပုံမှန် အားထုတ်မှုများ ပြုလုပ်ရန်တို့ ဖြစ်သည်။*

HRBA *သည် အခြားသော ဖွံ့ဖြိုးမှု ချဉ်းကပ်ပုံများနှင့် မည်ကဲ့သို့ ကွဲပြား ခြားနားသနည်း။ အထူးသဖြင့် လက်တွေ့ အကောင်အထည်ဖော်သူများ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံထားသည့် နီယိုလစ်ဘရယ် ဈေးကွက် ချဉ်းကပ်ပုံ၊* HD/CA *ချဉ်းကပ်ပုံများနှင့် မည်ကဲ့သို့ ကွဲပြား ခြားနားသနည်း။*[၉] *ရှင်းပြခဲ့ပြီး ဖြစ်သည့်အတိုင်း* HRBA *သည် ဖွံ့ဖြိုးရေးအပေါ် နီယိုလစ်ဘရယ် ဆိုင်ရာ ပြောဆိုရေးသားမှုများအား တုံ့ပြန်ရန် ရည်ရွယ်ချက် တစ်စိတ်တစ်ပိုင်းဖြင့် ထွက်ပေါ်လာခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုချဉ်းကပ်ပုံနှင့် အရေးပါသော ကွဲပြားမှုများ ရှိသည်၊ သို့ရာတွင်* HD/CA *ချဉ်းကပ်ပုံနှင့်တော့ ဆင်တူသည်* (*ဇယား ၁၂.၁ တွင် ရှုပါ*)*။*

HRBA *နှင့်* HD/CA *တို့အကြား ဆင်တူမှုများမှာ လူသားတို့၏ ဂုဏ်သိက္ခာနှင့် လွတ်လပ်ခွင့်များကို မြှင့်တင်ပေးရန် တူညီသည့် သဘောထား ရှိခြင်းတွင် အခြေခံသည်။ ထိုအချက်ကို* HRBA *က လူ့အခွင့်အရေးအဖြစ် သဘောတရား ဖွင့်ဆိုပြီး* HD/CA *က လုပ်နိုင်စွမ်းအဖြစ် သတ်မှတ်သည်။ သို့ရာတွင် ယင်းတို့မှာ ထပ်တူမညီလျှင်တောင် လိုက်လျော ညီထွေမှု ရှိသည့် သဘောတရားများ ဖြစ်သည်* (Vizard, Fukuda-Parr, and Elson, 2011)*။ ထိုသဘောတရား နှစ်ခုလုံးမှာ လူသားတို့၏ ဖူလုံရေးထက် စီးပွားရေး ဖွံ့ဖြိုးမှုကို ရှာဖွေနေသည့်၊ လူသားတို့၏ ဖူလုံရေးကို အသုံးကျမှုဖြင့် သဘောထား ဖွင့်ဆိုသည့် နီရိုလစ်ဘရယ် ချဉ်းကပ်ပုံများနှင့် ကွာခြားသည်* (Jolly, 1999)*။ ဆန်* (Sen) (1981) *က ဖူလုံရေးအပေါ် အသုံးဝင်မှု ဆိုင်ရာ ချဉ်းကပ်ပုံ အသုံးပြုခြင်းကို ဝေဖန်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ လူများ ဖြစ်ချင်သည့်၊ လုပ်လိုသည့် အရာများ* (*၎င်းတို့၏ လုပ်နိုင်စွမ်းနှင့် လုပ်ကိုင်ပုံများ*) *ထက် ရုပ်ပိုင်းဆိုင်ရာ နည်းလမ်းများနှင့် အသုံးပြုမှုများကို အာရုံစိုက်သောကြောင့် ဖြစ်သည်။ ထို့ကြောင့်* HD/CA *နှင့်* HRBA *တို့သည် လိုက်လျောညီထွေ ရှိပြီး ရှေ့နောက်ညီသော သဘောထားပိုင်းဆိုင်ရာ အခြေခံများ ဖြစ်သည်။ သို့ရာတွင် ယင်းတို့မှာ နီရိုလစ်ဘရယ် ချဉ်းကပ်ပုံများနှင့်မူ ဆန့်ကျင်နေသည်။*

ဇယား ၁၂.၁။ ဖွံ့ဖြိုးရေးကို ချဉ်းကပ်ပုံ သုံးမျိုး၏ အဓိက အချက်များအား နှိုင်းယှဉ်ခြင်း၊ လူ့အခွင့်အရေး၊

လူသား ဖွံ့ဖြိုးရေးနှင့် နီရို လစ်ဘရယ် ဝါဒ[က]

| ချဉ်းကပ်ပုံ | လူ့အခွင့်အရေး | လူသား ဖွံ့ဖြိုးရေး | နီရို လစ်ဘရယ် ဝါဒ |
|---|---|---|---|
| **သဘောတရားပိုင်း ဆိုင်ရာ မူဘောင်** | | | |
| ဖွံ့ဖြိုးရေး၏ ရည်မှန်းချက် | လူ့အခွင့်အရေးများ ရရှိရန် | ရွေးချယ်မှုများ၊ လုပ်နိုင်စွမ်းများ၊ လွတ်လပ်ခွင့်များကို ချဲ့ထွင်ပေးရန် | စီးပွားရေး ကောင်းကျိုး ချမ်းသာကို မြှင့်တင်ပေးရန် |
| လူသားများ၏ ကောင်းကျိုး ချမ်းသာအပေါ် သဘောတရား | ဂုဏ်သိက္ခာနှင့် လွတ်လပ်ခွင့် | လုပ်နိုင်စွမ်းသည် လွတ်လပ်ခွင့် | အသုံးတည့်မှု |
| အလေးထားသည့် အရာ | လူတစ်ဦးချင်းစီသည် အခွင့်အရေး ရရှိသူများ ဖြစ်ပြီး နိုင်ငံတော်သည် တာဝန်ရှိသူ ဖြစ်သည် | လူတစ်ဦးချင်းစီနှင့် လူအုပ်စုများ | ဈေးကွက် |
| လမ်းညွှန် စည်းမျဉ်းများ | နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ စံနှုန်းများ | တန်းတူညီမှု၊ တရား မျှတမှုနှင့် ရွေးချယ်မှုများ တိုးချဲ့ပေးခြင်း | စီးပွားရေး အရ ထိရောက်မှု |
| **လုပ်ဆောင်ခြင်း ချဉ်းကပ်ပုံများနှင့် တိုးတက်မှုကို အကဲဖြတ်ပုံ** | | | |
| ဖွံ့ဖြိုးမှု တိုးတက်ပုံကို အကဲဖြတ်ရန် အဓိက စံနှုန်းများ | အခွင့်အရေး ရှိသူများ ရှုထောင့်။ အခွင့်အရေး များ အားလုံး ရရှိရန်၊ တန်းတူညီမှု ရှိရန်၊ ခွဲခြားဆက်ဆံမှု မရှိရန် | လူသားတို့၏ လုပ်နိုင် စွမ်းများ၊ ရလဒ်များ တူညီရေး၊ မျှတမှု၊ အင်စတီ ကျူးရှင်း ဆိုင်ရာ အစီအမံ များတွင် တရားမျှတမှု | စီးပွားရေးအရ သက်ရောက်မှုများ |
| | တာဝန် ရှိသူများ ရှုထောင့်။ လေးစားရန်၊ ကာကွယ် ရန်နှင့် ဖြည့်ဆည်းရန် ဥပဒေ တာဝန်များ အပေါ် တာဝန်ခံမှု ရှိရန်၊ အခွင့် အရေးများ တဖြည်းဖြည်း နှင့် ဖြည့်ဆည်းပေးရန်၊ နောက်ကြောင်း ပြန်ခြင်း မပြုရန် | ဖွံ့ဖြိုးရေး မူဝါဒများအပေါ် လူသားတို့၏ သက်ရောက်မှု များကို ဆန်းစစ်ခြင်း | မူဝါဒ ရွေးချယ်မှုများကို ထိရောက်မှုပေါ် မူတည်၍ အကဲဖြတ်ခြင်း |
| တိုင်းတာခြင်းနှင့် အချက်အလက်ကို | လူတစ်ဦးချင်းစီ၏ အခွင့်အရေးများ | လူသားဆိုင်ရာ ရလဒ်များတွင် တိုးတက်မှု (ဥပမာ | စီးပွားရေး လုပ်ငန်းများနှင့် |

| | | | |
|---|---|---|---|
| အခြေခံခြင်း | ချိုးဖောက်ခံရမှုနှင့် တာဝန်ရှိသူမှ တာဝန်များ ကို လိုက်နာရန် ပျက်ကွက် ခြင်းများအား မှတ်တမ်း တင်ထားသည့် အခွင့်အရေး ငြင်းပယ်ခံ ရသည့် ဖြစ်ရပ်များ | စာတတ်မြောက်ခြင်း၊ ကလေးငယ် သေဆုံးမှု နှုန်းထားများ) | အခြေအနေများ |
| အဓိက ညွှန်းကိန်းများ | | ပျမ်းမျှ တိုင်းတာမှုများ၊ အခွင့်အရေး မရရှိမှု ဆိုင်ရာ တိုင်းတာမှုများ၊ ခွဲခြမ်း ထားသည့် အချက်အလက်များ ဆိုင်ရာ တိုင်းတာမှုများ၊ | ပျမ်းမျှနှင့် စုပေါင်း တိုင်းတာမှုများ |
| | ကျယ်ကျယ်ပြန့်ပြန့် သုံးသည့် ညွှန်းကိန်းများ မရှိပါ | လူမှုရေးနှင့် စီးပွားရေး ညွှန်းကိန်းများ၊ လူသား ဖွံ့ဖြိုးမှု ညွှန်းကိန်း၊ ကျား၊ မ ဆိုင်ရာ ဖွံ့ဖြိုးမှု ညွှန်းကိန်း၊ ကျား၊ မ ဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များ၊ လူသားတို့၏ ဆင်းရဲမွဲတေမှု ညွှန်းကိန်း | ပျမ်းမျှ အမျိုးသား ကုန်ထုတ်လုပ်မှုပေါ် အခြေခံသည့် တစ်ဦးချင်း ကုန်ထုတ်လုပ်မှု၊ ပျမ်းမျှ အမျိုးသား ကုန်ထုတ်လုပ်မှု တိုးတက်မှု၊ ဝင်ငွေ နိမ့်ကျသည့် အရေအတွက် |
| **ဖွံ့ဖြိုးရေးပါ လူသားများ** | | | |
| လူသားများက ရည်မှန်းချက်လား (သို့) နည်းလမ်းလား | အဆုံးသတ်။ အဆင်းရဲ ဆုံးနှင့် ဘေးထုတ်အခံရ ဆုံး သူများကို အကျိုး ခံစား ရသူများ အဖြစ် အလေးစိုက်သည်။ | အဆုံးသတ်။ အကျိုးခံစားရသူများ | အဆုံးသတ်။ ရှင်းရှင်းလင်းလင်း မရှိပေ။ |
| | နည်းလမ်းများ။ ပြောင်းလဲပေးသူများ၊ အခွင့်အရေး တောင်းဆို သူများ | နည်းလမ်းများ။ ပြောင်းလဲ ပေးသူများ၊ ၎င်းတို့ ဘဝများ ပိုကောင်းလာစေရန် ဦးဆောင်သူများ | နည်းလမ်းများ။ စီးပွားရေး လုပ်ငန်းများ အတွက် လူသား အရင်းအမြစ်များ |
| လှုံ့ဆော်ပေးသည့် အရာများ | တရားရုံးများမှ တစ်ဆင့် လူတစ်ဦးချင်းစီ၏ လုပ်ဆောင်ချက်များ၊ ပူးပေါင်း လုပ်ဆောင်သည့် လူမှု လုပ်ရပ်များ | တစ်ဦးချင်းနှင့် စုပေါင်း လုပ်ရပ်များ | စွန့်ဦးတီထွင်သူများ အဖြစ် တစ်ဦးချင်းစီ၏ လုပ်ရပ်များ |

| | | | |
|---|---|---|---|
| လုပ်ဆောင်ချက်၏ ဗဟိုချက်မ | အရပ်ဘက် အဖွဲ့အစည်းများနှင့် ဥပဒေဆိုင်ရာ အင်စတီကျူးရှင်းများ | အရပ်ဘက် အဖွဲ့အစည်း | ဈေးကွက်များ |
| **မူဝါဒ ဦးစားပေးမှုများ** | | | |
| စီးပွားရေး၊ ပညာရေးနှင့် အာဟာရ | လူ့အခွင့်အရေး၏ အဆုံးအသတ်ဖြစ်သည်။ ဆင်းရဲချို့တဲ့သူများနှင့် ဘေးဖယ်ခံထားရသူများ၏ စီးပွားရေးနှင့် ကျန်းမာရေး ကို အထူး ဦးစားပေးသည်။ | လုပ်နိုင်စွမ်းများ ချဲ့ထွင်ခြင်းက အဆုံးသတ် ဖြစ်သည်။ | လူသား အရင်းအမြစ်က စီးပွားရေး တိုးတက်မှု အတွက် လိုအပ်သော ကုန်ထုတ် စွမ်းအားကို တိုးမြှင့်ရာတွင် အရေးပါသော နည်းလမ်း ဖြစ်သည်။ |
| ကျား၊မ ဖြစ်တည်မှုနှင့် လူမျိုးပေါ် လိုက်၍ ခွဲခြားဆက်ဆံခြင်းနှင့် အခြားသော ခွဲခြား ဆက်ဆံမှုများ အဆုံးသတ်ရေး | အဓိက မူဝါဒ ရည်မှန်းချက် | လူ့အခွင့်အရေး၊ အရေးပါသော ဦးစားပေးမှု | လူမှုရေး (သို့) ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်၊ ထိရောက်မှုနှင့် လဲလှယ် ရနိုင်သည်။ |
| စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု | အမြင်သီးခြား မရှိပါ။ လူ့အခွင့်အရေးနှင့် စီးပွားရေး တိုးတက်မှု တို့အကြား လေ့လာခြင်း များ အနည်းငယ်သာ ရှိသည်။ လျင်မြန်စွာ တိုးတက်ခြင်းသည် လူ့အခွင့်အရေးကို ထိခိုက်နိုင်စေသည်ဟု အများက လက်ခံထား ကြသည်။ | လူသားများ၏ လုပ်ဆောင်နိုင်စွမ်းများနှင့် ရွေးချယ်မှုများကို တိုးတက်စေရန် မရှိမဖြစ် လုပ်အပ်သည့် နည်းလမ်း | ဖွံ့ဖြိုးရေး မူဝါဒများ အတွက် အဓိက မူဝါဒ ရည်မှန်းချက် |
| အုပ်ချုပ်ရေး | စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ ရေးရာနှင့် နိုင်ငံရေး နယ်ပယ်များတွင် လူ့အခွင့်အရေးများ ပြည့်မီနိုင်ရန် နိုင်ငံတော်၏ စွမ်းရည်ကို မြှင့်တင် ပေးခြင်း။ ဆင်းရဲချို့တဲ့ သူများ၊ ဘေးဖယ် ခံရသူများ၊ တရားမျှတမှု ရရှိရေးကို အာရုံစိုက်သည်။ | ဒီမိုကရေစီ နည်းလမ်းကျပြီး အားလုံး ပါဝင်သော အုပ်ချုပ်မှု၊ လူတို့၏ အသံများနှင့် နိုင်ငံတော်၏ တာဝန်ခံမှုကို မြှင့်တင်ရန်၊ နိုင်ငံတော် လုပ်ရပ်များ အပေါ် အာရုံစိုက်ရန်။ | ဈေးကွက် ထိရောက်စွာ လည်ပတ်နိုင်ရန် လိုအပ်သည့် အင်စတီကျူးရှင်းများ၏ အခန်းကဏ္ဍ၊ တရား ဥပဒေ စိုးမိုးရေး၊ စာချုပ်များနှင့် အကျင့်ပျက် ချစားမှုကို အဆုံးသတ်ရန် ရည်ရွယ်သည်။ |

က) အချို့သော အချက်အလက်များကို လူသားများ ဖွံ့ဖြိုးရေး ချဉ်းကပ်ပုံနှင့် နီရို လစ်ဘရယ် ဝါဒတို့အကြား ကွာခြားမှုများနှင့်

နိုင်းယှဉ်မှုများကို တိုင်းတာသည့် Jolly (2004) ၏ စာတမ်းအပေါ် အခြေခံသည်။

ထိုချဉ်းကပ်ပုံများအကြား တူညီမှုများနှင့် ကွဲပြားမှုများမှာ လက်တွေ့တွင် ပိုမို ရှုပ်ထွေးသည်။ HRBA နှင့် HD/CA တို့သည် တူညီသော မူဝါဒ ဦးစားပေးမှုများ ရှိသော်လည်း မတူညီသော ပုံစံများ အပေါ်တွင် တည်ဆောက်ထားသည်။ HD/CA နှင့် နီရိုလစ်ဘရယ် ချဉ်းကပ်ပုံများသည် တူညီသော ပုံစံများ အသုံးပြုသော်လည်း မတူညီသည့် မူဝါဒ ဦးစားပေးမှုများ ရှိကြသည်။

တန်းတူညီရေးနှင့် ပါဝင်ရေးတို့မှာ အဓိက မူဝါဒ ကွာခြားမှုများ ဖြစ်ပွားစေသည့် လူ့အခွင့်အရေး စည်းမျဉ်းများ ဖြစ်သည်။ လူသိများသည့် နိုင်ငံတကာ ငြင်းခုံ ဆွေးနွေးမှုများတွင် ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေးတို့ကိုသာ အာရုံစိုက်သော်လည်း လူ့အခွင့်အရေး ချဉ်းကပ်ပုံမှာ တန်းတူညီမှု မရှိခြင်းနှင့် ဆိုင်သည်။ ထိုချဉ်းကပ်ပုံ အားလုံးသည် ပညာရေး၊ ကျန်းမာရေးနှင့် အာဟာရ တို့ကို ချဲ့ထွင်ရန်နှင့် အုပ်ချုပ်မှုကို တိုးတက်ရန် မူဝါဒများ ချမှတ်ထားသည်။ ကွာခြားမှုမှာ ထိုအချက်များအကြား မည်သည့်အချက်ကို ပို၍ ဦးစားပေးသနည်း ဆိုသည်နှင့် ရွေးချယ်မှုများ ပြုရသည့်အခါ မည်သည်ကို ရွေးချယ်သနည်း ဟူခြင်း ဖြစ်သည်။ ဥပမာ ပညာရေးနှင့် ကျန်းမာရေး မူဝါဒများတွင် နီရိုလစ်ဘရယ် ချဉ်းကပ်ပုံများသည် စီးပွားရေး တိုးတက်မှု အခွင့်အလမ်းများကို အားကောင်းစေမည့် ပညာရေးနှင့် ကျန်းမာရေး မူဝါဒများကို ဦးစားပေးမည် ဖြစ်သည်။ HRBA ကမူ ပညာရေးသည် အဆုံးသတ် ရည်မှန်းချက် တစ်ခု ဖြစ်ပြီး အားလုံး တန်းတူညီစွာ လက်လှမ်းမီရေးနှင့် ချို့တဲ့သူများနှင့် ဘေးဖယ် ခံထားရသူများကို ဦးစားပေးရန် အာရုံစိုက်လိမ့်မည်။ အုပ်ချုပ်ရေး နယ်ပယ်တွင်လည်း HRBA က ဆင်းရဲချို့တဲ့သူများ ၎င်းတို့၏ အခွင့်အရေးများကို တောင်းဆိုနိုင်မည့်၊ ပါဝင်နိုင်မည့် အင်စတီကျူးရှင်း ဆိုင်ရာ အစီအစဉ်များကို အာရုံစိုက်မည် ဖြစ်ပြီး နီရိုလစ်ဘရယ် မူဝါဒများကမူ ရင်းနှီးမြှုပ်နှံမှုနှင့် တီထွင်မှုကို အထောက်အကူပြုမည့် အစီအစဉ်များကို အာရုံစိုက်မည် ဖြစ်သည်။ ထိုသို့သော ကွာခြားချက်များမှာ ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ဝေဖန်သည့်အခါတွင် ထင်ရှားလာသည်။ ယင်းကို ဖြစ်ရပ် လေ့လာခြင်း အပိုင်းတွင် ဖော်ပြသွားပါမည်။

## အဓိက ပတ်သက်ဆက်နွယ်သူများက HRBA ကို အသုံးပြုပုံ

ဖွံ့ဖြိုးရေးသမားများ အကြား HRBA ကို လူသိများလာသည်။ အထူးသဖြင့် ပြည်တွင်းနှင့် ပြည်ပ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ နှစ်နိုင်ငံကြားနှင့် နိုင်ငံ အများအပြားကြား သဘောတူညီမှုဖြင့် လှုပ်ရှားနေသည့် အလှူရှင်များ၊ သုတေသန အဖွဲ့အစည်း များအကြား ဖြစ်သည်။ Oxfam, Care International နှင့် Action Aid ကဲ့သို့သော နာမည်ကြီး နိုင်ငံတကာနှင့် ပြည်တွင်း ကွန်ရက်များသည် ယခုအခါ HRBA စည်းမျဉ်းများနှင့်အညီ လုပ်ငန်း ဆောင်ရွက်နေကြပြီ ဖြစ်သည်။ ဥပမာ Oxfam International[၉] က "ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ ဆင်းရဲမွဲတေမှု မရှိဘဲ တရားမျှတမှု ရှိသော ကမ္ဘာမြေ ဖြစ်ပြီး ရည်မှန်းချက်မှာ လူသားများကို ၎င်းတို့၏ အခွင့်အရေးများအား အသုံးချနိုင်ရန်နှင့် ၎င်းတို့ဘဝကို ကိုယ်တိုင် စီမံခန့်ခွဲနိုင်ရန် ဖြစ်သည်။" ဟု ဆိုသည်။ ထိုနည်းတူစွာ Action Aid ကလည်း "ကျွန်ုပ်တို့သည် ပြည်တွင်းမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲကာ တစ်ကမ္ဘာလုံးတွင် ဆင်းရဲမွဲတေမှုနှင့် မတရားမှုများအား တိုက်ဖျက်ရန် လုပ်ဆောင်နေပြီး ယမန်နှစ် တစ်နှစ်တည်းအတွင်း အဆင်းရဲဆုံးနှင့်

ထိလွယ် ခိုက်လွယ် အဖြစ်ဆုံးလူ ၁၃သန်းကျော်ကို ၎င်းတို့ တိုက်ပွဲဝင်နေသည့် အရာများ ရရှိရန် ကူညီပေးခဲ့သည်။ အစားအသောက်၊ နေထိုင်ရာ နေရာ၊ အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ၎င်းတို့အပေါ် သက်ရောက်မှု ရှိသော အဆုံးအဖြတ်များတွင် ပါဝင်နိုင်မှု ဆိုင်ရာ အခွင့်အရေးများ ရရှိရန်လည်း ကူညီပေးခဲ့သည်။" ကုလသမဂ္ဂကလည်း "ဘုံနားလည် သဘောပေါက်မှု" ဟူသည့် ဘုံမူဝါဒ တစ်ခုကို ဖော်ထုတ်ခဲ့သည်။ ယင်းမူဝါဒအရ ကုလသမဂ္ဂ အေဂျင်စီ အားလုံးသည် ၎င်းတို့၏ ဖွံ့ဖြိုးရေး လုပ်ငန်းများကို လူ့အခွင့်အရေး စံနှုန်းများ အပေါ်တွင် အခြေခံရန် လိုအပ်သည် (UNDG, 2003)။

ကလေးသူငယ်များ၏ လူ့အခွင့်အရေးများကို ဖြည့်ဆည်းပေးရန်နှင့် ၁၉၈၀ ပြည့်လွန်နှစ်များ အတွင်း CRC ရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းခြင်းတို့တွင် ပါဝင်ခဲ့ခြင်းဖြင့် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေ အဖွဲ့ (The United Nations Children's Fund (UNICEF)) သည် ထိုချဉ်းကပ်ပုံကို ဦးစွာ အသုံးပြုခဲ့သည့် အဖွဲ့ ဖြစ်လာသည်။ UNICEF က HRBA ကို အသုံးပြု၍ အရေးပါသည့် အစီအစဉ် အများအပြား ဖော်ထုတ်ခဲ့သည်။ ဥပမာ အီကွေဒေါတွင် လုပ်ဆောင်ခဲ့သည့် အသုံးစရိတ် လေ့လာသုံးသပ်ခြင်းနှင့် စောင့်ကြည့်ခြင်းမျိုး ဖြစ်သည် (စာသေတ္တာ ၁၂.၁ တွင် ရှုပါ)။ အစိုးရများ အကြား သဘောတူညီချက်ဖြင့် လှုပ်ရှားသည့် အေဂျင်စီများတွင်မူ HRBA ကို အသုံးပြုပုံ ကွဲပြားသည်။ ဗြိတိန်၊ ဆွီဒင်နှင့် နော်ဝေတို့သည် အသေးစိတ် မူဝါဒနှင့် လမ်းညွှန်များ ချမှတ်ခဲ့သော်လည်း အမေရိကန် နိုင်ငံကဲ့သို့သော အခြားသော နိုင်ငံများမှာမူ ပါဝင်မှု အနည်းငယ်သာ ရှိခဲ့သည်။ သို့ရာတွင် ယင်းအဖွဲ့များ အားလုံးက စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှု ဆိုင်ရာ အဖွဲ့အစည်း (Organisation for Economic Co-operation and Development (OECD)) ၏ ဖွံ့ဖြိုးမှု အကူအညီ ဆိုင်ရာ ကော်မတီ၏ ၁၉၉၄ ခုနှစ် မူဝါဒ အောက်တွင် လူ့အခွင့်အရေး အရေးပါသည့် မူဝါဒကို လက်မှတ်ရေးထိုး ထောက်ခံထားကြသည်။ ထိုမူဝါဒကို နောက်ဆုံး ပြန်လည် တင်ပြရာတွင် လူ့အခွင့်အရေး စံနှုန်းများကို "ကမ္ဘာ့ ကျင့်ဝတ်ပိုင်းနှင့် နိုင်ငံရေး တန်ဖိုးများကို ရောင်ပြန်ဟပ်နေသည့် အားလုံး လက်ခံထားသည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ မူဘောင်" တစ်ခု ဖြစ်သည်ဟု အသိအမှတ် ပြုထားသည်။ ၎င်းက "ပါဝင်မှု၊ ခွဲခြား ဆက်ဆံမှု မပြုရေးနှင့် တာဝန်ခံမှု ကဲ့သို့သော လူ့အခွင့်အရေး စည်းမျဉ်းများ၏ တန်ဖိုးနှင့် ရေရှည် တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးရေး အလေ့အကျင့်များကို ပို၍ သဘောတူ လက်ခံလာကြပြီ ဖြစ်သည်။ ထိုစည်းမျဉ်းများကို အသုံးပြုခြင်းသည် ဖြစ်စဉ်ရော၊ ရလဒ်ကိုပါ တန်းတူ အလေးထားသည့် ကောင်းမွန်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး အလေ့အကျင့်များကို တည်ဆောက်ပေးသည်၊ ခိုင်မာစေသည်။" ဟု ဆိုထားသည် (OECD/DAC, 2007)။

| စာသေတ္တာ ၁၂.၁။ အီကွေဒေါမှ UNICEF ၏ HRBA အတွေ့အကြုံ၊ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်ခြင်းနှင့် ပါဝင်မှု စည်းမျဉ်းများ - အီကွေဒေါတွင် လူမှု အခွင့်အရေးများ အကောင်အထည် ဖော်ရန် လျာထား အသုံးစရိတ် |
|---|
| *အောက်ပါ စာများကို* Elizabeth Gibbons (2006) *မှ မှီငြမ်းပါသည်။*<br><br>*အီကွေဒေါသည် ၁၉၉၀ ပြည့်လွန်နှစ် နှောင်းပိုင်းတွင် စီးပွားရေးပျက်ကပ် ကြုံတွေ့နေရသည့် နိုင်ငံ ဖြစ်သည်။ ထို့ကြောင့် လူမှုရေး အစီအစဉ်များတွင် အသုံးစရိတ်များ လျှော့ချခဲ့ရပြီး ကလေးငယ်များနှင့် အရွယ်ရောက်ပြီးသူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် သင့်လျော်သော အာဟာရ ရရှိရေး အခွင့်အရေးများ ထိခိုက်ခဲ့ရသည်။* |

*ထိုလျှော့ချမှုများနှင့် စပ်လျဉ်း၍ UNICEF သည် လွှတ်တော်နှင့် အစိုးရ အကြံပြုသော အသုံးစရိတ်ကို ဆွေးနွေးခဲ့သည်။ ထိုသို့ ဆွေးနွေးခဲ့ခြင်းက ဘဏ္ဍာရေး ဝန်ကြီး ဌာန၏ လက်အောက်တွင် UNICEF ကို ဝန်ကြီးဌာန၏ ငွေကြေးဆိုင်ရာ အချက်အလက်များအား ကြည့်ရှုခွင့် ရရှိစေခဲ့ပြီး ပြည်တွင်း အသုံးစရိတ်များကို လေ့လာသုံးသပ်ခွင့်၊ အသုံးပြုပုံကို စောင့်ကြည့်ခွင့်နှင့် တွေ့ရှိချက်များကို တင်ပြခွင့်တို့ ရရှိခဲ့သည်။ ဥပဒေပြုသူများနှင့် လူထုကို အသုံးစရိတ် လျှော့ထားချက်များ မည်သို့ အလုပ်လုပ်သည်ကို သိရှိစေရန် ကူညီခြင်းနှင့် ဘတ်ဂျက်များတွင် မည်သည့် ဦးစားပေးမှုများ ပါဝင်နေသည်ကို တင်ပြရန်မှာ ထိုလုပ်ငန်း၏ ရည်ရွယ်ချက် ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် လွှတ်အဖွဲ့အစည်း၏ အဖွဲ့ဝင်များ အားလုံးကို လူ့အခွင့်အရေး ဖြည့်ဆည်းပေးရန် တာဝန်ရှိကြောင်း အားလုံး နားလည် သဘောပေါက်လာပြီး ထိုအချက်ပေါ် အခြေခံ၍ တန်းတူညီမှုကို ပိုမို အားပေးသော အများပြည်သူဆိုင်ရာ မူဝါဒများကို ချမှတ်လာနိုင်မည်ဟု ရည်ရွယ်သည်။*

***ဝင်ငွေနှင့် အသုံးစရိတ်များကို လေ့လာသုံးသပ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် တင်ပြခြင်း***

*ဘတ်ဂျက်နှင့် အသုံးပြုသည့် ပုံစံများကို လေ့လာခြင်းအရ လူမှုရေး အစီအစဉ်များအပေါ် အသုံးစရိတ်များ ထိုးကျသွားကြောင်း တွေ့ရသည်။ ဥပမာ ပညာရေးအပေါ် ရင်းနှီးမြှုပ်နှံခြင်းသည် ၁၉၉၆ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၆၁၁ သန်း ရှိရာမှ ၁၉၉၉ ခုနှစ်တွင် ၃၃၁ သန်း အထိ ကျသွားပြီး ကျန်းမာရေး ဆိုင်ရာ အသုံးစရိတ်များသည်လည်း အမေရိကန် ဒေါ်လာ ၁၉၈ သန်းမှ ၉၆ သန်းအထိ ကျသွားခဲ့သည်။ အကြွေး ပြန်ဆပ်ရန် (၆၀ ရာခိုင်နှုန်း) နှင့် အခြားသော လူမှုရေး မဟုတ်သည့် အစိတ်အပိုင်းများနှင့် နှိုင်းယှဉ်လျှင် လူမှုရေး အပိုင်းအတွက် အသုံးပြုခြင်းသည် အချိုးမညီစွာပင် နည်းပါးသည်ကို (၂၀၀၀ ခုနှစ်တွင် ၁၅ ရာခိုင်နှုန်း) ဘတ်ဂျက် လေ့လာခြင်းမှ တွေ့ရှိရသည်။ ထို့ပြင် အချို့သော ဒေသများ (ကျေးလက်ဒေသ၊ အန်ဒင်း ကုန်းမြင့်ဒေသနှင့် အမေဇုန် ဒေသ)၊ အထူးသဖြင့် မူလ အခြေချ နေထိုင်သူ အများအပြားရှိသည့် ဒေသများသည် လူမှု ခံစားမှုများ တန်းတူ မရရှိကြပေ။*

UNICEF *မှ လူမှု အသုံးစရိတ်များနှင့် ပြည်တွင်း အကြပ်အတည်းဆိုင်ရာ အဓိက ညွှန်းကိန်းများကို မှတ်တမ်းတင်ရန် အီကွေဒေါ် သမ္မတ ဂျမီးလ် မာဟုဒ်* (Jamil Mahuad) *နှင့်* UNICEF *တို့ သဘောတူညီမှု ရရှိခဲ့သည်။* UNICEF *က ဇယားများ၊ ဂရပ်များ၊ စက်ဝိုင်းပုံစံ* chart *များ အစရှိသည့် အလွယ်တကူ မြင်ယောင်စေမည့် ကိရိယာများကို ဖန်တီးကာ အသုံးစရိတ်ဆိုင်ရာ အချက်အလက် များကို သာမန်ပြည်သူများ လက်လှမ်းမီရန်နှင့် နားလည်စေရန် လုပ်ဆောင်ပေးခဲ့သည်။ ထိုအချက်အလက်များကို အွန်လိုင်းတွင်လည်း ရရှိနိုင်သည်။ ထို့နောက်* UNICEF *က အများပြည်သူထံ ရောက်ရှိနိုင်မည့် ကြိုးပမ်းမှုများကို လုပ်ဆောင်ခဲ့ကာ ဥပဒေပြုသူများ၊ စီးပွားရေး ခေါင်းဆောင်များ၊ ပညာရှင်များ၊ မီဒီယာများ၊ မူလ အခြေချ နေထိုင်သူများ၊ ဘာသာရေး အုပ်စုများနှင့် ကုန်သွယ်ရေး သမဂ္ဂများ အစရှိသည့် မိတ်ဖက်များနှင့် အချက်အလက်များကို ဝေမျှခဲ့သည်။ ထိုအစည်းအဝေးများအတွင်း အဓိက ကိစ္စရပ်မှာ အများပြည်သူ ဆိုင်ရာ အသုံးစရိတ်ကို မည်ကဲ့သို့ တန်းတူညီရန် လုပ်ဆောင်မည်နည်း ဟူသည့် အချက်ဖြစ်သည်။ ထိုချဉ်းကပ် တောင်းဆိုရေးအတွက် အဓိက သတင်းစကားမှာ လူ့အခွင့်အရေး၏ တစ်ကမ္ဘာလုံးနှင့် ဆိုင်သည့် အချက်ကို အားလုံးအတွက် ကျန်းမာရေးနှင့် ပညာရေး၊ မည်သူမျှ ဆာလောင်*

*မွတ်သိပ်ခြင်း မခံစားစေရ ဟူ၍ ရည်ရွယ်ချက် သုံးခုအဖြစ် ပြောင်းလဲ ထားခြင်း ဖြစ်သည်။ ဤသည်မှာ တန်ဖိုးကို အခြေခံသည့် သတင်းစကား ဖြစ်ပြီး အားလုံး ခံစားနေရသော်လည်း နိုင်ငံ၏ ဆင်းရဲသားများနှင့် မူလ အခြေချ နေထိုင်သူများကို အဓိက ခြိမ်းခြောက်နေသည့် အကြပ်အတည်းကို ကျော်လွှားရန် စိတ်ဓာတ်ဖြင့် ရေးသားထားခြင်း ဖြစ်သည်။*

*တစ်ကမ္ဘာလုံး အတွက်ဖြစ်ခြင်းနှင့် တန်းတူညီရေး ရည်မှန်းချက်များနှင့် ကိုက်ညီသော အစီအစဉ်များကို* UNICEF *နှင့် အစိုးရ တာဝန်ရှိသူများ အတူတကွ ရေးဆွဲခဲ့ကြသည်။ ယင်းတို့တွင် ကျောင်းများမှ လက်ရှိ အာဟာရ အစီအစဉ်များနှင့် ဝင်ငွေ ထောက်ပံ့ရေး အစီအစဉ်များကို ချဲ့ထွင်ရန်၊ အသက် နှစ်နှစ်အောက် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်ကျွေး မိခင်များ အတွက် အာဟာရ ထောက်ပံ့ရန်၊ ဆင်းရဲသော မိသားစုများကို ၎င်းတို့၏ ကလေးငယ်များအား ကျောင်းပို့နိုင်ရန် အထောက်အပံ့များ ပေးရန်တို့ ပါဝင်သည်။ အစီအစဉ်များ အားလုံးသည် ဘေးဖယ်ခံထားရဆုံးနှင့် အဆင်းရဲဆုံး ပြည်သူများကို ပစ်မှတ်ထားသည်။ နောင်နှစ်များတွင် အစိုးရသည် အခွန်ငွေ ပြင်ဆင်ရေး ဥပဒေကို ပြင်ဆင်ခဲ့ရာ ဝင်ငွေများကိုလည်း စောင့်ကြည့်ရန်* UNICEF *၏ အခန်းကဏ္ဍကို ချဲ့ထွင်ခဲ့သည်။ အခွန်ငွေ ပြင်ဆင်ရေး အချက်အလက်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခဲ့သည်။ အခွန်ငွေ ဆိုင်ရာ ကိစ္စရပ်များကို စာနယ်ဇင်းများတွင် ထည့်သွင်း ရေးသားခဲ့ပြီး အီကွေဒေါ ကွန်ဂရက်က ထောက်ပံ့ငွေဖြင့် တစ်နိုင်ငံလုံးအဆင့် ညီလာခံ ကျင်းပခဲ့သည်။*

***အကျိုးသက်ရောက်မှုများ***

၂၀၀၁ ခုနှစ်တွင် လူမှုရေး အစီအစဉ်များအတွက် အစိုးရ အသုံးစရိတ်သည် ၂၂.၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ၂၃.၂ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်။ ယင်းမှာ ၁၉၉၆ က ကိန်းဂဏန်း ဖြစ်သည့် ၁၉.၁ ကို ကျော်လွန်သွားခြင်းလည်း ဖြစ်သည်။ ၂၀၀၂ ခုနှစ်တွင် လူတစ်ဦးချင်းစီအတွက် လူမှုရေး ဆိုင်ရာ အသုံးစရိတ်သည် အကျပ်အတည်း မဖြစ်မီကာလထက် ကျော်လွန်သွားပြီ ဖြစ်သည်။ သို့ရာတွင် လူဦးရေ တိုးပွားလာခြင်းကြောင့် အီကွေဒေါမှ အဆင်းရဲဆုံးလူများသည် ယခင်ကထက်တော့ လျော့၍ ရရှိနေဆဲပင် ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စု အခွန် စနစ်ကို ပြောင်းလဲရန် လိုအပ်ခြင်းနှင့် ဝင်ငွေ ထပ်မံ ရရှိရန် လိုအပ်ခြင်းတို့က အရေးပါသည့် အင်စတီကျူးရှင်းဆိုင်ရာ အပြောင်းအလဲများ ဖြစ်ပွားစေခဲ့သည်။ ပြည်တွင်း ဝင်ငွေ ဌာန၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခဲ့ပြီး အခွန်ငွေတွင် လေးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိ ထပ်မံ ကောက်ခံနိုင်ခဲ့သည်။ အကောက်ခွန် ဌာန အသစ်ကိုလည်း ဖန်တီးခဲ့ပြီး ယင်းမှ နောက်ထပ် နှစ်ရာခိုင်နှုန်း ထပ်မံ ကောက်ခံ နိုင်သည်။ ထို့ကြောင့် ၁၉၉၉ ခုနှစ်နှင့် ၂၀၀၂ ခုနှစ် အကြား အစိုးရ၏ အခွန်မှ ဝင်ငွေများသည် GDP ၏ ၆.၄ ရာခိုင်နှုန်းမှ ၁၃.၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ သို့ရာတွင် လက်ရှိ အခွန် ပုံစံသည် တိုက်ရိုက်မဟုတ်သော အခွန်ငွေ များကိုသာ မှီခိုနေဆဲ ဖြစ်ပြီး ထိုပုံစံကို ပြောင်းလဲရန် လုပ်ဆောင်နေဆဲ ဖြစ်သည်။

**လူ့အခွင့်အရေးကို အခြေခံသော လူ့အဖွဲ့အစည်း တည်ထောင်ရန်အတွက် သင်ခန်းစာများ**

လူ့အခွင့်အရေးကို အခြေခံသော လူ့အဖွဲ့အစည်းတစ်ခု အီကွေဒေါတွင် တည်ဆောက်ရန် လုပ်ဆောင်ခြင်း၏ ရလဒ်များမှာ အားရစရာ ကောင်းလှသည်။ UNICEF ၏ လူထု ဘတ်ဂျက်ဆိုင်ရာ လုပ်ဆောင်မှုများ၏ အစောပိုင်း နှစ်များ၌ပင် ပို၍ တရားမျှတပြီး တန်းတူညီသော အများပြည်သူ ဆိုင်ရာ ငွေသုံးစွဲရေး မူဝါဒများ ရှိရန် လူမှု သဘောတူညီချက်များ ရှိကြောင်း ရှင်းရှင်းလင်းလင်း ပေါ်ထွက်လာခဲ့သည်။ နိုင်ငံ၏ အကြီးဆုံး မူလအခြေချ နေထိုင်သူ အုပ်စုများမှ ခေါင်းဆောင် တစ်ဦးက လုပ်ဆောင်ချက်သည် ဘတ်ဂျက်ဆိုင်ရာ အချက်အလက်များကို ဒီမိုကရေစီ နည်းလမ်းကျ ဖြစ်စေသည်ဟု ဆိုခဲ့သည်။ ယခင်ကမူ နိုင်ငံတော် အသုံးစရိတ်ကို အီကွေဒေါ နိုင်ငံသား အနည်းငယ်ကသာ သတိပြုမိ (သို့) နားလည်နိုင်ကြသည်။

ထိုဖြစ်စဉ်ကို ထောက်ပံ့သည့် အနေဖြင့် အီကွေဒေါ၏ နိုင်ငံရေး ခေါင်းဆောင်များသည် တာဝန်ခံမှု ရှိပြီး ပွင့်လင်း မြင်သာသည့် အုပ်ချုပ်မှုကို အံ့သြဖွယ်ရာပင် ကူးပြောင်းနိုင်ခဲ့သည်။ အရေးပါသည့် ကွာခြားမှုများ ရှိနေကြောင်း ရှာဖွေ တွေ့ရှိပြီးနောက် လူမှုရေး အပိုင်းကို ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန် ပစ်မှတ်ထားခြင်းဖြင့် အစိုးရက နိုင်ငံ၏ ထိလွယ်ရှလွယ်မှု အများဆုံး နိုင်ငံသားများ၏ အခွင့်အရေးကို ဖြည့်ဆည်းပေးခြင်းအား ဦးစားပေးအဖြစ် ထားရှိကာ လူ့အခွင့်အရေး အခြေပြု ပုံစံကို ကျင့်သုံးခဲ့သည်။

အရေးအပါဆုံး သင်ခန်းစာမှာ လူ့အခွင့်အရေးကို အခြေခံသည့် သတင်းစကားများသည် အများ သဘောတူညီမှုအပေါ် အခြေခံပြီး လူ့အဖွဲ့အစည်းအတွက် အပြုသဘောဆောင်သော အထောက်အပံ့များ ပြုနိုင်လျှင် အပြောင်းအလဲများ ဖြစ်စေနိုင်သည်။ သမိုင်းကြောင်းအရ တန်းတူညီမှု မရှိသည့် လူ့အဖွဲ့အစည်း ဖြစ်ခဲ့သည့်တိုင် လူအများစုသည် လူ့အခွင့်အရေးနှင့် လူမှု တန်းတူညီရေးအပေါ် ယုံကြည်ချက်များ ရှိပြီး ယင်းယုံကြည်ချက်များကို နှိုးဆွပေးလိုက်သည်နှင့် တပြိုင်နက် လူထု ဆိုင်ရာ မူဝါဒ ချမှတ်မှုများကို လွှမ်းမိုးနိုင်သည်။ အီကွေဒေါသည် CRC ကို ၁၉၉၀ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် လက်မှတ်ရေးထိုး အတည်ပြုခဲ့သည်။ ကလေးသူငယ်များနှင့် ကြီးကောင်ဝင်စ လူငယ်များအတွက် ဥပဒေကို ၂၀၀၂ ခုနှစ်တွင် အတည်ပြုခဲ့သော်လည်း ဖြစ်စဉ်ကို ရေရှည် တည်တံ့ခိုင်မြဲသော ပုံစံဖြင့် ရှေ့တိုးစေမည့် အားလုံးအတွက် လွှမ်းခြုံမှုနှင့် ပါဝင်မှု စည်းမျဉ်းများ မရှိသောကြောင့် အသက်မဝင်သည့် ဥပဒေ စာချုပ်စာတမ်း ဖြစ်ခဲ့ရသည်။ အသုံးစရိတ်များ လေ့လာရာတွင် လည်းကောင်း၊ တွေ့ရှိချက်များကို လူ့အဖွဲ့အစည်းနှင့် ဝေမျှရာတွင် လည်းကောင်း UNICEF သည် အခွင့်အရေးများ အားလုံးနှင့် သက်ဆိုင်ရမည်ဟူသော အချက်နှင့် စပ်လျဉ်း၍ ခုခံမှုများ မကြုံတွေ့ခဲ့ရပေ။ ဒီမိုကရေစီ နည်းလမ်းကျသော အင်စတီကျူးရှင်းများနှင့် ဖြစ်စဉ်များကို အခြေခံသည့် ဤအတွေ့အကြုံသည် လက်တင် အမေရိကမှ ဖယ်ထုတ်ရေး ဆန်သော အများပြည်သူ ဆိုင်ရာ မူဝါဒများကို စိန်ခေါ်နိုင်ခဲ့ပြီး အရင်းအမြစ်များ ရှားပါးနိုင်သည့် အချိန်၌ပင် လူမှု ပါဝင်မှုကို အားပေးသော အပြုသဘောဆောင်သည့် ပုံစံတစ်ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

ကနေဒါ နိုင်ငံတကာ ဖွံ့ဖြိုးရေး သုတေသန စင်တာ (http://www.idrc.ca) နှင့် စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ပြန်လည် ဖော်ပြပါသည်။

လူ့အခွင့်အရေး အသိုင်းအဝိုင်းသည် ဆင်းရဲမွဲတေမှုနှင့် ဖွံ့ဖြိုးရေးတို့ကို အဓိက စိုးရိမ်ပူပန်မှု များအဖြစ် လက်ခံနေကြပြီ ဖြစ်သည်။ ဆင်းရဲမွဲတေမှုနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ ကိစ္စရပ်များသည် ကမ္ဘာ့ တောင်ခြမ်းရှိ လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ စိုးရိမ်ပူပန်မှု ဖြစ်ခဲ့သည်မှာ ကြာလှပြီ ဖြစ်သည်။ သို့ရာတွင် အစောပိုင်းတွင် ဆွေးနွေးခဲ့သည့်အတိုင်း ယင်းတို့မှာ ကမ္ဘာ့ မြောက်ခြမ်းရှိ အန်ဂျီအိုများ၏ ဦးစားပေးမှု ဖြစ်လာသည်မှာ မကြာသေးပေ။ ကုလသမဂ္ဂ အတွင်း၌မူ အလွန်အမင်း ဆင်းရဲ မွဲတေခြင်းနှင့် ဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ အစားအစာနှင့် အခြားသင့်လျော်သည့် ကိစ္စရပ်များဆိုင်ရာ အခွင့်အရေး တို့အတွက် အထူးကိုယ်စားလှယ်များ ခန့်အပ်ခြင်း ကဲ့သို့သော အရေးပါသည့် လုပ်ငန်းစဉ် အသစ်များကို ၁၉၉၀ ပြည့်လွန်နှစ်များမှ စ၍ လုပ်ကိုင်ခဲ့သည်။ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (The Office of the High Commissioner for Human Rights (OHCHR)) ကလည်း ထိုနယ်ပယ်အသစ်တွင် သဘောတရားပိုင်းနှင့် လေ့လာဆန်းစစ်သည့် ကိရိယာများ ဖော်ထုတ်ရန် အရေးပါသည့် လုပ်ငန်းများ စတင်ခဲ့သည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေး ပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့အစည်းများတွင်လည်း အခွင့်အရေး ဟူသည့် အသုံးအနှုန်းမှာ ပျံ့နှံ့လာသည်။ အချို့သော အဖွဲ့အစည်းများက စကားလုံး သက်သက်သာ အသုံးပြု ကြသော်လည်း အချို့ကမူ နည်းလမ်းအသစ်များ၊ ကိရိယာ အသစ်များ အသုံးပြုခဲ့သည်။ အချို့ကလည်း ဦးစားပေး အစီအစဉ်များကို ပြောင်းလဲခဲ့သည်။ အထူးသဖြင့် အုပ်ချုပ်မှု အပိုင်းတွင် ဖြစ်ပြီး တရားမျှတမှု ရရှိရေး ကဲ့သို့သော ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများကို အားဖြည့်ပေးခဲ့သည် (Uvin, 2004; OECD/DAC, 2007; Piron, 2005)။ အထူးသဖြင့် တာဝန်ရှိသူ၊ အခွင့်အရေး ရှိသူနှင့် တာဝန်ခံမှုဆိုင်ရာ ရှုထောင့်များ အသုံးပြုခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသား များအကြား ချိတ်ဆက်မှုများ ဖော်ထုတ်ခြင်း၊ ဆင်းရဲမွဲတေခြင်း၏ ဖွဲ့စည်းတည်ဆောက်မှုပိုင်း ဆိုင်ရာ အရင်းအမြစ်များ၊ အတားအဆီးပိုင်းတွင် ဘေးဖယ်ထုတ်ခြင်း အကြောင်းအရာများကို အဓိကထားခြင်းတို့ဖြင့် HRBA က နိုင်ငံတကာ ဖွံ့ဖြိုးရေး အစီအစဉ်များ ပြောင်းလဲရေးတွင် ပါဝင်ခဲ့သည်။ (OECD/DAC, 2007)။ သို့ရာတွင် ယင်းမှာ ဖွံ့ဖြိုးရေး အေဂျင်စီ အများအပြားအတွက် မူဝါဒ ချမှတ်ခြင်းနှင့် အစီအစဉ် ဖော်ထုတ်ခြင်းတို့တွင် ဘေးဖယ်ခံထားရဆဲ ဖြစ်ပြီး အဓိက ဦးစားပေးမှု အဖြစ် သတ်မှတ်ခြင်း (သို့) သင့်လျော်သည့် ကိရိယာများ အဖြစ် အသုံးပြုခြင်းထက် ထိုချဉ်းကပ်ပုံကို အပြောသက်သက်သာ သုံးကြသည်။ HRBA သည် အစိုးရနှင့် အလှူရှင်များအတွက် ဦးစားပေးမှုများ သတ်မှတ်သည့် ဆင်းရဲမွဲတေမှု လျှော့ချရေး မူဝါဒ စာတမ်းများ ကဲ့သို့သော ပြည်တွင်း မူဝါဒ မူဘောင်များတွင် အသုံးများသည့် ချဉ်းကပ်ပုံ မဟုတ်သေးပေ (Fukada-Parr, 2008 b)။ နိုင်ငံတကာ ဖွံ့ဖြိုးရေးအတွက် အများသဘောတူသည့် ရည်မှန်းချက်များ သတ်မှတ်သည့် ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များတွင်လည်း HRBA ကို အသုံးမပြုထားပေ (ဖြစ်ရပ် လေ့လာခြင်းတွင် ရှုပါ)။

HRBA ကို အထိရောက်ဆုံး အသုံးပြုခြင်းမှာ အရပ်ဘက် အဖွဲ့အစည်းများ၏ ထောက်ခံ လှုပ်ရှားခြင်းများတွင် ဖြစ်သည်။ အရပ်ဘက် အဖွဲ့အစည်းများသည် အမျိုးသမီးများ၊ ကလေးငယ်များနှင့် မူလအခြေချ နေထိုင်သူများ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ အခွင့်အရေးများကို တောင်းဆိုရန် ကမ္ဘာတစ်ဝန်းတွင် လှုပ်ရှားမှုများ ပြုလုပ်ကြသည်။ ယင်းဖွံ့ဖြိုးရေး အခွင့်အရေးများ အနက်မှ အချို့မှာ ရောဂါတာများ၊ မိုင်းတွင်းများအတွက် ရင်းနှီးမြှုပ်နှံခြင်း၏ အပျက် သဘောဆောင်သည့် အကျိုးဆက်များ (သို့) မြေယာ ရပိုင်ခွင့်တွင် ကျား၊ မ ခွဲခြား ဆက်ဆံခြင်း အစရှိသည်တို့ ဖြစ်သည်။ နိုင်ငံတကာ အန်ဂျီအို ကွန်ရက်များသည် ဥပမာအားဖြင့် တရားမျှတမှု

မရှိသော အခွန်ကောက်ခံခြင်း (အခန်း ၉ တွင် ရှုပါ) ကိစ္စရပ်များကဲ့သို့သော ကိစ္စရပ် အမျိုးမျိုးကို ရပ်၊ရွာ အဆင့်၊ နိုင်ငံ အဆင့်နှင့် ကမ္ဘာ့ အဆင့်များတွင် မူဝါဒ ပြောင်းလဲရန်အတွက် လှုံ့ဆော်မှုများ ပြုလုပ်ကာ ထောက်ခံ လှုပ်ရှားခြင်းများ ပြုလုပ်ကြသည်။ ထိုလမ်းကြောင်းများသည် ကုလသမဂ္ဂ၏ ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များနှင့် ၂၀၁၅ နောက်ပိုင်း ဖွံ့ဖြိုးရေး အစီအစဉ်ကို ဆွေးနွေးခြင်းများ၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး ရည်မှန်းချက်များတွင် အထူး ထင်ရှားသည်။ (ဖွံ့ဖြိုးရေး သဘောတရားများကို ဆွေးနွေးခြင်းအား စာသေတ္တာ ၁၂.၂ တွင် ရှုပါ)။

| အနှစ်ချုပ် |
|---|
| HRBA *သည် ဖွံ့ဖြိုးရေးကို လူသားအားလုံးအတွက် လူ့အခွင့်အရေး ရရှိရေးဟု သတ်မှတ်သည့် ဖွံ့ဖြိုးရေး ဆိုင်ရာ ပြောဆိုရေးသားမှု တစ်ခု ဖြစ်သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် နီရိုလစ်ဘရယ် စီးပွားရေး မူဝါဒများ ပြုပြင်ပြောင်းလဲခြင်း၏ လူသားဆိုင်ရာ ရလဒ်များကို တုံ့ပြန်ရာမှ* HRBA *ထွက်ပေါ်လာခြင်း ဖြစ်သည်။*<br><br>HRBA *သည် ပါဝင်ခြင်း၊ တန်းတူညီခြင်း၊ ခွဲခြားဆက်ဆံမှု မရှိခြင်း၊ လူသားများကို စွမ်းရည် မြှင့်ပေးခြင်း၊ တာဝန်ရှိသူများမှ လူ့အခွင့်အရေးကို လေးစားရန်၊ ကာကွယ်ရန်၊ ဖြည့်ဆည်းပေးရန် တာဝန်များအတွက် တာဝန်ခံခြင်းတို့ အပါအဝင် အခြေခံ လူ့အခွင့်အရေး စည်းမျဉ်းများ အသုံးပြုခြင်းလည်း ဖြစ်သည်။* HRBA *တွင် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများကိုလည်း ပေါ်ပေါ်ထင်ထင် အသုံးပြုထားသည်။*<br><br>HRBA *သည် အခြားသော ဖွံ့ဖြိုးရေး ဆိုင်ရာ လူသား ဗဟိုပြု ပြောဆိုရေးသားမှုများနှင့် ဆင်တူပြီး နီရိုလစ်ဘရယ် ချဉ်းကပ်ပုံများနှင့်မူ တမူ ကွဲပြားသည်။ ကွဲပြားမှုများတွင် ဖွံ့ဖြိုးရေး ဆိုင်ရာ နည်းလမ်းနှင့် လူသားတို့၏ ကောင်းကျိုးချမ်းသာကို အဓိပ္ပာယ် ဖွင့်ဆိုပုံများ၊ စီးပွားရေးနှင့် လူမှုရေး မူဝါဒ ဆိုင်ရာ ဦးစားပေးမှုများနှင့် ဖွံ့ဖြိုးရေး ဖြစ်စဉ်တွင် လူသားတို့၏ အခန်းကဏ္ဍများ စသည်တို့ ပါဝင်သည်။*<br><br>*ပြောဆို ရေးသားမှုများနှင့် လက်တွေ့လုပ်ဆောင်ချက်များတွင်* HRBA *ပျံ့နှံ့လာသော်လည်း ပြည်တွင်း မူဝါဒများနှင့် နိုင်ငံတကာ အစီအစဉ်များတွင် စဉ်ဆက်မပြတ် ထည့်သွင်းထားသော ချဉ်းကပ်ပုံ တစ်ခု ဖြစ်မလာသေးပေ။ ယင်းမှာ ၂၀၀၀ ခုနှစ်တွင် စတင်ခဲ့သည့် ထောင်စုနှစ် ရည်မှန်းချက်များ* (MDGs) *နှင့် ဆင်တူသော်လည်း အပြည့်အဝတော့ ထပ်တူမညီသေးပေ။ သို့ရာတွင် အခွင့်အရေးများ တောင်းဆိုရန် လူမှု လှုပ်ရှားမှုများနှင့် နိုင်ငံတကာ အန်ဂျီအိုများမှ မူဝါဒ ပြောင်းလဲရန်အတွက် ထောက်ခံ လှုပ်ရှားခြင်းများတွင်တော့ အသုံးပြုခြင်း များလာသည်။*<br><br>***ဆင်ခြင် စဉ်းစားရန် မေးခွန်းများ***<br>*စာသေတ္တာ ၁၂.၁ မှ အီကွေဒေါ် ဖြစ်ရပ်က* HRBA *၏ ဖွံ့ဖြိုးရေး နည်းလမ်းသစ် တစ်ခုအဖြစ် ထိရောက်ပုံကို မည်သို့ ပြသနေသနည်း။ ဖွံ့ဖြိုးရေးတွင် လူ့အခွင့်အရေးကို မြှင့်တင်နိုင်ရန် စီမံကိန်း အသစ်များ မိတ်ဆက်နိုင်သည့် အခြားသော ဖြစ်ရပ်များကို စဉ်းစား၍ ရပါသလား။* |

စာသေတ္တာ ၁၂.၂။ မတူညီသော အမြင်၊ ဖွံ့ဖြိုးရေး

HRBA *သည် ဖွံ့ဖြိုးရေး၏ သဘောတရားကို ပြန်လည် ဖွင့်ဆိုခြင်းဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် အင်စတီကျူးရှင်းများကို ဖွံ့ဖြိုးရေး၏ လက်တွေ့ လုပ်ဆောင်ချက်များတွင် ပါဝင်လာအောင် ကြိုးပမ်းခြင်း ဖြစ်သည်။ အာတူရို အက်စ်ကိုးဘား* (Arturo Escobar) (1995)*၊ ရာနီမာ* (Rahnema) (197) *နှင့် အခြားသော ဖွံ့ဖြိုးရေး ခေတ်လွန် ပညာရှင်များကမူ ဖွံ့ဖြိုးရေး၏ သဘောတရားကို မေးခွန်း ထုတ်ခဲ့သည်။ ထိုသူများက ဖွံ့ဖြိုးရေးသည် မြောက်ကမ္ဘာခြမ်းမှ နိုင်ငံများက ၎င်းတို့၏ လူမှု အဖွဲ့အစည်း၊ စီးပွားရေး တိုးတက်မှုနှင့် ယဉ်ကျေးမှု တန်ဖိုးများကို အခြားနိုင်ငံများသို့ သွပ်သွင်းသည့် အစီအစဉ် တစ်ခု ဖြစ်သည်ဟု ဆိုကြသည်။ ကိုလိုနီ စနစ်တွင် အခြေတည်ပြီး ဖွံ့ဖြိုးရေး အသွင်ဆောင်ထားသည့် နိုင်ငံတကာ စီးပွားရေးနှင့် နိုင်ငံရေး စီမံကိန်းများသည် တောင်ကမ္ဘာခြမ်းကို မြောက်ကမ္ဘာခြမ်းက ဆက်လက် လွှမ်းမိုးရန် အစီအစဉ်များ ဖြစ်သည်။ မူတူအာမာကာအူ* (Mutua Maku) (2013) *ကဲ့သို့သော ဝေဖန်ရေး လူ့အခွင့်အရေး ပညာရှင်များကမူ အဓိက လူ့အခွင့်အရေး ဆိုင်ရာ လုပ်ဆောင်ချက်များကို မြောက်ကမ္ဘာခြမ်းမှ ပညာရှင်များ၊ အစိုးရများနှင့် အန်ဂျီအိုများက ဦးဆောင်နေပြီး တောင်ကမ္ဘာခြမ်းမှ လူ့အခွင့်အရေး ချိုးဖောက်မှုများကိုသာ အဓိက အာရုံစိုက်သည်ဟု ဆိုသည်။ ၎င်းတို့၏ ပြောဆိုရေးသားချက် များတွင် "အရိုင်းအစိုင်းများ၊ ထိခိုက်နစ်နာသူများ၊ ကယ်တင်ရှင်များ" ဟူသည့် လက္ခဏာများ ပါဝင်ပြီး တောင်ကမ္ဘာခြမ်းရှိ ကူရာကယ်ရာမဲ့ "ထိခိုက်နစ်နာသူများ" ကို ၎င်းတို့ အစိုးရများ (အရိုင်းအစိုင်း) ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများမှ ကာကွယ်ရန် ၎င်းတို့က "ကယ်တင်သူ" အခန်းကဏ္ဍကို ရယူထားရသည်ဟု ပုံဖော်သည်။ အဲရစ် ပေါ့စ်နာ (* Eric Posner) (2014) *နှင့် စတီဖင် ဟော့ပ်ဂွဒ်* (Stephen Hopgood) (2014) *ကဲ့သို့သော အခြားသော ပညာရှင်များကလည်း နိုင်ငံတကာ လူ့အခွင့်အရေး စီမံကိန်းများကို အနောက်နိုင်ငံများက ဦးဆောင် မောင်းနှင်သည်ဟု လက်ခံထားသည်။ ထိုစီမံကိန်းများမှာ ထိရောက်မှု မရှိ၊ နိုင်ငံရေးအရ ခေတ်မမီတော့ဘဲ ကိုယ့်မျက်ချေးကိုယ်မမြင်သော သဘောထားများဖြင့် ပြည့်နှက်နေသည်ဟု ဝေဖန်ထားသည်။*

## ဖြစ်ရပ် လေ့လာခြင်း၊ ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များနှင့် ရေရှည် တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးရေး ရည်မှန်းချက်များ

၂၀၁၅ တွင် ဆင်းရဲမွဲတေမှု ပပျောက်စေရန် ရည်ရွယ်ထားသော ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ (MDGs) နှင့် ၎င်း၏ နောက်ဆက်တွဲ ရည်မှန်းချက်များ ဖြစ်သည့် SDGs တို့သည် နိုင်ငံတကာ ဖွံ့ဖြိုးရေး အသိုင်းအဝိုင်းကြားတွင် အားလုံး သဘောတူသည့် အစီအစဉ် တစ်ခု ဖြစ်လာသည်။ MDGs နှင့် SDGs တို့ကို HRBA ရှုထောင့်မှ လေ့လာခြင်းက ဖွံ့ဖြိုးရေး မဟာဗျူဟာများတွင် လူ့အခွင့်အရေး ဦးစားပေးမှုများ ထည့်သွင်းရန် တောင်းဆိုမှုများကို ဥပမာပြနေသည်။

**MDGs နှင့် SDGs၊ သဘောတရား၊ အစပြုပုံနှင့် ဆင့်ကဲပြောင်းလဲလာပုံ**

၂၀၀၀ ခုနှစ် စက်တင်ဘာလတွင် နိုင်ငံခေါင်းဆောင်များသည် ထောင်စုနှစ် ညီလာခံတွင် တွေ့ဆုံကြကာ ဆင်းရဲမွဲတေမှုကို အဆုံးသတ်ရန် ၎င်းတို့ စွမ်းနိုင်သမျှ လုပ်ကြမည်ဟု ကတိပေးခဲ့သည်။ ခေါင်းဆောင်များက

တန်းတူညီမှုနှင့် စည်းလုံးညီညွတ်မှု စည်းမျဉ်းများကို လိုက်နာကာ ဖွံ့ဖြိုးရေးကို ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် သဘာဝ ပတ်ဝန်းကျင် ရေရှည် တည်တံ့ ခိုင်မြဲရေးတို့နှင့်အတူ လုပ်ဆောင်သွားမည်ဟု ကတိကဝတ် ပြုခဲ့ကြသည်။ ရလဒ်အနေဖြင့် ထောင်စုနှစ် ကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး ထိုကြေညာချက်တွင် ဖွံ့ဖြိုးရေးအတွက် တိကျသော ရည်မှန်းချက်များနှင့် အချိန်ကာလများ သတ်မှတ်ကာ ထိုမြင့်မြတ်သော ရည်မှန်းချက်များကို အဓိပ္ပာယ် အတိအကျ ဖွင့်ဆိုပေးခဲ့သည်။[၇] ယင်းတို့ကို ၂၀၀၁ ခုနှစ်တွင် ပို၍ ရှေ့နောက်ညီသော ရည်မှန်းချက် ၈ ခု၊ ပစ်မှတ် ၁၈ ခုနှင့် တိုးတက်မှု ညွှန်းကိန်း ၄၈ ခုအဖြစ် ပြန်လည် ရေးသားခဲ့ကာ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရမည့် ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ ဖြစ်လာသည် (စာသေတ္တာ ၁၂.၃ တွင်ရှုပါ)။ နောက်ဆုံး ပြည့်မီရမည့် ခုနှစ် မတိုင်မီတွင် နောင်ထပ်လာမည့် ရည်မှန်းချက်များ (ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး ရည်မှန်းချက်များ (SDGs)) ကို သတ်မှတ်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် အစီအစဉ် (၂၀၁၅ နောက်ပိုင်း နိုင်ငံတကာ ဖွံ့ဖြိုးမှု အစီအစဉ်) ကို စတင်ခဲ့သည်။ ရည်မှန်းချက် ၁၇ ခုနှင့် ပစ်မှတ် ၁၆၉ ခုတို့ကို ၂၀၁၄ ခုနှစ် အထွေထွေ ညီလာခံတွင် တင်ပြခဲ့သည် (စာသေတ္တာ ၁၂.၄ တွင်ရှုပါ)။ နောက်ဆုံး ရည်မှန်းချက်များကို ၂၀၁၅ ခုနှစ်တွင် အတည်ပြုခဲ့သည်။

SDGs နှင့် MDGs တို့အကြား ဖြစ်ပေါ်လာသည့် ဖြစ်စဉ်အရရော၊ ဦးစားပေး အစီအစဉ်များတွင်ပါ အရေးပါသည့် ကွာခြားချက်များ ရှိသည်။ ရှေးဦးစွာ ထောင်စုနှစ် ကြေညာချက်နှင့် MDG တို့ကို ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးက တင်ပြခဲ့ပြီး နိုင်ငံများက လက်ခံရန် ဆွေးနွေးခဲ့ကြသည်။ SDGs ကို စတင် ရေးဆွဲခြင်းကိုမူ ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ အစိုးရများအကြား ဖြစ်စဉ်မှ တစ်ဆင့် ဦးဆောင်ခဲ့သည်။ ယင်းအစိုးရများအကြား ဖြစ်စဉ်တွင် SDGs ရေးဆွဲရန် လုပ်ငန်းအဖွဲ့ (Open Working Group (OWG)) ပါဝင်သည်။ SDGs ကို ရေးဆွဲသည့် ဖြစ်စဉ်မှာ ဆွေးနွေးမှု အများအပြား ပြုလုပ်ရသည့် ပြင်းထန်သည့် ဖြစ်စဉ် တစ်ခု ဖြစ်ခဲ့သည်။ ပြည်တွင်း အစိုးရများ၊ ကုလသမဂ္ဂနှင့်အတူ အရပ်ဘက် အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေး အေဂျင်စီများနှင့် ပုဂ္ဂလိက ကဏ္ဍကပါ ပါဝင်ခဲ့သည်။ ဒုတိယ အနေဖြင့် MDGs သည် ဆင်းရဲမွဲတေမှုအပေါ် အာရုံစိုက်ထားပြီး ဆင်းရဲသော နိုင်ငံများ၏ လိုအပ်ချက်များနှင့် တောင်နှင့်မြောက် ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုများကို ဖြေရှင်းရန် ကြိုးစားထားသော်လည်း SDGs မှာမူ ပို၍ ကျယ်ပြန့်သည်။ SDGs သည် လူမှုရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် စီးပွားရေးအရ ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးတို့ကို အာရုံစိုက်ထားပြီး နိုင်ငံစုံ မိတ်ဖက်ပြုခြင်းမှ ဝင်ငွေ အလယ်အလတ်ရှိသော နိုင်ငံများနှင့် ဝင်ငွေ မြင့်သော နိုင်ငံများ အပါအဝင် နိုင်ငံအားလုံးနှင့် အကျုံးဝင်သည်။

| စာသေတ္တာ ၁၂.၃။ MDGs မှ လူ့အခွင့်အရေးများ |
| --- |
| MDGs *တစ်ခုချင်းစီသည် အဓိက လူ့အခွင့်အရေးများကို ရောင်ပြန်ဟပ်နေသည်။ သို့ရာတွင် ရည်မှန်းချက် တစ်ခုချင်းစီ၏ နောက် ကွင်းစ ကွင်းပိတ်ထဲမှ မှတ်ချက်များတွင် ဖော်ပြထားသည့် အတိုင်း အပြည့်အဝတော့ မဟုတ်ပေ။ တန်းတူညီရေး၊ ခွဲခြား ဆက်ဆံမှု မပြုရေးနှင့် ပါဝင်ရေး ဆိုင်ရာ စည်းမျဉ်းများ ဖော်ပြထားခြင်းလည်း မရှိပေ။*<br><br>***ရည်မှန်းချက် ၁။ အလွန်အကျူး ဆင်းရဲမွဲတေခြင်းနှင့် ငတ်ပြတ်ခြင်းကို အဆုံးသတ်ရန် (သက်ဆိုင်သော အခွင့်အရေး။ အားလုံးအတွက် သင့်တင့်လျောက်ပတ်သော နေထိုင်မှု အဆင့်အတန်း ရရှိခွင့်)***<br>• *ပစ်မှတ် ၁ က။ ၁၉၉၀ နှင့် ၂၀၁၅ ခုနှစ်အတွင်း တစ်နေ့ ဝင်ငွေ တစ်ဒေါ်လာအောက် ရရှိသူ* |

*အရေအတွက်ကို တစ်ဝက်အထိ လျှော့ချပစ်နိုင်ရေး*

- *ပစ်မှတ် ၁ ခ။ အမျိုးသမီးများနှင့် လူငယ်များအပါအဝင် အားလုံးအတွက် အပြည့်အဝ၊ အကျိုးဖြစ်ထွန်းသော အလုပ်အကိုင်နှင့် သင့်တင့်သော အလုပ် ရရှိရေး (အလုပ်ရှိခွင့်)*
- *ပတ်မှတ် ၁ ဂ။ ၁၉၉၀ နှင့် ၂၀၁၅ ခုနှစ်အတွင်း ဝေ်မွတ်မှု ခံစားရသူ အရေအတွက်ကို တစ်ဝက်အထိ လျှော့ချနိုင်ရေး (အစားအသောက် ရပိုင်ခွင့်)*

***ရည်မှန်းချက် ၂။ အားလုံးအတွက် မူလတန်း ပညာရေး ရရှိရေး (သက်ဆိုင်သော အခွင့်အရေး။ အခမဲ့ မူလတန်း ပညာရေး ရရှိခွင့်)***

- *ပစ်မှတ် ၂။ ၂၀၁၅ တွင် မိန်းကလေးများရော၊ ယောကျ်ားလေးများပါ၊ နေရာတိုင်းမှ ကလေးများသည် မူလတန်း ပညာရေးကို ပြီးဆုံးစေရမည်။*

***ရည်မှန်းချက် ၃။ ကျား၊မ တန်းတူညီရေးကို မြှင့်တင်ရန်နှင့် အမျိုးသမီးများကို စွမ်းရည်မြှင့်ရန် (သက်ဆိုင်သော အခွင့်အရေး။ အမျိုးသမီးများ တန်းတူညီမှု ရရှိခွင့် - ပညာရေး အပါအဝင် နယ်ပယ် အများအပြားတွင်လည်း လိုအပ်သည်)***

- *ပစ်မှတ် ၃။ ၂၀၀၅ ခုနှစ် နောက်ဆုံး ထား၍ မူလတန်းနှင့် အထက်တန်း ပညာရေးများတွင်၊ ၂၀၁၅ ခုနှစ် နောက်ဆုံး ထား၍ ပညာရေး အဆင့် အားလုံးတွင် ကျား၊ မတန်းတူညီမှု မရှိခြင်းကို ပယ်ဖျက်ရမည်။*

***ရည်မှန်းချက် ၄။ ကလေးသေနှုန်းကို လျှော့ချရန် (သက်ဆိုင်သော အခွင့်အရေး။ အားလုံးအတွက် အသက်ရှင်သန်ခွင့်)***

- *ပစ်မှတ် ၄။ ၁၉၉၀ နှင့် ၂၀၁၅ ခုနှစ်အတွင်း အသက် ငါးနှစ်အောက် ကလေးသေနှုန်းကို သုံးပုံ နှစ်ပုံအထိ လျှော့ချနိုင်ရေး*

***ရည်မှန်းချက် ၅။ မိခင်၏ ကျန်းမာရေးကို တိုးတက်စေရန် (သက်ဆိုင်သော အခွင့်အရေး။ အမျိုးသမီးများ အားလုံး၏ အသက်ရှင်ခွင့်နှင့် ကျန်းမာရေး စောင့်ရှောက်မှု ရရှိခွင့်)***

- *ပစ်မှတ် ၅ က။ ၁၉၉၀ နှင့် ၂၀၁၅ ခုနှစ်အတွင်း မိခင် သေနှုန်း အချိုးကို လေးပုံ သုံးပုံအထိ လျှော့ချနိုင်ရေး*
- *ပတ်မှတ် ၅ ခ။ ၂၀၁၅ တွင် တစ်ကမ္ဘာလုံး မျိုးပွားမှု ဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ရရှိရေး*

***ရည်မှန်းချက် ၆။ HIV/AIDS ငှက်ဖျားနှင့် အခြား ကူးစက်ရောဂါများ တိုက်ဖျက်ရေး (သက်ဆိုင်သော အခွင့်အရေး။ ကျန်းမာရေး ဆိုင်ရာ အခွင့်အရေး)***

- *ပစ်မှတ် ၆ က။ HIV/AIDS ပျံ့နှံ့မှုကို ၂၀၁၅ တွင် ရပ်တန့်နိုင်ရန်နှင့် နှုန်းထား စတင် လျှော့ချ နိုင်ရေး*
- *ပစ်မှတ် ၆ ခ။ ၂၀၁၀ တွင် လိုအပ်သူများ အားလုံး ကမ္ဘာနှင့်အဝန်း HIV/AIDS ကုသမှုများ ရရှိစေရေး*
- *ပတ်မှတ် ၆ ဂ။ ငှက်ဖျားနှင့် အခြား ကူးစက် ရောဂါများ ပျံ့နှံ့မှုကို ၂၀၁၅ တွင် ရပ်တန့်နိုင်ရန်နှင့် နှုန်းထား စတင် လျှော့ချ နိုင်ရေး*

***ရည်မှန်းချက် ၇။ သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲစေရေး (သက်ဆိုင်သော အခွင့်အရေး။ အားလုံးအတွက် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကျန်းမာရေး အခွင့်အရေး၊ ရေနှင့် သန့်ရှင်းရေး ရရှိခွင့်၊***

***သင့်လျော်သော နေထိုင်စရာ ရရှိခွင့်)***

- *ပစ်မှတ် ၇ က။ ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး ဆိုင်ရာ စည်းမျဉ်းများကို နိုင်ငံများ၏ မူဝါဒများနှင့် အစီအစဉ်များတွင် ထည့်သွင်းရေးနှင့် သဘာဝ ပတ်ဝန်းကျင် အရင်းအမြစ်များ ဆုံးရှုံးနေခြင်းကို ပြောင်းလဲပစ်ရေး*
- *ပစ်မှတ် ၇ ခ။ ဇီဝ မျိုးစိတ်များ ဆုံးရှုံးမှုကို လျှော့ချရေးနှင့် ၂၀၁၀ တွင် ဆုံးရှုံးမှု နှုန်းထားကို သိသိသာသာ လျှော့ချရန်*
- *ပစ်မှတ် ၇ ဂ။ ၂၀၁၅ ခုနှစ်တွင် လုံခြုံ စိတ်ချရသော သောက်သုံးရေ အမြဲ မရရှိသူ ဦးရေကို တစ်ဝက်အထိ လျှော့ချပစ်ရေး*
- *ပစ်မှတ် ၇ ဃ။ ၂၀၂၀ တွင် ဆင်ခြေဖုံးတွင် နေထိုင်ရသည့် အိမ်ခြေရာမဲ့များ အနည်းဆုံး သန်းတစ်ရာ၏ ဘဝကို တိုးတက်စေရေး*

***ရည်မှန်းချက် ၈။ ဖွံ့ဖြိုးရေးအတွက် ကမ္ဘာ့ မိတ်ဖက် ပြုခြင်း (သက်ဆိုင်သော အခွင့်အရေး။ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကူညီပေးရန် တာဝန်)***

- *ပစ်မှတ် ၁၂။ ပွင့်လင်းပြီး စည်းမျဉ်းများကို အခြေခံသော၊ ခန့်မှန်းနိုင်သော၊ ခွဲခြား ဆက်ဆံမှု မရှိသော ကုန်သွယ်ရေးနှင့် ငွေရေး၊ ကြေးရေး စနစ်တစ်ခု တည်ထောင်ရန် (ပြည်တွင်း၌ရော၊ နိုင်ငံတကာ၌ပါ ကောင်းမွန်သော အုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှု လျှော့ချရန် ကတိကဝတ်လည်း ပါဝင်သည်)*
- *ပစ်မှတ် ၁၃။ ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများ၏ အထူးလိုအပ်ချက်များကို ဖြေရှင်းပေးရန်*
- *ပစ်မှတ် ၁၄။ ကုန်းတွင်းပိတ် နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲ ကျွန်းနိုင်ငံငယ်လေးများ၏ အထူး လိုအပ်ချက်များကို ဖြေရှင်းပေးရန်*
- *ပစ်မှတ် ၁၅။ အကြွေးသည် ရေရှည်တွင် မဆပ်နိုင်သည်အထိ ဖြစ်မသွားစေရန် ပြည်တွင်းနှင့် နိုင်ငံတကာ လုပ်ဆောင်ချက်များမှ တစ်ဆင့် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ ကြွေးမြီပြဿနာကို ထဲထဲဝင်ဝင် ဖြေရှင်းရန်*
- *ပစ်မှတ် ၁၆။ ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် ပူးပေါင်းကာ လူငယ်များအတွက် ကောင်းမွန်ပြီး အကျိုးရှိသော အလုပ်များ ရရှိရေးအတွက် မူဝါဒများ ဖော်ထုရန်နှင့် အကောင်အထည် ဖော်ရန်*
- *ပစ်မှတ် ၁၇။ ဆေးဝါး ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ပူးပေါင်းကာ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် လိုအပ်သည့် ဆေးဝါးများကို တတ်နိုင်သော ဈေးဖြင့် ရရှိနိုင်ရန်*
- *ပစ်မှတ် ၁၈။ ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်းကာ နည်းပညာ အသစ်များ၏ အကျိုးကျေးဇူးများကို၊ အထူးသဖြင့် သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ၏ အကျိုးကျေးဇူးများကို ရရှိစေရန်*

စာသေတ္တာ ၁၂.၄။ အဆိုပြုခဲ့သည့် SDGs (2014)

*၂၀၁၄ စက်တင်ဘာလတွင် OWG က ၎င်း၏ အစီရင်ခံစာကို အထွေထွေ ညီလာခံသို့ တင်ပြခဲ့ပြီး ရည်မှန်းချက် ၁၇ ခုနှင့် ပစ်မှတ် ၁၆၉ ခုကို အဆိုပြုခဲ့သည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် အထွေထွေ ညီလာခံက အောက်ပါ ရည်မှန်းချက်များကို အတည်ပြုခဲ့သည်* (https://sustainabledevelopment.un.org/index.php?page=view&type=400&nr=1579&menu=35)

*ရည်မှန်းချက် ၁။ ဆင်းရဲ မွဲတေမှု ပုံစံ အားလုံးကို နေရာအားလုံးတွင် အဆုံးသတ်ရန်*

*ရည်မှန်းချက် ၂။ ငတ်မွတ်မှုကို အဆုံးသတ်ရန်၊ အစားအသောက် လုံခြုံမှု ရရှိရန်နှင့် အာဟာရ ပြည့်ဝမှု*

*တိုးတက်လာရန်၊ ရေရှည် တည်တံ့သော စိုက်ပျိုးရေး ပုံစံများကို မြှင့်တင်ရန်*
*ရည်မှန်းချက် ၃။ ကျန်းမာသော ဘဝ ရရှိစေရန်နှင့် အသက်အရွယ် အားလုံးတွင် အားလုံးအတွက် ကောင်းကျိုးချမ်းသာကို မြှင့်တင်ရန်*
*ရည်မှန်းချက် ၄။ အားလုံးပါဝင်ပြီး တန်းတူညီသော အရည်အသွေးရှိသည့် ပညာရေး ရရှိရန်နှင့် အသက်အရွယ်အားလုံး၌ အားလုံးအတွက် တစ်သက်တာ သင်ယူနိုင်မှုကို မြှင့်တင်ရန်*
*ရည်မှန်းချက် ၅။ ကျား၊ မ တန်းတူညီမှု ရရှိရေးနှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို စွမ်းရည် မြှင့်တင်ပေးရေး*
*ရည်မှန်းချက် ၆။ အားလုံးအတွက် ရေနှင့် သန့်ရှင်းရေးတို့ကို ရရှိရေးနှင့် ရေရှည် တည်တံ့ခိုင်မြဲအောင် စီမံခန့်ခွဲနိုင်ရေး*
*ရည်မှန်းချက် ၇။ အားလုံးအတွက် တတ်နိုင်သော၊ စိတ်ချရသော၊ ရေရှည် တည်တံ့သော၊ ခေတ်မီသော စွမ်းအင် ရရှိရေး*
*ရည်မှန်းချက် ၈။ ရေရှည် တည်တံ့သော၊ အားလုံး ပါဝင်သော စီးပွားရေး ဖွံ့ဖြိုးမှု၊ အားလုံးအတွက် ပြည့်ဝသော၊ အကျိုးရှိသော အလုပ်အကိုင်နှင့် သင့်တင့်သော အလုပ် ရရှိစေရေး*
*ရည်မှန်းချက် ၉။ ခိုင်ခံ့သော အခြေခံ အဆောက်အဦများ တည်ဆောက်ရေး၊ အားလုံး ပါဝင်ပြီး ရေရှည် တည်တံ့ခိုင်မြဲသော စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တီထွင်မှုများကို အားပေးရေး*
*ရည်မှန်းချက် ၁၀။ နိုင်ငံတွင်းနှင့် နိုင်ငံများအကြား တန်းတူမညီမျှမှုများအား လျှော့ချရေး*
*ရည်မှန်းချက် ၁၁။ မြို့များနှင့် လူများ၏ အခြေချမှုများကို အားလုံး ပါဝင်စေရန်၊ လုံခြုံရန်၊ ခိုင်မာရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရန်*
*ရည်မှန်းချက် ၁၂။ ရေရှည် တည်တံ့ခိုင်မြဲသော ထုတ်လုပ်ရေးနှင့် သုံးစွဲရေး ပုံစံများ ဖြစ်စေရန်*
*ရည်မှန်းချက် ၁၃။ ရာသီဥတု ပြောင်းလဲမှုနှင့် ၎င်း၏ သက်ရောက်မှုများအတွက် ချက်ခြင်း တုံ့ပြန်ရန်*
*ရည်မှန်းချက် ၁၄။ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် သမုဒ္ဒရာများ၊ ပင်လယ်များနှင့် အဏ္ဏဝါ အရင်းအမြစ်များကို ထိန်းသိမ်းရန်နှင့် ရေရှည် တည်တံ့သော ပုံစံဖြင့် အသုံးပြုရန်*
*ရည်မှန်းချက် ၁၅။ ကမ္ဘာမြေ ဂေဟစနစ်များ ကာကွယ်ရန်၊ ပြန်လည် ဖြည့်ဆည်းပေးရန်နှင့် ရေရှည် တည်တံ့ ခိုင်မြဲသော နည်းလမ်းဖြင့် အသုံးပြုခြင်းကို မြှင့်တင်ရန်၊ တောအုပ်များကို ရေရှည် တည်တံ့ခိုင်မြဲသော နည်းလမ်းဖြင့် စီမံ ခန့်ခွဲရန်၊ သဲကန္တာရ ဖြစ်လာခြင်းများကို တိုက်ဖျက်ရန်နှင့် မြေများ ပျက်စီးလာခြင်းကို ဟန့်တား ပယ်ဖျက်ရန်၊ ဇီဝ မျိုးကွဲများ ဆုံးရှုံးခြင်းကို တားဆီးရန်*
*ရည်မှန်းချက် ၁၆။ ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးမှုအတွက် ငြိမ်းချမ်းပြီး အားလုံး ပါဝင်သော လူ့အသိုင်းအဝိုင်းများကို မြှင့်တင်ရန်၊ အားလုံးအတွက် တရားမျှတမှုကို လက်လှမ်းမီ ရရှိစေရန်နှင့် အဆင့်များ အားလုံး၌ ထိရောက်သော၊ တာဝန်ခံမှု ရှိသော၊ အားလုံး ပါဝင်သော အင်စတီကျူးရှင်းများ တည်ဆောက်ရန်*
*ရည်မှန်းချက် ၁၇။ အကောင်အထည်ဖော်ရေး နည်းလမ်းများကို အားကောင်းစေရန်နှင့် ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးမှုအတွက် ကမ္ဘာ့ ပူးပေါင်း ဆောင်ရွက်မှုများကို ပြန်လည် အသက်သွင်းရန်*

MDGs သည် နိုင်ငံတကာ ဖွံ့ဖြိုးရေးကို လမ်းညွှန်သည့် ကမ္ဘာ့ မူဘောင်ဖြစ် သဘောတူညီချက်ရရှိပြီး အရှိန်အဟုန် ရလာခဲ့သည်။ ကမ္ဘာ့ ရည်မှန်းချက်များကို ယခင်ကလည်း ချမှတ်ခဲ့ဖူးသည်။ သို့ရာတွင် မူဝါဒ

ဆွေးနွေးမှုများကို ပုံသွင်းခြင်း၊ တိုးတက်မှုများကို အကဲဖြတ်ခြင်းနှင့် ထောက်ပံ့မှုများအတွက် စည်းရုံးရာတွင် MDGs များသည် ယခင်က မရှိခဲ့ဖူးသော သက်ရောက်မှုများ ရရှိခဲ့သည် (UN Task Team on the Post-2015 UN Development Agenda, 2012)။ ကမ္ဘာ့ ဆင်းရဲမွဲတေမှုကို ဆင်းရဲသည့် နိုင်ငံများ သာမက ကမ္ဘာပေါ်ရှိ လူအားလုံးနှင့် သက်ဆိုင်သည့် ဦးစားပေး အဖြစ် အာရုံစိုက်မှု ရလာစေရန် စည်းရုံးဆွဲဆောင်ရာတွင် MDGs များက အရေးပါလှသည်။ ၎င်းတို့၏ အားသာချက်များမှာ ရေတွက်၍ ရခြင်း၊ ရှင်းလင်းခြင်းနှင့် ပစ်မှတ်များက လုပ်ဆောင်ရန်များကို ပြသနေခြင်း ဖြစ်သည်။ သို့ရာတွင် MDGs များသည် (၁) ၎င်းတို့အား အသေးစိတ် ရှင်းလင်းသည့် ဖြစ်စဉ်များတွင် အားလုံး ပါဝင်မှု မရှိခြင်း (၂) တန်းတူညီမှု မရှိခြင်းအပေါ် အလေးမထားခြင်း (၃) ရေတွက်နိုင်သော ပစ်မှတ်များ မရှိသော အားနည်းသည့် ပူးပေါင်းဆောင်ရွက်ရေး ရည်မှန်းချက်များ ချမှတ်ထားခြင်း (၄) အစီအစဉ်၏ ကျဉ်းမြောင်းမှုက အရေးပါသော ဦးစားပေးမှု အများအပြားကို ချန်ထားခဲ့သည့်အပြင် ဆင်းရဲမွဲတေမှုနှင့် မညီမျှမှု ဖြစ်ပွားစေသည့် စနစ်ကြောင့် ဖြစ်စေသော အချက်များကို လျစ်လျူရှုထားခြင်းနှင့် ဖွံ့ဖြိုးရေးအတွက် အပြောင်းအလဲ ကြီးကြီးမားမား ဖြစ်စေသော ရည်မှန်းချက် အမြင် မရှိခြင်း (၅) ပစ်မှတ်များကို လွဲမှားစွာ သတ်မှတ်ထားခြင်း (၆)နိုင်ငံ တစ်နိုင်ငံချင်းစီ၏ ဦးစားပေးမှုများ (သို့) မတူညီသည့် စမှတ်များကို အသိအမှတ်ပြု၍ လိုက်လံ ပြောင်းလဲခြင်း မရှိဘဲ ကမ္ဘာ့ ပစ်မှတ်များကို နိုင်ငံများ အားလုံးအတွက် တပြေးတည်း သတ်မှတ်ခြင်း (UN Task Team on the Post-2015 UN Development Agenda, 2012 ၏ အနှစ်ချုပ်တွင် ရှုပါ) တို့ကြောင့် ဝေဖန်ခံခဲ့ရသည်။ လူ့အခွင့်အရေး အသိုင်းအဝိုင်းသည် ထိုဝေဖန်မှုများကို ထောက်ပြရာတွင် အသံအကျယ်ဆုံး ဖြစ်ခဲ့ပြီး ယင်းကို ဆက်လက် ရှင်းပြပါမည်။

## MDGs နှင့် SDGs မှ လူ့အခွင့်အရေးများ

MDGs နှင့် အဓိက စီးပွားရေးနှင့် လူမှု အခွင့်အရေးတို့အကြား များစွာ ဆင်တူကြသည် (စာသေတ္တာ ၁၂.၃ တွင် ရှုပါ)။ MDGs သည် ဖွံ့ဖြိုးရေးကို စီးပွားရေး သက်သက်မှ လူသားများ အတွက်ဟု ပြောင်းလဲ သတ်မှတ်ခဲ့ခြင်း ဖြစ်ပြီး ဖွံ့ဖြိုးရေး ဦးစားပေးမှုများတွင် အရေးပါသည့် အပြောင်းအလဲ ဖြစ်သည်။ လူ့အခွင့်အရေးများသည် ထောင်စုနှစ် ကြေညာချက်နှင့် ၎င်း၏ မျှော်မှန်းချက်များ အတွက် ဘောင်သတ်မှတ် ပေးခဲ့သည်။ လွတ်လပ်ခွင့်၊ ဂုဏ်သိက္ခာ၊ စည်းလုံး ညီညွတ်မှု၊ သဘောထားကြီးမှုနှင့် လူများနှင့် နိုင်ငံများအကြား တန်းတူညီမှုတို့ ဖြစ်ကြသည်။

ထိုသို့ တူညီမှုများ ရှိသည့်တိုင် MDGs များသည် စိတ်ကျေနပ်ဖွယ် မရှိခဲ့ပေ။ ယင်းတို့သည် ကမ္ဘာ့ ဆင်းရဲမွဲတေမှု၏ အဓိက လူ့အခွင့်အရေးများကို ဖြေရှင်းထားခြင်း မရှိပေ။ လက်တွေ့တွင် လူသန်းပေါင်းများစွာသည် ငတ်မွတ်ခေါင်းပါးခြင်း၊ ဆိုးရွားသော ကျန်းမာရေး၊ ပညာရေး လက်လှမ်းမီမှု မရှိခြင်းနှင့် အခြားသော အခြေခံ အခွင့်အရေးများ ငြင်းပယ်ခံရခြင်းတို့ကို ခံစားနေရသည်။ ယင်းတို့မှာ များသောအားဖြင့် ကျား၊မ ဖြစ်မှု၊ လူမျိုး၊ လူမျိုးစု၊ လိင်စိတ် တိမ်းညွတ်မှုအပေါ် အခြေခံသည့် ခွဲခြား ဆက်ဆံမှုများနှင့် အရင်းအမြစ်များ ဖြန့်ဖြူးရာနှင့် ဆုံးဖြတ်ချက် ချမှတ်ရာတွင် အခွင့်ထူးခံ လူတစ်စုအား အာဏာပေးထားသည့် စနစ်တို့ကြောင့် ဖြစ်သည်။ သို့ရာတွင် MDGs များသည် ခွဲခြားဆက်ဆံမှု မပြုရေးနှင့် တန်းတူညီရေး၊ ပါဝင်ရေးနှင့် ဒီမိုကရေစီ နည်းလမ်းကျသော အုပ်ချုပ်မှု ဆိုင်ရာ စည်းမျဉ်းများကို လျစ်လျူရှုထားသည်။

ကမ္ဘာ့ ရည်မှန်းချက်များအတွက် အဓိက အတားအဆီးမှာ လူ့အခွင့်အရေး ရည်မှန်းချက်များ ဖြစ်သည့် ဂုဏ်သိက္ခာနှင့် လွတ်လပ်ခွင့်၊ ပါဝင်ခွင့်နှင့် ခွဲခြားဆက်ဆံမှု မရှိရေးတို့သည် ရေတွက်၍ မရခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုရည်မှန်းချက်များတွင် ကျွန်ုပ်တို့ တန်ဖိုးထားသည်များကို တိုင်းတာနိုင်ရန် ကြိုးပမ်းခြင်းထက် ကျွန်ုပ်တို့ တိုင်းတာနိုင်သည်များကို တန်ဖိုးထားခြင်းဖြင့် ဦးစားပေးမှုများ သတ်မှတ်ခဲ့သည်။ MDGs များသည် တိုတောင်းပြီး ရှင်းလင်းသည်၊ ဦးစားပေးမှု အများအပြားကို ချန်ထားခဲ့သည်။ ယင်းတို့ကို အစီအစဉ် ချမှတ်ခြင်းနှင့် ပစ်မှတ်များ ရေးဆွဲခြင်းအတွက် အသုံးပြု (အလွဲသုံးစားပြု) ပါက ကမ္ဘာ့ ရည်မှန်းချက်များသည် ဦးစားပေးမှုများကို ကမောက်ကမ ဖြစ်စေသည်။ ဥပမာ ပညာရေး အရည်အသွေးနှင့် အထက်တန်း၊ တက္ကသိုလ် အဆင့်တွင် စိန်ခေါ်မှုများ ရှိနေသည့် နိုင်ငံ တစ်နိုင်ငံတွင် မူလတန်းအဆင့် ကျောင်းအပ်နှုန်းကို အဓိက ထားခြင်းမျိုး ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ ရည်မှန်းချက်များသည် ဖွံ့ဖြိုးရေးကို ပစ်မှတ်ထားရှိနိုင်သည့် ဖြစ်စဉ် တစ်ခုအဖြစ် သတ်မှတ်ကာ ဆင်းရဲမွဲတေမှု၏ အရင်းအမြစ် အကြောင်းအရင်းများကို လျစ်လျူရှုထားခြင်းဖြင့် ဖွံ့ဖြိုးရေးကို ရိုးရှင်းသည့် ဖြစ်စဉ် တစ်ခုအဖြစ် ပုံဖော်ထားသည် (Fukada-Parr and Yamin, 2015)။

SDGs များသည် MDGs များမှ သင်ခန်းစာများကို ရောင်ပြန်ဟပ်နေပြီး ထိုဝေဖန်မှု အများအပြားကို တုံ့ပြန်ထားသည်။ အားလုံး ပါဝင်ရေးနှင့် တန်းတူညီရေး စံနှုန်းများကို "မည်သူ့ကိုမှ နောက်ချန်မထား" ဟု ဆိုကာ SDGs ကို အကျယ်ချဲ့ရာတွင် အဓိက စည်းမျဉ်းအဖြစ် ထားရှိထားသည်။ OWG ၏ အကြံပြုချက်များကို HRBD ရှုထောင့်မှ ထည့်သွင်း စဉ်းစားကာ လူ့အခွင့်အရေးကို ဗဟိုပြုသော "တရားမျှတပြီး တန်းတူညီသော၊ အားလုံး ပါဝင်သော ကမ္ဘာကြီး ဖြစ်လာစေရန် ကြိုးပမ်းထားသော" ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရေးဆွဲထားသည် (UN 2015 p. 1)။ SDGs များသည် ပို၍ ကျယ်ပြန့်ပြီး ပြဿနာကို ရှင်းလင်းသည့် ပုံစံ ဟန်မဆောင်ထားပေ။ ၎င်းတို့သည် နိုင်ငံများအတွင်းနှင့် နိုင်ငံ တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား မညီမျှမှု လျှော့ချခြင်း အပါအဝင် စနစ်ပိုင်းဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများ လိုအပ်ကြောင်း (ရည်မှန်းချက် ၁၀)၊ တရားမျှတပြီး တာဝန်ခံသော အုပ်ချုပ်မှု စနစ် (ရည်မှန်းချက် ၁၅)၊ မျိုးပွားမှု ဆိုင်ရာ အခွင့်အရေး (ပစ်မှတ် ၅.၅)၊ ပါဝင်မှု (ပစ်မှတ် ၅.၄)နှင့် အခြား အချက် မြောက်မြားစွာကို ထည့်သွင်းစဉ်းစား ထားသည်။ အရပ်ဘက် အဖွဲ့အစည်း၊ ကုလသမဂ္ဂ အေဂျင်စီများနှင့် အချို့သော အစိုးရ ရုံးများ အပါအဝင် လူ့အခွင့်အရေး အသိုင်းအဝိုင်းသည် ၂၀၁၂ ခုနှစ်မှ စ၍ SDG ကို အကျယ် သတ်မှတ်သည့် အဆင့်တွင် တက်တက်ကြွကြွ ပါဝင်ခဲ့ကြသည်။ ထို့ကြောင့် ၂၀၃၀ ပြည့်နှစ် အစီရင်ခံစာတွင် ပို၍ ခိုင်မာသော လူ့အခွင့်အရေး အသုံးအနှုန်းများ ပါဝင်လာသည်။ "ဤသည်မှာ လူ့အခွင့်အရေးများ အားလုံးကို လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းရန် ကြိုးပမ်းထားသည့် အစီအစဉ် ဖြစ်ပါသည်။ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များကို လူသားအားလုံး ခွဲခြားဆက်ဆံ ခံရခြင်း မရှိဘဲ ရရှိနိုင်အောင် ကြိုးပမ်းသွားပါမည်။" ဟူ၍ ရေးသားထားသည်။ SDGs တွင် နိုင်ငံများအတွင်းနှင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား တန်းတူညီမှု မရှိခြင်းကို လျှော့ချရန် ပို၍ အာရုံစိုက်ထားပြီး (ရည်မှန်းချက် ၁၀) မည်သူ့ကိုမှ နောက်ချန်မထားခဲ့ဟူသော ရည်ရွယ်ချက်နှင့် တရားမျှတမှု လက်လှမ်းမီရေး (ရည်မှန်းချက် ၁၆) တို့တွင် ယင်းအချက် ရောင်ပြန်ဟပ်နေသည်။

| အနှစ်ချုပ် |
|---|
| MDGs *ရှစ်ချက်သည် လူမှုရေးနှင့် စီးပွားရေး အခွင့်အရေး များစွာနှင့် ဆင်တူသည်။ သို့ရာတွင် ခွဲခြားဆက်ဆံခြင်းနှင့် တာဝန်ခံမှု မရှိသော အုပ်ချုပ်ပုံများနှင့် ဆက်နွှယ်နေသည့် ဆင်းရဲမွဲတေမှု၏ အရင်းခံ* |

*အကြောင်းအရင်းများကို ဖြေရှင်းရာတွင်မူ စိတ်ကျေနပ်ဖွယ် မရှိလှပေ။*
SDGs *များသည်* MDGs *များမှ တိုးတက် ပြောင်းလဲလာခြင်း ဖြစ်သည်။ သို့ရာတွင် လူ့အခွင့်အရေးကို ရရှိစေရန် အလုံးစုံ ပြောင်းလဲရေး အစီအစဉ်နှင့်* HRBA *သည် အကန့်အသတ် ရှိသော ရည်ရွယ်ချက် အချို့နှင့် ရေတွက်၍ ရသော ပစ်မှတ်များထက် များစွာ တာသွားသည်။*
MDGs *များအပေါ် လူ့အခွင့်အရေး ရှုထောင့်မှ ဝေဖန်မှုများနှင့်* SGDs *များ ရေးဆွဲရာတွင် ပူးပေါင်း ပါဝင်မှုများက လူ့အခွင့်အရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုများသည် ဖွံ့ဖြိုးရေး အစီအစဉ်များကို လွှမ်းမိုးလာပြီး ယင်းတို့မှာ အငြင်းပွားဖွယ်ရာ ဖြစ်နေဆဲ ဖြစ်ကြောင်း ပြသနေသည်။*

***ဆင်ခြင် စဉ်းစားရန် မေးခွန်းများ***
SDGs များသည် MDGs များအပေါ် ပြုလုပ်ခဲ့သော ဝေဖန်မှုများအား ဖြေရှင်းနိုင်မည်ဟု ထင်ပါသလား။ အဘယ်ကြောင့် ဖြေရှင်းနိုင်မည်ဟု ထင်ပါသနည်း (သို့) မထင်ပါသနည်း။

## နိဂုံး

ယခု အကြောင်းအရာကို ရေးသားကြသူ အများအပြား တွေ့ရှိခဲ့သည့်အတိုင်း လူ့အခွင့်အရေးကို ဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များတွင် ထည့်သွင်းခြင်းသည် တစ်စိတ်တစ်ပိုင်းသာ အောင်မြင်ပြီး ခက်ခဲနေသေးသည် (Sano, 2000; Uvin, 2004; Robinson, 2005)။ ဖွံ့ဖြိုးရေးသမား အများအပြားက လူ့အခွင့်အရေးသည် ဖွံ့ဖြိုးရေးအတွက် အသုံးဝင်သော ကိရိယာ တစ်ခု ဖြစ်လာနိုင်သည် (သို့) လူ့အခွင့်အရေးများကို ဖွံ့ဖြိုးရေး၏ ရည်မှန်းချက်အဖြစ် ထားရှိရမည် ဟူသည့် သဘောတရားများကို သံသယ ဝင်နေကြသည် (Ingram and Freeston, 2006)။ ထိုသို့ ထည့်သွင်းရန် ခက်ခဲခြင်းမှာ အကြောင်းပြချက် များစွာ ရှိသည်၊ မတူညီသော အစဉ်အလာများ၊ ခွဲခြမ်းစိတ်ဖြာသည့် သဘောတရားများနှင့် အကောင်အထည်ဖော်သည့် နည်းလမ်းများ စသည်တို့ ဖြစ်သည် (Fukuda-Parr, 2008a)။ နိုင်ငံများ၊ အထူးသဖြင့် ချမ်းသာပြီး အာဏာရှိသည့် နိုင်ငံများသည် ကမ္ဘာပေါ်ရှိ ဆင်းရဲမွဲတေသူများအပေါ် တာဝန်ရှိခြင်း (သို့) လူများနှင့် နိုင်ငံများကို ဆင်းရဲမြဲ ဆင်းရဲနေစေသည့် မတရားမှုများကို ဖြေရှင်းရန် တာဝန် ရှိခြင်းတို့ကို မသိကျိုးကျွံ ပြုထားသည်။ တစ်ဘက်တွင်လည်း လူတို့သည် ဖွံ့ဖြိုးရေးအရ ဝင်ရောက်စွက်ဖက်ခြင်းများအပေါ် ၎င်းတို့၏ အခွင့်အရေးများကို တောင်းဆိုရန် ပိုမို စုစည်းလာကြသည်။ အရပ်ဘက် အဖွဲ့အစည်းများက SDGs များ ရေးဆွဲရာနှင့် ၂၀၁၅ အလွန် ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲရာတွင် လူ့အခွင့်အရေး စည်းမျဉ်းများကို လေးစားရန် ထောက်ခံ လှုပ်ရှားခဲ့ခြင်းများက ဥပမာပင် ဖြစ်သည်။ ဖွံ့ဖြိုးရေးတွင် လူ့အခွင့်အရေး၏ အရေးပါဆုံး အထောက်အကူပြုမှုမှာ လူများက ၎င်းတို့၏ အခွင့်အရေးများ ရရှိရေးအတွက် တောင်းဆိုသည့် နိုင်ငံရေး ဖြစ်စဉ်တွင် လူအားလုံး၏ အခွင့်အရေး အားလုံးကို ရရှိစေမည့် ဖွံ့ဖြိုးရေး အတွက် မူဝါဒ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် တောင်းဆိုသည့် ထောက်ခံ လှုပ်ရှား လှုပ်ရှားမှုများပင် ဖြစ်သည်။

## မေးခွန်းများ

### တစ်ဦးချင်း လေ့လာရန် မေးခွန်းများ

၁။ စစ်အေးတိုက်ပွဲက နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် လှုပ်ရှားမှုများ ပြောင်းလဲ လာခြင်းကို မည်သို့ လွှမ်းမိုးခဲ့သနည်း။
၂။ ဖွံ့ဖြိုးရေးကို အဓိပ္ပာယ် ဖွင့်ဆိုသည့် နည်းလမ်း အမျိုးမျိုးမှာ အဘယ်နည်း။ ယနေ့ခေတ် ဖွံ့ဖြိုးရေးကို အဓိက ပြောဆိုရေးသားကြသည့် ပုံစံများမှာ အဘယ်နည်း။
၃။ RTD နှင့် HRBA တို့အကြား ကွာခြားချက်မှာ အဘယ်နည်း။
၄။ RTD ကို ထောက်ခံသည့်၊ ကန့်ကွက်သည့် အဓိက ဆွေးနွေးငြင်းခုံမှုများကို ဖော်ပြပါ။
၅။ HRBA သည် နီရိုလစ်ဘရယ် ချဉ်းကပ်ပုံနှင့် လူသား ဖွံ့ဖြိုးတိုးတက်မှု ချဉ်းကပ်ပုံတို့နှင့် မည်သို့ ကွာခြားသနည်း။
၆။ HRBA နှင့် RTD တို့ကို ထောက်ခံသည့်၊ ကန့်ကွက်သည့် ငြင်းခုံဆွေးနွေးမှုများ နောက်ကွယ်က နိုင်ငံရေး အကြောင်းပြချက်များမှာ အဘယ်နည်း။
၇။ HRBA တွင် အဓိက လူ့အခွင့်အရေး စည်းမျဉ်းများမှာ အဘယ်နည်း။
၈။ MDGs များသည် SDGs များနှင့် မည်သို့ ကွာခြားသနည်း။ SDGs များက MDGs များထက် လူ့အခွင့်အရေး စည်းမျဉ်းများကို ပိုမို ထင်ဟ ပြသနေပါသလား

### MDGs နှင့် SDGs တို့အကြောင်း အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ

၁။ သင်သာ အမျိုးသမီးအရေး လှုပ်ရှားနေသည့် အန်ဂျီအို တစ်ခု၏ ခေါင်းဆောင် ဖြစ်ပါက MDGs အပေါ် သင်၏အမြင် မည်သို့ ရှိမည်နည်း။ MDGs အပေါ် သင့်အဖွဲ့အစည်း၏ မဟာဗျူဟာက မည်သို့ ရှိမည်နည်း၊ MDGs များကို လျစ်လျူ ရှုထားမည်လား၊ ဝေဖန်မည်လား၊ ပြောင်းလဲ မည်လား (သို့) သင်၏ ထောက်ခံ လှုပ်ရှားမှုများနှင့် လုပ်ဆောင်ချက်များတွင် MDGs များကို ထည့်သွင်း အသုံးပြုမည်လား။
၂။ သင်သာ လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူ တစ်ဦး ဖြစ်ပါက အကြံပြုထားသည် SDG ရည်မှန်းချက်များနှင့် ပစ်မှတ်များကို မည်သို့ ပြင်ဆင်လိုသနည်း။ အသေးစိတ်များက အရေးကြီးလှသည်။ လူ့အခွင့်အရေး အာဂျန်ဒါကို မြှင့်တင်ရန် SDG ၏ ရည်မှန်းချက်များနှင့် ပစ်မှတ်များသည် MDGs များကို ပြုပြင် ပြောင်းလဲ ထားခြင်း ဖြစ်ပါသလား။

## ဆက်လက် ဖတ်ရှုရန်

**Andreassen, B. A.** and **Marks, S. P.** (eds) (2006). *Development as a Human Right: Legal, Political and Economic Dimensions.* Cambridge, MA: Harvard School of Public Health. Distributed by Harvard University Press.

ဤစာအုပ်တွင် ဖွံ့ဖြိုးရေးကို လူ့အခွင့်အရေးဟု သတ်မှတ်ထားသည့် သီအိုရီများ စုစည်းထားပြီး သဘောတရားပိုင်း အခြေခံများ၊ တာဝန်များ သတ်မှတ်ခြင်း၊ ပြည်တွင်းမှ စိန်ခေါ်မှုများနှင့် နိုင်ငံတကာ ဖြစ်စဉ်များလည်း ပါဝင်သည်။ ပါဝင်ရေးသားသူများသည် ထိုကိစ္စရပ်အပေါ်တွင် ဦးဆောင် ဆွေးနွေးနေသူများ ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးအပေါ် လူ့အခွင့်အရေး၏ ချဉ်းကပ်ပုံတို့နှင့် သက်ဆိုင်သည့် အငြင်းပွားဖွယ်ရာ ကိစ္စရပ် အချို့ကို ဆွေးနွေးထားသည်။

**Balakrishnan, R.** and **Elson, D.** (eds) (2011). E*conomic Policy and Human Rights: Holding Governments to Account.* London: Zed Books.
ဤစာအုပ်တွင် စီးပွားရေး မူဝါဒ ရွေးချယ်မှုများသည် လူ့အခွင့်အရေး ရရှိရေးတွင် အဘယ်ကြောင့် အရေးပါသနည်း ဟူသည်ကို သဘောတရားပိုင်းအရရော၊ လက်တွေ့ ပိုင်းအရပါ ရှင်းလင်းပြ ထားသည်။ ထိုစာအုပ်တွင် ရွေးချယ်မှုများကို ဥပမာပြရန် အမေရိကန်နှင့် မက္ကဆီကိုတို့မှ ဘဏ္ဍာရေး၊ ငွေကြေးနှင့် ကုန်သွယ်ရေး မူဝါဒများကို ဆွေးနွေးထားသည်။

**Donnelly, J.** (2003). *Universal Human Rights in Theory and Practice* (2nd edn). Ithaca, NY: Cornell University Press.
ထိုစာအုပ်သည် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးတို့အကြား ဆက်ဆံရေးကို နိုင်ငံရေးနှင့် အခြား ရှုထောင့်များမှ ဆန်းစစ်လေ့လာထားသည့် အရေးပါသော သီအိုရီဆိုင်ရာ စာအုပ်ဖြစ်သည်။ ထိုစာအုပ်က တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည် ဟူသော ကိစ္စရပ်နှင့် လူ့အခွင့်အရေးများသည် အခြားဒေသများ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် မသင့်လျော်သည့် အနောက်နိုင်ငံမှ စနစ်များ ဖြစ်သည်ဟူသည့် စွပ်စွဲခြင်းများကို ဖြေရှင်းထားသည်။

**Elson, D., Fukuda-Parr, S.,** and **Vizard, P.** (eds) (2012). *Capabilities and Rights: An Interdisciplinary Conversation.* London: Routledge. First issued as a special issue of the Journal of Human Development and Capabilities, **12**/1.
ထိုစာအုပ်တွင် လုပ်ဆောင်နိုင်စွမ်းနှင့် လူ့အခွင့်အရေးတို့ကြား ဆင်တူသည့် အချက်များနှင့် တစ်ခုနှင့် တစ်ခု ပံ့ပိုးနေသည့် အချက်များကို သီအိုရီပိုင်းအရရော၊ ဖွံ့ဖြိုးရေး အကဲဖြတ်ခြင်းနှင့် မြှင့်တင်ခြင်းတို့တွင် သဘောတရား မူဘောင်များ အဖြစ်ပါ အသုံးပြုနိုင်ပုံကို ရှာဖွေ စူးစမ်း ထားသည်။ ယင်းတွင် Martha Nussbaum ကဲ့သို့သော သီအိုရီ ပညာရှင်များ၏ စာတမ်းများနှင့် Amartya Sen ၏ အမှာစာတို့ကိုပါ ထည့်သွင်းထားသည်။ မိတ်ဆက်တွင် ရေးသားပြီးသော စာတမ်းများကို ချုံငုံသုံးသပ် ပြထားသည်။

**Farmer, P.** (2005). *Pathologies of Power: Health, Human Rights and the New War on the Poor.* PL Berkeley:PN University of California Press.
ယခု စာအုပ်တွင် ဆင်းရဲမွဲတေမှု၏ အရင်းခံ အကြောင်းအရင်းများကို လူ့အခွင့်အရေး ရှုထောင့်မှ လေ့လာ ဆန်းစစ်ထားပြီး စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေး အင်အားများ၏ စနစ်တွင် တွေ့ရှိနိုင်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ထိခိုက်နစ်နာမှုများကို တင်ပြထားသည်။

**OHCHR** (2004). *Human Rights and Poverty Reduction: A Conceptual Framework. New York: United Nations.* http://www.ohchr.org/Documents/Publications/PovertyReductionen.pdf
ထိုထုတ်ဝေမှုတွင် လူ့အခွင့်အရေးနှင့် ဆင်းရဲမွဲတေမှုတို့ကို ဆက်စပ်ထားသည့် သဘောတရား မူဘောင်အား ရှင်းရှင်းလင်းလင်းနှင့် ခေတ်နှင့်အညီ တင်ပြထားသည်။ ယင်းမှာ လက်တွေ့ လုပ်ဆောင်သူများအတွက် သဘောတရားများနှင့် ယင်းတို့ကို အထောက်အကူပြုသည့် လုပ်ဆောင်ရန် စည်းမျဉ်းများ ပါဝင်သည့်အတွက် အသုံးဝင်သည်။

**OHCHR** (2006). F*requently Asked Questions on Human Rights-Based Approach to Development Cooperation.* New York: United Nations. http://www.ohchr.org/Documents/Publications/FAQen.pdf
အဆိုပါ ထုတ်ဝေမှုသည် HRBA အကြောင်း အခြေခံ သဘောတရားများနှင့် အဓိပ္ပာယ် ဖွင့်ဆိုချက်များ ပါဝင်သည့် စာတမ်း တစ်ခု ဖြစ်သည်။

**Sen, A.K.** (1999). *Development as Freedom.* New York: Alfred A. Knopf, Anchor Books.
ထိုဂန္ထဝင် စာအုပ်တွင် လုပ်နိုင်စွမ်း ဆိုင်ရာ ချဉ်းကပ်ပုံကို ဖော်ပြထားပြီး လူ့အခွင့်အရေးဆိုင်ရာ အခန်းနှင့် လူ့အခွင့်အရေးနှင့် လုပ်နိုင်စွမ်းတို့အကြား ဆက်စပ်မှုကို ရှင်းလင်းပြထားခြင်းများ ပါဝင်သည်။

**Shue, H.** (1980). *Basic Rights: Subsistence, Affluence and U.S. Foreign Policy.* Princeton, NJ: Princeton University Press.
ထိုလူ့အခွင့်အရေး ဆိုင်ရာ ဂန္ထဝင် သီအိုရီသည် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးအကြား ဆက်စပ်မှုများကို ရှာဖွေရာတွင် အရေးပါသည့် အခြေခံ ဖြစ်သည်။ ယင်းက စာပေများတွင် ငြင်းခုန် ဆွေးနွေးလေ့ ရှိသည့် စီးပွားရေး အခွင့်အရေးများ အပါအဝင် အခြေခံ အသက်ရှင်သန်ရေးဆိုင်ရာ အခွင့်အရေးများကို သီအိုရီအရ ခုခံ ကာကွယ်ထားသည်။

**UNDP** (2000). *Human Development Report 2000: Human Rights and Human Development.* New York: Oxford University Press.
လူ့အခွင့်အရေး ရှုထောင့်မှ ရေးသားထားသည့် ထိုစာအုပ်သည် HRBA နှင့် HD/CA တို့အကြား တူညီမှုများနှင့် လိုက်ဖက်ညီမှုများကို ဆွေးနွေးထားသည်။ ယင်းတွင် (အာမာတီယာဆန် ရေးသားသည့်) သဘောတရားများ၊ သမိုင်းကြောင်း၊ ဒီမိုကရေစီ၊ ညွှန်းကိန်းများ အသုံးပြုခြင်း၊ ဆင်းရဲမွဲတေမှုနှင့် မူဝါ အာဂျန်ဒါ အခန်းများ ပါဝင်သည်။

**Uvin, P.** (2004). *Human Rights and Development.* Bloomfield, CT: Kumarian Press.
ထိုစာအုပ်တွင် HRBA ကို ဖွံ့ဖြိုးရေး အလေ့အကျင့်အဖြစ် အသုံးပြုခြင်း၏ စိန်ခေါ်မှုများကို လေ့လာထားသည်။ စာအုပ်တွင် လေ့လာမှုအတွက် စနစ်တကျ လေ့လာဆန်းစစ်ရေး မူဘောင် ထားရှိပြီး လေ့လာမှုကို အမျိုးစုံ ကွဲပြားသည့် ဖွံ့ဖြိုးရေး ဆိုင်ရာ ပြောဆို ရေးသားမှုများအပေါ် အခြေခံသည်။ HRBA ချဉ်းကပ်ပုံကို ငြင်းပယ်ခြင်း မရှိဘဲ ယင်း၏ အတားအဆီးများနှင့် ဝေဖန်ချက်များကို ဖော်ပြထားသည်။

**http://www2.ohchr.org/** ယင်းမှာ OHCHR ၏ တရားဝင် ဝက်ဘ်ဆိုဒ် ဖြစ်ပြီး လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေး၊ အထူးသဖြင့် ဖွံ့ဖြိုးရေး၊ ဆင်းရဲမွဲတေမှုနှင့် MDGs အကြောင်းများကို လေ့လာလိုလျှင် သွားရောက်ကြည့်ရှုရမည့် ဝက်ဘ်ဆိုဒ် ဖြစ်သည်။

**http://www.ohchr.org/EN/Issues/Development/Pages/DevelopmentIndex.aspx** ထိုဝက်ဘ်ဆိုဒ်တွင် လက်ရှိ ငြင်းခုံ ဆွေးနွေးမှုများအတွက် အခြေခံ စာတမ်းများနှင့် အချက်အလက်များအပြင် ဖွံ့ဖြိုးတိုးတက်ခွင့်ဆိုင်ရာ အလုပ် အဖွဲ့၏ လုပ်ဆောင်ချက်များ ပါဝင်သည်။

**http://www.ohchr.org/EN/Issues/Poverty/Pages/SRExtremePovertyIndex.aspx** ထိုစာမျက်နှာတွင် ဆင်းရဲမွဲတေမှုကို လူ့အခွင့်အရေး ကိစ္စရပ်အဖြစ် ရှုမြင်ထားသည့် အခြေခံ အချက်အလက်များ ပါဝင်သည်။ လက်ရှိ လုပ်ငန်းများ၊ အလွန်အမင်း ဆင်းရဲမွဲတေမှု ဆိုင်ရာ လွတ်လပ်သော ကျွမ်းကျင်သူ၏ အစီရင်ခံစာများနှင့် စာတမ်းများအတွက် link များ ပါရှိသည်။

http://www.ohchr.org/EN/Issues/MDG/Pages/MDGIndex.aspx MDGs ဆိုင်ရာ ဝက်ဘ်ဆိုဒ်တွင် မည်သည့်အတွက်ကြောင့် MDGs များသည် သင့်တင့်လျောက်ပတ်သော လူ့အခွင့်အရေး ဖြစ်သည် အပေါ် UN OHCHR ၏ အမြင်များကို ဖော်ပြထားသည်။ ထိုကိစ္စရပ် ဆိုင်ရာ စာတမ်းများလည်း ဖော်ပြထားသည်။

**http://www.chrgj.org/** ယင်းမှာ the Center for Human Rights and Global Justice of the New York University School of Law ၏ ဝက်ဘ်ဆိုဒ် ဖြစ်သည်။ ထိုစင်တာသည် လူ့အခွင့်အရေးနှင့် ဂလိုဘယ်လ်လိုက်ဇေးရှင်း၏ ဆင်းရဲသားများနှင့် ဆင်းရဲသည့် နိုင်ငံများအပေါ် သက်ရောက်မှု များကို လေ့လာသည့် အဓိက သုတေသန စင်တာ တစ်ခု ဖြစ်သည်။ ထိုဝက်ဘ်ဆိုဒ်တွင် အဆိုပါ ကိစ္စရပ်နှင့် စပ်လျဉ်းသော အချက်အလက်များနှင့် နောက်ဆုံး လုပ်ဆောင်ထားသည့် သုတေသန များမှ လုပ်ငန်းစာစဉ်များလည်း ရှိသည်။

**http://www.cdhr.org.in/** ထိုဝက်ဘ်ဆိုဒ်သည် အိန္ဒိယနိုင်ငံ နယူးဒေလီတွင် ရှိသည့် Centre for Development and Human Rights ၏ ဝက်ဘ်ဆိုဒ် ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ခွင့်အကြောင်း ဖော်ပြချက်များ ပါရှိသည်။

**https://www.iidh.ed.cr/multic/DefaultIIDHEn.aspx** လက်တင် အမေရိကမှ သုတေသနနှင့် သင်တန်းဆိုင်ရာ အင်စတီကျူးရှင်း တစ်ခု ဖြစ်သော Inter-American Institute of Human Rights ၏ ဝက်ဘ်ဆိုဒ်တွင် လူ့အခွင့်အရေး ဆိုင်ရာ အခြေအနေများနှင့် လေ့လာချက်များ အကြောင်း အချက်အလက်များ

ဖော်ပြထားသည်။ ယင်းဝက်ဘ်ဆိုဒ်တွင် အခွင့်အရေးများ အချက်အလက်များနှင့် အဖွဲ့အစည်း လက်ရှိလုပ်ဆောင်နေသည် လုပ်ငန်းများအကြောင်းကို ဖော်ပြထားသည်။

## မှတ်စုများ

၁။ ဤသည်မှာ လူ့အခွင့်အရေးကို ပုံဖော်လေ့ ရှိသည့် ပုံစံ ဖြစ်သည်။ အထူးသဖြင့် စည်းရုံး ဆွဲဆောင်သူများနှင့် ခုခံကာကွယ်သူများက လူ့အခွင့်အရေး အလေ့အကျင့်များကို ပုံဖော်လေ့ ရှိသည့် ပုံစံ ဖြစ်သည်။ အခန်း ၃ တွင် လူ့အခွင့်အရေးက ကမ္ဘာ့ ကြိုးပမ်းဆောင်ရွက်မှု ဖြစ်ခဲ့ပုံ သမိုင်းကို ဖော်ပြထားသည်။ “The Ongoing Global Struggle for Human Rights” (UNDP, 2000, pp. 27-9) တွင် နိုင်ငံတကာ ဥပဒေ၌ လူ့အခွင့်အရေး ပြောင်းလဲလာပုံများ၏ မှတ်တိုင်များနှင့် တိုးတက်မှုများကို မှတ်တမ်းတင်ထားသည်။

၂။ ထိုငြင်းခုံမှုများကို Bunn (2000) တွင် လေ့လာနိုင်ပါသည်။

၃။ အခြားချဉ်းကပ်ပုံ အမျိုးအပြားလည်း ရှိသေးသည်။ ယင်းတို့မှာ ရေရှည် တည်တံ့ခိုင်မြဲရေး ချဉ်းကပ်ပုံ၊ ဒေသခံများ ဦးစားပေးရေး ချဉ်းကပ်ပုံ (သို့) ဖွံ့ဖြိုးရေး ခေတ်လွန် ချဉ်းကပ်ပုံတို့ ဖြစ်သည်။ ထိုချဉ်းကပ်ပုံများသည် တစ်ခုနှင့် တစ်ခု လုံးဝ ကွာခြားကြသည် မဟုတ်ပေ။ ထိုချဉ်းကပ်ပုံများကို အပြည့်အဝ ဆွေးနွေးခြင်းသည် ယခု အခန်း၏ ဘောင်အပြင်ဘက်သို့ ရောက်သွားလိမ့်မည်။ သို့ရာတွင် ထိုချဉ်းကပ်ပုံများ၏ အနှစ်ချုပ်ကို Greig, Hume and Turner (2007) က တင်ပြထားသည်။

၄။ Oxfam International ၏ ဝက်ဘ်ဆိုဒ် http://www.oxfam.org/en/about တွင် ရှုပါ။

၅။ MDGs များကို ကုလသမဂ္ဂက ညတွင်းချင်း ရေးလိုက်ခြင်း မဟုတ်ပေ။ MDGs များမှာ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း အစိုးရများ အကြား ရရှိခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်များ (အရပ်ဘက် အဖွဲ့အစည်းများလည်း တက်ကြွစွာ ဝင်ရောက် ကူညီခဲ့သည့် ဆွေးနွေးမှုများ) ကို အခြေခံသည်။ MDGs နှစ်ခုမှ လွဲ၍ ကျန်အချက်များ အားလုံးမှာ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေး ညီလာခံများတွင် ဆွေးနွေးခဲ့ပြီး အတည်ပြုခဲ့သော အစီအစဉ်များမှ ကတိကဝတ်များကို အခြေခံထားခြင်း ဖြစ်သည်။ ထိုညီလာခံများတွင် နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် ကမ္ဘာ့အဆင့် ဆွေးနွေးချက်များလည်း ပါဝင်ခဲ့သည်။ MDGs များသည် ကမ္ဘာပေါ်ရှိ ချမ်းသာသော နိုင်ငံများ၏ သဘောတူညီချက်များ အပေါ်တွင် အခြေတည်ထားသည်။ စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှု ဆိုင်ရာ အဖွဲ့အစည်း၏ ဖွံ့ဖြိုးမှု အကူအညီ ဆိုင်ရာ ကော်မတီက ၎င်း၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို အစောပိုင်းကပင် ချမှတ်ခဲ့ပြီး ဖြစ်သည် (OECD, 1996)။

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၁၃) စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုနှင့် လူ့အခွင့်အရေး

**ဒေးဗစ် အယ်လ် ရစ်ချတ်နှင့် ရော်နယ်လ် ဒီ ဂယ်လ်လန်နီ (David L. Richards and Ronald D. Gelleny**

အခန်း မာတိကာ

- နိဒါန်း
- စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုနှင့် အစိုးရများက လူ့အခွင့်အရေးကို လေးစား လိုက်နာမှု၊ ဆန့်ကျင်ဘက် အမြင် နှစ်ခု
- ဂလိုဘယ်လ် လိုက်ဖေးရှင်းနှင့် လူ့အခွင့်အရေး၊ လက်တွေ့ ရလဒ်များကို ဆန်းစစ်ခြင်း
- ဖြစ်ရပ် လေ့လာခြင်း၊ MNCs များက လူ့အခွင့်အရေးတွင် ရင်းနှီးမြှုပ်နှံပါသလား
- အချက်အလက်များနှင့် သုတေသန ပုံစံ
- တွေ့ရှိချက်များ
- နိဂုံး

စာဖတ်အညွှန်း

ယခုအခန်းတွင် စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှု (economic globalization) နှင့် နိုင်ငံတကာ လူ့အခွင့်အရေး၏ အမျိုးအစားခွဲ နှစ်ခု ဖြစ်သည့် ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေး (physical integrity rights) နှင့် မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေး (empowerment rights) တို့ကို အစိုးရက လေးစားလိုက်နာမှုတို့အကြား ဆက်ဆံရေးကို စာရင်းအင်း နည်းပညာများ အသုံးပြုကာ ဆန်းစစ်ထားသည်။ ရှေးဦးစွာ စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုနှင့် အစိုးရ၏ လူ့အခွင့်အရေး လေးစား လိုက်နာမှုတို့အကြား ဆက်စပ်မှုနှင့် စပ်လျဉ်းပြီး မတူညီသည့် သီအိုရီ ချဉ်းကပ်ပုံ အမျိုးမျိုးကို ဖော်ပြထားသည်။ ထို့နောက် ထိုဆက်စပ်မှုကို ဆန်းစစ်သည့် ကိန်းဂဏန်း အခြေပြု လေ့လာဆန်းစစ်မှုမှ သုတေသန တွေ့ရှိချက်များကို ဆွေးနွေးထားသည်။ နောက်ဆုံးအနေဖြင့် ကိန်းဂဏန်း အခြေပြု နည်းလမ်းများကို အသုံးပြုပြီး အစိုးရ၏ လူ့အခွင့်အရေးကို လေးစား လိုက်နာမှုက ဖွံ့ဖြိုးဆဲ နိုင်ငံ တစ်နိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်စွမ်း အပေါ် သက်ရောက်မှု ရှိပါသလား ဟူသည့် အချက်ကို ဆန်းစစ်ထားသည်။ ကျွန်ုပ်တို့၏ တွေ့ရှိချက်အရ နိုင်ငံသားများ၏ ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးနှင့် မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများကို လေးစားလိုက်နာသည့် အစိုးရများသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ပိုမို ဆွဲဆောင်နိုင်ကြောင်း တွေ့ရသည်။

## နိဒါန်း

ယခု အခန်းတွင် စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုနှင့် အစိုးရ၏ လူ့အခွင့်အရေး လေးစား လိုက်နာမှုတို့အကြား ဆက်စပ်မှုကို ဆန်းစစ်ထားသည်။ ရှေးဦးစွာ စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက်

ပုံ့နှံမှုနှင့် အစိုးရ၏ လူ့အခွင့်အရေး လေးစား လိုက်နာမှုတို့အကြား ဆက်စပ်မှုနှင့် စပ်လျဉ်းပြီး မတူညီသည့် သီအိုရီ ချဉ်းကပ်ပုံ အမျိုးမျိုးကို ဖော်ပြထားသည်။ ထို့နောက် ထိုဆက်စပ်မှုကို ဆန်းစစ်သည့် ကိန်းဂဏန်း အခြေပြု လေ့လာဆန်းစစ်မှုမှ သုတေသန တွေ့ရှိချက်များကို အကဲဖြတ်ထားသည်။ နောက်ဆုံးအနေဖြင့် စာရင်းအင်းအရ စမ်းသပ်ခြင်း အပါအဝင် ဖြစ်ရပ် လေ့လာမှု တစ်ခုကို အသုံးပြုကာ အစိုးရ၏ လူ့အခွင့်အရေးကို လေးစား လိုက်နာမှုက ဖွံ့ဖြိုးဆဲ နိုင်ငံ တစ်နိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်စွမ်း အပေါ် သက်ရောက်မှု ရှိပါသလား ဟူသည့် အချက်ကို ဆန်းစစ်ထားသည်။

စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပုံ့နှံမှုကို အစိုးရများ လုပ်ဆောင်သည့် နီယို လစ်ဘရယ် စီးပွားရေး မူဝါဒ ပြုပြင် ပြောင်းလဲမှုများ အကောင်အထည် ဖော်ခြင်း (ဥပမာ စည်းကြပ်မှု ဖြေလျှော့ခြင်းနှင့် ပုဂ္ဂလိကပိုင် ပြောင်းလဲပစ်ခြင်း မူဝါဒများ) နှင့် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ လုပ်သားနှင့် အရင်းအနှီးများ တစ်ကမ္ဘာလုံး စီးဆင်းမှု တိုးပွားလာခြင်းဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည် (Richards and Gelleny, 2002, 2007)။ ဂလိုဘယ်လ် လိုက်ဇေးရှင်းကို ကမ္ဘာတစ်ဝန်း အရင်းရှင် စနစ်များ ပေါင်းစပ်သွားခြင်း၏ နောက်ဆုံး အဆင့်အဖြစ် သတ်မှတ်ထားသည်။ သဘောတရား အမြင် မူဝါဒများ၊ အကာအကွယ်ပေးရေး ဆိုင်ရာ ပြည်တွင်း မူဝါဒများ (သို့) ကမ္ဘာ့ စီးပွားရေးမှ သီးခြား နေထိုင်ရန် ဆုံးဖြတ်ခြင်းတို့ဖြင့် ထိုဖြစ်စဉ်တွင် ဖယ်ထုတ်ခံထားရသော နိုင်ငံများလည်း နိုင်ငံတကာ စီးပွားရေး စနစ်တွင် ရှိသည်။ အစိုးရများက စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပုံ့နှံမှုကို စီးပွားရေးနှင့် နိုင်ငံရေးအရ ဖွံ့ဖြိုးတိုးတက်ရန် အဓိက နည်းလမ်းဟု ရှုမြင်ထားသည်။ မကြာသေးမီ နှစ်များအတွင်း ကမ္ဘာ့ ဈေးကွက်တွင် ဥရောပ အလယ်ပိုင်းနှင့် အရှေ့ပိုင်းမှ နိုင်ငံများ ပါဝင်မှု တိုးတက်လာပြီး နိုင်ငံတကာ ငွေကြေး ရန်ပုံငွေ အဖွဲ့ (International Monetary Fund (IMF)၊ ကမ္ဘာ့ဘဏ်နှင့် ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့အစည်း (Wrold Trade Organization (WTO)) ကဲ့သို့သော အရင်းရှင် စနစ်ကို မြှင့်တင်ရန်နှင့် ထိန်းသိမ်းရန် ဖွဲ့စည်းထားသည့် နိုင်ငံတကာ အဖွဲ့အစည်းများလည်း ပေါ်ပေါက်လာသည်။ တရုတ်နှင့် အိန္ဒိယတို့က စီးပွားရေး တိုးတက်မှုကို ရှာဖွေရန် ကြိုးပမ်းလာကြပြီး ကမ္ဘာ့ ဈေးကွက်နှင့်လည်း ပိုမို ပေါင်းစပ်လာသည်။ ထို့ပြင် ဂါနာ၊ ကင်ညာ၊ မော်ရီတေးနီးယားနှင့် တန်ဇန်းနီးယား နိုင်ငံများ အပါအဝင် အာဖရိကမှ နိုင်ငံ အများအပြားသည်လည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရန် လွတ်လပ်သော ဈေးကွက်ဆိုင်ရာ မူဝါဒ ပြုပြင် ပြောင်းလဲမှုများ စတင်လာကြသည် (UNCTAD, 2007)။

တစ်ချိန်တည်းမှာပင် ကမ္ဘာ့ အသိုင်းအဝိုင်းက ဂလိုဘယ်လ်လိုက်ဇေးရှင်းနှင့် လူ့အခွင့်အရေး တို့အကြား ဆက်နွှယ်မှုများကို ပို၍ အာရုံစိုက်လာပြီး ဂလိုဘယ်လ် လိုက်ဇေးရှင်း ဖြစ်စဉ်က အစိုးရ၏ လူ့အခွင့်အရေးအပေါ် လေးစား လိုက်နာမှုများကို မြှင့်တင်ပေးသလား၊ ထိခိုက်စေသလား ဟူသည့် မေးခွန်းကို မေးမြန်းလာကြသည်။ ဂလိုဘယ်လ် လိုက်ဇေးရှင်းသည် များသောအားဖြင့် နိုင်ငံ တစ်နိုင်ငံ၏ နိုင်ငံသားများအပေါ် အထက်မှ ချမှတ်ခြင်း ဖြစ်ပြီး ယင်းကြောင့် သိသိသာသာ ထိခိုက်ရသူများသည် အကောင်အထည် ဖော်သည့် ဖြစ်စဉ်တွင် ပါဝင်မှု အနည်းငယ် (သို့) လုံးဝ မရှိကြပေ။ ဂလိုဘယ်လ် လိုက်ဇေးရှင်းကို ဆန့်ကျင်သူများက ဂလိုဘယ်လ် လိုက်ဇေးရှင်းသည် နိုင်ငံ ဖြတ်ကျော် ဆောင်ရွက်သည့် စီးပွားရေး လုပ်ငန်းများ (multinational corporations (MNCs)) များကို လူ့အခွင့်အရေး ထိခိုက်မှုမှ တစ်ဆင့် စီးပွားရေး အကျိုးအမြတ်များ ရယူပေးသည်ဟု စွပ်စွဲ ကြသည်။ မီဒီယာက MNCs များနှင့် ဆက်စပ်နေသည့် ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှု အချို့ကို မီးမောင်းထိုးပြကြသည်။ ဥပမာ ရေနံ ကုမ္ပဏီကြီး တစ်ခု

ဖြစ်သည့် ယူနီကယ်လ်သည် မြန်မာနိုင်ငံရှိ သဘာဝ ဓာတ်ငွေ့ ပိုက်လိုင်းဖောက်ရာ လမ်းတစ်လျှောက်တွင် စစ်သားများက အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း၊ အဓမ္မ ပြုကျင့်ခြင်းနှင့် လူသတ်ခြင်းများ လုပ်ဆောင်ခြင်းတို့၌ ပါဝင် ပတ်သက်နေကြောင်း စွပ်စွဲ ခံခဲ့ရသည်။[၁] ရှဲလ်နှင့် ရှက်ဗရွန် တို့သည်လည်း နိုင်ဂျီးရီးယားတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ လုပ်ဆောင်ကြောင်း စွပ်စွဲ ခံရသည်။ တရုတ်နိုင်ငံနှင့် ဟွန်ဒူးရက်စ်မှ ဝေါလ်မာ့တ်သို့ ကုန်သွင်းသူများသည်လည်း လူ့အခွင့်အရေး ချိုးဖောက်မှု အများအပြား ကျူးလွန်ကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ပြင် ယခင် တီဗီ စကားပြော အစီအစဉ်မှ အစီအစဉ် ကြေညာသူ ကေသီလီဂစ်ဖော့ဒ် (Kathie Lee Gifford) ပိုင်ဆိုင်ပြီး ဝေါလ်မာ့တ်တွင် ရောင်းချနေသည့် အင်္ကျီ ထုတ်လုပ်ရေးသည် ဟွန်ဒူးရက်စ်မှ ဖိနှိပ်သည့် အထည်ချုပ် လုပ်ငန်းများတွင် ထုတ်လုပ်ကြောင်း တွေ့ရသည်။ ဂလိုဘယ်လ် လိုက်ဖေးရှင်းသည် လူ့ဂုဏ်သိက္ခာကို အန္တရာယ် ပြုနိုင်ချေ ရှိပေရာ ပညာရှင်များက ဂလိုဘယ်လ် လိုက်ဖေးရှင်း ဖြစ်စဉ်၏ ဖြစ်နိုင်ခြေ ရှိသော အကျိုးဆက်များကို ပွင့်လင်းမြင်သာမှု ရှိစွာ နားလည်လာစေရန် ကြိုးပမ်းကြရသည်။

## စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုနှင့် အစိုးရများက လူ့အခွင့်အရေးကို လေးစား လိုက်နာမှု၊ ဆန့်ကျင်ဘက် အမြင် နှစ်ခု

### အကောင်းမြင် ဝါဒ၊ ဂလိုဘယ်လ်လိုက်ဖေးရှင်းနှင့် ဖွံ့ဖြိုးရေးအတွက် လမ်းကြောင်း

စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုသည် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ စီးပွားရေးများထံ နည်းမျိုးစုံဖြင့် ဝင်ရောက်လာနိုင်သည်။ ဆိုလိုသည်မှာ MNCs များနှင့် ငွေကြေး ရင်းနှီး မြှုပ်နှံသူများသည် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (foreign direct investment (FDI)) နှင့် ပေါ့တ်ဖော်လီယို ရင်းနှီးမြှုပ်နှံမှု (portfolio investment) အစရှိသည်တို့မှ တစ်ဆင့် ကမ္ဘာ တစ်ဝန်းရှိ စီးပွားရေးများတွင် တည်ရှိနေနိုင်သည်။ FDI တွင် အခြား နိုင်ငံများ၌ စက်ရုံများ တည်ဆောက်ခြင်း (သို့) နိုင်ငံခြားရှိ ကုမ္ပဏီများ၏ ရှယ်ယာများ ရယူခြင်း (ရှယ်ယာ ၁၀ ရာခိုင်နှုန်းကျော် ထိန်းသိမ်းခြင်း) တို့ ပါဝင်သည်။ အဆောက်အဦများ၊ စက်ပစ္စည်းများနှင့် အခြား ပစ္စည်းများတွင် တိုက်ရိုက် ရင်းနှီး မြှုပ်နှံ ရသောကြောင့် FDI ကို ကာလ ရှည်ကြာ ရင်းနှီးမြှုပ်နှံမှုဟု သဘောထား ကြသည်။ ပေါ့တ်ဖော်လီယို ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံခြား ကုမ္ပဏီများ၌ ၁၀ ရာခိုင်နှုန်းအောက် စတော့ရှယ်ယာများနှင့် ဘွန်း (bonds) များ ဝယ်ယူခြင်းတို့ ပါဝင်သည်။ ပေါ့တ်ဖော်လီယို ရင်းနှီးမြှုပ်နှံမှုတွင် ထိန်းချုပ်ခြင်း မရှိပေရာ ထိုရင်းနှီးမြှုပ်နှံမှုများသည် FDI နှင့် နှိုင်းယှဉ်လျှင် ပို၍ အတည်တကျ မရှိပေ (Kenen, 1994; Walther, 1997 တို့ကို ရှုပါ)။

ဂလိုဘယ်လ် လိုက်ဖေးရှင်းကို ကျင့်သုံးသော နိုင်ငံများသည် စီးပွားရေး တိုးတက်လာမည် ဖြစ်ပြီး ထိုအရွေ့တွင် လိုက်ပါရန် ပျက်ကွက်သူများသည် ဖွံ့ဖြိုးတိုးတက်မှု မရှိခြင်းနှင့် ရင်ဆိုင်ကြရမည် ဖြစ်သည်။ လေ့လာချက်များအရ ရင်းနှီးမြှုပ်နှံမှု မြင့်မားလာခြင်းနှင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းနှင့် အထွေထွေ လူမှု စီးပွားရေး ဖူလုံမှုများ တိုးတက်လာမှုတို့အကြား ဆက်စပ်မှု ရှိသည်ဟု ဆိုထားသည် (စာသေတ္တာ ၁၃.၁၊ ဥပမာ က တွင် ရှုပါ)။

MNC ၏ ရင်းနှီးမြှုပ်နှံမှုများသည် စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုတွင် အခရာကျသည်ဟု ရှုမြင်ကြသူ အများအပြား ရှိသည်။ FDI အတွက် ဈေးကွက်ကို ဖွင့်ပေးထားသည့် ဖွံ့ဖြိုးဆဲ နိုင်ငံများသည် အဆင့်မြင့် နည်းပညာများ ရရှိနိုင်ပြီး အဆင့်မြင့် အုပ်ချုပ်မှုနှင့် ဈေးကွက် မြှင့်တင်ရေး နည်းလမ်းများကိုလည်း ထိတွေ့ရနိုင်သည်။ ထို့ပြင် ပို၍ အားကောင်းသော စီးပွားရေး ဖွံ့ဖြိုးမှုနှင့် လုပ်သား ဈေးကွက် ကျယ်ပြန့်လာခြင်းတို့လည်း ရရှိနိုင်သည်။ ထို့ပြင် MNC က ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် အလုပ်များ ဖန်တီးပေးနိုင်ပြီး ပြည်တွင်း အလုပ်ရှင်များထက် လခ ပိုပေးနိုင်သည် (Harrison and Scorse, 2003; Bhagwati, 2004; Gray, Kittilson and Sandholtz, 2006)။

| စာသေတ္တာ ၁၃.၁။ အကောင်းမြင်ခြင်း ဥပမာများ |
| --- |
| (က) ကမ္ဘာ့ ငွေရေး ကြေးရေးနှင့် ပို့ကုန် ဈေးကွက်များသို့ ဝင်ရောက်နိုင်ခြင်းသည် ဇီကျန်း ဒေသ ကဲ့သို့သော တရုတ်နိုင်ငံ၏ အစိတ်အပိုင်းများကို အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများနှင့် ပြည့်နှက်လာစေပြီး သာမန် ပြည်သူပေါင်းများစွာ၏ လူနေမှု အဆင့်အတန်းကို မြှင့်တင်ပေးနိုင် ခဲ့သည် (Eckholm, 2003)။ ကုန်သွယ်ရေးနှင့် ငွေအရင်းအနှီး တို့တွင် အတားအဆီးများ ဖယ်ရှားပေးခြင်းဖြင့် အိန္ဒိယ နိုင်ငံကလည်း တရုတ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှု နှုန်းထားများကို အမှီ လိုက်လာသည်။ အိန္ဒိယ၏ စီးပွားရေးသည် ၂၀၀၆ ခုနှစ်တွင် ၉.၂ ရာခိုင်နှုန်းအထိ တက်သွားခဲ့ပြီး ၂၀၀၂ နှင့် ၂၀၀၆ အကြားတွင် တစ်နှစ် ၉ ရာခိုင်နှုန်းခန့်ဖြင့် တိုးတက်နေသည် (*The Economist,* 1 Febrauary 2007)။ |
| (ခ) ဗြိတိသျှ ရေနံ လုပ်ငန်းက ငှက်ဖျား တိုက်ဖျက်ရေး ဆေးများ ထိန်းသိမ်းရန် ရေခဲသေတ္တာများ လှူဒါန်းခဲ့သည်။ ဗီယက်နမ်တွင်လည်း ရေလှုံခြင်းနှင့် ဆက်စပ်သည့် ပျက်စီးမှုများကို ထိန်းချုပ်နိုင်ရန် ကွန်ပျူတာ နည်းပညာတွင် ရင်းနှီးမြှုပ်နှံပေးခဲ့သည်။ ရှဗရွန်ကမူ နိုင်ငံသားများ ပို၍ အားကိုးအားထား ပြုနိုင်သည့် ရေပေးဝေရေး စနစ်ရရှိရေး အတွက် နိုင်ဂျီးရီးယားတွင် ရေနှင့် သက်ဆိုင်သော အခြေခံ အဆောက်အဦများ တည်ဆောက်ရေးတွင် မြှုပ်နှံထားသည် (Monshipouri, Welch, and Kennedy, 2003; Nwankwo, Phillips, and Tracey, 2007) |

MNC များကို အပြောင်းအလဲအတွက် မောင်းနှင်အား တစ်ခုအဖြစ် ရှုမြင်ကြကာ ဒေသခံ အီလစ်များ၏ အာဏာကို လျှော့ကျစေပြီး ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ ယဉ်ကျေးမှု စံနှုန်း စနစ်နှင့် လူမှုရေး သဘောထားများကိုလည်း ပြောင်းလဲပစ်သည် (Diebold, 1974; Biersteker, 1978)။ MNC မှ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်နှင့် ထိန်းသိမ်းရန် အစိုးရများက ဒေသခံ အကျိုးစီးပွား ပါဝင်ပတ်သက်နေသည့် အုပ်စုများကို ဆင်းရဲသား အုပ်စုများထက် ပို၍ အကျိုးဖြစ်ထွန်းစေသည့် ခေတ်ဟောင်း မူဝါဒများကိုလည်း ပြန်လည် ပြင်ဆင်ရသည်။ အစိုးရများသည် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်များ ထူထောင်ရန်နှင့် လေးစား လိုက်နာရန်၊ လုပ်သား ခန့်အပ်ရေးတွင် ခွဲခြားမှု မရှိသော ဝန်းကျင် တစ်ခုကို ဖန်တီးရန်နှင့် လူမှု ဝန်ဆောင်မှုများနှင့် အခြေခံ အဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းခြင်း ခံကြရသည်။ MNC များ၏ နိုင်ငံခြားသား ဝန်ထမ်းများနှင့် ၎င်းတို့၏ နိုင်ငံခြား ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှု ပုံစံများသည် နိုင်ငံတွင်း လုပ်သား ငှားရမ်းမှု လိုအပ်ချက်များနှင့် လုပ်သားများ၏ လုံခြုံရေး အခြေအနေများထက် မကြာခဏ ပိုမို မြင့်မားတတ် ကြသည် (Mears, 1995; Harrison and Scorse, 2003)။ ထို့ပြင် MNCs များသည် ၎င်းတို့၏ စီးပွားရေး အရ လုပ်ဆောင်ရမည့် တာဝန်များကို ကျော်လွန်ကာ နိုင်ငံတွင်း အခြေခံ အဆောက်အဦ တည်ဆောက်ရေး စီမံကိန်းများကို ထောက်ပံ့ခြင်း (သို့) ပြည်တွင်း လူမှုရေး

ပြဿနာများကို တိုက်ဖျက်ရန် ကြိုးပမ်းမှုများတွင် ရင်းနှီးမြှုပ်နှံခြင်းများ ပြုလုပ်ကြသည် (စာသေတ္တာ ၁၃.၁ ဥပမာ ခ နှင့် စာသေတ္တာ ၁၃.၂ ကို ရှုပါ)။ ထို့ကြောင့် MNCs များသည် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ ထီးတည်းနေထိုင်၍ အများနှင့် ကင်းကွာနေသည့် အလေ့အထများကို ပယ်ဖျက်ကာ ပြည်တွင်း ဆက်ဆံရေးများကို တည်ငြိမ်လာစေသည်။

FDI အပြင် ပေါ့တ်ဖော်လီယို ရင်းနှီးမြှုပ်နှံမှုကလည်း ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ စီးပွားရေး တိုးတက်မှုကို မြှင့်တင်ရာတွင် အရေးပါသည်ဟု ထောက်ပြကြသည်။ ပေါ့တ်ဖော်လီယို ရင်းနှီးမြှုပ်နှံမှုအတွက် ဖြေလျှော့ပေးခြင်းသည် (ပြည်တွင်း ဈေးကွက်တွင်) ပိုလျှံနေသော ပိုင်ဆိုင်မှုများကို ဖွံ့ဖြိုးဆဲ နိုင်ငံများမှ ငွေကြေး လိုအပ်နေသည့် ချေးငှားသူများထံ စီးဆင်းစေသည်။ ဖွံဖြိုးဆဲ နိုင်ငံများတွင် စီးပွားရေး ဖွံ့ဖြိုးမှုကို တားဆီးနေသည့် ပြဿနာမှာ ပြည်တွင်း လုပ်ငန်းများ ချဲ့ထွင်ရန် ငွေကြေး မရှိခြင်းပင် ဖြစ်သည်။ ပုံမှန်အားဖြင့် ငွေကြေး ဈေးကွက်မှ ဖယ်ထုတ်ထားခံရသော အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများသည် ယခုအခါ နိုင်ငံတကာ မြှုပ်နှံမှုများမှ စီးပွားရေး ချဲ့ထွင်ရန် ငွေကြေး အထောက်အပံ့နှင့် နည်းပညာ တိုးတက်မှုများ ရရှိနိုင်ပြီ ဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်း အသစ်များနှင့် လခများကို မြင့်မားလာစေသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများမှ အစိုးရများသည် အခြေခံ အဆောက်အဦ စီမံကိန်းများကို ကိုယ်တိုင်ကိုယ်ကျ အကောင်အထည်ဖော် ဆောင်ရွက်လေ့ မရှိပေ။ ထိုအစား နိုင်ငံတကာ အရင်းအနှီး ဈေးကွက်များမှ တစ်ဆင့် အမြတ်ငွေ ရရှိရန်အတွက် အခြေခံ အဆောက်အဦ စီမံကိန်းများအား ငွေကြေး ပံ့ပိုးသည့် ပုဂ္ဂလိက ကုမ္ပဏီများကို ကန်ထရိုက်များ ပေးလာကြသည် (Likosky, 2003)။ ထိုပြောင်းလဲမှုကို ထောက်ခံသူများက အခြေခံ အဆောက်အဦ စီမံကိန်းများသည် ထိုနည်းဖြင့် ပို၍ ထိရောက်စွာ လုပ်ဆောင်နိုင်ပြီး အခွန်ဆောင် ပြည်သူများအတွက် ဈေးပို သက်သာစွာဖြင့် လုပ်ဆောင်နိုင်သည်ဟု ဆိုကြသည်။

စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှု၏ အခြား ရှုထောင့် တစ်ခုမှာ ကုန်သွယ်ရေးကို ဖြေလျှော့ခြင်း ဖြစ်သည်။ ကုန်သွယ်ခွန်နှင့် ကုန်သွယ်ခွန် မဟုတ်သော အတားအဆီးများကို လျှော့ချခြင်းနှင့်/ သို့မဟုတ် ဖျက်သိမ်းခြင်းသည် ဂလိုဘယ်လ်လိုက်ဇေးရှင်း၏ နောက်ကွယ်မှ မောင်းနှင်အား တစ်ခု ဖြစ်သည်။ ကုန်သွယ်ရေးသည် ပြည်တွင်း လုပ်ငန်းများကို နိုင်ငံတကာ ပြိုင်ဆိုင်မှုနှင့် ထိတွေ့စေခြင်း ဖြစ်သည်။ ပြည်တွင်း အလုပ်အကိုင် ရှိမှုနှုန်းနှင့် ဝင်ငွေမြင့်နှုန်းကို ထိန်းသိမ်းထားနိုင်ရန် ပြည်တွင်း လုပ်ငန်းများသည် နိုင်ငံခြား ကုမ္ပဏီများနှင့် ထိထိရောက်ရောက် ယှဉ်ပြိုင်နိုင်ရမည် ဖြစ်သည်။ ဂလိုဘယ်လ် လိုက်ဇေးရှင်း ဖြစ်ပေါ်လာခြင်းနှင့်အတူ အမေရိကန် နိုင်ငံ၏ ကုန်သွယ်ရေးတွင် လွှမ်းမိုးမှုလည်း ကျဆင်းလာပြီး ဖွံ့ဖြိုးဆဲ နိုင်ငံ အများအပြားသည် ယှဉ်ပြိုင်မှု အားသာချက် ရရှိစေရန် ၎င်းတို့၏ (အကန့်အသတ်နှင့်သာ ရှိသော) အရင်းအမြစ်များကို စုစည်းကြကာ ယင်းမှ တစ်ဆင့် ပြည်သူများ၏ လူနေမှု အဆင့်အတန်းကို မြှင့်တင်ပေးကြသည်။ ဖရန်ကယ်လ်နှင့် ရိုမာ (Frankel and Romer) (1999) တို့က ကုန်သွယ်ရေးနှင့် ပြည်တွင်း ထုတ်ကုန် တန်ဖိုး (Gross domestic product (GDP)) အချိုးတွင် တစ်ရာခိုင်နှုန်း မြင့်တက်လာခြင်းသည် ဝင်ငွေတွင် အနည်းဆုံး ၀.၅ ရာခိုင်နှုန်း အထိ မြင့်တက်လာနိုင်ကြောင်း တွေ့ရှိခဲ့သည်။ ဥပမာ မော်ရိုကို နိုင်ငံသည် ကုန်သွယ်ရေး ဖြေလျှော့ပေးလိုက်ပြီး ငါးနှစ်အတွင်း ဆင်းရဲမွဲတေမှုနှုန်း ၂၆ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည် (Keller-Herzog, 1996)။

| စာသေတ္တာ ၁၃.၂။ စိန်ခေါ်နေသော အယူအဆများ၊ စီးပွားရေး လုပ်ငန်းများ၏ တာဝန်များ |
| --- |
| တွေ့ရလေ့ ရှိသည့် အောက်ပါ အဆိုတစ်ခုကို စဉ်းစားကြည့်ပါ။ "စီးပွားရေး လုပ်ငန်း တစ်ခုသည် ၎င်းတို့ ရှယ်ယာဝင်များအပေါ် တာဝန် အမြင့်ဆုံး ယူရသည်" ဟူသည့် အဆို ဖြစ်သည်။ ထိုသို့ ဖြစ်ပါက စီးပွားရေး လုပ်ငန်းများသည် ရှယ်ယာဝင် မဟုတ်သူများအပေါ် တာဝန် မရှိဟု ဆိုလိုခြင်းလော။ စီးပွားရေး လုပ်ငန်းများမှ ရှယ်ယာဝင် မဟုတ်သည့် ဝန်ထမ်းများအတွက်ရော မည်သို့ ဆိုနိုင်မည်နည်း။ အထူးသဖြင့် ၁၉၄၈ ခုနှစ်ကတည်းက စီးပွားရေး လုပ်ငန်းများ၏ အရွယ်အစားနှင့် အာဏာရှိမှု ပြောင်းလဲလာပေရာ လူတစ်ဦးချင်းစီသည် ဂုဏ်သိက္ခာ ရှိသော ဘဝကို ရရှိခွင့် ရှိသည်ဟူသည့် အချက်က တာဝန်မရှိဟူသည့် သဘောတရားအပေါ် မည်ကဲ့သို့ သက်ရောက်မှု ရှိသနည်း။ |

နောက်ဆုံး စဉ်းစားရမည့် အချက်မှာ စနစ် ပြုပြင် ပြောင်းလဲရေး မူဝါဒများ (structural adjustment policies (SAPs)) ဖြစ်သည်။ SAPs များသည် IMF နှင့် ကမ္ဘာ့ဘဏ်တို့မှ ငွေချေးငှားရာတွင် အသုံးပြုသည့် မူဝါဒများ ဖြစ်ပြီး ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် စီးပွားရေး၌ အစိုးရ၏ ပါဝင်မှုကို လျှော့ချပြီး စီးပွားရေး ထိရောက်မှုနှင့် ဖွံ့ဖြိုးမှုတို့ကို မြှင့်တင်ရန် ရည်ရွယ်သည်။ အဓိကအားဖြင့် IMF နှင့် ကမ္ဘာ့ဘဏ်တို့သည် ငွေကြေး ပြတ်တောက်နေသည့် နိုင်ငံများကို လွတ်လပ်သော ဈေးကွက် စီးပွားရေး မူဝါဒများ အကောင်အထည် ဖော်စေခြင်းဖြင့် ငွေကြေး ထုတ်ချေးခြင်း ဖြစ်သည်။ ထိုမူဝါဒများတွင် ကုန်စည်နှင့် ရင်းနှီးငွေများ စီးဆင်းမှုအပေါ် အတားအဆီးများအား ပယ်ဖျက်ခြင်း၊ အစိုးရပိုင် လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲခြင်း၊ ငွေကြေး ဖောင်းပွမှုကို ထိန်းချုပ်ခြင်း၊ အစိုးရ၏ အသုံးစရိတ်များကို လျှော့ချခြင်းနှင့် အစိုးရ ဗျူရိုကရေစီ ဝန်ထမ်းအင်အားကို လျှော့ချခြင်းတို့ ပါဝင်သည်။

ဂလိုဘယ်လ် လိုက်ဖေးရှင်းကို ထောက်ခံသူများက ကမ္ဘာ့ ကုန်သွယ်ရေးနှင့် ငွေကြေး ဈေးကွက်တွင် အတားအဆီးမရှိ ပါဝင်နိုင်ခြင်းအပေါ် မူတည်နေသည့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုသည် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပေါ် လေးစား လိုက်နာခြင်းများကို ဆောင်ကြဉ်းပေး လာလိမ့်မည် ဟုဆိုသည်။ အထူးသဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး ခေတ်မီလာသည်နှင့်အမျှ လူလတ်တန်းစား အချိုးအစားလည်း များပြားလာလိမ့်မည်။ လူလတ်တန်းစားသည် လူ့အဖွဲ့အစည်းတွင် အခြားသူများအပေါ် ပို၍ သဘောထားကြီးသည့် အစိတ်အပိုင်း တစ်ခု ဖြစ်ပြီး နိုင်ငံရေး အီလစ်များ၏ မပြောင်းလဲဘဲ ရှိနေသည့် အခြေအနေကို စိန်ခေါ်ကြသည်။ လူလတ်တန်းစားများသည် ၎င်းတို့ လူတန်းစား တစ်ခုတည်းအတွက် သာမက ပို၍ ဆင်းရဲမွဲတေသူများအတွက်ပါ နိုင်ငံရေး ဖြစ်စဉ်တွင် အသံပြုခွင့်ကို တောင်းဆိုကြလိမ့်မည်။ ထို့ပြင် နိုင်ငံရေးအရ အကြမ်းဖက်မှုနှင့် နှိပ်ကွက်မှုများကိုလည်း တဖြည်းဖြည်း ဆန့်ကျင်လာကြ လိမ့်မည် (Lerner, 1958; Lipset, 1959; Nelson, 1987)။ နိုင်ငံရေးနှင့် လူ့အခွင့်အရေးကို လေးစား လိုက်နာသော အစိုးရကို တောင်းဆိုခြင်းသည် လူလတ်တန်းစားများ ပိုမိုများပြားလာသရွေ့ ပို၍ ကြီးထွား အားကောင်းလာမည် ဖြစ်သည်။ ထို့ကြောင့် ဂလိုဘယ်လ် လိုက်ဖေးရှင်း ဖြစ်စဉ်သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးပြီး ထိုမှ တစ်ဆင့် တည်ငြိမ်ပြီး သဘောထားကြီးသည့် နိုင်ငံရေး ဝန်းကျင် တစ်ခုကို ဖန်တီးပေးသည်။

**အဆိုးမြင်ဝါဒ၊ စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပုံ့နှံ့မှုနှင့် အောက်သို့ အပြိုင်အဆိုင် ထိုးဆင်းကျခြင်း**

အဆိုးမြင် မော်ဒယ်လ် (သို့) ဂလိုဘယ်လ် လိုက်ဖေးရှင်းကို ဆန့်ကျင်သူများက စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပုံ့နှံ့မှုသည် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ ကောင်းကျိုးချမ်းသာကို ခြိမ်းခြောက်နေသည်ဟု ရှုမြင်ကြသည်။ ဂလိုဘယ်လ် လိုက်ဖေးရှင်းကို ဝေဖန်သူများက နီယို လစ်ဘရယ် ဈေးကွက် စီးပွားရေး သဘောတရားများကို အကောင်အထည် ဖော်ခြင်းသည် နိုင်ငံများကို လူမှု ဖူလုံရေး၊ လုပ်သားများ၏ လုံခြုံရေး စံနှုန်းများကို စည်းကြပ်ခြင်း ကဲ့သို့သော လုပ်ဆောင်နေကျ လူမှုရေးဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်ခြင်း မရှိ (သို့) လုပ်ဆောင်လိုစိတ် မရှိ ဖြစ်သွားစေလိမ့်မည်ဟု ဆိုသည်။ ဆိုလိုသည်မှာ အစိုးရသည် ကမ္ဘာ တစ်ဝန်း ယှဉ်ပြိုင်နိုင်စွမ်း မြင့်တက်လာစေရန်နှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန် စီးပွားရေးတွင် ၎င်း၏ အခန်းကဏ္ဍကို လျှော့ချရလေရာ နိုင်ငံတော်သည် နိုင်ငံသားများအတွက် ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေနှင့် အခြားသော လူမှု ဝန်ဆောင်မှုများ ပေးရသည့် တာဝန်များကိုလည်း ရပ်ဆိုင်းပစ်ရသည်။

နီယိုလစ်ဘရယ် အမြင်နှင့် ဆန့်ကျင်စွာပင် MNCs များကို အကျိုးရှိသော ပြောင်းလဲမှု ဖြစ်စေသူများဟု မရှုမြင်ပေ။ ထိုသူများသည် ၎င်းတို့ လုပ်ရပ်များ၏ လူမှု ဖူလုံရေး သက်ရောက်မှု များကို ထည့်သွင်းစဉ်းစားခြင်း မရှိသည့် အမြတ်အစွန်း ရှာဖွေနေသော စီးပွားရေး လုပ်ငန်းများဟု ရှုမြင်ကြသည်။ MNCs များသည် ဖွံ့ဖြိုးဆဲ နိုင်ငံများမှ ၎င်းတို့ ရင်းနှီး မြှုပ်နှံသည်ထက် ပိုသော အမြတ်ငွေများကို ထုတ်ယူကြပြီး ပြည်တွင်း အရင်းအနှီးများကိုလည်း ရွှေ့ပြောင်းယူကြသည်။ လုပ်သား အင်အားများများနှင့် လုပ်ဆောင်ရသည့် လုပ်ငန်းများထက် ရင်းနှီးငွေ အားကောင်းကောင်းနှင့် လုပ်ဆောင်ရသည့် လုပ်ငန်းများကို မြှင့်တင်ခြင်းဖြင့် အလုပ်လက်မဲ့ ဖြစ်မှုကို ဆိုးရွားစေသည်။ စီးပွားရေး လုပ်ငန်းများအပေါ် မျက်နှာသာပေးသည့် မူဝါဒများ ရရှိရန် နိုင်ငံအတွင်းမှ ထွက်သွားမည်ဟု ခြိမ်းခြောက်သည့် နည်းလမ်းကိုလည်း အသုံးပြုကြသည် (Burgoon, 2001; Burkhart, 2002; Frenkel and Kuruvilla, 2002; Arnold and Hartman, 2006 တို့ကို ရှုပါ)။ ထို့ကြောင့် ဖွံ့ဖြိုးဆဲ နိုင်ငံများမှ အစိုးရများသည် MNC များထံမှ ရင်းနှီး မြှုပ်နှံမှု အမြောက်အမြား ရရှိလိုလျှင် ထိုဈေးကွက် စီးပွားရေး စည်းမျဉ်းများကို လိုက်နာရမည် ဖြစ်သည်။ MNCs များနှင့် ငွေကြေးဆိုင်ရာ လုပ်ငန်းများ၏ ရွှေ့ပြောင်းနိုင်မှုဖြင့် ဖန်တီးထားသော အပြိုင်အဆိုင်များသည့် ဝန်းကျင်သည် ဖွံ့ဖြိုးဆဲ နိုင်ငံများအကြား အောက်သို့ အပြိုင်အဆိုင် ထိုးဆင်းခြင်းကို တွန်းအားပေးသည်။ ဆိုလိုသည်မှာ နိုင်ငံများသည် ရင်းနှီး မြှုပ်နှံမှု ရရှိရန်အတွက် အခွန်အကောက်၊ လုပ်အားခ၊ လုပ်သား သမဂ္ဂ ဖွဲ့ခြင်းနှင့် လူမှုဖူလုံရေး အဆင့်များကို အပြိုင်အဆိုင် လျှော့ချရခြင်း ဖြစ်သည်။

စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပုံ့နှံ့မှုအပေါ် သံသယ ရှိသူများက MNCs များနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများသည် နိုင်ငံရေး တည်ငြိမ်မှု ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင်သာ ရင်းနှီး မြှုပ်နှံခြေ ပိုများသည်ဟု ထောက်ပြကြသည်။ ရှင်းရှင်း ဆိုရသော် အစိုးရ အပြောင်းအလဲသည် ထိုရင်းနှီးမြှုပ်နှံသူများအတွက် ငွေရေးကြေးရေးဆိုင်ရာ အန္တရာယ် ပိုမို မြင့်မားစေသောကြောင့် ဖြစ်သည်။ ပေါ့တ်ဖော်လီယို ရင်းနှီးမြှုပ်နှံမှုသည် ပြည်တွင်း နိုင်ငံရေးနှင့် စီးပွားရေး အပြောင်းအလဲ များကြောင့် အထူး ထိခိုက်နိုင်ပေရာ ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ လျင်လျင်မြန်မြန် အလုံးအရင်းနှင့် ထွက်ခွာသွားမှုများ ဖြစ်စေနိုင်သည်။ တည်ဆဲ စီးပွားရေး အခြေအနေများမှ အမြတ်ရရှိကြသည့် ပြည်တွင်း အီလစ်များသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ထိန်းသိမ်းရေးအတွက် နိုင်ငံရေး အခြေအနေအား လက်ရှိအတိုင်းသာ ရှိနေရန်

လိုအပ်သည့် အရာများကို လုပ်ဆောင် လိုကြသည် (Maxfield, 1998; McCorquodale and Fairbrother, 1999; Darrow and Tomas, 2005)။

ဂလိုဘယ်လ်လိုက်ဇေးရှင်းကို ဝေဖန်သူများက ကုန်သွယ်ရေးတွင် ဖြေလျှော့ပေးခြင်းအပေါ် ပြန်လည် ပေးဆပ်ရခြင်းများသည် အားလုံးအတွက် မတူညီပေဟု ထောက်ပြကြသည်။ နိုင်ငံတကာ နယ်နမိတ်များအကြား လျင်လျင်မြန်မြန်နှင့် လွယ်လွယ်ကူကူ ရွှေ့ပြောင်းနိုင်သည့် ကုမ္ပဏီများသည် ကုန်သွယ်ရေး၏ အကျိုးအမြတ်များ ပိုမို ရရှိကြသည်။ ထို့ကြောင့် လစ်ဘရယ် ကုန်သွယ်ရေး မူဝါဒများကို ကျင့်သုံးသည့် နိုင်ငံများသည် ပိုမို မြင့်မားသော စီးပွားရေး ဖွံ့ဖြိုးမှု ရရှိလိမ့်မည်ဟု အာမ မခံနိုင်ပေ (Rodrik, 1997; Aaronson and Zimmerman, 2006)။ ထို့ပြင် MNCs များမှ လုပ်သားများသည် ကုန်ထုတ်လုပ်ရေး စရိတ်များကို အနည်းဆုံး လျှော့ချနိုင်ရန် မလုံခြုံသည့် လုပ်ငန်း အခြေအနေများတွင် အချိန်ရှည်ကြာ အလုပ်လုပ်ကြရသည် (Rodriguez, 2004; Arnold and Hartman, 2006)။ နိုင်ငံခြားမှ ယှဉ်ပြိုင်မှု ပြင်းပြင်းထန်ထန် ခံကြရသည့် ပြည်တွင်း ကုမ္ပဏီများသည် ကမ္ဘာ့ စီးပွားရေးတွင် ဆက်လက် ရှင်သန်နေစေရန် အလုပ်အကိုင်များ လျှော့ချပစ်ခြင်း၊ လုပ်ငန်းနှင့် လုံခြုံရေး အဆင့်အတန်းများကို နှိမ့်ချပစ်ခြင်းများ လုပ်ဆောင်ကြ ရသည်။ နိုင်ငံတကာ ပြိုင်ဆိုင်မှုများကြောင့် အလုပ် ဆုံးရှုံးရသူများမှာ ပညာမတတ်သူများ ဖြစ်ပြီး ထိုသူများအတွက် လျင်မြန်စွာ အလုပ်အစား ပြန်ရရန်မှာ မလွယ်ကူလှပေ (Moghadam, 1993; Cheng, 1999)။

နောက်ဆုံးအချက် အနေဖြင့် စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုကို ဆန့်ကျင်သူများက IMF နှင့် ကမ္ဘာ့ဘဏ်တို့မှ SAPs များကို အကောင်အထည် ဖော်ခိုင်းခြင်းသည် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် စီးပွားရေးနှင့် နိုင်ငံရေး ဖွံ့ဖြိုးမှုကို ထိခိုက်စေသည်ဟု ရှုမြင်ကြသည်။ အချို့သော လေ့လာချက်များက ထိုမူဝါဒများသည် မျှော်မှန်းထားသော စီးပွားရေး အခြေအနေများ ရရှိစေခြင်း မရှိဘဲ စီးပွားရေး တိုးတက်မှုကိုပင် ထိခိုက်သည်ဟု ဆိုကြသည် (Przeworski and Vreeland, 2000; Vreeland, 2003)။ စီးပွားရေး တိုးတက်မှု ကျဆင်းလာပါက လိုအပ်သည့် ရန်ပုံငွေများ မရှာဖွေ နိုင်လေရာ အစိုးရများသည် လူမှုရေး အစီအစဉ်များကို ဖြတ်တောက်ပစ်ပြီး အစိုးရ လုပ်ငန်းများကို လျှော့ချပစ်ကြသည် (စာသေတ္တာ ၁၃.၃၊ ဥပမာ (က) တွင် ရှုပါ)။

စီးပွားရေး လုပ်ငန်းများအတွက် ခင်မင် နှစ်လိုဖွယ် ကောင်းသော ပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် အများပြည်သူ ဆိုင်ရာ အသုံးစရိတ် လျှော့ချရေး မူဝါဒများကို ချမှတ်ခြင်းသည် လူမှုရေးအရ တင်းမာမှုများကို မြင့်မားစေသည့် သက်ရောက်မှု ရှိသည်။ အစိုးရများသည် နိုင်ငံရေးနှင့် စီးပွားရေး တည်ငြိမ်မှုအပေါ် ခြိမ်းခြောက်နေသည်များကို ဖိနှိပ်ရမည် ဖြစ်ပြီး လက်ရှိ မူဝါဒများကို စိန်ခေါ်နိုင်သည့် နိုင်ငံရေး အတိုက်အခံများ၊ သမဂ္ဂ ခေါင်းဆောင်များနှင့် အခြား နိုင်ငံရေး တက်ကြွ လှုပ်ရှားသူများကို တင်းတင်းကြပ်ကြပ် ကိုင်တွယ် ကြရသည်။ အလားတူပင် အတိုက်အခံ နိုင်ငံရေး ပါတီ အဖွဲ့ဝင်များ၊ သမဂ္ဂ အဖွဲ့ဝင်များနှင့် အခြားသော နိုင်ငံရေး တက်ကြွ လှုပ်ရှားသူများက SAPs များ ချမှတ်ခြင်းကို အစားအစာ ဆိုင်ရာ အဓိကရုန်းများ၊ ဆန္ဒထုတ်ဖော်ပွဲများ၊ အကြမ်းဖက်သည့် ဆန္ဒပြပွဲများဖြင့် တုံ့ပြန်လေ့ ရှိသည်။ ယင်းအပေါ် အုပ်ချုပ်သူ အာဏာပိုင်များက နိုင်ငံသားများ၏ နိုင်ငံရေးနှင့် ပြည်သူ့ ရေးရာ လွတ်လပ်မှုများကို ကန့်သတ်ခြင်းဖြင့် တုံ့ပြန်ကြသည် (Howard-Hassmann, 2005; စာသေတ္တာ ၁၃.၃၊ ဥပမာ (ခ) တွင် ရှုပါ)။

**စာသေတ္တာ ၁၃.၃။ အဆိုးမြင်ခြင်း ဥပမာများ**

(က) IMF မှ လုပ်ဆောင်ခိုင်းသည့် စနစ်ပြုပြင် ပြောင်းလဲရေး မူဝါဒများ (SAP) က ဇင်ဘာဘွေ နိုင်ငံကို ပညာရေး အသုံးငွေများအား လျှော့ချပစ်ရန် ဖိအားပေးခဲ့သည် (McCorquodale and Fairbrother, 1999)။ လွတ်လပ်ရေး ရပြီးချိန်မှ စ၍ ပထမဆုံးအကြိမ် မူလတန်း အဆင့် အတွက် ကျောင်းလခများ စတင် ကောက်ခံစေခဲ့သည်။ ပညာရေးတွင် ဗဟို ချုပ်ကိုင်မှု လျှော့ချခဲ့ခြင်းက အစိုးရကို SAP ရည်မှန်းချက် အချို့ ပြည့်မီစေခဲ့သော်လည်း ဆင်းရဲသူများနှင့် ချမ်းသာသူများအကြား ပညာရေး ကွာဟချက်ကို ပိုမို ဆိုးရွားစေခဲ့သည် (Kanyongo, 2005, p. 71)။

(ခ) ၂၀၀၆ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် အော်ဒူမြို့၊ တူရကီနိုင်ငံမှ လူပေါင်း တစ်သိန်းကျော် ခန့်သည် ဟေဇယ်လ်စေ့များ ဈေးကျလာခြင်းအပေါ် ဆန္ဒပြခဲ့ကြသည်။ အစိုးရက ဒေဝါလီ ခံရသော လုပ်ငန်းများထံမှ ပိုလျှံနေသည့် ဟေဇယ်လ်စေ့များကို ဝယ်ယူရန် ငြင်းဆန်ခဲ့ပြီး ထိုကုန်ပစ္စည်းဈေး ပိုမို ကျဆင်းလာသည့်အပေါ် လယ်သမားများက စိတ်ပျက်လက်ပျက် ဖြစ်ကြရသည်။ ၂၀၀၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော IMF ၏ အစိုးရ အသုံးစရိတ် လျှော့ချရေး နည်းလမ်းများက တူရကီ အစိုးရကို ပိုလျှံနေသည့် အစေ့အဆံများအား ဝယ်ယူခြင်းဖြင့် လယ်သမားများကို ထောက်ပံ့ပေးသည့် မူဝါဒအား ဖျက်သိမ်းစေခဲ့သည်။ အော်ဒူတွင် ရဲတပ်ဖွဲ့နှင့် တိုက်ရိုက် ထိတွေ့မှုများ ဖြစ်ပွားခဲ့ပြီး လူပေါင်း ၃၅ ဦး ထိန်းသိမ်းခံရကာ ၅၁ ဦး ဒဏ်ရာ ရရှိခဲ့သည်။ စိတ်ဝင်စားဖွယ် ကောင်းသည့်အချက်မှာ ရဲချုပ်ကို ဆန္ဒပြသူများအပေါ် ကိုင်တွယ်ပုံ လျော့ရဲသည့်အတွက် အလုပ်ဖြုတ်ပစ်လိုက်ခြင်းပင် (Akinci, 2006)။

**အနှစ်ချုပ်**

ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ဂလိုဘယ်လ်လိုက်ဇေးရှင်းသည် ဖွံ့ဖြိုးဆဲ နိုင်ငံများဆီသို့ နည်းလမ်းနှစ်မျိုး၊ နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုနှင့် ပေါ့တ်ဖော်လီယို ရင်းနှီးမြှုပ်နှံမှုနှင့် အဓိက ဝင်ရောက်လာသည်။

ဂလိုဘယ်လ် လိုက်ဇေးရှင်းကို ထောက်ခံသူများက ကမ္ဘာ့ ကုန်သွယ်ရေးနှင့် ငွေကြေး ဈေးကွက်တွင် အတားအဆီးမရှိ ပါဝင်နိုင်ခြင်းအပေါ် မူတည်နေသည့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုသည် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပေါ် လေးစား လိုက်နာခြင်းများကို ဆောင်ကြဉ်းပေး လာလိမ့်မည် ဟုဆိုသည်။

ဂလိုဘယ်လ် လိုက်ဇေးရှင်းကို ဝေဖန်သူများက နီယို လစ်ဘရယ် ဈေးကွက် စီးပွားရေး သဘောတရားများကို အကောင်အထည် ဖော်ခြင်းသည် နိုင်ငံများကို လူမှု ဖူလုံရေး၊ လုပ်သားများ၏ လုံခြုံရေး စံနှုန်းများကို စည်းကြပ်ခြင်း ကဲ့သို့သော လုပ်ဆောင်နေကျ လူမှုရေးဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်ခြင်း မရှိ (သို့) လုပ်ဆောင်လိုစိတ် မရှိ ဖြစ်သွားစေလိမ့်မည်ဟု ဆိုသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

၂၀၀၇-၂၀၁၀ အတွင်း ဖြစ်ပွားခဲ့သည့် ကမ္ဘာ့ စီးပွားရေးပျက်ကပ်က ယခု ဖော်ပြထားသည့် ဂလိုဘယ်လ် လိုက်ဇေးရှင်းကို ထောက်ခံသည့် အမြင်များနှင့် ဆန့်ကျင်သည့် အမြင်များအပေါ် မည်ကဲ့သို့ သက်ရောက်မှု ရှိသနည်း။

ဂလိုဘယ်လ်လိုက်ဇေးရှင်းကို ထောက်ခံသည့် အမြင်များက ၂၀၁၀ နှစ်ကုန်ပိုင်း အာရပ် နွေဦး တော်လှန်ရေးမှ စ၍ ဖြစ်ပွားခဲ့သည့် အရှေ့အလယ်ပိုင်းမှ ဖြစ်ရပ်များကို မည်ကဲ့သို့ တုံ့ပြန်မည်နည်း။

## ဂလိုဘယ်လ် လိုက်ဖေးရှင်းနှင့် လူ့အခွင့်အရေး၊ လက်တွေ့ ရလဒ်များကို ဆန်းစစ်ခြင်း

ပညာရှင်များက ဂလိုဘယ်လ် လိုက်ဖေးရှင်းနှင့် လူ့အခွင့်အရေးအကြား ဆက်စပ်မှုများကို နည်းမျိုးစုံဖြင့် ဆန်းစစ်ကြသည်။ ကိန်းဂဏန်း အခြေပြု လေ့လာမှုများ (quantitative studies) က စာရင်းအင်း နည်းပညာကို အသုံးပြုကာ နိုင်ငံအများအပြားကို အချိန် တစ်ခုကြာ လေ့လာ၍ ထိုနိုင်ငံများ၏ စုပေါင်း အတွေ့အကြုံမှ ယေဘုယျ ဆွဲထုတ်၍ ရမည့် အချက်များကို ရှာဖွေကြသည်။ အကြောင်းအရာ အခြေပြု လေ့လာမှုများ (qualitative studies) က နိုင်ငံ တစ်နိုင်ငံ (သို့) အမျိုးသမီး (သို့) လူမျိုးစု တစ်စု ကဲ့သို့သော ရည်ညွှန်းအုပ်စု တစ်စုကို အသေးစိတ် လေ့လာခြင်းများ ပြုလုပ် ကြသည်။[၂] အကြောင်းအရာ အခြေပြု လေ့လာမှုများသည် ဂလိုဘယ်လ် လိုက်ဖေးရှင်းအပေါ် သီအိုရီပိုင်းအရ တွေးတောစရာ ဝေဖန်မှုများ ဖော်ထုတ်ပေးနိုင်သည် (ထိုနည်းလမ်း နှစ်ခုလုံးသည် မှန်ကန်နိုင်ကြောင်း ဆွေးနွေးချက်ကို စာသေတ္တာ ၁၃.၄ တွင်ရှုပါ)။

စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုနှင့် ဆက်စပ်မှုကို ဆန်းစစ်သည့် ကိန်းဂဏန်း အခြေပြု ဆန်းစစ်မှုများ၏ ရလဒ်များမှာ ရောနှောနေသည်။ သို့ရာတွင် နေရာအများအပြား၊ အချိန်အများအပြား၌ စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုသည် လူ့အခွင့်အရေးကို ပိုမို လေးစားလိုက်နာမှုနှင့် ပို၍ ဆက်စပ်နေကြောင်း တွေ့ရသည်။ အဓိက လေ့လာမှုများမှ တွေ့ရှိချက်များကို အခြေခံ၍ ထိုအကြောင်းကို အတိုချုံး ရှင်းပြသွားပါမည်။

| စာသေတ္တာ ၁၃.၄။ မတူညီသော အမြင် |
| --- |
| စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုနှင့် လူ့အခွင့်အရေးတို့အကြား ဆက်စပ်မှုများကို လေ့လာရာတွင် ကိန်းဂဏန်း အခြေပြု သုတေသန နည်းလမ်းနှင့် အကြောင်းအရာ အခြေပြု သုတေသန နည်းလမ်းတို့သည် မတူညီသည့် တွေ့ရှိချက်များ ထွက်ပေါ်လာကြောင်း အစောပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ အကြောင်းအရာ အခြေပြု သုတေသန နည်းလမ်း၏ တွေ့ရှိချက်များမှာ ပို၍ အဆိုးမြင် ဆန်သည်။ ထိုနည်းလမ်း နှစ်ခုလုံး၏ တွေ့ရှိချက်များမှာ မှန်ကန်နေနိုင်သည်။ စည်းမျဉ်းမှ ခြွင်းချက် ဖြစ်နေခြင်း “exception to the rule” ဟူသည့် အဆိုက ထိုသို့ ဖြစ်ပွားရခြင်းကို ရှင်းပြနေသည်။ လူမှုနိုင်ငံရေးတွင် အမြဲ မှန်ကန်နေသည့် ကိစ္စရပ်များ မရှိသော်လည်း စည်းမျဉ်းများဟု သဘောထားနိုင်သည့် ပုံမှန် ဖြစ်ပေါ်နေသော လူမှု နိုင်ငံရေး အမူအကျင့်များ ရှိသည်။ ဥပမာ ယေဘုယျအားဖြင့် ဒီမိုကရေစီ နိုင်ငံများမှ နိုင်ငံသားများသည် အခြားသော နိုင်ငံများမှ နိုင်ငံသားများနှင့် နှိုင်းယှဉ်လျှင် အစိုးရ၏ လူ့အခွင့်အရေး လေးစားလိုက်နာမှုကို ပိုမို ခံစားကြရသည်ဟု နားလည် သဘောပေါက် ထားကြသည်။ ကိန်းဂဏန်း အခြေပြု သုတေသန နည်းလမ်းသည် ထိုသို့သော ပုံမှန် ဖြစ်ပေါ်နေသည့် ကိစ္စရပ်များကို ရှာဖွေရာတွင် များစွာ အသုံးဝင်သည်။ သို့ရာတွင် စည်းမျဉ်းတိုင်းတွင်လည်း ခြွင်းချက် ရှိသည်။ လူသားများ၏ အမူအကျင့်များသည် ပြောင်းလဲနိုင်သောကြောင့် လူမှု စီးပွားရေး အမူအကျင့်များနှင့် ပတ်သက်လျှင် ခြွင်းချက်များ ရှိနိုင်သည်။ လူ့အခွင့်အရေးကို လေးစားလိုက်နာမှုနှင့် ပတ်သက်လျှင် ခေါင်းဆောင် များသည် နိုင်ငံ၏ နိုင်ငံရေး အမျိုးအစားအပေါ် မူတည်၍ အမြဲတမ်း ပုံမှန် လုပ်ဆောင်ကြခြင်း မရှိပေ။<br><br>စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုနှင့် လူ့အခွင့်အရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံ |

ငွေများသည် လူ့အခွင့်အရေးကို ပို၍ လေးစား လိုက်နာသော နိုင်ငံများထံသို့ စီးဆင်းသည် ဆိုသည်မှာ ယေဘုယျအားဖြင့် မှန်ကန်ပါသည်။ တစ်ချိန်တည်းမှာပင် အချို့သော အချိန်နှင့် နေရာများတွင် ထိုရင်းနှီးမြှုပ်နှံမှုများသည် အခွင့်အရေး ချိုးဖောက်သော နိုင်ငံများသို့လည်း ထိုနိုင်ငံများမှ အစိုးရများ၏ အခွင့်အရေး ချိုးဖောက်ခြင်းကြောင့်ပင် ရောက်ရှိသွားတတ်သည်။ ထိုပုံစံ နှစ်မျိုးလုံးကို နားလည်ရန် အရေးပါသည်။ ထိုဖြစ်ရပ်တွင် ယေဘုယျ စည်းမျဉ်းမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ရှိလျှင် လူ့အခွင့်အရေးကို လေးစားလိုက်နာနိုင်ခြေ တိုးတက်လာသည်။ တစ်ဘက်တွင်လည်း ခြွင်းချက်မှာ ထိုသို့သော အင်စတီးကျူးရှင်းဆိုင်ရာ အစီအမံများသည် အချို့သော အခြေအနေများမှ စိန်ခေါ်မှုများကို ပြည့်မီစေရန် လိုအပ်ချက်များ ရှိနေသည်။

မေရာ (Meyer) (2006) က အမေရိကန် အခြေစိုက် FDI များသည် လက်ခံသည့် နိုင်ငံများတွင် လူ့အခွင့်အရေးကို ပိုမိုလေးစား လိုက်နာမှုနှင့် ဆက်စပ်နေကြောင်း တွေ့ရှိခဲ့ရသည်။ သို့ရာတွင် စမစ်၊ ဘိုးလ်ယာ့ဒ်နှင့် အစ်ပိုလစ်တို (Smith, Bolyard, and Ippolitio) (1999) တို့က မတူညီသည့် ဂလိုဘယ်လ်လိုက်ဇေးရှင်းနှင့် လူ့အခွင့်အရေး ညွှန်းကိန်းများကို အသုံးပြုသည့်အခါ မေရာ၏ တွေ့ရှိချက်များအတိုင်း မတွေ့ရှိရတော့ပေ။ ယင်းမှာ ကိန်းဂဏန်း အခြေပြု လေ့လာခြင်း၏ အခက်အခဲ တစ်ခု ဖြစ်သည်။ ရလဒ်များသည် လေ့လာချက် လုပ်ဆောင်ပုံကို မူတည်၍ ပြောင်းလဲ သွားနိုင်သည်။ သို့ရာတွင် အခြား သုတေသနများက မေရာ၏ လေ့လာ တွေ့ရှိချက်များကို ထောက်ခံနေသည်။ ဂလိုဘယ်လ် လိုက်ဇေးရှင်း ဖြစ်စဉ်တွင် အဓိက အချက် တစ်ခု ဖြစ်သော ကုန်သွယ်ရေးတွင် ဖြေလျှော့ခြင်းသည် အစိုးရမှ လူ့အခွင့်အရေးကို ပိုမို လေးစား လိုက်နာလာစေသည်။ ဥပမာ ကုန်သွယ်ရေး ပိုမို လုပ်ဆောင်သော နိုင်ငံများမှ အစိုးရများသည် ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးဟု နိုင်ငံတကာက အသိအမှတ်ပြုထားသည့် အခွင့်အရေးများ (တရားရုံးတင် စစ်ဆေးခြင်း မရှိဘဲ ကွက်မျက်ခြင်း၊ ညှဉ်းပန်း နှိပ်စက်ခြင်း၊ လက်စဖျောက်ခြင်း၊ နိုင်ငံရေးအရ ထောင်သွင်း အကျဉ်းချခြင်း) ကို ချိုးဖောက်နိုင်ခြေ ပိုနည်းသည် (Apodaca, 2001)။ ကုန်သွယ်ရေး ဖြေလျှော့ခြင်းသည် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် မွေးကင်းစ ကလေးငယ် သေဆုံးမှု နှုန်းထားကိုလည်း လျှော့ချပေးနိုင်သည် (Apodaca, 2002)။ လေ့လာချက်များအရ ကုန်သွယ်ရေး ဖြေလျှော့ခြင်းသည် အမျိုးသမီးများ၏ အဆင့်အတန်းကို မြှင့်တင်ပေးသည်။ ဆိုလိုသည်မှာ အမျိုးသမီးများသည် အပြည့်အဝ သဘောတရားအရရော၊ နှိုင်းရ သဘောတရားအရပါ လုပ်ကိုင်နိုင်စွမ်း ရှိသည်၊ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများတွင် ပြဋ္ဌာန်းထားသည့် အခွင့်အရေးများကို ကျင့်သုံးနိုင်သည်၊ ထိုအခွင့်အရေးများ၏ ရည်မှန်းချက်များကို ရရှိနိုင်သည် ဟူ၍ ဖြစ်သည် (Richards and Gelleny, 2007)။ ကုန်သွယ်ရေး ဖြေလျှော့ခြင်းသည် အမျိုးသမီးများ၏ သက်တမ်းနှင့် စာတတ်မြောက်မှု နှုန်းထားကိုလည်း တိုးတက်စေသည် (Gray, Kittilson, and Sandholtz, 2006)။

ကိန်းဂဏန်း အခြေပြု လေ့လာခြင်းများမှ အကဲဖြတ်ရလျှင် ယေဘုယျအားဖြင့် FDI က အစိုးရ၏ လူ့အခွင့်အရေးအပေါ် လေးစားလိုက်နာမှုအား အထောက်အကူဖြစ်စေသည်။ MNC များ၏ ရင်းနှီး မြှုပ်နှံမှုများ တိုးတက်လာခြင်းသည် ဆင်ဆာမှ ကင်းလွတ်ခွင့်၊ ဘာသာရေး လွတ်လပ်ခွင့် နိုင်ငံရေး ပါဝင်ခွင့်၊ လွတ်လပ်စွာ ခရီးသွားလာခွင့်၊ သမဂ္ဂ ဖွဲ့ခွင့်တို့ အပါအဝင် နိုင်ငံရေး အခွင့်အရေးများနှင့် ပြည်သူ့ရေးရာ လွတ်လပ်ခွင့်များ တိုးတက်လာခြင်းနှင့် ဆက်စပ်နေသည် (Meyer, 1996, 1998; Richards, Gelleny, and Sacko, 2001)။ အာပိုဒါကာ (Apodaca) (2001, 2002) က FDI သည် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် အစိုးရများ၏ ကိုယ်ကာယ

ပြည့်စုံမှု အခွင့်အရေးအပေါ် လိုက်နာမှု တိုးတက်စေပြီး မွေးစကလေး သေနှုန်းကို လျှော့ချပေးသည်ဟု တွေ့ရှိခဲ့သည်။ ထိုသို့ ဆိုသော်လည်း တူမန်နှင့် အမ်မာ့တ် (Tuman and Emmert) (2004) တို့က FDI သည် လက်တင် အမေရိကနှင့် ကာရေဘီယံ နိုင်ငံများမှ ဆိုးရွားသော လူ့အခွင့်အရေး မှတ်တမ်းများ ရှိသော နိုင်ငံများသို့ စီးဆင်းကြောင်း တွေ့ခဲ့ရသည်။ အမျိုးသမီးများ၏ အခြေအနေနှင့် ပတ်သက်ပြီးလည်း ရောပြွမ်းသော ရလဒ်များ တွေ့ရသည်။ ရစ်ချက်တ်နှင့် ဂယ်လန်နီ (Richards and Gelleny) (2007) တို့က FDI နှင့် ကုလသမဂ္ဂ ဂျန်ဒါ မြှင့်တင်ရေး လုပ်ဆောင်ချက်များနှင့် ဂျန်ဒါနှင့် သက်ဆိုင်သော ဖွံ့ဖြိုးရေး ညွှန်းကိန်းများတွင် ရလဒ်ကောင်းများ ရရှိခြင်းတို့ ဆက်စပ်ကြောင်း တွေ့ရှိခဲ့သော်လည်း ဂရေး၊ ကစ်တယ်လ်ဆန်နှင့် ဆန်းဟော့ဇ် (Gray, Kittilson, and Sandholtz) (2006) တို့က FDI သည် အမျိုးသမီးများ၏ သက်တမ်းနှင့် စာတတ်မြောက်မှုနှုန်းအပေါ် ထိခိုက်စေမှု ရှိကြောင်း တွေ့ရှိခဲ့ရသည်။

ပေါ့တ်ဖော်လီယို ရင်းနှီးမြှုပ်နှံမှုက အစိုးရ၏ လူ့အခွင့်အရေး လေးစားမှုအပေါ် လွှမ်းမိုးခြင်းနှင့် ပတ်သက်သည့် တွေ့ရှိချက်များမှာ ပြတ်ပြတ်သားသား သိပ်မရှိချေ။ လေ့လာချက် အများအပြားက ထိုသို့သော ရင်းနှီးမြှုပ်နှံမှုမျိုးအတွက် ၎င်းတို့၏ ဈေးကွက်များကို ဖွင့်ပေးသော ဖွံ့ဖြိုးဆဲ နိုင်ငံများသည် ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးကို ပိုမို လိုက်နာပြီး မွေးကင်းစ ကလေးငယ် သေဆုံးမှု နှုန်းထားလည်း ပိုမို နည်းပါးသည်ကို တွေ့ရသည် (Richards, Gelleny, and Sacko, 2001; Apodaca, 2002)။ သို့ရာတွင် အခြားသော တွေ့ရှိချက်များက ပေါ့တ်ဖော်လီယို ရင်းနှီးမြှုပ်နှံမှုသည် အမျိုးသမီးများ၏ အခြေအနေကို ထိခိုက်မှု ရှိစေကြောင်း တွေ့ရသည် (Richards and Gelleny, 20007)။ SAPs များသည် အစိုးရ၏ လူ့အခွင့်အရေး လေးစား လိုက်နာမှုအပေါ် ကောင်းမွန်သော လွှမ်းမိုးမှု မရှိကြောင်း တွေ့ရသည်။ အဗူဟာ့ဘ်နှင့် ဆင်ဂရန်နယ်လီ (Abouharb and Cingranelli) (2006) တို့က SAPs များသည် စီးပွားရေး စွမ်းဆောင်ရည်များကို တိုးတက်စေခြင်းဖြင့် ပိုမို ကောင်းမွန်သော လူ့အခွင့်အရေး အလေ့အကျင့်များ ဖန်တီးပေးလိမ့်မည်ဟူသည့် နီယိုလစ်ဘရယ် ပြောဆိုရေးသားမှုများကို မမှန်ကန်ကြောင်း သက်သေပြခဲ့သည်။ ကမ္ဘာ့ဘဏ်၏ စနစ် ပြောင်းလဲရေး မူဝါဒများသည် အစိုးရ၏ ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးများအပေါ် လေးစား လိုက်နာမှုကို ပိုမို ဆိုးရွားစေသည်။

ဂလိုဘယ်လ်လိုက်ဇေးရှင်း ဆိုင်ရာ ကိန်းဂဏန်း အခြေပြု လေ့လာမှုများတွင် ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အများဆုံး လေ့လာခဲ့ကြသော်လည်း အခြားသော အခွင့်အရေးများနှင့် လူ့အခွင့်အရေး ပတ်ဝန်းကျင်များကို လေ့လာမှုများလည်း ရှိသည်။ ဘာဂွန် (Burgoon) (2001) က ကုန်သွယ်ရေး ဈေးကွက် ဖွင့်ပေးခြင်း၏ လူမှု ဖူလုံရေး မူဝါဒများအပေါ် သက်ရောက်မှုများကို ဆန်းစစ်ရာတွင် ရလဒ် အရောအနှောများကို တွေ့ခဲ့ရသည်။ ကိုလိုနွမ်မို့စ်နှင့် ဆန်တီဆို (Colonomos and Santiso) (2005) တို့က ဂလိုဘယ်လ် လိုက်ဇေးရှင်းသည် ပြင်သစ်နိုင်ငံတွင် ကိစ္စရပ်များအတွက် နယ်ပယ် တစ်ခုကို ဖန်တီးပေးပြီး လူ့အခွင့်အရေး အခြေပြု စီးပွားရေး လုပ်ငန်းများ၏ လူမှုတာဝန်ဆိုင်ရာ ကျင့်ဝတ်များကို ကျင့်သုံးစေသည်ဟု တွေ့ရှိခဲ့သည်။ အောက်သို့ အပြိုင်အဆိုင် ထိုးဆင်းခြင်း သဘောတရားနှင့် ဆန့်ကျင်စွာပင် ကူစီရာ (Kucera) (2001) က နိုင်ငံခြားသား ရင်းနှီး မြှုပ်နှံသူများသည် အလုပ်သမား အဆင့်အတန်း နိမ့်ကျသော နိုင်ငံများထက် မြင့်မားသော နိုင်ငံများကို ပိုမို နှစ်ခြိုက်ကြသည်ဟု တွေ့ရှိခဲ့သည်။

အနှစ်ချုပ်

ပညာရှင်များသည် ဂလိုဘယ်လ်လိုက်ဇေးရှင်းနှင့် လူ့အခွင့်အရေးအကြား ဆက်ဆံရေးကို နည်းမျိုးစုံဖြင့် ဆန်းစစ်ကြသည်။

ကိန်းဂဏန်း အခြေပြု လေ့လာမှုများက စာရင်းအင်း နည်းပညာကို အသုံးပြုကာ နိုင်ငံ အများအပြားကို အချိန် တစ်ခုကြာ လေ့လာ၍ ထိုနိုင်ငံများ၏ စုပေါင်း အတွေ့အကြုံမှ ယေဘုယျ ဆွဲထုတ်၍ ရမည့် အချက်များကို ရှာဖွေကြသည်။

အကြောင်းအရာ အခြေပြု လေ့လာမှုများက နိုင်ငံ တစ်နိုင်ငံ (သို့) အမျိုးသမီး (သို့) လူမျိုးစု တစ်စု ကဲ့သို့သော ရည်ညွှန်းအုပ်စု တစ်စုကို အသေးစိတ် လေ့လာခြင်းများ ပြုလုပ် ကြသည်။ အကြောင်းအရာ အခြေပြု လေ့လာမှုများသည် ဂလိုဘယ်လ် လိုက်ဇေးရှင်းအပေါ် သီအိုရီပိုင်းအရ တွေးတောစရာ ဝေဖန်မှုများ ဖော်ထုတ်ပေးနိုင်သည်။

စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှု၏ ဆက်စပ်မှုများကို ကိန်းဂဏန်း အခြေပြုနည်းဖြင့် လေ့လာရာတွင် ရလဒ်များမှာ အရောရော အနှောနှော ဖြစ်သည်။ သို့ရာတွင် နေရာအတော်များများ၊ အချိန် အတော်များများ၌ စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုသည် လူ့အခွင့်အရေးကို ပိုမို လေးစား လိုက်နာမှုနှင့် ဆက်စပ်သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

အချို့သော သုတေသန မေးခွန်းများအတွက် ကိန်းဂဏန်း အခြေပြု လေ့လာဆန်းစစ်မှု ဖြစ်စေ၊ အကြောင်းအရာ အခြေပြု လေ့လာ ဆန်းစစ်မှု ဖြစ်စေ တစ်ခုက အမြဲတမ်း ပို၍ သင့်လျော်ခြင်း ဟူသည့် အခြေအနေ ရှိပါသလား။

အဘယ်ကြောင့် အကြောင်းအရာ အခြေပြု လေ့လာမှုက ကိန်းဂဏန်း အခြေပြု လေ့လာမှုထက် ဂလိုဘယ်လ် လိုက်ဇေးရှင်းအပေါ် ပို၍ အပြစ်မြင်သနည်း။

## ဖြစ်ရပ် လေ့လာခြင်း၊ MNCs များက လူ့အခွင့်အရေးတွင် ရင်းနှီးမြှုပ်နှံပါသလား

ယခင်က လူ့အခွင့်အရေး လေးစား လိုက်နာခြင်းသည် နိုင်ငံ ဖြတ်ကျော် ဆောင်ရွက်သည့် စီးပွားရေး လုပ်ငန်းများ၏ တာဝန်ဟု မရှုမြင်ကြပေ။ ထိုအစား လူ့အခွင့်အရေးကို ပြည်တွင်း အစိုးရ၏ ကိစ္စရပ်ဟုသာ ရှုမြင်ကြသည် (Skogly, 1993; Kinley and Joseph, 2002)။ သို့ရာတွင် မကြာသေးမီ နှစ်များက MNCs များသည် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တာဝန်ခံသင့်သည်ဟူသည့် အမြင်များ ထွက်ပေါ်လာကြသည်။ MNCs များသည် အာဏာရှိသော နိုင်ငံတကာ အဖွဲ့အစည်းများ ဖြစ်ပြီး ၎င်းတို့၏ ဆုံးဖြတ်ချက်များသည် ဘုတ်အဖွဲ့အခန်းပြင်ပတွင် လွန်စွာ ကျယ်ပြန့်သော သက်ရောက်မှုများ ရှိသည်မှာ ရှင်းနေသည်။ Yahoo! ၏ အလုပ်အမှုဆောင်များက တရုတ် အာဏာပိုင်များထံ အချက်အလက်များ ပေးအပ်ခဲ့ခြင်းကြောင့် သဘောထား အမြင် ကွဲပြားသူ နှစ်ဦး ဖမ်းခံခဲ့ရသည်။ ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် Yahoo! ၏ အမှုဆောင် အရာရှိချုပ်နှင့် ရှေ့နေချုပ်တို့ကို အမေရိကန် ကွန်ဂရက် လွှတ်တော်အမတ် တွမ်လန်တို့စ် (Tom Lantos) က “နည်းပညာအရ ကြီးမြတ်သော်လည်း ကျင့်ဝတ်ပိုင်းအရ နိမ့်ကျသည်” ဟု ရှုတ်ချခဲ့သည် (*The Economist,* 17 January, 2008)။ စီးပွားရေး လုပ်ငန်းများ၏ လူမှုရေး တာဝန်များ

(corporate social responsibilities) ဆိုင်ရာ ကျင့်ဝတ်များကို ရေးဆွဲသည့် MNCs များ အရေအတွက် များပြားလာခြင်းနှင့် ထိုသို့သော ကိစ္စရပ်များကို ပေါင်းစပ်လိုက်ပါက လူ့အခွင့်အရေး ချိုးဖောက်သော နိုင်ငံများတွင် ရင်းနှီး မြှုပ်နှံခြင်းသည် MNC အမှုဆောင် အရာရှိများအတွက် အရေးကြီးသည့် ကိစ္စရပ် ဖြစ်လာသည်။ ယင်းအချက်က အောက်ပါ မေးခွန်းကို ထွက်ပေါ် လာစေသည်။ MNCs များသည် အစိုးရများက လူ့အခွင့်အရေး ချိုးဖောက်သည့် နိုင်ငံများထက် လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမို လုပ်ဆောင်နိုင်ခြေ ရှိပါသလား။

## FDI အတွက် လူ့အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်များ

ကျွန်ုပ်တို့ မြင်တွေ့ရမည် ဖြစ်သည့်အတိုင်း MNCs များနှင့် နိုင်ငံတကာ ရင်းနှီး မြှုပ်နှံသူများသည် ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များ လုပ်သည့်အခါ လူ့အခွင့်အရေးကို ထည့်သွင်းစဉ်းစားရန် မက်လုံး ရှိခြင်း (သို့) မရှိခြင်းများ အမျိုးမျိုး ရှိပေမည်။ ကျွန်ုပ်တို့အနေဖြင့် ထိုအချက်များကို စစ်တမ်း ကောက်ယူပြီး စာရင်းအင်းပညာဖြင့် ဆန်းစစ်ကာ မည်သည့် အချက်များက ယေဘုယျအားဖြင့် ပို၍ အားကောင်းသနည်းကို ထုတ်ဖော်သွားပါမည်။

## ပစ္စည်း ဥစ္စာ ပိုင်ဆိုင်ခွင့်

စီးပွားရေးနှင့် နိုင်ငံရေး ကိစ္စရပ်များကြောင့် စီမံကိန်းများ အောင်မြင်မှုအပေါ် သေချာပေါက် မတွက်ချက်နိုင်လေရာ MNC များ၏ မည်သည့် ရင်းနှီး မြှုပ်နှံမှုမဆို အန္တရာယ် ရှိလေသည်။ သို့ရာတွင် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်သည် FDI ကို ဆွဲဆောင်ရာတွင် အရေးကြီးသည့် အချက် ဖြစ်သည်။ လွတ်လပ်သော တရားစီရင်ရေးနှင့် ဒီမိုကရေစီ နည်းလမ်းကျသော ရွေးကောက်ပွဲ စနစ် ကဲ့သို့သော နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ အခွင့်အရေးများကို အာမခံခြင်းသည် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ကို ပို၍ အားကောင်းစေသည်။[၃] ထို့ကြောင့် တရားဥပဒေ စိုးမိုးရေးကို လေးစားသည့် နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံသော MNCs များသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို အာဏာရှင်များက ပြည်သူပိုင် သိမ်းပစ်လိုက်ခြင်းမှ အကာအကွယ် ရလေသည်။

မိုဇမ်ဘိ နိုင်ငံသည် လူ့အခွင့်အရေးကို လေးစားသော နိုင်ငံရေး ဝန်းကျင် တစ်ခု ထူထောင်ခြင်းမှ စီးပွားရေး ရလဒ်ကောင်းများ ရရှိနေသည့် ဖွံ့ဖြိုးဆဲ နိုင်ငံ တစ်နိုင်ငံ၏ ဥပမာ ဖြစ်သည်။ ၁၉၈၀ နှင့် ၁၉၉၀ ပြည့်လွန်နှစ် အများပိုင်းတွင် မိုဇမ်ဘိ နိုင်ငံ၌ ပြည်တွင်း ပဋိပက္ခများ ဖြစ်ပွားနေခဲ့သည်။ သို့ရာတွင် ၁၉၉၀ ပြည့်လွန်နှစ်လယ်ပိုင်းတွင် ကုလသမဂ္ဂ၏ အကူအညီဖြင့် မိုဇမ်ဘိတွင် ရွေးကောက်ပွဲ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပြီး ကိုယ်ကာယ ပြည်စုံမှု အခွင့်အရေးများ ဖောက်ဖျက်ခြင်းကို အဆုံးသတ်နိုင်ခဲ့သည်။ ရလဒ်ကား နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး စီးပွားရေး တိုးတက်လာခြင်းပင် ဖြစ်သည်။ သတ္တုတွင်း တူးဖော်ရေးမှ လယ်ယာ စိုက်ပျိုးရေးအထိ စီမံကိန်း အမျိုးမျိုးအတွက် မိုဇမ်ဘိသို့ ဒေါ်လာ ခြောက်ဘီလံခန့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသည်။ ယင်းမှာ (တောင်အာဖရိက နိုင်ငံမှ လွဲ၍) အခြား ဆဘ်ဆာဟာရ အာဖရိက နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏထက် နှစ်ဆ ပိုများသည် (*The Economist,* 15 May 1997)။

အစိုးရမှ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ အခွင့်အရေးများကို လေးစားလိုက်နာမှု မရှိသည့်အခါ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ထိခိုက်စေကြောင်း ဇင်ဘာဘွေ နိုင်ငံက ဥပမာ ပြနေသည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် အခြား အာဖရိက နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဇင်ဘာဘွေသည် FDI ၊ ပညာရေးနှင့် စီးပွားရေး တိုးတက်မှုတို့ အားကောင်းခဲ့သည်။ သို့ရာတွင် နိုင်ငံရေးအရ ရှုပ်ထွေးသော မြေယာ ပြုပြင်ပြောင်းလဲမှု မူဝါဒများ ချမှတ်ခဲ့ခြင်း၊ နိုင်ငံရေး အကြမ်းဖက်မှုများ မြင့်တက်လာခြင်း၊ ဆိုးရွားသော စီးပွားရေး မူဝါဒများနှင့် ငွေကြေး ဖောင်းပွမှု အဆမတန် မြင့်တက်လာခြင်း တို့ကြောင့် နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုကို အားနည်းစေခဲ့သည်။ စက်တင်ဘာလ ၂၀၀၇ ခုနှစ်တွင် မူလ အခြေချ နေထိုင်သူ လူမျိုးစုများအား မြှင့်တင်ပေးခြင်း ဆိုင်ရာ ဥပဒေကို ဇင်ဘာဘွေတွင် ပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေက (ဘဏ်များနှင့် သတ္တုတွင်း လုပ်ငန်းများ အပါအဝင်) နိုင်ငံတော်ကို နိုင်ငံခြား ကုမ္ပဏီများအား ထိန်းချုပ်ခွင့် ပေးခဲ့သည်။ ထိုဥပဒေသည် ယခင်ကပင် ဆိုးရွားနေသည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကို ပိုဆိုးစေသည်။ စီးပွားရေး ခေါင်းဆောင်များက ထိုဥပဒေသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု သုံးဆယ် ရာခိုင်နှုန်းခန့် ထပ်မံ ကျဆင်းနိုင်ကြောင်း သတိပေးခဲ့သည် (*Financial Times,* 12 November 2007)။

တည်ငြိမ်မှုအပေါ် စိုးရိမ်ရသည့်အခါ ဘူမိဗေဒကြောင့် အကန့်အသတ်ရှိသည့် ကုမ္ပဏီများသည်ပင် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ကြတော့ပေ။ သတ္တုတွင်း တူးဖော်ရေး လုပ်ငန်းများ ကဲ့သို့သော စက်မှု လက်မှု လုပ်ငန်းများသည် ကုန်ကြမ်းများ တည်ရှိရာ နေရာသို့ ပြောင်းရွှေ့ လုပ်ကိုင်ကြသည်။ ၂၀၀၁ ခုနှစ်တွင် လန်ဒင် ရေနံ ကုမ္ပဏီမှာ လူးကတ်စ် လန်ဒင် (Lukas Lundin) ကို စစ်ပွဲများ ဖြစ်ပွားနေသည့် ဆူဒန် နိုင်ငံ (ဆူဒန်တွင် လန်ဒင်၏ ရင်းနှီးမြှုပ်နှံမှု သမိုင်းကြောင်း ရှိသည်) တွင် ရင်းနှီးမြှုပ်နှံမှုအကြောင်း မေးမြန်းသည့်အခါ "အရင်းအမြစ် ကြီးကြီးမားမား ရှိတဲ့ နေရာကို ကျွန်တော်တို့ သွားရတာပဲ" ဟု ပြန်ဖြေခဲ့သည်။ သူက "အဲဒီမှာ ရေနံစည် သန်း ၂၅၀ လောက် ရှိတယ်" ဟုလည်း ဖြည့်စွက် ပြောခဲ့သည် (Hasselback, 2001, C08)။ တစ်နှစ်အကြာ လန်ဒင် ရေနံ ကုမ္ပဏီ၏ ဥက္ကဋ္ဌ အီရန် လန်ဒင်က သူ၏ ကုမ္ပဏီသည် "ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေး မဖြစ်ပွားမီ အချိန်အထိ" ဆူဒန်ရှိ လုပ်ငန်းများကို ရပ်ဆိုင်းထားကြောင်း ကြေညာခဲ့ပြီး "ရေရှည် ရင်းနှီးမြှုပ်နှံဖို့ ဆိုရင် ကျွန်တော်တို့အတွက် ရေရှည် တည်တံ့ခိုင်မြဲပြီး ငြိမ်းချမ်းတဲ့ ဝန်းကျင် တစ်ခု လိုတယ်" ဟု ဆိုခဲ့သည်။[၆] သို့ရာတွင် ဆူဒန် နိုင်ငံ၏ ပဋိပက္ခမှာ လူမျိုးပြုန်းတီးမှု လုပ်ဆောင်မည့် အသွင် ဆောင်လာသည့် အချိန်တွင် (အခန်း ၂၀ တွင် ရှုပါ) လန်ဒင် ရေနံ ကုမ္ပဏီသည် ဆူဒန်၌ လည်ပတ်နေဆဲ ဖြစ်ပြီး "ရှယ်ယာရှင်များ၏ သဘောထားကို တုံ့ပြန်ခြင်း မရှိသည့် (သို့) ဆူဒန် နိုင်ငံမှ ပြဿနာရှိသည့် အလေ့အကျင့်များကို ပြောင်းလဲရန် စိတ်ဝင်စားခြင်း မရှိ" သည့် အဆိုးရွားဆုံး ကုမ္ပဏီဟု ဆူဒန်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဆန့်ကျင်ရေး တပ်ဦးက သတ်မှတ်ခဲ့ခြင်း ကိုတော့ မှတ်သား ထားရမည် (Sudan Divestment Task Force, 2007, p. 7)။

### အလုပ်သမားရေးရာ မူဝါဒများ

ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ထုတ်လုပ်ရေး လုပ်ငန်းများ မချဲ့ထွင်မီ MNCs များသည် အလုပ်သမားနှင့် လုပ်ခလစာ ဆိုင်ရာ မူဝါဒများကို အကဲဖြတ်ကြသည်။ ထိုမူဝါဒများတွင် အလုပ်သမားများ စုစည်းခွင့်၊ လုံခြုံရေး စံနှုန်းများ၊ လူမှု ဖူလုံရေး မူဝါဒများနှင့် လစာ နှုန်းထားတို့ ပါဝင်သည်။ ကျွမ်းကျင် လုပ်သား မလိုအပ်သော

ကုန်ထုတ်လုပ်ရေး လုပ်ငန်းများ (သို့) ငွေအရင်းအနှီး ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုများသည် လစာနည်းပြီး အလုပ်သမား သမဂ္ဂ မရှိသော နိုင်ငံများသို့ သွားရောက်ကြသည်။ ထို့ပြင် MNCs များသည် အလုပ်ရှင်၏ လူမှုဖူလုံရေးနှင့် အလုပ် မရှိချိန်အတွက် ထည့်ဝင်ငွေ ကဲ့သို့သော အခွန်ငွေ နည်းသည့် နိုင်ငံများသို့ ပြောင်းရွှေ့ခြင်းဖြင့် အမြတ်ငွေ ပိုရအောင် လုပ်ဆောင်ကြသည်။ ထို့ပြင် FDI ပိုမို ရရှိရန် နိုင်ငံများအကြား ပြိုင်ဆိုင်မှု တိုးမြင့်လာလေရာ နိုင်ငံများသည် MNCs များကို ထိုမူဝါဒများနှင့် စပ်လျဉ်းပြီး စီးပွားရေး လုပ်ငန်းများအတွက် အကျိုးရှိသည့် ဝန်းကျင် တစ်ခု ဖန်တီးပေးရန် အပြိုင်အဆိုင် ကြိုးပမ်းကြသည်။

### နာမည်ကောင်း

ကုမ္ပဏီများသည် ၎င်းတို့၏ ထုတ်ကုန်များကို လူ့အခွင့်အရေး အခြေအနေများ တိုးတက်လာခြင်းနှင့် ဆက်စပ်ခြင်းဖြင့် နာမည်ကောင်း ရယူလိုကြသည် (Spar, 1998; Colonomos and Santiso, 2005)။ သို့မဟုတ်ပါက MNCs များသည် မီဒီယာများက ၎င်းတို့နှင့် လူ့အခွင့်အရေး ချိုးဖောက်သော နိုင်ငံများ အကြား ဆက်နွယ်မှုကို တင်ပြခြင်းများ ကြုံတွေ့ကြရမည်။ ဥပမာ ၂၀၀၇ ခုနှစ်တွင် ဗြိတိသျှ အင်ဂျင် ထုတ်လုပ်သည့် ရိုးစ်ရိုက်စ် ကုမ္ပဏီက ဆူဒန် နိုင်ငံမှ ထွက်ခွာရန် ကြံရွယ်ထားကြောင်း ကြေညာခဲ့သည်။ ကုမ္ပဏီက ၎င်းထွက်ခွာရသည့် အဓိက အကြောင်းအရင်းမှာ ဆူဒန်နိုင်ငံ ဒါဖားဒေသတွင် လူသားချင်း စာနာမှု ဆိုင်ရာ အခြေအနေများအပေါ် စိုးရိမ်မကင်း ဖြစ်မိသောကြောင့်ဟု ဆိုသည် (*Financial Times,* 19 April 2007)။

Fortune 500 ကုမ္ပဏီများကို လေ့လာမှု တစ်ခုက "၃၆ ရာခိုင်နှုန်းသော ဖြေဆိုသူများ" သည် "လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် စိုးရိမ်ပူပန်သောကြောင့် ရင်းနှီးမြှုပ်နှံရန် ကြံရွယ်မှုများကို ဖျက်သိမ်းကြပြီး" ၁၉ ရာခိုင်နှုန်းက "လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ် ပူပန်မှုများကြောင့် နိုင်ငံတစ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ရုတ်သိမ်းကြသည်" (Cowell, 2000, C4)။ ထိုလေ့လာမှုကပင် ရေးသားထားသော ကျင့်ဝတ် စည်းမျဉ်း ရှိသည့် ၄၄ ရာခိုင်နှုန်းသော ကုမ္ပဏီများတွင် လူ့အခွင့်အရေးကို ထိုကျင့်ဝတ်စည်းမျဉ်းတွင် ဖော်ပြထားသည်ဟု တွေ့ရသည်။[၅] ထိုစည်းမျဉ်းကို အသုံးပြုသည့် ကုမ္ပဏီကြီးများတွင် Shell, Reebok နှင့် Levi Strauss တို့ ပါဝင်သည်။

မည်သို့ပင် ဆိုစေကာမူ ပုံရိပ်ကောင်း ရလိုခြင်း အပါအဝင် လူ့အခွင့်အရေးအပေါ်မူတည်သည့် စီးပွားရေး မူဝါဒများသည် မှားယွင်းပြီး အန္တရာယ်များသည်ဟု ယူဆထားကြသူများလည်း ရှိသည်။ ထိုသူများက စီးပွားရေး လုပ်ငန်းများသည် ကျင့်ဝတ်ကို အခြေခံ၍ စီးပွားရေး မလုပ်သင့်၊ ရှယ်ယာဝင်များအတွက် အမြတ်အစွန်း ရရှိစေဖို့သာ အရေးကြီးသည်ဟု မြင်ကြသည်။ မေလ်တန် ဖရီးမန်း (Milton Friedman) (1962, p. 133) က ထိုအမြင်ကို အောက်ပါအတိုင်း အကျဉ်းချုပ်ပြ ခဲ့သည် "စီးပွားရေး လုပ်ငန်းများတွင် လူမှုရေး တာဝန် တစ်ခုသာ ရှိသည်၊ ယင်းမှာ ၎င်း၏ အရင်းအမြစ်များကို အသုံးပြုပြီး အမြတ်အစွန်း ရရှိစေမည့် လုပ်ငန်းများကို လုပ်ဆောင်ရန် ဖြစ်သည်"။

MNCs များသည် နိုင်ငံရပ်ခြားတွင် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်သည့်အခါ အခြားသော အချက်အလက် အများအပြားကိုလည်း ထည့်သွင်း စဉ်းစားကြသည်။ ထိုအချက်များကို ဆက်လက် ဖော်ပြသွားပါမည်။

## ဈေးကွက် အခြေအနေများ

စီးပွားရေး လုပ်ငန်းများသည် လူဦးရေ အများအပြား ရှိပြီး တည်ငြိမ်သော၊ စီးပွားရေး တိုးတက်နေသော နိုင်ငံများတွင် ပိုမို ရင်းနှီးမြှုပ်နှံလိုကြသည် (E. Crenshaw, 1991; Asiedu, 2002; Bandelj, 2002; Tuman and Emmert, 2004)။ ဥပမာ တရုတ်ပြည်တွင် ကြီးမားပြီး ကြီးထွားနေသည့် ဈေးကွက် ရှိလေရာ MNCs အများအပြားသည် တရုတ်ပြည်တွင် တည်ရှိလိုကြသည်။ အိန္ဒိယသည်လည်း MNCs များ ၎င်းတို့၏ ဈေးကွက် ရှယ်ယာကို တိုးချဲ့ရန် ကြိုးပမ်းနေသည့် ဈေးကွက်ကြီး တစ်ခု ဖြစ်သည်။ စီးပွားရေး တိုးတက်မှု မြင့်မားလာစေရန် အိန္ဒိယ နိုင်ငံရေးသမား များသည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ၎င်းတို့၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ကာလရှည်ကြာ ဆန့်ကျင်လာခြင်းအား ရပ်တန့်ခဲ့သည်။ ထို့ကြောင့် MNCs များသည် ထိုမူဝါဒသစ်များကို စိတ်အားထက်သန်စွာ တုံ့ပြန်ကြပြီး အိန္ဒိယတွင် FDI များ သိသိသာသာ တိုးတက်လာသည်။

ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ ပြည်တွင်း မက်ခရို စီးပွားရေး တည်ငြိမ်မှုကို အကဲဖြတ်ရန် ငွေကြေး ဖောင်းပွမှုနှုန်းကို ညွှန်းကိန်း တစ်ခုအဖြစ် အသုံးပြုကြသည်။ ငွေကြေး ဖောင်းပွမှု မြင့်မားခြင်းသည် MNCs များ၏ ရင်းနှီးမြှုပ်နှံလိုမှုကို လျော့ကျစေသည်။ အဘယ်ကြောင့် ဆိုသော် ငွေကြေး ဖောင်းပွမှုများသည် MNCs များကို ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် အမြတ်တို့ကို တိတိကျကျ အကဲဖြတ်ရန် ခက်ခဲစေပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ၏ အန္တရာယ်ကို မြင့်မားစေသောကြောင့် ဖြစ်သည်။

## ကုန်သွယ်ခွန်နှင့် ရင်းနှီးငွေ ဆိုင်ရာ အတားအဆီးများ

ရင်းနှီးငွေ ဆိုင်ရာ အတားအဆီး နည်းပါးခြင်း၊ ငွေကြေးအရ ထောက်ပံ့ခြင်းနှင့် ကုန်သွယ်ခွန်တို့ အပါအဝင် နိုင်ငံဖြတ်ကျော် လုပ်ကိုင်သည့် စီးပွားရေး လုပ်ငန်းကြီးများမှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် ရည်ရွယ်သည့် အစိုးရ၏ စီးပွားရေး မူဝါဒများကိုလည်း MNCs များက ထည့်သွင်း စဉ်းစားကြသည် (Edwards, 1990; Gastanaga and Nugent, 1998; Asiedu, 2002)။ အစိုးရများသည် ကုန်သွယ်ခွန် ကြီးကြီး ချမှတ်ခြင်းဖြင့် ကုမ္ပဏီများကို ၎င်းတို့၏ ထုတ်လုပ်ရေး စက်ရုံများအား နေရာ ပြောင်းရွှေ့ခိုင်းကြသည်။ ကုန်သွယ်ခွန် မြင့်မားခြင်းကြောင့် ကုန်ပစ္စည်း ဈေးနှုန်းများ ထိခိုက်ခြင်းကို ရှောင်ကြဉ်ရန် ကုမ္ပဏီများသည် နိုင်ငံခြား ဈေးကွက်များသို့ ပြောင်းရွှေ့ခြင်းများ လုပ်ဆောင်ကြသည်။ လုပ်သား အင်အား အများအပြား လိုသည့် တပ်ဆင်ရေး အပိုင်းများကို အခြားသော ဒေသများ၌ ကုမ္ပဏီခွဲများ ဖွင့်လှစ် ထုတ်လုပ်ကြပြီး နောက်ဆုံး ထုတ်ကုန်ကို မိခင် ကုမ္ပဏီထံသို့ ပြန်လည် တင်ပို့သည်။ ထို့ကြောင့် MNC များ၏ ကုမ္ပဏီခွဲများသည် မိခင် ကုမ္ပဏီ၏ ဈေးကွက်မှ ပစ္စည်းများနှင့် ကုန်ကြမ်းများကို အနိမ့်ဆုံး နှုန်းထားဖြင့် တင်သွင်းနိုင်ရမည်။ ထို့ကြောင့် MNCs များသည် ကုန်သွယ်မှု အတားအဆီး မရှိသလောက် ဖြစ်ပြီး ငွေကြေး စီးဆင်းမှု ကန့်သတ်ချက် အနည်းငယ်သာ ရှိသော နိုင်ငံများတွင် ပို၍ ရင်းနှီးမြှုပ်နှံ လိုကြသည်။ FDI နှင့် အခြားသော ရင်းနှီးမြှုပ်နှံမှု စီးဆင်းခြင်း အများစုသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအတွက် တံခါးဖွင့်ပေးထားခြင်းကြောင့် ဖြစ်နိုင်သည် (Gilpin, 2001; Asiedu, 2002; Tuman and Emmert, 2004)။ ဈေးကွက် ချုပ်ကိုင်မှုများ ဖြေလျှော့ခြင်းကလည်း MNCs များကို ရင်းနှီးငွေ ဆိုင်ရာ အခွင့်အရေး အမျိုးမျိုး ရရှိစေပြီး ပြည်တွင်း ပြိုင်ဆိုင်မှုများထက် အားသာမှု ရရှိစေသည်။

## နိုင်ငံရေး အန္တရာယ်နှင့် တည်ငြိမ်မှု

ရင်းနှီးမြှုပ်နှံသူ အားလုံးသည် နိုင်ငံရေး အန္တရာယ်ကို စိုးရိမ်ကြပြီး ပို၍ အန္တရာယ်ကင်းသည့် နိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများကို ပြောင်းရွှေ့လိုကြသည်။ MNC အလုပ်အမှုဆောင်များက နိုင်ငံရေး မတည်ငြိမ်မှုသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ အကဲဖြတ်ရာတွင် အဓိက အရေးပါသည့် အချက် ဖြစ်သည်ဟု ဆိုကြသည် (Bandelj, 2002)။ ပြည်တွင်း (သို့) ပြင်ပ၌ ပဋိပက္ခများ ရင်ဆိုင်နေရသည့် အစိုးရများသည် နိုင်ငံရေးအရ တည်ငြိမ်သည့် နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ပို၍ ဖိနှိပ်သော စီးပွားရေး မူဝါဒများကို ပိုမို အကောင်အထည် ဖော်နိုင်ခြေ ရှိသည်။ ထိတ်လန့်နေရသည့် အစိုးရများသည် နိုင်ငံရေး မဟာမိတ်များကို အချိုသတ်ရန် လည်းကောင်း၊ လိုအပ်သည့် အရင်းအမြစ်များကို လျင်လျင်မြန်မြန် ရရှိစေရန် လည်းကောင်း ထုတ်ကုန်များနှင့် ရင်းနှီးငွေများ ရွေ့လျားမှုကို ကန့်သတ်ခြင်း၊ စီးပွားရေး အခွန်ငွေများကို တိုးမြှင့်ခြင်း၊ နိုင်ငံခြား ကုမ္ပဏီများကို အတင်းအဓမ္မ ရောင်းချခိုင်းခြင်း (သို့) သိမ်းဆည်းခြင်းကဲ့သို့သော မူဝါဒများကို ချမှတ်ကြသည်။ ထို့ပြင် ပြည်တွင်း အကွဲအပြဲများက အစိုးရ အပြောင်းအလဲ ဖြစ်နိုင်ခြေကို မြင့်တက်စေပြီး စီးပွားရေး မူဝါဒများ တည်ငြိမ်မှုအပေါ် MNC များ၏ စိုးရိမ်မှုများအား တိုးမြင့်စေသည်။ နိုင်ငံ မတည်ငြိမ်ခြင်း ဆက်လက် ရှိနေနိုင်ခြေက စီးပွားရေး စည်းမျဉ်းများ ပြောင်းလဲနိုင်ခြေကို မြင့်မားစေပြီး ကုန်ထုတ်လုပ်ရေး ကုန်ကျစရိတ်များနှင့် အမြတ်ငွေများအပေါ် မသေချာမှု ဖြစ်စေသည်။ ထို့ကြောင့် တည်ငြိမ်သော အစိုးရ တစ်ရပ်ရှိပြီး တရားဥပဒေ စိုးမိုးမှု ရှိသည့် နိုင်ငံများတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ပိုမို များပြားလေ့ ရှိသည်။

ပြည်တွင်းနှင့် ပြင်ပ ပဋိပက္ခများ ကြုံတွေ့နိုင်ရသည့် နိုင်ငံများတွင် FDI ရရှိမှု နည်းမည်ဟု မျှော်မှန်းထားသော်လည်း လေ့လာချက်များအရ နိုင်ငံရေး တည်ငြိမ်မှုနှင့် FDI တို့အကြား ဆက်နွယ်မှုမှာ ရောနှောသည့် ရလဒ်များ ရှိသည်။ လက်တွေ့ လေ့လာခြင်းများက နိုင်ငံရေး တည်ငြိမ်မှုနှင့် FDI တို့သည် မည်သည့် ဆက်စပ်မှုမှ မရှိခြင်းမှ အထောက်အကူပြုသော ရလဒ်နှင့် ထိခိုက်စေသော ရလဒ် ရှိခြင်းအထိ တွေ့ရသည် (Asiedu, 2002; Bandelj, 2002)။

## ဈေးကွက် အခြေခံ အဆောက်အဦနှင့် ကျွမ်းကျင်မှု အဆင့်

အချို့သူများက နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် အတိုင်းအတာ တစ်ခုအထိ ပညာတတ်သော လုပ်သား အင်အား ရှိပြီး ခေတ်မီ အခြေခံ အဆောက်အဦများ ရှိသည့် နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံ လိုကြသည်ဟု ဆိုသည် (Gelleny and McCoy, 2001; Tuman and Emmert, 2004)။ ဆိုလိုသည်မှာ လခ နည်းပြီး ပညာတတ်သော လုပ်သားများ ရှိခြင်းသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအတွက် လွန်စွာ ဆွဲဆောင်မှု ရှိသည့် အချက်တစ်ခု ဖြစ်သည်။ ထို့ပြင် ခေတ်မီ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး နယ်ပယ်များ ရှိသည့် ဖွံ့ဖြိုးဆဲ နိုင်ငံများသည် နိုင်ငံ ဖြတ်ကျော် ဆောင်ရွက်သည့် လုပ်ငန်းများအတွက် ပို၍ ဆွဲဆောင်မှုရှိသည့် ဝန်းကျင် ဖြစ်သည်။ ပညာတတ် လုပ်သားများ ရှိခြင်းနှင့် ခေတ်မီ အခြေခံ အဆောက်အဦများ ရှိခြင်းသည် ကုန်ထုတ်လုပ်မှုနှုန်းနှင့် အမြတ် ရရှိနိုင်မှုတို့ကို တိုးတက်စေမည်။

| အနှစ်ချုပ် |
|---|
| တရားဥပဒေ စိုးမိုးမှု မှတစ်ဆင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ကို ကာကွယ်ပေးခြင်းသည် FDI များကို |

ဆွဲဆောင်ရာတွင် အရေးအပါဆုံး အချက်များထဲမှ တစ်ချက် ဖြစ်သည်။ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ကို လေးစားသည့် နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံသည့် MNCs များသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို အာဏာရှင်များမှ ပြည်သူပိုင် သိမ်းပစ်ခြင်းမှ ကာကွယ်နိုင်သည်။

MNCs များသည် လူမှု ဖူလုံရေးနှင့် အလုပ် မရှိချိန်အတွက် ထည့်ဝင်ငွေ ကဲ့သို့သော အခွန်ငွေ နည်းသည့် နိုင်ငံများနှင့် လုပ်ခလစာ နည်းသည့် နိုင်ငံများသို့ ပြောင်းရွှေ့ခြင်းဖြင့် အမြတ်ငွေ ပိုရအောင် လုပ်ဆောင်ကြသည်။ ထို့ပြင် FDI ပိုမို ရရှိရန် နိုင်ငံများအကြား ပြိုင်ဆိုင်မှု တိုးမြင့်လာလေရာ နိုင်ငံများသည် MNCs များကို ထိုမူဝါဒများနှင့် စပ်လျဉ်းပြီး စီးပွားရေး လုပ်ငန်းများအတွက် အကျိုးရှိသည့် ဝန်းကျင် တစ်ခု ဖန်တီးပေးရန် အပြိုင်အဆိုင် ကြိုးပမ်းကြသည်။

ကုမ္ပဏီများသည့် ၎င်းတို့၏ ထုတ်ကုန်များကို လူ့အခွင့်အရေး အခြေအနေများ တိုးတက်လာခြင်းနှင့် ဆက်စပ်ခြင်းဖြင့် နာမည်ကောင်း ရယူလိုကြသည်။ သို့မဟုတ်ပါက MNCs များသည် မီဒီယာများက ၎င်းတို့နှင့် လူ့အခွင့်အရေး ချိုးဖောက်သော နိုင်ငံများ အကြား ဆက်နွယ်မှုကို တင်ပြခြင်းများ ကြုံတွေ့ကြရမည်။

MNCs များသည် ကုန်သွယ်မှု အတားအဆီး မရှိသလောက် ဖြစ်ပြီး ငွေကြေး စီးဆင်းမှု ကန့်သတ်ချက် အနည်းငယ်သာ ရှိသော နိုင်ငံများတွင် ပို၍ ရင်းနှီးမြှုပ်နှံ လိုကြသည်။

ရင်းနှီးမြှုပ်နှံသူ အားလုံးသည် နိုင်ငံရေး အန္တရာယ်ကို စိုးရိမ်ကြပြီး ပို၍ အန္တရာယ်ကင်းသည့် နိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများကို ပြောင်းရွှေ့လိုကြသည်။ နိုင်ငံရေး မတည်ငြိမ်မှုသည် စီးပွားရေး ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပြောင်းလဲနိုင်ခြေ အန္တရာယ်ကို မြင့်မားစေပြီး ကုန်ထုတ်လုပ်ရေး စရိတ်နှင့် အမြတ်ငွေအတွက် မသေချာမှုများ ဖြစ်ပေါ်စေသည်။

အချို့သူများက နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် အတိုင်းအတာ တစ်ခုအထိ ပညာတတ်သော လုပ်သား အင်အား ရှိပြီး ခေတ်မီ အခြေခံ အဆောက်အဦများ ရှိသည့် နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံ လိုကြသည်ဟု ဆိုသည်။ ပညာတတ် လုပ်သားများ ရှိခြင်းနှင့် ခေတ်မီ အခြေခံ အဆောက်အဦများ ရှိခြင်းသည် ကုန်ထုတ်လုပ်မှုနှုန်းနှင့် အမြတ် ရရှိနိုင်မှုတို့ကို တိုးတက်စေမည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

နာမည်ကောင်း ရရေးနှင့် အမြတ်ရရေး ရည်မှန်းချက် နှစ်ခုအကြား အလဲအထပ် လုပ်ရမည် ဆိုပါက အများစုသော စီးပွားရေး လုပ်ငန်းများက မည်သည်ကို ရွေးချယ်မည် ထင်သနည်း။

ယခင် မေးခွန်းအပေါ် သင်၏ အဖြေအား အခြေခံ၍ အစိုးရ၏ လူ့အခွင့်အရေးအပေါ် လေးစားလိုက်နာမှုအား စီးပွားရေး လုပ်ငန်းများ၏ သက်ရောက်မှုတွင် မည်သည့် အမူအကျင့်များကို သင်မျှော်လင့်သနည်း။

## အချက်အလက်များနှင့် သုတေသန ပုံစံ

### နမူနာ

ကျွန်ုပ်တို့၏ လေ့လာမှုတွင် ဖွံ့ဖြိုးဆဲ နိုင်ငံများကို ၁၉၈၁ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ လေ့လာထားသည်။ ကျွန်ုပ်တို့၏ လေ့လာမှုကို ၁၉၈၁ ခုနှစ်တွင် စတင်ခဲ့ခြင်းမှာ လူ့အခွင့်အရေး အစီရင်ခံစာများ၊ အစိုးရများ၏ လူ့အခွင့်အရေး လေးစား လိုက်နာမှုများသည် ထိုနှစ်မတိုင်မီအထိ ယုံကြည်စိတ်ချရသော အချက်အလက်များ

မရှိသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးဆဲ နိုင်ငံ ဆိုင်ရာ နမူနာများတွင် အာဖရိက၊ အာရှ၊ ကာရေဘီယံ၊ အရှေ့ ဥရောပနှင့် လက်တင် အမေရိက အပါအဝင် တစ်ကမ္ဘာလုံးရှိ ဖွံ့ဖြိုးဆဲ ဒေသများ ပါဝင်သည်။ ဖွံ့ဖြိုးဆဲ နိုင်ငံ အများအပြားတွင် စီးပွားရေးနှင့် နိုင်ငံရေး အချက်အလက်များ စနစ်တကျ မှတ်တမ်းတင်ထားခြင်း မရှိရာ အချက်အလက် မပြည့်စုံခြင်းကြောင့် အကောင်းဆုံး အခြေအနေထက်တော့ လေ့လာရမည့် ဖြစ်ရပ်များ နည်းပါးခဲ့သည်။

## ပုံစံနှင့် ခန့်မှန်းသည့် နည်းလမ်းများ

နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် အစိုးရ၏ လူ့အခွင့်အရေး လေးစား လိုက်နာမှုတို့အကြား ဆက်စပ်မှု ပုံစံကို ဇယား ၁၃.၁ တွင် ပြထားသည်။ (ညီမျှခြင်းအကွက် ညာဘက်ခြမ်းရှိ) အပေါင်းနှင့် အနုတ်လက္ခဏာများသည် ပုံစံအတွင်းမှ အမှီအခိုကင်း ကိန်းရှင် (independent variable) နှင့် မှီခိုကိန်းရှင် (dependent variable) (FDI) တို့အကြား ဆက်စပ်မှုအပေါ် ကျွန်ုပ်တို့၏ အဆိုကို ဖော်ပြသည်။[၆] အပေါင်းလက္ခဏာက ကျွန်ုပ်တို့ အနေဖြင့် အပြုသဘောဆောင်သည့် ဆက်စပ်မှု ရှိသည်ဟု မျှော်လင့်ကြောင်းကို ပြသသည်။ အမှီအခိုကင်း ကိန်းရှင် တန်ဖိုး တက်လာသည်နှင့်အမျှ FDI တန်ဖိုးလည်း တက်လာမည်ဟု မျှော်လင့်သည်။ အနုတ် လက္ခဏာက အနုတ်သဘော ဆောင်သည့် ဆက်စပ်မှု ရှိသည်ဟု မျှော်လင့်ကြောင်း ပြသသည်။ အမှီအခိုကင်း ကိန်းရှင် တန်ဖိုး တက်လာသည်နှင့်အမျှ FDI လည်း ကျဆင်းသွားလိမ့်မည်။ “+/-” လက္ခဏာ နှစ်ခုလုံး ပြထားခြင်းက မည်သို့ ဖြစ်လာမည်ကို မသေချာခြင်းကို ပြသသည်။

ယခုအပိုင်းတွင် အစိုးရ၏ လူ့အခွင့်အရေး လေးစား လိုက်နာမှုက FDI စီးဆင်းမှုအပေါ် သက်ရောက်မှုများကိုသာ စိတ်ဝင်စားသော်လည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုက အစိုးရ၏ လူ့အခွင့်အရေး လေးစား လိုက်နာမှုကို လွှမ်းမိုးနိုင်သည် ဟူသည့် တွေ့ရှိချက်များလည်း ရှိသည် (e.g. Meyer, 1998; Richards, Gelleny, and Sacko, 2001; Richards and Gelleny, 2002)။ ထို့ကြောင့် ကျွန်ုပ်တို့၏ ပုံစံသည် FDI မှ အစိုးရ၏ လူ့အခွင့်အရေး လေးစား လိုက်နာမှုအပေါ် ရှိနိုင်သည့် မည်သည့် လွှမ်းမိုးမှုကို မဆို လေ့လာသွားမည် ဖြစ်ပြီး တစ်ချိန်တည်းမှာပင် အစိုးရ၏ လူ့အခွင့်အရေး လေးစား လိုက်နာမှုက FDI အပေါ် ရှိနိုင်သည့် လွှမ်းမိုးမှုများကိုလည်း လေ့လာသွားပါမည်။ ထိုသို့ လုပ်ဆောင်နိုင်ရန် ကျွန်ုပ်တို့ အနေဖြင့် ပုံစံ နှစ်မျိုးကို တစ်ပြိုင်နက်တည်း ခန့်မှန်းသွားမည် ဖြစ်ပြီး ထိုမှတစ်ဆင့် အပြန်အလှန် သက်ရောက်မှုများ ကိုလည်း ဆန်းစစ်နိုင်လိမ့်မည် (ဆိုလိုသည်မှာ လူ့အခွင့်အရေးနှင့် FDI တို့ တစ်ခုနှင့် တစ်ခု တပြိုင်နက်တည်း အပြန်အလှန် လွှမ်းမိုးခြင်းမျိုး ဖြစ်သည်)။ ဇယား ၁၃.၁ တွင် ကွင်းထဲရှိ ကိန်းရှင်များသည် ကျွန်ုပ်တို့၏ ယေဘုယျ ပုံစံကြီးထဲတွင် ပါဝင်သည့် ဒုတိယ ပုံစံကို ကိုယ်စားပြုသည်။ ဒုတိယ ပုံစံတွင် FDI နှင့် အစိုးရ၏ လူ့အခွင့်အရေးအပေါ် လေးစား လိုက်နာမှုတို့ အကြား ဆက်စပ်မှုကို ဆန်းစစ်ထားသည်။ ထို့ပြင် လူ့အခွင့်အရေး လေးစား လိုက်နာမှုသည် မှီခို ကိန်းရှင်ဖြစ်ပြီး ကွင်းစ၊ ကွင်းပိတ်ထဲရှိ ကိန်းရှင်များသည် အမှီအခိုကင်း ကိန်းရှင်ဖြစ်သည့် အခြေအနေကိုလည်း ယေဘုယျ ပုံစံနှင့် တပြိုင်နက်တည်း ဆန်းစစ်ထားသည်။

| ဇယား ၁၃.၁။ စာရင်းအင်းအရ လေ့လာမှုများအတွက် ယေဘုယျ ပုံစံများ | |
|---|---|
| နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု = | +/- ကိန်းသေ |
| | +/- လူ့အခွင့်အရေး လေးစားလိုက်နာမှု အဆင့် |
| | [= နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု |
| | - ပြည်တွင်း ပဋိပက္ခ |
| | - နိုင်ငံများအကြား ပဋိပက္ခ |
| | + အစိုးရ ပုံစံ |
| | + စီးပွားရေး ဖွံ့ဖြိုးမှု အဆင့် |
| | - လူဦးရေ အရွယ်အစား] |
| | - ပြည်တွင်း ပဋိပက္ခ |
| | - နိုင်ငံများအကြား ပဋိပက္ခ |
| | - ရင်းနှီးငွေ ထိန်းချုပ်ခြင်းများ |
| | + ဈေးကွက် ကြွယ်ဝမှု |
| | + ကုန်သွယ်ရေး ပွင့်လင်းမှု |
| | + မြို့ပြ ဖြစ်ထွန်းမှု |
| | + အခြေခံ အဆောက်အဦ |
| | + စာတတ်မြောက်မှု |
| | - ငွေကြေး ဖောင်းပွမှု |

## မှီခို ကိန်းရှင်

## နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု

ကမ္ဘာ့ စီးပွားရေးသည် ဖွံ့ဖြိုးဆဲ နိုင်ငံများသို့ ဝင်ရောက်နိုင်သည့် နည်းလမ်းအများအပြားကို ဆွေးနွေးခဲ့သော်လည်း ယခုအခန်းတွင်မူ နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု တစ်ခုတည်းကိုသာ ထည့်သွင်း စဉ်းစားသွားပါမည်။ အတိအကျ ဆိုရသော် ကျွန်ုပ်တို့၏ မှီခို ကိန်းရှင်မှာ နိုင်ငံ တစ်နိုင်ငံ၏ တစ်နှစ်အတွင်း ထုတ်လုပ်သော ထုတ်ကုန်နှင့် ဝန်ဆောင်မှု တန်ဖိုး စုစုပေါင်း ဖြစ်သည့် GDP တွင် ပါဝင်သည့် FDI ရာခိုင်နှုန်းကို တိုင်းတာခြင်း ဖြစ်သည်။ ထိုသို့သော FDI တိုင်းတာပုံကို ဂလိုဘယ်လ် လိုက်ဇေးရှင်း လေ့လာချက်များတွင် ပုံမှန် အသုံးပြုလေ့ ရှိသည် (Asiedu, 2002; Bandelj, 2002; Alderson, 2004; Truman and Emmert, 2004)။ ထိုအချက်အလက်များကို ကမ္ဘာ့ဘဏ်၏ ကမ္ဘာ့ ဖွံ့ဖြိုးတိုးတက်ရေး ညွှန်းကိန်းများမှ ကောက်နှုတ်ထားခြင်း ဖြစ်သည် (*World Development Indicators on CD-ROM)* (2005)။

## အမှီအခိုကင်း ကိန်းရှင်များ

နိုင်ငံ တစ်နိုင်ငံ၏ FDI အဆင့်ကို ရှင်းလင်းပြနိုင်ရန် အမှီအခိုကင်း ကိန်းရှင် အများအပြား အသုံးပြုထားသည်။ ထိုကိန်းရှင်များကို စာရင်းပြုပြီး ရှင်းလင်းပြပါမည်။

## အစိုးရ၏ လူ့အခွင့်အရေးအပေါ် လေးစားလိုက်နာမှု

အစိုးရ၏ လူ့အခွင့်အရေး လေးစား လိုက်နာမှု အဆင့်ကို တိုင်းတာရန် CIRI လူ့အခွင့်အရေး အချက်အလက်များမှ ညွှန်းကိန်း နှစ်ခုကို အသုံးပြုထားသည် (Cingranelli and Richards, 2010)။[၇] ထိုညွှန်းကိန်း နှစ်ခုသည် နှစ်တစ်နှစ်အတွင်း ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးနှင့် မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများ တစ်ခုချင်းစီကို အစိုးရ၏ လေးစား လိုက်နာမှု အဆင့်ကို တိုင်းတာထားသည်။ ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးတွင် ညှဉ်းပန်း နှိပ်စက်ခြင်း၊ လက်စဖျောက် ခံရခြင်း၊ ဥပဒေ ပြင်ပ ကွက်မျက်ခြင်းနှင့် နိုင်ငံရေးအရ အကျဉ်းချခြင်း တို့မှ ကင်းလွတ်ခွင့်များ ပါဝင်သည်။ CIRI ၏ ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေး ညွှန်းကိန်းတွင် ဂ မှတ် (ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေး လေးမျိုးလုံးကို လိုက်နာမှု လုံးဝ မရှိ) မှ ၈ မှတ် (ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေး လေးမျိုးလုံးကို အပြည့်အဝ လိုက်နာမှု) အထိ အဆင့် ကိုးဆင့် ပါရှိသည်။ CIRI ၏ မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးတွင် အစိုးရ၏ နိုင်ငံရေး အခွင့်အရေးများနှင့် ပြည်သူ့ရေးရာ လွတ်လပ်ခွင့်များကို လေးစား လိုက်နာမှု ဆိုင်ရာ ညွှန်းကိန်း ၅ ခု ပါဝင်ပြီး အအဆင့် ၁၁ ဆင့် ခွဲထားသည်။ ယင်းတို့မှာ ပွင့်လင်းပြီး လွတ်လပ်သော နိုင်ငံရေး ပါဝင်ခွင့်၊ အလုပ်သမား အခွင့်အရေးများ၊ ပြည်တွင်းတွင် လွတ်လပ်စွာ သွားလာနိုင်ခြင်း၊ လွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့်နှင့် လွတ်လပ်သော မီဒီယာတို့ ဖြစ်သည်။ တိုင်းတာမှုမှာ ဂ မှတ် (မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေး ငါးခုလုံးကို လုံးဝ လိုက်နာမှု မရှိ) မှ ၁ဂ မှတ် (အခွင့်အရေး ငါးခုလုံးကို အပြည့်အဝ လိုက်နာခြင်း) အထိ ဖြစ်သည်။

## ကုန်သွယ်ရေးနှင့် ရင်းနှီးငွေ ထိန်းချုပ်ခြင်းများ

ကုန်သွယ်ရေးနှင့် ရင်းနှီးငွေ (မြှုပ်နှံငွေ) ဆိုင်ရာ အစိုးရ၏ မူဝါဒများသည် နိုင်ငံ၏ နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှု ဆွဲဆောင်နိုင်ခြင်းနှင့် ထိန်းသိမ်း နိုင်ခြင်းတွင် အရေးပါသော အခန်းကဏ္ဍတွင် ရှိသည်။ ကုန်သွယ်ရေး မူဝါဒများနှင့် စပ်လျဉ်း၍ ပို့ကုန် အခြေစိုက် MNCs များသည် ပွင့်လင်းပြီး (စည်းကြပ်ခြင်း သိပ်မရှိသော) စီးပွားရေးများတွင် ပို၍ ရင်းနှီးမြှုပ်နှံ လိုကြသည်။ ကုန်သွယ်ရေး မူဝါဒများကို တိုင်းတာရန် ကုန်သွယ်ရေး ပွင့်လင်းမှုတွင် သုံးသည့် စံတိုင်းတာမှုကို သုံးထားသည်။ ယင်းမှာ နိုင်ငံ တစ်နိုင်ငံ၏ သွင်းကုန်၊ ထုတ်ကုန်နှင့် GDP အချိုးဖြစ်သည်။ ထိုအချက်အလက်များကို ကမ္ဘာ့ဘဏ်၏ ကမ္ဘာ့ ဖွံ့ဖြိုးတိုးတက်ရေး ညွှန်းကိန်းများမှ ကောက်နုတ်ထားခြင်း ဖြစ်သည် (*World Development Indicators on CD-ROM)* (2005)။

နိုင်ငံတစ်နိုင်ငံကို ရင်းနှီးငွေ ထိန်းချုပ်သည့် မူဝါဒများအပေါ် မူတည်ပြီးလည်း ပွင့်လင်းသည်၊ တင်းကြပ်သည်ဟု ဖော်ကျူးနိုင်သည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ရင်းနှီးငွေ ထိန်းချုပ်သည့် အင်စတီကျူးရှင်းများ ရှိခြင်းသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် အနုတ်သဘောဆောင်သည့် ဆက်ဆံရေး ရှိလိမ့်မည်ဟု မျှော်လင့်ထားသည်။ ၁၉၉ဂ ပြည့်လွန်နှစ် အစောပိုင်းများတွင် နိုင်ငံများသည် နိုင်ငံခြား ကုမ္ပဏီများကို

၎င်းတို့၏ ဈေးကွက်များတွင် တိုက်ရိုက် ရင်းနှီး မြှုပ်နှံရန် ဆွဲဆောင်ခြင်းဖြင့် နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုကို ဖွင့်ပေးခဲ့သည် (Spero and Hart, 1997; Gilpin, 2001; Cohn, 2003)။ ရင်းနှီးငွေ ထိန်းချုပ်မှုကို တိုင်းတာရန် ကျွန်ုပ်တို့သည် နိုင်ငံတကာ ငွေကြေး ရန်ပုံငွေ အဖွဲ့၏ နှစ်စဉ် အစီရင်ခံစာများထဲမှ ငွေကြေး လဲလှယ်မှု အစီအမံများနှင့် ငွေကြေး လဲလှယ်နှုန်း ထိန်းချုပ်မှု ကိန်းရှင်များကို အသုံးပြုထားသည် (IMF, various years)။ ထိုကိန်းရှင်သည် စာရင်းရှင်နှင့် ရင်းနှီးငွေ အကောင့် နှစ်ခုလုံးတွင် နိုင်ငံခြား ငွေလဲလှယ်နှုန်းကို နိုင်ငံတော် ထိန်းချုပ်သည့် ညွှန်းကိန်း ဖြစ်ပြီး အောက်ပါတို့ နိုင်ငံ တစ်နိုင်ငံတွင် ရှိခြင်း၊ မရှိခြင်းကို အမှတ် ၀ မှ ၄ အထိ ပေးထားသည်။ ယင်းတို့မှာ ငွေကြေး လဲလှယ်နှုန်း အမျိုးမျိုး ရှိခြင်း၊ စာရင်းရှင် အကောင့်အပေါ် ကန့်သတ်မှုများ၊ ရင်းနှီးငွေ အကောင့်အပေါ် ကန့်သတ်မှုများနှင့် ပို့ကုန် အမြတ်စွန့်လွှတ်ရန် လိုအပ်ချက်များ (export proceeds surrender requirements) တို့ ဖြစ်ကြသည်။[၈] ဥပမာ ရမှတ် ၀ သည် ရင်းနှီးငွေ ထိန်းချုပ်မှု မရှိခြင်းကို ဆိုလိုပြီး ရမှတ် ၄ မှတ်သည် ရင်းနှီးငွေကို အပြည့်အဝ ထိန်းချုပ်သည်ဟု ဆိုလိုသည်။

## ပြည်တွင်း စီးပွားရေး အခြေအနေများ

နိုင်ငံ တစ်နိုင်ငံ၏ မက်ခရို စီးပွားရေး အခြေအနေများသည်လည်း FDI ကို ဆန်းစစ်ရာတွင် ထည့်သွင်း စဉ်းစားသင့်သည့် အချက် တစ်ချက် ဖြစ်သည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးမှုနှင့် ဈေးကွက် တည်ငြိမ်မှုကို ညွှန်းကိန်း သုံးခု သုံး၍ တိုင်းတာထားသည်။ ရှေးဦးစွာ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု (သို့) ဈေးကွက် ကြွယ်ဝမှုကို တိုင်းတာရန် လူတစ်ဦးချင်းစီ၏ ကုန်ထုတ်လုပ်မှု တန်ဖိုး (GDP per capita) ကို အသုံးပြုထားသည် (အစွန်းရောက် တန်ဖိုးများက လေ့လာမှုကို အနှောင့်အယှက် မဖြစ်စေရန် လော်ဂရစ်သန် တန်ဖိုးများကို အသုံးပြုထားသည်)။ အချို့က နိုင်ငံခြား ရင်းနှီး မြှုပ်နှံသူများသည် ကြီးထွားနေပြီး ပြောင်းလဲနေသည့် ဒေသများကို နှစ်ခြိုက်ကြသည်ဟု ဆိုသည် (E. Crenshaw, 1991; Bandelj, 2002, Cohn, 2003)။ အလားအလာရှိသည့် ဈေးကွက် အရွယ်အစားကို တိုင်းတာရန် နိုင်ငံ၏ မြို့ပြ ဖြစ်ထွန်းမှုကို ကြည့်ရှုပါသည်။ ဆိုလိုသည်မှာ မြို့ဟု သတ်မှတ် နိုင်သည့် နေရာမှုတွင် နေထိုင်သည့် လူဦးရေ စုစုပေါင်း အချိုးအစားကို တိုင်းတာခြင်း ဖြစ်သည်။ နောက်ဆုံး အနေဖြင့် နိုင်ငံ တစ်နိုင်ငံ၏ မက်ခရို စီးပွားရေး တည်ငြိမ်မှုကို တိုင်းတာရန် ငွေကြေး ဖောင်းပွမှုနှုန်းကို ထည့်သွင်း ထားသည်။ ထိုကိန်းရှင် သုံးခုလုံးကို ကမ္ဘာ့ဘဏ်၏ ကမ္ဘာ့ ဖွံ့ဖြိုးတိုးတက်ရေး ညွှန်းကိန်းများမှ ကောက်နုတ်ထားခြင်း ဖြစ်သည် (*World Development Indicators on CD-ROM)* (2005)။

## နိုင်ငံရေး အန္တရာယ်နှင့် တည်ငြိမ်မှု

ပြည်တွင်းနှင့် နိုင်ငံများအကြား ပဋိပက္ခများကို ရှိခြင်း၊ မရှိခြင်း တိုင်းတာထားပြီး PRIO ၏ လက်နက်ကိုင် ပဋိပက္ခ အချက်အလက် အမှတ် ၃ မှ ကောက်နုတ်ထားသည် (Gleditsch et al., 2002)။ ပြည်တွင်း ပဋိပက္ခကို တိုင်းတာရာတွင် နိုင်ငံ တစ်နိုင်ငံတွင် နှစ်တစ်နှစ်အတွင်း နိုင်ငံတော်နှင့် လက်နက်ကိုင် အုပ်စုများအကြား ပဋိပက္ခ ဖြစ်မှု အဆင့်ကို တိုင်းတာထားသည်။ ယင်းကို အမှတ် ၀ (ပဋိပက္ခ မရှိ) မှ ၃ (ပြည်တွင်းစစ်) အထိ ခွဲခြားထားသည်။ နိုင်ငံများအကြား ပဋိပက္ခကို တိုင်းတာရာတွင် နိုင်ငံ နှစ်နိုင်ငံ (သို့) နှစ်နိုင်ငံနှင့် အထက် နှစ်တစ်နှစ်အတွင်း ပဋိပက္ခ ဖြစ်မှု အဆင့်ကို တိုင်းတာထားသည်။ ယင်းကို အမှတ် ၀ (ပဋိပက္ခ မရှိ) မှ ၃ (နိုင်ငံများအကြား စစ်ဖြစ်နေခြင်း) အထိ ခွဲခြားထားသည်။

**အခြေခံ အဆောက်အဦနှင့် ကျွမ်းကျင်မှု အဆင့်**

MNC များသည် ကျွမ်းကျင် လုပ်သားများ ရှိပြီး ခေတ်မီ အခြေခံ အဆောက်အဦများ ရှိသည့် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ပိုမို ရင်းနှီး မြှုပ်နှံ လိုကြသည်။ နိုင်ငံ တစ်နိုင်ငံ၏ အခြေခံ အဆောက်အဦ အဆင့်အတန်းကို တိုင်းတာရန် ထိုနိုင်ငံတွင် လူတစ်ထောင်၌ တယ်လီဖုန်း ရှိမှု အရေအတွက်ကို တိုင်းတာထားသည်။ ထိုတိုင်းတာမှုသည် နိုင်ငံ၏ အခြေခံ အဆောက်အဦများထဲမှ တစ်ခုကိုသာ စဉ်းစားခြင်း ဖြစ်သော်လည်း ထိုအချက်အလက်ကို ဖွံ့ဖြိုးဆဲ နိုင်ငံ အများအပြားတွင် ရှာဖွေနိုင်သည့် အားသာချက် ရှိသည် (Asiedu, 2002)။ နိုင်ငံ တစ်နိုင်ငံမှ ပြည်တွင်း အလုပ်သမားများ၏ အရည်အသွေးကို တိုင်းတာရန် အရွယ်ရောက်ပြီးသူ စာတတ်မြောက်မှုနှုန်းကို အသုံးပြုထားသည်။ ထိုတိုင်းတာမှုက သာမန် နေ့စဉ်သုံး ရိုးရှင်းသည့် အချက်အလက်များကို ရေးတတ်၊ ဖတ်တတ်၊ နားလည်နိုင်သည့် အသက် ၁၅ နှစ်အထက် လူရာခိုင်နှုန်းကို တိုင်းတာထားခြင်း ဖြစ်သည်။ ထိုကိန်းရှင် နှစ်ခုလုံးကို ကမ္ဘာ့ဘဏ်၏ ကမ္ဘာ့ ဖွံ့ဖြိုးတိုးတက်ရေး ညွှန်းကိန်းများမှ ကောက်နှုတ် ထားခြင်း ဖြစ်သည် (*World Development Indicators on CD-ROM)* (2005)။

| အနှစ်ချုပ် |
| --- |
| ကျွန်ုပ်တို့၏ လေ့လာမှုတွင် ဖွံ့ဖြိုးဆဲ နိုင်ငံများကို ၁၉၈၁ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ လေ့လာထားသည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးဆဲ နိုင်ငံ ဆိုင်ရာ နမူနာများတွင် အာဖရိက၊ အာရှ၊ ကာရေဘီယံ၊ အရှေ့ ဥရောပနှင့် လက်တင် အမေရိက အပါအဝင် တစ်ကမ္ဘာလုံးရှိ ဖွံ့ဖြိုးဆဲ ဒေသများ ပါဝင်သည်။<br>ကျွန်ုပ်တို့၏ မှီခို ကိန်းရှင်မှာ နိုင်ငံ တစ်နိုင်ငံ၏ တစ်နှစ်အတွင်း ထုတ်လုပ်သော ထုတ်ကုန်နှင့် ဝန်ဆောင်မှု တန်ဖိုး စုစုပေါင်း ဖြစ်သည့် GDP တွင် ပါဝင်သည့် FDI ရာခိုင်နှုန်းကို တိုင်းတာခြင်း ဖြစ်သည်။<br>နိုင်ငံ တစ်နိုင်ငံ၏ FDI အဆင့်ကို ရှင်းလင်းပြနိုင်ရန် အမှီအခိုကင်း ကိန်းရှင် အများအပြား အသုံးပြုထားသည်။ ယင်းတို့မှာ အစိုးရ၏ လူ့အခွင့်အရေးအပေါ် လေးစားလိုက်နာမှု၊ ပြည်တွင်း စီးပွားရေး အခြေအနေများ၊ နိုင်ငံရေး အန္တရာယ်နှင့် တည်ငြိမ်မှု၊ အခြေခံ အဆောက်အဦနှင့် ကျွမ်းကျင်မှု အဆင့်များ ဖြစ်သည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>စာရေးသူများ အနေဖြင့် ၎င်းတို့ လေ့လာသည့် ပုံစံတွင် ထည့်သွင်းသင့်သော အခြား အမှီအခိုကင်း ကိန်းရှင်များ ရှိသေးပါသလား။<br>စာရေးသူများ လေ့လာသည့် ပုံစံတွင် နိုင်ငံ တစ်နိုင်ငံရှိ FDI စုစုပေါင်း တန်ဖိုးကို သုံးခြင်းထက် GDP တွင် ပါဝင်သည့် FDI ရာခိုင်နှုန်းကို အဘယ်ကြောင့် အသုံးပြု ထားပါသနည်း။ |

## တွေ့ရှိချက်များ

ကျွန်ုပ်တို့ ခန့်မှန်းထားသော ပုံစံများကို စာရင်းအင်း နည်းပညာအရ စမ်းသပ်ရန် အစိုးရ၏ လူ့အခွင့်အရေး ပုံစံ နှစ်မျိုးကို လေးစားလိုက်နာခြင်းနှင့် FDI တို့အကြား ဆက်စပ်မှုကို လေ့လာထားသည်။ ကျွန်ုပ်တို့သည်

လူ့အခွင့်အရေး လေးစားလိုက်နာခြင်းက FDI အပေါ် သက်ရောက်မှုနှင့် တပြိုင်နက်တည်းမှာပင် FDI က လူ့အခွင့်အရေးအပေါ် လေးစားလိုက်နာမှုတို့ကို ဆန်းစစ်နိုင်သည့် စာရင်းအင်း သုံးသပ်ချက် နည်းပညာကို အသုံးပြုထားသည်။ ထိုနည်းပညာက ကျွန်ုပ်တို့ အချက်အလက်များ စီစဉ်ပုံကြောင့် လွဲမှားသော ရလဒ်များ ထွက်ပေါ်မလာစေရန် ကူညီပေးသည် (ကျွန်ုပ်တို့သည် စုစည်းသည့် ပုံစံကို အသုံးပြုခဲ့ပြီး စာရင်းစာရွက် တစ်ရွက်ပေါ်တွင် နိုင်ငံပေါင်းများစွာ၏ နှစ်ပေါင်းများစွာသော အချက်အလက်များကို စာရင်းသွင်းထားခဲ့သည်)။

ဇယား ၁၃.၂ တွင် အစိုးရ၏ ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးများကို လေးစားမှုနှင့် FDI တို့အကြား ဆက်စပ်မှု ရလဒ်များ (ပုံစံ ၁) နှင့် မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများနှင့် FDI ၏ ဆက်စပ်မှု ရလဒ်များ (ပုံစံ ၂) ကို ဖော်ပြထားသည်။ ဇယား ၁၃.၂ အောက်တွင်ပါသော *N* သည် ထိုပုံစံ တစ်ခုချင်းစီကို စမ်းသပ်ရန် အသုံးပြုခဲ့သည့် ဖြစ်ရပ် အရေအတွက်ကို ဖော်ပြနေသည်။ နိုင်ငံ-ခုနှစ် ဟု ခေါ်ဆိုနိုင်သည့် ဖြစ်ရပ် တစ်ခုချင်းစီသည် နိုင်ငံ တစ်နိုင်ငံနှင့် နှစ်တစ်နှစ်ကို ကိုယ်စားပြု ဖော်ပြနေသည် (ဥပမာ ၁၉၉၇ ခုနှစ်က ပြင်သစ် နိုင်ငံ၊ ၁၉၉၃ ခုနှစ်က ဘရာဇီးလ် နိုင်ငံ)။ ဖြစ်ရပ် ပိုများလေလေ ကမ္ဘာကြီးအကြောင်း ပိုသိလေလေ ဖြစ်ပြီး ကျွန်ုပ်တို့၏ ရလဒ်များက ယုံကြည် စိတ်ချရလေလေ ဖြစ်သည်။ ဇယား ၁၃.၂ တွင် ဖော်ပြထားသည့် ပုံစံ နှစ်ခုလုံးအတွက် ထွက်ပေါ်ခဲ့သည့် F-test ရလဒ် ၀.၀၀ က နိုင်ငံ တစ်နိုင်ငံ၏ မှီခိုကင်း ကိန်းရှင် ရမှတ်များကို သိခြင်းက မှီခိုကင်း ကိန်းရှင် ရမှတ်များကို မသိခြင်းထက် FDI အဆင့်ကို ပိုမို တိကျစွာ ခန့်မှန်းနိုင်ကြောင်း ပြသနေသည် (ဇယား ၁၃.၂ တွင် ရှုပါ)။

ဇယား ၁၃.၂။ နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုနှင့် အစိုးရ၏ လူ့အခွင့်အရေးများ လေးစား လိုက်နာမှုတို့ အကြား ဆက်စပ်မှုဆိုင်ရာ ပုံစံ နှစ်မျိုးမှ ရလဒ်များ

| | ပုံစံ ၁ | ပုံစံ ၂ |
|---|---|---|
| FDI နောက်ကျနေခြင်း (t – l) | P | P |
| ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးများ | P | – |
| မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများ | – | P |
| ပြည်တွင်း ပဋိပက္ခ | P | p |
| နိုင်ငံများ အကြား ပဋိပက္ခ | P | p |
| ရင်းနှီးငွေ ထိန်းချုပ်ခြင်းများ | N | N |
| ဈေးကွက် ကြွယ်ဝမှု | N | P |
| ကုန်သွယ်ရေး ပွင့်လင်းမှု | p | P |
| မြို့ပြ ဖြစ်ထွန်းမှု | n | p |
| အခြေခံ အဆောက်အဦ | P | P |
| စာတတ်မြောက်မှု | P | P |
| ငွေကြေး ဖောင်းပွမှု | N | N |
| ကိန်းသေ | N | N |

| | | |
|---|---|---|
| *N* | 1204 | 1205 |
| F-test | 0.00 | 0.00 |
| $P < 0.10$ | | |

P = စာရင်းအင်းအရ ခိုင်လုံသော အပြုသဘောဆောင်သည့် ဆက်စပ်မှု၊ p = စာရင်းအင်းအရ မခိုင်လုံသော အပြုသဘော ဆောင်သည့် ဆက်စပ်မှု၊ N = စာရင်းအင်းအရ ခိုင်လုံသော အနုတ်သဘော ဆောင်သည့် ဆက်စပ်မှု၊ n = စာရင်းအင်းအရ မခိုင်လုံသော အနုတ်သဘော ဆောင်သည့် ဆက်စပ်မှု

ထိုပုံစံများခန့်မှန်းရခြင်း၏ အခြေခံ ရည်ရွယ်ချက်မှာ ထိုမှီခိုကင်း ကိန်းရှင်များသည် နိုင်ငံ၏ FDI (GDP တွင် ပါဝင်သည့် FDI ရာခိုင်နှုန်း) နှင့် ခိုင်လုံစွာ (သို့) မခိုင်လုံစွာ ဆက်စပ်မှုကို ဖော်ထုတ်လိုသောကြောင့်လည်း ဖြစ်သည်။ ခိုင်လုံခြင်း ဆိုသည်မှာ အမှီအခိုကင်း ကိန်းရှင်နှင့် FDI တို့အကြား ဆက်စပ်မှုသည် တိုက်ဆိုင်မှု (သို့) ကံအားလျော်စွာ ဖြစ်ပေါ်ခြင်း မဟုတ်ဟု ဆိုလိုသည်။ ဇယား ၁၃.၂ အောက်ဆုံးပါ “*P* < 0.10” ဆိုသည်မှာ ထိုဆက်စပ်မှုသည် တိုက်ဆိုင်မှု (သို့) ကံအားလျော်စွာ ဖြစ်ပေါ်ခြင်း မဟုတ်ကြောင်း ကျွန်ုပ်တို့အနေဖြင့် ၉၀ ရာခိုင်နှုန်းအထိ သေချာသည်ဟု ဆိုလိုသည်။ ထိုသို့ ၉၀ ရာခိုင်နှုန်းအထိ သေချာသည်ဟု မဆိုနိုင်သော ကိန်းရှင်များကို ဆက်စပ်မှု “မခိုင်လုံ” ဟု သတ်မှတ်သည်။ ဇယား ၁၃.၂ အောက်ဆုံးတွင် P, p, N နှင့် n တို့အကြောင်း ရှင်းလင်း ပြထားသည်။ ထိုအက္ခရာများကို အသုံးပြုကာ အမှီအခိုကင်း ကိန်းရှင် တစ်ခုသည် နိုင်ငံ တစ်နိုင်ငံ၏ FDI နှင့် ခိုင်လုံစွာ (သို့) မခိုင်လုံစွာ ဆက်စပ်နေသည်ကို ဖော်ပြထားပြီး မည်သည့်နည်းဖြင့် (အပြုသဘော (သို့) အနုတ်သဘော) ဆက်စပ်နေသည်ကိုလည်း တင်ပြထားသည်။[၆]

ဥပမာ P ရလဒ်ရသည့် မှီခိုကိန်းရှင်သည် FDI နှင့် အပြုသဘောဆောင် ဆက်စပ်နေပြီး မှီခို ကိန်းရှင် တိုးလာတိုင်း FDI လည်း တိုးလာသည်ဟု ဆိုလိုသည်။ ထိုဆက်စပ်မှုသည် တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်ခြင်း မဟုတ်ဟု ကျွန်ုပ်တို့အနေဖြင့် ၉၀ ရာခိုင်နှုန်းအထိ သေချာသည်။

**ပုံစံ ၁၊ ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးများ**

ဇယား ၁၃.၂ ပါ ပုံစံ ၁ က အစိုးရ၏ ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးများကို လိုက်နာမှုများသည် နိုင်ငံ၏ FDI ဝင်ရောက်မှုနှင့် အပြုသဘောဆောင်ပြီး ခိုင်လုံသည့် ဆက်စပ်မှု ရှိကြောင်း ပြသနေသည်။ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်တို့ အသုံးပြုသော စာရင်းအင်း နည်းပညာအရ FDI က လူ့အခွင့်အရေး လေးစားလိုက်နာမှုအပေါ် ရှိနိုင်သည့် လွှမ်းမိုးမှုကို ထိန်းချုပ်လိုက်သည့် အခါ၌ပင် ထိုဆက်စပ်မှု ရှိနေသည်။ အနည်းဆုံး အနေဖြင့် ထိုအချက်က ကိုယ်ကာယ ပြည့်စုံမှုကို လိုက်နာသည့် နိုင်ငံများသည် ထိုအခွင့်အရေးများကို မလိုက်နာသည့် နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် FDI ပိုမို ရရှိကြောင်း ပြသနေသည်။ ထို့ပြင် လူ့အခွင့်အရေး လိုက်နာမှု တိုးတက်လာသည်နှင့်အမျှ FDI မြင့်တက်လာလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ခဲ့ကြသည်။ စာရင်းအင်းအရ လေ့လာမှုများမှ coefficients များကို လေ့လာလျှင် CIRI ရမှတ်များတွင် အစိုးရ၏ ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေး လိုက်နာခြင်း ၁ မှတ်တိုးတိုင်း FDI (နိုင်ငံ၏ GDP တွင် FDI ရာခိုင်နှုန်း) ၁ ရာခိုင်နှုန်း တိုးလာသည်ကို တွေ့ရသည်။

ပုံစံ ၁ က အခြားသော ကိစ္စရပ်များကိုလည်း ပြောပြနေသည်။ ရှေးဦးစွာ FDI သည် ပြည်တွင်း ပဋိပက္ခများနှင့် အပြုသဘော ဆောင်သော ဆက်စပ်မှု ရှိသည်။ ထိုရလဒ်မှာ အကြောင်းအရင်း နှစ်ခု (သို့မဟုတ် နှစ်ခုထဲမှ တစ်ခု) ကြောင့် ဖြစ်နိုင်သည်။ တစ်ဘက်တွင် FDI သည် ပြည်တွင်း ပဋိပက္ခ ရှိသော နိုင်ငံများသို့ ဝင်ရောက်လေ့ ရှိသည်။ ဥပမာ ဆီနီဂေါ နိုင်ငံသည် ၁၉၉၀ ပြည့်လွန်နှစ် နှောင်းပိုင်းများတွင် FDI ဝင်ရောက်မှုနှင့် ပြည်တွင်း ပဋိပက္ခများကို တပြိုင်နက်တည်း ကြုံတွေ့ ခဲ့ရသည်။ တစ်ဘက်တွင်လည်း ဂျမေကာ ကဲ့သို့သော နိုင်ငံများသည် ၁၉၈၀ ပြည့်လွန်နှစ်လယ်ပိုင်း လောက်တွင် ပြည်တွင်းပဋိပက္ခ မရှိဘဲ FDI ဝင်ရောက်မှု ကျဆင်းခဲ့သည်။ ယင်းအချက်က FDI နှင့် ပြည်တွင်း ပဋိပက္ခများအကြား အပြုသဘော ဆက်စပ်မှုကို ဖြစ်ပေါ်စေသည်။ နောက်ဆုံး အနေဖြင့် ကျွန်ုပ်တို့ မျှော်လင့်ခဲ့သည့်အတိုင်း ပုံစံ ၁ တွင် ပိုမိုကောင်းမွန်သော အခြေခံ အဆောက်အဦနှင့် စာတတ်မြောက်မှုနှုန်း မြင့်မားခြင်းက FDI ကို ဆွဲဆောင်နိုင်ပြီး ရင်းနှီးငွေ ထိန်းချုပ်မှု များခြင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားခြင်းတို့က FDI ကို လျော့ကျစေနိုင်သည်။ ထို့ပြင် မျှော်လင့် ထားသည့်အတိုင်း ယခင်က FDI ရရှိမှုများက လက်ရှိ FDI ရရှိမှုကို ကောင်းစွာ ခန့်မှန်း နိုင်သည်။

စာရင်းအင်း လေ့လာမှုက ကျွန်ုပ်တို့ကို ကိန်းရှင် နှစ်ခုအကြား ဆက်စပ်မှုများ ခိုင်လုံခြင်း ရှိ၊ မရှိကိုသာ အကဲဖြတ်နိုင်သည် မဟုတ်ပေ။ ထိုဆက်စပ်မှုများအကြား အားကောင်းမှုကိုလည်း ဆုံးဖြတ်နိုင်သည်။ ပုံ ၁၃.၁ တွင် ဇယား ၁၃.၂၊ ပုံစံ ၁ ပါ ခိုင်လုံသော ဆက်စပ်မှုများ၏ အားကောင်းမှုကို ပြသထားသည်။ တိုင်သည် ရေပြင်ညီလိုင်း ၀.၀၀ ထက် မြင့်လေလေ ထိုကိန်းရှင် မြင့်တက်လာမှုမှ (FDI ဝင်ရောက်မှု) ရလဒ်ကောင်း ရရှိလေ ဖြစ်သည်။ တိုင်သည် ၀.၀၀ ရေပြင်ညီလိုင်းအောက် ကျဆင်းသွားခြင်းက ထိုကိန်းရှင် မြင့်တက်လာလေလေ FDI ဆုံးရှုံးမှုနှုန်း များလေလေ ဖြစ်ခြင်းကို ပြသနေသည် (အနုတ်သဘောဆောင်သော ဆက်စပ်မှု)။ ထိုပုံအရ နိုင်ငံ တစ်နိုင်ငံ၏ စာတတ်မြောက်မှုနှုန်း တစ်ခုတည်းသာလျှင် အစိုးရ၏ လူ့အခွင့်အရေး လေးစား လိုက်နာမှုထက် FDI အပေါ် သက်ရောက်မှု များကြောင်း တွေ့ရသည်။ ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးတွင် ဗဟိုသွေဖယ်ကိန်း (standard deviation) တစ်ခု တိုးသွားတိုင်း GDP တွင် FDI ရာခိုင်နှုန်းအရ ဗဟိုသွေဖယ်ကိန်း တစ်ခု တိုးလာလေလေ ဖြစ်သည်။ အဆိုးရွားဆုံး အနုတ်သဘောဆောင်သည့် သက်ရောက်မှုမှာ ရင်းနှီးငွေ ထိန်းချုပ်မှု ဖြစ်သည်။

| |
|---|
| ပုံ ၁၃.၁။ ပုံစံ ၁ မှ စာရင်းအင်း နည်းပညာအရ ခိုင်လုံမှု ရှိသော ကိန်းရှင်များ၏ FDI အပေါ် သက်ရောက်မှုကို နှိုင်းယှဉ်ခြင်း |




**ပုံစံ ၂။ မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများ**

ဇယား ၁၃.၂ ပါ ပုံစံ ၂ တွင် အစိုးရ၏ မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများကို လိုက်နာမှုနှင့် FDI တို့အကြား ဆက်စပ်မှုများကို ဆန်းစစ်ထားသည်။ အစိုးရ၏ မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများကို လိုက်နာမှုသည် ထိုနိုင်ငံ၏ FDI ကို ခန့်မှန်းရာတွင် စာရင်းအင်းအရ ခိုင်လုံသည့် အချက်တစ်ခု ဖြစ်ကြောင်း တွေ့ရသည်။ စာရင်းအင်း နည်းပညာအရ FDI က လူ့အခွင့်အရေး လေးစားလိုက်နာမှုအပေါ် တပြိုင်နက်တည်း ရှိနေနိုင်သည့် လွှမ်းမိုးမှုကို ထိန်းချုပ်လိုက်သည့် အခါ၌ပင် ထိုဆက်စပ်မှု ရှိနေသည်။ ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးတွင် တွေ့ရှိခဲ့ရသည့်အတိုင်း ထိုအချက်က မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးကို လိုက်နာသည့် နိုင်ငံများသည် ထိုအခွင့်အရေးများကို မလိုက်နာသည့် နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် FDI ပိုမို ရရှိကြောင်း ပြသနေသည်။ ထို့ပြင် လူ့အခွင့်အရေး လေးစားလိုက်နာမှု မြင့်မားလာသည်နှင့်အမျှ FDI လည်း ပိုမို မြင့်မားလာကြောင်း မျှော်လင့်ခဲ့ပြီး ဖြစ်သည်။ စာရင်းအင်းအရ လေ့လာမှုများမှ coefficients များကို လေ့လာလျှင် CIRI ရမှတ်များတွင် အစိုးရ၏ မြှင့်တင်မှု ဆိုင်ရာ အခွင့်အရေး လိုက်နာခြင်း ၁ မှတ်တိုးတိုင်း FDI (နိုင်ငံ၏ GDP တွင် FDI ရာခိုင်နှုန်း) ဝ.၆၃ ရာခိုင်နှုန်း တိုးလာသည်ကို တွေ့ရသည်။

သို့ရာတွင် ပုံစံ ၂ က ပုံစံ ၁ ၏ ရလဒ်များနှင့် ဆန့်ကျင်သည့်အရာ အများအပြားကို ပြသနေသည်။ ရှေးဦးစွာ ပဋိပက္ခ ပုံစံ နှစ်မျိုးလုံးနှင့် FDI အကြား ခိုင်လုံသော ဆက်စပ်မှု မရှိပေ။ ဒုတိယ အနေဖြင့် ဈေးကွက် ကြွယ်ဝမှုနှင့် ကုန်သွယ်ရေး ပွင့်လင်းမှုတို့သည် FDI မြင့်မားလာခြင်းနှင့် ခိုင်လုံစွာ ဆက်စပ်မှု ရှိနေသည်။ နောက်ဆုံးအနေဖြင့် ပုံစံ ၂ တွင် စာတတ်မြောက်မှုနှုန်းသည် FDI နှင့် ခိုင်လုံစွာ ဆက်စပ်မှု မရှိတော့ပေ။

(လူ့အခွင့်အရေး ဆိုင်ရာ ကိန်းရှင်များ ထူးခြားမှု ရှိခြင်းမှအပ) ပုံစံ ၁ နှင့် ၂ တွင် တူညီနေသည့် အချက်အများအပြားလည်း ရှိသည်။ ရင်းနှီးငွေ ထိန်းချုပ်ခြင်းနှင့် ငွေကြေး ဖောင်းပွမှုတို့သည် FDI လျော့ကျခြင်းနှင့် ခိုင်လုံစွာ ဆက်စပ်နေသည်။ ထို့ပြင် မြို့ပြ ဖြစ်ထွန်းမှုနှင့် နိုင်ငံများအကြား ပဋိပက္ခများသည် FDI နှင့် ခိုင်လုံသော ဆက်စပ်မှု မရှိကြောင်းကို ပုံစံ နှစ်မျိုးလုံး၌ တွေ့ရသည်။ နောက်ဆုံး အနေဖြင့် ယခင် FDI ဝင်ရောက်မှုနှုန်းများသည် လက်ရှိ FDI ဝင်ရောက်မှုနှုန်းကို ခန့်မှန်းနိုင်မှု အားကောင်းသည်။

ပုံ ၁၃.၂ ကို ပုံ ၁၃.၁ နှင့် အလားတူပင် အဓိပ္ပာယ် ပြန်ဆိုနိုင်သည်။ ယင်းမှာ FDI နှင့် စာရင်းအင်းအရ ဆက်စပ်မှု ခိုင်လုံသည့် ကိန်းရှင်များ၏ ဆက်စပ်မှုအားကို ပြထားခြင်း ဖြစ်သည်။ ပုံ ၁၃.၁ နှင့် ကွဲပြားစွာပင် အစိုးရ၏ လူ့အခွင့်အရေး (မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများ) အပေါ် လေးစား လိုက်နာမှုသည် FDI အပေါ် အားအကောင်းဆုံး သက်ရောက်မှု ရှိကြောင်း တွေ့ရသည်။ မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများတွင် ဗဟိုသွေဖယ်ကိန်း တစ်ခု တိုးသွားတိုင်း GDP တွင် FDI ရာခိုင်နှုန်းအရ ဗဟိုသွေဖယ်ကိန်း ၀.၈၀ တိုးလာလေလေ ဖြစ်သည်။ ဈေးကွက် ကြွယ်ဝမှု တစ်ခုတည်းသာ ထိုသက်ရောက်မှု နီးပါး အားကောင်းသည်ကို တွေ့ရသည်။ ပုံ ၁၃.၁ တွင် တွေ့ရသကဲ့သို့ပင် FDI အပေါ် အဆိုးရွားဆုံးသော သက်ရောက်မှုမှာ ရင်းနှီးငွေ ထိန်းချုပ်မှု ဖြစ်သည်။

ပုံ ၁၃.၂။ ပုံစံ ၂ မှ စာရင်းအင်း နည်းပညာအရ ခိုင်လုံမှု ရှိသော ကိန်းရှင်များ၏ FDI အပေါ် သက်ရောက်မှုကို နှိုင်းယှဉ်ခြင်း



| အနှစ်ချုပ် |
| --- |
| အစိုးရ၏ ကိုယ်ကာယ ပြည့်စုံမှု ဆိုင်ရာ အခွင့်အရေးများကို လေးစား လိုက်နာမှုသည် နိုင်ငံသို့ FDI ဝင်ရောက်မှုနှင့် အပြုသဘောဆောင်စွာ ခိုင်ခိုင်လုံလုံ ဆက်စပ်နေသည်ကို တွေ့ရသည်။ ထို့ပြင် FDI သည် ပြည်တွင်းပဋိပက္ခ ဖြစ်ပွားနေသည့် နိုင်ငံများသို့ ဝင်ရောက်ကြောင်း တွေ့ရသည်။<br>အစိုးရ၏ မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများကို လေးစား လိုက်နာမှုသည် နိုင်ငံသို့ FDI ဝင်ရောက်မှုအား စာရင်းအင်းအရ သိသာထင်ရှားစွာနှင့် အပြုသဘောဆောင်စွာ ခန့်မှန်းပေး နိုင်ကြောင်း တွေ့ရသည်။ သို့ရာတွင် မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများကို လေးစားခြင်း ပုံစံတွင် ပဋိပက္ခ ပုံစံ နှစ်မျိုးလုံးနှင့် FDI တို့အကြား ခိုင်လုံသော ဆက်စပ်မှု မရှိပေ။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးကို ဖောက်ဖျက်မှု နည်းပြီး ပြည်တွင်း ပဋိပက္ခ မြင့်မားသော နိုင်ငံများတွင် FDI ဝင်ရောက်မှု အဘယ်ကြောင့် များပြားရသနည်း။<br>လူ့အခွင့်အရေးများသည် တစ်ခုနှင့် တစ်ခု အပြန်အလှန် မှီခိုနေသည်ဟု ဆိုကြသည်။ ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးများနှင့် မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများ၏ ရလဒ်များကို အတူတွဲကြည့်လိုက်ပါက ထိုအခွင့်အရေး နှစ်ခုအကြား အပြန်အလှန် မှီခိုမှုနှင့် ပတ်သက်ပြီး မည်သည့် အချက်များကို တွေ့ရှိရသနည်း။ |

## နိဂုံး

ယခု ဖြစ်ရပ် လေ့လာခြင်းတွင် အစိုးရ၏ လူ့အခွင့်အရေးအပေါ် လေးစား လိုက်နာမှုနှင့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတို့အကြား ဆက်စပ်မှုအပေါ် စိတ်ဝင်စားဖွယ် တွေ့ရှိချက်များ ထွက်ပေါ်လာခဲ့သည်။ ရှေးဦးစွာ နှိပ်စက်မှု၊ လက်စဖျောက်မှု၊ တရားဥပဒေ ပြင်ပ ကွက်မျက်မှုနှင့် နိုင်ငံရေးအရ အကျဉ်းချမှုတို့မှ ကင်းဝေးစေရေး ဆိုင်ရာ အခွင့်အရေးများကို ပိုမို လိုက်နာသည့် နိုင်ငံများသည် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမို ဆွဲဆောင်နိုင်ကြောင်း တွေ့ရှိရသည်။ ထိုတွေ့ရှိချက်သည် အချက်အချို့ကြောင့် ဖြစ်နိုင်သည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများ ပြင်းပြင်းထန်ထန် ကျူးလွန်နေသော နိုင်ငံများတွင် မည်သို့သော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု မဆို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် ကုမ္ပဏီများအတွက် အတိုင်းအတာ တစ်ခုအထိ အန္တရာယ် ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုရင်းနှီး မြှုပ်နှံသူများက လူသားတို့၏ ဂုဏ်သိက္ခာထက် အမြတ်ငွေကို အဓိက ထားသည်ဟု စွပ်စွဲခံရနိုင်သောကြောင့် ဖြစ်သည်။ ဥပမာ လူ့အခွင့်အရေး အုပ်စုများသည် မီဒီယာ ကမ်ပိန်းများ လုပ်ဆောင်ကာ ကုန်ပစ္စည်းကို နာမည်ဖျက်ရန် ကြိုးပမ်းနိုင်သည်။ ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးများကို ချိုးဖောက်ခြင်းသည် ပြည်သူများ၏ နာကြည်းမှုကို မြင့်တက်စေပြီး ပြည်တွင်း ပဋိပက္ခများ ဖြစ်ပွားစေသည်။ ထိုမှ တစ်ဆင့် နိုင်ငံခြားသားများ ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများကို ဖျက်စီးခြင်း (သို့) သိမ်းပိုက်ခြင်းများ ဖြစ်ပွားစေပြီး/ သို့မဟုတ် စီးပွားရေးကို မတည်မငြိမ် ဖြစ်စေလိမ့်မည်။ ရင်းနှီး မြှုပ်နှံသူများသည် ထိုသို့သော ဝန်းကျင်များတွင် ပြန်လည် ရရှိမှုက သိသိသာသာ များပြားမနေပါက ၎င်းတို့၏ ရင်းနှီးငွေများကို ထုတ်သုံးရန် ချီတုံချတုံ ဖြစ်ကြသည်။

ဒုတိယ အချက်မှာ မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများသည်လည်း FDI ဝင်ရောက်မှုနှင့် အားကောင်းစွာ ဆက်စပ်နေကြောင်း တွေ့ရှိရသည်။ အစိုးရက ပွင့်လင်းသော နိုင်ငံရေး ပါဝင်မှု၊ ပွင့်လင်းသော မီဒီယာ၊ သမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခြင်း၊ ဘာသာရေး လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ရွှေ့လျား သွားလာခွင့်တို့ကို လေးစားသည့် နိုင်ငံများတွင် FDI ဝင်ရောက်မှုနှုန်း မြင့်မားသည်။ သို့မဟုတ် MNCs များသည် နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ အခွင့်အရေးများကို ပိုမို လိုက်နာသော နိုင်ငံများတွင် ပို၍ ရင်းနှီးမြှုပ်နှံ လိုကြသည်။ ထိုသို့သော ဝန်းကျင် ရှိသည့် နိုင်ငံများသည် တရားဥပဒေ စိုးမိုးမှု ပိုရှိပြီး မူဝါဒ ပြောင်းလဲမှု အန္တရာယ်ကို လျှော့ချပေးကာ တည်ငြိမ်သည့် စီးပွားရေး ဝန်းကျင် တစ်ခု တည်ထောင်ပေးသည်။

အတူတကွ ပေါင်းစပ်လိုက်ပါက ထိုတွေ့ရှိချက်များက နိုင်ငံသားများ၏ ကိုယ်ကာယ ပြည့်စုံမှုနှင့် မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများကို လေးစား လိုက်နာသည့် အစိုးရများသည် နိုင်ငံခြား စီးပွားရေး ရင်းနှီးငွေများ ပို၍ ဆွဲဆောင်နိုင်သည်ကို ပြသနေသည်။ ထို့ကြောင့် ထိုသို့သော အစိုးရများသည် လိုအပ်နေသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအတွက် ပြိုင်ဆိုင်နိုင်ပြီး ဆွဲဆောင်နိုင်ရန် ပိုအခြေအနေ ကောင်းသည်။ FDI သည် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လွန်စွာ အရေးကြီးဟု ယေဘုယျ လက်ခံထားရာ ယင်းအချက်မှာ အရေးပါသည်။ နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုသည် အလုပ်အကိုင်သစ်များ ပေးရုံသာမက လက်ခံထားသော နိုင်ငံများ၏ အခြားသော စီးပွားရေး နယ်ပယ်များတွင် အသုံးပြုနိုင်သည့် အခြားသော နည်းပညာ အသစ်များနှင့် စီမံ ခန့်ခွဲမှု နည်းလမ်းများပါ မိတ်ဆက်ပေးသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် အစိုးရများကို FDI များအတွက် ဆွဲဆောင်မှုရှိသည့် ဝန်းကျင်များ ဖန်တီးခြင်းနှင့် ထိန်းသိမ်းခြင်း ဆိုင်ရာ မူဝါဒများ အကောင်အထည် ဖော်နိုင်ရန် စီးပွားရေး အရင်းအမြစ်များ ဖန်တီးပေးသည်။ ထိုအရင်းအမြစ် များကို ပညာရေးနှင့် အခြေခံ အဆောက်အဦ တိုးတက်စေရန် အသုံးပြုနိုင်ပြီး စီးပွားရေးနှင့် နိုင်ငံရေး တည်ငြိမ်မှုကို စုစည်းပေးနိုင်ခြေအား တိုးတက်စေသည်။ FDI ဖြင့် စီးပွားရေး တိုးတက်နေသည့် အခြေအနေတွင် နိုင်ငံ တစ်နိုင်ငံသည် လူ့အခွင့်အရေးနှင့် အခြေခံ အဆောက်အဦ တိုးတက်မှုကို မလုပ်ဆောင်ပါက ဆင်းရဲမွဲတေမှုကိုသာ ဆင်ခြေပေးနေ၍ မရတော့ဘဲ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့များက ထိုနိုင်ငံကို အမည်ထုတ်ဖော် ရှုတ်ချခြင်းဖြင့် ပြုပြင် ပြောင်းလဲမှုများ လုပ်ဆောင်ရန် ဖိအားပေးနိုင်သည်။

## မေးခွန်းများ

### တစ်ဦးချင်း လေ့လာရန် မေးခွန်းများ

၁။ စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုက အမျိုးသမီးများအပေါ် အုပ်စုအနေဖြင့် သက်ရောက်မှု ရှိနိုင်မည့် နည်းလမ်း နှစ်ခုကို ဖော်ပြပါ။

၂။ စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှု၏ လူ့အခွင့်အရေး လေးစား လိုက်နာမှုအပေါ် ဆန်းစစ်သည့် ကိန်းဂဏန်း အခြေပြု စာတမ်းများတွင် တွေ့ရသည့် အားလုံး သဘောတူသည့် တွေ့ရှိချက်မှာ အဘယ်နည်း။ ကိန်းဂဏန်း အခြေပြု လေ့လာခြင်းဖြင့် မည်သည့် စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ မေးခွန်းများကို ဖြေရှင်းနိုင်မည်နည်း။

၃။ ယခုအခန်းတွင် စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှု ရှိနေသည့် အချိန်တွင် ကိုယ်ကာယ ပြည့်စုံမှု ဆိုင်ရာ အခွင့်အရေးများနှင့် မြှင့်တင်ပေးရေး ဆိုင်ရာ အခွင့်အရေးများကို လေးစား လိုက်နာမှုတို့ကို ဆန်းစစ်ထားသည်။ စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုက စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဖြစ်သော အခြားသော အခွင့်အရေးများကို မည်ကဲ့သို့ သက်ရောက်မှု ရှိနိုင်သနည်း။

၄။ အကြောင်းအရာ အခြေပြု လေ့လာမှုအစား ကိန်းဂဏန်း အခြေပြု လေ့လာနည်းကို အသုံးပြုကာ စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုနှင့် လူ့အခွင့်အရေးတို့အကြား ဆက်စပ်မှုကို လေ့လာခြင်း၏ အားသာချက်နှင့်/ သို့မဟုတ် အားနည်းချက်များကား အဘယ်နည်း။

၅။ ကမ္ဘာနှင့် ချိတ်ဆက်နိုင်ပြီဟု ဆိုရလောက်အောင် နိုင်ငံ တစ်နိုင်ငံ၏ စီးပွားရေးသည် ကမ္ဘာ့ စီးပွားရေးနှင့် မည်သည့် အတိုင်းအတာအထိ ချိတ်ဆက်နေသင့်သနည်း။

၆။ ဖွံ့ဖြိုးဆဲ နိုင်ငံ တစ်နိုင်ငံမှ အခြား နိုင်ငံသို့ ရင်းနှီးမြှုပ်နှံခြင်းက ဖွံ့ဖြိုးပြီး နိုင်ငံ တစ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံခြင်း ကဲ့သို့ လူ့အခွင့်အရေးအပေါ် သက်ရောက်မှု ရှိနိုင်ပါသလား။

၇။ ဖွံ့ဖြိုးဆဲ နိုင်ငံများသည် ပို၍ စက်မှု လက်မှု ထွန်းကားလာပြီး ကမ္ဘာ့ စီးပွားရေးတွင် ပို၍ ပေါင်းစပ် ပါဝင်လာပေရာ FDI နှင့် လူ့အခွင့်အရေးကြား ဆက်စပ်မှုများ ပြောင်းလဲသွား နိုင်ပါသလား၊ ယခင်အတိုင်းပင် ရှိနေနိုင် ပါသလား။ အဘယ်ကြောင့်နည်း။

**အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ**

၁။ အတန်း (သို့) အုပ်စုကို နှစ်ခု ခွဲလိုက်ပါ။ အုပ်စု တစ်စုက ဂလိုဘယ်လ်လိုက်ဇေးရှင်းအပေါ် ကောင်းသည့် အမြင်များကို တင်ပြရမည် ဖြစ်ပြီး နောက်တစ်စု ဆိုးသည့် အမြင်များကို တင်ပြရပါမည်။ အုပ်စုထဲမှ အဖွဲ့ဝင် တစ်ဦး (သို့) ဆရာဖြစ်သူကို ညှိနှိုင်းပေးသူအဖြစ် လုပ်ဆောင်စေပြီး စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုက လူ့အခွင့်အရေး လေးစား လိုက်နာမှုအပေါ် သက်ရောက်စေနိုင်ပုံများအပေါ် သင့်အုပ်စု၏ အမြင်များကို စကားစစ်ထိုး ဆွေးနွေးပါ။ သူတို့၏ အမြင်ကို ထိရောက်စွာ တင်ပြနိုင်သည့် အဖွဲ့အား ညှိနှိုင်းပေးသူ ဆရာက ရွေးချယ်ပါ။

၂။ ဤအခန်းတွင် လေ့လာသည့် ကာလမှ ၁၉၉၉ ခုနှစ်အထိသာ ဖြစ်သည်။ အကယ်၍ လေ့လာမှုများကို ၂၀၁၆ ခုနှစ်အထိ ချဲ့ထွင်နိုင်ပါက သိသာထင်ရှားသည့် ကမ္ဘာ့ ဖြစ်ရပ်များက ရလဒ်များကို ပြောင်းသွားစေနိုင်ပါသလား။

၃။ အောက်ခြေအထိ အပြိုင်အဆိုင် ထိုးဆင်းကြခြင်းက အောက်ခြေအထိ ရောက်သွားနိုင် ပါသလား။ ဆိုလိုသည်မှာ လုပ်ခလစာနှင့် အလုပ်သမား အဆင့်အတန်းများသည် ကမ္ဘာတစ်ဝန်း လုံးဝ ကျဆင်းလာပြီး MNCs များအတွက် ရွှေ့ပြောင်းစရာ ဈေးပေါသည့် နေရာ ရှာမတွေ့သည့် အခြေအနေမျိုး ဖြစ်သည်။ သင်၏ အတန်းကို နှစ်အုပ်စု ခွဲလိုက်ပါ။ ထိုအမြင်ကို ဆန်းစစ်ရန် တစ်အုပ်စုက အကောင်းမြင် ရှုထောင့်မှ တင်ပြပြီး တစ်အုပ်စုက အဆိုးမြင် ရှုထောင့်မှ တင်ပြပါ။

၄။ သင်၏ အတန်းကို နှစ်အုပ်စု ခွဲလိုက်ပြီး တစ်အုပ်စုက ကိန်းဂဏန်း အခြေပြု ဆန်းစစ် လေ့လာမှု၏ သဘောတရားများနှင့် တစ်အုပ်စုက အကြောင်းအရာ အခြေပြု သဘောတရားများကို ကိုယ်စားပြုပါစေ။ ထိုအုပ်စုများထဲတွင် အဖွဲ့ဝင်များကို အစိုးရမှ လူ့အခွင့်အရေး လေးစား လိုက်နာမှုကို ဆန်းစစ်ရာတွင် ၎င်းတို့ ကိုယ်စားပြုသည့် ချဉ်းကပ်ပုံ၏ အားသာချက်များနှင့် အားနည်းချက်များကို

ဆွေးနွေးခိုင်းပါ။ ထိုနောက် အတန်း တစ်ခုလုံးကို ပြန်လည် စုစည်းလိုက်ပြီး လူ့အခွင့်အရေး သုတေသနများကို တိုးတက် လာစေရန် ထိုသုတေသန ပုံစံ နှစ်မျိုးကို ပေါင်းစပ်သင့်၊ မသင့်နှင့် ပေါင်းစပ်သင့်သည် ဆိုပါက မည်သို့ ပေါင်းစပ်မည်ကို ဆွေးနွေးခိုင်းပါ။

## ဆက်လက် ဖတ်ရှုရန်


**Abouharb, M. R.** and **Cingranelli, D. L.** (2008). *Human Rights and Structural Adjustment*. New York: Cambridge University Press.
ဖွံ့စည်း တည်ဆောက်ပုံ ညှိနှိုင်း ပြောင်းလဲသည့် မူဝါဒများက လူ့အခွင့်အရေး အမျိုးမျိုးကို မည်ကဲ့သို့သော သက်ရောက်မှုများ ရှိခဲ့ကြောင်း ဆန်းစစ် လေ့လာထားသည်။

**Bennett, J.** (2008). *Where Underpants Come From*. New York: Simon & Schuster.
စာရေးသူသည် သူ၏ နိုင်ငံရှိ လက်လီ ရောင်းသူ တစ်ဦးထံမှ တွေ့ရှိခဲ့ရသော ဈေးပေါသည့် တရုတ်ပြည်တွင် ပြုလုပ်သော အတွင်းခံ အထည်များ၏ မူရင်းလာရာနှင့် ဈေးကွက် လမ်းကြောင်းများကို လေ့လာရင်း ကမ္ဘာ့ စီးပွားရေး၏ အလုပ်လုပ်ပုံများကို ဖော်ထုတ် ထားသည်။

**Blanding, M.** (2010). *The Coke Machine: The Dirty Truth Behind the World's Favorite Soft Drink*. New York: Avery.
ထိုစာအုပ်တွင် ကိုကာကိုလာ ကုမ္ပဏီက စီးပွားရေး အခွင့်အရေးများ၊ မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးများ အပါအဝင် လူ့အခွင့်အရေး အမျိုးမျိုး အပေါ် မည်ကဲ့သို့ သက်ရောက်ခဲ့ကြောင်း ကမ္ဘာတစ်ဝန်းမှာ ဖြစ်ရပ်များကို စုစည်း တင်ပြထားသည်။

**Friedman, T. L.** (2004). *The Lexus and the Olive Tree.* New York: Random House.
*New York Times* ၏ စာရေးသူ (ဂလိုဘယ်လ် လိုက်ဇေးရှင်းကို ထောက်ခံသူ တစ်ဦး ဖြစ်သည့်) သောမတ်စ် အယ်လ် ဖရီးမန်းက စစ်အေး ခေတ်လွန်ကာလ အခြေအနေကို နားလည်စေရန် ဂလိုဘယ်လ် လိုက်ဇေးရှင်းကို မူဘောင်တစ်ခုအဖြစ် အသုံးပြုထားသည်။ စာအုပ်ပါ အက်ဆေးများတွင် ဂလိုဘယ်လ် လိုက်ဇေးရှင်း၏ သက်ရောက်မှုနှင့် ပုံစံများ၊ ဂလိုဘယ်လ် လိုက်ဇေးရှင်းက ကမ္ဘာ တစ်ဝန်းရှိ လူ့အဖွဲ့အစည်းများတွင် ခေတ်ပေါ်နှင့် ရှေးဟောင်း အမြင်များ အကြား ပွတ်တိုက်မှုများအပေါ် မည်ကဲ့သို့ သက်ရောက်ကြောင်း ဆွေးနွေးထားသည်။

**Lechner, F. J.** and **Boli, J.** (eds) (2004). *The Globalization Reader.* Malden, MA: Blackwell.
ထိုစာအုပ်တွင် ဂလိုဘယ်လ် လိုက်ဇေးရှင်းက အဘယ်နည်း၊ ၎င်းက လူ့အဖွဲ့အစည်းများကို မည်ကဲ့သို့ သက်ရောက်မှု ရှိသနည်း ဟူသည့် အမြင်များကို ဆန်းစစ်ထားသည်။

**Richards, D. L.** and **Carbonetti, B.** (2012). Worth what we decide: A defense of the right to leisure. *The International Journal of Human Rights*, **17**/3, 329–49.

အပန်းဖြေခွင့်က အလုပ်သမားများ၏ အခွင့်အရေး ဟူသည့် သမိုင်းကြောင်း လေ့လာမှုနှင့် ထိုအခွင့်အရေးကို ကာကွယ်ထားသည် (UDHR အပိုဒ် ၂၄)။ စီးပွားရေး အခွင့်အရေးများမှာ ယခုအခန်းတွင် ထည့်သွင်း စဉ်းစား မထားသော်လည်း ဂလိုဘယ်လ် လိုက်ဇေးရှင်းက အလုပ်သမား အခွင့်အရေး ကဲ့သို့သော စီးပွားရေး အခွင့်အရေးများကို မည်ကဲ့သို့ သက်ရောက်မှု ရှိသည်ကို နားလည်ရန်မှာ အရေးကြီးသည်။

**Stiglitz, J.** (2002). *Globalization and its Discontents*. New York: W. W. Norton & Company.
နိုဘယ်လ်ဆုရ စီးပွားရေး ပညာရှင် ဂျိုးဇက် စတစ်ဂလစ်ဇ်က IMF နှင့် ကမ္ဘာ့ဘဏ် ကဲ့သို့သော အစိုးရ ပေါင်းစုံ ဆိုင်ရာ စီးပွားရေး အင်စတီကျူးရှင်းများ၏ မူဝါဒများက နိုင်ငံများ၏ စီးပွားရေးများနှင့် ကမ္ဘာ့ စီးပွားရေးကို မည်ကဲ့သို့ သက်ရောက်မှု ရှိကြောင်းနှင့် ထိုမူဝါဒများ၏ လူမှုရေး ဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်ထားသည်။

**Wallerstein, I.** (2006). *World-Systems Analysis.* Durham, NC: Duke University Press.
ယင်းမှာ ကမ္ဘာ့ စနစ်များကို လေ့လာထားသည့် စာအုပ် ဖြစ်ပြီး နီယိုလစ်ဘရယ် ရည်မှန်းချက် ဖြစ်သည့် အရင်းအနှီးများ စဉ်ဆက်မပြတ် စုဆောင်းခြင်း၏ သီအိုရီပိုင်းဆိုင်ရာ စိန်ခေါ်မှုများကို တင်ပြထားသည်။

**Yergin, D.** and **Stanislaw, J.** (2002). *The Commanding Heights: The Battle for the World Economy.* New York: Touchstone.
ထိုစာအုပ်တွင် ယနေ့ခေတ် ကမ္ဘာ့စီးပွားရေး စနစ်၏ ၁၂ ရာစုမှ ဇာစ်မြစ်များကို ဆန်းစစ်ထားပြီး ကမ္ဘာ့ စီးပွားရေး ဖွံ့ဖြိုးမှုကို ဂလိုဘယ်လ်လိုက်ဇေးရှင်း ခေတ်များမှ တစ်ဆင့် လေ့လာထားသည်။

## ဝက်ဘ်ဆိုဒ်များ

**http://www.humanrightsdata.com** The Cingranelli–Richards (CIRI) Human Rights Data Project သည် အစိုးရများ၏ နိုင်ငံတကာ အသိအမှတ်ပြုထားသော အခွင့်အရေး လိုက်နာမှုနှင့် သက်ဆိုင်သည့် အခြေခံ ကိန်းဂဏန်းအခြေပြု အချက်အလက်များကို ဖော်ပြပေးထားသည်။ ထိုစာရင်းတွင် နိုင်ငံပေါင်း ၂၀၂ နိုင်ငံ၏ ၁၉၈၁ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်အကြား အချက်အလက်များ ပါဝင်သည်။

**http://www.ohchr.org/Documents/Publications/GuidingPrinciplesBusinessHR_EN.pdf**
ကုလသမဂ္ဂ၏ စီးပွားရေး လုပ်ငန်းများနှင့် လူ့အခွင့်အရေး ဆိုင်ရာ လမ်းညွှန် စည်းမျဉ်းများတွင် စီးပွားရေး လုပ်ငန်းများ၏ လူ့အခွင့်အရေး လေးစားလိုက်နာရန် တာဝန်ကိုလည်း ဖော်ပြထားသည်။

http://www.hrw.org/category/topic/business Human Rights Watch အဖွဲ့၏ ဝက်ဘ်ဆိုဒ်တွင် ကမ္ဘာ့ စီးပွားရေးက လူ့အခွင့်အရေး လေးစား လိုက်နာမှုကို မည်ကဲ့သို့ သက်ရောက်ကြောင်း သတင်းနှင့် အစီရင်ခံစာများ ဖော်ပြထားသည်။

**http://www.ohchr.org/EN/Issues/Business/Pages/BusinessIndex.aspx** လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံး၏ ဝက်ဘ်ဆိုဒ်တွင် နိုင်ငံ ဖြတ်ကျော် လုပ်ကိုင်ကြသော ကုမ္ပဏီကြီးများက လူ့အခွင့်အရေးနှင့် ပတ်သက်၍ နိုင်ငံများနှင့် မည်ကဲ့သို့ ဆက်ဆံကြသနည်း ဟူသည့် အချက်အလက်များ၊ မူရင်း စာရွက်စာတမ်းများနှင့် လေ့လာရန် ကိရိယာများကို တင်ပြပေးထားသည်။

## မှတ်စုများ

၁။ ၂၀၀၅ ခုနှစ်တွင် ကုမ္ပဏီက ထိုစွဲချက်များဖြင့် တရားရင်ဆိုင်ခဲ့ရသည်။

၂။ ကိန်းဂဏန်း အခြေပြု အကြီးစား မက်ခရို လေ့လာမှု ဥပမာများတွင် Apodaca (2001), Richards, Gelleny, and Sacko (2001), Hafner-Burton (2005), Hafner-Burton and Tsutsui (2005), Abouharb and Cingranelli (2006), and Gray, Kittilson, and Sandholtz (2006) တို့ ပါဝင်သည်။ အသေးစား ကိန်းဂဏန်း အခြေပြု လေ့လာမှုများကို Meyer (1996), Smith, Bolyard, and Ippolito (1999), Apodaca (2002), Burkhart (2002), and Tuman and Emmert (2004) တို့က ပြုလုပ်ခဲ့သည်။ အကြောင်းအရာ အခြေပြု လေ့လာမှုများအတွက် Pollis and Schwab (2000), Monshipouri, Welch, and Kennedy (2003), Rodriguez (2004), Colonomos and Santiso (2005), Howard-Hassman (2005), and Arnold and Hartman (2006) တို့ကို ရှုပါ။

၃။ North (1990) နှင့် Olson (1993) တို့ကို ရှုပါ။

၄။ http://www.gasandoil.com/news/2002/04/cna21657 တွင် ရှုပါ။

၅။ မင်နီဆိုးတား တက္ကသိုလ်၏ အွန်လိုင်း လူ့အခွင့်အရေး စာကြည့်တိုက်တွင် စီးပွားရေး လုပ်ငန်းများ၏ လိုက်နာရန် ကျင့်ဝတ်များ၊ စက်မှု လုပ်ငန်းများ၏ လုပ်ဆောင်ချက်များနှင့် နိုင်ငံစုံ သဘောတူစာချုပ်များကို ဖော်ပြထားသည်။ http://www1.umn.edu/humanrts/links/ allcodes.html တွင် ရှုပါ။

၆။ မှီခိုကိန်းရှင် ဆိုသည်မှာ ၎င်း၏ ပြောင်းလဲမှုကို ရှင်းပြခံရသည့် ကိန်းရှင် (ဤဥပမာတွင် FDI) ဖြစ်ပြီး အမှီအခိုကင်း ကိန်းရှင် ဆိုသည်မှာ မှီခိုကိန်းရှင်၏ ပြောင်းလဲမှုကို ရှင်းပြသည့် ကိန်းရှင် ဖြစ်သည်။

၇။ တိုင်းတာသည့် စံနှုန်းများ၊ စာရင်းသွင်းခြင်းများနှင့် ဤစာတမ်းတွင် အသုံးပြုထားသည့် လူ့အခွင့်အရေး အချက်အလက်များ အားလုံး၏ ခန့်မှန်းချက်များ အားလုံးကို http://www.humanrightsdata.com တွင် ရနိုင်ပါသည်။

၈။ ပညာရှင် အများအပြားက အလားတူ တိုင်းတာသည့် စကေးများကို အသုံးပြုကြသည် (Garrett, 1995, 1998; Li and Resnick, 2003 တို့ကို ရှုပါ)။

၉။ လက်တွေ့တွင် ဇယား ၁၃.၂ ၌ P (သို့) N အဖြစ် မှတ်သားထားသည့် coefficients များ အားလုံးသည် ၉၅ ရာခိုင်နှုန်းအထိ ခိုင်လုံသည်။ ပုံစံ ၁ မှ ငွေကြေး ဖောင်းပွမှုနှုန်း တစ်ခုသာ ၉၀ ရာခိုင်နှုန်း ခိုင်လုံမှု ရရှိခဲ့ခြင်း ဖြစ်သည်။ ရှုပ်ထွေးမှုများ မဖြစ်စေရန် $P < 0.10$ ဟုသာ သုံးထားသည်။

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၁၄) ဒီမိုကရေစီ နိုင်ငံရေးနှင့် နိုင်ငံတော်၏ နှိပ်ကွပ်မှု

ခရစ်ရှန် ဒါဗန်ပေါ့တ် (Christian Davenport)

အခန်း မာတိကာ

- နိဒါန်း
- ဒီမိုကရေစီနှင့် နှိပ်ကွပ်ခြင်းတို့အကြား ဆက်နွယ်မှုများကို နားလည် သဘောပေါက်ခြင်း
- ဖြစ်ရပ် လေ့လာခြင်း၊ ဒီမိုကရေစီနှင့် အမေရိကန် နိုင်ငံမှ နှိပ်ကွပ်ခြင်း၊ အာဖရိကန် အမေရိကန်များကို နှိပ်ကွပ်ခြင်းနှင့် လွတ်မြောက်လာခြင်း ဆိုင်ရာ ဖြစ်ရပ်ဆန်း
- ငြိမ်းချမ်းရေးအတွက် လမ်းကြောင်း၊ အနာဂတ် သုတေသနများအတွက် လမ်းညွှန်များ
- နိဂုံး

စာဖတ်အညွှန်း

ယခုအခန်းတွင် ဒီမိုကရေစီ နိုင်ငံရေးနှင့် နိုင်ငံတော်၏ နှိပ်ကွပ်မှုများအကြား ဆက်နွယ်မှုများကို ဆွေးနွေးထားသည်။ အထူးသဖြင့် ထိုခေါင်းစဉ်နှင့် ပတ်သက်ပြီး မည်သည့် သုတေသနများ လုပ်ဆောင်ထားသနည်း၊ မည်သည်တို့ကို လစ်လျူရှုထားသနည်း ဟူသည်ကို အကဲဖြတ်ထားသည်။ အမေရိကန် နိုင်ငံတွင် အာဖရိကန် အမေရိကန်များကို ဆက်ဆံပုံကို ဥပမာ အဖြစ် အသုံးပြုကာ ထိုနယ်ပယ်တွင် လက်ရှိ ရှိနေသော သုတေသနများ (အင်စတီးကျူးရှင်းအရ၊ ဇာတ်ကောင်များအရ၊ လုပ်ဆောင်ချက်များအရ) မည်သို့ ပြောင်းလဲသင့်ပုံကို ဆွေးနွေးထားသည်။ ယခုအခန်းကို နောင်ဖြစ်ပေါ် ပြောင်းလဲမှုများအတွက် အကြံဉာဏ်များ ပေးထားခြင်းဖြင့် နိဂုံးချုပ် ထားသည်။

## နိဒါန်း

တက်ကြွ လှုပ်ရှားသူများ၊ မူဝါဒ ချမှတ်သူများနှင့် သာမန် နိုင်ငံသားများသည် နိုင်ငံတော်၏ အာဏာစက်အောက်တွင် ရှိသူများကို နိုင်ငံတော်မှ ဖိအားပေး ဆက်ဆံသည့် ပမာဏနှင့် အင်အားပြင်းထန်မှုကို လျှော့ချရန် နှစ်ရာပေါင်းများစွာ ကြိုးပမ်းခဲ့ကြသည် (ဥပမာ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ စုဝေးခွင့်၊ စည်းရုံးခွင့်၊ ကိုးကွယ်ခွင့်တို့ကို ကန့်သတ်ခြင်း၊ ညှဉ်းပန်း နှိပ်စက်မှု၊ လက်စဖျောက်မှုနှင့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများ)။ သို့ရာတွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ မတိုင်မီအထိ ထိုကိစ္စရပ်ကို စနစ်တကျ လေ့လာသည့် စာအုပ် စာတမ်းများ မရှိခဲ့ပေ။ နိုင်ငံတော်၏ နှိပ်ကွပ်မှုကို မည်သည့် အရာများက ကွယ်ပျောက်သွားစေသနည်း ဟူသည်နှင့် ပတ်သက်၍ ကျွန်ုပ်တို့ မည်သည်တို့ကို သိရှိထားသနည်း။

သုတေသနများက လူ့အခွင့်အရေး ချိုးဖောက်မှုများကို လျော့နည်းစေသည့် ကိန်းရှင် နှစ်ခုကို ဖော်ထုတ်ထားသည်၊ (၁) ဒီမိုကရေစီ နိုင်ငံရေး၊ အုပ်ချုပ်ခံရသူများကို အုပ်ချုပ်မှု ဖြစ်စဉ်တွင် ပါဝင်စေသည့် နိုင်ငံရေး အင်စတီကျူးရှင်းများ၊ ခေါင်းဆောင်များကို စောင့်ကြည့်ခြင်း၊ တာဝန်ခံခိုင်းခြင်း အတိုင်းအတာ

တစ်ခုအထိ ရှိသော အမျိုးမျိုးသော အလေ့အကျင့်များနှင့် (၂) စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု၊ စီးပွားရေး တိုးတက် ချမ်းသာလာသော လူ့အဖွဲ့အစည်းများတွင် လူ့အခွင့်အရေး ချိုးဖောက်မှု ပို၍ လျော့နည်းလာသည် (ဥပမာHibbs, 1973; Mitchell and McCormick, 1988; Henderson, 1991, 1993; Poe and Tate, 1994; Davenport, 1995, 1996, 1999, 2007a, 2007b; Poe, Tate, and Camp Keith, 1999; J. King, 2000; Zanger, 2000; Camp Keith, 2002; Bueno de Mesquita et al., 2005; Hill and Jones, 2014)။ ဆင်တူသော ကြောင်း၊ကျိုး ဆက်စပ်မှု အကျိုးဆက် ရှိသော်လည်း ထိုအချက်နှစ်ချက်အကြား အရေးပါသည့် ကွာခြားမှုများ ရှိသည်။ ရှေးဦးစွာ ဒီမိုကရေစီ၏ သက်ရောက်မှုသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် နှိုင်းယှဉ်လျှင် ပို၍ ကြီးမားသည်။ နိုင်ငံတော်၏ နှိပ်ကွပ်မှုအတွက် ဒီမိုကရေစီသည် စီးပွားရေးထက် ပို၍ အားကောင်းသော ဆုံးဖြတ်နိုင်သည့် အချက် ဖြစ်သည်။ ဒုတိယအနေဖြင့် ဒုတိယ ကမ္ဘာစစ် အပြီးမှ စ၍ ကမ္ဘာတစ်ဝန်းတွင် ပြင်ပမှ ဒီမိုကရေစီ ဖွံ့ဖြိုးရေးကို လုပ်ဆောင်ခိုင်းသည်များက စီးပွားရေး ဖွံ့ဖြိုး တိုးတက်စေရန် လုပ်ဆောင်သည်များထက် ပို၍ အောင်မြင်သည် (Diamond, 2008)။ အတိုချုံး ဆိုရလျှင် ဖွံ့ဖြိုးတိုးတက်မှုထက် ရေရှည် တည်တံ့သော ဒီမိုကရေစီကို ဖန်တီးရန်က ပို၍ လွယ်ကူသည်။[၁] တတိယအချက်မှာ တက်ကြွလှုပ်ရှားသူများ၊ မူဝါဒ ချမှတ်သူများနှင့် သာမန် ပြည်သူ အများစုတို့က နှိပ်ကွပ်မှုအတွက် အဖြေကို ဒီမိုကရေစီဟု ရှုမြင်ကြပြီး နှိပ်ကွပ်မှုကို ဖြေရှင်းရန် ဒီမိုကရေစီအား တောင်းဆိုခြင်း၊ စုစည်း လုပ်ဆောင်ခြင်းများ ဆောင်ရွက်ကြသည် (ထိုဖြစ်ရပ်အတွက် ဥပမာကို ပြင်သစ်နှင့် ဟေတီနိုင်ငံ တော်လှန်ရေးများမှ အာရပ် နွေဦး ဖြစ်ရပ်အထိ တွေ့ရှိနိုင်သည်)။ ထိုကဲ့သို့ ဒီမိုကရေစီကို ပြဿနာ အများအပြား၏ အဖြေဟု ရှုမြင်ကြခြင်းသည် နိုင်ငံရေး သိပ္ပံတွင် အစဉ်အလာရှည် တစ်ခု ရှိနေပြီ ဖြစ်သည်။ ယင်းမှာ ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများတွင်လည်း သမိုင်းအစဉ်အလာ တစ်ခု ဖြစ်နေပြီး ဖြစ်သည်။ မကြာသေးမီက ထိုသို့သော တွေးခေါ်မှုများကို စတင် စိန်ခေါ်လာခဲ့သည် (ဥပမာ Carothers, 2002; Diamond, 2002; Levitsky and Way, 2002)။

ထိုကဲ့သို့ သက်သေအများအပြား ရှိပြီး နိုင်ငံတော်၏ နှိပ်ကွပ်မှုအပေါ် ဒီမိုကရေစီ၏ လွှမ်းမိုးမှုကို တက်တက်ကြွကြွ ထောက်ခံကြသော်လည်း လက်ရှိ လေ့လာမှုများတွင် အရေးပါသည့် အကန့်အသတ် အများအပြား ရှိနေသေးသည်။ ဥပမာ အတူယှဉ်တွဲ ပြောင်းလဲ ဆက်စပ်မှုများသည် စာရင်းအင်း နည်းပညာအရ ထူးခြားမှု (statistically significant) ရှိသော်လည်း ပညာရှင်များ အနေဖြင့် ပါဝင်သည့် ကြောင်းကျိုး ဆက်စပ် ပြောင်းလဲမှုများ၊ ၎င်းတို့ အလုပ်လုပ်ပုံနှင့် မည်သည့် အခြေအနေများတွင် ပို၍ ထိရောက်သည်ကို ယခုမှ စတင် နားလည်ခါစ ရှိသေးသည် (Davenport, 2007a; Hill and Jones, 2014)။ ထို့ကြောင့် နောက်ထပ် လေ့လာမှုများ ထပ်မံ လုပ်ဆောင်ရန် လိုနေသေးသည်။ ယခုအခန်းတွင် ဒီမိုကရေစီနှင့် နှိပ်ကွပ်မှုတို့အကြား ဆက်နွယ်မှုများနှင့် စပ်လျဉ်း၍ ရှိပြီးသား သုတေသနများကို ခြုံငုံ လေ့လာသွားကာ ၎င်းတို့၏ အားသာချက်များကို ဖော်ပြသွားပါမည်။ ထိုခေါင်းစဉ်ကို လေ့လာရန် ပို၍ အသေးစိတ်ကျသော နည်းလမ်းများကိုလည်း ဆွေးနွေးသွားမည် ဖြစ်ပြီး လက်ရှိ သုတေသနများ၏ ပြဿနာများကိုလည်း မီးမောင်းထိုးပြ သွားမည်။ အထူးသဖြင့် ဒီမိုကရေစီနှင့် နှိပ်ကွပ်မှုကို နေရာနှင့် ဇာတ်ကောင်ပေါ်လိုက်၍ ခွဲခြားသတ်မှတ်ရန် ပျက်ကွက်ခြင်း ပြဿနာ ဖြစ်သည်။ ထို့နောက် ထိုအကန့်အသတ်များကို ဖြေရှင်းရန် မည်ကဲ့သို့ လုပ်ဆောင်နိုင်မည်နည်းကို ဆွေးနွေးသွားမည်။ ထိုပြဿနာများကို ၁၉၄၀မှ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း အမေရိကန် နိုင်ငံ၌ ဒီမိုကရေစီနှင့် နှိပ်ကွပ်မှုတို့အကြား ဆက်နွယ်မှုများကို

ဆွေးနွေးခြင်းဖြင့် လေ့လာသွားပါမည်။ နောက်ဆုံး အပိုင်းတွင် လေ့လာလျှင် အကျိုးရှိနိုင်မည့် ကိစ္စရပ်များကို အကြံပြုသွားပါမည်။

## ဒီမိုကရေစီနှင့် နှိပ်ကွပ်ခြင်းတို့အကြား ဆက်နွှယ်မှုများကို နားလည် သဘောပေါက်ခြင်း

အစိုးရများက ၎င်းတို့၏ နိုင်ငံသားများအပေါ် ပိတ်ပင်မှု၊ ရိုက်နှက်မှု၊ ညှဉ်းပန်း နှိပ်စက်မှု၊ လက်စဖျောက်မှု၊ သတ်ဖြတ်မှုများ လုပ်ဆောင်ခြင်းကို နားလည်စေရန်မှာ ဂရုတစိုက် လေ့လာရန် လိုအပ်သည်။ ဆင်ခြင်ဉာဏ် ပဓာန သဘောတရား (rationalism) အသုံးပြု၍ ထိုကိစ္စရပ်ကို လေ့လာသည့် သုတေသနပညာရှင် အများစုသည် အစိုးရ ခေါင်းဆောင်မှု (အုပ်ချုပ်ရေး မဏ္ဍိုင်) ကို အဓိကထား ထောက်ပြကြပြီး နှိပ်ကွပ်သည့် လုပ်ရပ် ဖြစ်ပွားလာပါက ရိုးရှင်းသည် ဆုံးဖြတ်ချက် ချမှတ်ခြင်း အတွက်အချက်ကို အသုံးပြုကြသည် (ဥပမာDahl, 1966; Walter, 1969; Dallin and Breslauer, 1970; Gurr, 1986; Duvall and Stohl, 1988; Karklins and Peterson, 1993; Simon, 1994; Lichbach, 1995; Gartner and Regan, 1996; Bueno de Mesquita et al., 2005; Davenport, 2007a)။ ထိုလေ့လာချက်များအရ ဖိအားပေးသည့် ဖြစ်ရပ်များသည် (၁) နှိပ်ကွပ်မှု၏ အကျိုးရလဒ်များက ထိခိုက်ကုန်ကျနိုင်သည်ထက် ကျော်လွန်သွားသောအခါ (၂) လူမှု နိုင်ငံရေး ထိန်းချုပ်မှုအတွင်း အခြား ဖြစ်နိုင်သော နည်းလမ်း မရှိတော့သောအခါ (၃) နှိပ်ကွပ်မှု လုပ်ပါက အောင်မြင်နိုင်ခြေ များသောအခါ နှိပ်ကွပ်မှု ဖြစ်ပွားလေ့ ရှိသည်ဟု ဆိုသည်။ နှိပ်ကွပ်မှု၏ အကျိုးရလဒ်များ အနည်းငယ်သာ ရှိပြီး ထိခိုက်ကုန်ကျနိုင်သည်များ များပြားသောအခါ၊ အခြား ဖြစ်နိုင်သော နည်းလမ်းများ ရှိသည့်အခါ၊ အောင်မြင်နိုင်ခြေ နည်းသောအခါ နှိပ်ကွပ်မှု ဖြစ်ပွားလေ့ မရှိပေ။

အဆိုပါ မူဘောင်အရ ဒီမိုကရေစီသည် အဘယ်ကြောင့် အရေးပါရသနည်း။ ထိုနိုင်ငံရေး အင်စတီကျူးရှင်းများက နိုင်ငံတော်၏ ဖိအားပေးမှုကို မည်သို့ လျှော့ချနိုင်သနည်း။ ဒီမိုကရေစီနှင့် ဖိအားပေးခြင်းတို့အကြား ဆက်စပ်သည့် အကြောင်းပြချက် အများအပြား ရှိသည်။ ထိုအကြောင်းပြချက် အားလုံးသည် ဒီမိုကရေစီနှင့် နှိပ်ကွပ်သည့် လုပ်ရပ်များ၏ အဓိပ္ပာယ်နှင့် တိုက်ရိုက် သက်ဆိုင်နေသည်။ ထိုနေရာမှ စ၍ ဆွေးနွေးသွားပါမည်။

### ဒီမိုကရေစီနှင့် နှိပ်ကွပ်ခြင်း

လက်ရှိ သုတေသနများတွင် ယေဘုယျအားဖြင့် ဒီမိုကရက်တစ် နိုင်ငံရေး အင်စတီကျူးရှင်းများ ဆိုသည်မှာ ရှွမ်ပီတာ (Schumpeter) ကဲ့သို့သော ပညာရှင်များ သတ်မှတ်ခဲ့သည့် အနိမ့်ဆုံး ဒီမိုကရေစီ သဘောတရား၊ အီလစ်များအကြား ရွေးကောက်ပွဲ ထောက်ခံမှုများ အတွက် ယှဉ်ပြိုင်ခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ ဤနေရာတွင် အုပ်ချုပ်သည့် နည်းလမ်းများ လမ်းညွှန်နေသည့် အဆုံးသတ်ထက် အုပ်ချုပ်သည့် နည်းလမ်းများကိုသာ ဆွေးနွေးထားခြင်း ဖြစ်သည်။ လုပ်ဆောင်ရမည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ကွဲပြားခြားနားမှု အချို့လည်း ရှိနိုင်ပါသည်။ ဥပမာ အချို့က နိုင်ငံရေး ခေါင်းဆောင်များအပေါ် အတားအဆီးများကို အာရုံစိုက်ကြပြီး ဗီတိုအာဏာ သုံးနိုင်သည့် အချက်များ (သို့) ဇာတ်ကောင်များနှင့် အုပ်ချုပ်ရေး မဏ္ဍိုင်အပေါ် အတားအဆီးများအား အထူးပြု ဆွေးနွေးကြသည် (Tsebelis, 2002)။ အခြားသူများကမူ ရွေးကောက်ပွဲများတွင် နိုင်ငံသားများ ပါဝင်နိုင်မှုကို အလေးပေးကြသည် (Davenport,

1997; Richards, 1999a)။ အခြားသူများကလည်း ကိုယ်စားပြုခြင်းများနှင့် နိုင်ငံရေး ပါတီများ၏ ယှဉ်ပြိုင်မှုကို အလေးစိုက်ကြသည် (Richards, 1999b)။ အချို့ကလည်း ထိုအချက်များကို စုပေါင်း၍ လေ့လာကြသည်။ သို့ရာတွင် အဆိုပါ ကွဲပြားမှုများအကြား အခြေခံ အချက်များမှာ အတူတူပင် ဖြစ်သည်။ အုပ်ချုပ်ပုံများအနက် တချို့ သော အုပ်ချုပ်ပုံများမှာ အခြား အုပ်ချုပ်ပုံများထက် ပို၍ ဒီမိုကရေစီ နည်းလမ်းကျသည်။ ဥပမာ ဒီမိုကရေစီသည် ၎င်း၏ နိုင်ငံရေး ခေါင်းဆောင်များအပေါ် အတားအဆီးများ ပိုမို ထားနိုင်ခြေ ရှိသည်။ ထိုမှသာ ခေါင်းဆောင်များသည် ၎င်းတို့ လုပ်ဆောင်လိုသည်များကို လုပ်နိုင်စွမ်း ပိုနည်းမည် ဖြစ်ပြီး စောင့်ကြည့်မှုနှင့် အတားအဆီးများကိုလည်း ခံစားမိမည် ဖြစ်သည်။ ဒီမိုကရေစီသည် ၎င်းတို့၏ နိုင်ငံသားများကို ခေါင်းဆောင်များ ရွေးချယ်ရာတွင် ပိုမို ပါဝင်စေသည်။ ထိုမှသာ အုပ်ချုပ်ခံ လူတန်းစားများသည် နိုင်ငံရေး အစုအဖွဲ့ကို ထိန်းကျောင်းနေသူများအပေါ် ပို၍ လွှမ်းမိုး ချုပ်ကိုင်နိုင်မည် ဖြစ်သည်။ နောက်ဆုံး အနေဖြင့် ဒီမိုကရေစီတွင် နိုင်ငံရေး ပါတီ အမျိုးအစားစုံ ပါဝင်ပြီး ၎င်းတို့အကြား ပြိုင်ဆိုင်မှု ပြင်းထန်သော ရွေးကောက်ပွဲများ ရှိလေရာ နိုင်ငံရေး စနစ်အတွင်းသို့ အမြင်အမျိုးမျိုး ပါဝင်လာနိုင်စေသည်။

အလားတူပင် နှိပ်ကွပ်မှု၏ သဘောတရားမှာလည်း ကျဉ်းမြောင်းသည် (စာသေတ္တာ ၁၄.၁ တွင် ရှုပါ)။ စာပေတွင် တွေ့ရသည့်အတိုင်း ထိုဖြစ်ရပ်တွင် နိုင်ငံ၏ စီရင်ခွင့် နယ်ပယ်အတွင်း နေထိုင်သူ လူတစ်ဦး (သို့) အဖွဲ့အစည်း တစ်ခုကို ရုပ်ပိုင်းဆိုင်ရာအရ ကန့်သတ်မှုများ လက်တွေ့ လုပ်ဆောင်ခြင်း (သို့) လုပ်ဆောင်ရန် ခြိမ်းခြောက်ခြင်းများ ပါဝင်သည်။ ထိုသို့ လုပ်ဆောင်ရခြင်းမှာ ပစ်မှတ်ထားသူများကို ထိခိုက်စေရန်နှင့် အစိုးရ တာဝန်ရှိသူများ၊ အလေ့အကျင့်များ (သို့) အင်စတီကျူးရှင်းများကို စိန်ခေါ်နေသည့် အချို့သော လုပ်ရပ်များနှင့် ယုံကြည်ချက်များကို တားဆီးရန် ဖြစ်သည်။ အခြားသော အင်အားသုံးသည့်ပုံစံများ နည်းတူ ဖိအားပေးခြင်းသည် ပစ်မှတ်များကို ရှိန်သွားစေရန် ခြိမ်းခြောက်မှုများ အသုံးပြုခြင်းအပေါ် အဓိကထားသည်။ သို့ရာတွင် ဖိအားပေးသည့် နည်းလမ်း အားလုံးသည် နှိပ်ကွပ်ခြင်း မဟုတ်ပေ (ဥပမာ ကြမ်းတမ်းသည့် ရာဇဝတ်မှုများနှင့် ခိုးဝှက်မှုများအား တားဆီးခြင်း)။ ထိုအစား နှိပ်ကွပ်ခြင်း ဆိုသည်မှာ ထုတ်ဖော် ပြောဆိုခြင်း အခွင့်အရေးများ၊ ဥပဒေ စည်းကြပ်ခြင်းနှင့် ဥပဒေအရ ဆုံးဖြတ်ခြင်းတို့တွင် မျှတစွာ လုပ်ဆောင်ခြင်းနှင့် လူတစ်ဦး၏ ပြည့်စုံမှု (သို့) လုံခြုံမှု အခွင့်အရေးများကို ချိုးဖောက်ရန် နိုင်ငံတော်၏ အာဏာကို အသုံးပြုခြင်း ဖြစ်သည် (Davenport, 2007b, p. 2)။[၂]

အဆိုပါ အသုံးများသည့် အဓိပ္ပာယ် ဖွင့်ဆိုချက်များအရ ဒီမိုကရေစီက နိုင်ငံတော်၏ နှိပ်ကွပ်မှုအပေါ် လွှမ်းမိုးနိုင်သည့် ပုံစံ များစွာ ရှိနိုင်သည် (Davenport, 2007b, pp. 10-11)။ အောက်ပါတို့ကို ကမ္ဘာပေါ်ရှိ ပညာရှင်များ၊ တက်ကြွ လှုပ်ရှားသူများနှင့် မူဝါဒ ချမှတ်သူများက လက်ခံထား ကြသည်။

၁။ ဒီမိုကရက်တစ် အင်စတီကျူးရှင်းများသည် နှိပ်ကွပ်သော လုပ်ရပ်များအတွက် ထိခိုက် ကုန်ကျမှုကို တိုးပွားလာစေသည်။ အဘယ်ကြောင့် ဆိုသော် မဲပေးသူများက ၎င်းတို့၏ လုပ်ရပ်များကို မကြိုက်လျှင် အာဏာပိုင်များကို မဲမပေးဘဲ ဖြုတ်ချနိုင်သောကြောင့် ဖြစ်သည်။

၂။ ဒီမိုကရေစီ နိုင်ငံများရှိ တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များသည် ယေဘုယျအားဖြင့် သဘောထားကြီးခြင်း၊ ဆက်သွယ်ဖလှယ်ခြင်း၊ ဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းတို့၏ တန်ဖိုးများကို ပို၍ လက်ခံနိုင်ခြေ ရှိသည်။ နှိပ်ကွပ်မှုများ အသုံးပြုခြင်းက ယင်းတန်ဖိုးများကို ထိခိုက်စေပြီး တန်ဖိုးလျော့ကျစေသည်။

၃။ ဒီမိုကရေစီ နိုင်ငံများတွင် ပါဝင်ခြင်းနှင့် ယှဉ်ပြိုင်ခြင်းတို့က ထိန်းချုပ်ရန် အခြား နည်းလမ်းများ ရရှိစေသည်။ လူအများကြား ပဋိပက္ခများ ဖြစ်ပွားနိုင်ခြေကို လျှော့ချကာ အာဃာတများကို လျှော့ပါးသွားစေရန် ကူညီခြင်းဖြင့် နှိပ်ကွပ်သည့် လုပ်ရပ်များအပေါ် အကြောင်းပြနိုင်မှုကိုလည်း အားနည်းစေသည်။

ပထမ အခြေအနေတွင် ဒီမိုကရေစီသည် မူဝါဒ ချမှတ်သူများကို ကြောက်ရွံ့စေခြင်းဖြင့်၊ နိုင်ငံသားများကို ထိခိုက်စေခြင်း၏ အကျိုးဆက်များ ရှိခြင်းကို သိရှိစေခြင်းဖြင့် နှိပ်ကွပ်မှုများကို လျှော့ကျစေသည်။ ဒုတိယ အခြေအနေတွင် ဒီမိုကရေစီသည် ခေါင်းဆောင်များနှင့် နိုင်ငံသားများကို အချို့သော လုပ်ရပ်များနှင့် ယုံကြည်ချက်များအား လက်ခံစေပြီး အချို့ကို ငြင်းဆန်စေခြင်းဖြင့် နှိပ်ကွပ်မှုကို လျှော့ချပေးသည်။ တတိယ အခြေအနေတွင် ဒီမိုကရေစီသည် နိုင်ငံသားများကို လွှမ်းမိုးနိုင်သည့် အခြား နည်းလမ်းများကို ထုတ်ဖော်ပေးသည်။ ဥပမာ လူတစ်ဦးချင်းစီကို တည်ရှိနေပြီးသော အင်စတီကျူးရှင်းများသို့ လမ်းညွှန်ပေးကာ ၎င်းတို့၏ လုပ်ရပ်များကို စည်းကြပ်ပေးခြင်းဖြင့် ဒီမိုကရေစီ ဆိုင်ရာ နိုင်ငံရေး စနစ်များသည် အခြားသော ကြမ်းတမ်းသည့် နည်းလမ်းများ အသုံးပြုရန် လိုအပ်ခြင်းကို လျှော့ချပေးသည်။

| စာသေတ္တာ ၁၄.၁။ နှိပ်ကွပ်မှုကို ခွဲခြမ်းစိတ်ဖြာ ကြည့်ခြင်း |
|---|
| နှိပ်ကွပ်မှုသည် အငြင်းပွားဖွယ်ရာ သဘောတရား တစ်ခု ဖြစ်ပြီး ၎င်း၏ အမည်ကပင် ပြဿနာ ရှိနေသည် (အချို့က တူညီသော အရာကိုပင် အင်အားသုံးခြင်း၊ ဖိနှိပ်ခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်း (သို့) လွှမ်းမိုးခြင်း အစရှိသည်ဖြင့် အသုံးပြုကြသည်)။ အချို့က နိုင်ငံရေးအရ ရည်မှန်းချက်များကို လျစ်လျူရှုထားပြီး အရေးအကြီးဆုံး အချက်မှာ အင်အားသုံးသည့် အပိုင်း ဖြစ်သည်ဟု ဆိုသည်။ အချို့ကမူ နိုင်ငံရေး ရည်ရွယ်ချက်များကို အလေးစိုက်ပြီး အင်အားသုံးသည့် အပိုင်းကို ဂရုမထားကြပေ။ ကျောင်းသင်ခန်းစာများကို ထိန်းချုပ်ခြင်း၊ အမြင်ကွဲပြားသူ ဆရာများကို အလုပ်ဖြုတ်ပစ်ခြင်း အစရှိသည့် အင်အားမသုံးဘဲ ထိန်းချုပ်သည့် နည်းလမ်းများကို အသုံးနိုင်သည်၊ အသုံးလည်း ပြုနေသည်ဟု ထိုသူများက ထောက်ပြကြသည်။ ဤနေရာတွင် အခက်အခဲမှာ ထိုအသုံးအနှုန်းကို မည်မျှ ကျယ်ကျယ်ပြန့်ပြန့် သုံးသနည်း ဟူသည့် အချက် ဖြစ်သည်။ အရာအားလုံးကို နိုင်ငံရေးအရ နှိပ်ကွပ်သည်ဟု မခေါ်နိုင်ပေ။ နှိပ်ကွပ်ခြင်း သဘောတရားတွင် အင်အားသုံးမှုနှင့် နိုင်ငံရေး ဆိုင်ရာ အချက်များ နှစ်ခုလုံးကို ထည့်သွင်း စဉ်းစားသင့်သည်။<br><br>နှိပ်ကွပ်ခြင်း (repression) (နိုင်ငံရေး အာဏာပိုင်များက သက်ဆိုင်ရာ နယ်မြေ တစ်ခု အတွင်းရှိ နိုင်ငံရေး ဆိုင်ရာ ယုံကြည်ချက် (သို့) လုပ်ရပ်များကို ထောက်ခံသူများအပေါ် လုပ်ဆောင်သည့် လုပ်ရပ်များ) ဟူသည့် အသုံးအနှုန်းနှင့် ဖိနှိပ်ခြင်း (oppression) (နိုင်ငံရေး အာဏာပိုင် မဟုတ်သူများက သက်ဆိုင်ရာ နယ်မြေ တစ်ခု အတွင်းရှိ လူများအပေါ် ၎င်းတို့၏ ယုံကြည်ချက် (သို့) လုပ်ဆောင်ချက်များနှင့် မသက်ဆိုင်ဘဲ လုပ်ဆောင်သည့် လုပ်ရပ်များ) ဟူသည့် အသုံးအနှုန်း အကြား ရောထွေးသည်များလည်း ရှိသည်။ ထိုအသုံးအနှုန်း နှစ်ခုကို မကြာခဏ လဲလှယ် အသုံးပြုကြသည်။ သို့ရာတွင် ယင်းက များစွာသော စဉ်းစားတွေးခေါ်မှုများကို ရှုပ်ထွေးစေသည်။ လိင်ခွဲခြား ဆက်ဆံခြင်း (သို့) အမျိုးသမီးများအား နှိမ့်ချခြင်းကြောင့် စီးပွားရေး လုပ်ငန်းများက အမျိုးသမီးများကို ဆိုးဆိုးရွားရွား ဆက်ဆံကာ ယင်းဖြစ်ရပ်ကြောင့် ဆိုးရွားသည့် ကျန်းမာရေး အကျိုးဆက်များနှင့် လုပ်ခလစာများ ရရှိပါက ထိုသူများသည် |

နိုပ်ကွပ်ခံရသည်ဟု ဆိုခြင်းထက် ဖိနှိပ်ခံရသည်ဟု ဆိုခြင်းက ပိုမို သင့်လျော်ပေလိမ့်မည်။

အဆိုပါ ဆက်ဆံရေးများကို အခြေခံကာ ပညာရှင်များက ဒီမိုကရေစီနှင့် နိုင်ငံတော်၏ အင်အားသုံးသည့် လုပ်ရပ်များအကြား ဆက်ဆံမှုများကို လေ့လာသုံးသပ်ကြသည်။ ပညာရှင်များက ဒီမိုကရေစီဆိုင်ရာ နိုင်ငံတကာ အင်စတီကျူးရှင်းများသည် နိုင်ငံတော်၏ အင်အားသုံးသည့် အခြေအနေများကို ငြိမ်းချမ်းသွားစေနိုင်ခြင်း ရှိ၊ မရှိကို လေ့လာလိုကြသည်။ အဆိုပါ လေ့လာချက်များ အားလုံးကို နှိုင်းယှဉ်၍ မရပေ။ အချိန်ကြာလာသည်နှင့်အမျှ သိသာထင်ရှားသော အပြောင်းအလဲများလည်း ရှိလာသည်။

ဥပမာ ဒီမိုကရေစီနှင့် နှိပ်ကွပ်မှုအကြား ဆက်စပ်မှုများအပေါ် အစောဆုံး လေ့လာမှုများတွင် နမူနာ အရွယ်အစား (sample size) ကြီးကြီးသုံးသည့် ချဉ်းကပ်ပုံကို အသုံးပြုကြသည်။ သုတေသန ပညာရှင်များ အချက်အလက် စုစည်းနိုင်သမျှ နိုင်ငံ အများအပြားရှိ လက်ရှိ အချိန်တွင် နှိပ်ကွပ်မှု အခြေအနေကို လေ့လာကာ နိုင်ငံ-ခုနှစ် ပုံစံဖြင့် ဒီမိုကရေစီက (ဒီမိုကရေစီကို အစိုးရဆိုင်ရာ ညွှန်းကိန်းများ ကဲ့သို့သော အချက်အလက် အများအပြား၏ ညွှန်းကိန်းဖြင့် တိုင်းတာသည် (Gurr, 1974; Marshall and Jaggers, 2000)) နှိပ်ကွပ်မှုကို လွှမ်းမိုးပုံအား သတ်မှတ်ကြသည် (ဥပမာ Hibbs, 1973; Ziegenhagen, 1986)။ အချိန်ကာလ အပိုင်းအခြားများ၊ နေရာများ၊ တိုင်းတာမှုများနှင့် နည်းလမ်းများ အမျိုးမျိုးဖြင့် လေ့လာမှုများ အားလုံးက ဒီမိုကရေစီ နည်းလမ်းကျ နိုင်ငံရေး အင်စတီကျူးရှင်းများနှင့် လုပ်ဆောင်ချက်များသည် နိုင်ငံတော်၏ နှိပ်ကွပ်မှု လုပ်ရပ်ကို လျော့ကျစေသည်ဟု ဆိုသည်။ အစောပိုင်း စာတမ်းများတွင် နိုင်ငံတကာ ဆက်ဆံရေး ပညာရှင်များ၏ တွေ့ရှိချက်များကို ထည့်သွင်းကာ ကျွန်ုပ်အနေဖြင့် ထိုဖြစ်ရပ်ကို ပြည်တွင်းမှ ဒီမိုကရေစီ ဆိုင်ရာ ငြိမ်းချမ်းရေးဟု ရည်ညွှန်း ခေါ်ဆိုခဲ့သည် (Davenport, 2007b, p.11)။

အချိန် ကြာလာသည်နှင့်အမျှ သုတေသန ပညာရှင် အချို့က ထိုဆက်ဆံမှုများ အလုပ်လုပ်သည့် ပုံစံများကို စတင် ခန့်မှန်းလာကြသည် (Muller, 1985; Fein, 1995; Regan and Henderson, 2002; Davenport and Armstrong, 2004)။ အစောပိုင်းတွင် သုံးခဲ့သည့် တူညီသော နမူနာ အရွယ်အစား အများအပြားသုံး ချဉ်းကပ်ပုံကိုပင် အသုံးပြုကာ ထိုပညာရှင်များက ဒီမိုကရက်တစ် အင်စတီကျူးရှင်း များသည် နှိပ်ကွပ်မှုကို မျဉ်းဖြောင့်သဏ္ဌာန်အတိုင်း လွှမ်းမိုးနိုင်ခြင်း မရှိ၊ ဒီမိုကရေစီ ကျမှုတွင် ကိန်းဂဏန်း တစ်ခု တိုးခြင်းက နှိပ်ကွပ်ခြင်းတွင် ကိန်းဂဏန်းတစ်ခု ကျသွားခြင်း မရှိဟု ကောက်ချက်ချကြသည်။ ပညာရှင်များက ဆက်ဆံရေးနှင့် သီအိုရီပိုင်းဆိုင်ရာ ငြင်းခုံဆွေးနွေးမှုများသည် ကွဲပြားစွာ လုပ်ဆောင်နေကြပြီး ပြည်တွင်းမှ ဒီမိုကရေစီဆိုင်ရာ ငြိမ်းချမ်းရေးဟု ခေါ်ဆိုခြင်းသည် ရှိသင့်သည်ထက် ပို၍ အကောင်းမြင်နေခြင်း ဖြစ်သည်ဟု ဆိုလာကြသည်။

ဥပမာ အချို့က ဒီမိုကရေစီ အကူးအပြောင်း ဖြစ်ခြင်းက နှိပ်ကွပ်မှုများကို ပျောက်ကွယ်သွားခြင်း မဟုတ်၊ မည်သည့် ခေါင်းဆောင် အုပ်ချုပ်မည်ကို ရှင်းရှင်းလင်းလင်း သိခြင်း (သို့) သေချာခြင်းက နှိပ်ကွပ်မှုများအပေါ် သက်ရောက်မှု ရှိသည်ဟု ဆိုကြသည်။ ဒီမိုကရေစီနှင့် အာဏာရှင် စနစ် မျဉ်းကြောင်းနှစ်ဘက်၏ အလယ်ရှိ နိုင်ငံရေး စနစ်များတွင် ရှင်းရှင်းလင်းလင်း မသိခြင်း၊ မသေချာခြင်း ရှိပြီး အဆိုပါ ကပြား ပုံစံ (သို့) ဒီမိုကရေစီ တစ်ပိုင်း၊ အာဏာရှင် တစ်ပိုင်း အစိုးရ ပုံစံများသည် နှိပ်ကွပ်မှု အများဆုံး ဖြစ်သည်။ ယင်းကို အလယ်မှတ်တွင် လူသတ်မှု ပိုများသည့် အဆို (more murder in the middle (MMM)) ဟု ညွှန်းဆိုကြသည်။ မျဉ်းကြောင်း၏

အလယ်ရှိ နိုင်ငံ အမျိုးအစားများသည် နှိပ်ကွက်မှု အများဆုံး ဖြစ်သည် (ဒီမိုကရေစီ၊ အာဏာရှင် စနစ်နှင့် နှိပ်ကွပ်မှုတို့အကြား ဆက်စပ်မှုကို မျဉ်းကြောင်းဖြင့် ပုံဖော်ပါက U ဖောက်ထိုး ပုံစံ ဖြစ်သည်)။ သုတေသန ပညာရှင်များက ထိုအဆိုကို ဒီမိုကရေစီနှင့် ၎င်း၏ နှစ်ထပ်ကိန်းတို့အား ခန့်မှန်းတွက်ချက်သည့် ပုံစံများတွင် ထည့်သွင်းကြည့်ကာ တွေ့ရှိချက်များက ထိုအဆိုကို ထောက်ခံနေသည်။

အချို့ကမူ ရှင်းလင်းခြင်းနှင့် သေချာခြင်းတို့ မဟုတ်ဘဲ ဒီမိုကရေစီ ဖြစ်မှုကို နားလည်ရန် အရေးပါသည်ဟု ဆိုကြသည်။ ထိုအဆိုအရ ဒီမိုကရေစီ လှုပ်ရှားမှု အားလုံးကို နှိုင်းယှဉ်၍ မရဘဲ သတ်မှတ်ထားသည့် အနိမ့်ဆုံး စံနှုန်း ကျော်သွားမှသာ လွှမ်းမိုးမှု ရှိမည်ဟု မျှော်လင့်ရသည် (Davenport and Armstrong, 2004; Bueno de Mesquita et al., 2005)။ ထိုဆက်ဆံမှုများကို ဆန်းစစ်ရန်နှင့် MMM အဆိုမှ ထွက်ပေါ်လာသည့် ပြောင်းပြန် U ပုံစံ ကဲ့သို့ ဆက်ဆံရေးများ ရှိခြင်း ကဲ့သို့သော အခြား အချက်အလက်များကို သိရှိနိုင်စေရန် ယခုလေ့လာချက်တွင် အသုံးပြုသော နည်းလမ်းများသည် ယခင် အသုံးပြုခဲ့သော နည်းလမ်းများထက် ပို၍ အဆင့်မြင့်သည်။ ဥပမာ ဒါဗန်ပေါ့တ်နှင့် အမ်းစတရောင်း (Davenport and Armstrong) (2004) တို့က အဆင့်မြင့် စာရင်းအင်းအရ တွက်ချက်ပုံ အများအပြား (LOESS graphs, binary decomposition model, time series cross-sectional analyses) ကို အသုံးပြုပြီး ဆက်စပ်မှုကို ခန့်မှန်းခဲ့ကြသည်။ အဆိုပါ ကြိုးပမ်းမှုများမှ တွေ့ရှိချက်များက ဒီမိုကရေစီ၏ နှိပ်ကွပ်မှုအပေါ် လွှမ်းမိုးပုံအား ပို၍ တိကျသော ရလဒ်များ ပေးသည်။ တွေ့ရှိရသည့်အတိုင်း အနိမ့်ဆုံး စံနှုန်း ပုံစံ (ဒီမိုကရေစီသည် အမြင့်ဆုံး တန်ဖိုးများ မရောက်သေးမီအထိ သက်ရောက်မှု မရှိပေ) သည် အခြား နည်းလမ်းများထက် ပို၍ ကောင်းမွန်သည်။ အတိုချုံး ဆိုရသော် အလယ်တွင် လူသတ်မှု ပိုများခြင်းအဆိုမှာ မမှန်ကန်ပေ၊ အနည်းလေးတော့ ထူးခြား ဆန်းပြားနေခြင်းများ မရှိပေ။

နောက်ပိုင်း လေ့လာချက်များက အစောပိုင်း လေ့လာချက်များအပေါ် မေးခွန်းထုတ်ခဲ့သည်မှာ ဆက်စပ်မှု ပုံစံ တစ်ခုတည်းတော့ မဟုတ်ပေ။ သုတေသန ပညာရှင်များက ဒီမိုကရေစီ နိုင်ငံရေး၏ မည်သည့် အပိုင်းက နိုင်ငံတော်၏ နှိပ်ကွပ်မှုအပေါ် လွှမ်းမိုးသနည်း ဆိုသည်ကိုလည်း စတင် စူးစမ်း လာကြသည်။ ထိုမေးခွန်းမှာ နှိပ်ကွပ်မှုများ လျော့ပါးသွားစေရန် နိုင်ငံရေး စနစ် တစ်ခုအတွင်း မည်သည့် အပိုင်းများကို ပြောင်းလဲပစ်ရမည်နည်း ဟူသည့် ဆွေးနွေးချက်ကို အာရုံစိုက်သည့် အတွက် များစွာ အရေးပါပေသည်။ ဤအပိုင်းတွင်လည်း အမြင်များ ကွဲပြားကြသည်။ သုတေသန ပညာရှင်များက ဖွဲ့စည်းပုံ အခြေခံ ဥပဒေ တည်ဆောက်ပုံ အပါအဝင် ဒီမိုကရေစီ နိုင်ငံတစ်ခု၏ အစိတ်အပိုင်းများ (Davenport, 1996; Camp Keith, 2002)၊ ရွေးကောက်ပွဲများ (Davenport, 1997; Richards, 1999a)၊ နိုင်ငံရေး ပါတီများ၏ ကွဲပြားမှုများ (Richards, 1999b; Bueno de Mesquita et al., 2005)၊ ဗီတို အာဏာ သုံးနိုင်သည့် အချက်များ (Davenport, 2007a)၊ အုပ်ချုပ်ရေးမဏ္ဍိုင်အပေါ် အတားအဆီးများ (Davenport, 2004; Bueno de Mesquita et al., 2005) နှင့် မကြာသေးမီက လွတ်လပ်စွာ ပုံနှိပ် ထုတ်ဖော်ခွင့် (Davenport, Moore, and Armstrong, 2008) တို့ကို လေ့လာခဲ့ကြသည်။

သင့်လျော်သော ဆက်စပ်မှုများကို လေ့လာရန် အစောပိုင်း ပညာရှင်များ သုံးခဲ့သည့် အခြေခံ ချဉ်းကပ်ပုံကို ပြင်ဆင်ခဲ့သည်။ ယခုလေ့လာချက်များတွင် သုတေသန ပညာရှင်များသည် ဒီမိုကရေစီကို တိုင်းတာမှုများအား ခွဲခြားလိုက်ကာ ၎င်းတို့ စိတ်ပါဝင်စားသည့် နည်းလမ်းများကို တိုင်းတာသည့် ညွှန်းကိန်းများကို အသုံးပြုသည်။

ထိုသို့ လုပ်ဆောင်ရန်မှာ လွယ်ကူသည်။ အဘယ်ကြောင့် ဆိုသော် ထူးခြားသည့် အစိတ်အပိုင်းများကို အမြဲ တွေ့ရှိရသောကြောင့် ဖြစ်သည်။ ထိုအစိတ်အပိုင်းများကို အစောပိုင်း လေ့လာချက်များတွင် စုပေါင်းကာ ညွှန်းကိန်း တစ်ခုတည်း အဖြစ် သုံးခဲ့ကြသည်။ ထိုသုတေသနများမှ တွေ့ရှိချက်များမှာ အမျိုးမျိုး ဖြစ်သည်။ လေ့လာချက် အများစုတွင် စာရင်းအင်းပညာအရ ထူးခြားသော ဆက်စပ်မှုများ တွေ့ရပြီး အချို့သော ဒီမိုကရေစီ၏ အစိတ်အပိုင်းများသည် နှိပ်ကွပ်မှုအပေါ် လွှမ်းမိုးနိုင်ကြောင်း တွေ့ရသည်။ သို့ရာတွင် အဆိုပါ အစိတ်အပိုင်းများ အားလုံးကို နှိုင်းယှဉ်၍ စနစ်တကျ တိုင်းတာ လေ့လာခြင်းမျိုး မရှိသေးပေ။ လေ့လာချက်များအနက် အကောင်းဆုံး လေ့လာချက်မှာ အမျိုးမျိုးသော အစိတ်အပိုင်း အချို့ကို နှိုင်းယှဉ် လေ့လာထားခြင်းသာ ဖြစ်သည် (Bueno de Mesquita et al., 2005; Davenport, 2007a)။ ထို့ပြင် အဆိုပါ အစိတ်အပိုင်း အမျိုးမျိုးကို ခွဲခြားလေ့လာခြင်းတွင် မျဉ်းဖြောင့် ပုံစံမဟုတ်သည့် ဆက်စပ်မှုများကို လေ့လာခြင်းများလည်း မတွေ့ရသေးပေ။ MMM အဆိုနှင့် ဆန့်ကျင်စွာပင် အနိမ့်ဆုံး စံနှုန်း အဆိုကို တိုင်းနှင့် ပြည်နယ် အဆင့်များတွင် လေ့လာထားခြင်း မရှိသေးပေ။

## ဒီမိုကရေစီနှင့် နှိပ်ကွပ်ခြင်းတို့အကြား ဆက်နွယ်မှုများအတွက် အနာဂတ်

ယခုအပိုင်းတွင် နောင်လာမည့် အနာဂတ်၌ ဒီမိုကရေစီနှင့် နှိပ်ကွပ်ခြင်းတို့အကြား ဆက်နွယ်မှုများကို စာရင်းအင်း အခြေပြု လေ့လာခြင်း (quantitative research) တွင် အရေးပါသည့် အပိုင်း အချို့ကို တင်ပြသွားပါမည်။ အထူးသဖြင့် ထိုအပိုင်းများသည် ယခင် လေ့လာချက်များ၏ အကန့်အသတ် သုံးခုကို ဖြေရှင်းရန် ရည်ရွယ်ပါသည်။

ရှေးဦးစွာ ပြုလုပ်ခဲ့ပြီးသော လေ့လာချက်များတွင် နိုင်ငံ-ခုနှစ် ပုံစံက လေ့လာမှုအတွက် အသင့်လျော်ဆုံး ယူနစ် မဟုတ်နိုင်သည့် အချက်ကို လျစ်လျူရှုထားသည်။ နိုင်ငံရေး ယဉ်ကျေးမှု (Elazar, 1972; Putman, 1994) နှင့် နိုင်ငံရေး အကြမ်းဖက်မှု (Ball, Kobrak, and Spirer, 1999; Davenport and Stam, 2003; Boudreau, 2004; Wilkinson, 2004; Kalyvas, 2006) တို့ကို လေ့လာခြင်းများတွင် နိုင်ငံ တစ်နိုင်ငံအတွင်းရှိ နယ်မြေများအတွင်း အရေးပါသည့် ကွာခြားချက်များ ရှိကြောင်း ရှင်းရှင်းလင်းလင်း သက်သေပြခဲ့ပြီး ဖြစ်သည်။ တကယ်တမ်းလည်း သုတေသနများသည် နိုင်ငံ-ခုနှစ်အလိုက် လေ့လာမှုများကြောင့် ပြဿနာများ ကြုံတွေ့ရသည်။ နိုင်ငံ တစ်နိုင်ငံ အတွင်းရှိ အကြောင်းအရာများသည် နှိပ်ကွပ်မှုကို ခန့်မှန်းရာတွင် ပို၍ အရေးပါပြီး အကြောင်းအရာ တစ်ခုသည် နိုင်ငံ တစ်နိုင်ငံလုံးတွင် တူညီစွာ လွှမ်းမိုးနိုင်ခြင်း မရှိပေ။ ပို၍ သက်ဆိုင်သော အကြောင်းအရာမှာ ကင်ကွိုင်းလ်ဟေးလ် (Kim Quaile Hill) (1994) ၏ လေ့လာချက်တွင် နိုင်ငံ တစ်နိုင်ငံ အတွင်းရှိ (လေ့လာချက်ပါ နိုင်ငံမှာ အမေရိကန် နိုင်ငံ ဖြစ်သည်) ဒီမိုကရေစီ ရေချိန် အနိမ့်အမြင့်သည် နေရာပေါ် မူတည်၍ သိသိသာသာ ပြောင်းလဲသွားသည်ဟု ဖော်ပြထားသည်။ ထို့ပြင် ဖရန့်ဒိုနာ (Frank Donner) (1990) ၏ ယခင် လေ့လာချက်များတွင်လည်း အမေရိကန် နိုင်ငံတစ်ဝန်း နိုင်ငံရေးအရ နှိပ်ကွပ်မှု များစွာ ကွာခြားကြောင်း တွေ့ရှိခဲ့ရသည်။

ဒုတိယအချက်မှာ ပထမချက်နှင့် ဆက်စပ်သည်။ လက်ရှိ လေ့လာချက်များအရ ဒီမိုကရေစီ နိုင်ငံရေး၏ မတူညီသော အစိတ်အပိုင်းများသည် မတူညီသော နှိပ်ကွပ်သည့် ဇာတ်ကောင်များ (ရပ်ရွာ အဆင့်၊ တိုင်းနှင့် ပြည်နယ် အဆင့်နှင့် ပြည်တွင်း အဆင့်ရှိ စစ်တပ်၊ ရဲ၊ တရားရေး စနစ်၊ နိုင်ငံရေးသမားများနှင့် နိုင်ငံတော်

မဟုတ်သည့် စစ်သွေးကြွများ) အပေါ် ကွာခြားသော လွှမ်းမိုးမှုများ ရှိသည်။ အင်အားသုံးသည့် လုပ်ရပ်များ လုပ်ဆောင်သည့် ဇာတ်ကောင်များ အားလုံးသည် တူညီသော အစိတ်အပိုင်းများကြောင့် ဆင်တူစွာ (သို့) တူညီစွာ လွှမ်းမိုးခံရခြင်း မရှိပေ။

တတိယအချက်မှာ ပြုလုပ်ခဲ့ပြီးသော သုတေသနများတွင် နှိပ်ကွပ်ခြင်းက ဒီမိုကရေစီအပေါ် လွှမ်းမိုးမှု ရှိနိုင်သည့် အချက်ကိုလည်း မေ့လျော့နေကြသည်။ ထိုလွှမ်းမိုးမှုကို "ဖြေလျှော့မှု (liberalization)" (ဖြေလျှော့မှု ဆိုသည်မှာ နိုင်ငံရေးအရ နှိပ်ကွပ်မှုများအား ဖြေလျှော့ပေးခြင်းကို ဆိုလိုသည်) ဆိုင်ရာ စာတမ်းများတွင် အများဆုံး တွေ့ရသည် (Wood, 2000)။ မတူညီသော နည်းလမ်းအမျိုးမျိုးဖြင့် နှိပ်ကွပ်မှုကို ဖြေလျှော့လိုက်ခြင်း (သို့) လျှော့ချလိုက်ခြင်း (ဥပမာ ရွေးကောက်ပွဲများ ကျင်းပခြင်း၊ မူဝါဒ ချမှတ်ရာတွင် အတားအဆီးများ ထားခြင်း) သည် မတူညီသော လူမှုရေးနှင့် နိုင်ငံရေး ဆိုင်ရာ ဇာတ်ကောင်များကို ဒီမိုကရေစီ ဆိုင်ရာ အင်စတီကျူးရှင်းများနှင့် အမူအကျင့်များအား မြှင့်တင်ခွင့် ပေးရန် လမ်းဖွင့်ပေးသည်။

ထိုကိစ္စရပ်များကို အဘယ်ကြောင့် လျစ်လျူရှုထားရသနည်း။ ယင်းအတွက် အကြောင်းပြချက် များစွာ ရှိသည်။ အရေးပါဆုံး တစ်ချက်မှာ ဒီမိုကရေစီနှင့် နှိပ်ကွပ်မှုအကြား ဆက်စပ်မှုကို လေ့လာသုံးသပ်ရာတွင် အသုံးပြုသည့် အချက်အလက်များမှာ နိုင်ငံ-ခုနှစ် ဆိုင်ရာ အချက်အလက်များ ဖြစ်ပြီး ပို၍ အသေးစိတ်ဆန်သော အဆင့်၌ လေ့လာနိုင်ရန် အချက်အလက်များ မရှိပေ။ ထိုပုံစံမှာ စတင်၍ ပြောင်းလဲလာပြီ ဖြစ်သည်။ လွန်ခဲ့သော နှစ်များအတွင်း သုတေသန ပညာရှင်များသည် နိုင်ငံရေးနှင့် ပဋိပက္ခ ဖြစ်စဉ်များကို ပို၍ ခွဲခြား သုံးသပ်လာကြသည်။ အခြား အရေးပါသည့် အချက် တစ်ခုမှာ ဒီမိုကရေစီအကြောင်း လေ့လာသည့် ပညာရှင်များသည် နှိပ်ကွပ်ခြင်း အကြောင်းကို စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလောက် စိတ်ပါဝင်စားမှု မရှိကြပေ (e.g. Lipset, 1959; Burkhart and Lewis-Beck, 1994; Przeworski, 2000)။ ဒီမိုကရေစီ အကြောင်း လေ့လာသည့် ပညာရှင်များသည် နှိပ်ကွပ်မှု ဟူသည့် စကားလုံးကို သုံးခဲ့သည်။ ထိုအစား ဖြေလျှော့ခြင်းကို ပို၍ အာရုံစိုက်ကြသည်။ နှိပ်ကွပ်ခြင်းအကြောင်း လေ့လာသည့် ပညာရှင်များမှာမူ ဒီမိုကရေစီ နိုင်ငံရေးကို ရှေးကတည်းပင် စိတ်ပါဝင်စားကြပြီး ဖြစ်သည်။

ပညာရပ်ဆိုင်ရာ လေ့လာချက်များကို ပြန်လည် လမ်းကြောင်းတည့်ရန်နှင့် နှိပ်ကွပ်မှု လုပ်ဆောင်သောအခါ မည်သည့် အရာများ ဖြစ်ပွားသနည်းဟူသည်အပေါ် ပိုမိုနားလည်လာစေရန် သုတေသန ပညာရှင်များ အနေဖြင့် နိုင်ငံတွင်း အခြေအနေများ၊ နှိပ်ကွပ်သူများက မည်သူနည်း၊ နိုင်ငံအတွင်း မည်သည့် နေရာတွင် ရှိနေသနည်း၊ ထိုသူများသည် အာဏာကို ချုပ်ကိုင်ထားသူများနှင့် မည်ကဲ့သို့ ဆက်စပ်နေသနည်း၊ သင့်လျော်သော ဒီမိုကရေစီဆိုင်ရာ အင်စတီကျူးရှင်းများနှင့် နှိပ်ကွပ်သူများအကြား (ဆက်စပ်မှုများ ရှိပါက) မည်သို့သော ဆက်စပ်မှုများ ရှိသနည်း၊ သုတေသန ပညာရှင်များ အနေဖြင့် ထိုကိစ္စရပ်များကို မည်သို့ စဉ်းစား သင့်သနည်း ဥပမာပေးရန် လာမည့် အပိုင်းတွင် ဆွေးနွေးမှု တစ်ခု ပြုလုပ်ထားပါသည်။ နိုင်ငံ တစ်နိုင်ငံအတွင်း ဒီမိုကရေစီ အရည်အသွေး ကွာခြားချက်များက ထိုနိုင်ငံအတွင်းရှိ နှိပ်ကွပ်သည့် လုပ်ရပ်များအပေါ် မည်သို့ လွှမ်းမိုးမှု ရှိသနည်း ဟူသည့် ဖြစ်ရပ် ဖြစ်သည်။ ယင်းမှာ ၁၉၄၀ မှ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း အမေရိကန် တောင်ပိုင်းတွင် အာဖရိကန် အမေရိကန်များကို ဖိနှိပ် ဆက်ဆံပုံများ ဖြစ်သည်။

အနှစ်ချုပ်

သီအိုရီအားဖြင့် ပညာရှင်များသည် ဒီမိုကရေစီနှင့် နိုပ်ကွပ်မှုအကြား ဆက်စပ်မှုကို ဆင်ခြင်ဉာဏ် ပဓာန မှုဘောင်ဖြင့် လေ့လာလေ့ရှိသည်။ ဤလေ့လာမှုတွင် နှိပ်ကွပ်မှု၏ ထိခိုက်မှုများနှင့် အကျိုးကျေးဇူးများ၊ လူမှု နိုင်ငံရေးဆိုင်ရာ ထိန်းချုပ်မှုအတွက် အခြား ဖြစ်နိုင်သော နည်းလမ်းများနှင့် အောင်မြင် နိုင်ခြေတို့ ပါဝင်သည်။

ဒီမိုကရေစီနှင့် နှိပ်ကွပ်မှုတို့ကို လေ့လာသည့် စာပေ ပထမ မျိုးဆက်တွင် မျဉ်းတစ်ဖြောင့်တည်း ဖြစ်သော ဆက်စပ်မှုကို တွေ့ခဲ့ရသည်၊ ဒီမိုကရေစီ များလေလေ နှိပ်ကွပ်မှု နည်းလေလေ ဖြစ်သည်။

ဒုတိယ မျိုးဆက် စာပေများက ဒီမိုကရေစီသည် နှိပ်ကွပ်မှုအပေါ် သိသာထင်ရှားသော လွှမ်းမိုးမှုများ ရှိသည်ဟု လက်ခံထားသော်လည်း ထိုဆက်စပ်မှု၏ မျဉ်းတစ်ဖြောင့်တည်း ပုံစံ ဖြစ်ခြင်း ဟူသည့်အပေါ် မေးခွန်းထုတ်ခဲ့ကြသည်။ ပညာရှင်များက U ပြောင်းပြန် ပုံစံ ဆက်စပ်မှုကို တွေ့ရှိခဲ့ပြီး ဒီမိုကရေစီ ဖြစ်မှု အနည်း၊ အများ လမ်းကြောင်း၏ "အလယ်မှတ်တွင် လူသတ်မှု ပိုများကြောင်း" တွေ့ရသည်ဟု ဆိုသည်။ တချို့ကလည်း ဒီမိုကရေစီ ဖြစ်မှု အဆင့်တွင် အနိမ့်ဆုံး အဆင့်တစ်ခု ရှိပြီး ထိုအဆင့် ကျော်လွန်သွားသည်နှင့် နှိပ်ကွပ်မှု လျော့ကျသွားသည်ဟု ဆိုသည်။ သက်သေများက ထိုအနိမ့်ဆုံး အဆင့် အဆိုကို ထောက်ခံနေသည်။

ဒီမိုကရေစီ၏ မတူညီသော အစိတ်အပိုင်းများသည်လည်း အရေးပါသည်။ အရေးပါမှုလည်း ကွာခြားသည်။ နှိပ်ကွပ်မှုအပေါ် ၎င်းတို့၏ လွှမ်းမိုးမှု အဆင့်များ မတူညီကြပေ။ ရွေးကောက်ပွဲများ၊ နိုင်ငံရေး ပါတီများ ကွဲပြားခြားနားမှု၊ ဗီတိုအာဏာ သုံးနိုင်သည့် အချက်များ၊ အုပ်ချုပ်ရေး မဏ္ဍိုင်အပေါ် အတားအဆီးများ၊ ပါဝင်ခြင်းဖြင့် တိုင်းတာသည့် ပြိုင်ဆိုင်မှု၊ လွတ်လပ်စွာ ပုံနှိပ် ထုတ်ဝေခွင့်တို့သည် လက်တွေ့ စမ်းသပ်ချက်များအရ ဖိနှိပ်မှုကို လွှမ်းမိုးသည်။

နိုင်ငံ-ခုနှစ်ဖြင့် တိုင်းတာခြင်းသည် ပြဿနာရှိသည့် တိုင်းတာမှု ယူနစ် တစ်ခု ဖြစ်သည်။ နှိပ်ကွပ်မှု၏ ဒီမိုကရေစီအပေါ် လွှမ်းမိုးမှုများကိုလည်း အသေးစိတ် အကဲဖြတ်သင့်သည်။ အချက်အလက်များ မရှိသောကြောင့်၊ ဒီမိုကရေစီ ဆိုင်ရာ ပညာရှင်များက စီးပွားရေး စဉ်းစားချက်များကို နှိပ်ကွပ်မှုထက် ပိုမို စိတ်ဝင်စားသောကြောင့် လက်ရှိတွင် ထိုကိစ္စရပ်များကို လျစ်လျူရှုထားကြသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

ဒီမိုကရေစီများသည် နှိပ်ကွပ်မှု/လူ့အခွင့်အရေး ချိုးဖောက်မှုများကို လျှော့ချ နိုင်သည် (သို့) ရှောင်ရှား နိုင်သည်ဟု တွေးထင်ကြသည်မှာ ဝိရောဓိ ဖြစ်သည်။ သို့ရာတွင် ဒီမိုကရေစီ နိုင်ငံများတွင် နှိပ်ကွပ်မှုကို သုံးနိုင်ခြေများသည့် အခြေအနေများကိုရော စဉ်းစားနိုင်ပါသလား။

## ဖြစ်ရပ် လေ့လာခြင်း၊ ဒီမိုကရေစီနှင့် အမေရိကန် နိုင်ငံမှ နှိပ်ကွပ်ခြင်း၊ အာဖရိကန် အမေရိကန်များကို နှိပ်ကွပ်ခြင်းနှင့် လွတ်မြောက်လာခြင်း ဆိုင်ရာ ဖြစ်ရပ်ဆန်း

အမေရိကန် နိုင်ငံရှိ လူအများစုအတွက် လူ့အခွင့်အရေး ချိုးဖောက်မှု ဆိုသည်မှာ အာဏာရှင် နိုင်ငံများနှင့် ဒီမိုကရေစီ အကူးအပြောင်း ဖြစ်နေသည့် အဝေးမှ နိုင်ငံများတွင်သာ ဖြစ်ပွားသည့် ကိစ္စ ဖြစ်သည်ဟု ထင်ကြသည်။ ထို့ကြောင့် ကျွန်ုပ်အနေဖြင့် ၂၀၁၁ အာရပ် နွေဦးအပြီး ပြုလုပ်ခဲ့သော ပြုပြင်

ပြောင်းလဲမှုများကြောင့် ဒီမိုကရေစီ အနည်းငယ် တိုးတက် ပြောင်းလဲလာသည့် တူနီးရှား နိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသည့် နိုပ်ကွပ်မှုများအကြောင်းကို အနိမ့်ဆုံး စံနှုန်း အဆိုနှင့် ဆက်စပ် ဆွေးနွေး၍ ရသည်။ သို့မဟုတ် တောင်အာဖရိကတွင် လူမည်း၊ လူဖြူ ခွဲခြားမှု ပြီးဆုံးသွားပြီးနောက် နိုင်ငံတော်၏ နိုပ်ကွပ်မှုများကို ဆွေးနွေး၍လည်း ရသည်။ သို့ရာတွင် ထိုသို့ ဆွေးနွေးသည့် ပုံစံများကို ပြောင်းပစ်ကာ ကျွန်ုပ်တို့ ဆွေးနွေးခဲ့သော အကြောင်းအရာများကို အမေရိကန် နိုင်ငံ၏ ဖြစ်ရပ်များတွင် အသုံးပြု၍ ရကြောင်း ပြသလိုပါသည်။ ထိုဖြစ်ရပ်သည် ယခု အခန်းတွင် တင်ပြခဲ့သည့် အကြောင်းအရာ အများအပြားကို နက်ရှိုင်းစွာနှင့် အသေးစိတ်ကျစွာ လေ့လာနိုင်လိမ့်မည်ဟုလည်း ငြင်းခုံ ဆွေးနွေးလိုပါသည်။

လူအများစု အနေဖြင့် အမေရိကန် နိုင်ငံဟု ဆိုလိုက်သည့်အခါ ဒီမိုကရေစီကို တွေးမိကြလိမ့်မည် ထင်ပါသည်။ ဤသည်မှာ ဒီမိုကရေစီဆိုင်ရာ ပညာရှင်များ၏ အမြင်များနှင့်လည်း ကိုက်ညီသည် (ဥပမာ Dahl, 1966, 1971; Huntington, 1991, Held, 1996)။ ဒီမိုကရေစီ သဘောတရားကို အထင်ရှားဆုံး တိုင်းတာမှု အချို့နှင့်လည်း ကိုက်ညီသည်။ ဥပမာ ၁၈၀၀ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း 'နိုင်ငံသားများမှ မူဝါဒများနှင့် ခေါင်းဆောင်များ ပြောင်းလဲလိုပါက ထိရောက်စွာ ဖော်ပြနိုင်သည့် အင်စတီကျူးရှင်းများနှင့် လုပ်ငန်းစဉ်များ ရှိခြင်း' နှင့် 'အုပ်ချုပ်ရေး မဏ္ဍိုင်၏ အာဏာကို ကန့်သတ်သော အတားအဆီးများ အင်စတီကျူးရှင်း ခိုင်မာစွာနှင့် ရှိနေခြင်း' (Marshall and Jaggers, 2000, p. 22) တို့ကြောင့် နိုင်ငံရေး ညွှန်းကိန်းများအရ ၁၈၀၀ ပြည့်လွန်နှစ် အစောပိုင်းများမှ လွဲ၍ အမေရိကန် နိုင်ငံတွင် ဒီမိုကရေစီ အမြင့်ဆုံး၌ ရှိသည်ဟု နှစ်ပေါင်း ၂၀၀ တိုင်အောင် သတ်မှတ်ခြင်း ခံခဲ့ရသည် (ပုံ ၁၄.၁ နှင့် စာသေတ္တာ ၁၄.၂ တို့တွင် ရှုပါ)။ ၁၈၀၀ ပြည့်လွန်နှစ် အစောပိုင်းများတွင် ပါတီများ၏ စည်းမျဉ်းစည်းကမ်းများကို ကန့်သတ်ချက်များ ရှိခဲ့သော်လည်း ၁၈၀၉ ခုနှစ် ဂျိမ်းစ်မက်ဒီဆန် (James Madison) သမ္မတ ဖြစ်လာသည့် နှစ်မှ စ၍ ထိုကန့်သတ်ချက်များကို ပြောင်းလဲခဲ့သည်။ ယင်းနောက်တွင် အမေရိကန် နိုင်ငံသည် တိုင်းတာမှုတွင် အမြင့်ဆုံး အမျိုးအစားခွဲ နှစ်ဆင့်မှ ကျသွားခြင်း မရှိတော့ပေ။

**ပုံ ၁၄.၁။** အမေရိကန် နိုင်ငံ၏ ဒီမိုကရေစီ၊ နိုင်ငံရေး ညွှန်းကိန်း၊ ၁၈၀၀-၂၀၀၄



| စာသေတ္တာ ၁၄.၂။ နိုင်ငံရေး ညွှန်းကိန်း တိုင်းတာမှုကို နားလည်စေခြင်း |
| --- |
| နိုင်ငံရေး ညွှန်းကိန်းကို အမှတ် ၁၀ မှတ်ဖြင့် တိုင်းတာသည်။ ၁၀ သည် ဒီမိုကရေစီနှင့် အာဏာရှင် စနစ် တိုင်းတာမှုတွင် အမြင့်ဆုံး တန်ဖိုးဖြစ်သည်။ မတူညီသော ဒီမိုကရေစီ နိုင်ငံရေး၏ အစိတ်အပိုင်းများ အတွက် မတူညီသော အမှတ်များ ပေး၍ ရသည်။ ယခု စီမံကိန်းတွင် တန်ဖိုး ၁၀ ရခြင်းသည် အဖွံ့ဖြိုးဆုံး ဒီမိုကရေစီ ဖြစ်ခြင်းကို ကိုယ်စားပြုသည်။ ယင်းဒီမိုကရေစီ စနစ်တွင် နိုင်ငံရေး ပါတီများကို တားမြစ်ထားခြင်းများ မရှိ၊ အုပ်ချုပ်ရေး မဏ္ဍိုင်အပေါ် သိသာသည့် တားမြစ်မှုများ ရှိပြီး နိုင်ငံတော်အဆင့် ခေါင်းဆောင်မှု အဆင့်များအတွက် ယှဉ်ပြိုင်နိုင်သူများ အပေါ် ကန့်သတ်ချက်များလည်း မထားထားပေ။ ရမှတ် ၀ ရရှိခြင်းသည် ထိုအခြေအနေများ လုံး၀ မရှိခြင်း ဖြစ်သည်။ အရင်းအမြစ်။ Gurr et al. (2002)။ နိုင်ငံရေး ညွှန်းကိန်း စီမံကိန်းအကြောင်း ထပ်မံ သိရှိလိုပါက၊ http://www.systemicpeace.org/polity/polity4.htm. |

## နိုင်ငံ တစ်နိုင်ငံကို ခွဲခြမ်း စိတ်ဖြာကြည့်ခြင်း

ဒီမိုကရေစီ၏ အရည်အသွေးသည် ယခု သမိုင်းကြောင်း၏ အချိန် အများပိုင်းတွင် အကန့်အသတ် ရှိသည်ဟု မှတ်ချက်ပြုကြလိမ့်မည်။ ဥပမာ ၁၉၂၀ ပြည့်နှစ်အထိ အမျိုးသမီးများနှင့် အာဖရိကန် အမေရိကန်များသည် မဲပေးခွင့် မရသေးပေ (ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ၁၉ ကြိမ်မြောက် ပြင်ဆင်ပြီးမှ မဲပေးခွင့် ရခဲ့သည်)။ ယခုအပိုင်းတွင် အလေးစိုက်လိုသည့် အကြောင်းအရာမှာ မဲပေးခွင့် ဥပဒေ ပြဋ္ဌာန်းပြီးသည့် အချိန် နောက်ပိုင်း ၁၉၆၅ ခုနှစ် မတိုင်မီအထိ မဲပေးခွင့် ပိတ်ပင်ခံထားရသည့် အကြောင်း ဖြစ်သည်။ ထိုအချက်ကို လျစ်လျူရှုထားခြင်းသည် အသုံးပြုသည့် တိုင်းတာမှုများကြောင့် ဖြစ်သည်။ နိုင်ငံရေး ညွှန်းကိန်းတွင် မဲပေးခွင့် ဆိုင်ရာ အချက်အလက်များ မပါဝင်ပေ။ ထို့ကြောင့် ဤကိစ္စရပ်သည် ထိုညွှန်းကိန်း (ယင်းမှာ နိုင်ငံရေး သိပ္ပံ ပညာရပ်တွင် ဒီမိုကရေစီကို တိုင်းတာသည့် အသုံးအများဆုံး ညွှန်းကိန်း တစ်ခု ဖြစ်သည်) ကို အသုံးပြုထားသည့် သုတေသန အများစုတွင် ပေါ်ထွက်လာမည် မဟုတ်ပေ။ ထိုသို့ လျစ်လျူရှုထားခြင်းသည် နိုင်ငံရေး ညွှန်းကိန်းတွင်သာ တွေ့ရသည်မဟုတ်။ အဆိုပါ တိုင်းတာမှုများသည် တစ်ခုနှင့် တစ်ခု ဆင်တူလေရာ အခြား တိုင်းတာမှုများတွင်လည်း ယင်းအချက်ကို လျစ်လျူရှုထားနိုင်ခြေ များသည် (ဥပမာ Munck and Verkuilen, 2002)။

အာဖရိကန် အမေရိကန်များ မဲပေးခွင့်ဟု စဉ်းစားလိုက်လျှင် အထူးသဖြင့် နိုင်ငံ၏ တောင်ပိုင်း၌ ဒီမိုကရေစီ ရရှိမှု ကွာခြားပုံကို သတိပြုမိလိမ့်မည်။ ယေဘုယျအားဖြင့် နားလည်ထားသည်မှာ ကျွန်စနစ် ခေတ်ကာလမှ ၁၉၆၀ ပြည့်လွန်နှစ် နှောင်းပိုင်းများနှင့် ၁၉၇၀ ပြည့်လွန်နှစ် အစောပိုင်းများအထိ တောင်ပိုင်းဒေသများ ဖြစ်သည့် အယ်လ်ဘားမား၊ အာကန်ဆာ၊ ဖလော်ရီဒါ၊ ဂျော်ဂျီယာ၊ လူဝီဆီယားနား၊ မစ္စစ်စပီ၊ မြောက်ကယ်ရိုလိုင်းနား၊ တောင်ကယ်ရိုလိုင်းနား၊ တန်နီးစီ၊ တက်ခ်ဆက်စ်နှင့် ဗာဂျီးနီးယားတို့တွင် မဲပေးခွင့် အခွင့်အရေးများကို ကန့်သတ်ခြင်းနှင့် အခြားသော အာဏာရှင်ဆန် ဆိုင်သည့် လုပ်ဆောင်ချက်များကို တွေ့ရှိရလိမ့်မည်။[၃] အဆိုပါ ကန့်သတ်ချက်များသည် လူမျိုး တစ်ခုတည်း နီးပါး အပေါ်တွင် အခြေခံသည်။ ထို့ကြောင့် သမိုင်းကြောင်းအားဖြင့် အမေရိကန် နိုင်ငံအတွင်း ဒီမိုကရေစီ နိုင်ငံရေး၏ အရည်အသွေးတွင်

အဓိက ပါဝင်သည့် အစိတ်အပိုင်း တစ်ခု ဖြစ်သည့် နိုင်ငံရေး ဖြစ်စဉ်၌ ပါဝင်ခွင့်နှင့် တိုင်းတာလျှင် ဒေသအလိုက် ကွဲပြားမှုများ ရှိသည်။[၆]

ထိုအချက်ကို လက်ခံပြီးသည့်တိုင် အဆိုပါ ပြည်နယ်များ အားလုံးကို နှိုင်းယှဉ်၍ ရသည်ဟု အလွယ်တကူ မသတ်မှတ်လိုက်သင့်ပေ။ ထိုဒေသများ အားလုံးတွင် လူမည်းများအပေါ် ဒီမိုကရေစီဆန်မှု နည်းသည် (အာဏာရှင် ပိုဆန်သည်) မှာ မှန်သော်လည်း တောင်ပိုင်းရှိ ပြည်နယ်များ အကြားတွင်ပင် သိသာထင်ရှားသော ကွဲပြား ခြားနားမှုများ ရှိနေသေးသည်။ ဥပမာ (ပြည်နယ် တစ်ခုလုံး၏ လူဦးရေတွင် လူမည်း ၃၅ ရာခိုင်နှုန်း ရှိသည့်) အယ်လ်လဘားမား ပြည်နယ်၊ (၃၆ ရာခိုင်နှုန်း ရှိသည့်) လူဝီဆီယားနား ပြည်နယ်၊ (၄၉ ရာခိုင်နှုန်း ရှိသည့်) မစ္စစစ်ပီ ပြည်နယ်နှင့် (၄၃ ရာခိုင်နှုန်း ရှိသည့်) တောင်ကယ်ရိုလိုင်းနား ပြည်နယ်တို့တွင် မဲပေးနိုင်သည့် အရွယ်ရောက်ပြီးသူ အာဖရိကန် အမေရိကန်များ မဲပေးရန် စာရင်းသွင်းသည့် ရာခိုင်နှုန်းမှာ ဝ.၅ ရာခိုင်နှုန်းအောက်သာ ရှိသည်။ (၂၅ ရာခိုင်နှုန်း ရှိသည့်) အာကန်ဆာ ပြည်နယ်၊ (၂၇ ရာခိုင်နှုန်း ရှိသည့်) ဖလော်ရီဒါ ပြည်နယ်၊ (၃၅ ရာခိုင်နှုန်း ရှိသည့်) ဂျော်ဂျီယာ ပြည်နယ်၊ (၁၄ ရာခိုင်နှုန်း ရှိသည့်) တက်ခ်ဆက်စ် ပြည်နယ်၊ (၂၅ ရာခိုင်နှုန်း ရှိသည့်) ဗာဂျီးနီးယား ပြည်နယ်တို့တွင် အသက်ပြည့်ပြီး မဲပေးရန် စာရင်းသွင်းသည့် အာဖရိကန် အမေရိကန် ရာခိုင်နှုန်း ၂ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်း အထိ ရှိသည်။ လူမည်း အရေအတွက် ၂၇ ရာခိုင်နှုန်းနှင့် ၁၇ ရာခိုင်နှုန်း ရှိသည့် မြောက်ကယ်ရိုလိုင်းနားနှင့် တန်နီးစ် ပြည်နယ်တို့တွင် အသက်ပြည့်ပြီး မဲပေးရန် စာရင်းသွင်းသည့် အာဖရိကန် အမေရိကန် ရာခိုင်နှုန်း ၁၀ မှ ၁၆ ရာခိုင်နှုန်း အတွင်း ရှိသည် (K. Hill, 1994, p. 29)။

ပါတီ ပြိုင်ဆိုင်မှုများကို ကြည့်မည် ဆိုပါကလည်း တူညီသည့် ပုံစံကို တွေ့ရသည် (K. Hill, 1994, p. 60)။ ဂျော်ဂျီယာ၊ လူဝီဆီယားနား၊ မစ္စစစ်ပီ၊ တောင်ကယ်ရိုလိုင်းနား၊ တက်ခ်ဆက်စ်၊ အယ်လ်လဘားမား၊ အာကန်ဆာ၊ ဖလော်ရီဒါ၊ မြောက်ကယ်ရိုလိုင်းနား၊ ဗာဂျီးနီးယားနှင့် တန်နီးစ် ပြည်နယ်တို့သည် ၁၉၄၀ ပြည့်လွန်နှစ်များအထိ ဒီမိုကရက်တစ် တစ်ပါတီ ကြီးစိုးသည့် ပြည်နယ်များ ဖြစ်သည် (ထို့ကြောင့် ပြိုင်ဆိုင်မှု မပြင်းထန်ပေ)။ တောင်ဒါကိုတာ၊ ဗားမွန့်နှင့် မြောက်ဒါကိုတာ ပြည်နယ်များသည် ရီပါဗလစ်ကန် တစ်ပါတီ ကြီးစိုးသည့် ပြည်နယ်များ ဖြစ်သည်။ ရို့ဒ်အိုင်းလန်း၊ မစ်ဆိုရီ၊ ယူတာ၊ နီဗားဒါး၊ ဝါရှင်တန်၊ မက္ကဆာချူးဆက်၊ မန်နီဆိုးတား၊ ဒယ်လ်လာဝဲ၊ မွန်တားနား၊ နီဘရားစကား၊ ကော်လ်ဒိုရားဒိုး၊ ကော်နက်တီကတ်နှင့် အီလီနွိုင်း ပြည်နယ်များမှာမူ နှစ်ပါတီ ပြိုင်ဆိုင်မှု ပြင်းထန်သည့် ပြည်နယ်များ ဖြစ်သည်။

အာဖရိကန် အမေရိကန်များကို နှိပ်ကွပ်သည့် လုပ်ရပ်များအား ကျွန်စနစ်နှင့် ကျွန်ဥပဒေများ ထွန်းကားခဲ့သည့် ခေတ်ကာလ (၁၆၁၉-၁၈၆၅) (သို့) လူမည်းများအပေါ် ဥပဒေအရ အတားအဆီးများနှင့် လုပ်ရပ်များ ရှိခဲ့သည့် ခေတ်ကာလ (၁၈၀၀-၆၆) များအထိ ချဲ့ထွင် ဆွေးနွေးနိုင်သော်လည်း ဂျင်မ်ခရိုး (Jim Crow) (၁၈၇၆-၁၉၆၅၊ စာသေတ္တာ ၁၄.၃ တွင် ရှုပါ) ၏ ခေတ်ကာလနှင့် ဆက်စပ်သည့် ဖြစ်ရပ်များကို အဓိကထား ဆွေးနွေးသွားပါမည်။ အစောပိုင်း ကာလများ၏ အဆိုးရွားဆုံး ဖြစ်ရပ်များ (ဥပမာ ရိုက်နှက်ခြင်း၊ ကြိမ်ဒဏ်ပေးခြင်းများဖြင့် ညှဉ်းပန်း နှိပ်စက်ခြင်း၊ ဥပဒေအရ စီရင်ခြင်း မရှိဘဲ သတ်ဖြတ်သည့် နိုင်ငံရေး ဆိုင်ရာ ကြောက်မက်ဖွယ် ဖြစ်ရပ်များ) ကို လျစ်လျူရှုထားသော်လည်း ထိုကာလသည် (*ဘရောင်းနှင့် တိုပီကာ၊ ကန်ဆက်ဇ် ဒေသရှိ ပညာရေး ဘုတ်အဖွဲ့ အမှု (Brown v. Board of Education of Topeka, Kansas)* မှ စတင်ခဲ့သည့်) လူမျိုးရေးအရ ခွဲခြားမှုများကို အဆုံးသတ်ရန် ကြိုးပမ်းခြင်းများ ဖြစ်ပွားပြီးစ

ကာလ၊ ပြည်သူ့ရေးရာ အခွင့်အရေး လှုပ်ရှားမှုများ (၁၉၅၅-၆၈)၊ မြောက်ပိုင်း ဒေသ၏ ဒီမိုကရေစီဆိုင်ရာ တော်လှန်ရေး (ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ အက်ဥပဒေ) ဖြစ်ပွားပြီးစ ကာလ ဖြစ်သည့်အတွက် စိတ်ဝင်စားဖွယ် ကာလလည်း ဖြစ်သည်။ ထို့ကြောင့် ထိုကာလသည် အမေရိကန် နိုင်ငံ၏ ဒီမိုကရေစီ သမိုင်းကြောင်းတွင် အရေးအပါဆုံး ဖြစ်ရပ် သုံးခု ဖြစ်ပြီးစ ကာလ နောက်ခံလည်း ဖြစ်သည်။ အစိုးရ ဆိုင်ရာ လုပ်ဆောင်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်နေသည့် ကာလလည်း ဖြစ်သည်။ (အစောပိုင်းတွင် ဆွေးနွေးခဲ့သည့် ပညာရှင်) ဟေးလ် (Hill) ၏ အချက်အလက် ကောက်ခံခြင်း အစောပိုင်း ကာလ လွန်မြောက်ပြီးချိန်လည်း ဖြစ်သည်။

| စာသေတ္တာ ၁၄.၃။ ဂျင်မ်ခရိုး ဥပဒေများ |
| --- |
| အချိန်ကာလ အချို့တွင် အမေရိကန် နိုင်ငံ၏ ဥပဒေ စနစ်များ၌ အာဖရိကန် အမေရိကန်များ၏ ပြည်သူ့ရေးရာ လွတ်လပ်ခွင့်များနှင့် စပ်လျဉ်းပြီး တင်းကြပ်သော (နှိပ်ကွပ်သော) ဥပဒေများ ချမှတ်ခဲ့သည်။ ကျွန်စနစ် ကြီးစိုးစဉ် ကာလ (၁၆၁၉ မှ ၁၈၆၃) တွင် ကျွန်စနစ် ဆိုင်ရာ ဥပဒေများ ရှိခဲ့သည်။ ထိုဥပဒေများတွင် ကျွန်များ လုပ်ဆောင်နိုင်သည့် အရာများကို အကန့်အသတ်ဖြင့်သာ ထားရှိပြီး ကျွန်ပိုင်ရှင်များနှင့် အခြားသော သာမန် လူဖြူများက ကျွန်များအပေါ် လုပ်ဆောင်နိုင်သည့် အရာများကိုလည်း သတ်မှတ်ထားသည်။ နောက်ပိုင်းတွင် တောင်ပိုင်းနှင့် မြောက်ပိုင်း ဒေသများ၌ လူမည်းဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းခဲ့ပြီး ကျွန်စနစ် အပြီး အာဖရိကန် အမေရိကန်များကို ကန့်သတ်ရန် ကြိုးပမ်းခဲ့ကြသည် (၁၈၆၆ နှင့် ၁၈၇၅ ခုနှစ် အတွင်း)။ သို့ရာတွင် ၁၈၇၆ ခုနှစ် ရောက်သည့်အခါ ဂျင်မ်ခရိုး ဥပဒေဟု သိရှိကြသည့် ပို၍ အသေးစိတ်ပြီး စနစ်တကျ ပြုစုထားသည့် ဥပဒေများ ပေါ်ထွက်လာသည်။ ထိုဥပဒေများသည် အများပြည်သူ ဆိုင်ရာနှင့် တစ်သီးပုဂ္ဂလ နေထိုင်မှုများတွင် လူမည်းများနှင့် လူဖြူများကို အစိတ်အပိုင်းများ အားလုံး နီးပါး၌ ခွဲခြားထားသည်။ ထိုဥပဒေများကို တောင်ပိုင်းတွင် အများဆုံး တွေ့ရသော်လည်း မြောက်ပိုင်းတွင်လည်း အနည်းငယ် တွေ့နိုင်သည်။ |

ဂျင်မ်ခရိုး ခေတ်ကာလအတွင်း နိုင်ငံတော်မှ ခွင့်ပြုသည့်/လုပ်ဆောင်ခိုင်းသည့် တားမြစ်ချက်များကို ပေါ်လီမာရေး (Pauli Murray) (1951) က အပြည့်စုံဆုံး လေ့လာထားခဲ့သည်။ သူ၏ လေ့လာချက်တွင် ဖျော်ဖြေရေး၊ လူထု စုဝေးခန်းမများ၊ ပညာရေး၊ အလုပ်အကိုင်၊ ဆေးရုံများ၊ အပြစ်ပေးသည့် အင်စတီကျူးရှင်းများ၊ ဖူလုံရေး အင်စတီကျူးရှင်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် အထွေထွေ အစရှိသည့် ကိစ္စရပ် အမျိုးမျိုးတွင် လူမျိုးရေး ခွဲခြားမှုကို စည်းကြပ်ရန် ပြဋ္ဌာန်းခဲ့သည့် ဥပဒေ ဆိုင်ရာ ထိန်းချုပ်မှုများ အားလုံးကို ဖော်ထုတ်ထားသည်။

ယခု စုစည်းမှုတွင် ခွဲခြားခြင်းနှင့် မတူညီသော လူမျိုးများအကြား မျိုးဆက် ပြန့်ပွားခြင်းများ၊ အများပြည်သူ ဆိုင်ရာ နေရာများနှင့် ဆိုင်သည့် ဥပဒေများ၊ ပြည်သူ့ရေးရာ အခွင့်အရေးများဟု ခေါ်ဆိုကြသည့် ဥပဒေများ၊ မျှတသော ပညာရေး အလေ့အကျင့် ဆိုင်ရာ အက်ဥပဒေများ၊ မျှတသော အလုပ်အကိုင် အလေ့အကျင့် ဆိုင်ရာ အက်ဥပဒေများ၊ ဥပဒေအရ စီရင်ခြင်း မရှိဘဲ သတ်ဖြတ်ခြင်းများကို ဆန့်ကျင်သည့် ဥပဒေများ၊ လူမည်းမုန်းတီးရေး အုပ်စု ကူကလပ်စ်ကလန် (Ku Klux Klan)၊ နိုင်ငံခြားသားများ မြေယာ ပိုင်ဆိုင်မှု ဥပဒေနှင့် အခြား ခွဲခြား ဆက်ဆံမှု ဆန့်ကျင်ရေး ဆိုင်ရာ အထွေထွေ ပြဋ္ဌာန်းချက်များ ပါဝင်သည်။
(P. Murray, 1951, p. 5)

မာရေးက ယခု စုစည်းချက်သည် ကျယ်ကျယ်ပြန့်ပြန့် ရှိသော်လည်း အပြည့်အစုံတော့ မဟုတ်ဟု ဆိုကာ သူမ၏ လုပ်ဆောင်ချက်များကို အဓိပ္ပာယ်ကောက် မလွဲအောင် ရှင်းပြခဲ့သည်။ ထို့ပြင် သူမက သူမ၏ သုတေသနသည် ဥပဒေများကို အဓိပ္ပာယ် ပြန်ဆိုရန် မဟုတ်၊ ၎င်းတို့ ပြဋ္ဌာန်းထားသည် များကိုသာ တင်ပြပြီး ထိုပြဋ္ဌာန်းချက်များ၏ တိုက်ရိုက် သက်ရောက်မှုများကို ဆွဲထုတ်ရန် ဖြစ်သည်ဟု ဆိုခဲ့သည်။ ဥပဒေများကို လက်တွေ့ အကောင်အထည် ဖော်ခြင်းကိုမူ လျစ်လျူ ရှုထားခဲ့သည်။ ထို့ကြောင့် ဥပဒေများတွင် မျှော်လင့်ထားသည်နှင့် ပြင်ပကမ္ဘာတွင် ဖြစ်ပွားနေသည့်များ ကွာခြားကောင်းလည်း ကွာခြား နိုင်သည်။

အဆိုပါ စာတမ်းမှ မည်သို့သော နိုပ်ကွပ်မှုများကို တွေ့ရသနည်း။ အာဏာရှင်ဆန်ဆန် နိုင်ငံရေး အခြေအနေတွင်၊ လူမည်းများကို မဲပေးခွင့် ကန့်သတ်ခြင်း၊ လူဖြူများက နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး စနစ်များတွင် လွှမ်းမိုးခြင်း အခြေအနေတို့တွင်၊ အာဖရိကန် အမေရိကန်များ မည်သို့ ဆက်ဆံခံရသနည်း။ မာရေး၏ အကျဉ်းချုပ် ဇယားကို ဇယား ၁၄.၁ တွင် ပုံစံတူဆွဲ တင်ပြထားသည်။

စုစည်းထားသည့် အချက်အလက်များထဲမှ အံ့သြဖွယ်ရာ အကောင်းဆုံး အချက်မှာ လူမည်းများ အပေါ်တွင် ထားရှိသည့် ကန့်သတ်ချက်များ ဖြစ်သည်။ ဇယားကို ကြည့်ပါက ဘိလိယက် ထိုးသည့် အခန်းများ၊ မြင်းပြိုင်ကွင်းများ၊ ဆပ်ကပ်များ၊ ကျောင်းများ၊ ရုံးရှိ သုံးစွဲရန် အခန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အကျဉ်းထောင်များ၊ အိမ်ရာနှင့် လက်ထပ်ထိုးခြင်း ကဲ့သို့သော အားကစား အမျိုးမျိုးတွင်ပင် လူမျိုးများကို ခွဲခြားထားကြောင်း တွေ့ရသည်။ ဒီမိုကရေစီ အကြောင်း ဆွေးနွေးချက်များ အရ နေရာပေါ် မူတည်၍ သိသာထင်ရှားသည့် ကွာခြားချက်များကိုလည်း တွေ့ရသည်။ မျှော်လင့်ထားသည့်အတိုင်း ဒီမိုကရေစီ အနည်းဆုံး ပြည်နယ်များတွင် အာဖရိကန် အမေရိကန်များအပေါ် ကန့်သတ်မှု အများဆုံး ဖြစ်သည်။ အယ်လ်လဘားမား (ကန့်သတ်ချက် ၅၁ ခု အနက်မှ ၁၈ ခု တွေ့ရသည်)၊ အာကန်ဆာ (၂၀)၊ ဖလော်ရီဒါ (၁၉)၊ ဂျော်ဂျီယာ (၁၆၊ အနိမ့်ဆုံး)၊ လူဝီဆီယားနား (၁၉)၊ မစ္စစစ်ပီ (၂၁)၊ မြောက်ကယ်ရိုလိုင်းနား (၂၆၊ အမြင့်ဆုံး)၊ တောင်ကယ်ရိုလိုင်းနား (၂၃)၊ တန်နီးစ် (၁၈)၊ တက်ခ်ဆက်စ် (၂၁)နှင့် ဗာဂျီးနီးယား (၂၃) တို့ ဖြစ်ကြသည်။ ထိုပြည်နယ်များတွင် ဘဝနေထိုင်ပုံ အစိတ်အပိုင်း အမျိုးမျိုး၌ ကျယ်ပြန့်သော ကန့်သတ်မှုများ တွေ့ရပြီး လူမည်းများကို သူတို့နေရာတွင် သူတို့ နေခိုင်းသည့် ကြိုးပမ်းမှုများနှင့် လူမျိုး မတူသူများအကြား ရောနှောခြင်းကို တားဆီးခြင်းများအား တွေ့ရှိရသည်။

တစ်ဘက်တွင်မူ ၁၉၄၀ ပြည့်လွန်နှစ်များတွင် ဒီမိုကရေစီ အရှိဆုံး ပြည်နယ်များဟု သတ်မှတ်ထားသည့် ပြည်နယ်များ၊ ဥပမာ ကော်နက်တီကတ်၊ အီလီနွိုင်း၊ မိန်း၊ မက္ကဆာချူးဆက်၊ မစ်ရှီဂန်၊ ပန်ဆယ်လ်ဗေးနီးယား၊ ရို့ဒ်အိုင်းလန်း၊ နယူးဟန်မ့်ရှိုင်းယား၊ နယူးဂျာစီ၊ နယူးယော့ခ်နှင့် ဗားမွန့်တ် ကဲ့သို့သော ပြည်နယ်များတွင်မူ ခွဲခြားသည့် တားမြစ်ချက်များကို ဥပဒေအရ ခွင့်ပြုထားခြင်း မရှိပေ။ အလားတူပင် ဒီမိုကရေစီ တိုင်းတာချက် အတန်အသင့် မြင့်မားသည့် ပြည်နယ်များတွင်လည်း ကန့်သတ်ချက် အနည်းငယ် (သို့) တစ်ခုလောက်သာ တွေ့ရသည်၊ ဥပမာ ဝါရှင်တန်၊ အင်ဒီယားနား၊ ကန်ဆက်စ်၊ မင်နီဆိုးတားနှင့် ကော်လ်လိုရားဒိုး ပြည်နယ်တို့ ဖြစ်သည်။

နိုပ်ကွပ်မှုများသည် အမျိုးအစားအလိုက် ကွဲပြားသည်။ ဥပမာ ကန့်သတ်ချက်များ အများဆုံး တွေ့ရသည့် နယ်ပယ်မှာ ပညာရေး ဖြစ်သည်။ သာမန်ကလေးငယ်များကို အများ ပြည်သူ ဆိုင်ရာနှင့် ပုဂ္ဂလိက ဆိုင်ရာ အင်စတီကျူးရှင်းများတွင် အတူတကွ ထားရှိခြင်းအား တားဆီးထားရုံသာမက ကျောင်းတွင် ပြဿနာရှာသူများ (ဆိုးသွမ်းလူငယ်များ)၊ တစ်နည်းနည်းဖြင့် အခက်အခဲ ရှိသူများ (နားမကြားသူ၊ မျက်စိမမြင်သူ၊ စကား မပြောနိုင်သူ)နှင့် ကုန်သွယ်ရေး (သို့) မြင့်မားသော ပညာရေးကို သင်ယူခြင်းဖြင့် မိမိကိုယ် မိမိ တိုးတက်ရန် ကြိုးပမ်းနေသူများကိုပါ လူမျိုးအရ ခွဲခြားထားရန် ကြိုးပမ်းခဲ့ကြသည်။ ပြည်နယ်များအကြား ဒုတိယ အတွေ့ရ အများဆုံး ကန့်သတ်ချက်မှာ လူမျိုးမတူသူများ လက်ထပ်ခြင်း ဖြစ်သည်။ ထိုအမျိုးအစားမှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ထိုတားမြစ်ချက်ကို တောင်ပိုင်းရှိ ပြည်နယ်များတွင်သာမက တစ်နိုင်ငံလုံးရှိ ပြည်နယ်များ အားလုံးနီးပါးတွင် ထိုအချိန်က တားမြစ်ခဲ့သောကြောင့် ဖြစ်သည်။

ထို့ကြောင့် ယခင်က တွေ့ရှိခဲ့ရသည့်အတိုင်း ပြည်နယ်အဆင့် ဒီမိုကရေစီ အဆင့်နိမ့်သည့် နေရာများတွင် နိုင်ငံရေး နှိပ်ကွပ်မှုများ ပို၍ တွေ့ရသည်။ တစ်နိုင်ငံလုံးကို ခွဲခြား လေ့လာလိုက်သောအခါ မျဉ်းဖြောင့်သဏ္ဍာန် ပြောင်းလဲမှုအပေါ် ထောက်ခံနေသည့် အချက်အလက် အချို့ကိုလည်း တွေ့ရသည်။ ဥပမာ အနောက် ဗာဂျီးနီးယား ပြည်နယ်သည် ဒီမိုကရေစီ မျဉ်းကြောင်းပေါ်တွင် အလယ်တွင် ရှိသည်ဟု မှတ်ယူနိုင်သော်လည်း (K.Hill, 1994, p. 96) လေ့လာခဲ့သည့် ကာလအတွင်း နှိပ်ကွပ်မှု ၁၄ ခုဖြင့် အလယ်အလတ် အဆင့်သာ ရှိကြောင်း တွေ့ခဲ့ရသည်။ အနောက် ဗာဂျီးနီးယားသည် တောင်ပိုင်း၏ အထက်ဘက် ကျသော/အတ္တလန်တစ် အလယ်တွင် ရှိသော (ယေဘုယျအားဖြင့် တောင်နှင့် မြောက်ကြားတွင် ရှိပြီး မည်သည့် ဘက်မှ ယဉ်ကျေးမှုနှင့် နိုင်ငံရေး လွှမ်းမိုးမှုမျှ မခံရဟု ယူဆထားသည်) ပြည်နယ် တစ်ခု ဖြစ်သောကြောင့် ထိုသို့သော အလယ်အလတ် အဆင့် ရှိခြင်းမှာ အဓိပ္ပာယ် ရှိသည်။ မေရီလန်း၏ အခြေအနေ (ကန့်သတ်ချက် ၁၂ ခုရှိသည်) အတွက်လည်း အဆိုပါ တွေ့ရှိချက်မှာ အကျုံးဝင်သည်။ ဒီမိုကရေစီ မျဉ်းကြောင်းတွင် အနိမ့်ဆုံးဟု ယူဆရသည့် (အာဏာရှင် စနစ် ဆန်သည့်) အိုကလာဟားမား ပြည်နယ်တွင်လည်း အလားတူပင် တွေ့ရသည် (K. Hill, 1994, p. 98)။ ထို့ကြောင့် ယင်းပြည်နယ်တွင် နှိပ်ကွပ်မှု အဆင့်မြင့်ခြင်း ဖြစ်သည် (ကန့်သတ်ချက် ၂၁ ခု တွေ့ရသည်)။

အမေရိကန် နိုင်ငံ တစ်ဝန်းရှိ ပြည်နယ်များတွင် ဒီမိုကရေစီ (မဲပေးခွင့်နှင့် ပါတီများအကြား ပြိုင်ဆိုင်မှု ရှိခြင်း) နှင့် နှိပ်ကွပ်မှု (ပြည်သူ့ရေးရာ လွတ်လပ်ခွင့်များအပေါ် တားမြစ်ခြင်း) တို့ကို အကဲဖြတ်ခြင်းဖြင့် နိုင်ငံတော် အဆင့်ထက် နိမ့်သည့် ပြည်နယ် အဆင့်ခွဲ လေ့လာမှုများတွင် ပြည်တွင်း ဒီမိုကရေစီဆိုင်ရာ ငြိမ်းချမ်းမှု အဆိုက မှန်ကန်ကြောင်း တွေ့ရသည်။ ပို၍ ဒီမိုကရေစီဆန်သော ပြည်နယ်များ (လူမည်းများ မဲပေးခွင့် ရသော ပြည်နယ်များနှင့် ပါတီ ပြိုင်ဆိုင်မှု ပြင်းထန်သော ပြည်နယ်များ) သည် အာဖရိကန် အမေရိကန်များကို နှိပ်ကွပ်မှု နည်းသည် (ထိုပြည်နယ်များတွင် လူမည်းများ လုပ်နိုင်သည့် အရာများနှင့် စပ်လျဉ်း၍ ကန့်သတ်ချက် ပိုနည်းသည်။)။ ယခု လေ့လာချက်က နိုင်ငံများအကြား ဆက်စပ်မှုများကိုသာမက နိုင်ငံ တစ်နိုင်ငံ အတွင်း ဆက်စပ်မှုများကိုပါ လေ့လာရန် ဖြစ်နိုင်ကြောင်းနှင့် အရေးပါကြောင်း ပြသနေသည်။ ဒီမိုကရေစီ နိုင်ငံရေးနှင့် နိုင်ငံတော်၏ နှိပ်ကွပ်မှုများကို နိုင်ငံအဆင့် လေ့လာမှုများသည် လက်တွေ့ အခြေအနေများကို သိရှိရန် အကြမ်းဖျဉ်းဆန်လှသည်။ အဆိုပါ များစွာ ကွဲပြားသည့် အတွေ့အကြုံများကို

စုစည်းလိုက်ခြင်းက ကြောင်းကျိုး ဆက်စပ် ပြောင်းလဲမှုများတွင် မှားယွင်းသော အမြင်များကို ဖြစ်ပွားစေသည်။

## ဒီမိုကရေစီနှင့် နှိပ်ကွပ်ခြင်း၏ အစိတ်အပိုင်းများ

ယခုအခန်းတိုလေးတွင် ဒီမိုကရေစီ၏ အစိတ်အပိုင်းများ အားလုံးသည် နှိပ်ကွပ်ခြင်း၏ အစိတ်အပိုင်းများ အားလုံးအတွက် သက်ရောက်မှု ရှိသည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ ကျွန်ုပ်တင်ပြခဲ့သည်မှာ အမေရိကန် နိုင်ငံ၏ ဒီမိုကရေစီမှ မကြာခဏ လျစ်လျူရှုထားခြင်း ခံရသည့် အစိတ်အပိုင်း နှစ်ခု ဖြစ်သည့် မဲပေးခွင့်နှင့် ပါတီများအကြား ပြိုင်ဆိုင်မှုတို့သည် အမေရိကန် ပြည်သူ အချို့အပေါ် နှိပ်ကွပ်မှုအား နားလည်ရန် အဓိက ကျသည်။ အာဖရိကန် အမေရိကန် လူမျိုးများသည် နှိပ်ကွပ်မှု နည်းသော ခေါင်းဆောင်များကို ရွေးချယ်ခွင့် မရခဲ့သလို ၎င်းတို့ မနှစ်သက်သည့် လုပ်ရပ်များ လုပ်ဆောင်နေသူများအားလည်း ဥပဒေအရ ဖယ်ထုတ်ပစ်ရန် အခွင့်အရေး မရခဲ့ပေ။ ထိုသို့သော အခြေအနေ နောက်ခံတွင် နှိပ်ကွပ်မှု လုပ်လိုသူများသည် အပြစ်ပေးခြင်း မခံရဘဲ လုပ်ဆောင်နိုင်ကြသည်။

အမေရိကန် နိုင်ငံ၏ ဖြစ်ရပ်တွင် အခြား တွေ့ရှိရသည့် အချက် တစ်ခုမှာ ဥပဒေ ပြင်ပ လုပ်ဆောင်သူများနှင့် စစ်သွေးကြွများ ရှိခြင်းတို့ ဖြစ်သည်။ ၁၉၅၄ ခုနှစ်တွင် အမြင့်ဆုံး တရားရုံးမှ *ဘရောင်း (Brown) အမှု* အတွက် ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပညာရေး ဆိုင်ရာ ပစ္စည်းများအား ခွဲခြား အသုံးပြုခိုင်းခြင်း ဆိုင်ရာ ဥပဒေ အကြောင်းပြချက်ကို ပယ်ဖျက်ခဲ့သည်။ ထို့ကြောင့် ပြည်နယ် တာဝန်ရှိသူများက ထိုအမိန့်ကို အကောင်အထည် ဖော်ရတော့မည် ဖြစ်သည်။ ယင်းသို့ လုပ်ဆောင်ရန် ပြဿနာ နှစ်ခု ရှိခဲ့သည်။ ရှေးဦးစွာ အချို့သော အာဏာပိုင်များနှင့် မစ္စစစ်ပီ ပြည်နယ် အချုပ်အခြာအာဏာ ကော်မရှင်နှင့် ပိုက်စီးတီး ကောင်စီတို့က အမိန့်ကို မထောက်ခံခဲ့ရာ ၎င်းတို့ ရရှိခဲ့သည့် အခွင့်အရေးများကို ကျင့်သုံးရန် ကြိုးပမ်းသူများအတွက် အကာအကွယ် မရခဲ့ပေ။ ထို့ကြောင့် များသောအားဖြင့် ကန့်သတ်သည့် အလေ့အကျင့်များမှာ အချိန်အတိုင်းအတာ တစ်ခုအထိ ဆက်လက် ရှိနေဆဲ ဖြစ်သည်။ ဒုတိယ အနေဖြင့် စည်းကြပ်ခြင်း ပြဿနာ ရှိရခြင်းမှာ အသစ် ပြဋ္ဌာန်းလိုက်သော ဖက်ဒရယ် ဥပဒေကို လိုက်နာရန် ကြိုးပမ်းသည့် အာဖရိကန် အမေရိကန်များနှင့် လူဖြူများကို ပြည်နယ်တွင်း အကြမ်းဖက်မှုများနှင့် နှိပ်ကွပ်မှုများက တားဆီးထားသည်။ ယင်းအကြမ်းဖက်မှုများကို လူအုပ်စုများ၊ လူမည်း မုန်းတီးရေး အဖွဲ့ဝင်များနှင့် အခြားသော လူဖြူများက လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပြီး ရဲများနှင့် နိုင်ငံရေးအရ မသိကျိုးကျွံ ပြုခြင်းများက အဆိုပါ အကြမ်းဖက်မှုများနှင့် နှိပ်ကွပ်မှုများကို အားပေးကူညီရာကျသည်။

သို့ရာတွင် ထိုအခြေအနေမှာ အချိန်အကန့်အသတ်မရှိ အကြာကြီး ဖြစ်ပွားခဲ့သည်တော့ မဟုတ်ပေ။

ကျောင်းသို့ ဝင်ရောက်လိုသည့် လူမည်း ကျောင်းသားများကို ကူညီရန် ကြိုးပမ်းခဲ့သော လူဖြူ ဘုန်းတော်ကြီးကို ရိုက်နှက်မှု ဖြစ်ပွားပြီးနောက် (အမေရိကန် နိုင်ငံ၏ ရှေ့နေချုပ်) ဘရောင်းဝဲလ်က ဖက်ဒရယ် အစိုးရသည် ကလင်တန် အထက်တန်းကျောင်းတွင် ပေါင်းစည်းရေးကို အင်အားသုံး ဝင်ရောက် စွက်ဖက်သူများအား အပြစ်ပေးမည်ဟု ကြေညာလိုက်သည်။ အမေရိကန် နိုင်ငံ၏ ဥပဒေ အရာရှိများကို ပြဿနာသမားများအား စုစည်းရန် အမိန့်ပေးခဲ့ပြီး ၁၉၅၆ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် တရားမျှတရေး

ဆိုင်ရာ ဌာနသည် ခွဲခြားမှု အဆုံးသတ်ရေး အမိန့်ကို စွက်ဖက်သူများအား တားဆီးရန် ပထမဆုံးအကြိမ် ကြိုးပမ်းခဲ့သည်။
(Belknap, 1987, p. 39)

**ဇယား ၁၄.၁။** ပြည်နယ် ဥပဒေများအရ ခွင့်ပြုထားသော (သို့) လုပ်ဆောင်ရန် လိုအပ်သော ခွဲခြားမှုများ (Murray, 1951, Chart III)

ပြည်နယ်များ

ခွဲခြား ဆက်ဆံသည့် အလေ့အကျင့်များ

| | AL | AK | AR | CA | CO | CT | DE | DC | FL | GA | ID | IL | IN | IA | KS | KY | LA | ME | MD | MA | MI | MN | MS |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| **ဖျော်ဖြေရေး** | | | | | | | | | | | | | | | | | | | | | | | |
| ဘီလိယက် | | | | | | | | | | | | | | | | | | | | | | | |
| အများပြည်သူဆိုင်ရာ နေရာ | | | | | | | | | | √ | | | | | | | | | | | | | |
| ပန်းခြံများ | | | | | | | | | | | | | | | | | | | | | | | |
| ခန်းမများ | | | | | | | | | | | | | | | | | | | | | | | |
| မြင်းပြိုင်ကွင်း | | | | | | | | | | | | | | | | | | | | | | | |
| ဆပ်ကပ်များ | | √ | | | | | | | | | | | | | | | | | | | | | |
| **ပညာရေး** | | | | | | | | | | | | | | | | | √ | | | | | | |
| ဖွဲ့စည်းပုံပြဋ္ဌာန်းချက် | | | | | | | | | | | | | | | | | | | | | | | |
| ဥပဒေ ပြဋ္ဌာန်းချက် - | √ | | | | | | √ | | √ | √ | | | | | | √ | √ | | | | | | √ |
| အစိုးရကျောင်း | √ | √ | √ | | | | √ | √ | √ | √ | | | | | √ | √ | | | √ | | | | √ |
| ပုဂ္ဂလိကကျောင်း | | | | | | | | | | | | | | | | | | | | | | | |
| နားမကြားကျောင်း | | | | | | | | | √ | | | | | | | √ | | | | | | | |
| ဆွံ့အကျောင်း | | √ | | | | | | √ | √ | | | | | | | √ | √ | | | | | | √ |
| မျက်မမြင်ကျောင်း | | | | | | | | | | | | | | | | | | | | | | | |
| ပြုပြင်ရေးကျောင်း | | √ | | | | | | | √ | | | | | | | √ | √ | | | | | | √ |
| ကုန်သွယ်ရေးကျောင်း | √ | √ | | | | | √ | √ | √ | √ | | | | | | √ | √ | | √ | | | | √ |
| အထက်တန်း ပညာရေး | √ | √ | | | | | | | √ | √ | | | | | | √ | √ | | | | | | √ |
| ဆရာဖြစ်သင်တန်း | √ | √ | | | | | √ | | √ | √ | | | | | | √ | √ | | √ | | | | √ |
| အိန္ဒိယသီးသန့်ကျောင်း | √ | √ | | | | | √ | | √ | √ | | | | | | √ | √ | | √ | | | | √ |
| လူဖြူ/မည်း သီးသန့် | | | | | | | √ | | | | | | | | | | | | | | | | √ |
| ပြဋ္ဌာန်းစာအုပ် | | | | | | | | | √ | | | | | | | | | | | | | | |
| သီးသန့်စာကြည့်တိုက် | | | | | | | | | | | | | | | | | | | | | | | |
| **အလုပ်အကိုင်** | | | | | | | | | | | | | | | | | | | | | | | |
| မိုင်းတွင်းများတွင် သီးသန့် သန့်စင်ခန်း | | √ | | | | | | | | | | | | | | | | | | | | | |
| ထုတ်လုပ်ရေးလုပ်ငန်းတွင် သီးသန့် အိမ်သာ | | | | | | | | | | | | | | | | | | | | | | | |
| ချည်ထည်စက်ရုံများတွင်ခွဲခြားခြင်း | | | | | | | | | | | | | | | | | | | | | | | |
| **ဆေးရုံများ** | | | | | | | | | | | | | | | | | | | | | | | |
| ယေဘုယျခွဲခြားခြင်း | | | | | | | | | | | | | | | | | | | | | | | √ |
| စိတ်ရောဂါဝေဒနာရှင် | √ | | | | | | | | | √ | | | | | | √ | √ | | √ | | | | √ |
| TB ဝေဒနာရှင် | √ | | | | | | √ | | | | | | | | | √ | | | √ | | | | |
| သူနာပြု | √ | | | | | | | | | | | | | | | | | | | | | | √ |
| **အပြစ်ပေး အင်စတီကျူးရှင်းများ** | | | | | | | | | | √ | | | | | | | | | | | | | |

| MO | MT | NE | NV | NH | NJ | NM | NY | NC | ND | OH | OK | OR | PA | RI | SC | SD | TN | TX | UT | VT | VA | WA | WV | WI | WY |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | | | | √ | | | | | | | | | | |
| √ | | | | | | | | | | | √ | | | | √ | | | | | | | | | | |
| | | | | | | | | | | | | | | | | | √ | | | | √ | | | | |
| | | | | | | | | | | | | | | | √ | | | | | | | | | | |
| √ | | | | | | | | √ | | | √ | | | | √ | | √ | √ | | | √ | | √ | | |
| √ | | | | | | √ | | √ | | | √ | | | | √ | | √ | | | | √ | | √ | | √ |
| | | | | | | | | | | | √ | | | | | | √ | | | | | | | | |
| | | | | | | | | √ | | | √ | | | | | | √ | √ | | | √ | | √ | | |
| | | | | | | | | √ | | | | | | | | | | √ | | | √ | | | | |
| | | | | | | | | √ | | | √ | | | | | | √ | √ | | | √ | | √ | | |
| √ | | | | | | | | √ | | | √ | | | | √ | | √ | √ | | | √ | | √ | | |
| √ | | | | | | | | √ | | | √ | | | | √ | | √ | √ | | | | | √ | | |
| √ | | | | | | | | √ | | | √ | | | | √ | | √ | √ | | | √ | | √ | | |
| √ | | | | | | | | √ | | | √ | | | | √ | | √ | √ | | | √ | | √ | | |
| | | | | | | | | √ | | | | | | | | | | | | | | | | | |
| | | | | | | | | √ | | | | | | | | | | | | | | | | | |
| √ | | | | | | | | √ | | | | | | | | | | √ | | | | | | | |
| | | | | | | | | | | | √ | | | | | | √ | √ | | | | | | | |
| | | | | | | | | √ | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | √ | | | | | | | | | | |
| | | | | | | | | | | | | | | | √ | | | | | | | | | | |
| √ | | | | | | | | √ | | | √ | | | | √ | | √ | | | | √ | | √ | | |
| | | | | | | | | | | | √ | | | | | | | √ | | | | | √ | | |
| | | | | | | | | | | | | | | | √ | | | | | | | | | | |

ပြည်နယ်များ

| ခွဲခြား ဆက်ဆံသည့် အလေ့အကျင့်များ | AL | AK | AR | CA | CO | CT | DE | DC | FL | GA | ID | IL | IN | IA | KS | KY | LA | ME | MD | MA | MI | MN | MS | | MO |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ယေဘုယျခွဲခြားမှု | | | | | | | | | | | | | | | | | | | | | | | | | |
| တွဲထားသူများကို ခွဲခြားခြင်း | √ | √ | | | | | | | √ | √ | | | | | | | √ | | | | | | √ | | |
| **ဖုလုံရေး အင်စတီကျူးရှင်း** | √ | √ | | | | | | | √ | | | | | | | | | | | | | | | | |
| လူအိုရုံ/မိဘမဲ့ကျောင်း | | | | | | | | | | | | | | | | | | | | | | | | | |
| လူမွဲများ | | | | | | | √ | | | | | | | | | √ | √ | | | | | | | | |
| **သယ်ယူပို့ဆောင်ရေး** | √ | | | | | | | | | | | | | | | | | | | | | | | | |
| ဘတ်စ်ကား | | | | | | | | | | | | | | | | | | | | | | | | | |
| ရထားများ | √ | √ | | | | | | | √ | √ | | | | | | | √ | | | | | | √ | | |
| လမ်းပေါ်မှကားများ | √ | √ | | | | | | | √ | √ | | | | | | √ | √ | | √ | | | | √ | | |
| သင်္ဘောများ | | √ | | | | | | | √ | | | | | | | | √ | | √ | | | | √ | | |
| စောင့်စားသည့်အခန်း | | | | | | | | | | | | | | | | | | | √ | | | | | | |
| အိပ်စင်များ | √ | √ | | | | | | | √ | | | | | | | | √ | | | | | | √ | | |
| **အထွေထွေ** | | √ | | | | | | | | √ | | | | | | | | | | | | | √ | | |
| ရောစပ်လက်ထပ်ခြင်း | | | | | | | | | | | | | | | | | | | | | | | | | |
| လူဖြူ-လူမည်း | √ | √ | √ | √ | √ | | √ | | √ | √ | √ | | √ | | | √ | √ | | √ | | | | √ | √ | √ |
| လူဖြူ-အိန္ဒိယ | | | | | | | | | | | | | | | | | | | | | | | | | |
| လူဖြူ-အာရှ | | | √ | √ | | | | | | √ | √ | | | | | | | | √ | | | | √ | √ | √ |
| အတူနေခြင်းအားတားမြစ် | √ | √ | | | | | | | √ | | | | | | | | √ | | √ | | | | | | |
| လူမျိုးတူသူကသာ မွေးစားနိုင် | | | | | | | | | | | | | | | | | √ | | | | | | | | √ |
| တပ်ရင်း ခွဲခြားထား | | | | | | | | | | | | | √ | | | | | | | | | | | | |
| လူဖြူ-လူမည်း | | | | | | | | | | | | | | | | | | | | | | | | | |
| လက်ထပ်ထိမ်း တားမြစ် | | | | | | | | | | | | | | | | | | | | | | | | | |
| လူဖြူ-လူမည်း ဖခင်အဖွဲ့ တားမြစ် | | | | | | | | | | | | | | | | | | | | | | | | | |
| လူမှုတန်းတူညီရေး အတွက် မတောင်းဆိုနိုင် | | | | | | | | | | | | | | | | | | | | | | | √ | | |
| တယ်လီဖုန်းရုံများ | | | | | | | | | | | | | | | | | | | | | | | | | |
| မဲစာရင်း | √ | √ | | | | | | | | √ | | | √ | | | | | | | | | | | | |
| မဲပေးရာ နေရာ | | √ | | | | | | | | | | | | | | | | | | | | | | | |
| နေအိမ် | | | | | | | | | | | | | | | | | √ | | | | | | | | |

| MT | NE | NV | NH | NJ | NM | NY | NC | ND | OH | OK | OR | PA | RI | SC | SD | TN | TX | UT | VT | VA | WA | WV | WI | WY |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | √ | | | | | | | √ | | √ | | | | √ | | | | |
| | | | | | | | √ | | | | | | | √ | | | | | | | | | | |
| | | | | | | | √ | | | √ | | | | | | √ | √ | | | | | √ | | |
| | | | | | | | | | | | | | | | | | | | | | | √ | | |
| | | | | | | | √ | | | √ | | | | √ | | | √ | | | √ | | | | |
| | | | | | | | √ | | | √ | | | | √ | | √ | √ | | | √ | | | | |
| | | | | | | | √ | | | √ | | | | √ | | √ | √ | | | √ | | | | |
| | | | | | | √ | | | | | | | √ | | | | | | √ | | | | | |
| | | | | | | √ | | | √ | | | | √ | | | √ | | | √ | | | | | |
| | | | | | | | | | | | | | | | | √ | | | | | | | | |
| √ | √ | | | | | √ | √ | | √ | √ | | | √ | √ | √ | √ | √ | | √ | | √ | | √ | |
| | √ | | | | | √ | | | | √ | | | √ | | | | | | √ | | | | | |
| √ | √ | | | | | | | | | √ | | | | √ | | | √ | | √ | | | | √ | |
| | √ | | | | | | | | | | | | | | √ | | | | √ | | | | | |
| | | | | | | | | | | | | | √ | | | √ | | | | | | | | |
| | | | | | | √ | | | | | | | | | | | | | | | √ | | | |
| | | | | | | √ | | | | | | | | | | | | | √ | | | | | |
| | | | | | | | | | √ | | | | | | | | | | √ | | | | | |
| √ | | | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | √ | | | √ | | | | | |

ပြည်တွင်းမှ လုံခြုံရေးများ၊ အမေရိကန်နိုင်ငံ စစ်တပ်နှင့် တရားမျှတမှုဆိုင်ရာ ဌာန၏ အေးဂျင့်များကို တောင်ပိုင်းရှိ ဆင်တူ အခြေအနေရှိသည့် နေရာများတွင် အသုံးပြုခဲ့သည်။

အဆိုပါ ဖြစ်ပေါ် ပြောင်းလဲမှုမှာ အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် လူဖြူများမှ အကြမ်းဖက်မှုများကို ထိထိရောက်ရောက် တားဆီးခဲ့မှု မရှိခြင်းက ပြည်နယ်တွင်း မတည်ငြိမ်မှုများကို ဖြစ်ပေါ်စေခဲ့ပြီး မတည်ငြိမ်မှုများက ဖက်ဒရယ် အစိုးရ၏ ဥပဒေများနှင့် မူဝါဒများ ချမှတ်ခြင်းကို တိုက်ရိုက် ထိခိုက်လာလေရာ ပို၍ အဆင့်မြင့်သည့် နိုင်ငံရေး အာဏာပိုင်များမှ ဝင်ရောက် တုံ့ပြန်ခဲ့ရသည်။ အတိုချုံး ဆိုရသော် အကြမ်းဖက်မှုသည် လူသားများ၏ အသက်များကို ထိခိုက်စေရုံ သာမက နိုင်ငံရေးစနစ် တစ်ခု အလုပ်လုပ်ရန် လိုအပ်သည့် တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝတ်ပိပြားမှု ရှိရေးတို့ကိုပါ စိန်ခေါ်လာခဲ့သည်။ အိုင်ဆင်ဟောင်ဝါ (Eisenhower) ၏ မိန့်ခွန်းများကို ရေးပေးသူက အခြေအနေကို ပြန်ပြောင်း ပြောပြခဲ့သည်။

ပြည်သူ့ရေးရာ အခွင့်အရေးများကို ထောက်ပံ့ရန် ဖက်ဒရယ်အဆင့် လုပ်ဆောင်ချက်များ လုပ်ဆောင်ဖို့ လက်နှေးနေခဲ့သည့် သမ္မတသည် သမ္မတနှင့် ဖွဲ့စည်းပုံ ဆိုင်ရာ အာဏာကို ပြည်သူများမှ စိန်ခေါ်လာသည့်အခါ အင်အား ပို့လွှတ်ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။
(Belknap, 1987, p. 49)

သမ္မတက "တုံ့ပြန်ရန် ပျက်ကွက်ခြင်းသည် မင်းမဲ့ စရိုက်နှင့် တိုင်းပြည် ပြိုကွဲရေးကို လက်ခံလိုက်ခြင်းနှင့် ဆင်တူမည် ဖြစ်သည်။" ဟု ဆိုခဲ့သည် (Belknap, 1987, p. 49)။ ထိုသို့သော နောက်ခံ အခြေအနေတွင် အစိုးရ အတွင်းရှိ အချို့သော အစိတ်အပိုင်းများမှ ဒီမိုကရေစီ ဖြစ်စဉ်များသည် နှိပ်ကွပ်သော အရာရှိများနှင့် အစိတ်အပိုင်းများ အားလုံးတွင် ထပ်တူကျ မနေကြောင်း တွေ့ရှိရသည်။ ယင်းအစိတ်အပိုင်းများသည် တစ်ခုနှင့် တစ်ခု လုံးဝ အဆက်ပြတ် နေကြသည်။

နောက်ထပ် ဥပမာ တစ်ခုမှာ ၁၉၅၀ ပြည့်လွန်နှစ် နှောင်းပိုင်းများနှင့် ၁၉၆၀ ပြည့်လွန်နှစ် အစောပိုင်းများတွင် လူဖြူများ အုပ်စိုးမှုကို ထောက်ခံသူများ လုပ်ဆောင်ခဲ့သည့် ဗုံးဖောက်ခွဲခြင်း လှုပ်ရှားမှုများအပေါ် ဖက်ဒရယ် အစိုးရ၏ တုံ့ပြန်ပုံများ ဖြစ်သည်။ ထိုအချိန်တွင် အာဖရိကန် အမေရိကန်များကို လူပုံအလယ် ကြိုးပေးသတ်ခြင်းဖြင့် ပစ်မှတ်ထားခြင်းများ လျော့နည်းသွားပြီ ဖြစ်သည်။ ထိုသို့ လုပ်မည့်အစား ဆူပူအုံကြွမှုများ များပြားသည့် အခြေအနေတွင် အစွန်းရောက် လူဖြူများသည် ဖောက်ခွဲရေး ပစ္စည်းများသုံးကာ လူမည်းအဖွဲ့အစည်းများကို ထိခိုက်စေပြီး ဒီမိုကရေစီကို ချဲ့ထွင်ရန် ကြိုးပမ်းနေသူများကို ခြိမ်းခြောက်ခဲ့သည်။ အဆုံးတွင် (မာတင် လူသာကင်း ဂျူနီယာ (Martin Luther King Jr) ကဲ့သို့သော) ဘာသာရေး ခေါင်းဆောင်များ၏ အိမ်များနှင့် တွေ့ဆုံရာ နေရာများ (ဘုရားကျောင်းများ၊ ပညာရေး အဆောက်အဦများ) ကို ပစ်မှတ် ထားလာသည်။

အထက်တွင် ဖော်ပြခဲ့သည့် နိုင်ငံရေးအရ ပူးပေါင်း ဆောင်ရွက်ကြခြင်းနှင့် ဆန့်ကျင်စွာပင် ထိုဖြစ်ရပ်တွင် ပြည်နယ်တွင်း အရာရှိများသည် လူဖြူ အစွန်းရောက်များကို နှိမ်နင်းခဲ့ကြသည်။ ဘဲလ်ခ်နပ် (Belknap) (1987, p. 55) က "တောင်ပိုင်းဒေသရှိ အစိုးရ အရာရှိ အများစုသည် ၎င်းတို့ ဒေသတွင် ဖြစ်ပွားနေသည့်

ဖောက်ခွဲခြင်း ဖြစ်ရပ်များ ပုံ့နှံ့လာခြင်းကို တားဆီးလိုစိတ် ရှိကြသည်။" ဟု ဆိုခဲ့သည်။ သက်သေများမှာ ရှင်းရှင်းလင်းလင်း ရှိလှသည်။

တောင်ကယ်ရိုလိုင်းနား၏ ရှေ့နေချုပ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော် နှစ်ရပ်လုံးရှိ တရားစီရင်ရေး ကော်မတီများ၏ ဥက္ကဋ္ဌတို့သည် ဗုံးဖောက်ခြင်းများနှင့် ဗုံးဖောက်ရန် ခြိမ်းခြောက်ခြင်းများကို တရားဥပဒေ တင်းတင်းကြပ်ကြပ်ဖြင့် ကိုင်တွယ်ကြသည်။ တန်နီးစ် ပြည်နယ်၏ အုပ်ချုပ်ရေးမှူး ဖရန့်ကလေးမန့် (Frank Clement) နှင့် အယ်လ်လဘားမား၏ ပြည်နယ် အုပ်ချုပ်ရေးမှူး ဂျိမ်းစ်ဖော်လ်ဆမ် (James Folsom) တို့ နှစ်ဦးလုံးကို ဗုံးဖောက်ခွဲသူများအား ဖမ်းဆီးနိုင်ခဲ့သော အချက်အလက်များကို ရှာဖွေနိုင်ခဲ့ခြင်းအတွက် ဆုချီးမြှင့်ခဲ့သည်။ မွန့်ဂိုမယ်ရီ၏ မြို့တော်ဝင်နှင့် မြို့ကော်မရှင် အဖွဲ့ဝင်များကိုလည်း အလားတူ ဆုချီးမြှင့်ခဲ့သည်။ တောင်ပိုင်းမှ တာဝန်ရှိသူများက အကြမ်းဖက်သူများ၏ ဖောက်ခွဲရေး ပစ္စည်းများ အသုံးပြုခြင်းကို တားဆီးရန် မည်မျှအထိ အလေးအနက်ထားကြောင်းကို ဗုံးခွဲခြင်း ဆိုင်ရာ တောင်ပိုင်း ညီလာခံ ကျင်းပခဲ့ခြင်းက သက်သေခံနေသည်။ သူ၏ မြို့ရှိ လူမည်းများ တက်ရောက်သည့် အထက်တန်းကေျာင်း တစ်ကျောင်းနှင့် ဂျူးလူမျိုးများ၏ လူထုစည်းဝေးရာ စင်တာ တစ်ခုကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲ တိုက်ခိုက် ခံရပြီးနောက် ဂျက်ဆွန်ဗီးလ်၏ မြို့တော်ဝန် ဟေဒန်ဘန်းစ် (Haydon Burns) က ညီလာခံကို စတင်ခဲ့ပြီး ၁၉၅၈ ခုနှစ် မေလတွင် ကျင်းပခဲ့သည့် ညီလာခံတွင် ကိုယ်စားလှယ် ၇၀ တက်ရောက်ခဲ့သည်။ ညီလာခံကို ဦးဆောင်ခဲ့သူများတွင် တောင်ပိုင်း ပြည်နယ် ၂၁ ပြည်နယ်မှ မြို့တော်ဝန် ဆယ်ဦးနှင့် ဥပဒေ စည်းကြပ်ရေး အရာရှိများ ပါဝင်သည်။
(Belknap, 1987, p. 55)

၎င်းတို့ တုံ့ပြန်လိုစိတ် ရှိကြခြင်းမှာ လူကိုသေစေနိုင်သော အကြမ်းဖက်မှုများကို လက်မခံခြင်းနှင့် ပဋိပက္ခများ ကြီးထွားလာမည်ကို ကြောက်ရွံ့သောကြောင့်သာ မကပေ။ အဆင့်မြင့် နိုင်ငံရေး အင်စတီကျူးရှင်းများမှ ပေးအပ်သော အခွင့်အရေးများကို အသုံးပြုရန် ကြိုးပမ်းသည့် အာဖရိကန် အမေရိကန်များအပေါ် တိုက်ခိုက်သည့် ဖြစ်ရပ်များကို ၎င်းတို့အနေဖြင့် မထိန်းချုပ်နိုင်ပါက ဖက်ဒရယ် အဆင့်မှ ဝင်ရောက် လုပ်ဆောင်လိမ့်မည်ကို စိုးရိမ်သောကြောင့်လည်း ဖြစ်သည်။ အစောပိုင်းတွင် သမ္မတ အိုင်ဆင်ဟောင်ဝါ လက်အောက်ရှိ ဖက်ဒရယ် အရာရှိများသည် ပါဝင် ပတ်သက်ရန် ချီတုံချတုံ ဖြစ်နေသော်လည်း အချိန်ကြာလာသည့်နှင့်အမျှ ဥပဒေ အသစ် အမျိုးမျိုး (သို့) ဥပဒေများကို အဓိပ္ပာယ် ဖွင့်ဆိုပုံ အမျိုးမျိုးတို့က ဖက်ဒရယ် အရာရှိများ၏ ပါဝင်မှုကို ကူညီ မြှင့်တင် ပေးလာသည်။ ဥပမာ အကြမ်းဖက်မှုများသည် ပြည်နယ်တွင်း၌သာ ဖြစ်ပွားသည့် သဘောသဘာဝကို အသုံးပြုကာ ဖောက်ခွဲပစ္စည်းများ သယ်ယူ ပို့ဆောင်ရေးနှင့် အကြမ်းဖက်မှု လုပ်ဆောင်ရေးတို့တွင် ဖက်ဒရယ် အရာရှိများကို ပါဝင်လာစေသည်။ အဆိုပါ ဖြစ်ပေါ် တိုးတက်မှုများ၏ သက်ရောက်မှုများမှာ သိသာထင်ရှားသော်လည်း အနည်းဆုံး ကာလတိုတွင် ထိထိရောက်ရောက်တော့ မရှိလှပေ။ ၁၉၆၄ ခုနှစ် ပြည့်သူ့ရေးရာ အခွင့်အရေးများ အက်ဥပဒေသည် ဖက်ဒရယ် အဆင့် ပြစ်မှု အသစ်နှင့် ထိရောက်သော ပြစ်ဒဏ်များ ဖန်းတီးပေးခဲ့သော်လည်း တောင်ပိုင်း ဒေသများသို့ ဖက်ဒရယ် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုတွင် အဆင့်တစ်ဆင့် တိုးတက်လာခြင်းသာ ဖြစ်ခဲ့သည်။ Freedom Riders များနှင့် ဆက်စပ်သော အကြမ်းဖက်မှုများနှင့် တောင်ပိုင်းရှိ ခရစ်ယာန် ခေါင်းဆောင်မှု ညီလာခံကို အကြမ်းမဖက် ဆန္ဒပြသူများအား ကြမ်းတမ်းစွာ တိုက်ခိုက်ခဲ့ခြင်းများ ဖြစ်ပွားပြီး နှစ်အနည်းငယ် ကြာမှသာ အရေးယူခြင်းနှင့် စပ်လျဉ်းသော တိုးတက်မှုများ သိသိသာသာ ရှိလာခဲ့သည်။

ထိုဖြစ်ရပ်များအကြောင်းကို သိရှိထားကြပြီး ဖြစ်လေရာ ဤနေရာတွင် အသေးစိတ် ဆွေးနွေးသွားမည် မဟုတ်ပေ။ အရေးပါသည့် အရာမှာ တောင်ပိုင်းမှ နိုင်ငံရေး ဇာတ်ကောင်များသည် နောက်ဆုံးတွင် ဖက်ဒရယ် ဥပဒေကို စည်းကြပ်ရန် ဆုံးဖြတ်ခဲ့ပြီး ၎င်းတို့၏ အသိုင်းအဝိုင်းများတွင် အကြမ်းဖက်သူများကို အရေးယူခဲ့ကြသည်။ ဤဖြစ်ရပ်က ဒေသဆိုင်ရာ အစိုးရ အရာရှိများ၏ သဘောထားနှင့် အမူအကျင့်များ ပြောင်းလဲလာမှုကို ပြသနေသည်။ ယင်းမှာ တောင်ပိုင်း ဒေသတွင် ဒီမိုကရေစီ ပေါ်ထွန်းလာရန်လည်း လမ်းဖောက်ပေးခဲ့ခြင်း ဖြစ်သည်။

## နှိပ်ကွပ်ခြင်းက ဒီမိုကရေစီ နိုင်ငံရေးအပေါ် ဆုံးဖြတ်ပေးနိုင်ခြင်း

ဆွေးနွေးခဲ့သည့် ဖြစ်ရပ်တွင် စိတ်ဝင်စားဖွယ်ရာ ကောင်းသည့် အချက်မှာ မတူညီသော ဇာတ်ကောင်များသည် မတူညီသော နှိပ်ကွပ်မှုများကို လုပ်ဆောင်ကြပြီး အဆုံးသတ် ရလဒ်များအပေါ် အရေးပါသည့် သက်ရောက်မှုများ ရှိခဲ့ခြင်း ဖြစ်သည်။ ဥပမာ တောင်ပိုင်းတွင် ဥပဒေနှင့် နိုင်ငံရေး ဆိုင်ရာ ကန့်သတ်ချက်များနှင့် အကြမ်းဖက်မှုများသည် အာဖရိကန် အမေရိကန်များအပေါ် ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။ အချို့သော လုပ်ရပ်များကို နိုင်ငံတော် တာဝန်ခံများ (ဥပမာ နိုင်ငံရေး သမားများ၊ တရားသူကြီးများ၊ ရဲအရာရှိများ) က လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ အချို့ကိုမူ အစိုးရ အရာရှိများ ကျူးလွန်ခဲ့ခြင်း မဟုတ်ပေ (ဥပမာ၊ လူဖြူ မြို့တော် ကောင်စီနှင့် လူမည်း မုန်းတီးရေး အုပ်စုများက လုပ်ဆောင်ခဲ့ခြင်းများ)။ အချို့သော ကိစ္စရပ်များတွင် ထိုအုပ်စု နှစ်စုပါ လူများမှာ အတူတူပင် ဖြစ်သည်။ မည်သို့ပင် ဖြစ်စေ အာဖရိကန် အမေရိကန်များကို မနှစ်သက်သူများမှာ အရေအတွက်များပြီး အင်အားခြင်း မယှဉ်နိုင်ပေ။ ထို့ပြင် နှိပ်ကွပ်မှု ကျူးလွန်သူများကို အပြစ်ပေးနိုင်ခြေ အနည်းငယ်သာ ရှိခဲ့သည်။ ဥပဒေရော၊ နိုင်ငံရေး အရ တုံ့ပြန်မှု၌ပါ ဖက်ဒရယ် အဆင့်တွင် အပြောင်းအလဲများ ဖြစ်ပွားပြီးနောက် ထိုအခြေအနေမှာ ပြောင်းလဲသွားခဲ့သည်။ ထိုနောက်ခံ အခြေအနေတွင် လူမည်းများကို နှိပ်ကွပ်သူများ (အထူးသဖြင့် လူအများ လက်မခံနိုင်သည့် ရက်စက် ကြမ်းကြုတ်သည့် ပုံစံများဖြင့် ဖိနှိပ်သူများ) ကို ဆန့်ကျင်သူများသည် နှိပ်ကွပ်သူများကို စိန်ခေါ်ရန် အခွင့်အလမ်း ရလာသည်။ ထို့ပြင် ပြစ်မှု ကျူးလွန်သူများကို (နှေးကွေးသော်လည်း) စုံစမ်းစစ်ဆေးရန်နှင့် အပြစ်ပေးရန် လုပ်ဆောင်ချက်များလည်း များပြားလာသည်။

စိတ်ဝင်စားဖွယ် ကောင်းသည့် အချက်မှာ ဒေသခံ တာဝန်ရှိသူများက စတင်ခဲ့သည့် (သို့) ထောက်ခံခဲ့သည့် နှိပ်ကွပ်ခြင်းကို နိုင်ငံရေး အရာရှိများနှင့် နိုင်ငံသားများက ဖြစ်ပွားနေသည့် အရာများက မိမိတို့နှင့် မသက်ဆိုင်ဟု ခပ်ဝေးဝေး နေလိုက်ခြင်းဖြင့် ထိုလုပ်ရပ်များမှာ အပြစ်ပေးနိုင်သည့် လုပ်ရပ်များ ဖြစ်လာသည်။ တစ်ချိန်တည်းမှာပင် ဖက်ဒရယ် အစိုးရက လူမျိုးရေး အကြမ်းဖက်မှု ဆိုင်ရာ မူဝါဒများနှင့် လုပ်ဆောင်ချက်များ ပြဋ္ဌာန်းပြီးနောက် အပယ်ခံ ဖြစ်လာရသော တောင်ပိုင်းဒေသမှ လူအုပ်စုများကို နှိပ်ကွပ်သည့် လုပ်ရပ်များအား ဆန့်ကျင်ရေးတွင် ဖက်ဒရယ် အစိုးရက တိုး၍ ပါဝင်ပတ်သက် လာသည်။ လူမျိုးရေး အကြမ်းဖက်မှုများသည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် ဆန့်ကျင်သည့်အပြင် ဥပဒေနှင့် ငြိမ်ဝတ်ပိပြားရေးကို နှောင့်ယှက် ခြိမ်းခြောက်နေသည့် လုပ်ရပ်များ ဖြစ်သည်ဟု ရှုမြင်သောကြောင့် ဖြစ်သည်။

အကြမ်းဖျဉ်းအားဖြင့် ၁၉၆၀ နှင့် ၁၉၈၀ ကြားတွင် နိုင်ငံရေး အခွင့်အရေးများ ဆိုင်ရာ တော်လှန်ရေး တစ်ခု ဖြစ်ပွားခဲ့သည်။ ယခင်က မဲပေးခွင့် မရသူ သန်းပေါင်းများစွာကို မဲပေးခွင့် ပေးကာ အစိုးရ၏ ဖြစ်စဉ်တွင် ပါဝင်ခွင့်ရလာသည်။ ထိုအပြောင်းအလဲများသည် ကျွန်ုပ်တို့၏ နိုင်ငံရေး ဖြစ်စဉ်များကို ပို၍ ဒီမိုကရေစီ ဆန်လာစေရန် ရည်ရွယ်ချက်ဖြင့် မဲပေးခွင့် မူဝါဒများတွင် ဖက်ဒရယ် အစိုးရက ဝင်ရောက် စွက်ဖက်ခဲ့ခြင်းကြောင့် ဖြစ်သည်။ သံသယ ရှိစရာ မလိုသည့် အချက်မှာ ထိုဝင်ရောက် စွက်ဖက်မှုသည် နိုင်ငံကို ပို၍ ဒီမိုကရေစီကျသော နိုင်ငံ ဖြစ်လာစေခဲ့ခြင်း ဖြစ်သည်။
(K. Hill, 1994, p. 18)

ကိစ္စရပ် အားလုံးမှာ အတူတူ တိုးတက်လာသည်တော့ မဟုတ်ပေ။ ဒီမိုကရေစီကျသော ပြည်နယ်များ တဖြည်းဖြည်းဖြင့် အရေအတွက် တိုးလာသော်လည်း (မည်သည့် ပြည်နယ်ကိုမျှ အာဏာရှင်ဆန်သည်ဟု စွပ်စွဲ၍ မရတော့ပေ။) တောင်ပိုင်းစွန်း ပြည်နယ်များ ဖြစ်သည့် ဂျော်ဂျီယာ၊ တောင်ကယ်ရိုလိုင်းနား၊ မစ္စစစ်ပီ၊ တက်ခ်ဆက်စ်၊ အယ်လ်လဘားမား၊ လူဝီဆီယားနားနှင့် မြောက်ကယ်ရိုလိုင်းနားတို့မှာ အနှစ်ချုပ် တိုင်းတာချက်များ၏ အောက်ဆုံးတွင် ရှိနေသေးသည် (K. Hill, 1994, pp. 96-8) (ယနေ့ခေတ် အခြေအနေများအပေါ် ဆွေးနွေးချက်ကို စာသေတ္တာ ၁၄.၄ တွင် ရှုပါ)။

| စာသေတ္တာ ၁၄.၄။ စိန်ခေါ်နေသည့် အယူအဆများ၊ "ဂျင်ခရိုး လက်သစ်" |
| --- |
| အချို့က ဂျင်ခရိုးခေတ်သည် ပြီးဆုံးသွားခြင်း မရှိဟု ဆိုကြသည် (Alexander, 2012)။ ထိုသူများက ကျွန်ုပ်တို့ အတွက် ဂျင်ခရိုး လက်သစ်များ ရှိနေသေးသည်ဟု ဆိုသည်။ မကြာသေးမီက ရဲအရာရှိများ၏ အာဖရိကန် အမေရိကန်များအပေါ် အကြမ်းဖက်မှုများ ပေါ်ထွက်လာခြင်းနှင့် ဖမ်းဆီးမှု၊ အပြစ်ပေးမှု၊ ထောင်ကျမှု၊ ထောင်မှ ပြန်လွတ်ပေးမှု၊ ရဲအရာရှိများမှ ရပ်တန့်ခိုင်း၍ ရှာဖွေမှုတို့တွင် လူမျိုးအပေါ် လိုက်၍ ကြီးမားသော ကွာခြားချက်များ ရှိနေလေရာ ဇယား ၁၄.၁ တွင် ဖော်ပြခဲ့သော မူဝါဒများ သိသိသာသာ ပြောင်းလဲသွားပြီဟု ဆိုနိုင်ပါသလား။ ဆိုနိုင်ပါက မည်သို့ ပြောင်းလဲသွားပါသနည်း။ |

အမေရိကန် နိုင်ငံ၏ ဖြစ်ရပ်သည် လက်ရှိ ဒီမိုကရေစီ ဆိုင်ရာ စာတမ်းများအတွက် များစွာ ထူးခြားနေသည်။ ရှေးဦးစွာ နိုပ်ကွပ်မှု လျော့နည်းသွားခြင်းကြောင့် မဟုတ်ဘဲ နိုပ်ကွပ်မှု တိုးပွားလာခြင်းကြောင့် အမေရိကန် တောင်ပိုင်းတွင် ဒီမိုကရေစီ ထွန်းကားလာခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။ (သို့) အခြား ပညာရှင်များ ထောက်ပြခဲ့သည့် ဖြေလျော့မှုများ မတိုင်မီ ပစ်မှတ်ထား နှိပ်ကွပ်ခြင်း အချို့ ရှိခဲ့ပြီး လေ့လာရမည့် အချိန် အပိုင်းအခြားကို နောက်ပြန်ဆုတ်လိုက်ရမည့် သဘောဖြစ်သည်။ ထိုအချက်က တောင်အာဖရိက၏ ဖြစ်ရပ်နှင့်လည်း ဆင်တူသည်။ တောင်အာဖရိက အမျိုးသား ကွန်ဂရက်သည် ၎င်းတို့ နိုင်ငံရေး အစီအစဉ်၏ ပြင်းထန်မှုကို မလျှော့ချမီ (de-radicalize မလုပ်မီ) နှင့် လူမည်း၊ လူဖြူ ခွဲခြားသည့် အစိုးရနှင့် ဆွေးနွေးခြင်း မပြုမီ နှိပ်ကွပ်မှု သိသိသာသာ ကြုံတွေ့ခဲ့ရသည်။ ဒုတိယအချက်မှာ မတူညီသည့် အခြေအနေများတွင် တူညီသော လုပ်ရပ်များကို မတူညီစွာ အဓိပ္ပာယ် ပြန်ဆိုကြရသည်။ ဥပမာ အစောပိုင်းတွင် လက်သင့်ခံခဲ့သော၊ ထောက်ခံခဲ့သော၊ အစိုးရ အရာရှိများ ကိုယ်၌က လုပ်ဆောင်ခဲ့သော အရာများသည် နောက်ပိုင်းတွင် လက်ခံနိုင်ဖွယ် မရှိသော၊ မထောက်ခံသင့်သော၊ အရေးယူအပြစ်ပေးရမည့် အရာများ ဖြစ်လာသည်။ ထို့ကြောင့် အစိုးရ အရာရှိများနှင့် အမြဲ ရှင်းလင်းသည့် ဆက်စပ်မှု မရှိသည်ကို အသိအမှတ်ပြုကာ ကျွန်ုပ်တို့ အနေဖြင့် မည်သည့် ဖြစ်ရပ်များ ဖြစ်ပွားသည်ကိုသာမက မည်သူက လုပ်ဆောင်သည် ကိုလည်း

အာရုံစိုက်သင့်သည် (နှိပ်ကွပ်သည့် အင်စတီကျူးရှင်းများနှင့် မင်းမဲ့စရိုက်များအကြောင်း ဆွေးနွေးချက်ကို စာသေတ္တာ ၁၄.၅ တွင်ရှုပါ)။

| အနှစ်ချုပ် |
|---|
| ယေဘုယျအားဖြင့် သုတေသန ပညာရှင်များသည် ဒီမိုကရေစီနှင့် နှိပ်ကွပ်မှုကို နိုင်ငံအဆင့် လေ့လာမှုများဖြင့် စဉ်းစားလေ့ ရှိသည်။ ထိုအချက်မှာ ပြဿနာ ရှိသည်။ ဥပမာ အမေရိကန် နိုင်ငံတွင် အာဖရိကန် အမေရိကန်များအပေါ် ဆက်ဆံပုံ ဖြစ်ရပ်တွင် ဒီမိုကရေစီ၏ အရည်အသွေးနှင့် နှိပ်ကွပ်မှုတို့အကြား ပြည်နယ်ပေါ် လိုက်၍ ကွာခြားမှုများ ရှိသည် အချို့သော ပြည်နယ်များမှာ ဒီမိုကရေစီ ပိုကျပြီး အာဖရိကန် အမေရိကန်များကို ကောင်းစွာ ဆက်ဆံကြသည်။ အချို့သော ပြည်နယ်များမှာမူ အာဏာရှင်ဆန်ပြီး လူမည်းများကို ဖိနှိပ်ကြသည်။ ထိုပြည်နယ်များ အားလုံးကို နိုင်ငံ တစ်နိုင်ငံတည်း၌ပင် တွေ့နိုင်သည်။ |
| အာဖရိကန် အမေရိကန်များနှင့် စပ်လျဉ်း၍ ဒီမိုကရေစီ၏ အရေးပါဆုံး အပိုင်းမှာ ပါဝင်ခွင့် ဖြစ်သည်။ ၎င်းတို့ အမေရိကန်နိုင်ငံတွင် ရှိနေသည့် ကာလ အများစုတွင် လူမည်းများမှာ မဲပေးခွင့် မရခဲ့ပေ။ ထို့ကြောင့် ထိုသူများသည် အာဏာပိုင်များကို ၎င်းတို့အပေါ် ဖိနှိပ်သည့် လုပ်ဆောင်ချက် များအတွက် တာဝန်ခံခိုင်းနိုင်ခြင်း မရှိပေ။ လူမည်းများ မဲပေးနိုင်သည့် ပြည်နယ်များတွင် ၎င်းတို့ကို ပို၍ ကောင်းကောင်းမွန်မွန် ဆက်ဆံကြသည်။ |
| နှိပ်ကွပ်ခြင်းသည် ဒီမိုကရေစီ နိုင်ငံရေးကို အထောက်အကူ ပြုသည်လည်း ရှိသည်။ လူ့အဖွဲ့အစည်း အတွင်း အခြား နိုင်ငံသားများအပေါ် ဖိနှိပ်နေသည့် သူများ (ဥပမာ အာဖရိကန် အမေရိကန်များ၏ လွတ်လပ်ရေးကို ဖိနှိပ်နေသည့် ဒေသခံ အီလစ်များ) ကို ဖယ်ရှားပစ်လိုက်ခြင်းအားဖြင့် ဖက်ဒရယ် အစိုးရသည် ပြည်နယ်အဆင့်များ၌ပါ ဒီမိုကရေစီကို ချဲ့ထွင်လာနိုင်ခဲ့သည်။ |
| **ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>နိုင်ငံ တစ်နိုင်ငံ ဒီမိုကရေစီ ကျ/မကျ မည်သူ့တွင် ဆုံးဖြတ်ပိုင်ခွင့် ရှိသနည်း။ နိုင်ငံတစ်နိုင်ငံ မည်မျှ နှိပ်ကွပ်မှု သုံးသနည်းဟူသည်ကို မည်သူ့တွင် ဆုံးဖြတ်ပိုင်ခွင့် ရှိသနည်း။ |

## ငြိမ်းချမ်းရေးအတွက် လမ်းကြောင်း၊ အနာဂတ် သုတေသနများအတွက် လမ်းညွှန်များ

ယခုအခန်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၄၀ လောက်မှ စ၍ ဒီမိုကရေစီနှင့် နှိပ်ကွပ်မှုများအကြား ဆက်စပ်မှုများအပေါ် ရေးသားထားသည့် စာရင်းအင်း တွက်ချက်မှု အခြေပြုသော စာတမ်းများအား ခြုံငုံ ဖော်ပြရန် ကြိုးပမ်းခဲ့ပါသည်။ ထိုသို့ ဖော်ပြရာတွင် ယေဘုယျ ချဉ်းကပ်ပုံများနှင့် တွေ့ရှိချက်များကို ဖော်ထုတ်ခဲ့ပြီး အားသာချက်များ (အသေးစိတ်ကျခြင်းနှင့် ရလဒ်များ ရှေ့နောက်ညီခြင်း) နှင့် အားနည်းချက်များ (ကြောင်းကျိုး ဆက်စပ်မှုကို အသေးစိတ် လေ့လာရန် ပျက်ကွက်ခြင်း၊ လေ့လာသည့် ယူနစ်များကို အသေးစိတ် အဆင့်အထိ မသွားထားခြင်း) တို့ကို တင်ပြထားသည်။ အာဖရိကန် အမေရိကန်များကို ဆက်ဆံခြင်းနှင့် စပ်လျဉ်းသော အမေရိကန် နိုင်ငံ၏ သမိုင်းဝင် ဖြစ်ရပ်ကို ဥပမာအဖြစ် အသုံးပြု၍ ကာ လက်ရှိ သုတေသနများတွင် လွတ်သွားသည့် အချက်များကို ထောက်ပြခဲ့သည်။ ယခုအပိုင်းတွင်

ဒီမိုကရေစီနှင့် နှိပ်ကွပ်မှုတို့အကြား ဆက်စပ်မှုများကို ကျွန်ုပ်တို့ ပိုမို နားလည်လာရန်အတွက် မည်သို့သော ဆန်းစစ်မှုများ လုပ်ဆောင်သင့်သည်ကို ပို၍ တိတိကျကျ ဖော်ပြသွားပါမည်။

## မတူညီသော မေးခွန်းများ

ကျွန်ုပ် အကြံပြုလိုသည့် လေ့လာရန် အကြောင်းအရာများတွင် ပြောင်းလဲရန်မှာ မေးသည့် မေးခွန်းများ ဖြစ်သည်။ ဒီမိုကရေစီသည် နိုင်ငံတော်၏ နှိပ်ကွပ်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် လွှမ်းမိုးမှု ရှိပါသလား (သို့) ထိုဆက်စပ်မှု၏ ပုံစံကို မေးမြန်းရန်မှာ မလိုအပ်တော့ပေ။ ထိုကိစ္စရပ်သည် အဖြေပေါ်ပြီး ဖြစ်သည်။ သုတေသန ပညာရှင်များသည် အလုပ်ဖြစ်သည့် ကြောင်းကျိုး ဆက်စပ်မှုကို အတိအကျ ထောက်ပြရန် အရေးကြီးသည်။ ဒီမိုကရေစီ၏ မည်သည့် အစိတ်အပိုင်းက သက်ရောက်မှု ရှိသနည်း၊ မည်သည့် နှိပ်ကွပ်မှု ပုံစံမျိုး၊ မည်သို့သော နှိပ်ကွပ်သူများ အပေါ် သက်ရောက်မှု ရှိသနည်းဟူသည့် မေးခွန်းများ ဖြစ်သည်။ နောက်ဆုံး မေးခွန်းသည် အခြား မေးခွန်းများလောက် စူးစမ်းသူ မရှိသေးပေ။ ထိုမှ တစ်ဆင့် နိုင်ငံ တစ်နိုင်ငံ အတွင်းရှိ ဒီမိုကရေစီ အခြေအနေ ကွဲပြားမှုများက တူညီသော အုပ်ချုပ်ရေး နယ်နမိတ် တစ်ခုအတွင်း၌ပင် မတူညီသော နှိပ်ကွပ်မှုများ မည်သို့၊ မည်သည့်အတွက်ကြောင့် ဖြစ်ပွား စေသနည်းကို လေ့လာရန်လည်း တန်ဖိုးရှိပေမည်။ မတူညီသော ပြည်နယ်များတွင် ဒီမိုကရေစီ၏ အရည်အသွေးများ ကွာခြားပုံကို အသိအမှတ် မပြုဘဲနှင့် ဒီမိုကရေစီသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို လွှမ်းမိုးမှု ရှိသည့် အကြောင်း ပြောရန် မသင့်လျော်တော့ပေ။

နောက်ထပ် လေ့လာနိုင်သည့် အချက်မှာ ကမ္ဘာပေါ်ရှိ သတင်းစာများမှ တွေ့နိုင်သည့် တစ်ဆင့် စာချုပ်ဖြင့် ငှားရမ်းသည့် ကိစ္စ ဖြစ်သည်။ (ဒီမိုကရေစီ နိုင်ငံ အချို့ အပါအဝင်) အစိုးရ အများအပြားသည် ၎င်းတို့ နှိပ်စက်လိုသူများ (သို့) နှိပ်ကွပ်လိုသူများကို အခြားနိုင်ငံများသို့ ပို့ပြီး ရှင်းခိုင်းခြင်း ဖြစ်သည် (အခန်း ၁၅ တွင် ရှုပါ)။ နိုင်ငံရေး ခေါင်းဆောင်များသည် ထိုလုပ်ရပ်များကို လုပ်ဆောင်ခြင်း၏ အကျိုးဆက် ထိခိုက်မှုများကို စိုးရိမ်လာကြပြီ ဖြစ်သောကြောင့် ဤအချက်မှာ အရေးပါသည်။ ထိုကိစ္စရပ်များသည် ၎င်းတို့၏ တရားဝင် ဖြစ်မှု (သို့) ရာထူးကို ဆုံးရှုံးစေသောကြောင့် ခေါင်းဆောင်များသည် ထိုဖြစ်ရပ်များ ပေါ်သွားမည်ကို စိုးရိမ်ကြသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံရေး ခေါင်းဆောင်များသည် နှိပ်ကွပ်မှုကို ပေါ်ပေါ်ထင်ထင် လုပ်ခြင်းအား တားမြစ်ခံထားရသလောက် နှိပ်ကွပ်သည့် လုပ်ရပ်များ လုပ်ဆောင်ခြင်းကိုမူ တားမြစ်ခံထားရခြင်း သိပ်မရှိပေ။ ထိုကိစ္စရပ်များကိုလည်း အသေးစိတ် လေ့လာသင့်သည်။ ထိုကိစ္စရပ်များနှင့် ဆက်စပ်သည့် အခြား ကိစ္စရပ် တစ်ခုမှာ အသက် မသေစေသည့် ညှဉ်းပန်း နှိပ်စက်ရေး နည်းလမ်းများ သုံးခြင်း ဖြစ်သည်။ မကြာသေးမီက တွေ့ရှိခဲ့ရသည့်အတိုင်း (ဥပမာ Rejali, 2007) ဒီမိုကရေစီ နိုင်ငံများသည် သက်သေ ချန်ထားခြင်း (ဥပမာ နစ်နာသူများ ခန္ဓာကိုယ်တွင် အမှတ်အသားများ ကျန်နေခဲ့ခြင်း ကဲ့သို့သော) မရှိနိုင်လောက်သည့် နှိပ်ကွပ်မှု နည်းလမ်းများ အသုံးပြုရာတွင် ဦးစွာ လုပ်ဆောင်ခဲ့သူများ ဖြစ်သည်။ နှိပ်ကွပ်မှုကြောင့် ပေးဆပ်မှု များသည့် ဒီမိုကရေစီနိုင်ငံများတွင် လွှမ်းမိုးမှု ရှိသော်လည်း သိသာသော နှိပ်ကွပ်မှု ပုံစံများကို ရှောင်ရှားခြင်းများ လုပ်ဆောင်ကြနိုင်သည်။ နိုင်ငံရေးအရ စောင့်ကြည့်ခြင်းများသည်လည်း အလားတူပင် ဖြစ်သည်။

## အချက်အလက်များကို ခွဲခြမ်းထားခြင်း

အထက်တွင် ဖော်ပြခဲ့သည့် ကိစ္စရပ်များကို လေ့လာရန် သုတေသန ပညာရှင်များသည် လေ့လာသုံးသပ်သည့် ယူနစ်များ စဉ်းစားရာတွင် အပြောင်းအလဲများ လုပ်ရန် လိုသည်။ နှိုင်းယှဉ် လေ့လာရေး ဆိုင်ရာ နိုင်ငံရေး၊ နိုင်ငံတကာ ဆက်ဆံရေးတို့နှင့် ပတ်သက်သည့် စာတမ်း အများစုတွင် နိုင်ငံ-ခုနှစ် ပုံစံ လေ့လာကြသော်လည်း ထိုခေါင်းစဉ်ကို အနာဂတ်တွင် လေ့လာသည့်အခါ ပို၍ အသေးစိတ် ကျသော အချက်အလက် ခွဲခြမ်းမှုများ လုပ်ဆောင်သင့်သည်။ စုစုပေါင်း ရမှတ် တစ်ခုသည် နိုင်ငံ တစ်နိုင်ငံလုံးရှိ ဒီမိုကရေစီကို ပြသနိုင်ပြီဟု ယူဆခြင်းမှာ အဓိပ္ပာယ် မရှိလှပေ။ နိုင်ငံ တစ်နိုင်ငံအတွင်း ပြည်နယ်များ၏ အခန်းကဏ္ဍများနှင့် လူထုကို လွှမ်းမိုးနိုင်မှုတို့မှာ များစွာ ကွာခြားပြီး နိုင်ငံရေး ဆိုင်ရာ အရာရှိများအပေါ် ထားရှိသည့် အတားအဆီး ပုံစံများနှင့် အတိုင်းအတာမှာလည်း ကွာခြားလှသည်။ ထို့ပြင် လူမှု နိုင်ငံရေး တည်ငြိမ်မှု တည်ထောင်ရန်နှင့် ထိန်းသိမ်းရန် မတူညီသော နှိပ်ကွပ်မှု နည်းလမ်းများ၏ အခန်းကဏ္ဍနှင့် ၎င်းတို့ကို အသုံးပြုမှုများသည်လည်း ပြည်နယ် တစ်ခုနှင့် တစ်ခုကြား ကွဲပြား ခြားနားသည်။ နိုင်ငံရေးသမားများ နှိပ်ကွပ်သည့် အာဏာကို အသုံးပြုပုံများကို သုတေသန ပညာရှင်များ၊ မူဝါဒ ချမှတ်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် သာမန် ပြည်သူများသာ နားလည်ရန် စိတ်ပါဝင်စားပါက ထိုနှိပ်ကွပ်မှုများ အသုံးပြုပုံတွင် အသေးစိတ် ကွာခြားမှုများကို လေ့လာရန်မှာ ထိုသူများ၏ တာဝန် ဖြစ်သည်။

## သက်ဆိုင်မှုများ

နောင်လာမည့် သုတေသနများအတွက် နောက်ဆုံး လမ်းညွှန်မှာ လူ့အခွင့်အရေး လေ့လာချက်များ၊ မူဝါဒနှင့် တက်ကြွ လှုပ်ရှားမှုများနှင့် ဆက်စပ်နေသည်။ ထိုနယ်ပယ်များမှာ တစ်ခုနှင့် တစ်ခု မဆက်စပ်မိသည်မှာ အချိန်အတော်ကြာ ရှိနေပြီ ဖြစ်ပြီး ယင်းမှာ နယ်ပယ် အားလုံးကို ထိခိုက်စေသည်။ အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ပွဲ၊ ပုန်ကန်သူများကို ချေမှုန်းခြင်း၊ ဆန္ဒပြပွဲများကို ရဲများမှ အရေးယူခြင်းများနှင့် ပတ်သက်သည့် ဆွေးနွေးမှုများနှင့် ငြင်းခုံမှုများသည် ထိုခေါင်းစဉ်များကို လေ့လာမည့် လူမှုရေး သိပ္ပံ နယ်ပယ်ခွဲနှင့် ဆက်စပ်မှု မရှိဘဲ ဖြစ်နေခြင်းမှာ ဆိုးသည့် အချက် တစ်ခုပင်တည်း။ ထိုအကြောင်းအရာများကို ဆွေးနွေးသည့် စားပွဲဝိုင်း ဆွေးနွေးပွဲများ၊ ဂျာနယ် စာတမ်းများနှင့် ပညာရပ် ဆိုင်ရာ စာအုပ်များသည် လက်ရှိ အခြေအနေတွင် ထိုစာပေများ၌ လက်တွေ့ကျသော သက်ရောက်မှုများ ရှိခြင်းကို အလေးမစိုက်ဘဲ ထုတ်ဝေနေခြင်းကလည်း ဆိုးရွားသည့် အချက် တစ်ချက်ပင် ဖြစ်သည်။ ဥပမာ ဒီမိုကရေစီနှင့် နှိပ်ကွပ်မှု ဆက်စပ်မှုကို ထည့်သွင်းစဉ်းစားပါက ပြင်ဆင်နိုင်သည့် သုတေသနနှင့် မူဝါဒ နယ်ပယ် တစ်ခုမှာ ဒီမိုကရေစီ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပုန်ကန်ထကြွမှုကို ထိထိရောက်ရောက် နှိမ်နှင်းခြင်း ဖြစ်သည်။ ကျွန်ုပ်၏ စာအုပ်တွင် ၁၉၇၆ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်း နိုင်ငံပေါင်း ၁၃၇ နိုင်ငံကို လေ့လာခဲ့ပြီး အချို့သော ဒီမိုကရေစီ၏ အစိတ်အပိုင်းများ (ပြိုင်ဆိုင်မှု/ ပါဝင်မှု နည်းလမ်းများနှင့် အုပ်ချုပ်ရေး မဏ္ဍိုင်အပေါ် အတားအဆီးများ) သည် နှိပ်ကွပ်မှုကို မျှော်လင့်ထားသည့်အတိုင်း လွှမ်းမိုးနိုင်ပြီး အချို့မှာမူ (မဲပေးခွင့်နှင့် ဗီတို ပါဝါ ရှိသူ အရေအတွက်) လွှမ်းမိုးနိုင်ခြင်း မရှိကြောင်း တွေ့ရသည်။ ထို့ပြင် ဒီမိုကရေစီမှ နှိပ်ကွပ်သည့် အပြုအမူများအပေါ် လွှမ်းမိုးနိုင်ခြင်းသည် နိုင်ငံ တစ်နိုင်ငံနှင့် တစ်နိုင်ငံ စစ်ပွဲ ဖြစ်ပွားနေသည့် အချိန်တွင် ပို၍ မြင့်မားသည်။ အကြမ်းဖက် တော်လှန်ပုန်ကန်မှု အခြေအနေတွင် လွှမ်းမိုးမှု လျော့နည်းသည်။ ပြည်တွင်းစစ် ဖြစ်ပွားနေသည့် အချိန်တွင်မူ လွှမ်းမိုးနိုင်မှု ရလဒ်မှာ အရောရော အနှောနှောပင် ရှိသည်။ အီရတ်တွင်

ထိုအခြေအနေ သုံးရပ်လုံး ဖြစ်ပွားခဲ့လေရာ ထိုတွေ့ရှိချက်ကို ယေဘုယျ ဖြစ်တတ်သည့် အခြေအနေဟု ကောက်ချက်ဆွဲရန် လေ့လာမှုများ ပြုလုပ်ဖို့ အခွင့်အရေးကောင်း တစ်ခုပင် ဖြစ်သည်။ လူ့အခွင့်အရေးနှင့် နှိပ်ကွပ်မှု ချဉ်းကပ်ပုံမှ ရရှိခဲ့သည့် အချက်များကို ထိုဖြစ်ရပ်တွင် အသုံးပြုကြည့်ခြင်း မရှိသေးပေ။ ထိုခေါင်းစဉ်ကို လေ့လာနေသူ အများစုက နိုင်ငံ နှစ်နိုင်ငံအကြား စစ်ပွဲများနှင့် ပြည်တွင်းစစ် အခြေအနေများမှ ဖော်ထုတ်ခဲ့သည့် လေ့လာနည်းများ(နှင့် ၎င်းတို့လောက် အားကောင်းခြင်း မရှိသည့် ပုန်ကန်မှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးလေ့လာရေး နယ်ပယ်မှ နည်းလမ်းများကိုပါ) အသုံးပြုကြသည်။ ဒီမိုကရေစီနှင့် ဖိနှိပ်မှုအကြား ဆက်စပ်မှုများကို ထိုဖြစ်ရပ်တွင် အသုံးပြုပြီး အခြား နယ်ပယ်များနှင့် နိုင်ငံရေး သိပ္ပံ၏ နယ်ပယ်ခွဲများရှိ အဆိုများနှင့် နှိုင်းယှဉ် အကဲဖြတ်ကြည့်ခြင်းက နိုင်ငံရေး ဆိုင်ရာ အကြမ်းဖက်မှုကို မည်သို့ အသုံးပြုကြောင်းကို နားလည်စေနိုင်ပြီး ထိုအကြမ်းဖက်မှုများကို ကမ္ဘာပေါ်တွင် လျော့နည်းသွားစေရန် လုပ်ဆောင်နိုင်သောကြောင့် များစွာ အသုံးဝင်မည် ဖြစ်သည်။

| အနှစ်ချုပ် |
|---|
| သုတေသန ပညာရှင်များသည် ဒီမိုကရေစီနှင့် နှိပ်ကွပ်မှုအကြား ဆက်စပ်ခြင်းများအပေါ် ၎င်းတို့ စဉ်းစားပုံကို ပြင်ဆင်ရန် လိုအပ်သည်။ ဥပမာ ဒီမိုကရေစီမှ နှိပ်ကွပ်မှုကို မည်သို့ လွှမ်းမိုးသည်၊ မည်သည့်အတွက်ကြောင့် လွှမ်းမိုးသည်ကို အသေးစိတ် နားလည်ရန် သုတေသန ပညာရှင်များသည် မတူညီသော မေးခွန်းများ မေးမြန်းသင့်သည်။<br>သုတေသန ပညာရှင်များသည် ဒီမိုကရေစီနှင့် နှိပ်ကွပ်မှုအကြောင်း ၎င်းတို့ အချက်အလက်များ ရယူသည့် ပုံစံကိုလည်း ပြောင်းလဲသင့်သည်။ အချက်အလက်များကို အသေးစိတ် ခွဲခြမ်းထားသည့် အဆင့်မှ ကောက်ယူသင့်သည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် လေ့လာမှုများကို တိတိကျကျနှင့် လက်တွေ့ဆန်ဆန် လုပ်ဆောင်နိုင်မည် ဖြစ်သည်။<br>သုတေသန ပညာရှင်များနှင့် မူဝါဒ ချမှတ်သူများ၊ တက်ကြွ လှုပ်ရှားသူများသည် ၎င်းတို့အကြား ကွာခြားချက်များကို ကျော်လွှားကာ အားလုံးနှင့် သက်ဆိုင်သည့် နိုင်ငံတော်၏ နှိပ်ကွပ်မှုများ ပပျောက်ရေးနှင့် လျှော့ချရေး ဆိုင်ရာ ပြဿနာများကို အတူတကွ ဖြေရှင်းရန် ကြိုးပမ်းသင့်သည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>ဒီမိုကရေစီနှင့် နှိပ်ကွပ်မှု ဆိုင်ရာ အချက်အလက်များကို မည်သည့်နေရာမှ ရရှိနိုင်သနည်း။ မည်သူများကို မေးမြန်းနိုင်သနည်း။ ထိုသူများနှင့် မည်သို့ အဆက်အသွယ် ရနိုင်မည်နည်း။ |

## နိဂုံး

ယခုအခန်းတွင် ဒီမိုကရေစီ နိုင်ငံရေးနှင့် နိုင်ငံတော်၏ နှိပ်ကွပ်မှုတို့အကြား ဆက်စပ်မှုများကို ဆွေးနွေးထားသည်။ သုတေသန ပညာရှင်များမှ ထိုဆက်စပ်မှုကို နည်းအမျိုးမျိုးဖြင့် လေ့လာခဲ့ပုံ များအား အကဲဖြတ်ခြင်းဖြင့် စတင်ခဲ့ပြီး ထိုလေ့လာမှုများတွင် အတွေ့ရများသည့် ယူဆချက်များ၊ ကိုက်ညီသည့် တွေ့ရှိချက်များနှင့် အမျိုးမျိုးသော ပဟေဠိများကို ဆွေးနွေးခဲ့သည်။ (၁) နိုင်ငံများကို ခွဲခြမ်းလေ့လာခြင်းနှင့် နိုင်ငံအတွင်း ကွာခြားချက်များကို ထုတ်ဖော်ခြင်း၊ (၂) ဒီမိုကရေစီ၏ မတူညီသော အစိတ်အပိုင်းများက

မတူညီသည့် နိုင်ကွပ်မှု ပုံစံများကို မည်သို့ လွှမ်းမိုးသနည်း ဟူသည်ကို စဉ်းစားခြင်း (၃) နိုပ်ကွပ်သည့် အမူအကျင့်များက ဒီမိုကရေစီ နိုင်ငံရေးကို မည်သို့ လွှမ်းမိုးသနည်းကို စဉ်းစားခြင်းတို့ ဖြစ်သည်။ ထို့နောက် အမေရိကန် နိုင်ငံနှင့် အာဖရိကန် အမေရိကန်များအပေါ် ဆက်ဆံပုံ ဖြစ်ရပ်မှ ပဟေဠိ အမျိုးမျိုးကို လေ့လာခဲ့သည်။ ထို့နောက် နောင်လာမည့် သုတေသနများအတွက် အကြံပြုချက်များဖြင့် အခန်းကို အဆုံးသတ်ခဲ့သည်။ ယင်းတို့တွင် ယခု မေးမြန်းနေသည့် မေးခွန်းများကို ဒီမိုကရေစီက နိုပ်ကွပ်မှုအား လွှမ်းမိုးမှု ရှိပါသလားဟူသည့် အထွေထွေ ကိစ္စရပ်များထက် မည်ကဲ့သို့၊ မည်သည့် နေရာတွင် လွှမ်းမိုးသလဲ ဟူသည့် မေးခွန်းများ အဖြစ်သို့ ပြောင်းလဲရန်၊ ဆက်စပ်မှုကို ပို၍ ခွဲခြမ်းစိတ်ဖြာကာ အသေးစိတ် လေ့လာနိုင်ရန် အချက်အလက်များကို ကောက်ယူသည့် ပုံစံအား ပြောင်းလဲရန်နှင့် ပညာရပ် ဆိုင်ရာ လေ့လာမှုနှင့် နိုင်ငံရေး တက်ကြွ လှုပ်ရှားမှု၊ မူဝါဒ ချမှတ်မှု နယ်ပယ်များတွင် ဆွေးနွေးချက်များ တစ်ခုနှင့် တစ်ခု အပြန်အလှန် လက်ခံစဉ်းစားကြပြီး လွှမ်းမိုးနိုင်စေရန် ထိုနယ်ပယ်များအကြား ပိုမိုကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ရန်တို့ ပါဝင်သည်။

## မေးခွန်းများ

### တစ်ဦးချင်း လေ့လာရန် မေးခွန်းများ

၁။ ဒီမိုကရေစီ ဆိုသည်မှာ အဘယ်နည်း။

၂။ နှိပ်ကွပ်မှု ဆိုသည်မှာ အဘယ်နည်း။

၃။ ဒီမိုကရေစီမှ နှိပ်ကွပ်မှုကို မည်သို့ လွှမ်းမိုးသနည်း။ အဘယ်ကြောင့်နည်း။

၄။ လုပ်ဆောင်ခဲ့သော သုတေသနနှင့် စာတမ်းများရှိ တွေ့ရလေ့ ရှိသော အမှားများမှာ အဘယ်နည်း။

၅။ အနာဂတ်တွင် မည်သည့် အရာများကို လေ့လာသင့်သနည်း

### အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ

၁။ ဒီမိုကရေစီနှင့် နှိပ်ကွပ်ခြင်းတို့ကို သဘောတရားပိုင်းအရ တစ်ခုနှင့်တစ်ခု ခွဲပစ်နိုင်ပါသလား။

၂။ ဒီမိုကရေစီက နှိပ်ကွပ်မှုကို လွှမ်းမိုးသည်ဟု ယုံကြည်ပါသလား၊ သို့မဟုတ် နှိပ်ကွပ်မှုက ဒီမိုကရေစီကို လွှမ်းမိုးသည်ဟု ထင်ပါသလား၊ သို့မဟုတ် နှစ်ခုလုံးက အပြန်အလှန် လွှမ်းမိုးနေသည်ဟု ထင်ပါသလား။

၃။ ဒီမိုကရေစီနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အနက် မည်သည်က နိုင်ငံ၏ နှိပ်ကွပ်မှုကို လျှော့ချရာတွင် ပို၍ အရေးပါသနည်း

## ဆက်လက် ဖတ်ရှုရန်

**Davenport, C. (2007).** *State Repression and the Domestic Democratic Peace*. New York: Cambridge University Press.

ထိုစာအုပ်တွင် ဒီမိုကရေစီ၏ နိုင်ငံတော်၏ ဖိနှိပ်မှုများ/လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် သက်ရောက်မှုများကို ဆွေးနွေးထားပြီး နိုင်ငံရေး သဘောထား ကွဲလွဲမှုများနှင့် ပြည်တွင်းစစ်၏ အရေးပါသော လွှမ်းမိုးမှုများကို ဆွေးနွေးထားသည်။

**Della Porta, D. and Reiter, H.** (1998). *Policing Protest: The Control of Mass Demonstrations in Western Democracies*. Minneapolis, MA: University of Minnesota Press.
ထိုစာအုပ်တွင် နိုင်ငံရေး သဘောထား ကွဲလွဲမှုကို ဒီမိုကရေစီ နိုင်ငံများတွင် မည်ကဲ့သို့ ဖိနှိပ်ကြောင်း ယေဘုယျ ချဉ်းကပ်ပုံများကို ဆွေးနွေးထားသည်။

**Gibson, J. L.** (1988). Political intolerance and political repression during the McCarthy Red Scare. *American Political Science Review,* **82**/2, 511–29.
ထိုစာတမ်းတွင် ဒီမိုကရေစီနှင့် နိုင်ငံတော်၏ နှိပ်ကွပ်မှုတို့အကြား ကြောင်းကျိုး ဆက်စပ်မှုများကို ဆန်းစစ်ထားသည်။

**Mitchell, N.** (2012) *Democracy's Blameless Leaders: From Dresden to Abu Ghraib, How Leaders Evade Accountability for Abuse, Atrocity, and Killing.* New York: New York University Press.
ထိုစာအုပ်တွင် မစ်ချဲလ်က ဒီမိုကရေစီ နိုင်ငံများရှိ ခေါင်းဆောင်များသည် အမှားအယွင်းများ အတွက် ခေါင်းရှောင်ရာတွင် ပိုမို ကျွမ်းကျင်ကြသည်ဟု ဆိုထားသည်။ သူက ထိုခေါင်းဆောင်များသည် ခေါင်းရှောင်ရာတွင် တော်ကြသူများ ဖြစ်သည်ဟု ဆိုသည်။

**Powell, G. B.** (2000). *Elections as Instruments of Democracy: Majoritarian andProportional Visions.* New Haven, CT: Yale University Press.
ထိုစာအုပ်တွင် ဒီမိုကရေစီသည် လူအများစု ဆန္ဒအဖြစ် မည်သို့၊ မည်မျှ လုပ်ဆောင်နိုင်သနည်းကို လေ့လာထားသည်။

**Reiter, D. and Stam, A. C.** (2002). *Democracies at War.* Princeton, NJ: Princeton University Press.
ထိုစာအုပ်တွင် ပဋိပက္ခများ ဖြစ်သည့်အခါ ဒီမိုကရေစီများ မည်သို့ လုပ်ဆောင်သည်နှင့် အဘယ်တွက်ကြောင့် ထိုသို့ လုပ်ဆောင်ရသည်ကို ဆွေးနွေးထားသည်။ အထူးသဖြင့် ဒီမိုကရေစီများ စစ်ပွဲတွင် မည်သည့် အချိန်၌ ပါဝင်သနည်းနှင့် မည်သို့ ပါဝင်သနည်း ဟူ၍ ဖြစ်သည်။

Stohl, M. (1976). *War and Domestic Political Violence: The American Capacity for Repression and Reaction*. Beverly Hills, CA: Sage.
ယခုစာအုပ်တွင် နိုင်ငံများ အကြား စစ်ပွဲ ဖြစ်ပွားနေသည့် အခြေအနေများ၌ ဒီမိုကရေစီများ နှိပ်ကွပ်မှုကို မည်သို့ အသုံးပြုကြောင်း လေ့လာထားသည်။

## ဝက်ဘ်ဆိုဒ်များ

**http://staterepression.weebly.com/repression-data.html** လူ့အခွင့်အရေးနှင့် နှိပ်ကွပ်မှု ဆိုင်ရာ အချက်အလက်များ ဖြစ်သည်။ ဤဝက်ဘ်ဆိုဒ်တွင် လူသိများသည့် လူ့အခွင့်အရေး/နှိပ်ကွပ်မှု ဆိုင်ရာ အချက်အလက်များ အားလုံး ရှိသည်။

**http://www.state.gov/g/drl/** *US Bureau of Democracy, Human Rights and Labor.* ထိုဝက်ဘ်ဆိုဒ်တွင် အမေရိကန် နိုင်ငံနှင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများတွင် ဖြစ်ပွား နေသော လူ့အခွင့်အရေး အခြေအနေများအကြောင်း အချက်အလက်များ ပေးထားသည်။

**http://www.pbs.org/wnet/jimcrow/themap/map.html** *ဂျင်ခရိုး စနစ် အတက်၊ အကျ။* ထိုဝက်ဆိုဒ်တွင် ကြည့်ရှုသူများကို ဂျင်ခရိုး စနစ်၏ အစိတ်အပိုင်း အမျိုးမျိုး (ဥပမာ ဥပဒေများ၊ အချိန် အတိုင်းအတာ တစ်ခုအတွင်း လူဦးရေ အပြောင်းအရွှေ့များ၊ အာဖရိကန် အမေရိကန်များ အပေါ် အကြမ်းဖက်မှု) ကို ကြည့်ရှုနိုင်သည့် မြေပုံ ပုံစံမျိုး ဖြစ်သည်။

**http://www.usip.org/** *ဂျင်ခရိုး၏ သမိုင်း။* ထိုဝက်ဘ်ဆိုဒ်တွင် အဆိုပါ ခေါင်းစဉ်နှင့် စပ်လျဉ်းသော အလွယ်တကူ ကြည့်ရှုနိုင်သည့် အရင်းအမြစ်များကို ဖော်ပြထားသည်။

**http://www.inmotionaame.org/home.cfm?bhcp = 1** *အပြောင်းအရွှေ့များ၊ အာဖရိကန် အမေရိကန်များ၏ ပြောင်းရွှေ့မှု အတွေ့အကြုံ၊* ထိုဝက်ဘ်ဆိုဒ်တွင် အမေရိကန် သမိုင်းတစ်လျှောက်မှ အာဖရိကန် အမေရိကန်များ ပြည်နယ်များအကြား ပြောင်းရွှေ့နေထိုင်မှုကို မှတ်တမ်းတင်ထားသည့် မြေပုံများ ရှိသည်။

## မှတ်စုများ

၁။ အီရတ်ကို စတင် ကျူးကျော်ဝင်ရောက် သိမ်းပိုက်ချိန်မှ စ၍ ဒီမိုကရေစီကို ပြင်ပမှ ယူဆောင်လာခြင်းအပေါ် အမြင်များ ပြောင်းလဲသွားကြသည်။ သို့ရာတွင် ထိုနိုင်ငံရေး စနစ်များကို မကြာခဏ ဖန်တီးကြခြင်းမှာကား ငြင်းမရပေ။

၂။ ဤသည်မှာ အသစ် လုပ်ကိုင်နေဆဲ စီမံကိန်းဖြစ်ပြီး မပြီးသေးပေ။ https://v-dem.net/

၃။ ၁၈၇၀ တွင် ပြဋ္ဌာန်းခဲ့သော ၁၅ ကြိမ်မြောက် ပြင်ဆင်ချက်၌ လူမျိုးအပေါ် အခြေခံသည့် ကန့်သတ်ချက်များအား တရားမဝင်ဟု ပြဋ္ဌာန်းခဲ့သော်လည်း အာဖရိကန် အမေရိကန်များ၏ ပါဝင်ခြင်းကို တားဆီးရန် နည်းဗျူဟာ အများအပြား ရှိနေသေးသည်။

၄။ ပညာရှင် အများအပြားက တောင်ပိုင်း၏ နိုင်ငံရေးသည် လူဖြူများက လူမည်းများကို မည်သို့ ထိန်းချုပ်သနည်း ဟူသည့် အချက် အပြင် လူဖြူများက မည်သို့ ထိန်းချုပ်မှုများ လုပ်ဆောင်သနည်း ဟူသည့် အချက်များကို တင်ပြခဲ့သည်။

အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/

# ၁၅) ညှဉ်းပန်းနှိပ်စက်ခြင်း

ဝီလီယမ် အက်ဖ် ရှော့လ်စ် **(William F. Schulz)**

အခန်း မာတိကာ

- နိဒါန်း
- အနောက်နိုင်ငံ သမိုင်းကြောင်းမှ ညှဉ်းပန်း နှိပ်စက်ခြင်း
- ညှဉ်းပန်း နှိပ်စက်သူ တစ်ဦး မည်သို့ ဖြစ်လာသနည်း
- ဖြစ်ရပ် လေ့လာခြင်း၊ ချိန်ကိုက်ဗုံး အခြေအနေတွင် ညှဉ်းပန်းနှိပ်စက်ခြင်း
- ညှဉ်းပန်း နှိပ်စက်ခြင်းများကို အဆုံးသတ်ခြင်း၊ ဖြစ်ပေါ် တိုးတက်မှု အသစ်များနှင့် မြင့်မားသော ကတိကဝတ်များ
- နိဂုံး

စာဖတ်အညွှန်း

ညှဉ်းပန်းနှိပ်စက်ခြင်းသည် ကမ္ဘာပေါ်တွင် အတွေ့ရ အများဆုံး လူ့အခွင့်အရေး ရာဇဝတ်မှုများ ထဲတွင် တစ်ခု အပါအဝင် ဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်ခြင်းကို များသောအားဖြင့် စစ်ဆေးမေးမြန်းရေး လုပ်ငန်းစဉ်များနှင့် ဆက်စပ်ကြသည်။ သို့ရာတွင် ယင်းကို နိုင်ငံရေး အတိုက်အခံများအား ခြိမ်းခြောက်ရန်၊ ယဉ်ကျေးမှု အလေ့အကျင့်များအား ပိုမို အားကောင်း လာစေရန်၊ အကြောင်းမဲ့ အကြမ်းဖက်မှုများ ပြန့်ပွားစေရန်တို့အတွက် မကြာခဏ အသုံးပြု ကြသည်။ ယခုအခန်းတွင် အနောက်နိုင်ငံ သမိုင်းကြောင်း၌ ညှဉ်းပန်း နှိပ်စက်မှု အသုံးပြုခြင်းကို လေ့လာသွားမည် ဖြစ်ပြီး အောက်ပါ မေးခွန်းများကို ဆန်းစစ်သွားပါမည်။ ညှဉ်းပန်း နှိပ်စက်သူ အားလုံးသည် ရက်စက်သူများလား (သို့) သာမန်လူတစ်ဦးကို ညှဉ်းပန်း နှိပ်စက်သူ ဖြစ်လာအောင် လေ့ကျင့်ပေးနိုင် ပါသလား။ အချို့သော လူ့အဖွဲ့အစည်းများက အခြား လူ့အဖွဲ့အစည်းများထက် ညှဉ်းပန်း နှိပ်စက်မှုကို ပို၍ လုပ်ဆောင်နိုင်ခြေ ရှိပါသလား။ ညှဉ်းပန်း နှိပ်စက်မှုကို ကျိုးကြောင်းပြ နိုင်ပါသလား။ နောက်ဆုံး မေးခွန်းနှင့် စပ်လျဉ်း၍ ယခုအခန်းတွင် စိတ်ကူးယဉ် ဖြစ်ရပ် တစ်ခု၌ ညှဉ်းပန်း နှိပ်စက်မှု အသုံးပြုခြင်း၏ အားသာချက်၊ အားနည်းချက် ဆိုင်ရာ ငြင်းခုံမှုများကို အသေးစိတ် လေ့လာသွားပါမည်။ ထိုဖြစ်ရပ်တွင် သံသယ ရှိသူသည် လူအများအပြားကို ဒဏ်ရာရရှိစေမည့် ပေါက်ကွဲလုဆဲဆဲ ချိန်ကိုက်ဗုံး တစ်လုံး၏ တည်နေရာကို သိရှိသည်ဟု ထင်မြင်ထားသည်။ ထိုကဲ့သို့သော အခြေအနေမျိုးသည် လွန်စွာ ရှားပါးပြီး တွေ့ရလေ့ ရှိသည့် ညှဉ်းပန်း နှိပ်စက်မှု ဥပမာ ပုံစံများကို မည်ကဲ့သို့ အောင်အောင်မြင်မြင် လျှော့ပါးသွားအောင် လုပ်ဆောင်ရမည်နည်း ဟူသည်ကို ဆွေးနွေး၍ နိဂုံးချုပ်ထားပါသည်။

## နိဒါန်း

မီဂွယ်လ် အိန်ဂျယ် အက်စ်ထရီလာ (Miguel Angel Estrella) သည် ကမ္ဘာ့ အတော်ဆုံး စန္ဒယား ပညာရှင် တစ်ယောက် ဖြစ်သည်။ ၁၉၇၇ ခုနှစ်တွင် သူ့ကို ပုန်ကန်ရေးနှင့် ဆက်စပ်သည်ဟု စွပ်စွဲကာ ဖမ်းဆီး၍

ဥရုဂွေး၏ နာမည်ဆိုးဖြင့် ကျော်ကြားသော လစ်ဘာတက် အကျဉ်းထောင်သို့ ပို့ထားခဲ့သည်။ သူ၏ ဖြစ်ရပ်သည် နိုင်ငံတကာမှ အာရုံစိုက်မှုများ ရရှိခဲ့ပြီး သူ့ကိုယ်စား အင်္ဂလန် နိုင်ငံ ဘုရင်မကပင် ဝင်ရောက် စွက်ဖက်ခဲ့ကာ ဥရုဂွေး နိုင်ငံ၏ စစ်အာဏာရှင်များကို အက်စ်ထရီလာအား အနည်းဆုံး စန္ဒယား တီးခွင့် ပေးရန် တောင်းဆိုခဲ့သည်။ အာဏာပိုင်များက သဘောတူခဲ့ပြီး ဘုရင်မက အက်စ်ထရီလာအား ပေးရန် စန္ဒယား တစ်လုံး ပို့ပေးခဲ့သည်။ သို့ရာတွင် နာမည်ကျော် ပညာရှင် လက်ခံ ရရှိခဲ့သည်မှာ စန္ဒယား ကိုယ်ထည်မှ ခွာထုတ်ထားခဲ့သော တီး၍ မရသည့် ကီးဘုတ် တစ်ခုသာ ဖြစ်သည်။ ဂီတပညာရှင်ကို "သင်၏ စန္ဒယားသံက အခြား အကျဉ်းသားများကို အနှောင့်အယှက် ဖြစ်စေလိမ့်မည်" ဟု အကြောင်းကြားခဲ့သည် (Weschler, 1990)။

ညှဉ်းပန်းနှိပ်စက်ခြင်းဟု ဆိုသည့်အခါ ပုံမှန်အားဖြင့် မှောင်မည်းသော အခန်းများနှင့် ရုပ်ပိုင်းဆိုင်ရာ အရ ရက်စက်စွာ ထိခိုက်စေခြင်းများကို မြင်ယောင်လာကြသည်။ အမှန်တကယ် တွင်လည်း ယင်းကဲ့သို့ ဖြစ်ရပ် များစွာ ရှိသည်။ ၁၉ ရာစု နှောင်းပိုင်းတွင် ဘယ်လ်ဂျီယံ ဘုရင် လီယိုပိုးလ်ဒ် (King Leopold) က ကွန်ဂိုနိုင်ငံကို အုပ်စိုးစဉ်၌ သူ့လက်အောက်ငယ်သားများသည် ဒေသခံ အလုပ်သမားများကို လျှော်ဖြင့် ပြုလုပ်ထားသော ကြာပွတ်များဖြင့် ရိုက်နှက်ခြင်း၊ နေလှမ်း အခြောက်ခံထားသော ရေမြင်း အရေခွံကို ရှည်လျားပြီး အဖျားချွန်သည့် တုတ်များတွင် ပတ်၍ ရိုက်နှက်ခြင်း စသည်ဖြင့် အပြစ်ပေးသည့် နည်းလမ်းများ အသုံးပြုခြင်းကို နှစ်ခြိုက်ခဲ့ကြသည်။ နှစ်ဆယ့် ငါးကြိမ် အရိုက်ခံရလျှင် မေ့မြောသွားနိုင်ပြီး အကြိမ် တစ်ရာ အရိုက်ခံရပါက အသက်ပင် ဆုံးရှုံးနိုင်သည် (Hochschild, 1998, pp. 120-3)။ ရိုက်နှက်ခြင်း၊ လျှပ်စစ်ဖြင့် ရှော့ရိုက်ခြင်း၊ အဓမ္မ ပြုကျင့်ခြင်း အားလုံးသည် တွေ့ရလေ့ ရှိသည့် ညှဉ်းပန်း နှိပ်စက်မှု ပုံစံများ ဖြစ်သည်။ အမေရိကန် နိုင်ငံတွင် အကြမ်းဖက်သမားဟု သံသယ ဝင်သူများကို ရေနှစ်ခြင်း (သံသယ ဝင်သူ၏ ပါးစပ်ကို အဝတ်စဖြင့် ဆို့ထားပြီး သူ၏ မျက်နှာပေါ်ကို ရေများ သွန်ချကာ ရေနစ်သည့် ပုံစံမျိုး ဖြစ်အောင် လုပ်ခြင်း) အသုံးပြုခွင့် ပေးထားသည် (Schoof, 2008; ပုံ ၁၅.၁ ကို ရှုပါ)။

| ပုံ ၁၅.၁။ ရေနှစ်ခြင်း |
|---|
| **အမည်။** ရေနှစ်ခြင်း<br>**ဖော်ပြချက်။** ရေနှစ်သည့် ပုံစံ အများအပြား ရှိသည်။ သို့ရာတွင် အောက်ပုံတွင် ဖော်ပြထားသည့် ပုံမှန် တွေ့ရလေ့ ရှိသော ပုံစံမှာ ပါးစပ်ကို အဝတ်စ (သို့) ပုဝါဖြင့် ဆို့ထားပြီး ရေဖြင့် တောက်လျှောက် လောင်းချသည့် ပုံ ဖြစ်သည်။ ထိုသို့ ပြုလုပ်ခြင်းက ရေနစ်သည့် ခံစားချက် ရစေပြီး ကြီးစွာသော စိတ်ဖိစီးမှု ရစေသည်။ ထိုနည်းလမ်းကို ၁၆ ရာစုလောက်ကတည်းကပင် အသုံးပြုသည်။ အမေရိကန် စီအိုင်အေ အဖွဲ့က ၂၀၀၂-၃ ခုနှစ်တွင် အယ်လ်ကိုင်ဒါ (al-Qaeda) အကျဉ်းသား သုံးဦးအပေါ် ထိုနည်းလမ်း အသုံးပြုခဲ့ကြောင်း ဝန်ခံခဲ့သည်။ အမေရိကန် သမ္မတ ဂျော့ ဒဗလ်ယူ ဘုရှ် (George W. Bush) က ထိုနည်းလမ်းသည် ညှဉ်းပန်းနှိပ်စက်ခြင်းတွင် အကျုံးမဝင်ဟု ငြင်းဆန်ခဲ့သည်။ သို့ရာတွင် သမ္မတ ဘုရှ်၏ အီရတ်သို့ ကျူးကျော် ဝင်ရောက်ခြင်းကို ထောက်ခံခဲ့သူ ကွယ်လွန်သူ သတင်းထောက် ခရစ်စတိုဖာ ဟစ်ချန်းစ် (Christopher Hitchens) က သူကိုယ်တိုင် ရေနှစ်ခံ၍ ယင်းလုပ်ရပ်မှာ ညှဉ်းပန်းနှိပ်စက်ခြင်း ဖြစ်ကြောင်း သံသယ ရှိစရာ မလိုဟု ဆိုခဲ့သည် (Hitchens, 2008)။ (ဟစ်ချန်းစ် ရေနှစ်ခံသည့် ဖြစ်ရပ်ကို https://www.youtube.com/watch?v=Efh_6_-tHgY တွင် ကြည့်ရှု၍ သူ၏ အတွေ့အကြုံကို Hitchens, 2008 တွင် ဖတ်ရှုကာ သင်ကိုယ်တိုင် ဆုံးဖြတ်ကြည့်နိုင်သည်။) ညှဉ်းပန်း နှိပ်စက်မှု ဆန့်ကျင်ရေး ဆိုင်ရာ သဘောတူ စာချုပ် (The |

Convention Against Torture (CAT)) တွင် "လူတစ်ဦးထံမှ (သို့) အခြားသူ တစ်ယောက် အကြောင်း အချက်အလက် ရယူရန် (သို့) ဖြောင့်ချက် ရယူရန် ရည်ရွယ်ချက်ဖြင့် ထိုသူကို ရည်ရွယ်ချက် ရှိရှိ ရုပ်ပိုင်းဆိုင်ရာ ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာ ဖြစ်စေ ပြင်းထန်သော နာကျင်မှု (သို့) ထိခိုက်မှုကို ဖြစ်ပွားစေသည့် မည်သည့် လုပ်ရပ်ကိုမဆို" တားမြစ်ထားသည်။ ရေနှစ်ခြင်းသည် ထိုအဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် မကိုက်ညီဟု ငြင်းဆိုရန် ခက်ခဲသည်။ ၂၀၀၉ ခုနှစ်တွင် သမ္မတ ဘားရက် အိုဘားမား (Barack Obama) က အမေရိကန် နိုင်ငံတွင် ထိုနည်းလမ်း အသုံးပြုခြင်းကို တားမြစ်ခဲ့သည်။



Carter (2005) ကို မှီငြမ်းထားသည်။

အချို့သော ညှဉ်းပန်း နှိပ်စက်သူများသည် ကောက်ကျစ်စွာပင် စိတ်ကူးစိတ်သန်း ကောင်းကြသည်။ အာဖဂန်နစ္စတန်တွင် မူဂျာဟစ်ဒင် (mujahedeen) (ဘာသာရေး စစ်သည်တော်များ) အသုံးပြုခဲ့သည့် နည်းလမ်းတစ်ခုကို ဖတ်ခဲ့ဖူးသည်။ ထိုသူများသည် ၎င်းတို့ ဖမ်းဆီးမိသည့် ရန်သူများကို အလောင်းများနှင့် တွဲချည်ပြီး ထိုလူသေအလောင်းနှင့် အသက်ရှင်နေသူကို နေပူထဲတွင် အတူထားကာ ပုပ်ဆွေးစေသည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဘရာဇီးလ်၌ အကျဉ်းသားများကို ကိုယ်တုံးလုံးချွတ်ကာ ကွန်ကရစ် အခန်းငယ်လေးထဲတွင် စပါးကြီးမြွေ တစ်ကောင်နှင့် ပိတ်ထားထားသည် (Dassin, 1986, pp. 16-17)။ ဖိလစ်ပိုင်တွင် ၂၀ ရာစု အစောပိုင်း၌ အမေရိကန် စစ်အကျဉ်းသားများကို နွားချေးများဖြင့် လည်ပင်းအထိ မြှုပ်ထားကာ သကြားအနှစ်ရည်ကို ၎င်းတို့၏ ခေါင်းပေါ်မှ လောင်းချသည်။ ထို့နောက် ပုရွက်ဆိပ် အနီများကို ၎င်းတို့၏ ဦးခေါင်းခွံပေါ်တွင် လွှတ်ပေးလိုက်သည် (Schulz, 2003, p. 155)။

သို့ရာတွင် အမေရိကန်များသည် ဖိလစ်ပိုင် လူမျိုးများအပေါ် "ရေဖြင့် ကုစားနည်း" ကို အသုံးပြုကာ လက်စားချေခဲ့သည်။ အမေရိကန် စစ်သား တစ်ဦးက ယင်းနည်းလမ်းကို အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

သူတို့ကို ပက်လက်လှန်ခိုင်းထားလိုက်ပြီး လက်နှစ်ဖက်စီနဲ့ ခြေထောက် နှစ်ဖက်စီပေါ်မှာ အမျိုးသား တစ်ဦးစီက တက်ရပ်လိုက်တယ်။ ပြီးတော့ သူတို့ ပါးစပ်ထဲကို ပိုက်လုံးတစ်ခု ထည့်လိုက်ပြီး ပါးစပ်နဲ့ နှာခေါင်းထဲကို ရေတွေ လောင်းထည့်တယ်။ သူတို့ အလျှော့မပေးသေးရင် နောက်တစ်ခွက်ပြီး တစ်ခွက် ထပ်လောင်းထည့်တယ်။ သူတို့က ဖားပြုတ်တွေလိုပဲ ဖောင်းကား လာတယ်။
(Kramer, 2008, p. 38)

သို့ရာတွင် အက်စ်ထရီလာတွင် ကျင့်သုံးခဲ့သော စိတ်ပိုင်းဆိုင်ရာအရ ညှဉ်းပန်းနှိပ်စက်မှုများ သည်လည်း ကျော်ကြားသည်။ ဥပမာ ဆိုဗီယက်များသည် ၎င်းတို့ ဖမ်းဆီး ထိန်းသိမ်းထားသူကို ဘေးအခန်းမှ ကြားနေရသည့် အော်ဟစ်သံများမှာ သူ၏ မိန်းမ (သို့) သမီးဖြစ်သူ နှိပ်စက် ခံရသည့် အသံများ ဖြစ်သည်ဟု လှည့်စား ပြောဆိုကြသည်။ ဤသည်မှာ ထိုသူ ထုတ်ဖော်ပြောလာစေရန် သေချာပေါက် အောင်မြင်သည့် နည်းလမ်း ဖြစ်သည် (Solzhenitsyn, 1973, pp. 106-7)။

ယနေ့ခေတ်သည် ညှဉ်းပန်းနှိပ်စက်မှုကို မည်မျှ အတိုင်းအတာအထိ အသုံးပြုနေသေးကြောင်း သိရှိရန် ခက်ခဲ့သည်။ သို့ရာတွင် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာရေး အဖွဲ့၏ အဆိုအရ "နိုင်ငံပေါင်း ၁၅၀ ကျော်တွင် ညှဉ်းပန်း နှိပ်စက်မှုများ မှတ်တမ်းတင် နိုင်ခဲ့သည်။ ညှဉ်းပန်း နှိပ်စက်မှုကြောင့် နိုင်ငံပေါင်း ၈၀ မှ လူများ အသက် ဆုံးရှုံးရသည်။" ညှဉ်းပန်းနှိပ်စက်မှုကို မှတ်တမ်းတင်နိုင်ခဲ့သော နိုင်ငံများထဲတွင် တရုတ်၊ ရုရှားနှင့် အမေရိကန် နိုင်ငံတို့လည်း အပါအဝင် လူဦးရေ အများဆုံး နိုင်ငံများလည်း ပါဝင်သည်။

ညှဉ်းပန်း နှိပ်စက်ခံရသည့် လူအရေအတွက် အတိအကျ မည်မျှ ရှိသည်ဖြစ်စေ ဤသည်မှာ အတွေ့ရ များသည့် လူ့အခွင့်အရေး ချိုးဖောက်မှု တစ်ခုပင် ဖြစ်သည်။ မည်သည့် လေးစားဖွယ်ရာ ပုဂ္ဂိုလ်ကမျှ မိန်းမကို ရိုက်နှက်ခြင်း (သို့) အကြမ်းဖက် လုပ်ရပ် အပေါ် ကာကွယ်မည် မဟုတ်သော်လည်း ညှဉ်းပန်း နှိပ်စက်ခြင်းကို ကျိုးကြောင်း ဆီလျော်သည်ဟု ဆိုနိုင်သည့် အခြေအနေ အချို့ရှိကြောင်း လက်ခံသူ အချို့ ရှိသည်။ ဤသည်မှာပင် ထိုဖြစ်ရပ်ကို နားလည်ရန် အရေးကြီးသည့် အကြောင်းပြချက် တစ်ခု ဖြစ်သည်။

ယခုအခန်းတွင် ကျွန်ုပ်တို့သည် အနောက်နိုင်ငံများ၏ ညှဉ်းပန်း နှိပ်စက်မှု သမိုင်းများကို ဦးစွာ လေ့လာသွားပါမည်။ ထို့နောက် လူတစ်ဦးကို ညှဉ်းပန်းနှိပ်စက်သူ ဖြစ်လာရန် မည်သည်တို့ လိုအပ်သနည်း ဟူသည့် အချက်ကို စဉ်းစားသွားမည်။ ညှဉ်းပန်းနှိပ်စက်မှု အသုံးပြုခြင်း ပို၍ ဖြစ်နိုင်သည့် လူမှု အခြေအနေများနှင့် ထိုသို့ အသုံးပြုခြင်း ကျိုးကြောင်း ဆီလျော်သည့် ဖြစ်ရပ်များကို လေ့လာသွားပါမည်။ နောက်ဆုံး အနေဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းကို အဆုံးမသတ် နိုင်သည့်တိုင် လျှော့ကျသွားနိုင်ရန် လုပ်ဆောင်နိုင်သည်များကို ဖော်ပြသွားပါမည်။ ထို့နောက် ထိုကြိုးပမ်းမှုများက လူ့အခွင့်အရေး နယ်ပယ်ထဲမှ အခြား ဖြစ်ပေါ် တိုးတက်မှုများနှင့် မည်သို့ လိုက်ဖက်သနည်း ဟူသည်ကို ဆွေးနွေးသွားပါမည်။

## အနောက်နိုင်ငံ သမိုင်းကြောင်းမှ ညှဥ်းပန်း နှိပ်စက်ခြင်း

ယနေ့တွင် ညှဥ်းပန်းနှိပ်စက်ခြင်းကို လျှို့ဝှက်နေရာများတွင် ပုန်းကွယ်၍ လုပ်ဆောင်ကြပြီး လူအများ သိရှိရန် ကြေညာခြင်း မရှိပေ။ အစိုးရ အများစုသည် အကျဥ်းသားများအပေါ် ကိုယ်ထိလက်ရောက် ကျူးလွန်ရန် တွေးပင် မတွေးကြည့်ဟု ဆိုကြသည်။ ထိုလုပ်ရပ်အပေါ် ကာကွယ်သူများသည်ပင် ယင်းကို ရှားရှားပါးပါး အခြေအနေများတွင် တင်းကြပ်သော အကန့်အသတ်များ အောက်တွင်သာ အသုံးသင့်သည်ဟု လက်ခံထားကြသည်။ သို့ရာတွင် စိတ်ဝင်စားဖွယ် ကောင်းသည့် အချက်မှာ ရှေးခေတ်က လူများသည် ညှဥ်းပန်း နှိပ်စက်ခြင်းကို သဘာဝကျသည့် အရာတစ်ခုဟုပင် ခံယူထားသည်။

### ကျွန်များကို နှိပ်စက်ခြင်း၊ "ကျွန်တော် လိမ်ပြောလို့ မရဘူး"

ရှေ့ေးခေတ် ဂရိနှင့် ရိုမန်များသည် ကျွန်များကို နှိပ်စက်ခြင်းအပေါ် အပြစ်ရှိသည်ဟု ခံစားရခြင်း မရှိသည်မှာ အံ့အားသင့်ဖွယ် မဟုတ်ပေ။ ဘေးထုတ်ခံရသူများနှင့် အာဏာ မရှိသူများသည် နိုင်ငံရေးနှင့် စီးပွားရေး အာဏာ ရှိသူများနှင့် နှိုင်းယှဥ်လျှင် ပို၍ ကြမ်းတမ်းစွာ ဆက်ဆံ ခံရသည်။ သို့ရာတွင် ဂရိနှင့် ရိုမန် သမိုင်း အစောပိုင်းတွင် ညှဥ်းပန်း နှိပ်စက်မှု အသုံးပြုပုံ၏ ထူးခြားသည့် အချက် တစ်ချက်မှာ ကျွန်များကို နှိပ်စက်ခြင်း အပေါ် ကျိုးကြောင်းဆက်စပ် တွေးခေါ်ပုံ ဖြစ်သည်။ (လွတ်လပ်သော နိုင်ငံသားများနှင့် နှိုင်းယှဥ်လျှင်) ကျွန်များသည် (ဂရိများ logos ဟု ခေါ်သည့်) စဉ်းစားတွေးခေါ်မှု အရည်အသွေး မရှိကြပေ။ ထို့ကြောင့် လိမ်ပြောနိုင်စွမ်း မရှိပေ။ လွတ်လပ်သော နိုင်ငံသားများသည် အမှန်နှင့် အမှားကို ခွဲခြား နိုင်ကြသည်။ သို့ရာတွင် စဉ်းစား တွေးခေါ်နိုင်စွမ်း မရှိကြသော ကျွန်တစ်ဦးသည် အမှန်ပြောခြင်း (သို့) ဖုံးကွယ်ထားခြင်း၏ အကျိုးဆက်များကို တွေးတော နိုင်ခြင်း မရှိပေ။ ဖိအားပေးခံရလျှင် ကျွန်တစ်ဦးသည် အမှန်တရားကို ပြောကို ပြောရမည် ဖြစ်သည်။ ထို့ကြောင့် အစိုးရ တာဝန်ရှိသူများသည် အမှန်တကယ် ဖြစ်ပျက်ခဲ့သည် များကို ဆုံးဖြတ်ရန် ကြိုးပမ်းသည့်အခါ (မည်သူက ဝိုင်ကို ခိုးခဲ့သနည်း၊ မည်သူက သိုးကျောင်းသူ အမျိုးသမီးကို သတ်ခဲ့သနည်း) ကျွန်တစ်ဦးကို နှိပ်စက်ရန်သာ လိုသည် (DuBois, 1991, pp. 63-6)။

ထို့ကြောင့် ရှေးခေတ်က ညှဥ်းပန်း နှိပ်စက် ခံရသူများတွင် တွေ့ရလေ့ရှိသည့် စရိုက်လက္ခဏာ တစ်ခုမှာ အောက်ပါအတိုင်း ဖြစ်သည်။ ထိုသူများကို လူသား အရည်အသွေး အပြည့်အဝမရှိဟု ယူဆထားကြသည်။ အခြားသူများနှင့် တန်းတူ လေးစားသမှုဖြင့် ဆက်ဆံ ခံရရန် အရည်အသွေး အချို့ (ယခု ဖြစ်ရပ်တွင် စဉ်းစား တွေးခေါ်နိုင်စွမ်း) မရှိခြင်း ဖြစ်သည်။ ထိုသူများကို "အပြင်လူများ"၊ "ကျွန်ပ်တို့" နှင့် ကွဲပြားသူများဟု ယူဆထားကြသည်။ ထို့ကြောင့် ထိုသူများအပေါ် မတရားသဖြင့် ဆက်ဆံခြင်းသည် ဆိုးရွားသည်ဟု မဆိုနိုင်ပေ။ ကျွန်ုပ်တို့ အနေဖြင့် ထိုကဲ့သို့သော အယူအဆကို ထပ်ကာ၊ ထပ်ကာ တွေ့ရမည် ဖြစ်သည်။

သို့ရာတွင် အနည်းဆုံး အနေဖြင့် ဂရိနှင့် ရိုမန် တရားရေး စနစ်များ၌ ကျွန်များကို နှိပ်စက်ရသည့် လက်ခံနိုင်ဖွယ်ရာ ရည်ရွယ်ချက် ရှိသေးသည်ဟု ဆိုရမည် (သို့ရာတွင် ကျွန်များကို လက်ခံနိုင်ဖွယ်ရာ အကြောင်းပြချက် မရှိဘဲ နှိပ်စက်ကြသူများလည်း ရှိခဲ့သည်) ယင်းမှာ အမှန်တရားကို ရှာဖွေရန် ဖြစ်သည်။ သို့ရာတွင် ကျွန်များ၏ ထွက်ချက်များကိုသာ အားထားခြင်း၏ အကန့်အသတ်များမှာ ထင်ရှားလာသည်။ အချက်များစွာထဲမှ တစ်ချက်မှာ ကျွန်များမှာ အရေးအတွက် အများအပြား မရှိဘဲ ရာဇဝတ်မှု အားလုံးတွင်

ကျွန်မျက်မြင် သက်သေ ရှိနေနိုင်မည် မဟုတ်ပေ။ အခြားနည်းများဖြင့် ရာဇဝတ်မှု ရေးရာများကို ဆုံးဖြတ်ရန် လိုအပ်လာသည်။ ပါဝင်သည့် ပုဂ္ဂိုလ်များ၏ နာမည်ကောင်း ရှိမှု (သို့) ၎င်းတို့ ကျိန်ဆိုလိုသည့် ကျမ်းသစ္စာများ၏ ယုံကြည်ရလောက်ခြင်းအပေါ် မူတည်၍ အမှန်၊ အမှားကို ဆုံးဖြတ်နိုင်သည်။ ရုပ်ပိုင်းဆိုင်ရာအရ စမ်းသပ်ခြင်းများ (စွပ်စွဲခံရသူကို နာကျင်မှု တစ်ခု ခံစားရအောင် လုပ်၍ ခံနိုင်ပါက အပြစ်ကင်းသည်ဟု ယူဆသည်) လုပ်ဆောင်နိုင်သည်။ ဥပမာ စွပ်စွဲခံရသူသည် အပူပေးထားသော သံတုံးကို လက်ဖြင့် ကိုးပေအထိ အရေကြည်ဖု မထွက်ဘဲ ကိုင်သွားနိုင်လျှင် အပြစ်မရှိဟု ဆုံးဖြတ်သည်။ လက်တွင် အရည်ကြည်ဖု ပေါ်လာပါက အပြစ်ရှိသည့် သက်သေဖြစ်သည်။ သို့ရာတွင် ၁၂ ရာစု ရောက်လာသည့်အခါ အမှားအမှန် ခွဲခြားသည် နည်းလမ်း တစ်ခုမှာ အခြားနည်းလမ်းများ အားလုံးထက် ပို၍ သာလွန်သည်ဟု ယူဆလာသည်။ ယင်းမှာ ဖြောင့်ချက်ပင် ဖြစ်သည်။

**"သက်သေများ၏ ဘုရင်မ"**

အလယ်ပိုင်းခေတ် နှောင်းပိုင်းတွင် ဖြောင့်ချက်များကို ခိုင်လုံသည်ဟု လက်ခံထားကြလေရာ ယင်းတို့ကို "သက်သေများ၏ ဘုရင်မ" ဟု ခေါ်ဆိုကြသည်။ ထိုဖြောင့်ချက်ကို မည်သို့ ရယူမည်နည်း။ ညှဉ်းပန်းနှိပ်စက်ခြင်း ဖြင့်ပင်တည်း။ ထို့ကြောင့် ညှဉ်းပန်းနှိပ်စက်ခြင်းသည် နေ့စဉ် ရာဇဝတ်မှု ဖြစ်စဉ်များနှင့် စစ်ဆေး မေးမြန်းခြင်းများတွင် လုပ်ရိုးလုပ်စဉ် ဖြစ်လာသည်။ *quaestio* ဟူသော စကားလုံး (လက်တင် ဘာသာစကားအရ "မေးခွန်းများ ကျရောက်ခြင်း") ကိုပင် ညှဉ်းပန်း နှိပ်စက်ခြင်းနှင့် ဆင်တူ စကားလုံး အဖြစ် သတ်မှတ်လာကြသည်။

ညှဉ်းပန်း နှိပ်စက်မှု အသုံးပြုခြင်းကို စီမံ ခန့်ခွဲရန် ထိုခေတ်အခါက တရားစီရင်ရေး စနစ်သည် အသေးစိတ် ကျသော အကာအကွယ်များကို သတ်မှတ်ပေးထားသည်။ ဥပမာ ရာဇဝတ်မှု တစ်ခုတွင် မျက်မြင်သက်သေ နှစ်ဦး ရှိပါက ဖြောင့်ချက် (နှင့် အတူလာသည့် ညှဉ်းပန်း နှိပ်စက်မှု) ရှိရန် မလိုပေ။ လူတစ်ဦးကို မနှိပ်စက်မီ ထိုသူ ပြစ်မှု ကျူးလွန်ခြင်းအပေါ် မျက်မြင် သက်သေ တစ်ဦး (သို့) အပြစ်ရှိကြောင်း သွယ်ဝိုက်သည့် နည်းဖြင့် ညွှန်ပြနေမှုများ ရှိရမည်။ စစ်ဆေး မေးမြန်းသူများသည် လမ်းကြောင်းပေးသည့် မေးမြန်းခြင်း ပုံစံကို အသုံးပြုခြင်းမှ တားမြစ်ထားသည် (Langbein, 1977)။ ထိုအချက်များနှင့် အခြား ကန့်သတ်ချက်များ ရှိသော်လည်း အလယ်ခေတ် ညှဉ်းပန်း နှိပ်စက်ရေး ခန်းဆောင်များက ပြသနေသကဲ့သို့ အပြစ်မဲ့ လူပေါင်းများစွာသည် မကြာခဏ ဆိုးရွား ကြမ်းကြုတ်သော နည်းလမ်းများနှင့် အကြမ်းဖက်ခြင်း ခံခဲ့ရသည်။

တရားမမှုများတွင် ညှဉ်းပန်း နှိပ်စက်မှုကို ခွင့်ပြုရန် လိုအပ်သည့် အပြစ်ရှိကြောင်း ညွှန်ပြနေမှုများ လုံလုံလောက်လောက် ရှိ၊ မရှိ ဆုံးဖြတ်ရန် ခက်ခဲသည်။ သို့ရာတွင် ဘာသာရေး ကိစ္စရပ်များ ဖြစ်သော အယူဝါဒ ဖောက်လွဲ ဖောက်ပြန် ဖြစ်မှု (တရားဝင် သတ်မှတ်ထားသော ဘုရားကျောင်း၏ အယူအဆများမှ သွေဖည်ခြင်း) နှင့် စုန်းအတတ် တပ်သည်ဟု စွပ်စွဲခံရသည့်အခါ ကိစ္စရပ်များမှာ ပိုမို ရှုပ်ထွေးလာသည်။ ထိုပြစ်မှုများမှာ လုပ်ရပ်အရ ပြစ်မှု ကျူးလွန်ခြင်း မဟုတ်ဘဲ တွေးခေါ်ခြင်းဆိုင်ရာ ပြစ်မှုများ ဖြစ်သည်။ ထို့ကြောင့် သက်သေပြရန် ခက်ခဲသည်။ သို့ဖြစ်လေရာ သက်သေပြနိုင်ရန် ဖြောင့်ချက်များ ပို၍ လိုအပ်ပေသည်။ ဘုရားကျောင်း ကိုယ်တိုင်က စစ်ဆေးမေးမြန်းရေး ခုံရုံးများ ဖွဲ့စည်းထား၍ ညှဉ်းပန်း နှိပ်စက်မှုများကို တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့သည်။

ဘာသာရေး ခေါင်းဆောင်များ၏ အမြင်အရမူ အယူဝါဒ ဖောက်လွဲ ဖောက်ပြန် ဖြစ်သူများနှင့် စုန်းအတတ် တတ်သူများသည် သာမန် သူခိုးများ၊ လူသတ်သမားများထက်ပင် ပို၍ အန္တရာယ် များသေးသည်။ အဘယ်ကြောင့် ဆိုသော် ထိုသူများမှာ ထာဝရ စိတ်ဝိညာဉ်၏ သူခိုးများနှင့် လူသတ်သမားများ ဖြစ်သောကြောင့်ပင်။ ထိုသူများ၏ အန္တရာယ်များသော ယုံကြည်ချက်များသာ ပျံ့နှံ့သွားပြီး အခြားသူများမှ လက်ခံ ကျင့်သုံးသွားပါက ထောင်ပေါင်းများစွာသော အပြစ်မဲ့သူ များသည် သာမန် ရာဇဝတ်မှုများ ကဲ့သို့ ပစ္စည်းဥစ္စာများနှင့် အသက်ကိုသာ ဆုံးရှုံးရမည် မဟုတ်၊ ထာဝရ ငရဲတွင် နေရလိမ့်မည် ဖြစ်သည်ဟု ရှုမြင်ကြသည်။ ထိုသို့သော ကြောက်မက်ဖွယ်ရာ အဖြစ်ဆိုးကို ကာကွယ်ရန် ပြစ်မှု ကျူးလွန်သူ အနည်းငယ်ကို နှိပ်စက်ခြင်းက ပြောပလောက်စရာ မဟုတ်ပေ။

သို့ရာတွင် အပြစ်ရှိသူများသာ အပြစ်ပေးခံရကြောင်း မည်သို့ သေချာ သိရှိနိုင်ပါမည်နည်း။ ညှဉ်းပန်းနှိပ်စက် ခံရသည့်အခါ နှိပ်စက်ခံရသူများသည် ကိစ္စအားလုံးကို ဝန်ခံတတ်ကြသည်။ ဥပမာ ၁၆၉၂ ခုနှစ်က မက္ကဆာချူးဆက်ပြည်နယ်၊ ဆလမ်းမှ စုန်းအတတ် တတ်သူများကို ရုံးတင် စစ်ဆေးသည့် ဖြစ်ရပ်တွင် စွပ်စွဲခံရသူ အများစုသည် ၎င်းတို့အား ညှဉ်းပန်း နှိပ်စက်ခြင်း မပြုမီပင် အပြစ်ရှိကြောင်း ဝန်ခံခဲ့ကြသည်။ ရှေးခေတ်က ကျွန်များကဲ့သို့ပင် အယူဝါဒ တိမ်းစောင်းသူများ ကိုလည်း ဥပဒေအရ အကာအကွယ်ပေး မခံထိုက်ဟု သတ်မှတ်ထားကြပြီး အပြစ်မဲ့သူများ ကိုလည်း အပြစ်ရှိသူများကဲ့သို့ပင် ပြစ်ဒဏ် ပေးလေ့ ရှိသည်။

### ဖျက်သိမ်းရန် တောင်းဆိုခြင်း

ထိုမတရားမှုများအပေါ် တုံ့ပြန်မှုများ တဖြည်းဖြည်းနှင့် စတင်လာကြသည်။ ဆလမ်း ရုံးတင် စစ်ဆေးခြင်းအပြီး ငါးနှစ် အကြာတွင် တရားရုံးတွင် တရားသူကြီး တစ်ဦး ဖြစ်ခဲ့သူ ဆမ်မြူရယ် ဆီးဝေါ (Samuel Sewall) က ဘုရားကျောင်းတက်ချိန်အတွင်း ဘုန်းတော်ကြီး တစ်ပါးကို စာရွက် အပိုင်းအစ တစ်ခု ပေးကာ ဖတ်ပြစေခဲ့သည်။ ဆီးဝေါက ခေါင်းငုံ့ထားချိန်၌ ဘုန်းတော်ကြီးက အောက်ပါအတိုင်း ဖတ်ပြခဲ့သည် "ဆမ်မြူရယ် ဆီးဝေါဟာ ဆလမ်း ခုံရုံး ဖွင့်လှစ် စီရင်ခဲ့မှုအတွက် အပြစ်ရှိတယ်လို့ ခံစားရပါတယ်။ သူဟာ ဒီဖြစ်ရပ်အတွက် အပြစ်တင် ခံရခြင်းနဲ့ အရှက် ရခြင်းတို့ကို လက်ခံလိုပြီး လူသားများထံမှ အထူးသဖြင့် ဘုရားသခင်ထံမှ ဒီအပြစ်ကို ခွင့်လွှတ်ပေးဖို့ ဆုတောင်းလိုပါတယ်။" (Francis, 2005, p. 181)။

၁၇၃၄ ခုနှစ်တွင် ဆွီဒင်နိုင်ငံသည် ညှဉ်းပန်းနှိပ်စက်မှု ပုံစံ အားလုံးကို ဖျက်သိမ်းခဲ့သည့် ပထမဆုံးသော နိုင်ငံ ဖြစ်လာပြီး နှစ်အနည်းငယ်အကြာတွင် ပရုရှား နိုင်ငံသည်လည်း ထိုအလေ့အကျင့်ကို ဖျက်သိမ်းခဲ့သည်။ အခြား နိုင်ငံများလည်း အလားတူ လုပ်ဆောင်ခဲ့ကြသည်။ ပြင်သစ် သမိုင်းပညာရှင် မီရှယ်ဖူကို (Michel Foucault) က အပြောင်းအလဲကို ဖြစ်ပွားစေခဲ့သည့် တရားသေ ယူဆတွေးခေါ်ပုံ၊ အယူသီးမှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို စွန့်ပစ်လိုက်ခြင်းသည် အမြင်ပွင့်ခေတ် (Age of Enlightenment) ၏ ဝိသေသ ဖြစ်သည်ဟု ဆိုသည်။ အလယ်ခေတ်များတွင် တွေ့မြင်နေကြ ဖြစ်သော လူအများအလယ်တွင် ရက်စက်ကြမ်းကြုတ်ခြင်းများကို ပြသခြင်းအား ကျယ်ကျယ်ပြန့်ပြန့် မနှစ်မြို့မှု ဖြစ်လာကြသည်။ ဖူကို (1977, p. 9) က "ပြစ်ဒဏ်သည် ရာဇဝတ်မှုထက် မကျော်လွန်သည့်တိုင် ရာဇဝတ်မှု ကဲ့သို့ပင် ရိုင်းစိုင်း

စက်ဆုပ်ဖွယ်ရာ ကောင်းသည်။ နှိပ်စက်ခံရသည့် ရာဇဝတ်သားသည် သနားဖွယ်ရာ၊ လေးစားဖွယ်ရာ ပုဂ္ဂိုလ် ဖြစ်လာသည်။” ဟု ရေးသားခဲ့သည်။

၁၇၆၄ ခုနှစ်က ထုတ်ဝေခဲ့သော အီတလီလူမျိုး စီးပွားရေး ပညာရှင် ဆီဇာရီ ဘက္ကာရီယာ (Cesare Beccaria) ၏ “ရာဇဝတ်မှုများနှင့် ပြစ်ဒဏ်များအကြောင်း စာစု” (An Essay on Crimes and Punishment) စာအုပ် (Kramnick, 1995, pp. 525-32) နှင့် ထိုနှစ်ထဲတွင်ပင် ထုတ်ဝေခဲ့သည့် ပြင်သစ် တွေးခေါ် ပညာရှင် ဗော်လ်တဲယား (Voltaire) “ညှဉ်းပန်း နှိပ်စက်ခြင်းနှင့် သေဒဏ်ပေးမှု” (On Torture and Capital Punishment) စာအုပ် (Kramnick, 1995, pp. 532-5) တို့တွင် ဥရောပ တစ်ဝန်း ဖြစ်ပေါ်နေသည့် ဖျက်သိမ်းလိုသည့် စိတ်သဘောထားကို ပေါ်ပေါ်ထင်ထင်ပင် ဖော်ပြခဲ့သည်။ သမိုင်းပညာရှင် လင်းဟန့်တ် (Lynn Hunt) (2007) က အခြားသူများ၏ ထိခိုက် နစ်နာမှုအပေါ် ကိုယ်ချင်းစာလာခြင်းသည် ၁၈ ရာစုနှစ်တွင် ကျော်ကြားခဲ့သော ပရိသတ်များ သဘောကျသည့် ဇာတ်လိုက်များ ဒုက္ခ ခံရခြင်းကို ဖော်ကျူးထားသည့် ဝတ္ထုများကြောင့်လည်း ပါသည်ဟု ဆိုသည်။ ပြည့်စုံကုန်လုံသည့် ကိုယ်ခန္ဓာ၊ ထို့ကြောင့် ကျူးလွန်ချိုးဖောက်၍ မရသည့် ကိုယ်ခန္ဓာတည်ရှိကြောင်း အသိအမှတ်ပြုလာခြင်းကို ညွှန်ပြသည့် ဟီရိုဩတ္တပတရားကြီးမားလာမှု၊ ဥပမာ လမ်းမပေါ်တွင် အပေါ့သွားခြင်း၊ လက်ဖြင့် နှပ်ချေးညှစ်ခြင်း အစရှိသည့် အမူအကျင့်များကို ရှောင်ကြဉ်လာခြင်း၊ နှင့်အတူ ဤရေစီးကြောင်းသည် လူ့အခွင့်အရေးများအပေါ် ပုံစံသစ်တစ်မျိုးဖြင့် လေးစားမှုကို ဖော်ဆောင်ရာ၌ အထောက်အကူပြုခဲ့သည်။

ထင်ရှားသည့် ဥပဒေဆိုင်ရာ သမိုင်းပညာရှင် ဂျွန်လန်ဘိန်း (John Langbein) (1977, pp. 10-12) ကမူ မတူညီသည့် သဘောတရား တစ်ခုကို ထုတ်ပြခဲ့သည်။ သူက အမြင်ပွင့်ခေတ်တွင် အမြင်များ ပြောင်းလဲလာခြင်းကြောင့် ညှဉ်းပန်း နှိပ်စက်မှုများ လျော့ကျသွားခြင်း မဟုတ်၊ ထိုခေတ် မတိုင်မီ ရာစုနှစ် နှစ်စုခန့်က စတင်ခဲ့သည့် တရားရုံးမှ သက်သေယူသည့် ပုံစံ ပြောင်းလဲသွားခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။ တရားသူကြီးများသည် သက်သေကို ခိုင်လုံခြင်း ရှိ၊ မရှိအပေါ် မူတည်၍ သက်သေ၏ အကျိုးနှင့် အပြစ်များကို စတင် ထည့်သွင်း စဉ်းစားလာသောကြောင့် ဖြောင့်ချက်များ (သို့) ညှဉ်းပန်းနှိပ်စက်မှုများ မလိုတော့ခြင်း ဖြစ်သည်ဟု သူက ဆိုသည်။ မည်သည့်အတွက်ကြောင့် ဖြစ်စေ ၁၉ ရာစုနှစ် ဥရောပ၏ ယဉ်ကျေးမှု စံနှုန်းများသည် ညှဉ်းပန်းနှိပ်စက်မှုကို၊ အနည်းဆုံး ဥရောပ တိုက်သားများအပေါ် ညှဉ်းပန်း နှိပ်စက်မှုများကို ပယ်ချခဲ့သည် (ဘုရင် လီယိုပိုးလ်ဒ်သည် ၂၀ ရာစု ရောက်သည့်တိုင် အာဖရိကန်များကို ညှဉ်းပန်း နှိပ်စက်ရန် တွေဝေခဲ့ခြင်း မရှိပေ)။ ကျွန်စနစ်ကို ဆန့်ကျင်ခြင်း (ဗြိတိန်တွင် ၁၈၃၃ ခုနှစ်၌ ကျွန်ရောင်းဝယ်ရေးကို ဖျက်သိမ်း ခဲ့သည်) နှင့် ပေါင်းစပ်လိုက်သောအခါ ပို၍ လူသားဆန်သော ယဉ်ကျေးမှု စနစ်တစ်ခု ပေါ်ထွန်းလာချိန်ဟု ဆိုနိုင်မည် ဖြစ်သည်။ နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေများ (တစ်ခါတရံ စစ်ပွဲ ဥပဒေများဟု ခေါ်သည်) ထွက်ပေါ်လာမှုက ထိုအကောင်းမြင်ခြင်းကို ပို၍ အားကောင်းစေသည်။ ၁၈၆၃ ခုနှစ်တွင် နိုင်ငံတကာ ကြက်ခြေနီ အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး နောက်တစ်နှစ်တွင် ဥရောပ နိုင်ငံ ၁၆ နိုင်ငံက ဂျနီဗာ သဘောတူစာချုပ်နှင့် နောက်ဆက်တွဲ စာချုပ်များကို စတင် လက်ခံ ကျင့်သုံးခဲ့သည်။ ထိုသဘောတူ စာချုပ်တွင် စစ်ပွဲအတွင်း ဒဏ်ရာ ရရှိသူများကို လူသားဆန်သည့် ဆက်ဆံမှုများ ပေးရန်နှင့် ထိုသူများကို အကူအညီပေးသည့် အရပ်သားများကို ကာကွယ်ပေးရန် ပါရှိသည်။ ဤစာချုပ် ပြီးနောက် ၁၈၉၉ နှင့် ၁၉၀၇ ခုနှစ်တွင် သည်ဟေ့ဂ် သဘောတူစာချုပ်များ ထွက်ပေါ်လာခဲ့ပြီး ထိုစာချုပ်တွင် အဆိပ်ဓာတ်ငွေ့များ သုံးခြင်း၊ ပေါက်ကွဲအားပြင်းသည့် ကျည်ဆံများ အသုံးပြုခြင်း များကို တားမြစ်ကာ စစ်ပွဲများကို ရက်စက်ကြမ်းကြုတ်မှု

လျော့ကျစေခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် တတိယမြောက် ဂျနီဗာ သဘောတူစာချုပ်တွင် စစ်ပွဲတွင်း အကျဉ်းသားများကို ဆက်ဆံပုံအား နောက်ဆက်တွဲ ပြဋ္ဌာန်းထားသည်။ ဤသည်မှာ ညှဉ်းပန်း နှိပ်စက်မှုနှင့် စစ်ရာဇဝတ်မှုများ အဆုံးသတ်သွားပြီဟု ဆိုခြင်း မဟုတ်ပေ။ သို့ရာတွင် ထိုရက်စက် ကြမ်းကြုတ်မှုများကို တရားဝင် တားမြစ်ထားခြင်း မရှိဟု မည်သူမျှ ဆို၍ မရတော့ပေ။

ထို့နောက်တွင်ကား ဟော်လိုကော့စ် ဖြစ်လာခဲ့သည်။ နာဇီများနှင့် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက် သူများ၏ ရာဇဝတ်မှုများသည် ရက်စက် ကြမ်းကြုတ်မှုနှင့် ပမာဏတွင် ယခင်က မကြုံဘူးခဲ့သော ပုံစံမျိုး ဖြစ်သည်။ စစ်တပ်များနှင့် သမားရိုးကျ တိုက်ခိုက်မှုများအပြင် အရပ်သားများနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများကိုပါ မခွဲခြားဘဲ ပစ်မှတ်ထားခဲ့သည့်အတွက် ဒုတိယ ကမ္ဘာစစ်ကို အလုံးစုံ စစ်ပွဲဟုလည်း ခေါ်ဆိုကြသည်။ ထိုသူများကို ဥရောပ၏ အယဉ်ကျေးဆုံး နိုင်ငံ တစ်နိုင်ငံဟု သတ်မှတ်ခံထားရသည့် နိုင်ငံမှ ကြိုတင်စီစဉ်၍ သတ်ဖြတ်ခဲ့ခြင်းလည်း ဖြစ်သည်။ ထိုကပ်ဘေးကို တုံ့ပြန်ရန် ကုလသမဂ္ဂနှင့် နောက်ဆုံးတွင် ယနေ့ခေတ် လူ့အခွင့်အရေး လှုပ်ရှားမှုများ မွေးဖွားလာခဲ့သည်။ ၁၉၄၈ ခုနှစ် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် ၅ တွင် "မည်သူကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း (သို့) ရက်စက် ကြမ်းကြုတ်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပြုမူ ဆက်ဆံခြင်း (သို့) အပြစ်ပေးခြင်း မပြုရ။" ဟု ဆိုထားသည်။ ကန့်ကွက်သူ မရှိဘဲ ပြဋ္ဌာန်းခဲ့သည့် လူ့အခွင့်အရေး ကြေညာစာတမ်းသည် ဥရောပ နိုင်ငံသားများ အတွက် သာမက တစ်ကမ္ဘာလုံး အတွက်ပါ စံနှုန်းများနှင့် မျှော်လင့်ချက်များ ထူထောင်ပေးနိုင် ခဲ့သည်။

ထိုအချိန်မှ စ၍ အခြား ပဋိညာဉ်၊ သဘောတူစာချုပ်၊ ကျင့်ဝတ်နှင့် အခြား နိုင်ငံတကာ ဥပဒေ စာချုပ်စာတမ်းပေါင်း များစွာတွင် ညှဉ်းပန်း နှိပ်စက်မှုကို တားမြစ်ကြောင်း ထပ်ဖန်တလဲလဲ ဖော်ပြခဲ့သည် (စာသေတ္တာ ၁၅.၁ တွင် ရှုပါ)။ ယနေ့အချိန်တွင် ထိုတားမြစ်ချက်ကို နိုင်ငံတကာ ဥပဒေ၏ ဓလေ့ထုံးတမ်း အဖြစ်ပင် လက်ခံထားသည်။ ဆိုလိုသည်မှာ ယင်းဥပဒေသည် အခြေခံ ကျပြီး ကမ္ဘာတစ်ဝန်းတွင် လက်ခံထားသော ဥပဒေ ဖြစ်သောကြောင့် အငြင်းပွားဖွယ်ရာ မရှိဘဲ အစိုးရများ အားလုံးအတွက် တာဝန် ဖြစ်သည်။ ညှဉ်းပန်း နှိပ်စက်သူများကို လူသားအားလုံး၏ ရန်သူများ (သို့) *hostis humani generis* ဟု သတ်မှတ်ကြသည်။ နိုင်ငံတကာ စာချုပ်စာတမ်းများ အကြား အရေးအကြီးဆုံး စာချုပ် စာတမ်းမှာ ၁၉၈၇ ခုနှစ်တွင် စတင် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံပေါင်း ၁၄၀ ကျော်က သဘောတူ လက်မှတ် ရေးထိုးထားသည့် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြား ရက်စက်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှုများ (သို့) အပြစ်ပေးမှုများအား ဆန့်ကျင်ရေး ဆိုင်ရာ သဘောတူစာချုပ် (Convention Against Torture and Other Cruel, Inhuman, or Degrading Treatment or Punishment (CAT)) ဖြစ်သည်။

သို့ရာတွင် ထိုကဲ့သို့ ကဲ့ရဲ့ ရှုတ်ချမှုများ ရှိနေသော်လည်း ညှဉ်းပန်း နှိပ်စက်မှုမှာ ကြံ့ကြံ့ခိုင် ရပ်တည် နေဆဲပင်။

| အနှစ်ချုပ် |
| --- |
| ရှေးခေတ် ဂရိနှင့် ရိုမန် လူမျိုးများက ကျွန်များသည် ကျိုးကြောင်းဆက်စပ် စဉ်းစား နိုင်စွမ်း မရှိသောကြောင့် လိမ်ညာခြင်း မပြုနိုင်ဟု ယူဆကြသည်။ ထို့ကြောင့် ရာဇဝတ် ကိစ္စရပ်နှင့် ပတ်သက်ပြီး အမှန်တရားကို ဖော်ထုတ်လိုပါက (လွတ်လပ်သော နိုင်ငံသား တစ်ဦးနှင့် နှိုင်းယှဉ်လျှင်) ကျွန်တစ်ဦးကို ညှဉ်းပန်းနှိပ်စက်ရန် သင့်လျော်သည်ဟု လက်ခံထားသည်။ |

အလယ်ခေတ်တွင် ဥပဒေရေးရာ အရာရှိများက ဖြောင့်ချက်ကို အပြစ်ကင်းခြင်းနှင့် အပြစ်ရှိခြင်းအား ခွဲခြားနိုင်မည့် အခိုင်လုံဆုံး နည်းလမ်း၊ "သက်သေများ အားလုံး၏ ဘုရင်မ"၊ ဟု လက်ခံထားသည်။ ညှဉ်းပန်း နှိပ်စက်ခြင်းသည် ဖြောင့်ချက်များ ရယူရန် ထိရောက်သော နည်းလမ်း ဖြစ်လေရာ ယင်းကို တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့သည်။ သို့ရာတွင် သတ်မှတ်ထားသော လမ်းညွှန်ချက်များနှင့် အညီတော့ လုပ်ဆောင်ရသည်။ ဘုရားကျောင်းသည်ပင် အယူလွဲသူများနှင့် စုန်းအတတ် တတ်သူများကို ဖော်ထုတ်ရန် ညှဉ်းပန်းနှိပ်စက်ခြင်းကို အသုံးပြုဖို့ လက်မတွန့်ပေ။

အမြင်ပွင့် ကာလအတွင်း ပေါ်ထွက်လာသည့် ယဉ်ကျေးမှု စံနှုန်း အသစ်များကြောင့် ဖြစ်စေ၊ ဥပဒေ စနစ်တွင် ဖြစ်ပေါ်သော အပြောင်းအလဲများကြောင့် ဖြစ်စေ ညှဉ်းပန်းနှိပ်စက်မှုကို တဖြည်းဖြည်းနှင့် ဥရောပ တစ်ဝန်းတွင် တားဆီးလိုက်သည်။ စစ်ပွဲဆိုင်ရာ ဥပဒေများနှင့် နိုင်ငံတကာ လူသားချင်း စာနာမှု ဆိုင်ရာ ဥပဒေများကို ကိုဓဥပဒေ ပြုလိုက်သည်နှင့်အညီ နိုင်ငံတကာ ဆက်ဆံရေးများတွင် ပို၍ ယဉ်ကျေးသော ချဉ်းကပ်မှုများ ထွက်ပေါ်လာသည်။

ထိုထွက်ပေါ်လာမှုများကို ဟော်လိုကော့စ် ဖြစ်ရပ်က ချေဖျက်ခဲ့သည်။ သို့ရာတွင် ထိုဖြစ်ရပ်၏ ရလဒ် တစ်ခုမှာ ညှဉ်းပန်း နှိပ်စက်မှုကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ဥပဒေအရ တားမြစ်ခြင်း အပါအဝင် ခေတ်ပေါ် လူ့အခွင့်အရေး လှုပ်ရှားမှုများ ထွက်ပေါ်လာခြင်း ဖြစ်သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

ညှဉ်းပန်း နှိပ်စက်မှု မပြုဘဲနှင့်ပင် မှားယွင်းစွာ ဖြောင့်ချက် ပေးခြင်းများ ရှိကြောင်း ကျွန်ုပ်တို့ သိရှိထား ကြသည်။ မည်သည့် အခြေအနေမျိုးတွင် သင်မကျူးလွန်သော ပြစ်မှု တစ်ခုကို ဝန်ခံ ဖြောင့်ချက် ပေးမိမည်ဟု ထင်ပါသနည်း။

**ဇယား ၁၅.၁။ ညှဉ်းပန်း နှိပ်စက်မှု ဆန့်ကျင်ရေးနှင့် ပတ်သက်ပြီး အဓိက နိုင်ငံတကာ စာချုပ်စာတမ်းများတွင် ဖော်ပြထားပုံများ ကောက်နုတ်ချက်**

**ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း**

"မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း (သို့) ရက်စက် ကြမ်းကြုတ်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပြုမူ ဆက်ဆံခြင်း (သို့) အပြစ်ပေးခြင်း မပြုရ။" (အပိုဒ် ၅)

**ဂျနီဗာ သဘောတူစာချုပ်နှင့် နောက်ဆက်တွဲ စာချုပ်များ**

"အထက်တွင် ဖော်ပြခဲ့သော ပုဂ္ဂိုလ်များအပေါ် အောက်ပါ လုပ်ရပ်များ ကျူးလွန်ခြင်းကို ယခုနှင့် နောင်မည်သည့်အချိန်၊ မည်သည့် နေရာတွင်မဆို တားမြစ်ထားသည်

က) အသက်နှင့် လူအပေါ် အကြမ်းဖက်မှု၊ အထူးသဖြင့် ကိုယ်အင်္ဂါ ဖြတ်တောက်ခြင်း၊ ရက်စက်သော ဆက်ဆံမှုများနှင့် ညှဉ်းပန်း နှိပ်စက်မှုများ

ဂ) လူတစ်ဦး၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် လုပ်ရပ်များ၊ အထူးသဖြင့် အရှက်ရစေပြီး ဂုဏ်သိက္ခာ ထိခိုက်စေမည့် ဆက်ဆံမှုများ" (ဘုံစာပိုဒ် ၃)

**ပြည်သူ့ ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်**

"မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း (သို့) ရက်စက် ကြမ်းကြုတ်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ

ညှိုးနွမ်းစေသော ပြုမူ ဆက်ဆံခြင်း (သို့) အပြစ်ပေးခြင်း မပြုရ။ အထူးသဖြင့် မည်သူမျှ သူ၏ လွတ်လပ်သော စိတ်ဆန္ဒ မပါဘဲနှင့် ဆေးပညာ (သို့) သိပ္ပံဆိုင်ရာ စမ်းသပ်ချက်များ မခံစေရ။" (အပိုဒ် ၇)

**လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များ ကာကွယ်ရေး ဆိုင်ရာ ဥရောပ သဘောတူစာချုပ်**
"မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း (သို့) ရက်စက် ကြမ်းကြုတ်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပြုမူ ဆက်ဆံခြင်း (သို့) အပြစ်ပေးခြင်း မပြုရ။" (အပိုဒ် ၃)

**အမေရိကတိုက် လူ့အခွင့်အရေး သဘောတူစာချုပ်**
"မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း (သို့) ရက်စက် ကြမ်းကြုတ်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပြုမူ ဆက်ဆံခြင်း (သို့) အပြစ်ပေးခြင်း မပြုရ။ လွတ်လပ်ခွင့် ဆုံးရှုံးသွားသူများ အားလုံးကို မွေးရာပါ လူ့ဂုဏ်သိက္ခာနှင့်အညီ ဆက်ဆံရမည်။" (အပိုဒ် ၅)

**အာဖရိက လူသားနှင့် လူအုပ်စုများ၏ အခွင့်အရေးများဆိုင်ရာ ပဋိညာဉ်**
"လူသားတိုင်းတွင် ၎င်းတို့၏ မွေးရာပါ လူ့ဂုဏ်သိက္ခာကို လေးစားခံပိုင်ခွင့်နှင့် ၎င်းတို့၏ ဥပဒေရေးရာ အခြေအနေကို အသိအမှတ်ပြု ခံပိုင်ခွင့် ရှိသည်။ လူတစ်ဦးအပေါ် ကျူးလွန်သည့် အလွဲသုံးစား ပြုမှု ပုံစံ အားလုံးနှင့် ဂုဏ်သိက္ခာ ကျဆင်းစေသည့် လုပ်ရပ်များ အားလုံး၊ အထူးသဖြင့် ကျွန်စနစ်၊ ကျွန်အရောင်းအဝယ် ပြုခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော အပြစ်ပေးခြင်းနှင့် ပြုမှုဆက်ဆံခြင်းများ အားလုံးကို တားမြစ်ရမည်" (အပိုဒ် ၅)

**ညှဉ်းပန်း နှိပ်စက်မှုနှင့် အခြား ရက်စက်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှုများ (သို့) အပြစ်ပေးမှုများအား ဆန့်ကျင်ခြင်းဆိုင်ရာ သဘောတူစာချုပ်**
"လက်မှတ်ရေးထိုးထားသော နိုင်ငံတိုင်းသည် ၎င်းတို့ စီရင်ပိုင်ခွင့် ရှိသော နယ်မြေတိုင်းတွင် ညှဉ်းပန်းနှိပ်စက်ခြင်း လုပ်ရပ်များကို တားဆီးရန် ထိရောက်သော ဥပဒေ ဆိုင်ရာ၊ အုပ်ချုပ်ရေး ဆိုင်ရာ၊ တရား စီရင်ရေး ဆိုင်ရာ (သို့) အခြား နည်းလမ်းများကို အသုံးပြုရမည်။"

**ညှဉ်းပန်း နှိပ်စက်မှု တားဆီးရေးနှင့် အပြစ်ပေးရေး ဆိုင်ရာ အမေရိကတိုက် သဘောတူစာချုပ်**
"လက်မှတ်ရေးထိုးထားသော နိုင်ငံတိုင်းသည် ညှဉ်းပန်းနှိပ်စက်မှု လုပ်ရပ်များနှင့် ညှဉ်းပန်း နှိပ်စက်ရန် ကြိုးပမ်းမှုများ အားလုံးကို ၎င်းတို့၏ ရာဇဝတ်မှု ဥပဒေအောက်တွင် ပြစ်မှုများ အဖြစ် ထားရှိပြီး ထိုလုပ်ရပ်များကို ၎င်းတို့၏ ကြီးလေးမှု သဘောသဘာဝကို ထည့်သွင်း စဉ်းစားသည့် ကြီးလေးသော ပြစ်ဒဏ်များ ပေးရမည်။" (အပိုဒ် ၆)

**ပုံစံ အားလုံးဖြင့် ထိန်းသိမ်းခြင်း (သို့) အကျဉ်းချခြင်း ခံနေရသူများ အားလုံးကို ကာကွယ်ရန် ကုလသမဂ္ဂ အဖွဲ့၏ စည်းမျဉ်းများ**
"မည်သည့် ပုံစံဖြင့် ထိန်းသိမ်းခြင်း (သို့) အကျဉ်းချခြင်း ခံထားရသူမဆို ညှဉ်းပန်း နှိပ်စက်မှုနှင့် အခြား ရက်စက်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှုများ (သို့) အပြစ်ပေးမှုများအား မခံစေရ။" (စည်းမျဉ်း ၆)

**ကလေးသူငယ် အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်**
“မည်သည့် ကလေးကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း (သို့) ရက်စက် ကြမ်းကြုတ်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပြုမူ ဆက်ဆံခြင်း (သို့) အပြစ်ပေးခြင်း မပြုရ။” (အပိုဒ် ၃၇)

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက်**
“အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာ (သို့) အခြားသော နယ်ပယ်များတွင် လူ့အခွင့်အရေးများနှင့် အခြေခံကျသော လွတ်လပ်ခွင့်များ အားလုံးကို တန်းတူ ရယူခွင့်နှင့် အကာအကွယ်ပေးခံပိုင်ခွင့် ရှိသည်။ ထိုအခွင့်အရေးများတွင် အောက်ပါတို့ ပါဝင်သည်။
ဇ) ညှဉ်းပန်း နှိပ်စက်မှုနှင့် အခြား ရက်စက်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှုများ (သို့) အပြစ်ပေးမှုများအား မခံရစေသည့် အခွင့်အရေး” (အပိုဒ် ၃)

**တရားဥပဒေ စည်းကြပ်သူများ အတွက် ကုလသမဂ္ဂ၏ ကျင့်ဝတ်များ**
“မည်သည့် တရားဥပဒေ စည်းကြပ်သူမျှ ညှဉ်းပန်း နှိပ်စက်မှုနှင့် အခြား ရက်စက်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှုများ (သို့) အပြစ်ပေးမှုများအား မပြုလုပ်ရ၊ မစတင်ရ (သို့) လုပ်ဆောင်ခြင်းကို လက်ပိုက် ကြည့်မနေရ။” (အပိုဒ် ၅)

## ညှဉ်းပန်း နှိပ်စက်သူ တစ်ဦး မည်သို့ ဖြစ်လာသနည်း

ညှဉ်းပန်း နှိပ်စက်သူများသည် စိတ်မနှံ့သူများလား၊ အခြားသူများနှင့် ကွဲပြား ခြားနား နေသူများလား၊ ရိုင်းစိုင်း ယုတ်မာသည့် ရာဇဝတ်သားများလား၊ လိင်အကြမ်းဖက်သူများလား။ ထိုသူများ ဖြစ်သည်မှာ မရှိသလောက် ရှားသည်။ တကယ်တမ်းတွင် ရဲစခန်းများနှင့် စစ်တပ်များသည် စိတ်ပိုင်းဆိုင်ရာအရ အရည်အချင်း မပြည့်မီသူများကို လက်ခံကြခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် ထိုသူများသည် အမိန့်နာခံရန် ခက်ခဲမည် ဖြစ်ကြောင်း သိသောကြောင့်ပင်။ ဆိုးရွားသည့် အမှန်တရားမှာ ညှဉ်းပန်း နှိပ်စက်သူ အများစုသည် (စာသေတ္တာ ၁၅.၂ မှ) ဟိုဆေး ဗယ်လ် လိုပက်စ် (Jose Valle Lopez) ကဲ့သို့ သာမန် အမျိုးသားများ (သို့) ရှားပါးသော အခြေအနေတွင် သာမန် အမျိုးသမီးများ ဖြစ်ကြသည်။

**စာသေတ္တာ ၁၅.၂။ ဟိုဆေး၏ ဖြစ်ရပ်**

ဟိုဆေး ဗယ်လ် လိုပက်စ်သည် သူ့ကိုယ်သူ လူဆိုးတစ်ဦး ဟုတော့ မထင်ပေ။ သူသည် အသက် ၁၅ နှစ်တွင် သူ့နိုင်ငံ ဟွန်ဒူးရက်စ်၏ စစ်တပ်ထဲသို့ ဝင်ခဲ့ပြီး တဖြည်းဖြည်းနှင့် ရာထူး မြင့်လာကာ အိမ်ထောင်ကျပြီး ကလေးနှစ်ယောက် ထွန်းကားခဲ့သည်။ သူ၏ ကိုယ်အလေးချိန်ကြောင့် အယ်လ်ဂေါ်ဒို (El Gordo)၊ ဝတုတ်၊ ဟု လူသိများကြသည့် ဟိုဆေးသည် ထိုနှစ်များအတွင်း ယောကျ်ားဆန်ခြင်း၊ သတ္တိရှိခြင်းတို့ကို ပြသရန် လှောင်ပြောင်ခြင်းများကို ကြံ့ကြံ့ခိုင်သည့် သဘောထားကို မွေးမြူခဲ့သည်။ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ဟွန်ဒူးရက်စ်၏ အိမ်နီးချင်း နိုင်ငံ နီကာရဂွာရာ နိုင်ငံတွင် ကွန်မြူနစ်များ စိမ့်ဝင်လာခြင်းနှင့် အယ်လ်ဆာဗေဒါနိုင်ငံတွင် အလားတူ ခြိမ်းခြောက်မှုများ ဖြစ်ပေါ်ခြင်းကို ၎င်းတို့ နိုင်ငံတွင် အဖြစ်မခံဟူသည့်

စကား ဟွန်ဒူးရက်စ် စစ်တပ် တာဝန်ရှိသူများ အကြားတွင် ပျံ့နှံ့လာခဲ့သည်။ ထိုအချိန်တွင် ဟိုဆေးသည် သူ၏ နိုင်ငံကို ကာကွယ်ရန် သူ့ကို ခိုင်းသည့် မည်သည့် လုပ်ရန်ကိုမဆို လုပ်ရန် အသင့် ရှိနေခဲ့သည်။

အစောပိုင်းတွင် သူ့ကို ထောက်လှမ်းရေး လုပ်ရန် တာဝန်ပေးခဲ့ပြီး နောက်ပိုင်းတွင် ပြန်ပေးဆွဲရန် တာဝန်ပေးခံ ခဲ့ရသည်။ သို့ရာတွင် ပြန်ပေးဆွဲခြင်းမှာ အလုပ်ချိန် ပုံမှန်မရှိသောကြောင့် သူ၏ မိသားစုကို ပုံမှန် အချိန်ပေးနိုင်ရန် ညှဉ်းပန်း နှိပ်စက်ရေး ဌာနခွဲသို့ ပြောင်းရွှေ့ပေးခဲ့သည်။ သူ၏ ဇာတ်ကြောင်းကို သတင်းထောက်တစ်ဦးက နောက်ပိုင်းတွင် အောက်ပါအတိုင်း ပြန်ပြောင်း ပြောပြခဲ့သည်။ "သူက သူ့ကလေးတွေနဲ့ မိန်းမကို နမ်းရှုံ့ပြီး နှုတ်ဆက်မယ်၊ ပြီးရင် သူ့နေ့လယ်စာကို ယူပြီးတော့ သူအလုပ်လုပ်တဲ့ ညှဉ်းပန်း နှိပ်စက်တဲ့ အခန်းတွေဆီကို သွားပါတော့တယ်။" အလုပ်တွင် သူ နှိပ်စက်ရမည့်လူများကို ရေနှစ်ခြင်း၊ အသက်ရှူ ကြပ်စေခြင်း၊ လိင်အင်္ဂါများကို လျှပ်စစ်ဖြင့် ရှော့ရိုက်ခြင်းများ လုပ်ဆောင်တော့သည်။

တဖြည်းဖြည်းနှင့် အော်သံများကို သူမခံစားနိုင်တော့ပေ။ သို့ရာတွင် သူ့ကို နေရာ ပြောင်းရွှေ့ရန် တောင်းဆိုသောအခါ လှောင်ပြောင်ခြင်းများ တဖန် စတင်လာပြန်သည်။ "ဝတုတ်က ဘာဖြစ်ရ တာလဲ၊ ယောကျ်ား မဟုတ်ဘူးလား" ထိုသို့ဆိုသည့်တိုင် ဟိုဆေး၏ ထိုနေရာမှ ပြောင်းရွှေ့လိုသည့် သဘောတရားမှာ မပြောင်းလဲခဲ့ပေ။ ထိုအချိန်တွင် ခြိမ်းခြောက်မှုများ စတင်လာခဲ့သည်။ "ဟိုဆေး၊ မင်းထွက်သွားတဲ့နေ့မှာ မင်းခေါင်းကို ဖြတ်ပစ်မယ်။" ထိုခြိမ်းခြောက်မှုများကို လက်မခံနိုင် တော့သည့် အဆုံးတွင် ဟိုဆေးသည် သူ၏ မိသားစုနှင့် ကနေဒါကို ထွက်ပြေးခဲ့ပြီး သူ့ဇာတ်ကြောင်းကို လူထုထံ ချပြခဲ့သည်။ သူသည် လူဆိုးတစ်ယောက် မဟုတ်ကြောင်း ကမ္ဘာကို သိစေလိုသည်။ ဆင်တူသော အခြေအနေများတွင် အခြားသူများသည်လည်း အလားတူပင် လုပ်ဆောင်မည် ဖြစ်ကြောင်း သူက လူအများကို ပြောပြလိုသည်။

Atkinson (1989) ကို မှီငြမ်းသည်။

## ပြောင်းလဲခြင်း၏ စိတ်ပညာသဘောတရား

သာမန်လူတစ်ဦးကို ညှဉ်းပန်း နှိပ်စက်သူ ဖြစ်လာစေရန်မှာ အလွယ်ပင် လွယ်ကူသည်။ ထိုသူကို ရဲ (သို့) စစ်လေ့ကျင့်ရေး စခန်းကဲ့သို့သော ကန့်သတ်ထားသည့် ပတ်ဝန်းကျင်တွင် ချီးကျူးတတ်သည့် ခေါင်းဆောင် တစ်ဦးနှင့်အတူ ထားလိုက်ပါ။ ထိုလူသစ်သည် ငယ်ရွယ်ပြီး သူများ လွှမ်းမိုးခြင်းကို အလွယ်တကူ ခံသည့်သူ တစ်ဦး ဖြစ်ပါက ပိုကောင်းသည်။ သို့ရာတွင် မှန်ကန်သော အခြေအနေ အောက်တွင် အသက်အရွယ် မရွေး လူများ အားလုံးသည် အထက်လူကြီး၏ အမိန့်ကို နာခံတတ်ကြသည်။ နာမည်ကျော် မေးလ်ဂရမ် (Milgram) နှင့် စတန်းဖို့ဒ် အကျဉ်းထောင် စမ်းသပ်ချက်များက ပြသသည့်အတိုင်း လူသတ်ရန် ခိုင်းစေခြင်းများကိုပင် နာခံတတ်ကြသည် (စာသေတ္တာ ၁၅.၃ တွင် ရှုပါ)။

| စာသေတ္တာ ၁၅.၃။ မေးလ်ဂရမ်နှင့် စတန်းဖို့ဒ် အကျဉ်းထောင် စမ်းသပ်ချက် |
| --- |
| လူမှု စိတ်ပညာ နယ်ပယ်တွင် စမ်းသပ်ချက် နှစ်ခုမှာ ဂန္ထဝင် မြောက်သည်။ "သာမန် ပြည်သူများ" သည် အခြား လူသားများအပေါ် ရက်စက် ကြမ်းကြုတ်မှုများ လုပ်ဆောင်ရန် စိတ်ဆန္ဒ ရှိကြကြောင်းကို ပြသရန် ထိုစမ်းသပ်ချက်များကို မကြာခဏ ကိုးကားကြသည်။ စမ်းသပ်ချက် တစ်ခုချင်းစီကို ကျင့်ဝတ်ပိုင်းအရရော၊ |

နည်းလမ်းပိုင်းအရပါ ဝေဖန်ခဲ့ကြသည်။ သို့ရာတွင် ထိုစမ်းသပ်ချက် နှစ်ခုလုံးသည် အမှန်တရားကို ထင်ဟပ်နေသည့်အတွက် လေ့လာကြည့်သင့်သည်။

ယေးလ်တက္ကသိုလ်မှ စိတ်ပညာရှင် စတန်လေ မေးလ်ဂရမ် (Stanley Milgram) က ၁၉၆၀ ခုနှစ် အစပိုင်းတွင် စမ်းသပ်ချက်များ စတင်ခဲ့သည်။ ထိုစမ်းသပ်ချက်တွင် အထက်လူကြီး (စမ်းသပ်ချက် လုပ်ဆောင်သူ) က "ဆရာ" အဖြစ် သတ်မှတ်ထားသူများကို ("သင်ယူသူအဖြစ် သတ်မှတ်ထားသည့်") အခြားသူများအား စာမေးပွဲတွင် အမှားတစ်ခု လုပ်တိုင်း လျှပ်စစ်ဖြင့် ရှော့ခ်ရိုက်ရန် ညွှန်ကြားထားသည်။ လျှပ်စစ်ရှော့ခ်၏ အားသည် ပုံမှန် မြင့်တက်နေသည်။ ဆရာများက သင်ယူသူများကို မမြင်ရသော်လည်း ထိုသူများ နာကျင်ကြောင်းကို ဖော်ပြခြင်း၊ အော်ဟစ်ခြင်းနှင့် နောက်ဆုံးတွင် ဆရာကို ၎င်းတို့အား ရှော့ခ်ရိုက်ခြင်းအား ရပ်တန့်ရန် တောင်းပန်ကြသည်။ (လက်တွေ့တွင်မူ မည်သည့် လျှပ်စစ်ရှော့ခ်မှ ရိုက်ထားခြင်း မရှိပေ။) ထိုတောင်းပန်မှုများကို ကြားနေရသည့်တိုင် ဆရာအဖြစ် ဆောင်ရွက်သူ အများအပြားသည် အထက်လူကြီးက (စမ်းသပ်ချက် လုပ်ဆောင်သူ) ရှော့ခ်ရိုက်ခြင်းကို လုပ်ဆောင်ရန် ခိုင်းစေသည့် အခါ ဆက်လက်၍ လုပ်ဆောင်ကြသည်။ လူအများစုသည် အထက်လူကြီးကို နာခံလိုကြသည်၊ ထို့ကြောင့် မှန်ကန်သည့် အခြေအနေအောက်တွင် သာမန်လူများသည်ပင် ဖျက်ဆီးခြင်းများကို လုပ်ဆောင်ရန် ပြောင်းလဲခြင်း ခံရနိုင်သည်ဟု မေးလ်ဂရမ်က နိဂုံးချုပ်ခဲ့သည် (Milgram, 1974)။

စတန်းဖို့ဒ် အကျဉ်းထောင် စမ်းသပ်ချက်ကို ၁၉၇၁ ခုနှစ်တွင် စတန်းဖို့ဒ် တက္ကသိုလ်မှ စိတ်ပညာရှင် ဖိလစ်ဇင်ဘာဒို (Philip Zimbardo) က ဦးဆောင်ခဲ့သည်။ တက္ကသိုလ် ကျောင်းသားများကို နှစ်အုပ်စု ခွဲပြီး တစ်အုပ်စုအား "ထောင်စောင့်များ" နှင့် အခြား တစ်အုပ်စုအား "ထောင်သားများ" အဖြစ် သတ်မှတ်လိုက်သည်။ ထိုသူများကို စတန်းဖို့ဒ် တက္ကသိုလ် စိတ်ပညာ ဌာန အဆောက်အဦ၏ မြေအောက်ခန်းရှိ ပုံစံတူ လုပ်ထားသည့် ထောင်ဝန်းကျင် တစ်ခုတွင် ထားထားလိုက်သည်။ ပါဝင်သူများ အားလုံးက ထိုအခြေအနေသည် ပုံစံတူ လုပ်ဆောင်ခြင်းသာ ဖြစ်ကြောင်း သိနေသည့်တိုင် ထောင်စောင့်များ၏ လုပ်ရပ်သည် တခြားသူ၏ နာကျင်မှုကို ကျေနပ်သည့် ပုံစံမျိုး လျင်မြန်စွာ ဖြစ်လာလေရာ ဇင်ဘာဒို အနေဖြင့် စမ်းသပ်ချက်ကို စောစီးစွာပင် ရပ်တန့် လိုက်ရသည်။ သူကလည်း မေးလ်ဂရမ်ကဲ့သို့ပင် အချို့သော အခြေအနေများတွင် သာမန်လူများသည် ၎င်းတို့ထက် အားနည်းသော (သို့) ၎င်းတို့နှင့် ကွဲပြား ခြားနားသော သူများအပေါ် ရက်စက်စွာ လုပ်ဆောင်တတ်ကြသည်။ အထူးသဖြင့် ၎င်းတို့ကို ထိုသို့ လုပ်ဆောင်ရန် အမိန့်ပေး ခိုင်းစေသောအခါတွင် ဖြစ်သည်ဟု ဆိုခဲ့သည် (Haney, Banks, and Zimbardo, 1973)။

ထို့နောက် သင်ခန့်အပ်ထားသူကို စိတ်ဖိစီးမှုများ၊ အနိုင်ကျင့်ခြင်းများ၊ ရက်စက်ခြင်းများဖြင့် ဆက်ဆံပါ။ ဥပမာ ဂရိ စစ်ဗိုလ်များ အုပ်စိုးချိန်ကာလ (၁၉၆၇-၇၄) အတွင်း ဂရိ စစ်ဘက်ဆိုင်ရာ ရဲများသည် ၎င်းတို့၏ တပ်သားများကို နှိပ်စက်သည့် နေရာတွင် နာမည်ကြီးသည်။ တပ်သားသစ်များကို အပတ်ပေါင်းများစွာ အစာအငတ်ထားပြီး ပြင်းပြင်းထန်ထန် ရိုက်နှက်ခြင်းများ၊ တစ်ခါတရံ ၁၅ ရက်ခန့် အလေးစွန့်ခွင့် မပေးခြင်းတို့ကို ပြုလုပ်ကြသည် (Haritos-Fatouros, 1988)။ ညှဉ်းပန်း နှိပ်စက်သူများကို လေ့လာခဲ့သော စိတ်ကုသရေး ပညာရှင် ဂျိုအန်ဂေါ်စတန် (Joan Golston) (1993) က တပ်သားများအပေါ် ပြုလုပ်သော မတရား ပြုမှုများသည် ၎င်းတို့ကိုယ် ၎င်းတို့ "ထိခိုက် ခံစားရသူများ" ဟု အထင်ရောက်စေပြီး

ထိုအတွေ့အကြုံမှ ရရှိသည့် အရှက်တရားကို လျှော့ချရန်နှင့် ၎င်းတို့ကိုယ် ၎င်းတို့ အခြား ထိခိုက် ခံစားရသူ "အစစ်" များနှင့် ကွဲပြားစေရန် ထိုသူများကို တဖန် မတရား ပြုကြလေသည်။ သူမက ထိုဖြစ်ရပ်ကို "ညှဉ်းပန်း နှိပ်စက်သူ၏ ချောင်ပိတ်မှု" ဟု ခေါ်ဆိုခဲ့သည်။

မည်သို့ပင် ဆိုစေကာမူ ဒေါသထွက်နေသော၊ အသားကျနေသော၊ နာခံတတ်သော တပည့် တစ်ယောက် မွေးပြီးပြီ ဆိုပါက နောင်အဆင့်များမှာ ထိုတပည့်ကို ညှဉ်းပန်းနှိပ်စက်ခြင်း နည်းလမ်းများ သင်ပေးရန်သာ ဖြစ်သည်။ နှိပ်စက်ခံရသူကို ပြင်းပြင်းထန်ထန် နာကျင်အောင် လုပ်နိုင်သော်လည်း သတ်သည်အထိတော့ မကျူးလွန်ပေ။ ထို့ပြင် ထိခိုက်ခံစား လွယ်သော်လည်း မုန်းတီးဖွယ် ကောင်းပြီး လူသားမဆန်သည့် သူများအပေါ်ကိုသာ ထိုနည်းလမ်းကို အသုံးပြုရန် "ဒီလူတွေက ငါတို့ တိုင်းပြည်ကို ခြိမ်းခြောက်နေတဲ့ သူတွေ" "မင်းရဲ့ ရဲဘော်ကို သတ်ခဲ့တာ ဒီလူပဲ"
စသည်ဖြင့် ပြောဆိုလေ့ ရှိကြသည်။

ညှဉ်းပန်း နှိပ်စက် ခံရသူ အားလုံးအတွက် တူညီသည့် အချက်မှာ သူ (သို့) သူမသည် အများလက်ခံ ထားသော ယဉ်ကျေးမှု၏ ပြင်ပမှလူဟု သတ်မှတ်ထား ခံရခြင်း ဖြစ်သည်။ "သူတို့" ထဲက တစ်ယောက်၊ "ငါတို့" ထဲက မဟုတ်ဘူးဟု ရှုမြင်ကြသည်။ အတိုချုံး ဆိုရသော် ထိုသူများကို ဝတ္ထုရေးဆရာ ဂျေ အမ် ကိုအက်ဖီ (J. M. Coetzee) က သူ၏ နာမည်ကျော် ဝတ္ထု *Waiting for the Barbarians (အရိုင်းအစိုင်းများကို စောင့်မျှော်နေခြင်း)* တွင် အသုံးပြုခဲ့သလို "အရိုင်းအစိုင်းများ" ဟု သတ်မှတ်ထားကြသည် (စာသေတ္တာ ၁၅.၄ တွင် ရှုပါ)။ ကျွန်ုပ်တို့ အမြတ်တနိုး ထားသည့် တန်ဖိုးများကို ဖောက်ဖျက်သောကြောင့် အပြင်လူများအဖြစ် တံဆိပ်ကပ်ခြင်း ခံရသူများသည် လူသားအဖြစ် ယူဆခံပိုင်ခွင့် အပါအဝင် ၎င်းတို့ကို အကာအကွယ် ပေးသည့် အခွင့်အရေးများနှင့် မထိုက်တန်သူများ ဖြစ်သည်။

ဖြစ်ရပ် အများအပြားတွင် ဟိုဆေး ဗယ်လ် လိုပက်ဇ်ကဲ့သို့သော ညှဉ်းပန်း နှိပ်စက်သူများက မိမိတို့သည် ကြီးမြတ်သော အကြောင်းကိစ္စ တစ်ခုအတွက် လုပ်ဆောင်နေရခြင်း ဖြစ်ကြောင်း၊ မိမိတို့ မေးမြန်းလိုက်သော မေးခွန်းများနှင့် ရရှိသော အချက်အလက်များသည် အခြားသူများ၏ ကောင်းကျိုးချမ်းသာ (သို့) အသက်ရှင်သန်ရေးအတွက် အရေးပါသည်ဟု မိမိကိုယ် မိမိ ဖျောင်းဖြကြသည်။ သို့ရာတွင် များသောအားဖြင့် ညှဉ်းပန်းနှိပ်စက်ရသည့် ရည်ရွယ်ချက်တွင် ကျင့်ဝတ်ပိုင်း ဆိုင်ရာ စံနှုန်းများ မရှိကြပေ။ များသောအားဖြင့် ရည်ရွယ်ချက် အစစ်အမှန်မှာ အကျဉ်းသား (သို့) ထိုသူ၏ အုပ်စု (သို့) အသိုင်းအဝိုင်းမှ အဖွဲ့ဝင်များကို ခြိမ်းခြောက် လိုခြင်း ဖြစ်သည်။ အစောပိုင်း ခေတ်များတွင် လုပ်ဆောင်ခဲ့သော ညှဉ်းပန်း နှိပ်စက်မှုများသည် ရာဇဝတ်မှုများကို ဖြေရှင်းရန် (သို့) စိတ်ဝိညာဉ်ကို ကယ်တင်ရန် ဆန္ဒကြောင့် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သော်လည်း ယနေ့ခေတ် ညှဉ်းပန်း နှိပ်စက်မှုများသည် အခြားသူများ ထိခိုက် နာကျင်ခြင်းတွင် စိတ်ကျေနပ်မှု ရသည့် သွင်ပြင်လက္ခဏာထက် အနည်းငယ်သာ ပိုပြီး အခြားသူများ၏ စိတ်ဆန္ဒကို အပြည့်အဝ ချုပ်ကိုင်နိုင်ကြောင်း ပြသလိုခြင်း ဖြစ်သည်။ ဘော်လကန် စစ်ပွဲများကဲ့သို့သော စစ်ပွဲများတွင် အဓမ္မ ပြုကျင့်ခြင်းကို နည်းလမ်း တစ်ခုအဖြစ် အသုံးပြုသည့် ဖြစ်ရပ်များ (Allen, 1996) (သို့) အီရတ်နိုင်ငံ အဘူဂရစ်ရှိ အမေရိကန်များ ထိန်းချုပ်သည့် အကျဉ်းထောင်တွင် အကျဉ်းသားများကို ဇက်ကြိုးများဖြင့် ဆွဲခေါ်သည့် ဖြစ်ရပ်များ (သို့) ကင်မရာများရှေ့တွင် အတင်းအဓမ္မ လိင်စိတ်ဖြေခိုင်းသည့် ဖြစ်ရပ်များ (Danner, 2004) သည် အထက်ပါ အကြောင်းပြချက် ဥပမာများပင် ဖြစ်သည်။

စာသေတ္တာ ၁၅.၄။ အရိုင်းအစိုင်းများကို စောင့်မျှော်နေခြင်း

သူ၏ ၁၉၈၂ ခုနှစ် ဂန္ထဝင် ဝတ္ထု *Waiting for the Barbarians (အရိုင်းအစိုင်းများကို စောင့်မျှော်နေခြင်း)* တွင် တောင်အာဖရိကလူမျိုး ဝတ္ထုရေးဆရာ ဂျေ အမ် ကိုအက်ဇီက လူသားဖြစ်မှုအား ဖျောက်ဖျက်လိုက်ခြင်း ဖြစ်ရပ်ကို တိတိကျကျ ရေးသားခဲ့သည်။ သူက တစ်ယောက်နှင့် တစ်ယောက် လည်ပင်းတွင် ကြိုးနှင့်တွဲချည် ခံထားရသော အကျဉ်းသားများကို စောင့်မျှော်နေကြသည့် လူအုပ်ကြီးက “အရိုင်းအစိုင်းတွေပေ့” ဟု ဟစ်ကြွေးလိုက်ပုံကို ဖော်ပြထားသည်။ ထိုအကျဉ်းသားများ၏ ပါးတွင် အပေါက်ဖောက်ထားကာ သံဝိုင်ယာ တစ်ချောင်းဖြင့် သူ၏ လက်တွင် ဖောက်ထားသည့် အပေါက်ကို ဆက်စပ်ထားသည်။ “ဒီလိုလုပ်ထားတာ သူတို့ကို သိုးလေးတွေလိုပဲ ငြိမ်သက်နေစေတယ်” ဟု စစ်သား တစ်ဦးက ပြောသည်။ “သူတို့က ဘာမှ တွေးစရာမလိုဘူး။ ငြိမ်ငြိမ်လေး ဘယ်လိုနေရမလဲ ဆိုတာပဲ တွေးရတယ်။”

“လူတိုင်းက သူ၏ ကလေးများကို အရိုင်းအစိုင်းများ တကယ် ရှိကြောင်း ပြသနိုင်ရန်” အကျဉ်းသားများကို လူထုရှေ့တွင် လှည့်လည်ပြသ ကြသည်။ ထို့နောက်တွင် ရဲမှူးက ရှေ့သို့ ထွက်လာသည်။

အကျဉ်းသား တစ်ဦးစီ၏ နောက်ကျောပြောင်ကို ဖုန်များဖြင့် ပွတ်လိုက်ပြီး မီးသွေးခဲဖြင့် “ရန်သူ… ရန်သူ… ရန်သူ.. ရန်သူ… ရန်သူ” ဟု ရေးသားလိုက်သည်။ ထို့နောက် နောက်ပြန်ဆုတ်လိုက်ကာ လက်ပိုက်နေလိုက်သည်။ ထို့နောက်တွင်တော့ ရိုက်နှက်ခြင်းများ စတင်တော့သည်။

(Coetzee, 1982, pp. 102-5)

ရည်ရွယ်ချက်များ ကွဲပြားပါစေ ညှဉ်းပန်း နှိပ်စက်သူများ အားလုံးတွင် တူညီသည့် စရိုက်လက္ခဏာ တစ်ခု ရှိသေးသည်။ ထိုသူများက သူတို့ ကျူးလွန်ခဲ့သော ပြစ်မှုများမှ ရှောင်ပြေးနိုင်လိမ့်မည်ဟု ထင်ခြင်း ဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်သူများအနက် အနည်းငယ်ကသာ အကျိုးဆက်ကို မတွေးဘဲ ရုတ်တရက် လုပ်ကြခြင်း ဖြစ်သည်။ ညှဉ်းပန်း နှိပ်စက်မှုသည် လူကောင်းများထဲမှ လူဆိုး အနည်းငယ်ကသာ ၎င်းတို့၏ အထက်လူကြီးများ ဆန္ဒကို ဖီဆန်ပြီး လုပ်ဆောင်ကြခြင်း မဟုတ်သည်လည်း များသည်။ ပေါ်ပေါ်ထင်ထင် အမိန့်ပေးခံရသည် ဖြစ်စေ “မျက်စိ မှိတ်ပြ၊ ခေါင်းညိတ်ပြ” လိုက်သည် ဖြစ်စေ ညှဉ်းပန်း နှိပ်စက်သူ အများစုက ၎င်းတို့ တာဝန်ခံရသောသူက ၎င်းတို့ လုပ်ဆောင်သည်များကို အနည်းလေး သီးသန့် အခြေအနေတွင်တော့ လက်ခံ သဘောတူ ကြသည်ဟု ယုံကြည်ထားသည်။ လက်တွေ့တွင် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် မရဘဲ၊ ညှဉ်းပန်း နှိပ်စက်မှု ကျူးလွန်သူကို အပြစ်ပေးခြင်းများမှ ကင်းလွတ်ပေးမည်ဟု ယုံကြည်ချက် မရှိဘဲ ညှဉ်းပန်း နှိပ်စက်မှုသည် သက်ဆိုး မရှည်နိုင်ပေ။

သို့ရာတွင် တစ်ခါတရံ၌ ဟိုဆေး၏ ဥပမာ ကဲ့သို့ ထိုအလုပ်၏ စိတ်ဖိစီးမှုသည် ဆိုးရွားသော ရလဒ်များ ဖြစ်ပေါ် လာနိုင်သည်။ ကိုလိုနီ ဆန့်ကျင်ရေးဆိုင်ရာ နာမည်ကြီး တွေးခေါ်ပညာရှင် ဖြစ်လာသူ စိတ်ပညာရှင် ဖရန့်ဇ်ဖာနွန် (Frantz Fanon) (2004, p. 195) က သူ့ထံ စိတ်ဓာတ်ကျ ရောဂါကို လာရောက် ကုသသည့်

ရဲ့အရာရှိအကြောင်း ပြောပြခဲ့သည်။ ထိုရဲအရာရှိက သူနှိပ်စက်ခဲ့သည့်လူများအကြောင်းကို ဤသို့ ပြောပြခဲ့သည်။ "ပြဿနာက ဒီလူတွေက ဘယ်တော့မှ ဝန်မခံချင်တာပဲ"

တစ်ခါတလေ အဲဒီလူတွေကို ကျွန်တော်တို့အတွက် တွေးပေးလားလို့ မေးလိုက်ချင်တယ်။ သူတို့က မပြောချင်ကြဘူး၊ သူတို့ဆီက အချက်အလက်တွေ ညှစ်ထုတ်ဖို့ ကျွန်တော်တို့မှာ နာရီပေါင်းများစွာ အလုပ်လုပ် ရတယ်။ ဒါပေမယ့် သူတို့နဲ့ ပြောနေရတာ နံရံကို ပြောနေရတာလိုပဲ။ အဲတော့ သူတို့ ထုတ်ပြောအောင် နည်းနည်းပါးပါး လုပ်ပေးရတယ်။ ဒါပေမယ့် သူတို့က တော်တော် အော်နိုင်တဲ့ သူတွေဗျ။ အစောပိုင်းတော့ အဲလိုအော်တာတွေက ကျွန်တော့်အတွက် ရယ်စရာတွေပဲ။ ဒါပေမယ့် ကြာတော့ ကျွန်တော့်ကို စိတ်ဓာတ်ကျ လာစေတယ်။ အိမ်မှာနေရင်းတောင် ဒီအော်သံတွေပဲ ကြားနေရတယ်။ အထူးသဖြင့် ရဲဌာနမှ သေသွားတဲ့ သူတွေရဲ့ အော်သံတွေပဲ။ ဆရာ၊ ကျွန်တော် ဒီအလုပ်ကို စိတ်ကုန်နေပြီဗျာ။ ဆရာ ကျွန်တော့် ရောဂါကို ကုပေးနိုင်ရင် ကျွန်တော် နေရာ ပြောင်းဖို့ တောင်းဆိုမယ်ဗျာ၊ သူတို့ ပြောင်းမပေးဘူး ဆိုရင် ကျွန်တော် ဒီအလုပ်က ထွက်လိုက်တော့မယ်။

သို့ရာတွင် ထိုအခြေအနေမှ ရုန်းထွက်ရန်မှာ အမြဲတမ်းတော့ မလွယ်ကူလှပေ။ ညှဉ်းပန်း နှိပ်စက်သူများကို ၎င်းတို့၏ အထက်အရာရှိများအား လေးစားရန်၊ နာခံရန် စိတ်ပိုင်း ဆိုင်ရာအရ လေ့ကျင့်ပေးထားပြီး ၎င်းတို့ ထွက်ခွာလိုပါက ၎င်းတို့၏ လုပ်ဖော် ကိုင်ဖက်များနှင့် အထက် အရာရှိများက ၎င်းတို့ကို ခြိမ်းခြောက်လေ့ ရှိကြသည်။ ညှဉ်းပန်း နှိပ်စက်သူများ၏ စိတ်ကျန်းမာရေးကို စနစ်တကျ လေ့လာခြင်းများ သိပ်မရှိပေ။ မိမိ အပြစ်ကို ဝန်ခံကာ စမ်းသပ်ခြင်းများတွင် ပါဝင်လိုသူ အနည်းငယ်သာ ရှိသည်။ သို့ရာတွင် ကြမ်းကြုတ်မှုများကို လုပ်ဆောင်သူများတွင်လည်း စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ရှိသည်မှာ ယုံကြည်ရ ခက်ခဲသည့် အရာ မဟုတ်ပေ။ ထို့ကြောင့် ညှဉ်းပန်း နှိပ်စက်မှု ဖြစ်ရပ်တွင် ထိခိုက် နစ်နာသူ နှစ်မျိုး ဖန်တီးပေးခြင်းမှာ ဝိရောဓိ ဖြစ်နေသည့် အချက်ပင် ဖြစ်သည်။

## ညှဉ်းပန်း နှိပ်စက်မှုအတွက် ကြိုတင် လိုအပ်သည့် လူမှုဆိုင်ရာ အခြေအနေများ

သာမန်လူအများအပြားကို ညှဉ်းပန်း နှိပ်စက်သူများ ဖြစ်အောင် လုပ်နိုင်သည် ဆိုလျှင် လူ့အဖွဲ့အစည်း အားလုံးသည် ထိုနည်းလမ်းကို အသုံးပြုနိုင်မည် ဖြစ်သည် (သို့) ညှဉ်းပန်း နှိပ်စက်မှု ပိုမို ဖြစ်နိုင်သည့် လူမှုဆိုင်ရာ အခြေအနေများ ရှိပါသလား။

ကျယ်ကျယ်ပြန့်ပြန့် ဆိုရလျှင် ကျွန်ုပ်တို့ တွေ့ရှိရပြီး ဖြစ်သည့်အတိုင်း ညှဉ်းပန်း နှိပ်စက်မှုတွင် ညှဉ်းပန်း နှိပ်စက်သူနှင့် ထိခိုက် နစ်နာသူအကြား အာဏာကွာခြားမှု အတိုင်းအတာ ကြီးကြီးမားမား ရှိသည်။ လူမျိုးပြုန်းတီးစေမှုနှင့် ညှဉ်းပန်း နှိပ်စက်မှုများ၏ လူမှုဆိုင်ရာ ညွှန်းကိန်းများကို လေ့လာသည့် လူမှုရေး သိပ္ပံပညာရှင် အနည်းစုထဲမှ တစ်ဦး ဖြစ်သူ အာဝင် စတော့ဘ် (Erwin Staub) (1990, pp. 49-50) က တူရကီမှ အာမေးနီးယန်းများကို လူမျိုးပြုန်းတီးစေမှုများ (၁၉၁၄-၁၈)၊ နာဇီ ဂျာမနီများ (၁၉၃၃-၄၅)၊ ပေါ်လ်ပေါ့ (Pol Pot) ၏ ကမ္ဘောဒီးယား ဖြစ်ရပ် (၁၉၇၆-၉)၊ အာဂျင်တီးနား၏ "ညစ်ပတ်သော စစ်ပွဲ" အတွင်း ဖြစ်ရပ်များ (၁၉၇၆-၈၃) အပေါ် လေ့လာမှုအား အခြေခံ၍ အုပ်စု တစ်စုကို ခွဲခြားစာ ရှာခြင်း ဟူသည့် လူမှုရေး ဆိုင်ရာ အခြေအနေ တစ်ရပ်သည် ညှဉ်းပန်း နှိပ်စက်မှု ဖြစ်ပွားစေသည်ဟု ဖော်ထုတ်ခဲ့သည်။ ညှဉ်းပန်း နှိပ်စက်မှု

လွယ်လင့်တကူ လုပ်နိုင်သည့် လူ့အဖွဲ့အစည်းများ၏ အခြား လက္ခဏာများမှာ အထက်လူကြီးများကို လေးစားကြပြီး ခေါင်းဆောင်ပိုင်းက လုပ်ဆောင်သည်များကို မေးခွန်း မထုတ်တတ်ခြင်း၊ ယဉ်ကျေးမှု တစ်မျိုးတည်းသာ ရှိပြီး မတူညီသော အမြင်များ ဖော်ထုတ်ခြင်းကို ဆန့်ကျင်ခြင်း၊ မိမိကိုယ် မိမိ သံသယ ဝင်ခြင်းများ (သို့) စီးပွားရေး အလားအလာများကို စိုးရိမ် ပူပန်ခြင်းများအား ဖုံးကွယ်ထားနိုင်ရန ယဉ်ကျေးမှု အရ အခြားသူများထက် သာလွန်သည်ဟူသည့် အတွေးများ ပျံ့နှံ့ခြင်း၊ လူနည်းစုများ (သို့) အုပ်စု ပြင်ပမှ လူများကို မတရား ဆက်ဆံခြင်းအား ကျိုးကြောင်း ဆီလျော်သည်ဟု ထင်ခြင်းတို့ ဖြစ်ကြသည်။

ထိုအရာများ အားလုံးမှာ မှန်ကန်ပါသည်။ သို့ရာတွင် နိုင်ငံရေးအရ ပြင်းထန်သော ငြင်းခုံမှုများကို တားဆီးထားပြီး အားလုံးကို တန်းတူ ဆက်ဆံသည်ဟု အာမခံထားသည့် ဒီမိုကရေစီ နိုင်ငံများ၊ အားကောင်းသော ဒီမိုကရေစီ ရှိသည့် အမေရိကန်ကဲ့သို့သော နိုင်ငံမျိုး၌ပင်၊ ညှဉ်းပန်းနှိပ်စက်ခြင်း များကို တော်လှန်ခြင်းငှာ မစွမ်းပေ။ ရာဇဝတ်မှုဆိုင်ရာ ပညာရှင် ရော်နယ်လ် ခရီလင်စတန် (Ronald Crelinsten) (2005, pp. 76-7) က 9/11 ဖြစ်ရပ် နောက်ပိုင်း အကြမ်းဖက်မှု အပေါ် စစ်ပွဲနှင့် ဆက်စပ်သည့် ဥပမာများကို အခြေခံကာ စတုဘ်၏ စာရင်းကို ထပ်မံချဲ့ထွင် ပြင်ဆင်ခဲ့သည်။ သူကလည်း အုပ်စု ပြင်ပမှ လူများ၊ ဤဖြစ်ရပ်တွင် မူဆလင်များ၏ လူသား ဖြစ်မှုကို ခွာထုတ်လိုက်ခြင်းသည် ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ ယဉ်ကျေးမှုအား တည်ထောင်ရာတွင် အခရာ ကျသည်ဟု တွေ့ရှိခဲ့သည်။ သို့ရာတွင် သူက ညှဉ်းပန်းနှိပ်စက်မှု ပိုမို ဖြစ်ပွားနိုင်သည့် အခြား အချက်များကိုလည်း ဖော်ပြခဲ့သည်။ ယင်းတို့မှာ နိုင်ငံ အရေးပေါ် အခြေအနေ ကျရောက်ခြင်း (သို့) လုံခြုံရေးအပေါ် ခြိမ်းခြောက်နေပြီဟု ရှုမြင်ခြင်း၊ သံသယ ရှိသူ အများအပြားကို စစ်ဆေးရန် လိုအပ်ခြင်း၊ လူမှု စံနှုန်းများကို ဖောက်ဖျက်ခွင့် ပေးလိုက်ခြင်း (ဤနေရာတွင် အစိုးရ (သို့) စစ်ဘက် အရာရှိများမှ ခွင့်ပေးခြင်း သာမကဘဲ မီဒီယာနှင့် ပညာရပ် နယ်ပယ်ကပါ ရက်စက် ကြမ်းကြုတ်မှုများ အတွက် အကြောင်းပြချက် ပေးခြင်းတို့ ပါဝင်သည်)၊ မြင့်မြတ်သော အရေးတော်ပုံ ရှိခြင်းနှင့် ထိုအရေးတော်ပုံအတွက် မည်သည့် လုပ်ရပ်မဆို လက်ခံနိုင်ဖွယ် ဖြစ်ခြင်းတို့ ဖြစ်သည်။

ခြိမ်းခြောက်မှုများ ခံနေရသည်ဟု ယုံကြည်သည့် လူ့အဖွဲ့အစည်းများတွင် ၎င်းတို့ ကြောက်ရွံ့သူများကို ဖယ်ထုတ်ပစ်လိုကြပြီး ပွင့်လင်းသော လူ့အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ သည်ပင် ဆိုးရွားသည့် ဖြစ်ရပ်များ ဖြစ်ပွားလာမည်ကို ကြောက်ရွံ့ခြင်းများအပေါ် အခြေခံ၍ အမြတ်ထုတ်နိုင်သည်။ သို့ရာတွင် ထိုအကြောက်တရားများသည် ကျိုးကြောင်း ဆီလျော်ပြီး ညှဉ်းပန်းနှိပ်စက်မှုများ အပါအဝင် ပုံမှန် မဟုတ်သည့် နည်းလမ်းများ အသုံးပြုနိုင်သည့် အခြေအနေများ ရှိနိုင်ပါသလား။ ယခုအခါ စိတ်ကူးယဉ် ချိန်ကိုက်ဗုံး ဖြစ်ရပ်ကို ဆွေးနွေးသွားပါမည်။

| အနှစ်ချုပ် |
| --- |
| အစိုးရများသည် သာမန် လူများကို ရက်စက်သည့် သင်တန်းများ ပေးသော၊ ညှဉ်းပန်း နှိပ်စက်သည့် သင်တန်းများ ပေးသော အထက်လူကြီးများနှင့် ထားရှိကာ ထို့နောက် လူဟု မသတ်မှတ်ထားသည့် မုန်းတီးဖွယ် လူများ (သို့) အုပ်စုများအပေါ် ဆိုးရွားစွာ ဆက်ဆံမှုများကို ခွင့်ပြုကာ ၎င်းတို့အား ညှဉ်းပန်း နှိပ်စက်သူများအဖြစ် ပြောင်းလဲ ပစ်နိုင်သည်။ |

ညှဉ်းပန်းနှိပ်စက်ရာတွင် ပြစ်ဒဏ်ပေးမခံရဟု ခံစားရခြင်း လိုအပ်သည်။ ညှဉ်းပန်း နှိပ်စက်ခြင်းကို ၎င်းတို့၏ အထက်အရာရှိများ၏ အားပေးမှု မရှိဘဲ လုပ်ဆောင်သူ အနည်းငယ်သာ ရှိသည်။

ညှဉ်းပန်း နှိပ်စက်ခြင်းသည် နှိပ်စက်ခံရသူများအတွက် ဆိုးရွားသော အကျိုးဆက်များ ရှိသလို ကျူးလွန်သူများ၏ စိတ်ကျန်းမာရေးကိုလည်း ထိခိုက်စေသည်။ ညှဉ်းပန်း နှိပ်စက်သူများသည် ထိုစနစ်ဆိုးမှ ရုန်းထွက်ချင်သည့်တိုင် ရုန်းထွက်ရန် ခက်ခဲသည်။

ယဉ်ကျေးမှုအရ ပို၍ မြင့်မားသည်ဟု ထင်မြင်ခြင်း၊ ပြည်သူများ၏ ကြောက်ရွံ့မှု ခံစားချက်များကို အလွဲသုံးစား ပြုခြင်းတို့ အပါအဝင် အချို့သော လူမှု အခြေအနေများတွင် ညှဉ်းပန်း နှိပ်စက်မှု လုပ်ဆောင်နိုင်ခြေ ပိုမို မြင့်မားလာသည်။ ပွင့်လင်းပြီး ဒီမိုကရေစီကျသော နိုင်ငံများ၌ပင် ယင်းသို့ ဖြစ်နိုင်သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**
စတဘ်နှင့် ခရီလင်စတန်က ညှဉ်းပန်းနှိပ်စက်မှုကို ပိုမို လုပ်ဆောင်နိုင်ခြေရှိသည့် လူ့အဖွဲ့အစည်းများ၏ လက္ခဏာများကို ပြုစုထားခဲ့သည်။ ယနေ့ ကမ္ဘာပေါ်တွင် ထိုလက္ခဏာများ ထင်ထင်ရှားရှား ရှိနေပြီး ညှဉ်းပန်းနှိပ်စက်မှုကို အသုံးပြုနိုင်ခြေများသည့် နေရာများကို သင် ရှာဖွေနိုင်ပါသလား။

## ဖြစ်ရပ် လေ့လာခြင်း၊ ချိန်ကိုက်ဗုံး အခြေအနေတွင် ညှဉ်းပန်းနှိပ်စက်ခြင်း

### ညှဉ်းပန်း နှိပ်စက်မှု လုပ်ဆောင်သင့်ကြောင်း ဆွေးနွေး ငြင်းခုံမှုများ

လူတစ်ယောက် ထိခိုက်ခြင်းအပေါ် သာယာသည့်အတွက် ညှဉ်းပန်း နှိပ်စက်ခြင်းကို မည်သည့် လေးစားဖွယ်ရာ ပညာရှင်ကမျှ ကာကွယ်ပြောဆိုလိမ့်မည် မဟုတ်ပေ။ သို့ရာတွင် ဂျယ်ရမီဘန်သမ် (Jeremy Bentham) (1748-1832) အပါအဝင် နာမည်ကြီး အတွေးအခေါ် ပညာရှင် အများအပြားက အချို့သော အခြေအနေ အနည်းအကျဉ်းတွင် ညှဉ်းပန်း နှိပ်စက်မှုကို ကာကွယ် ပြောဆိုနိုင်ပြီး ကျင့်ဝတ်ပိုင်းအရလည်း လိုအပ်သည်ဟု ဆိုကြသည်။ ထို့အတွက် စိတ်ကူးယဉ် အခြေအနေကို အောက်ပါအတိုင်း သတ်မှတ်လေ့ ရှိသည်။ အာဏာပိုင်များသည် ၎င်းတို့ အချိန်မီ အရေးယူ ဆောင်ရွက်နိုင်ပါက ဗုံးကို စနက်တံ ဖြုတ်နိုင်မည် ဖြစ်ပြီး ထိုဗုံး ပေါက်ကွဲသွားပါက လူပေါင်း ရာပေါင်း၊ ထောင်ပေါင်းများစွာ သေဆုံးသွားနိုင်သည်။ ထိုဗုံးအကြောင်း သတင်းအချက်အလက် များသည် ၎င်းတို့ ထိန်းသိမ်းထားသည့် ပုဂ္ဂိုလ်ထံတွင် ရှိသည်။ ၎င်းတို့ ရှာဖွေနေသည့် အချက်အလက်များ ရရှိရန် မည်သည့် ဖိအားပေးသည့် နည်းလမ်းမဆို အသုံးပြုနိုင်ပါသလား။ ကျင့်ဝတ်ပိုင်းကြောင့် ထိုသို့ မလုပ်နိုင်ဘဲ ထိန်းချုပ်လိုက်ပြီး အပြစ်မဲ့ ပြည်သူပေါင်း များစွာ အသက်ဆုံးရှုံး သွားပါက ၎င်းတို့ တာဝန်ကို လျစ်လျူရှုသည်ဟု စွပ်စွဲခံရနိုင်ပါသလား။

ညှဉ်းပန်း နှိပ်စက်မှုကို အသုံးပြုနိုင်သည် ဟူသည့် ဆွေးနွေး ငြင်းခုံမှုများသည် ရိုးရှင်းသည့် ကုန်ကျစရိတ်နှင့် အကျိုးအမြတ် တွက်ချက်ခြင်းများ အပေါ် အခြေခံသည်။ သံသယ ရှိသူ တစ်ဦးကို ညှဉ်းပန်း နှိပ်စက်ခြင်းဖြင့်

လူပေါင်း ၁၀၀၀ (သို့မဟုတ် ထို့ထက်များသည့်) ၏ အသက်ကို ကယ်တင်နိုင်သည်။ လူများစု၏ အကျိုးစီးပွားကို အဓိကထား စဉ်းစားသူ (utilitarian) ဘန်သမ်က ထိုနည်းလမ်းကို လိုလားသည်မှာ အံ့ဩစရာတော့ မဟုတ်ပေ။ လူများစု၏ အကျိုးစီးပွားကို အဓိကထား စဉ်းစားသည့် ကျင့်ဝတ် စနစ် ဆိုသည်မှာ လုပ်ရပ် တစ်ခု၏ ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးကို လူအရေအတွက် များနိုင်သမျှ များများအတွက် ပျော်ရွှင်မှု များနိုင်သမျှ များများ ယူဆောင်ပေးနိုင်ခြင်းဖြင့် ဆုံးဖြတ်သည့် စနစ် ဖြစ်သည်။ ဤသည်မှာ လုပ်ရပ် တစ်ခုကို ၎င်း၏ အကျိုးဆက်များဖြင့် စဉ်းစား ဆုံးဖြတ်ရမည် (တစ်ခါတရံ ဘာနည်းသုံးသုံး ရလဒ် ကောင်းဖို့သာ အရေးကြီးတယ်ဟု ရိုးရိုးရှင်းရှင်း ဖော်ပြကြသည်) ဟူသည့် ရလဒ် အခြေပြု စဉ်းစားသည့် နည်းလမ်း (consequentialism) နှင့် မည်သည့် အကျိုးဆက် ရှိသည် ဖြစ်စေ လုပ်ရပ်တိုင်းကို ၎င်းတို့ ကိုယ်ပိုင် ကောင်းသည်၊ ဆိုးသည် ဆုံးဖြတ်သည့် လုပ်ရပ် အခြေပြု ချဉ်းကပ်ပုံ (deonotological) တို့အကြား ကွာခြားချက် ဥပမာပင် ဖြစ်သည်။

အပေါ်ယံအားဖြင့် ကြည့်လျှင် ချိန်ကိုက်ဗုံး ဥပမာသည် မေးခွန်းထုတ်စရာ မလိုအောင် ရှင်းနေသည့် ဥပမာ ဖြစ်သည်။ သို့ရာတွင် ယင်းတွေးခေါ်ပုံတွင်လည်း အားနည်းချက်များ ရှိပြီး ထိုအားနည်းချက်များကို သတိပြု ထောက်ပြပြီး ဆွေးနွေးခဲ့သော ပညာရှင်များလည်း ရှိသည်။ အားနည်းချက် တစ်ခုမှာ ကျွန်ုပ်တို့ ရှာဖွေနေသော သတင်းအချက်အလက်ကို မည်သူ့တွင် ရှိပြီး မည်သူ့တွင် မရှိကြောင်း သိရန် အမြဲ မလွယ်ကူခြင်း ဖြစ်သည်။ အပြစ်မဲ့သူ တစ်ဦးကို ညှဉ်းပန်း နှိပ်စက်ခြင်းအား မည်သူမျှ ကျိုးကြောင်း ဆီလျော်သည်ဟု မရှုမြင်ပေ။ ထို့ကြောင့် ချိန်ကိုက်ဗုံး အခြေအနေတွင် ညှဉ်းပန်း နှိပ်စက်ခြင်းကို တရားဝင်သည်ဟု ဆွေးနွေး ငြင်းခုံခဲ့သော မိုက်ကယ်လ် လီဗင် (Michael Levin) (1982) ကဲ့သို့သော တွေးခေါ်ပညာရှင်များက အပြစ်ရှိကြောင်း သိသာထင်ရှားမှသာ ညှဉ်းပန်း နှိပ်စက်မှု ပြုသင့်သည်၊ ဥပမာ မျက်နှာဖုံး စွပ်ထားသော သေနတ်သမားများက လေယာဉ် ပြန်ပေးဆွဲခြင်းကို ညနေခင်း သတင်းတွင် လူပေါင်း သန်းလေးဆယ်လောက်က မြင်သည့် အခြေအနေမျိုး ဖြစ်သည်။

အခြား အားနည်းချက်မှာ ကုန်းလျှောအတိုင်း လိမ့်ဆင်းသွားခြင်းဟု ခေါ်သည့် ညှဉ်းပန်း နှိပ်စက်မှုကို အကန့်အသတ် တစ်ခုဖြင့် ခွင့်ပြုလိုက်ခြင်းဖြင့် တာဝန်ရှိသူများက ညှဉ်းပန်း နှိပ်စက်သူ အရေအတွက် (သို့) ညှဉ်းပန်း နှိပ်စက်မှု ပြုနိုင်သည့် အခြေအနေများကို ချဲ့ထွင်ရန် ကြိုးပမ်းခြင်း ဖြစ်သည်။ နာမည်ကျော် ဥပဒေ ပါမောက္ခ အယ်လန် ဒါရှိုးဝစ်ဇ် (Alan Dershowitz) (2002) က အာဏာပိုင်များ အနေဖြင့် လူတစ်ဦးကို ညှဉ်းပန်း နှိပ်စက်လိုလျှင် ရက်စက် ကြမ်းကြုတ်စွာ ဆက်ဆံနိုင်မှု၏ ပစ်မှတ်၊ အချိန်နှင့် ပြင်းထန်မှု အတိုင်းအတာကို သတ်မှတ်ထားပြီး အပြစ်ပေးမှုကို တိုက်ရိုက် လုပ်ဆောင်ရသော အောက်ခြေ ရဲဝန်ထမ်းနှင့် စစ်သားများထက် အဓိက တာဝန်ရှိသူ အရာရှိများကို တာဝန်ခံခိုင်းထားသည့် ညှဉ်းပန်း နှိပ်စက်ခွင့် ဝရမ်းကို တရားသူကြီး ထံမှ ရယူခိုင်းသင့်ကြောင်း အကြံပြုခဲ့သည်။

၁၉၈၇ ခုနှစ်တွင် အစ္စရေး အစိုးရ၏ လုံခြုံရေး အဖွဲ့ ရှင်းဘတ် (Shin Bet) က ပါလစ္စတိုင်း လူမျိုး အကျဉ်းသားများအပေါ် ရုပ်ပိုင်းဆိုင်ရာအရ ဖိအားပေးခြင်းများ အလွန်အကျူး အသုံးပြုနေကြောင်း စွပ်စွဲခံခဲ့ကြသည်။ စုံစမ်း စစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းခဲ့ပြီး ယခင် အစ္စရေး၏ တရားရုံးချုပ် တရားသူကြီး မိုရှီ လန်ဒူ (Moshe Landau) အား ထိုကိစ္စကို ခေါင်းဆောင်၍ စုံစမ်းစစ်ဆေးရန် တာဝန် ပေးခဲ့သည်။ လန်ဒူ၏ ကော်မရှင် အစီရင်ခံစာက ချိန်ကိုက်ဗုံး အခြေအနေများကြောင့် အင်အား အတန်အသင့်သုံး

ဖိအားပေးခဲ့ကြောင်း (အစီရင်ခံစာ၏ လျှို့ဝှက် နောက်ဆက်တွဲတွင် အသုံးပြုသည့် နည်းလမ်းများ အသေးစိတ် ဖော်ပြထားသည်) ကောက်ချက် ချခဲ့သည်။ ဆိုးရွားသည့် အခြေအနေ နှစ်ခုအနက် သိပ်မဆိုးရွားသည့် အခြေအနေကို ရွေးချယ်ခြင်းကို လိုအပ်ချက်ဆိုင်ရာ အယူဝါဒ (doctrine of necessity) အောက်တွင် တရားဝင် ခုခံချေပနိုင်သည်ဟု ဆိုခဲ့သည်။ လိုအပ်ချက် ဆိုင်ရာ အယူဝါဒ ဆိုသည်မှာ ပို၍ အန္တရာယ် များသည့် လုပ်ရပ် တစ်ခုကို ကာကွယ်ရန် အန္တရာယ် များသည့် လုပ်ရပ် တစ်ခု သုံးခြင်းအား ကျိုးကြောင်း ပြနိုင်ခြင်း ဖြစ်သည်။[၁]

## ညှဉ်းပန်း နှိပ်စက်မှုကို ကန့်ကွက်သည့် ဆွေးနွေး ငြင်းခုံမှုများ

ကျွန်ုပ်တို့အနေဖြင့် လုံးဝဥဿုံ ကျင့်ဝတ်ပဓာနအမြင် (deontological stance) ထားရှိ၍ ဘာသာရေး အယူဝါဒ သို့မဟုတ် သဘာတရား ဥပဒေ ဒဿန သို့မဟုတ် တရားမဝင်မှုကို ရိုးရိုးရှင်းရှင်း အကြောင်းပြ၍ ညှဉ်းပန်းနှိပ်စက်မှုသည် အခြေအနေအားလုံးတွင် မှားယွင်းသည်ဟု မပြောလိုလျှင် ချိန်ကိုက်ဗုံး အခြေအနေ ညှဉ်းပန်းနှိပ်စက်မှုကို ဆန့်ကျင်၍ ငြင်းခုံခြင်းသည် ထောက်ခံ၍ ငြင်းခုံခြင်းထက် ပိုမို၍ ရှုပ်ထွေးခက်ခဲသည့် လုပ်ငန်းဖြစ်သည်။ ထိုကိစ္စရပ်အကြောင်း လေ့လာခြင်းမှာ ယခုအခန်း၏ ဘောင်ပြင်ပကို ကျော်လွန်သွားမည် ဖြစ်သော်လည်း လက်တွေ့နှင့် ရလဒ် အခြေပြုသည့် ဆွေးနွေး ငြင်းခုံမှုများကို တင်ပြသွားပါမည်။

ကျွန်ုပ်တို့ တွေ့ခဲ့ရပြီး ဖြစ်သည့်အတိုင်း ချိန်ကိုက်ဗုံး အခြေအနေတွင် ညှဉ်းပန်း နှိပ်စက်ခြင်းသည် ကျိုးကြောင်း ဆီလျော်ရုံသာမက ကျင့်ဝတ်အရလည်း အရေးပါသည်။ ကျွန်ုပ်တို့ သံသယ ရှိသူက ဗုံးမည်သည့် နေရာတွင် ဝှက်ထားကြောင်း သိသည်ဟု ကျွန်ုပ်တို့ဘက်မှ ကျိန်းသေပေါက် သေချာသည်။ ထိုအချက်အလက်ကို လျင်မြန်စွာ ရယူရမည်။ ညှဉ်းပန်း နှိပ်စက်မှုသည် သူ့ထံမှ သတင်းအချက်အလက် အတိအကျ ရယူနိုင်မည့် ထိရောက်သော နည်းလမ်း ဖြစ်သည်။ ညှဉ်းပန်း နှိပ်စက်မှုကို သံသယ ရှိသူ အပေါ်ကိုသာ ကျူးလွန်ပြီး ကျွန်ုပ်တို့ နှိပ်စက်သည့် ပမာဏသည် သူထုတ်ပြောလောက်ရုံမျှ အနိမ့်ဆုံး ပမာဏ ဖြစ်သည်။ ကျွန်ုပ်တို့၏ လုပ်ရပ်ကြောင့် သေဆုံး သွားနိုင်သည့် လူများ၏ အသက်ကို ကယ်နိုင်မည် ဖြစ်သည်။ ဤသည်မှာ အရိုးရှင်းဆုံး အခြေအနေဖြစ်ပြီး ထိုသို့သော အခြေအနေမျိုးတွင် ညှဉ်းပန်း နှိပ်စက်ခြင်းကို ကန့်ကွက်နိုင်သည့် ရလဒ်အခြေပြု ဆွေးနွေး ငြင်းခုန်မှုများ ရှာဖွေရန် ခက်ခဲပေမည်။

လက်တွေ့ဘဝတွင်မူ အဆိုပါ ဖြစ်ရပ်မျိုးသည် အတော်ပင် ရှားပါးလှသည်။ ထိုဖြစ်ရပ်မျိုး လုံးဝ မဖြစ်ပွားခဲ့ဟုတော့ မဆိုနိုင်ပေ။ သို့ရာတွင် ထိုကဲ့သို့ ထပ်တူညီ လုပ်ဆောင်နိုင်ခဲ့သော ဖြစ်ရပ်မျိုး မှတ်တမ်းတင်ထားခြင်းတော့ မရှိပေ။ နောက်ဆုံးနှင့် အရေးကြီးဆုံး တွက်ချက်မှု ဖြစ်သည့် ကျွန်ုပ်တို့ ညှဉ်းပန်း နှိပ်စက်မှု အသုံးပြုလျှင် လူပေါင်းများစွာ အသက်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်မည် ဟူသည့် အဆိုမှာ သက်သေပြရန် မလွယ်ကူကြောင်း တွေ့ရသည်။ ထိုဖြစ်ရပ်တွင် ပါဝင်သည့် အပိုင်းများကို တစ်ခုချင်း ခွဲခြမ်း စိတ်ဖြာ ကြည့်ပါစို့။

"ကျွန်ုပ်တို့ သံသယ ရှိသူက ဗုံးမည်သည့် နေရာတွင် ဝှက်ထားကြောင်း သိသည်ဟု ကျွန်ုပ်တို့ဘက်မှ ကျိန်းသေပေါက် သေချာသည်။" သို့ရာတွင် ညှဉ်းပန်းနှိပ်စက်မှုကို ကျိုးကြောင်း ဆီလျော်သည်ဟု ဆိုနိုင်ရန် မည်မျှ သေချာရမည်နည်း။ လီဗင်က ကျွန်ုတို့ အနေဖြင့် ၁၀၀ ရာခိုင်နှုန်း သေချာရမည်ဟု ဆိုထားသည်။

သို့ရာတွင် အများအယွင်းလုပ်နိုင်သည့် လူသားများအနေဖြင့် မည်သည့်အရာအပေါ် ၁၀၀ ရာခိုင်နှုန်း သေချာနိုင်ပါသနည်း။ (သေချာမှုကို မည်သို့ တိုင်းတာပါမည်နည်း။) လီဗင် ပေးသော ဥပမာ ဖြစ်သည့် မျက်နှာဖုံး စွပ်ထားသော သေနတ်သမားများက လေယာဉ် ပြန်ပေးဆွဲခြင်းကို ညနေခင်း သတင်းတွင် လူပေါင်း သန်းလေးဆယ်လောက်က မြင်သည့် အခြေအနေမျိုး၌ပင် သံသယ ဝင်ဖွယ်ရာများ ရှိသေးသည်။ သေနတ်သမားများသည် မျက်နှာဖုံး စွပ်ထားကြသည် မဟုတ်ပါလော။ ထို့ပြင် တီဗီမှ ရုပ်ပုံများသည် လွယ်လင့်တကူပင် ပြောင်းလဲနိုင်သည်။ ထို့ပြင် ညှဉ်းပန်း နှိပ်စက်ကာ စစ်ဆေးမေးမြန်းခြင်းသည် အမှောင်ထဲတွင် ဖြစ်ပွားခြင်း ဖြစ်သည်။ သံသယ ဝင်သူများကို လူအများရှေ့တွင် လှည့်လည်ပြခြင်း (သို့) ကင်မရာဖြင့် ရိုက်ပြခြင်းများ မရှိပေ။ သူတို့လုပ်သော မကောင်းမှုများကို အပြည့်အစုံ သိရခဲ့သည်။ (သိခဲ့လျှင်လည်း ညှဉ်းပန်းနှိပ်စက်ရန် အကြောင်း မရှိပေ။) ထို့ကြောင့် ၁၀၀ ရာခိုင်နှုန်း သေချာရမည် ဆိုခြင်းမှာ မဖြစ်နိုင်သော မျှော်လင့်ချက်ပင် ဖြစ်သည်။ ၉၅ ရာခိုင်နှုန်းလောက်သာ သေချာပါက မည်သို့ လုပ်ဆောင်ရမည်နည်း။ ညှဉ်းပန်း နှိပ်စက်မှုကြောင့် အပြစ်မဲ့ ပြည်သူပေါင်း ထောင်ပေါင်းများစွာကို ကယ်တင်နိုင်သည့်တိုင် မနှိပ်စက်ဘဲ နေရမည်လား။ ၅၀ ရာခိုင်နှုန်းဘဲ သေချာပါက မည်သို့ လုပ်ဆောင်ရမည်နည်း။ လူများကို ကယ်တင်ရန် အခွင့်အရေး ၅၀-၅၀ သာ ရှိပါက ထိုအလေလင်းအစားကို လုပ်သင့်ပါသလား။ ၁ ရာခိုင်နှုန်းဘဲ သေချာပါက မည်သို့ လုပ်သင့် သနည်း။ သံသယ ဝင်မှု အနည်းငယ်သာ ရှိသည့်တိုင် လူတစ်ဦးကို နှိပ်စက်ခြင်းက ထောင်ပေါင်းများစွာသော အပြစ်မဲ့ ပြည်သူများ၏ အသက်များ ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ပါက ညှဉ်းပန်း နှိပ်စက်ခြင်းက ကျိုးကြောင်း ဆီလျော်ပါသလား။ ထိုနည်းလမ်းကို လုပ်ဆောင်မည် ဆိုပါက အချက်အလက်များကို လုံးဝမသိသူများအားလည်း ညှဉ်းပန်း နှိပ်စက်ရမည် ဖြစ်သည်။ ယခုလောက် ဆိုလျှင် စာဖတ်သူတို့အနေဖြင့် ညှဉ်းပန်းနှိပ်စက်မှုကို ခွင့်ပြုသည့် ကန့်သတ်အခြေအနေများသည် ပိုမို၍ကျယ်ပြန့်သည့် အခြေအနေတစ်ခုသို့ မည်သို့မည်ပုံ အလျင်အမြန် ပြောင်းလဲသွားသည်ကို မြင်နိုင်ပြီ ဖြစ်သည်။[၂]

"ထိုအချက်အလက်ကို လျင်မြန်စွာ ရယူရမည်။ ညှဉ်းပန်း နှိပ်စက်မှုသည် သူ့ထံမှ သတင်း အချက်အလက် အတိအကျ ရယူနိုင်မည့် ထိရောက်သော နည်းလမ်း ဖြစ်သည်။" ညှဉ်းပန်း နှိပ်စက်မှုကို အသုံးပြုသည့် စစ်မေးသော အခြေအနေ အများစုတွင် ရေရှည် သတင်း အချက်အလက်များကို ရှာဖွေခြင်း၊ ရဲဘော် ရဲဘက်များ၏ အမည်များ၊ လုပ်ရပ် ပုံစံများနှင့် ကွန်ရက်၏ တည်ဆောက်ပုံတို့ကို ရှာဖွေခြင်းတို့ ပါဝင်သည်။ အမေရိကန် နိုင်ငံတွင် နောက်ထပ် 9/11 ဖြစ်ရပ်များ ထပ်မံ ဖြစ်ပွားခြင်းမှ တားဆီးရန် သံသယရှိသော အကြမ်းဖက်သမားကို ညှဉ်းပန်း နှိပ်စက်ခဲ့ကြောင်း အသိအမှတ် ပြုထားသည်။ ထိုအကြမ်းဖက်မှုများ ဖြစ်ပွားပြီး မိနစ် အနည်းငယ် အကြာ၌ပင် နောက်ထပ် တိုက်ခိုက်မှုများ ဖြစ်ပွားလိမ့်မည်ဟု မယူဆနိုင်သော်လည်း ယင်းတို့ကို တားဆီးနိုင်ရန် ညှဉ်းပန်း နှိပ်စက်မှုကို အချိန်မီ အသုံးပြုခဲ့သည်။ ထို့ပြင် ညှဉ်းပန်း နှိပ်စက်မှုသည် တိကျသော အချက်အလက်များ ရရှိရန် ထိရောက်သော နည်းလမ်း မဟုတ်ဟု ယူဆနိုင်သည့် အကြောင်းပြချက်များလည်း ရှိသည်။ နာကျင်မှု ခံစားနေရသည့် အကျဉ်းသားများသည် စစ်မေးသူများ ကြားလိုသည့် အရာတိုင်းကို ပြောတတ်ကြကြောင်း နာမည်ကြီးသည်။ ယခင် FBI ၏ စစ်ဆေးမေးမြန်းရေး ဆိုင်ရာ သင်ကြားပေးသူက အောက်ပါအတိုင်း ပြောခဲ့သည်။

ညှဉ်းပန်း နှိပ်စက်ခြင်းဆိုတာ အနုပညာ တစ်ခုလိုပဲ၊ လမ်းမပေါ်မှာ ရန်ဖြစ်တာမျိုး မဟုတ်ဘူး။ ညှဉ်းပန်း နှိပ်စက်တာဟာ ကောက်ကျစ်မှုတွေ၊ ကြံ့ကြံ့ခံမှုတွေနဲ့ လူတွေ လိုအပ်ချက်တွေအပေါ် ဘယ်လို တုံ့ပြန်လဲ

ဆိုတာကို နားလည်မှုတွေအပေါ် အခြေခံပြီး တည်ဆောက်ထားတယ်။ မေးခွန်းတွေကို သင့်တော်တဲ့ နောက်ခံ အခြေအနေမှာ မေးမယ်ဆိုရင် လူတွေက အကုန် ပြောပြမှာပဲ။ သင့်အနေနဲ့ မေးဖို့ မှန်ကန်တဲ့ နည်းလမ်း ရွေးဖို့ပဲ လိုတယ်။
(Whitcomb, 2002)

"ညှဉ်းပန်း နှိပ်စက်မှုကို သံသယ ရှိသူ အပေါ်ကိုသာ ကျူးလွန်ပြီး ကျွန်ုပ်တို့ နှိပ်စက်သည့် ပမာဏသည် သူထုတ်ပြောလောက်ရုံမျှ အနိမ့်ဆုံး ပမာဏ ဖြစ်သည်။" သို့ရာတွင် ရလဒ် အခြေပြု ကျင့်ဝတ်များအရ ကျွန်ုပ်တို့၏ ညှဉ်းပန်း နှိပ်စက်မှုများကို မည်သည့်အတွက်ကြောင့် ကန့်သတ် သင့်ပါသနည်း။ ကျွန်ုပ်တို့ လုပ်ဆောင်သည့် နည်းလမ်းများအပေါ် အဘယ်ကြောင့် ချီတုံချတုံ ဖြစ်နေသင့် ပါသနည်း။ ထို့ပြင် ညှဉ်းပန်း နှိပ်စက်ခံရသောသူများ၏ တင်ပြပုံများအရ မိမိ ထိခိုက်ခြင်းထက် မိမိချစ်မြတ်နိုးသူများ ထိခိုက်ခြင်းက ပို၍ နာကျင် ခံစားရသည်ဟု ဆိုသည်။ ကျွန်ုပ်တို့၏ ကနဦး လုပ်ဆောင်ချက် ဖြစ်သည့် ညှဉ်းပန်း နှိပ်စက်မှုများ အလုပ်မဖြစ်ပါက သံသယ ဝင်သူ၏ ဇနီး (သို့) နှစ်နှစ်အရွယ် ကလေးကို နှိပ်စက်ကာ သူ့ကို စကားပြောအောင် လုပ်ခြင်းက ကျိုးကြောင်း ဆီလျော်ပါသလား။ ကလေးသူငယ်ပေါင်း များစွာ အပါအဝင် ရာပေါင်း များစွာသော သူများ၏ အသက်များကို ကယ်တင်နိုင်မည် ဆိုပါက ကလေးငယ်လေးကို ထိခိုက်အောင် လုပ်ခြင်းကိုပင် ကျင့်ဝတ်ပိုင်းအရ လက်ခံနိုင်ပါသလား။ ကလေးငယ် လေးဦးကို ကာကွယ်ရန် ကလေးငယ် နှစ်ဦးကို ညှဉ်းပန်း နှိပ်စက်နိုင်ပါသလား။ ချိန်ကိုက်ဗုံး အချိန်တွင် ရပ်တန့်ရန် အကြောင်းပြချက်ကောင်း မရှိပေ။ ဤသည်မှာ အစောပိုင်းတွင် အကန့်အသတ်ဖြင့်သာ လုပ်ရန် ရည်ရွယ်ထားသော ညှဉ်းပန်း နှိပ်စက်မှုများသည် အဆုံးတွင် ကုန်းလျှောမှ လိမ့်ဆင်း သွားသလို ပိုပိုဆိုးသွားရသည့် အကြောင်းပြချက်ပင် ဖြစ်သည်။ နှစ်ပေါင်းများစွာ အတွင်း လူပေါင်း ထောင်ပေါင်းများစွာ နှိပ်စက်ခံကြရသည်။ ထိုသူများ အားလုံးသည် ချိန်ကိုက်ဗုံး မည်သည့် နေရာတွင် ရှိနေကြောင်း သိသည်ဟု ယုံကြည်ရန်မှာ ခက်ခဲသည်။

"သေဆုံး သွားနိုင်သည့် လူများ၏ အသက်ကို ကျွန်ုပ်တို့၏ လုပ်ရပ်ကြောင့် ကယ်နိုင်မည် ဖြစ်သည်။" ဤသည်မှာ အဓိက ကျသည့် အချက် ဖြစ်သည်။ ကျွန်ုပ်တို့ ထောက်ပြခဲ့သော ပြဿနာများ အားလုံးအရ အကျဉ်းသားကို ညှဉ်းပန်း နှိပ်စက်မှု မပြုဘဲ နေခြင်းထက် ညှဉ်းပန်းနှိပ်စက်ခြင်းသည် အခြားသူများအတွက် ပိုမို ကောင်းမွန်စေသည်ကို သက်သေ မပြသ နိုင်ပါက ထိုလုပ်ရပ်အပေါ် ကာကွယ်နိုင်မည် မဟုတ်ပေ။ ချိန်ကိုက်ဗုံး အခြေအနေတွင် ကုန်ကျ စရိတ်နှင့် အကျိုးကျေးဇူး တွက်ချက်မှုသည် သိသာ ထင်ရှားသည်။ သို့ရာတွင် လက်တွေ့ဘဝ၌ ညှဉ်းပန်း နှိပ်စက်မှု၏ အကျိုးဆက်များမှာ ပို၍ ရှုပ်ထွေးသည်။ ဥပမာ သံသယ ရှိသူ တစ်ဦးကို ညှဉ်းပန်း နှိပ်စက်ခြင်းဖြင့် အသက်ပေါင်း တစ်ထောင်ကို ကယ်နိုင်မည် ဆိုပါစို့။ သံသယ ရှိသူ၏ အသိုင်းအဝိုင်းမှ အခြား အဖွဲ့ဝင်များက သူတို့၏ ညီအစ်ကို (သို့) ရဲဘော်ရဲဘက် ရက်ရက်စက်စက် ညှဉ်းပန်း နှိပ်စက်ခံနေရသည်ကို သိလျှင် လူ ၂၀၀၀ ကို သတ်ပြီး လက်တုံ့မပြန်ဟု ဆိုနိုင်မည်လော။ ထိုအခါ ကျွန်ုပ်တို့၏ ကုန်ကျစရိတ်နှင့် အကျိုးကျေးဇူး တွက်ချက်မှု မည်သို့ ဖြစ်သွားမည်နည်း။ ကမ္ဘာ တစ်ဝန်းရှိ အစိုးရကို ဆန့်ကျင်သည့် လက်နက်ကိုင် အဖွဲ့ အများအပြားသည် ၎င်းတို့ အဖွဲ့ဝင်များကို စိတ်ဓာတ်တက်ကြွလာအောင် အစိုးရ၏ ရက်စက် ကြမ်းကြုတ်သော လုပ်ရပ်များကို ရည်ညွှန်း ပြောဆိုလေ့ ရှိသည်။ အစ္စရေးမှ လူအခွင့်အရေးအတွက် ကုစားသူများ အဖွဲ့ကို စတင် တည်ထောင်သူက အစ္စရေးတွင် ညှဉ်းပန်း နှိပ်စက်ခံရသည့် ပါလစ္စတိုင်း လူမျိုးများသည် "၎င်းတို့၏ အတွေ့အကြုံများ အပြီးတွင် ပြိုလဲသွားကြသည်။ ၎င်းတို့၏ မိသားစုများက ယင်းအပေါ် လက်တုံ့ပြန် လိုကြသည်။" ဟု ဆိုခဲ့သည် (*Village*

*Voice,* 2001)။ ဤသည်မှာ ညှဉ်းပန်း နှိပ်စက်မှုကို လက်သင့်ခံထားသည့် အစိုးရများ၏ ဂုဏ်သိက္ခာအပေါ် ဆိုးကျိုးသက်ရောက်မှုအကြောင်း ဘာမျှ မပြောရသေးပေ။ ထိုသို့ နာမည်ပျက်မှုကြောင့် ၎င်းတို့၏ နိုင်ငံသားများနှင့် အိုးအိမ်ပိုင်ဆိုင်မှုများသည် တိုက်ခိုက်မှုများတွင် ပစ်မှတ်ခံရနိုင်ခြေကို ပိုများစေသည်။ ကျူးဘားနိုင်ငံ ဂွမ်တာနာမို ပင်လယ်အော်ရှိ အမေရိကန် စစ်ကော်မရှင်မှ အစိုးရ ရှေ့နေချုပ်ဟောင်းက ထောက်ပြသကဲ့သို့ ၁၉၉၁ ခုနှစ် ပါရှန်း ပင်လယ်ကွေ့ စစ်ပွဲတွင် အီရတ် စစ်တပ်များ လွယ်လွယ်ကူကူ လက်နက် ချခဲ့ခြင်းမှာ (ထိုသို့ အရှုံးပေးခဲ့ခြင်းကြောင့် အမေရိကန်နိုင်ငံသားများ၏ အသက်ပေါင်းများစွာကို ကယ်နိုင်ခဲ့သည်) အမေရိကန် စစ်တပ်က ညှဉ်းပန်း နှိပ်စက်မှု ပြုမည် မဟုတ်ဟု ထင်သောကြောင့် ဖြစ်သည် (Davis, 2008)။ "ထိုအချိန်ကသာ အမေရိကန်များသည် ညှဉ်းပန်း နှိပ်စက်ခြင်းနှင့် အရှက်ခွဲခြင်းတို့အား လုပ်ဆောင်နေသူများဟုသာ အမြင်များ ရှိပါက အခြေအနေ တစ်မျိုး ဖြစ်သွားမည်လား" ဟု သူက ၂၀၀၈ ခုနှစ်တွင် မေးမြန်းခဲ့သည်။ ချိန်ကိုက်ဗုံး ညှဉ်းပန်း နှိပ်စက်မှုကို ထောက်ခံသည့် အများအကျိုးစီးပွားပဓာနအမြင်ကို အခြေခံသည့် ငြင်းခုံချက်သည်ပင် အနီးစပ်လေ့လာဆန်းစစ်ကြည့်လျှင် ခိုင်မာမှု မရှိပေ။

လန်ဒူ ကော်မရှင် အစီရင်ခံစာအပြီး ၁၂ နှစ် ကြာသည့်အခါ ကော်မရှင်က ကျိုးကြောင်း မဆီလျော်ဟု သတ်မှတ်သော၊ မျှတသော စစ်ဆေးရေး နည်းလမ်း မဟုတ်ဟု သတ်မှတ်သော၊ သံသယ ရှိသူများ၏ ဂုဏ်သိက္ခာ၊ ကိုယ်ခန္ဓာပိုင်း ဆိုင်ရာ ပြည့်စုံမှုနှင့် အခြေခံ အခွင့်အရေးများကို ထိခိုက်စေသည့် အင်အား အတန်အသင့်သုံး ဖိအားပေးမှု အားလုံးကို အစ္စရေး တရားရုံးချုပ်က ပယ်ဖျက်ခဲ့သည် (Supreme Cout of Israel, 1999)။[၃] တရားရုံးက ညှဉ်းပန်း နှိပ်စက်မှု အသုံးပြုခြင်းသည် လိုအပ်ချက်ကြောင့် ပြုလုပ်ရခြင်း ဖြစ်သည်ဟု ခုခံကာကွယ်သော လျှောက်လဲချက်ကိုတော့ ပယ်ချခဲ့ခြင်း မရှိပေ။ သို့ရာတွင် ညှဉ်းပန်း နှိပ်စက်မှု မကျူးလွန်မီ လိုအပ်သည်ဟု ကျိုးကြောင်းပြရန် မလိုဟု ဆိုခဲ့သည်။ ညှဉ်းပန်း နှိပ်စက်သူကို ပြစ်မှု ကျူးလွန်သည်ဟု စွပ်စွဲကာ ဆင့်ခေါ်သည့် အချိန်မှသာ ညှဉ်းပန်း နှိပ်စက်သူ အနေနှင့် သူ၏ လုပ်ရပ်များကို ရှင်းပြရန်နှင့် အကြောင်းပြချက် လိုအပ်ကြောင်း အကြောင်းပြချက်
ပေးရန် လိုအပ်သည်။

ဥပဒေ ပါမောက္ခ အိုရန် ဂရော့စ် (Oren Gross) (2004, pp. 229-53) က ထိုသဘောတရားကို အကျယ်ချဲ့ ရှင်းပြခဲ့သည်။ ညှဉ်းပန်း နှိပ်စက်မှုကို အမြဲတစေ ပိတ်ပင်ထားရမည် ဖြစ်ပြီး ၎င်းကို အသုံးပြုခြင်းသည် အမြဲ တရားမဝင် ဖြစ်နေမည် ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော် ဝန်ထမ်းများက ၎င်းတို့ကိုယ်တိုင် ညှဉ်းပန်း နှိပ်စက်သူ ဖြစ်လာသည့်အခါ (သို့) အထက်လူကြီးများက ၎င်းတို့ကို လုပ်ဆောင်ရန် ညွှန်ကြားသည့်အခါ ဥပဒေ ရှေ့မှောက် တရားရုံးတွင် ဖြစ်စေ၊ လူအများ အမြင်တွင် ဖြစ်စေ ၎င်းတို့၏ လုပ်ရပ်များကို နောက်ကြောင်းပြန် အကြောင်းပြချက် ပေးရန် ကြိုးပမ်းကြသည်။ ထိုသို့သော ချဉ်းကပ်ပုံများသည် နိုင်ငံတော်၏ ပုံရိပ်ကို ထိန်းသိမ်းရန် (ညှဉ်းပန်း နှိပ်စက်သူများ၏ ပုံရိပ်ကို ထိန်းသိမ်းရန်လည်း ပါသည်) ဖြစ်သည်။ ကျင့်ဝတ်နှင့် ညီပြီး တရားဥပဒေ စိုးမိုးရေးကို အလေးထားကာ နိုင်ငံရေးနှင့် ဥပဒေရေးရာ ဖြစ်ရပ်မှန်များကို အသိအမှတ်ပြုသည့် နိုင်ငံများသည် ချိန်ကိုက်ဗုံး အခြေအနေတွင် ညှဉ်းပန်း နှိပ်စက်မှုကို တာဝန်ရှိသူများက ကျူးလွန်သည့်အခါ အပြစ်ပေး မခံရနိုင်ပေ။ ဒါရှိုးဝစ်ဇ်၏ "ညှဉ်းပန်း နှိပ်စက်မှု ဝရမ်း" အဆိုတွင် ညှဉ်းပန်း နှိပ်စက်မှုကို မလုပ်ဆောင်မီ တရားဝင် ရွေးချယ်စရာ တစ်ခုအဖြစ် ထားရှိပြီး တာဝန်ရှိသူများကို လွတ်ငြိမ်းချမ်းသာခွင့် ပေးထားကာ လူ့အဖွဲ့အစည်းကို ရက်စက်မှုအား လက်ခံသည့်

အသိုင်းအဝိုင်း တစ်ခုအဖြစ် ချယ်မှုန်းထားသော်လည်း ဂရော့စ်၏ အဆိုတွင်မူ တာဝန်ရှိသူများသည် ပြည်သူ့ရေးရာ ဥပဒေ ချိုးဖောက်မှု တစ်ခု ကျူးလွန်ခြင်း ဖြစ်ပြီး ၎င်းတို့ကို နောင်တွင် ခွင့်လွှတ်ချင်မှ ခွင့်လွှတ်မည်ဟု သိထားစေသည်။ ထိုသို့ သိထားခြင်းဖြင့် ၂၀ရာစုနှင့် နောက်ပိုင်းတွင် တွေ့ခဲ့ရသည့် ညှဉ်းပန်း နှိပ်စက်မှုကို ဟော့ဟော့ရမ်းရမ်း အသုံးပြုခြင်းအား လျှော့ချပေးနိုင်မည် ဖြစ်သည်။ CIA မှ ညှဉ်းပန်း နှိပ်စက်မှု အသုံးပြုခြင်းအပေါ် ဆွေးနွေးချက်အား စာသေတ္တာ ၁၅.၆ တွင် ရှုပါ။

## စာသေတ္တာ ၁၅.၆။ ညှဉ်းပန်း နှိပ်စက်ခြင်းနှင့် CIA

၂၀၁၄ ဒီဇင်ဘာတွင် Central Intelligence Agency (CIA) က အကြမ်းဖက်သမားဟု သံသယ ရှိသူများအပေါ် အဆင့်မြင့် စစ်ဆေးမေးမြန်းပုံ နည်းလမ်းများ သုံးနေကြောင်းကို ဖော်ပြထားသည့် အစီရင်ခံစာ၏ တည်းဖြတ်ထားသော အကျဉ်းချုပ်အား မေရိကန်နိုင်ငံ အထက်လွှတ်တော် စုံစမ်းစစ်ဆေးရေး ကော်မတီက ထုတ်ဝေခဲ့သည်။ (http://www.feinstein.senate.gov/public/index.cfm?p=senate-intelligence-committeestudy-on-cia-detention-and-interrogation-program))

အဓိက အချက်များတွင် ရေနှစ်ခြင်း၊ စအိုထဲသို့ ဆေးသွင်းခြင်းနှင့် သတ်ပစ်ရန် ခြိမ်းခြောက်ခြင်းများ အပါအဝင် CIA ၏ နည်းလမ်းများသည် အေဂျင်စီက ပြောထားသည်ထက် ပို၍ ကြမ်းတမ်းကြောင်း၊ CIA က အမေရိကန် ကွန်ဂရက်နှင့် အိမ်ဖြူတော်ကို ထိုရက်စက် ကြမ်းကြုတ်မှုများ ကျူးလွန်သည့် အတိုင်းအတာအား လိမ်ညာ ဖုံးကွယ်ထားကြောင်း၊ ထိုအစီအစဉ်၏ လိုအပ်မှုနှင့် အောင်မြင်မှုများအား ချဲ့ကား ပြောဆိုထားကြောင်း ပါဝင်သည်။

CIA က ထိုအစီရင်ခံစာ မပေါက်ကြားအောင် အသည်းအသန် တားဆီးခဲ့ပြီး လူထုအကြား ပျံ့နှံ့သွားသည်နှင့် တပြိုင်နက် အစီရင်ခံစာကို နာမည်ဖျက်ရန် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် ယခုအခါ အစီရင်ခံစာသည် အများကြည့်ရှုနိုင်သည့် မှတ်တမ်းတစ်ခု အဖြစ် ရှိနေပြီ ဖြစ်ပြီး ပွင့်လင်း မြင်သာမှု ရှိနေပြီ ဖြစ်သော်လည်း အကြမ်းဖက်မှု အသုံးပြုခြင်း ရပ်တန့်ရန်မှု မလုံလောက်သေးပေ။ သို့ရာတွင် ယင်းမှတ်တမ်းမှာ အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် အဓိက အစိတ်အပိုင်း တစ်ခု အဖြစ်တော့ ပါဝင်နေသည်။

## အနှစ်ချုပ်

ညှဉ်းပန်း နှိပ်စက်မှုကို ခုခံ ကာကွယ်သူများက စိတ်ကူးယဉ် အခြေအနေ တစ်ခုကို အသုံးပြုကာ ယင်းလုပ်ရပ်ကို ကျိုးကြောင်း ဆီလျော်သည်ဟု ပြသကြသည်။ ထိုဖြစ်ရပ်တွင် သံသယ ရှိသူသည် ပေါက်တော့မည့် ချိန်ကိုက်ဗုံး တစ်လုံး၏ တည်နေရာကို သိရှိပြီး ယင်းဗုံး ပေါက်ကွဲသွားပါက လူပေါင်းများစွာ သေဆုံးစေမည် ဖြစ်သည်။ ထိုသို့ အကန့်အသတ်ရှိသည့် အခြေအနေမျိုးတွင် ဆိုးရွားသော ကိစ္စရပ်ကို တားဆီးနိုင်ရန် လိုအပ်သည့် အချက်အလက်များ ရယူရေးအတွက် သံသယ ရှိသူအပေါ် ညှဉ်းပန်း နှိပ်စက်၍ စစ်ဆေးမေးမြန်းသည့် နည်းလမ်းများ အသုံးပြုခြင်းအား လက်ခံသင့် ပါသလား။

ထိုခုခံ ကာကွယ်မှုသည် ရိုးရှင်းသော ကုန်ကျစရိတ်နှင့် အကျိုးအမြတ် တွက်ချက်မှုအပေါ် အခြေခံသည်။ လူတစ်ဦးကို ထိခိုက်စေခြင်းဖြင့် လူအများအပြားအပေါ် ကျရောက်မည့် အန္တရာယ်အား တားဆီးနိုင်ခြင်းသည် ကျင့်ဝတ်နှင့် ညီသော လုပ်ဆောင်ချက် ဖြစ်သည်။

ညှဉ်းပန်း နှိပ်စက်မှု အသုံးပြုခြင်းကို ဆန့်ကျင်သူများကမူ ချိန်ကိုက်ဗုံး ဖြစ်ရပ်ကဲ့သို့သော စိတ်ကူးယဉ် အခြေအနေနှင့် ထပ်တူကျသည့် အခြေအနေမျိုး လက်တွေ့ဘဝတွင် မရှိ၊ ထိုသို့သော တွက်ချက်မှုများသည်

ထင်ထားသည်ထက် ပို၍ ရှုပ်ထွေးသည်ဟု ဆိုကြသည်။
ထိုကိစ္စရပ်ကို လူထုအကြား ပုံမှန် ငြင်းခုံ ဆွေးနွေးသည့် နိုင်ငံ အနည်းငယ် အနက် အစ္စရေး နိုင်ငံလည်း အပါအဝင် ဖြစ်ပြီး ၎င်း၏ အတွေ့အကြုံများသည် အသုံးဝင်မည် ဖြစ်သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**
ညှဉ်းပန်း နှိပ်စက်မှုသည် အချို့သော အခြေအနေများတွင် တရားဝင်သည်၊ သို့ရာတွင် ယင်းကို အသုံးမပြုမီ တရားရုံးက ဥပဒေအရ ကန့်သတ်ချက်များ ပြုလုပ်ရန် လိုအပ်သည်ဟု ဆိုသော ဒါရှိုးဝစ်ဇ်၏ အဆိုနှင့် ညှဉ်းပန်း နှိပ်စက်မှုသည် အမြဲတစေ မှားယွင်းသည် (သို့) တရားမဝင်၊ ထို့ကြောင့် ယင်းကို အသုံးပြုသူများသည် တရားဥပဒေကို ချိုးဖောက်ခြင်း ဖြစ်သည်၊ နောင်တွင် တရားရုံး၌ ၎င်းတို့၏ လုပ်ရပ်များကို ခုခံ ချေပနိုင်ခြင်းအပေါ် မူတည်၍ ၎င်းတို့အား အရေးယူသင့် မယူသင့် ဆုံးဖြတ်သွားမည်ဟူသည့် ဂရော့စ်၏ အဆိုတို့ကြား မည်သည့် အဆိုက သင့်အတွက် ပိုအဓိပ္ပာယ် ရှိသနည်း။

## ညှဉ်းပန်း နှိပ်စက်ခြင်းများကို အဆုံးသတ်ခြင်း၊ ဖြစ်ပေါ် တိုးတက်မှု အသစ်များနှင့် မြင့်မားသော ကတိကဝတ်များ

ချိန်ကိုက်ဗုံး မေးခွန်းအပေါ် လူတစ်ဦး၏ အမြင် မည်သို့ပင် ရှိစေကာမူ ယင်းမှာ ညှဉ်းပန်း နှိပ်စက်မှု အသုံးပြုသည့် အခြေအနေများထဲမှ သေးငယ်သော အစိတ်အပိုင်း တစ်ခုအဖြစ်သာ ရှိသည်။ ရဲများ (သို့) စစ်ဘက် အရာရှိများ၏ မလျော်မကန် ဆက်ဆံပုံများသည် နိုင်ငံရေး (သို့) ဘာသာရေး အကြောင်းပြချက်များကြောင့် လက်တုံ့ပြန်ရန် (သို့) ကြောက်ရွံ့သွားစေရန် လုပ်ကြခြင်း ဖြစ်သည်။

သို့ရာတွင် ညှဉ်းပန်းနှိပ်စက်မှုတွင် မည်သည့်အရာများ ပါဝင်သနည်း။ ရက်စက်သော လုပ်ရပ်များ မည်သည့်အခါတွင် အဆုံးသတ်ပြီး ညှဉ်းပန်း နှိပ်စက်မှု စတင်သနည်း။ ညှဉ်းပန်း နှိပ်စက်မှု ဆန့်ကျင်ရေး စာချုပ်အရ ညှဉ်းပန်းနှိပ်စက်မှုတွင် ပြင်းထန်သော နာကျင်ခြင်းနှင့် ထိခိုက် ခံစားရခြင်း ပါဝင်သည်ဟု ဆိုထားသည်။ သို့ရာတွင် ပြင်းထန်သောကို မည်သို့ အဓိပ္ပာယ် သတ်မှတ်သနည်း။ လူတစ်ဦး၏ နာကျင်မှု ခံနိုင်သည့် ပမာဏမှာ မတူညီဘဲ လူတစ်ဦးအတွက် ပြင်းထန်စွာ နာကျင်စေသော ပမာဏသည် အခြားသူ တစ်ဦးအတွက် အတန်အသင့်သာ နာကျင်စေခြင်း ဖြစ်နိုင်ပါသလား။

ဥရောပ လူ့အခွင့်အရေး တရားရုံးက နာမည်ကျော် အိုင်ယာလန် နိုင်ငံ နှင့် ဗြိတိန် နိုင်ငံ အမှု (1978) တွင် ထိုမေးခွန်းကို ဖြေရှင်းခဲ့သည်။ ဗြိတိသျှ အရာရှိများက အိုင်းရစ်ရှ် အမျိုးသားရေး လှုပ်ရှားသူများအပေါ် အသုံးပြုခဲ့သည့် နံရံကို လက်ထောက်၍ မတ်တပ်ရပ်ခိုင်းထားခြင်း၊ ခေါင်းစွပ် စွပ်ထားခြင်း၊ အသံကျယ်များ နားထောင်ခိုင်းခြင်း၊ အိပ်ရေးပျက်အောင် ထားခြင်းနှင့် အငတ်ထားခြင်း နည်းလမ်း ငါးမျိုးသည် "ထိခိုက်ခံစားရမှု အတိုင်းအတာနှင့် ညှဉ်းပန်း နှိပ်စက်မှုဟူသည့် စကားလုံး သက်ရောက်သည်အထိ ရက်စက်ကြမ်းကြုတ်မှု အတိုင်းအတာ မပြည့်မီပေ" သို့ရာတွင် "လူမဆန်ဘဲ ဂုဏ်သိက္ခာ ကျဆင်းစေသည့် ဆက်ဆံမှုများ ဖြစ်သည်" ဟု ရုံးတော်က ဆုံးဖြတ်ခဲ့သည်။ ယင်းလုပ်ရပ်ကို ဥရောပ လူ့အခွင့်အရေး

သဘောတူစာချုပ်တွင် တားမြစ်ထားရာ ယင်းမှာ စာချုပ်ကို ဖောက်ဖျက်ခြင်း ဖြစ်သည်။ ထိုဆုံးဖြတ်ချက်အရ ညှဉ်းပန်း နှိပ်စက်မှုတွင် မည်သည့် အရာများ ပါဝင်သနည်း ဟူသည့်အပေါ် အမြင်အမျိုးမျိုး ရှိနိုင်သော်လည်း ညှဉ်းပန်း နှိပ်စက်မှု အဆင့် မမြောက်သည့် လုပ်ရပ်များကိုတောင် လူ့အခွင့်အရေး သဘောတူ စာချုပ် အများစုတွင် တရားမဝင်ဟု သတ်မှတ်ထားသည်။ အရေးအပါဆုံး သဘောတူစာချုပ်၏ အမည်မှာ ညှဉ်းပန်းနှိပ်စက်မှုနှင့် *အခြား ရက်စက်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှုများ (သို့) အပြစ်ပေးမှုများ*အား ဆန့်ကျင်ရေး ဆိုင်ရာ သဘောတူစာချုပ် ဖြစ်သည်ကို သတိပြုစေလိုပါသည်။[၆]

ထိုစာချုပ်တွင် ညှဉ်းပန်း နှိပ်စက်မှုကို အောက်ပါအတိုင်း အဓိပ္ပာယ် ဖွင့်ဆိုထားသည်။

ထိုနာကျင်စေမှု (သို့) ထိခိုက်မှုသည် အစိုးရ အရာရှိ တစ်ဦး (သို့) တရားဝင် တာဝန် ထမ်းဆောင်နေသည့် ပုဂ္ဂိုလ် တစ်ဦးက ကိုယ်တိုင် ကျူးလွန်ခြင်း ဖြစ်စေ၊ လှုံ့ဆော်ပေးခြင်းကြောင့် ကျူးလွန်ခြင်း ဖြစ်စေ၊ အထက်အရာရှိ၏ သဘောတူညီချက် (သို့) မတားဆီးဘဲ ဆိတ်ဆိတ် ငြိမ်နေခြင်းကြောင့် ကျူးလွန်ခြင်း ဖြစ်စေ လူတစ်ဦးထံမှ (သို့) အခြားသူ တစ်ယောက် အကြောင်း အချက်အလက် ရယူရန် (သို့) ဖြောင့်ချက် ရယူရန် (သို့) ထိုသူ (သို့) အခြားသူ တစ်ဦး ကျူးလွန်ခဲ့သော (သို့) ကျူးလွန်သည်ဟု သံသယ ရှိသော လုပ်ရပ် တစ်ခုအတွက် အပြစ်ပေးရန် (သို့) ထိုသူ (သို့) အခြားသူကို ကြောက်လန့် သွားစေရန် (သို့) ဖိအားပေးရန် (သို့) မည်သည့် ခွဲခြားဆက်ဆံမှုကို အခြေခံသည့် အကြောင်းပြချက် ရည်ရွယ်ချက်ဖြင့် ဖြစ်စေ ထိုသူကို ရည်ရွယ်ချက် ရှိရှိ ရုပ်ပိုင်းဆိုင်ရာ ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာ ဖြစ်စေ ပြင်းထန်သော နာကျင်မှု (သို့) ထိခိုက်မှုကို ဖြစ်ပွားစေသည့် မည်သည့် လုပ်ရပ်ကိုမဆို ညှဉ်းပန်း နှိပ်စက်မှုဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။

သို့ရာတွင် ထိုအဓိပ္ပာယ် ဖွင့်ဆိုမှုမှာ မပြည့်စုံပေ။ ဥရောပ လူ့အခွင့်အရေး ကော်မရှင်က *အေဒင်နှင့် တူရကီ နိုင်ငံ (Aydin v. Turkey)* အမှု (1997) တွင် နိုင်ငံတော်မှ ထိန်းသိမ်းထားစဉ် အဓမ္မ ပြုကျင့် ခံရခြင်းသည် ညှဉ်းပန်း နှိပ်စက်မှု ဖြစ်သည်၊ ထိုကဲ့သို့သော ကျိုးကြောင်း မဆီလျော်သည့် အကြမ်းဖက်မှု ပုံစံများကို ထည့်သွင်းခြင်းဖြင့် အမျိုးအစား သတ်မှတ်မှုကို ချဲ့ထွင် နိုင်ခဲ့သည်။ ညှဉ်းပန်း နှိပ်စက်မှုကို အစိုးရ တာဝန်ရှိသူများ၏ လုပ်ရပ်များဟုသာ ကန့်သတ်ထားခြင်းကလည်း အဓိပ္ပာယ် မရှိပေ။ သဘောတူစာချုပ်၏ အဓိပ္ပာယ် ဖွင့်ဆိုမှုတွင် မပါဝင်သည့် လက်နက်ကိုင် အတိုက်အခံ အုပ်စုများ၊ အကြမ်းဖက် အဖွဲ့အစည်းများ၊ အဖွဲ့အစည်းကြီးများက ငှားရမ်းထားသည့် ပုဂ္ဂလိက လုံခြုံရေး လုပ်ငန်း လုပ်ဆောင်သူများ၊ အမျိုးသမီးများ၏ လိင်အင်္ဂါကို ဖြတ်တောက်ခြင်းကဲ့သို့သော ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို လုပ်ဆောင်သည့် လူမျိုးစုမှ အကြီးအကဲများ အစရှိသည့် အစိုးရမဟုတ်သော ဇာတ်ကောင်များ သည်လည်း ညှဉ်းပန်း နှိပ်စက်မှုနှင့် ဆင်တူသော အလေ့အကျင့်များ လုပ်ဆောင်ကြသည်။ စောင့်ကြည့်လေ့လာသူ အများအပြား (Copelon, 1994) က ယခုအခါတွင် ပြင်းထန်သည့် အိမ်တွင်း အကြမ်းဖက်မှု ပုံစံများနှင့် ကလေးသူငယ်များ အပေါ် မတရားဆက်ဆံမှုများကိုလည်း ထိုအမျိုးအစားထဲတွင် ထည့်သွင်းကြမည် ဖြစ်သည်။

ပြဿနာ၏ အကျယ်အဝန်းကို သတ်မှတ်ပြီးသည်နှင့် အရေးကြီးဆုံး အဆုံးသတ် မေးခွန်း ထွက်ပေါ်လာသည်၊ ထိုကိစ္စအတွက် ကျွန်ုပ်တို့ ဘာလုပ်ကြမလဲ ဟူသည့် မေးခွန်း ဖြစ်သည်။ ဥပဒေများသည် ရာဇဝတ်မှု လုပ်ရပ်များကို ရပ်တန့်ခြင်းငှာ မစွမ်းကြောင်း သိရှိပြီး ဖြစ်သည်။ သို့ရာတွင် လွန်ခဲ့သော ဆယ်စုနှစ်

တစ်စုခွဲခန့် အတွင်း ညှဉ်းပန်း နှိပ်စက်မှုကို လုံးဝ အဆုံးမသတ်နိုင်သည့်တိုင် အောင်မြင်စွာ တိုက်ဖျက်နိုင်မည်ဟု ကတိကဝတ် ပြုနိုင်သော ဖြစ်ပေါ် တိုးတက်မှု အမြောက်အမြား တွေ့ရှိခဲ့ရသည်။

**စာသေတ္တာ ၁၅.၇။ ခွဲခြမ်း စိတ်ဖြာခြင်း၊ အစိုးရ မဟုတ်သော ဇာတ်ကောင်များ**

အစိုးရမဟုတ်သော ဇာတ်ကောင်များ ဆိုသည်မှာ လူ့အခွင့်အရေး နောက်ခံတွင် အသုံးပြုသည့်အခါ စကားလုံး နောက်ကွယ်မှ ရည်ရွယ်ချက်ကို ဖော်ပြသည့် အသုံးအနှုန်း ဖြစ်သည်။ အစောပိုင်းတွင် သမားရိုးကျ နိုင်ငံများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အခြေခံအကျဆုံး တာဝန်ရှိသည့် အဖွဲ့အစည်းများ ဖြစ်သည်။ သမိုင်းစဉ်လာအရ ထိုအချက်မှာ မှန်ကန်ပေသည်။ လူ့အခွင့်အရေး ပဋိညာဉ် အများစုသည် အစိုးရများကို လူ့အခွင့်အရေး ဆိုင်ရာ ရာဇဝတ်မှုများအတွက် တာဝန်ခံရန် ရေးသားထားခြင်း ဖြစ်သည်။ သို့ရာတွင် အကြမ်းဖက် အဖွဲ့အစည်းများနှင့် စီးပွားရေး ကော်ပိုရေးရှင်းများသည်လည်း မတူညီသော နည်းလမ်းများဖြင့် အကျယ်အဝန်းရော၊ ရောက်ရှိနိုင်မှုပါ ကမ္ဘာနှင့်ချီ၍ ချိုးဖောက်မှုများ ကျူးလွန်ကြရာ ထိုအုပ်စုများကိုလည်း လူ့အခွင့်အရေး ချိုးဖောက်မှုအတွက် တာဝန်ခံခိုင်းရန် လိုအပ်ကြောင်း သိသာလာသည်။ အယ်လ်ကိုင်ဒါနှင့် အစ္စလာမ်မစ် နိုင်ငံတော် အဖွဲ့များသည် သမားရိုးကျ ဆိုရလျှင် အစိုးရများ မဟုတ်ကြပေ။ သို့ရာတွင် ၎င်းတို့မှာ ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ အတွက် သေချာပေါက် တာဝန်ရှိကြသူများ ဖြစ်သည်။

တစ်ခါတရံတွင် အစိုးရများကို အစိုးရမဟုတ်သော ဇာတ်ကောင်များနှင့် ခွဲခြားရန် ခက်ခဲသည်။ ဥပမာ ဟစ်ဇ်ဘိုလာ (Hezbollah) စစ်သွေးကြွများသည် ဆီးရီးယား အစိုးရနှင့် ပူးပူးကပ်ကပ် ရှိနေပြီး အစိုးရ တောင်းဆိုသည်များကို လုပ်ဆောင်ပေးနေသည်ဟု သံသယ ရှိကြသည်။ တရုတ်နိုင်ငံ အစိုးရသည်လည်း စီးပွားရေး လုပ်ငန်းများစွာ ပိုင်ဆိုင်ကြသည်။ အနောက်နိုင်ငံမှ ကုမ္ပဏီ များသည်ပင် သဘောတရားအရ ၎င်းတို့၏ နိုင်ငံ အစိုးရများနှင့် အမှီအခိုကင်းကြသည်ဟု ဆိုသော်လည်း စီးပွားရေး လုပ်ငန်းများနှင့် နိုင်ငံတော်၏ အကျိုးစီးပွားများသည် များစွာ ကိုက်ညီ တူညီကြသည်။ တဖြည်းဖြည်းနှင့် အစိုးရ မဟုတ်သော ဇာတ်ကောင်များသည် အချို့သော အစိုးရများထက်ပင် ပို၍ အာဏာရှိလာကြပြီး လူ့အခွင့်အရေး ဥပဒေသည် ထိုအချက်ကို ထည့်သွင်း စဉ်းစားရန် လိုအပ်လာသည်။ ထိုအဖွဲ့များကို လူ့အခွင့်အရေး ပဋိညာဉ်များ၊ သဘောတူ စာချုပ်များဖြင့် အရေးယူ ထိန်းသိမ်းရန် လိုအပ်ပြီး ထိုစည်းမျဉ်းစည်းကမ်းများကို စည်းကြပ်ရန်မှာမူ ခက်ခဲပေလိမ့်မည်။

အစောကတည်းကပင် ကမ္ဘာ့ နိုင်ငံ အများအပြားသည် ညှဉ်းပန်း နှိပ်စက်မှုဆိုင်ရာ ဥပဒေများကို ၎င်းတို့၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေများနှင့် ဥပဒေများတွင် ပြဋ္ဌာန်းထားသည်။ ယင်းတို့တွင် ယဉ်ကျေးမှုအရ ခွင့်ပြုထားသော ရာဇဝတ်မှုများအား တားမြစ်ထားခြင်းများ ပါဝင်သည်။ ဥပမာ ၎င်းတို့၏ ခင်ပွန်းသည်များကို စိတ်အလိုမကျ ဖြစ်စေသော ဇနီးသည်များ၏ မျက်နှာများကို မီးရှို့ခြင်း၊ သတို့သမီး တင်တောင်းသည့် ငွေအတွက် သတ်ဖြတ်ခြင်း (တင်တောင်းသည့်ငွေ မလုံလောက်ဟု ထင်ပါက အဆိုပါ သတို့သမီးကို သတ်ဖြတ်ခြင်း) နှင့် အမျိုးသမီးများ၏ လိင်အင်္ဂါ အစိတ်အပိုင်းများကို ဖြတ်တောက်ခြင်းတို့ ပါဝင်သည်။ ထိုဥပဒေများကို စည်းကြပ်ခြင်းမှာ ပုံမှန်မရှိသော်လည်း ယင်းတို့ကို အရေအတွက်နှင့် အရည်အသွေး မြင့်မားလာသော မူလ အခြေချ နေထိုင်သူ လူ့အခွင့်အရေး လှုပ်ရှားသူများက အဆိုပါ အလေ့အကျင့်များအား ဥပဒေ အရရော၊ လူမှုရေး အရပါ စိန်ခေါ်ရာတွင် ဥပဒေ အကိုးအကားအဖြစ် သုံးနိုင်သည်။ ရှေးဟောင်း

စကားပုံ တစ်ခု ဖြစ်သည့် "ကိုယ်ကျင့်တရားကို ဥပဒေဖြင့် ပြဋ္ဌာန်းနိုင်မည် မဟုတ်" ဟူသော စကားပုံနှင့် ဆန့်ကျင်စွာပင် ယဉ်ကျေးမှု ဆိုင်ရာ စံနှုန်းများကို ပြောင်းလဲရန် နည်းလမ်း တစ်ခုမှာ အချို့သော အလေ့အကျင့်များကို တရားမဝင်ဟု သတ်မှတ်လိုက်ခြင်း ဖြစ်သည်။ ထိုသို့ သတ်မှတ်လိုက်ခြင်းဖြင့် မိမိကိုယ်မိမိ တရားဥပဒေ စိုးမိုးရေးကို လေးစား လိုက်နာသူများဟု သတ်မှတ်ထားသူများအတွက် ထိုလုပ်ရပ်များမှာ လက်မခံနိုင်ဖွယ် ဖြစ်လာသည်။ ညှဉ်းပန်း နှိပ်စက်မှုကို တရားမဝင်ဟု သတ်မှတ်လေလေ ယင်းကို ကျင့်သုံးခြင်း (သို့) ထောက်ခံခြင်းမှာ လူမှုဝန်းကျင်တွင် ကျင့်ဝတ် ဖောက်ဖျက်သူများ ဖြစ်လာလေလေ ဖြစ်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းသည် ယနေ့ခေတ်တွင် ကျွန်ပြုခြင်း (သို့) ပင်လယ် ဓားပြ တိုက်ခြင်းသည် လက်ခံနိုင်ဖွယ် အလေ့အကျင့်များ ဟုတ်၊ မဟုတ် အငြင်းပွားနေခြင်း မရှိတော့ဘဲ ညှဉ်းပန်း နှိပ်စက်မှုမှာလည်း အလားတူပင် ဖြစ်လာပြီ ဖြစ်သည်။

သို့ရာတွင် နိုင်ငံရေး ဖိအား (သို့) လူမှုရေးအရ အရှက်ရစေခြင်း တစ်ခုတည်းကိုသာ အားကိုးနေ၍ မရပေ။ ညှဉ်းပန်း နှိပ်စက်သူများကို ညှဉ်းပန်း နှိပ်စက်မှု ကျူးလွန်ပြီး နှစ်ပေါင်းများစွာ ကြာသည့်တိုင် ၎င်းတို့၏ ရာဇဝတ်မှုများအတွက် တရားရုံးများတွင် ပို၍၊ ပို၍ အပြစ်ပေးလာကြပြီ ဖြစ်သည်။ မကြာသေးမီက ဥပမာ တစ်ခုမှာ ၁၉၇၀ ပြည့်လွန်နှစ်များတွင် လူပေါင်း ၁၇၀၀၀ ခန့် ညှဉ်းပန်း နှိပ်စက်ခံရပြီး အသက်ဆုံးရှုံးခဲ့ရသော ကမ္ဘောဒီးယား နိုင်ငံ ဖနွမ်းပင်ရှိ S-21 အကျဉ်းထောင်တွင် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည့် ခမာနီ စစ်ဗိုလ်ချုပ် ဒုချ် (Duch) ကို အပြစ်ပေးခဲ့သည့် ဥပမာ ဖြစ်သည်။ ၂၀၁၀ တွင် နိုင်ငံတကာနှင့် ကမ္ဘောဒီးယား ပူးတွဲတရားရုံးက သူ့ကို လူသားမျိုးနွယ်စုအပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် အပြစ်ရှိသည်ဟု ဆုံးဖြတ် ခဲ့သည်။

မကြာသေးမီနှစ်များအတွင်း အရေးအပါဆုံး ဖြစ်ပေါ် ပြောင်းလဲမှုမှာ ကမ္ဘာလုံး ဆိုင်ရာ တရားစီရင်ခွင့် နယ်ပယ်ဟူသည့် ဥပဒေဆိုင်ရာ သဘောတရား ခိုင်မာလာခြင်း ဖြစ်သည်။ ထိုသဘောတရားအရ အချို့သော ရာဇဝတ်မှုများမှာ လွန်စွာ ကြီးလေးသည့်အတွက် ယင်းတို့ကို မည်သည့် နေရာတွင် ကျူးလွန်ခဲ့ခြင်း ဖြစ်စေ ကမ္ဘာပေါ်ရှိ မည်သည့် နိုင်ငံကမဆို ထိုပြစ်မှုများ အတွက် စီရင်ခွင့် တောင်းဆိုနိုင်ပြီး ယင်းပြစ်မှုများကို ကျူးလွန်ခဲ့သူများအား တရားစွဲဆိုပိုင်ခွင့် ရှိသည်။ ညှဉ်းပန်း နှိပ်စက်မှု ဆန့်ကျင်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် ၎င်းတို့၏ နယ်နိမိတ်အတွင်း ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်သူများကို တရားစွဲဆိုရန် တာဝန်ရှိသည်။ ထိုနည်းတူ အခြား တစ်နေရာ၌ နှိပ်စက်မှု ကျူးလွန်ခဲ့သူများကို တရားစွဲဆိုခြင်း (သို့) ထိုသို့ တရားစွဲဆိုမည့် နေရာများသို့ လွှဲပြောင်း ပို့ဆောင်ခြင်းများ လုပ်ဆောင်ရန်လည်း တာဝန်ရှိသည်။

ထိုသဘောတရားကို ချိုးဖောက်ခြင်းဖြင့်သာ အသိအမှတ်ပြုခဲ့ကြသော်လည်း ၁၉၉၉ ခုနှစ်တွင် ဗြိတိန်၏ အမြင့်ဆုံး တရားရုံးက ဗြိတိန် နိုင်ငံသို့ လာရောက် ဆေးကုသမှု ခံယူပြီး ဗြိတိန် မြေပေါ်တွင် ရှိနေသည့် ချီလီနိုင်ငံ၏ ယခင် သမ္မတဟောင်း ဗိုလ်ချုပ် ဩဂတ်စ်တို ပီနိုချေး (Augusto Pinochet) သည် **အချုပ်အခြာ အာဏာအရ အပြစ် ကင်းလွတ်ခွင့်** (sovereign immunity)[၅] မရှိဟု ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ပီနိုချေးကို ချီလီနိုင်ငံတွင် စပိန်လူမျိုးများအား နှိပ်စက်ပြီး သတ်ဖြတ်ပစ်ခဲ့ခြင်းများကြောင့် စပိန်နိုင်ငံတွင် ရုံးတင် စစ်ဆေးနိုင်ရန် ရာဇဝတ်သား အဖြစ် လွှဲပြောင်းပေးနိုင်ကြောင်း ဆုံးဖြတ်ခဲ့သည်။ နောက်ဆုံးတွင် တရားရုံးတင် စစ်ဆေးခံနိုင်ရန်နှင့် ချီလီ နိုင်ငံသို့ ပြန်ရန် ပီနိုချေးမှာ နေထိုင် မကောင်း ဖြစ်နေလွန်းသည်ဟု ဆုံးဖြတ်ခဲ့သည်။ မကြာမီပင် သူဆုံးပါးသွားသည်။ သို့ရာတွင် ထိုဖြစ်ရပ်မှာ အများက လေးစားရသည့် တရားရုံး

တစ်ခုက ညှဉ်းပန်း နှိပ်စက်မှုအတွက် တရားစွဲဆိုခံရသူများသည် ကမ္ဘာပေါ်ရှိ မည်သည့် နိုင်ငံတွင်မဆို တရားဝင် တရားစွဲဆို ခံရနိုင်ကြောင်း ပြသခဲ့သည့် ရှေ့ပြေး ဥပမာ တစ်ခု ဖြစ်သည်။ အဆိုပါ ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ခွင့် နယ်ပယ်ဟူသည့် သဘောတရားကို အသုံးပြုကာ ၂၀၀၁ ခုနှစ်တွင် ဘယ်လ်ဂျီယံ နိုင်ငံက ၁၉၉၄ ခုနှစ် ရဝမ်ဒါ လူမျိုးတုံး သတ်ဖြတ်မှုတွင် ပါဝင်ခဲ့သော ရဝမ်ဒါ နိုင်ငံသား လေးဦးကို အောင်မြင်စွာ တရားစွဲဆို နိုင်ခဲ့သည်။ ထို့ကြောင့် စည်းမျဉ်းများအရ ညှဉ်းပန်း နှိပ်စက်မှု ကဲ့သို့သော လူသား မျိုးနွယ်စုအပေါ် ရာဇဝတ်မှု ကျူးလွန်သူများသည် စီရင်ခွင့် နယ်ပယ်အတွင်း အကျုံးဝင်ပါက နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးကဲ့သို့သော ခုံရုံးများနှင့် အမျိုးမျိုးသော ဒေသတခင် ခုံရုံးများမှ တရားစွဲဆိုခြင်းကိုသာ ကြောက်ရသည်မဟုတ်၊ ၎င်းတို့ကို တရားစွဲဆိုလိုသော အခြားနိုင်ငံများ၏ ပြည်တွင်းခုံရုံးများတွင် စွဲဆို ခံရခြင်းကိုလည်း ရင်ဆိုင်ကြရသည်။ ယခင်က လူ့အခွင့်အရေး ရာဇဝတ်မှုများ ဆိုင်ရာ အချက်အလက်များကို စိစစ်ရန်နှင့် သင့်လျော်သူများကို တာဝန်ခံခိုင်းရန် အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များ (အခန်း ၂၂ တွင် ရှုပါ) အသုံးများလာခြင်းနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ခွင့် နယ်ပယ်သည် ညှဉ်းပန်းနှိပ်စက်မှု ကဲ့သို့သော ရာဇဝတ်မှုများအား တာဝန်ခံခြင်းအပေါ် သက်ရောက်မှု ရှိသည့် နည်းလမ်း တစ်လမ်း ဖြစ်သည်။

အမေရိကန် နိုင်ငံတွင် ထိုကဲ့သို့သော တာဝန်ခံမှုကို ၁၇၈၉ ခုနှစ် နိုင်ငံခြားသားများ၏ အခွင့်အရေး ထိခိုက်စေသည့် လုပ်ရပ်ဆိုင်ရာ ဥပဒေ (Alien Tort Statute (ATS)) နှင့် ၁၉၉၁ ခုနှစ် ညှဉ်းပန်း နှိပ်စက်ခံရသူများအား ကာကွယ်ပေးရေး ဆိုင်ရာ အက်ဥပဒေ (Torture Victim Protection Act (TVPA)) တို့အား အသုံးပြု၍ ရှာဖွေနိုင်သည်။ ATS နှင့် TVPA တို့မှ နည်းလမ်းများဖြင့် အမေရိကန် နိုင်ငံသားများနှင့် နိုင်ငံခြားသားများသည် အမေရိကန် နိုင်ငံ ပြင်ပတွင် ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် အမေရိကန် နိုင်ငံရှိ တရားရုံးများထံသို့ တရားမမှုကြောင်းအရ တရားစွဲဆိုမှု ပြုနိုင်သည်။ ယင်းပြစ်မှုများတွင် အမေရိကန် နိုင်ငံက လက်မှတ်ရေးထိုးထားသော နိုင်ငံတကာ ဥပဒေများ (သို့) ပဋိညာဉ်များကို ဖောက်ဖျက်ခြင်းတို့ ပါဝင်သည်။ မူလက ဓားပြများကြောင့် ပိုင်ဆိုင်မှု ဥစ္စာဓနများ ဆုံးရှုံးရသည့်သူများကို အလျော်ပေးနိုင်ရန် နည်းလမ်းအဖြစ် ATS ကို ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ရှေးယခင်က အမှု တစ်ခု ဖြစ်သော *ဖီလာတီဂါ နှင့် ပီနာ အိုင်ရာလာ (Filartiga v. Pena-Irala)* (1980) အမှုတွင် အမေရိကန် နိုင်ငံ တရားရုံးက အမေရိကန် နိုင်ငံတွင် ခိုလှုံခွင့် ရယူထားသည့် ညှဉ်းပန်း နှိပ်စက်သူများကို နစ်နာသူများ (သို့) နစ်နာသူများ၏ မိသားစုများက လျော်ကြေးရယူရန် တရားစွဲဆို နိုင်သည်ဟု ဆုံးဖြတ်ခဲ့သည်။ ထိုအချိန်မှ စ၍ တရားမျှတမှုနှင့် တာဝန်ခံမှု စင်တာ (Center for Justice and Accountability (CJA)) သည် ညှဉ်းပန်း နှိပ်စက်မှုများနှင့် အခြားသော လူ့အခွင့်အရေး အလွဲသုံးစား ခံရမှုများတွင် အသက်ရှင် ကျန်ရစ်ခဲ့သူ များစွာကို တရားစွဲဆိုမှုများ ပြုလုပ်ရန် အကူအညီပေးခဲ့ပြီး တရားစွဲဆိုမှု အများအပြားမှာ အောင်မြင်ခဲ့သည်။ ဥပမာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဖက်ဒရယ် တရားသူကြီးက ယခင် အယ်လ်ဆာဗဒေါ စစ်ဗိုလ်မှူးကြီးသည် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် အပြစ်ရှိကြောင်း တွေ့ရပြီး ထိုသူကို သူနှိပ်စက်ခဲ့သည့်သူ လေးဦး (သို့) သူ၏ လုံခြုံရေး တပ်ဖွဲ့ဝင်များက ၎င်းတို့၏ ဆွေမျိုးများကို သတ်ဖြတ်ခဲ့ခြင်းကို ကြုံတွေ့ ခဲ့ရသူများအတွက် လျော်ကြေး အမေရိကန် ဒေါ်လာ ၆ သန်း ပေးရန် အမိန့် ချမှတ်ခဲ့သည်။ ၂၀၁၂ ခုနှစ် သြဂုတ်လတွင် ဖက်ဒရယ် တရားသူကြီးက ယခင် ဆိုမာလီ ကာကွယ်ရေး ဝန်ကြီးဟောင်း ဗိုလ်ချုပ် မိုဟာမက် အလီ ဆမန်သာ (Mohamed Ali Samantar) ကျူးလွန်ခဲ့သော ရက်စက် ကြမ်းကြုတ်မှုများကို ကြုံတွေ့ခဲ့ရသည့် ထိခိုက်နစ်နာသူများအတွက် လျော်ကြေးပေးသည့် အနေဖြင့် ဒေါ်လာ ၂၁ သန်း ပေးအပ်ရန် အမိန့်ချမှတ်ခဲ့သည်။ တရားလိုများသည် ထိုဆုံးဖြတ်ချက်များမှ လျော်ကြေးများကို အမြဲတစေ ရရှိခြင်းတော့

မရှိပေ၊ သို့ရာတွင် ထိုသို့ လျော်ကြေး မရသည့်တိုင် စွပ်စွဲခံရသူများ အပြစ်ရှိခြင်းကို လူသိရှင်ကြား ပြသနိုင်သည့်အတွက် တရားမျှတမှု ရရှိသည်ဟု ခံစားကြရသည်။ ထို့ပြင် ထိုရာဇဝတ်မှုများအတွက် တာဝန်ရှိကြောင်း တွေ့ရှိရပါက ထိုသူများကို အမေရိကန်နိုင်ငံမှ နှင်ထုတ်ခြင်း (သို့) မူရင်းနိုင်ငံသို့ ပြန်ပို့ခြင်းများ လုပ်နိုင်သည်။ အမေရိကန် နိုင်ငံ တရားရုံးချုပ်က TVPA ကို စီးပွားရေး ကော်ပိုရေးရှင်းများက ကျူးလွန်သည့် လူ့အခွင့်အရေး အမှုများတွင် အသုံးပြုခြင်းမှ ကန့်သတ်ခဲ့ပြီး (*Mohamed v. Palestinian Authority*, 132 S. Ct. 1702 (2012)) ATS ကို စီးပွားရေးနှင့် တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များက ကျူးလွန်ခဲ့သည့် အမှုများတွင် အသုံးပြုခြင်းအား ကန့်သတ်ခဲ့သည် (*Kiobel v. Royal Dutch Shell Petroleum* 133 S. Ct. 1659 (2013))။

စာသေတ္တာ ၁၅.၈။ *ဖီလာတီဂါ နှင့် ပီနာ အိုင်ရာလာ*

ဂျိုဝယ်လ် ဖီလာတီဂါသည် ဆင်းရဲသားများအတွက် ဆေးခန်း ဖွင့်ထားသော ပါရာဂွေး လူမျိုး ဆရာဝန် တစ်ဦး ဖြစ်သည်။ သူသည် စစ်အာဏာရှင် စနစ်ကို ပေါ်ပေါ်ထင်ထင် ဝေဖန်သူ တစ်ဦးလည်း ဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် ဂျိုဝယ်လ်၏ သားဖြစ်သူ ဂျိုဝယ်လ်လီတိုကို အာမေရီကို ပီနာ အိုင်ရာလာဟု အမည်ရသည့် ရဲအရာရှိနှင့် အခြားသူများက ပြန်ပေးဆွဲကာ အသက် သေဆုံးသည်အထိ ညှဉ်းပန်း နှိပ်စက်ခဲ့ကြသည်။ ဖီလာတီဂါ မိသားစုသည် ပီနာ အိုင်ရာလာကို တာဝန်ခံခိုင်းရန် ပါရာဂွေးတွင် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ၁၉၇၈ ခုနှစ်တွင် ပီနာ အိုင်ရာလာ၊ သူ၏ အမြဲ့ောင်မယားနှင့် အခြား ဆွေမျိုး နှစ်ဦးတို့သည် ဘရွတ်ကလင်း၊ နယူးယော့ခ်သို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ ၎င်းတို့ကို တွေ့ရှိသွားသောအခါ အမေရိကန် အရာရှိများက ထိုသူများကို ဗီဇာ ကျော်လွန်သည်အထိ နေထိုင်ခြင်းအတွက် ဖမ်းဆီးကာ နေရပ် ပြန်ပို့ရန် လုပ်ဆောင်ချက်များ စတင်ခဲ့ကြသည်။ သို့ရာတွင် ထိုအချိန်၌ ဝါရှင်တန်ဒီစီတွင် နေထိုင်နေသည့် ဂျိုဝယ်လ်လီတို၏ ညီမဖြစ်သူ ဒေါ်လီဖီလာတီဂါက ဂျိုဝယ်လ်လီတို၏ သေဆုံးမှုကို လျော်ကြေးရယူရန် သူမ၏ ဖခင်နှင့်အတူ ပီနာ အိုင်ရာလာကို နိုင်ငံခြားသားများ၏ အခွင့်အရေး ထိခိုက်စေသည့် လုပ်ရပ်ဆိုင်ရာ ဥပဒေ (ATS) နှင့် ဒေါ်လာ ၁၀ သန်းတန် လျော်ကြေးတောင်း စွဲဆိုမှု တစ်ခုကို ပြုခဲ့သည်။ နိုင်ငံတကာ ဥပဒေကို အမေရိကန်တွင် အသုံးပြုနိုင်ခြင်းသည် နိုင်ငံတွင်း ဆက်ဆံရေးများအတွက်သာ အကျုံးဝင်သည့် သာဓကများ ရှိခဲ့ရာ အဆိုပါ တရားစွဲဆိုမှုကို အစောပိုင်းတွင် ပယ်ချခဲ့သည်။ သို့ရာတွင် ၁၉၈၀ ခုနှစ် ဇွန်လတွင် ထိုဆုံးဖြတ်ချက်ကို ပြန်ပြောင်းပစ်ခဲ့သည်။ နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေက ညှဉ်းပန်း နှိပ်စက်ခြင်းကို တားမြစ်ထားလေရာ အမေရိကန် ဖက်ဒရယ် အယူခံ တရားရုံးက ထိုဥပဒေ၏ သက်ရောက်မှုသည် နေရာတိုင်းတွင် ရှိပြီး အမေရိကန်မှ တရားရုံးများသည်လည်း ထိုသဘောတရား ရှိသည့် အမှုများကို တရားခံအား အမေရိကန် နိုင်ငံအတွင်း တွေ့ရှိသည့်အခါ မတရားပြုမှုများက နိုင်ငံရပ်ခြားတွင် ဖြစ်ခဲ့သည့်တိုင် စီရင်ခွင့် အာဏာ ရှိသည်ဟု ဆုံးဖြတ်ခဲ့သည် (630 F. 2d 876 (2d Cir. 1980))။ ထိုသို့ စတင် ခွင့်ပြုခဲ့သော ဆုံးဖြတ်ချက် ဥပမာပြီးနောက်တွင် ATS နှင့် TVPA တို့ကို အမေရိကန် နိုင်ငံတွင် နေထိုင်နေသည့် ညှဉ်းပန်း နှိပ်စက်မှု ကျူးလွန်သူများအပေါ် တရားမှု စွဲဆိုမှုများ ပြုလုပ်ရန် မကြာခဏ အသုံးပြုတော့သည်။

(Claude, 1983)

အသုံးပြုခဲ့သော်လည်း နိုင်ငံရပ်ခြား၌ ကျူးလွန်ခဲ့သော ညှဉ်းပန်း နှိပ်စက်မှုနှင့် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တရားစွဲဆိုမှုများ ပြုနိုင်သည့် ရာဇဝတ်မှုဆိုင်ရာ ဥပဒေများလည်း အမေရိကန်နိုင်ငံတွင် ရှိသည်။ ၂၀၀၈ ခုနှစ်တွင် လိုင်ဘေးရီးယား နိုင်ငံ သမ္မတဟောင်း ချားလ်စ်တေလာ (Charles Taylor) ၏ သားဖြစ်သူ ချက်ကီ တေလာ (Chuckie Taylor) သည် ဖက်ဒရယ် ညှဉ်းပန်းနှိပ်စက်မှု ရာဇဝတ်မှု ဥပဒေတွင် အပြစ်ရှိကြောင်း တွေ့ရှိခဲ့ရသည့် ပထမဆုံး ပုဂ္ဂိုလ် ဖြစ်လာပြီး ထောင် ၉၇ လ ခန့် ချမှတ်ခံခဲ့ရသည်။

ဖော်ပြခဲ့သော ဥပဒေ နည်းလမ်းများမှ မည်သည့် နည်းလမ်း တစ်ခုကမျှ ညှဉ်းပန်း နှိပ်စက်မှုကို အဆုံးသတ်နိုင်မည် မဟုတ်ပေ။ ထိုနည်းလမ်းများကို နိုင်ငံတကာနှင့် မူလ အခြေချ နေထိုင်သူများ ဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ဂရုစိုက် လုပ်ဆောင်မှုများနှင့် ပူးပေါင်းရန် လိုအပ်သည်။ ယင်းတို့ကို အောက်ပါ အချက်များကလည်း ကူညီပေးနိုင်သည်။ အီလက်ထရောနစ် နည်းလမ်းဖြင့် ဆက်သွယ်ဖလှယ်ခြင်းများ၊ ညှဉ်းပန်းနှိပ်စက်မှုကို မှောင်ရိပ်ထဲမှ ထွက်လာစေရန် လုပ်ဆောင်ခြင်း၊ ဥရောပ သမဂ္ဂ ကဲ့သို့သော အဖွဲ့များ၏ ဖိအားများ၊ (ဥပမာ တူရကီနိုင်ငံ၏ ဥရောပ သမဂ္ဂ အဖွဲ့ကို ဝင်ရောက်လိုသည့် စိတ်ဝင်စားမှုကို အခြေခံကာ တူရကီ နိုင်ငံကို ၎င်း၏ ညှဉ်းပန်း နှိပ်စက်မှု ဆိုင်ရာ မှတ်တမ်းများအား တိုးတက်အောင် လုပ်ရန် တွန်းအား ပေးခဲ့သည် (Worden, 2005)) ရဲများနှင့် စစ်ဖက်ဆိုင်ရာ အရာရှိများအား သင့်လျော်ပြီး ထိရောက်သည့် စစ်ဆေးမေးမြန်းရေး နည်းလမ်းများ လုပ်ဆောင်ရန် စနစ်တကျ သင်တန်းပေးခြင်း စသည်တို့ ဖြစ်သည်။

ညှဉ်းပန်းနှိပ်စက်မှုကြောင့် ထိခိုက် နစ်နာသူများ ရှိနေဦးမည် ဖြစ်သည်။ ကံအားလျော်စွာပင် ကျန်းမာရေး ပညာရှင်များသည် ညှဉ်းပန်း နှိပ်စက်မှု ခံရသူများအတွက် ကုစားပေးရေး စင်တာများကို ပို၍ ပို၍ တည်ထောင်လာနိုင်ကြသည်။ ထိုစင်တာများသည် ထိခိုက်နစ်နာသူများကို ၎င်းတို့၏ အတွေ့အကြုံများမှ ရရှိသော နာကျင်မှုများကို လျော့ပါးသွားစေရန်နှင့် ထိုသူများကို ၎င်းတို့၏ ဘဝများအား ပြန်လည်တည်ထောင်နိုင်ရန် အကူအညီ ပေးသည်။ သို့ရာတွင် ယခင် ဆယ်စုနှစ်များနှင့် ယှဉ်လျှင် ညှဉ်းပန်း နှိပ်စက်သူများသည် ၎င်းတို့ကျူးလွန်ခဲ့သော ရာဇဝတ်မှုများမှ ရှောင်ပြေးနိုင်ချေမှာ မသေချာ မရေရာ ဖြစ်သည်။ လူအခွင့်အရေး လှုပ်ရှားမှုများ ရင့်ကျက်လာပြီး ကြီးပြင်းလာသည်နှင့်အမျှ အဆိုပါ မသေချာ မရေရာမှုများ ပို၍ မြင့်တက်လာသည်။ ညှဉ်းပန်း နှိပ်စက်မှုများကို မြင့်တက်လာစေသည့် အရာမှာ အပြစ်ဒဏ်မှ ကင်းလွတ်ခွင့် ရခြင်း ဖြစ်လေရာ ထိုရက်စက် ကြမ်းကြုတ်မှုများကို အပြစ်မပေးဘဲ မနေတော့ဟု သိရှိသွားခြင်းက ယင်းလုပ်ရပ်များကို လျင်မြန်စွာပင် လျော့ကျသွားစေမည် ဖြစ်သည်။

| အနှစ်ချုပ် |
| --- |
| ညှဉ်းပန်း နှိပ်စက်မှုတွင် မည်သည့်တို့ ပါဝင်သည်ကို တိကျစွာ အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း မရှိပေ။ သို့ရာတွင် ရက်စက်သော၊ လူမဆန်သော၊ ဂုဏ်ငယ်စေသော ဆက်ဆံမှုများကိုလည်း နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများတွင် တားဆီးထားလေရာ ထိုအဓိပ္ပာယ် ဖွင့်ဆိုချက်များ အကြောင်း ဝေဖန်နေရန် သိပ်မလိုအပ်လှပေ။ |
| ညှဉ်းပန်း နှိပ်စက်မှုသည် အစိုးရများသာ အသုံးပြုသည့် ဖြစ်ရပ် တစ်ခု မဟုတ်ပေ။ နိုင်ငံတော် မဟုတ်သော ဇာတ်ကောင်များသည်လည်း ထိုကိစ္စတွင် အပြစ်ရှိနိုင်သည်။ |

ယခုအခါ နိုင်ငံ အများစုသည် ပုံစံ အမျိုးမျိုးဖြင့် ညှဉ်းပန်း နှိပ်စက်မှုကို တားဆီးကြသည်။ ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ခွင့် နယ်ပယ်ကဲ့သို့သော အားကောင်းသည့် စည်းမျဉ်းများ အပါအဝင် နိုင်ငံတကာ ဥပဒေ၏ ဖြစ်ပေါ် ပြောင်းလဲမှုများကြောင့် ညှဉ်းပန်း နှိပ်စက်သည့် အကြိမ်ရေကို လျှော့ချနိုင်မည်ဟု မျှော်လင့်ရသည်။ အမေရိကန် နိုင်ငံတွင် နိုင်ငံခြားသားများ၏ အခွင့်အရေး ထိခိုက်စေသည့် လုပ်ရပ်ဆိုင်ရာ ဥပဒေနှင့် ညှဉ်းပန်း နှိပ်စက်ခံရသူများအား ကာကွယ်ပေးရေး ဆိုင်ရာ အက်ဥပဒေတို့ကို ညှဉ်းပန်း နှိပ်စက်မှုကြောင့် ထိခိုက် နစ်နာခဲ့သူများက ၎င်းတို့ကို ညှဉ်းပန်း နှိပ်စက်သူများထံမှ လျော်ကြေး တောင်းဆိုရန် အသုံးပြုကြသည်။ ညှဉ်းပန်း နှိပ်စက်မှုကို အဆုံးသတ်ရန် လုပ်ဆောင်ချက် များစွာ ပေါင်းစပ်ထားခြင်း လိုအပ်ပေလိမ့်မည်။ သို့ရာတွင် အဓိက အချက်မှာ ညှဉ်းပန်း နှိပ်စက်သူ ဖြစ်လာနိုင်ချေ ရှိသူများကို ၎င်းတို့၏ ရာဇဝတ်မှုများအတွက် ဖမ်းဆီးခံရနိုင်ကြောင်း သတိပြုမိစေခြင်း ဖြစ်သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

အမေရိကန် နိုင်ငံတွင် သမ္မတဘုရှ်၏ အုပ်ချုပ်စဉ် ကာလအတွင်း ကျူးလွန်ခဲ့သော ညှဉ်းပန်း နှိပ်စက်မှုများတွင် တာဝန်ရှိသူများကို တရားစွဲဆိုရန် သင့်၊ မသင့် ငြင်းခုံမှုများ ထွက်ပေါ်ခဲ့သည်။ အိုဘားမား အစိုးရက ညှဉ်းပန်း နှိပ်စက်မှု အသုံးပြုခြင်းကို မှားယွင်းသည်ဟု ဆိုကာ ငြင်းပယ် ခဲ့သည်။ သို့ရာတွင် ထိုသို့ တရားစွဲဆိုမှုများ မလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ ယခင် အမေရိကန် ရှေ့နေချုပ် အဲရစ် ဟိုလ်ဒါ (Eric Holder) က "အမေရိကန် နိုင်ငံကို ကာကွယ်ရန် ကြိုးကြိုးစားစား လုပ်ဆောင်ခဲ့သော အမျိုးသားများနှင့် အမျိုးသမီးများကို တရားစီရင်ရေး ဌာနက တားမြစ်ထားသည့် လုပ်ရပ် တစ်ခုကို လုပ်ဆောင်ခဲ့သည့်အတွက် တရားစွဲဆိုရလျှင် မမျှမတ ဖြစ်ပေလိမ့်မည်" ဟု ဆိုခဲ့သည်။ အခြားအကြောင်းအရင်းများကြောင့် မှားယွင်းနေကြောင်း သင်သိရှိနိုင်သည့် သို့မဟုတ် သိရှိသင့်သည့် အရာတစ်ခုကို ဥပဒေ အကြံညာဏ်ဆိုးကြောင့် ကျူးလွန်မိလျှင် သင့်ကို ထိုလုပ်ရပ်ကြောင့် အပြစ်ပေးခြင်းမှ ကင်းလွတ်ခွင့် ပေးသင့်သည် ဟူသည့် အချက်ကို သဘောတူပါသလား။

## နိဂုံး

လူသားများသည် အဘယ်ကြောင့် အခြားသူများအပေါ် ပြင်းထန်စွာ နာကျင်စေခြင်းဖြင့် ညှဉ်းပန်း နှိပ်စက်မှု ကျူးလွန်ရသနည်း ဆိုသည်မှာ ရှုပ်ထွေးသော သိပ္ပံပညာဆိုင်ရာနှင့် ဘာသာရေး ဆိုင်ရာ မေးခွန်းတစ်ခု ဖြစ်ပေလိမ့်မည်။ အာရုံကြောဆိုင်ရာ စိတ်ပညာရှင် တစ်ဦးက အခြား လူသားများထံမှ နာကျင်မှုကြောင့် ဖြစ်ပေါ်လာသည့် အော်ဟစ်သံကို ကြားရခြင်းသည် အထူးသဖြင့် အမျိုးသားများအတွက် ဆွဲဆောင်ဖွယ် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ပါလီယာဓိုးဝစ်ခေတ်က ကဲ့သို့ပင် ယင်းအသံများ ကြားရခြင်းသည် အောင်မြင်စွာ အမဲလိုက်နိုင်သည့် ခံစားချက်မျိုး ရရှိစေပြီး ပုဂ္ဂိုလ်ရေးရာနှင့် လူမှုရေးရာ အာဏာ ရှိခြင်းကို ပြသနေသည် (Nell, 2006)။ အခြားသော လေ့လာသုံးသပ်သူများကမူ လူတို့၏ အပြစ် ကျူးလွန်နိုင်ရန် အာသီသ ရှိခြင်းကြောင့် ဖြစ်သည်ဟု ဆိုကြသည်။

ယခုအခန်းတွင် အနောက်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ညှဉ်းပန်း နှိပ်စက်မှုများကို အဓိကထား ဖော်ပြ ထားသော်လည်း ယင်းမှာ တစ်ကမ္ဘာလုံးတွင် ကြုံရသည့် အဖြစ်အပျက် ဖြစ်ပြီး ကမ္ဘာပေါ်ရှိ မည်သည့်

ဒေသဥ္စမဆို တွေ့ရှိနိုင်သည်။ ကျွန်ုပ်တို့ တွေ့ရှိခဲ့ရပြီး ဖြစ်သည့် အတိုင်း ညှဉ်းပန်း နှိပ်စက်ရသည့် အကြောင်းအရင်းသည် အနောက်နိုင်ငံ သမိုင်း၏ အစောဆုံး ခေတ်များမှ စတင် ရှိခဲ့ပြီး အချက်အလက် ရရှိရန် လိုအပ်ချက်အပေါ် အများဆုံး အခြေခံ ခဲ့သည်။ သို့ရာတွင် အဆိုပါ အကြမ်းဖက်မှုကို အခြား ရည်ရွယ်ချက်ကောင်း မရှိဘဲနှင့် ကျူးလွန်ခဲ့သည်များလည်း ရှိသည်။ လူတစ်ဦးကို ညှဉ်းပန်းနှိပ်စက်သူ ဖြစ်လာရန် သိမ်းသွင်းခြင်းမှာ သိပ်မခက်လှပေ။ ပုံမှန် ဖြစ်စဉ် အတိုင်း အထက်လူကြီး ပုံရိပ်များ၊ ခွဲထုတ်ထားခြင်း၊ ရက်စက် ကြမ်းကြုတ်စွာ ဆက်ဆံခြင်း၊ နည်းလမ်းများကို သင်ကြားပေးခြင်းနှင့် အလုပ်ကို ထိထိရောက်ရောက် လုပ်နိုင်ရန် ပြစ်ဒဏ်မှ လွတ်ငြိမ်း ချမ်းသာခွင့် ပေးထားခြင်းတို့ ပါဝင်သည်။ အုပ်စုတစ်စုကို ခြိမ်းခြောက်နေသော အပြင်လူများဟု သတ်မှတ်ထားပြီး ထိုသူများသည် အခွင့်အရေးများကို မတောင်းဆိုနိုင် (သို့) လူအဖြစ် စဉ်းစားရန်ပင် မသင့်ဟု လက်ခံထားသော လူ့အဖွဲ့အစည်း တစ်ခုအတွင်း ထိုသို့သော ဖြစ်စဉ်များကို မိတ်ဆက်ပေးလိုက်သောအခါ ညှဉ်းပန်း နှိပ်စက်မှုမှာ မလွှဲမရှောင်သာပင် ဖြစ်လာသည်။

အချို့သူများက ချိန်ကိုက်ဗုံး အခြေအနေများတွင် ညှဉ်းပန်း နှိပ်စက်မှုကို အသုံးပြုသင့်သည်ဟု ဆိုသည်။ သို့ရာတွင် ထိုကဲ့သို့သော ဥပမာမျိုးမှာ ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဘဲ ထင်ထားသည်ထက် ပို၍ ရှုပ်ထွေးသော မေးခွန်းများ မေးရန် လိုအပ်သည်။ ညှဉ်းပန်း နှိပ်စက်မှုကို နိုင်ငံရေး (သို့) လူမှုရေး အရ ခြိမ်းခြောက်ရန် အသုံးပြုခြင်း ပိုများပြီး ယင်းတို့ကို ဥပဒေများ တင်းကြပ်စွာ ပြဋ္ဌာန်းခြင်း၊ ထိုလုပ်ရပ်များကို တားမြစ်သည့် ယဉ်ကျေးမှု စံနှုန်းများ တည်ထောင်ခြင်းနှင့် ဖောက်ဖျက်သူ များသည် ကြီးလေးသော ပြစ်ဒဏ်ခံရမည်ဟု သေချာစေခြင်းတို့ဖြင့် တိုက်ဖျက် နိုင်သည်။

ကမ္ဘာပေါ်တွင် အသည်းအမာဆုံးနှင့် အရက်စက်ဆုံး လူတစ်ဦးဟု သိကြသည့် ဗာလ်ဒီမီရာ လီနင် (Vladimir Lenin) သည် ဘီသိုဗင်၏ Appassionata အမည်ရသည့် သီချင်းကို နားမထောင်နိုင်၊ အဘယ်ကြောင့်ဆိုသော် ထိုသီချင်းသည် သူ့အား မျက်ရည်ကျစေသောကြောင့် ဖြစ်သည်ဟု ဆိုသည်။ သီချင်းကောင်းများထက် ကမ္ဘာပေါ်တွင် ညှဉ်းပန်း နှိပ်စက်မှုကို ဖယ်ရှားပစ်နိုင်ရန် အခြား အရာများလည်း လိုသေးသည်။ ညစ်နွမ်းသည့် နှလုံးသား တစ်စုံသည်ပင် ကျွန်ုပ်တို့ ဆွဲဆောင် သိမ်းသွင်းနိုင်မည့် လူသားဆန်မှု တစွန်းတစလေးတော့ ရှိနေကြောင်းကို လီနင်၏ မျက်ရည်များက သက်သေပြနေသည်။ သို့ရာတွင် ထိုဖြစ်ရပ်က ပေးသည့် ပို၍ အရေးပါသော သင်ခန်းစာမှာ ပျော့ပျောင်းသော အတွေးအခေါ်များသည် လမ်းမှားသို့ ဦးတည်သွားစေနိုင်သည်။ ရက်စက်မှုများကို အဆုံးသတ်စေမည့် တစ်ခုတည်းသော အရာမှာ ယင်းကို အဆုံးသတ်ရန် မျက်ခြေမပြတ် ကြိုးပမ်းခြင်းပင် ဖြစ်သည်။

## မေးခွန်းများ

### တစ်ဦးချင်း လေ့လာရန် မေးခွန်းများ

၁။ ရှေးဟောင်း ဂရိနှင့် ရိုမန် လူမျိုးများက အဘယ်ကြောင့် အချက်အလက်ရယူရန် ကျွန်များကို နှိပ်စက်ခြင်းက သင့်လျော်သည်ဟု ထင်သနည်း။ နောက်ဆုံးတွင် ထိုနည်းလမ်းသည် ရာဇဝတ်မှုများ ဖြေရှင်းရန် မလုံလောက်ဟု အဘယ်ကြောင့် ဆုံးဖြတ်ခဲ့သနည်း။

၂။ သက်သေများ၏ ဘုရင်မ ဆိုသည်မှာ အဘယ်နည်း။ အဘယ်ကြောင့် အလယ်ခေတ် ဘုရားကျောင်းများက အယူလွဲမှားသူများသည် သာမန် သူခိုး၊ သူဝှက်များထက်ပင် ပို၍ အန္တရာယ်များသည်ဟု ထင်ရသနည်း။

၃။ ဥရောပ အစိုးရများက ညှဥ်းပန်း နှိပ်စက်မှုကို တရားဝင် အသုံးပြုခြင်းအား စွန့်လွှတ်ခဲ့ရသည့် အကြောင်းကို ရှင်းပြထားသော သီအိုရီ နှစ်ခုကို ဖော်ပြပါ။ သင့်အတွက် မည်သည့် သီအိုရီက ပို၍ ဖြစ်နိုင်ချေ ရှိသည်ဟု ထင်ပါသနည်း။

၄။ နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေ ဆိုသည်မှာ အဘယ်နည်း။ ညှဥ်းပန်း နှိပ်စက်မှု တားမြစ်ခြင်းသည် အဘယ်ကြောင့် ထိုခေါင်းစဉ်အောက်တွင် အကျုံးဝင်သနည်း။ *hostis humani generis* ဆိုသည်မှာ အဘယ်နည်း။

၅။ ရဲဝန်ထမ်းများနှင့် စစ်ဖက်ဆိုင်ရာ ဝန်ထမ်းများကို ညှဥ်းပန်း နှိပ်စက်သူများအဖြစ် ပြောင်းလဲပစ်နိုင်သည့် ယေဘုယျ ဖြစ်စဉ်ကို ဖော်ပြပါ။ သင်ရော ထိုသို့သော ပြောင်းလဲမှုကို ခံရနိုင်ပါသလား။

၆။ ညှဥ်းပန်း နှိပ်စက်မှု တွေ့ရနိုင်ချေ များသည့် လူ့အဖွဲ့အစည်းများ၏ လက္ခဏာ အချို့ကို ဖော်ပြပါ။

၇။ ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ခွင့် နယ်ပယ် ဆိုသည်မှာ အဘယ်နည်း။ ယင်းမှာ အဘယ်ကြောင့် ညှဥ်းပန်း နှိပ်စက်မှုကို တိုက်ဖျက်ရန် အရေးပါသည့် ကိရိယာ တစ်ခု ဖြစ်သနည်း။

၈။ နိုင်ငံခြားသားများ၏ အခွင့်အရေး ထိခိုက်စေသည့် လုပ်ရပ်ဆိုင်ရာ ဥပဒေ (ATS) ဆိုသည်မှာ အဘယ်နည်း။ အမေရိကန် နိုင်ငံတွင် ထိုဥပဒေကို ညှဥ်းပန်း နှိပ်စက်သူများအပေါ် မည်ကဲ့သို့ အသုံးပြုခဲ့သနည်း။

**အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ**

၁။ ချိန်ကိုက်ဗုံး ဖြစ်စဉ် ဆိုသည်မှာ အဘယ်နည်း။ အဆိုပါ အခြေအနေမျိုးတွင် ညှဥ်းပန်း နှိပ်စက်မှုကို ထောက်ခံသည့် အကြောင်းပြချက်များနှင့် ကန့်ကွက်သည့် အကြောင်းပြချက်များကို ဖော်ပြပါ။ မည်သည့် အကြောင်းပြချက်များက ပို၍ ခိုင်လုံသနည်း။ ညှဥ်းပန်း နှိပ်စက်ခြင်းကို မည်သည့် ကိစ္စအတွက်မဆို တရားမဝင်ဟု သတ်မှတ်သင့်ပါသလား။ ညှဥ်းပန်း နှိပ်စက်မှုကို အသုံးပြုသူများအား ညှဥ်းပန်း နှိပ်စက်မှုများ ပြုပြီးမှသာ ၎င်းတို့ လုပ်ရပ်များအတွက် ကာကွယ်ပြောဆိုခွင့် ပေးသင့်ပါသလား (သို့မဟုတ်) ညှဥ်းပန်း နှိပ်စက်မှု မပြုမီကပင် ဥပဒေအရ ခွင့်ပြုချက် ပေးသင့်ပါသလား။

၂။ ကမ္ဘာတစ်ဝန်း ညှဥ်းပန်းနှိပ်စက်မှု အသုံးပြုခြင်း လျော့နည်းလာရသည့် အဓိက အချက်များမှာ အဘယ်နည်း။ ယဉ်ကျေးမှု စံနှုန်းများကို မည်သို့ ပြောင်းလဲ ပစ်နိုင်သနည်း။ ညှဥ်းပန်း နှိပ်စက်မှု တိုက်ဖျက်ရေး ဥပဒေများကို အမြဲတမ်း စည်းကြပ်ခြင်း မရှိသည့်တိုင် ပြဋ္ဌာန်းထားသည်က ပိုကောင်းပါသလား (သို့) ထိုကဲ့သို့သော အသက်မဝင်သည့် ဥပဒေသည် တရားဥပဒေ စိုးမိုးမှု၏ အရည်အသွေးကို ထိခိုက်စေပါသလား။

၃။ အတိုင်းအတာ တစ်ခုအထိ ညှဥ်းပန်း နှိပ်စက်မှုသည် မရှောင်လွှဲနိုင်သည့် အရာဟု ထင်ပါသလား (သို့) ယင်းကို သိသိသာသာ လျှော့ချနိုင်သည်ဟု ထင်ပါသလား။ ညှဥ်းပန်း နှိပ်စက်မှု ကဲ့သို့သော

ရက်စက်ကြမ်းကြုတ်မှုများကို အခြားသူများအပေါ် မကြာခဏ အသုံးများရသည့် အကြောင်းအရင်းမှာ အဘယ်ကြောင့်ဟု သင်ထင်သနည်း။

## ဆက်လက် ဖတ်ရှုရန်


**Conroy, J.** (2000). *Unspeakable Acts, Ordinary People: The Dynamics of Torture—An Examination of the Practice of Torture in Three Democracies.* New York: Knopf.
မြောက်အိုင်ယာလန်၊ အမေရိကန်နှင့် အစ္စရေးတို့မှ ညှဉ်းပန်းနှိပ်စက်မှုများ အကြောင်း နှိပ်စက်မှု ကျူးလွန်သူများနှင့် ကျူးလွန် ခံရသူများကို တွေ့ဆုံမေးမြန်းချက်များထားခြင်း ဖြစ်သည်။

**Danner, M.** (2005). *Torture and Truth: America, Abu Ghraib, and the War on Terror.* London: Granta.
ဆုရ နယူးယော့တိုင်းမ် သတင်းထောက်က အီရတ်နိုင်ငံရှိ အဘူဂါရစ် အကျဉ်းထောင်တွင် အမေရိကန်နိုင်ငံ၏ ညှဉ်းပန်း နှိပ်စက်မှု အသုံးပြုပုံများကို အသေးစိတ် လေ့လာထားခြင်း ဖြစ်သည်။

**Daly, M.** (2007). *Darfur's Sorrow: A History of Destruction and Genocide.* New York: Cambridge University Press.
ဒါဖား၏ သမိုင်းနှင့် နိုင်ငံရေးများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးထားသည်။

**Levinson, S.** (ed.) (2004). *Torture: A Collection.* Oxford: Oxford University Press.
ညှဉ်းပန်း နှိပ်စက်မှုကို ကျိုးကြောင်းပြနိုင်ပါသလားဆိုသည့်အပေါ် အတွေးအခေါ်ပိုင်းနှင့် ဥပဒေပိုင်းမှ ဆွေးနွေးထားသည့် စာတမ်းများ စုစည်းမှု ဖြစ်သည်။

**Peters, E.** (1996). *Torture.* Philadelphia, PA: University of Pennsylvania Press.
ဂရိ၊ ရိုမန်နှင့် အလယ်ပိုင်း ခေတ်များမှ ညှဉ်းပန်း နှိပ်စက်မှု သမိုင်းများကို ရေးသားထားသည့် စာအုပ်ဖြစ်သည်။ လွန်စွာ ကောင်းမွန်သည့် နောက်ဆက်တွဲ စာရွက်စာတမ်းများ ထည့်သွင်းထားသည်။

**Roth, K.** and **Worden, M.** (eds) (2005). *Torture: Does it Make Us Safer? Is it Ever OK?* New York: New Press.
အမေရိကန် နိုင်ငံတွင် ညှဉ်းပန်း နှိပ်စက်မှု အသုံးပြုခြင်းကို အဓိကထား ရေးသားထားသည့် စာတမ်းများ ဖြစ်သည်။

**Scarry, E.** (1985). *The Body in Pain: The Making and Unmaking of the World.* Oxford: Oxford University Press.
ညှဉ်းပန်း နှိပ်စက်ခြင်းနှင့် နှိပ်စက်ခံရခြင်းတို့၏ အတွေ့အကြုံများနှင့် စိတ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများကို ရှုပ်ထွေးပြီး အဆင့်မြင့်စွာ လေ့လာထားသည့် စာအုပ် ဖြစ်သည်။

**Schulz, W.** (ed.) (2007). *The Phenomenon of Torture: Readings and Commentary.* Philadelphia, PA: University of Pennsylvania Press.
အခြား နေရာတွင် ရှာဖွေရ ခက်ခဲသည့် စာတမ်းများကို စုစည်းထားသည်။ အားလုံးမှာ ညှဉ်းပန်း နှိပ်စက်မှု အကြောင်း ဖြစ်ပြီး နှိပ်စက်သူနှင့် နှိပ်စက်ခံရသူအကြား စိတ်ပိုင်းဆိုင်ရာ ရှုထောင့်များ အပေါ် တိုက်ရိုက်လေ့လာမှု၊ ညှဉ်းပန်း နှိပ်စက်မှု အသုံးပြုခြင်း၏ ကျင့်ဝတ်များနှင့် ယင်းကို တိုက်ဖျက်ရန် ကြိုးပမ်းမှုများ စသည်တို့ ပါဝင်သည်။

**Weschler, L.** (1990). *A Miracle, A Universe: Settling Accounts with Torturers.* New York: Pantheon.
၁၉၇၀ ပြည့်လွန်နှစ်များအတွင်း လက်တင် အမေရိကမှ ညှဉ်းပန်း နှိပ်စက်မှုများကို စိတ်ထိခိုက် ဖွယ်ရာ ရေးဖွဲ့ထားသည်။ အံ့သြဖွယ်ရာ အကြောင်းအရာများ ပါဝင်သည့် ဂန္ထဝင် စာအုပ် တစ်အုပ် ဖြစ်သည်။

## ဝက်ဘ်ဆိုဒ်များ

**http://www.amnesty.org** ကမ္ဘာပေါ်တွင် ရှေးအကျဆုံးနှင့် အကြီးဆုံး နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့ဖြစ်သည့် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ ဝက်ဘ်ဆိုဒ်တွင် နိုင်ငံပေါင်း များစွာမှ ညှဉ်းပန်း နှိပ်စက်မှုများအကြောင်း သတင်းအချက်အလက်များနှင့် နိုင်ငံသားများမှ မည်သို့ လုပ်ဆောင်သင့်သည်ကို ဖော်ပြထားသည်။

**http://www.cvt.org** ညှဉ်းပန်း နှိပ်စက်ခံရသူများ ဆိုင်ရာ စင်တာ (The Center for Victims of Torture) သည် ညှဉ်းပန်းနှိပ်စက် ခံခဲ့ရသူများကို ကုသပေးသည့် အဓိက အဖွဲ့များထဲမှ တစ်ခု ဖြစ်သည်။

**http://www.hrw.org** ကမ္ဘာတစ်ဝန်းမှ ညှဉ်းပန်းနှိပ်စက်မှု အသုံးပြုမှုများကို စောင့်ကြည့် မှတ်တမ်းတင်သည့် အမေရိကန် နိုင်ငံ အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့၏ ဝက်ဘ်ဆိုဒ် ဖြစ်သည်။

**http://www.omct.org** ၁၉၈၆ တွင် စတင် ဖန်တီးခဲ့သော ကမ္ဘာ့ ညှဉ်းပန်း နှိပ်စက်မှု တိုက်ဖျက်ရေး အဖွဲ့ (the World Organisation Against Torture (OMCT)) သည် ယနေ့အခါ ညှဉ်းပန်း နှိပ်စက်မှု၊ တရားစွဲဆိုခြင်း မရှိဘဲ ကွက်မျက်မှု၊ လက်စဖျောက်ခြင်းနှင့် အခြား အားလုံးသော ရက်စက်သည့်၊ လူမဆန်သည့်၊ ဂုဏ်သိက္ခာ ကျဆင်းစေသည့် လုပ်ရပ်များ တိုက်ဖျက်ရေးကို လုပ်ဆောင်နေသော နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့များ ပေါင်းစည်းထားသည့် အဓိက ညွန့်ပေါင်း အဖွဲ့ ဖြစ်သည်။

**http://www.kspope.com/torvic/torture.php** ထိုဝက်ဘ်ဆိုဒ်တွင် ညှဉ်းပန်းနှိပ်စက်မှု တိုက်ဖျက်ရေး လုပ်ဆောင်နေသည့် အဓိက အဖွဲ့အားလုံး၏ links များကို ဖော်ပြထားသည်။

## မှတ်စုများ

၁။ လိုအပ်သည်ဟု အကြောင်းပြခြင်း ဥပမာကို စိတ်ကူးယဉ် အခြေအနေ တစ်ခုဖြင့် ပြသလေ့ ရှိသည်။ မိမိ ချစ်မြတ်နိုးရသူကို သတ်ဖြတ်မည့်သူက မိမိကို ထိုသူ၏ တည်နေရာကို မေးမြန်းသည်။ ယေဘုယျအားဖြင့် အခြေအနေ အများစုတွင် လိမ်ညာခြင်းသည် ကျင့်ဝတ်အရ ခုခံကာကွယ်၍ မရ။ သို့ရာတွင် ထိုသို့သော အခြေအနေများတွင် ကျင့်ဝတ် ဖောက်ဖျက်ခြင်း ဖြစ်သည့် လိမ်ညာခြင်းသည် လိုအပ်ပြီး ပို၍ ကျင့်ဝတ်ပိုင်းအရ ဆိုးရွားသည့် လူသတ်မှုကို တားဆီးရန် အတွက်ဟု ကျိုးကြောင်း ပြနိုင်သည်။

၂။ ဥပမာ လွန်ခဲ့သော နှစ်အနည်းငယ်က ဂျာမနီ နိုင်ငံတွင် ရဲအရာရှိက သံသယ ရှိသူကို သူပြန်ပေးဆွဲခဲ့သော ကလေးငယ်၏ တည်နေရာကို ထုတ်ဖော် ပြောဆိုရန် ညှဥ်းပန်း နှိပ်စက်မှုကို အသုံးပြုခဲ့သည်။ ထိုဖြစ်ရပ်မှာ လှုပ်ခတ်မှုများ ဖြစ်သွားခဲ့စေသည်။ (Bernstein, 2003)

၃။ တရားသူကြီး လန်ဒူ ကိုယ်၌ကပင် သူ၏ အစီရင်ခံစာ ထုတ်ဝေပြီး နှစ်ပေါင်းများစွာ အကြာ၌ သူ၏ အစီရင်ခံစာတွင် အကြံပေးခဲ့သော အတားအဆီးများထက် ပိုများခြင်းအတွက် ရှင်းဘတ်က သစ္စာဖောက်သလို ခံစားခဲ့ရသည်ဟု လူသိရှင်ကြား ဝန်ခံခဲ့သည် (Felner, 2005, p. 39)

၄။ ရက်စက်သော၊ လူမဆန်သော၊ ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှုများ (Cruel, inhuman, and degrading treatment) ကို အတိုကောက် CID ဟု တစ်ခါတရံ ညွှန်းဆိုလေ့ ရှိသည်။

၅။ နိုင်ငံ ခေါင်းဆောင်သည် နိုင်ငံတော်တွင် တရားဝင် ယူထားသော အခန်းကဏ္ဍအရ ကျူးလွန်ရသည့် လုပ်ရပ်များကြောင့် ပြစ်ဒဏ် ကင်းလွတ်ခွင့် ရှိသည်။ သူ့တစ်ကိုယ်ရည် ကိစ္စများကြောင့် ကျူးလွန်ခဲ့သော လုပ်ရပ်များအတွက်မူ ပြစ်ဒဏ် ကင်းလွတ်ခွင့် မရှိပေ။ နိုင်ငံ အကြီးအကဲကို အကျင့်ပျက် ချစားခြင်း (သို့) သူ၏ ဇနီးကို သတ်ခြင်းတို့အတွက် တရားစွဲဆို နိုင်သော်လည်း နိုင်ငံတော် မူဝါဒများ၏ နောက်ဆက်တွဲ ရလဒ်များကြောင့် တရားစွဲဆို၍ မရပေ။

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၁၆) လူကုန်ကူးခြင်း

အန်ဒရီယာ အမ် ဘာတန် (Andrea M. Bertone)

## အခန်း မာတိကာ

- နိဒါန်း
- လူကုန်ကူးခြင်းကို အဓိပ္ပာယ် ဖွင့်ဆိုခြင်းများ
- လူဖြူကျွန်စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုနှင့် အမျိုးသမီးများ လူကုန်ကူးခံရမှုကို နိုင်ငံတကာမှ သတိထားမိလာခြင်း
- ယနေ့ခေတ် လူကုန်ကူးမှု ဆန့်ကျင်ရေး လှုပ်ရှားမှုများ၏ အစ
- ၁၉၉၀ ပြည့်လွန်နှစ်များတွင် လူကုန်ကူးခြင်းက ကမ္ဘာ့ ရေးရာ ကိစ္စရပ် ဖြစ်လာခြင်း
- ဖြစ်ရပ် လေ့လာခြင်း၊ အမေရိကန် နိုင်ငံတွင် လူကုန်ကူးခြင်း
- နိဂုံး

## စာဖတ်အညွှန်း

လိင်မှု ကိစ္စနှင့် လုပ်အား ခေါင်းပုံဖြတ်ရန် လူကုန်ကူးခြင်းသည် ယနေ့ခေတ်တွင် အဓိက လူ့အခွင့်အရေး ကိစ္စရပ် တစ်ခု ဖြစ်သည်။ ယင်းမှာ နိုင်ငံများ အားလုံး နီးပါးရှိ အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် သက်ရောက်မှု ရှိသည်။ လူမျိုး၊ အသက်အရွယ်၊ လူမှု စီးပွားရေး အခြေအနေ မျိုးစုံမှ လူများအားလုံး လူကုန်ကူး ခံရနိုင်သည်။ နိုင်ငံ တစ်နိုင်ငံသည် လူကုန်ကူး ခံရသူများအတွက် သွားရောက်ရသည့် နေရာ၊ ကြားခံ ခဏနားသည့် နေရာ နှင့်/သို့မဟုတ် လူကုန်ကူးခံရသူများ လာရောက်သည့် နေရာ ဖြစ်နိုင်သည်။ လူကုန်ကူးခြင်းကို ဖြစ်စဉ် (လူစုဆောင်းခြင်းနှင့် တင်ပို့ခြင်း) နှင့် ဆိုးရွားပြီး ခေါင်းပုံဖြတ်သည့် အလုပ် အခြေအနေ (စိတ်ပိုင်း ဆိုင်ရာနှင့် ရုပ်ပိုင်း ဆိုင်ရာ ထိန်းချုပ်ထားခြင်း) အဖြစ် သတ်မှတ်ထားပြီး ယင်းမှာ ဖြစ်ရပ် အသစ်အဆန်းတော့ မဟုတ်ပေ။ လိင်ကျွန်ပြုခြင်းနှင့် လုပ်အားအတွက် ခေါင်းပုံဖြတ်ခြင်း ပုံစံ အများအပြားသည် လူသားတို့ ကြုံတွေ့နေရသည့် အခြေအနေများ ဖြစ်သည်။ သို့ရာတွင် နိုင်ငံရေး ခေါင်းဆောင်များ၊ တက်ကြွ လှုပ်ရှားသူများ၊ ထောက်ခံ စည်းရုံးသူများ၊ ပညာရှင်များနှင့် အခြား သက်ဆိုင်သူများသည် လူကုန်ကူးခြင်း ဖြစ်ရပ်အပေါ် များစွာ စိတ်ဝင်စားကြသည်။ အဘယ်ကြောင့် ဆိုသော် ယင်းမှာ အထွေထွေ လူ့အခွင့်အရေး ကိစ္စရပ်များတွင် ကမ္ဘာ့အာရုံစိုက်မှု ပိုမို ရရှိသည့် ကိစ္စ ဖြစ်ပြီး နိုင်ငံအများအပြားတွင် လူကုန်ကူးမှု တိုက်ဖျက်ရေး တောင်းဆိုသည့် ကွန်ရက်များ ထွက်ပေါ်လာပြီ ဖြစ်သည်။

## နိဒါန်း

၂၀၀၄ ခုနှစ်တွင် ထိုင်းရဲများနှင့် ထိုင်းတာဝန်ရှိသူများသည် ဘန်ကောက်တွင် ဂျင်းဘောင်းဘီများ ထုတ်လုပ်သည့် စက်ရုံတစ်ရုံကို ဝင်ရောက် စီးနင်းရာ အသက် ၁၁ နှစ်မှ ၁၄ နှစ်အရွယ် မိန်းကလေး ၁၈ ဦးကို ကယ်တင်နိုင်ခဲ့သည်။ ထိုသူများမှာ လာအိုနိုင်ငံမှ ဖြစ်သည်။ ထိုမိန်းကလေးများကို သော့ခတ်ထားသော ၁၀

ပေ၊ ၁၃ ပေ (၃x၃.၉ မီတာ) ကျယ်သည့် မြေအောက်ခန်းထဲတွင် ဝှက်ထားခြင်း ဖြစ်သည်။ အစောပိုင်းက ထိုစက်ရုံမှ မိန်းကလေး နှစ်ဦး ထွက်ပြေး လွတ်မြောက်လာပြီး ထိုမိန်းကလေးများက ရဲများကို သတင်းပေးခဲ့ခြင်း ဖြစ်သည်။ အဆိုပါ မိန်းကလေးများကို လာအိုနိုင်ငံမှ လူစုဆောင်းသူ တစ်ဦးက လခရမည့် အလုပ် ရှာပေးမည်ဟု ဆိုကာ စက်ရုံသို့ ပို့ဆောင်ခဲ့ခြင်း ဖြစ်သည်။ ၆ လ အကြာအထိ လခ တစ်ပြား တစ်ချပ်မှ မရဘဲ မနက် ၆ နာရီမှ ညဉ့်နက်သည်အထိ အလုပ်လုပ်ရသည်။ အစာရေစာ ဝလင်အောင် မကျွေးဘဲ အရိုက်အနက်လည်း ခံကြရသည်။ ထိုစက်ရုံကို ဖွင့်လှစ်ထားသည့် ထိုင်းလူမျိုး လင်မယားကို ဖမ်းဆီးကာ လူကုန်ကူးမှု၊ တရားမဝင် ဖမ်းဆီး ထိန်းသိမ်းထားမှု၊ ရွှေ့ပြောင်းလုပ်သားများကို တရားမဝင် ငှားရမ်းမှုတို့ဖြင့် အရေးယူခဲ့သည် (Pearson, 2005)။

သူမ၏ မိဘများက စွန့်ပစ်ခဲ့ကာ ဆွေမျိုးနီးစပ်တော်သူ၏ သားဖြစ်သူက လိင်ပိုင်းဆိုင်ရာအရ အမြတ်ထုတ်မှုများကြောင့် ၁၆ အရွယ် နွိုင်သည် ဘန်ကောက်သို့ ပြည့်တန်ဆာအဖြစ် အလုပ်လုပ်ကိုင်ရန် ရောက်ရှိလာခဲ့သည်။ ထို့နောက် ဂျပန်တွင် စားပွဲထိုးအဖြစ် လုပ်ရမည့် အလုပ် တစ်ခုကို သူမ လက်ခံလိုက်သည်။ သူမသာ ဆန္ဒမရှိလျှင် ဧည့်သည်များ လက်ခံစရာ မလိုဟု ပြောသည်။ ဂျပန်တွင် သူမကို ဘားဆိုင် တစ်ဆိုင်က ငှားရမ်းခဲ့ပြီး အကြွေး ယန်း ၁ သန်း (ဒေါ်လာ ၉၅၀၀ ခန့်) ပေးခိုင်းခဲ့သည်။ သူမ၏ အစားအသောက်၊ အိမ်ငှားခနှင့် အခြား အသုံးစရိတ်များကို အဆိုပါ အကြွေးထဲသို့ ထည့်ပေါင်းသွားမည်ဟု ဆိုသည်။ အကြွေး ပြန်ဆပ်နေရသည့် အချိန်အတွင်း အမျိုးသမီးများကို ခေါ်သည့်အခါ ဧည့်သည်များက ပြည့်တန်ဆာခေါင်း (ဆောင်ကြာမြိုင်တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို စောင့်ကြည့်ရန် တာဝန်ရှိသူ) အမျိုးသမီးကို တိုက်ရိုက် ပိုက်ဆံ ပေးရသည်။ နွိုင်နားလည်လိုက်သည်မှာ အကြွေး မြန်မြန်ကျေရန် ဧည့်သည် များနိုင်သမျှ များများ လက်ခံရန်သာ ဖြစ်တော့သည်။ သူမသည် အသက် ၁၄ နှစ်မှ ၃၀ အတွင်း ရှိသည့် အခြား အမျိုးသမီးငယ် အယောက် ၃၀ နှင့်အတူ နေရသည်။ တစ်ခါတရံ ရဲများ လာရောက်ကာ ဗီဇာရက် ကျော်လွန် နေထိုင်သူများ ရှိ၊ မရှိ လာရောက် စစ်ဆေးလေ့ ရှိသည်။ ဂျပန် သီလရှင် တစ်ဦးက နွိုင်ကို ထိုင်းနိုင်ငံသို့ ပြန်ရန် ကူညီပေးခဲ့သည်။ သို့ရာတွင် ငါးနှစ်တာ ရန်းကန်ပြီးသည့်တိုင် သူမတွင် ဘတ်သုံးသောင်း (အမေရိကန် ဒေါ်လာ ၉၀၀ ခန့်) သာ စုဆောင်းမိခဲ့သည် (Raymond et al., 2002 မှ မှီငြမ်းထားသည်)။

လူစုဆောင်းသူ ပွဲစားက ထိုင်းနိုင်ငံ ကျေးလက် ဒေသသို့ သွားရောက်ကာ ထိုင်းအမျိုးသား အယောက် ၃၀ ကို အမေရိကန် နိုင်ငံတွင် စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်ရန် စည်းရုံးခဲ့သည်။ ထိုသူများသည် မြောက်ကယ်ရိုလိုင်းနားတွင် သုံးနှစ် အလုပ်လုပ်ရမည် ဖြစ်ပြီး တစ်နာရီ ၈ ဒေါ်လာ ရမည်ဟု ဆိုသည်။ သို့ရာတွင် ထိုသူများသည် ပွဲစားခ အမေရိကန် ဒေါ်လာ တစ်သောင်းတစ်ထောင် ပေးရမည် ဖြစ်ပြီး ထိုငွေ ရရှိရန် မိသားစုပိုင် ပစ္စည်းများ ထုခွဲရောင်းချခြင်း၊ ငွေတိုးချေးသူများထံမှ ချေးငှားခြင်းတို့ လုပ်ကြရသည်။ အမေရိကန် နိုင်ငံသို့ ရောက်သည့်အခါ ပွဲစားက သူတို့၏ ပတ်စ်ပို့များနှင့် အပြန် လက်မှတ်များကို သိမ်းထားလိုက်တော့သည်။ အဆိုပါ ထိုင်းအမျိုးသား များက ပွဲစားများသည် ၎င်းတို့ ပိုက်ဆံများကို ခိုးယူသည်၊ လုပ်ခလည်း မပေးဘဲ ထိန်းသိမ်းထားကာ နှိပ်စက်ရန် ခြိမ်းခြောက်ခဲ့သည်ဟု ဆိုသည်။ ၎င်းတို့မှာ တစ်ပတ်လျှင် နှစ်ရက်၊ သုံးရက်မျှသာ အလုပ်လုပ်ရသည်။ ၎င်းတို့ကို ခေါ်လာသည့် လာအိုလူမျိုး ကုမ္ပဏီ ဥက္ကဋ္ဌ၏အိမ် အနောက်ဖက် ဂိုထောင်ထဲတွင် နေထိုင်ကြရသည်။ သူတို့ကို အစားအသောက် လုံလုံလောက်လောက် မကျွေးသည့် အပြင် ထိုနေအိမ်မှလည်း ထွက်ခွာခွင့် မပေးပေ။

မြောက်ကယ်ရိုလိုင်းနားတွင် လုပ်စရာ အလုပ် မရှိတော့သည့်အခါ ထိုအလုပ်သမားများကို နယူးအော်လန်သို့ ခေါ်သွားခဲ့သည်။ ထိုနေရာတွင် အလုပ်သမားများကို ဟာရီကိန်း ကက်ထရီနာကြောင့် ပျက်စီးနေသည့် ဟိုတယ် အစုတ်တစ်ခုတွင် ရေမရှိ၊ မီးမရှိဘဲ ရက်သတ္တပတ် အနည်းငယ် နေခဲ့ရသည်။ နေ့ဘက်အချိန်တွင် ၎င်းတို့ နေထိုင်သည့် ဟိုတယ်၏ အချို့သော အစိတ်အပိုင်းများကို ဖြိုချသည့် အလုပ်လုပ်ကိုင်ရသည်။ နယူးအော်လန်တွင် လုပ်ရသည့် အလုပ်အတွက် လခ မရခဲ့ပေ။ ထို့ကြောင့် ထိုသူများမှာ ခိုများကို ဖမ်းယူစားသောက်ခဲ့ရသည်။ နောက်ဆုံးတွင် ထိုသူများ ထွက်ပြေး လွတ်မြောက်လာခဲ့ပြီး အမေရိကန် နိုင်ငံမှ လူမှုဝန်ဆောင်မှု အဖွဲ့အစည်းများက အကူအညီများ ပေးခဲ့သည် (Collins, 2007)။

ထိုဇာတ်လမ်းများသည် လိင်ကျွန်ပြုရန်နှင့် အလုပ်လုပ်ရန် နိုင်ငံတကာ နယ်စပ် ဖြတ်ကျော်၍ လူကုန်ကူးခံရသော အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးများ ရင်ဆိုင်ရသည့် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး အရှုပ်အထွေးများကို ပြသနေသည်။ ဘန်ကောက်ရှိ စက်ရုံတွင် အလုပ်လုပ်ရသည့် လာအိုနိုင်ငံမှ မိန်းကလေးများ၏ ဇာတ်လမ်းက ထိုင်းနိုင်ငံသို့ အလုပ် အခြေအနေ အပြည့်အစုံ မသိဘဲ လာရောက်ကြသည့် လာအိုနိုင်ငံသား အများအပြား၏ ပြဿနာများကို ထင်ဟပ်ပြနေသည်။ န္တိုင်အတွက်မူ သူမ၏ လိင်အကြမ်းဖက် ခံရမှု အတွေ့အကြုံသည် ငယ်စဉ်ကတည်းကပင် စတင်ခဲ့ပြီး လူကြီး ဖြစ်သည်အထိ ဆက်လက် ရှိနေသည့် ကိစ္စရပ် တစ်ခု ဖြစ်ခဲ့သည်။ ထိုဖြစ်ရပ် လူကုန်ကူးမှု ဖြစ်ရသည့် သွင်ပြင်လက္ခဏာမှာ သူမကို တခြား နိုင်ငံသို့ ပို့ကာ ပြည့်တန်ဆာ လုပ်ခိုင်းခဲ့ခြင်းကြောင့် မဟုတ်ဘဲ ထိုင်းပွဲစားက သူမကို လှည့်စားကာ စားပွဲထိုး အလုပ်ရမည်ဟု ဆိုခဲ့ခြင်းကြောင့် ဖြစ်သည်။ စားပွဲထိုး လုပ်ရမည့်အစား သူမမှာ ဂျပန်နိုင်ငံတွင် အကြွေးဆပ်ရသည့် အခြေအနေ ရောက်သွားခဲ့သည်။ အမေရိကန် နိုင်ငံမှ ထိုင်းအမျိုးသားများ၏ ဖြစ်ရပ်မှာလည်း လိမ်ညာခံရပြီး အတင်းအဓမ္မ ခိုင်းစေခံရခြင်းမှ မလွတ်မြောက်နိုင်သည့် ဇာတ်လမ်း တစ်ခုပင် ဖြစ်သည်။

ယခုအခန်းတွင် အဓိက ကိစ္စရပ် နှစ်ခုကို တင်ပြသွားပါမည်။ ပထမ တစ်ခုမှာ လွန်ခဲ့သော ရာစုနှစ်အတွင်း နိုင်ငံတကာ အသိုင်းအဝိုင်းက လူကုန်ကူးမှု ဖြစ်ရပ်ကို အဓိပ္ပာယ် ဖွင့်ဆို သတ်မှတ်ခဲ့ပုံ ဖြစ်သည်။ ဒုတိယ တစ်ခုမှာ နိုင်ငံတကာ အသိုင်းအဝိုင်း၊ အထူးသဖြင့် အမေရိကန် နိုင်ငံက လူကုန်ကူးမှု ပြဿနာကို နိုင်ငံရေးအရ တုံ့ပြန်ခဲ့ပုံ ဖြစ်သည်။ နိုင်ငံတကာ လူမှုရေး ကိစ္စရပ်များအပေါ် ယနေ့ခေတ် တက်ကြွလှုပ်ရှားမှုများသည် ယခင် ရှိခဲ့ပြီးသော သဘောတရားပိုင်း ဆိုင်ရာ တက်ကြွ လှုပ်ရှားမှုများနှင့် ဆက်စပ်နေသည်။ ယခင်က လိင်ပိုင်းဆိုင်ရာအရ ခေါင်းပုံဖြတ်ခြင်းကို ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အသုံးပြုခဲ့သည့် နည်းလမ်းများ၊ အသုံးအနှုန်းများ၊ ပုံဖော်သည့် မဟာဗျူဟာများ အစရှိသည်တို့သည် ယနေ့ခေတ် လူကုန်ကူးမှု တိုက်ဖျက်ရေး လှုပ်ရှားမှုများနှင့် ဆင်တူနေသည်။ ယနေ့ခေတ် လူကုန်ကူးမှု တိုက်ဖျက်ရေး ဆိုင်ရာ ငြင်းခုံ ဆွေးနွေးမှုများကို နားလည်စေရန် ရာစုနှစ် တစ်ခုစာ ပြန်ကြည့်ရန် လိုအပ်သည်။ ယခုအခန်းတွင် လူကုန်ကူးမှု အဓိပ္ပာယ် ပြန်ဆိုပုံ အမျိုးမျိုးကို ရှင်းလင်းပြကာ ယင်းတို့မှ လူကုန်ကူးမှု တိုက်ဖျက်ရေး စံနှုန်းများ ပေါ်ပေါက်လာပုံ၊ လက်ခံလာပုံနှင့် အကောင်အထည် ဖော်ပုံကို မည်ကဲ့သို့ ဆက်စပ်သွားသည်ကို ရှင်းလင်းပြကာ ယနေ့ခေတ် လူကုန်ကူးမှု တိုက်ဖျက်ရေး လှုပ်ရှားမှုများ၏ နည်းဗျူဟာများကို အချက်ကျကျ လေ့လာ ဆန်းစစ် သွားပါမည်။

## လူကုန်ကူးခြင်းကို အဓိပ္ပာယ် ဖွင့်ဆိုခြင်းများ

လူကုန်ကူးခြင်းသည် လိင်ကျွန်ပြုခြင်းနှင့် လုပ်အား ခေါင်းပုံ ဖြတ်ခြင်းတို့ ပါဝင်သော ရာဇဝတ်မှု လုပ်ရပ်အမျိုးမျိုးကို ဖော်ပြရန် အသုံးပြုသည့် အသုံးအနှုန်း တစ်ခု ဖြစ်သည်။ ယေဘုယျအားဖြင့် လူကုန်ကူးမှုကို အဆင့် အများအပြား ရှိသော ဖြစ်စဉ် တစ်ခု အဖြစ် ရှုမြင်နိုင်သည်။ ခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် ဖိအား၊ လိမ်ညာမှု (သို့) အင်အား တစ်ခုခု အသုံးပြုကာ လူရှာဖွေခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း ဖြစ်သည် (Chuang, 2006, p. 443)။ လိင်ဖျော်ဖြေရေး ခရီးသွား လုပ်ငန်း၊ ကလေးသူငယ်များကို လိင်ဖျော်ဖြေရေး ခရီးသွား လုပ်ငန်းတွင် အသုံးပြုခြင်း၊ ကလေး သူငယ်များကို စီးပွားဖြစ် လိင်ကျွန်ပြုခြင်း၊ အိမ်ဖော် လုပ်ငန်း၊ စားသောက်ဆိုင်၊ စိုက်ပျိုးရေး၊ စက်ရုံနှင့် အထည်ချုပ် လုပ်ငန်းများတွင် ခေါင်းပုံဖြတ်ခြင်း၊ အကြွေးဖြင့် ချုပ်နှောင်ထားခြင်း၊ အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း၊ အတင်းအဓမ္မ တောင်းစားခိုင်းခြင်း၊ သတို့သမီး ရွေးချယ်ရေး လုပ်ငန်းများမှ တစ်ဆင့် အတင်းအဓမ္မ လက်ထပ်ခိုင်းခြင်း အစရှိသော အခြား ကိစ္စရပ်များကိုလည်း "လူကုန်ကူးမှု" ဟူသည့် အသုံးအနှုန်းအောက်တွင် ထည့်သွင်းထားသည်။ ကုန်ကူးခြင်းဟူသည့် အသုံးအနှုန်းသည် ခေါင်းပုံ ဖြတ်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတကာ နယ်စပ်များကို ဖြတ်ကျော်၍ ဖြစ်စေ၊ နိုင်ငံတွင်း ဖြစ်စေ လူများ ရွှေ့လျား သွားလာခြင်းဟု အဓိပ္ပာယ် သက်ရောက်သည်။ ယင်းကို လူများ မှောင်ခိုတင်သွင်းခြင်းနှင့် မကြာခဏ မှားယွင်းလေ့ ရှိသည်။

နိုင်ငံတကာ ဥပဒေတွင် လူကုန်ကူးမှုဟု သတ်မှတ်ခံရရန် ထိုဖြစ်ရပ်သည် အင်အားသုံး (သို့) အတင်းအဓမ္မ ရွှေ့လျားခိုင်းခြင်း ဖြစ်ရန် လိုအပ်သည်။ ကုန်ကူးခြင်းသည် ထိုလူသွားရောက်သည့် နေရာတွင် ခေါင်းပုံဖြတ်သည့် အခြေအနေနှင့်လည်း ဆက်စပ်နေသည်။ ဥပမာ အမေရိကန်၏ ဥပဒေ အရ အခြေအနေ တစ်ခုကို လူကုန်ကူးခြင်းဟု သတ်မှတ်ရန် ရွှေ့လျား သွားလာခြင်း မလိုအပ်ပေ။ အချို့က အဆိုပါ လူကုန်ကူးခြင်းဆိုင်ရာ အသုံးအနှုန်း အများအပြားကို ရိုးရှင်းစွာဖြင့် ယနေ့ခေတ် ကျွန်ပြုခြင်း ပုံစံသစ်ဟု ခေါ်ဆိုကြသည် (US Department of Justice, 2007, p. 1)။ သို့ရာတွင် အချို့ကမူ လူကုန်ကူးခြင်းဟူသည့် အသုံးအနှုန်းကို အသုံးပြုမှု လွန်ကဲနေသောကြောင့် အသုံးမပြုသင့်တော့ဟု ဆိုကြသည် (Kempadoo, 2005b, p. ix)။

အစောပိုင်း ဖော်ပြခဲ့သည့် ဖြစ်စဉ် သုံးခုတွင် ထိုသူများ အားလုံးသည် လူကုန်ကူးခံရသည့် အခြေအနေမှ လွတ်မြောက်ခဲ့သည်။ သို့ရာတွင် ကမ္ဘာတစ်ဝန်း လူကုန်ကူးခံရသူ အရေအတွက်အပေါ် ခိုင်လုံသော ကိန်းဂဏန်း အချက်အလက်များ မရှိပေ။ အလားတူ လူကုန်ကူးခံရသူ မည်မျှ လွတ်မြောက်လာသည်နှင့် မည်မျှ ဆိုးရွားသော အခြေအနေများကို ဆက်လက် ခံနေရသည်ကိုလည်း မသိရှိနိုင်ပေ။ ဇယား ၁၆.၁ တွင် ဖော်ပြထားသည့် ကိန်းဂဏန်း အချက်အလက်များသည် လူကုန်ကူးမှု၏ အကျယ်ကို ခန့်မှန်းထားခြင်း ဖြစ်သော်လည်း ထိုကိန်းဂဏန်းများကို အတည်ပြုနိုင်ခြင်းတော့ မရှိပေ။

ဇယား ၁၆.၁။ ကမ္ဘာတစ်ဝန်း လူကုန်ကူးမှု အရေအတွက်ကို ခန့်မှန်းချက်များ

| **ခန့်မှန်း အရေအတွက်** | **အရင်းအမြစ်** |
|---|---|
| တစ်ကမ္ဘာလုံးတွင် ကျွန် ၂၇ ၀၀၀ ၀၀၀ ခန့် | http://www.FreetheSlaves.net |

| | |
|---|---|
| မည်သည့် အချိန်၌မဆို အတင်းအဓမ္မ အလုပ် စေခိုင်း ခံရသူများ၊ အကြွေးဖြင့် အလုပ်လုပ် ပေးနေရ သူများ၊ လိင်ကျွန်ပြုခံရသူများ ၂၀.၉ သန်းခန့် ရှိသည်။<br>- မြောက်အမေရိကနှင့် အနောက် ဥရောပတွင် ၁.၅ သန်း<br>- အလယ်ပိုင်းနှင့် တောင်အမေရိကတွင် ၁.၈ သန်း<br>- အာဖရိကတွင် ၃.၇ သန်း<br>- အရှေ့အလယ်ပိုင်းတွင် ၆၀၀ ၀၀၀<br>- တောင်အာရှနှင့် အရှေ့တောင် အာရှတွင် ၁၁.၇ သန်း | Internaitonal Labour Organization, 2012 |
| ကမ္ဘာတစ်ဝန်းမှ ခန့်မှန်း အရေအတွက်<br>နိုင်ငံတော်မှ အတင်းအဓမ္မ လုပ်အားပေးခိုင်းသူ၊ ၂.၂ သန်း<br>လိင်ပိုင်းဆိုင်ရာအရ အမြတ်ထုတ် ခံရသူ၊ ၄.၅ သန်း<br>လုပ်အားအရ ခေါင်းပုံဖြတ် ခံရသူ၊ ၁၄.၂ သန်း | Internaitonal Labour Organization, 2012 |
| အတင်းအဓမ္မ အလုပ်စေခိုင်း ခံရသူ ၅၅% မှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ဖြစ်သည်။<br>လိင်ခေါင်းပုံ ဖြတ်ရန် လူကုန်ကူးခံရသူ ၉၈% မှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ဖြစ်သည်။ | Internaitonal Labour Organization, 2012 |

၂၀ ရာစု၏ ပထမ တစ်ဝက်လောက်တွင် လူကုန်ကူးမှုသည် နိုင်ငံတကာ ဥပဒေတွင် ကြိမ်ဖန်များစွာ ပါဝင်ခဲ့သည်။ သို့ရာတွင် အမျိုးသမီးများနှင့် ကလေးငယ်များကို ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ခိုင်းရန် လူကုန်ကူးခြင်းက အဓိက အာရုံစိုက်မှု ဖြစ်နေသည်။ ထိုအဓိပ္ပာယ် သတ်မှတ်ချက်များတွင် အတင်းအဓမ္မ အလုပ်စေခိုင်းခံရသူများနှင့် လူကုန်ကူးခံရသူ အမျိုးသားများ မပါဝင်ပေ။ ၂၀၀၀ ပြည့်နှစ်တွင် ကုလသမဂ္ဂ၏ နိုင်ငံဖြတ်ကျော် စုစည်း ဆောင်ရွက်သည့် ရာဇဝတ်မှုများ တိုက်ဖျက်ရေး သဘောတူစာချုပ် (Convention against Transnational Organized Crime) ၏ နောက်ဆက်တွဲအဖြစ် လူများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များကို လူကုန်ကူးခြင်းအား တားဆီးခြင်း၊ နှိပ်ကွပ်ခြင်းနှင့် အပြစ်ပေးခြင်း ဆိုင်ရာ နောက်ဆက်တွဲ စာချုပ် (Protocol to Prevent, Suppress, and Punish Trafficking in Persons, especially Women and Children) (ပါလာမို နောက်ဆက်တွဲ စာချုပ်) ကို ပြဋ္ဌာန်းခဲ့သည်။ ပါလာမို နောက်ဆက်တွဲ စာချုပ် ဆွေးနွေးခြင်းများကို ဩစတြီးယား နိုင်ငံ ဗီယင်နာမြို့တွင် ဆောင်ရွက်ခဲ့ခြင်းကြောင့် ဗီယင်နာ ဖြစ်စဉ်ဟုလည်း သိရှိကြသည်။ ယင်းမှာ အငြင်းပွားဖွယ်ရာ ဖြစ်စဉ် တစ်ခု ဖြစ်ခဲ့ပြီး နိုင်ငံတကာ အသိုင်းအဝိုင်းက ပထမဆုံးအကြိမ် လူကုန်ကူးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ် သတ်မှတ်ခြင်းအား သဘောတူခဲ့ခြင်း ဖြစ်သည်။ ပါလာမို နောက်ဆက်တွဲ စာချုပ်သည် လူကုန်ကူးခြင်း ဆိုင်ရာ နိုင်ငံတကာ စံနှုန်းများကို ပြန်လည် အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်။ လူများကို ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ခိုင်းရုံသာမကဘဲ အခြားသော ရည်ရွယ်ချက်များကြောင့်လည်း လူကုန်ကူးနိုင်ပြီး အမျိုးသားများနှင့် ယောကျ်ားလေးများ အပါအဝင် မည်သူမဆို လူကုန်ကူး ခံရနိုင်သည်။

နိုင်ငံတကာမှ လက်ခံထားသည့် လူကုန်ကူးမှု၏ အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် ရလဒ် တစ်ခုတည်းကို ထွက်ပေါ်စေသည့် လုပ်ရပ် တစ်မျိုးတည်း အဖြစ် ဖော်ပြမထားဘဲ နည်းလမ်း အမျိုးစုံနှင့် လုပ်ဆောင်နိုင်သည့် ဖြစ်စဉ် (လူစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ထိန်းချုပ်ခြင်း)၊ လူအများအပြားနှင့် ရလဒ် အမျိုးမျိုး ပါဝင်သည့် ဖြစ်စဉ်ဟု အဓိပ္ပာယ် သတ်မှတ်ထားသည်။ ပါလာမို နောက်ဆက်တွဲ စာချုပ်၏ လူကုန်ကူးခြင်း အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် ပါဝင်သည့် အစိတ်အပိုင်းများ ကိုယ်၌ကပင် အဓိပ္ပာယ် ဖွင့်ဆိုခြင်း၏ ပြဿနာများကို ပြသနေသည်။ ဥပမာ လူကုန်ကူးခြင်း အသုံးအနှုန်းအောက်တွင် ပါဝင်သည့် လိင်ပိုင်းဆိုင်ရာအရ အမြတ်ထုတ်ခြင်း (သို့) ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းကို အဓိပ္ပာယ် ဖွင့်ဆိုခြင်း၌ပင် နိုင်ငံတကာ သဘောတူညီချက် ရရှိခဲ့ခြင်း မရှိပေ။ လူကုန်ကူးခြင်း အသုံးအနှုန်းတွင် ပါဝင်သည့် မတရားပြုခြင်းတွင်လည်း ပြင်းထန်မှု ကွာခြားပြီး မတူညီသော အတွေ့အကြုံများ ထွက်ပေါ်လာစေသည် (Anderson and O’Connell Davidson, 2002, p. 12)။

နောက်ဆက်တွဲ စာချုပ်ကို အီတလီ နိုင်ငံ ပါလာမိုမြို့တွင် လက်မှတ်ရေးထိုးခဲ့သည့် တစ်နှစ်တည်းမှာပင် အမေရိကန်ကလည်း ၎င်းတို့ ကိုယ်ပိုင် ဥပဒေ ဖြစ်သည့် လူကုန်ကူးမှုကြောင့် ထိခိုက် နစ်နာသူများကို ကာကွယ်ရေး အက်ဥပဒေ (Trafficking Victims Protection Act (TVPA)) ကို ရေးသား ပြဋ္ဌာန်းခဲ့သည်။ TVPA သည် သိသာထင်ရှားသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်က (ယခုအချိန်အထိ) ယင်းမှာ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအဆင့် လူကုန်ကူးမှု တိုက်ဖျက်ရေး ဥပဒေများတွင် ရှေ့အရောက်ဆုံး ဥပဒေ ဖြစ်ခဲ့သောကြောင့် ဖြစ်သည်။ ထိုပြင် ထိုဥပဒေကို အမေရိကန် နိုင်ငံက နိုင်ငံခြားရေး မူဝါဒ ကိရိယာ တစ်ခု အဖြစ် အသုံးပြုကာ ၎င်း၏ လူကုန်ကူးခြင်း တိုက်ဖျက်ရေး စံနှုန်းများကို အခြားနိုင်ငံများတွင် အသုံးပြုနိုင်ရန် ရည်ရွယ်၍ (အမှန်တကယ်လည်း အသုံးပြုခဲ့သည်) ရေးဆွဲထားသည် (Chuang, 2006)။

| စာသေတ္တာ ၁၆.၁။ လူကုန်ကူးမှု၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များ |
|---|
| လူကုန်ကူးမှုကို အောက်ပါအတိုင်း အဓိပ္ပာယ် ဖွင့်ဆိုသည်။<br>လူတို့ကို ခေါင်းပုံဖြတ် အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ အခြားပုံစံများဖြင့် အတင်းဖိအားပေးခြင်း၊ ပြန်ပေးဆွဲခြင်း၊ လိမ်ညာခြင်း၊ လှည့်ဖျားခြင်း၊ အာဏာ အလွဲသုံးစား လုပ်ခြင်း၊ ထိလွယ်၊ ခိုက်လွယ်သည့် အခြေအနေကို အသုံးချခြင်း၊ အုပ်ထိန်းသူထံမှ သဘောတူညီမှု ရရှိရန် ငွေပေးခြင်း (သို့) အကျိုးရလဒ် တစ်ခုခု ပေးခြင်း အစရှိသည့် နည်းလမ်းများကို အသုံးပြုကာ လူများကို စုဆောင်းခြင်း၊ ပို့ဆောင်ခြင်း၊ လက်ပြောင်းလက်လွှဲ လုပ်ခြင်း၊ အိမ်တွင် နေခိုင်းထားခြင်း (သို့) လက်ခံခြင်း ဖြစ်သည်။ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းတွင် အနိမ့်ဆုံး အနေဖြင့် ပြည့်တန်ဆာ လုပ်ခိုင်း၍ ခေါင်းပုံ ဖြတ်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများ၊ အတင်းအဓမ္မ အလုပ်စေခိုင်းခြင်း (သို့) ဝန်ဆောင်မှု ပေးခိုင်းခြင်း၊ ကျွန်ပြုခြင်း (သို့) ကျွန်ပြုခြင်း၊ ကျွန်ဖြစ်မှုနှင့် ဆင်တူသော အလေ့အကျင့်များ၊ ကိုယ်တွင်းအင်္ဂါများ ထုတ်ယူခြင်း စသည်တို့ ပါဝင်သည်။<br>(ပါလာမို နောက်ဆက် စာချုပ်)<br><br>ဆိုးရွားသည့် လူကုန်ကူးမှု ပုံစံများကို အောက်ပါအတိုင်း သတ်မှတ်သည်။<br>က) လိင်ကျွန်ပြုခြင်း။ အင်အားသုံးခြင်း၊ လိမ်ညာခြင်း၊ ဖိအားပေးခြင်း၊ ရယူခြင်း တို့ဖြင့် စီးပွားဖြစ် လိင်လုပ်ငန်းများ လုပ်ကိုင်ခိုင်းခြင်း၊ ထိုလုပ်ငန်းများ လုပ်ကိုင်ရန် ခိုင်းစေခံရသူသည် အသက် ၁၈ နှစ် |

မပြည့်သေးသူ ဖြစ်ခြင်း
ခ) စိတ်ဆန္ဒ မရှိဘဲ ကျွန်ပြုရန်၊ အလုပ်ကြမ်း စေခိုင်းရန်၊ အကြွေးဆပ်ခိုင်းရန် ရည်ရွက်ချက်များဖြင့် လူတစ်ဦးကို အလုပ်လုပ်ခိုင်းရန် (သို့) ဝန်ဆောင်မှု ပေးရန် အင်အားသုံးခြင်း၊ လိမ်ညာခြင်း၊ ဖိအားပေးခြင်း တို့ဖြင့် စုဆောင်းခြင်း၊ အိမ်တွင် ထားထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ အလုပ်ရှင်ထံသို့ ပို့ခြင်း
ဂ) လူတစ်ဦးသည် အသက် ၁၈ နှစ်အောက် ဖြစ်လျှင် မည်သည့် စီးပွားဖြစ် လိင်လုပ်ငန်းမဆို၊ အင်အားသုံးခြင်း၊ လိမ်ညာခြင်း (သို့) ဖိအားပေးခြင်း ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ လူကုန်ကူးခြင်းဟု သတ်မှတ်သည်။
(United States Trafficking Victims Protection Act of 2000)

ဗီယင်နာတွင် နောက်ဆက်တွဲ စာချုပ်ကို ဆွေးနွေးရာနှင့် ဝါရှင်တန်တွင် အမေရိကန် ကွန်ဂရက်နှင့် TVPA ကို ရေးသားသည့် အဖွဲ့အစည်းများ တွေ့ဆုံမှုများတွင် ထိုအုပ်စု နှစ်စုအကြား အကြီးမားဆုံးသော ထိပ်တိုက်တွေ့မှုမှာ ပြည့်တန်ဆာ လုပ်ခြင်းကို ခေါင်းပုံဖြတ်ခြင်းဟု သတ်မှတ်မည်လား (သို့) အခြား အလုပ်ပုံစံ တစ်ခုအဖြစ်သာ သတ်မှတ်မည်လား ဟူသည့် မေးခွန်းဖြစ်သည်။ ဗီယင်နာ ဖြစ်စဉ်တွင် အမျိုးသမီးရေး ဝါဒီများနှင့် ရှေးရိုးစွဲ အုပ်စုများက အတူတကွ ပူးပေါင်းကာ ဆွေးနွေးညှိနှိုင်းခဲ့ပြီး နှစ်ရာချီကြာ ငြင်းခုံလာကြသည့် မေးခွန်းဖြစ်သော လူကုန်ကူးခြင်းတွင် အရွယ်ရောက်ပြီးသူများကို ပြည့်တန်ဆာ လုပ်ခိုင်းသည့် ပုံစံများ အားလုံး ပါဝင်သလား (သို့) မိမိ စိတ်ဆန္ဒကို ဆန့်ကျင်၍ ပြည့်တန်ဆာ လုပ်ခိုင်းခြင်းသာ ပါဝင်သလားဟူသည့် အကြောင်းအရာကို ဖြေရှင်းရန် မျှော်လင့်ခဲ့ကြသည်။ အမျိုးသမီးရေး ဝါဒီများထဲတွင် အုပ်စုနှစ်စု ထပ်ကွဲသွားသည်၊ ပြည့်တန်ဆာ ပြုခြင်း ပုံစံ အားလုံးကို ဖျက်သိမ်းရန် တွန်းအားပေး စည်းရုံးသူများ (ဖျက်သိမ်းရေး အမျိုးသမီး ဝါဒီများ) နှင့် အတင်းအဓမ္မ ပြည့်တန်ဆာ လုပ်ခိုင်းခြင်းကိုသာ အာရုံစိုက်ရန် တွန်းအားပေး စည်းရုံးသူများ (လူ့အခွင့်အရေး အမျိုးသမီး ဝါဒီများ) ဟူ၍ ဖြစ်သည်။

လိင်မှုကိစ္စတွင် ခိုင်းစေရန် လူကုန်ကူးခြင်းနှင့် လိင်မှုကိစ္စတွင် ခိုင်းစေရန် ဆိုးရွားသည့် လူကုန်ကူးခြင်းတို့သည် အမေရိကန်၏ ဥပဒေ နောက်ခံတွင် ရှင်းလင်းစွာ ကွဲပြားသည်။ TVPA တွင် လိင်မှုကိစ္စတွင် ခိုင်းစေရန်အတွက် လူကုန်ကူးခြင်းကို အဓိပ္ပာယ် ဖွင့်ဆိုထားချက် ပါဝင်သည်၊ “အင်အားသုံးခြင်း၊ လိမ်ညာခြင်း၊ ဖိအားပေးခြင်း၊ ရယူခြင်း တို့ဖြင့် လူတစ်ဦးကို စီးပွားဖြစ် လိင်လုပ်ငန်းများ လုပ်ကိုင်ခိုင်းခြင်း” ဟူ၍ ဖြစ်သည် (United States Code, 2000)။ ဆိုးရွားသည့် လိင်ကုန်ကူးမှု ပုံစံများအတွက် သီးသန့် အဓိပ္ပာယ် ဖွင့်ဆိုချက်လည်း ပါဝင်သည် (စာသေတ္တာ ၁၆.၁ တွင် ရှုပါ)။ လိင်ကုန်ကူးခြင်း အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် ပါလာမို နောက်ဆက်တွဲ စာချုပ်၌ ပါဝင်သည့် ဖိအားပေးရန် လိုအပ်ခြင်းကို ဖယ်ထားသည်။ ထို့ကြောင့် ထိုသတ်မှတ်ချက်တွင် နှစ်ဦးသဘောတူ နေရာရွှေ့ပြောင်း ပြည့်တန်ဆာ လုပ်ခြင်းလည်း ပါဝင်သည်။ သို့ရာတွင် TVPA က လိင်ကုန်ကူးခြင်း၏ လုပ်ငန်းဆိုင်ရာ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ဆိုးရွားသည့် လူကုန်ကူးမှု ဖြစ်ရပ်များ၊ ဥပမာ လူကုန်ကူးခြင်းတွင် စီးပွားဖြစ် လိင်ကိစ္စများ ဆောင်ရွက်ရန် အင်အားသုံးခြင်း၊ လိမ်ညာခြင်း (သို့) ဖိအားပေးခြင်း ဖြစ်ရပ်များ အတွက်သာ ကန့်သတ်ထားသည် (Chuang, 2006, p. 450)။ ထိုသို့ အဓိပ္ပာယ် ဖွင့်ဆိုချက် နှစ်ခု ပေါ်ပေါက်လာခြင်းသည် နိုင်ငံရေး အမြင် မတူသူများအကြား ညှိနှိုင်းလိုက်ကြခြင်းကို ပြသနေသည်။

အနှစ်ချုပ်

လူများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များကို လူကုန်ကူးခြင်းအား တားဆီးခြင်း၊ နှိပ်ကွပ်ခြင်းနှင့် အပြစ်ပေးခြင်း ဆိုင်ရာ နောက်ဆက်တွဲ စာချုပ်တွင် လူကုန်ကူးခြင်းကို နောက်ဆုံး ဥပဒေပြုခဲ့သည်။ ယင်းတို့ကို အမေရိကန် နိုင်ငံ၏ နိုင်ငံကူး စုစည်း ဆောင်ရွက်သည့် ရာဇဝတ်မှုများကို တိုက်ဖျက်ရေး ဆိုင်ရာ သဘောတူစာချုပ်က ပံ့ပိုးပေးထားသည် (ပါလာမို နောက်ဆက်တွဲ စာချုပ်)။

နိုင်ငံတကာမှ လက်ခံထားသည့် လူကုန်ကူးခြင်း၏ အဓိပ္ပာယ် ဖွင့်ဆိုချက်သည် ရလဒ် တစ်ခုတည်း ကိုသာ ဦးတည်သွားသည့် လုပ်ရပ် တစ်ခုတည်း မဟုတ်ပေ။ နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်နိုင်ပြီး ဇာတ်ကောင် အများအပြား ပါဝင်သည့်၊ ရလဒ် အမျိုးမျိုး ထွက်လာနိုင်သည့် ဖြစ်စဉ် တစ်ခု ဖြစ်သည်။

ကုလသမဂ္ဂက ပါလာမို သဘောတူစာချုပ်ကို သဘောတူညီခဲ့သည့် ခုနှစ်တွင်ပင် အမေရိကန် အစိုးရကလည်း ၎င်း၏ ကိုယ်ပိုင် လူကုန်ကူးခံရသူများ ကာကွယ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

ဗီယင်နာ ဖြစ်စဉ်က ပြည့်တန်ဆာ ပုံစံ အားလုံးကို လူကုန်ကူးခြင်း (သို့) ခေါင်းပုံဖြတ်ခြင်းဟု ယူဆသင့်ပါသလား ဟူသည့် နှစ်ရှည်ကြာနေပြီ ဖြစ်သည့် အငြင်းအခုံကို ပြန်လည် အသက်သွင်း ပေးခဲ့သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

လူကုန်ကူးမှု၏ အဓိပ္ပာယ် ဖွင့်ဆိုချက်သည် အဘယ်ကြောင့် အသေးစိတ်ဆန်၊ ပြည့်စုံရန် လိုအပ်သနည်း။

## လူဖြူကျွန်စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုနှင့် အမျိုးသမီးများ လူကုန်ကူးခံရမှုကို နိုင်ငံတကာမှ သတိထားမိလာခြင်း

ယနေ့ခေတ် လူကုန်ကူးမှုအပေါ် စိုးရိမ်ပူပန်မှုများကို ၁၉ ရာစု နှောင်းပိုင်းက အမေရိကန်နှင့် အနောက် ဥရောပ နိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် လူဖြူ ကျွန်စနစ်ဟူသည့် အဖြစ်အပျက်၌ စတင် တွေ့ရှိနိုင်သည်။ လူဖြူများကို ကျွန်ပြုခြင်း (သို့) လူဖြူကျွန်များ ကုန်သွယ်ခြင်း ဆိုသည်မှာ ပြည့်တန်ဆာအဖြစ် ခိုင်းစေရန် ဥရောပသူ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ပြန်ပေးဆွဲကာ၊ ပို့ဆောင်သည့် ဖြစ်ရပ်ကို ဖော်ကျူးရန် အသုံးပြုသည် (Doezema, 2002, p. 22)။ ၂၀ ရာစု အစပိုင်းတွင် အမေရိကန် နိုင်ငံတွင် ကျေးလက်ဒေသမှ လူဖြူ အမျိုးသမီးငယ်များကို ဖိအားပေး (သို့) မိမိ စိတ်ဆန္ဒအလျောက် မြို့ကြီးများမှ ဆောင်ကြာမြိုင်များသို့ ပို့ဆောင်သည့် ဖြစ်ရပ်ကိုလည်း ဖော်ပြရန် အသုံးပြုသည် (E. Bell, 1910)။

မီဒီယာတွင် စိတ်လှုပ်ရှားအောင် ဖော်ပြနိုင်မှုများကြောင့် အမေရိကန်နှင့် ဥရောပ နိုင်ငံများရှိ လူအများအပြားက လူဖြူ မိန်းကလေးငယ်များနှင့် အမျိုးသမီးများ အများအပြားကို ဖမ်းဆီးခြင်း (သို့) လှည့်စားခြင်းများ ပြုကာ ပြည့်တန်ဆာအဖြစ် ခိုင်းစေကြသည်ဟု ယုံကြည်ခဲ့ကြသည်။ သို့ရာတွင် ယနေ့ခေတ် သမိုင်းပညာရှင်များက ထိုကုန်ကူးမှု၏ အရေအတွက်ကို မေးခွန်းထုတ်ခဲ့ကြပြီး ပညာရှင် အများစုက လူဖြူ ကျွန်စနစ်၏ သားကောင် အရေအတွက်မှာ အလွန်တရာပင် နည်းပါးလှသည်ဟု သဘောတူညီ ထားကြသည်။

သို့ရာတွင် တောင်နှင့် အရှေ့ ဥရောပမှ အမေရိကနှင့် လက်တင် အမေရိကသို့ ပြောင်းရွှေ့ အခြေချသူများ များပြားလာပြီး ထိုရွှေ့ပြောင်းသူ များသည် အစောပိုင်းတွင် ပြည့်တန်ဆာအဖြစ် အလုပ်လုပ်ကိုင်ကြရသည် (Doezema, 2002, Footnote 4)။ အများစုမှာ ဆင်းရဲမွဲတေမှုနှင့် အလုပ်အကိုင် ရှားပါးမှုများကြောင့် ဥရောပ နိုင်ငံများမှ တစ်ကိုယ်တည်း ထွက်ခွာလာသည့် အမျိုးသမီးများ ဖြစ်သည်။

## ပြဿနာအပေါ် နိုင်ငံတကာနှင့် ပြည်တွင်းမှ တုန့်ပြန်ချက်များ

လူဖြူ ကျွန်စနစ် ဆိုင်ရာ ပြောဆိုရေးသားမှုများသည် တစ်ပုံစံတည်း မဖြစ်သလို ရှေ့နောက်လည်း မညီပေ။ အချို့အတွက် လူဖြူ ကျွန်စနစ် ဆိုသည်မှာ ပြည့်တန်ဆာ လုပ်ခိုင်းခြင်းကို ဆိုလိုသည်။ အခြားသူများကမူ လူဖြူ ကျွန်စနစ်နှင့် ပြည့်တန်ဆာ လုပ်ငန်းသည် ကွဲပြားသော်လည်း ဆက်စပ်မှု ရှိသည့် ဖြစ်ရပ်ဟု မြင်ကြသည်။ လူအများအပြားက ပြည်တွင်းတွင် ပြည့်တန်ဆာ လုပ်ခြင်းနှင့် အမျိုးသမီးများကို နိုင်ငံတကာသို့ ပြောင်းရွှေ့ခိုင်းကာ ပြည့်တန်ဆာ လုပ်ခိုင်းခြင်းတို့အကြား ခွဲခြားခြင်းများ ပြုကြသည် (Doezema, 2002)။

၂၀ ရာစု အစတွင် လူဦးရေနှင့် လူမှုရေး စီးကြောင်းများကို ဗစ်တိုးရီးယန်း တန်ဖိုးများနှင့် ပေါင်းစပ်လိုက်သောအခါ ကျင့်ဝတ် စံနှုန်းများနှင့် လူမျိုး သန့်စင်မှုများ ကွယ်ပျောက်သွားမည့် အပေါ် စိုးရိမ်ပူပန်ကြပြီး ထိုမှတဆင့် ကြောက်ရွံ့မှုများပင် ဖြစ်ပေါ် လာကြသည် (Irwin, 1996)။[၁] ဒေးဗစ် (David (1999, p. 4) က ထိုကြောက်ရွံ့မှုများမှ တဆင့် အပြစ်ကင်းသည့် မိန်းကလေးငယ်များ အများအပြား လိင်ကျွန်ပြုခံရသည်ဟူသည့် ယုံတမ်းစကားများကို ဖြစ်ပေါ် စေသည်ဟု ဆိုသည်။ ထိုယုံတမ်းစကားများသည် လူမျိုးချင်း မတူသည့် ဆက်ဆံရေးများ၊ လက်မထပ်ခင် အတူနေခြင်းနှင့် မိန်းမပျိုများ တစ်ဦးတည်း ခရီးထွက်ခြင်းတို့ကို ကန့်သတ်ရန် ရည်ရွယ်သည်။ အမျိုးသမီးများ၏ အတွေ့အကြုံများကို အချက်အလက် ပြည့်ပြည့်စုံစုံနှင့် တင်ပြရမည့်အစား လူဖြူ ကျွန်စနစ် ယုံတမ်းစကားက အမေရိကန်နှင့် ဥရောပမှ လူလတ်တန်းစားများကို စိုးရိမ် ထိတ်လန့်စေသည် (Doezema, 2002, p. 26)။

ထိုစိုးရိမ် ကြောက်လန့်မှုကို ပြောဆိုရေးသားမှုများသည် ရာစုနှစ်ပေါင်းများစွာ လူမည်းများကို ကျွန်ပြုသည့် စနစ်အား ဖုံးကွယ် (သို့) လျှော့ချ ပြောဆိုထားသည်။ ဥရောပတိုက်တွင် အင်္ဂလိပ် လူမျိုး မိန်းကလေးငယ်များကို အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ် ခိုင်းစေသည့် ဖြစ်ရပ်ကို စုံစမ်း စစ်ဆေးခဲ့ပြီး ဗြိတိန် အမျိုးသမီးငယ်များကို ဖိနှိပ်ခြင်း ဆိုင်ရာ လန်ဒန် ကော်မတီကို တည်ထောင်ခဲ့သူ ဘာသာရေး အဖွဲ့ဝင် အယ်လ်ဖရက် ဒိုင်ယာ (Alfred Dyer) အောက်ပါအတိုင်း ရေးသားခဲ့သည်။ ၁၈၈၀ တွင် အင်္ဂလိပ် လူမျိုး လူဖြူ မိန်းကလေးငယ်လေးများကို အတင်းအဓမ္မ ပြည့်တန်ဆာ အဖြစ် စေခိုင်းခြင်းသည် "နီဂရိုးများကို ကျွန်ပြုခြင်းထက် ပို၍ ရက်စက်ပြီး ရွံ့ရှာဖွယ် ကောင်းသည်" အဘယ်ကြောင့် ဆိုသော် လူဖြူ ကျွန်စနစ်သည် "လုပ်အားအတွက် မဟုတ်၊ ရမ္မက်အတွက် ဖြစ်သည်၊ နီဂရိုးများကို ကျွန်ပြုခြင်းထက်လည်း ပို၍ သရဲဘောကြောင်သည်။" (Dyer, 1880, p. 6)။ အာဝင် (Irwin) (1996) က ဒိုင်ယာ၏ သုံးသပ်ချက်သည် လူမည်းများ၏ လူသားဖြစ်မှု တန်ဖိုးကို လျှော့ချခဲ့ခြင်း ဖြစ်ပြီး လူမည်း အမျိုးသမီးများသည်လည်း ကျွန်အဖြစ် လုပ်ကိုင်နေရစဉ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အကြမ်းဖက်မှုများ ခံစားရသည့် အချက်ကို လျစ်လျူရှုထားခြင်း ဖြစ်သည်ဟု ဝေဖန်ခဲ့သည်။ ထို့ကြောင့် လူဖြူ အမျိုးသမီးများကို လိင်ကျွန်အဖြစ်

အသုံးပြုခြင်းသည် လူမည်းအမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာအရ ခေါင်းပုံဖြတ်ခြင်းတွင် မတွေ့ခဲ့ရသည့် ကျင့်ဝတ်ပိုင်းအရ ရှုတ်ချခြင်းများ ကြုံတွေ့ရသည်။

မည်သို့ပင် ဆိုစေကာမူ လူဖြူ ကျွန်စနစ် အပေါ် ဥရောပနှင့် အမေရိကမှ ပြင်းထန်သော တက်ကြွ လှုပ်ရှားမှုများနှင့် လူဖြူကျွန် ရောင်း၊ဝယ်ရေးကို ကန့်ကွက်သည့် ပြည်တွင်းနှင့် နိုင်ငံတကာ လှုပ်ရှားမှုများသည် ၂၀ ရာစု အစောပိုင်းတွင် အတော်ပင် ကျယ်ပြန့်လာခဲ့သည်။ ထိုကမ်ပိန်းများကို ၁၉ ရာစု ဥရောပနှင့် အမေရိက၌ ပြည့်တန်ဆာနှင့် သက်ဆိုင်သည့် ပြောဆိုရေးသားမှုများ၏ နောက်ခံတွင် ဆန်းစစ် လေ့လာရမည် ဖြစ်သည်။ ဥပမာ ချီကာဂို ပြည်နယ်၏ ခရိုင် ရှေ့နေ အဒ်ဝင် အေ ဆင်းမ်စ် (Edwin A. Sims) က ကျေးလက် ဒေသမှ အပြစ်မဲ့သည့် လူဖြူ မိန်းကလေးများကို ပဲရစ်မှ အမျိုးသားများနှင့် အသားညိုသည့် မက်ဒေတာ ရိန်းနီးယန်း ဒေသမှ အမျိုးသားများက ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းကြောင့် လူဖြူ ကျွန်စနစ်ကို စိုးရိမ်မကင်း ဖြစ်ရသည်ဟု ဆိုသည် (E. Bell, 1910, p. 261)။ အီလီနွိုင်း စောင့်ကြည့်လေ့လာရေး အဖွဲ့၏ အတွင်းရေးမှူးနှင့် ဥပဒေပြု အမတ် တစ်ဦး ဖြစ်သူ အီး အေ ဘဲလ် (E. A. Bell) က လူကုန်ကူးသူ အားလုံးသည် ပဲရစ်မြို့၊ ပြင်သစ် နိုင်ငံမှ မဟုတ်သော်လည်း ပဲရစ်သည် စီးပွားဖြစ် လိင်ကုန်ကူးခြင်းကို စနစ်တကျ လုပ်ဆောင် နေသည့် အဓိက နေရာ တစ်ခု ဖြစ်သည်ဟု ဆိုခဲ့သည် (E. Bell, 1910, p. 261)။ ဆင်းမ်စ်နှင့် ဘဲလ်တို့သည် အသားညို မက်ဒေတာ ရိန်းနီးယန်း ဒေသမှ အမျိုးသားများကဲ့သို့ ချီကာဂိုမှ စီးပွားရေးသမား အမျိုးသားများသည်လည်း မိန်းကလေးငယ်များကို ပြည့်တန်ဆာ လုပ်ခိုင်းရာတွင် ပါဝင် ပတ်သက်ခြင်းကို မည်သည့်အခါကမျှ ထုတ်ဖော် ပြောခဲ့ခြင်း မရှိပေ (Kraut, 1996)။

ဗြိတိန်တွင်မူ လူဖြူ ကျွန်စနစ်နှင့် ကလေးငယ်များအား ပြည့်တန်ဆာ လုပ်ခိုင်းခြင်းသည် ၁၈၈၅ ခုနှစ် ပေါလ်မောလ် သတင်းစာ (Pall Mall Gazette) တွင် ထုတ်ဝေခဲ့သည့် “ယနေ့ခေတ် ဘေဘီလုံမှ လုံမပျိုများသို့ ကျေးဇူးတင်လွှာ” ဟူသည့် W. T. Stead (စတိဒ်) ၏ ဆောင်းပါး အတွဲလိုက်နှင့် ဆက်စပ်နေသည်။ အဆိုပါ စိတ်ထိခိုက်ဖွယ်ရာ ဆောင်းပါးအတွဲတွင် စတိဒ်က လှည့်စားခံရသူ၊ ဖိအားပေး ခံရသူနှင့် ပြည့်တန်ဆာ ပြုလုပ်ရန် ဆေးခပ် ခံရသူ အင်္ဂလိပ် အမျိုးသမီးငယ် ရာပေါင်း များစွာ၏ သက်သေများ ရှိသည်ဟု ဆိုသည်။ သူက ဆင်းရဲသော မိဘများသည် ၎င်းတို့၏ သမီးများကို ပြည့်တန်ဆာ ပွဲစားများထံသည့် ရောင်းချကြသည်ဟု စွပ်စွဲထားသည် (Doezema, 2002, p. 28)။ ထိုဇာတ်လမ်းများသည် ဥရောပရှိ လူလတ်တန်းစားများ အကြားတွင် ဒေါသမီး တောက်လောင်စေသည်။ စတိဒ်က အချို့အမျိုးသမီးများသည် ပို၍ ဝင်ငွေကောင်းရန် ပြည့်တန်ဆာ လုပ်ငန်းသို့ မိမိ စိတ်ဆန္ဒအလျောက် ပြောင်းရွှေ့လာခဲ့ကြသည်ဟု အသိအမှတ် ပြုထားသည်။

### အစောပိုင်း နိုင်ငံတကာ သဘောတူ စာချုပ်များ

၁၈၉၅ ခုနှစ်တွင် အမျိုးသမီးများအား လူကုန်ကူးခြင်း ဆိုင်ရာ နိုင်ငံတကာ ညီလာခံကို ပဲရစ်မြို့တွင် ပထမအကြိမ် ကျင်းပခဲ့ပြီး နောက်ထပ် ညီလာခံ နှစ်ခုကို လန်ဒန်နှင့် ဘူဒါပတ်စ်တို့တွင် ကျင်းပခဲ့သည် (Long, 2004, p. 20)။ ၁၉၀၄ ခုနှစ်တွင် ပထမဆုံး လူဖြူကျွန်ကုန်ကူးခြင်း တိုက်ဖျက်ရေး ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (International Agreement for the Suppression of the White Slave Traffic) ကို ပဲရစ်မြို့တွင် နိုင်ငံ ၁၆ နိုင်ငံက လက်မှတ် ရေးထိုးခဲ့သည်။ ပြင်သစ် ကဲ့သို့သော နိုင်ငံ အချို့မှာ ပြည့်တန်ဆာ လုပ်ငန်းကို ဥပဒေ သတ်မှတ် ခွင့်ပြုထားလေရာ နိုင်ငံတကာ သဘောတူစာချုပ်က လူဖြူ ကျွန်စနစ်ကို

ပြည့်တန်ဆာ လုပ်ငန်းနှင့် ညီမျှခြင်းချ သတ်မှတ်ခဲ့ခြင်း မရှိပေ။ ထိုအစား သဘောတူစာချုပ်က ပြည့်တန်ဆာ လုပ်ငန်းအတွက် နိုင်ငံတကာတွင် လူရှာဖွေခြင်းကို ကိုင်တွယ်ထားသည် (Doezema, 2002, p. 23)။

၁၉၁၀ တွင် လူဖြူကျွန်ကုန်ကူးခြင်း တိုက်ဖျက်ရေး ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်ကို ပြည်တွင်း၌ ပြည့်တန်ဆာများ စုဆောင်းခြင်းပါ ပါဝင်စေရန် ချဲ့ထွင်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် အမျိုးသမီးများနှင့် ကလေးငယ်များကို လူကုန်ကူးခြင်းအား တိုက်ဖျက်ရေး ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်ကို ရေးဆွဲခဲ့ကာ ယောကျ်ားလေးများကိုပါ ထည့်သွင်းခဲ့သည်။ ထိုအစောပိုင်း သဘောတူ စာချုပ်များသည် လူစုဆောင်းရေးအပေါ် အာရုံစိုက်ထားပြီး ကျွန်ပြုခြင်း၏ အစိတ်အပိုင်းများနှင့် ပြည့်တန်ဆာ လုပ်ငန်း၏ အခြေအနေများကို လျစ်လျူရှုထားသည်။ ထိုစာချုပ်များက ပြည့်တန်ဆာ လုပ်ခြင်းကို မိမိ သဘောဆန္ဒအလျောက် လုပ်ကိုင်ခြင်းနှင့် ဖိအားပေးခြင်း (သို့) လူကုန်ကူးခြင်းကြောင့် လိင်ကျွန်အဖြစ် ပြည့်တန်ဆာ လုပ်ရခြင်း ဟူ၍ ခွဲခြားထားသည်။ စာချုပ်များက နိုင်ငံတကာ လူကုန်ကူးခြင်းကို တားမြစ်ထားသော်လည်း ဖိအားပေးခြင်း (သို့) ခေါင်းပုံဖြတ်ခြင်း ပါဝင်မှသာ ပြည့်တန်ဆာ လုပ်ခြင်းက လူ့အခွင့်အရေး ချိုးဖောက်သည်ဟု ယူဆသည်။ သဘောတူစာချုပ်က မြင်သာ ထင်သာမရှိသည့် စီးပွားရေး၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖိအားပေးမှုများကို အသိအမှတ် ပြုခဲ့ခြင်း မရှိပေ။ ဝေဖန် ထောက်ပြသူများက ယင်းအချက်များသည် မိန်းကလေးများနှင့် အမျိုးသမီးများကို ပြည့်တန်ဆာ ဖြစ်လာစေရန် တွန်းပို့သည့် အရာများဟု လက်ခံထားကြသည်။

အသက်ပြည့်ပြီးသူ အမျိုးသမီးများအား လူကုန်ကူးခြင်းကို တိုက်ဖျက်ရေးဆိုင်ရာ ၁၉၃၃ ခုနှစ် နိုင်ငံတကာ သဘောတူစာချုပ် (International Convention on the Suppression of Traffic of Women of Full Age) တွင် အမျိုးသမီးများ လူကုန်ကူးခံရခြင်းနှင့် မိမိ ဆန္ဒအလျောက် (သို့) မိမိ ဆန္ဒ မပါဘဲ ပြည့်တန်ဆာ လုပ်ရခြင်းတို့အကြား ဆက်စပ်မှုများ ပြုလုပ်ထားပြီး ထိုနိုင်ငံတကာ ဥပဒေ ဆိုင်ရာ သဘောတူ စာချုပ်တွင် ဖျက်သိမ်းရေး အမြင်များ ထင်ဟပ်နေခဲ့သည် (Doezema, 2002, p. 23)။ စာချုပ်အရ နိုင်ငံရပ်ခြားတွင် ပြည့်တန်ဆာအဖြစ် အလုပ်လုပ်ကိုင်ရန် ထိုအမျိုးသမီး ကိုယ်၌က သဘောတူသည့်တိုင် နိုင်ငံများသည် အမျိုးသမီး တစ်ဦးကို ပြည့်တန်ဆာ လုပ်ရန် စုဆောင်းသော၊ မက်လုံးပေးသောသူ မည်သူကိုမဆို အပြစ်ပေးရန် လိုအပ်သည်။

၁၉၄၉ ခုနှစ် လူကုန်ကူးမှုနှင့် အခြားသူများကို လိင်ကျွန်ပြု၊ ဖိနှိပ် အမြတ်ထုတ်မှုများအား တိုက်ဖျက်ရေး ဆိုင်ရာ သဘောတူ စာချုပ် (Convention for the Suppression of the Traffic in Persons and of the Exploitation of the Prostitution of Others) တွင် လူကုန်ကူးခြင်းနှင့် နေရပ် ပြောင်းရွှေ့ကာ ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ခြင်းတို့အကြား ဆက်စပ်မှုများကို ပိုမို ခိုင်မာစေခဲ့သည်။ ကျား၊ မ ဖော်ပြသည့် အသုံးအနှုန်းများ၊ လူမျိုး အတိအကျ ဖော်ပြသည့် အသုံးအနှုန်းများကို ရှောင်ရှားထားသည် (Ucarer, 1999)။ ၁၉၃၃ ခုနှစ် သဘောတူစာချုပ် ကဲ့သို့ပင် ၁၉၄၉ ခုနှစ် သဘောတူ စာချုပ်တွင် လိင်ပိုင်းဆိုင်ရာ ကိစ္စအတွက် လူကုန်ကူးခြင်းကို လူကုန်ကူး ခံရသည့် အမျိုးသမီးက သဘောတူခဲ့သည့်တိုင် အပြစ်ပေးနိုင်သည်။ ထိုစာချုပ်တွင် ပြည့်တန်ဆာ လုပ်ခိုင်းခြင်းနှင့် လူကုန်ကူးခြင်း တို့သည် “လူသားတို့၏ ဂုဏ်သိက္ခာ၊ တန်ဖိုးတို့နှင့် မကိုက်ညီဘဲ လူတစ်ဦး၊ သူ၏ မိသားစုနှင့် သူ၏ ရပ်ရွာ အသိုင်းအဝိုင်း၏ ကောင်းကျိုးချမ်းသာကိုပါ ထိခိုက်စေသည်” ဟု ပထမဆုံးအကြိမ် ကြေညာ ပြဋ္ဌာန်းထားသည်။

သဘောတူစာချုပ်သည် အတင်းအဓမ္မ ပြည့်တန်ဆာ လုပ်ခိုင်းခြင်းနှင့် မိမိ ဆန္ဒအလျောက် ပြည့်တန်ဆာ လုပ်ခြင်းတို့ အကြား ခွဲခြားထားခြင်း မရှိပေ။ ယင်းက ပြည့်တန်ဆာများကို ထိခိုက် နစ်နာသူများဟု ရှုမြင်ပြီး လူတစ်ဦးသည် ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ရန် အခွင့်အရေး ရှိကြောင်းကို အသိအမှတ်ပြု မထားပေ (Lim, 1998, p. 15)။

| အနှစ်ချုပ် |
| --- |
| ယနေ့ခေတ် လူကုန်ကူးမှု တိုက်ဖျက်ရေး လှုပ်ရှားမှုများသည် ၂၀ ရာစု အစောပိုင်းက လူဖြူကျွန် ကုန်ကူးမှု တိုက်ဖျက်ရေး ဆိုင်ရာ လှုပ်ရှားမှုများမှ စတင်ခဲ့ခြင်း ဖြစ်သည်။<br>လူဖြူ ကျွန်စနစ်နှင့် လူဖြူကျွန် ကုန်ကူးမှု ဆိုသည်မှာ အမေရိကန် နိုင်ငံနှင့် ဥရောပတိုက်တွင် လူဖြူ အမျိုးသမီးများကို ပြည့်တန်ဆာ လုပ်ခိုင်းရန် ဖမ်းဆီးပြန်ပေးဆွဲကာ ပို့ဆောင်သည့် ဖြစ်ရပ်ကို ဖော်ပြရန် သုံးနှုန်းခြင်း ဖြစ်သည်။<br>လူဖြူကျွန်များနှင့် သက်ဆိုင်သည့် ဇာတ်လမ်းများနှင့် ပြောဆိုရေးသားချက်များသည် ဥရောပမှ အမျိုးသမီးငယ်များ ပြောင်းရွှေ့ အခြေချခြင်းမှ စတင်သည်ဟု ယုံကြည်ကြသည်။<br>၁၉၀၅ ခုနှစ်မှ ၁၉၄၉ ခုနှစ်အတွင်း နိုင်ငံတကာ သဘောတူစာချုပ်နှင့် သဘောတူညီချက် အများအပြား ထွက်ပေါ်ခဲ့ပြီး ယင်းတို့က ပြည့်တန်ဆာ လုပ်ငန်းအပေါ် နိုင်ငံတကာ အသိုင်းအဝိုင်း၏ သဘောထားများအား သတ်မှတ်ရန်နှင့် ပြင်ဆင်ရန် ကြိုးပမ်းခဲ့ကြသည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>၁၉ ရာစု နှောင်းပိုင်းတွင် မည်သည့်အတွက်ကြောင့် လူဖြူ ကျွန်ကုန်ကူးမှု ဖြစ်ရပ်က မီဒီယာတွင် ဟိုးလေးတကျော် ဖြစ်ခဲ့သနည်း။<br>၂၀ ရာစု အစောပိုင်းတွင် နိုင်ငံတကာ အသိုင်းအဝိုင်းက မည်သည့်အတွက်ကြောင့် လူကုန်ကူးမှု၏ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို မကြာခဏ ပြင်ဆင်ရန် လိုအပ်ခဲ့သနည်း။ |

## ယနေ့ခေတ် လူကုန်ကူးမှု ဆန့်ကျင်ရေး လှုပ်ရှားမှုများ၏ အစ

### အသံတိတ် ဆယ်စုနှစ်များ၊ ၁၉၅၀-၇၉

၁၉၄၉ ခုနှစ် သဘောတူစာချုပ် အပြီးတွင် အမျိုးသမီးများကို လူကုန်ကူးခြင်း ပြဿနာသည် ပျောက်မသွားခဲ့ပေ။ သို့ရာတွင် ထိုဖြစ်ရပ်ကို ရင်ဆိုင်ရန် နိုင်ငံရေး စိတ်ဆန္ဒများသည် ပျောက်ကွယ်လု နီးပါး ဖြစ်သွားခဲ့သည်။ ၁၉၅၀ နှင့် ၁၉၆၀ ပြည့်လွန်နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ် အစောပိုင်းများတွင် နိုင်ငံတကာ အသိုင်းအဝိုင်းသည် ပြည့်တန်ဆာ အဖြစ် ခိုင်းစေရန် လူကုန်ကူးခြင်း ဖြစ်ရပ်အပေါ် ထူးဆန်းစွာပင် နှုတ်ဆိတ်နေခဲ့ကြသည်။ ကျွန်ပြုခြင်းကို ဆန့်ကျင်သည့် တက်ကြွ လှုပ်ရှားသူ အချို့နှင့် အမျိုးသမီးဝါဒီ အချို့ကသာ ထိုရာစုနှစ် အလယ်ပိုင်းတွင် ပြဿနာကို လုံးဝ တိမ်မြုပ် မသွားရလေအောင် လုပ်ဆောင်ခဲ့ကြရသည်။ ထိုကာလအတွင်း ထိုအကြောင်း ပြောဆိုရေးသားမှု အနည်းငယ်သာ ရှိခဲ့သည်။ စစ်အေး တိုက်ပွဲကြောင့် နိုင်ငံတကာ နိုင်ငံရေး တင်းမာမှုများသည် အခြား နိုင်ငံတကာ လူမှုရေး

ကိစ္စရပ်များကို တိမ်မြုပ်စေခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ လူကုန်ကူးခြင်းနှင့် စပ်လျဉ်း၍ ၁၉၅၀ ပြည့်လွန်နှစ်များတွင် ဆွေးနွေးဖြစ်ခဲ့သည့် တစ်ခုတည်းသော နိုင်ငံတကာ စာချုပ် စာတမ်းမှာ ကျွန်စနစ် ဖျက်သိမ်းရေး ဆိုင်ရာ ဖြည့်စွက် သဘောတူစာချုပ် (Supplementary Convention on the Abolition of Slavery) ဖြစ်ပြီး ထိုစာချုပ်တွင် အမျိုးသမီးများအား ရောင်းစားခြင်းနှင့် ကလေးငယ်များကို ခေါင်းပုံဖြတ်ခြင်း၊ အကြွေးနှင့် သိမ်းခြင်း လုပ်ရပ်များအကြောင်း ထည့်သွင်းထားသည် (Farrior, 1997, p. 213)။

၁၉၇၀ နှင့် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ပြည်တွင်းနှင့် နိုင်ငံတကာ အမျိုးသမီး လှုပ်ရှားမှုများ ပေါ်ထွက်ခဲ့ပြီး ဆွေးနွေးရန် လမ်းကြောင်း ပွင့်လာခဲ့သည်။ ကမ္ဘာ့ အဆင့်တွင် ကုလသမဂ္ဂ၏ အမျိုးသမီးများအတွက် နိုင်ငံတကာ ဆယ်စုနှစ် (၁၉၇၆-၈၅) သည် ကမ္ဘာ တစ်ဝန်းရှိ အမျိုးသမီးများအပေါ် သက်ရောက်မှု ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တက်ကြွ လှုပ်ရှားမှုများရော၊ သုတေသနများပါ ထွက်ပေါ်လာစေရန် လှုံ့ဆော်ပေးခဲ့သည်။ အမျိုးသမီးများ၏ အခြေအနေ ဆိုင်ရာ ကုလသမဂ္ဂ ကော်မရှင်ကို ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဖန်တီး လိုက်သည့်အခါနှင့် မက္ကဆီကိုတွင် ၁၉၇၅ ခုနှစ် နိုင်ငံတကာ အမျိုးသမီးများ ခုနှစ် ဆိုင်ရာ ညီလာခံ ကျင်းပသည့်အခါ နိုင်ငံတကာ လိင်ကျွန်ပြုမှုများနှင့် အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ် စေခိုင်းခြင်း ကိစ္စရပ်များကို နိုင်ငံတကာ အာဂျန်ဒါတွင် ပြန်ပါလာစေချင်သူများ အတွက် မျှော်လင့်ချက် ရှိလာသည် (K. Barry, 1979, p. 64)။ ၁၉၇၉ ခုနှစ် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြား ဆက်ဆံမှုများ အားလုံး ပပျောက်ရေး ဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination Against Women (CEDAW (စီဒေါ))) က လက်မှတ်ရေးထိုးထားသော နိုင်ငံများကို အမျိုးသမီးများအား လူကုန်ကူးမှု ပုံစံအားလုံးနှင့် အမျိုးသမီးများကို ပြည့်တန်ဆာ ပြုခြင်းတို့အား တားဆီးရန် လုပ်ဆောင်ချက်များ ဆောင်ရွက် သွားရန် ညွှန်ကြားထားသည် (United Nations, 1979)။ သို့ရာတွင် စီဒေါ၏ အဓိက တွန်းအားမှာ အနောက်နိုင်ငံမှ အမျိုးသမီးများ အဓိက စိုးရိမ်ပူပန်သည့် နိုင်ငံရေးအရ ခွဲခြား ဆက်ဆံမှု ပြဿနာများကို ဖြေရှင်းရန် ဖြစ်ပြီး ယင်းပြဿနာများမှာ အနောက်နိုင်ငံများမှ မဟုတ်သည့် အမျိုးသမီးများအတွက် အဓိက ပြဿနာ မဟုတ်ခဲ့ပေ။

၁၉၇၉ ခုနှစ်တွင် ကက်သလင်း ဘယ်ရီ (Kathleen Barry) က *အမျိုးသမီးများကို လိင်ကျွန်ပြုမှု* ဟူသည့် စာအုပ်တွင် လိင်ကျွန်ပြုမှု ကိစ္စရပ်ကို ပညာရပ်ဆိုင်ရာ ပရိသတ်များနှင့် ပြန်လည် မိတ်ဆက် ပေးခဲ့သည်။ သူမက ပြည့်တန်ဆာ အဖြစ် ခိုင်းစေရန် လူကုန်ကူးခြင်းသည် ၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဆက်လက် ရှိနေဆဲ ကိစ္စရပ် ဖြစ်သည်ဟု ဆိုသည်။ စီးပွားရေးအရ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံ ဖြတ်ရန် ဖွံ့ဖြိုးဆဲ နိုင်ငံများမှ အမျိုးသမီးများကို လူကုန်ကူးခြင်းတွင် အချို့နိုင်ငံများမှ ရာထူးကြီး အစိုးရ အရာရှိများ တိုက်ရိုက် ပါဝင်နေကြောင်း ပြသသည့် သက်သေများလည်း တင်ပြခဲ့သည်။ ဘယ်ရီက ၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များတွင် အင်တာပိုလ် (INTERPOL) အဖွဲ့ တင်ပြခဲ့သည့် အစီရင်ခံစာများကို ထောက်ပြကာ ထိုပြဿနာများကို အင်တာပိုလ်က သိနေခဲ့သည်ဟု ဆိုသည်။ ကျွန်စနစ် ဆန့်ကျင်ရေး အဖွဲ့အစည်းက အင်တာပိုလ်ကို ထိုအစီရင်ခံစာအား လူအများ ကြည့်ရှုရန်အတွက် ဖြန့်ဝေပေးဖို့ တောင်းဆိုခဲ့သော်လည်း အင်တာပိုလ်က ငြင်းဆိုခဲ့သည်။ နိုင်ငံများသည် အခြား နိုင်ငံများကို ထောက်ပြခြင်းများ မလုပ်လိုသောကြောင့် (သို့) အရှက်မရစေလိုသောကြောင့် ကုလသမဂ္ဂ အတွင်း၌ပင် ထိုသက်သေများကို ဖုံးထားရန် ပူးပေါင်း ကြံစည်မှုများ ရှိခဲ့သည်ဟု ဘယ်ရီက ဆိုသည် (K. Barr, 1979, pp. 58-62)။

**အမျိုးသမီး အခွင့်အရေးများသည် လူ့အခွင့်အရေး ဖြစ်လာခြင်း၊ ၁၉၈၀-၉၅**

ယနေ့ခေတ် လူကုန်ကူးမှု တိုက်ဖျက်ရေး လှုပ်ရှားမှုများသည် ယခင် လှုပ်ရှားမှုများနှင့် အမျိုးသမီးများ၏ အခွင့်အရေးများသည်လည်း လူ့အခွင့်အရေး ဖြစ်သည်ဟူသည့် သဘောတရားကို တွန်းအားပေးခဲ့သည့် စံနှုန်းများ ပေါ်ထွက်လာခြင်းမှ အကျိုးကျေးဇူးများ ရခဲ့သည်။ ၁၉၇၅ ခုနှစ် အစောပိုင်းတွင် ကုလသမဂ္ဂက နိုင်ငံတကာ အမျိုးသမီး ညီလာခံ အများအပြား ကျင်းပခဲ့ပြီး ယင်းတို့မှ အဓိက ဖြစ်ပေါ် တိုးတက်မှုများ ရှိခဲ့သည်။ ရှေးဦးစွာ ဂျန်ဒါ မညီမျှမှုကို ဖြစ်ပွားစေသည့် အမျိုးသမီးများ၏ ဥပဒေ အခြေအနေနှင့် မိသားစု အလေ့အကျင့်များအပေါ် နိုင်ငံများ၏ အာရုံစိုက်မှု ရစေခဲ့သည်။ ဒုတိယအနေဖြင့် အမျိုးသမီးများ၏ မညီမျှမှုသည် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားခြင်း ဖြစ်ကြောင်း အသိအမှတ် ပြုလာသည်။ တတိယ အချက်မှာ အရေးပါသည့် အမျိုးသမီး လူ့အခွင့်အရေးဆိုင်ရာ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည် (Brown Thompson, 2002, pp. 99-100)။ ၁၉၈၀ ပြည့်လွန်နှစ် အစပိုင်းတွင် အမျိုးသမီး အခွင့်အရေး အဖွဲ့အစည်း အများအပြားသည် အမျိုးသမီးများ၏ အခွင့်အရေးကို လူ့အခွင့်အရေးမှ ခွဲခြား၍ မရဟူ၍ ပြောဆိုရန် အရေးကြီးကြောင်း သိရှိလာကြသည် (Brown Thompson, 2002, p. 102)။ ထိုကိစ္စရပ်များ တရားဝင် ဖြစ်လာစေရန် အမျိုးသမီး ကွန်ယက်များ ဖွဲ့စည်းကာ ကုလသမဂ္ဂ ညီလာခံများတွင် ယခင် မမြင်ခဲ့ဘူးသော အရေအတွက်ဖြင့် တက်ရောက်လာကြသည် (Keck and Sikkink, 1998, p. 169)။

၁၉၉၃ ခုနှစ် လူ့အခွင့်အရေးဆိုင်ရာ ဗီယင်နာ ကမ္ဘာ့ ညီလာခံတွင် ဆွေးနွေးချက်များက အမျိုးသမီးများ၏ အခွင့်အရေးများသည် လူ့အခွင့်အရေးများ ဖြစ်ကြောင်း ပိုမို ခိုင်မာလာစေခဲ့သည် (Brown Thompson, 2002, p. 107)။ ဗီယင်နာ ညီလာခံတွင် ကမ္ဘာတစ်ဝန်းမှ တက်ကြွ လှုပ်ရှားသူများအကြား အဓိက ကိစ္စရပ်မှာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဖြစ်သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် "ယနေ့ခေတ် နိုင်ငံတကာ အမျိုးသမီးအရေး လှုပ်ရှားမှုများတွင် အတော်နောက်ကျပြီးမှ စိတ်လှုပ်ရှားဖွယ်ရာ ရောက်ရှိလာခဲ့သည်" (Keck and Sikkink, 1998, p. 166)။ ထိုကိစ္စရပ်သည် အနောက်နိုင်ငံမှ အမျိုးသမီးများ ကာလရှည်ကြာ တိုက်ပွဲ ဝင်လာခဲ့သော ဂန္ထဝင် ပြဿနာများ ဖြစ်သည့် မဲပေးခွင့်၊ တန်းတူညီခွင့်နှင့် ခွဲခြားဆက်ဆံမှု မပြုရေးတို့နှင့် ကွာခြားသည်။ အကျင့်ပျက် ချစားသော အစိုးရ၊ ဆင်းရဲမွဲတေမှု၊ ဖွံ့ဖြိုးမှု နိမ့်ကျခြင်းနှင့် အမျိုးသမီးများ ကုန်ပစ္စည်းသဖွယ် အသုံးပြုမှုများ မြင့်မားလာစေသော အနောက်နိုင်ငံများ၏ စီးပွားရေး မူဝါဒများကို ခံစားနေရသည့် ဖွံ့ဖြိုးဆဲ နိုင်ငံများမှ အမျိုးသမီးများ၏ ပြဿနာများသည် အနောက်နိုင်ငံမှ အမျိုးသမီးများ ရင်ဆိုင်ရသည့် ပြဿနာများနှင့် မတူညီပေ (Keck and Sikkink, 1998, p. 166)။ အသက်အရွယ်၊ လူမျိုး၊ လူမှု စီးပွားရေး အခြေအနေ မည်မျှပင် ကွာခြားစေကာမူ ကမ္ဘာတစ်ဝန်းရှိ မည်သည့်နေရာမှ အမျိုးသမီးမဆို အကြမ်းဖက်မှု၏ သားကောင် ဖြစ်နိုင်သည် ဟူသည့် အချက်ကို ယနေ့ခေတ် နိုင်ငံတကာ တက်ကြွ လှုပ်ရှားသူများက ထောက်ပြကြသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် အမျိုးသမီး အဖွဲ့အစည်းများ သဘောတူညီပြီး ပူးပေါင်းနိုင်သည့် ဘုံအရေးဆို နိုင်သည့် ကိစ္စရပ် အဖြစ် ပေါ်ထွက်လာသည် (Keck and Sikkink, 1998, p. 166)။ ကက်နှင့် ဆစ်နစ် (Keck and Sikkink, 1998, p. 172) တို့က အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းသည် နိုင်ငံတကာ ကမ်ပိန်း လုပ်ဆောင်လိုသည့် တက်ကြွ လှုပ်ရှားသူများအတွက် အချို့သော အဓိက မဟာဗျူဟာကျ ရည်ရွယ်ချက်များကို ပြည့်မီစေသည်၊ အဘယ်ကြောင့်ဆိုသော် ထိုကိစ္စရပ်သည် မိတ်ဖက်များကို ဆွဲဆောင်နိုင်ပြီး ယဉ်ကျေးမှု ကွာခြားချက်များကို ဆက်စပ်ပေးနိုင်သောကြောင့် ဖြစ်သည်။ ထိုမဟာဗျူဟာ

အာရုံစိုက်မှုသည် နိုင်ငံတကာမှ တက်ကြွ လှုပ်ရှားသူများကို အမျိုးသမီးများနှင့် မိန်းကလေးများ၏ ရုပ်ပိုင်းဆိုင်ရာ ပြည့်ဝမှုကို ကာကွယ်ပေးရန် အရေးကြီးခြင်းဟူသည့် အခြေခံ ဘုံသဘောတူညီချက် တစ်ခုကို ရှာဖွေရန် တွန်းအားပေးသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း ကိစ္စရပ်အပေါ်တွင် အခြေခံ၍ တည်ဆောက်ထားသည့် ကွန်ရက်များသည် တည်ဆဲ ဆက်သွယ်ရေး ကွန်ရက်များကို အခြေပြုနိုင်သည်။ အုပ်စုများအနေဖြင့် အရေးဆို ထောက်ခံ လှုပ်ရှားနိုင်သည့် ခေါင်းစဉ် တစ်ခု ဖြစ်သော အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း ဟူသည့် ကိစ္စရပ် ပေါ်ပေါက်လာခြင်းက မတူညီသော လူ့အခွင့်အရေးနှင့် အမျိုးသမီးအရေး ဆိုင်ရာ နိုင်ငံတကာ ကွန်ယက်များ မည်သို့ တူညီသော ပြောဆိုမှုကို စတင် ပေါ်ပေါက်လာသနည်း ဟူသည့် အချက်နှင့် မည်သို့ တစ်ဖွဲ့ကို တစ်ဖွဲ့ ပြောင်းလဲ နိုင်သနည်း ဟူသည့် အချက်များကို ပြသနေသည် (Keck and Sikkink, 1998, p. 166)။ ဖွံ့ဖြိုးဆဲ နိုင်ငံများမှ အမျိုးသမီး အုပ်စုများသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကိစ္စရပ်ကို ပို၍ အင်တိုက် အားတိုက် လုပ်ဆောင်ကြပြီး ကံအားလျော်စွာပင် အနောက်နိုင်ငံများမှ အလားတူ အမျိုးသမီးအရေး ကိစ္စရပ်များ ဆောင်ရွက်နေသည့် အုပ်စုများ၏ ထောက်ခံမှုများ ရရှိလာကြသည် (Brown Thompson, 2002)။ ထိုကိစ္စနှင့် ဆက်စပ်သော်လည်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား ရှုမြင်ကြပုံ ပြောင်းလဲလာခြင်းသည် ယခင် ဇစ်တိုးရီးယန်းခေတ်က အခြေအမြစ် မရှိသော ကြောက်လန့်မှုများကို အခြေခံသော၊ လူမျိုး တစ်မျိုးတည်းအတွက်သာ ဦးတည်ထားသော လှုပ်ရှားမှုများကို အခြေခံပြီး သိသိသာသာ ပြောင်းလဲလာခြင်းလည်း ဖြစ်သည်။ အမျိုးသမီး အုပ်စုများသည် လူပုံအလယ်တွင် နိုင်ငံတော်မှ အမျိုးသမီးများအပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုများထက် တစ်သီးပုဂ္ဂလ နယ်ပယ်တွင် အမျိုးသားများက အမျိုးသမီးများအပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုများအပေါ် ပြန်လည် အာရုံပြောင်းကာ စည်းရုံးလှုပ်ရှား လာကြသည်။ ယင်းမှာ နိုင်ငံတကာ အမျိုးသမီး လှုပ်ရှားမှုများတွင် တိုးတက်မှု တစ်ခု ဖြစ်ပြီး အိမ်တွင်း အခြေအနေတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ဦးတည်သည့် သီးသန့် ကမ်ပိန်းများ လုပ်ဆောင်ရန် လမ်းစ ပွင့်လာသည်။ ဥပမာ အဓမ္မ ပြုကျင့်ခြင်းနှင့် အိမ်တွင်း အကြမ်းဖက်မှုသည် အမေရိကန် နိုင်ငံနှင့် ဥရောပတွင် ပြဿနာ တစ်ရပ် ဖြစ်ပြီး အမျိုးသမီးများ၏ မျိုးပွားအင်္ဂါကို ဖြတ်တောက်ခြင်းသည် အာဖရိကနှင့် ဆိုင်သည့် ပြဿနာ ဖြစ်သည်။ စီးပွားဖြစ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံ ဖြတ်ခြင်းသည် ဥရောပနှင့် အာရှတို့နှင့် သက်ဆိုင်ပြီး အမျိုးသမီးများမှ ငွေကြေး တင်တောင်းရသည့် ဓလေ့ကြောင့် သတ်သေမှုများမှာ အိန္ဒိယနှင့် ဆိုင်သည့် ကိစ္စရပ် ဖြစ်သည်။ လက်တင် အမေရိကတွင်မူ နိုင်ငံရေး အကျဉ်းသားများကို နှိပ်စက်ခြင်းနှင့် အဓမ္မ ပြုကျင့်ခြင်းတို့မှာ ကြီးမားသည့် ပြဿနာများ ဖြစ်သည် (Keck and Sikkink, 1998, p. 171-3)။

ဘေဂျင်းတွင် ကျင်းပခဲ့သော ၁၉၉၅ ခုနှစ် စတုတ္ထအကြိမ် ကမ္ဘာ့ အမျိုးသမီး ညီလာခံတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းအား တိုက်ဖျက်ရန် လှုပ်ရှားမှုများ လုပ်ဆောင်ဖို့ အားလုံး သဘောတူညီခဲ့ကြသည် (စာသေတ္တာ ၁၆.၂ တွင် ရှုပါ)။ နောက်ကွယ်တွင်သာ အချိန်အတော်ကြာ နေခဲ့ရသည့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ရန် လူကုန်ကူးခြင်း ကိစ္စရပ်သည်လည်း ၁၉၉၀ ပြည့်လွန်နှစ်လယ်ပိုင်း၏ နိုင်ငံတကာ အမျိုးသမီး လှုပ်ရှားမှု လှိုင်းလုံးကြီးနှင့်အတူ တဖန် ရှေ့ရောက်လာခဲ့သည်။ တစ်သီးပုဂ္ဂလ နယ်ပယ် (private sphere) မှ အမျိုးသမီးများ၏ အခွင့်အရေးအတွက် အစိုးရတွင် တာဝန်ရှိသည် ဟူသည့် အဆိုနှင့် အတူ လူကုန်ကူးခြင်း၏ ပိုမိုကျယ်ပြန့်သော ကိစ္စရပ်များ ဖြစ်သည့် အတင်းအဓမ္မ လက်ထပ်ခိုင်းခြင်းနှင့် အတင်းအဓမ္မ အလုပ်လုပ်ခိုင်းခြင်း ကိစ္စရပ်များလည်း ထိုညီလာခံတွင်

ထွက်ပေါ်လာသည်။ လူကုန်ကူးခြင်းကို လူ့အခွင့်အရေး/ အမျိုးသမီး အခွင့်အရေး ကိစ္စရပ်အဖြစ် ပုံဖော်လိုက်ခြင်းသည် ယေဘုယျအားဖြင့် အမျိုးသမီး အခွင့်အရေးကို အသိအမှတ်ပြုရာတွင် ပိတ်ဆို့နေသည့် အများပြည်သူ ဆိုင်ရာ/ တစ်သီးပုဂ္ဂလ ဆိုင်ရာ ခွဲခြားမှုများများကို ပယ်ဖျက်လိုက်နိုင်ပြီး တစ်သီးပုဂ္ဂလ ဆိုင်ရာ (သို့) အမျိုးသမီး ဆိုင်ရာ ကိစ္စရပ်များကို လူသားများနှင့် သက်ဆိုင်သော ကိစ္စရပ်များအဖြစ် ပြောင်းလဲပစ်နိုင်ခဲ့သည်။

| စာသေတ္တာ ၁၆.၂။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ရန် လူကုန်ကူးခြင်းအား တိုက်ဖျက်ခြင်း |
|---|
| အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို လိင်ကိစ္စအတွက် ကုန်ကူးခြင်းကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်မှာ နိုင်ငံတကာ စိုးရိမ်ပူပန်မှု တစ်ခု ဖြစ်သည်။ လူကုန်ကူးမှုနှင့် အခြားသူများအား ပြည့်တန်ဆာအဖြစ် ခိုင်းစေကာ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများအား တိုက်ဖျက်ရေး ဆိုင်ရာ ၁၉၄၉ ခုနှစ် သဘောတူစာချုပ်နှင့် အခြား သင့်လျော်သော စာချုပ်စာတမ်းများ အကောင်အထည် ဖော်ခြင်းကို ပြန်လည်လေ့လာပြီး အားဖြည့်သင့်သည်။ အမျိုးသမီးများကို နိုင်ငံတကာတွင် ပြည့်တန်ဆာများ အဖြစ် အသုံးပြုခြင်းနှင့် လူကုန်ကူးသည့် ကွန်ယက်များသည် နိုင်ငံဖြတ်ကျော် စုစည်း လုပ်ဆောင်သည့် ပြစ်မှုများတွင် အဓိက အာရုံစိုက်စရာ ဖြစ်လာသည်။ အမျိုးသမီးများအား အကြမ်းဖက်မှု ဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင်၏ အထူး ကိုယ်စားလှယ်ကို သူမ၏ အလုပ်တာဝန်များနှင့် လိုအပ်ချက်အရ လိင်ကိစ္စအတွက် နိုင်ငံတကာ လူကုန်ကူးမှု ဖြစ်ရပ်များနှင့် အတင်းအဓမ္မ ပြည့်တန်ဆာ အဖြစ် ခိုင်းစေခြင်း၊ အဓမ္မ ကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာအရ မတရားပြုခြင်းနှင့် လိင်ဖျော်ဖြေရေး ခရီးသွား လုပ်ငန်းလုပ်ငန်းများကို ဖြေရှင်းရန် ဖိတ်ခေါ်ခြင်း ခံရသည်။<br><br>(*Platform for Action* (1995), Fourth World Conference on Women, Beijing, China) |

## လူကုန်ကူးခြင်းကို ဖြေရှင်းရာတွင် ယနေ့ခေတ် နိုင်ငံရေး အခြေအနေများ

အမျိုးသမီးများ၏ လူ့အခွင့်အရေး လှုပ်ရှားမှုများအပေါ် အမြစ်တွယ်နေသော မနှစ်မြို့ကြမှုများသည် လူကုန်ကူးမှုဆိုင်ရာ နိုင်ငံတကာ စာချုပ်စာတမ်း အသစ်တစ်ခု ဆွေးနွေးရန် လုပ်ဆောင်ချိန်၊ ပါလာမို နောက်ဆက်တွဲ စာချုပ် ဆွေးနွေးချိန်၌ ပို၍ ထင်ရှားလာခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ် ကုန်ပိုင်းမှ စတင် ပေါ်ပေါက်ခဲ့ပြီး ထိုအချိန်အထိ လိပ်ခဲတည်းလည်း ဖြစ်နေသော လူကုန်ကူးမှုနှင့် ပြည့်တန်ဆာ အဖြစ် ခိုင်းစေခြင်းတို့အကြား ဆက်စပ်မှုသည် နောက်ဆုံး ဗီယင်နာတွင် ဖြေရှင်းရန် အချိန်ကျလာခဲ့သည်။ ပါလာမို နောက်ဆက်တွဲ စာချုပ်သည် ထိုနိုင်ငံ ဖြတ်ကျော် ဖြစ်ပွားသည့် ပြဿနာများအပေါ် အားပျော့သည့် နိုင်ငံတကာ သဘောတူညီမှု တစ်ခုသာ ဖြစ်သည် (Chuang, 2006, p. 438)။ ဗီယင်နာ ဖြစ်စဉ်အတွင်း လုံးဝဖျက်သိမ်းရေး သဘောထား ရှိသည့် နိုင်ငံများက အတင်းအဓမ္မ ပြည့်တန်ဆာ အဖြစ် ခိုင်းစေရခြင်း ဖြစ်စေ၊ မိမိ ဆန္ဒအလျောက် ပြည့်တန်ဆာ လုပ်ခြင်း ဖြစ်စေ ကျင့်ဝတ်ပိုင်းအရ လက်မခံနိုင်ဟု ရှုမြင်ကြသည်။ ထိုသူများက လူကုန်ကူးခြင်းတွင် အတင်းဖိအားပေးခြင်း ပါဝင်ရမည့် လိုအပ်ချက်ကို ဆန့်ကျင်ခဲ့ကြပြီး အဓိပ္ပာယ် ဖွင့်ဆိုချက်သည် လိင်လုပ်ငန်းကြောင့် နေရပ် ပြောင်းရွှေ့ အခြေချမှု အားလုံး ပါဝင်သင့်သည်ဟု ဆွေးနွေး ငြင်းခုံ ခဲ့ကြသည်။ အချို့ နိုင်ငံများကမူ ဖိအားပေးမှု မပါသည့် လိင်လုပ်ငန်းကြောင့် ပြောင်းရွှေ့အခြေချမှုများကို ကန့်သတ်လိုက်ခြင်းသည် လူကုန်ကူးမှု အဓိပ္ပာယ် ဖွင့်ဆိုချက်ကို လွန်စွာ

ကျယ်ပြန့်သွားစေပြီး တကယ့် ပြဿနာအပေါ် ရှားပါးသည့် အရင်းအမြစ်များ အသုံးမပြုနိုင်ဘဲ ဖြစ်စေလိမ့်မည်ဟု ဆိုကြသည် (စာသေတ္တာ ၁၆.၃ တွင် ရှုပါ)။

| စာသေတ္တာ ၁၆.၃။ အခြား အမြင် တစ်မျိုး၊ လုံးဝ ဖျက်သိမ်းရေး အမျိုးသမီး ဝါဒီများနှင့် လူ့အခွင့်အရေး အမျိုးသမီး ဝါဒီများ |
|---|
| လွန်ခဲ့သော ဆယ်စုနှစ် တစ်ခုနှင့် တစ်ဝက်အတွင်း လိင်မှု ကိစ္စ အတွက် လူကုန်ကူးခြင်း ဆိုင်ရာ ပြောဆို ရေးသားမှုအပေါ် လွှမ်းမိုးခဲ့သည့် သဘောထားအမြင် နှစ်မျိုး ရှိသည်။ လုံးဝ ဖျက်သိမ်းရေး အမျိုးသမီး ဝါဒီများက ဆန္ဒ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပြည့်တန်ဆာ လုပ်ငန်းသည် ခေါင်းပုံဖြတ်သည့် လုပ်ငန်း ဖြစ်သည်ဟု ယုံကြည်ကြသည်။ အဓိပ္ပာယ် သတ်မှတ်ချက်အရ လူကုန်ကူးခြင်း ဆိုသည်မှာ လူတစ်ဦးကို လိင်ပိုင်းဆိုင်ရာ (သို့) လုပ်အားပိုင်း ဆိုင်ရာအရ ခေါင်းပုံ ဖြတ်ရန် ဖိအားပေးသည့် (သို့) အတင်းအကြပ် လုပ်ကိုင်ခိုင်းသည့် လုပ်ရပ် ဖြစ်သည်။ ထို့ကြောင့် ပြည့်တန်ဆာ လုပ်နေရသူများမှာ အမြဲပင် လူကုန်ကူးမှု အခြေအနေတွင် ရှိနေသည်။ တစ်ဘက်တွင်မူ လူ့အခွင့်အရေး အမျိုးသမီး ဝါဒီများက ပြည့်တန်ဆာ လုပ်ငန်းနှင့် လူကုန်ကူးခြင်းကို ခွဲခြားပစ်ခဲ့သည်။ သူတို့က ပြည့်တန်ဆာ အဖြစ် လုပ်ကိုင်နေသည့် အချို့သော အရွယ်ရောက်ပြီး အမျိုးသမီးနှင့် အမျိုးသားတို့မှာ မိမိတို့ ဆန္ဒအလျောက် လုပ်ဆောင်နေကြသည် ဖြစ်ပြီး ထိုသူများကို လူကုန်ကူးမှု၏ သားကောင်များဟု မရှုမြင်သင့်ဟု ဆိုကြသည်။ တစ်ဘက်နှင့် တစ်ဘက် ဝေဖန် စောင်းမြောင်းခြင်းများ မရှိတော့သော်လည်း ကမ္ဘာတစ်ဝန်းရှိ လူကုန်ကူးမှု တိုက်ဖျက်ရေး မူဝါဒများတွင် ထိုပြိုင်ဆိုင်မှု၏ ရလဒ်များ ထင်ဟပ်နေသည်။ |

ထိုငြင်းခုံမှုများသည် ကိစ္စရပ်၏ ရှုပ်ထွေးမှုနှင့် အကွဲအပြဲ ဖြစ်မှုများကို ပြသနေသည်။ သို့ရာတွင် အဆုံး၌မူ နိုင်ငံများ၏ သဘောတူညီမှု ရယူလိုသည့် စိတ်ဆန္ဒက သဘောထား ကွဲပြားသည့် စိတ်ဆန္ဒကို အနိုင်ယူသွားခဲ့သည်။ လူကုန်ကူးမှု၏ နောက်ဆုံး အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် အပေးအယူပြု ညှိနှိုင်းခဲ့သည့် အချက် နှစ်ချက် တွေ့နိုင်သည်။ ပထမ အချက်မှာ နိုင်ငံများသည် ပြည့်တန်ဆာ အဖြစ် လုပ်ကိုင်ရန် မိမိဆန္ဒအလျောက် နေရပ် ပြောင်းရွှေ့ အခြေချခြင်းကို ဖယ်ထုတ် ထားခဲ့သည်။ ထိုမှတစ်ဆင့် နေရပ် ပြောင်းရွှေ့လိုသူများကို မှောင်ခိုတင်ပို့ခြင်းနှင့် လူကုန်ကူးခြင်း တို့အကြား ကွာခြားချက်များကို ထိန်းသိမ်းထားနိုင်ခဲ့သည် (Chuang, 2006, p. 445)။ အဓိပ္ပာယ် ဖွင့်ဆိုသည့် မှတ်ချက်များအရ နောက်ဆက်တွဲ စာချုပ်သည် ပြည့်တန်ဆာ ပြုခြင်း ကိစ္စရပ်ကို လူကုန်ကူးခြင်း နောက်ခံ အခြေအနေ၌သာ ဖြေရှင်းထားသည်။ အဆိုပါ ညွှန်းဆိုမှုများသည် နိုင်ငံများက ၎င်းတို့၏ ပြည်တွင်း ဥပဒေများတွင် ထိုကိစ္စရပ်ကို မည်သို့ ကိုင်တွယ်သည်ကို ထည့်သွင်း စဉ်းစားခြင်း မရှိဘဲ ရေးသားထားခြင်း ဖြစ်သည် (Gallagher, 2001, p. 986)။ သို့ရာတွင် ညှိနှိုင်းချက်၏ ရလဒ်တစ်ခုမှာ စည်းကြပ်သည့် နည်းလမ်း အနည်းငယ်သာပါပြီး နိုင်ငံများကို လူကုန်ကူးမှု မှတ်တမ်းဆိုးများအား ချေဖျက်နိုင်ရန် လမ်းညွှန်ရာတွင် အားနည်းသည့် အသုံးအနှုန်းများသာ သုံးနှုန်းထားသည့် နိုင်ငံတကာ သဘောတူစာချုပ် တစ်စောင် ထွက်ပေါ် လာခဲ့ခြင်းပင် ဖြစ်သည်။

ပါလာမို နောက်ဆက်တွဲ သဘောတူစာချုပ်သည် လူကုန်ကူးခြင်း အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် ဖိအားပေးခြင်း (သို့) အတင်းအဓမ္မ စေခိုင်းခြင်းတို့ကို အဓိက အချက်အဖြစ် ထည့်သွင်း လိုက်ခြင်းဖြင့် ၂၀ ရာစု အစောပိုင်းမှ အလားတူ သဘောတူစာချုပ်များနှင့် ကွဲပြားသွားသည်။ ယင်းမှာ ၁၉၄၉ ခုနှစ် သဘောတူစာချုပ်ပါ အလုံးစုံ ဖျက်သိမ်းရေး ရပ်တည်ချက်ကို စွန့်ပယ်လိုက်ခြင်း ဖြစ်ပြီး နိုင်ငံများကို ပြည့်တန်ဆာလုပ်ငန်းအား မိမိ

ဆန္ဒအလျောက် အလုပ်တစ်ခုလို လုပ်ဆောင်ခြင်းအား အသိအမှတ်ပြုရေးနှင့် စည်းကြပ်ရေးတို့တွင် လွတ်လပ်ခွင့် ပေးထားသည်။ သို့ရာတွင် နောက်ဆက်တွဲ စာချုပ်သည် ဖိအားပေးခြင်းနှင့် ဖိအားပေးမှု မပါဘဲ ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ရန် နေရပ် ရွှေ့ပြောင်းခြင်းတို့အပေါ် အရေးပါသည့် ခွဲခြားမှု ပြုလုပ်ထားခဲ့သော်လည်း လူကုန်ကူးခံရသူများအတွက် လူ့အခွင့်အရေး ကာကွယ်မှု နည်းလမ်း အများအပြားကိုတော့ ဖော်ပြမထားပေ။

နောက်ဆက်တွဲ စာချုပ်သည် လူကုန်ကူးခံရသူများ၏ လူ့အခွင့်အရေးကို လေးစားရန် လိုအပ်ကြောင်း အသိအမှတ် ပြုထားသော်လည်း ယင်းမှာ ထင်သာ မြင်သာ ရှိသော လူ့အခွင့်အရေး ဆိုင်ရာ စာချုပ်စာတမ်းတော့ မဟုတ်ခဲ့ပေ။ နိုင်ငံများက ၎င်းတို့၏ နိုင်ငံများကို နိုင်ငံ ဖြတ်ကျော် ပူးပေါင်း ဆောင်ရွက်သည့် ရာဇဝတ်မှုများ ရန်မှ ကာကွယ်ရန် နည်းလမ်းများအား မိမိဘာသာမိမိ ချမှတ်သွားမည်ဟု ဆိုကြသည်။ အထူးသဖြင့် နယ်စပ် ဖြတ်ကျော်ကာ လူမှောင်ခိုကူးခြင်းနှင့်/ သို့မဟုတ် နယ်စပ် ဖြတ်ကျော်ပြီးချိန်၌ လုပ်အားကို ခေါင်းပုံ ဖြတ်ရန် ရည်ရွယ်ချက်ဖြင့် မှောင်ခိုကူးသော ပူးပေါင်း ဆောင်ရွက်သည့် ရာဇဝတ်မှုများကို တိုက်ဖျက်သွားရေးတွင် ဖြစ်သည်။ နောက်ဆက်တွဲ စာချုပ်တွင် မသိမသာ ပါဝင်သည့် ရည်ရွယ်ချက်မှာ နိုင်ငံများကို လူကုန်ကူးခြင်းအား အပြစ်ပေးရန် နည်းလမ်းများ ထုတ်ဖော်ပေးကာ လူကုန်ကူးသူများကို အပြစ်ပေးရန် ဖြစ်သည်။ ထို့ကြောင့် ထိုနောက်ဆက်တွဲ စာချုပ်ကို လူကုန်ကူး ခံရသူများကို ကာကွယ်သည့် စာချုပ်ထက် နိုင်ငံများကို ကာကွယ်သည့် စာချုပ် ဖြစ်သည်ဟု ဖော်ပြကြသည်။

**အနှစ်ချုပ်**

စစ်အေးတိုက်ပွဲ၏ နိုင်ငံတကာ နိုင်ငံရေး ဖိအားများကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းသည် ၁၉၅ဝ နှင့် ၁၉၇၉ ခုနှစ်များအကြား လူကုန်ကူးမှု ဖြစ်ရပ်အပေါ် နှုတ်ဆိတ်နေခဲ့ကြသည်။

၁၉၇ဝ ပြည့်လွန်နှစ်များတွင် ဆွေးနွေးမှုများ စတင်ခဲ့ကြသည်။ကမ္ဘာတစ်ဝန်းတွင် အမျိုးသမီးများ အပေါ် သက်ရောက်မှု ရှိသည့် ကိစ္စရပ်များ အားလုံးကို ဆွေးနွေးခဲ့ပြီး ယင်းဆွေးနွေးမှုများကို ကုလသမဂ္ဂနှင့် ၁၉၇၉ ခုနှစ်တွင် ထုတ်ဝေခဲ့သော ကက်သလင်း ဘယ်ရီ၏ စာအုပ် “အမျိုးသမီးသမီးများကို လိင်ကျွန်ပြုခြင်း” တို့က အစပြုစေခဲ့သည်။

ဘေဂျင်းတွင် ကျင်းပခဲ့သော ၁၉၉၅ ခုနှစ် စတုတ္ထ အကြိမ်မြောက် ကမ္ဘာ့ အမျိုးသမီးများဆိုင်ရာ ညီလာခံတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား တိုက်ဖျက်ရန် လှုပ်ရှားမှုများ စုစည်းခဲ့ကြပြီး အမျိုးသမီးများ၏ အခွင့်အရေးများသည်လည်း လူ့အခွင့်အရေး ဖြစ်သည်ကို ကျယ်ပြန့်စွာ ထောက်ခံ လှုပ်ရှားခဲ့ကြသည်။

နောက်ဆက်တွဲ စာချုပ် ဆွေးနွေးမှုများတွင် အဓိက သဘောတရားအမြင် နှစ်ခု ကွဲနေခဲ့သည်။ ယင်းတို့မှာ ပြည့်တန်ဆာ လုပ်ငန်း၏ သဘောသဘာဝအပေါ် အဓိကထားသည့် ကွဲလွဲမှုများ ဖြစ်သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

၁၂ ရာစု အလယ်ပိုင်း တောက်လျှောက် တက်ကြွ လှုပ်ရှားမှုများသာ စဉ်ဆက်မပျက် ရှိနေခဲ့မည် ဆိုလျှင် ယနေ့ခေတ် လူကုန်ကူးမှု ဆန့်ကျင်ရေး လှုပ်ရှားမှုများ မည်သို့ ရှိနိုင်မည်နည်း။

လိင်ကုန်ကူးမှုကိုသာ အလေးထားနေသည့်အခါ ကျယ်ပြန့်သည့် လူကုန်ကူးမှု တိုက်ဖျက်ရေး အပေါ် မည်သို့ သက်ရောက်မှု ရှိနိုင်သနည်း။

## ၁၉၉၀ ပြည့်လွန်နှစ်များတွင် လူကုန်ကူးခြင်းက ကမ္ဘာ့ ရေးရာ ကိစ္စရပ် ဖြစ်လာခြင်း

ယနေ့ခေတ် လူကုန်ကူးမှုကို ဆွေးနွေးသည့် ဖိုရမ်များတွင် တွေ့ရလေ့ ရှိသည့် အကြောင်းအရာ အချို့မှာ ယခုအချိန်နှင့် ပိုမို သက်ဆိုင်သည်။ ထိုကိစ္စရပ်သည် နှစ်ဆယ်ရာစု အစပိုင်းတွင် နာမည်ကြီးလာခဲ့သည့် နည်းတူ နှစ်ဆယ့်တစ်ရာစု အကူးတွင် ပို၍ လွှမ်းမိုးများလာသည်။ ဒိုဇီမာ (Doezema (2000, p. 24)) က မတူညီသော ရာစုနှစ်များတွင် လူကုန်ကူး ခံရသူများအကြောင်းကို နှိုင်းယှဉ် ဆွေးနွေးထားသည်။

မကြာသေးမီက ပြုလုပ်ခဲ့သော သုတေသနများအရ ယနေ့ခေတ် လူသုံးများသည့် လူကုန်ကူးမှုကြောင့် ထိခိုက်နစ်နာခဲ့ရသူများဟူသည့် အသုံးအနှုန်းသည် လိင်ဖျော်ဖြေရေး လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ရန်အတွက် နေရပ် ရွှေ့ပြောင်းသည့် အမျိုးသမီးများ ဟူသည့် အသုံးအနှုန်းနှင့်ရော ယခင် သမိုင်းတွင် အသုံးပြုခဲ့သည့် လူဖြူ ကျွန်ပြုမှုဟူသည့် အသုံးအနှုန်း နှင့်ရော ဆင်တူမှု အနည်းငယ်သာ ရှိသည်။ လူကုန်ကူး ခံရသူ အများစုသည် လိင်ဖျော်ဖြေရေး လုပ်ငန်းများတွင် အလုပ်လုပ်ရမည် ဟူသည်ကို သိရှိထားကြသည်။ ၎င်းတို့ လုပ်ကိုင်ရမည့် အလုပ်၏ အခြေအနေများကိုသာ အညာခံထားရခြင်း ဖြစ်သည်။ သို့ရာတွင် လူကုန်ကူးမှုကို တိုက်ဖျက်သည့် မူဝါဒများသည် အပြစ်ကင်းစင်ပြီး ဆန္ဒ မရှိသည့် နစ်နာသူဟူသည့် သဘောတရား အပေါ်တွင် အခြေခံထားပြီး အပြစ်မရှိသည့် အမျိုးသမီးများကို ကာကွယ်ရန် ရေးဆွဲထားသည့် လုပ်ရပ်များအား ဆိုးရွားသည့် အမျိုးသမီးများ (ပြည့်တန်ဆာများ) ကို အပြစ်ပေးရန် ရေးဆွဲထားသည့် လုပ်ရပ်များနှင့် မကြာခဏ ပေါင်းစပ် လုပ်ဆောင်ကြသည်။

ထိုသုံးသပ်ချက်က အကြံပြုသည့်အတိုင်း ယနေ့ခေတ် လူကုန်ကူးမှု တိုက်ဖျက်ရေး လှုပ်ရှားမှုများသည် ၁၈၈၀ ပြည့်လွန်နှစ် နှောင်းပိုင်းများမှ ဆွေးနွေးငြင်းခုံမှုများတွင် အခြေခံ ခဲ့သည်။ ရာစုနှစ် တစ်စုကျော်အတွင်း ပြောဆိုရေးသားပုံများသည် အနည်းငယ်သာ ပြောင်းလဲခဲ့ပြီး ပြည့်တန်ဆာအဖြစ် ခိုင်းစေရန် လူကုန်ကူးမှု ကိစ္စရပ်အပေါ် လုံးဝ ဖျက်သိမ်းရေး အမျိုးသမီး ဝါဒီများနှင့် လူ့အခွင့်အရေး အမျိုးသမီး ဝါဒီများအကြား အမြင်ကွဲပြားနေခြင်းသည် ယနေ့အထိ ရှိနေဆဲ ဖြစ်သည်။ ထိုသဘောထား အုပ်စု နှစ်ခု ဘုံအမြင်တစ်ခု မရောက်ရှိခဲ့ခြင်းက လက်ရှိ ကမ္ဘာ့ လူကုန်ကူးမှု တိုက်ဖျက်ရေး လှုပ်ရှားမှုများ၏ ဝိသေသ လက္ခဏာများအပေါ် သက်ရောက်မှုများ ရှိသည်။ ယနေ့ခေတ် ကမ္ဘာ့ လူကုန်ကူးမှု တိုက်ဖျက်ရေး လှုပ်ရှားမှုများ ရေရှည် တည်တံ့ နေရသည့် အကြောင်းပြချက် များစွာ ရှိသည်။ ပြည်တွင်းနှင့် နိုင်ငံတကာ အန်ဂျီအိုများ ပျံ့နှံ့လာခြင်း၊ ၂၀၀၁ ခုနှစ်မှ စ၍ လူကုန်ကူးမှုကို တစ်ကမ္ဘာလုံး အတိုင်းအတာနှင့် တိုက်ဖျက်ရန် ဒေါ်လာ သန်းပေါင်းများစွာ အသုံးပြုခဲ့ခြင်း၊ အမေရိကန် နိုင်ငံ၏ တစ်ဘက်သတ် လုပ်ဆောင်မှုများ၊ မီဒီယာတွင် စိတ်ထိခိုက်ဖွယ်ရာ ဖော်ပြမှုများ၊ နိုင်ငံတကာ ချဉ်းကပ် လှုပ်ရှားရေး လုပ်ငန်းများ လုပ်ဆောင်ရန် နိုင်ငံတကာ နယ်နမိတ်များကို ကျော်လွန်၍ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ ဆက်သွယ်ဖလှယ်လာနိုင်ခြင်းတို့ကြောင့် ဖြစ်သည်။

၁၉၉၁ ခုနှစ်တွင် ဆိုဗီယက် ပြည်ထောင်စု ပြိုကွဲသွားပြီး ဥရောပ အလယ်ပိုင်းနှင့် အရှေ့ပိုင်းတွင် မတည်မငြိမ် ဖြစ်ခဲ့သည်။ စစ်အေးတိုက်ပွဲ ပြီးဆုံးသွားခြင်းက အနောက်နိုင်ငံများ အကြားတွင် လူကုန်ကူးမှု ကိစ္စရပ်အပေါ် စိတ်ဝင်စားမှုများ ဖြစ်ပေါ်လာစေသည်။ အဓိက အကြောင်းပြချက်မှာ ယခင် ဆိုဗီယက် ယူနီယံနှင့် အရှေ့ ဥရောပမှ အနောက် ဥရောပသို့ အစုလိုက် အပြုံလိုက် ပြောင်းရွှေ့ လာကြမည်ကို ကြောက်ရွံ့ခြင်းနှင့်

စိုးရိမ်ခြင်းတို့ကြောင့် ဖြစ်သည်။ လူအများအပြားသည် အနောက်ဥရောပသို့ ပြောင်းရွှေ့ခဲ့ကြသော်လည်း အစုလိုက် အပြုံလိုက် ပြောင်းရွှေ့မှုတော့ မဖြစ်ပွားခဲ့ပေ။ သို့ရာတွင် ဥရောပ အသိုက်အဝန်းတွင် အမျိုးသမီးများနှင့် ကလေးငယ်များကို လိင်ပိုင်းဆိုင်ရာအရ ခေါင်းပုံဖြတ်ရန် လူကုန်ကူးခြင်းအပေါ် အနောက်ဥရောပရှိ အစိုးရ မဟုတ်သော အဖွဲ့အစည်း များစွာက အာရုံ စိုက်မိလာသည်။ စိတ်ဝင်စားဖွယ်ရာပင် ၁၉၈၀ ပြည့်လွန်နှစ်များကတည်းက အချို့သော ဥရောပ အခြေစိုက် အန်ဂျီအိုများသည် အာရှ ဒေသမှ တက်ကြွ လှုပ်ရှားသူများနှင့် ပူးပေါင်းကာ ထိုကိစ္စရပ်များကို လုပ်ဆောင်နေခဲ့ပြီး ဖြစ်သည်။ ထိုသူများက အရှေ့တောင်အာရှရှိ အမျိုးသမီးများသည် ဖိအားပေး ခံရသောကြောင့် (သို့) မိမိဆန္ဒအလျောက် ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ကြကြောင်း သတိပြုမိကြသည်။ ထို့ပြင် ဥရောပ တိုက်သား အမျိုးသားများနှင့် အာရှတိုက်သူ အမျိုးသမီးများအကြား အကြမ်းဖက်သည့် အိမ်ထောင်ရေးများ ရှိကြောင်းကိုလည်း သိရှိထားကြသည်။

သို့ရာတွင် ၁၉၈၀ ပြည့်လွန်နှစ်များက ဥရောပရှိ ဆောင်ကြာမြိုင်များတွင် အလုပ်လုပ်ကိုင်ကြသည့် အာရှနှင့် အာဖရိက အမျိုးသမီးများသည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီရှိ လိင်ဖျော်ဖြေရေးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ကြသည့် လူဖြူ အမျိုးသမီးများလောက် အထူးအဆန်း ဖြစ်မနေပေ။ ၂၀ ရာစု အစောပိုင်း အရှေ့ ဥရောပမှ အမျိုးသမီးများ နေရပ် ပြောင်းရွှေ့ အခြေချခြင်းနှင့် လူဖြူအမျိုးသမီးများကို လိင်ကျွန်ပြုခြင်းအား စက်ဆုပ်မှုများကြောင့် ဖြစ်ပွားခဲ့သည့် လူဖြူ ကျွန်စနစ် စိုးရိမ် ကြောက်လန့်မှု ဖြစ်ရပ်ကဲ့သို့ပင် စစ်အေးတိုက်ပွဲ အပြီးတွင် ထိုကိစ္စရပ်အပေါ် စိတ်ဝင်စားမှုများ တဖန် ပြန်ထွက်ပေါ်လာခဲ့သည်။ ဆိုဗီယက် နိုင်ငံများမှ အမျိုးသားများနှင့် အမျိုးသမီးများ ပြောင်းရွှေ့လာခြင်းနှင့် ထိုလူဖြူ အမျိုးသမီးများသည် အနောက် ဥရောပနှင့် အမေရိကန် နိုင်ငံရှိ ဆောင်ကြာမြိုင်များတွင် လိင်ကျွန်ပြုခံရမည်ဟု အထင်ရောက်မှုများ ရှိလာကြသည်။ ဂျာဟစ်နှင့် ဖန်ကင်နောင်ဝါ (Jahic and Finckenauer (2005, p. 26)) တို့က ၁၉၉၀ ပြည့်လွန်နှစ်များတွင် ထိုကိစ္စရပ်အပေါ် စိတ်ဝင်စားမှုများ မြင့်တင်လာရခြင်းအပေါ် မေးခွန်းထုတ်ခဲ့ကြသည်။

လူကုန်ကူးခံရသူများအပေါ် စိုးရိမ်ပူပန်ခြင်းသည် လူကုန်ကူးမှု ရုတ်တရက် မြင့်တက်လာခြင်းကြောင့်ပေလား။ ကိစ္စရပ် ဆိုင်ရာ လှုပ်ရှားသည့် အဖွဲ့များ၊ အစိုးရများနှင့် အဖွဲ့အစည်းများသည် ဆယ်စုနှစ်ပေါင်းများစွာ တည်ရှိနေခဲ့သည့် ပြဿနာ တစ်ခုအပေါ် အဘယ်ကြောင့် ရုတ်တရက် စိတ်ပါဝင်စားလာရသနည်း။ အရှေ့ ဥရောပနှင့် ယခင် ဆိုဗီယက် ပြည်ထောင်စုမှ ပုံမှန်မဟုတ်သည့် လူကုန်ကူးမှု အသစ်များ ရှိလာခဲ့ပါသလား။

၎င်းတို့၏ အဖြေများသည် အခြား တွေ့ရှိချက်များနှင့် ကိုက်ညီသည်။ အာရှနှင့် အာဖရိကရှိ အသားအရောင်မတူသည့် အမျိုးသမီးများနှင့် ကွဲပြားခြားနားစွာပင် အသစ် လူကုန်ကူး ခံရသူများသည် အနောက်နိုင်ငံသားများ၊ အထူးသဖြင့် အမေရိကန်များ၊ နိုင်ငံရေး သမားများနှင့် အလယ်အလတ် လူတန်းစား၊ လူကောင်းများ အတွက် ပို၍ သတိပြုမိစေသည်။ လူဖြူကျွန်များ ဟူသည့် ပုံရိပ်ကို မမျှော်လင့်ဘဲ ဆွပေးသလို ဖြစ်ပြီး ထိုပုံရိပ်သည့် အနောက်နိုင်ငံမှ တက်ကြွ လှုပ်ရှားသူများ၊ ထောက်ခံ လှုပ်ရှားသူများအတွက် ကိုက်ညီသည့် ပုံရိပ် ဖြစ်ခဲ့သည် (Jahic and Finckenauer, 2005, p. 26)။

ဂျာဟစ်နှင့် ဖန်ကင်နောင်ဝါ (2005, p. 27) တို့က ၁၉၉၀ ပြည့်လွန်နှစ်များမှ စ၍ လူကုန်ကူးခြင်းသည် မည်သည့် အတွက်ကြောင့် အရေးပါသည့် ကိစ္စရပ် ဖြစ်လာသနည်း ဟူသည်နှင့် ပတ်သက်၍လည်း ၎င်းတို့အမြင်ကို တင်ပြခဲ့သည်။ မီဒီယာတွင် လူကုန်ကူးခံရသူများကို ငယ်ရွယ်သော၊ ရိုးအသော၊ အကာအကွယ်ပေးရန် လိုအပ်သူများအဖြစ် ပုံဖော်ကြသည်။ လူကုန်ကူးခံရသူများကို ပုံဖော်ပုံက လူကုန်ကူးမှု ဆန့်ကျင်သည့် အဖွဲ့များ ဖွဲ့စည်းရန် ပိုမို လွယ်ကူစေခဲ့သည်။ ယင်းမှာ အထူး အရေးပါသည့် အချက် တစ်ချက် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် နိုင်ငံ ဖြတ်ကျော် ထောက်ခံ လှုပ်ရှားသည့် ကွန်ယက်များသည် နိုင်ငံတကာ နိုင်ငံရေး အာဂျန်ဒါတွင် လူကုန်ကူးမှုကို ရှိနေစေရန် အဓိက ပံ့ပိုးကူညီသူများ ဖြစ်သော်လည်း ဂျာဟစ်နှင့် ဖန်ကင်နောင်ဝါ၏ ရှင်းပြချက်က ထိုထောက်ခံ လှုပ်ရှားသည့် ကွန်ယက်များအတွက် အဓိက တွန်းအားပေးသည့် ကိစ္စရပ်ကိုလည်း သိရှိစေခဲ့သည်။ လူကုန်ကူးမှု တိုက်ဖျက်ရေး လုပ်ငန်းများကို လူအများအပြားအကြား ပြောဆိုရေးသားမှုများတွင် ပို၍ လက်ခံနိုင်ဖွယ် ဖြစ်ရန် ပြည့်တန်ဆာ များကို လူကုန်ကူးခံရသူများအဖြစ် ပုံဖော်ခြင်း အပြင် ထောက်ခံ လှုပ်ရှားသည့် ကွန်ယက်များ၏ လှုပ်ရှားမှုများကို တွန်းအားပေးသည့် အရာမှာ လူကုန်ကူးမှု ကိစ္စရပ်ကို လုပ်ဆောင်နေသူများသည် ထိုပြဿနာ၏ အကျယ်ကို မသိရှိကြခြင်းပင် ဖြစ်သည် (စာသေတ္တာ ၁၆.၄ တွင် ရှုပါ)။ ထိုသို့ မသိရှိသော်လည်း ထိုပြဿနာရပ်သည် ကြီးထွားလာနေသည်ဟု ဆိုခြင်းအား ရပ်တန့်မသွား စေခဲ့ပေ။ အဖွဲ့အစည်း အများစုနှင့် အစိုးရများသည် အချက်အလက် မျိုးစုံကို ကောက်ခံကြပြီး ထိုသို့ ကောက်ခံကြခြင်းက လူကုန်ကူးမှု၏ အတိုင်းအတာကို အဓိပ္ပာယ် ပြည့်ဝသော ကောက်ချက် ချနိုင်ရန် ပို၍ ခက်ခဲစေခဲ့သည် (Jahic and Finckenauer, 2005, p. 27)။

**စာသေတ္တာ ၁၆.၄။ စိန်ခေါ်နေသည့် အယူအဆများ၊ လူကုန်ကူး ခံရသူများကား မည်သူနည်း။**

- အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ် မည်သူမဆို လိင်ကိစ္စနှင့် လုပ်အားအတွက် လူကုန်ကူး ခံရနိုင်သည်။
- အတင်းအဓမ္မ လိင်ပိုင်းဆိုင်ရာအရ ခေါင်းပုံ ဖြတ်ရန်၊ နေအိမ်တွင် ကျွန်ပြုရန်၊ ကုန်ထုတ်လုပ်ရေး၊ ဧည့်ခံရေး၊ ကျန်းမာရေးနှင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးတို့တွင် ခိုင်းစေရန် အမျိုးသမီးများကို အဓိကထား လူကုန်ကူးကြသည်။
- ဆောက်လုပ်ရေး၊ ငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် သတ္တုတွင်းတူးဖော်ရေး လုပ်ငန်းများတွင် ခိုင်းစေရန် အမျိုးသားများကို အဓိကထား လူကုန်ကူးကြသည်။
- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ရန်၊ အိမ်အလုပ်လုပ် ခိုင်းရန်၊ တောင်းစားခိုင်းရန်၊ ကုန်ထုတ်လုပ်ရေး၊ စိုက်ပျိုးရေး၊ သတ္တုတွင်း တူးဖော်ရေးနှင့် ကလေးစစ်သားအဖြစ် ခိုင်းစေရန် ကလေးငယ်များကို အဓိကထား လူကုန်ကူးကြသည်။

လူကုန်ကူးသူများမှာ မည်သူနည်း။

- အသက်ကြီးငယ်မရွေး၊ အမျိုးသားများရော၊ အမျိုးသမီးများပါ အခြားသူများကို လူကုန်ကူး နိုင်ကြသည်။ လူကုန်ကူးသူသည် မိသားစုဝင်၊ မိမိနှင့် ရင်းနှီးကျွမ်းဝင်သူ၊ အိမ်နီးချင်း (သို့) လုံးဝ မသိသူ လူစိမ်း ဖြစ်နိုင်သည်။ လူကုန်ကူးသူ အများအပြားသည် စီးပွားရေးနှင့် လူမှုရေး အခြေအနေများ အရ ထိလွယ် ခိုက်လွယ်သူများကို သားကောင်အဖြစ် ရှာဖွေပြီး အခွင့်ကောင်း ယူခြင်းကြောင့် အောင်မြင်ကြသည်။
- လူကုန်ကူးသူ အများစုမှာ ကွန်ယက်ငယ် တစ်ခုဖြင့် လှုပ်ရှားကြသည်။

မည်သည့် နေရာသို့ လူကုန်ကူး ခံရသနည်း။

- ကမ္ဘာပေါ်ရှိ နိုင်ငံ အားလုံး နီးပါးသည် လူကုန်ကူး ခံရသူများ လာရာ၊ တစ်ထောက်နားရာနှင့်/ သို့မဟုတ် လားရာ နေရာ ဖြစ်နိုင်သည်။ ယင်းမှာ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သော ကိစ္စရပ်ပင် ဖြစ်သည်။
- အမေရိကန် နိုင်ငံတွင် လူကုန်ကူးခံရသူများ၏ မူလ နိုင်ငံများမှ ထိပ်တန်း နိုင်ငံများမှာ မက္ကဆီကို၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဟွန်ဒူးရက်စ်၊ ဂွာတီမာလာ၊ အိန္ဒိယနှင့် အယ်လ်ဆာဗဒေါ နိုင်ငံတို့ ဖြစ်ကြသည် (US Department of State, 2014)။ လူကုန်ကူး ခံရသည့် အမေရိကန် နိုင်ငံသား အများအပြားလည်း ရှိသည်။

## လူကုန်ကူးခြင်း၏ ဇာစ်မြစ်အကြောင်းအရင်းများ

အစိုးရများ၊ အန်ဂျီအိုများ၊ အထူးသဖြင့် ယုံကြည်မှုကို အခြေခံသည့် အဖွဲ့အစည်းများသည် နိုင်ငံရေး၊ စိတ်ဓာတ်ရေးရာနှင့် စီးပွားရေး အကြောင်းချင်းရာများကို ကျိုးကြောင်း ခိုင်လုံကြောင်း ပြသရန် ခေါင်းပုံဖြတ်သည့် ပြည့်တန်ဆာ လုပ်ငန်းသို့ လူကုန်ကူးခံရသည့် အမျိုးသမီးများ၏ ဖြစ်ရပ်များကို အမျိုးမျိုး ပုံဖော်ကြသည်။ ထိုပုံဖော်မှုများတွင် အမျိုးသမီးများကို အားကောင်းသည့် အင်အားစု များမှ ကာကွယ်ပေးရန် လိုအပ်နေသည့် နစ်နာသူများအဖြစ် ထားရှိကြသည်။ အမျိုးသမီးများ၏ လုပ်အား၊ လိင်ပိုင်းဆိုင်ရာ (သို့) ရွှေ့လျားနိုင်မှု တစ်ခုတည်းကိုသာ အာရုံစိုက်ခြင်းဖြင့် ထိုအင်စတီကျူးရှင်းများသည် အလုပ်လက်မဲ့နှုန်း များပြားမှု၊ မိသားစုများတွင် အကြမ်းဖက်မှု များနှင့် အခြားသော ကျား/မ ဖြစ်မှုကို အခြေခံသည့် အကြမ်းဖက်မှုများ၊ ဥပဒေနှင့်အညီ နေရပ် ပြောင်းရွှေ့ရန် အခွင့်အလမ်း အကန့်အသတ်နှင့်သာ ရှိခြင်း အစရှိသည့် လူကုန်ကူးခံရသူများ လာသည့် နိုင်ငံများမှ အရင်းအမြစ် အကြောင်းရင်းခံများကို ဖြေရှင်းရန် မေ့လျော့နေကြသည်။ မီဒီယာများသည် သတင်း ဇာတ်လမ်းများအား  လူသားဖြစ်မှုမှ လျော့ကျစေသည့် အတွေ့အကြုံများ ဖြစ်လာအောင် ပြောင်းလဲပစ်ခြင်းဖြင့် လူထုအတွက် မျက်စိအစာကျွေးရန် လိင်ဖြစ်မှုနှင့် ခေါင်းပုံဖြတ်ခံရမှုတို့ ပေါင်းစပ်နေမှုအပေါ် အမြတ်ထုတ် အသုံးချကြသည်။ မီဒီယာများ၌ အမျိုးသမီးများသည် ကိုယ်ပိုင်သမိုင်းရှိသည့် ဇာတ်ဆောင်များအဖြစ် မဟုတ်ဘဲ အခြားသူများ ပြုသမျှနုရသည့် ဇာတ်နာသူများ အဖြစ်သာ ပုံဖော်ဖန်တီးခံရသည်။ လောင်း (Long (2004, p. 7)) က “ယနေ့ခေတ် လိင်မှု လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ရန် လူကုန်ကူးခြင်း အတွေ့အကြုံများသည် မြင်သာ ထင်သာ မရှိ ဖြစ်နေဆဲပင်။ ယင်းသို့ ဖြစ်ရခြင်းမှာ လူကုန်ကူးမှုကို လူကုန်ကူးခံရသူများ၏ အတွေ့အကြုံများနှင့် သဘောထား အမြင်များအဖြစ် သတ်မှတ်ခြင်းထက် လိင်ပိုင်းဆိုင်ရာအရ ခေါင်းပုံ ဖြတ်ခံရခြင်းဟု သတ်မှတ်ချင်သူများ၏ စိတ်ပါဝင်စားမှုနှင့် အစီအစဉ်များကြောင့် ဖြစ်သည်။” ဟု ဆိုခဲ့သည်။ လူအများအတွက် ပြောဆို ရေးသားမှုများတွင် ထိုမိန်းကလေးများနှင့် အမျိုးသမီးများ ၎င်းတို့ မူလနေထိုင်ရာ နိုင်ငံများတွင် ရင်ဆိုင်ကြုံတွေ့ရသော စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးအရ ထိခိုက်လွယ်ခြင်းများကြောင့် လူကုန်ကူးခံရခြင်း၏ သားကောင်များ ဖြစ်လာသည်ကို ဖော်ပြလေ့ မရှိပေ။ အမျိုးသမီးများ၏ အခွင့်အရေးများနှင့် အသံများကို တိုးတိတ်သွားစေခဲ့ပြီး အချို့အမျိုးသမီးများ ခက်ခဲသည့် ရွေးချယ်မှုများ လုပ်ဆောင်ကာ အခြားနိုင်ငံများသို့ ပြောင်းရွှေ့၍ ပြည့်တန်ဆာ လုပ်ငန်း၊ အိမ်ဖော် လုပ်ငန်းနှင့် ကလေးထိန်းခြင်း ကဲ့သို့သော အမျိုးသမီးများ အတွက်ဟု သတ်မှတ်ထားသည့် အလုပ်များ လုပ်ကိုင်ရသည့် အကြောင်းရင်းခံများကို အနောက် နိုင်ငံများမှ လူများက ကောင်းစွာ နားမလည်ကြပေ။  တရားမဝင် ပြောင်းရွှေ့သူများ ဖြစ်သည့်အတွက် အခွင့်အရေး အကန့်အသတ် ဖြင့်သာ ရခြင်း (သို့) ၎င်းတို့သည် အမျိုးသမီးများ ဖြစ်သောကြောင့် လိင်ပိုင်းဆိုင်ရာအရ အကြမ်းဖက် ခံရခြင်း၊ ခွဲခြား ဆက်ဆံ ခံရခြင်းတို့ ခံစားရ နိုင်ခြေ ရှိခြင်းတို့ကြောင့် ထိုအမျိုးသမီးများသည် ပြောင်းရွှေ့ပြီးနောက်

အခြား ထိခိုက်လွယ်မှုများ ထပ်မံ ခံစားရသည်။ လူမှုရေးနှင့် စီးပွားရေး အခွင့်အရေးများ အပါအဝင် ယေဘုယျအားဖြင့် လူ့အခွင့်အရေးများကို ပို၍ အလေးစိုက်ခြင်းက မိန်းကလေးငယ်များနှင့် အမျိုးသမီးများ ပြည့်တန်ဆာ လုပ်ငန်းတွင် ဝင်ရောက် ပတ်သက်ရသည့် အကြောင်းရင်းခံ ဖြစ်သည့် ဖိအားပေး ခံရလွယ်ခြင်းကို ဖြေရှင်းနိုင်ပေလိမ့်မည်။

| အနှစ်ချုပ် |
|---|
| ၂၀ ရာစုတွင် ကျွန်ပြုခြင်းနှင့် ပြည့်တန်ဆာ လုပ်ငန်းအပေါ် ပြောဆိုရေးသားမှုများတွင် ဆင်တူမှု အများအပြား ရှိသည်။ လူဖြူကျွန်ကုန်ကူးခြင်းက ၁၂ ရာစုတွင် လူဖြူ အမျိုးသမီးငယ်များနှင့် သက်ဆိုင်သည့် ကြောက်ရွံ့ ထိတ်လန့်မှုများ ဖြစ်ပွားစေသကဲ့သို့ စစ်အေးတိုက်ပွဲ အပြီး အနောက် ဥရောပနှင့် အမေရိကန်ရှိ ဆောင်ကြာမြိုင်များတွင် အရှေ့ ဥရောပမှ အမျိုးသမီးများ များပြား လာခြင်းအပေါ် အလုံးစုံ ဖျက်သိမ်းရေး အမျိုးသမီး ဝါဒီများက စိုးရိမ် ပူပန်ခဲ့ကြသည်။<br>ပြည့်တန်ဆာများကို ထိခိုက်နစ်နာသူများအဖြစ် ပုံဖော်ခြင်းသည် လူကုန်ကူးမှု ဖြစ်ရပ်တွင် လူအများ စိတ်ဝင်စားမှု တိုးပွားစေရန် အားကောင်းသည့် နည်းလမ်း တစ်ခု ဖြစ်သည်။<br>အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကိစ္စရပ်သည် အမျိုးသမီး အဖွဲ့အစည်းများ အားလုံး သဘောတူညီပြီး ပူးပေါင်းနိုင်သည့် ဘုံထောက်ခံ လှုပ်ရှားခြင်း ဆိုင်ရာ ကိစ္စရပ် တစ်ခုအဖြစ် ပေါ်ထွက်လာသည်။ လူကုန်ကူးမှုကို တိုက်ဖျက်ခြင်း၏ စံနှုန်းများ ခိုင်မာလာစေရေးတွင် ဗီယင်နာ ဖြစ်စဉ်သည် အဓိကကျသည့် ခြေလှမ်းတစ်ရပ် ဖြစ်ခဲ့သည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများမှ အမျိုးသမီးများသည် ၎င်းတို့ကို အခြားနိုင်ငံများသို့ ပြောင်းရွှေ့ အလုပ်လုပ်ရန် ခက်ခဲသည့် ဆုံးဖြတ်ချက်များကို ချမှတ်စေသော နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ဆိုင်ရာ ထိခိုက်မှုများကို ရင်ဆိုင်ကြရသည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>ပြည့်တန်ဆာ လုပ်ငန်းရှိ လူငယ် အမျိုးသမီးများကိုသာ အလေးစိုက်သည့် လူကုန်ကူးမှု ဆိုင်ရာ ပြောဆိုရေးသားမှုများကို မည်ကဲ့သို့ ပြောင်းလဲပစ်မည်နည်း။<br>အမျိုးသမီးများနှင့် မိန်းကလေးများ၏ လူ့အခွင့်အရေးများနှင့် ကမ္ဘာတစ်ဝန်းရှိ ကျားမ တန်းတူညီမှု မရှိခြင်းများကို ဖြေရှင်းနိုင်ခဲ့ပါက ယင်းဖြစ်ရပ်က ၎င်းတို့၏ လူကုန်ကူးမှုများတွင် ထိလွယ် ခိုက်လွယ်မှုများကို မည်ကဲ့သို့ သက်ရောက်မှု ရှိနိုင်သနည်း။ အဘယ်ကြောင့်နည်း။ |

## ဖြစ်ရပ် လေ့လာခြင်း၊ အမေရိကန် နိုင်ငံတွင် လူကုန်ကူးခြင်း

### အမေရိကန် နိုင်ငံရှိ လူကုန်ကူးမှု ပြဿနာများ၏ နောက်ခံ အတိုချုံး

အမေရိကန် နိုင်ငံသည် အတင်းအဓမ္မ ပြည့်တန်ဆာ လုပ်ခိုင်းခြင်းနှင့် အတင်းအဓမ္မ ခိုင်းစေခြင်းတို့အတွက် လူကုန်ကူး ခံရသော အမျိုးသား၊ အမျိုးသမီးများနှင့် ကလေးငယ်များ လားရာ နိုင်ငံ ဖြစ်သည်။ လက်ရှိ အမေရိကန် နိုင်ငံတွင် ရှိနေသော လူကုန်ကူး ခံရသူ အရေအတွက်ကို ခန့်မှန်းရန် ခက်ခဲလေရာ အမေရိကန် နိုင်ငံရှိ လူကုန်ကူးမှု၏ အတိုင်းအတာ အပြည့်အဝကို မသိရှိနိုင်ပေ။ အမေရိကန် နိုင်ငံ၏ ပြည်နယ် အားလုံး

နီးပါးတွင် လူကုန်ကူး ခံရပြီး ခေါင်းပုံဖြတ်ခံရနေသူများ ရှိသည်။ ထိုကိစ္စရပ်ကို မကြုံတွေ့ရသည့် လူ့အသိုင်းအဝိုင်း မရှိပေ။ သို့ရာတွင် အဓိက လူကုန်ကူးမှု ဖြစ်ရပ်များသည် မြို့ကြီးများနှင့် ဆိပ်ကမ်းမြို့များ ဖြစ်သည့် နယူးယော့ခ်၊ မိုင်ယာမီ၊ ဖလော်ရီဒါ၊ တက်ခ်ဆက်စ်၊ လော့စ်အန်ဂျလေ့စ်၊ ဆန်ဖရန်စစ္စကို၊ ချီကာဂိုနှင့် အတ္တလန်တာတို့တွင် ဖြစ်ပွားလေ့ ရှိသည် (US Department of Justice, 2007)။ လူကုန်ကူး ခံရသူများသည် ဆောင်ကြာမြိုင်၊ ဘား၊ အနှိပ်ခန်း အစရှိသည့် သမားရိုးကျနှင့် သမားရိုးကျ မဟုတ်သော လိင်လုပ်ငန်းများတွင် လူကုန်ကူး ခံကြရသလို စက်ရုံများ၊ အလုပ်ခန်းများ၊ လယ်ယာလုပ်ငန်း၊ စားသောက်ဆိုင်၊ နေအိမ်များနှင့် လမ်းဘေးတွင် တောင်းစား ခိုင်းရန်ပင် လူကုန်ကူး ခံကြရသည်။ ယခင် ဆိုဗီယက် ပြည်ထောင်စု၊ လက်တင် အမေရိကနှင့် အာရှမှ အမျိုးသမီးငယ်များသည် လူကုန်ကူးခံရကာ လိင်ကျွန်ပြုခံရသည်။ လက်တင် အမေရိကနှင့် အာဖရိကမှ အမျိုးသမီးများကို နေအိမ်များတွင် ကျွန်ပြုရန်လည်း လူကုန်ကူးကြသည်။ လက်တင် အမေရိကနှင့် အာရှမှ အမျိုးသားများကို စက်ရုံများ၊ လယ်ယာ လုပ်ငန်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းများ၊ စိုက်ပျိုးရေး လုပ်ငန်းများနှင့် ခြံပြုပြင်ရေး လုပ်ငန်းများတွင် အတင်းအဓမ္မ ခိုင်းစေရန် (သို့) လွန်စွာ ခေါင်းပုံဖြတ် အမြတ်ထုတ်မှု ဆန်သော အခြေအနေများတွင် ခိုင်းစေရန် လူကုန်ကူး ခံကြရသည်။

အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ် ခိုင်းစေရန် လူကုန်ကူး ခံရသူများနှင့် လုပ်သားအဖြစ် လူကုန်ကူးခံရသူ မည်သူက ပိုများကြောင်း မသိရပေ။ အမေရိကန် အစိုးရက ကမ္ဘာပေါ်တွင် လူကုန်ကူးခံရသူ ၈၀ ရာခိုင်နှုန်းသည် လိင်လုပ်ငန်းတွင် ခိုင်းစေရန် လူကုန်ကူး ခံရသူများ ဖြစ်သည်ဟု ဆိုပြီး ယင်းတို့အနက်မှ ၅၀ ရာခိုင်နှုန်းကျော်မှာ အသက် မပြည့်သေးသူများကို လူကုန်ကူးခြင်း ဖြစ်သည်ဟု ဆိုသည် (US Department of State, 2008)။ ထိုအရေအတွက်များမှာ လိင်လုပ်ငန်းအတွက် လူကုန်ကူးခြင်း ကျယ်ပြန့်သည်ဟု လက်ခံထားသည့် အမေရိကန် နိုင်ငံ၏ အမြင်များကိုလည်း ထင်ဟပ်နေသည်။ အမေရိကန် တရားရေး ဌာနက ကိုင်တွယ်ခဲ့သည့် တရားစွဲဆိုမှု အများအပြားသည် အတင်းအဓမ္မ ပြည့်တန်ဆာ အဖြစ် ခိုင်းစေသည့် အမှုများ ဖြစ်သည် (US Department of Justice, 2007)။ ထိုကိန်းဂဏန်းများက အမေရိကန်နိုင်ငံနှင့် အခြား နိုင်ငံများတွင် လုပ်အားအတွက် လူကုန်ကူးခြင်းထက် လိင်ကျွန်ပြုရန် လူကုန်ကူးခြင်းက ပို၍ များကြောင်း ထင်မြင်ချက်များကို ပို၍ ခိုင်မာစေသည် (US Department of State, 2006)။ သို့ရာတွင် အခြား သုတေသနများကမူ ထိုအချက်နှင့် ဆန့်ကျင်သော သက်သေများကို ပြသနေသည် (Webber and Shirk, 2005)။

အမေရိကန် နိုင်ငံသည် တစ်ကမ္ဘာလုံးမှ ပြောင်းရွှေ့ အခြေချ လိုသူများကို သံလိုက်သဖွယ် ဆွဲဆောင်နေသည်မှာ အံ့သြဖွယ်ရာ မဟုတ်ပေ။ လူရှာဖွေသူများက အဆိုပါ ပြောင်းရွှေ့လိုသူများကို ၎င်းတို့၏ နေရပ်တွင် လိမ်ညာလှည့်စား ကြသည်မှာလည်း အံ့သြစရာ မဟုတ်ပေ။ လူရှာဖွေသူများက အမေရိကန်နိုင်ငံတွင် နေထိုင်ပြီး အလုပ်လုပ်ခြင်းအပေါ် သဘောကျ လောက်အောင် ပုံဖော် ပြောဆိုကြသည်။ အမေရိကန် နိုင်ငံကို တရားဝင် ပြောင်းရွှေ့ရန် လမ်းကြောင်းများမှာ အကန့်အသတ်နှင့်ပင် ရှိလေရာ တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များသည် ရိုးသားမှု မရှိသော လူမှောင်ခို သွင်းသူများနှင့် လူကုန်ကူးသူများကို အားကိုးကြရလေသည်။

သုတေသနများအရ အမေရိကန်သို့ လူကုန်ကူးခံရသူများသည် အဆင်းရဲတကာ့ အဆင်းရဲဆုံး သူများ၊ ပညာ မတတ်ဆုံးသူများ မဟုတ်ကြောင်း တွေ့ရသည်။ သို့ရာတွင် ပညာရေးနှင့် ဝင်ငွေ နိမ့်ကျခြင်းက လူတစ်ဦး ခေါင်းပုံဖြတ် ခံရနိုင်ချေကို မြင့်တက်စေသည် (Bales and Lize, 2005)။ ၂၀၀၆ ခုနှစ်တွင် ဆန်ဖရန်စစ္စကို ခရိုနီကယ်လ် သတင်းစာ *(San Francisco Chronicle)* က ကိုရီးယား နိုင်ငံ အလယ်အလတ်တန်းစား မိသားစုမှ အမေရိကန် နိုင်ငံသို့ ပြောင်းရွှေ့လာသည့် တောင်ကိုရီးယား အမျိုးသမီး တစ်ဦးနှင့် သီးသန့် အင်တာဗျူး ပြုလုပ်ကာ အပိုင်း လေးပိုင်း ပါသည့် ဆောင်းပါး တစ်ပုဒ်ကို ရေးသားခဲ့သည်။ ထိုအမျိုးသမီးငယ်သည် တောင်ကိုရီးယားတွင် သူမ၏ သူငယ်ချင်းများအကြား ဝင်ဆန့်နိုင်ရန် အကြွေးဝယ်ကတ်ဖြင့် ဒေါ်လာ ထောင်ပေါင်းများစွာ တန်ဖိုးရှိသည့် အဝတ်များနှင့် ရတနာများ ဝယ်ယူခဲ့သည်။ သူမ၏ စားပွဲထိုး အလုပ်ဖြင့် အကြွေးများကို မပေးနိုင်သည့်အခါ အပူတပြင်း ဖြစ်လာပြီး သူမကို ကယ်လဖိုးနီးယားတွင် စားပွဲထိုး အဖြစ် အလုပ်လုပ်ရန် အမေရိကန် နိုင်ငံသို့ မှောင်ခို သွင်းပေးမည့်လူကို ပိုက်ဆံ ပေးဖို့ သဘောတူညီခဲ့သည်။ သူမသည် လူဝင်မှု ကြီးကြပ်ရေးနှင့် ဗီဇာ စည်းမျဉ်းစည်းကမ်းများကို သတိမပြုမိခဲ့ဘဲ သူမကို ခိုးသွင်းပေးမည့်သူအား စာရွက်စာတမ်းများ စီစဉ်ခိုင်းခဲ့သည်။ သူမကို မက္ကဆီကို နိုင်ငံသို့ ဦးစွာ ခေါ်သွားပြီး ထိုမှ တဆင့် အမေရိကန် နိုင်ငံသို့ တရားမဝင် နယ်စပ် ဖြတ်ကျော် ခိုးဝင်စေကာ သူမ၏ အကြွေးများကိုရော၊ ခိုးသွင်းသူကို ပေးရမည့် အကြွေးများကိုပါ ဆပ်ရန် ပြည့်တန်ဆာအဖြစ် အလုပ်လုပ်ကိုင်ခိုင်းမည်ကို မသိခဲ့ပေ။ သူမ စိတ်ဆန္ဒ မပါဝင်ဘဲ ပြည့်တန်ဆာအဖြစ် လပေါင်းများစွာ လုပ်ကိုင်ပြီးနောက်တွင် မှောင်ခိုသွင်းသူကို ပေးရမည့် အကြွေးများ ကျေသွားခဲ့ပြီး သူမ ဆန္ဒရှိပါက ပြည့်တန်ဆာ လုပ်ခြင်းကို ရပ်တန့်လိုက်နိုင်သည်။ သို့ရာတွင် တောင်ကိုရီးယားမှ အကြွေးများကို လျှော့ချနိုင်ရန် ပြည့်တန်ဆာအဖြစ် ဆက်လက် လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့သည်။ သူမမှာ တရားမဝင် ခိုးဝင်သူ ဖြစ်သည့်အတွက် မည်သည့် ရွေးချယ်စရာများ ရှိကြောင်းကိုလည်း မသိခဲ့ပေ။ ပြည့်တန်ဆာ လုပ်ငန်းမှ ထွက်ခွာပြီးနောက်တွင် အန်ဂျီအိုတစ်ခုမှ သူမ၏ အတွေ့အကြုံများကို သိရှိသွားခဲ့သည်။ ထိုအဖွဲ့ကရော အမေရိကန် အစိုးရကပါ သူမသည် လူကုန်ကူးခံရသူအဖြစ် သတ်မှတ်ခဲ့ပြီး TVPA ဥပဒေအရ လျော်ကြေးအချို့ ရယူနိုင်သည်ဟု ဆုံးဖြတ်ခဲ့သည် (May, 2006)။ ယင်းဖြစ်ရပ်မှာ အမေရိကန် နိုင်ငံသို့ လူကုန်ကူး ခံရခြင်း၏ ရှုပ်ထွေးမှုများကို လှစ်ဟပြနေသည်။ လူတစ်ဦးသည် မှောင်ခိုသွင်းခံရပြီးနောက် လူကုန်ကူး ခံရနိုင်သည်။ သို့ရာတွင် ထိုအမျိုးသမီးသည် ကိုးရီးယားမှ သူမ၏ အကြွေးများကြောင့် သူမ ထွက်ခွာနိုင်သည့် အချိန် ရောက်သည့်တိုင် ပြည့်တန်ဆာအဖြစ် ဆက်လက် လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

အမေရိကန် နိုင်ငံတွင် လူကုန်ကူးသည့် အခြေအနေမှာ ထူးခြားသည်။ အဘယ်ကြောင့် ဆိုသော် လူကုန်ကူးသူ အများစုသည် ၎င်းတို့နှင့် လူမျိုးတူ၊ နိုင်ငံတူသူများကို လူကုန်ကူးကြသောကြောင့် ဖြစ်သည်။ ဥပမာ ဘေးလ်နှင့် လစ်ဇ် (Bales and Lize (2005, p. 27) တို့က အမေရိကန် နိုင်ငံတွင် လူကုန်ကူးခြင်းဆိုင်ရာ အစီရင်ခံစာ၌ ၎င်းတို့ လေ့လာခဲ့သော ဖြစ်စဉ် ၁၂ ခု အနက် ၈ ခုတွင် လူကုန်ကူး ခံရသူများသည် ၎င်းတို့ နေထိုင်ရာ အသိုင်းအဝိုင်းမှ လူက စုဆောင်း ခေါ်ယူလာခြင်း ဖြစ်သည်ဟု ဆိုသည်။ ဆိုလိုသည်မှာ ၎င်းတို့ နေထိုင်ရာ ရပ်ကွက်၊ မိသားစု (သို့) လူမျိုးစုမှ လူတစ်ဦးက အမေရိကန် နိုင်ငံသို့ သွားရောက်ရန် ဆွဲဆောင်ခဲ့ခြင်း ဖြစ်သည်။ တူညီသော နေရပ် တစ်ခုတည်းမှ ပြောင်းရွှေ့သူများ ပုံမှန် ဝင်ရောက်သည့် လူမျိုးစု/နိုင်ငံသား အုပ်စုများတွင် အတင်းအဓမ္မ အလုပ်စေခိုင်းသည့် ဖြစ်ရပ်များကို တွေ့ရလေ့ ရှိသည် (Bales and Lize, 2005, p. 143)။ လူကုန်ကူး ခံရသူများသည် အမေရိကန် နိုင်ငံရှိ ၎င်းတို့ လူမျိုးစုများ နေထိုင်သည့် နေရာ အတွင်း၌ပင် ခေါင်းပုံဖြတ် အမြတ်ထုတ် ခံကြရသည်။ ယင်းအချက်ကပင် ဒေသဆိုင်ရာနှင့် ဖက်ဒရယ်

ဥပဒေ စည်းကြပ်သူများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများက အမေရိကန် နိုင်ငံ တစ်ဝန်း လူကုန်ကူး ခံရသူများကို ရှာဖွေရာတွင် အခက်အခဲ ဖြစ်စေသည့် အချက်တစ်ချက် ဖြစ်သည်။ လူကုန်ကူးသူသည် ထိခိုက် နစ်နာသူ၏ မူလ နေရပ်မှ မိသားစုကို သိရှိပြီး ကျန်ရှိနေခဲ့သော မိသားစုဝင်များ၊ အထူးသဖြင့် ကလေးငယ်များကို အန္တရာယ်ပြုရန် ခြိမ်းခြောက်နိုင်သည့်အခါ ခေါင်းပုံဖြတ် အမြတ်ထုတ်သည့် အခြေအနေများတွင် ထိခိုက် နစ်နာသူများ တွေ့ကြုံရသည့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်း ဆိုင်ရာ ဖိအားများသည် ပို၍ အားကောင်းသည်။

## လူကုန်ကူးမှုကို တိုက်ဖျက်ရန် အမေရိကန် နိုင်ငံ၏ စံနှုန်းများ ပေါ်ပေါက်လာခြင်း

ဘေဂျင်း အမျိုးသမီး ညီလာခံ အတွင်း အမေရိကန်မှ ပြုလုပ်ခဲ့သည့် ကတိကဝတ်များကို အကောင်အထည်ဖော်ရန် ၁၉၉၅ ခုနှစ်တွင် သမ္မတ ဘီလ်ကလင်တန် (Bill Clinton) က နိုင်ငံခြားရေး ဝန်ကြီးဌာန အတွင်း သမ္မတ၏ အမျိုးသမီး ဆိုင်ရာ စုပေါင်း အေဂျင်စီ ကောင်စီ (President's Inter-Agency Council on Women (PICW)) ကို တည်ထောင်ခဲ့သည်။ ထိုကောင်စီ၏ ဥက္ကဋ္ဌသည် ထိုအချိန်က သမ္မတ ကတော် ဟီလာရီ ရော့ဒ်ဟမ် ကလင်တန် (Hillary Rodham Clinton) ဖြစ်သည်။ ဟီလာရီသည် ဘေဂျင်း ညီလာခံကို တက်ရောက်ခဲ့ပြီး အမျိုးသမီး အခွင့်အရေးသည် လူ့အခွင့်အရေး ဖြစ်ကြောင်း စိတ်လှုပ်ရှားဖွယ်ရာ မိန့်ခွန်း တစ်ခုကို ပြောကြားခဲ့သည်။ ၁၉၉၈ ခုနှစ် အစောပိုင်းတွင် အမေရိကန် နိုင်ငံ၌ ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ခြင်းနှင့် လူကုန်ကူးခြင်းတို့အကြား ဆက်စပ်မှုနှင့် စပ်လျဉ်းပြီး သဘောတရား အမြင် ကွဲလွဲမှုများ ပြောင်းလဲ လာခဲ့သည်။ အလုံးစုံ ဖျက်သိမ်းရေး အမျိုးသမီး ဝါဒီများက ရှေးရိုးစွဲ လူမှု အုပ်စုများနှင့် အမေရိကန် လွှတ်တော်အတွင်း တိုးပွားလာသည့် ခရစ်ယာန် ရှေးရိုးစွဲ အုပ်စုများနှင့် ပူးပေါင်းခဲ့သည်။

၁၉၉၈ ခုနှစ် မတ်လ ၈ ရက်နေ့၊ နိုင်ငံတကာ အမျိုးသမီးများ နေ့တွင် သမ္မတ ကလင်တန်က အမျိုးသမီးများနှင့် ကလေးများကို လူကုန်ကူးခြင်း ဆိုင်ရာ သမ္မတ အမိန့်ကို ထုတ်ပြန်ခဲ့ပြီး ယင်းအမိန့်က လူကုန်ကူးမှု ဆန့်ကျင်ရေး လုပ်ငန်းများအတွက် ပြည့်စုံပြီး ပေါင်းစပ်ထားသည့် ပြည်တွင်းနှင့် နိုင်ငံခြားရေး မူဝါဒ မူဘောင်ကို သတ်မှတ်ပေးခဲ့သည်။ ထိုသမ္မတ အမိန့်သည် လူကုန်ကူးမှုနှင့် ပတ်သက်၍ အမေရိကန် နိုင်ငံ၏ ဥပဒေများအတွက် မီးပြမ်း ကိုးကားစရာ ဖြစ်ခဲ့သည်။ ကလင်တန် အစိုးရသည် နိုင်ငံအများအပြားနှင့် နှစ်နိုင်ငံ သဘောတူ လုပ်ငန်း ဆက်ဆံရေးများ တည်ဆောက်ခဲ့ပြီး ပါလာမို နောက်ဆက်တွဲ စာချုပ်ကို ရေးဆွဲရာတွင် ဦးဆောင်ခဲ့သည် (Chuang, 2006, p. 449)။ သမ္မတ အမိန့်က အမေရိကန် အစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ နောင်ဆယ်စုနှစ်အတွင်း လူကုန်ကူးမှုကို မည်ကဲ့သို့ ဖြေရှင်းသင့်ကြောင်း တင်ပြထားသည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ မူဘောင်ကိုလည်း ထည့်သွင်းထားသည်။ ထိုမူဘောင်တွင် လူကုန်ကူးမှုကို တားဆီးခြင်း၊ လူကုန်ကူး ခံရသူများကို ကာကွယ်ခြင်းနှင့် လူကုန်ကူးသူများကို အပြစ်ပေးရေး ဟူ၍ အရေးပါသည့် နည်းလမ်း သုံးရပ်ကို တင်ပြထားသည်။ ကွန်ဂရက် ခေါင်းဆောင်များက လိင်ကိစ္စအတွက် လူကုန်ကူးခြင်း ဆိုင်ရာ ဥပဒေကို ၁၉၉၉ ခုနှစ်တွင် မိတ်ဆက်ခဲ့ပြီး ယင်းကို နောက်ပိုင်းတွင် လူကုန်ကူးမှု ပုံစံ အားလုံး ပါဝင်အောင် အကျယ်ချဲ့ခဲ့သည်။ ၂၀၀၀ ပြည့်နှစ် နှောင်းပိုင်းတွင် သမ္မတ ကလင်တန်က လူကုန်ကူး ခံရသူများအား ကာကွယ်ရေး ဆိုင်ရာ အက်ဥပဒေကို ဥပဒေအဖြစ် ပြဋ္ဌာန်းရန် လက်မှတ်ရေးထိုးခဲ့သည်။

ထိုဥပဒေ၏ ရည်ရွယ်ချက်မှာ စိတ်ဝင်စားစရာကောင်းပြီး နားလည်ရန် အရေးကြီးသည်။ ၁၉၉၀ ပြည့်လွန်နှစ်လယ်ပိုင်းတွင် အမေရိကန် တရားရုံးများသို့ လူကုန်ကူးမှု ဖြစ်ရပ် အများအပြား ရောက်ရှိလာသည်။ ၁၉၉၅ ခုနှစ်တွင် လုပ်သား လူကုန်ကူးမှု ဖြစ်ရပ်ကြီး နှစ်ခုကို ထုတ်ဖော် နိုင်ခဲ့သည်။ နားမကြားသူ မက္ကဆီကို နိုင်ငံသား တစ်ရာခန့်ကို နယူးယောခ်တွင် အလှဆင်ဘူးလေးများ လှည့်လည် ရောင်းချရန် အတင်းအဓမ္မ ခိုင်းစေခံနေရကြောင်း တွေ့ရှိရသည်။ နောက်ဖြစ်ရပ်တွင်မူ ထိုင်းလူမျိုး ၇၀ ဦးခန့်အား ကယ်လီဖိုးနီးယားပြည်နယ် အယ်လ်မွန်တီရှိ အလုပ်ရုံ တစ်ခုတွင် သော့ပိတ် ထိန်းသိမ်းထားပြီး ခိုင်းစေခံရကြောင်း တွေ့ရသည်။ အချို့သူများမှာ ၇ နှစ်ခန့်ပင် ထိန်းသိမ်းခံထားရသည်။ ကံဆိုးစွာပင် အစိုးရ ရှေ့နေများအတွက် လူများကို စိတ်ပိုင်းဆိုင်ရာအရ ဖိအားပေးကာ ကျွန်ပြု ခိုင်းစေခြင်းနှင့် ဆိုင်သည့် ပြဿနာများကို ကိုင်တွယ်သည့် ဥပဒေ ရှိမနေပေ။ TVPA မတိုင်မီက အမေရိကန် နိုင်ငံ၏ ဥပဒေများသည် ကျွန်ပြုသည့် ဖြစ်ရပ်များတွင် ရုပ်ပိုင်းဆိုင်ရာအရ ဖိအားပေးခြင်းကိုသာ အသိအမှတ်ပြုသည်။ ထိုဖြစ်ရပ်များက နိုင်ငံ နယ်နမိတ် ဖြတ်ကျော်ရန် သဘောတူပြီး လာရောက်ခဲ့သော်လည်း လိမ်ညာခံရခြင်း၊ ဖိအားပေး ခံရခြင်းနှင့် အကြမ်းဖက်ခံရခြင်း အခြေအနေများ ကြုံတွေ့သူများ အတွက် အထူး အလေးထားမှု လိုအပ်နေကြောင်း ပြသခဲ့သည်။

ချောင် (Chuang) (2006) က ထိုဖြစ်ရပ် နှစ်ခုသည် ကွန်ဂရက် အမတ်များကို ပို၍ ပြည့်စုံသော လူကုန်ကူးမှု တိုက်ဖျက်ရေး ဥပဒေ ပြဋ္ဌာန်းစေခဲ့သည်ဟု ဆိုသော်လည်း ၁၉၉၉ ခုနှစ်အထိ ကွန်ဂရက်တွင် ထိုဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်း မရှိသည်မှာ သိသာ ထင်ရှားလှသည်။ ထိုဖြစ်ရပ် များသည် အလုပ်သမားများအပေါ် ခေါင်းပုံဖြတ်မှုအား သတိပြုမိလာစေရန် အရေးပါသော်လည်း ယင်းတို့မှာ ကွန်ဂရက်ကို လူကုန်ကူးမှု တိုက်ဖျက်ရေး ဥပဒေ ပြဋ္ဌာန်းစေခဲ့သည့် အဓိက အချက်တော့ မဟုတ်ပေ။ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်များသည် အမေရိကန် ကွန်ဂရက်နှင့် အန်ဂျီအိုများက လူကုန်ကူးမှု ကိစ္စရပ်များအပေါ် လုပ်ဆောင်ချက်များအား ပံ့ပိုးရန် ပူးပေါင်း ခဲ့ရာတွင် အခရာကျသည်။ လူကုန်ကူးမှု၊ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံ ဖြတ်မှုအတွက် လူကုန်ကူးမှု ဆိုင်ရာ ကွန်ဂရက် ကြားနာမှု အများအပြား ပြုလုပ်ခဲ့သည့်အပြင် ကွန်ဂရက် အဖွဲ့ဝင်များက လူကုန်ကူးခြင်းနှင့် လိင်လုပ်ငန်းအတွက် လူကုန်ကူးခြင်းတို့နှင့် စပ်လျဉ်းပြီး ဥပဒေကြမ်း အမျိုးမျိုး တင်သွင်းခဲ့သည် (Hyland, 2001, pp. 60-1)။

လူကုန်ကူးမှုအတွက် မူဝါဒ ဖော်ထုတ်ရေးတွင် ကူညီပံ့ပိုးခဲ့သည့် ကွန်ဂရက် အမတ်များသည် လက်ရှိတွင် ဖျက်သိမ်းသွားပြီ ဖြစ်သော အန်ဂျီအို တစ်ခုဖြစ်သည့် Global Survival Network (GSN) မှ တင်ပြသော သက်သေများကြောင့် များစွာ စိတ်အားတက်ခဲ့ရသည်။ ထိုသက်သေများအရ ယခင် ဆိုဗီယက် ပြည်ထောင်စုမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အမေရိကန်နှင့် အနောက် ဥရောပ နိုင်ငံများသို့ ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ရန် လူကုန်ကူး ခံရကြောင်း တွေ့ရသည်။ ၁၉၉၉ ခုနှစ် ဇွန်လ ၂၈ ရက်တွင် ကွန်ဂရက်အမတ် ခရစ်(စ်) စမစ် (Chris Smith) (R-NJ) က “လိင်ကုန်ကူးခြင်း၊ အမျိုးသမီးများနှင့် ကလေးငယ်များကို ဥရောပနှင့် အမေရိကန် နိုင်ငံသို့ လူကုန်ကူးခြင်း” ဟု အမည်ရသည့် ကြားနာမှု တစ်ခုကို ကျင်းပခဲ့သည်။ ထိုကြားနာပွဲတွင် လွှတ်တော်အမတ် စမစ်က အောက်ပါအတိုင်း ပြောကြားခဲ့သည်။

*လူကုန်ကူးမှုသည် အာရှနိုင်ငံများအတွက် ပြဿနာ တစ်ရပ် ဖြစ်နေသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီ ဖြစ်သည်။ သို့ရာတွင် ဥရောပ အရှေ့အလယ်ပိုင်းတွင် ကွန်မြူနစ် ဝါဒ ကျဆုံးပြီး ဆိုဗီယက် ပြည်ထောင်စု*

*ပြိုကွဲသွားသည့် အချိန်၌ OSCE (ဥရောပတိုက် လုံခြုံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့) နိုင်ငံများတွင် လိင်ကုန်ကူးခြင်း စတင် ဖြစ်ပေါ်လာခဲ့သည်။* ထိုဆိုးရွားသည့် ကုန်သွယ်မှုသည် ဆယ်စုနှစ် တစ်ခုအတွင်း သိသိသာသာပင် ကြီးထွားလာခဲ့သည်။ လူကုန်ကူးသည့် ကွန်ရက်များသည် ထိလွယ်ခိုက်လွယ်သော အမျိုးသမီးများနှင့် ကလေးများကို ခေါင်းပုံဖြတ် ကြသည်။ အရှေ့ ဥရောပတွင် စီးပွားရေး ကျဆင်းနေလေရာ လွတ်လပ်ခါစ နိုင်ငံများမှ အမျိုးသမီးများသည် အလုပ်အကိုင် မရှာဖွေနိုင်ဘဲ ဖြစ်နေပြီး လူကုန်ကူးသူများအတွက် သားကောင် မရှားပါးပေ။

GSN မှ ပေးသည့် သက်သေများက ၁၂ ရာစု အစောပိုင်းတွင် လူဖြူကျွန်ပြုမှုကြောင့် အလုံးစုံ ဖျက်သိမ်းရေး သမားများ ခံစားခဲ့ရသည့် ခံစားချက်များနှင့် သနားကြင်နာစိတ်များကို ထပ်မံ ပေါက်ဖွားလာစေပြန်သည်။ အမေရိကန် မူဝါဒ ချမှတ်သူများက အရှေ့ဥရောပနှင့် ယခင် ဆိုဗီယက် ပြည်ထောင်စုမှ အမျိုးသမီးများကို အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ် လုပ်ခိုင်းသည့် ပြဿနာ အပေါ် အရေးဆို ချဉ်းကပ်ခြင်းများကို တုံ့ပြန်ခဲ့သည်။ တစ်ဘက်တွင်မူ ၎င်းတို့က လုပ်အားအတွက် လူကုန်ကူးခြင်း ပြဿနာ (သို့) ကမ္ဘာပေါ်ရှိ အခြားနေရာများတွင် ဖြစ်ပွားနေသည့် လူကုန်ကူးမှု ပြဿနာများအတွက်မူ အလေးစိုက်မှု သိပ်မရှိခဲ့ပေ။

## ကျင့်ဝတ်အရ အာဏာ ရှိခြင်းနှင့် အမေရိကန် နိုင်ငံ၏ စံနှုန်းများကို နိုင်ငံခြားသို့ ပြန့်ပွားစေခြင်း

ရာစုနှစ် တစ်ခုကျော်အထိ လူကုန်ကူးမှုသည် ပြန်လည် တုံ့ပြန်ရန် ကျင့်ဝတ်အရ တာဝန် ရှိသည့် ပြဿနာရပ် တစ်ခု ဖြစ်သည်။ ယင်းမှာ အခြားသူများ အမြတ်အစွန်း ရရှိရန်အတွက် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အဓမ္မပြုကျင့်ခြင်း၊ အမျိုးသမီးများနှင့် အမျိုးသားများ၏ လုပ်အားကို ဆိုးဆိုးရွားရွား ခေါင်းပုံ ဖြတ်ခြင်း၊ ကလေးငယ်များကို အလွဲသုံးစား လုပ်ဆောင် ခြင်းတို့ ကဲ့သို့သော အခြေအနေများနှင့် သက်ဆိုင်သည်။ လူ့အခွင့်အရေး လှုပ်ရှားသူများနှင့် အမျိုးသမီး ဝါဒီများကို ကိုယ်စားပြုသည့် လစ်ဘရယ်များနှင့် အလုံးစုံ ဖျက်သိမ်းရေး အမျိုးသမီး ဝါဒီများနှင့် ရှေးရိုးစွဲများ၊ အမေရိကန် နိုင်ငံမှ ဘာသာရေး လက်ယာယိမ်းများကို ကိုယ်စားပြုသည့် ရှေးရိုးစွဲများအကြား နိုင်ငံရေးအရ ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် အငြင်းပွားမှုများသည် လူကုန်ကူးမှုကို နိုင်ငံရေး အာဂျန်ဒါတွင် အဆင့် တစ်ခုသို့ မြင့်တက်စေခဲ့သည်။ ပြည့်တန်ဆာ လုပ်ငန်းနှင့် လူကုန်ကူးမှုကို ချိတ်ဆက်ရန် ဘာသာရေးအရ ရှေးရိုးစွဲများနှင့် အလုံးစုံ ဖျက်သိမ်းရေး အမျိုးသမီး ဝါဒီများ၏ ပူးပေါင်းမှုက ကွန်ဂရက်နှင့် သမ္မတရုံး ဌာနခွဲများ၊ အထူးသဖြင့် ရီပါဘလစ်ကန်များ၏ လူကုန်ကူးမှု ကိစ္စရပ်အပေါ် စိတ်ဝင်စားမှုအား ထိန်းသိမ်းထားနိုင်ခဲ့ပြီး နှစ်အနည်းငယ်အကြာတွင် TVPA ကို ပြဋ္ဌာန်းခဲ့သည်။

နိုင်ငံ ဖြတ်ကျော် လှုပ်ရှားကာ ထောက်ခံ လှုပ်ရှားသည့် ကွန်ရက်များ ပေါ်ထွန်းလာမှုအကြောင်း အစောပိုင်း ရေးသားမှုများက လူ့အခွင့်အရေး၊ သဘာဝ ပတ်ဝန်းကျင် ဖျက်ဆီးခြင်း (သို့) အမျိုးသမီးများ၏ လူ့အခွင့်အရေး ကဲ့သို့သော ကိစ္စရပ်များတွင် လှုပ်ရှားရန် ကျင့်ဝတ်အရ တာဝန် ရှိသည် (သို့) အလောတကြီး လုပ်ဆောင်ရမည်ဟု ရှုမြင်သောကြောင့် လူများနှင့် အဖွဲ့အစည်း များသည် ကွန်ရက် ဖွဲ့ကြသည်ဟု ဆိုသည်။ သို့ရာတွင် ထိုအမြင်ကို အခြားသူများက ကန့်ကွက်ခဲ့ပြီး တက်ကြွ လှုပ်ရှားမှုများသည် နိုင်ငံရေးနှင့် ပို၍ သက်ဆိုင်ပြီး ယင်းကို ကျင့်ဝတ် ဆိုင်ရာ ကိစ္စရပ် တစ်ခုအဖြစ် ပုံဖော်ကြခြင်း ဖြစ်သည်ဟု ဆိုသည်။ ကလစ်ဖို့ဒ် ဘော့ဘ် (Clifford Bob) (2005) က အဘယ်ကြောင့် အချို့သော ကိစ္စရပ်များကို နိုင်ငံတကာ

အာဂျင်ဒါတွင် ထည့်သွင်းကြပြီး အချို့ကို လျစ်လျူရှုကြသနည်း ဟူသည့် မေးခွန်းကို မေးမြန်းခဲ့သည်။ သူက ရှင်းလင်းချက် အများအပြားကို တင်ပြခဲ့သည်။ ရှေးဦးစွာ ပြည်တွင်းမှ အုပ်စုများသည် ၎င်းတို့၏ မကျေနပ်ချက်များကို အခွင့်အရေး တောင်းဆိုချက်များအဖြစ် ပြောင်းလဲကြသည်။ ဒုတိယအနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး အန်ဂျီအိုများသည် ထိုတောင်းဆိုချက်များကို စစ်ထုတ်ကာ မည်သည့် အကြောင်းအရာကို နိုင်ငံတကာ အဆင့်သို့ တင်ပေးသင့်သနည်းဟု ဆုံးဖြတ်ရာတွင် ဆုံးဖြတ်သူများ အဖြစ် ပါဝင်ကြသည်။ တတိယ အနေဖြင့် နိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် တောင်းဆိုချက် များကို ဥပဒေပြုပြီး အင်စတီးကျူးရှင်းတစ်ခု အဖြစ် တည်ဆောက်ခြင်းဖြင့် ယင်းတို့ကို အခွင့်အရေးအဖြစ် အဓိပ္ပာယ် ပြန်ဆိုကြသည် (Hertel, 2006, p. 15)။

ကုလသမဂ္ဂက ပါလာမို နောက်ဆက်တွဲ စာချုပ်ကို ထုတ်ပြန်ခဲ့ပြီး အမေရိကန် နိုင်ငံက TVPA ကို ပြဋ္ဌာန်းခဲ့သည့် နောက်တွင် အမျိုးသမီးများကို လူကုန်ကူးခြင်းအား ဆန့်ကျင်ခြင်း ဆိုင်ရာ ကမ္ဘာ့ မဟာမိတ် (Global Alliance Against Traffic in Women (GAATW)) နှင့် အမျိုးသမီးများအား လူကုန်ကူးမှုကို တိုက်ဖျက်ရေးဆိုင်ရာ ညွန့်ပေါင်း အဖွဲ့ (Coalition Against Traffic in Women (CATW)) ကဲ့သို့သော နိုင်ငံတကာ ကမ်ပိန်းများသည် ပြည့်တန်ဆာအဖြစ် ခိုင်းစေရန် လူကုန်ကူးခြင်းနှင့် စပ်လျဉ်း၍ ၎င်းတို့၏ သဘောထားများကို ထောက်ခံ လှုပ်ရှားကြသည်။ ပါလာမို နောက်ဆက်တွဲ စာချုပ် ထုတ်ပြန်ပြီး နောက်တွင် လူ့အခွင့်အရေး အုပ်စုက အနိုင်ရရှိသလို ရှိခဲ့ပြီး GAATW က အစိုးရများကို ပါလာမို နောက်ဆက်တွဲ စာချုပ်အား လက်မှတ်ထိုးစေရန် ထောက်ခံ လှုပ်ရှားခဲ့ကြသည်။ သို့ရာတွင် ၂၀၀၁ ခုနှစ်တွင် TVPA ပြဋ္ဌာန်းပြီးနောက် အမေရိကန် အစိုးရသည် ဒီမိုကရက်မှ ရီပါဘလစ်ကန် အစိုးရ အဖြစ် ပြောင်းလဲ သွားခဲ့သည်။ လစ်ဘရယ် အစိုးရမှ လက်မှတ်ရေးထိုး ခဲ့သော်လည်း TVPA ကို ကွန်ဆာဗေးတစ် အစိုးရက အကောင်အထည် ဖော်ခဲ့ လေသည်။

ချောင် (2006) က TVPA သည် အမေရိကန်၏ စံနှုန်းများကို နိုင်ငံတကာသို့ ပြန့်ပွားစေခဲ့ပြီး ပါလာမို သဘောတူစာချုပ်က ဖန်တီးခဲ့သော အားနည်းသည့် နိုင်ငံတကာ ပူးပေါင်းမှု မူဘောင်ကို ပယ်ဖျက် နိုင်ခဲ့သည်ဟု ဆိုသည်။ ငွေကြေး မလုံလောက်မှု၊ စာချုပ် အကောင်အထည် ဖော်ရန် တာဝန် ပေးထားသည့် အားကောင်းသော ကုလသမဂ္ဂရုံး မရှိခြင်းတို့ကြောင့် ကုလသမဂ္ဂက နောက်ဆက်တွဲ စာချုပ်ကို တင်းတင်းကြပ်ကြပ် စည်းကြပ်နိုင်ခြေ မရှိသည့် အချက်အား အမေရိကန်နိုင်ငံက အခွင့်အကောင်း ယူခဲ့သည်။ နိုင်ငံတကာ ပူးပေါင်းရေး မူဘောင် ပြိုကွဲသွားခဲ့ပြီး လူကုန်ကူးမှု ကိစ္စရပ်တွင် ကမ္ဘာ တစ်ဝန်း ဦးဆောင်မည့်သူ လိုအပ်လာသည်။ ထို့နောက် အမေရိကန်က လူကုန်ကူးမှု တိုက်ဖျက်ရေးတွင် ကမ္ဘာ့ ပုလိပ်ကြီး အဖြစ် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို တဖြည်းဖြည်း အစားထိုး ဝင်ရောက်လိုက်တော့သည် (Chuang, 2006)။

အမေရိကန် နိုင်ငံက လူကုန်ကူးခြင်း အစီရင်ခံစာ (အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနက ၂၀၀၁ မှ စ၍ နှစ်စဉ် ထုတ်ပြန်ခဲ့သည်) တွင် နိုင်ငံများကို အဆင့်သတ်မှတ် ပေးခဲ့ပြီး ယင်းအပေါ် နိုင်ငံတကာ အသိုင်းအဝိုင်း၏ တုန့်ပြန်မှု အခြေအနေကို လေ့လာပြီးသည်နှင့် အမေရိကန် နိုင်ငံသည် ၎င်း၏ စည်းကြပ်သည့် အခန်းကဏ္ဍအပေါ် ယုံကြည်မှု ပိုမို မြင့်မားလာသည်။ TVPA တွင် နိုင်ငံခြားရေး မူဝါဒအဖြစ် ပိတ်ဆို့ ဒဏ်ခတ်ခြင်း ပါဝင်လေရာ ယင်းမှာ အမေရိကန် နိုင်ငံ၏ နယ်နမိတ်ကို ကျော်လွန်ပြီး အခြားနိုင်ငံများမှ လူကုန်ကူးမှု တိုက်ဖျက်ရေး မူဝါဒများကိုပါ လွှမ်းမိုး နိုင်သည်။ ထိုသို့ ပိတ်ဆို့ အရေးယူရန်

ခြိမ်းခြောက်ခြင်းက အမေရိကန် နိုင်ငံ၏ စံနှုန်းများကို နိုင်ငံတကာ စံနှုန်းများထက် ပိုမို အရေးပါ စေခဲ့သည်။ နိုင်ငံတကာ စံနှုန်းများမှာ အမေရိကန် နိုင်ငံ၏ စံနှုန်းများကဲ့သို့ အပြစ်ပေးနိုင်သည့် နည်းလမ်း မပါဝင်သောကြောင့် ဖြစ်သည် (Chuang, 2006, p. 439)။ ပိတ်ဆို့ အရေးယူခြင်းနှင့် အမေရိကန် အစိုးရ၏ အခြားနိုင်ငံများနှင့် ပုံမှန် ထိတွေ့ ဆက်ဆံမှုများက နိုင်ငံ အများအပြားကို လူကုန်ကူးမှုအား တိုက်ဖျက်ရန် ဥပဒေများနှင့် မူဝါဒများ ရေးဆွဲရာတွင် လွှမ်းမိုးခဲ့သည်။ စိတ်ဝင်စားဖွယ် အချက်မှာ အမေရိကန် နိုင်ငံသည် အခြား အစိုးရများကို ပါလာမို နောက်ဆက်တွဲ စာချုပ်ပါ စံနှုန်းများအား ရွေးချယ်၍၊ တစ်ခါတရံ မသဲမကွဲ ညွှန်းဆို၍ ကျင့်သုံးရန် အားပေးခြင်း ဖြစ်သည် (Chuang, 2006, pp. 439-40)။ အမေရိကန်က စံနှုန်း တစ်ခုမှ အပ ပါလာမို နောက်ဆက်တွဲပါ စံနှုန်းများ အားလုံးနီးပါးကို ထောက်ခံခဲ့သည်။ ယင်းစံနှုန်းမှာ နောက်ဆက်တွဲတွင် သတ်မှတ်ထားသည့် လိင်လုပ်ငန်းတွင် ခိုင်းစေရန် လူကုန်ကူးခြင်းနှင့် TVPA တွင် သတ်မှတ်ထားသည့် လိင်လုပ်ငန်းတွင် ခိုင်းစေရန် ဆိုးရွားသော လူကုန်ကူးမှု ပုံစံများအကြား ကွာခြားချက်ပင် ဖြစ်သည် (Chuang, 2006)။ အမေရိကန် နိုင်ငံ၏ အခြားနိုင်ငံများနှင့် ထိတွေ့ဆက်ဆံခြင်း ရလဒ်များက လူကုန်ကူးမှုအပေါ် ပိုမို မြင့်မားသည့် နိုင်ငံတကာ အလေးစိုက်မှု ရရှိစေပြီး ပြည်တွင်း၌ လူကုန်ကူးမှု တိုက်ဖျက်ရေး ဥပဒေများ ထွက်ပေါ် လာစေခဲ့သော်လည်း အမေရိကန် အစိုးရ၏ နည်းလမ်းများမှာ နယ်ချဲ့ပုံစံ ဆန်သည်ဟု ယူဆသူ အများအပြား ရှိသည်။ ထိုနည်းလမ်းသည် ဗီယင်နာ ဆွေးနွေးမှုများအတွင်း ရရှိခဲ့သော အားမကောင်းလှသည့် သဘောတူညီချက်များကို ထိခိုက်စေသောကြောင့် ဖြစ်သည်။ ၁၉၉၀ ပြည့်လွန်နှစ် နှောင်းပိုင်းများတွင် နိုင်ငံတကာ အသိုင်းအဝိုင်းက ဦးဆောင်ခဲ့သော လူကုန်ကူးမှု တိုက်ဖျက်ရေး လှုပ်ရှားမှုများသည် ၂၀၀၀ ပြည့်လွန်နှစ်များတွင် ပြည့်တန်ဆာ လုပ်ငန်း၏ သဘောသဘာဝအပေါ် ဆွေးနွေး ငြင်းခုံမှုများ ပြုလုပ်ရန် ပလက်ဖောင်း တစ်ခု ဖြစ်လာသည်။ ပြည့်တန်ဆာ လုပ်ငန်းနှင့် ယင်းတို့နှင့် လူကုန်ကူးမှုအကြား ဆက်စပ်မှု ဆိုင်ရာ နိုင်ငံတကာ ငြင်းခုံ ဆွေးနွေးမှုများသည် အမေရိကန် အခြေစိုက် အဖွဲ့အစည်းများ ရှိရာ ဝါရှင်တန် ဒီစီသို့ ရောက်ရှိသွားသည်။ အချို့သော အမေရိကန် အခြေစိုက် အဖွဲ့အစည်းများတွင် ပြည့်တန်ဆာ လုပ်ငန်းအား ဖျက်သိမ်းရန် သဘောထား ရှိကြပြီး အမေရိကန် အစိုးရက ၎င်းတို့ကို နိုင်ငံရေးနှင့် ဘဏ္ဍာရေး ထောက်ပံ့မှုများ ပေးထားသည်။ အမေရိကန် နိုင်ငံ၏ လူကုန်ကူးမှု အပေါ် နိုင်ငံခြားရေး မူဝါဒများသည် အပြောင်းအလဲကို အားပေးသလို ရန်လိုသည့် ပုံစံပေါက်သည်ဟုလည်း ရှုမြင်ကြသည်။ အမေရိကန် အခြေစိုက် အဖွဲ့အစည်းများကလည်း အထက်တွင် ဖော်ပြခဲ့သည့် ကမ္ဘာ တစ်ဝန်း ဦးဆောင်မည့်သူ မရှိသည့် အချက်ကို အခွင့်ကောင်း ယူခဲ့ကြသည်။ အခြား နိုင်ငံများနှင့် ဆက်ဆံရာတွင် ရန်လိုသည့် ပုံစံ ရှိသော မူဝါဒများ သိသိသာသာ မပြောင်းလဲသွားသော်လည်း အိုဘားမား အစိုးရ တာဝန် ရှိသူများက သဘောတရား မဆန်ဘဲ ပို၍ လက်တွေ့ဆန်ပြီး ငြင်းခုံမှုများ၏ ရှုထောင့် ပေါင်းစုံကို ကြည့်ရှုလေ့လာလိုစိတ် ရှိကြသည်။

| အနှစ်ချုပ် |
| --- |
| လူကုန်ကူး ခံရသူများကို အမေရိကန် နိုင်ငံ အနှံ့အပြားတွင် တွေ့နိုင်သည်။<br>လိင်ပိုင်းဆိုင်ရာအရ ခေါင်းပုံဖြတ်ရန် လူကုန်ကူးခြင်းက ပိုများသည်ဟု ယူဆကြသော်လည်း တွေ့ရှိချက်များအရ အတင်းအဓမ္မ အလုပ်ခိုင်းစေရန် လူကုန်ကူးခြင်းက ပို၍ ကြီးမားသော ပြဿနာ ဖြစ်သည်။<br>ကလင်တန် အစိုးရ လက်ထက်တွင် အမေရိကန် အစိုးရက လူကုန်ကူးမှု တိုက်ဖျက်ရန် စံနှုန်းများ ဖြစ်သည့် တားဆီးခြင်း၊ ကာကွယ်ခြင်းနှင့် အပြစ်ပေး အရေးယူခြင်းတို့ကို ဖော်ထုတ်ခဲ့သည်။ |

၁၉၉၀ ပြည့်လွန်နှစ်လယ်ပိုင်းတွင် သိသာထင်ရှားသည့် လုပ်သား လူကုန်ကူးခြင်း ဖြစ်ရပ်များ ဖြစ်ပွားခဲ့သော်လည်း အမေရိကန် ကွန်ဂရက် ခေါင်းဆောင်များသည် ဆိုဗီယက် ပြည်ထောင်စုဟောင်းမှ အမျိုးသမီးများအား ပြည့်တန်ဆာအဖြစ် လူကုန်ကူးခံရခြင်းကို သတိပြုမိ လာမှသာ လူကုန်ကူးခြင်းကို ဖြေရှင်းလိုစိတ် ရှိလာကြသည်။
အမေရိကန် နိုင်ငံက နိုင်ငံတကာတွင် လူကုန်ကူးခြင်း ဆိုင်ရာ စံနှုန်းများကို စည်းကြပ်ရာတွင် ကမ္ဘာ့ပုလိပ် တာဝန်ကို ယူခဲ့သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

အမေရိကန် နိုင်ငံက လူကုန်ကူးခြင်းနှင့် စပ်လျဉ်းပြီး ကမ္ဘာ့ပုလိပ် တာဝန် ယူခဲ့ခြင်း၏ ကောင်းကျိုးနှင့် ဆိုးကျိုးများက အဘယ်နည်း။

## နိဂုံး

သမိုင်းကြောင်းအရ အမြင်များကို လေ့လာရာတွင် ရာစုနှစ်တစ်ခုလုံး ဆင်တူသော နိုင်ငံရေး အပြုအမူများကို ထင်ထင်ရှားရှား တွေ့ရသည်။ ပုံသေကားချပ် အမြင်များကို ထိန်းသိမ်းထားပြီး ကမ္ဘာတစ်ဝန်းရှိ ကျဉ်းမြောင်းသော မူဝါဒများနှင့် စီမံချက်များကို လွှမ်းမိုးထားသည့် စိတ်ထိခိုက်ဖွယ်ရာ အသုံးအနှုန်းများကို ကျော်လွှားနိုင်ရန်မှာ အဖွဲ့အစည်းများ၊ တက်ကြွ လှုပ်ရှားသူများနှင့် ထောက်ခံ လှုပ်ရှားသူများအတွက် ခက်ခဲလှသည်။ သဘောတရားပိုင်းအရ လူကုန်ကူးမှု တိုက်ဖျက်ရေး လှုပ်ရှားမှုများ၏ သမိုင်းကြောင်းကို လေ့လာဆန်းစစ်ရန် အရေးပါလှသည်။ ထိုမှသာ အဖွဲ့အစည်းများ၏ သဘောထားများကို နားလည်နိုင်ပြီး ၎င်းတို့ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ဆက်ဆံပုံကို သိရှိနိုင်မည် ဖြစ်သည်။ အသုံးအနှုန်းများနှင့် ပုံဖော်ပုံများသည် မဟာမိတ်များ၊ ကွန်ရက်များ ဖြစ်ပေါ်လာရာတွင် အရေးပါသည့် အစိတ်အပိုင်းများ ဖြစ်သည်။ အိုဘားမား အစိုးရ လက်အောက်တွင် အယူအဆပိုင်းအရ ကွဲပြားသည့် အုပ်စုများမှာ သိသာထင်ရှားစွာ ရှိနေဆဲ ဖြစ်သည်။ သို့ရာတွင် ပြည်တွင်းနှင့် နိုင်ငံခြား၌ လူကုန်ကူးမှု တိုက်ဖျက်ရန်အတွက် ငွေကြေး ထောက်ပံ့မှု နည်းပါးလာခြင်းသည် ဘုရှ် အစိုးရ လက်ထက်က ထောင်လွှားခဲ့သည့် ဆိုးရွားသော ပုံဖော်မှုများကို အနည်းငယ် အသံတိတ်သွားစေခဲ့သည်။ သို့ရာတွင် ထိုရှုပ်ထွေးသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ငြင်းခုံမှုများ ဆက်လက်ရှိနေဦးမည်မှာတော့ မလွဲမသွေပင် ဖြစ်သည်။

မေးခွန်းများ

### တစ်ဦးချင်း လေ့လာရန် မေးခွန်းများ

၁။ လူများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များကို လူကုန်ကူးခြင်းအား တားဆီးခြင်း၊ နှိပ်ကွပ်ခြင်းနှင့် အပြစ်ပေးခြင်း ဆိုင်ရာ နောက်ဆက်တွဲ စာချုပ် (ပါလာမို နောက်ဆက်တွဲ စာချုပ်) မတိုင်မီက ရှိခဲ့သည့် နိုင်ငံတကာ စာချုပ်စာတမ်း အချို့မှာ အဘယ်နည်း။
၂။ ပါလာမို နောက်ဆက်တွဲ စာချုပ်၏ အားသာချက်နှင့် အားနည်းချက်များမှာ အဘယ်နည်း။

၃။ ပါလာမို စာချုပ်တွင် လူကုန်ကူးမှုကို အဓိပ္ပာယ် ဖွင့်ဆိုပုံနှင့် အမေရိကန် နိုင်ငံ၏ လူကုန်ကူးခံရသူများ ကာကွယ်ရေး အက်ဥပဒေတွင် လူကုန်ကူးမှုကို အဓိပ္ပာယ် ဖွင့်ဆိုပုံတို့ မည်သို့ ကွာခြားသနည်း။
၄။ နောက်ဆက်တွဲ စာချုပ်ကို ဗီယင်နာတွင် ဆွေးနွေးခဲ့စဉ်က အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအကြား အထင်ရှားဆုံး တင်းမာမှုမှာ အဘယ်နည်း။
၅။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် နိုင်ငံတကာ အသိုင်းအဝိုင်း၏ လူကုန်ကူးမှုအပေါ် စိတ်ပါဝင်စားမှုများ မည်ကဲ့သို့ ပြန်လည် မြင့်တက်လာခဲ့သနည်း။
၆။ အမေရိကန် နိုင်ငံ ကြုံတွေ့ခဲ့ရသည့် လူကုန်ကူးမှု ပြဿနာ၏ သဘောသဘာဝမှာ အဘယ်နည်း။

## အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ

၁။ ၂၀ ရာစု အစနှင့် ၂၁ ရာစု အစတို့တွင် လူကုန်ကူးမှုကို ပုံဖော်သည့် ပုံစံများအကြား တူညီချက်နှင့် ကွာခြားချက်များမှာ အဘယ်နည်း။
၂။ လူကုန်ကူးမှု တိုက်ဖျက်ရေး ဆိုင်ရာ စံနှုန်းများ မည်ကဲ့သို့ ထွက်ပေါ်လာသနည်း။
၃။ နိုင်ငံတကာ အမျိုးသမီးများ၏ လူ့အခွင့်အရေး လှုပ်ရှားမှုများက လူကုန်ကူးမှု တိုက်ဖျက်ရေး ကမ္ဘာ့ လှုပ်ရှားမှုများနှင့် မည်ကဲ့သို့ ဆက်စပ်နေသနည်း။
၄။ အမေရိကန် အစိုးရနှင့် အဖွဲ့အစည်းများက လူကုန်ကူးမှု တိုက်ဖျက်ရန် စံနှုန်းများ ဖြန့်ဝေရာတွင် မည်သည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သနည်း။
၅။ လူကုန်ကူးမှု ဆိုင်ရာ တက်ကြွ လှုပ်ရှားမှုများ ထွက်ပေါ်လာစေရေးတွင် ကျွန်စနစ်ဆိုင်ရာ ပြောဆို ရေးသားမှုများက မည်သည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သနည်း။
၆။ အမေရိကန် နိုင်ငံတွင် လူကုန်ကူးမှုကို တိုက်ဖျက်ရန် အမေရိကန် ကွန်ဂရက် ခေါင်းဆောင်များကို မည်သည့်အရာများက တွန်းအား ပေးခဲ့သနည်း။

## ဆက်လက် ဖတ်ရှုရန်


**Anderson, B.** and **O'Connell Davidson, J.** (2002). Trafficking—A Demand Led Problem? Washington, DC: Save the Children.
စာရေးသူများက လူကုန်ကူးမှု၏ ဝယ်လိုအားဘက်နှင့် ပတ်သက်သည့် ငြင်းခုန်မှုများနှင့် သုတေသနများကို ဆွေးနွေးထားသည်။ လူကုန်ကူးမှု၏ ဝယ်လိုအားဘက်ကို ထိုက်စွာရပ်အား အဓိပ္ပာယ် ဖွင့်ဆိုပုံနှင့် နိုင်ငံရေး စိန်ခေါ်မှု အမျိုးမျိုးက ပြဿနာ ဖြစ်စေသည်။ ရောင်းလိုအားနှင့် ဝယ်လိုအား ဆိုင်ရာ မေးခွန်းများကို ဈေးကွက် လေ့လာဆန်းစစ်ခြင်းများမှ ခွဲခြား၍ မရပေ။

**Bales, K.** and **Lize, S.** (2005). *Trafficking in Persons in the United States.* Washington, DC: National Institute of Justice.
National Institute of Justice က ထောက်ပံ့ပေးခဲ့သော ဘေးလ်နှင့် လစ်ဇ်တို့၏ သုတေသနသည် အမေရိကန် နိုင်ငံသို့ လူများ လူကုန်ကူး ခံရပုံနှင့် အမေရိကန် အစိုးရက တည်ဆဲ ဥပဒေများကို အသုံးပြုကာ ထိုပြဿနာကို ဖြေရှင်းပုံများအား လေ့လာထားသည်။

**Barry, K.** (1979). *Female Sexual Slavery.* New York: New York University Press.
အလုံးစုံ ဖျက်သိမ်းရေး အမျိုးသမီး ဝါဒီဟု ယူဆရသည့် ဘယ်ရီက အမျိုးသမီးများကို ခေါင်းပုံဖြတ်ကာ အရာဝတ္ထုသဖွယ် အသုံးချခြင်းအား ခွင့်ပြုထားသည့် လူမှု အင်စတီကျူးရှင်းများ တည်ဆောက်ရာတွင် အမျိုးသားများက တာဝန်ရှိသည်ဟု တင်ပြထားသည်။

**Chuang, J.** (2006). The United States as global sheriff: Using unilateral sanctions to combat trafficking. *Michigan Journal of International Law*, **27**/2, 437–94.
ချောင်က အမေရိကန် အစိုးရသည် လူကုန်ကူးမှု ဆန့်ကျင်ရေး စံနှုန်းများကို ကမ္ဘာတစ်ဝန်း စည်းကြပ်သည့် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို ထိခိုက်စေပြီး လွှဲပြောင်းယူခဲ့သည်ဟု ဆိုခဲ့သည်။ ၂၀၀၀ ပြည့်နှစ် လူကုန်ကူးခံရသူများ ကာကွယ်ရေး ဆိုင်ရာ အက်ဥပဒေကို မလိုက်နာသော အခြားအစိုးရများအပေါ် အမေရိကန် အစိုးရက ပိတ်ဆို့မှုများ ချမှတ်ခြင်း၏ အသုံးဝင်ပုံကို သူမက မေးခွန်းထုတ်ခဲ့သည်။

**Doezema, J. (**2002). Who gets to choose? Coercion, consent and the UN trafficking protocol. *Gender and Development*, **10**/1, 20–7.
ဒိုဇီမာက လူကုန်ကူးခြင်းကို ပါလာမို နောက်ဆက်တွဲ စာချုပ်၌ ဝေဝေဝါးဝါး အဓိပ္ပာယ် ဖွင့်ဆိုထားခြင်းသည် ပြည်တွင်း၌ လူကုန်ကူးမှု တိုက်ဖျက်ရေး ကြိုးပမ်းမှုများကို ထိခိုက်စေသည်ဟု ဆိုသည်။ သူမက ပြည့်တန်ဆာ ပြုခြင်းကို လူကုန်ကူးမှုအဖြစ် သတ်မှတ်သည့် ကမ္ဘာ့ စံနှုန်းများကို အဓိက စိုးရိမ် ပူပန်ပြီး မိမိဆန္ဒအလျောက် ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ခြင်းသည် ခေါင်းပုံ ဖြတ်မှု မဟုတ်ကြောင်း ပြင်းပြင်းထန်ထန် ယုံကြည်ထားသည်။

**Keck, M.** and **Sikkink, K.** (1998). *Activists Beyond Borders*. Ithaca, NY: Cornell University Press.
ကက်နှင့် ဆစ်နစ်က နိုင်ငံ ဖြတ်ကျော် လှုပ်ရှားဖွဲ့စည်း ထားကြသည့် တက်ကြွ လှုပ်ရှားသူ ကွန်ယက်များကို လေ့လာထားသည်။ ၎င်းတို့က နိုင်ငံဖြတ်ကျော် တက်ကြွ လှုပ်ရှားမှုများ၏ လူ့အခွင့်အရေး၊ သဘာဝ ပတ်ဝန်းကျင် နိုင်ငံရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကမ်ပိန်းများအပေါ် သက်ရောက်မှုများကို အာရုံစိုက်ထားသည်။

**Kempadoo, K.** (ed.) (2005). *Trafficking and Prostitution Reconsidered*. Boulder, CO: Paradigm Publishers.
ကန်ပါဒူနှင့် သူမ၏ လုပ်ဖော်ကိုင်ဖက်များက လူကုန်ကူးမှု ဖြစ်ရပ်ကို စိတ်ထိခိုက်ဖွယ် ရေးဖွဲ့ခြင်းအား ဆန့်ကျင်ထားသည်။ ဂလိုဘယ်လ်လိုက်ဇေးရှင်း ခေတ်တွင် နိုင်ငံ ဖြတ်ကျော် ပြောင်းရွှေ့ခြင်းများ၊ အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း၊ လိင်လုပ်ငန်းများနှင့် သက်မွေးမှု မဟာဗျူဟာများအပေါ် ရှုထောင့် တစ်မျိုးမှ ရှင်းပြထားသည်။

**Lim, L. L.** (ed.) (1998). *The Sex Sector.* Geneva: International Labour Office.

လင်းမ်နှင့် သူမ၏ လုပ်ဖော် ကိုင်ဖက်များက ပြည့်တန်ဆာ လုပ်ငန်းသည် ပုံစံ အမျိုးမျိုး ရှိသည့်အတွက် အခြား စီးပွားရေး ကဏ္ဍများနှင့်လည်း ဆက်စပ်နေသည်ဟု ဆိုသည်။ ပြည့်တန်ဆာ လုပ်ငန်းသည် အမျိုးသားများနှင့် အမျိုးသမီးများ၊ ကလေးများနှင့် မိဘများအကြား မညီမျှသည့် ဆက်ဆံရေးနှင့် ဆက်စပ်သော လူမှု ဖြစ်ရပ် တစ်ခုလည်း ဖြစ်သည်ဟု ဆိုသည်။

## ဝက်ဘ်ဆိုဒ်များ

**http://HumanTrafficking.org** အရှေ့တောင်အာရှ၊ အရှေ့အာရှနှင့် အမေရိကန် နိုင်ငံတို့မှ လူကုန်ကူးမှုများ ဆိုင်ရာ အင်တာနက် အရင်းအမြစ် ဖြစ်သည်။

**http://www.aaptip.org/ Australia–Asia** လူကုန်ကူးမှု တိုက်ဖျက်ရေး အစီအစဉ် ဖြစ်သည်။

http://ChildTrafficking.com Terre des Hommes Foundation မှ စုစည်းထားသည့် လူကုန်ကူးမှုနှင့် သက်ဆိုင်သော စာတမ်းများ ဆိုင်ရာ စာကြည့်တိုက် ဖြစ်သည်။

**http://un-act.org/** လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ပူးပေါင်းရေး လုပ်ငန်းစဉ်အဖွဲ့၏ ဝက်ဘ်ဆိုဒ် ဖြစ်သည်။

http://www.ungift.org လူကုန်ကူးမှု တိုက်ဖျက်ရေး ဆိုင်ရာ ကုလသမဂ္ဂ ကမ္ဘာ့ လှုပ်ရှားမှု၏ ဝက်ဘ်ဆိုဒ် ဖြစ်သည်။

http://www.state.gov/j/tip လူကုန်ကူးမှုကို စောင့်ကြည့်ရန်နှင့် တိုက်ဖျက်ရန် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ် ဖြစ်သည်။

## မှတ်စုများ

၁။ See Bristow (1977); Connelly (1980); Walkowitz (1980); Gibson (1986); Corbin (1990); Grittner (1990); Irwin (1996); Fisher (1997).

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၁၇) ကလေးသူငယ်များ၏ လူ့အခွင့်အရေးများအတွက် ထောက်ခံလှုပ်ရှားမှု

ဗာနက်ဆာပူပါဗက် (Vanessa Pupavac)

အခန်း မာတိကာ

- နိဒါန်း
- နိုင်ငံတကာ ကလေးသူငယ်များ၏ အခွင့်အရေးများ
- ကလေးသူငယ် အခွင့်အရေးများအတွက် အထူး စိန်ခေါ်မှုများ
- ကလေးဘဝကို တည်ဆောက်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း
- ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပုံစံမှ နိုင်းရ ဖွံ့ဖြိုးတိုးတက်မှု ပုံစံသို့
- ဖြစ်ရပ် လေ့လာခြင်း၊ ကလေးဘဝတွင် အပြစ်ပေးခြင်း
- နိဂုံး

စာဖတ်အညွှန်း

ယခုအခန်းတွင် ကမ္ဘာလုံးဆိုင်ရာ ကလေးသူငယ်များ၏ အခွင့်အရေးအတွက်ထောက်ခံလှုပ်ရှားမှုနှင့် သက်ဆိုင်သော သီအိုရီပိုင်းဆိုင်ရာနှင့် လက်တွေ့ပိုင်း ဆိုင်ရာ ပြဿနာများကို လေ့လာသွားပါမည်။ ရှေးဦးစွာ ကလေးသူငယ် အခွင့်အရေး၏ တမူထူးခြားပုံနှင့် ထိုအခွင့်အရေးများအတွက် အမှားအမှန် ခွဲခြားပေးနိုင်သူကို ရှာဖွေရန် ခက်ခဲသည့် အကြောင်းများကို ဆွေးနွေးထားသည်။ ကလေးသူငယ်များ၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို မည်သူက ဆုံးဖြတ်ပေးမည်နည်း၊ ယင်းတို့ကို မည်သူက အဓိပ္ပာယ် ဖွင့်ပေးမည်နည်း စသည်တို့မှာ ရှင်းရှင်းလင်းလင်း မရှိလှပေ။ ဒုတိယ အနေဖြင့် ဤအခန်းတွင် လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားမှု၏ တစ်ကမ္ဘာလုံးနှင့် အကျုံးဝင်သည် ဟူသော ဝါဒနှင့် ဖွံ့ဖြိုးတိုးတက်ရေး ထောက်ခံလှုပ်ရှားမှု၏ နှိုင်းရဝါဒ တို့အကြား ထိပ်တိုက် တွေ့မှုများကို ဆန်းစစ်ထားသည်။ ကလေးသူငယ်များ၏ အခွင့်အရေး ဆိုင်ရာ သုတေသနများကို လူမှုတည်ဆောက်ရေး (social constructivist) သီအိုရီများက လွှမ်းမိုးထားသည်။ အဆိုပါ သီအိုရီများသည် ကလေးဘဝ၏ သမိုင်းနှင့် ကလေးဘဝ၏ စံနှုန်းများကို အလေးပေး ဖော်ပြသည်။ အစောပိုင်း လူမှု တည်ဆောက်ရေး ချဉ်းကပ်ပုံများက ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် ပါဝင်သည့် ကလေးဘဝ ဟူသည့် သဘောတရားသည် အနောက်တိုင်း အတွေ့အကြုံများကို အခြေခံထားသည့် အနောက်တိုင်းမှ ဖန်တီး တည်ဆောက်မှု ဖြစ်ပြီး ဖွံ့ဖြိုးဆဲ နိုင်ငံများမှ ကလေးများ၏ အတွေ့အကြုံများကို ဖယ်ထုတ်ထားသည်ဟု ဆိုသည်။ ကလေးများ၏ အခွင့်အရေးအတွက် ထောက်ခံလှုပ်ရှားခြင်းက တစ်ကမ္ဘာလုံး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မရှိသေးဘဲနှင့် စက်မှု ဖွံ့ဖြိုးတိုးတက်ချိန်အတွင်း အချို့သော နိုင်ငံများတွင် ထွက်ပေါ်ခဲ့သော ကလေးဘဝ ဆိုင်ရာ စံနှုန်းများကို တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့စေခြင်း ဖြစ်သည်။ မကြာသေးမီက လူမှု တည်ဆောက်ရေး ချဉ်းကပ်ပုံက ကလေးသူငယ်များ၏ စံနှုန်းများကို မည်သို့ ဖန်တီး တည်ဆောက်ခဲ့သည်ကို စတင် အာရုံစိုက်လာပြီး ထို့နောက်တွင် ထိုစံနှုန်းများကို ပြန်လည် ပြောင်းလဲ တည်ဆောက်ခဲ့သည်။

ထိုချဉ်းကပ်ပုံများက နိုင်ငံတကာအတိုင်းဖြင့် မညီမျှမှုများရှိသည့် ကမ္ဘာ့ အုပ်ချုပ်မှု ကျယ်ပြန့်လာစေခြင်းကို ပြသနေသည်။ တတိယ အချက် အနေဖြင့် ယခုအခန်းတွင် ကမ္ဘာ့ ကလေးသူငယ်များ၏ အခွင့်အရေး ထောက်ခံလှုပ်ရှားမှု ဖြစ်ရပ်ကို လေ့လာသည့် အနေဖြင့် ကလေးသူငယ်များအား ရိုက်နှက် အပြစ်ပေးခြင်းကို ဖျက်သိမ်းရန် ကြိုးပမ်းမှုများအား ဆွေးနွေးသွားပါမည်။ ယခုအခန်းတွင် ကမ္ဘာတစ်ဝန်း ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ကြွယ်ဝမှုများ မဖြစ်ပွားဘဲနှင့် ကလေးသူငယ်များ၏ စံနှုန်းများကို တစ်ကမ္ဘာလုံး ပြဋ္ဌာန်းရန် ကြိုးပမ်းခြင်း၏ လူမှုရေးနှင့် နိုင်ငံရေး ပြဿနာများကိုလည်း တင်ပြသွားပါမည်။

## နိဒါန်း

ယခုအခါတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (Convention on the Rights of the Child (CRC)) အသက်ဝင်လာသည်မှာ ဆယ်စုနှစ် နှစ်ခုမျှ ရှိခဲ့ပြီ ဖြစ်သည် (ကုလသမဂ္ဂ အထွေထွေ ညီလာခံ၊ ၁၉၈၉)။ ထိုစာချုပ် ဖန်တီးခဲ့သည့် ခုနှစ်တွင် မွေးဖွားခဲ့သည့် ကလေးများပင် အရွယ်ရောက်ပြီးသူများ ဖြစ်နေပြီ ဖြစ်သည်။ စာချုပ် သက်တမ်းရင့်လာခြင်းက ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားသူများကို စာချုပ်၏ အကျိုးသက်ရောက်မှုများအား အကဲဖြတ် သုံးသပ်ရန် တွန်းအားပေးလာသည်။ CRC သည် ယခင်က ကလေးသူငယ်များအတွက် နိုင်ငံတကာ အခွင့်အရေးများ မရှိခြင်းကို ကျော်လွှားနိုင်ခဲ့ပြီး ကလေးသူငယ်များအတွက် ကမ္ဘာ့ ပထဝီ နိုင်ငံရေး ဆိုင်ရာ လူမှု စာချုပ် တစ်ခုကို ဖန်တီးပေးခဲ့သည်ဟု ရှုမြင်ခဲ့သည်။ အမေရိကန်၊ ဆိုမာလီယာနှင့် တောင်ဆူဒန် နိုင်ငံများမှအပ နိုင်ငံအားလုံး နီးပါးက ထိုစာချုပ်ကို လက်မှတ် ရေးထိုးထားကြသည်။ ထောက်ခံလှုပ်ရှားသူများက ကလေးသူငယ်များ၏ အခွင့်အရေးများ အတွက် ဥပဒေများ ပြဋ္ဌာန်းခြင်းထက် ပိုသော ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အတားအဆီးများကို ဖြေရှင်းလိုကြပြီး CRC ၏ ပြဋ္ဌာန်းချက်များကို တစ်ကမ္ဘာလုံး၏ ယဉ်ကျေးမှုများတွင် ထည့်သွင်း လိုကြသည်။ ကလေးသူငယ်များ၏ အခွင့်အရေးများသည် တစ်ကမ္ဘာလုံးရှိ ကလေးငယ်များကို မည်သည့် အတိုင်းအတာအထိ မြှင့်တင်ပေးနိုင်သနည်း။ တစ်ကမ္ဘာလုံးရှိ မတူညီသော လူမှု အခြေအနေများတွင် ဥပဒေ စံနှုန်းများကို ယဉ်ကျေးမှု စံနှုန်းများအဖြစ် မည်ကဲ့သို့ ပြောင်းလဲနိုင် မည်နည်း။ ယခုအခန်းတွင် ရှေးဦးစွာ ကမ္ဘာ့ ကလေးသူငယ်များ အခွင့်အရေး ထောက်ခံလှုပ်ရှားကြပုံနှင့် ကလေးသူငယ်များကို မြှင့်တင်ပေးခြင်း၏ ပြဿနာများကို ဆွေးနွေးသွားမည် ဖြစ်ပြီး ဒုတိယ အပိုင်းတွင် သဘောတူစာချုပ်နှင့် နိုင်ငံတကာ ဖွံ့ဖြိုးရေး ပုံစံများ အောက်ရှိ နိုင်ငံတကာ စံနှုန်းများ၏ ပွတ်တိုက်မှုများကို လေ့လာသွားပါမည်။ ကလေးသူငယ်များ၏ အခွင့်အရေးကို လေ့လာခြင်းက ပိုမို ကျယ်ပြန့်သော ကမ္ဘာ့ လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားမှုနှင့် သက်ဆိုင်သော ပြဿနာများကိုလည်း တွေ့ရှိလာစေနိုင်သည်။

## နိုင်ငံတကာ ကလေးသူငယ်များ၏ အခွင့်အရေးများ

ကလေးသူငယ် အခွင့်အရေးသည် သမိုင်းကြောင်းတွင် မကြာသေးမီကမှ ထွက်ပေါ်လာသည့် သဘောတရား ဖြစ်သည်။ ကလေးသူငယ် အခွင့်အရေးအတွက် လှုပ်ရှားမှုများ၏ မူလ ဇာစ်မြစ်ကို ၂၀ ရာစု အစတွင် စတင် တွေ့ရှိခဲ့ရသည်။ ပညာရေးနှင့် လူမှု ဖူလုံရေး ပံ့ပိုးပေးရန် နိုင်ငံတော်၏ အခန်းကဏ္ဍ ကျယ်ပြန့်လာခြင်းကြောင့်

ကလေးငယ်များနှင့် မိသားစုများအပေါ် ဥပဒေ၏ သက်ရောက်ပုံများအား စတင် စိတ်ဝင်စား လာကြသည်။ တရားသူကြီးများ၊ ရှေ့နေများ၊ နိုင်ငံရေး ပညာရှင်များနှင့် အစိုးရဝန်ထမ်းများက အစောပိုင်းက ဘာသာရေး အဖွဲ့အစည်းများ၊ ပရဟိတ အဖွဲ့များနှင့် လူမှု ဖူလုံရေး လုပ်ဆောင်သူများ၏ စိုးရိမ်ပူပန်မှုများကို လွှဲပြောင်း ယူလာကြသည် (Parton, 1985)။ ကလေးသူငယ်များ၏ လွတ်မြောက်မှု ဆိုင်ရာ သဘောတရားများသည် ၁၉၇၀ ပြည့်လွန်နှစ်များတွင် စတင် ထွက်ပေါ် လာခဲ့သော်လည်း ကလေးသူငယ်များ၏ အခွင့်အရေးများအတွက် ထောက်ခံလှုပ်ရှားခြင်းသည် သမားရိုးကျအားဖြင့် ကလေးများသည် ထိခိုက်နစ်နာသူများ ဖြစ်သည် ဟူသည့် အချက်ကို အာရုံစိုက်ကြသည်။ ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားသူများ၏ အဓိက စိုးရိမ်ပူပန်မှုများမှာ ကလေးများ၏ ဥပဒေ အခြေအနေသည် ၎င်းတို့၏ မိဘများနှင့် သပ်သပ်စီ ဖြစ်သည့် အချက်နှင့် ကလေးများကို ဥပဒေအရ ကိုယ်စားပြုရန် ပြဿနာ ဖြစ်သည်။

## နိုင်ငံတကာ ကလေးသူငယ် အခွင့်အရေး ဖြစ်ပေါ် ပြောင်းလဲမှု

နိုင်ငံတကာတွင် ကလေးသူငယ်များ၏ အခွင့်အရေးကို အသိအမှတ်ပြုရန် လှုပ်ရှားမှုများမှာ ပထမ ကမ္ဘာစစ် အပြီးတွင် စတင် ထွက်ပေါ်လာသည်။ ရှေးဦးစွာ လှုပ်ရှားခဲ့သူမှာ အင်္ဂလင်တန် ဂျက်ဘ် (Eglantyne Jebb) ဖြစ်သည်။ ငြိမ်းချမ်းရေး လိုလားသူ သူမအတွက် စစ်ပွဲများနှင့် အစောပိုင်း ပဋိပက္ခများအတွင်း အတွေ့အကြုံများက စစ်ပွဲ၏ ကလေးငယ်များအပေါ် သက်ရောက်မှုအား ရှုံ့ရှာ စက်ဆုပ် စေခဲ့သည်။ သူမက စစ်ပွဲများ အားလုံးသည် ကလေးများအပေါ် ဆင်နွှဲနေကြခြင်း ဖြစ်သည်ဟု ဆိုခဲ့သည် (quoted in Van Bueren, 1998, p. 8)။ သူမ၏ စိုးရိမ်ပူပန်မှုများက သူမကို ၁၉၁၉ ခုနှစ်တွင် Save the Children (ကလေးသူငယ်များကို ကယ်တင်ခြင်း) ရန်ပုံငွေအား ထူထောင်စေခဲ့ပြီး နိုင်ငံတကာ ကလေးသူငယ် အခွင့်အရေးများကို ရေးဆွဲ စေခဲ့သည်။ ဂျက်ဘ်သည် အသစ် ဖွဲ့စည်းထားသော နိုင်ငံပေါင်းချုပ် အသင်းကြီးထံ အရေးယူမှုများ ပြုရန် တောင်းဆိုခဲ့သည်။ နိုင်ငံ ပေါင်းချုပ် အသင်းကြီးက လွတ်လပ်ရေး ရပြီးစ အရှေ့ ဥရောပ နိုင်ငံများတွင် လူနည်းစု အုပ်စုများ၏ အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို စောင့်ကြည့်ရာတွင် ပါဝင်နေခဲ့သော်လည်း နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်ကို ပြဋ္ဌာန်းရန်မှု တွန့်ဆုတ် နေခဲ့သည်။ ထိုသို့ ဆိုသော်ငြားလည်း ၁၉၂၄ ခုနှစ်တွင် နိုင်ငံပေါင်းချုပ် အသင်းကြီးက ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည် (စာသေတ္တာ ၁၇.၁ တွင် ရှုပါ)။ ၁၉၂၄ ခုနှစ် ကြေညာချက်သည် အချက်တို ငါးချက်သာ ပါဝင်ပြီး နိုင်ငံပေါင်းချုပ် အသင်းကြီး၏ ပထမဆုံးသော လူ့အခွင့်အရေး စာတမ်း ဖြစ်ခဲ့သည် (Van Bueren, 1998, pp. 6-7)။ ကြေညာချက်က ကလေးငယ်များ၏ ဖူလုံရေးကို အဓိကထားပြီး ဥပဒေ ပြဋ္ဌာန်းခြင်းထက် ကလေးငယ်များ လုံခြုံပြီး ကျန်းမာသော ကလေးဘဝ ရရှိရေးဆိုင်ရာ နိုင်ငံတကာ မျှော်မှန်းချက်များကို ရောင်ပြန်ဟပ် နေသည်။ ဂျက်ဘ်က ပြည်တွင်း အချုပ်အခြာ အာဏာကို လူ့အခွင့်အရေး အောက်တွင်သာ ထားရှိရေး အပါဝင် ကိစ္စရပ် အများအပြားကိုလည်း တောင်းဆိုခဲ့သည်။ အောင်မြင်မှု မရခဲ့သော်လည်း သူမ၏ လုပ်ရပ်များသည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားမှုအတွက် ရှေ့ပြေး ဖြစ်ခဲ့သည်။

| စာသေတ္တာ ၁၇.၁။ ၁၉၂၄ ခုနှစ် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကြေညာချက် |
|---|
| ၁။ ကလေးသူငယ်များကို ပုံမှန် ဖွံ့ဖြိုးမှုအတွက် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ နည်းလမ်းများ ပံ့ပိုးပေးရမည်။ |

၂။ ကလေးသူငယ်များကို ဆာလောင်နေချိန်တွင် အစားအစာ ကျွေးရမည်။ နေမကောင်း ဖြစ်ချိန်တွင် ပြုစုရမည်။ ဖွံ့ဖြိုးမှု နှောင့်နှေးသော ကလေးများကို ကူညီရမည်။ သက်ငယ် ဆိုးသွမ်းသူများကို ပြန်လည် ပြုပြင် အဖတ်ဆယ် ပေးရမည်။ မိဘမဲ့နှင့် အိမ်ခြေရာမဲ့ ကလေးများကို နေစရာပေးပြီး ကူညီ ထောက်ပံ့ ပေးရမည်။

၃။ အတိဒုက္ခ ကျရောက်နေချိန်တွင် ကလေးငယ်များကို ပထမဦးဆုံး ကူညီ ထောက်ပံ့ ပေးရမည်။

၄။ ကလေးငယ်များကို အသက်မွေးဝမ်းကျောင်း နည်းပညာများ သင်ယူခွင့် ပေးရမည်။ ခေါင်းပုံဖြတ်မှု ပုံစံ အားလုံးမှလည်း ကာကွယ် ပေးရမည်။

၅။ ကလေးငယ်များကို ၎င်းတို့၏ အရည်အချင်းများသည် အခြား လူသားများအတွက် အကျိုးဖြစ်ထွန်း စေရမည် ဟူသည့် အချက်အား ခေါင်းထဲ သွင်းပေးရမည်။

**စာသေတ္တာ ၁၇.၂။ ၁၉၈၉ ခုနှစ် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ်**

အကြမ်းဖျဉ်း ဆိုရသော် စာချုပ်သည် P လေးလုံးနှင့် သက်ဆိုင်သည်။ မိမိတို့၏ အနာဂတ်အား သက်ရောက်မှု ရှိစေမည့် ဆုံးဖြတ်ချက် ချမှုများတွင် ကလေးငယ်များ ကိုယ်တိုင် ပါဝင်စေရန် (participation)၊ ခွဲခြား ဆက်ဆံမှုနှင့် လျစ်လျူရှုမှုနှင့် ခေါင်းပုံဖြတ်မှု ပုံစံများ အားလုံးမှ ကလေးငယ်များကို အကာအကွယ် ပေးရန် (protection)၊ ကလေးငယ်များကို အန္တရာယ် ပြုခြင်းအား တားဆီးရန် (prevention)၊ ၎င်းတို့၏ အခြေခံ လိုအပ်ချက်များအတွက် အကူအညီများ ပေးအပ်ရန် (provision of assistance) တို့ ဖြစ်ကြသည် (Van Bueren, 1998, p. 15)။

ထိုစာချုပ်က ကလေးသူငယ်များ မိမိ၏ သရုပ်သဏ္ဍာန်ကို ထိန်းသိမ်းခွင့်၊ မူလ အခြေချ နေထိုင်သူ ကလေးငယ်များက ၎င်းတို့ ကိုယ်ပိုင် ယဉ်ကျေးမှုအတိုင်း နေထိုင်နိုင်ရန်တို့ အပါအဝင် ကလေး သူငယ်များအတွက် ယခင် မရှိခဲ့ဖူးသော အခွင့်အရေး အသစ်များကို နိုင်ငံတကာ ဥပဒေအောက်တွင် ပြဋ္ဌာန်းပေးသည်။ ဒုတိယ အနေဖြင့် ထိုစာချုပ် မပြဋ္ဌာန်းမီ အချိန်အထိ ဒေသတွင်း လူ့အခွင့်အရေး သဘောတူစာချုပ်များရှိ ပြစ်မှုဆိုင်ရာ ဥပဒေများတွင်သာ အသိအမှတ်ပြုထားသော (သို့) သတ်မှတ်ထားသော ဥပဒေများကို ကမ္ဘာ့ သဘောတူစာချုပ်တွင် ပြဋ္ဌာန်းနိုင်ခဲ့သည်။ ဥပမာ ကလေးငယ်၏ အခွင့်အရေးကို ကလေးငယ်အား သက်ရောက်မှုရှိသည့် တရား စီရင်ရေး (သို့) အုပ်ချုပ်ရေး ကြားနာမှုများတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကြားနာရမည် ဟူသော အချက်နှင့် ကလေးများ၏ အမြင်များကို ထည့်သွင်း စဉ်းစားရမည် ဟူသော အချက်များ ဖြစ်သည်။ တတိယ အနေဖြင့် သဘောတူစာချုပ်က စာချုပ် အသက်မဝင်လာမီအထိ စည်းနှောင်မှုမရှိသော အကြံပြုချက်များတွင်သာ ဖော်ပြခဲ့ရသည့် အချက်များကို စည်းနှောင်မှု ရှိသည့် စံနှုန်းများအဖြစ် ဖန်တီးပေးနိုင်ခဲ့သည်။ ထိုအချက်များတွင် မွေးစားခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် အကာအကွယ် ပေးခြင်းများ ထည့်သွင်းရန်နှင့် စိတ်ပိုင်း ဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာအရ မသန်စွမ်းသော ကလေးငယ်များ၏ အခွင့်အရေးများ စသည်တို့ ပါဝင်သည်။

သဘောတူစာချုပ်က ပြဋ္ဌာန်းချက်များနှင့် ကလေးငယ်များ ကာကွယ်ခြင်းတို့နှင့် ပတ်သက်ပြီး တာဝန် အသစ်များကိုလည်း ပြဋ္ဌာန်းပေးထားသည်။ ထိုတာဝန်များတွင် ကလေးငယ်၏ ကျန်းမာရေးကို ထိခိုက်စေသော အလေ့အကျင့်များကို ဖျက်သိမ်းရန် နိုင်ငံတော်က ထိရောက်သော လုပ်ဆောင်ချက်များ

လုပ်ဆောင်ရန် တာဝန် (တိတိကျကျ မဖော်ပြထားသော်လည်း ယင်းအချက်တွင် အမျိုးသမီးငယ်များ၏ လိင်အင်္ဂါကို ဖြတ်တောက် ပြုပြင်ခြင်း ပါဝင်သည်) နှင့် လျစ်လျူရှု၊ အလွဲသုံးစားပြု၊ ခေါင်းပုံဖြတ်ခံရသော ထိခိုက်နစ်နာသူ ကလေးငယ်များကို ပြန်လည် ထူထောင်ပေးရေး နည်းလမ်းများ လုပ်ဆောင်ပေးရန်တို့ ပါဝင်သည်။

အချက် ၁၀ ချက် ပါဝင်သော ကလေးငယ်များ အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက် (၁၉၅၉) သည် နိုင်ငံ ပေါင်းချုပ် အသင်းကြီး၏ ကြေညာချက်ထက် အနည်းငယ် ပိုရှည်ခဲ့သည်။ ၁၉၅၉ ကြေညာချက်က ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် ဆက်စပ်နေပြီး အထူးသဖြင့် မသန်စွမ်း ကလေးငယ်များကို ကာကွယ်ပေးရေးနှင့် ကလေးငယ်များ၏ ဖွံ့ဖြိုးမှုကို ထိခိုက်စေသော လျစ်လျူရှုမှုများနှင့် အလုပ်များမှ အကာအကွယ် ရရှိစေခြင်းတို့က ၎င်း၏ ပြဋ္ဌာန်းချက်များကို ဖြည့်ဆည်းပေးသည် (Van Bueren, 1998, pp. 10-11)။ ကြေညာချက်၏ အချို့သော အချက်များမှာ အစောပိုင်း ကြေညာချက်နှင့် တိုက်ရိုက် တူညီနေသည်။ မှတ်ချက် ပေးသူများက ကြေညာချက်၏ အထူးအကာအကွယ်ပေးမှု စည်းမျဉ်းကို အသိအမှတ်ပြုထားခြင်းနှင့် ကလေးသူငယ်များအတွက် အကောင်းဆုံးသော အကျိုးစီးပွားအား အရေးအပါဆုံး အချက်အဖြစ် စဉ်းစားထားသည် ဟူသည့် အချက်များကို မီးမောင်းထိုးပြကြသည် (Van Bueren, 1998, p. 11)။ ထိုအကြောင်းအရာများကို ပို၍ ပြည်စုံသော ၁၉၈၉ ခုနှစ် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ် ရေးသားရာတွင် ထည့်သွင်းခဲ့သည် (စာသေတ္တာ ၁၇.၂ တွင် ရှုပါ)။

### ၁၉၈၉ ခုနှစ် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်

၁၉၅၉ ခုနှစ် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက် ထုတ်ပြန်ပြီး နှစ်နှစ်ဆယ် အကြာ၊ ကလေးသူငယ် ခုနှစ်ဟု သတ်မှတ်ထားသော နှစ်တွင် ပိုလန်နိုင်ငံက ကလေးသူငယ်များ၏ အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် ပြဋ္ဌာန်းရန် တောင်းဆိုခဲ့သည်။ ၁၉၅၀ ပြည့်လွန်နှစ်များမှ စ၍ ပိုလန်နိုင်ငံသည် ထိုစာချုပ်ကို ထောက်ခံခဲ့သည်။ တင်ပြခဲ့သော စာချုပ်က ၁၉၅၉ ခုနှစ် ကြေညာချက်နှင့် တူညီသော်လည်း (Van Bueren, 1998, p. 14) ဆယ်စုနှစ် တစ်ခုအကြာ ၁၉၈၉ ခုနှစ်တွင် သဘောတူခဲ့သော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် နောက်ဆုံး ပုံစံက အပိုဒ် ၅၄ ခု ပါဝင်ပြီး ပို၍ အသေးစိတ် ကျခဲ့သည်။ စာချုပ်ရေးဆွဲခြင်းက အခြားသော လူ့အခွင့်အရေး ဖြစ်ပေါ်တိုးတက်မှု များနှင့် ပြိုင်တူ ဖြစ်ပွားခဲ့ပြီး ယင်းတို့ကို ထင်ဟပ်ပြ နေသည်။ စာချုပ်က မျိုးဖောက်ရ ဟူသည့် လွတ်လပ်ခွင့်များထက် ဖြည့်ဆည်းပေးရမည့် အခွင့်အရေးများကို ပိုအာရုံစိုက်ထားပြီး သာမာန် နိုင်ငံတကာ (သို့) ဒေသဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှု ဥပဒေများကို ပေါင်းစပ်ထားခြင်းထက် ပိုခဲ့သည် (Van Bueren, 1998, pp. 13-16; စာသေတ္တာ ၁၇.၂ တွင် ရှုပါ)။ အန်ဂျီအိုများသည် CRC ရေးဆွဲရာတွင် သိသာထင်ရှားသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး စာချုပ် အရှိန်ရလာအောင်လည်း တွန်းအား ပေးခဲ့သည်။ ကလေးငယ်များ အရေးက ကမ္ဘာပေါ်တွင် အားလုံး စိုးရိမ်ပူပန်ကြသော ကိစ္စရပ် ဖြစ်ခြင်းကလည်း ထိုလုပ်ဆောင်ချက်များကို အထောက်အကူပြုခဲ့သည် (Black, 1996; Detrick, 1992)။ ကလေးသူငယ်များ၏ အခွင့်အရေးများသည် ရုတ်တရက် ကြည့်လျှင် မသိသာသော်လည်း ပို၍ နက်ရှိုင်းသော ယဉ်ကျေးမှု ဆိုင်ရာ သက်ရောက်မှုများ ရှိသည်။ သို့ရာတွင် အမျိုးသမီး အခွင့်အရေး ကဲ့သို့သော ကိစ္စရပ်များနှင့် နှိုင်းယှဉ်လျှင်

ယဉ်ကျေးမှုအရ အငြင်းပွားဖွယ်ရာ သိပ်မရှိလှပေ။ ဖြစ်စဉ်မှာ အငြင်းပွားဖွယ်ရာ မရှိဟုတော့ ဆို၍ မရပေ။ ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ အမြင်များကို နောက်ဆုံး စာတမ်းတွင် မည်မျှ ထည့်သွင်း စဉ်းစားမည်အပေါ် အငြင်းပွားမှုများ ရှိခဲ့သည် (Detrick, 1992)။ မူလ ထောက်ခံသူ ပိုလန် နိုင်ငံကလည်း စိုးရိမ်ပူပန်ကြောင်း ဖော်ပြခဲ့သည်။ စစ်အုပ်ချုပ်ရေး ဥပဒေမှ မကြာသေးမီကပင် လွတ်မြောက်လာသည့် ပိုလန် နိုင်ငံအတွက် သဘောတူ စာချုပ်၏ မိသားစု ဘဝတွင် ဝင်ရောက်စွက်ဖက်ရေးအား အားပေးထားသည့် ပြဋ္ဌာန်းချက်များ၏ သက်ရောက်မှုများကို စိုးရိမ် ပူပန်စရာ ဖြစ်ခဲ့သည်။

စစ်အေးတိုက်ပွဲ အပြီးတွင် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများ အဆင့်မြင့်လာခြင်းနှင့်အတူ CRC ကို ပြဋ္ဌာန်း နိုင်ခဲ့သည်။ စာချုပ်နှစ်ခု ပြဋ္ဌာန်းပြီး ဆယ်စုနှစ် သုံးစု အကြာတွင် နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights (UDHR)) ကို မျှော်မှန်း နိုင်ငံတကာ စနစ် တစ်ခုအဖြစ်သာ ရှုမြင်တော့သည် (Henkin, 1981)။ လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားသူများက လူ့အခွင့်အရေးများ အားလုံးမှာ စည်းနှောင်မှု ရှိသည်ဟု ဆိုကြသော်လည်း လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုအတွင်း နိုင်ငံတကာ ဥပဒေအရ စည်းနှောင်မှု ရှိသည့် လူ့အခွင့်အရေး တာဝန်များကိုသာ စဉ်းစားရန် နိုင်ငံရေး စိတ်ဆန္ဒ ရှိကြသည်။

ယနေ့ခေတ် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူညီမှုများတွင် မေ့လျော့နေသည့် အချက်မှာ အဓိက နိုင်ငံတကာ ကလေးသူငယ်များ အဖွဲ့ဖြစ်သည့် ကုလသမဂ္ဂ နိုင်ငံတကာ ကလေးများ အရေးပေါ် ရန်ပုံငွေ အဖွဲ့ (United Nations International Children’s Emergency Fund (UNICEF)) က ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ်အပေါ် ဆန့်ကျင်ခဲ့ပြီး ၁၉၈၀ ပြည့်လွန်နှစ်လယ်ပိုင်းလောက်အထိ စာချုပ်ရေးဆွဲရေး ဖြစ်စဉ်တွင် မပါဝင်ခဲ့သည့် ဖြစ်ရပ် ဖြစ်သည် (Black, 1996, p. 13)။ သဘောတူစာချုပ်အပေါ် UNICEF ၏ မှတ်ချက်က ရှင်းထားသည့် အတိုင်း လူ့အခွင့်အရေး သဘောတူစာချုပ်များသည် မူလက စည်းနှောင်မှု ရှိရန် မမျှော်မှန်းခဲ့ပေ (UNICEF, undated)။ သို့ရာတွင် အချိန်တိုအတွင်း UNICEF က ၎င်း၏ လူ့အခွင့်အရေး ချဉ်းကပ်ပုံများအပေါ် ဆန့်ကျင်သည့် ပုံစံအား ပြောင်းလဲ ပစ်ခဲ့ပြီး ယခုအခါ စာချုပ်များသည် ဓလေ့ထုံးတမ်း ဥပဒေအဖြစ် စည်းနှောင်မှု ရှိသည့် လက္ခဏာ ရှိလာပြီ ဖြစ်သည်ဟု ဆိုခဲ့သည် (UNICEF, undated)။ ထို့ပြင် UNICEF ၏ မှတ်ချက်က သဘောတူ စာချုပ် ဟူသည့် အသုံးအနှုန်းသည် နိုင်ငံများအကြား တရားဝင် သဘောတူညီမှုဟု လက်ခံထားပြီး ပဋိညာဉ်နှင့် အဓိပ္ပာယ်တူသည်ဟု ဆိုသည်။ အစောပိုင်း နိုင်ငံတကာ ဥပဒေ အမြင်များတွင် ထိုနှစ်ခုကို ကွဲပြားသည်ဟု ယူဆခဲ့ကြသည် (အခန်း ၄ တွင် ရှုပါ)။ *ကျွန်ုပ်တို့သည် ကလေးသူငယ်များ ဖြစ်သည် (We the Children)* (UN Secretary General, 2001) ဟု အမည်ရသည့် အထွေထွေ အတွင်းရေးမှူး၏ ဆယ်စုနှစ် အဆုံးသတ် အစီရင်ခံစာနှင့် ကုလသမဂ္ဂ ပဋိညာဉ် အဖွင့်ကြေညာချက် *ကျွန်ုပ်တို့သည် လူသားများ ဖြစ်သည် (We the Peoples)* (United Nations General Assembly, 2001) တို့အကြား နှိုင်းယှဉ်မှုများ ရှိလာပြီး ယင်းက နိုင်ငံတကာ မူဝါဒ ချမှတ်သူများက ကလေးများ၏ အခွင့်အရေးအား နိုင်ငံတကာ နိုင်ငံရေးတွင် ပို၍ အသိအမှတ်ပြုလာခြင်းကို ဖော်ပြနေသည်။

CRC က အစောပိုင်း ၁၉၂၄ ခုနှစ် နိုင်ငံပေါင်းချုပ် အသင်းကြီးနှင့် ၁၉၅၉ ခုနှစ် ကုလသမဂ္ဂ၏ ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကြေညာချက်များထက် ပိုသော တာဝန်ဆိုင်ရာ မူဘောင်ကို ထည့်သွင်းထားသည်။

ထို့ပြင် သဘောတူစာချုပ် ပေါ်ထွက်လာပြီးနောက် ကလေးသူငယ်များ၏ အရေးအား ထည့်သွင်းထားသည့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ စံနှုန်း ချမှတ်ရေး နောက်ဆက်တွဲ စာချုပ်များလည်း ထွက်ပေါ်လာသည်။ နိုင်ငံတကာ အလုပ်သမားများ အဖွဲ့ချုပ် (International Labour Organization (ILO)) ၏ အဆိုးရွားဆုံးသော ကလေးလုပ်သား ပုံစံများအား တားဆီးရန်နှင့် ဖျက်သိမ်းရန် အလျင်အမြန် လုပ်ဆောင်ရေး သဘောတူစာချုပ်၊ အာဖရိက သမဂ္ဂ၏ ကလေးသူငယ်၏ အခွင့်အရေးများနှင့် ဖူလုံရေး ဆိုင်ရာ အာဖရိကန် ပဋိညာဉ် (OAU, 1990) နှင့် ၁၉၉၀ ပြည့်နှစ် ကမ္ဘာ့ ကလေးများ ညီလာခံမှ ထွက်ပေါ်လာသည့် ပြည်တွင်း လုပ်ငန်း အစီအစဉ်များတို့မှာ ထင်ရှားသည့် စာချုပ်စာတမ်းများ ဖြစ်သည်။ သဘောတူစာချုပ်ကို အစီရင်ခံရေး နည်းလမ်းများအား UNICEF မှ နှစ်စဉ် ထုတ်ဝေသည့် *ကမ္ဘာ့ ကလေးများ အခြေအနေ* အစီရင်ခံစာနှင့် နိုင်ငံများကို ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေး မူဝါဒ ချဉ်းကပ်ပုံများ ချမှတ်ရန် တိုက်တွန်းထားသည့် ၎င်း၏ အမျိုးမျိုးသော နိုင်ငံများ၏ တိုးတက်မှု အစီရင်ခံစာများက အထောက်အကူ ပြုနေသည်။ ပို၍ သိသာ ထင်ရှားသည်မှာ UNICEF ၏ စိုးရိမ်ပူပန်မှုများကို IMF နှင့် ကမ္ဘာ့ဘဏ် ကဲ့သို့သော နိုင်ငံတကာ ငွေကြေး အင်စတီကျူးရှင်းများမှ အသုံးပြုသည့် ပြည်တွင်း ဆင်းရဲမွဲတေမှု လျှော့ချရေးအတွက် နိုင်ငံတကာမှ လမ်းညွှန်သော မဟာဗျူဟာများထဲတွင် ထည့်သွင်းထားပြီး ကမ္ဘာ့ အုပ်ချုပ်ရေး နည်းဗျူဟာများတွင်လည်း ပေါင်းစပ်ထားသည်။ သို့ရာတွင် ထောက်ခံလှုပ်ရှားသူများက ကလေးသူငယ်များ၏ အခွင့်အရေးများအတွက် ပို၍ အားကောင်းသော ဥပဒေများ လိုချင်နေကြသေးသည် (Pender, 2002, 2007; Duffield, 2007)။ ထို့ပြင် CRC ကို လုံခြုံရေး ကောင်စီက နိုင်ငံတကာ လုံခြုံရေး မဟာဗျူဟာ ပြန်လည် လေ့လာချက်တွင် ထည့်သွင်းထားသည်။ လုံခြုံရေး ကောင်စီ၏ သဘောတူစာချုပ်ကို အသုံးပြုမှုမှ တစ်ဆင့် ကလေးသူငယ်များ အခွင့်အရေးများကို နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနှင့် သက်ဆိုင်သော ကလေးသူငယ် ဖူလုံရေးအဖြစ် ရှုမြင်လာသည်။ ထို့ကြောင့် နိုင်ငံတကာ နိုင်ငံရေးတွင် ကလေးသူငယ်များ၏ အခွင့်အရေးများသည် ကျယ်ပြန့်လာသည်ဟု ဆိုနိုင်သည်။

**အနှစ်ချုပ်**

၁၉၇၉ ခုနှစ် ကလေးသူငယ် နှစ်တွင် ပိုလန် နိုင်ငံက နိုင်ငံတကာ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို ပြဋ္ဌာန်းရန် တောင်းဆိုခဲ့သည်။

UNICEF က အစောပိုင်းတွင် သဘောတူစာချုပ်၏ အကြံဉာဏ်ကို ဆန့်ကျင်ခဲ့ပြီး ၁၉၈၀ ပြည့်လွန် နှစ်လယ်ပိုင်းလောက်မှ စာချုပ်ရေးဆွဲသည့် ဖြစ်စဉ်တွင် ပါဝင်လာခဲ့သည်။

စစ်အေးတိုက်ပွဲ ပြီးဆုံးချိန် ၁၉၈၉ ခုနှစ်တွင် CRC စတင် အသက်ဝင်လာခဲ့သည်။

နိုင်ငံများ အားလုံး နီးပါးက CRC ကို လက်မှတ် ရေးထိုးထားကြသည်။

ကလေးသူငယ် အခွင့်အရေး ဆိုင်ရာ စိုးရိမ် ပူပန်မှုများကို နိုင်ငံတကာ ဖွံ့ဖြိုးရေး မဟာဗျူဟာများတွင် ထည့်သွင်းထားကြသည်။

CRC ကို ကုလသမဂ္ဂ လုံခြုံရေး ကောင်စီကလည်း အသုံးပြုသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

UNICEF က အစောပိုင်းတွင် အဘယ်ကြောင့် CRC ကို ဆန့်ကျင်ခဲ့သနည်း။

## ကလေးသူငယ် အခွင့်အရေးများအတွက် အထူးစိန်ခေါ်မှုများ

ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေးများဟူသည့် သဘောတရားတွင် အထူး စိန်ခေါ်မှုများ ပါဝင်နေသည်။ ရှေးဦးစွာ ကလေးသူငယ်များသည် ၎င်းတို့၏ ကိုယ်ပိုင် အခွင့်အရေးများကို လွတ်လပ်စွာ ခံစားခွင့် ရှိသည်ဟူသော သဘောတရားကို အသိအမှတ် ပြုရမည်။ သဘောတူစာချုပ်က ကလေးများတွင် ကာကွယ်ပေးခံရမည့် ဖူလုံရေး အခွင့်အရေးများနှင့် ကိုယ်တိုင် ဆောင်ရွက်နိုင်သည့် အခွင့်အရေးများ ရှိသည်ဟု အသိအမှတ် ပြုမထားပေ (N. Lewis, 1998, p. 92; Pupavac, 1998)။ သမိုင်းကြောင်းအရ လူတစ်ဦးကို လွတ်လပ်သော အခွင့်အရေး ခံစားခွင့် ရှိသူများဟု အသိအမှတ် ပြုလိုက်ခြင်းသည် ထိုသူ၌ မိမိကိုယ်ကိုနှင့် မိမိပိုင်ဆိုင်သည့် ပစ္စည်းများကို ကိုယ်ပိုင် စဉ်းစား ဆုံးဖြတ်နိုင်စွမ်း ရှိသည်ဟု အသိအမှတ်ပြုခြင်း ဖြစ်သည် (N. Lewis, 1998, p. 80)။ ခေတ်သစ် ဒီမိုကရေစီများနှင့် နိုင်ငံသား အခွင့်အရေးများက နိုင်ငံသားများသည် တူညီသော အခွင့်အရေးများ ကျင့်သုံးနေသည် ဟူသည့် သဘောတရားအပေါ် အခြေခံထားသည်။ သဘောတူစာချုပ်က ကလေးငယ်များကို လွတ်လပ်သော အခွင့်အရေး ခံစားခွင့် ရှိသူများဟု အသိအမှတ် ပြုထားသော်လည်း ၎င်းတို့သည် ထိုအခွင့်အရေးများကို ကိုယ်တိုင် ကျင့်သုံးနိုင်စွမ်း မရှိလျှင် ထိုအခွင့်အရေးများ၏ အဓိပ္ပာယ်မှာ ပြဿနာ ရှိလာသည် (N. Lewis, 1998, p. 92)။ ထို့ကြောင့် ကလေးသူငယ် အခွင့်အရေးများကို ပြဋ္ဌာန်းခြင်းသည် အခြားသော ဘေးထုတ်ခံ အုပ်စုများ ဖြစ်သည့် အမျိုးသမီးများ၊ လူနည်းစု လူမျိုးများ (သို့) အလုပ်သမား လူတန်းစားများ၏ တန်းတူ အခွင့်အရေးများကို အသိအမှတ်ပြုခြင်းနှင့် ကွာခြားသည်။ ထိုသူများ၏ အခွင့်အရေးများကို အသိအမှတ် ပြုခြင်းက ထိုသူများသည် ၎င်းတို့၏ အခွင့်အရေးများကို ၎င်းတို့ကိုယ်တိုင် ကျင့်သုံးနိုင်စွမ်း ရှိသည်ဟု အသိအမှတ်ပြုလိုက်ခြင်း ဖြစ်သည်။

ကလေးသူငယ်များ၏ စွမ်းဆောင်နိုင်စေသော အခွင့်အရေး (enabling rights) ပုံစံက ကလေးငယ်များကို မြှင့်တင်ပေးရန် ကြိုးပမ်းသည်။ သို့ရာတွင် ယင်းက လွတ်လပ်စွာ ကိုယ်ပိုင် ဆုံးဖြတ်ခွင့်ကို အသိအမှတ် ပြုမထားပေ။ CRC က ကလေးငယ်များ၏ မဲပေးခွင့်နှင့် ရွေးကောက်ခံခွင့် ကဲ့သို့သော နိုင်ငံရေး လုပ်ဆောင်နိုင်စွမ်းများကိုလည်း အသိအမှတ် ပြုမထားပေ။ ကလေးငယ်များ၏ အခွင့်အရေးများက တန်းတူ အခွင့်အရေးဟူသည့် စံနှုန်းများအပေါ် အခြေခံထားသည်။ သို့ရာတွင် ၎င်းတို့၏ အခွင့်အရေးများ ရရှိနိုင်ရေးသည် ပြင်ပ ပုဂ္ဂိုလ် တစ်ဦးဦးက ၎င်းတို့ အကျိုးစီးပွားကို ဝင်ရောက် ဆုံးဖြတ်ပေးခြင်းအပေါ် မူတည်သည်။ မြှင့်တင်ပေးခြင်း၏ စံနှုန်းများနှင့် အကြီးအကဲ တစ်ဦးဦး၏ ကာကွယ်ပေးမှု ပုံစံ ဖြစ်သည့် ကာကွယ်ရန် လိုအပ်ခြင်းတို့၏ အရေးပါမှုများအကြား ထိပ်တိုက်တွေ့မှုများ ရှိလာသည်။ အချုပ်အားဖြင့် ဆိုသော် ကလေးငယ်များ၏ အခွင့်အရေးများသည် တစ်စိတ်တစ်ပိုင်း လုပ်ဆောင်ခွင့် ရှိသည့် အခွင့်အရေးများ ဖြစ်ပြီး ထိုအခွင့်အရေးများ ကျင့်သုံးမှုကို ပြင်ပ ပုဂ္ဂိုလ်များက ဆုံးဖြတ်ပေးသည်။

ဒုတိယ အချက်မှာ ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် ဖွံ့ဖြိုးပြီး နိုင်ငံများမှ ကလေးဘဝများ လွန်စွာ ကွာခြားသည့် မညီမျှသော ကမ္ဘာကြီးတွင် ကမ္ဘာလုံးဆိုင်ရာ ကလေးသူငယ်များ အခွင့်အရေး သတ်မှတ်ခြင်း ဖြစ်သည်။ CRC က ၁၈ နှစ် မပြည့်မီ ကလေးဘဝ ပုံစံကို စက်မှု လက်မှု ထွန်းကားပြီး နိုင်ငံများမှ သာမန်ကလေးများ၏ အတွေ့အကြုံကို အခြေခံထားသည်။ ထိုနိုင်ငံများတွင် ကလေးဘဝသည် ပညာသင်ခြင်း၊ ဆော့ကစားခြင်းတို့သာ ရှိပြီး အရွယ်ရောက်ပြီးသူများ၏ တာဝန်များမှ ထမ်းဆောင်ရခြင်းမှ ကင်းဝေးသည်။

သို့ရာတွင် ထိုပုံစံသည် ဖွံ့ဖြိုးဆဲ နိုင်ငံ အများအပြားမှ လက်တွေ့ အတွေ့အကြုံများကို ထင်ဟပ် မနေပေ။ ထိုနိုင်ငံများတွင် ကလေးများသည် လူကြီးများ သကဲ့သို့ နေကြရပြီး အသက် ၁၈ နှစ် မတိုင်မီကပင် လူကြီးများ၏ တာဝန်များကို လုပ်ဆောင် နေရပြီ ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုသော် CRC က ကမ္ဘာ့ နေရာ အများအပြားတွင် ကလေးဘဝ တိုတောင်းသည့် စံနှုန်းများကို ထည့်သွင်း စဉ်းစားထားခြင်း မရှိပေ။ ထို့ကြောင့် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် CRC ၏ ဆက်ဆံရေး၊ CRC ၏ ကမ္ဘာ့ မြောက်ခြမ်းမှ ကလေးဘဝ စံနှုန်းများကိုသာ အခြေခံ ထားမှုနှင့် ကမ္ဘာ့တောင်ခြမ်းမှ ကလေးဘဝ စံနှုန်းများကို ထည့်သွင်းထားခြင်း မရှိသည့် အပေါ် မေးခွန်း ထုတ်လာကြသည်။ ထိုမှတစ်ဆင့် ကမ္ဘာ့ မြောက်ခြမ်းနှင့် တောင်ခြမ်း၏ ဆက်ဆံရေးနှင့် နိုင်ငံများအကြား တန်းတူညီမှုအတွက် ကမ္ဘာ့ အုပ်ချုပ်ရေး ပုံစံကို ချဲ့ထွင်ခြင်း၏ သက်ရောက်မှုများနှင့် ဆိုင်သည့် မေးခွန်းများ ပေါ်ထွက်လာသည်။

အကျဉ်းချုံး ဆိုရသော် နိုင်ငံတကာ ကလေးငယ်များ၏ အခွင့်အရေးများအတွက် အထူး စိန်ခေါ်မှုများတွင် ကျွန်ုပ်တို့၏ အခွင့်အရေးများ အပေါ် နားလည်ပုံ၊ လူမှု အပြောင်းအလဲများ တဖြည်းဖြည်း ဖြစ်ပေါ်လာခြင်းကို နားလည်ပုံနှင့် ကျွန်ုပ်တို့၏ ပြည်တွင်းနှင့် နိုင်ငံတကာ နိုင်ငံရေးများအပေါ် မျှော်မှန်းချက်များ စသည်တို့နှင့် ဆိုင်သည့် အခြေခံ ကျသော မေးခွန်းများ ပါဝင်သည်။

## ကာကွယ်ခံရသည့် အခွင့်အရေးများမှ စွမ်းဆောင်နိုင်စေသော အခွင့်အရေးများဆီသို့

အစဉ်အလာအားဖြင့် ကလေးများ၏ အခွင့်အရေးများသည် ကာကွယ်ခံရမည့် အခွင့်အရေးများနှင့် ဖူလုံမှု အခွင့်အရေးများဟု ယူဆထားကြသည်။ ထိုအခွင့်အရေး ပုံစံသည် ၁၉၂၄ ခုနှစ်နှင့် ၁၉၅၉ ခုနှစ် နိုင်ငံတကာ ကလေးသူငယ်များ၏ အခွင့်အရေး ဆိုင်ရာ ကြေညာချက်များတွင် သိသာ ထင်ရှားခဲ့သည်။

ဝေဖန်သူများက ထိုအစဉ်အလာ ချဉ်းကပ်ပုံသည် ခေတ်နောက်ကျနေပြီး အကြီးအကဲမှ အားလုံးကို ဆုံးဖြတ်သည့် ပုံစံ ကျသည်ဟု ရှုမြင်ကြသည်။ ထို့ကြောင့် ကလေးသူငယ်များကို အသံပြုခွင့် ပိုပေးရန် ကြိုးပမ်းလာကြသည်။ ထိုသို့ ကလေးသူငယ်များကို မြှင့်တင်ပေးရန် ကြိုးပမ်းနေသူများသည် အခွင့်အရေးအပေါ် ရှေးရိုးစွဲ လူမှု ပဋိညာဉ် ဆိုင်ရာ နားလည်မှုများနှင့် အခွင့်အရေး ရရှိသူများသည် စဉ်းစား ဆင်ခြင်နိုင်သော၊ လွတ်လပ်သော၊ ၎င်းတို့၏ အခွင့်အရေးကို အာမခံနိုင်စွမ်း ရှိသော တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ် (အမျိုးသား) များဟု သတ်မှတ်ထားသည့် ပုံစံများကို ဝေဖန်ကြသည့် ယနေ့ခေတ် လူ့အခွင့်အရေးနှင့် ဖန်တီးတည်ဆောက်ခြင်း (constructivist) သီအိုရီများ၏ ဆွဲဆောင်ခြင်းကို ခံလာကြရသည် (Santos, 1987, 1995, pp. 60–71; Mackinnon, 1987, 1993; Pateman, 1988; Milanovi´c, 1992; Donnelly, 2003, pp. 16, 61)။ ထိုရှေးရိုးစွဲ ပုံစံ အရ အခွင့်အရေးများ ရရှိခြင်းသည် လုပ်ဆောင်နိုင်စွမ်းအပေါ် မူတည်နေပြီး လုပ်ဆောင်နိုင်စွမ်း မရှိသူများနှင့် ကာကွယ်ခွင့် လိုအပ်သူ အားနည်းသူ အုပ်စုများကို ၎င်းတို့၏ အကျိုးစီးပွားများအား အခွင့်အရေးအဖြစ် အသိအမှတ်ပြုခြင်းမှ ဖယ်ရှားထားသည်။

ဖန်တီးတည်ဆောက်ခြင်း ဆိုင်ရာ လူ့အခွင့်အရေး သီအိုရီများက အကာအကွယ်ပေးရေး ပုံစံကို ကျော်လွန်၍ လုပ်ဆောင်ရန် ကြိုးပမ်းကြပြီး ဘေးဖယ်ခံ အုပ်စုများကို မြှင့်တင်ပေးကာ ရှေးရိုးစွဲ ချဉ်းကပ်ပုံ၏ အမှားများကို ကျော်လွှားရန် ကြိုးပမ်းသည်။ ရှေးရိုးစွဲ မော်ဒယ်လ်အစား အားလုံးပါဝင်သော အခွင့်အရေး မော်ဒယ်လ်က

လုပ်ဆောင်နိုင်စွမ်း မရှိသူများ၏ ကျင့်ဝတ်ပိုင်း ဆိုင်ရာ တောင်းဆိုမှုများကိုလည်း ဖြေရှင်းရန် ကြိုးပမ်းထားသည်။ ထောက်ခံလှုပ်ရှားသူများက ၎င်းတို့၏ အကျိုးစီးပွားများကို အခြေခံ အခွင့်အရေးအဖြစ် သတ်မှတ်ရန် ကြိုးပမ်းသည်။ ထိုမှသာ နိုင်ငံများက ထိုတောင်းဆိုမှုများကို လျစ်လျူရှုခြင်း (သို့) ၎င်းတို့ကို လိုက်နာလိုမှ လိုက်နာရမည်ဟု သတ်မှတ်ခြင်းများ လုပ်နိုင်မည် မဟုတ်ပေ။ ဘေးထုတ်ခံ အုပ်စုများ၏ အခွင့်အရေးများအား လက်ခံအတည်ပြုခြင်းသည် ၎င်းတို့၏ မိမိကိုယ်ကိုတန်ဖိုးမှုနှင့် လူမှုရေး အဆင့်အတန်းကို မြှင့်တင်ပေးနိုင်သည်ဟု ရှုမြင်ကြသည်။ ထိုသဘောတရားများကို ကလေးငယ်များ၏ လုပ်ဆောင်ခွင့် ပေးသော အခွင့်အရေးများကို ထောက်ပံ့ရန် အသုံးပြုကြသည်။

ကလေးငယ်များ၏ လုပ်ဆောင်နိုင်စွမ်း မရှိခြင်းက ၎င်းတို့ကို အခွင့်အရေး ရရှိခြင်းမှ တားဆီးရုံ သာမက ၎င်းတို့၏ ထိခိုက်လွယ်မှုက ၎င်းတို့၏ အကျိုးစီးပွားများကို ကာကွယ်ရန် အခွင့်အရေးများ ရရှိရန်ပါ လိုအပ်စေသည် (Federle, 1994; Freeman, 1997)။ လုပ်ဆောင်နိုင်စွမ်း ရှိသူများ အတွက်သာ အခွင့်အရေး ရရှိသင့်သည်ဟု သတ်မှတ်ထားသည့် အခွင့်အရေးနှင့် ပတ်သက်သော ရှေးရိုးစွဲ သဘောတရားကို ဆန့်ကျင်၍ ကလေးသူငယ် အခွင့်အရေးအတွက် ထောက်ခံလှုပ်ရှားသူများက အခွင့်အရေးသည် လုပ်ဆောင်နိုင်စွမ်းအပေါ် မူတည်ခြင်းမရှိ၊ အင်အားမရှိမှု အပေါ်သာ အခြေခံသည်ဟု ပြန်လည် သဘောတရား ထုတ်ဖော်ခဲ့သည် (Federle, 1994, p. 366)။ ထိုသူများက ကလေးဘဝ ဟူသည်မှာ လူမှုသဘောတရားအရ ဖန်တီး တည်ဆောက်ထားခြင်း ဖြစ်ပြီး ကလေးများသည် မြှင့်တင်ပေးရန် အလားအလာ ရှိသည် ဟူသော အချက်များကို အဓိက အာရုံစိုက်သည်။ ထိုသူများက အခွင့်အရေးများ ပေးခြင်းသည် ကလေးငယ်များ ဘေးထုတ်ခံရမှုနှင့် အင်အားမဲ့မှုကို စိန်ခေါ်ခြင်း ဖြစ်သည်ဟု ရှုမြင်ကြသည်။ အခွင့်အရေး ပေးသည့် ဖြစ်စဉ်တွင် အာဏာရှိ အီလစ်များက ကလေးငယ်များ၏ မည်သည့် တောင်းဆိုမှုကို အသိအမှတ်ပြုမည်ကို ဆုံးဖြတ်ကြသည် (Federle, 1994, p. 344)။ ကလေးငယ်များ၏ မရင့်ကျက်မှုနှင့် အထူး အကာအကွယ် လိုအပ်မှုတို့သည် အငြင်းပွားဖွယ် မရှိသည့် အချက်များ ဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ ကလေးငယ်များကို သီးသန့် အခွင့်အရေး ရှိသူများအဖြစ် သတ်မှတ်ခြင်းသည် ကလေးငယ်များ အပေါ် သဘောထား ပြောင်းလဲခြင်းသာမက ကလေးငယ်များ၏ မိမိကိုယ်မိမိ ရှုမြင်ပုံနှင့် ၎င်းတို့၏ လူ့အဖွဲ့အစည်းတွင် ပါဝင်ပုံများကိုပါ ပြောင်းလဲလိုက်ခြင်းဖြစ်သည် (Minow, 1990; McGillivray, 1994; Franklin, 1995)။ ဥပဒေ ဒဿန ပညာရှင် မာသာ မီနို (Martha Minow) (1990, pp. 297-8) က "ကလေးများကို ပါဝင်သူများအဖြစ် ထည့်သွင်းခြင်းသည် အသိုင်းအဝိုင်းအတွင်း ၎င်းတို့၏ ဖြစ်တည်မှုအား အရာဝတ္ထုများ (သို့) အပြင်လူများအဖြစ်မှ သက်ဆိုင်သူများအဖြစ်သို့ ပြောင်းပေးသည်…ရရှိသင့်သည့် ဂရုစိုက်မှု ပေးခြင်းဖြင့် အခွင့်အရေးများသည် ရေးမထားသည့် စံနှုန်းများ၊ ဘေးဖယ်ထုတ်ခြင်းနှင့် ဖယ်ထုတ်ရေး အမြင်များကို စိန်ခေါ်နိုင်သည်။" CRC သည် ကာကွယ်မှု အခွင့်အရေးများသာမက ပါဝင်ခွင့် အခွင့်အရေးများပါ သတ်မှတ်ပေးထားသောကြောင့် အစောပိုင်း ကလေးသူငယ်များ ဆိုင်ရာ နိုင်ငံတကာ ချဉ်းကပ်ပုံများနှင့် ကွဲပြားသည်။ ကလေးငယ်များကို အခွင့်အရေး ရှိသူများအဖြစ် ဆက်ဆံရန်နှင့် ၎င်းတို့၏ အသံများကို မြှင့်တင်နိုင်ရန် CRC ၏ အပိုဒ် ၁၇ (၁) က ကလေးငယ်များကို ၎င်းတို့အား သက်ရောက်မှု ရှိသည့် ကိစ္စရပ်များအပေါ် ၎င်းတို့၏ အမြင်များအား ဖော်ထုတ်ခွင့် ပေးထားပြီး ထိုအမြင်များကို ၎င်းတို့၏ အသက်နှင့် ရင့်ကျက်မှုအရ ထည့်သွင်း စဉ်းစားသွားမည်ဟု ဆိုထားသည် (စာသေတ္တာ ၁၇.၃ တွင် ရှုပါ)။

စာသေတ္တာ ၁၇.၃။ နိုင်ငံတကာ ကလေးသူငယ် အခွင့်အရေး စာချုပ်စာတမ်းများမှ ကောက်နုတ်ချက်

**ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ၁၉၅၉ ခုနှစ် ကုလသမဂ္ဂ ကြေညာချက်**
စည်းမျဉ်း ၂။ ကလေးများကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ကျင့်ဝတ်ပိုင်း ဆိုင်ရာ၊ စိတ်ဝိညာဉ်ပိုင်း ဆိုင်ရာနှင့် လူမှုရေးပိုင်း ဆိုင်ရာ အရ ကျန်းမာပြီး သာမာန် ဖြစ်သော ပုံစံနှင့် လွတ်လပ်ပြီး ဂုဏ်သိက္ခာ ရှိသော ပုံစံဖြင့် ဖွံ့ဖြိုးလာစေရန် ကလေးများသည် ဥပဒေအရ သော်လည်းကောင်း အခြား နည်းလမ်းများအရ သော်လည်းကောင်း အထူး အကာအကွယ်များ၊ အခွင့်အရေးများနှင့် ထောက်ပံ့ ပစ္စည်းများ ရရှိရမည်။ ထိုရည်ရွယ်ချက်ဖြင့် ဥပဒေများ ချမှတ်ရာတွင် ကလေးသူငယ်များ၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ စဉ်းစားပေးရမည်။

**ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ၁၉၈၉ ခုနှစ် ကုလသမဂ္ဂ သဘောတူစာချုပ်**
အပိုဒ် ၃ (၁)။ ကလေးသူငယ်များနှင့် သက်ဆိုင်သည့် လုပ်ရပ်များ အားလုံးတွင် အစိုးရ (သို့) ပုဂ္ဂလိက လူမှု ဖူလုံရေး အင်စတီကျူးရှင်းများ၊ တရားရုံးများ၊ အုပ်ချုပ်ရေး တာဝန်ရှိသူများ (သို့) ဥပဒေ ချမှတ်သူများ မည်သည့်အဖွဲ့က လုပ်ဆောင်သည် ဖြစ်စေ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ စဉ်းစားပေးရမည်။

အပိုဒ် ၁၇ (၁)။ နိုင်ငံတော်သည် ကိုယ်ပိုင် အမြင် ရှိနေပြီ ဖြစ်သော ကလေးငယ်ကို ၎င်း၏ အမြင်များအား လွတ်လပ်စွာ ဖော်ထုတ်ခွင့် ပေးရမည်။ ကလေးသူငယ်၏ အမြင်ကို အသက်နှင့် ရင့်ကျက်မှု အရ အလေးထားပြီး ထည့်သွင်း စဉ်းစား ပေးရမည်။

## ကလေးသူငယ် အခွင့်အရေးများတွင် လုပ်ဆောင်နိုင်စွမ်း ကွက်လပ်

ကလေးသူငယ်များ ဆိုင်ရာ အခွင့်အရေးက အကြီးအကဲမှ အားလုံးကို ဆုံးဖြတ်သည့် ပုံစံကို ကျော်လွန်သွားပြီဟု ဆိုနိုင်ပါသလား။ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ပြောဆို ရေးသားမှုများတွင် ကလေးသူငယ်များကို အခွင့်အရေး ရှိသူများအဖြစ် ပြောင်းလဲ ဖော်ပြ ကြသော်လည်း အာဏာရှိ အီလစ်များက ကလေးသူငယ်များ တောင်းဆိုသည့် အချက်များထဲမှ မည်သည့် အချက်များကို အသိအမှတ်ပြုမည်ကို ဆုံးဖြတ်မည် ဟူသည့် ကိစ္စရပ် ရှိနေသေးသည် (Federle, 1994, p. 344)။ ကလေးဘဝတွင် မှီခိုခြင်းက အပေါ်ယံအားဖြင့် ကြည့်သော် ရှည်လျားသည်ဟု ထင်ရသည်။ သို့သော် ယင်းအချက်သည် လူမှု တည်ဆောက်မှု တစ်ခု ဖြစ်ခြင်းကို မေ့လျော့မထားသင့်ပေ (O. O'Neil, 1992, p. 38)။ ကလေးသူငယ်များက အရွယ်ရောက်ပြီးသူများ အပေါ် မှီခိုခြင်းသည် အစောပိုင်း နှစ်များတွင် ဇီဝဗေဒ သဘောတရားအရ ရှောင်လွှဲ၍ မရပေ။ ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ပညာရှင် မိုက်ကယ် ဖရီးမန်း (Michael Freeman) က အသိအမှတ် ပြုခဲ့သည့်အတိုင်း အချိန်အတိုင်းအတာ တစ်ခုအထိ "ကလေးသူငယ်များတွင် ကိုယ်ပိုင် ဆုံးဖြတ်ချက် ချနိုင်သည့် အရွယ်တစ်ခု မရောက်သေးခင်အထိ ၎င်းတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးရမည်" (Freeman, 1997, p. 27)။ ကလေးများသည် မိမိ သဘောဆန္ဒကို အတိအကျ ဖော်ထုတ်နိုင်စွမ်း မရှိသေးရာ ကလေးသူငယ် အခွင့်အရေး၏ သဘောတရားကို ထောက်ခံလှုပ်ရှားသူများက ကလေးများ ကိုယ်စား ဆောင်ရွက်ပေးရန် လိုအပ်သည်။

ထို့ကြောင့် ကလေးသူငယ်များ၏ လုပ်ဆောင်ခွင့် ပေးသော အခွင့်အရေးသည် သမားရိုးကျ ပြည်သူ့ရေးရာ လွတ်လပ်ခွင့်များနှင့် မတူညီပေ။ ပြည်သူ့ရေးရာ လွတ်လပ်ခွင့်များတွင် အခွင့်အရေး ရှိသူများနှင့် အခွင့်အရေးကို ကျင့်ဝတ်အရ အသုံးပြုနိုင်သူသည် တစ်ဦးတည်း ဖြစ်သည်။ သမားရိုးကျ ချဉ်းကပ်ပုံက မိဘများ (သို့မဟုတ် အုပ်ထိန်းသူများ) သည် ကလေးသူငယ်၏ အခွင့်အရေးကို ကိုယ်စားပြုသူများဟု ယူဆသော်လည်း ကလေးသူငယ် အခွင့်အရေး သဘောတရားက ကလေးငယ်ကို ကိုယ်စားပြုနိုင်ရန် ကျင့်ဝတ်အရ ကိုယ်စားပြုနိုင်သူ၏ သရုပ်သဏ္ဍာန်ကို ဖွင့်ပေးထားသည်။ ဖရီးမန်း (1997, p. 27) က "မည်သူက၊ မည်သို့ ဟူသည့် မေးခွန်းများအတွက် ကျေနပ်လောက်သည့် အဖြေ မရှိသေးပေ" ဟု ဆိုခဲ့သည်။

ကလေးသူငယ် အခွင့်အရေး၏ မှီခိုသော သဘောတရားသည် CRC တွင်လည်း ထင်ရှားခဲ့သည်။ CRC ၏ အပိုဒ် ၃ (က) က ကလေးသူငယ်များ၏ အမြင်ထက် ၎င်းတို့၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ စဉ်းစားပေးရမည်ဟု ဆိုထားသည် (N. Lewis, 1998, pp. 77-104 တွင် ဆွေးနွေး ထားသည်)။ အပိုဒ် ၁၇ အရ ကလေးသူငယ်များကို မည်မျှ ရင့်ကျက်ပြီဟု သဘောထားခြင်းနှင့် ၎င်းတို့၏ အမြင်များကို မည်မျှအထိ ထည့်သွင်း စဉ်းစားသင့်သည်ကို ဆုံးဖြတ်ခြင်း အပါအဝင် ခွင့်ပြုထားသော ထောက်ခံလှုပ်ရှားသူများက ကလေးသူငယ်များအပေါ် သက်ရောက်မှု ရှိသည့် ဆုံးဖြတ်ချက်များနှင့် ကလေးသူငယ်များအတွက် အကောင်းဆုံး အကျိုးစီးပွားကို ဆုံးဖြတ် ပေးသည်။ အတိုချုံး ဆိုရသော် ကလေးသူငယ် အခွင့်အရေးများကို ပြင်ပမှ ထောက်ခံလှုပ်ရှားသူများက အဓိပ္ပာယ် ပြန်ဆို စည်းကြပ် ပေးရသည်။

## ကလေးငယ်ကို မည်သူက ကိုယ်စားပြုသင့်သနည်း

ကလေးငယ်ကို မည်သူက ကိုယ်စားပြုကာ သူ၏ အကောင်းဆုံး အကျိုးစီးပွားကို အဓိပ္ပာယ် သတ်မှတ် ပေးသင့်သနည်း။ ပညာရှင်များ၏ အမြင်များနှင့် အကျိုးစီးပွားများအကြား ပဋိပက္ခများ (သို့) ကလေးငယ်နှင့် ကလေးငယ်၏ ခန့်အပ်ထားသည့် ကိုယ်စားလှယ်တို့အကြား ပဋိပက္ခများကို မည်သို့ ဖြေရှင်းမည်နည်း။ ထောက်ခံလှုပ်ရှားမှုအတွက် ကြားဝင်ပေးသူ လိုအပ်သော်လည်း ကလေးသူငယ် အခွင့်အရေး လှုပ်ရှားသူများက ထိုကြားဝင်သူက ကလေးငယ်အပေါ် ထားရှိရမည့် တာဝန်ခံမှုကို ဖြေရှင်းထားခြင်း မရှိပေ။ ထိုမေးခွန်းကို ဖြေရှင်းခြင်းသည် မိဘများ၏ ကျင့်ဝတ်ကို မေးခွန်း ထုတ်ရာကျသည်။ အမှန်တကယ်တွင် ကလေးသူငယ်များ၏ အခွင့်အရေးကို သတ်မှတ်ရခြင်းသည် ပြဿနာရှိသော မိဘများ၏ ကျင့်ဝတ်ကြောင့် ဖြစ်သည်။ ဂါရယ်ဒင်း ဗန်ဗျူရန် (Geraldine Van Bueren) (1998, p. 46) က "မိသားစု ဘဝသည် ကလေးငယ်များအတွက် အမြဲတစေ အကောင်းဆုံးသော အကျိုးစီးပွား ဖြစ်ပြီး မိဘများသည် ကလေးငယ်၏ အကောင်းဆုံးသော အကျိုးစီးပွားအတွက် အမြဲတစေ ဆုံးဖြတ်နိုင်စွမ်း ရှိသည် ဟူသည့် အချက်များကို သဘောတူစာချုပ်က စိန်ခေါ်ထားသည်" ဟု ဆိုခဲ့သည်။ ကလေးငယ်များ၏ အခွင့်အရေးများက ကလေးငယ်များကို မြှင့်တင်ပေးခြင်းထက် မိဘများ ကဲ့သို့သော တာဝန်ရှိသူ များကို မြှင့်တင်ပေးရာကျသည်။ ထို့ကြောင့် ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားမှုသည် အခြား အစောပိုင်း ပြည်သူ့ရေးရာ အခွင့်အရေး ဆိုင်ရာ လှုပ်ရှားမှုများနှင့် ဆင်တူသည်ဟု ဆိုနိုင်သော်လည်း ထိုလှုပ်ရှားမှုများ၏ ယုံကြည်မှုများနှင့်တော့ ကွဲပြားသည်။ သမားရိုးကျ ပြည်သူ့ရေးရာ လွတ်လပ်ခွင့်များတွင် နိုင်ငံတော်၏ ဝင်ရောက် စွက်ဖက်မှုမှ ကင်းလွတ်ခွင့်များကို အာရုံစိုက်ထားသော်လည်း ကလေးသူငယ် အခွင့်အရေး မူဘောင်ကမူ နှစ်ဦးကြား ဆက်ဆံရေးများအား ပြင်ပမှ အုပ်ချုပ်ခြင်းကို ကိုယ်စားပြုသည် (Pupavac, 2002)။

ထို့ကြောင့် ကလေးသူငယ် အခွင့်အရေး လှုပ်ရှားမှုက သမားရိုးကျ ပြည်သူ့ရေးရာ လွတ်လပ်ခွင့်များ၏ တစ်ကိုယ်ရည် ဘဝတွင် လွတ်လပ်ခွင့်နှင့် လွတ်လပ်ပြီး တန်းတူညီသော ကျင့်ဝတ် ရှိသော နိုင်ငံသားများ ဟူသည့် အမြင်များကို သံသယ ရှိကြသည် (Arendt, 1959, p. 54; Rawls, 1973, pp. 161, 565; Mill, 1985; Habermas, 1996, p. 455)။ ဝေဖန်သူများက ကလေးသူငယ် အခွင့်အရေး လှုပ်ရှားမှုများသည် သာမန်လူများကို လိုလားဖွယ်ရာ ပညာရှင် ဆန်သည့် မိဘ၏ ပြုစု ပျိုးထောင်မှု စံနှုန်းများမှ ဖယ်ခွာစေပြီး နိုင်ငံတော်၏ ဖိနှိပ်သော အာဏာများကို ခွင့်ပြုကာ လူ့အခွင့်အရေးကို ထိခိုက်စေသည့် အန္တရာယ်များ ရှိသည်ဟု သတိ ပေးခဲ့သည် (N. Lewis, 1998; Pavlovic, 2007)။

| အနှစ်ချုပ် |
|---|
| CRC သည် ကာကွယ်ခွင့် အခွင့်အရေးများ သာမက ပါဝင်ခွင့် အခွင့်အရေးများကိုလည်း သတ်မှတ်ပေးထားပြီး အစောပိုင်း နိုင်ငံတကာ ကလေးသူငယ် အခွင့်အရေး ချဉ်းကပ်ပုံများမှ ကွဲပြားသည်။<br>CRC တွင် ပါဝင်သည့် ကလေးသူငယ် ပါဝင်ခွင့် အခွင့်အရေးများက ကလေးများကို အသံပြုခွင့်ပေးထားသည်။ သို့ရာတွင် တာဝန်ရှိသူများက ကလေးသူငယ်များ၏ အကောင်းဆုံးသော အကျိုးစီးပွားကို ဆုံးဖြတ်မည် ဖြစ်သည်။<br>ကလေးသူငယ် အခွင့်အရေးများကို မြှင့်တင်ပေးသည့် အခွင့်အရေးများဟု ရှုမြင်ခြင်းက ကလေးများ၏ အကျိုးစီးပွားကို မိဘကသာ ကိုယ်စားပြုခြင်းကို စိန်ခေါ်နေသည်။ သို့ရာတွင် ကလေးများ၏ အခွင့်အရေးကို မည်သူက ကိုယ်စားပြုခွင့် ရှိသည်ဟူသော မေးခွန်းကိုမူ ဖြေဆိုထားခြင်း မရှိပေ။<br>ကလေးများ၏ အခွင့်အရေးများက လုပ်ဆောင်နိုင်စွမ်း ကွက်လပ် တစ်ခုကို ဖော်ပြနေသည်။ ကလေးများသည် ၎င်းတို့၏ အကောင်းဆုံးသော အကျိုးစီးပွားကို ဆုံးဖြတ်နိုင်စွမ်း မရှိသော၊ အခွင့်အရေးများကို စည်းကြပ်နိုင်စွမ်း မရှိသော အခွင့်အရေး ရှိသူများ ဖြစ်သည်။ ထို့ကြောင့် ကလေးများ၏ အခွင့်အရေးများသည် ခွင့်ပြုထားသော ပြင်ပမှ တာဝန်ရှိသူ အပေါ်တွင် မှီခိုနေသည်။ ထိုသို့ မှီခိုနေခြင်းက ကလေးများသည် ထိုသူကို တာဝန်ခံစေရန် လုပ်ဆောင်နိုင်စွမ်း မရှိကြောင်း ပြသနေလေရာ အာဏာ မညီမျှမှု ပြဿနာ ရှိနေဆဲပင် ဖြစ်သည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>ကလေးသူငယ် အခွင့်အရေးကို ရရှိထားသူ ကလေးများအနေဖြင့် လုပ်ဆောင်နိုင်စွမ်း ကွက်လပ်ကို မည်မျှအထိ ကျော်လွှားရန် လိုအပ်သနည်း။ |

## ကလေးဘဝကို တည်ဆောက်ခြင်းနှင့် ပြန်လည် တည်ဆောက်ခြင်း

ပြောင်းလဲနေသည့် နိုင်ငံတကာ လူ့အခွင့်အရေး မူဘောင်များက အခွင့်အရေးများ၏ အပြန်အလှန် မှီခိုမှုနှင့် ခွဲခြား မရနိုင်မှုတို့ကို အာရုံစိုက်ကြသည် (Donnelly, 2003, pp. 27-33)။ ကလေးများ၏ အခွင့်အရေး ထောက်ခံလှုပ်ရှားသူများကလည်း CRC တွင် ပါဝင်သော အခွင့်အရေးများ အပြန်အလှန် မှီခိုမှုနှင့် ခွဲခြား မရနိုင်မှုတို့ကို ဖော်ပြကြသည်။ တစ်ချိန်တည်းမှာပင် ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားသူများ၊ အထူးသဖြင့် ပို၍ ခေတ်ရေ့ပြေးသူများက မိမိတို့ကိုယ်ကို လူမှု တည်ဆောက်ရေး ဝါဒီ (social

constructivist) များအဖြစ် ခံယူကြသည်။ လူ့အခွင့်အရေးနှင့် ပတ်သက်သော လူမှု တည်ဆောက်ရေး ဝါဒသည် လွန်ခဲ့သော ဆယ်စုနှစ် အချို့တွင် ပို၍ လွှမ်းမိုးမှု ရှိလာပြီး ကလေးသူငယ် အခွင့်အရေးဆိုင်ရာ တွေးခေါ်မှုများ အတွက် ကာလရှည်ကြာ အချက်အလက်များ ပေးခဲ့သည်။ အေးရိစ် (Aries) (1962) စတင် ဖော်ထုတ်ခဲ့သော လူမှု တည်ဆောက်ရေး ဝါဒသည် လူမှု စံနှုန်းများနှင့် လူမှု အဖွဲ့အစည်းများ အပေါ် မှီခိုနေသည့် သမိုင်းကြောင်း ဆိုင်ရာ (သို့) လူမှုရေး ဆိုင်ရာ လက္ခဏာများကို ရှာဖွေခြင်း ဖြစ်သည်။ အေးရိစ်၏ စာတမ်းများတွင် အစောပိုင်း ခေတ်ပေါ် ကာလအတွင်း ပြင်သစ် လူ့အဖွဲ့အစည်း၏ ကလေးများ အပေါ် သမိုင်းကြောင်းအရ နားလည်မှုများ ပြောင်းလဲလာပုံ၊ ကလေးများကို ပုံဖော်ပုံများကို မှတ်တမ်း တင်ထားသည်။ အခြား လေ့လာမှုများက မတူညီသော နိုင်ငံများ၊ သမိုင်းကြောင်း များအကြား ကွာခြားချက်များကို ရှာဖွေထားသည် (Boyden, 1994; Burman, 1994; James and Prout, 1997)။ ထိုလေ့လာချက်များသည် လူသားများ၏ နေထိုင်မှု ပုံစံများနှင့် ကလေးဘဝ မျိုးစုံကို ဖော်ပြထားသည့် အစောပိုင်း မနုဿဗေဒ ပညာရပ်ဆိုင်ရာ လေ့လာမှုများအပေါ် အခြေခံထားသည် (Mead and Wolfenstein, 1955)။

တည်ဆောက်ရေး ဝါဒီ သမိုင်းများက ကလေးငယ်များအတွက် ပြည်တွင်းနှင့် နိုင်ငံတကာ ထောက်ခံလှုပ်ရှားမှုများကိုလည်း လေ့လာသုံးသပ်ကြသည် (Platt, 1977; Parton, 1985; Cunningham, 1995)။ ထိုသမိုင်းများက ကလေးငယ်များကို ကာကွယ်ရန် ကြိုးပမ်းသည့် “ကလေးငယ်များကို ကယ်တင်သည့် လှုပ်ရှားမှုများ” နှင့် ကလေးငယ်များကို မြှင့်တင်ပေးရန် ကြိုးပမ်းသည့် “ကလေးငယ်များ၏ အခွင့်အရေး ဆိုင်ရာ လှုပ်ရှားမှုများ” အကြား ခွဲခြားမှုများ ပြုလုပ်ကြသည်။ ကလေးသူငယ် အခွင့်အရေး ဆိုင်ရာ လှုပ်ရှားမှုသည် ၁၉၇၀ ပြည့်လွန်နှစ်များတွင် စတင်ခဲ့ပြီး ကလေးငယ်များ၏ ဆုံးဖြတ်နိုင်စွမ်းနှင့် လွတ်လပ်ခွင့်များသည် အရွယ်ရောက်ပြီး သူများနှင့် တန်းတူဖြစ်သည်ဟု ဆိုထားသော ကလေးသူငယ် လွတ်မြောက်ရေး အစီအစဉ်နှင့် ကွာခြားသည်ကို သတိပြုရမည်။ ကလေးငယ်များကို ကယ်တင်သည့် ချဉ်းကပ်ပုံသည် ၁၉၈၀ ပြည့်လွန်နှစ်များ မတိုင်မီအထိ နိုင်ငံတကာ အဖွဲ့အစည်းများတွင် လွှမ်းမိုးသော ချဉ်းကပ်ပုံ ဖြစ်ခဲ့သည်။ ထိုအချိန် နောက်ပိုင်းတွင် အခွင့်အရေး အခြေပြု ချဉ်းကပ်ပုံကို ပို၍ အသုံးများ လာသည်။ မည်သို့ပင် ဆိုစေကာမူ ကလေးများကို ကယ်တင်သည့် လှုပ်ရှားမှုသည် အခွင့်အရေးနှင့် မြှင့်တင်ရေး မူဘောင်အတွင်းတွင် ရှိနေဆဲ ဖြစ်ပြီး ယင်းအကြောင်းကို ဆက်လက် ဆွေးနွေးသွား ပါမည်။ ကလေးငယ် ကယ်တင်ရေးနှင့် မြှင့်တင်ရေး ချဉ်းကပ်ပုံများအကြား ပဋိပက္ခများကို ကလေးစစ်သားများ (သို့) ကလေး လုပ်သားများ စုဆောင်းခြင်းအား တားမြစ်သည့် ဆွေးနွေး ငြင်းခုန်မှုများတွင် တွေ့နိုင်သည် (Hart, 2006)။ ကလေးငယ်များအတွက် နိုင်ငံတကာ ထောက်ခံလှုပ်ရှားမှု ချဉ်းကပ်ပုံများက အန္တရာယ်များပြီး ခေါင်းပုံဖြတ်သော ကလေးလုပ်သား ခိုင်းစေမှုများနှင့် ခေါင်းပုံဖြတ်ခြင်း မဟုတ်ဘဲ ကလေးများကို လုပ်ငန်းခွင်တွင် တဖြည်းဖြည်း ပါဝင်ခိုင်းခြင်းတို့အကြား ကွာခြားမှုများ ရှိကြောင်း ဝန်ခံထားသည်။ သို့ရာတွင် ကလေးသူငယ် ဆိုင်ရာ နိုင်ငံတကာ ထောက်ခံလှုပ်ရှားမှုများက ကလေးစစ်သား ကိစ္စကို တခဲနက် ဆန့်ကျင် ကြပြီး ကလေးများ လက်နက်ကိုင် တပ်ဖွဲ့များတွင် ပါဝင်ခြင်းသည် များသောအားဖြင့် ဖိအားပေး ခံရခြင်းကြောင့် ဖြစ်သည်ဟု ရှုမြင် ထားကြသည် (စာသေတ္တာ ၁၇.၄ တွင် ရှုပါ)။ သုတေသနများကမူ ကလေးငယ်များ လက်နက်ကိုင် တပ်ဖွဲ့များတွင် ဝင်ရောက်ခြင်းသည် များသောအားဖြင့် အတင်းအဓမ္မ ဖိအားပေးခြင်းကြောင့် ဖြစ်သည်ဟူသည့် ယူဆချက်ကို စိန်ခေါ် ထောက်ပြထားသည် (စာသေတ္တာ ၁၇.၅ တွင် ရှုပါ)။s

**၁၉၄၉ ခုနှစ် ဂျနီဗာ သဘောတူစာချုပ်များနှင့် ၁၉၇၇ ခုနှစ် နောက်ဆက်တွဲ စာချုပ်များ**

https://www.icrc.org/applic/ihl/ihl.nsf/vwTreaties1949.xsp

**၁၉၇၇ ခုနှစ် နောက်ဆက်တွဲ စာချုပ် (၁)**

**အပိုဒ် ၇၇**

ကလေးငယ်များကို ကာကွယ်ခြင်း

၁။ ပဋိပက္ခတွင် ပါဝင်သော အုပ်စုများသည် အသက် ၁၅ နှစ် မပြည့်သေးသော ကလေးများကို အကြမ်းဖက်မှုများတွင် တိုက်ရိုက် ပါဝင် ပတ်သက်မှု မရှိရလေအောင် တတ်စွမ်းသမျှ လုပ်ဆောင်ပေးရမည်။ အထူးသဖြင့် ပါဝင်ပတ်သက်သော အုပ်စုများသည် ကလေးငယ်များကို လက်နက်ကိုင် တပ်ဖွဲ့များတွင် ထည့်သွင်းခြင်းမှ ရှောင်ကြဉ်ရမည်။ အသက် ၁၅ ပြည့်ပြီး သော်လည်း ၁၈ နှစ် မပြည့်သေးသူများကို စစ်သားအဖြစ် စုဆောင်းရာ၌ ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့များသည် အသက်အရွယ် ကြီးသူများကို ပို၍ ဦးစားပေး စုဆောင်းရမည်။

၂။ စာပိုဒ် ၂ တွင် ပြဋ္ဌာန်းထားသည်များ ရှိသော်လည်း ခြွင်းချက် အနေဖြင့် အကြမ်းဖက်မှုများတွင် တိုက်ရိုက် ပါဝင်နေသော အသက် ၁၅ နှစ် မပြည့်သေးသည့် ကလေးငယ်များသည် တစ်ဘက် အဖွဲ့က ဖမ်းဆီးခြင်းခံရပါက ၎င်းတို့သည် စစ်သုံ့ပန်း ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ယခုအပိုဒ်တွင် ပြဋ္ဌာန်းထားသည့် အထူးအကာအကွယ်များကို ရရှိခွင့် ရှိရမည်။

၃။ အပိုဒ် ၇၅၊ စာပိုဒ် ၅ တွင် ဖော်ပြထားသည့် မိသားစုများကို မိသားစုလိုက် ထိန်းသိမ်းထားသည့် အခြေအနေမှအပ လက်နက်ကိုင် ပဋိပက္ခများနှင့် စပ်လျဉ်းပြီး ဖမ်းဆီး ထိန်းသိမ်းခံထားရသော ကလေးငယ်များကို အရွယ်ရောက်ပြီးသူများအား ထိန်းသိမ်းထားသည့် နေရာနှင့် သီးသန့်ခွဲ၍ ထိန်းသိမ်းထားရမည်။

၄။ လက်နက်ကိုင် ပဋိပက္ခနှင့် စပ်လျဉ်း၍ သေဒဏ် ပေးရာတွင် ပြစ်မှု ကျူးလွန်သည့် အချိန်၌ အသက် ၁၈ နှစ် မပြည့်သေးသူများကို ကွပ်မျက်ခြင်း မပြုရ။

**ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ်၊ ၂၀ နိုဝင်ဘာ ၁၉၈၉**

အပိုဒ် ၃၈

၁။ လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် ကလေးသူငယ်များနှင့် သက်ဆိုင်သော လက်နက်ကိုင် ပဋိပက္ခ ဆိုင်ရာ နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေပါ စည်းကမ်းချက်များကို လေးစား လိုက်နာရမည်။

၂။ လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် အသက် ၁၅ နှစ် မပြည့်သေးသော ကလေးများကို အကြမ်းဖက်မှုများတွင် တိုက်ရိုက် ပါဝင် ပတ်သက်မှု မရှိရလေအောင် တတ်စွမ်းသမျှ လုပ်ဆောင်ပေးရမည်။

၃။ လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် အသက် ၁၅ နှစ် မပြည့်သေးသော ကလေးငယ်များကို ၎င်းတို့၏ စစ်တပ်များတွင် ထည့်သွင်းခြင်းမှ ရှောင်ကြဉ်ရမည်။ အသက် ၁၅ ပြည့်ပြီးသော်လည်း ၁၈ နှစ် မပြည့်သေးသူများကို စစ်သားအဖြစ် စုဆောင်းရာ၌ လက်မှတ် ရေးထိုးထားသော နိုင်ငံများသည်

အသက်အရွယ် ကြီးသူများကို ပို၍ ဦးစားပေး စုဆောင်းရမည်။

၄။ နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေပါ အရပ်သားများကို လက်နက်ကိုင် ပဋိပက္ခမှ ကာကွယ်သည့် တာဝန်များကို ထမ်းဆောင်ရာတွင် လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် လက်နက်ကိုင် ပဋိပက္ခများကြောင့် ထိခိုက်ခံစားရသော ကလေးငယ်များကို ကာကွယ် စောင့်ရှောက်ပေးရန် တတ်စွမ်းသမျှ လုပ်ဆောင်ပေးရမည်။

အပိုဒ် ၃၉

လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ အလွဲသုံးစား ပြုခြင်း၊ ညှဉ်းပန်း နှိပ်စက်ခြင်း (သို့) ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှုများ (သို့) အပြစ်ပေးမှုများ (သို့) လက်နက်ကိုင် ပဋိပက္ခများ၏ သားကောင် ဖြစ်ခဲ့ရသော ကလေးငယ်များကို ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာအရ ပြန်လည် ထူထောင်လာစေရန်နှင့် လူမှု ပြန်လည် ပေါင်းစည်းမှုများ ရရှိစေရန် လက်မှတ် ရေးထိုးထားသော နိုင်ငံများသည် သင့်လျော်သည့် နည်းလမ်းများကို အသုံးပြု လုပ်ဆောင်ရမည်။ ထိုသို့ ပြန်လည် ထူထောင်လာစေရေးနှင့် ပြန်လည် ပေါင်းစည်းမှု ရရှိစေရေးသည် ကလေးငယ်၏ ကျန်းမာရေး၊ မိမိကိုယ်မိမိ လေးစားမှုနှင့် ဂုဏ်သိက္ခာ ရှိမှုတို့ကို အားပေးသော ပတ်ဝန်းကျင်တွင် ဖြစ်ပွားရမည်။

http://www.icc-cpi.int/nr/rdonlyres/ea9aeff7-5752-4f84-be94-0a655eb30e16/0/rome_statute_english.pdf

**နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး ဆိုင်ရာ ၁၉၉၈ ခုနှစ် ရောမ သဘောတူစာချုပ်**

အပိုဒ် ၃ က ကလေးငယ်များကို လက်နက်ကိုင် ပဋိပက္ခများတွင် အသုံးပြုရန် ဖိအားပေး (သို့) မပါမနေရ ထည့်သွင်းခြင်းအား တားမြစ်ထားသည်။

http://www.ilo.org/public/english/standards/relm/ilc/ilc87/comchic.htm

**ကလေးငယ်များကို လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်ခိုင်းခြင်းနှင့် စပ်လျဉ်းသော ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ်၏ လိုက်နာလိုမှ လိုက်နာနိုင်သော နောက်ဆက်တွဲ စာချုပ် ၂၀၀၀ ခုနှစ်**

လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် ၎င်းတို့၏ အသက် ၁၈ နှစ် မပြည့်သေးသော တပ်ဖွဲ့ဝင်များကို အကြမ်းဖက်မှုများတွင် တိုက်ရိုက် ပါဝင် ပတ်သက်ခြင်း မရှိစေရန် တတ်စွမ်းသမျှ လုပ်ဆောင်ရမည် (အပိုဒ် ၁)။

လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် အသက် ၁၈ နှစ် မပြည့်သေးသူများကို ၎င်းတို့၏ စစ်တပ်များတွင် မပါမနေရ တာဝန်ထမ်းဆောင်ခိုင်းခြင်း မရှိစေရ (အပိုဒ် ၂)။

နိုင်ငံတော်နှင့် မသက်ဆိုင်သော လက်နက်ကိုင် အုပ်စုများသည် မည်သည့် အခြေအနေ၌ မဆို အသက် ၁၈ နှစ် မပြည့်သေးသူများကို စုဆောင်းခြင်း (သို့) အကြမ်းဖက်မှုတွင် အသုံးပြုခြင်းမှ ရှောင်ရှား ရမည် (အပိုဒ် ၄)။

**အခြား အဓိက နိုင်ငံတကာ လှုပ်ရှားမှုများ**

၁၉၉၇ ခုနှစ် ကိပ်တောင်း စည်းမျဉ်းများနှင့် အလေ့အကျင့်ကောင်းများ
http://www.unicef.org/emerg/files/Cape_Town_Principles(1).pdf
စစ်တပ်များ (သို့) လက်နက်ကိုင် တပ်ဖွဲ့များတွင် ကလေးသူငယ်များကို တရားမဝင် စုဆောင်းခြင်း (သို့) အသုံးပြုခြင်း ဆိုင်ရာ ၂၀၀၇ ခုနှစ် ပဲရစ် ကတိကဝတ်များ
ကလေးသူငယ်များနှင့် စပ်လျဉ်း၍ စစ်တပ်များ (သို့) လက်နက်ကိုင် တပ်ဖွဲ့များအတွက် ၂၀၀၇ ခုနှစ် ပဲရစ် စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များ
http://www.unicef.org/protection/files/Paris_Principles_EN.pdf
လက်နက် ဖြုတ်သိမ်းရေး၊ တပ်ဖျက်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေး ဆိုင်ရာ ကုလသမဂ္ဂ စုပေါင်း စံနှုန်းများ UN Integrated Disarmament, Demobilization, and Reintegration Standards (IDDRS))
http://www.unddr.org/

**စာသေတ္တာ ၁၇.၅။ စိန်ခေါ်နေသော ထင်မြင်ယူဆချက်များ၊ ကလေးစစ်သားများ**

သမိုင်းကြောင်းအရ ကလေးသူငယ်များ လက်နက်ကိုင် တပ်ဖွဲ့တွင် ပါဝင်ခြင်းသည် ၎င်းတို့၏ အခြားသော လူမှု တာဝန်များနှင့် အပြိုင် ရှိနေသည်။ ထို့ကြောင့် ကလေးသူငယ်များက အသက်ငယ်ငယ်ဖြင့် လူကြီး တာဝန်များ ယူရသည့် လူမှု အခြေအနေများတွင် ထိုကလေးများသည် တိုက်ခိုက်ရသည့် အခန်းကဏ္ဍများတွင် ပိုမို ပါဝင်လိုကြသည် (Hart, 2006, 2008)။ မည်သို့ပင် ဆိုစေကာမူ ယေဘုယျအားဖြင့် ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားခြင်းက ကလေးသူငယ်များ လုပ်ကိုင်ရသည့် အချို့ လုပ်ငန်းများသည် ခေါင်းပုံဖြတ်သည့် ပုံစံ မဖြစ်ဟု ယူဆသည့်တိုင်အောင် လက်နက်ကိုင် ပဋိပက္ခများမှ ကလေးသူငယ်များ၏ အခန်းကဏ္ဍမှမူ အန္တရာယ်ရှိပြီး ခေါင်းပုံဖြတ်ခြင်း ဖြစ်သည်ဟု ရှုမြင်ကြသည်။ ထို့ပြင် ကလေး စစ်သား ဖြစ်လာခြင်းသည် ကလေးငယ်၏ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်း ဆိုင်ရာနှင့် စိတ်ခံစားမှု ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများကို ပျက်စီးစေရုံသာမက ကလေးစစ်သားများသည် ၎င်းတို့၏ မရင့်ကျက်သေးမှုကြောင့် အကြမ်းဖက်ခြင်းကို ပိုမို အသားကျလွယ်ပြီး ရက်စက် ကြမ်းကြုတ်မှုများ ပို၍ ကျူးလွန်နိုင်ခြေ ရှိသည် (Goodwin-Gill and Cohn, 1994)။

သို့ရာတွင် ပြည်တွင်း လက်နက်ကိုင် တပ်ဖွဲ့များသို့ ဝင်ရောက်ခြင်းသည် သမားရိုးကျအားဖြင့် လူ့အသိုင်းအဝိုင်းထဲမှ လူမှုရေးအရ ဘေးထုတ်ခံထားရသူများအတွက် လူ့အဖွဲ့အစည်းနှင့် ပေါင်းစည်းရန်နှင့် အထက်သို့ တက်နိုင်ရန် နည်းလမ်းတစ်ခု ဖြစ်သည်။ ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေး သဘောတူစာချုပ်ထဲတွင် အသက် ၁၅ မှ ၁၈ နှစ်အတွင်း ကလေးများကို စစ်သားအဖြစ် စုဆောင်းခြင်းကို တားမြစ်ခြင်းအား ထည့်သွင်းမည်ကို နိုင်ငံအများအပြားက ဆန့်ကျင်ကြသည်။ ထိုအစား အသက် ၁၈ နှစ် အောက်များကို စစ်ထဲ မဝင်မနေရ ဝင်ခိုင်းခြင်း (သို့) အသက် ၁၈ နှစ်အောက်များကို ရှေ့တန်းတွင် တာဝန် ထမ်းဆောင်ခိုင်းခြင်းများကို တားမြစ်ရန် လုပ်ဆောင်ခဲ့ကြသည် (စာသေတ္တာ ၁၇.၄ တွင် ရှုပါ)။

ကလေးစစ်သား ဆိုင်ရာ နိုင်ငံတကာ လှုပ်ရှားမှုများက ယေဘုယျ အားဖြင့် ကလေး ပြန်ပေးဆွဲခြင်းနှင့် ယူဂန်ဒါ နိုင်ငံမှ ဘုရားသခင်၏ တော်လှန်ရေးတပ် (Lord's Resistance Army (LRA)) ကဲ့သို့သော လက်နက်ကိုင် အုပ်စုများတွင် အတင်းအဓမ္မ တာဝန် ထမ်းဆောင်ခိုင်းခြင်း ကဲ့သို့သော ပြဿနာများကို

အာရုံစိုက်ကြသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီး၏ အီရတ်မှ လူ့အခွင့်အရေး အခြေအနေများ ဆိုင်ရာ ၂၀၁၅ ခုနှစ် အစီရင်ခံစာ (သို့) လူ့အခွင့်အရေး စောင့်ကြည့် လေ့လာရေး အဖွဲ့၏ "ကျွန်ုပ်တို့ အသက်ရှင်ချင် ရှင်မည်၊ သေလျှင်လည်း သေသွားနိုင်သည်၊ ဆီးရီးယားမှ လက်နက်ကိုင် အုပ်စုများ၌ ကလေးသူငယ်များ စုစည်းခြင်းနှင့် အသုံးပြုခြင်း" အစီရင်ခံစာများ ကဲ့သို့သော နိုင်ငံတကာ လူ့အခွင့်အရေး အစီရင်ခံစာများတွင် မှတ်တမ်းတင် ထားသည့်အတိုင်း ကလေးငယ်များကို ကာကွယ်ခြင်းသည် ဆီးရီးယား၊ အီရတ်နှင့် ယီမင်မှ စစ်ပွဲများတွင် များစွာ အရေးပါလာသည်။ ISIS ကဲ့သို့သော အကြမ်းဖက် အုပ်စုများသည် ၎င်းတို့ ကလေးစစ်သားများ စုဆောင်းခြင်းနှင့် ထိုကလေး စစ်သားများက ရက်စက် ကြမ်းကြုတ်မှုများ ကျူးလွန်ရန် အသင့်ရှိပုံတို့ကို လူမှု ကွန်ယက်တွင် ဝေမျှသည့် ဝါဒဖြန့် ဗီဒီယိုများတွင် ပြောင်ပြောင်တင်းတင်းပင် ပြသကြသည်။

၂၀၁၄ ခုနှစ် ဧပြီလတွင် အစ္စလာမ် စစ်သွေးကြွ အုပ်စု ဘိုကိုဟာရမ်က နိုင်ဂျီးရီးယား နိုင်ငံ မြောက်ပိုင်း ချီဘော့မြို့ရှိ ကျောင်းတစ်ကျောင်းမှ မိန်းကလေးငယ် ၂၅၀ ကျော်ကို ပြန်ပေးဆွဲခဲ့သည်။ ယင်းဖြစ်ရပ်က ဘိုကိုဟာရမ် အဖွဲ့၏ ကလေးငယ်များကို လက်နက်ကိုင် တပ်ဖွဲ့တွင် အသုံးပြုသည့် ဖြစ်ရပ်အပေါ် နိုင်ငံတကာ၏ အာရုံစိုက်မှုကို နှိုးဆွ ပေးခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ (2015b) က ၂၀၁၄ ခုနှစ်မှ စ၍ ဒေသတွင်း အရပ်သားပေါင်း ၅၅၀၀ ကျော်ကို ဘိုကိုဟာရမ် အဖွဲ့က သတ်ဖြတ်ခဲ့သည်ဟု ခန့်မှန်းခဲ့ကြသည်။ ဘိုကိုဟာရမ် ကိုယ်၌က ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ စံနှုန်းများအား ဆန့်ကျင်ကြောင်း ကြေညာ ထားသည်။ ဘိုကိုဟာရမ်၏ တရားမဝင် အမည်တစ်ခုမှာ အနောက်နိုင်ငံမှ ပညာရေးများသည် အပြစ်ဖြစ်စေပြီး တားမြစ်ရမည်ဟု အဓိပ္ပာယ် ရသည် (BBC, 2014)။ နိုင်ငံတကာတွင် နာမည်ကျော် ကမ်ပိန်း တစ်ခု စတင်ခဲ့ပြီး မီရှဲယ် အိုဘားမား အပါအဝင် ထောက်ခံသူများက ချီဘော့မှ မိန်းကလေးငယ်များ၏ ဒုက္ခများကို လူအများ သတိပြုမိလာစေရန် မျှဝေကြပြီး ထိုမိန်းကလေးများ လွှတ်ပေးရေးအတွက် နိုင်ငံရေး လုပ်ဆောင်ချက်များဖြင့် တောင်းဆိုကြသည်။ UNICEF ၏ ပျောက်ဆုံးသွားသော ကလေးဘဝများ ကမ်ပိန်းကလည်း Facebook, Snapchat, Tumblr နှင့် Twitter ကဲ့သို့သော လူမှု မီဒီယာများမှတစ်ဆင့် hashtag #bringbackourchildhood ကို အသုံးပြုကာ ကလေးစစ်သားများ ဆိုင်ရာ ကိစ္စရပ်များကို လူငယ်များ အာရုံစိုက်မိလာစေရန် လုပ်ဆောင်ခဲ့သည် (UNICEF, 2014)။

အစောပိုင်းတွင် ကိုနီ ၂၀၁၂ ဗီဒီယိုမှ ထွက်ပေါ်ခဲ့သော ကမ္ဘာ့ လူမှု မီဒီယာ တက်ကြွ လှုပ်ရှားမှုများက LRA ၏ ခေါင်းဆောင် ဂျိုးဇက် ကိုနီ (Joseph Kony) ကို ကလေးသူငယ်များအား အတင်းအဓမ္မ စုဆောင်းခြင်း ဆိုင်ရာ စစ်ရာဇဝတ်မှုဖြင့် တရား စွဲဆိုရန် တောင်းဆိုခဲ့သည်။ သို့ရာတွင် ထိုကမ်ပိန်းသည် အပေါ်ယံဆန်ပြီး ကာလတို သက်ရောက်မှုသာ ရှိခဲ့သည်ဟု ဝေဖန် ခံခဲ့ရသည် (Drumbl, 2012a)။ ထို့ပြင် နိုင်ငံတကာ လှုပ်ရှားမှု ကမ်ပိန်းများက ကလေး စစ်သား လုပ်ခိုင်းခြင်းကို ပုံဖော်ခြင်းများအပေါ် ဝေဖန်မှု အချို့ ရှိခဲ့သည်။ ဥပမာ လူမှု မီဒီယာတွင် တက်ကြွ လှုပ်ရှားမှုများသည် ကလေးစစ်သား ပြဿနာကို အပေါ်ယံသာ နားလည်ပြီး ကလေးစစ်သားများကို စစ်တပ်မှ နုတ်ထွက်ရာနှင့် ပြန်လည် ထူထောင်ရာတွင် အရေးပါသည့် လွတ်ငြိမ်းချမ်းသာခွင့် ကဲ့သို့သော လုပ်ဆောင်ချက်များကို လျစ်လျူရှုထားသည် (Drumbl, 2012a)။ မာ့ခ်ဒရမ်ဘယ်လ် (Mark Drumbl) ၏ *နိုင်ငံတကာ ဥပဒေနှင့် မူဝါဒတွင် ကလေးစစ်သားများကို ပြန်လည် ပုံဖော်ကြည့်ခြင်း* (2012b) က ကလေးစစ်သားကို ပုံဖော်လေ့ ရှိသည့် အတင်းအဓမ္မ စုဆောင်းခံရခြင်း

ဟူသည့် အချက်ကို စိန်ခေါ်ခဲ့ပြီး ကလေးများသည် လက်နက်ကိုင် တပ်ဖွဲ့များသို့ ဝင်ရောက်လိုကြသည့် အကြောင်းအရင်း အမျိုးမျိုးကို တင်ဆက်ခဲ့သည်။

ဒရမ်ဘယ်လ်၏ လေ့လာသုံးသပ်ချက်က အနောက်နိုင်ငံမှ လူငယ်များသည် အဘယ်ကြောင့် နိုင်ငံရပ်ခြားသို့ သွားရောက်ကာ အယ်လ်ကိုင်ဒါ၊ ISIS (သို့) အခြားသော အကြမ်းဖက် အုပ်စုများသို့ ဝင်ရောက်ကြခြင်းကို ရှာဖွေ ဖော်ထုတ်ရာတွင် အသုံးဝင်သည်။ ISIS ၏ အွန်လိုင်းမှ လူစုဆောင်းခြင်းသည် အခြားသော အွန်လိုင်းအသုံးပြု လှည့်စားခြင်းများနှင့် အလားတူသော်လည်း လူငယ်များသည် ဂျီဟဒ် အစွန်းရောက် ဝက်ဘ်ဆိုဒ်များကို တက်ကြွစွာ ရှာဖွေ ကြည့်ရှု နေခြင်းကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ တစ်နည်း ဆိုရသော် ဆယ်ကျော်သက် စုဆောင်းခံရသူ များသည် ထိခိုက်နစ်နာသူ သက်သက်မဟုတ်ဘဲ ပါဝင်လိုသည့် အရင်းအမြစ် ရှိသူများ ဖြစ်သည်။ ဗြိတိန်မှ ISIS သို့ မကြာသေးမီက ဝင်ရောက်သွားသူများကို ကြည့်လျှင် ဆယ်ကျော်သက် အရေအတွက်မှာ သိသာ ထင်ရှားသည်။ ဥပမာ အသက် ၁၇ နှစ်အရွယ် ဗြိတိန် နိုင်ငံသား ISIS အဖွဲ့ဝင်သည် ၂၀၁၅ ခုနှစ် ဇွန်လတွင် အသေခံ တိုက်ခိုက်မှု တစ်ခု၌ အသက် ဆုံးရှုံးခဲ့သည် (BBC, 2015b)။ မိန်းကလေးများလည်း စုဆောင်းခံ ကြရသည်။ ဥပမာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် အသက် ၁၅ နှင့် ၁၆ နှစ်အရွယ် လန်ဒန်မှ မိန်းကလေးငယ် သုံးဦးသည် ဆီးရီးယားသို့ သွားရောက်၍ ISIS အဖွဲ့သို့ ဝင်ရောက်ကာ ISIS အကြမ်းဖက်သမားများနှင့် လက်ထပ်ခဲ့ကြသည်။ ၎င်းတို့ကျောင်းမှ သူငယ်ချင်းများသည်လည်း ဆီးရီးယား (သို့) အီရတ်သို့ သွားကာ ISIS အဖွဲ့သို့ ဝင်ရောက်မည် စိုးရိမ်၍ စောင့်ကြည့်ခံရကာ ခရီးသွားခြင်းလည်း ပိတ်ပင် ခံရသည် (Boycott, 2015)။

ISIS ၏ ဆွဲဆောင်ခြင်းသည် ဘာသာရေးနှင့် သဘောထားရေးရာ ကြေညာချက်များ၊ အနောက်နိုင်ငံ ဆန့်ကျင်သည့် သဘောထားများ၊ အန္တရာယ်ကို မခံမင်သော လုံခြုံသည့် ယဉ်ကျေးမှုကို ဆန့်ကျင်ကာ စိတ်လှုပ်ရှားဖွယ်၊ တပ်မက်ဖွယ် ကောင်းသော စွန့်စားမှု ရှာဖွေရန် စိတ်ဆန္ဒ၊ ရဲရင့်သော၊ စွဲဆောင်မှု ရှိသော တိုက်ခိုက်သူ ဖြစ်လာစေရန် (သို့) ထိုသူကို လက်ထပ်ရန် အစရှိသည့် အချက်များ ရောပြွန်း နေသည်။ ထိုဖြစ်ရပ်သည် ပေါ့ပ်အိုင်ဒေါလ်များ၊ မယုံကြည်သူများနှင့် စစ်ပွဲ ဆင်နွှဲသူများကို ကိုးကွယ်သူများ အစရှိသည့် အခြေအနေများနှင့် ဆင်တူသည် (Bunyan, 2015)။ သို့ရာတွင် ပေါ့ပ်အိုင်ဒေါလ်များသည် လူမှု မီဒီယာတွင် ကျော်ကြားကြသော်လည်း ဗြိတိန် နိုင်ငံမှ စုဆောင်း ခံရသူများသည် ပေါ့ပ်အိုင်ဒေါလ်များကိုသာ စိတ်ဝင်စားသည်မဟုတ်ဘဲ လူ့အခွင့်အရေးကို လူသိ ရှင်ကြား ချိုးဖောက်သည့် အဖွဲ့များကို စိတ်ဝင်စားနေကြသည် (UN High Commissioner for Human Rights, 2015)။ ထို့ကြောင့် ယင်းဖြစ်ရပ်အရ ဆယ်ကျော်သက်များသည် ၎င်းတို့၏ လူ့အဖွဲ့အစည်းများမှ ဖယ်ထုတ်ခံထားရသည်ဟု ခံစားရရုံသာမက နိုင်ငံတကာ လူ့အခွင့်အရေးကို ထောက်တိုင်ပြုပေးနေသော လူသားဆန်မှု ယုံကြည်မှုများနှင့် လူသားချင်း စာနာမှုဆိုင်ရာ စိုးရိမ် ပူပန်မှုများမှလည်း ဖယ်ထုတ်ခံထားကြရသည်ဟု ဆိုရမည် ဖြစ်သည် (Durodie, 2013)။

CRC ၏ စကားဦးက ကလေးဘဝအတွက် အားလုံး လိုက်နာသင့်သည့် ပုံစံကို ဖော်ပြထားသည်။ ကလေးငယ်များသည် ပျော်ရွှင်ဖွယ် ကောင်းပြီး မေတ္တာတရား၊ နားလည်မှုတို့နှင့် ပြည့်ဝသည့် ပတ်ဝန်းကျင်တွင် အရွယ်ရောက်ပြီးသူများ၏ တာဝန်များကို ထမ်းဆောင်ရခြင်း မရှိစေရ။ ကလေးများသည် လူ့အဖွဲ့အစည်းအတွင်းမှ လူတစ်ဦးချင်းစီ၏ ဘဝကို ဦးတည်ထားသည့် အခြေအနေတွင် သူ၏

ကိုယ်ကျင့်စရိုက်ကို ဖွံ့ဖြိုးစေရမည်။ ဖန်တီး တည်ဆောက်ရေး ဆိုင်ရာ ချဉ်းကပ်ပုံများက CRC မှ တစ်ဆင့် တစ်ကမ္ဘာလုံး ပျံ့နှံ့သည့် ကလေးဘဝ ဆိုင်ရာ စံနှုန်းများနှင့် ကလေးသူငယ် အခွင့်အရေးများ၏ နောက်ကွယ်တွင် သမိုင်းကြောင်း တစ်ခု ရှိသည်ဟု ဆိုသည်။ ထိုသမိုင်းကြောင်းမှာ ဥရောပနှင့် မြောက်အမေရိက လူ့အဖွဲ့အစည်းများတွင် စက်မှုလက်မှု ထွန်းကားလာခြင်း ဖြစ်သည်။ စက်မှုလက်မှု ထွန်းကားခြင်းက ကလေးငယ်များကို လုပ်ငန်းခွင်မှ ဖယ်ထုတ်လိုက်နိုင်ပြီး ကလေးဘဝ ပညာသင်ရန်နှင့် ဆော့ကစားရန် အချိန်ကို ဆွဲဆန့် နိုင်လိုက်သည်။ ထိုအရွယ်တွင် ကလေးများသည် အလုပ်လုပ်ကိုင်ရခြင်းနှင့် အခြား အရွယ်ရောက်ပြီးသူများ၏ တာဝန်များ ယူရခြင်းမှ ကင်းဝေးစေသည် (Berger, Berger, and Keller, 1974, pp. 171–4; Boyden, 1990; Cunningham, 1995; Cox, 1996)။

ဒွန်နယ်လီ (Donnelly) (2003, p. 71) က မျိုးရိုးဗီဇ မှားယွင်းမှု (သို့) လူ့အခွင့်အရေးများသည် သမိုင်းကြောင်းအရ အနောက်နိုင်ငံ လူ့အဖွဲ့အစည်းများတွင် ဖော်ထုတ်ခဲ့သောကြောင့် အနောက်နိုင်ငံ လူ့အဖွဲ့အစည်းများနှင့်သာ သင့်လျော်သည်ဟူသည့် သဘောတရားကို ယုံကြည်မှု အပေါ် မေးခွန်းထုတ်ခဲ့သည်။ သူနှင့် အခြားသူများက အာရပ် သင်္ချာ သဘောတရား ဖြစ်စေ၊ တရုတ်နိုင်ငံမှ မီးရှူးမီးပန်းများ ဖြစ်စေ သဘောတရား တစ်ခု (သို့) ထုတ်ကုန် တစ်ခု၏ သမိုင်း အခြေခံ ထွက်ပေါ်ရာ နေရာသည် ထိုသဘောတရား/ထုတ်ကုန်ကို အခြား လူ့အဖွဲ့အစည်းများတွင် အသုံးပြုနိုင်ခြင်းအား သက်ရောက်မှု မရှိဟု ထောက်ပြခဲ့သည် (Donnelly, 2003, p. 71)။ သို့ရာတွင် သမိုင်းကြောင်း အတွေ့အကြုံများ တူညီခြင်း မရှိပါက မည်သည့်အရာများ ဖြစ်ပေါ်နိုင် သနည်း။

## ရုပ်ဝတ္ထုများ တိုးတက် ပြောင်းလဲလာခြင်းနှင့် လူမှု တိုးတက်မှုကို ချိတ်ဆက်ခြင်း

အမြင်ပွင့်ကာလမှ စ၍ ကျင့်ဝတ်ပိုင်း တိုးတက်မှုနှင့် လူမှု တိုးတက်မှုတို့ကို ရုပ်ဝတ္ထုများ တိုးတက် ပြောင်းလဲလာခြင်းနှင့် ချိတ်ဆက်ကြသည်။ အခြား ကိစ္စရပ်များအတွက် ရုပ်ဝတ္ထု တိုးတက် ပြောင်းလဲခြင်း၏ အရေးပါမှုက မေးခွန်းထုတ်စရာမလိုသည့် စဉ်းစား တွေးခေါ်ပုံမျိုး ဖြစ်သည်။ “နိုင်ငံရေး၊ ကျင့်ဝတ်ပိုင်း (သို့) တွေးခေါ်မှုပိုင်းတွင် လူသားတို့၏ တိုးတက်မှု အားလုံးသည် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ခွဲခြား၍ မရပေ” ဟု လူမှုဗေဒ ပညာရှင် ဩဂတ်စ်ကော့တ် (Auguste Comte) (1896, p. 222) က ရေးသားခဲ့သည်။ လူမှုဗေဒကို ထုတ်ဖော်ခဲ့သူ ပညာရှင်များက ရုပ်ဝတ္ထု တိုးတက်မှုများနှင့် ယဉ်ကျေးမှု တိုးတက်မှုများအကြား ဆက်စပ်မှုများကို အလေးထားခဲ့သည်။ မက်စ်ဗေဘာ (Max Weber) (1954) က အားလုံးအတွက် တူညီပြီး ဘက်မလိုက်သော ဥပဒေ စံနှုန်းများ ပေါ်ထွက်လာခြင်း၊ လူတစ်ဦးချင်းစီ၏ အခွင့်အရေးများနှင့် ဥပဒေ၏ ရှေ့မှောက်တွင် တန်းတူညီခြင်း၊ ပုဂ္ဂိုလ်ရေး မပါသော အများပြည်သူ ဆိုင်ရာ နယ်ပယ်၊ ခေတ်ပေါ် ဈေးကွက် စီးပွားရေးနှင့် နိုင်ငံတော်အတွက် ခေတ်မီ အင်စတီကျူးရှင်းများ ပေါ်ပေါက်လာခြင်းတို့အကြား ဆက်စပ်မှုများ ရှိသည်ဟု ရှုမြင်ခဲ့သည်။ ကားလ်မာ့စ် (Karl Marx) (1990) က အရင်းရှင် စီးပွားရေး ဆက်ဆံရေးများတွင် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် ဥပဒေ စံနှုန်းများ ပေါ်ထွက်လာခြင်းကို ဖော်ထုတ်ပြခဲ့သည်။ ဂန္ထဝင် လူမှုဗေဒနှင့် မာ့စ်ဆစ်(စ်) ချဉ်းကပ်ပုံများအကြား အရေးပါသော ကွဲပြားမှုများ ရှိသော်လည်း ထိုချဉ်းကပ်ပုံ နှစ်မျိုးလုံးက နည်းပညာသုံး ထုတ်လုပ်မှုတွင် တိုးတက်မှုများ၏ အရေးပါပုံကို အလေးစိုက်ခဲ့ကြသည် (Berger, Berger, Keller, 1974, pp. 29-43, 90-105)။

တစ်ဘက်တွင်မူ အိမ်ထောင်စု ထုတ်လုပ်မှုအပေါ် အခြေခံသည့် လူ့အဖွဲ့အစည်းသည် အသိုင်းအဝိုင်း အတွင်း တာဝန်များ၊ မျိုးနွယ်ဆိုင်ရာ တာဝန်များနှင့် ပုဂ္ဂိုလ်ရေး ပါဝင်သော အများပြည်သူ ဆိုင်ရာ နယ်ပယ်တို့အပေါ် အခြေခံ ထားသည်။ ရိုးရာ စက်မှု ထွန်းကားမှု မရှိသေးသော လူ့အဖွဲ့အစည်းများတွင် လူမှု ဆက်ဆံရေးများနှင့် တာဝန်များ၏ ပုဂ္ဂိုလ်ရေးဆန်သော လက္ခဏာများသည် အားလုံးအတွက် တူညီပြီး ဘက်မလိုက်သော ဥပဒေ စံနှုန်းများနှင့် တစ်သီးပုဂ္ဂလ အခွင့်အရေးများ ပေါ်ထွက်ရေးကို အတားအဆီး ဖြစ်စေသည်။ ထုတ်လုပ်မှု စွမ်းအား လျော့နည်းခြင်းက လူ့အဖွဲ့အစည်းအတွင်း ပြန်လည် ဝေမျှမှု ပြုနိုင်သည့် လူမှု ဖူလုံရေး အရင်းအမြစ်များကို လျော့ကျစေသည်။ အားနည်းသော ပြည်တွင်း အခြေခံ အဆောက်အဦများက အရင်းအမြစ်များကို ညီမျှစွာနှင့် ထိရောက်စွာ ပြန်လည် ခွဲဝေပေးနိုင်စွမ်းကို ကန့်သတ်သည်။ လူ့အဖွဲ့အစည်း၏ ရိုးရာ ဖြစ်သော (စက်မှု မထွန်းကားသော)၊ တစ်စိတ်တစ်ပိုင်း စက်မှု ထွန်းကားသော၊ စက်မှု ထွန်းကားသော၊ စက်မှု ထွန်းကားမှု ကျော်လွန်သော လက္ခဏာများသည် အခြေခံအားဖြင့် ကလေးဘဝ စံနှုန်းများကိုလည်းကောင်း၊ ဥပဒေ၏ အကျယ်နှင့် ၎င်း၏ ကလေးဘဝ စံနှုန်းများကို လွှမ်းမိုးနိုင်မှုကို လည်းကောင်း သတ်မှတ်ပေးသည်။

**ဥပဒေနှင့် ယဉ်ကျေးမှု**

၁၈ ရာစုနှစ်တွင် မွန်တက်စ်ကျူ (Montesquieu) က *ဥပဒေ၏ စိတ်ဓာတ် (The Spirit of Laws)* (Montesquieu, 1949) ကို ရေးသားခဲ့ပြီး နောက်ပိုင်းမှ စ၍ နှိုင်းယှဉ် လေ့လာရေး သုတေသနများက နိုင်ငံ တစ်နိုင်ငံ၏ ဥပဒေ စံနှုန်းများနှင့် ထိုနိုင်ငံ၏ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု အခြေအနေများနှင့် ထုတ်လုပ်မှု ပုံစံများအကြား ဆက်စပ်မှုများကို ရှာဖွေ ဖော်ထုတ်ခဲ့ကြသည် (Weber, 1954, Arendt, 1972, pp. 63–6; Pashukanis, 1978; Glendon, Gordon, and Osakwe, 1982, p. 10; Geertz, 1983, p. 215)။ တွေ့ရှိချက်များက လူတစ်ဦးချင်းစီ၏ အခွင့်အရေးများ ဖြစ်ပေါ် တိုးတက်မှုနှင့် ဘုရင်စနစ်မှ ခေတ်ပေါ် အရင်းရှင် လူ့အဖွဲ့အစည်းများခေတ်အထိ လူမှုရေးနှင့် နိုင်ငံရေး ပြောင်းလဲမှုများကို ချိတ်ဆက်ကြသည် (Dicey, 1959; Arendt, 1972, pp. 66–76; Pashukanis, 1978, Neumann, 1996, pp. 195–230; Miéville, 2005)။ ထိုလေ့လာမှုများက မတူညီသော အခြေအနေများရှိသည့် မတူညီသော လူ့အဖွဲ့အစည်းများတွင် ဥပဒေကို အဓိပ္ပာယ် ပြန်ဆိုနိုင်စွမ်းအပေါ် မေးခွန်းထုတ်ကြသည်။ ခေတ်ပေါ် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးပြီး အရင်းရှင် ဆက်ဆံရေးများအကြား ဆက်စပ်မှုများအပေါ် အစောပိုင်း တွေ့ရှိချက်များအရ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် တွေ့ရလေ့ ရှိသော ရိုးရာ စိုက်ပျိုးရေးနှင့် အမျိုးသားများက အမွေဆက်ခံသည့် ဆက်ဆံရေးများသည် အခွင့်အရေး စည်းကြပ်မှုကို ထိခိုက်စေသည်။ အထူးသဖြင့် မနုဿဗေဒ လေ့လာမှုများအရ လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ နေထိုင်မှု ပုံစံများက ဥပဒေဘောင်နှင့် ကင်းလွတ်နေသည့် အခါ ဥပဒေ၌ အကန့်အသတ်များ ရှိသည်ကို တွေ့ရသည် (Malinowski, 1945, p. 45)။ ရှင်းရှင်း ဆိုရသော် “ဥပဒေသည် ယဉ်ကျေးမှု၊ ယဉ်ကျေးမှုသည် ဥပဒေပင် ဖြစ်သည်” (Grossfeld, 1990, p. 41)။ အခြားသော အစောပိုင်း လေ့လာမှုများက ဥပဒေက လူမှု ဆက်ဆံရေးများတွင် မည်ကဲ့သို့ ထင်ဟပ်သည်ကို အာရုံစိုက်ကြပြီး နောက်ပိုင်း ချဉ်းကပ်ပုံများက ဥပဒေက လူမှု ဆက်ဆံရေးများကို မည်ကဲ့သို့ ပုံသွင်းသနည်း ဟူသည်ကို လေ့လာသည် (Geertz, 1983; Santos, 1987; Milanović , 1992)။ ဥပဒေ လူမှု တည်ဆောက်ရေး ဝါဒကို စံနှုန်း အခြေပြု အဓိပ္ပာယ် ပြန်ဆိုမှုများက ၁၉၉၀ ပြည့်လွန်နှစ်များမှ စ၍ ကမ္ဘာ့ လူ့အခွင့်အရေး တိုးချဲ့ခြင်းကို အထောက်အကူ ပြုခဲ့သည်။ ယဉ်ကျေးမှုများသည် သီးသန့် ဖြစ်တည်နေသည့် ကျွန်းများ

မဟုတ်ကြပေ။ လူ့အခွင့်အရေးသည် အနောက်နိုင်ငံများမှ စတင်ခဲ့ခြင်းက ယင်းတို့ကို အခြား ယဉ်ကျေးမှုများတွင် ပေါင်းစည်း၍ မရဟု ဆိုလိုခြင်း မဟုတ်သလို ဖိနှိပ်ခံရသည့် အုပ်စုများမှ လူ့အခွင့်အရေးများ အသုံးပြုခြင်းကိုလည်း တားဆီး ပိတ်ပင်ထားခြင်း မရှိပေ (Wilson, 1997, p. 10; Donnelly, 2003, p. 71)။ မည်သို့ပင် ဆိုစေကာမူ စံနှုန်းများကို အခြေခံသည့် သမိုင်းကြောင်း အခြေအနေများ မတူညီသည့် နေရာများတွင် ဥပဒေ စံနှုန်းများကို တစ်ကမ္ဘာလုံး ပျံ့နှံ့စေခြင်းက ပြဿနာများ ရှိသည်။ အထူးသဖြင့် စိုက်ပျိုးရေး အခြေခံသည့် လူ့အဖွဲ့အစည်းများနှင့် စက်မှုထွန်းကားခြင်း ခေတ်လွန် ကာလမှ လူ့အဖွဲ့အစည်းများအကြား ဥပဒေအရ ရပိုင်ခွင့်များ လက်တွေ့ ရရှိစေရေးအတွက် လုပ်ဆောင်ရာတွင် လွန်စွာ ကွာခြားသည့် လုပ်ဆောင်နိုင်စွမ်းများ ရှိကြသည် (Pupavac, 2011)။ ပို၍ အရေးပါသည်မှာ အခွင့်အရေးများကို တည်ဆဲ လူမှု အခြေအနေများနှင့် ဆန့်ကျင်၍ စည်းကြပ်မှု ပြုသည့်အခါ အခွင့်အရေးများ၏ လက္ခဏာများ ပြောင်းလဲသွားသည်။ ဆင်းရဲသော၊ အားနည်းသော နိုင်ငံများတွင် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများကို လိုက်နာရခြင်းမှ ထွက်ပေါ်လာသည့် ပြဿနာများသည် ပြင်ပမှ လာရောက် အုပ်ချုပ်မှုနှင့် ယင်းနှင့် ဆက်စပ်သည့် အင်အားမညီမျှသည့် ဆက်ဆံရေးများကို တရားနည်းလမ်းကျစေသည် (N Lewis, 1998)။

## CRC က ဖွံ့ဖြိုးဆဲ နိုင်ငံများမှ ကလေးဘဝများကို ဖယ်ထုတ်ထားခြင်း

အစောပိုင်းတွင် ဖန်တီး တည်ဆောက်ရေး ဝါဒီများက CRC ကို အသက် ၁၈ နှစ် မပြည့်မီကပင် အရွယ်ရောက်ပြီးသူများ၏ တာဝန်များကို ထမ်းဆောင်နေရသည့် ဖွံ့ဖြိုးဆဲ နိုင်ငံများမှ ကလေးငယ်များ၏ အတွေ့အကြုံများကို ဘေးဖယ်ထားကာ အနောက်နိုင်ငံမှ ကလေးဘဝ ပုံစံများကိုသာ ထည့်သွင်းစဉ်းစားထားခြင်းအတွက် ဝေဖန်ခဲ့ကြသည် (Boyden, 1990, 1994; James and Prout, 1990; Burman, 1994, 1995; Franklin, 1995; Bar-On, 1996; N. Lewis, 1998)။ သို့ရာတွင် ထောက်ခံလှုပ်ရှားသူများက ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဖန်တီး တည်ဆောက်ရေး သီအိုရီများကို ယဉ်ကျေးမှုများသည် အမြဲတစေ မပြောင်းလဲဘဲ ပုံသေ ဖြစ်နေခြင်း မဟုတ်ကြောင်း၊ ကလေးငယ်များနှင့် စပ်လျဉ်းပြီး ယဉ်ကျေးမှု အမူအကျင့်များကို ပြောင်းလဲရန် CRC က လှုံ့ဆော် ပေးနိုင်ကြောင်း ဆွေးနွေး ထောက်ပြခဲ့ကြသည်။

ကျိုးကြောင်း ဆက်စပ် ဆင်ခြင်ပါက ကလေးဘဝ စံနှုန်းများ ထွက်ပေါ်လာစေရန် တွန်းအားပေးခဲ့သည့် သမိုင်းဆိုင်ရာ အတွေ့အကြုံများနှင့် တူညီသော သမိုင်းကြောင်း အတွေ့အကြုံများက စံနှုန်းများကို ပေါင်းစပ်စေသည်။ CRC တွင် ပါဝင်သည့် ကလေးဘဝ စံနှုန်းများကို ထွက်ပေါ်စေသော သမိုင်း အခြေအနေများ တစ်ကမ္ဘာလုံးတွင် မရှိပါက ယင်းအချက်က ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားမှုတွင် ပြဿနာ ဖြစ်စေသည်။ ထိုအခြေအနေများ တစ်ကမ္ဘာလုံးတွင် ဖြစ်ပေါ်စေရေး ရည်မှန်းချက်ကို သဘောတူစာချုပ် မဖန်တီးမီကပင် စွန့်လွှတ်ခဲ့ပြီး ဖြစ်သည်။ ယင်းအချက်ကို ကျွန်ုပ်တို့ ဆက်လက် လေ့လာသွားပါမည်။ ယနေ့ခေတ် နိုင်ငံတကာ ဖွံ့ဖြိုးရေး မူဝါဒများက ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် ကျေးလက် ရှင်သန်မှု ရိုးရာ နည်းလမ်းများကို ဆက်လက် ထိန်းသိမ်းထားခြင်းများ ပါဝင်သော လွန်စွာ ကွဲပြား ခြားနားသည့် ပန်းတိုင် တစ်ခုကို မျှော်မှန်းထားသည် (Pupavac, 2005, Duffield, 2007)။ မတူညီသော လူ့အဖွဲ့အစည်းများမှ အခြားသော ကလေးဘဝ အတွေ့အကြုံများကို တရားမဝင်ဟု သတ်မှတ်သည့်

ကမ္ဘာ့ခြမ်းမှ လူမှု အခြေအနေများမှသာ ကလေးဘဝ ပုံစံကို ဥပဒေ သတ်မှတ်ခြင်း ဆင်းသက်လာသည် (Boyden, 1990, 1994; James and Prout, 1990; Burman, 1994, 1995; Franklin, 1995; Bar-On, 1996; N. Lewis, 1998; Hart, 2006)။

## လူ့အဖွဲ့အစည်း တိုးတက်စေရေးတွင် ဥပဒေ၏ အကန့်အသတ်များ

ယခင်က နိုင်ငံတကာ မူဝါဒများက ဥပဒေ ပြဋ္ဌာန်းခြင်းသည် ဆင်းရဲသော နိုင်ငံများတွင် ကလေးသူငယ်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရာ၌ အကန့်အသတ် ရှိသော အခန်းကဏ္ဍ တစ်ခုသာ ဖြစ်သည်ဟု ရှုမြင်ကြသည်။ UNICEF က ၁၉၆၃ ခုနှစ် အစီရင်ခံစာတွင် အောက်ပါအတိုင်း ရေးသားခဲ့သည်။

ချမ်းသာသည့် နိုင်ငံများတွင် ကလေးငယ်များ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ဥပဒေ ပြဋ္ဌာန်းခြင်းက များစွာ လုပ်ဆောင်ပေးနိုင်သည်။ အကူအညီအတွက် အရင်းအမြစ် အမြောက်အမြားကို အသိုင်းအဝိုင်းများ (သို့) ပရဟိတ လမ်းကြောင်းများမှ တောင်းခံနိုင်သည်။ လိုအပ်ချက်များ ကြီးကြီးမားမား ရှိနေသော ကလေးငယ် အရေအတွက်မှာ အနည်းငယ်သာ ရှိသောကြောင့် ထိုလိုအပ်ချက်များကို ကိုင်တွယ်ရန် ထိရောက်သော လုပ်ငန်း အစီအစဉ်များ ချမှတ် နိုင်သည်။ ကလေးငယ်များ၏ လိုအပ်ချက်များ များပြားသည့် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင်မူ နိုင်ငံသား အားလုံး၏ လူနေမှု အဆင့်အတန်းများကို မမြှင့်တင်ဘဲ ကလေးငယ်များ၏ အခြေအနေများကို မြှင့်တင်ရန် ခက်ခဲသည်။
(UNICEF, 1963, p. 23)

ထိုအမြင်သည် ဂန္ထဝင် လူမှုဗေဒ အစဉ်အလာကို လိုက်သည့် အမြင်မျိုး ဖြစ်သည်။

လူမှုဗေဒ၏ ဘာသာရပ်ခွဲ တစ်ခုက လူ့အဖွဲ့အစည်းသည် လူတစ်ဦးနှင့် တစ်ဦးကြား ဆက်ဆံမှုများနှင့် လူမှုပြောင်းလဲမှုများ ပေါင်းစပ်ကာ လူတစ်ဦးနှင့် တစ်ဦး ဆက်ဆံမှု ပြောင်းလဲခြင်း ဖြစ်ပေါ်လာသည်ဟု ရှုမြင်သည်။ ကျွမ်းကျင်မှုအရ ဝင်ရောက် စွက်ဖက်ခြင်းများ၏ အခန်းကဏ္ဍကို အာရုံစိုက်ထားပြီး စီးပွားရေးနှင့် လူမှုရေး အခြေအနေများကို အာရုံစိုက်ထားခြင်း မရှိသော ခေတ်ပေါ် ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားမှုများသည် ထိုလူမှုဗေဒ ဘာသာရပ်ခွဲ၏ စံနှုန်း အခြေပြု သဘောထား ရှုမြင်ပုံနှင့် နီးစပ်သည် (Boyden, 1994, 1997; M. King, 1997, pp. 7-8)။ သမိုင်းကြောင်းအရ ကလေးသူငယ်များ ကိုယ်စား ထောက်ခံလှုပ်ရှားမှုများ အပါအဝင် အနောက်နိုင်ငံများမှ လူမှု ပြောင်းလဲရေး လှုပ်ရှားမှုကို နိုင်ငံရေး လှုပ်ရှားမှုများနှင့် နှိုင်းယှဉ် ကြည့်ပါက ယင်းတို့သည် ရုပ်ဝတ္ထုပိုင်း ဆိုင်ရာထက် ကျင့်ဝတ်/အမူအကျင့် ပြုပြင် ပြောင်းလဲရေးကို ပို၍ အလေးစိုက်ကြသည် (Williams, 1963; Parton, 1985)။ စံနှုန်းများနှင့် ရုပ်ဝတ္ထုပိုင်း ဆိုင်ရာ အခြေအနေများအကြား အပြန်အလှန် ဆက်စပ်မှုကို အာရုံစိုက်ရာတွင် လူမှု တည်ဆောက်ရေး လေ့လာမှုများသည် အစောပိုင်း လူမှုဗေဒ ဘာသာရပ်နှင့် ဆင်တူသည်။ သို့ရာတွင် မကြာသေးမီ နှစ်များအတွင်း လူမှု တည်ဆောက်ရေး ချဉ်းကပ်ပုံများသည် ရုပ်ဝတ္ထုပိုင်းကို အဓိက မထားတော့ဘဲ ၎င်းတို့၏ အများလက်ခံထားသော အကြောင်းအရာများမှ တစ်ဆင့် လူ့အဖွဲ့အစည်းများ တည်ဆောက်ထားပုံအပေါ် ရှုမြင်ပုံက စံနှုန်း အခြေပြု လူမှုဗေဒ ဘာသာရပ်ခွဲနှင့် ဆင်တူလာသည်။

စံနှုန်း အခြေပြု၊ ရုပ်ဝတ္ထု အသားမပေးသည့် အဓိပ္ပာယ် ဖွင့်ဆိုခြင်းများကို အထူးသဖြင့် ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားသူ ပညာရှင်များအကြားတွင် တွေ့ရသည်။ စံနှုန်း အခြေပြု အဓိပ္ပာယ် ဖွင့်ဆိုခြင်းများအရ ကလေးဘဝ စံနှုန်းများသည် တည်ဆောက်ဖန်တီး ထားခြင်း ဖြစ်ပြီး ပြန်လည် တည်ဆောက် ဖန်တီးနိုင်သည်။ သို့ရာတွင် ထိုအဓိပ္ပာယ် ဖွင့်ဆိုခြင်းများက အစောပိုင်း ဖန်တီးတည်ဆောက်ရေး လေ့လာချက်များတွင် မီးမောင်းထိုး ပြခဲ့သည့် အချက် ဖြစ်သော စံနှုန်းများနှင့် လူ့အဖွဲ့အစည်း၏ ရုပ်ဝတ္ထု အခြေအနေများ အကြား ရှုပ်ထွေးပြီး အဓိကကျသည့် ဆက်စပ်မှုများကို လျစ်လျူရှုထားခဲ့သည်။ ယနေ့ခေတ် ချဉ်းကပ်ပုံများက ကလေးဘဝဆိုင်ရာ သဘောတရားများနှင့် သမိုင်းကြောင်းအရ တိုးတက် ပြောင်းလဲလာသည့် ရိုးရာ ကာလမှ စက်မှု ထွန်းကားသော ကာလ၊ ထိုမှတစ်ဆင့် စက်မှု ထွန်းကားခြင်း ခေတ်လွန် ကာလ၏ လူ့အဖွဲ့အစည်းများအကြား ဆက်စပ်မှုများကို လေ့လာထားသော အစောပိုင်း  လူမှု တည်ဆောက်ရေး နည်းလမ်း သုတေသနများကို အသိအမှတ် ပြုလာသည်။ သို့ရာတွင် ထိုချဉ်းကပ်ပုံများက စံနှုန်း ပြောင်းလဲမှုနှင့် ရုပ်ဝတ္ထု ပြောင်းလဲမှုများကို ခွဲခြားလိုက်သည့်အခါ ယခင် သုတေသနများ၏ ယနေ့ခေတ် ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားမှုအပေါ် သက်ရောက်မှုများကို လျစ်လျူရှုရာ ကျသွားသည်။ အခွင့်အရေး စည်းကြပ်ရာ၌ မကြာခဏ တွေ့ရသော အတားအဆီးများကို နိုင်ငံရေး ဘောဂဗေဒနှင့် ဆက်စပ်နေသည့်တိုင် နိုင်ငံရေး စိတ်ဆန္ဒ မရှိသည့် ပြဿနာများအဖြစ်သာ ပုံဖော်လာကြသည် (ဥပမာ Donnelly, 2003, p. 29)။

ကမ္ဘာတလွှားမှ ထောက်ခံလှုပ်ရှားသူများက လူ့အခွင့်အရေး စံနှုန်းများသည် တစ်ကမ္ဘာလုံးတွင် အသုံးပြုနိုင်သည်ဟု ယုံကြည်ကြပြီး စက်မှု ဖွံ့ဖြိုးရေး ခေတ်လွန် လူ့အဖွဲ့အစည်းများမှ ထွက်ပေါ်လာပြီး CRC တွင် ပါဝင်သော ကလေးဘဝ စံနှုန်းများကို ယဉ်ကျေးမှုအရ အပြောင်းအလဲ အနည်းငယ် လုပ်ကာ တစ်ကမ္ဘာလုံးတွင် အသုံးပြု လိုကြသည်။ တစ်ဘက်တွင်မူ နိုင်ငံတကာ ဖွံ့ဖြိုးရေး တွေးခေါ်ပုံများက ဖွံ့ဖြိုးဆဲ နိုင်ငံများသည် ဖွံ့ဖြိုးပြီး နိုင်ငံများနည်းတူ စက်မှု ဖွံ့ဖြိုးရေးကို လိုက်လုပ်ရန် မလိုဟု ယုံကြည်ပြီး နှိုင်းယှဉ်သဘောတရား အခြေခံ ဖွံ့ဖြိုးရေးလမ်းကြောင်းများကို ဖော်ထုတ်ခဲ့သည်။ ကမ္ဘာတစ်ဝှမ်း ထောက်ခံလှုပ်ရှားပုံသည် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး အခွင့်အရေးများ၏ အပြန်အလှန် မှီခိုမှုနှင့် ခွဲခြား၍ မရနိုင်မှုတို့အပေါ် အာရုံစိုက်ကြသည်။ သို့ရာတွင် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး အခြေအနေများ၏ အပြန်အလှန် မှီခိုမှုနှင့် ခွဲခြား မရနိုင်မှုတို့ကို အာရုံစိုက်ခြင်း မဟုတ်ပေ။ ဖွံ့ဖြိုးဆဲ နိုင်ငံများက စက်မှု ထွန်းကားရေး မဟုတ်သော ဖွံ့ဖြိုးရေး လမ်းကြောင်းများကို လျှောက်လှမ်းမည်ဟု မျှော်မှန်းထားပါက ကလေးဘဝ စံနှုန်းများကို မည်ကဲ့သို့ တစ်ကမ္ဘာလုံး အသုံးပြုစေမည်နည်း ဟူသည့် မေးခွန်း ရှိလာသည်။ စံနှုန်း ပြောင်းလဲခြင်းကို ရုပ်ဝတ္ထု ပြောင်းလဲမှုနှင့် ခွဲခြားရာတွင် ကမ္ဘာတစ်ဝန်းမှ ထောက်ခံလှုပ်ရှားသူများက ဂန္ထဝင် ဒဿနဆရာ တဖြစ်လဲ ဥပဒေပညာရှင်များ၏ ဆွေးနွေး ငြင်းခုန်မှုများကို သံယောင် လိုက်ကြသည်။ အဆိုပါ ဥပဒေ ပညာရှင်များက ကောင်းမွန်သော ဘဝ ပုံစံများကို ပုံဖော်ရာတွင် စိတ်ချမ်းသာမှုများကို အာရုံစိုက်ထားပြီး ရုပ်ပိုင်းဆိုင်ရာ လိုချင်တပ်မက်မှုများကို အရေးမပါဟု ရှုမြင် ထားသည်။ ယခုအခန်း၏ ကျန်ရှိနေသော အပိုင်းများတွင် လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားမှု၏ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည်ဟူသော ဝါဒနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ နှိုင်းရ ဝါဒတို့အကြား ထိပ်တိုက် တွေ့မှုများကို လေ့လာသွားပါမည်။

## အနှစ်ချုပ်

လူမှု တည်ဆောက်ရေး လေ့လာမှုများက ကလေးဘဝများသည် မတူညီသော သမိုင်းကြောင်းများနှင့် ယဉ်ကျေးမှုများတွင် မည်ကဲ့သို့ ကွဲပြားစွာ ဖန်တီး တည်ဆောက် ထားသည်ကို ပြသနေသည်။
CRC တွင် ပါဝင်သည့် ပုံစံအရ အသက် ၁၈ နှစ် မပြည့်မီ ကလေးဘဝသည် ပျော်စရာကောင်းသော၊ လူကြီး တာဝန်များ ယူရန် မလိုသော အချိန် ဖြစ်သည်။ ယင်းမှာ ဖွံ့ဖြိုးပြီး စက်မှု ထွန်းကားသော အနောက်နိုင်ငံများ၏ သမိုင်းကြောင်း အတွေ့အကြုံများကို အခြေခံ ထားခြင်း ဖြစ်သည်။
CRC က စံနှုန်းများ ထွက်ပေါ်စေသော သမိုင်းကြောင်း အခြေအနေများ တစ်ကမ္ဘာလုံး မပြန့်ပွားသေးဘဲနှင့် ကလေးဘဝ စံနှုန်းများကို တစ်ကမ္ဘာလုံး ပြန့်ပွားအောင် ကြိုးပမ်းခဲ့သည်။ ဆိုလိုသည်မှာ ကျင့်ဝတ်ပိုင်း ဆိုင်ရာအရ ပြောင်းလဲမှုကို ရုပ်ပိုင်းဆိုင်ရာအရ ပြောင်းလဲမှုမှ သီးသန့် ခွဲထားခြင်း ဖြစ်သည်။
ယခင်က လေ့လာမှုများက အထူးသဖြင့် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ဥပဒေ ပြဋ္ဌာန်းခြင်းသည် ကလေးငယ်၏ လူမှု ဖူလုံရေးကို တိုးတက်စေရာတွင် အကန့်အသတ်ရှိသော ကဏ္ဍတစ်ခုမှသာ ပါဝင်သည်ဟု ယုံကြည်ကြသည်။ သို့ရာတွင် ၁၉၆၀ ပြည့်လွန်နှစ်များတွင် နိုင်ငံတကာ ဖွံ့ဖြိုး တိုးတက်ရေး မဟာဗျူဟာများအပေါ် စတင် သံသယဝင်လာခဲ့ကြသည်။
ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားမှုများတွင် ကလေးသူငယ်များ၏ အခြေအနေကို တိုးတက်စေရန် စံနှုန်း အခြေပြု၊ ရုပ်ဝတ္ထု အလေးမပြုသော ချဉ်းကပ်ပုံကို အသုံးပြုကြသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**
ဥပဒေက လူမှု အပြောင်းအလဲကို မည်မျှ ဖြစ်စေသနည်း။

## ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပုံစံမှ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှု ပုံစံသို့

### မြို့ပေါ်မှ ဘေးထုတ်ခံရသူများနှင့် လမ်းပေါ်နေ ကလေးများ

မူလက နိုင်ငံတကာ ဖွံ့ဖြိုးရေး မူဝါဒများက မြို့နေ ဆင်းရဲမွဲတေမှုများသည် ကျေးလက်နေ ဆင်းရဲမွဲတေမှုများထက် တစ်ဆင့်မြင့်သည်ဟု ယူဆကြသည်။ အဘယ်ကြောင့် ဆိုသော မြို့ပြ ဘဝသည် မလုံလောက်သည့်တိုင် ဆင်းရဲမွဲတေသူများကို အလုပ်အကိုင်နှင့် ဝန်ဆောင်မှု အခွင့်အရေးများ ပေးနိုင်သည်။ ထို့ကြောင့် ကျေးလက်မှ ဆင်းရဲမွဲတေမှုသည် အရေးတကြီး ဖြေရှင်းရမည့် ပြဿနာဟု ယူဆခဲ့သည် (Black, 1996, p. 119)။ လေ့လာမှုများက မြို့ပေါ်သို့ ရွှေ့ပြောင်း အခြေချ ခြင်းသည် ဆင်းရဲသော မိသားစုများကို ကျေးလက်တွင် မရနိုင်သော အဆင့်အတန်း တစ်ဆင့် မြင့်လာစေရန် အခွင့်အရေး ပေးသည်ဟု ဆိုကြသည် (Nelson, 1969)။ သို့ရာတွင် တဖြည်းဖြည်းနှင့် မြို့နေ ဆင်းရဲ မွဲတေမှုသည်လည်း ဆိုးရွားကြောင်း၊ အထူးသဖြင့် ကလေးများအပေါ် ဆိုးရွားကြောင်း သိရှိလာကြသည် (Black, 1996, p. 129)။ မြို့ပေါ်မှ ပြဿနာ အမျိုးအပြားသည် ယာယီသာ ဖြစ်သည်ဟူသည့် အကောင်းမြင်မှုများ ပျောက်ဆုံးလာကာ မြို့နေဘဝသည် မိသားစု ဆက်ဆံရေးများကို ယိုယွင်းစေပြီး လူငယ်များကို သင့်လျော်သော မိဘ လမ်းညွှန်မှု မရရှိဘဲ ဖြစ်စေသည်ဟူသည့် အကြောက်တရားက လွှမ်းမိုးလာသည်။ လမ်းပေါ်နေ ကလေးများ ဖြစ်ရပ်က နိုင်ငံတကာ မူဝါဒ ချမှတ်သူများကို ခေတ်မီ တိုးတက် ပြောင်းလဲခြင်း နည်းဗျူဟာများက လူမှု အစေးကပ်မှုနှင့် ဖူလုံရေးတို့ကို မည်သို့ ခြိမ်းခြောက်နေကြောင်း ပြသနေသည် (Black, 1996, pp. 128-30)။

လူမှု စိတ်ပညာဆိုင်ရာ ချဉ်းကပ်ပုံများက ဆင်းရဲသား ရပ်ကွက်များနှင့် ကျူးကျော် ရပ်ကွက်များ တိုးပွားလာခြင်းက လူမှုရေး ပြဿနာများကို ဖန်တီးပေးပြီး ကောင်းစွာ ထိန်းကျောင်း မခံရသော လူငယ်များကို ဆိုးသွမ်း လူငယ်များ ဖြစ်လာစေသည်ဟု ယူဆသည်။ လူမှုရေး အကွဲအပြဲ များကြောင့် မိသားစုများက လူငယ်များ၏ ကိုယ်ကျင့်စရိုက် ကောင်းမွန်စွာ ဖွံ့ဖြိုးလာရေးကို မလုပ်ဆောင်ပေး နိုင်တော့ပေ။ လိုအပ်သည့် စံနှုန်းများ မရှိခြင်းကြောင့် လူငယ်များမှာ လူမှုစံ ပျက်ယွင်းသည့် လုပ်ရပ် အမျိုးမျိုးကို ပျော်မွေ့လာကြသည် (Hauser, 1961, p. 54)။

တရားဝင်နှင့် အလုံးစုံ ပြောင်းလဲရေး ဝေဖန်မှု နှစ်မျိုးလုံးက မတူညီသော ရှုထောင့် နှစ်မျိုးမှ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် စက်မှု ထွန်းကားခြင်းကို ဆန့်ကျင်ကြသည်။ အနောက်တိုင်း မူဝါဒ ချမှတ်သူများက မြို့ပေါ်သို့ ပြောင်းရွှေ့ အခြေချခြင်းသည် နိုင်ငံရေး တက်ကြွ လှုပ်ရှားမှုကို မြှင့်တင်ပေးမည်ကို စိုးရိမ်ကြသည်။ ခေတ်မီ တိုးတက် ပြောင်းလဲရေး နည်းဗျူဟာများက လူ့အဖွဲ့အစည်းများကို နိုင်ငံရေးအရ မတည်မငြိမ် ဖြစ်စေပြီး လူမှု ပြဿနာများကို လျှော့ချပေးခြင်းထက် ပိုမို ဆိုးရွားစေသည် (Huntington, 1968)။ မြို့ပြ လျင်မြန်စွာ ကြီးထွားလာခြင်းက နေရာ ပြောင်းရွှေ့လာသူ သန်းပေါင်းများစွာ ပေါ်ထွက်လာစေပြီး စိတ်ပျက် လက်ပျက် ဖြစ်မှုများကို တိုးမြှင့်လာစေလိမ့်မည်ဟု စိုးရိမ်ကြသည် (Lerner, 1967, p. 28)။ အလုံးစုံ ပြောင်းလဲရေးသမားများ၌မူ ဆန့်ကျင်ဘက် ပူပန်မှုများ ရှိကြသည်။ ခေတ်ပေါ် နိုင်ငံတော်များသည် စည်းကမ်းလိုက်နာသူများကို ဖန်တီးပေးသည်။ ထို့ကြောင့် ခေတ်မီ စက်မှု ထွန်းကားသော နိုင်ငံ ဖြစ်စဉ်များ၏ ပြင်ပတွင် ရှိသူများ ထံမှသာ နိုင်ငံရေး ဆန့်ကျင် လှုပ်ရှားမှုများ ထွက်ပေါ် လာနိုင်သည် (Marcuse, 1964; Illich, 1997)။ ဖွံ့ဖြိုးဆဲ နိုင်ငံများသည် စက်မှု ထွန်းကားရေးနှင့် ပြည်တွင်း လွတ်လပ်ရေး လှုပ်ရှားမှုများတွင် ရှိခဲ့သော အယူအဆများနှင့် အညီ နိုင်ငံတော်ကသာ ဖွံ့ဖြိုးရေးတွင် အဓိက အခန်းကဏ္ဍ ယူသင့်သည်ဟူသော သဘောထားကို လိုလားနေကြဆဲ ဖြစ်သည်။ ၎င်းတို့ကို ဝေဖန်သူများက လူတို့၏ အခြေခံ လိုအပ်ချက်များအတွက် အရင်းအမြစ်များ ပို၍ ပေးသည်ကို လိုလားပြီး နိုင်ငံတော်က အဓိက လူမှုဖူလုံရေး အခန်းကဏ္ဍကို ယူခြင်းအား အားပေးသည်။

ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် မျိုးချစ်ဝါဒ လျော့ကျလာခြင်းနှင့် ၁၉၇၀ ပြည့်လွန်နှစ်များ၊ ၁၉၈၀ ပြည့်လွန်နှစ်များနှင့် စစ်အေးကာလ အဆုံးပိုင်းမှ နိုင်ငံရေး လှုပ်ရှားမှုများက နိုင်ငံတကာ ဖွံ့ဖြိုးရေး မူဝါဒများကို ဖွံ့ဖြိုးဆဲ နိုင်ငံများအား ဖွံ့ဖြိုးပြီး စက်မှု ထွန်းကားသည့် နိုင်ငံများနှင့် လိုက်မီရန် ကြိုးပမ်းခိုင်းသည့် အကြံအစည်အား ပယ်ဖျက်စေခဲ့သည်။

နိုင်ငံများကို မတူညီသော ဖွံ့ဖြိုးရေး လမ်းကြောင်းများ၊ မတူညီသော ဘဝ ပုံစံများနှင့် လူနေမှု အဆင့်အတန်းများ လျှောက်လှမ်းရန် မျှော်လင့်ထားသော်လည်း ၎င်းတို့ကို ကမ္ဘာ့ လူ့အခွင့်အရေးအား လိုက်နာရန်လည်း မျှော်မှန်းထားသည်။ တစ်နည်းဆိုရသော် နိုင်းရ ဖွံ့ဖြိုးရေး ပုံစံများ မြှင့်တင်ခြင်းနှင့် ကမ္ဘာ့ လူ့အခွင့်အရေး မူဘောင်များ မြှင့်တင်ခြင်းတို့အကြား ထိပ်တိုက်တွေ့မှုများ ရှိလာသည် (Pupavac, 2005)။

## စီးပွားရေး ဖွံ့ဖြိုးမှု၏ ကပ်ဘေးနှင့် ကလေးသူငယ် အခွင့်အရေးများ မြင့်မားလာခြင်း

တစ်ကမ္ဘာလုံး ဖွံ့ဖြိုးရေး အကြံအစည်ကို ၁၉၇၀ ပြည့်လွန်နှစ်များတွင် စွန့်လွှတ်ခဲ့သော်လည်း ထိုဆယ်စုနှစ်များ၌ပင် လူ့အခွင့်အရေးကို တစ်ကမ္ဘာလုံး ပြန့်ပွားစေရန် လုပ်ဆောင်မှုများနှင့် ကျင့်ဝတ်အခြေခံသော ပြုပြင် ပြောင်းလဲရေး အစီအစဉ်များ ချဲ့ထွင်ရန် ကြိုးပမ်းမှုများ တွေ့ရှိ ခဲ့ရသည်။ နိုင်ငံတကာမှ လူ့အခွင့်အရေးကို အရေးစိုက်လာစေရန် အားပေးသည့် နိုင်ငံတကာ နိုင်ငံရေး နောက်ခံ နယ်ပယ် မရှိခဲ့ပေ (T. Evans, 1996, 1998; Sellars, 2002)။ UNICEF ကို ကလေးသူငယ် အခွင့်အရေး ချဉ်းကပ်ပုံ အသုံးပြုစေခဲ့သည့် လှုံ့ဆော်မှုမှာ မြို့ပြ ချဲ့ထွင်လာမှုနှင့် စီးပွားရေး ကပ်ဘေးတို့၏ အကျိုးသက်ရောက်မှုများနှင့် ဖွဲ့စည်းတည်ဆောက်မှု ပြောင်းလဲ ညှိနှိုင်းရေး အစီအစဉ်များ (Structural adjustment programmes) ၏ မိသားစုများအပေါ် သက်ရောက်မှုများကြောင့် ဖြစ်သည် (Black, 1996)။ ကလေးသူငယ် အခွင့်အရေးများ ချဉ်းကပ်ပုံက ကလေးများ၏ လိုအပ်ချက်ကို ဦးစားပေးပြီး ၁၉၈၀ ပြည့်လွန်နှစ်များတွင် ဖြစ်ပွားခဲ့သော ကမ္ဘာ့ စီးပွားရေးပျက်ကပ်၏ ကလေးများအပေါ် သက်ရောက်မှုများကို လျှော့ချရန် အထောက်အကူ ပြုလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။

၁၉၈၀ ပြည့်လွန်နှစ်များ၏ စီးပွားရေးပျက်ကပ် ကာလများအတွင်း UNICEF က ကလေးများ အသက်ရှင်ရေးအတွက် အကြီးမားဆုံးသော သက်ရောက်မှု ရှိနိုင်မည့် ကုန်ကျစရိတ်နည်းသော အကူအညီပုံစံများကို ရွေးချယ်ခြင်းဖြင့် (Black, 1996, pp. 18-21) "လူသား မျက်နှာနှင့် ပြုပြင် ပြောင်းလဲမှု ပြုရေး" ဟူသည့် ခေါင်းစဉ်အောက်တွင် ကပ်ဘေး စီမံ ခန့်ခွဲရေး မဟာဗျူဟာများကို စတင် ချမှတ်ခဲ့သည် (Cornia, Jolly, and Stwewart, 1987)။ အလားတူပင် UNICEF ၏ လွန်စွာ ခက်ခဲသော အခြေအနေများမှ ကလေးငယ်များ အစီအစဉ်က ထိလွယ် ခိုက်လွယ်သည့် ကလေးငယ် အုပ်စုများကို အထူးပစ်မှတ်ထား ကူညီမှုများ လုပ်ဆောင်ခဲ့သည်။ UNICEF က စတင် လုပ်ဆောင်ခဲ့သော ရွေးချယ် ဆောင်ရွက်သည့် အစီအစဉ်များသည် ကလေးငယ်များ၏ အသက်ရှင်မှုနှုန်းကို တိုးတက်လာစေသည်။ သို့ရာတွင် ယင်းမှာ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများအတွက် ကြိုးပမ်းမှုအပေါ် နိုင်ငံတကာမှ နောက်ဆုတ်လိုက်သည့် ပြယုဒ်လည်း ဖြစ်သည်။ ထို့ပြင် လူဦးရေ၏ ယေဘုယျ အသက်ရှင်နှုန်းကိုသာ သက်ရောက်မှု ရှိနိုင်သည့် အချို့သော လူမှု ဖူလုံရေး လုပ်ငန်းများကိုသာ လုပ်ဆောင်ရန် နိုင်ငံတကာက ဆုံးဖြတ်လိုက်ခြင်းလည်း ဖြစ်သည် (Duffield, 2007)။ ယင်းအချက်က ကမ္ဘာပေါ်ရှိ ကလေးငယ်များ အားလုံး၏ အခွင့်အရေးများကို ကိုင်တွယ်ရန် ရည်ရွယ်ခဲ့သော CRC နှင့် ဆန့်ကျင်နေသည်။ ထိုဆန့်ကျင်မှုက ကမ္ဘာ့ ကလေးငယ်များ အခွင့်အရေး ထောက်ခံ လှုပ်ရှားမှုတွင် ပဋိပက္ခများ ကြီးထွားလာခြင်းကို ရောင်ပြန်ဟပ်နေခြင်း ဖြစ်သည်။

## ကလေးဘဝကို စံနှုန်း ပြန်လည် တည်ဆောက်ခြင်း

ကမ္ဘာ့ ကလေးငယ်များ၏ အခွင့်အရေး ထောက်ခံလှုပ်ရှားမှုတွင် အခြေခံကျသည့် ဝိရောဓိ တစ်ခု ရှိသည်။ ယင်းမှာ စံနှုန်းများကို ထွက်ပေါ်စေသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေအနေများကို တစ်ကမ္ဘာလုံး ပျံ့နှံ့စေရန် မကြိုးပမ်းဘဲ စက်မှု ဖွံ့ဖြိုးရေး ခေတ်လွန် လူ့အဖွဲ့အစည်းများ၏ ကလေးဘဝ စံနှုန်းများကို တစ်ကမ္ဘာလုံး ပျံ့နှံ့အောင် လုပ်ဆောင်နေခြင်း ဖြစ်သည်။ ကလေးသူငယ် အခွင့်အရေးများနှင့် ဖူလုံရေး ဆိုင်ရာ ၁၉၉၀ ပြည့်နှစ် အာဖရိက ပဋိညာဉ်က ကလေးငယ်များကို စီးပွားရေးအရ ခေါင်းပုံဖြတ်ခြင်းနှင့် အန္တရာယ်များသော

(သို့) ကလေးငယ်၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ စိတ်ဝိညာဉ်ပိုင်း၊ စိတ်ခတ်ရေးရာ (သို့) လူမှု ဖွံ့ဖြိုးမှုများကို အနှောင့်အယှက် ဖြစ်စေမည့် မည်သည့် အလုပ်မဆို လုပ်ကိုင်ရခြင်းတို့ မရှိစေရန် ကာကွယ်ပေးရမည်ဟု ပြဋ္ဌာန်းထားသည် (အပိုဒ် ၁၅)။ နိုင်ငံတကာ ကလေးသူငယ် ဆင်းရဲမွဲတေမှု ဆိုင်ရာ မော်ဒယ်လ်များက မိမိကိုယ်ကို ဘက်စုံ စဉ်းစားထားသည်၊ အရင်းအမြစ်များ ခွဲဝေချထားရေးကို အလေးစိုက်သည်ဟု ရှုမြင်ကြသော်လည်း ယင်းတို့က တိုးတက်သော စက်မှု ထုတ်လုပ်ရေးနှင့် အရည်အသွေးချင်း ကွာခြားပြီး အိမ်ထောင်စု တစ်စု၏ အခြေခံ နည်းပညာဖြင့် ထုတ်လုပ်နိုင်စွမ်းအပေါ် အခြေခံသည့် လူ့အဖွဲ့အစည်းများတွင် အရင်းအမြစ်များနှင့် ခွဲဝေရေး နည်းလမ်းများ မည်ကဲ့သို့ လုပ်ဆောင်သည် ဟူသည့် အချက်ကို မေ့ထားကြသည်။ သို့ရာတွင် ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးက နိမ့်ပါးသော (သို့) အလယ်အလတ်သာ ရှိသော နည်းပညာကို အခြေခံထားသည့် မိသားစုများ၏ တစ်ပိုင်တစ်နိုင် လယ်ယာ စိုက်ပျိုးမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးများအတွက် ကျောရိုးဖြစ်သည်ဟု ရှုမြင်ကြသည်။ ပြန်လည် ခွဲဝေပေးရေးကို အထူးအလေးပေးခြင်းက စိုက်ပျိုးရေးကို အဓိကထားသည့် လူ့အဖွဲ့အစည်းများ၏ ထုတ်လုပ်မှု နည်းလမ်းများတွင် ကလေးလုပ်သားများ လိုအပ်ခြင်းကို မေ့လျော့နေကြောင်း သက်သေပြ နေသည်။ ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးက ကြည်နူးဖွယ်ရာ လယ်ယာ လုပ်ကိုင်သည့် ပုံရိပ်များကို ချပြနေသည့်တိုင် ခေတ်ပေါ် စက်ကိရိယာများ မရှိသည့် မိသားစု လယ်ယာ စိုက်ပျိုးခြင်းတွင် ကလေးလုပ်သားများ အပါအဝင် လုပ်အား အလွန်အကျွံ လိုအပ်ခြင်းများ ရှိနေသည်။ အချို့သော စိတ်ဝင်စားဖွယ် သုတေသနများက ကလေးများအပေါ် ကမ္ဘာ့ နိုင်ငံရေး ဘောဂဗေဒ၏ သက်ရောက်ပုံနှင့် ကမ္ဘာတစ်ဝှမ်း ထောက်ခံလှုပ်ရှားမှုများ၏ ကလေးများအပေါ် သက်ရောက်ပုံများကို လေ့လာခဲ့ကြသည် (N. Lewis, 1998; Nieuwenhuys, 2000, 2001; Watson, 2006)။ သို့ရာတွင် ကလေးငယ်များအတွက် ရေရှည် တည်တံ့သော ဖွံ့ဖြိုးရေး ပုံစံ၏ သက်ရောက်မှုများကိုမူ လေ့လာသူ အနည်းငယ်သာ ရှိသေးသည်။

လူ့အခွင့်အရေးသည် တစ်ကမ္ဘာလုံးနှင့် အကျုံးဝင်သည် (သို့) အခြေအနေအပေါ် မူတည်၍သာ အကျုံးဝင်သည် ဟူသည့်အပေါ် ငြင်းခုန် ဆွေးနွေးမှုများက အာရှ တန်ဖိုးများအပေါ် အဓိက အာရုံစိုက်ကြသည်။ သို့ရာတွင် တစ်ကမ္ဘာလုံး လူ့အခွင့်အရေး မြှင့်တင်ခြင်းများသည် ဖွံ့ဖြိုးရေး၏ နှိုင်းရပုံစံများနှင့် ကိုက်ညီမှု ရှိ၊ မရှိကို ဆန်းစစ်ခြင်း မရှိပေ။ ဒွန်နယ်လီက တန်းတူညီပြီး ချိုးဖောက်၍ မရသော အခွင့်အရေး ဟူသည့် အကြံအစည်နှင့် အလေ့အကျင့်များတွင် ရိုးရာ နည်းလမ်းများကို စွန့်ခွာရမည်ဟူသည့် သဘောထား မသိမသာ ပါသည်ဟု ဆိုခဲ့သည် (Donnelly, 2003, p. 76)။ အခွင့်အရေး ချဉ်းကပ်ပုံအတွက် လူမှု အခြေအနေ အချို့ ရှိရန် လိုအပ်ပါသလားဟု သူက ရှားရှားပါးပါး မေးမြန်းခဲ့သော်လည်း သူ၏ လေ့လာသုံးသပ်ချက်က သူမေးခွန်းထုတ်ခဲ့သည့် အခွင့်အရေးများ အထိုင်ချခြင်း၏ ပြဿနာကို ကောင်းစွာ ဖြေဆိုနိုင်ခဲ့ခြင်း မရှိပေ။ သူက ခေတ်မီ တိုးတက်လာခြင်းကြောင့် ဖြစ်ပွားရသည့် မညီမျှသော ဖွံ့ဖြိုးမှုများက လူ့အခွင့်အရေးကို မရရှိစေခြင်း မဟုတ်၊ မရှိမဖြစ် လိုအပ်စေခြင်း ဖြစ်သည်ဟု ရှုမြင်သည်။ ထို့ကြောင့် ဒွန်နယ်လီက ခေတ်မီ တိုးတက်လာခြင်းကြောင့် ထွက်ပေါ်လာသည့် အခြေအနေများသည် လူ့အခွင့်အရေး မရှိပါက လူများကို လွန်စွာ ထိခိုက်လွယ်သူများ ဖြစ်သွားစေလိမ့်မည်ဟု ရေးသားခဲ့သည် (Donnelly, 2003, p. 85)။ လက်ရှိကြီးစိုးနေသည့် အကြွင်းမဲ့ လူ့အခွင့်အရေး ဒဿနသည် အစောပိုင်း underdevelopment သီအိုရီဆရာများ ထောက်ပြခဲ့သည့် လူတစ်ဦးတစ်ယောက်ချင်း၏ အခွင့်အရေးများကို ထိခိုက်စေသည့် အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးဘောဂဗေဒ၏ ဝိရောဓိများကို အပြည့်အဝ ဆန်းစစ်ခြင်း မပြုခဲ့ပေ။ (Frank, 1970, 1971; Amin, 1976)။

| အနှစ်ချုပ် |
| --- |
| အစောပိုင်းတွင် နိုင်ငံတကာ ဖွံ့ဖြိုးရေး မူဝါဒများက စီးပွားရေးတွင် စက်မှုထွန်းကားရေး မော်ဒယ်လ်များကို မြင့်တင်ခဲ့သည်။ ထိုမော်ဒယ်လ်များက စီးပွားရေးအရ ခေတ်မီတိုးတက် ပြောင်းလဲခြင်းဖြင့် ကမ္ဘာ့ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် လူမှုရေး စံနှုန်းများ ဆင်တူလာစေရန် အားပေးနိုင်သည်ဟု ရှုမြင်ကြသည်။ နိုင်ငံတကာ မူဝါဒ ချမှတ်သူများက ခေတ်မီ တိုးတက် ပြောင်းလဲခြင်းသည် နိုင်ငံရေးနှင့် လူမှုရေး မတည်ငြိမ်မှုများကို ဖြစ်စေသည်ဟု စိုးရိမ်ကြသည်။ ထိုသူများက မြို့ပြစနစ် ထွန်းကားလာခြင်းက လမ်းနေ ကလေးများကဲ့သို့သော လူမှု ပြဿနာများကို ဖန်တီးပေးမည်ကို စိုးရိမ်ကြသည်။ လမ်းနေကလေးများသည် လူမှုရေး ပြဿနာများကြောင့် ထိခိုက် နစ်နာသူများ ဖြစ်သလို လူမှုရေး ခြိမ်းခြောက်မှုများလည်း ဖြစ်သည်။ နိုင်ငံတကာ ဖွံ့ဖြိုးရေး မူဝါဒက စက်မှု ထွန်းကားရေး မဟုတ်သည့် ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး ချဉ်းကပ်ပုံများအဖြစ် ပြောင်းလဲလာသည်။ ကမ္ဘာအနှံ့ ထောက်ခံလှုပ်ရှားမှုတွင် လူ့အခွင့်အရေးသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည် ဟူသည့် ပုံစံများသာမက နိုင်ငံ့ဖွံ့ဖြိုးမှု ပုံစံများကိုလည်း အခြေခံထားသည်။ CRC က ကလေးငယ် တစ်ဦးချင်းစီကို ကိုင်တွယ်သည်။ သို့ရာတွင် နိုင်ငံတကာ မူဝါဒများက လူဦးရေအတွင်း ရွေးချယ်ထားသော အခြေခံ လိုအပ်ချက်များကို ပစ်မှတ်ထားခြင်းဖြင့် ပြဿနာများကို ဖြေရှင်းကြသည်။ စက်မှုထွန်းကားခြင်း မရှိသေးသော၊ နည်းပညာ နိမ့်ကျသော အိမ်ထောင်စု စီးပွားရေးစနစ်များသည် ကလေး လုပ်အားကို အခြေခံရသည်။ ယင်းက ကလေးဘဝ စံနှုန်းများအပေါ် အကျိုး သက်ရောက်မှုများ ရှိသည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>ကလေးများ၏ အကျိုးစီးပွားကို အတိုးတက်စေဆုံး နိုင်ငံတကာ ဖွံ့ဖြိုးရေး ချဉ်းကပ်ပုံများမှာ အဘယ်နည်း။ |

## ဖြစ်ရပ် လေ့လာခြင်း၊ ကလေးဘဝတွင် အပြစ်ပေးခြင်း

### ယဉ်ကျေးမှု စံနှုန်းများကို စံပြန်လည်တည်ဆောက်ခြင်း

ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေး ချဉ်းကပ်ပုံများက ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှု စံနှုန်းများ ပြောင်းလဲခြင်းကို မည်ကဲ့သို့ နားလည်ထားကြသနည်း။ ကလေးငယ်များ၏ အခွင့်အရေး ထောက်ခံလှုပ်ရှားမှုက လူ့အခွင့်အရေးများသည် ယဉ်ကျေးမှုအရ အပြောင်းအလဲများ ပြုလုပ်ကာ တစ်ကမ္ဘာလုံးတွင် အသုံးပြုနိုင်သည်ဟူသည့် သဘောတရားကို လက်ခံထားကြသည် (Donnelly, 2003)။ ထောက်ခံလှုပ်ရှားသူများသည် ယဉ်ကျေးမှုအပေါ် နိုင်ငံ့ နားလည်မှု ပုံစံများအား စာနာကြသည်။ သို့ရာတွင် လူ့အခွင့်အရေးသည် တစ်ကမ္ဘာလုံးနှင့် အကျုံးဝင်သည်ဟု ယူဆထား သူများ၏ ယဉ်ကျေးမှုကို အဓိပ္ပာယ် ဖွင့်ဆိုပုံက လူသားမျိုးနွယ်စုအတွက် အမြင့်မားဆုံး အောင်မြင်မှုများ ဖြစ်သည်ဟု လက်ခံထားကြသည်။ ကမ္ဘာအနှံ့ ထောက်ခံလှုပ်ရှားမှုများတွင် ယဉ်ကျေးမှု ဟူသည့် စကားလုံးကို လျော့ရဲစွာ အသုံးပြုကြသည်။ သို့ရာတွင် ယင်းမှာ ဝင်ရောက် စွက်ဖက်မှုများအတွက် အဓိကကျသည့် သဘောတရား ဖြစ်နေသေးသည်။

ယဉ်ကျေးမှုသည် တစ်ခါတရံ နေထိုင်မှု ပုံစံ (သို့) လူတို့၏ သရုပ်သဏ္ဍာန် (သို့) ကျဉ်းမြောင်းစွာ အဓိပ္ပာယ်ဖွင့်ရလျှင် ဆက်သွယ်မှု လက္ခဏာများကို ဆိုလိုခြင်း ဖြစ်သည်။ အဓိက ရှုထောင့်များတွင် ကလေးများ၏ အခွင့်အရေး ထောက်ခံလှုပ်ရှားမှုသည် ယဉ်ကျေးမှုအပေါ် မနုဿဗေဒနှင့် အမူအကျင့် ဗေဒ ချဉ်းကပ်ပုံများနှင့် ဆင်တူသည်။ လူတစ်ဦးချင်းစီတွင် ယဉ်ကျေးမှု (သို့) အမူအကျင့် ပုံစံများ ရှိပြီး ယဉ်ကျေးမှု သရုပ်သဏ္ဍာန်သည် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေးအတွက် အရေးပါသည် ဟူ၍ ဖြစ်သည် (Benedict, 1961)။ ထို့ကြောင့် CRC ၏ စကားဦးက သဘောတူစာချုပ်သည် ကလေးငယ်ကို ကာကွယ်ပေးရန်နှင့် သဟဇာတ ဖြစ်စွာ ဖွံ့ဖြိုးလာရေးတို့အတွက် အစဉ်အလာနှင့် ယဉ်ကျေးမှု တန်ဖိုးများ အရေးပါခြင်းကို အသိအမှတ်ပြုထားသည်ဟု ဆိုထားခြင်း ဖြစ်သည်။ အလားတူပင် ကလေးသူငယ် အခွင့်အရေးနှင့် ဖူလုံရေး ဆိုင်ရာ အာဖရိက ပဋိညာဉ်က ကလေးသူငယ်များ၏ ၎င်းတို့ မိသားစုများအပေါ် ရှိသည့် တာဝန်များကို အသိအမှတ်ပြုထားသည် (အပိုဒ် ၃၁)။ ယင်းအချက်က လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားမှုများသည် ဒေသဆိုင်ရာ ခြားနားချက်များကို ထည့်သွင်း စဉ်းစားထားသည့် ဥပမာ ဖြစ်သည်။ CRC တွင် အပိုဒ် ၈၊ ၂၉ နှင့် ၃၀ တို့သည် သရုပ်သဏ္ဍာန်နှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းရန် အခွင့်အရေးများကို အသိအမှတ် ပြုထားခြင်း ဖြစ်သည်။ ထိုအပိုဒ်များက အချို့သော ယဉ်ကျေးမှု အလေ့အကျင့်များသည် တရားမဝင်သော်လည်း ယဉ်ကျေးမှုများသည် အဆင့် အနိမ့်အမြင့် မရှိဟု လက်ခံထားသည်။ တစ်ချိန်တည်းမှာပင် ယဉ်ကျေးမှု စံနှုန်းများသည် သင်ယူရရှိသော အမူအကျင့်များ ဖြစ်သည်။ ထို့ကြောင့် ထိုအမူအကျင့်များကို ဖျောက်ဖျက် ပြောင်းလဲပစ်၍ ရသည်။

ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားမှုများသည် ၂၀ ရာစု မနုဿဗေဒ ပညာရပ်တွင် လွှမ်းမိုးမှု ကြီးမားခဲ့သော ယဉ်ကျေးမှုကို လုပ်ဆောင်ချက် အနေဖြင့် ယူဆသည့် ချဉ်းကပ်ပုံနှင့် ကွာခြားသည်။ လုပ်ဆောင်ချက် ဝါဒက ယဉ်ကျေးမှုများသည် ခြုံကြည့်လျှင် ရှေ့နောက်ညီ ကြသည်၊ ယဉ်ကျေးမှုအကြောင်း အသေးစိတ် သိရှိ နားလည်လာပါက အပြင်လူများအတွက် မည်မျှပင် ထူးဆန်းသော၊ အဓိပ္ပာယ် မရှိသော (သို့) အန္တရာယ်များသော ယဉ်ကျေးမှု စံနှုန်း၊ အမူအကျင့်၊ ဓလေ့ထုံးတမ်း (သို့) အလေ့အကျင့် မဆို လုပ်ဆောင်ချက် ရှိသည်ဟု အသိအမှတ်ပြုနိုင်သည်ဟု ဆိုသည်။ လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားမှုသည် မနုဿဗေဒ၏ စံနှုန်း အခြေပြု ချဉ်းကပ်ပုံနှင့် ပို၍ နီးစပ်သည်။ အဆိုပါ ချဉ်းကပ်ပုံက ယဉ်ကျေးမှုသည် လူမှု စုစည်းမှုများမှ သီးခြား ဖြစ်နေသည်ဟု လက်ခံထားသည် (A. Kuper, 1999)။ ထိုအယူအဆအရ လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားသူများက ယဉ်ကျေးမှုကို ဓမ္မဓိဋ္ဌာန် မကျသော အဓိပ္ပာယ်များနှင့် အလေ့အကျင့်များ ရှိသော၊ ပြောင်းလဲနိုင်သော အရာများနှင့် ဖွဲ့စည်းထားသည့် (Donnelly, 2003, p. 86) ယှဉ်ပြိုင်မှု များပြားသော နယ်ပယ် ဖြစ်သည်ဟု ညွှန်းဆိုကြသည် (Donnelly, 2003, p. 102)။ သို့ရာတွင် ယဉ်ကျေးမှု ရှေ့နောက်ညီခြင်းကို မတိကျသော ယဉ်ကျေးမှု ပုံစံဖြင့် အစားထိုးလိုက်ခြင်းက ယဉ်ကျေးမှု စံနှုန်းများ၊ နေထိုင်မှု ပုံစံများနှင့် ရုပ်ဝတ္ထု လူမှု အခြေအနေများ အပြန်အလှန် မှီခိုမှုအပေါ် လေ့လာသုံးသပ် နားလည်နိုင်စွမ်းကို လျော့ကျ သွားစေသည်။ ရလဒ်ကား ယဉ်ကျေးမှု စံနှုန်းများ ပြောင်းလဲခြင်းနှင့် လူ့အခွင့်အရေးနှင့် ကလေးသူငယ် အခွင့်အရေးများ ရရှိရေးတို့နှင့် သက်ဆိုင်သည့် ပြဿနာများကို နားမလည် နိုင်တော့ခြင်း ဖြစ်သည်။

## နိုင်ငံတကာ ယဉ်ကျေးမှု ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ၏ ဝိရောဓိများ

ကလေးသူငယ်များသည် မိသားစုအတွက် လုပ်အားဖြစ်သည် ဟူသော ရိုးရာ စီးပွားရေး စုစည်းမှုကို ထိန်းသိမ်းထားကာ ရိုးရာ လူ့အဖွဲ့အစည်းများမှ ကလေးသူငယ်များအပေါ် ထားရှိသည့် အမူအကျင့် စံနှုန်းများကို မည်မျှအထိ ပြောင်းလဲပစ်နိုင်သနည်း။ ကလေးဘဝ စံနှုန်းများကို ကြီးကြီးမားမား ပြောင်းလဲပစ်မည် ဆိုပါက တည်ဆဲ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ လူမှု အခြေအနေများကိုလည်း ကြီးကြီးမားမား ပြောင်းလဲပစ်ရမည် ဖြစ်သည်။ ကမ္ဘာတစ်ဝန်း ထောက်ခံလှုပ်ရှားသူများက အမျိုးသမီးများ၏ လိင်အင်္ဂါကို ပြုပြင် ဖြတ်တောက်ခြင်း (သို့) ကြမ်းတမ်းစွာ ရိုက်နှက် အပြစ်ပေးခြင်း ကဲ့သို့သော ရိုးရာ လူနေမှု ပုံစံများ၏ မကောင်းသော လက္ခဏာရပ်များကို အဓွန့်ရှည်မနေစေဘဲ ရိုးရာ လူနေမှု ပုံစံများကို လေးစား လိုက်နာလိုကြသည်။ ထို့ကြောင့် ကလေးသူငယ် အခွင့်အရေးနှင့် ဖူလုံရေး ဆိုင်ရာ အာဖရိက ပဋိညာဉ်က ကောင်းမွန်သော အာဖရိက စိတ်ဓာတ်၊ ရိုးရာ တန်ဖိုးများနှင့် ယဉ်ကျေးမှုများကို ကလေးသူငယ်၏ ပညာရေး အစိတ်အပိုင်း တစ်ခုအဖြစ် ထိန်းသိမ်းခြင်းနှင့် အားကောင်းစေခြင်းများ လုပ်ဆောင်ရမည် (အပိုဒ် ၁၁) ဟု ဆိုထားသည်။ တစ်ဘက်တွင်လည်း နိုင်ငံများသည် အန္တရာယ်ရှိသည့် အလေ့အကျင့်များကို ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားသည် (အပိုဒ် ၃)။ ထောက်ခံလှုပ်ရှားသူများက ယဉ်ကျေးမှုကို ၎င်းတို့ ကြိုက်နှစ်သက်သည့် အပိုင်းများအား ယူ၍ မကြိုက်သည့် အပိုင်းများအား ဖယ်ထုတ်နိုင်ကာ လိုသလို ပုံဖော်နိုင်သည့် အရင်းအမြစ် တစ်ခုအဖြစ် အသုံးပြုလိုကြသည်။ သို့ရာတွင် ယဉ်ကျေးမှုကို ကြိုက်ရာ ရွေးချယ် သုံးဆောင်သည့် ချဉ်းကပ်ပုံက မည်မျှအထိ လက်ခံနိုင်ဖွယ် ရှိပါသနည်း။

ကမ္ဘာတစ်ဝန်း ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားမှုများက ကျယ်ပြန့်သော လူမှု ပြောင်းလဲမှု မရှိချိန်တွင် လူတို့သည် အဘယ်ကြောင့် ၎င်းတို့၏ လူမှု ဆက်ဆံရေးများနှင့် အမူအကျင့်များကို ကျယ်ကျယ်ပြန့်ပြန့် ပြောင်းလဲသင့်ကြောင်း ရှင်းပြမထားပေ။ အိမ်ထောင်စု တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးတွင် လူတို့၏ လုံခြုံမှုသည် သဘာဝတရားအပေါ် များစွာ တည်မှီနေသည်။ ဖူလုံရေး အထောက်အပံ့များကို အားကိုး၍ မရသောအခါ လူတို့သည် အခက်အခဲများကို ကြံ့ကြံ့ခံ ရင်ဆိုင်ရမည် ဖြစ်ပြီး အမှားလုပ်နိုင်သည့် (သို့) စမ်းသပ်နိုင်သည့် အနေအထား အနည်းငယ်သာ ရှိသည်။ လူတို့သည် ၎င်းတို့၏ ရိုးရာ နေထိုင်မှု ပုံစံများအတိုင်း ဆက်လက် နေထိုင်ရမည် ဆိုပါက အဘယ့်ကြောင့် မိသားစု စံနှုန်းနှင့် အမူအကျင့် အသစ်များကို စွန့်စား ပြောင်းလဲသင့်ပါသနည်း။ ထိုသူများ၏ နယ်ပယ်များကို ချဲ့ထွင်ပေးမှသာ၊ ၎င်းတို့၏ လူမှု မျှော်မှန်းချက်များ မြင့်တက်လာမှသာ၊ လူငယ် မျိုးဆက်များက မတူညီသော နေထိုင်မှု ပုံစံအတွက် ပြင်ဆင်ခြင်းကို တွေ့မြင်မှသာ ထိုသို့ စမ်းသပ် လုပ်ဆောင်ခြင်းများက ၎င်းတို့အတွက် အဓိပ္ပာယ် ရှိမည် ဖြစ်သည်။

ခေတ်မီတိုးတက် ပြောင်းလဲခြင်းအပေါ် လူအများ၏ စိတ်အား ထက်သန်မှုကို မီးမွှေးပေးခဲ့သည့် အစောပိုင်း နိုင်ငံတကာ ဖွံ့ဖြိုးရေး အတွေးအခေါ် ပညာရှင်များအတွက် ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးရေး ပြဿနာများသည် ရင်းနှီးပြီးသား စိုးရိမ်ပူပန်စရာများ ဖြစ်သည်။ အစောပိုင်း ဖွံ့ဖြိုးရေး သုတေသနများက လူမှု မျှော်မှန်းချက်များကို ဖြေရှင်းပေးခြင်း မရှိသည့် ပြည်သူ့ရေးရာ အစီအစဉ်များ၏ သက်ရောက်မှု အကန့်အသတ်ကို ပြသခဲ့သော်လည်း ယင်းအချက်ကို ယနေ့ခေတ် တစ်ကမ္ဘာလုံး အခွင့်အရေး တန်းတူညီရေး ထောက်ခံလှုပ်ရှားသူများက လျစ်လျူရှုထားဟန် တူသည်။ ရိုးရာ လယ်ယာ စိုက်ပျိုးရေး အသိုင်းအဝိုင်းများ၏

ရှေးရိုးစွဲ လက္ခဏာများနှင့် စမ်းသပ်ချက်များကို ဆန့်ကျင်သည့် လက္ခဏာများကို စီးပွားရေး ပညာရှင်များ၊ မနုဿ ဗေဒ ပညာရှင်များနှင့် စာရေးဆရာများက တွေ့ရှိထားကြပြီး ဖြစ်သည် (Mead, 1953, pp. 185-6; Galbraith, 1964, 1977)။ ရိုးရာ အသိုင်းအဝိုင်းများကို ကွဲပြားခြားနားသည့် လူမှုဆက်ဆံရေး စံနှုန်းများ ကျင့်သုံးစေရေးမှာ ၎င်းတို့ကို ကြီးမားသည့် လူမှုရေး စမ်းသပ်ချက်တစ်ခု လုပ်ဆောင်ခိုင်းခြင်းနှင့် အတူတူပင် ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရန် ၎င်းတို့ကို အသိုင်းအဝိုင်း အတွင်းသာ အာရုံစိုက်သော၊ ရိုးရာ အစဉ်အလာများကို အခြေခံသော လူ့အဖွဲ့အစည်းမှ အမြင်ကျယ်ပြီး အသိုင်းအဝိုင်း အပြင်ဘက်ကို အာရုံစိုက်သော၊ စွန့်စားသော လူ့အဖွဲ့အစည်းအဖြစ် ပြောင်းလဲရန် လိုအပ်သည်။ သို့ရာတွင် အခွင့်အရေး အခြေပြု ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး ချဉ်းကပ်ပုံက လူများကို လူမှုဆက်ဆံရေး စံနှုန်းများ ပြောင်းလဲရမည့် ထိုလူမှုရေး စမ်းသပ်ချက်ကြီးအား အခြားရှုထောင့်များတွင် ရိုးရာ အစဉ်အလာများ မပြောင်းလဲဘဲနှင့် လုပ်ဆောင်ရန် ခိုင်းစေခြင်း ဖြစ်နေတော့သည်။

မိသားစု ဆက်ဆံရေးများကို ပြင်ပမှ ဝင်ရောက် စွက်ဖက်ခြင်းတွင် ကြီးမားသော တာဝန်များ ရှိသည်။ အထူးသဖြင့် ကမ္ဘာ့မူဝါဒက မိသားစုများကို မိမိတို့၏ ရုပ်ဝတ္ထု ဖူလုံရေးအား မိမိဘာသာ တာဝန်ယူရန် မျှော်လင့်ထားသည့် အခြေအနေမျိုးတွင် ဖြစ်သည်။ ယခင် မနုဿဗေဒ လေ့လာရေးများက ကောင်းစွာ ရည်ရွယ်ထားသော ဖူလုံရေး အစီအစဉ်များသည်ပင် တည်ဆဲ မိသားစု ဆက်ဆံရေးများနှင့် မိသားစု သံယောဇဉ်များကို မရည်ရွယ်ဘဲ ထိခိုက်စေကာ ဖူလုံမှု ရရှိသူများအပေါ် အကျိုးဆက်ဆိုးများ ဖြစ်ပေါ်စေကြောင်းကို လေ့လာခဲ့ပြီး ဖြစ်သည် (Mead, 1953, pp. 181, 214-15)။ အပြန်အလှန်မှီခိုမှုများနှင့် တာဝန်များကို နှောင့်ယှက်လိုက်ခြင်းက လုံခြုံမှု အရင်းအမြစ် အသစ်များ ဖန်တီး မပေးနိုင်လျှင် လူများ၏ ဘဝများကို ပို၍ မလုံမခြုံ ဖြစ်စေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ လောက်က နိုင်ငံတကာ ဖွံ့ဖြိုးရေး တွေးခေါ်မှုများက ပြည်တွင်း ထောက်ပံ့ရေး စနစ်သစ်များနှင့် ပြည့်စုံကုံလုံသော ကမ္ဘာ့ လူမှုဖူလုံရေး ဝန်ဆောင်မှုများကို တည်ဆောက်ရန် ဆန္ဒ ရှိခဲ့သည်။ သို့ရာတွင် ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားမှုသည် လူတို့ကို ရိုးရာ ဆက်ဆံရေး ပုံစံများဖြင့် ရုပ်ဝတ္ထု လုံခြုံရေးကို ရှာဖွေကာ တစ်ဘက်တွင်လည်း အရွယ်ရောက်ပြီးသူများနှင့် ကလေးငယ်များအကြား ဆက်ဆံရေးများကို အခြေခံက စ၍ ပြောင်းလဲပစ်ရန် ကြိုးပမ်းခြင်း ဖြစ်သည်။

ကမ္ဘာတစ်ဝန်း ထောက်ခံလှုပ်ရှားသူများသည် ၎င်းတို့၏ အစီအစဉ်များကို တည်ဆဲ ယဉ်ကျေးမှုများနှင့် ကိုက်ညီစေလိုခဲ့သည်။ သို့ရာတွင် ကမ္ဘာတစ်ဝန်း ထောက်ခံလှုပ်ရှားမှုက ယဉ်ကျေးမှု ပြောင်းလဲခြင်းနှင့် ယဉ်ကျေးမှုသည် နေထိုင်မှု ပုံစံ ဖြစ်သည် ဟူသည့် အချက်တို့နှင့် စပ်လျဉ်း၍ အပေါ်ယံ အမြင်သာ ရှိခဲ့သည်။ ယင်းက ယဉ်ကျေးမှု၏ မလိုလားအပ်ဟု ယူဆရသော အစိတ်အပိုင်းများကို ဆက်ဆံရေးများမှ ဖယ်ထုတ်လိုကြသည်။

နောက်အပိုင်းတွင် ကလေးသူငယ်များကို ရုပ်ပိုင်းဆိုင်ရာအရ အပြစ်ပေးခြင်းအား တစ်ကမ္ဘာလုံးတွင် တားမြစ်ရန် ကြိုးပမ်းနေသည့် လက်ရှိ ကမ်ပိန်းများကို ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားမှု၏ စံနှုန်း အခြေပြု လက္ခဏာ ဖြစ်ရပ် လေ့လာခြင်းအဖြစ် သုံးသပ် သွားပါမည်။

**ကလေးငယ်များကို ရုပ်ပိုင်းဆိုင်ရာအရ အပြစ်ပေးခြင်းအား တစ်ကမ္ဘာလုံး တားမြစ်သွားရန် ကမ်ပိန်း**

ကလေးသူငယ်များကို ရုပ်ပိုင်းဆိုင်ရာအရ အပြစ်ပေးခြင်းအား တစ်ကမ္ဘာလုံးတွင် တားမြစ်ရန် ကြိုးပမ်းနေသည့် လက်ရှိ ကမ်ပိန်းများသည် ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားမှု၏ စံနူန်း အခြေပြု လက္ခဏာများ ဖြစ်သည်။

ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားသူများသည် ရိုက်နှက် အပြစ်ပေးခြင်းကို ကြမ်းကြုတ်သော စော်ကားမှု တစ်ခုဟု ရှုမြင်ကြသည်။ ယင်းမှာ လက်ရှိတွင် ကမ္ဘာတစ်ဝန်း ထောက်ခံလှုပ်ရှားမှုများအတွက် အဓိက ခေါင်းစဉ် တစ်ခု ဖြစ်သည်။ သို့ရာတွင် အစောပိုင်း ကလေးသူငယ် အခွင့်အရေး စာတမ်းများတွင် ရုပ်ပိုင်းဆိုင်ရာအရ အပြစ်ပေးခြင်းကို တားမြစ်သော ပြဋ္ဌာန်းချက်များ မပါဝင်ပေ။ ဥပမာ ကလေးသူငယ် အခွင့်အရေးနှင့် ဖူလုံရေး ဆိုင်ရာ အာဖရိက ပဋိညာဉ် အပိုဒ် ၂၀ ၏ မိဘ တာဝန်များအရ မိဘများသည် ကလေးငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားများကို ၎င်းတို့၏ ပဏာမ စိုးရိမ်မှုများအဖြစ် တစ်ချိန်လုံး သဘောထားရန်၊ ၎င်းတို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသလောက်၊ ငွေကြေးအင်အား ရှိသလောက် ကလေးငယ်၏ ဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် နေထိုင်မှု အခြေအနေများ ဖန်တီးပေးရန်နှင့် အိမ်တွင်း စည်းကမ်း ထိန်းသိမ်းခြင်းများကို လူသားဆန်သော၊ ကလေးငယ်၏ ဂုဏ်သိက္ခာနှင့် ကိုက်ညီသော လုပ်ရပ်များဖြင့်သာ လုပ်ဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည် (ကလေးငယ်များအတွက် အကောင်းဆုံး အကျိုးစီးပွားကို ဆွေးနွေးထားခြင်းအား စာသေတ္တာ ၁၇.၆ တွင် ရှုပါ)။

| စာသေတ္တာ ၁၇.၆။ အခြား အမြင်တစ်မျိုး၊ ကလေးငယ်၏ အကောင်းဆုံး အကျိုးစီးပွားကို မည်သူက ဆုံးဖြတ်သနည်း |
|---|
| လူမှုရေး မူဝါဒ ချမှတ်ခြင်းများတွင် မိဘများ၏ ကလေးကို ပြုစုပျိုးထောင်သော ယဉ်ကျေးမှု အရည်အသွေးသည် အဓိက အာရုံစိုက်စရာ ဖြစ်လာသည်။ ကလေးကို ပြုစု ပျိုးထောင်ခြင်းသည် ယနေ့ခေတ် လူမှု ပြဿနာ အများအပြားအတွက် တာဝန်ရှိသည်ဟု ရှုမြင်ကြသည် (Vandenbroeck, Roose, and De Bie, 2011; Lee et al., 2014)။ နိုင်ငံတော်၏ ဝင်ရောက် စွက်ဖက်မှုများ ပိုမို များပြားလာခြင်းက မည်သူက ကလေးငယ်၏ အကောင်းဆုံး အကျိုးစီးပွားကို ဆုံးဖြတ်သနည်း ဟူသည့်အပေါ် အငြင်းပွားဖွယ်ရာများ ဖြစ်လာသည်။<br><br>နိုင်ငံတော်မှ စောင့်ရှောက်ထားသည့် ကလေးများအရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ရွှေ့ပြောင်း လူ့အဖွဲ့အစည်းများအကြား ထိပ်တိုက်တွေ့မှုများ သိသာ ထင်ရှားလာသည်။ ဗြိတိန်၊ နယ်သာလန်၊ နော်ဝေနှင့် ဆွီဒင် အပါအဝင် မြောက်ဥရောပ နိုင်ငံများရှိ ၎င်းတို့ လူမျိုးများ ကိုယ်စား နိုင်ငံခြား အစိုးရများက အာဏာပိုင်များနှင့် ထိပ်တိုက်ရင်ဆိုင်ကြသည် (Family Law Week, 2014)။ ဗြိတိန် အာဏာပိုင်များက ဗြိတိန်နိုင်ငံတွင် နေထိုင်နေသော ဆလိုဗက် မိဘများထံမှ ကလေးငယ်များကို ယူဆောင်သွားခြင်းအတွက် ဆလိုဗက်ကီးယား အစိုးရက ဗြိတိန် နိုင်ငံကို ဥရောပ လူ့အခွင့်အရေး တရားရုံးတွင် တရားစွဲရန် အထိပင် ခြိမ်းခြောက်ခဲ့သည် (Booker, 2012; Slovak Ministry of Justice, 2012)။ |

သို့ရာတွင် ယင်းမှာ မတူညီသော ယဉ်ကျေးမှု နောက်ခံများမှ လူများနှင့် ၎င်းတို့ နေထိုင်ရာ နိုင်ငံမှ ပြည်တွင်း ပညာရှင်များ၏ အမြင်များအကြား ထိပ်တိုက် တွေ့ခြင်းသာ မဟုတ်ဘဲ နိုင်ငံသားများနှင့် အာဏာပိုင်များအကြား ကျယ်ပြန့်သော ထိပ်တိုက်တွေ့မှုများလည်း ဖြစ်ပြီး နှစ်ဖွဲ့လုံးက အခွင့်အရေးကို အသုံးပြုလိုခြင်း ဖြစ်သည်။ ဥပမာ စကော့တလန်၏ အမည်ပေးထားသူ ဟူသည့် အစီအစဉ်အရ စကော့တလန်မှ ကလေးများ အားလုံးအတွက် ၎င်းတို့၏ ကောင်းကျိုး ချမ်းသာကို အာမခံ ပေးနိုင်ရန် ဝင်ရောက် စွက်ဖက်နိုင်သော နိုင်ငံတော်မှ ခန့်အပ်ထားသည့် အုပ်ထိန်းသူ တစ်ဦး ရှိသည်။ အမည်ပေးထားသူ အစီအစဉ်ကို ဆန့်ကျင်သော ကမ်ပိန်းက ထိုအစီအစဉ်သည် တစ်ကိုယ်ရည် အရေးကိစ္စနှင့် မိသားစု ဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် ဥရောပ လူ့အခွင့်အရေး သဘောတူစာချုပ်ကို ဖောက်ဖျက်ခြင်း ဖြစ်ပြီး အစီအစဉ် စတင်ချိန်မှ စ၍ မိသားစုများနှင့် အာဏာပိုင်များအကြား ပဋိပက္ခ ဖြစ်ခဲ့သည့် ဖြစ်ရပ်များကို စုစည်း မှတ်တမ်းတင် ထားသည်။

အဆိုပါ အပြိုင်အဆိုင် ဖြစ်နေသည့် အဆိုများအကြား မိသားစုများက အများပြည်သူ ဆိုင်ရာ ပညာရှင်၏ ဆုံးဖြတ်ချက်များအပေါ် ၎င်းတို့၏ စိုးရိမ်မှုများကို လူမှု ကွန်ယက်များ (သို့) သတင်းစာ၊ ဂျာနယ်များမှ တစ်ဆင့် တင်ပြကြသည် (သို့) တာဝန်ရှိသူများက ကလေးငယ်နှင့် ပတ်သက်၍ ဆုံးဖြတ်ရာတွင် တလွဲ တင်ပြမည်ကို စိုးရိမ်သောကြောင့် လူမှုဖူလုံရေး ဝန်ထမ်းများနှင့် တွေ့ဆုံခြင်းများကို တိတ်တဆိတ် မှတ်တမ်း တင်ထားကြသည် (Medway Council, 2015; Tickle, 2015)။ ထိုစိုးရိမ်မှု နှစ်မျိုးလုံးသည် တာဝန်ရှိသူများ ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် တာဝန်ခံမှု မရှိခြင်းတို့နှင့် ဆက်စပ်သည်။ ရော်သာဟမ်နှင့် အခြားသော ဗြိတိန်မှ မြို့များတွင် ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာအရ ခေါင်းပုံ ဖြတ်မှုများနှင့် ပတ်သက်ပြီး မိဘများ၏ စိုးရိမ်ပူပန်မှုများကို တာဝန်ရှိသူများထံ တင်ပြသည့်တိုင် တာဝန်ရှိသူများက ကလေးငယ်များကို ကာကွယ်ပေးရန် ပျက်ကွက်ခဲ့ခြင်းများကြောင့် မိဘများက ပို၍ ထုတ်ဖော် ပြောဆိုလိုလာကြသည် (Jay, 2014)။ ပညာရှင်များက ၎င်းတို့၏ လုပ်ပိုင်ခွင့်ထက် ကျော်လွန်လာသည်ဟု ရှုမြင်ကြသည့်အခါ နိုင်ငံတကာတွင် လူထုက မိဘများအပေါ် ကိုယ်ချင်းစာစိတ် တိုးလာနိုင်သည်။ ဖြစ်ရပ် ဥပမာ တစ်ခုမှာ အက်ရှ်ယာကင်း၏ မိဘများက ၎င်းတို့၏ အသက်ငါးနှစ်အရွယ် သားဖြစ်သူ၏ ဦးနှောက်မှ အကျိတ်ကို နိုင်ငံခြားတွင် သွားရောက်၍ ဆေးကုသမှု ခံယူရန် ဆေးပညာ အကြံပေးမှုများကို ဆန့်ကျင်ကာ ၎င်းတို့၏ သားကို ဗြိတိန် နိုင်ငံရှိ ဆေးရုံပေါ်မှ ခေါ်ထုတ်သွားကြသည်။ ယင်းအတွက်ကြောင့် မိဘများကို နိုင်ငံတကာတွင် ဖမ်းဝရမ်း ထုတ်လိုက်ခြင်းအပေါ် အများပြည်သူမှ စာနာသနားကြသည်။

နိုင်ငံတကာ ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားသူများက တစ်ကမ္ဘာလုံးရှိ နိုင်ငံတကာနှင့် ပြည်တွင်း ပြဋ္ဌာန်းချက် နှစ်မျိုးလုံးတွင် ရိုက်နှက် အပြစ်ပေးခြင်းကို တရားမဝင်ဟု ပြဋ္ဌာန်းရန် တောင်းဆိုနေကြသည်။ ကမ္ဘာတစ်ဝန်းမှ ကမ်ပိန်း အဖွဲ့အစည်းများသည် ၂၀၀၁ ခုနှစ် ရိုက်နှက် အပြစ်ပေးမှု အားလုံး အဆုံးသတ်ရေးဆိုင်ရာ ကမ္ဘာ့ လှုပ်ရှားမှု ခေါင်းစဉ်အောက်တွင် (http://www.endcorporalpunishment.org/) အတူတကွ စုစည်းခဲ့ကြသည်။ ထိုလှုပ်ရှားမှုက အိမ်တွင်း ရိုက်နှက်ခြင်းများ အပါအဝင် ရိုက်နှက် အပြစ်ပေးသည့် ပုံစံများ အားလုံးကို တစ်ကမ္ဘာလုံးတွင် ဥပဒေအရ တားဆီးသွားရန် တောင်းဆိုခြင်း ဖြစ်သည်။ ထိုကမ္ဘာ့ လှုပ်ရှားမှုနှင့် သက်ဆိုင်သူ တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများက ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး၏ ကလေးသူငယ် အကြမ်းဖက်မှု ဆန့်ကျင်ရေး သုတေသန (UN Secretary General, 2006) တွင် အချက်အလက်များ ပေးခဲ့ကြသည်။ သုတေသနက

အိမ်တွင် ရိုက်နှက်ခြင်း အပါအဝင် ရိုက်နှက် အပြစ်ပေးခြင်းကို ကမ္ဘာတစ်ဝန်း တရားမဝင် ပြဋ္ဌာန်းခြင်းအား ထောက်ခံခဲ့သည်။

"တစ်ကမ္ဘာလုံး တားဆီးရေးအတွက် ရက်သတ်မှတ်ခြင်း" ဟူသည့် ကမ္ဘာ့ လှုပ်ရှားမှုက ညွှန်ပြသကဲ့သို့ ကလေးငယ်များကို ရိုက်နှက်အပြစ်ပေးခြင်း ဆိုင်ရာ ပြည်တွင်းဥပဒေများအပေါ် ကမ္ဘာ့ ကမ်ပိန်းများက စတင်လွှမ်းမိုးမှု ရှိလာသည်။၂ သို့ရာတွင် ပညာရှင်များက သာမန်လူများအကြား သဘောထား အမြင်များ ပြောင်းလဲရန် ခက်ခဲသည်ကို ပြောဆိုလာကြသည်။ ကလေးငယ်များကို ရုပ်ပိုင်း ဆိုင်ရာ အပြစ်ပေးခြင်းများသည် ယခင် ရာစုနှစ်အတွင်း အနောက် နိုင်ငံများ၌ တဖြည်းဖြည်း ပျော့ပြောင်းလာသည်။ သို့ရာတွင် သာမန်လူများအကြား လက်ခံနိုင်သည့် အပြစ်ပေးမှုများသည် ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားသူများ၏ အမြင်နှင့် ပဋိပက္ခ ဖြစ်နေဦးမည် ဖြစ်သည်။ ဥပမာ လက်ဖြင့် ရိုက်နှက် ဆုံးမခြင်းသည် လူအများအကြား ယဉ်ကျေးမှုအရ လက်ခံနိုင်ဖွယ် ရှိနေသေးသော်လည်း (Scholfield, 2008) စကော့တလန် ကလေးသူငယ်များ ဆိုင်ရာ ကော်မရှင်နာက စကော့တလန် လွှတ်တော်ကို မိဘများက ၎င်းတို့၏ သား၊ သမီးများကို လက်ဖြင့် ရိုက်နှက် ဆုံးမခြင်းကို တားမြစ်သည့် ဥပဒေအား ပြဋ္ဌာန်းရန် ကြိမ်ဖန်များစွာ ကြိုးပမ်းခဲ့သည် (MacMahon, 2007)။

ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားသူများနှင့် သာမန်လူများအကြား ဆုံးမသည့် စံနှုန်းအပေါ် အမြင်များ ကွာဟနေခြင်းသည် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ပို၍ သိသာသည်။ အစောပိုင်း လေ့လာချက်များက ကလေးဘဝ စံနှုန်းများကဲ့သို့သော ဆုံးမသည့် စံနှုန်းများသည် လူမှု သမိုင်းကြောင်း ရှိကြောင်း ပြသခဲ့ပြီး ဖြစ်သည်။ အနောက် စက်မှု နိုင်ငံများတွင် ဆုံးမခြင်း တဖြည်းဖြည်း ပျော့ပြောင်းလာရခြင်းမှာ ကလေးငယ်များသည် အလုပ်လုပ်စရာ မလိုတော့ဘဲ ၎င်းတို့၏ ကလေးဘဝများသည် ပညာသင်ယူရန်နှင့် ဆော့ကစားရန်သာ ဖြစ်လာသောကြောင့် ဖြစ်သည်။ ကလေးငယ်များကို ဆုံးမခြင်းများသည် စက်မှု ခေတ်လွန် လူ့အဖွဲ့အစည်းများတွင် ပျော့ပြောင်းလာပြီး ကလေးများကို အနည်းဆုံး လူမှု တာဝန်များသာ ပေးအပ်လာကြသည်။

ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ခေတ်မီ ဖွံ့ဖြိုးလာမှုများအပေါ် အစောပိုင်း လေ့လာမှုများအရ ရိုးရာ နေထိုင်မှု ပုံစံများမှ ခေတ်မီ နေထိုင်မှု ပုံစံများသို့ ပြောင်းလဲလာခြင်းနှင့် ခေတ်မီ နေထိုင်မှု စနစ်အောက်တွင် တစ်သီးပုဂ္ဂလ ဝါဒ ထွန်းကားလာခြင်းတို့က စည်းကမ်း ထိန်းသိမ်းရန် ဆုံးမသည့် ယဉ်ကျေးမှု စံနှုန်းများကို ပျော့ပြောင်းလာစေကြောင်း တွေ့ရသည် (LeVine, Klein, and Owen, 1967, p. 223)။

ထိုလေ့လာမှုများက ရိုးရာ နေထိုင်မှု ပုံစံများ ပြောင်းလဲလာခြင်းသည် ယဉ်ကျေးမှု အပြောင်းအလဲကို ဖြစ်စေကြောင်း တွေ့ရှိခဲ့ရသည်။ သို့ရာတွင် ထောက်ခံလှုပ်ရှားသူများ အသုံးပြုစေလိုသည့် ပျော့ပြောင်းသော စံနှုန်းများကို ဖြစ်ပွားစေသော သမိုင်းကြောင်း အတွေ့အကြုံများသည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ အားလုံးတွင် မရှိကြပေ။ ထို့ကြောင့် ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေး ဆိုင်ရာ ထောက်ခံလှုပ်ရှားမှုက စက်မှုခေတ်လွန် လူ့အဖွဲ့အစည်းများမှ ကလေးသူငယ် ဆုံးမခြင်း ဆိုင်ရာ စံနှုန်းများကို စက်မှု ဖွံ့ဖြိုးခြင်း မရှိသည့် အခြေအနေများ အပါအဝင် တစ်ကမ္ဘာလုံးတွင် အသုံးပြုရန် ရည်ရွယ်ခြင်း ဖြစ်နေသည်။

**ကလေးလုပ်သားများ၏ အပြစ်ပေး ခံရသည့် အတွေ့အကြုံများ**

ဆိုးမသည့် ပုံစံများကို လူမှု ဆက်ဆံရေး ရှုထောင့်များမှ ကြည့်ရှုရန် လိုအပ်သည်။ ကလေးငယ်များကို အိမ်ထောင်စု တစ်စု၏ လုပ်သားအင်အားများတွင် ထည့်သွင်း၍ လူမှု တာဝန်များ ပေးအပ်သည့် အခါ ထိုလူ့အသိုင်းအဝိုင်းများသည် ကလေးငယ်များက ၎င်းတို့၏ လူမှု အခန်းကဏ္ဍများကို ထမ်းဆောင်စေရန် လုံလောက်သည့် ဆိုးမခြင်း ဆိုင်ရာ စံနှုန်း အသုံးပြုရန် လိုအပ်သည်။ နိုင်ငံတကာ ရေရှည် တည်တံ့သော ဖွံ့ဖြိုးရေး ပုံစံများအောက်ရှိ ခေတ်မီ နည်းပညာ အသုံးမပြုဘဲ ကျေးလက်ဒေသတွင် တစ်နိုင်တစ်ပိုင် လယ်ယာ စိုက်ပျိုးခြင်းများ၌ ကလေး လုပ်အားနှင့် အလုပ်လုပ်ရန် ဆိုးမ စည်းကြပ်ထားခြင်း ခံရသော ကလေးငယ်များ လိုအပ်သည်။ ကလေးငယ်သည် သူ့ကို ပေးအပ်ထားသော တာဝန်များအား ကျေပွန်အောင် မထမ်းဆောင်ပါက အိမ်ထောင်စု တစ်စုလုံးမှ အဖွဲ့ဝင်များ၏ လုံခြုံရေးကို ထိခိုက်စေလိမ့်မည်။ ထိုသို့ ကြမ်းတမ်းသော အခြေအနေများတွင် ပင်ပန်းခြင်း (သို့) ပျင်းရိခြင်းများကြောင့် အလုပ်မပျက်စေအောင် အရွယ်ရောက်ပြီးသူများက ကလေးငယ်များကို မည်ကဲ့သို့ ပုံမှန် အလုပ်လုပ် ခိုင်းနိုင်မည်နည်း။ တစ်နိုင်တစ်ပိုင် လယ်ယာ စိုက်ပျိုးရေး၏ ခက်ခဲသော အခြေအနေများက အမှားအယွင်း အတိမ်းအစောင်း မခံဘဲ လူကြီးများအတွက်ရော၊ ကလေးများအတွက်ပါ ခက်ခဲသည့် ရုပ်ပိုင်းဆိုင်ရာ စည်းကြပ်မှု လိုအပ်သည်။ ကြမ်းတမ်းပြီး အန္တရာယ်များသည့် အခြေအနေများက တင်းကြပ်သည့် စည်းမျဉ်းများကို ချမှတ်စေသည်။

လူတို့၏ ခက်ခဲသော ဘဝအခြေအနေနှင့် ကြမ်းတမ်းသည့် အမူအကျင့် စံနှုန်းများကို ရှုတ်ချခြင်းသည် အခြေအနေမှန်ကို မသိဘဲ တစ်ပါးသူများကို ဝေဖန်နေခြင်း ဖြစ်သည်။ ရုပ်ပိုင်း ဆိုင်ရာအရ ပင်ပန်းသည့် အလုပ်များကို လုပ်နေရသည့် ကလေးများအတွက် တင်းကြပ်သည့် စည်းမျဉ်းများသည် မလိုအပ်ဟု ယူဆကြသည်။ အချုပ် ဆိုရသော် ယခင် လေ့လာမှုများက လူမှု အခြေအနေများ ခက်ခဲမှု လျော့ကျလာပါက အမူအကျင့်ဆိုင်ရာ စံနှုန်းများလည်း ပျော့ပျောင်း လာမည်ဟု တွေ့ရှိခဲ့ကြသည်။ သို့ရာတွင် ရုပ်ပိုင်းဆိုင်ရာ အပြစ်ပေးမှုများကို တားမြစ်ရန် ကြိုးပမ်းနေသည့် လက်ရှိ ကမ်ပိန်းများက လူမှု အခြေအနေများနှင့် ယဉ်ကျေးမှု စံနှုန်းများအကြား ဆက်စပ်မှုများကို ဖြတ်တောက်ပစ်ရန် ကြိုးပမ်းခြင်းပင် ဖြစ်တော့သည်။

**ဖွံ့ဖြိုးဆဲနိုင်ငံများကို ဘောင်မဝင်အောင် ပြုလုပ်ပစ်ခြင်း**

ထို့ပြင် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ကလေးဘဝ၌ အပြစ်ပေးခြင်းများအပေါ် နိုင်ငံတကာ ထောက်ခံလှုပ်ရှားမှုက ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ နိုင်ငံတကာတွင် တရားဝင် ဖြစ်မှုအပေါ် အကျိုး သက်ရောက်မှုများ ရှိသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများ ကြုံတွေ့နေရသည့် ပြဿနာများသည် လက်ရှိ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေအနေများနှင့် မသက်ဆိုင်ဘဲ စံနှုန်းများကို အခြေခံထားခြင်း ဖြစ်သည်ဟု ဆိုလိုရာ ရောက်သည်။ ကမ္ဘာ့ ကလေးငယ် အခွင့်အရေး ဆိုင်ရာ ကမ်ပိန်းများသည် ရိုက်နှက်အပြစ်ပေးမှုအား ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ရုပ်ဝတ္ထုအခြေအနေများမှ ဖယ်ထုတ်ခြင်းဖြင့် သူတို့ လှုပ်ရှားမှုများသည် မှန်ကန်ကြောင်း ပြောဆိုကြသည်။ ဖွံ့ဖြိုးဆဲ လူ့အဖွဲ့အစည်းတွင် တွေ့ရသည့် အခြေအနေများအရ ကလေးငယ်များသည် အသက်ငယ်ရွယ်စဉ် ကပင် လူကြီးများ၏ ခက်ခဲပြီး အန္တရာယ်များသည့် တာဝန်များကို ယူရသည်။ ဆိုလိုသည်မှာ ၎င်းတို့၏ ကလေးဘဝများသည် CRC တွင် ပြဋ္ဌာန်းထားသည့် လုံခြုံသော ကလေးဘဝ ပုံစံသည် တစ်ကမ္ဘာလုံးအတွက် ဖြစ်ရမည် ဟူသော အချက်နှင့် ဆန့်ကျင်နေသည်။ ယနေ့ခေတ် ကလေး အခွင့်အရေး

ထောက်ခံလှုပ်ရှားမှုများက CRC တွင် ဖော်ပြထားသည့် ကလေးဘဝ စံနှုန်းများနှင့် ကမ္ဘာတစ်ဝန်း ကလေးများ အမှန်တကယ် နေထိုင်ရသော ဘဝများအကြား ကွာခြားချက်များကို ထောက်ပြ၍ လူ့အဖွဲ့အစည်းများသည် ကလေးသူငယ် အခွင့်အရေးများကို ချိုးဖောက်နေသည်ဟု စွပ်စွဲကြသည်။ ရလဒ်အနေဖြင့် ဖွံ့ဖြိုးဆဲ နိုင်ငံများသည် ကလေးငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားကို ကိုယ်စားပြုရန် ကျင့်ဝတ်စံနှုန်းများအရ တရားမဝင်ဟု သတ်မှတ်ခံကြရပြီး ကမ္ဘာ့ မြောက်ခြမ်းနှင့် တောင်ခြမ်းအကြား ပြောင်းလဲနေသည့် ကမ္ဘာ့ အုပ်ချုပ်ရေး ဆက်ဆံရေးများအရ ပြင်းပြင်းထန်ထန် ဝင်ရောက် စွက်ဖက် ခံကြရသည် (N. Lewis, 1998; Pupavac, 2001)။

ကမ္ဘာ့ ကလေးငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားမှုသည် ပြည်တွင်းရှိ တစ်သီးပုဂ္ဂလ နယ်ပယ်ကို အယုံအကြည် မရှိသကဲ့သို့ အချုပ်အခြာ အာဏာ စည်းမျဉ်းများနှင့် နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်ခြင်း မပြုရဟူသည့် စည်းမျဉ်းများသည် အာဏာ အလွဲသုံးစား ပြုရန် ကာဆီးပေးထားခြင်းများ ဖြစ်သည်ဟု ယူဆကြသည်။ သို့ရာတွင် လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင် ဆုံးဖြတ်ခွင့် ဖြစ်စေ၊ အမျိုးသား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြစ်စေ ဒီမိုကရေစီ လွတ်လပ်ခွင့်များသည် ကလေးသူငယ်များအတွက်ဟု အမည်တပ်ကာ နှောင့်ယှက်ဟန့်ထားခြင်း ခံရနိုင်သော အန္တရာယ်လည်း ရှိသည် (N. Lewis, 1998; Pavlovic, 2007)။

| အနှစ်ချုပ် |
|---|
| ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားသူများက နေထိုင်မှု ပုံစံတွင် ရုပ်ဝတ္ထုပိုင်း ဆိုင်ရာ တိုးတက်ပြောင်းလဲမှု ကြီးကြီးမားမား မရှိဘဲနှင့် ယဉ်ကျေးမှု စံနှုန်းများကို ပြောင်းလဲ နိုင်သလား ဟူသည့် မေးခွန်းကို ထွက်ပေါ်စေသည်။<br>အစောပိုင်း လေ့လာမှုများအရ ကျယ်ပြန့်သော လူမှုဆိုင်ရာ ပြောင်းလဲမှုများ မရှိဘဲနှင့် လူ့အသိုင်းအဝိုင်းများ၏ ယဉ်ကျေးမှု စံနှုန်းများကို ပြောင်းလဲရန် ခက်ခဲသည်။<br>ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားမှုသည် ကမ္ဘာတစ်ဝန်းတွင် ယဉ်ကျေးမှု စံနှုန်းများကို ကလေးများ ဘဝ၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ လူမှု အခြေအနေများမှ ခွဲထုတ်ပစ်ကြသည်။<br>သမိုင်းကြောင်းအရ စက်မှု ခေတ်လွန် လူ့အသိုင်းအဝိုင်းများ၌ ကလေးငယ်များကို အပြစ်ပေးခြင်းသည် ကလေးငယ်များ လုပ်အားနှင့် တာဝန်များ မယူရသည့် နောက်ပိုင်းတွင် ပို၍ ပျော့ပျောင်းလာသည်။<br>ကလေးငယ်များကို ရုပ်ပိုင်းဆိုင်ရာအရ အပြစ်ပေးမှုများ တိုက်ဖျက်ရေး ဆိုင်ရာ ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေး ကမ်ပိန်းများက ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် တွေ့ရသော ခက်ခဲသည့် လူမှု အခြေအနေများနှင့် ဆင်းရဲသည့် အသိုင်းအဝိုင်းများ၏ ကလေးလုပ်အား အသုံးပြုရန် လိုအပ်ခြင်း ဆိုင်ရာ ပြဿနာများကို မေ့လျော့ထားကြသည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>ကလေးငယ်များကို ရုပ်ပိုင်းဆိုင်ရာအရ အပြစ်ပေးခြင်းအား ကမ္ဘာတစ်ဝန်း မည်ကဲ့သို့ တားဆီးနိုင်မည်နည်း (သို့) လျော့ကျသွားအောင် လုပ်နိုင်မည်နည်း။ |

## နိဂုံး

ကမ္ဘာတစ်ဝန်း ကလေးငယ်များ၏ ဘဝများကို တိုးတက်စေလိုသည့် ဆန္ဒများသည် အရေးပါသည်။ သို့ရာတွင် ကလေးငယ်များ၏ အခွင့်အရေးများက ကလေးများကို မြှင့်တင်ပေးနိုင်ပါသလား၊ ဥပဒေ ဆိုင်ရာ ချဉ်းကပ်ပုံများက ကမ္ဘာတစ်ဝန်း ကလေးများ ရင်ဆိုင်နေရသည့် ပြဿနာများကို မည်မျှ ဖြေရှင်း ပေးနိုင်ပါသနည်း အစရှိသည့် မေးခွန်းများလည်း ပေါ်ထွက်လာသည်။ အားပျော့သော သမိုင်းကြောင်း ဆိုင်ရာ နားလည်မှုများကို အခြေခံထားသည့် ကျင့်ဝတ် အခြေပြု ကမ်ပိန်းများသည် ပို၍ လူသားဆန်သော ကမ္ဘာ ဖြစ်ပေါ်လာစေရန် လိုအပ်သည့် အကဲဖြတ် သုံးသပ်မှုနှင့် လုပ်ရပ်များ ပေါ်ပေါက်လာခြင်းကို တားဆီးရာကျသည်။ ကလေးဘဝ၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေအနေများကို တစ်ကမ္ဘာလုံးတွင် မပြောင်းလဲနိုင်ဘဲ လုံခြုံသော ကလေးဘဝ စံနှုန်းများကို တစ်ကမ္ဘာလုံး ကျင့်သုံးရန် မဖြစ်နိုင်ပေ။ ကမ္ဘာတစ်ဝန်း ကလေးများ ခံစားနေရသည့် ကလေးဘဝ ပြဿနာများကို ကျယ်ကျယ်ပြန့်ပြန့် ဖြေရှင်း ကိုင်တွယ် ပေးနိုင်ရန် တဖြည်းဖြည်း တိုးတက် ပြောင်းလဲသော အတွေးအခေါ်နှင့် အလေ့အကျင့်များ ပေါ်ထွန်းလာရန် အတွက် စမှတ် တစ်ခုအနေဖြင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တိုးတက် ပြောင်းလဲမှုနှင့် လူမှုရေး တိုးတက်ပြောင်းလဲမှုတို့အကြား အခြေခံအရ အပြန်အလှန် မှီခိုနေခြင်းကို ပြန်လည် တည်ဆောက်ရန် လိုအပ်သည်။

### မေးခွန်းများ

### တစ်ဦးချင်း လေ့လာရန် မေးခွန်းများ

၁။ CRC က အစောပိုင်း နိုင်ငံတကာ ကလေးသူငယ် အခွင့်အရေး စာတမ်းများနှင့် မည်သို့ ကွာခြားသနည်း။

၂။ အစောပိုင်း နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ လှုပ်ရှားမှုများနှင့် နှိုင်းယှဉ်လျှင် ကမ္ဘာ့ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ချဉ်းကပ် လှုပ်ရှားမှုများက မည်ကဲ့သို့ အခြေအနေ ရှိသနည်း။

၃။ အဘယ်ကြောင့် UNICEF က အစောပိုင်းတွင် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ် ဖန်တီးခြင်းကို ဆန့်ကျင်ခဲ့သနည်း။ မည်သည့် စိုးရိမ် ပူပန်မှုများက UNICEF ကို ကလေးသူငယ် အခွင့်အရေး ဆိုင်ရာ ချဉ်းကပ်ပုံအား အသုံးပြုစေခဲ့သနည်း။

၄။ CRC သည် မည်သည့် ကလေးဘဝ ပုံစံကို အခြေခံထားသနည်း။ လူမှု တည်ဆောက်ရေး ချဉ်းကပ်ပုံများက ကလေးသူငယ် အခွင့်အရေး စဉ်းစား တွေးခေါ်ပုံများကို မည်ကဲ့သို့ လွှမ်းမိုးခဲ့သနည်း။ CRC ပါ ကလေးဘဝ ပုံစံနှင့် ပတ်သက်၍ မည်သည့် ဝေဖန်မှုများ ရှိခဲ့သနည်း။

၅။ CRC က ကလေးငယ်များကို မည်သည့် အတိုင်းအတာအထိ မြှင့်တင်ပေးသနည်း။ မည်သည့် သဘောထားဆိုင်ရာနှင့် လက်တွေ့ပိုင်း ဆိုင်ရာ ပြဿနာများ ရှိသနည်း။ အပိုဒ် ၃ နှင့် အပိုဒ် ၁၇ တို့၏ သက်ရောက်မှုများကို ဆွေးနွေးပါ။

၆။ ကလေးသူငယ် အခွင့်အရေးများနှင့် စပ်လျဉ်း၍ မည်သူ့တွင် တာဝန် ရှိသနည်း။ CRC တွင် ဖော်ပြထားသည့် အခွင့်အရေးများကို မည်သူ့ထံတွင် တောင်းဆိုရမည်နည်း။ ပြည်တွင်းနှင့် ကမ္ဘာ့အဆင့်တွင် ကလေးငယ်များကိုယ်စား မည်သူက ပြောဆိုပိုင်ခွင့် ရှိသနည်း။

၇။ နိုင်ငံတကာ ဖွံ့ဖြိုးရေး မူဝါဒများက ဆယ်စုနှစ်များအတွင်း မည်ကဲ့သို့ ပြောင်းလဲ လာခဲ့သနည်း။ နိုင်ငံတကာ ဖွံ့ဖြိုးရေး မူဝါဒများ ပြောင်းလဲလာမှုက CRC တွင် မည်ကဲ့သို့ ထင်ဟပ်ပြနေသနည်း။

၈။ ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ လူမှုရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုများကို CRC တွင် မည်သည့် အတိုင်းအတာအထိ ထည့်သွင်းထားသနည်း။ CRC က ယဉ်ကျေးမှု ဆိုင်ရာ ကွာခြားချက်များကို မည်သည့် အတိုင်းအတာအထိ အသိအမှတ် ပြုထားသနည်း။ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် CRC ၏ စံနှုန်းများအတိုင်း ပြည့်မှီစေရန်မှာ မည်သည့် အတိုင်းအတာအထိ ဖြစ်နိုင်သနည်း။ ယဉ်ကျေးမှု စံနှုန်းများနှင့် လူမှု အခြေအနေများအကြား မည်သည့် ဆက်စပ်မှုများ ရှိသနည်း။

### အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ

၁။ CRC ၏ ကလေးသူငယ် အခွင့်အရေး သဘောတရားက မည်သို့ ထူးခြားသနည်း။

၂။ ဝေဖန်သူများက မည်သည့်အတွက်ကြောင့် ကလေးသူငယ် အခွင့်အရေးများသည် မှားယွင်းသော အယူအဆများအပေါ် အခြေခံထားသည်ဟု ဆိုကြသနည်း။

၃။ နိုင်ငံတကာ ဆက်ဆံရေးတွင် CRC ၏ အကျိုးဆက်များက အဘယ်နည်း။

၄။ ကလေးငယ်များသည် မည်သည့်အတွက်ကြောင့် စစ်သားများ ဖြစ်လာရသနည်း။

## ဆက်လက် ဖတ်ရှုရန်

**Black, M.** (1996). *Children First: The Story of UNICEF.* Oxford: Oxford University Press.
UNICEF ၏ ကလေးသူငယ် ဆိုင်ရာ မူဝါဒများ ပြောင်းလဲလာပုံကို တင်ပြထားသည်။ ဘလက်က UNICEF သည် အစောပိုင်းတွင် အဘယ်ကြောင့် ကလေးသူငယ် အခွင့်အရေးများကို ဆန့်ကျင်ရသနည်းနှင့် အဘယ်ကြောင့် ကလေးသူငယ် အခွင့်အရေး ချဉ်းကပ်ပုံကို လက်ခံလာ ရသနည်းကို ရှင်းပြထားသည်။

**Burman, E.** (1994). Innocents abroad: Western fantasies of childhood and the iconography of emergencies. *Disasters*, **18**/3, 238–53.
ဘာမန် ရေးသားသည့် စိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများထဲမှ တစ်ပုဒ် ဖြစ်သည်။ ထိုဆောင်းပါးက အနောက်နိုင်ငံများ၏ ဘေးအန္တရာယ်ဆိုင်ရာ အကူအညီများက လက်ခံသည့် နိုင်ငံများကို ကလေးများသဖွယ် ဆက်ဆံသည့် ပုံစံအကြောင်း ရှင်းလင်းပြထားသည်။

**Kritz, N. J.** (ed.) (1995). *Transitional Justice: How Emerging Democracies Reckon with Former Regimes.* Washington, DC: United States Institute of Peace Process.

ခရစ်(ဇ်)၏ သုံးအုပ်တွဲ စာအုပ်တွင် အကူးအပြောင်းကာလ တရားမျှတမှု၏ လက်တွေ့ကျသည့် အခြေခံ အချက်များကို သီအိုရီ (အတွဲ ၁)၊ နိုင်ငံ လေ့လာချက်များ (အတွဲ ၂) မှ ဥပဒေဆိုင်ရာ မှတ်တမ်းမှတ်ရာများ (အတွဲ ၃) အထိ လေ့လာထားသည်။

**Detrick, S.** (ed.) (1992). *The United Nations Convention on the Rights of the Child: A Guide to the 'Travaux Preparatoires'*. Dordrecht: Martinus Nijhoff.
ထိုစာအုပ်က CRC ရေးဆွဲသည့် ဖြစ်စဉ်နှင့် CRC ပြဋ္ဌာန်းချက်များအပေါ် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ စိုးရိမ်ပူပန်မှုများအကြောင်း ရေးသားထားသည်။

**Drumbl, M.** (2012). *Reimaging Child Soldiers in International Law and Policy.* Oxford: Oxford University Press.
ထိုလေ့လာချက်က ကလေးစစ်သားများအပေါ် နိုင်ငံတကာ၏ ထင်မြင်ယူဆချက်များအား စိန်ခေါ်ထားသည်။

**Freeman, M.** (1997). *The Moral Status of Children: Essays on the Rights of the Child.* The Hague: Martinus Nijhoff.
ကလေးသူငယ် အခွင့်အရေး ထောက်ခံလှုပ်ရှားသူတစ်ဦး ရေးသားသည့် ကလေးသူငယ် အခွင့်အရေး ဆိုင်ရာ စာအုပ် ဖြစ်သည်။

**Hart, J.** (2006). Saving children: What role for anthropology? *Anthropology Today*, **22**/1, 5–8.
ကလေး စစ်သားများ ကဲ့သို့သော ကလေးသူငယ် အခွင့်အရေးများ (သို့) လူသားချင်း စာနာမှု ဆိုင်ရာ ပုံစံများမှ ကွဲထွက်နေသည့် ကလေးများ၏ ဘဝတွင် ထွက်ပေါ်လာသည့် ပြဿနာများကို တင်ပြထားသည့် ဆောင်းပါး ဖြစ်သည်။

**Lee, E., Bristow, J., Faircloth, C.,** and **Macvarish, J.** (2014). *Parenting Culture Studies.* Basingstoke: Palgrave.
လူမှုရေး မူဝါဒ ချမှတ်ခြင်းတွင် မိဘများ၏ ပြုစု ပျိုးထောင်မှုက မည်ကဲ့သို့ အဓိက ကျကြောင်း လေ့လာထားသည့် စာအုပ် ဖြစ်သည်။

**Lewis, N.** (1998). Human rights, law and democracy in an unfree world. *Human Rights Fifty Years On: A Reappraisal* (ed. T. Evans). Manchester: Manchester University Press.
နိုင်ငံတကာ ကလေးသူငယ် အခွင့်အရေးများအပေါ် နိုင်ငံတကာ ဆက်ဆံရေး ရှုထောင့်မှ ဝေဖန်ထားခြင်း ဖြစ်သည်။ ထိုအခန်းက နိုင်ငံတကာ ကလေးသူငယ် အခွင့်အရေးသည် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ တရားဝင် ဖြစ်မှုကို ထိခိုက်စေပြီး အားကောင်းသည့် နိုင်ငံများ၏ အခွင့်အရေးများကို တရားဝင် ဖြစ်စေသောကြောင့် ဒီမိုကရေစီကို ထိခိုက်စေသော ဖြစ်ပေါ်တိုးတက်မှု တစ်ခုအဖြစ် သုံးသပ်သည်။

Nieuwenhuys, O. (2001). By the sweat of their brow? Street children, NGOs and children's rights in Addis Ababa. *Africa*, **71**/4, 539–57.
နီဝမ်ဟက်၏ ဆောင်းပါးက ကလေးသူငယ် အခွင့်အရေး ဆိုင်ရာ အစီအစဉ်များ လက်တွေ့တွင် တွေ့ရှိရသည့် ပြဿနာများကို ဆန်းစစ်ထားသည်။

**Pupavac, V.** (2005). Human security and the rise of global therapeutic governance. *Conflict, Security and Development,* **5**/2, 161–81.
ထိုဆောင်းပါးက နိုင်ငံတကာ ဖွံ့ဖြိုးရေး မူဝါဒများသည် ရုပ်ဝတ္ထု ဆိုင်ရာ တိုးတက်မှုနှင့် လူမှု တိုးတက်မှုများသည် ဆက်စပ်သည့် ပုံစံများမှ ရုပ်ဝတ္ထု တိုးတက်မှုကို စွန့်ပစ်ပြီး စိတ်နှလုံး အခြေပြု ပုံစံများသို့ ဆယ်စုနှစ်များအတွင်း ပြောင်းလဲလာပုံများကို တင်ပြထားသည်။

**Van Bueren, G.** (1998). *The International Law on the Rights of the Child.* The Hague: Martinus Nijhoff.
နိုင်ငံတကာ ကလေးသူငယ် အခွင့်အရေးများကို ဥပဒေအရ ထောက်ခံလှုပ်ရှား ရှုထောင့်မှ လေ့လာ ဆန်းစစ်ထားသည်။

## ဝက်ဘ်ဆိုဒ်များ

**http://www.ilo.org/ipec/lang--en/index.htm** ILO ၏ ကလေးလုပ်သား ပပျောက်ရေး ဆိုင်ရာ နိုင်ငံတကာ အစီအစဉ် (International Programme on the Elimination of Child Labour (IPEC)). IPEC က ကလေးလုပ်သား ပြဿနာများအပေါ် လက်ရှိ နိုင်ငံတကာ ချဉ်းကပ်ပုံများအား ရှင်းလင်းပြထားပြီး အသုံးဝင်သည့် စာတမ်းများနှင့် လင့်ခ်များ ပါရှိသည်။
**http://www.ohchr.org/EN/HRBodies/CRC/Pages/CRCIndex.aspx** ကလေးသူငယ် အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ ကော်မတီ။ ကော်မတီက ပြည်တွင်းတွင် CRC အကောင်အထည် ဖော်ပုံကို လေ့လာသုံးသပ်သည်။ ၎င်း၏ ဝက်ဘ်ဆိုဒ်တွင် ကော်မတီသို့ တင်ပြသော နိုင်ငံများ၏ အစီရင်ခံစာများနှင့် ကော်မတီ၏ အကဲဖြတ် သုံးသပ်မှုများ၊ အကြံပြုချက်များကို တွေ့နိုင်သည်။
**http://www.unicef.org** ကလေးသူငယ် အရေးနှင့် ပတ်သက်၍ နိုင်ငံတကာ ဦးဆောင် အဖွဲ့အစည်း တစ်ခု ဖြစ်သော UNICEF သည် နိုင်ငံတကာ ကလေးသူငယ် အခွင့်အရေး မူဝါဒများနှင့် အစီအစဉ်များနှင့် ပတ်သက်ပြီး အဓိက အရင်းအမြစ် တစ်ခု ဖြစ်သည်။
**http://www.unicef.org/protection/files/Paris_Principles_EN.pdf** လက်နက်ကိုင် တပ်ဖွဲ့များ (သို့) လက်နက်ကိုင် အုပ်စုများနှင့် ဆက်စက်သော ကလေးများအတွက် ပဲရစ် စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များ၊ ၂၀၀၇။

## မှတ်စုများ

၁။ *The Post-Development Reader* (Rahnema with Bawtree, 1997) သည် ဖွံ့ဖြိုးရေး ဆိုင်ရာ နှိုင်းယှဉ် တွေးခေါ်မှုများနှင် စပ်လျဉ်း၍ အဓိက စာတမ်းများကို တင်ပြထားသည်။
၂။ http://www.endcorporalpunishment.org/progress/countdown.html တွင် ရှုပါ။

အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/

# ၁၈) လူ့အခွင့်အရေးနှင့် ဖိအားပေး ပြောင်းရွှေ့ခိုင်းခြင်း

ဂေးလ်လိုရှာ (Gil Loescher)

## အခန်း မာတိကာ


- နိဒါန်း
- ပြဿနာကို ဆန်းစစ်ခြင်း
- ဒုက္ခသည်များကို အဓိပ္ပာယ် ဖွင့်ဆိုရခြင်း အခက်အခဲ
- UNHCR၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး စနစ်
- ဖြစ်ရပ် လေ့လာခြင်း၊ မြန်မာနိုင်ငံမှ ဖိအားပေး ရွှေ့ပြောင်းခိုင်းခြင်းများ
- ရှေ့ဆက်ရန်၊ မဟာမိတ် အသစ်များနှင့် ဇာတ်ကောင် အသစ်များ လိုအပ်ခြင်း
- နိဂုံး


## စာဖတ်အညွှန်း


ယခု အခန်း၁ တွင် ဖိအားပေး ရွှေ့ပြောင်းခိုင်း ခံရသူများ၏ လူ့အခွင့်အရေး အကာအကွယ် လိုအပ်ချက်များကို နိုင်ငံတကာ အသိုင်းအဝိုင်းက မည်သို့ ဦးစားပေးခဲ့သနည်းဟူသည့် အချက်နှင့် အစိုးရနှင့် အစိုးရ မဟုတ်သော ဇာတ်ကောင်များကို ထိုအုပ်စုများအတွက် ၎င်းတို့၏ တာဝန်များအား လိုက်နာစေရန် နိုင်ငံတကာ အဖွဲ့အစည်းများက ဆွဲဆောင်ရာတွင် ကြုံတွေ့ရသော အခက်အခဲများကို ဖော်ပြထားသည်။ ထွက်ပြေးရချိန်တွင်ရော၊ အခြားနိုင်ငံတွင် ရောက်နေချိန်၌ပါ ဖိအားပေး ပြောင်းရွှေ့ခံရသူများ ရင်ဆိုင်ရသည့် လူ့အခွင့်အရေး ပြဿနာများကို ရှာဖွေ ဖော်ထုတ်ခြင်းဖြင့် ယခုအခန်းကို စဖွင့်ထားသည်။ ထို့နောက် ယနေ့ခေတ် ဒုက္ခသည်များကို အဓိပ္ပာယ် ဖွင့်ဆိုချက် အမျိုးမျိုးအား စုစည်းထားပြီး ကျယ်ကျယ်ပြန့်ပြန့် သဘောတူလက်ခံသော အဓိပ္ပာယ် ဖွင့်ဆိုချက် ရရှိရန် ခက်ခဲပုံကို ဆွေးနွေးထားသည်။ ဆက်လက်၍ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အခန်းကဏ္ဍနှင့် လုပ်ငန်းများနှင့် နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး စနစ် အကြောင်း ရှင်းလင်းပြထားသည်။ အထူးသဖြင့် ကာကွယ်ရေး စနစ်၏ ဒုက္ခသည်များ ကာကွယ်ရေးနှင့် ဒုက္ခသည် ပြဿနာများ အဖြေရှာရေး အတွက် စံနှုန်းဆိုင်ရာ အစီအစဉ်များနှင့် နိုင်ငံများ၏ အာဏာနှင့် အကျိုးစီးပွားများ ဆိုင်ရာ အတားအဆီးနှင့် စိန်ခေါ်မှုများအကြား တင်းမာမှုများကို ဆန်းစစ်ထားသည်။ ဖိအားပေး ပြောင်းရွှေ့ခိုင်းခြင်း၏ အကျပ်အတည်းမှာ အမြဲတစေ ပိုမို ကျယ်ပြန့်လာပေရာ နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး စနစ်သည် ထိုအချက်ကို တုံ့ပြန်နိုင်ရန် အင်စတီကျူးရှင်းအရ ပြောင်းလဲမှုများ ပြုလုပ်ရသည်။ မြန်မာနိုင်ငံအကြောင်း ဖြစ်ရပ် လေ့လာခြင်းက အချိန်ရှည်ကြာ ဒုက္ခသည် ဖြစ်ရခြင်းနှင့် ပြည်တွင်း နေရပ် စွန့်ခွာ ထွက်ပြေးရခြင်း ဆိုင်ရာ အကျပ်အတည်းများ၏ လူ့အခွင့်အရေး အင်္ဂါရပ် အများအပြားကို လှစ်ဟပြနေသည်။ နောက်ဆုံး အနေဖြင့် ဖိအားပေး ပြောင်းရွှေ့နေထိုင်ခြင်းနှင့် ကမ္ဘာ့ နိုင်ငံရေး၏ အသစ်ပေါ်ထွက်လာသော စိန်ခေါ်မှုများကို နိုင်ငံတကာ အသိုင်းအဝိုင်းက မည်ကဲ့သို့ တုံ့ပြန်မည်နည်း၊ လက်ရှိ တင်းမာမှုများ ဖြစ်သည့် နိုင်ငံတော်၏ အာဏာနှင့် အကျိုးစီးပွားနှင့် ဒုက္ခသည်များ၏ အခွင့်အရေးများ ကာကွယ်ပေးရေး တို့ကို မည်သို့ ပြောင်းလဲပစ်နိုင်မည်နည်း စသည်တို့ကို လေ့လာ၍ နိဂုံးချုပ်ထားသည်။

## နိဒါန်း

လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် ဒုက္ခသည် စီးဆင်းမှုတို့မှာ အတူတကွ ရှိကြသည်။ ဒုက္ခသည်များသည် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ထိလွယ်ရှလွယ်မှုများ၏ ကနဦး သက်သေများ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် မတရား ဆက်ဆံ ခံရပြီး ၎င်းတို့၏ နေအိမ်များ၊ အသိုင်းအဝိုင်းများနှင့် အသက်မွေးဝမ်းကျောင်း နည်းလမ်းများ ဆုံးရှုံးရသူများသာလျှင် ၎င်းတို့ နေထိုင်ရာ နိုင်ငံမှ နယ်စပ်ဖြတ်ကျော် ထွက်ပြေးကြကာ နိုင်ငံရပ်ခြားတွင် လုံခြုံမှု ရှာဖွေကြခြင်း ဖြစ်သည်။ အကြမ်းဖက်မှုများ (သို့) မတရား ဆက်ဆံမှုများကြောင့် နေရပ် စွန့်ခွာ ထွက်ပြေးရသူ အများအပြားသည်ပင် နယ်စပ် ဖြတ်ကျော် ထွက်မပြေးကြဘဲ ၎င်းတို့ နိုင်ငံတွင်း၌သာ နေထိုင်ကြသည်။

ကျွန်ုပ်တို့သည် ကမ္ဘာတစ်ဝန်း နေရပ် စွန့်ခွာ ထွက်ပြေးရခြင်း အကျပ်အတည်း ကျရောက်နေသည့် အချိန်တွင် နေထိုင်နေကြရသူများ ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်ပြီးချိန်မှ စ၍ ယနေ့ခေတ်သည် ဖိအားပေး ပြောင်းရွှေ့ခံရသူများ အများဆုံး အချိန် ဖြစ်သည်။ ထိုသို့ နေရပ် စွန့်ခွာ ထွက်ပြေး ရခြင်းကို မောင်းနှင်သည့် အကြောင်းအရင်းများမှာလည်း ပို၍ ရှုပ်ထွေးလာသည်။ လူပေါင်း သန်း ၆၀ ကျော် (တစ်ဝက်ခန့်မှာ ကလေးများ ဖြစ်သည်) သည် စစ်ပွဲများ၊ အကြမ်းဖက်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် သရုပ်သဏ္ဍာန်၊ လူမျိုးရေး၊ ဘာသာရေးနှင့် နိုင်ငံရေး တင်းမာမှုများကြောင့် ဖိအားပေး ရွှေ့ပြောင်းခံရသူများ ဖြစ်သည်။ ထိုသူ အများအပြားသည် နယ်စပ်မျဉ်းများကို ဖြတ်ကျော်ကာ အခြား နိုင်ငံ တစ်နိုင်ငံတွင် လုံခြုံရေးနှင့် အကာအကွယ် ရှာဖွေကြကာ ဒုက္ခသည်များ ဖြစ်လာသည်။ အချို့သော ဖြစ်ရပ်များတွင် ထိုသူများသည် နိုင်ငံရေး ခိုလှုံခွင့် တောင်းခံခြင်းဖြင့် ၎င်းတို့ လိုအပ်နေသော အကာအကွယ်ကို ရရှိသွား ကြသည်။ သို့ရာတွင် ထိုသူများသည် ပြည်ပတွင် ရောက်နေစဉ် လူ့အခွင့်အရေး ချိုးဖောက်မှုများ ထပ်မံ ခံရနိုင်သည်။ ထိုသူ အများအပြားသည် ဒုက္ခသည် စခန်းများသို့ ဝင်ရောက် နေထိုင်ကြသည် (သို့) ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ လူဦးရေ သိပ်သည်းမှု များနေသော မြို့များတွင် နေကြရသည်။ ဒုက္ခသည်များသည် ၎င်းတို့ အခွင့်အရေးများ ဆုံးရှုံးကြရပြီး လျစ်လျူရှုခံရကာ အသက်သေဆုံးခြင်းအထိ ကြုံတွေ့ ရနိုင်သည်။ ၂၀၁၄ အဆုံးတွင် UNHCR ၏ စာရင်းများအရ ဒုက္ခသည်ပေါင်း ၁၄.၄ သန်း ရှိနေပြီး ယင်းမှာ နှစ်ပေါင်း ၂၀ အတွင်း အများဆုံး အရေအတွက် ဖြစ်သည်။ ထိုသူ အများအပြားသည် ဒုက္ခသည်များအဖြစ် နှစ်ပေါင်းများစွာ၊ ဆယ်စုနှစ်ပေါင်း များစွာအထိ နေကြရပြီး ပိတ်လှောင် ခံရခြင်း၊ အရင်းအမြစ် အလုံအလောက် မရရှိခြင်း၊ နေရပ် မပြန်နိုင်ခြင်း၊ ၎င်းတို့၏ ဒုက္ခများအတွက် ဖြေရှင်းနိုင်သော အဖြေမရှိခြင်း စသည်တို့ကို ခံစားကြရသည်။ ယနေ့ခေတ်တွင် ၆.၄ သန်းသော ဒုက္ခသည်များသည် ကာလရှည်ကြာ ဒုက္ခသည် ဖြစ်နေသူများ ဖြစ်သည်။ အဓိက ဒုက္ခသည် အခြေအနေများ၏ ပျမ်းမျှ ကြာချိန်မှာ ၁၉၉၃ ခုနှစ်တွင် ၉ နှစ်သာ ရှိရာမှ ယနေ့ခေတ်တွင် နှစ်နှစ်ဆယ်အထိ မြင့်တက်လာခဲ့သည်။

ဖိအားပေး ရွှေ့ပြောင်းခံရခြင်းသည် လူ့အခွင့်အရေးအရ စိုးရိမ်ဖွယ်ရာ ဖြစ်သည်။ သို့ရာတွင် ယင်းကိစ္စရပ်က ကြီးလေးသော နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေး ကိစ္စရပ်များလည်း ထွက်ပေါ် လာစေသည်။ နိုင်ငံများသည် ၎င်းတို့ နိုင်ငံအတွင်း ဒုက္ခသည်များ အစုလိုက်အပြုံလိုက် ဝင်ရောက်လာမှုနှင့် အချိန်ရှည်ကြာ ဒုက္ခသည်အဖြစ် တည်ရှိနေမှုကို လုံခြုံရေးအရ စိုးရိမ်ဖွယ်ရာနှင့် နေရပ်အတွင်းနှင့် ပြည်တွင်း စီးပွားရေးအတွက် ဝန်ထုတ်ဝန်ပိုး

တစ်ခုအဖြစ် သတ်မှတ်ကြသည်။ ကမ္ဘာပေါ်တွင် စီးပွားရေးနှင့် လုံခြုံရေး အကျပ်အတည်းများသည် နိုင်ငံခြားသားများကို မနှစ်မြို့ခြင်းအား မြင့်တက်လာစေပြီး နိုင်ငံရေး ခိုလှုံခွင့်ကို ကန့်သတ်သည့် မူဝါဒ အသစ်များ ချမှတ်စေသည် (မီဒီယာများနှင့် ဒုက္ခသည်များအား တင်ပြပုံကို ဇယား ၁၈.၁ တွင် ရှုပါ)။ ဒုက္ခသည်များနှင့် ပြောင်းရွှေ့ အခြေချသူများကို လူမှု ပေါင်းစည်းရေးနှင့် ပြည်တွင်း သရုပ်သဏ္ဍာန်များအပေါ် ဖိအားများ ကျရောက်စေသည့်အတွက် ပြစ်တင်ခံရသည်။ ထို့ပြင် ထိုသူများသည် ချမ်းသာသော နိုင်ငံများတွင်ရော၊ ဆင်းရဲသည့် နိုင်ငံများတွင်ပါ ကြမ်းတမ်းစွာ ဆက်ဆံခံရသည့် ပစ်မှတ်များ ဖြစ်လာသည်။ ဖိအားပေး ရွှေ့ပြောင်း ရခြင်း ပြဿနာများအတွက် အဖြေမှာ လူသားချင်း စာနာမှု ဆိုင်ရာ နည်းလမ်းများသာမက ညှိနှိုင်း ဆောင်ရွက်သော နိုင်ငံရေး၊ စီးပွားရေးနှင့် မဟာဗျူဟာကျ တုံ့ပြန်မှုများလည်း လိုအပ်သည်။

| စာသေတ္တာ ၁၈.၁။ မီဒီယာနှင့် ဒုက္ခသည်များကို တင်ပြပုံ |
| --- |
| လူအများအပြားအတွက် ဒုက္ခသည်များအပေါ် အမြင်နှင့် ယူဆချက်များသည် မီဒီယာများတွင် ထိုသူများကို တင်ပြပုံက လွှမ်းမိုးထားသည်။<br>လူသားချင်း စာနာမှု ဆိုင်ရာ အကျပ်အတည်း တစ်ခုကို ပုံဖော်ရာတွင် သတင်း မီဒီယာများသည် ဒုက္ခသည်များကို စိတ်မချမ်းမြေ့ဖွယ်ရာ ထင်ထင်ရှားရှား အသုံးအနှုန်းများ ဖြစ်သည့် လူအုပ်စုကြီး၊ လှုလှိုင်းလုံးကြီးနှင့် အစုလိုက် အပြုံလိုက်သော လူများသည် သတ်ဖြတ်ခြင်း၊ ဆင်းရဲမွဲတေခြင်းနှင့် ဒုက္ခများမှ ရှောင်ပြေးလာကြသည်ဟု ပုံဖော်လေ့ ရှိသည်။ ထိုသူများက မိမိအကြောင်း မိမိ တင်ပြရခြင်းထက် သတင်းသမားများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံရေးသမား များက ယင်းတို့အကြောင်းကို တင်ပြကြသည်။ ရည်ရွယ်ချက်မှာ ဒုက္ခသည်များကို သနားစာနာမှု ရရှိစေရန်နှင့် ၎င်းတို့ကို ကူညီရန် ငွေကြေးအထောက်အပံ့များ ရရှိစေရန် ဖြစ်သည်။<br>အခြားသော အခြေအနေများ၊ အထူးသဖြင့် နိုင်ငံရေး ခိုလှုံခွင့် တောင်းဆိုသူများနှင့် နေရပ် ပြောင်းရွှေ့ နေထိုင်သူများ အကြောင်း သတင်းများနှင့် မှတ်ချက်ပေး ပြောဆိုမှုများတွင် မီဒီယာ၏ ဖော်ပြချက်များမှာ ပို၍ ကွဲပြား ခြားနားလာသည်။ ယနေ့ခေတ်တွင် ဒုက္ခသည်များကို အပျက် သဘောဆောင်သော အမြင်ဖြင့် ဖူလုံရေး အထောက်အပံ့များ ညာစားသူများ၊ တရားမဝင် နေထိုင်နေကြသူများ စသဖြင့် ပုံဖော်ပြောဆိုမှုများသည် ကျွန်ုပ်တို့၏ သတင်းစာများနှင့် တီဗီ ဖန်သားပြင်များတွင် အပြည့် မြင်နေရသည်။ ထိုပြောဆို ရေးသားမှုများသည် အသစ် ဝင်ရောက်လာသူများ၏ ယဉ်ကျေးမှုနှင့် လူမျိုးရေး ကွာခြားချက်များနှင့် ထိုကျူးကျော် ဝင်ရောက် လာသူများကြောင့် ဖြစ်ပေါ်သော နိုင်ငံရေးနှင့် လုံခြုံရေး ခြိမ်းခြောက်မှုများကို အာရုံစိုက်ထားသည်။<br>အနောက် နိုင်ငံများတွင် နိုင်ငံရေး ခိုလှုံခွင့် တောင်းခံသူများအပေါ် လူအများ၏ အမြင်မှာ အပြုသဘော မဆောင်ဘဲ ထိုသူများကို လူလိမ်များ (သို့) လိမ်ညာ၍ နိုင်ငံရေး ခိုလှုံခွင့် လျှောက်ထားသူများဟု ရှုမြင်ကြသည်။<br><br>နိုင်ငံရပ်ခြားတွင် နေထိုင်ကြစဉ်အတွင်း ဒုက္ခသည်များ၏ လုပ်ရပ် အများအပြားကို ငြင်းပယ်ကြပြီး ၎င်းတို့အတွက် ကိုယ်ပိုင်တင်ပြခွင့်ကိုလည်း မရသလောက်ပင် ဖြစ်သည်။ ဒုက္ခသည်များ အကြောင်း စဉ်းစားကြည့်လျှင် ထိုသူများကို အရင်းအမြစ် ပြည့်ဝပြီး လုပ်နိုင်ကိုင်နိုင်သော၊ မိမိအတွက် မိမိ တင်ပြနိုင်သော၊ မိမိအနာဂတ်ကို မိမိ ပုံဖော်နိုင်သော လူများအဖြစ် ရှုမြင်ခြင်းထက် ပြင်ပ ဝင်ရောက် |

စွက်ဖက်မှုများ၊ အမည်မသိ လုပ်သမျှ ခံရမည့် လူများအဖြစ် ရှုမြင်ကြခြင်းက ပိုများသည်။

အပြောင်းအလဲအတွက် မျှော်လင့်နိုင်သည် တစ်ခုမှာ အနာဂတ်တွင် လူမှုကွန်ရက်နှင့် အခြားသော နည်းပညာပိုင်း ဆိုင်ရာ တီထွင်မှုများနှင့် သမားရိုးကျ မီဒီယာတို့ ပေါင်းစပ်ကာ ဒုက္ခသည်များအပေါ် ပို၍ သမမျှတပြီး တိကျသော အမြင်များ ဖော်ထုတ်ပေးနိုင်ပြီး ထိုသူများ၏ စိုးရိမ် ပူပင်မှုများကိုလည်း တင်ပြနိုင်စေရန် ဖြစ်သည်။ ဤသည်မှာ အတိုင်းအတာတစ်ခုအထိ စတင် ဖြစ်ပေါ်နေပြီ ဖြစ်သည်။ ဥပမာ တက်စ်ဆက်စ်ရှိ ဒုက္ခသည် အသိုင်းအဝိုင်းများ၊ ကင်ညာနိုင်ငံနှင့် ထိုင်း၊ မြန်မာ နယ်စပ်ရှိ ဒုက္ခသည် စခန်းများ၊ စသည်တို့တွင် နည်းပညာ အသစ်များနှင့် မီဒီယာများကို တက်ကြွစွာ အသုံးပြုပြီး ဒုက္ခသည်များမှ မိမိတို့၏ အခြေအနေများအပေါ် မည်သို့ ရှုမြင်သည်ကို ရှုထောင့် အသစ်ဖြင့် တင်ပြကြသည်။ ထိုကဲ့သို့ ဒုက္ခသည်များ၏ အသံ ပိုမို ထွက်ပေါ်လာနိုင်ခြင်းသည် ၎င်းတို့အတွက် အဓိပ္ပာယ် ပြည့်ဝသော မူဝါဒ အပြောင်းအလဲများ ယူဆောင်လာနိုင်ခြင်း ရှိ၊ မရှိမှာမူ ရှင်းရှင်းလင်းလင်း မတွေ့ရသေးပေ။ ရှင်းရှင်းလင်းလင်း တွေ့ရသည့် အချက်မှာ ဒုက္ခသည်များ ဦးဆောင်သည့် မီဒီယာများသည် ကမ္ဘာ့ ဒုက္ခသည် မူဝါဒတွင် အချက်အလက် အသစ် တစ်ခု ဖြစ်လာပြီး အင်တာနက်၊ လက်ကိုင်ဖုန်းနှင့် အခြားသော ဆက်သွယ်ရေး နည်းပညာများ အသုံးပြုခြင်းအားဖြင့် ဒုက္ခသည် အသိုင်းအဝိုင်းကို လုပ်ပိုင်ခွင့် ပိုမို ရရှိလာစေသည်။

## ပြဿနာကို ဆန်းစစ်ခြင်း

မည်သည့် တိုက်ကြီးများမှ အစုလိုက် အပြုံလိုက် ပြောင်းရွှေ့ခြင်းများကို မကြုံတွေ့ ရခြင်း မရှိပေ။ ဒုက္ခသည် အကျပ်အတည်းသည် တစ်ကမ္ဘာလုံး ကြုံတွေ့ နေရခြင်း ဖြစ်သော်လည်း ကမ္ဘာပေါ်ရှိ အချို့သော ဒေသများသည် အခြားဒေသများထက် ပို၍ သက်ရောက်မှု ခံရသည်။ ဒုက္ခသည်များကို လက်ခံထားရသည့် ဝန်ထုတ်ဝန်ပိုးသည် အဆင်းရဲဆုံးသော နိုင်ငံ အချို့အပေါ်တွင် ကျရောက် နေသည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က ထိုနိုင်ငံများတွင် ဒုက္ခသည် အရေအတွက် စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့် လက်ခံထားရသော်လည်း ယနေ့ခေတ်တွင် ထိုအရေအတွက်သည် ၈၆ ရာခိုင်နှုန်းအထိ တိုးမြင့်လာသည်။ ဘင်္ဂလားဒေ့ရှ်၊ ကင်ညာ၊ လက်ဘနွန်နှင့် ပါကစ္စတန် ကဲ့သို့သော ဒုက္ခသည်များ လက်ခံထားသည့် နိုင်ငံများက ၎င်းတို့ နိုင်ငံ၏ စီးပွားရေး၊ လုံခြုံရေးနှင့် သဘာဝ ပတ်ဝန်းကျင်အပေါ် ဒုက္ခသည်များက ကြီးမားသော သက်ရောက်မှုများ ရှိကြောင်း မကြာခဏ ထောက်ပြကြသည်။ ဖိအားပေး ရွှေ့ပြောင်း ခံရသူ အများစုမှာ ၎င်းတို့ နိုင်ငံများ အတွင်း၌ပင် ရှိနေသေးပြီး ၎င်းတို့ကို ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးရသူများ (internally displaced persons (IDPs)) ဟု သိရှိကြသည်။ IDP များကို “ဒုက္ခသည်များကဲ့သို့ပင် အခြေအနေရှိပြီး ၎င်းတို့ နိုင်ငံ၏ နယ်စပ်စည်းကို မကျော်ဖြတ်ရသေးသူများ” ဟု အဓိပ္ပာယ် ဖွင့်ဆိုကြသည်။ ၂၀၁၅ အစောပိုင်းတွင် ဒုက္ခသည် အရေအတွက်သည် ယမန်နှစ် ၃၃.၃ သန်းမှ ၃၈.၂ သန်းအထိ မြင့်တက်လာပြီး အမြင့်မားဆုံးသော အရေအတွက် ဖြစ်လာသည်။

## ဒုက္ခသည်များ စီးဆင်းလာရသည့် အကြောင်းအရင်းများ

ဖိအားပေး ရွှေ့ပြောင်းရခြင်းသည် ကျရှုံးနေသည့်၊ ပြိုကွဲလွယ်သည့် နိုင်ငံများဟူသည့် ဖြစ်ရပ်နှင့် ဆက်စပ်နေသည်။ ဒုက္ခသည် အပြောင်းအရွှေ့များနှင့် ပြည်တွင်း၌ နေရပ် စွန့်ခွာ ထွက်ပြေးရခြင်း အများစုသည် စစ်ပွဲများ၊ မတရား ဖိနှိပ်မှုများ၊ လူမျိုးစု အပြဲအကွဲများ၊ အားနည်းသော အင်စတီကျူးရှင်းများနှင့် လူမှုစီးပွားရေး မညီမျှမှုများကြောင့် (သို့) ထိုအချက်များ ပေါင်းစပ်မှုကြောင့် ဖြစ်ပွားရခြင်း ဖြစ်သည်။ လူမျိုးရေး အကွဲအပြဲများနှင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှု နိမ့်ပါးချိန်တွင် ကြာရှည်ခံသည့် နိုင်ငံ ပုံစံ တည်ဆောက်ရန် ခက်ခဲသည်။ ယင်းမှတဆင့် ဖွံ့ဖြိုးဆဲ နိုင်ငံများ တွေ့ကြုံရသည့် ပြည်တွင်း ပဋိပက္ခများ၊ နိုင်ငံရေး မတည်ငြိမ်မှုများ ပေါက်ဖွားလာသည်။ ထို့ပြင် ဖိအားပေး ပြောင်းရွှေ့ နေထိုင်ခြင်းများသည် အစိုးရများ ကြောင့်ရော၊ အစိုးရမဟုတ်သော ဇာတ်ကောင်များကြောင့်ပါ ဖြစ်ပွားနိုင်သည်။ တရားဝင် အမိန့်များ၊ အင်အား အလွန်အကျွံ သုံးခြင်းများနှင့် တိတ်တဆိတ် မတရား ဖိနှိပ်မှုများ၊ ခြိမ်းခြောက်မှုများ၊ ခွဲခြား ဆက်ဆံမှုများနှင့် မလိုချင်သော အုပ်စုများကို ထွက်ခွာသွားစေရန် သွေးထိုး လှုံ့ဆော်ခြင်းများ လုပ်ဆောင်ကြသည်။ နိုင်ငံရေး ထိန်းချုပ်မှု ရရှိရန် အစိုးရနှင့် အစိုးရ မဟုတ်သော ဇာတ်ကောင်များသည် ၎င်းတို့ အုပ်ချုပ်သော ဒေသများတွင် လူမျိုးစု ရှင်းလင်းရေး ဖြစ်ပွားစေနိုင်သော အဆင့်များကို လုပ်ဆောင်လေ့ ရှိကြပြီး ရန်သူဟု သတ်မှတ်ထားသည့် လူမှု အဆင့်အတန်း တစ်ခုခုမှ လူများ၊ လူမျိုးစုများကို မောင်းထုတ်တတ်ကြသည်။

ဖိအားပေး ရွှေ့ပြောင်း ခံရသူများသည် ၎င်းတို့ ထွက်ပြေးသွားကြသော နိုင်ငံများတွင်လည်း လူ့အခွင့်အရေး ပြဿနာ အများအပြား ရင်ဆိုင်ကြရသည်။ အခြားနိုင်ငံတွင် နိုင်ငံရေး ခိုလှုံခွင့် တောင်းဆိုခြင်းဖြင့် ဒုက္ခသည်များသည် ၎င်းတို့ မိခင် နိုင်ငံ၏ ဥပဒေအရ အကာအကွယ်ကို မရနိုင်တော့ပေ။ ဒုက္ခသည်များသည် မသေချာ မရေရာသော တည်ရှိမှုကို ရင်ဆိုင်ကြရသည်။ ကမ္ဘာ့ မြို့နေ လူဦးရေမှာ မြင့်တက်လာနေသည်။ လက်ခံထားသော နိုင်ငံများရှိ အကန့်အသတ်များ ပြဋ္ဌာန်းထားသော ဒုက္ခသည် စခန်းများမှ လွတ်မြောက်နိုင်ရန် ဒုက္ခသည်များသည် အစောကတည်းပင် လူဦးရေ ထူထပ်နေပြီး ဖြစ်သော ကမ္ဘာ့တောင်ပိုင်း ဖွံ့ဖြိုးဆဲ နိုင်ငံများရှိ မြို့များသို့ ပြောင်းရွှေ့ကြရသည်။ မြို့နေ ဒုက္ခသည်များသည် တရားဝင် စာရွက်စာတမ်းများ၊ တရားဝင် ဥပဒေအရ အသိအမှတ်ပြုမှုများလည်း မရရှိကြပေ။ ထို့ပြင် လူ့အဖွဲ့အစည်း၏ စည်းဝိုင်း ပြင်ပတွင်လည်း မဖြစ်မနေ နေထိုင်ကြရသည်။ ဒေသတွင်း ပေးသည့် လုပ်ခလစာထက် ပို၍ နိမ့်ကျသော လစာများသာ ရရှိကြပြီး ခွဲခြား ဆက်ဆံ ခံရခြင်း၊ အိမ်များမှ ပြောင်းရွှေ့ခိုင်း ခံရခြင်း၊ အကူအညီမရဘဲ နေထိုင်ရာ နိုင်ငံမှ မောင်းထုတ်ခံရခြင်းများ တွေ့ကြုံရနိုင်သည်။ ဥပဒေအရ အသိအမှတ်ပြုမှု မရခြင်းကြောင့် မြို့နေ ဒုက္ခသည်များသည် ၎င်းတို့ကို လက်ခံထားသော နိုင်ငံများမှ ပညာရေး (သို့) ကျန်းမာရေး စနစ်များကို လက်လှမ်းမီခြင်း မရှိဘဲ နိုင်ငံတကာ (သို့) ပြည်တွင်း အဖွဲ့အစည်းများမှ လုံလောက်သည့် အကူအညီများလည်း ရရှိခဲ့သည်။ ဖြစ်ရပ် အများအပြားတွင် မြို့နေ ဒုက္ခသည်များနှင့် မှတ်တမ်းမှတ်ရာ မရှိသော ရွှေ့ပြောင်းနေထိုင်သူများသည် နိုင်ငံတကာ အကာအကွယ်များ (သို့) အကူအညီများလည်း မရရှိနိုင်ကြပေ။ မြို့များသို့ ပြောင်းရွှေ့ အခြေချခြင်း (သို့) စခန်းများတွင်သာ နေခြင်းတို့အပြင် ဒုက္ခသည် အများအပြားသည် မိမိဘာသာ မိမိ ဒေသခံ အသိုင်းအဝိုင်းနှင့် ရောနှော နေထိုင်ခြင်းလည်း ရှိသည်။ ဒုက္ခသည်များ ၎င်းတို့ လူမျိုးစု အုပ်စုများ အကြား ရောက်သွားသည့်အခါ ယင်းသို့ ရောနှော နေထိုင်ခြင်း ဖြစ်ပွားလေ့ ရှိသည်။

## ဒုက္ခသည် စခန်းများနှင့် ကာလကြာရှည်သော ဒုက္ခသည် ဆိုင်ရာ အခြေအနေများ

လက်ခံထားသော အစိုးရ အများအပြားသည် ဒုက္ခသည်များကို သတ်မှတ်ထားသော စခန်းများတွင်သာ နေထိုင်ခိုင်းပြီး စခန်းများမှ အလုပ်အကိုင်အတွက် သော်လည်းကောင်း၊ ပညာရေး အတွက် သော်လည်းကောင်း ထွက်ခွာလိုသော ဒုက္ခသည်များအပေါ် အတားအဆီးများ ထားရှိသည်။ မကြာသေးခင်ကပင် ဒုက္ခသည်များကို သိုလှောင်ထားခြင်းဟု အမည်ပေး ခံရသော ထိုဖြစ်ရပ်တွင် လူ့အခွင့်အရေးနှင့် စီးပွားရေး သက်ရောက်မှုများ ရှိသည်။ ဒုက္ခသည် လူဦးရေများကို ကာလရှည်ကြာ စခန်းများတွင် ထားခြင်း (စာသေတ္တာ ၁၈.၂ ကို ရှုပါ) သည် ၁၉၅၁ ခုနှစ် ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်ပါ အခွင့်အရေး အများအပြားနှင့် လုပ်ခ လစာ ရသော အလုပ်အကိုင် ရှာဖွေနိုင်မှုကို ဖောက်ဖျက်ရာကျသည်။ ထိုအခွင့်အရေးများကို ကန့်သတ်ခြင်းက ကာလရှည်ကြာ နေထိုင်သည့် ဒုက္ခသည်များကို သာမန် ဘဝများ လွတ်လပ်စွာ ရရှိနိုင်ရေးနှင့် ၎င်းတို့ နေထိုင်သည့် လူ့အဖွဲ့အစည်း အသစ်တွင် စွမ်းဆောင်နိုင်သော အဖွဲ့ဝင်များ ဖြစ်လာနိုင်ခွင့်အား ဆုံးရှုံးစေသည်။ ထိုကန့်သတ်ချက်များနှင့် ရင်ဆိုင်ရခြင်းက ဒုက္ခသည်များကို အသက်ရှင်သန်ရံ အထောက်အပံ့များအပေါ်သာ မှီခိုစေမှုများ ဖြစ်ပေါ်စေပြီး ဆင်းရဲမွဲတေသော၊ စိတ်အလိုမကျ ဖြစ်သော၊ လုပ်နိုင်စွမ်းကို မသိရှိနိုင်သော ဘဝများတွင် နေထိုင်ကြရသည်။

| စာသေတ္တာ ၁၈.၂။ ကာလရှည်ကြာ ဒုက္ခသည် အခြေအနေများ |
|---|
| လွန်ခဲ့သော နှစ်များအတွင်း ကမ္ဘာ့ ဒုက္ခသည် အခြေအနေများတွင် အရေးကြီးသည့် အပြောင်းအလဲများ တွေ့ခဲ့ရသည်။ အထူးသဖြင့် ဒုက္ခသည် ပြဿနာများအတွက် ရေရှည် ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှာဖွေခြင်းသည် ပို၍၊ ပို၍ ခက်ခဲလာပြီး ဒုက္ခသည်များ အနေဖြင့် ပြည်ပြေးဘဝဖြင့် နှစ်ပေါင်းရှည်ကြာစွာ နေထိုင်ကြရသည်။ ဤသည်က နှစ်ပေါင်း ရှည်ကြာ ဒုက္ခသည် ဖြစ်သည့် အခြေအနေများကို ထွက်ပေါ်လာစေပြီး ဒုက္ခသည်များသည် ၎င်းတို့ ကနဦး စတင် ပြောင်းရွှေ့လာချိန်မှ စ၍ ငါးနှစ်နှင့် အထက် ပြည်ပြေးဘဝနှင့်သာ နေကြရသည်။ ၎င်းတို့၏ ဒုက္ခများအတွက် ဖြေရှင်းချက် တွေ့ရန် လမ်းမမြင်၊ ၎င်းတို့၏ အခြေခံ အခွင့်အရေးများနှင့် လိုအပ်သော စီးပွားရေး၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိပေ။<br><br>လက်တွေ့တွင် ရေရှည် ဖြစ်သည့် အခြေအနေမှာ ဒုက္ခသည် အများစုအတွက် စံနှုန်း တစ်ခုလိုပင် ဖြစ်နေပြီ ဖြစ်သည်။ UNHCR က ၂၀၁၅ အစတွင် ဒုက္ခသည် ၆.၄ သန်း (UNHCR ၏ စောင့်ရှောက်မှု အောက်တွင် ရှိသော ဒုက္ခသည် တဝက် နီးပါးခန့်) သည် ကာလရှည်ကြာ ဒုက္ခသည်များ ဖြစ်သည်။ ထိုဒုက္ခသည်များသည် လက်ခံထားသော နိုင်ငံ ၂၆ နိုင်ငံ၏ ဒုက္ခသည် စခန်းများတွင် လည်းကောင်း၊ မြို့ပေါ်တွင် လည်းကောင်း နေထိုင်ကြပြီး ကာလရှည်ကြာ ဖြစ်နေသည့် အခြေအနေ ၃၃ ခုခန့် ရှိသည်။ ဥပမာ လက်ဘနွန်တွင် နေထိုင်သူ လေးဦးအနက် တစ်ဦးသည် ကာလရှည်ကြာ ဒုက္ခသည် အဖြစ် နေထိုင်သူ ဖြစ်သည်။ ကာလရှည်ကြာ ဒုက္ခသည်များ လက်ခံထားသည့် အခြား နိုင်ငံများမှာ ပါကစ္စတန်၊ အီရန်၊ ဂျော်ဒန်၊ တူရကီ၊ ကင်ညာ၊ ချက်ဒ်၊ ဆူဒန်၊ အလယ်ပိုင်း အာဖရိကန် ရီပဲ့ဘလစ်၊ အီသီယိုးပီးယားနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြသည်။ ထို့ပြင် **အရှေ့ပိုင်း အနီး ဒေသမှ ပါလစ္စတိုင်း ဒုက္ခသည်များ ကယ်ဆယ်ရေးနှင့် လုပ်ငန်း** |

**ဆောင်ရွက်ရေး ဆိုင်ရာ ကုလသမဂ္ဂ အေဂျင်စီ (UN Relief and Works Agency for Palestine Refugees in the Near East (UNRWA)** ၏ တာဝန်ယူမှု အောက်တွင် ရှိသော ဒုက္ခသည်များနှင့် အရှေ့ အလယ်ပိုင်း တလျှောက် ပြန့်ကျဲနေသော ပါလစ္စတိုင်း ဒုက္ခသည် ၅.၁ သန်း ရှိသေးသည်။ ပြည်ပြေးဘဝဖြင့် ဆယ်စုနှစ်ပေါင်း ၆ စုခန့် နေနေရသည့် ပါလစ္စတိုင်း ဒုက္ခသည်များ ရှိသလို ဆွေမျိုးလေးဆက်အထိ ဒုက္ခသည်အဖြစ် နေကြရသူများလည်း ရှိသည်။

အနာဂတ်တွင် နှစ်ပေါင်းများစွာ ဒုက္ခသည်အခြေအနေတွင် ပိတ်မိနေသူ အရေအတွက် ပို၍ များလာလိမ့်မည်။ ဆီးရီးယားမှ တိုက်ပွဲများနှင့် ၂၀၁၄ မှ စ၍ ထိုတိုက်ပွဲများ အီရတ်သို့ ပျံ့နှံ့လာခြင်း တို့က ဒုတိယ ကမ္ဘာစစ် အပြီးမှ စ၍ အဆိုးဆုံးသော ဒုက္ခသည် အကျပ်အတည်းကို ဖန်တီးပေးသည်။ ဆီးရီးယား လူမျိုး ၄.၄ သန်းခန့်သည် အိမ်နီးချင်း လက်ဘနွန်၊ တူရကီ၊ ဂျော်ဒန်နှင့် အီဂျစ် နိုင်ငံတို့တွင် ဒုက္ခသည်အဖြစ် စာရင်းသွင်းထားကြပြီး စာရင်းမသွင်းထားသူ အများအပြားလည်း ကျန်ရှိနေသေးသည်။ ထိုလက်ခံထားသည့် နိုင်ငံများသည် ၎င်းတို့ လက်ခံနိုင်သည့် ပမာဏ ရောက်ရှိနေပြီ ဖြစ်သည်။ ဆီးရီးယား လူမျိုး အများအပြားသည် ဥရောပသို့လည်း ဖြန့်ကျက်လာကြပြီး ဤစာအုပ် ထုတ်ဝေချိန်တွင် ခန့်မှန်းခြေ ၁.၁ သန်းခန့် ရှိသည်။ ၂၀၁၆ ခုနှစ်တွင် ဒေသတွင်း ကာလရှည်ကြာ နေထိုင်နေသည့် ဆီးရီးယား လူမျိုးများကို တစ်ကမ္ဘာလုံးတွင် ကာလရှည်ကြာ ဒုက္ခသည် အခြေအနေများထံ ထပ်မံ ပေါင်းထည့် ပေးနိုင်သည်။

ထိုကိစ္စရပ်သည် ကျယ်ပြန့်ပြီး အရေးပါသော်လည်း ကာလရှည်ကြာ ဒုက္ခသည် အခြေအနေအပေါ် နိုင်ငံတကာက တုံ့ပြန်မှုများမှာ သက်ရောက်မှု အကန့်အသတ်ဖြင့်သာ ရှိသည်။ UNHCR သည် လွန်ခဲ့သော နှစ်များအတွင်း လုပ်ဆောင်ချက် အများအပြားဖြင့် ပို၍ အဓိပ္ပာယ် ရှိသော တုံ့ပြန်မှုများ ရရှိရန် ကြိုးပမ်းခဲ့သည်။ အစိုးရ တစ်ဦးချင်းစီကလည်း ကာလရှည်ကြာ ဒုက္ခသည် အခြေအနေကို တုံ့ပြန်ရန် အမျိုးမျိုး လုပ်ဆောင်ခဲ့ကြသည်။ သို့ရာတွင် ကာလရှည်ကြာ ဒုက္ခသည် ဆိုင်ရာ ကမ္ဘာ့ စိန်ခေါ်မှုကို စုပေါင်း တုံ့ပြန်ခြင်းမှာ ထိရောက်မှု မရှိလှသေးပေ။

နှစ်ပေါင်းများစွာ ပြည်ပတွင် ဒုက္ခသည် စခန်းများ၌ နေထိုင်ရခြင်းက ထိုဒုက္ခသည်များထဲမှ အချို့ အုပ်စုများကို ပို၍ ထိလွယ် ခိုက်လွယ် ဖြစ်စေသည်။ အထူးသဖြင့် ဒုက္ခသည် အမျိုးသမီးများနှင့် ကလေးများ ဖြစ်သည်။ အလုပ်အကိုင် အခွင့်အလမ်းများ အကန့်အသတ်ဖြင့်သာ ရှိပြီး လွတ်လပ်စွာ ရွေ့လျား သွားလာနိုင်မှုကို ကန့်သတ်ထားခြင်း ခံရသောအခါ၊ ဒုက္ခသည်များသည် အသက်ရှင်သန်ရန် အချိန်ရှည်ကြာ နိုင်ငံတကာ အထောက်အပံ့ကိုသာ မှီခိုနေရသောအခါ အိမ်တွင်း အကြမ်းဖက်မှုများနှင့် လိင်အကြမ်းဖက်မှုများ သိသိသာသာ မြင့်တက်လာသည်။ အလားတူပင် နှစ်ပေါင်းများစွာ ပြည်ပြေး ဖြစ်နေခြင်းနှင့် ဒုက္ခသည် စခန်းတွင် နေရခြင်းသည် မိသားစု ပုံစံများကို ပြိုပျက်စေပြီး အမျိုးသမီးများအတွက် ပို၍ ဝန်ထုတ်ဝန်ပိုး ဖြစ်စေသည်။ ဒုက္ခသည် ကလေးများသည်လည်း ထူးခြားသည့် စိန်ခေါ်မှုများ ရင်ဆိုင်ကြရသည်။ ကလေးများ၏ မူလတန်းနှင့် အလယ်တန်း ပညာသင်ကြားရေးကို မကြာခဏ ငြင်းပယ်ခံရသည်။ ဒုက္ခသည် စခန်းများတွင် လုံခြုံရေး အခြေအနေကို ထိန်းသိမ်းရန် တင်းကြပ်သော ချုပ်ကိုင်ရေး နည်းလမ်းများအား လက်ခံသူ အစိုးရကသော်လည်းကောင်း ဒုက္ခသည်များ ကိုယ်တိုင်ကပါ အသုံးပြုလေ့ ရှိသည်။ အချို့သော ကိစ္စရပ်များတွင် ဒုက္ခသည်များအကြားမှ လက်နက်ကိုင် အုပ်စုများသည် ဒုက္ခသည် လူထုအပေါ် ထိန်းချုပ်ထားပြီး ယင်းဖြစ်ရပ်က စခန်းများအတွင်း ကလေး စစ်သားများ အတင်းအဓမ္မ စုဆောင်းခြင်းကို

ဖြစ်ပေါ်စေသည်။ နောက်ဆုံး အနေဖြင့် ဒုက္ခသည် လူငယ်များ အခွင့်အလမ်း မရှိကြဘဲ အနာဂတ်အတွက် မျှော်လင့်ချက် မရှိကြသည့် အခြေအနေတွင် ထိုသူများသည် အသေးစား ရာဇဝတ်မှုများကို မကြာခဏ ကျူးလွန်ကြသည်။ ကာလရှည်ကြာ ဒုက္ခသည် အဖြစ်နေရခြင်းက အသက်အရွယ် ကြီးရင့်သူများ အပါအဝင် မသန်စွမ်းများနှင့် ဆေးကုသရန် လိုအပ်သော ဒုက္ခသည်များကို ပို၍ ထိခိုက်လွယ်စေသည်။ လူမှု ကူညီရေး၊ နှစ်သိမ့် ဆွေးနွေးပေးခြင်းနှင့် ပြန်လည် ထူထောင်ရေး အစီအစဉ်တို့သည် ရန်ပုံငွေ ဖြတ်တောက် ခံရသည့်အခါ ထိပ်ဆုံးတွင် ပါလေ့ရှိသည်။

## ဖွံ့ဖြိုးပြီး နိုင်ငံများသို့ ခိုလှုံခွင့် တောင်းခံသူများ စီးဆင်းမှု

အနီးအနားရှိ ဧည့်သည်နိုင်ငံများတွင် အကာအကွယ်နှင့် လုံခြုံမှု မရရှိသော ဒုက္ခသည်များသည် တိုက်ကြီးများကို ဖြတ်ကျော်ကာ ဖွံ့ဖြိုးပြီး နိုင်ငံများတွင် နိုင်ငံရေး ခိုလှုံခွင့် ယူကြသည်။ ၂၀၁၅ ခုနှစ်တွင် လူပေါင်း တစ်သန်းခန့်သည့် ဖွံ့ဖြိုးပြီး နိုင်ငံများတွင် နိုင်ငံရေး ခိုလှုံခွင့် လျှောက်ထားခဲ့ကြပြီး ယင်းမှာ ၁၉၉၂ ပြီးနောက် အမြင့်ဆုံး အရေအတွက် ဖြစ်သည်။ ယူကရိန်း၊ ဆီးရီးယား၊ အီရတ်၊ အာဖဂန်နစ္စတန်၊ အဲရစ်ထရီးယား၊ ကွန်ဂို ဒီမိုကရက်တစ် ရီပဘ်ပလစ်၊ ဆားဗီးယားနှင့် ကိုဆိုဗို၊ ဆိုမာလီယာနှင့် ပါကစ္စတန် နိုင်ငံမှ နိုင်ငံရေး ခိုလှုံခွင့် လျှောက်ထားသူ အရေအတွက် အများဆုံး ဖြစ်သည်။ ရုရှား၊ ဂျာမနီ၊ အမေရိကန်၊ တူရကီနှင့် ဆွီဒင် နိုင်ငံတို့က ခိုလှုံခွင့် လျှောက်ထားသူ အရေအတွက် အများဆုံး လက်ခံခဲ့သည်။

၎င်းတို့၏ ဒေသများသို့ ခိုလှုံခွင့် တောင်းခံသူ အရေအတွက် များပြားလာခြင်းကို တုံ့ပြန်သည့် အနေဖြင့် အနောက်နိုင်ငံမှ အစိုးရများသည် ၎င်းတို့ နိုင်ငံများသို့ ဝင်ရောက်ခြင်းကို တားဆီး ပိတ်ပင်သည့် နည်းလမ်းများ အသုံးပြုလာကြသည်။ ထိခိုက် နစ်နာလွယ်သော အမျိုးသမီးများနှင့် အုပ်ထိန်းသူ မပါသော ကလေးငယ်များ အပါအဝင် ခိုလှုံခွင့် တောင်းခံသူများသည် ပုံမှန် ထိန်းသိမ်းခံရခြင်း၊ မတရား ဆက်ဆံခံရခြင်း (သို့) လိင်ပိုင်းဆိုင်ရာအရ စော်ကားခံရခြင်းများ ရင်ဆိုင်ရကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့နှင့် လူ့အခွင့်အရေး စောင့်ကြည့် လေ့လာရေး အဖွဲ့ ကဲ့သို့သော လူ့အခွင့်အရေး အဖွဲ့အစည်းများက မှတ်တမ်းတင်ထားကြသည်။ အချို့သော အစိုးရများသည် ခိုလှုံခွင့် တောင်းသူများကို ခိုလှုံခွင့် ဆုံးဖြတ်ချက်အား စောင့်စားနေချိန် အတွင်း အလုပ်လုပ်ခွင့်များ ပေးခြင်း (သို့) အဓိပ္ပာယ် ပြည့်ဝသော လူမှု ကူညီမှုများ ပေးခြင်း မရှိကြပေ။ တစ်ခါတရံ ခိုလှုံခွင့် တောင်းခံသူများတွင် လုံခြုံရေး အန္တရာယ် ရှိနေသည့်တိုင် ၎င်းတို့ကို အတင်းအဓမ္မ နေရပ် ပြန်ပို့ကြသည်။ အနောက်နိုင်ငံ အစိုးရများက ထားရှိသော တင်းကြပ်သည့် နယ်စပ် ထိန်းချုပ်ခြင်းများကို ကျော်လွှားရန်နှင့် လုံခြုံရေး အတွက် အပူတပြင်း ကြိုးပမ်းသည့် အနေဖြင့် ခိုလှုံခွင့် တောင်းခံသူများနှင့် ရွှေ့ပြောင်း အခြေချ နေထိုင်သူများသည် အနောက် နိုင်ငံများသို့ သွားရောက်နိုင်ရန် တရားမဝင် လူမှောင်ခိုသမားများကို အားကိုးအားထားပြု လာကြသည်။ ထို့ကြောင့် တိုက်ဖြတ်ကျော်၍ ခိုလှုံခွင့် တောင်းခံသူများအတွက် ခရီးသွားလာရေး အစီအစဉ်များသည် လုံခြုံမှု မရှိဘဲ အန္တရာယ် များလှသည်။ နိုင်ငံတကာ ရာဇဝတ်မှု အဖွဲ့များသည် ခရီးသွားလာရေး ဆိုင်ရာ စာရွက်စာတမ်းများ၊ နိုင်ငံကူး လတ်မှတ်များ၊ အလုပ်နှင့် နေထိုင်ခွင့် စာရွက်စာတမ်းများကို ခိုးယူခြင်း၊ အတုပြုလုပ်ခြင်းများမှ အမြတ်အစွန်း များစွာ ရကြသည်။ ၎င်းတို့ ခိုးသွင်းပေးသည့် ခိုလှုံခွင့် တောင်းခံသူများနှင့် ရွှေ့ပြောင်း အခြေချသူများမှာ ရုပ်ပိုင်းဆိုင်ရာ အရ အနိုင်ကျင့်ခြင်းများ၊ ငွေကြေးပိုင်ဆိုင်ရာအရ ခေါင်းပုံဖြတ်ခြင်းများ ခံကြရပြီး အဆိုးဆုံး အခြေအနေတွင် အသက်ပင် သေဆုံးကြရသည်။

မကြာသေးမီ နှစ်များအတွင်း ဥရောပ နိုင်ငံများတွင် လုံခြုံမှု (သို့) ဘဝသစ်စရန် ထွက်လာကြသော အရှေ့အလယ်ပိုင်း၊ ဆာဟာရ အာဖရိက ဒေသနှင့် အာရှ စစ်ဖြစ်နေသော နိုင်ငံများမှ မျှော်လင့်ချက်လမ်းဆုံးနေသည့် အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးငယ် အများအပြားသည် မြေထဲပင်လယ်နှင့် အေဒင် ပင်လယ်ကွေ့များတွင် ၎င်းတို့ စီးနင်းလာကြသော ခနော်နီ ခနော့်နဲ့ လှေများ မှောက်ကာ နစ်မြုပ်သွားကြသောကြောင့် ရေနစ် သေဆုံးကြရသည်။ ဆင်းရဲမွဲတေမှုများနှင့် ပဋိပက္ခများမှ ထွက်ပြေးရသည့် ဟေတီလူမျိုး အများအပြားနှင့် အခြားသူများသည်လည်း ကာရေဘီယမ် ပင်လယ်တွင် အလားတူ ကံကြမ္မာမျိုး ရင်ဆိုင်ကြရသည်။ အလားတူပင် ၂၀၁၅ ခုနှစ်အတွင်း အရှေ့တောင် အာရှ၌ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံများသို့ လှေဖြင့် ခိုးဝင်ရန် ကြိုးစားသူ ရိုဟင်ဂျာ မူဆလင် ဒုက္ခသည်များနှင့် ဘင်္ဂလားဒေ့ရှ် လူမျိုးများကို ဝင်ခွင့် ငြင်းပယ်ခဲ့ကြပြီး ပင်လယ်ထဲသို့ ပြန်ပို့လိုက်ခြင်းဖြင့် လူအများအပြား ရေနစ် သေဆုံးခဲ့ရသည်။ ၂၀၁၅ ခုနှစ်တွင် ထိုင်း-မလေးရှား နယ်စပ်ရှိ အကူးအပြောင်း စခန်းများကို ရှာဖွေ တွေ့ရှိခဲ့ပြီး ထိုစခန်းများတွင် ရွှေ့ပြောင်း အခြေချလိုသူများစွာကို ပြွတ်သိပ်ထားထားပြီး ၎င်းတို့ မိသားစုများက ပြန်လွှတ်ပေးရန် တောင်းသည့် ပိုက်ဆံ ပေး၍ ပြန်မရွေးမချင်း ရိုက်နှက် နှိပ်စက်ခြင်း ခံကြရသည်။ ထိုစခန်းများ အများအပြားတွင် အစာငတ်ခြင်းနှင့် ရိုက်နှက်ခံရခြင်းကြောင့် သေဆုံးသွားသော ပြောင်းရွှေ့သူများကို အစုလိုက် အပြုံလိုက် မြှုပ်နှံထားခြင်းများလည်း တွေ့ခဲ့ရသည်။

လွန်ခဲ့သည့် နှစ်ပေါင်း များစွာအတွင်း ဩစတြေးလျ နိုင်ငံသည် လှေဖြင့် လာရောက်သည့် ခိုလှုံခွင့် တောင်းခံသူများနှင့် ရွှေ့ပြောင်း အခြေချ လိုသူများကို ၎င်းတို့ နိုင်ငံ၌ ကမ်းကပ်ခွင့် မပေးဘဲ ခိုလှုံခွင့် တောင်းဆိုမှုများကို စိစစ်ရန် တောင်ပစိဖိတ် ကျွန်းနိုင်ငံငယ်လေးများ ဖြစ်သည့် နူရူနိုင်ငံနှင့် ပါပူအာ နယူးဂီနီ နိုင်ငံ၏ မန်နူး ကျွန်းများသို့ ပို့ဆောင်ကြသည်။ ဩစတြေးလျားသို့ လေကြောင်းလိုင်းဖြင့် ဝင်ရောက်လာသော ခိုလှုံခွင့် တောင်းခံသူများကိုလည်း ဝေးလံသည့် စင်တာများတွင် ထိန်းသိမ်းထားကာ ၎င်းတို့၏ ခိုလှုံခွင့် လျှောက်လွှာများ စစ်ဆေးခြင်းမှာလည်း မကြာခဏ ကြန့်ကြာ နှောင့်နှေးနေသည်။ ကမ္ဘာတစ်ဝန်းတွင် ၎င်းတို့ ကိုယ်တိုင်နှင့် မိသားစုများ အတွက် လုံခြုံရေး ရယူလိုသည့် ဒုက္ခသည်များနှင့် ရွှေ့ပြောင်း အခြေချသူများအပေါ် လက်ခံသည့် နိုင်ငံများက မလိုလားအပ်သော တန်ပြန် တုံ့ပြန်မှုများ ပြုလုပ်လေ့ ရှိကြသည်။

## ပြည်တွင်း နေရပ် စွန့်ခွာ ထွက်ပြေးရသူများ

ဒုက္ခသည်များနှင့် ခိုလှုံခွင့် တောင်းခံသူများအပြင် ပြည်တွင်း နေရပ် စွန့်ခွာ ထွက်ပြေးရသူများ (IDPs) ၏ လူ့အခွင့်အရေး အခြေအနေဆိုးများသည်လည်း နိုင်ငံတကာ အစီအစဉ်တွင် ပါဝင် လာသည်။ ပြည်တွင်း နေရပ် စွန့်ခွာ ထွက်ပြေးရခြင်းသည် ပဋိပက္ခများ၊ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဘေးအန္တရာယ်များ၊ စီးပွားရေး အပြောင်းအလဲများ (သို့) ကျယ်ပြန့်သော ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် ဖြစ်ပွားရသည်။ ဒုက္ခသည်များ နည်းတူ IDP များသည်လည်း ၎င်းတို့ နေအိမ်များကို စွန့်ခွာ ထွက်ပြေးရပြီး ဒုက္ခသည်များ ကဲ့သို့ပင် ထိခိုက် နစ်နာမှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ခံစားကြရသည်။ သို့ရာတွင် ထိုသူများသည် ဒုက္ခသည်များနှင့် တန်းတူ အခွင့်အရေးများနှင့် အခွင့်အလမ်းများ မရကြပေ။ ဒုက္ခသည်များ ကာကွယ်ရေးကို ကိုင်တွယ်သည့် ဥပဒေနှင့် အင်စတီကျူးရှင်း မူဘောင်များမှာ ရှင်းရှင်းလင်းလင်း ရှိသလောက် IDP

ကိစ္စရပ်ကိုမူ ၁၉၉၀ ပြည့်လွန်နှစ်များ မတိုင်မီအထိ အသိမှတ်ပြုမှု (သို့) ဆွေးနွေးငြင်းခုံမှု မရှိကြပေ။ IDP များကို ကာကွယ်ပေးသည့် နိုင်ငံတကာ စာချုပ်စာတမ်းများနှင့် ထောက်ပံ့မှု များသည် မကြာသေးမီကမှ စတင် ပုံပေါ်လာခြင်း ဖြစ်သည်။ ၁၉၉၀ ပြည့်လွန်နှစ်များမှ စ၍ IDP များအတွက် အထွေထွေ အတွင်းရေးမှူး၏ အထူးကိုယ်စားလှယ်ကို ခန့်အပ်ခဲ့သည်။ ပြည်တွင်း နေရပ် စွန့်ခွာ ထွက်ပြေးရခြင်း ဆိုင်ရာ လမ်းညွှန် စည်းမျဉ်းများကိုလည်း စုစည်းပြီး နိုင်ငံများက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံခဲ့ကြကာ အင်စတီကျူးရှင်း မူဘောင် အသစ်တစ်ခု စတင် ထွက်ပေါ် လာသည်။ ဥပမာ မကြာသေးမီ နှစ်များအတွင်း အာဖရိက သမဂ္ဂက ပြည်တွင်း နေရပ် စွန့်ခွာ ထွက်ပြေးရခြင်းအတွက် ကမ်ပါလာ သဘောတူစာချုပ် (the Kampala Convention on Internal Displacement) ကို ရေးဆွဲ အတည်ပြုခဲ့သည်။ ထို့ပြင် ၂၀၀၅ ခုနှစ်မှ စ၍ UNHCR သည် ပဋိပက္ခများကြောင့် နေရပ် စွန့်ခွာ ထွက်ပြေးရသည့် IDP များအတွက် ဦးဆောင် လုပ်ရှားသည့် နိုင်ငံတကာ အဖွဲ့အစည်း တစ်ခု ဖြစ်လာသည်။ ထိုကဲ့သို့ အပြုသဘောဆောင်သော ဖြစ်ပေါ် တိုးတက်မှုများ ရှိသော်လည်း IDP များ ရှိနေသည့် နိုင်ငံ အများစုတွင် လမ်းညွှန် စည်းမျဉ်းများ အကောင်အထည် ဖော်ခြင်းမှာ ကြိုကြား၊ ကြိုကြားသာ ရှိပြီး ထိရောက်မှု မရှိလှပေ။

ဖိအားပေး နေရပ် ရွှေ့ပြောင်းခြင်းဆိုင်ရာ ကမ္ဘာ့ အကျပ်အတည်းသည် အရေးပေါ် လူ့အခွင့်အရေးနှင့် နိုင်ငံရေး စိန်ခေါ်မှုများဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းများကို ထိပ်တိုက် ရင်ဆိုင်နေပြီး ယင်းတို့အတွက် လွယ်ကူသော အဖြေများ မရှိပါ။ ယခုအခန်းတွင် အောက်ပါ မေးခွန်းများကို ဆွေးနွေးထားသည်။ မည်သည့် အရာများက ဒုက္ခသည် အဖြစ် သတ်မှတ်သနည်း။ မကြာသေးမီက နေရပ် စွန့်ခွာ ထွက်ပြေးသည့် လူအများအပြား ရုတ်တရက် ရွှေ့ပြောင်းရခြင်း၏ အကြောင်းရင်းခံများမှာ အဘယ်နည်း။ ဒုက္ခသည်များကို ကာကွယ်ရန် ကျင့်ဝတ်ပိုင်းဆိုင်ရာ အစီအစဉ်နှင့် နိုင်ငံများ၏ လက်တွေ့ နိုင်ငံရေး အခြေအနေ၊ အကျိုးစီးပွားများအကြား UNHCR က မည်သို့ ညှိနှိုင်း ဆောင်ရွက်နိုင်မည်နည်း။ နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး စနစ်က ဖိအားပေး ပြောင်းရွှေ့ခိုင်းခြင်းများကို မည်ကဲ့သို့ ပိုမို ထိရောက်စွာနှင့် ပြည့်စုံစွာ တုံ့ပြန်နိုင်မည်နည်း။

| အနှစ်ချုပ် |
|---|
| အခြား နိုင်ငံ တစ်နိုင်ငံတွင် လုံခြုံရေးနှင့် အကာအကွယ် ရှာဖွေရန် နယ်စပ် ဖြတ်ကျော်ကာ ဖိနှိပ်မှုများမှ ထွက်ပြေးလာသူများကို ဒုက္ခသည်များအဖြစ် သတ်မှတ်သည်။ IDP များသည် ဒုက္ခသည်များ ကဲ့သို့သော အခြေအနေများဖြင့် ၎င်းတို့၏ နိုင်ငံများတွင်သာ နေထိုင်နေကြသူများ ဖြစ်သည်။<br>ဒုက္ခသည်များသည် ၎င်းတို့၏ ကိစ္စရပ်များကို ကိုယ်တိုင် တင်ပြခွင့် မရှိကြပဲ ယနေ့ခေတ် မီဒီယာတွင် မကြာခဏ မှားယွင်း တင်ပြခြင်း ခံကြရသည်။<br>ဒုက္ခသည်များနှင့် IDP ရွှေ့လျားမှု အများစုသည် စစ်ပွဲများ၊ ဖိနှိပ်မှုများ၊ လူမျိုးစု အကွဲအပြဲများ၊ အားနည်းသည့် အင်စတီကျူးရှင်းများနှင့် လူမှု စီးပွားရေး မညီမျှမှုများကြောင့် (သို့) ထိုအချက်အလက်များ အတူပေါင်းစပ်ခြင်းကြောင့် ဖြစ်ပွားရခြင်း ဖြစ်သည်။<br>လုံခြုံရေးနှင့် ပို၍ လုံခြုံသော ဘဝများ ရှာဖွေရာတွင် ဒုက္ခသည်နှင့် ရွှေ့ပြောင်း နေထိုင်သူ အများအပြားသည် ကမ္ဘာ့ မြောက်ပိုင်း နိုင်ငံများရော၊ တောင်ပိုင်းနိုင်ငံများသို့ပါ သွားရောက် ခိုလှုံနိုင်ရန် အန္တရာယ်များသည့် လုပ်ရပ်များကို လုပ်ဆောင်ကြရသည်။<br>ဒုက္ခသည်များသည် နိုင်ငံရပ်ခြားတွင် ခိုလှုံစဉ် စခန်းများတွင် အတင်းအဓမ္မ နေခိုင်းခြင်း၊ ခွဲခြား ဆက်ဆံခြင်း၊ ဆက်ကြေး တောင်းခံရခြင်း၊ ခေါင်းပုံဖြတ်ခြင်းနှင့် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ အပါအဝင် |

လူ့အခွင့်အရေး ချိုးဖောက်မှုများကို ခံစားကြရသည်။
ဒုက္ခသည်များအတွက် အဖြေရှာခြင်းသည် ပို၍၊ ပို၍ ခက်ခဲလာလေရာ နေရပ် စွန့်ခွာရသူများ အတွက် ကာလရှည်ကြာ ဒုက္ခသည် ဖြစ်ရသည့် အခြေအနေမှာ စံနှုန်း အသစ်တစ်ခုပင် ဖြစ်လာ လေသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**
ဖိအားပေး ပြောင်းရွှေ့ခိုင်းခြင်းဆိုင်ရာ ကမ္ဘာ့ ပြဿနာသည် ထိန်းချုပ်၍ မရအောင် ကြီးထွား လာပြီ ဖြစ်သည်။ ထိုပြဿနာကို ဖြစ်ပွားစေရသည့် အကြောင်းအရင်းများနှင့် ပြဿနာ၏ ရှုထောင့်များမှာ အဘယ်နည်း။

## ဒုက္ခသည်များကို အဓိပ္ပာယ် ဖွင့်ဆိုရခြင်း အခက်အခဲ

နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး စနစ် ကြီးထွားလာခြင်းက ဒုက္ခသည်များသည် သီသာ ထင်ရှားသော နိုင်ငံတကာ အကာအကွယ် ရှိသင့်သည် ဟူသည့် သဘောထားအပေါ် အခြေခံပြီး လူ့အခွင့်အရေးသည် ကမ္ဘာ့အရေးတွင် ပို၍ အရေးပါလာသည်ကို ပြသနေသည့် အဓိက ဥပမာလည်း ဖြစ်သည်။ ဒုက္ခသည်များအပေါ် နိုင်ငံတကာမှ စိုးရိမ် ပူပန်မှုများသည် လူ့အခွင့်အရေး အကာအကွယ်ပေးရေး သဘောတရားများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ တည်ငြိမ်ရေးတို့အပေါ် အခြေခံထားသည်။ ယနေ့ခေတ် ဒုက္ခသည် ကာကွယ်ရေး စနစ်၏ မူလအစမှာ ၁၉၂၁ ခုနှစ်က ဖြစ်သည်။ ပထမ ကမ္ဘာစစ်အပြီး ရုရှား ဒုက္ခသည်များ လျှံထွက်လာမှုကြောင့် ဖြစ်ပွားရသည့် မတည်ငြိမ်မှုကို တုံ့ပြန်ရန် နိုင်ငံပေါင်းချုပ် အသင်းကြီး (League of Nations) က ဖရစ်တော့ဖ် နန်ဆင် (Fridtjof Nansen) ကို ပထမဦးဆုံး ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး အဖြစ် ခန့်အပ်ခဲ့သည်။ နိုင်ငံမဲ့များနှင့် နိုင်ငံသား မရှိသူများ၏ အခြေအနေကို ထိန်းချုပ်နိုင်ရန် နောင်နှစ်ပေါင်း ၂ဝ အတွင်း ဒုက္ခသည်များကို အကူအညီပေးသည့် အစီအစဉ်များ၏ အကျယ်နှင့် တာဝန်များ တဖြည်းဖြည်း ပိုမို ကျယ်ပြန့်လာသည်။ သို့ရာတွင် ၁၉၃ဝ ပြည့်လွန်နှစ်များ၌ ကမ္ဘာ့စီးပွားရေးပျက်ကပ်နှင့် ဖက်ဆစ် ဝါဒ ပျံ့နှံ့လာခြင်း တို့နှင့်အတူ ဒုက္ခသည်များ ဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ ကျဆင်းလာပြီး နေရာတကာတွင် လူဝင်မှုကို ကန့်သတ်သည့် မူဝါဒများ များပြားလာခဲ့သည်။ လူပေါင်း များစွာကို ဖိအားပေး အစုလိုက် အပြုံလိုက် ပြောင်းရွှေ့ခိုင်းခြင်းများအပေါ် တုံ့ပြန်ရန်နှင့် ဒုတိယ ကမ္ဘာစစ် အပြီးတွင် ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အေဂျင်စီနှင့် နိုင်ငံတကာ ဒုက္ခသည်များ အဖွဲ့အစည်းတို့ကို ထူထောင်ခဲ့သည်။ ထိုအဖွဲ့ နှစ်ခုလုံးတွင် မတူညီသော တာဝန်များ ရှိပြီး နိုင်ငံတကာမှ ဒုက္ခသည် ပြဿနာကို တုံ့ပြန်သည့်အလျောက် ထပ်မံ တိုးချဲ့သွားခဲ့သည်။

၁၉၃ဝ နှင့် ၁၉၄ဝ ပြည့်လွန်နှစ်များအတွင်း ဖိနှိပ်မှု အတွေ့အကြုံများ၊ အထူးသဖြင့် ဟော်လိုကော့စ် ဖြစ်ရပ်က သန်းပေါင်းများစွာသော ဂျူးလူမျိုးများ၊ ဂျစ်ပစီများ၊ ဆလာ့ဗ်များနှင့် ဥရောပမှ အခြားလူမျိုးများကို သတ်ဖြတ်မှုများ ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ရပ်များက ဒုတိယ ကမ္ဘာစစ် အပြီးတွင် ဖိနှိပ်ခံရသူများအပေါ် နိုင်ငံများ၏ တုံ့ပြန်မှုအား သိသိသာသာ ပုံသွင်းပေးခဲ့သည်။ ရလဒ် အနေဖြင့် လူ့အခွင့်အရေးနှင့် တရားမျှတမှုတို့သည် စစ်ပြီးကာလ သဘောတူစာချုပ်များနှင့် အင်စတီကျူးရှင်းများတွင် အဓိက ခေါင်းစဉ်အဖြစ် ထွက်ပေါ်လာသည်။ ဥပမာ ၁၉၄၈ ခုနှစ် ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၁၄

တွင် “လူတိုင်းသည် ဖိစီးနှိပ်စက်မှုမှ လွတ်ကင်းရန် အခြားနိုင်ငံများ၌ ခိုလှုံခွင့်ကို တောင်းခံပိုင်ခွင့်နှင့် ရရှိခံစားပိုင်ခွင့် ရှိသည်” ဟု ဖော်ပြထားသည်။ “ခိုလှုံခွင့်” သည် နောက်ပိုင်း သဘောတူစာချုပ်များတွင် မပါတော့သော်လည်း ဒုက္ခသည်များ ကာကွယ်ရေးအတွက် သိသာထင်ရှားသည့် ခြေလှမ်းသစ်များ စတင်ခဲ့ကြသည်။ ဒုက္ခသည်များကို အကာအကွယ် ပေးရန်နှင့် ၎င်းတို့ မိခင် နိုင်ငံတွင်း ဖြစ်စေ၊ ရွှေ့ပြောင်း နေထိုင်သည့် နိုင်ငံသစ်၌ ဖြစ်စေ ပေါင်းစည်း နေထိုင်နိုင်ရန် ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံး (UNHCR) ကို ၁၉၅၀ ခုနှစ်တွင် စတင် တည်ထောင်ခဲ့သည်။ နောက်တစ်နှစ်တွင် နိုင်ငံတကာ အသိုင်းအဝိုင်းက ဒုက္ခသည်များ၏ အနေအထားဆိုင်ရာ သဘောတူစာချုပ် (Convention Relating to the Status of Refugees) ကို ရေးဆွဲခဲ့သည် (စာသေတ္တာ ၁၈.၃ တွင် ရှုပါ)။

နိုင်ငံတကာ ဥပဒေ စံနှုန်းများအရ ဒုက္ခသည်ဆိုသည်မှာ အခြား နိုင်ငံတွင် ခိုလှုံရန် မိမိ နိုင်ငံ၏ နယ်စပ်မျဉ်းကို ဖြတ်ကျော် ထွက်ပြေးလာသူ ဖြစ်သည်။ ဒုက္ခသည်ဟု သတ်မှတ်ခံရပါက အခြား နိုင်ငံတကာ ပြောင်းရွှေ့နေထိုင်သူများ မရသည့် အခွင့်အရေး အချို့ကို ရရှိသည်။ ယင်းအခွင့်အရေးများတွင် ပြန်လည် အခြေချနိုင်ခွင့်၊ နေရပ်ပြန်ပို့ ခံရခြင်း (သို့) ထိုသူ၏ မိခင် နိုင်ငံသို့ အတင်းအဓမ္မ ပြန်ခိုင်းခြင်းတို့မှ ဥပဒေအရ အကာအကွယ် ရခွင့် (ဖိနှိပ်ခံရမည့် မူရင်းနိုင်ငံသို့ အတင်းအကြပ် ပြန်ပို့ခံရခြင်းမှ ကာကွယ်ပေးခြင်း) တို့ရှိသည်။ နိုင်ငံတကာ အကာအကွယ် ရယူလိုသူများကို နိုင်ငံရေး ခိုလှုံခွင့် တောင်းခံသူများဟု ခေါ်ဆိုသည်။ သံရုံး (သို့) ကောင်စစ်ဝန်ရုံး၌ လျှောက်ထားနိုင်သော်လည်း ဒုက္ခသည် အများစုသည် ၎င်းတို့ အကာအကွယ် ရယူလိုသော နိုင်ငံ ရောက်သည်နှင့် နိုင်ငံရေး ခိုလှုံခွင့် တောင်းကြသည်။

စာသေတ္တာ ၁၈.၃။ ဒုက္ခသည်များအပေါ် ကုလသမဂ္ဂနှင့် ဒေသတွင်း အဓိပ္ပာယ် ဖွင့်ဆိုချက်များ

**၁၉၅၁ ခုနှစ် ဒုက္ခသည်များ၏ အနေအထားဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်**

အပိုဒ် ၁ တွင် ဒုက္ခသည်ကို “လူမျိုး၊ ဘာသာရေး၊ နိုင်ငံသား၊ လူမှု အုပ်စု တစ်ခု၏ အဖွဲ့ဝင် ဖြစ်မှု (သို့) နိုင်ငံရေး သဘောထားကြောင့် ဖိနှိပ်ခံရမည်ကို အခြေအမြစ်ရှိရှိ ကြောက်ရွံ့ခြင်းကြောင့် မိမိ နိုင်ငံသား ဖြစ်ရာ နိုင်ငံ၏ ပြင်ပတွင် ရှိနေပြီး မိခင် နိုင်ငံ၏ အကာအကွယ်ကို မရယူနိုင် (သို့) ကြောက်ရွံ့မှုကြောင့် မရယူလိုသော ပုဂ္ဂိုလ် (သို့မဟုတ်) နိုင်ငံသား ရရှိထားခြင်း မရှိဘဲ ဖော်ပြခဲ့သော ဖြစ်ရပ်များကြောင့် မိမိ ယခင် နေထိုင်ခဲ့သော နေရာသို့ မပြန်နိုင်သူ (သို့) အကြောက်တရားများကြောင့် မပြန်လိုသူ” ပုဂ္ဂိုလ်ဟု သတ်မှတ်ထားသည်။

**၁၉၆၉ ခုနှစ် အာဖရိကရှိ ဒုက္ခသည် ပြဿနာများ၏ အစိတ်အပိုင်း တချို့နှင့် သက်ဆိုင်သော အာဖရိက သမဂ္ဂ အဖွဲ့၏ သဘောတူစာချုပ်**

၁၉၅၁ ခုနှစ် ဒုက္ခသည်များ၏ အနေအထားဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်တွင် ဖော်ပြထားသည့် အဓိပ္ပာယ် ဖွင့်ဆိုချက် အပြင် အာဖရိ သမဂ္ဂ၏ သဘောတူစာချုပ်တွင် “ပြင်ပ တိုက်ပွဲများ၊ ဝင်ရောက် သိမ်းပိုက်ခြင်းများ၊ နိုင်ငံခြားမှ လွှမ်းမိုးခြင်းများ (သို့) ထိုသူ မွေးဖွားရာ နိုင်ငံ (သို့) နိုင်ငံသား ဖြစ်ရာ နိုင်ငံ၌ နိုင်ငံတစ်ဝန်းလုံး (သို့) အချို့ နေရာများတွင် ငြိမ်ဝပ် ပိပြားမှုကို ကြီးစွာ အနှောင့် အယှက် ပြုနေသည့် ဖြစ်ရပ်များကြောင့် မိမိနေထိုင်ရာ နေရာကို စွန့်ခွာကာ မိမိ မွေးဖွားသည့် နိုင်ငံ (သို့) နိုင်ငံသား ဖြစ်ရာ နိုင်ငံ၏ ပြင်ပတွင် ရှိသော အခြား နေရာတွင် ခိုလှုံနေရသူ အားလုံးသည် ဒုက္ခသည် ဟူသည့် အသုံးအနှုန်းနှင့် အကျုံးဝင်သည်” ဟု ဆိုထားသည်။

**၁၉၈၄ ခုနှစ် ဒုက္ခသည်များ ဆိုင်ရာ ကာတာဂျီနား ကြေညာချက်**

၁၉၆၉ ခုနှစ် အာဖရိက သမဂ္ဂ သဘောတူစာချုပ်ကဲ့သို့ပင် ကြေညာချက်က ၁၉၅၁ ကုလသမဂ္ဂ သဘောတူစာချုပ်ပါ "ဒုက္ခသည်" ဟူသည့် အသုံးအနှုန်း၏ အဓိပ္ပာယ်ကို ချဲ့ထွင်ထားသည်။ နိဂုံးချုပ် ၃ တွင် ဒုက္ခသည်ကို အဓိပ္ပာယ် သတ်မှတ်ပုံ ပါဝင်သည်။ "အထွေထွေ အကြမ်းဖက်မှု၊ နိုင်ငံရပ်ခြားမှ ဝင်ရောက် ကျူးကျော်မှု၊ ပြည်တွင်း ပဋိပက္ခများ၊ လူ့အခွင့်အရေး အကြီးအကျယ် ချိုးဖောက်ခြင်းများ (သို့) လူထု၏ ငြိမ်ဝတ်ပိပြားရေးကို ပြင်းပြင်းထန်ထန် ခြိမ်းခြောက်သည့် အခြားသော အခြေအနေများကြောင့် မိမိတို့၏ အသက်၊ လုံခြုံရေး (သို့) လွတ်လပ်မှုတို့ကို ခြိမ်းခြောက် ခံရကာ မိမိတို့ နေထိုင်သည့် နိုင်ငံကို စွန့်ခွာ ထွက်ပြေးလာသူများ" အား ဒုက္ခသည်ဟု သတ်မှတ်သည်။

## ဒေသတွင်း ဒုက္ခသည်အပေါ် အဓိပ္ပာယ် ဖွင့်ဆိုချက်များအား အကျယ်ချဲ့လာခြင်း

၁၉၅၀ ပြည့်လွန်နှစ် အစောပိုင်းများမှ စ၍ အခြေအနေ အမျိုးမျိုးတွင် အကူအညီနှင့် အကာအကွယ် လိုသူများကို ခြုံငုံမိစေရန် "ဒုက္ခသည်" ဟူသည့် အသုံးအနှုန်းကို အဓိပ္ပာယ် ဖွင့်ဆိုခြင်းသည် ၁၉၅၁ ဥပဒေ အဓိပ္ပာယ် ဖွင့်ဆိုချက်ထက် ကျယ်ပြန့်လာသည်။ အဆိုပါ အကျယ်ချဲ့မှုများတွင် သိသာ အထင်ရှားဆုံးမှာ အာဖရိက သမဂ္ဂ၏ **အာဖရိကရှိ ဒုက္ခသည် ပြဿနာများ၏ အစိတ်အပိုင်း တချို့နှင့် သက်ဆိုင်သော သဘောတူစာချုပ်** ဖြစ်သည်။ ထိုစာချုပ်မှာ အာဖရိက သမဂ္ဂက ၁၉၆၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော စာချုပ်ဖြစ်ပြီး ဒုက္ခသည်များတွင် "ပြင်ပ တိုက်ပွဲများ၊ ပြည်တွင်း ပဋိပက္ခများ (သို့) ငြိမ်ဝတ် ပိပြားမှုကို ကြီးစွာ အနှောင့် အယှက် ပြုနေသည့် ဖြစ်ရပ်များ" ကြောင့် အာဖရိကရှိ မိမိတို့ နိုင်ငံများမှ ထွက်ပြေးလာရသူများလည်း ပါဝင်သည်။ အမေရိက အလယ်ပိုင်းမှ ဒုက္ခသည်များအတွက် အကျုံးဝင်သော **၁၉၈၄ ခုနှစ် ကာတာဂျီနား ကြေညာချက်** တွင်လည်း ၁၉၅၁ ခုနှစ် ကုလသမဂ္ဂ သဘောတူ စာချုပ်ကို အကျယ်ချဲ့ထားသည်။ ထိုကြေညာချက်တွင် "အထွေထွေ အကြမ်းဖက်မှု၊ နိုင်ငံရပ်ခြားမှု ဝင်ရောက် ကျူးကျော်မှု၊ ပြည်တွင်း ပဋိပက္ခများ၊ လူ့အခွင့်အရေး အကြီးအကျယ် ချိုးဖောက်ခြင်းများ (သို့) လူထု၏ ငြိမ်ဝတ်ပိပြားရေးကို ပြင်းပြင်းထန်ထန် ခြိမ်းခြောက်သည့် အခြားသော အခြေအနေများကြောင့် မိမိတို့၏ အသက်၊ လုံခြုံရေး (သို့) လွတ်လပ်မှုတို့ကို ခြိမ်းခြောက် ခံရကာ မိမိတို့ နေထိုင်သည့် နိုင်ငံကို စွန့်ခွာ ထွက်ပြေးလာသူများ" ကို ဒုက္ခသည်အဖြစ် သတ်မှတ်ထားသည် (စာသေတ္တာ ၁၈.၃ တွင် ရှုပါ)။

အဆိုပါ ဒေသဆိုင်ရာ ဥပဒေ စံနှုန်းများ၊ အထူးသဖြင့် အာဖရိကနှင့် အမေရိက အလယ်ပိုင်းမှ စံနှုန်းများသည် ပို၍ ပါဝင်မှု ကျယ်ပြန့်ပြီး ကမ္ဘာ့ တောင်ခြမ်းတွင် ထွက်ပြေး တိမ်းရှောင်ရခြင်း၏ အကြောင်းရင်းခံ အစစ်များကို ကုလသမဂ္ဂထက် ပို၍ စုံလင်အောင် ထည့်သွင်းထားနိုင်သည်။ ဒုက္ခသည်များသည် အထွေထွေ အကြမ်းဖက်မှုများနှင့် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှု များကြောင့် ထွက်ပြေးရခြင်း ဖြစ်သည့် လက်တွေ့ အခြေအနေကို ထည့်သွင်း ရေးသား ထားသည်။ ယင်းတို့တွင် ၁၉၅၁ သဘောတူစာချုပ်ပါ ဒုက္ခသည် အနေအထားအတွက် လိုအပ်သည့် တစ်ဦးချင်း ဖိနှိပ်ခံရမှုများကို မှတ်တမ်းတင်ခြင်းများ မပါဝင်တော့ပေ။ ယင်းသို့ မှတ်တမ်းတင် နိုင်ရန်မှာလည်း များသောအားဖြင့် မဖြစ်နိုင်ပေ။ ဒုက္ခသည်များ ပြောင်းရွှေ့ရသည့် အကြောင်းအရင်း အတိအကျကို လိုက်၍ ပြောင်းရွှေ့သည့် လမ်းကြောင်း၊ ကြာချိန်နှင့် ပြောင်းရွှေ့သည့် လူဦးရေ ပမာဏတို့ ကွဲပြားသွားနိုင်သော်လည်း ယနေ့ခေတ် လူအများအပြား ပြောင်းရွှေ့

ထွက်ပြေးရခြင်းသည် တစ်ဦးချင်းကို တိုက်ရိုက် ခြိမ်းခြောက်ခံရခြင်းကြောင့်ထက် နိုင်ငံတွင်း ပဋိပက္ခများ (သို့) ပြင်းထန်သော ဖိနှိပ်မှုများ ကဲ့သို့သော ယေဘုယျ နိုင်ငံရေး အကြမ်းဖက်မှုများ ပုံစံများကြောင့် ဖြစ်သည်။

ထိုလက်တွေ့ဖြစ်ရပ်များကို အသိအမှတ်ပြုကာ UNHCR ကလည်း (လက်တွေ့တွင်) ၎င်း၏ အကာအကွယ်ပေးမှု အောက်တွင် ပြည်တွင်း လူမျိုးရေး (သို့) နိုင်ငံရေး မတည်ငြိမ်မှုများ (သို့) လက်နက်ကိုင် ပဋိပက္ခများကြောင့် ဖိအားပေး ထွက်ပြေးရသူများပါ ပါဝင်လာစေရန် ၁၉၅၁ သဘောတူစာချုပ်ပါ ဖိနှိပ်ခံရသည့် အမျိုးအစားများထက် ချဲ့ထွင်ပေးထားသည်။ သို့ရာတွင် အနောက်နိုင်ငံများက ထိုသို့ လက်တွေ့ကျစွာ ဒုက္ခသည် အဓိပ္ပာယ် ဖွင့်ဆိုခြင်းနှင့် UNHCR ၏ တာဝန်ကို ချဲ့ထွင်ခြင်းများအား ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသည်။ ကမ္ဘာ့ မြောက်ဖက်ခြမ်း နိုင်ငံများအတွက် လူတစ်ဦးချင်းစီနှင့် ဖိနှိပ်မှုများအား အာရုံစိုက်ထားသည့် ၁၉၅၁ အဓိပ္ပာယ် ဖွင့်ဆိုချက်ကိုသာ ပြန်လည် နေရာချထားရေးနှင့် ခိုလှုံခွင့်ပေးရေး ရည်ရွယ်ချက်များအတွက် အသုံးပြုသည်။ သို့ရာတွင် နေရပ် ပြန်သွားလျှင် သေဆုံးနိုင်ချေ (သို့) ကြီးမားသော အခက်အခဲနှင့် ကြုံတွေ့နိုင်ချေ အန္တရာယ်များ ရှိသည့် လူအုပ်စုများကိုမူ ယာယီ အကာအကွယ် ပေးခြင်းများ ရှိသည်။

**ဒုက္ခသည်နှင့် ဖိအားပေး ပြောင်းရွှေ့ခံရသူ အခြား အမျိုးအစားများ**

ဒုက္ခသည်များကို ဥပဒေအရ အဓိပ္ပာယ် ဖွင့်ဆိုပုံ အများအပြား ရှိသည့်အပြင် နေရာပျောက်နေသည့် အခြားအုပ်စု အမျိုးအစား များစွာလည်း ရှိသေးသည်။ ဥပမာ အရှေ့အလယ်ပိုင်းရှိ စခန်း ၆၀ ခန့်တွင် နေထိုင်သော ပါလစ္စတိုင်း ဒုက္ခသည် ၅.၁ သန်း ခန့်သည် ကုလသမဂ္ဂ၏ အရှေ့ပိုင်း အနီး ဒေသမှ ပါလစ္စတိုင်း ဒုက္ခသည်များ ဆိုင်ရာ ကယ်ဆယ်ရေးနှင့် လုပ်ငန်း ဆောင်ရွက်ရေး အေဂျင်စီအောက်တွင် စာရင်းသွင်းထားကာ အကူအညီများ ရရှိနေသည်။ ပါလစ္စတိုင်း လူမျိုး အများအပြားသည် နိုင်ငံရပ်ခြားတွင် နေထိုင်နေရသည်မှာ နှစ်ပေါင်း ၆၅ နှစ်ကျော်နေပြီ ဖြစ်ပြီး ၎င်းတို့၏ နေရပ်သို့ ပြန်ရန် မျှော်လင့်နေကြသည်။ ယနေ့ခေတ်တွင် နိုင်ငံသား ဆုံးရှုံးသွားသူ (သို့) ငြင်းပယ်ခံရသူ၊ နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများနှင့် အခြားစာရွက်စာတမ်းများ မရှိဘဲ အခွင့်အရေး အနည်းငယ်သာ ရရှိသူ နိုင်ငံမဲ့ လူပေါင်း ၁၀ သန်းခန့်လည်း ရှိသည်။ အဆိုပါ နိုင်ငံမဲ့ များတွင် ဥပမာ အားဖြင့် ဘင်္ဂလားဒေ့ရှ်မှ ဘီဟာရီများ၊ မြန်မာပြည်မှ မူဆလင်များ၊ အထူးသဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် နေထိုင်သည့် ရိုဟင်ဂျာများ၊ အရှေ့အလယ်ပိုင်း ဒေသမှ ဘက်ဒူအန်များ၊ ဆီးရီးယားမှ ကာ့ဒ်လူမျိုးများနှင့် တောင်အာရှနှင့် အရှေ့တောင်အာရှမှ လူမျိုး အများအပြား ပါဝင်သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဆိုဗီယက် ယူနီယံနှင့် ယူဂိုဆလားဗီးယား ဖက်ဒရေးရှင်းတို့ ပြိုကွဲသွားခြင်းက နေရပ် ပြောင်းရွှေ့ခြင်းများ ဖြစ်ပွားစေခဲ့ပြီး အရှေ့ ဥရောပနှင့် အာရှ အလယ်ပိုင်းတွင် နိုင်ငံမဲ့များ ထောင်နှင့်ချီ၍ ထွက်ပေါ် လာစေသည်။ နှစ်ပေါင်း ၂၀ ခန့် အကြာတွင် ထိုဒေသရှိ လူပေါင်း ထောင်ပေါင်းများစွာသည် နိုင်ငံမဲ့များ (သို့) နိုင်ငံမဲ့ အန္တရာယ် ခံစား နိုင်ချေ ရှိသူများအဖြစ် ကျန်ရှိနေကြသည်။ ထိုပြဿနာ၏ အတိုင်းအတာကို တိတိပပ မသိရှိကြ သေးပေ။ အဘယ်ကြောင့် ဆိုသော် နိုင်ငံ အနည်းငယ်ကသာ ထိုသူများကို ရှာဖွေဖော်ထုတ်ခြင်း၊ စာရင်းသွင်းထားခြင်း၊ မှတ်တမ်းတင်ထားခြင်းများ လုပ်ဆောင်ရန် လုပ်ထုံးလုပ်နည်းများ ရှိပြီး ထိုကိစ္စရပ်အပေါ် သိရှိမှု နည်းပါးသည်၊ တင်ပြခြင်းများကလည်း ရှေ့နောက် မညီပေ။ နိုင်ငံမဲ့ခြင်းနှင့် ပတ်သက်၍ ကုလသမဂ္ဂ သဘောတူစာချုပ် နှစ်စောင် (၁၉၅၄ ခုနှစ်

နိုင်ငံမဲ့များ၏ အခြေအနေဆိုင်ရာ သဘောတူစာချုပ်နှင့် ၁၉၆၁ ခုနှစ် နိုင်ငံမဲ့ ဖြစ်မှု လျှော့ချရေးဆိုင်ရာ သဘောတူစာချုပ်) ရှိသော်လည်း နိုင်ငံမဲ့များသည် ၎င်းတို့ အခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက် ခံနေရသည်။ ယင်းတို့တွင် မွေးဖွားခြင်း သက်သေခံ လက်မှတ် ကဲ့သို့သော စာရွက်စာတမ်း မရှိခြင်း၊ ၎င်းတို့ မွေးဖွားရာ နိုင်ငံများတွင် နေထိုင်ခွင့်ကို အသိအမှတ် မပြုခြင်းနှင့် မောင်းထုတ်ခံရမည့် အန္တရာယ် အမြဲ ရှိနေခြင်း၊ ခွဲခြား ဆက်ဆံ ခံရခြင်း၊ လူကုန်ကူး ခံရခြင်းနှင့် ကျားမ အခြေပြု အကြမ်းဖက်မှုများ ခံရခြင်းတို့ ဖြစ်သည်။ အခြားသော ကန့်သတ်မှုများ အပြင် လူအများအပြားသည် ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေးနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု အကန့်အသတ်ဖြင့်သာ ရခြင်းတို့လည်း ကြုံတွေ့ရသည်။

လက်နက်ကိုင် ပဋိပက္ခများ၊ လူမျိုးစုများအကြား အကွဲအပြဲများ၊ သဘာဝ ဘေးအန္တရာယ်များ (သို့) အစိုးရက ဖြစ်စေ၊ အတိုက်အခံ လှုပ်ရှားမှုများက ဖြစ်စေ ဖိအားပေး နေရပ် ရွှေ့ပြောင်း ခိုင်းခြင်းကြောင့် ၎င်းတို့ နေထိုင်သော နိုင်ငံများ အတွင်း၌ပင် ထွက်ပြေး တိမ်းရှောင်နေရသည့် ပြည်တွင်း နေရပ် စွန့်ခွာ ထွက်ပြေးရသူများလည်း ၃၈.၂ သန်းခန့် ရှိသည်။ ထိုသူများသည် နယ်စပ် ဖြတ်ကျော်ကာ ခိုလှုံခွင့် မတောင်းခံသူ၊ မတောင်းခံနိုင်သူများလည်း ဖြစ်သည်။ ပဋိပက္ခ ဖြစ်သော နိုင်ငံများတွင် IDP အများအပြားသည် ဒုက္ခသည်များကို ထွက်ပေါ်စေသည့် ပြည်တွင်းစစ် (သို့) လူမျိုးစု အကွဲအပြဲများမှပင် ထွက်ပေါ်လာသည်။

ဒုက္ခသည်နှင့် IDP တို့အကြား ကွာခြားချက်မှာ နိုင်ငံ၏ အချုပ်အခြာအာဏာ စည်းမျဉ်းအပေါ် မူတည်သည်။ နိုင်ငံတကာ ဥပဒေ၏ အဓိက အချက်ဖြစ်သည့် အချုပ်အခြာအာဏာသည် ပြည်ထောင်စု မပြိုကွဲရေးနှင့် နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်မှု မပြုရေး စည်းမျဉ်းတို့အား ချမှတ်ပေးသည်။ နယ်စပ် ဖြတ်ကျော်ခြင်းသည် ဒုက္ခသည် အခြေအနေကို အဓိက အကြောင်း နှစ်ရပ်ဖြင့် အဆုံးအဖြတ်ပေးသည်။ ဒုက္ခသည်များအတွက် ၎င်းတို့၏ မိခင်အစိုးရ၏ အကာအကွယ်ကို ဆုံးရှုံးပြီး ဖြစ်သော်လည်း IDP များအတွက်မူ အစိုးရနှင့် နိုင်ငံသားများအကြား ဆက်စပ်မှုသည် လုံးဝ ပျက်ပြားသွားခြင်း မရှိသေးပေ။ ထို့ကြောင့် IDP များကို ကာကွယ်ရန် အဓိက တာဝန်သည် မိခင် အစိုးရနှင့် သက်ဆိုင်သည်။ ထို့ပြင် IDP များသည် နိုင်ငံတကာ အကူအညီကို ရချင်မှ ရမည် ဖြစ်ရာ (နယ်စပ် ဖြတ်ကျော်ပြီး) ဒုက္ခသည်များကဲ့သို့ ၎င်းတို့ကို အကာအကွယ် ပေးရန်တွင် အတားအဆီးများ ရှိနေနိုင်သည်။

ကမ္ဘာတစ်ဝန်းရှိ IDP အရေအတွက်သည် ၁၉၈ဝ ပြည့်လွန်နှစ် အစောပိုင်းတွင် ၂ သန်းခဲ့သာ ရှိခဲ့ရာမှ ၁၉၉ဝ ပြည့်လွန်နှစ်များတွင် ၂၅ သန်းအထိ မြင့်တက်လာပြီး ထိုကိစ္စရပ်မှာ နိုင်ငံတကာအတွက် သိသာထင်ရှားလာသည် (ပုံ ၁၈.၁ ကို ရှုပါ)။ ၁၉၉ဝ ပြည့်လွန်နှစ် နှောင်းပိုင်းမှ စ၍ ကာကွယ်ရန် တာဝန် (Responsibility to Protect (R2P)) ဟူသည့် နိုင်ငံတကာ စံနှုန်းအသစ်ကို ဆွေးနွေး လာကြသည်။ ကုလသမဂ္ဂကလည်း IDP အခြေအနေကို နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုများဖြင့် တုံ့ပြန်ရန် ပြန်လည် ကြိုးပမ်းလာပြီး UNHCR ကို IDP များအား ကာကွယ်ရန်နှင့် လိုအပ်ချက်များကို ကူညီ ဖြည့်ဆည်းပေးရန် တောင်းဆိုလာကြသည်။ ထိုဖြစ်ပေါ် ပြောင်းလဲမှုများကြောင့် UNHCR သည် IDP ကိစ္စရပ်များတွင်သာမက သဘာဝ ဘေးအန္တရာယ်ကြောင့် ပြောင်းရွှေ့ရသူများအတွက် နိုင်ငံတကာ တုံ့ပြန်မှုများတွင်ပါ ပါဝင်လာသည်။ UNHCR ၏ အခန်းကဏ္ဍ ကျယ်ပြန့်လာခြင်းသည် ၂ဝဝ၅ ခုနှစ် စက်တင်ဘာလတွင် UNHCR ကို ပဋိပက္ခများကြောင့် ထွက်ပြေးရသော IDP များအတွက် ကာကွယ်ရေး၊ ခိုလှုံရေးနှင့် စခန်း စီမံခန့်ခွဲရေးတို့တွင်

ဦးဆောင် အခန်းကဏ္ဍ ပေးအပ်လိုက်ခြင်းဖြင့် တရားဝင် ဖြစ်လာခဲ့သည်။ ၂၀၁၅ ခုနှစ် အစတွင် UNHCR သည် ကမ္ဘာတစ်ဝန်းရှိ IDP ၃၈.၂ သန်း အနက်မှ ၃၂.၃ သန်းသော IDP များအတွက် ကာကွယ်ရေးနှင့် အကူအညီပေးရေး လုပ်ငန်းများ အမျိုးစုံ လုပ်ဆောင်နေပြီ ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ဖြစ်ပွားခဲ့သော အိန္ဒိယ သမုဒ္ဒရာမှ ဆူနာမီ၊ ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သော ပါကစ္စတန် ငလျင်နှင့် ရေကြီးရေလျှံမှု၊ ၂၀၁၀ ခုနှစ် ဟေတီတွင် ဖြစ်ပွားခဲ့သော ငလျင်၊ ၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဖိလစ်ပိုင်မှ တိုင်ဖွန်းနှင့် နီပေါမှ ငလျင် အစရှိသော ကြီးမားသည့် သဘာဝ ဘေးအန္တရာယ်များသည် အကာအကွယ်နှင့် အကူအညီလိုသော နေရပ်စွန့်ခွာရသူ အများအပြား ပေါ်ထွက်လာစေသည်။ ထိုသဘာဝ ဘေးအန္တရာယ်များအပေါ် UNHCR ၏ တုံ့ပြန်မှုသည် ၎င်း၏ လုပ်ငန်းများ သိသိသာသာ ကျယ်ပြန့်လာခြင်းကို ပြသနေသည်။

ပုံ ၁၈.၁ သည် ၁၉၈၉ ခုနှစ်မှ စ၍ ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးရသူများနှင့် ဒုက္ခသည်များ (UNHCR တာဝန်ယူထားသည့် ဒုက္ခသည်များနှင့် UNRWA အကူအညီပေးမှု အောက်ရှိ ပါလစ္စတိုင်း လူမျိုးများ အပါအဝင်) အရေအတွက် တိုးပွားလာခြင်းကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ၂၀၁၄ အဆုံးပိုင်းတွင် ကမ္ဘာပေါ်၌ IDP စုစုပေါင်း ၃၈.၂ သန်း ရှိပြီး ဤသည်မှာ မှတ်တမ်းတင်ခဲ့သမျှတွင် အမြင့်ဆုံး ခန့်မှန်း အရေအတွက် ဖြစ်သည်။ အဓိကအားဖြင့် ဆီးရီးယား၊ အီရတ်၊ အာဖဂန်နစ္စတန်၊ ဆိုမာလီယာ၊ တောင်ဆူဒန်၊ ယူကရိန်းနှင့် အခြားသော နိုင်ငံများမှ ပဋိပက္ခများကြောင့် ဖြစ်သည်။ ကမ္ဘာ့ ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးရသူ အရေအတွက်နှင့် UNHCR အကူအညီ ပေးရသည့် IDP နှင့် ဒုက္ခသည် အရေအတွက်သည် လတ်တလော နှစ်များတွင် တဟုန်ထိုး မြင့်တက်လာခဲ့သည်။

**Figure 18.1** The number of internationally displaced persons and refugees from 1989 to 2015




ပုံ ၁၈.၁။ ၁၉၈၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နိုင်ငံတကာရှိ ပြည်တွင်းနေရပ် စွန့်ခွာ ထွက်ပြေးရသူများနှင့် ဒုက္ခသည် အရေအတွက်

အနာဂတ်တွင် IDP များနှင့် သဘာဝ ဘေးအန္တရာယ် ကြုံတွေ့ရသူများသည် နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး စနစ်တွင် ပို၍ သိသာထင်ရှားသည့် အပိုင်းမှ ပါဝင်လာလိမ့်မည်ဟု ထင်ရသည်။ ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှုကြောင့် မြေများ တိုက်စားခံရခြင်း၊ လယ်ယာမြေများ ဖျက်စီးခံရခြင်း၊ ပင်လယ်ရေ မျက်နှာပြင် မြင့်တက်လာခြင်း၊ ရေခဲမြစ်များ အရည်ပျော်လာခြင်း၊ မုန်တိုင်းများနှင့် အခြားသော သဘာဝ ဘေးအန္တရာယ်များ ပိုမို များပြား လာခြင်းတို့ကြောင့် စစ်ပွဲများနှင့် လူမှု အနှောင့်အယှက်များ ပိုမို ဖြစ်ပွားနိုင်သည်။ ထိုသို့သော အခြေအနေများတွင် လူတို့သည် ၎င်းတို့၏ အိမ်များကို စွန့်ခွာကာ အခြားသော အသိုင်းအဝိုင်းများ (သို့) နယ်စပ် ဖြတ်ကျော်၍ ခိုလှုံရာ နေရာနှင့် အကာအကွယ် ရှာဖွေကြရသည်။ သဘာဝ ဘေးအန္တရာယ်နှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် ထိခိုက် နစ်နာရသူများကို အကာအကွယ်နှင့် အကူအညီပေးသည့် နိုင်ငံတကာ ဥပဒေမျိုး မတွေ့ရသေးချေ။

အကာအကွယ်နှင့် အကူအညီ လိုအပ်သည့် အခြား အုပ်စု တစ်စုမှာ ၎င်းတို့ မိခင်နိုင်ငံသို့ ပြန်လည် ပို့ဆောင်ခံရသူများ ဖြစ်သည်။ တစ်ခါတရံတွင် နေရပ်ပြန်သူများသည် UNHCR ၏ ကြီးကြပ်မှု အောက်တွင် ပြန်ကြရခြင်းဖြစ်ပြီး ယင်းတို့သည် ယာယီ အထောက်အပံ့များ ရရှိကြသည်။ သို့ရာတွင် များသောအားဖြင့် ထိုသူများသည် မိမိတို့၏ အန္တရာယ်ကို စိုးရိမ်သောကြောင့် အခြားလူများကို မိမိတို့ ဒုက္ခသည်များ ဖြစ်ကြောင်း မသိစေလိုရာ နိုင်ငံတကာမှ အကူအညီပေးမှု အောက်တွင် ပြန်ကြခြင်း မဟုတ်ပေ။ ထို့ပြင် ဒုက္ခသည်များ၏ မိခင်နိုင်ငံများတွင် လူအများ စွန့်ခွာ ထွက်ပြေးရသည့် အကြောင်းအရင်းများ ဆက်လက် ရှိနေလျှင် ထိုနေရပ်ပြန်သူများကို အကာအကွယ်နှင့် အကူအညီ ပေးခြင်းတွင် အတားအဆီးများစွာ ရှိသည်။

## စီးပွားရေးကြောင့် ပြောင်းရွှေ့ အခြေချသူများနှင့် ခိုလှုံခွင့်ရရန် ပြောင်းရွှေ့ခြင်းတို့အကြား ဆက်စပ်မှုများ

စီးပွားရေး အကြောင်းရင်းများကြောင့် မိမိတို့ နေထိုင်ရာ နိုင်ငံများကို စွန့်ခွာသူများ၊ စီးပွားရေးအရ ရွှေ့ပြောင်းကြသူများလည်း ရှိသည်။ ထိုသူများသည် UNHCR ၏ အကာအကွယ်နှင့် အကူအညီ အောက်တွင် အကျုံးမဝင်ပေ။ သို့ရာတွင် အရင်းအမြစ် အနည်းငယ်သာရှိပြီး အစိုးရ ဖွဲ့စည်းပုံ အားနည်းသည့် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် နိုင်ငံရေးနှင့် ရာဇဝတ်မှုဆိုင်ရာ အကြမ်းဖက်မှုများကြောင့် စီးပွားရေး အကြပ်အတည်းများ ပိုမို ဆိုးရွားစွာ ကြုံတွေ့ကြရသည်။ စီးပွားရေး ကြပ်တည်းမှုသည် ထွက်ပြေးရခြင်း အကြောင်းအရင်း ဖြစ်သော်လည်း ယင်းတို့မှာ နိုင်ငံရေးတွင် မြစ်ဖျားခံလာသည်။ ထို့ကြောင့် ဒုက္ခသည်များနှင့် စီးပွားရေးအရ ရွှေ့ပြောင်းသူများကို ခွဲခြားရန် ပို၍ ခက်ခဲလာသည်။

ထို့ပြင် နေရပ် စွန့်ခွာရခြင်း သဘာဝသည် ၂၁ ရာစုတွင် အခြေခံကျကျ ပြောင်းလဲလာခဲ့သည်။ ဂလိုဘယ်လ်လိုက်ဇေးရှင်းသည် နိုင်ငံတကာ ရွှေ့ပြောင်း အခြေချခြင်းများအတွက် အခွင့်အလမ်းနှင့် မက်လုံးအသစ်များ ဖန်တီးပေးသည်။ ယင်းနှင့်အတူ လူမှုကွန်ရက်နှင့် ကွန်ရက် ဆက်သွယ်ရေး ဝဘ်ဆိုဒ်များ အသုံးပြုခြင်း၊ (မိမိတို့ မိခင် နိုင်ငံနှင့် နီးစပ်သည့် အဆက်အသွယ်များ ရှိသော နိုင်ငံရပ်ခြားရှိ ရွှေ့ပြောင်းနေထိုင်သူ ပါဝင်သည့်) ပြည်ပရောက် နိုင်ငံသားများ ကွန်ယက်များ၊ အန္တရာယ်များသော ပင်လယ်နှင့် ကုန်းတွင်း လမ်းကြောင်းများကို အသုံးပြုကာ လူကုန်ကူးမှုနှင့် ခိုးဝင်နိုင်ရန် သယ်ယူပို့ဆောင်ပေးခြင်းများ တဟုန်ထိုး မြင့်တက်လာခြင်း၊ ကမ္ဘာ့မီဒီယာများက ဖန်တီးသည့် မျှော်လင့်ချက်များ အပါအဝင် သယ်ယူ ပို့ဆောင်ရေးနှင့် ဆက်သွယ် ဖလှယ်ရေး နည်းလမ်းများလည်း

တိုးတက်လာသည်။ ထိုပြောင်းလဲမှုများသည် ၁၉၈၀ ပြည့်လွန်နှစ်များမှ စ၍ ကမ္ဘာ့တောင်ပိုင်းမှ မြောက်ပိုင်းသို့ ပြောင်းရွှေ့ အခြေချမှုများ၊ အထူးသဖြင့် လတ်တလောတွင် မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်းမှ ဥရောပသို့ ပြောင်းရွှေ့မှုများ ဖြစ်ပေါ် လာစေသည်။

နိုင်ငံတကာ အကာအကွယ် လိုအပ်သူများနှင့် ပိုကောင်းသော စီးပွားရေး အခွင့်အလမ်းများ ရှာဖွေရန် ပြောင်းရွှေ့သူများအကြား ခွဲခြားရန် ခက်ခဲလာသည်။ ဒုက္ခသည်၊ ခိုလှုံခွင့် တောင်းခံသူများနှင့် အခြားသော ရွှေ့ပြောင်းနေထိုင်သူများအကြား ကွာခြားချက်များမှာ မထင်ရှားလှပေ (စာသေတ္တာ ၁၈.၄ တွင် ရှုပါ)။ ဒုက္ခသည်နှင့် ရွှေ့ပြောင်းနေထိုင်သူ အရေအတွက် မြင့်တက်လာခြင်းသည် အစိုးရ အများအပြားကို ပြည်ဝင်ခွင့်အတွက် တင်းကြပ်သော အတားအဆီးများ ချမှတ်စေခြင်း၊ ခိုလှုံခွင့် တောင်းခံမှုကို ကန့်သတ်ရန် နည်းလမ်းအသစ်များ သုံးလာခြင်းနှင့် ထိုသို့သော တောင်းဆိုမှုများကို ပို၍ လေ့လာ စောင့်ကြည့်ခြင်းများ ပြုလုပ်လာစေသည်။ အနောက်နိုင်ငံမှ အစိုးရများသည် အသစ်ရောက်လာမည့်သူများကို တားဆီးရန် ပြောင်းရွှေ့နေထိုင်မှု ထိန်းချုပ်ခြင်း နည်းလမ်းများ ပြဋ္ဌာန်းခြင်း၊ မလာရောက်ခင် စစ်ဆေးမှုများကို ပို၍ ကြပ်မတ်ခြင်း၊ ခိုလှုံခွင့် တောင်းခံသူများကို ထိန်းသိမ်းထားခြင်း၊ ဒုက္ခသည်များကို လုံခြုံသည့် တတိယ နိုင်ငံများသို့ ပို့ဆောင်ခြင်း၊ ဒုက္ခသည်များနှင့် ရွှေ့ပြောင်း အခြေချလိုသူများ ပါဝင်သည့် လှေများကို တားဆီးရန် ပင်လယ်များအတွင်း စစ်သင်္ဘောများဖြင့် စောင့်ကြပ်ခြင်းများ ပြုလုပ်ကြသည်။ ရလဒ်ကား နိုင်ငံမဲ့များ၊ ပုံမှန်မဟုတ်သည့်၊ သောင်တင်နေသည့်၊ အသက်ရှင်ရေးအတွက် ရှန်းကန်နေရသည့် ရွှေ့ပြောင်း အခြေချသူများ၊ မြို့ပေါ်ဒေသများမှ ပြောင်းရွှေ့ အခြေချသူများ၊ အစားအစာ မလုံလောက်မှု၊ နိုင်ငံ မတည်ငြိမ်မှု၊ ရာဇဝတ်မှုဂိုဏ်းများနှင့် အခြား အစိုးရ မဟုတ်သော ဇာတ်ကောင်များ၏ အကြမ်းဖက်မှု၊ ပြည်တွင်း၊ ဒေသတွင်းနှင့် ရပ်ရွာ အုပ်ချုပ်ရေးများ၏ စွမ်းရည် မပြည့်ဝမှုတို့ကြောင့် ထိခိုက်ခံစားရသည့် ပြည်သူများ အပါအဝင် ကမ္ဘာတစ်ဝန်းတွင် ပို၍ ထိလွယ်ခိုက်လွယ်ပြီး သောင်တင်နေသည့် ရွှေ့ပြောင်းသူ အရေအတွက် တိုးမြင့်သထက် တိုးမြင့်လာခြင်းပင်တည်း။

အဆိုပါ ဖြစ်ရပ်များသည် လက်ရှိ လက်တွေ့ ဖြစ်ရပ်များအပေါ် ယခင်က သမားရိုးကျ သဘောတရားများ အသုံးပြုနိုင်မှုအပေါ် မေးခွန်းများ ထွက်ပေါ်လာစေသည်။ သို့ရာတွင် ယခု အခန်း၏ ရည်ရွယ်ချက်အရ ၎င်းတို့ မူလ နေထိုင်ရာ နိုင်ငံမှ ထွက်ပြေးပြီး ဖြစ်စေ၊ ၎င်းတို့ကို လက်ခံထားသည့် နိုင်ငံများက အစိုးရများ (သို့) UNHCR က ဒုက္ခသည်အဖြစ် အသိအမှတ်ပြုထားပြီး ဖြစ်စေ ဖိနှိပ်မှုများ (သို့) အကြမ်းဖက်မှုများကြောင့် နေရပ်မှ စွန့်ခွာ ထွက်ပြေးရသူများကို ဒုက္ခသည်များဟု ညွှန်းဆိုသည်။

| စာသေတ္တာ ၁၈.၄။ ရှုထောင့်အသစ်၊ ဖိအားပေး ခံရခြင်းနှင့် မိမိ ဆန္ဒအလျောက် ရွှေ့ပြောင်းခြင်းများကို ခွဲခြားခြင်းက အဓိပ္ပာယ် ရှိပါသလား |
| --- |
| အချို့သော ပညာရပ် လေ့လာသူများနှင့် အများစုသော မူဝါဒ ချမှတ်သူများသည် ရွှေ့ပြောင်းသူများနှင့် ဒုက္ခသည်များအကြား ထင်ရှားသည့် ခွဲခြားမှုများ ပြုလုပ်ကြသည်။ ၎င်းတို့၏ အမြင်တွင် ရွှေ့ပြောင်းသူများသည် အလုပ်အကိုင်၊ ပညာရေး၊ အခြားသော အခွင့်အလမ်းများနှင့် ပိုမို ကောင်းမွန်သော ဘဝ ရှာဖွေရန် နိုင်ငံတကာ နယ်စပ်များကို ဖြတ်ကျော်သူများ ဖြစ်သည်။ တစ်ဘက်တွင်မူ ဒုက္ခသည် ဆိုသည်မှာ ဖိနှိပ်မှုများ (သို့) အကြမ်းဖက်မှုများကြောင့် ရွေးချယ်စရာ မရှိဘဲ မိမိတို့ နိုင်ငံကို စွန့်ခွာရန် ဖိအားပေး ခံရသူများ ဖြစ်သည်။ |

နိုင်ငံများသည် ဒုက္ခသည်များအဖြစ် ၎င်းတို့ နိုင်ငံများကို စွန့်ခွာလာသူ အချို့အား လက်ခံ၍ အခြားသူများအား ငြင်းပယ်နိုင်ရန် နိုင်ငံများမှ ဒုက္ခသည်များအပေါ် တုံ့ပြန်ပုံများအား ထိန်းညှိပေးသည့် နိုင်ငံတကာ စာချုပ်စာတမ်းများ ရှိပြီး ယင်းတို့က ထိုသို့ အမျိုးအစား နှစ်မျိုး ခွဲခြားလိုက်ခြင်း ဖြစ်သည်။

သို့ရာတွင် ဖိအားပေး ခံရခြင်းနှင့် မိမိဆန္ဒအလျောက် ပြောင်းရွှေ့ရခြင်းတို့မှာ ရှင်းလင်း ကွဲပြား နေပါသလား။ သို့မဟုတ် ပြောင်းရွှေ့နေသော လူများကို အမျိုးအစား နှစ်မျိုး ခွဲခြား သတ်မှတ်ခြင်းက လူအများကို ၎င်းတို့ နိုင်ငံများမှ ပြောင်းရွှေ့ (သို့) ထွက်ပြေးစေသည့် မတရားသော လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး တည်ဆောက်ပုံများအား ပို၍ အသေးစိတ် နားလည်ရန် လိုအပ်ချက်ကို လျစ်လျူရှုလိုက်သလို ဖြစ်စေပါသလား။ လက်တွေ့တွင် ဒုက္ခသည်များနှင့် ရွှေ့ပြောင်း အခြေချသူများသည် ဖိအားပေးခံရခြင်းနှင့် မိမိစိတ်ဆန္ဒ နှစ်မျိုးလုံး ပါဝင်သည့် စီးပွားရေးနှင့် နိုင်ငံရေး ရည်ရွယ်ချက် အရောအနှောကြောင့် ပြောင်းရွှေ့ကြရခြင်း ဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် ဒုက္ခသည် သဘောတူစာချုပ်သည် အဆိုပါ အခြေအနေများ အကျုံးမဝင်ဘဲ ယင်းအချက်များ အကျုံးဝင်လာစေရန် အကျယ်ချဲ့သည့် ဖြစ်စဉ်သည်လည်း ယခုအချိန်အထိ မအောင်မြင် သေးပေ။

ယနေ့ခေတ်တွင် မိမိတို့ နေထိုင်ရာ နိုင်ငံကို ထွက်ပေးရန် ဖိအားပေး ခံရသူများသည် နိုင်ငံတော်၏ ဖိနှိပ်မှုများထက် နိုင်ငံ ပြိုကွဲမှုနှင့် အရည်အချင်း မပြည့်ဝမှုများကြောင့် ထွက်ပြေးရခြင်း ဖြစ်သည်။ ဥပမာ ၂၀၀၀ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်များအကြားတွင် ဇင်ဘာဘွေ ပြည်သူ သန်းပေါင်းများစွာသည် ၎င်းတို့ နိုင်ငံအတွင်း စီးပွားရေးနှင့် နိုင်ငံရေး ပြိုပျက်မှုများကြောင့် ထွက်ပြေး တိမ်းရှောင် ကြရသည်။ ဘဝ ရပ်တည်ရန် အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အသက်မွေး ဝမ်းကျောင်း အခွင့်အလမ်းများပင် ထိုနိုင်ငံတွင် မရှိတော့ပေ။ သို့ရာတွင် ၁၉၅၁ ခုနှစ် ဒုက္ခသည် သဘောတူစာချုပ်တွင် လိုအပ်သည့် နိုင်ငံရေးကြောင့် ဖိနှိပ်မှုများကို လူအနည်းငယ်ခန့်သာ ခံစားခဲ့ကြရာ လူအများအပြားသည် ဒုက္ခသည် အဖြစ် သတ်မှတ်မခံခဲ့ရဘဲ ထောင်ပေါင်း များစွာသော လူများသည် အိမ်နီးချင်း နိုင်ငံများတွင် ထိန်းသိမ်းခံရပြီး ဇင်ဘာဘွေ နိုင်ငံသို့ ပြန်ပို့ ခံကြရသည်။

အလားတူပင် မကြာသေးမီ နှစ်များအတွင်း အမေရိက အလယ်ပိုင်းမှ အုပ်ထိန်းသူ မပါသော ကလေးများ အပါအဝင် လူအမြောက်အများသည် ငတ်မွတ်ခြင်း၊ ပုံမှန် ပြုမူ နေထိုင်ခြင်းကိုပင် ထိခိုက်စေသည့် ဆင်းရဲမွဲတေမှု၊ အစိုးရက ၎င်းတို့၏ အခြေခံ အခွင့်အရေးများကို အနည်းငယ်မျှပင် ကာကွယ်ပေးလိုစိတ် (သို့) ကာကွယ်ပေးနိုင်စွမ်း မရှိတော့သောကြောင့် ရာဇဝတ်ဂိုဏ်းများ၏ အကြမ်းဖက်မှုများကို ခံစားရခြင်း အစရှိသည့် အသက်ရှင်မှုကို ခြိမ်းခြောက်နေသော အခြေအနေ များကြောင့် ထွက်ပြေးကြရသည်။

ပြိုကွဲလု ဆဲဆဲနှင့် ကျရှုံးနေပြီး ဖြစ်သော နိုင်ငံများမှ လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်နစ်နာမှု များကြောင့် ထွက်ပြေးရသည့် ဥပမာများသည် ဒုက္ခသည်များအတွက် လက်ရှိ စံနှုန်းပိုင်းနှင့် အင်စတီကျူးရှင်းပိုင်း မူဘောင်တွင် လိုအပ်ချက်များ ရှိနေကြောင်းကို ပြသည်။ အနာဂတ်တွင် နိုင်ငံတကာ ရွှေ့ပြောင်းမှုများကို စေ့ဆော်သည့် အချက်များတွင် နိုင်ငံ ကျရှုံးခြင်း၊ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အခက်အခဲများ (သို့) အသက်မွေးဝမ်းကြောင်း နည်းလမ်းများ ပြိုပျက်မှုတို့ ပါဝင်လာမည် ဖြစ်ပြီး ယင်းတို့မှာ လူအများ

ရွှေ့ပြောင်းခြင်းအပေါ် ပို၍ ရှုပ်ထွေးသည့် နားလည်မှုများ လိုအပ်ပေလိမ့်မည်။ ထို့ပြင် ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်နှင့် တည်ဆဲ နိုင်ငံတကာ ဒုက္ခသည် ဥပဒေများကို ပြန်လည် ပြင်ဆင်ခြင်း (သို့) နောက်ဆက်တွဲများ ထည့်ခြင်းများ လုပ်ဆောင်ရမည် ဖြစ်သည်။

အဆိုပါ နေရပ် ပြောင်းရွှေ့မှု အမျိုးအစားများအပေါ် မတူညီသော ချဉ်းကပ်ပုံကို လေ့လာလိုပါက ယခုအခန်း အဆုံးတွင် ဖော်ပြထားသည့် Betts ၏ အသက်ရှင်ရန် ရွှေ့ပြောင်း အခြေချရခြင်းနှင့် Goodwin-Gill နှင့် McAdam တို့၏ နိုင်ငံတကာ ဒုက္ခသည်များ ဥပဒေတို့ကို လေ့လာ နိုင်ပါသည်။

အနှစ်ချုပ်

ကုလသမဂ္ဂ ဒုက္ခသည် သဘောတူစာချုပ်တွင် ဒုက္ခသည်ကို "လူမျိုး၊ ဘာသာရေး၊ နိုင်ငံသား၊ လူမှု အုပ်စု တစ်ခု၏ အဖွဲ့ဝင် ဖြစ်မှု (သို့) နိုင်ငံရေး သဘောထားကြောင့် ဖိနှိပ်ခံရမည်ကို အခြေအမြစ်ရှိရှိ ကြောက်ရွံ့ခြင်းကြောင့် မိမိ နိုင်ငံသား ဖြစ်ရာ နိုင်ငံ၏ ပြင်ပတွင် ရှိနေပြီး မိခင် နိုင်ငံ၏ အကာအကွယ်ကို မရယူနိုင် (သို့) ကြောက်ရွံ့မှုကြောင့် မရယူလိုသော ပုဂ္ဂိုလ် (သို့မဟုတ်) နိုင်ငံသား ရရှိထားခြင်း မရှိဘဲ ဖော်ပြခဲ့သော ဖြစ်ရပ်များကြောင့် မိမိ ယခင် နေထိုင်ခဲ့သော နေရာသို့ မပြန်နိုင်သူ (သို့) အကြောက်တရားများကြောင့် မပြန်လိုသူ" ပုဂ္ဂိုလ်ဟု သတ်မှတ်ထားသည်။
ထို့သို့ ဥပဒေအရ အဓိပ္ပာယ် ဖွင့်ဆိုမှု ရှိသော်လည်း မည်သူက ဒုက္ခသည် ဖြစ်ပြီး မည်သူက မဖြစ်ဟူသည့် မေးခွန်းမှာ နိုင်ငံများအကြား သိသာထင်ရှားသည့် အငြင်းပွားဖွယ် တစ်ခုအဖြစ် ရှိနေသည်။
လွန်ခဲ့သော ဆယ်စုနှစ် ခြောက်ခုခွဲအတွင်း လက်နက်ကိုင် ပဋိပက္ခများမှ ထိခိုက်နစ်နာသူများနှင့် ပြည်တွင်း နေရပ် စွန့်ခွာ ထွက်ပြေးရသူများ အစရှိသည့် မတူညီသော အခြေအနေ အမျိုးမျိုးမှ အကူအညီနှင့် အကာအကွယ် လိုသည့် လူအမျိုးမျိုးအား ထည့်သွင်းနိုင်ရန် "ဒုက္ခသည်" ဟူသော အသုံးအနှုန်းကို လက်တွေ့တွင် အကျယ်ချဲ့ခဲ့သည်။
ယခု အခန်း၏ ရည်ရွယ်ချက်အရ ၎င်းတို့ မူလ နေထိုင်ရာ နိုင်ငံမှ ထွက်ပြေးပြီး ဖြစ်စေ၊ ၎င်းတို့ကို လက်ခံထားသည့် နိုင်ငံများက အစိုးရများ (သို့) UNHCR က ဒုက္ခသည်အဖြစ် အသိအမှတ်ပြုထားပြီး ဖြစ်စေ ဖိနှိပ်မှုများ (သို့) အကြမ်းဖက်မှုများကြောင့် နေရပ်မှ စွန့်ခွာ ထွက်ပြေးရသူများကို ဒုက္ခသည်များဟု ညွှန်းဆိုသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**
နေရပ် ရွှေ့ပြောင်းခြင်းကို "ဖိအားပေး ခံရခြင်း" နှင့် "မိမိတို့ ဆန္ဒအလျောက်" ဟု ခွဲခြားခြင်းက ကျိုးကြောင်းဆီလျော်သည်ဟု ထင်ပါသလား။ သင့်အမြင်ကို ရှင်းပြပါ။

## UNHCR၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး စနစ်

ယနေ့ခေတ်တွင် UNHCR ကို ကုလသမဂ္ဂ၏ ဒုက္ခသည် အေဂျင်စီ တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ် ပြုထားကြပြီ ဖြစ်သည်။ UNHCR ၏ ၁၉၅၀ ခုနှစ် ဥပဒေက အဓိက အပိုင်း နှစ်ခုကို အလေးထားသည့် ရှင်းလင်းသော တာဝန်ကို သတ်မှတ်ပေးခဲ့သည်။ ယင်းတို့မှာ ဒုက္ခသည်များကို

အကာအကွယ် ပေးရန်နှင့် နေရပ်ပြန်ရေးနှင့် အခြေကျရေး (သို့) နိုင်ငံအသစ်တွင် အခြေကျရေး အပါအဝင် ၎င်းတို့၏ အခြေအနေဆိုးများကို အဖြေရှာပေးရန် ဖြစ်သည်။

ထို့ပြင် ဒုက္ခသည် သဘောတူစာချုပ်တွင် ဒုက္ခသည်များအတွက် အခွင့်အရေးများ စာရင်းကို သတ်မှတ်ပေးထားသည်။ ဒုက္ခသည်များမှာ ၎င်းတို့၏ မိခင်နိုင်ငံကို စွန့်ခွာ ထွက်ပြေးခဲ့ရပြီး ထိုနိုင်ငံမှ နိုင်ငံသားများအပေါ် ပေးအပ်သည့် ဥပဒေ အကာအကွယ်များအား မခံစားနိုင်တော့ရာ သဘောတူစာချုပ်က ဒုက္ခသည်များသည် ပြည်တွင်းတရားရုံးများကို လက်လှမ်းမီခွင့်၊ အလုပ်အကိုင်နှင့် ပညာရေး ရရှိခွင့်၊ လက်ခံထားသည့် နိုင်ငံမှ နိုင်ငံသားများနည်းတူ အခြားသော လူမှုရေး၊ စီးပွားရေးနှင့် ပြည်သူ့ရေးရာ အခွင့်အရေးများ ရရှိခွင့်တို့ ပါဝင်သည်။ သို့ရာတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းက မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ နိုင်ငံများသည် ဒုက္ခသည်များကို ခိုလှုံခွင့် မပေးရန် ဆုံးဖြတ်နိုင်သည်။

၁၉၅၁ ခုနှစ် သဘောတူစာချုပ်မှ ဒုက္ခသည်များအတွက် ပေးအပ်ခဲ့သည့် အသိသာဆုံး အခွင့်အရေးမှာ အတင်းအဓမ္မ နေရပ် မပြန်ရရေး ဖြစ်သည်။ လူတစ်ဦး ဖိနှိပ်ခံရမည့် အန္တရာယ် ရှိသည့် နိုင်ငံကို မပြန်ဘဲ နေနိုင်သည့် အခွင့်အရေးပင် ဖြစ်သည်။ အတင်းအဓမ္မ နေရပ် မပြန်ရရေးသည် နိုင်ငံတကာ ဒုက္ခသည် ကာကွယ်ရေးတွင် အဓိက ထောက်တိုင် တစ်ခုအဖြစ် ရှိနေသည်။ ယင်းအချက်မှာ အခြား စည်းမျဉ်းတစ်ခုဖြစ်သည့် မိမိဆန္ဒအလျောက် နေရပ်ပြန်ရေး အတွက်လည်း အဓိက ကျသည်။ နိုင်ငံများသည် ဒုက္ခသည်များကို ၎င်းတို့ မိခင် နိုင်ငံများ၌ ရင်ဆိုင် ကြုံတွေ့ရမည့် အန္တရာယ်များ ပျောက်ကွယ်မသွားမချင်း အတင်းအဓမ္မ နေရပ်ပြန်ခိုင်းခြင်းကို တားမြစ်ထားသည် (စာသေတ္တာ ၁၈.၅ တွင် ရှုပါ)။ ထို့ပြင် ဒုက္ခသည်များသည် ၎င်းတို့၏ မိခင်နိုင်ငံများကို မိမိဆန္ဒအလျောက် ပြန်လိုပါက ပြန်နိုင်ပြီး နိုင်ငံခြားတွင်သာ ဆက်လက် နေထိုင်လိုပါကလည်း နေနိုင်သည်။

၁၉၅၁ ခုနှစ် သဘောတူစာချုပ်နှင့် နိုင်ငံတကာ ဒုက္ခသည်များ ဥပဒေ အပြင် ဒုက္ခသည်များ၏ အခွင့်အရေးများနှင့် ဒုက္ခသည်များအပေါ် နိုင်ငံများ၏ တာဝန်များကို သတ်မှတ်ထားခြင်းအား နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ အပါအဝင် အခြား ဥပဒေ နယ်ပယ်များတွင်လည်း တွေ့ရသည်။ ခြွင်းချက် အနည်းငယ်မျှဖြင့် ဖိအားပေး နေရပ် ရွှေ့ပြောင်းရသူများသည်လည်း နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေး ပဋိညာဉ်များနှင့် နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေပါ အခွင့်အရေးများကို ခံစားပိုင်ခွင့် ရှိသည်။ အထူးသဖြင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (International Covenant on Civil and Political Rights) နှင့် ညှဉ်းပန်း နှိပ်စက်မှု ဆန့်ကျင်ရေးဆိုင်ရာ သဘောတူစာချုပ်တို့တွင် အသက်အန္တရာယ်၊ ညှဉ်းပန်းနှိပ်စက်မှု (သို့) ရက်စက်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှုများ အန္တရာယ် ရင်ဆိုင်ရသော အခြေအနေများသို့ ဒုက္ခသည်များကို အတင်းအဓမ္မ ပြန်လွှတ်ခြင်းမှ အကာအကွယ် ပေးထားသည်။

| စာသေတ္တာ ၁၈.၅။ ရေရှည်အတွက် ဖြေရှင်းချက်များ |
| --- |
| UNHCR သည် နိုင်ငံများ၊ အခြားဇာတ်ကောင်များနှင့် အတူ အလုပ်လုပ်ကာ ဒုက္ခသည်များ၏ အခြေအနေဆိုးများအတွက် အဖြေရှာရန် တာဝန်ရှိသည်။ UNHCR ၏ ဥပဒေတွင် ဒုက္ခသည်များ အခြေအနေအပေါ် ရေရှည် ဖြစ်နိုင်သည့် ဖြေရှင်းချက် သုံးခု စာရင်းပြုထားသည်။ (၁) ဒုက္ခသည်များသည် |

၎င်းတို့ မူလအခြေချရာ နိုင်ငံသို့ မိမိဆန္ဒအလျောက် ပြန်နိုင်သည် (၂) ၎င်းတို့ကို လက်ခံထားသော နိုင်ငံမှ လူ့အသိုင်းအဝိုင်းတွင် အခြေချ ပေါင်းစည်း နိုင်သည် (၃) တတိယ နိုင်ငံ တစ်ခုသို့ သွားရောက် အခြေချနိုင်သည်။

အဆိုပါ ဖြေရှင်းချက် တစ်ခုချင်းစီ၏ အခန်းကဏ္ဍနှင့် အရေးပါမှုသည် အချိန်ပေါ်လိုက်၍ ပြောင်းလဲသွားသည်။ ၁၉၅၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များအထိ စစ်အေးကာလနှင့် ကိုလိုနီ ဆန့်ကျင်ရေး ကာလများတွင် ကွန်မြူနစ် နိုင်ငံများနှင့် ကိုလိုနီ ဖိနှိပ်မှုများမှ ထွက်ပြေးလာသူများကို ချက်ခြင်း နေရပ်ပြန်ရန် မဖြစ်နိုင်ဟု ယူဆ၍ ဒုက္ခသည် အဖြစ် သတ်မှတ်ပေးသည်။ ထို့ကြောင့် ၁၉၈၀ ပြည့်လွန်နှစ်များ မတိုင်မီအထိ မြောက်ပိုင်းရှိ နိုင်ငံများတွင် ပြန်လည် အခြေချခြင်း (ဥပမာ လှေများဖြင့် ရောက်ရှိလာသည့် ဗီယက်နမ် လူမျိုးများနှင့် ပီနိုချေး အစိုးရကို ထွက်ပြေးလာရသည့် ချီလီလူမျိုးများ) နှင့် တောင်ပိုင်းရှိ နိုင်ငံ အချို့ (အထူးသဖြင့် အာဖရိက) တွင် လက်ခံထားသော အသိုင်းအဝိုင်းနှင့် ပေါင်းစည်းခြင်းသည် ရေရှည်အတွက် ဖြေရှင်းချက်များ ဖြစ်ခဲ့သည်။ သို့ရာတွင် ၁၉၈၀ ပြည့်လွန်နှစ် အလယ်ပိုင်းမှ စ၍ ပြည်ဝင်ခွင့်သည် နိုင်ငံရေး ကိစ္စရပ် ဖြစ်လာသည့် အလျောက် မြောက်ပိုင်းရှိ နိုင်ငံများတွင် ဒုက္ခသည်များ ပြန်လည် အခြေချနိုင်ခွင့်မှာ သိသိသာသာပင် လျော့ကျသွားခဲ့သည်။ တစ်ချိန်တည်းမှာပင် စီးပွားရေး မူဝါဒများ ပြန်လည် ပြင်ဆင်ခြင်း၊ ဒီမိုကရေစီ အကူအပြောင်းများနှင့် နိုင်ငံတကာ အထောက်အပံ့များ လျော့နည်းလာခြင်းတို့ကြောင့် တောင်ပိုင်းရှိ နိုင်ငံများသည်လည်း ဒုက္ခသည်များကို ၎င်းတို့ နိုင်ငံများတွင် အခြေချ ပေါင်းစည်းခွင့် ပေးရန် ချီတုံချတုံ ဖြစ်လာသည်။

၁၉၈၀ ပြည့်လွန်နှစ် နှောင်းပိုင်းတွင် မူလ နေထိုင်ရာ နိုင်ငံသို့ ပြန်ပို့ခြင်းသည် နိုင်ငံများနှင့် UNHCR အတွက် ကြိုက်နှစ်သက်သည့် ရေရှည် ဖြေရှင်းချက် ဖြစ်လာသည်။ သို့ရာတွင် ပဋိပက္ခများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက် ဖြစ်ပွားနေသည့် နိုင်ငံများတွင် အိမ်ပြန်နိုင်သည့် အလားအလာမှာ အကန့်အသတ် ဖြစ်နေသည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် နိုင်ငံများနှင့် UNHCR တို့သည် အာဖဂန်နစ္စတန်၊ မြန်မာ၊ ဘရွန်ဒီနှင့် လစ်ဗျားကဲ့သို့သော နိုင်ငံများတွင် နေရပ်ပြန်ရေးကို စောလျင်စွာ လုပ်ဆောင်ခဲ့ကြသည်။ ယင်းသို့ လုပ်ဆောင်ခဲ့ခြင်းက မကြာခဏ ဒုက္ခသည် ပြောင်းရွှေ့မှု အသစ်များ ပြန်လည် ဖြစ်ပွားလာစေရာ ဒုက္ခသည်များအတွက် အန္တရာယ် များပြီး ရေရှည်အလုပ်မဖြစ်ပေ။ ထိုသို့သော အခြေအနေမျိုးတွင် နေရပ်ပြန်ရေးကို ရေရှည် တည်တံ့စေရန် ငြိမ်းချမ်းရေး တည်ဆောက်ရေး၊ ပဋိပက္ခလွန်ကာလ ပြန်လည် တည်ဆောက်ရေးနှင့် ကာလရှည် ဖွံ့ဖြိုး တိုးတက်ရေးတို့နှင့်အတူ ဖြစ်ပွားစေရန် ကြိုးပမ်းခြင်း မရှိခဲ့ပေ။ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း ပဋိပက္ခများ ဖြစ်ပွားလာပေရာ UNHCR အနေဖြင့် သုံးဆယ့်နှစ်နှစ်အတွင်း အနိမ့်ဆုံးသော ဒုက္ခသည် နေရပ်ပြန်သည့် အရေအတွက်ကို မှတ်တမ်းတင်ခဲ့ရသည်။ ဒုက္ခသည် ၁၂၆၈၀၀ သာ နေရပ်ပြန်ခဲ့သည်။ နေရပ်ပြန်သည့် ဒုက္ခသည် အရေအတွက် အများဆုံး နိုင်ငံများမှာ ကွန်ဂို၊ အီရတ်၊ အာဖဂန်နစ္စတန်၊ ဆိုမာလီယာ၊ အိုင်ဗရီကို့စ်၊ ဆူဒန်နှင့် မာလီတို့ ဖြစ်သည်။

UNHCR က ဒုက္ခသည်များနှင့် လက်ခံထားသော အသိုင်းအဝိုင်းများကို လူ့အသိုင်းအဝိုင်း ပေါင်းစည်းရေး ဖွံ့ဖြိုးမှု အကူအညီများ ပေးခြင်းဖြင့် လက်ခံထားသော နိုင်ငံများတွင် အခြေချ ပေါင်းစည်းကိုလည်း ရေရှည် ဖြေရှင်းချက် တစ်ခုအဖြစ် အားပေးအားမြှောက် ပြုသည်။ သို့ရာတွင် အပြည့်အဝ ပေါင်းစည်းရန် အခွင့်အလမ်း၊ နေထိုင်ခွင့်နှင့် နိုင်ငံသား ဖြစ်ခွင့်တို့ မဆိုထားနှင့် လက်ခံထားသည့် နိုင်ငံ အနည်းငယ်ကသာ

ဒုက္ခသည်များကို လွတ်လပ်စွာ သွားလာခွင့်နှင့် အလုပ်လုပ်ခွင့်တို့ ပေးသည်။ မည်သို့ပင် ဆိုစေကာမူ တောင်ပိုင်းရှိ နိုင်ငံများတွင် ဒုက္ခသည် အများအပြား ပေါင်းစည်း အခြေချရေးများ ဆောင်ရွက်နိုင်ခဲ့သည့် လတ်တလော ဥပမာများကို တွေ့ရှိရသည်။ ဥပမာ မကြာသေးမီ နှစ်များအတွင်း ဆီရီယာလီယုံး၊ လိုင်ဘေးရီးယားနှင့် တန်ဇေးနီးယားတို့တွင် ဒုက္ခသည်များအား နိုင်ငံသား ပြုခွင့် ပေးခြင်းနှင့် ပြည်တွင်း၌ ပေါင်းစည်းခွင့် ပေးသည့် ဖြစ်စဉ်များ စတင်ခဲ့ကြသည်။ အားတက်ဖွယ်ရာ ဖြစ်သော်လည်း ထိုလုပ်ဆောင်ချက်များသည် စိန်ခေါ်မှု အများအပြားလည်း တွေ့ကြုံခဲ့ရသည်။

မကြာသေးမီ ကာလများအတွင်း နိုင်ငံများက ဒုက္ခသည်များ လာရောက် အခြေချခြင်းကို လက်ခံလိုစိတ် ကျဆင်းလာခြင်းနှင့်အတူ သွားရောက် အခြေချရန် ကြိုးပမ်းမှုသည်လည်း စိတ်ပျက်ဖွယ်ရာ ဖြစ်ခဲ့သည်။ သွားရောက် အခြေချလိုသည့် အရေအတွက်က လက်ခံသည့် အရေအတွက်ကို အမြဲပင် ကျော်လွန်နေခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် နိုင်ငံပေါင်း ၂၇ နိုင်ငံက ဒုက္ခသည် ၁၀၅၂၀၀ ကို လက်ခံခဲ့ပြီး အမေရိကန်၊ ကနေဒါနှင့် ဩစတြေးလျား နိုင်ငံများမှ ဒုက္ခသည် အများဆုံး လက်ခံခဲ့ကြသည်။ ၂၀၁၄ ခုနှစ်အတွင်း UNHCR က ကူညီပေးသည့် ပြန်လည် အခြေချရေး အစီအစဉ်တွင် သွားရောက်ခွင့် ရခဲ့သူ အများစုမှာ အီရတ်၊ မြန်မာ၊ ဆီးရီးယား၊ ဘူတန်၊ ဆိုမာလီယာနှင့် ကွန်ဂို နိုင်ငံသားများ ဖြစ်သည်။ ထိုအရေအတွက်များမှာ အရေးကြီးသော်လည်း လက်ရှိ အရှေ့အလယ်ပိုင်း ဒေသရှိ လက်ခံထားသော နိုင်ငံများတွင် ခိုလှုံနေရသည့် ဆီးရီးယန်း လူမျိုး ၄.၄ သန်းနှင့် နှိုင်းယှဉ်လျှင် သိသာထင်ရှားမှု အရောင် မှိန်သွားတော့သည်။ ဒုက္ခသည်များ ထဲမှ အချို့သော အစိတ်အပိုင်းငယ်လေးသာ အခြားတစ်နိုင်ငံတွင် သွားရောက် အခြေချခွင့် ရပြီး ထိုရေရှည်အတွက် ဖြေရှင်းချက်ကို ပြန်လည်အခြေချခွင့်ပေးသည့် နိုင်ငံများက ခွင့်ပြုမှသာ အကောင်အထည် ဖော်နိုင်သည်။

တစ်ချိန်တည်းမှာပင် UNHCR က ၎င်း၏ လက်ရှိ ပြန်လည် အခြေချရေး လုပ်ငန်းများကို အခြေမချ နိုင်သည့် ဒုက္ခသည်များအတွက် ဖြေရှင်းချက်များနှင့် အကာအကွယ် ပေးရေးများအပေါ် မည်သို့ အသုံးချနိုင်မည်ကို စဉ်းစားလာခဲ့သည်။ ဥပမာ အခြားတစ်နိုင်ငံတွင် ပြန်လည်အခြေချ ခိုင်းမည် ဟူသည့် ကမ်းလှမ်းချက်များက လက်ခံထားသည့် နိုင်ငံများကို ဒုက္ခသည်များအပေါ် ပို၍ ပွင့်လင်းသော မူဝါဒများ ချမှတ်စေနိုင်သည်။ ထိုချဉ်းကပ်မှုကို "ပြန်လည် အခြေချရေးကို မဟာဗျူဟာကျ အသုံးချမှု" အဖြစ် သိရှိကြသည်။ ယခင်က ၁၉၈၀ နှင့် ၁၉၉၀ ပြည့်လွန်နှစ် များတွင် အင်ဒို ချိုင်းနား ဒုက္ခသည် အကျပ်အတည်းများအတွင်း နိုင်ငံများသည် အရှေ့တောင်အာရှမှ လက်ခံထားသော နိုင်ငံများနှင့် ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားမှ ထွက်ပြေးလာသူများကို ယာယီ ခိုလှုံခွင့်ပေးရန် ဆွေးနွေးရာတွင် ပြန်လည် အခြေချရေးကို မဟာဗျူဟာကျ အသုံးပြုခဲ့ကြသည်။

ရေရှည် ဒုက္ခသည် အခြေအနေများအတွက် UNHCR ၏ ဖြေရှင်းချက်များ ရှာဖွေခြင်းက ပို၍ ခက်ခဲသည်။ ထို့ကြောင့် ကာလရှည်ကြာ ဒုက္ခသည် အခြေအနေများ၏ ပျမ်းမျှ ကြာချိန်မှာ ဆယ်စုနှစ် တစ်ခုအတွင်း နှစ်ဆအထိ တိုးလာပြီး နှစ်နှစ်ဆယ်အထိ ဖြစ်လာသည် (စာသေတ္တာ ၁၈.၂ တွင် ရှုပါ)။ လတ်တလော နှစ်များအတွင်း အာဖဂန်များ၊ အဲရစ်ထရီယန်းများ၊ အီရတ်လူမျိုးများ၊ ဆိုမာလီများ၊ သီရိလင်္ကာမှ တမီးလ် လူမျိုးများ၊ ဆီးရီးယန်းများနှင့် အခြားလူမျိုးများသည် UNHCR ၏ အကူအညီ မယူဘဲ လုံခြုံရေးနှင့် စီးပွားရေး ဖူလုံရေးတို့အတွက် ကမ္ဘာတစ်ဝန်း ရွှေ့ပြောင်း သွားလာကာ စွန့်စားခြင်း၊ သက်မွေးဝမ်းကြောင်း

အခွင့်အရေးများကို ချဲ့ထွင်ခြင်းတို့ဖြင့် ပြဿနာများကို ၎င်းတို့ဘာသာ ဖြေရှင်းရန် ကြိုးပမ်းခဲ့ကြသည်။ အဆိုပါ ဖြစ်ပေါ် တိုးတက်မှုများကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းသည် ရေရှည် ဖြေရှင်းချက်များအပေါ် ၎င်းတို့၏ ချဉ်းကပ်ပုံများအား ပြန်လည် စဉ်းစားရန် လိုအပ်လာသည်။ အနာဂတ်တွင် ခိုလှုံခွင့် အရည်အသွေးကို သေချာစေခြင်း၊ ဒုက္ခသည်များ ရွှေ့ပြောင်းသွားလာနိုင်သည့် ဖြစ်နိုင်ချေများကို လက်ခံထားခြင်း၊ နေထိုင်ခွင့်နှင့် နိုင်ငံသား အခွင့်အရေးများအတွက် ပို၍ ပျော့ပြောင်းသော ချဉ်းကပ်ပုံများကို အသုံးပြုခြင်းတို့က ဒုက္ခသည်များ၏ ပြဿနာများကို ဖြေရှင်းရာတွင် အခရာကျလာ လိမ့်မည်။ အထူးသဖြင့် ကာလရှည်ကြာ ဒုက္ခသည် ဖြစ်နေသူများအတွက် ဖြစ်သည်။

**UNHCR နှင့် နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး ဆိုင်ရာ စနစ်**

စတင်ဖွဲ့စည်းချိန်မှ စ၍ UNHCR သည် ကမ္ဘာ့ ဒုက္ခသည်များ ကာကွယ်ရေး စနစ်တွင် အဓိက အဖွဲ့အစည်း ဖြစ်ခဲ့သည်။ စနစ်တွင် နိုင်ငံများ၏ လုပ်ရပ်များကို စည်းကြပ်သည့် စံနှုန်းများ၊ စည်းမျဉ်း စည်းကမ်းများနှင့် ဆုံးဖြတ်ချက် ချမှတ်ရေး လုပ်ထုံးလုပ်နည်းများ ပါဝင်သည်။ ယင်းတို့ကို ကုန်သွယ်ရေး (သို့) သဘာဝ ပတ်ဝန်းကျင် ကဲ့သို့သော အထူးကိစ္စရပ်များအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို အထောက်အကူ ဖြစ်စေရန် နိုင်ငံများမှ ဖန်တီးထားခြင်း ဖြစ်သည်။ ကမ္ဘာ့ဒုက္ခသည်များ ကာကွယ်ရေး ဆိုင်ရာ စနစ်၏ အဓိက အစိတ်အပိုင်းမှာ ဒုက္ခသည်များအပေါ် နိုင်ငံများ၏ တာဝန်များကို သတ်မှတ်ပေးသည့် ၁၉၅၁ ခုနှစ် သဘောတူ စာချုပ်ဖြစ်သည်။ သဘောတူစာချုပ်သည် ၎င်း၏ အကောင်ထည်ဖော်မှု အတွက် UNHCR ကို ကြီးကြပ်ရန် တာဝန်လည်း ပေးထားသည်။ ထို့ကြောင့် UNHCR တွင် စံနှုန်းများ၊ စည်းမျဉ်းများ၊ ဆုံးဖြတ်ချက် ချမှတ်ရေး လုပ်ထုံးလုပ်နည်းများဖြင့် နိုင်ငံများ၏ လိုက်နာမှုကို စောင့်ကြည့်ရန်နှင့် ထောက်ပံ့ပေးရန် တာဝန်လည်း ရှိသည်။

ဒုတိယ ကမ္ဘာစစ် အပြီးတွင် UNHCR ကို တည်ထောင်သည့်အခါ လူ့အခွင့်အရေး စည်းမျဉ်းများနှင့် တရားမျှတမှုတို့သည် ကမ္ဘာ့ အင်စတီကျူးရှင်းများ တည်ထောင်မှုနှင့် ပုံစံတွင် အရေးပါသည့် အခန်းကဏ္ဍ၌ ရှိနေသည်။ သို့ရာတွင် မကြာသေးမီ နှစ်များအတွင်း နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး စနစ်သည် ပြောင်းလဲလာသည့် နိုင်ငံတကာ လူ့အဖွဲ့အစည်းတွင် နိုင်ငံများကို ၎င်းတို့၏ ဒုက္ခသည်များဆိုင်ရာ တာဝန်များ ဖြည့်ဆည်းပေးရန် ဆွဲဆောင်ရာ၌ ရုန်းကန်ခဲ့ ရသည်။ နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး စံနှုန်းများထက် အာဏာနှင့် အကျိုးစီးပွားများသည် ကမ္ဘာ့ နိုင်ငံရေးတွင် ပို၍ ကြီးစိုးလာသည်။ ထို့ကြောင့် နိုင်ငံတကာ ဒုက္ခသည် ကာကွယ်ရေး စနစ်သည် လွန်ခဲ့သော ဆယ်စုနှစ်များထက် လတ်တလောတွင် ၎င်း၏ စံနှုန်းဆိုင်ရာ အစီအမံများကို တည်ရှိနေရန် ကြိုးပမ်းရာ၌ မအောင်မမြင် ဖြစ်လာလေတော့သည်။

ထိုသို့ ပြောင်းလဲနေသည့် နိုင်ငံတကာ နိုင်ငံရေး နောက်ခံကို တုံ့ပြန်သည့် အနေဖြင့် UNHCR သည် စနစ်ကို ဆက်လက် တည်ရှိနေရန် စိန်ခေါ်မှုများအား ရင်ဆိုင်ခဲ့ပြီး အသစ် ပေါ်ထွက်လာသည့် အခွင့်အရေးများနှင့် အတားအဆီးများကို ပြည့်မီနိုင်အောင်လည်း ၎င်း၏ လုပ်ငန်းများကို ပြောင်းလဲ လုပ်ဆောင်ရသည်။ UNHCR ၏ အဓိက လုပ်ငန်းတာဝန်သည် ကြီးစွာ ပြောင်းလဲသွားခဲ့ပြီး ၎င်း၏ လုပ်ငန်းများလည်း အကျယ်ချဲ့လာခဲ့သည်။ ဥပမာအားဖြင့် ၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များတွင် UNHCR သည် ၎င်း၏ အာရုံစိုက်မှုကို ဥရောပ ဒေသမှ ဒုက္ခသည်များထက် ကမ္ဘာ့ တောင်ပိုင်း နိုင်ငံများမှ ဒုက္ခသည်

အခြေအနေများထံ လွှဲပြောင်း ပစ်ခဲ့သည်။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် ကိုလိုနီ တော်လှန်ရေးများနှင့် လွတ်လပ်ရေး နှောင်းပိုင်း အကွဲအပြဲများသည် ဒုက္ခသည် အရေအတွက်များစွာကို ဖန်တီးပေးခဲ့သည်။ အထူးသဖြင့် အာဖရိကတိုက်တွင် ဖြစ်သည်။ နောင်လာသည့် ဆယ်စုနှစ်အတွင်း ဒုက္ခသည် အရေးပေါ် အခြေအနေများသည် တိုက်ကြီးများ အားလုံးတွင် ပေါ်ထွက်လာခဲ့သည်။ အရှေ့ ပါကစ္စတန်၊ ယူဂန်ဒါနှင့် အင်ဒိုချိုင်းနားတို့မှ အစုလိုက် အပြုံလိုက် ပြောင်းရွှေ့မှုများ၊ ချီလီနှင့် အာဂျင်တီးနားတို့မှ နိုင်ငံရေးနှင့် များစွာ ပတ်သက်သည့် ဒုက္ခသည် အကျပ်အတည်းများ၊ တောင်ဆူဒန်မှ ဒုက္ခသည်များနှင့် IDP များ နေရပ် ပြန်ရေးတို့သည် ကမ္ဘာတစ်ဝန်းတွင် UNHCR ၏ မစ်ရှင်များကို တိုးချဲ့နိုင်ခဲ့သည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် UNHCR သည် ၎င်း၏ သမားရိုးကျ လုပ်ငန်းဖြစ်သော ဥပဒေကြောင်းအရ အကာအကွယ်ပေးရေးမှ အရှေ့တောင် အာရှ၊ အမေရိက အလယ်ပိုင်းနှင့် မက္ကဆီကို၊ တောင်အာရှ၊ အာဖရိက ကျွန်းဆွယ် ဒေသနှင့် တောင်အာဖရိကတို့ရှိ သန်းနှင့်ချီသော ဒုက္ခသည်များကို အကူအညီပေးရေးအား ပို၍ အာရုံစိုက်လာခဲ့သည်။ ဆိုဗီယက် ယူနီယံ ပြိုကွဲခြင်းနှင့် စစ်အေးတိုက်ပွဲ ပြီးဆုံးသွားခြင်းတို့နှင့် အတူ UNHCR သည် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများပေးခြင်းနှင့် ဘော်လကန် ဒေသ၊ အာဖရိက၊ အာရှနှင့် အမေရိက အလယ်ပိုင်းတို့တွင် နေရပ်ပြန်ရေး လုပ်ငန်းများ လုပ်ဆောင်ခြင်း တို့တွင် ကျယ်ပြန့်သော အခန်းကဏ္ဍ ယူလာခဲ့သည်။ ၂၁ ရာစု အစောပိုင်းတွင် UNHCR သည် ပဋိပက္ခကြောင့် ပြည်တွင်း၌ နေရပ်စွန့်ခွာ ထွက်ပြေးရသူများနှင့် သဘာဝ ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသူများကို ကာကွယ်ရန်ပါ ပို၍ တာဝန် ယူလာသည်။ ထိုနယ်ပယ်များကို ပါဝင်လာစေရန် UNHCR ၏ လုပ်ငန်းများ ချဲ့ထွင်လာခြင်းသည် အငြင်းပွားဖွယ်ရာ ဖြစ်ပြီး အချို့သူများအတွက် UNHCR သည် ၎င်း၏ အရေးပါသော ဒုက္ခသည် ကာကွယ်ရေး တာဝန်ကို ဆန့်ကျင်ရန် (သို့) အားနည်းသွားစေရန် နိုင်ငံများ၏ အသုံးချခြင်းကို ခံနေရသည်ဟု စိုးရိမ်ပူပန်မှုများ ဖြစ်စေခဲ့သည်။

## UNHCR ၏ လုပ်ငန်းများအပေါ် အတားအဆီးများ

ပြောင်းလဲခြင်းနှင့် ချဲ့ထွင်ခြင်း ဖြစ်စဉ်များတွင် UNHCR သည် ၎င်းကိုယ်ပိုင် နိုင်ငံရေး အာဏာ အနည်းငယ်သာ ရှိသည်။ စတင် ဖွဲ့စည်းချိန်မှ စ၍ UNHCR သည် အဓိက အလှူရှင် နိုင်ငံများ၏ မိမိဆန္ဒအလျောက် ထည့်ဝင်သည့် အလှူငွေများအပေါ် မှီခိုနေရပြီး ဒုက္ခသည်များ လက်ခံထားသော နိုင်ငံများမှ ၎င်းတို့၏ နယ်မြေအတွင်း လုပ်ငန်းများ ဆောင်ရွက်ခွင့် ပေးရန် အစိုးရများအပေါ် အားကိုးအားထား ပြုနေရသည်။ UNHCR ၏ ရန်ပုံငွေ ၉၈ ရာခိုင်နှုန်းခန့်သည် ထိုသို့သော ထည့်ဝင်ငွေများ အထူးသဖြင့် အမေရိကန်နှင့် ဥရောပ သမဂ္ဂ ကဲ့သို့သော စက်မှုလက်မှု ဖွံ့ဖြိုးပြီး နိုင်ငံများမှ လာခြင်း ဖြစ်သည်။ ထိုနိုင်ငံများသည် အဖွဲ့အစည်းပေါ်တွင် ကြီးစွာ လွှမ်းမိုးနိုင်ကြသည်။ ထိုအစိုးရများသည် ၎င်းတို့၏ အလှူငွေ ရာခိုင်နှုန်း အတော်များများကို နိုင်ငံခြားရေး မူဝါဒ၊ လုံခြုံရေး၊ ပြောင်းရွှေ့ အခြေချရေး၊ ကုန်သွယ်ရေး အစရှိသည့် ၎င်းတို့အတွက် နိုင်ငံရေး (သို့) မဟာဗျူဟာကျ အကျိုးရှိမည့် အစီအစဉ်များတွင် အသုံးပြုရန် သတ်မှတ်ပေးထားသည်။ ထို့ကြောင့် UNHCR သည် မကြာခဏ ရန်ပုံငွေဆိုင်ရာ အကျပ်အတည်းများ ရင်ဆိုင်ရသည်မှာ အံ့သြစရာတော့ မဟုတ်ပေ။ ၂၀၁၅ ခုနှစ်တွင် UNHCR ၏ ရန်ပုံငွေသည် ၆.၈ ဘီလီယံ ရှိခဲ့ပြီး သမိုင်း တောက်လျှောက် အမြင့်ဆုံး ဖြစ်သည်။ နိုင်ငံများသည် UNHCR ၏ အလုပ်အမှုဆောင် ကော်မတီတွင် ပါဝင်ခြင်းဖြင့် အဖွဲ့ကို လွှမ်းမိုးကြသည်။ ကော်မတီသည် အေဂျင်စီ၏ ဘတ်ဂျက်ကို ကြီးကြပ်ပြီး ၎င်း၏ မူဝါဒ ရေးရာ ကိစ္စရပ်များတွင် အကြံပေးသည်။

အထူးမဟာမင်းကြီး၏ လုပ်ပိုင်ခွင့်များ၏ အကျယ်နှင့် ပမာဏကို နိုင်ငံများ၏ အချုပ်အခြာ အာဏာဆိုင်ရာ စံနှုန်းများနှင့် ပြည်တွင်းရေးကို ဝင်ရောက် မစွက်ဖက်ရေး စံနှုန်းများက ထပ်မံ ကန့်သတ် ပြန်သည်။ UNHCR ၏ ဥပဒေသည် မဟာမင်းကြီးကို နိုင်ငံတကာ နယ်စပ် စည်းမျဉ်းများ ဖြတ်ကျော်ထားသည့် ဒုက္ခသည်များအား အကူအညီပေးရန်သာ ကန့်သတ်ထားပြီး နိုင်ငံရေး လုပ်ငန်းများတွင် ပါဝင်ခြင်းကို တားမြစ်ထားသည်။ ဒုက္ခသည် စီးဆင်းခြင်း၏ အကြောင်းအရင်း များမှာ အဖွဲ့အစည်း၏ လူသားချင်း စာနာမှုနှင့် နိုင်ငံရေး မဟုတ်သည့် တာဝန်များ ပြင်ပတွင် ရှိနေလေရာ UNHCR သည် ခိုလှုံခွင့် ပေးထားသည့် နိုင်ငံများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်ရန် မဝံ့မရဲ ဖြစ်နေပေသည်။

အလှူရှင် အစိုးရများမှ အစီအစဉ်များကို ထောက်ပံ့ရန် အလှူငွေများ တောင်းခံရသည့်အပြင် UNHCR သည် ဒုက္ခသည်များကို လက်ခံထားသော နိုင်ငံများ၏ ပိုင်နက်အတွင်း လှုပ်ရှားရန် ခွင့်ပြုချက်များလည်း တောင်းခံရသည်။ထို့ကြောင့် ဒုက္ခသည်များ ကာကွယ်ရေးအတွက် ကမ္ဘာ့ အဓိက အေဂျင်စီကြီးသည် လက်ခံထားသော နိုင်ငံများ (သို့) အလှူရှင် နိုင်ငံများ၏ ဒုက္ခသည် ဆိုင်ရာ မူဝါဒများကို မဝေဖန်ရဲ ဖြစ်နေသည်။ လူသားချင်း စာနာမှု ဆိုင်ရာ ကိစ္စရပ်များအား ဖြေရှင်းရာတွင် ၎င်းတို့၏ တာဝန်များမှ ဘောင်ကျော်သွားမည်ကို ကြောက်ရွံ့သောကြောင့် သော်လည်းကောင်း၊ ထိုသို့သော လုပ်ရပ်များသည် ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်သည်ဟု ယူဆမည့် အကဲဆတ်သော အစိုးရများနှင့် ဆက်ဆံရေးကို ထိခိုက်မည် စိုး၍သော်လည်းကောင်း UNHCR ၏ တာဝန်ရှိသူများသည် အကဲဆတ်သည့် နိုင်ငံရေး ဆိုင်ရာ မေးခွန်းများကို ရှောင်ကြဉ်ကြသည်။ UNHCR သည် အဆိုပါ နိုင်ငံများ၏ အကျိုးစီးပွားများနှင့် ၎င်းတို့ ဆုတ်ကိုင်ထားလိုသော စံနှုန်းများအကြား ဂရုတစိုက် လှုပ်ရှားရသည်။

## လူ့အခွင့်အရေးနှင့် နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး ဆိုင်ရာ စနစ်

ဒုက္ခသည် ပြဿနာများ ဖြေရှင်းခြင်းသည် လူ့အခွင့်အရေး လုပ်ငန်းများ အများအပြားအပေါ် တည်မှီသည်။ အရပ်ဘက် အဖွဲ့အစည်းများနှင့် ဗဟုဝါဒ နိုင်ငံရေး စနစ်များ တည်ထောင်ခြင်း၊ ဥပဒေ ရေးရာနှင့် အစိုးရ ဖွဲ့စည်းပုံများအား စည်းကြပ်ခြင်း၊ ဒေသခံ လူထုအခြေပြု အဖွဲ့အစည်းများအား မြှင့်တင်ပေးခြင်းတို့သည် ဒုက္ခသည်များ ၎င်းတို့ နေထိုင်ရာ နိုင်ငံများသို့ ပြန်ရန် အခြေအနေများ တည်ဆောက်ပေးခြင်းတွင် အခရာကျသည်။

နိုင်ငံတကာ ဒုက္ခသည် ကာကွယ်ရေး စနစ်သည် ကုလသမဂ္ဂ၏ လူ့အခွင့်အရေး စနစ်များနှင့် ကွာခြားသည်။ နိုင်ငံတကာ ဒုက္ခသည်များ ဆိုင်ရာ စည်းမျဉ်းများကို စည်းကြပ်ရန် နိုင်ငံများ အားလုံးအပေါ် ကြီးကြပ်နိုင်သည့် အဖွဲ့အစည်း မရှိပေ။ အဆိုပါ နိုင်ငံတကာ ဒုက္ခသည် ဥပဒေတွင် တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များနှင့် နိုင်ငံများအကြား တောင်းဆိုခြင်းများ (သို့) တိုင်ကြားခြင်းများ ပြုရန် တရားဝင် နည်းလမ်း မရှိပေ။ ၁၉၅၁ ခုနှစ် ဒုက္ခသည် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ထားသည့် နိုင်ငံများသည် UNHCR ကို ၎င်းတို့ သဘောတူစာချုပ်အား အကောင်အထည် ဖော်နေသည့် သတင်း အချက်အလက်များနှင့် ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များကို လိုသလို ပေးအပ်ရသည်။ နိုင်ငံများ၏ လုပ်ရပ်များကို စောင့်ကြည့်သည့် စနစ်မရှိပေ။ ထို့ကြောင့် အစိုးရ တာဝန်ရှိသူများအတွက် အကြံပြုချက်များ ပေးခြင်းလည်း မရှိပေ။ နိုင်ငံများ၏ မတရား

ပြုကျင့်မှုများကို တားဆီးမှု အနည်းငယ် ရှိသည်။ မကြာသေးမီက အစိုးရ အများအပြားသည် ထိုအဓိက ပြဋ္ဌာန်းချက်များကို ကျော်လွှားကြပြီး စည်းကြပ်ခြင်း မရှိသော အပိုင်းများကို အလွဲသုံးစား ပြုကြသည်။

ခိုလှုံခွင့်တောင်းခံသည့် အပိုင်းတွင် နိုင်ငံများသည် ဒုက္ခသည်များ၏ ကံကြမ္မာကို နောက်ဆုံး အဆုံးအဖြတ် ပေးသူများ ဖြစ်သည်။ နိုင်ငံများသည် ဒုက္ခသည် တောင်းခံခွင့်ကို ပေးရန် (သို့) ငြင်းဆန်ရန် အာဏာ ရှိသည်။ နိုင်ငံတကာ ဒုက္ခသည်ဆိုင်ရာ စာချုပ်စာတမ်းများသည် ဒုက္ခသည်များ ဆိုင်ရာ ဆုံးဖြတ်ချက်များကို နိုင်ငံ၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အစိုးရများမှ ဆုံးဖြတ်ခွင့် ပေးထားသည်။ နိုင်ငံများသည် ထိုလုပ်ထုံး လုပ်နည်းများကို ၎င်းတို့၏ ပြည်တွင်း အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းအဖြစ် မှတ်ယူထားကြပြီး ထိုဆုံးဖြတ်ခွင့်ကို UNHCR (သို့) အခြားသော အစိုးရများဆိုင်ရာ အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးလိုစိတ် မရှိကြပေ။

မကြာသေးမီ နှစ်များအတွင်း ထိုကိစ္စရပ်မှာ ဥရောပ သမဂ္ဂတွင် ထင်ရှားလာသည်။ ဥရောပ သမဂ္ဂ၏ အဖွဲ့ဝင် နိုင်ငံများသည် နိုင်ငံရေး ခိုလှုံခွင့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းမှုများ ပိုမို များပြားလာပြီး ဥရောပ၏ ဒုက္ခသည်နှင့် နိုင်ငံရေး ခိုလှုံခွင့် မူဝါဒများကို ကြီးကြပ်သည့် ပဋိညာဉ်များနှင့် သဘောတူစာချုပ် အများအပြားကို ရေးဆွဲခဲ့ကြသည်။ အဆိုပါ အစိုးရများအကြား ဆွေးနွေးမှုများသည် UNHCR နှင့် အချို့သော နိုင်ငံများ အပါအဝင် ပြင်ပမှ လေ့လာသူများ ပါဝင်ခွင့် မရပေ။ ယင်းဖြစ်ရပ်မှာ ဥရောပ ဒေသတွင် အချုပ်အခြာ အာဏာနှင့် နယ်စပ်စည်းများ ထိန်းချုပ်ခြင်းနှင့် ဒေသတွင်း ကန့်သတ်ချက် ပိုမိုမြင့်တက်လာသည့် အလားအလာတို့အကြား နီးကပ်သည့် ဆက်စပ်မှု ရှိကြောင်းကို ထင်ဟပ်ပြနေသည်။ အမေရိကန် နိုင်ငံတွင်မူ အစိုးရ တာဝန်ရှိသူများကို ဆက်သွယ်ကာ ၎င်း၏ အမြင်များကို ဖော်ပြခွင့် ရှိသည်မှ အပ UNHCR သည် ဒုက္ခသည် ဆုံးဖြတ်ရေး ဖြစ်စဉ်တွင် ပါဝင်နိုင်သည့် အခန်းကဏ္ဍ မရှိပေ။ ကမ္ဘာ့ ဒုက္ခသည် အရေအတွက် ၈၅ ရာခိုင်နှုန်းကျော်ကို လက်ခံထားသည့် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင်လည်း ခိုလှုံခွင့် အရေအတွက်နှင့် အရည်အသွေးမှာ လတ်တလော နှစ်များအတွင်း ကျဆင်းလာသည်။

လူ့အခွင့်အရေးကို ကာကွယ်ရန်၊ ဖိအားပေး ရွှေ့ပြောင်းခံရသူများအား ကာကွယ်ရန်နှင့် ကမ္ဘာ့ ဒုက္ခသည် ပြဿနာကို အဖြေရှာရန် ရှေ့နောက်ညီပြီး ပေါင်းစပ်သည့် ချဉ်းကပ်ပုံ ရှာဖွေရန် လိုအပ်နေသည်။ နိုင်ငံများသည့် ၎င်းတို့၏ အချုပ်အခြာအာဏာကို ကာကွယ်ပြီး နိုင်ငံတကာ လူ့အခွင့်အရေး စောင့်ကြည့်ရေးနှင့် ဝင်ရောက် စွက်ဖက်ရေးများကို ဆန့်ကျင်နေသရွေ့ ယင်းမှာ ရန်းကန်စရာ တစ်ခုအဖြစ် ရှိနေဦးမည် ဖြစ်သည်။ ပို၍ အရေးကြီးသည့် အချက်မှာ ကမ္ဘာ့ ဒုက္ခသည်များ အရေးကို ဖြစ်ပွားစေသည့် အရာများအပေါ် ပံ့ပိုးနေမှုများကိုလည်း ပြောင်းလဲပစ်ရမည် ဖြစ်သည်။

## ဒုက္ခသည်များကို နိုင်ငံရေး၊ ဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအရ စိုးရိမ်ဖွယ်ရာအဖြစ် ရှုမြင်ခြင်း

လူ့အခွင့်အရေးအရ စိုးရိမ်ဖွယ်ရာများအပြင် ဒုက္ခသည် ကိစ္စရပ်သည် ပြည်တွင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့ နိုင်ငံရေးတွင်လည်း အဓိက အခန်းကဏ္ဍမှ ပါဝင်နေသည်။ နိုင်ငံရေး၊ ဘာသာရေးနှင့် စီးပွားရေး မတည်မငြိမ်မှုများ၊ လက်နက်ကိုင် အကြမ်းဖက်မှုများ ပြန့်ပွားလာခြင်းနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဖိအားများ မြင့်မားလာသည်နှင့်အမျှ နိုင်ငံများသည် ပြည်တွင်းနှင့် နယ်စပ် စည်းမျဉ်းများ ဖြတ်ကျော်၍

လူအများ ရွှေ့ပြောင်းသွားလာကြခြင်းကို ပို၍ စိုးရိမ်မကင်း ဖြစ်လာကြသည်။ အချို့သော မတည်ငြိမ်သည့် ဒေသများတွင် လက်ခံသည့် နိုင်ငံများမှ အစိုးရများသည် ၎င်းတို့ ဒေသရှိ ဒုက္ခသည် စခန်းများသည် လက်နက်ကိုင် သူပုန်များ၊ တော်လှန်ရေးနှင့် အကြမ်းဖက် လှုပ်ရှားမှုများအတွက် ခိုလှုံရာ အခြေစိုက် စခန်းတစ်ခု ဖြစ်လာမည်ကို စိုးရိမ်ကြသည်။ ဒုက္ခသည် အကျပ်အတည်းသည် ပြည်တွင်း စီးပွားရေးနှင့် လူ့အဖွဲ့အစည်းများကိုလည်း သက်ရောက်မှု ရှိနိုင်သည်။ ဒုက္ခသည်များ ရှိနေခြင်းက လက်ခံထားသည့် နိုင်ငံများတွင် အစောကတည်း ရှိနေသည့် လူ့အဖွဲ့အစည်းများအတွင်း တင်းမာမှုများကို ပို၍ ဆိုးရွားစေခြင်း၊ အသိုင်းအဝိုင်းများကြား အာဏာ ချိန်ခွင်လျှာကို ပြောင်းလဲသွားစေခြင်းနှင့် ဒေသခံ လူထုအကြား အာဃာတများ ပိုမိုကြီးထွားခြင်းတို့ကို ဖြစ်စေ နိုင်သည်။ ကမ္ဘာ့ မြောက်ခြမ်းနှင့် တောင်ခြမ်း နှစ်ခုလုံးရှိ လက်ခံထားသော အစိုးရများသည် ယခုအခါ ဒုက္ခသည်များက နိုင်ငံတော် လုံခြုံရေးနှင့် သရုပ်သဏ္ဍာန်ကို ခြိမ်းခြောက်နေမှုအား အကြောင်းပြု၍ အခြားအခြေအနေများတွင် လက်ခံနိုင်ဖွယ် မရှိသော မူဝါဒ ကန့်သတ်မှုများကို ပြဋ္ဌာန်းကြသည်။

နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး စနစ်၏ ဒုက္ခသည်များကို ကာကွယ်နိုင်သည့် စွမ်းအားသည် ယနေ့ခေတ် ပဋိပက္ခများ၏ သဘောတရားနှင့် ရှုပ်ထွေးစွာ ဆက်စပ်နေသည်။ စစ်အေးတိုက်ပွဲပြီးချိန်မှ စ၍ ကမ္ဘာ့ စစ်ပွဲ အများစုသည် ပြည်တွင်း ပဋိပက္ခများ ဖြစ်ပြီး ရှုပ်ထွေးသော ဒေသတွင်း အချက်အလက်များလည်း ပါဝင်လေ့ ရှိသည်။ အဆိုပါ ပဋိပက္ခများ၏ အကြောင်းရင်းခံများကို ဖြေရှင်းခြင်းထက် နိုင်ငံများသည် လူသားချင်းစာနာမှု ဆိုင်ရာ အဖွဲ့အစည်းများကို ထိုပဋိပက္ခများ၏ မြင်သာထင်သာသော လက္ခဏာများအား ကုစားခိုင်းလေ့ ရှိသည်။ ထို့ကြောင့် UNHCR ၏ တာဝန်များကို ဖြည့်ဆည်းနိုင်စွမ်းသည် ထိုပဋိပက္ခများ ဖြေရှင်းနိုင်သည့်အပေါ် မူတည်သည်။ UNHCR က ၎င်း၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် နိုင်ငံများသည် ပဋိပက္ခများ ဖြေရှင်းခြင်း၊ ပဋိပက္ခလွန် ဒေသတွင် ပြန်လည် တည်ဆောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ခြင်းနှင့် ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်ခြင်းများတွင် ပို၍ ကောင်းစွာ လုပ်ဆောင်ရန် လိုအပ်သည်။

ယခင် ပဋိပက္ခ ဖြစ်သူများ၊ ပဋိပက္ခတွင် ထိခိုက် ခံစားခဲ့ရသူများနှင့် နေရပ်ပြန်လာသော ဒုက္ခသည်များအတွက် လုံခြုံရေးနှင့် စီးပွားရေး ဖူလုံမှုတို့ကို တိုးတက်စေသည့် ရင်းနှီးမြှုပ်နှံမှုများဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက်များကို အခွန့်ရှည်ကြာ စေနိုင်သည်ဟု တစ်ကမ္ဘာလုံး နီးပါး သဘောတူထားကြသော်လည်း ကာလရှည်ကြာ ပဋိပက္ခများ ဖြစ်ပွားနေသည့် နိုင်ငံများသည် ပြန်လည် တည်ဆောက်ရေးတွင် ငွေကြေးနှင့် နိုင်ငံရေး အထောက်အပံ့ အနည်းငယ်သာ ရရှိကြသည်။ အပစ်အခတ် ရပ်စဲရေး အကောင်အထည် ဖော်ပြီး ရွေးကောက်ပွဲများ စတင်သည်နှင့် နိုင်ငံတကာမှ ထောက်ပံ့ငွေများ ကျဆင်းသွားသည်။ အရေးပေါ် ကယ်ဆယ်ရေး ရန်ပုံငွေများနှင့် ကွဲပြားခြားနားစွာပင် စစ်ပွဲ ဖြစ်ပွားပြီး နိုင်ငံများကို ပေးသည့် အထောက်အပံ့ များသည် လိုအပ်ချက်များ သတ်မှတ်ထားပြီး လူသားချင်း စာနာမှုနှင့် လူမှုရေး ဆောင်ရွက်ချက်များကို အတားအဆီး ဖြစ်စေသည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ပုံစံများ ဖြစ်ပေါ်လာစေရန်နှင့် ဒုက္ခသည် အပြောင်းအရွှေ့များ ထပ်မံ မဖြစ်ပွားစေရန် အချိန်ကာလ ရှည်ကြာစွာ အရင်းအမြစ်များ မြှုပ်နှံရမည် ဖြစ်သည်။

UNHCR နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ် (UNDP)၊ ကမ္ဘာ့ဘဏ် ကဲ့သို့သော ဖွံ့ဖြိုးရေးနှင့် ငွေကြေးဆိုင်ရာ အင်စတီကျူးရှင်းများအကြား ပူးပေါင်း လုပ်ဆောင်မှုများ တိုးမြင့်လာသည့်တိုင် ပို၍ အေဂျင်စီများအကြား ထိရောက်သော အစီအစဉ်ချမှတ်ခြင်း၊ ဆွေးနွေးခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ လိုအပ်သည်။ ကုလသမဂ္ဂ စနစ်အတွင်း ဒုက္ခသည်များသည် UNHCR ၏ ပြဿနာ ဖြစ်သည်ဟု အများစုက ထင်မြင်နေကြသည်။ ဒုက္ခသည် အခြေအနေကို ဖြေရှင်းခြင်းသည် ကုလသမဂ္ဂ စနစ်အတွင်း အဖွဲ့ပေါင်းစုံ၊ အထူးသဖြင့် UNDP ကဲ့သို့သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုံမှန် ပူးပေါင်းပါဝင်မှသာ ပို၍ အောင်မြင်မည် ဖြစ်သည်။ သို့ရာတွင် ဒုက္ခသည် အခြေအနေ အများအပြားတွင် ဒုက္ခသည်များနှင့် ဖွံ့ဖြိုးရေး အေဂျင်စီများ၏ အခန်းကဏ္ဍနှင့် တာဝန်များကို အခြေအနေပေါ် လိုက်၍ ဆုံးဖြတ်ကြသည်။ နိုင်ငံအများစုတွင် အရေးပေါ် အကူအညီများသည် ဖွံ့ဖြိုးရေး လိုအပ်ချက်များမှ အုပ်ချုပ်ရေးအရ သော်လည်းကောင်း၊ အစီအစဉ် အရသော်လည်းကောင်း ကင်းကွာနေကြသည်။ ဒုက္ခသည်များနှင့် ထောက်ပံ့ရေး အခြေပြု အဖွဲ့အစည်းများနှင့် ကွဲပြားစွာပင် ဖွံ့ဖြိုးရေး အေဂျင်စီများသည် ရေရှည် စီမံကိန်းများနှင့် အစီအစဉ်များအရ လုပ်ဆောင်လေ့ ရှိသည်။ ထိုအဖွဲ့များအတွက် ဒုက္ခသည် အပြောင်းအရွှေ့ (သို့) နေရပ်ပြန်ရေး အစီအစဉ်များ ကဲ့သို့သော မမျှော်လင့်ထားသည့် ဖြစ်ရပ်များကို တုံ့ပြန်ရန်မှာ ပို၍ ခက်ခဲသည်။ ထို့ကြောင့် ကာလတို လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများနှင့် ကာလရှည် ဖွံ့ဖြိုးရေး အစီအစဉ်များအကြား ဖွံ့ဖြိုးရေး ဆိုင်ရာ ကွာဟချက် ရှိနေသည်။ UNHCR သည် ဖွံ့ဖြိုးရေး အေဂျင်စီ တစ်ခု မဟုတ်ပေ။ အရေးပေါ် အခြေအနေ (သို့) ပဋိပက္ခ အပြီး ပြန်လည်ထူထောင်ရေးကို UNDP၊ ကမ္ဘာ့ဘဏ် (သို့) ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးကို လုပ်ဆောင်သည့် အခြားသော UN အေဂျင်စီများက လုပ်ဆောင်ရမည် ဖြစ်သည်။ ထို့ကြောင့် UNHCR အနေဖြင့် အရေးပေါ် အကူအညီပေးရေး အဆင့် ကုန်ဆုံးသွားသည့်နှင့် ၎င်း၏ တာဝန်များကို အခြားသော ဖွံ့ဖြိုးရေး အေဂျင်စီများသို့ အပြည့်အဝ လွှဲပြောင်းပေးရန် လိုအပ်သည်။ UNDP သည် ထိုကဲ့သို့သော တာဝန် လွှဲပြောင်းမှုများကို အမြဲလိုလို ငြင်းပယ်လေ့ ရှိသည်။ အဘယ်ကြောင့် ဆိုသော် ၎င်းက ထိုအစီအစဉ်များသည် အရေးပေါ် အခြေအနေ တုံ့ပြန်ရေးများဟု ယူဆပြီး ၎င်း၏ ကာလရှည် ဖွံ့ဖြိုးရေးဟူသည့် တာဝန်၏ ဘောင်အပြင်တွင် ရောက်နေသည်ဟု ရှုမြင်သောကြောင့် ဖြစ်သည်။ အေဂျင်စီများအကြား ပူးပေါင်းရေးသည် ကာလရှည်ကြာ ပဋိပက္ခများအပြီး ကြီးမားသော နေရပ်ပြန်ရေး အခြေအနေများတွင် အထူးတလည် အရေးပါသည်။ နေရပ်ပြန်သူများ၏ စီးပွားရေး အလားအလာများ မတိုးတက်လာပါက၊ ထိုနိုင်ငံများတွင် အခြေခံ အဆောက်အဦများ ပြန်လည် တည်ဆောက်ရန် ပြည်ပမှ အကူအညီများနှင့် ရင်းနှီးမြှုပ်နှံမှုများ မရရှိပါက နိုင်ငံရေး မတည်ငြိမ်မှုများနှင့် နေရပ်စွန့်ခွာ ထွက်ပြေးရမှုများ နောက်ထပ်တဖန် ဖြစ်ပွားလာနိုင်သည်။

ဗဟို အစိုးရ အားနည်းသော (သို့) မရှိဘဲ နိုင်ငံသားများကို မကာကွယ်နိုင်သည့် နိုင်ငံများတွင် အဓိက ကိစ္စရပ်များမှာ အပြိုင်အဆိုင် ဖြစ်နေသော အုပ်စုများကို မည်သို့ အတူယှဉ်တွဲမည်နည်း ဟူသော မေးခွန်းနှင့် မည်သို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အင်စတီကျူးရှင်းများကို တည်ဆောက် မည်နည်း ဟူသော မေးခွန်းများ ပါဝင်သည်။ ထိုသို့သော အခြေအနေမျိုးတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေး တည်ငြိမ်မှုများမှာ ခွဲခြား၍ မရပေ။ ပြန်လည် ထူထောင်ရေး အကူအညီများနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများသည် အရပ်ဘက် အဖွဲ့အစည်းများအား ထိရောက်မှု ရှိလာစေမည့် အထောက်အပံ့များနှင့် ယှဉ်တွဲလာရမည်။ အားကောင်းသော ပြည်သူ့ရေးရာ အုတ်မြစ်များပေါ်တွင် တည်ဆောက်ထားမှသာ ရေရှည် တည်တံ့ခိုင်မြဲသော တိုးတက်မှု ရရှိမည် ဖြစ်ပြီး တိုးတက်မှုများသည် လူ့အဖွဲ့အစည်း တစ်ခုလုံးအတွက် အခြေခိုင်နိုင်မည် ဖြစ်သည်။

ထိုသို့မဟုတ်ပါက အကူအညီများနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများသည် အရင်းအမြစ်များကိုသာ စားသုံးသွားပြီး ရေရှည် ပြောင်းလဲမှု အနည်းငယ်သာ ဖြစ်ပွားစေလိမ့်မည် ဖြစ်သည်။

ကုလသမဂ္ဂ စနစ်ကို ပို၍ ရှေ့နောက်ညီရန်နှင့် ပူးပေါင်းမှု ရှိရန် ကြိုးပမ်းသည့် အနေဖြင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေး တည်ဆောက်ရေး ကော်မရှင်ကို ၂၀၀၅ ခုနှစ်တွင် ဖန်တီးခဲ့သည်။ ထိုအင်စတီကျူးရှင်း အသစ်သည် ပဋိပက္ခများ၏ အမျိုးမျိုးသော နောက်ဆက်တွဲများကို တုံ့ပြန်ရာနှင့် ဒုက္ခသည်များအတွက် ဖြေရှင်းချက်များ ရှာဖွေရာတွင် ကုလသမဂ္ဂ အဖွဲ့အစည်း အများအပြားကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးရန် ကြိုးပမ်းသည်။ ပဋိပက္ခ နောင်းပိုင်း ပြန်လည်တည်ဆောက်ရေးကို အလေးထားကာ ထိုကော်မရှင်သည် နေရပ် စွန့်ခွာရမှု၏ နောက်ခံ အကြောင်းအရင်းများကို ဖြေရှင်းရန်နှင့် အိမ်နီးချင်း နိုင်ငံများမှ ဒုက္ခသည်များ နေရပ် ပြန်ရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော အုတ်မြစ်များ ဖန်တီးနိုင်ရန် ကုလသမဂ္ဂ အဖွဲ့များကို အတူ စုစည်းရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ တစ်ချိန်တည်းမှာပင် ဒုက္ခသည်များသည် ပဋိပက္ခ နောင်းပိုင်း ပြန်လည် တည်ဆောက်ရေးတွင် များစွာ အရေးပါပေရာ UNHCR က ကော်မရှင်သည် ဒုက္ခသည်များနှင့် ဒေသတွင်း ငြိမ်းချမ်းရေး တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များအကြား ဆက်ဆံမှုများကို သတိမပြုမိဘဲ ကျော်မသွားစေရန် လုပ်ဆောင် ပေးသည်။

UNHCR ၏ လက်ရှိလုပ်ငန်းများသည် နိုင်ငံတကာ လုံခြုံရေး ဝန်းကျင်ကို ပြောင်းလဲရာတွင်လည်း ပါဝင်သည်။ ကမ္ဘာ့ "အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ပွဲ"၊ အစ္စလာမ် အစွန်းရောက်မှု ထကြွလာခြင်းနှင့် နိုင်ငံတကာ စံနှုန်းများကို နိုင်ငံများ၏ လိုက်နာမှု ကျဆင်းလာခြင်းတို့သည် လုံခြုံရေးနှင့် ပတ်သက်၍ နိုင်ငံများ၏ စိုးရိမ်ပူပင်မှုများကို မြင့်တက်စေသည်။ ထိုမှတဆင့် နိုင်ငံများသည် ၎င်းတို့ ပိုင်နက်အတွင်း နိုင်ငံခြားသားများ ဝင်ရောက်ခြင်းကို ပို၍ ထိန်းချုပ်လိုပေရာ တင်းကြပ်သော ခိုလှုံရေးဆိုင်ရာ မူဝါဒများကို ချမှတ်ကြသည်။ ရလဒ်အနေဖြင့် မြောက်ပိုင်း ဒေသမှ နိုင်ငံများတွင် ထိန်းသိမ်းခြင်း၊ ကန့်သတ်ခြင်း၊ ခိုလှုံခွင့် တောင်းသူများ၏ အယူခံ ဝင်ခွင့်ကို ကန့်သတ်ခြင်း၊ ကမ်းစပ်မှ ဝေးကွာသည့် နေရာတွင် စိစစ်ရေး စင်တာများ ထားခြင်း အစရှိသည့် မူဝါဒများ ပြန်လည် အားကောင်းလာသည်။ တစ်ချိန်တည်းမှာပင် ဒုက္ခသည်များ၏ အခွင့်အရေးများကို ကန့်သတ်ခြင်းအား ကျိုးကြောင်း ဆီလျော်သည်ဟု ပြသနိုင်ရန် ကမ္ဘာ့တောင်ပိုင်းရှိ နိုင်ငံများသည်လည်း မြောက်ပိုင်း နိုင်ငံများနှင့် တူညီသော သဘောထားကိုပင် အသုံးပြုကြသည်။ ဒုက္ခသည်များကို အတင်းအဓမ္မ နေရပ် ပြန်ပို့ခြင်းနှင့် မိမိတို့ ပိုင်နက်အတွင်း ဒုက္ခသည်များကို ထိန်းချုပ်ရန်နှင့် ၎င်းတို့၏ လှုပ်ရှား သွားလာမှုကို ကန့်သတ်ရန် စခန်းများ၌သာ ထားရှိခြင်းများ လုပ်ဆောင်လာကြသည်။

UNHCR သည် ၎င်း၏ တာဝန်များကို ထမ်းဆောင်ရန် ကြိုးပမ်းနေသော်လည်း ထိုလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ၎င်းတို့တွင် ကျင့်ဝတ်ပိုင်းဆိုင်ရာ အာဏာနှင့် ဆွဲဆောင်စည်းရုံးခြင်း တို့မှအပ အခြားသော အာဏာ အနည်းငယ်သာ ရှိပေသည်။ အပြောင်းအလဲများ လျင်မြန်စွာ ဖြစ်ပွားနေပြီး အာဏာနှင့် အကျိုးစီးပွားတို့ လွှမ်းမိုးကာ ရလဒ်များကို အဆုံးအဖြတ် ပေးသည့် နိုင်ငံတကာ နိုင်ငံရေး ပတ်ဝန်းကျင်တွင် UNHCR သည် ၎င်း၏ စံနှုန်းဆိုင်ရာ အစီအစဉ်များနှင့် နိုင်ငံများ၏ မိမိအကျိုးစီးပွားကို ကာကွယ်မှုများအကြား မည်သို့ ညှိနှိုင်းဆောင်ရွက်မည်နည်း ဟူသည့် မေးခွန်းကို ရင်ဆိုင်နေရလေသည်။

အနှစ်ချုပ်

ကုလသမဂ္ဂ၏ ဒုက္ခသည် အရေး အေဂျင်စီ တစ်ခု ဖြစ်သည့်အပြင် UNHCR သည် ကမ္ဘာ့ ဒုက္ခသည် ကာကွယ်ရေး စနစ်တွင် အဓိက အဖွဲ့အစည်း တစ်ခု ဖြစ်သည်။ ပြောင်းလဲနေသည့် နိုင်ငံတကာ လူ့အဖွဲ့အစည်းတွင် နှစ်ပေါင်း ၆၅ နှစ်တိုင် UNHCR သည် နိုင်ငံများကို ဒုက္ခသည်များအတွက် ၎င်းတို့၏ လူ့အခွင့်အရေး တာဝန်များ ပြည့်မီစေရန် ဆွဲဆောင်ရာ၌ အခြေခံ ကျသည့် စိန်ခေါ်မှုများ ရင်ဆိုင်ခဲ့ရသည်။ နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး စနစ်သည် အတားအဆီး အများအပြားကြောင့် ကန့်သတ်ခြင်း ခံရသည်။ နိုင်ငံများအပေါ် အမှီအခိုကင်းကင်းဖြင့် လွှမ်းမိုးနိုင်ရန် လိုအပ်ချက်ကို အလှူရှင်များနှင့် လက်ခံထားသည့် နိုင်ငံများ၏ အကျိုးစီးပွားများအား တုံ့ပြန်ရခြင်းနှင့် ထိန်းညှိနေရခြင်းမှာ UNHCR အတွက် အန္တရာယ်များသည့် ညှိနှိုင်းမှု ဆိုင်ရာ လုပ်ဆောင်ချက်များ ဖြစ်သည်။ အစီအစဉ်များကို ပံ့ပိုးရန် အလှူရှင် အစိုးရများထံမှ အလှူငွေများ ကောက်ခံရုံသာမက UNHCR သည် ခိုလှုံခွင့် ပေးထားသော နိုင်ငံများကို ၎င်းတို့၏ ပိုင်နက် နယ်ပယ်များအတွင်း လှုပ်ရှားခွင့်ပြုရန် ခွင့်ပြုချက်များ တောင်းခံရသည်။ ဒုက္ခသည်များ၏ ပြဿနာများ ဖြေရှင်းရန် ကုလသမဂ္ဂ စနစ်အတွင်းမှ အဖွဲ့အစည်းများ ရေရှည် ပါဝင်လာပါက ပို၍ အောင်မြင်နိုင်သည်။ အထူးသဖြင့် UNDP ကဲ့သို့သော ဖွံ့ဖြိုးရေး ဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်ခြင်း ဖြစ်သည်။ သို့ရာတွင် ဒုက္ခသည် ရှိသည့် အခြေအနေတွင် ဒုက္ခသည် ဆိုင်ရာ အေဂျင်စီများနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အေဂျင်စီများ၏ အခန်းကဏ္ဍများနှင့် တာဝန်များကို အခြေအနေကို လိုက်၍ ဆုံးဖြတ်ကြသည်။ ဒုက္ခသည် ကိစ္စရပ်သည် ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ နိုင်ငံရေးတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်သည်။ ကမ္ဘာ့ "အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ပွဲ"၊ အစ္စလာမ် အစွန်းရောက်မှု ထကြွလာခြင်းနှင့် နိုင်ငံတကာ စံနှုန်းများကို နိုင်ငံများ၏ လိုက်နာမှု ကျဆင်းလာခြင်းတို့သည် လုံခြုံရေးနှင့် ပတ်သက်၍ နိုင်ငံများ၏ စိုးရိမ်ပူပင်မှုများကို မြင့်တက်စေသည်။ ထို့မှတဆင့် ကမ္ဘာ့တောင်ခြမ်းနှင့် မြောက်ခြမ်းမှ နိုင်ငံများသည် ၎င်းတို့ ပိုင်နက်အတွင်း နိုင်ငံခြားသားများ ဝင်ရောက်ခြင်းကို ပို၍ ထိန်းချုပ်လိုပေရာ တင်းကြပ်သော ခိုလှုံရေးဆိုင်ရာ မူဝါဒများကို ချမှတ်ကြသည်။ ဒုက္ခသည်များ၏ နေရပ် ဒေသများ၌ပင် ဒုက္ခသည် ပြဿနာကို ထိန်းသိမ်းထားလိုသည့် မူဝါဒများလည်း တွေ့ရှိရသည်။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

ဖိအားပေး ပြောင်းရွှေ့ခိုင်းခြင်း ဆိုင်ရာ ကမ္ဘာ့ ပြဿနာများကို ထိရောက်စွာ တုံ့ပြန်ရန် (လူသားချင်း စာနာမှု၊ နိုင်ငံရေး၊ ဖွံ့ဖြိုးရေးနှင့် လုံခြုံရေးနယ်ပယ်တို့မှ) မည်သည့် အဖွဲ့အစည်းများ ပါဝင်သင့်သနည်း။

## ဖြစ်ရပ် လေ့လာခြင်း၊ မြန်မာနိုင်ငံမှ ဖိအားပေး ရွှေ့ပြောင်းခိုင်းခြင်းများ

ရာစုနှစ် တစ်ဝက်ကျော်အထိ မြန်မာနိုင်ငံမှ ဆိုးရွားသည့် လူ့အခွင့်အရေး အခြေအနေများနှင့် နှစ်ပေါင်းရှည်ကြာသော ပဋိပက္ခများသည် အာရှတွင် နှစ်ပေါင်း အရှည်ကြာဆုံး ဒုက္ခသည် အခြေအနေများထဲမှ တစ်ခုကို ဖြစ်ပွားစေခဲ့သည်။ မကြာသေးမီ အချိန်အထိ မြန်မာနိုင်ငံ၏ စစ်အစိုးရသည် ဒီမိုကရေစီ အကူးအပြောင်းများကို တားဆီးခြင်းနှင့် နိုင်ငံ၏ များပြားလှသော လူနည်းစု အုပ်စုများအပေါ် စစ်ပွဲများ ဆင်နွှဲခြင်းတို့ဖြင့် အာဏာ ရယူထားခဲ့သည်။ ထို့ကြောင့် နိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာ

နိုင်ငံရေးနှင့် လူနည်းစု အုပ်စုများကို ဖိနှိပ်ခြင်းများ၊ ပဋိပက္ခများ၊ ညှံ့ဖျင်းသော အုပ်ချုပ်မှုများ၊ အကျင့်ပျက်ချစားမှုများနှင့် တိုင်းရင်းသား လူနည်းစုများ နေထိုင်သည့်ဝေးလံခေါင်ဖျားသော နယ်စပ် ဒေသများတွင် ဖွံ့ဖြိုးမှု နိမ့်ပါးခြင်းများ တွေ့ကြုံ ခံစားခဲ့ရသည်။

ဒုက္ခသည် အခွင့်အရေးဆိုင်ရာ အဖွဲ့တစ်ခုဖြစ်သည့် နိုင်ငံတကာ ဒုက္ခသည်များ (Refugees International) အဖွဲ့က ထိုအကျပ်အတည်းများကြောင့် မကြာသေးမီ ဆယ်စုနှစ်များအတွင်း လူပေါင်း သုံးသန်းခန့် ဖိအားပေး ပြောင်းရွှေ့ခြင်းများ ပြုခဲ့ရသည်ဟု ဆိုထားသည်။ မြန်မာနိုင်ငံမှ ကာလရှည်ကြာ ပဋိပက္ခများသည် ပြည်တွင်း နေရပ် စွန့်ခွာ ထွက်ပြေးရသူ အများအပြား မွေးထုတ်ပေးခဲ့သလို အိမ်နီးချင်း ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် မလေးရှား နိုင်ငံများတွင် ကာလရှည်ကြာ နေထိုင်သည့် ဒုက္ခသည် အခြေအနေများလည်း ဖန်တီးပေးခဲ့သည်။ မြန်မာ ဒုက္ခသည် ထောင်ပေါင်းများစွာသည် ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများရှိ ဒုက္ခသည် စခန်းများတွင် လွတ်လပ်စွာ ရွှေ့လျား သွားလာခွင့်၊ အလုပ်လုပ်ခွင့်များ မရှိကြဘဲ ခြေချုပ်မိ နေကြသည်။ ဒုက္ခသည် မျိုးဆက် အများအပြားသည်လည်း ထိုစခန်းများတွင် မွေးဖွား ကြီးပြင်း လာကြပြီး ကောင်းမွန်သော အနာဂတ် ရရှိရန် မျှော်လင့်ချက် ရေးရေးသာ ရှိကြသည်။ ထို့ပြင် မြန်မာနိုင်ငံသား ၂သန်းကျော်ခန့်သည်လည်း အိမ်နီးချင်း နိုင်ငံများတွင် ရွှေ့ပြောင်း လုပ်သားများ (သို့) တရားမဝင် နေထိုင်သူများအဖြစ် ခက်ခက်ခဲခဲ နေထိုင်နေကြရသည်။ ထိုရွှေ့ပြောင်းအခြေချသူ အများအပြားသည် ဒုက္ခသည်များနှင့် တူညီသော အကြောင်းပြချက်များကြောင့် မြန်မာနိုင်ငံမှ ထွက်ပြေးခဲ့ကြရသူများ ဖြစ်ပြီး ခွဲခြားဆက်ဆံမှုများ၊ အတင်းအဓမ္မ အလုပ်စေခိုင်း ခံရခြင်းများနှင့် အလားတူ လူ့အခွင့်အရေး ပြဿနာများ ရင်ဆိုင်ကြရသည်။

လွန်ခဲ့သော ဆယ်စုနှစ်များစွာအတွင်း ဖိအားပေး ရွှေ့ပြောင်းမှု ဖြစ်ပွားရခြင်း အဓိက အကြောင်းရင်းခံ နှစ်ချက် ရှိသည်။ ပထမ အချက်ကို နိုင်ငံတကာက အများစု အသိအမှတ် ပြုထားကြသည်။ ယင်းမှာ နိုဘယ်လ်ဆုရှင် အောင်ဆန်းစုကြည် ဦးဆောင်သည့် ဗမာ့ ဒီမိုကရေစီ လှုပ်ရှားမှုကို အချိန်ရှည်ကြာ ဖိနှိပ်ထားသောကြောင့် ဖြစ်သည်။ ဒုတိယ အနေဖြင့် ရွှေ့ပြောင်းမှုများ ဖြစ်ပွားစေသည့် အထင်ရှားဆုံး နည်းလမ်းများမှာ နိုင်ငံ၏ လူနည်းစု အုပ်စုများ ဖြစ်သည့် ကရင်၊ ကရင်နီ၊ မွန်၊ ရှမ်း၊ ကချင်နှင့် အရှေ့ပိုင်း နယ်စပ်ဒေသရှိ အုပ်စုများ၊ အိန္ဒိယ နယ်စပ်ရှိ ချင်းလူမျိုးများနှင့် ကာလရှည်ကြာ ပဋိပက္ခများ ဖြစ်ခြင်း၊ ပုန်ကန်မှု နှိမ်နင်းရေးများ လုပ်ဆောင်ခြင်းကြောင့် ဖြစ်သည်။ ထို့ပြင် စစ်တပ်နှင့် ဗုဒ္ဓဘာသာ အစွန်းရောက်များသည် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရိုဟင်ဂျာ မူဆလင်များကိုလည်း စနစ်တကျ ဖိနှိပ်မှုများ ဆောင်ရွက် ကြသည်။

အောင်ဆန်းစုကြည်နှင့် သူမ၏ ပါတီ၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) တို့ကို ၁၉၉၀ ပြည့်နှစ်တွင် တစ်ခဲနက် ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ မြန်မာ စစ်တပ်က ထိုရလဒ်ကို လက်ခံရန် ငြင်းပယ်ခဲ့ပြီး ဆန္ဒပြပွဲများကို ဖျက်ဆီးရန်နှင့် အန်အယ်လ်ဒီအပေါ် ထောက်ခံမှုများကို အဆုံးသတ်ပစ်ရန် ပြည်လုံးကျွတ် အစီအစဉ်များ ဆောင်ရွက်ခဲ့သည်။ အောင်ဆန်းစုကြည်ကို နေအိမ် အကျယ်ချုပ် ချထားခဲ့ပြီး အန်အယ်လ်ဒီ အဖွဲ့ဝင် ရာပေါင်းများစွာကိုလည်း ထောင်သွင်း အကျဉ်းချခဲ့သည်။ မိမိတို့၏ အသက်အန္တရာယ်ကို စိုးရိမ်သောကြောင့် မြန်မာ ကျောင်းသားများနှင့် နိုင်ငံရေး တက်ကြွ လှုပ်ရှားသူ ထောင်ပေါင်းများစွာတို့သည် အိမ်နီးချင်း နိုင်ငံများသို့ တိမ်းရှောင် ထွက်ပြေးကြသည်။ ၂၀၀၇ ခုနှစ်တွင် စစ်တပ်၏ နိုင်ငံရေး ဖိနှိပ်မှုများကို မြန်မာနိုင်ငံ တစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ဆန့်ကျင် ဆန္ဒပြခြင်းများ ဖြစ်ပွားခဲ့သည်။ စစ်တပ်က အင်အားသုံး

ဖြိုခွင်းခဲ့ပြီး ဆန္ဒပြပွဲအချို့ကို ဦးဆောင်ခဲ့သည့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ အပါအဝင် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ အများအပြားကို ထောင်ချခြင်း၊ ညှဉ်းပန်း နှိပ်စက်ခြင်းများ ပြုလုပ်ခဲ့သည်။

နောက်ဆုံး ၂၀၁၀ နိုဝင်ဘာလတွင် စစ်တပ်က တရားမျှတမှု မရှိသော ရွေးကောက်ပွဲများကို နိုင်ငံရေးတွင် စစ်တပ်၏ အဓိက အခန်းကဏ္ဍကို အာမခံထားပြီး လွှတ်တော်အသစ်၏ လေးပုံ တစ်ပုံသော အမတ်နေရာများကို စစ်တပ်အတွက် သီးသန့် ဖယ်ပေးထားသော စစ်တပ် ဦးဆောင် ရေးသားခဲ့သည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအောက်တွင် ကျင်းပခဲ့သည်။ အန်အယ်လ်ဒီက ထိုရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ပြီး ယင်းမှာ တရားမျှတမှု မရှိဟုဆိုကာ ရှုတ်ချခဲ့သည်။ သို့ရာတွင် ရွေးကောက်ပွဲပြီး များမကြာမီမှာပင် အောင်ဆန်းစုကြည်ကို နေအိမ် အကျယ်ချုပ်မှ လွှတ်ပေးခဲ့ပြီး စစ်တပ်က အာဏာကို အရပ်သား တစ်ပိုင်း အစိုးရထံ လွှဲပြောင်း ပေးခဲ့သည်။ အစိုးရ အသစ်သည် ပြည်တွင်း ပြန်လည်ရင်ကြားစေ့ရေးအတွက် ဖြစ်နိုင်ချေများ ဖန်တီးပေးခဲ့ပြီး ဒီမိုကရေစီ ပြုပြင် ပြောင်းလဲရေးအတွက် ကနဦး ခြေလှမ်းများ စတင်ခဲ့သည်။ ဆင်ဆာစနစ်ကို ဖြေလျှော့ပေးခဲ့ပြီး ရာပေါင်းများစွာသော နိုင်ငံရေး အကျဉ်းသားများကိုလည်း လွှတ်ပေးခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် အောင်ဆန်းစုကြည်နှင့် အခြားသော အန်အယ်လ်ဒီ အဖွဲ့ဝင်များသည် ကြားဖြတ် ရွေးကောက်ပွဲ မှတဆင့် လွှတ်တော် အသစ်ထဲသို့ ရွေးချယ်ခံခဲ့ရသည်။ အစိုးရက နောက်ထပ် ပြုပြင် ပြောင်းလဲမှုများအား အရှိန်အဟုန်မြင့် လုပ်ဆောင်ခဲ့သည်။

နိုင်ငံရေးအရ ဖြေလျှော့မှုများ လျင်မြန်စွာ ဖြစ်လာခဲ့သော်လည်း အစိုးရ တပ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရယူလိုသည့် လက်နက်ကိုင် တပ်ဖွဲ့များအကြား ကြိုကြား၊ ကြိုကြား ပဋိပက္ခများ ဖြစ်ပွားနေကြဆဲပင်။ ဒုက္ခသည် အသစ် ထောင်ပေါင်းများစွာသည် မကြာသေးမီ နှစ်များအတွင်း ထိုင်းနှင့် တရုတ်ပြည်နယ်စပ်များသို့ ဖြတ်ကျော် ဝင်ရောက်ခဲ့ကြသည်။ စစ်တပ်သည် ဆယ်စုနှစ် ပေါင်းများစွာ တိုင်းရင်းသား လူနည်းစုများ၏ အရပ်သား ထောက်ခံမှုများကို ပစ်မှတ်ထားခြင်းဖြင့် လူနည်းစု အုပ်စုများ၏ နိုင်ငံရေးနှင့် စစ်ရေး အဖွဲ့အစည်းများကို အင်အားနည်းအောင် လုပ်ဆောင် ခဲ့ကြသည်။ လက်နက်ကိုင် ပဋိပက္ခသည် အရပ်သားများ နေထိုင်သည့် ဒေသ အများအပြားကို ဆင်းရဲမွဲတေစေခဲ့ပြီး စစ်တပ်၏ သိမ်းပိုက်မှု၊ လူမှု ထိန်းချုပ်မှု၊ လူမျိုးစုကို လိုက်၍ ခွဲခြား ဆက်ဆံမှုနှင့် နိုင်ငံတော်မှ ဦးစီးသည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ဖြင့် အရပ်သားများကို နေရပ်မှ စွန့်ခွာ ထွက်ပြေး စေခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ ကြာအောင် မြန်မာ အစိုးရသည် ရွာသားများ၏ မြေများကို အတင်းအဓမ္မ သိမ်းပိုက်ပြီး အရပ်သားများကို အစိုးရ အုပ်ချုပ်သည့် ကျေးရွာသစ်များသို့ ပြောင်းရွှေ့ ခိုင်းသည်။ ယင်းမှာ ၎င်းတို့၏ တော်လှန် ပုန်ကန်သူ နှိမ်နင်းရေး မဟာဗျူဟာ၏ အစိတ်အပိုင်း တစ်ခု ဖြစ်ပြီး အလုပ်သမားများနှင့် အခြားသော အရင်းအမြစ်များကိုလည်း အခမဲ့ ရယူရန် ကြိုးပမ်းခြင်း ဖြစ်သည်။

အရှေ့ဘက် နယ်စပ် ဒေသများတွင် မြန်မာ တိုင်းရင်းသား လူနည်းစု အနည်းဆုံး ငါးသိန်းခန့်သည် ဖိအားပေး ပြောင်းရွှေ့ခိုင်းခြင်း ခံရပြီး သိသာထင်ရှားသည့် နိုင်ငံတကာ အကူအညီများလည်း မရရှိကြပေ။ အခွန်အခ အမျိုးမျိုးနှင့် အတင်းအဓမ္မ လုပ်အားပေးရန် ခိုင်းစေခြင်းများကြောင့် အရပ်သား အများအပြားသည် မိမိဘာသာမိမိ ရပ်တည်နိုင်စွမ်း မရှိကြပေ။ အစားအစာ မလုံလောက်ခြင်း၊ ပညာသင်ခွင့်နှင့် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများ မရှိခြင်း၊ ကြီးမားသော ကျန်းမာရေး အကြပ်အတည်းများ ဖြစ်ပွားခြင်း (ငှက်ဖျား၊ ဝမ်းပျက် ဝမ်းလျှောခြင်း၊ HIV/AIDS စသည်) တို့က မြန်မာနိုင်ငံတွင် ကြီးမားသော လူသားချင်း

စာနာမှု ဆိုင်ရာ အကျပ်အတည်း တစ်ခုကို ဖြစ်ပွားစေသည်။ ယင်းဖြစ်ရပ်များ အားလုံးသည် ၂၀၀၈ ခုနှစ် မေလတွင် မြန်မာပြည် တောင်ပိုင်း ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသတွင် တိုက်ခိုက်သွားခဲ့သော ဆိုက်ကလုန်း ကဲ့သို့သော သဘာဝ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရသောအခါ ပို၍ ထိလွယ် ခိုက်လွယ် ဖြစ်စေသည်။

စစ်တပ်၏ တိုင်းရင်းသား လူနည်းစုများကို ဖိနှိပ်မှုများကြောင့် ဒုက္ခသည် အများအပြား ထိုင်းနိုင်ငံသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရပြီး ကရင်၊ ကရင်နီနှင့် အခြားသော တိုင်းရင်းသား လူနည်းစု တစ်သိန်းကျော်ခန့်မှာ ဒုက္ခသည် စခန်းများတွင် နေထိုင်နေရဆဲ ဖြစ်သည်။ ထို့ပြင် ထိုင်းနိုင်ငံ ပြင်ပရှိ ဒုက္ခသည် စခန်းများတွင်လည်း ဒုက္ခသည် ထောင်ပေါင်းများစွာ ရှိနိုင်ပြီး ထိုင်းနိုင်ငံ၏ မြို့များတွင် မြန်မာ ရွှေ့ပြောင်းလုပ်သား ၁.၅ သန်းခန့် အနည်းလေး ရှိသည်။

မကြာသေးမီ နှစ်များအတွင်း မြန်မာ စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ကနဦး အပစ်အခတ် ရပ်စဲရေးများသည် တိုက်ပွဲများကို လျော့ကျစေခဲ့သည်။ သို့ရာတွင် အရှေ့ဘက် နယ်စပ် ဒေသများတွင် စစ်ရေး အင်အား ဖြည့်တင်းမှုများ လျော့ကျသွားခြင်း မရှိပေ။ မြန်မာ စစ်တပ်သည် ရှမ်းပြည်နယ်မှ နယ်မြေများကို သိမ်းယူပြီး မြန်မာနိုင်ငံ၏ တိုင်းရင်းသား လူနည်းစုများကို ခြိမ်းခြောက်မှုများ ပြုလုပ်နေဆဲပင်။ စစ်တပ်နှင့် လက်နက်ကိုင်များအကြား၊ အထူးသဖြင့် ကချင် လက်နက်ကိုင်များ၊ တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေပြီး ကချင်လူမျိုး အများအပြားမှာ နယ်စပ် တရုတ်ပြည်သို့ ထွက်ပြေးရသည်။

ဘင်္ဂလားဒေ့ရှ်နှင့် နယ်စပ် ထိစပ်နေသည့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင်မူ မြန်မာ စစ်တပ်နှင့် ဗုဒ္ဓဘာသာ အစွန်းရောက်များသည် ရိုဟင်ဂျာ မူဆလင်များကို ပြင်းပြင်းထန်ထန် ခွဲခြား ဆက်ဆံသည့် မူဝါဒများ လုပ်ဆောင်ကြပြီး ရာပေါင်းများစွာသော အသက်သေဆုံးမှုများ ဖြစ်ပွားစေကာ လူပေါင်း တစ်သိန်း လေးသောင်းကျော်ကို နံစော် ညစ်ပတ်နေသော ဒုက္ခသည် စခန်းများသို့ တိမ်းရှောင် နေစေခဲ့သည်။ ရိုဟင်ဂျာများအပေါ် ဘာသာရေးအရ သဘောထားကြီးမှု မရှိခြင်း၊ အမုန်းစကားနှင့် နှိမ့်ချဆက်ဆံသော ပြောဆို ရေးသားမှုများသည် ဗဟု ယဉ်ကျေးမှု ရှိသော၊ အခွင့်အရေးကို အခြေခံသော၊ အားလုံး ပါဝင်သော လူ့အဖွဲ့အစည်း တစ်ခု ထွက်ပေါ်လာရေး မျှော်လင့်ချက်များကို ပျက်ပြားစေခဲ့သည်။ ယင်းမျှော်လင့်ချက်များသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ထောက်ပံ့ပေးထားသော မျှော်လင့်ချက်များလည်း ဖြစ်သည်။ အစိုးရ မူဝါဒများသည် ရိုဟင်ဂျာ မူဆလင်များကို နိုင်ငံမဲ့များ ဖြစ်စေရုံသာမက ရိုဟင်ဂျာများနှင့် အိန္ဒိယ နိုင်ငံ အရှေ့မြောက်ပိုင်း နယ်စပ် ဒေသတွင် ချင်းပြည်နယ်တွင် နေထိုင်သည့် ချင်းလူမျိုးများ ကဲ့သို့သော အခြား တိုင်းရင်းသား လူနည်းစုများ၏ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် လူမျိုးရေး ဆိုင်ရာ မျှော်လင့်ချက်များ ကိုလည်း စနစ်တကျ ဖျက်ဆီးပစ်ကြသည်။ ထိုမူဝါဒများသည် လူထု ဘဝများ၊ ဘာသာရေး ဝန်းကျင်များနှင့် ယဉ်ကျေးမှုများကိုလည်း ဖျက်ဆီးပစ်သည်။ အဆိုပါ ဖိနှိပ်သည့် မူဝါဒများသည် ဆယ်စုနှစ် အများအပြားအတွင်း ဒုက္ခသည်များ ထွက်ပြေးမှုများကို မကြာခဏ ဖြစ်ပွား စေခဲ့သည်။ ဒုက္ခသည်များ ထွက်ပြေးသည့် ဖြစ်ရပ် နှစ်ခုမှာ ၁၉၇၈ နှင့် ၁၉၉၁ ခုနှစ်တို့တွင် ဖြစ်ပွားခဲ့ပြီး ထိုဖြစ်ရပ် နှစ်ကြိမ်လုံးတွင် ရိုဟင်ဂျာ နှစ်သိန်း ငါးသောင်းခန့်သည် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာကာ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးရသည်။ ၂၀၁၅ ခုနှစ်တွင် ရိုဟင်ဂျာ ထောင်ပေါင်းများစွာသည် ဒုက္ခသည် စခန်းများတွင်သာ နေထိုင်နေရဆဲ ဖြစ်ပြီး ရိုဟင်ဂျာ နှစ်သိန်းခန့်သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ စခန်းများတွင် နေကြရသည်။ ချင်းဒုက္ခသည် ရှစ်သောင်းခန့်သည်လည်း စစ်တပ်၏

အလားတူ ဖိနှိပ်မှုများမှ ထွက်ပြေး တိမ်းရှောင်ကာ အိန္ဒိယ နိုင်ငံတွင် ခိုလှုံနေရသည်။ လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုအတွင်း လူမျိုးပေါင်းစုံ မြန်မာ ဒုက္ခသည် ထောင်ပေါင်းများစွာသည် မလေးရှား နိုင်ငံတွင် ခိုလှုံခွင့် ရယူပြီး နေထိုင်နေကြသည်။

မကြာသေးမီ နှစ်များအတွင်း ထောင်ပေါင်းများစွာသော ရိုဟင်ဂျာများသည် လုံခြုံမှု မရှိသော သစ်သားလှေများကို အသုံးပြုကာ ဘင်္ဂလားဒေ့ရှ်နှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတို့မှ မလေးရှားနှင့် အခြား အိမ်နီးချင်း နိုင်ငံများသို့ ရွက်လွှင့်ကြသည်။ အဆိုပါ ခရီးစဉ် အချို့မှာ ကြေကွဲစရာ ဖြစ်ရပ်များနှင့် အဆုံးသတ်ရပြီး ခရီးသည်များသည် အစာရေစာ ပြတ်လပ်ခြင်း၊ ရေဓာတ် ကုန်ခန်းခြင်း၊ ရေနစ်သေဆုံးခြင်းများ ကြုံတွေ့ရသည်။ ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းတွင် ထောင်ပေါင်း များစွာသော ရိုဟင်ဂျာများနှင့် ဘင်္ဂလားဒေ့ရှ် လူမျိုးများကို ပင်လယ်ထဲတွင် လူကုန်ကူးသူများက ထားပစ်ခဲ့ကြသည်။ မလေးရှားနှင့် အင်ဒိုနီးရှား အာဏာပိုင်များက ရွှေ့ပြောင်း ဝင်ရောက် လိုသူများကို ကယ်ဆယ်ရန် ငြင်းပယ်ခဲ့ပြီး အဆိုပါ ဒုက္ခသည် လှေများကို ပင်လယ်ထဲသို့ တွန်းထုတ်ပစ်ခဲ့ကြသည်။ ယင်းဖြစ်ရပ်ကြောင့် ဒုက္ခသည် များစွာ အသက်ဆုံးရှုံး ခဲ့ရသည်။

မြန်မာနိုင်ငံရှိ IDP များ၏ အခြေအနေဆိုးများနှင့် တောင်နှင့် တောင်အာရှတွင် မြန်မာ ဒုက္ခသည်များ ရှိနေခြင်းသည် ကမ္ဘာပေါ်တွင် အခက်ခဲဆုံးနှင့် အရှုပ်ထွေးဆုံး ကာလရှည်ကြာ ဒုက္ခသည် အခြေအနေတစ်ခုကို ဖန်တီးပေးသည်။ ဒေသတွင်းရှိ နိုင်ငံ အများစုက ဒုက္ခသည်များကို လူသာချင်း စာနာမှုဆိုင်ရာ စိုးရိမ်ဖွယ်ရာ တစ်ခုထက် လုံခြုံရေး ကိစ္စရပ် အဖြစ်သာ အဓိက ရှုမြင်ကြပြီး မြန်မာနိုင်ငံ၏ ရိုဟင်ဂျာများအပေါ် ဆက်ဆံမှုများအား ဝေဖန်ခြင်းဖြင့် ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်ရန် လက်ရှောင်ကြသည်။ ဒေသတွင်း နိုင်ငံ အများစုသည် ကုလသမဂ္ဂ၏ ဒုက္ခသည် ဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး မထားဘဲ ၎င်းတို့ နိုင်ငံများတွင် ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အထောက်အပံ့နှင့် အကူအညီ ပေးရေး အခန်းကဏ္ဍများကို ကန့်သတ်ထားကြသည်။

အနောက်နိုင်ငံများသည် မကြာသေးမီ နှစ်များအတွင်း ထိုင်းနိုင်ငံမှ မြန်မာ ဒုက္ခသည် ထောင်ပေါင်းများစွာကို ပြောင်းရွှေ့ အခြေချခွင့် ပေးခဲ့သည်။ သို့ရာတွင် ထိုအကျပ်အတည်းကို ဖြေရှင်းရန်မှာ ယင်းတို့ကို ဖြစ်ပွားစေသည့် နိုင်ငံရေး ဖြေရှင်းချက်များ ရှာဖွေရန် ဖြစ်သည်။ စစ်တပ်နှင့် တိုင်းရင်းသား လူနည်းစုများ အကြား ပဋိပက္ခများ၊ ရိုဟင်ဂျာများနှင့် အခြားသော လူနည်းစု အုပ်စုများ၏ နိုင်ငံသား ဖြစ်ခွင့်နှင့် အခြား အခြေခံ ကျသော အခွင့်အရေးများကို ငြင်းပယ်ခြင်းတို့အား အပြည့်အဝ ဖြေရှင်းနိုင်မှသာ မြန်မာနိုင်ငံ၏ နှစ်ပေါင်းရှည်ကြာနေသော ဒုက္ခသည် အခြေအနေကို ဖြေရှင်းနိုင်မည် ဖြစ်သည်။ နောက်ဆုံး အနေဖြင့် ဒုက္ခသည်များနှင့် IDP များ နေရပ် မပြန်မီ အဓိပ္ပာယ် ပြည့်ဝသော ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် ကျယ်ပြန့်သော ပြန်လည် ထူထောင်ရေး အစီအစဉ်များကို နိုင်ငံတကာ အသိုင်းအဝိုင်း၏ အကူအညီနှင့် လုပ်ဆောင်ရမည် ဖြစ်သည်။ ၂၀၁၅ နှစ်ကုန်ပိုင်းတွင် အန်အယ်လ်ဒီသည် ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်။ သို့ရာတွင် အန်အယ်လ်ဒီမှ တိုင်းပြည်၏ လူနည်းစု အုပ်စုများအတွက် အရေးပါသည့် ပြုပြင် ပြောင်းလဲမှုများ ပြုလုပ်မည့် အရိပ်အယောင်တော့ မတွေ့ရသေးပေ။

အနှစ်ချုပ်

မြန်မာနိုင်ငံမှ ကာလရှည်ကြာ ဒုက္ခသည် အခြေအနေသည် နိုင်ငံရေး ဖိနှိပ်ခြင်း၊ လက်နက်ကိုင် ပဋိပက္ခနှင့် နယ်စပ်ဒေသများတွင် စစ်တပ်၏ အခြေစိုက် သိမ်းပိုက်မှုများနှင့် စီးပွားရေး စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းများ၏ ရလဒ်များ ဖြစ်သည်။

ရိုဟင်ဂျာ မူဆလင်များသည် ကမ္ဘာပေါ်ရှိ ထိလွယ် ခိုက်လွယ်မှု အများဆုံး ကာလရှည်ကြာ ဒုက္ခသည် အခြေအနေများအနက် တစ်ခု ဖြစ်သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်း နိုင်ငံများ (ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ အိန္ဒိယနှင့် တရုတ် နိုင်ငံများ) တွင် ခိုလှုံသူ အများအပြားအပြင် မြန်မာပြည်တွင်းတွင်လည်း နေရပ်စွန့်ခွာ ထွက်ပြေး ရသူ အများအပြား ရှိသည်။

တိုင်းရင်းသား ပဋိပက္ခများ၊ လူမျိုးရေးနှင့် ဘာသာရေး ခွဲခြား ဆက်ဆံမှုများ၊ အခြား လူသားချင်း စာနာမှုဆိုင်ရာ အကျပ်အတည်းများအတွက် နိုင်ငံရေးအဖြေ မရှာနိုင်သရွေ့ မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ တည်ငြိမ်မှု ရှိမည်မဟုတ်ဘဲ မြန်မာပြည်မှ ဖိအားပေး ရွှေ့ပြောင်းခံရသူများ အတွက်လည်း အဆုံးသတ် ရရှိနိုင်မည် မဟုတ်ပေ။

**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**

ပြည်တွင်းရှိ လူနည်းစု အုပ်စုများ၏ လူ့အခွင့်အရေး ကာကွယ်ခြင်း ကိစ္စရပ်သည် အနာဂတ် မြန်မာနိုင်ငံတွင် နိုင်ငံရေး တည်ငြိမ်မှု ရရှိရေးအတွက် မည်ကဲ့သို့ အထောက်အကူ ပြုသနည်း။

## ရှေ့ဆက်ရန်၊ မဟာမိတ် အသစ်များနှင့် ဇာတ်ကောင် အသစ်များ လိုအပ်ခြင်း

လက်ရှိ နိုင်ငံတကာ နိုင်ငံရေးနှင့် စီးပွားရေး ပတ်ဝန်းကျင်များတွင် ဖိအားပေး ရွှေ့ပြောင်း ခံရခြင်းကို ဖြေရှင်းရန်မှာ နိုင်ငံတကာ လူသားချင်း စာနာမှု အဖွဲ့များနှင့် နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး စနစ်များ၏ တာဝန်များဖြင့်သာ ရှေ့ဆက်၍ မရကြောင်း ပို၍ အသိအမှတ် ပြုလာကြသည်။ အတိုချုံး ဆိုရသော် UNHCR သည် ဒုက္ခသည်များ၊ IDP များနှင့် အခြားသော ဖိအားပေး ပြောင်းရွှေ့ခံရသူများ၏ ပြဿနာများကို တစ်ဖွဲ့တည်း ရင်ဆိုင် ဖြေရှင်း၍ မရပေ။ ဖိအားပေး ရွှေ့ပြောင်းရခြင်းများ၏ အဖြေကို အခြားသော နိုင်ငံတကာ စိုးရိမ်ပူပန်မှုများ ဖြစ်သည့် လူ့အခွင့်အရေး၊ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် လုံခြုံရေးတို့မှ ခွဲခြား၍ မရပေ။ ဒုက္ခသည် ပြဿနာများသည် သဘာဝအားဖြင့် အစိတ်အပိုင်းမျိုးစုံ ပါဝင်လေရာ UNHCR သည် ၎င်းတို့ အဖွဲ့အစည်းနှင့် ထိုပြဿနာရပ်များကို ကိုင်တွယ်သည့် အခြား အဖွဲ့အစည်းများ အကြား ဆက်သွယ်မှုများ တည်ဆောက်ရန် လိုအပ်သည်။ ဒုက္ခသည် ပြဿနာရပ် အပေါ် အဆိုပါ ချဉ်းကပ်ပုံ အသစ်အရ အဖြေရှာရာတွင် ဇာတ်ကောင်များ အများအပြား ပါဝင်စေခြင်း၊ ဒုက္ခသည်များ ကာကွယ်ရေး စနစ်က ဖြေရှင်းမည့် ကိစ္စရပ်များ တိုးမြှင့်ခြင်းနှင့် အကျိုးအမြတ် ရစေမည့် လူအုပ်စုများ တိုးမြှင့်ခြင်းတို့ ပါဝင်သည်။

### ကုလသမဂ္ဂ စနစ်အတွင်း UNHCR မှ လှုံ့ဆော်သူ အဖြစ် ပါဝင်ခြင်း

အခြား အဖွဲ့အစည်းများနှင့် ဦးဆောင် ဦးရွက်ပြုကာ ဆက်သွယ်ဖလှယ်ရာတွင် UNHCR သည် ၎င်းတို့၏ တာဝန်များ ကျယ်ပြန့်လာခြင်းနှင့် ရွှေ့ပြောင်း အခြေချမှု ဆိုင်ရာ အဖွဲ့အစည်း (သို့) ဖွံ့ဖြိုးရေး အဖွဲ့အစည်း

ဖြစ်လာနိုင်ချေများကို ဆန့်ကျင်ရမည်။ UNHCR သည် အခြားသော နိုင်ငံတကာ အဖွဲ့အစည်းများကို ဒုက္ခသည်များနှင့် စပ်လျဉ်းသော ၎င်းတို့၏ တာဝန်များကို ဖြည့်ဆည်းရန် အကူအညီပေးသည့်၊ လှုံ့ဆော် တိုက်တွန်းသည့် အခန်းကဏ္ဍ ရယူသင့်သည်။ အတိုချုံး ဆိုရသော် UNHCR သည် နည်းနည်းလုပ်ခြင်းဖြင့် များများပြီးအောင် လုပ်ရန် လိုအပ်ပြီး ၎င်းတို့ လုပ်ဆောင်ရသည့် ချဉ်းကပ် စည်းရုံးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ကူညီပံ့ပိုးပေးခြင်း အခန်းကဏ္ဍများတွင် ပို၍ အာရုံစိုက်ကာ မဟာဗျူဟာကျကျ လုပ်ဆောင်သင့်သည်။

ထိရောက်သော အကာအကွယ် ပေးခြင်းနှင့် ဒုက္ခသည်များအတွက် အဖြေရှာခြင်းများသည် ကုလသမဂ္ဂ၏ စနစ်တစ်ခုလုံးကို လွှမ်းခြုံသည့် ချဉ်းကပ်ပုံအပေါ် မူတည်နေသည်။ ဒုက္ခသည်များကို UNHCR ၏ တာဝန်ဟုသာ မမြင်သင့်ပေ။ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ အခြား လူသားချင်း စာနာမှု ဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေး တည်ဆောက်ရေး ကော်မရှင်နှင့် ကုလသမဂ္ဂ ရွှေ့ပြောင်း အခြေချခြင်း ဆိုင်ရာ အဖွဲ့အစည်းများ အားလုံးသည် ဒုက္ခသည် ကိစ္စရပ်တွင် ၎င်းတို့၏ အခန်းကဏ္ဍများကို အသိအမှတ်ပြုရန် လိုအပ်သည်။ UNHCR သည် အဆိုပါ အဖွဲ့အစည်းများနှင့် ရှင်းလင်းစွာ သတ်မှတ်ထားသော ပူးပေါင်းမှုများ ရှိသင့်ပြီး ၎င်းတို့၏ ကျွမ်းကျင်မှုများကို ယူသုံးသင့်သည်။ ထိုကဲ့သို့သော ပူးပေါင်းရေး သဘောတူညီချက်များကို ထိရောက်စေရန် အထွေထွေ အတွင်းရေးမှူးရုံးနှင့် ကုလသမဂ္ဂ အထွေထွေ ညီလာခံတို့က အခြားသော အဖွဲ့အစည်းများကို ၎င်းတို့၏ ဒုက္ခသည်များအပေါ်တွင် ရှိသော တာဝန်များအား သတိပြုမိ လာစေပြီး UNHCR နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း သတိပေးရန် လိုအပ်သည်။

UNHCR သည်လည်း ၎င်းလှုပ်ရှားနေရသော နိုင်ငံရေးဆန်သည့် ပတ်ဝန်းကျင်အကြောင်း ပို၍ သတိပြုမိလာရန် လိုအပ်သည်။ အဆိုပါ ပတ်ဝန်းကျင်ကို နိုင်ငံများ၏ အကျိုးစီးပွားများ၊ လုပ်နိုင်စွမ်းများက အကဲဖြတ်သည်။ ကမ္ဘာတစ်ဝန်းတွင် ဒုက္ခသည် အကျပ်အတည်းများ ပိုပိုများလာ လေရာ ကမ္ဘာ့ ဒုက္ခသည် ပြဿနာကို တုံ့ပြန်ရန် UNHCR သည် နိုင်ငံများနှင့် ပူးပေါင်းကာ လုပ်ဆောင်ရမည်။ UNHCR အနေဖြင့် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုများနှင့် သင့်လျော်သည့် ပမာဏ၊ ကျယ်ပြန့်မှုနှင့် အချိန် အတိုင်းအတာအရ ဝန်ထုတ်ဝန်ပိုးများ ဝေမျှခြင်းကို ပံ့ပိုးကူညီပေးခြင်း၊ အားပေးခြင်းများ လုပ်ဆောင်သင့်သည်။

အနာဂတ်တွင် နိုင်ငံများသည် ဝန်ထုတ်ဝန်ပိုး ဝေမျှသည့် ပုံစံ နှစ်မျိုးကို အသုံးပြုသင့်သည်။ ထိရောက်သော အကာအကွယ် ပေးရန်နှင့် ဖြေရှင်းချက်များ ရှာဖွေရန် နိုင်ငံများသည် UNHCR နှင့် လက်ခံထားသည့် နိုင်ငံများ လိုအပ်သည့် အရင်းအမြစ်များကို ပံ့ပိုးပေးခြင်းဖြင့် ငွေရေးကြေးရေး ဝန်ထုတ်ဝန်ပိုးကို မျှဝေခံစား နိုင်သည်။ ယခင်က ဝန်ထုတ်ဝန်ပိုး မျှဝေ ခံစားရန် နိုင်ငံများ၏ ငွေကြေးထည့်ဝင်မှုများသည် အကန့်အသတ်နှင့်သာ ရှိပြီး ရွေးချယ်မှု မြင့်မားသည်။ နိုင်ငံများသည် UNHCR ၏ နှစ်စဉ် ရန်ပုံငွေအတွက် ထည့်ဝင်ခြင်း (သို့) လာရောက် အခြေချခွင့် ပေးခြင်းများသာ လုပ်ဆောင်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အတွက် အချို့သော လူအုပ်စုများ (သို့) အခြေအနေများသည်သာ အကျိုးစီးပွား ရနိုင်ခြေ ရှိခြင်းကြောင့် ဖြစ်သည်။ ထိုအကျိုးစီးပွား များသည် ဒုက္ခသည်များကို ကာကွယ်ခြင်းနှင့် အမြဲ တိုက်ရိုက် မသက်ဆိုင်ဘဲ အခြား ဆက်စပ်နေသည့် ဖြစ်ရပ် နယ်ပယ်များမှ ပေါ်ထွက်လာသည်။ ဥပမာ မဟာဗျူဟာ (သို့) နိုင်ငံခြားရေး မူဝါဒ ဆိုင်ရာ အကျိုးစီးပွားများက စစ်အေးတိုက်ပွဲ ကာလတွင် ထည့်ဝင်ခြင်းများကို အဆုံးအဖြတ် ပေးသည်။ စစ်အေး တိုက်ပွဲပြီး

နောက်ပိုင်းတွင် ထည့်ဝင်ငွေများသည် လုံခြုံရေး၊ ရွှေ့ပြောင်း အခြေချမှု (သို့) ဖွံ့ဖြိုးရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုများအပေါ် အခြေခံသည်။

ဒုက္ခသည်များ ကာကွယ်ရေး စနစ်သည် ကမ္ဘာ့ နိုင်ငံရေး အခြေအနေများကို အသိအမှတ်ပြုခြင်း၊ တုံ့ပြန်ခြင်းများအား ရှောင်လွှဲ၍ မရပေ။ သမိုင်းစဉ်လာအရ UNHCR သည် နိုင်ငံရေးအရ တက်ကြွသည့် အခန်းကဏ္ဍမှ ပါဝင်ပါက အထိရောက်ဆုံး ဖြစ်ပြီး နိုင်ငံများ၏ ကျယ်ပြန့်သော အကျိုးစီးပွားများကို အသိအမှတ်ပြုကာ ဖြေရှင်း ဆောင်ရွက်လိုစိတ် ရှိရမည် ဖြစ်သည်။ တစ်ဘက်တွင်မူ UNHCR သည် တက်ကြွစွာ လုပ်ဆောင်မှု မရှိဘဲ နည်းပညာ အကူအညီပေးသည့် အခန်းကဏ္ဍသာ ရယူထားပါက ထိရောက်မှု အနည်းဆုံး ဖြစ်သည်။ စိန်ခေါ်မှုမှာ စိတ်ဆန္ဒ မရှိဘဲနှင့် နိုင်ငံရေး အခြေအနေများ၏ ပုံသွင်းမှုကို မခံဘဲ (သို့) နိုင်ငံများ၏ အကန့်အသတ် တိုးမြင့်သည့် မူဝါဒများကို တရားဝင် မဖြစ်စေဘဲ နိုင်ငံများကို ၎င်းတို့၏ အကျိုးစီးပွားများနှင့် ကိုက်ညီကြောင်း ဖြောင်းဖျခြင်းနှင့် နိုင်ငံရေးတွင် ပါဝင်ခြင်း ဖြစ်သည်။

| အနှစ်ချုပ် |
| --- |
| UNHCR သည် ဒုက္ခသည်များ၊ IDP များနှင့် အခြားသော ဖိအားပေး ပြောင်းရွှေ့ခံရသူများ၏ ပြဿနာများကို တစ်ဖွဲ့တည်း ရင်ဆိုင် ဖြေရှင်း၍ မရပေ။ ဖိအားပေး ရွှေ့ပြောင်းရခြင်းများ၏ အဖြေကို အခြားသော နိုင်ငံတကာ စိုးရိမ်ပူပန်မှုများ ဖြစ်သည့် လူ့အခွင့်အရေး၊ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် လုံခြုံရေးတို့မှ ခွဲခြား၍ မရပေ။ UNHCR သည် လူ့အခွင့်အရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေး ကဲ့သို့သော ကိစ္စရပ်များကို လုပ်ဆောင်နေသည့် အဖွဲ့အစည်းများနှင့် ဆက်ဆံရေး တည်ဆောက်ရန် လိုအပ်သည်။<br>နိုင်ငံတကာ အဖွဲ့အစည်းများကို ၎င်းတို့၏ ဒုက္ခသည်များနှင့် စပ်လျဉ်းသော တာဝန်များကို ဖြည့်ဆည်းပေးနိုင်ရန် UNHCR က ပံ့ပိုးကူညီရေးနှင့် လှုံ့ဆော်ရေး အခန်းကဏ္ဍကို ယူသင့်သည်။<br>UNHCR အနေဖြင့် နိုင်ငံရေးအရ ပို၍ တက်ကြွသော အဖွဲ့အစည်း ဖြစ်လာသင့်ပြီး နိုင်ငံများနှင့် လက်တွဲကာ နိုင်ငံတကာ ပူးပေါင်းမှုနှင့် ဝန်ထုတ်ဝန်ပိုး မျှဝေမှုတို့ကို လုပ်ဆောင်ရန် ကူညီပေးခြင်း၊ အားပေး အားမြှောက် ပြုခြင်းများ လုပ်ဆောင်သင့်သည်။<br>ထိရောက်သော အကာအကွယ် ပေးရန်နှင့် ဖြေရှင်းချက်များ ရှာဖွေရန် နိုင်ငံများသည် UNHCR နှင့် လက်ခံထားသည့် နိုင်ငံများ လိုအပ်သည့် အရင်းအမြစ်များကို ပံ့ပိုးပေးခြင်းဖြင့် ငွေရေးကြေးရေး ဝန်ထုတ်ဝန်ပိုးကို မျှဝေခံစား နိုင်သည်။ နိုင်ငံများသည် ဒုက္ခသည်များကို ခိုလှုံခွင့် ပေးခြင်း၊ နေထိုင်ရာ ဒေသတွင်း ပူးပေါင်းခွင့် ပေးခြင်း (သို့) လာရောက် အခြေချခွင့် ပေးခြင်းတို့ဖြင့် ရုပ်ပိုင်းဆိုင်ရာအရ ဝန်ထုတ်ဝန်ပိုး မျှဝေမှုများလည်း လုပ်ဆောင် နိုင်သည်။<br><br>**ဆင်ခြင်စဉ်းစားရန် မေးခွန်းများ**<br>ယခုလက်ရှိ ဒုက္ခသည် အခြေအနေ တစ်ခုကို ဖြစ်ရပ် လေ့လာမှု အဖြစ် အသုံးပြု၍ UNHCR က ထိုဒုက္ခသည် ပြဿနာကို မည်သို့ ပိုမို ထိရောက်စွာ အဖြေရှာနိုင်မည်နည်း ဟူသည်ကို ဆွေးနွေးပါ။ |

## နိဂုံး

၂၁ ရာစု ဆက်လက်သွားနေသည်နှင့်အမျှ ဖိအားပေး ပြောင်းရွှေ့ခံရခြင်းသည် ကမ္ဘာပေါ်တွင် အထင်ရှားဆုံး လူ့အခွင့်အရေး ဆိုင်ရာ စိုးရိမ်ဖွယ်ရာ တစ်ရပ် ဖြစ်လာပေသည်။ ယခုအခါ UNHCR သည် ဒုက္ခသည်များနှင့်သာမက IDP များ၊ နေရပ်ပြန်သူများ၊ နိုင်ငံမဲ့များနှင့် အခြားသော ဖိအားပေး ပြောင်းရွှေ့ရသူများနှင့် လက်တွဲ လုပ်ဆောင်သည်။ ပဋိပက္ခများ၊ နိုင်ငံ ပြိုလဲခြင်းများ၊ ကမ္ဘာကြီး ပူနွေးလာမှုနှင့် ဂလိုဘယ်လိုက်ဇေးရှင်းတို့ ဆက်လက် မြင့်တက်နေမည်ဟု ခန့်မှန်းထားရာ သဘာဝ ဘေးအန္တရာယ်ကြောင့် နေရပ် စွန့်ခွာရသူ အရေအတွက် မြင့်တက်လာခြင်း၊ ပဋိပက္ခများမှ ထွက်ပြေးလာရသော ဒုက္ခသည်များ များပြားလာခြင်းနှင့် ယိုယွင်း ပြိုလဲနေသော နိုင်ငံများမှ အခြားသော ရွှေ့ပြောင်းသူများ ထွက်ပြေးလာရခြင်းတို့ဖြင့် အနာဂတ်တွင် ဖိအားပေး ပြောင်းရွှေ့ရခြင်း စိန်ခေါ်မှုသည် ပမာဏရော၊ ရှုပ်ထွေးမှုပါ ပိုမို မြင့်တက်လာဖွယ် ရှိသည်။ လက်တွေ့တွင် ဖိအားပေး ထွက်ပြေး တိမ်းရှောင်ရသူများကို အဓိပ္ပာယ် ဖွင့်ဆိုရာတွင် ပုံစံမျိုးစုံဖြင့် နေရပ် စွန့်ခွာရခြင်းများကို ထည့်သွင်း စဉ်းစားသည်။ သို့ရာတွင် ယခုအခန်းတွင် ဖော်ပြခဲ့သည့် ဖိအားပေး ပြောင်းရွှေ့ခံရသူ အမျိုးအစားများ အားလုံးကို ကိုင်တွယ်ရန် နိုင်ငံတကာ ဥပဒေနှင့် မပြည့်စုံသည့် အင်စတီကျူးရှင်း မူဘောင်များတွင် ကြီးမားသည့် လစ်ဟာချက်များ ရှိနေဆဲပင်။

UNHCR ၏ အခြေအနေက ပဋိပက္ခများ ဆက်လက် ဖြစ်ပွားနေပြီး နိုင်ငံတကာ လူ့အဖွဲ့အစည်း ပြောင်းလဲနေသည့် အခြေအနေ နောက်ခံတွင် ဒုက္ခသည်များ၏ လူ့အခွင့်အရေးကို ကာကွယ်ရန် တာဝန်ပေးခြင်း ခံထားရသည့် နိုင်ငံတကာ အဖွဲ့အစည်းများ ရင်ဆိုင်ရသည့် အခက်အခဲများကို လှစ်ဟ ပြနေသည်။ နိုင်ငံများသည် အချုပ်အခြာ အာဏာ ကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာ စံနှုန်းများနှင့် ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှု မပြုရေးမူတို့ကို တရားဥပဒေထက် ပို၍ အလေးထားသည်။ ထိုအချက်က UNHCR နှင့် နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး စနစ်၏ အာဏာ ကျယ်ပြန့်မှုနှင့် အတိုင်းအတာကို ကန့်သတ်ရာကျသည်။ ပိုအရေးကြီးသည့် အချက်မှာ ဂလိုဘယ်လ်လိုက်ဇေးရှင်း၊ အကြမ်းဖက်မှု စစ်ပွဲ၊ ပဋိပက္ခများ နှစ်ရှည်ကြာခြင်းနှင့် နိုင်ငံများ အကြား ပြိုင်ဆိုင်ခြင်းများ စသည့်တို့ကြောင့် ဒုက္ခသည်များအပေါ် နိုင်ငံများ၏ အမြင်မှာ မကြာသေးမီ နှစ်များအတွင်း မာကြောလာခဲ့သည်။ နိုင်ငံများမှ အကြမ်းဖက်မှုများ၊ စုစည်း လုပ်ဆောင်သည့် ရာဇဝတ်မှုများ၊ တရားမဝင် ရွှေ့ပြောင်းခြင်းများကို စိုးရိမ်ပူပန် ကြသည့် အလေ့အထက ဖိအားပေးမှုကြောင့် ရွှေ့ပြောင်းရသူများကို ကာကွယ်ခြင်း၏ အနာဂတ်ကို ထိခိုက်လာသည်။ ဒုက္ခသည်များကို တစ်ချိန်က ဖိနှိပ်ခြင်း ခံရသောကြောင့် အကာအကွယ် ရှာဖွေရန် အကြောင်းပြချက်ကောင်း ရှိသူများဟု ရှုမြင်ကြသော်လည်း ယခုအခါ ဒုက္ခသည်များနှင့် အခြား အကာအကွယ် လိုအပ်သူများကို တရားမဝင်သူများ၊ ရာဇဝတ်သားများအဖြစ် မကြာခဏ ရှုမြင်ကြပြီး ဘေးဖယ်ထုတ်ထားကြသည်။ ထိုသို့ ပြောင်းလဲနေသော အခြေအနေများတွင် နိုင်ငံများနှင့် လူထု အစိတ်အပိုင်း အချို့သည် ဒုက္ခသည်များကို ကာကွယ်သည့် နိုင်ငံတကာ လုပ်ဆောင်ချက်များအား ၎င်းတို့နှင့် ထိုက်တန်သော ဦးစားပေးမှုများ မပေးနိုင်ကြပေ။

ဖိအားပေးခံရ၍ ပြောင်းရွှေ့ရသူများအပေါ် အကာအကွယ်နှင့် အထောက်အကူများသည် UNHCR နှင့် လက်ရှိ ဒုက္ခသည်များ အကာအကွယ်ပေးရေး စနစ်၏ လုပ်နိုင်စွမ်းထက် ကျော်လွန်နေသည်။ အနာဂတ်တွင်

ထိုပြဿနာများကို ဖြေရှင်းရန် ကုလသမဂ္ဂ အဖွဲ့အတွင်း အင်စတီကျူးရှင်း မူဘောင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သည်။ ထိုပူးပေါင်းမှုတွင် အထွေထွေ အတွင်းရေးမှူးရုံး၊ ဖွံ့ဖြိုးရေး အေဂျင်စီများ၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေး တည်ဆောက်ရေး ကော်မရှင်နှင့် လူ့အခွင့်အရေး မဟာမင်းကြီးရုံး ကဲ့သို့သော ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ဆိုင်ရာ အဖွဲ့အစည်းများမှ ပူးပေါင်းမှုနှင့် NGO များ၊ မီဒီယာများနှင့် စိတ်ပါဝင်စားသည့် ပြည်သူများ၏ ထောက်ပံ့မှုများ လိုအပ်သည်။

## မေးခွန်းများ

### တစ်ဦးချင်း လေ့လာရန် မေးခွန်းများ

၁။ ဖိအားပေး ရွှေ့ပြောင်းရသူများသည် မည်ကဲ့သို့ လူ့အခွင့်အရေး ကိစ္စရပ် ဖြစ်သနည်း။

၂။ ဒုက္ခသည်ဆိုသည်မှာ အဘယ်နည်း။ ၁၉၅၁ ခုနှစ် ဒုက္ခသည် သဘောတူစာချုပ်ပါ ဒုက္ခသည် အဓိပ္ပာယ်ဖွင့်ဆိုချက်က လုံလောက်ပါသလား။ ကျဉ်းမြောင်းသော ဥပဒေအရ အဓိပ္ပာယ် ဖွင့်ဆိုချက် အပြင် ဒုက္ခသည် ဟူသည့် အသုံးအနှုန်းကို လွန်ခဲ့သော ၆၅ နှစ်အတွင်း မည်ကဲ့သို့ အကျယ်ချဲ့လာခဲ့သနည်း။

၃။ ဒုက္ခသည်များနှင့် ပြည်တွင်း နေရပ် စွန့်ခွာ ထွက်ပြေးရသူများကို နိုင်ငံတကာ အသိုင်းအဝိုင်း၏ ဆက်ဆံပုံများ မည်သို့ ကွာခြားသွားသနည်း။ IDP များတွင် မည်သည့် အထူး ပြဿနာများ ရှိသနည်း။

၄။ ငတ်မွတ်ခေါင်းပါးမှု၊ လုပ်ကိုင်စားသောက်ရန် အခွင့်အလမ်း မရှိမှုတို့ကြောင့် မိမိတို့ နေရပ်ကို စွန့်ခွာ ထွက်ပြေးလာရသူများအား ဒုက္ခသည်ဟု သတ်မှတ်သင့်ပါသလား။ ဒုက္ခသည် ဟူသည့် အသုံးအနှုန်းကို အကျယ်ချဲ့ရာမှ အဓိပ္ပာယ် မရှိလောက်အောင် ကျယ်ပြန့်သွားနိုင်ရာ မည်သည့် အတိုင်းအတာအထိ အကျယ်ချဲ့ သင့်သနည်း။

၅။ UNHCR ကို ၎င်း၏ တာဝန်ဖြစ်သည့် ဒုက္ခသည်များအား ကာကွယ်ခြင်းနှင့် အကူအညီ ပေးခြင်းတို့ လုပ်ဆောင်နိုင်ရန် မည်သည့် အရာများက အဓိက တားဆီးနေသနည်း။ နိုင်ငံများ၏ အကျိုးစီးပွားက ကမ္ဘာ့ အာဂျန်ဒါတွင် လွှမ်းမိုးနေသည့် အခြေအနေတွင် အုပ်ချုပ်မှု ပြဿနာရပ်များအကြောင်း ဤဖြစ်ရပ်က မည်သို့ ပြသနေသနည်း။

၆။ ကမ္ဘာ့ တောင်ခြမ်းနှင့် မြောက်ပိုင်းရှိ နိုင်ငံများ၊ ပြည်သူနှင့် မီဒီယာ၏ ဖိအားပေး၍ ပြောင်းရွှေ့ရသူများအပေါ် အမြင်များနှင့် မူဝါဒများ မည်သို့ ပြောင်းလဲခဲ့သနည်း။

၇။ ဒုက္ခသည် ပြဿနာနှင့် ယိုယွင်းပျက်စီးနေသော၊ ပြိုကွဲလွယ်သော နိုင်ငံများ ပိုမို များပြားလာခြင်းတို့ အကြား မည်သို့ ဆက်စပ်မှု ရှိသနည်း။

၈။ ဒုက္ခသည် ပြဿနာသည် ကုလသမဂ္ဂ အေဂျင်စီ တစ်ခု၏ တာဝန်ထက် အဘယ့်ကြောင့် ကျော်လွန်ရသနည်း။ ဖိအားပေး၍ ပြောင်းရွှေ့ရသူများ ပြဿနာကို ဖြေရှင်းရန် နည်းလမ်း ရှာဖွေရာတွင် မည်သည့် အဖွဲ့အစည်းများ ပါဝင်သင့်သနည်း။

### အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ

၁။ လူ့အခွင့်အရေး ရှုထောင့်မှ ကြည့်ပါက စီးပွားရေးအရ ပြောင်းရွှေ့ရသူများကို ဒုက္ခသည်များ ကဲ့သို့ တူညီသော အကာအကွယ်များ ပေးသင့်ပါသလား။

၂။ ဒုက္ခသည်ဟူသည့် စကားလုံးကို ပို၍ ကျယ်ပြန့်သည့် ဖိအားပေး၍ ရွှေ့ပြောင်းရသူများ ဟူသည့် စကားလုံးနှင့် အစားထိုးသင့် ပါသလား။ အစားထိုးသင့်သည် ဆိုပါက အဘယ်ကြောင့်နည်း။ မထိုးသင့် ဆိုပါက အဘယ်ကြောင့်နည်း။

၃။ ဒုက္ခသည်ဆိုင်ရာ သဘောတူစာချုပ်တွင် လိင် (သို့) လိင်စိတ် တိမ်းညွတ်မှုအပေါ် အခြေခံ၍ ဖိနှိပ်ခံရသူများဟူ၍ တိတိပပ မပါဝင်ပေ။ ဖိနှိပ်ခံရသည့်၊ တစ်ခါတရံတွင် အသက် အန္တရာယ်ပင် ခြိမ်းခြောက် ခံရသည့် LGBTIQ ပုဂ္ဂိုလ်များကိုလည်း စနစ်တကျ အကာအကွယ် ပေးသင့်ပါသလား။

၄။ ဒုက္ခသည်များအတွက် ဖြေရှင်းချက်များ ရှာဖွေခြင်း ပြဿနာနှင့် အခြားသော ကမ္ဘာ့ ကိစ္စရပ်များ ဖြစ်သည့် လူ့အခွင့်အရေး၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းတို့ အကြား မည်သို့ ဆက်စပ်သနည်း။

၅။ လူတစ်စုကို စနစ်တကျ ဖိနှိပ်ခြင်းဖြင့် အိမ်နီးချင်း နိုင်ငံ တစ်နိုင်ငံသို့ အစုလိုက် အပြုံလိုက် ဒုက္ခသည်များ ထွက်ပြေး ပြောင်းရွှေ့ခြင်း ဖြစ်ပွားပါက ယင်းကို နိုင်ငံတကာ လုံခြုံရေးအား ခြိမ်းခြောက်မှုဟု စဉ်းစားသင့်ပါသလား။ ယင်းဖြစ်ရပ်ကို နိုင်ငံတကာက ဝင်ရောက် စွက်ဖက်ရန် အကြောင်းပြချက်ဟု စဉ်းစား သင့်ပါသလား။

၆။ UNHCR သည် ဒုက္ခသည် မူဝါဒနှင့် ပတ်သက်လာလျှင် လွတ်လပ်သည့် အဖွဲ့အစည်း ဖြစ်ပါသလား။ သို့မဟုတ် ၎င်းသည် နိုင်ငံများ၏ လိုလားချက်များ၊ အကျိုးစီးပွားများဖြင့် မောင်းနှင်ခံနေရသည့် အဖွဲ့အစည်း ဖြစ်ပါသလား။

၇။ ဒုက္ခသည် ပြဿနာများကို ဖြေရှင်းရန် နိုင်ငံများ အနေဖြင့် အဘယ်ကြောင့် ခက်ခဲနေသနည်း။ နိုင်ငံများသည် နိုင်ငံ အဆင့်တွင်ရော၊ ကမ္ဘာ့ အဆင့်တွင်ပါ မည်သည့် အခြေအနေများတွင် ဒုက္ခသည်များ ဆိုင်ရာ ဝန်ထုတ်ဝန်ပိုး ဝေမျှခြင်း၊ အကာအကွယ်ပေးခြင်းများ လုပ်ဆောင် နိုင်ပါသနည်း။

၈။ ဒုက္ခသည်များအတွက် ရေရှည် ဖြေရှင်းချက် မတွေ့ရှိခြင်းက ကာလရှည်ကြာ ဒုက္ခသည် အခြေအနေများကို မည်ကဲ့သို့ ပေါ်ထွက်လာစေသနည်း။

## ဆက်လက် ဖတ်ရှုရန်

**Betts, A.** (2009). *Forced Migration and Global Politics*. Oxford: Wiley-Blackwell.
ထိုပြဋ္ဌာန်းစာအုပ်တွင် ဖိအားပေး၍ ရွှေ့ပြောင်းရခြင်းဆိုင်ရာ နိုင်ငံတကာ နိုင်ငံရေး အခြေအနေကို နိုင်ငံတကာ ဆက်ဆံရေး သီအိုရီများ စနစ်တကျ အသုံးပြု၍ လေ့လာထားသည်။

**Betts, A.** (2013). *Survival Migration: Failed Governance and the Crisis of Displacement.* Ithaca, NY: Cornell University Press.
ဤစာအုပ်တွင် ဒုက္ခသည်များကို နိုင်ငံတကာ အကာအကွယ် ပေးရေးသည် အစိုးရက အခြေခံ အခွင့်အရေးဖြစ်သည့် အသက်ရှင်သန်ခွင့်ပင် မပေးနိုင်သောကြောင့် ထွက်ပြေးလာရသူများ အတွက်ပါ ချဲ့ထွင်သင့်သည်ဟု ဆိုထားသည်။

**Betts, A. and Loescher, G.** (eds) (2011). *Refugees in International Relations*. Oxford: Oxford University Press.
ကမ္ဘာ့ ထိပ်သီးနှင့် အသစ်ပေါ်ထွက်လာသော နိုင်ငံတကာ ဆက်ဆံရေး ပညာရှင်များက ဖိအားပေး၍ ရွှေ့ပြောင်းရခြင်းဆိုင်ရာ နိုင်ငံတကာ နိုင်ငံရေး အခြေအနေအပေါ် နိုင်ငံတကာ ဆက်ဆံရေးမှ သဘောတရားများ အသုံးချနိုင်ပုံအား ရှင်းပြထားသည်။

**Betts, A., Loescher, G., and Milner, J.** (2016). *UNHCR: The Politics and Practice of Refugee Protection* (3rd rev. edn). Abingdon: Routledge.
ဒုက္ခသည် အကာအကွယ် ပေးရေးနှင့် UNHCR ၏ အခန်းကဏ္ဍတို့နှင့် သက်ဆိုင်သည့် အဓိက ကိစ္စရပ်များအား ခွဲခြား သုံးသပ်ထားသည်။

**Fiddian-Qasmiyeh, E., Loescher, G., Long, K., and Sigona, N.** (eds) (2014). *The Oxford Handbook of Refugee and Forced Migration Studies.* Oxford: Oxford University Press.
ယနေ့ခေတ် ဒုက္ခသည်များနှင့် ဖိအားပေး၍ ပြောင်းရွှေ့ရသူများကြောင့် ဖြစ်ပွားရသော အဓိက ပညာရပ်ဆိုင်ရာ၊ နိုင်ငံရေး၊ လူမှုရေးနှင့် အင်စတီကျူးရှင်း ဆိုင်ရာ စိန်ခေါ်မှုများကို ကျွမ်းကျင် ပညာရှင်များက အခန်း ၅၃ ခန်းတွင် ဆွေးနွေးထားသည့် လက်စွဲစာအုပ် ဖြစ်သည်။

**Gatrell, P.** (2013). *The Making of the Modern Refugee*. Oxford: Oxford University Press.
၂၀ ရာစုမှ ကမ္ဘာ့ လူဦးရေများ ပြောင်းရွှေ့ ထွက်ပြေးရခြင်း၏ လူမှုရေးနှင့် နိုင်ငံရေး သမိုင်းတို့ ဖြစ်သည်။

**Goodwin-Gill, G.** and **McAdam, J.** (2007). *The Refugee in International Law.* Oxford: Oxford University Press.
နိုင်ငံတကာ ဒုက္ခသည် ဥပဒေ ဆိုင်ရာ စာအုပ် ဖြစ်သည်။

**Loescher, G., Milner, J., Newman, E**., and **Troeller, G.** (eds) (2008). *Protracted Refugee Situations: Political, Security and Human Rights Implications.* Tokyo: United Nations University Press.
ကာလရှည်ကြာ ဒုက္ခသည် ဖြစ်ရခြင်း၏ နိုင်ငံရေး၊ လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အကျိုးဆက်များကို ခြုံငုံ ဖော်ပြကာ သုံးသပ်ထားသည်။

**Orchard, P.** (2014). *A Right to Flee: Refugees, States and the Construction of International Cooperation.* Cambridge: Cambridge University Press.
ဒုက္ခသည် ကိစ္စရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတကာ ပူးပေါင်းမှု ပုံစံများ မည်သို့ ရှိခဲ့သည်၊ ပြောင်းလဲခဲ့သည်ကို သမိုင်းနှင့် နိုင်ငံရေးဆိုင်ရာ ဆွေးနွေးချက် ဖြစ်သည်။

**Orchard, P.** (2016). *Protecting the Internally Displaced: Rhetoric and Reality.* Abingdon: Routledge.
ပြည်တွင်း နေရပ် စွန့်ခွာ ထွက်ပြေးရသူများအပေါ် အကာအကွယ်ပေးခြင်းနှင့် အကူအညီပေးခြင်း ဖြစ်ပေါ်တိုးတက်မှုများဆိုင်ရာ သမိုင်း ဖြစ်သည်။

**Phuong, C.** (2005). *The International Protection of Internally Displaced Persons.* Cambridge: Cambridge University Press.
ထိုစာအုပ်တွင် ပြည်တွင်း နေရပ် စွန့်ခွာ ထွက်ပြေးရသူများအပေါ် အကာအကွယ်ပေးခြင်း၏ ဥပဒေနှင့် နိုင်ငံရေးဆိုင်ရာ သက်ရောက်မှုများအား လေ့လာဆန်းစစ်ထားသည်။

**UNHCR** (2015). *Asylum Trends2014*. Geneva: UNHCR.
UNHCR ၏ ထုတ်ဝေချက်က ခိုလှုံသူများဆိုင်ရာ စာရင်းအင်းများနှင့် ပြောင်းလဲမှုများကို မှတ်တမ်းတင်ထားသည်။

**UNHCR** (2015). *Global Trends2014*. Geneva: UNHCR.
UNHCR ၏ နှစ်စဉ် ထုတ်ဝေချက်တွင် ယမန်နှစ်က စာရင်းအင်းများနှင့် ပြောင်းလဲမှုများကို မှတ်တမ်းတင်ထားသည်။

**UNHCR** (2016). *The State of the World's Refugees*. Oxford: Oxford University Press.
ယနေ့ခေတ် UNHCR ရင်ဆိုင်နေရသည့် အဓိက နိုင်ငံရေး ကိစ္စရပ် အများအပြားကို ကျွမ်းကျင်သူများက ဆွေးနွေးထားသည်။

## ဝက်ဘ်ဆိုဒ်များ

**http://www.fmreview.org/** Forced Migration Review သည် ဖိအားပေး၍ ရွှေ့ပြောင်းရခြင်း နယ်ပယ်တွင် လက်ရှိ မူဝါဒ ကိစ္စရပ်များအား ဆွေးနွေးသည့် သုံးလတစ်ကြိမ်ထုတ် မဂ္ဂဇင်း တစ်အုပ် ဖြစ်သည်။

**http://www.forcedmigration.org/** Forced Migration Online သည် ကမ္ဘာတစ်ဝန်းရှိ ဖိအားပေး၍ ပြောင်းရွှေ့ရခြင်းနှင့် သက်ဆိုင်သည့် သုတေသန အရင်းအမြစ်များ အားလုံးကို စုစည်းထားသည့် ဝက်ဘ်ဆိုဒ် ဖြစ်သည်။

**http://www.internal-displacement.org/** The Internal Displacement Monitoring Center ၏ ဝက်ဘ်ဆိုဒ်တွင် ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးရသူများ၏ ပြဿနာကို စုံလင်စွာ အချက်အလက်ပေး လေ့လာဆန်းစစ်ထားသည်။

**http://www.irinnews.org/** ထိုဝက်ဘ်ဆိုဒ်တွင် အာဖရိက၊ အာရှနှင့် အရှေ့ အလယ်ပိုင်းမှ လူသားချင်း စာနာမှု ဆိုင်ရာ သတင်းများနှင့် သုံးသပ်ချက်များ ဖော်ပြထားသည်။

**http://www.refugeesinternational.org/** ကမ္ဘာတစ်ဝန်း ဒုက္ခသည် အခြေအနေများ ဆိုင်ရာ နောက်ဆုံး သတင်းများ၊ သုတေသနများနှင့် ထောက်ခံ လှုပ်ရှားမှုများကို တင်ပြထားသည့် Refugees International ၏ ဝက်ဘ်ဆိုဒ်ဖြစ်သည်။

**http://www.unhcr.org/** UNHCR ၏ ဝက်ဘ်ဆိုဒ်တွင် အဖွဲ့အစည်းနှင့် ကမ္ဘာတစ်ဝန်းတွင် ၎င်းတို့ ကာကွယ်၊ ကူညီပေးသည့် ဒုက္ခသည်များ၏ သတင်းအချက်အလက် အစုံအလင်နှင့် စာရင်းအင်းများ ပါဝင်သည်။

## မှတ်စုများ

၁။ ယခုအခန်းသည် Loescher (2001) နှင့် Betts, Loescher, and Milner (2012) တို့ အပါအဝင် ကျွန်ုပ်၏ အစောပိုင်း ရေးသားချက် အချို့ကို အခြေခံထားသည်။

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၁၉) မူလ အခြေချ နေထိုင်သူများ၏ လူ့အခွင့်အရေး

ပေါလ်ဟက်မန်း (Paul Havemann)

အခန်း မာတိကာ

- နိဒါန်း
- နိုင်ငံတကာ ဥပဒေအရ မူလအခြေချ နေထိုင်သူများ ဆိုသည်မှာ မည်သူနည်း
- မူလ အခြေချ နေထိုင်သူများကို အသိအမှတ်ပြုရန် ရာစုနှစ်ပေါင်း များစွာ မပြတ်မသား ဖြစ်နေမှု
- ကုလသမဂ္ဂနှင့် မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေး
- ဖြစ်ရပ် လေ့လာခြင်း၊ မူလ အခြေချ နေထိုင်သူများနှင့် ရာသီဥတု ပြောင်းလဲမှု
- မူလ အခြေချ နေထိုင်သူများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် နိုင်ငံတော်၏ အချုပ်အခြာ အာဏာတို့အကြား ညှိနှိုင်းခြင်း
- နိဂုံး

စာဖတ်အညွှန်း

ရာစုနှစ်ပေါင်း များစွာ အာဏာ ရှိသူတို့သည် မူလ အခြေချ နေထိုင်သူများ၏ တစ်ဦးချင်းစီနှင့် အုပ်စု အခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ ငြင်းဆိုခြင်းတို့ကို တပြိုင်နက်တည်း လုပ်ဆောင်ခဲ့သည်။ လက်ရှိလည်း ထိုသို့ လုပ်ဆောင်နေဆဲ ဖြစ်သည်။ ထိုမပြတ်မသား ဖြစ်နေမှုတွင် ဆိုးရွားသည့် အကျိုးဆက်များ ရှိသည်။ ယခုအခန်းတွင် မူလ အခြေချ နေထိုင်သူများ ဆိုသည်မှာ မည်သူနည်း ဆိုသည်ကို စတင် ဆွေးနွေးထားပြီး မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများ ပြောင်းလဲလာပုံကို တင်ပြထားသည်။ ဖြစ်ရပ် လေ့လာခြင်းတွင် ရာသီဥတု ပြောင်းလဲခြင်းနှင့် မူလ အခြေချ နေထိုင်သူများကို လေ့လာထားပြီး ၂၁ ရာစုတွင် မူလ အခြေချ နေထိုင်သူများအတွက် လူ့အခွင့်အရေး ဆိုင်ရာ ပြောဆို ရေးသားပုံများ အကန့်အသတ်နှင့်သာ ရှိကြောင်း အဓိကထား ဖော်ပြထားသည်။ နိဂုံးတွင် မူလ အခြေချ နေထိုင်သူများ၏ အုပ်စု အခွင့်အရေးများကို ပေးအပ်ရန် မပြတ်မသား ဖြစ်နေမှုကို ဆန်းစစ်ထားပြီး ပို၍ အားကောင်းသော အသိအမှတ်ပြုမှု ရရှိစေရန် နည်းလမ်း အချို့ကို တင်ပြထားသည်။

## နိဒါန်း

မူလ အခြေချ နေထိုင်သူများ[၁] (Indigenous peoples) သည် ကမ္ဘာပေါ်တွင် ထိခိုက်လွယ်ဆုံး အုပ်စုများထဲတွင် ပါဝင်သည်။ သို့ရာတွင် နိုင်ငံများသည် ၎င်းတို့၏ အခွင့်အရေးများကို အသိအမှတ်ပြုရန် မပြတ်မသား ဖြစ်နေကြသည်။ ထိုသို့ ဖြစ်ရသည့် အကြောင်းပြချက် များစွာ ရှိသည်၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ နိုင်ငံရေးနှင့် စီးပွားရေး ကွာခြားမှုများ၊ သဘာဝနှင့် ဆက်စပ်မှုတွင် ကြီးမားသည့် ကွာခြားမှုများ၊ ကိုလိုနီ စနစ်ကို အသိအမှတ် ပြုမှုတွင် ညှိနှိုင်းမရခြင်း စသည်တို့ကြောင့် ဖြစ်သည်။ ယနေ့ခေတ်တွင် လူတစ်ဦးချင်းစီကို ဗဟိုပြုသည့် လူ့အခွင့်အရေး စနစ်က မူလ အခြေချ နေထိုင်သူများ၏ တည်ရှိခွင့် အုပ်စု

အခွင့်အရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တို့ ခွဲခြား၍ မရအောင် ဆက်စပ်နေမှုကို အသိအမှတ် ပြုရန် ပျက်ကွက်နေသည်။ နိုင်ငံများသည် မူလ အခြေချ နေထိုင်သူများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို အချုပ်အခြာ အာဏာနှင့် ပြည်တွင်း တည်ငြိမ်မှုအား စိန်ခေါ်နေသည့် အချက်ဟု ယူဆပြီး ယင်းတို့က နိုင်ငံတော်ကို အဓိက ခြိမ်းခြောက် လာမည်ဟု ယုံကြည်ထားသည်။

**အခွင့်အရေး သုံးမျိုး**

ယခု အခန်း၏ သဘောထားမူဘောင်တွင် ကျယ်ပြန့်သော၊ ဆက်စပ် နေသော၊ အပြန်အလှန် မှီခိုနေသော လူ့အခွင့်အရေး ပုံစံ သုံးမျိုး ပါဝင်သည်။ ယင်းတို့မှာ တည်ရှိခွင့်၊ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် လူတစ်ဦးချင်းစီအတွက် လူ့အခွင့်အရေးတို့ ဖြစ်သည်။

တည်ရှိခွင့်သည် ၁၉၅၁ ခုနှစ် ကုလသမဂ္ဂ၏ လူမျိုးပြုန်းတီးစေမှု မခံစားရပိုင်ခွင့်ကို သတ်မှတ်ခဲ့သော လူမျိုးပြုန်းတီးစေမှု ဆိုင်ရာ သဘောတူ စာချုပ်ကို မှီငြမ်းထားသည် (Thornberry, 1991)။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် ၂၀၀၇ ခုနှစ် မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက်တွင် ဖော်ပြထားသည့် အုပ်စု အခွင့်အရေး ဖြစ်ပြီး ကိုယ်ပိုင် အစိုးရ ရှိခွင့်၊ ပါဝင်မှု ရှိသော ဖွံ့ဖြိုးရေး၊ လွတ်လပ်ပြီး ကြိုတင်ပြောဆိုသော၊ အချက်အလက် အပြည့်အစုံ ဖော်ပြသော သဘောတူညီမှုတို့ကို အလေးစိုက်ထားသည်။

၁၉၄၅ ခုနှစ်မှ စ၍ ကုလသမဂ္ဂ၏ မူဘောင်အတွင်း ပြဋ္ဌာန်းခဲ့သော နိုင်ငံတကာ ဥပဒေပါ လူတစ်ဦး ချင်းစီ၏ လူ့အခွင့်အရေးများကို ကုလသမဂ္ဂနှင့် ၎င်း၏ အထူး အေဂျင်စီများ ထုတ်ပြန်သည့် သဘောတူစာချုပ်များနှင့် ကြေညာချက်များတွင် ဖော်ပြထားသည်။ ထိုအခွင့်အရေးများတွင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေး အခွင့်အရေးများ၊ ဖွံ့ဖြိုး တိုးတက်ခွင့်နှင့် ကျန်းမာပြီး ရေရှည် တည်တံ့ခိုင်မြဲသော သဘာဝ ပတ်ဝန်းကျင် ရရှိခွင့်တို့ ပါဝင်သည်။ မကြာသေးမီက မူလ အခြေချ နေထိုင်သူများ ဆိုင်ရာ အဖွဲ့အစည်းများသည် မိခင် ကမ္ဘာမြေ၏ အခွင့်အရေးကို အသိအမှတ်ပြုရန် တောင်းဆိုခဲ့ကြသည် (Cochabamba Peoples Conference, 2010)။ ၁၉၉၃ ခုနှစ်တွင် ဗီယင်နာ ကြေညာချက်၌ ကုလသမဂ္ဂက လူ့အခွင့်အရေးများသည် အားလုံး ရရှိရမည်၊ ခွဲခြား၍ မရ၊ အပြန်အလှန် မှီခိုနေပြီး အပြန်အလှန် ဆက်စပ်နေသည်ဟု ဆိုထားသည်။

## နိုင်ငံတကာ ဥပဒေအရ မူလအခြေချ နေထိုင်သူများ ဆိုသည်မှာ မည်သူနည်း

အချို့သော အခွင့်အရေးများ (သို့) ဝန်ဆောင်မှုများကို ရရှိရန် ယနေ့ခေတ် ဥပဒေနှင့် မူဝါဒများသည် လူများကို အမျိုးစား ခွဲခြား သတ်မှတ်ကြသည်။ ထိုအကြောင်းပြချက်ကြောင့် “မူလ အခြေချ နေထိုင်သူများ”၊ “လူနည်းစု အုပ်စု” “လူအုပ်စု” “လူမျိုးစု အုပ်စု” အစရှိသည်တို့၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များမှာ အငြင်းပွားဖွယ် ဖြစ်နေသည် (Capotorti, 1977)။ ထို့ပြင် ထိုအမျိုးအစားများသည် အရေးကြီးသည့် လက္ခဏာ အများအပြားနှင့်လည်း ဆက်စပ်နေသည်။ နိုင်ငံတကာ ဥပဒေတွင် “လူနည်းစု အုပ်စု” (သို့) “လူအုပ်စု” ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း မရှိပေ (Daes and Eide, 2000)။ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများက မူလ

အခြေချ နေထိုင်သူများကို လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်ခွင့် ပေးထားပြီး လူနည်းစုများကလည်း ကြီးမားသည့် လူ့အဖွဲ့အစည်းတွင် ပါဝင်ရန် တာဝန် ရှိသည်ဟု ယူဆကြသည်။ ၁၉၉၂ ခုနှစ် ကုလသမဂ္ဂ လူနည်းစု အုပ်စု ကြေညာချက် (UN Minorities Declaration) သည် ထိုအချိန်က ရေးဆွဲနေဆဲ ဖြစ်သည့် မူလ အခြေချ နေထိုင်သူများ ဆိုင်ရာ ကြေညာချက်နှင့် ကွာခြားပြီး မြေများနှင့် သဘာဝ အရင်းအမြစ်များ ဆိုင်ရာ အခွင့်အရေးများကို ထည့်သွင်းထားခြင်း မရှိပေ။ နောက်ဆုံး အနေဖြင့် လူနည်းစု အုပ်စု ကြေညာချက်က "လူနည်းစု အုပ်စုတွင် ပါဝင်သူ လူတစ်ဦး" ၏ အခွင့်အရေးများဟု သုံးနှုန်းထားပြီး မူလ အခြေချ နေထိုင်သူများ ဆိုင်ရာ ကြေညာချက်က "လူအုပ်စု" ဟူ၍ သုံးနှုန်းထားသည်။

ဂုတ်မန်ဒါ အယ်လ်ဖရက်ဆန် (Gudmundar Alfredsson (2005, pp. 163, 165) က ကမ္ဘာပေါ်တွင် မူလ အခြေချ နေထိုင်သူနှင့် လူနည်းစု အုပ်စုပေါင်း ၁၂၀၀၀ မှ ၁၉၀၀၀ အထိ ရှိပြီး လူဦးရေ ၁.၅ ဘီလီယံ၊ ကမ္ဘာ့ လူဦးရေ၏ ၂၅ ရာခိုင်နှုန်းခန့် ရှိမည်ဟု ခန့်မှန်းခဲ့သည်။ ထိုသူများအနက် မူလ အခြေချ နေထိုင်သူများမှာ အစိတ်အပိုင်း အနည်းငယ်သာ ပါဝင်သည်။ မူလ အခြေချ နေထိုင်ခြင်း ကိစ္စရပ်များ ဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်း ဖိုရမ် (UN Permanent Forum for Indigenous Issues (PFII) (UNPFII, 2010) က နိုင်ငံပေါင်း ၉၀ တွင် မူလ အခြေချ နေထိုင်သူ သန်း ၃၇၀ ကျော် ရှိသည်ဟု ခန့်မှန်းခဲ့ပြီး ယင်းအရေအတွက်မှာ ကမ္ဘာမြေ၏ ၂၀ ရာခိုင်နှုန်းသော နေရာကို အသုံးပြု နေကြသည်။ ထိုသူများမှာ ကမ္ဘာ့ လူဦးရေ၏ ၅ ရာခိုင်နှုန်းသာ ရှိသော်လည်း ကမ္ဘာ့ အဆင်းရဲဆုံး လူများထဲတွင် ၁၅ ရာခိုင်နှုန်းအထိ ပါဝင်နေသည်။ ကမ္ဘာပေါ်တွင် ဘာသာစကား ၇၀၀၀ ရှိသည့်အနက် ၄၀၀၀ မှာ မူလ အခြေချ နေထိုင်နေထိုင်သူများ ပြောသည့် ဘာသာစကားများ ဖြစ်ကြသည်။ သို့ရာတွင် ၂၁ ရာစု အဆုံးတွင် ထိုဘာသာစကားများမှ ၉၀ ရာခိုင်နှုန်းမှာ အသုံးပြုသူ မရှိဘဲ ပျောက်ကွယ်သွားတော့မည် ဖြစ်သည်။

လူနည်းစု အုပ်စုများကို ခွဲခြားဆက်ဆံခြင်းအား တားမြစ်ရန်နှင့် ကာကွယ်ရန် ကုလသမဂ္ဂ ကော်မရှင်ခွဲ၏ အထူး ကိုယ်စားလှယ် မာတီးနက်ဇ်ကိုဘို (Martinez-Cobo (1986) ကို အခြေခံကာ မာတင်စကိုင်ယာနင် (Martin Scheinin (2005, p. 3) က မူလ အခြေချ နေထိုင်သူများ၏ လက္ခဏာ အများအပြားကို ဖော်ထုတ်ခဲ့သည်။

၁။ ထိုသူများသည် လူများစု လူ့အဖွဲ့အစည်းနှင့် ကွာခြားနေသည်။
၂။ ထိုသူများက မိမိတို့ကိုယ်ကို လူ့အဖွဲ့အစည်းနှင့် ကွာခြားသည်ဟု သတ်မှတ်ထားသည်။ သတ်မှတ်ခံလိုကြသည်။
၃။ ထိုသူများသည် ၎င်းတို့၏ မြေယာများနှင့် ထူးခြားစွာ ဆက်စပ်နေသည်။ ယင်းဆက်စပ်မှုက ၎င်းတို့၏ သမိုင်း၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ဝိညာဉ်တို့တွင် အဓိကကျသည့် အချက် ဖြစ်သည်။
၄။ ထိုသူများက ရှေးပဝေသဏီကပင် ၎င်းတို့သည် ၎င်းတို့ နေထိုင်နေကြသော မြေနှင့် နယ်နိမိတ်များတွင် ပထမဆုံး အခြေချ နေထိုင်သူများ ဖြစ်သည်ဟု ဆိုကြသည်။ လက်ရှိ အုပ်ချုပ်နေသော အုပ်စုများမှာ ၎င်းတို့ကို ကိုလိုနီပြု နေသူများဖြစ်ပြီး ၎င်းတို့အား ၎င်းတို့ပိုင် မြေများမှ နှင်ထုတ်ကာ ၎င်းတို့၏ အချုပ်အခြာ အာဏာကို ဖယ်ရှားပစ်ခြင်း ဖြစ်သည်။

မူလ အခြေချ နေထိုင်သူများသည် လွှမ်းမိုးနေသည့် အုပ်စုများ၏ လက်အောက်ခံ ဖြစ်နေပြီး (DESA, 2009; Lattimer, 2010) ရာသီဥတု ပြောင်းလဲမှုကြောင့် (UNPFII, 2010) ဒေသအားလုံးတွင် အန္တရာယ် ကျရောက်နေသည်။

မူလ အခြေချ နေထိုင်သူများအတွက် အသက်ရှင်သန်မှုနှင့် သရုပ်သဏ္ဍာန် ဆက်လက် ထိန်းသိမ်းထားနိုင်မှုတို့မှာ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် တည်ရှိခွင့်တို့အပေါ် မူတည်နေသည်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွင် မူလ အခြေချ နေထိုင်သူ အုပ်စုများ၏ အဖွဲ့ဝင်များ မည်သူဖြစ်သည်ကို သတ်မှတ်ခွင့်လည်း ပါဝင်သည်။ မူလ အခြေချ နေထိုင်သူ မျိုးရိုး ရှိရန်မှာ အဓိက အချက် ဖြစ်သော်လည်း လက်တွေ့တွင် မူလ အခြေချ နေထိုင်သူများသည် ထိုထက် ပို၍ အားလုံး ပါဝင်မှုကို လက်ခံထားသည်။

| အနှစ်ချုပ် |
| --- |
| နိုင်ငံတိုင်းတွင် လွှမ်းမိုးသည့် အုပ်စုမှ မဟုတ်သူ လူနည်းစု (သို့) မူလအခြေချ နေထိုင်သူများ ရှိပြီး ၎င်းတို့မှာ ယဉ်ကျေးမှု၊ လူမှုရေး (သို့) ရုပ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများ ရင်ဆိုင်နေရသည်။<br>နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေက မူလ အခြေချ နေထိုင်သူများ၊ လူမျိုးစု အုပ်စုများနှင့် လူနည်းစု အုပ်စုများကို ခွဲခြားထားသည်။ မူလ အခြေချ နေထိုင်သူများသည် နိုင်ငံတွင် ယခု ရှိနေသော လူအများစု၏ ထိုနယ်နိမိတ်များတွင် အခြေချ နေထိုင်ခဲ့ချိန် ပိုစောခြင်းက ထင်ရှားသည်။<br>မူလ အခြေချ နေထိုင်သူများ၏ လူ့အခွင့်အရေးကို ၎င်းတို့ အုပ်စု၏ တည်ရှိခွင့်နှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ တစ်ဦးချင်းစီ၏ အခွင့်အရေးများတို့ဖြင့် စဉ်းစားရန် လိုအပ်သည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>မူလ အခြေချ နေထိုင်သူများသည် နိုင်ငံများနှင့် လွှမ်းမိုးထားသော ယဉ်ကျေးမှုက မြှင့်တင်သည့် အားလုံး ရောနှော နေထိုင်ခြင်းနှင့် တစ်ဦးချင်းစီ အဖြစ်သာ သတ်မှတ်ခြင်း တို့ကို လက်ခံရန်ထက် အုပ်စု၏ အဖွဲ့ဝင် ဖြစ်ခြင်း၊ အုပ်စု အဖြစ် ရှိခြင်းဟူသည့် သရုပ်သဏ္ဍာန်ကို အဘယ်ကြောင့် ဆုပ်ကိုင်ထားကြသနည်း။ |

## မူလ အခြေချ နေထိုင်သူများကို အသိအမှတ်ပြုရန် ရာစုနှစ်ပေါင်း များစွာ မပြတ်မသား ဖြစ်နေမှု

စူးစမ်း ရှာဖွေသူများ၊ ကိုလိုနီ ပြုသူများ၊ နိုင်ငံများ၊ နိုင်ငံပေါင်းစုံ အခြေစိုက် စီးပွားရေး လုပ်ငန်းများနှင့် နိုင်ငံတကာ အစိုးရ အဖွဲ့အစည်းများသည် မူလ အခြေချ နေထိုင်သူများကို အသက်ရှင်ခွင့်၊ လွတ်လပ်ခွင့်၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်နှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရှိသည့် လူသားများအဖြစ် အသိအမှတ် ပြုရန် မပြတ်မသား ဖြစ်နေကြသည်။ ၎င်းတို့၏ မြေယာများနှင့် အရင်းအမြစ်များကို သိမ်းယူရန်နှင့် ၎င်းတို့ တည်ရှိမှုကို ငြင်းဆိုရန် မူလအခြေချ နေထိုင်သူများ၏ အခွင့်အရေးကို ငြင်းဆိုခြင်းက ကျင့်ဝတ်ပိုင်းအရ၊ နိုင်ငံရေးအရနှင့် ဥပဒေကြောင်းအရ များစွာ ပိုမို လွယ်ကူသည်။

**လူတစ်ဦးကို ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုရန်နှင့် နိုင်ငံတကာတွင် လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုရန် ငြင်းဆိုခြင်း**

ဥပဒေ၏ အခြေခံ သဘောတရားမှာ ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ် ပြုခြင်း ဖြစ်သည်။ ထိုသဘောတရားသည် စနစ်တစ်ခုအတွင်း မည်သူက တရားစွဲခွင့်၊ တရားစွဲခံခွင့်၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်နှင့် နိုင်ငံတော်၏ အကာအကွယ် ရရှိခွင့် (သို့) ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရှိသည် ဟူသည့် ဥပဒေ ဆိုင်ရာ အမိန့်များကို သတ်မှတ်ပေးသည်။ နိုင်ငံများ၊ နိုင်ငံသားများနှင့် စီးပွားရေး လုပ်ငန်းများပင် ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခံကြရသည်။ ဥပဒေအရ ရပ်တည်ခွင့် ရှိသူများသည် အခွင့်အရေးများ ကျင့်သုံးခြင်း၊ တာဝန်များ ထမ်းဆောင်ခြင်း၊ လုပ်ရပ်များအတွက် တာဝန်ခံရခြင်း၊ အာဏာများ ကျင့်သုံးနိုင်ခြင်းတို့ ရှိကြသည်။ ထိုသူများသည် ၎င်းတို့ ရွေးချယ်မှုများ၏ အကျိုးဆက်များကို နားလည်ပြီး လုပ်နိုင်စွမ်းများကို ဆင်ခြင်ဉာဏ်ဖြင့် အသုံးချရန် လိုအပ်သည်။ ကျွန်များ၊ အမျိုးသမီးများနှင့် မူလ အခြေချ နေထိုင်သူ တစ်ဦး၊ နေထိုင်သူ အုပ်စုများ (ထပ်နေသည့် အုပ်စုများ ဖြစ်သည်) သည် စွမ်းဆောင်ရည် မရှိသောကြောင့် ရပ်တည်ခွင့် မရှိ (သို့) လူပုဂ္ဂိုလ်အဖြစ် သတ်မှတ် ခံပိုင်ခွင့် မရှိပေ။ ဥရောပ-အမေရိကရှိ ဥပဒေအမိန့်များက အချုပ်အခြာ အာဏာပိုင် နိုင်ငံတော်နှင့် တစ်ဦးချင်း အဆင့်တွင် အမျိုးသား ကြီးစိုးသော အာဏာရှိမှုကို ဦးစားပေးပြီး နိုင်ငံသားများ တစ်ဦးချင်း ရရှိနိုင်သည့် အခွင့်အရေးများထဲတွင် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ကို ထည့်သွင်းထားသည်။ နိုင်ငံသားများသည် နိုင်ငံတော်၏ နိုင်ငံရေးနှင့် ဥပဒေ အမိန့်များတွင် အပြည့်အဝ ပါဝင်ခွင့် ရှိသည်။ နိုင်ငံ အများအပြားတွင် ၂၀ ရာစု နှောင်းပိုင်း မတိုင်မီအထိ မူလ အခြေချ နေထိုင်သူများအား နိုင်ငံသား ပေးအပ်ခြင်း မရှိပေ။ အစောပိုင်းတွင် ၎င်းတို့၏ စွမ်းဆောင်ရည် ဆိုသည်မှာ ၎င်းတို့ ခရစ်ယာန် ဘာသာ ကိုးကွယ်ခြင်း၊ မကိုးကွယ်ခြင်းနှင့် ၎င်းတို့ကို လမ်းပြပေးမည့် ဝိညာဉ်နှင့် အသိဉာဏ် ပညာ ရှိ၊ မရှိကို ဆိုလိုသည် (R. Williams, 2012)။ နောက်ပိုင်းတွင် နိုင်ငံများက မျိုးရိုးဗီဇ ဖွံ့ဖြိုးတိုးတက်မှု (ဒါဝင်၏ ဆင့်ကဲ ပြောင်းလဲမှု သီအိုရီကို လိုရာဆွဲ အဓိပ္ပာယ် ဖွင့်ခြင်း) ကို အသုံးပြုကာ မူလ အခြေချ နေထိုင်သူများသည် ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် သတ်မှတ် ခံရရန် လုံလောက်သော စွမ်းဆောင်ရည် ရရှိသည်အထိ ဆင့်ကဲ ပြောင်းလဲမှု မရှိသေးဟု ဆိုကြသည်။

နိုင်ငံတကာတွင် ဥပဒေအရ အသိအမှတ်ပြုခြင်း သဘောတရား ဆိုသည်မှာ မည်သည့် နိုင်ငံက အချုပ်အခြာ အာဏာပိုင် နိုင်ငံ ဖြစ်သည်ဟု အသိအမှတ်ပြု လက်ခံခြင်း ဖြစ်သည်။ ၁၆၄၈ ခုနှစ်မှ စ၍ နိုင်ငံများအကြား ဆက်ဆံရေး ဆိုင်ရာ ဝက်စ်ဖီးလီးရန်း (Westphalian) မော်ဒယ်လ်ကို စည်းကြပ်ခဲ့သည့် နိုင်ငံများ ဆိုင်ရာ ဥပဒေ (Law of Nations) (Held, 1995) က နိုင်ငံများ မိသားစုတွင် ခရစ်ယာန် ဘာသာဝင် အချုပ်အခြာ အာဏာပိုင် နိုင်ငံများကိုသာ အဖွဲ့ဝင် အဖြစ် သတ်မှတ်ခဲ့သည်။ ထိုနိုင်ငံများသည် အခြား နိုင်ငံများ၏ ဝင်ရောက် စွက်ဖက်မှု မခံရဘဲ ၎င်းတို့ဘာသာ ၎င်းတို့ ဥပဒေ ပြဋ္ဌာန်းခွင့် ရှိသည်။ မူလ အခြေချ နေထိုင်သူများသည် နိုင်ငံတကာ ဥပဒေတွင်လည်း အသိအမှတ် ပြုခံရရန် အရည်အချင်း ပြည့်မီခြင်း မရှိပေ (Castro, 2007)။

ဝက်စ်ဖီးလီးရန်း မော်ဒယ်လ် အများစုမှာ ကုလသမဂ္ဂ ဖွဲ့စည်းချိန် ၁၉၄၅ ခုနှစ်အထိ ရှိနေဆဲ ဖြစ်သည်။ နိုင်ငံများသာ ကုလသမဂ္ဂ၏ အဖွဲ့ဝင် ဖြစ်နိုင်သည်။ ကုလသမဂ္ဂ လုပ်ငန်းများမှ ထွက်ပေါ်လာသည့် နိုင်ငံတကာ ဥပဒေက နိုင်ငံများ၏ အကျိုးစီးပွားများကို အလျှော့အတင်း လုပ်ထားခြင်းအား ထင်ဟပ်

ပြနေသည်။ ၂၀၀၇ ခုနှစ်တွင် မူလ အခြေချ နေထိုင်သူများ အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက် (UN Declaration of the Rights of Indigenous Peoples) ကို ထုတ်ပြန်ခဲ့သော်လည်း မူလ အခြေချ နေထိုင်သူများသည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် မရှိသော လူအုပ်စုများ ဖြစ်သည့်အတွက် နိုင်ငံတကာတွင် ဥပဒေအရ အသိအမှတ် ပြုခံရအောင် လုပ်နိုင်စွမ်း မရှိကြပေ (Meijknecht, 2001) (စာသေတ္တာ ၁၉.၁ တွင် ရှုပါ)။ ထိုအစား ၎င်းတို့၏ ရပိုင်ခွင့်များကို နိုင်ငံများ လုပ်ဆောင်ပေးရမည့် တာဝန်များ (သို့) အုပ်ချုပ်မှု၏ စည်းမျဉ်းများ အဖြစ် ဖော်ပြကြသည်။ ၂၀၀၂ ခုနှစ်တွင် ကုလသမဂ္ဂ၌ မူလ အခြေချ နေထိုင်သူများ ပါဝင်မှု တိုးမြင့် လာစေရန် PFII ကို ထူထောင်ခဲ့သည်။ သို့ရာတွင် ၎င်းအဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင် တစ်ဝက်ခန့်ကို နိုင်ငံများက ဆုံးဖြတ်ကြသည်။

| စာသေတ္တာ ၁၉.၁။ ခွဲခြမ်း စိတ်ဖြာခြင်း၊ မူလ အခြေချ နေထိုင်သူများ၏ ရေရှည် တည်တံ့ခိုင်မြဲသော ကိုယ်ပိုင် အုပ်ချုပ်ခွင့်နှင့် အချုပ်အခြာ အာဏာ |
|---|
| မူလ အခြေချ နေထိုင်သူများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် ဝက်စ်ဖီးလီးရန်း မော်ဒယ်လ်ကဲ့သို့ အခြားနိုင်ငံများက အကန့်အသတ် မလုပ်နိုင်သော အာဏာ ရှိသည့် အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်ခု ထူထောင်ခြင်း မဟုတ်ပေ (Daes, 1993)။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ခွင့် သဘောတရား နှစ်ခုကို တရားဝင် ပေါင်းစပ်လိုက်ခြင်းက မူလ အခြေချ နေထိုင်သူများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် မျှော်လင့်ချက်ကို ထိခိုက်စေသည်။ မူလ အခြေချ နေထိုင်သူများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွင် မျိုးဆက်ပေါင်းများစွာ ရေရှည် တည်တံ့ခိုင်မြဲမှုနှင့် မိခင် ကမ္ဘာမြေကြီးနှင့် မျိုးစိတ်များအကြား အပြန်အလှန် ဆက်နွှယ်မှုတို့ကို ထိန်းသိမ်းထားမည့် တာဝန်ကို အခြေခံ ထားသော အုပ်ချုပ်မှု ပုံစံ ပါဝင်သည် (Corntassel, 2008)။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွင် အဓိကကျသည့် အခြေခံ အခွင့်အရေးများ (နှင့် ၎င်းတို့နှင့် ဆက်စပ်သော တာဝန်များ) မှာ အောက်ပါတို့ ဖြစ်သည်။<br>• သဘာဝ အရင်းအမြစ်များ စီမံ ခန့်ခွဲရန်<br>• ဘိုးဘွားပိုင် မြေများ၊ နယ်နိမိတ်များနှင့် အရင်းအမြစ်များသည် အုပ်စု အခွင့်အရေးနှင့် တစ်ဦးချင်းစီအတွက် အခွင့်အရေး ဖြစ်ခြင်း<br>• မြေယာ၊ နယ်နိမိတ်နှင့် အရင်းအမြစ်တို့ အုပ်ချုပ်ခွင့်နှင့် စီမံခန့်ခွဲခွင့်ကို အသုံးချရန်<br>• ၎င်းတို့၏ မြေနှင့် နယ်နမိတ် အတွင်း ၎င်းတို့ပိုင် အင်စတီကျူးရှင်းများနှင့် အာဏာပိုင်များက ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရှိစေရန်<br>• ၎င်းတို့၏ မြေယာ၊ နယ်နိမိတ်နှင့် အရင်းအမြစ်များကို ထိန်းသိမ်းရန်နှင့် ဖော်ထုတ် အသုံးပြုရန် ရွေးချယ်မှုများ ပြုလုပ်နိုင်သော မိမိဘာသာ မိမိ ဖွံ့ဖြိုးတိုးတက်နိုင်ခွင့် (ဆိုလိုသည်မှာ မိမိဘာသာ မိမိ ဆုံးဖြတ်ခွင့်) ရရှိရန်<br>• ၎င်းတို့၏ မြေယာ၊ နယ်နိမိတ်နှင့် အရင်းအမြစ်များကို ထိန်းသိမ်းရေး၊ ဖော်ထုတ် အသုံးပြုရေးတို့မှ ရရှိသည့် အကျိုးအမြတ်များကို မျှမျှတတနှင့် ညီညီမျှမျှ ခွဲဝေရန်<br>• ၎င်းတို့၏ ရိုးရာ ဗဟုသုတများကို ထိန်းသိမ်းခွင့်၊ ဖော်ထုတ်ခွင့်၊ အသုံးပြုခွင့်နှင့် ကာကွယ်ခွင့် ရရှိရန် (Collings, 2010, p. 86)<br><br>နိုင်ငံတော်ကသာ နိုင်ငံတကာ လူ့အခွင့်အရေး တာဝန်များကို လေးစား လိုက်နာပါက ထိုနိုင်ငံတွင် အထက်ပါ အခွင့်အရေးနှင့် တာဝန်များကို ရရှိနိုင်မည် ဖြစ်သည် (Primeau and Corntassel, 1995)။ |

**မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများနှင့် ပတ်သက်ပြီး ရာစုနှစ်ပေါင်းများစွာ ငြင်းခုံနေမှုများ**

၁၅ ရာစုမှ စ၍ စစ်ပွဲများ၊ ကုန်သွယ်ရေးနှင့် အခြေချ နေထိုင်ခြင်းတို့ဖြင့် ဥရောပ နိုင်ငံများ၏ နယ်မြေ သိမ်းပိုက်မှုများသည် ကမ္ဘာတစ်ဝန်းရှိ မူလ အခြေချ နေထိုင်သူများနှင့် ဂေဟစနစ်ကို ကြီးစွာသော သက်ရောက်မှု ရှိသည် (Keal, 2003)။ သိမ်းပိုက်ခြင်းသည် သိမ်းပိုက်လိုက်သည့် နယ်နိမိတ်တွင် နိုင်ငံတော် အချုပ်အခြာ အာဏာ ရရှိစေခြင်း၊ သဘာဝ အရင်းအမြစ်များနှင့် ဈေးပေါသည့် လုပ်သားများကို ထုတ်ယူသည့် ကိုလိုနီ စနစ်များ တည်ထောင်ခြင်းနှင့် ဥရောပ နိုင်ငံများက ၎င်းတို့ထံတွင် ပိုလျှံနေသူများကို ပို့လွှတ်လိုက်သည့် အခြေချ ကိုလိုနီများ ဖန်တီးခြင်းတို့ ဖြစ်သည်။ နိုင်ငံများ ဆိုင်ရာ ဥပဒေက သိမ်းပိုက်သည့် ပုံစံ ငါးခုကို ခွင့်ပြုထားသည်။ နယ်မြေ တစ်ခုကို အချိန်ကာလ တစ်ခုကြာ ပိုင်ဆိုင်ခြင်းဖြင့် သိမ်းယူသည့် ကာလရှည်ကြာ နေထိုင်ခြင်း နည်းလမ်း၊ အခြားနိုင်ငံ တစ်နိုင်ငံ၏ နယ်နိမိတ်ကို ပဋိညာဉ်ဖြင့် သိမ်းယူသည့် နည်းလမ်း၊ သဘာဝ ဖြစ်စဉ်အရ ပေါ်ထွက်လာသည့် နယ်မြေ တစ်ခုကို သိမ်းယူသည့် နည်းလမ်း၊ စစ်ပွဲတွင် အောင်နိုင်ခြင်းဖြင့် နယ်နိမိတ် တစ်ခုကို သိမ်းယူသည့် နည်းလမ်းနှင့် အခြား အချုပ်အခြာ အာဏာပိုင် မရှိသည့် နယ်မြေ တစ်ခုကို ရှာဖွေ တွေ့ရှိခြင်း (သို့) အခြေချခြင်းဖြင့် သိမ်းယူသည့် နည်းလမ်းတို့ ဖြစ်ကြသည်။ ထိုနယ်မြေများကို တစ်ခါတရံ မည်သူမှ မနေသည့် နယ်မြေများ (လက်တင် ဘာသာဖြင့် terra nullius) ဟု ခေါ်ဆိုကြသည်။

ကိုလိုနီ ပြုသည့် နိုင်ငံများသည် အချုပ်အခြာ အာဏာပိုင် မရှိခြင်းကို “ယဉ်ကျေးသည့်” နိုင်ငံများက လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုထားသော နေထိုင်သူ မရှိခြင်းနှင့် ရောထွေးပစ်တတ်ကြသည်။ ထို့ကြောင့် ၎င်းတို့က မည်သူမှ မနေသည့် နယ်မြေများကို တွေ့ရှိသည်ဟု ဆိုကြသည်။ သို့မဟုတ်ပါက လူများ အစောကတည်းကပင် နေထိုင်နေပြီး ဖြစ်သည့် နယ်မြေကို သွားရောက် ကျူးကျော်ခြင်းက ကျင့်ဝတ်ပိုင်းအရရော၊ ဥပဒေပိုင်းအရပါ ပြဿနာ ရှိပေလိမ့်မည်။ သို့ရာတွင် ကိုယ်ကျင့်သိက္ခာတရား၊ ဥပဒေ သို့မဟုတ် ရုပ်ဝတ္ထု အခြေအနေများက မူလအခြေချနေထိုင်သူများ၏ နယ်မြေများကို တွေ့ရှိခြင်းဟု အမည်ပေး၍တစ်မျိုး၊ ကျူးကျော်နေထိုင်၍၊ သိမ်းပိုက်၍တစ်ဖုံ၊ လူမျိုးပြုန်းတီးမှု ကျူးလွန်၍ တစ်နည်း ရယူခြင်းအား မရပ်တန့်စေခဲ့ပေ (Borrows, 1999; Miller et al., 2012; UNPFII, 2014)။ သို့မဟုတ် မူလအခြေချ နေထိုင်သူများနှင့် ပဋိညာဉ် (သို့) ငြိမ်းချမ်းရေး စာချုပ်များအား ဥပဒေလက်တစ်လုံးခြား ပြုလုပ်၍ နယ်မြေများ ရယူခဲ့ကြသည် (Gotkowitz, 2008; Foster, Raven, and Webber, 2008; Speed, 2008; Hitchcock and Totten, 2010)။

၁၉ ရာစု တလျှောက်လုံးနှင့် ၂၀ ရာစု အစောပိုင်းများတွင် ကျူးကျော်သူများ၏ လစ်ဘရယ် ယဉ်ကျေးမှု ယူဆောင်လာသည်ဟူသော အပြောသည် မူလ အခြေချ နေထိုင်သူများ၏ ပိုင်ဆိုင်မှုများကို သိမ်းပိုက်လိုသည့် လက်တွေ့နှင့် ဆန့်ကျင်နေခဲ့သည်။ နိုင်ငံများ ဆိုင်ရာ ဥပဒေသည် အင်္ဂလိပ်စကားပြော နိုင်ငံများမှ လစ်ဘရယ် ဥပဒေ သဘောတရားများအပေါ် အဓိက အခြေခံထားသည်။ ယင်းကို နိုင်ငံ၏ အချုပ်အခြာ အာဏာကို လေးစားခြင်း၊ ပိုင်ဆိုင်မှု အခွင့်အရေးနှင့် နိုင်ငံတော်မှ လူတစ်ဦးချင်းစီ အပေါ် သက်ရောက်သည့် အာဏာများကို ကန့်သတ်ရန် တရားဥပဒေ စိုးမိုးရေး ကဲ့သို့သော စည်းမျဉ်းများဖြင့် ဥပမာပြု ဖော်ပြထားသည်။ သို့ရာတွင် ကိုလိုနီ နိုင်ငံများတွင် နိုင်ငံရေး ဘောဂဗေဒ အသစ်များ ပေါ်ထွန်းလာခြင်းကို မူလ အခြေချ နေထိုင်သူများ ရှိနေခြင်းနှင့် ၎င်းတို့၏ အခွင့်အရေး တောင်းဆိုမှုများက ပိတ်ဆို့နေသည်။

ထိုသူများ၏ ပိုင်ဆိုင်မှုများကို ဖျောက်ပစ်ရန်၊ ၎င်းတို့ကို လူစုခွဲပစ်ရန်နှင့် အသစ်အခြေချသူများနှင့် တစ်သားထဲ ဖြစ်သွားစေရန် လုပ်ဆောင်ချက်များက အတင်းအကြပ် ဖိအားပေးခြင်းနှင့် လူမျိုးပြုန်းတီးစေခြင်း ဆိုင်ရာ အလေ့အကျင့်များ၊ မသိနားမလည်သူများအဖြစ် ဆက်ဆံခြင်း၊ မူလ အခြေချ နေထိုင်သူများနှင့် နိုင်ငံများကို ယဉ်ကျေးမှု ကွာခြားချက်များကြောင့် တရားဥပဒေအရ အသိအမှတ်ပြုရန် ငြင်းဆန်ခြင်းတို့ ဖြစ်ပွားစေသည်။ လူသားချင်း စာနာမှု ရှိခြင်းနှင့် လစ်ဘရယ် စည်းမျဉ်းများအပေါ် သစ္စာ စောင့်သိခြင်းတို့ ရှိခဲ့သော်လည်း ထိုကာလတွင် တရားဝင် ဥပဒေစနစ်အရ ကျင့်သုံးသည့် နိုင်ငံများ၏ အလေ့အကျင့်များက မူလ အခြေချ နေထိုင်သူများကို ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ် ပြုခြင်းရော၊ နိုင်ငံတကာ ဥပဒေအရ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရှိသည့် အုပ်စုများအဖြစ် ဥပဒေအရ အသိအမှတ်ပြုခြင်းရော မရှိခဲ့ပေ။

ရာစုနှစ်ပေါင်းများစွာအတွင်း မူလအခြေချ နေထိုင်သူများနှင့် သက်ဆိုင်သည့် ငြင်းခုံ ဆွေးနွေးမှုများတွင် ထိုသဘောတရားကို ချိုးဖောက်ခြင်းထက် ဆက်လက် လက်ခံ ကျင့်သုံးခြင်းကိုသာ တွေ့ရသည် (စာသေတ္တာ ၁၉.၂ တွင် ရှုပါ)။

| စာသေတ္တာ ၁၉.၂။ မူလ အခြေချ နေထိုင်သူများကို ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ် ပြုခြင်းအပေါ် မပြတ်မသား ဖြစ်နေမှု |
|---|
| **၁၄၉၂** ခရစ်စတိုဖာ ကိုလံဘတ်စ် (Christopher Columbus) က အမေရိကတိုက်၏ အစွန်အဖျား ဒေသများကို ရှာဖွေ တွေ့ရှိခဲ့သည်။ သို့ရာတွင် သူက အိန္ဒိယသို့ လမ်းကြောင်းသစ်ကို ရှာတွေ့ခဲ့ပြီဟု ဆိုသည်။ |
| **၁၄၉၂** ပုပ်ရဟန်းမင်းကြီး အလက်ဇန်းဒါးက အသစ် ရှာဖွေ တွေ့ရှိခဲ့သော အမေရိကတိုက်မှ မူလ အခြေချ နေထိုင်သူများကို ၎င်းတို့ ခရစ်ယာန် ဘာသာသို့ မပြောင်းပါက ထိုသူများကို ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ် မပြုဟု ထုတ်ပြန် ကြေညာခဲ့သည်။ |
| **၁၅၁၄** ဒိုမီနီကန် ဘုန်းတော်ကြီး ဘာသိုလမီဒလက်စ်ကက်ဆက်ဇ် (Bartholeme de Las Casas) က စပိန်နိုင်ငံ ကျူးကျော်ထားသည့် ဒေသများမှ အင်ဒီးယန်းများ၏ အခွင့်အရေးများအား တောင်းဆိုခဲ့သည်။ |
| **၁၅၃၉** ဘာသာရေးဆရာ ဖရန်ဆစ်ကက်စ် ဒီ ဗစ်တိုးရီးယား (Franciscus de Victoria) က မူလ အခြေချ နေထိုင်သူများ၏ အသက်ရှင်ခွင့်နှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်တို့အတွက် လှုပ်ရှား တောင်းဆိုခဲ့သည်။ |
| **၁၅၅၀** စပိန်ဘုရင်က ဒလက်စ်ကက်ဆက်ဇ် (de Las Casas) နှင့် ပညာရှင် ဟွမ်ဟီးနစ် စပယ်လ်ဗာဒါ (Juan Gines de Sepulveda) တို့အကြား စကားစစ်ထိုးပွဲ တစ်ခု စီစဉ်ပေးခဲ့သည်။ ဟွမ်က အင်ဒီးယန်းများကို အခွင့်အရေး မရှိသော သဘာဝအရ ကျွန်ဖြစ်နေကြသူများဟု ရည်ညွှန်းခဲ့သည်။ |
| **၁၅၅၂** လက်စ်ကက်ဆက်ဇ် (Las Casas (1992)) ၏ အင်ဒီများ ပျက်စီး ဆုံးရှုံးခြင်း အကျဉ်းချုပ် (The Devastation of the Indies: A Brief Account) ဟူသည့် စာအုပ်တွင် စပိန်အုပ်ချုပ်သော (ကျူးဘားရှိ) အင်ဒီယန်းများကို လူမျိုးပြုန်းတီး စေခြင်းနှင့် ကျွန်ပြုခြင်းများအား မှတ်တမ်းတင် ထားသည်။ |

**၁၆၀၄၊ ၁၆၂၅** ဟူဂိုဂရိုတီရပ်စ် (Hugo Grotius) က မူလ အခြေချ နေထိုင်သူများ တစ်ဦးချင်းစီကို လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုရန်နှင့် နိုင်ငံတကာ ဥပဒေအရ အုပ်စုအဖြစ် အသိအမှတ်ပြုရန် တောင်းဆိုခဲ့သည်။ ထောက်ခံ လှုပ်ရှားခဲ့သည်။ ရှာဖွေ တွေ့ရှိခြင်း (သို့) အခြေချခြင်း သဘောတရားအရ နယ်မြေ သိမ်းပိုက်ခြင်းကို မည်သူ တစ်ဦးတစ်ယောက်မျှ အမှန်တကယ် နေထိုင်ခြင်း မရှိသည့် နေရာများတွင်သာ အသုံးပြုရန် တောင်းဆိုခဲ့သည်။

**၁၆၉၀** ဂျွန်လော့ခ် (John Locke) က အစိုးရ၏ ပဋိညာဉ် နှစ်ခု (Two Treatieses of Government) (Locke, 1960) ဟူသည့် စာအုပ်တွင် မြောက်အမေရိကရှိ အင်ဒီးယန်း လူမျိုးများအား တစ်ဦးချင်းစီကို လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုရန်နှင့် နိုင်ငံတကာ ဥပဒေအရ အသိအမှတ် ပြုရန်တို့ကို ငြင်းဆိုခဲ့သည်။ အဘယ်ကြောင့် ဆိုသော် ထိုသူများသည် ကမ္ဘာ့ခေတ်ဦး သဘာဝ အခြေအနေတွင် နေထိုင်ဆဲ ဖြစ်ပြီး အသိအမှတ် ပြုနိုင်သည့် နိုင်ငံရေး စနစ်လည်း မရှိ၊ ဥရောပ တိုက်သားများကဲ့သို့ လယ်ယာ စိုက်ပျိုးခြင်းလည်း မရှိသောကြောင့်ဟု ဆိုသည်။

**၁၇၄၃** ဂျေဂျီဟိန်းနီးကပ်စ် (J. G. Heineccus) က နိုင်ငံတကာ ဥပဒေအရ အသိအမှတ်ပြုမှုကို နယ်ချဲ့ခြင်းအား ခုခံရန် ခွန်အား ရှိခြင်းနှင့် အခြား နိုင်ငံများကို နယ်နိမိတ် အတွင်းမှ တွန်းထုတ် ပစ်နိုင်ခြင်း တို့နှင့် ညီမျှခြင်း ချခဲ့သည်။

**၁၇၆၃** အင်္ဂလန်နိုင်ငံ၏ ဘုရင်က ဗြိတိသျှပိုင် မြောက်အမေရိကတွင် အခြေချ နေထိုင်သူများ၏ အပြုအမူများကို စည်းကြပ်ရန်နှင့် အင်ဒီးယန်း လူမျိုးများ၊ မျိုးနွယ်စုများနှင့် ဆက်ဆံရေးကို တည်ငြိမ်စေရန် တော်ဝင် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် အက်ပါလေးချားတောင်တန်း အနောက်ဘက်ရှိ နယ်မြေများကို အင်ဒီးယန်းများအတွက်ဟု သတ်မှတ်ပေးခဲ့ပြီး ၎င်းတို့၏ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်နှင့် မျိုးနွယ်စုအဖြစ် တည်ရှိခွင့်တို့ကို အသိအမှတ်ပြုခဲ့သည်။ ဆိုလိုသည်မှာ အုပ်စုကို ဥပဒေအရ အသိအမှတ် ပြုလိုက်ခြင်း ဖြစ်သည်။ ထိုအချိန်မှ စ၍ ကနေဒါသည် မူလအခြေချ နေထိုင်သူများပိုင် ပထမ နိုင်ငံများ (First Nations) နှင့် ပဋိညာဉ် များစွာ ပြုလုပ်ရတော့သည်။

[ပထမ နိုင်ငံများ၏ ရှိနေပြီး ဖြစ်သော မူလ အခြေချသူ ဟူသည့် အမည်နာမကို ကနေဒါ နိုင်ငံ၏ အမြင့်ဆုံး တရားရုံး (Supreme Court of Canada (SCC)) က *ကယ်လ်ဒါနှင့် ဘုရင်မ (Calder v. The Queen)* အမှုတွင် ပထမဆုံး အသိအမှတ် ပြုခဲ့သည် (SCR 892)။ ကနေဒါတွင် ပထမ နိုင်ငံများ၏ ဖွဲ့စည်း အုပ်ချုပ်ပုံကို ဖွဲ့စည်းပုံ အခြေခံ အက်ဥပဒေ ၁၉၈၂ တွင် ပထမဆုံး အသိအမှတ် ပြုခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် *ဟေဒါနှင့် ဗြိတိသျှ ကိုလံဘီယာ (Haida v. British Columbia)* အမှုတွင် SCC က ဘုရင်မသည် ပထမ နိုင်ငံများနှင့် အပြုသဘောဆောင် ဆွေးနွေး ညှိနှိုင်းရန် တာဝန်ရှိသည်ဟု ဆုံးဖြတ်ခဲ့သည်။ SCC ဆုံးဖြတ်ချက် အမှတ် 44 *Tsilhqot'in Nation v. British Columbia* (2014) တွင် တရားရုံးက မူလ အခြေချ နေထိုင်သူ ဟူသော အမည်နာမ၏ အဓိပ္ပာယ်ကို အကျယ်ချဲ့ခဲ့ပြီး အစိုးရကို အရင်းအမြစ် ဖော်ထုတ်မှုများတွင် ပထမ နိုင်ငံများနှင့် ဆွေးနွေးရန်နှင့် ၎င်းတို့ပိုင် နယ်မြေများသို့ ကျူးကျော်ပါက အကြောင်းပြချက် ပေးရန် ဆုံးဖြတ်ခဲ့သည်။]

**၁၇၆၅** ဝီလီယံဘလက်စတုန်း (William Blackstone) က *အင်္ဂလန်၏ ဥပဒေများအပေါ် သဘာဝထား မှတ်ချက် (Commentaries on the Law of England)* (Blackstone, 1765-9) တွင် မူလ အခြေချ နေထိုင်သူများသည် ကမ္ဘာ့ခေတ်ဦးက ရိုးရှင်းသော ပုံစံဖြင့် နေထိုင်နေဆဲ ဖြစ်သောကြောင့် တစ်ဦးချင်းစီကို ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခြင်းနှင့် နိုင်ငံတကာ ဥပဒေအရ အသိအမှတ်ပြုခြင်းတို့ မရှိသင့်ဟု ဆိုသည်။

**၁၇၇၆** ဗြိတိသျှ တော်ဝင်ရေတပ် ကပ္ပတိန် ဂျိမ်းစ်ကွတ် (James Cook) ကို တွေ့ရှိသော နယ်မြေများအား ဒေသခံများ၏ သဘောတူညီချက်ဖြင့် သိမ်းပိုက်ရန် အမိန့်ပေးခဲ့ပြီး သူသည် ထိုအမိန့်အရ ပင်လယ်ထဲသို့ ရွက်လွှင့်ခဲ့သည်။ ဩစတြေးလျတိုက်၏ အရှေ့တောင်ပိုင်းတွင် ကမ်းကပ်သောအခါ မူလ အခြေချ နေထိုင်သူများ ရှိနေသည့် သက်သေ အလုံအလောက် ရှာတွေ့သော်လည်း နေထိုင်သူ မရှိသည့် တိုက်တစ်တိုက်ကို တွေ့ပြီဟု ဆိုခဲ့သည်။

[ဩစတေးလျား နိုင်ငံ၏ အမြင့်ဆုံး တရားရုံးက *မာဘိုနှင့် ကွင်းစ်လန်း (Mabo v. Queensland)* အမှု (No.2) (1992) 175CLR 1(HCA) တွင် နေထိုင်သူ မရှိဟူသည့် အချက်ကို ပယ်ချခဲ့ပြီး ဗြိတိသျှများ နယ်မြေကို မသိမ်းပိုက်မီ ကတည်းက မူလ အခြေချ နေသူများ ရှိခဲ့ကြောင်းကို အသိအမှတ် ပြုခဲ့သည်။]

**၁၇၈၇** *အမေရိကန် နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေက* အန်ဒီးယန်း လူမျိုးစုများကို နိုင်ငံတကာ ဥပဒေတွင် လူသားအဖြစ် အသိအမှတ် ပြုထားပုံရသည်။ ကုန်သွယ်ရေး ဆိုင်ရာ အပိုဒ် (အပိုဒ် ၁၊ အပိုင်း ၈) တွင် “ကွန်ဂရက်သည် နိုင်ငံခြား နိုင်ငံများ၊ အန်ဒီးယန်း လူမျိုးစုများနှင့် ကုန်သွယ်ခြင်းကို စည်းကြပ်ရန် အာဏာ ရှိသည်” ဟု ဆိုထားသည်။

**၁၇၈၇** အမေရိကန် နိုင်ငံ၏ ကွန်ဂရက်က *အနောက်မြောက် အမိန့်*ကို ချမှတ်ခဲ့သည်။ အပိုဒ် ၃ တွင် အိုဟိုင်းယိုးမြစ် အနောက်မြောက်ဘက်ရှိ နယ်မြေများကို အုပ်ချုပ်ခြင်းနှင့် ပတ်သက်၍ အင်ဒီးယန်းများကို ဥပဒေအရ အသိအမှတ်ပြုထားသည်။

**၁၈၂၃** အမေရိကန် နိုင်ငံ၏ အမြင့်ဆုံး တရားရုံးက *ဂျွန်ဆင်နှင့် မက်ကင်တော့ရှ် (Johnson v. McIntosh)* အမှုတွင် လူမျိုးစု ကိုယ်စား အင်ဒီးယန်း လူမျိုးစု ခေါင်းဆောင်များက မြေယာများနှင့် ပတ်သက်ပြီး ဆုံးဖြတ်နိုင်မှု အာဏာကို ငြင်းပယ်ခဲ့ခြင်းဖြင့် တစ်ဦးချင်းစီနှင့် နိုင်ငံတကာ ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုမှုကို ငြင်းဆန်ခဲ့သည်။

**၁၈၃၁** *ချာရိုကီးနှင့် ဂျော်ဂျီယာ ပြည်နယ် (Cherokee v. State of Georgia)* အမှုတွင် အမေရိကန် နိုင်ငံ အမြင့်ဆုံး တရားရုံးက အန်ဒီးယန်း မျိုးနွယ်စုများကို အကန့်အသတ်ဖြင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့် အုပ်စု အခွင့်အရေးကို အသိအမှတ်ပြုခဲ့သည်။ ၎င်းတို့ကို အမှီအခို မကင်းသော ပြည်တွင်း နိုင်ငံများဟု အသိအမှတ်ပြုခြင်းဖြင့် အုပ်စု ဆိုင်ရာ လူသားအဖြစ် အသိအမှတ်ပြုမှုကို တစ်စိတ် တစ်ပိုင်း ပေးခဲ့သည်။

**၁၈၃၅** ဗြိတိသျှ ဘုရင်က အိုတီရိုး/နယူးဇီလန်မှ မာအိုရီ လူမျိုးစု ခေါင်းဆောင်များ၏ လွတ်လပ်ရေး

ကြေညာစာတမ်းကို လက်ခံ ရရှိခဲ့သည်။

**၁၈၃၇** ဗြိတိသျှ လွှတ်တော်က မူလ အခြေချ နေထိုင်သူများဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို လက်ခံ ရရှိခဲ့သည်။ ထိုအစီရင်ခံစာတွင် ဩစတြေးလျ ကိုလိုနီအတွင်း မူလ အခြေချ နေထိုင်သူများအား အစုလိုက် အပြုံလိုက် သတ်ဖြတ်နေကြောင်း သက်သေများ ပါဝင်သည်။ ယင်းကြောင့် မူလ အခြေချ နေထိုင်သူများကို လေးစားရမည့်၊ ကာကွယ်ရမည့်၊ ပေါင်းစပ်ပစ်ရမည့် ဗြိတိသျှ နိုင်ငံ၏ လက်အောက်ခံအဖြစ် သတ်မှတ်ခဲ့ကြသည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ယင်းတို့ ဥပဒေအရ အသိအမှတ်ပြုမှု အနည်းငယ် ရှိလာခဲ့သည်။

**၁၈၄၀** တွင် ဗြိတိသျှ ဘုရင်က မာအိုရီ မျိုးနွယ်စု ခေါင်းဆောင်များနှင့် ချုပ်ဆိုသည့် ဝိုင်တန်ဂီ ပဋိညာဉ်ကို အဆုံးသတ်ခဲ့သည်။ ပဋိညာဉ်တွင် မိုအိုရီ၏ အချုပ်အခြာ အာဏာကို ဘုရင်ထံသို့ စွန့်လွှတ် ပေးအပ်ခဲ့ပြီး မာအိုရီ ဗြိတိသျှများအနေနှင့် စီရင်ခံရသူများ ဖြစ်လာသည်။

[၂၀၁၄တွင် ဝိုင်တန်ဂီ ခုံရုံးက မျိုးနွယ်စု ခေါင်းဆောင်များသည် အချုပ်အခြာ အာဏာကို စွန့်လွှတ်ခဲ့ခြင်း မရှိဟု တွေ့ရှိခဲ့သည် (*He Whakaputanga me te Tiriti: the Declaration and the Treaty* Waitangi Tribunal (2014, Wai 1040))။]

**၁၈၉၅** အင်္ဂလိပ်လူမျိုး ဥပဒေပညာရှင် ဂျွန်ဝက်စ်လိပ်ခ် (John Westlake) က မူလ အခြေချ နေထိုင်သူများသည် ယဉ်ကျေးမှု မထွန်းကားသေးသူများ ဖြစ်ပြီး ဥပဒေအရ အသိအမှတ်ပြု ခံထားရခြင်း မရှိသောကြောင့် ၎င်းတို့နှင့် ချုပ်ဆိုသော ပဋိညာဉ်များကို လိုက်နာရန် မလိုအပ်ဟု ဆိုခဲ့သည်။

**၁၉၁၈** အေ အိတ်ချ် စနိုး (A. H. Snow) ၏ အမေရိကန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနအတွက် ရေးသားခဲ့သော *မူလ အခြေချ နေထိုင်သူများဆိုင်ရာ မေးခွန်းနှင့် နိုင်ငံများ၏ အလေ့အကျင့်များ (The Question of Aborigines and the Practice of Nation)* (1918) ဟူသည့် အစီရင်ခံစာတွင် မျိုးရိုးဗီဇကို အခြေခံပြီး "ခေတ်နောက်ကျနေသော လူမျိုးစုများ" နှင့် "ယဉ်ကျေးမှု ထွန်းကားသော နိုင်ငံများ" ဟူ၍ အရွယ်မရောက်သေးသူနှင့် အုပ်ထိန်းသူ အဖြစ် ခိုင်းနှိုင်းခဲ့သည်။ မူလ အခြေချ နေထိုင်သူများနှင့် ချုပ်ဆိုခဲ့သော ထိုသို့ ကျိုးကြောင်းပြထားသော ပဋိညာဉ်များသည် နိုင်ငံများ အပေါ်တွင် စည်းနှောင်မှု မရှိပေ။ အဘယ်ကြောင့်ဆိုသော် ခေတ်နောက်ကျနေသော လူမျိုးများသည် စည်းကြပ်မှု ရှိသော နိုင်ငံတကာ ကိစ္စရပ်များတွင် ပါဝင်ရန် လုံလောက်သော စွမ်းဆောင်ရည် မရှိသောကြောင့် ဖြစ်သည်။

**၁၉၁၉** တောင်ရိုဒီးရှားတွင် (AC 211) အသနား ခံရာ၌ အမြင့်ဆုံး တက်နိုင်သည့် တရားရုံး ဖြစ်သော ဗြိတိသျှ အင်ပိုင်ယာ၏ ပရိဗီ ကောင်စီသည် ထိုမျိုးရိုးဗီဇအရ ခွဲခြားသည့် အမြင်များ လွှမ်းမိုးခြင်းကို ခံခဲ့ရသည်။ တရားရုံးက မူလ အခြေချ နေထိုင်သူများသည် လူမှု စုစည်းရေးတွင် လွန်စွာ အဆင့်အတန်း နိမ့်နေသေးပြီး ၎င်းတို့ အသုံးပြုသော အခွင့်အရေးနှင့် တာဝန် ဆိုင်ရာ သဘောတရားများသည် ယဉ်ကျေးမှု ထွန်းကားပြီး လူ့အဖွဲ့အစည်းများက အင်စတီကျူးရှင်းများ၊ ဥပဒေ အကြံဉာဏ်များနှင့် ပေါင်းစပ် ညှိနှိုင်း၍ မရသောကြောင့် ၎င်းတို့ကို ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ် ပြုရန် မလိုဟု ဆုံးဖြတ်ခဲ့သည်။

**၁၉၂၁** *အာမိုဒူ တီဂျာနီ နှင့် တောင်နိုင်ဂျီးရီးယား နိုင်ငံ အတွင်းရေးမှူး (Amodu Tijani v. Secretary, Southern Nigeria)* အမှုတွင် ပရိုင်ဗီ ကောင်စီက တိုက်ရိုက် သိမ်းပိုက် ရယူထားသော (သို့) အာဏာစွန့်လွှတ်ထားသော ဒေသများမှ လူများကို ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ် ပြုရမည်ဟု ဆုံးဖြတ်ခဲ့သည်။

**၁၉၂၈** *ပါလ်မာကျွန်း အမှု*တွင် နိုင်ငံတကာ စေ့စပ်ညှိနှိုင်းရေး အမြဲတမ်း တရားရုံးက မူလ အခြေချနေထိုင်သူများကို နိုင်ငံတကာ ဥပဒေအရ အသိအမှတ်ပြု မခံရသော အရိုင်းအစိုင်းများ၊ တစ်စိတ်တစ်ပိုင်းသာ ယဉ်ကျေးမှု ထွန်းကားနေသူများဟု သတ်မှတ်ကာ ၎င်းတို့၏ ဥပဒေအရ ရပ်တည်ပိုင်ခွင့်ကို ငြင်းပယ်ခဲ့သည်။

**၁၉၃၃** *အရှေ့ ဂရင်းလန်း ဒေသ၏ ဥပဒေ အဆင့်အတန်း* ဆိုင်ရာ အမှုတွင် နိုင်ငံတကာ တရားရုံးက ဂရင်းလန်းကို နေထိုင်သူ မရှိသည့် နယ်မြေအဖြစ် အသိအမှတ် ပြုခဲ့သည်။ ဤအမှုတွင် ဂရင်းလန်း၌ အများစု နေထိုင်သည့် မူလ အခြေချ နေထိုင်သူ အင်နွစ်လူမျိုးများသည် ဥပဒေအရ အသိအမှတ် ပြုခံရခြင်း မရှိခဲ့ပေ။

[၁၉၇၅ ခုနှစ်တွင် နိုင်ငံတကာ တရားရုံးက *အနောက် ဆာဟာရ* အမှုတွင် ထိုဒေသကို ရှာဖွေတွေ့ရှိခြင်း/လူမနေသော နယ်မြေကို သိမ်းပိုက်ခြင်း ဟူသည့် အဆိုအား ငြင်းပယ်ခဲ့သည်။]

ပထမ ကမ္ဘာစစ် အပြီး (၁၉၁၈) တွင် နိုင်ငံ ပေါင်းချုပ် အသင်းကြီး (League of Nations) နှင့် နိုင်ငံတကာ အလုပ်သမားများ အဖွဲ့ချုပ် (International Labour Organization (ILO)) တို့ကို နိုင်ငံ အခြေစိုက် အစိုးရများ ဆိုင်ရာ အဖွဲ့အစည်းများအဖြစ် ထူထောင်ခဲ့သည်။ နိုင်ငံပေါင်းချုပ် အသင်းကြီးက ပြည်တွင်း လူနည်းစုများကို အုပ်စုများအဖြစ် ကာကွယ်ခြင်းအား အာရုံစိုက် ထားသော်လည်း မူလအခြေချ နေထိုင်သူများသည်လည်း ထိုအဖွဲ့နှင့် သက်ဆိုင်သည်။ အသင်းကြီးသည် ဥရောပ အင်အားစုများ သိမ်းပိုက်ထားသည့် ကိုလိုနီ နယ်နမိတ်များတွင် နေထိုင်သည့် မူလအခြေချ နေထိုင်သူများ၏ ကောင်းကျိုးချမ်းသာကို စောင့်ကြည့်ခြင်း အပါအဝင် စစ်ပွဲတွင် အနိုင် ရရှိသော နိုင်ငံများကို ကောင်းမွန်သော အစိုးရ  ဖြစ်စေရန် တာဝန်ပေးထားသည်။၂

ILO ကို အလုပ်သမားဆိုင်ရာ စံနှုန်းများအား ချမှတ်ရာနှင့် စောင့်ကြည့်ရာတွင် နိုင်ငံများ၊ အလုပ်ရှင်များနှင့် အလုပ်သမားများကို ကိုယ်စားပြုသော သုံးပွင့်ဆိုင် အဖွဲ့အစည်းအဖြစ် ဖန်တီးထားပြီး ယင်းကဲ့သို့ပင် တာဝန်ထမ်းဆောင်နေဆဲ ဖြစ်သည်။ ၁၉၅၀ ပြည့်လွန်နှစ်များ မတိုင်မီအထိ ILO သည် မူလ အခြေချ နေထိုင်သူများကို အဓိက အာရုံစိုက်ရာတွင် ထင်ရှားသည့် အစိုးရများ ဆိုင်ရာ အဖွဲ့အစည်း ဖြစ်သည်။ ILO သဘောတူစာချုပ်များတွင် မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများကို အသိအမှတ် ပြုခြင်းထက် နိုင်ငံများကို တာဝန်များ ပေးအပ်ထားသည်။

အနှစ်ချုပ်

၁၅ ရာစုနှင့် ၂၀ ရာစု အကြား မူလအခြေချ နေထိုင်သူများကို ဥပဒေအရ အသိအမှတ်ပြုမှုသည် အကန့်အသတ် ပုံစံဖြင့်သာ ရှိပြီး ၎င်းတို့၏ အခွင့်အရေးများအား ငြင်းဆန်ခြင်းကို ဆင်ခြေ ပေးထားကြသည်။ မူလ အခြေချ နေထိုင်သူများကို အချုပ်အခြာ အာဏာပိုင် နိုင်ငံများအဖြစ် ရပ်တည်ခွင့် မပေးထားပေ။ အချုပ်အခြာ အာဏာပိုင် နိုင်ငံများမှာ စစ်ပွဲများနှင့် နယ်မြေ သိမ်းပိုက်ရေးများကို အဆုံးအဖြတ် ပေးသော ဝက်စ်ဖီးလီးယန်း နိုင်ငံများဆိုင်ရာ ဥပဒေအရ စည်းကြပ်ထားသည့် ခရစ်ယာန် ဘာသာဝင် ဥရောပ နိုင်ငံများ ဖြစ်သည်။

၁၉၇၅ ခုနှစ်အထိ နယ်မြေသစ် ဖော်ထုတ် တွေ့ရှိခြင်း၊ သိမ်းပိုက်ခြင်း နည်းလမ်းများဖြင့် နယ်မြေ သိမ်းပိုက်ခြင်းဆိုသည်မှာ အချုပ်အခြာ အာဏာပိုင် နိုင်ငံ တစ်နိုင်ငံက အုပ်ချုပ်ထားခြင်း မရှိသော၊ လူမနေသည့် နယ်မြေဟု သတ်မှတ်နိုင်သော၊ မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးကို လျစ်လျူ ရှုနိုင်သော သိမ်းပိုက်ခြင်း ပုံစံ ဖြစ်သည်။

၁၉ ရာစုနှင့် ၂၀ ရာစုများအတွင်း မျိုးရိုးဗီဇ အကြောင်းပြချက်ကို အသုံးပြုကာ မူလ အခြေချ နေထိုင်သူများအား ခေတ်နောက်ကျနေသူများ၊ ဥရောပ နိုင်ငံသားများကို ယဉ်ကျေးမှု ထွန်းကားသူများဟု သတ်မှတ်ခဲ့ပြီး မူလအခြေချ နေထိုင်သူများ၏ အခွင့်အရေးများကို အသိအမှတ် မပြုခြင်းအား တရားဝင် ဖြစ်အောင် ကြိုးပမ်းခဲ့သည်။

၁၉၁၉ နှင့် ၁၉၅၇ ကြားထဲတွင် မူလ အခြေချ နေထိုင်သူများအပေါ် နိုင်ငံများ၏ တာဝန်များအား စိတ်ပါဝင်စားသည့် အဖွဲ့အစည်းမှာ ILO တစ်ဖွဲ့သာ ရှိသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

မျိုးရိုး ဗီဇ အရ ခွဲခြားခြင်းသည် သိပ္ပံ နည်းကျ မဟုတ်ဘဲ လူမျိုးရေး ခွဲခြားခြင်းကို ဆင်ခြေပေးခြင်း ဖြစ်သည်ဟု ထောက်ပြကြသည်။ နိုင်ငံများ၊ နိုင်ငံတကာ အေဂျင်စီများနှင့် စီးပွားရေး အဖွဲ့အစည်းများက မူလ အခြေချ နေထိုင်သူများနှင့် နိုင်ငံသားများကို ဆက်ဆံရာတွင် ခေတ်နောက်ကျ နေသူများနှင့် ယဉ်ကျေးမှု ထွန်းကားသူများဟု ခွဲခြားခြင်းများကို အမှန်တကယ်ပင် စွန့်လွှတ်ခဲ့ပြီဟု ထင်ပါသလား။ သင်၏ အမြင်ကို ထောက်ပံ့ရန် အကြောင်းပြချက်များ ပေးပါ။

## ကုလသမဂ္ဂနှင့် မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေး

ဒုတိယ ကမ္ဘာစစ်၏ လက္ခဏာ၊ နိုင်ငံ ပေါင်းချုပ် အသင်းကြီး၏ ကျရှုံးမှုနှင့် ဟော်လိုကော့စ် အတွေ့အကြုံများက နိုင်ငံတကာ အုပ်ချုပ်မှု ပုံစံများကို ပြန်လည် စဉ်းစားလာစေခဲ့သည်။ ILO အဖွဲ့မှာ ဆက်ရှိနေခဲ့သည်။ နိုင်ငံတကာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ကောင်းကျိုး ချမ်းသာတို့ကို လုပ်ဆောင်ရန် နိုင်ငံ ပေါင်းချုပ် အသင်းကြီး နေရာတွင် ကုလသမဂ္ဂကို ဖန်တီးခဲ့သည်။

### လူတစ်ဦးချင်းစီအတွက် လူ့အခွင့်အရေး ဆိုင်ရာ ပြောဆိုရေးသားမှုများ၏ အောင်ပွဲ ၁၉၄၅-၇၅

စစ်ပွဲ အပြီးတွင် ကုလ သမဂ္ဂနှင့် ၎င်း၏ အထူးပြု အေဂျင်စီများကို အခြေပြုထားသည့် ကမ္ဘာ့ စနစ်သစ် စတင် ပုံပေါ်လာသည်။ ကုလသမဂ္ဂ ပဋိညာဉ်က ကုလသမဂ္ဂ၏ လူများ (ထူးခြားစွာပင် နိုင်ငံများဟု မဆိုထားပေ)

သည် "အခြေခံ လူ့အခွင့်အရေး၊ လူတစ်ဦး၏ ဂုဏ်သိက္ခာနှင့် တန်ဖိုး၊ အမျိုးသားနှင့် အမျိုးသမီးများအကြား တန်းတူ အခွင့်အရေးနှင့် နိုင်ငံကြီးနှင့် နိုင်ငံငယ်များအကြား တန်းတူ အခွင့်အရေးများကို ယုံကြည်သည်" ဟု ဆိုထားသည်။ ကုလသမဂ္ဂ အခြေပြုသည့် ကမ္ဘာ့ စနစ်ပုံစံ၏ အခြေခံ တီထွင်မှု တစ်ခုမှာ လူသားအားလုံးအတွက် လူ့အခွင့်အရေး ပလက်ဖောင်းကို ရေးဆွဲ အတည်ပြုလိုက်ခြင်းပင် ဖြစ်သည်။ ယူဆချက်မှာ တစ်ဦးပုဂ္ဂလ ပုဂ္ဂိုလ်များ၏ လူ့အခွင့်အရေးက တန်းတူညီမှုကို ရရှိစေမည် ဖြစ်ပြီး အထူး ခြွင်းချက်ထား အခြေအနေများမှ လွဲ၍ အုပ်စုများ၏ အခွင့်အရေးများကို ပယ်ဖျက်ပစ်နိုင်မည် ဟူ၍ ဖြစ်သည်။ လူမျိုးပြုန်းတီး စေခြင်းမှ ကင်းလွတ်ခွင့်ဆိုင်ရာ အုပ်စု အခွင့်အရေး (တည်ရှိခွင့်) နှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တို့သည် ရုပ်ပြ သဘောအရ သိသာထင်ရှားသော်လည်း မူလ အခြေချ နေထိုင်သူများနှင့် လူနည်းစု အုပ်စုများ အတွက် လက်တွေ့ကျသော အကျိုးကျေးဇူး အနည်းငယ်သာ ရရှိစေသည် (Thornberry, 2002)။ ယေဘုယျအားဖြင့် လူ့အခွင့်အရေးကိုလည်း ထိုနည်းတူပင် ဆို၍ ရမည် ထင်သည် (Johansson Dahre, 2010)။

## တည်ရှိခွင့်နှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တို့အကြား ဆက်စပ်မှုကို လျစ်လျူရှုထားခြင်း

မူလ အခြေချ နေထိုင်သူများက ၎င်းတို့၏ တည်ရှိခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့သည် ခွဲခြားမရအောင် ဆက်စပ်နေသည်ဟု ရှုမြင်ကြသော်လည်း နိုင်ငံများက ၎င်းတို့၏ အချုပ်အခြာ အာဏာနှင့် ပြည်ထောင်စု မပြိုကွဲရေးကို လျှော့ပေး၍ မရသည့် အရာများဟု ရှုမြင်ကြသည်။

## တည်ရှိခွင့်

၁၉၅၁ ခုနှစ် လူမျိုးပြုန်းတီး စေခြင်း ဆိုင်ရာ သဘောတူစာချုပ်တွင် အုပ်စု တစ်စုအဖြစ် တည်ရှိခွင့်နှင့် အုပ်စု အခွင့်အရေးများအား အသိအမှတ်ပြုခြင်းကို အခြေအနေ အချို့တွင် အသိအမှတ် ပြုထားသည်။ အပိုဒ် ၂ တွင် လူမျိုးပြုန်းတီး စေခြင်းအား "ပြည်တွင်း၊ လူမျိုးစု၊ လူမျိုး (သို့) ဘာသာရေး အုပ်စု တစ်စုအား အပြည့်အဝ သော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်း သော်လည်းကောင်း ဖျက်စီးပစ်ရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်သည့်" လုပ်ရပ်များဟု သတ်မှတ်ထားသည်။ ထိုအခွင့်အရေးသည် အကန့်အသတ် ဖြစ်နေရသည့် အကြောင်းပြချက် သုံးချက် ရှိသည်။ ပထမ အချက်အနေနှင့် သဘောတူစာချုပ်တွင် ရည်ရွယ်ချက်ကို သက်သေပြရန် လိုအပ်သည်။ ရည်ရွယ်ချက်ကို တည်ဆောက်ရန်မှာ ခက်ခဲသည်။ ထို့ပြင် သဘောတူ စာချုပ်က ဘာသာစကား အုပ်စုများကို ထည့်သွင်းထားခြင်း မရှိပေ။ ဘာသာစကား ဆိုသည်မှာ အုပ်စု တစ်စုကို ၎င်း၏ ယဉ်ကျေးမှုနှင့် ဆက်သွယ်ပေးသော အရာဖြစ်ပြီး မူလ အခြေချ နေထိုင်သူများနှင့် လူနည်းစု အုပ်စုများကို လူများစု အုပ်စုများမှ ခွဲခြားပေးသည်။ နောက်ဆုံး အနေဖြင့် သဘောတူစာချုပ်တွင် ယဉ်ကျေးမှုတစ်ခုအား မျိုးတုံးသွားစေခြင်း (သို့) လူမျိုးစု တစ်စု၏ ယဉ်ကျေးမှုကို ဖျက်ဆီးပစ်ခြင်းဆိုင်ရာ သဘောတရားများကို ထည့်သွင်းထားခြင်း မရှိပေ။ မူလ အခြေချ နေထိုင်သူများအား ကာကွယ်ရန် သဘောတူစာချုပ်ကို မည်သည့်အခါကမျှ အသုံးပြုခဲ့ခြင်း မရှိပေ။

၁၉၅၇ ခုနှစ် မူလ အခြေချ နေထိုင်သူများ၊ လူမျိုးစုများနှင့် တစ်စိတ်တစ်ပိုင်း လူမျိုးစု ဖြစ်သူများကို ကာကွယ်ရေးနှင့် ပေါင်းစည်းရေး ဆိုင်ရာ ILO သဘောတူစာချုပ် (အမှတ် ၁၀၇) က တစ်သီးပုဂ္ဂလ

အခွင့်အရေးနှင့် ပထမဆုံးအကြိမ်အဖြစ် အုပ်စု အခွင့်အရေးဆိုင်ရာ စံနှုန်းများကို သတ်မှတ်ပေး ခဲ့သည်။ သဘောတူစာချုပ်က မူလ အခြေချ နေထိုင်သူများနှင့် သက်ဆိုင်သော ရောနှော ပေါင်းစပ် လိုက်ခြင်းနှင့် ယဉ်ကျေးမှုအရ သီးသန့် ဖြစ်ခြင်း ဆိုင်ရာ ပြောဆို ရေးသားမှုများကို ညှိနှိုင်းရန် ကြိုးပမ်းခဲ့သည်။ ထိုသဘောတူစာချုပ်ကို နိုင်ငံ ၂၇ နိုင်ငံကသာ လက်မှတ် ရေးထိုးခဲ့သည်။ မူလ အခြေချ နေထိုင်သူများက ထိုစာချုပ်သည် ၎င်းတို့၏ လူအုပ်စုများ၊ မျိုးနွယ်စုများနှင့် နိုင်ငံများအဖြစ် တည်ရှိခွင့်ကို ထိခိုက်စေသည့် မိဘက သားသမီးအပေါ် ဆုံးဖြတ်ပေးသည့် ပုံစံ ဖြစ်နေပြီး ရောနှော ပေါင်းစပ်ရန် ရည်ရွယ်ချက်များ ရှိသည်ဟု ထင်မြင်သောကြောင့် ယင်းစာချုပ်ကို လက်ခံရန် ငြင်းဆိုခဲ့သည်။

## ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်

ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ဆိုင်ရာ အုပ်စု အခွင့်အရေးကို ၁၉၆၀ ခုနှစ် ကိုလိုနီ နိုင်ငံများနှင့် နိုင်ငံသားများအား လွတ်လပ်ရေး ပေးခြင်းဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက်တွင် ပထမဆုံး အကြိမ် ဖော်ပြခဲ့သည်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် ဥရောပ အင်အားကြီး နိုင်ငံများက နိုင်ငံရပ်ခြားတွင် ကိုလိုနီ ပြုထားသည့် လူများ ကိုလိုနီလက်အောက်မှ လွတ်မြောက်စေရန် လမ်းကြောင်း တစ်ခု အဖြစ် ရည်ရွယ်သည် (ရေငုံ သို့မဟုတ် ရေပြာ အဆို)၊ သို့ရာတွင် ထိုကိုလိုနီပြုထားသော နိုင်ငံများ (သို့) အခြားသော တည်ဆောက်ထားပြီး နိုင်ငံများမှ လူနည်းစု အုပ်စုများ (သို့) မူလအခြေချ နေထိုင်သူများအတွက်မူ ယင်းအခွင့်အရေးမှာ အကျုံးမဝင်ပေ။ စာပိုဒ် ၁ နှင့် ၂ တို့တွင် မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများကို ဖော်ပြထားသည်။ သို့ရာတွင် စာပိုဒ် ၆ နှင့် ၇ တို့တွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို တောင်းဆိုနိုင်သည့် အခြေအနေများကို ဖော်ပြထားပြီး "နိုင်ငံ တစ်နိုင်ငံ၏ ပြည်တွင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စု မပြိုကွဲရေး" ဟူသည့် အချက်နှင့် တင်းမာမှုများ ရှိနေသည်။ တစ်ချိန်တည်းမှာပင် "လူအားလုံး၏ အချုပ်အခြာ အာဏာ အခွင့်အရေးနှင့် ၎င်းတို့၏ နယ်မြေ မပြိုကွဲရေးကို လေးစားရန်" တိုက်တွန်းထားသည်။

၁၉၆၅ ခုနှစ် နည်းမျိုးစုံဖြင့် လူမျိုးရေး ခွဲခြား ဆက်ဆံမှုများ အားလုံး ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (UN Convention on the Elimination of All Forms of Racial Discrimination (CERD)) တွင်လည်း အလားတူ မပြတ်မသား ဖြစ်မှုများ တွေ့ရသည်။ ထိုသဘောတူစာချုပ်သည် တောင်အာဖရိကမှ လူမျိုးရေး ခွဲခြားမှုများအပေါ် နိုင်ငံတကာ၏ ပြစ်တင်ရှုတ်ချမှုများအား အခြေခံသည်။ ထိုစာချုပ်က တန်းတူညီခွင့်နှင့် လူတစ်ဦး၏ လူမျိုးအပေါ် အခြေခံ၍ ခွဲခြား ဆက်ဆံ ခံရခြင်းမှ လွတ်ကင်းခွင့်တို့ကို ထပ်လောင်း ဖော်ပြထားသည်။ CERD က အုပ်စု အခွင့်အရေးများကို အထူး လုပ်ဆောင်ချက်များ ပြဋ္ဌာန်းခြင်းဖြင့် အသိအမှတ် ပြုသော်လည်း ထိုလုပ်ဆောင်ချက်များမှာ ယာယီပင် ဖြစ်သည် (အပိုဒ် ၄)။ ဆိုလိုသည်မှာ အုပ်စု တစ်စုအတွက် သီးသန့် အခွင့်အရေး သတ်မှတ်ပေးခြင်းဖြင့် လူပုဂ္ဂိုလ် တစ်ဦးချင်းစီအကြား တန်းတူညီမှု ရှိသွားပြီးနှင့် တပြိုင်နက် အဆိုပါ အထူး လုပ်ဆောင်ချက်များ (ဥပမာ ကိုယ်ပိုင် အုပ်ချုပ်ခွင့် (သို့) အများပိုင်မြေ ပိုင်ဆိုင်ခွင့်) ကို ရပ်တန့်ပစ်ရမည် ဖြစ်သည်။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (International Convenant on Civil and Political Rights (ICCPR)) နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (International Covenant on Economic Social and Cultural Rights (ICESCR)) နှစ်ခုလုံးက ၎င်းတို့၏ ပထမ အပိုဒ်များတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို

အသိအမှတ် ပြုထားသည်။ စာချုပ်တွင် ရိုးရိုးရှင်းရှင်းသာ ရေးသားထားသော်လည်း ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို မူလအခြေချ နေထိုင်သူများနှင့် လူနည်းစု အုပ်စုများ နိုင်ငံတော်မှ ခွဲထွက်ရန် အသုံးမပြုနိုင်ဟု ဥပဒေနှင့် နိုင်ငံခြားရေးအရ ကျယ်ကျယ်ပြန့်ပြန့် နားလည်ထားကြသည် (Castellino, 2005)။ သို့ရာတွင် ယင်းမှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်နှင့် နိုင်ငံတွင်း အကန့်အသတ်ဖြင့် လွတ်လပ်ခွင့် (ပြည်တွင်း၌ ကိုယ်ပိုင် အုပ်ချုပ်ခွင့်) တော့ ရနိုင်သည်။ ၁၉၇၇ ခုနှစ်မှ စ၍ ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီ² က ICESCR ၏ အပိုဒ် ၂၇ ကို “အုပ်စုထဲတွင် အခြား အဖွဲ့ဝင်များလည်း ရှိသော အသိုင်းအဝိုင်း” မှ လူတစ်ဦး၏ အခွင့်အရေး ဟု အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်။ ထိုသို့ အဓိပ္ပာယ် ဖွင့်ဆိုခြင်းက အုပ်စု အခွင့်အရေးကိုရော၊ လူတစ်ဦးချင်းစီ၏ အခွင့်အရေးကိုရော သွယ်ဝိုက်၍ ကာကွယ်ရာရောက်သည် (Orlin, Rosas, and Scheinin, 2000)။

## ၁၉၇၅ နောက်ပိုင်း၊ တည်ရှိခွင့်နှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တို့ကို စတင် ဆက်စပ်လာခြင်းလား

၁၉၇၀ ပြည့်လွန်နှစ် အဆုံးပိုင်းလောက်တွင် မူလ အခြေချ နေထိုင်သူများနှင့် ၎င်းတို့ကို ထောက်ပံ့သော အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ကုလသမဂ္ဂ စနစ်နှင့် အချို့သော နိုင်ငံများတွင် ထိရောက်သည့် စည်းရုံး အရေးဆိုသော အဖွဲ့များ ဖြစ်လာသည်။ ကနေဒါ၊ နယူးဇီလန်နှင့် နော်ဒစ် နိုင်ငံများနှင့် အချို့သော လက်တင် အမေရိကားရှိ နိုင်ငံများတွင် မူလ အခြေချ နေထိုင်သူများ၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ကို ဖွဲ့စည်းပုံအရ အသိအမှတ်ပြုမှု တချို့ ရှိလာသည်။ နိုင်ငံတကာ နယ်ပယ်တွင် ၎င်းတို့ အခွင့်အရေးများအား ပိုမို အသိအမှတ်ပြုလာစေရန် မူလ အခြေချ နေထိုင်သူများမှ လှုပ်ရှားမှုများ လုပ်ဆောင်ဖို့ နည်းလမ်းများကို ကုလသမဂ္ဂက တဖြည်းဖြည်းနှင့် ဖန်တီးပေးခဲ့သည်။

ဥပမာ ၁၉၇၇ ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂနှင့် အန်ဂျီအို ကော်မတီနှင့် မူလ အခြေချ နေထိုင်သူများ အပေါ် ခွဲခြားဆက်ဆံမှုများအား ဆန့်ကျင်ရေးဆိုင်ရာ မူလ အခြေချ နေထိုင်သူများ အန်ဂျီအို ညီလာခံတို့တွင် တက်ရောက်သူများက မူလ အခြေချ နေထိုင်သူများ ဆိုင်ရာ တက်ကြွ လှုပ်ရှားမှုများ ပေါ်ပေါက်လာခြင်းကို ပြသသည့် ကြေညာချက် မူကြမ်းများ ရေးဆွဲခဲ့သည်။ နောက်ပိုင်းတွင် ထိုမူကြမ်းက မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက်ကို ထွက်ပေါ်လာစေခဲ့သည်။

လက်တင်အမေရိကတွင် ရေကာတာ ဆောက်လုပ်ရေး ကဲ့သို့သော ကမ္ဘာ့ဘဏ် စီမံကိန်းများကြောင့် မူလ အခြေချ နေထိုင်သူများ အစုလိုက် အပြုံလိုက် နေရပ် ရွှေ့ပြောင်းကြရလေရာ ၁၉၈၀ ပြည့်လွန်နှစ် တောက်လျှောက် ကမ္ဘာ့ဘဏ်က အတင်းအဓမ္မ နေရာပြောင်းရွှေ့ခိုင်းခြင်း ဆိုင်ရာ မူဝါဒ အသစ်များကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ကမ္ဘာ့ဘဏ်က လူမျိုးစုများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ လူသား ဂေဟဗေဒ ဆိုင်ရာ စဉ်းစားချက်များ ဟူသည့် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာတွင် မူလ အခြေချ နေထိုင်သူများနှင့် သဘာဝ ပတ်ဝန်းကျင် အကြား ဆက်စပ်မှုများ၊ ကမ္ဘာ့ဘဏ်က ငွေကြေး ထောက်ပံ့ပေးသည့် ဖွံ့ဖြိုးရေးများက ထိုသူများအပေါ် ကျရောက်စေသော အန္တရာယ်များကို ဆွေးနွေးထားသည်။ သို့ရာတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ထောက်ခံမည့်အစား မြှင့်တင်ရမည့် အစား ထိုအစီရင်ခံစာသည် မူလအခြေချ နေထိုင်သူများအတွက် သီးသန့်နယ်မြေ အယူအဆ ထားရှိရန်နှင့် ၎င်းတို့၏ ယဉ်ကျေးမှုများကို လူများစု၏ နိုင်ငံရေး ဘောဂဗေဒအတွင်းသို့ ပေါင်းစပ် ထည့်သွင်းရန် အကြံပြုခဲ့သည်။ ထိုသို့သော မူဝါဒ အကြံပြုချက်များသည် ပျော့ပြောင်းသည့် ဥပဒေများသဖွယ် ဖြစ်လာသည်။ ၎င်းတို့က

ကမ္ဘာ့ဘဏ် ကဲ့သို့သော နိုင်ငံတကာ ငွေကြေးအင်စတီကျူးရှင်းများသည် ဖွံ့ဖြိုးဆဲ နိုင်ငံများရှိ လူသန်းပေါင်းများစွာ၏ ဘဝ အခွင့်အရေးများအပေါ် ကြီးစွာ သက်ရောက်မှု ရှိကြောင်း ပြသနေသည် (Eastwood, 2011)။

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု ဆိုင်ရာ အဖွဲ့ (UN Economic, Social, and Cultural Organization (UNESCO)) မှ ဖွဲ့စည်းခဲ့သော ကျွမ်းကျင်သူများ ကော်မတီက ၁၉၈၁ ခုနှစ်တွင် ယဉ်ကျေးမှုအား မျိုးတုံးအောင် လုပ်ခြင်းအပေါ် ဆန့်ကျင်သည့် ဆန်ဟိုဆေး ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်တွင် ယဉ်ကျေးမှု မျိုးတုံးအောင် လုပ်ခြင်းကို "လူမျိုးစု တစ်စုကို ၎င်းတို့၏ ယဉ်ကျေးမှုနှင့် ဘာသာစကားတို့အား အတူတူ ဖြစ်စေ၊ တစ်ဦးချင်း ဖြစ်စေ ကျင့်သုံးခွင့်၊ ထုတ်ဖော်ခွင့်နှင့် မျှဝေခွင့်တို့အား ငြင်းပယ်ခြင်း" ဟု သတ်မှတ်ထားပြီး ယင်းကို လူမျိုးပြုန်းတီး စေမှုနှင့် တန်းတူဖြစ်သည်ဟု ကြေညာထားသည်။

၁၉၈၂ ခုနှစ်တွင် ကုလသမဂ္ဂက မူလ အခြေချ နေထိုင်သူ လူဦးရေများဆိုင်ရာ လုပ်ငန်းအဖွဲ့ (Working Group on Indigenous Populations (WGIP)) ကို တည်ထောင်ခဲ့သည်။ ၂၀၀၂ မတိုင်မီအထိ ယင်းမှာ မူလ အခြေချ နေထိုင်သူများ ကုလသမဂ္ဂ ဝန်းကျင်တွင် ရရှိသည့် တစ်ခုတည်းသော နည်းလမ်း ဖြစ်ခဲ့သည်။ အဖွဲ့၏ ခေါင်းစဉ်တွင် မူလ အခြေချ နေထိုင်သူများကို နိုင်ငံတကာ ဥပဒေတွင် အကျုံးဝင်သည့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရှိသူများဟု အသိအမှတ်ပြုခြင်းအား ဂရုတစိုက် ရှောင်ကြဉ်ထားကာ (ဆိုလိုသည်မှာ နိုင်ငံတကာ ဥပဒေ စနစ်တွင် ရပ်တည်ခွင့် ရှိသော နိုင်ငံများ၊ လူများကဲ့သို့သော လူများဟု အသိအမှတ်ပြုခြင်းမှ ရှောင်ကြဉ်ထားခြင်း) လူဦးရေ ဟူသည့် စကားလုံးကို သုံးထားသည်။ ၁၉၈၆ ခုနှစ်တွင် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဟွမ်မာတီးနက်ဇ် ကိုဘို (Juan Martinez-Cobo) က "မူလ အခြေချ နေထိုင်သူများအပေါ် ခွဲခြားဆက်ဆံသည့် ပြဿနာအား လေ့လာမှု" ဟူသည့် အစီရင်ခံစာကို တင်ပြခဲ့သည်။ ထိုအစီရင် ခံစာတွင် ကမ္ဘာ့ပေါ်၌ မျက်နှာသာရမှု အနည်းဆုံး အုပ်စုများတွင် ပါဝင်သည့် မူလ အခြေချ နေထိုင်သူများ၏ ဒုက္ခများကို တင်ပြထားသည်။

ILO က လွတ်လပ်သော နိုင်ငံများမှ မူလ အခြေချ နေထိုင်သူများနှင့် လူမျိုးစုများနှင့် သက်ဆိုင်သော သဘောတူ စာချုပ် အသစ် တစ်ခုကို ရေးသားခဲ့သည်။ ထိုသဘောတူစာချုပ်သစ် (အမှတ် ၁၆၉) ကို ၁၉၈၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး မူလ အခြေချ နေထိုင်သူများ ကိုယ်ပိုင် အုပ်ချုပ်ခွင့်အပေါ် သဘောထား အမြင် အနည်းငယ် တိုးတက်လာသော်လည်း အပိုဒ် ၁(၃) ၏ အခြေအနေတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်အကြောင်း ဖော်ပြရာ၌ ဝေဝေဝါးဝါးပင် ရှိနေသေးသည်။ သဘောတူစာချုပ်တွင် လူများဟု အသုံးပြုထားသော်လည်း နိုင်ငံတကာ ဥပဒေတွင် ပြဋ္ဌာန်း ထားသည့် လူများဟူသော အသုံးအနှုန်းနှင့် ဆက်စပ်နေသည့် အခွင့်အရေးများ ရရှိရမည်ဟု အဓိပ္ပာယ် သက်ရောက်ခြင်း မရှိစေရဟု ဆိုထားသည်။ မည်သို့ပင် ဆိုစေကာမူ သဘောတူ စာချုပ်က မူလ အခြေချ နေထိုင်သူများနှင့် လူမျိုးစုများအပေါ် သက်ရောက်မှု ရှိသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လွတ်လပ်ပြီး ကြိုတင် အသိပေးသော သဘောတူညီချက် ဆိုင်ရာ အုပ်ချုပ်ရေး စည်းမျဉ်းများနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း အဆင့် အားလုံးတွင် လွတ်လပ်စွာ ပါဝင်ခွင့်တို့ကို ပြဋ္ဌာန်းထားသည်။ ထို့ပြင် သဘောတူစာချုပ်က နိုင်ငံများကို မူလ အခြေချ နေထိုင်သူများအပေါ်

သက်ရောက်မှု ရှိမည့် မည်သည့် လုပ်ဆောင်ချက်ကိုမဆို ဆွေးနွေးညှိနှိုင်းရန် တာဝန် ရှိသည်ဟု ဆိုထားသည် (အပိုဒ် ၆ နှင့် ၇)။

မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများသည် ၁၉၉၂ ခုနှစ် ရီယိုဒီ ဂျနေးရိုးတွင် ကျင်းပခဲ့သော သဘာဝ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ (ကမ္ဘာမြေ ညီလာခံဟုလည်း သိရှိကြသည်) တွင် ယခင်က မတွေ့ခဲ့ရဘူးသော အသိအမှတ်ပြုမှု ရရှိခဲ့သည်။ (၁၇၂ နိုင်ငံမှ) နိုင်ငံများနှင့် (၂၄၀၀ သော) အန်ဂျီအိုများ၏ ပါဝင်မှုတို့မှာ ယခင်က မမြင်ခဲ့ဘူးသော အတိုင်းအတာ ဖြစ်သည်။ ထိုညီလာခံနှင့် အလားတူ ညီလာခံကိုပင် လူပေါင်း ၁၇၀၀၀ တက်ရောက်ခဲ့သည်။ ရီယို ကမ္ဘာ့ညီလာခံမှ စာချုပ်စာတမ်းများက မိရိုးဖလာ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဗဟုသုတများ (traditional environmental knowledge (TEK))၊ သဘာဝနှင့် နီးစပ်မှု၊ မူလ အခြေချ နေထိုင်သူများ၏ ပွဲကိုင်ရန် တာဝန်များကို နိုင်ငံများမှ လေးစားရန် တာဝန် ရှိကြောင်း ဖော်ပြထားသည်။ အာဂျန်ဒါ ၂၁၊ သဘာဝ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ ရီယို ကြေညာချက်၊ သစ်တော စည်းမျဉ်းများ ထုတ်ပြန်ချက်နှင့် ဇီဝ မျိုးစိတ်များ ကွဲပြား စုံလင်ခြင်း ဆိုင်ရာ ကုလသမဂ္ဂ သဘောတူ စာချုပ် အစရှိသည့် စာချုပ်စာတမ်း လေးခုက မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများ၊ သဘာဝ ပတ်ဝန်းကျင်နှင့် ဆက်စပ်မှု၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အခန်းကဏ္ဍများကို ပေါ်ပေါ်ထင်ထင်ပင် အသိအမှတ် ပြုထားသည်။ သို့ရာတွင် ရာသီဥတု ပြောင်းလဲခြင်း ဆိုင်ရာ ကုလသမဂ္ဂ မူဘောင် သဘောတူစာချုပ် (United Nations Framework Convention on Climate Change (UNFCCC)) ကမူ ထိုသို့ အသိအမှတ် မပြုထားပေ။ မည်သည့် စာချုပ်စာတမ်းကမှ TEK သည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ခွဲခြား၍ မရအောင် ဆက်စပ်ကြောင်း အသိအမှတ် ပြုမထားပေ။ ထို့ကြောင့် စာချုပ်များအရ မူလ အခြေချ နေထိုင်သူများသည် မိရိုးဖလာ ဥပဒေနှင့်အညီ နေထိုင်စွမ်း မရှိကြပေ (Tobin, 2014)။

ကုလသမဂ္ဂ မူလ အခြေချ နေထိုင်သူများ ဆိုင်ရာ နိုင်ငံတကာနှစ် ဖြစ်သည့် ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂ ကမ္ဘာ့ လူ့အခွင့်အရေး ညီလာခံက ဗီယင်နာ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်တွင် (ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်) အခွင့်အရေးများ ထိထိရောက်ရောက် ရရှိစေရေး၏ အရေးပါမှုကို ဖော်ပြထားသည်။ သို့ရာတွင် တစ်ဘက်တွင် ကြေညာချက်က “အစိုးရများ ပိုင်ဆိုင်သော ပြည်ထောင်စု မပြိုကွဲရေး (သို့) အချုပ်အခြာ အာဏာပိုင် နိုင်ငံများနှင့် လွတ်လပ်သော နိုင်ငံများ၏ နိုင်ငံရေး စည်းလုံး ညီညွတ်မှုက ခွဲခြားမှု မရှိဘဲ လူအားလုံးကို အဆိုပါ နိုင်ငံ တစ်နိုင်ငံတွင် အတူရှိနေခြင်းအား ကိုယ်စားပြုသည်” ဟု ဆိုထားသည်။ ထိုအချက်မှာ “နိုင်ငံများက လူများ၏ တန်းတူညီမှု အခွင့်အရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် စည်းမျဉ်းများကို လိုက်နာရန် ကြိုးပမ်းနေသည့် အချိန်တွင်” ပြင်ပမှ အခြားနိုင်ငံများ၏ ဝင်ရောက် စွက်ဖက်မှုကို အားမပေးသည့် သဘောဖြစ်သည်။ ကြေညာချက်၏ စည်းမျဉ်း အမှတ် ၂၀ တွင် နိုင်ငံများကို မူလ အခြေချ နေထိုင်သူများ၏ ထူးခြားသော သရုပ်သဏ္ဌာန်၊ ယဉ်ကျေးမှုနှင့် လူမှု အဖွဲ့အစည်းများကို အသိအမှတ်ပြုရန် တာဝန်များအား လေးစားရန် တိုက်တွန်းထားသည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် မူလ အခြေချ နေထိုင်သူများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ကန့်သတ်ရာကျသော နိုင်ငံရေးနှင့် လူမှုရေး တည်ငြိမ်မှု တန်ဖိုးများကိုလည်း အလေးပေး ထားသည်။

မူလ အခြေချ နေထိုင်သူ အဖွဲ့အစည်းများ၏ အမြင် ဖြစ်သည့် တည်ရှိခွင့်ကို ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ခွဲခြား၍ မရကြောင်း အသိအမှတ်ပြုခြင်းအား ၁၉၉၀ ပြည့်လွန်နှစ်များမှ ကုလသမဂ္ဂ ထောက်ပံ့ ပေးထားသည့်

လူ့အခွင့်အရေး ဆိုင်ရာ ပြောဆိုရေးသားမှုများတွင် ထင်ထင်ရှားရှား မတွေ့ရပေ။ ၁၉၉၃ ခုနှစ်တွင် လူနည်းစု အုပ်စုများအား ခွဲခြား ဆက်ဆံခြင်းကို တားမြစ်ခြင်းနှင့် ကာကွယ်ခြင်း ဆိုင်ရာ ကုလသမဂ္ဂ ကော်မရှင်ခွဲ၌ မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေး ဆိုင်ရာ ကြေညာချက်ကို တင်ပြခဲ့သည့် WGIP မှာ ခြွင်းချက် ဖြစ်သည်။ နိုင်ငံများမှ အဖွဲ့အစည်းများ၊ WGIP နှင့် မူလ အခြေချ နေထိုင်သူ အဖွဲ့အစည်းများက နောက်ဆက်တွဲ မူကြမ်းများကို ဆက်လက် ရေးဆွဲခဲ့သော်လည်း နိုင်ငံများက ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ထင်ထင်ပေါ်ပေါ် ထုတ်ဖော် ပြောဆိုခဲ့ခြင်း မရှိပေ။ ၂၀၀၁ ခုနှစ်တွင် အဆိုပါ မဖြေရှင်းနိုင်သည့် တင်းမာမှုက ကုလသမဂ္ဂကို မူလ အခြေချ နေထိုင်သူများ၏ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့် အခြေအနေများ ဆိုင်ရာ အထူး ကိုယ်စားလှယ်ကို ခန့်အပ်စေခဲ့သည်။ ထိုကိုယ်စားလှယ်၏ အခန်းကဏ္ဍမှာ WGIP ကို ပံ့ပိုးပေးရန် ဖြစ်သည်။ တစ်နှစ်အကြာတွင် ကုလသမဂ္ဂက WGIP ကို ဖျက်သိမ်းပြီး PFII ကို အစားထိုး ဖွဲ့စည်းခဲ့သည်။

အခြား အစိုးရ မဟုတ်သော အဖွဲ့အစည်းများသည် ကုလသမဂ္ဂတွင် အမြဲတမ်း ကိုယ်စားပြုမှု မရှိသေးရာ PFII ပေါ်ပေါက်လာခြင်းသည် နိုင်ငံများကို ဗဟိုပြုသည့် ကမ္ဘာ့ အုပ်ချုပ်ရေး ပုံစံမှ ပို၍ ဇာတ်ကောင်စုံ ပါဝင်သော၊ ဗဟိုပြုမှု အများအပြားနှင့် အလွှာ အများအပြား ရှိသော ကွန်ယက်ပုံသဏ္ဌာန် ကမ္ဘာ့ အုပ်ချုပ်ရေးသို့ ပြောင်းလဲလာခြင်းလည်း ဖြစ်သည် (Held, 2004; Slaughter, 2003)။ အမြဲတမ်း ဖိုရမ်သည် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှု၊ သဘာဝ ပတ်ဝန်းကျင်၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့အခွင့်အရေးတို့ ကဲ့သို့သော မူလအခြေချ နေထိုင်သူများ၏ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေး ကောင်စီ (Economic and Social Council of the UN (ECOSOC)) ၏ အကြံပေး အဖွဲ့အဖြစ် လုပ်ဆောင်သည်။ ၎င်း၏ တာဝန်မှာ မူလ အခြေချ နေထိုင်သူများ၏ ကိစ္စရပ်နှင့် ပတ်သက်ပြီး ကောင်စီနှင့် ကောင်စီမှ တစ်ဆင့် ရန်ပုံငွေ အစီအစဉ်များ၊ အေဂျင်စီများနှင့် ကုလသမဂ္ဂ၏ အစီအစဉ်များကို ကျွမ်းကျင်မှု အကြံဉာဏ်များနှင့် အကြံပေးချက်များ ပေးအပ်ရန်၊ ကုလသမဂ္ဂ စနစ်အတွင်း မူလ အခြေချ နေထိုင်သူများ ဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းရေးနှင့် ညှိနှိုင်းရေးကို လူသိများလာစေရန်နှင့် မြှင့်တင်ပေးရန်၊ မူလ အခြေချ နေထိုင်သူများနှင့် ပတ်သက်သည့် ကိစ္စရပ်များဆိုင်ရာ အချက်အလက်များကို ပြင်ဆင်ရန်နှင့် ဖြန့်ဝေပေးရန်တို့ ဖြစ်သည်။

ထိုသို့ ဆိုသည့်တိုင် ထိုအမြဲတမ်း ဖိုရမ်၏ အမည်၌ပင် မူလ အခြေချ နေထိုင်သူများ ဟူသည့် အသုံးအနှုန်းထက် မူလ အခြေချ နေထိုင်ခြင်း ကိစ္စရပ်ဟု အသုံးပြုထားခြင်းက နိုင်ငံများ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် တောင်းဆိုချက်များကို ဆက်လက် စိတ်ပူပန်မှု ရှိနေကြောင်းကို ပြသနေသည်။ PFII ၏ ပုံစံနှင့် အဖွဲ့ဝင် ဖြစ်ရေး ဖြစ်စဉ်များတွင်လည်း နိုင်ငံ ဗဟိုပြု ပုံစံက သိသာနေဆဲ ဖြစ်သည်။ အဖွဲ့ဝင် ၁၆ ဦး ရှိပြီး ECOSOC က နိုင်ငံများ ရွေးချယ်ပေးသူများထဲမှ အဖွဲ့ဝင် ၈ ဦးကို ရွေးချယ်သည်။ အခြား ၈ ဦးကို မူလ အခြေချ နေထိုင်သူများ အဖွဲ့အစည်းများက ရွေးချယ်သည်၊ သို့ရာတွင် ECOSOC ၏ ဥက္ကဋ္ဌက နောက်ဆုံး အတည်ပြု ခန့်အပ်ရသည်။ အဖွဲ့ဝင်များသည် ကျွမ်းကျင်သူများအဖြစ် ဆောင်ရွက်ကြပြီး မည်သည့် လူမျိုးစု၏ ကိုယ်စားလှယ်မှ မဟုတ်ပေ။ အဖွဲ့ဝင်များမှာ ကုလသမဂ္ဂ သတ်မှတ်ပေးထားသည့် အာဖရိက၊ အာရှ၊ အမေရိက အလယ်ပိုင်း၊ တောင်အမေရိက၊ ကာရေဘီယန်၊ အာတိတ်၊ ဥရောပ အလယ်ပိုင်းနှင့် အရှေ့ပိုင်း၊ ရုရှ ဖက်ဒရေးရှင်း၊ အာရှ အလယ်ပိုင်းနှင့် ထရန်စ်ကော့ကေးရှား (Transcaucasia)၊ မြောက်အမေရိကနှင့် ပစိဖိတ် ဒေသများ ဖြစ်သည်။

၂၀၀၇ ခုနှစ်တွင် မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများဆိုင်ရာ ကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ ယန္တရားကိုလည်း တည်ထောင်ခဲ့သည်။ ယင်းကို ကန့်ကွက်သည့် နိုင်ငံများမှ မှတ်သားဖွယ်ရာ နိုင်ငံများမှာ အာဖရိက နိုင်ငံများ၊ ကနေဒါ၊ ဩစတြေးလျား၊ နယူးဇီလန်နှင့် အမေရိကန် နိုင်ငံတို့ ဖြစ်သည်။ ကြေညာချက်သည် ရှေ့ပိုင်းက မူကြမ်းများတွင် ရှိခဲ့သော အားနည်းချက်များကို ပြင်ဆင်ရန် ကြိုးပမ်းထားပြီး နိုင်ငံများနှင့် မူလ အခြေချ နေထိုင်သူများ၏ မတူညီသော ရှုထောင့်များမှ လူ့အခွင့်အရေးကို ချဉ်းကပ်ထားသည်။ ကြေညာချက်က နိုင်ငံတကာ ဥပဒေအောက်တွင် ရှိသည့် မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများကို ခိုင်မာစေခဲ့သည်။ ထို့ကြောင့် ပထမဆုံး အကြိမ် ကုလသမဂ္ဂ စာချုပ်စာတမ်း တစ်ခုက နိုင်ငံများ၊ အစိုးများ ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံဖြတ်ကျော် စီးပွားရေး လုပ်ငန်းများ၊ နိုင်ငံတကာ ငွေကြေး အင်စတီကျူးရှင်းများနှင့် အန်ဂျီအိုများ လိုက်နာရမည့် မူလ အခြေချ နေထိုင်သူများ၏ လူ့အခွင့်အရေးများကို စံသတ်မှတ်ပေးခဲ့ခြင်း ဖြစ်သည် (Allen and Xanthaki, 2010; Charters and Stavenhagen, 2009)။

အပိုဒ် ၁ တွင် လူတစ်ဦးချင်းစီ၏ အခွင့်အရေးများနှင့် အုပ်စု အခွင့်အရေးများကို ညှိပေးထားသည်။ အုပ်စုအဖြစ် တည်ရှိခွင့်နှင့် လူတစ်ဦးအဖြစ် တည်ရှိခွင့်တို့ကို အပိုဒ် ၇ တွင် ရှင်းလင်းထားသည်။ ထိုအပိုဒ်တွင် ကလေးငယ်များအား အတင်းအဓမ္မ ဖယ်ရှားပစ်ခြင်းကို 'အခြား မည်သို့သော လူမျိုး ပြုန်းတီးစေမှု (သို့) အကြမ်းဖက်မှု လုပ်ရပ်' မြုပ်ထည့်ထားလိုက်ခြင်းဖြင့် (ဩစတြေးလျ ကဲ့သို့သော နိုင်ငံမျိုးတွင်) ကလေးငယ်များကို အတင်းအဓမ္မ ဖယ်ရှားပစ်ခြင်းသည် လူမျိုးပြုန်းတီးစေမှုတွင် ပါဝင်ခြင်း ရှိ/မရှိ ဟူသည့် ကိစ္စရပ်ကို တိုက်ရိုက် မဖြေဘဲ ရှောင်ကွင်းသွားသည်။ အပိုဒ် ၃ တွင် ပြင်ပ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် (ခွဲထွက်ခွင့်) နှင့် ပတ်သက်ပြီး ဖွင့်ပေးထားသည်။ အပိုဒ် ၄ နှင့် ၅ တို့က ပြည်တွင်း ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တို့ကို ပိုမို လိုလားကြောင်း ပြသထားသည်။ အခြား အပိုဒ်များတွင် ဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် လူမှု အခွင့်အရေးများတွင် ပါဝင်ခွင့်၊ ကြိုတင် သိရှိရပြီး လွတ်လပ်သော သဘောတူညီမှု စည်းမျဉ်းများ၊ ၎င်းတို့ မြေများပေါ်တွင် ပြုလုပ်သော လုပ်ငန်းများကို ဆွေးနွေးခွင့်နှင့် မူလအခြေချ နေထိုင်သူများ၏ အင်စတီကျူးရှင်းများတွင် အဖွဲ့ဝင် ဖြစ်မှုကို ဆုံးဖြတ်ခွင့်နှင့် အင်စတီကျူးရှင်းများကို ထိန်းသိမ်းခွင့်၊ မူလ အခြေချ နေထိုင်သူများအပေါ် သက်ရောက်မှု ရှိသော နိုင်ငံများအကြားနှင့် နိုင်ငံတွင်း ဆက်ဆံရေးများကို ထိန်းသိမ်းခွင့်တို့လည်း ပါဝင်သည်။

**အခွင့်အရေးများကို ငြင်းဆိုခြင်း၏ အကျိုးဆက်များ**

မူလ အခြေချ နေထိုင်သူများကို အသိအမှတ် ပြုထားသည့်တိုင် ၎င်းတို့သည် နိုင်ငံများ အားလုံးတွင် ခွဲခြားဆက်ဆံမှု အခံရဆုံး အုပ်စုများ ဖြစ်သည်။ အုပ်စုနှင့် တစ်ဦးချင်းစီ၏ အခွင့်အရေးများကို ငြင်းပယ်မှုများအား မူလ အခြေချ နေထိုင်သူများ အခွင့်အရေး ဆိုင်ရာ အထူးကိုယ်စားလှယ်၊ UNPFII (UNPFII, 2010)၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UN High Commissioner for Refugees (UNHCR, 2006)) နှင့် တောတွင်း လူသားများ အစီအစဉ် (Forest Peoples Programme (FPP))၊ အခွင့်အရေးနှင့် အရင်းအမြစ်များ ရှေ့ဆောင် (Rights and Resources Initiative (RPI))၊ နိုင်ငံတကာ ရှင်သန်မှု၊ မူလ အခြေချ နေထိုင်သူများ ကိစ္စရပ် ဆိုင်ရာ နိုင်ငံတကာ လုပ်ငန်းအဖွဲ့ (Survival International, International Work Group on Indigenous Affairs (IWGIA)) ကဲ့သို့သော အန်ဂျီအိုများမှ တင်ပြခဲ့ကြသည်။ နိုင်ငံများသည် မကြာခဏ ဆိုသလို မူလ အခြေချ နေထိုင်သူများကို ၎င်းတို့၏ မိရိုးဖလာ မြေများနှင့်

ပိုင်နက်များအား စွန့်လွှတ်ခိုင်းခြင်း၊ ၎င်းတို့ ဘဝနှင့် အသက်ရှင်ရေးအတွက် အခြေခံကျသော သဘာဝ အရင်းအမြစ်များ ရရှိရေးမှ ဖယ်ထုတ်ခြင်းများကို ပြုလုပ်ကြသည်။ လူမျိုးပြုန်းတီး စေမှု၊ နှိပ်ကွပ်မှုနှင့် ခွဲခြား ဆက်ဆံမှုများမှာ မူလ အခြေချ နေထိုင်သူများနှင့် လူမျိုးစုများ ကြုံတွေ့ရလေ့ ရှိသော အတွေ့အကြုံများ ဖြစ်သည်။ အခြေခံ အဆောက်အဦ တည်ဆောက်ရေးများကြောင့် ၎င်းတို့ကို နိုင်ငံတွင်း အတင်းအဓမ္မ နေရပ် ပြောင်းရွှေ့ခိုင်းခြင်းများ ကြုံတွေ့ရသည် (သို့) အခြား တစ်နေရာတွင် စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင် (သို့) နိုင်ငံရေး ဒုက္ခသည်များ ဖြစ်လာစေသည်။ တူးဖော်ရေး လုပ်ငန်းများက ၎င်းတို့၏ မြေများနှင့် အရင်းအမြစ်များကို ယူဆောင်သွားပြီး ညစ်ညမ်းမှုကို ဖြစ်စေသည် (Anaya, 2013; Franks et al., 2014; Alforte et al., 2014)။

ပညာရေး၊ ကလေးသူငယ် ထောက်ပံ့ရေးနှင့် ဈေးကွက် စီးပွားရေး စနစ်များမှ အတင်းအဓမ္မ ပေါင်းစည်း ရောနှောရေးကို အားပေးသည့် နိုင်ငံတော်၏ မူဝါဒများသည် ဘာသာစကားများ၊ ယဉ်ကေ့ျးမှုနှင့် ကျွမ်းကျင်မှုများ ပျောက်ဆုံးခြင်းကို ဖြစ်ပေါ်စေသည်။ မိဘ အသွင်ဆောင်၍ ပါဝင်မှုကို လက်မခံသော အုပ်ချုပ်မှုနှင့် ဝန်ဆောင်မှု ဖြန့်ဝေရေး ပုံစံများက ယဉ်ကျေးမှု၊ အုပ်စုများ၏ တည်ရှိခွင့်နှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တို့ကို ငြင်းပယ်ရာကျပြီး ပါဝင်မှု လျော့နည်းခြင်းကို ပို၍ ဆိုးလာစေသည်။ ကမ္ဘာတစ်ဝန်း မူလ အခြေချ နေထိုင်သူများကို မှီခိုသူများ ဖြစ်အောင်၊ လုပ်ပိုင်ခွင့် မရှိအောင် လုပ်ထားခြင်းတို့ကြောင့် ယဉ်ကျေးမှု၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ပြည့်စုံမှု၊ လူမှုရေးနှင့် စီးပွားရေး တိုးတက်မှုတို့ မဖြစ်နိုင်တော့ပေ။ နေရာအားလုံး နီးပါးတွင် မူလ အခြေချ နေထိုင်သူများ၏ သက်တမ်း၊ ကျန်းမာရေးနှင့် ဖူလုံမှုတို့သည် လူများစု အုပ်စုများထက် သိသိသာသာ လျော့နည်းသည် (DESA, 2009)။ စိတ်ကျန်းမာရေး ထိခိုက်မှုများလည်း ရှိသည်။ ရာစုနှစ်ပေါင်းများစွာ ကိုလိုနီ ပြုခံရခြင်း၊ လူများစု အုပ်စုမှ အခွင့်အရေးများကို ငြင်းပယ်ခြင်းတို့ကြောင့် မူလ အခြေချ နေထိုင်သူများသည် သမိုင်းဆိုင်ရာ စိတ်ဒဏ်ရာ (သို့) မျိုးဆက်လိုက် စိတ်ဒဏ်ရာကြောင့် ဖိစီးမှု မူမမှန်ခြင်းများ ခံစားကြရသည် (Kirmayer and Valaskakis, 2009; Czyzewski, 2011)။

ပုံ ၁၉.၁ တွင် ကိုလိုနီစနစ်၊ ဂလိုဘယ်လ်လိုက်ဇေးရှင်း၊ ယဉ်ကျေးမှု မျိုးတုံးစေခြင်း၊ ကမ္ဘာကြီး ပူနွေးလာခြင်းနှင့် ဂေဟစနစ် ပျက်စီးခြင်း (ကမ္ဘာမြေကြီး အပါအဝင် ဂေဟ စနစ်များကို ဖျက်စီးပစ်ခြင်း) တို့ကို ဆက်စပ်ပြထားပြီး မူလ အခြေချ နေထိုင်သူများ ခံစားရသည့် ထိခိုက်မှု အမျိုးမျိုးကို ပုံဖော်ထားသည်။

| အနှစ်ချုပ် |
| --- |
| ဒုတိယ ကမ္ဘာစစ် အပြီးတွင် ကုလသမဂ္ဂက ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း၊ ICCPR နှင့် ICESCR တို့ကို အခြေခံပြီး လူတစ်ဦးချင်းစီအတွက် လူ့အခွင့်အရေးကို သတ်မှတ်ပေးခဲ့သည်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အုပ်စု အခွင့်အရေးကို သဘောတူစာချုပ် နှစ်ခုလုံးတွင် ရည်ညွှန်းထား သော်လည်း ဥရောပ အင်အားကြီး နိုင်ငံများ အုပ်စိုးထားသည့် ကိုလိုနီ နိုင်ငံများ အတွက်သာ ဖြစ်ခဲ့သည်။<br>တည်ရှိခွင့် အုပ်စု အခွင့်အရေးကို လူမျိုးပြုန်းတီးစေခြင်းကို တားမြစ်ခြင်းနှင့် အပြစ်ပေးခြင်းမှ ဆွဲယူထားသည်။ သို့ရာတွင် လူမျိုးပြုန်းတီးစေခြင်း ဆိုင်ရာ သဘောတူ စာချုပ်ကို နိုင်ငံများနှင့် တစ်သီး ပုဂ္ဂလ ပုဂ္ဂိုလ်များအပေါ် အသုံးချမှု နည်းပါးသည်။ မူလ အခြေချ နေထိုင်သူများကို ကာကွယ်ရန် မည်သည့်အခါကမျှ အသုံးမပြုခဲ့ပေ။<br>မူ အခြေချ နေထိုင်သူများသည် ၁၉၇၀ ပြည့်လွန်နှစ်များတွင် ထိရောက်သော အရေးဆို စည်းရုံးရေး |

အုပ်စုများ ဖြစ်လာသည်။ မူလ အခြေချ နေထိုင်သူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက်အပေါ် စိုးရိမ် ပူပန်မှုများမှာ ၁၉၇၇ ခုနှစ်မှ စတင်ခဲ့သော်လည်း ကြေညာချက် မူကြမ်းတွင် ပါဝင်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှာ နှစ်ပေါင်း သုံးဆယ်ကြာသည့်တိုင် နိုင်ငံများအတွက် အဓိက ပိတ်ဆို့နေသည့် အရာ ဖြစ်ခဲ့သည်။

၁၉၈၀ ပြည့်လွန်နှစ်များတွင် ဆွေးနွေးခွင့်၊ ပါဝင်ခွင့်နှင့် ကြိုတင် အသိပေး၍ သဘောတူညီမှု ရယူခြင်းတို့မှာ ကမ္ဘာမြေ ညီလာခံ၊ WGIP နှင့် ILO အပါအဝင် နေရာအများအပြားမှ ထွက်ပေါ်လာခဲ့သည်။

၂၀၀၂ ခုနှစ်တွင် တည်ထောင်ခဲ့သည် PFII သည် ကုလသမဂ္ဂ၏ နိုင်ငံ အခြေပြု စနစ်တွင် နိုင်ငံများ မဟုတ်သည့် လူများကို ရပ်တည်ခွင့် ပေးခဲ့သည့် ပထမဆုံးသော ကုလသမဂ္ဂ အဖွဲ့တစ်ခု ဖြစ်လာသည်။ သို့ရာတွင် ကုလသမဂ္ဂနှင့် နိုင်ငံများက အဖွဲ့ဝင် စနစ်ကို ထိန်းချုပ်သည်။ မူလ အခြေချ နေထိုင်သူများ အခွင့်အရေး ဆိုင်ရာ ၂၀၀၇ ကြေညာချက်က မူလ အခြေချ နေထိုင်သူများ၏ ပြည်တွင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ကို ခွင့်ပြုခဲ့သော်လည်း လူများ၊ နိုင်ငံများနှင့် ကုလသမဂ္ဂအတွင်း မူလ အခြေချ နေထိုင်သူများ ပါဝင်သော ဆက်ဆံရေး မူဘောင်ကို တည်ဆောက်ရန် ပျက်ကွက်ခဲ့သည်။

လူမျိုး ပြုန်းတီးစေခြင်း၊ ၎င်းတို့၏ နယ်မြေများကို စွန့်လွှတ်ခိုင်းခြင်း၊ ဥပဒေအရ လူသားဖြစ်မှု ဆိုင်ရာ အခွင့်အရေးကို ငြင်းဆိုခြင်း၊ ကိုလိုနီပြုခြင်းဖြင့် ၎င်းတို့၏ နိုင်ငံများအဖြစ် ရပ်တည်ခွင့်ကို ငြင်းပယ်ခြင်း၊ ဂလိုဘယ်လ်လိုက်ဇေးရှင်းနှင့် ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှုတို့က မူလ အခြေချ နေထိုင်သူများကို ကမ္ဘာပေါ်တွင် အထိခိုက်အလွယ်ဆုံး အုပ်စုများထဲ တစ်စု အပါအဝင် ဖြစ်စေသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

လူ့အခွင့်အရေးက မူလ အခြေချ နေထိုင်သူများကို အသံပြုခွင့်နှင့် လုပ်ပိုင်ခွင့် ပေးပါသလား (သို့) ထိုသူများအတွက် လူ့အခွင့်အရေးက အမှန်တကယ် တန်ဖိုး အနည်းငယ်သာ ပေးစွမ်းနိုင်ပါသလား။

ပုံ ၁၉.၁။ ကိုလိုနီပြုခြင်း၊ ဂလိုဘယ်လ်လိုက်ဖေးရှင်း၊ ယဉ်ကျေးမှု မျိုးတုံးစေခြင်းနှင့် ဂေဟစနစ် ပျက်စီးခြင်း




## ဖြစ်ရပ် လေ့လာခြင်း၊ မူလ အခြေချ နေထိုင်သူများနှင့် ရာသီဥတု ပြောင်းလဲမှု

၂၀၁၄ ခုနှစ် အကုန်တွင် နိုင်ငံများ အားလုံးက လူသားတို့၏ လုပ်ရပ်များနှင့် ကမ္ဘာ့ ရာသီဥတု ပြောင်းလဲမှုတို့အကြား တိုက်ရိုက် ဆက်စပ်မှုများ ရှိကြောင်း တစ်ခဲနက် လက်ခံထားပြီး ဖြစ်သည်။ ရာသီဥတု ပြောင်းလဲမှု ဆိုင်ရာ ကုလသမဂ္ဂ အစိုးရပေါင်းစုံ အစုအဖွဲ့ (UN Intergovernmental Panel on Climate Change (IPCC)) က ၎င်း၏ ငါးအုပ်မြောက် အစီရင်ခံစာတွင် ထိုဆက်စပ်မှု အကြောင်း သိသာသည့် သက်သေများ တင်ပြခဲ့သည် (IPCC, 2014)။ ကုလသမဂ္ဂ သဘာဝ ပတ်ဝန်းကျင် အစီအစဉ်နှင့် ကမ္ဘာ့ မိုးလေဝသ အဖွဲ့အစည်းတို့က ၁၉၈၈ ခုနှစ်တွင် သက်ဆိုင်သော သိပ္ပံပညာ၊ နည်းပညာနှင့် လူမှု စီးပွားရေး

အချက်အလက်များကို အကဲဖြတ်ရန် IPCC ကို ထူထောင်ခဲ့သည်။ ဖန်လုံအိမ် ဓာတ်ငွေ့ ထုတ်လုပ်မှု တိုးမြင့်လာခြင်းကို တားဆီးရန် ကမ္ဘာလုံး ဆိုင်ရာ လူသားဝင်ရောက် စွက်ဖက်မှုများ အလျင်အမြန် ပြုလုပ်ရေးအပေါ် သဘောတူညီချက်ကို ၁၉၉၂ ခုနှစ် ရာသီဥတု ပြောင်းလဲမှု ဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် မူဘောင် (UN Framework Convention on Climate Change (UNFCCC)) နှင့် ၂၀၀၅ ခုနှစ် UNFCCC ဆိုင်ရာ ကျိုတို နောက်ဆက်တွဲ စာချုပ်များတွင် တွေ့ရသည်။ UNFCCC က နိုင်ငံများကို ထုတ်လုပ်မှု လျှော့ချရန်နှင့် သဘာဝ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု များစွာ ရှိသော ဂေဟဗေဒ၊ စီးပွားရေး (Stern, 2006)၊ နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ သက်ရောက်မှုများကို လျှော့ချရန်နှင့် ပြောင်းလဲရန် တိုက်တွန်းထားသည်။

ရာသီဥတု ပြောင်းလဲခြင်းကြောင့် ဖြစ်ပွားရသည့် သဘာဝ ဘေးအန္တရာယ်များမှာလည်း ဖြစ်ပွားရသည့် ကြိမ်နှုန်းနှင့် ပြင်းထန်မှု မြင့်မားလာသည်။ ထိုအချက်က မူလ အခြေချ နေထိုင်သူများ အပါအဝင် ဆင်းရဲမွဲတေသူ သန်းပေါင်းများစွာအတွက် အခြေခံ လူ့အခွင့်အရေးများ ပို၍ အရေးပါလာသည် (Tauli-Corpuz and Lynge, 2008)။ မူလ အခြေချ နေထိုင်သူများမှာ အစားအစာ ဖူလုံမှု ဆုံးရှုံးခြင်း၊ ပင်လယ်ရေ မျက်နှာပြင် မြင့်တက်လာခြင်းနှင့် ကမ်းရိုးတန်း တိုက်စားသွားခြင်း၊ သဲကန္တာရများ ဖြစ်ပွားခြင်း၊ တောပြုန်းခြင်း၊ သဘာဝ ဘေးအန္တရာယ်များ အဖြစ်များလာခြင်းနှင့် ပြင်းထန်မှု မြင့်မားလာခြင်း၊ ယခင်က မဖြစ်ပွားဖူးသည့် မျိုးစိတ်များ မျိုးတုံး ပျောက်ကွယ်လာခြင်း၊ ကူးစက် ရောဂါများ ပျံ့နှံ့လာခြင်းတို့ အပါအဝင် ရာသီဥတု ပြောင်းလဲခြင်း၏ ဆိုးကျိုးများကို ခံစားနေရပြီ ဖြစ်သည်။ ထို့ပြင် ရာသီဥတု ပြောင်းလဲခြင်းက ကမ္ဘာတစ်ဝန်း လူပေါင်း ၂၅ သန်းခန့်ကိုလည်း နေရပ် စွန့်ခွာ ထွက်ပြေးရစေသည် (Institute for the Study of International Migration and Brookings-Bern Project, 2008)။ လူ့အခွင့်အရေး အမျိုးမျိုးကို ပေးအပ်ရန် ပျက်ကွက်ရာတွင် ထိုသူများသည် ထိခိုက်လွယ်ဆုံးသူများ ဖြစ်သည်။

ရာသီဥတု ပြောင်းလဲခြင်းက ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်များ (Millennium Development Goals (MDGs)) ကို ၂၀၁၅ ခုနှစ် မတိုင်မီ ရရှိစေမှု မရှိခဲ့ခြင်းတွင်လည်း ပါဝင် သက်ရောက်နေသည်။ ထို့ကြောင့် မူလ အခြေချ နေထိုင်သူများ အချိုးအစား မြင့်မားစွာ ပါဝင်နေသည့် ဆင်းရဲသူများထဲမှ အဆင်းရဲဆုံးသူများသည် ၎င်းတို့ တာဝန်ရှိမှု အနည်းဆုံး ဖြစ်သော (Ban, 2007) ကမ္ဘာ့ကပ်ဘေး၏ ဆိုးရွားသည့် သက်ရောက်မှုများကို ဆက်လက် ခံစား နေရသည် (UNDP/RIIP, 2010)။ MDGs ကို အစားထိုးရန် ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ရည်မှန်းချက်များ (Sustainable Development Goal (SDGs)) ဟူသည့် ၁၅ နှစ် အစီအစဉ် တစ်ခုကို ဖော်ထုတ်ခဲ့သည်။ SDGs တွင် ရာသီဥတု ပြောင်းလဲမှုကို လျှော့ချ ပြောင်းလဲနိုင်စွမ်းများကို တိုးမြှင့်ရန် အောက်ပါ ရည်မှန်းချက်များ ပါဝင်သည်။

- ရာသီဥတု ပြောင်းလဲမှုနှင့် ၎င်း၏ သက်ရောက်မှုများကို တိုက်ဖျက်ရေးအတွက် အရေးပေါ် လုပ်ဆောင်ရန် (UNFCCC ဖိုရမ်တွင် ရရှိခဲ့သော သဘောတူညီချက်များမှ ဖြစ်သည်)
- သမုဒ္ဒရာများ၊ ပင်လယ်များနှင့် ရေထွက် အရင်းအမြစ်များကို ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးအတွက် ထိန်းသိမ်းရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးပြုရန်
- ကမ္ဘာ့ ဂေဟစနစ်ကို ကာကွယ်ရန်၊ ပြန်လည် ပုံမှန် ဖြစ်စေရန်နှင့် ရေရှည် တည်တံ့စွာ အသုံးပြုရေးအား မြှင့်တင်ရန်၊ တောအုပ်များအား ရေရှည်တည်တံ့အောင် စီမံ ခန့်ခွဲရန်၊ ကန္တာရ

ဖြစ်လာခြင်းအား တိုက်ဖျက်ရန်၊ မြေယာ ပျက်စီး ဆုံးရှုံးမှုများအား တားဆီးရန်နှင့် ပြန်လည် ပုံမှန်ဖြစ်စေရန်၊ ဇီဝမျိုးကွဲများ ဆုံးရှုံးမှုကို ရပ်တန့်ရန် (UNDP, 2015)

ထိုရည်မှန်းချက်များသည် နိုင်ငံများ ကတိကဝတ် ပြုပြီးသည်များကို ထပ်လောင်း တင်ပြခြင်းသာ ဖြစ်သည်။ သို့ရာတွင် ယင်းတို့က ကုလသမဂ္ဂ၏ အစီအစဉ်တွင် ရာသီဥတု ဆိုင်ရာ တရားမျှတရေး ကိစ္စရပ်များကို မြှင့်တင်ပေးသည်။

ကမ္ဘာပေါ်ရှိ ဒေသများ အားလုံးတွင် မူလ အခြေချ နေထိုင်သူများမှာ ရာသီဥတု ပြောင်းလဲမှုကို နဖူးတွေ့ ဒူးတွေ့ ခံစားနေရသူများဖြစ်သည်။ အထူးသဖြင့် ပြည့်စုံမှု မရှိသော (သို့) တုံ့ပြန်လိုစိတ် မရှိသော ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ဖြစ်သည်။ အာတိတ် ဒေသတွင် ရာသီဥတု လျင်မြန်စွာ ပြောင်းလဲမှုသည် မူလ အခြေချ နေထိုင်သူ အင်နု လူမျိုးများ၏ ကျန်းမာရေးနှင့် အစားအစာ ဖူလုံမှုတို့ကို ခြိမ်းခြောက်လာပြီး ယင်းခြိမ်းခြောက်ချမှုမှာ လျှော့ချရန်၊ ပြောင်းလဲရန် ခက်ခဲသော အရှိန်အဟုန် ကြီးကြီး၊ ပမာဏ များများနှင့် ဖြစ်ပွားနေပေသည်။ တောင်အာဖရိကတွင် မိုးခေါင် ရေရှားခြင်းနှင့် အပူချိန် မြင့်တက်လာခြင်းကြောင့် ကာလာဟာရီ ဒေသမှ မြေဟက်တာပေါင်း ၂.၅ သန်းခန့်သည် မူလ အခြေချ နေထိုင်သူ ဆန် လူမျိုးများအတွက် တိရိစ္ဆာန် စားကျက် (သို့) အစားအစာ အရင်းအမြစ်အဖြစ် အသုံးပြုရန် မဖြစ်နိုင်တော့ပေ။ အာရှတွင် အပူချိန် မြင့်တက် လာခြင်းနှင့် မိုးရေချိန် လျော့ကျ လာခြင်းတို့က တောအုပ်စနစ် ပြိုပျက်ခြင်း၊ ကောက်ပဲသီးနှံများ မအောင်မြင်ခြင်း၊ မီးလောင်ခြင်းများ ဖြစ်ပွားစေသည်။ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်ပြည် ကမ်းရိုးတန်း ဒေသများတွင် တိုက်စားမှုများ၊ ရေချိုများကို ရေငံများ ဝင်ရောက်ခြင်းနှင့် လူများ ပြောင်းရွှေ့ရခြင်းတို့ ရင်ဆိုင်နေရသည်။ ဟိမဝန္တာတွင် ရေခဲမြစ်များ အရည်ပျော်လာပြီး အမြင့်ပိုင်း ဒေသမှ ဂေဟ စနစ်များ ပျက်စီးလာကာ ရေများ အလုံးအရင်းနှင့် စီးဆင်းမှုများ၊ ရေလျှံခြင်းများက လူများကို တောင်ခြေ ဒေသများမှ ရွှေ့ပြောင်းစေပြီး မူလ အခြေချ နေထိုင်သူများအတွက် လူဦးရေ တိုးပွားလာသည့် ဖိအားများကို ခံစားရစေသည်။

အမေရိက အလယ်ပိုင်းနှင့် တောင်ပိုင်းနှင့် ကာရေဘီယံတို့တွင် တောပြုန်းခြင်းက အမေဇုန် တောင်ကြားမှ အန်ဒီ တောင်တန်း ဒေသ တောအုပ်များအထိပါ ပျံ့နှံ့လာသည်။ ရာသီဥတု ပြောင်းလဲခြင်းက မိရိုးဖလာ စိုက်ပျိုးရေး လုပ်ငန်းများကို အနှောင့်အယှက် ဖြစ်စေပြီး အစားအစာ ဖူလုံမှုကို ခြိမ်းခြောက်သည်။ ကမ်းရိုးတန်းဒေသ တိုက်စားခြင်းက ဖွံ့ဖြိုးဆဲ နိုင်ငံများဖြစ်သည့် ကျွန်း နိုင်ငံငယ်များ အများအပြားကို လူသူနေထိုင်၍ မရ ဖြစ်ပြီး တစ်နေရာထဲသို့ စုပြုံ ပြောင်းရွှေ့ခြင်းများ ဖြစ်ပွားစေသည်။ ပစိဖိတ် ဒေသများတွင် ကမ်းရိုးတန်း တိုက်စားခြင်း၊ ဒီရေ တက်ခြင်းနှင့် မုန်တိုင်း ထန်သော ပင်လယ်များက တူဗာလူ၊ ကွတ်ကျွန်းစုများနှင့် ကာရီဘာတီတို့ကို ခြိမ်းခြောက်နေပြီး ထိုဒေသမှ လူများကို မာရှယ် ကျွန်းစုများများနှင့် ပါပူအာ နယူး ဂီနီကျွန်းများသို့ ပြောင်းရွှေ့မှုများ ဖြစ်ပေါ်စေသည်။ ယင်းပြောင်းရွှေ့မှုများကြောင့် အသစ်ပြောင်းရွှေ့လာသူများနှင့် မူလ နေထိုင်သူများအကြား ပဋိပက္ခများ ဖြစ်ပွားစေသည်။

မူလ အခြေချ နေထိုင်သူများ၏ အခက်အခဲများသည် တည်ရှိခွင့်နှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တို့ကို ငြင်းပယ်သော ကိုလိုနီ စနစ်၏ သဘောတရားများ ကျန်ရှိနေခြင်း၏ ဆိုးရွားသော အကျိုးဆက်များမှလည်း ဆင်းသက်လာသည် (Macchi et al., 2008)။ ရာသီဥတု ပြောင်းလဲမှုသည် ဆင်းရဲမွဲတေမှုနှင့် ဆိုးရွားသော

ကျန်းမာရေးများအပေါ် ထိခိုက်လွယ်မှုများအား ပိုဆိုးစေသည်။ နိုင်ငံရေးနှင့် စီးပွားရေး အာဏာ မရှိခြင်းက ခုခံ ကာကွယ်နိုင်စွမ်းကို ကန့်သတ်ထားပြီး မြေယာ၊ သဘာဝ အရင်းအမြစ်များ ပိုင်ဆိုင်ခွင့်တို့ကို ထိခိုက်စေသည်။ ကုန်သွယ်ရေး သဘောတူညီချက် များက အရေးပါသည့် ရာသီဥတု ပြောင်းလဲမှု သဘောတူညီချက်များကို နင်းခြေပစ်သည့် အပြိုင်အဆိုင်များသော ပတ်ဝန်းကျင်တွင် မိရိုးဖလာ အသက်မွေးမှု ပုံစံ အမျိုးမျိုးမှာ ရှင်သန်ရန် ခက်ခဲလာသည် (Klein, 2014)။ အချက်အလက်များ ရရှိရေးနှင့် ဆက်သွယ်ရေး နည်းပညာများ လက်လှမ်းမီရေးတို့ကို ကန့်သတ်ထားခြင်းက ရာသီဥတု ပြောင်းလဲမှု၏ သက်ရောက်မှုများကို လျှော့ချနိုင်စွမ်းနှင့် လိုက်လံ ပြောင်းလဲနိုင်စွမ်းတို့ကို ထပ်မံ ကန့်သတ်ပြန်သည်။

## လျှော့ချခြင်းနှင့် ပြောင်းလဲခြင်းတွင် ပါဝင်ခွင့်

UNFCCC ကို လက်မှတ် ရေးထိုးထားသည့် အဖွဲ့ဝင် နိုင်ငံများသည် ဒေသလုံးဆိုင်ရာ လျှော့ချရေးနှင့် ပြောင်းလဲရေး အစီအစဉ်များကို ထုတ်ဖော်ရန်နှင့် အကောင်အထည် ဖော်ရန် တာဝန် ရှိသည်။ ယင်းတို့တွင် ဆည်မြောင်းနှင့် မိုးရေ စုဆောင်းခြင်း၊ သဘာဝ ဘေးအန္တရာယ်အတွက် ကြိုတင် ပြင်ဆင်ခြင်း၊ ကမ်းရိုးတန်း တိုက်စားခြင်းကို ကိုင်တွယ်ရန် လုပ်ဆောင်ချက်များ၊ တောအုပ် စီမံခန့်ခွဲရေး စီမံချက်များ ပါဝင်ပြီး ယင်းတို့က မူလ အခြေချ နေထိုင်သူများ၏ နေထိုင်ပုံများကို တိုက်ရိုက် စွက်ဖက်သည်။ ပါဝင်ခြင်း၊ ကြိုတင် အသိပေးသော သဘောတူညီချက်နှင့် TEK ကို အသိအမှတ် ပြုခြင်း၊ မြေနှင့် သဘာဝ အရင်းအမြစ် အခွင့်အရေးများကို လေးစားခြင်းတို့သည် နိုင်ငံများနှင့် မူလ အခြေချ နေထိုင်သူများအကြား ကာလရှည်ကြာ အငြင်းပွားနေသည့် နယ်ပယ်များ ဖြစ်သည်။

၂၀၁၀ မတိုင်မီအထိ UNFCCC ကို လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် ရာသီဥတု ပြောင်းလဲမှု ဆိုင်ရာ မူလ အခြေချ နေထိုင်သူများ နိုင်ငံတကာ ဖိုရမ် (International Forum of Indigenous Peoples on Climate Change (IFIPCC)) က တောင်းဆိုသည့် မူလ အခြေချ နေထိုင်သူများ ကျွမ်းကျင် အုပ်စု ဖွဲ့စည်းရန် ဟူသည့် အချက်ကို လျစ်လျူ ရှုထားခဲ့သည်။ သို့ရာတွင် မူလ အခြေချ နေထိုင်သူများ၏ အဖွဲ့အစည်းများ (Indigenous Peoples Organizations (IPOs)) ကို အခြားသော အန်ဂျီအိုများ၊ စီးပွားရေးဘက်မှ ထောက်ခံ လှုပ်ရှားသူများနှင့်အတူ တက်ရောက်ခွင့်၊ စာတမ်းဖတ်ကြားခွင့်များ ပြုခဲ့သည်။ နိုင်ငံများ၏ ပုံစံက နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများတွင် ပါဝင်သော ပါဝင်ခွင့်၊ ကြိုတင် အသိပေး သဘောတူညီမှု တောင်းယူခြင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်းများကို လျစ်လျူရှုထားရာရောက်သည်။ UNFCCC နှင့် ကျိုတို နောက်ဆက်တွဲ စာချုပ်များက ဖွံ့ဖြိုးပြီး နိုင်ငံများကို ဖွံ့ဖြိုးဆဲ နိုင်ငံများအား ကူညီရန် တာဝန်ပေးထားသော်လည်း ထိုစာချုပ် စာတမ်းများက မူလ အခြေချ နေထိုင်သူများ၏ အခြေအနေများကို လည်းကောင်း၊ TEK မှ အောင်မြင်သော ပြောင်းလဲမှုများ ပြုလုပ်ရေးတွင် ကူညီပေးနိုင်မှုကိုလည်းကောင်း အသိအမှတ် မပြုထားသေးပေ။ မူလ အခြေချ နေထိုင်သူများသည် လက်ရှိတွင် UNFCCC ကို အကြံပြုသည့် ကျွမ်းကျင်အဖွဲ့၏ လုပ်ငန်းများတွင် တရားဝင် နေရာရထားခြင်း မရှိပေ။

အချက်အလက်များ လေ့လာသုံးသပ်ခြင်းတွင် မူလ အခြေချ နေထိုင်သူများကို လျစ်လျူရှုထားပြီး ၎င်းတို့ကို အပြောင်းအလဲများအား ထိန်းချုပ်နိုင်စွမ်း မရှိသော ကူရာ ကယ်ရာမဲ့ ဒုက္ခသည်များဟု ရည်ညွှန်းခဲ့သည့် IPCC သည် ယခုအခါ သိပ္ပံပညာရှင်များ၊ မူဝါဒ ချမှတ်သူများ၊ မူလ အခြေချ နေထိုင်သူနှင့် ရိုးရာ

အသိုင်းအဝိုင်းများကို ရာသီဥတု ပြောင်းလဲခြင်းနှင့်အတူ လိုက်လံ ပြောင်းလဲ နေထိုင်ရာတွင် ကူညီပေးခြင်း၌ TEK ၏ အရေးပါမှုကို အသိအမှတ် ပြုလာပြီ ဖြစ်သည် (Parry et al., 2017; IPCC, 2014, pp. 20, 29)။

၂၀၀၈ ခုနှစ် မေလတွင် UNPFII က "ရာသီဥတု ပြောင်းလဲခြင်း၊ ဇီဝ ယဉ်ကျေးမှု ကွဲပြားမှုနှင့် အသက်မွေးဝမ်းကြောင်း ပုံစံများ၊ မူလ အခြေချ နေထိုင်သူများ၏ ပွဲကိုင်သူ အခန်းကဏ္ဍနှင့် စိန်ခေါ်မှု အသစ်များ" ဟူသည့် သတ္တမအကြိမ်မြောက် ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲတွင် IPCC ၏ လုပ်ငန်းများ၌ မူလအခြေချ နေထိုင်သူများ ပါဝင်မှုကို UNFCCC က ပို၍ အသိအမှတ် ပြုရန်၊ မူလ အခြေချ နေထိုင်သူများ အခွင့်အရေး ဆိုင်ရာ ကြေညာချက်ကို နိုင်ငံများနှင့် မူလ အခြေချ နေထိုင်သူများအကြား ပြည်တွင်းနှင့် နိုင်ငံတကာ ဆက်သွယ် ဖလှယ်ရေးများတွင် မူဘောင်အဖြစ် အသုံးပြုရန်ကို နိုင်ငံများမှ လက်ခံသွားရန်တို့ကို တိုက်တွန်း ခဲ့သည်။ နောက်ဆုံးတွင် ၂၀၁၀ ခုနှစ် ကန်ကွန် ညီလာခံ၌ UNFCCC ၏ အခွဲ တစ်ခုဖြစ်သော ညီလာခံတွင် ပါဝင်သူများ (conference of the parties (COP)) နှင့် ကာလရှည် ပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းအတွက် အရေးပေါ် လုပ်ငန်း အဖွဲ့ (Ad hoc Working Group on Long-term Co-operative Action (AWG-LCA) (UNFCCC, 2010) တို့က မူလအခြေချ နေထိုင်သူများကို ဖယ်ထုတ်ထားရခြင်း၏ စိုးရိမ်ပူပန်မှု အချို့အား အသိအမှတ် ပြုခဲ့သည်။ UNDRIP (2007) ၏ အကျိုးဆက်များကို အသိအမှတ်ပြုခြင်းဖြင့် AWG-LCA သည် လျှော့ချရေးနှင့် ပြောင်းလဲရေး အစီအစဉ်များတွင် မူလ အခြေချ နေထိုင်သူများ၏ ပါဝင်မှုအပေါ် သဘောထားများ ကောက်ခံရန်နှင့် TEK ၏ အရေးပါမှုကို အသိအမှတ်ပြုရန် ကြိုးပမ်းခဲ့သည်။ ထိုကြိုးပမ်းမှုက ရုပ်ပြ သဘောလား၊ အမှန်တကယ်ပင် လုပ်ဆောင်ခြင်းလား ဆိုသည်ကိုတော့ စောင့်ကြည့်ရဦးမည် ဖြစ်သည်။

ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်နှင့် အန်ဂျီအိုများ၏ လုပ်ငန်းများတွင် မူလ အခြေချ နေထိုင်သူများ ပါဝင်မှု အတွက် သဘာဝ ပတ်ဝန်းကျင်နှင့် ဂေဟဗေဒ အခြေပြု ချဉ်းကပ်ခြင်းက များစွာ အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအဖွဲ့အစည်းများသည် မူလ အခြေချ နေထိုင်သူများအပေါ် ကြီးစွာ သက်ရောက်မှု ရှိသော ရာသီဥတု ပြောင်းလဲမှု လျှော့ချရေးနှင့် ပြောင်းလဲရေး ဆိုင်ရာ နိုင်ငံတကာ လုပ်ဆောင်ချက်များကို ရေးဆွဲ အကောင်အထည် ဖော်နေသောကြောင့် ဖြစ်သည် (Tauli-Corpuz et al, 2009; UNDP/RIIP, 2010)။ ဥပမာ ကျိုတို နောက်ဆက်တွဲ စာချုပ်တွင် ထုတ်လွှတ်မှု လျှော့ချရန် ဈေးကွက် အခြေပြု နည်းလမ်း သုံးခုကို မိတ်ဆက်ခဲ့သည်။ ထိုနည်းလမ်းများတွင် ထုတ်လွှတ်မှု ရောင်းဝယ်ခြင်း၊ ရေအား လျှပ်စစ်နှင့် ရေကာတာ ဆောက်လုပ်ရေးတို့ အပါအဝင် သန့်ရှင်းသော ဖွံ့ဖြိုးမှု နည်းလမ်းများ ပါဝင်သည်။ ရေကာတာများသည် အခွင့်အရေးများကို ချိုးဖောက်နိုင်ခြေ များသော၊ ဆန္ဒကို ဆန့်ကျင်သည့် နေရာပြောင်းရွှေ့ခိုင်းမှုများကို ဖြစ်ပွားစေသည်။ မူလ အခြေချ နေထိုင်သူ လူမျိုးစု ခေါင်းဆောင်များက ထုတ်လွှတ်မှု ကုန်သွယ်ခြင်းသည် ထုတ်လွှတ်မှု လျှော့ချခြင်းထက် ထုတ်လွှတ်မှုကို ကုန်ပစ္စည်းတစ်ခု အဖြစ် ပြောင်းလဲပစ်လိုက်ခြင်းသာ ဖြစ်သည်ဟု ဝေဖန်ကျသည် (Goodman, 2014)။ ပြန်လည် ချေဖျက်ရေး လုပ်ငန်းများက ဇီဝ လောင်စာအတွက် ဆီအုန်းများ ကဲ့သို့သော သီးနှံများ စိုက်ပျိုးခြင်းကို အားပေးကြသည်။ ဇီဝ လောင်စာ အတွက် စိုက်ပျိုးခြင်း များသည် အပူပိုင်း သစ်တောများကို တောပြုန်းစေပြီး အစားအစာ လုံခြုံရေးနှင့် ဇီဝ မျိုးကွဲများကို လျော့ကျ စေသည်။ ထိုသို့သော စိုက်ပျိုးရေးများသည် မူလ အခြေချ နေထိုင်သူများ၏ တောအုပ်နှင့် မြေယာ ပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ရာကျသည်။ ဥရောပမှ ကာဗွန် ထုတ်လုပ်မှု ချေဖျက်ရေးအတွက် သစ်တော ပြန်လည် ရှင်သန်လာစေရေး စီးပွားရေး လုပ်ငန်းများကလည်း မူလ အခြေချ

နေထိုင်သူများကို ၎င်းတို့ နယ်မြေများမှ အတင်းအဓမ္မ ပြောင်းရွှေ့ခိုင်းခြင်းဖြင့် ၎င်းတို့၏ အခွင့်အရေးများကို ချိုးဖောက်ကြသည် (Tauli-Corpuz and Tamang, 2007)။

ကနေဒါနှင့် အမေရိကန် နိုင်ငံကဲ့သို့သော ထုတ်လွှတ်မှု များသည့် နိုင်ငံများသည် ကျောက်တုံးများကို ဟိုက်ဒရောလစ်ဖြင့် ချေဖျက်ခြင်း၊ အယ်လ်ဘာတာ မြောက်ပိုင်းတွင် ရေနံ ထွက်သော မြေများမှ ရေနံ ထုတ်ယူခြင်းဖြင့် ဂေဟဗေဒကို ပျက်စီးစေခြင်း၊ ကီးစတုန်း XL ပိုက်လိုင်းနှင့် သက်ဆိုင်သော လုပ်ဆောင်ချက်များ အစရှိသည့် အစွန်းရောက် စွမ်းအင် ရှာဖွေရေး စီမံကိန်းများကို အသုံးပြုနေဆဲ ဖြစ်သည်။ ယင်းလုပ်ရပ်များ အားလုံးမှာ မူလ အခြေချ နေထိုင်သူများအပေါ် တိုက်ရိုက် သက်ရောက်မှု ရှိနေသည် (Huseman and Short, 2012; Gonzalez and Goodman, 2014)။

ကမ္ဘာ့ဘဏ်၏ သစ်တော ကာဗွန် မိတ်ဖက် အဖွဲ့ (Forest Carbon Partnership Facility (FCPF)) သည် ကုလသမဂ္ဂ ထောက်ပံ့သည့် ကာဗွန် ဈေးကွက်တွင် အရေးပါသည့် ဇာတ်ကောင် တစ်ဦး ဖြစ်သည်။ FCPF သည် တောပြုန်းခြင်းနှင့် သစ်တောများ ပျက်စီးလာခြင်းမှ ထုတ်လွှတ်မှု လျှော့ချရေး (Reducing Emissions from Deforestation and Forest Degradation (REDD)) ဆိုင်ရာ UNFCCC ၏ လုပ်ငန်း အစီအစဉ်တွင် ဒေါ်လာ သန်းပေါင်းများစွာ ထည့်ဝင်ခဲ့သည် (Barnsley, 2009)။ အန်ဂျီအိုများက အဆိုပါ ချဉ်းကပ်ပုံမှာ အမှားကြီး မှားနေခဲ့သည်ဟု ဆိုသည်။ REED အစီအမံတွင် (REED+ အဖြစ်) အခွင့်အရေး ကာကွယ်ပေးမှုများ ထည့်သွင်းရန် ကြိုးပမ်း ခဲ့သော်လည်း FCPF က မူလ အခြေချ နေထိုင်သူများ၏ ပါဝင်မှု၊ ဆွေးနွေးညှိနှိုင်းမှုနှင့် အသိပေးပြီးမှ သဘောတူညီမှု ရယူခွင့် (Dooley et al., 2011) နှင့် ၎င်းတို့၏ သစ်တော ပိုင်ဆိုင်မှု အခွင့်အရေး (RRI, 2015) တို့နှင့် ဆိုင်သည့် ကမ္ဘာ့ဘဏ်၏ ကိုယ်ပိုင် မူဝါဒများနှင့် တာဝန်များကို လျစ်လျူ ရှုခဲ့သည်။

ကံမကောင်းစွာပင် မူလ အခြေချ နေထိုင်သူများ၏ ရပ်တည်မှုကို အသိအမှတ် ပြုရန်နှင့် ၎င်းတို့၏ တက်ကြွစွာ ပါဝင်မှု၊ ဆွေးနွေး ညှိနှိုင်းမှုများကို ခွင့်ပြုပေးရန် UN-FCCC နှင့် ကမ္ဘာ့ဘဏ်တို့က ချီတုံချတုံ ဖြစ်နေခြင်းသည် မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများကို လုယူပြီး ၎င်းတို့၏ ထိခိုက်လွယ်မှုကို တိုးမြင့်စေရုံသာမက မူလ အခြေချ နေထိုင်သူများ ပါဝင်ရန် အသင့်ဖြစ်နေသော လူသားအရေးတွင် ပါဝင်နိုင်မှုကိုပါ လုယူရာ ကျလေသည်။

## ရာသီဥတု ပြောင်းလဲခြင်းနှင့် သဘာဝ ဘေးအန္တရာယ် ခံစားရသူများ၏ လူ့အခွင့်အရေး

သဘာဝ ဘေးအန္တရာယ် (ထိုဘေးအန္တရာယ် အများအပြားမှာ ရာသီဥတု ပြောင်းလဲခြင်းနှင့် ဆက်စပ်နေသည်) ခံစားရသူ သန်း ၂၀၀ ခန့်တွင် မူလ အခြေချ နေထိုင်သူများလည်း ပါဝင်လေရာ (Brookings-Bern Project on Internal Displacement, 2007) ၎င်းတို့မှာ ကုလသမဂ္ဂ အေဂျင်စီ ပေါင်းစုံ ကော်မတီတွင် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်ပုံကို အလိုအပ်ဆုံး ဖြစ်ကြသူများ ဖြစ်သည် (Brookings-Bern Project on Internal Displacement, 2008)။ ရာသီဥတု ပြောင်းလဲမှု လျှော့ချပြီး ၎င်းနှင့်အတူ လိုက်လံ ပြောင်းလဲနိုင်သည့် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်ပုံက လူ့အခွင့်အရေး အားလုံးသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည်၊ ခွဲခြား၍ မရ၊ အပြန်အလှန် မှီခိုနေပြီး အပြန်အလှန် ဆက်စပ်နေသည် ဟူသည့် စည်းမျဉ်းကို လက်တွေ့အဖြစ် ပြောင်းလဲပစ်ရန် လိုအပ်သည် (အခန်း ၂၃ တွင် ရှုပါ)။

တည်ရှိရန် အခြေခံကျသည့် အရာများမှာ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် အခြား ကုလသမဂ္ဂ လူ့အခွင့်အရေး စာချုပ်စာတမ်း အများအပြားတွင် တွေ့ရသည့် အသက်ရှင်ခွင့်၊ လုံလောက်သော အစားအစာ၊ ရေ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ နေထိုင်စရာနှင့် နိုပ်စက် ညှဉ်းပန်းမှုမှ ကင်းလွတ်ခွင့်တို့ ဖြစ်သည် (Havemann, 2009)။ နိုင်ငံတကာ ဥပဒေသည် ကျန်းမာသော ဂေဟစနစ်တွင် နေ့ထိုင်ခွင့် ဟူသည့် လူတစ်ဦးချင်းစီ၏ အခွင့်အရေးကို တည်ရှိရန် အခြေခံကျသည့် အခွင့်အရေးအဖြစ် ပြောင်းလဲပစ်ရာတွင် အားနည်းသည်။ ရီယို ကြေညာချက် စည်းမျဉ်းများက ထိုအခွင့်အရေးများသည် နိုင်ငံ့ တာဝန်များမှ ဆင်းသက်လာသည်ဟု ဆိုသည်။ ဥပမာ နောင်လာမည့် မျိုးဆက်များ၏ သဘာဝ ပတ်ဝန်းကျင် လိုအပ်ချက်များကို စဉ်းစားခြင်း (စည်းမျဉ်း ၃)၊ ကမ္ဘာမြေ၏ ဂေဟစနစ်များကို ထိန်းသိမ်းရန်၊ ကာကွယ်ရန်၊ ယခင်ကဲ့သို့ ပြန်ဖြစ်စေရန် (စည်းမျဉ်း ၇၊ မူလ အခြေချ နေထိုင်သူများ အခွင့်အရေး ဆိုင်ရာ ကြေညာချက် အပိုဒ် ၂၉ တွင်လည်း ပါဝင်သည်)၊ သိပ္ပံပညာအရ ရာနှုန်းပြည့် သေချာနေပြီဟု မဆိုနိုင်သေးသော်လည်း ပြန်လည် ပြင်ဆင်မရသော ဖျက်ဆီးမှုများက ခြိမ်းခြောက်နေပြီဟု သဘောထားကာ ကြိုတင် ကာကွယ်သည့် ချဉ်းကပ်ပုံများ လုပ်ဆောင်ခြင်း (စည်းမျဉ်း ၁၅) တို့ ဖြစ်သည်။

ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် ဘေးအန္တရာယ် ကာကွယ်ရေးတွင် အခြေခံကျသည့် အပိုင်း တစ်ခု ဖြစ်သည်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ဆက်စပ်နေသည့် အခွင့်အရေးများထဲတွင် ILO သဘောတူ စာချုပ် (အမှတ် ၁၆၉)၊ မူလ အခြေချ နေထိုင်သူများ အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက် အပိုဒ် ၂၁၊ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ သတင်းအချက်အလက်များ ရရှိရေး ဆိုင်ရာ ဒပ်ဘလင် ကြေညာချက်၊ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များတွင် လူထု ပါဝင်ခွင့် ဆိုင်ရာ အားဟက်စ် သဘောတူစာချုပ် စသည်တို့တွင် ပါဝင်သည့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်၊ လျှော့ချရေး အစီအမံများ ချမှတ်ရာတွင် ပါဝင်ခြင်း၊ အချက်အလက်များ ရယူနိုင်ခြင်းတို့ ပါဝင်သည်။

တည်ရှိခွင့်၊ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးနှင့် ရာသီဥတု ပြောင်းလဲခြင်း အပေါ် ဂေဟစနစ် အခြေပြု ချဉ်းကပ်ပုံများသည် လူ့အခွင့်အရေး ပုံစံ အားလုံးကို အသိအမှတ် ပြုခြင်း၊ လေးစားခြင်းနှင့် ကာကွယ်ခြင်းတို့တွင် ယခင်က မတွေ့ဘူးသော၊ မရရှိဘူးသော စနစ်တစ်ခုလုံး၏ ပါဝင်မှုကို ရရှိစေလိမ့်မည် (Tauli-Corpuz et al., 2009)။ လူ့အခွင့်အရေးများသည် မူလ အခြေချ နေထိုင်သူများ၏ တည်ရှိခွင့်၊ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ဖူလုံမှုတို့ ရရှိရေးတွင် ထိရောက်မှု ရှိသော နည်းလမ်း ဟုတ်၊ မဟုတ် ဆွေးနွေးထားခြင်းကို စာသေတ္တာ ၁၉.၃ တွင် ရှုပါ။

| စာသေတ္တာ ၁၉.၃။ စိန်ခေါ်နေသည့် အယူအဆများ၊ လူ့အခွင့်အရေးများသည် မူလ အခြေချ နေထိုင်သူများ၏ တည်ရှိခွင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ဖူလုံမှုတို့ကို စောင့်ရှောက်ရာတွင် ထိရောက်သော နည်းလမ်း ဖြစ်ပါသလား။ |
|---|
| လူ့အခွင့်အရေးများသည် အခွင့်အရေး ဒဏ္ဍာရီ အပေါ်တွင် အခြေခံထားသည် (Scheingold, 2004)။ ထိုဒဏ္ဍာရီသည် အမြတ်အစွန်းအတွက် အရင်းရှင် ထုတ်လုပ်မှု ပုံစံကို အခြေခံသည့် လစ်ဘရယ် ကျသော၊ ဒီမိုကရက်တစ် အချုပ်အခြာ အာဏာပိုင် နိုင်ငံများတွင် လွှမ်းမိုးမှု ရှိသော ပြောဆို ရေးသားမှု တစ်ခု ဖြစ်သည်။ ထိုဒဏ္ဍာရီက လူတစ်ဦးချင်းစီ၏ အသက်၊ လွတ်လပ်ခွင့်နှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်တို့သည် |

အခွင့်အရေးများအပေါ်တွင် မူတည်သည်ဟု ဆိုသည်။ မူလ အခြေချ နေထိုင်သူများတွင် ၎င်းတို့၏ ဖူလုံမှုနှင့် ၎င်းတို့ သဘာဝ ပတ်ဝန်းကျင်နှင့် ဆက်ဆံပုံများအပေါ် လွန်စွာ ကွာခြားသည့် တွေးခေါ်ပုံများ ရှိသည်။ ၎င်းတို့သည် အခွင့်အရေးများထက် တာဝန်များကို ပို၍ အလေးပေးကြပြီး သဘာဝ ပတ်ဝန်းကျင်နှင့်ရော၊ သက်ရှိ အရာများ အားလုံးနှင့်ပါ အပြန်အလှန် ဆက်နွှယ်နေမှုကို ယူဆသော အုပ်စု အခြေခံသည့် ယဉ်ကျေးမှု ရှိသည်။ ၎င်းတို့သည် ရေရှည် တည်တံ့ ခိုင်မြဲစွာ အသုံးပြုနိုင်ရန် မျိုးနွယ်စု အခြေပြုသည့် ထုတ်လုပ်ရေး စနစ်အပေါ် မှီခိုကြသည်။ ထို့ကြောင့် အခွင့်အရေး အခြေခံသည့် ဥပဒေ ပြုခြင်းများနှင့် နိုင်ငံရေးသည် မူလ အခြေချ နေထိုင်သူများ၏ တန်ဖိုးများ၊ ဓလေ့ထုံးတမ်း ဥပဒေများနှင့် အုပ်ချုပ်မှု စနစ်များကို ဖျက်ဆီးပစ်ရာကြသည်။ ထို့ပြင် ၎င်းတို့၏ လိုအပ်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဖိနှိပ်သူများအတွက် ပို၍ အသုံးဝင်မည့် ရလဒ်များ ထွက်ပေါ်ရေးအတွက် ၎င်းတို့ကို ဖိနှိပ်သူများ အသုံးပြုသည့် ဘာသာစကားနှင့် နည်းလမ်းများ အသုံးပြုကာ ပြန်လည် ပြင်ဆင် ရေးဆွဲရန် တိုက်တွန်းရာလည်း ကျသည် (Medcalf, 1978; Corntassel, 2008; Borrows, 2010; အခန်း ၆၊ ၇ နှင့် ၂၃ တို့ကို ရှုပါ)။

**အနှစ်ချုပ်**

သိပ္ပံ ဆိုင်ရာ သက်သေများအရ မူလအခြေချ နေထိုင်သူများသည် ရာသီဥတု ပြောင်းလဲမှုကြောင့် အဆိုးရွားဆုံး ထိခိုက်ခံရသူများ ဖြစ်သည်။

မူလ အခြေချ နေထိုင်သူများ ငြင်းခုံခဲ့သည့် TEK က လျှော့ချခြင်းနှင့် ပြောင်းလဲခြင်း နည်းလမ်းများ အပေါ် အကျိုးသက်ရောက်မှု ရှိသည် ဟူသည့် အချက် မှန်ကန်ကြောင်း IPCC သုတေသနက ပြသခဲ့သည်။

၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၉ ခုနှစ်အကြား IFIPCC နှင့် UNPFII တို့က တောင်းဆိုချက်များကို ကြိမ်ဖန်များစွာ ငြင်းဆန်ပြီးနောက် ၂၀၁၀ ပြည့်နှစ်တွင် UNFCCC က လျှော့ချခြင်းနှင့် ပြောင်းလဲခြင်း ဆိုင်ရာ ဆွေးနွေးပွဲများတွင် မူလအခြေချ နေထိုင်သူများ၏ ပါဝင်ခွင့်ကို အသိအမှတ် ပြုခဲ့သည်။

အချို့သော ကုလသမဂ္ဂ အေဂျင်စီများက UNDRIP ကို စံနှုန်းအဖြစ် အသုံးပြုခြင်းအပြင် ရာသီဥတု ပြောင်းလဲခြင်းအတွက် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်ပုံကို အသုံးပြုသင့်ကြောင်း စည်းရုံး အရေးဆိုကြသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

မူလ အခြေချ နေထိုင်သူများအတွက် ရာသီဥတုဆိုင်ရာ တရားမျှတမှု ရှိပါသလား။

## မူလ အခြေချ နေထိုင်သူများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် နိုင်ငံတော်၏ အချုပ်အခြာ အာဏာတို့အကြား ညှိနှိုင်းခြင်း

မူလ အခြေချ နေထိုင်သူများက ၎င်းတို့၏ တည်ရှိခွင့်သည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ခွဲခြားမရ၊ ဆက်စပ်နေပြီး အပြန်အလှန် မှီခိုနေသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ၂၀ ရာစု အဆုံးသတ်ချိန် နီးပါးလောက်မှ စ၍ မူလ အခြေချ နေထိုင်သူများ၏ လှုပ်ရှားမှုများသည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ရှာဖွေခဲ့သည်။

ဂျော့ချ်ဗာလာဒက်ဇ် (Jorge Valadez) (2000, pp. 185-234) က ထိုလှုပ်ရှားမှုများကို အမျိုးအစား သုံးမျိုး ခွဲခြားခဲ့သည်။ ညှိနှိုင်းဆောင်ရွက်ရေး သမားများက နိုင်ငံတော်၏ တည်ဆောက်ပုံများ အတွင်း ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အခြေအနေ တစ်ခုကို ရှာဖွေသည်။ ကိုယ်ပိုင် အုပ်ချုပ်ရေးသမား များက နိုင်ငံတော်အတွင်း ကိုယ်ပိုင် အုပ်ချုပ်ရေး ဆိုင်ရာ အင်စတီကျူးရှင်း အစီအမံများဖြင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို တောင်းဆိုသည် (UNDRIP က ကိုယ်ပိုင် အုပ်ချုပ်ခွင့် တရားဝင်မှုကို အားပေးသည် (Anaya, 2010))။ ခွဲထွက်ရေးသမားများက လွတ်လပ်သော နိုင်ငံ တစ်နိုင်ငံ ထူထောင်ရန် ကြိုးပမ်းကြသည်။ မူလအခြေချ နေထိုင်သူများအကြား ခွဲထွက်လိုသူများမှာ လူနည်းစု ဖြစ်သည်။ ထိုသို့ ဖြစ်စေကာမူ နိုင်ငံများက မူလ အခြေချ နေထိုင်သူများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရရှိရေး တောင်းဆိုမှုများကို ခွဲထွက်ခြင်းနှင့် တန်းတူညီသော နိုင်ငံပြင်ပ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်များ အဖြစ် စဉ်ဆက်မပြတ် အဓိပ္ပာယ် ပြန်ဆိုကြသည်။ နိုင်ငံအများစုသည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် တောင်းဆိုမှုများကို ၎င်းတို့၏ နယ်မြေ တည်တံ့ ခိုင်မြဲရေးနှင့် အချုပ်အခြာ အာဏာကို ခြိမ်းခြောက်သည်ဟု ယူဆကြသည်။

မူလအခြေချ နေထိုင်သူ ခေါင်းဆောင် အများအပြားက ပြည်တွင်း ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် တောင်းဆိုခြင်းဖြင့် အောင်မြင်မှုများ ရမည်ဟု လက်ခံထားသည်။ အကောင်းဆုံး အခြေအနေမှာ ကိုယ်ပိုင် အုပ်ချုပ်ရေးသမားများ လက်ခံမည့် အခြေအနေလောက် ဖြစ်သည်။ ထိုသူများက ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် ၎င်းတို့ လူမျိုးများကို နိုင်ငံများနှင့် ကာလရှည်ကြာ ပဋိပက္ခ ဖြစ်စေမည့် ထောင်ချောက် တစ်ခု ဖြစ်ကြောင်း အသိအမှတ် ပြုထားသည် (Weller, 2009)။ မူလ အခြေချ နေထိုင်သူများသည် ၎င်းတို့၏ အခွင့်အရေးများကို နိုင်ငံအတွင်းမှ တောင်းဆိုသည်က များသည်။ ဥပမာ ၎င်းတို့ကိုယ်ပိုင် နိုင်ငံရေး၊ ဥပဒေရေးရာ အင်စတီကျူးရှင်းများ ရရှိခွင့်၊ ၎င်းတို့နှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်နှင့် ဆွေးနွေးခံခွင့်၊ ဝေမျှခြင်းများမှ အကျိုးကျေးဇူး ရရှိခွင့်၊ ၎င်းတို့နှင့် သက်ဆိုင်သော (သို့) ၎င်းတို့အပေါ် သက်ရောက်မှု ရှိသော ကိစ္စရပ်များတွင် ကြိုတင် အသိပေးထားသော သဘောတူညီမှု ပေးခွင့်တို့ ဖြစ်ကြသည်။ မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများ ဆိုင်ရာ အထူးကိုယ်စားလှယ်ထံ အစီရင်ခံရသည့် နိုင်ငံများ ဝန်ခံသည့် အတိုင်း UNDRIP ရှိသော်လည်း နိုင်ငံများသည် ထိုအခွင့်အရေးများကို လက်ခံရန် ဝန်လေးကြသည်။ မူလ အခြေချ နေထိုင်သူများနှင့် တိုက်ရိုက် သက်ဆိုင်ပြီး အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်သည့် UNFCCC ကဲ့သို့သော အစိုးရများအကြား ဖွဲ့စည်းထားသည့် အဖွဲ့အစည်းမျိုးပင် ထိုကဲ့သို့သော သဘောထား ရှိကြသည် (Special Rapporteur on Indigenous Rights, 2011)။

ကိုယ်ပိုင် နိုင်ငံ ထူထောင်ခွင့် မဟုတ်ဘဲ နိုင်ငံတွင်း တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ကို အသိအမှတ်ပြုခြင်းသည်ပင် မူလ အခြေချ နေထိုင်သူများ မပါဝင်သည့် အချုပ်အခြာ အာဏာဆိုင်ရာ ဝက်စ်ဖီးလီးရန်း သဘောတရား (Muehlebach, 2003) ကို အခြေခံသော ဒီမိုကရေစီ နည်းလမ်းကျသော နိုင်ငံတစ်နိုင်ငံ၏ သမားရိုးကျ လစ်ဘရယ် မော်ဒယ်ဟူသည့် အဝန်းအဝိုင်းကို ကျော်လွန်ရာကျသည် (Primeau and Corntassel, 1995; Alfred, 2008; Corntassel, 2008)။ ထိုသို့သော နိုင်ငံမျိုးတွင် နိုင်ငံသား ဖြစ်မှုသည် အားလုံးအတွက် ဖြစ်ပြီး တန်းတူညီကာ လူတစ်ဦးချင်းစီနှင့် သက်ဆိုင်သည်။ ဒီမိုကရေစီသည် လူများစုက အုပ်ချုပ်သည့် ပုံစံ ဖြစ်သည်။ အားလုံးအတွက် ဥပဒေ တစ်ခု၊ အခွင့်အရေး တစ်မျိုးတည်းသာ ရှိသည်။ မူလ အခြေချ နေထိုင်သူများအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့် သီးခြား သတ်မှတ်ခြင်းက ထိုမော်ဒယ်ကို စိန်ခေါ်ရာ ကျသည်။ နိုင်ငံများသည် မူလ အခြေချ နေထိုင်သူများကို လူများစုနှင့် ရောနှောပစ်ကာ နိုင်ငံသား

တစ်ဦးအဖြစ်သာ သတ်မှတ်သည်။ ၎င်းတို့၏ အုပ်စု အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို ငြင်းပယ်ကြသည်။ ရောနှောခြင်း အင်စတီကျူးရှင်းများ မတွေ့ရသည့် ခြွင်းချက် နိုင်ငံ အချို့မှာ နောဒစ် နိုင်ငံများသာ ဖြစ်သည် (Anaya, 2011b)။ မူလအခြေချ နေထိုင်သူ တစ်ဦးမှ သမ္မတ ဖြစ်လာသူ အီဗို မော်ရယ်လ် (Evo Morales) ၏ လက်ထက် ဘိုလစ်ဗီးယား နိုင်ငံတွင် ဖြစ်ပေါ် တိုးတက်မှုများက ယခင် နိုင်ငံများ၏ အလေ့အကျင့်များမှ သိသိသာသာ ခွဲထွက်ခဲ့ခြင်း ဖြစ်သည်။ ဘိုလစ်ဗီးယားတွင် နိုင်ငံတော်ကို ဗဟု နိုင်ငံတော်ဟု သတ်မှတ်ခဲ့ပြီး ယင်းအချက်က နိုင်ငံသား အများအပြားမှာ မူလ အခြေချ နေထိုင်သူများ ဖြစ်နေခြင်းကို ရောင်ပြန်ဟပ်နေခြင်း ဖြစ်သည်။ ထိုစီမံကိန်းသည် အငြင်းပွားဖွယ်ရာ ဖြစ်ပြီး ဆောင်ရွက်နေဆဲ အဆင့်၌ပင် ရှိသည် (Gustafson, 2009; Webber, 2011)။ အကန့်အသတ်မရှိ အရင်းအမြစ် ထုတ်ယူခြင်း၏ သက်ရောက်မှုများကို တုံ့ပြန်ရန်နှင့် မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများကို ရောင်ပြန်ဟပ်စေရန် ဘိုလစ်ဗီးယား နိုင်ငံက အမိကမ္ဘာမြေ၏ အခွင့်အရေးများကို အသိအမှတ်ပြုသော ဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့သည် (Vidal, 2011)။ သို့ရာတွင် ကျောက်တုံးများကို ဟိုက်ဒရောလစ်ဖြင့် ချေဖျက်ခြင်း လုပ်ရပ်များမှာတော့ ဖြစ်ပွားနေဆဲ ဖြစ်သည် (Hill, 2015)။

အချို့သော လစ်ဘရယ် သီအိုရီသမားများနှင့် ဒီမိုကရေစီ နိုင်ငံအချို့က မည်သို့သော ယဉ်ကျေးမှု (သို့) သမိုင်းကြောင်း ဖြစ်စေကာမူ ပုံစံ တစ်ခုကို အားလုံးအတွက် ချမှတ်ခြင်းသည် သဘောထား ကြီးခြင်းဆိုင်ရာ လစ်ဘရယ် တန်ဖိုးများနှင့် ကွဲပြားမှုများကို အသိအမှတ်ပြုခြင်း တို့အား ချိုးဖောက်ရာ ကျလိမ့်မည်ဟု အသိအမှတ် ပြုကြသည် (Taylor, 1994)။ ထို့ပြင် ၎င်းတို့က အားလုံး ပါဝင်မှု၊ ဒေသအဆင့်တွင် မလုပ်ဆောင်နိုင်သည်များကိုသာ ဗဟိုအစိုးရက လုပ်ဆောင်ခြင်း၊ တန်းတူညီခြင်း အစရှိသည့် ကောင်းမွန်သော အုပ်ချုပ်ရေး ဆိုင်ရာ စည်းမျဉ်းများသည် ဘဝ ရွေးချယ်မှုများ၊ အခွင့်အရေးများ (Held, 2005, pp. 258-9) အပြင် ၎င်းတို့၏ သက်တမ်းအပေါ်ပါ သက်ရောက်မှု ခံစားကြရသူများ၏ စစ်မှန်သော ပါဝင်မှု လိုအပ်သည်ဟု လက်ခံထား ကြသည်။

လစ်ဘရယ် သီအိုရီ ပညာရှင် ဝီလ်ကင်လစ်ကာ (Will Kymlicka) (1995, pp. 6-8, 30-41) က ရောနှော ပေါင်းစပ်ပစ်ခြင်းနှင့် ခွဲခြား ထားခြင်း၊ အကြွင်းမဲ့ဝါဒနှင့် နှိုင်းရဝါဒတို့အကြား အလျှော့အတင်း ပြုလုပ် ညှိနှိုင်းရန် အကြံပြုထားသည်။ သူက လစ်ဘရယ် သဘောတရားသည် မူလ အခြေချ နေထိုင်သူများအတွက် အခွင့်အရေး သုံးခု ပေးရန် လိုအပ်ပြီး ကွဲပြားမှုများကို အသိအမှတ်ပြုခြင်းဖြင့် တူညီသော နိုင်ငံသား ဖြစ်မှုကို ၎င်းတို့ နားလည်လာစေရန် ကူညီပေးသင့်သည်ဟု ဆိုသည်။ သူက ကနေဒါ နိုင်ငံ နူနာဗက် ပြည်နယ်တွင် ကျင့်သုံးသကဲ့သို့ မိရိုးဖလာ နည်းလမ်းများ အင်စတီကျူးရှင်းများကို အခြေခံသည့် မိမိ အတွင်းရေး အပေါ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်၊ သြစတြေးလျတွင် ပေးအပ်ထားသည့် ထုံးတမ်းစဉ်လာ ပိုင်ဆိုင်မှု အခွင့်အရေး ကဲ့သို့သော မိရိုးဖလာ ဘာသာရေး အလေ့အကျင့်များ၊ အမဲလိုက်ခြင်းနှင့် ငါးမျှားခြင်း၊ မြေနှင့် သဘာဝ အရင်းအမြစ်များကို ပွဲကိုင်ခွင့် စသည်တို့ကို ကာကွယ်ရန် ဗဟု လူမျိုးစု အခွင့်အရေးများ၊ နောဒစ် နိုင်ငံများ၏ ဆာမီ လွှတ်တော်များ ကဲ့သို့သော အုပ်စုများအပေါ် တိုက်ရိုက် သက်ရောက်မှု ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးငြင်းခုံရန် ၎င်းတို့ကို နိုင်ငံတော် အင်စတီကျူးရှင်းများတွင် အသံ တစ်ခု ပေးနိုင်မည့် ကိုယ်စားပြုခွင့်တို့ ပေးသင့်သည်ဟု အဆိုပြုခဲ့သည်။ နိုင်ငံသား ဖြစ်မှုတွင် ခွဲခြားထားခြင်းကို နောက်ခံ အခြေအနေ အမျိုးမျိုးနှင့် အကြောင်းပြချက် အမျိုးမျိုးအရ ကျိုးကြောင်းပြနိုင်သည်။ နိုင်ငံ တစ်နိုင်ငံကို ၎င်းတို့ အတိတ်က လုပ်ဆောင်ခဲ့သည့် လုပ်ရပ်များကို လေးစားရန် ပဋိညာဉ်အရ တာဝန် သတ်မှတ်ခြင်း၊

နိုင်ငံတော်၏ အလေ့အကျင့်များကြောင့် တည်ရှိခွင့် ထိခိုက်ခံရသူများကို ကူညီရန် အထူးလုပ်ဆောင်ချက်များ၊ မူလ အခြေချ နေထိုင်သူများကို သဘာဝနှင့် လူသားမျိုးနွယ်စုအပေါ် အကျိုးဖြစ်ထွန်းစေမည့် တာဝန်များ ထမ်းဆောင်နိုင်ရန် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို အားပေးသည့် နည်းလမ်းများ စသည်တို့ ဖြစ်သည်။

လစ်ဘရယ် ဒီမိုကရက်တစ် နိုင်ငံများအတွက် ခွဲခြားထားသည့် နိုင်ငံသားဖြစ်မှုကို အသိအမှတ် ပြုခြင်းတွင် သဘောမတူနိုင်သည့် အချက်မှာ အားလုံးအတွက် တပြေးညီ ဖြစ်သော လူတစ်ဦးချင်းစီ၏ နိုင်ငံသား ဖြစ်မှု အခွင့်အရေးများကို မူလ အခြေချ နေထိုင်သူများ၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့် အာဏာများက ချိုးဖောက်သည့် အခါတွင် ဖြစ်သည် (Badger, 2011)။ ဥပမာ အမျိုးသမီးများကို ခွဲခြား ဆက်ဆံသည့် စည်းမျဉ်းများ (သို့) အုပ်ချုပ်သူ သတ်မှတ်ခြင်းကို မျိုးရိုးနှင့် ကန့်သတ်ထားခြင်း အစရှိသည်တို့ ဖြစ်သည် (Gover, 2010)။ နိုင်ငံ တစ်နိုင်ငံအတွက် နိုင်ငံသား တစ်ဦး၏ အခွင့်အရေး ငြင်းပယ်ခံရမှုကို လက်ခံလိုက်ခြင်းသည် နိုင်ငံသားများ အားလုံးအတွက် တန်းတူညီစွာ လူ့အခွင့်အရေးများကို ကာကွယ် မြှင့်တင်သည့် တာဝန်ကို ပျက်ကွက်ခြင်းပင် ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းက နိုင်ငံသား အခွင့်အရေးများသည် အားလုံးတန်းတူမဟုတ်၊ လူတစ်ဦး၏ သရုပ်သဏ္ဌာန် (သို့) အခြေအနေအပေါ် မူတည်သည်ဟု အဓိပ္ပာယ် သက်ရောက်သည်။ ယင်းမှာ နိုင်ငံသားဖြစ်မှု သဘောတရားနှင့် လူ့အခွင့်အရေးများ အားလုံးသည် အပြန်အလှန် ဆက်စပ်နေသည်၊ ခွဲခြား၍ မရဟူသည့် စည်းမျဉ်းကို လုံးဝ ဆန့်ကျင်လိုက်ခြင်းပင် ဖြစ်သည်။

ဆေလာဗန်ဟာဗစ် (Seyla Benhabib) (2002, pp. 18-19, 147-8) က အကြွင်းမဲ့ဝါဒနှင့် နှိုင်းရဝါဒ တို့အကြား ညှိနှိုင်း ဖြေရှင်းမှု တစ်ခုကို ရှာဖွေ ပေးခဲ့သည်။ သူက အုပ်စုအတွက် လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို အဆုံးရှုံးခံရခြင်းကို ကာကွယ်သည့် စည်းမျဉ်းများ ချမှတ်ခြင်းဖြင့် အုပ်စုတစ်စု တည်ရှိခွင့်နှင့် ထိုဘောင်အတွင်း၌ ၎င်းတို့ဘာသာ ၎င်းတို့ အုပ်ချုပ်ခွင့်တို့ကို ငြင်းပယ်ခြင်း မပြုဘဲ ခွဲခြားထားသည့် နိုင်ငံသား ဖြစ်မှုကို ရရှိနိုင်သည်ဟု ဆိုသည်။ နိုင်ငံတော် အာဏာကို အားလုံးအကြား ခွဲဝေရမည်၊ လူနည်းစု အုပ်စုများသည် လူများစုများထက် ပိုမို လျော့နည်းသော အခွင့်အရေးများ မရရှိသင့်၊ အုပ်စု တစ်စုတွင် အဖွဲ့ဝင် ဖြစ်ခြင်းသည် မိမိ ဆန္ဒအလျောက်သာ ဖြစ်သင့်ပြီး အတင်းအဓမ္မ အဖွဲ့ဝင်ခိုင်းခြင်း မဖြစ်သင့်၊ အုပ်စု အဖွဲ့ဝင်များသည် အုပ်စုမှ ထွက်ခွာလိုလျှင် ထွက်ခွာနိုင်ခွင့် ရှိရမည် ဟူသည့် အချက်များကို ထိုစည်းမျဉ်းများက အသိအမှတ် ပြုထားသည် (အခန်း ၂ တွင်လည်း ရှုပါ)။

ရာသီဥတု ပြောင်းလဲမှုကဲ့သို့သော ကိစ္စရပ်များနှင့် ဆက်စပ်နေသည့် အခြား စိန်ခေါ်မှု တစ်ခုမှာ အုပ်ချုပ်ရေး ဆိုင်ရာ ရည်ရွယ်ချက်များအရ ကမ္ဘာကြီးသည် နေရာတစ်ခုတည်း ဖြစ်သည်ဟု နားလည်သဘောပေါက်ရန် လိုလာခြင်း ဖြစ်သည် (Rosenau, 1997)။ တစ်ချိန်တည်းတွင် မူလ အခြေချ နေထိုင်သူများကဲ့သို့သော နိုင်ငံ မရှိသော လူမျိုးများထံမှ နိုင်ငံများအပေါ် ကျရောက်လာသည့် ခွဲထွက်ရေး ဖိအားပေးမှုများ (Guibernau, 1999) နှင့် အရှိန်မြင့်လာနေသည့် ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်စဉ်များ (Hechter, 2000) သည် ဆက်စပ်နေကြသည်။

| အနှစ်ချုပ် |
| --- |
| မူလ အခြေချ နေထိုင်သူများက တည်ရှိခွင့်ကို ၎င်းတို့၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ခွဲခြား၍ မရ၊ အပြန်အလှန် ဆက်စပ် မှီခိုနေသည်ဟု လက်ခံထားကြသည်။ |

နိုင်ငံများက မူလ အခြေချ နေထိုင်သူများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် တောင်းဆိုချက်များကို ခွဲထွက် လိုခြင်းဟု ယူဆကြသည်။
နိုင်ငံများက ပြည်တွင်း၌ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ကိုက်ညီပြီး ယင်းအတွက် လိုအပ်သည်ဟု အသိအမှတ်ပြုပါက မူလ အခြေချ နေထိုင်သူများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို နိုင်ငံတော် အချုပ်အခြာ အာဏာအတွင်း ထည့်သွင်းခြင်း ဖြစ်လာနိုင်သည်။
ကောင်းမွန်သော အုပ်ချုပ်ရေးတွင် အားလုံး ပါဝင်ခြင်း၊ ဒေသအဆင့်တွင် မလုပ်ဆောင် နိုင်သည်များကိုသာ ဗဟိုအစိုးရက လုပ်ဆောင်ခြင်း၊ နိုင်ငံတော်အတွင်း မတူညီသည့် နိုင်ငံသား ဖြစ်မှုများ ဖန်တီးကာ ကွဲပြားနေသည့် အသိုင်းအဝိုင်းများ၏ အခွင့်အရေးနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း အစရှိသည့် အခြေခံ စည်းမျဉ်းများ ချမှတ်ခြင်းတို့ လိုအပ်သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

မူလ အခြေချ နေထိုင်သူ တစ်ဦးသည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရရှိသင့်သည့်တိုင်အောင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အတွက် ပေါ်ပေါ်ထင်ထင် တောင်းဆိုနေခြင်းများကို စွန့်လွှတ်သင့်ပါသလား။

## နိဂုံး

မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးအပေါ် မပြတ်မသား ဖြစ်နေမှုသည် ကိုလိုနီ စနစ်၏ နိုင်ငံရေးနှင့် စီးပွားရေးတို့နှင့် များစွာ ဆက်စပ်နေသည်။ နိုင်ငံတကာ ပြိုင်ဆိုင်မှု ပြင်းထန်သည့် အခြေအနေတွင် အမြတ်ရရှိရေးသည် နယ်မြေများ၊ ကုန်ကြမ်းများနှင့် လိုက်နာမှု များပြီး ကုန်ကျမှု နည်းသော အလုပ်သမားများ ဈေးပေါပေါနှင့် ရရှိရေးတို့အပေါ် မူတည်နေသည်။ မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးကို တစ်စိတ်တစ်ပိုင်း အသိအမှတ် ပြုခြင်းသည်ပင် ကုန်ကျစရိတ် မြင့်တက်လာပြီး တိုးတက်မှု အရှိန်နှုန်းကို ရပ်တံ့သွားစေနိုင်သည်။ ယနေ့ခေတ် ဂလိုဘယ် လိုက်ဖေးရှင်းကို မောင်းနှင်နေသည့် နီယိုလစ်ဘရယ် သဘောတရားကလည်း ထိုပြဿနာကိုပင် ထောက်ပြပြီး တူညီသော နည်းလမ်းဖြင့်သာ ကျော်လွှားရန် ကြိုးပမ်းသည်။ ထိုမှတစ်ဆင့် ဂေဟဗေဒကို ထိခိုက်စေမှု သိသိသာသာ မြင့်တက်လာသည် (Havemann, 2005; Klein, 2014)။

ဥရောပ အမေရိကန်၊ ဂျူး ခရစ်ယာန်၊ လစ်ဘရယ် ဥပဒေနှင့် အရင်းရှင်စနစ် သဘောတရားများ ပေါင်းဆုံခြင်းမှ ဖြစ်ပေါ်လာသည့် နိုင်ငံများ ဆိုင်ရာ ဥပဒေက နယ်မြေ သိမ်းပိုက်ရေးကို ကျိုးကြောင်း ဆီလျော်ကြောင်း ပြသကာ စည်းကြပ်မှု ပြုခဲ့သည်။ မူလ အခြေချ နေထိုင်သူများနှင့် အခြေချသူများအကြား ကွာခြားမှုများ (ခရစ်ယာန် မဟုတ်ခြင်း၊ လယ်သမား (သို့) ခြံစိုက်သူ မဟုတ်ခြင်းနှင့် ဥရောပ ပုံစံမဟုတ်သော နိုင်ငံရေး အသိုင်းအဝိုင်း (သို့) စီးပွားရေး (သို့) တစ်သီးပုဂ္ဂလ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု သဘောတရား မရှိခြင်း) တို့ကို အသုံးပြုကာ မူလ အခြေချ နေထိုင်သူများကို ဥပဒေအရ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ် ပြုခြင်းအား ငြင်းဆန်ခဲ့ကြသည်။ ထိုငြင်းဆန်မှုက မူလ အခြေချ နေထိုင်သူများကို အချုပ်အခြာ အာဏာနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ တည်ရှိခွင့်နှင့် ဆက်စပ်နေသော အခြား တစ်ဦးချင်းစီနှင့် အုပ်စု လူ့အခွင့်အရေးများအား အသုံးပြုခြင်း (သို့) ခံစားနိုင်ခြင်းမှ တားဆီးထားသည်။ မူလ အခြေချ နေထိုင်သူများနှင့် စပ်လျဉ်းပြီး

ယနေ့ခေတ် နိုင်ငံတကာ ဥပဒေတွင် ပြောဆိုရေးသားမှုများ ပြောင်းလဲလာသော်လည်း ထိုအခွင့်အရေးများကို အသိအမှတ်ပြုရန် မပြတ်မသား ဖြစ်နေခြင်းမှာမူ ပြည်တွင်း၌ရော၊ နိုင်ငံတကာ အဆင့်၌ပါ သိသာနေသေးသည်။

နိုင်ငံများနှင့် အစိုးရများ အကြား ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် မူလ အခြေချ နေထိုင်သူများကို ကမ္ဘာ့ ဇာတ်ခုံတွင် ပါဝင်ခွင့်နှင့် ပြည်တွင်းတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် နှစ်မျိုးလုံး ပေးနိုင်မည့် အုပ်ချုပ်မှု ပုံစံများ ရရှိရန် ကြိုးပမ်းရမည်။ နိုင်ငံတော်က မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများကို ထိုနည်းဖြင့် အသိအမှတ်ပြုခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဖော်ပြခြင်း ဖြစ်ပြီး အချုပ်အခြာ အာဏာကို ကန့်သတ်စေခြင်း မဟုတ်ပေ။ ထို့ပြင် မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ဆုံးဖြတ်ချက်များကြောင့် ၎င်းတို့၏ ဘဝ ရွေးချယ်ခွင့်နှင့် အခွင့်အလမ်းများအပေါ် သက်ရောက်မှု အများဆုံး ခံရသူများကို ပြည်တွင်းနှင့် ကမ္ဘာ့ အုပ်ချုပ်မှု စနစ်က ဖယ်ထုတ်ထားခြင်း မရှိဘဲ ပါဝင်စေခြင်းလည်း ဖြစ်ပေသည်။

## မေးခွန်းများ

### တစ်ဦးချင်း လေ့လာရန် မေးခွန်းများ

၁။ မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများကို ကာကွယ်ရာတွင် လူတစ်ဦးချင်းစီ၏ အခွင့်အရေးများက လိုအပ်သော၊ လုံလောက်သော အခွင့်အရေး အမျိုးအစား ဖြစ်ပါသလား

၂။ မူလ အခြေချ နေထိုင်သူများကို လူနည်းစု အုပ်စုများနှင့် မည်ကဲ့သို့ တရားဝင် ခွဲခြားထားသနည်း။

၃။ လူမျိုးပြုန်းတီးစေမှု ဆိုင်ရာ ရာဇဝတ်မှုကို မည်ကဲ့သို့ အဓိပ္ပာယ် ဖွင့်ဆိုသနည်း။ ၎င်းနှင့် တည်ရှိခွင့်တို့အကြား ဆက်စပ်မှုမှာ အဘယ်နည်း။

၄။ ရှာဖွေ တွေ့ရှိခြင်း/ အခြေချခြင်း သဘောတရား ဆိုသည်မှာ အဘယ်နည်း။

၅။ မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် လစ်ဘရယ် အချုပ်အခြာအာဏာပိုင် နိုင်ငံတော်၏ အုပ်ချုပ်မှု စည်းမျဉ်းများနှင့် အရင်းရှင် စီးပွားရေး တို့နှင့် အဘယ်ကြောင့် ပေါင်းစပ်၍ မရ ဖြစ်ရသနည်း။

၆။ အချုပ်အခြာ အာဏာကို မူလအခြေချ နေထိုင်သူများ၏ ရေရှည်တည်တံ့ခိုင်မြဲသော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် နှိုင်းယှဉ်ပါ။

၇။ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ မိရိုးဖလာ ဗဟုသုတ (TEK) က ရာသီဥတု ပြောင်းလဲမှုနှင့် အညီ လိုက်လံ ပြောင်းလဲခြင်းကို မည်ကဲ့သို့ အထောက်အကူ ပြုသနည်း။

၈။ မူလ အခြေချ နေထိုင်သူများသည် ရာသီဥတု ပြောင်းလဲမှုကြောင့် သိသိသာသာ အထိနာရခြင်းမှာ အဘယ်ကြောင့်နည်း။

**အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ**

၁။ မူလ အခြေချ နေထိုင်သူများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို မူလ အခြေချ နေထိုင်သူများဘက်မှ ထောက်ခံ၍ လည်းကောင်း၊ နိုင်ငံတော်ဘက်မှ ကန့်ကွက်၍ လည်းကောင်း ဆွေးနွေး ငြင်းခုန်ပါ။

၂။ မူလ အခြေချ နေထိုင်သူများသည် ရာသီဥတု ပြောင်းလဲမှု အုပ်ချုပ်ရေး ဖြစ်စဉ်များတွင် နေရာတစ်ခု ရသင့်သည်ဟူသည့် မူလအခြေချ နေထိုင်သူများ၏ အဆိုကို အကဲဖြတ် သုံးသပ်ပါ။

ဆက်လက် ဖတ်ရှုရန်


**Allen, S.** and **Xanthaki, A.** (eds) (2010). *Reflections on the UN Declaration on the Rights of Indigenous Peoples (Studies in International Law).* Oxford: Hart Publishing.
ကြေညာချက်ကို ထုတ်ဖော်ရာတွင် အဓိက ပါဝင်ခဲ့သူများ၏ ရေးသားချက်များကို စုစည်းထားခြင်း ဖြစ်သည်။ ထိုသူများက ကြေညာချက်အပေါ် လက်ခံနိုင်ခြေကို ဒေသအလိုက် ခွဲခြား သုံးသပ်ပြပြီး နိုင်ငံတော်နှင့် အစိုးရများအကြား ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၏ အလေ့အကျင့်များကို သက်ရောက်လာနိုင်ခြေကို ခန့်မှန်းပြထားသည်။

**Anaya, S. J. (2004).** *Indigenous Peoples in International Law* (2nd edn). Oxford: Oxford University Press.
မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ဟောင်းက မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေး ပေါ်ပေါက်လာပုံ သမိုင်းကြောင်း နောက်ခံကို အသေးစိတ် ဖော်ပြထားသည်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ၂၀ ရာစု နှောင်းပိုင်းတွင် ၎င်း၏ အဓိပ္ပာယ် ပြောင်းလဲလာပုံ၊ ပြောင်းလဲလာရသည့် အကြောင်းတို့ကိုလည်း ဆန်းစစ်ထားသည်။

**Kymlicka, W.** (1995). *Multicultural Citizenship: A Liberal Theory of Minority Rights.* Oxford: Oxford University Press.
ကင်လစ်ကာက မူလ အခြေချ နေထိုင်သူများ ကဲ့သို့သော လူနည်းစုများ၏ ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေးများနှင့် အခြေအနေများကို လစ်ဘရယ် ဒီမိုကရေစီ နိုင်ငံများတွင် နေရာပေးနိုင်ပုံကို အကဲဖြတ်ထားသည်။ သူက အချို့သော လူနည်းစု ယဉ်ကျေးမှုများမှ အုပ်စု အခွင့်အရေးများသည် လစ်ဘရယ် ဒီမိုကရက်တစ် စည်းမျဉ်းများနှင့် ကိုက်ညီပြီး ထိုအခွင့်အရေးများအပေါ် လစ်ဘရယ် ရှုထောင့်မှ ပုံမှန် ကန့်ကွက်နေမှုများကို ဖြေရှင်းပေးနိုင်သည်ဟု ဆိုသည်။

**Silverman, A.** (2014). *Know Your Rights Related to REDD+: A Guide for Indigenous and Local Community Leaders.* Washington, DC: Tebtebba & Centre for International Environmental Law. http://theredddesk.org/resources/know-yourrights-related-redd-guide-indigenous-and-local-community-leaders

ဆေးလိပ်ဖားမန်းက တောပြုန်းခြင်းနှင့် သစ်တောများ ပျက်စီးလာခြင်းမှ ထုတ်လွှတ်မှု လျှော့ချရေး (UN REED+) ကို မူလ အခြေချ နေထိုင်သူများက ဆွေးနွေးရာနှင့် တိုက်ဖျက်ရာတွင် မည်သည့် လူ့အခွင့်အရေးများက သက်ဆိုင်မှု ရှိသည်ကို တင်ပြထားသည်။ REED+ သည် ဈေးကွက် အခြေပြု ပြောင်းလဲရေး နည်းနာ ဖြစ်သည်။ REED+ စီမံကိန်းများတွင် မြေသိမ်းဆည်းခြင်း၊ ပိုင်ဆိုင်ခွင့် ငြင်းပယ်ခြင်း၊ နေရာ ရွှေ့ပြောင်းခိုင်းခြင်းနှင့် မူလ အခြေချ နေထိုင်သူများနှင့် အခြား တောတွင်း နေသူများအပေါ် ခြိမ်းခြောက်မှုများ ပါဝင်သည်။

**Tobin, B.** (2014). *Indigenous Peoples, Customary Law and Human Rights: Why Living Law Matters.* London: Earthscan/Routledge.
တိုဘင်က မူလ အခြေချ နေထိုင်သူများ၏ လူ့အခွင့်အရေး၊ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ဓလေ့ ထုံးတမ်း ဥပဒေများအကြား ဆက်စပ်ပြခဲ့သည်။ သူက မူလ အခြေချ နေထိုင်သူများ၏ ဓလေ့ထုံးတမ်း နေထိုင်မှု ဥပဒေများကို အသိအမှတ် ပြုခြင်းသည် မြေ၊ အရင်းအမြစ်၊ ယဉ်ကျေးမှု ထိန်းသိမ်းခြင်းနှင့် ဆိုင်သော လူမှု တရားမျှတမှုနှင့် တန်းတူညီမှု စည်းမျဉ်းများပေါ်တွင် အခြေခံထားသည့် အုပ်ချုပ်မှု ပုံစံနှင့် အခြား အုပ်စုနှင့် တစ်သီးပုဂ္ဂ အခွင့်အရေးများအတွက် အဘယ်ကြောင့် အရေးပါကြောင်း ရှင်းပြထားသည်။

## ဝက်ဘ်ဆိုဒ်များ

**http://social.un.org/index/IndigenousPeoples.aspx** UN Permanent Forum on Indigenous Issues (PFII).

**http://www.rightsandresources.org/** Rights and Resources Initiative (RRI) သည် ဝါရှင်တန် ဒီစီတွင် အခြေစိုက်သည့် အန်ဂျီအို တစ်ခု ဖြစ်ပြီး ဖွံ့ဖြိုးဆဲ နိုင်ငံများမှ မူလအခြေချ နေထိုင်သူများနှင့် တော်တွင်းနှင့် အခြား နယ်ဘက်တွင် နေထိုင်သော ဒေသခံများကို ထောက်ပံ့သည့် အဖွဲ့ ဖြစ်သည်။ ထိုသူများကို သဘာဝ အရင်းအမြစ်များ ပိုင်ဆိုင်ခွင့်၊ ထိန်းချုပ်ခွင့်နှင့် ယင်းတို့မှ အကျိုးကျေးဇူးရခွင့်တို့ ရရှိရန်နှင့် သိနားလည်လာစေရန် ကူညီပေးသည်။

**http://www.tebtebba.org** မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေးများကို ကမ္ဘာတစ်ဝန်း အသိအမှတ်ပြုရေး၊ လေးစားရေးနှင့် ကာကွယ်ရေးအတွက် အရေးဆို လှုပ်ရှားနေသော ဖိလစ်ပိုင် နိုင်ငံအခြေစိုက် မူလအခြေချ နေထိုင်သူများ၏ အန်ဂျီအို တစ်ခု ဖြစ်သည့် Tebtebba Foundation (Indigenous Peoples' International Centre for Policy Research and Education) ၏ ဝက်ဘ်ဆိုဒ် ဖြစ်သည်။

**http://www.ohchr.org/EN/Issues/IPeoples/SRIndigenousPeoples/Pages/SRIPeoplesIndex.aspx**
ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး၏ မူလအခြေချ နေထိုင်သူများ အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်၏ ဝက်ဘ်ဆိုဒ် ဖြစ်သည်။ အထူးကိုယ်စားလှယ်က မူလ အခြေချ နေထိုင်သူများ၏ လူ့အခွင့်အရေးများကို ကမ္ဘာတစ်ဝန်း လေးစားလိုက်နာပုံများအား အသေးစိတ် လေ့လာဆန်းစစ်သည်။

**http://www.forestpeoples.org** Forest Peoples Programme (FPP) သည် အရေးဆို ချဉ်းကပ်ခြင်း၊ လက်တွေ့ စီမံကိန်းများ၊ စွမ်းရည် မြှင့်တင်ပေးခြင်းနှင့် သုတေသနများမှ တစ်ဆင့် မူဝါဒ ချမှတ်သူများနှင့် တောတွင်းနေသူများအကြား ဆက်စပ်ပေးသည်။

## မှတ်စုများ

၁။ မူလ အခြေချ နေထိုင်သူများ၏ အခွင့်အရေး ဆိုရာတွင် တစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် အုပ်စု အခွင့်အရေး နှစ်ခုလုံး ပါဝင်သည်။ သို့ရာတွင် ယခု အခန်း၌ ထိုအသုံးအနှုန်းမှာ အုပ်စု အခွင့်အရေးကို ရည်ညွှန်းခြင်း ပိုများသည်။

၂။ ဥပမာ ဂျာမနီ အုပ်ချုပ်သော အာဖရိက အနောက်တောင်မှ တောင်အာဖရိက၏ အချုပ်အခြာ အာဏာ ထိန်းသိမ်းရေး တာဝန် ဖြစ်သည်။

၃။ *Chief Bernard Ominayak and the Lubicon Lake Band v. Canada* (Communication No. 167/1984). Views adopted 26 March 1990. Report of the Human Rights Committee, GAOR, 38th Session. Suppl. No. 40(A/38/40), 1–30.

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၂၀) လူမျိုးပြုန်းတီးစေမှုနှင့် လူ့အခွင့်အရေး

စကော့စတာရက်စ် (Scott Straus)

## အခန်း မာတိကာ

- နိဒါန်း
- လူမျိုး ပြုန်းတီးစေမှု သဘောတရား၏ အစ
- လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ သီအိုရီများ
- ဖြစ်ရပ် လေ့လာခြင်း၊ ရဝမ်ဒါနှင့် ဒါဖား
- ရဝမ်ဒါ
- ဒါဖား
- နိဂုံး

## စာဖတ်အညွှန်း

လူမျိုး ပြုန်းတီးစေမှု (Genocide) သည် လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် အဆိုးရွားဆုံးသော ပုံစံ တစ်ခု ဖြစ်ပြီး အစောပိုင်း လူ့အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်များ၏ ခေါင်းစဉ်တစ်ခု ဖြစ်ခဲ့သည်။ သို့ရာတွင် လူမျိုး ပြုန်းတီးစေမှုအပေါ် အဓိပ္ပာယ် ဖွင့်ဆိုမှုမှာ အငြင်းပွားဖွယ်များ ရှိသည်။ အမှန်တကယ် လူမျိုး ပြုန်းတီးစေမှုကို တားဆီးရန် ထားရှိထားသည့် နိုင်ငံတကာ နည်းလမ်းများနှင့် နှိုင်းယှဉ်လျှင် သဘောတူစာချုပ်တွင် လူမျိုး ပြုန်းတီးစေမှုအား ဟန့်တားမည်ဟု ကတိပြုထားခြင်းသည် ချဲ့ကား ပြောဆိုထားခြင်းသာ ဖြစ်သည်။ မကြာသေးမီ နှစ်များအတွင်း လူမျိုး ပြုန်းတီးစေမှုကို "ရက်စက်ကြမ်းကြုတ်မှု" သို့မဟုတ် "အစုလိုက် အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှု" ကို တားဆီးခြင်းဟု ပြန်လည် အမည်တပ်ရန် လှုပ်ရှားမှုများ ရှိခဲ့သည်။ ထို့ပြင် တားဆီးရန် ပိုမို ကောင်းမွန်သော မူဝါဒများ ချမှတ်ရန်လည်း ကြိုးပမ်းမှုများ ရှိခဲ့သည်။ ယခုအခန်းတွင် လူမျိုး ပြုန်းတီးစေမှုကို အဓိပ္ပာယ် ဖွင့်ဆိုပုံ အမျိုးမျိုးနှင့် သဘောတူစာချုပ်၏ အားနည်းချက် အချို့ကိုလည်း ဆန်းစစ်ထားသည်။ မကြာသေးမီ နှစ်များအတွင်း အဓိက ဖြစ်ပေါ် တိုးတက်မှု များကိုလည်း ဖော်ပြထားသည်။ ဤအခန်းတွင် လူမျိုး ပြုန်းတီးစေမှုများ မည်သည့်အတွက်ကြောင့် ဖြစ်ပွားရသနည်း ဟူသည့် သီအိုရီများကိုလည်း လေ့လာထားသည်။ ယခုအခန်းကို ရဝမ်ဒါနှင့် ဒါဖား ဒေသများ၏ ဖြစ်ရပ်များအား လေ့လာခြင်းဖြင့် အဆုံးသတ်ထားသည်။ ထိုဖြစ်ရပ် လေ့လာခြင်းများတွင် အဆိုပါ နေရာ နှစ်ခုလုံး၌ ဖြစ်ပွားခဲ့သော အစုအလိုက် အပြုံလိုက် အခွင့်အရေး ချိုးဖောက်မှုများ၏ နောက်ခံများနှင့် နိုင်ငံတကာမှ တုံ့ပြန်မှုများကို ဖော်ပြထားသည်။ ဖြစ်ရပ် လေ့လာခြင်းများတွင် ဤအခန်း အစောပိုင်းတွင် ဖော်ပြခဲ့သည့် သဘောတရားပိုင်းနှင့် သီအိုရီပိုင်းဆိုင်ရာ အချက်များကိုလည်း ထင်ဟပ်ပြထားသည်။

## နိဒါန်း

လူမျိုး ပြုန်းတီးစေမှု ပြဿနာသည် နိုင်ငံတကာ လူ့အခွင့်အရေး နယ်ပယ်တွင် အရေးပါဆုံး ခေါင်းစဉ် တစ်ခု ဖြစ်သည်။ လူမျိုး ပြုန်းတီးစေမှုကို "ရာဇဝတ်မှုတို့၏ ထိပ်ခေါင် ရာဇဝတ်မှု"၊ အဆိုးရွားဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုများထဲမှ တစ်ခုဟု သတ်မှတ်ထားသည်။ လူမျိုး ပြုန်းတီးစေမှုသည် အစောပိုင်း သီအိုရီပိုင်းအရ အားကောင်းသော သဘောတူစာချုပ် တစ်ခု ဖြစ်သည့် ၁၉၄၈ ခုနှစ် **လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ ရာဇဝတ်မှုကို တားဆီးခြင်းနှင့် ပြစ်ဒဏ် ပေးခြင်း ဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်** (လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ သဘောတူစာချုပ်) ၏ ခေါင်းစဉ် တစ်ခုလည်း ဖြစ်သည်။ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံများကို လူမျိုး ပြုန်းတီးစေမှုများ ဖြစ်ပွားခြင်းကို အပြစ်ပေးရန်နှင့် တားဆီးရန် တာဝန်ပေး ထားသည်။ မကြာသေးမီ နှစ်များအတွင်း နိုင်ငံတကာ ရာဇဝတ်မှု တရားရေး စနစ်များ အသုံးပြု၍ လူမျိုး ပြုန်းတီးစေမှု ကျူးလွန်သူများကို အပြစ်ပေးရန် နိုင်ငံတကာ ဇာတ်ကောင်များက တိုးမြှင့် လုပ်ဆောင် လာကြသည်။ လက်မှတ်ရေးထိုး သဘောတူညီမှုများနှင့် ဖြစ်ပေါ် ပြောင်းလဲမှုများ ကျယ်ကျယ်ပြန့်ပြန့် ရှိခဲ့သော်လည်း လွန်ခဲ့သော နှစ်ခြောက်ဆယ်ကျော်အတွင်း လူမျိုး ပြုန်းတီးစေမှုကို တားဆီးနိုင်ခဲ့သည့် မှတ်တမ်းမှတ်ရာများမှာ အားရစရာတော့ မကောင်းလှပေ။

ယခုအခန်းတွင် လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ အဓိက ခေါင်းစဉ်များကို ခြုံငုံဖော်ပြထားသည်။ ပထမ အပိုင်းတွင် လူမျိုး ပြုန်းတီးစေမှု သဘောတရား၏ အစကို အဓိကထား လေ့လာသွားပါမည်။ ထိုအပိုင်းတွင် လူမျိုး ပြုန်းတီးစေမှု ဟူသော စကားလုံးကို ၁၉၄၄ ခုနှစ်တွင် စတင် ဖန်တီးခဲ့ပြီး လူမျိုး ပြုန်းတီးစေမှုကို တားဆီးခြင်းနှင့် အပြစ်ပေးခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် ပေါ်ပေါက်လာရေးအတွက် အဓိကထား စည်းရုံးလှုံ့ဆော်ခဲ့သူ ရာဖယ်လ်လမ်ကင်း (Raphael Lemkin) အကြောင်းကို မိတ်ဆက်ထားသည်။ ထို့နောက် ထိုမှ ထွက်ပေါ်လာသည့် လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ သဘောတူစာချုပ် အကြောင်း ဆွေးနွေးထားသည်။ နောက်ဆုံးတွင် သဘောတူစာချုပ်ကို အဓိပ္ပာယ် ဖွင့်ဆိုပုံနှင့် ပတ်သက်သော အငြင်းပွား ဖွယ်ရာများနှင့် သဘောထား ကွဲလွဲမှုများကို တင်ပြထားသည်။ ယင်းပြဿနာ အချို့ကြောင့် လူမျိုး ပြုန်းတီးစေမှုကို ရက်စက်ကြမ်းကြုတ်မှုအား တားဆီးခြင်းဟု ပြန်လည် သတ်မှတ်လိုသူများ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဤအခန်း၏ ဒုတိယ အပိုင်းတွင် လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားရသည့် လူမှုသိပ္ပံဆိုင်ရာ သီအိုရီများကို အာရုံစိုက်ထားသည်။ ဒုတိယ အပိုင်းတွင် လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ ဂန္ထဝင် သီအိုရီများရော၊ လတ်တလော စာပေများကိုပါ ဆွေးနွေးထားသည်။ တတိယ အပိုင်းတွင် ခေတ်ပေါ် ဖြစ်ရပ် နှစ်ခု ဖြစ်သည့် ရဝမ်ဒါနှင့် ဒါဖား ဒေသ ဖြစ်ရပ်များကို အဓိကထား ဖော်ပြထားသည်။ ထိုအပိုင်းတွင် ဖြစ်ရပ် နှစ်ခု၏ ဖြစ်ပွားပုံ ခြုံငုံ သုံးသပ်ချက်များ၊ သမိုင်းနောက်ခံနှင့် နိုင်ငံတကာ၏ တုံ့ပြန်ပုံများ အကျဉ်းချုပ်တို့ကို တင်ပြထားသည်။ ထိုအပိုင်းတွင် ဖြစ်ရပ် လေ့လာချက်များကို ရှေ့အပိုင်း နှစ်ပိုင်းတွင် ဖော်ပြခဲ့သည့် သဘောတရားပိုင်းနှင့်ရော၊ သီအိုရီပိုင်းနှင့်ပါ ဆက်စပ်ပြ ထားသည်။

## လူမျိုး ပြုန်းတီးစေမှု သဘောတရား၏ အစ

### ရာဖယ်လ်လမ်ကင်းနှင့် လူမျိုး ပြုန်းတီးစေမှု၏ အစ

လူ့အခွင့်အရေးဆိုင်ရာ အဓိက သဘောတရား အနည်းငယ်သာ လူမျိုး ပြုန်းတီးစေမှု သဘောတရား ကဲ့သို့ ရှင်းလင်းသော အစ ရှိကြသည် (Courthoys and Docker, 2008)။ ဒုတိယ ကမ္ဘာစစ်အတွင်း ဖြစ်ပွားခဲ့သော

ဟော်လိုကော့စ် (Holocaust) ဖြစ်ရပ်က နိုင်ငံတကာ အသိုင်းအဝိုင်းကို လူမျိုး ပြုန်းတီးစေမှုအား အသိအမှတ်ပြုရန်နှင့် တားဆီးရန် လှုံ့ဆော်ပေး နိုင်ခဲ့သည်။ ထိုအသုံးအနှုန်းကို ပိုလန်လူမျိုး နိုင်ငံတကာ ရှေ့နေ တစ်ဦးဖြစ်သူ ရာဖယ်လ်လမ်ကင်းက စတင်၍ တီထွင်ခဲ့ခြင်း ဖြစ်သည် (စာသေတ္တာ ၂၈.၁ တွင် ရှုပါ)။ လူမျိုး ပြုန်းတီးစေမှု (genocide) ဟူသော စကားလုံးသည် ဂရိစကားလုံး “genos” (လူမျိုး၊ နိုင်ငံသား (သို့) လူမျိုးစု) နှင့် လက်တင်စကားလုံး “cide” (သတ်ဖြတ်ခြင်း) တို့ကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။

၁၉၄၄ ခုနှစ်တွင် လမ်ကင်း ထုတ်ဝေခဲ့သော စာအုပ်နှင့် နောက်ပိုင်း ရေးသားချက်များတွင် သူက လူမျိုး ပြုန်းတီးစေမှု၏ အဓိက သဘောတရားသည် လူအုပ်စုများ၊ အထူးသဖြင့် နိုင်ငံသားများနှင့် လူမျိုးစု အုပ်စုများကို ဖျက်ဆီးခြင်း ဖြစ်သည်ဟု ဆိုခဲ့သည် (Lemkin, 1944, p. 79; 1947, p. 147)။ ပို၍ တိတိပပ ဆိုရလျှင် လမ်ကင်း (1944, p. 79) က လူမျိုး ပြုန်းတီးစေမှုကို “အုပ်စု တစ်စုကို အမြစ်ဖြတ်ပစ်ရန် ရည်ရွယ်ချက်ဖြင့် ထိုလူမျိုးစု အုပ်စု၏ အဓိက အုတ်မြစ်များကို ဖျက်ဆီးပစ်ရန် ရည်ရွယ်ပြီး ညှိနှိုင်း ကြံရွယ်သည့် လုပ်ဆောင်ချက်များ” ဟု အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်။ ထိုဖွင့်ဆိုချက်များအရ လူမျိုး ပြုန်းတီးစေမှု၏ အသုံးများသည့် သဘောတရားမှာ အုပ်စုလိုက် အမြစ်ဖြတ် ရှင်းလင်းခြင်း ဖြစ်သည်။ ဥပမာ ယနေ့ခေတ် အောက်စ်ဖို့ဒ် အင်္ဂလိပ် အဘိဓာန်တွင် လူမျိုး ပြုန်းတီးစေမှုကို “နိုင်ငံသား အုပ်စု (သို့) လူမျိုးစု အုပ်စု တစ်စုကို ရည်ရွယ်ချက် ရှိရှိဖြင့် စနစ်တကျ ရှင်းလင်း သုတ်သင်ခြင်း” ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်။

**စာသေတ္တာ ၂၈.၁။ ရာဖယ်လ်လမ်ကင်း၊ အတ္ထုပ္ပတ္တိ**

ဒုတိယ ကမ္ဘာစစ် မတိုင်မီက ပိုလန်၊ ဂျူး လူမျိုး တရားရေးရာ ကျွမ်းကျင်သူ ရာဖယ်လ် လမ်ကင်းသည် အရပ်သား လူမှု အုပ်စုများ အစုလိုက် အပြုံလိုက် အခွင့်အရေး ချိုးဖောက်ခံရခြင်းကို ဥပဒေ နည်းလမ်းများဖြင့် ကာကွယ်ပေးရန် စိတ်အားထက်သန်ခဲ့သည်။ လူငယ် ဥပဒေ ပညာရှင် တစ်ဦး ဖြစ်သူ လမ်ကင်းက လူအုပ်စု တစ်စုကို ကြံစည် ဖျက်ဆီးခြင်းအား တရားဥပဒေဖြင့် တားမြစ်နိုင်ရန် “အရိုင်းအစိုင်းဆန်ခြင်း (barbarity)” ဟူသော အသုံးအနှုန်းအား အကြံပြုခဲ့သည်။ သို့ရာတွင် သူ၏ အကြံပြုချက်အပေါ် သတိပြုမိမှု သိပ်မရှိခဲ့ကြဘဲ စစ်မဖြစ်ပွားမီ၌ပင် ထိုအကြံဉာဏ်မှာ ပျောက်ဆုံး သွားခဲ့ရသည်။ ဟော်လိုကော့စ် ဖြစ်ပွားချိန်တွင် လမ်ကင်း၏ မိသားစုများ အသတ်ခံခဲ့ရသည်။ သို့ရာတွင် လမ်းကင်းမှာမူ ၁၉၄၀ ခုနှစ်တွင် ပိုလန်နိုင်ငံသို့ ထွက်ပြေး တိမ်းရှောင်ခြင်းဖြင့် အသက်ချမ်းသာရာ ရခဲ့သည်။ နောက်ဆုံးတွင် လမ်ကင်းသည် အမေရိကန် နိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး ရှေးဦးစွာ ဒရုခ် (Duke) တက္ကသိုလ်တွင် ဥပဒေ ပါမောက္ခ တစ်ဦးအဖြစ် အလုပ်လုပ်ခဲ့သည်။ ထို့နောက် အမေရိကန်နိုင်ငံ စစ်ပွဲဆိုင်ရာ ဌာန (the US War Department) ၌ အကြံပေးအဖြစ် လုပ်ကိုင်ခဲ့သည်။ စစ်ပွဲအတွင်း လမ်ကင်းသည် နာဇီများ သိမ်းပိုက်ထားခဲ့သော နယ်မြေများမှ မူဝါဒများ အကြောင်း သတင်း အချက်အလက်များ ကောက်ခံခဲ့ပြီး နောင်တွင် ထိုခေါင်းစဉ်ဖြင့် စာအုပ် တစ်အုပ် ထုတ်ဝေခဲ့သည်။ Axis Rule in Occupied Europe (ဥရောပတွင် ဝင်ရိုးစွန်း အုပ်စု၏ အုပ်ချုပ်မှု) ဟု အမည်ရသည့် ထိုစာအုပ်သည် နာဇီများ၏ အလေ့အကျင့်များကို မှတ်တမ်းတင်ထားရုံသာမက ထိုရက်စက် ကြမ်းကြုတ်မှုများကို ရည်ညွှန်းရန် “genocide (လူမျိုး ပြုန်းတီးစေမှု)” ဟူသော စကားလုံးကိုပါ တီထွင်ခဲ့သည်။ ရာဇဝတ်မှုကို အမည်ပေးပြီးနောက် လမ်ကင်းသည် လူမျိုး ပြုန်းတီးစေမှုကို တားဆီးရန်နှင့် အပြစ်ပေးရန် ဥပဒေအား အသုံးပြုလာစေရန် သူတတ်စွမ်းသမျှ လုပ်ဆောင်ခဲ့လေသည်။

(Power, 2002)

များသောအားဖြင့် လူမျိုး ပြုန်းတီးစေမှု၏ အဓိက အစိတ်အပိုင်း တစ်ခုမှာ အုပ်စုများကို ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ရက်စက် ကြမ်းကြုတ်မှုကို ကျူးလွန်ခြင်း ဖြစ်သည်။ လူမျိုး ပြုန်းတီးစေမှုကို အခြား ရာဇဝတ်မှုများနှင့် ကွဲပြားစေသည့် အချက်မှာ အုပ်စု တစ်စုကို ဖျက်ဆီးရန် ရည်ရွယ်ခြင်း ဖြစ်သည်။ လူတစ်ဦးချင်းစီသည် အကြမ်းဖက်မှုများ ခံစားရမည် ဖြစ်သော်လည်း လူမျိုး ပြုန်းတီးစေမှုကို ၎င်း၏ အထူး ရည်ရွယ်ချက် ဖြစ်သော လူအုပ်စုများကို အမြစ်ဖြတ်ရန် ဟူသည့် အချက်ဖြင့် အဓိပ္ပာယ် သတ်မှတ်သည်။ လမ်ကင်း၏ စကားလုံးများအတိုင်း ဆိုရလျှင် "လုပ်ဆောင်ချက်များသည် အုပ်စုများအပေါ် ရည်ရွယ်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးချင်းစီကို ဖျက်ဆီး ထိခိုက်စေရန် ရွေးချယ်ခြင်းက ထိုသူများသည် ထိုအုပ်စုများတွင် ပါဝင်သောကြောင့် ဖြစ်သည်" (Lemkin, 1947, p. 147)။

လမ်ကင်းအတွက်မူ လူမျိုး ပြုန်းတီးစေမှုသည် သတ်ဖြတ်မှု တစ်ခုတည်းသာ အကြုံးဝင်သည် မဟုတ်။ အုပ်စု တစ်စု၏ အသက်ရှင်သန်မှုကို တားဆီးနေသော (သို့) အန္တရာယ် ကျရောက်စေသော လုပ်ရပ် အမျိုးမျိုးကိုပါ ဆိုလိုခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ လူမျိုး ပြုန်းတီးစေမှုတွင် သတ်ဖြတ်ခြင်းသာ ပါဝင်သည် မဟုတ်၊ အုပ်စု တစ်စု၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ကျင့်ဝတ်ပိုင်း ဆိုင်ရာ အခြေခံများကို ဖျက်ဆီးသည့် လုပ်ရပ်များ အားလုံး ပါဝင်သည်။ စကားလုံးကို လမ်ကင်း မူလ တီထွင်ခဲ့ချိန်တွင် လူမျိုး ပြုန်းတီးစေမှု လုပ်ရပ်များ၌ အတင်းအဓမ္မ သန္ဓေတားခိုင်းခြင်း၊ ကိုယ်ဝန်ဖျက်ချခိုင်းခြင်း၊ ရောဂါ ကူးစက်အောင် တမင် သက်သက် လုပ်ခြင်း၊ မိသားစုများကို ရည်ရွယ်ချက်ရှိရှိ ခွဲပစ်ခြင်း၊ နိုင်ငံ တစ်နိုင်ငံ၏ အင်စတီကျူးရှင်းများကို အခြားနိုင်ငံ၏ အင်စတီကျူးရှင်းများနှင့် အစားထိုးခြင်းတို့ ပါဝင်သည် (Lemkin, 1944)။ လမ်ကင်းက အောက်ပါအတိုင်း ရေးသားခဲ့သည်။ လူမျိုး ပြုန်းတီးစေမှုတွင် အဆင့် နှစ်ဆင့် ပါဝင်သည်။ အုပ်စု တစ်စုကို ဖျက်ဆီးခြင်းနှင့် "ဖိနှိပ်သူ၏ ပြည်တွင်းမှ ပုံစံများကို" သွပ်သွင်းသုံးစွဲခိုင်းခြင်းတို့ ဖြစ်သည် (Lemkin, 1944, p. 79)။

## နိုင်ငံတကာ ဥပဒေပါ လူမျိုး ပြုန်းတီးစေမှု

အသုံးအနှုန်းကို တီထွင်ပြီးနောက် လမ်ကင်းသည် ထိုအသုံးအနှုန်းကို မြှင့်တင်ရန် မမောမပန်း ကြိုးစားခဲ့သည်။ နိုင်ငံတကာ စစ်ခုံရုံးမှ နာဇီ အရာရှိ ၂၄ ဦးကို နျူရင်ဘတ်၌ (**နျူရင်ဘတ် ခုံရုံး**) စွဲချက်တင်ခဲ့ရာတွင် ထိုအသုံးအနှုန်းကို ပထမဆုံးအကြိမ် တရားဝင် သုံးနှုန်းခဲ့သည်။ စစ်ခုံရုံးက နာဇီ တရားခံများကို ငြိမ်းချမ်းမှု ပျက်ပြားစေသည့် ရာဇဝတ်မှု၊ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှု၊ စစ်ရာဇဝတ်မှုများဖြင့် တရားစွဲဆိုခဲ့သည်။ စစ်ရာဇဝတ်မှု အောက်တွင် ခုံရုံးက တရားခံများသည် "၎င်းတို့ သိမ်းပိုက်ခဲ့သော နယ်မြေအချို့ရှိ အရပ်သား လူအုပ်စုများ အပေါ် လူမျိုး ပြုန်းတီးစေမှု၊ လူမျိုးစုနှင့် နိုင်ငံသား အုပ်စုများကို အမြစ်ဖြတ် သတ်ဖြတ်သည့် ရာဇဝတ်မှုကို ရည်ရွယ်ချက် ရှိရှိ စနစ်တကျ ကျူးလွန်ခဲ့သည်" ဟု စွပ်စွဲခဲ့သည် (International Military Tribunal at Nuremberg, 1946, Section VIII A)။ သို့ရာတွင် စစ်ခုံရုံးမှ နောက်ဆုံး ဆုံးဖြတ်ခဲ့သည့် အဆုံးအဖြတ်တွင်မူ လူမျိုး ပြုန်းတီးစေမှုဟူသော အသုံးအနှုန်းကို မထည့်သွင်းခဲ့ပေ။

အခြား အဓိက ဖြစ်ပေါ် တိုးတက်မှု တစ်ခုမှာ ကုလသမဂ္ဂ အထွေထွေ ညီလာခံမှ ထွက်ပေါ်ခဲ့သော ၁၉၄၆ ခုနှစ် ဆုံးဖြတ်ချက် ဖြစ်သည်။ ဆုံးဖြတ်ချက်မှာ လမ်ကင်း လော်ဘီ လုပ်ခဲ့သော အားထုတ်မှု ကြောင့်ဟုလည်း

ဆိုရ၍ ရသည်။ ဆုံးဖြတ်ချက်တွင် လူမျိုး ပြုန်းတီးစေမှုကို နိုင်ငံတကာ ဥပဒေ အောက်၌ ရာဇဝတ်မှုအဖြစ် တရားဝင် အသိအမှတ်ပြုခဲ့ပြီး လူမျိုး ပြုန်းတီးစေမှုကို တားဆီးခြင်းနှင့် အပြစ်ပေးခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ရေးဆွဲရန် တိုက်တွန်းခဲ့သည်။ တစ်နှစ်ခန့် အကြာတွင် သဘောတူစာချုပ် ရေးဆွဲခြင်း ဖြစ်စဉ် စတင်ခဲ့ပြီး ဆွေးနွေးပွဲများတွင် နိုင်ငံ အမျိုးမျိုးမှ ကိုယ်စားလှယ်များသည် လူမျိုး ပြုန်းတီးစေမှုကို မည်သို့ အဓိပ္ပာယ် ဖွင့်ဆိုပြီး သဘောတူစာချုပ် ပုံစံတွင် ထည့်သွင်းသွားမည်ကို ငြင်းခုံ ဆွေးနွေးခဲ့သည်။ ရလဒ်အနေဖြင့် လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ သဘောတူစာချုပ် ထွက်ပေါ်လာခဲ့ပြီး အထွေထွေ ညီလာခံက ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့၊ ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း မထုတ်ပြန်မီ တစ်ရက်အလိုတွင် ပြဋ္ဌာန်းခဲ့သည်။

မူကြမ်းရေးဆွဲရေး ဖြစ်စဉ်တွင် ငြင်းခုံသည့် ခေါင်းစဉ်များကိုလည်း သိရှိထားသင့်သည်။ လူသိ အများဆုံး ဖြစ်ရပ်မှာ ဆိုဗီယက် ယူနီယံက အကာအကွယ်ပေးသည့် အုပ်စုများတွင် “နိုင်ငံရေး အုပ်စုများ” ကို ထည့်သွင်းခြင်းအား ကန့်ကွက်ခဲ့ခြင်း ဖြစ်သည်။ ဆိုဗီယက်များသည် နိုင်ငံရေး အုပ်စုများကို အကာအကွယ်ပေးပါက ကွန်မြူနစ် မူဝါဒများလည်း သဘောတူစာချုပ်တွင် အကျုံးဝင် သွားမည်ကို စိုးရိမ်ခဲ့သောကြောင့် ဖြစ်သည် (L. Kuper, 1981)။ လမ်ကင်းကလည်း နိုင်ငံရေး အုပ်စုများသည် လူမျိုးအုပ်စု၊ ပြည်တွင်းအုပ်စုနှင့် လူမျိုးစု အုပ်စုများလောက် တည်မြဲမှု မရှိဟု ဆိုခဲ့သည် (Schabas, 2000)။ အမေရိကန်နိုင်ငံကလည်း သဘောတူ စာချုပ်ပါ “ယဉ်ကျေးမှု ပြုန်းတီးစေမှု” ဟူသည့် အသုံးအနှုန်းအား ကန့်ကွက်ခဲ့သည်။ လမ်ကင်းက ထိုကန့်ကွက်မှုကိုမူ သဘောမတူခဲ့ပေ။ အခြား ငြင်းခုံမှုများတွင် ရည်ရွယ်ချက် ရှိခြင်း၏ အခန်းကဏ္ဍ၊ အုပ်စုသည် တစ်စိတ်တစ်ပိုင်း ဖျက်ဆီးခံရခြင်းကို ခံစားရခြင်း ရှိ၊ မရှိ၊ လူမျိုး ပြုန်းတီးစေမှုနှင့် အခြား လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများအကြား ဆက်နွယ်မှု၊ သဘောတူစာချုပ် လက်မှတ် ရေးထိုးထားသော နိုင်ငံများက လူမျိုး ပြုန်းတီးစေမှု ဖြစ်ပေါ်သည့်အခါ မည်သို့ တုံ့ပြန်ရမည်နည်းနှင့် လူမျိုး ပြုန်းတီးစေမှုများကို မည်ကဲ့သို့ အပြစ်ပေးရမည်နည်း ဟူသည့် အချက်များ ပါဝင်သည် (Schabas, 2000)။ ငြင်းခုံမှုများသည် လူမျိုး ပြုန်းတီးစေမှု ဖြစ်ရပ်များ မဖြစ်ပွားမီက ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ထိုကိစ္စရပ်များသည် သဘောတူစာချုပ် ရေးဆွဲပြီး နှစ်ပေါင်း ၇၀ နီးပါးခန့်တွင်ပင် ရှုပ်ထွေးနက်နဲနေဆဲ၊ ဝေဝါးစရာ ဖြစ်နေဆဲပင်။

အဆုံးတွင် စာချုပ် ရေးဆွဲသူများသည် လူမျိုး ပြုန်းတီးစေမှုကို “ပြည်တွင်း အုပ်စု၊ လူမျိုးစု အုပ်စု၊ လူမျိုး အုပ်စု တစ်စုလုံးကို (သို့) တစ်စိတ်တစ်ပိုင်းကို ဖျက်ဆီးရန် ရည်ရွယ်ချက်” ဟု သတ်မှတ် ခဲ့သည် (စာသေတ္တာ ၂၀.၂ ကို ရှုပါ)။ အဓိပ္ပာယ် ဖွင့်ဆိုချက်၏ အဓိက အစိတ်အပိုင်းများတွင် အောက်ပါတို့ ပါဝင်သည်။

၁။ အုပ်စုကို ဖျက်ဆီးရန် ရည်ရွယ်ချက် ရှိရမည်။ ဆိုလိုသည်မှာ လူမျိုး ပြုန်းတီးစေမှုသည် ရည်ရွယ်ချက် ရှိရှိဖြင့်၊ များသောအားဖြင့် ကြိုတင် ပြင်ဆင်ထားခြင်း ဖြစ်သည်။ အကာအကွယ် ပေးထားသော အုပ်စု တစ်စုကို ဖျက်ဆီးရန် ရည်ရွယ်ချက် ရှိရှိဖြင့် လုပ်ဆောင်သည့် အကြမ်းဖက်မှု ဟူသည့် သက်သေ ရှိရမည်။

၂။ ပြည်တွင်း၊ လူမျိုးစု၊ လူမျိုးနှင့် ဘာသာရေး အုပ်စုများကိုသာ အကာအကွယ် ပေးထားသည်။ နိုင်ငံရေး အုပ်စု၊ မသန်စွမ်းမှု အုပ်စု၊ ဒေသအခြေပြု အုပ်စု၊ ဂျန်ဒါ အုပ်စုနှင့် အခြား ဖွဲ့စည်း၍ ရသည့် အုပ်စုများကို ရှင်းရှင်းလင်းလင်း ဖော်ပြ ကာကွယ်ပေးထားခြင်း မရှိပေ။

၃။ လူမျိုး ပြုန်းတီးစေမှုတွင် အုပ်စု တစ်စုအား "တစ်စိတ်တစ်ပိုင်း" ဖျက်ဆီးခြင်းလည်း ပါဝင်သည်။ တရားရုံးများက ထိုဖြစ်ရပ်ကို အုပ်စု တစ်စု၏ "သိသာထင်ရှားသော" အစိတ်အပိုင်း တစ်ခု ဖျက်ဆီးခံရခြင်းဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။

မည်သည့် လူမျိုး ပြုန်းတီးစေမှုမှ လုံးဝ အမြစ်ဖြတ် ရှင်းလင်းနိုင်သည်အထိ မအောင်မြင်ခဲ့ပေ။ တစ်ချိန်ထဲမှာပင် အုပ်စုကို မည်မျှ "သိသာထင်ရှားစွာ" ဖျက်ဆီးခြင်းက အုပ်စုကို ဖျက်ဆီးခြင်းဟု သတ်မှတ်နိုင်သနည်းဟူသည့် စံနှုန်းမှာလည်း ဝေဝေဝါးဝါးပင် ရှိသည်။

သဘောတူစာချုပ် အပိုဒ် ၂ တွင် လူမျိုး ပြုန်းတီးစေမှု နည်းလမ်း အမျိုးမျိုးကို ဖော်ပြထားသည်။ ထိုနည်းလမ်းများတွင် သတ်ဖြတ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု ကြီးကြီးမားမား ဖြစ်စေခြင်း၊ "ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုအား တစ်စိတ်တစ်ပိုင်း သော်လည်းကောင်း၊ အပြည့်အဝ သော်လည်းကောင်း ဖြစ်စေရန် တွက်ချက် စီမံထားသည့် ဘဝနေထိုင်မှု အခြေအနေများ"၊ ကလေးမွေးဖွားမှုကို ဟန့်တားခြင်းနှင့် ကလေးများကို အခြားသို့ လွှဲပြောင်း ပစ်ခြင်းတို့ ပါဝင်သည် (စာသေတ္တာ ၂၀.၂ တွင် ရှုပါ)။ စာချုပ်ပါ သဘောတရား အများအပြားမှာ လမ်ကင်း တင်ပြခဲ့သော လူမျိုး ပြုန်းတီးစေမှုသည် အုပ်စု တစ်စုကို မျိုးဆက်ပွားစေခြင်းမှ တားဆီးသည့် ပုံစံ ဖြစ်နိုင်သည် ဟူသည့် သဘောတရား ပါဝင်သည်။ သို့ရာတွင် နည်းလမ်းများသည် တိုက်ရိုက်မကျ၊ အုပ်စုများကို ဖျက်ဆီးရန် အထူး ရည်ရွယ်သည်ဟူသော အချက်ကို သက်သေပြရန်မှာ ခက်ခဲသည်။

တားဆီးခြင်းနှင့် စပ်လျဉ်း၍ လူမျိုး ပြုန်းတီးစေမှု သဘောတူစာချုပ်၏ အပိုဒ် ၁ တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် လူမျိုး ပြုန်းတီးစေမှုကို "တားဆီးရန် တာဝန်ယူ ဆောင်ရွက်ရမည်" ဟု ဆိုထားသည်။ သို့ရာတွင် "တားဆီးရန် တာဝန်ယူ ဆောင်ရွက်ရမည်" ဟူသည်မှာ မည်သည့် အဓိပ္ပာယ် ရှိကြောင်း မရှင်းလင်းပေ။ ထိုအချက်ကို စာချုပ် ရေးဆွဲသည့် ဖြစ်စဉ်တွင်လည်း အလေးပေးခဲ့ခြင်း မရှိလှပေ (Schabas, 2000)။ အပိုဒ် ၈ တွင် လက်မှတ်ရေးထိုး ထားသော နိုင်ငံများသည် သဘောတူစာချုပ်ပါ လူမျိုးတုံး သတ်ဖြတ်ရန် လုပ်ရပ်များကို တားဆီးရန်နှင့် ထိန်းချုပ်ရန် ကုလသမဂ္ဂ၏ "လုပ်ဆောင်နိုင်စွမ်းရှိသော အဖွဲ့များကို အကြောင်းကြားနိုင်သည်" ဟု ဆိုထားသည် (စာသေတ္တာ ၂၀.၂ တွင် ရှုပါ)။ အတိုချုံး ဆိုရသော် သဘောတူစာချုပ်၏ အသုံးအနှုန်းများအရ နိုင်ငံများသည် လူမျိုး ပြုန်းတီးစေမှုကို ရပ်တန့်ရန် အချုပ်အခြာ အာဏာပိုင် နိုင်ငံက ဆန္ဒ မရှိသည့်တိုင် ဝင်ရောက် စွက်ဖက်နိုင်သည်ဟု အဓိပ္ပာယ် သက်ရောက်သည်။ လူအများအပြားက သဘောတူစာချုပ်ကို ထိုသို့ အဓိပ္ပာယ် ပြန်ဆိုကြသည်။ သို့ရာတွင် လက်တွေ့၌ သဘောတူစာချုပ်တွင် သုံးနှုန်းထားသည်က နိုင်ငံများအား လူမျိုး ပြုန်းတီးစေမှုကို တားဆီးဖို့ လုပ်ဆောင်အတွက် တိပသော နည်းလမ်းများ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များ မရှိဘဲ မရှင်းမလင်းနှင့် အားနည်းလှသည်။ ကျွန်ုပ်တို့ ဆွေးနွေးမည့် ဒါဖာ ဥပမာက ဤအချက်ကို ထောက်ပြနေသည်။

ဆန့်ကျင်ဘက် အနေဖြင့် သဘောတူစာချုပ်တွင် အပြစ်ပေးခြင်းနှင့် ပတ်သက်၍ ပိုမို ဖော်ပြထားသည်။ သဘောတူစာချုပ်တွင် စွဲချက် ငါးမျိုးနှင့် ရာဇဝတ်သား လွှဲပြောင်းပေးရန် အခြေအနေများကို စာရင်းပြုထားသည်။ လူတစ်ဦးသည် အစိုးရ တာဝန်ရှိသူ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ အပြစ်ပေးခံရနိုင်သည်၊ စာချုပ် လက်မှတ်ထိုးထားသော နိုင်ငံများသည် လူမျိုး ပြုန်းတီးစေမှုကို တရားမဝင်

အဖြစ် သတ်မှတ်သည့် ဥပဒေကို ပြဋ္ဌာန်းရမည်၊ လူမျိုး ပြုန်းတီးစေမှု ကျူးလွန်သူများကို ပြည်တွင်း (သို့) နိုင်ငံတကာ တရားရုံးများတွင် တရားစွဲဆိုသွားမည်ဟု ဥပဒေက ပြဋ္ဌာန်းထားသည်။ မကြာသေးမီ နှစ်များအတွင်း ယခင် ယူဂိုဆလားဗီးယား နိုင်ငံဟောင်း၊ ရဝမ်ဒါနှင့် ဆူဒန် ဖြစ်ရပ်များတွင် လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ သဘောတူစာချုပ်ပါ အပြစ်ပေးခြင်း ပြဋ္ဌာန်းချက်များသည် တားဆီးကာကွယ်ခြင်း ပြဋ္ဌာန်းချက်များထက် ပို၍ ထိရောက်ကြောင်း တွေ့ရှိခဲ့ရသည်။ အဆိုပါ အမှန်တရားသည် လူ့အခွင့်အရေးများ အစုလိုက် အပြုံလိုက် ချိုးဖောက်မှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ် အရေးယူသည့် နိုင်ငံတကာ တရားစီရင်မှု စနစ်များ ယေဘုယျအားဖြင့် အားကောင်းလာသည်နှင့်လည်း ကိုက်ညီနေသည်။ ယနေ့ခေတ်တွင် ယူဂိုဆလားဗီးယား နိုင်ငံဟောင်း၊ ရဝမ်ဒါ၊ ကမ္ဘောဒီးယားနှင့် ဆီရီယားလီယုံး နိုင်ငံတို့တွင် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် နိုင်ငံတကာ (သို့) ပြည်တွင်းနှင့် နိုင်ငံတကာ အရော တရားရုံးများ ရှိကြသည်။ လွန်ခဲ့သော ဆယ်စုနှစ် အချို့အတွင်း နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးလည်း ပေါ်ပေါက်လာခဲ့သည်။ မည်သို့ပင် ဆိုစေကာမူ ၁၉၄၈ ခုနှစ် လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ သဘောတူစာချုပ်၏ အသုံးအနှုန်းများသည် အပြစ်ပေးခြင်းကို တားဆီးခြင်းထက် ပို၍ အလေးပေးထားသည်။

**စာသေတ္တာ ၂၀.၂။ လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (ရွေးချယ်ထားသော အပိုဒ်များ)**

**စာချုပ် ချုပ်ဆိုသည့် နိုင်ငံများ**

၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ ဆုံးဖြတ်ချက် ၉၆(၁) အရ လူမျိုး ပြုန်းတီးစေမှုသည် နိုင်ငံတကာ ဥပဒေအောက်တွင် ပြစ်မှု မြောက်သည်။ ကုလသမဂ္ဂ အဖွဲ့ကြီး၏ စိတ်ဓာတ်နှင့် ရည်ရွယ်ချက်များနှင့်လည်း ဆန့်ကျင်ပြီး ယဉ်ကျေးသည့် ကမ္ဘာတွင် ရှုတ်ချဖွယ် လုပ်ရပ် တစ်ခု ဖြစ်သည်။

သမိုင်းတလျှောက် လူမျိုး ပြုန်းတီးစေမှုသည် လူသားမျိုးနွယ်စုအပေါ် ကြီးစွာသော ဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်ကို အသိအမှတ်ပြုလျက်

လူသား မျိုးနွယ်စုကို ထိုကဲ့သို့သော စိတ်မချမ်းမြေ့ဖွယ်ရာ ဒုက္ခများမှ ကင်းလွတ်စေရန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု တစ်ခု လိုအပ်ပေသည်။

**အောက်တွင် ဖော်ပြထားသကဲ့သို့ ဤနေရာတွင် သဘောတူလိုက်သည်။**

**အပိုဒ် ၁**

စာချုပ်ချုပ်ဆိုသော နိုင်ငံများက လူမျိုး ပြုန်းတီးစေမှုသည် ငြိမ်းချမ်းသည့် အချိန်တွင် ကျူးလွန်သည် ဖြစ်စေ၊ စစ်ပွဲ ကာလအတွင်း ကျူးလွန်သည် ဖြစ်စေ နိုင်ငံတကာ ဥပဒေအရ ပြစ်မှု မြောက်သည်ဟု သဘောတူပြီး ယင်းကို တားဆီးရန်နှင့် အပြစ်ပေးရန် လုပ်ဆောင်သွားပါမည်။

**အပိုဒ် ၂**

လက်ရှိ သဘောတူစာချုပ်အရ လူမျိုး ပြုန်းတီးစေမှု ဆိုသည်မှာ ပြည်တွင်း၊ လူမျိုးစု၊ လူမျိုး (သို့) ဘာသာရေး အုပ်စု တစ်စုအား အပြည့်အဝ သော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်း သော်လည်းကောင်း ဖျက်ဆီးပစ်ရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်သည့် အောက်ပါ လုပ်ရပ်များ ဖြစ်သည်။

က) အုပ်စုတစ်စု၏ အဖွဲ့ဝင်များကို သတ်ဖြတ်ခြင်း

ခ) အုပ်စု တစ်စု၏ အဖွဲ့ဝင်များကို ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု ကြီးကြီးမားမား ဖြစ်စေခြင်း

ဂ) ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုအား တစ်စိတ်တစ်ပိုင်း သော်လည်းကောင်း၊ အပြည့်အဝ သော်လည်းကောင်း ဖြစ်စေရန် တွက်ချက် စီမံထားသည့် ဘဝနေထိုင်မှု အခြေအနေများအား ရည်ရွယ်ချက် ရှိရှိဖြင့် ပြဋ္ဌာန်းခြင်း

ဃ) အုပ်စု တစ်ခုအတွင်း ကလေးမွေးဖွားခြင်းများကို ဟန့်တားရန် နည်းလမ်းများ ပြဋ္ဌာန်းခြင်း

င) အုပ်စုမှ ကလေးများကို အတင်းအဓမ္မ အခြား အုပ်စုသို့ လွှဲပြောင်းပစ်ခြင်း

**အပိုဒ် ၃**

အောက်ပါ လုပ်ရပ်များကို အပြစ်ပေးနိုင်သည်။

က) လူမျိုး ပြုန်းတီးစေမှု

ခ) လူမျိုးပြုန်းတီးရန် ကြံစည်မှု

ဂ) လူမျိုး ပြုန်းတီးစေမှု ကျူးလွန်ရန် လူထုအား တိုက်ရိုက် လှုံ့ဆော်ခြင်း

ဃ) လူမျိုး ပြုန်းတီးစေရန် ကြိုးပမ်းမှု

င) လူမျိုး ပြုန်းတီးစေမှုတွင် ပူးပေါင်း ပါဝင်မှု

**အပိုဒ် ၄**

လူမျိုး ပြုန်းတီးစေမှု ကျူးလွန်သူများ (သို့) အပိုဒ် ၃ တွင် ဖော်ပြခဲ့သော မည်သည့် လုပ်ရပ်ကိုမဆို ကျူးလွန်ခဲ့သူများကိုမဆို အပြစ်ပေးနိုင်သည်။ ထိုသူများသည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ တာဝန်ရှိသောသူများ ဖြစ်စေ၊ အစိုးရ အရာရှိများ ဖြစ်စေ၊ တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်ဖြစ်စေ အပြစ်ပေးနိုင်သည်။

**အပိုဒ် ၈**

လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် လူမျိုး ပြုန်းတီးစေမှုကို (သို့) အပိုဒ် ၃ တွင် ဖော်ပြထားသော မည်သည့် လုပ်ဆောင်ချက်ကို မဆို တားဆီးရန်နှင့် ရပ်ဆိုင်းရန် ကုလသမဂ္ဂ၏ လုပ်နိုင်စွမ်းရှိသော အဖွဲ့များကို ကုလသမဂ္ဂ ပဋိညာဉ်နှင့်အညီ ဆောင်ရွက်ချက်များ လုပ်ဆောင်ရန် တိုင်ကြားနိုင်သည်။

လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ သဘောတူစာချုပ်သည် ၁၉၅၁ ခုနှစ် ဇန်နဝါရီလတွင် စတင် အသက်ဝင်လာသည်။ ယနေ့တွင် သဘောတူ စာချုပ် အဖွဲ့ဝင် နိုင်ငံ ၁၄၆ နိုင်ငံ ရှိပြီး ဒေသတွင်း ကျယ်ကျယ်ပြန့်ပြန့် လက်မှတ်ရေးထိုးမှုလည်း ရှိသည်။ ပထမဆုံး လက်မှတ်ရေးထိုးသော နိုင်ငံများတွင် ဩစတြေလျား၊ ဘူဂေးလ်ရီးယား၊ ကမ္ဘောဒီယား၊ ကော်စတာရီကာ၊ အီကွေဒေါ၊ အယ်လ်ဆာဗဒေါ၊ အီသီယိုးပီးယား၊ ပြင်သစ်၊ ဂွာတီမာလာ၊ အိုက်စ်လန်၊ အစ္စရေး၊ ဂျော်ဒန်၊ လာအို၊ လိုင်ဘေးရီးယား၊ မိုနာကို၊ ပနားမား၊ ဖိလစ်ပိုင်၊ ကိုရီးယား၊ ဆော်ဒီ အာရေးဗျ၊ သီရိလင်္ကာနှင့် တူရကီ နိုင်ငံတို့ ပါဝင်သည်။ အမေရိကန် နိုင်ငံသည် စာချုပ်ကို ပထမဆုံး လက်မှတ်ရေးထိုး ခဲ့သော နိုင်ငံ ဖြစ်သည်။ သမ္မတ ထရူးမန်း အစိုးရက အထွေထွေညီလာခံမှ သဘောတူစာချုပ် အတည်ပြုပြီး နှစ်ရက်အကြာ၌ပင် လက်မှတ်ရေးထိုးခဲ့သည်။ သို့ရာတွင် လွှတ်တော် (ဆီးနိတ်) က သဘောတူ စာချုပ်ကို အတည်ပြုရန် စဉ်းစားသည့်အခါ ကန့်ကွက်မှုများ ရင်ဆိုင်ခဲ့ရသည်။ အမေရိကန် ရှေ့နေများ အဖွဲ့က သဘောတူစာချုပ်၏ ဝေဝေဝါးဝါး ဖြစ်သည့် အချက်များကို

ထောက်ပြခဲ့သည်။ အထူးသဖြင့် "စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု ဖြစ်ပွားစေရန်" သတ်မှတ်ချက်နှင့် ကိုက်ညီဖို့ မခက်ခဲလှသည့် အချက်နှင့် တစ်ပိုင်းတစ်စ အုပ်စု ဖျက်ဆီးခြင်း ဟူသည့် အချက်တို့ ဖြစ်သည်။ တောင်ပိုင်းမှ ဥပဒေပြု အမတ်များက သဘောတူစာချုပ်ကို အထူးသဖြင့် ကန့်ကွက်ခဲ့သည်။ အာဖရိကန် အမေရိကန်များအပေါ် သက်ရောက်သည့် ခွဲခြားဆက်ဆံမှု ဆိုင်ရာ ဥပဒေများသည် သဘောတူစာချုပ် အရ လူမျိုး ပြုန်းတီးစေမှုဟု အကျုံးဝင်သွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ သဘောတူစာချုပ်သည် လွှတ်တော်တွင်း အဆင့်၌ပင် ပျောက်ဆုံး သွားခဲ့ပြီး ဝီလီယံ ပရော့စ်မီးရား (William Proxmire) (Wisconsin, D) က ပုဂ္ဂိုလ်ရေး အကြောင်းပြချက် တစ်ခုကြောင့် သဘောတူ စာချုပ်အကြောင်း ထောင်ပေါင်းများစွာသော မိန့်ခွန်းများ ပြောကြားကာ ပြန်လည် အသက်သွင်းခဲ့သည်။ နောက်ဆုံးတွင် ရော်နယ် ရီဂန် ဒုတိယမြောက် သက်တမ်းအတွင်း အငြင်းပွား ဖွယ်ရာ တစ်ခု ဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ်တွင် သမ္မတသည် ဂျာမနီနိုင်ငံမှ SS တာဝန်ရှိသူများကို မြှုပ်နှံထားသည့် သင်္ချိုင်းအား သွားရောက် လည်ပတ်ခဲ့ရာ ထိုအချက်က ၁၉၈၈ ခုနှစ်တွင် အမေရိကန် နိုင်ငံမှ သဘောတူစာချုပ်ကို အတည်ပြုရန် တွန်းအားပေးသော ဖြစ်စဉ်တစ်ခု ဖြစ်လာခဲ့သည် (Power, 2002)။

## လူမျိုး ပြုန်းတီးစေမှုကို အဓိပ္ပာယ် ဖွင့်ဆိုရာတွင် ပေါ်ပေါက်လာသည့် အငြင်းပွား ဖွယ်ရာများအား ကြံ့ကြံ့ခိုင် ရင်ဆိုင်ခြင်း

လူမျိုး ပြုန်းတီးစေမှု သဘောတူစာချုပ်သည် စစ်ပွဲလွန် ကုလသမဂ္ဂ စနစ်တွင် ပေါ်ပေါက်လာသည့် ပထမဆုံး လိုက်နာရန် လိုအပ်သော နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူစာချုပ် ဖြစ်သည်။ သီအိုရီအားဖြင့် ထိုဥပဒေသည် လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားခြင်းကို တားဆီးရန်နှင့် အပြစ်ပေးရန် အားအကောင်းဆုံးလည်း ဖြစ်သည်။ သဘောတူစာချုပ်သည်ပင် အဆိုးရွားဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုများထဲမှ တစ်ခုကို အဆုံးသတ်ရန် စိတ်ဆန္ဒကို လစ်ဟပြသည့် သက်သေ တစ်ခု ဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ လူမျိုး ပြုန်းတီးစေမှု သဘောတရားနှင့် သဘောတူစာချုပ်တွင် ပါဝင်သည့် ကိစ္စရပ်များသည် တီထွင်ဖန်တီးမှုအားကို ကန့်သတ်ထားသည်။ အထူးသဖြင့် အကာအကွယ် ပေးခံရသော အုပ်စု ပုံစံများနှင့် ပတ်သက်သည့် မရေမရာ ဖြစ်မှုများ၊ လူမျိုး ပြုန်းတီးစေမှုတွင် ပါဝင်သည့် အကြမ်းဖက်မှု နည်းလမ်းများနှင့် ပြင်းထန်မှု ပမာဏ၊ ရည်ရွယ်ချက်ကို သက်သေပြရန် ခက်ခဲမှု စသည်တို့နှင့် ပတ်သက်၍ လူမျိုး ပြုန်းတီးစေမှုသည် အငြင်းပွားဖွယ်ရာ သဘောတရား တစ်ခု ဖြစ်နေသည်။ သဘောတူစာချုပ် ထွက်ပေါ်ပြီး နောက်ပိုင်း လူမျိုး ပြုန်းတီးစေမှုကို ပြန်လည် အဓိပ္ပာယ် သတ်မှတ်ရန် ကြိုးပမ်းမှု အများအပြား ရှိခဲ့သည် (Straus, 2001)။

ထိုမရေမရာ ဖြစ်မှုများကို အဖြေရှာရန် ပညာရှင်များက *ပေါ်လစ်တီဆိုဒ် (politicide)* (နိုင်ငံရေး အုပ်စုများကို စနစ်တကျ ဖျက်ဆီးခြင်း၊ Harff, 2003)၊ *ဒီမိုဆိုဒ် (democide)* (အစိုးရက အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်း၊ Rummel, 1994) နှင့် အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်း (ငါးနှစ်အတွင်း အရပ်သား ငါးသောင်းကျော်ကို ရည်ရွယ်ချက် ရှိရှိဖြင့် သတ်ဖြတ်ခြင်း၊ Valentino, 2004) အစရှိသည့် အခြား အသုံးအနှုန်းများကို အကြံပြုခဲ့သည်။ ယင်းတို့၏ ရလဒ်ကား ပညာရပ်စာပေတွင် လူမျိုး ပြုန်းတီးစေမှုကို အဓိပ္ပာယ် သတ်မှတ်မှု ရေရေရာရာ မထွက်ပေါ်လာ စေဘဲ လူမျိုး ပြုန်းတီးစေမှု မြောက်သည့် ဖြစ်ရပ် စာရင်းလည်း အတည်တကျ ဖြစ်မလာခဲ့ပေ။ စာပေများတွင် လူမျိုး ပြုန်းတီးစေမှုသည် ကျဉ်းမြောင်းသော အဓိပ္ပာယ် သတ်မှတ်ချက်များ (လူမျိုး၊ လူမျိုးစု (သို့) ဘာသာရေး အုပ်စုများကို သတ်ဖြတ်ခြင်း) မှ

ကျယ်ပြန့်သော အဓိပ္ပာယ် သတ်မှတ်ချက်များ (အုပ်စု တစ်စု၏ အဖွဲ့ဝင် ဖြစ်မှုကြောင့် ရည်ရွယ်ချက်ဖြင့် အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်း) အထိ အမျိုးမျိုး ပြောင်းလဲနေသည်။ အဓိပ္ပာယ် ဖွင့်ဆိုမှု ကွာခြားချက်များသည် လူမျိုး ပြုန်းတီးစေမှု (သို့) သက်ဆိုင်ရာ အသုံးအနှုန်းများတွင် မည်သည်တို့ ပါဝင်သနည်း ဟူသည့် အချက်နှင့် ပတ်သက်၍ အရေးပါသော အကျိုးဆက်များ ရှိလာစေသည်။

ဇယား ၂၀.၁။ ၂၀ ရာစု လူမျိုး ပြုန်းတီးစေမှု ဖြစ်ရပ်များ

| မန်းနက်စ် မစ်ဒ်လာစကီး (Manus Midlarsky) | ဘာဘရာ ဟာ့ဖ် (Barbara Harff) |
|---|---|
| *သတ်ဖြတ်မှု ထောင်ချောက်၊ ၂၀ ရာစုမှ လူမျိုးပြုန်းတီးစေမှုများ (The Killing Trap: Genocide in the Twentieth Century)* (2005, p. 23)<br>လူမျိုး ပြုန်းတီးစေမှုကို ကျဉ်းမြောင်းစွာ အဓိပ္ပာယ် ဖွင့်ဆိုထားသည်။<br>၂၀ ရာစုတွင် လူမျိုး ပြုန်းတီးစေမှု ဖြစ်ရပ် ၃ ခု ရှိခဲ့သည်။<br>အာမေးနီးယန်း လူမျိုး ပြုန်းတီးစေမှု၊ ၁၉၁၅-၁၆<br>ဟော်လိုကော့စ်၊ ၁၉၄၁-၅<br>ရဝမ်ဒါ လူမျိုး ပြုန်းတီးစေမှု၊ ၁၉၉၄ | ဟော်လိုကော့စ်မှ သင်ခန်းစာ မရခဲ့ဘူးလား၊ ၁၉၅၅ ခုနှစ်မှ စတင်၍ လူမျိုးပြုန်းတီးစေမှုနှင့် နိုင်ငံရေးအရ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများ၏ အန္တရာယ်များကို အကဲဖြတ်ခြင်း ‘No Lessons Learned from the Holocaust? Assessing Risks of Genocide and Political Mass Murder Since 1955’ (2003, p. 60)<br>လူမျိုး ပြုန်းတီးစေမှုနှင့် ပေါ်လစ်တီဆိုဒ်ကို ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ် ဖွင့်ဆိုထားသည်။<br>၁၉၅၅-၉၇ ဖြစ်ရပ်များတွင် အောက်ပါတို့ ပါဝင်သည်။<br>ဆူဒန်၊ ၁၉၅၆-၇၂<br>တရုတ်၊ ၁၉၅၉<br>အယ်လ်ဂျီးရီးယား၊ ၁၉၆၂<br>အီရတ်၊ ၁၉၆၃-၇၅<br>ရဝမ်ဒါ၊ ၁၉၆၃-၄<br>ကွန်ဂို-ကင်ရှာဆာ၊ ၁၉၆၄-၅<br>ဘရွန်ဒီ၊ ၁၉၆၅-၇၃<br>အင်ဒိုနီးရှား၊ ၁၉၆၅-၆<br>တောင်ဗီယက်နမ်၊ ၁၉၆၅-၇၅<br>တရုတ်၊ ၁၉၆၆-၇၅<br>ပါကစ္စတန်၊ ၁၉၇၁<br>ဖိလစ်ပိုင်၊ ၁၉၇၂-၆<br>ယူဂန်ဒါ၊ ၁၉၇၂-၉<br>ချီလီ၊ ၁၉၇၃-၆<br>ပါကစ္စတန်၊ ၁၉၇၃-၇<br>အန်ဂိုလာ၊ ၁၉၇၅-၂၀၀၁ |

| |
|---|
| ကမ္ဘောဒီးယား၊ ၁၉၇၅-၉ |
| အင်ဒိုနီးရှား၊ ၁၉၇၅-၉၂ |
| အာဂျင်တီးနား၊ ၁၉၇၆-၈၀ |
| အီသီယိုးပီးယား၊ ၁၉၇၆-၉ |
| ကွန်ဂို-ကင်ရှာဆာ၊ ၁၉၇၇-၉ |
| အာဖဂန်နစ္စတန်၊ ၁၉၇၈-၉၂ |
| မြန်မာ၊ ၁၉၇၈ |
| ဂွာတီမာလာ၊ ၁၉၇၈-၉၆ |
| အယ်လ်ဆာဗဒေါ၊ ၁၉၈၀-၉ |
| ယူဂန်ဒါ၊ ၁၉၈၀-၆ |
| အီရန်၊ ၁၉၈၁-၉၂ |
| ဆီးရီးယား၊ ၁၉၈၁-၂ |
| ဆူဒန်၊ ၁၉၈၃-၂၀၀၁ |
| ဘာရွန်ဒီ၊ ၁၉၈၈ |
| အီရတ်၊ ၁၉၈၈-၉၁ |
| ဆိုမာလီယား၊ ၁၉၈၈-၉၁ |
| သီရိလင်္ကာ၊ ၁၉၈၉-၉၀ |
| ဘော့စနီးယား၊ ၁၉၉၂-၅ |
| ဘာရွန်ဒီ၊ ၁၉၉၃-၄ |
| ရဝမ်ဒါ၊ ၁၉၉၄ |
| ဆားဘီးယား၊ ၁၉၉၈-၉ |

ထို့ပြင် လူမျိုး ပြုန်းတီးစေမှုကို တားဆီးရန်နှင့် နောက်ထပ် ထပ်မံ မဖြစ်ပွားစေရန် နိုင်ငံတကာမှ တာဝန်ယူဆောင်ရွက်ရမည်ဟု ဆိုထားသော်လည်း နိုင်ငံတကာ သဘောတူစာချုပ်တွင် လူမျိုး ပြုန်းတီးစေမှုအား ရပ်တန့်ရန် စုပေါင်း လုပ်ဆောင်ချက်ကို အစပြုနိုင်မည့် စည်းကြပ်ရေး နည်းလမ်းများကို ရှင်းရှင်းလင်းလင်းနှင့် တိတိကျကျ ဖော်ပြမထားပေ။ လူမျိုး ပြုန်းတီးစေမှု သဘောတရားကို အဓိပ္ပာယ် အမျိုးမျိုး ပြန်ဆိုနိုင်ခြင်းနှင့် ယင်းမှာ ရာဇဝတ်မှုတို့ ထိပ်ခေါင် ရာဇဝတ်မှု ဖြစ်နေခြင်းကြောင့် လူမျိုး ပြုန်းတီးစေမှု ဟူသည့် ခေါင်းစဉ်သည် ၎င်းတို့၏ ဖြစ်ရပ်များအပေါ် အများ အာရုံစိုက်လာစေလိုသည့် ဇာတ်ကောင် အများအပြားအတွက် ဆွဲဆောင်မှု ရှိလှပေသည်။ တစ်ချိန်ထဲမှာပင် သဘောတရားအရ ဝေဝေဝါးဝါး ဖြစ်နေခြင်းနှင့် အားနည်းသော စည်းကြပ်မှု ပြဋ္ဌာန်းချက်များကြောင့် လုပ်ရပ်များသည် လူမျိုး ပြုန်းတီးစေမှုတွင် ပါဝင်ခြင်း ရှိ၊ မရှိ ငြင်းခုံမှုများကို မကြာခဏ အဖြေမထွက်စေဘဲ ဆိုးရွားသော လက်တွေ့ အကျိုးဆက်များ ဖြစ်ပွားစေသည်။

မကြာသေးမီ နှစ်များအတွင်း အချို့သော ပညာရှင်များနှင့် မူဝါဒ ချမှတ်သူများသည် လူမျိုး ပြုန်းတီးစေမှုထက် ပိုမိုကျယ်ပြန့်သော စံနှုန်းတစ်ခု သတ်မှတ်ရန် တောင်းဆိုခဲ့ကြသည်။ ထိုသူများ ထောက်ပြသည့် အချက်တစ်ချက်မှာ လူမျိုး ပြုန်းတီးစေမှုသည် အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်သည့် အကြမ်းဖက်မှု ပုံစံ တစ်မျိုးဖြစ်သည်၊ အုပ်စု တစ်စုကို ဖျက်ဆီးရန် ကြိုးပမ်းခြင်း ဖြစ်သည်၊ သို့ရာတွင်

နိုင်ငံတကာ အသိုင်းအဝိုင်းက တားဆီးသင့်သည့် အခြားသော အစုလိုက် အပြုံလိုက် အကြမ်းဖက်မှု ပုံစံများလည်း ရှိသေးသည်။ ယင်းတို့တွင် အရပ်သားများကို ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်ခြင်းများ ပါဝင်သည်၊ သို့ရာတွင် ထိုတိုက်ခိုက်မှုများသည် အုပ်စုများကို ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်း ဖြစ်ချင်မှတော့ ဖြစ်မည်။ အခြား ထောက်ပြသည့် အချက်မှာ လူမျိုး ပြုန်းတီးစေမှုဟု ဆုံးဖြတ်နိုင်သည့် အချိန်၊ ဆိုလိုသည်မှာ အုပ်စု တစ်စုကို ဖျက်ဆီးရန် ရည်ရွယ်ချက် ထင်ထင်ရှားရှား တွေ့ရသည့် အချိန်တွင် အကြမ်းဖက်မှုသည် အချိန်အတော်ကြာ ကျူးလွန်ပြီး ဖြစ်နေပြီ ဖြစ်သည်။ အချို့ကလည်း ထိုအခြေအနေများကို တုံ့ပြန်ရန် စံနှုန်းများသည် အစောပိုင်းကာလ၌ပင် မူဝါဒဖြင့် ဝင်ရောက် ပါဝင်နိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ရှိသင့်သည်ဟု ဆိုကြသည်။ နောက်ဆုံး အနေဖြင့် လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ သဘောတူစာချုပ်သည် အားနည်းချက် အချို့ ရှိပြီး လူမျိုး ပြုန်းတီးစေမှု သဘောတရားသည် မရှင်းမလင်း ဖြစ်နေလေရာ ထိုအသုံးအနှုန်း တစ်ခုတည်းက လုပ်ရပ်များကို ဖြစ်ပေါ်စေခြင်းသည် အားနည်းသော မူဝါဒ မဟာဗျူဟာ တစ်ခု ဖြစ်သည်ဟု ထောက်ပြကြသည်။

မူဝါဒ ချမှတ်သည့် အသိုင်းအဝိုင်းတွင် လူမျိုး ပြုန်းတီးစေမှုအစား အသုံးများသည့် အခြား အသုံးအနှုန်း တစ်ခုမှာ “ရက်စက် ကြမ်းကြုတ်မှုများ” (သို့) “အစုလိုက် အပြုံလိုက် ရက်စက် ကြမ်းကြုတ်မှုများ” ဟူ၍ ဖြစ်သည်။ ဥပမာ ၂၀၁၁ ခုနှစ်တွင် အမေရိကန် သမ္မတ ဘားရက် အိုဘားမားက သမ္မတ လေ့လာရေးဆိုင်ရာ ညွှန်ကြားချက် အမှတ် ၁၀ ကို ထုတ်ပြန်ခဲ့သည်။ ထိုညွှန်ကြားချက်တွင် လူမျိုး ပြုန်းတီးစေမှုနှင့် ရက်စက် ကြမ်းကြုတ်မှုများ တားဆီးခြင်းကို အမေရိကန် နိုင်ငံ၏ ပြည်တွင်း အကျိုးစီးပွား အဖြစ် သတ်မှတ် ကြေညာခဲ့သည်။ ထို့နောက်တွင် သမ္မတက အေဂျင်စီများဆိုင်ရာ ရက်စက် ကြမ်းကြုတ်မှုများ တားဆီးရေး ဘုတ်အဖွဲ့ကို တည်ထောင်ခဲ့သည်။ ထိုအခါ ရှိလာသည့် မေးခွန်းမှာ ရက်စက် ကြမ်းကြုတ်မှုများ (သို့) အစုလိုက် အပြုံလိုက် ရက်စက် ကြမ်းကြုတ်မှုများ ဆိုသည်မှာ အဘယ်နည်း ဟူသည့် မေးခွန်း ဖြစ်သည်။ ယေဘုယျအားဖြင့် ကုလသမဂ္ဂ စနစ်နှင့် မူဝါဒ ချမှတ်သည့် အသိုင်းအဝိုင်း အများစုတွင် ထိုမေးခွန်းအတွက် အဖြေမှာ ကာကွယ်ရန် တာဝန်၊ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးကို တည်ထောင်သည့် ရောမ သဘောတူစာချုပ် စသည်တို့နှင့် သက်ဆိုင်သော ရာဇတ်မှုများကို ရည်ညွှန်းသည် (အခန်း ၃၊ ၄ နှင့် ၂၁ တို့တွင် ရှုပါ)။ ဆိုလိုသည်မှာ ရက်စက် ကြမ်းကြုတ်မှုများ တားဆီးခြင်းတွင် လူမျိုး ပြုန်းတီးစေမှုအား တားဆီးခြင်း သာမက လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူမျိုးစု ရှင်းလင်းရေးများကိုပါ တားဆီးရန် ပါဝင်သည်။ အချို့သော ဝေဖန်သူများက ထိုစံနှုန်းသည် ကျယ်ပြန့်လွန်းနေသည်ဟု စိုးရိမ် ပူပန် ကြသည် (စာသေတ္တာ ၂၀.၃ တွင် ရှုပါ)

| စာသေတ္တာ ၂၀.၃။ စိန်ခေါ်နေသည့် ထင်မြင် ယူဆချက်များ၊ လူမျိုး ပြုန်းတီးစေမှုသည် အသုံးမပြုရသည့် အသုံးအနှုန်း ဖြစ်နေပါသလား။ |
|---|
| အချို့ ပညာရှင်များနှင့် လက်တွေ့ လုပ်ဆောင်သူများက အရပ်သားများအပေါ် အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းများအား တားဆီးရန် လူမျိုး ပြုန်းတီးစေမှုကို တစ်ခုတည်းသော စံနှုန်းဖြင့် အသုံးပြုခြင်းမှ ရှောင်ကြဉ်ကြသည်။ လူမျိုး ပြုန်းတီးစေမှုသည် အုပ်စုများကို ဖျက်ဆီးခြင်းနှင့်သာ အကျုံးဝင်သည်။ နိုင်ငံတကာ ဥပဒေတွင် လူမျိုး ပြုန်းတီးစေမှုသည် သဘောတူစာချုပ်ပါ အကာအကွယ် ပေးထားသော အုပ်စု လေးစုနှင့်သာ အကျုံးဝင်သည်။ သို့ရာတွင် အုပ်စုများအပေါ် ပစ်မှတ်မထားဘဲ လူအများအပြား ထိခိုက်ခံစားမှု ဖြစ်စေမည့် ကျယ်ပြန့်သော အကြမ်းဖက်မှု များလည်း ဖြစ်နိုင်သည်။ လူမျိုး |

ပြုန်းတီးစေမှုသည် ကျူးလွန်သူများဘက်မှ ရည်ရွယ်ချက်ရှိကြောင်း ပြသရန် လိုအပ်သည်။ သို့ရာတွင် ထိုသို့ ရည်ရွယ်ချက် ရှိကြောင်း သိသာ ရှင်းလင်းလာသည့်အခါ အကြမ်းဖက်မှုသည် နောက်ဆုံး အဆင့် ရောက်နေလောက်ပြီ ဖြစ်သည်။ ထိုအချိန်တွင် အရပ်သားများ၏ အသက်ကို ကယ်တင်ရန် နိုင်ငံတကာ၏ အားထုတ်မှုများသည် အရာ မရောက်တော့ပေ။ နောက်ဆုံး အနေဖြင့် လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ သဘောတူ စာချုပ်သည် အချို့သူများ မျှော်မှန်းသကဲ့သို့ အားမကောင်းလှပေ။ ထို့ကြောင့် ဝေဝေဝါးဝါး ဖြစ်နေသည့် ထိုသဘောတရားကို မဖြစ်မနေ အသုံးပြုခြင်းသည် အကျိုးနည်းစေလိမ့်မည်။ တစ်ဘက်တွင်မူ အချို့က လူမျိုး ပြုန်းတီးစေမှု ခေါင်းစဉ်၏ အရေးပါမှုကို ထောက်ပြကြသည်။ လူမျိုး ပြုန်းတီးစေမှုသည် အမည်အရ အသိအမှတ်ပြုခံရပြီး ဖြစ်သည်။ ထိုအသုံးအနှုန်းသည် နိုင်ငံတကာမှ အရေးစိုက်မှုကို ရရှိစေသည်။ အခြား အသုံးအနှုန်းများမှာ ထိုကဲ့သို့ အရေးစိုက်မှု မရရှိပေ။ ထို့ပြင် လူမျိုး ပြုန်းတီးစေမှုဟူသည့် အသုံးအနှုန်းသည် ဟော်လိုကော့စ်နှင့် ဆက်စပ်နေပြီး ထိုကိစ္စရပ်အပေါ် နိုင်ငံတကာမှ အားလုံး သဘောတူညီမှု ရှိထားကြသည်။

ပညာရှင်များနှင့် လက်တွေ့ လုပ်ဆောင်သူများက အခြားသော စံနှုန်းများကို စဉ်းစားကြသည်။ အသုံးအများဆုံး အစားထိုး အသုံးအနှုန်းမှာ “ရက်စက် ကြမ်းကြုတ်မှုများ” (သို့) “အစုလိုက် အပြုံလိုက် ရက်စက် ကြမ်းကြုတ်မှုများ” ဖြစ်သည်။ လက်တွေ့ လုပ်ဆောင်သူများ အတွက် ထိုအသုံးအနှုန်းတွင် လူမျိုး ပြုန်းတီးစေမှုအပြင် လူသား မျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ၊ လူမျိုးစု ရှင်းလင်းရေး၊ စစ်ရာဇဝတ်မှုများလည်း ပါဝင်သည်။ သို့ရာတွင် ထိုရာဇဝတ်မှု သုံးမျိုး၏ သဘောတရားရေးရာ နယ်ပယ်မှာလည်း ရှုပ်ရှုပ်ထွေးထွေးပင်။ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများတွင် အကြမ်းဖက်မှု ပုံစံ အမျိုးမျိုး ပါဝင်ပြီး ယင်းတို့မှာ လူမျိုး ပြုန်းတီးစေမှုနှင့် လူမျိုးစု ရှင်းလင်းရေးတို့လောက် ပမာဏ မမြင့်မားပေ။ လူမျိုးစု ရှင်းလင်းရေး၏ အစိတ်အပိုင်းများသည် လူသား မျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများအဖြစ် အဓိပ္ပာယ် ဖွင့်ဆိုနိုင်သော်လည်း ယင်းကို နိုင်ငံတကာ ဥပဒေတွင် အဓိပ္ပာယ် သတ်မှတ်ထားခြင်း မရှိပေ။ ထို့ပြင် လူသား မျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကဲ့သို့သော ရက်စက်ကြမ်းကြုတ်မှု စံနှုန်း နိမ့်သည့် ရာဇဝတ်မှုများကို တားဆီးရေးတွင် ထည့်သွင်းလိုက်ခြင်းသည် မူဝါဒ ချမှတ်သူများကို အာရုံဝေဝါးစေသည်။ ထို့ကြောင့် ကျန်ရှိသည့် မေးခွန်းမှာ လူမျိုး ပြုန်းတီးစေမှုသည် စံနှုန်းအရ အဓိပ္ပာယ် ကျဉ်းမြောင်းပါက အခြား အစားထိုးနိုင်သည်မှာ အဘယ်နည်း ဟူသည့် မေးခွန်းပင်။

**အနှစ်ချုပ်**

လူမျိုး ပြုန်းတီးစေမှုကို ၁၉၄၄ ခုနှစ်တွင် ရာဖယ်လ် လမ်ကင်းက ဟော်လိုကော့စ် ဖြစ်စဉ်အတွင်း စတင် အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်။

၁၉၄၈ ခုနှစ် လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံများကို လူမျိုး ပြုန်းတီးစေမှုအား အပြစ်ပေးရန်နှင့် တားဆီးရန် တာဝန်ပေးထားသည်။

စာချုပ်ကို နိုင်ငံတကာမှ လက်ခံမှု ကျယ်ကျယ်ပြန့်ပြန့် ရှိခဲ့သည်။ အပြစ်ပေးရေး ဆိုင်ရာ ပြဋ္ဌာန်းချက်များသည် တားဆီးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များထက် ပို၍ လွှမ်းမိုးနိုင်ခဲ့သည်။

လူမျိုး ပြုန်းတီးစေမှုဟူသော အသုံးအနှုန်းအပေါ် သိသာထင်ရှားသော သဘောထား ကွဲလွဲမှုများ ရှိခဲ့သည်။

လတ်တလော နှစ်များတွင် “အစုလိုက် အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုများ” ကဲ့သို့သော ပို၍

ကျယ်ပြန့်သည့် စံနှုန်းများ ဖော်ထုတ်ရန် တောင်းဆိုမှုများ ရှိသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**
မူဝါဒ ချမှတ်ရေး ရှုထောင့်မှ ကြည့်လျှင် အကြမ်းဖက်မှု ပုံစံ တစ်ခုအား တားဆီးနိုင်ရန် ယင်းကို ကျယ်ပြန့်သော ပုံစံဖြင့် အဓိပ္ပာယ် ဖွင့်ဆိုခြင်းနှင့် ကျဉ်းမြောင်းသော အဓိပ္ပာယ် ဖွင့်ဆိုခြင်းတို့အနက် မည်သည်က ပိုကောင်းသနည်း။
နိုင်ငံတကာ အသိုင်းအဝိုင်းက အကြမ်းဖက်မှု တစ်ခုကို စုပေါင်း တားဆီးရန် အဆိုပါ အကြမ်းဖက်မှု၏ အတိုင်းအတာသည် မည်မျှအထိ မြင့်မားသင့်သနည်း။
အချို့သော အုပ်စုများ၊ အထူးသဖြင့် လူမျိုးစု၊ ဘာသာရေးနှင့် ပြည်တွင်း အုပ်စုများသည် အထူး သဘောတူစာချုပ် (သို့) နိုင်ငံတကာ ဥပဒေအရ အထူး အကာအကွယ်ပေးမှု ရရှိရန် အဘယ်ကြောင့် ထိုက်တန်သနည်း။

## လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ သီအိုရီများ

ဥပဒေနှင့် ဥပဒေနယ်ပယ် ပြင်ပ၌ လူမျိုး ပြုန်းတီးစေမှုကို အဓိပ္ပာယ် ဖွင့်ဆိုရာတွင် အဓိကကျသော မေးခွန်းတစ်ခု မေးရမည်ဆိုလျှင် အခြားအဓိက အာရုံစိုက်ရမည့် နယ်ပယ်မှာ မည်သည့် အတွက်ကြောင့် လူမျိုး ပြုန်းတီးစေမှုများ ဖြစ်ပွားရသနည်းကို ရှင်းပြသည့် နယ်ပယ်ပင် ဖြစ်သည်။ နှစ်ပေါင်းများစွာအတွင်း ထိုမေးခွန်းသည် လူမှုရေး သိပ္ပံ ပညာရပ်တွင် အနည်းဆုံး အကြောင်းပြချက် သုံးခုကြောင့် အာရုံစိုက် မခံခဲ့ရပေ။ ပထမ အကြောင်းပြချက်မှာ အချို့က လူမျိုး ပြုန်းတီးစေမှု၏ သဘောတရားကို ရှင်းပြခြင်းအား ကန့်ကွက်ခဲ့သည်။ လူတချို့အတွက် လူမျိုး ပြုန်းတီးစေမှုသည် တွေးကြည့်၍ မရနိုင်သည့် အကြမ်းဖက်မှု တစ်ခု ဖြစ်သည်။ ထို့ပြင် လူမျိုး ပြုန်းတီးစေမှုကို ရှင်းလင်းပြခြင်းက ၎င်းကို ကျိုးကြောင်းဆီလျော်ကြောင်း ပြောသည့် သဘောမျိုး သက်ရောက်သွားနိုင်သည်။ ဒုတိယ အနေဖြင့် ၁၉၉၀ ပြည့်လွန်နှစ်များ မတိုင်မီအထိ လူမျိုး ပြုန်းတီးစေမှုကို ဆွေးနွေးသည့်အခါ အဓိက ညွှန်းဆိုသည့် ဥပမာမှာ ဟော်လိုကော့စ် ဖြစ်သည်။ အချို့သူများအတွက် ထိုဖြစ်ရပ်သည် ကျယ်ပြန့်မှုရော၊ အကြမ်းဖက်မှု နည်းလမ်းအရပါ တမူထူးခြားသည်။ ထို့ကြောင့် ယင်းဖြစ်ရပ်နှင့် နှိုင်းယှဉ်ခြင်းကို အားမပေးကြပေ။ တတိယ အချက်မှာ လူမျိုး ပြုန်းတီးစေမှုသည် လူ့အသိုင်းအဝိုင်းက ဆွေးနွေးမှု ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရမည့် ခေါင်းစဉ် မဟုတ်ခဲ့ပေ။ ၁၉၉၀ ပြည့်လွန်နှစ်လယ်ပိုင်းတွင်မှ အဓိက အပြောင်းအလဲ ဖြစ်ပွားခဲ့သည်။ အထူးသဖြင့် ယခင် ယူဂိုဆလားဗီးယားနိုင်ငံနှင့် ရဝမ်ဒါ နိုင်ငံတို့တွင် ဖြစ်ပွားခဲ့သော အစုလိုက် အပြုံလိုက် အကြမ်းဖက်မှုများကြောင့် ဖြစ်သည်။ လူမျိုး ပြုန်းတီး စေမှုသည် အထူး စိုးရိမ်ဖွယ်ရာ ဖြစ်လာသည်။ ထို့ပြင် အခြားသော လူမှု ရလဒ်များကဲ့သို့ပင် ရှင်းလင်းပြနိုင်သော၊ ပြသင့်သော နိုင်ငံရေး ဖြစ်ရပ်တစ်ခု ဖြစ်လာသည်။ ရလဒ်အနေဖြင့် နှေးကွေးသော တိုးတက်ပြောင်းလဲမှုများ ဖြစ်ပွားသည့် ကာလ အပြီးတွင် ၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းများမှ စ၍ လူမျိုး ပြုန်းတီးစေမှုအပေါ် သုတေသနများ တိုးပွားလာသည်။

လူမျိုး ပြုန်းတီးစေမှုသည် ကြီးမားသော ရလဒ် တစ်ခုဖြစ်ပြီး ရှုပ်ထွေးသော ဖြစ်ရပ် တစ်ခုလည်း ဖြစ်သည်။ လူမျိုး ပြုန်းတီးစေမှုတွင် လူမှုရေး မျက်နှာစာ အများအပြား ပါဝင်ပြီး တစ်ခါတရံ နှစ်ပေါင်းများစွာ

ကြာတတ်သည်။ တိုင်းပြည်နှင့် အစိုးရ၏ အစိတ်အပိုင်း အမျိုးမျိုးသည်လည်း မကြာခဏ ပါဝင်ပတ်သက်နေသည်။ ဖြစ်ရပ် အများအပြားတွင် နိုင်ငံရေး အီလစ်များ၊ စစ်တပ်၊ နိုင်ငံတော်မှ ထောက်ပံ့ပေးထားသည့် စစ်သွေးကြွများ၊ ရဲများ၊ စီမံခန့်ခွဲရေးဆိုင်ရာ အင်စတီကျူးရှင်းများလည်း ပါဝင်ပတ်သက်ကြသည်။ မီဒီယာနှင့် စီးပွားရေးမှ တစ်သီးပုဂ္ဂလ ဇာတ်ဆောင်များသည်လည်း လူမျိုးပြုန်းတီးစေမှု ကျူးလွန်ပုံတွင် ပါဝင်ပတ်သက်လေ့ ရှိသည်။ ထိခိုက် ခံစားရသူများဘက်တွင် လူမျိုးပြုန်းတီးစေမှုကြောင့် သန်းပေါင်းများစွာအထိ မများလျှင်တောင် သိန်းပေါင်းများစွာသော အသက်များ ဆုံးရှုံးကြရသည်။ အုပ်စုများကို မည်ကဲ့သို့ ပစ်မှတ်ထားသည်၊ သူတို့ မည်ကဲ့သို့ အသက်ရှင်ခဲ့ကြရသည်တို့မှာ ရှုပ်ထွေးသော ဇာတ်လမ်းများ ဖြစ်သည်။ ဖြစ်ရပ်များအကြောင်း ရေးသားထားသည့် စာပေ (သို့) လူမျိုးပြုန်းတီးစေမှု ဆိုင်ရာ စာပေများတွင် ယေဘုယျအားဖြင့် လူမျိုး ပြုန်းတီးစေမှု အခြေအနေ၏ သဘောသဘာဝနှင့် လေ့လာနိုင်သည့် များပြားလှစွာသော ခေါင်းစဉ်များကို ထင်ဟပ် ပြသနေသည်။

ယခုအပိုင်းတွင် လူမျိုး ပြုန်းတီးစေမှု၏ ဇာစ်မြစ်များကို ရှင်းလင်းပြရန် အဓိက အာရုံစိုက် ကြိုးပမ်းထားပါသည်။ ကျယ်ကျယ်ပြန့်ပြန့် ဆိုရလျှင် ထိုသို့သော လေ့လာမှုများသည် မည်သည့် အတွက်ကြောင့် လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားရသနည်းဟူသည့် လူ့အဖွဲ့အစည်းပိုင်းဆိုင်ရာ အခြေအနေများ (macro level) နှင့် ရပ်ရွာ အဆင့်တွင် လူများကို ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်အောင် တွန်းအားပေးသည့် အနုစိတ် အခြေအနေများ (micro level) ကို လေ့လာခြင်း ဖြစ်သည်။ မနုဿဗေဒ၊ သမိုင်း၊ စိတ်ပညာ၊ နိုင်ငံရေး သိပ္ပံ၊ လူမှုဗေဒ အစရှိသည့် အမျိုးမျိုးသော ဘာသာရပ်များမှ လူမှုရေး သိပ္ပံပညာရှင်များသည် ထိုမေးခွန်း နှစ်ခုလုံးကို လေ့လာခဲ့ကြသည်။ နေရာ အကန့်အသတ်ကြောင့် ယခုအပိုင်းတွင် မက်ခရိုအဆင့် ရှင်းလင်းချက်များကိုသာ အဓိကထား ဖော်ပြသွားပါမည်။

## လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ ဂန္ထဝင် သီအိုရီများ

လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားရသည့် မက်ခရို အဆင့် အကြောင်းအရင်းများဆိုင်ရာ အစောပိုင်း စာပေများတွင် လေ့လာမှု သုံးမျိုးကို အဓိက ထားပြီး ဟော်လိုကော့စ်ကို နားလည်သည့် ပုံစံက ထိုလေ့လာမှုများကို လွှမ်းမိုးနေသည်။ ဆွေးနွေးငြင်းခုံမှု တစ်ခုက အုပ်စုများအကြား အမြစ်တွယ်နေသည့် မုန်းတီးမှုများ အာရုံစိုက်သည်။ ယေဘုယျအားဖြင့် လူမျိုး ပြုန်းတီးစေမှုသည် လူမျိုးစု၊ လူမျိုး (သို့) ဘာသာရေး အုပ်စုများ အချင်းချင်းကြား နက်ရှိုင်းသော မယုံကြည်မှုကို ပြသသည့် လူ့အဖွဲ့အစည်းများတွင် ပိုမိုဖြစ်နိုင်ခြေ များသည်။ ထိုသဘောတရားကို ရှေးဦးစွာ ထုတ်ဖော်ခဲ့ရာတွင် လီယိုကူးပါး (Leo Kuper) က လူမျိုး ပြုန်းတီးစေမှု၏ ဇာစ်မြစ်သည် ကွဲပြဲနေသော လူ့အဖွဲ့အစည်း ဖြစ်သည်၊ ထိုလူ့အဖွဲ့အစည်းတွင် မတူညီသော အုပ်စုများအကြား "ကြာရှည်ရှိပြီး ကျယ်ကျယ်ပြန့်ပြန့်လည်း ရှိသည့် အကွဲအပြဲများ" ရှိသည်၊ ယင်းတို့မှာ များသောအားဖြင့် ကိုလိုနီ အုပ်ချုပ်မှုများမှ ပေါက်ဖွားလာခြင်း ဖြစ်သည်ဟု ဆိုခဲ့သည် (L. Kuper, 1981, p. 57)။ အဆိုးဆုံး အခြေအနေတွင် နက်ရှိုင်းသော အကွဲအပြဲများသည် အုပ်စုတစ်ခုက အခြားအုပ်စုအပေါ် လွှမ်းမိုးနိုင်သည့် ခွဲခြားထားသော၊ မညီမျှသော အုပ်စု ပုံစံ ဖြစ်လာသည်။ ကူးပါးက လူမျိုး ပြုန်းတီးစေမှု ပုံစံ အမျိုးမျိုးသည် မတူညီသော ဖြစ်စဉ်များ ရှိပြီး အချို့မှာ ပို၍ စုစုစည်းစည်းဖြစ်သည်၊ အချို့မှာ စုစည်းမှု သိပ်မရှိလှပေ၊ သို့ရာတွင် ဖြစ်စဉ် အားလုံးတွင် နိုင်ငံတော်က ပါဝင် ပတ်သက်သည်။ အခြားသော

အမြဲပါဝင်သည့် အချက် တစ်ချက်မှာ အခြားသူများ၏ လူသားဖြစ်မှု အရည်အသွေးများကို ခွာချခြင်း ဖြစ်သည် (L. Kuper, 1981)။

နိုင်ငံရေး သိပ္ပံပညာရှင် တစ်ယောက်ဖြစ်သော ကူးပါးကို လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ ပညာရပ်တွင် ရှေးဦးစွာ လေ့လာခဲ့သူ တစ်ဦး အဖြစ် အသိအမှတ်ပြုထားကြသည်။ အခြား ရှေးဦး လေ့လာသူ တစ်ဦးမှာ လူမှု ဗေဒ ပညာရှင် တစ်ဦး ဖြစ်သည့် ဟယ်လင်ဖိန်း (Helen Fein) ဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် ထုတ်ဝေခဲ့သော စာအုပ်နှင့် နောက်ပိုင်း ထုတ်ဝေခဲ့သော စာပေများတွင် ဖိန်းက လူမျိုး ပြုန်းတီးစေမှု ဖြစ်စေရန် လိုအပ်သည့် အချက်များမှာ ကြိုတင် ထားရှိသည့် ခွဲခြား ဆက်ဆံသည့် အမြင် ပုံစံနှင့် လူသား ဖြစ်မှု အရည်အသွေးများကို ခွာချခြင်း၊ ဆိုလိုသည်မှာ ကျူးလွန်သည့် အုပ်စုက ထိခိုက်နစ်နာသည့် အုပ်စုကို “တစ်ကမ္ဘာလုံး လိုက်နာရမည့် တာဝန်များ၏ ပြင်ပတွင် ရှိသည်” ဟု သတ်မှတ်ထားခြင်း၊ ဖြစ်သည် (Fein, 1979, p. 9) ဟု ဆိုခဲ့သည်။ ၁၉၇၉ ခုနှစ် စာအုပ်သည် ဒုတိယ ကမ္ဘာစစ်အတွင်း နိုင်ငံအသီးသီးတွင် ဂျူးလူမျိုးများ၏ ထိခိုက်နစ်နာမှုနှုန်းကို တီထွင်စွမ်းရှိရှိဖြင့် လေ့လာထားခြင်း ဖြစ်သည်။စာအုပ်ထဲတွင် သူက အပိုင်း ၄ ပိုင်းပါ အဆို တစ်ခုကို တင်သွင်းခဲ့သည်။ လူသားဖြစ်မှု အရည်အသွေးများကို ခွာချခြင်း အပြင် နိုင်ငံတော် ဆုတ်ယုတ်လာမှု၊ အုပ်စု တစ်စု၏ အယူအဆများ လွှမ်းမိုးလာမှုနှင့် စစ်ပွဲများ အားလုံးသည် လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားနိုင်ချေကို တွက်ချက်ရာတွင် အရေးပါသည် (Fein, 1979)။

ဒုတိယ ဆွေးနွေးငြင်းခုံမှု ပုံစံများကမူ အုပ်စုများအကြား မုန်းတီးမှုထက် နိုင်ငံတော်၏ အာဏာနှင့် အာဏာရှင်စနစ်ကို ပို၍ အာရုံစိုက်ထားသည်။ ဤနေရာတွင် သီအိုရီ သမား နှစ်ဦးမှာ ထင်ရှားသည်။ ပထမ တစ်ဦးမှာ ၁၉၇၆ ခုနှစ်တွင် *လူမျိုး ပြုန်းတီးစေမှု၊ နိုင်ငံတော် အာဏာနှင့် အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်း (Genocide: State Power and Mass Murder)* စာအုပ်ကို ထုတ်ဝေခဲ့သူ အာဗင် လူးဝစ်(စ်) ဟောရိုးဝစ်ဇ် (Irving Louis Horowitz) ဖြစ်သည်။ ဟောရိုးဝစ်ဇ်က လူမျိုး ပြုန်းတီးစေမှုသည် အာဏာကို လုံးဝ ချုပ်ကိုင်ထားမှုနှင့် ဆက်စပ်နေသည်ဟု ဆိုသည်။ ဟောရိုးဝစ်ဇ်၏ အဆိုအရ လူမျိုး ပြုန်းတီးစေမှုသည် “လူမှု စနစ် တစ်ခု၊ အာဏာရှင် စနစ် တစ်ခုတွင် အသက်ဝင် အသုံးပြုနိုင်သည့် လက်ပါးစေ တစ်ယောက်” ဖြစ်သည် (Horowitz, 1997, p. 36)။ မှတ်သားရမည့် ဒုတိယ စာရေးသူမှာ “အလုံးစုံ အာဏာသည် အလုံးစုံ သတ်ဖြတ်၏” ဟု ဆိုခဲ့သည့် ရူဒေါ့ဖ် ရမ်မယ်လ် (Rudolph Rummel) ဖြစ်သည် (Rummel, 1994, p. 19)။ ဟောရိုးဝစ်ဇ် နှင့် ရမ်မယ်လ် နှစ်ယောက်လုံးအတွက် ဒီမိုကရေစီ အင်တီကျူးရှင်း ခိုင်မာခြင်းသည် လူမျိုး ပြုန်းတီးစေမှုကို တားဆီးနိုင်သည့် အကောင်းဆုံး နံရံ တစ်ခု ဖြစ်ပေသည်။ ရမ်မယ်လ်၏ အသုံးအနှုန်းအတိုင်း ဆိုရလျှင် အာဏာကို အကန့်အသတ်များနှင့် အတားအဆီးများ ထားခြင်းသည် ဒီမိုဆိုဒ် ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးသည်။

တတိယ ဆွေးနွေးငြင်းခုံမှု ပုံစံတွင် ခက်ခဲမှုများနှင့် အကျပ်အတည်းများကို အလေးပေးထားသည်။ ဤနေရာတွင် ကြောင်းကျိုးဆက်စပ် ဆင်ခြင်စဥ်းစားပုံမှာ စီးပွားရေး ကျဆင်းမှု၊ အငတ်ဘေး၊ စစ်ဘေး၊ လူမှု ပြောင်းလဲမှုများ လျင်မြန်စွာ ဖြစ်ပွားခြင်းနှင့် တော်လှန်ရေး အစရှိသည့် ဆင်းရဲမွဲတေမှုများ ပြန့်ပွားနေချိန်၊ နက်ရှိုင်းသော လူမှု အကျပ်အတည်းများ ဖြစ်ပွားနေချိန်တွင် အုပ်စုများသည် သူတို့၏ ထိခိုက် ခံစားရမှုများအတွက် အခြား အုပ်စုများကို အပြစ်တင်ကြသည်၊ ဓားစာခံ ရှာကြသည်။ ထိုအဆိုကို စိတ်ပညာရှင် အာဗင်စတော့ဘ် (Ervin Staub) က ကောင်းစွာ ရှင်းပြထားသည်။ စတော့ဘ်က “ခက်ခဲသော ဘဝ

အခြေအနေများ” တွင် လူတို့သည် ခြိမ်းခြောက်ခံရသလို ခံစားရသည်၊ မကျေမနပ် ဖြစ်ကြသည်၊ ထိုခံစားချက်များမှတဆင့် ရန်လိုစိတ်နှင့် ၎င်းတို့၏ ပြဿနာများအတွက် အခြားသူများကို အပြစ်တင်လိုစိတ်များကို ဖြစ်ပွားစေသည်။ ဒေါသအတွက် ထွက်ပေါက် ရှာလိုသော အဆိုပါ ဆန္ဒအား ရှိရင်းစွဲ ထုံးတမ်းစဉ်လာများ၊ အထူးသဖြင့် အချို့သော အုပ်စုများအား နှိမ့်ချ ဆက်ဆံသော (သို့) နှိမ့်ချ ဆက်ဆံ ခံရသည်ကို နာခံလေ့ရှိသော ထုံးတမ်းစဉ်လာများမှတဆင့် လမ်းကြောင်းဖောက် ပေးသည်။ ရလဒ်အနေဖြင့် လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားလာနိုင်သည် (Staub, 1989)။

ထိုခွဲခြမ်းစိတ်ဖြာမှု ပုံစံ သုံးမျိုး၊ အုပ်စုများအကြား မုန်းတီးမှုများ၊ နိုင်ငံ အုပ်ချုပ်သည့် ပုံစံနှင့် အကျပ်အတည်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေမှုတို့သည် လူမျိုး ပြုန်းတီးစေမှု၏ အကြောင်းရင်းခံများကို မက်ခရို အဆင့်မှ လေ့လာသုံးသပ်ခြင်း ပထမ မျိုးဆက်၏ အဓိက ဗဟိုချက်မ ဖြစ်သည်။ အခြားသော လွှမ်းမိုးနိုင်သည့် သုတေသနများလည်း လုပ်ခဲ့သည်မှာ အသေအချာပင် ဖြစ်သည် (ဥပမာ Melson, 1992)။ သို့ရာတွင် အထက်ဖော်ပြပါ ချဉ်းကပ်မှု သုံးမျိုးမှာ အထူးထင်ရှားသည်။

## လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ လတ်တလော သီအိုရီများ

လတ်တလော နှစ်များတွင် လူမျိုး ပြုန်းတီးစေမှုများကို နှိုင်းယှဉ် လေ့လာသည့် သုတေသန အသစ်များ ပေါ်ထွက်လာခဲ့သည်။ တွန်းအားပေးသည့် အရာမှာ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဖြစ်ပွားခဲ့သည့် လူသိများသော ကိစ္စရပ်များ၊ အထူးသဖြင့် ယခင် ယူဂိုဆလားဗီးယား နိုင်ငံနှင့် ရဝမ်ဒါ နိုင်ငံ ကိစ္စရပ်များ ဖြစ်သည်။ ထိုကိစ္စရပ်များသည် ပညာရှင်များ၏ အာရုံကို ဖမ်းစားနိုင်ပေရာ နှိုင်းယှဉ်လေ့လာသည့် လူမှုရေး သိပ္ပံပညာရှင်များသည် ထိုဖြစ်ရပ်များနှင့် သမိုင်းဝင် လူမျိုး ပြုန်းတီးစေမှု ဖြစ်ရပ်များအကြား တူညီမှုများကို စတင် လေ့လာလာကြသည်။ ရလဒ်အနေဖြင့် တက်ကြွသည့် လေ့လာမှု နယ်ပယ် အသစ်တစ်ရပ် ပေါ်ပေါက်လာသည် (Bloxham and Moses, 2010; Straus, 2007)။ လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ သုတေသန အသစ်သည် အမျိုးအစား စုံလင် ကွဲပြားသည်။ အချို့မှာ ကိန်းဂဏန်းအခြေပြု သုတေသန (quantitative) ဖြစ်သည် (Harff, 2003; Valentino, Huth, and Balch-Lindsay, 2004)။ သို့ရာတွင် အများစုမှာ တွေ့ဆုံမေးမြန်း လေ့လာမှုကို အခြေပြုသည့် သုတေသန (qualitative) များ ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ ဒေသအသီးသီးတွင် ဖြစ်ပွားခဲ့သော လူမျိုး ပြုန်းတီးစေမှုများကို နိုင်ငံနှင့် ဖြစ်ရပ် အလိုက် နှိုင်းယှဉ် လေ့လာခြင်း ဖြစ်သည်။ ထိုနယ်ပယ် အသစ်မှာ စိတ်လှုပ်ရှားဖွယ် ဖြစ်သည်။ ကျယ်ပြန့်ပြီး လျင်မြင်စွာလည်း အကျယ်ချဲ့နေသည်။ ထွက်ပေါ်လာသော စာပေများကို အကျဉ်းချုပ် ဖော်ပြရန် ယခုအပိုင်းတွင် ဆွေးနွေးငြင်းခုံမှုနှင့် အလေးပေးမှု သုံးမျိုးကို အဓိကထား လေ့လာသွားပါမည်။

ပထမ အဆိုအရ သဘောတရားသည် လူမျိုး ပြုန်းတီးစေမှု၏ ဇာစ်မြစ်တစ်ခု ဖြစ်သည်။ လူမျိုး ပြုန်းတီးစေမှုအကြောင်း အစောပိုင်း လေ့လာချက်များတွင် သဘောတရား၏ အရေးပါမှုကို တင်ပြခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် အသစ် ထွက်ပေါ်လာသော စာပေများတွင် သဘောတရားသည် ပို၍ အရေးပါပြီး စာဖြင့် ဖော်ပြ ရေးသားခြင်း ခံလာရသည်။ ဥပမာ သမိုင်းပညာရှင် အဲရစ်ဝတ်ဇ် (Eric Weitz) က လူမျိုး ပြုန်းတီးစေမှုသည် အကောင်းဆုံး အခြေအနေကို ရှာဖွေရာမှ ထွက်ပေါ်လာသည်ဟု ဆိုသည်။ ခေါင်းဆောင်များသည် လူမျိုးရေး (သို့) အမျိုးသားရေး သဘောတရားများကို အခြေခံကာ ၎င်းတို့၏

လူ့အဖွဲ့အစည်းများ အထွတ်အမြတ် ဖြစ်ရေးကို လုပ်ဆောင်သည့်အခါ အချို့သော လူအမျိုးအစားများကို ရှင်းလင်းသုတ်သင်ရေးသည် လက်ခံနိုင်ဖွယ် ဖြစ်လာသည်ဟု ဝတ်ဇ်က ဆိုသည် (Weitz, 2003)။ အလားတူပင် ပြင်သစ် နိုင်ငံရေး သိပ္ပံပညာရှင် ဂျက်ဆယ်မလင်း (Jacques Semelin) ကလည်း ဆိုးရွားသည့် အခြေအနေတွင် သန့်စင်ပစ်ရန် ကြိုးပမ်းခြင်းသည် လူမျိုး ပြုန်းတီးစေမှု၏ အဓိက ဇာစ်မြစ် တစ်ခုတွင် ပါဝင်သည်ဟု ဆိုသည် (Semelin, 2007)။ သမိုင်းတလျှောက် လူမျိုး ပြုန်းတီးစေမှုအကြောင်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှု တစ်ခုတွင် သမိုင်းပညာရှင် ဘန်ကီရာနန် (Ben Kiernan) က လူမျိုး ပြုန်းတီးစေမှု၏ သဘောတရားဆိုင်ရာ လမ်းကြောင်းများ အများပြား ရှိသည်ဟု ဆိုသည်။ ယင်းတို့တွင် လူမျိုး (သို့) ဘာသာရေးကို အခြေခံသော သဘောတရားများ၊ တောင်သူလယ်စိုက် ဘဝကိုသာ အကောင်းထင်မြင်နေခြင်း၊ ရှေးရောင်လွမ်းသည့် အတိတ်ကို ပြန်တမ်းတသည့် ဂိုဏ်းကဏ္ဍများ၊ မျိုးရိုး ညစ်နွမ်းသွားမည်ကို စိုးရိမ်ခြင်းတို့ ပါဝင်သည် (Kiernan, 2007)။

ဒုတိယ ဆွေးနွေးငြင်းခုံမှုများကမူ ခေါင်းဆောင်များ၏ မဟာဗျူဟာ ရည်မှန်းချက်များနှင့် နိုင်ငံ၏ အကျိုးစီးပွားကို အဓိကထားသည်။ ထိုဆွေးနွေးမှုကို နိုင်ငံရေး သိပ္ပံပညာရှင် ဘန်ဂျမင် ဗလန်တီနို (Benjamin Valentino) (2004) က အကောင်းဆုံး ရှင်းလင်းပြခဲ့သည်။ သူက ခေါင်းဆောင်များသည် ၎င်းတို့ လုပ်ဆောင်ချက်များက ၎င်းတို့ အလိုချင်ဆုံးသော နိုင်ငံရေးနှင့် စစ်ရေး ရည်မှန်းချက်များကို ပြည့်မီရန် အကောင်းဆုံး ရှိနေသည့် နည်းလမ်းဖြစ်ပါက အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းကို ကျူးလွန်ကြသည်ဟု ဆိုသည်။ ဗလန်တီနိုက အီလစ်များက အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းနှင့် လူမျိုး ပြုန်းတီးစေမှုကို ကျူးလွန်သည့် အဓိက အခြေအနေ အများအပြားကို ဖော်ထုတ်ပြခဲ့သည်။ အထူးသဖြင့် လက်နက်ကိုင် တော်လှန်ရေး စစ်ပွဲများ၊ ကွန်မြူနစ် တော်လှန်ရေး၊ လူမျိုးရေး ပဋိပက္ခ အခြေအနေများ ဖြစ်သည်။ ဗလန်တီနို၏ အဓိက အမြင်မှာ အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းနှင့် လူမျိုး ပြုန်းတီးစေမှုကို ကျူးလွန်သော ခေါင်းဆောင် များသည် ကြိုတင်တွက်ချက်ထားသော ဆုံးဖြတ်ချက်များကို ပြုလုပ်ကြသည်။ လူမျိုး ပြုန်းတီး စေမှုသည် သက်ဦးဆံပိုင် စနစ်သက်သက်၏ ရလဒ် တစ်ခု မဟုတ်။ အလားတူ နက်ရှိုင်းသော လူမှု အမုန်းတရားများ (သို့) ဆင်းရဲမွဲတေမှု ပျံ့နှံ့ခြင်း သက်သက်၏ ရလဒ်လည်း မဟုတ်ပေ။ အခြား နိုင်ငံရေး သိပ္ပံ ပညာရှင် တစ်ဦးဖြစ်သူ မန်းနက်စ် မဒ်လာစကီး (Manus Midlarsky) ကလည်း အလားတူ အဆိုပြုခဲ့သည်။ ခေါင်းဆောင်များသည် လူမျိုး ပြုန်းတီးစေမှုကို ဆုံးဖြတ်ချက် ချမှတ် တွက်ချက်၍ ရွေးချယ်ကြသည် ဟူ၍ ဖြစ်သည်။ သို့ရာတွင် မဒ်လာစကီးက ထိုဆုံးဖြတ်ချက်သည် အကျိုးအကြောင်းသင့် ပြုလုပ်သော ဆုံးဖြတ်ချက်မျိုးတော့ မဟုတ်၊ နိုင်ငံတစ်နိုင်ငံသည် စစ်ပွဲတွင်း ၎င်းပိုင်ဆိုင်သော နယ်မြေများ ဆုံးရှုံးသည့်အခါ ပြုလုပ်သည့် "ကမူးရှူးထိုး" ဆုံးဖြတ်ချက်မျိုး ဖြစ်သည် ဟုဆိုသည်။ မဒ်လာစကီးက လူမျိုး ပြုန်းတီးစေမှု လုပ်ဆောင်နိုင်ရန် ဝန်းကျင်ကို ဖန်တီးပေးသည့် နိုင်ငံတကာမှ မိတ်ဖက်များ၏ အရေးပါပုံကိုလည်း ထောက်ပြခဲ့သည် (Midlarsky, 2005)။

လတ်တလော ပေါ်ပေါက်ခဲ့သော ချဉ်းကပ်မှုများထဲမှ တတိယ တစ်ခုမှာ လူမျိုး ပြုန်းတီးစေမှုကို နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု ဖြစ်စဉ်ရှုည်အတွင်း ထည့်သွင်း စဉ်းစားခြင်း ဖြစ်သည်။ ယင်းချဉ်းကပ်ပုံကို ဦးပမာဆောင်သူ နှစ်ဦးမှာ လူမှုဗေဒ ပညာရှင် မိုက်ကယ်လ်မန်း (Michael Mann) နှင့် သမိုင်း ပညာရှင် မာ့ခ်လီဗန်း (Mark Levene) တို့ ဖြစ်သည်။ မန်းက လူမျိုး ပြုန်းတီးစေမှုသည် အာဏာရှင် စနစ်၏ ရလဒ် တစ်ခု ဖြစ်သည်ဟူသော အဆိုကို တိုက်ရိုက်ပင် စိန်ခေါ်ခဲ့သည်။ သူက လူမျိုး ပြုန်းတီးစေမှုသည်

ဒီမိုကရေစီဆိုင်ရာ သဘောတရားများ လမ်းလွဲသွားရာမှ ထွက်ပေါ် လာသည်ဟု ဆိုသည်။ မန်းအတွက် အဓိကကျသည့် အချက်မှာ သီးသန့် ဖြစ်တည်သော အမျိုးသားရေး ဝါဒ (organic nationalism) ဖြစ်သည်။ သီးသန့် ဖြစ်တည်သော အမျိုးသားရေး ဝါဒ ဆိုသည်မှာ နိုင်ငံ တစ်နိုင်ငံကို အဓိက လူမျိုးစု တစ်စုကသာ ပိုင်ဆိုင်သည် ဟူသည့် အယူဝါဒ ဖြစ်သည်။ မန်းက ထိုအယူအဆသည် နိုင်ငံတစ်နိုင်ငံကို လူတို့အတွက် တည်ထောင်လိုသည့် ဒီမိုကရေစီဆိုင်ရာ လမ်းစဉ်တွင် အမြစ်တွယ်သည်ဟု ဆိုသည်။ လူများကို လူမျိုးစု အုပ်စု တစ်စုအဖြစ် သဘောထား သတ်မှတ်လိုက်သည့်အခါ သီးသန့် ဖြစ်တည်သော အမျိုးသားရေး ဝါဒ ထွက်ပေါ်လာသည် (Mann, 2005)။ လီဗန်းကမူ ခေတ်ပေါ် နိုင်ငံများ ထွက်ပေါ်လာမှုကို ပို၍ အလေးပေးသည်။ လီဗန်း၏ အဆိုအရ လူမျိုး ပြုန်းတီးစေမှုများ ဖြစ်ပွားခြင်းသည် ခေတ်ပေါ် နိုင်ငံတော် တစ်ခုက အကြမ်းဖက်မှုကို တစ်ဦးတည်း ဦးဆောင် လုပ်ကိုင်နိုင်သူ ဖြစ်အောင် လုပ်သည့် နည်းလမ်း၊ နိုင်ငံသားများကို အမျိုးအစား တူညီအောင် လုပ်သည့် နည်းလမ်းနှင့် အာဏာကို ချုပ်ကိုင်ထားသည့် နည်းလမ်းများတွင် အခြေတည်သည်ဟု ဆိုသည်။

အထက်ဖော်ပြပါ လူမျိုး ပြုန်းတီးစေမှုကို ဖြစ်ပွားစေသည့် အချက်များအပေါ် ဆွေးနွေးချက်သည် အပြည့်အစုံ ဖြစ်နေပြီဟု မဆိုနိုင်။ သို့ရာတွင် ထိုခေါင်းစဉ်ကို လူမှုသိပ္ပံ ရှုထောင့်မှ ချဉ်းကပ်ရန် အဓိက နည်းလမ်းအချို့ကို ညွှန်ပြခြင်း ဖြစ်သည်။ အချက်နှစ်ချက်မှာ အထူး သိသာ၊ မြင်သာသည်။ ပထမ အချက်မှာ စာပေများတွင် လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားရသည့် အကြောင်းရင်းများ အပေါ် အမြင်အမျိုးမျိုး ရှိကြသည်။ မိုက်ခရိုအဆင့် သီအိုရီများနှင့် အခြား သီအိုရီများပါ ထပ်ပေါင်းပါက ဖြစ်ပွားရသည့် အကြောင်းအရင်းဆိုင်ရာ စာပေများမှာ ပို၍ပင် စုံလင် များပြားသွားမည်။ ဒုတိယ အနေဖြင့် လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားရသည့် အကြောင်းအရင်းများအပေါ် အားလုံး သဘောတူ လက်ခံမှု အနည်းငယ်သာ ရှိသည်။ မတူညီသော ပညာရှင်များသည် အုပ်စုများကြား အမုန်းတရားများ၊ အာဏာရှင်စနစ်၊ ဆင်းရဲမွဲတေမှု၊ သဘောတရား၊ မဟာဗျူဟာ ရည်မှန်းချက်များ၊ အမျိုးသားရေးဝါဒနှင့် နိုင်ငံ ပေါ်ပေါက်လာရသည့် သမိုင်းကြောင်း အစရှိသဖြင့် အာရုံစိုက်မှု အမျိုးမျိုး ရှိကြသည်။ နယ်ပယ် အများအပြား၌ နိုင်ငံရေးနှင့် လူမှုရေး ဖြစ်ရပ်ကြီးများအပေါ် မည်သည့် အရာများက အဆုံးအဖြတ် ပေးသည်နှင့် ပတ်သက်၍ သီအိုရီအရ သဘောတူညီချက် မရှိပေ။ လူမျိုး ပြုန်းတီးစေမှုကို လေ့လာသည့် နယ်ပင်တွင်လည်း သီအိုရီပိုင်းအရ အားလုံး သဘောတူညီမှု မရှိခြင်း၏ အကြောင်းပြချက်များ ရှိပေမည် (Straus, 2007)။ မည်သို့ပင် ဆိုစေကာမူ ရလဒ်များသည် အရေးပါသောကြောင့် လာမည့် နှစ်များအတွင်း မည်သည့်အချက်က လူမျိုး ပြုန်းတီးစေမှုကို ဖြစ်ပွားစေသနည်း ဟူသည့် ခေါင်းစဉ်သည် ဆက်လက်၍ အသက်ဝင်နေဦးမည့် လေ့လာစရာ နယ်ပယ် တစ်ခုအဖြစ် ကျန်ရှိနေဦးမည် ဖြစ်သည်။

| အနှစ်ချုပ် |
| --- |
| ၁၉၉၀ ပြည့်လွန်နှစ်များမှ စ၍ လူမျိုး ပြုန်းတီးစေမှုနှင့်ဆိုင်သော စာပေများ ထွန်းကားလာခဲ့သည်။<br>လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ ဂန္ထဝင် သီအိုရီများတွင် အုပ်စုများအကြား အမုန်းတရား၊ အာဏာရှင် စနစ်နှင့် ခက်ခဲ ကြပ်တည်းမှုများကို အလေးပေးထားသည်။<br>လတ်တလော သီအိုရီများတွင်မူ သဘောတရားများ၊ မဟာဗျူဟာကျ တွက်ချက်မှုများနှင့် နိုင်ငံ၏ အကျိုးစီးပွား၊ နိုင်ငံရေး ဖြစ်ပေါ် ပြောင်းလဲမှုတို့ကို အာရုံစိုက်ထားသည်။<br>လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားရသည့် အဓိက အကြောင်းအရင်းများအား စာပေတွင် အများ သဘောတူ |

လက်ခံမှု မရှိကြပေ။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားရသည့် အကြောင်းအရင်းများသည် အခြား ရက်စက်ကြမ်းကြုတ်မှုများ ဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် ကွာခြားနိုင်ပါသလား။

လူမျိုး ပြုန်းတီးစေမှုကို ကျိုးကြောင်းပြ ရှင်းလင်းပြနိုင်ပါသလား။ ထိုသို့သော အကြမ်းဖက်မှုကို ကျိုးကြောင်းပြ ရှင်းလင်းပြခြင်းဖြင့် အပြင်လူများက ထိုဖြစ်ရပ်ကို ဆင်ခြေပေးသလို ဖြစ်သွား နိုင်ပါသလား။

## ဖြစ်ရပ် လေ့လာခြင်း၊ ရဝမ်ဒါနှင့် ဒါဖာ

လူမျိုး ပြုန်းတီးစေမှု သဘောတရား၏ သမိုင်းကြောင်းနှင့် လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ မက်ခရို သီအိုရီများကို တင်ပြပြီးနောက် အချို့သော အချက်များကို ပြသရန် ဖြစ်ရပ် နှစ်ခုကို ချပြလိုပါသည်။ အထူးသဖြင့် ဤအခန်းတွင် ၁၉၉၄ ခုနှစ် ရဝမ်ဒါနှင့် ၂၀၀၃ ခုနှစ် ဒါဖာတွင် ဖြစ်ပွားခဲ့သော အစုလိုက် အပြုံလိုက် အကြမ်းဖက်မှုများကို အဓိကထား ဖော်ပြထားသည်။ လူမျိုး ပြုန်းတီးစေမှုသည် ဒေသများ အားလုံးတွင် ဖြစ်ပွားသည်။ အထင်ရှားဆုံး ဖြစ်ရပ်ဖြစ်သည့် ဟောလိုကော့စ်မှာ ဥရောပ ဒေသတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ၁၉၉၀ ပြည့်လွန်နှစ်လယ်တွင် ဖြစ်ပွားခဲ့သော ဘော့စနီးယား ဖြစ်ရပ်ကိုလည်း အချို့က လူမျိုး ပြုန်းတီးစေမှုဟု ဆိုကြသည်။ အာရှတိုက်တွင် လူမျိုး ပြုန်းတီးစေမှုသည် ၁၉၇၀ ပြည့်လွန်နှစ် နှောင်းပိုင်း ပေါ်လ်ပေါ့ လက်အောက် ကမ္ဘောဒီးယားနိုင်ငံတွင် ဖြစ်ပွားခဲ့သည်။ လက်တင်အမေရိကတွင်မူ အချို့ ပညာရှင်များ အဆိုအရ ၁၉၇၀ နှင့် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ဂွာတီမာလာနိုင်ငံတွင် ဖြစ်ပွားခဲ့သည် (Sanford, 2008)။ အဓိပ္ပာယ် ဖွင့်ဆိုပုံကို လိုက်၍ အချို့က လူမျိုး ပြုန်းတီးစေမှုများသည် အင်ဒိုနီးရှား၊ အရှေ့တီမော၊ ဘင်္ဂလားဒေ့ရှ်၊ နိုင်ဂျီးရီးယားနှင့် ဘူရွန်ဒီ အပါအဝင် နိုင်ငံအများအပြားတွင် ဖြစ်ပွားခဲ့သည်ဟု ဆိုနိုင်သည်။ မကြာသေးမီ နှစ်များအတွင်း ဆီရီးယားနှင့် အီရတ်တို့တွင် နိုင်ငံတော် ဇာတ်ကောင်များရော၊ နိုင်ငံတော်နှင့် မဆိုင်သော ဇာတ်ကောင်များကပါ ကျယ်ကျယ်ပြန့်ပြန့် အကြမ်းဖက်မှုများ ကျူးလွန်ခဲ့ခြင်းက အာရုံစိုက်မှု သိသိသာသာ ရရှိစေသည်။ ဤနေရာတွင် အာဖရိကဒေသမှ ဥပမာများကိုသာ ဖော်ပြခြင်းက အာဖရိကတိုက်သည် လူမျိုး ပြုန်းတီးစေမှုနှင့် အစုလိုက် အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုများ ပိုမိုဖြစ်ပွားနိုင်သည့် နေရာဟု ဆိုလိုခြင်း မဟုတ်။ ထိုဖြစ်ရပ်နှစ်ခုကို အလေးထား တင်ပြရခြင်းမှာ ရဝမ်ဒါနှင့် ဒါဖာ ဖြစ်ရပ်များသည် လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုအတွင်း ပညာရှင်များ၏ အာရုံစိုက်မှုကို ရရှိခဲ့ပြီး ယခုစာအုပ်ပါ အခြားအခန်းများတွင် အသေးစိတ် ဖော်ပြထားခြင်း မရှိသည့် အရေးပါသော လူ့အခွင့်အရေးဆိုင်ရာ ဖြစ်ရပ်များ ဖြစ်သောကြောင့် ဖြစ်သည်။

**စာသေတ္တာ ၂၀.၄။ အခြား အမြင် တစ်မျိုး၊ လူမျိုး ပြုန်းတီးစေမှုဆိုသည်မှာ အဘယ်နည်း။**

စနစ်တကျဖြင့် ခက်ခဲကြပ်တည်းမှုများ ဖြစ်ပွားစေခြင်း၊ မဲပေးခွင့် မရှိခြင်းတို့သည်လည်း လူမျိုး ပြုန်းတီးစေမှုတွင် အကျုံးဝင်သည်ဟု ဆိုနိုင်သည်။ ယင်းအချက်က မေးခွန်းတစ်ခုကို ထွက်ပေါ်လာစေသည်။ လူမျိုး ပြုန်းတီးစေမှုတွင် မည်သည်တို့ ပါဝင်သနည်း၊ မည်သည်တို့ကို ထည့်သွင်းသင့်သနည်း၊ ကိုလိုနီစနစ်သည် လူမျိုး ပြုန်းတီးစေမှု ပုံစံ တစ်ခုပါလော ဟူသည့် မေးခွန်းပင်။

အချို့က ကိုလိုနီစနစ် ပုံစံ အချို့သည် မူလ အခြေချ နေထိုင်သူ လူမျိုးများနှင့် ယင်းတို့၏ ယဉ်ကျေးမှုများကို စနစ်တကျ ဖျက်ဆီးပစ်ခြင်းများ ပါဝင်သည်ဟု ဆိုကြသည်။ လူမျိုး ပြုန်းတီးစေမှုအပေါ် နိုင်ငံတကာ ဥပဒေ အဓိပ္ပာယ် သတ်မှတ်ချက်အရ "ယဉ်ကျေးမှုကို ဖျက်ဆီးခြင်း" သည် လူမျိုး ပြုန်းတီးစေမှုဟု မဆိုနိုင်ပေ။ သို့ရာတွင် လူအများအပြားအတွက် ကိုလိုနီစနစ်သည် ဤကမ္ဘာပေါ်တွင် အုပ်စု တစ်စု နေထိုင်သည့် ပုံစံကို ဖျက်ဆီးပစ်ခြင်း ဖြစ်ပြီး လူမျိုး ပြုန်းတီးစေမှုနှင့် ဆင်တူသည်။ အချို့ ဖြစ်ရပ်များတွင် ကိုလိုနီပြုခြင်းက မူလ အခြေချ နေထိုင်သူများကို ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးပစ်နိုင်သည်။ အချို့သော ဥပမာများတွင် ထိုဖျက်ဆီးမှုများသည် ရည်ရွယ်ချက် ရှိရှိဖြင့် လုပ်ခြင်း မဟုတ်။ ဥပမာ ဥရောပတိုက်မှ အခြေချ နေထိုင်သူများ သယ်ဆောင်လာသည့် ရောဂါများကြောင့် မူလ အခြေချ နေထိုင်သူ လူမျိုးများ ထိခိုက်ခံစားရခြင်း ဖြစ်သည်။ သို့ရာတွင် ဥရောပသားများ အခြေချ နေထိုင်ခြင်းကြောင့် မူလ အခြေချ နေထိုင်သူ အုပ်စုများ ပြောင်းရွှေ့ရခြင်း၊ ခက်ခဲကြပ်တည်းခြင်းတို့ ရင်ဆိုင်ရလေရာ ရောဂါများကို ပိုမို ထိလွယ်ခိုက်လွယ်သည်ဟုလည်း ဆိုနိုင်သည်။

ယနေ့ခေတ်တွင် အမေရိကန် နိုင်ငံ၌ အာဖရိကန် အမေရိကန် လူမျိုးများကို ထိန်းသိမ်း ထားသည့်နှုန်း ပိုမိုများပြားသည့် ဖြစ်ရပ်ကို စဉ်းစားကြည့်နိုင်သည်။ ဤသည်က လူမျိုး ပြုန်းတီး စေမှုတွင် ပါဝင်ပါသလား။ မကြာသေးမီက ထွက်ပေါ်လာသော အချက်အလက်များအရ အမေရိကန် နိုင်ငံတွင် အာဖရိကန် အမေရိကန် လူမျိုးများသည် လူဖြူများထက် ထိန်းသိမ်းခံရနှုန်း ၆ ဆ ပိုများသည်ဟု ဆိုသည် (Pew Research Center, 2013)။ အထက်တန်း အောင်လက်မှတ်ပင် မရှိသော အာဖရိကန် အမေရိကန် လူမျိုးများအတွက် ထိုနှုန်းများမှာ ပို၍ ဆိုးသည်။ ၂၀၁၀ ခုနှစ်တွင် အသက် ၂၅ နှင့် ၂၉ ကြား၊ အထက်တန်းအောင်လက်မှတ် မရှိသော အာဖရိကန် အမေရိကန် အမျိုးသားများအနက် သုံးပုံ တစ်ပုံ နီးပါးမှာ ထောင်သွင်း အကျဉ်းချ ခံရဖူးသည် (Neal and Rick, 2014)။ ဤအချက်အရ အာဖရိကန် အမေရိကန် လူမျိုးများ အနက်မှ သိသာထင်ရှားသည့် အစိတ်အပိုင်း တစ်ခုမှာ လွတ်လပ်မှု မရှိဘဲ ထောင်တွင်း၌ ခက်ခဲကြမ်းတမ်းမှုများ ခံစားရသည်။ သို့ရာတွင် အဆိုပါ ထိန်းသိမ်းခံရသည့်နှုန်း ပိုမြင့်မားခြင်းသည် ထိုအုပ်စုကို ဖျက်ဆီးရန် ရည်ရွယ်ချက် ရှိကြောင်း သက်သေဟု ဆိုနိုင်ပါသလား။ အဆိုပါ ပမာဏသည် သက်သေပြရန် လုံလောက်ပါသလား။ လုံလောက်ပါက လူမျိုးရေး ခွဲခြားမှုသည် လူမျိုး ပြုန်းတီးစေမှု၏ အဓိက အချက်ဟု ထိုဥပမာများအရ ဆိုနိုင်ပါသလား။

## ရဝမ်ဒါ

အာဖရိကတိုက် အလယ်ပိုင်းရှိ ရဝမ်ဒါ နိုင်ငံတွင် ၁၉၉၄ ခုနှစ်၌ ဖြစ်ပွားခဲ့သော အစုလိုက် အပြုံလိုက် အကြမ်းဖက်မှုကို ယနေ့ခေတ်တွင် လူမျိုး ပြုန်းတီးစေမှု မလွဲမသွေ ဖြစ်သည်ဟု လက်ခံထားကြသည်။ ယင်းမှာ ၂၀ ရာစု ဒုတိယပိုင်းတွင် ဖြစ်ပွားခဲ့သော အဆိုးရွားဆုံးသော အစုလိုက် အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှု တစ်ခု ဖြစ်သည်။ သုံးလခန့် အချိန်အတွင်း အစိုးရထဲမှ ဟူတူလူမျိုး သဘောထားတင်းမာသူများနှင့် စစ်တပ်တို့က နိုင်ငံတွင်းရှိ တွတ်စီ လူနည်းစု အုပ်စုအပေါ် စနစ်တကျ အကြမ်းဖက်မှု ကျူးလွန်ရန် ကြိုးကိုင်ခဲ့ကြသည်။ လူဦးရေ ၇ သန်းခန့် ရှိသော နိုင်ငံတွင် ဟူတူများသည် လူများစု ဖြစ်ပြီး လူဦးရေ၏ ၈၅ မှ ၉၀ ရာခိုင်နှုန်းခန့် ရှိကြသည်။ တွတ်စီ လူမျိုးစုများမှာ လူနည်းစုဖြစ်ပြီး

လူဦးရေ၏ ၁၀ မှ ၁၄ ရာခိုင်နှုန်းခန့်သာ ရှိသည်။ ရဝမ်ဒါတွင် အခြား တတိယ လူမျိုးစုဖြစ်သော တွာလူမျိုးများလည်း ရှိကြပြီး ယင်းအုပ်စုမှာ လူဦးရေ၏ ၁ ရာခိုင်နှုန်းသာ ရှိသည်။ လူမျိုး ပြုန်းတီးစေမှုအတွင်း အသတ်ခံရသော အရေအတွက်အပေါ် ခန့်မှန်းချက်များ ကွဲပြားနေသော်လည်း ဂရုတစိုက် တွက်ချက်မှုများအရ တွတ်စီလူမျိုး အရပ်သား ငါးသိန်းမှ ရှစ်သိန်းကြားခန့်သည် အစိုးရ အင်အားစု၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည် (Des Forges, 1999; Verpooten, 2005)။ အဆိုပါ အရေအတွက်သည် လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားချိန်တွင် ရဝမ်ဒါတွင် နေထိုင်နေသည့် တွတ်စီ လူဦးရေ၏ အကြမ်းဖျဉ်းအားဖြင့် သုံးပုံတစ်ပုံခန့် ရှိသည်။ ထို့ပြင် ပုန်ကန်သည့် အုပ်စုများကလည်း စစ်ချီတက်သည့် တောက်လျှောက် ဟူတူ အရပ်သားများကို အဓိကထား သတ်ဖြတ်ခဲ့ကြသည်။ အဆိုပါ အရေအတွက် မည်မျှရှိကြောင်း မသိရသော်လည်း ပုန်ကန်သူများ၏ အကြမ်းဖက်မှု သည်လည်း လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများတွင် ပါဝင်သည်။ သို့ရာတွင် ယင်းတို့မှာ အစိုးရ အင်အားစုများက ၁၉၉၄ ခုနှစ်တွင် ကျူးလွန်ခဲ့သော လူမျိုး ပြုန်းတီးစေမှု အကြမ်းဖက်မှုများလောက် ကြီးမား ကျယ်ပြန့်မှု မရှိပေ။

## သမိုင်းကြောင်း နောက်ခံ

လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားရသည့် နောက်ခံမှာ နှစ်ပိုင်း ရှိသည်။ တစ်ဘက်တွင် ရဝမ်ဒါ နိုင်ငံ၌ တစ်ပါတီ အာဏာရှင် စနစ်မှ ပါတီစုံ ရွေးကောက်ပွဲ စနစ်သို့ ဒီမိုကရေစီ အကူးအပြောင်း ဖြစ်ပွားနေသော အချိန် ဖြစ်သည်။ ရဝမ်ဒါ၏ အကူးအပြောင်းသည် အာဖရိကတိုက်တွင် စစ်အေးကာလပြီး ဖြစ်ပေါ်လာသည့် လမ်းကြောင်းပင် ဖြစ်သည်။ ဆပ်ဆာဟာရဒေသရှိ နိုင်ငံများသည် တစ်ပါတီ အာဏာရှင် စနစ်ကို စွန့်လွှတ်ကာ အပြိုင်အဆိုင်ရှိသော ပါတီစုံ နိုင်ငံရေး စနစ်သို့ ကူးပြောင်းရန် ဖိအားပေးခံရသည့် အချိန် ဖြစ်သည်။ ရဝမ်ဒါတွင် အုပ်ချုပ်သူ အစိုးရကို ဟူတူလူမျိုး စစ်ဗိုလ်ချုပ် ဂျူဗီနယ်လ် ဟက်ဗျာရီမာနာ (Juvenal Habyarimana) က ဦးဆောင်သည်။ သူသည် ၁၉၇၃ ခုနှစ် အာဏာသိမ်းပြီးကတည်းက သမ္မတ ဖြစ်လာခြင်း ဖြစ်သည်။ သူ၏ ပြည်တွင်း အဓိက အတိုက်အခံများမှာ ဟူတူလူမျိုး နိုင်ငံရေးသမားများ ဖြစ်ပြီး ထိုသူများသည် ဟက်ဗျာရီမာနာ ကောင်းစွာ ကိုယ်စားမပြုနိုင်သည့် ဒေသများမှ ထောက်ခံမှုများ အဓိက ရရှိကြသည်။

အခြားတစ်ဘက်တွင်မူ ဟက်ဗျာရီမာနာ အစိုးရသည် ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရသည်။ လက်နက်ကိုင် ပုန်ကန်သူများမှာ အိမ်နီးချင်းနိုင်ငံများတွင် တိမ်းရှောင်နေထိုင်ကြသော တွတ်စီ လူမျိုးများ (သို့) ပုန်ကန်မှု စတင်သည့် အချိန်တွင် ပူးပေါင်းလာသူများ ဖြစ်ကြသည်။ သူပုန်အဖွဲ့ အမည်မှာ ရဝမ်ဒါ မျိုးချစ် တပ်ဦး (Rwandan Patriotic Front (RPF)) ဖြစ်သည်။ RPF သည် ယူဂန်ဒါ နိုင်ငံမှ တစ်ဆင့် ရဝမ်ဒါ နိုင်ငံ မြောက်ပိုင်းသို့ ၁၉၉၀ ခုနှစ် အောက်တိုဘာလတွင် ကျူးကျော် ဝင်ရောက်ခဲ့သည်။ ပြင်သစ်နှင့် ဇိုင်ယာနိုင်ငံ အစိုးရများ၏ အထောက်အပံ့ဖြင့် ရဝမ်ဒါ အစိုးရ တပ်များသည် အစောပိုင်းတွင် သူပုန်များကို တိုက်ထုတ်နိုင်ခဲ့သည်။ သို့ရာတွင် နောက်ပိုင်း၌ သူပုန်များမှ နယ်မြေများ သိမ်းပိုက်၍ ခြေကုပ် ယူနိုင်လာခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် အစိုးရ အင်အားစုများ၊ အတိုက်အခံ နိုင်ငံရေးသမားများနှင့် သူပုန်များသည် အပစ်အခတ် ရပ်စဲရန် သဘောတူခဲ့ကြပြီး အာရူရှာ သဘောတူစာချုပ် (Arusha Accords) (ထိုစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော တန်ဇန်းနီးယား နိုင်ငံရှိ မြို့အမည်ကို အစွဲပြု၍ အမည်ပေးထားခြင်း

ဖြစ်သည်) ဟု လူသိများသော အာဏာခွဲဝေရေး သဘောတူညီချက် တစ်ခု ထွက်ပေါ်လာခဲ့သည်။ ထိုသဘောတူစာချုပ်တွင် သူပုန်များကို မျက်နှာသာ ပေးထားပြီး အကြံပြုထားသည့် စစ်တပ် အသစ်နှင့် အကူးအပြောင်း အစိုးရတွင် သိသာသော ကိုယ်စားပြုမှု နေရာ ပေးထားခဲ့သည် (B. Jones, 2001)။ သဘောတူစာချုပ်အရ ကုလသမဂ္ဂက အပစ်အခတ် ရပ်စဲရေးကို စောင့်ကြည့်ရန် ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ကို ချထားရမည် ဖြစ်သည်။ ထိုငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ကို ကနေဒါလူမျိုး ဗိုလ်ချုပ် ရိုမီယို ဒယ်လ်လာရီ (Romeo Dallaire) က ဦးဆောင်မည် ဖြစ်သည်။

အတိုချုံး ပြောရသော် လူမျိုး ပြုန်းတီးစေမှုများ မဖြစ်ပွားမီ တစ်ရက်အလိုတွင် အာဏာ လက်ရှိ (သို့) အာဏာကို လက်လှမ်းမီနေသည့် အီလစ်များသည် ၎င်းတို့၏ အာဏာအပေါ် အဓိက စိန်ခေါ်မှု နှစ်ခု ရင်ဆိုင်ခဲ့ရသည်။ တစ်ခုမှာ ဟူတူ နိုင်ငံရေး အတိုက်အခံများ၏ ပြည်တွင်း စိန်ခေါ်မှု ဖြစ်ပြီး အခြား တစ်ခုမှာ တွတ်စီ သူပုန်များထံမှ ဖြစ်သည်။ ထို့ပြင် သမ္မတ ဟက်ဗျာရီမာနာ လက်မှတ် ရေးထိုးခဲ့သော တရားဝင် ငြိမ်းချမ်းရေး သဘောတူစာချုပ်သည် အာဏာရ ပါတီ၏ အာဏာကို သိသိသာသာ လျော့ကျစေပြီး အုပ်ချုပ်သူများအတွက် အမြစ်တွယ်နေပြီး ဖြစ်သည့် အကျိုးစီးပွား ကိုလည်း ထိခိုက်စေသည်။ လူမျိုး ပြုန်းတီးစေမှုသည် သမ္မတ ဟက်ဗျာရီမာနာ လုပ်ကြံခံ ရပြီးနောက် ချက်ချင်းဆိုသလို ၁၉၉၄ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် စတင်ခဲ့သည်။ ရက်စက် ကြမ်းကြုတ်မှုများကို ကြိုးကိုင်ခဲ့သော နိုင်ငံရေးနှင့် စစ်ရေး ခေါင်းဆောင်များသည် ဒီမိုကရေစီ အကူးအပြောင်းနှင့် ပြည်တွင်းစစ် ဖြစ်စဉ်များကြောင့် ခြိမ်းခြောက်ခံနေရသူများ ဖြစ်သည်။

ထိုနောက်ခံ အကြောင်းအရင်းများအပြင် ရဝမ်ဒါ နိုင်ငံတွင် နိုင်ငံရေး ဆွဲသွင်းခံရပြီး အကွဲအပြဲ ဖြစ်နေသော လူမျိုးများ ရှိသည့် သမိုင်းကြောင်း နောက်ခံလည်း ရှိသည်။ အတိုချုံး ပြောရသော် ကိုလိုနီ အုပ်ချုပ်မှု မတိုင်မီ ရာစုနှစ်များတွင် ရဝမ်ဒါတွင် ဘုရင်စနစ် ရှိခဲ့သည်။ အရှေ့အာဖရိက၏ အဆင့်မြင့်ဆုံး ဘုရင်စနစ်များထဲမှ တစ်ခုဟု အသိအမှတ်ပြု ခံခဲ့ရသည့် ရဝမ်ဒါ မင်းဆက်သည် မွေးမြူရေး လုပ်သူများနှင့် လယ်ယာစိုက် တောင်သူများကို ခွဲခြားထားသည့် အခြေအနေအပေါ် တည်မှီနေသည်။ ခြုံပြောရလျှင် မွေးမြူရေး လုပ်သူများသည် ပို၍ မြင့်မားသော အဆင့်အတန်းတွင် ရှိပြီး ၎င်းတို့ကို “တွတ်စီ” ဟု ခေါ်ကြသည်။ လယ်စိုက်သူများသည် ပို၍ နိမ့်ကျသော အဆင့်တွင် ရှိပြီး ယင်းတို့မှာ “ဟူတူ”များ ဖြစ်ကြသည်။ ဘုရင်မျိုးဆက်ကို တွတ်စီများထဲမှ အုပ်စု တစ်စုက လွှမ်းမိုးထားသည်။ ထို့ကြောင့် ကိုလိုနီ မတိုင်မီ ရဝမ်ဒါတွင် လူမှု အမျိုးအစားများ ဖြစ်သည့် တွတ်စီနှင့် ဟူတူတို့သည် အဆင့်အတန်းနှင့် စီးပွားရေး လုပ်ငန်းများအပေါ် မူတည်သည်။ သို့ရာတွင် လူမှု ဆက်ဆံရေးများမှာ ရှုပ်ထွေးလှသည်။ ဟူတူများနှင့် တွတ်စီများသည် တစ်ချိန်က အုပ်စု တစ်ခုတည်းက ဖြစ်ပြီး တူညီသော ဘာသာစကားသာ ပြောကြသည်။ ကွဲပြား အလုံအလောက်နှင့် အဆင့်အတန်း မြင့်လာသောအခါ ဟူတူ တစ်ဦးသည် တွတ်စီ ဖြစ်လာနိုင်ပြီး တွတ်စီ တစ်ဦးသည်လည်း အဆင့်အတန်း နိမ့်ကျသွားသည်နှင့် ဟူတူ ဖြစ်သွားနိုင်သည်။ ထိုအဆင့်အတန်း အနိမ့်အမြင့်ကို လုပ်အား၊ မြေပိုင်ဆိုင်မှုတို့ဖြင့် သတ်မှတ်ထားသည်။ အချို့သော ဟူတူများသည် စိုက်ပျိုးရေး လုပ်ရန် မြေကို ရရှိရန်အတွက် လုပ်အားနှင့် လဲလှယ်ကြသည် (Chretien, 2003)။ ကိုလိုနီခေတ်မတိုင်မီ ရဝမ်ဒါသည်လည်း သဟဇာတဖြစ်ပြီး ရိုးရှင်းသည့် အသိုင်းအဝိုင်း မဟုတ်ခဲ့ပေ။ တင်းကြပ်သော အဆင့်အတန်း အနိမ့်အမြင့် ရှိခဲ့သည်။ သို့ရာတွင် အဓိက အချက်မှာ နောက်ပိုင်း ဟူတူနှင့်

တွတ်စီလူမျိုးများကို အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည့် လူမျိုးစုများ၊ လူမျိုးများ ဆိုသည်ထက် ပို၍ ရှုပ်ထွေးသော လူမှုရေး အမျိုးအစားများ ရှိခဲ့သည်။

၁၉ ရာစု ဒုတိယပိုင်းတွင် ဥရောပ လူမျိုး ခရီးသွားများက အာဖရိက ဒေသကို စတင် လေ့လာခဲ့ပြီး ကိုလိုနီ အင်အားစုများ အာဖရိကတိုက်ကို ပိုင်းခြမ်း ခွဲဝေ ယူချိန်တွင် ရဝန်ဒါ (နှင့် အိမ်နီးချင်း ဘရွန်ဒီ ဘုရင့်နိုင်ငံ) ကို ဂျာမနီနိုင်ငံက သိမ်းပိုက်ခဲ့သည်။ ဂျာမနီနိုင်ငံက ရဝမ်ဒါကို ပထမ ကမ္ဘာစစ် အပြီးအထိသာ အုပ်ချုပ်ခဲ့ပြီး ထို့နောက်တွင် ရဝမ်ဒါ (နှင့် ဘရွန်ဒီ) ကို ကိုလိုနီ ဆိုင်ရာ ယုံကြည်အပ်နှံခြင်း အစီအစဉ်မှ တဆင့် ဘယ်လ်ဂျီယံ နိုင်ငံထံသို့ လွှဲပြောင်းပေးခဲ့သည်။ ဥရောပ ဒေသ၏ ဝင်ရောက်စွက်ဖက်မှုသည် သက်ရောက်မှု များစွာ ရှိခဲ့သည်။ သို့ရာတွင် အမြဲတစေ ရှိနေခဲ့သည့် ကိစ္စရပ် တစ်ခုမှာ ဥရောပ လူမျိုးများက ရဝမ်ဒါ၏ လူမှုရေး အမျိုးအစားများကို အဓိပ္ပာယ် ဖွင့်ဆိုပုံနှင့် ထိုအဓိပ္ပာယ် ဖွင့်ဆိုမှုများ၏ ရလဒ်များ ဖြစ်သည်။

ရဝမ်ဒါ၏ အဆင့်မြင့် ရှုပ်ထွေးသော အုပ်ချုပ်မှု စနစ်နှင့် လူမှု အဆင့်အတန်း အနိမ့်၊ အမြင့်များကို သိရှိလာသည့်အခါ ဥရောပတိုက်မှ ခရီးသွားများနှင့် နောက်ပိုင်း ကိုလိုနီ ပြုသူများသည် ရဝမ်ဒါ၌ မတူညီသော လူမျိုး နှစ်မျိုး ရှိသည်ဟု ကောက်ချက်ချလိုက်သည်။ တွတ်စီများသည် မြောက်အာဖရိက ဒေသမှ ဟားမိုက် (Hamites) လူမျိုးများမှ ဆင်းသက်လာသည့် ပို၍ အဆင့်အတန်းမြင့်သော လူမျိုးများ ဖြစ်ကြပြီး ထိုသူများသည် စိုက်ပျိုးရေး လုပ်သူ နီဂရိုး ဘန်းတက်စ် (Bantus) မျိုးနွယ်ဝင် ဟူတူများကို အုပ်ချုပ်နေကြသည်ဟု ကောက်ချက်ချခဲ့သည်။ ဥရောပ တိုက်သားများက တွတ်စီများကို ပို၍ ဉာဏ်ကောင်းသည်၊ ကျက်သရေရှိသည်၊ သဘာဝကပင် ခေါင်းဆောင် စွမ်းရည် ရှိသူများ ဖြစ်သည်ဟု ညွှန်းဆိုကြသည်။ ထိုသို့ ရဝမ်ဒါ၏ လူမှု အမျိုးအစားများကို အဓိပ္ပာယ် သတ်မှတ်ခြင်းသည် လက်ရှိ လူမျိုးဆိုင်ရာ သီအိုရီများနှင့်၊ အထူးသဖြင့် “ဟားမစ်တစ် အဆို” (Hamitic hypothesis) နှင့် ကိုက်ညီသည်။ ထိုသီအိုရီက အာဖရိကတိုက်ရှိ ယဉ်ကျေးမှု အဆင့်အတန်း ရှိပြီးသော လူမည်းများ အားလုံးသည် အာဖရိကတိုက် မြောက်ပိုင်း (သို့) အရှေ့အလယ်ပိုင်းမှ ဆင်းသက်လာသည့် ဟားမိုက်လူမျိုးများ၏ လုပ်ဆောင်ချက်ကြောင့် ဖြစ်သည်ဟု ဆိုထားသည် (Mamdani, 2001; Chretien, 2003)။

ဂျာမန်များ၊ အထူးသဖြင့် ဘယ်လ်ဂျီယံ လူမျိုးများက ကိုလိုနီ အုပ်ချုပ်ရေးကို တည်ထောင်ရာတွင် လူမျိုးရေး အဓိပ္ပာယ် ဖွင့်ဆိုမှုများသည် အရေးပါသော သက်ရောက်မှုများ ရှိသည်။ ယင်းတို့ထဲမှ တစ်ချက်မှာ ကိုလိုနီ အာဏာသည် တည်ဆဲ ဘုရင်စနစ်ကိုသာ နောက်ခံပြုခဲ့ခြင်း မဟုတ်၊ ယေဘုယျ အားဖြင့် တွတ်စီလူမျိုးများကို ထောက်ပံ့ပေးခဲ့သည်။ ပြုပြင်ပြောင်းလဲမှု အဆင့်ဆင့်တွင် တွတ်စီများသည် ကိုလိုနီ အုပ်ချုပ်ရေး ဝန်ထမ်းများ အဖြစ် နေရာယူလာကြသည်။ တွတ်စီများကို အနောက်နိုင်ငံများတွင် သွားရောက်၍ ပညာသင်ရန် စေလွှတ်ခြင်း ခံရသည်။ စာတတ်မြောက်ခြင်းက တွတ်စီများကို ကိုလိုနီ အုပ်ချုပ်ရေး စနစ်သစ်တွင် ပါဝင်စေနိုင်ခဲ့သည်။ အချုပ်အားဖြင့် ဆိုရသော် ကိုလိုနီ အုပ်ချုပ်ရေးသည် တွတ်စီများကို အုပ်ချုပ်ရေးနှင့် အာဏာရှိ ရာထူးများသို့ စနစ်တကျ မြှင့်တင်ပေးခဲ့သည်။ ထို့ပြင် ကိုလိုနီ အုပ်ချုပ်သူများသည် လူမှုရေးဆိုင်ရာ အမျိုးအစားများကို ပို၍ ခိုင်မာစေပြီး လူမျိုးစု အရေးသဖွယ် ဖြစ်အောင် လုပ်ခဲ့သည်။ နိုင်ငံသား စိစစ်ရေး ကတ်ပြားများကို ၁၉၃၀ ပြည့်လွန်နှစ်များတွင် စတင် မိတ်ဆက်ခဲ့ပြီး ထိုကတ်ပြားတွင် လူတစ်ဦး၏ လူမျိုးကို ထည့်သွင်း ဖော်ပြထားသည်။ ကိုလိုနီ နယ်ချဲ့များ အုပ်ချုပ်စဉ် ကာလအတွင်း မနုဿဗေဒ ပညာရှင်များနှင့် အခြားသူများသည် ဟူတူနှင့် တွတ်စီ လူမျိုးများ၏ သိပ္ပံနည်းကျ လူမျိုးဆိုင်ရာ သွင်ပြင်

ကွဲပြားခြားနားမှုများကို သိရှိရန် အရပ်၊ ဦးခေါင်းခွံပုံစံ၊ နှာခေါင်း အစရှိသည်တို့ကို တိုင်းတာခဲ့ ကြသည်။ ထို့ကြောင့် ကိုလိုနီများ၏ ဝင်ရောက် စွက်ဖက်မှုသည် ဟူတူနှင့် တွတ်စီများအကြား အာဏာရှိမှုကို ပိုမို ကွာခြားစေရုံသာမက လူမှု အမျိုးအစား များကိုလည်း စနစ်သွင်းခဲ့ပြီး လူမျိုးရေး သဖွယ် ဖြစ်လာအောင် လုပ်နိုင်ခဲ့သည် (Newbury, 1988; Mamdani, 2001)။ ထိုပြောင်းလဲမှုများ အားလုံးသည် ရဝမ်ဒါ နိုင်ငံ၏ နိုင်ငံရေး သမိုင်း ဖြစ်ပေါ်လာပုံ အပေါ် သက်ရောက်မှုများ ရှိခဲ့သည်။

ဒုတိယ ကမ္ဘာစစ်အပြီး စိတ်လှုပ်ရှားဖွယ်ရာများ မဖြစ်လာမီအထိ ကိုလိုနီအုပ်ချုပ်စဉ် ကာလ အတွင်း တွတ်စီများကို မျက်နှာသာပေးခြင်း ရှိနေခဲ့သည်။ ထိုကာလအတွင်း အကြောင်းအရင်း အမျိုးမျိုးကြောင့် ဘယ်လ်ဂျီယံ အုပ်ချုပ်သူများနှင့် သာသနာပိုင်များသည် ဟူတူများ၏ အာဏာကို တိုးမြှင့်ရန် လုပ်ဆောင်ချက်များ ဆောင်ရွက်လာခဲ့သည်။ ကိုလိုနီ အုပ်ချုပ်မှုအောက်တွင် အကျိုးအမြတ် ရရှိနေပြီး ဖြစ်သည့် တွတ်စီ အီလစ်များက ထိုအပြောင်းအလဲကို ဆန့်ကျင်ခဲ့ကြပြီး ယင်းဖြစ်ရပ်ကြောင့် ထိုအီလစ်များကို ပြန်လည် ရင်ဆိုင်ရန် ဘယ်လ်ဂျီယံများက ဟူတူများကို ပို၍ ထောက်ပံ့ပေးခဲ့သည်။ ဤသို့ဖြင့် ဟူတူ လူငယ် ပညာတတ်များအကြား လူမျိုးစု အမျိုးသားရေး ရပ်တည်ချက်များ စတင် ပေါက်ဖွားလာခဲ့ကြသည်။ ဆိုလိုသည်မှာ ဟူတူများသည် လူများစု ဖြစ်ပြီး ဒီမိုကရေစီသည် လူအများမှ အုပ်ချုပ်ခြင်း ဖြစ်ပေရာ ဟူတူများက အုပ်ချုပ်သင့်သည် ဟူသည့် အမြင် ဖြစ်သည်။ ထိုအကြောင်းအရာများ အားလုံးက "ဟူတူ တော်လှန်ရေး" ဟု လူသိများသည့် တစ်ခါတရံ အကြမ်းဖက်မှု ဆန်သည့် အဖြစ်အပျက်များ လျင်မြန်စွာ ပျံ့နှံ့လာရန်အတွက် လမ်းခင်းပေးခဲ့သည်။ ထိုဖြစ်စဉ်များအတွင်း ဘယ်လ်ဂျီယံများသည် ရဝမ်ဒါ ဘုရင် စနစ်ကို ဖျက်သိမ်းခဲ့ပြီး ဟူတူ တစ်ဦးကို နိုင်ငံ့ အကြီးအကဲအဖြစ် ခန့်အပ်ခဲ့ကာ တွတ်စီများကို အုပ်ချုပ်ရေး ရာထူးများမှ ဖြုတ်ချခြင်းအား ကြီးကြပ်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် လွတ်လပ်ရေး ပေးလိုက် သောအခါ ယခင် ပုံစံနှင့် လုံးဝ ဆန့်ကျင်ဘက် ဖြစ်နေပြီ ဖြစ်ပြီး ဟူတူများက နိုင်ငံတွင် ကြီးစိုးနေကာ တွတ်စီများမှာ အာဏာ လက်မဲ့ ဖြစ်သွားကြသည်။ ထိုကာလအတွင်း တွတ်စီ အရပ်သားများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းများလည်း ဖြစ်ပွားခဲ့ပြီး တွတ်စီ အများအပြားမှာ နိုင်ငံမှ ထွက်ပြေးတိမ်းရှောင်ကာ အိမ်နီးချင်း နိုင်ငံများတွင် သွားရောက် ခိုလှုံကြရသည် (Lemarchand, 1970)။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ရဝမ်ဒါကို ကျူးကျော် ဝင်ရောက်သည့် RPF ပုန်ကန်မှုတွင် ၁၉၅၀ နှင့် ၆၀ ပြည့်လွန်နှစ်များတွင် နိုင်ငံမှ ထွက်ပြေးတိမ်းရှောင်ရသည့် တွတ်စီများ၏ မျိုးဆက်များက အဓိက ပါဝင်ခဲ့သည် (ဒေသတွင်း RPF အကြမ်းဖက်မှုများအကြောင်း ဆွေးနွေးချက်ကို စာသေတ္တာ ၂၀.၅ တွင် ရှုပါ)။

| စာသေတ္တာ ၂၀.၅။ အခြား အမြင် တစ်မျိုး၊ ရဝမ်ဒါနိုင်ငံ လူမျိုး ပြုန်းတီးစေမှုနှင့် RPF |
| --- |
| လူတစ်ယောက်သည် ရဝမ်ဒါ လူမျိုး ပြုန်းတီးစေမှုကို သီးသန့်ဖြစ်ရပ်အဖြစ် မရှုမြင်သင့်။ အိမ်နီးချင်း ဘရွန်ဒီ နိုင်ငံတွင် ဟူတူများအပေါ် အကြမ်းဖက်သည့် သမိုင်းကြောင်းများ ရှိခဲ့ပြီး ရဝမ်ဒါ နိုင်ငံ ပြည်တွင်းစစ်နှင့် နောက်ပိုင်း ဒီမိုကရက်တစ် ကွန်ဂို သမ္မတ နိုင်ငံတွင် RPF က အကြမ်းဖက်မှုများ သိသိသာသာ ကျူးလွန်ခဲ့သည်။ ထိုအချက်က သင်၏ ရဝမ်ဒါ လူမျိုး ပြုန်းတီးစေမှု အပေါ် အကဲဖြတ်မှုအား မည်ကဲ့သို့ ပြောင်းလဲစေပါသနည်း။ ကွန်ဂို နိုင်ငံတွင် ၁၉၉၆ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်ကြား အရပ်သား သန်းနှင့်ချီ သေဆုံးခဲ့ရပြီး ကွန်ဂိုတွင် စစ်ပွဲများ စတင်ခြင်းနှင့် ဆက်လက်ဖြစ်ပွားခြင်းတို့၌ RFP ဦးဆောင်သည့် ရဝမ်ဒါ အစိုးရက အဓိက ကျသည်။ ကွန်ဂိုတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့် ဖျက်ဆီးမှုများအကြောင်း မပြောဘဲ ရဝမ်ဒါ လူမျိုး ပြုန်းတီးစေမှုအကြောင်း ဆွေးနွေးသင့်ပါသလား။ |

## ရဝမ်ဒါနှင့် လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ သီအိုရီများ

ထိုရဝမ်ဒါ ဖြစ်စဉ်၏ သမိုင်းကြောင်း အကျဉ်းက လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ သီအိုရီများနှင့် စပ်လျဉ်းပြီး ကျွန်ုပ်တို့ကို မည်သည့်အရာများ ပြောပြနိုင်ပါသနည်း။ အကြမ်းဖက်မှု စတင်ပြီး အစုလိုက် အပြုံလိုက် သတ်ဖြတ်သည့် ပုံများနှင့် ဇာတ်ကြောင်းများ ပျံ့နှံ့လာသည့်အခါ အစောပိုင်း မှတ်ချက်ချမှု အများစုမှာ အမုန်းတရားကိုသာ အာရုံစိုက်ခဲ့သည်။ လူအများအပြားက လူမျိုး ပြုန်းတီးစေမှုသည် ဟူတူနှင့် တွတ်စီများအကြား "သမိုင်းကြောင်း ရှိသည့် လူမျိုးစုများအကြား မုန်းတီးမှု"၏ ရလဒ်ဟု ကောက်ချက်ချခဲ့သည်။ ထိုသဘောတရားမှာ လူသိများသော်လည်း သမိုင်းကြောင်း အကျဉ်းချုပ်တွင် ညွှန်ပြနေသည့်အတိုင်း လက်တွေ့မှာ ပို၍ ရှုပ်ထွေးသည်။ ဦးစွာ ဟူတူနှင့် တွတ်စီ ဆိုသည်မှာ လူမျိုးစုများ မဟုတ်ကြပေ။ ထိုသူများသည် တူညီသော ဘာသာစကား ပြောကြပြီး တူညီသော ဒေသမှ ပေါက်ဖွားလာကြသည်၊ အုပ်စုတစ်စုနှင့် အခြား တစ်စုမှ လူများ လက်ထပ်ခြင်းများလည်း ရှိခဲ့သည်။ ထို့ပြင် အမျိုးအစားများအကြား ကွာခြားမှုများသည် မူလက အဆင့်အတန်းပေါ် မူတည်ခဲ့ခြင်း ဖြစ်သည်။ ဥရောပသားများ ရောက်လာမှသာ ထိုသရုပ်သဏ္ဌာန် နှစ်ခုကို လူမျိုးရေးအဖြစ် ပြောင်းလဲခဲ့ခြင်း ဖြစ်သည်။ ဒုတိယ အနေနှင့် ဥရောပမှ ကျူးကျော် ဝင်ရောက်ခြင်းသည် ခွဲခြားသည့် သက်ရောက်မှု ရှိခဲ့ပြီး ရာစုနှစ်ပေါင်းများစွာ တစ်အုပ်စုနှင့် တစ်အုပ်စု မုန်းနေသည့် လူမျိုးစုများဟူသည့် သဘောတရားမှာ လွဲချော်နေသည်။ တတိယ အချက်မှာ ရဝမ်ဒါတွင် လူမျိုးစု အမျိုးသားရေးဝါဒ ရှိလာရခြင်းမှာ ဥရောပသားများက လူမျိုး အမျိုးအစားများ သတ်မှတ်ပေးခြင်းကြောင့် ဖြစ်သည်။ ဤအမျိုးသားရေး ဝါဒများသည် အခြား လူမျိုး ပြုန်းတီးစေမှု ဖြစ်စဉ်များတွင် တွေ့ရသည့် အမျိုးသားရေး ဝါဒများနှင့် ဆင်တူသည်။ စတုတ္ထ အနေဖြင့် လူမျိုးစုများအကြား ပဋိပက္ခဟူသည့် အချက်မှာ နိုင်ငံတော်အဆင့်၊ အထက်မှ ကြိုးကိုင်ခဲ့သည့် အကြမ်းဖက်မှု ဖြစ်သည့်အချက်ကို လျှော့တွက်ထားခြင်းပင်။

ရဝမ်ဒါ ဖြစ်ရပ်မှ သက်သေများသည် အမှန်တကယ်အားဖြင့် သီအိုရီ အများအပြားကို ထောက်ခံနေသည်။ "သမိုင်းကြောင်း ရှိသည့် လူမျိုးစုများအကြား အမုန်းတရား" ဟူသည့် အချက်မှာ လွဲချော်နေသည့် အချက် ဖြစ်သော်လည်း ရဝမ်ဒါတွင် ကူးပါးဖော်ပြခဲ့သော အကွဲအပြဲ လူ့အဖွဲ့အစည်းတွင် ရှိသည့် ဝိသေသများ ရှိနေသည်။ လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားချိန်၌ ဒီမိုကရေစီ အကူးအပြောင်း ဖြစ်ပွားနေသော်လည်း ရဝမ်ဒါသည် အာဏာရှင် အုပ်ချုပ်သည့် နိုင်ငံ တစ်နိုင်ငံ ဖြစ်ခဲ့သည်။ နိုင်ငံတွင် ရာထူးအနိမ့်အမြင့် အဆင့်ဆင့်သွားသည့် အစိုးရ ပုံစံ ရှိသည်။ ဆင်းရဲကြပ်တည်းမှုကို အဓိကထားသူများအတွက် (ဥပမာ Uvin, 1998) ရဝမ်ဒါတွင် ဆင်းရဲမွဲတေမှု ပြန့်ပွားနေပြီး နိုင်ငံသည် စစ်ဘေးလည်း ရင်ဆိုင်နေရသည်။ သဘောတရား (သို့) လူမျိုးစု အမျိုးသားရေး ဝါဒကို အာရုံစိုက်သူများအတွက် လူမျိုး ပြုန်းတီးစေမှုကို ဖြစ်ပွားစေခဲ့သူ ဟူတူ သဘောထား တင်းမာသူများက ဟူတူများသည် လူများစု ဖြစ်ပြီး အုပ်ချုပ်သူ ဖြစ်သင့်သည် ဟူသည့် လူမျိုးရေး အမြင်တစ်ခုကို ဆွဲကိုင်ထားကြသည်။ ခေါင်းဆောင်များ၏ မဟာဗျူဟာကျ အကျိုးစီးပွားများ (သို့) စစ်ပွဲများ ဖြစ်ပွားပြီး နယ်မြေ ဆုံးရှုံးမှုများ ရင်ဆိုင်နေရချိန်တွင် စနစ်တကျ တွက်ချက်မှုများအပေါ် အလေးထားသူများ အတွက်လည်း ရဝမ်ဒါ ဖြစ်ရပ်က သီအိုရီကို ထောက်ပံ့ပေးနေသည်။ နောက်ဆုံး အနေဖြင့် ခေတ်ပေါ် နိုင်ငံတော်၏ အရေးပါပုံနှင့် ခေတ်ပေါ် အမြင်များဖြစ်သည့် လူမျိုးတို့၏ အခန်းကဏ္ဍများကို ယခုဖြစ်ရပ်မှ အဓိပ္ပာယ် ပြန်ဆိုနိုင်သည်။ မတူညီသော ပညာရှင်များက ရဝမ်ဒါ ဖြစ်ရပ်၏ မတူညီသော ရှုထောင့်များကို အာရုံစိုက်ကာ ၎င်းတို့၏ အဆိုများကို တင်ပြကြမည် ဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ သီအိုရီ

အများအပြားကို ဖြစ်ရပ် တစ်ခုတွင် အသုံးပြုနိုင်ခြင်းသည် လူမျိုး ပြုန်းတီးစေမှု ကဲ့သို့သော ရှားပါးပြီး ရှုပ်ထွေးသည့် မက်ခရို လူမှု ဖြစ်ရပ်များနှင့် ဆိုင်သော သီအိုရီများအား အကဲဖြတ်ရန် မည်မျှ ခက်ခဲကြောင်းကို ပြသနေသည်။

## နိုင်ငံတကာမှ တုံ့ပြန်မှုများ

ယခုအပိုင်းတွင် ပို၍ သမားရိုးကျဆန်သည့် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှု တစ်ခု ဖြစ်သော နိုင်ငံတကာမှ တုံ့ပြန်မှုများကို တင်ပြသွားပါမည်။ ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း ကုလသမဂ္ဂက ငြိမ်းချမ်းရေး သဘောတူညီချက်၏ အစိတ်အပိုင်း တစ်ခုအဖြစ် ရဝမ်ဒါတွင် ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်ငယ် တစ်ခုကို စခန်းချထားခဲ့သည်။ လူမျိုး ပြုန်းတီးစေမှု မဖြစ်ပွားမီ လပေါင်းများစွာ အလိုတွင် တွတ်စီ အရပ်သားများကို သတ်ဖြတ်ရန် စစ်သွေးကြွများအား လေ့ကျင့်ပေးနေကြောင်း သတင်းအချက်အလက်ကို ဗိုလ်ချုပ် ဒယ်လ်လာရီမှ လက်ခံ ရရှိခဲ့သည်။ သို့ရာတွင် ဒယ်လ်လာရီက ၎င်း၏ တပ်များမှ စစ်သွေးကြွများ လက်နက်များ သိုဝှက်ထားသည့် နေရာအား ဝင်စီးရန် ခွင့်ပြုမိန့် တောင်းခံရာတွင် ငြိမ်းချမ်းရေး ထိန်းသိမ်းရေး လုပ်ဆောင်ချက် ဆိုင်ရာ ကုလသမဂ္ဂ ဌာနက ပယ်ချခဲ့သည်။ လူမျိုး ပြုန်းတီးစေမှု စတင်ချိန်တွင်လည်း ထိုဇာတ်ကြောင်း အတိုင်းပင် ထပ်မံ ဖြစ်ပွားပြန်သည်။ ကြီးလေးသော ရက်စက်ကြမ်းကြုတ်မှုများ ဖြစ်ပွားနေကြောင်းကို သတိပြုမိလာသည့်အလျောက် ဒယ်လ်လာရီက ရဝမ်ဒါ အရပ်သားများကို ကာကွယ်ရန် စစ်ကူများ ထပ်မံ ပို့ပေးရန် တောင်းဆိုခဲ့သည်။ သို့ရာတွင် နယူးယောက်မှ သူ၏ အထက်လူကြီးများနှင့် နိုင်ငံတကာမှ အာဏာအရှိဆုံး ဇာတ်ကောင်များ အားလုံးက ထိပ်တိုက်တွေ့မှုကို ရှောင်ရှားရန်သာ ပြောကြားခဲ့သည်။ လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားစဉ် အစောပိုင်း အပတ်များအတွင်း ဥရောပ နိုင်ငံများနှင့် အမေရိကန် နိုင်ငံမှ နိုင်ငံတကာ တုံ့ပြန်မှုများသည် ၎င်းတို့၏ လူမျိုးများကို ထိုနေရာမှ စွန့်ခွာရန် ပြောခြင်းကသာ ပထမ ဖြစ်ပြီး ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်များကို မြေပြင်တွင် လှုပ်ရှားမှု မပြုရန် ဆိုခြင်းက ဒုတိယ ဖြစ်သည် (Dallaire with Beardsley, 2003)။ ထို့ကြောင့် လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ သဘောတူစာချုပ်ကို ကျယ်ကျယ်ပြန့်ပြန့် လက်မှတ်ထိုးထားကြသော်လည်း အမှန်တကယ်တွင် နိုင်ငံတကာ၏ တုံ့ပြန်မှုများသည် ရဝမ်ဒါ၌ လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားခြင်းကို ခွင့်ပြုပေးနေသည်။

နိုင်ငံတကာ၏ တုံ့ပြန်မှုများ ထိုသို့ ဖြစ်ပွားရသည့် အကြောင်းရင်းခံ အများအပြားကို စာပေများတွင် ဖော်ပြထားကြသည်။ ရှေးဦးစွာ ရဝမ်ဒါ နိုင်ငံ၏ လူမျိုး ပြုန်းတီးစေမှုသည် အမေရိကန် စစ်သား ၁၈ ဦး သေဆုံးခဲ့ရသော ဆိုမာလီယာ နိုင်ငံမှ ပြဿနာများ ဖြစ်ပွားပြီး တစ်နှစ်မပြည့်မီတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဆိုမာလီယာ အကြမ်းဖက်မှုသည် ကလင်တန် အစိုးရအတွက်ရော ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး လုပ်ငန်းများအတွက်ပါ နိုင်ငံခြားရေး မူဝါဒ အရ ထိခိုက်မှု တစ်ခု ဖြစ်ခဲ့သည်။ အမေရိကန် နိုင်ငံရော၊ ကုလသမဂ္ဂကပါ နောက်ထပ် အာဖရိကန် နိုင်ငံ တစ်နိုင်ငံတွင် အန္တရာယ်များသည့် ဝင်ရောက် စွက်ဖက်မှုမျိုး လုပ်လိုစိတ် မရှိကြပေ (Barnett, 2002; Power, 2002)။ ဒုတိယ အချက်မှာ ရဝမ်ဒါ နိုင်ငံသည် ပြင်သစ်စကားပြောသည့် ကုန်းတွင်းပိတ် နိုင်ငံငယ် တစ်ခု ဖြစ်သည်။ အာဖရိက အလယ်ပိုင်းတွင် ကော်ဖီနှင့် လက်ဖက်ခြောက် တင်ပို့သည့် နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်။ အင်္ဂလိပ် စကားပြော နိုင်ငံများအကြား ရဝမ်ဒါကို သိရှိသူ သိပ်မရှိလှဘဲ မြောက်ပိုင်း အင်အားကြီး နိုင်ငံများအတွက် မဟာဗျူဟာအရ တန်ဖိုးလည်း သိပ်မရှိလှပေ။ ရဝမ်ဒါအပေါ် စိတ်ပါဝင်စားမှု အများဆုံး ရှိသည့် ဥရောပ နိုင်ငံ တစ်နိုင်ငံ ဖြစ်သော

ဘယ်လ်ဂျီယံ နိုင်ငံက လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားသည့် ပထမနေ့တွင် ဘယ်လ်ဂျီယံ ငြိမ်းချမ်းရေး ထိန်းသိမ်းသူများ အသတ်ခံရပြီးနောက် ကုလသမဂ္ဂ အင်အားစုများကို ရဝမ်ဒါ နိုင်ငံမှ ရုတ်သိမ်းရန် တိုက်တွန်းခဲ့သည်။ တတိယ အချက် အနေဖြင့် "သမိုင်းကြောင်း ရှိသည့် လူမျိုးစုများအကြား အမုန်းတရား" ဟူသည့် အသုံးအနှုန်းသည် လူထုအကြား ပျံ့နှံ့နေပြီး ဝင်ရောက် စွက်ဖက်ရန် မက်လုံးတစ်ခု မဖန်တီးပေးနိုင်ချေ။ ရဝမ်ဒါ နိုင်ငံတွင် ရာစုနှစ်ပေါင်းများစွာ တစ်အုပ်စုနှင့် တစ်အုပ်စု အပြန်အလှန် မုန်းတီးနေသည့် လူမျိုးစုများ နေထိုင်သည် ဆိုပါက သတ်ဖြတ်မှုများကို ရပ်တန့်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း မတတ်နိုင်ဟု ထင်မြင်ကြသည်။ စတုတ္ထ အချက်မှာ ဖြစ်ရပ် ဖြစ်ပွားပြီးနောက် ကလင်တန် အစိုးရမှ တာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းခဲ့ရာတွင် ထိုသူများက အရေးယူရန် လူထုမှ တောင်းဆိုမှု အနည်းငယ်သာ ရှိခဲ့ကြောင်း အသိအမှတ်ပြုခဲ့သည် (Power, 2002)။ နောက်ဆုံး အနေဖြင့် လူမျိုး ပြုန်းတီးစေမှုသည် လျင်လျင်မြန်မြန်ပင် ဖြစ်ပွားခဲ့သည်။ အခြေအနေများ ဆိုးလာနိုင်ကြောင်း စောစောစီးစီး သတိပေးမှုများ ရှိခြင်း၊ ငြိမ်းချမ်းရေး ထိန်းသိမ်းသည့် တပ်များ အစောကတည်းကပင် ရှိနေပြီး ဖြစ်ခြင်း၊ နိုင်ငံတွင်း အသုံးပြုခဲ့သည့် အကြမ်းဖက်မှု ပုံစံများမှာ ရိုးရိုးတန်းတန်း ပုံစံမျိုးသာ ဖြစ်ခြင်းနှင့် လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားနေကြောင်း ဝေခွဲ မရနိုင်စရာ မရှိခြင်းတို့ကြောင့် ဝေဖန်သူများက ရဝမ်ဒါ ဖြစ်ရပ်သည် "တားဆီးနိုင်သော လူမျိုး ပြုန်းတီးစေမှု" တစ်ခု ဖြစ်သည်ဟု ဆိုသည် (OAU, 2000)။ မည်သို့ပင် ဆိုစေကာမူ အကြမ်းဖက်မှု အလွန်လျင်မြန်စွာ ဖြစ်ပွားသွားခြင်းက ထိရောက်သည့် တုံ့ပြန်မှု ပြုလုပ်နိုင်ရန်အတွက် အဓိက အတားအဆီး ဖြစ်ခဲ့သည် (Kuperman, 2001)။

နိုင်ငံတကာ တုံ့ပြန်မှုက ဝင်ရောက်စွက်ဖက်မှုများကို ရှောင်ရှားရန်ဟုဆိုလျှင် နောက်ဆက်တွဲမှာ ရဝမ်ဒါရှိ ဖြစ်ရပ်များကို လူမျိုး ပြုန်းတီးစေမှုဟု တညီတညွတ်တည်း သတ်မှတ်ရန် ငြင်းဆိုကြခြင်း ဖြစ်သည်။ ကလင်တန် အုပ်ချုပ်စဉ် ကာလအတွင်း စိုးရိမ်မှု တစ်ခုမှာ တာဝန်ရှိသူများက ထိုအကြမ်းဖက်မှုများကို "လူမျိုး ပြုန်းတီးစေမှု" ဟု အမည်တပ်လိုက်လျှင် လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ သဘောတူစာချုပ် အောက်တွင် ထိုလူသတ်မှုများကို တားဆီးရတော့မည် ဖြစ်သည်။ အစောပိုင်းတွင် အမေရိကန်နိုင်ငံမှ ပြောရေးဆိုခွင့် ရှိသူများကို ထိုအသုံးအနှုန်းအား ရှောင်ရှားရန် ညွှန်ကြားထားခဲ့သည်။ အမေရိကန်နိုင်ငံမှ တာဝန်ရှိသူများက ကုလသမဂ္ဂမှ အကြမ်းဖက်မှုများကို လူမျိုး ပြုန်းတီးစေမှုဟု ကြေညာရန် ကြိုးပမ်းမှုများကိုလည်း တားဆီးခဲ့သေးသည်။ တဖြည်းဖြည်းနှင့် မူဝါဒများက အမေရိကန် နိုင်ငံက တာဝန်ရှိသူများကို ဤဖြစ်ရပ်များမှာ လူမျိုး ပြုန်းတီးစေမှု လုပ်ရပ်များဟု ပြောဆိုခွင့် ပေးလာသည်။ မည်သို့ပင် ဆိုစေကာမူ ရဝန်ဒါတွင် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်များကို လူမျိုး ပြုန်းတီးစေမှုဟု အမည်တပ်ရန် ငြင်းဆန်ခြင်းဖြင့် သဘောတူစာချုပ်ပါ တာဝန်များအား ရှောင်ရှားရန် ကြံစည်ခဲ့ခြင်း ဖြစ်သည် (Power, 2002)။

ရဝမ်ဒါ လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားပြီး တစ်ဆယ့်ငါးနှစ်ကျော်အကြာတွင် ထိုဖြစ်ရပ်ကို နှစ်ဆယ်ရာစု နှောင်းပိုင်း၏ အထင်ရှားဆုံး နိုင်ငံခြားရေး မူဝါဒနှင့် လူအခွင့်အရေး ကျရှုံးမှုကြီးဟု မကြာခဏ အသိအမှတ်ပြု ဆိုကြသည်။ ထိုဖြစ်ရပ်မှ သင်ခန်းစာများသည် ဒါဖား ဖြစ်ရပ်တွင် နိုင်ငံတကာ၏ တုံ့ပြန်ပုံများကို ပုံသွင်းပေးနိုင်ခဲ့သည် (ဒါဖား ဖြစ်ရပ်ကို ဆက်လက် ဆွေးနွေးသွားပါမည်)။ တစ်ချိန်တည်းမှာပင် တားဆီးရန် ပျက်ကွက်ခဲ့သော်လည်း လူမျိုး ပြုန်းတီး စေမှု အပြီးတွင် အပြစ်ပေးရန် လုပ်ရပ် အများအပြားကို လုပ်ဆောင်ခဲ့သည်။ ၁၉၉၄ ခုနှစ် နှောင်းပိုင်းတွင် ကုလသမဂ္ဂက လူမျိုး ပြုန်းတီးစေမှုကို အဓိက ရေးဆွဲ ကြံစည်သူများအား အပြစ်ပေးရန် ရဝမ်ဒါ ဆိုင်ရာ နိုင်ငံတကာ ရာဇဝတ်မှု ခုံရုံးကို တည်ထောင်ခဲ့သည်။ ရဝမ်ဒါ

နိုင်ငံအတွင်း အနိုင်ရအဖွဲ့ RPF သည် အစောပိုင်းတွင် ပြစ်မှု ကျူးလွန်သူများကို တရားစွဲဆိုနိုင်ရန် ပြည်တွင်း တရားရုံးများ တည်ထောင်ခဲ့သည်။ နောက်ပိုင်းတွင် သာမန် ရဝမ်ဒါ ပြည်သူများက ပြစ်ဒဏ် ကျူးလွန်သူများကို လူပုံအလယ်တွင် တရားစီရင်သည့် “လူထု တရားမျှတမှု” (gacaca) ဟု ခေါ်သော စမ်းသပ်မှု အကြီးစား တစ်ခုကို လုပ်ဆောင်ခဲ့သည် (P. Clark, 2010)။ ထိုတရားစီရင်သည့် နည်းလမ်းသုံးမျိုးလုံးတွင် ပြဿနာများ ရှိသည် (ICG, 2001; Waldorf, 2006; Peskin, 2008; Retting, 2011)။ အဆိုပါ အကူးအပြောင်းကာလ တရားမျှတရေး ကိစ္စများသည် ယခု အခန်း၏ ဘောင်နယ်နမိတ်ကို ကျော်လွန်သွားမည် ဖြစ်သည်။ သို့ရာတွင် တရားမျှတမှုနှင့် အပြစ်ပေးမှုဆိုင်ရာ လုပ်ငန်းများသည် အခြား ဖြစ်စဉ်များနှင့်လည်း ကိုက်ညီသည်။ ယင်းမှာ လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ သဘောတူစာချုပ်ပါ အပြစ်ပေးရေး ပြဋ္ဌာန်းချက်များသည် တားဆီးရေး ပြဋ္ဌာန်းချက်များထက် ပို၍ လွှမ်းမိုးမှု ရှိသည် ဟူသည့် အချက်ပင်။

| အနှစ်ချုပ် |
|---|
| ရဝမ်ဒါ လူမျိုး ပြုန်းတီးစေမှုသည် ၂၀ ရာစု နှောင်းပိုင်းတွင် အဆိုးရွားဆုံးသော လူ့အခွင့်အရေး အစုအလိုက် အပြုံလိုက် ချိုးဖောက်သည့် ရက်စက် ကြမ်းကြုတ်မှုများ ဖြစ်သည်။<br>သုံးလအတွင်း အနည်းဆုံး အရပ်သား ငါးသိန်းခန့် အသတ်ခံခဲ့ရပြီး အများစုမှာ လူနည်းစု တွတ်စီ အုပ်စုထဲက ဖြစ်သည်။ အကြမ်းဖက်မှုများသည် စနစ်တကျ ဖြစ်ပြီး အစိုးရက ဦးဆောင်ခဲ့သည်။<br>ထိုစဉ် အနီးစပ်ဆုံး နောက်ခံ အခြေအနေမှာ ပါတီစုံ ဒီမိုကရေစီစနစ် ပြောင်းလဲနေသည့်အချိန်၊ ပြည်တွင်းစစ် ဖြစ်ပွားချိန်နှင့် သမ္မတ ဂျူဗီနယ်လ် ဟက်ဗျာရီမာနာ လုပ်ကြံခံရပြီးချိန်လည်း ဖြစ်သည်။<br>ရဝမ်ဒါတွင် လူမျိုးရေးနှင့် နိုင်ငံရေးအရ ဖန်တီးထားသည့် လူမျိုးစုများ ရှိပြီး ယင်းဖြစ်ရပ်တွင် ဥရောပ ကိုလိုနီများ၏ ဝင်ရောက်စွက်ဖက်မှုက အဓိကကျခဲ့သည်။<br>နိုင်ငံတကာ အသိုင်းအဝိုင်းသည် လူမျိုး ပြုန်းတီးစေမှု၏ အစောပိုင်း သတိပေးချက်များကို တုံ့ပြန်ရန် ပျက်ကွက်ခဲ့ကြသည်။ လူမျိုး ပြုန်းတီးစေမှု စတင်ချိန်တွင်လည်း ရဝမ်ဒါကို လျစ်လျူရှုထားခဲ့သည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>ရဝမ်ဒါ၌ လူမှု သရုပ်သဏ္ဌာန်များ ပုံသွင်းပေးရေးတွင် ကိုလိုနီ စနစ်က မည်သည့် တာဝန်များ ရှိခဲ့သနည်း။<br>ဆိုမာလီယာတွင် ဖြစ်ပွားခဲ့သည့် ကိစ္စ မရှိပါက နိုင်ငံတကာက တုံ့ပြန်မှုများ ပြောင်းလဲသွား နိုင်ပါလား။<br>စစ်ပွဲများသည် လူမျိုး ပြုန်းတီးစေမှုကို တွန်းအားပေးသည့် အရာများ ဖြစ်ပါက နောက်ဆက်တွဲ ဖြစ်ရပ်များ ဖြစ်ပွားခြင်းတွင် RPF ၏ တာဝန် မည်မျှ ရှိသနည်း။ |

## ဒါဖား

ယခုအခန်းတွင် ဆွေးနွေးသွားမည် ဒုတိယ ဖြစ်စဉ်မှာ ဆူဒန်နိုင်ငံ အနောက်ပိုင်း ဒါဖားဒေသ ဖြစ်ရပ် ဖြစ်သည်။ ဒါဖားတွင် ပြည်နယ် သုံးခု ပါဝင်ပြီး အကျယ်အဝန်းမှာ ပြင်သစ်နိုင်ငံခန့် ရှိကာ နောက်ဆုံး ပဋိပက္ခ မဖြစ်မီက လူပေါင်း ခြောက်သန်းခန့် နေထိုင်ခဲ့ကြသည်။ အကြမ်းဖက်မှုနှင့် အစုလိုက် အပြုံလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ၂၀၀၃ နှစ်လယ်လောက်ကတည်းပင် ထိုနေရာကို နိုင်ငံတကာ မြေပုံတွင်

သတိပြုဖွယ်နေရာအဖြစ် ရှိနေခဲ့သည်။ အဆိုးဆုံး အကြမ်းဖက်မှုများမှာ ၂၀၀၃ နှင့် ၂၀၀၆ ခုနှစ်ကြားတွင် ဖြစ်ပွားခဲ့သည်။ သို့ရာတွင် အသေးစား ပဋိပက္ခများနှင့် အကြမ်းဖက်မှုများမှာ ယခုစာအုပ် ရေးသားနေချိန် ၂၀၁၅ ခုနှစ်အထိ ဆက်လက် ဖြစ်ပွားနေဆဲပင်။ အသေတ်ခံရသော လူအရေအတွက် ခန့်မှန်းချက်များမှာ ကွဲပြားခြားနားကြသည်။ အမြင့်ဆုံး ခန့်မှန်းချက်များအရ လေးသိန်းငါးသောင်းခန့် ရှိပြီး အနိမ့်ဆုံး ခန့်မှန်းချက်များအရမူ နှစ်သိန်းခန့် ရှိသည်။ တိုက်ခိုက် အငြင်းပွားမှုများ၏ တိုက်ရိုက် အကျိုးဆက်များကြောင့် သေဆုံးခဲ့ရသူများအပြင် ပဋိပက္ခ ဖြစ်ပွားစဉ်အတွင်း ရွှေ့ပြောင်း ထွက်ပြေးရသူ ဒါဖားဒေသခံ ၂.၅ သန်းခန့် ရှိခဲ့သည်။

## သမိုင်းနောက်ခံ

ဒါဖားသည် လူဦးရေ ပါဝင်မှု အနေအထားအရ အတော်လေး ရှုပ်ထွေးသည့် ဒေသဖြစ်သည်။ ဒေသတွင်း လှုပ်ရှားနေသည့် လူမျိုးစုများ၊ မျိုးနွယ်စုများ အများအပြား ရှိသည်။ သို့ရာတွင် ပဋိပက္ခသည် တောင်သူလယ်သမားများနှင့် မွေးမြူရေး ဆောင်ရွက်သူများအကြား အကွဲအပြဲများနှင့် အာရပ်နှင့် အာရပ်မဟုတ်သူများအကြား အကွဲအပြဲများ နှစ်မျိုး ဆက်စပ် ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဆူဒန်တွင် ၎င်းတို့၏ ဇာစ်မြစ်ကို အာရပ်လူမျိုးဟု သတ်မှတ်ထားကာ မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်း ဇာစ်မြစ် ရှိသူများနှင့် အာရပ်လူမျိုး မဟုတ်သူဟု သတ်မှတ်ထားသူများအကြား နှစ်ရှည်ကြာ အကွဲအပြဲများ ရှိသည် (Deng, 1995; Lesch, 1998)။ ဆူဒန်နိုင်ငံ၏ အစိတ်အပိုင်း အများစုတွင် လူမျိုးစု သရုပ်သဏ္ဌာန်များအကြား အကွဲအပြဲများသည် ဘာသာရေးနှင့် ဒေသပိုင်းဆိုင်ရာ အကွဲအပြဲများနှင့် ရောစပ်နေသည်။ မြောက်ပိုင်းသား အများစုမှာ မူဆလင်များ ဖြစ်ပြီး အာရပ်လူမျိုးများဟု သတ်မှတ်ထားကြသည်။ တောင်ပိုင်းသား အများစုမှာ ခရစ်ယာန် (သို့) နတ်ကိုးကွယ်သူများ ဖြစ်ပြီး အာရပ်မဟုတ်သူများဟု သတ်မှတ်ထားသည်။ တောင်နှင့်မြောက်၊ မူဆလင်နှင့် ခရစ်ယာန်၊ အာရပ်နှင့် အာဖရိကန်များအကြား အကွဲအပြဲများသည် ဆူဒန်နိုင်ငံတွင် ၁၉၅၅ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ တစ်ကြိမ်၊ နှစ်ကြိမ် ဖြစ်ပွားခဲ့သည့် ကာလရှည်ကြာ ပြည်တွင်းစစ်များ၏ အရင်းအမြစ် ဖြစ်ခဲ့သည်။ ဆူဒန်နိုင်ငံ အခြားဒေသများနှင့် နှိုင်းယှဉ်လျှင် ဒါဖားတွင် အနည်းငယ် ထူးခြားသည့် အချက် နှစ်ချက် ရှိသည်။ ရှေးဦးစွာ ဒါဖားဒေသခံများ အားလုံးသည် မူဆလင်များ ဖြစ်သည်။ ဒုတိယ အချက်မှာ ဒါဖား ဒေသတွင် အာရပ်နှင့် အာရပ် မဟုတ်သူများ ရောစပ်နေထိုင်ကြသည်။ မည်သို့ပင် ဆိုစေကာမူ အခြား ဆူဒန်နိုင်ငံရှိ ဒေသများ အလားတူ ဒါဖားတွင်လည်း အဓိက အသက်မွေးဝမ်းကြောင်း အဖြစ် တစ်နေရာမှ တစ်နေရာ ရွှေ့ပြောင်းကာ မွေးမြူရေး လုပ်သူ အာရပ်လူမျိုးများနှင့် အဓိက အသက်မွေးဝမ်းကြောင်း အဖြစ် အခြေချ နေထိုင်ကာ စိုက်ပျိုးရေး လုပ်သူ အာရပ်လူမျိုး မဟုတ်သူများအကြား အကွဲအပြဲများ ရှိသည်။

ဒါဖား၌ အချိန်ကာလ အများစုတွင် အာရပ်နှင့် အာရပ်မဟုတ်သူများအကြား ကွဲပြား ခြားနားမှုများသည် အကြမ်းဖက်မှု၏ အရင်းအမြစ်တစ်ခု မဟုတ်ပေ။ လက်တွေ့တွင် ဒေသတွင်း ထိုအုပ်စု နှစ်စုကြား ထိမ်းမြား လက်ထပ်မှုများ ရှိကြောင်း သက်သေများ တွေ့ရပြီး ဒေသတွင်း လာရောက်လည်ပတ်သူများ အနေဖြင့် ရုပ်ရည်သွင်ပြင် လက္ခဏာအရ အာရပ်နှင့် အာရပ် မဟုတ်သူများကို ခွဲခြားနိုင်ခြင်း မရှိကြပေ။ မည်သို့ပင် ဆိုစေကာမူ ၁၉၈၀ ပြည့်လွန်နှစ်လယ်ပိုင်း လောက်မှ စ၍ ၂၁ ရာစု အစောပိုင်းအထိ အာရပ်နှင့် အာရပ်မဟုတ်သူ လူမျိုးစု အချို့အကြား ဆက်ဆံရေးများမှာ စတင် ဆိုးရွားလာသည်။ ထိုသို့ ဖြစ်ရခြင်း

အကြောင်းအရင်း သုံးခု ရှိသည်။ ပထမ အချက်မှာ မိုးခေါင်ရေရှားမှုနှင့် ကန္တာရ လွင်ပြင်များ များပြားလာခြင်းနှင့် အတူ ဒေသတွင်း အရေးကြီးဆုံး အရင်းအမြစ်များ ဖြစ်သည့် ရေနှင့် စိုက်ပျိုးရန်မြေများအတွက် ပြိုင်ဆိုင်ရခြင်းလည်း တိုးမြင့်လာသည်။ ရလဒ် အနေဖြင့် အချို့သော မွေးမြူရေးသမားများသည် လယ်သမားများ၏ မြေများကို ကျူးကျော် ဝင်ရောက်ကြသည်။ တစ်ခါတရံ ထိုကျူးကျော်ခြင်းများကို ကြမ်းတမ်းစွာပင် လုပ်ဆောင်ကြသည်။ တုံ့ပြန်သည့် အနေဖြင့် လယ်သမားများက ၎င်းတို့၏ မြေယာများကို ကာကွယ်ရန် ကာကွယ်ရေး ယူနစ်များ ဖွဲ့စည်းထားရသည်။ ဒုတိယ အနေဖြင့် လက်နက်များ အများအပြား ဝင်ရောက်လာခြင်းနှင့် အာရပ်လူမျိုးများသည် အခြားသူများထက် ပို၍ မြင့်မြတ်သည်ဟူသည့် သဘောတရားများ ပျံ့နှံ့လာခြင်း ဖြစ်သည်။ ထိုကိစ္စရပ် နှစ်ခုလုံးမှာ အိမ်နီးချင်း ချက်ဒ်နိုင်ငံတွင် ဖြစ်ပွားသည့် စစ်ပွဲများမှ ထွက်ပေါ်လာသည့် အကျိုးဆက်များ ဖြစ်သည့် ၁၉၈၀ ပြည့်လွန်နှစ် နှောင်းပိုင်းများတွင် ချက်ဒ်လူမျိုး သူပုန်များသည် ဒါဖားဒေသကို စစ်ပွဲအတွက် ပြင်ဆင်သည့် နယ်မြေအဖြစ် အသုံးပြုခဲ့ပြီး လက်နက်များကို လစ်ဗျားနိုင်ငံမှ လက်ခံရရှိကြသည်။ တတိယ အနေဖြင့် အာရပ်များနှင့် အာရပ်မဟုတ်သူများ ပဋိပက္ခ ဖြစ်ပွားသည့်အခါ ဆူဒန်နိုင်ငံ၏ မြို့တော် ခါတွန်းမှ အာရပ်များ လွှမ်းမိုးထားသည့် အစိုးရသည် ဒေသခံ အာရပ်လူမျိုးများကို ထောက်ပံ့ပေးခဲ့ကြပြီး ထိုသူများကို ဒေသ အာဏာပိုင် ရာထူးများ ခန့်အပ်ပေးခဲ့သည်။ ထိုအပြောင်းအလဲ သုံးခုလုံးသည် တည်ဆဲ ဆက်ဆံရေးများကို ပျက်စီးစေပြီး အုပ်စုများအကြား တင်းမာမှုများနှင့် အကြမ်းဖက်မှုများကို တိုးပွားစေသည် (Prunier, 2005; Daly, 2007; Flint and de Waal, 2008)။

၂၀၀၂ နှင့် ၂၀၀၃ ခုနှစ်များတွင် ဒါဖားဒေသ၌ သူပုန် အဖွဲ့နှစ်ဖွဲ့ ပေါ်ပေါက်လာကာ ယင်းအဖွဲ့များက အစိုးရ နေရာများကို စတင် တိုက်ခိုက်သည့်အခါ ပဋိပက္ခသည် အဆိုးရွားဆုံး အခြေအနေသို့ ရောက်ရှိသွားသည်။ ဆူဒန်နိုင်ငံ လွတ်မြောက်ရေး တပ်နှင့် တရားမျှတမှုနှင့် တန်းတူညီမှု လှုပ်ရှားမှု အဖွဲ့ နှစ်ဖွဲ့သည် ၎င်းတို့အပေါ် ထောက်ခံမှုများကို ဒါဖားဒေသရှိ အာရပ်မဟုတ်သော လူမျိုးများဆီမှ အထူးသဖြင့် ဖား၊ မာဆာလိတ်နှင့် ဇက်ဟာဝါ လူမျိုးစုများထံမှ အဓိက ရသည်။ အစောပိုင်းတွင် အစိုးရသည် သူပုန်အဖွဲ့များအပေါ် အလေးစိုက်မှု သိပ်မရှိခဲ့ပေ။ အစိုးရသည် တောင်ပိုင်းနှင့် မြောက်ပိုင်း အင်အားစုများအကြား ဖြစ်ပွားနေသည့် နှစ်ပေါင်းနှစ်ဆယ် ကြာမြင့်နေပြီ ဖြစ်သည့် ပြည်တွင်းစစ်ကိုသာ အာရုံစိုက်နေခဲ့သည်။ သို့ရာတွင် ၂၀၀၃ ခုနှစ် အစောပိုင်း၌ သူပုန်များသည် အယ်လ်ဖာရှား ဒေသရှိ လေတပ် အခြေစိုက် စခန်းကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့သည့်အပြင် အောင်ပွဲ အလီလီ ရရှိခဲ့သည်။ ထိုတိုက်ခိုက်မှုနှင့်အတူ ဒါဖား၏ အရေးပေါ် အခြေအနေ စတင်လာခဲ့သည်။

သူပုန် တိုက်ခိုက်မှုများကို တုံ့ပြန်သည့် အစိုးရ၏ မဟာဗျူဟာမှာ သူပုန်များ အပေါ် ထောက်ခံသူ အရပ်သားများကို ပစ်မှတ်ထားကာ ပုန်ကန်မှုကို အစိုးရ၏ ကိုယ်ပွား စစ်သွေးကြွ အင်အားစုများ အသုံးပြု၍ တိုက်ခိုက်နှိမ်နင်းခဲ့သည်။ အဆိုပါ စစ်သွေးကြွများသည် အစောပိုင်းတွင် အာရပ် မဟုတ်သူများနှင့် မြေယာ ကိစ္စ ပဋိပက္ခ ဖြစ်ခဲ့သူများ အပါအဝင် ဒါဖားဒေသရှိ အာရပ်လူမျိုးများ အကြားမှ ခန့်ထားခြင်း ဖြစ်သည်။ အစိုးရ ထောက်ပံ့ပေးထားသော ထိုနောက်ဆုံး ပဋိပက္ခများမှ စစ်သွေးကြွများကို ဂျန်ဂျာဝဒ် (janjawid) ဟု ညွှန်းဆိုကြသည်။ ဂျန်ဂျာဝဒ်ကို “စိတ်ဓာတ် မကောင်းသည့် မြင်းစီးသူ ယောကျ်ားများ” ဟု အကြမ်းဖျဉ်း ဘာသာပြန်ဆိုနိုင်သည်။ အကြမ်းဖက်သည့် ပုံစံများကို လေ့လာခဲ့သော သုတေသန အများစုက အစိုးရ အင်အားစုများနှင့် စစ်သွေးကြွများသည် အာရပ် လူမျိုးမဟုတ်သူ အရပ်သားများ အပေါ် ပူးတွဲ စစ်ဆင်ရေး

လုပ်ခဲ့ကြောင်း တွေ့ရသည်။ တွေ့ရလေ့ရှိသည့် ပုံစံမှာ အစိုးရက လေကြောင်း အသုံးပြုကာ ရွာများကို ဗုံးကြဲ တိုက်ခိုက်ပြီး စစ်သွေးကြွများက ရွာများကို ဝင်စီးခြင်း၊ ဖရိုဖရဲ ဖြစ်နေသော အုပ်စုများကို သတ်ဖြတ်ခြင်း၊ လုယက်ခြင်း၊ အဆောက်အအုံများနှင့် နေအိမ်များကို မီးရှို့ခြင်း၊ ရေတွင်းများကို အဆိပ်ခတ်ခြင်းများ ပြုလုပ်ကြသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများလည်း အများအပြား တွေ့ရသည် (Askin, 2006)။ သေဆုံးမှု အများအပြားမှာ တိုက်ရိုက် အသတ်ခံရခြင်းကြောင့် ဖြစ်ပြီး ဒါဖားဒေသခံ အများအပြားမှာ ၎င်းတို့ နေအိမ်များမှ အတင်းအဓမ္မ ပြောင်းရွှေ့ ထွက်ပြေးရခြင်းကြောင့်လည်း ဖြစ်ရသည်။

## ဒါဖားနှင့် လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ သီအိုရီများ

ဒါဖား ဖြစ်ရပ်က လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ သီအိုရီများနှင့် ပတ်သက်၍ မည်သည်တို့ကို ပြောနိုင်ပါသနည်း။ မှတ်သားရမည့် အချက်မှာ ရဝမ်ဒါ ဖြစ်ရပ်ကို ရှင်းပြခဲ့သော အသေးစိတ်ကျသည့် သုတေသနများသည် ဒါဖားဖြစ်ရပ်တွင်လည်း လွှမ်းမိုးနေဆဲ ဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ ဖြစ်ရပ်မှ သက်သေများအရ သီအိုရီ အများအပြား ထွက်ပေါ်လာခဲ့သည်။ အတွင်းကျကျ လေ့လာလျှင် ဒေသတွင်းနှင့် ပြည်တွင်းအဆင့် အာရပ်နှင့် အာရပ်မဟုတ်သူများ အကြား အကွဲအပြဲများသည် အရေးပါသော ရှုထောင့် တစ်ခုမှ ပါဝင်သည် (Hagan and Rymond-Richmond, 2009)။ နိုင်ငံ အုပ်ချုပ်သူ အမျိုးအစားအရ ဒါဖား ပဋိပက္ခ ဖြစ်ပွားနေချိန်တွင် ဆူဒန်၌ နိုင်ငံရေးအရ ပွင့်လင်းမှုများ ဖြစ်သည်။ အထူးသဖြင့် တောင်၊ မြောက် စစ်ပွဲတွင် တောင်ဘက်ပိုင်းကို ငြိမ်းချမ်းရေး ဆွေးနွေးမှုများနှင့် ပေါင်းစည်း သိမ်းသွင်းနေချိန် ဖြစ်သည်။ သို့ရာတွင် ဆူဒန် အစိုးရမှာ အာဏာရှင် အစိုးရပင် ဖြစ်နေသေးသည်။ တောင်၊မြောက် ငြိမ်းချမ်းရေး သဘောတူညီချက်က လူ့အဖွဲ့အစည်းအတွင်း သိသာထင်ရှားသော အပြောင်းအလဲများ ဖြစ်စေခဲ့သော်လည်း ပြည်တွင်း အဆင့်တွင် ဆင်းရဲကြပ်တည်းခြင်းကြောင့် ဖြစ်ရသည်ဟူသည့် အဆိုမှာ လက်ခံရ ခက်ခဲသည်။ မည်သို့ပင် ဆိုစေကာမူ ဒါဖားတွင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စများကြောင့် ပိုမိုဆိုးရွားလာသည့် ရေနှင့် မြေယာ ပြတ်လပ်မှုများသည် ပဋိပက္ခတွင် အခရာကျသည့် အချက်ဖြစ်သည်။ သဘောတရားများကို အလေးထားသူများအတွက် အဓိက အချက်များမှာ အာရပ်လူမျိုးများသည် အခြားသူများထက် ပို၍ မြင့်မြတ်သည်ဟူသည့် အတွေးအခေါ်များ ပျံ့နှံ့လာခြင်းနှင့် ဆူဒန်နိုင်ငံ မြောက်ပိုင်းသားများ အကြားတွင် အာရပ် အမျိုးသားရေး စိတ်ဓာတ် ပြန့်ပွားလာခြင်းကြောင့် ဖြစ်သည်။ ရဝန်ဒါ ကဲ့သို့ပင် ဒါဖား ဖြစ်ရပ်သည်လည်း ပြည်တွင်းစစ် ဖြစ်ပွားနေစဉ် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပြီး စစ်ပွဲအကြောင်း အာရုံစိုက်သူများ အတွက် လူမျိုး ပြုန်းတီးစေမှု၏ မဟာဗျူဟာ မြောက်သည့် အချက်ကို ရှင်းလင်းစွာ တွေ့နိုင်သည်။ နောက်ဆုံး အချက်မှာ နိုင်ငံရေး ဖြစ်ပေါ် ပြောင်းလဲမှုနှင့် ပတ်သက်၍ သုတေသနများ ပို၍ လုပ်ဆောင်သင့်သေးသည်၊ သို့ရာတွင် အာဏာနှင့် သရုပ်သဏ္ဌာန်များကို စုစည်းရန်အတွက် ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်း အနေဖြင့် လူမျိုးစုများ ရှင်းလင်းပစ်ခြင်းနှင့် သတ်ပစ်ခြင်းများ ဖြစ်ပွားခဲ့သည်ဟု ဆိုနိုင်သည်။ အတိုချုံး ဆိုရသော် သီအိုရီ အမျိုးမျိုးသည် အကြမ်းဖက်မှုများ ဖြစ်ပွားစေသည့် အမျိုးမျိုးသော အချက်များကို ဖော်ပြထားပြီး သီအိုရီဆိုင်ရာ အဆိုများ၏ အားသာချက်၊ အားနည်းချက်များကို စမ်းသပ်ရန်မှာမူ နောက်ထပ် သုတေသနများနှင့် အဆိုများကို စမ်းသပ်မှုများ အများအပြား လိုအပ်သေးသည်။

## နိုင်ငံတကာမှ တုံ့ပြန်မှုများ

အကြမ်းဖက်မှုများ ဖြစ်ပွားသည့် ပထမနှစ်တွင် ဒါဖား ဖြစ်ရပ်ကို နိုင်ငံတကာမှ အာရုံစိုက်မှု အနည်းငယ်သာ ရခဲ့သည်။ သို့ရာတွင် ၂၀၀၄ သည် ရဝမ်ဒါ လူမျိုး ပြုန်းတီးစေမှု၏ ၁၀ နှစ်ပြည့် နှစ်ပတ်လည် ဖြစ်ပြီး ရဝမ်ဒါကို ပြန်လည် အမှတ်ရကြရာမှ ဒါဖားဖြစ်ရပ်ကို အထူးသဖြင့် အမေရိကန် နိုင်ငံက သတိပြုမိလာကြသည်။ ဒါဖားဖြစ်ရပ်အပေါ် တုံ့ပြန်မှုများသည် ရဝမ်ဒါမှ သင်ခန်းစာများ အပေါ် အခြေခံသည်။ အထူးသဖြင့် အမေရိကန်နိုင်ငံမှ တက်ကြွ လှုပ်ရှားသူများက အရပ်ဘက် အဖွဲ့အစည်း ညွန့်ပေါင်းအဖွဲ့တစ်ခု တည်ထောင်ကာ ဘုရှ်အစိုးရကို ဖိအားပေး ခဲ့ကြသည်။ ထို့ပြင် အစောပိုင်း အာရုံစိုက်သည့် ကိစ္စရပ်မှာ အစိုးရကို ထိုအကြမ်းဖက်မှုများအား လူမျိုး ပြုန်းတီးစေမှုအဖြစ် အမည်တပ်ရန် ဖြစ်သည်။ ထိုသို့ လုပ်ဆောင်မှသာ လူမျိုး ပြုန်းတီးစေမှု သဘောတူစာချုပ်အောက်တွင် အရေးယူမှုများ လုပ်နိုင်မည် ဖြစ်သည်။ အတိုချုပ် ဆိုရသော် အမေရိကန်နိုင်ငံ ကွန်ဂရက်နှင့် အစိုးရ၏ သမိုင်းဝင် လုပ်ဆောင်မှုများအရ ဒါဖား ဖြစ်ရပ်ကို နောက်ဆုံးတွင် “လူမျိုး ပြုန်းတီးစေမှု” ဟု အမည်တပ်ခဲ့သည်။ အစိုးရက လေ့လာမှုများ လုပ်ပြီးမှသာ ထိုသို့ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည် (Straus, 2005; Totten and Markusen, 2006)။ သို့ရာတွင် အစိုးရက သဘောတူစာချုပ်၏ ပြဋ္ဌာန်းချက်ပါ တာဝန်ဆိုသည်မှာ ထိုကိစ္စရပ်ကို ကုလသမဂ္ဂသို့ တင်ပြရန် ဖြစ်သည်ဟု အဓိပ္ပာယ် ပြန်ဆိုခဲ့သည်။

ကုလသမဂ္ဂတွင် ဝင်ရောက် စွက်ဖက်မှု ပြုရန် အဓိက အတားအဆီးမှာ လုံခြုံရေး ကောင်စီ ဖြစ်သည်။ တရုတ်နှင့် ရုရှားနိုင်ငံများက လူမျိုး ပြုန်းတီးစေမှုကို ထိထိရောက်ရောက် တားဆီးနိုင်မည့် သဘောတူညီမှု မရှိသော အတင်းအကြပ် လုပ်ဆောင်ချက်များကို ကန့်ကွက် ကြသည်။ နှစ်နိုင်ငံလုံးက ယေဘုယျအားဖြင့် လူ့အခွင့်အရေးကို အကြောင်းပြကာ လက်နက်ကိုင် ဝင်ရောက် စွက်ဖက်မည့် မူဝါဒများအား ဆန့်ကျင်ကြသည်။ ထို့ပြင် တရုတ် နိုင်ငံသည် ဆူဒန်တွင် ကြီးမားသော ရေနံဆိုင်ရာ အကျိုးစီးပွားများ ရှိပြီး ရုရှားနိုင်ငံက ဆူဒန် အစိုးရကို လက်နက်များ ရောင်းချနေသည်။ လုံခြုံရေး ကောင်စီ အဖွဲ့ဝင် ငါးနိုင်ငံတွင် ဗီတို အာဏာရှိပြီး အင်အားသုံး ဝင်ရောက် စွက်ဖက်မှုအတွက် တရုတ်နှင့် ရုရှား နိုင်ငံများက ကျော်လွှား၍ မရသော အတားအဆီးများ ဖြစ်နေသည်။ ထို့ပြင် အီရတ်နှင့် အာဖဂန်နစ္စတန်တို့တွင် ပါဝင်ပတ်သက် နေရသောကြောင့် အမေရိကန်နိုင်ငံသည် ထိုမစ်ရှင်ကို ဦးဆောင်နိုင်ရန် မစွမ်းသာခဲ့ပေ။

ထိုအခြေအနေများကြောင့် ထိုစဉ်က အထွေထွေ အတွင်းရေးမှူး ကိုဖီအာနန်က ဒါဖားတွင် လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားနေခြင်း ရှိ၊ မရှိကို လေ့လာရန် ကော်မရှင် တစ်ခုကို ခန့်အပ်ခဲ့သည်။ ကော်မရှင်၏ ၂၀၀၅ ခုနှစ် အစီရင်ခံစာတွင် အကြမ်းဖက်မှုများကို အသေးစိတ် တင်ပြထား သော်လည်း လူမျိုး ပြုန်းတီးစေမှုဟု ဆိုနိုင်မည့် သက်သေမရှိဟု ကောက်ချက်ချ ခဲ့သည်။ အထူးသဖြင့် ကော်မရှင် အဖွဲ့ဝင်များသည် ဒါဖားရှိ အာရပ် မဟုတ်သူ လူထုအား ဖျက်ဆီးရန် အထက်ပိုင်းက ရည်ရွယ်ခဲ့ကြောင်း လုံလောက်သည့် သက်သေများ မတွေ့ခဲ့ပေ (COI, 2005)။ အစီရင်ခံစာက ထိုကိစ္စရပ်ကို နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး (ICC) သို့ လွှဲပြောင်းပေးရန် အကြံပြုခဲ့သည်။ ထိုအကြံပြုချက်ကို လုံခြုံရေး ကောင်စီကလည်း လက်ခံခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ICC က ဆူဒန် လူမျိုးနှစ်ဦးဖြစ်သူ အစိုးရ တာဝန်ရှိသူ တစ်ဦးနှင့် ဂျန်ဂျာဝဒ် ခေါင်းဆောင် တစ်ဦးတို့ကို တရား စွဲဆိုခဲ့သည်။ ထို့နောက် ၂၀၀၉ ခုနှစ်တွင် ICC က ဆူဒါ သမ္မတ အိုမာ အယ်လ်ဘာရှီးယား (Omar al-Bashir) အပေါ် ထုတ်ပြန်ခဲ့သော ဖမ်းဝရမ်း နှစ်ခု အနက်မှ ပထမ တစ်ခုကို ထုတ်ပြန်ခဲ့သည်။

ထိုဝရမ်းတွင် လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ စွဲချက်များ ပါဝင်သည်။ ဤသည်မှာ ICC က လက်ရှိတွင် နိုင်ငံခေါင်းဆောင်ရာထူး ရယူထားသူ တစ်ဦးကို ပထမဆုံး ဖမ်းဝရမ်း ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ၂၀၁၅ ခုနှစ် ဤစာအုပ် ရေးသားချိန်အထိ ထိုသူများ တစ်ဦးတစ်ယောက်မျှ ဖမ်းဆီးခြင်း မခံရသေးပေ။

တားဆီးရေးဘက်တွင် ကုလသမဂ္ဂက အရပ်သားများအား ကာကွယ်ရန် စစ်အင်အားသုံးသင့်၊ မသုံးသင့် ဟူသော မေးခွန်းမှာ ၂၀၀၆ ခုနှစ် နှစ်လယ်လောက်အထိ အနည်မထိုင်သေးပေ။ မေလတွင် နိုင်ငံတကာမှ သိသာထင်ရှားသော ဖိအားပေးမှုများကြောင့် အစိုးရနှင့် သူပုန် အဖွဲ့ တစ်ဖွဲ့တို့ အပစ်အခတ် ရပ်စဲရေး လက်မှတ် ရေးထိုးခဲ့ပြီး ထိုစာချုပ်တွင် ကုလသမဂ္ဂမှ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်များ လက်ခံမည်ဟူသည့် ပြဋ္ဌာန်းချက် ပါဝင်သည်။ ထို့နောက်တွင် အရပ်သားများကို ကာကွယ်ရန် တာဝန်ဖြင့် ဒါဖားသို့ အင်အားကြီးမားသော ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်များကို စေလွှတ်ရန် လုံခြုံရေး ကောင်စီက သဘောတူညီခဲ့သည်။ သို့ရာတွင် ဆူဒန် နိုင်ငံ အစိုးရက ထိုအကြံအစည်၏ အစိတ်အပိုင်း အမျိုးမျိုးကို ဆန့်ကျင်ခဲ့သည်။ အထူးသဖြင့် တပ်တွင် ပါဝင်သည့် အချိုးအစား ဖြစ်သည်။ ဆူဒန် အစိုးရက တပ်တွင် အာဖရိက နိုင်ငံများ ပါဝင်မှု ပိုမိုလိုလားခဲ့သည်။ ထို့ကြောင့် ဆွေးနွေးမှု အသစ်များ ပြုလုပ်ခဲ့ပြီးနောက် ကုလသမဂ္ဂနှင့် အာဖရိက သမဂ္ဂ တပ်များ ပေါင်းစည်းထားသော ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်သား နှစ်သောင်းကို စေလွှတ်ရန် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ထိုအရေအတွက်မှာ နောက်ပိုင်းလည်း တိုးပွားလာခဲ့သည်။ မစ်ရှင်သည် အစောပိုင်းတွင် တပ်သားများ နေရာချရာ၌ နှေးကွေးခဲ့ပြီး ဒါဖား၏ အခြေအနေမှာလည်း ပို၍ ရှုပ်ထွေးလာခဲ့သည်။ ပုန်ကန်သူ အဖွဲ့များမှာလည်း အုပ်စုများ အများအပြား ကွဲသွားခဲ့ပြီး အချို့အဖွဲ့များမှာ ၎င်းတို့ အချင်းချင်းကြား တိုက်ခိုက်နေကြသည် (ICG, 2007)။ ၂၀၁၅ ခုနှစ် ဤစာအုပ် ရေးသားချိန်အထိ ဒေသတွင်း အခြေအနေများမှာ မတည်မငြိမ် ဖြစ်နေပြီး ဆူဒန်နိုင်ငံ၏ အခြားနေရာများ အထူးသဖြင့် တောင်ပိုင်း ကော်ဒိုဖန်နှင့် ဘလူးနိုင်းလ် ဒေသများတွင် တိုက်ခိုက်မှုများ ဆက်ရှိနေဆဲပင်။

| အနှစ်ချုပ် |
| --- |
| ၂၀၀၃ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်အကြား အနည်းဆုံး အရပ်သား နှစ်သိန်းခန့် အသက် ဆုံးရှုံးခဲ့ရသည်။ ၂.၅ သန်းသော လူများမှာ ဆူဒန်နိုင်ငံ အနောက်ပိုင်းဒေသ ဒါဖားမှ ပြောင်းရွှေ့ ထွက်ပြေးခဲ့ရသည်။ ယခုအခါတွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်တစ်ခု ရှိနေပြီ ဖြစ်သည်။ သို့ရာတွင် ဒေသတွင်း အခြေအနေမှာ ကြမ်းတမ်းပြီး မတည်မငြိမ် ရှိနေဆဲပင်။<br>အဆိုးရွားဆုံးသော အကြမ်းဖက်မှုများကို အဓိကအားဖြင့် အစိုးရ တပ်များနှင့် အစိုးရက ကျောထောက် နောက်ခံ ပြုထားသည့် ဂျန်ဂျာဝဒ်ဟု ခေါ်သည့် အာရပ် စစ်သွေးကြွများက ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။ နစ်နာသူအများစုမှာ ဒါဖားဒေသရှိ အာရပ်မဟုတ်သူများ ဖြစ်ကြသည်။<br>အနီးစပ်ဆုံး နောက်ခံ အခြေအနေမှာ ပြည်တွင်းစစ်နှင့် မြေယာနှင့် ရေတို့အတွက် အငြင်းပွားနေကြခြင်းများ ဖြစ်သည်။<br>ပို၍ နက်ရှိုင်းသော နောက်ခံမှာ လူမျိုးရေးကို နိုင်ငံရေးအဖြစ် အသုံးချခံရခြင်းနှင့် အာရပ်နှင့် အာရပ် မဟုတ်သူများအကြား အကွဲအပြဲများ ဖြစ်နေသည့် အခြေအနေ ဖြစ်သည်။<br>အမေရိကန် နိုင်ငံက ဒါဖား ဖြစ်ရပ်ကို လူမျိုး ပြုန်းတီးစေမှုဟု ခေါ်ဆိုခဲ့သည်။ ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေး ကော်မရှင်ကမူ ထိုသို့ ခေါ်ဆိုခဲ့ခြင်း မရှိ။ ICC က ဆူဒန်နိုင်ငံ သမ္မတကို လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ |

စွဲချက်များနှင့် တရားစွဲဆိုထားသည်။
နှစ်ပေါင်းများစွာ ဆွေးနွေးညှိနှိုင်းပြီးနောက် ကုလသမဂ္ဂနှင့် အာဖရိက သမဂ္ဂ အင်အားစုများ စုပေါင်းထားသည့်တပ်ကို ဒါဖားဒေသတွင် အရပ်သားများအား ကာကွယ်ရန်အတွက် တာဝန်ပေး ချထားရန် သဘောတူညီခဲ့သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

ရဝမ်ဒါနှင့် ဒါဖား ဖြစ်ရပ်များအကြား တူညီမှုနှင့် ကွာခြားမှုများမှာ အဘယ်နည်း။
လူမျိုး ပြုန်းတီးစေမှုကို တားဆီးရန် ထိရောက်သော နိုင်ငံတကာ တုံ့ပြန်မှုများအတွက် အဓိက အတားအဆီးများမှာ အဘယ်နည်း။
ဆင်တူသော ဖြစ်ရပ်များ နှိုင်းယှဉ်ခြင်း၊ လူမျိုး ပြုန်းတီးစေမှု ဖြစ်ပွားခဲ့သော ဖြစ်ရပ်များနှင့် မဖြစ်ပွားခဲ့သော ဖြစ်ရပ်များကို နှိုင်းယှဉ်ခြင်းတို့ဖြင့် လူမျိုး ပြုန်းတီးစေမှုကို လေ့လာခြင်း၏ အကျိုးကျေးဇူးများကား အဘယ်နည်း။

## နိဂုံး

ဟော်လိုကော့စ် ဖြစ်ပွားပြီးချိန်မှ စ၍ နိုင်ငံတကာမှ ဇာတ်ကောင်များသည် လူမျိုး ပြုန်းတီးစေမှု နောက်ထပ် ဘယ်တော့မှ ဖြစ်ပွားခွင့် မပေးတော့ဟု သံန္နိဋ္ဌာန် ချမှတ်ခဲ့ကြသည်။ လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ အရေးပါသည့် သဘောတူစာချုပ် တစ်ခု ဖြစ်သည့် ကုလသမဂ္ဂ လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ သဘောတူစာချုပ်သည် ထိုကတိကဝတ်ကို ဖော်ပြသည့် ဥပဒေ တစ်ခု ဖြစ်သည်။ လူမျိုး ပြုန်းတီးစေမှုကို တားဆီးမည်ဟူသည့် ကတိကဝတ်အရ တိုင်းတာရလျှင် လုပ်ဆောင်မည်ဟု ကတိပြုသည့် အရာများနှင့်စာလျှင် သဘောတူစာချုပ်သည် အားနည်းပြီး ထိရောက်မှု မရှိပေ။ သို့သော်ငြားလည်း လူမျိုး ပြုန်းတီးစေမှု ပြဿနာသည် ပို၍ ကြီးမားသော အာရုံစိုက်မှုများ ရရှိလာခဲ့သည်။ ထိုခေါင်းစဉ်ဆိုင်ရာ စာပေများသည်လည်း လျင်မြန်စွာပင် များပြား လာခဲ့ပြီး လူမျိုး ပြုန်းတီးစေမှုကို အပြစ်ပေးရန် မျှော်လင့်ချက်သည် ပို၍ လက်တွေ့ဆန်လာသည်။ ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှု တစ်ခု (ရာဇဝတ်တို့၏ ထိပ်ခေါင် ရာဇဝတ်မှု ဟု အသုံးများကြသည် (Schabas, 2000)) ဖြစ်သည်နှင့် အညီ လူမျိုး ပြုန်းတီးစေမှုသည် နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်စာတမ်းများ၏ ထိပ်တွင် ရှိနေသည်။ အနာဂတ်အတွက် မေးခွန်းမှာ (စာချုပ်ပါ အသုံးအနှုန်းအတိုင်း သုံးရလျှင်) ထို "လွန်စွာ ဆိုးရွားသည့် ထိခိုက် နစ်နာမှုများ" ကို ဖယ်ရှားပစ်မည် ဟူသည့် ကတိကဝတ်အား ဖြည့်ဆည်းနိုင်မည်လား၊ မည်ကဲ့သို့ ဖြည့်ဆည်း နိုင်မည်နည်း ဟူသည့် မေးခွန်း ဖြစ်သည်။

## တစ်ဦးချင်း လေ့လာရန် မေးခွန်းများ

၁။ လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ သဘောတူ စာချုပ်ကို ရေးဆွဲခဲ့ချိန်တွင် ပေါ်ပေါက်ခဲ့သော ဆွေးနွေးမှုများသည် လူမျိုး ပြုန်းတီးစေမှုတွင် မည်သည်တို့ ပါဝင်သနည်းဟူသည့် ငြင်းခုံမှုများအပေါ် မည်သည့်နည်းများဖြင့် ကြိုတင် ခန့်မှန်းနိုင်ခဲ့သနည်း။

၂။ ကုလသမဂ္ဂ လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ သဘောတူစာချုပ်၏ အားသာချက်နှင့် အားနည်းချက်များကို ဖော်ပြပါ။

၃။ လူမျိုး ပြုန်းတီးစေမှုအပေါ် အဓိပ္ပာယ် သတ်မှတ်ရာတွင် အရေးကြီးဆုံး ကွဲလွဲချက်များမှာ အဘယ်နည်း။ ယင်းတို့မှာ အဘယ်ကြောင့် အရေးပါသနည်း။

၄။ ကုလသမဂ္ဂ သဘောတူစာချုပ်ပါ လူမျိုး ပြုန်းတီးစေမှု အဓိပ္ပာယ် ဖွင့်ဆိုချက်ရော၊ ရာဖယ်လ် လမ်ကင်း၏ မူရင်း အဓိပ္ပာယ် ဖွင့်ဆိုချက်ရောပါ အသုံးပြု၍ ရဝမ်ဒါနှင့် ဒါဖား ဖြစ်ရပ်များတွင် တွေ့ရသည့် ကိစ္စရပ်များ၌ မည်သည်တို့မှာ လူမျိုး ပြုန်းတီးစေမှုဟု ညွှန်ပြနေသနည်း။ မည်သည်တို့မှာ လူမျိုး ပြုန်းတီးစေမှု မဟုတ်ဟု ဆိုနိုင်သနည်း။

၅။ ရဝမ်ဒါ ဖြစ်ရပ်သည် မည်သည့် လူမျိုး ပြုန်းတီးစေမှု သီအိုရီနှင့် အဓိက ကိုက်ညီသနည်း။ ဒါဖား ဖြစ်ရပ်သည် မည်သည့် လူမျိုး ပြုန်းတီးစေမှု သီအိုရီနှင့် အဓိက ကိုက်ညီသနည်း။

၆။ ရဝမ်ဒါနှင့် ဒါဖား ဖြစ်ရပ်များကို ဖြစ်ပွားစေခဲ့သော အရာများတွင် အရေးပါသော တူညီမှုများနှင့် ကွဲလွဲမှုများမှာ အဘယ်နည်း။

၇။ ရဝမ်ဒါ ဖြစ်ရပ်မှ နိုင်ငံတကာ၏ ပျက်ကွက်မှုများသည် ဒါဖား ဖြစ်ရပ်တွင် နိုင်ငံတကာ၏ တုံ့ပြန်မှုကို မည်ကဲ့သို့ ပုံသွင်းပေးခဲ့သနည်း။

၈။ နိုင်ငံတကာ အသိုင်းအဝိုင်းကို ရဝမ်ဒါ ဖြစ်ရပ်က မပြသနိုင်ခဲ့သည့် မည်သည့် အရာကို ဒါဖားဖြစ်ရပ်က ပြသနိုင်ခဲ့သနည်း

## အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ

၁။ လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်၏ သမိုင်းကြောင်းသည် ဒုတိယ ကမ္ဘာစစ်အပြီး ပေါ်ပေါက်ခဲ့သော အခြား အရေးပါသည့် နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်စာတမ်းများ၏ သမိုင်းကြောင်းနှင့် မည်ကဲ့သို့ ဆင်တူသနည်း၊ ကွဲပြားသနည်း။

၂။ ရဝမ်ဒါနှင့် ဒါဖား ဖြစ်ရပ်များက မည်သည့် လူမျိုး ပြုန်းတီးစေမှု အဓိပ္ပာယ် သတ်မှတ်ချက်တွင် ဝေဝါးမှုများနှင့် လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ သဘောတူစာချုပ်၏ အားနည်းချက်များကို ညွှန်ပြနေသနည်း။

၃။ ယခုအခန်းက လူမျိုး ပြုန်းတီးစေမှု သဘောတူစာချုပ်၏ အပြစ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် တားဆီးရေး ပြဋ္ဌာန်းချက်များထက် ပို၍ အားကောင်းသည်ဟု ဆိုခဲ့သည်။ ယေဘုယျအားဖြင့် ဤအချက်က နိုင်ငံတကာ လူ့အခွင့်အရေးအတွက်ဆိုလျှင်ရော မှန်ပါသလား။

၄။ ယခုအခန်းတွင် တင်ပြခဲ့သော လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ သီအိုရီများသည် သင်၏ လူမျိုး ပြုန်းတီးစေမှုအကြောင်းကို နားလည်ထားခြင်းနှင့် မည်မျှ ကိုက်ညီပါသနည်း။ မည်သို့ ကွဲပြားပါသနည်း။

၅။ ရဝမ်ဒါ ဖြစ်ရပ်သည် ဟော်လိုကော့စ်နှင့် မည်သို့ ဆင်တူပါသနည်း၊ ကွဲပြားပါသနည်း။

၆။ ဒါဖား ဖြစ်ရပ်မှ မည်သည့် သင်ခန်းစာများ ယူနိုင်ပါသနည်း။

## ဆက်လက် ဖတ်ရှုရန်


**Bloxham, D.** and **Moses, A.** (2010). *The Oxford Handbook of Genocide Studies.* New York: Oxford University Press.
လူမျိုး ပြုန်းတီးစေမှု၏ ရှုထောင့် အမျိုးမျိုးကို ရေးသားထားသည့် အက်ဆေးများအား စုဆောင်းထားခြင်း ဖြစ်သည်။

**Dallaire, R.** with **Beardsley, B.** (2003). *Shake Hands with the Devil: The Failure of Humanity in Rwanda.* Toronto: Random House Canada.
ရဝမ်ဒါတွင် ငြိမ်းချမ်းရေး ထိန်းသိမ်းရေး မစ်ရှင်ကို ဦးဆောင်ခဲ့သော ကနေဒါလူမျိုး၏ အမှတ်တရများ။

**Daly, M.** (2007). *Darfur's Sorrow: A History of Destruction and Genocide.* New York: Cambridge University Press.
ဒါဖား၏ သမိုင်းနှင့် နိုင်ငံရေးများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးထားသည်။

**Flint, J.** and **de Waal, A.** (2008). *Darfur: A New History of a Long War* (revised and updated). London: Zed Books.
ဒါဖား ဖြစ်ရပ်ဆိုးနှင့် အနီးစပ်ဆုံး နောက်ခံများကို ကျယ်ကျယ်ပြန့်ပြန့် ထိထိမိမိ ဆွေးနွေးထားသည်။

**Hagan, J.** and **Rymond-Richmond, W.** (2009). *Darfur and the Crime of Genocide.* New York: Cambridge University Press.
ဒါဖားရှိ အကြမ်းဖက်မှုများကို ရာဇဝတ် သိပ္ပံ လေ့လာရေး ရှုထောင့်မှ သုံးသပ်ထားပြီး ဤဖြစ်ရပ်သည် လူမျိုး ပြုန်းတီးစေမှု ဖြစ်သည်ဟု ဆိုထားသည်။

**Power, S.** (2002). *"A Problem from Hell": America and the Age of Genocide.* New York: Basic Books.
နိုင်ငံတကာ၊ အထူးသဖြင့် အမေရိကန် နိုင်ငံ၊ မှ လူမျိုး ပြုန်းတီးစေမှုကို တားဆီးရန် ပျက်ကွက်ပုံ အကြောင်း ရေးသားထားသည့် ပူလစ်ဇာ ဆုရ စာအုပ် ဖြစ်သည်။ ရာဖယ်လ် လမ်ကင်း အကြောင်းကိုလည်း ကောင်းစွာ ဆွေးနွေးထားနိုင်သည်။

**Prunier, G.** (1995). *The Rwanda Crisis: History of a Genocide.* New York: Columbia University Press.
ရဝမ်ဒါ သမိုင်းနှင့် လူမျိုး ပြုန်းတီးစေမှုအား ခြုံငုံ ရေးသားထားသည်။

**Schabas, W.** (2000). *Genocide in International Law: The Crime of Crimes.* Cambridge: Cambridge University Press.
လူမျိုး ပြုန်းတီးစေမှု ဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် ရေးဆွဲစဉ်က အကြောင်းများနှင့် သဘောတူစာချုပ်၏ ဥပဒေ ရှုထောင့် အမျိုးမျိုးကို ဖော်ပြထားသည်။

**Stone, D.** (ed.) (2008). *The History of Genocide.* London: Palgrave Macmillan.
တစ်ဒါဇင်ကျော်သော ဖြစ်ရပ်များ၏ သမိုင်းဝင် ဆွေးနွေးငြင်းခုံမှုများကို ခြုံငုံရေးသားထားသည်။

**Straus, S.** (2006). *The Order of Genocide: Race, Power, and War in Rwanda.* Ithaca, NY: Cornell University Press.
ရဝမ်ဒါမှ လူမျိုး ပြုန်းတီးစေမှု အကြောင်းအရာများကို ဒေသ အခြေအနေများအား အဓိကထား၍ လူမှုရေး သိပ္ပံ ရှုထောင့်မှ သုံးသပ်ထားသည်။

**Valentino, B.** (2004). *Final Solutions: Mass Killing and Genocide in the Twentieth Century.* Ithaca, NY: Cornell University Press.
လူမျိုး ပြုန်းတီးစေမှုနှင့် အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်မှုများ ဖြစ်ပွားရသည့် အကြောင်းအရင်းကို နိုင်ငံရေး သိပ္ပံ ရှုထောင့်မှ ကောင်းစွာ ရေးသားတင်ပြထားသည်။

## ဝက်ဘ်ဆိုဒ်များ

**http://www.ushmm.org/genocide/** ယုံကြည်မှုဆိုင်ရာ ကော်မတီ၏ ဝဘ်ဆိုဒ်တွင် ခေတ်ပေါ် လူမျိုး ပြုန်းတီးစေမှုများအား သုံးသပ်၍ စည်းရုံးဆွဲဆောင်မှုများကို တင်ပြထားသည်။

**http://www.enoughproject.org/** The Enough အဖွဲ့၏ ဝဘ်ဆိုဒ်တွင် လူမျိုး ပြုန်းတီးစေမှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများအား အဆုံးသတ်ရန် သုံးသပ်ချက်များနှင့် စည်းရုံး ဆွဲဆောင်မှုများကို တင်ပြထားသည်။

**http://www.crisisgroup.org/home/index.cfm** The International Crisis Group ၏ ဝဘ်ဆိုဒ်တွင် ဒါဖား အပါအဝင် ယနေ့ခေတ် ပဋိပက္ခများ အပေါ် သုံးသပ်ချက်များကို ဖော်ပြထားသည်။

**http://www.unictr.org** ရဝမ်ဒါ ဆိုင်ရာ နိုင်ငံတကာ ရာဇဝတ်မှု ခုံရုံး၏ ဝဘ်ဆိုဒ် ဖြစ်သည်။

**http://www.icc-cpi.int/Menus/ICC/Home** နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး၏ ဝဘ်ဆိုဒ်တွင် ဒါဖားနှင့် အခြား ဒေသများမှ အစုလိုက် အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှု ကျူးလွန်ခဲ့ခြင်းများကို တရားစွဲဆိုခြင်းနှင့် ဆိုင်သည့် အချက်အလက်များ တင်ပြထားသည်။

**http://genocidescholar.org/** လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ ပညာရှင် နိုင်ငံတကာ အစည်းအရုံး၏ ဝဘ်ဆိုဒ်။

**http://www.tandf.co.uk/journals/titles/I4623528.asp** *The Journal of Genocide Research* ၏ ဝဘ်ဆိုဒ်။

**http://utpjournals.metapress.com/content/I20325/** *Genocide Studies and Prevention* ဂျာနယ်၏ ဝဘ်ဆိုဒ်။

**http://www.ushmm.org/genocide/taskforce/** လူမျိုး ပြုန်းတီးစေမှု တားဆီးရေး လုပ်ဆောင်ချက်များကို ခိုင်မာလာစေရန် အမေရိကန် အခြေစိုက် မူဝါဒ အဖွဲ့၊ လူမျိုး ပြုန်းတီးစေမှု တားဆီးရေး တပ်ဦး၏ ဝဘ်ဆိုဒ်။

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၂၁) လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှု

အယ်လ်လန် ဂျေ ကူပါမန်း (Alan J. Kuperman)

## အခန်း မာတိကာ

- လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုကို မိတ်ဆက်ခြင်း
- ဝင်ရောက် စွက်ဖက်မှု ဆိုင်ရာ သဘောတရားများ ပြောင်းလဲလာခြင်း
- စစ်ရေးအရ ဝင်ရောက် စွက်ဖက်မှု
- ထိရောက်သော ဝင်ရောက် စွက်ဖက်မှုအတွက် အတားအဆီးများ
- ဝင်ရောက် စွက်ဖက်မှု၏ မရည်ရွယ်ထားသော ရလဒ်များ
- ဖြစ်ရပ် လေ့လာခြင်း၊ ဘော့စနီးယား
- နိဂုံး၊ လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုမှ သင်ခန်းစာများ

## စာဖတ်အညွှန်း

ယခု အခန်းတွင် လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုများနှင့် ၎င်းတို့နှင့် လူ့အခွင့်အရေးကို မြှင့်တင်နိုင်ခြင်းအကြား ဆက်စပ်မှုများ အကြောင်းကို လေ့လာသွားပါမည်။ ပထမ အပိုင်းတွင် စစ်အင်အား သုံးခြင်း၊ ရှေးရိုးစွဲ ကြားနေစံနှုန်းနှင့် နိုင်ငံ တစ်နိုင်ငံ၏ အချုပ်အခြာ အာဏာကို ချိုးဖောက်ခြင်းများ ပါဝင်စေရန် လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုများ၏ ဖြစ်ပေါ် ပြောင်းလဲမှုများ၊ အထူးသဖြင့် ဒုတိယ ကမ္ဘာစစ်နှင့် စစ်အေးတိုက်ပွဲများ ပြီးနောက် ဖြစ်ပွားခဲ့သည်များကို စူးစမ်းသွားမည် ဖြစ်သည်။ ထို့နောက် အကြမ်းဖက်မှု၏ အရှိန်၊ တိကျသော သတင်းအချက်အလက်များ ရရှိမှု နှောင့်နှေးခြင်း၊ စစ်တပ်များ ချထားရန် ထောက်ပံ့ပို့ဆောင်ရေး ဆိုင်ရာ အခက်အခဲများ၊ မလုံလောက်သော နိုင်ငံရေး စိတ်ဆန္ဒ အစရှိသည်တို့ အပါအဝင် ထိရောက်သော ဝင်ရောက် စွက်ဖက်မှုများ အတွက် အတားအဆီးအချို့ကို ဆွေးနွေးသွားပါမည်။ ယခု အခန်းတွင် လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုက “ကိုယ်ကျင့်တရား ဆိုင်ရာ အန္တရာယ်” (moral hazard) ကို မရည်ရွယ်ဘဲ ဖြစ်ပွားစေနိုင်ပြီး ပြည်တွင်း ပဋိပက္ခများကို သက်ဆိုးရှည်စေကာ အရပ်သားများ ထိခိုက်နစ်နာမှုကို ပိုဆိုးစေနိုင်ပုံတို့ အပါအဝင် လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုများ၏ မရည်ရွယ်ထားသော ရလဒ်များကိုလည်း ခွဲခြမ်းစိတ်ဖြာ သုံးသပ်ထားသည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ အမေရိကန်၊ ဥရောပ အသိုက်အဝန်း၊ ကုလသမဂ္ဂနှင့် နေတိုး (NATO) အဖွဲ့တို့မှ ဘော့စနီးယားသို့ လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်ခဲ့ခြင်း၏ အသေးစိတ် ဖြစ်ရပ်က အဆိုပါ သဘောတရား အများအပြားကို လက်တွေ့ပြသနေသည်။ နိဂုံးချုပ်အနေဖြင့် လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုကို ပိုမို ကောင်းမွန်လာစေရန် အကြံပြုချက်များနှင့် လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့် ပေါင်းစည်းနိုင်ရန် အကြံပြုချက်များကို တင်ပြထားသည်။

## လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုကို မိတ်ဆက်ခြင်း

**လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှု**သည် လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့် ထပ်တူမညီသော်လည်း ဆက်စပ်မှု ရှိသည်။ အဆိုပါ ဆက်စပ်မှုများမှာ တစ်ခါတရံ သိသာသော်လည်း တစ်ခါတရံတွင် မျှော်လင့်ထားသည်နှင့် လွဲချော်နေတတ်သည်။ အတိအကျ ဆိုရသော် လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုဆိုသည်မှာ အခြားနိုင်ငံ တစ်နိုင်ငံတွင် အန္တရာယ် ကျရောက်နေသော အရပ်သားများကို ကာကွယ်ရန် နိုင်ငံတစ်နိုင်ငံ (သို့) ထို့ထက်ပိုသော နိုင်ငံများ (သို့) နိုင်ငံတကာ အဖွဲ့အစည်းများက သံတမန်ရေး၊ စီးပွားရေး နည်းလမ်းများနှင့် စစ်ရေး အရင်းအမြစ်များကို အသုံးပြုခြင်း ဖြစ်သည်။ အဆိုပါ အရပ်သားများသည် သဘာဝ ဘေးအန္တရာယ်ကြောင့် (သို့) ၎င်းတို့ကို ရည်ရွယ်ချက် ရှိရှိ ပစ်မှတ်ထားသော (သို့) နောက်ဆက်တွဲ ဖြစ်ပွားသည့် လူမှု အနှောင့်အယှက်များ ရှိသည့် (စစ်ပွဲများ အပါအဝင်) နိုင်ငံရေး အကြမ်းဖက်မှုများကြောင့် အန္တရာယ် ကြုံတွေ့နေရခြင်း ဖြစ်နိုင်သည်။

ပြည်တွင်းစစ်များသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားရသည့် အကြောင်းအရင်းရော၊ ရလဒ်ပါ ဖြစ်နိုင်လေရာ လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုနှင့် လူ့အခွင့်အရေး မြှင့်တင်မှုများအကြား ဆက်စပ်မှုများ ရှိသည်။ အုပ်စု တစ်စု၏ လူ့အခွင့်အရေးကို စဉ်ဆက်မပြတ် ချိုးဖောက်ခြင်းသည် ထိုအုပ်စုမှ အဖွဲ့ဝင်များကို အာဃာတနှင့် ဒေါသစိတ်များ ဖြစ်ပေါ်စေကာ နောက်ဆုံးတွင် လက်နက်ကိုင် တော်လှန်ခြင်းများ ဖြစ်လာပြီး ပြည်တွင်းစစ် စတင်လာနိုင်သည်။ စစ်ဖြစ်ပွားချိန်တွင် အရပ်သားများသည် အစားအသောက်၊ သောက်ရေ၊ နားခိုရာနှင့် ဆေးဝါး မလုံလောက်ခြင်း ကဲ့သို့သော လူသားချင်းစာနာမှု ဆိုင်ရာ လိုအပ်ချက်များ ရင်ဆိုင်ရသကဲ့သို့ ဥပဒေမဲ့ ဖမ်းဆီး ထိန်းသိမ်းခြင်း၊ ဖိအားပေး ပြောင်းရွှေ့စေခြင်း (သို့) အကြမ်းဖက် ခံရခြင်းတို့ အပါအဝင် ပြောင်ပြောင်တင်းတင်း လူ့အခွင့်အရေး ချိုးဖောက်ခြင်း များလည်း ခံစားရသည်။ စစ်ပွဲများကို အဆုံးသတ်စေနိုင်သည့် နိုင်ငံတကာ လုပ်ရပ်များသည် ထိုပြဿနာ နှစ်မျိုးလုံးကို လျော့ပါး အဆုံးသတ် စေလိမ့်မည်။ ထို့ကြောင့် လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုသည် တစ်ခါတရံတွင် လူ့အခွင့်အရေးကို မြှင့်တင်ပေးသည်။

သို့ရာတွင် အချို့ အချိန်များတွင် ထိုရည်မှန်းချက် နှစ်ခုမှာ ဖီလာနေကြသည်။ လူ့အခွင့်အရေးကို မြှင့်တင်ရန် ကြိုးပမ်းမှုများသည် လူသားချင်း စာနာမှုဆိုင်ရာ လိုအပ်ချက်များကို ပိုမို ဆိုးရွားစေသည်။ သို့မဟုတ် လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပိုမို ဆိုးရွားစေသည်။ ထိုအခြေအနေတွင် ချဉ်းကပ် စည်းရုံးသူ များသည် ထိုကိစ္စရပ် နှစ်ခုအနက် မည်သည့် ကိစ္စရပ်ကို ၎င်းတို့အနေဖြင့် ပို၍ ဦးစားပေး သင့်သနည်းဟု ဆုံးဖြတ်ပြီး အခြားတစ်ခုကို ယာယီ စတေးခံလိုက်ရမည် ဖြစ်သည်။ တွေးခေါ်ပညာရှင်များနှင့် လူမှုရေး သိပ္ပံ ပညာရှင်များက အဆိုပါ ဖြစ်ရပ်ကို "ငြိမ်းချမ်းရေးနှင့် တရားမျှတမှု" အကြား ဒွိဟဖြစ်မှု (သို့) တစ်ခု ရရန် အတွက် တစ်ခုကို စတေးရခြင်းဟု အမည်တပ် ထားသည်။

အဆိုပါ အခြေအနေများကို ၁၉၉၂ မှ ၁၉၉၅ ခုနှစ်အထိ သွေးမြေကျ ပြည်တွင်းစစ် ဖြစ်ပွားခဲ့ပြီး လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှု ပုံစံအမျိုးမျိုး ကြုံတွေ့ခဲ့ရသော ဥရောပ နိုင်ငံ တစ်နိုင်ငံ ဖြစ်သည့်

ဘော့စနီးယား နိုင်ငံတွင် တွေ့ရသည်။ ဘော့စနီးယား၏ ဖြစ်ရပ်ကို ယခုအခန်း နောက်ပိုင်းတွင် အသေးစိတ် ဖော်ပြသွားပါမည်။

## ဝင်ရောက် စွက်ဖက်မှုဆိုင်ရာ သဘောတရားများ ပြောင်းလဲလာခြင်း

လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုသည် အစောပိုင်းတွင် အန္တရာယ် ကျရောက်နေသော အရပ်သားများကို လိုအပ်သည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်မှုဟု အဓိပ္ပာယ် ကျဉ်းကျဉ်းသာ ဖွဲ့ဆိုထားခဲ့သည်။ ထိုအဓိပ္ပာယ် ဖွင့်ဆိုချက်တွင် လုပ်ဆောင်ချက် (သို့) အရပ်သားများ ထိခိုက်နစ်နာမှုကို ဖြစ်စေနိုင်သော နိုင်ငံရေး အကြောင်းအရာများကို မှတ်ချက် ပေးခြင်းပင် ရှောင်ရှား ထားသည်။ ထိုအစဉ်အလာတွင် ပုံမှန် ပါဝင်သည့် လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့မှာ နိုင်ငံတကာ ကြက်ခြေနီ ကော်မတီ (International Committee of the Red Cross (ICRC)) ဖြစ်သည်။ ICRC သည် ၁၈၆၃ ခုနှစ် နိုင်ငံတကာ ညီလာခံ တစ်ခုမှ စတင် ပေါ်ပေါက်ခဲ့ပြီး ထိုညီလာခံကပင် ဂျနီဗာ သဘောတူစာချုပ်နှင့် နောက်ဆက်တွဲ စာချုပ်များကို နောက်တစ်နှစ်တွင် ပေါ်ထွက်လာစေခဲ့သည်။ ထိုသဘောတူစာချုပ်တွင် အရပ်သားများနှင့် စစ်သားများကို စစ်ပွဲကာလ အတွင်း ကျန်းမာရေး စောင့်ရှောက်မှု အကာအကွယ် ပေးအပ်ရန် အာမခံထားသည်။ ICRC ၏ မူမှာ ၎င်း၏ လူသားချင်းစာနာမှု ဆိုင်ရာ တာဝန်ကို ထမ်းဆောင်နိုင်ရန် ၎င်းဝင်ရောက်သည့် နိုင်ငံများကို နိုင်ငံရေးအရ ဝေဖန်ခြင်း မပြုပေ။ ဥပမာ ICRC က အစိုးရကို အရပ်သားများအား ရည်ရွယ်ချက် ရှိရှိ ထိခိုက်စေသည့် အတွက် ဝေဖန်မှု ပြုခဲ့လျှင် အစိုးရက ICRC ကို နိုင်ငံအတွင်း ဝင်ရောက်ကာ လူသားချင်း စာနာမှု ဆိုင်ရာ အထောက်အပံ့များ ပေးခြင်းမှ တားဆီးပိတ်ပင်လိမ့်မည်။ ယင်းသို့ဆိုလျှင် အရပ်သားများကို ပိုမို ထိခိုက်စေလိမ့်မည်။ ထို့ကြောင့် ICRC ကဲ့သို့သော သမားရိုးကျ လူသားချင်းစာနာမှု ဆိုင်ရာ အဖွဲ့အစည်းများသည် ၎င်းတို့၏ လူသားချင်း စာနာမှုဆိုင်ရာ ရည်မှန်းချက်များကို အထောက်အကူ ဖြစ်စေရန် လူ့အခွင့်အရေး ဆိုင်ရာ စိုးရိမ် ပူပန်မှုများကို သိသိသာသာပင် ချိုးနှိမ်ထားကြသည်။ ဖြစ်ရပ် အများအပြားတွင် ICRC ကို ၎င်း၏ ကြားနေ ရပ်တည်ချက်ကြောင့် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြသည်။ အထူးသဖြင့် ဟော်လိုကော့စ် ဖြစ်ရပ်အတွင်း နာဇီများ၏ ရာဇဝတ်မှုများကို မျက်မြင် တွေ့ရှိခဲ့သော်လည်း တိုင်ကြားခြင်း (သို့) ရှုတ်ချခြင်း မရှိသောကြောင့် ဖြစ်သည်။

လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှု၏ ကျယ်ပြန့်သော အဓိပ္ပာယ် ဖွင့်ဆိုချက်သည် လွန်ခဲ့သော ဆယ်စုနှစ် ငါးစုလောက်အတွင်း ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ အဓိက အပြောင်းအလဲ ဖြစ်ခဲ့သည့် ဖြစ်ရပ်မှာ ၁၉၆၇ နှင့် ၁၉၇၀ ခုနှစ်ကြား နိုင်ဂျီးရီးယားနိုင်ငံ၏ ဘီရာဖရာ ဒေသအတွင်း ဖြစ်ပွားခဲ့သော ခွဲထွက်ရေး စစ်ပွဲ ဖြစ်သည်။ ထိုဖြစ်ရပ်တွင် ICRC ဝန်ထမ်း အချို့က ၎င်းတို့ အဖွဲ့အစည်း၏ နိုင်ငံရေးအရ ကြားနေ မူဝါဒကို ဆန့်ကျင်ခဲ့ကြသည်။ နိုင်ဂျီးရီးယား အစိုးရသည် ခွဲထွက်လိုသူများအား ၎င်းတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လွတ်လပ်ရေး ရယူလိုသည့် မျှော်လင့်ချက်များကို စွန့်လွှတ်သွားစေရန် ကြိုးပမ်းသည့် အနေဖြင့် လူသားချင်း စာနာမှုဆိုင်ရာ လိုအပ်ချက်များ ရည်ရွယ်ချက်ရှိရှိဖြင့် ဖြစ်ပွားစေခဲ့သည်ဟု ထိုသူများက ယုံကြည်ကြသည်။ ICRC က လုပ်ဆောင်နေသည့် ထိခိုက်သူများကို လူသားချင်း စာနာမှု ဆိုင်ရာ အကူအညီများ ပေးခြင်းသည် ဒုက္ခများ၏ ဇာစ်မြစ်ကို မဖြေရှင်းနိုင်ဟု သူတို့က ရှုမြင်ကြသည်။ ထို့ကြောင့် အဆိုပါ မကျေမနပ် ဖြစ်နေသူ လူသားချင်း စာနာမှု အကူအညီ ပေးသူများသည်

ICRC မှ ခွဲထွက်ပြီး ၁၉၇၁ ခုနှစ်တွင် ၎င်းတို့ ကိုယ်ပိုင် အဖွဲ့အစည်း နယ်စည်မခြား ဆရာဝန်များ အဖွဲ့ (Medecins Sans Frontieres (MSF)) ကို ထူထောင်ခဲ့သည်။ ယင်းအဖွဲ့သည် အထောက်အပံ့များ ပေးရုံသာမက ထိခိုက်နစ်နာမှုများ ဖြစ်ပွားစေသည်ဟု ၎င်းတို့ ယူဆသည့် နိုင်ငံ၏ မူဝါဒများကိုပါ ရှုတ်ချသည်။ MSF သည် ICRC ၏ မူဖြစ်သည့် မြေပြင်တွင် နိုင်ငံရေးအရ ကြားနေမှုမူကို စွန့်လွှတ်ခဲ့ပြီး ၎င်းတို့၏ အကူအညီပေးနိုင်မှုကို ရေတိုတွင် အဟန့်အတား ဖြစ်စေသည့်တိုင်အောင် ရေရှည်တွင် လူသားချင်း စာနာမှုဆိုင်ရာ ထိခိုက် ခံစားမှုများကို လျှော့ချနိုင်ရန် အကောင်းဆုံး နည်းလမ်းဟု ယူဆသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အမည်တပ်၊ ရှုတ်ချသည့် နည်းလမ်းကို အသုံးပြုသည်။

## ဘက်မလိုက်မှုနှင့် ကြားနေမှု

လူသားချင်း စာနာမှုလုပ်ငန်း ဆောင်ရွက်သူများသည် ဝင်ရောက် စွက်ဖက်မှုများ လုပ်ရာတွင် ဘက်မလိုက်မှုနှင့် ကြားနေမှု မူနှစ်ခုလုံးကို လိုက်နာရသည်ဟု ဆိုသည်။ သို့ရာတွင် လက်တွေ့တွင် ပြည်တွင်းစစ် ကာလအတွင်း ထိုရည်မှန်းချက် နှစ်ခုလုံးကို လိုက်နာရန် ခက်ခဲပေမည်။ ဘက်မလိုက်မှု ဆိုသည်မှာ အထောက်အပံ့များကို လက်ခံသူ၏ နိုင်ငံရေး (သို့) စစ်ရေး သစ္စာ စောင့်သိမှုအား ထည့်သွင်း စဉ်းစားခြင်း မပြုဘဲ လိုအပ်မှုအပေါ်သာ အခြေခံ၍ ပေးအပ်ခြင်း ဖြစ်သည်။ ကြားနေမှု ဆိုသည်မှာ ဝင်ရောက် စွက်ဖက်မှုသည် ယှဉ်ပြိုင်နေသော အဖွဲ့များအကြား အာဏာချိန်ခွင်လျှာအပေါ် သက်ရောက်မှုအား ထိခိုက်မှု မရှိစေခြင်း ဖြစ်သည်။ ဘက်မလိုက်မှုနှင့် ကြားနေမှုမူ နှစ်ခု ကိုက်ညီမှု မရှိခြင်းသည် အချက် နှစ်ချက်မှ ဆင်းသက်လာသည်။ ယင်းတို့မှာ ပြည်တွင်း စစ်များသည် ဘက်ညီချင်းထက် ဘက်မမျှခြင်းက ပိုများသည် ဟူသော အချက်နှင့် လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုများသည် ပုန်ကန် တိုက်ခိုက်သူများ ကိုလည်း အကျိုးရှိစေသည် ဟူသော အချက်တို့ ဖြစ်သည်။ ပြည်တွင်းစစ် ဖြစ်ပွားချိန်တွင် တစ်ဘက်က အခြားတစ်ဘက်ကို အနိုင်ရနေသည်က များပြီး ထိုအဖွဲ့က ထိခိုက် ဆုံးရှုံးမှု နည်းပါးသည်။ ထို့ကြောင့် ဝင်ရောက် စွက်ဖက်သူက လူသားချင်းစာနာမှု ဆိုင်ရာ အထောက်အပံ့များကို ဘက်မလိုက်ဘဲ ပေးအပ်သည့်အခါ သူတို့က ပိုမိုအားနည်းသည့် အဖွဲ့ကိုသာ အဓိက ကူညီရပြီး ပို၍ အားသာသည့် အဖွဲ့က အကြမ်းဖက်မှုများ ရပ်တံ့ကာ အကူအညီပေးမှုကို ထောက်ပံ့ပေးရသည်။ ထိုလုပ်ရပ် နှစ်ခုလုံးသည် ပဋိပက္ခအတွင်း အာဏာချိန်ခွင်လျှာကို ပြောင်းလဲစေပြီး အားသာသူနှင့် နှိုင်းယှဉ်လျှင် အားနည်းသူကို ပိုမိုအားဖြည့်ပေးသည့် သဘော သက်ရောက်သည်။ ထို့ကြောင့် ဝင်ရောက် စွက်ဖက်ခြင်းသည် ကြားနေရာ မကျပေ။ ဝင်ရောက် စွက်ဖက်သူများသည် ကြားနေရန် ကြိုးပမ်းမည် ဆိုပါက ထိခိုက် နစ်နာမှု နည်းသည့် ဘက်ကိုလည်း တူညီသော အထောက်အပံ့ ပမာဏ ပေးအပ်ရမည်။ ထိုသို့ ပြုလုပ်ပါက ဘက်မလိုက်သည့် မူကို ချိုးဖောက်ရာ ကျမည် ဖြစ်သည်။

၁၉၉၀ ပြည့်လွန်နှစ်များတွင် လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှု သဘောတရားကို စစ်အင်အား အသုံးပြုမှုများ ပါဝင်အောင် ထပ်မံ အကျယ်ချဲ့ ခဲ့သည်။ စစ်အင်အားကို အထောက်အပံ့များ ပေးအပ်ခြင်းအား ကာကွယ်ပေးရန် သာမက အချို့ ဖြစ်ရပ်များတွင် အရပ်သားများကို အန္တရာယ် ကျရောက်စေသည်ဟု ယူဆရသည့် ဇာတ်ကောင်များကို တားဆီးရန် (သို့) နှိမ်နင်းရန်အတွက်ပါ အသုံးပြုသည်။ စစ်အေးကာလ ပြီးဆုံးသွားခြင်းက ကုလသမဂ္ဂ လုံခြုံရေး ကောင်စီအတွင်း အမေရိကန် နိုင်ငံနှင့် ဆိုဗီယက် နိုင်ငံတို့အကြား ရှေ့မတိုး နောက်မဆုတ်သာ အခြေအနေကို ပျက်ပြားသွားစေခဲ့ပြီး

ဖြစ်ရပ်ပေါ် မူတည်၍ အရပ်သားများကို ကာကွယ်ရန် စစ်အင်အား အသုံးပြုခြင်း အပါအဝင် နည်းလမ်း အမျိုးမျိုး အသုံးပြုကာ ဝင်ရောက်စွက်ဖက်ခြင်းအား ခွင့်ပြုလာခဲ့သည်။ ဥပမာများကို နောက်အပိုင်းတွင် ဆွေးနွေးထားသည်။

ဝင်ရောက်စွက်ဖက်မှု အပြောက်အမြားအပြီး ၂၀၀၁ ခုနှစ်တွင် အခြေအနေအရ ဖွဲ့စည်းလိုက်သော ဝင်ရောက် စွက်ဖက်ခြင်းနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာဆိုင်ရာ နိုင်ငံတကာ ကော်မရှင် (International Commission on Intervention and State Sovereignity) (ICISS, 2001) အဖွဲ့က **ကာကွယ်ရန် တာဝန်** (Responsibility to Protect (R2P)) ရှိသည်ဟု ကောက်ချက်ချခဲ့သည်။ ဆိုလိုသည်မှာ အရပ်သားများကို လူသားချင်း စာနာမှု အကြောင်းပြချက်များအရ နည်းလမ်း အမျိုးမျိုးဖြင့် ကာကွယ်ရန် နိုင်ငံများတွင် ယေဘုယျအားဖြင့် တာဝန်ရှိသည် ဟူ၍ ဖြစ်သည်။ ထိုနည်းလမ်းများတွင် "တားဆီးရေး နည်းလမ်းများ အားလုံးနှင့် အင်အားသုံး ဝင်ရောက် စွက်ဖက်ရေး နည်းလမ်းများ အားလုံး၊ ပိတ်ဆို့ အရေးယူခြင်းနှင့် ရာဇဝတ်ကောင်များကို တရားစွဲဆိုခြင်း" နှင့် "စစ်ရေးအရ ဝင်ရောက် စွက်ဖက်ခြင်း" တို့ ပါဝင်သည်။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂ ကျွမ်းကျင်သူများ အဖွဲ့က "နိုင်ငံတကာမှ အတူတကွ ကာကွယ်ရန် တာဝန်ရှိသည်ဟူသည့် စံနှုန်း ထွက်ပေါ်လာခြင်းကို ကျွန်ုပ်တို့ ထောက်ခံပါသည်" ဟု ဆိုခဲ့သည် (United Nations, 2004, p. 66)။ နောက်ဆုံးတွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံက ၂၀၀၅ ခုနှစ် ကမ္ဘာ့ ထိပ်သီး ညီလာခံတွင် "လူမျိုးတုံး သတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု၊ လူမျိုးစု ရှင်းလင်းရေးနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများမှ လူများကို ကာကွယ်ပေးနိုင်ရန် သင့်လျော်သော သံတမန်ရေးရာ၊ လူသားချင်းစာနာမှု ဆိုင်ရာနှင့် အခြားနည်းလမ်းများ အားလုံး အသုံးပြုရန် တာဝန်ရှိကြောင်း" ဥပဒေပြုခဲ့ပြီး "ငြိမ်းချမ်းသော နည်းလမ်းများဖြင့် မလုံလောက်ပါက ဖြစ်ရပ်ပေါ် မူတည်၍" အင်အားသုံးခြင်းကို ခွင့်ပြုထားသည် (United Nations General Assembly, 2005, p. 30)။ R2P ၏ မူလ အဆိုတွင် အရပ်သားများ ခြိမ်းခြောက်ခံနေရပါက နိုင်ငံတကာ အသိုင်းအဝိုင်းသည် ဝင်ရောက်စွက်ဖက်မှု ပုံစံ သုံးမျိုး၊ တားဆီးခြင်း၊ ကာကွယ်ခြင်းနှင့် ပြန်လည် တည်ဆောက်ခြင်းတို့ လုပ်ဆောင်ရန် တာဝန်ရှိသည်ဟု ဆိုထားသည်။ ထိုပုံစံများသည် ကိုလိုနီ လက်သစ် ပုံစံများ ဖြစ်သည်ဟု ဝေဖန်ခံရသောအခါ R2P ကို အခြား တာဝန် သုံးမျိုး အဖြစ် ပြန်လည် ပြင်ဆင် ပြောင်းလဲခဲ့သည်။ (၁) နိုင်ငံများသည် ၎င်းတို့၏ ပြည်သူများကို ကာကွယ်ရန် တာဝန်ရှိသည်၊ (၂) ထိုသို့ လုပ်ဆောင်နိုင်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းသည် နိုင်ငံများကို အကူအညီ အထောက်အပံ့ ပေးရမည်၊ (၃) ထိုသို့လုပ်ဆောင်ပေးနေပါလျက် နိုင်ငံများက ၎င်းတို့၏ ပြည်သူများကို ကာကွယ်ရန် ပျက်ကွက်သည့်အခါ နိုင်ငံတကာ အသိုင်းအဝိုင်းက ကုလသမဂ္ဂ ပဋိညာဉ်နှင့်အညီ ဝင်ရောက် စွက်ဖက်နိုင်သည် (G. Evans, 2009)။

ထိုသဘောတရားကို အတန်အသင့် ထောက်ခံမှု ရခဲ့သော်လည်း ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် လက်ဝဲ နိုင်ငံရေးသမားများက၊ အထူးသဖြင့် ဥရောပ ဒေသတွင် ထိုစံနှုန်းကို ခေတ်သစ် နယ်ချဲ့ဝါဒပုံစံဟု ဝေဖန်ခဲ့သည်။ ထိုပုံစံသည် အစိုးရ အပြောင်းအလဲ လုပ်ရန်၊ သဘာဝ အရင်းအမြစ်များကို အလွဲသုံးစား လုပ်ရန် (သို့) အနောက်နိုင်ငံမှ ကုန်တင်ပို့သူများအတွက် ဈေးကွက် ချဲ့ထွင်ရန်၊ လူသားချင်း စာနာမှု ဟန်ဆောင်ထားသော မိမိကိုယ်ကျိုးအတွက် ဝင်ရောက် စွက်ဖက်ခြင်းဟု စွပ်စွဲခဲ့သည်။ အချို့ ဝေဖန်သူများကလည်း ရဝမ်ဒါ၊ ဘော့စနီးယားနှင့် အီသီယိုးပီးယား ကဲ့သို့သော ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှု သမိုင်းရှိခဲ့သည့် အစိုးရများသည် ၎င်းတို့၏ အပြစ်များကို ဖုံးကွယ်ရန် ဆူဒန်နှင့် ဆိုမာလီယာ

နိုင်ငံကဲ့သို့သော အခြားနိုင်ငံများသို့ လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုအတွက် တပ်သားများ စေလွှတ်ပေးကြသည်ကို ထောက်ပြ ခဲ့သည်။

**အနှစ်ချုပ်**

လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုသည် သမားရိုးကျအားဖြင့် အန္တရာယ် ကျရောက်နေသော အရပ်သားများကို အရေးပေါ် ပစ္စည်းများ ကူညီ ထောက်ပံ့ပေးခြင်း ဖြစ်သည်။
ဝင်ရောက် စွက်ဖက်သူများသည် ယခင်က ICRC မှ နာဇီများကို ဝေဖန်ရန် ငြင်းဆိုသကဲ့သို့ နိုင်ငံရေးနှင့် ပတ်သက်မှုကို ရှောင်ကြဉ်ခဲ့ကြသည်။
ယနေ့ခေတ် ဝင်ရောက် စွက်ဖက်မှုများသည် အရပ်သားများ ထိခိုက် ခံစားရသည့် နိုင်ငံရေး ဇာစ်မြစ်များကို ရင်ဆိုင်ရန် ကြိုးပမ်းကြသည်။ ဥပမာ အရပ်သားများကို ပစ်မှတ်ထား ထိခိုက်စေသူများအား အမည်ထုတ်ဖော် ရှုတ်ချခြင်းမျိုး ဖြစ်သည်။
ဘက်မလိုက်ခြင်း ဆိုသည်မှာ အထောက်အပံ့များ ဖြန့်ဝေရာတွင် လိုအပ်ချက် တစ်ခုတည်းကိုသာ အခြေခံခြင်း ဖြစ်သည်။ ကြားနေခြင်း ဆိုသည်မှာ ပဋိပက္ခ၏ အာဏာချိန်ခွင်လျှာကို ပြောင်းလဲ မပစ်ခြင်း ဖြစ်သည်။ ထိုရည်မှန်းချက် နှစ်ခုမှာ ပုံမှန်အားဖြင့် ကိုက်ညီခြင်း မရှိပေ။
၁၉၉၁ ခုနှစ်မှ စ၍ လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုများတွင် အထောက်အပံ့များ ပေးခြင်းကို ကာကွယ်ရန်နှင့် ကျူးလွန်သူဟု ယူဆသူများကို ပစ်မှတ်ထားရန် စစ်အင်အားကို တိုးချဲ့ အသုံးပြုလာကြသည်။
၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂသည် ခွင့်ပြုချက်ဖြင့် စစ်အင်အား အသုံးပြုခြင်း အပါအဝင် လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုဖြင့် အရပ်သားများကို ကာကွယ်ရန် တာဝန်ရှိကြောင်း အသိအမှတ်ပြုခဲ့သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

လူသားချင်း စာနာမှုဆိုင်ရာ ရည်မှန်းချက်များနှင့် လူ့အခွင့်အရေးဆိုင်ရာ ရည်မှန်းချက်များအကြား လွန်ဆွဲမှုများ ရှိလာပါက မည်သို့ လုပ်ဆောင်သင့်သနည်း။ ဥပမာ မြောက်ကိုရီးယားနိုင်ငံ စစ်အာဏာရှင် စနစ် လက်အောက်တွင် ပြည်သူများသည် ၎င်းတို့၏ နိုင်ငံရေး အခွင့်အရေးများ ချိုးဖောက်ခံရရုံသာမက မကြာခဏ အငတ်ဘေးလည်း ကြုံတွေ့ကြရသည်။ လူသားချင်းစာနာမှုကို အဓိကထားပါက နိုင်ငံတကာ အသိုင်းအဝိုင်းသည် ငတ်မွတ်နေသော မြောက်ကိုရီးယား ပြည်သူများအတွက် အစားအစာများ ဖြန့်ဝေပေးသင့်သည်။ သို့ရာတွင် အငတ်ဘေးကို လျှော့ချခြင်းက စစ်အာဏာရှင် စနစ်အပေါ် လူထု ထောက်ခံမှုကို တိုးပွားစေလိမ့်မည်၊ ဤသို့ဖြင့် နိုင်ငံရေး အခွင့်အရေးများ ချိုးဖောက်ခြင်းကို သက်ဆိုးရှည်စေလိမ့်မည်။ ဤဖြစ်ရပ်တွင် လူသားချင်း စာနာမှုကို မြှင့်တင်ခြင်းနှင့် လူ့အခွင့်အရေးတို့ကြား မည်သည့် စိုးရိမ်ပူပန်မှုကို ဦးစားပေးသင့်သနည်း။ အဘယ်ကြောင့်နည်း။

## စစ်ရေးအရ ဝင်ရောက် စွက်ဖက်မှု

ယနေ့ခေတ် သမိုင်း၏ ကာလ အများစုတွင် အချုပ်အခြာ အာဏာဟူသည့် စံနှုန်းသည် နိုင်ငံများကို အခြား အသိအမှတ်ပြုထားသည့် နိုင်ငံများ (ပုံမှန်အားဖြင့် မူလ အခြေချ နေထိုင်သူများ နေထိုင်သည့် ကမ္ဘာသစ်မှ

နယ်မြေများ မပါဝင်ပေ၊ အခန်း (၉) တွင် ရှုပါ) ၏ ပြည်တွင်းရေးမှ ဝင်ရောက်စွက်ဖက်ခြင်းကို တားမြစ်ထားသည်။ အဆိုပါ စံနှုန်းကို စစ်ပွဲများ ဖြစ်ပွားခြင်းအား လျှော့ချရန်နှင့် နိုင်ငံတကာ တည်ငြိမ်မှုကို မြှင့်တင်ရန် ကျင့်သုံးခဲ့ခြင်း ဖြစ်သည်။ ၁၆ ရာစုနှင့် ၁၇ ရာစုအတွင်း ဥရောပတွင် ကစ်သလစ်နှင့် ပရိုတက်စတင့် ဘာသာဝင်များအကြား ဖြစ်ပွားခဲ့ပြီး ၁၆၁၈ ခုနှစ်မှ ၁၆၄၈ ခုနှစ် အတွင်း အထွပ်အထိတ်ရောက်လာသည့် နှစ်သုံးဆယ်ကြာ စစ်ပွဲ ကဲ့သို့သော ဆိုးရွားသည့် “ဘာသာရေး စစ်ပွဲများ” ကို တုံ့ပြန်သည့် အနေဖြင့် ယင်းစံနှုန်း ထွက်ပေါ်လာခြင်း ဖြစ်သည်။ ထိုစစ်ပွဲများသည် နိုင်ငံများ၏ နိုင်ငံပြင်ပ လုပ်ဆောင်ချက်များထက် နိုင်ငံတွင်း လုပ်ဆောင်ချက်များ (အထူးသဖြင့် ဘာသာရေး) ကြောင့် ဖြစ်ပွားရခြင်း ဖြစ်သည်။ နိုင်ငံများသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြား ခြားနားကြပြီး ၎င်းတို့ လက်ခံထားသော တန်ဖိုးများအပေါ် တန်ဖိုးထားမှု ပြင်းပြကြလေရာ ဉာဏ်ပညာ ထက်မြက်သည့် နိုင်ငံရေး ခေါင်းဆောင်များနှင့် တရားစီရင်သူများက ထိုကဲ့သို့ နိုင်ငံတွင်း လုပ်ဆောင်ချက်များအပေါ် အမြင် ကွဲလွဲမှုများကြောင့်သာ တိုက်ခိုက်မှုများကို ခွင့်ပြုနေလျှင် ရက်စက် ကြမ်းကြုတ်သော စစ်ပွဲများ မကြာခဏ ဖြစ်ပွား နေမည် ဖြစ်သည်ဟု သဘောပေါက် လာကြသည်။

ထို့ကြောင့် ၁၆၄၈ ခုနှစ်တွင် ဝက်စ်ဖီလီယား ပဋိညာဉ် (Treaty of Westphalia) မှတဆင့် အချုပ်အခြာ အာဏာ စံနှုန်းကို စတင် ဖော်ထုတ်ခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ငံများ၏ နိုင်ငံတွင်း လုပ်ဆောင်ချက်များထက် နိုင်ငံပြင်ပ လုပ်ဆောင်ချက်များအတွက်သာ စစ်ပွဲများကို တရားဝင် တိုက်ခိုက်နိုင်သည်။ နိုင်ငံများသည် ၎င်းတို့၏ ပြည်တွင်းရေး ကိစ္စရပ်များအပေါ် အပြည့်အဝ အချုပ်အခြာအာဏာ အသုံးပြုနိုင်သည်။ ဤသည်ကို အခြားနိုင်ငံများက စစ်အင်အားဖြင့် သော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့် သော်လည်းကောင်း ဝင်ရောက် စွက်ဖက်ခြင်း မပြုနိုင်ပေ။ စံနှုန်းကို တစ်ခါတရံတွင် ချိုးဖောက်ကြသော်လည်း (Krasner, 1999) ထိုစံနှုန်းသည် နှစ်ပေါင်း ၃၀၀ ကျော်အတွင်း နိုင်ငံတကာ ဥပဒေ၏ ထောက်တိုင် တစ်ခုအဖြစ် ရပ်တည်နေသည်။ ထိုမူကို ၁၉၄၅ ခုနှစ် ကုလသမဂ္ဂ ပဋိညာဉ်၏ အခန်း (၁) (အပိုဒ် ၂.၄ နှင့် ၂.၇) တွင်လည်း ထပ်မံ ဖော်ပြထားသည်။ ထိုအပိုဒ်များတွင် ကုလသမဂ္ဂမှ သော်လည်းကောင်း၊ ၎င်း၏ အဖွဲ့ဝင် နိုင်ငံများမှ သော်လည်းကောင်း အခြား နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်ခြင်းမှ တားဆီးထားသည်။

**အဖွဲ့ဝင်များ အားလုံးကို ၎င်းတို့၏ နိုင်ငံတကာ ဆက်ဆံရေးတွင် အခြား နိုင်ငံ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို သော်လည်းကောင်း၊ နိုင်ငံရေးအရ လွတ်လပ်မှုကို သော်လည်းကောင်း ခြိမ်းခြောက်ခြင်း (သို့) အင်အားသုံးခြင်းတို့ကို တားမြစ်ထားသည်။ ယခု ပဋိညာဉ်တွင် ပါဝင်သည့် မည်သည့် အရာကမျှ ကုလသမဂ္ဂအား နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်း တရားစီရင်ခွင့် နယ်ပယ်တွင်းရှိသော အကြောင်းအရာများ၌ ဝင်ရောက်စွက်ဖက်ခွင့် မပြု (သို့) အဖွဲ့ဝင် နိုင်ငံများအား ထိုကိစ္စရပ်များအတွက် ယခု ပဋိညာဉ်အရ စီရင်ပေးရန် တောင်းဆိုခွင့် မပြု။**

ပဋိညာဉ် အခန်း (၇) ပါ လုံခြုံရေး ကောင်စီမှ အထူး ဖြစ်ရပ် တစ်ခုအတွက် ဆုံးဖြတ်ချက် တစ်ခုကို အတည်ပြုခြင်း ကဲ့သို့သော ကိစ္စရပ်မျိုး မဖြစ်ပွားသရွေ့ အဆိုပါ တားမြစ်ချက်များသည် အကျုံးဝင်နေသည်။ နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်သည့် အခြေအနေ (သို့) ပဋိညာဉ် အပိုဒ် ၅၁ အရ နိုင်ငံတစ်နိုင်ငံသည် နိုင်ငံတကာမှ တိုက်ခိုက်မှုများအတွက် မိမိကိုယ် မိမိ ကာကွယ် နေရသည့် အခြေအနေများမှအပ လုံခြုံရေး ကောင်စီသည် ဝင်ရောက် စွက်ဖက်ခြင်းကို ခွင့်မပြုပေ။

## အချုပ်အခြာ အာဏာဆိုင်ရာ စံနှုန်း လျော့ကျလာခြင်း

အချုပ်အခြာ အာဏာ စံနှုန်းအား ဥပဒေအရ ပထမဆုံး ချိုးဖောက်ခြင်းကို ဟော်လိုကော့စ် နောက်ပိုင်းတွင် ထွက်ပေါ်လာခဲ့သည့် ၁၉၄၈ ခုနှစ် လူမျိုးတုံး သတ်ဖြတ်သော ရာဇဝတ်မှုကို တားဆီးခြင်းနှင့် ပြစ်ဒဏ်ပေးခြင်း ဆိုင်ရာ ကုလသမဂ္ဂ သဘောတူ စာချုပ်တွင် တွေ့ရသည်။ ထိုသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးသူများသည် လူမျိုးတုံး သတ်ဖြတ်မှု ရာဇဝတ်မှုကို "တားဆီးရန်နှင့် အပြစ်ပေးရန် တာဝန်ယူဆောင်ရွက်ရမည်"။ လူမျိုးတုံး သတ်ဖြတ်မှုကို နိုင်ငံတော်ကလည်း ၎င်းတို့၏ နိုင်ငံသားများအပေါ် ကျူးလွန်နိုင်ပေရာ သဘောတူစာချုပ်က လက်မှတ်ရေးထိုးသူများကို နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်း လုပ်ဆောင်ချက် တစ်ခုတည်းကိုသာ အခြေခံ၍ ဝင်ရောက် စွက်ဖက်ရန် တာဝန်ပေးထားသည်။ ကာကွယ်ရန် တာဝန်က အချုပ်အခြာ အာဏာ စံနှုန်းကို ထပ်မံ၍ လျော့ကျစေသည်။ လူမျိုးတုံး သတ်ဖြတ်မှုကို တားဆီးရန်သာမက နိုင်ငံ တစ်နိုင်ငံအတွင်း ဖြစ်ပွားသည့် **စစ်ရာဇဝတ်မှုများ၊ လူမျိုးစု ရှင်းလင်းရေးနှင့် အခြားသော လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ** အပါအဝင် အခြား ကြီးမားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တားဆီးရန် ဝင်ရောက် စွက်ဖက်ခြင်းကို ခွင့်ပြုထားသည်။ ကုလသမဂ္ဂ ပဋိညာဉ်နှင့် ကိုက်ညီစေရန် ဝင်ရောက် စွက်ဖက်ခြင်းကို ထောက်ခံသူများက နိုင်ငံ တစ်နိုင်ငံတွင် လူ့အခွင့်အရေးကို ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်နေခြင်းသည် "ထိုနိုင်ငံ၏ ပြည်တွင်း တရားစီရင်ခွင့် နယ်ပယ် အတွင်း၌သာ ကျရောက်ခြင်း" မဟုတ်တော့ဟု ဆိုသည်။ ထိုကဲ့သို့ အချို့သော လူ့အခွင့်အရေးများကို နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာ အာဏာထက် ပိုအရေးပါစေခြင်းဖြင့် စံနှုန်းမှာ တဖြည်းဖြည်း ပြောင်းလဲလာခဲ့ရသည်။ သို့ရာတွင် အဆိုပါ ပြောင်းလဲမှု၏ အဆုံးသတ် ပမာဏကိုမူ စောင့်ကြည့်ရဦးမည် ဖြစ်သည် (စာသေတ္တာ ၂၁.၁ ကို ရှုပါ)။

အချုပ်အခြာအာဏာ စံနှုန်းကို တရားဝင် ချိုးဖောက်မှု မတိုင်မီကပင် နိုင်ငံများသည် အခြား နိုင်ငံများ၏ ပြည်တွင်းရေးကို လူသားချင်း စာနာမှု (သို့) လူ့အခွင့်အရေး အကြောင်းပြချက်များဖြင့် ရံဖန်ရံခါ ဝင်ရောက် စွက်ဖက်လေ့ ရှိသည်။ ဥပမာ ၁၉ ရာစုနှောင်းပိုင်းတွင် အော်တိုမန် အင်ပိုင်ယာကို ၎င်းတို့ နိုင်ငံတွင်း အခွင့်အရေးများ ပိုမို တောင်းဆို နေသည့် အာမေးနီးယန်းများ အပါအဝင် ခရစ်ယာန် ဘာသာဝင်များအပေါ် ဆက်ဆံပုံများအတွက် အချို့ ဥရောပ နိုင်ငံများက သံတမန်ပိုင်းဆိုင်ရာ ဖိအားပေးမှုများနှင့် ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်။ ၁၉၆၀ ပြည့်လွန်နှစ် နှောင်းပိုင်းများတွင် ဘီရာဖရာ ဒေသတွင်း လက်နက်ကိုင် ခွဲထွက်မှုများ အပေါ် အစိုးရ၏ တုံ့ပြန်ပုံများကြောင့် ထိခိုက်ခံစားနေရသော အီဘို လူမျိုးစုများအတွက် နိုင်ငံအများအပြားက နိုင်ဂျီးရီးယား နိုင်ငံကို ဝင်ရောက် စွက်ဖက်မှုများ ပြုခဲ့သည်။

| စာသေတ္တာ ၂၁.၁။ စိန်ခေါ်သည့် ယူဆချက်များ |
| --- |
| လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုသည် ပြည်တွင်းစစ် ကာလအတွင်း အရပ်သားများကို အန္တရာယ်များမှ ကာကွယ်ပေးရန်မှာ နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် အရေးကြီးဆုံး အချက်ဖြစ်သည် ဟူသည့် ယူဆချက်အပေါ် အခြေခံသည်။ သို့ရာတွင် ထိုအချက်မှာ အမြဲတမ်း မှန်ကန်ပါသလား။ နိုင်ငံတကာ အသိုင်းအဝိုင်းက လွတ်လပ်မှု (သို့) ဒီမိုကရေစီ ကဲ့သို့သော အခြား အရေးပါသည့် ရည်မှန်းချက်များကို အရပ်သားများအား ကာကွယ်ခြင်းထက် ပို၍ ဦးစားပေးသင့် ပါသလား။ ထို့ပြင် ပြည်တွင်း ပဋိပက္ခများတွင် ဆန့်ကျင်ဘက် အုပ်စုများသည် ၎င်းတို့ ဆန္ဒရှိပါက အငြင်းပွားမှုများကို |

ပြင်ပမှ ဝင်ရောက်စွက်ဖက်မှု မရှိဘဲ အင်အားသုံး၍ အဖြေရှာခွင့် ရှိသည် ဆိုခြင်းမှာ ဖြစ်နိုင်ပါသလား။ မည်သည့်အချက်က အပြင်လူများကို အထူးသဖြင့် ဝေးကွာပြီး ကွာခြားသော ယဉ်ကျေးမှုများ ရှိသည့် အခြားနိုင်ငံများအား ဝင်ရောက် စွက်ဖက်ခွင့် ပေးပါသလဲ။ အမေရိကန်နိုင်ငံ၏ ပြည်တွင်းစစ်ကို ပြန်တွေးကြည့်ပါက ယူနီယံက ကွန်ဖက်ဒရေစီကို မနိမ်နှင်းခင် အချိန်အထိ အမေရိကန်လူမျိုး ငါးသိန်းခန့် သေဆုံးခဲ့ရသည်။ ထိုစစ်ပွဲက နိုင်ငံကို ပြန်လည် စည်းလုံးစေခဲ့ပြီး ကျွန်စနစ်ကို ဖျက်သိမ်း နိုင်ခဲ့သည်။ ပြန်၍ စဉ်းစားကြည့်လျှင် ကွန်ဖက်ဒရေစီတွင် ကျွန်စနစ် ဆက်ရှိနေသည့်တိုင် ဝင်ရောက် စွက်ဖက်သူများက လူသားချင်း စာနာမှု အကြောင်းပြချက်များဖြင့် အကြမ်းဖက်မှုများကို ရပ်တန့်ခဲ့ပါက ပိုကောင်းနိုင် ပါသလား။

**စစ်အင်အားသုံးခြင်း**

စစ်အေးတိုက်ပွဲ အပြီးတွင် စစ်အင်အားသုံး လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုများ ပိုမိုများပြား လာခဲ့သည်။ ထိုပုံစံသည် အီရတ်တပ်များအား ကူဝိတ်မှ မောင်းထုတ်ခဲ့သည့် ပင်လယ်ကွေ့ စစ်ပွဲ အပြီး ၁၉၉၁ ခုနှစ်တွင် စတင်ခဲ့သည်။ ထိုနှစ် မတ်လတွင် အီရတ်နိုင်ငံ မြောက်ပိုင်းမှ ကာ့ဒ် (Kurd) လူမျိုး ခွဲထွက်ဝါဒီများသည် ဘက်ဂဒက်မှ ဆာဒန်ဟူစိန် (Saddam Hussein) အစိုးရကို ပုန်ကန်တော်လှန်မှု စတင်ခဲ့သည်။ အီရတ် စစ်တပ်က ရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်ခြင်းဖြင့် တုံ့ပြန်ခဲ့ပြီး ကာ့ဒ်လူမျိုးများမှာ အိမ်နီးချင်း တူရကီနိုင်ငံ၏ တောင်တန်းများ ရှိရာ မြောက်ဖက်ပိုင်း ဒေသသို့ ထွက်ပြေးတိမ်းရှောက်ခဲ့ရပြီး လူသားချင်း စာနာမှု ဆိုင်ရာ အရေးပေါ် အခြေအနေတစ်ခု ဖြစ်ပွားစေခဲ့သည်။ ၁၉၉၁ ခုနှစ် ဧပြီလတွင် အမေရိကန် နိုင်ငံမှ နှစ်သိမ့်ပေးရေး စီမံကိန်းဟု အမည်ပေးထားသည့် စစ်အင်အားသုံး လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှု တစ်ခုကို ဆောင်ရွက်ခဲ့သည်။ ကုလသမဂ္ဂက (လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက် ၆၈၈ အရ) လျှင်မြန်စွာပင် ၎င်း၏ အဖွဲ့အဝင်များကို လူသားချင်း စာနာမှု ဆိုင်ရာ အားထုတ်မှုများအား အကူအညီပေးရန် နှိုးဆော်ခဲ့ပြီး အမေရိကန်နိုင်ငံကို ကာ့ဒ်လူမျိုးများအား ကာကွယ်ပေးနိုင်ရန်၊ စစ်ရှောင်စခန်းများ တည်ဆောက်နိုင်ရန်၊ လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်ရန်နှင့် ပြန်လည်အခြေချရေးတွင် ကူညီနိုင်ရန် နိုင်ငံများ ညွန့်ပေါင်းအဖွဲ့က ကူညီခဲ့သည်။ အမေရိကန် နိုင်ငံက အီရတ်နိုင်ငံရှိ ကာ့ဒ်ဒေသကို လေယာဉ် မပျံသန်းရဇုန်အဖြစ် စတင် သတ်မှတ်ခဲ့ပြီး တူရကီနိုင်ငံတွင် အခြေစိုက်ကာ ကင်းလှည့်ခြင်းနှင့် ဝေဟင်တွင် လှည့်လည်နေသော အီရတ် လေယာဉ်များကို ပစ်ချခြင်း စစ်ဆင်ရေးများကို လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် အဆိုပါ ဝင်ရောက် စွက်ဖက်မှုသည် လူသားချင်း စာနာမှု ဆိုင်ရာ အထောက်အပံ့များ ပေးခြင်းသာမက အီရတ်တွင် အာဏာချိန်ခွင်လျှာကိုပါ ပြောင်းလဲသွားစေမည့် ကာလရှည် စစ်ရေး အကူအညီများ ပေးခြင်းများလည်း ပါဝင်သည်။ ယင်းအကူအညီများကြောင့် ကာ့ဒ်လူမျိုးများသည် နိုင်ငံရေး လွတ်လပ်ခွင့် ရရှိလာပြီး ၎င်းတို့၏ လူ့အခွင့်အရေး အခြေအနေများလည်း တိုးတက် ကောင်းမွန်လာသည်။

ထိုအချိန်မှ စ၍ လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုများတွင် စစ်အင်အား သုံးခြင်း ပိုမို ပျံ့နှံ့လာခဲ့သည်။ ထိုလုပ်ရပ်များကို တစ်ခါတရံတွင် ပစ်မှတ်ထားသော နိုင်ငံ၏ သဘောတူညီချက်ဖြင့် လုပ်ဆောင်သည်။ ပုံမှန်အားဖြင့် ယင်းကို ကုလသမဂ္ဂ ပဋိညာဉ်၏ အခန်း (၆) တွင် ခွင့်ပြုထားသည်။ အချို့ ဖြစ်ရပ်များတွင်မူ ဝင်ရောက် စွက်ဖက်မှုကို နိုင်ငံ၏ သဘောတူညီမှု မရှိဘဲ လုပ်ဆောင်သည်။ ယင်းကို

ကုလသမဂ္ဂ ပဋိညာဉ် အခန်း (၇) (သို့) ထိုပဋိညာဉ် ပြင်ပ ဥပဒေဘောင်အတွင်းမှ လုပ်ဆောင်သည်။ ဥပမာ ကိုဆိုဗို ဖြစ်ရပ်တွင် ဝင်ရောက် စွက်ဖက်မှုကို ကုလသမဂ္ဂက မဟုတ်ဘဲ အငြင်းပွားဖွယ်ရာပင် အမေရိကန်နှင့် ဥရောပ စစ်ရေး ပူးပေါင်းမှုအဖွဲ့၊ နေတိုး (NATO) က ခွင့်ပြုခဲ့သည်။ ၁၉၉၁ ခုနှစ်မှ စ၍ ဝင်ရောက် စွက်ဖက်သူများသည် အရပ်သားများကို ကာကွယ်ရန် အင်အားသုံးခြင်းကို နိုင်ငံပေါင်း ၂၄ နိုင်ငံတွင် လုပ်ဆောင်ခဲ့သည်။ ယင်းနိုင်ငံများမှာ အာဖဂန် နစ္စတန်၊ အယ်လ်ဘေးနီးယား၊ ဘော့စနီးယား၊ ဘရွန်ဒီ၊ အလယ်ပိုင်း အာဖရိကန် ရီပဲ့ဗလစ်၊ ချက်ဒ်၊ ခရိုအေးရှား၊ ကွန်ဂို ဒီမိုကရက်တစ် ရီပဲ့ဗလစ်၊ အရှေ့တီမော၊ ဂျော်ဂျီယာ၊ ဟေတီ၊ အီရတ်၊ အိုင်ဗရီကို့စ်၊ ကိုဆိုဗို၊ လိုင်ဘေးရီးယား၊ လစ်ဗျား၊ မက်ဆီဒိုးနီးယား၊ မာလီ၊ ရဝမ်ဒါ၊ ဆီရီယား လီယုံး၊ ဆိုမာလီယာ၊ တောင်ဆူဒန်၊ ဆူဒန်နှင့် တာဂျစ်ကစ္စတန် နိုင်ငံများ ဖြစ်ပြီး အချို့ နိုင်ငံများတွင် တစ်ကြိမ်ထက်ပို၍ လုပ်ဆောင်ခဲ့ရသည်။ ထိုကာလအတွင်း၌ပင် ဝင်ရောက် စွက်ဖက်သူများသည် (အစောပိုင်း လုပ်ဆောင်ထားသည့် ဆောင်ရွက်ချက်များကို ထည့်မတွက်လျှင်) အခြားနိုင်ငံ တစ်ဆယ့်ခြောက် နိုင်ငံတွင်လည်း ငြိမ်းချမ်းရေး ဖြစ်စဉ်များကို ထောက်ပံ့ရန် စစ်တပ်များ (သို့) စောင့်ကြည့်လေ့လာသူများ ချထားခဲ့သည်။ အဆိုပါ နိုင်ငံများမှာ ကမ္ဘောဒီးယား၊ ချက်ဒ်၊ ကော်မရို့စ်၊ အယ်လ်ဆာဗဒေါ၊ အယ်ရီထရီးယား၊ အီသီယိုးပီးယား၊ ဂွာတီမာလာ၊ ဂီနီဘစ်ဆောင်း၊ ကူဝိတ်၊ လက်ဘနွန်၊ မော်လ်ဒိုဗာ၊ မိုဇန်ဘိ၊ ပါပူအာ နယူးဂီနီ၊ ပီရူး၊ ဆော်လမွန် ကျွန်းစုများနှင့် အနောက် ဆာဟာရ နိုင်ငံများ ဖြစ်သည်။ စောင့်ကြည့်ရေး လုပ်ငန်းများသည် အရပ်သားများကို ကာကွယ်ရန် တာဝန် သိသိသာသာ မပေးထားသော်လည်း အရပ်သားများကို အသစ် ပြန်လည် ပေါ်ပေါက် လာသော အကြမ်းဖက်မှုများမှ ကာကွယ်ရန် ရည်ရွယ်ချက်မှာ ကြီးစွာ လွှမ်းမိုးမှု ရှိသည်။ ၁၉၈၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဖြစ်ပွားခဲ့သော ဆူဒန်နိုင်ငံ၏ တောင်၊ မြောက် ပြည်တွင်းစစ် ကဲ့သို့သော အချို့သော ဖြစ်ရပ်များတွင် နိုင်ငံတကာ အသိုင်းအဝိုင်းက နိုင်ငံများကို ပိတ်ဆို့ အရေးယူမှုများ ပြုလုပ်ခြင်း (သို့) သူပုန်များကို ပေါ်ပေါ်ထင်ထင်ပင် အထောက်အပံ့များ ပေးခြင်းတို့ဖြင့် အကြမ်းဖက်မှုကို ရပ်တန့်ရန် ကြိုးပမ်းခဲ့ကြသည်။

လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုများ ဖြစ်ပွားသည့်နှုန်းနှင့် အကျယ် ပိုမို တိုးပွားလာခြင်းက အစိုးရ အသုံးစရိတ်များနှင့် အဆိုပါ ကိစ္စရပ်များအပေါ် အဓိကထား လုပ်ဆောင်သည့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ အရေအတွက်ကို ပိုမိုတိုးမြင့်လာစေသည်။ စစ်အသုံးစရိတ်များ မပါဘဲ ၁၉၉၀ မှ ၂၀၁၀ ပြည့်နှစ်အတွင်း လူသားချင်း စာနာမှုဆိုင်ရာ တရားဝင် အထောက်အပံ့အတွက် နှစ်စဉ် အသုံးစရိတ်သည် အမေရိကန် ဒေါ်လာ ၃.၄ ဘီလီယံမှ ၁၃.၃ ဘီလီယံ အထိ တိုးမြင့်လာခဲ့သည်။[၁] ထိုသို့ အသုံးစရိတ် မြင့်မားလာခြင်းသည် လူသားချင်းစာနာမှု ဆိုင်ရာ အဖွဲ့အစည်းများ ပွားများလာစေပြီး အရေးပေါ် အခြေအနေ တစ်ခုအတွက် အထောက်အပံ့ ပေးခြင်းတွင် အန်ဂျီအို အဖွဲ့ ရာနှင့်ချီ၍ ပါဝင်လာကြသည်။

## အဓိက ချိုးဖောက်မှုများ

စစ်အေးကာလ အပြီးတွင် လူသားချင်း စာနာမှု အခြေပြု စစ်ရေး ဝင်ရောက် စွက်ဖက်မှု ဖြစ်ရပ် အများအပြားသည် အထူး ထင်ရှားခဲ့သည်။ ဆိုမာလီယာတွင် ကာလရှည်ကြာ ဖြစ်ပွားနေသော ပြည်တွင်းစစ်အတွင်း အဖွဲ့များ၏ တစ်ခါတရံတွင် ရည်ရွယ်ချက် ရှိရှိဖြင့်၊ အကူအညီများ ဖြတ်တောက်ထားခြင်း ခံရသော အရပ်သားအတွက် လူသားချင်း စာနာမှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်နိုင်ရန် ၁၉၉၂ ခုနှစ်တွင် ကုလသမဂ္ဂနှင့် အမေရိကန် နိုင်ငံတို့က ဆိုမာလီယာ နိုင်ငံသို့ တပ်များ

စေလွှတ်ခဲ့သည်။ ဘက်မလိုက်သော်လည်း ဝင်ရောက် စွက်ဖက်မှုမှာ ကြားနေ မဖြစ်ခဲ့ပေ။ ဝင်ရောက် စွက်ဖက်မှုက ဆိုမာလီ သူပုန်ခေါင်းဆောင် မိုဟာမက် ဖာရယ် အိဒ်ဒိ (Mohammad Farrah Aideed) ကို အင်အား လျော့နည်းစေခဲ့ပြီး ယင်းဖြစ်ရပ်အပေါ် အိဒ်ဒိက ပါကစ္စတန်မှ စေလွှတ်လိုက်သည့် ကုလသမဂ္ဂ တပ်သားများကို သတ်ဖြတ်ခြင်းဖြင့် လက်စားချေ ခဲ့သည်။ အမေရိကန် နိုင်ငံက သူပုန်ခေါင်းဆောင်ကို ပစ်မှတ်ထားခြင်းဖြင့် တုံ့ပြန်ခဲ့ပြီး ၁၉၉၃ ခုနှစ် အောက်တိုဘာလတွင်း တိုက်ပွဲ တစ်ခု၌ သူပုန်ခေါင်းဆောင်က အမေရိကန် တပ်သား ၁၈ ဦးကို သတ်ဖြတ်ခြင်းဖြင့် ထပ်မံ လက်စားချေခဲ့သည်။ ထိုဖြစ်ရပ်ကို Blackhawk Down ရုပ်ရှင်တွင် ရိုက်ကူး ပုံဖော်ထားသည်။ နောက်ထပ် ၁၈ လ အကြာတွင် အရေးပေါ် လူသားချင်း စာနာမှု ဆိုင်ရာ အခြေအနေကို လျှော့ချနိုင်ခဲ့ပြီး ဝင်ရောက် စွက်ဖက်သည့် တပ်များ ရုတ်သိမ်းသွားခဲ့သည်။ သို့ရာတွင် မကြာမီမှာပင် တည်ရှိနေသော ပဋိပက္ခများမှ စစ်ပွဲ ပြန်စလာစေခဲ့ပြီး အရပ်သား ထိခိုက်မှုများ ထပ်မံ ဖြစ်ပွားလာကာ ဝင်ရောက်စွက်ဖက်မှုများမှာ ၂၀၁၆ ခုနှစ် အစောပိုင်းအထိ ဆက်လက် ရှိနေရဆဲပင်။

၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ် အထိ ကုလသမဂ္ဂနှင့် နေတိုး တပ်ဖွဲ့များက ဘော့စနီးယားတွင် ရှုပ်ထွေးသည့် လူသားချင်း စာနာမှု အခြေပြု စစ်ရေး ဝင်ရောက် စွက်ဖက်မှု တစ်ခု ပြုလုပ်ခဲ့ပြီး ယင်းဖြစ်ရပ်ကို ယခုအခန်း နောက်ပိုင်းတွင် အသေးစိတ် ဖော်ပြထားသည်။

မကြာမီတွင် အိမ်နီးချင်း ဆားဘီးယား နိုင်ငံရှိ ကိုဆိုဗို ဒေသတွင် အယ်လ်ဘေးနီးယန်း လူမျိုး စစ်သွေးကြွများ၏ ကိုဆိုဗို လွတ်မြောက်ရေးတပ် (Kosovo Liberation Army) က အစိုးရ၏ ဖိနှိပ်မှုများကို ခွဲထွက်ရေး ပုန်ကန်မှု တစ်ခု ဆင်နွှဲ၍ တုံ့ပြန်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ဆားဘီးယား ခေါင်းဆောင် ဆလိုဘိုဒန် မီလိုဆိုဗစ် (Slobodan Milosevic) က ပုန်ကန်သူများကိုသာ ပစ်မှတ်ထားရုံမက အရပ်သား ရာပေါင်းများစွာကို အသက်သေဆုံးစေပြီး ထောင်ပေါင်းများစွာသော လူများကို နေရပ် စွန့်ခွာ ထွက်ပြေးစေခဲ့သည့် ကြမ်းတမ်းသည့် သူပုန်စစ်ဆင်ရေးဖြင့် လက်တုံ့ပြန် ခဲ့သည်။ ကိုဆိုဗို ဒေသမှ အရပ်သားများကို ကာကွယ်ရန် အမေရိကန် နိုင်ငံက ဝင်ရောက် စွက်ဖက်ခဲ့ပြီး ဆားဘီးယား နိုင်ငံကို နေတိုးအဖွဲ့၏ လေကြောင်း တိုက်ခိုက်ရေးများဖြင့် ခြိမ်းခြောက်ခဲ့ရာ မီလိုဆိုဗစ်က အောက်တိုဘာလ ၁၉၉၈ ခုနှစ်တွင် ဆာဘီးယား စစ်တပ်များကို ရုတ်သိမ်းပြီး နိုင်ငံတကာ စောင့်ကြည့်သူများကို ဝင်ရောက်ခွင့် ပြုခဲ့သည်။ သို့ရာတွင် အယ်လ်ဘေးနီးယန်း သူပုန်များက တိုက်ခိုက်မှုများ ပြန်လည် လုပ်ဆောင်ခဲ့ပြီး အရပ်သားများကို ထွက်ပြေးတိမ်းရှောင် စေခဲ့သော စစ်ပွဲများ ထပ်မံ ဖြစ်ပွားစေပြန်သည်။ ထို့နောက် အမေရိကန် နိုင်ငံက သုံးနှစ်အကြာတွင် ကိုဆိုဗိုကို လွတ်လပ်ရေးအတွက် ပြည်သူ့ဆန္ဒ ခံယူပွဲ လုပ်ဆောင်ခွင့် ပေးမည်ဟု ကတိပြုထားသည့် ငြိမ်းချမ်းရေး သဘောတူစာချုပ်ကို ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလတွင် ရေးဆွဲပေးခဲ့ပြီး မီလိုဆိုဗစ်ကို လက်မှတ်ရေး ရေးထိုးမည်လော (သို့) နေတိုးအဖွဲ့၏ တိုက်ခိုက်မှု ခံမည်လောဟု ရွေးချယ်ခိုင်းခဲ့သည်။ ဤအကြိမ်တွင်မူ မီလိုဆိုဗစ်က ငြင်းဆိုခဲ့ပြီး ၁၉၉၉ ခုနှစ် မတ်လ နှောင်းပိုင်းတွင် နေတိုးအဖွဲ့မှ ဗုံးကျဲခြင်းများ စတင်ခဲ့သည်။ ဆားဘီးယား တပ်သားများက ကိုဆိုဗိုမှ အယ်လ်ဘေးနီးယန်း လူမျိုး ရှစ်သိန်းခွဲခန့်ကို မောင်းထုတ်ခဲ့သည်။ ယင်းအရေအတွက်မှာ ထိုဒေသရှိ အယ်လ်ဘေးနီးယန်း လူမျိုး တစ်ဝက်ခန့် ရှိသည်။ ထို့ပြင် လူပေါင်း တစ်သောင်းခန့် ကိုလည်း သတ်ဖြတ်ခဲ့သေးသည်။ နေတိုးအဖွဲ့မှ ၁၁ ပတ်ကြာ ဗုံးကြဲ တိုက်ခိုက်ပြီးနောက် မီလိုဆိုဗစ်မှ လက်လျှော့သွားခဲ့ကာ ၎င်း၏ တပ်များ အားလုံးကို ကိုဆိုဗိုမှ ဆုတ်ခွာစေပြီး နိုင်ငံတကာ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်များကို ဝင်ရောက်ခွင့် ပေးသည့် ငြိမ်းချမ်းရေး သဘောတူစာချုပ်ကို

လက်မှတ်ရေးထိုးခဲ့သည်။ အယ်လ်ဘေးနီးယန်း လူမျိုး ဒုက္ခသည်များ နေရပ် ပြန်လာလေရာ ငြိမ်းချမ်းရေး တပ်များ ရှိသည့်တိုင် ပြန်လည် ဝင်ရောက်လာသူများက ဆားဗီးယန်း လူမျိုး နှစ်သိန်းခန့်ကို ဒေသတွင်းမှ မောင်းထုတ်ခဲ့ပြီး ရာပေါင်းများစွာသော လူများကို သတ်ဖြတ်ပစ်ခဲ့သည်။ ဝင်ရောက် စွက်ဖက်မှုကို ထောက်ခံသူများက စွက်ဖက်မှုသည် ဆာဗီးယန်း လူမျိုးများက အယ်လ်ဘေးနီးယန်း အရပ်သားများအပေါ် အကြမ်းဖက်မှုများ ပို၍ ကျူးလွန်ခြင်းမှ ကာကွယ်ပေးနိုင်ခဲ့သည်ဟု ဆိုကြသည်။ တစ်ဘက်တွင်လည်း ဝေဖန်သူများက ဝင်ရောက် စွက်ဖက်မှုသည် ရည်ရွယ်ချက်နှင့် တလွဲစီ ဖြစ်သွားခဲ့ပြီး အကြမ်းဖက်မှုများကို ပိုမို ဆိုးရွားစေကာ ဆာဗီးယန်း အရပ်သားများအပေါ် လက်တုံ့ပြန်ခြင်းများအား ကာကွယ် မပေးနိုင်ခဲ့ဟု ဆိုကြသည်။

၂၀၁၁ ခုနှစ် အစောပိုင်းတွင် လစ်ဗျားနိုင်ငံမှ လုံခြုံရေး တပ်ဖွဲ့ဝင်များက သုံးရက်အတွင်း ဆန္ဒပြသူ နှစ်ရာကျော်ခန့်ကို သတ်ဖြတ်ပစ်ခဲ့ပြီး လက်နက်ကိုင် တော်လှန်ရေး ဖြစ်ပွားလာစေရန် ဆွပေးသလို ဖြစ်စေခဲ့သည်။ အစောပိုင်းတွင် ပုန်ကန်သူများဘက်မှ အနိုင်ရရှိမှုများ ရှိခဲ့သော်လည်း တစ်လခန့် အကြာတွင် လစ်ဗျား၏ လုံခြုံရေး တပ်ဖွဲ့များက သူပုန်များ၏ နောက်ဆုံး ခြေကုပ်ယူရာ ဘန်ဂါဇီမြို့ကို သိမ်းလိုက်ပြီး စစ်ပွဲကို အဆုံးသတ် နိုင်ခဲ့သည်။ ပုန်ကန်သူများကို လက်နက်ချစေရန် (သို့) ဆုတ်ခွာသွားစေရန် လစ်ဗျား အစိုးရက အာခံသူများကို ညှာတာလိမ့်မည် မဟုတ်ဟု ခြိမ်းခြောက်ခဲ့သည်။ သူပုန်များက နိုင်ငံတကာ အသိုင်းအဝိုင်းကို အရပ်သားများ သွေးချောင်းစီးနေပြီဟု ဆိုကာ ဆွဲဆောင် သိမ်းသွင်းခဲ့သည်။ အချို့သော အနောက်နိုင်ငံမှ ဝေဖန်သူများက ပြန်လည် လေ့လာကြည့်လျှင် ထိုလများအတွင်း အစိုးရသည် ပုန်ကန်သူများကိုသာ ပစ်မှတ် ထားခဲ့လေရာ ယင်းအဆိုမှာ လိမ်ညာ ထွက်ဆိုခြင်း ဖြစ်သည်ဟု သတ်မှတ်ကြသည်။[၂] မည်သို့ပင် ဆိုစေကာမူ ကုလသမဂ္ဂက လေယာဉ် မပျံသန်းရဇုန် သတ်မှတ်ခြင်းနှင့် လက်နက် ရောင်းချမှု တားမြစ်ခြင်းတို့ကို ခွင့်ပြုခဲ့ပြီး "အရပ်သား အများစု နေထိုင်သော နေရာများတွင် အရပ်သားများကို ကာကွယ်ရန် လိုအပ်သော နည်းလမ်းများ အားလုံး အသုံးပြုခွင့်" ပေးခဲ့သည်။ ထို့နောက် နေတိုးအဖွဲ့က ယင်း၏ တာဝန်များကို ကျော်လွန်ကာ ဆုတ်ခွာနေသော တပ်များ အပါအဝင် အစိုးရအဖွဲ့ကို ၇ လကြာ ပစ်မှတ်ထား ဗုံးကြဲခဲ့ကာ လက်နက် ရောင်းဝယ်ရေး ပိတ်ဆို့ခြင်းကိုလည်း သူပုန်များအတွက် မဟုတ်ဘဲ အစိုးရ အတွက်သာ အကျုံးဝင်စေခဲ့ပြီး အစိုးရ အပြောင်းအလဲ ဖြစ်အောင် လုပ်ဆောင်ခဲ့သည်။

ထိုဝင်ရောက် စွက်ဖက်မှုသည် ဘန်ဂါဇီတွင် အကြမ်းဖက်မှု အချို့ကို သေချာပေါက် လျော့ကျ စေခဲ့သော်လည်း တစ်နိုင်ငံလုံးတွင် စစ်ပွဲနှင့် အရပ်သားများ ထိခိုက် နစ်နာခြင်းများကို သက်ဆိုးရှည် စေခဲ့ကာ ယင်းမှတဆင့် လူသေဆုံးမှုနှုန်းကို ဆယ်ဆအထိ တိုးမြင့်သွားစေခဲ့သည်။ ရှစ်လ အကြာ နောက်ဆုံးတွင် သူပုန်များက အာဏာရသွားခဲ့ပြီး ယခင် ခေါင်းဆောင် မူအာမာ ကဒါဖီ (Muammar Gaddafi) ကို ကွက်မျက်ခဲ့ကာ သူ့အား ထောက်ခံသူဟု သံသယ ရှိသူများကိုပါ လက်စားချေခဲ့ကြသည်။ ထို့နောက် အနိုင်ရရှိသွားသော သူပုန် အဖွဲ့က လက်နက် စွန့်လွှတ်ရန် (သို့) ပြည်တွင်း စစ်အင်အားစုများနှင့် ပေါင်းစည်းရန် ငြင်းဆန်ခဲ့သည်။ ထိုဖြစ်ရပ်ကြောင့် လစ်ဗျားနိုင်ငံတွင် မင်းမဲ့စနစ် ပေါ်ပေါက်လာကာ အစ္စလာမ်မစ် အကြမ်းဖက် စစ်သွေးကြွများ ခိုလှုံရန် နေရာ တစ်ခုကို ဖန်တီးပေးခဲ့သည်။ ထိုသူများက ၂၀၁၂ ခုနှစ်တွင် လစ်ဗျားနိုင်ငံ ဆိုင်ရာ အမေရိကန် သံအမတ်ကို လုပ်ကြံသတ်ဖြတ် ခဲ့ကြသည်။ ထို့ပြင် ဝင်ရောက် စွက်ဖက်မှုကြောင့် အစိုးရ တပ်များသည် လစ်ဗျား နိုင်ငံ ပြင်ပသို့ ထွက်ပြေး တိမ်းရှောင်ကြရာ ဒေသတွင်း လက်နက်များ ပျံ့ပွားလာစေပြီး မာလီတွင် ပြည်တွင်းစစ် စတင်စေခဲ့သည်။ ထိုစစ်ပွဲက နိုင်ငံ၏ အဆိုးရွားဆုံးသော

လူသားချင်း စာနာမှုဆိုင်ရာ အကျပ်အတည်းကို ဖြစ်စေခဲ့ပြီး အကြမ်းဖက်သမားများ အတွက် နောက်ထပ် ခိုလှုံရန် နေရာတစ်ခုကို ဖန်တီး ပေးခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် လစ်ဗျားနိုင်ငံတွင်း အစ္စလာမ်မစ် အစွန်းရောက်များနှင့် ဘာသာရေး အစွန်းမရောက်သည့် အုပ်စုများအကြား ပြည်တွင်းစစ်မီး ပြန်လည် တောက်လောင်လာပြီး နိုင်ငံ၏ အသက်သွေးကြော ဖြစ်သည့် ရေနံ လုပ်ငန်းများ ပိတ်သိမ်းခဲ့ရသည်။ နောက်တစ်နှစ်တွင် အစ္စလာမ်မစ် နိုင်ငံတော် အကြမ်းဖက် အုပ်စုက လစ်ဗျားတွင် ခြေကုပ်ယူကာ ခရစ်ယာန် အချို့ကို သတ်ဖြတ်ပစ်ခဲ့သည်။ ထို့ကြောင့် ရည်ရွယ်ချက်ကောင်းဖြင့် ဝင်ရောက် စွက်ဖက်ခြင်းများသည် ရည်ရွယ်ချက်နှင့် ဆန့်ကျင်ဘက်များကို ဖြစ်ပေါ်စေပြီး အရပ်သားများ ထိခိုက် နစ်နာမှုကို ပိုဆိုးစေကြောင်း လစ်ဗျား ဖြစ်ရပ်က ဥပမာ ပြနေသည် (Kuperman, 2013, 2015)။

## ဝင်ရောက် စွက်ဖက်ရန် ပျက်ကွက်ခြင်း

မကြာသေးမီက ဖြစ်ပွားခဲ့သော အရပ်သားများအပေါ် အကြီးစား အကြမ်းဖက်မှု ဖြစ်ရပ်များအား ဝင်ရောက် စွက်ဖက်ရန် ပျက်ကွက်ခြင်းများကို ပြင်းထန်စွာ ရှုတ်ချ ခဲ့ကြသည်။ ရဝမ်ဒါတွင် တွတ်စီ လူမျိုး သူပုန်များက တိုင်းပြည်ကို ၁၉၉၀ ပြည့်နှစ်တွင် ဝင်ရောက် ကျူးကျော်ခဲ့ပြီး ဟူတူ လူမျိုး အများစု ဦးဆောင်သည့် အစိုးရကို သုံးနှစ်ကြာ တော်လှန် ပုန်ကန်ခဲ့သည် (အခန်း ၂၀ တွင် ရှုပါ)။ ၁၉၉၃ ခုနှစ်တွင် ငြိမ်းချမ်းရေး သဘောတူစာချုပ် အရ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းသူ ၂၅၀၀ ခန့်ကို ချထားခဲ့သည်။ သို့ရာတွင် ၁၉၉၄ ခုနှစ် ဧပြီလတွင် ဟူတူ သမ္မတမှာ လုပ်ကြံ ခံခဲ့ရပြီး သုံးလအတွင်း ဟူတူ အစွန်းရောက်များက (နိုင်ငံတွင်း သုံးပုံပုံ တစ်ပုံရှိသော) တွတ်စီ သန်းတစ်ဝက်ခန့်ကို သတ်ဖြတ်ခဲ့သည့် လူမျိုးတုံး သတ်ဖြတ်ရေး လုပ်ငန်းကို အလျင်အမြန်ပင် စတင်ခဲ့သည်။ ဟူတူ လူမျိုး ထောင်ပေါင်းများစွာလည်း သတ်ဖြတ်ခံခဲ့ရသည်။ အကြမ်းဖက်မှုများ ပြန်လည် ဖြစ်ပွားလာသည့်အခါ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်ဖွဲ့ဝင် အများစုလည်း စွန့်ခွာသွားကြသည်။ တပ်သား ငါးရာခန့်မှာမူ ကျန်ရစ်နေခဲ့ပြီး ထောင်ပေါင်းများစွာသော အရပ်သားများကို အကာအကွယ် ပေးခဲ့ကြသည်။ အကြမ်းဖက်မှု ပထမလ အပြီး ၁၉၉၄ ခုနှစ် မေလတွင် ကုလသမဂ္ဂက လူသားချင်း စာနာမှု အကြောင်းပြု စစ်ရေး ဝင်ရောက် စွက်ဖက်မှုကို ခွင့်ပြုခဲ့သည်။ သို့ရာတွင် ၁၉၉၄ ခုနှစ် ဇွန်လ နှောင်းပိုင်းအထိ နိုင်ငံတကာမှ စစ်ကူများ ရောက်မလာဘဲ ရောက်လာချိန်တွင် လူမျိုးတုံး သတ်ဖြတ်မှုမှာ ပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။ ပြန်စဉ်းစားကြည့်လျှင် ဝင်ရောက် စွက်ဖက်မှုကို ထောက်ခံသူ အများအပြားက ကုလသမဂ္ဂကသာ လျင်လျင်မြန်မြန်ဖြင့် စစ်ကူစေလွှတ်ခဲ့လျှင် လူမျိုးတုံး သတ်ဖြတ်မှုကို တားဆီးနိုင်လိမ့်မည်ဟု ဆိုကြသည်။ ထိုအချက်မှာ အငြင်းပွားဖွယ်ရာ ဖြစ်ကြောင်း နောက်အပိုင်းတွင် ဖော်ပြထားသည် (Kuperman, 2001)။

ဆူဒန်နိုင်ငံ၏ အနောက်မြောက်ဘက် ဒါဖားဒေသတွင် အာဖရိက မျိုးနွယ်စုများမှ စစ်သွေးကြွများက ၂၀၀၃ ခုနှစ်တွင် ပုန်ကန်မှု တစ်ခု စတင်ခဲ့သည်။ မြို့တော် ခါတွန်းမှ အာရပ်များ လွှမ်းမိုးထားသော အစိုးရသည် ၎င်းတို့ကို လျစ်လျူရှုထားသည်၊ ခွဲခြား ဆက်ဆံသည် ဟူသည့် အကြောင်းပြချက်ဖြင့် ပုန်ကန်ခြင်း ဖြစ်သည် (အခန်း ၂၀ တွင် ရှုပါ)။ ဆူဒန် အစိုးရက လုံခြုံရေး တပ်များ၊ အားလုံးကို ပစ်မှတ်ထားသော လေကြောင်း တိုက်ခိုက်မှုများဖြင့် တုံ့ပြန်ခဲ့သည်။ ထို့ပြင် အစိုးရက ဒေသခံ အာရပ် စစ်သွေးကြွများကို လက်နက်တပ်ဆင်ပေးကာ ထိုသူများက အာဖရိက မျိုးနွယ်စု ကျေးရွာများကို မြေလှန်၍ သူပုန် နှိမ်နင်းရေးများ လုပ်ဆောင်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများသည် အရပ်သား နှစ်သန်းခန့်ကို နေရပ်စွန့်ခွာ

ထွက်ပြေးစေခဲ့ပြီး ထောင်ပေါင်း များစွာသော အသက်များလည်း ဆုံးရှုံးခဲ့ရသည်။ ၂၀၀၄ ခုနှစ်တွင် အာဖရိက သမဂ္ဂက အခြေအနေကို စောင့်ကြည့်ရန် စစ်အင်အားသုံး အသေးစား ဝင်ရောက် စွက်ဖက်မှု တစ်ခု ပြုလုပ်ခဲ့ပြီး လူသားချင်း စာနာမှု အထောက်အပံ့များ ဖြန့်ဖြူးပေးခဲ့သည်။ ထိုအင်အားမှာ သုံးနှစ်အတွင်း တပ်သား ခုနစ်ထောင်အထိ တိုးပွားလာခဲ့သည်။ အကြမ်းဖက်မှုများ ပျောက်ဆုံး သွားသော်လည်း ထိခိုက် နစ်နာခဲ့သူ အရပ်သားများမှာ နေရပ် မဲ့နေဆဲ၊ ထိခိုက်လွယ်၊ ခံစားလွယ် ဖြစ်နေဆဲ၊ လူသားချင်း စာနာမှု ဆိုင်ရာ အထောက်အပံ့များကို မှီခိုနေရဆဲ ဖြစ်သည်။ ထိုဖြစ်ရပ်များကြောင့် နိုင်ငံတကာ တက်ကြွ လှုပ်ရှားသူများက ပိုမို အင်အားကောင်းသည့် ဝင်ရောက် စွက်ဖက်မှု ပြုလုပ်ရန် ပို၍ တောင်းဆိုလာသည်။ ၂၀၀၇ ခုနှစ်တွင် ကုသမဂ္ဂက ကုလသမဂ္ဂနှင့် အာဖရိက သမဂ္ဂ အရော တပ်သား နှစ်သောင်း ခြောက်ထောင်နှင့် ရဲများကို တိုးမြှင့် ချထားရန် ခွင့်ပြုခဲ့ပြီး ထိုသူ အများစုကို လာမည့် နှစ်များအတွင်း တဖြည်းဖြည်းနှင့် တိုးမြှင့် နေရာချ သွားမည် ဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် ဒါဖားဒေသတွင်း ဖြစ်ပွားသည့် ရာဇဝတ်မှုများကို အခြေခံ၍ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးက ဆူဒန် နိုင်ငံ၏ သမ္မတကို ဖမ်းဝရမ်း ထုတ်ခဲ့သည်။ သမ္မတက လူသားချင်း စာနာမှု ဆိုင်ရာ အဖွဲ့အစည်းများသည် တရားရုံးနှင့် ပူးပေါင်းသည်ဟု စွပ်စွဲကာ ထိုအဖွဲ့များကို နိုင်ငံအတွင်းမှ နှင်ထုတ်ခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် အခြား အုပ်စုများက အထောက်အကူ ပေးခြင်း ကွက်လပ်ကို မဖြည့်ပေးသေးသည့် အချိန်အထိ ယာယီ လူသားချင်း စာနာမှု ဆိုင်ရာ အရေးပေါ် အခြေအနေတစ်ခု ဖြစ်ပေါ် စေခဲ့သည်။ ၂၀၁၆ ခုနှစ် အစောပိုင်းတွင် အာရပ်နှင့် အာဖရိကန် လူမျိုးစုများအကြား အကြမ်းဖက်မှုများ ပပျောက်သွားခဲ့သည်။ သို့ရာတွင် ပုန်ကန်သူများ၊ လုံခြုံရေး တပ်ဖွဲ့များနှင့် အချို့ လူမျိုးစုများ အကြား မပြေငြိမ်းထန်သည့် ပဋိပက္ခများ ဖြစ်ပွားနေဆဲပင်။ နေရပ် စွန့်ခွာ ထွက်ပြေးရခြင်းများလည်း ကျယ်ကျယ်ပြန့်ပြန့် ရှိနေဆဲပင်။

ဆီးရီးယားတွင် ၂၀၁၁ ခုနှစ်၌ အစိုးရ တပ်များသည် ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို စတင် တိုက်ခိုက်ခဲ့ပြီး ယင်းဖြစ်ရပ်နှင့် တစ်ချိန်တည်းမှာပင် နေတိုး တပ်ဖွဲ့က အလားတူ အကြမ်းဖက်မှုများအား တားဆီးနိုင်ရန် လစ်ဗျား နိုင်ငံကို ဝင်ရောက် စွက်ဖက်နေခဲ့သည်။ သို့ရာတွင် ဆီးရီးယား ဖြစ်ရပ်တွင်မူ နိုင်ငံတကာ အသိုင်းအဝိုင်းက ဝင်ရောက် စွက်ဖက်ရန် ငြင်းဆန်ခဲ့သည်။ ထိုသို့ ကာကွယ်ရန် တာဝန်ကို အကောင်အထည် ဖော်ရန် ပျက်ကွက်မှုကို ရှင်းပြနိုင်သည့် အချက် အများအပြား ရှိသည်။ ဆီးရီးယား စစ်တပ်မှာ အင်အားကြီးလွန်းသည်။ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက်ကို ရုရှားနှင့် တရုတ်တို့က ဆန့်ကျင်ခဲ့ကြသည်။ ဝင်ရောက် စွက်ဖက်မှုသည် အစ္စလာမ်မစ် အစွန်းရောက်များကို ကူညီပေးရာ ရောက်ပြီး စစ်ပွဲကို အိမ်နီးချင်း နိုင်ငံများသို့ ပျံ့နှံ့စေမည်။ စစ်ပွဲ ဖြစ်ပွားချိန် ပထမ ငါးနှစ်အတွင်း ဆီးရီးယားမှ ခန့်မှန်းခြေ လူသေဆုံးမှုနှုန်းမှာ နှစ်သိန်းခွဲကျော် ရှိသည်။ ရယ်စရာ ကောင်းသည်မှာ နိုင်ငံတကာ အသိုင်းအဝိုင်းသည် အစိုးရက သူပုန်များကိုသာ အဓိက ပစ်မှတ်ထား နှိမ်နင်းသည့် လစ်ဗျားနိုင်ငံတွင် လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုများ ပြုလုပ်ခဲ့ပြီး အစိုးရက အရပ်သားများကို အဓိက ပစ်မှတ်ထား တိုက်ခိုက်နေသည့် ဆီးရီးယားတွင်မှာ ဝင်ရောက် စွက်ဖက်ရန် ပျက်ကွက်ခဲ့ခြင်း ဖြစ်သည်။

| အနှစ်ချုပ် |
| --- |
| နိုင်ငံများအကြား ပြည်တွင်းရေး ကိစ္စရပ်များအတွက် စစ်ဖြစ်ခြင်းများကို တားမြစ်ပြီး ငြိမ်းချမ်းရေးကို မြှင့်တင်ရန် အချုပ်အခြာ အာဏာဆိုင်ရာ စံနှုန်းကို ၁၆၄၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။<br>၁၉၄၅ ခုနှစ် ကုလသမဂ္ဂ ပဋိညာဉ်တွင် ပြည်တွင်းရေး ကိစ္စရပ်များကို ဝင်ရောက် မစွက်ဖက်ရေးအား ထပ်မံ |

ဖော်ပြထားသည်။
လူမျိုးတုံး သတ်ဖြတ်မှုဆိုင်ရာ သဘောတူစာချုပ်နှင့် ကာကွယ်ရန် တာဝန်တို့အရ အချို့သော လူ့အခွင့်အရေးများသည် နိုင်ငံ၏ အချုပ်အခြာအာဏာ စံနှုန်းကို ကျော်လွှားနိုင်ခဲ့သည်။
စစ်အေးတိုက်ပွဲ အပြီးတွင် လူသားချင်းစာနာမှု အခြေပြု စစ်အင်အားသုံး ဝင်ရောက် စွက်ဖက်မှုကို ပို၍ တွေ့လာရသည်။ ထို့ကြောင့် ထိုကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အသုံးစရိတ်များလည်း တိုးမြင့် လာပြီး လူသားချင်း စာနာမှု ဆိုင်ရာ အန်ဂျီအိုများလည်း တိုးပွားလာသည်။
အီရတ်တွင် ၁၉၉၁ ခုနှစ်မှ စ၍ လူသားချင်းစာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုသည် နိုင်ငံတွင်း အာဏာ ချိန်ခွင်လျှာကို ပြောင်းလဲပစ်လိုက်ခြင်းဖြင့် ကာ့ဒ်လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် လှုပ်ရှားမှုများကို အထောက်အကူ ပြုခဲ့သည်။
ဆိုမာလီယာတွင် ၁၉၉၂ ခုနှစ်မှ စ၍ ဝင်ရောက် စွက်ဖက်မှုသည် လူသားချင်းစာနာမှုဆိုင်ရာ အရေးပေါ် အခြေအနေကို လျော့ပါးသွားစေခဲ့သည်။ သို့ရာတွင် နောက်ခံ ပဋိပက္ခများကိုမူ မဖြေရှင်း နိုင်ခဲ့ဘဲ ပဋိပက္ခများ ပြန်လည် ဖြစ်ပွားလာကာ အရပ်သားများ ထိခိုက်မှုနှင့် ဝင်ရောက် စွက်ဖက်မှုများ ထပ်မံ ဖြစ်ပွားခဲ့ပြန်သည်။
ကိုဆိုဗိုနှင့် လစ်ဗျား နှစ်နိုင်ငံလုံးတွင် ဝင်ရောက်စွက်ဖက်ခြင်းသည် အရပ်သားများအပေါ် အကြမ်းဖက်မှုများအား ဆတက်ထမ်းပိုး တိုးပွားစေခဲ့သည်။
ရဝန်ဒါ၊ ဒါဖားနှင့် ဆီးရီးယားတွင် အင်အားသုံး ဝင်ရောက် စွက်ဖက်မှု မရှိခြင်းကို အချို့သော လူသားချင်းစာနာမှုဆိုင်ရာ ပညာရှင်များက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

ဆီးရီးယားတွင် အရပ်သားများကို ကာကွယ်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းက ဝင်ရောက် စွက်ဖက်သင့်ပါသလား။ စွက်ဖက်သင့်သည် ဆိုပါက မည်သို့ လုပ်ဆောင်သင့်သနည်း။ အစိုးရကို ဝင်ရောက် စွက်ဖက်ပါက အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းများနှင့် လူ့အခွင့်အရေး ချိုးဖောက်ခြင်းများ ကျူးလွန်သည့် မှတ်တမ်းဆိုး ရှိသူ အဓိက အတိုက်အခံ အုပ်စု အစ္စလာမ်မစ် နိုင်ငံတော်ကို အာဏာပေးသလို ဖြစ်မည် ဖြစ်သည်။ အခြား လုပ်ဆောင်နိုင်သည့် အရာ တစ်ခုမှာ ဝင်ရောက် သိမ်းပိုက်ရေး အင်အားစု တစ်သိန်းကျော် စေလွှတ်ရန် ဖြစ်သည်။ သို့ရာတွင် အာဖဂန် နစ္စတန်နှင့် အီရတ်တွင် ထိုသို့ ပြုလုပ်ခြင်းကို စစ်သားများ စေလွှတ်သည့် နိုင်ငံများတွင် မနှစ်သက်ကြပေ။ ယင်းသို့ စေလွှတ်ခြင်းကြောင့် ထောင်နှင့်ချီသော ထိခိုက် ဒဏ်ရာရမှုများလည်း ကြုံတွေ့ရသည်။ ဆီးရီးယား အရပ်သားများကို ကာကွယ်ရန်ကို သင်၏ အသက်ကို စတေးရလောက်သည် အထိ ဂရုစိုက်ပါသလား။ ဂရုမစိုက်ဟု ဆိုပါက သင်၏ အစိုးရက သင်၏ နိုင်ငံသားများကို အန္တရာယ် များသည့် မစ်ရှင်များသို့ စေလွှတ်နေခြင်းအား ထောက်ခံပါသလား။

## ထိရောက်သော ဝင်ရောက် စွက်ဖက်မှုအတွက် အတားအဆီးများ

ပြည်တွင်း ပဋိပက္ခများတွင် လူသားချင်း စာနာမှု အခြေပြု ဝင်ရောက်စွက်ဖက်မှုများကို အချိန်မီ ပြုလုပ်နိုင်ရန် အချက်အများအပြားက ဟန့်တားနိုင်သည်။ အထင်ရှားဆုံး အချက်မှာ ဆမန်သာ ပါဝါ (Samantha Power)

က သူမ စာအုပ် *“A Problem from Hell”* တွင် ဆွေးနွေးထားသည့် ဝင်ရောက် စွက်ဖက်မည့်သူများ၏ နိုင်ငံရေး စိတ်ဆန္ဒ မရှိမှု ဖြစ်သည်။ သူမက လူမျိုးတုံး သတ်ဖြတ်မှုကို ကာကွယ်ရန် အင်အားကြီး နိုင်ငံများသည် စစ်ရေး အသုံးပြုမှု အပါအဝင် ဝင်ရောက် စွက်ဖက်ခြင်းကို အတော် လွယ်လွယ်ကူကူပင် လုပ်ဆောင်နိုင်သည်၊ သို့ရာတွင် ယင်းနိုင်ငံများက ၎င်းတို့၏ သမားရိုးကျ ပြည်တွင်း အကျိုးစီးပွားများ ဖြစ်သည့် လုံခြုံရေးနှင့် ချမ်းသာ ကြွယ်ဝမှု တို့နှင့် နှိုင်းယှဉ်လျှင် လူသားချင်း စာနာမှုဆိုင်ရာ စိုးရိမ် ပူပန်မှုများကို ဦးစားပေးခြင်း မရှိသောကြောင့် ယင်းသို့ မလုပ်ဆောင်ကြပေဟု ထောက်ပြသည်။ နိုင်ငံများသည် လူသားချင်း စာနာမှု ဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဦးစားပေးခြင်း မရှိသည်မှာ သံသယ ဝင်ရာ မလိုပေ။ ထိုအချက်သည် တစ်ခါတရံ ဝင်ရောက် စွက်ဖက်ရန် ပျက်ကွက်ရသည့် အကြောင်းအရင်း တစ်ခု ဖြစ်သည်၊ (သို့) ရဝမ်ဒါနှင့် ဒါဖား ကိစ္စရပ်များ ကဲ့သို့ ဝင်ရောက် စွက်ဖက်မှုကို နောက်ကျပြီး မလုံမလောက် လုပ်ဆောင်ကြသည်။

သို့ရာတွင် ကူပါမန်၏စာအုပ် လူသားချင်းစာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်ခြင်း၏ အကန့်အသတ်များ၊ ရဝမ်ဒါမှ လူမျိုးပြုန်းတီးစေမှု “The Limits of Humanitarian Intervention: Genocide in Rwanda” တွင် ဆွေးနွေးထားသည့်အတိုင်း အချိန်မီ တုံ့ပြန်မှု ပြုနိုင်ရန် လက်တွေ့ကျသည့် အတားအဆီး များလည်း ရှိသည် (Kuperman, 2001)။ ထိုလေ့လာချက်တွင် ထိရောက်သော ဝင်ရောက် စွက်ဖက်မှု ဖြစ်ရေးတွင် တွေ့ရလေ့ ရှိသော အတားအဆီး သုံးခုကို ရှာဖွေ ဖော်ထုတ်ထားသည်။ ယင်းတို့မှာ အရပ်သားများအပေါ် အကြမ်းဖက်မှု အရှိန် လျင်မြန်ခြင်း၊ ဝင်ရောက် စွက်ဖက်သူများထံ အချက်အလက် အတိအကျ ရောက်ရှိမှု နှောင့်နှေးခြင်းနှင့် လုံလောက်သော အင်အား ချထားရန် ထောက်ပံ့ပို့ဆောင်ရေး အတားအဆီးများတို့ ဖြစ်သည်။ ဥပမာ ရဝမ်ဒါ ဖြစ်ရပ်တွင် တွတ်စီ ထိခိုက်နစ်နာသူများသည် ပထမ သုံးပတ်အတွင်း သတ်ခံခဲ့ရကြောင်း တွေ့ရသည်။ သို့ရာတွင် ဒေသဆိုင်ရာ ကျွမ်းကျင်သူများပင် မည်သည့်အရာများ ဖြစ်ပွားနေသည်ကို နှစ်ပတ်ကြာသည်အထိ မသိရှိခဲ့ဘဲ လူမျိုးတုံး သတ်ဖြတ်မှုကို ရပ်တန့်ရန် လေကြောင်းမှ လုံလောက်သည့် စစ်အင်အား ပို့ဆောင်ရန်မှာ တစ်လကျော်ခန့် ကြာမြင့်ပေလိမ့်မည်။ ထို့ကြောင့် ဝင်ရောက် စွက်ဖက်သူများသည် နိုင်ငံရေးအရ စိတ်ဆန္ဒ ရှိသည့်တိုင်အောင် ပစ်မှတ်ထားခံရသော အရပ်သားများကို ကာကွယ်ရန် လျင်လျင်မြန်မြန် ဝင်ရောက် စွက်ဖက်နိုင်လိမ့်မည် မဟုတ်ပေ။

အချိန်မီ ဝင်ရောက် စွက်ဖက်ရန်အတွက် အတားအဆီးများသည် ကိစ္စတိုင်း၌ အမြဲတစေ ကြုံတွေ့ရသည်တော့ မဟုတ်၊ သို့ရာတွင် စစ်ပွဲများမှ ဖြစ်ပွားသည့် လူသားချင်း စာနာမှု ဆိုင်ရာ အန္တရာယ် အခြေအနေများတွင်မူ တွေ့ရလေ့ ရှိသည်။ အရပ်သားများအပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုများသည် များသောအားဖြင့် အတော်လေး လျင်မြန်သည်။ ၁၉၉၅ ခုနှစ် ခရိုအေးရှားတွင် ခရာဂျီးနား ဒေသမှ ဆာ့ဘ် လူမျိုး တစ်သိန်းကျော်ခန့်ကို တစ်ပတ် အတွင်းပင် နှင်ထုတ်ပစ်ခဲ့သည်။ ၁၉၉၉ ခုနှစ် အရှေ့တီမောတွင် တစ်ပတ်အတွင်း အခြေခံ အဆောက်အဦများကို ဖျက်ဆီးပစ်ခဲ့ပြီး ပြည်သူများကို နေရပ် စွန့်ခွာ ထွက်ပြေး စေခဲ့သည်။ ဒါဖားတွင် အရပ်သားများအပေါ် အကြမ်းဖက်မှုများ ကျူးလွန်သည့် အထွဋ်အထိပ် ကာလသည် အတန်ငယ် ရှည်ကြာခဲ့သည်။ တစ်နှစ်နီးပါး ကြာကောင်း ကြာနိုင်သည်။ သို့ရာတွင် ယင်းဖြစ်ရပ်ကို အနောက်နိုင်ငံ မီဒီယာများတွင် ၂၀၀၄ ခုနှစ် နွေဦး မတိုင်မီအထိ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့ခြင်း မရှိပေ။ သတင်းများ ဖော်ပြချိန်တွင်မူ ပြောင်းရွှေ့ ထွက်ပြေးရမှုများနှင့် သတ်ဖြတ်မှုများမှာ လျော့ကျသွားခဲ့ပြီ ဖြစ်သည်။

ဝင်ရောက်စွက်ဖက်သည့် စစ်တပ်များ စေလွှတ်ခြင်းတွင်လည်း နိုင်ငံရေး စိတ်ဆန္ဒဖြင့် ကျော်လွှား၍ မရသည့် ရုပ်ပိုင်းဆိုင်ရာ အတားအဆီး အချို့ တွေ့ကြုံရစေသည်။ စစ်တပ်များကို အနောက်နိုင်ငံများ၏ စစ်စခန်းများမှ ပဋိပက္ခ ဖြစ်ပွားရာ နေရာများသို့ ရေကြောင်းဖြင့် စေလွှတ်ခြင်းသည် ပုံမှန်အားဖြင့် ကုန်တင်၊ ကုန်ချ၊ ခရီးသွားသည့် ကာလ တစ်လခန့် အနည်းဆုံး ကြာလေ့ ရှိသည်။ လေကြောင်းဖြင့် စေလွှတ်ခြင်းက ကနဦး ဝင်ရောက် စွက်ဖက်မှုအတွက် ပိုမို မြန်ဆန်စေသော်လည်း လိုအပ်သော လက်နက်များ၊ ပစ္စည်းများ၊ ထောက်ပံ့ ရိက္ခာများ စသည်တို့ကို လေကြောင်းမှ ပို့ဆောင်ရန်မှာမူ တစ်လကျော်ခန့်ကြာမည် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် သယ်ယူရေး လေယာဉ်များ သယ်ဆောင်နိုင်သည့် ပမာဏ နည်းပါးခြင်းနှင့် ခေတ်ပေါ် စစ်အင်အားများ လိုအပ်သည့် ပစ္စည်းများ များပြားခြင်းကြောင့် ဖြစ်သည်။ လူသားချင်း စာနာမှု ဆိုင်ရာ စည်းရုံး တိုက်တွန်းသူများက စစ်ရေးအရ ဝင်ရောက် စွက်ဖက်ရန် လုံလောက်သည့် နိုင်ငံရေး စိတ်ဆန္ဒများ ဖန်တီးနိုင်သည့်တိုင် အန္တရာယ် ကျရောက်နေသော အရပ်သားများကို ကာကွယ်ရန် တပ်များသည် နောက်ကျမှ ရောက်လာနိုင်ခြေ များသည်။ အရပ်သားများ ထိခိုက်နစ်နာမှုကို အမှန်တကယ် ကာကွယ်နိုင်ရန် လူသားချင်း စာနာမှု လုပ်ငန်း ဆောင်ရွက်သူများသည် အစောကတည်းကပင် အကြမ်းဖက်မှုများ စတင်ဖြစ်ပွားခြင်း (သို့) အရှိန်အဟုန် မြင့်မားလာခြင်း ပြောင်းလဲပစ်နိုင်သည့် အင်အားသုံးခြင်း မဟုတ်သည့် မဟာဗျူဟာများကို စဉ်းစားသင့်သည်။

| အနှစ်ချုပ် |
| --- |
| စစ်ရေးအရ အချိန်မီ ဝင်ရောက် စွက်ဖက်ခြင်းကို အင်အားကြီး နိုင်ငံများ၏ နိုင်ငံရေး စိတ်ဆန္ဒ မရှိခြင်းက ဟန့်တားနိုင်သည်။ အင်အားကြီး နိုင်ငံများသည် သမားရိုးကျ အကျိုးစီးပွားများ ဖြစ်သော ၎င်းတို့၏ လုံခြုံရေးနှင့် ကြီးပွားချမ်းသာရေးကိုသာ ဦးစားပေးကြသည်။<br>သို့ရာတွင် အချိန်မီ ဝင်ရောက် စွက်ဖက်ရေးကို တားဆီးသည့် လက်တွေ့ကျသော အတားအဆီးများလည်း ရှိသေးသည်။<br>ဥပမာ အရပ်သားများအပေါ် ကြီးမားသော အကြမ်းဖက်မှု ကျူးလွန်ခြင်းသည် လျင်မြန်စွာ ဖြစ်ပွားကြသည်၊ တစ်ခါတရံ တစ်ပတ်အတွင်းပင် ဖြစ်ပွားနိုင်သည်။<br>တိကျသော အချက်အလက်များ ရရှိမှု နှောင့်နှေးခြင်းကြောင့် အနောက်နိုင်ငံမှ မီဒီယာများ (သို့) သတင်းစုဆောင်းရေး အေဂျင်စီများ အစီရင်မခံနိုင်မီ အကြမ်းဖက်မှုများမှာ ပြီးဆုံးလုနီးပါး ဖြစ်သွား လေသည်။<br>လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်ခြင်းအတွက် လက်နက် အပြည့်အစုံ တပ်ဆင်ထားသော စစ်သားများအား လေကြောင်းဖြင့် သော်လည်းကောင်း၊ ရေကြောင်းဖြင့် သော်လည်းကောင်း အလုံအလောက် စေလွှတ်ရန်မှာ ပုံမှန်အားဖြင့် တစ်လခန့် ကြာလေ့ရှိသည်။<br>ထို့ကြောင့် လုံလောက်သော နိုင်ငံရေး စိတ်ဆန္ဒ ရှိသည့်တိုင် အန္တရာယ် ကျရောက်နေသော အရပ်သားများကို ကာကွယ်ရန် စစ်တပ်များ စေလွှတ်ခြင်းကို အချိန်မီ လုပ်ဆောင်နိုင်ရန် မဖြစ်နိုင်ပေ။<br>လူသားချင်းစာနာမှု လုပ်ငန်း လုပ်ဆောင်သူများသည် အရပ်သားများအပေါ် အကြမ်းဖက်မှုများ အများဆုံး ဖြစ်ပေါ်စေသည့် ပြည်တွင်းစစ်များ စတင် ဖြစ်ပွားခြင်း (သို့) အရှိန်အဟုန် မြင့်လာခြင်းကို ပြောင်းလဲပစ်နိုင်မည့် စစ်ရေးမဟုတ်သည့် နည်းလမ်းများ အပေါ်လည်း ၎င်းတို့၏ အာရုံစိုက်မှုများကို ချဲ့ထွင်သင့်ပေသည်။ |

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**
စစ်ရေးအရ ဝင်ရောက်စွက်ဖက်ခြင်းများ အချိန်မီ ပြုလုပ်နိုင်ရန် အတားအဆီးများ ရှိလေရာ ကာကွယ်ရန် တာဝန်ကို မည်ကဲ့သို့ အကောင်းဆုံး အကောင်အထည် ဖော်နိုင်မည်နည်း။

## ဝင်ရောက် စွက်ဖက်မှု၏ မရည်ရွယ်ထားသော ရလဒ်များ

လူသားချင်း စာနာမှု အခြေပြု ဝင်ရောက်စွက်ဖက်မှုများသည် ၎င်း၏ မူလ ရည်ရွယ်ချက် ဖြစ်သည့် အရပ်သားများကို ကာကွယ်ခြင်းနှင့် ဆန့်ကျင်ဘက် ဖြစ်သော မရည်ရွယ်ထားသည့် အကျိုးဆက် အများအပြားလည်း ရှိလာနိုင်သည်။ ထိုဆန့်ကျင်ဘက် အကျိုးဆက်များသည် ဂျွန်ပရန်ဒါဂတ်စ် (John Prendergast) (1996)၊ အဲလက်စ်ဒီဝေါလ် (Alex de Waal) (1998)၊ မေရီအန်ဒါဆင် (Mary Anderson) (1999) နှင့် ဖီအိုနာတယ်ရီ (Fiona Terry) (2002) တို့ မှတ်တမ်းတင်ထား သကဲ့သို့ တစ်ခါတရံတွင် အခြေခံ လူသုံးကုန် ပစ္စည်းများ ဖြန့်ဝေပေးရာမှပင် ထွက်ပေါ်လာနိုင်သည်။ ပုန်ကန်သူများသည် ဒုက္ခသည် စခန်းများကဲ့သို့သော နေရာများတွင် အရပ်သားများနှင့် ရောနှော နေထိုင်ရာ လူသားချင်း စာနာမှု ဆိုင်ရာ အထောက်အပံ့များသည် ၎င်းတို့ ဆက်လက်ရှင်သန်ရေးအတွက် ကူညီပေးရာ ရောက်ပြီး ပုန်ကန်သူများကို အချိန်ရှည်ကြာ တိုက်ခိုက်ခွင့် ပေးလေသည်။ စခန်းများသည်လည်း နေရပ်ပြန်ရေးအတွက် အတားအဆီးများ ဖြစ်နိုင်ပြီး အာဃာတများနှင့် သူပုန်စုဆောင်းရေးတို့ကို ရှည်ကြာစေကာ စစ်ပွဲကို ဆက်လက် ဖြစ်ပွား (သို့) အသစ်တဖန် စတင်စေသည်။ သူပုန်များက အထောက်အပံ့များကို ကြားဖြတ်ယူကာ ပြန်လည် ရောင်းချခြင်းများ (သို့) လုံခြုံစွာ ဖြန့်ဝေနိုင်ရန် အတွက် ဆက်ကြေး တောင်းခံခြင်းဖြင့် ၎င်းတို့၏ စစ်အင်အားအတွက် ရန်ပုံငွေ စုဆောင်းနိုင်သည်။ အချို့ ဖြစ်ရပ်များတွင် အထောက်အပံ့များ ဖြန့်ဝေခြင်းကို ထိန်းချုပ်ရန် သူပုန်များသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ပင် တိုက်ခိုက်ကြသည်။ ထို့ကြောင့် လူသားချင်း စာနာမှု ဆိုင်ရာ အထောက်အပံ့များသည် စစ်ပွဲများအတွက် အပိုဆောင်း မက်လုံးများ ဖန်တီးပေးသည်ဟု ဆိုနိုင်သည်။

လူသားချင်း စာနာမှု ဆိုင်ရာ အထောက်အပံ့များသည် ပြည်တွင်း စီးပွားရေး အခြေအနေများနှင့် အုပ်ချုပ်ရေးကို နည်းလမ်းပေါင်းများစွာဖြင့် ထိခိုက်စေသည်။ ရေးဦးစွာ လူသုံးကုန်များ အခမဲ့ ဖြန့်ဝေခြင်းသည် ဒေသခံ လယ်သမားများနှင့် စီးပွားရေးသမားများကို ၎င်းတို့၏ ထွက်ကုန်များအား ရောင်းချ၍ မရ ဖြစ်စေပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေကာ ထိုပုဂ္ဂိုလ်များကို အသက်ရှင် ရပ်တည်ရေးအတွက် စစ်ပွဲများတွင် ပါဝင်အောင် တွန်းအားပေးသည်။ နိုင်ငံတကာ အကူအညီပေးရေး အဖွဲ့အစည်းများသည် ပြည်တွင်းမှ အရည်အချင်း ရှိသူများကို လုယူသလိုလည်း ဖြစ်စေသည်။ ပြည်တွင်းမှ အရည်အချင်းရှိသူများကို ဘာသာပြန်များ၊ ကားမောင်းသမားများ၊ ရုံးဝန်ထမ်းများ အဖြစ် အလုပ်ခန့်အပ်ခြင်းဖြင့် ပြည်တွင်း လုပ်ငန်းရှင်များနှင့် အစိုးရအတွက် လူ့စွမ်းအား အရင်းအမြစ်ကို လျော့ကျစေသည်။ ထို့ပြင် လိုအပ်သည့် လူမှု ဝန်ဆောင်မှုများကို ပြင်ပမှ ပုဂ္ဂိုလ်များက ပေးအပ်နေလေရာ အောင်မြင်သော ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် လိုအပ်မည့် ပြည်တွင်း အစိုးရ၏ တရားဝင် ဖြစ်မှုကို လျော့ကျစေသည်။ နောက်ဆုံးအချက်မှာ နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ အန်ဂျီအိုများသည် အစိုးရ၏ စာချုပ်များကို ရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ရလေရာ ၎င်းတို့သည် ထိုမရည်ရွယ်သော

အကျိုးဆက်များ ဖြစ်ပွားခြင်းကို ကာကွယ်ရေးထက် အထောက်အပံ့များ အလျင်အမြန် ဖြန့်ဝေရေးကိုသာ အာရုံစိုက်နေကြသည်။

လူသားချင်း စာနာမှု အကြောင်းပြချက်ဖြင့် စစ်အင်အားသုံးခြင်းသည်လည်း ဆန့်ကျင်ဘက် အကျိုး ရလဒ်များ ဖြစ်စေနိုင်သည်။ ရစ်ချက်ဘက်စ် (Richard Betts) (1994) က စစ်ရေးအရ ဝင်ရောက် စွက်ဖက်ခြင်းသည် ပုံစံနှစ်မျိုး ရှိသည်ဟု ဆိုသည်။ ဘက်လိုက်ခြင်း (သို့) ဘက်မလိုက်ခြင်းနှင့် အကန့်အသတ် ဖြစ်ခြင်း (သို့) အလွန်အကျူး ဖြစ်ခြင်းတို့ ဖြစ်သည်။ ထိုအချက် လေးချက်ကို ပုံစံ လေးမျိုးဖြင့် ပေါင်းစပ်၍ ရသည်။ ထိရောက်သော ပုံစံ တစ်ခုမှာ အားကောင်းသည့် အဖွဲ့ဘက်မှ အကန့်အသတ်ဖြင့် ဘက်လိုက်သည့် နည်းလမ်း ဖြစ်ပြီး ယင်းနည်းလမ်းဖြင့် ထိုအဖွဲ့ကို အနိုင်ရရှိစေကာ အကြမ်းဖက်မှုကို အဆုံးသတ်နိုင်သည်။ အခြား ထိရောက်သည့် နည်းလမ်း နှစ်ခုမှာ ဘက်လိုက်သော (သို့) ဘက်မလိုက်သော အလွန်အကျူး ဝင်ရောက် စွက်ဖက်ခြင်း ဖြစ်သည်။ ဤပုံစံ များတွင် အင်အားကြီးသည့် ဝင်ရောက် စွက်ဖက်သူက သဘောတူညီမှု ရရှိစေရန် ဖိအားပေး ခိုင်းစေနိုင်သည်။ သို့ရာတွင် စစ်ရေးသုံး လူသားချင်းစာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှု များတွင် အတွေ့ရ အများဆုံး ပုံစံမှာ အကန့်အသတ်ဖြင့် ဘက်မလိုက်သည့် ပုံမျိုး ဖြစ်ပြီး ယင်းနည်းလမ်းက အင်အားနည်းသည့်ဘက်ကို တိုက်ခိုက်မှုများ ဆက်လုပ်နိုင်သော်လည်း အဆုံးသတ်မပစ်နိုင်သည့် အခြေအနေ တစ်ခုအထိ အထောက်အပံ့ ပေးထားသည် (ဇယား ၂၁.၁ တွင် ရှုပါ)။ အလားတူပင် အဒ်ဝက်ဒ် လက်တ်ဝခ် (Edward Luttwak) (၁၉၉၉) ကလည်း ရည်ရွယ်ချက် ကောင်းကောင်းဖြင့် ဝင်ရောက် စွက်ဖက်ခြင်းများသည် စစ်ပွဲကို ပိုမို ရှည်ကြာစေပြီး လူသားချင်း စာနာမှု ဆိုင်ရာ အထိအခိုက်များ ဖြစ်ပေါ်စေခြင်းဖြင့် ရည်ရွယ်ချက်နှင့် ဆန့်ကျင်ဘက် အကျိုးဆက်များ ဖြစ်စေသည်ဟု ဆိုခဲ့သည်။ တည်ငြိမ်မှုနှင့် လူသားချင်း စာနာမှု အရေးအတွက် ဝင်ရောက် စွက်ဖက်ခြင်း မပြုခြင်းက အားကောင်းသည့် ဘက်မှ အနိုင်ရရှိခြင်းဖြင့် စစ်ပွဲများကို ပိုမို လျင်မြန်စွာ ပြီးဆုံးစေသည်ဟု သူက ထောက်ပြခဲ့သည်။

| **ဇယား ၂.၁။** လူသားချင်းစာနာမှု အခြေပြု စစ်ရေးအရ ဝင်ရောက် စွက်ဖက်ခြင်း၏ မဟာဗျူဟာ လေးမျိုး | | |
|---|---|---|
| | **အကန့်အသတ် အင်အား** | **အလွန်အကျူး အင်အား** |
| **ဘက်မလိုက်ခြင်း** | အတွေ့ရ အများဆုံး ပုံစံ ဖြစ်သည်။ ရေတိုတွင် အသက်များ ကယ်တင် နိုင်သော်လည်း စစ်ပွဲများကို ပို၍ ရှည်ကြာစေပြီး လူသားချင်း စာနာမှု ဆိုင်ရာ ထိခိုက်မှုများ ပိုများပြား လာစေနိုင်သည်။ **(ဘော့စနီးယား၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်း ရေး တပ်များ၊ ၁၉၉၂-၅)** | ရှားပါးသည်။ အကြမ်းဖက်မှုကို လျင်မြန်စွာ အဆုံးသတ်နိုင်သည်။ သို့ရာတွင် အကြီးစား စစ်ရေးဆိုင်ရာ ကတိကဝတ်များ လိုအပ်ပြီး ကြားနေ မဟုတ်ဟု ရှုမြင်ကြပါက အသစ် ထွက်ပေါ်လာသော အကြမ်းဖက်မှု များတွင် ထပ်မံ ကြားညပ် သွားနိုင် သည်။ **(ဆိုမာလီယာ၊ အမေရိကန် နိုင်ငံ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်များ၊ ၁၉၉၂-၅)** |
| **ဘက်လိုက်ခြင်း** | သိပ်မတွေ့ရပေ။ အင်အား ကောင်းသည့် ဘက်ကို ဘက်လိုက် ပါက မြန်မြန် ပြီးဆုံးသွား နိုင်သည်။ သို့မဟုတ် အားနည်းသည့် ဘက်ကို | ရှားပါးသည်။ တစ်ဘက်ကို အနိုင်ရရှိ စေရန် ကူညီခြင်းဖြင့် အကြမ်းဖက်မှု များကို လျင်လျင်မြန်မြန် အဆုံးသတ် နိုင်သည်။ သို့ရာတွင် အကြီးစား စစ်ရေး |

| | | |
|---|---|---|
| | အနိုင်ရရှိအောင် ကူညီခြင်းဖြင့် အကြမ်းဖက်မှုကို တဖြည်းဖြည်း အဆုံးသတ်နိုင်သည်။ သို့ရာတွင် ရေတိုအားဖြင့် အရပ်သားများသည် မျှော်လင့်ထားသည်နှင့် ဆန့်ကျင်ဖက် ဖြစ်သည့် ရလဒ်များ ကြုံရနိုင်သည်။ **(ကိုဆိုဗို၊ ဆာဘီးယားတွင် နေတိုး အဖွဲ့၏ ဗုံးကြဲမှု၊ ၁၉၉၉)** | ဆိုင်ရာ ကတိကဝတ်များ လိုအပ်ပြီး ကြားနေမှုဝါဒကို ဆုံးရှုံး စေသည်။ **(အီရတ်၊ အမေရိကန် နိုင်ငံ ဦးဆောင်သော ဝင်ရောက် စွက်ဖက်မှုနှင့် ကာ့ဒ်ဒေသတွင် လေယာဉ် မပျံသန်းရ နယ်မြေ သတ်မှတ်ခြင်း၊ ၁၉၉၁-၂၀၀၃)** |

R. Betts (1994) မှ ကိုးကားထားသည်။

## ကိုယ်ကျင့်တရားဆိုင်ရာ အန္တရာယ်

စာရေးသူ၏ လေ့လာချက်များအရ ကာကွယ်ရန် တာဝန်သည် ၎င်းတို့ လျော့ပါးသွားအောင် လုပ်ရမည့် လူသားများ၏ ထိခိုက် နစ်နာမှုကို တိုးပွားလာစေပြီး စနစ်တကျ ဖန်တီးထားသည့် ကိုယ်ကျင့်တရား ဆိုင်ရာ အန္တရာယ် ထွက်ပေါ်လာနိုင်ကြောင်း တွေ့ရသည် (Crawford and Kuperman, 2006; Kuperman, 2008)။ ထိုပြဿနာ၏ ဇာစ်မြစ်မှာ အရပ်သားများ ထိခိုက်မှုသည် ပုန်ကန်မှု ပြုလုပ်နေသည့် အဖွဲ့များ (ဥပမာ လက်နက်ကိုင် ခွဲထွက်ရေး အဖွဲ့များ) ကို နိုင်ငံတော်၏ အဖွဲ့ဝင် အချို့မှ လက်တုံ့ပြန်ရာတွင် ထွက်ပေါ်လာခြင်း ဖြစ်သည်။ လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်ခြင်းသည် အန္တရာယ် ကျရောက်နေသော အရပ်သားများကို ကာကွယ်ပေးရုံ သာမက ရည်ရွယ်ချက် ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ သူပုန်များ၏ နိုင်ငံရေး ရည်မှန်းချက်များကိုလည်း ထောက်ပံ့ပေးရာ ရောက်သည်။ ထို့ကြောင့် ဝင်ရောက် စွက်ဖက်ခြင်းဖြင့် သူပုန်များအတွက် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများကို လျှော့ချပေးပြီး ၎င်းတို့၏ အောင်မြင်ရန် ဖြစ်နိုင်ခြေကို တိုးမြင့်စေသည်ဟု မျှော်လင့်ရသည်။ အချို့သော စစ်သွေးကြွများက ဝင်ရောက် စွက်ဖက်ခြင်းများ ဖြစ်ပွားလာစေရန် နိုင်ငံတော်ဘက်မှ အရပ်သားများအပေါ် တိုက်ခိုက်မှုများ ဖြစ်ပွားစေဖို့ ရည်ရွယ်ချက် ရှိရှိ ဆွပေးကြသည်။ လူသားချင်းစာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်ခြင်းများသည် သူပုန်များကို ၎င်း၏ နိုင်ငံရေး ရည်မှန်းချက်များ ရရှိစေရန် အထောက်အကူ ပေးသော်လည်း အရပ်သားများအပေါ် တိုက်ခိုက်မှုများအား ပြောင်းလဲပေးနိုင်ရန် ယင်းစွက်ဖက်မှုများ ဖြစ်ပေါ်သည့် အချိန် နောက်ကျလွန်းသည် (သို့) မလုံလောက်ပေ။ ထို့ကြောင့် ကာကွယ်ရန် တာဝန်သည် လူမျိုးပြုန်းတီးစေမှု ဆိုင်ရာ အကြမ်းဖက်မှုအပေါ် ထားရှိသည့် ပြီးပြည့်စုံခြင်း မရှိသော အာမခံ မူဝါဒ တစ်ခုနှင့် ဆင်တူသည်။ ဝင်ရောက် စွက်ဖက်မှုသည် တိုက်ခိုက်ခြင်း ခံရနိုင်သော ပုန်ကန်သူ အဖွဲ့များကို အန္တရာယ်များသော၊ တရားမဝင်သော လုပ်ရပ်များကို ပို၍ လုပ်ရန် အားပေးသော်လည်း အရပ်သားများကိုမူ ရက်စက်ကြမ်းကြုတ်သော မရည်ရွယ်သည့် အကျိုးဆက်များ ကြုံတွေ့ရခြင်းမှ အပြည့်အဝ မကာကွယ်ပေးနိုင်ပေ။ အကျိုးဆက် အနေဖြင့် အသစ် ထွက်ပေါ်လာသည့် လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်ခြင်း စံနှုန်းသည် အချို့သော အရပ်သားများကို ဝင်ရောက် စွက်ဖက်ခြင်း မပြုသည့် အခြေအနေတွင် ၎င်းတို့ မရင်ဆိုင်ရလောက်သည့် ထိခိုက် နစ်နာမှုများ ရင်ဆိုင်ရစေနိုင်သည်။ လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှု၏ ကိုယ်ကျင့်တရား ဆိုင်ရာ အန္တရာယ် ကျရောက်သည့် ဖြစ်ရပ်အဖြစ် လူသိများသည့် ဖြစ်ရပ်မှာ ကိုဆိုဗို၊ ဒါဖားနှင့် ဘော့စနီးယား ဖြစ်ရပ်များ ဖြစ်ပြီး ဘော့စနီးယား ဖြစ်ရပ်ကို နောက်ပိုင်း အပိုင်းတွင် အသေးစိတ် ဖော်ပြထားသည်။

ကိုယ်ကျင့်တရား ဆိုင်ရာ အန္တရာယ်သည် နိုင်ငံတော်၏ အကြမ်းဖက်မှုဒဏ်မှ အရပ်သားများကို ကာကွယ်ပေးရုံသာမက သူပုန်များကိုလည်း ထောက်ပံ့ပေးရာကျသည့် လူသားချင်း စာနာမှု ဆိုင်ရာ ဆန္ဒများက အဓိက လှုံ့ဆော်ပေးသော မည်သည့် နိုင်ငံတကာ လုပ်ရပ်များမှမဆို ထွက်ပေါ် လာနိုင်သည်။ ထိုလုပ်ရပ် အမျိုးအစားများမှာ ကျယ်ပြန့်သည်။ ရှုတ်ချခြင်း၊ စီးပွားရေး ပိတ်ဆို့ရန် ခြိမ်းခြောက်ခြင်း၊ ပိတ်ဆို့ခြင်း၊ ခွဲထွက်ရေး အဖွဲ့များ၏ လွတ်လပ်ရေးကို အသိအမှတ်ပြုခြင်း၊ စစ်ဘက်ဆိုင်ရာ (သို့) စီးပွားရေး ဆိုင်ရာ ပိုင်ဆိုင်မှုများကို လေကြောင်းမှ တိုက်ခိုက်ခြင်း၊ စစ်ရေးအရ အကူအညီ ပေးခြင်း (သို့) သူပုန်များဖြင့် ညှိနှိုင်းကာ အန္တရာယ် ကျရောက်နေသော အရပ်သားများကို ကာကွယ်ပေးခြင်း၊ သဘောတူညီမှုဖြင့် ငြိမ်းချမ်းရေး ထိန်းသိမ်းသူများကို စေလွှတ်ခြင်း၊ ငြိမ်းချမ်းရေး ရရှိရန် သဘောတူညီမှု မရှိဘဲ စစ်တပ်များ စေလွှတ်ခြင်းတို့ အပါအဝင် နိုင်ငံ၏ အချုပ်အခြာ အာဏာကို လေးစားသည့် အကုန်အကျနည်းသော ရှေးရိုးစွဲ နည်းလမ်းများမှ အချုပ်အခြာ အာဏာကို ဖောက်ဖျက်သည့် အကုန်အကျများသော နည်းလမ်းများအထိ ပါဝင်သည်။ ကိုယ်ကျင့်တရားဆိုင်ရာ အန္တရာယ်ကို ကျော်လွှားနိုင်သည့် နည်းလမ်းများအား ဤအခန်း၏ နိဂုံးပိုင်းတွင် ဆွေးနွေးထားပါသည်။

### အနှစ်ချုပ်

လူသားချင်း စာနာမှုဆိုင်ရာ အခြေခံ စားသောက်ကုန်များ ဖြန့်ဝေခြင်းသည် ယင်းပစ္စည်းများကို သူပုန်များက ခိုးယူ၍ ရောင်းချခြင်း (သို့) ယင်းပစ္စည်းများကို အကြောင်းပြု၍ တိုက်ခိုက်ခြင်းများ ဖြစ်ပွားလာပါက ပုန်ကန်သူများကို ရပ်တည်နိုင်ရန် ထောက်ပံ့ပေးသကဲ့သို့ ဖြစ်စေပြီး အကြမ်းဖက်မှုများကို ပိုမို ဆိုးရွားစေသည်။

ထိုကဲ့သို့ လူသားချင်း စာနာမှုဆိုင်ရာ အကူအညီသက်သက်သည် လယ်သမားများ၊ စီးပွားရေး ပညာရှင်များနှင့် အစိုးရ အင်စတီကျူးရှင်းများ၏ အခန်းကဏ္ဍကို အပိုဖြစ်စေပြီး ပြည်တွင်း စီးပွားရေးနှင့် အုပ်ချုပ်ရေးကို ထိခိုက်စေသည်။

နိုင်ငံတကာ အထောက်အပံ့ပေးရေး အဖွဲ့အစည်းများသည် ဒေသခံများထဲမှ အရည်အချင်း အရှိဆုံးသူများကို ငှားရမ်းကြရာ ထိုသူများမှ စီးပွားရေး လုပ်ငန်းများနှင့် အစိုးရအဖွဲ့တွင် ဝင်ရောက် လုပ်ကိုင်နိုင်စွမ်းကို လျော့ချပစ်သည်။

လူသားချင်းစာနာမှု ဆိုင်ရာ အန်ဂျီအိုများသည် ရည်ရွယ်မထားသော အကျိုးဆက်များကို တားဆီးရေးထက် စာချုပ်များ ရရှိရေးနှင့် အထောက်အပံ့များ ဖြန့်ဝေရေးကိုသာ အာရုံစိုက် နေကြသည်။

လူသားချင်း စာနာမှု အကြောင်းပြု စစ်ရေးအရ ဝင်ရောက် စွက်ဖက်မှုသည် ပုံမှန်အားဖြင့် အင်အား အကန့်အသတ်ဖြင့် ဘက်မလိုက်သည့် ပုံစံကို ကျင့်သုံးသည်။ ယင်းပုံစံသည် အားနည်းသည့် အဖွဲ့များကို တိုက်ပွဲများ ဆက်လက် တိုက်နေရန်နှင့် အရပ်သားများ ထိခိုက်နစ်နာမှု ဆက်လက်ရှိ နေရန် အားပေးသည်။

ကိုယ်ကျင့်တရား ဆိုင်ရာ အန္တရာယ်သည် နိုင်ငံတော်၏ အကြမ်းဖက်မှုဒဏ်မှ အရပ်သားများကို ကာကွယ်ပေးရုံသာမက သူပုန်များကိုလည်း ထောက်ပံ့ပေးရာကျသည့် လူသားချင်း စာနာမှု ဆိုင်ရာ ဆန္ဒများက အဓိက လှုံ့ဆော်ပေးသော မည်သည့် နိုင်ငံတကာ လုပ်ရပ်များမှမဆို ထွက်ပေါ် လာနိုင်သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

ပြည်တွင်းစစ်တွင် အရပ်သားများကို ကာကွယ်ရန် အလျင်မြန်ဆုံး နည်းလမ်းမှာ တိုက်ခိုက်မှုများကို

အဆုံးသတ်ရန် ဖြစ်သည်။ တိုက်ခိုက်မှုများကို အဆုံးသတ်ရန် အလျင်မြန်ဆုံး နည်းလမ်းမှာ အင်အားအကြီးဆုံး အုပ်စု၊ ပုံမှန်အားဖြင့် အစိုးရကို အနိုင်ရရှိရန် ကူညီခြင်း ဖြစ်သည်။ သို့ရာတွင် အစိုးရ ကျူးလွန်သော ရာဇဝတ်မှုများသည် စစ်ပွဲများ စတင်စေသည့် အကြောင်းအရင်း ဖြစ်နိုင်သည်။ အရပ်သားများကို ကာကွယ်ရန် အကြမ်းဖက်မှုများကို အဆုံးသတ်ပစ်ခြင်းနှင့် ရာဇဝတ်သား အစိုးရကို ဖြုတ်ချပစ်ရန် ကူညီခြင်း တို့အနက် မည်သည့်အရာက ပို၍ အရေးကြီး သနည်း။

## ဝင်ရောက် စွက်ဖက်မှု ဖြစ်ရပ် လေ့လာခြင်း၊ ဘော့စနီးယား

လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုဆိုင်ရာ အခြေအနေများကို ၁၉၉၂ မှ ၁၉၉၅ အထိ ဖြစ်ပွားခဲ့သော ဘော့စနီးယား စစ်ပွဲတွင် တွေ့ရသည်။ ထိုစစ်ပွဲသည် ယခင်က တည်ငြိမ်သည့် ကွန်မြူနစ် နိုင်ငံ တစ်နိုင်ငံ ဖြစ်သော ယူဂိုဆလားဗီးယား နိုင်ငံ ပြိုကွဲခြင်းမှ ဖြစ်ပေါ်လာသည့် စစ်ပွဲ ဖြစ်သည်။ ယူဂိုဆလားဗီးယား နိုင်ငံသည် ဒုတိယ ကမ္ဘာစစ်မှ ၁၉၈၀ ပြည့်လွန်နှစ် နှောင်းပိုင်းများ အထိ အရှေ့ဥရောပတွင် အချမ်းသာဆုံးသော နိုင်ငံ တစ်နိုင်ငံ ဖြစ်ခဲ့သည်။ ယူဂိုဆလားဗီးယား နိုင်ငံ ပြိုကွဲရသည့် အကြောင်းအရင်း အများအပြား ရှိသည်။ နိုင်ငံ၏ လူဦးရေသည် လူမျိုးစု မျိုးစုံ ပါဝင်ပြီး ထိုအုပ်စုများသည် တစ်စုနှင့် တစ်ခု ကျယ်ပြန့်သော အကြမ်းဖက်မှုများ ကျူးလွန်ခဲ့သည့် သမိုင်းများ ရှိသည်။ နိုင်ငံကို လူမျိုးစုများအပေါ် အဓိကထား၍ နယ်မြေများ ပိုင်းခြားထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ရီပါ့ဗလစ် ခြောက်နိုင်ငံ၊ ဘော့စနီးယား၊ ခရိုအေးရှား၊ မက်ဆီဒိုးနီးယား၊ မွန်တီနီဂရိုး၊ ဆားဗီးယားနှင့် ဆလိုဗေးနီးယားနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဆားဗီးယား နယ်မြေ နှစ်ခု၊ ကိုဆိုဗိုနှင့် ဗွိုင်ဗော်ဒီးနား ဟူ၍ ဖြစ်သည် (ပုံ ၂၁.၁ ကိုရှုပါ)။ ဒုတိယ ကမ္ဘာစစ် အပြီး ယူဂိုဆလားဗီးယား နိုင်ငံ၏ ခေါင်းဆောင် မာရှယ်ဂျိုးစစ်ဘရော့ဇ်တီတို (Marshal Josip Broz Tito) သည် လူမျိုးစုများအကြား အပြိုင်အဆိုင် ဖြစ်မှုများကို ဖိနှိပ်ထားနိုင်ခဲ့သည်။ သို့ရာတွင် ၁၉၈၀ တွင် သူသေဆုံး သွားခဲ့သည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် စီးပွားရေး ကျဆင်းမှုများက တင်းမာမှုများကို မြင့်တက်စေခဲ့သည်။ အထူးသဖြင့် ချမ်းသာသော ရီပါ့ဗလစ်များ ဖြစ်သည့် ဆလိုဗေးနီးယားနှင့် ခရိုအေးရှားတို့အပေါ် ဆင်းရဲသည့် အခြားဒေသများက မကျေမနပ် ဖြစ်ကြသည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် ဘာလင်တံတိုင်း ပြိုကျသွားသည့်အခါ ယူဂိုဆလားဗီးယားတွင်လည်း ဒီမိုကရေစီ အကူးအပြောင်း ဖြစ်လာစေပြီး အမျိုးသားရေး နိုးကြားမှုများ ပြန်လည် ရှင်သန် လာသည်။ ဆားဗီးယား ခေါင်းဆောင် ဆလိုဘိုဒန် မီလိုဆိုဗစ်က ကိုဆိုဗိုရှိ အယ်လ်ဘေးနီးယား လူမျိုးများသည့် ဆာ့ဘ် (ဆားဗီးယား) လူမျိုးများကို ခွဲခြား ဆက်ဆံနေသည်ဟု စွပ်စွဲကာ ထိုဒေသ၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ကို ရုပ်သိမ်းလိုက်ပြီး ရဲတပ်ဖွဲ့ အုပ်ချုပ်သည့် ဒေသတစ်ခုအဖြစ် အသွင်ပြောင်း လိုက်သည်။ ထိုဖြစ်ရပ်က ဆလိုဗေးနီးယားနှင့် ခရိုအေးရှားတို့ကို ခွဲထွက်စေခဲ့ပြီး ခရိုအေးရှား နိုင်ငံက ဆာ့ဘ်လူမျိုး လူနည်းစုကို ခြိမ်းခြောက်ရာကျသည့် အမျိုးသားရေး ဆန်သော ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ အပြောင်းအလဲများကို လုပ်ဆောင်ခဲ့သည်။ ထိုရီပါ့ဗလစ် နှစ်ခုသည် ယူဂိုဆလားဗီးယားမှ ၁၉၉၁ ခုနှစ် ဇွန်လတွင် ခွဲထွက်သွားသည်။ ဆာ့ဘ်လူမျိုး အများစု ပါဝင်သည့် ယူဂိုဆလားဗီးယား စစ်တပ်က ဆာ့ဘ်လူမျိုး အနည်းငယ် ရှိသည့် ဆလိုဗေးနီးယားတွင် မအောင်မြင်သည့် စစ်ပွဲ တစ်ခုကို ခေတ္တ ဆင်နွှဲခဲ့သည်။ သို့ရာတွင် ဆာ့ဘ်လူမျိုးများ အများစု နေထိုင်သည့် ဒေသများကို ထိန်းချုပ်ရန်နှင့် ထိုဒေသများမှ ခရုတ် (ခရိုအေးရှား) လူမျိုးများကို မောင်းထုတ်ရန် ခရိုအေးရှားတွင် ယူဂိုဆလားဗီးယား စစ်တပ်နှင့် ဆာ့ဘ်သူပုန်များက သွေးစွန်းသည့် စစ်ပွဲကို ခြောက်လကြာ

ဆင်နွှဲခဲ့သည်။ ခရိုအေးရှားတွင် ဖြစ်ပွားခဲ့သည့် စစ်ပွဲကြောင့် လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရပြီး ထောင်ပေါင်းများစွာ နေရပ် စွန့်ခွာ ထွက်ပြေးခဲ့ ရသည်။

ထိုအချိန်တွင် ဘော့စနီးယား ဒေသမှာ ငြိမ်းငြိမ်းချမ်းချမ်းပင် ရှိသည်။ သို့ရာတွင် မကြာမီပင် ကံကြမ္မာကို ပြောင်းလဲပစ်မည့် ဆုံးဖြတ်ချက် တစ်ခုနှင့် ရင်ဆိုင်ရတော့သည်။ ဘော့စနီးယား လူဦးရေတွင် မူဆလင် (၄၀ ရာခိုင်နှုန်းအောက်)၊ ဆာ့ဘ်လူမျိုး (၃၀ ရာခိုင်နှုန်းအောက်) နှင့် ခရုတ် လူမျိုး (၂၀ ရာခိုင်နှုန်းကျော်) ဟူ၍ အဓိက လူမျိုးစု သုံးစု ပါဝင်သည်။ ဆာဘ့်လူမျိုးများသည် ဘော့စနီးယားကို ယူဂိုဆလားဗီးယား၏ အစိတ်အပိုင်း တစ်ခုအဖြစ်သာ ဆက်ရှိနေစေလိုသည်။ သို့ရာတွင် ဘော့စနီးယားသာ လွတ်လပ်ရေး ရယူမည် ဆိုပါက နိုင်ငံကို လူမျိုးစုများအရ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများအဖြစ် ပိုင်းခြားပစ်ရမည်၊ ထိုမှသာ ဆာ့ဘ်လူမျိုးများသည် ၎င်းတို့ အများစု နေထိုင်သည့် ဒေသများကို အုပ်ချုပ်ခွင့် ရမည် ဖြစ်သည်။ ဘော့စနီးယက်ဟု တစ်ခါတရံ ညွှန်းဆိုသော မူဆလင်များသည် အကြီးမားဆုံး အုပ်စု ဖြစ်ပြီး ဘော့စနီးယားကို လူမျိုးအရ ပိုင်းခြားထားခြင်း မရှိသော တစ်ပြည်ထောင် နိုင်ငံအဖြစ် လွတ်လပ်ရေး ရယူလိုသည်။ ခရုတ် လူမျိုးများက မူဆလင်များနှင့် ယာယီ ပူးပေါင်း၍ လွတ်လပ်ရေး ရယူရေးကို ထောက်ခံခဲ့သည်။ သို့ရာတွင် ၎င်းတို့ နေထိုင်ရာ ဒေသ အများစုကို ခွဲထွက်၍ အိမ်နီးချင်း ခရိုအေးရှား နိုင်ငံနှင့် သွားရောက် ပူးပေါင်းရန် တိတ်တဆိတ် ကြံစည်ခဲ့ကြသည်။

**ပုံ ၂၁.၁။** စစ်ပွဲမတိုင်မီ ယူဂိုဆလားဗီးယား နိုင်ငံရှိ လူမျိုးစုများ တည်ရှိပုံ၊ ၁၉၉၁




*Source*: Adapted from 'The Former Yugoslavia: A Map Folio' (1992, US Central Intelligence Agency). Available at https://www.lib.utexas.edu/maps/europe/yugoslav.jpg

ဘော့စနီးယားသာ လွတ်လပ်ရေး ကြေညာလိုက်ပါက စစ်ပွဲများ ဖြစ်ပွားမည့် အရေးကို အချို့ မူဆလင် ခေါင်းဆောင်များက စိုးရိမ်မကင်း ဖြစ်ကြသည်။ ထို့ကြောင့် ၁၉၉၁ ခုနှစ် ဩဂုတ်လတွင် ခေါင်းဆောင် အချို့က ယူဂိုဆလားဗီးယားတွင်သာ ဆက်နေရန် ညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့သည်။ သို့ရာတွင် မူဆလင် အများစုက ထိုနည်းလမ်းကို ဆန့်ကျင်ခဲ့ကြသည်။ ဆာ့ဘ်လူမျိုးများက ၎င်းတို့ အနေဖြင့် ဘော့စနီးယား တစ်ပြည်ထောင် နိုင်ငံ အဖြစ် လွတ်လပ်ရေး ရယူခြင်းကို ငြိမ်းချမ်းစွာ လက်ခံမည် မဟုတ်ကြောင်း သတိပေးခဲ့သည်။ ယူဂိုဆလားဗီးယား စစ်တပ်ကလည်း ရီပါ့ဗလစ်များမှ ဆာ့ဘ်လူမျိုးများ ပါဝင်သည့် စစ်တပ်ကို ဘော့စနီးယားသို့ စေလွှတ်ခဲ့သည်။ ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် မူဆလင်များနှင့် ခရုတ်

ခေါင်းဆောင်များသည် လွတ်လပ်ရေး ရယူလိုခြင်း ရှိမရှိ ပြည်သူ့ဆန္ဒ ခံယူပွဲ ကျင်းပခဲ့ပြီး ယင်းတို့၏ လူမျိုးစုများက သောင်းသောင်းဖြဖြ ထောက်ခံခဲ့ကြသော်လည်း ဆာ့ဘ်လူမျိုးများက ထိုဆန္ဒခံယူပွဲကို သပိတ်မှောက်ခဲ့ကြသည်။

**တားဆီးရန် သံတမန် နည်းလမ်းက မျှော်လင့်ထားသည်နှင့် ဆန့်ကျင်ဘက် ဖြစ်လာသောအခါ**

ဘော့စနီးယားဆိုင်ရာ နိုင်ငံတကာ သံတမန် နည်းလမ်းသည် ခရိုအေးရှားတွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် စစ်ပွဲကဲ့သို့ အခြားစစ်ပွဲ တစ်ပွဲ ထပ်မဖြစ်စေလိုသည့် လူသားချင်း စာနာမှု ဆိုင်ရာ စိတ်ဆန္ဒအပေါ် အခြေခံသည်။ ဥရောပ အသိုက်အဝန်း (the European Community (EC)) ၏ ဦးဆောင် ဆွေးနွေးသူ ပေါ်တူဂီလူမျိုး သံတမန် ဟိုဆေးကတ်တီလီယာရို (Jose Cutilerio) က အုပ်စု သုံးစုက လူမျိုးစုအရ နိုင်ငံကို ဒေသများ ခွဲဝေပိုင်းခြားမှု မပြီးသေးသရွေ့ ဘော့စနီးယား၏ လွတ်လပ်ရေးကို အသိအမှတ်မပြုသင့်ဟု ဆိုခဲ့သည်။ ထိစပ်နေခြင်း မရှိသည့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ လူမျိုးစု ဒေသများဟူသည့် အချက်ကို အခြေခံ၍ အုပ်စု သုံးစု၏ ခေါင်းဆောင်များက ထိုအကြံအစည်ကို ၁၉၉၂ ဖေဖော်ဝါရီတွင် သဘောတူညီခဲ့ပြီး ကတ်တီလီယာရိုက စစ်ပွဲ မဖြစ်အောင် တားဆီးနိုင်လိုက်ပြီဟု ယူဆခဲ့သည်။ သို့ရာတွင် အမေရိကန်မှ သံတမန်များက ဆာ့ဘ်လူမျိုးများကို အကြမ်းဖက်မှု မလုပ်ဆောင်ရန် တားမြစ်ပြီး တစ်ပြည်ထောင် ဘော့စနီးယား နိုင်ငံ၏ လွတ်လပ်ရေးကို အသိအမှတ်ပြုခြင်းဖြင့် လူ့အခွင့်အရေးနှင့် လူသားချင်း စာနာမှုဆိုင်ရာ အကျိုးစီးပွားများကို ပိုမိုကာကွယ်နိုင်လိမ့်မည်ဟု ထောက်ပြကြသည်။ အမေရိကန်နိုင်ငံက ဥရောပမှ တာဝန်ရှိသူများကို နိုင်ငံအတွင်း လူမျိုးစုများအရ နယ်မြေပိုင်းခြားမှုများ မရှိသည့်တိုင် ဘော့စနီးယား နိုင်ငံ၏ လွတ်လပ်ရေးကို အသိအမှတ်ပြုရန် ဖျောင်းဖျပြီးနောက်တွင် မူဆလင်များနှင့် ခရုတ် လူမျိုးများက ကတ်တီလီယာရို၏ အကြံအစည်မှ နှုတ်ထွက်လိုက်ကြသည်။ ထိုဖြစ်ရပ်သည် ကိုယ့်ကျင့်တရားဆိုင်ရာ အန္တရာယ်ကို ဥပမာပြနေသည်။ အမေရိကန် နိုင်ငံက ဆာ့ဘ်လူမျိုးများ၏ အကြမ်းဖက်မှုကို တားဆီးရန် ရည်ရွယ်သည်။ သို့ရာတွင် ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် ဆာ့ဘ်လူမျိုးများက စစ်ပွဲများ စတင်ရလိမ့်မည်ဟူသည့် သတိပေးမှုများ ရှိသည့်တိုင် မူဆလင်များနှင့် ခရုတ် လူမျိုးများကို ညှိနှိုင်းမှုများအား ငြင်းပယ်စေပြီး တစ်ပြည်ထောင် ဘော့စနီးယား နိုင်ငံအဖြစ် လွတ်လပ်ရေး ကြေညာစေခဲ့သည်။

၁၉၉၂ ခုနှစ် ဧပြီလ ၆-၇ ရက်တို့တွင် အမေရိကန် နိုင်ငံနှင့် ဥရောပ အသိုက်အဝန်းတို့က တစ်ပြည်ထောင် ဘော့စနီးယား နိုင်ငံ၏ လွတ်လပ်ရေးကို အသိအမှတ်ပြုရန် ဆုံးဖြတ် လိုက်ခြင်းသည် မျှော်လင့်ထားသလို ဆာ့ဘ်လူမျိုးများအား မတားဆီးနိုင်ခဲ့ဘဲ ၎င်းတို့ သတိပေး ထားသကဲ့သို့ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေသည်။ ဆာ့ဘ်မဟုတ်သူများအား ဆာ့ဘ်လူမျိုး အများစု နေထိုင်သည့် ဒေသနှင့် လူမျိုးစုများ ရောနှော နေထိုင်သည့် ဒေသများမှ ဖယ်ရှားပစ်ရန် ယူဂိုဆလားဗီးယား စစ်တပ်က ဒေသကို လျင်မြန်စွာပင် ထိန်းချုပ်လိုက်ပြီး ဆာ့ဘ်စစ်သွေးကြွများက လူသတ်ခြင်း၊ အဓမ္မ ပြုကျင့်ခြင်းနှင့် အတင်းအဓမ္မ ပြောင်းရွှေ့ခိုင်းခြင်း (လူမျိုးစု ရှင်းလင်းရေး) တို့ကို လုပ်ဆောင်ခဲ့သည်။ သုံးလအတွင်း ဆာ့ဘ်အင်အားစုများသည် ဘော့စနီးယား၏ ၇၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားပြီး မြို့တော် ဆယ်ရာရေဗိုကို ဝိုင်းထားကာ မူဆလင်နှင့် ခရုတ် လူမျိုး ခေါင်းဆောင်များနှင့် မူဆလင် လက်နက်ကိုင်များမှ ဖွဲ့စည်းလိုက်သည့် ဘော့စနီးယား စစ်တပ် အသစ်တို့ကို လက်နက်ချ အညံ့ခံရန် ဖိအားပေးခဲ့သည်။ ဇွန်လကုန်

အရောက်တွင် မူဆလင် အရပ်သား တစ်သောင်းကျော်ခန့် သတ်ခံခဲ့ရပြီး ဖြစ်ပြီး ဘော့စနီးယား ပြည်သူ ထောင်ပေါင်းများစွာ နေရပ် စွန့်ခွာ ထွက်ပြေးရသည်။ ဆာ့ဘ်အင်အားစုများသည် စခန်းများ ထူထောင်ကာ ၎င်းတို့ သံသယဝင်သော လက်နက်ကိုင်များကို စစ်မေးခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး အမျိုးသမီးများကို အဓမ္မ ပြုကျင့်ခဲ့သည်။ ထိုစစ်ပွဲသည် သုံးနှစ်ခွဲခန့် ကြာခဲ့ပြီး ဘော့စနီးယား ပြည်သူ ကိုးသောင်း ခုနစ်ထောင်ခန့် အသတ်ခံခဲ့ရသည်။ အဆိုပါ အသတ်ခံရသူများထဲတွင် မူဆလင် ၆၄၀၀၀ ခန့်၊ ဆာ့ဘ် ၂၅၀၀၀ ခန့်နှင့် ခရုတ် လူမျိုး ၈၀၀၀ ခန့်လည်း ပါဝင်သည်။ ၎င်းတို့အနက် လေးသောင်းခန့်မှာ အရပ်သားများ ဖြစ်ကြပြီး အရပ်သားများအနက်မှ ၃၃၀၀၀ (၈၂ ရာခိုင်နှုန်း) ခန့်မှာ မူဆလင်များ ဖြစ်ကြသည်။ စစ်ပွဲနှင့် လူမျိုးစုများကို အဓမ္မ ပြောင်းရွှေ့ခိုင်းခြင်းတို့က ဘော့စနီးယား ပြည်သူ ၂ သန်း ခန့်ကို အိုးမဲ့အိမ်မဲ့ ဖြစ်စေပြီး ၎င်းအရေအတွက်မှာ လူဦးရေ၏ တစ်ဝက်ခန့် ရှိသည်။

လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုများကို ၁၉၉၂ ခုနှစ် ဇွန်လတွင် တရားဝင် စတင်ခဲ့သည်။ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက ဆယ်ရာရေဗို မြို့တော်၏ လေဆိပ်ကို လူသားချင်း စာနာမှုဆိုင်ရာ အထောက်အပံ့များ ဖြန့်ဝေရန်အတွက် ပြန်ဖွင့်ပြီး ပြင်သစ် သမ္မတ ဖရန်ဆွာ မီတာရန် (Francois Mitterand) က ထိုဒေသသို့ လေကြောင်းမှ တစ်ဆင့် သွားရောက်ကာ မြို့ကို ဝိုင်းထားခြင်းအား ဖြိုခွဲလိုက်သည်။ ၁၉၉၂ ခုနှစ် အစောပိုင်းတွင် ခရိုအေးရှား နိုင်ငံအတွက် ဖန်တီးခဲ့သော ယခင် ယူဂိုဆလားဗီးယား နိုင်ငံ ဆိုင်ရာ ကုလသမဂ္ဂ ငြိမ်းချမ်းရေး တပ်များကို အင်အား တိုးချဲ့ခဲ့ပြီး ဆယ်ရာရေဗိုမြို့နှင့် (၁၉၉၂ ခုနှစ် စက်တင်ဘာလတွင်) ဘော့စနီးယား တစ်နိုင်ငံလုံးအတွက် အထောက်အပံ့များ ဖြန့်ဝေပေးခဲ့သည်။ နောင်သုံးနှစ်အတွင်း ဘော့စနီးယား နိုင်ငံမှ ကုလသမဂ္ဂ တပ်များ၏ အဓိက ရည်ရွယ်ချက်မှာ တိုက်ပွဲများကြောင့် ထိခိုက်နစ်နာ နေရသူများကို လူသားချင်း စာနာမှု ဆိုင်ရာ အထောက်အပံ့များ ဖြန့်ဝေပေးရန် ဖြစ်သည်။ ဆာ့ဘ်အင်အားစုများသည် ဆယ်ရာရေဗို (နှင့် အခြား မူဆလင်များ ခိုအောင်းရာ ဒေသများ) ကို ဆက်လက် ဝိုင်းထားဆဲဖြစ်ပြီး မူဆလင်များကို တာဝေးပစ် ဒုံးများ၊ စနိုက်ပါများနှင့် ပစ်ခိုက် တိုက်ခိုက်နေဆဲ ဖြစ်သည်။ သို့ရာတွင် လူသားချင်း စာနာမှုဆိုင်ရာ ဒုက္ခများကို လျော့ပါးစေရန် လုံလောက်သော အထောက်အပံ့များ ဖြန့်ဝေပေးမှုကိုတော့ ခွင့်ပြုထားသည်။ ထိုသို့ ခွင့်ပြုထားခြင်းက ဘော့စနီးယား စစ်တပ်ကိုလည်း ဆက်လက် တိုက်ပွဲဝင်နေစေ နိုင်ခဲ့သည်။ ဆာ့ဘ်အင်အားစုများက လူသားချင်း စာနာမှု ဆိုင်ရာ အထောက်အပံ့များ ဖြန့်ဝေခွင့် ပေးခြင်းဖြင့် ပို၍ အင်အားကောင်းသည့် ဝင်ရောက် စွက်ဖက်မှုမျိုးကို တားဆီးထားရန် ရည်ရွယ်ပုံ ရသည်။ ထိုအချိန်တွင် ကုလသမဂ္ဂက ယခင် ယူဂိုဆလားဗီးယား နိုင်ငံသို့ လက်နက် တင်သွင်းမှုကို ပိတ်ဆို့ထားခဲ့သည်။ ၎င်းပိတ်ဆို့မှုက ဆာ့ဘ်လူမျိုးများ၏ လက်နက်ကြီးများ သုံးစွဲနိုင်မှုဖြင့် အသာစီးရမှုကို ပို၍ သက်ဆိုးရှည်စေခဲ့သည်။ ရစ်ချက်ဘက်စ် (Richard Betts) (1994) က ထို "အကန့်အသတ် အင်အားဖြင့် ဘက်မလိုက်သော" လူသားချင်း စာနာမှု အခြေပြု စစ်ရေးအရ ဝင်ရောက် စွက်ဖက်မှုသည် မူဆလင်များအတွက် ဆက်လက် တိုက်ပွဲဝင်နိုင်လောက်ရုံသာ ကျားကန်ပေးထားပြီး ပို၍ အင်အားကောင်းမလာနိုင်စေခဲ့ပေဟု ဆိုခဲ့သည်။ ထို့ကြောင့် ထိုဝင်ရောက် စွက်ဖက်မှုသည် အထောက်အပံ့များ ဖြန့်ဝေခြင်းဖြင့် ထိခိုက်မှုများကို လျော့ပါးစေ ခဲ့သော်လည်း စစ်ပွဲနှင့် ၎င်းမှ ထွက်ပေါ်လာသည့် လူသားချင်း စာနာမှု ဆိုင်ရာ ထိခိုက်မှုများကို ပိုမို သက်ဆိုးရှည် စေခဲ့သည်။

**အင်အားသုံး ဝင်ရောက် စွက်ဖက်မှု**

ဘော့စနီးယား နိုင်ငံသား ဆာ့ဘ်လူမျိုးများနှင့် ၎င်းတို့ကို ထောက်ပံ့သူ ယူဂိုဆလားဗီးယား နိုင်ငံသားများကို စစ်ပွဲအား ဆက်တိုက်နေခြင်းနှင့် အရပ်သားများအား ထိခိုက်စေခြင်းတို့မှ တားဆီးရန် ကုလသမဂ္ဂနှင့် နေတိုး အဖွဲ့တို့က စစ်အင်အားအရ ခြိမ်းခြောက်မှုများ၊ သံတမန် နည်းလမ်းအရ ဖိအားပေးမှုများ အသုံးပြုရန် ကြိုးပမ်းခဲ့ကြသည်။ ၁၉၉၂ ခုနှစ် မေလတွင် ယူဂိုဆလားဗီးယား နိုင်ငံ၏ ကျန်ရှိနေသေးသော ရီပပ်ဗလစ် နှစ်ခု ဖြစ်သည့် ဆားဗီးယားနှင့် မွန်တီနီဂရိုးတို့တွင် ကုလသမဂ္ဂက အကန့်အသတ်ဖြင့် လက်နက် တင်သွင်းမှု ပိတ်ပင်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် တင်သွင်းမှု ပိတ်ပင်ခြင်းအဖြစ် ချဲ့ထွင်ခဲ့သည်။ အကြောင်းပြချက်မှာ ထိုနိုင်ငံများက ဘော့စနီးယားရှိ ဆာ့ဘ်လူမျိုးများကို ထောက်ပံ့နေသောကြောင့် ဖြစ်သည်။ ၁၉၉၂ ခုနှစ် နိုဝင်ဘာလတွင် နေတိုးမှ ကုလသမဂ္ဂ၏ ခွင့်ပြုချက်ဖြင့် ထိုရီပပ်ဗလစ် နှစ်ခုကို ရေကြောင်းအရ ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သည်။ ယင်းပိတ်ဆို့မှုများကြောင့် ဆားဗီးယား ခေါင်းဆောင် မီလိုဆိုဗစ်က ဘော့စနီးယားရှိ ဆာ့ဘ်လူမျိုးများအား ပေးနေသည့် စစ်ရေး အကူအညီများကို လျှော့ချခဲ့ရပြီး ဆာ့ဘ်လူမျိုးများကို ငြိမ်းချမ်းရေး ဆွေးနွေးရန် ဖိအားပေး စေခဲ့သည်။ သို့ရာတွင် ပြည်တွင်း နိုင်ငံရေး အကြောင်းပြချက်များကြောင့် ဆာ့ဘ်လူမျိုးများအား လုံးဝတော့ အထောက်အပံ့ မဖြတ်တောက် လိုက်နိုင်ပေ။ ထို့ကြောင့် ဘော့စနီးယားရှိ ဆာ့ဘ်များက အလျှော့ပေးရန် ငြင်းဆန်ခဲ့သည်။ ထိုဖြစ်ရပ်အရ ပိတ်ဆို့မှုများကို လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုများ၏ ခြိမ်းခြောက်မှု ကိရိယာ တစ်ခုအဖြစ် အသုံးပြုခြင်းသည် အချို့သော ဝေဖန်သူများ ဝေဖန်သကဲ့သို့ ထိရောက်မှု မရှိခြင်း မဟုတ်သော်လည်း တာဝန်ရှိသူများကို နိုင်ငံရေးအရ မိမိကိုယ်မိမိ ကြိုးကွင်းစွပ်သလို ဖြစ်စေမည့် လုပ်ရပ်များ လုပ်ဆောင်ရန် ဖိအားပေးနိုင်ခြင်းတော့လည်း မရှိပေ။

၁၉၉၃ ခုနှစ် မတ်လတွင် ကုလသမဂ္ဂက ဘော့စနီးယားကို လေယာဉ် မပျံသန်းရဇုံအဖြစ် သတ်မှတ်ခဲ့ပြီး နှစ်လအကြာတွင် နေတိုးအဖွဲ့၏ လေကြောင်း ကင်းလှည့်များကို ထိုစည်းကမ်းအား ချိုးဖောက်သူများအား ပစ်ချခွင့် ပေးခဲ့သည်။ ဘော့စနီးယား အစိုးရတွင် စစ်လေယာဉ်များ မရှိလေရာ ထိုလုပ်ဆောင်ချက် နှစ်ခုလုံးမှာ ဆာ့ဘ်အင်အားစုများအပေါ် ပစ်မှတ်ထားခြင်း ဖြစ်သည်မှာ ထင်ရှားသည်။ ၁၉၉၃ ခုနှစ် ဧပြီနှင့် မေလတွင် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက ဘော့စနီးယားရှိ မူဆလင်များ ခိုလှုံနေသည့် နေရာ ခြောက်ခုဖြစ်သည့် ဘီဟက်၊ ဂိုရက်ဇ်ဒီ၊ ဆယ်ရာရေဗို၊ ဆရီဘရန်နီကာ၊ တူဇလာနှင့် ဇီပါ ဒေသများကို လုံခြုံသော နေရာများအဖြစ် ကြေညာခဲ့သည် (ပုံ ၂၁.၂ တွင် ရှုပါ)။ ဆိုလိုသည်မှာ မူဆလင် အင်အားစုများက ထိုမြို့များကို ဆာ့ဘ်လူမျိုးများအား ခံတိုက်ရန် စခန်းများအဖြစ် အသုံးပြုနေသော်လည်း ဆာ့ဘ်အင်အားစု များအား ၎င်းတို့ ဝိုင်းထားသည့် ထိုမြို့များကို တိုက်ခိုက်ခြင်းမှ တားမြစ်ထားသည်။ အရပ်သားများကို ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုများသည် မည်မျှ ဘက်မလိုက်ဟု ဆိုစေကာမူ ယင်းလုပ်ရပ်များက ကြားနေ မူဝါဒကို အမြဲတမ်း မလိုက်နာနိုင်ဘဲ စစ်အင်အား ချိန်ခွင်လျှာကို ပြောင်းလဲပစ်နိုင်ကြောင်း လေယာဉ် မပျံသန်းရဇုန်နှင့် လုံခြုံသော နေရာများ သတ်မှတ်ခြင်း ဥပမာများက ပြသနေသည်။

ပုံ ၂၁.၂။ လူမျိုးစု ရှင်းလင်းမှုနှင့် ဘော့စနီးယားရှိ “လုံခြုံသော နေရာများ”၊ ၁၉၉၄




Source: Adapted from Balkan Battlegrounds: A Military History of the Yugoslav Conflict 1990–1995 (2002–3, Washington, DC: Central Intelligence Agency). Available at http://commons.wikimedia.org/wiki/Image:Bosnia_areas_of_control_Sep_94.jpg

၁၉၉၃ ခုနှစ်တွင် မူဆလင်များနှင့် ခရုတ် လူမျိုးများအကြား မဟာမိတ်မှာ ပျက်စီးသွားခဲ့ပြီး ထိုနွေဦးတွင် အပြင်းထန်ဆုံး တိုက်ခိုက်မှုများနှင့် အရပ်သားများကို ပစ်မှတ်ထားခြင်းများမှာ ယခင်က မဟာမိတ် အဖွဲ့နှစ်ဖွဲ့အကြား ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အမေရိကန် နိုင်ငံက ဆာ့ဘ်လူမျိုးများ ဘော့စနီးယားကို အုပ်စိုးထားမှုအား ပြောင်းလဲပစ်ရန် ကြိုးပမ်းနေသေးရာ ထိုသို့ လုပ်ဆောင်နိုင်ရန် မူဆလင်နှင့် ခရုတ် လူမျိုးများအကြား မဟာမိတ် ကျိုးပျက်မှုကို ပြန်လည် ပြင်ဆင်ရန် လိုအပ်သည်။ သံတမန် နည်းလမ်းများ၊ စစ်ရေးအရ ထောက်ပံ့မည်ဟု ကတိပြုမှုများမှ တစ်ဆင့် အမေရိကန် နိုင်ငံသည် ၁၉၉၄ ခုနှစ် မတ်လတွင် ဝါရှင်တန် သဘောတူ စာချုပ်ကို ရေးဆွဲနိုင်ခဲ့သည်။ ယင်း သဘောတူညီချက်အရ ဘော့စနီးယားရှိ မူဆလင်များ၊ ခရုတ် လူမျိုးများနှင့် အိမ်နီးချင်း ခရိုအေးရှား နိုင်ငံတို့အကြား မဟာမိတ် အသစ်တစ်ခု ပေါ်ပေါက်လာခဲ့သည်။ အငြိမ်းစား အမေရိကန် စစ်အရာရှိများက ခရိုအေးရှား နိုင်ငံ၏ စစ်တပ်ကို စတင် လေ့ကျင့်ပေးခဲ့ပြီး ခရိုအေးရှား နိုင်ငံသို့ လက်နက်တင်သွင်းမှု ပိတ်ဆို့ခြင်းများကို ဖယ်ရှား ပစ်ခဲ့သည်။

အတုံ့အလှည့် အနေဖြင့် ခရိုအေးရှား နိုင်ငံက ၎င်းတင်သွင်းသည့် လက်နက် တချို့တဝက်ကို ဘော့စနီးယားရှိ မူဆလင်များနှင့် ခရုတ်လူမျိုးများ အတွက် လွှဲပြောင်း ပေးရသည်။ ထိုလုပ်ဆောင်ချက်များ အားလုံးသည် တိုက်ခိုက်မှုများကို အသစ်တဖန် ပြန်စရန် မီးမွှေးပေးသလို ဖြစ်ခဲ့ပြီး အမေရိကန် နိုင်ငံကလည်း ထိုသို့ပင် ရည်ရွယ်ခဲ့သည်။ ထိုဖြစ်ရပ်အရ လူသားချင်း စာနာမှုအတွက် အရေးပါသည့် အချက်ဖြစ်သော အရပ်သားများအပေါ် အန္တရာယ်ကို လျှော့ချရန်ဟူသည့် အချက်ထက် လူ့အခွင့်အရေးအရ အရေးပါသည့် အချက်များ ဖြစ်သော အကြမ်းဖက်မှုများနှင့် နေရပ် စွန့်ခွာ ထွက်ပြေးရခြင်းများကို အဆုံးသတ်ရန် ဟူသည့် အချက်က ပို၍ အဓိကကျခဲ့သည်။

## ဝင်ရောက် စွက်ဖက်မှု မြင့်တက်လာခြင်း

၁၉၉၄ ခုနှစ်မှ စ၍ နေတိုးအဖွဲ့က လူသားချင်း စာနာမှု အကြောင်းပြချက်ဖြင့် ဆာ့ဘ်လူမျိုးများ အပေါ် လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း၊ တိုက်ခိုက်မှုများ ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ အစောပိုင်းတွင် အဆိုပါ လုပ်ဆောင်ချက်များကို “လုံခြုံသော နေရာများနှင့် ထိုနေရာများအနီး လေကြောင်း အင်အား အသုံးပြု၍ လိုအပ်သော လုပ်ဆောင်ချက်များ အားလုံး” လုပ်ဆောင်သွားမည်ဟူသည့် ယခင်နှစ် ကုလသမဂ္ဂ ဆုံးဖြတ်ချက် အမှတ် ၈၃၆ ကို အခြေခံခဲ့သည်။ ဇန်နဝါရီလတွင် နေတိုးအဖွဲ့က ဆယ်ရာရေဗို အနီးရှိ ဆာ့ဘ်အင်အားစုများကို ဗုံးကြဲတိုက်ခိုက်ရန် ခြိမ်းခြောက်ခဲ့ပြီး ဆာ့ဘ်အင်အားစုများအား ၎င်းတို့၏ လက်နက်ကြီးများကို ကုလသမဂ္ဂ ငြိမ်းချမ်းရေး တပ်များထံ အပ်နှံကာ မြို့တော်မှ ဝေးဝေး ဆုတ်ခွာရန် ဖိအားပေးခဲ့သည်။ ဖေဖော်ဝါရီလတွင် နေတိုးအဖွဲ့၏ အုပ်ချုပ်ရေး ကောင်စီက လက်နက်ကြီး အသုံးမပြုရရေးဇုန် သတ်မှတ်ရန် ဆယ်ရာရေဗိုမြို့နှင့် အနီးတဝိုက် ကီလို ၂၀ (၁၂ မိုင်) အတွင်း လေကြောင်း တိုက်ခိုက်ရေးများ လုပ်ဆောင်သွားမည်ဟု ကြေညာခဲ့သည်။ မတ်လတွင် နေတိုးအဖွဲ့က ဆာ့ဘ်အင်အားစုများနှင့် ရင်ဆိုင်နေသည့် ကုလသမဂ္ဂ ငြိမ်းချမ်းရေး တပ်များကို ကူညီရန် အနီးကပ် လေကြောင်းပစ်ကူများ ပေးခဲ့သည်။ ဩဂုတ်လတွင် နေတိုးအဖွဲ့မှ ဂိုရက်ဇ်ဒီမြို့ကို ဝိုင်းထားသော ဆာ့ဘ်အင်အားစုများကို ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး ယင်းအဖွဲ့များကို ဆုတ်ခွာစေကာ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်များအား ဝင်ရောက်ခွင့်ပေးရန် ဖိအားပေးခဲ့သည်။ စက်တင်ဘာလတွင် နေတိုးအဖွဲ့က ဆယ်ရာရေဗိုမြို့အနီး လက်နက်ကြီး အသုံးမပြုရဇုန်အတွင်း စည်းကမ်း ဖောက်ဖျက်သည့် ဆာ့ဘ်တပ်ဖွဲ့များကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ နိုဝင်ဘာလတွင် မူဆလင်များ ဦးဆောင်သည့် ဘော့စနီးယား စစ်တပ်သည် လုံခြုံသော နေရာ ဘီဟာက်မြို့မှ ထိုးစစ်ဆင်ခဲ့ကြပြီး ဆာ့ဘ်တပ်များက တန်ပြန် တိုက်ခိုက်ခဲ့ကြသည်။ ထိုအခါ နေတိုးအဖွဲ့က ခရိုအေးရှား နိုင်ငံရှိ ဆာ့ဘ်လူမျိုးများ ထိန်းချုပ်သည့် လေတပ်စခန်းကို ဗုံးကြဲတိုက်ခိုက်ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ ၁၉၉၄ ခုနှစ် တလျှောက်လုံး အဆိုပါ လေကြောင်းမှ အသေးစား စစ်ဆင်ရေးများသည် အောင်မြင်ခဲ့ပြီး ဆာ့ဘ်လူမျိုးများကို လူသားချင်း စာနာမှု အကြောင်းပြု အထောက်အပံ့များ ဖြန့်ဝေရေးကို ခွင့်ပြုရန်နှင့် ၎င်းတို့ ဝိုင်းထားသော လုံခြုံသော နေရာများကို မချေမှုန်းပစ်ရန် ဖိအားပေးနိုင်ခဲ့သည်။ သို့ရာတွင် လေကြောင်း တိုက်ခိုက်မှုများသည် စစ်ပွဲများကို အဆုံးမသတ်နိုင်ခဲ့ပေ (သို့) ဆာ့ဘ်လူမျိုးများ ထိန်းချုပ်ထားသည့် ဒေသများကို အညှံ့ခံ စွန့်လွှတ် မသွားစေခဲ့ပေ။ မြေပြင်မှ အင်အားကောင်းသည့် တပ်များ၏ ပူးပေါင်း တိုက်ခိုက်မှု မရှိဘဲ အသေးစား လေကြောင်း တိုက်ခိုက်မှုများကို လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှု အဖြစ် အသုံးပြုခြင်း၏ အကန့်အသတ်များကို ယင်းဖြစ်ရပ်မှ ညွှန်ပြနေသည်။ ဆာ့ဘ်အင်အားစုများ အပေါ် ပို၍ အင်အားပြင်းသည့်

စစ်ရေးအရ ဝင်ရောက် စွက်ဖက်မှုများ ပြုလုပ်ရန် တောင်းဆို နေသူများက ၁၉၉၄ ခုနှစ်တွင် လုပ်ဆောင်ခဲ့သည့် လေကြောင်း တိုက်ခိုက်မှုများကို အပ်ပေါက်ရာ လောက်သာ ရှိသည်ဟု လှောင်ပြောင်ခဲ့ကြသည်။

လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှု ရှိခြင်းကြောင့် ထွက်ပေါ်လာသည့် ကိုယ်ကျင့်တရား ဆိုင်ရာ အန္တရာယ်ကလည်း တိုက်ခိုက်မှုများကို ပို၍ ဆိုးရွားစေသည်။ ဘော့စနီးယား၏ မူဆလင်များ ထိန်းချုပ်ထားသည့် အစိုးရနှင့် စစ်တပ်သည် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေခြင်းတွင် ထိခိုက်သူများမှာ မူဆလင်များ အများစု ဖြစ်သော်လည်း အပစ်အခတ် ရပ်စဲရန်ကို ကြိမ်ဖန်များစွာ ငြင်းဆန်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့သော ထိခိုက်နစ်နာမှုများမှ ၎င်းတို့ စစ်ပွဲ အနိုင်ရရှိစေရန် လုံလောက်သော လူသားချင်းစာနာမှု အကြောင်းပြု ဝင်ရောက်စွက်ဖက်မှုများ ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်သောကြောင့် ဖြစ်သည်။ ဘော့စနီးယား ဒေသရှိ ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်များကို ဦးဆောင်သူ ကနေဒါလူမျိုး ဗိုလ်ချုပ် လူးဝစ် မက်ကန်းဇီ (Lewis Mac-Kenzie) (1993, pp. 159, 308) က မူဆလင်များ ဦးဆောင်သည့် “ဘော့စနီးယား အစိုးရသည် နိုင်ငံတကာ အသိုင်းအဝိုင်းကို စစ်ရေးအရ ဝင်ရောက် စွက်ဖက်ရန် တွန်းအားပေးနေသည်” ဟု ကြေညာခဲ့သည်။ အလားတူပင် သူ့ကို ဆက်ခံသူ ဗြိတိသျှ ဗိုလ်ချုပ် မိုက်ကယ်ရို့စ် (Michael Rose) (1998, p. 141) ကလည်း မူဆလင်များက အပစ်အခတ် ရပ်စဲရေးကို ငြင်းဆန်ကြခြင်းမှာ “ဘော့စနီးယား စစ်တပ်မှ တိုက်ခိုက်ပြီး ရှုံးနိမ့်သွားခဲ့လျှင် ထိုစစ်ပွဲများမှ ထွက်ပေါ်လာသည့် ပုံရိပ်များနှင့် ထိခိုက်မှုများကြောင့် အနောက်နိုင်ငံများမှ “ထိခိုက်နစ်နာသူ နိုင်ငံ” ကို အထောက်အပံ့ပေးမည်မှာ ကျိန်းသေ နေသောကြောင့်” ဖြစ်သည်ဟု ဆိုခဲ့သည်။ မူဆလင်များအပေါ် စာနာထောက်ထားသူ ပညာရှင် ဂျိမ်းစ်ဂိုး (James Gow) (1997, p. 96) ကပင် “အမေရိကန်၏ ဝင်ရောက် စွက်ဖက်မှုကို မျှော်ကိုးပြီး” ဘော့စနီးယား စစ်တပ်က အပစ်အခတ် ရပ်စဲခြင်းကို ချိုးဖောက်ခဲ့သည်ဟု ဝန်ခံခဲ့သည် (Kuperman, 2008)။ လူသားချင်း စာနာမှု အကြောင်းပြု စစ်ရေးအရ ဝင်ရောက် စွက်ဖက်မှုသာ မရှိလျှင် မူဆလင်များသည် စောစောစီးစီးပင် အပစ်အခတ် ရပ်စဲရန် သဘောတူကောင်း တူနိုင်ခဲ့သည်။ ယင်းသို့ သဘောတူခဲ့လျှင် စစ်ပွဲများကို အချိန် လျှော့ချနိုင်ပြီး ထိုမှ ထွက်ပေါ်လာသည့် အရပ်သားများ ထိခိုက် နစ်နာမှုများကိုလည်း လျှော့ချနိုင်မည် ဖြစ်သည်။

## ငြိမ်းချမ်းရေး အစီအမံများကို ငြင်းဆိုခြင်း

အဆိုပြုသော ငြိမ်းချမ်းရေး အစီအမံများသည် မြေပြင်ရှိ စစ်ရေးဆိုင်ရာ အချက်အလက်များကို လုံလုံလောက်လောက် ရောင်ပြန်ဟပ်ခြင်း မရှိသောကြောင့် စစ်ပွဲများကို အဆုံးသတ်ရန် သုံးနှစ်တာ သံတမန်ရေးအရ ကြိုးပမ်းမှုများ ကျရှုံးခဲ့ရသည်။ ၁၉၉၃ ခုနှစ် ဇန်နဝါရီလတွင် ကုလသမဂ္ဂနှင့် ဥရောပ အသိုက်အဝန်းတို့က ဘော့စနီးယား ဗန့်စ်-အိုဝင် (Vance-Owen) ငြိမ်းချမ်းရေး အစီအစဉ်ကို အဆိုပြုခဲ့သည်။ ထိုအစီအစဉ်သည် ဘော့စနီးယားကို လူမျိုးစုများအလိုက် နေထိုင်မည့် ဒေသများ ခွဲဝေ သတ်မှတ်ပေးရန် ဖြစ်သည်။ ယင်းမှာ စစ်ပွဲများ မဖြစ်ပွားမီက ဥရောပ အသိုက်အဝန်းက အဆိုပြုခဲ့ပြီး ဆာ့ဘ်လူမျိုးများက လက်ခံခဲ့သော်လည်း မူဆလင်များ၊ ခရုတ် လူမျိုးများနှင့် အမေရိကန် နိုင်ငံတို့က ဆန့်ကျင်ခဲ့သော ကတ်တီလီယာရှိ အစီအစဉ်နှင့် ဆင်တူသည်။ ၁၉၉၃ ခုနှစ်၏ အစောပိုင်းလများတွင် ဗန့်စ်-အိုဝင် အစီအစဉ်သည် အမေရိကန်၊ ဘော့စနီးယား၏ မူဆလင်များနှင့် ခရုတ် လူမျိုးများနှင့် ဆားဗီးယား

ခေါင်းဆောင် ဆလိုဘိုဒန် မီလိုဆိုဗစ်၏ ကန့်ကွက်မှုများကို ကျော်လွှားနိုင်ခဲ့သည်။ သို့ရာတွင် ၁၉၉၃ ခုနှစ် နွေဦး၌မူ ဘော့စနီးယားမှ ဆာ့ဘ်လူမျိုးများက စစ်ပွဲများနှင့် လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများကြောင့် လူမျိုးစုအလိုက် နေထိုင်မည့် ဒေသများ သတ်မှတ်ခွဲဝေခြင်းထက် ဆာ့ဘ်လူမျိုးများအတွက် နယ်နိမိတ် ထိစပ် စုစည်းထားသော သီးသန့် ကိုယ်ပိုင်ဒေသ တစ်ခု လိုချင်သည်ဟု ဆိုကာ ငြိမ်းချမ်းရေး အဆိုကို ပယ်ချခဲ့သည်။

ကုလသမဂ္ဂနှင့် ဥရောပ အသိုက်အဝန်းတို့၏ ဒုတိယ သံတမန်ရေးရာ ကြိုးပမ်းမှုကို အိုဝင်-စတိုလ်တန်ဘာ့ဂ် (Owen-Stoltenberg) အစီအစဉ်ဟု ခေါ်ဆိုခဲ့ပြီး ယင်းအစီအစဉ်တွင် ဆာ့ဘ်လူမျိုးများ၏ မကျေနပ်မှုများကို ဖြေရှင်းသည့် အနေဖြင့် ၎င်းတို့ကို ရီပါ့ဗလစ်၏ ၅၂ ရာခိုင်နှုန်း အကျယ်အဝန်းရှိသည့် နယ်နိမိတ် ထိစပ် စုစည်းထားသော သီးသန့် ကိုယ်ပိုင်ဒေသတစ်ခု ပေးခဲ့သည်။ ကျန်ရှိနေသော ဒေသများကို မူဆလင်များနှင့် ခရုတ် လူမျိုးများအတွက် ခွဲဝေပေးခဲ့သည်။ ထိုအစီအစဉ်ကို ဘော့စနီးယား နိုင်ငံအား လူမျိုးဖြင့် အပိုင်းများ ပိုင်းခြားထားသည်ဟူသည့် အကြောင်းပြချက်ဖြင့် အစောပိုင်းတွင် မူဆလင်များက ကန့်ကွက်ခဲ့ပြီး နောက်ပိုင်းတွင် ရီပါ့ဗလစ်၏ ၇၀ ရာခိုင်နှုန်းနီးပါး နယ်မြေများကို စစ်ရေးအရ ထိန်းချုပ် ထားနိုင်ခဲ့သည့် ဆာ့ဘ်များက ယင်းတို့ ထိန်းချုပ်ထားသော ဒေသများကို ပြန်မပေးလိုဟူသည့် အကြောင်းပြချက်ဖြင့် ငြင်းဆိုခဲ့သည်။

တတိယမြောက် သံတမန် ရေးရာ ကြိုးပမ်းမှုကို "ဆက်သွယ်ရေး အုပ်စု" (Contact Group) ဟု အမည်ပေးထားသည့် အမေရိကန်၊ ရုရှား၊ ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီတို့ ပါဝင်သော အတ္တလန်တစ်ဒေသ ညွန့်ပေါင်းအဖွဲ့က ထောက်ပံ့ပေးခဲ့သည်။ ၁၉၉၄ ခုနှစ် ဇူလိုင်လတွင် ခရုတ်-မူဆလင် မဟာမိတ် အစီအစဉ်ပေါ်တွင် အခြေခံသည့် ငြိမ်းချမ်းရေး အစီအစဉ်ကို ချပြခဲ့သည်။ ယင်းအစီအစဉ်တွင် ဘော့စနီးယားကို နှစ်ပိုင်းပိုင်းကာ ဆာ့ဘ်လူမျိုးများအတွက် ရီပါ့ဗလစ်၏ ၄၉ ရာခိုင်နှုန်းရှိသည့် နယ်မြေ ထိစပ်နေသည့် စုစည်းထားသော သီးသန့် ဒေသ တစ်ခုနှင့် မူဆလင်-ခရုတ် အုပ်စုများအတွက် ကျန်ရှိနေသော နေရာများကို ပေးအပ်ထားသည်။ သို့ရာတွင် ဆာ့ဘ်လူမျိုးများက ၎င်းတို့ စစ်ပွဲအတွင်း ထိန်းချုပ်ထားသည့် ဒေသများကို ငြိမ်းချမ်းစွာ စွန့်လွှတ်ပေးရန် ထပ်မံ၍ ငြင်းဆိုခဲ့သည်။

**အသွားနှစ်ဘက်ဓား**

၁၉၉၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်များက လူသားချင်းစာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုများသည် အသွားနှစ်ဘက် ရှိသည့် သဘောသဘာဝကို ညွှန်ပြနေသည်။ ယခင်နှစ်ကတည်းကပင် ဆာ့ဘ်များ၏ စစ်ရေးအရ အသာစီးရခြင်းကို ပြောင်းလဲပစ်နိုင်ရန် အမေရိကန် နိုင်ငံက ဘော့စနီးယားရှိ မူဆလင်-ခရုတ် မဟာမိတ်များနှင့် ခရိုအေးရှား နိုင်ငံကို လက်နက်များ ပံ့ပိုးပေးခဲ့ပြီး ထိုမှတဆင့် ဆာ့ဘ်တပ်များကို ၎င်းတို့ ထိန်းချုပ်သော ဒေသများအား စွန့်လွှတ်ရန် ဖိအားပေးကာ စစ်ပွဲကို အဆုံးသတ်ရန် ကြံရွယ်ထားသည်။ ၁၉၉၅ ခုနှစ် မေလတွင် ခရိုအေးရှား နိုင်ငံက ယင်းတို့ အသစ်ရရှိထားသည့် အင်အားကို ပြသရန် ဆလိုဗေးနီးယား နိုင်ငံ၏ အနောက်ဖက် ဒေသကို ဝင်ရောက် သိမ်းပိုက်ခဲ့သည် (ပုံ ၂၁.၂ မှ "ကုလသမဂ္ဂ အနောက်ဘက်ဇုန်" ကို ရှုပါ)။ ထိုဒေသမှာ ၁၉၉၁ မှ စ၍ ဆာ့ဘ်လူမျိုးများက ထိန်းချုပ်ထားခဲ့သော ခရိုအေးရှား နိုင်ငံ၏ အစိတ်အပိုင်း ဖြစ်ပြီး ထိုသိမ်းပိုက်မှုကြောင့် ဆာ့ဘ်လူမျိုး

အများအပြား ကြောက်လန့်တကြား ထွက်ပြေးရကာ ဒုက္ခသည် ပြဿနာ အသစ်တစ်ခု ဖန်တီးခဲ့ပြန်လေသည်။

ဘော့စနီးယားရှ္ိ ဆာ့ဘ်ခေါင်းဆောင်များက လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုများ၊ အထောက်အပံ့များ၊ အတားအဆီးများ၊ လေကြောင်း တိုက်ခိုက်မှုများ၊ လေယာဉ် မပျံသန်းရဇုံ သတ်မှတ်ခြင်းနှင့် အထူးသဖြင့် ခရုတ်လူမျိုးများနှင့် မူဆလင်များကို လေ့ကျင့် ပေးခြင်းဖြင့် စစ်ရေးအရ ချိန်ခွင်လျှာကို အခြားတစ်ဘက်သို့ ယိမ်းစေခဲ့ကြောင်း သဘောပေါက် ထားသည်။ ထို့ကြောင့် ၎င်းတို့က နယ်မြေ သိမ်းပိုက်ရေးအတွက် ဆက်လက် ကြိုးပမ်းခဲ့ကြသည်။ သုံးနှစ်အတွင်း ဆာ့ဘ်အင်အားစုများကို ဘော့စနီးယား အရှေ့ပိုင်းတွင် ၎င်းတို့ ဝိုင်းထားသော (၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂက လုံခြုံသော နေရာများအဖြစ် သတ်မှတ်ခဲ့သည့်) မူဆလင်များ ခိုလှုံရာ ဒေသများကို ဝင်ရောက် သိမ်းပိုက်ခြင်းမှ တားမြစ်ထားခြင်းဖြင့် ပို၍ အင်အားပြင်းသည့် လူသားချင်း စာနာမှု အကြောင်းပြု စစ်ရေးအရ ဝင်ရောက် စွက်ဖက်ခြင်းများ ဖြစ်ပွားခြင်းကို ရှောင်ကြဉ်ခဲ့သည်။ သို့ရာတွင် ယခုအခါ ထိုဝင်ရောက် စွက်ဖက်မှုများသည် ဆာ့ဘ်အင်အားစုများ အပေါ် ကျရောက်နေပြီ ဖြစ်ရာ ဝင်ရောက် သိမ်းပိုက်မှုကို ရှောင်ကြဉ်ထားရန် မက်လုံးမှာ ပျက်ပြယ်သွားပြီ ဖြစ်သည်။ ၁၉၉၅ ခုနှစ် မေလတွင် ဆာ့ဘ်အင်အားစုများသည် လက်နက်ကြီး အသုံးမပြုရဇုန် သတ်မှတ်ချက်ကို ဖောက်ဖျက်ခဲ့ပြီး နေတိုးအဖွဲ့မှ လေကြောင်း တိုက်ခိုက်မှုများ ဖြစ်ပွားစေခဲ့သည်။ ယင်းနောက် ဆာ့ဘ်တပ်ဖွဲ့များက လုံခြုံသော နေရာများကို ပစ်ခတ် တိုက်ခိုက်ပြီး ကုလသမဂ္ဂ ငြိမ်းချမ်းရေး တပ်သား ၃၇၀ ခန့်ကို ဓားစာခံအဖြစ် ဖမ်းထားခဲ့သည်။ ဆက်လက်၍ ၁၉၉၅ ခုနှစ် ဇူလိုင်လတွင် ဘော့စနီးယားမှ ဆာ့ဘ်စစ်တပ်များသည် ဆရီဘရန်နီကာနှင့် ဇီပါ ဒေသများကို ဝင်ရောက် သိမ်းပိုက်ခဲ့ကြသည်။ မူဆလင်များက လုံခြုံသော နေရာများကို တိုက်ခိုက်ရန် အခြေစိုက် စခန်းများအဖြစ် အသုံးပြုခဲ့ခြင်းအား ရက်ရက်စက်စက် လက်တုံ့ပြန်သည့် အနေဖြင့် ဆရီဘရန်နီကာတွင် ဆာ့ဘ်အင်အားစုများသည် ခန့်မှန်းခြေအားဖြင့် မူဆလင် အမျိုးသား ရှစ်ထောင်ခန့်ကို သတ်ဖြတ်ခဲ့သည်။ ယင်းမှာ တစ်ကြိမ်တည်းတွင် ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများအနက် အကြီးမားဆုံး ဖြစ်သည်။ ဆရီဘရန်နီကာတွင် ဒတ်ချ်နိုင်ငံမှ ကုလသမဂ္ဂ ငြိမ်းချမ်းရေး တပ်ရင်းငယ် တစ်ခု ရှိနေခဲ့သော်လည်း ယင်းစစ်တပ်က ပို၍ လက်နက်အင်အား ကောင်းမွန်သည့် ဆာ့ဘ်အင်အားစုများကို ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုရန် ဆုံးဖြတ်ခဲ့ကြသည်။ လေကြောင်းအင်အား တစ်ခုတည်းသာ အသုံးပြုပြီး လက်နက် အလုံအလောက် မရှိသော ကြည်းတပ်ကို အသုံးပြုခြင်းက မှားယွင်းသော လုံခြုံမှု ခံစားချက်ကို ဖြစ်ပေါ်စေပြီး ပြည်သူများ၏ ထိခိုက်နစ်နာမှုကို ပို၍ တိုးမြင့်စေလေရာ ယင်းနည်းလမ်းဖြင့် လူသားမျိုးနွယ်စု အပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို တားဆီးခြင်း၏ အန္တရာယ်ကို ဤဖြစ်ရပ်က ညွှန်ပြနေသည်။ လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုများသည် ကြားနေ မဖြစ်သည့်အခါ စွက်ဖက်သူများကို ဘက်လိုက်သူများဟု ထင်မြင်သည့်ဘက်က ရက်စက် ကြမ်းကြုတ်သော လုပ်ရပ်များ ကျူးလွန်နိုင်ကြောင်း ထိုဖြစ်ရပ်များတွင် တွေ့နိုင်သည်။

## အဆုံးဖြတ် ပေးခဲ့သည့် ဝင်ရောက် စွက်ဖက်မှု

ဆရီဘရန်နီကာမှ အစုလိုက် အပြုံလိုက် လူသတ်မှုနှင့် ကုလသမဂ္ဂ တပ်သားများကို ဖမ်းဆီးထားခြင်းက ဆာ့ဘ်စစ်တပ်အပေါ် ပို၍ တင်းကြပ်သော လူသားချင်း စာနာမှု အကြောင်းပြု စစ်ရေးအရ ဝင်ရောက်

စွက်ဖက်မှုများ ပြုလုပ်ရန် နိုင်ငံတကာ ထောက်ခံမှု ရရှိလာသည်။ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်များသည် ၎င်းတို့၏ ထိလွယ်၊ ခိုက်လွယ်မှုကို လျှော့ချရန် ခုခံနိုင်သော နေရာများတွင် စုစည်းလိုက်ကြသည်။ ထို့နောက် နေတိုးအဖွဲ့၏ လျင်မြန်စွာ တုံ့ပြန်နိုင်သည့် အင်အားများကို ဆယ်ရာရေဗိုမြို့အနီးရှိ အစ်ဂ်မန်တောင်တွင် တပ်စွဲထား လိုက်သည်။ ထို့နောက်တွင် ဒေသတွင်း နောက်ထပ် အဓိက စစ်ရာဇဝတ်မှုကို ကျူးလွန်သူများမှာ ဆာ့ဘ်များ မဟုတ်တော့ဘဲ ခရိုအေးရှား စစ်တပ် ဖြစ်လာခဲ့သည်။ ခရိုအေးရှား စစ်တပ်သည် ၁၉၉၅ ခုနှစ် ဩဂုတ်လတွင် ခရိုအေးရှား နိုင်ငံရှိ ဆာ့ဘ်လူမျိုးများ အဓိက နေထိုင်ရာ ခရာဂျီးနား ဒေသကို သိမ်းပိုက်ခဲ့သည် (ပုံ ၂၁.၂ တွင် ရှုပါ)။ ထို့နောက် ဆာ့ဘ်လူမျိုး တစ်သိန်းကျော်ခန့်ကို မောင်းထုတ် ပစ်ခဲ့သည်။ ဤဖြစ်ရပ်မှာ လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှု၏ ရည်ရွယ်မထားသည့် ရလဒ် နောက်တစ်ခုကို ပြသနေသည်။ ခရုတ်နှင့် မူဆလင်များအတွက် အတိတ်က လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို ပြန်လည် ပြင်ဆင်နိုင်ရန် စစ်ရေးအရ အကူအညီများ ပေးအပ်ခြင်းသည် လက်စားချေ ရာဇဝတ်မှုများဆီသို့ မမျှော်လင့်ဘဲ ဦးတည်သွားသည်။ အမေရိကန် နိုင်ငံသည် ခရိုအေးရှား စစ်တပ်ကို ဝင်ရောက် စွက်ဖက်ခဲ့ခြင်း မရှိဘဲ ၎င်းတို့ကို လက်နက်များ ပေးခြင်း၊ လေ့ကျင့်ပေးခြင်းများပင် ပြုလုပ်ခဲ့သည်။ ယင်းကြောင့် ဆာ့ဘ်လူမျိုးများက အမေရိကန် နိုင်ငံသည် တူညီသော ဖြစ်ရပ်အတွက် မတူညီသော စံနှုန်းနှစ်ခု ကျင့်သုံးနေသည်ဟု ဝေဖန်ခဲ့ကြသည်။ ထို့နောက် ဘော့စနီးယား နိုင်ငံ အနောက်ဖက်တွင် ဆာ့ဘ်များမှ အုပ်စိုးထားသည်ကို ဖယ်ရှားပစ်ရန် ခရိုအေးရှား စစ်တပ်က ဘော့စနီးယား နိုင်ငံ၏ ခရုတ်နှင့် မူဆလင် အင်အားစုများကို ကူညီပေးခဲ့ပြီး ယင်းဖြစ်ရပ်ကြောင့် အရပ်သားများ နေရပ် စွန့်ခွာ ထွက်ပြေးရမှု ပိုမို များပြားလာပြန်သည်။

ဆာ့ဘ်များ၏ လက်ချက်ဟု ထင်ရသည့် ဆယ်ရာရေဗိုရှိ ဈေးတစ်ခု တိုက်ခိုက်ခံရမှု နောက်ပိုင်းတွင် ထိုဖြစ်ရပ်ကို တုံ့ပြန်ရန် ၁၉၉၅ ခုနှစ် ဩဂုတ်လ နှောင်းပိုင်းတွင် လူသားချင်း စာနာမှု အကြောင်းပြု စစ်ရေးအရ ဝင်ရောက် စွက်ဖက်မှု နောက်ဆုံးအကြိမ် မြင့်တက် လာခဲ့သည်။ နောက်တစ်ရက်တွင် နေတိုးအဖွဲ့မှ ရည်ရွယ်ချက် ရှိရှိ အင်အားသုံးသည့် စစ်ဆင်ရေးကို စတင်ခဲ့ပြီး ဘော့စနီးယားရှိ ဆာ့ဘ်စစ်တပ်များကို ပစ်မှတ်ထား၍ နှစ်ပတ်ကြာ ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။ ထိုလေကြောင်း တိုက်ခိုက်မှုများကို ဘော့စနီးယား အနောက်ပိုင်းတွင် ခရုတ်-မူဆလင် ထိုးစစ်များဖြင့် ပံ့ပိုးပေးခဲ့ပြီး ဆာ့ဘ်လူမျိုးများ ရီပဲ့ဗလစ်၏ ၇၀ ရာခိုင်နှုန်းခန့် ထိန်းချုပ်ထားမှုကို ၅၀ ရာခိုင်နှုန်းအောက် လျှော့ချ နိုင်ခဲ့သည်။ အောက်တိုဘာလတွင် အပစ်အခတ် ရပ်စဲရန် သဘောတူခဲ့ပြီး နောက်တစ်လတွင် အမေရိကန် နိုင်ငံက အိုဟိုင်းယိုးပြည်နယ်၊ ဒေတန်မြို့တွင် ငြိမ်းချမ်းရေး ညီလာခံကို ခေါ်ယူခဲ့သည်။ ဆက်သွယ်ရေး အုပ်စု၏ အစီအစဉ်ပေါ်တွင် အခြေခံ ထားသည့် ဒေတန် ငြိမ်းချမ်းရေး သဘောတူစာချုပ်ကို နိုဝင်ဘာလတွင် စတင်ခဲ့ပြီး ၁၉၉၅ ခုနှစ် ဒီဇင်ဘာလတွင် ပဲရစ်၌ လက်မှတ်ရေးထိုး ခဲ့ကြသည်။ ထိုသဘောတူစာချုပ်တွင် ဘော့စနီးယား နိုင်ငံကို နှစ်ပိုင်း ပိုင်းခြားပြီး နိုင်ငံ၏ ၄၉ ရာခိုင်နှုန်းသော နယ်မြေများကို ဆာ့ဘ်ရီပဲ့ဗလစ်အတွက် ပေးအပ်ခဲ့ပြီး ကျန်ဒေသ အများစုကို မူဆလင်-ခရုတ် ဖက်ဒရေးရှင်းအတွက် ပေးအပ်ကာ မြောက်ဖက်ပိုင်းရှိ နယ်မြေအချို့၏ အချုပ်အခြာ အာဏာ ပိုင်ဆိုင်မှုကို မည်သူ့အား ပေးအပ်မည်မှာမူ မဆုံးဖြတ် ရသေးပေ။ ယခင် ဒေသ အများစုကို ထိန်းချုပ်ခဲ့စဉ်က ၄၉ ရာခိုင်နှုန်းသော နယ်မြေများကို ပေးအပ်မည် ဟူသည့် အဆိုအား လက်မခံခဲ့သည့် ဘော့စနီးယား နိုင်ငံ၏ ဆာ့ဘ်လူမျိုး ခေါင်းဆောင်များသည် ယခုအခါတွင်မူ စစ်ပွဲရှုံးနိမ့်ပြီး ဆုတ်ခွာသွားရသည့်နောက် ထိုခွဲဝေမှုကို လိုလိုလားလားပင် လက်ခံခဲ့သည်။ လေကြောင်း အင်အားသည် မြေပြင်မှ အင်အားရှိသည့် စစ်တပ်နှင့်

ပူးပေါင်းသည့်အခါ လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုအတွက် ထိရောက်သော နည်းလမ်း တစ်ခု ဖြစ်ကြောင်း ရည်ရွယ်ချက် ရှိရှိ အင်အားသုံးသည့် စစ်ဆင်ရေးမှ တွေ့နိုင်သည်။

ဖြစ်ရပ်တစ်ခုလုံးကို ပြန်ကြည့်လိုက်လျှင် ဘော့စနီးယား နိုင်ငံ၏ ဖြစ်ရပ်သည် လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှု၏ ဝိရောဓိ ဖြစ်မှု အများအပြားကို ပြသနေသည်။ စစ်ပွဲအတွင်းတွင် အခြေခံ စားသောက်ကုန်များကို ဖြန့်ဝေပေးခြင်းသည် အချို့သော အရပ်သားများအတွက် ထိခိုက်မှုများ လျော့နည်းစေသည်။ သို့ရာတွင် ထိုအကူအညီများသည် ၁၉၉၂ ခုနှစ် နွေဦးကာလ၌ ဆယ်ရာရေဗိုမြို့အား ဝိုင်းထားခြင်းကို မူဆလင်များမှ ကြံ့ကြံ့ခိုင်နိုင်ရန်လည်း ထောက်ပံ့ပေးခဲ့သည်။ ယင်းကြောင့် လျင်လျင်မြန်မြန် ပြီးဆုံးသွားရမည့် စစ်ပွဲမှာ အချိန်ပိုကြာ နေခဲ့ရသည်။ ဘော့စနီးယား နိုင်ငံ၌ လူသားချင်း စာနာမှု အကြောင်းပြု စစ်ရေးအရ ဝင်ရောက် စွက်ဖက်မှုသည် ပို၍ ရှုပ်ထွေးသော အကျိုးဆက်များ ရှိခဲ့သည်။ စစ်ပွဲများ မတိုင်မီက ထိုဝင်ရောက် စွက်ဖက်မှုများသည် လက်တွေ့ ဖြစ်လာသည့် ဆာ့ဘ်လူမျိုးများ၏ အကြမ်းဖက်မှုနှင့် တုံ့ပြန်မည်ဟူသော ခြိမ်းခြောက်မှုများကို လစ်လျူရှုကာ မူဆလင် ခေါင်းဆောင်များအား ကတ်တီလီယာရို၏ အစီအစဉ်ကို ငြင်းပယ်ပြီး ဘော့စနီးယားကို တစ်ပြည်ထောင် အဖြစ် လွတ်လပ်ရေး ကြေညာစေနိုင်လိမ့်မည် ဟူသည့် မျှော်လင့်ချက်များကို ဖြစ်ပေါ်စေသည်။ တိုက်ခိုက်မှုများ စတင် ဖြစ်ပွားပြီးနောက်တွင် မူဆလင် အရပ်သားများသည် စစ်ပွဲ၏ အဓိက ထိခိုက်နစ်နာသူများ ဖြစ်ကြသော်လည်း လူသားချင်း စာနာမှု အရ ထိခိုက်နစ်နာမှုများသည် ၎င်းတို့ကိုယ်စား စစ်ရေးအရ ဝင်ရောက် စွက်ဖက်မှုကို ဆွဲဆောင်နိုင်လိမ့်မည်ဟု ယူဆသဖြင့် မူဆလင် ခေါင်းဆောင်များက လက်နက်ချရန် ငြင်းဆန်ခဲ့သည်။ ထိုဖြစ်ရပ်များအရ ဝင်ရောက် စွက်ဖက်မှု အလားအလာသည် စစ်ပွဲများ ဖြစ်ပွားမှုနှင့် သက်ဆိုးရှည်မှု နှစ်ခုလုံးအပေါ် သက်ရောက်မှု ရှိကြောင်း တွေ့ရသည်။ (လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုသည် ကောင်းကျိုးထက် ဆိုးကျိုးပိုများကြောင်း ဆွေးနွေးထားချက်များကို စာသေတ္တာ ၂၁.၂ တွင် ရှုပါ။)

| စာသေတ္တာ ၂၁.၂။ ကွဲပြားသည့် အမြင်၊ လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုများက ကောင်းကျိုးထက် ဆိုးကျိုး ပိုများပါသလား။ |
|---|
| ယခု အခန်းတွင် လူသားချင်း စာနာမှု အကြောင်းပြ ဝင်ရောက် စွက်ဖက်မှုသည် အရပ်သားများကို ခြိမ်းခြောက်နေသည့် အချို့ ပဋိပက္ခများ အတွက်သာ သင့်လျော်ပြီး ဆိုးကျိုးထက် ကောင်းကျိုး ပိုယူဆောင်လာပေးမည့် ပုံစံဖြင့် အကောင်အထည် ဖော်မှသာ သင့်လျော်သည်ဟု ဆိုထားသည်။ ဝေဖန်သူများက မတူညီသည့် အမြင် အနည်းလေး သုံးမျိုးကို ဖော်ပြခဲ့သည်။ အကောင်းမြင်သူများက ဝင်ရောက်စွက်ဖက်မှုများသည် အထူးသဖြင့် စောစီးစွာနှင့် အချိန်ကြာမြင့်စွာ ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေး စိတ်ဆန္ဒ မြင့်တက်လာသည့် အလျောက် အဆိုးထက် အမြဲ အကောင်း ပိုများသည်ဟု ဆိုသည်။ ထောက်ခံသူများမှာ သောမတ်စ် ဂျီ ဝစ်စ် (Thomas G. Weiss) (2012) နှင့် အဲလက်စ် ဂျေ ဘယ်လာမီ (Alex J. Bellamy) (2014) တို့ ဖြစ်ကြသည်။<br><br>အဆိုးမြင်သူများကမူ ဝင်ရောက် စွက်ဖက်မှုများသည် ရည်ရွယ်ချက် ကောင်းသည့်တိုင် ဝင်ရောက် စွက်ဖက်သူများ အတွက်ရော၊ ကူညီပေးရန် ရည်ရွယ်ထားသူများ အတွက်ပါ မမျှော်လင့်ဘဲ အကောင်းထက် အဆိုးများ ဖြစ်စေသည်ဟု ဆိုသည်။ ထိုအမြင်ကို ထောက်ခံသူများထဲတွင် ဘယ်ရီ အာရ် ပိုဆန် (Barry R. |

Posen) (2014) ပါဝင်သည်။ သံသယ ရှိသူများကမူ လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုသည် နယ်ချဲ့ဝါဒကို ဖုံးကွယ်ရန် အကြောင်းပြချက် တစ်ခုသာ ဖြစ်သည်ဟု ဆိုကြသည်။ ယင်းအမြင်ကို စွဲကိုင်သူများမှာ ဘော့စနီးယား ဖြစ်ရပ်တွင် ဒိုင်ယာနာ ဂျွန်စတုံး (Diana Johnstone) (2003) နှင့် ပို၍ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသူ ဂျွန်ဘရစ်မွန့် (Jean Bricmont) (2007) တို့ ဖြစ်ကြသည်။

လက်နက်များ ထောက်ပံ့ပေးခြင်း၊ သင်တန်းပေးခြင်း၊ မပျံ့သန်းရ နယ်မြေ သတ်မှတ်ခြင်း၊ လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခြင်းတို့ အပါအဝင် စစ်အင်အားသုံး ဝင်ရောက် စွက်ဖက်ခြင်းများသည် မူဆလင်များနှင့် ခရုတ်များကို တဖြည်းဖြည်းဖြင့် ဆာ့ဘ်များ၏ စစ်အင်အား အလေးသာမှုများအား ပြောင်းလဲ ပစ်နိုင်ခဲ့သည်။ သို့ရာတွင် အာဏာ ချိန်ခွင်လျှာကို ပြောင်းလဲပစ် လိုက်ခြင်းဖြင့် ထိုဝင်ရောက် စွက်ဖက်မှုများသည် မရည်ရွယ်ဘဲ ခရာဂျီနာတွင် ခရိုအေးရှားမှ ဆာ့ဘ်များကို လူမျိုးစု ရှင်းလင်းရေး လုပ်ဆောင်ခြင်းနှင့် ဆရီဘရန်နီကာတွင် ဆာ့ဘ်အင်အားစုများက မူဆလင်များကို သုတ်သင် ရှင်းလင်းခဲ့သည့် ဖြစ်ရပ်များ အပါအဝင် လူသား မျိုးနွယ်စု အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ဖြစ်ပွားစေသည်။ ခြုံပြောရလျှင် လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုများသည် ဘော့စနီးယားတွင် ကောင်းကျိုး ပေးခဲ့သည်လား၊ ဆိုးကျိုးပေးခဲ့သည်လားကို ဆုံးဖြတ်ရန် ခက်ခဲသည်။ သို့ရာတွင် ထိုအတွေ့အကြုံက လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုများ တိုးတက်ရန် နည်းလမ်းများကိုမူ အကြံပြုနိုင်ခဲ့သည်။ ယင်းနည်းလမ်းများကို ယခုအခန်း၏ နောက်ဆုံး အပိုင်းတွင် ဆွေးနွေးသွားပါမည်။

**အနှစ်ချုပ်**

ဘော့စနီးယား စစ်ပွဲသည် အဓိက လူမျိုးစု သုံးစုအကြား မယုံကြည်မှုများနှင့် သဘောတူညီမှု မရှိခြင်းများကြောင့် စတင်ခဲ့ခြင်း ဖြစ်သည်။ ဆာ့ဘ်လူမျိုးများသည် ဘော့စနီးယားကို ယူဂိုဆလားဗီးယားနိုင်ငံနှင့်သာ ဆက်လက် ရှိနေစေလိုသည်။ သို့မဟုတ် လွတ်လပ်ရေး မရယူမီ လူမျိုးစုများအရ နယ်မြေများ ခွဲခြား သတ်မှတ်လိုသည်။ မူဆလင်နှင့် ခရုတ်များက ဘော့စနီးယားကို လူမျိုးစုများအလိုက် ခွဲခြားထားမှုများ မရှိဘဲ လွတ်လပ်ရေး ရယူလိုသည်။

မူဆလင်များနှင့် ခရုတ်များက ဘော့စနီးယားကို တစ်ပြည်ထောင်အဖြစ် လွတ်လပ်ရေး ကြေညာလိုက်သောအခါ ဆာ့ဘ်အင်အားစုများက ဘော့စနီးယား နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းကို လျင်မြန်စွာ သိမ်းပိုက်လိုက်ခြင်းဖြင့် တုံ့ပြန်ခဲ့ပြီး ဆာ့ဘ်လူမျိုး မဟုတ်သူများကို သတ်ဖြတ်ခြင်း၊ နှင်ထုတ်ခြင်း (သို့) ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့သည်။

လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုများသည် အရပ်သားများ၏ ထိခိုက်နစ်နာမှု များကို အတန်အသင့် ဖြေလျော့ပေးနိုင်ခဲ့သော်လည်း အရပ်သား လေးသောင်း အပါအဝင် ဘော့စနီးယား နိုင်ငံသား ကိုးသောင်း ခုနစ်ထောင်ခန့် အသတ်ခံရပြီး လူပေါင်း ၂သန်းခန့်ကို နေရပ်စွန့်ခွာ ထွက်ပြေးစေခဲ့သော စစ်ပွဲကို သက်ဆိုးရှည်ကြာ စေရန်လည်း အထောက်အကူ ပြုခဲ့သည်။

မူဆလင် ခေါင်းဆောင်များက အပစ်အခတ် ရပ်စဲရေးကို လက်မခံခဲ့ပေ။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့က အရပ်သားများ ထိခိုက်နစ်နာခြင်းသည် ၎င်းတို့ကို စစ်ပွဲတွင် အနိုင်ရရှိစေရန် ထောက်ပံ့ ပေးမည့် လူသားချင်း

စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုများကို ဆွဲဆောင်နိုင်စေရန် ကူညီ ပေးလိမ့်မည်ဟု မျှော်လင့်သောကြောင့် ဖြစ်သည်။ ဤဖြစ်ရပ်မှာ လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှု၏ ကိုယ်ကျင့်တရား အန္တရာယ်ကို ညွှန်းဆိုပြနေသည်။

စီးပွားရေး ပိတ်ဆို့မှုများသည် ဆားဘီးယား ခေါင်းဆောင် ဆလိုဘိုဒန် မီလိုဆိုဗစ်ကို ဘော့စနီးယားရှိ ဆာ့ဘ်လူမျိုးများအပေါ် စစ်ရေး အထောက်အပံ့များ ပေးခြင်း လျှော့ချစေရန် ဖိအား ပေးနိုင်ခဲ့သော်လည်း စစ်ပွဲကိုမူ အဆုံးမသတ် နိုင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းအနေဖြင့် လူမျိုးတူ ဆာ့ဘ်လူမျိုးများကို ကူညီရန် ပြည်တွင်းမှ ဖိအားများ ရင်ဆိုင်ခဲ့ရ သောကြောင့် ဖြစ်သည်။

ကြားနေ မဟုတ်သည့် စစ်ရေးအရ ဝင်ရောက် စွက်ဖက်မှုများသည် ခရုတ်များနှင့် မူဆလင်များကို နယ်မြေ ဆုံးရှုံးမှုများအား ပြန်လည် ရရှိစေနိုင်ခဲ့ပြီး ၎င်းတို့ နေရပ်များသို့ ပြန်ခွင့် ရရှိခဲ့သည်။ သို့ရာတွင် ယင်းသို့ လုပ်ဆောင်ခြင်းများက ခရိုအေးရှားရှိ ဆာ့ဘ်များကို လူမျိုးစု ရှင်းလင်းရေးနှင့် ဆရီဘရန်နီကာရှိ မူဆလင်များကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းများ ဖြစ်ပွားစေခဲ့သည်။ တစ်ခါတရံတွင် လူ့အခွင့်အရေးနှင့် လူသားချင်း စာနာမှုတို့အကြား အလဲအလှယ် ပြုရကြောင်းကို ထိုဖြစ်ရပ်များက သက်သေပြနေသည်။

လေကြောင်းမှ တိုက်ခိုက်မှုများ၊ လေယာဉ် မပျံသန်းရဇုန် သတ်မှတ်ခြင်း၊ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်သားများ စေလွှတ်ခြင်း အပါအဝင် အကန့်အသတ်ဖြင့် လူသားချင်း စာနာမှု အခြေပြု စစ်ရေးအရ ဝင်ရောက် စွက်ဖက်မှုများသည် ဆရီဘရန်နီကာတွင် ဖြစ်ပွားခဲ့သည့်အတိုင်း အရပ်သားများကို ကာကွယ်ရန် အာမခံချက် အလုံအလောက် မပေးနိုင်သည်ကို တွေ့ရသည်။

အကြံပြုခဲ့သော ငြိမ်းချမ်းရေး အစီအစဉ်များသည် စစ်ပွဲများ ရပ်တန့်ရန် သုံးနှစ်ကြာအထိ မစွမ်းနိုင်ခဲ့ပေ။ အဘယ်ကြောင့် ဆိုသော် ယင်းတို့သည် လက်တွေ့ မြေပြင်ပေါ်ရှိ စစ်ရေး အခြေအနေများကို ရောင်ပြန်ဟပ်ခြင်း မရှိသောကြောင့် ဖြစ်သည်။ ဝင်ရောက် စွက်ဖက်ခြင်းဖြင့် မြေပြင် အခြေအနေများကို ပြောင်းလဲပစ်လိုက်ပြီးသည့်နောက် အခြေအနေများကို အသိအမှတ် ပြုထားသည့် ဒေတန် သဘောတူညီချက်မှာမူ အောင်မြင်ခဲ့သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

ဘော့စနီးယားတွင် လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုများသည် အခြေခံ စားသောက်ကုန်များ ဖြန့်ဝေပေးခြင်းဖြင့် အသက်ပေါင်း ထောင်ပေါင်းများစွာကို ကယ်တင်ပေး နိုင်ခဲ့သည်။ သို့ရာတွင် ဝင်ရောက် စွက်ဖက်မှုသည် ဘော့စနီးယား မူဆလင်များကို ၎င်းတို့ နိုင်ငံရေး ရည်မှန်းချက်များ ပြည့်မီရေးအတွက် ဝင်ရောက် စွက်ဖက်မှုများ ထပ်မံ ရရှိရန် မျှော်လင့်ချက်ဖြင့် ငြိမ်းချမ်းရေး ကမ်းလှမ်းချက်များအား ပယ်ချစေခဲ့ပြီး ဆက်လက် တိုက်ပွဲဝင်ကာ လူထောင်ပေါင်း များစွာ၏ အသက်များကို ဆုံးရှုံးစေခဲ့သည်။ ချိန်ထိုးကြည့်လိုက်လျှင် ဘော့စနီးယားတွင် ဝင်ရောက် စွက်ဖက်ခြင်းက အသက်များကို ကယ်တင် နိုင်ခဲ့သလား၊ ပို၍ ဆုံးရှုံးစေခဲ့သလား။ ပြန်စဉ်းစား ကြည့်လိုက်လျှင် နိုင်ငံတကာ အနေဖြင့် မည်ကဲ့သို့ ပြောင်းလဲ လုပ်ဆောင်ခဲ့သင့်သနည်း၊ ပို၍ ဝင်ရောက် စွက်ဖက်သင့်သလား၊ လျှော့၍

## နိဂုံး၊ လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုမှ သင်ခန်းစာများ

အင်အားသုံး ဝင်ရောက် စွက်ဖက်မှုကို ထောက်ခံသူများက ထိုစွက်ဖက်မှုများသည် လူသားချင်း စာနာမှုနှင့် လူ့အခွင့်အရေး ရည်မှန်းချက်များကို တပြိုင်နက်တည်း မြှင့်တင် ပေးနိုင်သည်ဟု ဆိုကြသည်။ လက်တွေ့တွင် ထိုအရာ နှစ်ခုကို အလဲအလှယ် ပြုကောင်း ပြုရမည်။ ဤဖြစ်ရပ်သည် ဘော့စနီးယားမှာကဲ့သို့ လွတ်လပ်ရေး တိုက်ပွဲဝင်သူများ၊ ၎င်းတို့ အဖွဲ့၏ လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်နေသည့် စစ်သွေးကြွများကို ထောက်ပံ့ရန် စစ်ရေးအရ ဝင်ရောက် စွက်ဖက်သည့်အခါ ပိုမို ထင်ရှားသည်။ ထိုသို့သော ဝင်ရောက် စွက်ဖက်မှုများသည် ပုန်ကန်ခြင်း (သို့) လက်နက်ကိုင် ခွဲထွက်ရေးများကို စတင်စေခြင်းနှင့် သက်ဆိုးရှည်စေခြင်း ဖြစ်ပေါ်စေပြီး နိုင်ငံတော်က ထိုအဖွဲ့၏ အရပ်သားများအပေါ် ထိခိုက် နစ်နာစေမည့် ပုံစံဖြင့် လက်တုံ့ပြန်ခြင်းများ ပြုလုပ်လေ့ ရှိသည်။ အင်အားသုံး ဝင်ရောက် စွက်ဖက်ခြင်းများသည် လူ့အခွင့်အရေးကို မြှင့်တင်ပေးနိုင်သည်။ ထို့ကြောင့် လူသားချင်း စာနာမှု ဆိုင်ရာ ရည်မှန်းချက်များကို ထိခိုက်စေသည်။ သဘောတရား အားဖြင့် အချိန်မီ အင်အား ကောင်းကောင်းဖြင့် စစ်ရေးအရ ဝင်ရောက် စွက်ဖက်ခြင်းသည် ထိုရည်မှန်းချက် နှစ်ခုလုံးကို ပြည့်မီစေသည်။ သို့ရာတွင် ထောက်ပံ့ပို့ဆောင်ရေးနှင့် နိုင်ငံရေး အတားအဆီးများက ထိုသို့သော အကောင်းဆုံးနည်းဖြင့် အင်အားသုံးမှုကို တားဆီးထားသည်။

ထိုအကြပ်အတည်းကို အင်အား မပြင်းထန်သော်လည်း ပို၍ တိကျသော ဝင်ရောက် စွက်ဖက်ခြင်း နည်းလမ်းများဖြင့် ကျော်လွှားနိုင်သည်။ ကယ်ဆယ်ရေး ဆိုင်ရာ အထောက်အပံ့များကို အရပ်သားများအတွက် အကောင်းဆုံး ဖြစ်စေမည့် နည်းလမ်းများဖြင့် ဖြန့်ဝေပေးသင့်သည်။ ဥပမာ သူပုန်များ ဝင်ရောက် နိုင်ခြင်း မရှိအောင် (သို့) အနည်းဆုံး ၎င်းတို့၏ လက်နက်များ ဝင်ရောက် လာနိုင်ခြင်း မရှိအောင် အစောင့်အကြပ် ထားသော ဒုက္ခသည်နှင့် ပြည်တွင်း ပြောင်းရွှေ့ နေထိုင်ရသူများ၏ စခန်းများ၌ အထောက်အပံ့များ ဖြန့်ဝေပေးခြင်း ဖြစ်သည်။ လူ့အခွင့်အရေးကို သံတမန် နည်းလမ်းနှင့် စီးပွားရေး နည်းလမ်းများအရ အကြမ်းမဖက် ဆန္ဒပြသည့် အုပ်စုများ ကိုယ်စား ဝင်ရောက်စွက်ဖက်ခြင်းဖြင့် ထောက်ပံ့ပေးနိုင်သည်။ ဥပမာ အဆိုပါ ဆန့်ကျင်ရေး လှုပ်ရှားမှုများ ဖြစ်ပွားလာစေသည့် တရားဝင် ဖြစ်သော နာကြည်းမှုများကို ဖြေရှင်းပေးသည့် နိုင်ငံတော်ကို ကုန်သွယ်ရေးနှင့် အထောက်အပံ့များ ပေးအပ်ခြင်းမျိုး ဖြစ်သည်။ အင်အားသုံး ဝင်ရောက် စွက်ဖက်မှု ပြုလုပ်ရန် ခြိမ်းခြောက်ခြင်းများကို အကြမ်းမဖက်သော အုပ်စုများအား တိုက်ခိုက်သည့် နိုင်ငံများ (သို့) အရပ်သားများကို တမင်သက်သက် ပစ်မှတ်ထား၍ ပုန်ကန်ခြင်းကို ကြမ်းကြမ်းတမ်းတမ်း တုံ့ပြန်သည့် နိုင်ငံများ အတွက်သာ အသုံးပြုသင့်သည်။ အတိုက်အခံ အုပ်စုများကို ပုန်ကန်ခြင်းများ လျှော့ချစေပြီး နိုင်ငံတော်ကို ၎င်းတို့၏ တောင်းဆိုမှုများကို ဖြည့်ဆည်းပေးရန် မက်လုံးများ ဖန်တီးပေးသည့် ကျိုးကြောင်း ဆီလျော်သော ချဉ်းကပ်မှုမျိုးသည် လူသားချင်း စာနာမှု ရည်မှန်းချက်များရော၊ လူ့အခွင့်အရေး ရည်မှန်းချက်များပါ ဖြည့်ဆည်းပေးရန် အလားအလာကောင်းသည်။

ကိုဆိုဗို ဖြစ်ရပ်ကို လေ့လာကြည့်ပါကလည်း အဆိုပါ သင်ခန်းစာများ တွေ့နိုင်သည် (Kuperman, 2008)။ ၁၉၈၉ ခုနှစ်မှ စ၍ ဆားဗီးယား နိုင်ငံက ကိုဆိုဗို ဒေသ၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ကို ရုတ်သိမ်း လိုက်ပြီး ဒေသခံ

အယ်လ်ဘေးနီးယန်း လူများစု အုပ်စုများ၏ မဲပေးပိုင်ခွင့်ကိုလည်း ရုတ်သိမ်းခဲ့သည်။ အစိုးရ ပညာရေးများတွင် အယ်လ်ဘေးနီးယန်း ဘာသာစကားဖြင့် သင်ကြားခြင်းအား တားမြစ်လိုက်ပြီး အယ်လ်ဘေးနီးယန်း ပညာရှင်များကို အလုပ် ဖြုတ်လိုက်ကာ ဖိနှိပ်သည့် ရဲများ စောင့်ကြပ်သည့် ပုံစံ ထားလိုက်သည်။ လူ့အခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ဖောက်ဖျက်ခြင်းများလည်း ဖြစ်ပွားခဲ့သည်။ နောက်ထပ် ရှစ်နှစ်အတွင်း အယ်လ်ဘေးနီးယန်း လူမျိုးများသည် အကြမ်းမဖက်သည့် နည်းလမ်းများဖြင့် ဆန့်ကျင်ခဲ့ကြသည်။ ဤသည်က ဆာဗီးယား နိုင်ငံကို ထိုသူများ၏ အခွင့်အရေးများအား ပြန်လည် ပေးအပ်ဖို့ ဖျောင်းဖြရန် နိုင်ငံတကာ အသိုင်းအဝိုင်းက ဆုပေး၊ ဒဏ်ပေး သံတမန်ရေး နည်းလမ်းများ အသုံးချဖို့ အကောင်းဆုံးသော အခွင့်အရေး ဖြစ်ခဲ့သည်။ ဆဲဘ်များမှာ ဒေသတွင်း ကြမ်းတမ်းသည့် အတိုက်အခံများ မကြုံတွေ့ ရသောကြောင့် ထိုသို့သော နိုင်ငံတကာ ဖိအားပေးမှုများကို ယင်းတို့ဘက်မှ လူမျိုးတုံး သတ်ဖြတ်ခြင်းဖြင့် တုံ့ပြန်နိုင်ခြေ နည်းပါးသည်။ နိုင်ငံတကာ ထောက်ခံမှုများမှ ရရှိသည့် အကြမ်းမဖက်သော လှုပ်ရှားမှုများသည် အိန္ဒိယ၊ အမေရိကန်၊ တောင်အာဖရိက၊ ဖိလစ်ပိုင်၊ ယခင် ဆိုဗီယက် ယူနီယံနှင့် အရှေ့ ဥရောပမှ ကော်မြူနစ် နိုင်ငံများ၊ အင်ဒိုနီးရှား၊ ဆားဗီးယား၊ လက်ဘနွန်နှင့် ၂၀၁၁ အာရပ် နွေဦး တော်လှန်ရေး ဖြစ်ပွားခဲ့သည့် တူနီးရှား နိုင်ငံ အပါအဝင် နိုင်ငံ အများအပြားတွင် လူ့အခွင့်အရေးများ မြှင့်တင်ရေး၌ အောင်မြင်ခဲ့သည် (Schock, 2005)။

စိတ်မကောင်းစရာ အချက်မှာ နိုင်ငံတကာ အသိုင်းအဝိုင်းက ကိုဆိုဗို၏ အကြမ်းမဖက် လူ့အခွင့်အရေး လှုပ်ရှားမှုများကို လုံလုံလောက်လောက် မထောက်ပံ့ ပေးခဲ့ပေ။ ရလဒ်အနေဖြင့် ၁၉၉၇ ခုနှစ်တွင် အဆိုပါ ပစိဖိတ် လှုပ်ရှားမှုမှာ အယ်လ်ဘေးနီးယန်း လူမျိုး စစ်သွေးကြွများ၏ ပုန်ကန်မှုအဖြစ် ပုံစံ ပြောင်းသွားပြီး ဆားဘီးယန်း အင်အားစုများမှ ကြမ်းတမ်းသော သူပုန် နှိမ်နင်းရေးများဖြင့် တုံ့ပြန်ခဲ့ခြင်းဖြင့် အယ်လ်ဘေးနီးယန်း အရပ်သားများအား အန္တရာယ် ကျရောက် စေခဲ့သည်။ ဝင်ရောက် စွက်ဖက်သူများသည် ထိခိုက်သူ အရပ်သားများကိုသာ ပစ်မှတ်ထား၍ လူသားချင်း စာနာမှု ဆိုင်ရာ အကူအညီများ ပေးအပ်ခဲ့ပါက အကြမ်းဖက်မှုများကို လျှော့ချနိုင်ခြေ ရှိသေးသည်။ သို့ရာတွင် အမေရိကန် နိုင်ငံက သူပုန်များနှင့် ညှိနှိုင်းကာ ဆားဘီးယား နိုင်ငံကို ဝင်ရောက် တိုက်ခိုက်ရန် ခြိမ်းခြောက်ခဲ့သည်။ ထို့နောက် နေတိုး အဖွဲ့ကလည်း ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်။ ထိုသို့ လုပ်ဆောင်ခြင်းများက အယ်လ်ဘေးနီးယန်း သူပုန်များကို အားပေး အားမြှောက် လုပ်သလို ဖြစ်ခဲ့ပြီး ဆားဘီးယား၏ လက်တုံ့ပြန်ခြင်းကို ပိုမို ဆိုးရွားစေခဲ့ကာ လူသားချင်း စာနာမှု ဆိုင်ရာ ထိခိုက် နစ်နာမှုများကို အဆပေါင်းများစွာ ပိုမို ကြီးမားစေခဲ့သည်။

လူ့အခွင့်အရေးနှင့် လူသားချင်း စာနာမှု နှစ်မျိုးလုံးကို မြှင့်တင်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းသည် အကြမ်းမဖက်သည့် အုပ်စုများ၏ တရားဝင် ဖြစ်သော တောင်းဆိုချက်များကို ဖိနှိပ်သည့် နိုင်ငံများမှ ဖြည့်ဆည်းပေးရန် တိုက်တွန်းခြင်းကို အဓိကထားသင့်ကြောင်း ကိုဆိုဗို ဖြစ်ရပ်က ပြသနေသည်။ ထိုသို့ မပြုလုပ်နိုင်ဘဲ လက်နက်ကိုင် ပုန်ကန်ခြင်း ဖြစ်ပွားလာပါက ပုန်ကန်ခြင်း ပိုမို မဆိုးရွားလာစေရန်နှင့် အရပ်သားများအပေါ် လက်စားချေခြင်းများ ဖြစ်မလာစေရန် ဝင်ရောက် စွက်ဖက်မှုများသည် ပုန်ကန်သူများထက် အရပ်သားများကို ကူညီရန်သာ ဦးတည်သင့်သည်။

ကောင်းသည့် အချက်မှာ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာမှုများကို တပြိုင်နက်တည်း မြှင့်တင်ရန်မှာ ဖြစ်နိုင်သည်။ သတိထားရမည့် အချက်မှာ ဝင်ရောက် စွက်ဖက်ခြင်းသည် ပုန်ကန်သူများအား

အကျိုးရစေခြင်းကို ရှောင်ကြဉ်ရန် ကောင်းစွာ ပုံစံချထားခြင်း မဟုတ်ပါက ထိုကောင်းမွန်သည့် ရည်ရွယ်ချက် နှစ်ခု အနက်မှ တစ်ခုကို မြှင့်တင်ရန် ကြိုးစားခြင်းသည် အခြား တစ်ခုကို ထိခိုက်စေလိမ့်မည် ဖြစ်သည်။

## မေးခွန်းများ

### တစ်ဦးချင်း လေ့လာရန် မေးခွန်းများ

၁။ လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှု၏ သမားရိုးကျ အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ အဘယ်နည်း။ ဒုတိယ ကမ္ဘာစစ် အပြီးတွင် ယင်းဖွင့်ဆိုချက်မှာ အဘယ်ကြောင့် မည်သို့ မည်ပုံ ပြောင်းလဲခဲ့သနည်း။

၂။ လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုနှင့် လူ့အခွင့်အရေး မြှင့်တင်ရေးတို့ အကြား ကွာခြားချက်မှာ အဘယ်နည်း။

၃။ ကာကွယ်ရန် တာဝန် ဆိုသည်မှာ အဘယ်နည်း။ ယင်းမှာ ရှေးရိုးစွဲ အချုပ်အခြာ အာဏာဆိုင်ရာ စံနှုန်းများနှင့် မည်ကဲ့သို့ ကွဲပြားသနည်း။

၄။ ဘက်မလိုက်ခြင်းနှင့် ကြားနေခြင်းတို့၏ ကွာခြားချက်မှာ အဘယ်နည်း။

၅။ အီရတ်၊ ဆိုမာလီယာ၊ ကိုဆိုဗိုနှင့် လစ်ဗျားတို့တွင် လူသားချင်း စာနာမှု အကြောင်းပြု စစ်ရေးအရ ဝင်ရောက် စွက်ဖက်မှုများကို မည်ကဲ့သို့ အသုံးပြုခဲ့သနည်း။ မည်သည့် ဖြစ်ရပ်များတွင် ထိုသို့ ဝင်ရောက် စွက်ဖက်မှုများ ပျောက်ဆုံးနေခဲ့သနည်း။

၆။ ဘော့စနီးယားတွင် အဘယ်ကြောင့် စစ်ပွဲများ စတင်ခဲ့သနည်း။

၇။ ဘော့စနီးယားတွင် လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်ခြင်း၏ စစ်ရေး ဆိုင်ရာ လုပ်ဆောင်ချက်များမှာ အဘယ်နည်း။

### အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ

၁။ လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုများသည် မည်သည့်အချိန်တွင် လူ့အခွင့်အရေး မြှင့်တင်မှုနှင့် ကိုက်ညီပြီး မည်သည့်အချိန်တွင် ပဋိပက္ခ ဖြစ်သနည်း။

၂။ ထိရောက်သော လူသားချင်း စာနာမှု အကြောင်းပြု စစ်ရေးအရ ဝင်ရောက် စွက်ဖက်မှုအတွက် အတားအဆီးများမှာ အဘယ်နည်း။

၃။ လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုသည် မည်သို့နှင့် မည်သည့် အတွက်ကြောင့် မျှော်မှန်းထားသည်နှင့် ဆန့်ကျင်ဘက်များ ဖြစ်ပေါ်စေသနည်း။ ကိုယ်ကျင့်တရား ဆိုင်ရာ အန္တရာယ် ဆိုသည်မှာ အဘယ်နည်း။

၄။ ဘော့စနီးယားတွင် လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုသည် အရပ်သားများ ထိခိုက် နစ်နာခြင်းကို မည်ကဲ့သို့ လျှော့ချပြီး မည်ကဲ့သို့ ပိုဆိုးစေခဲ့သနည်း။

၅။ လူသားချင်း စာနာမှု အကြောင်းပြု ဝင်ရောက် စွက်ဖက်မှုကို တိုးတက်စေရန် မည်သည့် အဆင့်များကို လုပ်ဆောင်သင့်သနည်း။

## ဆက်လက် ဖတ်ရှုရန်


**Anderson, M.** (1999). *Do No Harm: How Aid Can Support Peace – Or War.* Boulder, CO: Lynne Rienner.
လူသားချင်း စာနာမှု လုပ်ငန်း ဆောင်ရွက်မည့် သူများအတွက် ရိုးရှင်းသော လမ်းညွှန် ဖြစ်သည်။

**Betts, R.** (1994). The Delusion of Impartial Intervention. *Foreign Affairs.* **73**/6, 20-33.
ဘက်လိုက်ခြင်း၊ လက်ရှောင်ခြင်းတို့နှင့် စပ်လျဉ်းသော ဆွေးနွေးငြင်းခုံမှု ဖြစ်သည်။

**Burg, S.** and **Shoup, P.** (1999). *The War in Bosnia-Herzegovina.* New York: M. E. Sharpe.
ထိုဖြစ်ရပ်နှင့် ပတ်သက်၍ အကောင်းဆုံးသော တင်ပြမှု တစ်ခု ဖြစ်သည်။

**Crawford, T.** and **Kuperman, A.** (eds) (2006). *Gambling on Humanitarian Intervention: Moral Hazard, Rebellion and Civil War.* New York: Routledge.
ပညာရှင်များက ကိုဆိုဗို ဖြစ်ရပ်ကို အဓိကထားပြီး ကိုယ့်ကျင့်တရား ဆိုင်ရာ အန္တရာယ် အဆိုကို ဆွေးနွေး ငြင်းခုံ ထားကြသည်။

**de Waal, A.** (1998). *Famine Crimes: Politics and the Disaster Relief Industry in Africa.* Bloomington, IN: Indiana University Press.
ဒီဝေါက လူသားချင်း စာနာမှု လုပ်ငန်း ဆောင်ရွက်သည့် အန်ဂျီအိုများသည် မည်ကဲ့သို့နှင့် မည်သည့် အတွက်ကြောင့် လမ်းချော်သွားရသည်ကို ရှင်းလင်းပြထားသည်။

**Kuperman, A.** (2001). *The Limits of Humanitarian Intervention: Genocide in Rwanda.* Washington, DC: Brookings Institution Press.
အချိန်မီ၊ ထိရောက်သော ဝင်ရောက် စွက်ဖက်မှု လုပ်ဆောင်နိုင်ရန် နိုင်ငံရေး စိတ်ဆန္ဒ တစ်ခုတည်းကသာ အတားအဆီး မဟုတ်ကြောင်း ရှင်းပြချက် ဖြစ်သည်။

**Kuperman, A.** (2008). The Moral Hazard of Humanitarian Intervention: Lessons from the Balkans. *International Studies Quarterly,* **52**/I, 49-80.
ဘော့စနီးနှင့် ကိုဆိုဗို၌ ဝင်ရောက် စွက်ဖက်ခြင်း အပေါ် မျှော်လင့်ချက်များက အကြမ်းဖက်မှုများ မည်ကဲ့သို့ စတင် ဖြစ်ပွားစေပြီး အချိန်ရှည်ကြာ နေစေကြောင်းကို ထိုစာတမ်းတွင် ရှင်းပြထားသည်။

**Kuperman, A.** (2015). Obama's Libya Debacle: How a Well-Meaning Intervention Ended in Failure. *Foreign Affairs.* **92**/2, 66-77.

ဝင်ရောက် စွက်ဖက်ခံရသည့် နိုင်ငံရော ဝင်ရောက် စွက်ဖက်သူများကိုပါ ဝင်ရောက် စွက်ဖက်မှုက မည်ကဲ့သို့ တန်ပြန် ဆိုးကျိုးများ သက်ရောက်စေသနည်း ဟူသည်ကို ဖော်ပြချက် ဖြစ်သည်။

**Posen, B.** (1996). Military responses to refugee disasters. *International Security,* **21**/I, 72-111. ဝင်ရောက် စွက်ဖက်မှု ဆိုင်ရာ အခြေအနေများကို ခွဲခြား ပြထားသည့် အသုံးဝင်သော စာတမ်း ဖြစ်သည်။

## ဝက်ဘ်ဆိုဒ်များ

**http://www.globalhumanitarianassistance.org** ကမ္ဘာ့ လူသားချင်း စာနာမှု ဆိုင်ရာ အထောက်အပံ့များ အဖွဲ့၏ ဝက်ဘ်ဆိုဒ် ဖြစ်သည်။

**http://www.crisisgroup.org** International Crisis Group ၏ ဝက်ဘ်ဆိုဒ် ဖြစ်သည်။

**http://www.nato.int/docu/handbook/2006/hb-en-2006.pdf** နေတိုးအဖွဲ့၏ ဘော့စနီးယားတွင် ဝင်ရောက် စွက်ဖက်မှု အကြောင်းများကို အသေးစိတ် ဖော်ပြထားသော နေတိုး အဖွဲ့၏ လက်စွဲ စာအုပ် ဖြစ်သည်။

**http://www.un.org/en/peacekeeping/missions/past/unprofor.htm** ထိုဝက်ဘ်ဆိုဒ်တွင် ကုလသမဂ္ဂ၏ ဘော့စနီးယားတွင် ဝင်ရောက် စွက်ဖက်မှုများကို အသေးစိတ် ဖော်ပြထားသည်။

## မှတ်စုများ

၁။ http://www.globalhumanitarianassistance.org/data-guide/datastore တွင် ရှုပါ။
၂။ Kuperman (2011)

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၂၂) အကူးအပြောင်းကာလ တရားမျှတမှု

ဂျိုအန်နာ အာရ် ကွင်း (Joanna R. Quinn)

## အခန်း မာတိကာ


- နိဒါန်း
- အပြစ်ပေးခြင်းဆိုင်ရာ တရားမျှတမှု
- ပြန်လည် ထားသိုပေးခြင်းဆိုင်ရာ တရားမျှတမှု
- ပြင်ဆင်ပေးရေးဆိုင်ရာ တရားမျှတမှု
- အကူးအပြောင်းကာလ တရားမျှတမှုကို လက်တွေ့ကျင့်သုံးခြင်း
- ဖြစ်ရပ် လေ့လာခြင်း၊ ယူဂန်ဒါနိုင်ငံ
- နိဂုံး


## စာဖတ်အညွှန်း

လူမျိုး ပြုန်းတီးစေခြင်း၊ လက်စဖျောက်ခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ ပြည်တွင်း ပဋိပက္ခနှင့် အခြား လူ့အခွင့်အရေး အစုလိုက် အပြုံလိုက် ချိုးဖောက်မှုများကဲ့သို့သော ရက်စက်ကြမ်းကြုတ်မှုများ ဖြစ်ပွားပြီး လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ အကြာတွင် နိုင်ငံများသည် တွေ့ဝေဖွယ်ရာ ခက်ခဲသည့် မေးခွန်းတစ်ခုနှင့် ရင်ဆိုင်ကြရသည်။ ထိုအကြမ်းဖက်မှုများကို ကျူးလွန်ခဲ့သူများအပေါ် မည်သို့ ဆောင်ရွက်မည်နည်း ဟူသည့် မေးခွန်းပင် ဖြစ်သည်။ ထိုသို့သော ပဋိပက္ခများသည် ဥပမာ ဆေးရုံများနှင့် ကျောင်းများ ဖျက်ဆီးခံရခြင်းကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ အမာရွတ်များ ချန်ရစ်ခဲ့သည်။ ထို့ပြင် နက်ရှိုင်းပြီး၊ အချိန်ကြာမြင့်စွာ ရှိနေမည့် လူမှုရေးပိုင်းဆိုင်ရာ အမာရွတ်များလည်း ချန်ရစ်ခဲ့သည်။ အကူးအပြောင်းကာလ တရားမျှတမှုသည် ထိုသို့သော ရက်စက်ကြမ်းကြုတ်သည့် ပဋိပက္ခများ၏ လူမှု သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားသည်။ အကူးအပြောင်းကာလ တရားမျှတမှုသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားပြီးနောက် လူ့အဖွဲ့အစည်းများကို မည်ကဲ့သို့ ပြန်လည် တည်ဆောက်ရမည်နည်း၊ ထိုလူ့အဖွဲ့အစည်းများနှင့် ယင်းတို့ထဲရှိ လူတစ်ဦးချင်းစီအား ၎င်းတို့ လုပ်ရပ်များအပေါ် မည်သို့ တာဝန်ခံခိုင်းရမည်နည်း ဟူသည် တို့နှင့် သက်ဆိုင်သည်။ အတိတ်က လူ့အခွင့်အရေး ချိုးဖောက်ခဲ့ခြင်းသည် အကူးအပြောင်း ကာလ တရားမျှတမှု၏ အခြေခံကို ဖြစ်ပေါ်စေပြီး ထိုအချက်ကပင် အကူးအပြောင်းကာလ တရားမျှတမှု ဖြစ်စဉ်များကို ရှေ့ဆက်စေရန် စွမ်းအင်တစ်ခု ဖြစ်စေသည်။ ထိုသို့သော အတိတ်ကာလက လူ့အခွင့်အရေး ချိုးဖောက်မှုများကို သင့်လျော်စွာ ကိုင်တွယ်နိုင်ရန် မည်သို့ လုပ်ဆောင်ရမည်နည်း ဟူသည့် အချက်က အကူးအပြောင်းကာလ တရားမျှတမှု ဖြစ်စဉ်များကို အငြင်းပွားဖွယ်ရာ ဖြစ်စေသည်။

## နိဒါန်း

ပြည်တွင်း ပဋိပက္ခများ ဖြစ်ပွားချိန်၌ (သို့) ဖိနှိပ်သော (သို့) အာဏာရှင် ဆန်သော အုပ်ချုပ်မှု၌ ကြမ်းကြုတ်သော ပြစ်မှုများ ကျူးလွန်ခဲ့သူများအပေါ် နိုင်ငံများက ကိုင်တွယ် ဆောင်ရွက်မှု လုပ်နိုင်သည်၊ လုပ်သင့်သည် ဟူသော သဘောတရားသည် အတော်အသင့်တော့ အသစ်အဆန်း ဖြစ်နေသေးသည်။ နှစ်ပေါင်းများစွာပင် နိုင်ငံများ၏ ခေါင်းဆောင်များနှင့် ပုန်ကန်သည့် အုပ်စုများ၏ ခေါင်းဆောင်များကို အပြစ်ပေးခြင်း (သို့) ၎င်းတို့ လုပ်ခဲ့သော လုပ်ရပ်များအတွက် ပြန်လည် ပေးဆပ်စေခြင်း မရှိဘဲ လွတ်ထားခဲ့ကြသည်။ ယူဂန်ဒါနိုင်ငံ၏ အာဏာရှင် အီဒီ အာမင် (Idi Amin) (သို့) ဟေတီနိုင်ငံ၏ အာဏာရှင် ဂျွန်ကလောက် “ဘေဘီ ဒေါ့ခ်” ဒူဗာယေး (Jean-Claude ‘Baby Doc’ Duvalier) ကဲ့သို့သော အာဏာရှင်များသည် ၎င်းတို့ နိုင်ငံများမှ ထွက်ခွာကာ ယင်းတို့အား လက်ခံထားလိုသော နိုင်ငံများသို့ ပြောင်းရွှေ့နေထိုင်ပြီး ဇာတ်မြှုပ်သွားကြသည်။ ၁၉၉၀ ပြည့်လွန်နှစ်များမှသာ ပညာရှင်များနှင့် လက်တွေ့ လုပ်ငန်း ဆောင်ရွက်သူများက ထိုသူများ၏ ကြမ်းကြုတ်သော သမိုင်းကြောင်းများနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို စတင် စဉ်းစားလာကြသည်။

ထိုအချိန်တွင် ဖြစ်ပွားနေသော (သို့) ဖြစ်ပွားပြီးကာစ ဖြစ်သော အကြမ်းဖက်မှုများနှင့် ပဋိပက္ခ အများအပြား ရှိသည် (စာသေတ္တာ ၂၂.၁ ကို ရှုပါ)။ အရှေ့ ဥရောပရှိ ယခင် ဆိုဗီယက် ယူနီယံ နိုင်ငံများတွင်မူ ထိုသူများ ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများကို သိမ်းယူပြီး လျှို့ဝှက် အစိုးရ မှတ်တမ်းများ ထားရှိခဲ့သည်။ ရဝမ်ဒါနှင့် ဘော့စနီးယား နိုင်ငံများတွင်လည်း လူမျိုး ပြုန်းတီးစေမှုများ ဖြစ်ပွားခဲ့သည်။ ဆိုမာလီယာ၊ ဆီရီယာ လီယုံး၊ လိုင်ဘေးရီးယား၊ ဟေတီနှင့် ဂွာတီမာလာ နိုင်ငံများတွင်လည်း သွေးစွန်းခဲ့သော ပြည်တွင်း ပဋိပက္ခများ ဆက်လက် ဖြစ်ပွားခဲ့သည်။ သို့ရာတွင် အဆိုးရွားဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ခဲ့သူများပင် လွတ်မြောက်နေကြသည်။

| စာသေတ္တာ ၂၂.၁။ အကူးအပြောင်းကာလ တရားမျှတရေး နည်းလမ်းများမှ အကျိုးရရှိနိုင်သည့် အခြေအနေ အချို့မှာ အဘယ်နည်း။ |
|---|
| • လူမျိုးပြုန်းတီးစေမှု<br>• ပြည်တွင်း ပဋိပက္ခ<br>• လူမျိုးရေး ခွဲခြားခြင်း<br>• အတင်းအဓမ္မ ကျွန်ပြုခိုင်းစေမှု<br>• လူထုအတွင်း အကြမ်းဖက်မှု<br>• လူသားများကြောင့် ဖြစ်ပွားသော အငတ်ဘေး<br>• အစုလိုက် အပြုံလိုက် လူ့အခွင့်အရေး ချိုးဖောက်မှု |

ထိုဆိုးရွားသော ရာဇဝတ်မှုများအတွက် တစ်စုံတစ်ယောက်ကို အပြေပေးခိုင်းရတော့မည်မှာ ထင်ရှားလာသည်။ သို့ရာတွင် မည်သူ့ကို၊ မည်သည့်အတွက်ကြောင့် တာဝန်ခံခိုင်းရမည်ဟူသည့် အချက်မှာ ဒွိဟ ဖြစ်နေရဆဲပင်။ ပြစ်မှု ကျူးလွန်ခဲ့သူ အားလုံး တစ်ယောက်မကျန် အပြစ်ပေး၍ ထောင်ထဲ ပို့ပစ်ရမည်လား။ ယခင် အုပ်ချုပ်ရေးမှ အထက်လူကြီး၊ တာဝန်ရှိသူများနှင့် အရာရှိများကိုသာ ရုံးတင်

စစ်ဆေးရမည်လား။ သို့မဟုတ် အမိန့်ပေးမှု အဆင့်ဆင့်၏ အောက်ခြေမှ လက်အောက် ငယ်သားများကိုပါ တရားစွဲဆိုသင့်ပါသလား။ ထိုသို့ တရားစွဲဆို အပြစ်ပေးမှုများကို မည်သူက လုပ်ဆောင်သင့်ပါသနည်း။ အစိုးရနှင့် ၎င်းတို့၏ ဗျူရိုကရေစီများထဲမှ ထိုကဲ့သို့ ဆိုးရွားသော လုပ်ရပ်များကို လုပ်ဆောင်ရန် ကူညီပေးခဲ့သူများကို ဖြုတ်ထုတ်ပစ်ရမည်လား။ ထိခိုက်ခံစားရသူများကို ၎င်းတို့ ခံစားခဲ့ရသော မတရားမှုများနှင့် ထိခိုက်မှုများအတွက် ရုပ်ပိုင်း ဆိုင်ရာအရရော၊ စိတ်ပိုင်းဆိုင်ရာ အရပါ မည်ကဲ့သို့ ပြန်လည် ထူထောင်ပေးရမည်နည်း။ ထိခိုက်ခံစားခဲ့ရသူများကို ၎င်းတို့၏ ထိခိုက်မှုများအတွက် အသိအမှတ်ပြုသင့်ပါသလား။ အကူးအပြောင်းကာလ တရားမျှတမှုဟု ခေါ်တွင်သည့် အရာသည် ထိုမေးခွန်းများနှင့် ထိုထက်ပိုသော မေးခွန်းများကို အဖြေရှာထားသည်။

ထိုကိစ္စရပ်များသည် လူ့အခွင့်အရေး လေ့လာမှုနှင့် သဘောတရားအရ အကြောင်းပြချက် အများအပြားဖြင့် ဆက်စပ်နေသည်။ ဦးစွာ အကူးအပြောင်းကာလ တရားမျှတမှု နည်းလမ်းများသည် ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပေါ်ပေါ်ထင်ထင်ပင် သက်ဆိုင်နေသည်။ ဒုတိယ အနေဖြင့် အကူးအပြောင်းကာလ တရားမျှတမှုသည် ပြစ်ဒဏ်မှ ကင်းလွတ်နေမှုနှင့် တရားစွဲဆိုခံရမှုမှ ကင်းလွတ်နေမှု စက်ဝန်းကို အဆုံးသတ်ရန် အရေးပါသည့် ကိရိယာ တစ်ခု ဖြစ်သည်။ ထိုဖြစ်ရပ်မျိုးမှာ သိပ်မကြာသေးမီ အတိတ်ကပင် လူ့အခွင့်အရေး ချိုးဖောက်မှု သမိုင်းရှိခဲ့ဖူးသော နိုင်ငံများတွင် ဖြစ်ပွားလေ့ ရှိပြီး တရားမျှတမှုသည် လူ့အခွင့်အရေးနှင့် နက်ရှိုင်းစွာ ပတ်သက်ဆက်နွှယ်နေသည်။ တတိယ အချက်မှာ အကူးအပြောင်းကာလ တရားမျှတမှု ရရှိရေးအတွက် အသုံးပြုသည့် နည်းလမ်းများကို လူ့အခွင့်အရေး ကာကွယ်ရေးနှင့် ပတ်သက်သည့် အဓိက နိုင်ငံတကာ အဖွဲ့အစည်း ဖြစ်သော ကုလသမဂ္ဂအဖွဲ့၏ အစိတ်အပိုင်းများက တိုး၍ အတည်ပြုလာခြင်း၊ အရေးယူလာခြင်း (သို့) ငွေကြေးထောက်ပံ့လာခြင်းတို့ ဖြစ်သည်။

အကူးအပြောင်းကာလ တရားမျှတမှုသည် အားလုံးနှင့် သက်ဆိုင်သည်ဟူသော စည်းမျဉ်း နှင့်လည်း နက်ရှိုင်းစွာ ဆက်နွှယ်နေသည်။ အကောင်းဆုံး အခြေအနေတွင် အကူးအပြောင်းကာလ တရားမျှတမှု နည်းလမ်းများသည် လူအားလုံးကို တန်းတူ ဆက်ဆံပြီး ၎င်းတို့အားလုံးကို ပါဝင်ရန် အခွင့်အရေး ပေးသည်။ အားလုံးနှင့် သက်ဆိုင်ခြင်း၏ တန်ဖိုးများကို အသုံးပြုရာတွင် အကူးအပြောင်းကာလ တရားမျှတမှုသည် လူများကို လူ့အဖွဲ့အစည်းအတွင်း ၎င်းတို့၏ နေရာမှန် ပြန်ရောက်သွားနိုင်စေရန် လုပ်ဆောင်ပေးသည်။ အကူးအပြောင်းကာလ တရားမျှတမှုက လူ့အခွင့်အရေးကိုလည်း မြှင့်တင်ပေးရန် ကြိုးပမ်းလေရာ အားလုံးနှင့် သက်ဆိုင်ခြင်းသည် အဓိက စည်းမျဉ်းတစ်ခုပင်တည်း။

ထို့ကြောင့် အာဏာရှင် (သို့) ဖိနှိပ်သော စနစ်မှ ဒီမိုကရေစီ စနစ်သို့ ကူးပြောင်းသော (သို့) ပဋိပက္ခမှ ငြိမ်းချမ်းရေးသို့ ကူးပြောင်းသော လူ့အဖွဲ့အစည်းများနှင့် ရင်ဆိုင်ရသော လုပ်ငန်းသည် ခက်ခဲ ထိတ်လန့်ဖွယ်ရာတော့ ကောင်းသည်။ ဘယ်ကနေ စရမည်နည်း။ ထင်ရှားသည့် အချက်မှာ အပြောင်းအလဲများသည် အစိတ်အပိုင်းများ အားလုံးနီးပါးနှင့် အဆင့်များ အားလုံး နီးပါးတွင် ဖြစ်ပွားရမည် ဖြစ်သည်။ မကြာခဏပင် အပြောင်းအလဲများသည် လုံခြုံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြေခံ အဆောက်အဦ အစိတ်အပိုင်းများတွင် လိုအပ်လာတတ်သည်။ အကူးအပြောင်း ကာလ တရားမျှတမှုသည် တရားစီရင်ရေး အစိတ်အပိုင်း ပြုပြင် ပြောင်းလဲရေး အတွက် အဓိက အာရုံစိုက်ထားပြီး အလုပ်လုပ်သော

ဒီမိုကရေစီ စနစ် ရှိသည့် လူ့အဖွဲ့အစည်း တစ်ခုတွင် လိုအပ်သော တရားဥပဒေ စိုးမိုးမှု ပြန်လည်တည်ဆောက်ရေးနှင့် တရားရုံး စနစ်များ ပြန်လည် ထူထောင်ရေးတို့ကို အထောက်အကူ ပေးသည်။

ထိုသို့ ဆိုစေကာမူ အကူးအပြောင်း ဖြစ်ပွားနေသော လူ့အဖွဲ့အစည်းတွင် တရားမျှတမှု၏ အဓိပ္ပာယ် (သို့) တရားမျှတမှု ရရှိရန် မည်သို့ လုပ်ဆောင်မည် ဟူသည့်အပေါ် သဘောတူညီမှု ရရှိလာရန် ခက်ခဲသည်။ စိုးရိမ်ပူပန်မှု တစ်ခုမှာ မည်သူ့ကို အပြစ်ပေးရမည်နည်း ဟူသည့် ဆုံးဖြတ်ချက်ကို အနိုင်ရသွားသည့် အဖွဲ့က ပြုလုပ်မည်ဖြစ်ပြီး ယင်းအချက်က လူထု၏ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးချင်မှ ဖြေရှင်းပေးနိုင်လိမ့်မည်ဟူသည့် အချက်ပင် ဖြစ်သည်။ ဥပမာ လူမျိုးရေး ခွဲခြားမှုများ ဖြစ်ပွားပြီး နောက်ပိုင်း တောင်အာဖရိကနိုင်ငံတွင် ရှုံးနိမ့်သွားသည် အမျိုးသား ပါတီ (National Party) ကို ထောက်ခံသူ လူဖြူများက ၎င်းတို့ကို အသစ် အနိုင်ရရှိသော (လူမည်း အများစု ပါဝင်သည့်) အာဖရိကန် အမျိုးသား ကွန်ဂရက် ပါတီ (African National Congress) က တိုက်ခိုက်လာမည်ကို စိုးရိမ်ကြသည်။ ဒုတိယ စိုးရိမ်သည့် အချက်မှာ ငြိမ်းချမ်းရေး ညှိနှိုင်းမှုများအတွက် ဆွေးနွေးသည့်အခါ (သို့) အစိုးရ တစ်ရပ်မှ အခြား အစိုးရ တစ်ရပ်သို့ အာဏာ လွှဲပြောင်းပေးသည့်အခါ ဆိုးရွားသော ရာဇဝတ်မှုများ ကျူးလွန်ခဲ့သူများကို လွတ်ငြိမ်း ချမ်းသာခွင့်ပေးခြင်း (သို့) တရားစွဲဆိုခံရမှုမှ ကင်းလွတ်ခွင့် ပေးခြင်း ဖြစ်သည်။ ဥပမာ ချီလီနိုင်ငံတွင် ဗိုလ်ချုပ် ပီနိုချက် (Pinochet) သည် သူ့ကိုယ်သူနှင့် သူ၏ ကြံရာပါများကို တစ်သက်တာ ပြစ်ဒဏ်ကင်းလွတ်ခွင့် ပေးခဲ့ပြီး သူနှင့်အပေါင်းအပါများ တရားစွဲဆို အပြစ်ပေးခံရမည့် အရေးမှ ကာကွယ်ထားခဲ့သည်။ တတိယ အချက်မှာ ပဋိပက္ခဖြစ်ပွားနေစဉ်တွင် တရားရေးစနစ်၏ လုပ်ဆောင်နိုင်စွမ်းသည် ဆိုးရွားစွာ ထိခိုက်ခံခဲ့ရခြင်းနှင့်/သို့မဟုတ် အရေအတွက် များပြားလှသည့် တရားစွဲဆိုမှုများကို ကိုင်တွယ်နိုင်စွမ်း မရှိခြင်း ဖြစ်သည်။ ဥပမာ ရဝမ်ဒါနိုင်ငံ၏ လူမျိုးတုံး သတ်ဖြတ်မှုတွင် လူပေါင်း တစ်သိန်း နှစ်သောင်းကျော်ခန့် ပြစ်မှု ကျူးလွန်ခဲ့သည်ကို တွေ့ရပြီး ထိုအချက်က ရဝမ်ဒါရှိ တရားရေး စနစ်ကို ကြီးစွာသော ဝန်ထုတ်ဝန်ပိုး ဖြစ်စေခဲ့သည်။ ထိုသူများအားလုံးကို တရားစွဲဆို အပြစ်ပေးနိုင်ရန် နှစ်တစ်ရာ့ ရှစ်ဆယ်ခန့် ကြာမြင့်မည်ဟု ခန့်မှန်းခဲ့သည်။ ကမ္ဘောဒီးယားတွင် တရားရေးစနစ်မှာ အစကတည်းကပင် အားနည်းလှသည်။ ကမ္ဘောဒီးယားရှိ ၈၀ ရာခိုင်နှုန်းကျော်သော တရားသူကြီးများသည် ဥပဒေဘွဲ့ရများ မဟုတ်ကြဘဲ တရားစီရင်ရေးဆိုင်ရာ သင်တန်း မဆိုထားနှင့် အတန်းပညာရေးပင် တစ်ခါမှ မသင်ဖူးသူ အများအပြားလည်း ပါဝင်သည်။

| စာသေတ္တာ ၂၂.၂။ အကူးအပြောင်းကာလ တရားမျှတမှု အပေါ် ချဉ်းကပ်ပုံ သုံးမျိုး |
|---|
| **အပြစ်ပေးခြင်းဆိုင်ရာ တရားမျှတမှု**<br>*ရည်မှန်းချက်။* ပြစ်မှု ကျူးလွန်သူများကို တရားစွဲဆိုခြင်း၊ အပြစ်ပေးခြင်းများဖြင့် ပြုပြင် ပြောင်းလဲရန်<br>*လုပ်ဆောင်လေ့ ရှိသည့် နည်းလမ်း။* တရားစွဲဆိုမှုများ၊ ခုံရုံးတင်ခြင်းများ<br>*ဥပမာ ဖြစ်ရပ်။* ကမ္ဘောဒီးယား၊ ၂၀၀၁ ခုနှစ်တွင် ကမ္ဘောဒီးယား လွှတ်တော်က ခမာနီ အုပ်ချုပ်စဉ် ကာလ (၁၉၇၅-၉) အတွင်း ကျူးလွန်ခဲ့သော ကြီးလေးသည့် ရာဇဝတ်မှုများကို ရုံးတင် စစ်ဆေးနိုင်ရန် ကမ္ဘောဒီးယား တရားရုံးများတွင် အထူးခုံရုံးများ တည်ထောင်ခဲ့သည်။<br><br>**ပြန်လည် ထားသိုပေးခြင်းဆိုင်ရာ တရားမျှတမှု**<br>*ရည်မှန်းချက်။* ထိခိုက် နစ်နာသူများ၏ ဂုဏ်သိက္ခာကို ပြန်လည် ပေးအပ်ရန်၊ ကျူးလွန်ခဲ့သူများကို လူ့အဖွဲ့အစည်းတွင် ပြန်လည် နေရာပေးရန် |

*လုပ်ဆောင်လေ့ ရှိသည့် နည်းလမ်း။* အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်၊ ကုစားပေးရေး စက်ဝန်းများ
*ဥပမာ ဖြစ်ရပ်။* ဂွာတီမာလာ၊ အော်စလို သဘောတူညီချက် ဖြစ်စဉ်အောက်တွင် ဂွာတီမာလာ အစိုးရနှင့် လက်ဝဲစွန်းရောက် သူပုန်များ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး သုံးဆယ့်ငါးနှစ်ကြာ အကြမ်းဖက်မှုများကို အဆုံးသတ်နိုင်ခဲ့ကြသည်။ ထိုဆွေးနွေးမှုများအရ သမိုင်းကြောင်း ရှင်းလင်းရေး ကော်မရှင် (Comision para el Esclarecimiento Historico) ကို ၁၉၉၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

**ပြင်ဆင်ပေးရေးဆိုင်ရာ တရားမျှတမှု**
*ရည်မှန်းချက်။* နစ်နာသူများ ခံစားထိခိုက်ခဲ့ရသည်များကို ပြန်လည် ပြင်ဆင်ပေးရန်
*လုပ်ဆောင်လေ့ ရှိသည့် နည်းလမ်း။* နစ်နာကြေးပေးခြင်း၊ တောင်းပန်ခြင်း
*ဥပမာ ဖြစ်ရပ်။* အမေရိကန် နိုင်ငံ၊ ဒုတိယကမ္ဘာစစ်အတွင်း နိုင်ငံတစ်ဝှမ်းရှိ ထိန်းသိမ်းရေး စခန်းများတွင် အတင်းအဓမ္မ ဖမ်းဆီး ထိန်းသိမ်းခြင်း ခံခဲ့ရသော ဂျပန်မျိုးရိုးရှိသူ အမေရိကန် နိုင်ငံသား တစ်ဦးချင်းစီအတွက် ကွန်ဂရက်မှ ဒေါ်လာ နှစ်သောင်း ပေးခဲ့သည်။

Minow (1998) မှ ကောက်နုတ်ထားသည်။

အားလုံးအတွက် လက်ခံနိုင်သည့် ဖြေရှင်းချက် တစ်ခုတော့ ထွက်ပေါ်လာနိုင်လိမ့်မည် မဟုတ်ပေ။ ဆိုးရွားသော ပြစ်မှု ကျူးလွန်ခံခဲ့ရသူများတွက် မည်သည့် ကုစားမှုကမျှ လုံလောက်လိမ့်မည် မဟုတ်။ မည်သည့် တရားစီရင်ချက်ကမျှ ဆုံးရှုံးသွားခဲ့ရသော ခြေထောက် တစ်ဘက်ကို ပြန်လည် အစားထိုး ပေးနိုင်မည် မဟုတ်။ မည်သည့် ငွေကြေးပမာဏကမျှ သေဆုံးသွားခဲ့ပြီ ဖြစ်သော ကလေးငယ်ကို ပြန်လည် အသက်သွင်း ပေးနိုင်မည် မဟုတ်။ အလားတူပင် ကျူးလွန်သူများ အတွက်လည်း (ဥပမာ နာဇီ အရာရှိများ) သူတို့ လုပ်ခဲ့သော လုပ်ရပ်များသည် ယင်းတို့ကို လက်ခံ ချီးမြှောက်သော ပတ်ဝန်းကျင်တွင် လုပ်ခဲ့ခြင်း ဖြစ်သည်၊ ရှုတ်ချသော ပတ်ဝန်းကျင်တွင် လုပ်ခဲ့ခြင်းမဟုတ်။ ထိုလူ့အဖွဲ့အစည်းက ထိုသူများကို တရားပြန်လည် စွဲဆိုရန် ခက်ခဲပေလိမ့်မည်။ သို့ရာတွင် အများ လက်ခံထားသော ကျင့်ဝတ်စံနှုန်းများအရ တစ်ခုခု လုပ်ဆောင်ရန် လိုအပ်နေပေသည်။

အတိတ်မှ မတရားမှုများဖြင့် ပြန်လည်ရင်ဆိုင်ခြင်းဟူသည့် သဘောတရားကို လက်တွေ့ အသုံးချလာသည့်အခါ ထိခိုက်ခံစားရသူများနှင့်ရော၊ ကျူးလွန်သူများနှင့်ပါ ရင်ဆိုင်သည့် နည်းလမ်း အမျိုးမျိုး ထွက်ပေါ်လာသည် (စာသေတ္တာ ၂၂.၂ ကို ကြည့်ပါ)။ နိုင်ငံများက ရွေးချယ်သည့် နည်းလမ်းများသည် ကျူးလွန်ခဲ့သည့် မတရားမှုများနှင့် လူမှုရေး၊ နိုင်ငံရေး အကျိုးဆက်များကို ထင်ဟပ် ပြသနေသည်။ ထိုနည်းလမ်းများသည် တရားမျှတမှု မည်သို့ ရှာဖွေရမည်၊ အဘယ်ကြောင့် ရှာဖွေသင့်သည်နှင့် မည်သို့ လုပ်ဆောင်သည်ကို တွေ့မြင်သင့်သည် ဟူသည့် သဘောထားများနှင့်လည်း သက်ဆိုင်နေသည်။ မာသာမင်နို (Martha Minow) (1998) က ထိုနည်းလမ်းများကို (ဒဿနိက ဗေဒ သဘောတရား (သို့) သီအိုရီပိုင်းဆိုင်ရာ မူဘောင်များ အရ) အပြစ်ပေးခြင်း၊ ပြန်လည် ထားသိုပေးခြင်းနှင့် ပြင်ဆင်ပေးရေး ဟူ၍ ပုံစံ သုံးခု ခွဲခြားပြခဲ့သည်။ အဆိုပါ အမျိုးအစား ခွဲခြားမှုသည် အကူးအပြောင်းကာလ တရားမျှတမှုအပေါ် ချဉ်းကပ်ပုံ အမျိုးမျိုးကို ရှင်းလင်းပြရာ၌ရော၊ နားလည်စေရန်၌ပါ အသုံးဝင်သော နည်းလမ်း တစ်ခု ဖြစ်ပေသည်။

## အပြစ်ပေးခြင်းဆိုင်ရာ တရားမျှတမှု

အပြစ်ပေးခြင်းဆိုင်ရာ တရားမျှတမှုသည် "အနောက်နိုင်ငံများ" က စဉ်းစားလေ့ရှိသည့် "တရားမျှတမှု" ပုံစံမျိုး ဖြစ်သည်။ ထိုပုံစံတွင် တရားမျှတမှုကို ဥပဒေအရ တရားစွဲဆိုခြင်းများနှင့် တရားဥပဒေ စိုးမိုးမှုနှင့် ညီမျှခြင်း ချလေ့ရှိသည်။ ထိုနည်းလမ်းတွင် ကမ္ဘာတစ်ဝှမ်း၌ ယနေ့ တွေ့ရလေ့ ရှိသော တရားရုံး ကြားနာခြင်းများနှင့် အမိန့်ချခြင်းများ ပါဝင်သည်။ ထိုအရာများ အားလုံးသည် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် အပြစ်ပေးခြင်း အပေါ်တွင် အခြေခံ ထားသည်။ ပုံမှန်အားဖြင့် တရားရုံးတင် စစ်ဆေးရာတွင် ပြစ်မှု ကျူးလွန်ခဲ့သူ (သို့) ကျူးလွန်ခဲ့သူနှင့် သူ၏ အပေါင်းအပါများကို ဆုံးဖြတ်မှု ပေးမည့်သူ ရှေ့မှောက်သို့ ခေါ်ဆောင်လာပြီး ထိုသူ၏ အပြစ်များနှင့် ပေးရမည့် ပြစ်ဒဏ်များကို ဆုံးဖြတ်ကြသည်။

အပြစ်ပေးခြင်း ဆိုင်ရာ တရားမျှတမှု၏ ရည်ရွယ်ချက်မှာ လေးပိုင်းရှိသည်။ ပထမ အချက်မှာ လူတစ်ဦးသည် တစ်ခုခု မှားယွင်း လုပ်ဆောင်ခဲ့ပါက ထိုလုပ်ရပ်များကို လူသိရှင်ကြား ထုတ်ဖော် သင့်သည်။ တရားစီရင်နေစဉ် ကာလအတွင်း ကျူးလွန်ခဲ့သော ပြစ်မှုများ၏ အသေးစိတ်ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြသည်။ များသောအားဖြင့် ထိုဆွေးနွေးမှုများသည် ပြစ်မှုများ အကြောင်း ပထမဆုံးအကြိမ် ဖော်ထုတ်ခြင်းလည်း ဖြစ်သည်။ ဒုတိယအနေဖြင့် ကျူးလွန်သူကို သူ၏ လုပ်ရပ်များအတွက် အပြစ်ပေးရန် လိုအပ်သည်။ အပြစ်ပေးခြင်း၏ ရည်မှန်းချက်မှာ ကျူးလွန်သူကို သူ ပြစ်မှု ကျူးလွန်ခဲ့သည့် အခြေအနေများမှ ဖယ်ရှားပစ်ကာ လူထုထဲ ပြန်လည် မဝင်ရောက်မီ ပြန်လည် တည့်မတ် ထူထောင်ပေးခြင်း ဖြစ်သည်။ တတိယ အနေဖြင့် လူတစ်ဦးကို သူလုပ်ဆောင်ခဲ့သည်များအတွက် အရေးယူလိုက်ခြင်းဖြင့် လူထုအပေါ်တွင်လည်း ကျယ်ပြန့်သော၊ ပညာပေးနိုင်သော သက်ရောက်မှုများ ရှိသည်။ ဆိုလိုသည်မှာ အခြားသူများက လူတစ်ဦးသည် ပြစ်မှု တစ်စုံတရာ ကျူးလွန်သည့်အတွက် အပြစ်ပေးခံရခြင်းကို တွေ့သည့်အခါ ထိုသူများကိုလည်း အလားတူ ပြစ်မှုများ ကျူးလွန်ခြင်းမှ တားဆီးပေးနိုင်သည်။ စတုတ္ထ အချက်ကား တရားစီရင်ခြင်းကို လုပ်ဆောင်နိုင်ခြင်းက တရားရေး စနစ်သည် အပြစ်ပေးခြင်း လုပ်ငန်းများကို လုပ်ဆောင်နိုင်စွမ်း ရှိသည်၊ အင်စတီကျူးရှင်း တစ်ခု အနေဖြင့် အလုပ်လုပ်နေသေးသည်ကို ပြသသည်။ တရားရုံးတင် စစ်ဆေးခြင်း ဖြစ်ပွားပါက တရားရေးစနစ်သည် အပြည့်အဝ အလုပ်လုပ်နေခြင်း ဖြစ်ပြီး နိုင်ငံတော် တရားဥပဒေ၏ အာဏာစက်ကို ဖြန့်ကျက်နိုင်ခြင်းလည်း ဖြစ်ပေသည်။

### ပြည်တွင်း တရားစီရင်ခြင်းများ

ထို့ကြောင့် အကူးအပြောင်း ကာလတွင် ရှိနေသော လူ့အဖွဲ့အစည်း အများအပြားသည် အတိတ်ကာလမှ ရာဇဝတ်မှု ကျူးလွန်သူများနှင့် ရင်ဆိုင်ရာတွင် အပြစ်ပေးခြင်းဆိုင်ရာ တရားမျှတမှု နည်းလမ်း၊ များသောအားဖြင့် တရားရုံးတင် စစ်ဆေးခြင်းများကို အသုံးပြုကြသည်။ ကမ္ဘာအနှံ့အပြားတွင် ဤနည်းလမ်းမှာ မျှော်မှန်းထားသည့် ကုစားမှု တစ်ခု ဖြစ်သည်။ ပုံမှန် အခြေအနေတွင် ဤသည်မှာ အဓိက ဖြေရှင်းသည့် နည်းလမ်း ဖြစ်နေပေသည်။

ဤသည်မှာ ဂရိနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ် တစ်ခု ဖြစ်သည်။ ဂရိနိုင်ငံတွင် ၁၉၆၇ ခုနှစ် ဧပြီလ၌ စစ်အာဏာရှင်များမှ အာဏာသိမ်းမှု ဖြစ်ပွားခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ရုတ်သိမ်းခဲ့ပြီး

စစ်အုပ်ချုပ်ရေး ဥပဒေကို ကြေညာခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် အေသင် ပေါ်လီတက္ကနစ်၌ ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲ အတွင်း ထောင်ပေါင်း များစွာသော ကျောင်းသားများကို ဖမ်းဆီးခြင်း၊ ဒဏ်ရာရစေခြင်း (သို့) သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် စစ်အာဏာရှင်များမှ ဆိုက်ပရက်စ် ကျွန်းစုကို ကျူးကျော်ဝင်ရောက်ခဲ့ပြီး ထိုဒေသတွင် သွေးထွက်သံယို အာဏာသိမ်းမှုများ လုပ်ဆောင်ခဲ့သည်။ ၁၉၇၅ ခုနှစ်အတွင်း စစ်အာဏာရှင် များနှင့် ရင်ဆိုင်၍ လုပ်ဆောင်ခဲ့သော ရုံးတင် စစ်ဆေးမှုများတွင် ထိပ်ပိုင်းခေါင်းဆောင် ၁၅၀ ကျော်ကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို တရားမဝင် ရပ်ဆိုင်းခြင်း တို့အတွက် ရုံးတင် စစ်ဆေး အပြစ်ပေးခဲ့သည်။ အခြား ထောင်ပေါင်းများစွာသော သူများကိုလည်း အစိုးရပိုင်းနှင့် အုပ်ချုပ်ရေးပိုင်း ရာထူးများမှ ဖယ်ရှားပစ်ခဲ့သည်။ ဤသည်မှာ အာဏာသိမ်းမှု နောက်ပိုင်းတွင် နိုင်ငံတွင်း စစ်အာဏာရှင်များနှင့် ပတ်သက် ဆက်နွယ်သူများကို ရှင်းလင်းပစ်ခဲ့သည့် လုပ်ရပ် တစ်ခု ဖြစ်သည်။

စာသေတ္တာ ၂၂.၃။ နိုင်ငံတကာတွင် ခေတ်ပေါ် အကူးအပြောင်းကာလ တရားမျှတမှု ဆိုင်ရာ နည်းလမ်းများ အသုံးပြုခဲ့သည့် အချိန်ကာလများ

**စစ်ပြီး ကာလ ဂျာမနီနိုင်ငံတွင် အနိုင်ရ မဟာမိတ် အုပ်စုမှ တည်ထောင်ခဲ့သည့် ၁၉၄၅ ခုနှစ် *နျူရင်ဘတ် တရားစီရင်ရေး***

- ခုံရုံးမှာ ဂျာမနီနိုင်ငံ နျူရင်ဘတ်မြို့တွင် တည်ရှိသည်။
- မဟာမိတ် နိုင်ငံ လေးနိုင်ငံမှ တရားသူကြီး လေးဦးနှင့် အရံ လေးဦးက အမှုများကို စစ်ဆေးသည်။
- ငြိမ်းချမ်းရေးကို ခြိမ်းခြောက်သည့် ရာဇဝတ်မှု၊ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ ကော်မရှင် ဖွဲ့စည်းစဉ်က မရှိခဲ့သော ရာဇဝတ်မှုများ။
- အဓိက အရေးအပါဆုံး ဆုံးဖြတ်ချက် ချမှတ်သူများအပြင် နာဇီအရာရှိ ၂၀၀ ကျော်ကို ရုံးတင် စစ်ဆေးခဲ့သည်။

**စစ်ပြီး ဂျပန်နိုင်ငံတွင် အနိုင်ရ မဟာမိတ် အုပ်စုမှ တည်ထောင်ခဲ့သည့် ၁၉၄၆ ခုနှစ် *တိုကျို တရားစီရင်ရေး***

- ခုံရုံးမှာ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် တည်ရှိသည်။
- နိုင်ငံပေါင်း ၁၀ နိုင်ငံမှ တရားသူကြီး ၁၁ ဦးက အမှုများကို စစ်ဆေးသည်။
- ငြိမ်းချမ်းရေးကို ခြိမ်းခြောက်သည့် ရာဇဝတ်မှု၊ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် အခြားသမားရိုးကျ စစ်ရာဇဝတ်မှုများ။
- ဂျပန် ထိပ်တန်း အရာရှိ ၂၈ ဦးကို ရုံးတင် စစ်ဆေးခဲ့သည်။

**ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက ဘော်လ်ကန်ဒေသတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများအတွက် တာဝန်ရှိသော ထိပ်တန်း အရာရှိများကို စွဲချက်တင်ရန် တည်ထောင်ခဲ့သည် *ယခင် ယူဂိုဆလားဗီးယား နိုင်ငံဆိုင်ရာ ၁၉၉၃ ခုနှစ် နိုင်ငံတကာ ရာဇဝတ်မှု ခုံရုံး* (International Criminal Tribunal for the Form Yugoslavia (ICTY))**

- ခုံရုံးမှာ နယ်သာလန်နိုင်ငံ သည်ဟေ့ဂ်မြို့တွင် ရှိသည်။
- ကုလသမဂ္ဂ အထွေထွေ ညီလာခံမှ တရားသူကြီး ၁၆ ဦးကို လေးနှစ် သက်တမ်းဖြင့်

ရွေးချယ်ထားသည်။ တရားမမှုအတွက် သီးသန့်ဖြစ်သော မှုခင်းကိစ္စ အလို့ငှာ (ad litem) တရားသူကြီး ၁၂ ဦးကို ခန့်အပ်ထားသည်။

- စွဲချက်များတွင် ဂျနီဗာ သဘောတူစာချုပ်နှင့် နောက်ဆက်တွဲ စာချုပ်များကို ကြီးလေးစွာ ချိုးဖောက်ခြင်း၊ စစ်ပွဲဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခြင်း၊ လူမျိုးပြုန်းတီးစေမှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ စသည်တို့ ပါဝင်သည်။
- အဓိက တာဝန်ရှိသူများမှာ ဖမ်းဆီးမှုမှ တိမ်းရှောင်သွားကြပြီး ရုံးတင်စစ်ဆေးခြင်းကို လွတ်မြောက်သွားကြသည်။
- ခုံရုံးသည် ရှောင်တခင် (သို့) ယာယီ ဖွဲ့စည်းလိုက်ခြင်း ဖြစ်ပြီး ၎င်း၏ တာဝန်များ ပြီးမြောက်သည်နှင့် ဖျက်သိမ်းရန် ရည်ရွယ်ထားသည်။

**၂၀၀၂ ခုနှစ် *ဆီရီယာ လီယုံး နိုင်ငံအတွက် အထူး တရားရုံး* (SCSL) ဆီရီယာ လီယုံး နိုင်ငံ၏ ကြမ်းကြုတ်သော ပြည်တွင်းစစ်မှ တရားခံများကို ရုံးတင် စစ်ဆေးရန် ကုလသမဂ္ဂနှင့် ဆီရီယာ လီယုံး နိုင်ငံတို့ ပူးတွဲ တည်ထောင်သည့် ပထမဆုံး ပြည်တွင်း/နိုင်ငံတကာ ကပြား ခုံရုံး**

- ခုံရုံးမှာ ဆီရီယာ လီယုံးနိုင်ငံ ဖရီးတောင်းမြို့တွင် ရှိသည်။ (SCSL ၏ ထောက်ခံမှုဖြင့် သည်ဟေ့ဂ်မြို့တွင် ရုံးတင် စစ်ဆေးခဲ့သော ချားလ်စ်တေလာ (Charles Taylor) ၏ အမှုမှ လွဲ၍)
- တရားသူကြီး ၁၁ ဦးကို အာဖရိကနှင့် အနောက်နိုင်ငံ ၁၀ နိုင်ငံမှ ခန့်အပ်သည်။
- စွဲချက်များတွင် ဆီရီယာ လီယုံး နိုင်ငံတွင် ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများနှင့် လူသား မျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ ပါဝင်သည်။[၁]
- ချားလ်စ်တေလာ အပါအဝင် အဓိက တာဝန်ရှိသူများကို စွဲချက်တင်၊ ထိန်းသိမ်း၊ ရုံးတင်စစ်ဆေးနိုင်ခဲ့သည်။

**ရောမ သဘောတူစာချုပ် အဖွဲ့ဝင် နိုင်ငံများက တည်ထောင်ခဲ့သော ၂၀၀၂ ခုနှစ် *နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး* (ICC)**

- ခုံရုံးမှာ နယ်သာလန်နိုင်ငံ သည်ဟေ့ဂ်မြို့တွင် ရှိသည်။
- အဖွဲ့ဝင် နိုင်ငံများ ညီလာခံမှ ရွေးချယ်ခဲ့သည့် တရားသူကြီး ၁၈ ဦးက အမှုများကို စစ်ဆေးသည်။
- စွဲချက်များတွင် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ၊ လူမျိုးပြုန်းတီးစေခြင်းနှင့် စစ်ရာဇဝတ်မှုများ ပါဝင်သည်။
- ICC ကို အမြဲတမ်း ခုံရုံးအဖြစ် ထားရှိရန် ရည်ရွယ်သည်။

## နိုင်ငံတကာ ဆိုင်ရာ တရားမျှတမှု

သို့ရာတွင် တစ်ခါတရံ၌ ပြည်တွင်း တရားရုံး စနစ်က ထိုကဲ့သို့သော တရားရုံးတင် စွဲဆိုမှုများကို လုပ်ဆောင်လိုစိတ် မရှိကြပေ။ ထို့ပြင် ထိုသို့ မလုပ်နိုင် ကြသည်လည်း ဖြစ်နိုင်သည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ကြားဝင်ပြီး ထိုတရားစွဲဆိုမှုများကို ကူည ီဆောင်ရွက် ပေးသည်။ ယင်းကဲ့သို့သော တရားစီရင်မှုများသည် စစ်ပြီးကာလ နျူရင်ဘတ် တရားစီရင်ရေးနှင့် တိုကျို ခုံရုံးတို့မှ အစပြုခဲ့ကြသည်။ ယင်းတရားရုံးများကို နာဇီ စစ်ရာဇဝတ်မှုများနှင့် ဂျပန် တာဝန်ရှိ ပုဂ္ဂိုလ်များ၏

ရာဇဝတ်မှုများကို စစ်ဆေးရန် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ထိုမှတစ်ဆင့် နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေ စနစ်စတင် ပေါ်ပေါက်ခဲ့သည် (စာသေတ္တာ ၂၂.၃ ကို ရှုပါ)။ ယခင်က ဥပဒေများ အားလုံးသည် ပြည်တွင်း၊ နိုင်ငံတွင်း အဆင့်၌သာ ရှိခဲ့သည် (အခန်း ၄ တွင် ရှုပါ)။

သို့ရာတွင် အခြား နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေ လမ်းကြောင်းများ ပေါ်ပေါက်လာရန် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းသည် အစုလိုက် အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုကျူးလွန်သူများ၊ လူမျိုးပြုန်းတီးစေမှုနှင့် စစ်ရာဇဝတ်မှု ကျူးလွန်သူများကို တရားစွဲဆို စစ်ဆေးရန် စိတ်ဝင်စားမှု အနည်းငယ်သာ ရှိခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီနှင့် ပူးတွဲ၍ နိုင်ငံတကာ တရားရုံးနှင့် ခုံရုံး အများအပြား ထူထောင်ခဲ့ကြသည်။ ယင်းတို့တွင် **ယခင် ယူဂိုဆလားဗီးယား နိုင်ငံ ဆိုင်ရာ နိုင်ငံတကာ ရာဇဝတ်မှု ခုံရုံး** (ICTY) နှင့် **ရဝမ်ဒါနိုင်ငံ ဆိုင်ရာ နိုင်ငံတကာ ရာဇဝတ်မှု ခုံရုံး** (the International Criminal Tribunal for Rwanda (ICTR)) တို့ ပါဝင်သည်။ ထိုတရားရုံးနှစ်ခုလုံးကို ထိုနိုင်ငံများတွင် ဖြစ်ပွားခဲ့သော လူမျိုးပြုန်းတီးစေမှုများ၊ စစ်ရာဇဝတ်မှုနှင့် အခြား ရက်စက်ကြမ်းကြုတ်သော ရာဝတ်မှုများအား စစ်ဆေးနိုင်ရန် ရှောင်တခင် (ရည်ရွယ်ချက်တစ်ခုတည်းအတွက်) ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်စု အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် လူမျိုးပြုန်းတီးစေမှုများကို ကျူးလွန်သူများအား တရားစွဲဆိုနိုင်ရန် မကြာသေးမီက နိုင်ငံတကာ တရားစီရင်ပိုင်ခွင့် အနည်းနှင့် အများရှိသော၊ အမြဲတမ်း တရားရုံး ဖြစ်သည့် နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး (ICC) ကို တည်ထောင်ခဲ့သည် (စာသေတ္တာ ၂၂.၄ ကို ရှုပါ)။

| စာသေတ္တာ ၂၂.၄။ စိန်ခေါ်သည့် ယူဆချက်များ၊ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး |
|---|
| အာဖဂန် နစ္စတန်၊ ကိုလံဘီယာ၊ ဂျော်ဂျီယာ၊ ဟွန်ဒူးရက်စ်၊ အီရတ်၊ ယူကရိန်းနှင့် ပါလစ္စတိုင်း နိုင်ငံများ အပါအဝင် အာဖရိကတိုက် ပြင်ပရှိ နိုင်ငံအများအပြားမှ အခြေအနေများကို တရားရုံးမှ ကနဦး စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သော်လည်း ယနေ့အချိန်အထိ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးသည် အာဖရိကတိုက်တွင် ဖြစ်ပွားခဲ့သော အမှုများကိုသာ တရားစွဲဆို စစ်ဆေးခဲ့သည်။ ထိုဖြစ်ရပ်များကြောင့် တရားရုံးကို ဘက်လိုက်သည် ဟူသည့် စွဲချက်များ ထွက်ပေါ်ခဲ့ပြီး အာဖရိကတိုက်ရှိ နိုင်ငံ အများအပြားက တရားရုံးအပေါ် ကြီးစွာ မယုံကြည်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ထိုနိုင်ငံများက တရားရုံးသည် အာဖရိကကို စောင့်ကြည့် ဖမ်းဆီးရန် တရားရုံးသာ ဖြစ်သည်ဟု စွပ်စွဲခဲ့သည်။<br><br>သို့ရာတွင် ထိုဖြစ်ရပ်များ ဖြစ်ပွားရခြင်း၏ အကြောင်းရင်းခံမှာ တရားရုံး တည်ရှိနေရသည့် ရည်ရွယ်ချက်ကြောင့်ပင် ဖြစ်သည်။ တရားရုံးသည် အကြီးလေးဆုံးသော လူ့အခွင့်အရေး ချိုးဖောက်သည့် အမှုများကို တရားစီရင်ပိုင်ခွင့် ရှိသော ပြည်တွင်း တရားရုံးက “စုံစမ်းစစ်ဆေးခြင်း (သို့) ရုံးတင်စစ်ဆေးခြင်း မပြုလုပ်လိုသည့်အခါ (သို့) မပြုလုပ် နိုင်သည့်အခါ” ထိုအမှုများကို ရုံးတင် စစ်ဆေးနိုင်ရန် ဖွဲ့စည်းထားခြင်း ဖြစ်သည် (ရောမ သဘောတူစာချုပ် အပိုဒ် ၁၇ က)။ ယူဂန်ဒါ၊ ကွန်ဂို ဒီမိုကရက်တစ် ရီပဲ့ဗလစ် နိုင်ငံနှင့် ဆူဒန်နိုင်ငံ ဒါဖားဒေသ၏ ဖြစ်ရပ်များတွင် နိုင်ငံများက ၎င်းတို့သည် ကြီးလေးသော ရာဇဝတ်မှုများ ကျူးလွန်ခဲ့သူများကို တရားစွဲဆိုလိုစိတ် (သို့) တရားစွဲဆိုနိုင်စွမ်း မရှိကြောင်း ပြသခဲ့ကြသည်။<br><br>အခြား အကြောင်းပြချက် တစ်ခုကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ တရားရုံးများသည် ရာဇဝတ်မှု |

ကျူးလွန်ကြောင်း ထင်ရှားသည့် သက်သေများ ရှိသော အမှုများကိုသာ အောင်အောင်မြင်မြင် ရုံးတင်စစ်ဆေး အပြစ်ပေးနိုင်သည်။ ထိုသို့ သက်သေများ မရှိဘဲ ပြစ်မှု ထင်ရှားသည်ဟု စီရင်ချက် ချရန်ခဲယဉ်းသည်။ ၁၅နှစ်အောက် ကလေးငယ်များကို အတင်းအဓမ္မ စစ်မှုထမ်းခိုင်းခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားချိန်တွင် ကလေးများကို အသုံးပြုကာ အကြမ်းဖက်မှုများ ကျူးလွန်ခဲ့သည့် ဂျွန်ပီယဲဘန်ဘာ (Jean-Pierre Bemba) ၏ အမှုကဲ့သို့သော အာဖရိက နိုင်ငံများ၏ အခြေအနေ အမျိုးမျိုးတွင်ကျူးလွန်ခဲ့သည့် အမှုများ၌ ခိုင်မာသော သက်သေများ ရှိခြင်းက အောင်မြင်စွာ တရားစွဲဆို အပြစ်ပေးရာတွင်လိုအပ်ကြောင်း တွေ့ရသည်။

နိုင်ငံတကာ နယ်ပယ်တွင် အခြား လုပ်ဆောင်နိုင်သည့် အချက် တစ်ခုမှာ အခြား နိုင်ငံ တစ်နိုင်ငံတွင် ရာဇဝတ်မှု ကျူးလွန်ခဲ့သူများကို နိုင်ငံ အများအပြားမှ ကြားဝင် တရားစွဲဆိုနိုင်ခြင်း ဖြစ်သည်။ ထိုအမှုများကို ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ခွင့် နယ်နမိတ်အောက်ရှိ နိုင်ငံတကာ ရာဇဝတ်မှု စည်းမျဉ်းများအရ စွဲဆိုသည်။ ယင်းကို ၁၉၉၀ ပြည့်လွန်နှစ် နှောင်းပိုင်းများအထိ အသုံးပြုမှု သိပ်မရှိခဲ့ပေ။ ကျူးလွန်ခဲ့သော ပြစ်မှုသည် အားလုံးအပေါ် ကျူးလွန်သော ပြစ်မှု ဖြစ်သည်၊ ထို့ကြောင့် မည်သည့် နိုင်ငံကမဆို ရာဇဝတ်မှု စီရင်ခွင့် တောင်းဆိုနိုင်သည် ဟူသော အဆိုပေါ် မူတည်၍ ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ခွင့် နယ်နမိတ်ကို တောင်းဆိုသတ်မှတ်ခြင်း ဖြစ်သည်။ သဘောတရားမှာ ပြစ်မှု ကျူးလွန်ခဲ့သူများသည် မည်သည့်လူမျိုး ဖြစ်သည် ဖြစ်စေ၊ မည်သည့် နိုင်ငံတွင် နေထိုင်သည် ဖြစ်စေ (သို့) တရားစွဲဆိုသည့် နိုင်ငံနှင့် မည်သည့် ဆက်ဆံရေး ရှိသည် ဖြစ်စေ၊ ထိုသူများကို ၎င်းတို့၏ နိုင်ငံမဟုတ်သည့် အခြားနိုင်ငံ တစ်နိုင်ငံက တရားစွဲဆိုနိုင်သည်။ ၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုများသည် ထိုတရားစွဲဆိုသည့် နိုင်ငံ၏ စီရင်ပိုင်ခွင့် နယ်ပယ် ပြင်ပ၌ ကျူးလွန်ခဲ့သည့်တိုင် တရားစွဲဆိုမှု ပြုနိုင်သည်။

နိုင်ငံ တစ်နိုင်ငံသည် ပြစ်မှု ကျူးလွန်ခဲ့သူများကို တရားစွဲဆို အပြစ်ပေးမှု မပြုလုပ်လိုသောအခါ (သို့) မပြုလုပ်နိုင်သောအခါ နိုင်ငံတကာ အသိုင်းအဝိုင်းက အပြစ်ပေးခြင်းဆိုင်ရာ တရားမျှတမှုကို မည်ကဲ့သို့ လုပ်ဆောင်နိုင်ကြောင်း ရဝမ်ဒါနိုင်ငံ၏ ဖြစ်ရပ်က ညွှန်ပြနေသည်။ ၁၉၉၄ ခုနှစ် ဧပြီလ အစောပိုင်းနှင့် ဇူလိုင်လလယ်ပိုင်းလောက်တွင် ရဝမ်ဒါနိုင်ငံ၌ လူမျိုးပြုန်းတီးစေမှု တစ်ခု ဖြစ်ပွားခဲ့သည်။ အဆိုပါ သတ်ဖြတ်မှုတွင် လူပေါင်း ၈သိန်းခန့် ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခံခဲ့ရသည်။ အသတ်ခံရသူ အများစုမှာ တွတ်စီလူမျိုးများ ဖြစ်ကြပြီး သတ်ဖြတ်မှု ကျူးလွန်ခဲ့သူ အများစုမှာ ဟူတူလူမျိုးများ ဖြစ်ကြသည် (အခန်း ၂၀ ကို ရှုပါ)။ လူမျိုးပြုန်းတီးစေမှု ပြီးဆုံးသွားသည့် အချိန်တွင် ထိုပြစ်မှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသည့် ရဝမ်ဒါ နိုင်ငံသား တစ်သိန်း နှစ်သောင်းကျော်ခန့် ရှိသည်။ ထိုအချိန်က ရှိခဲ့သော တရားစီရင်ရေး စနစ်သည် ထိုမျှများပြားသည့် အမှုများကို စစ်ဆေးခြင်းငှာ မစွမ်းနိုင်ခဲ့ပေ။ စွပ်စွဲခံရသူများကို ရုံးတင် စစ်ဆေးရန် နိုင်ငံတကာ နည်းလမ်း နှစ်ခုနှင့် အသေးစိတ် ဆန်သည့် ပြည်တွင်း စနစ် ဖြစ်သည့် ဂါချာချာ တရားရုံးများကို တည်ထောင်ခဲ့ကြသည်။ ထိုနိုင်ငံတကာ နည်းလမ်းများကို အောက်တွင် ဆက်လက် ဖော်ပြသွားပါမည်။

## နိုင်ငံတကာ တရားစီရင်မှု၊ ခုံရုံးများ

၁၉၉၄ ခုနှစ်တွင် ရဝမ်ဒါ နိုင်ငံ၌ ကျူးလွန်ခဲ့သော လူမျိုးပြုန်းတီးစေမှုများနှင့် အခြား နိုင်ငံတကာ လူသားခြင်း စာနာမှု ဆိုင်ရာ ဥပဒေများကို ကြီးလေးစွာ ချိုးဖောက်ခဲ့သူများကို ရုံးတင် စစ်ဆေးရန် ရဝမ်ဒါနိုင်ငံ အတွက် နိုင်ငံတကာ ရာဇဝတ်မှု ခုံရုံးကို ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက ၁၉၉၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ကမ္ဘာတစ်ဝှမ်းရှိ အခြားသော ခေါင်းဆောင်များကို ထိုကဲ့သို့သော ပြစ်မှုများ ကျူးလွန်ပြီး လွတ်မြောက် မနေနိုင်ကြောင်း ပြသနိုင်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းက တရားဥပဒေ စိုးမိုးရေး အားကောင်းရန် လိုအပ်ကြောင်း အသိအမှတ် ပြုခဲ့ပြီး အနည်းဆုံး အနေဖြင့် အဓိက တာဝန်ရှိသူများကို တာဝန်ခံခိုင်းနိုင်ခဲ့ကြောင်း ပြသရန် လိုအပ်သည်။ တရားရုံး၏ ရည်ရွယ်ချက်မှာ အမှု အရေအတွက် အတိုင်းအတာ တစ်ခုအထိ စစ်ဆေးပြီး တရားရုံးကို ဖျက်သိမ်း ပစ်လိုက်ရန် ဖြစ်သည်။ တရားရုံးကို ၂၀၁၅ ခုနှစ်တွင် ဖျက်သိမ်းပစ်ခဲ့သည်။ ယခင် ယူဂိုဆလားဗီးယား နိုင်ငံ အတွက်လည်း အလားတူ တရားရုံးတစ်ခု ဖွဲ့စည်းခဲ့သည်။

## နိုင်ငံတကာ တရားစီရင်မှု၊ ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ခွင့် နယ်နမိတ်

ရဝမ်ဒါ လူမျိုးတုံး သတ်ဖြတ်မှုတွင် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် အပြစ်ပေးခြင်း ဆိုင်ရာ တရားမျှတမှုကို ရှာဖွေရာတွင် ဒုတိယ အသုံးပြုခဲ့သော နိုင်ငံတကာ နည်းလမ်းမှာ ကမ္ဘာလုံး ဆိုင်ရာ တရားစီရင်ခွင့် နယ်နမိတ် စည်းကမ်းကို အသုံးပြု၍ ရဝမ်ဒါ နိုင်ငံ ပြင်ပတွင် တည်ရှိသည့် တရားရုံးများမှ လူမျိုးတုံး သတ်ဖြတ်မှု ကျူးလွန်ခဲ့သူများကို တရားစွဲဆို စစ်ဆေးခဲ့ခြင်း ဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ကမ္ဘာလုံး ဆိုင်ရာ တရားစီရင်ခွင့် နယ်နမိတ် ဥပဒေကို အခြေခံ၍ ရဝမ်ဒါ နိုင်ငံမှ လူမျိုးတုံး သတ်ဖြတ်မှု ကျူးလွန်ခဲ့သူများကို တရားမရုံးတွင် ပထမဆုံး တရားစွဲဆို စစ်ဆေးခဲ့သည့် နိုင်ငံမှာ ဘယ်လ်ဂျီယံ နိုင်ငံ ဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် ရဝမ်ဒါနိုင်ငံသား လေးဦးကို ၎င်းတို့ ရဝမ်ဒါ နိုင်ငံတွင် ကျူးလွန်ခဲ့သော ပြစ်မှုများတွက် တရားစွဲဆို၊ အပြစ်ရှိကြောင်း တွေ့ရှိခဲ့ပြီး ထိုသူများကို ဘယ်လ်ဂျီယံနိုင်ငံ၏ ရာဇဝတ်မှု ဥပဒေ စနစ်အရ အပြစ်ပေးခဲ့သည်။ ကနေဒါ၊ ပြင်သစ်နှင့် ဆွစ်ဇာလန် နိုင်ငံများသည်လည်း ရဝမ်ဒါနိုင်ငံ၏ လူမျိုးတုံး သတ်ဖြတ်မှု ပြစ်မှုများကို တရားစွဲဆို စစ်ဆေးခဲ့ကြသည်။ အခြားနိုင်ငံအများအပြားမှာမူ ထိုသို့ လုပ်ဆောင်ရန် နောက်တွန့် နေကြသည်။

| အနှစ်ချုပ် |
|---|
| အပြစ်ပေးခြင်းဆိုင်ရာ တရားမျှတမှုတွင် ပြစ်မှု ကျူးလွန်ခဲ့သူများကို တရားစွဲဆိုခြင်း၊ ရုံးတင် စစ်ဆေးခြင်းနှင့် အပြစ်ပေးခြင်းများ ပါဝင်သည်။ |
| အပြစ်ကျူးလွန်ခဲ့သူများကို တရားရုံးတင် စစ်ဆေးခြင်းအား ပြည်တွင်း တရားရုံးများတွင် လုပ်ဆောင်နိုင်သည်။ |
| အပြစ်ပေးခြင်းဆိုင်ရာ တရားမျှတမှုကို နိုင်ငံတကာ ခုံရုံးများတွင်လည်း ဆောင်ရွက်နိုင်သည်။ |
| ကမ္ဘာတစ်ဝှမ်းမှ တရားရုံးများသည် နိုင်ငံတကာ ဥပဒေ၏ စည်းမျဉ်း တစ်ခု ဖြစ်သော ကမ္ဘာလုံး ဆိုင်ရာ တရားစီရင်ခွင့် နယ်နမိတ်ကို အသုံးပြု၍ အခြားနိုင်ငံများတွင် ပြစ်မှု ကျူးလွန်သူများကို တရားစွဲဆိုခြင်းများ စတင် လုပ်ဆောင်လာပြီ ဖြစ်သည်။ |

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

လူ့အခွင့်အရေး အစုလိုက် အပြုံလိုက် ချိုးဖောက်မှုများအတွက် မည်သူ့ကို တာဝန်ခံခိုင်းသင့်သနည်း၊ ရာဇဝတ်မှု ကျူးလွန်ရန် နောက်ကွယ်မှ ကြံစည် ကြိုးကိုင်သူများကိုသာ တာဝန်ခံခိုင်းသင့်လား၊ လက်တွေ့ အကောင်အထည် ဖော်ခဲ့ကြသည့် အောက်ခြေမှ စစ်သားများကိုပါ တာဝန်ခံခိုင်း သင့်ပါသလား။

ထိုပြစ်မှုများ ကျူးလွန်ခဲ့၍ အပြစ်ရှိသူများကို ထောင်သွင်း အကျဉ်းချခြင်းသည် ကျင့်ဝတ်ပိုင်းဆိုင်ရာ တန်ဖိုးတစ်ခုခု ရှိပါသလား။

## ပြန်လည် ထားသိုပေးခြင်းဆိုင်ရာ တရားမျှတမှု

ပြန်လည်ထားသိုပေးခြင်း ဆိုင်ရာ တရားမျှတမှုသည် အထက်တွင် ဖော်ပြခဲ့သော အပြစ်ပေးခြင်း ဆိုင်ရာ တရားမျှတမှု သဘောတရားနှင့် ကြီးပြင်းလာသူများအတွက် သဘောတရား အသစ်အဆန်း တစ်ခု ဖြစ်နေပေလိမ့်မည်။ ထိုပုံစံတွင် တရားမျှတမှုသည် နစ်နာခဲ့သူများရော၊ ပြစ်မှု ကျူးလွန်ခဲ့သူများကိုပါ လူ့အသိုင်းအဝိုင်းနှင့် သဟဇာတ ဖြစ်အောင် ပြန်လည် ထားသိုပေးခြင်း ဖြစ်သည်။ ပြန်လည်ထားသိုပေးခြင်း ဆိုင်ရာ ဖြစ်စဉ်များသည် ထိခိုက်နစ်နာသူများကို အမြဲတစေပင် ဂုဏ်သိက္ခာ ပြန်လည် ရရှိစေရန်၊ မြှင့်တင်ပေးရန် လုပ်ဆောင်ပေးသည်။ ထို့ကြောင့် အပြစ်ကျူးလွန်သူကိုသာ အလေးစိုက်သည့် တရားရုံးတင် စစ်ဆေးခြင်းကဲ့သို့သော အပြစ်ပေးခြင်း ဆိုင်ရာ နည်းလမ်းများနှင့် ကွဲပြားစွာပင် ပြန်လည် ထားသိုပေးခြင်းဆိုင်ရာ ဖြစ်စဉ်များတွင် ထိခိုက်နစ်နာသူများသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ကြသည်။ အကောင်းဆုံး အနေအထားတွင် ထိခိုက်နစ်နာသူကို ပြန်လည် ထားသိုပေးခြင်းဆိုင်ရာ ဖြစ်စဉ်များမှတစ်ဆင့် မြှင့်တင်ပေးနိုင်သည်။ ပြန်လည် ထားသိုပေးခြင်း ဆိုင်ရာ ဖြစ်စဉ်များတွင် ကျယ်ပြန့်သော လူ့အသိုင်းအဝိုင်းသည်လည်း ပါဝင်သူ တစ်ဦးအဖြစ် မကြာခဏ ရှိနေတတ်သည်။

ပြန်လည်ထားသိုပေးခြင်း ဆိုင်ရာ တရားမျှတမှုသည် ပုံစံမျိုးစုံ ရှိနိုင်သည်။ ထိုနည်းလမ်း အများအပြားကို အနောက်နိုင်ငံများနှင့် အခြားနေရာများတွင် အပြစ်ပေးခြင်း ဆိုင်ရာ နည်းလမ်းများနှင့် တွဲ၍ (သို့) ထိုနည်းလမ်းများအစား အသုံးပြုကြသည်။ နယူးဇီလန်နိုင်ငံတွင် မာအိုရီ (Maori) လူမျိုးများ၏ ယဉ်ကျေးမှု စည်းမျဉ်းများကို အခြေခံကာ သင်ကြားခြင်း၊ အခြေချခြင်းနှင့် လူ့အသိုင်းအဝိုင်းကို ပြန်လည် ထားသိုပေးခြင်း နည်းလမ်းများ အပါအဝင် မိသားစု အုပ်စုများ ညီလာခံများကို ကျင်းပခဲ့သည်။ ထိုနည်းလမ်းကို တရားရုံးစနစ်နှင့် ပြိုင်တူ အသုံးပြုခဲ့ခြင်း ဖြစ်သည်။ ကနေဒါနိုင်ငံ ဒေသအများအပြားတွင် မူလ အခြေချ နေထိုင်သူ လူမျိုးများသည် ၎င်းတို့ အသိုင်းအဝိုင်းအပေါ် ရာဇဝတ်မှု ကျူးလွန်သူ အသိုင်းအဝိုင်း အဖွဲ့ဝင်များအား တရားရုံး စနစ် အသုံးပြု၍ အပြစ်ပေးမည့်အစား ကုစားရေး စက်ဝန်းများ (healing circles) ကို အသုံးပြုကြသည်။ ဆီရီယာ လီယုံး နိုင်ငံတွင်လည်း ယခင် ကလေး စစ်သား ဖြစ်ခဲ့သူများ ၎င်းတို့၏ အသိုင်းအဝိုင်းသို့ ပြန်လာသောအခါ ထိုသူများ၏ နှလုံးသားများကို အေးချမ်းသွားစေရန် ပွဲများ ကျင်းပလေ့ ရှိသည်။

**အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်**

အကူးအပြောင်း ဖြစ်ပွားခဲ့သည့် အသိုင်းအဝိုင်းများတွင် တရားမျှတမှု ရှာဖွေရန် အသုံးများသည့် ပြန်လည်ထားသိုပေးခြင်း ဆိုင်ရာ နည်းလမ်း တစ်ခုမှာ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များ ဖြစ်သည်။ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များသည် အချိန်ကာလ အပိုင်းအခြား တစ်ခုတွင် ဖြစ်ပွားခဲ့သော ကျယ်ပြန့်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို လေ့လာရန် နိုင်ငံတော်မှ များသောအားဖြင့် အတိုက်အခံ အဖွဲ့များနှင့်/သို့မဟုတ် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ပူးပေါင်းပါဝင်မှုဖြင့် ယာယီ ဖွဲ့စည်းထားသော အဖွဲ့အစည်းများ ဖြစ်သည်။ မည်သည့် အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်မျှ တစ်ခုနှင့် တစ်ခု ဖွဲ့စည်းပုံ (သို့) လုပ်ကိုင် ဆောင်ရွက်ပုံခြင်း တူညီမည် မဟုတ်သော်လည်း ယေဘုယျအားဖြင့် ၎င်းတို့၏ ရည်မှန်းချက်မှာ အတိတ်ကာလက ဖြစ်ရပ်များကို စုံစမ်းစစ်ဆေးရန် ဖြစ်သည် (စာသေတ္တာ ၂၂.၅ ကို ရှုပါ)။ မကြာခဏပင် ထိုစုံစမ်း စစ်ဆေးမှုတွင် ထိခိုက်နစ်နာသူများထံမှ အသေးစိတ် အချက်အလက်များကို မေးခွန်းလွှာများ၊ တစ်ခါတရံ လူအများ ရှေ့မှောက်တွင် ထွက်ဆိုခြင်းများဖြင့် စုဆောင်းကြသည်။ များသောအားဖြင့် အမှန်တရား ဖော်ထုတ်ရေး ကော်မရှင် အဖွဲ့သည် ဖြစ်ပွားခဲ့သော အကြောင်းအရာများကို အသေးစိတ် (သို့) အကျဉ်းချုပ် ဖော်ပြထားသော အစီရင်ခံစာများကိုလည်း ထုတ်ပြန်ကြသည်။ ဖြစ်ရပ် အများအပြားတွင် ထိုအစီရင်ခံစာများကို လူထုအကြား ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဝေကြသည်။ ဥပမာ အာဂျင်တီးနား နိုင်ငံတွင် ကွယ်ပျောက်သွားသူများဆိုင်ရာ ပြည်တွင်း ကော်မရှင်က ထုတ်ဝေခဲ့သော *နောက်ဘယ်တော့မှ* ဟု အမည်ပေးထားသည့် အစီရင်ခံစာသည် နိုင်ငံတွင်း တစ်သက်တာ ရောင်းအားအကောင်းဆုံး စာအုပ်များထဲမှ တစ်အုပ် ဖြစ်လာခဲ့သည်။ ၁၉၇၄ ခုနှစ်မှ စ၍ ကမ္ဘာနှင့် တစ်ဝှမ်း အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်ပေါင်း ၃၀ ကျော် တည်ထောင်ခဲ့ ကြသည်။ အာရှနှင့် ဥရောပတွင် ထိုကော်မရှင်များ တည်ထောင်ခဲ့ခြင်း ရှိခဲ့သော်လည်း ကော်မရှင် အများစုမှာ အာဖရိကနှင့် လက်တင် အမေရိက နိုင်ငံများတွင် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

| စာသေတ္တာ ၂၂.၅။ မည်သည့် နေရာများတွင် အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များ ထူထောင်ခဲ့ကြသနည်း။ | |
|---|---|
| ယူဂန်ဒါ | ၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှ စ၍ ယူဂန်ဒါ နိုင်ငံတွင် ပျောက်ဆုံးသွားသူများအကြောင်း စုံစမ်းစစ်ဆေးရန် ကော်မရှင် (၁၉၇၄) |
| အာဂျင်တီးနား | ကွယ်ပျောက်သွားသူများဆိုင်ရာ ပြည်တွင်း ကော်မရှင် (၁၉၈၃-၄) |
| ချီလီ | အမှန်တရားနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ ပြည်တွင်း ကော်မရှင် (၁၉၉၀-၁) |
| တောင်အာဖရိက | အမှန်တရားနှင့် ပြန်လည်ရင်ကြားစေ့ရေး ကော်မရှင် (၁၉၉၅-၂၀၀၀) |
| ဂွာတီမာလာ | သမိုင်းကြောင်း ရှင်းလင်းရေး ကော်မရှင် (၁၉၉၇-၉) |
| ဆီရီယာ လီယုံး | အမှန်တရားနှင့် ပြန်လည်ရင်ကြားစေ့ရေး ကော်မရှင် (၂၀၀၀-၄) |
| ပီရူး | အမှန်တရားနှင့် ပြန်လည်ရင်ကြားစေ့ရေး ကော်မရှင် (၂၀၀၃) |
| မော်ရိုကို | တရားမျှတရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး ကော်မရှင် (၂၀၀၄-၅) |
| ဂါနာ | ပြည်တွင်း ပြန်လည်ရင်ကြားစေ့ရေး ကော်မရှင် (၂၀၀၄-၅) |
| ကင်ညာ | အမှန်တရား၊ တရားမျှတမှုနှင့် ပြန်လည်ရင်ကြားစေ့ရေး ကော်မရှင် (၂၀၀၈-၁၃) |
| ကနေဒါ | အင်ဒီးယန်း ဘော်ဒါကျောင်းများဆိုင်ရာ အမှန်တရားနှင့် ပြန်လည် ရင်ကြားစေ့ရေး |

| | |
|---|---|
| | ကော်မရှင် (၂၀၀၇-) |
| တူနီးရှား | အမှန်တရားနှင့် ဂုဏ်သိက္ခာ ကော်မရှင် (၂၀၁၄-) |

ဤစာရင်းမှာ အကုန်အစင် မဟုတ်သေးပေ။ ရွေးချယ်ထားသော အမှန်တရား ကော်မရှင် အချို့ကိုသာ ပြသထားခြင်း ဖြစ်သည်။

အပြစ်ပေးရေးဆိုင်ရာ နည်းလမ်းများနှင့် နှိုင်းယှဉ်၍ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များ၏ ကောင်းကျိုးများကို ငြင်းခုန်ခဲ့ကြသည်။ ပထမအချက်မှာ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များသည် တရားရုံး စစ်ဆေးရေးများထက် ပိုမိုကျယ်ပြန့်စွာ အလေးစိုက်သည့် အချက်များ ရှိသည်။ ရုံးတင် စစ်ဆေးမှု တစ်ခုသည် ပြစ်မှု ကျူးလွန်ခဲ့သူ တစ်ဦး၏ လုပ်ရပ်များနှင့်သာ သက်ဆိုင်သော်လည်း အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များသည် ပြစ်မှု ကျူးလွန်ခဲ့သူများ ကျူးလွန်ခဲ့သော မတရားမှုများ အားလုံးနှင့် ရာပေါင်းများစွာသော၊ ပို၍ ဖြစ်နိုင်သည်မှာ ထောင်ပေါင်းများစွာသော နစ်နာသူများ ခံစားခဲ့ရသည့် နစ်နာမှုများ အားလုံးကို အာရုံစိုက်သည်။ ဒုတိယအနေဖြင့် လူထု ကြားနာ စစ်ဆေးမှုများ၊ ထွက်ချက် ပေးခြင်းများကို ထုတ်လွှင့်ပြခြင်းဖြင့် (သို့) အဆုံးသတ် အစီရင်ခံစာကို ထုတ်ဝေဖြန့်ချိခြင်းဖြင့် အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များသည် ပညာပေးနိုင်သည့် သက်ရောက်မှု ရှိသည်။ ထိုနည်းလမ်းများသည် လူအများက ၎င်းတို့ နိုင်ငံတွင် ဖြစ်ပွားခဲ့သည်များအား နားထောင်နိုင်သည့် ပထမဆုံးသော အခွင့်အလမ်းလည်း ဖြစ်နိုင်သည်။ တတိယအချက်မှာ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များသည် မည်သည့် အခြေအနေတွင်မဆို အသုံးချနိုင်သည့် ချဉ်းကပ်ပုံ တစ်ခု မဟုတ်ပေ။ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များသည် နိုင်ငံတစ်နိုင်ငံမှ လူများ ရွေးချယ်သည်ကို လိုက်၍ အမှန်တရားအပေါ် အလေးစိုက်နိုင်သည် (သို့) ပြန်လည် ရင်ကြားစေ့ရေးကို အလေးပေးသည်လည်း ရှိသည်။ ကော်မရှင်များ လုပ်ငန်း ဆောင်ရွက်သည့် နိုင်ငံ၏ အခြေအနေ အရပ်ရပ်နှင့် သင့်လျော်အောင် ၎င်းတို့၏ လုပ်ငန်းများကို ပြင်ဆင် ဆောင်ရွက် နိုင်သည်။ စတုတ္ထ အချက်မှာ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များသည် အပြစ်ပေးခြင်း ဆိုင်ရာ နည်းလမ်းများနှင့် နှိုင်းယှဉ်လျှင် ပို၍ အကုန်အကျ နည်းသည်။ ဥပမာ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များတွင် အခြေခံ အဆောက်အဦ၊ ဝန်ထမ်း၊ တရားစီရင်ရေးအတွက် ကုန်ကျမည့် ကုန်ကျစရိတ်များ အစရှိသည့် စရိတ်များ ပိုမိုလျော့နည်းပေရာ ထိုကော်မရှင်များ၏ စရိတ်များသည် ပို၍ လျော့နည်းသည်။ ဥပမာ အားဖြင့် တောင်အာဖရိက အမှန်တရားနှင့် ပြန်လည် ရင်ကြားစေ့ရေး ကော်မရှင်သည် ၅ နှစ်တာ လည်ပတ်မှုအတွက် ဘတ်ဂျက် ရန် ၁၉၆ သန်း (အမေရိကန် ဒေါ်လာ ၂၅ သန်း) သာ ကုန်ကျခဲ့သည်။ ထိုစရိတ်မှာ အစောပိုင်းတွင် ကျွန်ုပ်တို့ ဆွေးနွေးခဲ့သည့် ICTR ၏ ကုန်ကျစရိတ်နှင့် နှိုင်းယှဉ်လျှင် အနည်းအကျဉ်းသာ ရှိသည်ဟု ဆိုနိုင်သည်။

## ပြည်တွင်း၌ အကောင်အထည်ဖော်ပုံများ

အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များကို ချီလီနိုင်ငံတွင် ဖြစ်ပွားခဲ့သလို ယေဘုယျအားဖြင့် ပြည်တွင်း အစိုးရများက တည်ထောင်ပြီး လုပ်ငန်း လုပ်ဆောင်ကြသည်။ ၁၉၇၃ ခုနှစ်တွင် ဒီမိုကရေစီ နည်းလမ်းကျ ရွေးကောက်တင်မြှောက်ထားသော သမ္မတ အယ်လ်လန်ဒီ အစိုးရကို ဗိုလ်ချုပ်ကြီး ပြဂတ်စ်တို ပီနိုချေးက ရက်စက်ကြမ်းကြုတ်ပြီး ဖိနှိပ်မှု ဆန်သော စစ်အာဏာသိမ်းမှုမှ တဆင့် ဖြုတ်ချခဲ့သည်။ လူပေါင်း သုံးထောင်ကျော်ခန့် သတ်ဖြတ်ခံခဲ့ရပြီး ထိုထက် ပိုအရေအတွက် များသော လူများ ထိခိုက် ဒဏ်ရာရခဲ့သည်။

၁၉၉၀ ခုနှစ်တွင် အစိုးရ အသစ် အာဏာရ လာသည့်အခါ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်ကို တည်ထောင်ခဲ့သည်။ အမှန်တရားနှင့် ပြန်လည်ရင်ကြားစေ့ရေး ဆိုင်ရာ ပြည်တွင်း ကော်မရှင်သည် ၉ လကြာ လည်ပတ်ခဲ့သည်။ ထိုအချိန်အတွင်း ကော်မရှင်သည် အမှုပေါင်း ၃၄၀၀ အတွက် ထိခိုက်နစ်နာသူများနှင့် ၎င်းတို့၏ မိသားစုဝင်များထံမှ သက်သေများ လက်ခံရရှိခဲ့ပြီး ထိုသက်သေများကို ထည့်သွင်းစဉ်းစားကာ နောက်ဆုံးတွင် အစီရင်ခံစာ တစ်စောင် ရေးသားခဲ့သည်။ ထွက်ဆိုချက်များကို ကြားနာခဲ့သည်။ သက်သေများ စုဆောင်းခဲ့ပြီး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ အဆုံးတွင် လွတ်ငြိမ်းချမ်းသာခွင့် ပေးခံရသူများနှင့် သက်ဆိုင်သော ထွက်ဆိုချက်များမှအပ အခြားသက်သေများ အားလုံးကို တရားရုံးများသို့ လွှဲပြောင်းပေးခဲ့သည်။

## နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်မှု

သို့ရာတွင် အခြား ကိစ္စရပ်များ၌ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များကို နိုင်ငံတကာ အသိုင်းအဝိုင်းက အကောင်အထည်ဖော်၍ လုပ်ဆောင်သည်များလည်း ရှိသည်။ နိုင်ငံတကာ အသိုင်းအဝိုင်း၏ ပါဝင်မှုသည် အချက် တစ်ချက်ကြောင့် (သို့) အချက်အလက်များစွာ ပေါင်းစပ်မှုကြောင့် ဖြစ်နိုင်သည်။ ရှေးဦးစွာ ပြည်တွင်း အစိုးရသည် ထိုကဲ့သို့သော စုံစမ်းစစ်ဆေးမှုများကို မိမိဘာသာမိမိ လုပ်ဆောင်ရန် ထိလွယ်၊ ရှလွယ်လွန်းသည့် အခြေအနေတွင် ရှိနေသည်။ နိုင်ငံတကာ အသိုင်းအဝိုင်း၏ ပါဝင်မှုသည် ပြည်တွင်း အစိုးရအတွက် တရားဝင်ဖြစ်မှု ပေးနိုင်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်းမှ ပေးနိုင်သည့် ထောက်ပံ့မှုသည် ဖြစ်စဉ်ကို များစွာ အားကောင်းစေသည်။ ဒုတိယ အနေဖြင့် ပြည်တွင်း အစိုးရသည် အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်ကို မိမိဘာသာ မိမိ ဆောင်ရွက်နိုင်ရန် ငွေကြေးအင်အား အလုံအလောက် မရှိ ဖြစ်နေတတ်သည်။ တတိယ အချက်ကား တရားစီရင်ရေး အဖွဲ့ဝင်များ (သို့) အခြေခံ အဆောက်အဦ လိုအပ်ချက်များ အပါအဝင် လူ့အဖွဲ့အစည်းရှိ အခြား အရင်းအမြစ်များသည်လည်း အလားတူပင် ကုန်ခန်းနေတတ်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းသည် ထိုလိုအပ်ချက်များကို ထောက်ပံ့ပေး နိုင်သည်။ စတုတ္ထ အနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းတွင် အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များနှင့် ပတ်သက်၍ ကျွမ်းကျင်မှု အများအပြား ရှိကြသည်။ ပြည်တွင်း၌မူ ထိုသို့ ကျွမ်းကျင်မှုများ ရှိချင်မှ ရှိမည် ဖြစ်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းမှ လူများ ပါဝင်လာခြင်းဖြင့် ထိုကျွမ်းကျင်မှုများ ရရှိနိုင်ပေမည်။ နောက်ဆုံး အချက်မှာ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင် ဖြစ်လာရသည့် အခြေအနေမှာ မတူညီသော အစုအဖွဲ့များက နိုင်ငံတကာ အသိုင်းအဝိုင်း၏ ကွပ်ကဲမှုအောက်၌ ဆွေးနွေးညှိနှိုင်းမှုကြောင့် ဖြစ်လာရခြင်းများ ရှိသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းမှ အဖွဲ့ဝင်များ ရှိခြင်းသည် အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်အတွက် အတူတကွ လုပ်ဆောင်ရမည့် ပြိုင်ဖက် အစုအဖွဲ့များအကြား သဘောထား ကွဲလွဲမှုများ မြင့်တက်လာပြီး ဖြစ်စဉ်ကို လမ်းလွဲသွားစေခြင်းမှ ကာကွယ်နိုင်မည် ဖြစ်သည်။

ဟေတီနိုင်ငံ၏ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်တွင် နိုင်ငံတကာ အသိုင်းအဝိုင်းသည် ကြီးစွာ ပေါင်းစပ် ပါဝင်ခဲ့ကြသည်။ ဂျွန်ဘာထရန်း အာရက်စ်တီးဒ် (Jean-Bertrand Aristide) ကို ၁၉၉၀ ခုနှစ်တွင် ဟေတီနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်ခဲ့ကြသည်။ သို့ရာတွင် ၁၉၉၁ ခုနှစ်တွင် ရာအူးလ် ဆီဒရက်စ် (Raoul Cedras) ဦးဆောင်သည့် အာဏာသိမ်းမှုကြောင့် သမ္မတသည် နိုင်ငံမှ ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။ ၁၉၉၁ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ စစ်အစိုးရသည် အာရက်စ်တီးဒ်ကို ထောက်ခံသူများအား ညှဉ်းပန်းနှိပ်စက်သည့်

ကမ်ပိန်းတစ်ခုကို လုပ်ဆောင်ခဲ့သည်။ ၁၉၉၄ ခုနှစ် အောက်တိုဘာလတွင် အမေရိကန်နိုင်ငံက အာရက်စ်တီးဒ်နှင့် ဆီဒရက်စ်ကြား ကြားဝင်၍ သဘောတူညီချက် ရအောင် ညှိနှိုင်းပေးခဲ့သည်။ အာရက်စ်တီးဒ်မှ အာဏာပြန်လည် ရရှိခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် အမှန်တရားနှင့် တရားမျှတမှုဆိုင်ရာ ပြည်တွင်း ကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ဟေတီနိုင်ငံ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်၏ သဘောတရားနှင့် ၎င်း၏ လုပ်ငန်းများ အပေါ် နိုင်ငံရပ်ခြားတွင် ပြောင်းရွှေ့နေထိုင်သည့် ဟေတီလူမျိုးများက အစပြု၊ လွှမ်းမိုးခဲ့ကြသည်။ ဟေတီ ကော်မရှင်ကို အမေရိကတိုက်နိုင်ငံများ အဖွဲ့ (OAS) နှင့် ဟေတီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်း မစ်ရှင်တို့မှ ဖွဲ့စည်း ဆောင်ရွက်သည်။ နောက်ဆုံးတွင် ခန့်အပ်ခံရသူများအနက် လေးဦးမှာ ဟေတီလူမျိုးများ ဖြစ်ကြပြီး ထိုသူများ အားလုံးသည် အကြမ်းဖက်မှုများ ဖြစ်ပွားချိန်၌ နိုင်ငံ ပြင်ပတွင် ထွက်ပြေးတိမ်းရှောင် နေရသူများ ဖြစ်သည်။ အခြား သုံးဦးမှာ နိုင်ငံတကာ အသိုင်းအဝိုင်းကို ကိုယ်စားပြုသူများ ဖြစ်ပြီး ဘဟားမား၊ ဘာဘေးဒိုးနှင့် ဆီနီဂေါ နိုင်ငံများမှ ဖြစ်ကြသည်။ အာရက်စ်တီးဒ်ကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ တာဝန်မှ ထပ်မံ ဖြုတ်ချခဲ့သဖြင့် ကော်မရှင်သည် ၎င်း၏ အပြီးသတ် အစီရင်ခံစာကို ၁၉၉၅ ခုနှစ် ဒီဇင်ဘာလတွင် တင်ပြခဲ့ရသည်။

| အနှစ်ချုပ် |
|---|
| အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များကို နိုင်ငံတကာ အသိုင်းအဝိုင်းက ပြည်တွင်း အစိုးရနှင့် ပူးပေါင်းကာ (သို့) ပြည်တွင်းအစိုးရကို ထောက်ပံ့ကူညီကာ အကောင်အထည်ဖော် လည်ပတ်ကြသည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>မည်သူ တစ်ဦးတစ်ယောက်မျှ အပြစ်ပေးမခံရလျှင် နစ်နာသူများ အနေဖြင့် တရားမျှတမှု ရှိသည်ဟု ခံစားနိုင်ပါသလား။<br>လူ့အသိုင်းအဝိုင်းကို သဟဇာတဖြစ်အောင် ပြန်လည် ထားသိုနိုင်ပါသလား။<br>ကျွန်ုပ်တို့ ဆွေးနွေးခဲ့သော နည်းလမ်းများက ထိုကြိုးပမ်းချက်များကို မည်ကဲ့သို့ ကူညီ (သို့) တားဆီး နိုင်ပါသနည်း။ |

## ပြင်ဆင်ပေးရေးဆိုင်ရာ တရားမျှတမှု

ပြင်ဆင်ပေးရေးဆိုင်ရာ တရားမျှတမှုသည် အပြစ်ပေးခြင်းနှင့် ပြန်လည်ထားသိုပေးခြင်း ဆိုင်ရာ တရားမျှတမှုများနှင့် ကွဲပြားသည်။ ပြင်ဆင်ပေးရေး ပုံစံသည် မှားယွင်းသွားသော အရာများကို ပြန်လည် မှန်ကန်လာအောင် လုပ်ပေးရန် အဓိကထားသည်။ ထိုသဘောတရား၏ အရင်းအမြစ်မှာ ပြင်ဆင်ရန် ဖြစ်သည်။ ထို့ကြောင့် ၎င်း၏ ရည်ရွယ်ချက်မှာ ဖြစ်ပွားခဲ့သော ထိခိုက်နစ်နာမှုများနှင့် ဆုံးရှုံးမှုများတွက် ကုစားမှု ပေးရန် ဖြစ်သည်။

**တောင်းပန်ခြင်း**

ပြင်ဆင်ပေးရေးဆိုင်ရာ တရားမျှတမှုသည် ပုံစံ နှစ်မျိုးမှ တစ်မျိုးမျိုး ဖြစ်နိုင်သည် (သို့) ပုံစံ နှစ်မျိုးလုံး အရော ဖြစ်နိုင်သည်။ အတိတ်ကို ပြင်ဆင်သည့် ပထမ နည်းလမ်းမှာ တောင်းပန်လွှာ ထုတ်ပြန်ခြင်း ဖြစ်သည်။

ဤသည်မှာ ပြစ်မှု ကျူးလွန်ခဲ့သူက ဖြစ်ပွားခဲ့သည်များအတွက် တောင်းပန်ပါသည်ဟု ပြောခြင်း ဖြစ်သည်။ သို့မဟုတ်ဘဲ အချိန်ကာလ အတန်သင့် ကြာသွားပြီးနောက် ပြစ်မှု ကျူးလွန်ခဲ့သူက မတောင်းပန်နိုင်တော့သည့်အခါ၊ ဥပမာ မတရား ပြုခဲ့သည့် ဖြစ်ရပ်များ ဖြစ်ပွားပြီးနောက် မျိုးဆက် အချို့ ပြောင်းလဲသွားပြီး ပြစ်မှု ကျူးလွန်သည့်သူသည် သေဆုံးသွားပြီး ဖြစ်သည့်အခါ၊ ပြစ်မှု ကျူးလွန်ခဲ့သူ၏ ကိုယ်စားလှယ်များက ထိုသူ၏ ကိုယ်စား တောင်းပန်ကြရသည်။ ဥပမာ ၁၈၈၅ ခုနှစ်တွင် မက်တစ်စ် (Metis) လူမျိုးစု ခေါင်းဆောင် လူးဝစ်(စ်)ရိုင်းလ် (Louis Riel) ကို အနောက်မြောက်ပိုင်း ပုန်ကန်မှုတွင် ပါဝင်ခဲ့မှုအပေါ် ကြိုးပေးခဲ့သည့်အတွက် ကနေဒါ အစိုးရက ၁၉၉၂ ခုနှစ်တွင် ပြန်လည် တောင်းပန်ခဲ့သည်။ ရိုင်းလ်ကို ကြိုးပေးခဲ့သည့် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သော မည်သည့် ရွေးကောက်ခံ ကိုယ်စားမှျ သက်ရှိထင်ရှား ရှိမနေတော့ပေ။ သို့ရာတွင် ယနေ့ခေတ် အစိုးရမှ စတင် လုပ်ရှားကာ နိုင်ငံတော် ကိုယ်စားလှယ်များ အနေဖြင့် ယခင် အစိုးရ၏ လုပ်ရပ်များအတွက် တရားဝင် တောင်းပန်စာ ထုတ်ပြန်ပေးခဲ့သည်။

တောင်းပန်ခြင်း၏ အကျိုးကျေးဇူး အများအပြား ရှိသည်။ ပထမ အချက်မှာ နစ်နာခဲ့သူအပေါ် ကျူးလွန်ခဲ့သော လုပ်ရပ်များကို ကျူးလွန်သူက အသိအမှတ် ပြုခြင်း ဖြစ်သည်။ ထိုသို့ အသိအမှတ်ပြုခြင်း၊ ထိုဖြစ်ရပ်များ ဖြစ်ပွားခဲ့သည်ဟု လူသိရှင်ကြား ဝန်ခံခြင်းသည် ထိခိုက်နစ်နာခဲ့သူကို ရှေ့ဆက်သွားနိုင်စေသည်။ သူခံစားခဲ့ရသော နစ်နာမှုများကို လက်လွှတ်လိုက် နိုင်စေသည်။ ဒုတိယ အချက်မှာ ပထမ အချက်နှင့် ဆက်စပ်နေသည်။ တောင်းပန်ခြင်းသည် နစ်နာသူ ခံစားနေရသည့် ခါးသီးမှုကို လျှော့ချပေးနိုင်သည်။ နစ်နာသူသည် ဆုံးရှုံးခဲ့ရသည်များမှ ရုတ်တရက် လွတ်မြောက်သွားလိမ့်မည် (သို့) ဖြစ်ပျက်ခဲ့သည်များကို လုံးဝ မေ့ပစ်နိုင်လိမ့်မည်ဟု ဆိုလိုခြင်း မဟုတ်။ တောင်းပန်ခြင်းသည် ဒေါသနှင့် နာကျင်မှု ခံစားချက်များကို လျှော့ချပေးနိုင် လိမ့်မည်ဟု ဆိုလိုခြင်း ဖြစ်သည်။ တတိယ အနေဖြင့် နစ်နာသူသည် အသိအမှတ်ပြု ခံရခြင်းဖြင့် နောက်ဆုံးတွင် မိမိကိုယ်မိမိ မှန်ကန်သည်ဟု ခံစားရမည် ဖြစ်သည်။ စတုတ္ထ အချက်မှာ ဖြစ်ရပ်ကြောင့် ရရှိခဲ့သည့် စိတ်ဒဏ်ရာများ ပျောက်ကွယ်သွားနိုင်ခြင်း ဖြစ်သည်။

ထင်ရှားသည့် အချက်မှာ တောင်းပန်လိုက်ရုံဖြင့် နစ်နာသူ ခံစားရသည့် နာကျင်မှုများသည် ယှုပစ်သလို ပျောက်သွားလိမ့်မည် မဟုတ်ပေ။ အထူးသဖြင့် နစ်နာသူက တောင်းပန်ခြင်းသည် စိတ်ရင်းစေတနာဖြင့် လုပ်ခြင်းမဟုတ်ဟု ခံစားရသည့်အခါ (သို့) တောင်းပန်သူသည် အဓိပ္ပာယ် ရှိသော တောင်းပန်မှု ပြုနိုင်သည့် တာဝန်ရှိသူ မဟုတ်ဟု ခံစားရသည့်အခါ ဖြစ်သည်။ တောင်းပန်ခြင်းသည် အားလုံးကို ဖြေရှင်းပေးနိုင်မည့် နည်းလမ်း တစ်ခု မဟုတ်ပေ။ သို့ရာတွင် တောင်းပန်ခြင်းသည် ဖြစ်ပွားခဲ့သည့် ထိခိုက်မှုကို အတိုင်းအတာ တစ်ခုအထိ ပြင်ဆင်ပေးနိုင်သည်။

ဥပမာ သြစတြေးလျ အစိုးရက သြစတြေးလျတိုက်တွင် နေထိုင်သော အဘော်ရီဂျင်နယ် (Aboriginal) လူမျိုးများအပေါ် အတိတ်က မှားယွင်းလုပ်ဆောင်ခဲ့သည်များအတွက် တောင်းပန် ခဲ့သည်။ ၁၉၁၅ နှင့် ၁၉၆၉ ခုနှစ်အတွင်း အဘော်ရီဂျင်နယ် ကလေးငယ်များကို ၎င်းတို့ မိဘများထံမှ အတင်းအဓမ္မ ခွဲထုတ်ကာ လူဖြူ မိသားစုများ (သို့) အင်စတီကျူးရှင်းများသို့ ပို့ဆောင် မွေးစား စေခဲ့သည်။ ရလဒ်ကား သြစတြေးလျရှိ အဘော်ရီဂျင်နယ် လူမျိုးများသည် နိုင်ငံတွင်း အဆင်းရဲဆုံးနှင့် ထိခိုက်နစ်နာမှု အများဆုံး အုပ်စု အဖြစ် ရှိနေခြင်းပင်။ ထိုမူဝါဒများကို ၁၉၉၇ ခုနှစ်တွင် ဆန်းစစ်ခဲ့ပြီး အစီရင်ခံစာ တစ်စောင် ထုတ်ဝေခဲ့သည်။ နောက်နှစ်တွင် မှားယွင်းမှုများကို အသိအမှတ် ပြုရန် အမျိုးသား ဝမ်းနည်းခြင်းနေ့ (National Sorry Day) ကို

သတ်မှတ်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ဝန်ကြီးချုပ်အသစ် ကယ်ဗင်ရပ်ဒ် (Kevin Rudd) က တရားဝင် တောင်းပန်လွှာ ထုတ်ပြန်ခဲ့သည်။ အဆိုပါ တောင်းပန်လွှာမှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဒေါ်လာ ဘီလီယံနှင့်ချီ လျော်ကြေးပေးရန် အဘော်ရီဂျင်နယ် အရေး လှုပ်ရှားနေသူများက တောင်းဆို နေသည့် တောင်းဆိုချက်အစား ထုတ်ပြန်ပေးခဲ့ခြင်း ဖြစ်သည်။

**အလျော်ပေးခြင်း**

ပြင်ဆင်ပေးရေး၏ ဒုတိယ နည်းလမ်းမှာ အလျော်ပေးခြင်း ဖြစ်သည်။ အလျော်ပေးခြင်း ဆိုသည်မှာ ဆုံးရှုံးမှု (သို့) ထိခိုက် ဒဏ်ရာရမှု တစ်ခုခုအတွက် အလျော်ပေးသည့် အရာ ဖြစ်သည်။ အလျော်ပေးရခြင်း သဘောတရားမှာ ဥပမာ တာဝန်ပေါ့လျော့မှုကြောင့် ကလေးတစ်ဦး အသက်ဆုံးရှုံး သွားရလျှင် တရားမရုံးများက ပေးသည့် လျော်ကြေးနှင့် သဘောတရား ဆင်တူသည်။ ထိုကလေး၏ အသက် မည်မျှ တန်ဖိုးရှိသည်ဟု မည်သူမျှ တန်ဖိုးဖြတ်၍ ရမည် မဟုတ်ပေ။ သို့ရာတွင် နစ်နာကြေးအဖြစ် (သို့) ထိခိုက်ခဲ့သည့် ကိစ္စရပ်ကို ပြန်လည် ပြုပြင်နိုင်ရန်အတွက် ငွေပမာဏ တစ်စုံတရာကို ပေးခြင်း ဖြစ်သည်။ ဤသည်မှာ ဩစတြေးလျ နိုင်ငံမှ အဘော်ရီဂျင် လူမျိုးများ တောင်းဆိုခဲ့သည့် ပြင်ဆင်ရေး နည်းလမ်း ဖြစ်သည်။

သေချာသည်မှာ လျော်ကြေးပေးသည့် သဘောတရားသည် ပြည့်စုံလုံလောက်သည်ဟု မဆိုနိုင်ပေ။ မည်သည့် ငွေပမာဏကမျှ တစ်စုံတစ်ဦးကို သူ၏ ဆုံးရှုံးမှုအတွက် (သို့) ထိခိုက်မှုအတွက် အပြည့်အဝ လျော်ပေးနိုင်လိမ့်မည် မဟုတ်။ ပိုက်ဆံ ပေးရုံဖြင့် မှားယွင်းလုပ်ဆောင်ခဲ့သည်များကို အမှန်ပြန်လည် ပြုပြင်နိုင်မည် မဟုတ်။ သို့တိုင်အောင် လျော်ပေးခြင်းကို ကျူးလွန်ခဲ့သော အမှားများအား ပြန်လည် ပြင်ဆင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံအများအပြားတွင် အသုံးပြုကြသည်။ ဥပမာ ကနေဒါ နိုင်ငံတွင် ၁၉၄၁ ခုနှစ် ပုလဲဆိပ်ကမ်း တိုက်ခိုက်မှု အပြီး ဂျပန်နွယ်ဖွား ကနေဒါ နိုင်ငံသား နှစ်သောင်းကျော်ကို ဂျပန်အာဏာပိုင်များအတွက် သူလျှိုလုပ်ပေးသည်ဟု သံသယ ဝင်ခဲ့သည်။ ထိုသူ အများအပြားမှာ ကနေဒါ နိုင်ငံတွင် မျိုးဆက် အများအပြား နေထိုင်ခဲ့ကြသူများ ဖြစ်သည်။ ထိုကနေဒါ နိုင်ငံသားများကို ထိန်းသိမ်းရေး စခန်းများတွင် ထားရှိကာ အမျိုးသား အများအပြားကို ချွေးတပ်စခန်းများသို့ ပို့ဆောင်ခဲ့သည်။ ၎င်းတို့ ပိုင်ဆိုင်သည့် အိမ်များ၊ ငါးဖမ်းလှေများနှင့် အခြားသော ပိုင်ဆိုင်မှုများကိုလည်း အစိုးရက သိမ်းဆည်းကာ ပိုင်ရှင်များ၏ သဘောတူညီချက် မရှိဘဲနှင့် ရောင်းချပစ်ခဲ့သည်။ ၁၉၄၅ ခုနှစ် စစ်အပြီးတွင် ထိုဂျပန်နွယ်ဖွား ကနေဒါ နိုင်ငံသားများကို စခန်းများမှ ပြန်လွှတ်ပေးခဲ့သော်လည်း ငါးနှစ်အတွင်း ကမ်းစပ်နှင့် အနီးတဝိုက်တွင် နေထိုင်ခြင်းမှ ပိတ်ပင်ခဲ့သည်။ ထိုသူများမှာ သူတို့၏ ပိုင်ဆိုင်မှု အများစုကို ပြန်လည် တောင်းဆို၍ မရခဲ့ပေ။ ၁၉၅၀ ပြည့်နှစ်တွင် ဘဒ့်ကော်မရှင်က ဂျပန်နွယ်ဖွား ကနေဒါနိုင်ငံသား ၁၄၃၄ ဦးကို ဆုံးရှုံးခဲ့ရသော ပိုင်ဆိုင်မှုများအပေါ် နစ်နာကြေး တောင်းဆိုချက်များအရ ဒေါ်လာ ၁.၃ သန်း ချီးမြှင့်ခဲ့သည်။ ရာစုနှစ်ဝက်ကျော်ခန့် ကြာပြီးနောက် ၁၉၈၈ ခုနှစ်တွင် *ဂျပန်နွယ်ဖွား ကနေဒါနိုင်ငံသားများကို ပြန်လည်ကုစားပေးရေး သဘောတူညီချက်* အရ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် ဂျပန်နွယ်ဖွား ကနေဒါနိုင်ငံသား တစ်ဦးချင်းစီကို အစိုးရက ကနေဒီယန် ဒေါ်လာ နှစ်သောင်းတစ်ထောင်စီ ချီးမြှင့်ခဲ့သည်။

အနှစ်ချုပ်

ပြင်ဆင်ရေးဆိုင်ရာ တရားမျှတမှုသည် ထိခိုက်နစ်နာမှုနှင့် ဆုံးရှုံးမှုများကို အဓိက အာရုံစိုက်သည်။
ပြင်ဆင်ရန်အတွက် အဓိကကျသည့် နည်းလမ်းတစ်ခုမှာ တောင်းပန်လွှာ ထုတ်ပြန်ခြင်း ဖြစ်သည်။
ပြင်ဆင်ရေးအပေါ် သက်ရောက်မှု ရှိသည့် အခြားနည်းလမ်း တစ်ခုမှာ လျော်ပေးခြင်း (သို့) နစ်နာကြေး ပေးခြင်း ဖြစ်သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

လျော်ကြေးပေးခြင်းသည် ရုပ်ပြသက်သက်သာ ဖြစ်သည် ဆိုလျှင် နစ်နာကြေး မည်မျှပေးပေး လုံလောက်သည်ဟု ဆိုနိုင်ပါသလား။
တောင်းပန်ခြင်းသည် တရားမျှတမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်ပါသလား။

## အကူးအပြောင်းကာလ တရားမျှတမှုကို လက်တွေ့ကျင့်သုံးခြင်း

အကူးအပြောင်းကာလ တရားမျှတမှု၏ ပုံစံ သုံးမျိုးသည် လူ့အဖွဲ့အစည်းတစ်ခု အကူးအပြောင်း အချိန်ကာလတွင် ပြန်လည် တည်ထောင်နိုင်သည့်၊ တည်ထောင်သင့်သည့် ပုံစံ သုံးမျိုးကို တင်ပြခြင်း ဖြစ်သည်။ အပြစ်ပေးခြင်းဆိုင်ရာ တရားမျှတမှုသည် ပြစ်မှု ကျူးလွန်သူများကို သူတို့၏ လုပ်ရပ်များအတွက် တာဝန်ခံခိုင်းရန် အဓိက ထားသည်။ ပြန်လည် ထားသိုပေးခြင်း ဆိုင်ရာ တရားမျှတမှုသည် အတိတ်ကာလက ပြစ်မှုများကို ဖော်ထုတ်ရန်၊ ကျူးလွန်သူများကိုသာ အာရုံစိုက်မနေဘဲ ပြစ်မှု ကျူးလွန်ခြင်းကြောင့် ထိခိုက်နစ်နာခဲ့ရသူများကိုပါ အာရုံစိုက်ရန် ရည်ရွယ်သည်။ ပြင်ဆင်ပေးရေး ဆိုင်ရာ တရားမျှတမှုမှာမူ တောင်းပန်ခြင်းဖြင့် ဖြစ်စေ၊ လျော်ကြေးပေးခြင်းဖြင့် ဖြစ်စေ၊ ဆုံးရှုံးခဲ့သည်များကို အစားထိုးပေးခြင်းဖြင့် ဖြစ်စေ ကိစ္စရပ်များကို ပြန်လည် တည့်မတ်ရန် ရည်ရွယ်သည်။ ချဉ်းကပ်ပုံ တစ်ခုချင်းစီတွင် အကျိုးကျေးဇူးများ၊ လိုအပ်ချက်များ ရှိနေသည်မှာ ထင်ရှားသည်။

အကူးအပြောင်းကာလ တရားမျှတမှု ရရှိရန် လုပ်ဆောင်သည့် နည်းလမ်းများသည် ၁၉၈၀ ပြည့်လွန်နှစ်လယ်ပိုင်းများထဲက သိသိသာသာ များပြားလာခဲ့သည်။ ကြိုးပမ်းမှု အသစ်များနှင့်အတူ ထိုလုပ်ဆောင်ချက်များကို မည်သို့ အကောင်းဆုံး လုပ်ဆောင်နိုင်သနည်းဟူသည့် အသိပညာများ သည်လည်း တိုးပွားလာသည်။ အတိတ်ကာလ လုပ်ဆောင်ချက်များမှ သင်ခန်းစာများ သင်ယူပြီး ယင်းတို့က နည်းလမ်းသစ်များ မည်သို့ လုပ်ဆောင်သင့်သည်ကို ပြသပေးနိုင်သည်။

၂၀၀၄ ခုနှစ်တွင် ထိုစဉ်က ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး ကိုဖီအာနန်က အကူးအပြောင်း ကာလ တရားမျှတမှု အကြောင်း မိန့်ခွန်းပြောကြားခဲ့သည်။ သူအဓိကထား ပြောကြားခဲ့သည့် အချက်တစ်ချက်မှာ ထိုနည်းလမ်းများကို အတူတကွ လုပ်ဆောင်နိုင်ရန် လိုအပ်ကြောင်း ဖြစ်သည်။

နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့် အကူးအပြောင်းကာလ တရားမျှတမှုကို တရားရုံးများ၊ ခုံရုံးများထက် ကျော်လွန်၍ ရှုမြင်ရန် လိုအပ်သည်။ ပဋိပက္ခ အလွန် ပတ်ဝန်းကျင်များတွင် တာဝန်ခံမှု ရှာဖွေခြင်း၊

အမှန်တရားနှင့် ပြင်ဆင်ခြင်း၊ ငြိမ်းချမ်းရေး ထိန်းသိမ်းခြင်း၊ ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးမှု တည်ဆောက်ခြင်းတို့ အပါအဝင် ရည်ရွယ်ချက် အများအပြားကို ဟန်ချက်ညီအောင် ထိန်းညှိရသည့် ချဉ်းကပ်မှုမျိုး လိုအပ်သည်။ အကူးအပြောင်းကာလ တရားမျှတမှု လိုအပ်သည်မှာ မှန်သော်လည်း လုပ်ဆောင်သည့် နည်းဗျူဟာများမှာ ပြည့်စုံကုံလုံ သင့်သည်၊ လူတစ်ဦးချင်းစီကို ရုံးတင်စစ်ဆေးခြင်းများ၊ ပြင်ဆင်ခြင်း၊ အမှန်တရား ရှာဖွေခြင်း၊ အင်စတီကျူးရှင်းများ ပြုပြင်ပြောင်းလဲခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ရာထူးမှ ဖယ်ရှားခြင်း (သို့) အခြား သင့်လျော်သည်ဟု ယူဆသည့် နည်းလမ်း အတွဲအစပ်များ အားလုံးအတွက် ပေါင်းစပ် အာရုံစိုက် သင့်သည်။ မတူညီသော အကူးအပြောင်း ကာလ တရားမျှတမှု နည်းလမ်းများအကြား ပွတ်တိုက်မှုများ မဖြစ်ပွားစေရန် ကုလသမဂ္ဂသည် ကြိုတင် စီမံခြင်း၊ ဆွေးနွေးခြင်းများဖြင့် ထိုနည်းလမ်းများ တစ်ခုနှင့် တစ်ခုအကြား မည်ကဲ့သို့ တုံ့ပြန်မှု ပြုသည်ကို စဉ်းစားရန် လိုအပ်သည်။ ဥပမာ ယခုအခါတွင် ယေဘုယျအားဖြင့် အသိအမှတ်ပြုထားသည်မှာ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များသည် ရာဇဝတ်မှု ခုံရုံးများကို အပြုသဘော ဖြည့်ဆည်းပေးနိုင်သည်ဟူ၍ ဖြစ်သည်။

(ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး၊ ၂၀၀၄၊ စာ. ၉)

အမှန်တကယ်လည်း အကူးအပြောင်းကာလ တရားမျှတမှု နည်းလမ်းများကို တရားမျှတမှုအား စိတ်ထဲတွင်ထားကာ ဖော်ထုတ်ထားခြင်း ဖြစ်သည်။ အလိုအပ်ဆုံး အချက်တစ်ချက်မှာ ပုံစံ သုံးခုလုံး (အပြစ်ပေးခြင်း၊ ပြန်လည်ထားသိုပေးခြင်း၊ ပြန်ဆင်ပေးခြင်း) ၏ ရည်မှန်းချက်များကို ပေါင်းစပ် ဖြည့်ဆည်းပေးရန် ဖြစ်သည်။ အချို့ ဖြစ်ရပ်များတွင် နည်းလမ်း တစ်မျိုးသည် ရည်မှန်းချက် တစ်ခုထက် ပို၍ ဖြည့်ဆည်းပေးနိုင်သည်။ ဥပမာ တောင်အာဖရိက၏ အမှန်တရားနှင့် ပြန်လည်ရင်ကြားစေ့ရေး ကော်မရှင်ကို ရည်ရွယ်ချက် သုံးချက်ဖြင့် တည်ထောင်ခဲ့ကာ ယင်းကို ခွဲခြားထားသည့် ကော်မတီသုံးရပ် (လူ့အခွင့်အရေး အစုလိုက် အပြုံလိုက် ချိုးဖောက်မှု၊ လွတ်ငြိမ်းချမ်းသာခွင့်နှင့် အလျော်ပေးရေး) တွင် ထိုရည်ရွယ်ချက်များ ထင်ဟပ်နေသည်။

အခြား ဖြစ်ရပ်များတွင်မူ ပုံစံ သုံးရပ်လုံး၏ ရည်မှန်းချက်များကို ပြည့်မီနိုင်ရန် နည်းလမ်း တစ်ခုထက် ပို၍ အသုံးပြုရသည်။ ဥပမာ ဆီရီယာ လီယုံး နိုင်ငံတွင် အမှန်တရားနှင့် ပြန်လည် ရင်ကြားစေ့ရေး ကော်မရှင်နှင့် ဆီရီယာ လီယုံးအတွက် အထူးတရားရုံးတို့ကို ဖွဲ့စည်းခဲ့ပြီး နှစ်ခုလုံးကို တပြိုင်နက် လုပ်ဆောင်ခဲ့သည်။ ထိုသို့ လုပ်ဆောင်ခြင်းက အချက်အလက်များ မျှဝေခြင်း၊ စီမံကိန်း နှစ်ခုလုံးကို တပြိုင်နက် လုပ်ဆောင်ရန် အရင်းအမြစ်များနှင့် ငွေကြေး များစွာ လိုအပ်ခြင်း ကဲ့သို့သော လက်တွေ့ပိုင်းဆိုင်ရာ ပြဿနာများ ပေါ်ပေါက်စေခဲ့သော်လည်း ထိုနည်းလမ်းဖြင့် ပြည်သူများ၏ လိုအပ်ချက် အမျိုးမျိုးကို ပို၍ လုံလောက်စွာ ဖြည့်ဆည်းပေး နိုင်ခဲ့သည်။

| စာသေတ္တာ ၂၂.၆။ မတူညီသော အမြင်၊ လူမှု၊ စီးပွားရေး တရားမျှတမှု |
| --- |
| အကူးအပြောင်းကာလ တရားမျှတမှုသည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများကို အဓိကထား ကိုင်တွယ်သည်။ ဖွံ့ဖြိုးရေး အတွက် ဖြစ်စေ၊ ကုစားပေးရေးအတွက် ဖြစ်စေ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း အဆိုပြုချက်များ ထွက်ပေါ်ခဲ့သည်။ ရာမာ မာနီ (Rama Mani) ကဲ့သို့သော ပညာရှင်များက "အုပ်စု တစ်စု (သို့) အသိုင်းအဝိုင်းတစ်ခုကို |

ဦးတည်၍ ခွဲခြားဆက်ဆံသည့်၊ ဖယ်ထုတ်ထားသည့်၊ ပယ်ထားသည့် လုပ်ဆောင်ချက်များ အပါအဝင် လူမှုရေး ဆိုင်ရာ မတရားမှုများနှင့် ဖွဲ့စည်းမှု ပုံစံအရ အကြမ်းဖက်မှု ပုံစံများသည် ပဋိပက္ခ ဖြစ်ပွားစေသည့် အရင်းခံ ဇာစ်မြစ်များ ဖြစ်နိုင်ပြီး” ဒီမိုကရေစီနှင့် ဥပဒေကြောင်းအရ တရားမျှတမှုကို မြှင့်တင်ပေးသည့် လစ်ဘရယ် ရည်မှန်းချက်များသည် ပိုမိုကျယ်ပြန့်သည့် ထိုအချက်များကို ဖယ်ထုတ်ထားသည်ဟု ဆိုသည် (Mani, 2008, p.254)။ ယခုအချိန်အထိ အဓိက တွေ့ရှိရသော စာအုပ်၊ စာတမ်းများတွင် ၎င်းအချက်များ ပါဝင်မှုကို ဆန့်ကျင်ကြပြီး ထိုကဲ့သို့သော ရာဇဝတ်မှုမျိုးကို တရားရုံးများနှင့် အခြားနည်းလမ်းများက ဖြေရှင်းပေးနိုင်မည် မဟုတ်ဟု ဆိုကြသည်။ သို့ရာတွင် အချို့သော အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များ၏ လုပ်ငန်းတာဝန်များတွင် အချို့သော လူမှု၊ စီးပွားရေးဆိုင်ရာ ရာဇဝတ်မှုများကို ထည့်သွင်းထားကြသည်။

မည်သို့ လုပ်ဆောင်သည် ဖြစ်စေ ရက်စက် ကြမ်းကြုတ်သော ပဋိပက္ခနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အပြီးတွင် အပြောင်းအလဲကာလ လူ့အဖွဲ့အစည်းများသည် အတိတ်ကာလက ပဋိပက္ခများ၏ လူမှုအကျိုးသက်ရောက်မှုများကို ကျော်လွှားရန် အမှန်တကယ် လိုအပ်နေသည်။ ထင်ရှားသည်မှာ အခြေအနေတိုင်းအတွက် တူညီသော အဖြေ မရှိပေ။ ထို့ပြင် လူ့အဖွဲ့အစည်း အားလုံးသည်လည်း မည်သည်ကို လုပ်ဆောင်သင့်သည် ဟူသည့်အပေါ် တူညီသော အမြင် မရှိကြပေ။ သို့ရာတွင် တရားစီရင်ရေးကို ပြုပြင်ပြောင်းလဲခြင်းသည် လူ့အဖွဲ့အစည်းအား ရှေ့ဆက် နိုင်ရန် များစွာ အကူအညီဖြစ်စေသည်။ ထို့ပြင် ခြုံပြောရလျှင် ထိုပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဆီသို့ အောင်မြင်စွာ ကူးပြောင်းသွားနိုင်ရန် အခွင့်အလမ်းများကို ပိုမိုအားကောင်းစေသည် (စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ တောင်းဆိုမှုကိုလည်း အကူးအပြောင်းကာလ တရားမျှတမှုတွင် ထည့်သွင်း စဉ်းစားသင့်ကြောင်း ဆွေးနွေးချက်ကို စာသေတ္တာ ၂၂.၆ တွင် ရှုပါ)။

အနှစ်ချုပ်

လက်တွေ့ လုပ်ဆောင်နေသည့် အကူးအပြောင်းကာလ တရားမျှတမှု နည်းလမ်းများမှာ တိုးပွားလာ နေသည်။

နည်းလမ်းများသည် ၎င်းတို့ဘာသာသော်လည်းကောင်း၊ အခြားနည်းလမ်းများနှင့် ပေါင်းစပ်၍ သော်လည်းကောင်း အလုပ်ဖြစ်နိုင်သည်။

နည်းလမ်းတစ်ခုထက် ပို၍ သုံးလျှင် ထိုနည်းလမ်းများ အတူတကွ အလုပ်ဖြစ်ဖို့ လိုအပ်သည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

အကူးအပြောင်းကာလ တရားမျှတမှု နည်းလမ်းများ တိုးပွားလာခြင်းက တိုးတက်မှု၏ ပြယုဒ် တစ်ခုပါလား။

## ဖြစ်ရပ် လေ့လာခြင်း၊ ယူဂန်ဒါ နိုင်ငံ

ယူဂန်ဒါ နိုင်ငံသည် ၁၉၆၂ ခုနှစ် ဗြိတိသျှ လက်အောက်မှ လွတ်လပ်ရေး ရပြီးချိန်မှ စ၍ အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများစွာကို ခံစားခဲ့ရသည်။ ၁၉၇၁ ခုနှစ်မှစ၍ နိုင်ငံတွင် အာဏာ သိမ်းမှုများ

ဖြစ်ပွားခဲ့ပြီး အုပ်ချုပ်သူ၏ လက်ထဲတွင်သာ အာဏာကို ချုပ်ကိုင်ထားသည့် အခြေအနေ ဆိုက်ရောက်ခဲ့ရသည်။ ကိုလိုနီ အုပ်ချုပ်မှုအပြီး နိုင်ငံ၏ ပထမဆုံးသော ဝန်ကြီးချုပ် ဖြစ်လာသည့် မီလ်တန် အိုဘုတ် (Milton Obote) ၏ လက်ထက်တွင် သူ၏ အာဏာ ရယူမှုကို ကန့်ကွက်ရန် အုပ်စု အများအပြားက ဆူပူ အုံကြွမှုများနှင့် လက်နက်ကိုင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည် (Berg-Schlosser and Siegler, 1990, p. 196)။

၁၉၇၁ ခုနှစ်တွင် အိုဘုတ်ကို သူခန့်အပ်ထားသော ထိပ်ပိုင်း စစ်ဗိုလ်ချုပ် တစ်ဦးဖြစ်သည့် အီဒီ အာမင် (Idi Amin) က ဖြုတ်ချခဲ့သည်။ အာမင်သည် အကြောက်တရား စနစ်ဖြင့် အုပ်ချုပ်ခဲ့ပြီး သူ့လမ်းကြောင်းတွင် ပိတ်ပင်မည်ဟု ထင်သူ အားလုံးကို သတ်ဖြတ်ပစ်ခဲ့သည် (Wright, 1996, p. 306)။ နိုင်ငံ၏ စစ်တပ်နှင့် ပြည်သူ့စစ်များက ရက်စက်ကြမ်းကြုတ်သော ညှဉ်းပန်း နှိပ်စက်မှုများကို ပြုခဲ့ကြသည် (Khiddu-Makubuya, 1989, pp. 141-57)။ ထိုကာလအတွင်း အနည်းဆုံး မှန်းခြေအားဖြင့် လူပေါင်း သုံးသိန်းမှ ငါးသိန်းအထိ အသတ်ခံခဲ့ရသည် (Briggs, 1998, p. 23)။ ၁၉၇၉ ခုနှစ်တွင် အာမင်၏ အင်အားစုများကို အိုဘုတ်၊ နောင်သမ္မတ ဖြစ်လာမည့် ယောင်ဝါရီ မူဆာဗီနီ (Yoweri Museveni) နှင့် အိမ်နီးချင်း တန်ဇန်းနီးယား နိုင်ငံ၏ အင်အားစုများက ချေမှုန်းပစ်နိုင်ခဲ့သည်။ အာမင်သည် လစ်ဗျားနိုင်ငံသို့ ပုန်းရှောင် ထွက်ပြေးခဲ့သည် (Ofcansky, 1996, p. 47)။ ကြားကာလ အစိုးရများကို ၁၉၇၉မှ ၁၉၈၀ အထိ ခန့်အပ်ထားခဲ့သည်။

၁၉၈၀ ခုနှစ်တွင် မဲလိမ်ထားသော ရွေးကောက်ပွဲများမှ တစ်ဆင့် အိုဘုတ် ပြန်၍ အာဏာ ရရှိလာသည်။ သူသည် ၁၉၈၅ ခုနှစ်အထိ အုပ်ချုပ်ခဲ့ပြီး ယူဂန်ဒါ စစ်တပ်၏ အခွဲတစ်ခုမှ ဖြုတ်ချခြင်းကို ထပ်မံ၍ ခံခဲ့ရသည်။ ထိုအချိန်တွင် ပြည်သူ့စစ်များသည် ညှဉ်းပန်း နှိပ်စက်ခြင်း၊ အဓမ္မ ပြုကျင့်ခြင်းနှင့် လုယက်ခြင်း အမြောက်အမြားတို့ကို ကျူးလွန်ခဲ့ကြခြင်းဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အဆမတန် မြင့်တက်လာခဲ့သည် (Khiddu-Makubuya, 1989, p. 153)။ ခန့်မှန်းခြေအားဖြင့် လူပေါင်း သုံးသိန်း (*Uganda,* 1998, p. 53) မှ ငါးသိန်း အထိ[၂] သတ်ဖြတ် ခံခဲ့ရသည်။ ထိုအသတ်ခံရသူ အများအပြားမှာ လူဝီရို တြိဂံ ဒေသ (Luweero Triangle) ဟု သိရှိကြသည့် နယ်မြေငယ်လေးမှ လူများ ဖြစ်သည်။ အိုဘုတ်သည် ဇမ်ဘီယာ နိုင်ငံသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရသည် (Museveni, 1997, p. 166)။ စစ်တပ် ကောင်စီမှ ၎င်းတို့ ဖြုတ်ချ မခံရမီအထိ ၆ လ ခန့် အုပ်ချုပ်ခဲ့သည်။

လက်ရှိ သမ္မတ ယောင်ဝါရီ မူဆာဗီနီနှင့် ပြည်တွင်း ခုခံရေးတပ် (National Resistance Army (NRA)၊ ယခုအခါတွင် ပြည်တွင်း ခုခံရေး လှုပ်ရှားမှု (National Resistance Movement (NRM) ဟု ခေါ်သည်) က စစ်တပ် အင်အားဖြင့် ၁၉၈၆ ခုနှစ် ဇန်နဝါရီလတွင် အာဏာ သိမ်းယူခဲ့သည်။ မူဆာဗီနီသည်လည်း တင်းကြပ်သော အုပ်ချုပ်မှု ပုံစံကို ကျင့်သုံးသည်။ သူ၏ ရှေ့ကလူများ နည်းတူ နိုင်ငံအဝှမ်းရှိ လူမျိုး ၅၆ မျိုးတို့၏ ဆန့်ကျင်မှုများကို ကြုံတွေ့ခဲ့ရသည်။ ၁၉၈၆ ခုနှစ်မှ ၂၀၀၈ ခုနှစ် အတွင်း မူဆာဗီနီသည် လက်နက်ကိုင် အုံကြွမှုပေါင်း ၂၇ ခုခန့် ရင်ဆိုင်ခဲ့ရသည်။[၃]

အကြမ်းတမ်းဆုံး လက်နက်ကိုင် အုံကြွမှုကို ဂျိုးဇက်ကိုနီ (Joseph Kony) ဦးဆောင်သည့် ဘုရားသခင်၏ ခုခံရေးတပ် (Lord’s Resistance Army (LRA)) က လုပ်ဆောင်ခဲ့သည်။ LRA က မူဆာဗီနီကို ဖြုတ်ချကာ နိုင်ငံကို ဦးဆောင်ရန် ကြိုးပမ်းခဲ့ရာတွင် မြောက်ပိုင်း ယူဂန်ဒါ၌ လူ့အခွင့်အရေး ချိုးဖောက်မှု

ထောင်ပေါင်းများစွာကို ကျူးလွန်ခဲ့သည်။ သူတို့အကြား စစ်ပွဲများသည် နိုင်ငံ၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်း ဒေသများတွင် ဖြစ်ပွားခဲ့သည်။ ခန့်မှန်းခြေအားဖြင့် ကလေး သုံးသောင်းခန့်ကို ကလေးစစ်သားများနှင့် လိင်ကျွန်များအဖြစ် အသုံးပြုရန် ဖမ်းဆီးခဲ့ကြသည်။ အမျိုးသမီး ထောင်ပေါင်းများစွာကိုလည်း အဓမ္မ ပြုကျင့်ခြင်း၊ အုပ်စုလိုက် အဓမ္မ ပြုကျင့်ခြင်းများ ပြုလုပ်ခဲ့သည်။ အခြား ထောင်ပေါင်းများစွာသော လူများကိုလည်း ညှဉ်းပန်း နှိပ်စက်ခဲ့ပြီး လူအများအပြားကို နှုတ်ခမ်းများ၊ နှာခေါင်းများနှင့် နားရွက်များ ဖြတ်တောက်ခဲ့သည်။ ထိုနှစ်များ အတွင်း အနည်းဆုံး လူပေါင်း ၁.၈ သန်းခန့်၊ ယူဂန်ဒါ မြောက်ပိုင်း၏ ၈၀ ရာခိုင်နှုန်းသော လူဦးရေမှာ ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးရသူများ (IDPs) အဖြစ် စစ်ရှောင်စခန်းများတွင် နေထိုင်ကြရသည်။ လူအများအပြားမှာ ထိုစခန်းများတွင် နှစ်ပေါင်း ၂၀ နှင့်အထက် နေခဲ့ရသည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဖြစ်ပွားချိန်တွင် တိုက်ပွဲများနှင့် သူပုန်များ၏ စီးနင်းမှုများ လျော့ကျ သွားပြီး အခြား အချိန်များတွင် ထိုဖြစ်ရပ်များ ပိုမို ဖြစ်ပွားသည်။ လေ့လာချက် တစ်ခုအရ ထိုလူ့အသိုင်းအဝိုင်းမှ ၇၉ ရာခိုင်နှုန်းသောလူများသည် ညှဉ်းပန်း နှိပ်စက်မှုများကို မျက်မြင် တွေ့ရှိခဲ့ရပြီး ၄၀ ရာခိုင်နှုန်းက သတ်ဖြတ်မှုများကို မြင်တွေ့ခဲ့ရကာ ၅ ရာခိုင်နှုန်းသည် အခြားသူ တစ်ဦးကို ကိုယ်ထိလက်ရောက် အန္တရာယ်ပေးရန် ဖိအားပေး ခိုင်းစေ ခံခဲ့ရသည် (T. Allen, 2005b, p. 25)။

ယခင် ဖြစ်ပွားခဲ့သော ပဋိပက္ခများနှင့် ကွာခြားသော်လည်း ဤပဋိပက္ခသည် နိုင်ငံအတွင်း ဖြစ်ပေါ်နေသော သဘောထား ကွဲလွဲမှုများ ဖြစ်ပေါ်ပုံကို ကိုယ်စားပြုသည်ဟု ပြောနိုင်သည့် အချက်ပေါင်းများစွာ ရှိသည်။ မတရားပြုမှု အတိုင်းအတာနှင့် အသိုင်းအဝိုင်းများ၏ ထိခိုက်နစ်နာမှု များသည် ယူဂန်ဒါ နိုင်ငံတွင် ဖြစ်ပွားခဲ့သော အခြား ပဋိပက္ခ အမြောက်အမြားနှင့် ဆင်တူသည်။ ထို့ကြောင့် ယူဂန်ဒါ နိုင်ငံသည် ပဋိပက္ခများနှင့် ဝိုင်းနေပြီး ထိုပဋိပက္ခများအတွင်း ပြစ်မှု ကျူးလွန်သူများကို ရင်ဆိုင်ရန် အချိန် အမျိုးမျိုး၌ နည်းလမ်း အမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့သော်လည်း ပဋိပက္ခများမှတဆင့် ဖြစ်ပွားလာသည့် ပြဿနာများကို မဖြေရှင်းနိုင်ခြင်း၊ မေးခွန်းများ အဖြေမထွက်ခြင်းများသာ ကြုံတွေ့ခဲ့ရသည်။

**အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်**

၁၉၈၆ ခုနှစ်တွင် မူဆာဗီနီနှင့် NRM တို့ အာဏာရလာသောအခါ ၎င်းတို့ လုပ်ဆောင်ခဲ့သည့် အစီအစဉ်များထဲမှ တစ်ခုမှာ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင် ဖွဲ့စည်းခြင်း ဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ကော်မရှင်၏ အခန်းကဏ္ဍမှာ အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ ဥပဒေ စည်းကြပ်သူများနှင့် နိုင်ငံတော် လုံခြုံရေး ဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ ၁၉၆၂ ခုနှစ်နှင့် မူဆာဗီနီနှင့် NRM တို့ အာဏာရလာသော ၁၉၈၆ ခုနှစ် ဇန်နဝါရီလ အတွင်း ဖြစ်ပွားခဲ့သော ခွဲခြား ဆက်ဆံမှုများကို စုံစမ်းစစ်ဆေးရန် ဖြစ်သည်။ ကော်မရှင်သည် ထိုသို့သော မတရားမှုများ ထပ်မံ ဖြစ်ပွားခြင်းမှ တားဆီးရန် နည်းလမ်းများကိုလည်း အကြံပြုပေး ရသည် (Republic of Uganda, 1994, pp. 3-4)။ ကော်မရှင်သည် လူ့အခွင့်အရေး အစုလိုက် အပြုံလိုက် ချိုးဖောက်မှုများကို ကျူးလွန်ခဲ့ရာ၊ ဖုံးကွယ်ခဲ့ရာ၌ ပါဝင်ခဲ့သည့် အမျိုးမျိုးသော နိုင်ငံတော် ဆိုင်ရာ အင်စတီကျူးရှင်းများ၏ အခန်းကဏ္ဍကိုလည်း ဆုံးဖြတ်ပေးမည်ဟု မျှော်လင့်ထားသည်။ ကော်မရှင်သည် ထိခိုက်နစ်နာသူနှင့် မျက်မြင်သက်သေ ထောင်ပေါင်း များစွာထံမှ ထွက်ချက်များ ရယူပြီး အဆုံးတွင် လူအများရှေ့ ကြားနာမှုတွင်

သက်သေထွက်ဆိုသူ ၆၀၈ ဦးခန့် လာရောက်ခဲ့သည်။ အဆုံးသတ် အစီရင်ခံစာသည် စာမျက်နှာပေါင်း ၇၂၀ ခန့်ရှိသည်။

သို့ရာတွင် လက်တွေ့၌ ကော်မရှင် လုပ်ဆောင်နိုင်ခဲ့သည်များ အနည်းအကျဉ်းသာ ရှိသည်။ ကော်မရှင်သည် ၎င်းတို့ အလုပ်မဖြစ်စေသည့် အတားအဆီး အများအပြားကိုလည်း ရင်ဆိုင်ခဲ့ ရသည်။ များစွာသော အင်စတီကျူးရှင်းဆိုင်ရာ ကျဆုံးမှုများကလည်း ကော်မရှင်ကို ထိခိုက်စေခဲ့သည်။ ယင်းတို့တွင် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန် စွမ်းရည် မရှိခြင်းနှင့် တရားရုံးတင် စစ်ဆေးရန် အမှုများကို လွှဲပြောင်းပေးစွမ်း မရှိခြင်းတို့လည်း ပါဝင်သည်။ ဥပမာ ကော်မရှင်၏ တာဝန်မှာ ကျယ်ပြန့်လွန်းလှသည်။ ၁၉၆၂ ခုနှစ်နှင့် ၁၉၈၆ ခုနှစ်အကြား လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန်မှာ ကော်မရှင်ကို ပေးထားသည့် အချိန်ထက် ပိုကြာလိမ့်မည် ဖြစ်သည်။ ထို့ပြင် လွန်ခဲ့ပြီးသော နှစ်များအတွင်း သက်သေများကို ထိန်းသိမ်း ထားခြင်း မရှိသည့်အတွက် (သို့) (သဘာဝရိုးဖြင့် ဖြစ်စေ၊ လုပ်ကြံယူ၍ ဖြစ်စေ) သက်သေများ ပျောက်ဆုံးသွားသည့်အတွက် သက်သေ အလုံအလောက်မရှိခြင်းများ ဖြစ်ပွားခဲ့သည်။ အချိန်များစွာ ကြာမြင့်သွားခြင်းကလည်း မျက်မြင်သက်သေများ ထွက်ဆိုနိုင်မှုကို ထိခိုက်စေခဲ့သည်။ မျက်မြင် သက်သေများသည် ထွက်ဆိုခွင့် မရရှိမီ အရေးပါသော အချက်အလက်များကို မေ့လျော့သွားခြင်း (သို့) သေဆုံးသွားခြင်းများ ဖြစ်ပွားခဲ့ခြင်းကြောင့်ပင်။ ဘဏ္ဍာငွေမှာလည်း ကော်မရှင်အတွက် ပြဿနာ တစ်ရပ် ဖြစ်ခဲ့သည်။ ကော်မရှင်ကို အစိုးရက မည်သည့်အခါကမှ လုံလောက်သော ဘဏ္ဍာငွေ ပေးခဲ့ခြင်း (သို့) အရင်းအမြစ် ထောက်ပံ့ခဲ့ခြင်း မရှိပေ။ ထိုအချက်က ကော်မရှင်က ကော်မရှင်နာများနှင့် အခြား ဝန်ထမ်းများကို လခ ပေးနိုင်မှု၊ ထိုသူများ၏ အခြေခံ လိုအပ်ချက်များ ဖြစ်သည့် ဖိုင်များ၊ ဘောပင်များ၊ ဓာတ်ဆီ အစရှိသည်တို့ကို ပံ့ပိုးပေးနိုင်မှု အပါအဝင် အရာအားလုံးကို ထိခိုက်စေခဲ့သည်။ အဆုံးတွင် ကော်မရှင်ကို ၎င်း၏ လုပ်ငန်းများ ပြီးမြောက်စေရန်နှင့် အဆုံးသတ် အစီရင်ခံစာ ထုတ်ဝေနိုင်ရန် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများက ဘဏ္ဍာငွေ ထောက်ပံ့ပေးခဲ့ရသည်။ အလားတူပင် ကော်မရှင်သည် ဖြစ်စဉ်ကို အသက်ဝင်စေရန် နိုင်ငံရေး စိတ်ဆန္ဒ မရှိခြင်းကိုလည်း ရင်ဆိုင်ခဲ့ရသည်။ နိုင်ငံသား အများစုသည် ကော်မရှင်၏ လုပ်ငန်းများတွင် ပါဝင် ပတ်သက်ရန် ဖြစ်စဉ်အပေါ် သံသယ ရှိနေကြသည်။ အစိုးရ အဆက်ဆက်၏ လက်ထဲတွင် မတရား ပြုခံရသော နိုင်ငံသားများသည် အစိုးရက ကမကထ ပြုလုပ်သည့် ဖြစ်စဉ်သည် ၎င်းတို့အတွက် အကျိုးရှိမည်ဟု မယုံကြည်ကြပေ။ အလားတူပင် ကော်မရှင် မစတင်မီ အချိန်လောက်တွင်ပင် အစိုးရသည်လည်း ကော်မရှင်၏ လုပ်ငန်းများမှ လက်ရှောင်နေခဲ့သည်။ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးဌာနနှင့် အစိုးရ ရှေ့နေများဌာန ဒါရိုက်တာ ကဲ့သို့သော သက်သေ အထောက်အထားများ ကောက်ခံကာ ပြစ်မှု ကျူးလွန်သူများအား တရား စွဲဆို ရမည့် တာဝန်ရှိ ပုဂ္ဂိုလ်များသည်လည်း ထိုတာဝန်များကို လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည်။

အဆုံးတွင် ကော်မရှင်လုပ်နိုင်ခဲ့သည်မှာ သိပ်မရှိလှပေ။ ကော်မရှင်သည် လူဦးရေ၏ အစိတ်အပိုင်း အနည်းငယ်ကိုသာ အမှန်တကယ် ထိတွေ့နိုင်ခဲ့သည်။ ယခုအခါ ကော်မရှင်၏ စာရွက်စာတမ်းများ အားလုံးသည် သော့ခတ်ထားသော၊ ပိုးထိုးနေသော အံဆွဲများထဲတွင်သာ ရှိနေတော့ပြီး လူအားလုံးက မေ့ပျောက်သွားပြီ ဖြစ်သည်။ ယင်းတို့ကား ကော်မရှင်၏ ထိရောက်မှု မရှိသည့် စွမ်းဆောင်မှုများကို သက်သေပြနေတော့သည်။

**လွတ်ငြိမ်းချမ်းသာခွင့် ပြဋ္ဌာန်းချက်**

လက်နက်ကိုင် ပဋိပက္ခများနှင့် စစ်ပွဲများသည် ၁၉၆၂ ခုနှစ်မှ စ၍ နိုင်ငံကို ချိနဲ့စေခဲ့လေရာ တရားစွဲဆို စစ်ဆေးခံရလောက်သည့် အခြေအနေ ရှိသော ယခင် ပုန်ကန်သူ စစ်သား ထောင်ပေါင်းများစွာ ရှိခြင်းမှာ အံ့သြဖွယ်ရာတော့ မဟုတ်ပေ။ အထူးသဖြင့် ထိုသူများမှာ ယူဂန်ဒါ နိုင်ငံ မြောက်ပိုင်းတွင် ဖြစ်ပွားနေဆဲဖြစ်သည့် ပဋိပက္ခများနှင့် သက်ဆိုင်သူများ ဖြစ်သည်။ ထိုပဋိပက္ခတွင် ကလေးငယ်များ အပါအဝင် ထောင်ပေါင်းများစွာသော သူများသည် သူပုန်များ၏ ဖမ်းဆီးမှုများ ခံရပြီး ဆိုးရွားသော ပြစ်မှုများ ကျူးလွန်ရန် ခိုင်းစေခြင်း ခံရသည်။ ထို့ကြောင့် ယူဂန်ဒါ နိုင်ငံသားများက "လွတ်ငြိမ်း ချမ်းသာခွင့်သည် ပဋိပက္ခများ အဆုံးသတ်စေမည့် ကိရိယာ တစ်ခု ဖြစ်သည်၊ မြောက်ဘက်ပိုင်းတွင် ပဋိပက္ခများ ချုပ်ငြိမ်းစေပြီး ပြည်တွင်း ပြန်လည် ရင်ကြားစေ့ရေးအတွက် လုပ်ဆောင်ရမည့် ဖြစ်စဉ်တွင် အဓိကကျသော ခြေလှမ်း တစ်ရပ် ဖြစ်သည်ဟု ရှုမြင်ကြသည်" (Hovil and Lomo, 2005, p. 6)။

အစိုးရ အရာရှိများ၊ အထူးသဖြင့် မြောက်ပိုင်း ယူဂန်ဒါမှ အရာရှိများကို အတော်လေး စွဲဆောင် စည်းရုံးပြီးနောက် ၁၉၉၉ ခုနှစ် နိုဝင်ဘာလတွင် ယူဂန်ဒါနိုင်ငံ အစိုးရသည် လွတ်ငြိမ်းချမ်းသာခွင့် ပြဋ္ဌာန်းချက်ကို ပြဋ္ဌာန်းခဲ့သည်။ ထိုပြဋ္ဌာန်းချက်သည် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလတွင် အသက်ဝင်လာခဲ့သည်။ အဆိုပါ ပြဋ္ဌာန်းချက်က "စစ်ပွဲ (သို့) ယူဂန်ဒါ အစိုးရကို လက်နက်ကိုင် ပုန်ကန်မှုတွင် ပါဝင်ခဲ့သူ (သို့) ပါဝင်နေသူ" မည်သူကိုမဆို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည် (Republic of Uganda, 2000, II.3.i)။ လွတ်ငြိမ်းချမ်းသာခွင့် ကော်မရှင်သည် ၂၀၀၆ ခုနှစ်အထိ လွတ်ငြိမ်းချမ်းသာခွင့် လျှောက်ထားလွှာ နှစ်သောင်းကျော် လက်ခံရရှိခဲ့သည်။

ကြီးလေးသော ပြစ်မှုများကို ကျူးလွန်ခဲ့သူများအား အပြစ်ပေးသင့်၊ မပေးသင့်နှင့် စပ်လျဉ်းပြီး ယူဂန်ဒါ လူမျိုးများအကြား နက်ရှိုင်းသော အမြင် ကွဲပြားမှုများ ရှိကြသည်။ တစ်ဖက်တွင် LRA ခေါင်းဆောင် ဂျိုးဇက်ကိုနီကဲ့သို့သော ပုဂ္ဂိုလ်များကို တရားစွဲဆိုရန် လိုလားသူ အမြောက်အမြား ရှိသည်။ လူထုအကြား၊ အထူးသဖြင့် မြောက်ပိုင်းနေ ပြည်သူများအကြား ကိုနီကို လွှတ်ပေးလိုသူ အနည်းငယ်သာ ရှိသည်။ သို့ရာတွင် အခြားတစ်ဖက်တွင်လည်း LRA မှ အင်အားသုံး ဖမ်းဆီးခံရသူ ကလေးငယ်များနှင့် အရွယ်ရောက်ပြီးသူများ အပါအဝင် ရက်စက်ကြမ်းကြုတ်မှုများ လုပ်ဆောင်ရန် ဖိအားပေးခံရသူများကိုလည်း တာဝန်ခံခိုင်းမည့်အပေါ် စိုးရိမ်မှု အများအပြားရှိသည်။ ထိုအချက် များကြောင့် လွတ်ငြိမ်းချမ်းသာခွင့် ကိစ္စရပ်အပေါ် ရှင်းလင်းသည့် အမြင်များ မရှိကြပေ။ အချက် တစ်ခုနှင့် စပ်လျဉ်း၍သာ အားလုံး သဘောတူညီကြသည်။ ယင်းမှာ ပဋိပက္ခများ အဆုံးသတ်ရမည် ဟူသည့် အချက် ဖြစ်သည်။

ယူဂန်ဒါ အစိုးရသည် ထိုကိစ္စရပ်နှင့် ပတ်သက်ပြီး ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင် ဖြစ်နေသည်။ လွှတ်တော်နှင့် သမ္မတ အိမ်တော်တွင် 'လွတ်ငြိမ်းချမ်းသာမှု ဖြစ်စဉ်ကို ထောက်ပံ့မှု မရေမရာ ရှိနေသည်။ လူအများအပြားက အစိုးရသည် လွတ်ငြိမ်းချမ်းသာခွင့်ကို အမှန်တကယ် ပေးလိုခြင်း ဟုတ်၊မဟုတ် မေးခွန်းထုတ်ကြသည်။ ထိုပြဋ္ဌာန်းချက် ထုတ်ပြန်ပြီးချိန်မှ စ၍ အစိုးရသည် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပတ်သက်ပြီး ရှေ့နောက်ညီသော သဘောထား ပြသခဲ့ခြင်း မရှိပေ။ ကစ်ဂန်ဒေသမှ သက်ကြီးပိုင်း အမျိုးသား တစ်ဦးက အများစု လက်ခံထားသော အမြင်ကို အောက်ပါအတိုင်း ပြောပြခဲ့သည်။ "လွှတ်တော်က

လွတ်ငြိမ်းချမ်းသာခွင့် ပြဋ္ဌာန်းချက် ပေးမယ်လို့တော့ ပြောတယ်။ ဒါပေမယ့် သမ္မတ ကိုယ်တိုင်က အဲဒီလို မလုပ်ချင်ဘူး။ အဲဒါက လျှို့ဝှက်ချက် တစ်ခုတော့ မဟုတ်ဘူး။"'
(Hovil and Lomo, 2005, p. 18)

၂၀၀၆ ခုနှစ် ဧပြီလတွင် အစိုးရသည် လွတ်ငြိမ်းချမ်းသာခွင့် ပြဋ္ဌာန်းချက်ကို ပြင်ဆင်သည့် အဆိုကို တင်သွင်းခဲ့သည်။ ထိုပြင်ဆင်ချက်တွင် ပြည်ထဲရေး ဝန်ကြီးသည် လွှတ်တော်၏ ခွင့်ပြုချက်ဖြင့် လူအချို့ကို အထူးသဖြင့် LRA ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းမှ တားဆီးနိုင်သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် LRA စစ်ဗိုလ်ချုပ်ဟောင်း တစ်ဦးဖြစ်သူ ဗိုလ်မှူးကြီး သောမတ်စ် ကရိုရေးလို (Thomas Kwoyelo) ကို တရားရုံးချုပ်၏ နိုင်ငံတကာ ရာဇဝတ်မှု ရုံးခွဲက လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်သော အခါ လွတ်ငြိမ်းချမ်းသာခွင့် ပြင်ဆင်ချက်ကို မေးခွန်းထုတ်ခံခဲ့ရသည်။

## နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး

ယူဂန်ဒါ၏ တရားမျှတမှုဆိုင်ရာ အခြား ပုစ္ဆာ တစ်ပုဒ်မှာ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး (ICC) မှ ဆင်းသက်လာသည်။ လွတ်ငြိမ်းချမ်းသာခွင့် ပြဋ္ဌာန်းချက်အပေါ် မူဆာဗီနီ၏ မကျေနပ်မှုကို ပြသသည့် အနေဖြင့် မူဆာဗီနီသည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးကို မြောက်ပိုင်း ယူဂန်ဒါတွင် ဘုရားသခင်၏ ခုခံရေးတပ် (LRA) ကျူးလွန်ခဲ့သော လုပ်ရပ်များ အပေါ် စုံစမ်း စစ်ဆေးရန် တရားဝင် တောင်းဆိုခဲ့သည်။ ဤတောင်းဆိုချက်က တည်ဆဲ လွတ်ငြိမ်း ချမ်းသာခွင့် ဖြစ်စဉ်အပေါ် မကောင်းသည့် အရိပ်ဆိုးများ ပို၍ ထင်ဟပ်စေသည်။ တရားရုံး ရှေ့နေချုပ်က ဂျိုးဇက်ကိုနီနှင့် အခြား LRA ၏ အကြီးတန်း အဖွဲ့ဝင် လေးဦးကို ဖမ်းဆီးရန် ဝရမ်းများ ထုတ်ပြန်ခဲ့ကာ ယင်းဖြစ်ရပ်သည် တရားရုံးမှ ယူဂန်ဒါနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် စုံစမ်း စစ်ဆေးသည့် ဖြစ်စဉ် ဖြစ်လာသည်။ တစ်ဦးချင်းစီအတွက် ထိုဝရမ်း ငါးခုတွင် တိုက်ခိုက်မှု ၈၂၀ ကျော် အတွင်း ကျူးလွန်ခဲ့သည့် လူသတ်မှု ၂၂၀၀ ကျော်နှင့် ပြန်ပေးဆွဲမှု ၃၂၀၀ ကျော် အပါအဝင် LRA နှင့် ထိုသူငါးဦးမှ ကျူးလွန်ခဲ့သော ရက်စက် ကြမ်းကြုတ်သည့် ပြစ်မှုများကို အသေးစိတ် ဖော်ပြထားသည်။ ဥပမာ ကိုနီကို လူသား မျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု ၁၂ ကြိမ်နှင့် စစ်ရာဇဝတ်မှု ၂၁ ကြိမ်အတွက် တရားစွဲဆိုခဲ့သည်။

သို့ရာတွင် ဤဖြစ်စဉ်၌လည်း အမြင်များ ကွဲပြားနေသည်။ ICC ၏ အခန်းကဏ္ဍနှင့် ပတ်သက်ပြီး တရားမျှတမှုနှင့် ငြိမ်းချမ်းရေး အကြား ငြင်းခုံမှုများ ဖြစ်ပွားခဲ့သည်။ အများစုသော အစိတ်အပိုင်းတွင် နိုင်ငံတကာ အေဂျင်စီများသည် ICC ၏ အခန်းကဏ္ဍကို များစွာ ထောက်ခံ ခဲ့ကြသည်။ သို့ရာတွင် မြေပြင် အခြေအနေတွင်မူ ခံစားချက် အမြင်များမှာ ရောထွေးနေသည်။ ယူဂန်ဒါလူမျိုးများက ICC သည် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခကို သူပုန်များနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာနိုင်မည့် အခွင့်အရေးအား ဝင်ရောက် စွက်ဖက်သည့် ပြဿနာကောင်ဟု ရှုမြင်ကြသည်။ ကိုနီနှင့် သူ့တပည့်များသည် ထိုသို့ ကြောက်မက်ဖွယ် ဝရမ်းများကို အညံ့ခံမည့်သူများ မဟုတ်ကြပေ။ အခြားသူများကမူ ယူဂန်ဒါ အစိုးရက တရားစွဲဆိုမည့်ပုံ မပေါ်ကြောင်း ထင်ရှားသည့် နောက်ဆုံးတွင် နိုင်ငံတကာ အသိုင်းအဝိုင်း ပါဝင်လာပြီဟု ရှုမြင်ကာ စိတ်သက်သာရာ ရကြသည်။

၂၀၁၆ ခုနှစ် အစောပိုင်းတွင် ICC ၌ ယူဂန်ဒါ၏ အမှုမှာ အသက်ဝင်နေဆဲ ဖြစ်သည်။ ဝရမ်း တစ်ခုမျှ လက်တွေ့ ဆောင်ရွက်ရခြင်း မရှိသေးပေ။ သို့ရာတွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ၌ ဝရမ်းထုတ်ခံ ထားရသူ ငါးဦးထဲမှ တစ်ဦးဖြစ်သော ဒေါမနစ် အွန်ဝန် (Dominic Ongwen) သည် အမေရိကန် တပ်ဖွဲ့ထံ လက်နက်ချခဲ့ပြီး သူ့ကို ICC ထံ လွှဲပြောင်းပေးခဲ့သည်။ ဤစာအုပ် ရေးသားချိန်တွင် သူသည် တရားစီရင်ခံရရန် စောင့်ဆိုင်းနေသည်။

| အနှစ်ချုပ် |
|---|
| ၁၉၆၂ ခုနှစ်မှ စ၍ ယူဂန်ဒါ နိုင်ငံတွင် နှစ်ပေါင်း ကြာရှည် ပြည်တွင်းစစ် ဖြစ်ပွားခဲ့သည်။<br>ယူဂန်ဒါ နိုင်ငံ၏ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင် (၁၉၈၆-၉၄) သည် အတိတ်က ဖြစ်ရပ်များကို သင့်တင့် လျောက်ပတ်စွာ အသိအမှတ်ပြုနိုင်ခြင်း မရှိခဲ့ပေ။<br>လွတ်ငြိမ်းချမ်းသာခွင့် ပြဋ္ဌာန်းချက် (၂၀၀၀) သည် လူအများကို မည်သူ့ကို မည်သို့ အပြစ်ပေးသင့် သနည်း ဟူသည့် အချက်နှင့် စပ်လျဉ်း၍ အငြင်းအခုံများ ဖြစ်စေရာ ယင်းပြဋ္ဌာန်းချက်သည် အကွဲအပြဲများ ဖြစ်စေခဲ့သည်။<br>နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးမှ ထုတ်ပြန်သည့် ဝရမ်းများသည်လည်း အလားတူ အကွဲအပြဲများ ဖြစ်စေသည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>ယူဂန်ဒါသည် အကူးအပြောင်းကာလ မရောက်ရှိသေးဟု လူအများအပြားက ဆိုကြသည်။ ယူဂန်ဒါ နိုင်ငံအတွက် အကူးအပြောင်းကာလ တရားမျှတမှုမှာ စောလွန်းနေသေးပါသလား။<br>အကူးအပြောင်း ကာလ တရားမျှတမှုအတွက် နည်းလမ်းများမှာ များပြား လွန်းနေသသည်ဟု ဆိုနိုင်ပါသလား။ |

## နိဂုံး

ယူဂန်ဒါ နိုင်ငံ၏ ဖြစ်ရပ်သည် ကျွန်ုပ်တို့ ဆွေးနွေးခဲ့သော တရားမျှတမှုကို အပြစ်ပေးခြင်း၊ ပြန်လည် ထားသိုပေးခြင်း၊ ပြင်ဆင်ပေးရေး ပုံစံများဖြင့် လက်တွေ့ ကျင့်သုံးသည့်အခါ ကြုံတွေ့ရသော အခက်အခဲများနှင့် နှစ်ကြာရှည်ပြီး ကြမ်းကြုတ်သည့် ပဋိပက္ခများ၏ လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို ဖြေရှင်းရသည့်အခါ ကြုံတွေ့ရသော အခက်အခဲများကို ညွှန်ပြနေသည်။ ခက်ခဲသော ပြဿနာ တစ်ရပ်အတွက် စာရွက်ပေါ်တွင် အဆင်ပြေသည့် အဖြေတစ်ခုသည် လက်တွေ့ မြေပြင်အခြေအနေ၏ ရှုပ်ထွေးမှု (သို့) လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ ရှုပ်ထွေးသော အကျိုးဆက်များကို လိုက်မမီနိုင် ဖြစ်တတ်သည်။ ထိုနည်းလမ်းများက ပိုမို ကျယ်ပြန့်သော ရည်မှန်းချက်များ ဖြစ်သည့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကို မည်ကဲ့သို့ မြှင့်တင်ပေး နိုင်သည်၊ မြှင့်တင် ပေးသင့်သည် ဆိုသည့် အချက်နှင့် ထိုနည်းလမ်းများနှင့် အကူးအပြောင်း ကာလ၏ အခြား ဖြစ်စဉ်များဖြစ်သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (သို့) လက်နက်ကိုင်များမှ စစ်ပွဲများ ရပ်ဆိုင်းလိုက်ခြင်း၊ လက်နက်ချခြင်း အစရှိသည့် ဖြစ်ပေါ်လာနိုင်သော အချက်များအကြား မည်ကဲ့သို့ ဆက်စပ်သည် ဟူသည့် အချက်တို့ကို အကူးအပြောင်းကာလ

တရားမျှတမှုဆိုင်ရာ ပညာရှင်များနှင့် လက်တွေ့ အကောင်အထည်ဖော်သူများက တဖြည်းဖြည်း နားလည် သဘောပေါက် လာကြပြီ ဖြစ်သည်။

အကူးအပြောင်းကာလ တရားမျှတမှုဆိုင်ရာ နယ်ပယ်သည် ထိုပုံစံများ တစ်ခုနှင့် တစ်ခု မည်သို့ ကိုက်ညီသည်၊ ထိုပုံစံများ အောင်မြင်အောင် (သို့) ကျရှုံးအောင် မည်သို့ လုပ်ဆောင်နိုင်သည် တို့နှင့် ပတ်သက်သော အငြင်းအခုံများနှင့် ပြည့်နှက်နေသည်။ အချို့က အပြစ်ပေးခြင်း နည်းလမ်းများ အသုံးများခြင်းကို အခြေခံ၍ တရားဥပဒေ စိုးမိုးမှု မရှိဘဲနှင့် တရားမျှတမှု မရရှိနိုင်၊ ပြန်လည် ထားသိုပေးခြင်းနှင့် ပြင်ဆင်ပေးရေး ပုံစံများသည် အပြည့်အဝ မမှန်ကန်၊ လုံလောက်မှု မရှိဟု ဆိုကြသည်။ အချို့ကလည်း ထိုပုံစံ နှစ်ခုသည် အခြား နည်းလမ်းများအားလုံး မအောင်မြင်မှသာ သုံးရမည့် ဒုတိယ အကောင်းဆုံး လုပ်ဆောင်နိုင်သည့် ပုံစံများ ဖြစ်ကြသည်ဟု ဆိုသည်။ သို့ရာတွင် လိုလားသည့် ရလဒ် တစ်ခုဖြစ်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားပြီးနောက် လူ့အဖွဲ့အစည်းကို ပြန်လည် တည်ဆောက်ရန် ထိုနည်းလမ်း တစ်ခုချင်းစီသည် ၎င်းတို့ဘာသာ လုံလောက်မှု ရှိသည်ဟုလည်း အချို့က ဆိုကြသည်။

ထင်ရှားသည့် အချက်မှာ ပုံစံ သုံးမျိုးနှင့် ထိုပုံစံများနှင့် ဆိုင်သော အင်စတီကျူးရှင်းများသည် တူညီသော ရည်မှန်းချက်များ ရှိကြသည်။ ၎င်းတို့၏ နည်းလမ်းများနှင့် အကြောင်းပြချက်များမှာမူ များစွာ ကွဲပြားကြသည်။ သို့ရာတွင် နောက်ဆုံး၌ ထိုပုံစံများ အားလုံးသည် တရားမျှတမှု ဖြစ်စဉ် ပြည့်စုံ လုံလောက်စေရန် လိုအပ်သော အစိတ်အပိုင်းများ ဖြစ်နိုင်သည်။ လာမည့် နှစ်များတွင် အကူးအပြောင်းကာလ တရားမျှတမှုကို ထိုပုံစံ သုံးခုလုံး သုံး၍ ဖြစ်စဉ် အမျိုးမျိုး၊ အချိန် အမျိုးမျိုး၌ ရှာဖွေခြင်းဖြင့် ထိုအချက်မှာ မှန်ကန်ခြင်း ရှိ၊မရှိ ပို၍ ထင်ရှားလာပေလိမ့်မည် ဖြစ်သည်။

## မေးခွန်းများ

### တစ်ဦးချင်းစီ လေ့လာရန် မေးခွန်းများ

၁။ အကူးအပြောင်းကာလ တရားမျှတမှု ဆိုသည်မှာ အဘယ်နည်း။
၂။ အကူးအပြောင်းကာလ တရားမျှတမှုသည် မည်သည့် ကောင်းကျိုးများ ရှိသနည်း။
၃။ ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ခွင့် နယ်နမိတ်သည် မည်သို့ အသုံးဝင်ပါသနည်း။
၄။ ပြန်လည် ထားသိုပေးခြင်းဆိုင်ရာ တရားမျှတမှုသည် အပြစ်ပေးခြင်းဆိုင်ရာ တရားမျှတမှုနှင့် မည်ကဲ့သို့ ခြားနားပါသနည်း။
၅။ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်၏ တန်ဖိုးများမှာ အဘယ်နည်း။

### အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ

၁။ ထိုတရားမျှတမှု ပုံစံ သုံးမျိုးကို တစ်မျိုးချင်းစီ သီးသန့်သာ ဆောင်ရွက်သင့်ပါသလား။
၂။ အပြစ်ပေးခြင်းကို ရှောင်ရှားလိုက်သည့်အခါ လူ့အဖွဲ့အစည်း တစ်ခုလုံးအတွက် အကျိုးရှိပါသလား။

၃။ ပြန်လည်ထားသိုပေးခြင်း ဆိုင်ရာ တရားမျှတမှုတွင် လူ့အဖွဲ့အစည်းမှ ပါဝင်လာစေရန် လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း၏ အခန်းကဏ္ဍက အရေးကြီးပါသလား။
၄။ တောင်းပန်ခြင်း (သို့) လျော်ပေးခြင်း နည်းလမ်းတွင် အစိုးရ၏ တာဝန်မှာ အဘယ်နည်း။ အစိုးရ တာဝန်ယူရမည့်အပေါ် အချိန် အတိုင်းအတာ ကန့်သတ်ခြင်း (Statute of limitations) ထားရှိသင့်ပါသလား။
၅။ အကူးအပြောင်း ကာလ လူ့အဖွဲ့အစည်းများတွင် မည်သို့သော ဖြစ်ပေါ် တိုးတက်မှုများ ဖြစ်ပွားခြင်းက အကူးအပြောင်းကာလ တရားမျှတမှု နည်းလမ်း၏ အောင်မြင်မှုကို ထင်ဟပ်ပြနေသနည်း။
၆။ ယခုအခန်းတွင် တင်ပြခဲ့သော နည်းလမ်းများကို သင့်နိုင်ငံတွင် မည်သည့် ကိစ္စရပ်များ အတွက် အသုံးပြုနိုင်ပါသနည်း။

## ဆက်လက် ဖတ်ရှုရန်

**Elster, J.** (ed.) (2006). *Retribution and Reparation in the Transition to Democracy.* New York: Cambridge University Press.
အယ်လ်စတာက ၂၀ ရာစုတွင် ဖြစ်ပွားခဲ့သော စစ်ရာဇဝတ်မှုများကို ပြန်၍ တာဝန်ခံခိုင်းသည့် ဖြစ်စဉ်များကို အသေးစိတ် လေ့လာထားသည်။ အကူးအပြောင်းကာလ တရားမျှတမှု၏ သမိုင်းကြောင်းကို အယ်လ်စတာက ခြုံငုံ ဖော်ပြထားပြီး အသုံးပြုသည့် နည်းလမ်းများနှင့် ဖြစ်စဉ်များအပေါ် သဘောတရားများ ဖော်ထုတ်ထားသည်။

**Hayner, P.** (2001). *Unspeakable Truths.* New York: Routledge.
ဟေနာက အတိတ်က ရာဇဝတ်မှုများကို အသိအမှတ်ပြုသည့် နည်းလမ်းအဖြစ် အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များ အသုံးပြုရန် လိုအပ်ပုံကို ဖော်ပြထားသည်။ သူမက ဖြစ်စဉ် လေ့လာချက်များ အသုံးပြုကာ ပြန်လည် ထားသိုပေးခြင်းဆိုင်ရာ တရားမျှတမှုကို အတွင်းကျကျ လေ့လာထားသည်။

**Kritz, N. J.** (ed.) (1995). *Transitional Justice: How Emerging Democracies Reckon with Former Regimes.* Washington, DC: United States Institute of Peace Process.

ခရစ်(ဇ်)၏ သုံးအုပ်တွဲ စာအုပ်တွင် အကူးအပြောင်းကာလ တရားမျှတမှု၏ လက်တွေ့ကျသည့် အခြေခံ အချက်များကို သီအိုရီ (အတွဲ ၁)၊ နိုင်ငံ လေ့လာချက်များ (အတွဲ ၂) မှ ဥပဒေဆိုင်ရာ မှတ်တမ်းမှတ်ရာများ (အတွဲ ၃) အထိ လေ့လာထားသည်။

**Mani, R.** (2008). Editorial: Dilemmas of Expanding Transitional Justice, or Forging the Nexus between Transitional Justice and Development. *International Journal of Transitional Justice,* **2**/3, 253-65.
မာနီက ပြည်သူ့ရေးရာနှင့် နိုင်ငံရေး မတရားပြုမှုများအား ဖြေရှင်းရန်သာ အကူးအပြောင်းကာလ တရားမျှတမှုကို အသုံးပြုခြင်းထက် လူမှု၊ စီးပွားရေး မတရားမှုများအား ဖြေရှင်းရန် အကူးအပြောင်းကာလ

တရားမျှတမှုကို အသုံးပြုနိုင်သည့် နည်းလမ်းများကို လေ့လာခြင်းဖြင့် မတူညီသည့် အမြင်တစ်ခုကို ဖော်ပြထားသည်။

**Minow, M.** (1998). *Between Vengeance and Forgiveness: Facing History after Genocide and Mass Violence.* Boston, MA: Beacon Press.
မီနိုက အကူးအပြောင်းကာလ တရားမျှတမှု၏ ပုံစံ သုံးမျိုးကို ရှင်းလင်းပြကာက တစ်ခုချင်းစီ၏ ကောင်းကျိုးနှင့် ဆိုးကျိုးများအကြောင်း စိတ်ဝင်စားဖွယ် ဆွေးနွေးထားသည်။

**Parliament of Australia** (2008). Apology to Australia's Indigenous peoples. *House Hansard.* 13 February. http://australia.gov.au/about-australia/our-country/our-people/apology-to-australias-indigenous-peoples
သြစတြေးလျ နိုင်ငံ၏ မူလ အခြေချ နေထိုင်သူ လူမျိုးများအပေါ် လွှတ်တော် ကိုယ်စားလှယ် ကယ်ဗင်ရက်ဒ်၏ တောင်းပန်ချက် အပြည့်အစုံကို ဤနေရာတွင် ဖတ်ရှုနိုင်သည်။

**Quinn, J.** and **Freeman, M.** (2003). Lessons learned: Practical lessons gleaned from inside the truth commissions of Guatemala and South Africa. *Human Rights Quarterly,* **25**/4, 1117-49.
တောင်အာဖရိကနှင့် ဂွာတီမာလာ နိုင်ငံများမှ အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များ၏ ဝန်ထမ်းများ ထံမှ ရရှိသည့် စာရွက်စာတမ်းများနှင့် အချက်အလက်များကို အသုံးပြုကာ ကွင်းနှင့် ဖရီးမန်းတို့က အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်များ ရင်ဆိုင်ရသည့် လက်တွေ့ အခက်အခဲများကို ဆွေးနွေးခဲ့သည်။

**Rotberg. R. I.** and **Thompson, D.** (eds) (2000). *Truth v. Justice.* Princeton, NJ: Princeton University Press.
ရော့တ်ဘာ့ဂ်နှင့် သွန်မဆင်တို့က အစောပိုင်း နှစ်များတွင် အကူးအပြောင်းကာလ တရားမျှတမှုကို နှေးကွေးစေခဲ့သော အချက်ဖြစ်သည့် အမှန်တရားက တရားမျှတမှုထက် ပိုအရေးကြီးသလား ဟူသည့် မေးခွန်းကို ဖြေဆိုသည့် အက်ဆေးများအား စုစည်း ထုတ်ဝေထားသည်။

**Stover, E.** and **Weinstein, H. M.** (eds) (2004). *My Neighbour, My Enemy: Justice and Community in the Aftermath of Mass Atrocity.* Cambridge: Cambridge Unviersity Press.
စတိုဗာနှင့် ဝိန်းစတိန်းတို့ တည်းဖြတ်သည့် ထိုစာအုပ်ပါ အက်ဆေးများတွင် ရဝမ်ဒါနှင့် ယခင် ယူဂိုဆလားဗီးယား နိုင်ငံများတွင် ဖြစ်ပွားခဲ့သော ရက်စက်မှုများကို တုံ့ပြန်ပုံ အမျိုးမျိုးအား စုစည်း ထားသည်။

## ဝက်ဘ်ဆိုဒ်များ

**http://www.icc-cpi.int** နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး၏ ဝက်ဘ်ဆိုဒ်တွင် တရားရုံးက စီရင်သည့် အမှု တစ်ခုချင်းစီ၏ အသေးစိတ်ကို ဖော်ပြထားပြီး ရောမ သဘောတူစာချုပ် အပါအဝင် အခြား စာတမ်းများကိုလည်း ဖော်ပြထားသည်။

**http://www.ictj.org** အကူးအပြောင်းကာလ တရားမျှတမှု ဆိုင်ရာ နိုင်ငံတကာ စင်တာ (the International Center for Transitional Justice) သည် ကမ္ဘာတစ်ဝှမ်းရှိ ပဋိပက္ခလွန် လူ့အဖွဲ့အစည်းများတွင် အကူးအပြောင်းကာလ တရားမျှတမှု နည်းလမ်းများကို ကူညီ ဖော်ထုတ်ပေးနေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ခု ဖြစ်သည်။

**http://ijtj.oxfordjournals.org/** *The International Journal of Transitional Justice* သည် အကူးအပြောင်းကာလ တရားမျှတမှု ခေါင်းစဉ်နှင့် စပ်လျဉ်းသော ပညာရပ်ဆိုင်ရာ ဆောင်းပေါင်းများကို ထုတ်ဝေသည်။

**http://www.usip.org/** The United States Institute of Peace ၏ ဝက်ဘ်ဆိုဒ်တွင် အမှန်တရား ဖော်ထုတ်ရေး ကော်မရှင် အများအပြားမှ စာရွက်စာတမ်းများကို စုစည်းထားသည်။

## မှတ်စုများ

၁။ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးဆိုင်ရာ ရောမ သဘောတူညီချက်တွင် တရားရုံးသည် အမုန်းတရားဆိုင်ရာ ရာဇဝတ်မှုများကို စီရင်သွားမည်ဟုလည်း ဖော်ပြထားသည်။ သို့ရာတွင် ယခု ဆောင်းပါး ရေးသားချိန်အထိ ထိုရာဇဝတ်မှုများကို အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း မရှိသေးပေ။

၂။ Confidential interview with Abdul Nadduli, District Commissioner; Luweero District, by the author on 17 November 2004, Luweero Town, Uganda.

၃။ အဆိုပါ လက်နက်ကိုင် အုံကြွမှုများတွင် အောက်ပါ အဖွဲ့များမှ အုံကြွမှုများ ပါဝင်သည်။ Action Restore Peace, Allied Democratic Forces, Apac Rebellion, Citizen Army for Multiparty Politics, Force Obote Back, Former Uganda National Army, Holy Spirit Movement, Lord’s Army, Lord’s Resistance Army, National Federal Army, National Union for the Liberation of Uganda, Ninth October Movement, People’s Redemption Army, Uganda Christian Democratic Army, Ugandy Federal Democratic Front, Uganda Freedom Movement, Ugandan National Democratic Army, Uganda National Federal Army, Ugandan National Liberation Front, Ugandan National Rescue Fronts I and II, Ugandan People’s Army, Ugandan People’s Democratic Army, Uganda Salvation Army, and West Nile Bank Front (Hovil and Lomo, 2004, p. 4; 2005, p. 6).

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# ၂၃) သဘာဝ ပတ်ဝန်းကျင်

ဂျွန်ဘယ်ရီနှင့် ကယ်ရီဝုဒ် **(John Barry and Kerri Woods)**

အခန်း မာတိကာ


- နိဒါန်း
- သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး
- ကိုက်ညီမှု ပြဿနာများ
- သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို အကောင်အထည် ဖော်ခြင်း
- သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး၏ ပြဿနာများ
- ဖြစ်ရပ် လေ့လာခြင်း၊ ရာသီဥတု ပြောင်းလဲမှု၊ ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒုက္ခသည်များ
- လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့ ခိုင်မြဲရေး
- နိဂုံး


စာဖတ်အညွှန်း

ယခုအခန်း၏ ရည်ရွယ်ချက်မှာ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များက လူ့အခွင့်အရေးကို သက်ရောက်နိုင်သည့် နည်းလမ်းများနှင့် လူ့အခွင့်အရေးက သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများအတွက် ဆီလျော်သည့် ပုံစံများကို ဆန်းစစ်ထားသည်။ လူ့အခွင့်အရေးကို သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အခွင့်အရေးများ၊ အနာဂတ် မျိုးဆက်များအတွက် အခွင့်အရေးများ၊ အခြား လူသားမဟုတ်သည့် သတ္တဝါများ၏ အခွင့်အရေးများပါ ပါဝင်လာအောင် ချဲ့ထွင်ရန် အဆိုများအား ထည့်သွင်း စဉ်းစားရန် ဆွေးနွေးထားသည်။ ယခုအခန်း၏ ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။ ယခုအခန်းကို ပညာရပ်ဆိုင်ရာနှင့် ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေများနှင့် မူဝါဒများ ဆိုင်ရာ ရှုထောင့်များမှ လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင် အကြား ဆက်စပ်မှုများအား လေ့လာခြင်းဖြင့် စတင်ထားသည်။ လူသားအားလုံးသည် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ရရှိသင့်သည် ဟူသည့် အဆိုများကိုလည်း ထည့်သွင်း စဉ်းစားထားသည်။ ထို့နောက် သဘာဝ ပတ်ဝန်းကျင်မှ လူသားများ၏ လုံခြုံရေးအပေါ် သက်ရောက်မှုများနှင့် လူ့အခွင့်အရေး ကိစ္စရပ်များနှင့် ဆက်စပ်မှုကို ဆွေးနွေးထားသည်။ ထို့နောက်တွင် မေးခွန်းနှစ်ခုကို မေးထားသည်၊ လူ့အခွင့်အရေး မူဘောင်များသည် သဘာဝ ပတ်ဝန်းကျင် ကိစ္စရပ်များကို ဖြေရှင်းရန် သင့်လျော် ပါသလား၊ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များအတွက် ပို၍ သင့်လျော်မည့် အခြားသော ကျင့်ဝတ်ပိုင်းဆိုင်ရာ အသုံးအနှုန်းများ (ဥပမာ တရားမျှတမှု ဆိုင်ရာ အသုံးအနှုန်းများ) က ပို၍ သင့်လျော်ပါသလား။ နောက်ဆုံးအနေဖြင့် လူ့အခွင့်အရေး မူဘောင်ကို သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ စိုးရိမ်ပူပန်မှုများ ပါဝင်အောင် ချဲ့ထွင်ခြင်း၏ ဖြစ်နိုင်ချေနှင့် အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးထားသည်။ ရေရှည် တည်တံ့ရေးတွင် သဘာဝ ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေး ဆိုင်ရာ စိုးရိမ် ပူပန်မှုများ ပါဝင်ပြီး ယင်းမှာ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ စိုးရိမ်ပူပန်မှုများကို လူ့အခွင့်အရေး မူဘောင်ထဲတွင် ထည့်သွင်းရန် အကြံပြုချက်များအတွက် အဓိက ကျသည်။ ရေရှည်တည်တံ့ရေး မျှော်မှန်းချက်ကို ကျွန်ုပ်တို့၏ ဖြစ်ရပ် လေ့လာမှုများတွင် ထည့်သွင်းထားပါသည်။ ဖြစ်ရပ် လေ့လာမှုများတွင်

ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သဘာဝ ပတ်ဝန်းကျင် ပြောင်းလဲမှု၏ သက်ရောက်မှုများကို လေ့လာထားပြီး ထိုဖြစ်ရပ် တစ်ခုချင်းစီက သဘာဝ ပတ်ဝန်းကျင်အပေါ် လူ့အခွင့်အရေး၏ သက်ရောက်မှုများတွင် ကမ္ဘာ့စီးပွားရေးက အဓိက အခန်းကဏ္ဍမှ ပါဝင်နေမှုများအား ဖော်ပြထားသည်။

## နိဒါန်း

ယခုအပိုင်းတွင် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ သဘာဝ ပတ်ဝန်းကျင်နှင့် ရေရှည် တည်တံ့သော ဖွံ့ဖြိုးရေး (သို့) မတည်တံ့သော ဖွံ့ဖြိုးရေးများကို လူ့အခွင့်အရေး ကိစ္စရပ်များအဖြစ် နားလည်နိုင်မည့် နည်းလမ်းများအား ဆွေးနွေးရန် ဖြစ်သည်။

သဘာဝ ပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးတို့အကြား ဆက်ဆံရေးတွင် အရေးပါဆုံး ကိစ္စရပ်မှာ လူသားများသည် သဘာဝ ပတ်ဝန်းကျင်၏ အစိတ်အပိုင်း တစ်ခုဖြစ်သည့် အချက် ဖြစ်သည်။ ဆိုလိုသည်မှာ လူသားများသည် လူသားမဟုတ်သည့် ပတ်ဝန်းကျင်နှင့် ၎င်းတို့၏ ဆက်ဆံရေးတို့ အပေါ် လုံးဝ မှီခိုနေပြီး ဖြစ်ပွားသည့် အပြောင်းအလဲများကြောင့်လည်း ထိခိုက်လွယ်ကြသည်။ ကုလသမဂ္ဂ သဘာဝ ပတ်ဝန်းကျင် အစီအစဉ် (The United Nations Environment Programme (UNEP)) က လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင် ကိစ္စရပ်များ ဆက်စပ်နိုင်သည့် ပုံစံ သုံးမျိုးကို အသိအမှတ် ပြုထားသည်။

- သဘာဝ ပတ်ဝန်းကျင်သည် လူ့အခွင့်အရေးကို ခံစားနိုင်ရန် လိုအပ်သည့် အရာ ဖြစ်သည် (ကာကွယ်ပေးထားသည့် အခွင့်အရေးများအား အပြည့်အဝ ကျင့်သုံးနိုင်ရန် နိုင်ငံများ၏ လူ့အခွင့်အရေး တာဝန်များတွင် သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရေးလည်း ပါသင့်သည်ဟု အဓိပ္ပာယ် သက်ရောက်သည်။)
- အချို့သော လူ့အခွင့်အရေးများ၊ အထူးသဖြင့် အချက်အလက်များ ရရှိရေး၊ ဆုံးဖြတ်ချက် ချမှတ်မှုတွင် ပါဝင်ရေးနှင့် သဘာဝ ပတ်ဝန်းကျင် ကိစ္စရပ်များတွင် တရားမျှတမှု ရရှိရေးတို့သည် ကောင်းမွန်သော သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်မှုများ အတွက် လိုအပ်သည် (သဘာဝ ပတ်ဝန်းကျင် အကာအကွယ် ပေးသော နည်းဖြင့် လူ့အခွင့်အရေးကို အကောင်အထည် ဖော်ရမည်။)
- လုံခြုံသော၊ ကျန်းမာသော၊ ဂေဟဝန်းကျင် အရ ဘက်ညီသော ပတ်ဝန်းကျင် ရရှိရေးသည် လူ့အခွင့်အရေးပင် ဖြစ်သည် (ယင်းမှာ ငြင်းခုံနေဆဲ ချဉ်းကပ်ပုံ တစ်ခု ဖြစ်သည်)။ (UNEP, 2009)

သို့ရာတွင် လက်တွေ့ နိုင်ငံရေးတွင်မူ အဆိုပါ နီးစပ်သော ပတ်သက် ဆက်နွယ်မှုများနှင့် ကျွန်ုပ်တို့၏ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အလေ့အကျင့်များအပေါ် ယင်းတို့၏ သက်ရောက်မှုများကို မကြာခဏ လျစ်လျူရှုထားခြင်း ခံရသည်။ ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုး တိုးတက်မှု ဟူသည့် သဘောတရားသည် ကျွန်ုပ်တို့၏ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ စဉ်းစားတွေးခေါ်မှုများ၊ အလေ့အကျင့်များနှင့် တည်ဆောက်ပုံများ ဖော်ထုတ်ရာနှင့် ပြုပြင်ရာတွင် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်များက ဂေဟဝန်းကျင်အပေါ် သက်ရောက်နိုင်မှုများကို ချိန်ဆ စဉ်းစားခြင်းဖြင့် လူသားတို့၏ လုပ်ရပ်များ အားလုံးတွင် (အထူးသဖြင့် စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များတွင်) ဂေဟဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ဦးစားပေး စဉ်းစားရန် ဖြစ်သည်။

အစိုးရများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွ လှုပ်ရှားသူများ၊ မူလ အခြေချ နေထိုင်သူများ၊ ကုန်သွယ်ရေး သမဂ္ဂများ၊ အမျိုးသမီး အဖွဲ့များ၊ လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူများနှင့် စီးပွားရေး လုပ်ငန်းများ အပါအဝင် ဇာတ်ကောင် အမျိုးမျိုးတို့သည် ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုဟူသည့် သဘောတရားကို လက်ခံထားကြသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်ခွင့်ကို ဆွေးနွေးနေကြချိန်၌ ချမ်းသာသော အနောက်နိုင်ငံများတွင်မူ ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို “အစိမ်းရောင် လွှမ်းသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု” (သို့) စီးပွားရေးကို “ဂေဟဗေဒအား ထည့်သွင်းစဉ်းစားခြင်းဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေခြင်း” ဟု အဓိပ္ပာယ် ဖွင့်ဆိုကြသည် (J. Barry, 2004, 2012, 2014)။ သဘာဝ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ကမ္ဘာ့ ကော်မရှင် (World Commissionn on Environment and Development (WCED)) ၏ အစီရင်ခံစာက သဘာဝ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှု ပေါင်းစပ်ထားသော မဟာဗျူဟာ ဖော်ထုတ်ရန် တိုက်တွန်း ခဲ့သော ၁၉၈၇ ခုနှစ်မှ စ၍ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အစိမ်းရောင် နိုင်ငံရေးနှင့် ဖွံ့ဖြိုးရေး သီအိုရီများတွင် ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုသည် စံနှုန်းဆိုင်ရာ သဘောတရား တစ်ခုအဖြစ် ပျံ့နှံ့ခဲ့ပြီး ဖြစ်သည် (စာသေတ္တာ ၂၃.၁ တွင် ရှုပါ)။ ဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာ့ တောင်ဘက်ခြမ်းတွင် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ လူ့အခွင့်အရေးများ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သည်။ ယင်းလူ့အခွင့်အရေးများကို တောင်ကမ္ဘာခြမ်းရှိ နိုင်ငံများစွာက လက်ရှိတွင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိကြသေးပေ။

| စာသေတ္တာ ၂၃.၁။ အခြား အမြင် တစ်မျိုး၊ ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု |
|---|
| ရေရှည် တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအပေါ် လူသိများသည့် အမြင်တစ်ခုမှာ သဘာဝ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ၁၉၈၇ ခုနှစ် ဘရန်လန် (Brundtland) ကော်မရှင် အစီရင်ခံစာမှ ယူထားခြင်း ဖြစ်သည်။ အချုပ်အားဖြင့် ဆိုရသော် နည်းပညာ၊ အုပ်ချုပ်ရေးနှင့် မူဝါဒ အပြောင်းအလဲများ လုပ်ဆောင်ခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရေးတို့ကို အတူတကွ လုပ်ဆောင်ရန် ဖြစ်နိုင်ကြောင်း အစီရင်ခံစာက ဆိုထားသည်။ သို့ရာတွင် အဆိုပါ လွှမ်းမိုးမှုကြီးသည့် သဘောတရားကို ဝေဖန်မှု နှစ်ခုရှိသည်။ |
| ၁။ အချို့က ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု ဟူသည့် သဘောတရား တစ်ခုလုံးသည် အဓိပ္ပာယ် ဆန့်ကျင်ဘက် နှစ်ခုကို ပေါင်းထားခြင်း ဖြစ်သည် (Redclift, 2005) ဟု ဆိုကြသည်။ ပို၍ ရေရှည် တည်တံ့ခိုင်မြဲသော လူမှု ဝန်းကျင် တစ်ခုကို ဖန်တီးရန် ကျွန်ုပ်တို့၏ စီးပွားရေးနှင့် နေထိုင်မှု ပုံစံများကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ ပြောင်းလဲပစ်ရန် လိုအပ်သည်ဟူသည့် အမြင်ကို သေးသိမ်သွားစေသောကြောင့် ထိုသဘောတရားမှာ မလိုလားအပ်သည့် ဆိုးကျိုးများ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုသည် ကျွန်ုပ်တို့အား ကိတ်မုန့်ကို စားသာစားပစ်ပြီး ကုန်မသွားစေနိုင်ဟူသည့် စိတ်ကူးယဉ်ဆန် အခြေအနေ တစ်ခုကို ဖန်တီးပေးသည်။ ရေရှည်တည်တံ့ခိုင်မြဲမှု လမ်းကြောင်းပေါ် အောင်မြင်စွာ ရောက်ရှိနိုင်ရန် အရင်းအမြစ်များ၊ ဝင်ငွေများနှင့် ငွေကြေး ချမ်းသာမှုများကို လူ့အဖွဲ့အစည်း အတွင်း၊ လူ့အဖွဲ့အစည်း အချင်းချင်း ပြန်လည် ခွဲဝေပေးရန် လိုအပ်ကြောင်းနှင့် သိသာထင်ရှားသော စီးပွားရေးနှင့် နိုင်ငံရေး ဆိုင်ရာ အပြောင်းအလဲများ လိုအပ်ကြောင်း သိရှိစေသည်ထက် အဆိုပါ သဘောတရားက အထိအခိုက် မရှိသော၊ နိုင်ငံရေးနှင့် မသက်ဆိုင်သော အပြောင်းအလဲသာ လိုအပ်ကြောင်း အထင်ရောက်စေသည်။ |
| ၂။ အခြားသူများကမူ ကျွန်ုပ်တို့ အာရုံစိုက်သင့်သည်အရာမှာ တရားမျှတမှု မဟုတ်၊ မတရားမှု ဖြစ်သည်၊ |

မတရားမှုအတွက် မူဝါဒများနှင့် နိုင်ငံရေး တုံ့ပြန်မှုများ ဖော်ထုတ်သင့်သည်ဟု ထောက်ပြကြသည် (Simon, 1994)။ ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိမ်းရောင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အစီအစဉ်များ ဖော်ထုတ်ခြင်း၊ ငြင်းခုံခြင်းနှင့် ပြင်ဆင်ခြင်းတို့သည် တန်ဖိုးရှိသည့် အချိန်များနှင့် အင်အားများကို ဖြုန်းတီးရာကျသည်။ အနာဂတ်တွင် အကောင်းဆုံး အခြေအနေ ဖြစ်သည့် ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်သည်ထက် "လက်ရှိ တည်ရှိနေပြီ ဖြစ်သော ရေရှည် တည်တံ့ ခိုင်မြဲမှု မရှိခြင်း" (Barry, 2012) ကို အသိအမှတ် ပြုပြီး သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အန္တရာယ်များကို လျှော့ချရန် အာရုံစိုက်သင့်သည်။

စာသေတ္တာ ၂၃.၂။ ဂေဟဗေဒဆိုင်ရာ ခြေရာပုံရိပ်များ (Ecological footprint)

ဂေဟဗေဒဆိုင်ရာ ခြေရာပုံရိပ်များ (Ecological footprint) ဆိုသည်မှာ သုံးစွဲရသည့် ပစ္စည်းတစ်ခု ဖြစ်စေ၊ လူတစ်ဦး ဖြစ်စေ၊ မိသားစု တစ်စု ဖြစ်စေ၊ လူအုပ်စု အသိုင်းအဝိုင်း တစ်ခု ဖြစ်စေ၊ နိုင်ငံ တစ်နိုင်ငံ ဖြစ်စေ ပြုလုပ်သူ တစ်ဦး၊ တစ်ဖွဲ့၏ ဂေဟဗေဒဆိုင်ရာ သက်ရောက်မှု စုစုပေါင်း ဖြစ်သည်။ ယင်းမှာ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံရေး သဘောတရားတွင် ဆွဲဆောင်မှု ရှိသည့် သဘောတရား တစ်ခု ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဂေဟဗေဒ ခြေရာ ပုံရိပ်များသည် ဈေးကွက် တန်ဖိုးက မဖော်ပြနိုင်သည့် ဂေဟဗေဒဆိုင်ရာ ကုန်ကျစရိတ် အပြည့်အဝကို ဖော်ပြ နိုင်ပြီး အဆင့်မြင့်သော ပုံစံများတွင် ထိုကုန်ကျစရိတ် ခွဲဝေမှု ပုံစံကိုလည်း ပြသနိုင်သည်။

မတ်သီးရစ်(စ်) ဝက်ကာနေဂယ်လ် (Matthias Wackernagel) နှင့် ဝီလီယမ် ရီးစ် (William Rees) တို့က ပေးထားသော လူဦးရေ တစ်ခု အတွက် "(က) အသုံးပြုသော စွမ်းအင်/ပစ္စည်းဥစ္စာ အရင်းအမြစ်များ အားလုံးကို တောက်လျှောက် ပံ့ပိုးပေးနိုင်ပြီး (ခ) စွန့်ထုတ်သော စွန့်ပစ် အညစ်အကြေးများ အားလုံးကို တောက်လျှောက် လက်ခံ စုပ်ယူနိုင်မည့် ဂေဟဗေဒ စနစ်အရ အလုပ်ဖြစ်သည့် မြေနေရာ (နှင့် ရေပြင်) အကျယ်အဝန်း (ထိုမြေနေရာသည် မည်သည့် နေရာ၌မဆို ရှိနိုင်သည်) လိုအပ်ချက်" ကို တိုင်းတာတွက်ချက်ရာတွင် အဆိုပါ သဘောတရားကို ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည် (Andersson and Lindroth, 2001, p. 114)။ ထို့ကြောင့် ဂေဟဗေဒ ခြေရာ ပုံရိပ်များသည် သုတေသန ပညာရှင်များကို ဂေဟဗေဒအရ အနှုတ်ပြနေသော နိုင်ငံများကို ရှာဖွေဖော်ထုတ်နိုင်မည့် တွက်ချက်ရေး ကိရိယာ တစ်ခု ဖြစ်သည်။ ဂေဟ ဗေဒအရ အနှုတ်ပြခြင်း ဆိုသည်မှာ နိုင်ငံတွင်း ရှိသည့် နယ်မြေ အကျယ်အဝန်းထက် ပိုသော ဂေဟဗေဒ အကျယ်အဝန်းကို အသုံးပြုခြင်း ဖြစ်သည်။

ယနေ့ခေတ်တွင် လူသားများ၏ ဂေဟဗေဒ ခြေရာပုံရိပ်များသည် ကမ္ဘာမြေကြီးက ပြန်လည် အစားထိုး ဖြည့်ဆည်းပေးနိုင်သည့် ပမာဏထက် ၂၃ ရာခိုင်နှုန်း ပို၍ များပြားနေသည် (http://www.footprintnetwork.org/en/index.php/GFN/page/world_footprint/ တွင် ရှုပါ)။ ယင်းကို အခြား ဖော်ပြသည့် နည်းတစ်နည်းမှာ "ကမ္ဘာမြေအား ကျော်လွန်သုံးစွဲသည့်နေ့" (Earth Overshoot Day) ဟူ၍ ဖြစ်သည်။ ဥပမာ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ကို ကမ္ဘာမြေအား ကျော်လွန် သုံးစွဲသည့်နေ့ဟု သတ်မှတ်ထားသည်။ "လူသား မျိုးနွယ်စုက သဘာဝ၏ အရင်းအမြစ် ရန်ပုံငွေများကို ထိုနှစ်အတွက် အကုန်အစင် သုံးစွဲသည့် နေ့အဖြစ် သတ်မှတ်ခြင်း ဖြစ်သည်။ ထိုရက် ကျော်လွန်သွားပြီး ကျန်ရှိသည့် တစ်နှစ်လုံးတွင် ကျွန်ုပ်တို့သည် သဘာဝ အရင်းအမြစ်များ ချေးယူ သုံးစွဲခြင်း၊ လေထုထဲတွင်

ကာဗွန်ဒိုင်အောက်ဆိုက်ဒ်များ ထုတ်လွှတ်ခြင်းတို့ဖြင့် ဂေဟဗေဒ အနှုတ်ပြမှုများကို လုပ်ဆောင်ကြသည်။ ကျွန်ုပ်တို့သည် ကျော်လွန် သုံးစွဲနေကြသူများ ဖြစ်သည်" (Global Footprint Network, 2014)။ ရလဒ်အနေဖြင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အရင်းအမြစ်များကို ထုတ်ယူသုံးစွဲပြီး ရေရှည် တည်တံ့ခိုင်မြဲမှု မရှိစွာ သုံးစွဲကြသည်။ ဗြိတိန်၊ အမေရိကန်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံနှင့် ဂျာမနီ နိုင်ငံများ အပါအဝင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်ခြင်း ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ အဖွဲ့ (Organisation for Economic Co-operation and Development (OECD)) ဝင် နိုင်ငံ သုံးပုံ နှစ်ပုံခန့်သည် ဂေဟဗေဒ အနှုတ်ပြမှုကို ရင်ဆိုင်နေရသည်။ OECD အဖွဲ့ဝင် မဟုတ်သည့် နိုင်ငံများတွင် အဆိုးဆုံး ချိုးဖောက်သည့် နိုင်ငံများမှာ စင်ကာပူ၊ ဟောင်ကောင်နှင့် အစ္စရေးတို့ ဖြစ်သည်။ အချို့နိုင်ငံများသည် ၎င်းတို့၏ ဂေဟဗေဒဆိုင်ရာ အကြွေးများကို ၎င်းတို့၏ ရေရှည် တည်တံ့ခိုင်မြဲရေး အစီအမံများတွင် ပေါ်ပေါ်ထင်ထင်ပင် ထည့်သွင်း အသိအမှတ်ပြုထားသည်။ ဥပမာ ဗြိတိန်နိုင်ငံ၏ နောက်ဆုံး ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတွင် "ပြိုဟ်ကမ္ဘာ အသက်ရှင်သန်ရေး" ကို အဓိက ရည်ရွယ်ချက်အဖြစ် ဖော်ပြထားသည်။

ပိုမို ပြည့်စုံစွာ သိရှိလိုပါက Global Footprint Networks ၏ ဝက်ဘ်ဆိုဒ် (http://www.footprintnetwork.org/index.php/) တွင် ဝင်ရောက် လေ့လာနိုင်ပါသည်။ ယင်းဝက်ဘ်ဆိုဒ်တွင် ဂေဟဗေဒ ခြေရာပုံရိပ်များနှင့် ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရုပ်ရှင်များလည်း တွေ့နိုင်ပါသည်။

အဆိုပြုသည့် မဟာဗျူဟာမှာ ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု ဖြစ်သည်။ ယင်းကို "နောင်လာမည့် မျိုးဆက်သစ်များ၏ လိုအပ်ချက်များကို ထိခိုက်မှု မရှိစေဘဲ ပစ္စုပ္ပန် လိုအပ်ချက်များကို ပြည့်ဝစေသော ဖွံ့ဖြိုးတိုးတက်မှု" ဟု အဓိပ္ပာယ် ဖွင့်ဆိုသည် (WCED, 1987, p. 24)။ အတိုချုံး ဆိုရသော် မျိုးဆက် တစ်ခုချင်းစီက ၎င်း၏ ဂေဟဗေဒ ခြေရာ ပုံရိပ်များသည် (စာသေတ္တာ ၂၃.၂ တွင် ရှုပါ) ကမ္ဘာမြေက လက်ခံနိုင်သော ပမာဏထက် ကျော်လွန်မသွားစေဖို့ သေချာစေရမည် ဖြစ်သည်။ WCED ၏ အစီရင်ခံစာသည် ၁၉၉၂ ခုနှစ် ရီယိုတွင် ကျင်းပခဲ့သော ကမ္ဘာမြေ ညီလာခံဟု အများ သိကြသည့် သဘာဝ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ (the United Nations Conference on the Environment and Development (UNCED)) ဖြစ်ပေါ်လာရသည့် အဓိက အကြောင်းရင်းခံ တစ်ခု ဖြစ်သည်။ ထိုညီလာခံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု ရရှိရန် အာဂျန်ဒါ ၂၁ ဟု အမည်ပေးထားသည့် ပြည်တွင်း လုပ်ဆောင်ချက်များအတွက် ကမ္ဘာ့ အစီအမံ ထွက်ပေါ်လာခဲ့သည်။ ထိုအချိန်မှ စ၍ ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှု (နှင့် ယင်းနှင့်သက်ဆိုင်သော စိုးရိမ်ပူပန်မှုများ ဖြစ်သည့် ရေနံ ဈေးတက်ခြင်းနှင့် စွမ်းအင် မလုံလောက်ခြင်း) သည် အဓိက ကျသော သဘာဝ ပတ်ဝန်းကျင်နှင့် နိုင်ငံရေး ဖြစ်ရပ်အဖြစ် ထွက်ပေါ်လာခဲ့သည် (Barry, 2012; Klein, 2014)။ ရာသီဥတု ပြောင်းလဲခြင်းနှင့် သဘာဝ ပတ်ဝန်းကျင် ရေရှည် တည်တံ့ ခိုင်မြဲရေး နှစ်ခုလုံးကို ယေဘုယျ တုံ့ပြန်သည့် အနေဖြင့် ပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများနှင့် မူဝါဒ ချမှတ်သူများသည် "သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး" ဟူသည့် သဘောတရားကို စတင် ဖော်ထုတ် လာကြသည်။ ယင်းသဘောတရားသည် လူပုဂ္ဂိုလ်များ၊ လူ့အဖွဲ့အစည်းများနှင့် အနာဂတ် မျိုးဆက်သစ်များကို သဘာဝ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း၏ အဆိုးဆုံးသော သက်ရောက်မှု များမှ ကာကွယ်ပေးရန် ရည်ရွယ်သည်။

## သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး

သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး သဘောတရားများကို ပညာရပ်ဆိုင်ရာနှင့် မူဝါဒ ဆိုင်ရာ ဖိုရမ်များတွင် တင်ပြခဲ့ပြီး ဖြစ်သည်။ လက်တလော စာပေများတွင် လုံခြုံသော သဘာဝ ပတ်ဝန်းကျင် ရရှိရေးအတွက် လူ့အခွင့်အရေးကို ခုခံကာကွယ်ခြင်း (Nickel, 1993) မှသည် ကျန်းမာရေးနှင့် ဖူလုံရေးအတွက် လုံလောက်သည့် သဘာဝ ပတ်ဝန်းကျင် ရရှိရေး (Hayward, 2005)၊ သဘာဝ အရင်းအမြစ်များ ပိုင်ဆိုင်ရေး (Hancock, 2003)၊ ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှု ဆန့်ကျင်ရေး (Caney, 2007)၊ လေထုညစ်ညမ်းမှု ဆန့်ကျင်ရေး (Lercher, 2007)၊ အစားအစာ လက်လှမ်းမီမှု (Sage, 2012, IPCC, 2014, p. 18)၊ စိမ်းလန်းသော အနာဂတ်အတွက် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ထွက်ပေါ်လာခြင်း (Hiskes, 2005) တို့အထိ အမျိုးမျိုး တွေ့ရှိရသည်။ အခြား ချဉ်းကပ်ပုံများလည်း ရှိနိုင်သည်မှာ သံသယ ဝင်စရာ မလိုပေ။ အမျိုးမျိုးသော ငြင်းခုံ ဆွေးနွေးမှုများတွင် တူညီသည့် အချက်မှာ လူ့အခွင့်အရေး၏ နိုင်ငံရေးဆိုင်ရာ ပြောဆိုရေးသားမှု စွမ်းအားသည် ရေရှည် တည်တံ့ခိုင်မြဲရေး/ ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အတွက် တန်ဖိုးရှိပြီး သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများသည် အခြားသော လူသား လုံခြုံမှုအပေါ် ပုံမှန် ခြိမ်းခြောက်မှုများနှင့် နှိုင်းယှဉ်လျှင်လည်း ကျင့်ဝတ်ဆိုင်ရာ အခြေအနေ အဆင့်တစ်ခု ရှိပြီး လူ့အခွင့်အရေးက တတ်နိုင်သည့် ကာကွယ်မှု တစ်ခု ပေးရန် လိုအပ်သည် (Shue, 1980)။ သံသယ ရှိသူများကမူ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာများက ယူဆောင်လာသည့် ခြိမ်းခြောက်မှုများ၏ လက္ခဏာသည် အခြားသော လူ့အခွင့်အရေးက ကာကွယ်ပေးသည့် ခြိမ်းခြောက်မှုများ၏ လက္ခဏာနှင့် တူညီခြင်းရှိ၊ မရှိကို မေးခွန်းထုတ်ကြသည်။ သေချာသည့် အချက်မှာ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အခွင့်အရေးများသည် စံပြ လူ့အခွင့်အရေးများ ဖြစ်သည့် နှိပ်စက်ခံရခြင်း မရှိခွင့် ကဲ့သို့သော လူ့အခွင့်အရေးများ နည်းတူ တိုက်ရိုက် အပြန်အလှန် ကူးလူးဆက်နွယ်သည့် သဘောတရား မရှိပေ။ မည်သို့ပင် ဆိုစေကာမူ ကျွန်ုပ်တို့၏ လူ့အခွင့်အရေးအပေါ် နားလည်မှုများ ဖွံ့ဖြိုးတိုးတက်လာပြီး လူ့ဂုဏ်သိက္ခာနှင့် ကိုက်ညီသော ဘဝအပေါ် လက်တွေ့ ခြိမ်းခြောက်သည့် အရာများကို အကဲဖြတ် လာသည်နှင့် အညီ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို ကာကွယ်သည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ငြင်းခုံ ဆွေးနွေးမှုများအား အလေးအနက် ထားရန် အကြောင်းအရင်းများ ရှာတွေ့လာမည် ဖြစ်သည်။

### သဘာဝ ပတ်ဝန်းကျင်၊ လူသားများ (မ)လုံခြုံမှုနှင့် လူ့အခွင့်အရေး

နိုင်ငံများ အားလုံး နီးပါးသည် ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းကို တရားဝင် လက်မှတ် ရေးထိုးထားကြသည်။ လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် ၃ တွင် လူတိုင်းသည် “အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ် လုံခြုံမှု ရခွင့် ရှိသည်” ဟု ဆိုထားသည်။ လူတစ်ဦး၏ လုံခြုံရေးကို သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ် အများအပြားက ခြိမ်းခြောက် နိုင်သည်။ ရှေးဦးစွာ သဘာဝ ပတ်ဝန်းကျင် ယိုယွင်း ပျက်စီးခြင်းနှင့် ရေနံ၊ သောက်သုံးရေ ကဲ့သို့သော အရင်းအမြစ်များ ကုန်ခန်းလာခြင်းသည် အီရတ်ကို ကျူးကျော်ဝင်ရောက် သိမ်းပိုက်မှုမှ ဆူဒန်နိုင်ငံ ဒါဖားဒေသရှိ ပဋိပက္ခများအထိ ကမ္ဘာ့ဒေသ အများအပြားတွင် ကြမ်းတမ်းသော ပဋိပက္ခများ ဖြစ်ပွားစေသည့် အကြောင်းရင်းခံ (သို့) ဖြစ်ပွားစေရာတွင် ပါဝင်သည့် အကြောင်းအရင်း တစ်ခု ဖြစ်သည်။ ထိုပြဿနာမှာ ရေနံနှင့် ရာသီဥတု ဖောက်ပြန် ပြောင်းလဲခြင်း တို့နှင့်

ပတ်သက်လာလျှင် အထူး သိသာသည်။ ကျွန်ုပ်တို့မှာ ရေနံဈေး ခေါင်ခိုက်လာခြင်း၏ ခြိမ်းခြောက်မှု နှစ်ခုကို တစ်ပြိုင်တည်း ရင်ဆိုင်နေရသည် (ရေနံ ရှားပါးလာခြင်းနှင့် ပို၍ ဈေးကြီးလာခြင်း) (Aleklett, 2012)။ နီယိုလစ်ဘရယ်များ မြှင့်တင်သည့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ စီးပွားရေး နည်းလမ်း ဖြစ်သည့် ဝါရှင်တန် သဘောတူညီချက်သည် ဘွင်းဘွင်း ဆိုရလျှင် ရေနံများ ဈေးသက်သက်သာသာ ရရှိရေးအပေါ် အခြေခံထားသည်။ (ဆာဒန်ဟူစိန် လက်အောက် အီရတ်မှာကဲ့သို့) ရေနံ အရင်းအမြစ်များ ခြိမ်းခြောက်ခံရသည့်အခါ "အရင်းအမြစ် စစ်ပွဲများ" စတင်လာနိုင်သည်။ သက်ဆိုင်သည့် ကိစ္စရပ် တစ်ခုမှာ ရေနံ အရင်းအမြစ်များ အပေါ် အခြေခံထားသည့် ဖွံ့ဖြိုးတိုးတက်မှု၏ ထိခိုက်လွယ်မှုနှင့် ရေနံ (နှင့် သဘာဝ ဓာတ်ငွေ့) ဈေးမြင့်တက်လာခြင်း၏ စွမ်းအင် မလုံခြုံမှု ဆိုင်ရာ သက်ရောက်မှုများသည် ဖွံ့ဖြိုးတိုးတက်မှု ကိုလည်း မလုံမခြုံ ဖြစ်စေသည်။ အခြားတစ်ဘက်တွင်လည်း ရေနံများနှင့် သဘာဝ ဓာတ်ငွေ့များကို သမားရိုးကျ မဟုတ်သော အမြတ်ထုတ်ခြင်း (ထိုသို့ အမြတ်ထုတ်ခြင်းကြောင့် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ အများအပြား ရှိနေသလားဟု သံသယ ဝင်စေသည်) ကြောင့် ဖြစ်ပွားရသည့် သဘာဝ ပတ်ဝန်းကျင်၊ ရေနှင့် ရာသီဥတု ဖောက်ပြန် ပြောင်းလဲခြင်း အကျိုးဆက်များသည် လူမှုနှင့် ဂေဟဗေဒဆိုင်ရာ အန္တရာယ် အများအပြား ယူဆောင်လာသည်။ ယင်းမှာ ရေနံကို အခြေခံသည့် ဖွံ့ဖြိုးမှု၏ ကုန်ကျစရိတ်အတွက် "စွန့်လွှတ် အနစ်နာခံသည့် ဇုန်များ" ဖန်တီးခြင်း (ဥပမာ အယ်လ်ဘာတာ၏ ရေနံ ထွက်ရာ သဲမြေ ဒေသ) သို့မဟုတ် ရေနံကို အခြေခံသည့် ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက် လုပ်ဆောင်ကာ တည်ငြိမ်သော ရာသီဥတု အခြေအနေအတွက် သိပ္ပံပညာအရ စိတ်ချရသည့် ပမာဏကို ကျော်လွန် လောင်ကျွမ်းစေခြင်းဖြင့် "ကမ္ဘာမြေကို ပိုမို ပူလောင်စေခြင်း"တို့ ဖြစ်သည်။

ဒုတိယ အနေဖြင့် သန့်ရှင်းသော လေနှင့် ရေတို့ ရရှိရေးမှာ လူသားများ အသက်ရှင်ရေးအတွက် မရှိမဖြစ် လိုအပ်သည်။ လုံလောက်သော အစားအစာ ပမာဏနှင့် အရည်အသွေး ရရှိရေးမှာလည်း သဘာဝ ပတ်ဝန်းကျင် အပေါ် များစွာ မှီခိုနေပြီး လူသားများ၏ လုံခြုံရေးနှင့် လူ့အခွင့်အရေးများ ရရှိရေး အတွက်လည်း မရှိမဖြစ် လိုအပ်သည်ဟု ယူဆနိုင်သည်။ ဗန်ဒါနာ ရှီဗာ (Vandana Shiva) (1999) ဆိုခဲ့သည့်အတိုင်း လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ဆာလောင်မွတ်သိပ်မှုနှင့် နိုင်ငံရေးအရ ဖိနှိပ်မှုများဖြင့် ထိခိုက်စေနိုင်သည်။ တတိယ အချက်မှာ လေထု ညစ်ညမ်းခြင်း ဖြစ်စေ၊ ရေနံ ယိုဖိတ်မှု ဖြစ်စေ၊ အခြားသော ဓာတု ပစ္စည်း ယိုဖိတ်မှု ဖြစ်စေ၊ ရေဒီယို သတ္တိကြွ ညစ်ညမ်းမှုများကြောင့် ဖြစ်စေ၊ ရေကြီး ရေလျှံခြင်းနှင့် ပင်လယ်ရေ မျက်နှာပြင် မြင့်တက် လာခြင်းကြောင့် ဖြစ်စေ၊ မြေပြိုခြင်း၊ မြေတိုက်စားခြင်းကြောင့် ဖြစ်စေ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အန္တရာယ်များကြောင့် လူများကို ၎င်းတို့၏ မြေများမှ ပြောင်းရွှေ့ ပစ်လိုက်သောအခါ လူသားများအတွက် လုံခြုံရေးကို ခြိမ်းခြောက်ရာကျသည်။ ဤနေရာတွင် တူးဖော်ရေးနှင့် ရေကာတာ ဆောက်လုပ်ရေး ကဲ့သို့သော ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် လူများကို ၎င်းတို့ နေထိုင်ရာ မြေများမှ ဖယ်ထုတ်ပစ်လိုက်ခြင်းလည်း အကျုံးဝင်သည် (ဖြစ်ရပ် လေ့လာခြင်း အပိုင်းကို ရှုပါ)။

ဂလိုဘယ်လ်လိုက်ဇေးရှင်းနှင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်လာခြင်းတို့နှင့် သက်ဆိုင်သည့် လုပ်ရပ်များကြောင့် လူသား လုံခြုံမှုကို ခြိမ်းခြောက်ခံရခြင်းနှင့် အပေးအယူ လုပ်ရခြင်းတို့ အကြောင်း တင်ပြထားသည့် စာအုပ်စာတမ်း များစွာ ရှိသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ဂျိုအန် မာတီးနက်ဇ် အယ်လ်လီယာ (Joan Martinez-Alier) ၏ "ဆင်းရဲသားများအတွက် သဘာဝ ပတ်ဝန်းကျင် သဘောတရား" ဟူသည့် စာတမ်းကို မကြာခဏ ကိုးကားလေ့ ရှိသည်။ တွင်းထွက် ပစ္စည်းများ၊ ရေနံနှင့်

သစ်အရင်းအမြစ်များကို အမြတ်ထုတ်ရန် ဖွံ့ဖြိုးရေး မဟာဗျူဟာများ ချမှတ်သည့်အခါ "ဆင်းရဲသားများသည် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းသူများ မဟုတ်သည့် တိုင်အောင် ထိုအရင်းအမြစ်များ ထိန်းသိမ်းရန်နှင့် သန့်ရှင်းသော သဘာဝ ပတ်ဝန်းကျင် ရရှိရေး အတွက် တိုက်ပွဲဝင်ရသူများ" ဖြစ်လာကြသည် (Martinez-Alier, 2003, p. 201)။ ပစ္စည်းတစ်ခု အတွက် ဈေးကွက် ဈေးနှုန်းတွင် ဂေဟဗေဒဆိုင်ရာ ကုန်ကျစရိတ်များ ထည့်သွင်း စဉ်းစားခြင်း မရှိသော စီးပွားရေး လုပ်ငန်းကြီးများ (ကုန်ထုတ်လုပ်သူသည် အဆိုပါ ကုန်ကျစရိတ်များအတွက် ကျခံစရာ မလိုသောကြောင့်) ၏ ဘေးထွက် ဆိုးကျိုးများမှ ထွက်ပေါ်လာသည့် ဒေသတွင်း သဘာဝ ပတ်ဝန်းကျင် လုံခြုံရေးကို ခြိမ်းခြောက်မှုများအား တုံ့ပြန်သည့် အနေဖြင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ တရားမျှတမှု လှုပ်ရှားမှုများ ပေါ်ပေါက်လာ ရသည်။

သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ တရားမျှတမှုမှ ထွက်ပေါ်လာသည့် ဒေသတွင်း ပဋိပက္ခများက ယေဘုယျ နိဂုံး တစ်ခုကို ညွှန်ပြနေသည်။ အဓိက လွှမ်းမိုးနေသော ထုတ်လုပ်ရေးနှင့် စားသုံးရေး ပုံစံများသည် ဂေဟဗေဒ စနစ်အရ ရေရှည် တည်တံ့ခိုင်မြဲခြင်း မရှိသည့်အခါ လူသားတို့သည် လူတစ်ဦး ရရှိသင့်သည့် လုံခြုံရေးကို ရရှိသည်ဟု မဆိုနိုင်ပေ။ ထို့ပြင် ဒေသတွင်း သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာများသည် ကမ္ဘာနှင့်ချီ၍ သက်ဆိုင်လာသည်လည်း ရှိသည်။ ဥပမာ ဥရောပနှင့် မြောက်အမေရိကရှိ စက်သုံးဆီ အရောင်းဆိုင်များအတွက် ရေနံများ ပံ့ပိုးပေးနိုင်ရန် နစ်ဂါ မြစ်ဝကျွန်းပေါ် ဒေသတွင် ရေနံထုတ်လုပ်နေသည့် ကုမ္ပဏီများ ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် လက်ရှိ ထုတ်လုပ်ရေးနှင့် စားသုံးရေး ပုံစံများသည် ဂေဟဗေဒအရ ရေရှည်တည်တံ့ခိုင်မြဲမှု မရှိပေ။ ထိုအရာများကို ဖြေရှင်းရန် တာဝန်မှာ တစ်ကမ္ဘာလုံးတွင် ရှိသည်။ လူတစ်ဦး၏ လုံခြုံရေးဆိုင်ရာ လူ့အခွင့်အရေး ရရှိစေရန် ကျွန်ုပ်တို့ လုံခြုံရေးအတွက် လိုအပ်သည့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ထုတ်ကုန်များ ဖြစ်သည့် သန့်ရှင်းသောရေ၊ ရေရှည် တည်တံ့ခိုင်မြဲသော အစားအစာ အရင်းအမြစ်၊ ဖွံ့ဖြိုးရေး (သို့) ထိန်းသိမ်းရေး စီမံကိန်းများအတွက် ကျွန်ုပ်တို့ နေထိုင်ရာ နေရာများမှ ဖယ်ရှား မခံရခွင့်တို့ ရရှိခွင့် ရှိသည်။

| အနှစ်ချုပ် |
|---|
| သဘာဝ ပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးအကြား ဆက်ဆံရေး အခြေခံများအရ လူသားများသည် ဂေဟဗေဒအရ ပေါင်းစပ် တည်ရှိနေသည့် သတ္တဝါများ ဖြစ်သည်မှာ ငြင်းဆန်၍ မရပေ။<br>သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ပညာရှင်များက သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ဆိုကြသည်။ ထိုသူများအကြား တူညီသည့် အမြင်တစ်ခုမှာ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာများသည် လူ့အခွင့်အရေးက အကာအကွယ် ပေးထားသည့် အခြားသော စံပြဿနာများနှင့် နှိုင်းယှဉ်နိုင်သည် ဟူသည့် အချက် ဖြစ်သည်။<br>ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် ၃ က လူတိုင်းသည် "အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ် လုံခြုံမှု ရခွင့် ရှိသည်" ဟု ဆိုထားသည်။ သဘာဝ ပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှုများနှင့် ရေနံ၊ သန့်ရှင်းသော ရေကဲ့သို့သော အရင်းအမြစ်များ ကုန်ခန်းလာခြင်းက ကြမ်းတမ်းသော ပဋိပက္ခများ ဖြစ်ပွားစေသည့် အကြောင်းရင်းခံ (သို့) အကြောင်းအရင်းများထဲမှ တစ်ခု ဖြစ်လာသည်။<br>ပစ္စည်းတစ်ခုအတွက် ဈေးကွက် ဈေးနှုန်းတွင် ဂေဟဗေဒဆိုင်ရာ ကုန်ကျစရိတ်များ ထည့်သွင်း စဉ်းစားခြင်း မရှိသော စီးပွားရေး လုပ်ငန်းကြီးများ၏ ဘေးထွက် ဆိုးကျိုးများမှ ထွက်ပေါ်လာသည့် ဒေသတွင်း သဘာဝ ပတ်ဝန်းကျင် လုံခြုံရေးအပေါ် ခြိမ်းခြောက်မှုများအား တုံ့ပြန်သည့် အနေဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ |

တရားမျှတမှု လုပ်ရှားမှုများ ပေါ်ပေါက်လာရသည်။
ကျွန်ုပ်တို့တွင် လုံခြုံမှု ရရှိခွင့် ရှိသည်ဟု ဆိုပါက ထိုလုံခြုံမှုအတွက် လိုအပ်သည့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ထုတ်ကုန်များလည်း ရရှိခွင့် ရှိသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**
သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး ဟူသော သဘောတရား၏ နောက်ကွယ်မှ အဓိက တွေးခေါ်မှုများနှင့် ၎င်း၏ လက်တွေ့ သက်ရောက်မှုများမှာ အဘယ်နည်း။

## ကိုက်ညီမှု ပြဿနာများ

ယခု အပိုင်းတွင် လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင်အကြား ကိုက်ညီမှုများကို ဆွေးနွေး သွားပါမည်။ လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့ ခိုင်မြဲမှုသည် အပေါ်ယံ ကြည့်ပါက သဘာဝကျသည့် မိတ်ဆွေများ ဖြစ်သည်။ လူ့အခွင့်အရေးကို လိုလားသူများအကြား သဘာဝ ပတ်ဝန်းကျင်ကို မကာကွယ်သင့်ဟု ပြောမည့်သူ ရှိပါမည်လား။ ထိုနည်းတူ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များအတွက် လှုပ်ရှား ဆောင်ရွက်သူများအကြား လူ့အခွင့်အရေး၏ စံနှုန်း အခြေအနေနှင့် မဟာဗျူဟာဆိုင်ရာ တန်ဖိုးများကို အသိအမှတ် မပြုသူ ရှိပါမည်လား။ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို အများ လက်ခံနားလည် ထားခြင်းတွင်လည်း လူ့အခွင့်အရေးကို ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းတို့အား အဓိက အစိတ်အပိုင်း တစ်ခုအဖြစ် ထည့်သွင်းထားသည် (UNDP, 1998)။

### ဒဿနိက ဗေဒဆိုင်ရာ အခြေခံများ

ယေဘုယျအားဖြင့် လူ့အခွင့်အရေးသည် လူပုဂ္ဂိုလ်များကို (များသောအားဖြင့် နိုင်ငံတော်၏) အန္တရာယ်မှ ကာကွယ်ခြင်းနှင့် လွတ်လပ်ခွင့်များကို ကာကွယ်ခြင်းနှင့် ချဲ့ထွင်ခြင်း ဖြစ်သည်။ လွတ်လပ်စွာ ပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ တွေးခေါ်ခွင့်နှင့် အခြားသူများ၏ ဘဝများကို အတားအဆီး မဖြစ်သရွေ့ မိမိ ရွေးချယ်သည့် နည်းလမ်းဖြင့် လွတ်လပ်စွာ နေထိုင်ခွင့်တို့ ဖြစ်သည်။ လူ့အခွင့်အရေးများသည် လူတစ်ဦးတစ်ယောက်နှင့် သက်ဆိုင်ပြီး (အနည်းဆုံး ၎င်းတို့၏ မူလ အရင်းခံအရ) လစ်ဘရယ် ကျသည်။ တာဝန်ထက် ရပိုင်ခွင့်ကို အရင်းခံသည်။ ထို့ပြင် လူသားများသည် ဂုဏ်သိက္ခာနှင့် အခြားသော သင့်လျော်သည့် ပုံစံဖြင့် ဆက်ဆံခံရသင့်သော၊ ဝင်ရောက် စွက်ဖက်ခြင်း မခံရသင့်သော အထူးသတ္တဝါများ ဟူသည့် စံနှုန်းဆိုင်ရာ အဆင့်အတန်း တစ်ခုအပေါ် အခြေခံထားသည်။ လူ့အခွင့်အရေးသည် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ နိုင်ငံရေး၏ အဓိက စိုးရိမ်ပူပန်မှုများနှင့် ပုံစံမျိုးစုံဖြင့် ပဋိပက္ခ ဖြစ်နေသည်။

သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ နိုင်ငံရေးတွင် များသောအားဖြင့် နိုင်ငံသားများသည် တာဝန် ထမ်းဆောင်ရမည့်သူများ ဖြစ်သည်။ တစ်ခါတရံတွင် လွတ်လပ်ခွင့်များကို ကာကွယ်ခြင်း၊ ချဲ့ထွင်ခြင်းထက် ဂေဟဗေဒအရ ရေရှည်တည်တံ့ ခိုင်မြဲမှုကို ထိခိုက်စေသည့် ပြုမူနေထိုင်ခွင့် များအား တားဆီးခြင်းလည်း ပါဝင်သည်။ အချို့သော သဘာဝ ပတ်ဝန်းကျင် သီအိုရီ ထုတ်ဖော်သူ များက နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ

လွတ်လပ်ခွင့်များကို သဘာဝ ပတ်ဝန်းကျင်အတွက် ကန့်သတ် ထားသင့်သည်ဟု ဆိုကြသည် (Hardin, 1977; Ophuls, 1977)။ နောက်ပိုင်း သဘာဝ ပတ်ဝန်းကျင် တွေးခေါ်သူများကမူ ထိုသို့သော သဘာဝ ပတ်ဝန်းကျင် အခြေပြု အာဏာရှင် ပုံစံကို ဆန့်ကျင် ခဲ့ကြသည် (Barry, 1999; Humphery, 2007)။ သဘာဝ ပတ်ဝန်းကျင်ကို လေးစားသည့် နိုင်ငံသားများသည် အနာဂတ် မျိုးဆက်သစ်များနှင့် လက်ရှိ အသက်ရှင် နေထိုင်ကြသူများအတွက် တန်းတူ လွတ်လပ်ခွင့်များ ရရှိရေးကို ပိတ်ပင်ရာ မကျသည့် ပုံစံဖြင့် နေထိုင်ရန် လိုအပ်သည်။ သို့ရာတွင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ နိုင်ငံရေးသည် လူပုဂ္ဂိုလ် တစ်ဦး တစ်ယောက်နှင့် လူအုပ်စုများ၏ သင့်တင့်ကောင်းမွန်ပြီး ကျန်းမာသော သဘာဝ ပတ်ဝန်းကျင် ရရှိရန် အခွင့်အရေးကို တောင်းဆိုခြင်း ဖြစ်ပြီး ထို့ကြောင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ နိုင်ငံရေးတွင် တာဝန်ရော၊ အခွင့်အရေးပါ ပါဝင်သည်။

သဘာဝ ပတ်ဝန်းကျင်ကို အလေးထားသည့် ပညာရှင်များက လူသားများသည် စကြာဝဠာတွင် အခွင့်ထူးခံ နေရာမရှိပေ၊ သမိုင်းစဉ်လာအရ ဖြစ်ပွားသည့် သဘာဝ ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများက လူသားများသည် အခြားသော တိရစ္ဆာန်များနှင့် ဂေဟစနစ်များထက် ပို၍ အရေးကြီးသည်ဟူသည့် သဘောတရားအပေါ် အခြေခံသည်ဟု ဆိုကြသည်။ ထို့ကြောင့် သဘာဝ ပတ်ဝန်းကျင်ကို အလေးထားသည့် ပညာရှင်များက ကျွန်ုပ်တို့သည် သဘာဝ ပတ်ဝန်းကျင်နှင့် လူသားများ အားလုံးကို မူလအားဖြင့် တန်ဖိုးရှိသူများအဖြစ် အသိအမှတ်ပြုရမည်ဟု ဆိုသည်။ ထိုအမြင်အရ ဂေဟဗေဒ ရေရှည်တည်တံ့ ခိုင်မြဲမှုကို ထိခိုက်စေသော လူမှုရေးနှင့် စီးပွားရေး အလေ့အကျင့်များ၏ အရင်းခံဖြစ်သည့် လူသားများသည် အားလုံးထက် မြင့်မြတ်သည်ဟူသော အယူအဆအစွဲကို သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးက မည်သို့ တိုက်ဖျက်နိုင်မည်မှာ မရှင်းလင်းပေ။ လူသားများကို အဓိကထားသည့် အယူအဆ (anthropocentrists) ရှိသူများထဲမှ အစွန်းမရောက်သူများကပင် လူသားများသည် သဘာဝတရားတွင် အသာစီးရနေသည့် အနေအထားကို ရယူထားခြင်းအား အတိုင်းအတာ တစ်ခုအထိ တိုက်ဖျက် လိုကြပြီး ပို၍ နှိမ့်ချသော၊ သဘာဝအလျောက် တုံ့ပြန်သော၊ သဘာဝ ပတ်ဝန်းကျင်ကို ထည့်သွင်းစဉ်းစားသော လူသား အခြေပြု စနစ် တစ်ခုကို တည်ထောင်ရန် အကြံပြုကြသည်။ ထိုစနစ်တွင် လူသားများကို လူသား မဟုတ်သည့် ကမ္ဘာမြေ၏ အစိတ်အပိုင်း တစ်ခု အဖြစ် လည်းကောင်း၊ ထိုကမ္ဘာမြေနှင့် ကင်းကွာ၍လည်းကောင်း ရှုမြင်ကြသည် (Barry, 1999)။

အရေးအပါဆုံး အချက်မှာ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ပညာရှင်များက ယနေ့ခေတ် နေထိုင်သူများသည် အနာဂတ် မျိုးဆက်များအတွက် ရေရှည်တည်တံ့ခိုင်မြဲသော သဘာဝ ပတ်ဝန်းကျင်နှင့် လုံလောက်သော အရင်းအမြစ် အခံများကို တတ်နိုင်သရွေ့ ချန်ထားရန် တာဝန်ရှိသည်ဟု အသိအမှတ် ပြုထားကြသည်။ အနာဂတ်ကို အရင်းခံသည့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကျင့်ဝတ် မရှိလျှင် လက်ရှိ ရင်ဆိုင်နေရသော ဆိုးရွားသည့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာများသည် အကန့်အသတ်နှင့်သာ အကျုံးဝင်မည် ဖြစ်ပြီး ပို၍ ဆိုးရွားသော သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုများကို ခွင့်ပြုသည့် အကန့်အသတ် ရှိသော ရေရှည် တည်တံ့ခိုင်မြဲမှုသာ ရရှိပေလိမ့်မည် (K. Woods, 2010)။ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးတွင် အငြင်းပွားဖွယ်ရာ အဖြစ်ဆုံး မေးခွန်းမှာ လူတစ်ဦးတစ်ယောက်ချင်း ဖြစ်စေ (Feinberg, 1974)၊ အုပ်စု အခွင့်အရေးကို စုပေါင်း ကာကွယ်သူများ ဖြစ်စေ (Hiskes, 2005, 2009) အနာဂတ် မျိုးဆက်သစ်များသည် ယခု လက်ရှိ နေထိုင်နေသူများအပေါ် တောင်းဆိုမှုများ ပြုလုပ်နိုင်ခြင်း အပါအဝင် ကျင့်ဝတ်ပိုင်းအရ

ဖိအားပေးနိုင်ခွင့် ရှိသည်ဟူသည့် အချက်ပင်။ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို ထောက်ခံသူများက အနာဂတ်မှ လူများသည် ထိုအခွင့်အရေးများ မရှိဟု လက်ခံ၍ မရသလို (Caney, 2007; Read, 2011) ဝေဖန်ထောက်ပြသူများကလည်း အနာဂတ်မှ လူများတွင် ထိုအခွင့်အရေးများ ရှိသည်ဟု လက်ခံ၍ မရပေ (Woods, 2010) (စာသေတ္တာ ၂၃.၃ တွင် ရှုပါ)။

| စာသေတ္တာ ၂၃.၃။ အခြား အမြင် တစ်မျိုး၊ အနာဂတ် မျိုးဆက်သစ်များတွင်ရော အခွင့်အရေး ရှိပါသလား။ |
| --- |
| အနာဂတ် မျိုးဆက်သစ်များတွင် အခွင့်အရေးများ ရှိပါသလား ဟူသည့် မေးခွန်းသည် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကျင့်ဝတ်နှင့် နိုင်ငံရေးတွင် အရေးပါသည့် မေးခွန်း တစ်ခု ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် အနာဂတ် မျိုးဆက်များတွင် အခွင့်အရေးများ ရှိလျှင် လက်ရှိ မျိုးဆက်တွင် သက်ဆိုင်သည့် တာဝန်များ ရှိမည် ဖြစ်သည်။ ထို့ကြောင့် လက်ရှိ မျိုးဆက်များ၏ အရင်းအမြစ်များ သုံးစွဲခြင်း ဆိုင်ရာ ရွေးချယ်မှုများသည် အနာဂတ် မျိုးဆက်များ၏ အခွင့်အရေးများကို မထိခိုက်စေရန် သတိပြုရမည် ဖြစ်သည်။<br><br>သို့ရာတွင် အတွေးအခေါ်ပိုင်းအရ အနာဂတ် မျိုးဆက်များတွင်လည်း အလားတူ အခွင့်အရေး များပင် ရှိသည် ဟူသည့် သဘောတရားမှာ လက်ခံရန် ခက်ခဲသည်။ ယင်းအတွက် အကြောင်းပြချက် အများအပြား ရှိသည်။ ရှေးဦးစွာ လက်ရှိတွင် အနာဂတ် အခွင့်အရေးများကို ရယူထားသူများ မရှိသေးပေ (Macklin, 1981, pp. 151-2; Beckerman, 2001, p. 18)။ ထို့ကြောင့် ၎င်း၏ အခွင့်အရေး ချိုးဖောက်ခံရသည်ဟု ဆိုနိုင်သူ မရှိပေ။ ထိုသို့သော ကန့်ကွက်မှုများကို တုန့်ပြန်သည့် အနေဖြင့် ဂျိုဝယ်လ် ဖိန်းဘာ့ဂ် (Joel Feinberg) (1974) က အနာဂတ်မှ လူသားများ၏ အခွင့်အရေးသည် တည်မှီနေသော အခွင့်အရေးများ ဖြစ်သည်၊ အဆိုပါ အခွင့်အရေးများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ အင်အားသည် အနာဂတ်မှ လူများ တည်ရှိလာမှုအပေါ် တည်မှီနေသည်ဟု ဆိုသည်။ အနာဂတ်တွင် လူများ ရှိနေမည်ဟု ယူဆနိုင်သည့်အတွက် အဆိုပါ အဆိုများမှာ အဓိပ္ပာယ် ရှိသည်ဟု ဆိုနိုင်သည်။<br><br>အနာဂတ်မှ လူများ၏ အခွင့်အရေးကို ခုခံကာကွယ်ခြင်းသည် နှစ်ရှစ်ဆယ်အကြာတွင် လူတစ်ဦးကို ထိခိုက်စေမည့် ချိန်ကိုက် ကျော့ကွင်း တစ်ခုနှင့် ဆင်တူသည်ဟု ရောဘတ် အီလီရတ် (Robert Elliot) (1989) က တင်ပြခဲ့သည်။ ချိန်ကိုက် ကျော့ကွင်းထဲ ဝင်သွားသည့်အခါ ကြီးမားသော ထိခိုက်မှု ကြုံရမည် ဖြစ်သည်။ ဒဏ်ရာရသွားသူသည် ချိန်ကိုက် ကျော့ကွင်း မထောင်မီက မွေးဖွားခဲ့သည် ဖြစ်စေ (ကျော့ကွင်း ထောင်ချိန်က မွေးဖွားခဲ့ပြီးပါက ထိုအချိန်က အခွင့်အရေးကို ရရမည် ဖြစ်သည်)၊ ကျော့ကွင်း ထောင်ပြီးမှ မွေးဖွားခဲ့သည် ဖြစ်စေ (ကျော့ကွင်း ထောင်စဉ်က အနာဂတ်မှ လူဖြစ်သည်) ဒဏ်ရာရစေခြင်းသည် လူတစ်ဦး၏ အခွင့်အရေးကို ချိုးဖောက်ခြင်း ဖြစ်သည်ဟူသော ဆုံးဖြတ်ချက်ကို ပြောင်းလဲစေလိမ့်မည် မဟုတ်ပေ။ ဒဏ်ရာရသူသည် ကျော့ကွင်း ဆင်ချိန်က မွေးဖွားပြီးသူ ဖြစ်စေ၊ မမွေးဖွားရသေးသူ ဖြစ်စေ ကျော့ကွင်းဆင်သူသည် ဒဏ်ရာ ရသူ၏ အခွင့်အရေးကို ချိုးဖောက်ရာကျသည်။ ထိုဥပမာအရ ပစ္စုပ္ပန်မှ လူများသည် ရာသီဥတု ဖောက်ပြန် ပြောင်းလဲခြင်း ပြဿနာများ ဖြစ်ပွားစေခြင်းဖြင့် အနာဂတ်မှလူများ၏ အခွင့်အရေးကို ချိုးဖောက်ရာ ကျသည်။ ရာသီဥတု ဖောက်ပြန်ခြင်းသည် အနာဂတ်မှ လူများ၏ အသက်များနှင့် ဖူလုံရေးကို များစွာ ထိခိုက်စေမည်ဟု မျှော်မှန်းနိုင်သည်။ |

ထိုသို့သော ငြင်းခုံ ဆွေးနွေးမှုများ၏ နောက်ခံတွင် သံသယ ရှိသူများက ဒဲရက် ပါဖစ် (Derek Parfit) (1984) ထောက်ပြသည့် "သရုပ်သဏ္ဍာန် မရှိမှု ပြဿနာ" ကို ထောက်ပြကြသည်။ ထိုအမြင်က အနာဂတ်မှ လူများသည် ၎င်းတို့ ပုံစံ တစ်မျိုးဖြင့် တည်ရှိလာနိုင်ခြင်းကို အဆုံးအဖြတ် ပေးနိုင်သည့် အရာများကြောင့် ထိခိုက်နိုင်ချေကို သံသယရှိကြခြင်း ဖြစ်သည်။ ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှုကြောင့် မိသားစု တစ်စုသည် အခြား နိုင်ငံသို့ ပြောင်းရွှေ့သွားပါက ထိုမိသားစုမှ လူတစ်ဦးသည် ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှုကြောင့် အန္တရာယ် ကျရောက်သည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့် ဆိုသော် ထိုသူ မွေးဖွားစေရန် (ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှု၏ တစ်စိတ်တစ်ပိုင်း လွှမ်းမိုးမှုကြောင့်) ဖြစ်ပွားခဲ့သော ဖြစ်ရပ်များသာ မဖြစ်ခဲ့လျှင် ထိုသူသည် ယခု ဖြစ်နေသည့် ပုံစံနှင့် တစ်ပုံစံတည်း မွေးဖွားလာချင်မှ မွေးဖွားလာမည် ဖြစ်သည်။ အချို့သူများက ထိုအဆိုအရ မျိုးဆက် တစ်ခုနှင့် တစ်ခုအကြား လူ့အခွင့်အရေးသည် ပြဿနာများ ရှိသည်ဟု မြင်သော်လည်း အချို့ကမူ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များတွင် သရုပ်သဏ္ဍာန် ကွဲပြားခြင်း ပြဿနာ၏ ဆီလျော်မှုသည် အားနည်းပြီး (Tremmel, 2009) အနာဂတ် မျိုးဆက်များက ကျွန်ုပ်တို့အပေါ် ကျင့်ဝတ်ပိုင်းအရ တောင်းဆိုနိုင်ခြင်းအပေါ် အားကောင်းသည့် ငြင်းဆန် တုံ့ပြန်မှု မပြုလုပ်နိုင်ပေ (Read, 2011)။

## လူ့အခွင့်အရေးက အစိမ်းရောင် ဖြစ်နိုင်ပါသလား (သဘာဝ ပတ်ဝန်းကို လေးစား နိုင်ပါသလား)

အခွင့်အရေး မူဘောင်များကို အစိမ်းရောင် ခြယ် (သဘာဝ ပတ်ဝန်းကျင်ကို လေးစားခြင်း) နိုင်ပါသလား၊ မည်မျှအထိ အစိမ်းရောင် ခြယ်နိုင်ပါသနည်း။ ထိုကိစ္စရပ်၏ အဓိက ကျသည့် အချက်မှာ လူအားလုံး၏ လွတ်လပ်မှုသည် ဂေဟဗေဒအပေါ် တည်မှီနေသည်ဟူသည့် အချက်ပင် ဖြစ်သည်။ ထို့ကြောင့် ကလော့စ် ဘော့ဆယ်လ်မန်း (Klaus Bosselmann) က သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးအတွက် ဂေဟဗေဒဆိုင်ရာ အကန့်အသတ်များဟူသည့် အဆိုကို တင်ပြခဲ့သည်။ အဆိုပါ အကန့်အသတ်များ ဆိုသည်မှာ "လူတစ်ဦးတစ်ယောက်၏ လွတ်လပ်ခွင့်ကို လူမှု နောက်ခံ အကြောင်းအရာများ၊ လူ့အခွင့်အရေး၏ လူမှုရေး ရှုထောင့်၊ ကပင် ဆုံးဖြတ်ပေးသည် မဟုတ်။ ဂေဟဗေဒဆိုင်ရာ နောက်ခံကလည်း ဆုံးဖြတ်ပေးသည်။" (Bosselmann, 2001, p. 119)။ သို့ရာတွင် ရာသီဥတု ဖောက်ပြန် ပြောင်းလဲခြင်း၊ ဇီဝဗေဒ မျိုးကွဲများ ဆုံးရှုံးခြင်း ကဲ့သို့သော သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာများ အများအပြားသည် တဖြည်းဖြည်းနှင့် စုပုံလာပြီး လူသားများ၏ အသက်အပိုင်းအခြားက တိုတောင်းလေရာ ရရှိသည့် အချိန်နှင့် နှိုင်းစာလျှင် ထိုအစိတ်အပိုင်းကို လျစ်လျူရှုထားနိုင်ချေ များသည်။ ထို့ကြောင့် ရစ်ချတ် ပီ ဟစ်ခ် (Richard P. Hiskes) က သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အန္တရာယ်များကို ပေါ်ပေါက်လာမည့် အန္တရာယ်များ ဖြစ်သည်ဟု သတ်မှတ်ပြီး သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကိုလည်း ပေါ်ပေါက် လာမည့် အခွင့်အရေးများဟု သတ်မှတ်ထားသည် (Hiskes, 2005)။ ဥပမာ ယနေ့ခေတ်တွင် ဆာလောင်နေသူများအတွက် မြေများ ရှင်းလင်းကာ အစားအစာများ စိုက်ပျိုးခြင်းဖြင့် လူ့အခွင့်ရေးကို မြှင့်တင်ခြင်းသည် သဘာဝ ပတ်ဝန်းကျင် တည်တံ့ခိုင်မြဲရေးကို ရေရှည်တွင် ထိခိုက်စေနိုင်ပြီး အနာဂတ် မျိုးဆက်များအတွက် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အရင်းအမြစ်များကို ပျောက်ကွယ်စေနိုင်သည်။ လက်ရှိ လူသားများအတွက် အကျိုးစီးပွား၊ အခွင့်အရေးနှင့် အနာဂတ် လူသားများအတွက် အကျိုးစီးပွား၊ အခွင့်အရေး (မတူညီသော ကမ္ဘာ့ အစိတ်အပိုင်းမှ လူများ၏ အကျိုးစီးပွားနှင့် အခွင့်အရေးများလည်း ပါသည်) တို့အကြား ပဋိပက္ခများသည်

ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၏ အဓိက ကိစ္စရပ် ဖြစ်သည်။ ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးမှုက သဘာဝ ပတ်ဝန်းကျင်ကို လူသားများအတွက် အသုံးပြုရာတွင် အပြိုင်ဖြစ်နေသော တောင်းဆိုချက်များနှင့် အခွင့်အရေးများကို ကိုက်ညီအောင် လုပ်ဆောင်ခြင်း ဟူသည့် မဖြစ်နိုင်သော တာဝန် တစ်ခုကို ယူထားရသည်။

| အနှစ်ချုပ် |
| --- |
| လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့ ခိုင်မြဲရေးတို့အကြား ဆက်ဆံရေး များသည် လိုက်ဖက်ညီသည်ထက် ရှုပ်ထွေးသည်က ပိုများသည်။<br>သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ နိုင်ငံရေး ဆိုသည်မှာ လူတစ်ဦး တစ်ယောက်စီနှင့် လူ့အဖွဲ့အစည်းများ ကောင်းမွန်ပြီး ကျန်းမာသော သဘာဝ ပတ်ဝန်းကျင် ရရှိခွင့်ကို သေချာစေခြင်း ဖြစ်သည်။ ထို့ကြောင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ နိုင်ငံရေး၏ ဗဟိုချက်မတွင် တာဝန်များရော အခွင့်အရေးများပါ ပါဝင်သည်။<br>သဘာဝ ပတ်ဝန်းကျင် သမားများက ယနေ့ခေတ် နေထိုင်သူများသည် အနာဂတ် မျိုးဆက်များ ရေရှည်တည်တံ့ ခိုင်မြဲသော ပတ်ဝန်းကျင် ရရန်အတွက်ရော၊ လုံခြုံသော အရင်းအမြစ် အခံ ရရှိရန် အတွက်ပါ တာဝန်ရှိသည်ဟု အသိအမှတ် ပြုထားကြသည်။<br>အငြင်းပွားဖွယ်ရာ အဖြစ်ဆုံး မေးခွန်းမှာ လူတစ်ဦးတစ်ယောက်ချင်း ဖြစ်စေ၊ အုပ်စု အခွင့်အရေးကို စုပေါင်း ကာကွယ်သူများ ဖြစ်စေ အနာဂတ် မျိုးဆက်သစ်များသည် ယခု လက်ရှိ နေထိုင်နေသူ များနှင့် နှိုင်းယှဉ်နိုင်သည့် ကျင့်ဝတ်ပိုင်းအရ ဖိအားပေးနိုင်ခွင့် ရှိသည် ဟူသည့် အချက်ပင်။<br>အဓိက အချက်မှာ လူသားများ၏ လွတ်လပ်ခွင့်များ အားလုံးသည် ဂေဟစနစ်အပေါ် တည်မှီနေသည် ဆိုခြင်းကို အသိအမှတ်ပြုရန် ဖြစ်သည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>မမွေးဖွားသေးသော လူများတွင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး ရှိသည်ဟု ဆိုခြင်းက အဓိပ္ပာယ် ရှိပါသလား။ ထိုအချက်က လက်တွေ့အားဖြင့် မည်သို့သော အပြောင်းအလဲကို ဖြစ်စေသနည်း။ |

## သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို အကောင်အထည် ဖော်ခြင်း

ယခုအပိုင်းတွင် လူ့အခွင့်အရေး မူဘောင်များအတွင်း သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များအား ထည့်သွင်းသွားရန် ဖြစ်နိုင်ခြေနှင့် အခွင့်အလမ်းများကို စဉ်းစားသွားပါမည်။ ကျွန်ုပ်တို့၏ စဉ်းစား တွေးခေါ်မှုများနှင့် လုပ်ဆောင်ချက်များကို သဘာဝ ပတ်ဝန်းကျင်အပေါ် အဓိက ထားသည်ထက် ရေရှည်တည်တံ့ခိုင်မြဲရေး (သဘာဝ ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေး ဆိုင်ရာ ကိစ္စရပ်များနှင့် တောင်းဆိုချက်များ ပါဝင်သည်ဟု လက်ခံထားသည်) ကို အဓိက ထားသင့် ပါသလား ဟူသည့် ကိစ္စရပ်ကိုလည်း ဆွေးနွေးသွားပါမည်။

## သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး၏ လက်တွေ့ အလေ့အကျင့်

အဓိက နိုင်ငံတကာ လူ့အခွင့်အရေး ပဋိညာဉ်များသည် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို အသိအမှတ် မပြုပေ။ မည်သို့ပင် ဆိုစေကာမူ ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများတွင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို ယာယီအားဖြင့် အသိအမှတ်ပြုသည့် ဥပဒေနှင့် ဥပဒေပိုင်းဆိုင်ရာ အလေ့အကျင့်များ ပေါ်ပေါက် လာပြီ ဖြစ်သည်။ လက်ရှိတွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၉၀ ကျော်သည် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး ပုံစံ တစ်မျိုးမျိုးကို ၎င်းတို့၏ ပြည်တွင်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေများတွင် အသိအမှတ် ပြုထားကြသည်။ ၂၀၁၂ တွင် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးက ပါမောက္ခ ဂျွန်နော့စ် (John Knox) ကို ပထမဦးဆုံး လွတ်လပ်သော သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ခန့်အပ်ခဲ့သည်။ နော့စ်၏ တာဝန်မှာ ဒေသတွင်းနှင့် နိုင်ငံတကာ ဥပဒေများတွင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးများ ထည့်သွင်းလာမှုကို လေ့လာရန်နှင့် နိုင်ငံများက ၎င်းတို့ နိုင်ငံသားများ၏ လူ့အခွင့်အရေးများ သဘာဝ ပတ်ဝန်းကျင် ပြဿနာများကြောင့် ထိခိုက်မှု မရှိစေရန် နိုင်ငံများ အကောင်အထည်ဖော်နိုင်သည့် အလေ့အကျင့် ကောင်းများကို အကြံဉာဏ်ပေးရန် ဖြစ်သည်။ ဥပဒေအရ စည်းနှောင်မှု ရှိသော သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး ပေါ်ပေါက်လာရန်မှာမူ လိုအပ်နေသေးသည်။ သို့ရာတွင် ယခုအခါ အများလက်ခံထားသည့် လူ့အခွင့်အရေး စံနှုန်းများတွင် သဘာဝ ပတ်ဝန်းကျင် ကိစ္စရပ်ကို ထည့်သွင်းစဉ်းစားလာပြီ ဖြစ်သည်။

## လူ့အခွင့်အရေးတွင် အစိမ်းရောင် (သဘာဝ ပတ်ဝန်းကျင်) သဘောတရား ထည့်သွင်းခြင်း

ထိုဖြစ်ပေါ် ပြောင်းလဲမှုများကို ကြိုဆိုသင့်သည့် အကြောင်းအရင်းများ ရှိသည်။ "အခွင့်အရေး များသည် အကာအကွယ် ပေးသည့် ဇရိယာ တစ်ခု သတ်မှတ်လိုက်ခြင်း ဖြစ်ပြီး အခွင့်အရေး ရရှိသူများသည် ထိုဇရိယာအတွင်း ၎င်းတို့၏ ရည်မှန်းချက်များကို လွတ်လပ်စွာ ရယူနိုင်ကြသည်။" (Merrills, 1996, p. 27)။ ထို့ကြောင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို တောင်းဆိုခြင်းသည် နိုင်ငံရေး အရ အပေးအယူ လုပ်နိုင်သည့် နယ်ပယ်ကို ကျော်လွန်၍ သဘာဝ ပတ်ဝန်းကျင် ရေရှည် တည်တံ့ခိုင်မြဲမှု ဆိုင်ရာ အနိမ့်ဆုံး အဆင့်တစ်ခုကို သတ်မှတ်လိုခြင်း ဖြစ်သည်။ အစိုးရများသည် သဘာဝ ပတ်ဝန်းကျင်ကို ဖွံ့ဖြိုးတိုးတက်မှုထက် ပို၍ ဦးစားပေး သင့်ပါသလား၊ (သို့) ဖွံ့ဖြိုးတိုးတက်မှုကို သဘာဝ ပတ်ဝန်းကျင်ထက် ပို၍ ဦးစားပေး သင့်ပါသလား ဟူသည့် ငြင်းခုံမှုများသည် အခြားသော လူ့အခွင့်အရေးများ ဖြည့်ဆည်းပေးရန် နောက်ထပ် ဖွံ့ဖြိုး တိုးတက်မှု မလိုတော့သည့်အခါ အလွယ်တကူ ဖြေရှင်းနိုင်သွားသည်။ ဤအခြေအနေတွင် အခွင့်အရေးကို အခြေခံသည့် ချဉ်းကပ်ပုံ၏ အသုံးဝင်မှု အများဆုံးဖြစ်စေခြင်း (utilitay maximization) အတွက် ငြင်းခုံနေသည့် အပြိုင်အဆိုများအား ချုပ်ငြိမ်းသွားစေခြင်း ဖြစ်သည် (Eckersley, 1996, p. 216)။

ဟေးဝေါ့ဒ် (Hayward) က သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အခွင့်အရေးများကို ပြည်တွင်း ဖွဲ့စည်းပုံ အခြေခံ ဥပဒေများတွင် ထည့်သွင်းခြင်းသည် ဥပဒေကြောင်းအရ သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ခြင်းထက် ပို၍ ကျယ်ပြန့်သော ရည်ရွယ်ချက်များ ရှိသည်ဟု ထောက်ပြ၍ အဆိုပါ ငြင်းခုံမှုကို ထပ်မံ ချဲ့ထွင်ခဲ့သည်။ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး၏ သက်ရောက်မှု တစ်ခုမှာ ရပ်ရွာ အဆင့်တွင် လုပ်ဆောင်လိုသည့် ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အသိပေးခံခွင့်၊ သဘာဝ ပတ်ဝန်းကျင် အပေါ် သက်ရောက်မှု

ဆန်းစစ်ချက်များအကြောင်း အချက်အလက် ရရှိခွင့်၊ မလိုလားသည့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆန့်ကျင်ရန် လွတ်လပ်စွာ စုရုံးခွင့်၊ ဆုံးဖြတ်ချက် ချမှတ်သည့် ဖိုရမ်များတွင် ပါဝင်ခွင့် အပါအဝင် ကိုယ်ပိုင် ဆုံးဖြတ်ခွင့် အခွင့်အရေးများ စသည်တို့ ပါရှိသော လုပ်ဆောင်မှု နည်းလမ်းဆိုင်ရာ အခွင့်အရေးများကို ပေးအပ်ရခြင်း ဖြစ်သည်။ ထိုအခွင့်အရေးများကို ဥပဒေအရ အသိအမှတ် ပြုထားပါက သဘာဝ ပတ်ဝန်းကျင်နှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ဒီမိုကရေစီ အရည်အသွေးများ တွေ့ရကာ အပြုသဘော ဆောင်သည့် သက်ရောက်မှုများ ရှိမည် ဖြစ်သည်။ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ တရားမျှတမှုကိုလည်း ပံ့ပိုးပေးရာကျပြီး ထိန်းသိမ်းခြင်းဆိုင်ရာ ကျင့်ဝတ်ကိုလည်း ပေါ်ပေါက်စေလိမ့်မည်။ ယင်းအချက်များ အားလုံးမှာ ရေရှည်တည်တံ့ ခိုင်မြဲသော လူ့အဖွဲ့အစည်း တစ်ခု၏ အဓိက အချက်များတွင် ပါဝင်သည်။ အခြား အပြုသဘောဆောင်သည့် သက်ရောက်မှု တစ်ခုမှာ ပြည်တွင်း သင်ရိုးညွှန်းတမ်းများတွင် နိုင်ငံသားများကို လေ့ကျင့်ပေးခြင်းများ ပါဝင်ပါက ငယ်ရွယ်ပြီး ကျယ်ပြန့်သော ပရိသတ်ကို သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကျင့်ဝတ်များနှင့် မိတ်ဆက်ထားခြင်း (Barry, 2012)၊ ပြည်သူလူထုအတွက် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပညာပေး လုပ်ဆောင်ခြင်းတို့ ဖြစ်သည်။ နောက်ဆုံး အနေဖြင့် "အဆိုပါ သက်ရောက်မှုများသည် သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရေး ကိစ္စရပ်များကို ပါတီများ လိုလားသည့် ကိစ္စရပ် တစ်ခုထက် လူအများ စိတ်ပါဝင်စားသည့် အရာအဖြစ် စုစည်း ပြောင်းလဲပေးရာတွင် အရေးပါသည်။" (Hayward, 2005, p. 126)။

သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လုပ်ဆောင်မှု နည်းလမ်း အခွင့်အရေးများ၏ ဥပမာများကို ၁၉၉၂ ခုနှစ် ရီယို ကြေညာချက် စည်းမျဉ်း အမှတ် ၁၀ တွင် တွေ့နိုင်သည်။

သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ နိုင်ငံသားများ အားလုံး သင့်တော်သည့် အဆင့်၌ ပါဝင်ခြင်းဖြင့် အကောင်းဆုံး ကိုင်တွယ်နိုင်သည်။ နိုင်ငံတော် အဆင့်တွင် လူတစ်ဦးချင်းစီသည် သဘာဝ ပတ်ဝန်းကျင်နှင့် ပတ်သက်ပြီး ၎င်းတို့ ရပ်ရွာ ပတ်ဝန်းကျင်ရှိ အန္တရာယ်ရှိသော ပစ္စည်းများနှင့် လုပ်ငန်းများအကြောင်း အချက်အလက်များ အပါအဝင် အစိုးရ အရာရှိများ သိရှိထားသော သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အချက်အလက်များကို သင့်တင့် လျောက်ပတ်စွာ လက်လှမ်းမီ သိရှိနိုင်ရမည်။ ဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်စဉ်များတွင်လည်း ပါဝင်ရန် အခွင့်အလမ်း ရရှိရမည်။ နိုင်ငံများသည် အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ရရှိစေခြင်းဖြင့် အများပြည်သူ သိရှိခြင်းနှင့် ပါဝင်ခြင်းကို ကူညီ အားပေးရမည်။ ပြန်လည် ကုစားပေးခြင်းနှင့် နစ်နာမှု ဖြေလျှော့ပေးခြင်း အပါအဝင် ထိရောက်သော တရားစီရင်ရေးနှင့် အုပ်ချုပ်ရေး ဆိုင်ရာ လုပ်ဆောင်ချက်များကို လက်လှမ်းမီစေရမည်။
(UNEP, 1992)

သတင်းအချက်အလက်များ ရရှိရေး၊ ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် လူထု ပါဝင်ရေးနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များတွင် တရားမျှတမှု ရရှိရေးဆိုင်ရာ ၁၉၉၈ ခုနှစ် အားဟက်စ် သဘောတူစာချုပ်သည် စည်းမျဉ်း အမှတ် ၁၀ ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းခြင်းဟု ရှုမြင်ကြသည်။ ယင်းစာချုပ်ကို လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှု များအား အပြုသဘောဖြင့် ချိတ်ဆက်ထားသည့် ဥပမာကောင်းဟုလည်း ညွှန်းဆိုကြသည်။ အားဟက်စ် သဘောတူစာချုပ်၏ အပိုဒ် ၁ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

ပစ္စုပ္ပန်မှ လူများ အားလုံးနှင့် အနာဂတ် မျိုးဆက်များ အားလုံး ၎င်းတို့၏ ကျန်းမာရေးနှင့် ဖူလုံရေး အတွက် လုံလောက်သော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရန် ထိုသူများ အားလုံး၏ အခွင့်အရေးကို ကာကွယ်ရာတွင် လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် သတင်းအချက်အလက် ရယူခွင့်၊ ဆုံးဖြတ်ချက် ချမှတ်ရာတွင် အများပြည်သူ ပါဝင်ခွင့်နှင့် သဘာဝ ပတ်ဝန်းကျင်နှင့် ပတ်သက်သော တရားမျှတမှုကို ရယူခွင့်တို့အား ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အာမခံချက် ပေးထားသည်။
(UNECE, 1998, p.4)

ဥရောပ၏ ဥပဒေ စီရင်ခွင့် နယ်ပယ်များအတွင်း ပြည်သူများ၏ အဓိက သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးများအား တောင်းဆိုရာတွင် အားဟက်စ် သဘောတူစာချုပ်ကို မကြာခဏ ညွှန်းဆိုလေ့ ရှိကြသည်။ နိုင်ငံရေး လုပ်ဆောင်ချက်များနှင့် ဆန္ဒပြခြင်းများကို အကူအညီပေးသည့် ဒုတိယအဆင့် လူ့အခွင့်အရေးများသည် လက်တွေ့တွင် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဝတ္ထုပစ္စည်းများ (goods) ကို အကာအကွယ်ပေးရာ၌ သီးခြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တတ္တုပစ္စည်းများ ခံစားခွင့်တစ်ခုထက် ပိုမို၍ တန်ဖိုးရှိကောင်း ရှိနေနိုင်သည်။

သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးသည် လုပ်ဆောင်မှု နည်းလမ်းဆိုင်ရာ အခွင့်အရေး များသာ မကပေ။ ကျန်းမာသော ပတ်ဝန်းကျင် ရရှိခွင့်၊ လူသားများ လုပ်ဆောင်သည့် ရာသီဥတု ဖောက်ပြန် ပြောင်းလဲခြင်း၏ ဆိုးရွားသော အကျိုးဆက်များကို မခံစားခွင့် အစရှိသည့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အခြေခံ လူ့အခွင့်အရေးကို အသိအမှတ် ပြုခြင်း၏ သက်ရောက်မှုများကို လက်ရှိ ဥပဒေ လုပ်ဆောင်မှုများတွင် ရှင်းရှင်းလင်းလင်း နားလည် သဘောပေါက်ထားခြင်း မရှိပေ။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး အကောင်အထည်ဖော်ခြင်း၏ အခြား ချဉ်းကပ်ပုံ တစ်ခုမှာ ထိုအခွင့်အရေးများကို အနာဂတ် အခွင့်အရေးများအဖြစ် ရှုမြင်ခြင်း ဖြစ်သည်။ ဟစ်ခ်စ် (Hiskes) က ထိုချဉ်းကပ်ပုံသည် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးအတွက် ထောက်ခံမှုများ ရယူသည့် နိုင်ငံရေး လုပ်ရပ်တွင် အကျိုးရှိသည်ဟု ဆိုသည်။

ထိုအုပ်စုများသည် ဒြပ်မဲ့ တည်ရှိနေသော အုပ်စုအဖြစ်သာ မြင်ယောင်နိုင်သော်လည်း အနာဂတ် နိုင်ငံသားများသည်လည်း ကျွန်ုပ်တို့ကဲ့သို့ပင် ဖြစ်သည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏ သမိုင်းဆိုင်ရာ စုပေါင်း သရုပ်သဏ္ဍာန်ကို လက်ခံကြရမည်။ ကျွန်ုပ်တို့၏ သဘောတရားများနှင့် ယဉ်ကျေးမှုများကို လက်ခံရမည်။ ထို့ကြောင့် ထိုအခွင့်အရေးများကို အုပ်စု အခွင့်အရေးများဟုသာ ရှုမြင်သည့်တိုင် နိုင်ငံသားများကို ၎င်းတို့၏ နောက်လာမည့် မျိုးဆက်များ၏ ကောင်းကျိုးချမ်းသာနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများအား စိုးရိမ်ပူပန်လာစေရန်မှာ မခက်ခဲပေ။
(Hiskes, 2005, pp. 1356-7)

ထိုချဉ်းကပ်ပုံသည် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို ဒြပ်မဲ့ အခြေအနေမှ နိုင်ငံသားများ လွယ်လင့်တကူ နားလည်နိုင်သော အခြေအနေအဖြစ် ပြောင်းလဲပေးသည်။ (သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို ကြေညာခြင်းသည် အချို့သော ယဉ်ကျေးမှု စဉ်လာ အခွင့်အရေးများကို ကြေညာခြင်းနှင့် ဆင်တူကြောင်း မှတ်သားထားသင့်သည်။) မည်သို့ပင် ဆိုစေကာမူ အခြေခံ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ

လူ့အခွင့်အရေးသည် လူ့အခွင့်အရေးကို သမားရိုးကျ စဉ်းစားခြင်းမှ ခွဲထွက်ခြင်း ဖြစ်ပြီး သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး၏ ဖြစ်ပေါ်လာနိုင်သော ပြဿနာများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

| အနှစ်ချုပ် |
| --- |
| ပြည်တွင်းနှင့် ဒေသတွင်းဆိုင်ရာ အဆင့်များ၏ စီရင်ခွင့် နယ်ပယ် အများအပြားတွင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို ဥပဒေအရ အသိအမှတ် ပြုလာကြပြီ ဖြစ်သည်။<br>သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးသည် သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ရန် ဥပဒေ လုပ်ငန်းများအတွက် အခွင့်အလမ်းများ တိုးမြှင့် ဖန်တီးပေးသည်။<br>သဘာဝ ပတ်ဝန်းကျင် ကာကွယ်ခြင်းနှင့် ၎င်း၏ အရေးပါမှုတို့သည် အားကောင်းလာသည်ဟု ဆိုနိုင်ပြီး ဥပဒေနှင့် နိုင်ငံရေးတွင်လည်း ပါဝင်လာကာ အချို့သော သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးများကို အသိအမှတ် ပြုလာကြသည်။<br>သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး တောင်းဆိုခြင်းသည် ကျွန်ုပ်တို့၏ အဓိက နိုင်ငံရေး ဝေါဟာဒများအပေါ် နားလည်မှုများအား ပြန်လည် ပုံသွင်းပေးနိုင်သည်။<br>သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို အနာဂတ် မျိုးဆက်သစ်များ၏ အုပ်စု အခွင့်အရေးအဖြစ် စဉ်းစားကြည့်နိုင်သည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးသည် မည်သည့် ပုံစံ ရှိသနည်း။ လုပ်ငန်းစဉ် ဆိုင်ရာ အခွင့်အရေးလား၊ အခြေခံ အခွင့်အရေးလား၊ အနာဂတ် မျိုးဆက်သစ်များ၏ အခွင့်အရေးများပင် ဖြစ်ပါသလား။ |

## သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး၏ ပြဿနာများ

သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးဟူသည့် သဘောတရားသည် ဆွဲဆောင်မှု ရှိသည်မှာ မှန်သော်လည်း ယင်းကို သတိထားရမည့် အကြောင်းပြချက် အချို့လည်း ရှိသည်။ ယင်းတို့အနက်မှ တစ်ခုမှာ လူ့အခွင့်အရေး ဟူသည့် သဘောတရားသည် လူသားများကို အဓိက အာရုံစိုက် ထားလေရာ အစောပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း သဘာဝ ပတ်ဝန်းကျင်သမား များအတွက် ပြဿနာရှိသည်။ လူ့အခွင့်အရေးတွင် လူဖြစ်ခြင်းသည် ကိုယ်ကျင့်သဘောတရားအရ သိသာ ထင်ရှားမှု တစ်ခု ရှိသည်။ လူ့အခွင့်အရေးဆိုင်ရာ ပြောဆို ရေးသားချက်များတွင် လူတစ်ဦး ချင်းစီသည် ၎င်းတို့ လိုအပ်ချက်များ ရရှိခွင့် (သို့) ၎င်းတို့ စိတ်ပါဝင်စားသည်များကို လုပ်ဆောင်ခွင့် ရှိသည်။ ယင်းအခွင့်အရေးများမှာ ပက်ကျိများ၊ ပန်ဒါများ (သို့) (ပို၍ ရှုပ်ထွေးစွာ ဆိုရလျှင်) တောတောင် ဂေဟစနစ်များတွင် မရှိကြပေ။ ထိုကိစ္စရပ်က မျောက်ဝံများ (စာသေတ္တာ ၂၃.၄ တွင် ရှုပါ)၊ ဂေဟစနစ်များ (သို့) အနာဂတ် မျိုးဆက်သစ်များ (စာသေတ္တာ ၂၃.၃ တွင် ရှုပါ) ကဲ့သို့သော လူသားမဟုတ်သည့် သတ္တဝါများ၏ အခွင့်အရေးများ ပါဝင်လာရန် လက်ရှိ လူ့အခွင့်အရေး မူဘောင်ကို ချဲ့ထွင်သင့်၊ ချဲ့ထွင်နိုင်ပါသလား ဟူသည့် မေးခွန်းကို ထွက်ပေါ်လာစေသည်။ လက်ရှိတွင် လူ့အခွင့်အရေး ဆိုင်ရာ မူဘောင်သည် အခြားသော မျိုးစိတ်များမှ သတ္တဝါများအား လူသားများကဲ့သို့ တန်းတူ တန်ဖိုးထားခြင်း

မရှိပေ။ ဆိုလိုသည်မှာ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို လက်ခံလျှင် လူသားများ၏ အကျိုးစီးပွားများနှင့် လူသားမဟုတ်သည့် သတ္တဝါများ၏ အကျိုးစီးပွားများကြား ပဋိပက္ခများ ရှိလာနိုင်ပြီး လူသားများ၏ အကျိုးစီးပွားက အနိုင်ရရှိရန် များသည် (Hayward, 2005, p. 34)။ ဝေဖန်သူများက ထိုသို့ လူသားများကို ဦးစားပေးခြင်းအား လူသား မျိုးနွယ်စု ဦးစားပေး ဝါဒ (speciesist) ဟု ခေါ်ဆိုသည် (Singer, 2009)။

လက်တွေ့တွင်လည်း လူသားများ အသက်ရှင်ခွင့်ကို ပံ့ပိုးပေးရန် ဂေဟဗေဒ စနစ်သည် လက်ရှိ အခြေအနေထက် ဇီဝ မျိုးကွဲများ ပိုရှိရန် မလိုသလို ညစ်ညမ်းမှုများ လျော့ကျရန်လည်း မလိုပေ။ ထို့ကြောင့် လူ့အခွင့်အရေး ချဉ်းကပ်ပုံမှ သဘာဝ ပတ်ဝန်းကျင် ရေရှည် တည်တံ့ ခိုင်မြဲရေးအပေါ် ပေးစွမ်းနိုင်သည်များအား စိုးရိမ်ပူပန်မှုများ ရှိကြသည်။ လူဦးရေ တိုးတက်လာမှုကို ထည့်သွင်း မစဉ်းစားဘဲ လူအားလုံးအတွက် လူ့အခွင့်အရေးများ ဖြစ်ကြသည့် အစားအစာ၊ သောက်သုံးရေနှင့် နေထိုင်စရာတို့ လုံလုံလောက်လောက် ဖန်တီးပေးရန် လုပ်ဆောင်ပါက ကျွန်ုပ်တို့နှင့် အတူတကွ နေထိုင်သော လူသားမဟုတ်သည့် တိရစ္ဆာန်များအတွက် ဂေဟဗေဒဆိုင်ရာ အရင်းအမြစ်များ လုံလောက်စွာ ချန်ထားနိုင်ခြင်း ရှိမည် မဟုတ်ပေ။ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးသည် ကမ္ဘာမြေကို ကာကွယ်ပေးရင်းနှင့် သတ္တဝါများအားလုံးကို ကာကွယ် ပေးသည်။ သို့ရာတွင် ကမ္ဘာမြေကို လူသားများအတွက် ဦးစွာ ကာကွယ်ပေးပါက ထိုချဉ်းကပ်ပုံသည် မျိုးတုံးပျောက်ကွယ်လု ဖြစ်နေပြီ ဖြစ်သော မျိုးစိတ်များအတွက် ပိုမိုထိခိုက်စေလိမ့်မည်။ အထူးသဖြင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို ကာကွယ်ရန်အတွက် ထိန်းသိမ်းပေးရန် မလိုအပ်သော မျိုးစိတ်များအတွက် ပို၍ ထိခိုက်စေပေလိမ့်မည်။

**စာသေတ္တာ ၂၃.၄။ လူဝံ စီမံချက်**

တိရစ္ဆာန်များ၏ အခွင့်အရေးများကို အသိအမှတ်ပြုရန် လှုပ်ရှားမှုများ ရှိခဲ့သည်မှာ ကြာပြီ ဖြစ်သည်။ ပီတာ ဆင်ဂါ (Peter Singer) နှင့် ပေါ်လိုကာဗာလီရီ (Paolo Cavalieri) တို့ စတင်ခဲ့သည့် လူဝံ စီမံချက် (GAP, http://www.greatapeproject.org/) သည် အမေရိကန် နိုင်ငံ ဆီရက်တယ်လ်မြို့တွင် ရှိပြီး လူသားများနှင့် တန်းတူညီသည့် အသိုင်းအဝိုင်းကို လူသားများနှင့် လူဝံမျိုးနွယ်စု ဖြစ်သည့် ချင်ပန်ဇီများနှင့် မျောက်ဝံများ အတွက်ပါထည့်သွင်းရန် စီမံချက် ဖြစ်သည်။ ထိုအုပ်စုဝင်များ အားလုံးတွင် အသက်ရှင်သန်ခွင့်၊ တစ်ဦးချင်းစီ၏ လွတ်လပ်မှုကို ကာကွယ်ခံခွင့်၊ ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကင်းဝေးခွင့်တို့ ရှိကြသည်ဟု ဆိုသည်။ GAP အဖွဲ့သည် လူဝံများ၏ အခွင့်အရေးများကိုပါ လက်ရှိ လူ့အခွင့်အရေး ကြေညာချက်များတွင် ထည့်သွင်းပေးရန် တောင်းဆိုခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် စပိန်နိုင်ငံ၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်က လူဝံများ၏ အခွင့်အရေးဆိုင်ရာ လွှတ်တော် ဆုံးဖြတ်ချက်ကို ချမှတ်ရန် တောင်းဆိုခဲ့ပြီး ထိုဆုံးဖြတ်ချက်တွင် စပိန်နိုင်ငံ၏ ဥပဒေ၌ လူသားများမှ လူဝံများအား ပိုင်ဆိုင်ခွင့်ကို အဆုံးသတ်ရန်နှင့် လူဝံများကို ဥပဒေနှင့်ညီသော ပုဂ္ဂိုလ်များအဖြစ် ဆက်ဆံရန် တောင်းဆိုခဲ့သည်။

လူဝံများအတွက်ပါ အခွင့်အရေးများ ချဲ့ထွင်ခြင်းသည် လူ့အခွင့်အရေးများ၏ ရှေ့နောက် ညီမှုကို ပျက်စီးစေရန် လုပ်ခြင်းမဟုတ်။ အခြားသော သတ္တဝါများမှာ အခွင့်အရေးများ မရသင့်ဟု ဆိုခြင်းလည်း မဟုတ်ပေ။ လူသားများနှင့် မျိုးရိုးဗီဇအရရော၊ အပြုအမူပိုင်း အရပါ များစွာ ဆင်တူသော သတ္တဝါများအတွက် ရှေ့နောက်ညီသည့် ကျင့်ဝတ် စံနှုန်းတစ်ခုကို ဖော်ထုတ်ရန်သာ ဖြစ်သည်။ ဆင်ဂါ

(၂၀၀၆) က အောက်ပါအတိုင်း ဆိုခဲ့သည်။

လူဝံများ၏ အခွင့်အရေးကို အသိအမှတ် ပြုလိုက်ခြင်းသည် တိရစ္ဆာန်ရုံများ၌ မွေးဖွား ကြီးပြင်းလာပြီး သဘာဝအတိုင်း ရှင်သန်နိုင်မည် မဟုတ်သည့် လူဝံများကို လွှတ်ပေးလိုက်ရမည်ဟု ဆိုခြင်းမဟုတ်။ နာကျင်ခြင်း ခံစားနေရသည့် လူဝံ တစ်ကောင်ကို ဆေးထိုးသတ်ဖြစ်သည့် နည်းအား အသုံးမပြုသင့်ဟု ဆိုလိုခြင်းလည်း မဟုတ်။ လူအချို့သည် မိမိကိုယ် မိမိ မကာကွယ် နိုင်ဘဲ အခြားသူများကို အုပ်ထိန်းသူအဖြစ် လိုအပ်သကဲ့သို့ လူသားများနှင့်အတူ နေထိုင်သည့် လူဝံများသည်လည်း ထိုသို့ အုပ်ထိန်းမှု လိုအပ်ပေလိမ့်မည်။ အခြေခံ အခွင့်အရေးများကို လူဝံများထံ ချဲ့ထွင်လိုက်ခြင်းသည် ထိုလူဝံများအား ပိုင်ဆိုင်နိုင်သည့်၊ ကျွန်ုပ်တို့ကို ဖျော်ဖြေရန်၊ ရယ်မောရန် အသုံးပြုနိုင်သည့် အရာတစ်ခုအဖြစ် အသုံးပြုခြင်းအား အဆုံးသတ်လိုက်ခြင်း ဖြစ်သည်။

ထိုဖြစ်ရပ်၏ ဥပမာမှာ ၂၀၁၄ ခုနှစ်တွင် အာဂျင်တီးနား၌ လူဝံ မျိုးနွယ်စိတ် တစ်ခု ဖြစ်သည့် orangutan လူဝံမျိုးနွယ်ကို လူသားမဟုတ်သည့် လူအဖြစ် အသိအမှတ်ပြုခဲ့ခြင်း ဖြစ်သည်။ တရားရုံးက နှစ်ပေါင်း နှစ်ဆယ်ကျော် တိရစ္ဆာန်ရုံထဲတွင် နေခဲ့သော orangutan လူဝံမျိုးနွယ်ကို လူသားများ ရရှိသည့် ဥပဒေ အခွင့်အရေးတချို့ ပေးရမည်ဟု ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် တစ်နှစ်တည်းမှာပင် အမေရိကန် နိုင်ငံ၏ တရားရုံးကမူ တစ်မျိုး ဆုံးဖြတ်ခဲ့သည်။ တရားရုံးက ချင်ပန်ဇီများသည် လူသားများနှင့် တန်းတူ အခွင့်အရေး မရသင့်၊ ၎င်းတို့၏ ပိုင်ရှင်များထံမှ လွတ်မြောက်ခွင့် မရသင့်ဟု ဆုံးဖြတ်ခဲ့သည်။

**မဟာဗျူဟာကျကျ စဉ်းစားခြင်း**

မည်သို့ပင် ဆိုစေကာမူ မေးခွန်းမှာ ဒီမိုကရေစီ နည်းလမ်းကျ နိုင်ငံရေး အပြောင်းအလဲ ဖြစ်ရန် ရည်ရွယ်ချက်ဖြင့် (ဒီမိုကရေစီ မဟုတ်သော နောက်ခံတွင်လည်း အကျုံးဝင်သည်) သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးသည် မဟာဗျူဟာကျကျ အသုံးဝင်ပါသလား။ ဒီရှာလစ် (De-Shalit) (2001) က သဘာဝ ပတ်ဝန်းကျင် အခြေပြု ချဉ်းကပ်ပုံသည် ပြည်သူများကို ဆွဲဆောင် နိုင်လိမ့်မည် မဟုတ်။ လူတို့သည် ၎င်းတို့၏ စီးပွားရေး လုံခြုံမှုကို သဘာဝ ပတ်ဝန်းကျင် ရေရှည် တည်တံ့ခိုင်မြဲမှုထက် ပို၍ အလေးထားသည်။ ထို့ပြင် လူသားများသည် ဂေဟဗေဒ စနစ်တွင် တည်မှီနေလေရာ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ စဉ်းစား တွေးခေါ်မှုများတွင်လည်း လူသား အခြေပြု စဉ်းစားခြင်းကို လျှော့ချကာ ပို၍ အားကောင်းသော သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ပုံစံ လိုအပ်သည်ဟု လက်ခံသူများ ရှိလာသည် (Barry, 1999)။ အထူးသဖြင့် အစွန်းမရောက်သည့် လူသားအခြေပြု စဉ်းစားတွေးခေါ်သူများသည် သဘာဝ ပတ်ဝန်းကျင်ကို အနာဂတ် မျိုးဆက်သစ်များ အားကောင်းပြီး ရှေ့နောက်ညီသော ရေရှည်တည်တံ့ခိုင်မြဲမှု ဆိုင်ရာ ပုံစံများ ရရှိရန် အတွက် ကာကွယ်လိုကြပြီး အနာဂတ် မျိုးဆက်သစ်များသည်လည်း ထိုအခွင့်အရေးများ ရနိုင်သည်ဟု လက်ခံထားကြသည်။

ထို့ကြောင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးသည် ပွဲကိုင် အခန်းကဏ္ဍကို ရယူထားသော သဘာဝ ပတ်ဝန်းကျင်ကို အလေးထားသည့် နိုင်ငံသားများ အသုံးပြုသည့် ကိရိယာ တန်ဆာပလာ တစ်ခု ဖြစ်သည်။ ဥပမာ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးသည် ကျွန်ုပ်တို့ကို လုပ်ဆောင်မည့် ဖွံ့ဖြိုးရေး

လုပ်ငန်းများအတွက် အသိပေးခံခွင့် (သို့) သဘာဝ ပတ်ဝန်းကျင် သက်ရောက်မှု ဆန်းစစ်ချက်များအား ရယူခွင့် ရှိလျှင် သဘာဝ ပတ်ဝန်းကျင် အလေးထားသူ နိုင်ငံသား တစ်ဦးအနေဖြင့် ကျွန်ုပ်သည် အနာဂတ် မျိုးဆက်သစ်များအတွက် မည်သို့ လုပ်ဆောင်ပေးသင့်ကြောင်းကို ဆုံးဖြတ်နိုင်မည် ဖြစ်ပြီး ထိုအခွင့်အရေးများမှာ အဓိက ကျသည်။ ထို့ပြင် ထိုအခွင့်အရေးများသည် လက်ရှိ မျိုးဆက်တွင်လည်း အချို့သော ကိစ္စရပ်များ အတွက် သက်ရောက်မှုများ ရှိမည် ဖြစ်သည်။ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာများ အားလုံးသည် တဖြည်းဖြည်းနှင့် တိုးပွားလာခြင်း မဟုတ်ပေ။ ဥပမာ အဆိပ်ရှိသော အညစ်အကြေးများ စွန့်ပစ်ခြင်းသည် ပတ်ဝန်းကျင်ရှိ လူများ၏ ကျန်းမာရေးနှင့် ဖူလုံမှုကို ချက်ချင်းပင် ထိခိုက်စေနိုင်သည်။ အလားတူပင် သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရေးကို ပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးနှင့် ထပ်တူချကာ ထိန်းသိမ်းရေး မူဝါဒများကြောင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒုက္ခသည်များ ဖြစ်လာကြသူ များကလည်း ကျန်းမာရေးနှင့် ဖူလုံမှု ရရှိနိုင်သည့် ပတ်ဝန်းကျင်တွင် နေထိုင်ခွင့်ကို ထောက်ပြကြမည် (သို့) သဘာဝ အရင်းအမြစ်များ ပိုင်ဆိုင်ခွင့်ကို ထောက်ပြကြပြီး ၎င်းတို့ နေထိုင်ရာ မြေများမှ ၎င်းတို့ကို မောင်းထုတ် ဖယ်ရှားခြင်း မပြုသင့်ဟု ဆိုကြလိမ့်မည်။ ထို့ကြောင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးသည် အနာဂတ် မျိုးဆက်သစ်များနှင့် ပတ်သက်၍ ပြဿနာအချို့ ကြုံတွေ့ရ နိုင်သော်လည်း ဤအချက်ကြောင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး သဘောတရားသည် အပိုဖြစ်နေခြင်း (သို့) ရှေ့နောက်မညီခြင်းတော့ မဟုတ်ပေ။

## ကျန်ရှိနေသည့် စိန်ခေါ်မှုများ

ထိုအချက်များ အားလုံးက သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးဟူသည့် သဘောတရားသည် ဖြစ်နိုင်ခြေ ရှိပြီး သဘာဝ ပတ်ဝန်းကျင်ကို အလေးထားသူ နိုင်ငံသားများ အတွက်လည်း အသုံးဝင်နိုင်သည်ဟု အဓိပ္ပာယ် ရသည်။ သို့ရာတွင် ယနေ့ခေတ် နိုင်ငံတကာ လူ့အခွင့်အရေးတွင် ပြဿနာများ ရှိနေပြီး သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ တက်ကြွ လှုပ်ရှားသူများ အနေဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တောင်းဆိုမှုများကို လူ့အခွင့်အရေးဖြင့် ဘောင်ကွပ်ရန် အလျင်တော့ မလိုသင့်ပေ။ လူ့အခွင့်အရေးများသည် လူသား အားလုံးနှင့် သက်ဆိုင်သည်။ လူ့အခွင့်အရေးကို နိုင်ငံရေး သီအိုရီသမားများ ခုခံ ကာကွယ်သည့် ပုံစံသည် ယဉ်ကျေးမှု ကွာခြားချက်များအား လုံလုံလောက်လောက် အလေးထားခြင်း မရှိဟု ဝေဖန်ခံရသည် (Mutua, 2001; Woods, 2014)။ အနောက်နိုင်ငံသား မဟုတ်သူ လူ့အခွင့်အရေး ဝေဖန်သူများက လူ့အခွင့်အရေးနှင့် ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုတို့၏ တစ်ကမ္ဘာလုံးနှင့် အကျုံးဝင်သည် ဟူသော အချက်ကို ငြင်းပယ်ကျသည်။ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒုက္ခသည်များ ဖြစ်ရပ်အရ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံကိန်းများကြောင့် ၎င်းတို့၏ နေအိမ်များ ဆုံးရှုံး ရသူများ ရှိပေရာ ကြိုတင် သဘောတူချက် မရယူဘဲ (သို့) ထိခိုက်ခံရမည့် သူများ၏ တက်ကြွစွာ ပါဝင်မှု မရှိဘဲ ပြင်ပမှ သတ်မှတ်သည့် တစ်ကမ္ဘာလုံးနှင့် အကျုံးဝင်သည် ဟူသော စံနှုန်းများကို အကောင်အထည် ဖော်ခြင်းအပေါ် သံသယဝင်ခြင်းမှာလည်း အကြောင်းပြချက် ခိုင်လုံသည်။

အခြား စိုးရိမ်မှု တစ်ခုမှာ လူ့အခွင့်အရေးများတွင် အရေးကြီးမှု အနိမ့်၊ အမြင့်များ ရှိသည်။ ပေါ်ပေါ်ထင်ထင် ဖြစ်စေ၊ မသိမသာ ဖြစ်စေ လူ့အခွင့်အရေးများကို အခြေခံနှင့် အခြေခံ မဟုတ်သော အခွင့်အရေးများ ဟူ၍

ခွဲခြား ထားခြင်းများ ကြုံခဲ့ရမည် ဖြစ်သည် (Cranston, 1967; Rawls, 1999; Williams, 2005)။ လူ့အခွင့်အရေး မူဘောင်ကို အသုံးပြုခြင်းသည် သဘာဝ ပတ်ဝန်းကျင်သမားများကို အခွင့်အရေးများ အစုလိုက် တောင်းဆိုခြင်း ဖြစ်စေပြီး ယင်းတို့အနက်မှ အချို့သော အခွင့်အရေးများမှာ တစ်ကမ္ဘာလုံး လက်ခံထားခြင်း မရှိသေးပေ။ အခြေခံ အခွင့်အရေးများမှာ ချက်ချင်း လိုအပ်နေသည့် အခွင့်အရေးများ ဖြစ်ပြီး သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ခြိမ်းခြောက်မှုများမှာ နှစ်ရှည်ကြာလေရာ သဘာဝ ပတ်ဝန်းကျင်အပေါ် သံသယ ရှိသူများအား သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို အခြေခံ မဟုတ်သော အခွင့်အရေး အဖြစ် သတ်မှတ်နိုင်ခြေ များသည်။ မည်သို့ပင် ဆိုစေကာမူ အချိန်ရှည်ကြာလာသည့်အခါ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များ အရေးပါခြင်းကို ငြင်းဆန်၍ မရပေ။ တစ်ခါတရံတွင် အသက်နှင့် ခန္ဓာကို ခြိမ်းခြောက်နေပါက လူ့အခွင့်အရေးများ အလျင်အမြန် လိုအပ်သည်ဟု ယူဆကြသည်။ ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှုကို ငြင်းဆန်သူများ ရှိသော်လည်း (စာသေတ္တာ ၂၃.၅ တွင် ရှုပါ) ယင်းသည် ကြီးမားသည့် ခြိမ်းခြောက်မှု တစ်ခု ဖြစ်ကြောင်း ပြောဆို ရေးသားမှုများနှင့် နိုင်ငံရေး လှုပ်ရှားမှုများနှင့်အတူ အလျင်လိုသည်ဟု ရှုမြင်ခြင်းလည်း ပေါ်ထွက်လာသည် (Klein, 2014)။ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ပညာရှင်များနှင့် တက်ကြွ လှုပ်ရှားသူများအတွက် အရေးပါသည့် မေးခွန်းတစ်ခုမှာ သဘာဝ ပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့ ခိုင်မြဲမှု ဆိုင်ရာ တောင်းဆိုချက်များကို အခြားသော ကျင့်ဝတ်ပိုင်းဆိုင်ရာ အသုံးအနှုန်းတစ်ခု အောက်တွင် ပြောင်းထည့်လိုက်ခြင်းက ပို၍ အဆင်ပြေသော မူဘောင် တစ်ခု ဖန်တီးပေးနိုင်မည်လား ဟူသည့် မေးခွန်းပင်။

**အနှစ်ချုပ်**

အစားအစာ၊ သောက်သုံးရေနှင့် ခိုလှုံရာ နေရာ လုံလောက်စွာ ရရှိရေး ဆိုင်ရာ လူ့အခွင့်အရေးကို ဖြည့်ဆည်းပေးရန်မှာ ဇီဝ မျိုးကွဲ နည်းပါးသော ကမ္ဘာ၌၊ ကျွန်ုပ်တို့နှင့် အတူတကွ နေထိုင်နေသော လူသားမဟုတ်သည့် သတ္တဝါများကို ထိခိုက်စေခြင်းဖြင့် ဖြစ်နိုင်သည်။

ဂေဟဗေဒ အခြေပြု စနစ်ကဲ့သို့သော သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရန်အတွက် လူသား မဟုတ်သူများကို အခြေခံသည့် ငြင်းခုံ ဆွေးနွေးမှုများသည် လူသား အခြေပြု နိုင်ငံရေးနှင့် ဥပဒေရေးရာ ပြောဆိုရေးသားမှုများတွင် ဆွဲဆောင်မှု အနည်းငယ်သာ ရှိမည် ဖြစ်သည်။

သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို မျိုးဆက်များ တစ်ခုနှင့် တစ်ခုအကြား တရားမျှတမှု အဖြစ် ပုံဖော်လိုက်ခြင်းက အနာဂတ်မှ လူများသည် အခွင့်အရေး ရှိသည်ဟု ဆိုခြင်းထက် သဘာဝ ပတ်ဝန်းကျင်ကို အလေးထားသော နိုင်ငံသားများအား ပွဲကိုင် အခန်းကဏ္ဍ ပေးကာ သဘာဝ ပတ်ဝန်းကျင်ကို စောင့်ရှောက်ရန် တာဝန် ရှိသည်ဟု အဓိပ္ပာယ် ရောက်စေသည်။

**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**

သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ စိုးရိမ် ပူပန်မှုများကို သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးအောက် ထည့်သွင်းသောအခါ လူသားများသည် အခြားသော မျိုးစိတ်များ ကိုယ်စား (သို့) သဘာဝတရား၏ ကိုယ်စား အဆိုပါ စိုးရိမ်ပူပန်မှုများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက် ချရန် ကိုယ်ကျင့်တရားဆိုင်ရာ အခွင့်အရေး ရှိသည်ဟု ဆိုရာကြသည်။ ကျွန်ုပ်တို့တွင် ထိုကဲ့သို့သော အခွင့်အရေးမျိုး ရှိပါသလား၊ ရှိသည်ဟု ထင်ပါက အဘယ်ကြောင့်နည်း၊ မရှိဘူးဟု ထင်ပါက အဘယ်ကြောင့်နည်း။

စာသေတ္တာ ၂၃.၅။ ခွဲခြမ်း စိတ်ဖြာကြည့်ခြင်း၊ ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှု

ရာသီဥတု ဖောက်ပြန် ပြောင်းလဲခြင်းသည် ရှုပ်ထွေးသည့် ဖြစ်စဉ် တစ်ခု ဖြစ်ပြီး အဆိုအများအပြား ပါဝင်နေသည်။ ယင်းတို့အနက် အချို့မှာ ကျင့်ဝတ်ပိုင်းဆိုင်ရာ၊ နိုင်ငံရေး၊ သိပ္ပံနှင့် စီးပွားရေး ဆိုင်ရာ အဆိုများ ဖြစ်ကြသည် (Hulme, 2008)။ လူသားများကြောင့် ရာသီဥတု ဖောက်ပြန် ပြောင်းလဲခြင်း ဆိုသည်မှာ ကာဗွန် စွမ်းအင်များ (မီးသွေး၊ ရေနံ၊ သဘာဝ ဓာတ်ငွေ့) ကို ထုတ်လွှတ်ခြင်း၊ တောပြုန်းခြင်း၊ စိုက်ပျိုးရေး ဆိုင်ရာ အလေ့အကျင့်များ ကဲ့သို့သော ရာသီဥတု ပြောင်းလဲစေသည့် ဖန်လုံအိမ် ဓာတ်ငွေ့များကို ထုတ်လွှတ်သည့် လူသားများ လုပ်ဆောင်သည့် လုပ်ရပ်များကြောင့် ကမ္ဘာမြေ၏ ပျမ်းမျှ အပူချိန် မြင့်တက်လာခြင်း ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ရာသီဥတု ဆိုင်ရာ သိပ္ပံ ပညာရှင် အများစုက လူသားများသည် ရာသီဥတု ပြောင်းလဲခြင်းကို ဖြစ်ပွားစေကြောင်း လက်ခံ ထားကြပြီး ယင်းကို သိပ္ပံပညာဆိုင်ရာ စာတမ်းများနှင့် သုတေသနများ၊ ရာသီဥတု ပြောင်းလဲခြင်း ဆိုင်ရာ အစိုးရများ အစုအဖွဲ့ (Intergovernmental Panel on Climate Change (IPCC)) ၏ အစီရင်ခံစာများတွင် တွေ့ရှိနိုင်သည်။ ရာသီဥတု ပြောင်းလဲခြင်း ဖြစ်ပွားရသည့် အကြောင်းအရင်း များကို သိပ္ပံပညာအရ သဘောတူထားကြပြီး ဖန်လုံအိမ် ဓာတ်ငွေ့၊ အထူးသဖြင့် လောင်စာများ မီးရှို့ခြင်းမှ ထွက်လာသည့် ကာဗွန်ဒိုင် အောက်ဆိုဒ်ကို လျှော့ချရန် အပူတပြင်း လိုအပ် နေသော်လည်း ယင်းလိုအပ်ချက်ကို ရေရှည် တည်တံ့ခိုင်မြဲပြီး၊ ယုံကြည်ရသော၊ အားကောင်းသော ရာသီဥတု ပြောင်းလဲမှု ဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် တစ်ခုအဖြစ် မဖော်ဆောင် နိုင်သေးပေ။ (၁၉၉၇ ခုနှစ်တွင် သဘောတူညီခဲ့ပြီး ၂၀၀၈ မှ ၂၀၁၂ အတွင်း အကောင်အထည် ဖော်ခဲ့သည့်) ကျိုတို သဘောတူ စာချုပ်သည် ရာသီဥတု ကပ်ဘေး၏ ဆိုးရွား ပြင်းထန်မှုကို အတိုင်းအတာ တစ်ခုအထိ အသိအမှတ် ပြုထားသော်လည်း (က) စာချုပ်မှာ ၂၀၁၂ ခုနှစ် အထိသာ အကျုံးဝင်ပြီး ဖန်လုံအိမ် ဓာတ်ငွေ့ ထုတ်လွှတ်မှုများ မြင့်တက်လာသော်လည်း မည်သည့် စာချုပ်နှင့်မျှ ထပ်၍ အစားထိုးခြင်း မရှိပေ၊ (ခ) အမေရိကန် နိုင်ငံကဲ့သို့သော ကာဗွန် ညစ်ညမ်းမှု အများဆုံး ဖြစ်စေသည့် နိုင်ငံများက သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးရန် ငြင်းဆိုခဲ့သည်။ ကျွန်ုပ်တို့၏ ကာဗွန်နှင့် လောင်စာများကို မှီခိုနေမှုသည် ရာသီဥတု အပြောင်းအလဲ၏ နောက်ထပ် မျက်နှာစာ တစ်ခု ဖြစ်ပြီး ဖြေရှင်းရန် ခက်ခဲသည့် ရာသီဥတု ဆိုင်ရာ ပြဿနာများကို ရှင်းလင်းပြရာတွင် (သို့) ပုံဖော်ရာတွင် အထောက်အကူ ပြုနိုင်သည်။ (ဖောက်ခွဲရေး အသုံးပြု၍ သဘာဝ ဓာတ်ငွေ့များ ရှာဖွေခြင်းကို မြှင့်တင်သည့် Shell နှင့် Exxon-Mobil ကဲ့သို့သော စီးပွားရေး လုပ်ငန်းကြီးများမှ ဆော်ဒီအာရေးဗီးယား ကဲ့သို့သော ရေနံ အဓိက ထုတ်လုပ်သည့် နိုင်ငံကြီး များအထိ) လောင်စာများ၏ အကျိုးစီးပွားက အားကောင်းလေရာ ကမ္ဘာ့ စွမ်းအင်စနစ်တွင် ကာဗွန်ထုတ်လုပ်မှု လျှော့ချခြင်းဖြင့် ရာသီဥတု ဖောက်ပြန်ခြင်းကို တိုက်ဖျက်ရန်မှာ ခြိမ်းခြောက်မှု တစ်ခု ဖြစ်သည်။ ၎င်းတို့၏ ကြီးမားသော စီးပွားရေးနှင့် နိုင်ငံရေး အရင်းအမြစ်များကို သုံးစွဲကာ ရာသီဥတု ဆိုင်ရာ သဘောတူ စာချုပ်များကို ရပ်တန့်သွားစေရန်၊ ပိတ်ဆို့ရန်နှင့် ဥပဒေအရ စည်းနှောင်မှု ရှိသည့် စာချုပ်များ ပေါ်ထွက်မလာစေရန် လုပ်ဆောင်ကြသည်။ ထိုသို့ လုပ်ဆောင်ခြင်းများတွင် ရာသီဥတု ပြောင်းလဲခြင်းကို သံသယဝင်စေမည့် သိပ္ပံပညာ ဆိုင်ရာ သတင်း အတုများ ဖန်တီးကာ လူထုအကြား သံသယများ ပျံ့နှံ့စေသည် (Nuccitelli, 2015)။ ထို့ကြောင့် ရာသီဥတု ဖောက်ပြန်ခြင်းသည် လွန်စွာ ရှုပ်ထွေးသော၊ အလွှာများစွာ ရှိသော၊ နာအိုမီ ကလိန်း (Naomi Klein) ၏ စကားစုကို ယူသုံးရလျှင် “အရာအားလုံးကို ပြောင်းလဲ ပစ်နိုင်သော” ကမ္ဘာ့ ကိစ္စရပ် တစ်ခု ဖြစ်လာတော့သည် (Klein, 2014)။ ထို့ပြင် လူသားများ၏ လုပ်ရပ်များကြောင့်၊ အထူးသဖြင့် ကာဗွန် ထုတ်လုပ်ခြင်းကြောင့် ရာသီဥတု ပြောင်းလဲရခြင်း၏ အမှန်တရားကို သိပ္ပံပညာ အရ လက်ခံထားခြင်းသည်

ထိုကိစ္စရပ်ကို ဆွေးနွေးရန် ငြင်းဆန်ခြင်း၊ လုံးဝ လျစ်လျူ ရှုထားခြင်း ကဲ့သို့သော အခြားသော လူထုမှ ဆန့်ကျင်မှုများကိုလည်း ရင်ဆိုင်ရသည်။ ရာသီဥတု ပြောင်းလဲခြင်းနှင့် ပတ်သက်လာလျှင် လူအများ တုံ့ပြန်လေ့ ရှိသည့် ပုံစံမှာ မိမိနှင့် မဆိုင်ဟု ယူဆထားခြင်း ဖြစ်သည် (Marshall, 2014)။ နောက်ဆုံး အားကောင်းသည့် (ဆွဲဆောင်မှု ရှိသော) တုံ့ပြန်မှု တစ်ခုမှာ နည်းပညာအပေါ် ပုံချအားကိုးခြင်း ဖြစ်သည်။ ယင်းမှာ လူသားများကြောင့် ရာသီဥတု ပြောင်းလဲရခြင်းကို လက်ခံသော်လည်း ဖွံ့ဖြိုးတိုးတက်မှုကို ပုံမှန်အတိုင်းပင် ဆက်လက် လုပ်ဆောင်နိုင်ရန် နည်းပညာဆိုင်ရာ ဖြေရှင်းမှုများ ရှာဖွေမည်ဟု အကြံပြုခြင်း ဖြစ်သည် (Barry, 2015)။ ထိုအချက်များ အားလုံးအရ ရာသီဥတု ပြောင်းလဲမှုကို လျှော့ချနိုင်ရန် လူနေမှု ပုံစံနှင့် နေထိုင်မှု ပုံစံများကို ကျယ်ကျယ်ပြန့်ပြန့် ပြောင်းလဲရန် အလေးအနက်ထား စဉ်းစားခြင်းနှင့် အကောင်အထည် ဖော်ခြင်းများ (အထူးသဖြင့် စက်မှု ဖွံ့ဖြိုးပြီး နိုင်ငံများတွင်) မတွေ့ရသေးပေ (Barry, 2012)။

## ဖြစ်ရပ် လေ့လာခြင်း၊ ရာသီဥတု ပြောင်းလဲမှု၊ ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒုက္ခသည်များ

### စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှု (economic globalization) ၏ သဘာဝ ပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးအပေါ် သက်ရောက်မှုများ

စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှု ဖြစ်စဉ်များသည် ကမ္ဘာတစ်ဝန်းရှိ သုံးစွဲသူများထံ ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အချိန်ရာသီမရွေး ဈေးနှုန်းသက်သက်သာသာဖြင့် ရောက်ရှိစေ နိုင်သည် (Stiglitz, 2002)။ စီးပွားရေး ပညာရှင် အချို့က ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးအတွက် ကမ္ဘာ့ စီးပွားရေးတွင် ဖွံ့ဖြိုးတိုးတက်မှုသည် ပြန်လည် မျှဝေပေးခြင်းထက် ထိရောက်သည်ဟု ဆိုကြသည်။ သို့ရာတွင် ပစ္စည်း အမျိုးအပြား၏ ဈေးနှုန်းများ ကျဆင်းလာသော်လည်း ဂေဟဗေဒ ဆိုင်ရာ ကုန်ကျစရိတ်များကိုမူ ထည့်သွင်း စဉ်းစားခြင်း မရှိဘဲ ဘေးထုတ်ပစ်လိုက်ကာ နောက်ဆုံး ဈေးနှုန်းတွင် (သို့) စီးပွားရေးအရ တွက်ချက်မှုတွင် ထည့်သွင်းခြင်း မရှိပေ။ ထိုကုန်ကျစရိတ် များသည် တစထက်တစ များလာပြီး ရာသီဥတု ပြောင်းလဲခြင်း၊ ဇီဝမျိုးကွဲများ ပျောက်ကွယ် သွားခြင်း၊ အဆိပ်သင့် ညစ်ညမ်းမှုများ ဖြစ်ပွားခြင်း ကဲ့သို့သော သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အန္တရာယ်များ ဖြစ်ပွားစေပြီး လူသားများ၏ ကျန်းမာရေးနှင့် လူ့အဖွဲ့အစည်းပေါ်တွင် ထိခိုက်မှု ကြီးမားစွာ ရှိသည်။ စီးပွားရေးကြောင့် ထွက်ပေါ်လာသည့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကုန်ကျစရိတ်များကို လွှဲပြောင်းလိုက်ခြင်းသည် အုပ်စု နှစ်စု၏ လူ့အခွင့်အရေးကို သက်ရောက်မှု ရှိသည်။ ထိုအုပ်စုများမှာ ယနေ့ခေတ် ဆင်းရဲနွမ်းပါးသူများနှင့် အနာဂတ် မျိုးဆက်သစ်များ ဖြစ်သည်။ ဂေဟစနစ်နှင့် လူသားမဟုတ်သည့် တိရိစ္ဆာန်များ၏ ပြီးပြည့်စုံမှုနှင့် ကောင်းကျိုးချမ်းသာ ကိုလည်း ထိခိုက်စေသည်။

ဂေဟဗေဒဆိုင်ရာ ခြေရာ ပုံရိပ်များ လေ့လာချက် (စာသေတ္တာ ၂၃.၂ တွင် ရှုပါ) အရ ချမ်းသာသော အသိုင်းအဝိုင်းများသည် ၎င်းတို့၏ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကုန်ကျစရိတ်များကို ဆင်းရဲသူများထံ လွှဲပြောင်းပေးသည်။ ယင်းဖြစ်ရပ်မှာ နိုင်ငံတွင်း၌ရော၊ နိုင်ငံများ အကြား၌ပါ ဖြစ်ပွားနေသည်။ ယခင်နှင့် လက်ရှိ မျိုးဆက်များသည်လည်း သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကုန်ကျစရိတ်များကို အနာဂတ်

မျိုးဆက်များထံ လွှဲပြောင်းပေးနေသည်။ ယင်းမှာ ရာသီဥတု ပြောင်းလဲခြင်းနှင့် ဇီဝ မျိုးကွဲများ ဆုံးရှုံးခြင်းတို့တွင် ပို၍ တွေ့ရသည်။ သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုများသည် ပျောက်ကွယ်သွားခြင်း မရှိပေ။ ချမ်းသာသော စားသုံးသူများ၏ မျက်စိရှေ့မှ ကွယ်ပျောက်သွားခြင်းပင် ဖြစ်သည်။ အဆိုပါ "အနေဝေးလျှင် သွေးအေးသည့်" အယူအဆကြောင့် ပြဿနာများကို ဖြေရှင်းခြင်းထက် လွှဲပြောင်းခြင်းများသာ ဖြစ်လာရသည် (Dryzek, 1987)။ ချမ်းသာသည့် နိုင်ငံများမှ ဂလိုဘယ်လ်လိုက်ဇေးရှင်း၏ ဂေဟဗေဒဆိုင်ရာ ကုန်ကျစရိတ်များကို ဆင်းရဲသည့် နိုင်ငံများသို့ လွှဲပြောင်းပေးလိုက်သည်။ ထို့ကြောင့် သဘာဝ ပတ်ဝန်းကျင်သမား အများအပြားက တောင်ကမ္ဘာခြမ်းနှင့် မြောက်ကမ္ဘာခြမ်းကြား ဆက်ဆံရေးကို ဂေဟဗေဒ အကြွေးစနစ် အဖြစ် ရှုမြင်ကြသည်။ ချမ်းသာပြီး လူနည်းစု ဖြစ်သည့် မြောက်ကမ္ဘာခြမ်းက ဆင်းရဲသည့် တောင်ကမ္ဘာခြမ်းအပေါ် အကြွေးတင်နေခြင်း ဖြစ်သည် (Simms, 2005)။ ချမ်းသာသူများနှင့် ဆင်းရဲသူများအကြား ကွာခြားမှု မြင့်မားလာခြင်းက ဂေဟဗေဒဆိုင်ရာ ပြဿနာများရော လူမှုရေးနှင့် နိုင်ငံရေး ပြဿနာများပါ ဖြစ်ပွားစေသည်။

စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုများကြောင့် ဖြစ်ပွားသည့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ သက်ရောက်မှုများကို နားလည်စေရန် နိုင်ငံတကာ ငွေကြေး ရန်ပုံငွေအဖွဲ့ (International Monetary Fund (IMF)) နဲ့ ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့ (World Trade Organization (WTO)) တို့၏ ကမ္ဘာ့ ချိတ်ဆက် ပျံ့နှံ့မှု အစီအစဉ်များမှ စရလိမ့်မည်။ ကမ္ဘာ့ဘဏ် စီးပွားရေး ပညာရှင်ဟောင်း ဂျိုးဇက်စတစ်ဂလစ်ဇ် (Joseph Stiglitz) (2002) က ၁၉၈၀ ပြည့်လွန်နှစ်များတွင် နီယိုလစ်ဘရယ် သဘောတရားများ စိမ့်ဝင် ပျံ့နှံ့လာခြင်းဖြင့် IMF ၏ သဘောသဘာဝနှင့် လုပ်ငန်းများ အတန်ငယ် ပြောင်းလဲသွားသည်ဟု မှတ်တမ်းတင်ထားသည်။ နီယို လစ်ဘရယ် သဘောတရား ဆိုသည်မှာ ကမ္ဘာတစ်ဝန်း လွတ်လွတ်လပ်လပ် ကုန်သွယ်နိုင်မည့် ဈေးကွက်များကို မြှင့်တင်ပေးခြင်း ဖြစ်သည်။ ယင်းကို ဝါရှင်တန် သဘောတူညီချက် (Washington Consensus) ဟုလည်း သိကြသည် (Nitzan and Bichler, 2000)။ အဆိုပါ သဘောတရားမှာ WTO ကိုလည်း လွှမ်းမိုးခဲ့ပြီး ကမ္ဘာ့ဘဏ်ကိုလည်း အတိုင်းအတာ တစ်ခုအထိ လွှမ်းမိုးခဲ့သည်။

၁၉၈၀ ပြည့်လွန်နှစ်များမှ စ၍ ကမ္ဘာ့ဘဏ်မှ ဖွံ့ဖြိုးရေး ကြွေးမြီများ လက်ခံရယူသည့် နိုင်ငံများသည် IMF ၏ ဖွဲ့စည်း တည်ဆောက်ပုံ ပြောင်းလဲရေး အစီအစဉ်များ (Structural adjustment programmes (SAPs)) ကို လက်ခံရန် လိုအပ်လာသည့် အချက်အပေါ် IMF အပေါ် ဝေဖန်သူများက အဓိက ထောက်ပြကြသည်။ အဆိုပါ အစီအစဉ်များတွင် လူထုအတွက် အသုံးစရိတ်များ လျှော့ချခြင်းလည်း ပါဝင်ပြီး ယင်းအချက်က သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရေး စံနှုန်းများကို ထိခိုက်စေသည်။ စိုက်ပျိုးရေးတွင် အခြားသူများနှင့် ယှဉ်ပါက အားသာချက် ရယူရန် SAPs များက အားပေးပြီး လယ်သမားများကို တစ်နိုင်တစ်ပိုင် ကောက်ပဲသီးနှံများ စိုက်ပျိုးခြင်းကို ရပ်တန့်ခိုင်းကာ ပိုးသတ်ဆေးများ တိုး၍ အသုံးပြုခြင်း၊ ရေပေးဝေရေး အရင်းအမြစ်များတွင် ပို၍ ဖိအားများလာခြင်းတို့ကို ဖြစ်ပွားစေလေတော့သည်။ တစ်ချိန်တည်းမှာပင် ငွေပေါ် သီးနှံများအပေါ် မှီခိုနေရခြင်းကြောင့် အဆိုပါ တန်ဖိုး ပေါင်းထည့်ထားခြင်း မရှိသည့် ကုန်ကြမ်းပစ္စည်းများ ကမ္ဘာ့ ဈေးကွက်တွင် ဈေးကျသည့်အခါ နိုင်ငံများမှာလည်း ထိခိုက်ရတော့သည်။ ထိုသို့ ဈေးကျခြင်းများမှာ ကော်ဖီ၊ သစ်သီးများ၊ ရာဘာနှင့် အခြား ကုန်ကြမ်းပစ္စည်းများတွင် ဖြစ်ပွားခဲ့သည်။

WTO ၏ လုပ်ငန်းဆောင်ရွက်သည့် နယ်ပယ်များအတွင်း သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ရလဒ်များကို WTO က မှတ်တမ်းတင်ထားပြီး ယင်းမှတ်တမ်းမှာ ဝေဖန်သူများ ပြောဆိုနေကြ သကဲ့သို့ မဆိုးရွားလှပေ။ သို့ရာတွင် WTO ၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့ ကုန်သွယ်ရေးနှင့် စဉ်ဆက်မပြတ် စီးပွားရေး တိုးတက်မှုကို မြှင့်တင်ရန် ဖြစ်သည်။ အဆိုပါ ရည်ရွယ်ချက်များက သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အကျိုးဆက်များ ဖြစ်ပွားစေပြီး ကမ္ဘာ့ စီးပွားရေး၏ အတိုင်းအတာကို တိုးပွားလာစေရာ ဖြစ်ရာ သဘာဝ ပတ်ဝန်းကျင် ရှုထောင့်မှ ကြည့်လျှင် WTO ကိုယ်၌ကပင် ပြဿနာ တစ်ရပ် ဖြစ်နေသည်။ ကိုးလ် (Cole) ထောက်ပြသည့်အတိုင်း "သမိုင်းစဉ်လာအရ နိုင်ငံများသည် ၎င်းတို့ ပိုင်နက် နယ်နမိတ်အတွင်း ၎င်းတို့ စိတ်ဆန္ဒ ရှိသလို လုပ်ဆောင်၍ ရသည်။ သို့ရာတွင် ဂေဟဗေဒအရ အချင်းချင်း မှီခိုနေသည့် ကမ္ဘာကြီးတွင် နိုင်ငံတစ်နိုင်ငံမှ ထုတ်လုပ်ရေး ဖြစ်စဉ်များသည် ကမ္ဘာ့ ပတ်ဝန်းကျင်ကို ထိခိုက်နိုင်စေရာ အဆိုပါ သဘောတရားမှာ ခေတ်ကုန်နေပြီ ဖြစ်သည်" (Cole, 2000, p. 36)။ ရာသီဥတု ပြောင်းလဲခြင်း၏ စီးပွားရေးနှင့် လူ့အခွင့်အရေး သက်ရောက်မှုများသည် လာမည့် နှစ်များအတွင်း ကမ္ဘာ့ စီးပွားရေးကိုရော၊ ယခင်ကလိုသာ ဆက်သွားမည် ဟူသည့် ချဉ်းကပ်ပုံကိုပါ ကြီးမားသည့် စိန်ခေါ်မှုများ ကြုံတွေ့ စေနိုင်သည်။

## ရာသီဥတု ပြောင်းလဲခြင်းနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒုက္ခသည်များ

၂၀၀၃ ခုနှစ်တွင် တူဗာလူ နိုင်ငံ၏ ဝန်ကြီးချုပ် ဆောင်ဖာတူ ဆိုပိုအန်ဂါ (Saufatu Sopoanga) က ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် အောက်ပါအတိုင်း ဆိုခဲ့သည်။

ကျွန်ုပ်တို့ဟာ ရာသီဥတု ဖောက်ပြန် ပြောင်းလဲခြင်းရဲ့ ဆိုးရွားတဲ့ သက်ရောက်မှုတွေကို တစ်ချိန်လုံး စိုးရိမ်ကြောက်ရွံ့နေရပါတယ်။ သန္တာကျောက်တန်းတွေနဲ့ ဖွဲ့စည်းထားတဲ့ ကျွန်းနိုင်ငံ တစ်နိုင်ငံ အတွက်တော့ ပင်လယ်ရေ မျက်နှာပြင် မြင့်တက်လာတာနဲ့ ပိုမိုဆိုးရွားတဲ့ ရာသီဥတု ဆိုင်ရာ ဖြစ်ရပ်တွေက ကျွန်ုပ်တို့ရဲ့ လူဦးရေ အားလုံးကို တိုးတိုးပြီး ခြိမ်းခြောက်လာပါတယ်။ ဒီခြိမ်းခြောက်မှုက တကယ် ရှိတာပါ၊ ပြင်းလည်း ပြင်းထန်ပါတယ်၊ ကျွန်ုပ်တို့အတွက်တော့ ဖြည်းဖြည်းနဲ့ အန္တရာယ်များတဲ့ အကြမ်းဖက်မှု ပုံစံ တစ်ခုပါပဲ။
(http://www.tuvaluislands.com/warming.htm)

တူဗာလူ နိုင်ငံသည် တောင်ပစိဖိတ် သမုဒ္ဒရာအတွင်းရှိ သေးငယ်သည့် ကျွန်းနိုင်ငံလေး တစ်နိုင်ငံ ဖြစ်သည်။ ၎င်း၏ အမြင့်ဆုံး အမှတ်မှာ ပင်လယ်ရေမျက်နှာပြင် အထက် မီတာ အနည်းငယ် အကွာတွင်သာ ရှိပြီး ယင်းနိုင်ငံမှာ ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ခြိမ်းခြောက် ခံနေရသည်ဟု ယူဆထားကြသည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်းသည် ပြဿနာများ ဖြစ်ပွားစေသည်။ ရေကြီးရေလျှံခြင်းသာမက ဆားငန်ရေ ပမာဏ မြင့်တက်လာခြင်း၊ ယခင် သီးနှံ စိုက်ပျိုးနိုင်သည့် မြေများ ပျက်စီးသွားခြင်းတို့ ဖြစ်ပွားစေပြီး လူအများကို ကုန်းနိမ့်ဒေသရှိ နေအိမ်များကို စွန့်ခွာ ထွက်ပြေးစေသည်။ အခြားသော ဒုက္ခသည်များ နည်းတူ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒုက္ခသည်များသည် နားခိုရာ နေရာ မရှိခြင်း၊ အသက်မွေးဝမ်းကြောင်း နည်းလမ်းများ မရှိခြင်း၊ အစားအစာ၊ ရေနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ လုံလုံလောက်လောက် မရရှိခြင်း၊ လက်ခံထားသော အသိုင်းအဝိုင်းက ဒုက္ခသည်များ တည်ရှိနေခြင်းကို ခြိမ်းခြောက်ခံရသည်ဟု ခံစားရကာ ခွဲခြား ဆက်ဆံခြင်း အစရှိသော လူ့အခွင့်အရေးအရ ပုံဖော်ကြည့်နိုင်သည့် ပြဿနာ အများအပြားကို ရင်ဆိုင်ကြရသည် (အခန်း ၁၈ တွင် ရှုပါ)။ ရာသီဥတု ပြောင်းလဲခြင်း ဆိုင်ရာ

အစိုးရများ အစုအဖွဲ့က ၂၀၅၀ ပြည့်နှစ်တွင် ပင်လယ်ရေ မျက်နှာပြင် မြင့်တက်လာခြင်းကြောင့် နေအိမ် စွန့်ခွာထွက်ပြေးရသူ သန်း၂၀၀ ခန့် ရှိလာနိုင်သည်ဟု ခန့်မှန်းထားသည် (Warner, 2011; IPCC, 2014)။ ၂၀၁၄ ခုနှစ် ကုလသမဂ္ဂ လူသား ဖွံ့ဖြိုးရေး အစီရင်ခံစာ ဖြစ်သည့် *လူသားများ၏ တိုးတက်မှုများကို ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ ထိခိုက်လွယ်မှုများကို လျှော့ချရေးနှင့် ကြံ့ကြံ့ခံနိုင်မှုများ တည်ဆောက်ရေး* ဟူသည့် အစီရင်ခံစာတွင် ရာသီဥတု ပြောင်းလဲခြင်းနှင့် တည်ရှိနေပြီး ဖြစ်သော ဖွံ့ဖြိုးရေးနှင့် လူမှု စီးပွားရေး မညီမျှမှုများကြောင့် ရာသီဥတု ပြောင်းလဲခြင်း၏ ဆိုးကျိုးများအပေါ် လူတို့၏ ကြံ့ကြံ့ခိုင်နိုင်ပုံ မတူညီကြောင်းတို့ကို ချိတ်ဆက် ပြထားသည်။ အစီရင်ခံစာတွင် အောက်ပါအတိုင်း ရေးထားသည်။

ဆင်းရဲ မွဲတေသူများ၊ ဘေးဖယ်ခံထားရသူများနှင့် အားနည်းသူများ သန်းပေါင်းများစွာသည် စီးပွားရေး အတက်အကျများ၊ အခွင့်အရေး ချိုးဖောက်ခံရခြင်းများ၊ သဘာဝ ဘေးအန္တရာယ်များ၊ ကူးစက်ရောဂါများ၊ ပဋိပက္ခနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အန္တရာယ်များကြောင့် ပို၍ ထိလွယ် ခိုက်လွယ်ကြသည်။ အဆိုပါ ထိခိုက်လွယ်မှုများကို စနစ်တကျ ရှာဖွေ၍ မလျှော့ချနိုင်လျှင် ယင်းထိခိုက်လွယ်မှုများသည် လာမည့် ဆယ်စုနှစ်များအတွင်း လူသားများ၏ ဖွံ့ဖြိုးမှုများ တိုးတက်လာခြင်း၏ ရေရှည်တည်တံ့ ခိုင်မြဲမှုကို ထိခိုက်စေလိမ့်မည်။
(UNDP, 2014, p. 10)

ဤသည်မှာ ယခင် လူသား ဖွံ့ဖြိုးရေး အစီရင်ခံစာများမှ သတိပေးချက်များကို ထပ်မံဖော်ပြထားခြင်းဖြစ်သည်။ ဥပမာ ၂၀၀၈ ခုနှစ် *လူသား ဖွံ့ဖြိုးရေး အစီရင်ခံစာ၊ ရာသီဥတု ပြောင်းလဲမှုအား တိုက်ဖျက်ခြင်း၊ ကွဲပြားနေသည့် ကမ္ဘာကြီးမှ လူသားများအကြား စည်းလုံးညီညွတ်မှု* ဟူသည့် အစီရင်ခံစာတွင်လည်း အောက်ပါအတိုင်း ဖော်ပြထားသည်။

ရာသီဥတု ပြောင်းလဲခြင်းသည် ၂၁ ရာစုတွင် သိသာ ထင်ရှားသော လူသား ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှု တစ်ခု ဖြစ်သည်။ ထိုစိန်ခေါ်မှုများကို တုံ့ပြန်နိုင်ခြင်း မရှိပါက ဆင်းရဲမွဲတေမှု လျှော့ချရေး ဆိုင်ရာ နိုင်ငံတကာ ကြိုးပမ်းမှုများကို ရပ်တန့်သွားစေခြင်း၊ နောက်ကြောင်းပြန် လှည့်စေခြင်းများ ဖြစ်ပွားစေနိုင်သည်။ အဆင်းရဲဆုံး နိုင်ငံများနှင့် ထိလွယ် ခိုက်လွယ်သော နိုင်ငံများသည် ပြဿနာ ဖြစ်ပွားစေရေးတွင် ပါဝင်မှု လျော့နည်းသော်လည်း ပျက်စီးမှု အများဆုံးကို အစောဆုံး ခံစားကြရမည် ဖြစ်သည်။ အနာဂတ်ကို ကြည့်လျှင် မည်မျှ ချမ်းသာ (သို့) အာဏာရှိစေကာမူ မည်သည့် နိုင်ငံမျှ ကမ္ဘာကြီး ပူနွေးလာမှု၏ သက်ရောက်မှုများကို မခံစားရခြင်း မရှိပေ။
(UNDP, 2008)

ရာသီဥတု ပြောင်းလဲခြင်း၏ သက်ရောက်မှုကြောင့် ယနေ့ခေတ်တွင် စစ်ပွဲများကြောင့် ထွက်ပြေးရသည့် ဒုက္ခသည်များထက် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒုက္ခသည် အရေအတွက်က ပို၍ များနေသည်။ ယင်းပုံစံသည် လာမည့် ဆယ်စုနှစ်များတွင်လည်း ထိုအတိုင်းသာ ဆက်သွားနေမည် ဖြစ်သည်။ ရာသီဥတုနှင့် သဘာဝ ပတ်ဝန်းကျင် ပြောင်းလဲမှုကြောင့် လူပေါင်း သန်းပေါင်းများစွာ နေရပ် စွန့်ခွာရခြင်းကို ဖြေရှင်းရန်မှာ နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် အဓိက စိန်ခေါ်မှု ဖြစ်သည်။ ရာသီဥတု ပြောင်းလဲမှု၊ သဘာဝ ပတ်ဝန်းကျင် ရေရှည် တည်တံ့ ခိုင်မြဲမှုနှင့် လူသားနှင့် နိုင်ငံတကာ လုံခြုံရေး မူဝါဒများအကြား

ဆက်စပ်မှုများကိုလည်း ပြသနေသည်။ သဘာဝ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုသည် တစ်နှစ်အတွင်း လူပေါင်း ဆယ်သန်းခန့်ကို နေရာ ပြောင်းရွှေ့စေပြီး ထိုအခြေအနေမှာ ပို၍ ဆိုးလာဖွယ်ရာ ရှိသည်။ ယခု ဆယ်စုနှစ်အကုန်တွင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒုက္ခသည် သန်း ၅၀ ခန့် ရှိလာမည်ဟု ခန့်မှန်းရသည်။ သို့ရာတွင် ထိုဒုက္ခသည် အမျိုးအစား အသစ်ကို လက်ရှိ နိုင်ငံတကာ သဘောတူ စာချုပ်များတွင် အသိအမှတ် ပြုထားခြင်း မရှိပေ။ အန်ဒရူး ဆင်းမ်း (Andrew Simms) ကဲ့သို့သော တက်ကြွ လှုပ်ရှားသူများ (Conisbee and Simms, 2003)၊ ယခင် အိုင်ယာလန် နိုင်ငံ သမ္မတဟောင်းနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ဖြစ်ခဲ့ဖူးသူ မေရီ ရော်ဘင်ဆန် (Mary Robinson) (Robinson, 2015) တို့က အစိုးရများနှင့် နိုင်ငံတကာ ဥပဒေ စနစ်များကို သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒုက္ခသည်များအား ခိုလှုံခွင့် အတွက် သီးသန့် သတ်မှတ် အသိအမှတ် ပြုပေးရန်နှင့် ရာသီဥတု ဆိုင်ရာ ဒုက္ခသည်များ၏ လူ့အခွင့်အရေးများကို ကာကွယ်ပေးရန် တောင်းဆိုခဲ့ကြသည်။

### ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒုက္ခသည်များ

ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် ၎င်းတို့ နေထိုင်ရာ မြေနေရာများမှ ပြောင်းရွှေ့ပေးရသူများ (သို့) ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းကို ခြိမ်းခြောက် ခံရသူများနှင့် သက်ဆိုင်သည့် ဥပမာ များစွာ ရှိသည်။ ထိုသူများသည် ၎င်းတို့၏ လူ့အခွင့်အရေးများကိုလည်း ခြိမ်းခြောက်ခံနေရပြီး လူတစ်ဦး၏ လုံခြုံမှု ရရှိခွင့်၊ နေထိုင်စရာ၊ အစားအစာ၊ သောက်ရေနှင့် အခြား အရာများ လုံလုံလောက်လောက် ရရှိခွင့်တို့ကိုလည်း ခြိမ်းခြောက်ခံနေရသည်။ အစိုးရများနှင့် ပုဂ္ဂလိက လုံခြုံရေး လုပ်ငန်းများက ဖွံ့ဖြိုးရေး စီမံကိန်းများကို ဆန့်ကျင်သူများနှင့် ရင်ဆိုင်ရသည့်အခါ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ချိုးဖောက်သည့် ဥပမာများလည်း တွေ့ရသည်။

လူသိများသည့် ဥပမာ တစ်ခုမှာ ၁၉၉၅ ခုနှစ်တွင် ကန်ဆာရို ဝီဝါ (Ken Saro-Wiwa) နှင့် အခြား တက်ကြွ လှုပ်ရှားသူ ၈ ဦးကို နီဂါ မြစ်ဝှမ်းဒေသတွင် Shell ရေနံ ကုမ္ပဏီ၏ ခေါင်းပုံ ဖြတ်မှုများအား ဆန့်ကျင် ဆန္ဒပြသည့်အတွက် သေဒဏ် ပေးခဲ့ခြင်း ဖြစ်သည်။ အိုဂိုနီလူမျိုးများ ရှင်သန်ရေးအတွက် လှုပ်ရှားမှု ခေါင်းစဉ်ဖြင့် ဒေသတွင်း ရေချိုများကို ညစ်ညမ်းစေခြင်း၊ သဘာဝ နေထိုင်ရာ နေရာများကို ဖျက်စီးခြင်း အစရှိသည့် Shell ၏ ညစ်ညမ်းစေသည့် လုပ်ရပ်များကို အချိန်ရှည်ကြာ ဆန္ဒပြခဲ့ ကြသည် (Sachs and Peterson, 1995)။ အိုဂိုနီလူမျိုးများ ရှင်သန်ရေးအတွက် လှုပ်ရှားမှုသည် ၎င်း၏ လှုပ်ရှားမှုကို လူ့အခွင့်အရေးအဖြစ် ပုံဖော်ခဲ့ပြီး ၎င်းတို့ နေထိုင်ရာ မြေများကို ထိန်းချုပ်ခွင့်၊ အိုဂိုနီ ဒေသတွင် မည်သည့် ဖွံ့ဖြိုးတိုးတက်မှုမျိုး လုပ်ဆောင်မည်ကို (နိုင်ဂျီးရီးယား အစိုးရမှ မဟုတ်ဘဲ) ဒေသခံများမှ ဆုံးဖြတ်ခွင့်၊ ဖွံ့ဖြိုးရေး ဆိုင်ရာ အဆိုပြုချက်များကို မည်သူက ဆုံးဖြတ်ခွင့် အစရှိသည်တို့ကို တောင်းဆိုခဲ့ကြသည် (http://www.mosop.org/ တွင် ရှုပါ)။

လူ့အခွင့်အရေး ရှုထောင့်မှ ဆန့်ကျင်ခဲ့သော အခြား ဖွံ့ဖြိုးရေး စီမံကိန်း တစ်ခုမှာ အိန္ဒိယ၏ နာမာဒါ တောင်ကြား ဖွံ့ဖြိုးရေး အစီအစဉ် ဖြစ်သည်။ ယင်းဖွံ့ဖြိုးရေး အစီအစဉ်တွင် ကြီးမားသော ရေကာတာ ဆောက်လုပ်မှု ပါဝင်ပြီး အာရှ လူ့အခွင့်အရေး ကော်မရှင်က အဆိုပါ အစီအစဉ်သည် လူ့အခွင့်အရေး အကြီးအကျယ် ချိုးဖောက်ခြင်းနှင့် ဆင်းရဲသည့် မျက်နှာမွဲ အသိုင်းအဝိုင်းများကို နေရပ် ပြောင်းရွှေ့ခြင်းတို့

ဖြစ်ပွားစေမည်ဟု ဆိုသည် (AHRC, 2003)။ အိန္ဒိယ အစိုးရ၏ အစီအစဉ်မှာ ရေကာတာကြီး အခု ၃၀၊ အလတ် ၁၃၅ ခုနှင့် ရေကာတာသေး ၃၀၀၀ ခန့် တည်ဆောက်၍ နာမာဒါနှင့် ၎င်း၏ မြစ်လက်တက်များမှ ရေအင်အားကို အသုံးချကာ ဖွံ့ဖြိုးရေးအတွက် အရေးပေါ် လိုအပ်နေသည့် ရေနှင့် လျှပ်စစ် ပေးဝေရေးတို့ လုပ်ဆောင်ရန် ဖြစ်သည်။ ရေကာတာ စီမံကိန်းကို ဆန့်ကျင်သူများက မူလ အခြေချ နေထိုင်သူများကို အတင်းအဓမ္မ ရွှေ့ပြောင်းခိုင်းခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်ခြင်းဟု ရှုမြင်ကြသည်။ မူလ အခြေချ နေထိုင်သူများသည ဆွေးနွေးမှု အနည်းငယ် (သို့) လုံးဝ မရှိဘဲ လုံလောက်သော လျော်ကြေး မရဘဲ ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် မကြာခဏ နေရပ် ရွှေ့ပြောင်းကြရသည်။ (J. O'Neill, 2007) (အခန်း ၁၉ တွင် ရှုပါ)။

ဝေဖန်သူများက "နာမာဒါမြစ်တွင် ရေကာတာများ ဆောက်မည့်အပေါ် အငြင်းပွားနေခြင်းသည် အိန္ဒိယတွင် တရားမျှတပြီး တန်းတူညီသည့် လူ့အဖွဲ့အစည်း ရရှိရေးအတွက် ကြိုးပမ်းနေရမှုများနှင့် သင်္ကေတန်တူသည်" ဟု ထောက်ပြခဲ့သည် (Friends of River Narmada, 2008)။ ရေကာတာကို ဆန့်ကျင်သူများက အစိုးရ၏ အခြေခံ ယူဆချက်များကို မေးခွန်းထုတ်ခဲ့ပြီး အဆိုပါ အစီအစဉ်သည် တရားမျှတမှု မရှိဟု ယုံကြည်ကြသည်။ ထို့ပြင် ဆောက်လုပ်ခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေမည်၊ ဆင်းရဲသူများနှင့် မျက်နှာမွဲ အသိုင်းအဝိုင်းများကို ရွှေ့ပြောင်းခိုင်းရာ ရောက်မည်ဟု ယုံကြည်ကြသည်။ အခြားအဆင့်တွင်လည်း နာမာဒါ လှုပ်ရှားမှုမှ ပေါ်ပေါက်လာသော မေးခွန်းများက ခေတ်မီ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် ငွေကြေး ချမ်းသာမှုများ ယူဆောင်လာမည် ဟူသည့် ဖွံ့ဖြိုးရေး ပုံစံများကို စိန်ခေါ်ရာကျသည်။ ယင်းစီမံကိန်းများက အရင်းအမြစ်များ ခွဲဝေမှု မညီမမျှ ဖြစ်ခြင်းကို သက်ဆိုးရှည်စေပြီး လူမှုရေးကို ထိခိုက်စေကာ သဘာဝ ပတ်ဝန်းကျင်ကို ဖျက်စီးလိမ့်မည်။ ရိုးရိုး ဆိုရလျှင် နာမာဒါ မြစ်နှင့် ပတ်သက်၍ လှုပ်ရှားမှုများသည် တရားမျှတမှု၊ လူ့အခွင့်အရေး၊ တန်းတူညီမှုနှင့် ဒီမိုကရေစီတို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် မည်သို့ ဆက်စပ်နေသနည်း ဆိုသည့် အိန္ဒိယ၏ ဖွံ့ဖြိုးမှု အနာဂတ်များကို လေ့လာနိုင်သည့် ဖြစ်ရပ် တစ်ခု ဖြစ်သည်။ ဝတ္ထုရေး ဆရာနှင့် တက်ကြွ လှုပ်ရှားသူ အာရွန်ဒါတီရွိုင်း (Arundhati Roy) က နာမာဒါ ဆည်အကြောင်း အောက်ပါအတိုင်း ရေးသားခဲ့သည်။

နယူကလီးယားဗုံးများသည် စစ်တပ် လက်နက်တိုက်အတွက် ဖြစ်သကဲ့သို့ ဆည်ကြီးများ သည်လည်း နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အတွက် ဖြစ်ကြသည်။ ထိုအရာ နှစ်ခုလုံးမှာ အစုလိုက် အပြုံလိုက် ဖျက်ဆီးနိုင်သည့် လက်နက်များ ဖြစ်ကြသည်။ အစိုးရက ၎င်း၏ နိုင်ငံသားများကို ထိန်းချုပ်ရန် အသုံးပြုသည့် လက်နက်များလည်း ဖြစ်သည်။ ဤနှစ်ခုလုံးမှာ ၂၀ ရာစုတွင် လူသားတို့၏ အသိဉာဏ်သည် အသက်ရှင်သန်လိုစိတ်ကို ကျော်လွန်သွားပြီ ဖြစ်ကြောင်း ပြသသည့် အမှတ်အသားများ ဖြစ်သည်။ ၎င်းတို့နှစ်ခုလုံးသည် လူ့ယဉ်ကျေးမှု မိမိကိုယ်ကို တိုက်ခိုက်နေပြီ ဖြစ်ကြောင်း ညွှန်ပြနေသည့် အကျိတ်အဖုများ ဖြစ်ကြသည်။ ဤတို့နှစ်ခုလုံးသည် လူသားများနှင့် ၎င်းတို့နေထိုင်ကြရာ ကမ္ဘာကြီး အကြား ချိတ်ဆက်မှု၊ တကယ်တမ်းတွင် ချိတ်ဆက်မှု သာမက နားလည်မှုပါ ပြတ်တောင်းသွားခြင်းကို ကိုယ်စားပြုသည်။ ၎င်းတို့သည် ကြက်ဥများကို ကြက်မနှင့်၊ နွားနို့ကို နွားမနှင့်၊ အစားအစာကို သစ်တောများနှင့်၊ ရေကို မြစ်များနှင့်၊ လေကို အသက်နှင့်၊ မြေကြီးကို လူသားဖြစ်တည်မှုနှင့် ချိတ်ဆက်သည့် အသိဉာဏ်ကို ရောမွှေပစ်လိုက်သည်။ ကျွန်မတို့အနေဖြင့် ဤသည်ကို ပြန်၍ အစီအစဉ်တကျဖြစ်အောင် ပြုလုပ်နိုင်ပါမည်လား။ ဖြစ်နိုင်ပါသည်။ တစ်လက်မချင်း၊ ဗုံးတစ်လုံးချင်း၊ ဆည်တစ်ခုချင်း

ပြန်ဖျက်မည်ဆိုလျှင် စစ်ပွဲတစ်ခုချင်းစီအား သူနည်းသူဟန်နှင့် တိုက်လျှင် ဖြစ်နိုင်မည်ထင်ပါသည်။ ဤစစ်ပွဲကို နာမာဒါချိုင့်ဝှမ်း၌ စတင်နိုင်မည် ထင်ပါသည်။
(Roy, 1999)

| အနှစ်ချုပ် |
|---|
| သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များသည် ဒုက္ခသည် ဖြစ်လာသူများ၏ လူ့အခွင့်အရေးအပေါ် တိုက်ရိုက် သက်ရောက်မှု ရှိကြသည်။ အဘယ်ကြောင့် ဆိုသော် ထိုသူများမှာ ရာသီဥတု ပြောင်းလဲခြင်း၊ ဖွံ့ဖြိုးရေး စီမံကိန်းများ အစရှိသော သဘာဝ ပတ်ဝန်းကျင် ပြဿနာများကြောင့် ဒုက္ခသည် ဖြစ်လာရခြင်း ဖြစ်သည်။<br><br>သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒုက္ခသည်များ၏ ဒုက္ခများသည် ယနေ့ခေတ် ကမ္ဘာ့ နိုင်ငံရေးတွင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များနှင့် လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် ဒီမိုကရေစီ ကိစ္စရပ်များအကြား ရှုပ်ထွေးသည့် ဆက်စပ်မှုများကို ပြသနေသည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒုက္ခသည်များအတွက် နိုင်ငံတကာ ဥပဒေဆိုင်ရာ အခွင့်အရေးများ သတ်မှတ်ပေးရန် အဓိက အခက်အခဲများမှာ အဘယ်နည်း။ |

## လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင် ရေရှည် တည်တံ့ခိုင်မြဲရေး

ယနေ့ခေတ် အစိမ်းရောင် လှုပ်ရှားရေးများက လွတ်လပ်မှုနှင့် အခွင့်အရေးများကို ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့် (မှီခိုနေရသည် မဟုတ်) အရာများဟု ရှုမြင်ကြသည်။ ထို့ကြောင့် သဘာဝ ပတ်ဝန်းကျင်သမားများသည် လူ့အခွင့်အရေး၏ တန်ဖိုးများကို လက်ခံ ကြိုဆိုကြသော်လည်း ဝေဖန်ခြင်းများတော့ ရှိကြသည်။ ဤသည်မှာ ကျဉ်းမြောင်းပြီး ကိစ္စရပ် တစ်ခုတည်းသာ ဖြစ်သော် သဘာဝ ပတ်ဝန်းကျင် ဝါဒမှ ကျယ်ပြန့်သော ရေရှည်တည်တံ့ခိုင်မြဲရေး နိုင်ငံရေးသို့ ရွေ့လျားသွားခြင်း ဖြစ်သည်။ ရေရှည်တည်တံ့ခိုင်မြဲရေး နိုင်ငံရေးတွင် သဘာဝ ပတ်ဝန်းကျင်ကို လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ တရားမျှတမှု၊ ဒီမိုကရေစီ နည်းလမ်းကျ ပါဝင်ရေး၊ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ် ပူပန်မှုများထဲတွင် ထည့်သွင်းထားသည် (Woods, 2010; Barry, 2014)။ ထိုသို့လုပ်ခြင်းက သဘာဝ ပတ်ဝန်းကျင်သမားများကို လူ့အခွင့်အရေး မြှင့်တင်မှုများ လုပ်ဆောင်နိုင်စေသည်။ အဘယ်ကြောင့် ဆိုသော် လူ့အခွင့်အရေးသည် သဘာဝ ပတ်ဝန်းကျင်ကို ချဲ့ထွင်လိုက်သော ရေရှည် တည်တံ့ ခိုင်မြဲရေးအတွက် အဓိက ကျသောကြောင့် ဖြစ်သည်။ ကျဉ်းမြောင်းသည့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အာရုံစိုက်မှုမှ ပို၍ ကျယ်ပြန့်သော ရေရှည် တည်တံ့ခိုင်မြဲရေး နိုင်ငံရေးကို ပြောင်းလဲလိုက်ခြင်းဖြင့် မည်သည့် လူ့အဖွဲ့အစည်းများကို ရေရှည် တည်တံ့ခိုင်မြဲအောင် လုပ်ဆောင်နေသနည်း ဟူသည့် မေးခွန်းကိုလည်း ဖြေဆိုသွားနိုင်သည်။ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ နိုင်ငံရေး ရည်မှန်းချက်များတွင် လူမှုရေးနှင့် စီးပွားရေး အချက်များကို ထည့်သွင်းလိုက်ခြင်းဖြင့် ရေရှည် တည်တံ့ခိုင်မြဲသော လူ့အဖွဲ့အစည်းဆိုသည်မှာ ဂေဟဗေဒ

အခြေအနေများကို မထိခိုက်စေသော လူ့အဖွဲ့အစည်း သက်သက်သာ မဟုတ်ဘဲ လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ တရားမျှတမှုများ၏ စည်းမျဉ်းများနှင့် ဒီမိုကရေစီ တန်ဖိုးများနှင့် အလေ့အကျင့်များကိုပါ မထိခိုက်စေသော လူ့အဖွဲ့အစည်း ဖြစ်လာသည်။

သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာများသည် ယခု ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း လူ့အခွင့်အရေး ကိစ္စရပ်များ ဖြစ်ပြီး ဂရုတစိုက် စဉ်းစားကာ အတူတကွ ကြံစည် လုပ်ဆောင်သော လုပ်ရပ်များဖြင့် တုံ့ပြန်ရမည် ဖြစ်သည်။ သို့ရာတွင် လူ့အခွင့်အရေးချည်း သက်သက်က သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာများကို ဖြေရှင်းချက် မပေးနိုင်ပေ။ လူ့အခွင့်အရေးကိုလည်း သဘာဝ ပတ်ဝန်းကျင် လှုပ်ရှားမှုများက မေးခွန်းမထုတ်ဘဲ လက်ခံထားခြင်း မရှိပေ။ လူ့အခွင့်အရေးသည် သဘာဝ ပတ်ဝန်းကျင်သမားများအတွက် အသုံးချရမည့် အရင်းအမြစ် တစ်ခု ဖြစ်ပြီး သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ပညာရှင်များနှင့် တက်ကြွ လှုပ်ရှားသူများ အခြားသူများနှင့်အတူ အသစ်ပြန် ပြင်ဆင် ပုံပြန်သွင်းနိုင်သည့် စံနှုန်းများနှင့် တန်ဖိုးများလည်း ဖြစ်ပေသည်။

| အနှစ်ချုပ် |
|---|
| သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များသည် ဒုက္ခသည် ဖြစ်လာသူများ၏ လူ့အခွင့်အရေးအပေါ် တိုက်ရိုက် သက်ရောက်မှု ရှိကြသည်။ အဘယ်ကြောင့် ဆိုသော် ထိုသူများမှာ ရာသီဥတု ပြောင်းလဲခြင်း၊ ဖွံ့ဖြိုးရေး စီမံကိန်းများ အစရှိသော သဘာဝ ပတ်ဝန်းကျင် ပြဿနာများကြောင့် ဒုက္ခသည် ဖြစ်လာရခြင်း ဖြစ်သည်။<br><br>သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒုက္ခသည်များ၏ ဒုက္ခများသည် ယနေ့ခေတ် ကမ္ဘာ့ နိုင်ငံရေးတွင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များနှင့် လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် ဒီမိုကရေစီ ကိစ္စရပ်များအကြား ရှုပ်ထွေးသည့် ဆက်စပ်မှုများကို ပြသနေသည်။<br><br>**ဆင်ခြင် စဉ်းစားရန် မေးခွန်းများ**<br>သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒုက္ခသည်များအတွက် နိုင်ငံတကာ ဥပဒေဆိုင်ရာ အခွင့်အရေးများ သတ်မှတ်ပေးရန် အဓိက အခက်အခဲများမှာ အဘယ်နည်း။ |

## နိဂုံး

ယခုအခန်းတွင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များမှ လူ့အခွင့်အရေးအပေါ် သက်ရောက် နိုင်သည့် နည်းလမ်းအချို့ကို လေ့လာခဲ့သည်။ လူ့အခွင့်အရေးက သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လှုပ်ရှားမှုများ၊ အထူးသဖြင့် "သဘာဝ ပတ်ဝန်းကျင် နှင့် ဖွံ့ဖြိုးတိုးတက်မှု" ဆိုင်ရာ အငြင်းပွားမှု များတွင် ရှုပ်ထွေးစွာ သက်ဆိုင်နေပုံများကိုလည်း ဆွေးနွေးခဲ့သည်။ လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင်တို့အကြား ဆက်ဆံရေးတွင် အဓိက ကျသော ကိစ္စရပ်မှာ စီးပွားရေး၊ ၎င်း၏ သဘောသဘာဝနှင့် တည်ဆောက်ပုံတို့ ဖြစ်သည်။ ယခုအခန်းတွင် စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှု၏ နီရိုလစ်ဘရယ် ပုံစံက သဘာဝ

ပတ်ဝန်းကျင်နှင့် ထိုမှတစ်ဆင့် အချို့သော လူ့အခွင့်အရေးများအပေါ် မည်သို့သော ဆိုးကျိုးများ ရှိနိုင်ကြောင်း ပြသခဲ့သည်။ လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးတို့၏ လိုက်ဖက်ညီမှု၊ အထူးသဖြင့် လူသား မဟုတ်သူများနှင့် အနာဂတ်မှ လူများအတွက် အခွင့်အရေးများ၊ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး အကောင်အထည် ဖော်ရာတွင် ရှိနေသည့် ကိစ္စရပ်များ အစရှိသည်တို့နှင့် စပ်လျဉ်းပြီး သီအိုရီပိုင်းနှင့် တွေးခေါ်ဆင်ခြင်မှုပိုင်းအရ ပြဿနာများ ရှိနေသေးသော်လည်း ယေဘုယျအားဖြင့် သဘာဝ ပတ်ဝန်းကျင် ရေရှည် တည်တံ့ ခိုင်မြဲရေး၏ အခြေခံ ရှုထောင့်တွင်၊ အထူးသဖြင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ နိုင်ငံရေး သီအိုရီများနှင့် လက်တွေ့ လုပ်ဆောင်ချက် များတွင် လူ့အခွင့်အရေးများကို မြဲမြံစွာ ထည့်သွင်း မြှုပ်နှံထားပြီး ဖြစ်သည်။

မေးခွန်းများ

## တစ်ဦးချင်း လေ့လာရန် မေးခွန်းများ

၁။ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များသည် လူ့အခွင့်အရေးနှင့် မည်သို့၊ မည်သည့် နည်းလမ်းများဖြင့် ဆက်စပ်နေနိုင်ပါသနည်း။

၂။ မည်သည့် လူ့အခွင့်အရေးများသည် သဘာဝ ပတ်ဝန်းကျင်နှင့် ဆက်စပ်နေပါသနည်း။

၃။ စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှုသည် သဘာဝ ပတ်ဝန်းကျင်အပေါ် မည်ကဲ့သို့ သက်ရောက်မှု ရှိသနည်း။ ယင်းက လူ့အခွင့်အရေးနှင့် မည်သို့ ဆက်စပ်သနည်း။

၄။ သဘာဝ ပတ်ဝန်းကျင်သမားများ တောင်းဆိုသည့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုး တိုးတက်မှုနှင့် လူ့အခွင့်အရေးတို့အကြား အဓိက ပဋိပက္ခများ/လိုက်ဖက်ညီမှု မရှိသည့် အချက်များမှာ အဘယ်နည်း။

၅။ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး၏ အဓိက ပုံစံများမှာ အဘယ်နည်း။ ၎င်းတို့မှာ အခြားသော လူ့အခွင့်အရေးများနှင့် မည်ကဲ့သို့ ကွဲပြားခြားနားသနည်း။

၆။ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ နိုင်ငံရေး ရှုထောင့်မှ ကြည့်လျှင် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တောင်းဆိုချက်များကို လူ့အခွင့်အရေးကို အသုံးမပြုဘဲ အခြားသော ကျင့်ဝတ်ပိုင်းဆိုင်ရာ အသုံးအနှုန်းများ အသုံးပြု၍ ကိုယ်စားပြုခြင်း၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများကား အဘယ်နည်း။

## အုပ်စုလိုက် ဆွေးနွေးရန် မေးခွန်းများ

၁။ ရေရှည်တည်တံ့ ခိုင်မြဲသော လူ့အဖွဲ့အစည်းတစ်ခု ဖန်တီးခြင်းနှင့် လူ့အခွင့်အရေးကို အခြေခံသော လူ့အဖွဲ့အစည်းတို့ ဖန်တီးခြင်းက လက်ရှိ စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပျံ့နှံ့မှု အရင်းရှင်ဝါဒ ပုံစံများနှင့် လိုက်ဖက်ညီမှု မရှိခြင်း ဖြစ်နိုင်ပါသလား။

၂။ လူ့အခွင့်အရေး တတိယ မျိုးဆက်အဖြစ် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး လိုအပ်ပါသလား (သို့) သဘာဝ ပတ်ဝန်းကျင်သမားများ ထောက်ပြသည့် ကိစ္စရပ်များကို လူ့အခွင့်အရေး ပထမနှင့် ဒုတိယ မျိုးဆက်များက ဖြေရှင်းနိုင်ပါသလား။

၃။ သင်သာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေထဲတွင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အခွင့်အရေးများကို သတ်မှတ်ပြီး ဥပဒေပြုရမည် ဆိုလျှင် မည်သည့် အခွင့်အရေးများကို ထည့်သွင်းမည်နည်း (အရေးပါမှု အစဉ်လိုက် ဖော်ပြပေးပါ)။ လစ်ဘရယ် ဒီမိုကရက်တစ် နိုင်ငံ တစ်နိုင်ငံတွင် ယင်းအခွင့်အရေးများက ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ အခြား အခွင့်အရေးများနှင့် မည်ကဲ့သို့ ပဋိပက္ခများ ဖြစ်နိုင်သနည်း။

၄။ အနာဂတ်မှလူများ (သို့) လူသားမဟုတ်သည့် တိရစ္ဆာန်များသည်လည်း သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး ရရှိသင့်ပါသလား။

## ဆက်လက် ဖတ်ရှုရန်

**Barry, J.** (2007). *Environment and Social Theory* (2nd edn). London: Routledge.
သဘာဝတရားနှင့် သဘာဝ ပတ်ဝန်းကျင်တို့အကြား ဆက်ဆံရေး သဘာဝတရားများအပေါ် အနောက် နိုင်ငံနှင့် အနောက်နိုင်ငံ မဟုတ်သော နေရာများမှ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး ဆိုင်ရာ တွေးခေါ်ပုံများအား မိတ်ဆက်ထားသည့် ပြဋ္ဌာန်းစာအုပ် ဖြစ်သည်။ ထိုစာအုပ်တွင် စီးပွားရေး ရှုထောင့်မှ တွေးခေါ်ပုံများနှင့် ပြင်ပ သဘာဝတရားအပေါ် စဉ်းစားပုံများသည် လူသားများ၏ အတွင်းပိုင်း သဘောသဘာဝနှင့် ရှုပ်ထွေးစွာ ဆက်စပ်နေပုံများကို တင်ပြထားသည်။

**Barry, J.** (2012). *The Politics of Actually Existing Unsustainability: Human Flourishing in a Climate-Changed, Carbon-Constrained World*. Oxford: Oxford University Press.
ဘယ်ရီက လုံလောက်သော သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ နိုင်ငံရေးသည် လက်ရှိ တည်ရှိနေသော ရေရှည်တည်တံ့ ခိုင်မြဲမှု မရှိခြင်းများမှ စရမည်ဟု ဆိုသည်။ ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို ဒြပ်မဲ့ သဘောတရားများနှင့် အနာဂတ်မှ စိုးရိမ်မှုများအား စဉ်းစားခြင်းထက် ရေရှည် တည်တံ့ ခိုင်မြဲမှု မရှိခြင်း ဖြစ်စေရသည့် အကြောင်းအရင်းများနှင့် ယင်းမှ ထွက်ပေါ်လာသည့် အန္တရာယ် ပုံစံ အမျိုးအပြားကို ထုတ်ဖော်ရမည်ဟု ဆိုသည်။

**Boyle, A. E.** and **Anderson, M. R.** (eds) (1996). *Human Rights Approaches to Environmental Protection*. Oxford:Clarendon Press.
သဘောတရားပိုင်း ဆွေးနွေးမှုများ၊ နိုင်ငံတကာ ဥပဒေ ရေးရာ လေ့လာမှုများနှင့် ပြည်တွင်းမှ ဖြစ်ရပ် လေ့လာမှုများ အပါအဝင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဥပဒေများကို လူ့အခွင့်အရေး ရှုထောင့်မှ စဉ်းစားထားသော အက်ဆေးများ စုစည်းထားခြင်း ဖြစ်သည်။

**Hancock, J.** (2003). *Environmental Human Rights: Power, Ethics and Law.* London: Ashgate.
ဟန်ကော့က သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး နှစ်မျိုး ရှိသည်ဟု ဆိုသည်။ အဆိပ်သင့် ညစ်ညမ်းမှုများမှ ကင်းဝေးခွင့်နှင့် သဘာဝ အရင်းအမြစ်များ ပိုင်ဆိုင်ခွင့်တို့ ဖြစ်သည်။

**Hayward, T.** (2005). *Constitutional Environmental Rights.* Oxford: Oxford University Press.

ဟေးဝေါ့ဒ်က သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အခွင့်အရေးများကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေများတွင် ထည့်သွင်းခြင်း၏ သက်ရောက်မှုများကို ဆွေးနွေးထားပြီး သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အခွင့်အရေးများကို လူ့အခွင့်အရေးများကဲ့သို့ပင် လစ်ဘရယ် ဒီမိုကရေစီများတွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ အာမခံ ပေးသင့်သည်ဟု ဆိုထားသည်။

**Hiskes, R. P.** (2009). *The Human Right to a Green Future.* Cambridge: Cambridge University Press.
ဟစ်ခ်က သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး မျိုးဆက်များအကြား တရားမျှတမှု မေးခွန်းများကို ဆွေးနွေးထားသည်။

**Humphreys, S.** (2010). *Human Rights and Climate Change.* Cambridge: Cambridge University Press.
Simon Caney, Dinah Shelton နှင့် အခြားသော ပညာရှင် အများအပြားတို့၏ ဆွေးနွေးချက်များ အပါအဝင် လူ့အခွင့်အရေးနှင့် ရာသီဥတု ပြောင်းလဲခြင်းတို့အကြား ဆက်စပ်မှု ရှုထောင့် မျိုးစုံကို ဆွေးနွေးထားသည့် အက်ဆေးများ စုဆည်းထားခြင်း ဖြစ်သည်။

**Nickel, J.** (1993). The Human Right to A Safe Environment. *Yale Journal of International Law,* **18**/1, 281–95.
ထိုစာတမ်းတွင် နစ်ကယ်က လုံခြုံသော သဘာဝ ပတ်ဝန်းကျင် ရရှိရေး ဆိုင်ရာ လူ့အခွင့်အရေး ရှိသည်ဟု ဆိုထားသည်။

**Woods, K.** (2010). *Human Rights and Environmental Sustainability*. Cheltenham: Edward Elgar.
ထိုစာအုပ်တွင် ဝုဒ်စ်က သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ရေရှည် တည်တံ့ခိုင်မြဲမှုနှင့် လူ့အခွင့်အရေး တို့အကြား ကျင့်ဝတ်ပိုင်းနှင့် သဘောတရားပိုင်းအရ လိုက်ဖက်ညီမှုများကို အသေးစိတ် သုံးသပ်ထားသည်။

**Zarksy, L.** (ed.) (2003). *Human Rights and the Environment: Conflicts and Norms in a Globalizing World*. London: Earthscan.
အက်ဆေးများ စုစည်းထားသည့် စာအုပ်တွင် လက်တွေ့ သုတေသနများအပေါ် အခြေခံ၍ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေး ကိစ္စရပ်များ ပါဝင်သည့် ပဋိပက္ခ ဖြစ်ရပ် လေ့လာချက် အများအပြားကို ဆွေးနွေးထားသည်။

## ဝက်ဘ်ဆိုဒ်များ

**http://www.ehumanrights.org/** သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးကို ချဉ်းကပ် တောင်းဆိုသူများ၏ ဝက်ဘ်ဆိုဒ် ဖြစ်ပြီး သတင်းအချက်အလက်များ၊ အရင်းအမြစ်များနှင့် အွန်လိုင်းမှ လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းများကို ဖော်ပြထားသည်။

**http://environmentandhumanrights.org/inforesources.htm** Environment and Human Rights Advisory အဖွဲ့၏ ဝက်ဘ်ဆိုဒ် ဖြစ်ပြီး အခြား အချက်အလက်များနှင့် အရင်းအမြစ်များအတွက် link များ ပါရှိသည်။

**http://www.footprintnetwork.org/index.php** The Global Footprint Network ၏ ဝက်ဘ်ဆိုဒ် ဖြစ်ပြီး လူတစ်ဦးချင်းစီနှင့် နိုင်ငံအများအပြား၏ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ခြေရာပုံရိပ်များကို တွက်ချက်နိုင်သည်။

**http://www.unep.org/** The UN Environment Programme ၏ ဝက်ဘ်ဆိုဒ်ဖြစ်ပြီး အချက်အလက်များ၊ သတင်းများစွာ ရရှိနိုင်သည်။

**http://www.ohchr.org/EN/Issues/Environment/IEEnvironment/Pages/IEenvironmentIndex.aspx** UNOHCHR ၏ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လွတ်လပ်သော ကျွမ်းကျင် ပညာရှင်၏ ဝက်ဘ်ဆိုဒ် ဖြစ်သည်။

**အချက်အလက် အသစ်များနှင့် အခြား အရင်းအမြစ်များကို လေ့လာရန် ဤစာအုပ်နှင့် ပူးတွဲ ပါသည့် အွန်လိုင်း အရင်းအမြစ် စင်တာကို ဝင်ရောက်လေ့လာနိုင်ပါသည်။ www.oxfordtextbooks.co.uk/orc/goodhart3e/**

# အဘိဓာန်

**အခွင့်အရေးများ ဖောက်ဖျက်ခြင်း၊** အခွင့်အရေးကို လေးစားရန် ပျက်ကွက်ခြင်း။

**သိမ်းယူခြင်း၊** သဘာဝ အတိုင်း ပေါ်ထွက်လာသည့် နယ်မြေကို သိမ်းယူခြင်း။

**နိုင်ငံခြားသားများ၏ အခွင့်အရေး ထိခိုက်စေသည့် လုပ်ရပ်ဆိုင်ရာ ဥပဒေ (Alien Tort Statute (ATS))၊** ၁၇၈၉ ခုနှစ်တွင် အမေရိကန် နိုင်ငံ လွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည့် ဥပဒေ ဖြစ်သည်။ ထိုဥပဒေအရ နိုင်ငံခြားသားများက ပြည်ထောင်စုအဆင့် နိုင်ငံတကာ ဥပဒေ (သို့) တရားရုံးများတွင် အမေရိကန် နိုင်ငံ လက်မှတ် ရေးထိုးထားသော သဘောတူစာချုပ်များကို ဖောက်ဖျက်သည့် အမှုများအတွက် တရားစွဲဆိုမှုများ ပြုလုပ်နိုင်သည်။ ညှဉ်းပန်း နှိပ်စက်ခံရသူများနှင့် ၎င်းတို့၏ မိသားစုများက အမေရိကန် နိုင်ငံတွင် နေထိုင်နေသည့် ညှဉ်းပန်း နှိပ်စက်မှု ကျူးလွန်ခဲ့သူများကို တရား စွဲဆိုရန် ထိုဥပဒေကို အောင်မြင်စွာ အသုံးပြုခဲ့သည်။

**လွတ်ငြိမ်း ချမ်းသာခွင့်၊** တရားစွဲဆိုမှုမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း၊ များသောအားဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက်၏ အစိတ်အပိုင်းအဖြစ် ဥပဒေ ပြဋ္ဌာန်းခြင်းမှ တစ်ဆင့် ပေးလေ့ ရှိသည်။

**နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ (Amnesty International (AI))၊** ကမ္ဘာ့ အဓိက လူ့အခွင့်အရေး အဖွဲ့အစည်းများထဲမှ တစ်ခု ဖြစ်သည်။ ၎င်းကို ၁၉၆၁ နှစ်တွင် စတင် တည်ထောင်ခဲ့ခြင်း ဖြစ်ပြီး လန်ဒန်နိုင်ငံတွင် ရုံးချုပ် တည်ရှိသည်။ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့သည် ဘက်မလိုက် အဖွဲ့အစည်း တစ်ခု ဖြစ်ပြီး လူ့အခွင့်အရေး ချိုးဖောက်ခြင်းများကို အစီရင်ခံခြင်းနှင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံရေး အကျဉ်းသားများအတွက် လုပ်ကိုင်ပေးခြင်းတို့ကို ဆောင်ရွက်သည်။ ထိုအဖွဲ့သည် ကုလသမဂ္ဂနှင့် အခြား နိုင်ငံတကာ အဖွဲ့အစည်းများတွင် ကိုယ်စားပြု ပါဝင်ခွင့် ရရှိထားသည်။

**အမျိုးသား အခြေပြုဝါဒ၊** အမျိုးသားများကိုသာ ဗဟိုပြုခြင်း၊ အမျိုးသမီး ဝါဒီများက လူ့အခွင့်အရေးသည် အမျိုးသားများ၏ ရုပ်ပိုင်းဆိုင်ရာ၊ နိုင်ငံရေးနှင့် လူမှု အတွေ့အကြုံများကို အခြေခံထားသောကြောင့် လူ့အခွင့်အရေးများမှာ အမျိုးသား အခြေပြု ဖြစ်သည်ဟု ဆိုကြသည်။

**ခိုလှုံခွင့် တောင်းခံသူများ၊** နိုင်ငံတကာ အကာအကွယ်ကို ရှာဖွေနေကြသူ တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များ ဖြစ်သည်။ တစ်ဦးချင်းစီအတွက် လုပ်ထုံးလုပ်နည်း သီးသန့်ရှိသည့် နိုင်ငံများတွင် ခိုလှုံခွင့် တောင်းခံသူ ဆိုသည်မှာ ခိုလှုံခွင့် တောင်းခံလွှာ တင်သွင်းထား သော်လည်း နိုင်ငံက ယင်းတောင်းခံလွှာ အပေါ် ဆုံးဖြတ်ချက် မချရသေးသူ ဖြစ်သည်။

**ကိုယ်ပိုင် အုပ်ချုပ်ခွင့်၊** ကိုယ်ပိုင် အုပ်ချုပ်ခွင့် ဆိုသည်မှာ နိုင်ငံများ (သို့) လူတစ်ဦးတစ်ယောက်ချင်း၏ ကိုယ်ပိုင် အုပ်ချုပ်ခြင်း ဖြစ်သည်။

**အပြုအမူပိုင်းဆိုင်ရာ တော်လှန်ရေး၊** ၁၉၃၀ ပြည့်လွန်နှစ် နှောင်းပိုင်းမှ စ၍ နိုင်ငံရေး သိပ္ပံတွင် ဖွံ့ဖြိုး တိုးတက်လာခဲ့သော အချိန် အပိုင်းအခြား ဖြစ်သည်။ ထိုကာလအတွင်း နိုင်ငံရေး အပြုအမူများကို ရှင်းပြရန်နှင့် ခန့်မှန်းရန် ဓမ္မဓိဋ္ဌာန် ကျပြီး တိုင်းတာနိုင်သော ချဉ်းကပ်ပုံကို အသုံးပြုလာကြသည်။

ထိုတိုးတက်မှုမှာ သဘာဝ သိပ္ပံကဲ့သို့ နည်းနာ ယူထားသော အပြုအမူပိုင်းဆိုင်ရာ သိပ္ပံပညာ တိုးတက်လာခြင်းနှင့် ဆက်စပ်သည်။

**နှစ်ဘက် သဘောတူ စာချုပ်၊** အဖွဲ့နှစ်ဖွဲ့အတွင်းသာ ချုပ်ဆိုထားသော စာချုပ် ဖြစ်သည်။

**ဇီဝ နိုင်ငံရေး၊** အုပ်ချုပ်သူ (သို့) အစိုးရ၏ လိုအပ်ချက်များထက် နိုင်ငံသားများ၏ လိုအပ်ချက်ကို အခြေခံထားသော စည်းမျဉ်းစည်းကမ်းများ ဖြစ်သည်။ ထိုသဘောတရားသည် ဖူကို (Foucault) ထံမှ ဆင်းသက်လာခြင်း ဖြစ်ပြီး ဖူကိုက နိုင်ငံသား များ၏ လိုအပ်ချက်ကို အခြေခံသော ဇီဝ နိုင်ငံရေး စည်းမျဉ်း စည်းကမ်းများနှင့် အုပ်ချုပ်သူ၏ တစ်ကိုယ်ရည် လိုအပ်ချက်များကိုသာ သီးသန့် အခြေခံထားသော ရှေးခေတ်က စည်းမျဉ်းစည်းကမ်းများကို ခွဲခြား ပြခဲ့သည် (ဥပမာ Foucault, 2003, 2007 တွင် ရှုပါ)။

**ဘရက်တန်ဝုဒ် အင်စတီကျူးရှင်းများ၊** ဘရက်တန်ဝုတ် အင်စတီကျူးရှင်းများ ဆိုသည်မှာ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာ ငွေကြေး ရန်ပုံငွေ အဖွဲ့ (International Monetary Fund (IMF)) တို့ကို ဆိုလိုခြင်း ဖြစ်သည်။ ယင်းအဖွဲ့များကို ၁၉၄၄ ခုနှစ် ဇူလိုင်လတွင် အမေရိကန် နိုင်ငံ နယူးဟမ့်ရှိုင်းယားပြည်နယ်၊ ဘရက်တန်ဝုဒ်မြို့တွင် နိုင်ငံ ၄၃ နိုင်ငံ အစည်းအဝေးမှ တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့၏ ရည်မှန်းချက်မှာ စစ်ပြီးကာလ ကမ္ဘာ့ စီးပွားရေးကို ပြန်လည် ထူထောင်ရန်နှင့် နိုင်ငံတကာ စီးပွားရေး ပူးပေါင်းမှုများကို မြှင့်တင်ရန် ဖြစ်သည်။ မူလ ဘရက်တန်ဝုဒ် သဘောတူညီချက်တွင် နိုင်ငံတကာ ကုန်သွယ်ရေး အဖွဲ့ တည်ထောင်ရန် အကြံအစည်များ ပါဝင်ခဲ့သော်လည်း ထိုအကြံအစည်များမှာ ၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းများတွင် ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့အစည်း (World Trade Organization (WTO)) မတည်ထောင်မီအထိ အသက်မဝင်ခဲ့ပေ။ ကမ္ဘာ့ဘဏ်နှင့် IMF ထူထောင်ခဲ့ခြင်းက ဒုတိယ ကမ္ဘာစစ်အပြီး ယခင် ကမ္ဘာ့ စီးပွားရေးပျက်ကပ်များနှင့် ကုန်သွယ်ရေး စစ်ပွဲများ၏ မတည်မငြိမ် ဖြစ်စေသည့် အကျိုးဆက်များကို ကျော်လွှားရန် တည်ထောင်ခဲ့သည့် နိုင်ငံအများအပြား ပါဝင်သော မူဘောင်၏ အဓိက လက္ခဏာ တစ်ရပ် ဖြစ်လာသည်။

***ဘရောင်းနှင့် ကန်ဆက်စ်၊ တိုပီကာ ပညာရေး ဘုတ်အဖွဲ့၊*** ၁၉၅၄ ခုနှစ်တွင် အမေရိကန် အမြင့်ဆုံး တရားရုံးမှ အစိုးရ ကျောင်းများတွင် လူဖြူများနှင့် လူမည်းများကို ခွဲခြားထားသော ဥပဒေများအား ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်က လူမည်းများကို ခွဲခြားထားခြင်းနှင့် ၎င်းတို့ကို ပို၍ ဆိုးရွားသော သင်ယူရေး ဝန်းကျင်တွင် စနစ်တကျ ထားရှိခြင်းက တန်းတူ ပညာရေး အခွင့်အလမ်းများကို ငြင်းဆန်ခြင်း ဖြစ်သည်ဟု ဆိုခဲ့သည်။

**စွမ်းဆောင်ရည် ဆိုင်ရာ ကွက်လပ်**၊ စွမ်းဆောင်ရည် ဆိုင်ရာ ကွက်လပ် ဆိုသည်မှာ အခွင့်အရေး ရရှိသူများဘက်မှ မိမိဘာသာ မိမိ စွမ်းဆောင်မှု မပြုနိုင်သည့် အခြေအနေ ဖြစ်သည်။ ပြင်ပ ဇာတ်ကောင် တစ်ဦးဦးက ၎င်းတို့အတွက် ကြားဝင် လုပ်ဆောင်ပေးရပြီး ထိုသို့ လုပ်ဆောင်ရာတွင် အခွင့်အရေး ရရှိသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသည် (သို့) ၎င်းတို့ကို အားဖြည့်ပေးသည်ဟု ဆိုကြသည်။

**၁၉၈၄ ခုနှစ် ကာတာဂျီးနား ကြေညာချက်၊** ၁၉၈၄ ခုနှစ် နိုဝင်ဘာလတွင် အမေရိကတိုက်မှ ကျွမ်းကျင်သူများ ညီလာခံက ထုတ်ပြန်ခဲ့သည့် ကြေညာချက် ဖြစ်သည်။ ထိုကြေညာချက်က ၁၉၅၁ ခုနှစ် သဘောတူစာချုပ်မှ ဒုက္ခသည်များကို အဓိပ္ပာယ် ဖွင့်ဆိုပုံအား ချဲ့ထွင်ကာ "၎င်းတို့၏ အသက် ရှင်သန်မှု၊ လုံခြုံရေး (သို့) လွတ်လပ်ခွင့်များကို အထွေထွေ အကြမ်းဖက်မှုများ၊ နိုင်ငံရပ်ခြားမှ သိမ်းပိုက် အုပ်ချုပ်မှု၊ ပြည်တွင်း ပဋိပက္ခ၊

လူ့အခွင့်အရေး အစုလိုက် အပြုံလိုက် ဖောက်ဖျက်မှု (သို့) ပြည်သူ့ တည်ငြိမ်မှုကို အကြီးအကျယ် အနှောင့်အယှက်ပေးသည့် အခြားသော အခြေအနေများကြောင့် ၎င်းတို့ နိုင်ငံကို ထွက်ပြေးလာကြရသူများ” ပါ ပါဝင်အောင် လုပ်ဆောင်ပေးခဲ့သည်။

**သိမ်းပိုက်ခြင်း၊** အခြားနိုင်ငံ တစ်နိုင်ငံ၏ နယ်မြေ အစိတ်အပိုင်း တစ်ခုကို စာချုပ်အရ သိမ်းပိုက်ခြင်း ဖြစ်သည်။

**ကလေးစစ်သားများ၊** စစ်တိုက်ရာတွင် အသုံးပြုရန် (သို့) အတင်းအဓမ္မ အလုပ်ခိုင်းစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော် မဟုတ်သည့် ဇာတ်ကောင်များက (များသောအားဖြင့် အတင်းအဓမ္မ) စုဆောင်းလာသည့် ကလေးသူငယ်များ ဖြစ်သည်။

**နိုင်ငံသား ဖြစ်မှု၊** နိုင်ငံသားဖြစ်မှု ဆိုသည်မှာ နိုင်ငံ တစ်နိုင်ငံ၏ အဖွဲ့ဝင် တစ်ဦး ရရှိရမည့် အခွင့်အရေးများနှင့် တာဝန်များကို ဆိုလိုသည်။ လူမှုဗေဒ ပညာရှင် တီ အိတ်ချ် မာရှယ် (T. H. Marshall) ၏ စာတမ်းများသည် ယနေ့ခေတ် သဘောတရားများကို လူမှုဗေဒ ရှုထောင့်မှ နားလည်စေရန် အဓိက ကျသည်။ သူက နိုင်ငံသား ဖြစ်မှုသည် အသိုင်းအဝိုင်း တစ်ခု၏ အဖွဲ့ဝင် အပြည့်အဝ ဖြစ်ခြင်းအတွက် လူတစ်ဦး ရရှိသည့် အဆင့်အတန်း ဖြစ်သည်ဟု အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်။ နိုင်ငံသား ဖြစ်မှုတွင် အစိတ်အပိုင်း သုံးခု ပါရှိသည်။ ပြည်သူ့ရေးရာ နိုင်ငံသား အပိုင်းတွင် လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်များ ပါဝင်သည်။ နိုင်ငံရေး နိုင်ငံသား အပိုင်းတွင် နိုင်ငံရေး ဖြစ်စဉ်၌ ပါဝင်ရန် အခွင့်အရေးများ ပေးထားခြင်း ပါဝင်သည်။ လူမှုရေး နိုင်ငံသား အပိုင်းတွင် သင့်လျော်သော လူနေမှု အဆင့်အတန်း ဆိုင်ရာ အခွင့်အရေးများ ပေးခြင်း ပါဝင်သည်။

**ပြည်သူ့ရေးရာ အက်ဥပဒေ၊** ၁၉၆၄ ခုနှစ်တွင် အမေရိကန် ကွန်ဂရက်က ထုတ်ပြန်ခဲ့သည့် အလုပ်အကိုင်၊ အစိုးရကျောင်းနှင့် အများပြည်သူဆိုင်ရာ နေရာများတွင် ခွဲခြားမှုကို တားဆီးသည့် အက်ဥပဒေ ဖြစ်သည်။

**ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်း၊** ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်း ဆိုသည်မှာ တူညီသော စိတ်ဝင်စားမှုများ၊ ရည်မှန်းချက်များနှင့် တန်ဖိုးထားမှုများအတွက် တွန်းအားပေးမှု မလိုအပ်ဘဲ စုပေါင်း လုပ်ကိုင်ကြသည့် နယ်ပယ် ဖြစ်သည်။ သဘောတရားပိုင်းအရ ၎င်း၏ အင်စတီကျူးရှင်း ပုံစံများသည် နိုင်ငံတော်၊ မိသားစုနှင့် ဈေးကွက်တို့မှ ကွာခြားသည်။ သို့ရာတွင် လက်တွေ့၌ ထိုနယ်ပယ်များ၏ နယ်နိမိတ်များမှာ ရှင်းရှင်းလင်းလင်း မရှိလှပေ။ အရပ်ဘက် အဖွဲ့အစည်းများတွင် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းများကို အလုပ်ဖြစ်စေရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည့် လူမှု အင်စတီကျူးရှင်း ကွန်ရက်များနှင့် အလေ့အကျင့်များ ရှိသည်။ အရပ်ဘက် လူ့အဖွဲ့အစည်းများတွင် မှတ်ပုံတင်ထားသော လူမှုရေး အဖွဲ့အစည်းများ၊ လူထု အသိုင်းအဝိုင်း ဆိုင်ရာ အုပ်စုများ၊ အမျိုးသမီး အဖွဲ့အစည်းများ၊ ဘာသာရေး အခြေပြု အဖွဲ့အစည်းများ၊ ကျွမ်းကျင်မှု ဆိုင်ရာ အဖွဲ့အစည်းများ၊ ကုန်သွယ်ရေး သမဂ္ဂများ၊ ရပ်ရွာ အခြေပြု အဖွဲ့အစည်းများ၊ စီးပွားရေး ဆိုင်ရာ အဖွဲ့အစည်းများ၊ ညွန့်ပေါင်း အဖွဲ့များ၊ ထောက်ခံ လှုပ်ရှားရေး ဆိုင်ရာ အုပ်စုများ စသည်တို့ ပါဝင်သည်။

**ဂန္ထဝင် လူမှုရေး ဗေဒ၊** စက်မှု တော်လှန်ရေး နောက်ပိုင်း ၁၉ ရာစု မတိုင်မီတွင် လူ့အဖွဲ့အစည်းနှင့် ဆိုင်သည့် စိုးရိမ်ပူပန်မှုများက ပညာရှင်များ လေ့လာသည့် ခေါင်းစဉ် တစ်ခု ဖြစ်လာခဲ့သည်။ ထိုကာလအတွင်း မာ့စ် (Marx)၊ ဒါခိုင်းမ် (Durkheim) နှင့် ဝေဘာ (Weber) တို့၏ ရေးသားချက်များက “ဂန္ထဝင် လူမှုရေး ဗေဒ” ၏ အခြေခံ ဖြစ်ခဲ့သည်။

**ကိန်းဂဏန်း သတ်မှတ် မှတ်တမ်းတင်ခြင်း (Coding)၊** လက်တွေ့ ကောက်ယူရရှိသည့် အချက်အလက်များကို ကိန်းဂဏန်းအဖြစ် သတ်မှတ်ပြီး မှတ်တမ်းပြုသည့် အလေ့အကျင့် ဖြစ်သည်။ လူ့အခွင့်အရေး နယ်ပယ်တွင် ကိန်းဂဏန်း သတ်မှတ် မှတ်တမ်းတင်ခြင်း၌ နိုင်ငံများကို လူ့အခွင့်အရေး ပုံစံ အမျိုးမျိုး ကာကွယ်မှု အတိုင်းအတာအတွက် ရမှတ်များ သတ်မှတ်ပေးခြင်း၊ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းနှင့် ခြွင်းချက်များ ထားခြင်း တို့အတွက် ရမှတ် သတ်မှတ်ပေးခြင်းတို့ ဖြစ်သည်။

**စစ်အေးတိုက်ပွဲ၊** ၁၉၄၀ ပြည့်လွန်နှစ် နှောင်းပိုင်းမှ ၁၉၉၁ ခုနှစ်အထိ အမေရိကန်နှင့် ဆိုဗီယက် ယူနီယံတို့အကြား အင်အားကြီး နိုင်ငံများ ပြိုင်ဆိုင်ခဲ့သည့် ခေတ်ကာလ ဖြစ်သည်။ စစ်အေး တိုက်ပွဲ ဆိုသည်မှာ ထိုနိုင်ငံ နှစ်နိုင်ငံသည် တိုက်ရိုက် စစ်တိုက်ခဲ့ခြင်းများ မရှိသော်လည်း ကြီးမားသော လက်နက် ပြိုင်ပွဲများနှင့် ကမ္ဘာတစ်ဝန်း ကိုယ်စားပြု စစ်ပွဲ အများအပြား ဆင်နွှဲခဲ့ကြသည်။ စစ်အေးတိုက်ပွဲသည် အင်အားကြီး နိုင်ငံများ ပြိုင်ဆိုင်ခြင်းကို ရောင်ပြန်ဟပ်နေပြီး (ဆိုဗီယက် ယူနီယံနှင့် အပေါင်းအပါ များ၏) ကွန်မြူနစ် ဝါဒနှင့် (အမေရိကန်နှင့် အပေါင်းအပါများ၏) လစ်ဘရယ် ဒီမိုကရေစီ၊ အရင်းရှင် ဝါဒတို့ သဘောတရားများ အားပြိုင်ခဲ့သည့် ကာလလည်း ဖြစ်သည်။ လူ့အခွင့်အရေးများသည် ထိုပဋိပက္ခတွင် အဓိက သဘောတရားပိုင်းဆိုင်ရာ ပိုင်းခြားခဲ့သည့် မျဉ်းကြောင်း တစ်ခုလည်း ဖြစ်ခဲ့သည်။

**စုပေါင်း ကိုယ်ချင်းစာနာခြင်း၊** ဘရိုင်ယန် တန်နာက လူ့အခွင့်အရေး စံနှုန်းများ ပေါ်ပေါက်လာပုံကို တစ်စိတ်တစ်ပိုင်း ရှင်းပြရန် ထိုသဘောတရားကို အသုံးပြုခဲ့သည်။ လူသားများသည် အခြားသူများ ဒုက္ခရောက်ခြင်းက ၎င်းတို့အတွက် (ဖြစ်နိုင်ခြေ ရှိသော) ဒုက္ခများ ဖြစ်လာမည်ကို စိုးရိမ်သောကြောင့် အခွင့်အရေးများကို အသိအမှတ်ပြု ခံချင်ကြသည်ဟု သူက ဆိုသည်။

**လူ့အခွင့်အရေး ကော်မရှင်၊** ၁၉၄၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ကုလသမဂ္ဂအတွင်းမှ လူ့အခွင့်အရေးကို ကိုင်တွယ်သည့် အဖွဲ့ ဖြစ်သည်။ ထိုအဖွဲ့သည် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေး ကောင်စီ၏ အခွဲ တစ်ခု ဖြစ်သည်။ သို့ရာတွင် ထိုအဖွဲ့သည် ၁၉၉၃ ခုနှစ် နောက်ပိုင်း၌ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံးနှင့် နီးနီးကပ်ကပ် အလုပ်လုပ်ကိုင် ခဲ့သည်။ ၎င်း၏ အဓိက တာဝန်များမှာ လူ့အခွင့်အရေးကို မြှင့်တင်ရန်၊ တိုင်ကြားမှုများကို ကြားနာပေးရန်နှင့် ချိုးဖောက်မှုများကို စုံစမ်း စစ်ဆေးရန် ဖြစ်သည်။ ကော်မရှင်ကို ထိရောက်မှု မရှိဟု ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ခဲ့ကြပြီး ၂၀၀၆ ခုနှစ်တွင် လူ့အခွင့်အရေး ကောင်စီနှင့် အစားထိုးခဲ့သည်။

**နှိုင်းယှဉ် လေ့လာရေး နိုင်ငံရေး ပညာရပ်၊** ပြည်တွင်း နိုင်ငံရေး (သို့) နိုင်ငံများ၏ ပြည်တွင်း နိုင်ငံရေးကို စနစ်တကျ လေ့လာခြင်း ဖြစ်သည်။ လူ့အခွင့်အရေးတွင် အသုံးပြုသောအခါ နှိုင်းယှဉ် လေ့လာရေး နိုင်ငံရေး ပညာရပ်သည် နိုင်ငံများက အဘယ်ကြောင့် နိုပ်ကွက်မှု ကျင့်သုံးရသနည်း၊ လူမှုရေး အုပ်စုများက ပြုပြင် ပြောင်းလဲမှုများတွင် မည်ကဲ့သို့ ကူညီပေး ကြသနည်း၊ လူ့အခွင့်အရေး အလေ့အကျင့်များ ပြောင်းလဲရာတွင် ဒီမိုကရေစီမှ ပြည်တွင်း တရားရုံးများအထိ ပြည်တွင်း အင်စတီကျူးရှင်းများ၏ အခန်းကဏ္ဍ စသည်တို့ကို ရှင်းပြရာတွင် အထောက်အကူပြုသည်။

**သဘောတရားပိုင်း ဆိုင်ရာ၊** အတွေးအခေါ်များ (သို့) သဘောတရားများနှင့် ရင်ဆိုင်ရခြင်း (သို့) အတွေးအခေါ်များ၊ ငြင်းခုံ ဆွေးနွေးမှုများ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ရှေ့နောက်ညီမှုတို့ ဖြစ်သည်။

**အနိုင်ရရှိ သိမ်းပိုက်ခြင်း၊** စစ်ပွဲတွင် အနိုင်ရရှိကာ နယ်မြေ တစ်ခုကို သိမ်းပိုက်ခြင်း ဖြစ်သည်။

**ကျင့်ဝတ်များအတွက် အကျိုးဆက် အခြေပြု ဝါဒ/ ဝါဒီ၊** ကျင့်ဝတ်များအတွက် အကျိုးဆက် အခြေပြု ဝါဒ ဆိုသည်မှာ ကျင့်ဝတ်တစ်ခု၏ တန်ဖိုးကို အကျိုးဆက်ဖြင့် ယှဉ်ထိုး ဆုံးဖြတ်သည့် ဝါဒ ဖြစ်သည် (တစ်ခါတရံ ဘာနည်းလမ်းသုံးသုံး အဆုံးသတ် ရလဒ် ကောင်းရန် အဓိကဟု ရိုးရိုးရှင်းရှင်း ဖော်ပြလေ့ ရှိသည်)။ **လူအများစုအတွက် အကျိုးများခြင်းကို လိုလားသည့် ဝါဒ (Utilitarianism)** သည် အကျိုးဆက် အခြေပြု ဝါဒ၏ ပုံစံ တစ်မျိုး ဖြစ်သည်။

**ရှေးရိုးစွဲ ဝါဒ/ရှေးရိုးစွဲ ဝါဒီများ** လူ့အဖွဲ့အစည်း သမိုင်းမှ ထွက်ပေါ်လာသည့် မူလ အခြေအနေကို အလေးစိုက်သည့် နိုင်ငံရေး ဒဿနိက ဗေဒ/ အတွေးအခေါ် ဖြစ်သည်။ ထိုဝါဒက လူ့အဖွဲ့အစည်း (သို့) လူ့သဘောသဘာဝအား ကြီးကြီးမားမား ပြောင်းလဲပစ်ရန် ကြိုးပမ်းမှုများကို ငြင်းပယ်ပြီး နဂိုအတိုင်း ဆက်ရှိရန်၊ တဖြည်းဖြည်း ပြောင်းလဲပစ်ရန်ကို အလေးစိုက်သည်။ ယေဘုယျအားဖြင့် အကြောင်းပြချက် တစ်ခု (သို့) အစိုးရတစ်ရပ်က လူသားတို့၏ အခြေအနေများကို ကျင့်ဝတ်ပိုင်းအရ (သို့) ကျယ်ကျယ်ပြန့်ပြန့် တိုးတက်နိုင် စေသည်ဟူသည့်အပေါ် သံသယ ရှိကြသည်။

**ကွန်စထရတ်တစ်ဗစ်ဇင် (Constructivism)၊** လူမှုဘဝ ဖန်တီးရာတွင် အတွေးအခေါ်များ၊ စည်းမျဉ်းများ၊ စံနှုန်းများ၊ ပြောဆိုရေးသားမှုများ၊ သရုပ်သဏ္ဍာန်များနှင့် လူမှု ဆက်ဆံရေးများ၏ အခန်းကဏ္ဍကို အလေးစိုက်သော နိုင်ငံတကာ ဆက်ဆံရေး၏ သီအိုရီ ချဉ်းကပ်ပုံ တစ်ခု ဖြစ်သည်။ ကွန်စထရတ်တစ်ဗစ်ဇင်က ဇာတ်ကောင်များသည် လူမှု ပတ်ဝန်းကျင်က တည်ဆောက်ထားသည့် အင်စတီကျူးရှင်း နောက်ခံများတွင် လှုပ်ရှားနေကြသည်။ ထိုနောက်ခံများတွင် ဇာတ်ကောင်၏ သရုပ်သဏ္ဍာန်များနှင့် အကျိုးစီးပွားများ ပါဝင်ပြီး ယင်းတို့ကို ဆက်သွယ်ဖလှယ်ခြင်းများမှ ပြောင်းလဲနိုင်သည်ဟု ယူဆထားသည် (ဆိုရှယ် ကွန်စထရတ်တစ်ဗစ်ဇင်ကိုလည်း ရှုပါ)။

**လက်မှတ်ရေးထိုးထားသော နိုင်ငံများ (အဖွဲ့ဝင် နိုင်ငံများ)၊** လက်မှတ်ရေးထိုးထားသော နိုင်ငံများ ဆိုသည်မှာ လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုခြင်း၊ လက်ခံခြင်း (သို့) ဆက်ခံခြင်းမှ သဘောတူစာချုပ်ဖြင့် ချည်နှောင်ခံရန် သဘောတူထားသည့် နိုင်ငံများ ဖြစ်သည်။

**ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်သော၊ လူမဆန်သော (သို့) ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှုများ (သို့) အပြစ်ပေးမှုများအား ဆန့်ကျင်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention Against Torture and Other Cruel, Inhuman, or Degrading Treatment or Punishment (CAT))၊** ညှဉ်းပန်း နှိပ်စက်ခြင်းကို တရားမဝင် သတ်မှတ်ကာ လက်မှတ်ရေးထိုးထားသည့် နိုင်ငံများtm; ညှဉ်းပန်းနှိပ်စက်မှုနှင့် သက်ဆိုင်သည့် တာဝန်များကို သတ်မှတ်ပေးထားသော အဓိက နိုင်ငံတကာ သဘောတူ စာချုပ် ဖြစ်သည်။ ယင်းစာချုပ်သည် ၁၉၈၇ ခုနှစ်တွင် စတင် အသက်ဝင် လာခဲ့ပြီး နိုင်ငံပေါင်း ၁၄၀ ကျော်မှ လက်မှတ်ရေးထိုးထားပြီး ဖြစ်သည်။

**အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြား ဆက်ဆံမှုများ အားလုံး ပပျောက်ရေး ဆိုင်ရာ သဘောတူစာချုပ် (Convention for the Elimination of All Forms of Discrimination Against Women (CEDAW))** ယင်းစာချုပ်ကို ၁၉၇၉ ခုနှစ် ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် အတည်ပြုခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် စတင် အသက်ဝင် လာသည်။ ယင်းစာချုပ်တွင် အမျိုးသမီးများ၏ လူ့အခွင့်အရေး တန်းတူရရှိရေး ဆိုင်ရာ ကုလသမဂ္ဂ၏ အစောပိုင်း လုပ်ဆောင်ချက်များ အားလုံး ပါဝင်ပြီး လူ့အခွင့်အရေးများ အားလုံးကို အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူ ရရှိခွင့်ကို ထပ်မံ အလေးထား ဖော်ပြထားသည်။ ထိုစာချုပ်တွင်

နိုင်ငံများအား ၎င်းတို့၏ ပြည်တွင်း ဥပဒေများတွင် ကျား၊မ တန်းတူညီမှုကို ပြဋ္ဌာန်းရန်နှင့် ကျား၊ မ အပေါ်မူတည်၍ ဘက်လိုက်သည့် ဓလေ့ထုံးတမ်းများနှင့် အလေ့အကျင့်များကို ပပျောက်စေရန် (သို့) အမျိုးသမီးများသည် အမျိုးသားများထက် နိမ့်ကျသည်ဟူသည့် သဘောတရားကို ပပျောက်စေရန် ကြိုးပမ်းရမည်ဟု ဆိုထားသောကြောင့် ထူးခြားသည့် စာချုပ် ဖြစ်သည်။

**လူမျိုးပြုန်းတီးစေခြင်း ရာဇဝတ်မှုကို တားဆီးခြင်းနှင့် ပြစ်ဒဏ်ပေးခြင်း ဆိုင်ရာ သဘောတူ စာချုပ် (လူမျိုးပြုန်းတီးစေမှု ဆိုင်ရာ သဘောတူစာချုပ်) (Convention on the Punishment and Prevention of the Crime of Genocide)**၊ လူမျိုးပြုန်းတီးစေခြင်း ဆိုင်ရာ ရာဇဝတ်မှုကို အပြစ်ပေးပြီး လက်မှတ်ရေးထိုးထားသည့် နိုင်ငံများကို လူမျိုးပြုန်းတီးစေမှုအား အပြစ်ပေးရန်နှင့် တားဆီးရန် တာဝန်ပေးထားသည့် ၁၉၄၈ ခုနှစ် နိုင်ငံတကာ သဘောတူစာချုပ် တစ်ခု ဖြစ်သည်။ ထိုစာချုပ်သည် ၁၉၅၁ ခုနှစ်တွင် စတင် အသက်ဝင်လာပြီး ယနေ့ ကမ္ဘာတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြသည်။

**ဒုက္ခသည်များ၏ အခြေအနေဆိုင်ရာ သဘောတူစာချုပ် (Convention Relating to the Status of Refugees)**၊ ထိုသဘောတူစာချုပ်သည် ဒုက္ခသည်များကို ကာကွယ်ရာတွင် အကျယ်ပြန့်ဆုံး အသုံးပြုနိုင်သည့် မူဘောင် ဖြစ်သည်။ သဘောတူ စာချုပ်ကို ၁၉၅၁ ခုနှစ် ဇူလိုင်လတွင် စတင် ပြဋ္ဌာန်းခဲ့ပြီး ၁၉၅၄ ခုနှစ် ဧပြီလတွင် စတင် အသက်ဝင်လာသည်။ သဘောတူစာချုပ်၏ အပိုဒ် ၁ က ၁၉၅၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှ ဖြစ်ပွားခဲ့သည့် ကိစ္စရပ်များဟူ၍ အကျယ်ကို ကန့်သတ်ထားသည်။ သို့ရာတွင် ယင်းကန့်သတ်ချက်ကို ၁၉၆၇ ခုနှစ် ဒုက္ခသည်များ၏ အခြေအနေဆိုင်ရာ သဘောတူစာချုပ် နောက်ဆက်တွဲတွင် ဖယ်ရှားပစ်ခဲ့သည်။ သဘောတူစာချုပ်ကို လက်မှတ် ရေးထိုးထားသည့် နိုင်ငံပေါင်း ၁၅၀ ကျော် ရှိသည်။

**ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲ ပြုမူ နေထိုင်သူများကို ပြင်ဆင်ရန် အဓမ္မ ပြုကျင့်ခြင်း**၊ ကုသပေးရန် ရည်ရွယ်ချက်ဖြင့် (သို့) စံနှုန်းနှင့် မကိုက်ညီသော လိင်စိတ် တိမ်းညွတ်မှု (သို့) ကိုယ်ပိုင် လိင်ဝိသေသ ခံယူမှုကို ပြင်ဆင်ပေးရန် LGBTQ များ၊ အထူးသဖြင့် အမျိုးသမီးချင်း ချစ်ကြိုက်သူများကို လိင်ပိုင်းဆိုင်ရာအရ ထိပါး နှောင့်ယှက်ခြင်း ဖြစ်သည်။ ပြင်ဆင်ရန် အဓမ္မ ပြုကျင့်ခြင်းကို LGBTQ များအပေါ် ထားရှိသည့် ဘက်လိုက်သော အမြင်နှင့် ဆက်စပ်ခြင်းအား တောင်အာဖရိက နိုင်ငံတွင် စတင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် တောင်အာဖရိက နိုင်ငံ အစိုးရ တာဝန်ရှိသူများက တောင်အာဖရိကမှ SOGI တက်ကြွ လှုပ်ရှားသူများ၊ အနောက်နိုင်ငံများမှ တာဝန်ရှိသူများနှင့် အစည်းအဝေးများ ကျင်းပကာ အမုန်းတရားကို အခြေခံသည့် ရာဇဝတ်မှု ဥပဒေများ အကောင်အထည် ဖော်ရေးနှင့် ပြင်ဆင်ရန် အဓမ္မ ကျူးလွန်သူများ ပြစ်ဒဏ်ပေးခံရခြင်း မရှိဘဲ လွတ်မြောက်နေခြင်းကို စိန်ခေါ်ရန် ကြိုးပမ်းခဲ့သည်။

**ဥရောပ ကောင်စီ**၊ ဥရောပတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး မြှင့်တင်ရန် ၁၉၄၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် နိုင်ငံတကာ အဖွဲ့အစည်း ဖြစ်သည်။ ဥရောပ ကောင်စီ၏ လုပ်ငန်းများကို လမ်းညွှန်ပေးနေသည့် အဓိက သဘောတူစာချုပ်မှာ ၁၉၅၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော လူ့အခွင့်အရေးနှင့် အခြေခံကျသော လွတ်လပ်ခွင့်များ ကာကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် ဖြစ်သည် (ဥရောပ လူ့အခွင့်အရေး သဘောတူစာချုပ်)။ **ဥရောပ လူ့အခွင့်အရေး တရားရုံး**သည် သဘောတူစာချုပ်ကို အဓိက စည်းကြပ်ပေးသည့် အဖွဲ့အစည်း ဖြစ်သည်။ လက်ရှိတွင် ကောင်စီ၌ အဖွဲ့ဝင် ၄၇ နိုင်ငံ ပါဝင်သည်။ http://www.coe.int/en/web/about-us/who-we-are တွင် ရှုပါ။

**လူသား မျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊** လူသတ်ခြင်း၊ အတင်းအဓမ္မ နေရာပြောင်းရွှေ့ခြင်း၊ ကျွန်ပြုခြင်း၊ အကျဉ်းချခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အဓမ္မ ပြုကျင့်ခြင်း (သို့) ညှင်းဆဲခြင်းတို့အပါအဝင် အရပ်သားများအပေါ် ရည်ရွယ်ချက်ရှိရှိ ကျယ်ကျယ်ပြန့်ပြန့် (သို့) စနစ်တကျ တိုက်ခိုက်ခြင်းများ ဖြစ်သည်။ လူသားချင်း စာနာမှုဆိုင်ရာ ချိုးဖောက်မှုများတွင် ထိုရာဇဝတ်မှုများမှာ စစ်ရာဇဝတ်မှုများထက် ပို၍ ပြင်းထန်သည်။ သို့ရာတွင် အုပ်စု တစ်စုလုံး (သို့) အစိတ်အပိုင်း တစ်ပိုင်းကို ဖျက်ဆီးရန် ရည်ရွယ်ချက် လိုအပ်သည့် လူမျိုး ပြုန်းတီးစေမှု ထက်တော့ ပြင်းထန်မှု လျော့ပါးသည်။

**ဝေဖန်ချက်**၊ အကြံဉာဏ်၊ ဥပဒေ၊ အင်စတီကျူးရှင်း၊ မူဝါဒ၊ အလေ့အကျင့် စသည်တို့ကို ချီးမွမ်းခြင်း (သို့) ကဲ့ရဲ့ခြင်း ဖြစ်သည်။ ဝေဖန်ချက်သည် သဘောတရားပိုင်း၊ လက်တွေ့ပိုင်း (သို့) စံနှုန်းပိုင်း ဆိုင်ရာ စိုးရိမ်ပူပန်မှုများ (သို့) အမြင်များအပေါ် အခြေခံ နိုင်သည်။

**ယဉ်ကျေးမှု နှိုင်းရဝါဒ (cultural relativism)**၊ လူမှုရေး နောက်ခံ အခြေအနေများသည် တစ်ခုနှင့် တစ်ခု ကွဲပြား ခြားနားသောကြောင့် လူမှုရေး နောက်ခံ အခြေအနေ တစ်ခုခုတွင် ဖော်ထုတ်ခဲ့သည့် ကျင့်ဝတ်များသည် အခြား နောက်ခံများတွင် အသုံးပြုနိုင်သည့် စံနှုန်း မူဘောင် ဖြစ်မလာနိုင် ဟူသည့် အမြင် ဖြစ်သည်။ ထို့ကြောင့် အမှန်တရား အားလုံးသည် အခြေအနေအပေါ် မူတည်သည် (နောက်ခံကိုလိုက်၍ ကွဲပြားသွားနိုင်သည်)။ ယဉ်ကျေးမှုများကို ကျင့်ဝတ် (သို့) အခြားသော ကျင့်ဝတ် အခြေခံသည့် အချက်များဖြင့် နှိုင်းယှဉ်၍ မရပေ။ လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍မူ ထိုသဘောတရားက လူ့အခွင့်အရေး စံနှုန်းများသည် အနောက်တိုင်း စံနှုန်းများ ဖြစ်သည်။ ထို့ကြောင့် အနောက်နိုင်ငံမဟုတ်သည့် နေရာများတွင် ယင်းတို့ကို အသုံးပြု၍ မရ (သို့) မသင့်လျော် ဟူသည့် အမြင် ဖြစ်သည်။

**ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ ဥပဒေ**၊ ဥပဒေအရ တာဝန်ရှိသည်ဟူသော ခံယူထားသောကြောင့် အချိန်အတိုင်းအတာ တစ်ခုအထိ တူညီသော အလေ့အကျင့်များ ကျင့်သုံးခြင်းဖြင့် ထိုအလေ့အကျင့်များက နိုင်ငံများအပေါ် စည်းနှောင်မှု ရှိလာခြင်း ဖြစ်သည်။

**လူသားများနှင့် နိုင်ငံသားများ၏ အခွင့်အရေးများ ဆိုင်ရာ ကြေညာချက်**၊ လူသားများနှင့် နိုင်ငံသားများ၏ အခွင့်အရေးများ ဆိုင်ရာ ကြေညာချက်ကို ၁၇၈၉ ခုနှစ်တွင် ပြင်သစ် နိုင်ငံ လွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။ ကြေညာချက် အပိုဒ် ၁၀ က တရားဥပဒေ စိုးမိုးရေးနှင့် နိုင်ငံတော် တည်ငြိမ်ရေးအတွက် လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို ပြဋ္ဌာန်းထားသည်။ ကြေညာချက်သည် ပြင်သစ် နိုင်ငံ အမြင်ပွင့်ကာလမှ သဘောထားများ ဖြစ်သည့် ဥပဒေ ရှေ့မှောက် တန်းတူညီမှုကို အခြေခံထားပြီး ယင်းအချက်က ယနေ့ခေတ် ကမ္ဘာ့ လူ့အခွင့်အရေး နားလည်လက်ခံမှုများကိုလည်း လွှမ်းမိုးထားသည်။ ကြေညာချက် အပြည့်အစုံကို http://avalon.law.yale.edu/18th_century/ rightsof.asp တွင် ရှုပါ။

**ကြေညာချက်များ**၊ နိုင်ငံ တစ်နိုင်ငံက သဘောတူစာချုပ်ကို လက်ခံသည့်အခါ ပြုလုပ်သည့် ကြေညာချက်များ ဖြစ်ပြီး ယင်းတို့တွင် ဥပဒေအရ သက်ရောက်မှု ရှိကောင်း ရှိနိုင်သည်။ နိုင်ငံတကာ အမြင်ကို ညွှန်ပြ (သို့) ဖော်ပြသည့် နိုင်ငံတကာ အဖွဲ့အစည်းများက ပြဋ္ဌာန်းသော စာတမ်းများကိုလည်း ကြေညာချက်ဟု ညွှန်းဆိုသည်။ သို့ရာတွင် အဖွဲ့အစည်း၏ စာတမ်းအတွင်း ဖော်ပြထားခြင်း မရှိပါက ယင်းမှာ ဥပဒေအရ စည်းနှောင်ခြင်း မရှိပေ။

**ဒီမိုကရေစီ အနှုတ်ပြမှု**၊ ဆုံးဖြတ်ချက်များ၊ အထူးသဖြင့် ဒီမိုကရေစီ တန်ဖိုးများကို လေးစားဟန် တူသည့် အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များသည် ထိုဆုံးဖြတ်ချက်များကြောင့် သက်ရောက်မှု ခံစားရနိုင်သည့် နိုင်ငံသားများထံမှ အကြံပြုချက်များကို လုံလုံလောက်လောက် ထည့်သွင်း စဉ်းစားခြင်း မရှိဘဲ ချမှတ်လိုက်သည့်အခါ ဒီမိုကရေစီ အနှုတ်ပြမှု ဖြစ်ပေါ်လာသည်။ အစောပိုင်းတွင် ဥရောပ သမဂ္ဂ၌ ချမှတ်သည့် ဆုံးဖြတ်ချက်များအပေါ် ဥရောပ နိုင်ငံများမှ နိုင်ငံသားများက လုံလောက်စွာ ပါဝင်ခွင့် မရခြင်းကို ညွှန်းဆိုရန် ဖော်ထုတ်ခဲ့သည့် အသုံးအနှုန်း ဖြစ်သော်လည်း နောက်ပိုင်းတွင် ဂလိုဘယ်လ်လိုက်ဖေးရှင်း၏ ပုံစံ အမျိုးမျိုးက ပြည်တွင်း (သို့) တိုင်းနှင့် ပြည်နယ်အတွင်း ဒီမိုကရေစီ နောက်ခံတွင် နိုင်ငံသားများ၏ လွတ်လပ်စွာ ဆုံးဖြတ်ချက် ချနိုင်စွမ်းကို လွှမ်းမိုးလာခြင်းအား ညွှန်းဆိုရန် အသုံးပြုလာသည်။

**ကျင့်ဝတ်များကို ၎င်းတို့၏ မူလ တန်ဖိုးအတိုင်း စဉ်းစားသည့် ချဉ်းကပ်ပုံ**၊ လုပ်ရပ်များ ကောင်းသည်၊ ဆိုးသည်ကို ၎င်းတို့၏ အကျိုးဆက်များအား ထည့်သွင်း စဉ်းစားခြင်း မပြုဘဲ မူလ တန်ဖိုးအတိုင်းသာ စဉ်းစားသည့် ပုံစံ ဖြစ်သည်။

**အမှီအခိုကင်း ကိန်းရှင်**၊ ကိန်းဂဏန်း အခြေပြု ဆန်းစစ် လေ့လာမှုများတွင် အမှီအခိုကင်း ကိန်းရှင် ဆိုသည်မှာ ထိုကိန်းရှင် တန်ဖိုး ပြောင်းလဲရခြင်းကို ရှင်းပြရန် ကျွန်ုပ်တို့က ကြိုးပမ်းနေသည့် ကိန်းရှင် ဖြစ်သည်။

**နေရပ် ပြန်လည် ပို့ဆောင်ခြင်း**၊ ပြောင်းရွှေ့ အခြေချသူ (သို့) ခိုလှုံခွင့် တောင်းခံသူကို အခြားနိုင်ငံ တစ်နိုင်ငံသို့ အတင်းအဓမ္မ ပြန်ပို့ခြင်း ဖြစ်သည်။

**ဆိုင်းငံ့ထားခြင်း**၊ နိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေး ဆိုင်ရာ တာဝန်များကို ပြည်တွင်း အရေးပေါ် အခြေအနေတွင် ဆိုင်းငံ့ထားခြင်း ဖြစ်သည်။ ယင်းမှာ အချိန်ကာလ အကန့်အသတ်တစ်ခုအတွင်း ရှိသည့် အရေးပေါ် အာဏာ ဖြစ်သည်။

**ထိန်းသိမ်းထားခြင်း**၊ ခိုလှုံခွင့် လျှောက်ထားသူ တစ်ဦးကို သူ၏ လျှောက်လွှာအား စစ်ဆေးနေစဉ် အချိန်အတွင်း ထိန်းသိမ်းထားသည့် အလေ့အကျင့် ဖြစ်သည်။

**နိုင်ငံ ပြင်ပရောက် အသိုင်းအဝိုင်း**၊ လူမျိုးစု၊ ဘာသာရေး အုပ်စု (သို့) နိုင်ငံ တစ်နိုင်ငံမှ အုပ်စုများ ၎င်းတို့၏ မူလ နေထိုင်ရာ နေရာမှ ပြောင်းရွှေ့ အခြေချခြင်း၊ ညှဉ်းပန်း ခံရခြင်း၊ စီးပွားရေး၊ လူမှုရေး (သို့) ကျွန်ပြုမှု စသည်တို့ကြောင့် ပြောင်းရွှေ့ခြင်း ဖြစ်သည်။ မူလ နေထိုင်ရာ နိုင်ငံ ပြင်ပတွင် နေထိုင်နေပြီး ၎င်းတို့ နိုင်ငံနှင့် နီးနီးကပ်ကပ် အဆက်အသွယ် ရှိနေသူ၊ များသောအားဖြင့် နိုင်ငံရေး အရ တက်ကြွလှုပ်ရှားသူများကိုလည်း နိုင်ငံ ပြင်ပရောက် အသိုင်းအဝိုင်းဟု ညွှန်းဆိုသည်။

**ခွဲခြမ်းခြင်း**၊ ကြီးမားသည့် ဆန်းစစ်လေ့လာရန် အချက်အလက်ကို ပို၍ အသေးစိတ် လေ့လာနိုင်ရန် အချက်အလက် အသေးများ အဖြစ် ခွဲခြမ်းခြင်း ဖြစ်သည်။ ဥပမာ လူတစ်ဦးသည် နိုင်ငံ တစ်နိုင်ငံကို လေ့လာရာတွင် အစိုးရ တစ်ရပ်လုံးကို စုစည်း လေ့လာခြင်းထက် ဖက်ဒရယ် အဆင့် အစိုးရ (သို့) ပြည်နယ် အဆင့် အစိုးရကို ခွဲခြမ်း လေ့လာခြင်းများ ရှိသည်။

**လက်စဖျောက်ခြင်း**၊ အစိုးရက လူများကို အတင်းအဓမ္မ (သို့မဟုတ် ၎င်းတို့၏ သဘောတူညီချက်ဖြင့်) ထိန်းသိမ်းခြင်း (သို့) ဖမ်းခေါ်သွားခြင်းမှ ၎င်းတို့ တည်နေရာကို ထုတ်ဖော် ပြောဆိုရန် ငြင်းပယ်ခြင်း ဖြစ်သည်။

**လိုအပ်ခြင်း အယူဝါဒ (Doctrine of necessity)**၊ လိုအပ်ခြင်း အယူဝါဒ ဆိုသည်မှာ ပို၍ အန္တရာယ် ရှိသော ဒုတိယ ဖြစ်ရပ် ဖြစ်ပွားမည်ကို တားဆီးရန် အန္တရာယ် ရှိသည့် လုပ်ရပ် တစ်ခုကို လုပ်ဆောင်ခြင်း ဖြစ်သည်။

**အလှူရှင်**၊ လူ့အခွင့်အရေး အခြေအနေတွင် လူ့အခွင့်အရေးကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် အရင်းအမြစ်များကို လှူဒါန်းသည့် အုပ်စုများ (သို့) တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များ ဖြစ်သည်။ အလှူရှင်များသည် အစိုးရများ (သို့မဟုတ် အစိုးရ အတွင်းရှိ ဌာနများ)၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ စီးပွားရေး အဖွဲ့အစည်းများ (သို့) တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များ ဖြစ်နိုင်သည်။ လူ့အခွင့်အရေး လှူဒါန်းမှုများကို လက်ခံသူများမှာလည်း အဖွဲ့အစည်းများ (သို့) တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များ ဖြစ်နိုင်သည်။ အလှူရှင် ဆက်ဆံရေးများတွင် အလှူရှင်ဘက်မှ ငွေကြေး ထောက်ပံ့မှုများအပေါ် တာဝန်ခံမှု ရှိခြင်းနှင့် အလှူငွေ လက်ခံသူများက ထိထိရောက်ရောက် အသုံးပြုခြင်း လက္ခဏာများ ပါဝင်လေ့ ရှိသည်။

**သတ်မှတ်ထားသည့် အလှူငွေ**၊ အလှူရှင်က အလှူငွေကို သီးသန့် အစီအစဉ်၊ နိုင်ငံ (သို့) ရည်ရွယ်ချက် တစ်ခုအတွက် အသုံးပြုရန်သာ သတ်မှတ်ထားခြင်းကို ဆိုလိုသည်။

**ဂေဟစနစ်ကို သတ်ဖြတ်ခြင်း**၊ ကမ္ဘာမြေ အပါအဝင် ဂေဟစနစ်များကို ဖျက်ဆီးခြင်းကို ဆိုလိုသည်။

**ဂေဟဗေဒဆိုင်ရာ ခြေရာပုံရိပ်များ**၊ ဂေဟဗေဒဆိုင်ရာ ခြေရာပုံရိပ်များ ဆိုသည်မှာ ကမ္ဘာ့ ဂေဟ စနစ်များနှင့် သဘာဝ အရင်းအမြစ်များအပေါ် လူသားတို့၏ လိုအပ်ချက်များကို တိုင်းတာခြင်း ဖြစ်သည်။ ဂေဟဗေဒဆိုင်ရာ ခြေရာပုံရိပ်များက လက်ရှိ နည်းပညာနှင့် နားလည်မှု အခြေအနေ အရ လူသား လူဦးရေ အသုံးပြုသည့် အရင်းအမြစ် ပမာဏကို ထုတ်လုပ် ပေးနိုင်ရန်၊ ထုတ်လုပ်သည့် စွန့်ပစ် ပစ္စည်းများကို လက်ခံနိုင်ရန် လိုအပ်သည့် မြေနှင့် ပင်လယ် ဧရိယာ ပမာဏကို တိုင်းတာခြင်း ဖြစ်သည်။ ဥပမာ ကမ္ဘာပေါ်ရှိ လူများ အားလုံးသာ အမေရိကန် နိုင်ငံက ပျမ်းမျှ လူတန်းစား၏ နေထိုင်မှု ပုံစံအတိုင်း နေထိုင်မည် ဆိုလျှင် ကျွန်ုပ်တို့အနေဖြင့် လက်ရှိ ကမ္ဘာဂြိုဟ်မျိုး ငါးခု လိုအပ်မည် ဖြစ်သည်။

**စီးပွားရေးအရ ပြောင်းရွှေ့ အခြေချသူများ**၊ စီးပွားရေးအရ ပြောင်းရွှေ့ အခြေချသူများ ဆိုသည်မှာ ၎င်းတို့၏ နိုင်ငံများမှ စီးပွားရေး အကြောင်းပြချက် သီးသန့်ကြောင့်သာ ထွက်ခွာသူများ (သို့) ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းတွင် ငွေကြေးအရ တိုးတက်မှုများ ရှာဖွေရန် ရည်ရွယ်သူများကို ဆိုလိုသည်။ စီးပွားရေးအရ ပြောင်းရွှေ့ အခြေချသူများသည် ဒုက္ခသည် အဆင့်အဖြစ် သတ်မှတ် ခံရဘဲ နိုင်ငံတကာ ဒုက္ခသည်များ ကာကွယ်ရေး အစီအစဉ်များမှ အကျိုးရလဒ်များ မရရှိသူများ ဖြစ်သည်။

**လက်တွေ့ ဖြစ်သော**၊ လက်တွေ့ ဖြစ်သော ဆိုသည်မှာ "မည်သည့် အရာ" ဟူသည်ကို ညွှန်းဆိုသည်။ လက်တွေ့ လေ့လာမှုများသည် ပြင်ပ ကမ္ဘာတွင် ဖြစ်ပွားနေသည့် ဖြစ်ရပ် ဆိုင်ရာ အချက်အလက် များကို ကိုင်တွယ်ခြင်း၊ လက်တွေ့ ကမ္ဘာမှ အချက်အလက်များ ရှာဖွေခြင်း ဖြစ်သည်။ လက်တွေ့ လေ့လာမှုများက မည်သည့်အရာများ ဖြစ်ပွားနေသည်ကို ဖော်ပြ (သို့) လေ့လာပြီး ကျွန်ုပ်တို့၏ တွေ့ရှိချက်များမှ ပုံစံများ၊

ဆက်စပ်မှုများကို ဖြစ်ပွားစေသည့် အရာများကို ရှင်းပြခြင်း (သို့) ဖြစ်ပေါ် လာနိုင်သည့် အချက်များကို ခန့်မှန်းခြင်းများ လုပ်ဆောင်သည်။ **ကျင့်ဝတ်ပိုင်း အရ ဖြစ်သင့်သော**နှင့် နှိုင်းယှဉ် ကြည့်နိုင်ပါသည်။

**လက်တွေ့ လူမှု အုပ်စုများကို လေ့လာသည့် နည်းနာ**၊ ဤသည်မှာ လူမှု ဖြစ်ရပ်များကို ဖော်ပြရန်နှင့် ရှင်းပြရန်အတွက် လူမှု အုပ်စုများကို လေ့လာရာတွင် အသုံးပြုသည့် နီးကပ်သော ဆက်ဆံမှုများနှင့် ခံစားချက် ဆိုင်ရာ အတွေ့အကြုံများကို ညွှန်းဆိုသည်။ ထိုမှ တစ်ဆင့် ရေးသားထားသည့် မှတ်တမ်းများ ထုတ်ဝေကြသည်။

**မြှင့်တင်ပေးခြင်း ဆိုင်ရာ အခွင့်အရေးများ**၊ မြှင့်တင်ပေးခြင်းဆိုင်ရာ အခွင့်အရေးများ သည် နိုင်ငံတကာက အသိအမှတ်ပြုထားသည် လူ့အခွင့်အရေးများဖြစ်သည်။ ယင်းတို့တွင် အလုပ်သမား အခွင့်အရေးများ၊ ပွင့်လင်း လွတ်လပ်စွာ နိုင်ငံရေး ပါဝင်နိုင်ခွင့်၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ လွတ်လပ်သော မီဒီယာ အစရှိသည်တို့ ပါဝင်သည်။

**စခန်းသွင်းထားခြင်း**၊ ဒုက္ခသည်များကို လက်ခံထားသည့် နိုင်ငံတွင် စခန်းများ၌ ထားရှိထားပြီး ၎င်းတို့ကို နိုင်ငံတကာ အဖွဲ့အစည်းများ (သို့) လက်ခံထားသည့် အစိုးရများက ကာကွယ်၊ ကူညီပေးသည့် အလေ့အကျင့် ဖြစ်သည်။

**အမြင်ပွင့်ခြင်း**၊ ကျိုးကြောင်း ဆင်ခြင်သည့်ခေတ်ဟုလည်း သိကြသော ဥရောပ အမြင်ပွင့်ခေတ်သည် ၁၆၆၀ နှင့် ၁၆၈၅ အတွင်း စတင်ခဲ့ပြီး ပြင်သစ် တော်လှန်ရေးနှင့် အတူ အဆုံးသတ် ခဲ့သည်။ အမြင်ပွင့်ခေတ်မှ တွေးခေါ် ပညာရှင်များသည် လူသားတို့၏ ဆင်ခြင်ဉာဏ်နှင့်အတူ တိုးတက်မှုများကို ယုံကြည်ကြပြီး အယူသီးမှုများနှင့် ဘာသာရေး၊ သက်ဦးဆန်ပိုင် ဘုရင်စနစ်နှင့် မျိုးရိုးအလိုက် အဆင့်ခွဲခြားခြင်းဟူသည့် နိုင်ငံရေး အုပ်ချုပ်မှု ပုံစံများ အပေါ် ရှုတ်ချသည့် အမြင်များ ရှိသည်။ အီလစ်များ၏ ယဉ်ကျေးမှု ဆိုင်ရာ လှုပ်ရှားမှု တစ်ခု ဖြစ်ပြီး ယင်းဖြစ်ရပ်က ဥရောပနှင့် မြောက်အမေရိကတွင် ၁၈ နှင့် ၁၉ ရာစုများ၌ နိုင်ငံရေး ပြောင်းလဲမှုများအတွက် အသိပညာပိုင်း ဆိုင်ရာ အခြေခံများ စတင် ပေးခဲ့သည်။

**ရပိုင်ခွင့်**၊ ရပိုင်ခွင့် ဆိုသည်မှာ ဥပဒေအရ (သို့) စာချုပ်အရ ရှိသော အကျိုးကျေးဇူး တစ်ခု၊ လူတစ်ဦး ရရှိသင့်သည့် အရာ ဖြစ်သည်။

**ကောင်းမွန်သော အုပ်ချုပ်ရေး တန်းတူညီမှု စည်းမျဉ်း**၊ ပတ်သက် ဆက်နွယ်သူများ၏ ဘဝဆိုင်ရာ အခွင့်အလမ်းများနှင့် ရွေးချယ်မှုများအပေါ် သက်ရောက်မှု ရှိသည့် ကိစ္စရပ်များတွင် ၎င်းတို့သည် ဆုံးဖြတ်ချက် ချမှတ်သူများနှင့် တန်းတူညီသော အသံ ရှိသင့်သည်ဟူသည့် စည်းမျဉ်း ဖြစ်သည်။

**ပဓာန ဝါဒ/ပဓာန ဝါဒီ**၊ ပဓာန ဝါဒက ယေဘုယျ အားဖြင့်သော်လည်းကောင်း၊ အုပ်စု တစ်စု၊ မျိုးရိုးအဆင့်အတန်း တစ်ခုနှင့် ဆက်စပ်၍ သော်လည်းကောင်း လူတစ်ဦး၏ အပြုအမူ (သို့) အလေ့အကျင့်သည် လူသားတို့၏ ပင်ကို သဘာဝ (သို့) ပင်ကိုစရိုက်ကြောင့် ဖြစ်ရသည်ဟု ယူဆသည်။ ဥပမာ လူ့အခွင့်အရေး ချိုးဖောက်ခြင်းသည် လူသားတို့၏ ဆိုးရွားသော သဘာဝကြောင့် (သို့) လူမှု အုပ်စုများအကြား အာဃာတများကြောင့် (သို့) ယဉ်ကျေးမှု ဆိုင်ရာ အကြောင်းခြင်းရာများကြောင့် ဖြစ်ပွားရခြင်း ဖြစ်သည်ဟု ယူဆထားသည်။ ထို့ကြောင့် ထိုအမြင်က လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲမှုများအပေါ် အဆိုးမြင်သဘောထား ရှိသည်။

**လူမျိုးစု ရှင်းလင်းခြင်း၊** ယေဘုယျအားဖြင့် ခြိမ်းခြောက်မှုများ ပြုခြင်း၊ မီးရှို့ခြင်း၊ အဓမ္မ ပြုကျင့်ခြင်း (သို့) သတ်ဖြတ်ခြင်းတို့ကို လုပ်ဆောင်ကာ အရပ်သားများကို ၎င်းတို့၏ လူမျိုးစု အပေါ် အခြေခံ၍ အတင်းအဓမ္မ ရွှေ့ပြောင်းခိုင်းခြင်း ဖြစ်သည်။ လူမျိုးစု ရှင်းလင်းရေးတွင် တစ်ခါတရံ လူမျိုးပြုန်းတီးစေခြင်း ပါဝင်သည်။

**လူမျိုးဖျောက်ပစ်ခြင်း၊** လူမျိုးစု တစ်စု၏ ယဉ်ကျေးမှုနှင့် ထင်ရှားသည့် သရုပ်သဏ္ဌာန်ကို ဖျက်ဆီးပစ်ခြင်း ဖြစ်သည်။ ယင်းကို ယဉ်ကျေးမှု ပျောက်ကွယ်စေခြင်းဟု ဖော်ပြလေ့ ရှိသည်။

**လူမျိုးနှင့် ယဉ်ကျေးမှုကို ကွင်းဆင်း လေ့လာခြင်း/ လူမျိုးနှင့် ယဉ်ကျေးမှုကို ကွင်းဆင်း လေ့လာခြင်း ဆိုင်ရာ၊** လူမျိုးနှင့် ယဉ်ကျေးမှုကို ကွင်းဆင်း လေ့လာခြင်း ဘာသာရပ် (ethnography) (ဂရိဘာသာဖြင့် ethno - လူသားများ၊ graphein - ရေးသားခြင်း) သည် ကွင်းဆင်း လေ့လာမှုများဖြင့် အချက်အလက်များ ရယူကာ လူ့အဖွဲ့အစည်းများကို လေ့လာသည့် သုတေသန ဆိုင်ရာ ရေးသားမှု တစ်ခု ဖြစ်သည်။ မနုဿဗေဒနှင့် လူမှုရေး ဗေဒ၊ အထူးသဖြင့် ကွန်စထရက်တစ်ဗစ်နှင့် ရလေးတစ်ဗစ် ပါရာဒိုင်းများသည် လူမျိုးနှင့် ယဉ်ကျေးမှု သုတေသနများပေါ်တွင် များစွာ မှီခိုနေသည်။

**မျိုးရိုးဗီဇ ပြောင်းလဲခြင်း သိပ္ပံ (Eugenics)၊** ၁၉ ရာစုနှင့် ၂၀ ရာစုတွင် သိပ္ပံပညာ အခြေပြု လူမျိုးရေး ခွဲခြားခြင်းကို စတင်စေခဲ့သည့် လူမျိုးအလိုက် အဆင့်အနိမ့်အမြင့် ရှိသည်ဟု ယူဆသော သဘောတရား ဖြစ်သည်။

**ဥရောပ လူ့အခွင့်အရေး တရားရုံး (European Court of Human Rights (ECHR))၊** လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များ ကာကွယ်ရေး ဆိုင်ရာ သဘောတူ စာချုပ် (ဥရောပ လူ့အခွင့်အရေး သဘောတူစာချုပ်) ကို အဓိက စည်းကြပ်သည့် နည်းလမ်း ဖြစ်ပြီး ၁၉၅၃ ခုနှစ်တွင် စတင် အသက်ဝင်လာခဲ့သည် (**ဥရောပ ကောင်စီ**တွင် ရှုပါ)။ ယင်းကို လူ့အခွင့်အရေး စည်းကြပ်မှုတွင် နိုင်ငံအများအပြားအပေါ် သြဇာလွှမ်းမိုးမှု ရှိသည့် နည်းလမ်း တစ်ခု ဖြစ်သည်ဟု အသိအမှတ် ပြုထားကြသည်။ ၁၉၉၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော နောက်ဆက်တွဲ စာချုပ် အမှတ် ၁၁ မှ ပြောင်းလဲမှုများအား အကောင်အထည် ဖော်ခြင်းဖြင့် တရားရုံး၏ လက်ရှိပုံစံ ဖြစ်လာသည်။ http://www.coe.int/t/democracy/migration/bodies/echr_en.asp တွင် ရှုပါ။

**ဖယ်ထုတ်ခြင်း ဆိုင်ရာ သဘောတရားများ၊** ဖယ်ထုတ်ခြင်း ဆိုင်ရာ သဘောတရားများက လူအမျိုးအစား အချို့ကို နှိပ်ကွပ်ရန် သင့်လျော်သည့် အခြေအနေများကို သတ်မှတ် ထားသည်။ ဥပမာ လူတို့၏ နိုင်ငံရေး တိမ်းညွတ်မှု (သို့) လူမှုရေး သရုပ်သဏ္ဌာန်များကို အခြေခံသည့် ပြည်တွင်း လုံခြုံရေး သဘောတရားများနှင့် ခွဲခြား ဆက်ဆံရေး ဆိုင်ရာ သဘောတရားများ ဖြစ်သည်။ ဖယ်ထုတ်ခြင်း ဆိုင်ရာ သဘောတရားများသည် နိုင်ငံတော် နှိပ်ကွပ်မှုများတွင် အခြေခံကြသည့် အရင်းအမြစ်များ ဖြစ်သည်။

**အလုပ်အမှုဆောင် ကော်မတီ (UNHCR)၊** အလုပ်အမှုဆောင် ကော်မတီသည် UNHCR ၏ အထောက်အပံ့ အစီအစဉ်များကို ခွင့်ပြုပေးခြင်း ရှိ၊ မရှိ ဆုံးဖြတ်သည်။ မဟာမင်းကြီးကို သူ၏ တာဝန်များ လုပ်ဆောင်ရာတွင် အကြံပြုပြီး ရုံး၏ ငွေရေးကြေးရေးနှင့် အုပ်ချုပ်ရေးကို စောင့်ကြည့်သည်။ အလုပ်အမှုဆောင် ကော်မတီတွင် နိုင်ငံပေါင်း ၇၀ မှ ကိုယ်စားလှယ်များ ပါဝင်ပြီး ၎င်းတို့သည် ဒုက္ခသည် ဆိုင်ရာ ကိစ္စရပ်များကို စိတ်ပါဝင်စား ကြသူများ ဖြစ်ကြသည်။ အခြား နိုင်ငံများ၊ အစိုးရများအကြား ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများကလည်း လေ့လာသူများအဖြစ် တက်ရောက်နိုင်သည်။

**ဘေးထွက် အကျိုးသက်ရောက်မှုများ**၊ ဘေးထွက် အကျိုးသက်ရောက်မှုများ ဆိုသည်မှာ ဆုံးဖြတ်ချက် တစ်ခု (သို့) မူဝါဒ တစ်ခုက ယင်းမူဝါဒ ပြင်ပရှိ အုပ်စု တစ်စုအပေါ် သက်ရောက်သည့် ကောင်းကျိုး (သို့) ဆိုးကျိုးများ ဖြစ်သည်။ မကြာခဏ အများပြည်သူ ဆိုင်ရာ ပစ္စည်းများ အသုံးပြုရာမှ ထွက်ပေါ်လာလေ့ ရှိသည်။ ဘေးထွက် ဆိုးကျိုးများ ဆိုသည်မှာ ပစ္စည်း ထုတ်လုပ်သူသည် ဆိုးကျိုးများ အားလုံးကို မခံစားရသည့် အခြေအနေ ဖြစ်သည်။ လူအများ အသုံးပြုသည့် လေထုကိုပင် အသုံးပြုပြီး လေထုညစ်ညမ်းခြင်း (သို့) သဘာဝ ပတ်ဝန်းကျင် ထိခိုက် ပျက်စီးခြင်း တို့ကို ဖြစ်ပွားစေသော ထုတ်လုပ်မှုများသည် အခြားသူများအပေါ် ဘေးထွက် ဆိုးကျိုးများ ပေးသည်။ အဘယ်ကြောင့် ဆိုသော် လေထု ညစ်ညမ်းစေသူသည် ထိုဆိုးကျိုးကို သူတစ်ဦးတည်း မခံစားရဘဲ ယင်းကို ကုန်ပစ္စည်းများ၏ ဈေးနှုန်းတွင်လည်း ထည့်သွင်းထားခြင်း မရှိသောကြောင့် ဖြစ်သည်။

**ကျရှုံးနိုင်ငံ၊ ပြိုပျက်လုဆဲဆဲ နိုင်ငံ (Failed and fragile states)**၊ ကျရှုံး နိုင်ငံ ဆိုသည်မှာ ပြိုပျက်နေသော (သို့) ပြိုပျက်လု ဆဲဆဲ ဖြစ်နေသော နိုင်ငံ ဖြစ်ပြီး နိုင်ငံသားများကို ပြင်ပ အထောက်အကူ မရဘဲ ဝန်ဆောင်မှု မပေးနိုင်တော့သည့် နိုင်ငံ ဖြစ်သည်။ ပြိုပျက်လု ဆဲဆဲ နိုင်ငံ ဆိုသည်မှာ အားနည်းသည့် အင်စတီကျူးရှင်းများနှင့် စွမ်းဆောင်ရည်များသာ ရှိပြီး ကျရှုံးရန် အန္တရာယ် ရှိနေသည့် နိုင်ငံ ဖြစ်သည်။

**နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု** (**Foreign direct investment (FDI))**၊ ကော်ပိုရေးရှင်း (သို့) စီးပွားရေး လုပ်ငန်း တစ်ခုက ၎င်းအခြေစိုက်ရာ နိုင်ငံ ပြင်ပတွင် စက်ရုံများ တည်ဆောက်ခြင်း (သို့) နိုင်ငံခြား ကုမ္ပဏီ တစ်ခု၏ ရှယ်ယာများ ရယူခြင်း (၁၀ ရာခိုင်နှုန်းထက် ပိုသော ရှယ်ယာများ) ဖြင့် ပြုလုပ်သည့် ရင်းနှီး မြှုပ်နှံမှု ဖြစ်သည်။ FDI သည် **နီယိုလစ်ဘရယ်** စနစ်၏ စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပြောင်းလဲမှုတွင် အဓိက ကျသည့် အစိတ်အပိုင်း တစ်ခု ဖြစ်ပြီး အစိုးရများကို အခွန်နှုန်းထားများ လျှော့ချခြင်း၊ အခြားသော မက်လုံးများ ပေးခြင်းဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုငွေကို ဆွဲဆောင်နိုင်ရန် အားပေးကြသည်။

**အခြေခံ ဝါဒ/ အခြေခံ ဝါဒီ**၊ အခြေခံ ဝါဒ (foundationalism) ဆိုသည်မှာ မည်သည့် သီအိုရီ (သို့) စည်းမျဉ်းကို မဆို သိသာထင်ရှားပြီးသား၊ ကျိုးကြောင်း ဆီလျော်ကြောင်း ပြသပြီးသား ဖြစ်သော ပို၍ အခြေခံကျသည့် ယုံကြည်မှုများအား ကိုးကားခြင်းဖြင့် ကျိုးကြောင်း ဆီလျော်ကြောင်း ပြသရမည် ဟူသည့် အမြင် ဖြစ်သည်။ ထို့ကြောင့် အခြေခံ ဝါဒ အယူအဆသည် သိသာထင်ရှားပြီးသား အဆိုများအပေါ်တွင် အခြေခံသည်။ ဥပမာ လူသားများ၏ အမှားများသည် လူသားများ တည်ရှိသည့် တောက်လျှောက် တစ်ကမ္ဘာလုံး တွေ့ကြုံရသည့် အတွေ့အကြုံများ ဖြစ်သည် (Turner, 1993, p. 505; Turner and Rojek, 2001, p. 110)။

**ပုံဖော်ခြင်း (Framing)**၊ ပုံဖော်ခြင်း ဆိုသည်မှာ  ပုံဖော်မှုများ တည်ဆောက်ခြင်း၊ ပြောင်းလဲခြင်းနှင့် ဆွေးနွေး ညှိနှိုင်းခြင်းများကို တက်တက်ကြွကြွနှင့် အချိန်နှင့် လိုက်ကာ ပြောင်းလဲ လုပ်ဆောင်သည့် ဖြစ်စဉ် ဖြစ်သည်။ ပုံဖော်ခြင်းသည် ဖြစ်ရပ်များနှင့် ဖြစ်ပွားမှုများကို ရှာဖွေခြင်း၊ ထင်မြင်ချက် ပေးခြင်း၊ ဖော်ထုတ်ခြင်း၊ အမည်ပေး တံဆိပ်ကပ်ခြင်းဖြင့် လူများကို ရှုပ်ထွေးသည့် အမှန်တရားအား နားလည်လာအောင် အဓိပ္ပာယ် ဖွင့်ဆိုပြီး ထိုမှတစ်ဆင့် အတွေ့အကြုံများ စုစည်းခြင်း၊ လုပ်ရပ်များအတွက် လမ်းညွှန်ခြင်း တို့ကို လုပ်ဆောင်သည့် ဖြစ်စဉ် ဖြစ်သည်။ ပုံဖော်ခြင်းတွင် အမှန်တရား တည်ဆောက်သည့် အဆင့်၌ အုပ်စုများနှင့် ထိပ်တိုက်တွေ့မှုများ ပါဝင်သည်။

**လွတ်လပ်ခွင့်ကို စီးနင်းသူများ (Freedom Riders)**၊ လွတ်လပ်ခွင့်ကို စီးနင်းသူများသည် ယေဘုယျအားဖြင့် အမေရိကန် နိုင်ငံ မြောက်ပိုင်းမှ တက်ကြွ လှုပ်ရှားသူများ ဖြစ်သည်။ ထိုသူများသည် နိုင်ငံတွင်း အများပြည်သူဆိုင်ရာ ခရီးသွားလာရေး ယာဉ်များတွင် ခွဲခြား ဆက်ဆံသည့် ဥပဒေများကို တိုက်ဖျက်ရန် တောင်ဘက်သို့ သွားရောက်ကြသူများ ဖြစ်သည်။

***ဂါကာကာ* တရားရုံးများ (*Gacaca* courts)**၊ မူရင်းအတိုင်း ဘာသာပြန်ရလျှင် မြက်ခင်းပြင်ပေါ်မှ တရားမျှတမှု ဟု အဓိပ္ပာယ် ရသည်။ ဂါကာကာ တရားရုံးများကို ရိုးရာ ပုံစံများ အသုံးပြုကာ ၁၉၉၄ ခုနှစ် ရဝမ်ဒါ လူမျိုးပြုန်းတီးစေမှုများ အပြီးတွင် တည်ထောင်ခဲ့သည်။ ရပ်ရွာ အဆင့် တရားရုံးများကို တည်ထောင်ကာ ရဝမ်ဒါ လူမျိုး ပြုန်းတီးစေမှု အတွင်း ပြစ်မှု ကျူးလွန်ခဲ့သူများကို တရားစွဲဆိုခဲ့သည်။ ပြစ်မှု ကျူးလွန်သူများကို ကျူးလွန်ခဲ့သည့် ပြစ်ဒဏ် ပြင်းထန်မှု အလိုက် အမျိုးအစား လေးမျိုး ခွဲခြားထားပြီး ထိုတရားစီရင်မှုများတွင် ဆုံးဖြတ်ရန် တရားသူကြီးများကို ရပ်ရွာ အသိုင်းအဝိုင်းထဲမှ ရွေးချယ်ထားသည်။

**ဂျန်ဒါ (Gender)**၊ အမျိုးသား ဖြစ်ခြင်း၊ အမျိုးသမီး ဖြစ်ခြင်းနှင့် ဆက်စပ်နေသည့် ပါဝါ ဒိုင်နမစ်နှင့် အမျိုးသားနှင့် အမျိုးသမီးများ မည်သည့်အရာကို လုပ်နိုင်သည်၊ လုပ်သင့်သည် အပေါ် မျှော်လင့်ချက်များ ဖြစ်သည်။ ဂျန်ဒါ လေ့လာသုံးသပ်ခြင်းများက ထိုဒိုင်နမစ်များနှင့် မျှော်လင့်ချက်များ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အစီအမံများတွင် ပုံမှန် ဖြစ်သွားစေမည့် နည်းလမ်းများကို အာရုံစိုက်ကြသည်။

**ဂျန်ဒါ မြှင့်တင်ပေးရေး ဆိုင်ရာ နည်းလမ်းများ (Gender Empowerment Measure (GEM))**၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်၏ လူသား ဖွံ့ဖြိုးမှု ဆိုင်ရာ အစီရင်ခံစာများတွင် ဖန်တီးထားသည့် GEM သည် ကျား၊ မ ဖြစ်မှုအပေါ် မူတည်၍ မြှင့်တင်ပေးရေးတွင် ကွာခြားမှုများကို တိုင်းတာရန် ရည်ရွယ်သည်။ ထိုညွှန်းကိန်းတွင် မြှင့်တင်ပေးမှု၏ အခြေခံ ရှုထောင့် သုံးခု ဖြစ်သည့် စီးပွားရေးတွင် ပါဝင်မှုနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း၊ နိုင်ငံရေးတွင် ပါဝင်မှုနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း၊ စီးပွားရေး အရင်းအမြစ်များအပေါ် အာဏာရှိမှုတို့ ပါဝင်သည်။

**ဂျန်ဒါကို အမြဲ ထည့်သွင်း စဉ်းစားခြင်း (Gender mainstreaming)**၊ အားလုံးအတွက် လူ့အခွင့်အရေး မြှင့်တင်ပေးနိုင်စေရန် အစီအစဉ်များ ရေးဆွဲရာနှင့် အရင်းအမြစ်များ ခွဲဝေပေးရာတွင် တာဝန်ခံမှုကို အမြဲ ထည့်သွင်းထားရန် ကြိုးပမ်းမှု ဖြစ်သည်။ အမျိုးသမီးများ၏ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းရန် အထူး ဗျူရိုများ၊ ရုံးများ တည်ထောင်ခြင်း အစား လုပ်ဆောင်နိုင်သည့် နည်းလမ်း တစ်ခု ဖြစ်သည်။

**ဂျန်ဒါဆိုင်ရာ ဖွံ့ဖြိုးမှု ညွှန်းကိန်း (Gender-related Development Index (GDI))**၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်၏ လူသား ဖွံ့ဖြိုးမှု ဆိုင်ရာ အစီရင်ခံစာများတွင် ဖန်တီးထားသည့် GDI သည် လူသား ဖွံ့ဖြိုးမှု ညွှန်းကိန်းနှင့် တူညီသော ရှုထောင့်များမှ လူသား ဖွံ့ဖြိုးမှုကို တိုင်းတာထားသည့် အချက်အလက် အများအပြား ပါဝင်သည့် ညွှန်းကိန်း တစ်ခု ဖြစ်ပြီး ထိုရှုထောင့်များတွင် ဂျန်ဒါ မညီမျှမှုကို ထည့်သွင်း တိုင်းတာထားသည်။ ထိုညွှန်းကိန်းသည် နိုင်ငံပေါင်း ၁၃၆ နိုင်ငံအတွက်သာ ရရှိနိုင်ပြီး ထိုရလဒ်များကို အခြေခံ၍ HDI အဆင့်ကို ပြန်လည် တွက်ချက်သည်။

**ဂျနီဗာ သဘောတူစာချုပ်များနှင့် နောက်ဆက်တွဲ စာချုပ်များ**၊ ဂျနီဗာ သဘောတူ စာချုပ်များ လေးခုရှိပြီး ပထမ စာချုပ်ကို ၁၈၆၄ ခုနှစ် နိုင်ငံတကာ ညီလာခံတွင် ပြဋ္ဌာန်းခဲ့သည်။ ယင်းစာချုပ်က လူသားချင်း စာနာမှု ဆိုင်ရာ ကိစ္စရပ်များ၊ အထူးသဖြင့် စစ်ဖြစ်ပွားချိန်တွင် အရပ်သားများနှင့် စစ်သုံ့ပန်းများကို ဆက်ဆံပုံများနှင့်

ပတ်သက်ပြီး နိုင်ငံတကာ ဥပဒေ စံနှုန်းများကို သတ်မှတ်ပေးသည်။ ဂျနီဗာ သဘောတူစာချုပ်များသည် ယနေ့ခေတ် လူသားချင်း စာနာမှု ဆိုင်ရာ ဥပဒေအတွက် အခြေခံ ဖြစ်ပြီး ထိုအချိန်မှ စ၍ ချဲ့ထွင်လာခဲ့သည် (၁၉၄၉၊ ၁၉၇၇)။

**လူမျိုးပြုန်းတီးစေမှု**၊ ၁၉၄၈ ခုနှစ် **လူမျိုးပြုန်းတီးစေမှု ရာဇဝတ်မှုကို တားဆီးခြင်းနှင့် ပြစ်ဒဏ် ပေးခြင်း ဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်**တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့် လူမျိုးပြုန်းတီးစေမှု "ပြည်တွင်း၊ လူမျိုးစု၊ လူမျိုး (သို့) ဘာသာရေး အုပ်စု တစ်စုကို တစ်စိတ် တစ်ပိုင်း ဖြစ်စေ၊ အုပ်စု တစ်ခုလုံး ဖြစ်စေ ဖျက်စီးရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်သော" နိုင်ငံတကာ ဥပဒေ အောက်ရှိ ရာဇဝတ်မှု ဖြစ်သည်။

**လူမျိုးပြုန်းတီးစေမှု ဆိုင်ရာ သဘောတူစာချုပ်၊ လူမျိုးပြုန်းတီးစေမှု ရာဇဝတ်မှုကို တားဆီးခြင်းနှင့် ပြစ်ဒဏ် ပေးခြင်း ဆိုင်ရာ သဘောတူစာချုပ်**တွင် ရှုပါ။

**ကမ္ဘာ့ ယဉ်ကျေးသော အရပ်ဘက် လူ့အဖွဲ့အစည်း (Global civil society (GCS))**၊ ပြည်တွင်း လူ့အဖွဲ့အစည်းများ၊ နိုင်ငံရေး အဖွဲ့အစည်းများနှင့် စီးပွားရေးများ၏ သတ်မှတ်ချက် ပြင်ပကို ကျော်လွန်၍ အလုပ်လုပ်ကိုင်နေသည့် အကြံဉာဏ်များ၊ အင်စတီကျူးရှင်းများ၊ အဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် လူပုဂ္ဂိုလ်များကို ဆိုလိုသည်။ ထိုအသုံးအနှုန်းသည် အရပ်ဘက် လူ့အဖွဲ့အစည်းဟူသည့် အသုံးအနှုန်းကို နိုင်ငံတကာ အဆင့်၌ သုံးခြင်းလည်း ဖြစ်သည်။ ထိုအသုံးအနှုန်းတွင် ကမ္ဘာ့ အသိုင်းအဝိုင်း၊ လူ့အခွင့်အရေးဆိုင်ရာ ယုံကြည်ချက်၊ ကမ္ဘာ့လူမှု တရားမျှတမှုနှင့်/ သို့မဟုတ် သဘာဝ ပတ်ဝန်းကျင်အပေါ် ရှိသည့် တာဝန် အစရှိသည့် ကျင့်ဝတ်ဆိုင်ရာ အဓိပ္ပာယ်များလည်း မြှုပ်ထားသည်။ သို့ရာတွင် GCS နယ်ပယ်အတွင်း လှုပ်ရှားနေသော အုပ်စုများ အားလုံးတွင် ထိုကျင့်ဝတ်ဆိုင်ရာ အမြင်များ မရှိကြပေ။

**ဂလိုဘယ်လ်လိုက်ဇေးရှင်း (Globalization)**၊ ဂလိုဘယ်လ်လိုက်ဇေးရှင်း ဆိုသည်မှာ ခြားနားသည့် အသိုင်းအဝိုင်းများကို ချိတ်ဆက်ပေးပြီး အာဏာ ဆက်ဆံရေးများကို ဒေသတွင်းနှင့် တိုက်ကြီးများအကြား ရောက်ရှိသည်အထိ အကျယ်ဖြန့်ပေးသည့် သမိုင်း ဆိုင်ရာ ဖြစ်စဉ် တစ်ခု ဖြစ်သည်။ ယင်းဖြစ်စဉ်တွင် လူမှု ဆက်ဆံရေးများနှင့် ဆက်သွယ် ဖလှယ်မှုများကို ပြည်တွင်းအဆင့်မှ ကမ္ဘာ့အဆင့်အထိ ရောက်အောင် ပြောင်းလဲခြင်းများ ပါဝင်သည်။ ထိုအသုံးအနှုန်းကို ကမ္ဘာ့ စီးပွားရေးနှင့် လူ့အဖွဲ့အစည်းများ ပေါင်းစည်းလာခြင်းကို ဖော်ပြရန်လည်း အသုံးပြုသည်။ စီးပွားရေးအရ တစ်ကမ္ဘာလုံး ချိတ်ဆက် ပြောင်းလဲမှုဆိုသည်မှာ ယေဘုယျအားဖြင့် ကမ္ဘာတစ်ဝန်း ကုန်စည် စီးဆင်းမှု၊ ဝန်ဆောင်မှု ပေးခြင်း၊ အလုပ်သမားများနှင့် ရင်းနှီးငွေ စီးဆင်းမှုတို့ ဖြစ်သည်။ (သို့) အထူးသဖြင့် နီယိုလစ်ဘရယ် စီးပွားရေး မူဝါဒများ အကောင်အထည် ဖော်ခြင်းကို ဆိုလိုသည်။

**ကမ္ဘာ့ မြောက်ခြမ်း/တောင်ခြမ်း**၊ ယခင် ကိုလိုနီပြု အုပ်ချုပ်သူများနှင့် ကိုလိုနီ ပြုခံရသူများ၊ သဘာဝ အရင်းအမြစ် အသုံးပြုသူများနှင့် ထောက်ပံ့ပေးရသူများ၊ ချမ်းသာသူများ နေထိုင်သည့် နေရာနှင့် ဆင်းရဲသူများ နေထိုင်သည့် နေရာကို ခွဲခြားသည့် ပထဝီဝင် နိုင်ငံရေးနှင့် စီးပွားရေး အမည်တပ်မှုများ ဖြစ်သည်။ ထိုအသုံးအနှုန်းများသည် ဖွံ့ဖြိုးရေး၊ နိုင်ငံဖြတ်ကျော် တက်ကြွ လှုပ်ရှားမှုများ အစရှိသည့် စာပေ ရေးသားမှု များတွင် အနောက်နိုင်ငံနှင့် တတိယ ကမ္ဘာဟူသည့် အသုံးအနှုန်းများကို စတင် အစားထိုးလာသည်။ ကမ္ဘာ့ မြောက်ခြမ်း ဆိုသည်မှာ နိုင်ငံရေးနှင့် စီးပွားရေးအရ အခွင့်ထူးခံများကို ရည်ညွှန်းပြီး ကမ္ဘာ့ တောင်ခြမ်း

ဆိုသည်မှာ သမိုင်းကြောင်းအရ (သို့) လက်ရှိတွင် စီးပွားရေးနှင့် နိုင်ငံရေးအရ နိမ့်ကျသည့် လူများနှင့် နိုင်ငံများကို ညွှန်းဆိုသည်။

**အုပ်ချုပ်မှု (Governance)**၊ အုပ်ချုပ်မှု ဆိုသည်မှာ နိုင်ငံတော်ကဲ့သို့ လုပ်ဆောင်ချက် များကို ဆိုလိုသည်။ အုပ်ချုပ်မှုဟူသော အသုံးအနှုန်းကို ပြောင်းလဲ နေသော ကမ္ဘာ့ စနစ်တွင် နိုင်ငံများ၊ အစိုးရများအကြား ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော ဇာတ်ကောင်များက ကမ္ဘာ့ (သို့) နိုင်ငံတစ်နိုင်ငံထက် ပိုသော စံနှုန်းများ၊ စည်းမျဉ်းများ၊ အစီအစဉ်များနှင့် မူဝါဒများ ချမှတ်ခြင်းနှင့် အကောင်အထည် ဖော်ခြင်းတို့ဖြင့် တူညီသော ရည်မှန်းချက် ပြည့်မီရန် လည်းကောင်း၊ အားလုံး ကြုံတွေ့နေရသော ပြဿနာများကို ဖြေရှင်းရန် လည်းကောင်း တရားဝင်နှင့် အလွတ်သဘော နိုင်ငံရေးအရ ပူးပေါင်း ဆောင်ရွက်သည့် ကမ္ဘာ့စနစ် ပြောင်းလဲမှုကို ညွှန်းဆိုရန် အသုံးပြုသည်။

**လမ်းညွှန် စည်းမျဉ်းများ**၊ စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန် စည်းမျဉ်းများ (ရက်ဂီ စည်းမျဉ်းများ ဟုလည်း သိရှိကြသည်) သည် စီးပွားရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဆိုးရွားသော လူ့အခွင့်အရေး ဆိုးကျိုးများကို ဖြေရှင်းရန် အတွက် ကမ္ဘာ့ စံနှုန်းများ ဖြစ်သည်။ ယင်းတို့ကို ထောက်တိုင်သုံးခုဖြင့် ချမှတ်ထားသည်။ နိုင်ငံတော်က လူ့အခွင့်အရေးကို ကာကွယ်ရန် လိုအပ်သည့် စည်းမျဉ်း၊ စီးပွားရေး လုပ်ငန်းများက လူ့အခွင့်အရေးကို လေးစားရန် တာဝန်နှင့် လူ့အခွင့်အရေး ချိုးဖောက် ခံရသူများအတွက် ကုစားပေးမှုများ ရရှိရေးတို့ ဖြစ်သည်။ အာဏာရှင် ပုံစံ ဆန်သော်လည်း လမ်းညွှန်စည်းမျဉ်းများသည် ကုမ္ပဏီများမှ လူ့အခွင့်အရေး လေးစားလိုက်နာရန်နှင့် ၎င်းတို့၏ ဆိုးရွားသော လူ့အခွင့်အရေး သက်ရောက်မှုများကို တားဆီးရန်၊ လျှော့ချရန်နှင့် သင့်လျော်ပါက ပြန်လည် ကုစားမှုပေးရန် စည်းနှောင်မှု မရှိသည့် လိုအပ်ချက်များ ဖြစ်သည်။ ထိုစည်းမျဉ်းများကို ဂျွန်ရက်ဂီက စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် ဖော်ထုတ်ခဲ့ခြင်း ဖြစ်ပြီး ထိုစည်းမျဉ်းများကို ၂၀၁၁ ခုနှစ် ဇွန်လတွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီထံသို့ တင်ပြခဲ့သည်။

**ဟေ့ဂ် သဘောတူစာချုပ်များ**၊ သည်ဟေ့ဂ် သဘောတူစာချုပ်များသည် ၁၈၉၉ နှင့် ၁၉၀၇ ခုနှစ်တွင် ဆွေးနွေးခဲ့သော နိုင်ငံတကာ စာချုပ်များ ဖြစ်ပြီး စစ်ပွဲများ ဖြစ်ပွားပုံ၊ နိုင်ငံတကာ ဥပဒေ အောက်တွင် အသုံးပြုသင့်သော၊ မပြုသင့်သော လက်နက် ပုံစံများနှင့် စစ်ရာဇဝတ်မှုများ အဓိပ္ပာယ် ဖွင့်ဆိုပုံတို့ကို ပြဋ္ဌာန်းထားသည်။

**သဟဇာတ ဖြစ်စေခြင်း**၊ ပြည်တွင်း ဥပဒေနှင့် စည်းမျဉ်းများ နိုင်ငံတကာ စံနှုန်းများနှင့် ကိုယ်ညီအောင် ပြုလုပ်သည့် ဖြစ်စဉ် ဖြစ်သည်။ နိုင်ငံများသည် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် ပဋိပက္ခ ဖြစ်နေသော ပြည်တွင်း ဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြောင်းလဲရန် တာဝန် ရှိကြသည်။ သဟဇာတ ဖြစ်စေခြင်းသည် လူ့အခွင့်အရေး အပြောင်းအလဲများ ရေရှည်တည်တံ့ခိုင်မြဲစေရန် လိုအပ်သည်။

**ဟယ်လ်စင်းကီး သဘောတူစာချုပ်**၊ ၁၉၇၅ ခုနှစ်တွင် အမေရိကန်၊ ကနေဒါ၊ ဆိုဗီယက် ယူနီယံနှင့် တူရကီ နိုင်ငံ အပါအဝင် ဥရောပ နိုင်ငံ အများအပြားကြား ချုပ်ဆိုသည့် သဘောတူစာချုပ်ဖြစ်သည်။ ယင်းမှာ ဥရောပ တွင် ကျင်းပခဲ့သည့် လုံခြုံရေးနှင့် ပူးပေါင်းရေး ဆိုင်ရာ ညီလာခံ၏ နောက်ဆုံး လုပ်ဆောင်ချက် တစ်ခု ဖြစ်သည်။ သဘောတူ စာချုပ်သည် အရှေ့ပိုင်း နိုင်ငံများ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အသိအမှတ် ပြုခြင်းဖြင့် **စစ်အေးတိုက်ပွဲ** တင်းမာမှုများကို လျှော့ချခဲ့သည့် အဓိက ခြေလှမ်းတစ်ရပ် ဖြစ်သည်။

ထိုစာချုပ်ပါ လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များက နောင်တွင် အရပ်ဘက် လူ့အဖွဲ့အစည်းများကို ဆိုဗီယက် အုပ်စိုးမှုအား စိန်ခေါ်ရန် အခြေခံ ဖြစ်လာခဲ့သည်။

**ဟယ်လ်စင်းကီး ကော်မတီများ**၊ အရှေ့ ဥရောပ နိုင်ငံများတွင် လူ့အခွင့်အရေး မြှင့်တင်ရန် **စစ်အေးတိုက်ပွဲ** ကာလအတွင်း ဖွဲ့စည်းခဲ့သော အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ ဖြစ်သည်။ ထိုကော်မတီများသည် အရှေ့၊ အနောက် ဆက်ဆံရေးတွင် လူ့အခွင့်အရေး ကိစ္စရပ်များကို ထည့်သွင်းပေးသော ၁၉၇၅ ခုနှစ် ဟယ်လ်စင်းကီး စာချုပ်မှ အစပြုခဲ့သည်။ အချို့က စစ်အေးတိုက်ပွဲ အဆုံးသတ်ခဲ့ခြင်းကို ကော်မတီများနှင့် ၎င်းတို့ ဖွဲ့စည်းခဲ့သော နိုင်ငံဖြတ်ကျော် ဆက်စပ်မှုများအပေါ် ကျေးဇူးတင်ကြသည်။

**လူသားဖွံ့ဖြိုးမှု ဆိုင်ရာ ညွှန်းကိန်း (Human Development Index (HDI))**၊ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများတွင် သက်တမ်း မျှော်မှန်းချက်၊ စာတတ်မြောက်မှု၊ ပညာရေးနှင့် လူတစ်ဦးချင်းစီအတွက် ပြည်တွင်း စုစုပေါင်း ထုတ်ကုန်တန်ဖိုးတို့ကို တိုင်းတာမှုများအား ပေါင်းစပ်ထားသည့် ညွှန်းကိန်း ဖြစ်သည်။ ယင်းညွှန်းကိန်းသည် လူသား ဖွံ့ဖြိုးမှုကို တိုင်းတာသည့် စံပြု နည်းလမ်းတစ်ခု ဖြစ်လာသည်။ လူသား ညွှန်းကိန်း ဆိုသည်မှာ လူတို့ကို ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ဝင်ငွေ၊ အလုပ်အကိုင် အစရှိသည် တို့အတွက် အခွင့်အလမ်းများ ကျယ်ကျယ်ပြန့်ပြန့် ဖန်တီးပေးပြီး လူသားတို့ အတွက် ရွေးချယ်စရာများကို ချဲ့ထွင်ပေးသည့် ဖြစ်စဉ်ကို ညွှန်းဆိုသည်။ HDI ကို ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်၏ လူသား ဖွံ့ဖြိုးရေး အစီရင်ခံစာများတွင် နှစ်စဉ် ဖော်ပြလေ့ ရှိသည်။

**လူသား ဖွံ့ဖြိုးမှုနှင့် လုပ်ဆောင်နိုင်စွမ်း ဆိုင်ရာ ချဉ်းကပ်ပုံ (Human development and capability approach (HD/CA))**၊ အမာတီယာဆန်၏ သဘောတရား ဖြစ်သည့် ဖွံ့ဖြိုးမှုသည် လုပ်ဆောင်နိုင်စွမ်းကို ချဲ့ထွင်ပေးခြင်း (Sen, 1989) (သို့) လွတ်လပ်ခွင့် သည်သာ ဖွံ့ဖြိုးမှု (Sen, 1999a) ဟူသည့် သဘောတရားကို ပုံဖော်ထားသော ဖွံ့ဖြိုးမှု ဆိုင်ရာ ချဉ်းကပ်ပုံ ဖြစ်သည်။ ဖွံ့ဖြိုးမှုကို ၎င်း၏ အဆုံးသတ် ရလဒ် (သို့) ရည်ရွယ်ချက်ဖြင့် အဓိပ္ပာယ် ဖွင့်ဆိုခြင်း ဖြစ်သည်။ ဖွံ့ဖြိုးမှုသည် လူတို့ကို ၎င်းတို့ တန်ဖိုးထားသော ဘဝများ ရရှိစေရေးအတွက် လုပ်နိုင်စွမ်းများ ချဲ့ထွင်ပေးခြင်း (သို့) လူတို့ ၎င်းတို့ ဘဝတွင် ရွေးချယ်မှု ပြုနိုင်သည့် အရာများကို ချဲ့ထွင်ပေးခြင်းကို ဆိုလိုသည်။ ဖွံ့ဖြိုးရေး ချဉ်းကပ်ပုံ တစ်ခု အနေဖြင့် HD/CA က ထိုအဆုံးသတ် ရလဒ်များ ရရှိစေရန် အားပေးသည့် ပတ်ဝန်းကျင် ဖန်တီးရေးကို အာရုံစိုက်ထားသည်။ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုသည် ထိုနည်းလမ်း များထဲမှ တစ်ခုသာ ဖြစ်သည်။

**လူသား ရှုထောင့် နည်းလမ်း**၊ အဖွဲ့ဝင် နိုင်ငံများကို လူ့အခွင့်အရေး စိုးရိမ်ပူပန်မှု ကိစ္စရပ်များအား အခြား အဖွဲ့ဝင်များနှင့် ဆွေးနွေးခွင့်ပြုထားသည့် ဥရောပ လုံခြုံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့ (Organization for Security and Co-operation in Europe (OSCE)) လုပ်ငန်းစဉ် တစ်ခု ဖြစ်သည်။ (၁၉၉၁ ခုနှစ်တွင် ကျင်းပခဲ့သည့် လူသား ရှုထောင့် ဆိုင်ရာ ညီလာခံတွင် ထွက်ပေါ်လာခဲ့သည့်) မော်စကို နည်းလမ်းက ပါဝင်သည့် နိုင်ငံများကို လွတ်လပ်သော ကျွမ်းကျင်သူများနှင့် ဖွဲ့စည်းထားသည့် ရှောင်တခင် အဖွဲ့များ တည်ထောင်ကာ ၎င်းတို့ နိုင်ငံများတွင် လည်းကောင်း၊ အခြား OSCE အဖွဲ့ဝင် နိုင်ငံများတွင် လည်းကောင်း လူသား ရှုထောင့်ဆိုင်ရာ ပြဿနာများ ဖြေရှင်းရာတွင် ကူညီပေးရန် လုပ်ဆောင်နိုင်သည်ဟု ဖော်ပြထားသည်။

**လူသား ဆင်းရဲမွဲတေမှု ညွှန်းကိန်း (Human Poverty Index (HPI))** ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်၏ လူသား ဖွံ့ဖြိုးမှု အစီရင်ခံစာများတွင် ပါဝင်သည့် ညွှန်းကိန်း ဖြစ်သည်။ ထိုညွှန်းကိန်းက လူသားတို့၏ ဘဝကို

အဓိကထားကာ ဆင်းရဲမွဲတေမှု အဆင့်ကို တိုင်းတာသည်။ HPI သည် လူသား ဖွံ့ဖြိုးမှု ညွှန်းကိန်းကို ဖြည့်ဆည်းပေးသည့် စုပေါင်း ညွှန်းကိန်း တစ်ခု ဖြစ်သည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် HPI-1 အဆင့် ရှိခြင်းသည် လူသား ဖွံ့ဖြိုးမှု ညွှန်းကိန်းတွင် ပါဝင်သည့် အခြေခံ ရှုထောင့် သုံးခု၊ သက်ရှည် ကျန်းမာသော ဘဝ၊ ဗဟုသုတနှင့် ကောင်းမွန်သော ဘဝ အခြေအနေတို့၌ ချို့တဲ့ခြင်းကို ညွှန်ပြသည်။ HPI-2 ရရှိသည့် ဝင်ငွေမြင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ အဖွဲ့အစည်း (Organization for Economic Co-operation and Development (OECD)) အဖွဲ့ဝင် နိုင်ငံများတွင်မူ HPI-1 တွင် တိုင်းတာသည့် ရှုထောင့်သုံးခုအပြင် လူမှု ဖယ်ကြဉ်မှုကိုပါ တိုင်းတာကြသည်။ HPI-2 တွင် OECD အဖွဲ့ဝင် ဝင်ငွေမြင့် နိုင်ငံများအတွက် ပိုမို သင့်လျော်သည့် ညွှန်းကိန်းများနှင့် သတ်မှတ် အဆင့်များကို အသုံးပြုသည်။

**ဖွံ့ဖြိုးရေးအတွက် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်ပုံ (Human rights-based approach to development (HRBA))**၊ HRBA ဆိုသည်မှာ ဖွံ့ဖြိုးရေး နယ်ပယ်မှ ပြောဆိုရေးသားမှု တစ်ခု ဖြစ်သည်။ OHCHR (2006) က HRBA ကို "နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများအပေါ် ကျင့်ဝတ်ပိုင်းအရ အခြေခံထားသည့် လူသား ဖွံ့ဖြိုးမှု ဖြစ်စဉ်အတွက် သဘောတရားပိုင်း ဆိုင်ရာ မူဘောင် ဖြစ်ပြီး လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန် လုပ်ငန်းပိုင်းအရ လမ်းညွှန်ထားသည်" ဟု အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်။ HRBA က ဖွံ့ဖြိုးရေး ပြဿနာများတွင် အဓိက ကျသော တန်းတူညီမှု မရှိခြင်းကို အကဲဖြတ် သုံးသပ်ပြီး ဖွံ့ဖြိုးရေး ဖြစ်စဉ်ကို နှောင့်နှေးစေသည့် ခွဲခြား ဆက်ဆံသည့် အလေ့အကျင့်များနှင့် အာဏာ ခွဲဝေမှု မညီမျှခြင်းကို ဖြေရှင်းရန် ကြိုးပမ်းသည်။

**လူ့အခွင့်အရေး ကောင်စီ (Human Rights Council (HRC))**၊ အထွေထွေ ညီလာခံ ဆုံးဖြတ်ချက် အမှတ် ၆၀/၂၅၁ ဖြင့် ၂၀၀၆ ခုနှစ်တွင် တည်ထောင်ခဲ့သည့် ကုလသမဂ္ဂ လူ့အခွင့်အရေး အဖွဲ့ ဖြစ်သည်။ ကောင်စီက **လူ့အခွင့်အရေး ကော်မရှင်**ကို အစားထိုးခဲ့သည်။

**လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့ (Human Rights Watch (HRW))**၊ နယူးယောခ်တွင် ရုံးချုပ် တည်ရှိသည့် ကမ္ဘာ့ အဓိက နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများထဲမှ တစ်ခု ဖြစ်သည်။ HRW ကို ၁၉၇၈ ခုနှစ်တွင် ဟယ်လ်စင်းကီး စောင့်ကြည့်ရေး ဟူသည့် အမည်ဖြင့် ယခင် ဆိုဗီယက် ယူနီယံ၏ ဟယ်လ်စင်းကီး သဘောတူစာချုပ် လိုက်နာမှုကို စောင့်ကြည့်ရန် တည်ထောင်ခဲ့သည်။ အဖွဲ့အစည်း ကြီးထွားလာသည်နှင့်အမျှ ၎င်းက ကမ္ဘာတစ်ဝန်းရှိ အခြားသော ဒေသများကို လေ့လာရန် အခြားသော စောင့်ကြည့်ရေး ကော်မတီများ ဖွဲ့စည်းခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ကော်မတီများ အားလုံးကို လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့ဟူသည့် အမည်အောက်တွင် စုစည်းခဲ့သည်။ HRW က ကမ္ဘာတစ်ဝန်းတွင် လူ့အခွင့်အရေး ကိစ္စရပ် အမျိုးမျိုးနှင့် စပ်လျဉ်း၍ သုတေသနနှင့် ထောက်ခံ လှုပ်ရှားမှုများကို လုပ်ဆောင်သည်။ HRW သည် ကုလသမဂ္ဂနှင့် အခြားသော နိုင်ငံတကာ အဖွဲ့များတွင်လည်း ကိုယ်စားပြုရန် နေရာရထားသည်။

**လူသားချင်း စာနာမှု အခြေပြု ဝင်ရောက်စွက်ဖက်ခြင်း**၊ မူလက ပဋိပက္ခ ဒေသများတွင် အန္တရာယ် ကျရောက်နေသည့် အရပ်သားများကို အရေးပါသည့် ပစ္စည်းများ (အစားအသောက်၊ ရေ၊ နေစရာ နေရာနှင့် ဆေးဝါး စောင့်ရှောက်မှု) ပေးအပ်ခြင်း ဟုသာ အဓိပ္ပာယ် ဖွင့်ဆိုထားသော်လည်း ယခုအခါ အရပ်သားများကို အကြမ်းဖက်မှု၏ ပစ်မှတ်ထားခံရခြင်းမှ ကာကွယ်ပေးရန် လူသားချင်း စာနာမှု ဆိုင်ရာ စိတ်ဆန္ဒကို အဓိက အခြေခံသည့် စီးပွားရေး၊ သံတမန်ရေး (သို့) စစ်ရေးအရ နိုင်ငံတကာ လုပ်ဆောင်ချက် များလည်း ပါဝင်လာသည်။

**လူသားချင်း စာနာမှု ဆိုင်ရာ ဥပဒေ**၊ စစ်ပွဲများ ဆင်နွှဲသည့် ပုံစံကို သတ်မှတ်သော **ဂျနီဗာ သဘောတူစာချုပ်များနှင့် နောက်ဆက်တွဲ စာချုပ်များ** ကဲ့သို့သော ဥပဒေများနှင့် စစ်ပွဲသည် ကျိုးကြောင်း ဆီလျော်သည်ဟု ဆိုနိုင်သည့် အခြေအနေများကို သတ်မှတ်သော ဥပဒေများ ကိုပါ လူသားချင်း စာနာမှု ဆိုင်ရာ ဥပဒေဟု ညွှန်းဆိုသည်။ တစ်ခါတရံတွင် စစ်ပွဲဆိုင်ရာ ဥပဒေများဟုလည်း ခေါ်ဆိုသည်။

**ဘက်မလိုက်ခြင်း**၊ မည်သည့်ဘက်ကိုမှ မျက်နှာသာ မပေးသည့် အခြေအနေ ဖြစ်သည်။ လူသားချင်း စာနာမှု ဆိုင်ရာ အကူအညီများနှင့် ပတ်သက်၍မူ ဘက်မလိုက်ခြင်း ဆိုသည်မှာ လက်ခံသူ၏ နိုင်ငံရေး (သို့) စစ်ရေး ယုံကြည်ချက် (သို့) ပဋိပက္ခ၏ အာဏာ ချိန်ခွင်ကို ထည့်သွင်း စဉ်းစားခြင်း မရှိဘဲ လိုအပ်ချက်ကိုသာ အခြေခံ၍ အကူအညီများ ပေးခြင်း ဖြစ်သည်။ **ကြားနေခြင်း**နှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။

**နယ်ချဲ့ဝါဒ**၊ လူအုပ်စု တစ်စုကို အခြား အုပ်စု တစ်စုက များသောအားဖြင့် ကြမ်းတမ်းသော နိုင်ငံရေးနှင့် စစ်ရေး နည်းလမ်းများဖြင့် လွှမ်းမိုး အုပ်ချုပ်ခြင်း ဖြစ်သည်။ ယင်းဖြစ်ရပ်တွင် နေရာဒေသ တစ်ခုနှင့် အရင်းမြစ်များကို နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအရ ထိန်းချုပ်ခြင်းများ ပါဝင်သည်။ ထိုစာလုံးမှာ လက်တင်ဘာသာစကား *imperium* မှ လာသည်။ အဓိပ္ပာယ်မှာ အမိန့်ပေးသည် ဟူ၍ ဖြစ်သည်။

**ပြစ်ဒဏ် ကင်းလွတ်ခွင့်**၊ အပြစ်ဒဏ်မှ ကင်းလွတ်ခွင့် ပေးခြင်း ဖြစ်သည်။ များသောအားဖြင့် အများသိရှိသော လူ့အခွင့်အရေး ချိုးဖောက်သူများ တရားစွဲဆိုခံရခြင်း မရှိသည့်အခါ (သို့) တရားဥပဒေအရ စီရင်ခြင်း မခံရသည့်အခါ ထိုစကားလုံးကို အသုံးပြုသည်။

**အမှီအခိုကင်း ကိန်းရှင်**၊ ကိန်းဂဏန်း အခြေပြု လေ့လာသုံးသပ်မှုများသည် ထိုကိန်းရှင်သည် **မှီခိုကိန်းရှင်** ပြောင်းလဲမှုကို ရှင်းပြရန် အသုံးပြုသည့် ကိန်းရှင် တစ်ခု ဖြစ်သည်။ ဥပမာ ကမ္ဘာပေါ်ရှိ နေရာ အမျိုးမျိုးတွင် ရေဆူပွက်ရန် ကြာသည့်အချိန် (မှီခိုကိန်းရှင်) အပြောင်းအလဲကို ရှင်းပြရာတွင် ရောက်ရှိနေသည့် အမြင့်သည် အမှီအခိုကင်း ကိန်းရှင် တစ်ခု ဖြစ်သည်။

**ခွဲခြား၍ မရခြင်း**၊ လူ့အခွင့်အရေး တစ်ခုချင်းစီသည် လူသား အားလုံး၏ ဂုဏ်သိက္ခာ အတွက် မရှိမဖြစ် လိုအပ်သည် ဟူသည့် စည်းမျဉ်းဖြစ်သည်။ ထို့ကြောင့် လူ့အခွင့်အရေး အားလုံးသည် အခွင့်အရေးများအဖြစ် တူညီသော အဆင့်ရှိပြီး အရေးပါမှု အဆင့်အတန်း ခွဲခြားသတ်မှတ်၍ မရပေ။ ယင်းမှာ ဆွေးနွေးငြင်းခုံမှု အများအပြားတွင် အရေးပါသည့် စည်းမျဉ်းဖြစ်သည်။ အချို့က ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများသည် စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများထက် ပို၍ အရေးပါသည်ဟု ဆိုကြသည်။

**တားမြစ်ခြင်း**၊ ဒုက္ခသည်များနှင့် နိုင်ငံရေး ခိုလှုံခွင့် တောင်းခံသူများကို ၎င်းတို့ ခိုလှုံလိုသည့် နိုင်ငံ၏ နယ်စပ်ကို မဖြတ်သန်းမီ တားမြစ် ရပ်တန့်သည့် အလေ့အကျင့် ဖြစ်သည်။

**မျိုးဆက်များအကြား တရားမျှတမှု**၊ မျိုးဆက်များအကြား တရားမျှတမှုဆိုသည်မှာ အချိန်ကာလအားဖြင့် မတူညီသော မျိုးဆက်များမှ လူများအကြား ရှိသည့် ကျင့်ဝတ်ပိုင်း ဆိုင်ရာ ဆက်ဆံရေးကို တရားမျှတမှုဖြင့် ပုံဖော်ထားခြင်း ဖြစ်သည်။ Lukas Meyer, Intergenerational Justice, The Stanford Encyclopedia of Philosophy (Fall 2015 Edition), ed. Edward N. Zalta, http://plato.stanford.edu/archives/fall2015/entries/justice-intergenerational/ ကိုလည်း ရှုပါ။

**ပြည်တွင်း နေရပ် ရွှေ့ပြောင်း ဒုက္ခသည်များ (Internally displaced persons (IDPs))**၊ လက်နက်ကိုင် ပဋိပက္ခများ၊ အထွေထွေ အကြမ်းဖက်မှု အခြေအနေများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ (သို့) သဘာဝ (သို့) လူသားတို့ ပြုလုပ်သည့် ဘေးအန္တရာယ် များကြောင့် သော်လည်းကောင်း၊ လုံခြုံမှုနှင့် အကာအကွယ် ရှာဖွေရန်သော်လည်းကောင်း ၎င်းတို့ နေအိမ် (သို့) နေရပ်မှ ထွက်ပြေးရန် ဖိအားပေး ခံရသူ (သို့) လိုအပ်လာသူများ ဖြစ်ပြီး နိုင်ငံတကာ အသိအမှတ်ပြုထားသည့် နိုင်ငံ နယ်နမိတ်များကို ဖြတ်ကျော်ရခြင်း မရှိသေးသူများ ဖြစ်သည်။

**နိုင်ငံတကာ ကြက်ခြေနီ ကော်မတီ (International Committee of the Red Cross (ICRC))**၊ ဂျနီဗာ သဘောတူစာချုပ်များနှင့် နောက်ဆက်တွဲ စာချုပ်များ ထွက်ပေါ်လာစေ ခဲ့သည့် ၁၈၆၃ ခုနှစ် နိုင်ငံတကာ ညီလာခံတွင် စတင် ဖွဲ့စည်းခဲ့သော စဦး လူသားချင်း စာနာမှု ဆိုင်ရာ အဖွဲ့အစည်း ဖြစ်သည်။ ICRC က လူသားချင်း စာနာမှု ဆိုင်ရာ အကူအညီများ ပေးအပ်ခွင့် ရရှိရန်အတွက် နိုင်ငံများကို နိုင်ငံရေးအရ ဝေဖန်ခြင်းများအား ရှောင်ကြဉ်သည်။

**နိုင်ငံတကာ တရားရုံး (International Court of Justice (ICJ)) (သို့) ကမ္ဘာ့ တရားရုံး**၊ ကုလသမဂ္ဂ၏ အဓိက တရားစီရင်ရေး အဖွဲ့ဖြစ်သည်။ ယင်းတရားရုံးသည် နိုင်ငံများအကြား ပဋိပက္ခများကို (နှစ်နိုင်ငံ သဘောတူညီမှုဖြင့်) ကြားနာနိုင်သည့် တစ်ခုတည်းသော အမြဲတမ်း နိုင်ငံတကာ တရားရုံး တစ်ခု ဖြစ်သည်။

**ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (International Covenant on Civil and Political Rights (ICCPR))**၊ နိုင်ငံတကာ အခွင့်အရေးများ ဥပဒေ၏ ကျောရိုးဖြစ်သည့် အမြွှာ သဘောတူစာချုပ် နှစ်စောင်ထဲမှ တစ်စောင် ဖြစ်သည်။ ICCPR က ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးနှင့် လွတ်လပ်ခွင့် ပထမ တစ်ဝက်ကို ဥပဒေအရ စည်းနှောင်မှု ရှိသည့် ပုံစံ အဖြစ် ပြောင်းလဲထားသည်။

**စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ် (International Covenant on Economic, Social and Cultural Rights (ICESCR))**၊ နိုင်ငံတကာ အခွင့်အရေးများ ဥပဒေ၏ ကျောရိုးဖြစ်သည့် အမြွှာ သဘောတူစာချုပ် နှစ်စောင်ထဲမှ တစ်စောင် ဖြစ်သည်။ ICESCR က ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးနှင့် လွတ်လပ်ခွင့် ဒုတိယ တစ်ဝက်ကို ဥပဒေအရ စည်းနှောင်မှု ရှိသည့် ပုံစံ အဖြစ် ပြောင်းလဲထားသည်။

**နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး (International Criminal Court (ICC))**၊ ရောမ သဘောတူစာချုပ် (၁၉၉၈) အရ ဖန်တီးခဲ့သည့် အမြဲတမ်း တရားရုံး တစ်ခု ဖြစ်ပြီး ၂၀၀၂ ခုနှစ်တွင် စတင် တည်ထောင်ခဲ့သည်။ ထိုတရားရုံးသည် ၁၉၉၈ ခုနှစ် နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး ဆိုင်ရာ သဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသည့် ရာဇဝတ်များကို ကျူးလွန်သူများအား စီရင်ဆုံးဖြတ်ရန် အခွင့်အာဏာ ရှိသည်။ အမှုများကို စီရင်ရေး အရာရှိရုံးသို့ နိုင်ငံ ကိုယ်တိုင် ဖြစ်စေ (ဥပမာ ယူဂန်ဒါ)၊ လုံခြုံရေး ကောင်စီက ဖြစ်စေ (ဥပမာ ဆူဒန်) လွှဲပြောင်း ပေးနိုင်သည်။

**ရဝမ်ဒါ ဆိုင်ရာ နိုင်ငံတကာ ရာဇဝတ်မှု ခုံရုံး (International Criminal Tribunal for Rwanda (ICTR))**၊ ၁၉၉၄ ခုနှစ် ရဝမ်ဒါ လူမျိုးပြုန်းတီးစေမှုကို အဓိက ကြံရွယ်သူများအား တရားစွဲဆိုနိုင်ရန် ကုလသမဂ္ဂက

တည်ထောင်ခဲ့သည့် ရှောင်တခင် ခုံရုံး ဖြစ်သည်။ တရားရုံးသည် အာရှုးရှားမြို့ တန်ဇန်းနီးယား နိုင်ငံတွင် အခြေစိုက်သည်။

**ယခင် ယူဂိုဆလားဗီးယား နိုင်ငံ ဆိုင်ရာ နိုင်ငံတကာ ရာဇဝတ်မှု ခုံရုံး (International Criminal Tribunal for the former Yugoslavia (ICTY))**၊ ယခင် ယူဂိုဆလားဗီးယား နိုင်ငံတွင် ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများကို တရား စွဲဆိုရန် ကုလသမဂ္ဂက တည်ထောင်ခဲ့သည့် ရှောင်တခင် ခုံရုံး ဖြစ်သည်။ တရားရုံးသည် သည်ဟေ့ဂ်၊ နယ်သာလန်တွင် အခြေစိုက်သည်။

**နိုင်ငံတကာ ငွေကြေးဆိုင်ရာ အင်စတီကျူးရှင်းများ (International financial institutions (IFIs))**၊ IFIs များသည် နိုင်ငံတစ်နိုင်ငံထက်ပို၍ ပူးပေါင်း တည်ထောင် ထားသော ငွေကြေး ဆိုင်ရာ အင်စတီကျူးရှင်းများ ဖြစ်ကြပြီး နိုင်ငံတကာ ဥပဒေအရ လုပ်ရှားရသည်။ ၎င်းတို့၏ ပိုင်ရှင်များ (သို့) ရှယ်ယာ ပိုင်ရှင်များသည် အစိုးရများ ဖြစ်ကြသည်။ သို့ရာတွင် အခြား နိုင်ငံတကာ အင်စတီကျူးရှင်းများနှင့် အခြား အဖွဲ့အစည်း များသည်လည်း ရှယ်ယာ ပိုင်ရှင်များ ဖြစ်နိုင်သည်။ အထင်ရှားဆုံး IFIs များမှာ နိုင်ငံများ အကြား ဖွဲ့စည်းထားသော အင်စတီကျူးရှင်းများ ဖြစ်ကြသည်။

**နိုင်ငံတကာ လူ့အခွင့်အရေးနေ့**၊ ၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံမှ ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း ထုတ်ပြန်ခဲ့ခြင်း အထိမ်းအမှတ် အနေဖြင့် ၁၉၅၀ ပြည့်နှစ်တွင် ဒီဇင်ဘာလ ၁၀ ရက်နေ့ကို နိုင်ငံတကာ လူ့အခွင့်အရေးနေ့ အဖြစ် သတ်မှတ်ခဲ့သည်။ နိုင်ငံတကာ လူ့အခွင့်အရေးနေ့ကို အဖွဲ့ဝင် နိုင်ငံများမှ လူ့အခွင့်အရေး အထိမ်းအမှတ်ပွဲများ၊ မိန့်ခွန်းပေးခြင်းများ၊ ဆုချီးမြှင့်ခြင်းများ အပါဝင် နည်းလမ်း အမျိုးမျိုးဖြင့် ကျင်းပကြသည်။

**နိုင်ငံတကာ အလုပ်သမားများ အဖွဲ့ချုပ် (International Labour Organization (ILO))**၊ ၁၉၁၉ ခုနှစ်တွင် တည်ထောင်ခဲ့သော နိုင်ငံတကာ အဖွဲ့အစည်း တစ်ခု ဖြစ်ပြီး ယခုအခါ ကုလသမဂ္ဂ၏ အထူး အေဂျင်စီ အဖွဲ့ ဖြစ်လာသည်။ ၎င်း၏ အဓိက တာဝန်မှာ အလုပ်သမားများ၏ အခွင့်အရေးနှင့် လူမှု တရားမျှတမှု ဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရန် ဖြစ်သည်။ အလုပ်သမားနှင့် အခြားသက်ဆိုင်သော ကိစ္စရပ်များနှင့် ပတ်သက်ပြီး ILO က သဘောတူစာချုပ် အများအပြား ပြဋ္ဌာန်းခဲ့ပြီး အကြံပြုချက်များလည်း ပေးခဲ့သည်။

**နိုင်ငံတကာ ငွေကြေး ရန်ပုံငွေ အဖွဲ့ (International Monetary Fund)**၊ ၁၉၄၄ ခုနှစ်တွင် ငွေကြေး လဲလှယ်မှုနှုန်းများ တည်ငြိမ်အောင် ကြိုးပမ်းနေသော (သို့) ဝင်ငွေ၊ ထွက်ငွေ မျှတမှု တိုးတက်အောင် ကြိုးစားနေသော နိုင်ငံများကို ရေတို ငွေရေးကြေးရေး ဆိုင်ရာ အကူအညီ ပေးအပ်ရန် တည်ထောင်ခဲ့သော ဘရက်တန်ဝုဒ် အင်စတီကျူးရှင်း များထဲမှ တစ်ခု ဖြစ်သည်။ ၁၉၈၀ ပြည့်လွန်နှစ်များမှ စ၍ IMF သည် ၎င်း၏ ချေးငွေများနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းတည်ဆောက်ပုံ ညှိနှိုင်းပြောင်းလဲရေး အစီအစဉ်များမှ တစ်ဆင့် နိုင်ငံများ၏ စီးပွားရေး ဆုံးဖြတ်ချက် ချမှတ်ရေးတွင် ပိုမိုပါဝင်လာသည်။

**ကဏ္ဍချင်းထပ် ချိတ်ဆက်နေမှု**၊ လူမျိုး၊ အဆင့်အတန်း၊ ဂျန်ဒါ၊ လိင်ဖြစ်တည်မှု၊ မူလ အခြေချ နေထိုင်သူများ၏ နိုင်ငံရေး၊ လူနည်းစု အုပ်စု နိုင်ငံရေး၊ အဆင့်အတန်း အခြေပြု နိုင်ငံရေး၊ အမျိုးသားရေး အစရှိသည့် ဖိနှိပ်မှု ပုံစံ အမျိုးမျိုးအကြား ဆက်စပ်မှုများကို လေ့လာရန် တရားမျှတမှု မရှိခြင်းဆိုင်ရာ ပညာရှင်များ အသုံးပြုသည့် သီအိုရီ ဆိုင်ရာ ရှုထောင့် တစ်ခု ဖြစ်သည်။ ထိုကဏ္ဍချင်းထပ် ချိတ်ဆက်နေမှုကို

လေ့လာခြင်းဖြင့် အမျိုးသမီး ဝါဒီများက ဖိနှိပ်ခြင်း၏ အရင်းအမြစ်များ ဆက်စပ်ကာ မြင်သာခြင်း မရှိသော မတရားမှု အတွေ့အကြုံများ ဖန်တီးပေးခြင်းကို တွေ့ရှိခဲ့ကြသည်။

**နိုင်ငံပေါင်းချုပ် အသင်းကြီး**၊ ဗာဆိုင်း သဘောတူစာချုပ်အရ ပထမ ကမ္ဘာစစ်အပြီး ဖန်တီးခဲ့သော နိုင်ငံတကာ အဖွဲ့အစည်း ဖြစ်သည်။ အဖွဲ့၏ ရည်မှန်းချက်မှာ စစ်ပွဲများ ထပ်မံ ဖြစ်ပွားခြင်းကို တားဆီးရန် ဖြစ်သည်။ အဖွဲ့သည် ၁၉၂၀ ပြည့်လွန်နှစ်များတွင် အောင်မြင်မှု အနည်းငယ် ရှိခဲ့သည်။ သို့ရာတွင် ၁၉၃၀ ပြည့်လွန်နှစ်များ၌ ဝင်ရိုးစွန်း နိုင်ငံများ၏ အာဏာကို တောင့်ခံနိုင်ခြင်း မရှိတော့ပေ။ ဒုတိယ ကမ္ဘာစစ် အပြီးတွင် ထိုအဖွဲ့ကို ကုလသမဂ္ဂဖြင့် အစားထိုးခဲ့သည်။

ဥပဒေရေးရာ ဒိဋ္ဌဓမ္မ နည်းလမ်း (legal positivism)၊ ဥပဒေကို ကျင့်ဝတ် (သို့) တရားမျှတမှု ဆိုင်ရာ စဉ်းစားချက်များမှ သီးသန့် ခွဲထုတ်နိုင်သည် ဟူသည့် အမြင် ဖြစ်သည်။ ထိုအမြင်အရ ဥပဒေ တစ်ခုသည် လောကနိယာမ (သို့) အခြားသော ကျင့်ဝတ်ပိုင်းဆိုင်ရာ စဉ်းစားချက်များမှ တရားဝင်မှု မရရှိနိုင်၊ သင့်လျော်သည့် အင်စတီကျူးရှင်း အဖွဲ့မှ ပြဋ္ဌာန်းမှသာ တရားဝင် ဖြစ်သည် ဟူသည့် ဝါဒ ဖြစ်သည်။

**လစ်ဘရယ် ဝါဒ/ လစ်ဘရယ်ဝါဒီ**၊ လူသားတို့၏ ဆင်ခြင်တုံတရား၊ လူမှု ဘဝများကို ပုံဖော်သည့် လူတို့၏ အခန်းကဏ္ဍများ၊ လူတို့၏ အခွင့်အရေးများ၊ လွတ်လပ်ခွင့်များနှင့် အကျိုးစီးပွားများ သဟဇာတ ဖြစ်မှု၊ ဈေးကွက် စီးပွားရေး (ဂန္ထဝင် လစ်ဘရယ် ဝါဒ ဖြစ်စေ၊ ဖူလုံရေး လစ်ဘရယ် ဝါဒ ဖြစ်စေ) နှင့် ဒီမိုကရေစီ နည်းလမ်းကျသော အစိုးရ (များသောအားဖြင့် အခန်းကဏ္ဍ အကန့်အသတ်ဖြင့်သာ ရှိသော အစိုးရကို ဆိုလိုသည်) ကို အလေးထားသည့် နိုင်ငံရေး သဘောတရား/ဝါဒ တစ်ခု ဖြစ်သည်။ လွတ်လပ်ခွင့် (သို့) လွတ်လပ်မှုသည် လူ့အဖွဲ့အစည်းတွင် ရှိသင့်သော အဓိက တန်ဖိုးထားမှု တစ်ခု ဖြစ်ပြီး အစိုးရမှ အကာအကွယ် ပေးသင့်သည်။ လစ်ဘရယ် အမြင်အရ လူသားအားလုံးသည် တန်းတူညီသည်။ ၎င်းတို့၏ အခွင့်အရေးများကို တရားဥပဒေ စိုးမိုးမှု အောက်တွင် တန်းတူညီမျှ အကာအကွယ် ပေးသင့်သည်။ နိုင်ငံတကာ ဆက်ဆံရေး သီအိုရီတွင် လစ်ဘရယ် ဝါဒသည် ဒီမိုကရက်တစ် နိုင်ငံများ၏ နိုင်ငံတကာ ပူးပေါင်းမှု ဖန်တီးရေး အခန်းကဏ္ဍနှင့် နိုင်ငံတကာ အင်စတီကျူးရှင်းများ၏ နိုင်ငံများအတွင်း ပူးပေါင်းမှု ဖန်တီးရေး အခန်းကဏ္ဍတို့ကို အလေးစိုက်ထားသည့် ချဉ်းကပ်ပုံ အမျိုးမျိုးနှင့် ဆက်စပ်သည်။

**အမြင်တူ အုပ်စု**၊ အမြင်တူ အုပ်စုဆိုသည်မှာ နိုင်ငံတကာ ဖိုရမ် တစ်ခုတွင် တူညီသော ရပ်တည်ချက်ကို ပြသရန် အလွတ်သဘော စုစည်းထားသည့် နိုင်ငံ အုပ်စု ဖြစ်သည်။ လူ့အခွင့်အရေး နယ်ပယ်တွင် ဤသည်မှာ ကုလသမဂ္ဂတွင် လူ့အခွင့်အရေး ကိစ္စရပ်များ ပိုမိုလုပ်ဆောင်လိုသည့် ကနေဒါ၊ နယ်သာလန်၊ စကန်ဒီနေးဗီးယန်း နိုင်ငံများ ကဲ့သို့သော အားနည်းသည့် အနောက်နိုင်ငံ အုပ်စုများကို ရည်ညွှန်းသည်။ **နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး** အတွက် ဆွေးနွေးမှုများတွင် အမြင်တူ အုပ်စုများသည် ပို၍ ကြီးမားသော အုပ်စု ဖြစ်လာခဲ့သည်။ ထိုအုပ်စုက ပို၍ အားကောင်းပြီး လွတ်လပ်သော တရားရုံး ဖြစ်စေလိုကြပြီး ယင်းအုပ်စုတွင် ဥရောပ၊ အာဖရိကနှင့် လက်တင် အမေရိကမှ နိုင်ငံ အများအပြား ပါဝင်ခဲ့သည်။ သို့ရာတွင် မကြာသေးမီက လူ့အခွင့်အရေး ကောင်စီနှင့် ပတ်သက်၍မူ အမြင်တူ အုပ်စု ဟူသည့် အသုံးအနှုန်းကို လူ့အခွင့်အရေးထက် အချုပ်အခြာ အာဏာကို ဦးစားပေးလိုသည့် အုပ်စုများအား ရည်ညွှန်းရန် အသုံးပြုခဲ့သည်။

**စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် အကောင်အထည် ဖော်ရေးအတွက် လင်းဘတ် စည်းမျဉ်းများ**၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသည့် နိုင်ငံများ၏ တာဝန် သဘောတရား များနှင့် အကျယ်ကို ရှင်းလင်းပြရန် ၁၉၈၆ ခုနှစ်တွင် (နယ်သာလန် နိုင်ငံ) လင်းဘတ် ပြည်နယ်၌ နိုင်ငံတကာ ဥပဒေတွင် ထင်ရှားသည့် အုပ်စုများ စုစည်းကာ ရေးဆွဲခဲ့သော စည်းမျဉ်း ၁၀၃ ခု ဖြစ်သည်။ ဆယ်စုနှစ် တစ်ခုအကြာ ယင်းစည်းမျဉ်းများကို စီးပွားရေး လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဖောက်ဖျက်ခြင်း ဆိုင်ရာ မက်စ်ထရစ်ချ် လမ်းညွှန်ချက်များဖြင့် ထပ်မံ ဖြည့်စွက်ခဲ့သည်။

**မဂ်နာကာတာ**၊ (လက်တင်ဘာသာအရ ကြီးမြတ်သော ပဋိညာဉ် ဟု အဓိပ္ပာယ် ရသည်) မဂ်နာကာတာသည် သူကောင်းမျိုးများ၏ ပုန်ကန်မှု နောက်ပိုင်း ၁၂၁၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ရန်နီမီဒီတွင် ဂျွန်ဘုရင် လက်မှတ် ရေးထိုးခဲ့သည့် စာချုပ် တစ်ခု ဖြစ်သည်။ ထိုပဋိညာဉ်က တရားဥပဒေ စိုးမိုးမှု သဘောတရားကို ချမှတ်ခဲ့ပြီး ဘုရင်ကိုလည်း ဥပဒေအောက်တွင် ထားရှိခဲ့သည်။ ယင်းပဋိညာဉ်၏ အပိုဒ် အချို့မှာ ယနေ့ခေတ် ဗြိတိသျှ ဥပဒေတွင် ပါဝင်နေဆဲ ဖြစ်သည်။ ယင်းတို့ထဲတွင် ပထမ အပိုဒ်ဖြစ်သည့် ဘုရားကျောင်း များသည် လွတ်လပ်ပြီး အခွင့်အရေးများ ပယ်ဖျက်ခံရခြင်း မရှိရ၊ ၎င်းတို့၏ လွတ်လပ်ခွင့်ကို ထိခိုက်ခြင်း မရှိရ ဟူသည့် အချက်လည်း ပါဝင်သည် (http:// www.bl.uk/ magna-carta/ articles/ magna-carta-english-translation တွင် အပြည့်အစုံ ဖတ်ရှုနိုင်သည်)။

**အခွင့်အရေးများ၏ အကျယ်ကို သတ်မှတ်ရာတွင် နိုင်ငံများမှ ဆုံးဖြတ်နိုင်သည့် လွတ်လပ်ခွင့် ပေးခြင်း (Margin of appreciation)**၊ အကြမ်းဖျဉ်းအားဖြင့် margin of appreciation ဆိုသည်မှာ ဥရောပ လူ့အခွင့်အရေး သဘောတူစာချုပ်ပါ တာဝန်များကို ပြည်တွင်း အာဏာပိုင်များက ဖြည့်ဆည်းရာတွင် ပေးထားသည့် လွတ်လပ်ခွင့် ဖြစ်သည်။ အသေးစိတ်ကို Steven Greer, *The Margin of Appreciation: Interpretation and Discretion under the European Convention on Human Rights*, Human rights files No. 17. Council of Europe Publishing တွင် ရှုပါ။

**ထောင်စုနှစ် ကြေညာချက် (Millennium Declaration (MD))**၊ ၂၀၀၀ ပြည့်နှစ် ထောင်စုနှစ် ထိပ်သီးညီလာခံတွင် စုစည်းခဲ့သော နိုင်ငံ့ ခေါင်းဆောင်များက ၎င်းတို့ နိုင်ငံများသည် ကမ္ဘာ့ ဖွံ့ဖြိုးရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက် လုပ်ဆောင်သွားပါမည်ဟု ကတိပြုခဲ့သည့် ကြေညာချက် ဖြစ်သည်။ MD က တန်းတူညီမှုနှင့် စည်းလုံးညီညွတ်ရေး စည်းမျဉ်းများကို လေးစားကာ ဆင်းရဲမွဲတေမှု တိုက်ဖျက်ပြီး ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် သဘာဝ ပတ်ဝန်းကျင် တည်တံ့ခိုင်မြဲရေး တို့ကို လုပ်ဆောင်သွားမည်ဟု ကတိပြုခဲ့သည်။ ဖွံ့ဖြိုးရေးအတွက် ရည်မှန်းချက်များနှင့် ပစ်မှတ်များကိုလည်း ချမှတ်ခဲ့ပြီး ယင်းတို့ကို ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များတွင် အသေးစိတ် ရှင်းလင်းထားသည်။

**ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ (Mellennium Development Goals (MDGs))**၊ ၂၀၀၀ ပြည့်နှစ် ထောင်စုနှစ် ကြေညာချက် အပြီးတွင် ချမှတ်ခဲ့သည့် ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ချက် ရှစ်ခု၊ ပစ်မှတ် ၁၈ ခုနှင့် တိုးတက်မှု ညွှန်းကိန်း ၄၈ ခုတို့ ဖြစ်သည်။ MDGs များက ဆင်းရဲမွဲတေမှု၏ ရှုထောင့် ၈ ခု ဖြစ်သော ငတ်မွတ်ခြင်း၊ အခြေခံ ပညာရေး၊ ကျားမ တန်းတူညီရေးနှင့် အမျိုးသမီးများအား မြှင့်တင်ပေးရေး၊ မိခင် အသက်ရှင်နှုန်း၊ မွေးစကလေး အသက်ရှင်နှုန်း၊ HIV/AIDS နှင့် အခြားသော အဓိက ရောဂါများ၊ သဘာဝ

ပတ်ဝန်းကျင် ရေရှည် တည်တံ့ခိုင်မြဲရေးတို့ကို ကိုင်တွယ်သည်။ ရည်မှန်းချက် ၈ ခုက ဖွံ့ဖြိုးရေးအတွက် ကမ္ဘာတစ်ဝန်း ပို၍ အားကောင်းသော မိတ်ဖက်ပြုမှု နှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုက်တွန်းသည်။

**လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှု၏ ကျင့်ဝတ် ပြဿနာ**၊ အန္တရာယ် ကျရောက်နေသည့် အရပ်သားများကို ကာကွယ်ရန် စံနှုန်းသစ်များ (သို့) ကာကွယ်ရန် တာဝန်က ပုန်ကန်သူများကို အားပေးသည့် မရည်ရွယ်ထားသော အကျိုးဆက် ရှိလာစေပြီး နိုင်ငံတော်က အရပ်သားများအား လက်တုံ့ပြန်အောင် ဆွပေးသလို ဖြစ်လာသည်။

**နိုင်ငံအများအပြား ပါဝင်သော သဘောတူစာချုပ်**၊ အဖွဲ့ဝင် နှစ်နိုင်ငံထက် ပို၍ ပါဝင်သော သဘောတူစာချုပ် (သို့) အဖွဲ့ဝင် နိုင်ငံက အပြီးသတ် ရေးသားပြီး အခြားနိုင်ငံများကို လက်မှတ်ရေးရန် ဖွင့်ပေးထားသည့် သဘောတူစာချုပ် ဖြစ်သည်။

**နိုင်ငံ တစ်နိုင်ငံထက်ပို၍ လှုပ်ရှားသော စီးပွားရေး လုပ်ငန်းများ (Multinational corporations (MNCs))**၊ နိုင်ငံ တစ်နိုင်ငံထက်ပို၍ လုပ်ငန်း ဆောင်ရွက်သော၊ လုပ်ငန်းခွဲများ ရှိသော စီးပွားရေး လုပ်ငန်းများကို ဆိုလိုသည် (တစ်ခါတစ်ရံ ၎င်းတို့ကို နိုင်ငံ ဖြတ်ကျော် လှုပ်ရှားသည့် စီးပွားရေး လုပ်ငန်းများ (Transnational corporations (TNCs)) ဟုလည်း ခေါ်သည်။

**နာမည်တပ် ရှုတ်ချခြင်း**၊ လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူများ သုံးသည့် နည်းဗျူဟာ ဖြစ်သည်။ အုပ်စုများက အစိုးရများကို ရှုတ်ချရန် (သို့) အရှက်ရစေရန် ရည်ရွယ်၍ လူ့အခွင့်အရေး ချိုးဖောက်မှု သက်သေများကို ဖြန့်ဝေခြင်း ဖြစ်သည်။

**ပြည်တွင်း လူ့အခွင့်အရေး အင်စတီကျူးရှင်းများ**၊ ပြည်တွင်း၌ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများကို ကာကွယ်ရန်နှင့် မြှင့်တင်ရန် ရည်ရွယ်ထားသည့် အစိုးရ အေဂျင်စီများ ဖြစ်သည်။ ၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းများမှ စ၍ ထိုအင်စတီကျူးရှင်းများသည် ကမ္ဘာတစ်ဝန်း အရေအတွက် တိုးပွားလာပြီး ယခုအခါ နိုင်ငံပေါင်း ၁၀၀ ကျော်တွင် ရှိနေပြီ ဖြစ်သည်။ ယင်းအဖွဲ့များကို လူ့အခွင့်အရေး တိုင်ကြားမှုများနှင့် ပတ်သက်၍ အချက်အလက်များ စုစည်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ အကြံပြုချက်များ ထုတ်ပြန်ခြင်း၊ လူ့အခွင့်အရေး ပညာပေးများ လုပ်ဆောင်ခြင်း တို့တွင် တာဝန် ပေးလေ့ ရှိသည်။

**ပြည်တွင်း လုံခြုံရေး ဝါဒများ**၊ လူမှု မတည်ငြိမ်မှုများကို ထိန်းသိမ်းရန်နှင့် ပြည်တွင်း လုံခြုံရေးကို အာမခံပေးရန် နိုင်ငံတော်မှ အင်အားသုံးခြင်းကို တရားဝင် ဖြစ်သည်ဟု သတ်မှတ်ထားသည့် ဝါဒ ဖြစ်သည်။ ယင်းမှာ စစ်အေးတိုက်ပွဲ ကာလတွင် လွှမ်းမိုးမှု ရှိခဲ့ပြီး ယနေ့ခေတ် အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ပွဲတွင်လည်း လွှမ်းမိုးနိုင်သည်။ ပြည်တွင်း လုံခြုံရေး ဝါဒများက လူမှု စိန်ခေါ်မှုများကို နှိပ်ကွက်ခြင်းဖြင့် တုံ့ပြန်ခြင်းအား အဘယ်ကြောင့် လက်ခံသင့်သနည်း၊ ထိုသို့ အဘယ်ကြောင့် တုံ့ပြန်ရန် လိုအပ်သနည်း ဟူသည့် အကြောင်းပြချက်ကို ပေးသည်။

**သဘာဝ မိသားစု**၊ ခရစ်ယာန် ရှေးရိုးစွဲ ပြောဆိုရေးသားမှုများတွင် ဘုရားသခင်မှ ကောင်းချီးပေးသည့် မိသားစု ပုံစံမှာ လက်ထပ်ထားသည့် ခင်ပွန်းနှင့် ဇနီးနှင့် သူတို့မှ မွေးဖွားသော ကလေးများ ဖြစ်သည်။ ထိုမိသားစု ပုံစံကို ထောက်ခံသူများက အခြားသော မိသားစု ပုံစံများကို ဥပဒေအရ အသိအမှတ်ပြုခြင်းသည် သဘာဝ

ပုံစံကို ခြိမ်းခြောက် နေသည်ဟု ရှုမြင်ကြသည်။ ၎င်းတို့က လိင်တူ မိသားစုများ ကဲ့သို့ အခြားသော မိသားစုပုံစံများကို အခြေခံ လူ့အခွင့်အရေး ကိစ္စရပ်အဖြစ် အသိအမှတ်ပြုခြင်းအား ဆန့်ကျင်ကြသည်။

**လောက နိယာမ**၊ စကြာဝဠာတွင် တည်ရှိနေသောကြောင့် ဓမ္မဓိဋ္ဌာန်ကျသော ကျင့်ဝတ် ဥပဒေ (သို့) စည်းမျဉ်း ဖြစ်သည်။ လောက နိယာမသည် ခရစ်ယာန် ဘာသာ မထွန်းကားမီကပင် ရှိခဲ့သော်လည်း လူ့သားတို့၏ အခွင့်အရေးများနှင့် ယနေ့ခေတ် လူ့အခွင့်အရေး ထွက်ပေါ်လာစေရန် ခရစ်ယာန် စည်းမျဉ်းများက သဘောတရား နောက်ခံများ ပံ့ပိုးပေးခဲ့သည်။

**သဘာဝ အခွင့်အရေး**၊ လောကနိယာမ အပေါ် အခြေခံသော အခွင့်အရေးများ ဖြစ်ပြီး ခရစ်ယာန် ကျမ်းစာကို အခြေခံထားသည် အခွင့်အရေး ပထမ မျိုးဆက်အရ ကျိုးကြောင်း ဆီလျော်သည်ဟု သတ်မှတ်သည်။ ထိုသီအိုရီကို အတွေးအခေါ် ပညာရှင်များ သဘောကျခြင်း မရှိတော့လေရာ သဘာဝ အခွင့်အရေးများသည် ဘုရားသခင်၏ လောက နိယာမထက် ကျွန်ုပ်တို့၏ လူသားဖြစ်မှု အခြေခံမှု ထွက်ပေါ်လာသည်ဟု ဆိုကြသည်။ သို့ရာတွင် တွေးခေါ်ပညာရှင်များက ထိုအခွင့်အရေးများကို ကျွန်ုပ်တို့၏ လူသားဖြစ်မှုမှ မည်သို့ ထွက်ပေါ်လာသည်ကို နားလည်ပုံများ ကွဲပြားကြသည်။

**နီယိုလစ်ဘရယ် ဝါဒ/နီယို လစ်ဘရယ် ဝါဒီ**၊ နီယိုလစ်ဘရယ် ဝါဒ ဆိုသည်မှာ လွတ်လပ်ခွင့်အပေါ် အစိုးရ၏ စည်းမျဉ်းစည်းကမ်း အနည်းအကျဉ်းသာ ထားသော ဈေးကွက် လှုပ်ရှားမှု၊ အခွန်ငွေ ကောက်ခံမှု လျှော့ချခြင်း၊ ပြည်သူပိုင်သိမ်းခြင်းအား တားမြစ်ခြင်း (သို့) လူမှု တာဝန်များ ခံယူရန် မလိုခြင်း အစရှိသည်တို့ဖြင့် အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ နီယိုလစ်ဘရယ်သမားများက လွတ်လပ်သော ဈေးကွက်သည် အားလုံးအတွက် အကြီးမားဆုံးသော လွတ်လပ်ခွင့်နှင့် ချမ်းသာမှု ယူဆောင်ပေးမည်ဟု ယုံကြည်ကြသည်။ နီယိုလစ်ဘရယ်၏ အဓိက အစိတ်အပိုင်းများတွင် ကုန်သွယ်မှု ဖြေလျှော့ပေးရေး၊ စည်းကမ်းများ ဖြေလျှော့ပေးရေး၊ ပြည်သူ့ရေးရာ အသုံးစရိတ်များ ဖျက်သိမ်းခြင်း (သို့) သိသိသာသာ လျှော့ချခြင်းနှင့် လူတစ်ဦး ဆန္ဒရှိသလို စာချုပ်များ ချုပ်ဆိုနိုင်ခြင်းနှင့် ပစ္စည်းများကို ရောင်းချနိုင်ခြင်း အပါအဝင် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် အခွင့်အရေးများကို အာမခံခြင်းတို့ ပါဝင်သည်။ ထိုရည်မှန်းချက်များကို မူဝါဒ အကောင်အထည် ဖော်ခြင်းက စီးပွားရေးတွင် နိုင်ငံ၏ အခန်းကဏ္ဍကို လျှော့ချပေးပြီး စီးပွားရေး တိုးတက်မှုကို မြှင့်တင် နိုင်လိမ့်မည်ဟု ထောက်ခံသူများက ဆိုကြသည်။ ဝေဖန်သူများကမူ နီယိုလစ်ဘရယ် ဝါဒသည် အနောက်တိုင်း၏ လွှမ်းမိုးမှုကို ထပ်မံ အားကောင်းစေသည့် နည်းလမ်း တစ်ခု ဖြစ်ပြီး တိုးတက်မှု ရရှိစေသည့် သက်သေများမှာ ရှားပါးလှသည်ဟု ဆိုကြသည်။

**ကြားနေခြင်း**၊ ဝင်ရောက် စွက်ဖက်ခြင်းက ဖြစ်ရပ်များ၏ ချိန်ခွင်လျှာကို သက်ရောက်မှု မရှိစေရန် သေချာစေခြင်း ဖြစ်သည်။ လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှု ဆိုင်ရာ ဆွေးနွေးချက်များတွင် ကြားနေ အကူအညီ ဆိုသည်မှာ စစ်ဖြစ်နေသော အုပ်စုများအကြား အာဏာ ချိန်ခွင်လျှာကို ပြောင်းလဲစေခြင်း မရှိသည့် အကူအညီကို ဆိုလိုသည်။ ယင်းကို **ဘက်လိုက်မှု မရှိခြင်း**နှင့် နှိုင်းယှဉ် ကြည့်နိုင်သည်။

**နိုင်ငံတကာ စီးပွားရေး အစီအစဉ်သစ် (New International Economic Order (NIEO))**၊ ကမ္ဘာ့ စီးပွားရေး စနစ် ပိုမို မျှတလာစေရန် ၁၉၇၀ ပြည့်လွန်နှစ်များ၌ ဖွံ့ဖြိုးဆဲ နိုင်ငံများက အဆိုပြုခဲ့သည့် အချက်များ ဖြစ်သည်။ ထိုအဆိုပြုချက်များတွင် ကုန်သွယ်ရေးနှင့် ကုန်သွယ်ခွန် ဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများ၊ ဖွံ့ဖြိုးရေး

အကူအညီ တိုးမြှင့်ရေးနှင့် ချမ်းသာသည့် နိုင်ငံများကို မျက်နှာသာ ပေးနေသည်ဟု ရှုမြင်ရသော ကမ္ဘာ့စီးပွားရေး ဆုံးဖြတ်ချက် ချမှတ်မှု စနစ်ကို အပြောင်းအလဲများ လုပ်ရန်တို့ ပါဝင်သည်။

**လေယာဉ်မပျံသန်းရ နယ်မြေ**၊ ၁၉၉၁-၂၀၀၃ ခုနှစ်ကြား အီရတ် နိုင်ငံနှင့် ၁၉၉၃-၅ ခုနှစ်ကြား ဘော့စနီးယား နိုင်ငံတို့တွင် လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှု အနေဖြင့် တရားမဝင် ပျံသန်းသော စစ်တပ်မှ လေယာဉ်များကို ပစ်ချခြင်း ဖြစ်သည်။

**အစိုးရမဟုတ်သော အဖွဲ့အစည်းများ (Non-governmental organizations (NGOs))**၊ ဥပဒေအရ တည်ထောင်ထားသော၊ ပုဂ္ဂလိက အကျိုးအမြတ် မယူသည့် အဖွဲ့အစည်းများ ဖြစ်သည်။ လူ့အခွင့်အရေး နယ်ပယ်တွင် ယင်းအဖွဲ့များသည် ထောက်ခံ လှုပ်ရှားခြင်း ကမ်ပိန်းများ လုပ်ဆောင်ခြင်း၊ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများ ထုတ်ဖော်ခြင်းနှင့် ချမှတ်ခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စောင့်ကြည့်ခြင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ဝန်ဆောင်မှုများ ပေးအပ်ခြင်းတို့ကို လုပ်ဆောင်ကြသည်။ အဖွဲ့အများအပြားမှာ ကမ္ဘာ့ အရပ်ဘက် လူ့အဖွဲ့အစည်း နယ်ပယ်တွင် တက်ကြွလှုပ်ရှားနေကြသည်။

**ရုပ်ဝတ္ထုမဲ့ ဝါဒ**၊ ရုပ်ဝတ္ထုမဲ့ ဝါဒက လူသားတို့နှင့် ဆိုင်သည့် ဖြစ်ရပ်များကို ရှင်းလင်းပြရာတွင် အကြံဉာဏ်များ၊ စံနှုန်းများနှင့် သရုပ်သဏ္ဌာန်များ (သဘောတရားသာ ရှိသည့် အရာများ) ၏ အခန်းကဏ္ဍကို အဓိက အာရုံစိုက်သည်။ ဥပမာ ထိုဝါဒက နိုပ်ကွပ်မှု ပြုရန် ဆုံးဖြတ်ချက်အတွက် တွက်ချက်မှုများနှင့် တိပသော အကျိုးစီးပွားများထက် နှိပ်ကွပ်မှု သင့်လျော်သည်ဟု ယူဆသည့် သဘောထား အမြင်များကို ပို၍ ဦးစားပေး စဉ်းစားသည်။

**ပြန်ပို့ဆောင်မှု မပြုခြင်း**၊ ပြန်လည် ပို့ဆောင်ခြင်း ဆိုသည်မှာ လူတစ်ဦးကို ၎င်း၏ လူမျိုး၊ ဘာသာ၊ နိုင်ငံသား၊ လူမှု အုပ်စုတွင် ပါဝင်မှု (သို့) နိုင်ငံရေး သဘောထား အစရှိသည်တို့ကြောင့် သူ၏ အသက် (သို့) လွတ်လပ်ခွင့်ကို ခြိမ်းခြောက် ခံရနိုင်သည့် နယ်မြေ (သို့) နေရာ တစ်ခုသို့ ပြန်လည် ပို့ဆောင်ခြင်း ဖြစ်သည်။ ပြန်ပို့ဆောင်မှု မပြုရန် တာဝန် (သို့) လူများကို အန္တရာယ် ရှိသည့် နေရာသို့ ပြန်မပို့ရန်မှာ နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေ ဖြစ်ပြီး ဒုက္ခသည်များ၏ အခြေအနေနှင့် ဆိုင်သော သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးထားသည် ဖြစ်စေ၊ မထိုးထားသည် ဖြစ်စေ နိုင်ငံအားလုံး အတွက် စည်းနှောင်မှု ရှိသည်။

**နိုင်ငံတော် မဟုတ်သည့် ဇာတ်ကောင်များ**၊ နိုင်ငံတကာ အဆင့်တွင် နိုင်ငံတော် မဟုတ်သည့် ဇာတ်ကောင်များ အားလုံး၊ ဥပမာ အကြမ်းဖက် အုပ်စုများ၊ နိုင်ငံ တစ်နိုင်ငံထက် ပို၍ လှုပ်ရှားသော စီးပွားရေး လုပ်ငန်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုံခြုံရေး လုပ်ငန်းများ အစရှိသည်တို့ကို ရည်ညွှန်းသည်။

**ကျင့်ဝတ်ပိုင်း ဆိုင်ရာ**၊ ကျင့်ဝတ်ပိုင်း ဆိုင်ရာဆိုသည်မှာ ဖြစ်သင့်သည့် အရာကို ဆိုလိုသည်။ ကျင့်ဝတ်ပိုင်း ဆိုင်ရာ လေ့လာမှုများက ကျင့်ဝတ်၊ သဘောတရားနှင့် တွေးခေါ်မှုပိုင်းဆိုင်ရာ မေးခွန်းများကို ကိုင်တွယ်ပြီး သဘောတရားများကို ရှင်းလင်း၊ ကျိုးကြောင်းပြခြင်းနှင့် ကျင့်ဝတ်ပိုင်းအရ ငြင်းခုံဆွေးနွေးမှုများနှင့် ဝေဖန်မှုများ ပြုလုပ်ခြင်းတို့ကိုလည်း လုပ်ဆောင်သည်။ **လက်တွေ့ ဖြစ်ခြင်း**နှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။

**နျူရင်ဘတ် တရားခွင်/ နျူရင်ဘတ် ခုံရုံး (နျူရင်ဘတ်မှ နိုင်ငံတကာ စစ်ခုံရုံး (International Military Tribunal (IMT))**၊ ဒုတိယ ကမ္ဘာစစ် အပြီးတွင် မဟာမိတ် အဖွဲ့များက ဂျာမနီနိုင်ငံ၊ နျူရင်ဘတ်တွင်

ကြားနာခဲ့သော တရားခွင်များ ဖြစ်သည်။ ထိုတရားခွင်များက ဖမ်းဆီးရမိသော ဂျာမန် ခေါင်းဆောင်များကို ငြိမ်းချမ်းရေးကို ဆန့်ကျင်သည့် ရာဇဝတ်မှု၊ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တရားစွဲဆို စစ်ဆေးခဲ့ကြသည်။ (တိုကျိုမြို့တွင်လည်း အရှေ့ဖျားဒေသ အတွက် နိုင်ငံတကာ စစ်ခုံရုံး ဖွဲ့၍ အလားတူ စွဲဆိုမှုများ ပြုလုပ်ခဲ့သည်။) ၁၉၄၆ ခုနှစ်မှ အထင်ရှားဆုံး စွဲဆိုမှု တစ်ခုတွင် ဂျာမန် ရာထူးကြီး တာဝန်ရှိသူ ၁၉ ဦးကို အပြစ်ရှိကြောင်း ဆုံးဖြတ်နိုင်ခဲ့သည်။ တရားရုံးသည် ထိုကိစ္စရပ်နှင့် စပ်လျဉ်း၍ ပထမဆုံးသော နိုင်ငံတကာ ရာဇဝတ်မှု ခုံရုံး ဖြစ်ပြီး ယနေ့ခေတ်တွင် ကုလသမဂ္ဂ ရှောင်တခင် ရာဇဝတ်မှု ခုံရုံးများနှင့် နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး၏ ရှေ့ပြေးအဖြစ် မှတ်ယူထားကြသည်။

**အာဖရိကရှိ ဒုက္ခသည် ပြဿနာများ၏ အစိတ်အပိုင်း အချို့နှင့် သက်ဆိုင်သော OAU သဘောတူစာချုပ်၊** ၁၉၅၁ ခုနှစ် ဒေသဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချုပ်က ပို၍ ကျယ်ပြန့်သော ဒုက္ခသည် ဆိုင်ရာ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို သတ်မှတ်ပေး ထားသည်။ ၁၉၆၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် OAU သဘောတူစာချုပ်က "ဒုက္ခသည်" ဟူသည့် စကားလုံးတွင် "ပြင်ပ ကျူးကျော်မှုများ၊ သိမ်းပိုက်မှုများ၊ နိုင်ငံရပ်ခြား လွှမ်းမိုးမှုများ (သို့) နိုင်ငံ၏ တစ်စိတ်တစ်ပိုင်း (သို့) တစ်နိုင်ငံလုံးမှ တည်ငြိမ်မှုကို ကြီးစွာ အနှောင့်အယှက် ပေးနေသော ဖြစ်ရပ်များကြောင့် ထွက်ပြေးရသူများလည်း အကျုံးဝင်သည်" ဟု ဆိုထားသည်။

**သိမ်းပိုက်ခြင်း (သို့) တွေ့ရှိခြင်း၊** အခြားသော အချုပ်အခြာအာဏာပိုင် နိုင်ငံ တစ်နိုင်ငံ၏ အာဏာအောက်တွင် မရှိသည့် နယ်မြေ တစ်ခုကို သိမ်းပိုက်ခြင်း ဖြစ်သည်။

**ကမ်းလွန်ဒေသတွင် စိစစ် စစ်ဆေးခြင်း၊** ခိုလှုံခွင့် တောင်းခံသူများ၏ လျှောက်ထားချက် များကို ၎င်းတို့ သွားရောက် ခိုလှုံလိုသည့် နိုင်ငံ၏ ပြင်ပတွင် စိစစ် စစ်ဆေးသည့် အလေ့အကျင့် ဖြစ်သည်။

**ပါလာမို နောက်ဆက်တွဲ စာချုပ်၊** လူသားများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များကို လူကုန်ကူးခြင်းအား တားဆီးခြင်း၊ နှိမ်နင်းခြင်းနှင့် အပြစ်ပေးခြင်း ဆိုင်ရာ နောက်ဆက်တွဲ သဘောတူစာချုပ် ဖြစ်သည်။ ပါလာမို နောက်ဆက်တွဲ စာချုပ်က နိုင်ငံ ဖြတ်ကျော် စုစည်း လုပ်ဆောင်သော ရာဇဝတ်မှုများ တိုက်ဖျက်ရေး ဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်ကို ဖြည့်ဆည်းပေးသည်။ ယင်းကို ၂၀၀၀ ပြည့်နှစ်တွင် အီတလီနိုင်ငံ ပါလာမိုမြို့တွင် လက်မှတ် ရေးထိုးခဲ့ပြီး လုပ်အားအတွက် လူကုန်ကူးခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံ ဖြတ်ခြင်းတို့ ပါဝင်သော လူကုန်ကူးမှုအတွက် ယနေ့ခေတ် အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ဖော်ထုတ် ပေးနိုင်ခဲ့သည်။

**ဒဿနိကဗေဒ ပညာရှင်များ၊** ဥရောပတိုက် အမြင်ပွင့်ခေတ်တွင် တက်ကြွပြီး လွှမ်းမိုးမှု ရှိခဲ့သော အတွေးအခေါ် ပညာရှင်များနှင့် စာပေရေးသားသူများကို ဖော်ပြရန် အသုံးပြုသည့် အသုံးအနှုန်း ဖြစ်သည်။

**ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးများ/ချိုးဖောက်ခြင်းများ၊** နိုင်ငံတကာတွင် အသိအမှတ်ပြုထားသည့် လူ့အခွင့်အရေးများ ဖြစ်ပြီး ပုံမှန်အားဖြင့် ကွက်မျက်ခြင်း၊ ညှဉ်းပန်း နှိပ်စက်ခြင်း၊ လက်စဖျောက်ခြင်း (သို့) နိုင်ငံရေးအရ ထောင်သွင်း အကျဉ်းချခြင်း တို့မှ အကာအကွယ် ရရှိခွင့်တို့ ပါဝင်သည်။ ကိုယ်ကာယ ပြည့်စုံမှုကို ချိုးဖောက်ခြင်းကို များသောအားဖြင့် နိုင်ငံတော်၏ နှိပ်ကွပ်မှု (သို့) အင်အားသုံးမှုဟု သိရှိကြပြီး နိုင်ငံတော်နှင့် ၎င်း၏ လက်ပါးစေများက ကိုယ်ကာယ ပြည့်စုံမှု အခွင့်အရေးများကို ချိုးဖောက်ရန် အကြမ်းဖက်မှု သုံးခြင်း (သို့) သုံးမည်ဟု ခြိမ်းခြောက်ခြင်းတို့ ပါဝင်သည်။

**ဘဝ၏ ရုပ်ပိုင်း ဆိုင်ရာ အရည်အသွေး ညွှန်းကိန်း (Physical Quality of Life Index (PQLI))**၊ နိုင်ငံ တစ်နိုင်ငံတွင် ဘဝ အရည်အသွေး (သို့) အထွေထွေ ကောင်းကျိုးချမ်းသာကို တိုင်းတာသည့် ညွှန်းကိန်း ဖြစ်သည်။ ညွှန်းကိန်းကို အခြေခံ စာတတ်မြောက်မှုနှုန်း၊ မွေးကင်းစ ကလေး သေနှုန်း၊ မျှော်မှန်းသက်တမ်းတို့အား ပူးပေါင်းကာ ကိန်းဂဏန်း တစ်ခုအဖြစ် ထုတ်ဖော်သည်။ ယင်းညွှန်းကိန်းကို လူသား ဖွံ့ဖြိုးမှု ညွှန်းကိန်းက အစားထိုးလာသော်လည်း အချို့သော လေ့လာမှုများတွင် နိုင်ငံရေး သိပ္ပံပညာရှင်များက ရှင်သန်မှု အခွင့်အရေးများကို တိုင်းတာရန် အသုံးပြုသည်။

**နိုင်ငံရေး ဆိုင်ရာ ညွှန်းကိန်း**၊ အစိုးရ အာဏာပိုင်များ၏ နိုင်ငံရေး လက္ခဏာများကို ညွှန်းကိန်း အမျိုးမျိုးဖြင့် တိုင်းတာရန် ကြိုးပမ်းသည့် တဒ်ဂါ (Ted Gurr) ၏ အချက်အလက် ကောက်ယူမှု နည်းလမ်း တစ်ခု ဖြစ်သည်။ ထိုညွှန်းကိန်းက သီးသန့်စီ ခွဲခြားထားသည့် အုပ်ချုပ်မှု ပုံစံများထက် အုပ်ချုပ်ရေး အင်စတီကျူးရှင်းများကို အာရုံစိုက်ထားသည်။ ညွှန်းကိန်းက အစိုးရ တာဝန်ရှိသူများကို အာဏာရှင်စနစ် အပြည့်အဝ စနစ်သွင်း ထားသည်မှ ဒီမိုကရေစီစနစ် အပြည့်အဝ စနစ်သွင်း ထားသည်အထိ အမှတ် ၂၁ မှတ် ပါဝင်သည့် စကေးအတွင်း တိုင်းတာသည်။ ညွှန်းကိန်းကို အုပ်ချုပ်ပုံ စနစ် သုံးခု၊ အာဏာရှင် စနစ် (ရမှတ် -၁၀ မှ -၆ အထိ)၊ အာဏာရှင်နှင့် ဒီမိုကရေစီ အရောစနစ် (ရမှတ် -၅ မှ +၅ အထိ) နှင့် ဒီမိုကရေစီ စနစ် (ရမှတ် +၆ မှ +၁၀ အထိ) အား ဖော်ထုတ်ရန် အသုံးပြုသည်။

**ပေါ့တ်ဖော်လီယို ရင်းနှီးမြှုပ်နှံမှု**၊ နိုင်ငံခြား ကုမ္ပဏီများတွင် ကျန်ရှိသည့် စတော့ ရှယ်ယာများနှင့် ဘွန်းများ ၁၀ ရာခိုင်နှုန်းအောက် ဝယ်ယူ ရင်းနှီး မြှုပ်နှံခြင်း ဖြစ်သည်။

**ဆင်းရဲမွဲတေမှု လျှော့ချရေး နည်းဗျူဟာ ဆိုင်ရာ စာတမ်းများ (Poverty Reduction Strategy Papers (PRSPs))**၊ ဝင်ငွေနိမ့် နိုင်ငံများ၏ အစိုးရများမှ အလှူရှင်များ၏ ထောက်ပံ့မှု ရရှိစေရန် ပြင်ဆင်ထားသော ဆင်းရဲ မွဲတေမှု လျှော့ချရေး မူဝါဒ မူဘောင်များ ဖြစ်သည်။ စာမျက်နှာ ရာနှင့်ချီရှိသည့် စာတမ်းများတွင် ဆင်းရဲ မွဲတေမှု၏ အကြောင်းရင်းခံများကို လေ့လာ ဆန်းစစ်ကာ နည်းဗျူဟာ ဦးစားပေးမှုများ ချမှတ်ခြင်း၊ စီးပွားရေး တိုးတက်မှုနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေးတို့အတွက် လုပ်ငန်း အစီအစဉ်များကို သတ်မှတ်ခြင်းများ လုပ်ဆောင်ကြသည်။ ယင်းဗျူဟာစာတမ်းများတွင် တည်ငြိမ်မှု ထိန်းသိမ်းရန် မက်ခရို ဘောဂဗေဒ မူဝါဒ မူဘောင်များလည်း ထည့်သွင်းထားသည်။

**ကာလ ရှည်ကြာ ပိုင်ဆိုင်ထားခြင်းဖြင့် သိမ်းပိုက်ခြင်း**၊ နယ်မြေတစ်ခုကို အချိန်တစ်ခု အကြာ ပိုင်ဆိုင်ထားခြင်းဖြင့် သိမ်းပိုက်ခြင်း ဖြစ်သည်။

**အလုပ်သမား လူတန်းစား**၊ မာ့စ်ဆစ် (Marxist) သီအိုရီတွင် လခစား အလုပ်သမားများကို ညွှန်းဆိုရန် သုံးသည့် အသုံးအနှုန်း ဖြစ်သည်။ ထိုသူများသည် ထုတ်လုပ်မှု နည်းလမ်းများ ပိုင်ဆိုင် မထားသူများ ဖြစ်သည်။ ဆိုလိုသည်မှာ ထိုသူများသည် အုပ်ချုပ်သူ အရင်းရှင် လူတန်းစား (ဘူဇွာများ) မဟုတ်ကြပေ။

**အစိုးရ/ပုဂ္ဂလိက ခွဲခြားခြင်း**၊ မည်သည့်အရာက နိုင်ငံရေးနှင့် ဆိုင်ပြီး မည်သည့်အရာက ပုဂ္ဂလိက အရေးနှင့် ဆိုင်ကြောင်း သုံးသပ် ခွဲခြားခြင်း ဖြစ်သည်။ တစ်ဦးချင်းစီနှင့် တစ်ဦးနှင့် တစ်ဦးကြား ဆက်ဆံရေးများကို မှားယွင်းစွာ သတ်မှတ်ထားကြသည်။ ဥပမာ မိသားစု အရေးကိစ္စသည် နိုင်ငံရေး မဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှု အင်စတီကျူးရှင်းများနှင့် မသက်ဆိုင် မသင့်လျော်ဟု သတ်မှတ်ခြင်းမျိုး ဖြစ်သည်။

ထိုသဘောတရားအရ ခွဲခြားခြင်းကို ပုဂ္ဂလိက ကိစ္စရပ်များတွင် အစိုးရ၏ ဝင်ရောက်စွက်ဖက်ခြင်းအား ငြင်းပယ်ရန်လည်း အသုံးပြုသည်။

**ကိန်းဂဏန်း အခြေပြု နည်းလမ်းများ/ လေ့လာမှုများ**၊ ကိန်းဂဏန်း အခြေပြု လေ့လာမှုများသည် အချက်အလက်များကို လေ့လာရန်နှင့် အဓိပ္ပာယ် ပြန်ဆိုရန် စာရင်းအင်း ဆိုင်ရာ နည်းလမ်းများကို အသုံးပြုကြသည် (ပုံမှန်အားဖြင့် ရီဂရက်ရှင် လေ့လာမှု၊ မှီခိုကိန်းရှင်နှင့် တစ်ခု (သို့) တစ်ခုထက်ပိုသော အမှီအခိုကင်း ကိန်းရှင် တို့အကြား ဆက်စပ်မှု ပုံစံနှင့် အားကောင်းမှုကို ဆုံးဖြတ်သည့် နည်းလမ်း တစ်ခု ဖြစ်သည်)။ လူ့အခွင့်အရေး နယ်ပယ်တွင် ကိန်းဂဏန်းအခြေပြု နည်းလမ်းများက နိုင်ငံများကို ကာလ တစ်ခုအကြာ လေ့လာကြပြီး ထိုနိုင်ငံများ၏ စုပေါင်း အတွေ့အကြုံ များကို အခြေခံကာ ယေဘုယျ ကောက်ချက်ချခြင်းများ ပြုလုပ်ကြသည်။ ဥပမာ နိုင်ငံတော်၏ နှိပ်ကွပ်မှု (သို့) စာချုပ် လက်မှတ်ရေးထိုးမှုကို ရှင်းလင်းပြခြင်းမျိုး ဖြစ်သည်။

**လက်မှတ်ရေးထိုး အတည်ပြုခြင်း**၊ (ပြည်တွင်း ဖွဲ့စည်းပုံများ၊ ဥပဒေများနှင့်အညီ) စာချုပ်ကို စည်းကြပ်နိုင်ရန် ယင်းစာချုပ်ပါ ပြဋ္ဌာန်းချက်များကို သဘောတူသည့် အလေ့အကျင့် ဖြစ်သည်။

**ရီယဲလ်လစ်ဇင်/ရီယဲလ်လစ် ဝါဒီ**၊ နိုင်ငံတကာ စနစ်၏ သဘောတရား ဖြစ်သည့် အပြိုင်အဆိုင် ပြင်းထန်ပြီး မင်းမဲ့ဖြစ်နေခြင်း (နိုင်ငံများ အားလုံးကို ပြဋ္ဌာန်း ထားသည့် ပုံစံများအတိုင်း လုပ်ဆောင်စေနိုင်မည့် ကမ္ဘာ့ အုပ်ချုပ်သူ မရှိခြင်း) နှင့် ထိုသို့ ဖြစ်နေခြင်းများကြောင့် လိုအပ်ပါက နိုင်ငံများက ၎င်းတို့၏ အကျိုးစီးပွားများကို စစ်ရေးဖြင့် ကာကွယ်ကြမည် ဟူသည့် အချက်ကို အာရုံစိုက်ထားသော နိုင်ငံတကာ ဆက်ဆံရေးမှ အတွေးအခေါ် တစ်ခု ဖြစ်သည်။ ရီယဲလ်လစ် ဝါဒီများအတွက် နိုင်ငံတကာ ဥပဒေနှင့် အင်စတီကျူးရှင်းများသည် နိုင်ငံများ၏ လုပ်ရပ်များကို တားဆီးနိုင်သည့် သက်ရောက်မှု မရှိပေ။ နိုင်ငံများ၏ လုပ်ရပ်များသည် ပြည်တွင်း အကျိုးစီးပွားကို စဉ်ဆက်မပြတ် ရှာဖွေနေသည့် ပုံစံဖြင့်သာ ရှိနေတော့သည်။

**ရီးယဲလ်ပေါ်လစ်တစ် (Realpolitik)**၊ ပြည်တွင်းအကျိုးစီးပွား ရှာဖွေခြင်းကိုသာ အလေးထားသည့် နိုင်ငံတော် မူဝါဒများကို ဖော်ပြရန် အသုံးပြုသည့် အသုံးအနှုန်း တစ်ခု ဖြစ်သည်။

**ဒုက္ခသည် ဆုံးဖြတ်ခြင်း ဖြစ်စဉ်**၊ ကုလသမဂ္ဂ ဒုက္ခသည်များ မဟာမင်းကြီးရုံး (သို့) ပြည်တွင်း အစိုးရများမှ လူတစ်ဦးသည် နိုင်ငံတကာ ဥပဒေ ဆိုင်ရာ ဒုက္ခသည် စာချုပ်စာတမ်းများအရ အမှန်တကယ် ဒုက္ခသည် ဖြစ်သင့်၊ မဖြစ်သင့်ကို ဆုံးဖြတ်သည့် ဖြစ်စဉ် ဖြစ်သည်။

**စနစ်များ (Regimes)**၊ ဓာတ်ကောင်များ၏ မျှော်မှန်းချက်များ စုဆုံကြသည့် အင်စတီကျူးရှင်းများ၊ စည်းမျဉ်းများ၊ စံနှုန်းများ၊ စည်းကမ်းများနှင့် ဆုံးဖြတ်ချက် ချမှတ်သည့် ပုံစံများ ဖြစ်သည်။ နိုင်ငံတကာ လူ့အခွင့်အရေး စနစ်တွင် ကုလသမဂ္ဂ စနစ်၊ သင့်တင့် လျောက်ပတ်သော နိုင်ငံတကာ ဥပဒေများ အစရှိသည်တို့ ပါဝင်သည်။

**ပြင်ဆင်ပေးခြင်းများ**၊ နိုင်ငံတကာ ဥပဒေကို ဖောက်ဖျက်သည့်အခါ လုပ်ဆောင်နိုင်သည့် ကုစားမှု နည်းလမ်းများ ဖြစ်သည်။ ထိုအသုံးအနှုန်းကို ငွေကြေးအရ လျော်ကြေးပေးခြင်း (ကျဉ်းမြောင်းသည့် အဓိပ္ပာယ် ဖွင့်ဆိုချက်) (သို့) ငွေကြေးအရ မဟုတ်သည့် လုပ်ဆောင်မှုများ (ကျယ်ပြန့်သည့် အဓိပ္ပာယ် ဖွင့်ဆိုချက်) အပါအဝင် နည်းအမျိုးမျိုးဖြင့် အသုံးပြုကြသည်။

**ပြင်ဆင်ပေးရေး ဆိုင်ရာ တရားမျှတမှု**၊ ထိခိုက်နစ်နာမှုများနှင့် ဆုံးရှုံးမှုများအတွက် ကုစားမှုပေးကာ မှားယွင်းခဲ့သည့် ကိစ္စရပ်များကို မှန်ကန်လာအောင် ပြန်လုပ်သည့် တရားမျှတမှု ဖြစ်သည် (ပြင်ဆင်ပေးခြင်းများ (သို့) ပြန်လည် ပေးအပ်ခြင်းများ)။ ပြင်ဆင်ပေးသည် ဟူသည့် သဘောတရား ပါဝင်သည်။

**ခြွင်းချက်**၊ စာချုပ်တစ်ခု၏ အချို့သော အပိုင်းကို လက်မှတ်ရေးထိုးထားသည့် နိုင်ငံမှ တစ်ဘက်သတ် ခြွင်းချက် ထားခြင်း ဖြစ်ပြီး လက်မှတ်ရေးထိုး အတည်ပြုသည့်အခါ ပူးတွဲ တင်ပြလေ့ ရှိသည်။

**ပြန်လည် နေရာချထားခြင်း**၊ ဒုက္ခသည်များကို ၎င်းတို့ ခိုလှုံခွင့်တောင်းခံသည့် နိုင်ငံမှ ၎င်းတို့ကို လက်ခံရန် သဘောတူလိုက်သည့် နိုင်ငံသို့ ပြောင်းရွှေ့ခြင်း ဖြစ်သည်။

**ကာကွယ်ရန် တာဝန်** (**Responsibility to Protect (R2P))**၊ နိုင်ငံများ အားလုံးသည် ၎င်းတို့၏ နိုင်ငံသားများအား ကာကွယ်ရန် တာဝန်ရှိသည်ဟု ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂက အတည်ပြုခဲ့သော စည်းမျဉ်း ဖြစ်သည်။ နိုင်ငံ တစ်နိုင်ငံက ထိုသို့ အကာအကွယ် မပေးနိုင်သည့်အခါ ကာကွယ်ရန် တာဝန်သည် နိုင်ငံတကာ အသိုင်းအဝိုင်းတွင် ရှိလာပြီး လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုများ လုပ်ဆောင်ရန် ခွင့်ပြုပေးသည်။

**ပြန်လည် ပေးအပ်ခြင်း**၊ ဆုံးရှုံးမှု (သို့) ထိခိုက် ဒဏ်ရာ ရမှု တစ်ခုအတွက် လျော်ပေးရန် ပေးအပ်သည့် အရာ ဖြစ်သည်။

**ပြန်လည် ထားသိုပေးခြင်း ဆိုင်ရာ တရားမျှတမှု**၊ ထိခိုက်နစ်နာသူနှင့် ရာဇဝတ်မှု ကျူးလွန်သူများ အားလုံးကို အသိုင်းအဝိုင်းနှင့် သဟဇာတဖြစ်အောင် လုပ်ဆောင်သည့် ဖြစ်စဉ် ဖြစ်သည်။

**အပြစ်ပေးခြင်း ဆိုင်ရာ တရားမျှတမှု**၊ လူတစ်ဦး ကျူးလွန်သည့် ရာဇဝတ်မှုအတွက် အပြစ်ပေးမှုများ (ထောင်ချခြင်း၊ ဒဏ်ရိုက်ခြင်း) လုပ်ဆောင်ခြင်း ဖြစ်သည်။

**ပြန်ရောက်လာသူများ**၊ ၎င်းတို့၏ မူလ နိုင်ငံ ပြင်ပတွင် ရှိစဉ်ကနှင့် ၎င်းတို့၏ မူလ နိုင်ငံကို ပြန်လာစဉ်တွင် အချိန်အတိုင်းအတာ တစ်ခုအထိ ကုလသမဂ္ဂ ဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးနှင့် သက်ဆိုင်သူများ ဖြစ်သည်။

**ဖွံ့ဖြိုးတိုးတက်ခွင့်**၊ ဖွံ့ဖြိုးတိုးတက်ခွင့် ဆိုင်ရာ အထူးကိုယ်စားလှယ်၏ အဓိပ္ပာယ် ဖွင့်ဆိုချက် အရ ယင်းမှာ လူ့အခွင့်အရေးကို ဖြည့်ဆည်းပေးမည့် အခြေအနေများ ဖန်တီးပေးနိုင်သော ဖွံ့ဖြိုးမှု ပုံစံ တစ်ခုအတွက် အခွင့်အရေး ဖြစ်သည်။ ကြေညာချက်မှ အခွင့်အရေးများတွင် သဘာဝ အရင်းအမြစ်များအပေါ် အပြည့်အဝ အချုပ်အခြာ အာဏာ တည်မြဲမှု၊ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ ဖွံ့ဖြိုးရေးတွင် လူထု ပါဝင်နိုင်ရေး၊ တန်းတူ အခွင့်အရေးနှင့် အခြားသော ပြည်သူ့ရေးရာ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ရရှိရေး အတွက် ကောင်းမွန်သည့် အခြေအနေများ ဖန်တီးပေးရန်တို့ပါဝင်သည်။

**လူသား တစ်ဦး၏ အခွင့်အရေး**၊ အမြင်ပွင့်ခေတ် တွေးခေါ်ပညာရှင်များက အစောပိုင်း အခွင့်အရေး ဆိုင်ရာ ကြေညာချက်များနှင့် အခြား ဆက်စပ်သော စာတမ်းများတွင် သဘာဝ အခွင့်အရေးကို ညွှန်းဆိုရန် အသုံးပြုသည့် အသုံးအနှုန်း ဖြစ်သည်။ ခေတ်ပေါ်ပုံစံအရမူ လူ့အခွင့်အရေးကို ဆိုလိုသည်။

**တရားဥပဒေ စိုးမိုးမှု**၊ တရားရုံး အပါအဝင် နိုင်ငံတော်မှ တာဝန်ရှိသူများ အားလုံးက စိတ်ထင်သလို (သို့) နိုင်ငံရေး တွက်ချက်မှုများ ပြုလုပ်ခြင်းထက် ကိစ္စရပ်များတွင် ဥပဒေ စံနှုန်းများကို မျှမျှတတ အသုံးပြုသည့် စည်းမျဉ်း ဖြစ်သည်။ နိုင်ငံတော်၏ တာဝန်ခံမှုသည် မည်သည့် တရားဥပဒေ စိုးမိုးမှု စနစ်၌မဆို အဓိက ကျသည်။ လူ့အခွင့်အရေး ကာကွယ်မှု ရရှိစေရန် အားကောင်းသည့် တရားဥပဒေ စိုးမိုးရေး လိုအပ်သည်။

**လုံခြုံသော နေရာများ**၊ စစ်ပွဲ ဖြစ်ပွားနေချိန်တွင် တိုက်ခိုက်မှုများ မပြုသည့် ခိုလှုံစရာ နေရာများ ဖြစ်သည်။ အရပ်သားများကို ကာကွယ်ရန် လူသားချင်း စာနာမှု အခြေပြု ဝင်ရောက် စွက်ဖက်မှုကို သုံးကြသော်လည်း ထိုလုံခြုံသည့် နေရာများကို အလွဲသုံးစား လုပ်ကာ ပုန်ကန်သူများ၏ ဌာနများအဖြစ် အသုံးပြုလာခြင်းက အငြင်းပွားဖွယ်ရာ ဖြစ်သည်။ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးသူများက ၁၉၉၅ ခုနှစ် ဇူလိုင်လတွင် ဘော့စနီးယား၌ လုံခြုံသော နေရာဖြစ်သည့် ဆာဘရီနီကာကို သိမ်းပိုက်ကာ မူဆလင် ၈၀၀၀ ကို သတ်ဖြတ်ခဲ့ခြင်းအား မကာကွယ်နိုင်ခဲ့ပေ။

**ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်**၊ ပြင်ပ ဖိအားများမှ ကင်းဝေးစွာဖြင့် မိမိ လုပ်လိုသည်များကို လွတ်လပ်စွာ ရွေးချယ်ခွင့် ဖြစ်သည်။ လူ့အခွင့်အရေးနှင့် ဆက်စပ်၍မူ နယ်မြေ တစ်ခုမှ လူများက ၎င်းတို့၏ နိုင်ငံရေး အစီအမံများကို လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် ဖြစ်သည်။ မူလ အခြေချ နေထိုင်သူများနှင့် စပ်လျဉ်းပါက ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ဆိုသည်မှာ အုပ်စု၏ ဆန္ဒများအတိုင်း အုပ်ချုပ်ခွင့် ဖြစ်သည်။ ထိုအုပ်ချုပ်ခွင့်သည် လူတစ်ဦးချင်းစီ၏ နိုင်ငံသား ဖြစ်မှု အခွင့်အရေး (သို့) ကိုလိုနီ နိုင်ငံများတွင် အကန့်အသတ်နှင့် ပေးသော နယ်မြေ သိမ်းပိုက်ခွင့် များနှင့် မတူဘဲ သီးခြား လူအုပ်စုများနှင့် နိုင်ငံသား အုပ်စုများအတွက် ကုစားမှု ပေးသည့် နိုင်ငံရေး အခွင့်အရေး ဖြစ်သည်။

**လိင်စိတ် တိမ်းညွတ်မှုနှင့် ကိုယ်ပိုင် လိင်ဝိသေသ ခံယူချက် (Sexual Orientation and Gender Identity (SOGI))**၊ လူနည်းစုတွင် ရှိသော လိင်စိတ် တိမ်းညွတ်မှုနှင့် လိင်ဝိသေသ ခံယူချက် ပုံစံများကို ခွဲခြားဆက်ဆံခြင်းအား လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစားထဲတွင် ထည့်သွင်းသည့် အသုံးအနှုန်း ဖြစ်သည်။ ထိုအမျိုးအစားထဲတွင် လိင်ဝိသေသ ဖော်ပြချက်နှင့် (လက်တွေ့ မဟုတ်သည့်တိုင်) လက်ခံထားသည့် လိင်ဖြစ်တည်မှုနှင့် ဂျန်ဒါအပေါ် အခြေခံသည့် ခွဲခြား ဆက်ဆံမှုများကိုလည်း ထည့်သွင်း ထားသည်။ ထိုအသုံးအနှုန်းနှင့် အတိုကောက် အခေါ်အဝေါ်များကို လူ့အခွင့်အရေး အုပ်စုများနှင့် အသိုင်းအဝိုင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးကြသည်။ လူနည်းစုတွင် ရှိသော လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်ဝိသေသ ခံယူချက်များကြောင့် ခွဲခြား ဆက်ဆံခံရ နိုင်သော အုပ်စုများကို အလေးစိုက်ထားသည့် LGBT (lesbian, gay, bisexual, and transgender) (အမျိုးသမီးချင်း စိတ်ဝင်စားသူ၊ အမျိုးသားချင်း စိတ်ဝင်စားသူ၊ လိင်တူ၊ လိင်ကွဲ နှစ်မျိုးလုံး စိတ်ဝင်စားသူနှင့် ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲ ပြုမူ နေထိုင်သူ) ဟူသည့် အခြား ခေါ်ဝေါ်ပုံ တစ်မျိုးလည်း ရှိသေးသည်။

**လူမှု တည်ဆောက်ပုံ စနစ်/တည်ဆောက်ပုံ ဝါဒ**၊ လူမှု ဘဝနှင့် လက်တွေ့ အခြေအနေ၏ သဘောတရားသည် လူမှုရေးအရ တည်ဆောက်ထားခြင်း ဖြစ်သည်ဟူသော အချက်ကို အလေးစိုက်သည့် သီအိုရီဆိုင်ရာ ချဉ်းကပ်ပုံ ဖြစ်သည်။ ထိုချဉ်းကပ်ပုံကို လူ့အခွင့်အရေး အဖြစ် ပြောင်းလဲလိုက်သောအခါ ယင်းချဉ်းကပ်ပုံက လူ့အခွင့်အရေးသည် လူမှု တီထွင်မှုများ ဖြစ်ပြီး အချိန် တစ်ခုခု၊ လူမှု နောက်ခံ တစ်ခုခု၌ လူမှု ဇာတ်ကောင်များ အကြား အာဏာချိန်ခွင်လျှာ ညှိခြင်း၏ ရလဒ် တစ်ခု ဖြစ်သည်ဟု ရှုမြင်သည်။

**လူမှု တည်ဆောက်ရေး ဝါဒီ (social constructivist)**၊ အလက်ဇန္ဒား ဝန့်ဒ်က ကွန်စထရတ်တစ်ဗစ်ဇင်ကို လူ့အဖွဲ့အစည်းများ၏ တည်ဆောက်ပုံကို ရုပ်ဝတ္ထုများထက် အများလက်ခံထားကြသော အကြံဉာဏ်များဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။ ပါဝင်သော ဇာတ်ကောင်များ၏ သရုပ်သဏ္ဍာန်နှင့် အကျိုးစီးပွားများသည်လည်း သဘာဝအတိုင်း ဖြစ်လာခြင်းထက် အများလက်ခံထားသော အကြံဉာဏ်များကို အခြေခံထားခြင်း ဖြစ်သည် (Alexander Wendt (1999). *Social Theory of International Politics.* Cambridge: Cambridge University Press, p. 1)။

**လူမှု လှုပ်ရှားမှုများ**၊ အရပ်ဘက် လူ့အဖွဲ့အစည်းမှ အပြောင်းအလဲ ဖော်ဆောင်ရန် (သို့) ကန့်ကွက်ရန် ကြိုးပမ်းမှုများကို စုစည်း လုပ်ဆောင်သူများ ကွန်ရက် ဖြစ်ပြီး ယနေ့ခေတ်တွင် လူ့အခွင့်အရေး အသုံးအနှုန်းကို မကြာခဏ သုံးနှုန်းကြသူများ ဖြစ်သည်။ လူမှု လှုပ်ရှားမှုများသည် အခွင့်အရေးများကို စနစ်သွင်းရာတွင် သိသာထင်ရှားစွာ ဝင်ရောက် ပြောဆိုသူများ ဖြစ်သည်။

**လူမှု တည်ဆောက်ပုံ**၊ မတူညီသော တော်စပ်ပုံ အမျိုးမျိုး၊ ဥပဒေ၊ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လူ့အဖွဲ့အစည်းထဲမှ အခြားသော အင်စတီကျူးရှင်းများ ကဲ့သို့သော လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းများအကြား စီစဉ်ထားသော ပတ်သက် ဆက်နွယ်မှုများကို ဆိုလိုသည်။

**ဆိုရှယ်လစ် ဝါဒ/ဆိုရှယ်လစ်**၊ လူ့အဖွဲ့အစည်း၏ တည်ဆောက်ပုံကို ကျယ်ကျယ် ပြန့်ပြန့် ပြောင်းလဲပစ်လိုက်ခြင်းဖြင့် ထုတ်လုပ်မှု နည်းလမ်းများကို အရင်းရှင် လူတန်းစားထက် အလုပ်သမားများ (သို့) အလုပ်သမား လူတန်းစားက ပိုင်ဆိုင်သွားပြီး လူ့အဖွဲ့အစည်း၏ ထုတ်လုပ်မှု စွမ်းအားကို လူအနည်းစု၏ အကျိုးစီးပွားအတွက်သာ မဟုတ်တော့ဘဲ အများ ကောင်းကျိုးအတွက် အသုံးပြုနိုင်သည်ဟု ဆိုထားသော နိုင်ငံရေး ဒဿန/ သဘောထား ဖြစ်သည်။ မာ့ခ်ဆစ်နှင့် ကွန်မြူနစ်များမှာ စီးပွားရေး အခြေခံများကို ပြောင်းလဲပစ်ခြင်းဖြင့် လူ့အဖွဲ့အစည်းကို ကြီးစွာ ပြောင်းလဲပစ်လိုသူ ဆိုရှယ်လစ်များ ဖြစ်သည်။ ထိုသူများက တော်လှန်ရေး နိုင်ငံရေးကို သမိုင်းစဉ်လာအရ လုပ်ဆောင်ကြသူများ ဖြစ်သည်။

**အပျော့စား ဥပဒေ**၊ ဥပဒေအရ စည်းနှောင်မှု မရှိသော်လည်း နိုင်ငံများ၏ အမူအကျင့်များကို လွှမ်းမိုးနိုင်သည့် စာချုပ်စာတမ်းများ ဖြစ်သည်။ (ဥပမာ ကြေညာချက်များ)

**ပြစ်ဒဏ်ပေး ခံရခြင်းမှ ကင်းလွတ်နေသူ အချုပ်အခြာအာဏာပိုင်**၊ အစိုးရ ခေါင်းဆောင်က သူတရားဝင် အချုပ်အခြာအာဏာပိုင် လုပ်ခဲ့စဉ်က ကျူးလွန်ခဲ့သော လုပ်ရပ်များ (သူတစ်ကိုယ်ရည် အကျိုးစီးပွားအတွက် လုပ်ဆောင်စဉ်က ကျူးလွန်ခဲ့သော လုပ်ရပ်များ မဟုတ်) ကြောင့် ပြစ်ဒဏ်ပေးခံရမှု မရှိဘဲ ကင်းလွတ်နေပုံကို ဆိုလိုသည်။ ယေဘုယျအားဖြင့် နိုင်ငံ့ဥသျှောင်ကို အကျင့်ပျက်ချစားခြင်း (သို့) အိမ်ထောင်ဘက်ကို သတ်ဖြတ်လိုက်ခြင်း တို့ကြောင့် တရားစွဲဆို အပြစ်ပေးနိုင်သော်လည်း နိုင်ငံတော်၏ မူဝါဒများကြောင့် အပြစ်ပေး၍ မရပေ။

**အချုပ်အခြာအာဏာ**၊ နိုင်ငံ တစ်နိုင်ငံ၏ ဥပဒေအရ (သို့) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ လွတ်လပ်မှု ဖြစ်သည်။ ယင်းတွင် သတ်မှတ်ထားသော နယ်မြေ တစ်ခုကို အုပ်ချုပ်ခွင့်နှင့် ထိန်းချုပ်ခွင့်၊ ပြင်ပမှ ဝင်ရောက်စွက်ဖက်မှု မရှိဘဲ ထိုဒေသတွင် ဥပဒေနှင့် နိုင်ငံရေးအရ တရားစီရင်ပိုင်ခွင့်တို့ ပါဝင်သည်။ ထိုသဘောတရားသည် ၁၆၄၈ ခုနှစ် ဝက်စ်ဖီးလီယား ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုစဉ်ကပင် စတင်ခဲ့သည်။ ထိုစာချုပ်က ၁၉၄၅ ကုလသမဂ္ဂ ပဋိညာဉ်တွင် ပြဋ္ဌာန်းထားသည့် ဝင်ရောက် စွက်ဖက်မှု မပြုရေး မူကို စတင်

ဖော်ထုတ်ခဲ့သည်။ ထိုအယူအဆမှာ မကြာမီက နိုင်ငံတကာ ဥပဒေတွင် လွန်စွာ အရေးကြီးသည်ဟု သတ်မှတ်ထားသည့် ဥပဒေလည်း ဖြစ်လာသည်။ ယနေ့ခေတ်တွင် အချုပ်အခြာ အာဏာကို ပြည်တွင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့ အုပ်ချုပ်သူများအကြား ပြည်သူ့ရေးရာ အာဏာကို ခွဲဝေကျင့်သုံးခြင်းဟု နားလည်လာကြသည်။

**လူ့အခွင့်အရေး ပြောင်းလဲမှု စပရိန် မော်ဒယ်လ်**၊ နိုင်ငံတကာ စံနှုန်းများက ပြည်တွင်း လူ့အခွင့်အရေး ပြောင်းလဲမှုများကို တဖြည်းဖြည်း လွှမ်းမိုးလာသည့် ဖြစ်စဉ်ကို ဖော်ပြသည်။ ယူဆချက်မှာ လူ့အခွင့်အရေး ဖိအားများကို တုံ့ပြန်သည့် အနေဖြင့် နိုင်ငံများသည် အစောပိုင်းတွင် အခွင့်အရေး ချိုးဖောက်မှုများအား ငြင်းဆန်မည်။ ထို့နောက် အလျှော့ပေးမှု အနည်းငယ် လုပ်လာမည်။ ထိုမှတစ်ဆင့် အပေါ်ယံ ဖြစ်သည့်တိုင် ပို၍ တိကျသော ပြုပြင် ပြောင်းလဲမှုများ လုပ်လာမည်။ တစ်ခါတရံ နောက်ဆုံးတွင် ၎င်းတို့၏ အမူအကျင့်များကို နိုင်ငံတကာ အသိအမှတ်ပြုထားသော လူ့အခွင့်အရေး စံနှုန်းများနှင့် ကိုက်ညီအောင် ပြောင်းလဲလာမည်။

**နိုင်ငံမဲ့များ**၊ နိုင်ငံသား မရရှိသေးသူများ အပါအဝင် မည်သည့်နိုင်ငံကမှ ၎င်းတို့၏ ဥပဒေအောက်တွင် နိုင်ငံသားဟု အသိအမှတ် ပြုထားခြင်း မခံရသူများကို ဆိုလိုသည်။

**အဖွဲ့ဝင် နိုင်ငံများ၊ လက်မှတ်ရေးထိုးထားသော နိုင်ငံများ**ကို ရှုပါ။

**စနစ်ပြုပြင် ပြောင်းလဲရေး မူဝါဒများ/ အစီအစဉ်များ (Structural adjustment policies/programmes (SAPs)**၊ စီးပွားရေးတွင် အစိုးရ၏ ပါဝင်မှု အခန်းကဏ္ဍကို လျှော့ချခြင်းဖြင့် စီးပွားရေးအရ ထိရောက်မှုနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများမှ စီးပွားရေး တိုးတက်မှုကို မြှင့်တင်ရန် ရေးဆွဲထားသော နိုင်ငံတကာ ငွေကြေး ရန်ပုံငွေ အဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ ငွေချေးငှားရေး မူဝါဒများ ဖြစ်သည်။ ထိုမူဝါဒများ (သို့) အစီအစဉ်များက ချေးငွေနှင့်အတူ လိုက်နာရမည့် အခြေအနေများ ဖြစ်ပြီး နီယိုလစ်ဘရယ် မူဝါဒများကို မြှင့်တင်ပေးသည်။

**ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးရေး**၊ လက်ရှိ မျိုးဆက်၏ လိုအပ်ချက်များနှင့် အခွင့်အရေးများကို ပြည့်မီရေးသည် နောင်မျိုးဆက်များ၏ လိုအပ်ချက်များနှင့် အခွင့်အရေးများကို ပြည့်မီရေးအား စတေးပြီး ရရှိလာခြင်းမျိုး မဖြစ်စေအောင် သတိထားသည့် ဖွံ့ဖြိုးမှု ပုံစံ ဖြစ်သည်။ ယင်းကို အခြေခံ အချက် သုံးချက်ရှိသည့် ဖွံ့ဖြိုးမှု ပုံစံဟူ၍ ဖော်ပြကြသည်။ ယင်းအချက် သုံးချက်မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု တစ်ခုတည်းကိုသာ အာရုံစိုက်ခြင်းထက် လူမှုရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် စီးပွားရေး အခြေခံ အချက်များကို အာရုံစိုက်ခြင်း ဖြစ်သည်။ ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးရေးက လူမှု ပါဝင်မှုနှင့် လူမှု တရားမျှတမှု၊ အရေးပါသော ဂေဟဗေဒ စနစ်များကို လေးစားခြင်း တို့ကို ဦးစားပေးသည်။

**ရေရှည် တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးရေး ရည်မှန်းချက်များ (Sustainable Development Goals (SDGs))**၊ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံက ပြဋ္ဌာန်းခဲ့သော ကျွန်ုပ်တို့ ကမ္ဘာကို ပြောင်းလဲခြင်း၊ ရေရှည် တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးရေးအတွက် ၂၀၃၀ အာဂျန်ဒါတွင် ပါဝင်သည့် ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးအတွက် အဓိက ကျသည့် လုပ်ဆောင်မှု အကြံအစည်များ ဖြစ်သည်။ ယင်းတို့တွင် ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီရမည့် ရည်မှန်းချက် ၁၈ ခု နှင့် ပစ်မှတ် ၁၆၉ ခု ပါဝင်သည်။ ထိုရည်မှန်းချက်များသည် ၂၀၀၀ ခုနှစ်တွင် ချမှတ်ခဲ့ပြီး ၂၀၁၅ တွင် ပြည့်မီရမည့် ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို နောက်တွင် ထွက်ပေါ်လာခဲ့သည်။

***Terra nullius***၊ လက်တင်ဘာသာစကားဖြင့် မည်သူမှ မပိုင်သော နယ်မြေဟု ဆိုလိုသည်။ ကိုလိုနီပြုသည့် နိုင်ငံများ (အထူးသဖြင့် ဩစတြေးလျားမှ ဗြိတိသျှ လူမျိုးများ) က အချုပ်အခြာ အာဏာပိုင် မရှိသည့်မြေ ဟူသော အသုံးအနှုန်းကို ယဉ်ကျေးသည့် နိုင်ငံများက ဥပဒေအရ လူသားဖြစ်မှု အသိအမှတ် ပြုခံထားရသူများ မနေထိုင်သည့်မြေ ဟူ၍ အဓိပ္ပာယ် ချဲ့ထွင်ခဲ့ပြီး လူမနေသည့် မြေဟု သတ်မှတ်ခဲ့သည်။

**သဘောထားကြီးမှု**၊ အခြားသူများ၏ ယုံကြည်မှုများနှင့် အလေ့အကျင့်များကို ယုံကြည်သက်ဝင်ခြင်း မရှိ (သို့) ပါဝင် လုပ်ဆောင်ခြင်း မရှိသော်လည်း လက်ခံပေးလိုသည့် စိတ်ဖြစ်သည်။ သဘောထားကြီးခြင်းတွင် အခြားသူများနှင့် သဘောမတူသည့်တိုင် ၎င်းတို့၏ ယုံကြည်မှုများ၊ အလေ့အကျင့်များကို ကျွန်ုပ်တို့ လက်မခံနိုင်လောက်သည်အထိ ပြင်းပြင်းထန်ထန် သဘောမတူခြင်းမျိုး လိုအပ်သည်။

**နှိပ်စက်ခံရသူများ ကာကွယ်ရေး အက်ဥပဒေ (Torture Victim Protection Act (TVPA))**၊ အမေရိကန် တရားရုံးများတွင် နိုင်ငံခြား အစိုးရများ၌ တာဝန်ရှိသူများအဖြစ် ထမ်းဆောင်ခဲ့ပြီး ညှဉ်းပန်းနှိပ်စက်မှု (သို့) ဥပဒေ ပြင်ပ ကွက်မျက်မှု ကျူးလွန်ခဲ့သူများကို ဥပဒေကြောင်းအရ တရားစွဲဆိုမှုအား ခွင့်ပြုထားသည့် အမေရိကန် ကွန်ဂရက်က ၁၉၉၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အက်ဥပဒေ ဖြစ်သည်။

**တရားမဝင် ကုန်ကူးခြင်း/ကုန်ကူးသူများ**၊ တရားမဝင် ပစ္စည်းများကို နိုင်ငံတစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ အမြတ်ငွေ ရရှိရန်အတွက် သယ်ယူပို့ဆောင်ခြင်း ဖြစ်သည်။ လူကုန်ကူးခြင်းတွင် လူများကို စုဆောင်း၍ သယ်ယူပို့ဆောင်ကာ ၎င်းတို့၏ လုပ်အားကို ခေါင်းပုံဖြတ်ခြင်း ဖြစ်သည်။ လူကုန်ကူးခြင်းတွင် ဖြစ်စဉ်တောက်လျှောက် (သို့) အချို့သော အဆင့်များတွင် အင်အားသုံးခြင်းနှင့်/သို့မဟုတ် လှည့်စားခြင်း ပါဝင်သည်။

**လူကုန်ကူးခံရသူများအား ကာကွယ်ပေးရေး အက်ဥပဒေ (Trafficking Victims Protection Act (TVPA))**၊ လူကုန်ကူးမှုကို အဓိပ္ပာယ် ဖွင့်ဆိုရာတွင် ရှေ့ရောက်သည့် ဥပဒေ တစ်ရပ် ဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန် ကွန်ဂရက်က ပြဋ္ဌာန်းကာ သမ္မတ ကလင်တန်က လက်မှတ်ရေးထိုးခဲ့သည်။ TVPA က P သုံးလုံး စံနှုန်းကို တည်ထောင် ခဲ့သည်။ လူကုန်ကူးခံရခြင်းအား တားဆီးခြင်း (prevention)၊ လူကုန်ကူး ခံရသူများကို ကာကွယ်ခြင်း (protection) နှင့် လူကုန်ကူးသူများကို အပြစ်ပေး အရေးယူခြင်း (persecution) တို့ ဖြစ်သည်။ TVPA သည် လူကုန်ကူးမှုကို ဖြေရှင်းရန် ပြည်တွင်း ကိရိယာ တစ်ခု ဖြစ်ခဲ့သလို အခြား အစိုးရများက လူကုန်ကူးမှုအား ဖြေရှင်းစေရန် ဖိအားပေးသည့် နိုင်ငံခြားရေး မူဝါဒ ဆိုင်ရာ ကိရိယာ တစ်ခုလည်း ဖြစ်ခဲ့သည်။

**အကူးအပြောင်းကာလ တရားမျှတမှု**၊ လူ့အဖွဲ့အစည်း တစ်ခု စစ်ဖြစ်ရာမှ ငြိမ်းချမ်းရေး ရသွားသည့်အခါ (သို့) နှိပ်ကွပ်သော အစိုးရ (သို့) အာဏာရှင် အစိုးရမှ ဒီမိုကရေစီ ရရှိသည့်အခါ ပေါ်ထွက်လာသည့် တရားမျှတမှု ဆိုင်ရာ မေးခွန်းများကို ဖြေရှင်းရန် လူ့အဖွဲ့အစည်းများအား ကူညီသည့် ဖြစ်စဉ် ဖြစ်သည်။ ယင်းက လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အင်စတီကျူးရှင်းများနှင့် အတိတ်ကာလက အမှားများ၊ ယခင် စစ်သားများ၏ အခန်းကဏ္ဍတို့ကို အလေးစိုက်ထားသည်။ အကူးအပြောင်းကာလ တရားမျှတမှုကို အပြစ်ပေးခြင်း၊ ပြန်လည်ထားသိုပေးခြင်းနှင့် ပြင်ဆင်ပေးရေး တရားမျှတမှု ပုံစံများ (သို့) ထိုပုံစံများ ပေါင်းစပ်ထားသည့် ပုံစံ တစ်မျိုးမျိုးဖြင့် လုပ်ဆောင်နိုင်သည်။

**စာချုပ်၊** နိုင်ငံများအကြား ချုပ်ဆိုသည့် စာဖြင့်ရေးသားထားသော စည်းနှောင်မှု ရှိသည့် သဘောတူညီချက် ဖြစ်သည်။

**အမှန်တရား ဖော်ထုတ်ရေး ကော်မရှင်၊** များသောအားဖြင့် အကူးအပြောင်းကာလ တရားမျှတရေး အစီအစဉ်၏ အစိတ်အပိုင်း တစ်ခု ဖြစ်ပြီး အတိတ်ကာလမှ အမှန်တရား များကို ဖော်ထုတ်ရန် လုပ်ဆောင်သည့် နည်းလမ်း ဖြစ်သည်။

**ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ် (UN Development Programme (UNDP))၊** ဖွံ့ဖြိုးဆဲ နိုင်ငံများကို အထောက်အပံ့များ၊ အကြံဉာဏ်များနှင့် အရင်းအမြစ်များ ပံ့ပိုး ပေးသော ကုလသမဂ္ဂ၏ ကမ္ဘာ့ ဖွံ့ဖြိုးမှု ကွန်ရက် ဖြစ်သည်။ UNDP သည် နိုင်ငံပေါင်း ၁၆၆ နိုင်ငံတွင် ရှိပြီး ဒီမိုကရေစီဆိုင်ရာ အုပ်ချုပ်မှု၊ ဆင်းရဲမွဲတေမှု လျှော့ချရေး၊ အရေးပေါ် အခြေအနေ တားဆီးရေးနှင့် ပြန်လည် ထူထောင်ရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် စွမ်းအင်၊ HIV/AIDS အစရှိသည့် အထူး အစီအစဉ်များကို လုပ်ဆောင်သည်။

**ကုလသမဂ္ဂ ဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံး (UN High Commissioner for Refugees (UNHCR))၊** ၁၉၅၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် တည်ထောင်ခဲ့ပြီး အစိုးရများ (သို့) ကုလသမဂ္ဂ ကိုယ်တိုင်က တောင်းဆိုသည့်အခါ ဒုက္ခသည်များကို ကာကွယ်ပေးရန်နှင့် ကူညီပေးရန် တာဝန်ရှိသော ကုလသမဂ္ဂ အေဂျင်စီ တစ်ခု ဖြစ်သည်။ ထိုအေဂျင်စီက ဒုက္ခသည်များ၏ ဆင်းရဲဒုက္ခများ အထူးသဖြင့် ၎င်းတို့ နေရပ်ပြန်ရေး (သို့) အခြား တစ်နိုင်ငံတွင် ပြန်လည် အခြေချရေးတို့ကို ကူညီ အဖြေရှာပေးသည်။ UNHCR သည် ဂျနီဗာတွင် အခြေစိုက်ပြီး ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၁၀၀ ကျော်တွင် ရုံးများ ရှိသည်။

**ကုလသမဂ္ဂ ငြိမ်းချမ်းရေး တည်ဆောက်ရေး ကော်မရှင်၊** ပဋိပက္ခများ ရှိနေသော နိုင်ငံများ၌ ငြိမ်းချမ်းရေး လုပ်ဆောင်ချက်များကို ထောက်ပံ့ရန် ၂၀၀၇ ခုနှစ်တွင် တည်ထောင်ခဲ့သည် ကုလသမဂ္ဂ၏ အစိုးရစုံ ပါဝင်သော အကြံပေး အဖွဲ့ ဖြစ်သည်။

**အရှေ့ပိုင်းအနီးရှိ ပါလစ္စတိုင်း ဒုက္ခသည်များအတွက် ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် လုပ်ငန်း အေဂျင်စီ (UN Relief and Works Agency for Palestine Refugees in the Near East (UNRWA))၊** ၁၉၄၈ ခုနှစ်တွင် စတင် တည်ထောင်ခဲ့သော UNRWA သည် အရှေ့အလယ်ပိုင်းမှ ပါလစ္စတိုင်း ဒုက္ခသည် သန်းပေါင်းများစွာကို အကူအညီပေးနေသည့် ကုလသမဂ္ဂ အေဂျင်စီ တစ်ခု ဖြစ်သည်။

**ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights (UDHR))၊** ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံက ထုတ်ပြန်ကြေညာခဲ့သော ကြေညာစာတမ်း တစ်ခု ဖြစ်သည်။ ယင်းကြေညာစာတမ်းကို ယနေ့ခေတ် လူ့အခွင့်အရေး၏ ရောင်နီဦးဟု သတ်မှတ်ထားကြသည်။ ထိုကြေညာစာတမ်းပါ အပိုဒ်ပေါင်း ၃၀ က ပြည်သူ့ရေးရာ၊ ယဉ်ကျေးမှု၊ စီးပွားရေး နိုင်ငံရေးနှင့် လူမှုရေး အခွင့်အရေး အမျိုးမျိုးကို သတ်မှတ်ပေးထားပြီး ထိုအခွင့်အရေး များကို နိုင်ငံတကာ ဥပဒေတွင် **ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်**နှင့် **စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်** ဟူ၍ စာချုပ်နှစ်ခုဖြင့် ပြဋ္ဌာန်းခဲ့သည်။ UDHR က လူများအားလုံးနှင့် နိုင်ငံများ အားလုံး ရရှိရမည့် ဘုံစံနှုန်းများကို သတ်မှတ်ပေးခဲ့သည်။ အဆုံးသတ်တွင် လူတိုင်းနှင့် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတိုင်းက

ထိုအခွင့်အရေးများ တစ်ကမ္ဘာလုံးအတွက် ဖြစ်ခြင်းနှင့် ထိရောက်စွာ အသိအမှတ်ပြု လိုက်နာခြင်းတို့အား ရရှိစေရန် လုပ်ဆောင်ကြရမည်။

**ကမ္ဘာလုံးဆိုင်ရာ စီရင်ပိုင်ခွင့်**၊ ပြစ်မှုများသည် ဆိုးရွားလွန်းသည့်အခါ မည်သည့် နိုင်ငံမဆို ထိုရာဇဝတ်မှု ကျူးလွန်သူများအား တရားစွဲဆိုလိုသည့် နိုင်ငံနှင့် မည်သို့သော ဆက်စပ်မှု ရှိနေပါစေ တရားစွဲဆိုမှု ပြုနိုင်သည့် ဥပဒေ သဘောတရား ဖြစ်သည်။ ထိုသို့သော စီရင်ပိုင်ခွင့် အောက်တွင် ကျရောက်သည့် ရာဇဝတ်မှုများမှာ လူမျိုးပြုန်းတီးစေမှု၊ ကျွန်ပြုခြင်းနှင့် စစ်ရာဇဝတ်မှုများ ဖြစ်သည်။

**တစ်ကမ္ဘာလုံး ဖြစ်ခြင်း**၊ လူတိုင်း အတွက် နေရာတိုင်းတွင် အကျုံးဝင်ခြင်း ဖြစ်သည်။

**အများအတွက် အကျိုးရှိခြင်းကို ဦးစားပေးသည့် ဝါဒ/ အများအတွက် အကျိုးရှိခြင်းကို ဦးစားပေးသူများ (Utilitarianism)**၊ ဂျယ်ရမီဘန်သန် (Jeremy Bentham) အစပြုခဲ့သည့် **အမြင်ပွင့်ခေတ်**မှ နိုင်ငံရေး ဒဿန/သဘောတရား တစ်ခု ဖြစ်သည်။ ယင်းမှာ **အကျိုးဆက် အခြေပြု သီအိုရီ**ကို (ရှင်းလင်းသည့် ပုံစံဖြင့်) အခြေခံထားပြီး လုပ်ရပ်တစ်ခုသည် လူအရေအတွက် များများအတွက် အကောင်းဆုံး ဖြစ်စေပါက ထိုလုပ်ရပ်ကို ကျင့်ဝတ်ပိုင်းအရ ကျိုးကြောင်း ဆီလျော်သည်ဟု သတ်မှတ်နိုင်သည်ဟု ဆိုထားသည်။

**ဗီယင်နာ ကြေညာချက်**၊ ၁၉၉၃ ခုနှစ် **လူ့အခွင့်အရေး ဆိုင်ရာ ဗီယင်နာ ကမ္ဘာ့ ညီလာခံ**တွင် ထုတ်ပြန်ခဲ့သော လူ့အခွင့်အရေး ကြေညာချက် ဖြစ်သည်။ ယင်းကြေညာချက်က လူ့အခွင့်အရေး၏ အားလုံးနှင့် သက်ဆိုင်မှုနှင့် တစ်ခုနှင့် တစ်ခု ခွဲခြား၍ မရခြင်း၊ အပြန်အလှန် မှီခိုနေခြင်းများကို ထပ်မံ ဖော်ပြထားသည်။

**ဗီယင်နာ ဖြစ်စဉ်**၊ လူကုန်ကူးခြင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များအား လူကုန်ကူးခြင်းကို တားဆီးရေး၊ ဖိနှိပ်ရေးနှင့် အပြစ်ပေးရေး ဆိုင်ရာ နောက်ဆက်တွဲ စာချုပ် (ပါလာမို နောက်ဆက်တွဲ စာချုပ်တွင် ရှုပါ) ထွက်ပေါ်စေခဲ့သော ဆွေးနွေးမှုများကို ဩစတြီးယား နိုင်ငံ၊ ဗီယင်နာတွင် ကျင်းပခဲ့သည်။ ဗီယင်နာ ဖြစ်စဉ်တွင် ပြည့်တန်ဆာ ပုံစံ အားလုံးသည် ခေါင်းပုံဖြတ်ရာ ရောက်သောကြောင့် လူကုန်ကူးမှု ဖြစ်သည်ဟု ယုံကြည်သည့် အလုံးစုံ ဖျက်သိမ်းရေး အမျိုးသမီး ဝါဒီများနှင့် အတင်းအဓမ္မ ပြည့်တန်ဆာ လုပ်ခိုင်းခြင်းကိုသာ လူကုန်ကူးမှုဟု စဉ်းစားရမည်ဟု ယုံကြည်သော လူ့အခွင့်အရေး အမျိုးသမီး ဝါဒီများအကြား အငြင်းအခုံများ ဖြစ်ပွားခဲ့သည်။

**လူ့အခွင့်အရေး ဆိုင်ရာ ဗီယင်နာ ကမ္ဘာ့ ညီလာခံ (ဗီယင်နာ ညီလာခံ)**၊ ၁၉၉၃ ခုနှစ်တွင် ကျင်းပခဲ့သော အရေးပါသည့် ကမ္ဘာ့ညီလာခံ တစ်ခု ဖြစ်သည်။ ထိုညီလာခံက စစ်အေးတိုက်ပွဲအလွန် လူ့အခွင့်အရေး မူဝါဒများကို ချမှတ်ပေးခဲ့သည်။ ညီလာခံက နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများကို ဥပဒေ စနစ်များ၊ ပြည်တွင်း လူ့အခွင့်အရေး အင်စတီကျူးရှင်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မီဒီယာများအပါအဝင် ပြည်တွင်း တည်ဆောက်ပုံများတွင် ထည့်သွင်းရေးကို အာရုံစိုက် ဆွေးနွေးခဲ့သည်။

**ချိုးဖောက်ခြင်း ချဉ်းကပ်ပုံ**၊ အချို့သော အခွင့်အရေးများ ချိုးဖောက်ခြင်းကို အဓိကထားသည့် လူ့အခွင့်အရေး တိုင်းတာမှု ချဉ်းကပ်ပုံ တစ်ခု ဖြစ်သည်။ ထိုချဉ်းကပ်ပုံက အခွင့်အရေး ချိုးဖောက်မှုများကို တိုင်းတာခြင်း (သို့) နိုင်ငံတစ်နိုင်ငံ၏ စွမ်းဆောင်ရည်ကို စံသတ်မှတ်ထားသော စကေးဖြင့် အမှတ်ပေး တိုင်းတာခြင်း ဖြစ်သည်။

**မဲပေးခြင်း အခွင့်အရေး အက်ဥပဒေ**၊ ၁၉၆၅ ခုနှစ်တွင် အမေရိကန် ကွန်ဂရက်က ပြဋ္ဌာန်းခဲ့သော အမေရိကန်နိုင်ငံ တစ်ဝန်းလုံး ခွဲခြားဆက်ဆံသည့် ရွေးကောက်ပွဲ ဆိုင်ရာ အလေ့အကျင့်များအား တရားမဝင်ဟု သတ်မှတ်ခဲ့သည့် ဥပဒေ ဖြစ်သည်။

**စစ်ရာဇဝတ်မှုများ**၊ သတ်ဖြတ်ခြင်း၊ မတရား ဆက်ဆံခြင်း၊ အတင်းအဓမ္မ ရွှေ့ပြောင်း ခိုင်းခြင်း တို့တွင် အရပ်သားများကို ပစ်မှတ်ထားခြင်း အပါအဝင် စစ်ပွဲဆိုင်ရာ ဥပဒေများ (သို့) အလေ့အကျင့်များကို ချိုးဖောက်ခြင်း ဖြစ်သည်။ **ဂျနီဗာ သဘောတူစာချုပ်များနှင့် နောက်ဆက်တွဲ စာချုပ်များ**ကို ရှုပါ။

**အနောက်တိုင်း**၊ မြောက်အမေရိကနှင့် ဥရောပ (တစ်ခါတရံ ဩစတြေးလျ၊ နယူးဇီလန် ကဲ့သို့သော ဥရောပမှ အခြေချ နေထိုင်သည့် အသိုင်းအဝိုင်းများ) နှင့် ထိုနေရာများက ထွက်ပေါ်လာသည့် နိုင်ငံရေးနှင့် စီးပွားရေး အစဉ်အလာများ၊ အလေ့အကျင့်များဆိုင်ရာ အယူဝါဒများကို ညွှန်းဆိုသော ပထဝီ မြေအနေအထား၊ ပထဝီဝင် နိုင်ငံရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ တံဆိပ်ကပ်မှု ဖြစ်သည်။ **အမြင်ပွင့်ကာလ**တွင် ထွက်ပေါ်ခဲ့သော အယူဝါဒများကို ညွှန်းဆိုခြင်းလည်း ဖြစ်သည်။

**လူဖြူ ကျွန်စနစ်**၊ အနောက် ဥရောပနှင့် အမေရိကန် နိုင်ငံတို့တွင် လူဖြူ မိန်းကလေးငယ်များနှင့် အမျိုးသမီးများကို ဖမ်းဆီးကာ ၎င်းတို့ နိုင်ငံတွင် (သို့) အခြား နိုင်ငံများသို့ လူကုန်ကူးကာ အတင်းအဓမ္မ ပြည့်တန်ဆာလုပ်ခိုင်းခြင်းကို ဖော်ပြရန် ၂၀ ရာစုတွင် အသုံးပြုခဲ့သည့် အသုံးအနှုန်း ဖြစ်သည်။ ယခုအခါ ပညာရှင် အများစုက လူဖြူ ကျွန်ကုန်ကူးခြင်းမှာ ထိုအချိန် မီဒီယာတွင် ဟိုးလေးတကျော် ဖြစ်ခဲ့သည်လောက် မကျယ်ပြန့်ကြောင်း ယုံကြည်ထားကြသည်။

**ကမ္ဘာ့ဘဏ်**၊ ဒုတိယ ကမ္ဘာစစ်အပြီး ဥရောပတိုက်တွင် ပြန်လည် တည်ဆောက်ရေးကို စီးပွားရေး အထောက်အပံ့များ ပေးရန် ၁၉၄၄ ခုနှစ်တွင် တည်ထောင်ခဲ့သော ဘရက်တန်ဝုဒ် အင်စတီကျူးရှင်းများထဲမှ တစ်ခု ဖြစ်သည်။ ယနေ့ခေတ်တွင် ကမ္ဘာ့ဘဏ်သည် အစိုးရများကို ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် ကာလရှည် ချေးငွေများ ပေးသည့် ကမ္ဘာ့ ထိပ်တန်း ပြည်သူ့ ဖွံ့ဖြိုးရေး အင်စတီကျူးရှင်း တစ်ခု ဖြစ်နေပြီ ဖြစ်သည်။

**ကမ္ဘာ့ လူမှု ဖိုရမ် (World Social Forum (WSF))**၊ ဆွစ်ဇာလန် နိုင်ငံ ဒါဗော့စ်တွင် နှစ်စဉ်ကျင်းပသည့် နိုင်ငံရေးနှင့် စီးပွားရေး အီလစ်များ၏ အစည်းအဝေး ဖြစ်သော ကမ္ဘာ့ စီးပွားရေး ဖိုရမ်ကို တုံ့ပြန်သည့် အနေဖြင့် စီးပွားရေးအရ နိုင်ငံများအကြား ချိတ်ဆက် လှုပ်ရှားမှုကို ဝေဖန်သူများက ဦးဆောင်၍ ၂၀၀၁ ခုနှစ်တွင် ဘရာဇီးလ် နိုင်ငံ ပေါ်တို အယ်လ်ဂရီမြို့တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့သော ဖိုရမ် ဖြစ်သည်။ WSF သည် နီယိုလစ်ဘရယ် ဝါဒကို ဆန့်ကျင်သော၊ ငွေကြေးနှင့် အခြားသော နယ်ချဲ့ဝါဒများဖြင့် ကမ္ဘာကို လွှမ်းမိုးထားခြင်းအား ဆန့်ကျင်သော၊ လူသားနှင့် ကမ္ဘာအကြား အကျိုးရှိသည့် ဆက်ဆံရေးကို တည်ဆောက်ရန် ကတိကဝတ် ပြုထားသော အုပ်စုများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ အားလုံးပါဝင်နိုင်သော အစည်းအဝေးနေရာ ဖြစ်သည်။ ထိုအစည်းအဝေးတွင် ပြန်လည် တွေးခေါ် စဉ်းစားခြင်းများ၊ အကြံဉာဏ်များအပေါ် ဒီမိုကရေစီ နည်းလမ်းအရ ငြင်းခုံဆွေးနွေးခြင်းများ၊ အကြံဉာဏ်များ ထုတ်ဖော်ခြင်း၊ အတွေ့အကြုံများ လွတ်လပ်စွာ ဖလှယ်ခြင်းနှင့် ထိရောက်သော လုပ်ရပ်များနှင့် ဆက်စပ်ခြင်းများ ပါဝင်သည်။

**ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့ (World Trade Organization (WTO))**၊ ကမ္ဘာ့ ကုန်သွယ်ရေး ဆိုင်ရာ ဥပဒေများ ချမှတ်ပေးပြီး ကုန်သွယ်ရေးနှင့် ဆက်စပ်သည့် ပဋိပက္ခများကို ဖြေရှင်းရန် နည်းလမ်းများ ဖော်ထုတ်ပေးသော အစိုးရ အများအပြား ပါဝင်သည့် အဖွဲ့အစည်း ဖြစ်သည်။ WTO ကို ၁၉၉၄ ခုနှစ်တွင် စတင် တည်ထောင်ခဲ့သည်။ ယင်းအဖွဲ့သည် အကောက်အခွန်နှင့် ကုန်သွယ်ရေး ဆိုင်ရာ အထွေထွေ သဘောတူချက် မူဘောင်အောက်မှ လုပ်ဆောင်သည့် ဥရုဂွေး ဆွေးနွေးမှုများမှ ထွက်ပေါ်လာသည်။ ဘရက်တန်ဝုဒ် အင်စတီကျူးရှင်းများကို နိုင်ငံတကာ ကုန်သွယ်ရေး အဖွဲ့အစည်းများ အဖြစ် ထည့်သွင်းရန် ကြံရွယ်ခဲ့သော်လည်း အထမမြောက်ခဲ့ပေ။ ဝေဖန်သူများက WTO ၏ နီယိုလစ်ဘရယ် အာဂျန်ဒါကို ထောက်ပြဝေဖန်ခဲ့ကြသည်။

## ကျမ်းကိုးစာရင်း


AAA (American Anthropological Association) (1947). Statement of human rights. *American Anthropologist,* **49**/4, 539–43.

Aaronson, S. and Zimmerman, J. (2006). Fair trade? How Oxfam presented a systemic approach to poverty, development, human rights, and trade. H*uman Rights Quarterly,* **28**/4, 998–1030.

Abouharb, M. R. and Cingranelli, D. L. (2006). The human rights effects of World Bank structural adjustment. *International Studies Quarterly,* **50**/2, 233–62.

Abouharb, M. R. and Cingranelli, D. L. (2008). *Human Rights and Structural Adjustment.* New York: Cambridge University Press.

Ackerly, B. and Cruz, J. M. (2010). Hearing the voice of the people: Human rights as if people mattered. *New Political Science*, **33**/1, 1–22.

Adcock, R. and Collier, D. (2001). Measurement validity: A shared standard for qualitative and quantitative research. *American Political Science Review*, **95**/3, 529–46.

Agamben, G. (2005). *State of Exception*. Chicago, IL: University of Chicago Press.

Agamben, G. (2006). *State of Exception.* Chicago, IL: University of Chicago Press.

AHRC (Asian Human Rights Commission) (2003). Electricity for development vs. displacement of people. Available at: http://www.ahrchk.net/ua/mainfile. php/2003/498/. Accessed 12 November 2015.

Akinci, B. (2006). Turkey faces hazelnut crisis as growers protest prices. *Turkish Daily News,* 15 August.

Alderson, A. S. (2004). Explaining the upswing in direct investment: A test of mainstream and heterodox theories of globalization. *Social Forces*, **83**/1, 81–122.

Aleklett, K. (2012). *Peaking at Peak Oil*. Heidleberg: Springer.

Alexander, Michelle (2012). *The New Jim Crow: Mass Incarceration in the Age of Colorblindness*. New York City: The New Press.

Alforte, Andrea, Joseph Angan, Jack Dentith, Karl Domondon, Lou Munden, Sophia Murday, and Leonardo Pradela (2014) *Communities as Counterparties: Preliminary Review of Concessions and Conflict in Emerging and Frontier Market Concessions.* New York: The Munden Project. http://www.rightsandresources.org/wp-content/uploads/Communities-as-Counterparties-FINAL_Oct-211.pdf.

Alfred, T. (2008). Peace, Power, *Righteousness: An Indigenous Manifesto*. Oxford: Oxford University Press.

Alfredsson, G. (2005). Minorities, Indigenous and tribal peoples: Definitions of terms as a matter of international law. *Minorities, Peoples and Self-Determination—Essays in Honour of Patrick Thornberry* (ed. N. Ghanea and A. Xanthaki). Leiden: Martinus Nijhoff.

Alfredsson, G. and Eide, A. (eds) (1999). *The Universal Declaration of Human Rights—A Common Standard of Achievement.* The Hague: Martinus Nijhoff.

Alimi, A. (2015). Why I oppose the United States' special envoy for LGBT human rights*. The Daily Beast*, 10 March. http://www.thedailybeast.com/ articles/2015/03/10/why-i-oppose-the-unitedstates-special-envoy-for-lgbt-human-rights.html (accessed 11 March 11 2015).

Allen, B. (1996). *Rape Warfare: The Hidden Genocide in Bosnia-Herzegovina and Croatia.* Minneapolis, MN: University of Minnesota Press.

Allen, S. and Xanthaki, A. (eds) (2010). *Reflections on the UN Declaration on the Rights of Indigenous Peoples. Studies in International Law.* Oxford: Hart Publishing.

Allen, T. (2005a). *Trial Justice: The International Criminal Court and the Lord's Resistance Army.* London: Zed Books.

Allen, T. (2005b). *War and Justice in Northern Uganda: An Assessment of the International Criminal Court's Intervention.* London: Crisis States Research Centre, Development Studies Institute, London School of Economics.

Alston, P. (1997). Effective functioning of bodies established pursuant to United Nations human rights instruments: Final report on enhancing the long-term effectiveness of the United Nations human rights treaty system. UN Doc. E/CN.4/1997/74.

*American Anthropologist* (1947). American Anthropological Association: Statement on human rights (Extract). October.

*American Anthropologist* (2006). In focus: Anthropology and human rights in a new key. **108**/1.

Amin, S. (1976). *Unequal Development*. Hassocks: Harvester.

Amnesty International (2005). *Human Rights for Human Dignity: A Primer on Economic, Social and Cultural Rights.* London: Amnesty International.

Amnesty International (2012). LGBT Pride 2012: Lesbian, Gay, Bisexual, and Transgender Rights are Human Rights! Activist Resource Packet. New York: Amnesty International. http://www.amnestyusa.org/pdfs/ AIUSA_Pride_Toolkit-2012.pdf (accessed 24 April 2013).

Amnesty International (2014). *Human Rights for Human Dignity: A Primer on Economic, Social and Cultural Rights* (2nd edn). London: Amnesty International. https://www.amnesty.org/en/documents/POL34/001/2014/en/

Amnesty International (2015a). About LGBT human rights. www.amnestyusa.org/our-work/issues/lgbt-rights/about-lgbt-human-rights (accessed 14 April 2015).

Amnesty International (2015b). *Nigeria: 'Our job is to shoot, slaughter and kill'. Boko Haram's reign of terror in north east Nigeria*. London: Amnesty International. https://www.amnesty.org/en/documents/afr44/1360/2015/en/

Anaya, J. (2010). The right of Indigenous peoples to self-determination in the post-declaration era. *Making the Declaration Work: The United Nations Declaration on the Rights of Indigenous Peoples* (ed. C. Charters and R. Stavenhagen). Copenhagen: IWGIA.

Anaya, J. (2011a). *Report of the Special Rapporteur on the rights of Indigenous peoples. Extractive industries operating within or near indigenous territories.* New York: United Nations. http://unsr.jamesanaya.org/annual-reports/report-to-the-human-rights-councila-hrc-18-35-11-july-2011.

Anaya, J. (2011b). *Report of the Special Rapporteur on the rights of Indigenous peoples Sami people in the Sápmi region of Norway,Sweden and Finland*. New York: United Nations.

Anaya, J. (2013) *Report of the Special Rapporteur on the rights of Indigenous peoples, Extractive industries and indigenous peoples.* UN Doc. A/HRC/24/4. New York: United Nations. http://unsr.jamesanaya.org/docs/annual/2013-hrc-annual-report-en.pdf

Anaya, S. J. (2004). *Indigenous Peoples in International Law* (2nd edn). Oxford: Oxford University Press.

Anderson, B. and O'Connell Davidson, J. (2002). *Trafficking—A Demand Led Problem?* Washington, DC: Save the Children.

Anderson, C. J., Paskeviciute, A., Sandovici, M. E., and Tverdova, Y. V. (2005). In the eye of the beholder? The foundations of subjective human rights conditions in East-Central Europe. *Comparative Political Studies*, **38**/7 (September), 771–98.

Anderson, K. and Rieff, D. (2000). Global civil society: 'A sceptical view'. *Global Civil Society 2004/5* (ed. H. Anheier, M. Glasius, and M. Kaldor). London: Sage.

Anderson, M. (1999). *Do No Harm: How Aid Can Support Peace—Or War.* Boulder, CO: Lynne Rienner.

Andersson, J. O. and Lindroth, M. (2001). Ecologically unsustainable trade. *Ecological Economics*, **37**/1, 113–22.

Andreassen, B. A. and Marks, S. P. (eds) (2006). *Development as a Human Right: Legal, Political and Economic Dimensions.* Cambridge, MA: Harvard School of Public Health. Distributed by Harvard University Press.

Anheier, H., Glasius, M., and Kaldor, M. (2001). Introducing global civil society. *Global Civil Society* (ed. H. Anheier, M. Glasius, and M. Kaldor). Oxford: Oxford University Press.

An-Na'im, A. A. (1992a). Toward a cross-cultural approach. *Human Rights in Cross-Cultural Perspectives: A Quest for Consensus* (ed. A. A. An-Na'im). Philadelphia, PA: University of Pennsylvania Press.

An-Na'im, A. A. (ed.) (1992b). *Human Rights in Cross- Cultural Perspectives: A Quest for Consensus. Philadelphia,* PA: University of Pennsylvania Press.

An-Na'im, A. (1999). Universality of human rights. *Japan and International Law: Past, Present and Future* (ed. N. Ando). The Hague: Kluwer Law International.

An-Na'im, A. A. (2002). *Cultural Transformation and Human Rights in Africa.* London: Zed Books.

An-Na'im, A. (2011). *Muslims and Global Justice*. Philadelphia, PA: University of Pennsylvania Press.

Annan, K. (2002). *Strengthening of the United Nations: An agenda for further change.* UN Doc. A/57/387.

Annan, K. (2005). *In larger freedom: Towards development, security and human rights for all.* UN Doc. A/59/2005.

Antrobus, P. (2005). *The Global Women's Movement*. London: Zed Books.

Apodaca, C. (2001). Global economic patterns and personal integrity rights after the Cold War. *International Studies Quarterly*, **45**/4, 587–602.

Apodaca, C. (2002). The globalization of capital in East and Southeast Asia. *Asian Survey,* **42**/6, 883–905.

Appiah, K. A. (2005). *The Ethics of Identity*. Princeton, NJ: Princeton University Press.

Arat, Z. (2008). Women's Rights as Human Rights. *UN Chronicle,* **45**/2/3, 9–13.

Arbour, L. (2007). Foreword*. Frequently Asked Questions on a Human Rights-Based Approach to Development Cooperation.* Geneva: Office of the United Nations High Commissioner for Human Rights.

Arendt, H. (1959). *The Human Condition.* New York: Doubleday.

Arendt, H. (1972). *Crisis of the Republic*. Harmondsworth: Penguin.

Arendt, H. (1973). *The Origins of Totalitarianism* (new edn). New York: Harvest.

Ariès, P. (1962). *Centuries of Childhood*. London: Cape.

Aristotle. (1962). *Nicomachean Ethics*. Indianapolis, IN: Bobbs-Merrill.

Arnold, D. and Hartman, L. (2006). Workers rights and low wage industrialization: How to avoid sweatshops. *Human Rights Quarterly,* **28**/3, 676–700.

Asiedu, E. (2002). On the determinants of foreign direct investment to developing countries: Is Africa different? *World Development,* **30**/1, 107–19.

Askin, K. (2006). Prosecuting gender crimes committed in Darfur: Holding leaders accountable for sexual violence. *Genocide in Darfur: Investigating the Atrocities in the Sudan* (ed. S. Totten and E. Markusen). New York: Routledge.

Atkinson, K. (1989). The torturer's tale. *Toronto Life*, March.

Badger, A. (2011). Collective v individual rights in membership governance for Indigenous peoples. *American University International Law Review*, **26**/2, 485–514.

Badiou, A. (2001). *Ethics: An Essay on the Understanding of Evil.* London: Verso.

Baehr, Peter R.D (2001). *Human Rights: Universality in Practice*. Houndmills, Basingstoke: Palgrave.

Balakrishnan, R. and Elson, D. (eds) (2011). *Economic Policy and Human Rights: Holding Governments to Account.* London: Zed Books

Bales, K. and Lize, S. (2005). *Trafficking in Persons in the United States*. Washington, DC: National Institute of Justice.

Ball, P. B. (2000). The Guatemalan Commission for Historical Clarification: Generating analytical reports; inter-sample analysis. *Making the Case: Investigating Large Scale Human Rights Violations Using Information Systems and Data Analysis* (ed. P. B. Ball, H. F. Spirer, and L. Spirer). Washington, DC: American Association for the Advancement of Science.

Ball, P. B. and Asher, J. (2002). Statistics and Slobodan: Using data analysis and statistics in the war crimes trial of former president Miloševi´c. *Chance*, **15**/4, 17–24.

Ball, P. B., Asher, J., Sulmont, D., and Manrique, D. (2003) *How many Peruvians have died? Washington, DC: American Association for the Advancement of Science (AAAS).* https://hrdag.org/wp-content/uploads/2013/02/aaas_peru_5.pdf.

Ball, P. B., Kobrak, P., and Spirer, H. (1999). *State Violence in Guatemala, 1960–1996: A Quantitative Reflection.* Washington, DC: American Association for the Advancement of Science.

Ball, P. B., Spirer, H. F., and Spirer, L. (eds) (2000). *Making the Case: Investigating Large Scale Human Rights Violations Using Information Systems and Data Analysis.* Washington, DC: American Association for the Advancement of Science.

Ban, K. (2007). Leadership and climate change. UN Secretary General, press article, 23 September. http://www.un.org/sg/articles/articleFull.asp?TID=69&Type=Op-Ed&h=0.

Bandelj, N. (2002). Embedded economies: Social relations as determinants of foreign direct investment in Central and Eastern Europe. *Social Forces*, **81**/2, 411–44.

Barbalet, J. M. (1988). *Citizenship: Rights, Struggle and Class Inequality.* Milton Keynes: Open University Press.

Barnett, H. G. (1948). On science and human rights. *American Anthropologist,* **50**/2, 352–5.

Barnett, M. (2002). *Eyewitness to a Genocide: The United Nations and Rwanda. Ithaca,* NY: Cornell University Press.

Barnsley, Ingrid. (2009). *Reducing Emissions from Deforestation and Forest Degradation in Developing Countries: A Guide for Indigenous Peoples.* Yokohama: UNU-IAS.

Bar-On, A. (1996). Criminalising survival: Images and reality of street children. *Journal of Social Policy,* **26**/1, 63–78.

Barry, J. (1999). *Rethinking Green Politics: Nature, Virtue and Progress.* London: Sage.

Barry, J. (2004). Ecological modernisation. *Debating the Earth* (2nd edn) (ed. J. Dryzek and D. Schlosberg). Oxford: Oxford University Press.

Barry, J. (2007). *Environment and Social Theory* (2nd edn). London: Routledge.

Barry, J. (2012). *The Politics of Actually Existing Unsustainability: Human Flourishing in a Climate-Changed, Carbon-Constrained World*. Oxford: Oxford University Press.

Barry, J. (2014). Green political theory. *Political Ideologies* (4th edn) (ed. V. Geoghegan and R. Wilford). London: Routledge.

Barry, J. (2015). Bio-fuelling the Hummer? Transdisciplinary thoughts on techno-optimism and innovation in the transition from unsustainability. *Transdisciplinary Perspectives on Transitions to Sustainability* (ed. E. Byrne, G. Mulally, and C. Sage). Surrey: Ashgate.

Barry, K. (1979). *Female Sexual Slavery*. New York: New York University Press.

Baxi, U. (2006). *The Future of Human Rights*. Oxford: Oxford University Press.

Bayefsky, A. (1996). *The UN human rights treaties: Facing the implementation crisis. Committee on International Human Rights Law and Practice report.* International Law Association.

Bayefsky, A. (2001). *The UN Human Rights Treaty System: Universality at the Crossroads.* The Hague: Kluwer.

BBC (2014). Who, what, why: Exactly what does the phrase Boko Haram mean?, 13 May. http://www.bbc.co.uk/news/blogs-magazine-monitor-27390954

BBC (2015a). Attractive jihadists can lure UK girls to extremism, 3 March. http://www.bbc.co.uk/news/uk-31704408

BBC (2015b). Who are Britain’s jihadists?, 25 June. http://www.bbc.co.uk/news/uk-32026985

Beckerman, W. (2001). *Justice, Posterity, and the Environment*. Oxford: Oxford University Press.

Bedford, K. and Jakobsen, J. R. (2008*). New Feminist Solutions: Towards a Vision of Sexual and Economic Justice*. New York: Barnard Center for Research on Women.

Bedont, B. and Hall Martinez, K. (1999). Ending impunity for gender crimes under the International Criminal Court. *Brown Journal of World Affairs*, **6/**1, 65–85.

Beetham, D. (1994). *Defining and Measuring Democracy*. Beverly Hills, CA: Sage Publications.

Beetham, D. (2006). The right to development and its corresponding obligations. *Development as a Human Right, Legal, Political and Economic Dimensions* (ed. B. A. Andreassen and S. P. Marks). Boston, MA: Harvard School of Public Health. Distributed by Harvard University Press.

Beitz, C. (2009). *The Idea of Human Rights*. Oxford: Oxford University Press.

Belknap, M. (1987). *Federal Law and Southern Order: Racial Violence and Constitutional Conflict in the Post-Brown South*. Athens, GA: University of Georgia Press.

Bell, D. and Coicaud, J.-M. (eds) (2007). *Ethics in Action: The Ethical Challenges of International Human Rights Nongovernmental Organizations*. New York: Cambridge University Press.

Bell, E. (1910). *Fighting the Traffic in Young Girls or the War on the White Slave Trade.* Chicago, IL: G. S. Ball.

Bellamy, A. J. (2010). *The Responsibility to Protect: The Global Effort to End Mass Atrocities*. Cambridge: Polity.

Bellamy, A. (2014). *Responsibility to Protect: A Defence*. Oxford: Oxford University Press.

Benedict, R. (1961). *Patterns of Culture*. London: Routledge.

Benhabib, S. (2002). *The Claims of Culture, Equality and Diversity in the Global Era. Princeton*, NJ: Princeton University Press.

Benhabib, S. (2004). The Rights of Others: Aliens, Residents and Citizens. Cambridge: Cambridge University Press.

Benhabib, S. (2011). Dignity in Adversity: Human Rights in Troubled Times. Chichester: John Wiley & Sons.

Bennett, J. (2008). Where Underpants Come From. New York: Simon & Schuster.

Bentham, J. (1843). Anarchical fallacies. The Complete Works of Jeremy Bentham, Vol. II (ed. J. Bowring). Edinburgh: William Tait.

Berger, P., Berger, B., and Keller, H. (1974). The Homeless Mind: Modernization and Consciousness. Harmondsworth: Penguin.

Berg-Schlosser, D. and Siegler, R. (1990). Political Stability and Development: A Comparative Analysis of Kenya, Tanzania and Uganda. Boulder, CO: Lynne Rienner.

Berg-Schlosser, D. and Siegler, R., (2000). Political Stability and Development: A Comparative Analysis of Kenya, Tanzania and Uganda. Boulder, CO: Lynne Rienner Publishers.

Bernstein, R. (2003). Kidnapping has Germans debating police torture. The New York Times, 10 April.

Betts, A. (2009). Forced Migration and Global Politics. Oxford: Wiley-Blackwell.

Betts, A. (2013). Survival Migration: Failed Governance and the Crisis of Displacement. Ithaca, NY: Cornell University Press.

Betts, A. and Loescher, G. (eds) (2011). Refugees in International Relations. Oxford: Oxford University Press.

Betts, A., Loescher, G., and Milner, J. (2012). UNHCR: the Politics and Practice of Refugee Protection. (2nd revised edn), Abingdon: Routledge.

Betts, A., Loescher, G., and Milner, J. (2016). UNHCR: The Politics and Practice of Refugee Protection (3rd revised edn). Abingdon: Routledge.

Betts, R. (1994). The delusion of impartial intervention. Foreign Affairs, 73/6, 20–33.

Bhagwati, J. (2004). In Defense of Globalization. Oxford: Oxford University Press.

Biersteker, T. J. (1978). Distortion or Development. Cambridge, MA: MIT Press.

Birchfield, L. and Corsi, J. (2010). The right to life is the right to food: People's Union for Civil Liberties v. Union of India & Others. Human Rights Brief, 17/3, 15–18. Bissio, R. (2003). Civil Society and the MDGs. Montevideo: Instituto del Tercer Mundo.

Black, M. (1996). Children First: The Story of UNICEF. Oxford: Oxford University Press.

Blackstone, W. (1765-9). Commentaries on the Laws of England. Oxford: Clarendon Press. http://avalon.law.yale.edu/subject_menus/blackstone.asp (New Haven, CT: Yale University, Lillian Goldman Law Library, The Avalon Project).

Blanding, M. (2010). The Coke Machine: The Dirty Truth Behind the World's Favorite Soft Drink. New York: Avery.

Blasius, M. (2013). Theorizing the politics of (homo) sexualities across cultures. Global Homophobia: States, Movements, and the Politics of Oppression (ed. M. L. Weiss and M. J. Bosia). Urbana, IL: University of Illinois Press.

Bloed, A. (1993). Monitoring the CSCE human dimension: In search of its effectiveness. Monitoring Human Rights in Europe (ed. A. Bloed, A. L. Leicht, M. Nowak, and A. Rosas). London: Martinus Nijhoff.

Bloxham D. and Moses, A. (2010). The Oxford Handbook of Genocide Studies. New York: Oxford University Press.

Bob, C. (2005). The Marketing of Rebellion: Insurgents, Media and International Activism. New York: Cambridge University Press.

Bob, C. (2009). The International Struggle for New Human Rights. Philadelphia: University of Pennsylvania Press.

Bob, C., Haynes, J., Pickard, V., Keenan, T., and Couldry, N. (2008). Media spaces: Innovation and activism. Global Civil Society Yearbook 2007/2008 (ed. M. Kaldor, M. Glasius, H. Anheier, and M. Albrow). London: London School of Economics.

Bobbio, N. (1999). The Age of Rights. Oxford: Polity.

Boekle, H. (1995). Western states, the UN Commission on Human Rights, and the ‘1235’ procedure: The question of bias revisited. Netherlands Quarterly of Human Rights, 13/4, 367–402.

Bollen, K. A. (1992). Political rights and political liberties in nations: An evaluation of rights measures, 1950 to 1984. Human Rights and Statistics: Getting the Record Straight (ed. T. B. Jabine and R. P. Claude). Philadelphia, PA: University of Pennsylvania Press.

Booker, C. (2012). Foreign government may take UK to European court over its ‘illegal’ child-snatching. The Telegraph, 15 September. http://www.telegraph. co.uk/comment/9545361/Foreign-governmentmay-take-UK-to-European-court-over-its-illegalchild-snatching.html.

Borrows, J. (1999). Sovereignty’s Alchemy: An Analysis of delgamuukw v British Columbia . Osgoode Hall Law Journal , 37 /3, 537–96.

Borrows, J. (2010). Canada's Indigenous Constitution. Toronto, Canada: University of Toronto Press.

Bos, A. (1999). The International Criminal Court: Recent developments. Reflections on the International Criminal Court: Essays in Honour of Adriaan Bos (ed. H. A. M. von Hebel, J. G. Lammers, and J. Schukking). The Hague: T. M. C. Asser.

Bosia, M. J. and Weiss, M. L. (2013). Political homophobia in comparative perspective. Global Homophobia (ed. M. J. Weiss and M. L. Bosia). Urbana, IL: University of Illinois Press.

Bosselmann, K. (2001). Human rights and the environment: Redefining fundamental principles? Governing for the Environment: Global Problems, Ethics and Democracy (ed. B. Gleeson and N. Low). Basingstoke: Palgrave.

Bottoni, R. (2013). Legal, political and social obstacles for headscarved women working at state institutions in Turkey. Religion and Human Rights , 8 /3, 183–201.

Boudreau, V. (2004). Resisting Dictatorship: Repression and Protest in Southeast Asia . New York: Cambridge University Press.

Bowcott, O. (2015). Travel ban for five east London girls over fears they will join Isis in Syria. The Guardian , 27 March. http://www.theguardian.com/uk-news/2015/mar/27/five-girls-barred-fromtravel-same-school-three-teenagers-syria-bethnalgreen-academy.

Bowleg, Lisa. 2008. When black + lesbian + woman ≠ black lesbian woman: The methodological challenges of qualitative and quantitative intersectionality research. Sex Roles , 59 /5: 312–25.

Bowring, B. (2008). The Degradation of the International Legal Order? The Rehabilitation of Law and the Possibility of Politics . Abingdon and New York: Routledge-Cavendish.

Boyden, J. (1990). Childhood and the policy makers: A comparative perspective on the globalization of childhood. Constructing and Reconstructing Childhood: Contemporary Issues in the Sociological Study of Childhood (ed. A. James and A. Prout). London:

Boyden, J. (1994). Children's experience of conflict related emergencies: Some implications for relief policy and practice. Disasters , 18 /3, 254–67.

Boyden, J. (1997). Childhood and policy makers: A comparative perspective on the globalization of childhood. Constructing and Reconstructing Childhood: Contemporary Issues in the Sociological Study of Childhood (2nd edn) (ed. A. James and A. Prout). London: Falmer.

Boyle, A. E. and Anderson, M. R. (eds) (1996). Human Rights Approaches to Environmental Protection. Oxford: Clarendon Press.

Boyle, K. (1995). Stock-taking on human rights: The World Conference on Human Rights, Vienna 1993. Political Studies, 43/Special issue, 79–95.

Boyle, K. (2004). Human rights, religion and democracy: The Refah Party case. Essex Human Rights Review, 1/1, 1–16.

Branch, A. (2007). Uganda's civil war and the politics of ICC intervention. Ethics and International Affairs, 21/2, 179–98.

Brett, R. (1993). The human dimension of the CSCE and the CSCE response to minorities. The CSCE in the 1990s: Constructing European Security and Cooperation (ed. M. R. Lucas). Baden-Baden: Nomos Verlagsgesellschaft.

Bricmont, J. (2007). Humanitarian Imperialism: Using Human Rights to Sell War. Delhi: Aakar Books.

Briggs, P. (1998). Uganda. Old Saybrook, CT: Globe Pequot.

Bristow, E. J. (1977). Vice and Vigilance: Purity Movements in Britain Since1700. Dublin: Gill and Macmillan.

Brockett, C. (2005). Political Movements and Violence in Central America. Cambridge: Cambridge University Press.

Brookings-Bern Project on Internal Displacement (2007). Disaster risk reduction: A front line defense against climate change and displacement. http://www.brookings.edu/reports/2007/1010_disaster_risk_reduction.aspx. Brookings-Bern Project on Internal Displacement (2008). Human rights and natural disasters: Operational guidelines and field manual on human rights protection in situations of natural disaster. http:// www.brookings.edu/reports/2008/spring_natural_disasters.aspx.

Brown, C. (2001). Cosmopolitanism, world citizenship and global civil society. Critical Review of International Social and Political Philosophy, 3/1 (Summer), 7–27.

Brown, C. (2007). From humanized war to humanitarian intervention: Carl Schmitt's critique of the just war tradition. The International Political Thought of Carl Schmitt: Terror, Liberal War and the Crisis of Global Order C (ed. L. Odysseos and F. Petito). London: Routledge.

Brown Thompson, K. (2002). Women's rights are human rights. Restructuring World Politics (ed. S. Khagram, J. V. Riker, and K. Sikkink). Minneapolis, MN: University of Minnesota Press.

Bruton, H. (1997). On the Search for Well-Being . Ann Arbor, MI: University of Michigan Press.

Brysk, A. and Shafir, G. (eds) (2007). National Insecurity and Human Rights: Democracies Debate Counterterrorism. Berkeley, CA: University of California Press.

Bueno de Mesquita, B., Downs, G. W., Smith, A., and Cherif, F. M. (2005). Thinking inside the box: A closer look at democracy and human rights. International Studies Quarterly , 49 /3, 439–57.

Bunch, C. (1990). Women's rights as human rights: Toward a re-vision of human rights. Human Rights Quarterly , 12 /2, 486–98.

Bunch, C. and Fried, S. (1996). Beijing '95: Moving women's human rights from margin to center. Signs, 22 /1, 200–4.

Bunn, I. D. (2000). The right to development: Implications for international economic law. American University International Law Review , 15 /6, 1425–67.

Bunyan, N. (2015). Senior Muslim lawyer says British teenagers see Isis as 'pop idols'. The Guardian, 5 April. http://www.theguardian.com/world/2015/ apr/05/senior-muslim-lawyer-says-british-teenagerssee-isis-as-pop-idols

Burg, S. and Shoup, P. (1999). The War in Bosnia-Herzegovina . New York: M. E. Sharpe.

Burgers, J. (1992). The road to San Francisco: The revival of the human rights idea in the twentieth century. Human Rights Quarterly , 14 /4, 447–77.

Burgoon, B. (2001). Globalization and welfare compensation: Disentangling the ties that bind. International Organization , 55 /3, 509–51.

Burke, E.(1971 [1790]). Reflections on the Revolution in France .London: Dent.

Burke, S. (2014). What an era of global protests says about the effectiveness of human rights as a language to achieve social change. Sur: International Journal on Human Rights , 11 /20, 26–34.

Burkhart, R. E. (2002). The capitalist political economy and human rights: Cross-national evidence. The Social Science Journal , 39 /2, 155–70.

Burkhart, R. E. and Lewis-Beck, M. (1994). Comparative democracy: The economic development thesis. American Political Science Review , 88 /4, 903–10.

Burman, E. (1994). Innocents abroad: Western fantasies of childhood and the iconography of emergencies. Disasters , 18 /3, 238–53.

Burman, E. (1995). Developing differences: Gender, childhood and economic development. Children and Society , 9 /3, 121–42.

Bybee, J. S. (2005). Standards of conduct for interrogation under 18 U.S.C.—1 August 2002. The Torture Papers: The Road to Abu Ghraib (ed. K. J. Greenberg and J. Datel). Cambridge: Cambridge University Press.

Camp Keith, L. (1999). The United Nations International Covenant on Civil and Political Rights: Does it make a difference in human rights behavior? Journal of Peace Research , 36 /1, 95–118.

Camp Keith, L. (2002). Constitutional provisions for individual human rights (1977–1996): Are they more than mere 'window dressing'? Political Research Quarterly, 55 /1, 111–43.

Caney, S. (2007). Outcome document of the high level expert meeting on the new future of human rights and environment: An agenda for moving forward. http://www.unep.org/environmentalgovernance/Portals/8/documents/Events/OutcomeDocumentHumanRightsEnviroment.pdf Accessed 12 October 2011.

Capotorti, F. (1977). Study on the rights of persons belonging to ethnic, religious and linguistic minorities. UN Doc. E/CN.4/Sub.2/384/Add. 1–7.

Cardenas, S. (2007). Conflict and Compliance: State Responses to International Human Rights Pressure . Philadelphia, PA: University of Pennsylvania Press.

Cardenas, S. (2014). Chains of Justice: The Global Rise of State Institutions for Human Rights . Philadelphia, PA: University of Pennsylvania Press.

Carey, C. and Poe, S. (eds) (2004). Understanding Human Rights Violations: New Systematic Studies . Aldershot: Ashgate.

Carothers, T. (2002). The end of the transition paradigm. Journal of Democracy , 13 /1, 5–21.

Carr, E. H. (1946). The Twenty Years Crisis, 1919–1939: An Introduction to the Study of International Relations (revised edn). London: Macmillan.

Carter, P. (2005). Taxonomy of torture. Slate, 26 May. http://slate.com/features/whatistorture/Taxonomy.html.

Cassesse, A. (2003). International Criminal Law. Oxford: Oxford University Press.

Castellino, J. (2005). Conceptual difficulties and the right to Indigenous self-determination. Minorities, Peoples and Self-Determination—Essays in Honour of Patrick Thornberry (ed. N. Ghanea and A. Xanthaki). Leiden: Martinus Nijhoff.

Castro, Daniel. (2007). Another Face of Empire: Bartolomé De Las Casas, Indigenous Rights, and Ecclesiastical Imperialism. Durham, NC: Duke University Press.

Chandler, D. (2001). The road to military humanitarianism: How the human rights NGOs shaped a new humanitarian agenda. Human Rights Quarterly, 23/3, 678–700.

Chandler, D. (2003). New rights for old? Cosmopolitan citizenship and the critique of state sovereignty. Political Studies, 51/2, 339–56.

Chandler, D. (2006). Empire in Denial: The Politics of State-Building. London: Pluto.

Chandler, D. (2007a). Hollow hegemony: Theorising the shift from interest-based to value-based international policy-making. Millennium: Journal of International Studies, 35/3, 703–23.

Chandler, D. (2007b). The security-development nexus and the rise of 'anti-foreign policy'. Journal of International Relations and Development, 10/4, 362–86.

Chandler, D. (2008). The revival of Carl Schmitt in international relations: The last refuge of critical theorists? Millennium: Journal of International Studies, 37/1, 27–48.

Chapman, A. (1996). A 'violations approach' for monitoring the International Covenant on Economic, Social, and Cultural Rights. Human Rights Quarterly, 18/1, 23–66.

Charlesworth, H. (1995). Human rights as men's rights. Women's Rights, Human Rights: International Feminist Perspectives (ed. J. Peters and A. Wolper). London: Routledge.

Charters, C. and Stavenhagen, R. (eds) (2009). Making the Declaration Work: The United Nations Declaration on the Rights of Indigenous Peoples. Copenhagen: IWGIA.

Charvet, J. and Kaczynska-Nay, E. (2008). The Liberal Project and Human Rights: The Theory and Practice of a New World Order. Cambridge: Cambridge University Press.

Cheng, L. (1999). Globalization and women's paid labour in Asia. International Social Science Journal, 52/160, 217–28.

Chong, D. P. L. (2010). Freedom from Poverty: NGOs and Human Rights Practice. Philadelphia: University of Pennsylvania Press.

Chowdhry, G. (2004). Postcolonial interrogations of child labor: human rights, carpet trade, and Rugmark in India. Power, Postcolonialism and International Relations: Reading Race, Gender, and Class (ed. G. Chowdhry and F. S. Nair). London and New York: Routledge.

Chrétien, J. P. (2003). The Great Lakes of Africa: Two Thousand Years of History (trans. S. Straus). New York: Zone Books.

Chuang, J. (2006). The United States as global sheriff: Using unilateral sanctions to combat trafficking. Michigan Journal of International Law, 27/2, 437–94.

Cingranelli, D. L. and Richards, D. L. (2007). Measuring government effort to respect economic and social human rights: A peer benchmark. Economic Rights: Conceptual, Measurement, and Policy Issues (ed. S. Hertel and L. Minkler). Cambridge: Cambridge University Press.

Cingranelli, D. L. and Richards, D. L. (2008). The Cingranelli- Richards (CIRI) human rights data project. www.humanrightsdata.com.

Cingranelli, D. L. and Richards, D. L. (2010). The Cingranelli and Richards (CIRI) Human Rights Data Project. Human Rights Quarterly, 32/2, 401–24.

Clark, A. M. (2001). Diplomacy of Conscience: Amnesty International and Changing Human Rights Norms. Princeton, NJ: Princeton University Press.

Clark, P. (2010). The Gacaca Courts, Post-Genocide Justice and Reconciliation in Rwanda: Justice without Lawyers. Cambridge: Cambridge University Press.

Claude, R. P. (1976). The classical model of human rights development. Comparative Human Rights (ed. R. P. Claude). Baltimore, MD: Johns Hopkins University Press.

Claude, R. P. (1983). The case of Joelito Filartiga and the clinic of hope. Human Rights Quarterly, 5/3, 275–95.

Claude, R. P. and Jabine, T. B. (1992). Exploring human rights issues with statistics. Human Rights and Statistics: Getting the Record Straight (ed. T. B. Jabine and R. P. Claude). Philadelphia, PA: University of Pennsylvania Press.

Cochabamaba Peoples Conference. (2010). World Peoples Conference on Climate Change and the Rights of Mother Earth. http://pwccc.wordpress.com.

Coetzee, J. M. (1982). Waiting for the Barbarians. New York: Penguin.

Cohen, J. (2004). Minimalism about human rights: The most we can hope for? The Journal of Political Philosophy, 12/2, 190–213.

Cohen, R. and Rai, S. (eds) (2000). Global Social Movements. London: Athlone.

Cohn, T. (2003). Global Political Economy (2nd edn). New York: Addison Wesley and Longman, Inc.

COI (Commission of Inquiry) (2005). Report of the International Commission of Inquiry on Darfur to the United Nations Secretary-General. Geneva, 25 January.

Cole, M. (2000). Trade Liberalisation, Economic Growth and the Environment. London: Edward Elgar.

Collings, N. (2010) Environment. State of the World's IndigenousPeoples. New York: UN. http://www.un.org/esa/socdev/unpfii/documents/SOWIP/en/ SOWIP_chapter3.pdf.

Collins, K. (2007). Thai men sue N. C. contractor. News and Observer, 10 March.

Colonomos, A. and Santiso, J. (2005). Viva la France! French multinationals and human rights. Human Rights Quarterly, 27/4, 1307–45.

Comte, A. (1896). The Positive Philosophy. London: George Bell. Republished Batoche Books Kitchner (2000) at http://socserv2.socsci.mcmaster.ca/econ/ ugcm/3ll3/comte/Philosophy1.pdf.

Conference on Security and Co-operation in Europe, Final Act (1975). Helsinki, 1 August. https://www.osce.org/mc/39501?download=true.

Conisbee, M. and Simms, A. (2003). Environmental Refugees: The Case for Recognition. London: new economics foundation. http://www.neweconomics. org/publications/entry/environmental-refugees.

Connelly, M. T. (1980). The Response to Prostitution in the Progressive Era. Chapel Hill, NC: University of North Carolina.

Conroy, J. (2000). Unspeakable Acts, Ordinary People: The Dynamics of Torture—An Examination of the Practice of Torture in Three Democracies . New York: Knopf.

Copelon, R. (1994). Intimate terror: Understanding domestic violence as torture. Human Rights of Women: National and International Perspectives (ed. R. J. Cook). Philadelphia, PA: University of Pennsylvania Press.

Corbin, A. (1990). Women for Hire: Prostitution and Sexuality in France After 1850 (trans. A. Sheridan). Cambridge, MA: Harvard University Press.

Cornia, G. A., Jolly, R., and Stewart, F. (1987). Adjustment With a Human Face, Volume 1: Protecting the Vulnerable and Promoting Growth . Oxford: Oxford University Press.

Corntassel, J. (2008). Toward sustainable self-determination: Rethinking the contemporary Indigenous rights discourse, Alternatives 33 /1, 105–32

Corrales, J. and Pecheny, M. (2010). The Politics of Sexuality in Latin America: A Reader on Lesbian, Gay, Bisexual, and Transgender Rights . Pittsburgh, PA: University of Pittsburgh Press.

Cossman, B. (2003). Turning the gaze back on itself: Comparative law, feminist legal studies, and the postcolonial project. Feminist Legal Theory: An Anti-Essentialist Reader (ed. N. E. Dowd and M. S. Jacobs). New York and London: New York University Press.

Courthoys, A. and Docker, J. (2008). Defining genocide. The Historiography of Genocide (ed. D. Stone). London: Palgrave Macmillan.

Cowan, J. K., Dembour, M. B., and Wilson, R. A. (eds) (2001). Culture and Rights: Anthropological Perspectives. Cambridge: Cambridge University Press.

Cowell, A. (2000). A call to put social issues on the corporate agenda. The New York Times , 6 April.

Cox, R. (1996). Shaping Childhood: Themes of Uncertainty in the History of Adult -Child Relationships . London: Routledge.

Cranston, M. (1967). Human rights, real and supposed. Political Theory and the Rights of Man. (ed. D. D. Raphael). London: Macmillan.

Crawford, T. and Kuperman, A. (eds) (2006). Gambling on Humanitarian Intervention: Moral Hazard, Rebellion and Civil War . New York: Routledge.

Crelinsten, R. (2005). How to make a torturer. Index on Censorship , 34 /1, 72–7.

Crenshaw, E. (1991). Foreign investment as a dependent variable: Determinants of foreign investment and capital penetration in developing nations, 1967–1978. Social Forces , 69 /4, 1169–82.

Crenshaw, K. (1991). Mapping the margins: Intersectionality, identity politics, and violence against women of color. Stanford Law Review , 43 /6, 1241–99.

Cunningham, H. (1995). Children and Childhood in Western Society Since 1500. London: Longman.

Czyzewski, K. (2011). Colonialism as a broader social determinant of health. The International Indigenous Policy Journal , 2 /1. http://ir.lib.uwo.ca/iipj/vol2/ iss1/5.

Daes, E.-I. A. (1993). Some considerations on the Right of Indigenous Peoples to Self-Determination. Transnational Law& Contemporary Problems , 3/ 1, 1–11.

Daes, E. and Eide, A. (2000). Working paper on the relationship and distinction between the rights of persons belonging to minorities and those of Indigenous peoples. UN Doc. E/CN.4/Sub.2/2000/10. http:// www.unhchr.ch/huridocda/ huridoca.nsf/0/e2bb9e4b569ae37fc12569290050ae93?OpenDocument.

Dahl, R. A. (1966). Political Opposition in Western Democracies. New Haven, CT: Yale University Press.

Dahl, R. A. (1971). Polyarchy: Participation and Opposition. New Haven, CT: Yale University Press.

Dahlab v. Switzerland (2001). European Court of Human Rights, No. 42393/98. 15 February.

Dallaire, R.Beardsley, B. (2003). Shake Hands with the Devil: The Failure of Humanity in Rwanda. Toronto: Random House Canada.

Dallin, A. and Breslauer, G. (1970). Political Terror in Communist Systems . Stanford, CA: Stanford University Press.

Daly, M. (2007). Darfur’s Sorrow: A History of Destruction and Genocide . New York: Cambridge University Press.

Danner, M. (2004). Torture and Truth: America, Abu Ghraib and the War on Terror . New York: New York Review of Books.

Darrow, M. and Tomas, A. (2005). Power, capture and conflict: A call for human rights accountability in development cooperation. Human Rights Quarterly, 27 /2, 471–538.

Dassin, J. (ed.) (1986). Torture in Brazil: A Report by the Archdiocese of Sao Paulo. New York: Vintage.

Davenport, C. (1995). Multi-dimensional threat perception and state repression: An inquiry into why states apply negative sanctions. American Journal of Political Science, 39/3, 683–713.

Davenport, C. (1996). ‘Constitutional promises’ and repressive reality: A cross-national time-series investigation of why political and civil liberties are suppressed. Journal of Politics, 58/3: 627–54.

Davenport, C. (1997). From ballots to bullets: An empirical assessment of how national elections influence state uses of political repression. Electoral Studies, 16/4, 517–40.

Davenport, C. (1999). Human rights and the democratic proposition. Journal of Conflict Resolution, 43/1, 92–116.

Davenport, C. (2004). The promise of democratic pacification: An empirical assessment. International Studies Quarterly, 48/3, 539–60.

Davenport, C. (2007a). State Repression and the Domestic Democratic Peace. New York: Cambridge University Press.

Davenport, C. (2007b). State repression and political order. Annual Review of Political Science, 10, 1–23.

Davenport, C. and Armstrong II, D. A. (2004). Democracy and the violation of human rights: A statistical analysis from 1976–96. American Journal of Political Science, 48/3, 538–54.

Davenport, C., Moore, W., and Armstrong II, D. A. (2008). Waterboarding and democracy: Understanding torture and domestic threats. Manuscript.

Davenport, C. and Stam, A. (2003). Mass killing and the oases of humanity: Understanding Rwandan genocide and resistance. National Science Foundation (SES-0321518), Spring.

David, F. (1999). New threats or old stereotypes: The revival of 'trafficking' as a discourse. History of Crime, Policing and Punishment Conference, Australian Institute of Criminology in conjunction with Charles Stuart University, Canberra, 9–10 December. http://www.aic.gov.au/media_library/conferences/ hcpp/david.pdf.

Davis, M. (2008). Unforgivable behavior, inadmissible evidence. The New York Times, 17 February.

de-Shalit, A. (2001). Ten commandments of how to fail in an environmental campaign. Political Theory and the Environment: A Reassessment (ed. M. Humphrey). London: Frank Cass.

de Waal, A. (1998). Famine Crimes: Politics and the Disaster Relief Industry in Africa. Bloomington, IN: Indiana University Press.

Deng, F. (1995). War of Visions: Conflict of Identities in the Sudan. Washington, DC: Brookings Institution Press.

Deng, F., Kimaro, S., Lyons, T., Rothchild, D., and Zartman, I. W. (1996). Sovereignty as Responsibility: Conflict Management in Africa. Washington, DC: Brookings Institution Press.

Dershowitz, A. (2002). Why Terrorism Works: Understanding the Threat, Responding to the Challenge. New Haven, CT: Yale University Press.

Dershowitz, A. (2004). Torture warrant: A response to Professor Strauss. New York Law School Law Review, 48/1, 275–94.

Des Forges, A. (1999). Leave None to Tell the Story: Genocide in Rwanda. New York: Human Rights Watch.

DESA (UN Department of Social and Economic Affairs) (2009). The State of the World's Indigenous Peoples ST/ESA/38. New York: United Nations.

Detrick, S. (ed.) (1992). The United Nations Convention on the Rights of the Child: A Guide to the 'Travaux Preparatoires'. Dordrecht: Martinus Nijhoff.

Devetak, R. (2007). Between Kant and Pufendorf: Humanitarian intervention, statist anti-cosmopolitanism and critical international theory. Review of International Studies, 33/Special issue, 51–174.

Diamond, L. (2002). Thinking about hybrid regimes. Journal of Democracy, 13/2, 21–35.

Diamond, L. (2008). The Spirit of Democracy: The Struggle to Build Free Societies Throughout the World. New York: Times Books. Dicey, Albert Venn (1959 [1889]). Introduction to the Study of the Law of the Constitution. London: Macmillan.

Dicke, W. and Holland, F. (eds) (2007). Water: A global contestation. Global Civil Society 2006/7 (ed. H. Anheier, M. Kaldor, and M. Glasius) London: Sage.

Diebold, J. (1974). Why be scared of them. Foreign Policy, 3/1, 79–95.

Doezema, J. (2000). Loose women or lost women? The re-emergence of the myth of white slavery in contemporary discourses of trafficking in women. Gender Issues, 18/1, 23–50.

Doezema, J. (2002). Who gets to choose? Coercion, consent and the UN trafficking protocol. Gender and Development , 10 /1, 20–7.

Donnelly, J. (1982). Human Rights and Human Dignity: An Analytic Critique of Non-Western Conceptions of Human Rights. The American Political Science Review , 76 /2, 303–16.

Donnelly, J. (1985). The Concept of Human Rights . New York: St Martin's Press.

Donnelly, J. (1989). Universal Human Rights in Theory and Practice. Ithaca, NY: Cornell University Press.

Donnelly, J. (2003). Universal Human Rights in Theory and Practice (2nd edn). Ithaca, NY: Cornell University Press.

Donnelly, J. (2006). International Human Rights (3rd edn). Boulder, CO: Westview.

Donner, F. J. (1990). Protectors of Privilege: Red Squads and Police Repression in Urban America . Berkeley, CA: University of California Press.

Dooley, K., Griffiths, T., Martone, F., and Ozinga, S. (2011). Smoke and Mirrors: A Critical Assessment of the Forest Carbon Partnership Facility . Moreton-in-Marsh: FERN/FPP.

Doran, P., Wanhua, Y., Wagner, L., and Wise, S. (1995). Summary of the Fourth World Conference on Women. A Daily Report on the Fourth World Conference on Women , 14 , 12.

Douzinas, C. (2007). Human Rights and Empire: The Political Philosophy of Cosmopolitanism . London: Routledge-Cavendish.

Douzinas, C. and Gearty, C. (eds) (2014). The Meanings of Rights: The Philosophy and Social Theory of Human Rights . Cambridge: Cambridge University Press.

Drumbl, M. (2012a). Child soldiers and clicktivism: Justice, myths, and prevention. Journal of Human Rights Practice , 4 /3, 481–5.

Drumbl, M. (2012b). Reimagining Child Soldiers in International Law and Policy . Oxford: Oxford University Press.

Dryzek, J. (1987). Rational Ecology: Environment and Political Economy . London: Wiley Blackwell.

Du Plessis, M., Maluwa T., and O'Reilly, A. S. (2013), Africa and the International Criminal Court. Chatham House International Law paper 2013/1. http://www.chathamhouse.org/sites/files/chathamhouse/public/Research/International%20Law/0713pp_iccafrica.pdf.

DuBois, P. (1991). Torture and Truth . London: Routledge.

Duffield, M. (2007). Development, Security and Unending War: Governing the World of Peoples . Cambridge: Polity.

Duggan, L. (2002). The new homonormativity: The sexual politics of neoliberalism. Materializing Democracy (ed. R. Castronovo, and D. D. Nelson). Durham, NC: Duke University Press.

Dunne, T. and Gif kins, J. (2011). Libya and the state of intervention. Australian Journal of International Affairs , 65/ 5, 515–29.

Dunne, T. and Wheeler, N. J. (eds) (1999). Human Rights in Global Politics . Cambridge: Cambridge University Press.

Duong, K. (2012). What does queer theory teach us about intersectionality? Politics & Gender , 8 /3, 370–86.

Durodi., B. (2013). 'War on terror or a search for meaning?' Strategic Multi-layer Assessment Occasional White Paper. US Joint Chiefs of Staff/ Department of Defense. http://www.durodie.net/ images/uploads/SMA_CT_White_Paper.pdf

Duvall, R. and Stohl, M. (1988). Governance by terror. The Politics of Terrorism (ed. M. Stohl). New York: M. Dekker.

Dworkin, R. (1977). Taking Rights Seriously. Cambridge, MA: Harvard University Press.

Dyer, A. S. (1880). The European Slave Trade in English Girls: A Narrative of Facts . London: Dyer Brothers.

Eastwood, L. E. (2011). Resisting dispossession: Indigenous peoples, the World Bank and the contested terrain of policy. New Global Studies , 5 /1. http://www.degruyter.com/view/j/ngs.2011.5.1/ngs.2011.5.1.1114/ngs.2011.5.1.1114.xml.

Eckersley, R. (1996). Greening liberal democracy: The rights discourse revisited. Democracy and Green Political Thought: Sustainability, Rights and Citizenship (ed. B. Doherty and M. de Geus). London: Routledge.

Eckholm, E. (2003). Tide of China's migrants: Flowing to boom or bust? New York Times , 29 July.

Ecuador (2004). International trade, health, and children's rights. 3D country briefing. September.

Edmundson, W. A. (2004). An Introduction to Rights. Cambridge: Cambridge University Press.

Edwards, M. (2003). NGO legitimacy: Voice or vote? BOND Networker, February.

Edwards, M. and Gaventa, J. (eds) (2001). Global Citizen Action . London: Earthscan.

Edwards, S. (1990). Capital flows, foreign direct investment and debt. NBER working paper no. 3497 Cambridge, MA: NBER.

Egan, S. (2011). The UN Human Rights Treaty System: Law and Procedure . Dublin: Bloomsbury Professional.

Eide, A. (1989). Realization of social and economic rights and the minimum threshold approach. Human Rights Law Journal , 10 /1–2, 35–51.

Elazar, D. J. (1972). American Federalism: A View from the States (2nd edn). New York: Thomas Y. Crowell.

Elliot, R. (1989). The rights of future people. Journal of Applied Philosophy , 6 /2, 159–69.

Elson, D. (2006). Budgeting for Women's Rights: Monitoring Government Budgets for Compliance with CEDAW. New York: UNIFEM.

Elson, D., Fukuda-Parr, S., and Vizard, P. (eds) (2012). Capabilities and Rights: An Interdisciplinary Conversation. London: Routledge. First issued as a special issue of the Journal of Human Development and Capabilities, 12 /1.

Elster, J. (ed.) (2006). Retribution and Reparation in the Transition to Democracy . New York: Cambridge University Press.

Emmerij, L., Jolly, R., and Weiss, T. (2001). Ahead of the Curve? UN Ideas and Global Challenges . Bloomington, IN: Indiana University Press.

Escobar, A. (1995). Encountering Development: Making and Unmaking of the Third World . Princeton, NJ: Princeton University Press.

Escobar, A. (1997). The making and unmaking of the Third World. The Post-Development Reader (ed. M. Rahnema with V. Bawtree). London: Zed Books.

Etzioni, A. (2006). Sovereignty as responsibility. Orbis, 50 /1, 71–85.

Evans, G. (2008). State sovereignty was a licence to kill. Interview with Gareth Evans. SEF News (Stiftung Entwicklung und Frieden) , Spring.

Evans, G. (2009). The Responsibility to Protect: Ending Mass Atrocity Crimes Once and For All . Washington, DC: Brookings Institution Press.

Evans, G. (2013). R2P down but not out after Libya and Syria, Open Democracy . 9 September2013. https://www.opendemocracy.net/openglobalrights/ garethevans/r2p-down-but-not-out-after-libya-and-syria.

Evans, M. D. (2011). Lautisi v. Italy : An initial appraisal. Religion and Human Rights, 6 /3, 237–44.

Evans, T. (1996). US Hegemony and the Project of Universal Human Rights . Basingstoke: Macmillan.

Evans, T. (ed.) (1998). Human Rights Fifty Years On: An Appraisal . Manchester: Manchester University Press.

Ezzat, H. R. (2004). Beyond methodological modernism: Towards a multicultural paradigm shift in the social sciences. Global Civil Society 2004/5 (ed. H. Anheier, M. Glasius, and M. Kaldor). London: Sage.

Fagan, A. (2010). The Atlas of Human Rights: Mapping Violations of Freedom Worldwide . London and Oxford: Routledge.

Falk, R. (2000). Human Rights Horizons . London: Routledge.

Family Law Week (2014) Re E (A Child) [2014] EWHC 6 (Fam). 14 January. http://www.familylawweek.co.uk/site.aspx?i=ed126781.

Fanon, F. (2004). The Wretched of the Earth . New York: Grove.

Fariss, C. J. (2014). Respect for human rights has improved over time: Modeling the changing standard of accountability. American Political Science Review, 108 /2, 297–318.

Farmer, P. (2005). Pathologies of Power: Health, Human Rights and the New War on the Poor . Berkeley, CA: University of California Press.

Farrior, S. (1997). The international law on trafficking in women and children for prostitution: Making it live up to its potential. Harvard Human Rights Journal, 10 , 213–55.

Federle, K. (1994). Rights flow downhill. International Journal of Children’s Rights , 2 /4, 343–76.

Fein, H. (1979). Accounting for Genocide: National Responses and Jewish Victimization During the Holocaust. Chicago, IL: University of Chicago Press.

Fein, H. (1995). More murder in the middle: Lifeintegrity violations and democracy in the world, 1987. Human Rights Quarterly , 17 /1, 170–91.

Feinberg, J. (1974). The rights of animals and future generations. Philosophy and Environmental Crisis (ed. W. Blackstone). Athens, GA: University of Georgia Press.

Felner, E. (2005). Torture and terrorism: Painful lessons from Israel. Torture: Does it Make Us Safer? Is it Ever OK? (ed. K. Roth and M. Worden). New York: New Press/Human Rights Watch.

Fiddian-Qasmiyeh, E., Loescher, G., Long, K., and Sigona, N. (eds) (2014). The Oxford Handbook of Refugee and Forced Migration Studies . Oxford: Oxford University Press.

Fields, A. B. (2003). Rethinking Human Rights for the New Millennium . New York: Palgrave Macmillan.

Fierce (no date). Police Accountability Work Committee. http://www.fiercenyc.org/news/policeaccountability-work-committee (accessed 16 April 2015).

Fisher, T. (1997). Prostitution and the Victorians. New York: St Martins.

Flint, J. and de Waal, A. (2008). Darfur: A New History of a Long War (revised and updated). London: Zed Books.

Flint, J. and de Waal, A. (2009). Case closed: A prosecutor without borders. World Affairs , 171 /4, 23–38.

Florini, A. M. (ed.) (2000). The Third Force: The Rise of Transnational Civil Society . Tokyo: Japan Center for International Exchange and Washington, DC: Carnegie Endowment for Peace.

Foot, R. (2000). Rights Beyond Borders: The Global Community and the Struggle Over Human Rights in China. Oxford: Oxford University Press.

Forest Peoples Programme (2006). Peoples' rights, extractive industries and transnational and other business enterprises. http://www.business-humanrights.org/Documents/Forest-Peoples-Tebtebba-submissionto-SRSG-re-indigenous-rights-29-Dec-2006.pdf.

Forst, R. (trans. John M. Farrell) (1994). Contexts of Justice: Political Philosophy beyond Liberalism and Communitarianism. Berkeley and Los Angeles, CA: University of California Press.

Forsythe, D. P. (ed.) (2000). Human Rights and Comparative Foreign Policy. Tokyo: United Nations University Press.

Forsythe, D. P. (2006). Human Rights in International Relations (2nd edn). Cambridge: Cambridge University Press.

Forum Social Mundial (World Social Forum) (2005). Programmacao (Programme) 29 30 31.

Foster, H., Raven, H., and Webber, J. (2008). Let Right be Done: Aboriginal Title, the Calder Case, and the Future of Indigenous Rights . Vancouver: UBC Press.

Foster, J. (2002). The Millennium Declaration: Engaging Civil Society Organisations. New York: World Federation of United Nations Associations.

Foucault, M. (1977). Discipline and Punish: The Birth of the Prison . New York: Pantheon.

Foucault, M. (2003). 'Society Must be Defended': Lectures at the Collège de France1975–1976 . London: Allen Lane/Penguin.

Foucault, M. (2007). Security, Territory, Population: Lectures at the Collège de France1977–1978 . Basingstoke: Palgrave.

Foweraker, J. and Landman, T. (1997). Citizenship Rights and Social Movements: A Comparative and Statistical Analysis . Oxford: Oxford University Press.

Fox, F. (2001). New humanitarianism: Does it provide a moral banner for the 21st century? Disasters , 25 /4, 275–89.

Francis, R. (2005). Judge Sewall's Apology: The Salem Witch Trials and the Forming of an American Conscience . New York: Harper Collins.

Franck, T. M. (1984). Of gnats and camels: Is there a double standard at the United Nations? American Journal of International Law , 78 /4, 811–33.

Franck, T. M. (2000). Legitimacy of the democratic entitlement. Democratic Governance and International Law (ed. G. H. Fox and B. R. Roth). Cambridge: Cambridge University Press.

Frank, A. G. (1970). Latin America: Underdevelopment or Revolution: Essays on the Development of Underdevelopment and the Immediate Enemy . New York: Monthly Review Press.

Frank, A. G. (1971). Capitalism and Underdevelopment in Latin America: Historical Studies of Chile and Brazil. Harmondsworth: Penguin.

Frankel, J. and Romer, P. (1999). Does trade cause growth? American Economic Review , 89 /3, 379–99.

Franklin, B. (ed.) (1995). The Handbook of Children's Rights . London: Routledge.

Franks, D. M., Davis, R., Bebbington, A. J., Saleem, H. A., Kemp, D., and Scurrah, M. (2014). Conflict translates environmental and social risk into business costs. PNAS , 11 /21, 7576–81. http://www.pnas.org/content/111/21/7576.short.53.

Freedman, R. (2013). The United Nations Human Rights Council: A Critique and Early Assessment. Routledge Research in Human Rights Law. Abingdon and New York: Routledge.

Freeman, M. (1997). The Moral Status of Children: Essays on the Rights of the Child . The Hague: Martinus Nijhoff.

Freeman, M. (2001). Is a political science of human rights possible? The Netherlands Quarterly of Human Rights , 19 /2, 121–37.

Freeman, M. (2002). Human Rights: An Interdisciplinary Approach. Cambridge: Polity.

Frenkel, S. and Kuruvilla, S. (2002). Logics of action, globalization, and changing employment relations in China, India, Malaysia, and the Philippines. Industrial and Labor Relations Review , 55 /3, 387–412.

Friedman, E. (1995). Women's human rights: The emergence of a movement. Women's Rights, Human Rights: International Feminist Perspectives (ed. J. Peters and A. Wolper). London: Routledge.

Friedman, M. (1962). Capitalism and Freedom . Chicago, IL: Chicago University Press.

Friedman, T. L. (2004). The Lexus and the Olive Tree. New York: Random House.

Friends of River Narmada (2008). Introduction. http://www.narmada.org/ introduction.html.

Fukuda-Parr, S. (2005). Millennium development goals: Why they matter. Global Governance , 10 /3, 395–402.

Fukuda-Parr, S. (2006). Millennium Development Goal 8: International human rights obligations? Human Rights Quarterly , 28 /4, 966–97.

Fukuda-Parr, S. (2008a). Human rights and development. Social Welfare, Moral Philosophy and Development: Essays in Honour of Amartya Sen's Seventy Fifth Birthday  (ed. K. Basu and R. Kanbur). Oxford: Oxford University Press.

Fukuda-Parr, S. (2008b). Are Internationally Agreed Development Goals (IADGs) being Implemented in National Development Strategies and Aid Programmes? A Review of Poverty Reduction Strategy Papers (PRSPs) and Development Cooperation Policy Statements. Background papers for the 2008 Development Cooperation

Forum, Mainstreaming of IADGs. New York: UN Department for Economic and Social Affairs. http://www.isn.ethz.ch/Digital-Library/ Publications/Detail/?lang=en&id=92651.

Fukuda-Parr, S. and Yamin, A. (eds) (2015). Millennium Development Goals, Capabilities and Human Rights: The Power of Numbers to Shape Agendas . London: Routledge.

Fukuyama, F. (1992). The End of History and the Last Man. London: Hamish Hamilton.

Galbraith, J. K. (1964). Economic Development. Cambridge, MA: Harvard University Press.

Galbraith, J. K. (1977). The Nature of Mass Poverty. Cambridge, MA: Harvard University Press.

Gallagher, A. (2001). Human rights and the new UN protocols on trafficking and migrant smuggling: A preliminary analysis. Human Rights Quarterly, 23 /4, 975–1004.

Gallie, W. B. (1956). Essentially contested concepts. Proceedings of the Aristotelian Society , 56 /1, 167–98.

Garrett, G. (1995). Capital mobility, trade, and the domestic politics of economic policy. International Organization, 49 /4, 657–87.

Garrett, G. (1998). Partisan Politics in the Global Economy. Cambridge: Cambridge University Press.

Gartner, S. and Regan, P. (1996). Threat and repression: The non-linear relationship between government and opposition violence. Journal of Peace Research , 33 /3, 273–87.

Gastanaga, V. and Nugent, J. B. (1998). Host country reforms and FDI inflows: How much difference do they make? World Development , 26 /7, 1299–314.

Gastil, R. D. (1978). Freedom in the World: Political Rights and Civil Liberties, 1978 . Boston, MA: G. K. Hall.

Gastil, R. D. (1980). Freedom in the World: Political Rights and Civil Liberties . Westport, CT: Greenwood.

Gastil, R. D. (1988). Freedom in the World: Political and Civil Liberties , 1986–1987 . New York: Freedom House.

Gastil, R. D. (1990). The comparative survey of freedom: Experiences and suggestions. Studies in Comparative International Development , 25 /1, 25–50.

Gatrell, P. (2013). The Making of the Modern Refugee . Oxford: Oxford University Press.

Geertz, C. (1983). Local Knowledge: Further Essays in Interpretive Anthropology . New York: Basic Books.

Gelleny, R. and McCoy, M. (2001). Globalization and government policy independence: The issue of taxation. Political Research Quarterly , 54 /3, 509–30.

Geneva Conventions and Protocols of 1949 and 1977.

Gewirth, A. (1996). The Community of Rights . Chicago, IL: University of Chicago Press.

Ghani, A., Lockhart, C., and Carnahan, M. (2005). Closing the sovereignty gap: An approach to state-building. Overseas Development Institute working paper no. 253, September. London: Overseas Development Institute. http://www.odi.org.uk/Publications/working_papers/wp253.pdf.

Gibbons, E. (2006). The Convention on the Rights of the Child and implementation of economic, social and cultural rights in Latin America. Los Derechos Economicos, Sociales y Culturales en America Latina (ed. A. Yamin). Ottawa: IDRC and Plaza y Valdes. http://www.idrc.ca/EN/Resources/ Publications/openebooks/323-2/index.html.

Gibney, M. and Stohl, M. (1988). Human rights and US refugee policy. Open Borders? Closed Societies?: The Ethical and Political Issues (ed. M. Gibney). Westport, CT: Greenwood.

Gibson, M. (1986). Prostitution and the State in Italy, 1860-1915 . New Brunswick, NJ: Rutgers University Press.

Gilpin, R. (2001). Global Political Economy. Princeton, NJ: Princeton University Press.

Glanville, L. (2014). Sovereignty and the Responsibility to Protect. Chicago: Chicago University Press.

Glasius, M. (2005). The International Criminal Court: A GCS Achievement . London: Routledge.

Glasius, M. (2006). The International Criminal Court: A Global Civil Society Achievement . London: Routledge.

Glasius, M. (2012). Economic and social rights and social justice movements: Some courtship, no marriage, no children yet. Defending Human Rights: Tools for Social Justice (ed. I. Lintel, A. Buyse, and B. McGonigle Leyh). Cambridge: Intersentia.

Glasius M. (forthcoming). Civil and uncivil society. Wiley Blackwell Encyclopedia of Sociology (2nd edn) (ed. George Ritzer). Hoboken, NJ: Wiley Blackwell.

Gleditsch, N. P., Wallensteen, P., Eriksson, M., Sollenberg, M., and Strand, H. (2002). Armed conflict 1946–2001: A new dataset. Journal of Peace Research, 39 /5, 615–37. Data available at http://www.prio.no/jpr/datasets.asp.

Glendon, M. A., Gordon, M. W., and Osakwe, C. (1982). Comparative Legal Traditions in a Nutshell. St Paul, MN: West Publishing Corporation.

Global Civil Society (GCS) Yearbook Series , 2004 Global Civil Society (GCS) Yearbook Series (2001–) For 2001–3 published by Oxford University Press, Oxford; 2004, onwards by Sage, London.

Global Footprint Network (2014). Earth Overshoot Day. http://www.footprintnetwork.org/en/index.php/GFN/page/earth_overshoot_day/ (accessed 7 March 2015).

Glucksmann, M. (2006). Developing an economic sociology of care and rights. Rights: Sociological Perspectives (L. Morris). London: Routledge.

Goldstein, R. J. (1978). Political Repression in Modern America: From 1870 to the Present. Cambridge: Schenkman Publishing.

Golston, J. C. (1993). Ritual abuse: Raising hell in psychotherapy: The political, military and multigenerational training of torturers: Violent initiation and the role of traumatic dissociation. Treating Abuse Today, 3 /6, 12–19.

Gonzalez, J. and Goodman, A. (2014). Naomi Klein: Reject Keystone XL Pipeline, we need radical change to prevent catastrophic warming, Democracy Now , 17 November, http://www.democracynow.org/2014/11/17/naomi_klein_reject_ keystone_xl_pipeline.

Goodale, M. (2006a). Introduction. American Anthropologist, 108 /1, 1–8.

Goodale, M. (2006b). Ethical theory as social practice. American Anthropologist, 108 /1, 25–37.

Goodale, M. (2008). Human Rights: An Anthropological Reader . Blackwell Readers in Anthropology. Chichester: Blackwell.

Goodale, M. and Merry, S. E. (2007). The Practice of Human Rights: Tracking Law Between the Global and the Local. Cambridge Studies in Law and Society. Cambridge: Cambridge University Press.

Goodhart, M. (2005). Democracy as Human Rights: Freedom and Equality in the Age of Globalization . New York: Routledge.

Goodman, A. (2014). Pablo Sol.n on COP 20 and carbon markets: This is a new mechanism to commodify nature. Democracy Now, 9 December. www.democracynow.org/blog/2014/12/9/pablo_ solon_on_cop20_and_carbon.

Goodman, A. (2015). Keystone, climate and the cold. truthdig, 15 January. http://www.truthdig.com/report/item/keystone_climate_change_and_the_cold_20141119.

Goodman, L. E. (1998). Judaism , Human Rights, and Human Values . New York: Oxford University Press.

Goodwin-Gill, G. and Cohn, I. (1994) Child Soldiers: The Role of Children in Armed Conflicts. Oxford: Oxford University Press.

Goodwin-Gill, G. and McAdam, J. (2007). The Refugee in International Law. Oxford: Oxford University Press.

Gorbachev, M. (1989). Speech reproduced in Current Digest of the Soviet Press, 41/46, 13 December.

Gotkowitz, L. (2008). A Revolution for Our Rights: Indigenous Struggles for Land and Justice in Bolivia, 1880–1952. Durham, NC: Duke University Press.

Gould, C. C. (1988). Rethinking Democracy: Freedom and Social Cooperation in Politics, Economy, and Society. Cambridge: Cambridge University Press.

Gould, C. C. (2004). Globalizing Democracy and Human Rights. Cambridge: Cambridge University Press.

Gover, K. (2010) Comparative tribal constitutionalism: Membership governance in Australia, Canada, New Zealand, and the United States, Law & Social Inquiry, 35/3, 689–762.

Gow, J. (1997). Triumph of the Lack of Will. New York: Columbia University Press.

Gray, M. M., Kittilson, M. C., and Sandholtz, W. (2006). Women and globalization: A study of 180 nations, 1975–2000. International Organization, 60/2, 293–333.

Gready, P. and Ensor, J. (eds) (2005). Reinventing Development? Translating Rights-Based Approaches from Theory into Practice. London: Zed Books.

Green, M. (2001). What we talk about when we talk about indicators: Current approaches to human rights measurement. Human Rights Quarterly, 23/4, 1062–97.

Greenberg K. J. and Datel, J. (eds) (2005). The Torture Papers: The Road to Abu Ghraib. Cambridge: Cambridge University Press.

Greer, D. (1935). The Incidence of Terror During the French Revolution: A Statistical Interpretation. Cambridge, MA: Harvard University Press.

Greig, A., Hume, D., and Turner, M. (2007). Challenging Global Inequality: Development Theory and Practice in the 21st Century. New York: Palgrave Macmillan.

Griffin, J. (2008). On Human Rights. Cambridge: Cambridge University Press.

Grittner, F. K. (1990). White Slavery: Myth, Ideology and American Law. New York: Garland.

Gross, O. (2004). The prohibition on torture and the limits of the law. Torture: A Collection (ed. S. Levinson). Oxford: Oxford University Press.

Grossfeld, Bernhard (1990). The Strength and Weakness of Comparative Law . Oxford: Clarendon Press.

Grotius, Hugo. (1625). De jure belli et pacis .

Guibernau, M. (1999). Nations Without States: Political Communities in a Global Age. Cambridge: Polity.

Guinier, L. (1994). The Tyranny of the Majority: Fundamental Fairness in Representative Democracy. New York: Free Press.

Gunn, T. J. (2003). The complexity of religion and the definition of ‘religion’ in international law. Harvard Human Rights Journal , 16 , 189–215.

Gurr, T. R. (1970). Why Men Rebel . Princeton, NJ: Princeton University Press.

Gurr, T. R. (1974). Persistence and change in political systems, 1800–1971. American Political Science Review, 68 /4, 1482–504.

Gurr, T. R. (1986). The political origins of state violence and terror: A theoretical analysis. Government Violence and Repression: An Agenda for Research (ed. M. Stohl and G. A. Lopez). New York: Greenwood.

Gurr, T. R, Marshall, M., Davenport, C., and Jaggers, K. (2002). Polity IV, 1800–1999: A reply to Munck and Verkuilen. Comparative Political Studies , 35 /1, 40–5. Additional source for polity project: http://www. systemicpeace.org/polity/polity4.htm.

Gustafson, B. (2009). Manipulating cartographies: Plurinationalism, autonomy and Indigenous resurgence in Bolivia. Anthropological Quarterly , 82 /4, 985–1015.

Guzm.n, D., Guberek, T., Hoover, A., and Ball, P. (2007). Missing People in Casanare . Palo Alto, CA: The Benetech Initiative. https://hrdag.org/content/colombia/ casanare-missing-report.pdf.

Haakonssen, K. (1991). From natural law to the rights of man: A European perspective on American debates. A Culture of Rights: The Bill of Rights in Philosophy, Politics and Law—1791 and 1991 (ed. M. J. Lacey and K. Haakonssen). Cambridge: Woodrow Wilson International Center for Scholars and Cambridge University Press.

Habermas, J. (1996). Between Facts and Norms: Contributions to a Discourse Theory of Law and Democracy. Cambridge, MA: MIT Press.

Habermas, J. (1999). Bestialität and Humanität. Die Zeit, 29 April.

Hafner-Burton, E. M. (2005). Right or robust? The sensitive nature of repression to globalization. Journal of Peace Research, 42/6, 679–98.

Hafner-Burton, E. M. (2009). Forced to Be Good: Why Trade Agreements Boost Human Rights. Ithaca, NY: Cornell University Press.

Hafner-Burton, E. M. (to appear). Coercing Human Rights: Why Preferential Trade Agreements Regulate Repression. Ithaca, NY: Cornell University Press.

Hafner-Burton, E. M. and Ron, J. (2007). Special issue on human rights, Journal of Peace Research, 44/4.

Hafner-Burton, E. M. and Tsutsui, K. (2005). Human rights in a globalizing world: The paradox of empty promises. American Journal of Sociology, 110/5, 1373–411.

Hafner-Burton, E. M. and Tsutsui, K (2007). Justice lost! The failure of international human rights law to matter where needed most. Journal of Peace Research, 44/4, 407–25.

Hagan, J. and Palloni, A. (2006). Death in Darfur. Science, 313/5793, 1578–9.

Hagan, J. and Rymond-Richmond, W. (2009). Darfur and the Crime of Genocide. New York: Cambridge University Press.

Hancock, A.-M. (2007). Intersectionality as a normative and empirical paradigm. Politics & Gender, 3/2, 248–54.

Hancock, A.-M. (2011). Solidarity Politics for Millennials: A Guide to Ending the Oppression Olympics. New York: Palgrave Macmillan.

Hancock, J. (2003). Environmental Human Rights: Power, Ethics and Law. London: Ashgate.

Haney, C., Banks, W. C., and Zimbardo, P. G. (1973). Interpersonal dynamics in a simulated prison. International Journal of Criminology and Penology, 1, 69–97.

Hanson, M. (1994). Democratisation and norm creation in Europe. Adelphi Paper, 34/284, 28–41.

Haq, M. ul (1995). Reflections on Human Development. New York: Oxford University Press.

Hardin, G. (1977). The Limits to Altruism. Indianapolis, IN: Indiana University Press.

Hardt, M. and Negri, A. (2001). Empire. New York: Harvard University Press.

Harff, B. (2003). No lessons learned from the Holocaust? Assessing risks of genocide and political mass murder since 1955. American Political Science Review, 97 /1, 57–73.

Haritos-Fatouros, M. (1988). The official torturer: A learning model for obedience to the authority of violence. Journal of Applied Social Psychology, 18 /13, 1107–20.

Harrison, A. and Scorse, J. (2003). Globalization's impact on compliance with labor standards. Brookings Trade Forum , 45–82.

Harrison, G. (2004). The World Bank and Africa: The Construction of Governance States . London: Routledge.

Hart, J. (2006). Saving children: What role for anthropology? Anthropology Today, 22 /1, 5–8. http://www.jstor.org/stable/3695095.

Hart, J. (2008). Displaced children's participation in political violence: Towards greater understanding of mobilisation. Conflict, Security & Development, 8 /3, 277–93.

Hasselback, D. (2001). Lundins search for the big score. Financial Post , 22 June.

Hathaway, O. (2002). Do treaties make a difference? Human rights treaties and the problem of compliance. Yale Law Journal , 111 /8, 1932–2042.

Hathaway, O. (2007). Why do countries commit to human rights treaties? Journal of Conflict Resolution, 51 /4, 588–621.

Hauser, P. (ed.) (1961). Urbanization in Latin America. New York: Columbia University Press.

Havemann, P. (2005). Denial, modernity and exclusion: Indigenous placelessness in Australia. Macquarie Law Journal , 57 /5, 57–80.

Havemann, P. (2009). Ignoring the mercury in the climate change barometer: Denying Indigenous peoples' rights. Australian Indigenous Law Review, 13 /1, 2–26.

Hayner, P. (2001). Unspeakable Truths . New York: Routledge.

Hayner, P. (2002). Unspeakable Truths: Facing the Challenges of Truth Commissions. New York: Routledge.

Hayward, T. (2005). Constitutional Environmental Rights. Oxford: Oxford University Press.

Hechter, M. (2000). Containing Nationalism. Oxford: Oxford University Press.

Held, D. (1995). Democracy and the Global Order: From the Modern State to Cosmopolitan Governance. Cambridge: Polity.

Held, D. (1996). Models of Democracy. Stanford, CA: Stanford University Press.

Held, D. (2004). Global Covenant: The Social Democratic Alternative to the Washington Consensus. Cambridge: Polity.

Held, D. (2005). Democratic accountability and political effectiveness from a cosmopolitan perspective. Global Governance and Public Accountability (ed. D. Held and M. Koenig-Archibugi). Oxford: Blackwell Publishing.

Hempel, C. G. H. (1966). The Philosophy of Natural Science. Englewood Cliffs, NJ: Prentice Hall.

Henderson, C. W. (1991). Conditions affecting the use of political repression. Journal of Conflict Resolution, 35 /1, 120–42.

Henderson, C. W. (1993). Population pressures and political repression. Social Science Quarterly, 74 /2, 322–33.

Henkin, L. (1981). International human rights as 'rights'. Human Rights (ed. J. R. Pennock and J. W. Chapman). New York: New York University Press.

Hertel, S. (2006). Unexpected Power: Conflict and Change among Transnational Activists. Ithaca, NY: Cornell University Press.

Hertel, S. and Minkler, L. (eds) (2007). Economic Rights: Conceptual, Measurement, and Policy Issues. Cambridge: Cambridge University Press.

Hibbs, D. A. (1973). Mass Political Violence: A Cross-National Causal Analysis . New York: Wiley.

Hill, D. (2015). Is Bolivia going to frack Mother Earth? The Guardian , 24 February. http://www.theguardian.com/environment/andes-to-the-amazon/2015/ feb/23/bolivia-frack-mother-earth.

Hill, D. and Z. Jones. 2014. 'An Empirical Evaluation of Explanations for State Repression.' American Political Science Review 108(3): 661–687.

Hill, K. (1994). Democracy in the Fifty States. Lincoln, NE: University of Nebraska Press.

Hirano, K. (2007). Government not persuaded—Ainu hope U.N. move aids Indigenous status quest. The Japan Times, 13 October. http://search.japantimes. co.jp/cgi-bin/nn20071013f1.html.

Hiskes, R. P. (2005). The right to a green future: Human rights, environmentalism, and intergenerational justice. Human Rights Quarterly, 27 /4, 1346–64.

Hiskes, R. P. (2009). The Human Right to a Green Future. Cambridge: Cambridge University Press.

Hitchcock, R. K. and Totten, S. (2010). Genocide of Indigenous Peoples: Genocide—A Critical Bibliographic Review. New Brunswick, NJ: Transaction Publishers.

Hitchens, C. (2008). Believe Me, It's Torture, Vanity Fair, August.

Hobbes, T. (1968 [1651]). Leviathan. New York: Penguin.

Hochschild, A. (1998). King Leopold's Ghost: A Story of Greed, Terror, and Heroism in Colonial Africa. New York: Houghton Mifflin.

Holder, C. and Reidy, D. (2013). Human Rights: The Hard Questions . Cambridge: Cambridge University Press.

Holmes, S. and Sunstein, C. R. (1999). The Cost of Rights: Why Liberty Depends on Taxes. New York: W. W. Norton.

Hopgood, S. (2014) The Endtimes of Human Rights. Ithaca, NY: Cornell University Press.

Horowitz, I. (1976). Genocide: State Power and Mass Murder . New Brunswick, NJ: Transaction Publishers.

Horowitz, I. (1997). Taking Lives: Genocide and State Power. New Brunswick, NJ: Transaction Publishers.

Hovil, L. and Lomo, Z. (2004). Working paper 11: Behind the violence: Causes, consequences and the search for solutions to the war in northern Uganda. Kampala: Refugee Law Project.

Hovil, L. and Lomo, Z. (2005). Working paper 15: Whose justice? Perceptions of Uganda's Amnesty Act 2000: The potential for conflict resolution and long-term reconciliation. Kampala: Refugee Law Project.

Howard, R. (1986). Human Rights in Commonwealth Africa . New Jersey: Rowman & Littlefield.

Howard-Hassmann, R. (2005). The second great transformation: Human rights leapfrogging in the era of globalization. Human Rights Quarterly, 27 /1, 1–40.

Howell, J. and Pearce, J. (2001). Civil Society and Development: A Critical Exploration. Boulder, CO: Lynne Rienner.

HRW (Human Rights Watch) (1999). Human rights trump sovereignty in 1999: Crimes against humanity provoke international action. 9 December. https://www.hrw.org/news/1999/12/09/humanrights-trump-sovereignty-1999.

HRW (Human Rights Watch) (2011). Historic decision at the United Nations ( June 17). http://www.hrw.org/news/2011/06/17/historic-decision-unitednations (accessed 5 April 2014).

HRW (Human Rights Watch) (2012). World Report 2012: Saudi Arabia . Washington, DC: Human Rights Watch http://www.hrw.org/world-report-2012/world-report-2012-saudi-arabia.

HRW (Human Rights Watch) (2014a). Lesbian, gay, bisexual, and transgender rights. http://www.hrw.org/topic/lgbt-rights (accessed 5 April 2014).

HRW (Human Rights Watch) (2014b). 'Maybe We Live and Maybe We Die': Recruitment and Use of Children by Armed Groups in Syria . Washington, DC: Human Rights Watch. http://www.hrw.org/sites/default/ files/reports/syria0614_crd_ForUpload.pdf.

Hulme, M. (2009). Why We Disagree About Climate Change: Understanding Controversy, Inaction and Opportunity. Cambridge: Cambridge University Press.

Human Rights Committee (1994). General comment 24 on issues relating to reservations made upon ratification or accession to the Covenant or the Optional Protocols thereto, or in relation to declarations under article 41 of the Covenant. New York: United Nations.

Human Rights First (no date a). Our Mission. www.humanrightsfirst.org/about-us/ (accessed 5 July 2013).

Human Rights First (no date b). LGBT Persons http://www.humanrightsfirst.org/our-work/fighting-discrimination/lgbt-persons/; LGBTI Refugees http://
www.humanrightsfirst.org/our-work/refugee-protection/lgbti-refugees/ (accessed 5 July 2013).

Human security report (2005). Vancouver: Human Security Centre. http://www.humansecurityreport.info/.

Humphrey, M. (2007). Ecological Politics and Democratic Theory: The Challenge of the Deliberative Ideal . London: Routledge.

Humphreys, S. (2010). Human Rights and Climate Change . Cambridge: Cambridge University Press.

Hunt, L. (2007). Inventing Human Rights: A History. New York: W. W. Norton.

Huntington, S. (1968). Political Order in Changing Societies. New Haven, CT: Yale University Press.

Huntington, S. (1991). The Third Wave: Democratization in the Late Twentieth Century. Norman, OK: University of Oklahoma Press.

Huseman, J. and Short, D. (2012). 'A slow industrial genocide': Tar sands and the Indigenous peoples of northern Alberta. The International Journal of Human Rights , 16 /1, 216–37.

Hyland, K. E. (2001). Protecting human victims of trafficking: An American framework. Berkeley Women's Law Journal , 16 /1, 29–71.

Hynes, P., Lamb, M., Short, D., and Waites, M. (eds) (2011). Sociology and Human Rights: New Engagements. London: Routledge.

ICG (International Crisis Group) (2001). International criminal tribunal for Rwanda: Justice delayed. Africa report no. 30.

ICG (International Crisis Group) (2007). Darfur's new security reality. Africa report no. 134. http://www.genocidewatch.org/images/Sudan-26-Nov-07-Darfur_s_New_Security_Reality.pdf.

ICHRP (International Centre for Human Rights Policy) (2009). Corruption and Human Rights: Making the Connection . Geneva: ICHRP.

ICISS (International Commission on Intervention and State Sovereignty) (2001). The Responsibility to Protect. Ottawa: International Development Research Centre. http://responsibilitytoprotect.org/ICISS%20Report.pdf.

Ignatieff, M. (1998). The Warrior's Honor: Ethnic War and the Modern Conscience . New York: Chatto & Windus.

Ignatieff, M. (2001). Human rights as politics and idolatry. Human Rights as Politics and Idolatry (ed. Amy Gutmann). Princeton, NJ: Princeton University Press.

Ignatieff, M. (2004). The Lesser Evil: Political Ethics in an Age of Terror . Princeton, NJ: Princeton University Press.

Ignatieff, M. and Gutmann, A. (2001). Human Rights as Politics and Idolatry . Princeton, NJ: Princeton University Press.

IICK (Independent International Commission on Kosovo) (2000). The Kosovo Report. Oxford: Oxford University Press.

Ikenberry, J. (2001). After Victory: Institutions, Strategic Restraint and the Rebuilding of Order After Major Wars. Princeton, NJ: Princeton University Press.

Illich, I. (1997). Development as planned poverty. The Post-Development Reader (ed. M. Rahnema with V. Bawtree). London: Zed Books.

IMF (International Monetary Fund) (various years). Annual reports on exchange arrangements and exchange controls. Washington, DC: IMF.

Immigration Equality (2015). Immigration Basics: Thorny Issues in LGBT/H Asylum Cases. http://www.immigrationequality.org/get-legal-help/ourlegal- resources/immigration-equality-asylummanual/11-immigration-basics-thorny-issues-inlgbth-asylum-cases/ (accessed 19 December 2015).

Inglehart, R. (1997). Modernization and Postmodernization: Cultural, Political and Economic Change in 43 Societies. Princeton, NJ: Princeton University Press.

Ingram, J. and Freestone, D. (2006). Human Rights and Development: Development Outreach. Washington, DC: World Bank Institute.

Institute for the Study of International Migration (ISIM) and Brookings-Bern Project (2008). Global database—guiding principles on internal displacement. http://www.idpguidingprinciples.org/.

International Gay and Lesbian Human Rights Commission (2012) IGLHRC Celebrates Historic UN Panel about Ending Violence and Discrimination Based on Sexuality Orientation and Gender Identity. https://www.outrightinternational.org/content/iglhrc-celebrates-historic-un-panel-about-endingviolence-and-discrimination-based-sexual (accessed 13 November 2013).

International Commission of Jurists and the International Service for Human Rights (no date). The Yogyakarta Principles. http://www.yogyakartaprinciples.org/ (accessed 31 May 2013).

International Gay and Lesbian Human Rights Commission (2013). In Their Own Words: Documenting Violence and Discrimination against Lesbians, Bisexual Women, and Transgender People in Asia . New York: IGLHRC.

International Gay and Lesbian Human Rights Commission (2014). http://iglhrc.org/ (accessed 30 June 2014).

International Lesbian, Gay, Bisexual, Transgender, Queer Youth and Student Organisation (2015a). http://www.iglyo.com/about/ (accessed 9 March 2015).

International Lesbian, Gay, Bisexual, Transgender, Queer Youth and Student Organisation (2015b). What we do. http://www.iglyo.com/what-we-do/ advocacy/ (accessed 9 March 2015).

International Lesbian, Gay, Bisexual, Transgender, Queer Youth and Student Organisation (2015c). State-Sponsored Homophobia. http://old.ilga. org/Statehomophobia/ILGA_State_Sponsored_Homophobia_2015.pdf (accessed 19 December 2015).

International Military Tribunal at Nuremberg (1946). Nuremberg Trial proceedings. Vol. 1. Indictment: Count three—war crimes. http://avalon.law.yale. edu/imt/count3.asp.

International Working Group for Disease Monitoring and Forecasting (1995). Capture-recapture and multiple record systems estimation I: History and theoretical development. American Journal of Epidemiology, 142 /10, 1047–58.

IPCC (International Panel on Climate Change) (2014). Fifth Assessment Report—Synthesis for policy makers http://www.ipcc.ch/pdf/assessment-report/ ar5/syr/AR5_SYR_FINAL_SPM.pdf.

Irwin, M. A. (1996). ‘White slavery’ as metaphor: Anatomy of a moral panic. Ex Post Facto: The History Journal, 5 . http://www.walnet.org/csis/papers/irwin-wslavery.html.

Ishay, M. (ed.) (1997). The Human Rights Reader: Major Political Writings, Essays, Speeches, and Documents From the Bible to the Present . New York: Routledge.

Ishay, M. R. (2004). The History of Human Rights: From Ancient Times to the Globalization Era . Berkeley, CA: University of California Press.

Jabine, T. B. and Claude, R. P. (eds) (1992). Human Rights and Statistics: Getting the Record Straight . Philadelphia, PA: University of Pennsylvania Press.

Jabri, V. (2007). War and the Transformation of Global Politics. Basingstoke: Palgrave.

Jackson, R. (1990). Quasi-States: Sovereignty, International Relations and the Third World. Cambridge: Cambridge University Press.

Jahic, G. and Finckenauer, J. O. (2005). Representations and misrepresentations of human trafficking. Trends in Organized Crime , 8 /3, 24–40.

James, A. and Prout, A. (eds) (1990). Constructing and Reconstructing Childhood: Contemporary Issues in the Sociological Study of Childhood. London: Routledge.

James, A. and Prout, A. (eds) (1997). Constructing and Reconstructing Childhood: Contemporary Issues in the Sociological Study of Childhood (2nd edn). London: Routledge.

Jay, Alexis (2014). Independent Inquiry into Child Sexual Exploitation in Rotherham(1997-2013). Rotherham: Rotherham Metropolitan Borough Council. http://www.rotherham.gov.uk/downloads/file/1407/independent_inquiry_cse_in_rotherham.

Johansson Dahre, U. (2010). There are no such things as universal human rights—On the predicament of Indigenous peoples, for example. The International Journal of Human Rights , 14 /4, 641–57.

Johnstone, D. (2003). Fools' Crusade: Yugoslavia, NATO, and Western Delusions . New York: Monthly Review Press.

Jolly, R. (1999). Human development and neoliberalism, paradigms compared. Readings in Human Development (ed. S. Fukuda-Parr and A. K. Shiva Kumar). New Delhi: Oxford University Press.

Jolly, R. (2004). Global goals: The United Nations experience. Journal of Human Development , 5 /1, 69–95.

Jones, B. (2001). Peacemaking in Rwanda: The Dynamics of Failure . Boulder, CO: Lynne Rienner.

Jones, P. (1999a). Group rights and group oppression. The Journal of Political Philosophy, 7 /4, 353–77.

Jones, P. (1999b). Human rights, group rights, and people's rights. Human Rights Quarterly , 21 /1, 80–107.

Jones, P. (ed.) (2008a). Group Rights . Aldershot: Ashgate.

Jones, P. (2008b). Group rights. The Stanford Encyclopedia of Philosophy (Winter edn) (ed. E. N. Zalta). http://plato.stanford.edu/entries/rights-group/.

Jordan-Zachery, J. S. (2007). Am I a black woman or a woman who is black? A few thoughts on the meaning of intersectionality. Politics & Gender , 3 /2, 254–63.

Junf, A., Knaup, H., Shafy, S., and Zand, B. (2015). The warming world: Is capitalism destroying our planet? Speigal Online International , 14 April. http://www. spiegel.de/international/world/climage-change-failedefforts-to-combat-global-warming-a-1020406.html.

Kaase, M. and Newton, K. (1995). Beliefs in Government, Vol. V. Oxford: Oxford University Press.

Kaldor, M. (2003). Global Civil Society: An Answer to War. Cambridge: Polity.

Kalyvas, S. (2006). The Logic of Violence in Civil War. New York: Cambridge University Press.

Kamenka, E. (1978). The anatomy of an idea. Human Rights (ed. E. Kamenka and A. Erh-Soon Tay). Port Melbourne: Edward Arnold.

Kant, I. (1991). Perpetual peace: A philosophical sketch. Political Writings (ed. H. Reiss). Cambridge: Cambridge University Press.

Kant, I. (2002). Groundwork for the Metaphysics of Morals (trans. A. W. Wood). New Haven, CT: Yale University Press.

Kanyongo, G. Y. (2005). Zimbabwe's public education system reforms: Successes and challenges. International Education Journal , 6 /1, 65–74.

Kaoma, K. (2014). Warning: US LGBTQ organizations falling into Uganda's anti-homosexuality trap. Political Research Associates , February 20. http://www. politicalresearch.org/2014/02/20/warning-u-s-lgbtqorganizations-falling-into-ugandas-anti-homosexualitytrap/ (accessed 21 February 2014).

Karklins, R. and Petersen, R. (1993). Decision calculus of protesters and regimes: Eastern Europe 1989. Journal of Politics, 55 /3, 588–614.

Keal, P. (2003). European Conquest and the Rights of Indigenous Peoples: The Moral Backwardness of International Society. Cambridge: Cambridge University Press.

Keating, C. (2013). On the interplay of state homophobia and state homoprotectionism. Global Homophobia: States, Movements, and the Politics of Oppression (ed. M. L. Weiss and M. J. Bosia). Urbana, IL: University of Illinois Press.

Keck, M. E. and Sikkink, K. (1998). Activists Beyond Borders: Advocacy Networks in International Politics. Ithaca, NY: Cornell University Press.

Keller-Herzog, A. (1996). Globalisation and gender: Development perspectives and interventions. Discussion paper: Women in Development and Gender Equity Division Policy Branch. Canada: Canadian International Development Agency.

Kempadoo, K. (ed.) (2005a). Trafficking and Prostitution Reconsidered . Boulder, CO: Paradigm Publishers.

Kempadoo, K. (2005b). From moral panic to global justice: Changing perspectives on trafficking. Trafficking and Prostitution Reconsidered (ed. K. Kempadoo). Boulder, CO: Paradigm Publishers.

Kenen, P. B. (1994). The International Economy (3rd edn). Cambridge: Cambridge University Press.

Khiddu-Makubuya, E. (1989). Paramilitarism and human rights. Conflict Resolution in Uganda (ed. K. Rupesinghe). Oslo: International Peace Research Institute.

Kiernan, B. (2007). Blood and Soil: A World History of Genocide and Extermination from Sparta to Darfur. New Haven, CT: Yale University Press.

Kim Dae, J. (1994). Is culture destiny: The myth of Asia's anti-democratic values; a response to Lee Kuan Yew. Foreign Affairs, 73 /6, 189+.

King, J. (2000). Exploring the ameliorating effects of democracy on political repression: Cross-national evidence. Paths to State Repression: Human Rights Violations and Contentious Politics (ed. C. Davenport). Boulder, CO: Rowman and Littlefield.

King, M. (1997). A Better World for Children? Explorations in Morality and Authority . London: Routledge.

Kinley, D. and Joseph, S. (2002). Multinational corporations and human rights. Alternative Law Journal, 27 /1, 7–11.

Kirmayer, L. J. and Valaskakis, G. G. (eds) (2009). Healing Traditions . Vancouver: PN UBC Press.

Kirsch, P. and Holmes, J. T. (1999). The birth of the International Criminal Court: The 1998 Rome conference. Canadian Yearbook of International Law , 36 , 3–39.

Kishlansky, M.C et al. (1995). Civilizations in the West. New York: HarperCollins.

Klein, N. (2014). This Changes Everything: Capitalism vs the Climate . New York: Simon & Schuster.

Koch, I. E. (2009). Human Rights as Indivisible Rights: The Protection of Socio-Economic Demands under the European Convention on Human Rights . Dordrecht: Martinus Nijhoff.

Kollman, K. and Waites, M. (2009). The global politics of lesbian, gay, bisexual and transgender human rights: An introduction. Contemporary Politics , 15 /1, 1–17.

Kopecky, P. and Mudde, C. (eds) (2003). Uncivil Society? Contentious Politics in Post-Communist Europe. London: Routledge.

Korey, W. (1999). Human rights NGOs: The power of persuasion. Ethics and International Affairs , 13 /1, 151–74.

Kramer, P. (2008). The water cure. The New Yorker, 25 February.

Kramnick, I. (ed.) (1995). The Portable Enlightenment Reader. London: Penguin.

Krasner, S. (1999). Sovereignty: Organized Hypocrisy. Princeton, NJ: Princeton University Press.

Kraut, A. (1996). Records of the Immigration and Naturalization Service. Series A: Subject Correspondence Files. Part 5: Prostitution and ‘White Slavery,’1902–1933 . Bethesda, MD: University Publications of America.

Kritz, N. J. (ed.) (1995). Transitional Justice: How Emerging Democracies Reckon with Former Regimes. Washington, DC: United States Institute of Peace Press.

Kucera, D. (2001). The effects of core workers rights on labour costs and foreign direct investment: Evaluating the conventional wisdom. IILS working paper no. 130. International Labour Organization. http://ssrn.com/abstract=313079.

Kuper, A. (1999). Culture: The Anthropologists’ Account. Cambridge, MA: Harvard University Press.

Kuper, L. (1981). Genocide: Its Political Use in the Twentieth Century . New Haven, CT: Yale University Press.

Kuperman, A. (2001). The Limits of Humanitarian Intervention: Genocide in Rwanda. Washington, DC: Brookings Institution Press.

Kuperman, A. (2008). The moral hazard of humanitarian intervention: Lessons from the Balkans. International Studies Quarterly , 52 /1, 49–80.

Kuperman, A. (2011). False pretense for war in Libya? Boston Globe , 14 April, A19. www.boston.com/bostonglobe/editorial_opinion/oped/articles/2011/04/14/false_pretense_for_war_in_libya/.

Kuperman, A. (2013). A model humanitarian intervention? Reassessing NATO’s Libya campaign. International Security , 38 /1, 105–36.

Kuperman, A. (2015). Obama’s Libya debacle: How a well-meaning intervention ended in failure. Foreign Affairs, 94 /2, 66–77.

Kurzman, C. (1998). Introduction: Liberal Islam and its Islamic context. Liberal Islam: A Sourcebook (ed. C. Kurzman). Oxford: Oxford University Press.

Kurzman, C. (1999). Liberal Islam, prospects and challenges. Middle East Review of International Affairs, 3 /3 September, 11-19.

Kymlicka, W. (1995). Multicultural Citizenship: A Liberal Theory of Minority Rights . Oxford: Oxford University Press.

La.di, Z. (1998). A World Without Meaning: The Crisis of Meaning in International Relations. London: Routledge.

Lamony, S. A. (2014). International Justice and the ICC: Neither ‘Europe’s Court for Africa’ nor ‘Africa’s Court’. Debating The Endtimes of Human Rights (ed. D. Lettinga and L. van Troos). Amsterdam: Amnesty International Netherlands.

Landau, D. (2012). The reality of social rights enforcement. Harvard International Law Journal , 53 /1, 401–59.

Landau Commission Report (1989). Israel Law Review, 23 /2-3.

Landman, T. (2002). Comparative politics and human rights. Human Rights Quarterly, 24 /4, 890–923.

Landman, T. (2004). Measuring human rights: Principle, practice, and policy. Human Rights Quarterly, 26 /4, 906–31.

Landman, T. (2005a). Review article: The political science of human rights. British Journal of Political Science, 35 /3, 549–72.

Landman, T. (2005b). Protecting Human Rights: A Global Comparative Study . Washington, DC: Georgetown University Press.

Landman, T. (2006a). Holding the line: Human rights defenders in the age of terror. British Journal of Politics and International Relations , 8 /2, 123–47.

Landman, T. (2006b). Studying Human Rights . London: Routledge.

Landman, T. (2013). Human Rights and Democracy: The Precarious Triumph of Ideals . London: Bloomsbury Academic.

Landman, T. (2015). Issues and Methods in Comparative Politics: An Introduction . London and Oxford: Routledge.

Landman, T. and Carvalho, E. (2009). Measuring Human Rights . London and Oxford: Routledge.

Landman, T. and H.usermann, J. (2003). Map-making and analysis of the main international initiatives on developing indicators on democracy and good governance. Report for the Statistical Office of the Commission of the European Communities (EUROSTAT). Human Rights Centre, University of Essex.

Landman, T., Kernohan, D., and Gohdes, A. (2012). Relativising human rights. Journal of Human Rights, 11 /4, 460–85.

Langbein, J. H. (1977). Torture and the Law of Proof: Europe and England in the Ancien Régime . Chicago, IL: University of Chicago Press.

Langlaude, S. (2010). The rights of religious associations to external relations: A comparative study of the OSCE and the Council of Europe. Human Rights Quarterly , 32 /3, 502–29.

Langlaude, S. (2011). The rights of religious associations to external relations: A comparative study of the OSCE and the Council of Europe. Human Rights Quarterly, 32 /3, 502–29.

Langlois, A. J. (2001). The Politics of Justice and Human Rights. Cambridge: Cambridge University Press.

Langlois, A. J. (2004). The elusive ontology of human rights. Global Society, 18 /3, 243–61.

Langlois, A. J. (2009). Normative and theoretical foundations of human rights. Human Rights: Politics and Practice (1st edn) (ed. M. Goodhart). Oxford: Oxford University Press.

Las Casas, B. de (1992). The Devastation of the Indies: A Brief Account. Baltimore, MD: Johns Hopkins University Press.

Lattimer, M. (2010). Peoples under threat 2010 (ed. Preti Taneja). State of the World's Minorities and Indigenous Peoples. London: Minority Rights Group. http://minorityrights.org/publications/state-ofthe-worlds-minorities-and-indigenous-peoples-2010-july-2010/.

Laughland, J. (2007). Travesty: The Trial of Slobodan Miloševi´c and the Corruption of International Justice . London: Pluto.

Lauren, P. G. (1998). The Evolution of International Human Rights: Visions Seen . Philadelphia, PA: University of Pennsylvania Press.

Lautsi v. Italy . (2011) ( Judgment of 3 November 2009). No. 30814/06 [Lautisi I ]; GC Judgment of 18 March 2011 [Lautsi II].

Layla Şahin = v. Turkey. (10 November 2005). European Court of Human Rights. No. 44774/98.

Leader, N. (1998). Proliferating principles; or how to sup with the Devil without getting eaten. Disasters, 22 /4, 288–308.

League of Nations (1926). Slavery, servitude, forced labour and similar institutions and practices: Convention of 1926 (Slavery Convention of 1926). 60 L.N.T.S. 253. Entered into force 9 March 1927.

Lechner, F. J. and Boli, J. (eds) (2004). The Globalization Reader. Malden, MA: Blackwell.

Lee, E., Bristow, J., Faircloth, C., and Macvarish, J. (eds) (2014). Parenting Culture Studies. Basingstoke: Palgrave.

Lemarchand, R. (1970). Rwanda and Burundi. London: Pall Mall.

Lemkin, R. (1944). Axis Rule in Occupied Europe: Laws of Occupation, Analysis of Government, Proposals for Redress. New York: Columbia.

Lemkin, R. (1947). Genocide as a crime under international law. American Journal of International Law, 41 /1, 145–51.

Lercher, A. (2007). Are there any environmental rights? Environmental Values , 16 /3, 355–68.

Lerner, D. (1958). The Passing of Traditional Society: Modernizing the Middle East . Glencoe, IL: Free Press.

Lerner, D. (1967). Comparative analysis of processes of modernisation. The City in Modern Africa (ed. H. Miner). London: Pall Mall.

Lesch, A. (1998). The Sudan: Contested National Identities . Bloomington, IN: Indiana University Press.

Levene, M. (2005). Genocide in the Age of the Nation State. London: I. B. Tauris.

Levin, M. (1982). The case for torture. Newsweek , 7 June.

LeVine, R., Klein, N., and Owen, C. (1967). Fatherchild relationships and changing life-styles in Ibadan, Nigeria. The City in Modern Africa (ed. H. Miner). London: Pall Mall.

Levinson, S. (ed.) (2004). Torture: A Collection. Oxford: Oxford University Press.

Levitsky, S. and Way, L. (2002). The rise of competitive authoritarianism. Journal of Democracy, 13/2, 51–65.

Lewis, D. (2002). Civil society in African contexts: Reflections on the usefulness of a concept. Development and Change , 33 /4, 569–86.

Lewis, N. (1998). Human rights, law and democracy in an unfree world. Human Rights Fifty Years On: An Appraisal (ed. T. Evans). Manchester: Manchester University Press.

Li, Q. and Resnick, A. (2003). Reversal of fortunes: Democratic institutions and foreign direct investment inflows to developing countries. International Organization , 57 /1, 1–37.

Lichbach, M. I. (1995). The Rebel's Dilemma. Ann Arbor, MI: University of Michigan Press.

Lijnzaad, L. (1995). Reservations to UN-Human Rights Treaties: Ratify and Ruin? The Hague: Martinus Nijhoff.

Likosky, M. (2003). Mitigating human rights risks under state-financed and privatized infrastructure projects. Indiana Journal of Global Legal Studies , 10 /2, 65–85.

Lim, L. L. (ed.) (1998). The Sex Sector . Geneva: International Labour Office.

Lipschutz, R. D. and Rowe, J. K. (2005). Regulation for the Rest of Us? Globalization, Governmentality, and Global Politics. London: Routledge

Lipset, S. M. (1959). Some social requisites of democracy: Economic development and political legitimacy. American Political Science Review , 53 /1, 69–105.

Locke, J. (1952). The Second Treatise of Government (ed. T. P. Peardon). Indianapolis, IN: Bobbs-Merrill.

Locke, J. (1960). Two Treatises of Government. Cambridge: Cambridge University Press.

Locke, J. (1988 [1688]). Two Treatises of Government. Cambridge: Cambridge University Press.

Loescher, G. (2001). The UNHCR and World Politics: A Perilous Path . Oxford: Oxford University Press.

Loescher, G., Milner, J., Newman, E., and Troeller, G. (eds) (2008). Protracted Refugee Situations: Political, Security and Human Rights Implications. Tokyo: United Nations University Press.

Loftin, C. M. (2012). Masked Voices: Gay Men and Lesbians in Cold War America . New York: SUNY.

Long, L. D. (2004). Anthropological perspectives on the trafficking of women for sexual exploitation. International Migration, 42 /1, 5–31.

Lowen, M. (2014). Islamic State crisis: The 13-year-old on 'righteous path'. BBC, 6 November. http://www.bbc.co.uk/news/world-middle-east-29921816.

Luttwak, E. (1999). Give war a chance. Foreign Affairs, 78 /4, 36–44.

Lutz-Bachmann, M. and Nascimento, A. (eds) (2014). Human Rights, Human Dignity, and Cosmopolitan Ideals: Essays on Critical Theory and Human Rights . Burlington, VT: Ashgate.

Lyman, P. N. and Beecroft, R. M. (2014). Using Special Envoys in High-Stakes Conflict Diplomacy. Washington, DC: United States Institute of Peace.

Maastricht Guidelines on Violations of Economic, Social and Cultural Rights (1997). Maastricht, 22–6 January. https://www.escr-net.org/docs/i/425804.

McCall, L. (2005). The complexity of intersectionality. Signs: Journal of Women in Culture and Society, 30 /3, 1771–800.

McCamant, J. F. (1981). Social science and human rights. International Organization, 35 /3, 531–52.

Macchi, M. with Oviedo, G., Gotheil, S., Cross, K., Boedhihartono, A., Wolfangel, C., and Howell, M. (2008). Indigenous and traditional peoples and climate change—Issues paper, March. Gland: IUCN. http://cmsdata.iucn.org/downloads/indigenous_peoples_climate_change.pdf.

McCorquodale, R. and Fairbrother, R. (1999). Globalization and human rights. Human Rights Quarterly, 21 /3, 735–66.

McGillivray, Anne (1994). Why children do have equal rights: In reply to Laura Purdy. The International Journal of Children’s Rights . 2 /3, 243–58.

MacKenzie, L. (1993). Peacekeeper: The Road to Sarajevo. Vancouver: Douglas & McIntyre.

MacKinnon, C. (1987). Feminism Unmodified: Discourses on Life and Law . Cambridge, MA: Harvard University Press.

MacKinnon, C. (1993). Crimes of war, crimes of peace. On Human Rights: The Oxford Amnesty Lectures (ed. S. Shute and S. L. Hurley). New York: Basic Books.

Macklin, R. (1981). Can future generations correctly be said to have rights? Responsibilities to Future Generations (ed. E. Partridge). Buffalo, NY: Prometheus Books.

MacMahon, P. (2007). Parties reject call for legal smacking ban. Scotsman , 23 January.

Mahoney, J. (2007). The Challenge of Human Rights . Oxford: Blackwell Publishing.

Malik, S. and Siddique, H. (2015). ‘Britain’s youngest suicide bomber’ mourned by West Yorkshire family. The Guardian , 15 June 2015. www.theguardian.com/world/2015/jun/14/west-yorkshire-teenager-talha-asmal-britain-youngest-suicide-bomber.

Malinowski, B. (1945). The Dynamics of Culture Change: An Inquiry into Race Relations in Africa (ed. Phyllis M. Kaberry). New Haven: Yale University Press.

Mamdani, M. (2001). When Victims Become Killers: Colonialism, Nativism, and the Genocide in Rwanda. Princeton, NJ: Princeton University Press.

Mani, R. (2008). Editorial: Dilemmas of expanding transitional justice, or forging the nexus between transitional justice and development. International Journal of Transitional Justice, 2 /3, 253–65.

Mann, M. (2005). The Dark Side of Democracy: Explaining Ethnic Cleansing . New York: Cambridge University Press.

Marcuse, H. (1964). One Dimensional Man: Studies in the Ideology of Advanced Industrial Society. London: Routledge.

Maritain, J. (1947). The possibilities for co-operation in a divided world. Inaugural address to the Second International Conference of UNESCO, 6 November.

Maritain, J. (1949). Introduction. Human Rights: Comments and Interpretations . New York: Columbia University Press.

Marshall, G. (2014). Don’t Even Think About it: Why Our Brains are Wired to Ignore Climate Change. New York: Bloomsbury.

Marshall, M. G. and Jaggers, K. (2000). Polity IV Project: Political regime characteristics and transitions, 1800-1999. Data users manual.

Marshall, T. H. (1965). Citizenship and social class. Sociology at the Crossroads and Other Essays. London: Heinemann.

Martinez, J. (2008). Antislavery courts and the dawn of international human rights law. Yale Law Journal, 117 /4, 550–641.

Martinez-Alier, J. (2003). Mining conflicts, environmental justice, and valuation. Just Sustainabilities: Development in an Unequal World (ed. J. Agyeman, R. D. Bullard, and B. Evans). London: Earthscan.

Martinez-Cobo, J. (1986). Study of the problem of discrimination against Indigenous populations. UN Doc. E/CN.4/Sub.2/1986/7 and Add. 1–4, paragraph 379. http://www.un.org/esa/socdev/unpfii/documents/MCS_xvii_en.pdf.

Marx, K. (1987). On ‘the Jewish question’. Nonsense Upon Stilts: Bentham, Burke and Marx on the Rights of Man (ed. J. Waldron). London: Methuen.

Marx, K. (1990). Capital: A Critique of Political Economy, Vol. I. London: Penguin.

Maxfield, S. (1998). Understanding the political implications of financial internationalization in emerging market countries. World Development , 26 /7, 1201–19.

May, J. D’Arcy. (2012). A Mounting East-West Tension: Buddhist-Christian Dialogue on Human Rights, Social Justice, and a Global Ethic (Review). Buddhist-Christian Studies , 32/1, 167–71.

May, M. (2006). San Francisco is hub for trafficking for sexual exploitation. San Francisco Chronicle, 6 November.

Mayer, A. E. (2007). The Islam and human rights nexus: Shifting dimensions. Muslim World Journal of Human Rights , 4 /1, 1–27.

Mead, M. (ed.) (1953). Cultural Patterns and Technical Change. Paris: UNESCO with the World Federation for Mental Health.

Mead, M. and Wolfenstein, M. (1955). Childhood in Contemporary Cultures. Chicago, IL: Chicago University Press.

Mears, R. R. (1995). The impact of globalization on women and work in the Americas. Women's Rights Committee Inter-American Bar Association Conference, Quito, Ecuador.

Medcalf, L. (1978). Law and Identity: Lawyers, Native Americans and Legal Practice . Beverly Hills, CA: Sage.

Medway Council (2015). Medway Council v A & Ors (Learning Disability; Foster Placement) [2015] EWFC B66 (2 June 2015). http://www.bailii.org/ ew/cases/EWFC/OJ/2015/B66.html.

Meijknecht, A. (2001). Towards International Personality: The Position of Minorities and Indigenous Peoples in International Law . Antwerp: Intersentia.

Melson, R. (1992). Revolution and Genocide: On the Origins of the Armenian Genocide and the Holocaust. Chicago, IL: University of Chicago Press.

Mendus, S. (1995). Human rights in political theory. Political Studies ,43 /Special issue, 10–24.

Merrills, J. G. (1996). Environmental protection and human rights: Conceptual aspects. Human Rights Approaches to Environmental Protection (ed. A. E. Boyle and M. R. Anderson). Oxford: Clarendon.

Merry, S. E. (2005). Human Rights and Gender Violence: Translating International Law into Local Justice. Chicago, IL: University of Chicago Press.

Merry, S. E. (2006). Transnational human rights and local activism: Mapping the middle. American Anthropologist, 'In focus: Anthropology and human rights in a new key', 108 /1, 38–51.

Mertus, J. (2009). The United Nations and Human Rights: A Guide for a New Era . London: Routledge.

Meyer, W. H. (1996). Human rights and MNCs: Theory versus quantitative analysis. Human Rights Quarterly, 18 /2, 368–97.

Meyer, W. H. (1998). Human Rights and International Political Economy in Third World Nations . Westport, CT: Praeger.

Midlarsky, M. (2005). The Killing Trap: Genocide in the Twentieth Century . New York: Cambridge University Press.

Mi.ville, C. (2005). Between Equal Rights: A Marxist Theory of International Law . Leiden and Boston: Brill.

Milanović , D. (1992). Postmodern Law and Disorder. Liverpool: Deborah Charles Publications.

Milgram, S. (1974). Obedience to Authority: An Experimental View. New York: Harper Collins.

Mill, J. S. (1972). On liberty. John Stuart Mill: Utilitarianism, on Liberty, Considerations on Representative Government (ed. H. B. Acton). London: Everyman.

Mill, J. S. (1985). On Liberty. London: Penguin.

Miller, R., Ruru, J., Behrendt, L., and Lindberg, T. (2012). Discovering Indigenous Lands: The Doctrine of Discovery in the English Colonies. Oxford: Oxford University Press.

Mills, C. W. (1997). The Racial Contract. Ithaca, NY: Cornell University Press.

Milner, W., Poe, S., and Leblang, D. (1999). Security rights, subsistence rights, and liberties: A theoretical survey of the empirical landscape. Human Rights Quarterly, 21/2, 403–44.

Minogue, K. (1979). The history of the idea of human rights. The Human Rights Reader (ed. W. Laquer and B. Rubin). New York: New Amsterdam Library.

Minow, M. (1990). Making All the Difference: Inclusion, Exclusion and American Law. Ithaca, NY: Cornell University Press.

Minow, M. (1998). Between Vengeance and Forgiveness. Boston, MA: Beacon.

Mitchell, C., Stohl, M., Carleton, D., and Lopez, G. (1986). State terrorism: Issues of concept and measurement. Government Violence and Repression: An Agenda for Research (ed. M. Stohl and G. Lopez). New York: Greenwood.

Mitchell, N. J. and McCormick, J. M. (1988). Economic and political explanations of human rights violations. World Politics, 40/4, 476–98.

Moghadam, V. M. (1993). Gender Dynamics of Restructuring in the Semi-Periphery. WIDER Research for Action Series. New York: United Nations University.

Mokhtari, S. (October 2004). The search for human rights within an Islamic framework in Iran. The Muslim World, 94/4, 469–79.

Monshipouri, M., Welch, C., and Kennedy, E. (2003). Multinational corporations and the ethics of global responsibility: Problems and possibilities. Human Rights Quarterly, 25/4, 965–89.

Montesquieu, Baron de (1949 [1748]).The Spirit of the Laws. New York: Hafner Publishing.

Moravscik, A. (2000). The origins of human rights regimes: Democratic delegation in postwar Europe. International Organization, 54/2, 217–52.

Morgan, R. (2004). Advancing Indigenous rights at the United Nations: Strategic framing and its impact on the normative development of international law. Social and Legal Studies, 13/4, 481–500.

Morgenthau, H. (1948). Politics Among Nations. New York: Knopf.

Morris, L. (2006). Sociology and rights: An emergent field. Rights: Sociological Perspectives (ed. L. Morris). New York: Routledge.

Morsink, J. (1999). Cultural genocide, the universal declaration, and minority rights. Human Rights Quarterly, 21 /4, 1009–60.

Morsink, J. (2000). The Universal Declaration of Human Rights: Origins, Drafting, and Intent. Philadelphia, PA: University of Pennsylvania Press.

Moyn, S. (2010). The Last Utopia: Human Rights in History. Cambridge, MA: Belknap Press of Harvard University.

Moyn, S. (2014). A powerless companion: Human rights in the age of neoliberalism. Law and Contemporary Problems, 77 /4, 147–69.

Muehlebach, A. (2003). What self in self-determination? Notes from the frontiers of transnational Indigenous activism. Identities: Global Studies in Culture and Power, 10 /2, 241–68.

Muller, E. N. (1985). Income inequality, regime repressiveness, and political violence. American Sociological Review, 50 /1, 47–61.

Munck, G. and Verkuilen, J. (2002). Conceptualizing and measuring democracy: Evaluating alternative indices. Comparative Political Studies, 35 /1, 5–35.

Murdie, A. and Peksen, D. (2013). The impact of human rights INGO activities on economic sanctions. Review of International Organizations , 8 /1, 33–53.

Murdie, A. and Peksen, D. (2014). The impact of human rights INGO shaming on humanitarian interventions. Journal of Politics , 76 /1, 215–28.

Murray, A. F. (2008). From Outrage to Courage: Women Taking Action for Health and Justice. Monroe, ME: Common Courage Press.

Murray, P. (1951). State Laws on Race and Color. Athens, GA: University of Georgia Press.

Museveni, Y. K. (1997). Sowing the Mustard Seed. London: Macmillan.

Mutua, M. W. (1996). The ideology of human rights. Virginia Journal of International Law , 36 , 589–657.

Mutua, M. (2001). Savages, victims and saviours: The metaphor of human rights. Harvard International Law Journal, 42 /1, 201–45.

Mutua M. (2013). Human Rights: A Political and Cultural Critique. Philadelphia, PA: University of Pennsylvania Press.

Muzaffar, C. (2002). Rights, Religion, and Reform: Enhancing Human Dignity through Spiritual and Moral Transformation. London: Routledge.

Nagel, T. (1979). Mortal Questions. Cambridge: Cambridge University Press.

Narayan, D. with Patel, R., Schafft, K., Radenmacher, A., and Koch-Schulte, S. (2000). Voices of the Poor: Can Anyone Hear Us?  Oxford: Oxford University Press.

Narayan, D., Chambers, R., Kaul Shah, M., and Petesch, P. (eds) (2000). Voices of the Poor: Crying Out for Change . Oxford: Oxford University Press.

Narayan, U. (1997). Dislocating Cultures: Identities, Traditions, and Third-World Feminism. New York: Routledge.

Narayan, U. (1998). Essence of culture and a sense of history: A feminist critique of cultural essentialism. Hypatia , 13 /2, 86–106.

Neal, D. and Rick, A. (2014). The prison boom and the lack of black progress after Smith and Welch. NBER Working Paper No. 20283. http://www.nber.org/ papers/w20283.pdf.

Neier, A. (2003). Taking Liberties: Four Decades in the Struggle for Rights . New York: Public Affairs.

Nell, V. (2006). Cruelty's rewards: The gratifications of perpetrators and spectators. Behavioral and Brain Sciences, 29 /3, 211–24.

Nelson, J. (1969). Migrants, Urban Poverty, and Instability in Developing Nations . Occasional Papers in International Affairs, 22 Cambridge, MA: Center for International Affairs, Harvard University.

Nelson, J. M. (1987). Political participation. Understanding Political Development (ed. M. Weiner and S. Huntington). London: Little, Brown.

Nelson, P. and Dorsey, E. (2003). At the nexus of human rights and development: New methods and strategies of global NGOs. World Development, 31 /12, 2013–26.

Neumann, F. (1996). The concept of political freedom. The Rule of Law under Siege: Selected Essays of Franz L. Neumann and Otto Kirchheimer (ed. S. William and S. Scheuerman). Berkeley, CA: University of California Press.

Neumayer, E. (2005). Do international human rights treaties improve respect for human rights? Journal of Conflict Resolution, 49 /6, 925–53.

new economics foundation (2006). The UK Interdependence Report: How the World Sustains the Nation's Lifestyles and the Price it Pays. London: new economics foundation.

Newbury, C. (1988). The Cohesion of Oppression: Clientship and Ethnicity in Rwanda, 1860-1960. New York: Columbia.

Nickel, J. W. (1993). The human right to a safe environment. Yale Journal of International Law, 18 /1, 281–95.

Nickel, J. W. (2007). Making Sense of Human Rights (2nd edn). Oxford: Blackwell Publishing.

Nieuwenhuys, O. (2000). The household economy and the commercial exploitation of children's work: The case of Kerala. The Exploited Child (ed. B. Schlemmer). London: Zed Books.

Nieuwenhuys, O. (2001). By the sweat of their brow? Street children, NGOs and children's rights in Addis Ababa. Africa , 71 /4, 539–57.

Niezen, R. (2003). The Origins of Indigenism. Berkeley, CA: University of California Press.

Nino, C. S. (1991). The Ethics of Human Rights. Oxford: Oxford University Press.

Nitzan, J. and Bichler, S. (2000). Capital accumulation: Breaking the dualism of 'economics' and 'politics'. Global Political Economy: Contemporary Theories (ed. R. Palan). London: Routledge.

North, D. (1990). Institution, Institutional Change and Economic Performance . Cambridge: Cambridge University Press.

Nuccitelli, D. (2015). Climatology versus Pseudoscience: Exposing the Failed Predictions of Global Warming Skeptics. Santa Barbara: Praeger.

Nussbaum, M. (1997a). Capabilities and human rights. Fordham Law Review , 66. Reprinted in Hayden, P. (ed.) (2001). The Philosophy of Human Rights . St Paul, MN: Paragon House.

Nussbaum, M. (1997b). Human rights theory: Capabilities and human rights. Fordham Law Review, 66, 273–300.

Nussbaum, M. (2000a). Aristotle, politics, and human capabilities: A response to Antony, Arneson, Charlesworth, and Mulgan. Ethics , 111 /1, 102–40.

Nussbaum, M. (2000b). Women and Human Development: The Capabilities Approach. Cambridge: Cambridge University Press.

Nussbaum, M. C. (2010). Liberty of Conscience: In Defense of America's Tradition of Religious Equality . New York: Basic Books.

Nussbaum, M. C. (2012). The New Religious Intolerance: Overcoming the Politics of Fear in an Anxious Age. Cambridge, MA, and London: The Belknap Press of Harvard University Press.

Nwankwo, E., Phillips, N., and Tracey, P. (2007). Social investment through community enterprise: The case of multinational corporations involvement in the development of Nigerian water resources. Journal of Business Ethics, 73 /1, 91–101.

OAU (Organisation of African Unity) (1990). African Charter on the Rights and Welfare of the Child.

OAU Doc. CAB/LEG/24.9/49 (1990). Entered into force 29 November, 1999.

OAU (Organisation of African Unity) (2000). Rwanda: The preventable genocide. The report of the International Panel of Eminent Personalities to investigate the 1994 genocide in Rwanda and the surrounding events. Presented by Sir Ketumile Masire. xxii, 318 S. Addis Ababa: Organization of African Unity/IPEP.

Oberleitner, G. (2007). Global Human Rights Institutions. Cambridge: Polity.

OECD (Organisation for Economic Co-operation and Development) (1996). Shaping the 21st Century: The Contribution of Development Co-operation. Paris: PN OECD.

OECD/DAC (Organisation for Economic Co-operation and Development/Development Assistance Committee) (2007). DAC Action-oriented paper on human rights and development. DCD/DAC (2007) 15. Paris: OECD.

Ofcansky, T. P. (1996). Uganda: Tarnished Pearl of Africa. Boulder, CO: Westview.

OHCHR (Office of the High Commissioner for Human Rights) (1993). Fact sheet no. 19, National Institutions for the Promotion and Protection of Human Rights. http://www.ohchr.org/Documents/Publications/FactSheet19en.pdf.

OHCHR (Office of the High Commissioner for Human Rights) (2004). Human Rights and Poverty Reduction: A Conceptual Framework. New York: United Nations. http://www.ohchr.org/Documents/Publications/PovertyReductionen.pdf.

OHCHR (Office of the High Commissioner for Human Rights) (2006). Frequently Asked Questions on a Human Rights-Based Approach to Development Cooperation. New York: United Nations. http://www. ohchr.org/Documents/Publications/FAQen.pdf.

OHCHR (Office of the High Commissioner for Human Rights) (2007). Mary Robinson, United Nations High Commissioner for Human Rights (1997–2002). http://www.unhchr.ch/html/hchr/unhc.htm.

OHCHR (Office of the High Commissioner for Human Rights) (2008). Claiming the Millennium Development Goals: A Human Rights Approach. New York: United Nations.

OHCHR (Office of the High Commissioner for Human Rights) (2012). Born Free and Equal: Sexual Orientation and Gender Identity in International Human Rights Law. New York and Geneva: OHCHR. http:// www.ohchr.org/Documents/ Publications/Born-FreeAndEqualLowRes.pdf.

Olson, M. (1993). Dictatorship, democracy and development. American Political Science Review, 87 /3, 567–76.

Olympia Monthly Meeting of the Religious Society of Friends (2014). Friends New Underground Railroad. http://www.friendsjournal.org/fnur/ (accessed 15 July 2014).

O’Neill, J. (2007). Markets, Deliberation and Environmental Value. London: Routledge.

O’Neill, O. (1992). Children’s Rights and Children’s Lives. Children, Rights and the Law (ed. P. Alston, S. Parker, and J. Seymour). Oxford: Clarendon.

Oosterveld, V. L. (1999). The making of a gendersensitive international criminal court. International Law FORUM du droit international , 1 /1, 38–41.

Ophuls, W. (1977). Ecology and the Politics of Scarcity. San Francisco, CA: Freeman.

Orbinski, J. (1999). Nobel lecture by James Orbinski, M.decins Sans Fronti.res, Oslo, 10 December. http://nobelprize.org/nobel_prizes/peace/laureates/1999/msf-lecture.html.

Orchard, P. (2014). A Right to Flee: Refugees, States and the Construction of International Cooperation. Cambridge: Cambridge University Press.

Orchard, P. (2016). Protecting the Internally Displaced: Rhetoric and Reality . Abingdon: Routledge.

Orlin, T. S., Rosas, A., and Scheinin, M. (2000). The Jurisprudence of Human Rights Law: A Comparative Approach. Abo, Finland: Institute for Human Rights, Abo Akademi University.

Oxfam (2007). Close the gap: Solutions to the Indigenous health crisis facing Australia. A policy briefing paper from the National Aboriginal Community Controlled Health Organisation and Oxfam Australia, April. http://www.ahmrc.org.au/Downloads/CTG.pdf.

Pace, W. R. (1999). The relationship between the International Criminal Court and non-governmental organizations. Reflections on the International Criminal Court: Essays in Honour of Adriaan Bos (ed. H. A. M. von Hebel, J. G. Lammers, and J. Schukking). The Hague: TMC Asser.

Pace, W. R. and Thieroff, M. (1999). Participation of non-governmental organizations. The International Criminal Court: The Making of the Rome Statute; Issues, Negotiations, Results (ed. R. S. Lee). The Hague: Kluwer Law International.

Parfit, Derek (1984). Reasons and Persons. Oxford: Oxford University Press.

Parisi, L. (2002). Feminist praxis and women's human rights. Journal of Human Rights, 1/4, 571–85.

Parisi, L. (2010a). Feminist perspectives on human rights. The International Studies Compendium Project (ed. R. A. Denemark). Oxford: Blackwell.

Parisi, L. (2010b). Reclaiming spaces of resistance: Women's human rights and global restructuring. Gender and Global Restructuring: Sightings, Sites and Resistances (ed. M. H. Marchand and A. S. Runyan). London: Routledge.

Parisi, L. and Corntassel, J. (2007). In pursuit of self-determination: Indigenous women's challenges to 'traditional' diplomatic spaces. Canadian Foreign Policy, 13/3, 81–98.

Parliament of Australia (2008). Apology to Australia's Indigenous peoples. House Hansard. 13 February. http://www.australia.gov.au/about-australia/ourcountry/ our-people/apology-to-australias-indigenous-peoples.

Parry, M. L., Canziani, O. F., Palutikof, J. P., van der Linden, P. J., and Hanson, C. E. (eds) (2007). Crosschapter case study. Climate Change 2007: Impacts, Adaptation and Vulnerability. Contribution of Working Group II to the Fourth Assessment Report of the Intergovernmental Panel on Climate Change. Cambridge: Cambridge University Press. http://www.ipcc.ch/pdf/assessment-report/ar4/wg2/ar4-wg2-xccc.pdf.

Parton, N. (1985). The Politics of Child Abuse. Basingstoke: Macmillan.

Pashukanis, E. (1978 [1924]). Lawand Marxism: A General Theory (trans. B. Einhorn). London: Pluto.

Pateman, C. (1988). The Sexual Contract . Stanford, CA: Stanford University Press.

Pavlovic, Z. (2007). Are children's rights starting to damage human rights? Unpublished paper. Ljubljana.

Pearson, E. (2005). The Mekong Challenge: Human Trafficking: Redefining Demand . Bangkok: International Labour Office.

Pender, J. (2002). Relegitimising intervention: The World Bank and the voices of the poor. Rethinking Human Rights: Critical Approaches to International Politics (ed. D. Chandler). Basingstoke: Palgrave.

Pender, J. (2007). Country ownership: The evasion of donor accountability. Politics Without Sovereignty: A Critique of Contemporary International Relations (ed. C. Bickerton, P. Cunliffe, and A. Gourevitch). London: Routledge.

Perry, M. J. (1998). The Idea of Human Rights: Four Inquiries . New York: Oxford University Press.

Peskin, V. (2008). International Justice in Rwanda and the Balkans: Virtual Trials and the Struggle for State Cooperation. New York: Cambridge University Press.

Peters, E. (1996). Torture . Philadelphia, PA: University of Pennsylvania Press.

Peters, J. and Wolper, A. (1995). Women's Rights, Human Rights: International Feminist Perspectives . New York: Routledge.

Peterson, V. S. and Parisi, L. (1998). Are women human? It's not an academic question. Human Rights Fifty Years On: A Reappraisal (ed. T. Evans). Manchester, UK: Manchester University Press.

Pew Research Center (2013). King's dream remains an elusive goal; many Americans see racial disparities, 22 August 2013 http://www.pewsocialtrends. org/2013/08/22/kings-dream-remains-an-elusive-goalmany-americans-see-racial-disparities/.

Pharr, S. (1997). Homophobia: A Weapon of Sexism. Berkeley, CA: Women's Project.

Phuong, C. (2005). The International Protection of Internally Displaced Persons. Cambridge: Cambridge University Press.

Picq, M. and Thiel, M. (eds) (2015). Sexual Politics in World Politics . New York: Routledge.

Pieterse, M. (2004). Possibilities and pitfalls in the domestic enforcement of social rights: Contemplating the South African experience. Human Rights Quarterly, 26 /4, 882–905.

Piron, L.-H. (2005). Integrating human rights into development: A synthesis of donor approaches and experiences. London: ODI. Prepared for the OECD/DAC Network on Governance (GOVNET). http://www.odi.org.uk.

Platt, A. (1977). The Child Savers: The Invention of Delinquency. Chicago, IL: University of Chicago Press.

Plummer, K. (2006). Rights work: Constructing lesbian, gay and sexual rights in late modern times. Rights: Sociological Perspectives (ed. L. Morris). New York: Routledge.

Poe, S. and Tate, C. N. (1994). Repression of human rights to personal integrity in the 1980s: A global analysis. American Political Science Review, 88 /4, 853–72.

Poe, S., Tate, C. N., and Camp Keith, L. (1999). Repression of the human right to personal integrity revisited: A global cross-national study covering the years 1976-1993. International Studies Quarterly, 43 /2, 291–313.

Pogge, T. W. (2002). World Poverty and Human Rights. Cambridge: Polity.

Pogge, T. W. (2007). Severe poverty as a human rights violation. Freedom From Poverty as a Human Right: Who Owes What to the Very Poor? (ed. T. W. Pogge). Oxford: Oxford University Press.

Pollis, A. and Schwab, P. (eds) (2000). Human Rights: New Perspectives, New Realities . Boulder, CO: Lynne Rienner.

Posen, B. (1996). Military responses to refugee disasters. International Security, 21 /1, 72–111. Posen, B. R. (2014). Restraint: A New Foundation for U.S. Grand Strategy . Ithaca, NY: Cornell University Press.

Posner, E. (2014). The Twilight of Human Rights Law. New York: OUP.

Power, S. (2002). ‘A Problem from Hell’: America and the Age of Genocide . New York: Basic Books and London: Flamingo.

Prendergast, J. (1996). Frontline Diplomacy: Humanitarian Aid and Conflict in Africa. Boulder, CO: Lynne Rienner.

Price, M., Gohdes, A., and Ball, P. (2014). Updated Statistical Analysis of Documentation of Killings in the Syrian Arab Republic . Report commissioned by the Office of the UN High Commissioner for Human Rights (OHCHR). San Francisco, CA: HRDAG.

Primeau, T. and Corntassel, J. (1995). Indigenous ‘sovereignty’ and international law: Revised strategies for pursuing ‘self-determination’. Human Rights Quarterly , 17 /2, 343–65.

Prunier, G. (1995). The Rwanda Crisis: History of a Genocide. New York: Columbia University Press.

Prunier, G. (2005). Darfur: An Ambiguous Genocide. Ithaca, NY: Cornell University Press.

Przeworski, A. (2000). Democracy and Development: Political Institutions and Well-Being in the World, 1950-1990 . Cambridge: Cambridge University Press.

Przeworski, A. and Vreeland, J. R. (2000). The effects of IMF programs on economic growth. The Journal of Development Economics, 62 /2, 385–421.

Pupavac, V. (1998). The infantilisation of the South and the UN Convention on the Rights of the Child. Human Rights Law Review , 3 /2, 1–6.

Pupavac, V. (2001). Misanthropy without borders: The International Children’s Rights Regime. Disasters, 25 /2, 95–115.

Pupavac, V. (2002). The International Children’s Rights Regime. Rethinking Human Rights: Critical Approaches to International Politics (ed. D. Chandler). Basingstoke: Palgrave.

Pupavac, V. (2005). Human security and the rise of global therapeutic governance. Conflict, Security and Development, 5 /2, 161–81.

Pupavac, V. (2011). Punishing childhoods: Contradictions in children’s rights and global governance. Journal of Intervention and Statebuilding , 5/ 3, 285–312.

Putnam, R. (1994). Making Democracy Work: Civic Traditions in Modern Italy . Princeton, NJ: Princeton University Press.

Quinn, J. and Freeman, M. (2003). Lessons learned: Practical lessons gleaned from inside the truth commissions of Guatemala and South Africa. Human Rights Quarterly, 25 /4, 1117–49.

Quinn, S. (2010). An Activist’s Guide to the Yogyakarta Principles. http://www.ypinaction.org/files/02/85/Activists_Guide_English_nov_14_2010.pdf (accessed 9 November 2015).

Rahnema, M. with Bawtree, V. (eds) (1997). The Post- Development Reader. London: Zed Books.

Ramcharan, B. (2011). The Human Rights Council. Abingdon and New York: Routledge.

Rao, Anupama (ed) (2003a). Gender and Caste. New Delhi: Kali for Women.

Rao, Anupama (2003b). Indian feminism and the patriarchy of caste. Himal South Asian, February.

Rao, Arati (1995). The Politics of Gender and Culture in International Human Rights Discourse. Women’s Rights, Human Rights: International Feminist Perspectives (ed. J. Peters and A. Wolper). London: Routledge.

Rawls, J. (1971). A Theory of Justice. Boston, MA: Harvard University Press and Oxford: Oxford University Press.

Rawls, J. (1973). A Theory of Justice. Oxford: Oxford University Press.

Rawls, J. (1993). Political Liberalism . New York: Columbia University Press.

Rawls, J. (1999). The Laws of Peoples with ‘The Idea of Public Reason Revisited’ . Cambridge, MA: Harvard University Press.

Raymond, J. G., D’Cunha, J., Ruhaini Dzuhayatin, S., Hynes, H. P., Ramirez Rodriguez, Z., and Santos, A. (2002). A Comparative Study of Women Trafficked in the Migration Process . Amherst, MA: Coalition Against Trafficking in Women.

Raz, J. (1986). The Morality of Freedom . Oxford: Oxford University Press.

Read, R. (2011). Guardians of the Future: A Constitutional Case for Representing and Protecting Future People. London: Greenhouse. http://www.greenhousethinktank.org/files/greenhouse/home/guardians_inside_final.pdf (accessed 5 March 2015).

REAL Women of Canada (1998). Canada courts disaster with World Court. REALity Newsletter, 16 /10, July/August.

Refah Partisi (The Welfare Party) and others v. Turkey . (31 July 2001). European Court of Human Rights. Nos. 41340/98, 41342/98 and 41344/98.

Refugee Law Project (2015). Ongwen’s Justice Dilemma: Perspectives from Northern Uganda. Kampala: Makerere University. http://www. refugeelawproject.org/files/briefing_papers/ONGWEN’S_JUSTICE-DILEMMA_-_Perspectives_ from_Northern_Uganda_-_Dialogue_Report.pdf.

Regan, E. (2010). Theology and the Boundary Discourse of Human Rights . Washington, DC: Georgetown University Press.

Regan, P. and Henderson, E. (2002). Democracy, threats and political repression in developing countries: Are democracies internally less violent? Third World Quarterly , 23 /1, 119–36.

Rehof, L. A. (1993). Guide to the traveaux préparatoires of the United Nations Convention on the Elimination of All Forms of Discrimination against Women . International Studies in Human Rights. Dordrecht: Martinus Nijhoff Publishers.

Reid, G. (2012). Two steps forward, one step back. Global: The International Briefing. http://www.global-briefing.org/2012/10/two-steps-forward-one-step-back/.

Rejali, D. (2007). Torture and Democracy . Princeton, NJ: Princeton University Press. Republic of Uganda (1994). The Report of the Commission of Inquiry into Violations of Human Rights . Kampala: UPPC.

Republic of Uganda (2000). Amnesty Act. Kampala: Government of Uganda.

Rettig, M. (2011). The Sovu Trials: The impact of genocide justice on one community. Remaking Rwanda: State Building and Human Rights after Mass Violence (ed. S. Straus and L. Waldorf ). Madison, WI: University of Wisconsin Press.

Reus-Smit, C. (2001). Human rights and the social construction of sovereignty. Review of International Studies, 27 /3, 519–38.

Richards, D. L. (1999a). Perilous proxy: Human rights and the presence of national elections. Social Science Quarterly, 80 /4, 648–65.

Richards, D. L. (1999b). Death takes a holiday: National elections, political parties and government respect for human rights. PhD Dissertation. Department of Political Science, State University of New York at Binghamton, NY.

Richards, D. L. (2006). What do citizens mean when they say ‘human rights’? A comparative examination of the formation of citizen attitudes about, and understandings of, human rights. 2006 Annual Meeting of the American Political Science Association, 30 August-3 September, Philadelphia, PA.

Richards, D. L. and Carbonetti, B. (2012). Worth what we decide: A defense of the right to leisure. The International Journal of Human Rights , 17 /3, 329–49.

Richards, D. L. and Gelleny, R. D. (2002). Is it a small world after all? Economic globalization and government respect for human rights in developing countries. Coping With Globalization (ed. S. Chan and J. R. Scarritt). London: Frank Cass.

Richards, D. L. and Gelleny, R. D. (2007). Women's status and economic globalization. International Studies Quarterly, 51 /4, 855–76.

Richards, D. L., Gelleny, R. D., and Sacko, D. H. (2001). Money with a mean streak? Foreign economic penetration and government respect for human rights in developing countries. International Studies Quarterly, 45 /2, 219–39.

Rights and Resources Initiative (RRI) (2015) Looking for Leadership: New Inspiration and Momentum amidst Crises. Washington, DC: Rights and Resources Initiative. http://www.rightsandresources.org/wpcontent/uploads/RRI4087_AR2014r11B3.pdf

Riles, A. (2000). The Network Inside Out. Ann Arbor, MI: University of Michigan Press.

Risse, T., Ropp, S. C., and Sikkink, K. (eds) (1999). The Power of Human Rights: International Norms and Domestic Change. Cambridge: Cambridge University Press.

Risse, T., Ropp S. C., and Sikkink, K. (eds) (2013). The Persistent Power of Human Rights: From Commitment to Compliance. Cambridge Studies in International Relations no. 126 Cambridge: Cambridge University Press.

Risse, T. and Sikkink, K. (1999). The socialization of international human rights norms into domestic practices: Introductions. The Power of Human Rights: International Norms and Domestic Change (ed. T. Risse, S. C. Ropp, and K. Sikkink). Cambridge: Cambridge University Press.

Risse-Kappen, T., Ropp, S. C., and Sikkink, K. (eds) (1999). The Power of Human Rights: International Norms and Domestic Change, Volume 66. Cambridge: Cambridge University Press.

Robertson, L. G. (2005). Conquest by Law: How the Discovery of America Dispossessed Indigenous Peoples of their Land. Oxford: Oxford University Press.

Robinson, M. (2005). What rights can add to good development practice. Human Rights and Development: Towards Mutual Reinforcement (ed. P. Alston and M. Robinson). New York: Oxford University Press.

Robinson, M. (2015). International law is coming up short in its response to climate change. http://www.theguardian.com/sustainable-business/2015/jan/09/mary-robinson-law-coming-up-short-climatechange (accessed 10 March 2015).

Rodriguez, H. (2004). A 'long walk to freedom' and democracy: Human rights, globalization, and social injustice. Social Forces, 83/1, 391–412.

Rodrik, D. (1997). Has Globalization Gone Too Far? Washington, DC: Institute for International Economics.

Rorty, R. (1993). Human rights, rationality, and sentimentality. On Human Rights: The Oxford Amnesty Lectures 1993 (ed. S. Shute and S. Hurley). New York: Basic Books.

Rose, M. (1998). Fighting for Peace: Bosnia1994. London: Harvill.

Rosenau, J. (1997). Along the Domestic-Foreign Frontier: Exploring Globalisation in a Turbulent World. Cambridge: Cambridge University Press.

Rosenau, J. (1998). Governance and democracy in a globalizing world. Re-Imagining Political Community: Studies in Cosmopolitan Democracy (ed. D. Archibugi, D. Held, and M. K.hler). Stanford, CA: Stanford University Press.

Rotberg, R. I. and Thompson, D. (eds) (2000). Truth v. Justice. Princeton, NJ: Princeton University Press.

Roth, K. (2004a). Defending economic, social and cultural rights: Practical issues faced by an international human rights organization. Human Rights Quarterly, 26/1, 63–73.

Roth, K. (2004b). Response to Leonard S. Rubenstein. Human Rights Quarterly, 26/4, 873–8.

Roth, K. and Worden, M. (eds) (2005). Torture: Does it Make Us Safer? Is it Ever OK? New York: New Press.

Rothschild, C., Long, S., and Fried, S. T. (eds) (2005). Written Out: How Sexuality is Used to Attack Women's Organizing. New York: International Gay and Lesbian Human Rights Commission & The Center for Women's Global Leadership.

Roy, A. (1999). The greater common good. http://www.narmada.org/gcg/gcg.html (accessed 10 March 2015).

Rubenstein, L. S. (2004a). How international human rights organizations can advance economic, social and cultural rights: A response to Kenneth Roth. Human Rights Quarterly , 26 /4, 845–65.

Rubenstein, L. S. (2004b). Response by Leonard S. Rubenstein. Human Rights Quarterly, 26 /4, 879–81.

Rubin, B. R. and Newberg, P. R. (1980). Statistical analysis for implementing human rights policy. The Politics of Human Rights (ed. P. R. Newberg). New York: New York University Press.

Rummel, R. (1994). Death by Government . New Brunswick, NJ: Transaction Publishers.

Ruzza, C. (2006). Human rights, anti-racism and EU advocacy coalitions. Rights: Sociological Perspectives (ed. L. Morris). New York: Routledge.

Sachedina, A. A. (2009). Islam and the Challenge of Human Rights . New York: Oxford University Press.

Sachs, A. and Peterson, J. A. (1995). Eco-justice: Linking human rights and the environment. Worldwatch Paper 127.

Sage, C. (2012). Environment and Food . London: Routledge.

Salick, J. and Byg, A. (eds) (2007). Indigenous Peoples and Climate Change . Oxford: Tyndall Centre for Climate Change Research, University of Oxford and Missouri Botanical Garden. http://tyndall.ac.uk/sites/default/files/ Indigenous%20Peoples%20and%20Climate%20Change_0.pdf.

Samson, C. and Short, D. (2006). Sociology of Indigenous peoples rights. Rights: Sociological Perspectives (ed. L. Morris). New York: Routledge.

Sanford, V. (2008). Si hubo genocidio en Guatemala! The Historiography of Genocide (ed. D. Stone). London: Palgrave Macmillan.

Sano, H. O. (2000). Development and human rights: The necessary, but partial integration of human rights and development. Human Rights Quarterly, 22 /3, 734–52.

Santos, Boaventura de Sousa (1987). Law: A map of misreading: Toward a postmodern conception of law. Journal of Law and Society, 14 /3, 279–302.

Santos, Boaventura de Sousa (1995). Toward a New Common Sense: Law, Science and Politics in the Paradigmatic Transition. New York: Routledge.

Scarry, E. (1985). The Body in Pain: The Making and Unmaking of the World . Oxford: Oxford University Press.

Schabas, W. (2000). Genocide in International Law: The Crimes of Crimes . Cambridge: Cambridge University Press.

Scheingold, S. (2004). The Politics of Rights: Lawyers, Public Policy and Political Change . Ann Arbor, MI: Michigan University Press.

Scheinin, M. (2005). What are Indigenous peoples? Minorities, Peoples and Self-Determination—Essays in Honour of Patrick Thornberry (ed. N. Ghanea and A. Xanthaki). Leiden: Martinus Nijhoff.

Schmitt, C. (1996). The Concept of the Political. Chicago, IL: University of Chicago Press.

Schmitt, C. (2003). The Nomos of the Earth: In the International Law of the Jus Publicum Europaeum. New York: Telos.

Schock, K. (2005). Unarmed Insurrections . Minnesota: University of Minnesota Press.

Schofield, K. (2007). Smacking vital as last resort, insist parents in ‘growing up’ study. Scotsman, 20 January.

Scholte, J. A. (2001). Civil Society and Democracy in Global Governance . CSGR working paper no. 65/01. Warwick University: Centre for the Study of Globalisation and Regionalisation.

Schoof, R. (2008). CIA Director: Agency used waterboarding. The Seattle Times, 6 February.

Schulman, S. (2011). Israel and ‘pinkwashing’. New York Times , 22 November. http://www.nytimes.com/2011/11/23/opinion/pinkwashing-and-israels-use-of-gays-as-a-messaging-tool.html?_r=0 (accessed 30 March 2015).

Schulz, W. (2003). Tainted Legacy: 9/11 and the Ruin of Human Rights. New York: Thunder's Mouth/Nation Books.

Schulz, W. (ed.) (2007). The Phenomenon of Torture: Readings and Commentary. Philadelphia, PA: University of Pennsylvania Press.

Scottish Parliament (2014). Children and young people (Scotland) http://www.legislation.gov.uk/asp/2014/8/contents/enacted.

Seckinelgin, H. (2002). Time to stop and think: HIV/Aids, global civil society and people's politics. Global Civil Society 2002 (ed. M. Glasius, M. Kaldor, and H. Anheier). Oxford: Oxford University Press.

Seligman, A. (1992). The Idea of Civil Society . New York: Free Press.

Sellars, K. (2002). The Rise and Rise of Human Rights. Stroud: Sutton.

Sémelin, J. (2007). Purify and Destroy: The Political Uses of Massacre and Genocide (trans. C. Schoch). New York: Columbia University Press.

Sen, A. K. (1981). Poverty and Famines: An Essay on Entitlement and Deprivation. Oxford: Clarendon.

Sen, A. K. (1988). The Standard of Living: The Tanner Lectures, Clare Hall, Cambridge, 1985. Cambridge: Cambridge University Press.

Sen, A. K. (1989). Development as capability expansion. Journal of Development Planning, 19, 41–58. Reprinted in S. Fukuda-Parr and A. K. Shiva Kumar (eds) (2003). Readings in Human Development, Dehli: Oxford University Press.

Sen, A. K. (1999a). Development as Freedom. New York: Alfred Knopf Publishers.

Sen, A. K. (1999b). Human rights and economic achievements. The East Asian Challenge for Human Rights (ed. J. R. Bauer and D. A. Bell). Cambridge: Cambridge University Press.

Sen, A. K. (2004). Elements of a theory of human rights. Philosophy and Public Affairs, 32/4, 315–56.

Sen, A. K. (2005). Human rights and capabilities. Journal of Human Development, 6/2, 151–66.

Sen, A. K. (2006). Human rights and development. Development as a Human Right: Legal, Political, and Economic Dimensions (ed. B. A. Andreassen and S. P. Marks). Cambridge, MA: Harvard School of Public Health. Distributed by Harvard University Press.

Senate Intelligence Committee (2014). Committee Study of the Central Intelligence Agency's Detention and Interrogation Program. http://fas.org/ irp/congress/2014_rpt/ssci-rdi.pdf.

Sengupta, A. (2006). The human right to development. Development as a Human Right, Legal, Political and Economic Dimensions (ed. B. A. Andreassen and S. P. Marks). Boston, MA: Harvard School of Public Health. Distributed by Harvard University Press.

Seybolt, T. B., Aronson, J. D., and Fischoff, B. (eds) (2013). Counting Civilian Casualties: An Introduction to Recording and Estimating Nonmilitary Deaths in Conflict. Oxford: Oxford University Press.

Shaw, M. (2000). Theory of the Global State: Globality as an Unfinished Revolution. New York: Cambridge University Press.

Shelton, D. (2000). Law, non-lawand the problem of 'soft law'. Commitment and Compliance: The Role of Non-Binding Norms in the International Legal System (ed. D. Shelton). New York: Oxford University Press.

Shelton, D. (2006). Remedies in International Human Rights Law (2nd edn). Oxford: Oxford University Press.

Shiva, V. (1991). The Violence of the Green Revolution: Third World Agriculture, Ecology, and Politics. London: Zed Books.

Shiva, V. (1999). Food rights, free trade, and fascism. Globalizing Rights: The Oxford Amnesty Lectures 1999 (ed. M. Gibney). Oxford: Oxford University Press.

Shiva, V. (2003). The myths of globalisation exposed: Advancing towards living democracy. Worlds Apart: Globalization and the Environment (ed. J. G. Speth). London: Island.

Shiva, V. (2005). Earth Democracy: Justice, Sustainability, and Peace. Cambridge, MA: South End Press.

Shor, E. (2008). Conflict, terrorism, and the socialization of human rights norms: The spiral model revisited. Social Problems, 55/1, 117–38.

Short, D. (2007). The social construction of Indigenous 'native title' land rights in Australia. Current Sociology, 55/6, 857–76.

Short, D. (2008). Reconciliation and Colonial Power: Indigenous Rights in Australia. Aldershot: Ashgate.

Short, D., Elliot, J., Norder, K., Lloyd-Davies, E., and Morley, J. (2015). Extreme energy, fracking and human rights: A new field for impact assessments? International Journal of Human Rights, 19/6, 697–736.dx.doi.org/10.1080/13642987.2015.1019219.

Shue, H. (1980). Basic Rights: Subsistence, Affluence, and U.S. Foreign Policy. Princeton, NJ: Princeton University Press.

Shue, H. (1996). Basic Rights: Subsistence, Affluence and U.S. Foreign Policy (2nd edn). Chichester: Princeton University Press.

Sikkink, K. (1993). The power of principled ideas: Human rights policies in the United States and Western Europe. Ideas and Foreign Policy: Beliefs, Institutions, and Political Change (ed. J. Goldstein and R. O. Keohane). Ithaca, NY: Cornell University Press.

Sikkink, K. (2004). Mixed Signals: U. S. Human Rights Policy and Latin America. Ithaca, NY: Cornell University Press.

Sikkink, K. (2011). The Justice Cascade: How Human Rights Prosecutions are Changing World Politics. New York: Norton.

Silverman, A. (2014) Know Your Rights Related to REDD+: A Guide for Indigenous and Local Community Leaders. Washington, DC: Tebtebba & Centre for International Environmental Law. http://theredddesk.org/resources/know-your-rights-related-redd-guide-indigenous-and-local-communityleaders.

Simmons, B. A. (2009). Mobilizing for Human Rights: International Law and Domestic Politics. Cambridge: Cambridge University Press.

Simms, A. (2005). Ecological Debt: The Health of the Planet and the Wealth of Nations . London: new economics foundation.

Simon, M. (1994). Hawks, doves and civil conflict dynamics: A 'strategic' action-reaction model. International Interactions , 19 /3, 213–39.

Simpson, G. (2004). Great Powers and Outlaw States: Unequal Sovereigns in the International Legal Order . Cambridge: Cambridge University Press.

Singer, P. (2006). The great ape debate. Project Syndicate, May. http://www.utilitarian.net/singer/by/200605-.htm.

Singer, P. (2009). Animal Liberation . New York: Harper. Skilling, G. H. (1981). Charter 77 and Human Rights in Czechoslovakia . London: George Allen & Unwin.

Skogly, S. (1993). Structural adjustment and development: Human rights. An agenda for change. Human Rights Quarterly , 15 /4, 751–78.

Slaughter, A. M. (2004). A New World Order. Princeton, NJ: Princeton University Press.

Slovak Ministry of Justice [Ministerstvo spravodlivosti] (2012). Declaration on the Adoption of Slovak children without valid reasons in the UK [Vyhl.senie kpr.padom adopci. slovenských det. bez relevantnýchd.vodov vo Vel' kej Brit.nii], 23 August, Bratislava. http://www.justice.gov.sk/Stranky/ aktualitadetail.aspx?announcementID=1631.

Slyomovics, S. (2005). The Performance of Human Rights in Morocco . Philadelphia, PA: University of Pennsylvania Press.

Smith, J., Bolyard, M., and Ippolito, A. (1999). Human rights and the global economy: A response to Meyer. Human Rights Quarterly , 21 /1, 207–19.

Smith, J., Chatfield, C., and Pagnucco, R. (eds) (1997). Transnational Social Movements and World Politics: Solidarity Beyond the State . Syracuse, NY: Syracuse University Press.

Smith, R. K. M. (2003). Textbook on International Human Rights . New York: Oxford University Press.

Smith, R. (2011). Textbook on International Human Rights (5th edn). Oxford: Oxford University Press.

Snow, A. H. (1918). The Question of Aborigines in the Law and Practice of Nations . Washington, DC: Government Printing Office.

Snyder, M. (2006). Unlikely Godmother: The United Nations and the Global Women's Movement. Global Feminism: Transnational Women's Activism, Organizing, and Human Rights (ed. M. Marx Ferree and A. M. Tripp). New York: New York University Press.

Sobrino Sj, J. (2001). Human rights and oppressed peoples: Historical-theological reflections. Truth and Memory: The Church and Human Rightsin El Salvador and Guatemala (ed. M. Hayes and D. Tomb). Gloucester: Gracewing.

Solzhenitsyn, A. (1973). The Gulag Archipelago: 1918–1956: An Experiment in Literary Investigation. New York: Harper & Row.

Somerson, W. (2010). The intersection of antioccupation and queer Jewish organizing. Tikkun Magazine ( July/August). www.tikkun.org/nextgen/the-intersection-of-anti-occupation-and-queerjewish-organizing (accessed 23 July 2015).

Spade, D. and Willse, C. (2014). Sex, gender, and war in an age of multicultural imperialism. QED: A Journal in GLBTQ Worldmaking , 1 /1, 5–29.

Spar, D. (1998). The spotlight and the bottom line: How multinationals export human rights. Foreign Affairs, 77 /7, 7–12.

Special Rapporteur on the Rights of Indigenous peoples. (2011). www2.ohchr.org/english/issues/indigenous/rapporteur/.

Speed, S. (2006). At the crossroads of human rights and anthropology: Toward a critically engaged activist research. American Anthropologist , 'In focus: Anthropology and human rights in a new key', 108 /1, 66–76.

Speed, S. (2008). Rights in Rebellion: Indigenous Struggle and Human Rights in Chiapas. Palo Alto, CA: Stanford University Press.

Spero, J. and Hart, J. (1997). The Politics of International Relations (5th edn). New York: St Martins.

Speth, J. G. (2003). Two perspectives on globalization and the environment. Worlds Apart : Globalization and the Environment (ed. J. G. Speth). Washington, DC: Island.

Spirit House (no date). The Harm Free Zone. http://www.spirithouse-nc.org/collective-sun-ii (accessed 16 April 2015).

Spivak, G. C. (2005). Use and abuse of human rights. Boundary2 , 32 /1, 131–89.

Stammers, N. (1999). Social movements and the social construction of human rights. Human Rights Quarterly, 21 /4, 980–1008.

Staub, E. (1989). The Roots of Evil: The Origins of Genocide and Other Group Violence. Cambridge: Cambridge University Press.

Staub, E. (1990). The psychology and culture of torture and torturers. Psychology and Torture (ed. P. Suedfeld). New York: Hemisphere.

Stead, W. T. (1885). The maiden tribute of modern Babylon. Pall Mall Gazette .

Steains, C. (1999). Gender issues. The International Criminal Court: The Making of the Rome Statute; Issues, Negotiations, Results (ed. R. S. Lee). The Hague: Kluwer Law International.

Steiner, H., Alston, P., and Goodman, R. (2007). International Human Rights in Context: Law, Politics, Morals (3rd edn). Oxford: Oxford University Press.

Stern, N. (ed.) (2006). Stern review on the economics of climate change. http://webarchive.nationalarchives.gov.uk/20080910140413/http://www.hm-treasury.gov.uk/independent_reviews/stern_review_economics_climate_change/sternreview_index.cfm.

Steward, J. (1948). Comments on the statement on human rights. American Anthropologist, 50 /2, 351–2.

Stiglitz, J. (2002). Globalization and its Discontents . London: Allen Lane.

Stone, D. (ed.) (2008). The Historiography of Genocide. London: Palgrave Macmillan.

Stover, E. and Weinstein, H. M. (eds) (2004). My Neighbour, My Enemy: Justice and Community in the Aftermath of Mass Atrocity . Cambridge: Cambridge University Press.

Straus, S. (2001). Contesting meanings and conflicting imperatives: A conceptual analysis of genocide. Journal of Genocide Research , 3 /3, 349–75.

Straus, S. (2005). Darfur and the genocide debate. Foreign Affairs , 84 /1, 123–33.

Straus, S. (2006). The Order of Genocide: Race, Power, and War in Rwanda . Ithaca, NY: Cornell University Press.

Straus, S. (2007). Second generation comparative research on genocide. World Politics , 59 /3, 476–501.

Sudan Divestment Task Force (2007). Sudan Company Rankings 12/20/2007 . Washington, DC: Sudan Divestment Task Force.

Supreme Court of Israel (1999). Judgment concerning the legality of the General Security Service’s interrogation methods. 38 ILM 1471,1488.

Symonides, J. (ed.) (2003). Human Rights: International Protection, Monitoring, Enforcement. Aldershot: Ashgate and Burlington, VT: PN UNESCO.

Talbott, W. J. (2005). Which Rights Should Be Universal? New York: Oxford University Press.

Tauli-Corpuz, V., de Chavez, R., Baldo-Soriano, E., Magata, H., Golocan, C., Bugtong, M. V., Enkiwe-Abayao, L., and Cari.o, J. (2009). Guide on Climate Change and Indigenous Peoples. Baguio City, Philippines: Tebtebba Foundation.

Tauli-Corpuz, V. and Lynge, A. (2008). Impact of climate change mitigation measures on Indigenous peoples and on their territories and lands. UNPFII, Seventh Session, New York, 21 April-2 May. UN Doc.E/C.19/2008/10. http://www.un.org/esa/socdev/unpfii/documents/E_C19_2008_10.pdf.

Tauli-Corpuz, V. and Tamang, P. (2007). Oil palm and other commercial tree plantations, mono-cropping: Impacts on Indigenous peoples' land tenure and resource management systems and livelihoods. UNPFII, Sixth Session, New York, 14-25May. UN Doc. E/C.19/2007/CRP.6. http://www.un.org/esa/ socdev/unpfii/documents/6session_crp6.doc.

Taylor, C. (1994). Multiculturalism and the Politics of Recognition . Princeton, NJ: Princeton University Press.

Taylor, C. (1999). Conditions of an unforced consensus on human rights. The East Asian Challenge for Human Rights (ed. J. R. Bauer and D. Bell). Cambridge: Cambridge University Press.

Terry, F. (2002). Condemned to Repeat: The Paradox of Humanitarian Action. Ithaca, NY: Cornell University Press.

Thakur, R. (2002). Outlook: Intervention, sovereignty and the responsibility to protect. Security Dialogue, 33 /3, 323–40.

TheInterim (1998). ICC: Promise of justice or threat of tyranny? The Interim, August.

Thomas, D. C. (1999). The Helsinki Accords and political change in Eastern Europe. The Power of Human Rights: International Norms and Domestic Change (ed.

T. Risse, S. C. Ropp, and K. Sikkink). Cambridge: Cambridge University Press.

Thornberry, P. (1991). International Law and the Rights of Minorities. Oxford: Clarendon.

Thornberry, P. (2002). Indigenous Peoples and International Law. Manchester: Manchester University Press.

Tickle, L. (2015). Social workers under scrutiny as parents capture sessions on camera. TheGuardian, 17June. http://www.theguardian.com/society/2015/ jun/17/social-workers-under-scrutiny-parentscamera.

Tilly, C., Tilly, L., and Tilly, R. (1975). The Rebellious Century 1830-1930. Cambridge, MA: Harvard University Press.

Tobin, B. (2014). Indigenous Peoples, Customary Law and Human Rights—Why Living Law Matters. London: Earthscan/Routledge.

Tomuschat, C. (2003). Human Rights Between Idealism and Realism . Oxford: Oxford University Press.

Totten, S. and Markusen, E. (2006). Genocide in Darfur: Investigating the Atrocities in the Sudan. New York: Routledge.

Tremmel, J. (2009). A Theory of Intergenerational Justice . London: Earthscan.

True, J. and Parisi, L. (2010). Gender Mainstreaming Strategies in International Governance. Feminist Strategies in International Governance (ed. G. Caglar, E. Prügl, and S. Zwingel). London: Routledge.

Tsebelis, G. (2002). Veto Players: How Political Institutions Work. Princeton, NJ: Princeton University Press.

Tuck, R. (1979). Natural Rights Theories: Their Origin and Development . Cambridge: Cambridge University Press.

Tuman, J. P. and Emmert, C. F. (2004). The political economy of U.S. foreign direct investment in Latin America: A reappraisal. Latin American Research Review, 39 /3, 9–28.

Turner, B. S. (1993). Outline of a theory of human rights. Sociology , 27 /3, 489–512.

Turner, B. S. (1997). A neo-Hobbesian theory of human rights: A reply to Malcolm Waters. Sociology, 31 /3, 565–71.

Turner, B. S. (2006). Vulnerability and Human Rights. University Park, PA: The Pennsylvania State University Press.

Turner, B. S. and Rojek, C. (2001). Society and Culture: Principles of Scarcity and Solidarity. London: Sage.

U.arer, E. (1999). Trafficking in women: Alternate migration or modern slave trade. Gender Politics in Global Governance (ed. M. Meyer and E. Prügl). Lanham, MD: Roman and Littlefield.

Uganda (1998). Uganda . Brooklyn, NY: Interlink Books.

UNCHR (United Nations Commission on Human Rights) (2005). Human rights and transnational corporations and other business enterprises: Resolution 2005/69.

UNCTAD (2007). Doing Business2007. New York: United Nations Publications.UNDG (2003). The human rights based approach to development cooperation towards a common understanding among UN agencies. http://hrbaportal.org/ the-human-rights-based-approach-to-developmentcooperation-towards-a-common-understandingamong-un-agencies.

UNDP (United Nations Development Programme) (1990). Human Development Report. New York: Oxford University Press.

UNDP (United Nations Development Programme) (1994). Human Development Report : New Dimensions of Human Security . New York: United Nations.

UNDP (United Nations Development Programme) (1998). Human Development Report : Consumption for Human Development . New York: United Nations.

UNDP (United Nations Development Programme) (1999). Human Development Report: Globalization with a Human Face . Oxford: Oxford University Press.

UNDP (United Nations Development Programme) (2000). Human Development Report: Human Rights and Human Development. New York: Oxford University Press.

UNDP (United Nations Development Programme) (2002). Human Development Report: Deepening Democracy in a Fragmented World. New York: Oxford University Press.

UNDP (United Nations Development Programme) (2003). Human Development Report: MDGs: A Compact Among Nations to End Human Poverty. New York: Oxford University Press.

UNDP (United Nations Development Programme) (2004). Governance Indicators: A User's Guide. Oslo: Oslo Governance Centre.

UNDP (United Nations Development Programme) (2006). Indicators for Rights-Based Approaches to Development Programming: A User's Guide. Oslo: Oslo Governance Centre.

UNDP (United Nations Development Programme) (2008). Human Development Report: Fighting Climate Change: Human Solidarity in a Divided World. New York: Palgrave Macmillan. http://hdr.undp.org/ sites/default/files/reports/268/hdr_20072008_en_complete.pdf.

UNDP (United Nations Development Programme) (2014). Human Development Report: Sustaining Human Progress: Reducing Vulnerabilities and Building Resilience. New York: United Nations.

UNDP (United Nations Development Programme) (2015). Post-2015 Sustainable Development Agenda. http://www.undp.org/content/undp/en/home/ mdgoverview/post-2015-development-agenda/ (accessed 25 June 2015).

UNDP/RIIP (2010). Millennium Development Goals and Indigenous Peoples. Bancock/UNDP/RIPP.

UNDRIP (2007). United Nations Declaration on the Rights of Indigenous People. http://www.un.org/esa/socdev/unpfii/documents/DRIPS_en.pdf

UNECE (United Nations Economic Commission on Europe) (1998). Convention on access to information, public participation in decision-making and access to justice in environmental matters. http:// www.unece.org/fileadmin/DAM/env/pp/documents/ cep43e.pdf.

UNEP (United Nations Environment Programme) (1992). The Rio declaration on environment and development. http://www.unep.org/Documents. Multilingual/Default.asp?DocumentID=78&ArticleID=1163.

UNEP (United Nations Environment Programme) (2009). Outcome document of the high level expert meeting on the new future of human rights and environment: An agenda for moving forward. http://www.unep.org/ environmentalgovernance/Portals/8/documents/Events/OutcomeDocumentHumanRightsE nviroment.pdf (accessed 12 October 2011).

UNESCO (1978). 1978 Study of the procedures that should be followed in the examination of cases and questions that might be submitted to UNESCO concerning the exercise of human rights in the spheres of its competence, in order to make its action more effective. Decision 104, EX/3. 3.

UNFCCC (2010). Information received from the UNFCCC for the 10th Session of the UN PFII. http://www.un.org/esa/socdev/unpfii/documents/session-10-UNFCCC.pdf.

UN High Commissioner for Human Rights (2015). Report of the Office of the United Nations High Commissioner for Human Rights on the human rights situation in Iraq in the light of abuses committed by the so-called Islamic State in Iraq and the Levant and associated groups. A/HRC/28/18. http://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=15755&LangID=E#.

UNHCR (2006). Colombia: Humanitarian emergency looms for Indigenous communities. UNHCR Briefing Notes, 4 April. http://www. unhcr.org/cgi-bin/texis/vtx/news/opendoc.htm?tbl=NEWS&id=4432474c6.

UNHCR (2015a). Asylum Trends2014 . Geneva: UNHCR. UNHCR (2015b). Global Trends2014. Geneva: UNHCR.

UNHCR (2016). The State of the World's Refugees. Oxford: Oxford University Press.

UNICEF (undated). Introduction to the Convention on the Rights of the Child. Definition of key terms. http://www.unicef.org/crc/files/Definitions.pdf.

UNICEF (1963). The Needs of Children . New York: The Free Press of Glencoe.

UNICEF (2014). Bring back our childhood. Geneva: UNICEF. http://bringbackourchildhood.tumblr.com/.

Unitarian Universalist Association (2014). Unitarian Universalist United Nations Office. UUA, November 21. http://www.uua.org/international/un/198551. shtml (accessed 22 February 2015).

United Nations (1979). UN Convention on the Elimination of All Forms of Discrimination Against Women (CEDAW).

United Nations (2004). A More Secure World: Our Shared Responsibility. Report of the Secretary-General's High-level Panel on Threats, Challenges and Change, 3 December. New York: United Nations. http://www.un.org/en/peacebuilding/pdf/historical/hlp_more_secure_world.pdf.

United Nations (2015). SC/12008, August 17, http://www.un.org/press/en/2015/sc12008.doc.htm.

UNA-USA (2001). The UN Convention on the Elimination of All Forms of Discrimination Against Women (CEDAW) UNA-USA Advocacy Agenda 2001 Fact Sheet, June. New York: United

Nations Association of the United States of America. http://www.freerepublic.com/focus/fr/546800/posts?page=2

United Nations General Assembly (1989). UN Convention on the Rights of the Child. General Assembly Resolution 44/25, 20 November.

United Nations General Assembly (1993). Resolution 43/134 endorsing the Paris Principles on National Human Rights Institutions. UN Doc. A/ RES/48/134.

United Nations General Assembly (2000). UN Millennium Declaration. UN Doc. A/Res/55/2 http://www.un.org/millennium/declaration/ares552e.htm/.

United Nations General Assembly (2001). We the Peoples: The Role of the United Nations in the 21st Century . New York: United Nations. http://www. un.org/en/events/pastevents/pdfs/We_The_Peoples.pdf.

United Nations General Assembly (2005). Resolution adopted by the General Assembly. A/RES/60/1: World Summit Outcome, 24 October. http://www. un.org/womenwatch/ods/A-RES-60-1-E.pdf.

United Nations General Assembly (2006). Human Rights Council. GA Resn 60/251 at 2. UN Doc. A/ RES/60/251. http://www2.ohchr.org/english/bodies/ hrcouncil/docs/A.RES.60.251_En.pdf.

UN Permanent Forum on Indigenous Issues (UNPFII) (2014). Study of the Impacts of the Doctrine of Discovery on Indigenous Peoples, including mechanisms, processes and Instruments of Redress, UN Doc E/C.19/2014/3. http://www.un.org/esa/socdev/unpfii/documents/2014/3.pdf.

UNPFII (UN Permanent Forum for Indigenous Issues) (2006). Who are Indigenous peoples? http://www.un.org/esa/socdev/unpfii/documents/5session_ factsheet1.pdf.

UNPFII (UN Permanent Forum for Indigenous Issues) (2008). Climate change, bio-cultural diversity and livelihoods of Indigenous peoples to be focus of UN forum. Press release, New York, 16 April. http:// www.un.org/esa/socdev/unpfii/documents/Opening_%20PR_7th_Sess_PFII.pdf.

UNPFII (UN Permanent Forum on Indigenous Issues) (2010). State of the World’s Indigenous Peoples. http://undesadspd.org/IndigenousPeoples/ LibraryDocuments/StateoftheWorldsIndigenousPeoples.aspx.

UN Secretary General (2001). We the Children: Enddecade Review of the Follow-up to the World Summit for Children. New York: United Nations. http://www.unicef.org/specialsession/documentation/documents/a-s-27-3e.pdf.

UN Secretary General (2004). Report of the Secretary General: The rule of law and transitional justice in conflict and post-conflict situations.S/2004/616.

UN Secretary General (2006). Secretary General study on Violence Against Children . New York: United Nations. https://srsg.violenceagainstchildren.org/sites/default/files/documents/a_61_299_un_study_on_violence_against_children.pdf.

UN Security Council (2011). SC/10180, AFR/2120, Security Council Press Statement on Libya, Department of Public Information, News and Media Division, New York. http://www.un.org/News/Press/docs/2011/sc10180.doc.htm.

UN Task Team on the Post-2015 UN Development Agenda (2012). Realizing the Future We Want for All. New York: United Nations Department of Economic and Social Affairs.

United States Code (2000). Code 22, §7101. Trafficking Victims Protection Act of 2000.

US Department of Justice (2007). Attorney General's Annual Report to Congress on U.S. Government Activities to Combat Trafficking in Persons Fiscal Year 2006 . Washington, DC: US Department of Justice.

US Department of State (2006). Trafficking in Persons Report. Washington, DC: US Department of Justice. http://www.state.gov/g/tip/rls/tiprpt/2006/.

US Department of State (2008). Trafficking in Persons Report. Washington, DC: US Department of Justice. http://www.state.gov/g/tip/rls/tiprpt/2008/.

US Department of State (2011). The Department of State's Accomplishments Promoting the Human Rights of Lesbian, Gay, Bisexual and Transgender People. http://www.state.gov/r/pa/prs/ps/2011/12/178341.htm (accessed 4 May 2013).

US Department of State (2014). Trafficking in Persons Report. Washington, DC: US Department of Justice. http://www.state.gov/j/tip/rls/tiprpt/2014/.

US Department of State (no date a). About the Fund. http://www.state.gov/globalequality/about/index.htm (accessed 3 December 2014).

US Department of State (no date b). Bureau of Democracy, Human Rights, and Labor. http://www.state.gov/j/drl/ (accessed 23 February 2015).

Uvin, P. (1998). Aiding Violence: The Development Enterprise in Rwanda. West Hartford, CT: Kumarian.

Uvin, P. (2004). Human Rights and Development. Bloomfield, CT: Kumarian.

Uvin, P. (2007). From the right to development to the rights-based approach: How human rights entered development. Development in Practice, 17/4–5, 598–604.

Valadez, J. (2000). Deliberative Democracy, Political Legitimacy and Self-Determination in Multi-Cultural Societies. Boulder, CO: Westview.

Valentino, B. (2004). Final Solutions: Mass Killing and Genocide in the Twentieth Century. Ithaca, NY: Cornell University Press.

Valentino, B., Huth, P., and Balch-Lindsay, D. (2004). 'Draining the sea': Mass killing and guerrilla warfare. International Organization, 58/2, 375–407.

Van Bueren, G. (1998). The International Law on the Rights of the Child. The Hague: Martinus Nijhoff.

Vandenbroeck, M., Roose, R., and De Bie, M. (2011). Governing families in the social investment state. International Critical Childhood Policy Studies, 4/1,69–85.

Verloo, M. (2013). Intersectional and cross-movement politics and policies: Reflections on current practices and debates. Signs, 38/4, 893–915.

Verpooten, M. (2005). The death toll of the Rwandan genocide: A detailed analysis for Gikongoro Province. Population, 60/4, 331–67.

Vidal, J. (2011). Bolivia enshrines natural world's rights with equal status for Mother Earth. The Guardian, 10 April.

Vienna Declaration and Programme of Action (1993). Adopted by the World Conference on Human Rights, Vienna, 14–25June. UN Doc. A/CONF.157/23. http://www.unhchr.ch/huridocda/huridoca.nsf/(Symbol)/A.CONF.157.23.En.

Village Voice (2001). The case against torture. Village Voice, 28 November-4 December.

Vincent, R. J. (1986). Human Rights in International Relations. Cambridge: Cambridge University Press.

Vizard, P. S., Fukuda-Parr, S., and Elson, D. (2011). The Capabilities Approach and Human Rights. Journal of Human Development and Capabilities, 12 /1, 1–22.

Vreeland, J. R. (2003). The IMF and Economic Development. Cambridge: Cambridge University Press.

Vreeland, J. R. (2008). Political institutions and human rights: Why dictatorships enter into the United Nations Convention Against Torture. International Organization, 62 /1, 65–101.

Waldorf, L. (2006). Mass justice for mass atrocity: Rethinking local justice as transitional justice. Temple Law Review, 79 /1, 1–88.

Waldron, J. (1987). Nonsense Upon Stilts: Bentham, Burke and Marx on the Rights of Man . London: Methuen.

Walkowitz, J. R. (1980). Prostitution and Victorian Society: Women, Class and the State . Cambridge: Cambridge University Press.

Wallerstein, I. (2006). World-Systems Analysis. Durham, NC: Duke University Press.

Walter, E. V. (1969). Terror and Resistance: A Study of Political Violence, with Case Studies of Some Primitive African Communities. New York: Oxford University Press.

Walther, T. (1997). The World Economy . New York: Wiley.

Waltz, S. (2001). Universalizing human rights: The role of small states in the construction of the Universal Declaration of Human Rights. Human Rights Quarterly, 23/ 1, 44–72.

Waltz, S. (2002). Reclaiming and rebuilding the history of the Universal Declaration of Human Rights. Third World Quarterly , 23 /3, 437–48.

Warner, K. (2011). Climate Change Induced Displacement: Adaptation Policy in the Context of the UNFCCC Negotiations. Geneva: Division of International Protection, United Nations High Commissioner for Human Rights.

Waters, M. (1996). Human rights and the universalization of interests: Towards a social constructionist approach. Sociology, 30 /3, 593–600.

Watson, A. (2006). Children and international relations: A new site of knowledge? Review of International Studies, 32 /2, 237–50.

WCED (1987). Our common future, from one earth to one world. http://www.un-documents.net/ocf-ov.htm.

Webber, A. and Shirk, D. (2005). Hidden victims: Evaluating protections for undocumented victims of human trafficking. Immigration Policy in Focus, 4 /8.

Webber, J. (2011). From Rebellion to Reform in Bolivia: Class Struggle, Indigenous Liberation, and the Politics of Evo Morales. Chicago: Haymarket.

Weber, M. (1954). Max Weber on Law in Economy and Society. New York: Simon & Schuster.

Weber, M. (1978). Economy and Society . Berkeley, CA: University of California Press.

Weber, M. (2004). Politics as a vocation. The Vocation Lectures (ed. D. Owen). Indianapolis, IN: Hackett.

Weiss, M. L. and Bosia, M. J. (eds) (2013). Global Homophobia: States, Movements, and the Politics of Oppression. Urbana, IL: University of Illinois Press.

Weiss, T. G. (2012). Humanitarian Intervention (2nd edn). Cambridge: Polity Press.

Weitz, E. (2003). Century of Genocide: Utopias of Race and Nation. Princeton, NJ: Princeton University Press.

Weldon, S. L. (2008). Intersectionality. Politics, Gender, and Concepts: Theory and Methodology (ed. G. Goertz and A. Mazur). Cambridge: Cambridge University Press.

Weller, M. (2009). Escaping the Self-Determination Trap. Leiden: Brill.

Wells, H. G. (1940). The Rights of Man, or, What Are We Fighting For? New York: Penguin.

Weschler, L. (1990). A Miracle, a Universe: Settling Accounts with Torturers . New York: Pantheon.

Wheeler, N. J. (2001). Saving Strangers: Humanitarian Intervention in International Society. Oxford: Oxford University Press.

Whitcomb, C. (2002). The shadow war. Gentlemen's Quarterly, 22 September.

White, H. and Black, R. (eds) (2002). Targeting Development: Critical Perspectives on Millennium Development Goals and International Development Targets. London: Routledge.

Whiteley, P. (1999). The origins of social capital. Social Capital and European Democracy (ed. J. Van Deth, M. Maraffi, K. Newton, and P. Whiteley). London: Routledge.

Whiteley, P. (2000). Economic growth and social capital. Political Studies, 48/3, 443–66.

Wilkinson, S. (2004). Votes and Violence: Electoral Competition and Ethnic Riots in India. New York: Cambridge University Press.

Williams, B. (2005). In the Beginning Was the Deed: Realism and Moralism in Political Argument. Princeton, NJ: Princeton University Press.

Williams, R. (1963). Culture and Society1789–1950. Harmondsworth: Penguin.

Williams, R. (2012). Savage Anxieties: The Invention of Western Civilization. New York: Palgrave Macmillan.

Williams, R.R. (producer, director) (2013). God Loves Uganda (film). New York: Variance Films.

Wilson, R. A. (1997). Human rights culture and context: An introduction. Human Rights, Culture and Context: Anthropological Perspectives (ed. R. A. Wilson). London: Pluto.

Wilson, R. A. (2001). The Politics of Truth and Reconciliation in South Africa: Legitimizing the Post-Apartheid State. Cambridge: Cambridge University Press.

Wilson, R. A. (2006). Afterword to 'Anthropology and human rights in a new key: The social life of human rights'. American Anthropologist, 'In focus: Anthropology and human rights in a new key', 108/1, 38–51.

Wilson, R. A. and Mitchell, J. P. (eds) (2003). Human Rights in Global Perspective: Anthropological Studies of Rights, Claims, and Entitlements. London: Routledge.

Wood, E. J. (2000). Forging Democracy from Below: Insurgent Transitions in South Africa and El Salvador. Cambridge: Cambridge University Press.

Woodiwiss, A. (2005). Human Rights. New York: Routledge.

Woods, K. (2010). Human Rights and Environmental Sustainability. Cheltenham: Edward Elgar.

Woods, N. (2000). The political economy of globalization. The Political Economy of Globalization (ed. N. Woods). Basingstoke: Palgrave.

Woods, K. (2014). Human Rights. Basingstoke: Palgrave Macmillan.

Woodward, C. V. (1951). Origins of the New South, 1877–1913 . Baton Rouge, LA: Louisiana State University Press.

Worden, M. (2005). Torture spoken here: Ending global torture. Torture: A Human Rights Perspective (ed. K. Roth and M. Worden). New York: New Press/Human Rights Watch.

World Bank (2005). World Development Indicators on CD-Rom. Washington, DC: World Bank.

World Trade Organization (WTO) (2003). Implementation of paragraph 6 of the Doha Declaration on the TRIPS Agreement and Public Health Decision of the General Council of 30 August 2003. http://www.wto.org/english/ tratop_e/trips_e/implem_para6_e.htm.

Wright, N. G. (1996). Uganda: History from1971. Encyclopedia of Africa South of the Sahara (ed. J. Middleton). New York: Charles Scribner's Sons.

Yasuaki, O. (1999). Toward an Intercivilizational Approach to Human Rights. The East Asian Challenge for Human Rights (ed. J. R. Bauer and D. A. Bell). Cambridge: Cambridge University Press.

Yaziji, N. (2013). The sad fate of R2P: From Libya to the lost chance of Syria. Open Democracy https://www.opendemocracy.net/openglobalrights/ nassim-yaziji/sad-fate-of-r2p-from-libya-to-lostchance-of-syria.

Yergin, D. and Stanislaw, J. (2002). The Commanding Heights: The Battle for the World Economy. New York: Touchstone.

Yousafzai, M. (2014). Noble Prize speech dated 10 December. http://www.nobelprize.org/nobel_prizes/peace/laureates/2014/yousafzai-lecture_en.html.

Zakaria, F. (1994). Culture is destiny: A conversation with Lee Kuan Yew. Foreign Affairs , 73 /2, 109.

Zakaria, F. (2003). The Future of Freedom: Illiberal Democracy at Home and Abroad . New York: W. W. Norton.

Zanger, S. C. (2000). A global analysis of the effect of political regime changes on life integrity violations, 1977–1993. Journal of Peace Research , 37 /2, 213–33.

Zarksy, L. (ed.) (2003). Human Rights and the Environment: Conflicts and Norms in a Globalizing World. London: Earthscan.

Ziegenhagen, E. A. (1986). The Regulation of Political Conflict. New York: Praeger.

Zivi, K. (2012). Making Rights Claims: A Practice of Democratic Citizenship. New York: Oxford University Press.

Zolo, D. (2002). Invoking Humanity: War, Law and Global Order. London: Continuum.